# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၆ ခုနှစ် အုပ်ရေ ၈၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ – ယာယီ) ဖြင့် ဗိုတိုလစ်သို ပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင် သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲ ရွေ့လျားနေလေသည်။ ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၅ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၉၄ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့်ဖြစ်ရပ်များ ရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တံခါးဖွင့် မူဝါဒကျင့်သုံးလာကြသည့်ဖြစ်ရပ်များလည်း ရှိသည်။ စီးပွားရေး နှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၅ ခုနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများပေါ်ထွန်းလျက် ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကား လိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အပြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင် သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှား လာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ

ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........................................ ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ
- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........................................ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် ........................ ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ .............................. ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ........................................ ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း .............................. ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် .............................. ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ .............. ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ .................. ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ........................................ ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ........................................ ၁၄၄
အက္ခရာစဉ်အညွှန်း ........................................ ၃၁၉

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင် သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှား လာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ

ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........ ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရကုာ၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ
- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ........ ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် ........ ၅၂
- သဘာ၀ဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ ........ ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ........ ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း ........ ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ........ ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ ........ ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ........ ၁၂၄
- တတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ........ ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ........ ၁၄၄
အက္ခရာစဉ်အညွှန်း ........ ၃၁၉

## မြန်မာ့ ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

| | | |
|---|---|---|
| (က) | ဦးသော်ကောင်း<br>စာကြည့်တိုက်မှူး<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ကြန်<br>အငြိမ်းစားအထက်တန်းသုတေသနမှူး<br>နိုင်ငံသမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာတင်ဦး<br>အငြိမ်းစားညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမောင်မောင်ညို<br>ပါမောက္ခ<br>ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁) | အဖွဲ့ဝင် |
| (င) | ဦးထွန်းတင့်<br>ညွှန်ကြားရေးမှူး<br>မြန်မာစာအဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်)<br>အငြိမ်းစားငွေစာရင်းအရာရှိချုပ်<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဆ) | ဦးသီဟ<br>အငြိမ်းစားပါမောက္ခ<br>အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းနိုင်<br>အငြိမ်းစားညွှန်ကြားရေးမှူး<br>ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးသန့် (မောင်ဆုရှင်)<br>အကြံပေးအရာရှိ<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ဦးဝင်းဖေ (မုံရွာဝင်းဖေ)<br>စာတည်းမှူးချုပ်<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အတွင်းရေးမှူး |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)
## စာတည်းအဖွဲ့


| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| စာတည်းများ | ဦးအုန်းလွင်၊ ဦးခင်မောင်လေး |
| စာပြု | ဒေါ်မျိုးမျိုးကြည် |

# အပိုင်း – ၁

## ၁၉၉၅ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။





# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)


## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ









# ၁၉၉၅ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက် မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ လျက် ရခိုင်ပြည်နယ်၊ ဒွမြို့နယ် သံတွဲ-ဂွလမ်းပေါ်ရှိ ကျိန္တလီ မြစ်ကူး တံတား ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးတွင်နှစ်သစ်ကူးပွဲတော်၌မီးရှူးမီးပန်းများပစ်ဖောက်ရာ လူ ၁၁ ဦးသေဆုံးကာ ရာပေါင်း များစွာ ထိခိုက် ဒဏ်ရာရကြကြောင်း ဖိလစ်ပိုင် အစိုးရ အရာရှိများက ပြောကြားသည်။ ပွဲကော်ရက်အတွင်း ၆၆ ဦး မီးလောင်ခံရ၍ ၂၃၄ ဦး ယမ်းဘီလူးပေါက်ကွဲမှု ဒဏ်ရာရကာ၊ ၆၀၁ ဦး တားထိုးခံရပြီး ၂၉၀၀ ခန့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရကြသည် ဆိုသည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီးရုံး သို့ သွားရောက်၍ ပို့ဆောင်ရေး ကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန် မှာကြား သည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သည် သာသနာတော် ဆိုင်ရာ အွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/ ၉၅)၊ ဂုဏ်ထူးဆောင်တံဆိပ် များ အပ်နှင်း ချီးမြှင့်သည့် အမိန့်ကြော်ငြာ စာအမှတ် (၂/၉၅)၊ စစ်မှုထမ်းကောင်းကံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ်(၃/ ၉၅)၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် ( ၄/ ၉၅ )၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၅/ ၉၅)၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၆/ ၉၅)၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့်

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဆုရသူများအား တွေ့ရစဉ်



ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၇/ ၉၅)၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာ အမှတ် (၈/ ၉၅) တို့ကို ထုတ်ပြန် ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် (၄၇)နှစ် မြောက် လွတ်လပ်ရေး နေ့ ညေ့ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ လွှတ်တော် အဆောက်အအုံ၌ ကျင်းပ ပြုလုပ်သည်။

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ၊ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆုများချီးမြှင့်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် မန္တလေးတိုင်း သာစည်မြို့နယ်ရှိ သက်တော်ရှည်ရေလှောင် တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ အတွင်းရေးမှူး (၂)နှင့် အတူ ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကြသည်။

ဂျော်ဒန်ဝန်ကြီးချုပ်အဗ္ဗဒူ ဆလမ် မာဂျာလီ ၏ အစိုးရအဖွဲ့ နုတ်ထွက်သည်။ ၄င်း နုတ်ထွက်သော အချိန်သည် ဂျော်ဒန်နှင့်အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီး ၁၉ လအကြာတွင် ဖြစ်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်း၊ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့ လိုက်ပါလျက် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားပြိုင်ပွဲရုံအနီး ကွင်းပြင်တွင် ကျင်းပသည့် သမဝါယမဈေးပွဲတော်သို့ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ ယဉ်ကျေးမှုတက္ကသိုလ် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ဒဂုံမြို့သစ် တောင်ပိုင်း ယဉ်ကျေးမှုတက္ကသိုလ် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဝန်ကြီးများတက်ရောက်၍ အုတ်မြစ်ချပေးကြသည်။

၉ အထူးစီမံကိန်းများအကောင်အထည် ဖော်ရေးအဖွဲ့၏၁/၉၅ ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့သည်အမိန့်ကြော်ငြာစာအမှတ် ၁၀/၉၅ ဖြင့်အတွင်းရေးမှူး (၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသောအဖွဲ့ဝင် ၂၀ ဦးပါဝင်သည့်ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကိုဖွဲ့စည်းပေးသည်။

၁၀ ဝန်ကြီးချုပ်ရှရစ်ဖိဒ်ဘင်ရှိတ်ကာ အမှူးပြု၍ဝန်ကြီး ၃၁ ဦး ပါဝင်သော ဂျော်ဒန်အစိုးရအဖွဲ့ သစ်ကို ဖွဲ့စည်းလိုက်သည်။ ဝန်ကြီး ၃၁ ဦးအနက် ၂၁ ဦးသည် ယခင်အစိုးရအဖွဲ့တွင် ပါဝင်တာဝန်ထမ်းရွက် ခဲ့သော သူ များ ဖြစ်သည်။ ဘင်ရှိတ်ကာ သည် ယခင် အစိုးရအဖွဲ့များအတိုင်း ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။

လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တွင် ၁၉၇၅ မှ ၁၉၈၆ ခုနှစ်အထိသမ္မတ အဖြစ်ဆောင်ရွက်ခဲ့သောဆူဖာနုဗောင် (၈၆)နှစ်သည်နှလုံးရောဂါဖြင့်ကွယ်လွန်သည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ များ ၏ ၁၉၉၄ ခုနှစ်၊ တတိယ လေးလပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ် ရုံး (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အမှာ စကားပြောကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုး ရေးနှင့် မွေးမြူရေး ဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ရှရီမှု တင်ပါဟာရဂျာ အား ကာကွယ်ရေး ဝန်ကြီး ဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၃ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၊ ဒီနာဂျပူခရိုင်၊ ဟီလီမြို့ အနီးတွင် ခရီးသည် အပြည့် တင်ဆောင်လာသော ရထားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မိရာ လူ ၁၀၀ ကျော် သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

၁၄ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူး ကြီး သန်းရွှေ သည် မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသော ၁၉၉၄-၉၅ ခုနှစ်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက် ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင် ယှဉ်ပြိုင်ကစားသည်။

၁၅ ရန်ကုန်မြို့တွင်တည်ထားကိုးကွယ် မည့် စွယ်တော်မြတ်စေတီ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို မရမ်းကုန်းမြို့နယ်ဓမ္မပါလကုန်းတော်၌ထေရဝါဒဗုဒ္ဓသာသနာတော်



ငလျင်ဒဏ် အပြင်းအထန်ခံစားခဲ့ရသည့် ကိုဘေးမြို့မှ မြင်ကွင်းတစ်ရပ်

ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာဆင်ယင်ကျင်းပသည်။

၁၉၉၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများကိုဆုများချီးမြှင့်သည်။

ဂျပန်နှင့်ဂျာမန်နှစ်နိုင်ငံအာကာသပူးတွဲလေ့လာရေးအစီအစဉ်အရဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်းမှလွှတ်တင်ခဲ့သည်။ ဂျပန်နှင့်ဂျာမန်သိပ္ပံပညာရှင်များ ပူးပေါင်း၍ယခုကဲ့သို့ အာကာသလေ့လာရေး ဂြိုဟ်တုလွှတ်တင်ခြင်းသည် ပထမအကြိမ် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည်ဒါယာဘေးလျှပ်စစ်ဓာတ်အားစက်ရုံတိုးချဲ့ရေးစီမံကိန်းအရ ဒေါ်လာ သန်းပေါင်း ၂၈၃၀ တန်ဖိုးရှိ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို တရုတ်နိုင်ငံသို့ပေးအပ်ရန် လက်မှတ်ရေးထိုးသည်။

၁၇ ဂျပန်နိုင်ငံအလယ်ပိုင်းတွင်ရစ်(ချ)တာ စကေး ၇ ဒသမ ၂ ပြင်းအားရှိသည့် ငလျင်ကြီးလှုပ်ခဲ့ရာသေဆုံးသူဦးရေ ၅၀၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၂၆၀၀၀ ကျော်ရှိခဲ့သည်။ သေဆုံးသူအားလုံး နီးပါးနှင့်ဒဏ်ရာရရှိသူထက်ဝက်ခန့်မှာ ကိုဘေးဆိပ်ကမ်းမြို့မှဖြစ်သည်။ ကိုဘေးမြို့ကိုဗဟိုပြု၍ ပတ်ပတ်လည် မိုင် ၆၀ အတွင်း ငလျင်တုန်ခါသွားသဖြင့် အိုဆာကာမြို့နှင့် ကျိုတိုမြို့တို့သည်လည်း ငလျင်ဒဏ်သင့်ခဲ့ရသည်။

၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ သက်ဆင် ရှင်နာဝပ်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၂၀ ပြင်သစ်ဝန်ကြီးချုပ်အက်ဒွပ်ဘာလာဒူးသည် ကမ္ဘာပေါ်တွင်အရှည်လျားဆုံး သံမဏိကြိုးတံတားတစ်ခုကို ဖွင့်လှစ်ပေးသည်။ နော်မန်ဒီဟုအမည်ပေးထားသောအဆိုပါကြိုးတံတားသည် အင်္ဂလိပ်ရေလက်ကြားအနီးလာဟာဗရဆိပ်ကမ်းမြို့တွင် သိန်းမြစ်ဝကိုကျော်ဖြတ်ထားပြီး အလျားပေ ၂၈၀၀ ရှိသည်။ တည်ဆောက်ချိန်ခုနစ်နှစ်ကြာမြင့်၍ ဒေါ်လာ သန်း ၄၇၀ ကုန်ကျသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့်အင်္ဂလန်နိုင်ငံဆီးကွန်တိန်နာနှင့် အီးအင်အိုအိပ်(စ)ပရက်(စ) တို့စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆိပ်ကမ်းသာ လမ်းရှိကမ်းနားဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

# ဖေဖော်ဝါရီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မရီးလ်မကျော်ဒါ တပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း၂၃ ဦးတို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံပြီး မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် အကြိမ် (၅၀) မြောက်နှစ်ပတ်လည် အထိမ်းအမှတ်ပွဲ ကျင်းပသည့်အခါ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက နာဇီတို့၏ညှဉ်းပန်းနှိပ်စက်မှုတွင် ကိုယ်တိုင်ပါဝင် ခဲ့သည်ဟု စွပ်စွဲခံရသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးဟိုင်းအား ဖိတ်ကြားခြင်းပြုမည်မဟုတ်ကြောင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော် ပြောဆိုသည်။

၄ ကေအင်(န်)ယူသောင်းကျန်းသူ ဗဟိုဌာနချုပ် မာနယ်ပလောစခန်းအား ကေအင်(န်)ယူမှခွဲထွက်လာသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်

အမျိုးသားများအစည်းအရုံး (DKBO) က သိမ်းပိုက်ခဲ့သည့် အခြေအနေနှင့် ပတ်သက်သောသတင်းစာရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီးဌာနက ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အီဂျစ်နိုင်ငံရှိ မဟာအလက်ဇန္ဒား ဘုရင်ကြီး၏ ဂူသင်္ချိုင်းကို ရှာဖွေနေသည့် ရှေးဟောင်းသုတေသန ပညာရှင်များသည် မဟာ အလက်ဇန္ဒားနောက်ဆုံး အပြီးသတ် အနားယူသွားသည့် ဂူသို့ ဦးတည်သည့် မြေအောက်လမ်းကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ လူ ၃၄၀၀၀ သေဆုံးခဲ့ရသောသီရိလင်္ကာနိုင်ငံ၏ လူမျိုးရေးစစ်ပွဲကို ငြိမ်းချမ်းသောဖြေရှင်းချက်တစ်ရပ်ရစေရန် အတွက် ဆက်လက်ရှာဖွေသွားမည်ဟု သမ္မတ ချန်ဒရီကာကုမာရာတွန်ဂါက ထပ်မံကတိပေးလိုက်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းခန်းမတွင် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

၇ ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းအန်ကောဘုရားကျောင်းများ ပျက်စီးမှုမရှိအောင် ပိုမိုကာကွယ်သွားရန်နှင့် စီမံအုပ်ချုပ်ရန်အတွက် အန်ကောအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတ ဗာဝင်းဇား၏ ဖိအားပေးမှုကို အလျှော့ပေးလိုက်သည့် ပိုလန်ဝန်ကြီးချုပ် ဝေါဒေမာပေါလက်က ရာထူးမှ နုတ်ထွက်ရန်နှင့် ၄င်း၏ညွန့်ပေါင်းအစိုးရတွင်ပါဝင်သည့် ဒီမိုကရက်တစ် လက်ဝဲမဟာမိတ်ပါတီအား ဝန်ကြီးချုပ်ရာထူးလွှဲအပ်ရန် ကမ်းလှမ်းလိုက်သည်။

၈-၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ပင်းယ ဂူကြီးသုံးလုံးဘုရား၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်း၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်မည့်လုပ်ငန်း၊ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး ပြန်လည်တည်ဆောက် ခြင်းလုပ်ငန်း၊ ရှေးဟောင်းပေပုရပိုက် စိစစ် ခွဲခြားခြင်းလုပ်ငန်း စသည့် မန္တလေးတိုင်း အတွင်းရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးနေစဉ်



၉ တောင်ပစိဖိတ် သမုဒ္ဒရာတွင်းရှိ ဖိဂျီနိုင်ငံသို့ ဟောင်ကောင်မှ တရုတ်နွယ်ဖွား စီးပွားရေးသမား ၂၈၀၀ လာရောက်အခြေချ ခွင့်ပြုရန် စီစဉ်ခြင်းကြောင့် ပန်ကြီးချုပ် ဝိတိဗိနိရာဘူကာ အစိုးရအဖွဲ့အားပါလီမန်တွင်အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်းမည် ဖြစ်ကြောင်း အတိုက်အခံများက ပြော ကြား သည်။

၁၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် တကွ တာဝန်ရှိသူများလိုက်ပါလျက် တိုက်ကြီးမြို့နယ် သစ်သီးဝလံစိုက်ပျိုးရေး ဗဟိုခြံ၊ အဖျောက်သဘာဝဓာတ်ငွေ့ တူးဖော်အောင်မြင်မှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က (၄၈) နှစ်မြောက် ပြည်ထောင်စုနေ့ညည့်ခံပွဲနှင့် ညစာစားပွဲကို သမ္မတ အိမ်တော်၌ ကျင်းပသည်။

မလေးရှားနိုင်ငံတွင် လွန်ခဲ့သော တစ်နှစ်ခန့်ကပါလီမန်အမတ်တစ်ဦးအသတ်ခံရမှုနှင့်ပတ်သက်၍ မှော်ဆရာဇနီးမောင်နှံနှင့်ကူညီသူအဖော်တစ်ဦးတို့အား သေဒဏ်အသီးသီးအပြစ်ပေးစီရင်လိုက်သည်။

၁၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒေါပုံ ကော်ဇောပစ္စည်း စက်ရုံနှင့် ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်သမ္မတကလင်တန်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် အမေရိကန်က နှစ်ဆကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၁၅ စွယ်တော်မြတ် စေတီတော် အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ ရတနာရွှေကြုတ်တော်၊ ရတနာကြေးပြားတော်နှင့် ရတနာရွှေအုတ်တော်တို့ကို စီထားလှူဒါန်းသည်။

၁၆-၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်သို့ ခရီးထွက်ခွာပြီးသံတွဲလေယာဉ်ကွင်း တိုးချဲ့ ဖောက်လုပ်ရေးလုပ်ငန်း၊ ဂွမြို့နယ် ကန်သာယာ အပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်း၊ ကျောက်ဖြူ–တောင်ကုတ်–အမ်းကားလမ်းဖောက်လုပ်နေမှုများ၊ ရခိုင်ပြည်နယ်ဗုဒ္ဓပြတိုက်၊ ယဉ်ကျေးမှု ပြတိုက်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့တော်ခန်းမနှင့်စစ်တွေဟိုတယ် ဆောက်လုပ်ရေးလုပ်ငန်းစသည့် ရခိုင်ပြည်နယ် ၁၂ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အဖွဲ့ဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းညွှန်ဖြည့်ဆည်းပေးသည်။

၁၇ တောင်အမေရိကတိုက်ရှိ အီကွေဒိုးနှင့် ပီရူးနှစ်နိုင်ငံတို့သည် ရက်သတ္တပတ် သုံးပတ်ကြာ နယ်စပ်စစ်ပွဲကို အဆုံးသတ်နိုင်ရန်အတွက် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီချက်တစ်ရပ်ကို ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

၁၈ ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသစ်သည် ထိုင်းဈေးကွက်သို့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ပိုမိုဝင်ရောက်ခွင့်ပေးမည့် ဥပဒေသစ်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွန်လိပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားသည်။

၁၉ ရဟန်းမစားရသောဆွမ်းတစ်နပ် (သီလဝိသုဒ္ဓိ) ရုပ်မြင်သံကြားဇာတ်လမ်းတွင် စီစဉ်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန စတူဒီယို “အေ”ခန်းမတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံခြားပစ္စည်းများ ခိုးယူထုတ်လုပ်ဖြန့်ဖြူးသည့် ပီကင်းမြို့တော်ရှိ ရပ်ကွက်တစ်ခုကို တရုတ်အာဏာပိုင်တို့က ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တုပပြုလုပ်ထားသည့် နိုင်ငံခြားကွန်ပျူတာ အစိအစဉ်ပေါင်း ၃၀၀၀၀ ဖမ်းဆီးရရှိခဲ့သည်ဟု တရုတ်သတင်းဌာန ဆင်ဟွာ၏သတင်းကို ကိုးကားလျက် ရိုက်တာကဖော်ပြသည်။

၂၀ အီဂျစ်သမ္မတဆက်ဒန်ဟူစိန်သည် အဖျက်စွမ်းအားကြီးမားသော လက်နက်များအားလုံးကိုရှင်းလင်းဖယ်ရှားပြီး ဖြစ်ကြောင်း ကုလသမဂ္ဂကို အာမခံထားလင့်ကစား ဒုံးကျည်များနှင့် ဗီဝဗုံးများကို သိုလှောင်ထားကြောင်း “ဆန်းဒေးတိုင်းမ်” သတင်းစာက ရေးသားလိုက်သည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ယုံဆမ်က မြောက်ကိုရီးယားနှင့်ပတ်သက်၍ အစဉ်နိုးနိုးကြားကြားရှိနေရန် တောင်ကိုရီးယားစစ်ဘက်ကို အမိန့်ထုတ်ပြန်လိုက်သည်။ မြောက်ကိုရီးယားသည် ထိုစစ်လက်နက်များဆက်လက်တိုးမြှင့်တည်ဆောက်နေသည်ဟု ကင်မ်ယုံဆမ်က ပြောဆိုလိုက်သည်။

၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်တာဝန် ထမ်းဆောင်ခဲ့ကြသော အမေရိကန်တပ်မတော် (OSS 101) စစ်မှုထမ်းဟောင်းအဖွဲ့မှ သံအမတ်ကြီးဟောင်း မစ္စတာဂျူလီယန်နင်း(မ်)ချက်

ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံပြီး လွတ်မြောက်ရေးတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာကျော်ပန်းချီပညာရှင် ဗင်းဆင့် ဗင်ဂိုးနှင့် တွေ့ဆုံခဲ့ဖူးပြီး ပထမဆုံးရုပ်ရှင်ကို ကြည့်ရှုခဲ့ဖူးသူ ကမ္ဘာပေါ်၌ အသက်အရှည်ဆုံး ပြင်သစ်အမျိုးသမီး ဂျင်းကားမင့်သည် အသက် ၁၂၀ ပြည့်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၃ ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုတက္ကသိုလ်၊ သင်တန်းအမှတ်စဉ် (၂၆)နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုကြသည်။ ဂါရဝပြုအခမ်းအနားတွင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သင်တန်းသားသင်တန်းသူများအား ဩဝါဒအမှာစကားပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၄ ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိလျက်ရှိသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "မြန်မာ့ကုန်စည်ပြပွဲ ၉၅" အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီး
၂၅ ကျင်းပသည့် နိုင်ငံတကာအဆင့်မီ "မြန်မာ့ကုန်စည်ပြပွဲ ၉၅" ဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက် ရွှေ့မျက်နှာစာတွင် ကျင်းပရာ မြန်မာ့ကုန်စည်ပြပွဲ ၉၅ ကျင်းပရေးဗဟိုကော်မတီနာယက ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၆ ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သည့် အဆင့်မြင့် တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ကြိုဆိုနှုတ်ဆက်သည်။

# မတ်လ

သီရိလင်္ကာနိုင်ငံသမ္မတ ချန်ဒရိကာ
၂ ဘန္ဒာရနိုက်ကေးကုမာရတွန်ဂါက မိမိအစိုးရသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ်ကို ယခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးနိုင်ငံပိုင်လုပ်ငန်းအချို့ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းလုပ်ကိုင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ယခုနှစ်ရောင်းချခြင်းဖြင့် ရူပီးငွေ ၄ ဘီလီယံ (ဒေါ်လာ သန်း ၈၀)ခန့် ရမည်ဟု အစိုးရကမျှော်လင့်ထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၃ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းဘုရင့် (ကြည်း) တပ်မတော်မှ လက်ထောက်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ချက်တားသန်နာကျာရိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ နဝမ အကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာ၌ကျင်းပသည်။

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်
၄ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် နာယကအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

တပ်မတော်ဆေးတက္ကသိုလ်၏ ပထမ
၅ အကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး (ခုတင် ၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တရုတ်ဝန်ကြီးချုပ်လီဖုန်က တရုတ်
၅ - ပြည်သည် အဂတိလိုက်စားမှုများ
၁၈ ကို အဆုံးသတ်ပစ်ရမည် ဖြစ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချပစ်ရမည်ဖြစ်ကြောင်းဖြင့် ပီကင်းမြို့တော်ပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပသော ဝရုတ်ပြည်လုံးဆိုင်ရာကွန်ဂရက် အစည်းအဝေးဖွင့်ပွဲ၌ နှစ်ပတ်လည်အစီရင်ခံစာတင်သွင်းရာတွင်ထုတ်ဖော်ပြောဆိုသွားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၆ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်စိုက်ပျိုးရေး ပြတိုက်အနီး မြေ ပဒေသာ ကျွန်းတွင်ပြုလုပ်မည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဌာန ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံပန်းမန် ပြပွဲ၏ အကြိုခင်းကျင်းစီစဉ်ပြသထားမှုများကို တစ်နာရီကျော်ကြာ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်နှင့် ဇနီးတို့က အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်**

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူး ကျင်းပသော (၃၂) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

မြန်မာ့ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များကို ပြည်သူများပိုမိုစိတ်ဝင်စားလာကြစေရန်အတွက်ခင်းကျင်းပြသသည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားကိုဗဟန်းမြို့နယ်စိုက်ပျိုးရေးပြတိုက်အနီးမြေပဒေသာဉယျာဉ်၌ကျင်းပသည်။

၉ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ဖိတ်ကြားချက်အရမတ်လ ၉ ရက် နေ့တွင်ရန်ကုန်မြို့မှ အထူး လေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ သွား သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူဇနီး ဒေါ်ကြိုင်ကြိုင်လည်း လိုက်ပါသွားသည်။ ဗီယက်နမ်သို့စတင် ရောက်ရှိသည့် မတ်လ ၉ ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်ဗိုဗန်ကီယက်နှင့် သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာလီဒတ်အန်အားသမ္မတနန်းတော်သို့သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ညနေပိုင်းတွင်ဟိုချီမင်း မြို့တော် သို့ သွားရောက် ခဲ့သည်။ မတ်လ ၁၂ ရက်နေ့တွင် ဟိုချီမင်း မြို့တော်အနောက် မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာရှိ လွတ်မြောက်ရေးသမိုင်းဝင် ကူချီခရိုင်သို့ သွားရောက်လေ့လာသည်။ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

၁၁ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် စေတုတ္တအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကိုသီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။

၁၂ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ယာဆူရှိအကာရှိ လိုက်ပါလာသည့်လေယာဉ် သေနတ်ထိမှန်ခံရသော်လည်း မည်သူမျှ ထိခိုက်ဒဏ်ရာမရရှိဟု ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းသည် ဆာရာယေဗိုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန် စတင်နိုင်ရန် ကြိုးပမ်းရေးအတွက် ရောက်ရှိနေခြင်းဖြစ်သည်။





**ဂျပန်နိုင်ငံ တိုကျိုမြို့ မြို့တွင်းသွား မြေအောက်ရထားပေါ်တွင် အဆိပ်တတ်ငွေ့သင့်ဖြင့် မူးမေ့အောအန်နေသည့် ခရီးသည်များ**

၁၄ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာသည် အစ္စရေးဝန်ကြီးချုပ်နှင့်လည်းကောင်း၊ ဆီးရီးယားသမ္မတနှင့်လည်းကောင်း လွန်းပြန်ခရီးဆွေးနွေးပွဲများ ပြုလုပ်သည်။

၁၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၄–၁–၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/ ၉၅)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စည်ကားသိုက်မြိုက် ခမ်းနားစွာကျင်းပသည်။

ပါကစ္စတန်တွင် ဝန်ကြီးချုပ် ဘနာဇာဘူတို၏အစ်ကိုတော်သူ မာတာဇာဘူတိုက ပြိုင်ဘက်နိုင်ငံရေးပါတီတစ်ခု စတင်တည်ထောင်လိုက်ပြီး ညီမ ဘနာဇာဘူတိုကို ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

၁၆ ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်နှင့် အာမေးနီးယားသမ္မတ တာပီထရိုဆက်ဆီယန်တို့သည် အာမေးနီးယား၌ ရုရှားစစ်အခြေစိုက်စခန်းများ ၂၅ နှစ်တာ ဆက်လက်ချထားခွင့်ပြုရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

၁၈ မန္တလေးနန်းမြို့ ကျုံးတော်ကြီးနှင့် ကျုံးပတ်လမ်း ပြန်လည်တည်ဆောက်မှုအောင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျုံးတော်ကြီးလေးပြင်လေးရပ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်အားပေးသည်။

စင်ကာပူနိုင်ငံတွင်ကြိုးပေးကွပ်မျက်ခြင်းခံ ရသည့်ဖိလစ်ပိုင်အိမ်ဖော်အမျိုးသမီး ဖလော်ကွန် တမ်ပလာစီယွန်၏ ရုပ်အလောင်းကိုဖိလစ်ပိုင်သို့ လေယာဉ် ဖြင့်ပြန်ပို့ပေးလိုက်သည်။ ၄င်းသည် ၁၉၉၁ ခုနှစ်၊ မေလကအခြား ဖိလစ်ပိုင် အိမ်ဖော်တစ်ဦးနှင့်လေးနှစ်သား အရွယ် ကလေးငယ်တစ်ဦးတို့အားသတ်ဖြတ်ခဲ့ သဖြင့် ကြိုးပေးကွပ်မျက်လိုက်ခြင်းဖြစ်သည်။

၁၉ အာဖဂန်နစ္စတန်သမ္မတ၏တပ်များသည် အရှေ့မတက်မီ တွင် ကဘူးမြို့ တောင်ဘက်ရှိပြိုင်ဘက် တာလီဘန် ပြည်သူ့စစ်များကို ၄င်းတို့၏အဓိကအခြေစိုက်စခန်းမှတိုက်ထုတ်ပစ် လိုက်သည်။ ယခုအခါ သမ္မတ ရက်ဘာနီ ၏ တပ်များသည်ကဘူး မြို့တော်တစ်ခုလုံး နှင့် ဝန်းကျင်ရှိ့ဆင်ခြေဖုံး အရပ်များကို ထိန်းချုပ်ထားသည်။

၂၀ ဂျပန်နိုင်ငံတိုကျိုမြို့တွင် မြို့တွင်း အလုပ်သွားအလုပ်ပြန်သူများ ထူထပ်များပြားသည့်မြေအောက်လျှပ်စစ်ရထားပေါ်တွင်အဆိပ်ဓာတ်ငွေ့များလွှတ်ထားသဖြင့်လူထောင်ပေါင်းများစွာရှူရှိုက်မိကာ အောအန်ပြီးအနည်းဆုံးလူငါးဦးသေဆုံးသည်ဟုဆိုသည်။

၂၁ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခြင်းနှင့် ဒေသ ဖွံ့ဖြိုး ရေးလုပ်ငန်းများကိုနိုင်ငံတော် အစိုးရနှင့်ပူပေါင်းဆောင်ရွက်ခြင်းအခမ်းအနားကိုလွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့သွား ရောက်ကာ ၁၉၉၅ ခုနှစ်၊နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ပြပွဲမှပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည် များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားသည်။

၂၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယကနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်သြဝါဒစကားမြွက်ကြားသည်။

၂၅ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော် နေ့ကိုဂုဏ်ပြုကျင်းပသည့်ရွှေရတု သဘင် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း၊ သုဝဏ္ဏအားကစား ပြိုင်ပွဲရုံ(၁) အနီးရှိ ကွင်းပြင်(သုဝဏ္ဏအားကစားဝင်း) ၌ ကျင်းပသည်။

၁၉၉၅ ခုနှစ်၊ နှစ်(၅၀)ပြည့် ရွှေရတု တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး(၆) လမ်းသွားတိုးချဲ့ခြင်း လုပ်ငန်း(ထောက်ကြံ့-ဝမ်းဘောဒတ် အပိုင်း)လမ်းဖွင့်ပွဲအခမ်းအနားနှင့် ရန်ကုန်-ပဲခူး (၆) လမ်းသွား (ပဲခူးအပိုင်း) လမ်း ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်တိုင်း မင်္ဂလာဒုံ မြို့နယ် ထောက်ကြံ့လမ်းဆုံ ရန်ကုန်-မန္တလေးလမ်းအဝင် ထိပ်မုခ်ဦးနှင့် ရန်ကုန် တိုင်းနှင့်ပဲခူးတိုင်း နယ်စပ်ဝမ်းဘောဒတ် တံတားထိပ်မုခ်ဦး တို့၌ကျင်းပသည်။

လူမည်းအမျိုးသမီးတစ်ဦးအားမတော် မတရားပြုကျင့်မှုဖြင့်ထောင်သုံးနှစ်ကျခံသော ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်သည် အကျဉ်းထောင်မှ ပြန် လည် လွတ်မြောက်လာသည်ဖြစ်ရာ ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရရှိ နိုင်သော လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်သည့် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ရရှိ သွားပြီ ဖြစ်သည်။

၂၆ ငမိုးရိပ်ရေလှောင်တမံကို ၁၉၉၅ ခုနှစ်၊နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့အား ဂုဏ်ပြု၍ ဖွင့်လှစ်သည့် အခမ်းအနားနှင့် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ က တာဝန်ယူတည်ဆောက်ခဲ့သော ရန်ကုန် မြို့တော် ရေပေးဝေရေး ရေယူ အဆောက် အအုံဖွင့်လှစ်သည့်အခမ်းအနား တို့ကို ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ဖောင်ကြီး ကျေးရွာအနီးရှိ အဆိုပါငမိုးရိပ် ရေလှောင် ကန်၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်ချီးမြှင့်သည်။

၂၇ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကိုရန်ကုန်မြို့ ဦးဝိစာရလမ်းရှိကော်လှန်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက် ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က နှစ်(၅၀) ပြည့်ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညည့်ခံပွဲနှင့်ညစာ စားပွဲကိုရန်ကုန်တိုင်းစစ်ဌာနချုပ်ကုန်းမြင့်သာ ရှိ ဧယျာသီရိဗိမာန်၌ကျင်းပသည်။

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော် နေ့ကိုဂုဏ်ပြုသည့်အနေဖြင့်မြဝတီရုပ်မြင် သံကြားအဆောက်အအုံနှင့်မြဝတီရုပ်မြင် သံကြားစတင်ထုတ်လွှင့်မှုဖွင့်ပွဲအခမ်းအနား ကို မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင် သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင် သံကြားထုတ်လွှင့်ရုံ၌ကျင်းပရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်၍ ဖဲကြိုးဖြတ်၊ ခလုပ်နှိပ်ပြီးဖွင့်လှစ် ပေးလိုက် သည်။

၃၀ အမျိုးသားညီလာခံစုံညီအစည်း အဝေး ကိုရန်ကုန်မြို့အလုံလမ်း သမ္မတအိမ်ကော်ဝင်းအတွင်းရှိဗဟိုအစည်း အဝေးခန်းမ၌ကျင်းပသည်။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ အခန်းမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ် အစုအဖွဲ့များမှကိုယ်စားလှယ် များကအကြံ ပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ ကြသည်။

## ဧပြီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က လှူဒါန်းပြီး မြန်မာ-သီရိလင်္ကာရာမ ကျောင်းတိုက်တွင်ထားရှိပူဇော်မည့် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲကို တာမွေမြို့နယ်

မြန်မာ–သီရိလင်္ကာရာမကျောင်းတိုက်ဝမ္မာရုံ၌ကျင်းပသည်။

၄–၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ် ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) နှင့်ကချင် ပြည်နယ် အတွင်းရှိ မြို့နယ်ပေါင်း (၂၃) မြို့နယ် သို့သွားရောက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေး စီမံ လမ်းညွှန်ပေးခဲ့သည်။

၉ ထိုင်းလေကြောင်းခရီးစဉ်အမှတ် (တီဂျီ.၃၀၅) ဖြင့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသော ထိုင်းလူမျိုးခရီးသည် များဖြစ်ကြသည့် ထိုင်းနိုင်ငံကူးလက်မှတ် (I-267155) ကိုင်ဆောင်သူ မစ္စတာဆူရာဖွန် တောင်ဘာရွန်၊ ထိုင်းနိုင်ငံကူးလက်မှတ် (X-219996) ကိုင်ဆောင်သူ မစ္စတာ ထာဝီပက် တောင်ကမ်နှင့် ထိုင်းနိုင်ငံ ကူးလက်မှတ် (X-291284)ကိုင်ဆောင် သူ မစ္စတာခေါင်နက်ခဲစင်ကာတို့ထံမှ မြန်မာငွေကျပ်၅၀၀ တန်အတု သိန်း ၁၀၀၀ ကျော်ဖိုး ကို လေဆိပ်လုံခြုံရေး တာဝန်ထမ်းဆောင် လျက် ရှိကြသည့် တပ်မတော်ထောက် လှမ်းရေး တပ်ဖွဲ့ ဝင်များနှင့် အကောက်ခွန် ဦးစီးဌာနဝန်ထမ်း များကရှာဖွေဖော်ထုတ် ဖမ်းဆီး ရရှိသည်။

၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ် ကြီး တင်ထွန်းအား ရန်ကုန်မြို့တွင်ရောက်ရှိ နေသည့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (ESCAP)ဒုတိယအမှုဆောင် အတွင်းရေးမှူး မိစ်ဆီကိုတာကာဟာရှိနှင့် အဖွဲ့သည် ဝန်ကြီးများရုံးရှိ ဒုတိယ ဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

လွန်ခဲ့သောနှစ် ၂၀ ကာလ၊ ဗီယက် နမ်စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အမေရိကန် နှင့် ဗီယက်နမ်မြို့ကြီးများ ဖြစ်သော ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်း မြို့တော် တို့သည် ပထမဆုံးအကြိမ် မိတ်ဆွေ ဖြစ် သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆို သည်။အဆိုပါစာချုပ်ကို ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်းမြို့တော်ဝန်များက လက်မှတ် ရေးထိုးကြသည်။

၁၂ မြန်မာ – အိန္ဒိယနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးဖွင့်ပွဲ အခမ်းအနားကို မြန်မာနှင့်အိန္ဒိယနိုင်ငံ၊ နယ်စပ်မြို့များ ဖြစ်သော အိန္ဒိယပိုင် မိုရေးမြို့တွင် ညနေ ၃ နာရီ၌လည်းကောင်း၊ မြန်မာနိုင်ငံ ပိုင် တမူးမြို့ တွင် ညနေ ၄ နာရီ၌ လည်းကောင်း အသီးသီးပြုလုပ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်၊ အိန္ဒိယ နိုင်ငံဘက်မှ အိန္ဒိယနိုင်ငံကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပီ၊ ချီဒန်ဘရန်နှင့် မဏိပူရပြည်နယ် ဝန်ကြီးချုပ် မစ္စတာ မန်နီပါတို့က အမှာစကားများပြော ကြားကြသည်။

၁၈ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ မြို့နယ် ဘော်ကြိုဘုရား (မှဒ္ဒေါ စေတီတော်)၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရွှေဟောင်းသမိုင်းဝင်၊ ရတနာ မာန်အောင်၊ရတနာညာဏ်အောင်၊ ရတနာရန်အောင်၊ ရတနာဈာန်အောင် ဗုဒ္ဓရုပ်ပွားတော်များမြန်မာနိုင်ငံတစ်ခွင် ဒေသ စာရီလှည့်လည်ကြွချီရန် အတွက် ရောင်တော်ဖွင့်၍ ရတနာပန်းရထား ယာဉ်များပေါ်သို့ စတင်ပင့်ဆောင်သည့် အခမ်းအနားကိုဘော်ကြိုဘုရားပရဝုဏ်၌ ကျင်းပပြုလုပ်သည်။

၁၉–၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး သည် ကရင် ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်းရှိမြို့နယ် များသို့ သွားရောက်၍ နယ်မြေအေးချမ်း သာယာ ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြား သည်။

၁၉ အမေရိကန်ပြည်ထောင်စုအိုကလာ ဟိုးမားမြို့လယ်ရှိပြည်ထောင်စုရုံး အဆောက်အအုံသည် ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရာ အထပ်ကိုးထပ်ပါဝင်သော ယင်း အဆောက်အအုံ၏မျက်နှာစာတစ်ခြမ်းလုံး ပြိုကျ ပျက်စီးပြီး လူ ၁၃၀ ထက်မနည်း သေဆုံးကာ လူ ၄၀၀ ကျော်ဒဏ်ရာရရှိ ခဲ့သည်။

၂၁ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေးဗဟိုကော်မတီ အစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၄ မဲခေါင်ဒေသအတွင်းကမ္ဘောဒီးယား နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာဩ ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ဗီယက်နမ်နိုင်ငံနှင့်ပြည်ထောင်စု မြန်မာနိုင်ငံခြောက်နိုင်ငံတို့အကြားပူးပေါင်း ဆောင်ရွက်မှုမြင့်တင်ရေးအစီအစဉ်အရ ဒေသတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်တတ်အားကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆွေးနွေးပွဲ၏ အကြိုတန်း အရာရှိ အစည်း အဝေးကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပ ပြုလုပ်သည်။

“ ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ ၁၉၉၅”ဖွင့်ပွဲအခမ်းအနားကိုလသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း မြည်လာခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်နိုင်ငံတော် အကြီးအကဲများတက်ရောက်အားပေးသည်။

၂၅ ကူဝိတ်ပါလီမန်ကမူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်သူများအား သေဒဏ်စီရင်ချမှတ်ရန် ဥပဒေတစ်ရပ်ကို ဖြည့်စွက်ပြင်ဆင်သည်။ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသအာရပ်နိုင်ငံများအနက် ဆော်ဒီအာရေဗျနိုင်ငံနှင့်အာရပ်စော်ဘွား များပြည်ထောင်စု(ယူအေအီး)ပြီးနောက် သေဒဏ်ပေးသည့်တတိယမြောက်နိုင်ငံ ဖြစ်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်း ထိန်း သိမ်းရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၄/၉၅) ကို ပြဋ္ဌာန်း သည်။

၂၈ ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ် ရပ်သစ်ရွာအနီးရှိတောင်နဝင်းချောင်း ပေါ်တည် ဆောက်ထား သော တောင်နဝင်းရေလှောင် တမံ ဖွင့်ပွဲ အခမ်းအနားကို ရေလှောင်တမံ မှန်ဦးမဏ္ဍပ်၌ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် ပြီး အမှာစကား ပြောကြားသည်။



မုံးခွဲတိုက်ခိုက်ခြင်းခံရသည့် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားမြို့လယ်ရှိ ပြည်ထောင်စုရုံးအဆောက်အအုံကို တွေ့ရစဉ် ( ညာပုံ )

မိုလ်ချုပ်ကြီးမောင်အေး ကရင်ပြည်နယ် မွန်ပြည်နယ် မြို့နယ်များသို့ သွားရောက်စဉ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဤသို့ရွှေသင်္ကန်းကပ်လှူခဲ့သည် ( အောက်ပုံ )



## မေလ

၁ အမရပူရမြို့ မဟာဝေယံဘုံ သာဓာတ်ကျောင်း ဗုဒ္ဓဆင်းတုတော်နှင့် ပိဋကတ်တော်ပြတိုက် ရေစက်ချ အခမ်းအနားကို အဆိုပါပြတိုက်သစ်ကြီး အနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၃ ဂျပန်ဝန်ကြီးချုပ် တိုမီအီချီမူရာယာမသည် ၁၉၃၇ ခုနှစ်က ဂျပန်တပ်များနှင့်တရုတ်တို့ စစ်ပွဲစတင်ဖြစ်ပွားသည့် မာကိုပိုလိုတံတားသို့ သွားရောက်လေ့လာပြီး မိမိတို့နှစ်နိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းစေရမည်ဟု အခိုင်အမာကတိပြု ပြောကြားလိုက်သည်။

၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ် အဆောက်အအုံ တည်ဆောက်ရန် အုတ်မြစ်စီ မင်္ဂလာ အခမ်းအနားကို ဗဟန်းမြို့နယ် ဆရာစံ ရပ်ကွက် သာယာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မြေကွက်လပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြုကာ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖိလစ်ပိုင်သမ္မတ ဖီဒယ်ရာမို့စ်က လွန်ခဲ့သည့် မတ်လအတွင်း စင်ကာပူ၌ ဖိလစ်ပိုင်အိမ်ဖော်တစ်ဦး ကြိုးပေးကွပ်မျက်ခံရမှုနှင့်ပတ်သက်၍ရာထူးမှ နုတ်ထွက်ခွင့်ပြုရန်တင်ပြထားသည့် အလုပ်သမား ဝန်ကြီး နီဗက်စ်ကွန်ဖက်ဆာ၏ နုတ်ထွက်မှုကို လက်ခံလိုက်သည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် သမားရိုးကျ အယူအဆရှိသူ ပါရီမြို့တော်ဝန် ဂျက်ရှီရက်က ဆိုရှယ်လစ်ဝါဒီ လီယွန်နယ်ဂျိုစ်ပင်ကို အောင်ပွဲခံလိုက်သဖြင့် ၁၄ နှစ်ကြာ ဆိုရှယ်လစ်အုပ်စိုးမှုသည် ပြင်သစ်နိုင်ငံတွင် နိဂုံးချုပ်သွားသည်။ လက်ရှိ သမ္မတ ဖရန်ဆွာမီးထရောင်းမှာ သမ္မတသက်တမ်း ၁၄ နှစ်ပြည့်ပြီဖြစ်သည်။ တစ်ပတ်အကွင်း ရာထူးမှ နုတ်ထွက်ဖွယ်ရှိသည်။

၈ - ၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန် ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဤလ ၈ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်နှင့်အဖွဲ့သည် ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်မြို့များ သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပစဉ်



ရန်ကုန်မြို့တွင် မြန်မာ့ ကျောက်မျက် ရတနာ အရောင်းပြခန်း၊ တပ်မတော် စစ်သမိုင်း ပြတိုက်၊ သန့်လျှင်တံတားများကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

၁၀ အီရန်နိုင်ငံက နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ကမကထပြုလုပ်နေခြင်း၊ လူအများအပြားကို သေစေသောလက်နက်များ ရအောင် ကြိုးပမ်းနေခြင်းများကြောင့် အမေရိကန်သမ္မတ ကလင်တန်က အီရန်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လုံးဝပိတ်ပင်တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

၁၂ - ၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါ လျက် ရှမ်းပြည်နယ်နမ့်စန်မြို့သို့ ရောက်ရှိပြီး နမ့်စန်–မိုးနဲရထားပြေးဆွဲမှုနှင့် နမ့်စန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီး၊ ဟဲဟိုး၊ ပင်းတယမြို့များသို့ ရောက်ရှိသည်။ ဗိုလ်ချုပ်ကြီးမောင်အေးသည်အဖွဲ့ဝင်များ လိုက်ပါလျက်ပင်းတယမြို့နယ် ကုလုံကျောင်း တိုက်တွင်အဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မဇောတိက ကုလုံဆရာတော်ကြီး အမှူးပြု၍ တည်ထား ကိုးကွယ်မည့် ပြည်တော်အေးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်း အနားသို့ တက်ရောက်ပြီး ထီးတော်နှင့် စိန်ဖူးတော် တင်သည်။

၁၅ - ၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/ တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခုနှစ်၊ ပထမလေးလပတ်ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ငါးရက်တိုင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အဖွင့်အမှာစကားနှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဂျက်ရှီရက်အောင်ပွဲခံလိုက်သဖြင့် ၎င်းအား ထောက်ခံသူများ ဝမ်းသာပျော်ရွှင်နေပုံ

ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးချယ်
၁၇ တင်မြှောက်ပွဲတွင် အောင်ပွဲခံခဲ့သူ ဂျက်ရှီးရက်သည် သမ္မတရာထူးကို တရားဝင်လွှဲပြောင်း လက်ခံသည်။

ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်သည်
၁၉ မိမိအရေးနိမ့်ရန်သေချာနေသည့် အတိုက်အခံတို့ တင်သွင်းထားသောအယုံအကြည်မရှိအဆိုကို ရင်ဆိုင်ခြင်းမပြုတော့ဘဲပါလီမန်အောက်လွှတ်တော်ကိုဖျက်သိမ်း လိုက်သည်။

ရွှေတိဂုံစေတီတော်ရင်ပြင် အဂ္ဂါ
၂၁ ထောင့်ရှိရောင်တော်ဖွင့် တန်ဆောင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုရွာမှ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ပါလက်စတိုင်းလွတ်မြောက်ရေး
၂၂ အဖွဲ့အကြီးအကဲ အာရာဖတ်နှင့် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရှိမွန်ပီရက်တို့သည် အာရပ်နယ်မြေများကို အစ္စရေးက သိမ်းယူမည့်အစီအစဉ်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုးချဲ့ရေးကိစ္စတို့နှင့် ပတ်သက်၍ အငြင်းပွားနေမှုများကို ကြိုးပမ်းဖြေရှင်းရန် တွေ့ဆုံကြသည်။

အထူးစီမံကိန်းများ အကောင်
၂၄ အထည်ဖော်ရေးအဖွဲ့၏ ၂/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာအထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

သီရိလင်္ကာသမ္မတ ချန်ဒရိကာ ဘန္ဒာရာနိုက်ကေး ကုမာရတွန်ဂါသည် တမီးလ်ကျားသူပုန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်စဲလိုက်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
၂၇ အဆောက်အအုံ ရတနာအုတ်မြစ်စိမင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ရတနာအုတ်မြစ်စိပေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၉ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဆင်မလိုက်မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်၍သင်္ဘော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားသည်။

## ဇွန်လ

ရန်ကုန်မြို့အလုံလမ်းမြေနေရာတွင်
၃ စင်ကာပူနိုင်ငံစစ္စတန်ဗစ်လ်မြန်မာလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့်ရင်းနှီး မြှုပ်နှံတည်ဆောက်ပြီးစီးခဲ့သော နိုင်ငံတကာ အဆင့်မီအခန်း ၂၅၀ ပါဆမ်းမစ်ပတ်ဗျူး ဟိုတယ်သစ် ဖွင့်လှစ် ခြင်းအခမ်းအနားကို အဆိုပါဟိုတယ်သစ်၌ ကျင်းပသည်။

ရန်ကုန်–ကူမင်း–ရန်ကုန်လေကြောင်း ခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။


ပြည်ထောင်စု မြန်မာနိုင်ငံတော်
၅ - နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၁ ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇနီးဒေါ်ကြိုင်ကြိုင်လိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဇွန် ၅ မှ ဇွန် ၈ အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန် ၈ မှ ဇွန်၁၁ အထိစင်ကာပူသမ္မတနိုင်ငံ သို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။ ဇွန် ၁၁ ရက်နေ့နံနက် ၁၀နာရီခွဲတွင်အထူးလေယာဉ်ဖြင့်စင်ကာပူသမ္မတနိုင်ငံမှရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိသည်။

ဇွန်လ ၂ ရက်နေ့ကဘော့စနီးယား
၈ ကောင်းကင်ယံတွင်ပစ်ချခံခဲ့ရသည့် အမေရိကန်အက်ဖ်–၁၆ အမျိုးအစား ဂျက်တိုက်လေယာဉ်မှလေသူရဲ အိုဂရက်ဒီကို အမေရိကန်မရိန်းတပ်သားများက ဘော့စနီးယားအနောက်မြောက်ဘက်ဘီဟက်မြို့ အရှေ့တောင်ဘက်မိုင် ၂၀ အကွာအဝေးရှိ တောတွင်းတစ်နေရာမှ ရဟတ်ယာဉ်နှစ်စီး ဖြင့်ဆင်းသက်ကယ်တင် ခဲ့ကြသည်။

နီပေါဘုရင် ဘီရင်ဒရာက နီပေါ
၁၃ ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး နိုဝင်ဘာ ၂၃ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် တိုက်တွန်းလိုက်ကြောင်း နီပေါဘုရင့်နန်းတော်က ကြေညာသည်။

ဂျပန်ဝန်ကြီးချုပ် တိုမီအိချိမူရာယာမသည် အဓိက အတိုက်အခံပါတီဖြစ်သော နယူးဖရန့်တီယာပါတီက ပါလီမန်၌ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည် မရှိအဆိုကို ၂၉၀ မဲ၊ ၁၀၉ မဲဖြင့် အနိုင်ရရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၅ တည်ဆောက်ရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၉၅ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Immigration and Population) ကို တိုးချဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၂/၉၅ ဖြင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၃/၉၅ ဖြင့်



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် တွေ့ဆုံနှုတ်ဆက်စဉ်**

ဗိုလ်မှူးချုပ် မျိုးသန့်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဦးသန်းရွှေအား ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဦးခင်မောင်ရင်အား ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး၊ ဗိုလ်မှူးချုပ် သောင်းမြင့်အား ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်ခြင်းကို လည်း ကောင်း၊ ကြေညာချက်အမှတ် ၄/၉၅ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စိုးမြင့်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ် ကျော်သန်းအား အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်အေးကျော်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စောထွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ခြင်းကို လည်းကောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

၁၅ - ၁၇ ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီးအစည်းအဝေးကို ကနေဒါနိုင်ငံ ဟာလီဖက်၌ ကျင်းပသည်။ အစည်းအဝေးသို့ ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီ နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက် ရတနာပြတိုက်သစ်ကြီးနှင့် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၆) ရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက် အဆောက် အအုံသစ်ကြီး၌ ကျင်းပသည်။

ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် ပါတီတွင်းမှပုန်ကန်သူလက်ယာ ဂိုဏ်းသားများနှင့်နိုင်ငံရေးတိုက်ပွဲဝင်ရေး ပြင်ဆင်မှုအဖြစ် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက် သွားသည်။

၂၄ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြ ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်( ကြည်း)



**ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ ( ဂျီ – ၇ ) ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ**

ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ စတင်ထူထောင်သည့် ၁၉၄၅ ခုနှစ် မှစ၍ အကြိမ် ၁၀၀၀ ပြည့် ဆုံးဖြတ်ချက်ကို ယနေ့ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အမှတ် ၁၀၀၀ (၁၉၉၅) မှာ ဆိုက်ပရပ်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သား ၁၁၇၅ ဦးကိုကို သက်တမ်းတိုးပြီး ဆိုက်ပရပ်တွင် ဆက်လက်ထားရှိရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးချမှတ်သည့် ဆုံးဖြတ်ချက် အမှတ် (၁) မှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျူကျွမ်း အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မွန်ပြည်သစ်ပါတီမှ လက်နက်ကိုင် လမ်းစဉ်စွန့်လွှတ်ပြီး ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားကို အရှေ့တောင် တိုင်း စစ်ဌာနချုပ် အောင်ဆန်း ခန်းမ၌ ကျင်းပသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ စျေးဝယ်လာသူများဖြင့် စည်ကားနေသော အထပ်ငါးထပ်ရှိ ဆက်ပွန်းကုန်တိုက် ပြိုကျခဲ့ရာ လူ အမြောက်အမြားမှာ အပျက်အစီးများ ကြားတွင် ပိတ်မိခဲ့သည်။ လူ ၂၇ ဦး ထက်မနည်းသေဆုံးပြီး လူ ၇၀၀ ကျော် ဒဏ်ရာရရှိသည်ဟုရဲအဖွဲ့က ပြောသည်။

## ဇူလိုင်လ


၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်၊ ဇနီးနှင့်အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လှည့်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဧယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး ( ၁ ) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်ပတ်သက် သည့် ရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။



အာကာသယာဉ်နှစ်စီး ချိတ်ဆက်ပြီးနောက် အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးတို့ နှုတ်ဆက်နေကြစဉ်(အပေါ်)နှင့် မော်စကိုမြို့ရှိ မြေပြင်စခန်းမှ ကြည့်ရှုနေပုံ(အောက်)




အမေရိကန်လွန်းပျံအာကာသယာဉ် အတ္တလန္တစ်သည် အာကာသအတွင်း ၁၀ ရက်ကြာလှည့်ပတ်ခဲ့ပြီးနောက် ဖလိုရီဒါ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ အာကာသအတွင်း ရှိနေစဉ် အတ္တလန္တစ်လွန်းပျံယာဉ်သည် ရုရှား အာကာသစခန်းယာဉ်မီယာနှင့် အောင်မြင်စွာ ချိတ်ဆက်ကာ ကမ္ဘာပတ်လမ်းကြောင်းတွင် အတူတကွ လှည့်ပတ်ပျံသန်းခဲ့သည်။ အတ္တလန္တစ်၏ အပြန်ခရီးတွင် မီယာ အာကာသစခန်းယာဉ်တွင် ၁၁၅ ရက်ကြာ နေထိုင်ခဲ့သည့် အမေရိကန်တစ်ဦး၊ ရုရှား နှစ်ဦးတို့အပါအဝင်ဖြစ်သည့် အာကာသယာဉ်မှူးသုံးဦးနှင့် လွန်းပျံယာဉ်မှူး ငါးဦးတို့ ပြန်လည်လိုက်ပါခဲ့သည်။

၈ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံမှ စတက်ဖီဂရပ်က စပိန်နိုင်ငံမှ အရန်ဇာ ဆက်ချက်(စ်) ဗစ်ကာရီယိုကို အနိုင်ရဗိုလ်စွဲကာ ဆုကြေးငွေ ဒေါလာ ၅၂၅,၀၀၀ ဆွတ်ခူးရရှိသည်။ ဗစ်ကာရီယိုက ဆုကြေးငွေ ဒေါလာ ၂၆၂,၀၀၀ ရရှိသည်။

၉ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် အမေရိကန်နိုင်ငံမှ ဆမ်ပရပ်(စ)က ဂျာမနီနိုင်ငံမှ ဘောရစ္စဘက်ကာကို အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ အနိုင်ရရှိသော ဆမ်ပရပ်(စ)သည် ဝင်ဘယ်ဒန်ချန်ပီယံဘွဲ့ကို သုံးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။ ဝင်ဘယ်ဒန်ချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့မှုသူ ဘက်ကာသည် စတုတ္ထအကြိမ် သရဖူ ရရေးကို ကြိုးပမ်းရင်း အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ၁၉၉၅ ခုနှစ် ပထမခြောက်လပတ် ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်နေကြသော ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မှာကြားသည်။

၂၀ အာကာသအတွင်း ရှစ်ရက်ကြာ ဝန်းပတ်ပျံသန်းလျက်ရှိနေသော အမေရိကန် ဒစ္စကာဗာရီ အာကာသလွန်းပျံယာဉ်မှ ယာဉ်မှူးများသည် လကမ္ဘာသို့ ပထမဆုံးအကြိမ် လူသားများခြေချခဲ့မှု ၂၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပသည်။ ဤနေ့သည် "အပိုလို-၁၁" အာကာသယာဉ်ဖြင့် အမေရိကန် အာကာသယာဉ်မှူးများ ဖြစ်ကြသည့် နီး(လ)အမ်းစထရောင်းနှင့် ဘူဇ်အယ်ဒရိန်းတို့နှစ်ဦး လကမ္ဘာပေါ် ခြေချနိုင်ခဲ့သည့် ၂၆ နှစ်မြောက်နေ့ ဖြစ်သည်။

၂၁ - ၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်၊ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကာ တိုက်ကြီးမြို့နယ်ရှိ တဘူးလှ(ဥက္ကံ) ရေလှောင်တမံ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညို ရေလှောင် တမံ၊ ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင်တမံ၊ ပြည်မြို့ရှိ ရေဝတီ တံတား တည်ဆောက်ရေးလုပ်ငန်း၊ ရွှေတောင်မြို့ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း၊ ရွှေတောင်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်း မြို့နယ်ရှိ မက်သနော စက်ရုံ(ဆိပ်သာ)၊ ပုသိမ်မြို့ရှိ ပုသိမ်မှန်စက်ရုံ၊ မြန်မာ ဆီး(လ) လီမိတက် အထပ်သားစက်ရုံ၊ မြောင်းမြ မြို့ရှိ မြောင်းမြ တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၂) သင်တန်းဆင်းတပ်ဖွဲ့အား ဗိုလ်ချုပ်ကြီးမောင်အေး စစ်ဆေးစဉ်



မအူပင်မြို့ရှိ မအူပင် တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ ဖျာပုံမြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်း တံတား၊ ခုံညှင်းတန်း တံတား ဆောက်လုပ်မည့်နေရာစသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကချင်ပြည်နယ် အထူးဒေသ( ၂ )မှ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်မိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလမုန်တူးဂျိုင်၊ ဦးဆိုင်ဖုန်း၊ ဒေါက်တာတူးဂျာ၊ ဒေါက်တာ လကျာနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသော ဦးဇဘွဲ့ ဂျွမ်၊ ဦးလဝမ်၊ ဦးခွန်မြတ်တို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

၂၇ - ၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကာ တောင်ကြီး မြို့တွင် တောင်ကြီး ခရိုင်အတွင်းရှိ ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံဩဝါဒစကား ပြောကြားခြင်း၊ ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်ခြင်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်ခဲ့သော ဇော်ဂျီရေအားလျှပ်စစ်စီမံကိန်းမှ စက်တစ်လုံးလည်ပတ်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရပ်စောက်မြို့အနီးရှိ ဇော်ဂျီရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုင်းတုံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးကိစ္စများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ဩဂုတ်လ

၃ - ၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်း များ၊ ရေနံမြေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြားဖြည့်ဆည်းသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်... ဘရူးနိုင်းဒါရုဆလမ်နိုင်ငံတို့ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန လေကြောင်းပညာသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်းအမှူးပြုသောဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

၄ ဟီရိုရှီးမားမြို့ အဏုမြူဗုံး ကြဲချခံရခြင်း နှစ် ၅၀ မပြည့်မီ နှစ်ရက် အလိုတွင်ပစိဖိတ်သမုဒ္ဒရာ၌ ပြင်သစ် ၏ နျူကလီးယား စမ်းသပ်မည့် အစီ အစဉ်များကို ရှုတ်ချရန် ဂျပန် ပါလီမန်ကမဲခွဲ ဆုံးဖြတ်ကြပြီး တရုတ် နျူကလီး ယား စမ်းသပ်မှုများကိုလည်း ရှုတ်ချလိုက် သည်။

၅ စတုတ္ထ အကြိမ်မြောက်ကမ္ဘာ့ အမျိုးသမီးများ ဆိုင်ရာ ညီလာခံကိုကြိုဆိုသည့်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ အမျိုး သမီးများ၏ စွမ်းဆောင်မှုကဏ္ဍ ဟောပြောပွဲကို သူနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြော ကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာနှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကန်တို့သည် သံတမန် အသိအမှတ်ပြုလွှာများကို လက်မှတ်ထိုးကာငြိမ်းချမ်းရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ကြသည်။

၆ အဏုမြူလက်နက်များသည်အလွန်တရာအန္တရာယ်ကြီးမားလှသည်မှန်သော်လည်း ငြိမ်းချမ်းမှုရရှိရေးကိုအထောက်အကူဖြစ်စေခဲ့သည်ဟု ကမ္ဘာ့ပထမဆုံး အဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့ပြီးနောက်အနှစ် ၅၀ အကြာတွင် ဟိုက်ဒရိုဂျင်ဗုံးကိုတီထွင်ထုတ်လုပ်ခဲ့သူ အက်ဒွပ်တဲလား က ပြောသည်။

ကာလီမှူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် ထံမှ ဒေါ်လာ၆ ဒသမ ၁ သန်းကို ကိုလံဘီယာသမ္မတက မဲဆွယ်ရေးအတွက်ရယူထားကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက် ကမ္ဘာ့ အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်ဟု ကျော်ကြားနေသော မီဂျယ်ရိုဒရီဂက်ဇ် အိုရီဂျူလာအား နေအိမ်ခန်းအတွင်းသို့ အတင်းဝင်ရောက် ဖမ်းဆီးလိုက်သည်။

၇ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ (၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား မြရိပ်ညို ရှိုင်ရယ် ဟိုတယ်တွင် လက်ခံတွေ့ဆုံပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၉ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ ( MBA ) ကိုအထောက်အကူပြုမည့် ( Resource Centre ) ဖွင့်ပွဲ



**ကမ္ဘာ့အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် မီဂျယ်ရိုဒရီဂက်ဇ် အဖမ်းခံပြီးနောက် တွေ့ရစဉ်**

အခမ်းအနားကို စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေပတ္တမြားခန်းမတွင်ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

၁၁ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ်နိုရိုဒွန်ရာနာရစ်သ်က ကမ္ဘောဒီးယားတွင် အနောက်နိုင်ငံပုံစံ ဒီမိုကရေစီထူထောင်ရေး ကို လက်မခံကြောင်း ပြောကြား လိုက် သည်။ ကမ္ဘောဒီးယားသို့ မကြာမီက ရောက်ရှိလာသည့် အမေရိကန်နိုင်ငံခြား ရေး ဝန်ကြီး ဝါရင်ခရစ္စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းပြီး ရက်ပိုင်း အတွင်း ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

၁၂ ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ဗုဒ္ဓဘာသာလစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင်လွှတ်တော်အမတ် မီယစ်ချန်လစ် (၅၅ နှစ်) သည် ပါတီကို သစ္စာစောင့် စည်း ကြောင်း ပြသသည့် သဘောဖြင့် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားသည်။ ၎င်းကဇနီးထံ စာတစ်စောင်ရေးသားထားခဲ့ရာ ပါတီခေါင်းဆောင်များသည် ဦးဆောင်မှုစွမ်းရည်မရှိကြဘဲ ပါတီဖြိုခွဲရေးကိုသာ လုပ်ဆောင်နေကြကြောင်း ဖော်ပြထားသည်။

၁၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီတပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေ့ကျင့်ရေးဌာန ပြည်ထောင်စု ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကား မြွက်ကြားသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် လက်ထောက် အတွင်းရေးမှူးချုပ် မစ္စတာ အယ်ဗားရိုးဒီဆိုတိုအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံ တွေ့ဆုံသည်။

၁၈ (၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းရှိဝင်းလိုက်ရုပ်ရှင်ရုံတွင် ကျင်းပသည်။ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားအပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သင်တန်းသားများနှင့် တွေ့ဆုံစဉ်**

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်သရုပ်ဆောင်များ တက်ရောက်ကြသည်။ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီးဖြစ်သော အသက် ၇၉ နှစ်အရွယ် ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေချထားရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဘော့လစ်ဗင်းစတန်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၃ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ သံအမတ်ကြီးများသည် မုံရွာမြို့နယ်၊ သာစည် ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ယင်းမာပင်မြို့နယ် ရေလျှံတွင်းများကို ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၄ - တည်ဆောက်ရေးအဖွဲ့ ဒုတိယ
၂၅ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့သည် တာဝန်ရှိသူများလိုက်ပါလျက်ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များသို့လှည့်လည်သွားရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်အတွင်း ဗိုလ်ချုပ်ကြီး မောင်အေးသည် တပ်မတော်သားများနှင့် မိသားစု များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို ရှင်းလင်းမှာကြားသည်။ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာန ဆိုင်ရာ လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်
၂၆ ကျင်းပရေးသုတေသနလုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းငယ် ဖတ်ပွဲကို ရန်ကုန်မြို့ ပဒုမ္မာဇာတ်ရုံတွင်ကျင်းပသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ နာယက အောဝမ်းဦးတင်မောင်နှင့် နာယက အဖွဲ့

ဝင်များအမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရုရှားပါလီမန် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ သမ္မတ ယဲ့လ်ဆင်၏ အဓိကရန်ဘက် အဖွဲ့အစည်း နှစ်ရပ်တို့၏ ညီလာခံများကို ကျင်းပ သည်။ နှစ်ပါတီစလုံးက ရွေးကောက် ပွဲလမ်းစဉ်နှင့် ကြွေးကြော်သံ များ ကို ချမှတ်ကြပြီး သမ္မတယဲ့လ်ဆင်ကို ဖြုတ်ချ မည်ဟု အဓိဋ္ဌာန်ပြုကြသည်။

မြန်မာ့လေကြောင်းနှင့်ဖက်စပ်
၂၇ လုပ်ကိုင်လျက်ရှိသည့် အဲယား မန္တလေး လေကြောင်းကုမ္ပဏီ၏ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ရန်ကုန်–ချင်းမိုင်လေကြောင်းခရီးစဉ် သစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၃၀ တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အမျိုးသားပြတိုက်တွင် ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်းများ ခင်းကျင်းမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

## စက်တင်ဘာလ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင် ချိုင်ယုဒ်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာနဇေယျာသီရိဗိမာန် တပ်မတော် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့
၂ – ဆက်ဆံရေးနှင့် စိတ်ဓာတ်
၁၁ စစ်ဆင်ရေး ညွှန်ကြား ရေးမှူး ရုံးက ဦးစီး ကျင်းပသည့် ၁၉၉၅ ခုနှစ် မြဝတီ အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ အဝင်ခန်းမ၌ ကျင်းပသည်။ မြဝတီအငြိမ့်

**စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံ နောက်ဆုံးနေ့ မြင်ကွင်း**





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဤသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်

ပြိုင်ပွဲကို စက်တင်ဘာလ ၁၁ ရက် နေ့အထိ ကျင်းပသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နှစ်
၂ ၅၀ ပြည့်အခမ်းအနားတစ်ရပ်ကို ဟိုနိုလူလူတွင်ကျင်းပရာ အမေရိကန်သမ္မတ ကလင်တန် တက်ရောက်မိန့်ခွန်းပြောကြားသည်။ အခမ်းအနားကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ဂျပန်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ရာ၌ ပထမဆုံးပစ်မှတ်တစ်ခုဖြစ်ခဲ့သည့် ဝိုးလား ကြည်းတပ်လေယာဉ်ကွင်း၌ ကျင်းပခဲ့ရာ ဒုတိယကမ္ဘာစစ်ပြန် အမေရိကန်စစ်မှုထမ်းဟောင်း ၇၀၀ အပါအဝင် ပရိသတ် ၅,၀၀၀ တက်ရောက်ကြသည်။

ကျော်ဂျီယာပါလီမန်ကရွေးကောက်ပွဲဥပဒေတစ်ရပ်ကိုမဲအပြတ်အသတ်ဖြင့် ထောက်ခံအတည်ပြုလိုက်ရာ ကျော်ဂျီယာခေါင်းဆောင် ရှိဗာနာဇေ အတွက် ကာလကြာမြင့်စွာ မျှော်လင့် ခဲ့သော အုပ်ချုပ်မှု အာဏာအပြည့်အဝ ရှိသည့် သမ္မတစနစ်ထူထောင်ရေးဆီသို့ ပိုမို နီး ကပ်သွားပြီဖြစ်သည်။ အသစ် တီထွင်လိုက် သည့် သမ္မတ ရာထူးအတွက် ရွေးကောက် ပွဲ များ ကျင်းပရေးဆိုင်ရာ ဥပဒေ ကြမ်းကို ပါလီမန်အမတ်များက ၁၅၇မဲ၊နှစ်မဲဖြင့် ထောက်ခံအတည်ပြုခဲ့သည်။

စတုတ္ထအကြိမ်မြောက်အမျိုး
၄ - သမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ
၁၅ ကိုတရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၊ ပီကင်းမြို့တွင် ကျင်းပသည်။ ညီလာခံသို့ ၁၈၉ နိုင်ငံမှ ကိုယ်စားလှယ် ၅,၀၀၀ တက်ရောက်သည်။ ညီလာခံ ပြီးဆုံးသည့်နေ့တွင် စာမျက်နှာ ၁၅၀ ပါရှိသော ညီလာခံလုပ်ငန်းစဉ်ကြေညာချက်တစ်ရပ်ကို တညီတညွတ်တည်း ထုတ်ပြန်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၅ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့ အင်းယားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မွန်တိုင်းရင်းသားခေါင်းဆောင် နိုင်ရွှေကျင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ထင်၊ နိုင် ကင်အောင်၊ နိုင်အောင်နိုင်၊ နိုင်စိုးမြင့်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသည့် နိုင်ခင်မောင်နှင့် နိုင်ဖေတင် တို့က ဂါရဝပြုတွေ့ဆုံ နှုတ်ဆက် ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား
၈ လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လာရောက်ပြီး နယ်စပ် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာ ကြားသည်။

အနောက်ဘက်ကမ်း ဒေသ၏
၁၀ စည်ပင်သာယာရေးကိစ္စများနှင့် အခြား ကိစ္စများကို ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) သို့ အစ္စရေးက လွှဲပြောင်း ပေးလိုက်သည်။

ဝန်ကြီးချုပ် တိုမီ အီချိ မူရာယာမ
၁၂ ၏ ဂျပန် အစိုးရအဖွဲ့တွင် နိုင်ငံခြား ရေး ဝန်ကြီး ယိုဟိုင်း ကိုနို သည် အချမ်းသာဆုံး ဝန်ကြီးဖြစ်သည်ဟု လူသိရှင်ကြား ထုတ် ပြန်သည့် အစိုးရ အဖွဲ့ဝင်တို့၏ ပိုင်ဆိုင် သည့် ဥစ္စာပစ္စည်း စာရင်းအရ သိရှိရသည်။ ကိုနို(၅၈ နှစ်) နှင့်ဇနီးတို့သည် စုစုပေါင်း ဒေါ်လာ ၁၅ သန်းဖိုးရှိ ငွေကြေး နှင့် ဥစ္စာပစ္စည်းများ ပိုင်ဆိုင်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ
၁၄ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်း အနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပ သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
၁၅ - ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်
၁၇ သင်းလုံးကျွတ် အစည်းအဝေး (၁၉၉၅) ကို ရန်ကုန်တိုင်း၊ မှော်ဘီ တပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်လေ့ ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ အစည်းအဝေးစတင် ကျင်းပသည့် စက်တင်ဘာလ ၁၅ ရက်နေ့ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကား မြွက်ကြားသည်။

အဝမ္ပပြုကျင့်ရန် ကြံစည်ကြံပမ်း
၁၆ သော အိမ်ရှင်ကို သတ်ဖြတ်ခဲ့သည့် အသက်၁၆ နှစ်ရှိ ဖိလစ်ပိုင်အိမ်ဖော် ဆာရာဘာလာဘာဂန်ကို ဒုတိယအကြိမ် စစ်ဆေး အပြီးတွင် တရားသူကြီး သုံးဦး ပါရှိသော အာရပ်စော်ဘွားများနိုင်ငံ အစ္စလာမ် တရားရုံးက သေဒဏ်အပြစ် ပေးလိုက်သည်။ ယင်းအမှုနှင့် စပ်လျဉ်း၍ ထောင်ခုနစ်နှစ် ကျခံစေရန် အမိန့်ချခဲ့သည်ကို ဖိလစ်ပိုင် လူမျိုး များက မကျေနပ်သဖြင့် အာရပ် စော်ဘွားများ နိုင်ငံအစိုးရကစီရင်ချက်ကို ဖျက်သိမ်းကာ အမှုကို ပြန်စစ်ဆေးစေခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၈ - တည်ဆောက်ရေး အဖွဲ့နှင့်
၁၉ ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ခု နှစ် ဒုတိယလေးလပတ် ညှိနှိုင်း အစည်း အဝေးကို ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပသည်။

ယခုနှစ်အတွင်း ကားရောင်းဝယ်
၂၂ ရေး ဆွေးနွေးပွဲများတွင် အမေရိကန်ပြည်ထောင်စု၏ တောင်းဆို ချက်များကို ခေါင်းမာစွာဆန့်ကျင်ခဲ့သဖြင့် လူသိများလာသော ကုန်သွယ်ရေးဝန်ကြီး ရူတာရိုဟာရှိမိုတိုအား ဂျပန်နိုင်ငံ၏ အကြီးဆုံး နိုင်ငံရေးပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင်သို့ သွားရောက်ကာ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ် အဖွဲ့မှ ဘုန်းတော်ကြီး ဦးပညာဝရ (Ven. Bhikkhu Panna Varo) အား ပူဇော်ကန်တော့ကြပြီးနောက် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်း ကြသည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂၉ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်၊ ပုလဲလမ်းရှိ မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ဖွင့်လှစ်ထားသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်း အရောင်းဆိုင်များအား သွားရောက် စစ်ဆေးကြည့်ရှုသည်။

## အောက်တိုဘာလ

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၁ တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ လိုက်ပါလျက်၊မန္တလေး မြို့မှ မိုးကုတ်မြို့သို့သွားရောက်၍၊ မိုးကုတ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် တွေ့ဆုံကာ၊ မိုးကုတ်မြို့နယ်အတွင်းရှိ ရတနာ ကျင်ရေ ကျင်ပါစခန်းထွက် ကျောက်မျက်များကို ကြည့်ရှုစစ်ဆေးသည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုစတင်ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ပြိုင်ပွဲများကျင်းပရာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီ လမ်းရှိယဉ်ကျေးမှုတက္ကသိုလ်ဂီတဆောင်၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံများသို့သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂ တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် မိုးကုတ်မြို့ ပဒန်သျှိုအနီးရှိ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၏ ဗဟိုဖြန့်ဆေး အလုပ်ရုံကို ကြည့်ရှုပြီး မဘိမ်း၊ ဝန်းသို၊ ကသာ၊ ဗန်းမော်မြို့များသို့ဆက်လက်ထွက်ခွာကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှု စစ်ဆေးသည်။

ဗိုလ်ချုပ်ကြီး မောင်အေး သည်
၃ ဗန်းမော်ခန်းမ၌ စစ်ဗျူဟာ အဖွဲ့နှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် တွေ့ဆုံကာ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေး၍ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦး အား အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဤသို့ ဆုချီးမြှင့်ခဲ့သည်**

၆ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ ၃/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လွှတ်တော်ဒုတိယ ခေါင်းဆောင် ပါမောက္ခ အေ၊ကျူ၊အမ်ဘဒရူဒိုဇာချောင်ဒှူရီအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၉ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး ရွှေဟသာတိုက်သစ်တွင် သီတင်းသုံးနေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယသာသနာပိုင် ရွှေဟသာ ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတသိရီ၊ သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါသည် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း ကူဘရစ်ပရာမို့ (၈၄)နှစ်သည် နှလုံးရောဂါ၊ သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များက အိမ်နီးချင်း၊ အင်ဒိုချိုင်းနားနိုင်ငံများတွင် ကွန်မြူနစ်တို့ အောင်ပွဲခံစဉ် ကူဘရစ်သည် ဒီမိုကရေစီကျင့်သုံးသည့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဆုကြေးစားစစ်တုရင်အဖွဲ့ချုပ်၏ စစ်တုရင်ဗိုလ်လုပွဲ၏ ပွဲစဉ် ၁၇ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံကတ်စပါရော့ဗ်ကအနိုင်ရပြီး ချန်ပီယံသရဖူကို ဆက်လက်ထိန်းသိမ်းခွင့်ရရှိသည်။ ကတ်စပါရော့ဗ်သည် ငါးကြိမ်မြောက် ဆက်တိုက်ဗိုလ်စွဲခြင်းဖြစ်သည်။

၁၀ အငြင်းပွားလျက်ရှိသည့်စပရက်လီကျွန်းစုအရေး ဆွေးနွေးမှုမြောက်အစည်း အဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် စတင် ကျင်းပသည်။

မိုးရာသီရေလွှမ်းသဖြင့် ထိုင်းနိုင်ငံ ၇၆ ပြည်နယ်အနက် ၆၆ ပြည်နယ်တွင် ပျက်စီး ဆုံးရှုံးမှုများရှိပြီး လူ ၁၇၁ ဦး သေဆုံးကာ မိသားစုတစ်သန်းကျော် ရေဘေးကြုံတွေ့ရပြီး လယ်ယာကေ သုံးသန်းခန့်နစ်မြုပ်ပျက်စီးသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ဘတ်ငွေသန်း ၂၉၅၀ (ဒေါ်လာ ၁၁၈ သန်း)ခန့် ရှိကြောင်း ထိုင်းအစိုးရက ကြေညာသည်။

၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်သည် ကမ္ဘာအေးဘုရားလမ်းရှိမြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

၁၄ တတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

၁၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုယိုကိုတာ အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၇ (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပြပွဲ၊ ဖွင့်ပွဲ အခမ်းအနားနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်း တို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အခမ်းအနားတွင် အမှာစကားပြောကြားသည်။

၁၈ ကုလသမဂ္ဂနှစ်(၅၀)ပြည့် အထိမ်းအမှတ်ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ကုလသမဂ္ဂနှစ်(၅၀)ပြည့်အထိမ်းအမှတ်နေ့ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ကျင်းပရာ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

၂၂ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာ လမ်းရှိ တောင်ကြီး ပရိယတ္တိ စာသင်တိုက်၏ ၃၂ ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ စာသင်တိုက် သောတုဇနကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

၂၄ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် ဇနီးတို့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ညစာ စားပွဲကို ကျင်းပသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာ နိုင်ငံတွင်ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဗြူထန်ဇိုနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၇ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်မြန်မာ နိုင်ငံတွင်ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလီဆာယာဆောင်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဧယျာသီရိ ဗိမာန်၊ တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများလိုက်ပါလျက် ပုဂံ–ညောင်ဦးသို့ သွားရောက်ကာ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းလုပ်ငန်းများ ကြည့်ရှု စစ်ဆေးသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင် တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညောင်ဦးမြို့တွင် မြင်းခြံ–ညောင်ဦး ရထားလမ်း ဖောက်လုပ်ရေး၊ ပုဂံယဉ်ကျေးမှုပြတိုက် တည်ဆောက်မှု လုပ်ငန်းများကို စစ်ဆေးပြီး စွန်ကန်ရေကာတာ၊ ရွှေတောင်ဝါ စံပြ စိုက်ပျိုးရေးခြံ၊ မြစ်ရေတင်စိုက်ပျိုးမှုနှင့် ဝါစိုက်ခင်းများ ကြည့်ရှုကာလိုအပ်သည် များကို ညွှန်ကြားသည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် မိတ္ထီလာမြို့မှတစ်ဆင့် တပ်ကုန်းမြို့နယ်သို့ သွားရောက်ကာ ဆင်သေရေလှောင် တမံနှင့် ဇော်ဂျီရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

## နိုဝင်ဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်







ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကောင်ပေါ်ညည်ရိပ်သာ ( Mount Pleasant Guest House )ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီးမြို့ မြို့တည်သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားလျက်ရှိသည့် ရှုဋ္ဌာမဏိလောကချမ်းသာစေတီတော်သို့ သွားရောက်ကြည်ညိုဖူးမြော်ပြီး လိုအပ်သည်များ မှာကြားသည်။ တစ်ဖန် ဗထူးမြို့သို့ သွားရောက်ကြပြီး တပ်မတော် ( ကြည်း ) တိုက်ခိုက်ရေး ကျောင်း ကျောင်းအုပ်ကြီး၊ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ အမှတ်(၁)တပ်ကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး များ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့မှတစ်ဆင့် ပင်းတယမြို့နယ် ဂဠုန်တောင်ရှိ ကုံလုံကျောင်းတိုက်သို့ သွားရောက်ပြီး ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဟဲဟိုးမြို့သို့ထွက်ခွာကြပြီး ဟဲဟိုးလေဆိပ် တည်ဆောက်ရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ ပြန်လည်မှာကြားသည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပသော (၄၂)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်များဆက်ကပ်ကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အစ္စရေးဝန်ကြီးချုပ် ယစ်ဇစ်ရာဘင်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေး လူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်း ပြောကြားအပြီး ပြန်လည်ထွက်ခွာလာစဉ် လူသတ်သမား ဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်သဖြင့် ဆေးရုံတွင် ခွဲစိတ်ကုသပြီး တစ်နာရီအကြာတွင် ကွယ်လွန်သွားသည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၆ တပ်မတော်ထောက်လှမ်းရေး မိသားစု ဆဋ္ဌမအကြိမ် မဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍

**အစ္စရေးဝန်ကြီးချုပ် ရာဘင် မိန့်ခွန်းပြောကြားနေစဉ် ( အပေါ် ) လူသတ်သမားက လုပ်ကြံပစ်ခတ်ပြီးနောက် ရှတ်ရှတ်သဲသဲဖြစ်နေစဉ် (အလယ်) ရာဘင်အား ဆေးရုံသို့ပို့ရန် ရဲများက အပူတပြင်းလုပ်ဆောင်နေစဉ် (အောက်)**



တံခွန်ဘွဲ့ရရှိသော ဗိုလ်ချုပ်ကြီးမောင်အေးအား ဘွဲ့တံဆိပ် တပ်ဆင်ပေးနေစဉ်

ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

ရန်ကုန်စစ်တွေမော်တော်ကားလမ်း
၉ သုံးနှစ်စီမံကိန်းဖြင့် ဖောက်လုပ်ရေး၊ ပုဂံဒေသရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်း များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေး ခန်းမတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် လမ်းညွှန်မှာ ကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၁၀ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်သူ့ လွှတ်တော် သဘင်ဆောင်တွင် ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူး ဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ် ရရှိသူများ အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းပြီး စွမ်းဆောင်မှု ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် များကို သက်ဆိုင် သူများ အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ချီးမြှင့်အပ်နှင်းနိုင်ရန် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ၁၃ ဦးတို့အား တာဝန်များပေးအပ်သည်။

(၇၅) နှစ်မြောက်အမျိုးသားနေ့
၁၁ စိန်ရတုအထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ၊ မြို့မ အားကစားကွင်းတွင် ကျင်းပသည်။ (၇၅) နှစ်မြောက်အမျိုးသားနေ့စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် တက်ရောက်ပြီး(၇၅) နှစ်မြောက် အမျိုးသားနေ့စိန်ရတုအထိမ်း အမှတ် ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးလိုက်သည်။

မြို့မကျောင်း(၇၅)နှစ်မြောက် စိန်
၁၂ ရတုသဘင် အခမ်းအနားဖွင့်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မကျောင်း) တွင်ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဖွင့်လှစ်ပေး လိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၁၃ တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့တွင်ရောက်ရှိသော ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကဆမ် အက်စ် ကဆမ်ဆိရီခေါင်းဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် မှော်ဘီမြို့ ဗဟိုပြည်သူ့ ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေး · သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒစကားမြွက်ကြားသည်။

၁၅ - ၁၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကနှင့်ဗိုအိုအေအသံလွှင့်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးလိုက်ပါလျက် ကျိုင်းတုံအရှေ့ခြမ်း မိုင်းလားမြို့ရှိ ဟိုတယ်၊ တံတားနှင့် လမ်းဖွင့်ပွဲများသို့ တက်ရောက်အားပေးကြည့်ရှုပြီးကျိုင်းတုံမြို့ရှိပြည်သူ့ဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ကျိုင်းတုံဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကိုစစ်ဆေးပြီး လိုအပ်သည်များမှာကြား သည်။

၁၆ တောင်ကိုရီးယားနိုင်ငံတွင် ငွေကြေးအရှုပ်တော်ပုံတစ်ရပ် ဖြစ်ပွားမှုနှင့် သမ္မတဟောင်းနိုတေဝူးပါဝင် ပတ်သက်၍ ၎င်းအား လာဘ်စားမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အေပီသတင်း ဌာနကဖော်ပြသည်။

၁၇ အမေရိကန်စစ်သားများက ဂျပန်ကျောင်းသူလေးတစ်ဦးအား မုဒိမ်းကျင့်သည်ဟူသောစွဲဆိုချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်မှတ်ချက်တစ်ခုချပြီးနောက် ပစိဖိတ်အမေရိကန်တပ်များ၏ တပ်မှူးသည် ရာထူးမှ နုတ်ထွက်သွားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီက ကြေညာလိုက်သည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်မှုနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင်ချစ်ကြည်ရေးခရီး လှည့်ပတ်ခဲ့ပြီး ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်သည်။

၁၉ အိန္ဒိယသမုဒ္ဒရာနှင့်ဆက်စပ်နေသည့် နိုင်ငံများအားအနေခင်အဖွဲ့ကင်းသည့်ဒေသဆိုင်ရာ ရိုးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိုဦးစားပေးဆောင်ရွက်ကြရန် အိန္ဒိယဝန်ကြီးချုပ် ပီဗွီနာရာဆင်ဟာ ရောင်းက တိုက်တွန်းလိုက်သည်။

၂၁ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့မ အားကစားကွင်းတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်၍ အဖွင့်အမှာ စကား ပြောကြားပြီး စာအုပ်ဈေးပွဲတော်ကိုဖွင့်လှစ် ပေးလိုက် သည်။

၂၂ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားကို မရမ်းကုန်းမြို့နယ်နဝဒေး ရုပ်ရှင်ရုံ၌ ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော်နှင့်ဒုတိယဝန်ကြီး ဦးသိန်းစိန်တို့က စာပေဆုရှင်များအား ဆုများအသီးသီးချီးမြှင့်ကြသည်။

အစ္စရေး နိုင်ငံ၏ယာယီ ဝန်ကြီးချုပ်ရှိမွန်ပီရက်စ်သည် ၎င်း၏ အစိုးရသစ်အဖွဲ့ဝင်များအမည်စာရင်းကို သတ်မှတ်ရာတွင် ၎င်းကိုယ်တိုင် ကာကွယ်ရေးဝန်ကြီး ရာထူးကို ထပ်ဆင့်ယူလိုက်သည်။ ဤလ (၄)ရက်က ဝန်ကြီးချုပ်ရာဘင်လုပ်ကြံခံရပြီးနောက် ညင်သာသောအသွင်ကူးပြောင်းမှု ဖြစ်စေရန်မြန်မြန်ထက်ထက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပီရက်စ်က ပြောလိုက်သည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ရောက်ရှိလာသော အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး အယ်ဒီဆူဒရာဂျပ်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအားပူဇော်ကန်တော့အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ သက်ကြီးစာပေ ပညာရှင် များအား ပူဇော်ကန်တော့သည်။

၂၄ - ၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် မင်းပြား၊ အမ်း၊ မောင်တောမြို့များသို့ သွားရောက်ကြပြီး ဒေသဆိုင်ရာလမ်းတံတား ဖောက်လုပ်တည်ဆောက်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြပြီးဒေသခံတပ်မတော်သားမိသားစုများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံလမ်းညွှန် မှာကြားသည်။

၂၄ အတိုက်အခံများနှင့် ရေမတိုး နောက်မဆုတ်သာ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု အဆုံးသတ်စေရေးအတွက် ပါလီမန် ဖျက်သိမ်းပေးရန် ဝန်ကြီးချုပ် ခါလီဒါဇီယာ ကမေတ္တာရပ်ခံပြီးနောက်သမ္မတအဗ္ဗဒူရာမန် ဘစ္စဝါ့စ်က ဘင်္ဂလားဒေ့ရှ်ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၂၅ အထွေထွေရွေးကောက်ပွဲသစ်တစ်ရပ်ကျင်းပရန်ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အဆိုပြုချက်ကို အတိုက်အခံနိုင်ငံရေးပါတီများက ငြင်းပယ်လိုက်ကြပြီး ရွေးကောက်ပွဲကို ကြားနေအိမ်စောင့်အစိုးရက ကျင်းပပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်ကြသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြေပဒေသာကျွန်း၌ ကျင်းပသည့် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဌာန ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်း အဝေးခန်းမတွင် ကျင်းပရာ သဘာပတိအမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၊ ဗိုလ်မှူးချုပ် မျိုးသန့်နှင့် ကော်မရှင်အဖွဲ့ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ဦးသာထွန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဗိုလ်မှူးချုပ် တင်အေးနှင့်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများ တက်ရောက်ကြသည်။

## ဒီဇင်ဘာလ

၁ ရန်ကုန် တက္ကသိုလ် (၇၅) နှစ်မြောက်စိန်ရတုသဘင် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန် တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းတင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

၃ ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီး ဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် စီစဉ်ပြသမည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 )ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၅ အမှတ် (၁) စက်မှု ဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာန တို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စီစဉ်ပြသသည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 ) ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပသည်။

၆ ၁၉၉၅ ခုနှစ် ဆဌမအကြိမ်ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသားအားကစား ပွဲတော်ဖွင့်ပွဲ အခမ်းအနားကိုကယားပြည်နယ်လွိုင်ကော်မြို့ ကန္တရဝတီအားကစား ရင်ပြင်၌ ကျင်းပရာ ကျောင်းသားအားကစား ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ လီလွေဟွမ်းခေါင်းဆောင်သည့် အဖွဲ့သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကာကွယ်ရေးဝန်ကြီးဌာန ဧယျာသိဒ္ဓိဗိမာန် တပ်မတော်ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

၉ ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ချင်းမိုင်မြို့ အနှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပရာ ထိုင်းဘုရင့်ကိုယ်စား မင်းသား မဟာဗာဂျီရာလောင်ကွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား




၁၉၉၅ ခု ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲမြင်ကွင်း

လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အထူးမှုလတန်းဆရာ အတတ်သင် သင်တန်း အမှတ်စဉ်(၅)နှင့် (၆) တို့မှ သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌမစ္စတာလီလွှေ့ဟွမ်းနှင့် အဖွဲ့ဝင်များအားပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ တာဝန်ရှိသူများအား ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို လမ်းညွှန်မှာကြားသည်။

၁၄ - ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆီလ်ပါအာချာ၏ ဖိတ်ကြားချက် အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရ အကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ အစိုးရအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာ သွားကြသည်။ ယင်းနေ့ ညပိုင်းတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်နန်းတော်၌ ကျင်းပသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်က အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ အစိုးရအကြီးအကဲများအား လက်ခံတွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊လာအိုမြန်မာနိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကို ( The Oriental Hotel Embassy Room ) ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ညနေ ၅ နာရီတွင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲနှင့် ငါးကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားကို ရွိုင်ရယ်အောကစ်ရှယ်ရီတန်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး




ဒီဇင်ဘာ ၁၅ ရက်က ဗန်ကောက်မြို့ အိုရီရင်တယ်လ် ဟိုတယ်၌အာဆီယံ အသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်

ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်ကြသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၅ ချူကလီးယားလက်နက်များ ပိုင်ဆိုင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရယူခြင်းတို့ကို တားမြစ်သည့် ချူကလီးယား သဘောတူ စာချုပ်တစ်ရပ်ကို အာဆီယံ ခုနစ် နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့အပြင် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များက ထိုင်းနိုင်ငံဗန်ကောက်မြို့တွင်ကျင်းပသည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံအစိုးရ အကြီးအကဲများ အစည်းအဝေးတွင် လက်မှတ်ရေးထိုး ကြသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၅ ခုနှစ်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ရှားအောက်လွှတ်တော်ရွေးကောက်ပွဲများကို ရုရှားတစ်နိုင်ငံလုံးတွင်ကျင်းပသည်။ ရုရှား အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် မဲဆန္ဒပေးနိုင်သူပေါင်း ၁၀၅ သန်းနီးပါးရှိသည်။ ယခုရွေးကောက်ပွဲမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ပါတီစုံ ရွေးကောက်ပွဲဖြစ်သည်။

၂၄ ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသည်။

၂၅ ၁၉၉၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်မိန့်ခွန်းမြွက်ကြားကာ ဆုများပေးအပ်ချီးမြှင့်သည်။

ဆီးရီးယားနှင့်ငြိမ်းချမ်းရေးရရှိရေး အတွက် ဂိုလန်ကုန်းမြင့်အား ပြန်ပေးခြင်းကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အစ္စရေးပါလီမန်၌ အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုနစ်ရပ်ကို တင်သွင်းရာဝန်ကြီးချုပ် ရှီမွန်ပီရက်စ်၏ ညွန့်ပေါင်းအစိုးရက ယင်းအဆိုနှစ်ရပ်ကို ထိုးနှက်အနိုင်ရရှိလိုက်သည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်အရပ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ကချင်နှစ်ချင်းခရစ်ယာန်ပြည်လုံးကျွတ် အစည်းအဝေးနှင့် ကချင်တိုင်းရင်းသားစာပေ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ကချင်စာပေရာပြည့်မနောပွဲပါဝင်ဆင်နွှဲသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့
စစ်ရေးပြအခမ်းအနားတွင်
မိန့်ခွန်းပြောကြားစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စစ်ရေးပြအခမ်းအနားတွင် ချီတက်အလေးပြုနေကြစဉ်



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲကို မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညိုပုက ဖွင့်လှစ်ပေးအပြီး



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲမဖွင့်လှစ်မီ ဖဲကြိုးများ ကိုင်ဆောင် စောင့်ဆိုင်းနေကြသော ရုပ်ရှင်သရုပ်ဆောင်များ



ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးမျက်နှာစာရှိ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးနေသော
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်



ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲမှ ပြကွက်တစ်ခု



စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်ချုပ်အေးကျော် မိန့်ခွန်းပြောကြားစဉ်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ကြားနေကြသော
တိုင်းရင်းသားရင်သွေးငယ်များ


# အပိုင်း – ၂

## ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ ................ တင်သန်းဦး .................. ၃၄
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ................ ဝန်ထမ်းတစ်ဦး................ ၄၂
ဖွံ့ဖြိုးရေးတက္ကသိုလ်
ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက်.................. ဦးသော်ကောင်း၊.............. ၅၂
စိန်ရတုသဘင် ဦးဝင်းမွန်
သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ... ဒေါက်တာမောင်မောင်ညို..... ၆၆
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ.......................... မောင်ဆုရှင် .................. ၇၈
ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း....... ဦးမင်းနိုင်...................... ၉၂
ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်....... မောင်နေမျိုး................ ၁၀၀
အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး......... ဆွေသန့်ကို.................. ၁၁၄
ဆောင်ရွက်ချက်များ
စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ....... မောင်ငွေရွှေ................ ၁၂၄
ကမ္ဘာ့ညီလာခံ (လူမှုဝန်ထမ်း)
ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး...................... ဒေါက်တာကျော်မြင့်........ ၁၃၆
(ဓာတ်မှန်)











# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

## သမိုင်းကြောင်း

၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် တပ်မတော်၏ သက်တမ်း နှစ် (၅၀) ပြည့်သွားသောနေ့ပင် ဖြစ်သည်။ တပ်မတော်၏သက်တမ်းမှာ ထိုနေ့တွင် နှစ် (၅၀) တင်းတင်း ပြည့်ခဲ့လေပြီ။ နှစ် (၅၀) မျှသောကာလအတွင်း တပ်မတော်သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ကပြပြီး ထိုက်သင့်သောအတွေ့အကြုံ အမျိုးမျိုးကိုလည်း ရရှိခဲ့ပြီးပေပြီ။

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာ နိုင်ငံသည်နယ်ချဲ့ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက် ခဲ့ရကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားများသည် ရရာလက်နက်များကို စွဲကိုင်၍ နယ်ချဲ့တို့အားဆန့်ကျင် တော်လှန်တိုက်ခိုက်ခဲ့ကြသေးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ နယ်ချဲ့တို့သည်လည်း မြန်မာနိုင်ငံကို ကျွန်သက်ရှည်ကြာစေရန် ရည်ရွယ်၍ သွေးခွဲအုပ်ချုပ်ခြင်း အပါအဝင် နည်းစနစ်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြလေသည်။

မြန်မာတို့သည်သူ့ကျွန်ဘဝတွင်ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးကိုခံခဲ့ကြရသည်။ ၁၉၀၆ ခုနှစ်တွင် စစ်တွေမြို့မှ ဆရာတော်ဦးဥတ္တမသည် နယ်ချဲ့ဆန့်ကျင်ရေးတရားများ စတင်ဟောကြားခဲ့သော်လည်း မြန်မာတို့၏အမျိုးသားရေး လှုပ်ရှားမှုများမှာ ၁၉၂၀ ပြည့်နှစ်မှသာ စတင်ပေါ်ပေါက် လာခဲ့သည်။ မြန်မာတို့သည် နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းကာ မိမိတို့၏အမျိုးသားတိုက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးတောင်းဆိုမှုကိုမူ ၁၉၂၃ ခုနှစ်မှ စတင်နိုင်ခဲ့သည်။


မြန်မာတို့သည် အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးယန္တရား အောက်တွင် လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲအမျိုး မျိုး ဆင်နွှဲသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပေါ်ပေါက်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံသည် အပြင်းထန်ဆုံးနိုင်ငံရေးတိုက်ပွဲကြီး ဖြစ်သော်လည်း လွတ်လပ်ရေးနှင့်မှု အလှမ်းဝေးမြဲဝေးခဲ့ ရသည်။

မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံရေး တိုက်ပွဲသက်သက်ဆင်နွှဲရုံနှင့် မည်သို့မျှလွတ်လပ်ရေး မရ နိုင်ကြောင်း စဉ်းစားမိလာကြသည်။ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနိုင်မှသာ နယ်ချဲ့တို့ကိုမောင်းထုတ် နိုင်မည်ဖြစ်ကြောင်းလည်း နားလည်လာကြသည်။သို့နှင့် တပ်မတော်တစ်ရပ် ဖွဲ့စည်းရန် လျှို့ဝှက်၍ စီမံစိုင်းပြင်း ကြတော့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်များနှင့်ဆက်သွယ်ကာ စစ်ပညာသင်ကြားရေး အတွက် တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ကျွန်းသို့ အသုတ်လိုက် လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။ ထို့နောက် ခက်ခဲပင်ပန်းစွာဖြင့် စစ်ပညာများကို လျှို့ဝှက်သင်ယူ ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံပါဝင် လာပြီးနောက် ရဲဘော်သုံးကျိပ်သည်လည်း ဂျပန်တပ် နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အဖွဲ့လိုက်ခွဲ၍ ရောက်ရှိလာကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အတွင်း ဘီအိုင်အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဂျပန်များ၏အကူအညီဖြင့် ဖွဲ့စည်းထူထောင်သည်။ ဘီအိုင်အေသည် လူ (၂၀၀) ကျော်ဖြင့် စတင်ဖွဲ့ခဲ့ပြီး ဂျပန်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ကာ နယ်ချဲ့တပ်များအား တိုက်ထုတ်ခဲ့သည်။

ဘီအိုင်အေသည်ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် အင်အား ၂၃၀၀၀ မှ ၅၀၀၀၀ အထိ တိုးပွားလာခဲ့သည်။ ဂျပန်များသည်လည်း ဘီအိုင်အေ အင်အားကြီးထွားမှုကို မလိုလားသဖြင့် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်းပြီး ဘီဒီအေ (ခေါ်) ဗမာ့ ကာကွယ်ရေးတပ်မတော်ကို အင်အား (၃၀၀၀) ခန့်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ ဘီဒီအေသည် ဂျပန်တို့၏ လက်အောက်ခံ တပ်သဖွယ်သာဖြစ်သော်လည်း စနစ်တကျ ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများကြောင့် ပိုမို၍ ကျစ်လျစ် သိပ်သည်းလာသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ် ၅၀ ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က မြန်မာပြည်အား အတုအယောင်လွတ်လပ်ရေးပေးကာ ဘီဒီအေကိုလည်း ဗမာ့တပ်မတော် (ဘားမားအာမီ) ဟု အမည်ပြောင်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ထိုအချိန်မှစ၍ တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေတို့ကဲ့သို့ ဂျပန်တို့၏လက်အောက်ခံ မဟုတ်တော့ပေ။ ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်လာပြီး နိုင်ငံနှင့် လူမျိုးကို ကိုယ်စားပြုသော အမျိုးသားအသွင် သဏ္ဍာန်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် တော်လှန်ရေးကာလတွင် တပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ) ဟု အမည်ပြောင်းခဲ့သည်။ ထိုနေ့ကိုလည်း တပ်မတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့တို့သည် တပ်မတော်ကို မြန်မာနိုင်ငံနှင့်နိုင်ငံသားများအား ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အဖြစ် အသိအမှတ်မပြုလိုကြပေ။ နယ်ချဲ့တို့က ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) ဟု အသိအမှတ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာပြောက်ကျားတပ်သာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နယ်ချဲ့များသည် တိုင်းရင်းသားများ ပါဝင်သော ဘားမားအာမီကို အိန္ဒိယနိုင်ငံတွင် ကြိုတင်ဖွဲ့စည်းခဲ့ပြီး အမြဲတမ်းတပ်အဖြစ် သတ်မှတ်ထားခဲ့ကြသည်။

မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ကြသော နယ်ချဲ့တို့သည် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဘားမားအာမီဖြင့် အစားထိုးရန်ကြံစည်ခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကလက်မခံခဲ့ပေ။ သို့နှင့် နယ်ချဲ့တို့လည်းမျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးတစ်ဦးချင်းတစ်ယောက်ချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ ဘားမားအာမီတွင်လက်ခံ၍ အမှုထမ်းစေရန်အစီအစဉ်ကို လက်လျှော့လိုက်ကြရသည်။ သို့နှင့် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ချုပ်ဆိုသော ကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အခြားအဆင့် ၅၂၀၀၊ အရာရှိ ၂၀၀၊ အရန်အရာရှိ၂၀၀ ကိုအလုံးအရင်းမပျက် ဘားမား အာမီနှင့် ပူးပေါင်းခွင့်ပြုခဲ့ရသည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲ

ခဲ့ရသည်သာမကဘဲ နယ်ချဲ့ဆန့်ကျင်ရေးကဏ္ဍတွင်လည်း အမာခံအင်အားအဖြစ် ပြည်သူလူထုနှင့်လက်တွဲ၍ ရပ်တည်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ရသည်။ ၁၉၄၈–၄၉ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းမှု အဆိုးရွားဆုံး ကာလတွင်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ စတင် ပေါ်ပေါက်လာသော ပြည်ပကျူးကျော်မှု အန္တရာယ်ကို ကာကွယ်ရေးကဏ္ဍတွင်လည်းကောင်း၊ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင်လည်းကောင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်များကိုသာမကဘဲ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင် ခဲ့ရသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရာမှ ပေါ်ပေါက်လာသော ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကို ထိခိုက်မည့်အန္တရာယ်များ ကြုံတွေ့လာရသောကြောင့် တပ်မတော်သည်နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်း ခဲ့ရသည်။ ၁၉၈၈ခုနှစ်တွင်ကား နိုင်ငံတော်သည် မင်းမဲ့ စရိုက်နှင့် အကြမ်းဖက်မှုတို့ပြွမ်းတီးနေသော အရေးအခင်း ကြီးနှင့်ကြုံတွေ့ခဲ့ရပြန်သဖြင့် တပ်မတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနှင့် နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်လေသည်။

သက်တမ်းနှစ် (၅၀) ပြည့်သည့်အချိန်တွင် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အဖြစ် နိုင်ငံတော်၏ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နေစဉ်ဖြစ်သည်။ တပ်မတော်ကအမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၅) ဖွဲ့အထိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးချိန်ဖြစ်သည်။ ထို့ကြောင့်နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့သည် အောင်မြင်မှုများ သရဖူ ဆောင်းသည့် တပ်မတော်အတွက် ထူးခြားလေးနက်သော ဝိသေသများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်နေ လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

တပ်မတော်သည် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို အောင်မြင်စွာကျင်းပနိုင်ရန် အချိန်ယူ၍ ပြင်ဆင်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိ ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဦးစီးသော နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ ကျင်းပရေးဦးစီး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို နာယူလျက်ရှိသော တပ်မတော်စစ်ကြောင်းများ



# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်ကလည်း ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးစွပ်ကြိုဆိုလျက်

ကော်မတီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပထမအကြိမ်အစည်းအဝေးထိုင်ကာ တပ်မတော်နေ့အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စတင် စိုင်းပြင်းခဲ့သည်။ တပ်မတော်နေ့မကျရောက်မီ ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့သည်။

နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အဖွဲ့ငယ်များ အသီးသီးဖွဲ့စည်းကာ တာဝန်ရှိသူများက နှစ် (၅၀) ပြည့်ရွှေရတုတပ်မတော်နေ့အခမ်းအနားကြီးအတွက်ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က တာဝန်ယူဆောင်ရွက်သည်။ စာပေ၊ ကဗျာ၊ အနုပညာပြိုင်ပွဲများကျင်းပရေး၊ စစ်တီးဝိုင်းပြိုင်ပွဲများကျင်းပရေး၊ ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ရုပ်မြင်သံကြား ပဟေဠိပြိုင်ပွဲကျင်းပရေး၊ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများ ကျင်းပရေးစသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြင်ဆင်ခဲ့ကြသည်။

## စစ်ရေးပြအခမ်းအနား

၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ရောက်ရှိလာသောအခါ ကြိုတင်အချိန်ယူ၍ လေ့ကျင့်ထားသော တပ်မတော်စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံသို့ စစ်ချီသီချင်းများဟစ်ကြွေးကာချီတက်လာကြသည်။ ပြည်သူလူထုကလည်း ဦးဝိစာရလမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြကြိုဆိုကာ ပန်းကုံးများစွပ်၍ဩဘာပေးကြသည်။ စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံအတွင်းနေရာယူပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စောင့်ဆိုင်းနေကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၇ နာရီခွဲတွင်ရောက်ရှိလာပြီး စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကိုခံယူသည်။ ထို့နောက် နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ မိန့်ခွန်းကို ပြောကြားလေသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုသာမကဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ခေါင်းဆောင်ဖြစ်လေသည်။ ထို့ကြောင့်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မိန့်ခွန်းကို မြွက်ကြားခဲ့လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

ဗိုလ်ချုပ်မှူးကြီးသည် နိုင်ငံတော်၏ မျက်မှောက်ခေတ်သမိုင်းနှင့်ဒွန်တွဲလျက်ရှိသော တပ်မတော်၏ သမိုင်းကြောင်းကို ရှင်းပြပြီး တပ်မတော်သားတို့အတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဦးတည်ချက်များကို ရှင်းပြခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်-

### နိုင်ငံရေးကဏ္ဍ

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး၊

၂။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

၃။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

၄။ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးကဏ္ဍ

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

၃။ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၄။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးကဏ္ဍ

၁။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

၂။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

၄။ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးသည် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့လေသည်။ စစ်ကြောင်းကြီးများ



**ဗိုလ်ချုပ်ကြီးမောင်အေးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်သည့် အစီအစဉ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**





ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသော ဧည့်သည်တော်များ



## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ



နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသားစာတိုက်

တော်လှန်ရေးပန်းခြံမှ အသီးသီးထွက်ခွာသွား ကြပြီးနောက် လာရောက်ကြည့်ရှုသူ လူထုပရိသတ်ကြီးသည်လည်း လူစုခွဲသွားကြသည်။

### မြဝတီရုပ်မြင်သံကြားနှင့် ဆုပေးပွဲ

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများနှင့်အတူ မှော်ဘီသို့ ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီအချိန်တွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်ကို စတင်ဖွင့်လှစ်ပေးလိုက်သည်။ ထိုနေ့မှစ၍ မြဝတီရုပ်မြင်သံကြား အစီအစဉ်သည် ပြည်သူလူထုအတွက် ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ပညာပေးရေး အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့် ပေးသွားလေသည်။

ထိုအချိန်မှာပင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည်လည်း စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ကြောင်းများ၊ စစ်တီးဝိုင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ နေ့လယ်တွင် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရသူများကို အမျိုးသားကဇာတ်ရုံ၌ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပြန်သည်။


နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီးမှာ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်သည်။ ထိုအခမ်းအနားကြီးကျင်းပပုံအပြည့်အစုံအား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ၍ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။ နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်မဂ္ဂဇင်းစာအုပ်ကြီးကိုလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။

### နိဂုံး

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီး ပြီးဆုံးသွားသော်လည်း တပ်မတော်၏ တာဝန်များမှာ မပြီးဆုံးသေးပေ။ တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကချမှတ်ထားသောနိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအား ပြည်သူလူထုနှင့်အတူအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတာဝန်တို့ကို ဆောင်ရွက်သွားမည်မှာ သေချာနေကြောင်း တင်ပြရပေသည်။

တင်သန်းဦး







# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်


## သမိုင်းကြောင်း

"ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်" သည် ယခင်ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ ကို ၁၉၉၁ ခုနှစ်မှအစပြု၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ထားသည့် တက္ကသိုလ် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးနွယ် စုပေါင်း (၁၃၅)မျိုးခန့်မှီတင်း နေထိုင်လျက် ရှိသော ပြည်ထောင်စုတိုင်းပြည်တစ်ပြည်ဖြစ်သော်လည်း လွတ်လပ်ရေး ရရှိပြီး ၁၆ နှစ်တိုင် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးမှုအတွက် အလေးအနက် အစီအစဉ်များ မပြုလုပ်ခဲ့ကြပေ။ နိုင်ငံတော်ကိုတော်လှန်ရေးကောင်စီက တာဝန်ယူပြီး နောက်တစ်နှစ်အတွင်း ၁၉၆၃ ခုနှစ်၊ ကယား ပြည်နယ်၊ လွိုင်ကော်မြို့တွင်ကျင်းပသည့် (၁၆) ကြိမ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ၁၉၆၄ ခုနှစ်မန္တလေးမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် ပြည်ထောင်စုနေ့အ ခမ်းအနားများတွင် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးရေးနှင့်ညီညွတ်ရေးကို အစွမ်းကုန် ကြိုးပမ်း သွားကြရန် မိန့်ကြားခဲ့ပြီး "တိုင်းရင်းသား လူမျိုးများ၏အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ ၏ အမြင်နှင့်ခံယူချက်" ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမြင်နှင့် ခံယူချက်ကို အကောင်အထည်ဖော်သည့် အနေနှင့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့် တော်လှန်ရေးကောင်စီ၏ (၆၅) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် " ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ" ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသိပ္ပံကို ဦးစွာပထမ စစ်ကိုင်းမြို့ ကြေးဘုရားကြီး

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အထူးမူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ် (၅) နှင့် (၆)မှ သင်တန်းသား သင်တန်းသူများက ဂါရဝပြုနေစဉ်**





ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် မုခ်ဦး

လမ်း ရှိ စစ်ကိုင်းတိုင်း ပညာဝန်နေအိမ် အဆောက်အအုံ၌ ဖွင့်လှစ် ခဲ့သည်။ ထို့နောက်စစ်ကိုင်းမြို့မှ (၂၃) မိုင်ခန့် ကွာဝေးပြီး ရေဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသော ရှေးအခါက ဓမ္မဝတီမြို့ဟု သမိုင်းတွင်သည့် ရွာသစ်ကြီး ကျေးရွာ အနီးတွင် နေရာရွေးချယ်ခဲ့သည်။ မြေဧက ၂၂၉.၁၃ ခန့် ကျယ်သည့် လက်ရှိနေရာတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပြီး " ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ "ကို ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့ တွင် ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းအမှတ်စဉ် (၁) ကို ၂၀–၁၀–၆၄ နေ့တွင် စတင် ဖွင့်လှစ်ပြီး နှစ်တို (တစ်နှစ်) သင်တန်းသားများသည် ၁၃–၁၁–၆၅ တွင် သင်တန်းဆင်းကြပြီး နှစ်ရှည် (နှစ်နှစ်ခွဲ) သင်တန်းသားများသည် ၃၁–၅–၆၇ တွင်သင်တန်း ဆင်းသည်။ သင်တန်း အမှတ်စဉ် (၂) ကို ၂–၁၁–၆၇ တွင် စတင်၍ သုံးနှစ် ကျော်မျှ သင်တန်းတက်ရောက်ပြီး ၁၉–၃–၇၁ တွင် သင်တန်း ဆင်းကြသည်။ သင်တန်းအမှတ်စဉ်(၃) မှအစပြု၍ပုံမှန် (၄) နှစ် သင်တန်းဖြစ်သွားကာနှစ်စဉ်ဇွန်လ (၁) ရက်နေ့တွင် ကျောင်းဖွင့်ပြီး ဧပြီ၊ မေလများမှာ နွေရာသီကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ချိန်မှ ၁၉၇၅ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမှ တာဝန်ယူ ဦးဆောင်လမ်းညွှန်မှုပေးခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်နှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်လမ်းညွှန်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကြီးကြပ် ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်း ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် အနီးကပ် ကြီးကြပ်မှု ကော်မတီကို လမ်းစဉ်ပါတီ၊ ဒေသပါတီ ကော်မတီဥက္ကဋ္ဌ (စစ်ကိုင်း)အား ဥက္ကဋ္ဌအဖြစ် ထားရှိကာ ပြန်လည်ဖွဲ့စည်း ပေးခဲ့သည်။ နောင်အခါတွင် အနီးကပ်ကြီးကြပ်မှုကော်မတီကို ဗဟိုစီမံခန့်ခွဲရေးကော်မတီဟု အမည်ပြောင်းခေါ်ခဲ့ပါသည်။ စီမံခန့်ခွဲရေးကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက်သွားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်လာပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၄

ရက်နေ့ တွင်ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး ၈/၈၈ ဆုံးဖြတ်ချက်(၆) (ဂ) အရ ၁၉၈၈ ခုနှစ်၊နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး ရေးသိပ္ပံ ကွပ်ကဲမှုတာဝန် ဝတ္တရားများကိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ လွှဲပြောင်း ပေးခဲ့ပါသည်။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၏ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင်(၁၀)ဦးပါဝင်သောလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွံ့ဖြိုးရေး သိပ္ပံ၏ လေ့ကျင့်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သောအကြံဉာဏ်များကူညီပံ့ပိုးမှုများ၊ လမ်းညွှန်မှုများ အလျင်အမြန်ရရှိနိုင်စေရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဥက္ကဋ္ဌ ပါဝင်သောပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အနီးကပ် ကြီးကြပ်မှု အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ် ခဲ့ပါသည်။

အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၈နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ထိုစဉ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေက နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းအပေါ်ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအားတက္ကသိုလ်အဆင့်သို့တိုးမြှင့်၍ မူလတန်းပြအဆင့်၊ အလယ်တန်းပြအဆင့်နှင့် အထက်တန်းပြအဆင့် ဆရာ–ဆရာမများ လေ့ကျင့် သင်ကြားပေးရန် နှင့် ယင်းလုပ်ငန်းစဉ်ကို ၁၉၉၁–၉၂ ပညာ သင် နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည်။


၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂)ဦးဆောင်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာအဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးအစိုးရအဖွဲ့ရုံး၊ ပညာရေးဌာနအသီးသီးရှိရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာအရာရှိကြီးများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပ၍ (က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အက်ဥပဒေမူကြမ်းရေးဆွဲရန်၊ (ခ)တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့နှင့်ပညာရေးအဖွဲ့တို့ကို ညှိနှိုင်း ဆွေးနွေးချက်များအရ ပြင်ဆင်ဖွဲ့စည်းရန်၊ (ဂ)တက္ကသိုလ် ဖွဲ့စည်းပုံမူကြမ်းအသစ်ရေးဆွဲရန်တို့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား တာဝန် ပေးခဲ့ပါသည်။

အထက်ပါ တာဝန်ပေးချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့်အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် အက်ဥပဒေ(မူကြမ်း)၊ ဖွဲ့စည်းပုံမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ မူကြမ်းများကို ဥပဒေနှင့် ညီညွတ်မှု ရှိ–မရှိ နိုင်ငံတော်ရှေ့နေချုပ်နှင့် ညှိနှိုင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက် ရရှိခဲ့ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဥပဒေအမှတ် ၉/၉၁ ဖြင့်"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေ "ကို ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဆက်လက်ပြီးအောက်ပါအဖွဲ့ဝင်များ ပါဝင်သော တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းပေးသည်။

**တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီ**

| | | |
|---|---|---|
| ၁။ | တိုင်းမှူး<br>(အနောက်မြောက်တိုင်းစစ်ဌာနချုပ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သိန်း<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | ဒု–ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးဆွေ<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | အဖွဲ့ဝင် |



စာသင်ခန်းအတွင်း ဤသို့ စိတ်ဝင်တစား သင်ကြားရုံမျှမက

အနုပညာဘက်တွင်လည်း မလစ်ဟင်းရပေ



၄။ ဒုတိယ ဥက္ကဋ္ဌ (စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ။

၅။ ညွှန်ကြားရေးမှူး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး အဖွဲ့ဝင်

၆။ ညွှန်ကြားရေးမှူး ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ။

၇။ ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန ။

၈။ ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန ။

၉။ ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး ။

၁၀။ ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ။

၁၁။ ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးလုပ်သားဦးစီးဌာန ။

၁၂။ ညွှန်ကြားရေးမှူးချုပ် စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာန ။

၁၃။ ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် ။

၁၄။ ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် ။

၁၅။ ပါမောက္ခချုပ် ပညာရေးတက္ကသိုလ် (ရန်ကုန်) ။

၁၆။ ပါမောက္ခချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ။

၁၇။ တိုင်းမှူးကရွေးချယ်ပေးသော ပညာရေးနှင့် ဆက်နွယ်သည့်နိုင်ငံသားများ- (အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ) ။

၁၈။ ဒု-ပါမောက္ခချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အတွင်းရေးမှူး

၁၉။ ဌာနမှူး (စီမံ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တွဲဖက် အတွင်းရေးမှူး

ထိုအဖွဲ့ဝင်များအပြင် နောက်ထပ်ဆက်လက်၍ ပါမောက္ခချုပ်(အဝေးသင်တက္ကသိုလ်)ကို ဖြည့်စွက် ထည့်သွင်းပေးထားသည်။

## ရည်မှန်းချက်များ

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက်ပညာ ရှာမှီး ကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှု ရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်း ရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေးအဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး ရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင် နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူ ပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့်ကိုယ်ကျင့် တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်း များ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ် ရှင်သန် ဖွားများစေရန်။

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

### သင်တန်းများ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် အောက်ဖော်ပြ သင်တန်းများ ပို့ချ သင်ကြားလျက် ရှိပါသည်။

(၁) မဟာပညာရေးဘွဲ့
(၂) မဟာဒဿန(ပညာရေး)ဘွဲ့
(၃) ပညာရေးဘွဲ့
(၄) အလယ်တန်းဆရာအတတ်သင်တစ်နှစ် သင်တန်း
(၅) မူလတန်းဆရာအတတ်သင်ပုံမှန်(၄)နှစ်သင်တန်း
(၆) အထူးမူလတန်းဆရာအတတ်သင် သင်တန်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တွင် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်အညီဘွဲ့၊ ဘွဲ့လွန်သင်တန်းများထားရှိသော်လည်း ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၏ ရည်မှန်းချက်(၇) ချက်နှင့် အညီ အောင်မြင်အောင် ဆောင်ရွက်ရာတွင် မူလတန်းဆရာ အတတ်သင်ပုံမှန် (၄) နှစ်သင်တန်းသည်အဓိက သင်တန်းဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို အစွန့်ရှည်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန် မှာ ပြည်ထောင်စု စိတ်ဓာတ်ထားဝစဉ် ရှင်သန် ထက်မြက် နေဖို့ လိုအပ်လှပါသည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်း နိုင်ရန် အတွက်ပုံမှန်(၄) နှစ်သင်တန်းသား၊ သင်တန်းသူ များကို နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် များ ဖွံ့ဖြိုး တိုးတက်အောင် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးအရောင် အသွေးကင်းစင်သော ပညာရေးဝန်ထမ်း ကောင်းများသာမက ဒေသ ဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ် အဖြစ်ကိုပါ လေ့ကျင့် ပြုစုပျိုးထောင်ပေးပါသည်။ ထိုသို့ ပြုစုပျိုးထောင် ပေး ရာ တွင် အခြေခံပညာအထက်တန်း စာပေဘာသာရပ်များ အပြင် ပညာရေးဘာသာရပ်များ၊ ဖွံ့ဖြိုးမှုဘာသာရပ်နှင့် အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကို သင်ကြားလေ့ကျင့် ပေးသည်။

ပုံမှန် (၄) နှစ်သင်တန်းဆင်းများ၏ အရည်အချင်းကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည် –

(၁) အခြေခံပညာအထက်တန်းအောင်မြင်ပြီးဟု သတ်မှတ်ခြင်း၊
(၂) မူလတန်းဆရာဖြစ် လက်မှတ်ရပြီးဟု သတ်မှတ်ခြင်း၊
(၃) ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဆင့် အောင်မြင် သည်ဟု သတ်မှတ်ခြင်း။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ မူလတန်းဆရာအတတ်သင် ပုံမှန် (၄) နှစ် သင်တန်းကို ပြည်နယ်နှင့်တိုင်းများ၏ လိုအပ်ချက်အရ သင်တန်းသား၊ သင်တန်းသူအရေအတွက် သတ်မှတ် ထားရှိပြီး ရွေးချယ်ရေးအဖွဲ့ အဆင့် ၃ ဆင့်ဖြင့် ရွေးချယ်ပါသည်။ မြို့နယ် သင်တန်းသားရွေးချယ်ရေး ကော်မတီ၊ ပြည်နယ်/တိုင်း သင်တန်းသားရွေးချယ်ရေး ကော်မတီနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေး ကော်မတီတို့ ဖြစ်ပါသည်။ သင်တန်းသားအရည်အချင်း မှာ ဒေသခံ တိုင်းရင်းသားဖြစ်ပြီး အသက်(၁၄)နှစ်မှ (၂၀)နှစ် အတွင်းရှိ အဋ္ဌမတန်းအောင်မြင်သူများဖြစ်၍ သတ်မှတ်အရည် အချင်းများနှင့် ပြည့်စုံရပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် မူလတန်းဆရာအတတ်သင် ပုံမှန်(၄)နှစ် သင် တန်းသား၊ သင်တန်းသူများသည် သက်ဆိုင်ရာ ဘာသာ ရပ်များကို သင်ယူရင်း အောက်ပါအဓိဋ္ဌာန်(၅)ချက်ကို နေ့စဉ် နံနက် (၅:၃၀) နာရီ အလံတင်ချိန်တွင် ရွတ်ဆို အဓိဋ္ဌာန်ပြုကြရပါသည် –

(၁) ကျွန်ုပ်တို့သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။
(၂) ကျွန်ုပ်တို့သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၃) ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၄) ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ပီပီ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိပါမည်။
(၅) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟုအဓိဋ္ဌာန်ပြုပါ၏။

အားကစားပြိုင်ပွဲများတွင် ဤသို့ ပါဝင်လှုပ်ရှားကြပြီး



အလယ်တန်းဆရာအတတ်သင်သင်တန်း၊ ပညာရေးဘွဲ့သင်တန်းတို့မှာ ယခင်ပုံမှန်(၄)နှစ်သင်တန်း အောင်မြင်ပြီးသည့် ဖွံ့ဖြိုးရေးသိပ္ပံနှင့်တက္ကသိုလ်ဆင်း မူလတန်း ဆရာ၊ ဆရာမများ အရည်အချင်း တိုးမြှင့်ရေးအတွက် ဖွင့်လှစ်ပေးသော သင်တန်းများ ဖြစ်ပါသည်။

မဟာဒဿန(ပညာရေး)ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်းတို့မှာ ဤတက္ကသိုလ်မှ နည်းပြအဆင့်ရှိ ဆရာ၊ ဆရာမများနှင့်အခြားသင့်တော်သူများ အရည်အချင်းမြှင့်တင်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများ ဖြစ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့သင်တန်းတက်ရောက် သင်ကြားပြီးသော ပညာရေးဘွဲ့ ဆင်မြန်းမည့် သင်တန်းသား၊ သင်တန်းသူများသည် ဘွဲ့မယူမီ အောက်ပါကတိ သစ္စာကို ပြုကြရပါသည်–

**သစ္စာအဓိဋ္ဌာန်**

(၁) အကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(၂) အကျွန်ုပ်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) အကျွန်ုပ်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၄) အကျွန်ုပ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိအောင်မြဲမြံစွာ ထိန်းသိမ်းလျက်ဆရာတို့၏ ဂုဏ်သိက္ခာကို အစွမ်းကုန်မြှင့်တင်ပါမည်။

(၅) အကျွန်ုပ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပါမည်။

(၆) အကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၇) ယခုကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား။



စုပေါင်းစိုက်ပျိုးခင်းတွင်လည်း တပျော်တပါး ပါဝင်လုပ်ဆောင်ကြသည်

## သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ်များ

**ပုံမှန် ( ၄ ) နှစ် သင်တန်း**

(က) **ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်သင်တန်းများတွင် ပို့ချသည့်ဘာသာရပ်များ–**

( ၁ ) ပင်ရင်းမြန်မာစာ
( ၂ ) စိတ်ကြိုက်မြန်မာစာ
( ၃ ) ပထဝီဝင်
( ၄ ) သမိုင်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တ ပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်း မှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက

( ခ ) ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် အထက်ပါ ဘာသာရပ်များအပြင် တိုင်းရင်း ဘာသာကို ပို့ချပါသည်။

( ဂ ) ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် ရိုးရာဓလေ့ထုံးစံနှင့် ကျန်းမာရေးဘာသာရပ်များ ကိုလည်း ပို့ချပေးပါသည်။

(ဃ) စတုတ္ထနှစ်သင်တန်းတွင် အောက်ပါဘာသာရပ်များကို ပို့ချသည် –

( ၁ ) မြန်မာစာသင်ပြနည်း
( ၂ ) သင်္ချာသင်ပြနည်း
( ၃ ) ပထဝီဝင်သင်ကြားနည်း
( ၄ ) သမိုင်းသင်ပြနည်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်းမှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက
(၁၄) ပညာရေးစီမံခန့်ခွဲမှု
(၁၅) ပညာရေးသဘောတရား

**မှတ်ချက်။** စတုတ္ထနှစ်သင်တန်းတွင်သင်ပြရမည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အချက်များသာမက သင်ပြနည်း၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသဘောတရား ဘာသာရပ်များကိုပါ သင်ကြားပို့ချပေးပါသည်။

**အထူးမူလတန်း ဆရာအတတ်သင် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) မြန်မာစာ
( ခ ) မြန်မာစာသင်ကြားနည်း
( ဂ ) သင်္ချာ
(ဃ) ပထဝီဝင်
( င ) သမိုင်း
( စ ) ပညာရေးသဘောတရား၊ ပညာရေးစီမံခန့်ခွဲမှု
(ဆ) ကာယပညာ
( ဇ ) စိုက်ပျိုးရေး
( ဈ ) ပန်းချီအနုပညာ
( ည) ဂီတအနုပညာ
( ဋ ) စက်မှုလက်မှု
( ဌ ) အိမ်တွင်းမှုသိပ္ပံ

**အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း တွင် ပို့ချသည့်ဘာသာရပ်များ –**

(က) မြန်မာစာ
( ခ ) သင်္ချာ
( ဂ ) ပထဝီဝင်
(ဃ) သမိုင်း
( င ) အထွေထွေသိပ္ပံသင်ပြနည်း
( စ ) ပညာရေးစီမံခန့်ခွဲမှု
(ဆ) ပညာရေးသဘောတရား

**ပညာရေးဘွဲ့သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) ပညာရေးစိတ်ပညာ
( ခ ) ပညာရေးစီမံခန့်ခွဲမှု

(ဂ) ပညာရေးသဘောတရား
(ဃ) မြန်မာစာ
(င) မြန်မာစာသင်ပြနည်း
(စ) ပထဝီဝင်
(ဆ) ပထဝီဝင်သင်ပြနည်း
(ဇ) သမိုင်းနှင့် သမိုင်းသင်ပြနည်း
(ဈ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ

## ပညာသင်ကြားခဲ့သော တိုင်းရင်းသား လူမျိုးနွယ်စုများ

သင်ကြားခဲ့သော လူမျိုးနွယ်စုပေါင်း (၇၂)မျိုး ရှိခဲ့ပါသည်။ ထိုမျိုးနွယ်စုများမှာ ဂျိန်းဖော၊ လီဆူ / လီရှော၊ လော်ဂေါ် / မရူ၊ လာချစ် / လရှီ၊ ဇိုင်ဝါး / အဇီး၊ ရဝမ်၊ ကယား၊ ပရဲ / တယော၊ ပဒေါင် / တယန်း၊ ယင်းဘော် / ကငန်၊ ယင်းတလဲ၊ မနုမနော၊ ဂေခို၊ ဂေဘား၊ စကော ကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ဘန်းကရင်၊ ပကူးကရင်၊ ချင်း၊ တီးတိန်ချင်း၊ မတူချင်း၊ ခေါင်ဆိုင် / ကူကီး /ထဒို၊ ခမီးချင်း၊ အရှိချင်း၊ ယင်ဒူး(ဒိုင်)၊ အူးပူးချင်း၊ မွင်းချင်း၊ ဇိုထုန်ချင်း၊ ချင်းပုံ၊ ဆီယင်၊ လူရှေ(ကလင်ကော့)၊ လောက်တူ၊ မကန်းချင်း၊ မွန်၊ ဗမာ၊ တောင်သား၊ ဂဒူး၊ ကဏန်း၊ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ ရှမ်း၊ မောရှမ်း၊ ဂုံရှမ်း၊ ပလောင်၊ ရှမ်းတရုတ်၊ ခန္တီးရှမ်း၊ လီရှမ်း၊ လီရှော၊ လားဟူ၊ ကော် / အာခါ၊ ဝ / လွယ်လ၊ ပအိုဝ်း၊ ခနေ၊ အင်းသား၊ တောင်ရိုး၊ ကိုးကန့်၊ နာဂ၊ ပါရာနာဂ၊ ဟိုင်းမြေနာဂ၊ ပင့်ကူးနာဂ၊ တန်ဂွန်နာဂ၊ ဆွမ်မရာနာဂ၊ ပုံညိနာဂ၊ ဆာရာနာဂ၊ မကူရီနာဂ၊ နောက်အွန်နာဂ၊ မခွာလယ်နာဂ၊ ပသျှူး၊ ဆလုံ မျိုးနွယ်စုတို့ ဖြစ်ကြပါသည်။

## နိဂုံး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ဆောင်ပုဒ်မှာ "စည်းလုံးခြင်းသည်အင်အား" ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် –

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူပြု သင်ကြားလေ့ကျင့်ပေးနေသော နိုင်ငံတော်၏ တစ်ခုတည်းသော တိုင်းရင်းသားလူမျိုးများ တက္ကသိုလ်ဖြစ်သည်။

(၂) ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့် ပါတီ နိုင်ငံရေးကင်းစင်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးသည့် တက္ကသိုလ် လည်း ဖြစ်ပါသည်။

(၃) နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက် နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့်တက္ကသိုလ် လည်း ဖြစ်ပါသည်။


(၄) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတန်းပြ ဆရာအတတ်သင် သင်တန်း၊ အလယ်တန်းပြ ဆရာအတတ်သင် သင်တန်းနှင့် ပညာရေးဘွဲ့ သင်တန်းများကို တက္ကသိုလ်တစ်ခုတည်းမှ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့် မွေးထုတ် ပေးနေသည့် ပညာရေးတက္ကသိုလ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ချိန်မှ ၁၉၉၄–၉၅ ပညာသင်နှစ်အထိ မူလတန်းဆရာ အတတ်သင် ပုံမှန် ( ၄ )နှစ်သင်တန်း ဆင်းပြီးသူ မူလတန်းပြဆရာ (၄,၅၆၉) ဦး ရှိပြီး ၎င်းတို့အနက်မှ အလယ်တန်းဆရာ အတတ်သင် သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူ (၂၀၀) ဦး ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လိုအပ်ချက်အရ အထူးမူလတန်း ဆရာ အတတ်သင် သင်တန်းမှ သင်တန်းဆင်းပြီးသူ (၃၀၁) ဦး ရှိပါသည်။ ပညာရေးဘွဲ့ရပြီးသူ (၁၁၆) ဦးရှိပါသည်။ တက္ကသိုလ်ဆရာ၊ ဆရာမများထဲမှ (၆)ဦးကို ဤတက္ကသိုလ်မှ မဟာဒဿန (ပညာရေး) ဘွဲ့ အပ်နှင်းပြီးဖြစ်သည်။

**ဝန်ထမ်းတစ်ဦး**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**




1920
1995




ရန်ကုန်တက္ကသိုလ်စိန်ရတုအထိမ်း




ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက်

# ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်၍ စိန်ရတုသဘင် အခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ အမှုထမ်းအရာထမ်းများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများပါ ဂုဏ်ယူဝမ်းမြောက်လျက် ရှိနေကြသည်။

ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အဆင့်မြင့် ပညာဦးစီးဌာန၊ တက္ကသိုလ်များဗဟိုကောင်စီခန်းမ၌ ပြုလုပ် ကျင်းပပါသည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဤသို့မိန့်ခွန်းပြောကြားရာတွင် "ရန်ကုန်တက္ကသိုလ်မှာ အိမ်နီးချင်းနိုင်ငံများ၏ တက္ကသိုလ်များထက် ခေတ်ရှေ့ပြေးပြီး သမိုင်းကြောင်းအရ ပေါ်ထွန်းလာသော တက္ကသိုလ်ကြီးဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များနှင့် ဆီလျော်ကိုက်ညီပြီး ထည်ဝါခမ်းနားစွာ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုကြောင်း" စသည်ဖြင့် မိန့်ကြားပြီး ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်အတွက် ချမှတ်ထားသော ဦးတည်ချက်များ ၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများကို အတည်ပြုပေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်၏ ဦးတည်ချက်များ

(၁) တက္ကသိုလ်၏ဂုဏ်သိက္ခာ ဆက်လက်မြှင့်တင်ထိန်းသိမ်းရေး၊

(၂) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ထိန်းသိမ်းဖော်ညွှန်းသည့် ပညာရေးစနစ်တိုးတက် ဖော်ဆောင်ရေး၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပညာရေးစနစ် ဖော်ဆောင်ဖြစ်ထွန်းရေး၊

(၄) နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ဆက်လက်ဖော်ဆောင်မြှင့်တင်ရေး၊

(၅) ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ထက်မြက်ထူးချွန်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေး၊

## လုပ်ငန်းကော်မတီများ

ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃)ခုရှိပြီး လုပ်ငန်းကော်မတီများက ဆပ်ကော်မတီ(၃၆)ခုကို ထပ်မံဖွဲ့စည်းပါသည်။ ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃) ခုမှာ -

၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီ၊

၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ၊

၃။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊

၅။ ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၆။ ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၇။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊

၈။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊




ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ဥပဒေကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ မိတ်ဆုံညစာ စားပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားတွင် အတွင်းရေးမှူး( ၁ ) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ခွန်းပြောကြားစဉ်

၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ၊

၁၀။ အားကစားပြိုင်ပွဲများကျင်းပရေး လုပ်ငန်းကော်မတီ၊

၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ၊

၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ၊

၁၃။ ကျန်းမာရေးလုပ်ငန်းကော်မတီတို့ ဖြစ်ကြပါသည်။

## ၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ တက္ကသိုလ်များ သမိုင်းသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်နီနီမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဦးသော်ကောင်း ဖြစ်သည်။

ဤလုပ်ငန်း ကော်မတီက ဆပ်ကော်မတီ (၅) ခုကို ဖွဲ့စည်းပါသည်။ ထိုဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် သမိုင်းပြုစုရေးအဖွဲ့၊

၂။ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် စာစောင် ပြုစုထုတ်ဝေရေးအဖွဲ့၊

၃။ စာမူစိစစ် တည်းဖြတ်ရေးအဖွဲ့၊

၄။ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့၊

၅။ အထောက်အထား စုဆောင်းရေးအဖွဲ့

တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများသည် မိမိတို့လုပ်ငန်းတာဝန်များကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ တက်ကြွစွာဆောင်ရွက်ခဲ့ရာ၊ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စာအုပ်များရေးသားပြုစု ပုံနှိပ် ပြီးစီးပြီး၊ စိန်ရတုသဘင်အခမ်းအနားတွင်–

၁။ ရန်ကုန်တက္ကသိုလ်သမိုင်း၊ (၁၉၂၀–၁၉၉၅)၊

၂။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ် စာစောင်၊ အပိုင်း(၁)၊

၃။ တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)

တို့ကို ထုတ်ဝေရောင်းချနိုင်ခဲ့ပါသည်။ "ရန်ကုန်တက္ကသိုလ် သမိုင်း (၁၉၂၀– ၁၉၉၅) စာအုပ်"တွင် အခန်းပေါင်း (၈)

ခန်း ပါဝင်ပြီး၊ အမိရန်ကုန်တက္ကသိုလ်၏ သင်ကြားရေး၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၏ အမျိုးသား လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှု၊ တက္ကသိုလ်အသင်း အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှု၊ တက္ကသိုလ်ပညာရေး စနစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ပုံတို့ကို တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့ချိန်မှ စိန်ရတုသဘင် ကျင်းပသည့် ၁၉၉၅ခုနှစ် ၊ဒီဇင်ဘာလအထိ ရေးသားပြုစုတင်ပြထားသည်။

"ရန်ကုန်တက္ကသိုလ် စိန်ရတု အထိမ်းအမှတ်စာစောင်၊ အပိုင်း (၁)" မှာ ရန်ကုန်တက္ကသိုလ်ဆရာကြီး ဆရာမကြီး များ၊ ကဗျာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ ရေးသားဖွဲ့ဆိုထားကြသောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပေါင်း (၆၃) ပုဒ် ပါဝင်သည်။ မြန်မာ စာမူမှာ (၅၇) ပုဒ်ဖြစ်ပြီး အင်္ဂလိပ်စာမူမှာ (၆) ပုဒ်ဖြစ်သည်။ စာမူများမှာ တက္ကသိုလ်ပညာရေး၊ တက္ကသိုလ်ဘဝ၊ တက္ကသိုလ်ဝန်းကျင်၌ တွေ့မြင်ခံစားရသော လွမ်းဆွတ် တသဖွယ်၊ လေးစားဂုဏ်ယူမှတ်သားဖွယ် အဖြစ်အပျက် အကြောင်းအရာများကို ရေးဖွဲ့ထားသော သုတရသစာများ ဖြစ်ကြသည်။

"တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)" မှာ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ကို ကြိုဆိုဂုဏ်ပြု သည့် အထိမ်းအမှတ်စာစောင်အဖြစ် တက္ကသိုလ်များ သမိုင်း သုတေသနဌာနက ထုတ်ဝေခြင်းဖြစ်သည်။

## ၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများ ပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းမောင်ဖြစ်ပြီး အတွင်းရေးမှူး မှာ ရန်ကုန်တက္ကသိုလ် (သင်တန်းရေးရာ) ဌာနမှူး ဦးမင်းဦးဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံ ဖွဲ့စည်းပြီး၊ ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ လှုပ်ရှား ဆောင်ရွက်ပါသည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများ မှာ –

၁။ သိပ္ပံ ၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

၂။ နည်းပညာဘာသာရပ်ဆိုင်ရာစာတမ်းများ ပြုစု ရေး ဆပ်ကော်မတီ၊

၃။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးဆိုင်ရာပညာပေး စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊



**ဥပဒေမိတ်ဆုံစားပွဲသို့ လာရောက်သော အတွင်းရေးမှူး( ၁ )အား ပါမောက္ခနှင့် ဆရာ ဆရာမများက ကြိုဆိုနေကြစဉ်**



သီရိဆောင် မယ်သစ်လွင်ကြိုဆိုပွဲတွင် သီရိအလှဘုရင်မရသူအား ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆုများချီးမြှင့်ခဲ့

၄။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ ပညာပေး စာတမ်းများ ပြုစုရေးဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ်ဌာန (၁၉) ခုက ဘာသာရပ်တိုးတက်မှုစာတမ်း (၁၉) စောင်ကို ရေးသားပြုစုပြီး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက တိုးတက်မှုမှတ်တမ်း (၁၉) စောင်ကို ရေးသားပြုစုကြသည်။

"ရန်ကုန်တက္ကသိုလ် ဘာသာရပ်တိုးတက်မှု စာတမ်း" နှင့် "တက္ကသိုလ် ကောလိပ်တိုးတက်မှုမှတ်တမ်း" နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ သည်။

## ၃။ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန် ပညာရေး တက္ကသိုလ်ပါမောက္ခချုပ် ဦးဟန်တင်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေး စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာ သိန်းလွင် ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လမှစ၍ စာတမ်းများ ဖတ်ကြားခြင်းနှင့် ဟောပြောပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲနှင့်ဟောပြောပွဲ ကျင်းပရေး လုပ်ငန်း ဆပ်ကော်မတီ ၊

၂။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲအစီအစဉ်များနှင့်သုတေသနစာတမ်းများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ညှိနှိုင်းရေးဆပ်ကော်မတီ၊

၃။ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ရေး လုပ်ငန်းဆပ်ကော်မတီ၊

၄။ သတင်းထုတ်ပြန်ရေးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သုတေသန စာတမ်းဖက်ပွဲနှင့် ဟောပြော ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ဆောင်ချက် မှတ်တမ်းများထုတ်လွှင့်ရေးလုပ်ငန်း ဆပ်ကော်မတီ၊

၅။ မှတ်တမ်း အထောက်အထားများ ရှာဖွေစုဆောင်းပြုစုရေး လုပ်ငန်းဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ (၃) ရက်၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ (၃) ရက် ပေါင်း (၆) ရက်တိတိ သုတေသနစာတမ်းဖတ်ပွဲ များကို ပြုလုပ်ကျင်းပခဲ့သည်။

အထူးပုဂ္ဂိုလ်ကြီးများ၏ ဟောပြောပွဲများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းဆောင် အထူးအစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသောပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့ လာရောက်၍ ဟောပြောကြပါသည်။ ထိုပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့၏ ဟောပြောပွဲ၌ သဘာပတိများအဖြစ် ပါမောက္ခချုပ်များက ဆောင်ရွက်ပေးကြသည်။

## ၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာန ပါမောက္ခဒေါက်တာသိန်းလှိုင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ ၅ ခုကို ဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လုပ်ငန်းတာဝန် များကို စတင်ဆောင်ရွက်ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတု သဘင် အခမ်းအနားတွင် ပူဇော်မည့်သက်ကြီးပုဂ္ဂိုလ်များကို စာရင်းပြုစုကြသည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အသက် ၇၅ နှစ်ပြည့်ပြီးသူများကို ဆက်သွယ်၍ စာရင်းပြုစုရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## ၅။ ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်စက်မှု တက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ်ဌာနမှူး (စိမံ) ဦးစိန်ငွေး ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပါသည်။ ထို ဆပ်ကော်မတီများမှာ –

၁။ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆပ်ကော်မတီ၊
၂။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲ ဆပ်ကော်မတီ၊
၃။ ဗဟိုပြပွဲ ဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

စာပေပြိုင်ပွဲ ဆပ်ကော်မတီသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နှင့် ၁၆ ရက်နေ့များတွင် ကဗျာတို၊ ကဗျာရှည် စာစီစာကုံးနှင့် ဝတ္ထုတိုပြိုင်ပွဲကို တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် စာမေးပွဲစည်းကမ်းနှင့်အညီ ကြီးကြပ်ပြီး တစ်ပြိုင်တည်းကျင်းပခဲ့သည်။ ယှဉ်ပြိုင်သူ ဦးရေမှာ ကဗျာတို ၅၂၅ ဦး၊ ကဗျာရှည် ၂၁၃ ဦး၊ စာစီစာကုံး ၆၁၇ ဦး၊ ဝတ္ထုတို ၄၀၈ ဦး ဖြစ်ရာ ပြိုင်ပွဲဝင် ဦးရေ ၁၇၆၃ ဦး ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု နှင့် နှစ်သိမ့်ဆု ၂ ဆုကို ပြိုင်ပွဲ ၄ မျိုးအတွက် ဆု (၂၀) ရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဆုရစာမူရှင်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စာပေနှင့်တေးသီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ပြုလုပ် ကျင်းပသည်။

ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲဆပ်ကော်မတီတွင် ခေတ် (၄)ခေတ် ပိုင်းခြား၍ ပြကွက်ပေါင်း (၁၆) ခုဖြင့် တင်ဆက်ရန် စီမံဆောင်ရွက်သည်။ ခေတ် (၄) ခေတ်မှာ–

၁။ ၁၉၂၀–၄၅ စစ်ကြိုခေတ်၊
၂။ ၁၉၄၆–၆၄ စစ်ပြီးခေတ်၊
၃။ ၁၉၆၄– ၈၈ စနစ်သစ်ပညာရေးခေတ်၊
၄။ ၁၉၈၈– ၉၅ မျက်မှောက်ခေတ်

တို့ ဖြစ်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသားကျောင်းသူပေါင်း (၆၄) ဦး ပါဝင်ကြသည်။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၇၊ ၁၀၊ ၁၂၊ ၁၃ ရက်များတွင် ရန်ကုန်အမျိုးသား ဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ မိဘပြည်သူများ တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ဗဟိုပြပွဲ ဆပ်ကော်မတီသည် ဗဟိုပြခန်းနှင့် တက္ကသိုလ် ပြခန်းများကို ခေတ် (၄) ခေတ် ပိုင်းခြား၍ ပြကွက်များကို ခင်းကျင်းပြသခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတို့က စိတ်ဝင်စားစရာ၊ လေ့လာမှတ်သားစရာ အကြောင်းအရာ အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဝန်ကြီးဌာန ပြခန်းများအပြင် ပုဂ္ဂလိကနှင့် အစိုးရဌာနအရောင်းဆိုင်များ၊ တက္ကသိုလ်အလိုက် ပျော်ပွဲရွှင်ပွဲဈေးဆိုင်များကို ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော် ကာလဖြစ်သည့် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇)ရက်နေ့အထိ နံနက် (၉:၀၀) နာရီမှ ည (၁၀:၀၀) နာရီအထိ ခင်းကျင်း ပြသ ခဲ့သည်။

## ၆။ ပျော်ပွဲရွှင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကောင်းညွန့်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဒဂုံ



တောင်ငူဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များတွေ့ဆုံပွဲတွင် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲလည်း တစ်ခုအပါအဝင်

တက္ကသိုလ်၊ ဒဿနိကဗေဒဌာန ကထိက ဦးခင်မောင်ချို ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၄) ခုကို ထပ်မံဖွဲ့စည်းသည်။ ထို ဆပ်ကော်မတီများမှာ–

၁။ ရုပ်ရှင်ပြသရေးဆပ်ကော်မတီ၊

၂။ ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၃။ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၄။ ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

ရုပ်ရှင်ပြသရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင် ရက်သတ္တပတ်" ပြသရေးအတွက် ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်ပြသရေး အစီအစဉ်ကို အထောက်အကူပြုဖြစ်စေရန် ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကောင်းညွန့်အား မြန်မာ့ ရုပ်မြင်သံကြားနှင့် "တွေ့ဆုံမေးမြန်းခန်း" ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင်ရက်သတ္တပတ်ပြပွဲ" ကို နိုဝင်ဘာလ (၁၀) ရက်နေ့မှ (၁၆) ရက်နေ့အထိ နဝေဒေးရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ ပြသခဲ့သော ကားများမှာ –

၁။ ဒါရိုက်တာ ဦးသုခ၏ "ဘယ်သူပြိုင်လို့ လုပါတော့နိုင်"၊

၂။ ဒါရိုက်တာ မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ"၊

၃။ ဒါရိုက်တာ ကြီးမြင့်၏ "ပန်းပန်လျက်ပါ"၊

၄။ ဒါရိုက်တာ မောင်နှင်းမိုး၏ "မယ်သီတာလိုမိန်းကလေး"၊

၅။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "မျက်ဝန်းထဲမှာ မိုးရွာပြီညို"၊

၆။ ဒါရိုက်တာ မီးပွား၏ "မြစ်တို့၏မာယာ"၊

၇။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "နှလုံးသားရာဇဝင်မှာ စာတင်တဲ့အလွမ်း"

တို့ဖြစ်ကြသည်။

ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ပွဲတော်ရက်၌ ဈေးပွဲတော် ပြုလုပ်ပေးရေးအတွက် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိုက်နှစ်သက်မည့် အထိမ်းအမှတ် ပစ္စည်းများ၊ အထွေထွေပစ္စည်းနှင့် အဝတ်အထည်များ၊ အစားအသောက်များ ရောင်းချခြင်း၊ ပျော်ရွှင်ကစားပွဲများ ဖွင့်လှစ်ခြင်း၊ ကံစမ်းမဲများဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ဆိုင်ခန်းများ ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇) ရက်နေ့အထိ နံနက် (၁၀) နာရီမှ ည (၁၀) နာရီအထိ ဖွင့်လှစ်ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်တွင် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုအားပေးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ပြိုင်ပွဲဝင်တေးသီချင်းခွေများကို အကြိမ်ကြိမ်စိစစ်ပြီး ဆုများရွေးချယ် ချီးမြှင့်ခဲ့သည်။

ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီသည် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီက တည်ဆောက်ပေးသော ဇာတ်စင်ပေါ်တွင် အခမ်းအနားပြင်ဆင်ရေး၊ လျှပ်စစ်အလင်းနှင့် အသံချဲ့စက် ပစ္စည်းကိရိယာများ တပ်ဆင်ရေး လုပ်ငန်းအစီအစဉ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သည်။ ထို့ပြင် တက္ကသိုလ်ကောလိပ် အနုပညာအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီ (တက္ကသိုလ်များ ရန်ကုန်) တို့ကို ပဒေသာကပွဲ တွင် ပါဝင်တင်ဆက်ရေးအတွက် စည်းရုံးဆောင်ရွက် ခဲ့သည်။

ပဒေသာကပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲကို ရန်ကုန်တက္ကသိုလ် ( ကြည့်မြင်တိုင်နယ်မြေ ) စကားဖြူခန်းမ၌ ၁၉၉၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်နှင့် (၂၉) ရက်တို့တွင် ပြုလုပ်ကျင်းပပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ပဒေသာကပွဲကြီး၌ ကပြတင်ဆက်ခဲ့သည်။

## ၇။ ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြတ်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညွှန့်ညွှန့်ဝင်း ဖြစ်သည်။




**ရန်ကုန်တက္ကသိုလ် စိန်ရတုအကြို အနုပညာအသင်း၏ လှုပ်ရှားမှု တစ်ခုဖြစ်သော ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြကွက်**



နေကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ မိတ်ဆုံညစာစားပွဲတစ်ခု

ထိုလုပ်ငန်းကော်မတီက ဆပ်ကော်မတီသုံးခုကို ထပ်မံဖွဲ့စည်းပြီး ဘဏ္ဍာငွေရှာဖွေရေးကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီသုံးခုမှာ–

၁။ အလှူငွေကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီ၊
၂။ အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး လုပ်ငန်း ဆပ်ကော်မတီ၊
၃။ စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်ဝေရေး လုပ်ငန်း ဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

အလှူကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီက အလှူငွေများ ကောက်ခံရှာဖွေပေးကြသည်။

အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး ဆပ်ကော်မတီကလည်း ရန်ကုန်တက္ကသိုလ်စိန်ရတုပြက္ခဒိန်၊ ဈေးဝယ်အိတ်၊ ရင်ထိုး၊ သော့ချိတ်၊ ကားချပ်ပိုစတာ၊ လွယ်အိတ်၊ ဦးထုပ်၊ သစ်ထွင်းပန်းချီ၊ ယွန်းထည် စသော အထိမ်းအမှတ်ပစ္စည်း (၂၃) မျိုးကို ထုတ်ဝေရောင်းချပြီး ဘဏ္ဍာငွေများ ရှာဖွေပေးခဲ့သည်။

စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်လုပ်ရေး ဆပ်ကော်မတီကလည်း ကျရာလုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြသည်။

## ၈။ စိမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမင်းသန်းဆောင်း ဖြစ်ပြီး အတွင်းရေးမှူးမှာ အဝေးသင်တက္ကသိုလ် ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးသိန်းငွေ ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ–

၁။ ဘဏ္ဍာရေး ဆပ်ကော်မတီ၊
၂။ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၊
၃။ ကြိုဆိုညှိခံရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ တာဝန်ပေးချက်အရ စိန်ရတုအထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် ၅၀ ပြားနှင့် နှစ်ကျပ်တန်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး၊ စာပို့တံဆိပ်ခေါင်းပါ အထိမ်းအမှတ် စာအိတ်တစ်မျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်ဝေ ရောင်းချခဲ့သည်။

## ၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရုံး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးတင်ဖြစ်ပါသည်။ အတွင်းရေးမှူး (၁) မှာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒု ရဲမှူးကြီး စိန်ထွန်းအောင်ဖြစ်ပြီး အတွင်းရေးမှူး (၂) မှာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးကိုလေး ဖြစ်ပါ သည်။ ဤလုပ်ငန်းကော်မတီသည် လုံခြုံရေးနှင့်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်များကို ရေးဆွဲဆောင်ရွက် သည်။ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော်ရက် အတွင်း လုံခြုံရေးဇုန်များ သတ်မှတ်ကာ ဆရာဆရာမ များနှင့် တက္ကသိုလ်အမှုထမ်းများကို တာဝန်ချပေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနား ကြီးမှာ အနှောင့်အယှက်ကင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁၀။အားကစားပြိုင်ပွဲများ ကျင်းပရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန အားကစား အရာရှိ ဦးမောင်မောင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၁၂) ခုကို ထပ်မံဖွဲ့စည်းပြီး ဂျူဒို၊ စစ်တုရင်၊ ရေကူး၊ ဂေါက်သီး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ လေ့လှော် ပြိုင်ပွဲများကို ၁၉၉၅ ခုနှစ် ၊ ဇူလိုင်လမှ စတင်၍ ပြုလုပ် ကျင်းပပေးခဲ့သည်။

ထို့ပြင် ကာယဗလနှင့် အလှမယ်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်ကျင်းပရာ တက္ကသိုလ် ဒီဂရီ ကောလိပ်၊ ကောလိပ်များမှ လက်ရွေးစင်မောင် (၃၉) ဦးနှင့် လက်ရွေးစင်မယ် (၃၉) ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မောင် တက္ကသိုလ် ( ၉ ) ဦးနှင့် မယ်တက္ကသိုလ် (၁၀) ဦးကို ရွေးချယ်ခဲ့သည်။

## ၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင် နီယာမှူးကြီး ဦးသန်းငွေ ဖြစ်သည်။ ဤလုပ်ငန်း ကော်မတီ သည် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်အတွက် ပြခန်းများ၊ အရောင်းဆိုင်ခန်းများ၊ ဇာတ်စင်မုခ်ဦးများတို့ကို ပုံစံငယ်များ ဆောက်လုပ်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးဂိတ် (၂) ခု၊ ဆက်သွယ်ရေးနှင့် ကြက်ခြေနီစခန်း စသည်တို့ကို လည်း ဆောက်လုပ်ပေးခဲ့သည်။

## ၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်ဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေးဖြစ်သည်။ ဤလုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဝတ္ထု ကဗျာများကို စာနယ်ဇင်းများတွင် ထည့်သွင်းပေးခြင်း၊ မြန်မာ့ရုပ်မြင် သံကြားမှ ဆွေးနွေးခန်းများ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မော်ကွန်းမှတ်တမ်းများ၊ တေးသီချင်းများကို ထုတ်လွှင့်ပေး ခြင်းဖြင့် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား စည်ကားသိုက်မြိုက် အောင်မြင်အောင် ဆောင်ရွက်ပံ့ပိုး ပေးခဲ့သည်။

## ၁၃။ကျန်းမာရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ကျန်းမာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမြင့်ဖြစ်ပြီး အတွင်း ရေးမှူးမှာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးထွန်း ဖြစ်သည်။ ဤလုပ်ငန်းကော်မတီက ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး၊ ရေနှင့် အစားအစာ သန့်ရှင်းမှု စစ်ဆေးရေးအတွက် ဆပ်ကော်မတီများဖွဲ့ကာ ဆောင်ရွက်ခဲ့သည်။

## ၁၄။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား အထောက်အကူပြု စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီမှာ ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အသစ်ထပ်မံဖွဲ့စည်းသော လုပ်ငန်း ကော်မတီဖြစ်သည်။ ဥက္ကဋ္ဌမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အတွင်းရေးမှူး ဦးကျော်ဝင်းဖြစ်ပြီး အတွင်းရေးမှူးမှာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ ဖြစ်သည်။

ထိုလုပ်ငန်းကော်မတီသည် ဆပ်ကော်မတီ (၃) ခုကို ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ထိုဆပ်ကော်မတီများမှာ–

၁။ ပန်းဥယျာဉ်တည်ဆောက်ရေး ဆပ်ကော်မတီ၊

၂။ ပန်းဥယျာဉ်စိုက်ပျိုးရေး ဆပ်ကော်မတီ၊

၃။ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ထိုဆပ်ကော်မတီများသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါသည်။ မြေပြုပြင်ခြင်း၊ မြက်ခင်းများဖြည့်စွက်စိုက်ပျိုးခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ရေမြောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကို ခမ်းနားထည်ဝါသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များကို ချမှတ်ပြီး ဆောင်ရွက်အားထုတ်နေချိန်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို ကြိုဆိုသောအားဖြင့် လက်ရှိကျောင်းသားဆောင်များဖြစ်သည့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ သထုံ၊ ရွှေဘို၊ ဒဂုံဆောင်များ၊ လက်ရှိကျောင်းသူဆောင်များဖြစ်သည့် အင်းလျား၊ ရတနာ၊ မာလာ၊ သီရိဆောင်များတွင် နေထိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများတို့၏ တွေ့ဆုံပွဲများ၊ ယခုစာသင်ဆောင် များ၊ ဌာနများဖြစ်ပြီး ယခင်ကကျောင်းသားဆောင်များ ဖြစ်ခဲ့သည့် မန္တလေး၊ တောင်ငူ၊ အမရ၊ ရာမညဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများတို့၏ တွေ့ဆုံပွဲများကို ၁၉၉၅ ခုနှစ်၊ ဇွန်လမှစတင်၍ ပြုလုပ်ခဲ့သည်။

ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ၏ ရလဒ်များအဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို အထိမ်းအမှတ် သစ်ပင်များစိုက်ပွဲ၊ အတွေ့အကြုံမျှဝေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲ၊ မိတ်ဆုံညစာစားပွဲ၊ အလှူငွေပေးအပ်ပွဲ၊ ဓာတ်ပုံပြပွဲများ ပေါ်ထွန်းလာသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ သက်သာချောင်ချိရေး ကိစ္စအဝဝတွင် အစဉ်အဆက် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ငွေပဒေသာပင် စိုက်ထူပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြသည်။

## နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပညာရပ်ပေါင်းစုံတို့မှ မြန်မာပညာရှင်ဆရာ၊ ဆရာမများက သုတေသနစာတမ်းများ ရေးသားဖတ်ကြားသည့်အပြင် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မှ (၁၇) ရက်ထိ နိုင်ငံခြားမှဖိတ်ကြားထားသော သုတေသီများနှင့် မြန်မာပညာရှင်အချို့ပူးပေါင်းပြီး စာတမ်းဖတ်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် တည်ထောင်ချိန်မှစ၍ ပညာရပ်အသီးသီးတွင် ဆရာ၊ ဆရာမများ ကျောင်းသူကျောင်းသားများက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို စာတမ်းရေးသား တင်ပြဆွေးနွေးကြသည်မှာ တက္ကသိုလ်အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါသည်။ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် မြန်မာ အင်္ဂလိပ်နှစ်ဘာသာဖြင့် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့ရာ နိုင်ငံတကာတွင် ပညာရှင်များအသုံးပြုကိုးကားရသော ပညာရပ်ဂျာနယ်တစ်စောင် ဖြစ်ခဲ့သည်။

ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်သော နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ရန်ကုန်တက္ကသိုလ်တွင် မကျင်းပနိုင်သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး ယခုစိန်ရတုအထိမ်းအမှတ်အချိန်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်၍ နိုင်ငံခြားမှ ပညာရှင်အတော်များများက လာရောက်ပြီး သုတေသနစာတမ်းများ တင်ပြဖတ်ပြခြင်း၊ ပညာရှင်အချို့က ဆွေးနွေးပွဲတွင် မြန်မာသုတေသီများနှင့်အတူ စိတ်ဝင်စားစွာ ပညာဖလှယ် ဆွေးနွေးကြခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

စာတမ်းဖတ်ပွဲကို (၃) ရက် ကျင်းပခဲ့ရာ စုစုပေါင်း သုတေသနစာတမ်း (၂၁) စောင် တင်ပြဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံခြားမှ လာရောက်သည့်ပညာရှင်များမှာ ယူကေနိုင်ငံမှ (၃) ဦး၊ အမေရိကန်ပြည်ထောင်စုမှ (၂) ဦး၊ ပြင်သစ်မှ (၄) ဦး၊ ဂျာမနီမှ (၂) ဦး၊ သြစတြေးလျမှ (၉) ဦး၊ အိန္ဒိယမှ

(၁) ဦး၊ ထိုင်းနိုင်ငံမှ (၁၆) ဦး၊ ဂျပန်မှ (၄) ဦး နှင့် စင်္ကာပူမှ (၂) ဦး စုစုပေါင်း (၄၃) ဦး ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်းမှ ဖိတ်ကြားထားသော ဝါရင့်တက္ကသိုလ် ဆရာဆရာမကြီးများ၊ သုတေသီများ စုစုပေါင်း (၃၆) ဦးလည်း တက်ရောက်ကြ၍ စာတမ်းဖတ်ပွဲတွင် ပြည်တွင်းပြည်ပ ပညာရှင်စုစုပေါင်း (၇၉) ဦး ပါဝင်ခဲ့သည်။

တင်ပြဖတ်ကြားသော စာတမ်းများတွင် တန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ်ရှိသော မြန်မာသမိုင်း၊ စာပေ၊ ဘာသာစကားနှင့် ဗုဒ္ဓသာသနာဆိုင်ရာစာတမ်းများ ပါဝင်သည်။ ဖတ်ကြားသောစာတမ်းများကို သုတေသီများအသုံးပြုနိုင်စေရေးအတွက် သုတေသနဂျာနယ်တွင် စုပေါင်းပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်း၊ သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် ရှေးဟောင်းစာပေများ ကာကွယ်ထိန်းသိမ်းရန် ဆွေးနွေးပွဲကျင်းပခြင်းတို့သည် ရန်ကုန်တက္ကသိုလ်အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။

## အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြိုလုပ်ငန်းတစ်ရပ်အဖြစ် ရန်ကုန်တက္ကသိုလ်ပင်မနယ်မြေမှ ဘွဲ့နှင်းသဘင်ခန်းမကြီး၊ စာသင်ခန်းများ၊ ယောကျ်ားလေး၊ မိန်းကလေးဆောင်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံအားလုံးကို တက္ကသိုလ်ကျောင်းပိတ်ချိန် ဖြစ်သည့် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အကြီးစား မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ဟောင်းနွမ်းယိုယွင်း ပျက်စီးနေသည့် ယောကျ်ားလေး၊ မိန်းကလေးဆောင် ၁၅ ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ကြီး ( ၈ ) ဖွဲ့ကို အထူးတာဝန်ပေးကာ ရေလုံလောက်စွာ ရရှိရေး၊ ရေချိုးခန်း အိမ်သာများ အသစ်ကဲ့သို့ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ဆင်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ကြိုးအသစ်များ လဲလှယ်ပြီး မီးသီး၊ မီးချောင်းသစ်များတပ်ဆင်ခြင်း၊ ကျောက်ပြားသစ်များ ခင်းပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကျပ်ငွေပေါင်း သန်း(၂၃၆) သန်း ကုန်ကျခဲ့သည်။ ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေမှ အဆောက်အအုံများကို စစ်ပြီးစက တစ်ကြိမ်



**တက္ကသိုလ်စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော စာအုပ်များ**



**ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်လာ ဧည့်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်**

မွမ်းမံပြင်ဆင်ခဲ့သည်။ ယခုပြင်ဆင်ရာတွင် ၃ လအတွင်း အလုပ်သမား (၃၀၀၀) ကို အင်ဂျင်နီယာ (၂၂၀) က ကြီးကြပ်ပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မတိုင်မီ ဘွဲ့နှင်းသဘင်ခန်းမကြီးမှစ၍ အဆောင်များ၊ စာသင်ခန်းများနှင့် ပင်မနယ်မြေရှိ အဆောက်အအုံအားလုံးကို လှပတောက်ပြောင်နေအောင် ဆေးအသစ်ပြန်လည်သုတ်ပေးထားသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးသည် ကမာရွတ်နယ်မြေတွင် စစ်ကြိုခေတ်က စတင်ဖွင့်လှစ်ချိန်ကဲ့သို့ပင် သစ်လွင်ထည်ဝါခံ့ညားစွာ ဖြစ်ခဲ့ရသည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးတည်ဆောက်ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို အမြဲတမ်း မှတ်မှတ်ရရဖြစ်စေရန်နှင့် ကျောင်းသူကျောင်းသား ဆရာဆရာမများ အသုံးပြုနိုင် စေရန် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ အဆောက်အအုံကြီးကိုလည်း ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အုတ်မြစ်ချပေးခဲ့သည်။

ဤခေတ်မီခမ်းနားသော အဆောက်အအုံသစ်ကြီးသည် အလျားပေ ၁၈၀၊ အနံ ၁၅၆ပေ ကျယ်ဝန်းသော လေးထပ်အဆောက်အအုံကြီး ဖြစ်သည်။

စိန်ရတုသဘင်ခန်းမကြီး၏ မျက်နှာစာကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အပြီး တည်ဆောက်ခဲ့သည်။ ထိုနေ့၌ ပင် အထိမ်းအမှတ်ကမ္ပည်း မော်ကွန်းကျောက်စာကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးကို ကျပ်သန်းပေါင်း (၂၅၀) ကုန်ကျခံပြီး တစ်နှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်မည်ဟု သိရှိရသည်။ ကမာရွတ်မြို့နယ် ပြည်လမ်းမကြီးပေါ်တွင် ခံ့ခံ့ညားညား ထွက်ပေါ်လာသော စိန်ရတုခန်းမ အဆောက်အအုံကြီး၏ ဘေးပတ်ဝန်းကျင်တွင် စိန်ရတုဥယျာဉ်ပန်းခြံကြီးကိုလည်း ကျောင်းသားကျောင်းသူ ဆရာ ဆရာမများ အနားယူအပန်းဖြေနိုင်စေရန် စတင်တည်ဆောက်ထားပြီး ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပြုလုပ်ကျင်းပ

သည်။ ထိုဆွမ်းကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသောဘိတ အမှူးပြုသည့် ဆရာတော်သံဃာတော် (၇၅) ပါးတို့ ကြွရောက်တော်မူပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တခေမာစာရ ငါးပါးသီလချီးမြှင့်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဥက္ကဋ္ဌ၊ ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော် (၇၅) ပါးက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဆရာတော်နှင့်ဆရာ တော်သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း ပင်မဝင်ပေါက်ထိပ်၌ ရန်ကုန်တက္ကသိုလ်မုခ်ဦး ဆိုင်းဘုတ်သစ်ဖွင့်ပွဲကျင်းပရာ ထိုအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ်ပင်မမုခ်ဦး ဆိုင်းဘုတ်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲ

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းတင်အခမ်းအနားကို နံနက် ၉ နာရီတွင် ပြုလုပ်ကျင်းပရာ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီးနောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲကို ပြုလုပ်ကျင်းပခဲ့သည်။ အတွင်းရေးမှူး(၁)က မိန့်ခွန်းပြောကြားပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က " ရန်ကုန်တက္ကသိုလ် နှစ်ဆယ့်ငါးနှစ်ခရီး အစီရင်ခံစာ" ကို တင်သွင်းသည်။

## အောင်မြင်ခမ်းနားသောရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်





၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(ပင်မ) နယ်မြေ၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ပရဝုဏ်၌ ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားတက္ကသိုလ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန် တက္ကသိုလ်စိန်ရတုသဘင်ကျင်းပရေးဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ပြခန်းများကို ဖွင့်လှစ်ပေးသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ကျင်းပပြီး ပဒေသာကပွဲကျင်းပရေးဆပ်ကော်မတီက တင်ဆက်သော ပဒေသာကပွဲကြီးကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နေ့မှ ၄ ရက်နေ့အထိ နေ့စဉ်ည (၆:၃၀) နာရီမှ (၁၀:၀၀) နာရီအထိ တင်ဆက်ကပြသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်း အမှတ်အဖြစ် နေ့ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ "မြကျွန်းသာမဂ္ဂဇင်း"၊ ကျောင်းဆောင်ကျောင်းသားဟောင်းများနှင့်မျိုးဆက်သစ်များတို့၏ "တောင်ငူဆောင်မဂ္ဂဇင်း "၊ "ပဲခူးဆောင်မဂ္ဂဇင်း"၊ "မန္တလေးဆောင်မဂ္ဂဇင်း"၊ "အင်းလျားဆောင်(ရွှေစင်)မဂ္ဂဇင်း " များ ထုတ်ဝေခဲ့ကြသည်။ ဆက်လက်ထုတ်မည့် မဂ္ဂဇင်းများလည်း ရှိကြောင်း သိရသည်။

ဤသို့ဖြင့် အေးချမ်းသာယာသော ဂုဏ်သိက္ခာ ထည်ဝါမြင့်မားသောရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက်စိန်ရတုသဘင်အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အမိရန်ကုန်တက္ကသိုလ်ကြီးသည် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ ထိထိရောက်ရောက်အထောက်အကူပြုနိုင်သည့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များ၊ ပညာရှင်များပေါ်ထွန်းရေးကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး ဆက်လက်ပျိုးထောင်သွားမည် သာဖြစ်ပါသတည်း။ ။

ဦးသော်ကောင်း၊ ဦးဝင်းမွန်

# သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာအကူအညီ

သဘာဝဘေးအန္တရာယ် (ဝါ) ဘေးအန္တရာယ်ဆိုး (Natural Disaster) ဆိုသည်မှာ လူ၏ပယောဂကြောင့် မဟုတ်ဘဲ လူ၏သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်၊ ပင်လယ်နှင့်မိုးတို့ ရုတ်တရက်ဖြစ်စေ၊ တဖြည်းဖြည်းဖြစ်စေအကြီးအကျယ် ပြောင်းလဲပျက်စီး သွားသဖြင့် လူအများ ဒုက္ခရောက်ရ၊ သေကြေကြ၍ အသက်အိုးအိမ် စည်းစိမ် ပျက်စီးရခြင်းကို ခေါ်သည်။ ဥပမာ– ရေကြီးခြင်း၊ လေျှင်လှုပ်ခြင်း၊ တောင်ပြိုခြင်း၊ တောမီး လောင်ခြင်း၊ ဒီရေ တက်ခြင်း၊ မိုးသည်းထန်၍ရေလျှံခြင်းနှင့် မီးတောင် ပေါက်ကွဲခြင်း စသည်တို့ဖြစ်သည်။

အချို့သော ဘေးအန္တရာယ်ဆိုးများမှာမူ လူ၏ ပယောဂကြောင့် ဖြစ်ရသဖြင့် လူကြောင့်ဖြစ်သောဘေးအန္တရာယ်ဆိုးများ(Man-made Disasters)ဟုခေါ်၏။ ဥပမာ– စစ်မက်ဖြစ်ပွားခြင်း၊ လူနေရပ်ကွက်များပေါ် ဗုံးကြဲခြင်း၊ မြို့ရွာအိုးအိမ်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း စသည်တို့ဖြစ်သည်။ အဏုမြူဗုံးချခြင်းမှာမူ လူကြောင့် ဖြစ်သော ဘေးအန္တရာယ်ဆိုးများတွင်အဆိုးဆုံးဖြစ်၏။ လက်ရှိလူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးသည်သာမက သားစဉ်မြေးဆက် အဏုမြူရောင်ခြည်ဒဏ် ခံရ၍ဖြစ်၏။ ဥပမာ – ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့်နဂါးစကီးမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခြင်း၊ ယခင်ဆိုဗီယက်ရုရှားနိုင်ငံမှ ချာနိုဘယ်အဏုမြူစက်ရုံ (Chernobyl Nuclear Reactor ) ပေါက်ကွဲခြင်းမှာမူ လူကြောင့်ဖြစ်သည်ဟု ပြော၍ သဘာဝဘေးအန္တရာယ်ဆိုးဟူ၍လည်း ပြော၍ရ၏။ အကြောင်းမူ အဏုမြူရောင်ခြည်မှာ စက်ရုံမှ သူ့အလိုလိုစိမ့်ထွက်၍ ဥရောပတိုက်တစ်ခုလုံးသို့ လေ၊ ရေ၊ မြေတို့မှ တဖြည်းဖြည်း ပျံ့နှံ့သွားသောကြောင့် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်ပွားပြီဆိုလျှင် ယင်းဒေသ သို့မဟုတ် ယင်းနိုင်ငံရှိလူအများမှာ အတိဒုက္ခရောက်ကြရ၏။ အသက်ဆုံးရှုံးမှုများရှိသလို အသက်မသေသူများမှာလည်း ထိခိုက်ဒဏ်ရာရသူရ၊ ရောဂါဖြစ်သူဖြစ်၊ အစာရေစာငတ်မွတ်သူငတ်မွတ်နှင့် ဒုက္ခမျိုးစုံရောက်ကြရ၏။ နှစ်ရှည်လများဖြစ်ပွားပါက လူများမှာ အာဟာရချို့တဲ့၊ ကိုယ်ကာယမဖွံ့ဖြိုး၊ လူမျိုးဦးရေကျဆင်းလျော့ပါးကာလူမျိုးပင်တုံးနိုင်ပေသည်။ ဥပမာ– အမေရိကမှ အသားနီတိုင်းရင်းသားများ (Red Indians)၊ ဩစတေးလျတိုက်မှ မူလတိုင်းရင်းသားများ ( Aborigines) နှင့် မြန်မာနိုင်ငံမှ ပျူလူမျိုး၊ တရုန် (Tarong )လူမျိုး စသည်တို့ဖြစ်သည်။

သို့ဖြစ်၍ စတင်ဖြစ်သည်မှ ပြီးဆုံးသည်အထိ ကြာရှည်သောအချိန်ကိုလိုက်၍ သဘာဝဘေးအန္တရာယ်ဆိုးများကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားထား၏။

(၁) အချိန်တိုအတွင်းဖြစ်သော ဘေးအန္တရာယ်ဆိုး–

အချိန်ကာလ ၆–လလောက်သာ ကြာသော ဘေးဒုက္ခဖြစ်၏။ ဥပမာ– လေျှင်လှုပ်ခြင်း၊ မြေပြိုခြင်း။


(၂) မတိုမ ရှည်အ ချိန် ကာလ အတွင်း ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ အချိန်ကာလ ၆ လနှင့် တစ်နှစ်ကြား ကြာရှည်သော ဘေးဒုက္ခဆိုးများ ဖြစ်၏။ ဥပမာ–မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြို့ရွာအိုးအိမ်များ ရွှေ့ပြောင်းရခြင်း။

(၃) ရေရှည်ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ ပြီးဆုံးသည်အထိ တစ်နှစ်အထက်နှစ်ရှည်လများဘေးဒုက္ခဆိုးခံစားရခြင်းဖြစ်၏။ ဥပမာ–စစ်မက်ဖြစ်ပွားခြင်း၊ နိုင်ငံပျက်စီးခြင်း၊

ဤအတွက်ဒုတိယကမ္ဘာစစ်ကြောင့်ဥရောပနိုင်ငံများနှင့်အရှေ့တောင်အာရှနိုင်ငံများဘေးဒုက္ခဆိုးများကို ကြုံတွေ့ရသလို ဗီယက်နမ်စစ်ကြောင့် ဗီယက်နမ်နိုင်ငံမှာ ပြာပုံအတိ ဖြစ်ခဲ့ခြင်းတို့မှာသမိုင်းတွင်ရစ်၏။ ယခုကမ္ဘောဒီးယားနိုင်ငံနှင့် ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံစစ်မှာလည်း သိသာထင်ရှားသော ရေရှည်ဘေးအန္တရာယ်ဆိုးများဖြစ်၏။



၁၉၇၅ ခုနှစ်က မြေငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအလှအပများရှိရာ ပုဂံမြေ

## မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်ဆိုးများ

မြန်မာနိုင်ငံသည်ပထဝီဝင်အနေအထားအရအိန္ဒိယ တိုက်ငယ်နှင့်တရုတ်နိုင်ငံကြီးနှစ်ခုကြား၊ဘင်္ဂလားပင်လယ် အော်ထဲထိုးထွက်နေသောအင်ဒိုချိုင်းနားကျွန်းစွယ်၏အစိတ် အပိုင်းတစ်ခုဖြစ်ရာ ယင်းနိုင်ငံကြီးများတွင် ဖြစ်ပွား သော သဘာဝဘေးအန္တရာယ်ဆိုးများ၏ဒဏ်ကိုလည်း ခံရပြီး ဘင်္ဂလားပင်လယ်အော်ထဲကလာသောမုန်တိုင်းနှင့်ဒီရေတို့၏ ဒဏ်ကိုလည်းခံရပါသည်။ ဥပမာ–၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလက တိုက်ခတ်သော ဆိုက်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံတွင်လူငါးသိန်းသေဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူသုံးသိန်းသေဆုံးခဲ့ရာမြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်နယ်တို့၌လည်း ယင်းမုန်တိုင်းဒဏ်ကိုခံကြရ၍ အသက်အိုး အိမ်များစွာပျက်စီးခဲ့ပါသည်။ ထိုအတူ ၁၉၇၀ ပြည့်၊ ဇန်နဝါရီလက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ ငလျင် အကြီးအကျယ် လှုပ်ရာလူတစ်သောင်း ကျော် သေဆုံး ခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ရွာများမှာ ထိုငလျင် ဒဏ်ကို အဆစ်ခံခဲ့ကြ ရလေသည်။ ၁၉၇၅ခုနှစ်၊ ဇူလိုင်လ ၈ ရက်ကမူ ပုဂံငလျင်ကြောင့် ပုဂံရှိမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဘုရားပုထိုးအများ ပြေခဲ့ရလေ သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ဧရိယာအားဖြင့် ငယ်ပင်ငယ်သော်လည်း သဘာဝဘေးအန္တရာယ်ဆိုး များ နှင့်ကား မကင်းဟု ဆိုလိုရင်းဖြစ်ပေ၏။

မှန်ပါသည်။ ၁၉၇၉ ခုနှစ်တွင်ထုတ်ဝေသော ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာစာစောင်တစ်ခု၌ ဖော်ပြထားသည်မှာ လွန်ခဲ့သော ၁၅ နှစ်အတွင်း မြန်မာနိုင်ငံ၌သဘာဝဘေးအန္တရာယ်ပေါင်း ၅၈၇၈ ခု ကြုံတွေ့ခဲ့ရ၍ ၇၅ ရာခိုင်နှုန်းမှာမီးဘေးဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းမှာလေဘေးနှင့်ရေဘေးဖြစ် ၍ ကျန် ၅ ရာခိုင် နှုန်းမှာငလျင်ဒဏ်စသည်တို့ဖြစ်ကြောင်းဖတ်ရှုရပါသည်။ မီးဘေးမှာမြန်မာနိုင်ငံကိုနှစ်စဉ်ဒုက္ခပေးနေသောအန္တရာယ် ဆိုးကြီးဖြစ်၏။ မီးကြောင့်ဆုံးရှုံးမှုမှာတစ်နှစ်လျှင်သိန်း ၅၀၀ အထက်ရှိသည်ဟု ခန့်မှန်းကြပါသည်။ မုံရွာမီး၊ မန္တလေးမီး၊ မိတ္ထီလာမီးနှင့်ပဲခူးမီးတို့မှာမြို့လုံး ကျွတ်လို လောင်သောမီးကြီး များဖြစ်၍ သမိုင်းဝင်မီးများဖြစ်ပါသည်။

ရေဘေးမှာလည်းကြီးလှ၏။ ၁၉၃၉ ခုနှစ်ကမုံရွာ တစ်မြို့လုံးလိုရေလွှမ်းခံခဲ့ရပါသည်။ အင်္ဂလိပ် အစိုးရက မြို့ပတ်တာကာမပြီးမချင်း ဟင်္သာတမြို့မှာ နှစ်တိုင်း ရေလျှံခံခဲ့ရ၏။ ယခုတိုင်တာရိုးမရှိသေးသောဧရာဝတီမြစ်၊ ချင်းတွင်းနှင့်စစ်တောင်းမြစ်ကမ်းဘေးရှိ မြို့ရွာများမှာ မိုးရာသီ၌ အမြဲမြစ်ရေလျှံမှုဒဏ်ကိုခံကြရပါသည်။ ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်ရေဝတီမြစ်ရေလျှံရာ အမရပူရမြို့ရေလွှမ်းခံရသည်ဟု ဖတ်ရဖူး၏။ ထိုမြစ်ရေ တက်ခြင်းကိုကျစေရန်ဘိုးတော်ဘုရားက စားပြသော်လည်း ရေမကျ၍ အမတ်ကြီးဦးပေါ်ဦးမှာ ရေတက်သည်မှာ စားဒဏ်ကြောင့်ရောင်ရမ်းခြင်းဖြစ်ပါသည်ဟု လျှောက်ထား ကြောင်းသိရပါသည်။ သိပ္ပံနည်းမကျ၊ ရှေးဦးစဉ်လာ ရယ်စရာဝလေ့ဖြစ်ပါ၏။ ရေလျှံ ခြင်း ကြောင့် မြို့ရွာများ ပျက်စီးလျှင်ဆုံးရှုံးမှုမှာအလွန် များပါသည်။ ဥပမာ–၁၉၇၄ ခုနှစ်က မြစ်ရေလျှံခြင်းကြောင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်း နှင့် မြို့နယ် ၁၃၃ ခုတွင်လူ ၁၃ သိန်းကျော် ထိခိုက်၍ ၁၀၄ ဦးသေဆုံးခဲ့ကြောင်း၊ ကျွဲနွားကောင်ရေ ၄၀၇၃ ကောင်ပျက်စီးကြောင်း၊ စပါးသီးနှံ စိုက်ကေ ၉၃၄၃၃၆ ကေ ပျက်စီးကြောင်းသိရပါသည်။

မြန်မာနိုင်ငံမှာ မုန်တိုင်းဒဏ်ကိုအိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လောက်မခံရသော်လည်းတစ်ခါ တစ်ခါခံရပါက အလွန်ပင်အထိနာပါသည်။ ၁၉၇၅ ခုနှစ်က ဧရာဝတီတိုင်း မုန်တိုင်းဒဏ်ကြောင့် ၂၆ မြို့နယ်ရှိ ကျေးရွာ ပေါင်း ၇၈၉၀ ၊ အိမ်ထောင်စုပေါင်း ၁၃၂၉၂၇ ထိခိုက်၍ လူပေါင်း ၃၀၃ ဦးသေဆုံးခဲ့ရ၏။ ငွေကြေးပမာဏအားဖြင့် ၁၉ ကုဋေဖိုး ပျက်စီးခဲ့ပါသည်။

အထက်ပါအချက်များကိုကြည့်လျှင်မြန်မာနိုင်ငံ၌ ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ်ဆိုးများမှာ–

(၁) မီးဘေး
(၂) ရေဘေး
(၃) လေဘေး
(၄) မြေငလျင်ဘေး
(၅) မိုးခေါင်ရေရှား၍တော်မွတ်သည့်ဘေး
(၆) မြို့ရွာရွှေ့ပြောင်းပျက်စီးရခြင်းဘေး
(၇) စစ်မက်ဘေးနှင့်
(၈) အခြားသော ဘေးများဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများ၏ ကြောက်မက်ဖွယ်ကောင်းပုံ

သဘာဝဘေးအန္တရာယ်များမှာ မကြုံဖူးသူများ အဖို့ ကြောက်မက်ဖွယ်မရှိ၊ ကြုံဖူးသူများအဖို့မူ အလွန်ပင် ကြောက်ဖွယ်ကောင်းလှပါသည်။ ဤသို့ ကြောက်မက် ဖွယ်ကောင်းပုံကို အခြားရှည်ရှည်ဝေးဝေးကြည့်ရန် မလိုပါ။

ယခု ၁၉၉၅ ခုနှစ်အတွင်းလှုပ်ခဲ့သော ငလျင်ကြောင့် ဂျပန်နိုင်ငံ ကိုဘေးမြို့ကြီးမှာ မည်မျှပျက်စီး၍ သေကျေဆုံးရှုံးမှု ရှိပါသနည်း။ လူ ၄၈၀၀ ကျော်သေဆုံး၍ အမေရိကန် ဒေါ်လာ သန်းပေါင်းသုံးသောင်းကျော်ဖိုးမျှပျက်စီးခဲ့သည်ဟု သိရပါသည်။ ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၂၅ နှစ်အတွင်း လှုပ်ခဲ့သောငလျင်ကြီးများနှင့် လူသေကျေမှု၊ ပျက်စီးဆုံးရှုံးမှု မှာ အောက်ပါအတိုင်းဖြစ်၏။

| အမှတ်စဉ် | ခုနှစ် | ငလျင်လှုပ်ရာဒေသ | ငလျင်အား | လူသေမှု | ပျက်စီးမှုဒေါ်လာသန်း |
|---|---|---|---|---|---|
| ၁။ | ၁၉၉၅ | ကိုဘေး၊ ဂျပန် | ၇.၂ | ၄၈၀၀+ | ၃၀၀၀၀+ |
| ၂။ | ၁၉၉၄ | ကာလီဖိုးနီးယား၊ အမေရိကန် | ၆.၈ | ၆၁ | ၂၀၀၀၀ |
| ၃။ | ၁၉၉၃ | မဟာရဋ္ဌရ၊ အိန္ဒိယ | ၆.၄ | ၃၀၀၀၀ | ၂၈၀ |
| ၄။ | ၁၉၉၀ | လူဇုံ၊ ဖိလစ်ပိုင် | ၇.၇ | ၁၆၂၁ | ၂၀၀၀ |
| ၅။ | ၁၉၉၀ | အနောက်မြောက်အီရန် | ၇.၇ | ၄၀၀၀၀ | ၇၀၀၀ |
| ၆။ | ၁၉၈၉ | ဆန်ဖရန်စစ္စကို၊ အမေရိကန် | ၆.၉ | ၆၂ | ၆၀၀၀ |
| ၇။ | ၁၉၈၈ | အနောက်မြောက်အာမေနီးယား | ၆.၈ | ၅၅၀၀၀ | ၁၄၀၀၀ |
| ၈။ | ၁၉၈၅ | မက်စီကိုမြို့တော် | ၈.၁ | ၄၂၀၀ | ၄၀၀၀ |
| ၉။ | ၁၉၇၆ | တန်ရှန်၊တရုတ်နိုင်ငံ | ၈.၂ | ၂၄၂၀၀၀ | ၅၆၀၀ |
| ၁၀။ | ၁၉၇၀ | ပီရူးမြောက်ပိုင်း | ၇.၇ | ၆၆၇၉၄ | ၅၀၀ |

မြန်မာနိုင်ငံ၌ သက်ရှိမီးတောင်မရှိသော်လည်း ပုပ္ပားတောင်မှာ တစ်ခါက မီးတောင်တစ်ခုဖြစ်ခဲ့ဖူးကြောင်း သိရသည်။ သို့ဖြစ်၍ ဤသေနေသောမီးတောင်မှာ ပြန်ရှင်လာပါက ကြောက်စရာကောင်း၏။ အကြောင်းမူ ၁၉၉၁ ခုနှစ်အတွင်းက ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ သေနေသော မီးတောင်များ ပြန်လည်အသက်ဝင်၍ ချော်ရည်များ မှုတ်ထုတ်ရာ မြို့ရွာများပျက်စီးပြီး လူအသေအကျေရှိခဲ့သောကြောင့် ဖြစ်၏။ ရှေးခေါမခေတ်က ထရွိုင်းမြို့သည် မီးတောင်ပေါက်ကွဲမှုကြောင့် မြေအောက် ရောက်ခဲ့ရသည် မဟုတ်ပါလော။

စစ်ဘေးဒဏ်ကြောင့် မြို့ရွာများပျက်စီး၊ နိုင်ငံများ ကြေမွ၊ လူများသေဆုံးရသည်ကိုမူအထူး ပြောစရာ မလိုတော့ပေ။ မြန်မာနိုင်ငံမှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ဒဏ်ကိုအကြီးအကျယ်ခံရ၍ပြာပုံဘဝရောက်ခဲ့ရ၏။ ၁၉၄၈ ခုနှစ်မှယနေ့အထိပြည်တွင်းစစ်ဒဏ် ခံရသဖြင့်လည်းမြို့ရွာတွေပျက်၊ လူတွေသေ၊ စီးပွားရေး တိုးတက်မှု နှေးကွေးဖြစ်နေရလေသည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မြန်မာနိုင်ငံသည်လူပေါင်း သုံးသန်းသေ၍ ကျေးရွာပေါင်းသုံးသောင်းကျော် ပျက်စီးပြီး တန်ဖိုးအားဖြင့် ကျပ် ကုဋေပေါင်းငါးထောင်ကျော်ဖိုး ပျက်စီးခဲ့ရသည်ဟု ၁၉၅၅ ခုနှစ်လောက်က ထုတ်ပြန်သော စာတမ်းတစ်စောင်ကို ဖတ်ရဖူးပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများကို မည်သို့ရင်ဆိုင်မည်နည်း

မည်သည့်သဘာဝဘေးအန္တရာယ်ဖြစ်စေ၊မဖြစ်မီက ကြိုတင်ကာကွယ်နိုင်လျှင်အကောင်းဆုံးဖြစ်၏။ ကြိုတင် မကာကွယ်နိုင်ပါက ဖြစ်ပွားလျှင်အသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုနည်းပါးနိုင်သမျှနည်းပါး အောင် ပြုလုပ်ရန်နှင့် ဖြစ်ပြီးပါက မြို့ရွာနှင့်လူသူ ကျွဲနွားတိရစ္ဆာန်နှင့် စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကိုပြန်လည်ထူထောင်ပေးရန် အရေးကြီး၏။

မှန်၏။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ယေဘုယျပြော၍ ရမည် ထင်ပါသည်။

(၁) မီးဘေးကာကွယ်ရေးများ–


မီးမလောင်သောပစ္စည်းများဖြင့်တိုက်တာအိုးအိမ်များကိုစနစ်တကျတည်ဆောက်သင့်သလို မီးသတ်နှင့် ပြည်သူလူထုပူးပေါင်း၍ မီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၂) ရေဘေးကာကွယ်ရေး–

မြစ်ချောင်းအင်းအိုင်ဘေးများရှိ မြို့ရွာများကိုမြေမြင့် ရာတွင်တည်ထောင်၍ ရေတားသည့်တမံ၊ ကတုတ်နှင့် ရေလွှဲများဆောက်တည်ခြင်း၊ ရေကြီးသည့်အခါ ရေကင်းများလှည့်ခြင်း၊ မြို့ရွာထဲရေမဝင်အောင် ဆောင်ရွက်မှုအားလုံးကို ပြည်သူလူထုနှင့်အတူ တပ်မတော်အပါအဝင် မြို့ရွာစီမံရေး၊ အုပ်ချုပ်ရေးပိုင်းမှ ပူးပေါင်းဆောင်ရွက်ရန်။

(၃) လေဘေးကာကွယ်ရေး

မုန်တိုင်းကျတတ်သောရပ်ရွာများ၌ မုန်တိုင်းဒဏ်ခံကွန်ကရိ၊ သံတိုဖြင့် အဆောက်အအုံများကို



ရေရှည်သဘာဝအန္တရာယ်(စစ်ဒဏ်)ကြောင့် လူများ သေကျေပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ မြင်ကွင်း

ဆောက်လုပ်ခြင်းနှင့် ဒီရေတက်ရာအရပ်များ၌ ဒီရေမှ ဝေးရာနှင့် တက်ရေထက်မြင့်သည့်အရပ်များတွင် အိမ်နှင့်ကျွဲနွားတိရစ္ဆာန်များထားနိုင်အောင်စီစဉ်ခြင်း၊ မုန်တိုင်းဒဏ်ကို မိုးလေဝသဌာနနှင့်အခြားပြည်သူ့ဝန်ထမ်း ဌာနများမှကြိုတင်သတိပေးခြင်း၊ လိုအပ်ပါက ရွှေ့ပြောင်း ပေးခြင်းများ ဆောင်ရွက်ရန်။

(၄) မြေလျှောင်ဘေးကာကွယ်ရေး–

လျှောင် လှုပ်မလှုပ်ကို ကြိုတင်ခန့်မှန်းသတိပေးနိုင် အောင်ဆောင်ရွက်ရန်နှင့် လျှောင်လှုပ်လျှင် လျှောင်ဒဏ်ခံနိုင်သောအဆောက်အအုံများ ဆောက်လုပ်နေထိုင်ရန်၊ လျှောင်လှုပ်လျှင် လူများဘာလုပ် ရမည်၊ ဘယ်လိုနေရမည်ဆိုသည်ကို ကြိုတင်ပညာ ပေးထားရန်။

(၅) မြေပြိုသည့်ဘေးကာကွယ်ရေး–

လူနေမြို့ရွာများကို မြေပြိုတတ်သောနေရာများ၌ မတည်ထောင်ရန်နှင့် မြေပြိုခြင်းကိုကြိုတင်သိနိုင် အောင် ဆောင်ရွက်၍ သတိပေးရန်။

(၆) မီးတောင်ပေါက်ကွဲမှုဘေးဒဏ်ကာကွယ်ရေး–

လောလောဆယ်မြန်မာနိုင်ငံအတွက်မလိုပါ။ သို့သော်ပုပ္ပားတောင်ပြန်လည်အသက်ဝင်နိုင်၊ မဝင်နိုင် သိပ္ပံနည်းကျစူးစမ်းရန်။

(၇) စစ်မက်ဘေးဒဏ်ကာကွယ်ရေး–

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုပြီးဆုံးအောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ပြည်ပမည်သည့်နိုင်ငံနှင့်မျှစစ်မဖြစ်ရန်ဆောင်ရွက်ရပါမည်။ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ရပါမည်။ ပြည်သူလူထုအတွင်း စစ်သွေးစစ်မာန်မထကြွအောင် ပညာပေးဆောင်ရွက်ရန် လိုအပ်သလို အာဏာရှင်စနစ်နှင့်ဖက်ဆစ်စနစ်များ ပြန်လည် ခေါင်းမထောင်လာရန်လည်း ဆောင်ရွက်ရန်လို အပ်သည် ။

## သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာ၏ကဏ္ဍ

ဆေးပညာရှင်ဆရာဝန်များနှင့်အခြားကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုခု၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ကုသရေးများကို ဆောင်ရွက်ရန်လိုအပ်သလိုသဘာဝဘေးအန္တရာယ်များကိုတတ်နိုင်သလောက်ကြိုတင်ကာကွယ်ပညာပေးရန်လည်း အရေးကြီး၏။ သဘာဝဘေးအန္တရာယ်ကြောင့် အိုနာကျိုးကန်းမသန်မစွမ်းဖြစ်ရသူများကိုလည်း လူကောင်း လိုဖြစ်အောင်ပြန်လည်ပြုစုကုသ ပေးရန် လည်း တာဝန်ရှိပေသည်။ သို့ဖြစ်၍သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက် ၍ ဆေးပညာရှင်နှင့် ကျန်းမာရေး ဝန်ထမ်းများ၏ကဏ္ဍကို အောက်ပါအတိုင်းခွဲခြား၍ပြောနိုင်ပါသည်။

(၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

(၂) ဖြစ်ပွားချိန်တွင်ကယ်ဆယ်ကုသခြင်း

(၃) ဖြစ်ပွားပြီးနောက်ပြန်လည်ထူထောင်ခြင်း

### (၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

မီးဘေး၊ လေဘေး၊ ရေဘေးကာကွယ်ရန်အတွက် လိုအပ်သလို မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်ရောဂါကင်း၍ သန့်ရှင်းသောသုံးရေ ၊ သောက်ရေဖူလုံရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေး ကိုပညာပေး၍တစ်ဖုံ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်၍တစ်နည်းပြုလုပ်ကြရပါမည်။ ကာလဝမ်းရောဂါနှင့် အခြားကူးစက် ရောဂါများ ကာကွယ်ရေး အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ပတ်ဝန်းကျင် သန့်ရှင်းရေး တို့ကို ဆောင်ရွက်ရမည်ဖြစ်သလို လိုအပ်ပါက ကာကွယ်ဆေးများ ထိုးနှံပေးရမည်။ သဘာဝ အန္တရာယ်တကယ်ဖြစ်လာပါက အကူအညီကို အချိန်မီနှင့်အလုံအလောက်ရရန် အခြားအသင်း အပင်းများ ( ဥပမာ – ပြည်တွင်းကြက်ခြေနီ၊ နိုင်ငံတကာ ကြက်ခြေနီနှင့်ကမ္ဘာ့ကျန်းမာရေး အဖွဲ့) စသည်တို့နှင့် ဆက်သွယ်ထားရပါမည်။ ၎င်း အဖွဲ့အစည်းများထံမှ အကြံဉာဏ်လည်း ကြိုယူရန် လိုက ယူရပါမည်။

### (၂) ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသခြင်း

သဘာဝဘေးအန္တရာယ် ကျရောက်ချိန်၌ ထိခိုက်ဒဏ်ရာရသူများကို မကုသမီ အလိုအပ်ဆုံးအရာမှာ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိအောင် အားပေးခြင်း၊ နှစ်သိမ့်ခြင်းဖြစ်၏။ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ကပျာကယာ၊ ထိတ်လန့်နေလျှင် လူနာများနှင့် ရိုးရိုးလူ များမှာ ဆိုစရာမရှိတော့ပေ။ သို့ဖြစ်၍ ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသမှု၌ အောက်ပါတို့ အတိုင်း ဆောင်ရွက် အပ်သည်။



ပြင်သစ်နိုင်ငံ ပါရီမြို့ ရေလွှမ်းမိုးမှုခံရစဉ်

(က) ထိခိုက်ဒဏ်ရာရသူများကို အားပေးခြင်း၊
(ခ) တိုက်တာအပျက်အစီးများကြား၌ ပိတ်မိနေသူများကိုရှာဖွေထုတ်ယူ ကယ်ဆယ်ခြင်း
(ဂ) လူနာများကိုယ်တိုင်အသက်ရှင် နေထိုင်နိုင်အောင် မိမိဘာသာ ဆောင်ရွက်စေခြင်း၊
(ဃ) လူနာများကို ရှေးဦးစွာ ပြုစုကုသခြင်း၊
(င) ဆေးရုံတင်ရန် လိုအပ်သူများကို ဆေးရုံသို့ ပို့ဆောင်ခြင်း၊
(စ) ဆေးရုံ၌ လူနာများကို ဦးစားပေးအဆင့်ခွဲ၍ ခွဲစိတ်ကုသခြင်း၊

အထက်ပါအတိုင်း ဆောင်ရွက်ရန်အတွက် အရေးပေါ် ကျန်းမာရေးစီမံချက်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင် ဖွဲ့စည်းဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်တိုင်းအတွက် တာဝန်အတိအကျခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ရှင်းလင်းမှန်ကန်တိကျခြင်း ရှိရန်လည်း ဆောင်ရွက်ထားရပေမည်။

## (၃) ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်း

သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းချည်း ဆောင်ရွက်၍ မရပေ။ အစိုးရနှင့် အုပ်ချုပ်ရေး တာဝန်ခံများ၊ စီးပွားရေးပညာရှင်နှင့် မြို့ရွာစည်ပင် ရေးဌာနဝန်ထမ်းများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ပုံစံအားဖြင့် မြို့တစ်မြို့တွင် ငလျှင်လှုပ်၍တိုက်တာအိုးအိမ်များပြိုကျ၊ ဈေးများလုပ်ငန်းများပျက်၊ လယ်များပျက်စီးလျှင် ပထမလိုအပ်သည်မှာ အပျက်အစီးများကို အမြန်ရှင်းလင်းပစ်ရန် ဖြစ်၏။ ပြီးလျှင်လူများနေထိုင်ရန် အဆောက်အအုံများကိုပြန်လည်ဆောက်ပေးရမည်။ တိရစ္ဆာန်များထားရန်အတွက် နေရာနှင့် စားကျက်များလည်း တီထွင်ပေးရမည်ဖြစ်၏။ လယ်များကို ပြန်လည်ပြုပြင် ပေးရန် လိုသလို စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရန်လည်းလို၏။ ဤအတွက် ငွေကြေးအကူအညီ

လိုရာ အစိုးရဘဏ်နှင့် ကမ္ဘာ့ဘဏ်စသည်တို့က ငွေချေးပေးရန် (သို့မဟုတ်) ကူညီရန် အပ် လိုပေသည်။

ပြီးမှ ထိခိုက်ဒဏ်ရာရသူများအတွက် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကို ဆောင်ရွက်ပေးရမည်ဖြစ်၏။ မျက်မှန်နှင့် ခြေတု၊ လက်တုတပ်ပေးရန်၊ ကူးစက်ရောဂါမရရန် ကာကွယ်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရန် တို့ကိုလည်း ဆောင်ရွက် ပေးရန်လိုအပ်ပေသည်။ ဤအတွက် ရေတို၊ ရေရှည်ကျန်းမာရေး စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်ပေးရမည်ဖြစ်၏။

လုပ်ဆောင်အပ်သော ကျန်းမာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

### (က) ကူးစက်ရောဂါ ကာကွယ်ရေး

မသန့်ရှင်းသောရေ သောက်သုံးမှုကြောင့် ကာလဝမ်း နှင့် ဝမ်းဖောဝမ်းရောင်ရောဂါမျိုးစုံ ဖြစ်ပွားနိုင်သည်။ ခြင်ကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားနိုင်သည်။ လူဦးရေထူထပ်မှုနှင့် အစာအာဟာရချို့တဲ့မှုကြောင့် တီဘီရောဂါများ ပြန့်ပွားနိုင်သည်။ ယင်းတို့ကို လိုအပ်သလို ကာကွယ်ပေး၊ ကုသပေးရမည်။ ပညာပေးခြင်းကိုလည်း ပြုလုပ်ရမည်။ ဝဲရောဂါ၊ နှင်းခူရောဂါနှင့် အနာစက်စသော အရေပြားရောဂါများ ကာကွယ်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး ရရှိအောင် ဆောင်ရွက်အပ်သလို ကုသမှုကိုလည်း တစ်ပြိုင်နက်ပြုလုပ်ပေးရပေမည်။ ကလေးများအတွက် လိုအပ်သော ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ သူငယ်နာ အကြောသေ၊ ဗိုင်းရပ်(စ) အသည်းရောင်ရောဂါ စသည့် ကာကွယ်ဆေးများ ထိုးပေးရပါမည်။

ရေကြီးသောအရပ်များ၌ မြွေအန္တရာယ်ရှိရာ မြွေကာကွယ်ရေးနှင့် ကုသရေးကို ဆောင်ရွက်ပေးရမည် ဖြစ်၏။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နှစ်စဉ်ရေကြီးတတ်ပြီး မြွေများသည် အိမ်ခေါင်မိုးပေါ် ထိတက်လာကာလူများကို ကိုက်လေ့ရှိ၏။ သို့ဖြင့် လူအများ မြွေကိုက်၍ သေဆုံးကြရ၏။ ဤအချက်ကို ကယ်ဆယ်ရေးလုပ်သားနှင့် ကျန်းမာရေးဝန်ထမ်းများ သတိချပ်ကြရပါမည်။


### (ခ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေး

မုန်တိုင်းကျလျှင်ဖြစ်စေ၊ ရေကြီးလျှင်ဖြစ်စေ ရေတွင်းနှင့်ရေကန်ရှိ ရေများမှာ မသန့်ရှင်းတော့။ သို့ဖြစ်၍ သန့်ရှင်းသောသောက်သုံးရေ ကောင်းကောင်းရရန်လို၏။ ဤအတွက်အဝေးမှ ရေသယ်ပေးနိုင်သလို အနီးတွင်ရှိသောရေကို ပိုးသတ်ဆေးထည့်၍ ပေးရန်လို၏။ အလွယ်ဆုံးနည်းမှာ အရောင်ချွတ်ဆေး(Bleaching Powder)ကို ရေထဲတွင် အပုံ ၁ သန်းတွင် ၁ ပုံ ( One Part Per Million, 1 PPM ) ပါအောင် ထည့်ပေးရန် ဖြစ်၏။ ရေဂါလန် ၁၀၀၀ တွင် အရောင်ချွတ် ဆေးမှုန့် ၁ အောင်စထည့်ပါက ရပါသည်။ သောက်ရေအတွက်မူ သီးခြားလှောင်ရေ (Stock Solution ) ဖျော်၍ ရ၏။ လှောင်ရေ အဖြစ် ရေတစ်ပိုင့်တွင် ဆေးမှုန့် ဇွန်းကြီး ၂½ ဇွန်း (၃၀–ဂရမ်) ထည့်ဖျော် ပြီး ဤအရည် ကို ရေနှင့်စပ်၍ သောက် ရ၏။ ရေ ၁၀ ဂါလန်ကို လှောင်ရေဆေးရည် လက်ဖက်ရည် ဇွန်း ၁ ဇွန်း သာ ရောသောက်ရပါသည်။

အရောင်ချွတ်ဆေးမရှိသော အရပ်များ၌ ရေကို ကျိုချက်၍ သောက်စေရပါမည်။ အချို့သော နေရာများ၌ ပိုတက်စီယံပါမက်ဂနိတ် ( Potassium Permanganate ) ဆေးပြားများကို ရေမှာထည့်၍သုံးပါက ရပါသည်။ အခြားပိုးသတ်ဆေးများလည်း ရှိပါသည်။

### (ဂ) ပတ်ဝန်းကျင် သန့်ရှင်းရေး

သဘာဝဘေးအန္တရာယ်ခံရသော အရပ်များ၌ လူသေ၊ ခွေးသေစသော အသေကောင်များကိုကောင်းစွာမြှုပ်နှံ သို့မဟုတ် မီးရှို့ ပစ်ရန်လိုအပ်သကဲ့သို့ အညစ်အကြေး စွန့်ရန်အတွက် ယင်လုံအိမ်သာများလည်း လိုအပ်၏။ အစားအစာများကို ယင်မအုံ ရန်နှင့် စားကြွင်းစားကျန်များကို ယင်နှင့်ကြွက်များမစား စေရန်လည်း ဆောင်ရွက်ပေးရမည်။ လူဦးရေ



မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်နှင့် ပြာပူထဲ၌ သေဆုံးသွားသော သတ္တဝါများ၏ အရိုးစုများကို သိပ္ပံပညာရှင်များ လေ့လာနေပုံ

သိပ်များပါက ကျင်းအိမ်သာ များကို ယာယီ အသုံးပြုနိုင်ရန် ပြုလုပ်ပေးနိုင် ပါ၏။

## (ဃ) အာဟာရပြည့်ဝသော အစာရရှိရေး

သဘာဝဘေးအန္တရာယ် ခံစားရသော လူများကို အသက်ရှင်စေရန်နှင့် ရောဂါ မဖြစ်စေရန်အတွက် အာဟာရပြည့်ဝသော၊ သန့်ရှင်းသော အာဟာရများရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်၏။ တစ်ဦးချင်းတစ်ရက်အတွက်လိုအပ်ချက်မှာအောက်ပါ အတိုင်း ဖြစ်၏။

### (၁) အပူချိန်ကယ်လိုရီ

၁ မှ ၁၅ နှစ် -----၁၅၀၀ ကယ်လိုရီ
၁၅ မှ ၄၀ နှစ်-----၂၀၀၀ ကယ်လိုရီ
အသက် ၄၀ အထက်–၁၅၀၀ ကယ်လိုရီ
အထက်ပါကယ်လိုရီကို အဆီမှ ၄ ပုံ ၁ ပုံ၊ အသားမှ ၆ ပုံ ၁ ပုံနှင့် ကစီ (ဝါ) ကာဗိုဟိုက်ဒရိတ်မှ ကျန်ကယ်လိုရီများ ရရမည်ဖြစ်၏။

### (၂) အသားဓာတ်

ဘေးအန္တရာယ်ခံရသူများမှာအသားဓာတ် အထူးလိုအပ်၏။ နွားနို့၊ ဟင်းသီးဟင်းရွက်နှင့်ကြက်ဥတို့မှရနိုင်သလို အခြား အမဲသား၊ ငါးများမှ ရအောင်လည်းဆောင်ရွက်ပေးရမည်။ အနည်းဆုံးလူတစ်ယောက်သည်တစ်နေ့လျှင် အသားဓာတ် ၃ ကျပ်သား ခန့် စားနိုင်ရမည်။ ဖြစ်နိုင်ပါက ၆ ကျပ်သားစားရမည်။

### (၃) ဗိုက်တာမင် လိုအပ်သူ

ဘေးအန္တရာယ် ထိခိုက်သူများသည် အခြားသူများလိုပင် ဗိုက်တာမင် အလုံအလောက်ရရန် လိုအပ်၏။ အထူးသဖြင့်ဗိုက်တာ မင်ဘီကွန် ပလက်နှင့် ဗိုက်တာမင်စီများ လိုအပ်၏။ ဤသည်ကိုဗိုက်တာမင် ဆေးပြားများ အဖြစ်ဖြစ်စေ၊ သစ်သီး ဝလံများမှဖြစ်စေ ပေးနိုင်၏။ ကလေးများမှာ ဗိုက်တာမင် အေ နှင့်ဒီ ပိုလိုအပ် ၏။ ဆေးပြားအဖြစ် လည်းကောင်း၊ ငါးကြီးဆီ အဖြစ်လည်းကောင်း ပေးနိုင်ပေသည်။

(၄) ထင်းနှင့် လောင်စာဆီ လိုအပ်မှု

အစားအစာများကို ချက်ပြုတ်စားရန် အတွက် ထင်းနှင့်လောင်စာဆီများ လိုအပ်၏။ အိမ်ထောင်စုတစ်စုသည် တစ်ပတ်လျှင် ထင်း ၃၅ ကီလိုဂရမ် သို့မဟုတ် မီးသွေး ၂၃ ကီလိုဂရမ် သို့မဟုတ် ရေနံဆီ ၅ လီတာ (၆ ဂါလန်ခွဲ) လိုအပ်၏။

(၅) အခြား လိုအပ်ချက်များ

နွေးထွေးစွာ နေနိုင်ရန် အဝတ်အစားနှင့် ခြေအိတ်၊ လက်အိတ်၊ ဖိနပ်များ လိုအပ်သလို စောင်၊ ခြင်ထောင်စသည်တို့လည်း လိုအပ်၏။

## နိုင်ငံတကာအကူအညီနှင့် မိမိဘာသာအားကိုးမှု

(၁) တရုတ်ပြည်၊ ရှန်ဇီပြည်နယ် (Shanxi) ရှိ ရန်ပေခရိုင်နယ် (Yanbei Prefecture) သည် ၁၉၈၉ ခု၊ အောက်တိုဘာလ ၁၈ ရက်က ၅.၇ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ခံရ၍ အဆောက်အအုံ ၃၀၀၀၀ ပြိုကျ၍ အိုးအိမ်ပေါင်း ၁၇၀၀၀၀ ကျော် ပျက်စီးခဲ့၏။ လူ ၁၇ ယောက်သေပြီး ကျွဲနွား ၁၁၀၀၀ ပျက်စီးခဲ့၏။ လူ ၁၄၅ ယောက် ဒဏ်ရာရကာ လူဦးရေ ၁၂၀၀၀၀ အိုးအိမ်မဲ့ ဖြစ်ခဲ့၏။ နောက်တစ်နှစ်ကျော်အကြာ ၁၉၉၁ ခု၌ မိသားစုတိုင်း အိမ်သို့မဟုတ် အိမ်ခန်းပိုင် ဖြစ်လာ၏။ စက်ရုံ ၂၀ နှင့် အုတ်ဖုတ်စက် ၁၇ ခု အသစ်တည်ဆောက်ပေး၍ လူတိုင်း အလုပ်ရကြ၏။ အများပြည်သူ အသုံးပြုရန် အိမ်ပေါင်း ၃၉၀၀၀ လုံး ပြင်ဆင်တည်ဆောက်ပေးပြီး ပြည်သူပိုင် အဆောက်အအုံ ၂၂၀၀ ကိုလည်း ဆောက်လုပ် ပေးခဲ့၏။ ကျောင်း၊ တံတားနှင့်လမ်း များကိုလည်း အသစ်ဆောက်ပေးခဲ့၏။ ဤသို့ပြုလုပ်ပေးနိုင်သည်မှာ အခြားကြောင့်မဟုတ်။ တရုတ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့၏ ကူညီပံ့ပိုးမှုကြောင့် ဖြစ်ပေ၏။

(၂) ၁၉၉၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်၍ ရေကြီးရာ လခြမ်းနီအသင်း (Red Crescent) က ဌာနေလူ ၃၀၀၀၀ ကို စည်းရုံး၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့၏။ ယခင်တစ်ခါက ထိုသို့ ဆိုင်ကလုံးမုန်တိုင်းမိ၍ ရေကြီးရာ လူ ၁၃၁၀၀၀ သေဆုံးခဲ့ရသည်။

(၃) ၁၉၉၃ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အပိုင် မဟာရဋ္ဌပြည်နယ်၌ ငလျင်လှုပ်ရာ လူများ (၂၀၀၀) ကျော် သေဆုံးခဲ့၏။ ဤအတွက် ကမ္ဘာ့ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အကူအညီပေးရန် ကမ်းလှမ်းခဲ့၏။ သို့သော် အိန္ဒိယအစိုးရသည် မိမိကိုယ်ကို မိမိအားကိုးကာ အိန္ဒိယတပ်မတော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ရန်တာဝန်ပေးခဲ့၏။ ဤတွင် တပ်မတော်သား ၈၀၀၀ သည် ရွက်ထည်တဲ ၁၂၀၀ ကိုဆောက်၊ ရွေ့လျားဆေးရုံ သုံးရုံကို တည်ထောင်ပေးပြီး၊ အလောင်း ၉၀၀၀ ကို ရှင်းပေးခဲ့၏။ ဒုက္ခခံရသူလူတစ်သိန်းကျော်ကို ကာလဝမ်းနှင့် တိုက်ဖွိုက်ရောဂါ ဖြစ်ပွားမှု ဘေးဒဏ်မှလည်း ကာကွယ်ပေးခဲ့သည်။

(၄) ယခု ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဂျပန်နိုင်ငံ၊ ကိုဘေးမြို့တွင် ဖြစ်ပွားသော ငလျင်လှုပ်မှုကြီး၌ တစ်မြို့လုံး ပျက်စီး၍ လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရာ ကမ္ဘာ့နိုင်ငံအများက ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့် အကူအညီပေးရန် ကမ်းလှမ်းစာများ ဂျပန်ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့၏။ သို့သော် ဂျပန်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာကိုသာ လက်ခံပြီး ငွေကြေးပစ္စည်း အကူအညီကို လက်မခံခဲ့ပေ။ ဂျပန်နိုင်ငံသည် မည်သည့် သဘာဝ ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်တွန်းလှန်နိုင်သည်ဟု ပြောကြားလေသည်။ ချီးကျူးထိုက်သော ဇာတိမာန်စကားပေတည်း။

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒေါက်တာဝမ်ဝင်ဗို (Dr . Weng Wenbo) သည် ၁၉၈၂ ခုမှ ၁၉၉၂ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ် များကို ကြိုတင်ဟောကိန်းထုတ်ခဲ့ရာ သူ့ဟောကိန်း ၂၅၂ ခုအနက် ၂၁၁ ခု (၈၇.၇၃ ရာခိုင်နှုန်း) မှာ မှန်ခဲ့၏။ သူ၏ မှန်ကန်သော ဟောကိန်းများအနက် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် လှုပ်ခဲ့သော ကာလီဖိုးနီးယား ငလျင်၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဖြစ်ခဲ့သော ဂျပန်နိုင်ငံရှိ ဟိုကိုင်ဒိုငလျင် နှင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဖြစ်ပွား သောဂျပန်နိုင်ငံ၊ ကိုဘေး ငလျင်တို့ ပါဝင်၏။ သူသည် ငလျင်အပြင်

ရေလျှံခြင်း၊ လူဦးရေတိုးခြင်း၊ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေခြင်း၊ အစာရေစာအထွက်နှုန်းနှင့် ကုန်စည်ရောင်းဝယ်မှုများ၊ ဆေးရုံတက်လူနာဦးရေ စသည်တို့ကိုပါ မှန်အောင်ဟောနိုင်ခဲ့၏။ ဗေဒင်နှင့် အခြားဂမ္ဘီရပညာများသုံး၍ ရမ်းတုတ်ခြင်းမဟုတ်၊ သဘာဝသိပ္ပံပညာရပ်များနှင့် လူမှုရေးသိပ္ပံပညာရပ်များကို စနစ်တကျလေ့လာသုံးသပ်၍ ပြောဟောခြင်းဖြစ်သည်။ သူကိုယ်တိုင်က လန်ဒန်တက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့(Ph. D. in Physics)ကို ၁၉၃၉ ခုနှစ်က ရရှိခဲ့သူဖြစ်၏။ ဝန်ကြီးချုပ် ချောင်အင်လိုင်း ရှိစဉ်ကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ရှေ့ဖြစ် အကြံပေးသိပ္ပံပညာရှင်(Adviser in Futurology)ဖြစ်ပေသည်။ သူသည် သူ့လို သိပ္ပံပညာရှင်ပေါင်းများစွာကို ပြည်တွင်းပြည်ပ၌ မွေးထုတ်ပေးခဲ့၏။ သို့သော် သူကား ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် ကွယ်လွန်ခဲ့၏။(The Fundamentals of Forecasting )စာအုပ်ကို ရေးသားထုတ်ဝေသွား၏။

## နိဂုံး

၁။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက လူအများအတွက် လိုအပ်သည်မှာ လုံခြုံစိတ်ချရသောအိပ်ရာနေရာရဖို့၊ အာဟာရပြည့်ဝသော အစာစားရဖို့နှင့် သောက်သုံးရေသန့်သန့်ရဖို့သည် အဓိကဖြစ်၏။ ဤအတွက် သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရပေမည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့်ကား အထက်ပါကိစ္စများတွင် ကူညီဆောင်ရွက်ရမည်ဖြစ်သလို ကူးစက်ရောဂါကာကွယ်ရေးကိုလည်း ဆောင်ရွက်ရမည်။ ဤအတွက် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးကို တစ်ပြိုင်နက် လုပ်ဆောင်ပေးရမည် ဖြစ်၏။

၂။ အစိုးရ သို့မဟုတ် နယ်မြေဒေသအုပ်ချုပ်သူများ သည် သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်သော အရပ်များ၌ ယင်းဘေးဒဏ်များ ကာကွယ် ရေးကို ပညာပေးဆောင်ရွက်ရန် လိုသလို ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာ ၆ လစာမျှ အပိုဆောင်း သိုလှောင်ထားသင့်သည်။ သို့မှသာ အရေး ပေါ်လာပါက လူအများ အစာငတ်မွတ်ခြင်းကို ကာကွယ်နိုင်ပေမည်။ ဤသို့ မပြုလုပ်သဖြင့် အီသီယိုပီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင်ငတ်မွတ်ခေါင်းပါးမှုဒဏ်ခံနေရသည်ကိုကြည့်ပါ။

၃။ အာဟာရချို့တဲ့ခြင်း စသော ရေရှည်ဘေး ဒဏ်ကြောင့် လူမျိုးတစ်မျိုးလုံး ကြုံလို့၍ အရပ်ပုလာခြင်းကို ပြန်လည်ကောင်းမွန်စေရန် လူတိုင်းကိုအာဟာရကောင်းကောင်းကျွေးနိုင်ရန် တာဝန်ရှိသူတို့ ကြိုးစားဆောင်ရွက်ပေးကြရမည်။ ဤအချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ကို အတိအကျ လိုက်နာဆောင်ရွက်ကြရပါမည်။


၄။ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ရန် အကူအညီရနိုင်သောဌာနနှင့် အဖွဲ့အစည်းများမှ အကူအညီများကို ရနိုင်သရွေ့ယူရပါမည်။ နိုင်ငံနှင့် လူမျိုးအား အထည်ကြီးပျက်ဖြစ်အောင်၊ သူတောင်းစားဖြစ်အောင်ကား ပြုလုပ်ရန် မဟုတ်ပါ။

၅။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုညှိနှိုင်းမှု အဖွဲ့အစည်း(Central Co-ordinating Body) သို့မဟုတ် လမ်းကြောင်း(Lines of Co-ordinating) ပြုလုပ်ထားရပါမည်။ လိုအပ်သလို ပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ သင်တန်းပေးခြင်း၊ လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

၆။ သဘာဝဘေးအန္တရာယ်ဖြစ်လျှင် လူအများ အထိတ်တလန့် မဖြစ်စေရန်၊ ရင်ဆိုင်တတ်ရန် ပညာပေး၊ လေ့ကျင့်ပေးရပါမည်။ ဆရာဝန်များက မိမိဘာသာ ကုသကာကွယ်နည်းနှင့် ရှေးဦးသူနာပြုနည်းများကို သင်ကြားပေးသလို စိတ်ပညာရှင်များက စိတ်ဓာတ်ကြံ့ခိုင်ရေး၊ တစ်ကိုယ်ကောင်း မဆန်ရေး၊ လူလူချင်း ညှာတာသနား၍ ပူးပေါင်းဆောင်ရွက်တတ်ရေးတို့ကို သင်ပေးရပါမည်။ တာဝန်ရှိသူများက စံနမူနာ ဖြစ်ရပါမည်။

၇။ လူတိုင်းငြိမ်းချမ်းရေးကို မြတ်နိုး၍ စစ်မက်ဖြစ်ပွားမှုကို ဆန့်ကျင်လာအောင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကျင့်စဉ်များတွင် လူတိုင်း ပါဝင်ယှဉ်ပါးနှစ်ခြိုက်လာအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရပါမည်။ ။

ဒေါက်တာ မောင်မောင်ညို



# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

ဒုတိယကမ္ဘာစစ်ကြီးပြီးစက နိုင်ငံအားလုံး၏ ငြိမ်းချမ်းစည်ပင်ရေးနှင့် ဆိုင်သော အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းခဲ့ ကြသည်။ ထိုအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သောကြောင့် ၁၉၉၅ ခုနှစ်တွင် သက်တမ်း နှစ်(၅၀)ရှိပြီဖြစ်သည်။ စတင်ဖွဲ့စည်းခဲ့သော မွေးနေ့မှာ အောက်တိုဘာလ ၂၄ ရက်နေ့ ဖြစ်သည်။ ထိုနေ့ကို ကမ္ဘာ့ ကုလသမဂ္ဂနေ့အဖြစ် အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပခဲ့ ကြသည်။

ယခုအခါ ထိုအဖွဲ့ကြီးတွင် အဖွဲ့ဝင်( ၁၈၅)နိုင်ငံရှိပြီ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည် နိုင်ငံ အားလုံးလိုလိုပင် ပါဝင် သည်။

## မြန်မာနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ခြင်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် သုံးလခန့်အကြာတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ ကုလသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ခွဲသာ ရှိသေးသည်။ အဖွဲ့ဝင်နိုင်ငံများမှာ (၅၇) နိုင်ငံမျှသာ ရှိသည်။ မြန်မာ နိုင်ငံ၏ ကုလသမဂ္ဂသို့ ဝင်ရောက်ခွင့်လျှောက်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က တညီတညွတ်တည်း ထောက်ခံချက်အရ ၁၉-၄-၄၈ ရက်နေ့တွင် (၅၈) နိုင်ငံမြောက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များနှင့် မူကြီးများကို ယုံကြည်သက်ဝင်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ကာကွယ်မြှင့်တင်ရန်၊ ကမ္ဘာ့လူသားထု၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်း စာနာထောက်ထားရေးနှင့် လူ့အခွင့်ရေးများဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်ခံစားရရှိရေးအတွက် ကမ္ဘာ့နိုင်ငံ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်၊

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

## ကုလသမဂ္ဂ အထွေထွေညီလာခံများသို့ တက်ရောက်ခြင်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီး များကို လိုက်နာကျင့်သုံးသည်ဖြစ်ရာ ကုလသမဂ္ဂ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အထွေထွေညီလာခံနှင့် အခြားအစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ(၄၆) ကြိမ်၊ (၄၇) ကြိမ်၊ (၄၈)ကြိမ်နှင့် (၄၉) ကြိမ်မြောက် အထွေထွေညီလာခံများ၌ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းများ တွင် နိုင်ငံတကာအရေးအခင်းများအပေါ် မြန်မာနိုင်ငံ၏ သဘောထားရပ်တည်မှုများကို ဖော်ပြခဲ့သည်သာမက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ မူဝါဒများ၊ လုပ်ငန်း အစီအစဉ်များကိုလည်း ကမ္ဘာက သိစေရန် ပြောကြားနိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် အထွေထွေညီလာခံ တွင် မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး ခေါင်းဆောင်၍ ကုလသမဂ္ဂ အခြေခံမူများအပေါ် ထပ်လောင်းအတည်ပြုရေး အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## ကုလသမဂ္ဂတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း

(က) **ကိုလိုနီစနစ် ပပျောက်ရေးကိစ္စ**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာ ချိန်မှစ၍ ကိုလိုနီလက်အောက်ခံများအဖြစ်

ဆက်လက်တည်ရှိနေသော နိုင်ငံများ လွတ်လပ်ရေး ရရှိစေရေးအတွက် ကိုလိုနီစနစ် ပပျောက်ရေးကိစ္စ များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စား လှယ်နှင့် ဒုတိယအမြဲတမ်းကိုယ်စားလှယ် တို့သည် အောက်ပါကော်မတီများတွင် ပါဝင်ဆောင်ရွက် ခဲ့ပါသည်။

(၁) အီရီထရီးယားနိုင်ငံဆိုင်ရာ ကော်မရှင် (၁၉၅၀)၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသော နယ်မြေများမှ သတင်းအချက်အလက်များ ကော်မတီ(၁၉၅၄–၅၅)၊

(၃) ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေများကောင်စီ (၁၉၅၆–၅၈ နှင့် ၁၉၅၉–၆၁)၊

(၄) ကွန်ဂိုစေ့စပ်ညှိနှိုင်းရေးကော်မရှင် (၁၉၆၁)၊

(၅) အနောက်တောင်အာဖရိကကော်မတီ (၁၉၆၁)၊

## (ခ) ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်ကိစ္စများ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့် အားလျော်စွာ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးထိန်းသိမ်း သည့် ကိစ္စများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင် ရွက်ခဲ့ပါသည်။ အောက်ပါ ငြိမ်းချမ်းရေး ထိန်းသိမ်း သည့် အပစ်အခတ်ရပ်စဲမှု ကြီးကြပ်သည့်အဖွဲ့များသို့ မြန်မာနိုင်ငံမှ လေ့လာသူများ၊ တပ်ဖွဲ့ဝင်များ စေလွှတ် ခဲ့ပါသည်–

(၁) ဒုတိယ ဗိုလ်မှူးကြီး လှမြင့် ဦးဆောင်သော အဖွဲ့ ဝင်(၄)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် လက် ဘနွန်နိုင်ငံတွင် ချထားသော ကုလသမဂ္ဂ အရေး ပေါ်တပ်ဖွဲ့၌ ၁၉၅၈ ခုနှစ်တွင် ပါဝင်ခဲ့ပါသည်။

(၂) ဒုတိယ ဗိုလ်မှူးကြီးရဲခေါင် ဦးဆောင်သော အဖွဲ့ ဝင် (၆) ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကွန်ဂို နိုင်ငံတွင် ချထားသော ကွန်ဂိုနိုင်ငံဆိုင်ရာ ကုလ သမဂ္ဂတပ်ဖွဲ့၌ ၁၉၆၀ ပြည့်နှစ်တွင် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

(၃) ဒုတိယ ဗိုလ်မှူးကြီး အောင်ကြူ ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကက်ရှ်မီးယားတွင်ချထားသော ကုလသမဂ္ဂ၏ အိန္ဒိယ– ပါကစ္စတန် စစ်လေ့လာရေးတပ်ဖွဲ့တွင် ၁၉၆၅ ခုနှစ်၌ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၄) ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်၊ ဒုတိယဗိုလ် မှူးကြီး စိန်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး အေးကျော်တို့အသီးသီးဦးဆောင်၍ အဖွဲ့ ဝင်(၆)ဦးစီ ပါဝင်သော တပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသတွင် ချထားသော ကုလသမဂ္ဂအပစ်အခတ်ရပ်စဲရေးကြီးကြပ်မှုအဖွဲ့ တွင် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အစဉ် လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များတွင် ပါဝင်ခြင်း မပြုသေးသော်လည်း ကုလသမဂ္ဂငြိမ်း ချမ်းရေးထိန်းသိမ်း သည့်တပ်ဖွဲ့များအတွက်ထည့်ဝင်ရသည့် အချိုးကျငွေ များ ကို အပြည့်အဝမပျက်မကွက် ထည့်ဝင်လျက်ရှိသည့်အပြင် ကုလသမဂ္ဂက မကြာမီက ဖွဲ့စည်းရန်စီစဉ်လျက်ရှိသည့် ကုလသမဂ္ဂအသင့်တပ်ဖွဲ့များတွင် လေ့လာရေးအဖွဲ့များ စေလွှတ်ပါဝင်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

## (ဂ) လက်နက် ဖျက်သိမ်းရေး ကိစ္စရပ်များ

မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ် ကတည်းက တက်ကြွစွာ ပါဝင်ခဲ့သည်။ လက်နက် ဖျက်သိမ်းရေး ကိစ္စရပ်များ၌ ထိရောက်မှန်ကန်ပြီး ခွဲခြားမှုမရှိသည့် မျှတစစ်မှန်သော အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အစဉ်တစိုက်ထောက်ခံသည်။ ဂျီနီဗာလက်နက် ဖျက်သိမ်းရေး ကွန်ဖရင့်၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်ပါဝင် တက်ရောက်ခဲ့သည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ ၁၉၉၃ ခုနှစ်၊ နှစ်စဉ်ညီလာခံတွင် နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေး ဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဓာတုလက်နက်များ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းနှင့် ဖျက်ဆီးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းသို့... 



ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရောင်စုံမီးများ ထွန်းညှိထားသော ကုလသမဂ္ဂ
ဌာနချုပ်အဆောက်အအုံနှင့် နယူးယောက်မြို့၏ ညရှုခင်း

ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော တာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ကနဦး လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက ၁၄–၁–၉၃ နေ့တွင် ပါရီမြို့၌ တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်းသော (၁၈)နိုင်ငံ လက်နက်ဖျက်သိမ်းရေးကော်မတီမှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခု (၃၉)နိုင်ငံ လက်နက်ဖျက်သိမ်းရေးညီလာခံအထိ ဆက်လက်ပါဝင်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## (ဃ) အခြားပါဝင် ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များတွင် သာမက အောက်ဖော်ပြပါကိစ္စများဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) စုပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ ၁/ (၁၉၅၀)၊
(၂) အချက်အလက်များဆိုင်ရာ ကော်မတီ ၂/(၁၉၅၂ – ၁၉၅၃)၊
(၃) အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင် ၃/(၁၉၅၂ – ၅၄)၊
(၄) ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မရှင် ၄/(၁၉၅၅)၊
(၅) ကုလသမဂ္ဂ မတည်ရင်းနှီးငွေ ဖွံ့ဖြိုးရေးရန်ပုံငွေ တည်ထောင်ရေး ကော်မတီ ၅/(၁၉၆၀)၊
(၆) နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ နိုင်ငံတကာဥပဒေ၏မူများဆိုင်ရာ ကော်မတီ ၆/(၁၉၆၄–၆၇)၊

### ကုလသမဂ္ဂ ကုန်ကျစရိတ် အချိုးကျ ထည့်ဝင်ခြင်း

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကျေပွန်ရမည့် တာဝန်ဝတ္တရားများအနက် အဓိကကျသော တာဝန်တစ်ခုဖြစ်သည့် ကုလသမဂ္ဂကုန်ကျစရိတ်အတွက် အချိုးကျထည့်ဝင်ရမည့်ငွေကို နှစ်စဉ်မပျက်မကွက် မှန်မှန် ထည့်ဝင်လျက် ရှိပါသည်။ ၁၉၉၅ ခုနှစ်အတွက် ထည့်ဝင်ပြီးဖြစ်သည့် အချိုးကျထည့်ဝင်ရမည့်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀၉,၂၇၀ ဖြစ်ပါသည်။

### ၁၉၄၉ ခုနှစ်၊ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် ပါဝင် ချုပ်ဆိုခြင်း

မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ်သင့်သူများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်း (၄)ခုတွင် ပါဝင်ချုပ်ဆိုခြင်းနှင့် နိုင်ငံတကာ လူလူချင်းစာနာထောက်ထားသည့် မူများကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း အတိအလင်းကြေညာသည့် အခမ်းအနားကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် မြန်မာနိုင်ငံက နောက်မှ ပါဝင်ချုပ်ဆိုကြောင်း စာချွန်လွှာကို ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့ရှိ ဆွစ်ဖယ်ဒရယ်ကောင်စီသို့ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပေးပို့ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် စတင်အကျိုးသက်ရောက်သည်။

### ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်တွင် မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

### မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးကြိုးပမ်း ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ၏ အဓိကအကျဆုံး ဖြစ်သော လူမှုရေးတာဝန်ကြီးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အပိုင်းတွင်လည်း ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အထူးအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များနှင့်အညီ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက်ရှိသည်။

၁၉၆၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော စာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် အတည်ပြု ချုပ်ဆိုခဲ့ သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်အဖြစ် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂ၏ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ စာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင်လည်းကောင်း ပါဝင်အတည်ပြု ချုပ်ဆိုခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်း နယူးယောက်မြို့ (၁၇) ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂအထူးအထွေထွေညီလာခံနှင့် လန်ဒန်မြို့ ကမ္ဘာ့ဝန်ကြီးအဆင့် ညီလာခံဆုံးဖြတ်ချက်များအတိုင်း နိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နိုင်ငံများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ နယ်စပ်မှဖြတ်ကျော်ဝင်ရောက်မှု တားဆီးနှိမ်နင်းရေး၊ နယ်နိမိတ်ဆက်စပ်လျက်ရှိသော ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေး ရည်ရွယ်ချက်များဖြင့် မြန်မာ–ထိုင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် မြန်မာ–တရုတ် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး



**တလူလူလွင့်နေသော ကုလသမဂ္ဂအလံတော်**

သဘောတူစာချုပ်များကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ–ထိုင်း–လော သုံးနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ဗန်ကောက်မြို့တွင် ၁၉၉၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လော သုံးနိုင်ငံ ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးတွင် ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဓိကအားဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးတိုက်ဖျက်ရေးအတွက် ခိုင်မာသော သန္နိဋ္ဌာန်များနှင့် တည်ကြည်သော အာမခံချက်တို့ကို အတည်ပြုခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများထုတ်လုပ် ဖြန့်ဖြူး ဝယ်ယူသုံးစွဲမှုများ လျော့ပါးရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသ ဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း သဘောတူညီခြင်းတို့ ပါဝင်သည်။

အရှေ့တောင်အာရှဒေသခွဲအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးစားပြုမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး

အစီအစဉ်ရုံးတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု လျှော့ချရေး၊ ကူးသန်းရောင်းဝယ်မှု တားမြစ်ရေးနှင့် ယင်းတို့နှင့်ဆက်နွှယ်နေသောကိစ္စရပ်များဆိုင်ရာ မြန်မာ–အိန္ဒိယအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားမြစ်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့(ရှ်) နှစ်နိုင်ငံ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ထို့အပြင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင် လက်မှတ်ရေးထိုးခဲ့သည့်အလျောက် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လျော်ညီစေရန် ရည်ရွယ်လျက် " ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ "ကို ဖျက်သိမ်း လိုက်ပြီး "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ" သစ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး တိုးတက်မြင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ရှေးရှုတည်ဆောက်လျက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။


မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်၏ လွတ်လပ်သော ကျွမ်းကျင်သူများ၊ အထူးအစီရင်ခံစာ တင်သွင်းသူများ၊ ကုလသမဂ္ဂ လူ့သားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ အကြီးအကဲ၊ ယင်း၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အများတို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို လက်ခံခဲ့သည်။

မြန်မာနိုင်ငံသည် ဩစတြီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၃ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတွင် အခြေခံ လူ့အခွင့်အရေးများ တိုးတက်ခံစား ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပြန်လည်စည်းလုံးသင့်မြတ်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာ ပါရှိချက်တွင် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးမှု အစီအစဉ်၊ တစ်ဘက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ များအားလက်ခံရာတွင် ကူညီဆောင်ရွက်ရေး၊ အထူးသဖြင့် ရေသန့်ရရှိရေး၊ ပညာရေး၊ ဿယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပါဝင်ကူညီဆောင်ရွက်ရေး ကိစ္စရပ်များ ပါဝင်သည်။ ယင်းကိစ္စရပ်များအားကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆက်သွယ်ရေးရုံးကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့် ပြုခဲ့သည်။

## မြန်မာနိုင်ငံက အထူးပြုအေဂျင်စီ များတွင် ပါဝင်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ အထူးပြုအေဂျင်စီများ အစီအစဉ်များတွင် ပါဝင်ကာ




**ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ စာသားအချို့ပါရှိသည့် ပိုစတာ**

သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိပါသည်–

(က) **အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO)။** ။အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့ချုပ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားပြည်သူများအတွက် လူမှုရေးတရားမျှတမှုကို ကာကွယ်မြှင့်တင်ရန် ဆောင်ရွက် ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၈–၄–၄၈ တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လေ့ကျင့်ပညာပေးရေး စသည်တို့ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) **စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)။** ။စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ကိစ္စများနှင့် ပတ်သက်၍ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ ထိုအဖွဲ့ကမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး မျိုးစေ့သုတေသန၊ ငါးမွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားဥယျာဉ်များ တည်ဆောက်ခြင်း၊ သီးနှံဖွံ့ဖြိုးရေး စသည့်ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)။** ။ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက် ကြခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်မှု ပိုမိုတိုးမြင့်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို


အထောက်အကူဖြစ်စေရန် ဤအဖွဲ့က ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော အမျိုးသားကော်မရှင်ကို ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေး၊ မော်ကွန်းထိန်းလုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာပစ္စည်းများ ပြုပြင်ထိန်းသိမ်းကာကွယ်ခြင်း စသည့် ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( W H O )။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးစနစ်များ တိုးတက်ကောင်းမွန်စေရန်၊ ကပ်ရောဂါများ၊ ကူးစက်ရောဂါများ ကုသတိုက်ဖျက်ရေး၊ ကျန်းမာရေး အသိပညာပေးရေး စသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁–၇–၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။ ယင်းအဖွဲ့သည် မြန်မာ နိုင်ငံ တွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်သူလူထုကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ကူးစက်ရောဂါနှင့် ကပ်ရောဂါများ ကုသတိုက်ဖျက်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စသည်တို့တွင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(င) **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)။** ။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံတကာ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာ ကုန်သွယ်မှု ချဲ့ထွင်ရေးနှင့် မျှတစွာတိုးတက်ကြီးထွားရေးစသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၅၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အဖွဲ့က နည်းပညာ အကူအညီများ ပေးပါသည်။ ထို့အပြင် ယင်းအဖွဲ့မှ ဖွင့်လှစ်ထားသော သင်တန်း ကျောင်းသို့ မြန်မာနိုင်ငံမှ သင်တန်းသားများကို ရွေးချယ် ခေါ်ယူလေ့ကျင့်ပေးပါသည်။ ယင်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ၏ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။

(စ) **ကမ္ဘာ့ဘဏ် ( WORLD BANK)။** ။ကမ္ဘာ့ဘဏ်သည် အဖွဲ့ဝင်နိုင်ငံများတွင် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးခြင်း၊ အကြံဉာဏ် ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကမ္ဘာ့ဘဏ် အုပ်စုတွင် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာ စီမံကိန်းအချို့အတွက် အတိုးမဲ့နှစ်ရှည်ချေးငွေအချို့ကို ထုတ်ချေးကာ သက်ဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဘဏ်၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးသို့မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းမှမူ မြန်မာနိုင်ငံအနေဖြင့် အကူအညီရယူခြင်း မရှိသေးပါ။

(ဆ) **အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ (ICAO)။** ။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း အန္တရာယ်ကင်းရှင်းစေရန်နှင့် ထိရောက်ထက်မြက်စေရန် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၈–၇–၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်း



**ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ခုတွင်**

အဖွဲ့သည် မြန်မာနိုင်ငံတွင် မိုးပြလေကြောင်း ဆက်သွယ်ရေးနှင့် ကြိုးမဲ့အချက်ပြဆက်သွယ်မှု ဖွံ့ဖြိုးရေး၊ မိုးပြလေကြောင်းထိန်းသိမ်းရေးကိရိယာ များခေတ်မီရေးနှင့်အားကောင်းရေး၊ လေ့ကျင့် သင်ကြားရေး၊ ဒုလေဆိပ်မွမ်းမံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(၈) **ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ( UPU )။** ။ကမ္ဘာ့စာပို့တိုက် သမဂ္ဂသည် ကမ္ဘာ့စာပို့လုပ်ငန်းတွင်နှုန်းထားများ သတ်မှတ်ခြင်းနှင့် စာပို့လုပ်ငန်း ခေတ်မီတိုးတက် စေရန်နှင့် သွက်လက်မြန်ဆန်စေရန် နည်းလမ်းများ တီထွင်ခြင်း၊ စည်းကမ်းများ သတ်မှတ် ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းသမဂ္ဂ သို့ ၁၄–၄–၄၉ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး မြန်မာ နိုင်ငံ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း အတွက် ကျွမ်းကျင်သူများ လေ့ကျင့်သင်တန်း ပေးခြင်းနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(၉) **အပြည်ပြည်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး သမဂ္ဂ (ITU)။** ။ဤအဖွဲ့အစည်းသည် ရေဒီယိုလှိုင်း များ ခွဲဝေပေးခြင်း၊ အသံလွှင့်ဌာနများ တစ်ခုနှင့် တစ်ခု အနှောင့်အယှက်မဖြစ်စေရန် ညှိနှိုင်းပေးခြင်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက် စေရန်ကူညီခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း စေရန် နည်းလမ်းများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည်ယင်းအဖွဲ့အစည်းသို့ ၁၉၃၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိလာသော အခါ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပါဝင်ခဲ့ ပါသည်။ယင်းအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ကြေးနန်းဆက်သွယ်ရေးကျွမ်းကျင်သူများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြေးနန်းဆက်သွယ်



ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ (စတုတ္ထတန်း လက်ဝဲအစွန်မှ ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီးမောင်အေးဖြစ်သည်)

ရေးစနစ်များ ခေတ်မီရေးကိစ္စများတွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ည) **ကမ္ဘာ့မိုးလေဝသအဖွဲ့ ( W M O )။** ။ကမ္ဘာ့မိုးလေဝသအဖွဲ့သည် ကမ္ဘာ့တစ်ဝန်းတွင် မိုးလေဝသ စောင့်ကြည့် အကဲခတ်ရေး စခန်းများ ဖွင့်လှစ်ထားရှိကာ မိုးလေဝသအခြေအနေ လေ့လာခန့်မှန်းခြင်း၊ ခန့်မှန်းတွေ့ရှိချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် မိုးလေဝသလေ့လာခန့်မှန်းခြင်းလုပ်ငန်း၊ မြစ်ရေကြီးခြင်း ကြိုတင်သတိပေးမှုလုပ်ငန်း၊မုန်တိုင်းအန္တရာယ်ကြိုတင်သတိပေးခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျွမ်းကျင်သူများက လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(ဋ) **အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးအဖွဲ့ (IMO)။** ။ဤအဖွဲ့အစည်းသည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေရန်နှင့် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းဝေးရေး၊ ရေကြောင်းလမ်းပြမှု ပိုမိုကျွမ်းကျင်ထိရောက်မှု ရှိရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးတို့ကို ဆောင် ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၆-၇-၅၁ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့မှ လက်စွဲစာအုပ်များ၊ ထုတ်ပြန်သောစည်းကမ်း၊ စည်းမျဉ်းများနှင့် သုတေသနစာတမ်းများကို မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိရာ မြန်မာနိုင်ငံတွင် သင့်တော်သလို အသုံးပြုလျက် ရှိပါသည်။

(ဌ) **လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD)။** ။ဤရန်ပုံငွေအဖွဲ့



သည် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ရေး၊ လယ်သမားများ ဝင်ငွေတိုးမြှင့်ရေး၊ စားနပ်ရိက္ခာဖြန့်ဝေသည့်စနစ် ပိုမိုကောင်းမွန်ရေး စသည့်ကိစ္စများအတွက် ငွေချေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းရန်ပုံငွေအဖွဲ့သို့ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဝင်ရောက်ခဲ့ပါသည်။

(၃) **အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ( IAEA )**။ ။အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စများအတွက် အသုံးပြုစေရန်၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ပါသည်။မြန်မာနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရေဒီယိုအိုင်စိုတုပ်များဖြင့် ဆေးဝါးကုသရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေရရှိရေးနှင့် စက်မှုလုပ်ငန်းများတွင် အသုံးချရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကျွမ်းကျင်သူများလည်း လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ၂-၁၂-၉၂ ရက်နေ့တွင် နျူကလီးယား မပြန့်ပွားရေး စာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ရာ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် သဘောတူညီချက်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင် အေဂျင်စီနှင့် ၂၀-၄-၉၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(၄) **အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် ( GATT )**။ ။အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက်သည်၁-၁-၄၈ ရက်နေ့ကစတင် အာဏာသက်ဝင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကိစ္စ များကို ထိန်းချုပ်သော သဘောတူညီချက်ဝင် နိုင်ငံအားလုံးက လိုက်နာရသည့် တစ်ခုတည်းသော စည်းကမ်း စည်းမျဉ်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ သဘောတူညီချက်သို့ ၂၉-၇-၄၈ ရက်နေ့က ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ဤသဘောတူညီချက်အရ ပြုလုပ်သော ဥရုဂွေးအကြို ဆွေးနွေးပွဲများမှ သဘောတူညီချက်အရ "ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ အစည်း" မှာ ပေါ်ပေါက်လာပြီဖြစ်ပြီး ၄င်းမှာ ၁-၁-၉၅ ရက်နေ့တွင် စတင်သက်ဝင်ပြီ ဖြစ်ပါသည်။

(၅) **ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ ( UNIDO)**။ ။ဤအဖွဲ့ အစည်းသည် အဖွဲ့ဝင်နိုင်ငံများသို့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများပေးခြင်းကို ဆောင်ရွက်ပါသည်။ ယင်းသည်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်နေသော စက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ အဖွဲ့သို့ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်၊ ဧပြီလတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

## ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။


(က) **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF )** ။ ။ဤအဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးများ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စများ အတွက် အကူအညီပေးသည့် ကိစ္စများကို ဆောင်ရွက်ပါသည်။ ယင်းရန်ပုံငွေ အဖွဲ့သည် မြန်မာနိုင်ငံတွင် ဌာနေ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားရှိပြီး ကလေးသူငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ မိခင်နို့ တိုက်ကျွေး ခြင်း၊ ခြောက်သွေ့ဒေသ များတွင် ရေရရှိရေး စီမံကိန်းစသည်တို့တွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

(ခ) **ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ ( UNCTAD )** ။ ။ဤညီလာခံသည် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ကျင့်သုံးသည့် လုပ်နည်းများနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာ ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လေ့လာသုံးသပ်ချက်နှင့် နိုင်ငံတကာ သဘောတူညီချက်များကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းညီလာခံ၏ အစည်းအဝေးများသို့ တက်ရောက်ကာ ဖြစ်ပေါ် တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာပြီး မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် လုပ်ထုံးလုပ်နည်း၊ မူဝါဒနှင့် သဘောတူညီချက်များကို လေ့လာသုံးသပ်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)** ။ ။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝအရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြင့်စေရန်နှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် အကူအညီများ ပေးပါသည်။ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ကဏ္ဍအများအပြား၌ အကောင်အထည် ဖော်လျက် ရှိသော စီမံကိန်းများ အတွက် ငွေကြေးနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ပေးပြီး မြန်မာနိုင်ငံသား ကျွမ်းကျင်သူများကို လေ့ကျင့်ပေးလျက် ရှိပါသည်။

(ဃ) **ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP)** ။ ။ ဤအစီအစဉ်သည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုတတ်ကျွမ်းမှု ပိုမို မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို နိုင်ငံအစိုးရများ သတိပြုမိစေရန်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအစီအစဉ်၏ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ယင်းအစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့နှင့် ပူးတွဲကာ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့လာမှုများ၊ ဆွေးနွေးပွဲများ၊ ပြုလုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်ကို ၁၄-၂-၉၀ ရက်နေ့က ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ မျိုးကွဲ ကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်းတို့ကိုလည်း ပါဝင်ခဲ့ပါသည်။

နှစ်(၅၀)ပြည့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုတီးခတ်သော သံစုံတီးဝိုင်း



(င) **ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် (UNDCP)** ။ ။ဤအစီအစဉ်သည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် အားလုံးကို ညှိနှိုင်းပေးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာ စုပေါင်းဆောင်ရွက်မှု ရရှိစေရန် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်း၌သာမက အိမ်နီးချင်း နိုင်ငံများနှင့် နှစ်နိုင်ငံချင်း သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တွင် ပါဝင်ကာ အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၅ ခုနှစ်က ဖွဲ့စည်းထားသော မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး ဗဟိုကော်မတီကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် တွင် ပြန်လည်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်သည် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး၊ ဒေသခွဲဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

## ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဤကော်မရှင်သည် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများအတွက် စီးပွားရေးနှင့် လူမှုရေးပြဿနာများကို သုတေသနလုပ်ကာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း စီးပွားရေးနှင့် လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြစေရန် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်းကော်မရှင်သည် မူလက အာရှနှင့်အရှေ့ဖျား ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် အမည်တွင်ခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် လက်ရှိအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သည် ၁၉၄၇ ခုနှစ်ကပင် အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သို့ပါဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် ကော်မရှင်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။


## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင်တို့တွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခံရခြင်း

နယူးယောက်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသော သံအမတ်ကြီး ဦးသန့်အား ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ဦးသန့်သည် ၁၉၇၁ ခုနှစ်အထိ ငါးနှစ်သက်တမ်း နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သည်။

အလားတူပင် အာရှနှင့်အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင်တွင် ဒုတိယအမှုဆောင် အတွင်းဝန်အဖြစ်ဆောင်ရွက်နေသော မြန်မာကိုယ်စားလှယ် ဦးညွန့်သည် ၁၉၅၉ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ် တင်မြှောက်ခန့်အပ်ခြင်းခံရပြီး ယင်းရာထူးတွင် ၁၉၇၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို ယုံကြည်လက်ခံလျက် ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် ရွှေရတုသဘင်ပွဲ ကျရောက်သော ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်၌ ဟောပြောပွဲများ၊ ကုလသမဂ္ဂနေ့ ပြပွဲများ၊ စာပေနှင့်စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပလျက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတစ်ခုအနေဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးစုပေါင်းဖန်တီးရေးအတွက် တာဝန်ကျေပွန်စွာပါဝင် ဆောင်ရွက်လျက် ရှိပေသည်။

မောင်ဆုရှင်


IN.
4 0 4 INS.

# ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း

ရှေးဟောင်းမြို့တော်များကိုပြန်လည်တူးဖော်ခြင်းသည် ရှေးဟောင်းယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်သည်။ " ယဉ်ကျေးမှုဟူသည်အတိတ်ကအမွေအနှစ်" ဟူသောစကားအရ အတိတ်ကအမွေအနှစ်များကိုပြန်လည် ဖော်ထုတ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

ရှည်လျားသောမြန်မာ့သမိုင်းကြောင်းတွင်အတိတ်ကာလကကြွင်းကျန်ရစ်သည့်ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းအမြောက်အမြားရှိပေသည်။ ရှေးဟောင်းအဆောက်အအုံ၊ အိုးအင်ခွက်ယောက်၊ ဆင်းတု၊ ရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးငွေခွက်၊ ကျောက်စာ၊ ပုတီးစေ့၊ ဓား၊ လှံ၊ လက်နက်၊ မြေဆေးတံ၊ ရွှေပေချပ်၊ ငွေပေချပ်၊ လက်ဝတ်ရတနာနှင့်လူ့အသုံးအဆောင်ပစ္စည်းများပါဝင်ပေသည်။ ပဋ္ဌလောဟာဖြင့်ပြုလုပ်ထားသည့် ဖားစည်ကြီးငယ်များသည်လည်းရှေးဟောင်းပစ္စည်းများတွင်အကျုံးဝင်ပေသည်။

ရှေးဟောင်းအဆောက်အအုံများကိုပြန်လည်တူးဖော်ခြင်းသည်ပြတ်လပ်နေသည့်သမိုင်းကွင်းဆက်အတွက်လိုအပ်သည့် အထောက်အထားကောင်းများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရှာဖွေခြင်းဖြစ်ပေသည်။ သမိုင်းနှင့်ပတ်သက် ၍ "သမိုင်းမတင်မီခေတ်"၊ "သမိုင်းအကြိုခေတ်"၊ " သမိုင်းတင်ခေတ်" ဟူ၍ ခေတ် ၃ မျိုးကို ပညာရှင်များက ပိုင်းခြားထားပါသည်။


နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည်လူနေမှုစနစ်နှင့်ပြည်သူတို့၏ကြီးပမ်းဆောင်ရွက်ချက်တို့ကိုအခြေခံကြောင်း၊ ယင်းတို့ကိုပြည့်ဝစုံလင်စွာဖော်ပြရန်လိုအပ်ကြောင်း သိရှိရပေသည်။ ပြည့်ဝစုံလင်သော မြန်မာနိုင်ငံ၏သမိုင်းကိုဖော်ထုတ်နိုင်ရန်အတွက်သမိုင်းမတင်မီခေတ်၊ သမိုင်းအကြိုခေတ်နှင့် သမိုင်းတင်ခေတ်တို့၏ယဉ်ကျေးမှုထွန်းကားပုံကို လေ့လာရန် လိုအပ်ပေသည်။

ပုဂံခေတ်မှမျက်မှောက်ခေတ်အထိသည် သမိုင်းတင်ခေတ်ဖြစ်ပြီးရာဇဝင်အထောက်အထားများလည်း အတော်အတင့်ရှိပြီးဖြစ်၍ ထိုခေတ်နှင့်ပတ်သက်၍ လေ့လာတူးဖော်ရန် မလိုအပ်သေးဟု သုတေသီများက ယူဆထားကြပေသည်။ သမိုင်းမတင်မီခေတ်မှာလည်း အလုံမ်းဝေးပြီး ကွင်းဆက်များ ပြတ်နေသေးသဖြင့် လေ့လာတူးဖော်ရန် လောလောဆယ် အခြေအနေတွင် မလိုအပ်သေးဟု ယူဆထားကြပေသည်။ ထို့ကြောင့် လိုအပ်နေသည့် ကွင်းဆက်များရရှိနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုကို ဦးစားပေးလေ့လာဖော်ထုတ်ရန် သက်ဆိုင်ရာများက စီစဉ်ဆောင်ရွက်ကြကြောင်း သိရပေသည်။

ထိုသို့ဖော်ထုတ်ရာ၌ (က) အစဉ်အလာသမိုင်းစကား (ခ) ကျောက်စာပေစာ မော်ကွန်းမှတ်တမ်းများနှင့် (ဂ) ရှေးဟောင်း ဝတ္ထုပစ္စည်းများကို မှီငြမ်းပြုကြရပေသည်။ ရှေးဟောင်းပစ္စည်းများစွာတို့သည် မြေပေါ်တွင်ကျန်ရှိနေသလို မြေအောက်တွင်လည်း ဖုံးလွှမ်းနေတတ်ပေသည်။

ရှေးဟောင်းမြို့ပြနိုင်ငံများ ရှေးဟောင်းပစ္စည်းများ ပျောက်ကွယ်တိမ်မြုပ်ပျက်စီးရခြင်းမှာ မီးဘေး၊ ရေဘေး၊ မြေငလျင်ဘေးတို့ကြောင့်လည်း ဖြစ်သည်။ မီးတောင်များပေါက်ကွဲ၍ ချော်ရည်၊ ချော်မှုန့်ပြာတို့ ဖုံးလွှမ်းခြင်းကြောင့်လည်းဖြစ်သည်။ စစ်မက်ဖြစ်ပွား၍ ဖျက်ဆီးခံရခြင်း၊ မီးရှို့ခံရခြင်းကြောင့်လည်းဖြစ်သည်။ ထို့အတူ ကပ်ဆိုက်ပြီး အစာရေစာရှားပါးမှုကြောင့် လူအများစွန့်လွှတ်ထွက်ခွာသွားကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ရှိစေ အဆောက်အအုံတို့သည် မြေကြီးအောက်သို့ လုံးဝနစ်မြုပ်ပျောက်ကွယ်သွားခြင်း မဟုတ်ပေ။ နှစ်ကာလကြာညောင်းသည့်အခါ အုတ်ကျိုးအုတ်ပဲ့နှင့် သဲ၊ ခဲများဖုံးပြီး တောင်ပို့ကဲ့သို့ ဖြစ်နေတတ်ပေသည်။ အချို့အဆောက်အအုံနှင့်ကုန်းများပေါ်၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေတတ်ပေသည်။

ထိုကဲ့သို့သော မြေအနေအထားမျိုးသည်မြန်မာနိုင်ငံအတွင်း၌ ရှိသင့်သလောက်ရှိသည်။ ထိုရေမြေအနေအထား ရာဇဝင်သမိုင်းအဆိုအမိန့်များနှင့်မြေပေါ်မှတွေ့ရှိရသည့်


ဘုရားမာ
နတ်ပေါက်
နဂါးတွန့်ပေါက်
မုတ်ရှည်ပေါက်
မော်ဇာဘူတာရုံ
ဘုရားထောင်
နန်းတော်ရာ
ရဟန္တာပေါက်
ရဟန္တာဂူဘုရား
ရဟန္တာကန်
ဘိလူးမပေါက်
လက်သည်းရေကန်
ဗိဿနိုးမိဖုရားသင်္ချိုင်း
လေးမျက်နှာဘုရား
ဘဲဘဲဘုရား
ဘောဘောကြီးဘုရား
ဗိဿနိုးမြို့
မြောက်
ပျူတိုက်
ပျူတိုက်
ပျူတိုက်

သရေခေတ္တရာမြို့ဟောင်းပုံ

ဝတ္ထုပစ္စည်းတို့ကိုထောက်ချင့်၍ ရှေးဟောင်းပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ အရပ်ဒေသများအဖြစ် ရှေးဟောင်းသုတေသနပညာရှင်များက ယူဆကြသည်။ ထိုယူဆချက်အရ ဗိဿနိုးတူးဖော်မှုလုပ်ငန်းကို ၁၉၅၈ – ၅၉ ခုနှစ်မှ ၁၉၆၂ – ၆၃ ခုနှစ်အထိ ၆ ကြိမ်တူးဖော်ခဲ့သည်။

## ဗိဿနိုးမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုးကို ၁၉၀၅ ခုနှစ်လောက်ကတစ်ကြိမ် စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံကမ္ဘည်းကျောက်စာဌာနကြီး၏ လက်အောက်ခံဌာနခွဲ အဆင့်မျှသာရှိပြီး ဝန်ထမ်း၊ ပစ္စည်းကိရိယာနှင့် ဘဏ္ဍာငွေများလည်း လုံလုံလောက်လောက်မရှိသေးပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အခါ ကမ္ဘည်းကျောက်စာဌာနသည် မြန်မာနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဌာနကြီးတစ်ရပ်အနေဖြင့် "ရှေးဟောင်းသုတေသနဦးစီးဌာန"ဟူ၍ ပြောင်းလဲလာခဲ့သည်။

ဗိဿနိုးတူးဖော်မှုသည် လွတ်လပ်ရေးခေတ်၌ ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော်စမ်းသပ်မှုမျိုးဟု ဆိုနိုင်ပေသည်။ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၀ မိုင်ကွာရှိ ကုက္ကိုခွရွာ၏မြောက်ဘက်၌တည်ရှိသည်။ ပဏာမကွင်းဆင်းလေ့လာမှုပြုလုပ်စဉ်က အရိုးအိုးအစအနများ၊ ပျူဒင်္ဂါးများ၊ အစင်းအခြစ်များပါသည့် အုတ်ချပ်ကြီးများ၊ မြေနှင့်ရောင်စုံကျောက်ပုတီးစေ့များကို တွေ့ရသဖြင့် ပျူယဉ်ကျေးမှုကို လေ့လာရန်အလားအလာ ကောင်းသည်ဟု ယူဆထားကြသည်။

သရေခေတ္တရာယဉ်ကျေးမှုနှင့် မည်သို့ဆက်စပ်သည်ကို လေ့လာနိုင်ရန်အတွက် အရိုးအိုး မြှုပ်နှံလေ့ရှိသော သင်္ချိုင်းကုန်းများ မြို့အရံအတား ဝင်ပေါက်နှင့် မြို့တွင်း မြို့ပြင်အဆောက်အအုံပုံစံများကို ၂၅ နေရာ၊ ၆ ကြိမ်ခွဲ၍ တူးဖော်ကြသည်။ တူးဖော်ရာ၌ အကွက်ရိုက်၍ တူးခြင်းနှင့် ကျင်းရှည်တူးခြင်း၂ မျိုးကို အလျဉ်းသင့်သလို အသုံးပြုကြသည်။ ထို့အပြင် မြေလွှာဆန်းစစ်မှုစနစ်ကိုလည်း လိုအပ်သလို အသုံးပြုကြသည်။ ခေတ်ကာလပိုင်းခြားရာ၌ မြေလွှာဆန်းစစ်မှုလုပ်ငန်းမှာ အဓိကနေရာမှ ပါဝင်နေပေသည်။

ထိုသို့ စနစ်တကျတူးဖော်သည့်အတွက် စေတီပုံ အုတ်မြို့ရိုး၊ နန်းတော်ကုန်း၊ မြို့ဝင်ပေါက်များ၊ လူနေအဆောက်အအုံများနှင့် ဘာသာရေးသို့မဟုတ် ထုံးတမ်းဆိုင်ရာအဆောက်အအုံများကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ အချို့အဆောက်အအုံ အပျက်အစီးများ အတွင်းမှ မြေအိုး၊ မြေခွက်၊ ပုတီးနှင့်မြေမီးဖုတ်ကိန္နရီ ရုပ်များ တွေ့ရသလို အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ ကြေးလက်ကောက်၊ ကြေးချူ၊ တံဆိပ်ထိုးထားသည့်ဖဲ့တုံး၊ ချွန်းစောင်းနှင့် စကြာပုံပါသည့် ကျောက်ပြားငယ်တို့ကိုလည်း တွေ့ရသည်။မြေထည်နှင့်ကျောက်ပစ္စည်းများအပြင် သတ္တုပစ္စည်းများ၊ အင်္ဂတေပစ္စည်းများ၊ လူရိုးနှင့်တိရစ္ဆာန်ရိုးများကိုလည်း တွေ့ရပေသည်။

ယင်းတို့ကို ထောက်ချင့်၍ သုတေသီများက ဗိဿနိုးတွင် ပျူယဉ်ကျေးမှုသည် အေဒီ ၁ ရာစုခန့်တွင် စတင်ထွန်းကားပြီး ၄ ရာစုနှင့် ၅ ရာစုခန့်တွင် ဗိဿနိုးမြို့ ပျက်စီးခဲ့သည်ဟု ယူဆကြသည်။ ဗိဿနိုးတွင် စာပေ မထွန်းကားသေး။ ဗြဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာ အငွေ့အသက်မျှသာ ရှိသေးသည့်အတွက် ဗုဒ္ဓသာသနာ မဖွံ့ဖြိုးသေး။ ထို့ကြောင့် ဆင်းတု၊ ရုပ်တုပုံဖော်ခြင်းမရှိ။ ရွှေပေ၊ ငွေပေများလည်းရေးထိုးခြင်းမရှိဟု ယူဆကြသည်။

လက်မှုအနုပညာရပ်များနှင့်ပတ်သက်၍ပစ္စည်း အချို့တွေ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ။ ထူးခြားသည့် ဓလေ့တစ်ခုမှာ အရိုးအိုး မြှုပ်နှံခြင်းပင် ဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပေးကြသည်။

## ဟန်လင်းကြီးမြို့ဟောင်း တူးဖော်ခြင်း

ပျူယဉ်ကျေးမှု၏ အပြန့်သဘောကို သိမြင်နိုင်ရန်အတွက် ဗိဿနိုးပြီးလျှင် ဟန်လင်းကြီးကိုဦးစားပေး တူးဖော်ရန် သုတေသီများက စီစဉ်ကြသည်။ ဟန်လင်းမြို့ဟောင်းကို (၁၉၀၅) ခုနှစ်က တစ်ကြိမ် ပဏာမကွင်းဆင်းလေ့လာ၍ စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ပျူဒင်္ဂါး ရှေးဟောင်းအုတ်ချပ်များနှင့် ပျူကျောက်စာတစ်ချပ်ရရှိခဲ့သည့်အတွက် ဟန်လင်းကြီးမြို့ဟောင်းတူးဖော်မှုကို ရှေးဟောင်းသုတေသန ဌာနက ၁၉၆၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နောက်ဆက်လက်၍ ၁၉၆၃ မှ ၁၉၆၆ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၆၆ မှ ၁၉၆၇ ခုနှစ်အထိ တစ်ကြိမ်၊ ပေါင်း ၃ ကြိမ်မျှ တူးဖော်ခဲ့ကြသည်။

ဟန်လင်းကြီး၏မြို့ရိုးသည် စတုဂံပုံဖြစ်ပြီး တောင်မြောက်အလျားပေ ( ၉၆၀၀ )နှင့် အရှေ့အနောက်အနံပေ

(၅၈၀၀ ) ခန့်ရှိသည်။ မြို့လယ်တွင် နန်းတော်ရာဟု ခေါ်သည့် စတုဂံအတွင်း အုတ်မြို့ရိုးတစ်ခုရှိသည်။ မြို့ရိုးမှာ အုတ်ကျိုးအုတ်ပဲ့များသာ ကျန်တော့သဖြင့် ထင်ထင်ရှားရှား မရှိပေ။ တူးဖော်ရာမှ မြေအိုးမြေခွက်အမျိုးမျိုး၊ အခြယ် အလှယ်ပါသည့်အိုးခြမ်းပဲ့အမျိုးမျိုး၊ ပုတီးနှင့် ရွှေဆွဲပြား အမျိုးမျိုး၊ အရိုးအိုးနှင့်သံလက်နက်၊ ကျောက်လက်နက် အမျိုးမျိုး၊ ဒင်္ဂါးအမျိုးမျိုးနှင့် ကြေးမုံပြင်အမျိုးမျိုးတို့ကို တွေ့ရသည်။

ဟန်လင်းတွင် ပျူတို့သည် ၃ ရာစုလောက်မှ စတင်နေထိုင်ကြပြီး ၄ ရာစုနှင့် ၉ ရာစုအကြားတွင် စည်ပင်ဖွံ့ဖြိုးခဲ့သည်ဟု ယူဆကြသည်။ ဗိသုကာပညာကို တတ်ကျွမ်းကြပြီး အဆောက်အအုံအမျိုးမျိုးဆောက်လုပ်နိုင် ကြကြောင်း၊ လယ်ယာထွန်ယက်၍ လက်မှုအနုပညာရပ် များ တတ်ကျွမ်းကြကြောင်း၊ ကာကွယ်ရေးတပ်များဖွဲ့၍ ဓား၊ လှံ၊ လေး၊ မြား လက်နက်များကိုလည်း လုပ်ကိုင်ခဲ့ကြ ကြောင်း သိရသည်။ အရိုးအိုးများမှအပ ဆင်းတု၊ ရုပ်တု တူးဖော်ရရှိခြင်း မရှိပေ။


## သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း


သုတေသီများကပျူယဉ်ကျေးမှုကို ဆက်လက် ခြေရာခံကြရာ သရေခေတ္တရာတွင် ပျူယဉ်ကျေးမှု အထောက်အထားအချို့ကို တွေ့ကြရသည်။ သရေခေတ္တရာ မြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ပြီး ၁၉၆၃–၆၄ ခုနှစ်တွင် သိပ္ပံနည်းကျသုတေသနစနစ်ကို အခြေပြု၍ ဆက်လက်တူးဖော်ကြသည်။

မြို့ကွက်သည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်း မကျသော အကွက်မျိုးဖြစ်သည်။ အကျယ်အဝန်းစတုရန်း ၅ မိုင်ခွဲခန့်ရှိသဖြင့် ဟန်လင်းနှင့်ဗိဿနိုးတို့ထက် ကျယ် ပြန့်သည်။ မြို့ရိုးသည် ကြီးကျယ်ခိုင်ခံ့ပြီး ပတ်ဝန်းကျင်တွင် ကုန်းဟောင်းများရှိသည်။

တူးဖော်ကြရာ အောက်ပါဝတ္ထုပစ္စည်းများကို တွေ့ရ သဖြင့် သရေခေတ္တရာခေတ် ယဉ်ကျေးမှုရုပ်လုံး ပေါ်ထွက် လာသည်။ ဘောဘောကြီးစေတီအောက်ခြေမှ ကမ္ဗည်း ကျောက်စာ၊ ခင်ဘကုန်းငွေဗောဓိပလ္လင်ကြုတ်မှကမ္ဗည်းစာ၊ ပျူကျောက်အရိုးအိုးပတ်လည်မှ ကမ္ဗည်းစာ၊ ပျူပါဠိစာ ပါသည့် အုတ်ခွက်ဆင်းတု၊ ဗုဒ္ဓဆင်းတုတော်ပါကျောက်ချပ်၊ ဗိဿနိုးနတ်ရုပ်ပါကျောက်ချပ်၊ ဗိဿနိုးမိဖုရားသချိုင်းရှိ

ဟန်လင်းကြီးမြို့ဟောင်းတွင်တွေ့ရသော အရိုးအိုးများပုံ





သရေခေတ္တရာမြို့ဟောင်းတူးဖော်ရာတွင် တွေ့ရသော ပျူဒင်္ဂါးလေးမျိုး

ကျောက်အိုး၊ ကျောက်ပလ္လင်၊ ဒင်္ဂါး၊ ဗောဓိသတ္တကြေးရုပ်၊ ငွေကြာပန်း၊ ပန်တျာကြေးရုပ်များနှင့် ကခုန်နေဟန် လူရုပ်ပါကြေးပြားများ ဖြစ်ကြသည်။

တွေ့ရှိသည့်ပစ္စည်းများကို ထောက်ချင့်၍ သရေခေတ္တရာတွင် ပျူတို့သည် အေဒီ ၅ ရာစုခန့်တွင် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ၁၀ ရာစု နောက်ပိုင်းမှစ၍ တဖြည်းဖြည်းမှေးမှိန်လာခဲ့ကြောင်း၊ ကိုယ်ပိုင်စာပေများရှိပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း မှတ်ချက်ချကြသည်။


ထို့အပြင် အနုပညာဗိဇအခံရှိ၍ ဆင်ယင်ထုံးဖွဲ့ပုံတွင် အဆင့်အတန်းမြင့်ကြောင်း ကျောက်ဆစ်၊ ရွှေပန်းထိမ်၊ ဗိသုကာ၊ ပန်းရန်နှင့် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွထုလုပ်သည့် အတတ်ပညာများ ကျွမ်းကျင်ကြောင်း၊ အိန္ဒိယ၊ ရခိုင်တို့နှင့်လည်း ကူးလူးဆက်ဆံပုံရှိကြောင်း သိရသည်။

## တကောင်းမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကိုတူးဖော်ပြီးသည့်အခါ သုတေသီတို့သည် တကောင်းမြို့ ဟောင်းကို ဆက်လက်တူးဖော်ရန် အစီအစဉ်များ ချမှတ်ကြသည်။ “မြန်မာအစ တကောင်းက”ဟူသော ဆိုရိုး စကားရှိသည်။ သမိုင်းပုံပြင်နှင့် မိရိုးဖလာယုံကြည်ချက်များ အရလည်း တကောင်းသည် ရှေးခေတ်မြန်မာနိုင်ငံတွင် ထင်ရှားသည့် မြို့တစ်မြို့ ဖြစ်ခဲ့သည်။

တကောင်းမြို့ဟောင်းသည် မန္တလေးခရိုင်၏ မြောက်ဘက်အစွန်း ရေလမ်း (၁၂၇) မိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းအနီးတွင် တည်ရှိသည်။ ကျုံး၊ မြို့ရိုးဟောင်းနှင့် ကြွင်းကျန်သည့်စေတီပုထိုးများက ရှေးဟောင်းမြို့တစ်မြို့ဖြစ်ကြောင်းကို သက်သေထူနေသည်။ ၁၉၀၄၊ ၁၉၁၆၊ ၁၉၂၃ နှင့် ၁၉၃၀ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်များတွင် ပဏာမကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

တွေ့ရှိချက်များကို အခြေပြု၍ (၁၉၆၇–၆၈)နှင့် (၁၉၆၈–၆၉)ခုနှစ်များတွင် ကုန်း (၁၂) ကုန်းကို တူးဖော်ခဲ့ကြရာ ကျောက်ချပ်၊ ရုပ်ကြွ၊ အုတ်ခွက်ဘုရား၊ ကြာစမွခံပါဆင်းတု၊ ကြေးဆင်းတု၊ စဉ့်ချပ်ရုပ်ကြွ၊ စာပါအုတ်ကြွပ်ပြား၊ အင်္ဂတေပန်း၊ မြေတံဆိပ်ဝိုင်း၊ ကျောက်ဆုံလည်ခွက်၊ အိုးခွက်နှင့်မြေထည်ပစ္စည်းများကို




ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး၊ ကြေးလက်ကောက်၊ ကြေးချူ စသည့်ရှေးဟောင်း အမွေအနှစ် ပုံစံများ

တွေ့ရသည်။ ထို့အပြင် မြေဆေးတံ၊ မြေပုတီးစေ့၊ ကျောက်မိုးကြိုးသွားနှင့် သံပြားသွားစသည့် သံထည်ပစ္စည်းများကိုလည်း တွေ့ရသေးသည်။

ထူးခြားသည်မှာ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ ပျူများကဲ့သို့ တကောင်းတွင် အရိုးအိုးမြှုပ်နှံသည့် အလေ့အထမရှိပေ။ ပျူလူမျိုးများအသုံးပြုလေ့ရှိသည့် ဒင်္ဂါးများ ၊ သီရိဝစ္ဆ၊ ငါးကြင်းရှစ်ကောင်၊ ကာလသာအိုး၊ လူရုပ်ကနေဟန် အစရှိသည့် အခြယ်အလှယ်ပါသော အိုးကွဲများကိုလည်း မတွေ့ရပေ။ မြေစိုက်စေတီများကို သာတွေ့ရပြီး ဂူဘုရားများကို မတွေ့ရသလောက်ပင် ဖြစ်သည်။ တွေ့ရသမျှ အင်္ဂတေပန်းများနှင့် အခြယ်အလှယ်ပါသည့် အိုးခြမ်းကွဲများမှာလည်း ပျူခေတ်လက်ရာထက် ပုဂံခေတ်လက်ရာများနှင့် နီးစပ်ကြောင်း တွေ့ရသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဆင်းတု၊ ရုပ်တုများကို တူးဖော်ရရှိသည့်အတွက် ဗုဒ္ဓသာသနာ ထွန်းကားကြောင်း သိရသည်။ အုတ်ခွက်ဘုရား၊ ကျောက်ဆစ်ရုပ်ကြွ၊ သဲကျောက်ဆင်းတုနှင့် ကြာပလ္လင်စမ္မခံတို့သည် အေဒီ ၁၂ ရာစု ပုဂံခေတ်လက်ရာများနှင့် တူညီကြောင်းနှင့် အဖိုးတန်ရတနာပစ္စည်းများ မတွေ့ရှိရကြောင်းကို သုတေသီများက မှတ်ချက်ချကြသည်။

ဝင်းခါ၊ ဝေသာလီ၊ ပုဂံမြို့ဟောင်းနှင့် ပဲခူး ကမ္ဘောဇသာဒီ အစရှိသည့် နေရာများတွင်လည်း ရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ တူးဖော်ဆဲဖြစ်သည်။ အထောက်အထားနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်း တွေ့တန်သလောက် တွေ့ရသည်။

## နိဂုံး

နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှည်ကြာခဲ့သော မြန်မာ့ယဉ်ကျေးမှု သမိုင်းကြောင်းတွင် ပျူခေတ်ယဉ်ကျေးမှုသည် အဓိကကျသည့်အခန်းမှ ပါဝင်ခဲ့ပြီး မြန်မာတို့သည် ပျူတို့ထံမှ ဗိသုကာ၊ ကျောက်ဆစ်၊ ပန်းတော့စသည့် လက်မှုအနုပညာတို့ကို ဆက်ခံရယူခဲ့ကြသည်။ တဖြည်းဖြည်း မြန်မာမှုပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရုပ်လုံး ပီပြင်လာသည်။

ပြည့်ဝစုံလင်သော မြန်မာနိုင်ငံသမိုင်းအတွက် လိုအပ်သောကွင်းဆက်များရနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုခေတ်ကို ဦးစားပေးပြီး လေ့လာဖော်ထုတ်ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရှေးအကျဆုံးဖြစ်သည့်မြို့တော်များ၊ မြို့ဟောင်းများကို ဦးစားပေး၍ တူးဖော်ခြင်းဟုလည်း ဆိုနိုင်သည်။

အကဲဖြတ်ရာ၌ နည်းနှစ်နည်းကို အသုံးပြုကြသည်။ ကမ္ပည်းစာများနှင့် ကျောက်စာများကို ကြည့်၍ အကဲဖြတ်သည့်အခါ ဖြတ်ပြီး စာပေအထောက်အထားမခိုင်လုံသည့် ပစ္စည်းများကို ခေတ်မီဓာတ်ခွဲစမ်းသပ်နည်းဖြင့် စစ်ဆေးစမ်းသပ်ပြီး နှစ်ကာလကိုတွက်ချက်ကြသည်။ ဤနည်းသည် "ရေဒီယိုကာဗွန်ဓာတ် စမ်းသပ်တွက်ချက်နည်း" ဖြစ်သည်။

ထိုသို့တူးဖော်လေ့လာစမ်းသပ်စစ်ဆေးခြင်းဖြင့် နှစ်ပေါင်း (၂၀၀၀) ကျော်က မြန်မာ့သမိုင်းကြောင်းကို သိလာရသည်။ ခေတ်အဆက်ဆက် မြန်မာတို့ကြီးပွားမှု အဝနှင့် တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များအကြောင်းကိုလည်း သိတန်သလောက်သိလာရသည်။ အတိတ်က ယဉ်ကျေးမှုအမွေအနှစ်တို့ကိုမြန်မာတို့ထိန်းသိမ်းလာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် "အတိတ်က အမွေအနှစ်"ဖြစ်သလို "ပစ္စုပ္ပန်၏ အထိန်းအကွပ်" လည်းဖြစ်သည်။ ထို့အတူ "အနာဂတ်အတွက် အင်အားတစ်ရပ်" ဟုလည်း ဆိုနိုင်သည်။

အားမာန် အမျိုးမျိုးရှိရာတွင် "ယဉ်ကျေးမှု အားမာန်" သည် အမျိုးသားစိတ်ဓာတ် တစ်နည်း မျိုးချစ်စိတ်ဓာတ်ကို ဖွံ့ဖြိုးစေသည်။ ထိုအားထိုမာန်နှင့် စည်းလုံးမှုတို့ကို အခြေပြုပြီး နိုင်ငံကို ခိုင်ခံ့အောင် တည်ဆောက်ကြရပေမည်။

ဦးမင်းနိုင်







# " ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်"

## နိဒါန်း

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ၁၉၉၅ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုကာလ ပြည့်မြောက်ပြီ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်ကို စတင်တီထွင်သူ (သို့မဟုတ်) မြန်မာ့ရုပ်ရှင်အဖြစ် တီထွင်သူပုဂ္ဂိုလ်များအနေဖြင့် ခဲရာခဲဆစ် အပတ်တကုတ် ကြိုးပမ်းခဲ့ရလေသည်။ အကြောင်းမူ ထိုကာလသည် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်ခြယ်လှယ်နေသော ကာလဖြစ်သည်။ နယ်ချဲ့ခေတ်တွင် မြန်မာ့ရုပ်ရှင်ကို စတင် ဖန်တီးရသူတို့အဖို့ ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းကြ ရလေသည်။

မြန်မာ့ရုပ်ရှင်စတင်သော ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသော ကာလဖြစ်သည်။ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန် ကြိုးပမ်းကြသည်။ ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (ဖေ–ပု–ရှိန်) အဖွဲ့မှ ဦးထွန်းရှိန်သည် အမျိုးသားရေး လှုပ်ရှားမှု များ ကြိုးပမ်းရင်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

အမျိုးသားခေါင်းဆောင် ဦးထွန်းရှိန်ကွယ်လွန်သည့်အတွက် မြန်မာ့ရုပ်ရှင်ကား "မေတ္တာနှင့် သူရာ" ကို ရိုက်ကူးကြိုးပမ်းနေသော လန်ဒန်အတ် ဦးအုံးမောင်နှင့် ဓာတ်ပုံဆရာကြီး ဦးမောင်မောင်တို့သည် ရိုက်လက်စ ရုပ်ရှင် "မေတ္တာနှင့်သူရာ " ရုပ်ရှင်ကားကို ခေတ္တရပ်တန့်ထားပြီး ဦးထွန်းရှိန်စျာပနကို သတင်းကားအဖြစ် ရိုက်ကူးရုံတင်ခဲ့လေသည်။ မြန်မာလူမျိုးများ ရိုက်ကူးသော မြန်မာ့မျိုးချစ်အာဇာနည်တစ်ဦး၏ သတင်းကားကို မြန်မာပြည်သူတို့ တအံ့တသြ ကြည့်ရှုအားပေးကြရာ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ ပေါ်ထွန်းလာခဲ့ လေသည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သည် အမျိုးသားရေး စိတ်ဓာတ်များ တဖွားဖွားထွန်းကားနေသော ၁၉၂၀ ပြည့်နှစ်တွင် စတင်ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည် "အမျိုးသားရေးကို အခြေခံပေါ်ထွန်းလာသော မြန်မာ့ရုပ်ရှင် " ဖြစ်သည်ဟု ယနေ့ကာလတွင် အများက သုံးသပ်ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်း ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ယနေ့ကာလတွင် ၇၅ နှစ်မြောက် ရုပ်ရှင်စိန်ရတုသို့ ရောက်လာခဲ့ပြန်၍ ရုပ်ရှင်လုပ်သားထုတစ်ရပ်လုံးကလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လောကကို ဦးဆောင်ဦးရွက်ပြုနေသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်းကောင်း၊ အမျိုးသားရေးဆန်သော မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်တစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ခဲ့လေသည်။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်ကြီး၌ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က စိတ်ဝင်တစား ရှိလှသည်။ နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၅ ခုနှစ် ကြံတောင့်ကြံခဲ မြန်မာ့ရုပ်ရှင်စိန်ရတုပွဲ ဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စီမံချက်ရေးတင်ပြရန် ညွှန်ကြားခဲ့သည်။

ထိုညွှန်ကြားချက်အရ ၂၁– ၁– ၉၅ နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် ရုပ်ရှင်အစည်းအရုံးအမှုဆောင်များ တွေ့ဆုံပွဲတွင် စီမံချက်ကိုတင်ပြ၍ အတည်ပြုချက်ရသည်နှင့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက် ခြောက်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ရည်ရွယ်ချက်

(က) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့ရုပ်ရှင်၏ အခန်းကဏ္ဍများကို ထင်ရှားပေါ်လွင်စေရန်။



မြို့မအားကစားကွင်းထိပ် မှစ်ဦး၌ ရုပ်ရှင်ပွဲတော်ကို မင်းသားကြီး ဦးအေးကြူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

(ခ) မြန်မာ့ရုပ်ရှင်လောက၏ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေးကြိုးပမ်းမှု အစဉ်အလာကောင်းများကို ထင်ရှားပေါ်လွင်စေရန်။

(ဂ) နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များကို အထောက်အကူပြုစေမည့် အတွေးအခေါ်၊ အယူအဆများအား အနုပညာရသပြည့်ဝစွာဖြင့် အားထုတ်ကြိုးပမ်းမှုများ ရရှိစေရန်။

## မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ဦးတည်ချက် ခြောက်ရပ်

၁။ ရုပ်ရှင်အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်၊

၂။ ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုရန်၊

၃။ နိုင်ငံတော်ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်စည်းရုံး လှုံ့ဆော်ရန်၊

၄။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

၅။ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော ရုပ်ရှင်ပညာရပ်ကို မျိုးဆက်သစ်အနုပညာရှင်များသို့ လက်ဆင့်ကမ်းပေးရန်၊

၆။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ ၊ အတတ်ပညာရှင်များအားလုံး စည်းလုံးညီညွတ်ရေး ကို ရှေးရှုကြိုးပမ်းရန်။

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

"၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ" တစ်ရပ်ကို အဆိုပါ (၂၁-၁-၉၅) နေ့တွင်ပင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် -

နာယကအဖွဲ့ဝင်များ အဖြစ်

၁။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၁)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

၂။ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊

၃။ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊

၄။ ဗိုလ်ချုပ်အေးကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊
၅။ ဗိုလ်မှူးချုပ်မျိုးသန့်၊ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ဝန်ကြီး၊
၆။ ဗိုလ်မှူးချုပ်ဝင်းတင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊
၇။ ဦးကိုလေး၊ မြို့တော်ဝန်၊
၈။ ဦးသုခ၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၉။ ဦးတင်မောင်၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၁၀။ ဦးအေးကြူ၊ ဝါရင့် ရုပ်ရှင်သရုပ်ဆောင် တို့ ပါဝင်ပြီး

ကျင်းပရေး ဗဟိုကော်မတီကို
၁။ ဦးသိန်းစိန်၊ဥက္ကဋ္ဌ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီး ဌာန)
၂။ ဦးစိန်တင်၊ ဒုတိယ ဥက္ကဋ္ဌ (ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး)
၃။ ဦးတင်ဖေ၊ အတွင်းရေးမှူး (ဦးဆောင်ညွှန်ကြားရေးမှူး ရုပ်ရှင်လုပ်ငန်း)
၄။ ဦးစင်ရော်မောင်မောင်၊တွဲဖက်အတွင်းရေးမှူး (အတွင်းရေးမှူး၊မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)

နှင့် ဗဟိုကော်မတီ (၄၀) တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် လုပ်ငန်း ဆပ်ကော်မတီအသီးသီးကို စီမံချက်အတိုင်း ဖွဲ့စည်းပြီး စီမံချက်တွင် မပါဝင်သော ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ သုတေသနလုပ်ငန်းကော်မတီနှင့် ကျန်းမာရေး လုပ်ငန်း ကော်မတီတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့နောက် ရုပ်ရှင်ဈေးပွဲတော်ကြီးတစ်ရပ်ကို ကျင်းပနိုင်ရန် မြို့မအားကစားကွင်းတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ တစ်ရပ်ကိုပါ ထပ်မံဖွဲ့စည်းခဲ့လေသည်။

ထိုသို့ ဖွဲ့စည်းပြီးစီးခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အသီး သီးတို့က ဆပ်ကော်မတီများ ဖွဲ့စည်းကြသည်။ ဖွဲ့စည်း ပြီးနောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကြီးကို ပြည်သူ လူထု စိတ်ဝင်စားစေရန်အတွက် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ပွဲတော်ကာလကို နှစ်ပိုင်းခွဲခြားသတ်မှတ် လိုက်သည်။

(က) ပထမပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် အကြိုကာလ၊

(ခ) ဒုတိယပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပသည့် ပွဲတော်ကာလဟူ၍ ဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတု အကြိုကာလ

အကြိုကာလတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပွဲတော်ကို ပြည်သူများ တက်ကြွစွာ ပါဝင်ရေး၊ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်အပေါင်းတို့ စည်းရုံးစွာ ပါဝင်ရေးတို့ အတွက်စည်းရုံးလှုံ့ဆော်သည့် တီဗွီဇာတ်လမ်း တိုများ၊ ကြော်ငြာတိုများ ရိုက်ကူးပြသရေး၊ ရုပ်မြင်သံကြား တွင် တွေ့ဆုံခန်းများ ရိုက်ကူးတင်ဆက်ရေး၊ ငွေခေတ် ( ၁၉၂၀ မှ ၁၉၄၅ ) မြန်မာ့ရုပ်ရှင်ကားဟောင်းများ၊ ရွှေ ခေတ် ( ၁၉၄၆ မှ ၁၉၇၀ ) မြန်မာကားများ၊ စိန်ခေတ် (၁၉၇၁ မှ ၁၉၉၅ ) မြန်မာရုပ်ရှင်ကားများကို မြန်မာ့ ရုပ်မြင် သံကြားတွင် ပြသရေးစသည်တို့ကို အကြိုကာလအဖြစ် စီစဉ်ရန် ဆုံးဖြတ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာတမ်းငယ် ဖတ်ပွဲဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်



မြန်မာ့ရုပ်ရှင်လောကတွင် အဓိကအရေးကြီးဆုံး ပြဿနာများမှာ မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်သော အထောက်အထားများ၊ ရှားပါးပစ္စည်းများ၊ သမိုင်းဝင် ပစ္စည်းများ သိမ်းဆည်းထားခြင်းမရှိသည့် ပြဿနာပင် ဖြစ်သည်။ ထို့ကြောင့် ပထမဦးစွာ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အတွက် ရုပ်ရှင်နှင့်ပတ်သက်သော ရှားပါးစာရွက်စာတမ်း ပစ္စည်းများကို လက်ဝယ်ရှိသူများ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ပေးပို့လှူဒါန်းကြရန် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ နှိုးဆော်ခဲ့ရလေသည်။

ရုပ်မြင်သံကြား လှုံ့ဆော်ကြော်ငြာတိုများကို မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စည်းရုံးလှုံ့ဆော်ရေးကော်မတီမှ တာဝန်ခံ၍ ရိုက်ကူးခဲ့ရာ သီဟတင်စိုး ၊ဇင်မာဦး တစ်တွဲ။ ရဲအောင်၊ မို့မို့မြင့်အောင် တစ်တွဲ။ ကျော်သူ၊ ထက်ထက်မိုးဦး တစ်တွဲ။ ရန်အောင်၊ မေသန်းနု တစ်တွဲ။ ရန်ကျော်၊ နေသူရဦး၊ ပန်းဖြူ တစ်တွဲ ပါဝင်လှုံ့ဆော်ခဲ့သည်။ ထိုသို့ လှုံ့ဆော်ခဲ့ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ ပေးပို့သော မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အတွက် ရှားပါးဓာတ်ပုံ၊ စာရွက်၊ သတင်းနှင့် ပစ္စည်းများ လိုသည်ထက်ပို၍ ရရှိခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားမှ ငွေရတုခေတ် ၁၉၂၀ မှ ၁၉၄၅ ခုနှစ်ကာလ၊ မြန်မာ့ရုပ်ရှင် သမိုင်းကြောင်း ဆွေးနွေးပွဲကို စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ တက္ကသိုလ်နေဝင်း၊ ဒါရိုက်တာ ဦးခင်ဇော် (ကေသီပန်) နှင့် ဂီတလုလင် ဦးကိုကိုတို့ကလည်းကောင်း၊ ရွှေရတုခေတ် ၁၉၄၁ မှ ၁၉၇၀ ခုနှစ် ကာလ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို အကယ်ဒမီ ဒါရိုက်တာများဖြစ်ကြသည့် ဒါရိုက်တာ ဦးကြီးမြင့်၊ ဒါရိုက်တာ မောင်နန္ဒနှင့် ဒါရိုက်တာ ကြည်စိုးထွန်း တို့က လည်းကောင်း၊ စိန်ရတုကာလ ၁၉၇၁ မှ ၁၉၉၅ ခုနှစ်ထိ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာ ဂီတစာဆို ဗိုလ်ကလေး တင့်အောင်၊ စာရေး ဆရာ ဒါရိုက်တာ ပြည့်စုံနှင့် အောင်မင်းမောင်လုမျိုးတို့က လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ် လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြားမှလည်း မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်များကို ရုပ်ရှင်ကားဟောင်းများ ပြသခြင်းနှင့် တက္ကသိုလ်နေဝင်းနှင့် ဦးခင်ဇော်တို့၏ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကိုလည်းကောင်း၊ ဇာတ်ညွှန်း ဒါရိုက်တာ ဦးပြည့်စုံနှင့် ဇာတ်ညွှန်း ဒါရိုက်တာ မောင်နေမျိုးတို့က မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ဇာတ်ညွှန်းသမိုင်းကြောင်းများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

အခါအားလျော်စွာ မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့ရာ ဝင်းဦး၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်မေရှင်၊ ဒေါ်မေလွင်၊ ဦးခင်မောင်ရင်၊ ဦးညီပု၊ ဦးတင်မောင်၊ ဦးသုခတို့၏ တွေ့ဆုံခန်းများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ခဲ့သည်။

စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်ဖြင့် အထက်မြန်မာနိုင်ငံတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြိုပွဲတော်ကို စီစဉ်ခဲ့ကြသည်။ မန္တလေးတွင်ရှိ ရုပ်ရှင်အစည်းအရုံးဝင်များ၏ ကြိုးပမ်းချက်ဖြင့် စီစဉ်နိုင်ခြင်းဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)

၇၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ၊ ချမ်းအေးသာဇံမြို့နယ် ၊ ၈၄ လမ်းရှိ ဝင်းလိုက်အအေးခန်း ရုပ်ရှင်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး၊ ဦးစင်ရော်မောင်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဝင်းလိုက် အအေးခန်းရုပ်ရှင်ရုံရှေ့တွင် မန္တလေးနန်းမြို့ရိုးဝင်ပေါက် မုခ်ဦးသဏ္ဌာန် တည်ဆောက်ထားသည့် ရုပ်ရှင်ပွဲတော် (မန္တလေး ) မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ် ချိုးမြင့်သည့် ဆုငွေကျပ် နှစ်ထောင်ပါဝင်သည့် မိုးပျံပူဖောင်းကို ရုပ်ရှင်သရုပ်ဆောင် မို့မို့မြင့်အောင်က ကိုင်ဆောင်၍ မေသန်းနုနှင့် စိုးမြတ်သူဇာတို့က ဖဲကြိုးကို ကိုင်ဆောင်ကြသည်။ ထက်ထက်မိုးဦး၊ မျိုးသန္တာထွန်းနှင့် မြတ်ကေသီအောင်တို့ခြံရံလျက် မန္တလေးသူ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး အသက် (၇၉)နှစ် အရွယ်ရှိ ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က မေသဇ္ဇာဦး ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။ မြန်မာနိုင်ငံ ဂီတ

အစည်းအရုံး(မန္တလေး)တေးဂီတအဖွဲ့က အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ဝင်းလိုက်ရုပ်ရှင်ရုံ၌ အခမ်းအနား ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

မန္တလေးမြို့ ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံ၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော်(မန္တလေး)တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော်ပြခန်း ဖွင့်လှစ်ပြသထားသည်။ ပြခန်းတွင် မန္တလေး ရုပ်ရှင်ကဏ္ဍ၊ အကယ်ဒမီကဏ္ဍ၊ ခေတ်ဟောင်း ရုပ်ရှင်ပိုစတာနှင့် ဓာတ်ပုံများ၊ မဂ္ဂဇင်းများကပြောသော ရုပ်ရှင်ကာတွန်းများ၊ ခေတ်ဟောင်းရုပ်ရှင်သီချင်း စာစောင်များ၊ ခေတ်ဟောင်း ရုပ်ရှင် ကင်မရာနှင့် စက်မှုပစ္စည်းများ၊ ခေတ်အဆက်ဆက် ချီးမြှင့်ခဲ့သော ရွှေစင်ရုပ်တုများ၊ မြန်မာ့ရုပ်ရှင် ရွှေရတုသဘင် အထိမ်းအမှတ် ပစ္စည်းများ ခင်းကျင်းပြသထားရာ လေ့လာကြည့်ရှုသူများ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော်(မန္တလေး) ကျင်းပသည့် ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံတွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ မြန်မာ့ရုပ်ရှင်ကားသစ်များ တစ်နေ့တစ်ကား နေ့စဉ်ငါးပွဲပြသသွားမည်ဖြစ်ရာ ဩဂုတ် ၁၈ ရက်တွင် "ဖဖော်ဂျီနှင့် သူယောင်မယ်"၊ ၁၉ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၂၀ ရက်တွင် "အချစ်နှင့် အကောင်းအတိုင်းဖြစ်စေမည်"၊ ၂၁ ရက်တွင် "မင်းအာဏာ"၊ ၂၂ ရက်တွင် "ကြာတော့သည်လည်း မောင့်စကား"၊ ၂၃ ရက်တွင် "အောင်မြင်သောနေ့"၊ ၂၄ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ နှင့် ၂၅ ရက်တွင် "တိုက်ပွဲခေါ်သံ" ရုပ်ရှင်ကားများ ပြသသည်။ စည်းရုံးလှုံ့ဆော်မှုအပိုင်းမှ အင်နှင့် အားနှင့် စည်းရုံးလှုံ့ဆော်သည်နှင့်အမျှ ရုပ်ရှင်စိန်ရတုသဘင်အပေါ် ပြည်သူလူထု စိတ်ဝင်စားမှုမှာ ပိုမိုလာသည်။

**အမျိုးသားကဇာတ်ရုံတွင် ကျင်းပသော ရုပ်ရှင်ပြဇာတ် ပဒေသာ ကပွဲကို ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့**





အကယ်ဒမီ ရွှေစင်ရုပ်ဆုအကြောင်း ဆွေးနွေးပြောဆိုနေကြသော ရုပ်ရှင်သရုပ်ဆောင်များ

## မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုခြင်း

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် သမိုင်းပြုစုရေးကော်မတီကို ဖွဲ့စည်းပြီး ရုပ်ရှင်သမိုင်း ငွေခေတ်၊ ရွှေခေတ်၊ စိန်ခေတ်ဟူ၍ အပိုင်း (၃) ပိုင်း ခွဲကာ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးဆရာတို့က ပြုစုကြသည်။

၁။ ငွေရတုခေတ် (၁၉၂၀– ၁၉၄၅) ခုနှစ်ထိ။

၂။ ရွှေရတုခေတ် (၁၉၄၆– ၁၉၇၀) ခုနှစ်ထိ။

၃။ စိန်ရတုခေတ် (၁၉၇၁– ၁၉၉၅) ခုနှစ်ထိ။

၁၉၉၅ ခုနှစ် မေလ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံသစ် အုတ်မြစ်ချပွဲထိ ပါဝင်သည်။ နောက်ဆက်တွဲများအဖြစ် စက်မှုအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံအကျဉ်း၊ ရုပ်ရှင်လှည့်စားမှု အဆင့်ဆင့်နည်းပညာများ တိုးတက်လာပုံ အကျဉ်း၊ ကာတွန်းရုပ်ရှင်၊ မိတ်ကပ်အဆင့်ဆင့် တိုးတက် လာပုံ၊ အဦးအစမှ ယနေ့အထိ ရုပ်ရှင်နှင့်ပတ်သက်သည့် စာနယ်ဇင်းများ၊ ယနေ့အထိ ရုပ်ရှင်ရုံများ သမိုင်း၊ စက်မှုပစ္စည်းနှင့် စတူဒီယိုများ၊ ရုပ်ရှင်ပြဇာတ်အစည်း အရုံးမှ ရုပ်ရှင်အစည်းအရုံးထိ သမိုင်း၊ ဇာတ်လမ်း ရုပ်ရှင်သမိုင်း၊ ဗဟိုရုပ်ရှင်၊ ဇာတ်ညွှန်းပိုင်းများ၊ ရုပ်ရှင်နှင့် ဆက်နွယ်သည့် ဂီတသမိုင်း၊ ယမ်းဖောက်ခွဲမှုအကြောင်း များ၊ ဆက်တင်၊ ပိုစတာ၊ ပန်းချီ၊ လက်ကမ်းကြော်ငြာနှင့် ပထမရုပ်ရှင်ပညာရှင်များဖြစ်သော အောက်ပါပုဂ္ဂိုလ်ကြီး များအကြောင်းကို ရေးသားစုဆောင်းခဲ့သည်။

၁။ ဦးအုံးမောင်
၂။ ဦးမောင်မောင်
၃။ ဦးညီပု
၄။ ပိမိုးနင်း
၅။ မအေးကြည် (မင်းသမီး)
၆။ ဦးပါကြီး (ဖခင်နေရာ)
၇။ ဦးမောင်မောင်ချစ် (အပြိုင်မင်းသား)
၈။ ဦးမောင်မောင်ကလေး (မင်းသားသူငယ်ချင်း)
၉။ ဦးမောင်မောင်စိုး (အောင်သွယ်စာပို့လုလင်)
၁၀။ ဦးပုကြီး (ဦးတုပ်ကြီး လူကြမ်း)

## စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနား ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်

လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်း အနား တစ်ရပ်ကို စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီ တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် ကျင်းပရေး ဗဟိုကော်မတီဝင်များ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဖေ၊ တွဲဖက်အတွင်းရေးမှူး များဖြစ်ကြသော ဦးတိုးညွန့်နှင့် ဦးလင်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အခမ်းအနားကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကော်မတီဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ နဝဒေးရုပ်ရှင်ရုံ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင် ဦးဆောင်သော ရုပ်ရှင်အနုပညာရှင်များသည် မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်၌ သဲသယ်ခြင်းဖြင့် လုပ်အားဒါန၊ ငွေသားဒါနများ ပေးလှူကြသည်။

အနုပညာရှင်များသည် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး လုပ်ငန်းတွင် လုပ်အားဒါနပေးလှူလျက်ရှိကြသည့် တပ်မတော်သားများနှင့် ပြည်သူများအား လိုက်လံအားပေးကြသည်။

## ဖြေဖျော်ရေးလုပ်ငန်းများ

စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီနည်းတူ မြန်မာ့ရုပ်ရှင်ဖြေဖျော်ရေး လုပ်ငန်းကော်မတီအနေဖြင့် မန္တလေးမြို့တွင် ရန်ပုံငွေရုပ်ရှင်ကားများပြသ၍ ရန်ပုံငွေရှာဖွေသည့်နည်းတူ ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံနှင့် သမ္မတရုပ်ရှင်ရုံ နှစ်ရုံတွင် နှစ်ပတ်ခွဲ၍ မြန်မာရုပ်ရှင် ကားသစ်၊ ကားဟောင်းများကို ရုံတင်ပြသ၍ ရန်ပုံငွေရှာဖွေ ခဲ့သည်။

ရုပ်ရှင်ရိုက်ကွင်း၏ သရုပ်ပြကွက်တစ်ခု



(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ၁၉၉၅ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ မြန်မာရုပ်ရှင် စိန်ရတု နာယကအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီး အေဝမ်းဦးတင်မောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲအဖြစ် ၁၆- ၉- ၉၅ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ ၁၇-၉- ၉၅ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၁၈- ၉ - ၉၅ ရက်တွင် "အောင်မြင်သောနေ့"၊ ၁၉- ၉- ၉၅ ရက်တွင် "မင်းအာဏာ"၊ ၂၀- ၉- ၉၅ ရက်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၁- ၉- ၉၅ ရက်တွင် "အချစ်နဲ့ အကောင်းအတိုင်းဖြစ်စေမည်" ရုပ်ရှင်ကားများကို ပြသခဲ့သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေ ရုပ်ရှင်ပွဲများ ပြသသည့် နဝဒေးရုပ်ရှင်ရုံတွင် (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အထိမ်းအမှတ်ပစ္စည်းများဖြစ်သည့် ရှင်ထိုး၊ သော့ချိတ်၊ ကားစတေကာ၊ ဦးထုပ်၊ ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ တီရှပ် အကျႌ၊ ဘောလ်ပင်၊ ဖိုင်တွဲနှင့် မိန်းမကိုင်လက်ကိုင်အိတ်များကို ရောင်းချပေးကြလေသည်။ ဆက်လက်၍ သမ္မတရုံတွင်လည်း ရုပ်ရှင်ကားများပြသခဲ့သည်။

## သုတေသန လုပ်ငန်းကော်မတီ၏ လှုပ်ရှားမှု

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီကကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းဖတ်ပွဲကို ၁၉၉၅ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် သုတေသနလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ် ဦးမြင့်ကြွယ်က ရုပ်ရှင်သုတေသနလုပ်ငန်းများနှင့် စာတမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထိုနောက် စာတမ်းဖတ်ပွဲ သဘာပတိ ဦးနေမျိုးက အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။ စာတမ်းဖတ်ပွဲ ပထမနေ့တွင် "မြန်မာ့ရုပ်ရှင် စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့်တိုးတက်လာမှုများ စာတမ်း" ကို ရုပ်ရှင် လုပ်ငန်းမှ ဌာနစိတ်မှူး ဦးစိုးဝင်း (စိုးဝင်းထွန်း)နှင့် မော်ကွန်း ရုပ်ရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေ ( မြင့်သိန်းဖေ – မိတ္ထီလာ )တို့ ရေးသားပြုစုကြပြီး ဦးစိုးဝင်း (စိုးဝင်းထွန်း) က ဖတ်ကြားသည်။

"ရသမြောက်သော အချစ်ရုပ်ရှင်ဇာတ်ကားများ စာတမ်း" ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေလက်ထောက် (၁) ဦးစောထွန်း– မောင်စောထွန်း (ကျောင်းကုန်း) က ပြုစုရေးသားပြီး ဖတ်ကြားသည်။

"ရသမြောက်သော ဟာသရုပ်ရှင်ကားများ စာတမ်း" ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူး ဦးဝင်းတင် (သီဟအောင်) က ရေးသားပြုစုဖတ်ကြားသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီက ကြီးမှူး၍ဒုတိယနေ့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်း ဖတ်ကြားပွဲ အခမ်းအနားကို ၁၉၉၅ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ပင် ကျင်းပသည်။

ဒုတိယနေ့တွင်–

"ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော မြန်မာ့ရုပ်ရှင်ကားများစာတမ်း"ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ စာတည်းတာဝန်ခံ ဦးစိုးမြင့် (စိုးလွင်မြင့်) က ရေး သားပြုစု ဖတ်ကြားသည်။

"ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများစာတမ်း" ကို မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးအဖွဲ့က ရေးသားပြုစုပြီး ဦးပြည့်စုံနှင့် သုတေသနလုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက်ရေးသား၍ ရုပ်ရှင်သရုပ်ဆောင် ချစ်ချစ်ဇော်က ဖတ်ကြားသည်။

"မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများစာတမ်း" ကို မြဝတီပုံနှိပ်တိုက်မှ တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်စန်းက ရေးသားပြုစုဖတ်ကြားသည်။

"မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်း" ကို စာရေးဆရာမကြီး စောမုံညင်းက ရေးသားပြုစုပြီး ဖတ်ကြားတင်ပြသည်။



ရုပ်ရှင်ပွဲတော်သို့ ကြိတ်ကြိတ်တိုး လာရောက်အားပေးကြသော ရုပ်ရှင်ချစ်သူများ

ဒေါ်စောမုံညင်းဖတ်ကြားတင်သွင်းသော မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်းတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် အလှမယ်ကလေးများက စာတမ်းကို ပိုမိုအသက်ဝင်အောင် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်၍ သရုပ်ဆောင်ပြသကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ

မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက ကြီးမှူး၍ မြန်မာရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်အဖြစ် ၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် မြန်မာ့ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမတွင် ကျင်းပသည်။ စက်တင်ဘာ ၂၇ ရက်နေ့သည် အစမ်းလေ့ကျင့်ပွဲဖြစ်ပြီး စက်တင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် ပြိုင်ပွဲများကျင်းပပြီး ရုပ်မြင်သံကြား ရိုက်ကူးခဲ့သည်။ ပြိုင်ပွဲဝင်များကို ပြည်နယ်နှင့် တိုင်း ၁၄ ခုမှ လက်ရွေးစင်တစ်ဦးကျစီ (၁၄) ဦးကို ဗဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်စေသည်။ ပထမအဆင့်အဖြစ် အုပ်စု (၂) စုခွဲ၍ ပထမအုပ်စုတွင် (၇) ဦးကို စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအုပ်စုမှ (၇) ဦးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင်လည်းကောင်း ယှဉ်ပြိုင်စေပြီး ပထမနေ့၊ ပထမအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူ (၃) ဦးနှင့် ဒုတိယနေ့၊ ဒုတိယအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦး ပေါင်း (၆) ဦးကို နောက်ဆုံးအဆင့်ပြိုင်ပွဲ တစ်ပွဲအဖြစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆက်လက်ယှဉ်ပြိုင်စေပြီး ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ပြည်နယ်တိုင်းအသီးသီးမှ ရုပ်ရှင်ဝါသနာရှင်များအား ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ သီဟတင်စိုး၊ နေဆန်း၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ ဇင်မာဦး၊ စိုးမြတ်သူဇာတို့က ဆုများချီးမြှင့်ကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို မေးခွန်းထုတ်သူများအဖြစ် ၂၈–၉–၉၅ နေ့တွင် မောင်မေတ္တာနှင့် ဒေါ်ခင်လေးဆွေတို့အတွဲ၊ ၂၉ – ၉ – ၉၅ နေ့တွင်



တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ရုပ်ရှင်ဇာတ်ကားဟောင်းများဆိုင်ရာ ပြကွက်တစ်ခု

သန်းဖေလေး၊ ခင်ယုမေအတွဲနှင့် ၃၀-၉-၉၅ နေ့ နောက်ဆုံးနေ့တွင် ညွန့်ဝင်း၊ ချိုပြုံးတို့အတွဲက မေးမြန်းကြပြီး အမှတ်ပေး အကဲဖြတ်ပုဂ္ဂိုလ်များအဖြစ် ဒါရိုက်တာဦးခင်ဇော်၊ ဦးနေမျိုး၊ ဂီတလုလင် ဦးကိုကို နှင့် ဒေါ်တင်တင်မြတို့က တာဝန်ယူဆောင်ရွက်သည်။ ထိုပွဲအတွက် ချီးမြှင့်ငွေ ၃၈၀၀၀/- ကျော်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူခဲ့သည်။

## ပြပွဲဖွင့်ပွဲနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ

(၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲဖွင့်ပွဲ အခမ်းအနား နှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ၁၉၉၅ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်းတို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ မြန်မာ့ရုပ်ရှင် အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ဝါရင့်ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်အနု

ပညာကို ချစ်မြတ်နိုးသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမရှေ့ ဥပစာ၌ကျင်းပရာ မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညိုပုက ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ အကယ်ဒမီ ဒေါ်ခင်သန်းနု၊ ကျော်သူနှင့် စိုးသူတို့ ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဇင်မာဦး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ရန်အောင်နှင့် ဒွေးတို့က တိုင်းရင်းသား တိုင်းရင်းသူ (၁၆) ဦးတို့ ခြံရံ၍ ကိုင်ဆောင်ထားသည့် မိုးပျံပူဖောင်းများ တပ်ဆင်ထားသော ဖဲကြိုးကိုဖြတ်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲကို နံနက် ၈ နာရီအချိန်တွင် ဖွင့်လှစ်ပေးလိုက်သည်။ ဂီတစာဆို စန္ဒရားလှထွတ်ရေးစပ်သီကုံးသည့် "ပြည်သူ့အတွက် ရုပ်ရှင်" ဂုဏ်ပြုတေးသီချင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များက သံပြိုင်ဟစ်ကြွေးသီဆိုကြသည်။

ထိုနောက် အခမ်းအနားကိုတပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မအားကစားကွင်းထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးကို ရုပ်ရှင်ဒါရိုက်တာ အောဝမ်းဦးလှမျိုးနှင့် စင်ရော်မောင်မောင်တို့က ကိုင်ဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီနာယကအဖွဲ့ဝင် ရုပ်ရှင် အနုပညာရှင် မင်းသားကြီး ဦးအေးကြူက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်ခင်ယုမေ ကိုင်ဆောင်

ရုပ်ရှင်စိန်ရတုသဘင် ပြခန်းမုခ်ဦး



ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များက ၄င်းတို့ ကိုင်ဆောင်ထားသော မိုးပျံပူဖောင်းများကို လွှတ်တင်လိုက်ကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် မြို့မအားကစားကွင်းအတွင်း ခင်းကျင်းပြသရောင်းချမည့် အထူးအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပဒေသာကပွဲ ဖွင့်ပွဲ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး၊ ဖျော်ဖြေရေးဆပ်ကော်မတီက စီစဉ်တင်ဆက်မည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၊ ရုပ်ရှင်ပြဇာတ် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၇– ၁၀– ၉၅ နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပြဇာတ်ပဒေသာကပွဲကို မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပရေး ဗဟိုကော်မတီနာယက အဖွဲ့ဝင် ရုပ်ရှင်ဒါရိုက်တာ ဦးသုခ က ရုပ်ရှင်အနုပညာရှင်များခြံရံ၍ ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးလိုက်ရာ ရုပ်ရှင်အနုပညာရှင်များက "ရတနာပုံ" သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ဒါရိုက်တာ စိန်သံမဏိ၊ ဇာတ်ညွှန်း လှိုင်ဦး၏ "အမေ ကျွန်တော် မင်းသားဖြစ်ပြီ"၊ ဒါရိုက်တာ ကြည်စိုးထွန်း၊ တွဲဖက်ကောင်းမြတ်တို့၏ "ရုပ်ရှင်ခရီးသည်"၊ ဒါရိုက်တာ အောင်မြင့်မြတ်နှင့် မောင်နီလွင် (သပြု) တို့၏ "ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ"၊ ဒါရိုက်တာ သီဟတင်စိုး၏ "စိတ်ကို ငြိမ်ငြိမ်ထား" ရုပ်ရှင်ပြဇာတ်များဖြင့် ဖြေဖျော်ပြီး ဒုတိယပတ်တွင် ဒါရိုက်တာ အောင်လွင်၏ "တစ်ရံရောအခါ"၊ ဒါရိုက်တာ မိုက်တီး၏ "အကြားအမြင်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "မျက်မမြင် ပုဏ္ဏားခြောက်ယောက်နှင့်ကျွန်တော်" ပြဇာတ်တို့ကို တင်ဆက်သည်။

## စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ၁၈– ၁၀– ၉၅ နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ အဆိုပါဆုပေးပွဲ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (စာပေဗိမာန်) မှ စာတည်း (တာဝန်ခံ) ဒေါ်မြမြသန်း (မနှင်းဖွေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆုစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားသည်။

ထိုနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုအထိမ်းအမှတ်တံဆိပ် (လိုဂို) ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးလှထွဋ်ဦး (ပြန်/ဆက်)အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကာတွန်းခရေ (ဦးတင်မြင့်)၊ ဒုတိယဆုရရှိသော ကာတွန်းဥက္ကာ (ဦးတင်ဝင်း)၊ တတိယဆုရရှိ သော ကာတွန်းမောင်မောင်လေး၊ (ဦးမောင်မောင်လေး) နှစ်သိမ့်ဆုများ ရရှိကြသောကာတွန်းဗချီ-(ဦးဗချီ)၊ ဦးမျိုးမင်းဇော် (သီးသန့် ရွှေပန်းချီ) နှင့် မနှင်းနှင်းဝင်းတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

## အထိမ်းအမှတ် အလံ

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်ပြပွဲတွင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာတွင် မိုးပျံပူဖောင်းနှင့်အတူ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံကို ထည့်၍လွှင့်တင်ခဲ့သည်။ ယင်းအထိမ်းအမှတ်အလံကို ရရှိသူအား ဆုငွေကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်စာတမ်းကို တစ်ပါတည်းထည့်သွင်းရာ တွံတေးမြို့နယ်၊ ပဒိုင်ရေကျော်ကျေးရွာနေ မောင်ဇော်အောင်က အောက်တိုဘာ ၁၇ ရက်တွင် လယ်ကွင်းအတွင်း ကောက်ယူရရှိသဖြင့် မောင်ဇော်အောင်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် မင်းသားကြီးဦးအေးကြူက ဆုငွေ ကျပ်တစ်သောင်းကို ချီးမြှင့်ခဲ့သည်။

အလားတူပင် ရုပ်ရှင်ပွဲတော် (မြို့မကွင်း)မှ ဖွင့်ပွဲနေ့တွင် လွှတ်တင်လိုက်သော မိုးပျံပူဖောင်းမှ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံ ရရှိသူတွံတေးမြို့နယ်မှ မောင်မောင်လွင်သည်လည်း ဆုငွေတစ်သောင်း ရရှိသွားသည်။

## နိဂုံး

ဤသို့ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ရာ ရုပ်ရှင်ချစ်သော ပြည်သူလူထုအများစုတို့သည် တပ်မတော်ခန်းမရှိ ရုပ်ရှင်ပြခန်းများကိုလည်းကောင်း၊ မြို့မအားကစားကွင်းတွင်းရှိ ရုပ်ရှင် ပွဲတော်ကြီး ကိုလည်းကောင်း၊ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည့် ရုပ်ရှင်ပဒေသာကပွဲများကိုလည်းကောင်း ကြိတ်ကြိတ်တိုး ရုံပြည့် ရုံလျှံအားပေးခဲ့ကြသဖြင့် မူလသတ်မှတ်ထားသော အောက်တိုဘာ (၃) ရက်နေ့အစား နိုဝင်ဘာ (၅) ရက်အထိ ရက်တိုးပြသ ကပြဖျော်ဖြေခဲ့ရသည်။ ပွဲသိမ်းသည့်အခါ ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရန်ပုံငွေ ၁၈၇ သိန်းကျော် လှူဒါန်းနိုင်ခဲ့ပေရာ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားသည် နိုင်ငံတော်နှင့် ရုပ်ရှင်ချစ်သော ပြည်သူများ အားပေးမှု၊ ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်နှင့် နီးနွယ်သူများ၊ ရုပ်ရှင်ချစ်သူများ၏ အားပေးမှုဖြင့် "ခြိမ့်သဲဆင်ယင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်" ဟူ၍သာ ကမ္ပည်းတင်လိုက်ရပေသည်။

**မောင်နေမျိုး**

ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုကိုဦး (ဦးမြလှိုင်)၊ ဒုတိယဆုရရှိသော ထန်လှိုင် (ဦးကြည်ထွဏ်း)၊ တတိယဆုရရှိသော မိမိကျော် (မိမိဝင်း)၊ နှစ်သိမ့်ဆုများ ရရှိကြသော ဦးကျော်ညွန့်၊ မောင်မဟာ (ဦးလှမြင့်) နှင့် ဝင်းနွယ် (သစ်တော) (ဦးမျိုးငွေ) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းမောင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဂီတာဖေဝင်း၊ ဒုတိယဆုရရှိသော သထုံသန်းဝင်း၊ တတိယဆုရရှိသော မုံရွာဦးအေးမောင်၊ နှစ်သိမ့်ဆုများ ရရှိကြသော သန်းမြတ်စိုးနှင့် မျိုးနွယ်ဆွေတို့အားလည်းကောင်း၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဗီဒီယိုဇာတ်လမ်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသော ဦးလှမြင့်အေး၊ မဒီပါနှင့် မခင်အေးဟန် (မြဝတီ) တို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဗိုလ်မှူးကြီး တင်ခက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးစိုးလွင်ငြိမ်း၊ ဒုတိယဆုရရှိသော ဦးအေးကြူ၊ တတိယဆုရရှိသော ဦးစိုးမင်း၊ နှစ်သိမ့်ဆုများ ရရှိသော မရီရီချို၊ မမြတ်မိုးလှိုင်၊ မဖြူဖြူစိုးနှင့် ဒေါက်တာမြင့်ဦးတို့အားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုနေ့က ဆုချီးမြှင့်လိုက်သည့် ဆုငွေများမှာ အထိမ်းအမှတ်တံဆိပ်၊ ကာတွန်းဆောင်းပါးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများအတွက် ပထမဆုငွေ ကျပ်တစ်သောင်း၊ ဒုတိယဆုငွေ ကျပ် ရှစ်ထောင်၊ တတိယဆုငွေ ကျပ်ငါးထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် နှစ်ထောင်စီဖြစ်ပြီး တေးသီချင်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ် တစ်သောင်းနှစ်ထောင်၊ ဒုတိယဆုငွေ ကျပ်ကိုးထောင်၊ တတိယဆုငွေကျပ် ခုနစ်ထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ်ငါးထောင်စီဖြစ်သည်။

ဗီဒီယိုဇာတ်လမ်း ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ်သုံးသောင်း၊ ဒုတိယဆုငွေ ကျပ်နှစ်သောင်း၊ တတိယဆုငွေ ကျပ် တစ်သောင်းနှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ်ငါးထောင်စီ အသီးသီးဖြစ်သည်။







# အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် အဓိက သယံဇာတများဖြစ်သော ရေ၊ မြေ၊ တော၊ တောင်နှင့် ရာသီဥတုမျှတကောင်းမွန်မှုကို အခြေခံ၍ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အခြေခံကျသော ရေမြေတောတောင်များ ပျက်စီးပါက ရာသီဥတုလည်း ဖောက်ပြန်လာမည်ဖြစ်ပြီး သစ်ပင် သစ်တောများနှင့် တောတောင်ရေမြေများ အစဉ်သဖြင့် စိမ်းလန်းစိုပြည်နေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးရှောင်ဒေသဖြစ်၍ သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါး ပြီး ပူပြင်း ခြောက်သွေ့ခြင်း၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုနည်းခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်တို့အတွက် သောက်ရေသုံးရေ လုံလောက်စွာ မရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုအဆင့်အတန်း နိမ့်ကျခြင်း တည်းဟူသော ဆိုးကျိုးများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ထိုဒေသများသည် မိုးခေါင်ရေရှားဖြစ်ခဲ့ရသဖြင့် သဲကန္တာရနီးပါးဖြစ်ရကာ လောင်စာထင်းအတွက် ရှာဖွေနေရသည်ကပင် အချိန်ကုန်လူပန်းဖြစ်ကြရပြီး စီးပွားရေးဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဒေသခံ ပြည်သူများသည် မိမိတို့ဒေသကိုပင်စွန့်ခွာ၍ ရေကြည်ရာ မြက်နုရာ သို့ရွှေ့ပြောင်းကြရတော့မည့် အခြေသို့ ရောက်ခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးရှောင်ဒေသကို ပူပြင်းခြောက်သွေ့သော အခြေအနေမှ စိမ်းလန်းစိုပြည်၍ သီးနှံအထွက်တိုးသော ဒေသအဖြစ် ပြောင်းလဲရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာသည်။

ထို့ကြောင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အခြေအနေမှန်ဖြစ်သော သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါးခြင်း၊ ရေအလွန်ရှားပါးခြင်း၊ ရေတိုက်စားမှုများပြားလွန်း၍ မြေဆီလွှာခြောက်သွေ့ဆုတ်ယုတ်ခြင်း၊ ရာသီဥတု မမှန်ကန်သဖြင့်သီးနှံအထွက် ဆုတ်ယုတ်ခြင်းစသည် တို့ကို သိရှိသဘောပေါက်သည့်အားလျော်စွာ သစ်ပင် သစ်တောတို့ကို အမြန်ဆုံးထိန်းသိမ်းရေး၊ သစ်ပင်သစ်တောလုံးဝမရှိသည့်ဒေသများတွင် သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ရေးတို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ ကွပ်ကဲကြပ်မတ်မှုဖြင့် သစ်တောဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့ကြောင့် စိမ်းလန်းစိုပြည်ရေးကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေသော ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မုံရွာနှင့် စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့ကို အထူးဒေသများအဖြစ် ရွေးချယ်သတ်မှတ်ပြီး မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး သုံးနှစ်စီမံချက် ချမှတ်ကာ ထိုအထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ၁၉၉၄-၉၅ ခုနှစ်မှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

## ဆောင်ရွက်ချက်များ

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးဒေသစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရှိပြီးသစ်တောသစ်ပင်များအား စည်းကမ်းမဲ့ခုတ်လှဲအသုံးပြုမှုကို ကာကွယ်ခြင်း၊ တောင်ကတုံးများတွင်သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာများအနီးတွင် ရေကန်ငယ်များ တူးဖော်၍ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့ကို အဆိုပါ အထူးဒေသ ကိုးခရိုင်တွင် ဆောင်ရွက်ခဲ့သည်။ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများတွင် နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုး

## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



တန် ကျွန်း၊ ပျဉ်းကတိုးစသော သစ်ပင်များကိုလည်း စိုက်ပျိုးစေခဲ့သည်။

ခြောက်သွေ့လွန်းသော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးရှောင်ဒေသပတ်ဝန်းကျင်ကို အမြန်ဆုံးပြန်လည် စိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထု၏အဓိက လိုအပ်သော လောင်စာစွမ်းအင်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန်၊ ရေမြေရာသီဥတု တိုးတက်ကောင်းမွန်လာစေပြီး စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ အများပြည်သူနှင့်ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိစေရန်၊ ငုပ်လျှိုးနေသော စိမ့်စမ်းရေများ ပြန်လည်ပေါ်ထွက်လာပြီး မြေဆီသြဇာများ ပိုမိုကောင်းမွန်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက သစ်ပင်သစ်တောများ၏ တန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်ကြပြီး သစ်တောများကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ထားရှိပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အထူးဒေသ ကိုးခရိုင်သည် သုံးနှစ်တာကာလအတွင်း မယုံကြည်နိုင်လောက်အောင် စိမ်းလန်းစိုပြည်လာသည်။

**ချောက်မြို့နယ် ဂွေးချိုတောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံတို့ တွန်းအားပေး ဆောင်ရွက်လျက်**

မြန်မာပြည် အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ကို သုံးနှစ်တာကာလဖြင့် အကောင်အထည်ဖော်ရန်၊ နှစ်စဉ်သစ်တောစိုက်ခင်းဧက ၈၀,၀၀၀ တည်ထောင်သွားရန်၊ ထူးခြားသည့် ဒေသနှင့် သစ်တောပြုန်းတီးနေသည့် တောင်ကတုံးများ စိမ်းလန်းစိုပြည်ရေးနှင့် အဓိကလမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်ရေးကို အထူးအစီအမံဖြင့် ဆောင်ရွက်ရန်၊ အပူပိုင်း ရေရှားသည့် ဒေသများတွင် စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်းအမြစ် ရရှိရေးတို့အတွက် ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရေး အပြင် လူနှင့်တိရစ္ဆာန်များ သောက်သုံးရန် ရေကန်ငယ်များ တိုးချဲ့တူးဖော်၍ ရွာတစ်ရွာတွင် ရေကန်တစ်ကန်နှင့် တစ်ကန်အနီးသစ်တောပျိုးဥယျာဉ်တည်ဆောက်လျက် ရွာဝန်းကျင်တွင် တောအုပ်ကလေးများတည်ထောင်ကာ တစ်ရွာလျှင် တစ်ကန် တစ်တောဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် နည်းလမ်း များဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာနများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းဦးစီး

ဌာနများ၊ စက်မှုလယ်ယာဦးစီးဌာနများ၊ တပ်မတော် တပ်ရင်း တပ်ဖွဲ့နှင့် အခြားဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများသည် အချိန်တိုကာလအတွင်း အောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်သည်။

အစားထိုးသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများကိုထိန်းသိမ်းကာကွယ်ခြင်း၊ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍ သစ်ပင်စိုက်ပျိုးခြင်း၊တောင်ကတုံးများတွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသကိုးခရိုင်သည် ယခင်က လွင်တီးခေါင် တောကတုံး တောင်ကတုံး မြေကတုံး ဖြစ်ပြီး သဲကန္တာရပမာရှိနေခဲ့ရာမှ ယခုအခါ ဥယျာဉ်ကြီးပမာ စိမ်းလန်းစိုပြည်သာယာနေပြီဖြစ်သည်။ နေရာတကာတွင် သစ်ပင်သစ်တောများဖြင့် လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။ ကျေးငှက်သာရကာတို့လည်း မြူးတူးပျံသန်းနေပြီ ဖြစ်သည်။ ရေတွင်းရေကန်များ၊ ဆည်ကြီးဆည်ငယ်များလည်း အနှံ့အပြားတွင်ရှိနေပြီဖြစ်၍ အိုအေစစ်ဒေသကြီးပမာ ဖြစ်နေသည်။ ထို့အပြင် ရေရရှိရေးနည်းလမ်းငါးသွယ်ဖြင့် ရေကိုရအောင်ယူပြီး သီးနှံများ စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့်လည်း စီးပွားတိုးတက်၍ ရွှင်လန်းပျော်မြူးနိုင်ကြပြီ ဖြစ်သည်။

သစ်ပင်သစ်တောပြန်လည်စိုက်ပျိုးတည်ထောင်ရန် လျာထားသည့်ကာလမှာ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိဖြစ်ရာ ထိုကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေကိုကြည့်လျှင် ၁၉၉၄–၉၅ ခုနှစ်တွင် သစ်တောစိုက်ခင်းဧက ၁၅,၈၅၀ စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ၁၉၉၅–၉၆ ခုနှစ်တွင် ဧက ၁၇,၁၅၀ စိုက်ပျိုး တည်ထောင်ထားသည်။

## သစ်ပင် စိုက်ပျိုးမှုများ

စိုက်ပျိုးသည့်သစ်ပင်အမျိုးအစားများမှာ အကြီးမြန်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အပင်များဖြစ်သည်။ အထူးသဖြင့် ယူကလစ်ပင်များကို နေရာအနှံ့အပြားတွင် စိုက်ပျိုးခဲ့သည်။ ထို့အပြင် အပင်ကြီးထွားနှုန်းမြန်သော အော်ရီရှားပင်များနှင့် မဲဇလီပင်များကိုလည်း အများအပြားစိုက်ပျိုးထားသည်။ ထို့မှုမက စိန်ပန်း၊ ငုစပ်၊ ငုဝါ၊ ဘောစကိုင်း၊ မြန်မာရှား၊

စစ်ကိုင်းခရိုင်၊ နွယ်ခွေသစ်တောစိုက်ခင်း



မြန်မာကုက္ကို၊ ကုလားကုက္ကို၊ ဆီနီဂေါရား၊ ပိုလိုစီနေဖီးယား၊ တမာနှင့် အခြားကြီးမြန် သစ်ပင်များကိုလည်း စိုက်ပျိုးခဲ့သည်။ ထို့အပြင် ကျွန်း၊ ပျဉ်းကတိုး စသော နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုးတန် သစ်ပင်များလည်း စိုက်ပျိုးထားသည်။ ဒေသပေါက်ပင်များဖြစ်သော မန်ကျည်း၊ တမာ၊ ဖျောက်ဆိတ်စသည့်အပင်များနှင့် ဆူးဖြူ၊ ဆီးဖြူ၊ ထနောင်းတို့ကိုလည်း ကြားညှပ်၍စိုက်ပျိုးခဲ့ကြသည်။

အစားထိုး သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သကဲ့သို့ ရှိပြီးသဘာဝတောများကိုလည်း ထိန်းသိမ်းကာကွယ်လျက် ရှိသည်။ သစ်တောကြိုးဝိုင်းများနှင့် ကာကွယ်တော များ ကို လည်း တိုးချဲ့သတ်မှတ်ခဲ့သည်။ အလားတူ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍လည်း စိမ်းလန်းစိုပြည်ရေး နှင့်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးပြီးစီးခဲ့သောစိုက်ခင်းများ ရှင်သန် ကြီးထွားမှုရှိပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် အပင်သေများနေရာတွင် ဖာထေး စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေတောင် မြှောက်ခါးဆွခြင်း၊ မိုးပြတ်ရက်များတွင် ရေလောင်းခြင်း၊ စိုက်ခင်းများကို မီးမလောင်နိုင်အောင် မီးဘေးကာကွယ်ခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်အန္တရာယ်မှကာကွယ်စောင့်ရှောက်ခြင်း စသည်တို့ကိုလည်း စနစ်တကျ ဆောင်ရွက် လျက် ရှိသည်။

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် စီမံကိန်း ညွှန်ကြားရေးမှူး တစ်ဦးကို တာဝန်ပေးထားပြီး တပ်မတော်အရာရှိကြီး သုံးဦးတို့ ကို ဇုန်အလိုက် တာဝန်ယူဆောင်ရွက်စေသည်။

မြန်မာပြည် အလယ်ပိုင်း၊ အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၉၄-၉၅ ခုနှစ် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအခြေအနေကို လေ့လာကြည့်လျှင် စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၌ မင်းဝံတောင်၊ ပဲကတိုး၊ ညောင်ပင်ဝန်း၊ ခြေရာတော် စိုက်ခင်းများတွင် ကေ ၅၀၀ ၌ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ဗမာရှား၊ ဆူးဖြူ၊ ဘောစကိုင်း၊ တမာတို့ကို စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ညောင်ပင် ဝန်း၌ ထီးဆောင်းစိုက်ခင်းများတွင် ကေ ၁၀၀ ၌ အထက် ဖော်ပြပါ သစ်ပင်များကို စိုက်ပျိုးခဲ့သည်။

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက်ပျဉ်တောင်၊ ဘန်ဆိ စိုက်ခင်းများတွင် ကေ ၄၀၀ ၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ နွယ်ခွေနှင့် နတ်ရေကန်စိုက်ခင်းများတွင် ကေ ၆၀၀၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဝန်ဘို၊ သာဖန်းနှင့် တွင်းတောင် စိုက်ခင်းများတွင် ကေ ၅၀၀ ၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆားလင်း ဆားခါးစိုက်ခင်း၌ ကေ ၂၀၀ စိုက်ပျိုးခဲ့သည်။ မုံရွာခရိုင်၌ စိုက်ပျိုးခဲ့သည့် အပင်အမျိုးအစားများမှာ ယူကလစ်၊ ဘောစကိုင်း၊ အော်ရီရှား၊ ဗမာရှား၊ မဲဇလီ၊ ဆီနီဂေါရှား၊ ကုလားကုက္ကို၊ ဗမာကုက္ကို၊ တမာနှင့် ဟိုလိုရှားတို့ ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၊ လိန်တောနှင့် အင်ပင်ဝစိုက်ခင်းများ၌ ကေ ၅၀၀ ၊ သာစည်မြို့နယ် မင်းဘုရားကန်စိုက်ခင်း၌ ကေ ၃၀၀ ၊ ဝမ်းတွင်းမြို့နယ် ရွှေဆံတော်နှင့် တောင်ကိုးလုံးတို့၌ ကေ ၃၀၀ ၊ မလှိုင်မြို့နယ် မယ်ညိုတောင်စိုက်ခင်း၌ ကေ ၄၀၀ စိုက်ပျိုးထားပြီး စိုက်ပျိုးသောအပင်များမှာ ယူကလစ်၊ ဆီနီဂေါရှား၊အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ဗမာရှားနှင့် ဗမာကုက္ကိုတို့ ဖြစ်သည်။

ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၊ မယ်အောင်ကန် ၊ ပျဉ်းမတောနှင့် နတ်တံခါးစိုက်ခင်းများ၌ ကေ ၃၀၀၊ ပျော်ဘွယ်မြို့နယ် ရေထွက်ရိုး၊ ညောင်နွယ်တောင်၊ ညောင်နွယ်မြောက်၊ ခမရ (၄၁၈) နှင့် မင်းဝေတောင် စိုက်ခင်းများ၌ ကေ ၃၀၀၊ တပ်ကုန်းမြို့နယ် ခေတ်အေးနှင့် အုန်းပင်စိုက်ခင်း၌ ကေ ၁၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် သစ်ပင်များမှာ ယူကလစ် ၊ အော်ရီရှား၊ မဲဇလီ၊ ဘောစကိုင်းတို့ ဖြစ်သည်။

မြင်းခြံခရိုင်တွင်လည်း ယူကလစ်၊ ဆီနီဂေါရှား၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီနှင့် မြန်မာရှားတို့ကို ကေ ၃,၇၀၀ ၌ စိုက်ပျိုးထားသည်။ မြင်းခြံခရိုင်အတွင်း စိုက်ပျိုးသည့် ဒေသများမှာ မြင်းခြံမြို့နယ်၊ တဲရွာ၊ ဆားခါး၊ ကုက္ကဲမြောက်၊ ယုံကိုးနှင့် ကန်နီစိုက်ခင်းများ၌ ကေ ၉၀၀၊ နွားထိုးကြီးမြို့နယ် ဆေးခင်းကြီးစိုက်ခင်း၌ ကေ ၃၀၀၊ တောင်သာမြို့နယ် တောင်သာတောင်၊ ပန်းပေါင်း၊ မြင့်ဘဲ၊ ကျောက်တစ်လုံးနှင့် ဝဲမောင်စိုက်ခင်းများ၌ ကေ ၇၀၀ ၊ ကျောက်ပန်းတောင်းမြို့နယ် ငရှဉ့်တောင်၊ ကျောက်ပုံ၊ ရွှေကျောင်နှင့် ခါးပတ်စိုက်ခင်းများ၌ ကေ ၉၀၀၊ ပုဂံ၊ ညောင်ဦးမြို့နယ် ဟတ်စီး၊ တက်မ၊ မြေသင်းထွင်နှင့် ကျောက်ကူးစိုက်ခင်းများ၌ ကေ ၉၀၀ တို့ ဖြစ်သည်။

**အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ**



**မုံရွာခရိုင်၊ ရွှေမြင်းတင်စိုက်ခင်းမှာလည်း စိမ်းလန်းအုပ်ဆိုင်းနေချေပြီ**

ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးထားသည့် အခြေအနေမှာ ပေါက်မြို့နယ် ရေတိမ်ရွာ၊ တက်မတောင်နှင့် လယ်လမ်းရွာ စိုက်ခင်းများ၌ ဧက ၂၀၀၊ မြိုင်မြို့နယ် လင်းကတော၊ မင်းကန်နှင့် မြိုင်တောင်စိုက်ခင်းများ၌ ဧက ၂၀၀၊ ရေစကြိုမြို့နယ် ကျောက်လှေခါး၊ မအူနှင့် ဆင်ချောင်းတမံ စိုက်ခင်းများ၌ ဧက ၂၀၀၊ ပခုက္ကူမြို့နယ် စံပြစိုက်ခင်းနှင့် တက်မတောင်စိုက်ခင်းများ၌ ဧက ၁၀၀၊ ဆိပ်ဖြူမြို့နယ် ကိုးတောင်စိုက်ခင်း၌ ဧက ၂၅၀ စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးသည့် အပင်အမျိုးအစားများမှာ ယူကလစ်နှင့် အော်ရီရှားအများဆုံး ဖြစ်သည်။

မကွေးခရိုင်တွင် ချောက်မြို့နယ်ရှိ ဆင်က ကာကွယ်တောစိုက်ခင်း၌ ဧက ၅၀၀၊ ရေနံချောင်းမြို့နယ်ရှိ ယင်းမချောင်းစိုက်ခင်း၌ ဧက ၈၀၀၊ နတ်မောက်မြို့နယ်ရှိ ယင်း ကာကွယ်တောစိုက်ခင်း၌ ဧက ၆၀၀၊ မြို့သစ်မြို့နယ်ရှိ ညောင်တုန်း၊ စတုံကြီးဝိုင်းနှင့် မြို့သစ်ကြီးဝိုင်း စိုက်ခင်း များ၌ ဧက ၃၅၀၊ တောင်တွင်းကြီးမြို့နယ်ရှိ ကုက္ကိုခွ စိုက်ခင်း ၌ ဧက ၅၀၀၊ မကွေးမြို့နယ်ရှိ ကားလမ်းမ ဝဲယာ (မိုင်တိုင် ၃၀၁ မှ ၃၄၂ အထိ) စိုက်ခင်း၌ ဧက ၇၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် အပင်များမှာ ယူကလစ်၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ရှား စသည့်အပင်များ ဖြစ်သည်။

အထူးဒေသ ကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မင်းဘူးခရိုင်တွင်လည်း စိမ်းလန်းစိုပြည်ရေးသစ်ပင်များ အနှံ့အပြားစိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် ဧရိယာမှာ စလင်းမြို့နယ်ရှိ စလင်းကြိုးပြင်စိုက်ခင်း၌ ဧက ၃၅၀၊ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းကုန်းကြီးနှင့် ကျွဲဒိကွင်း စိုက်ခင်းများ၌ ဧက ၃၅၀၊ မင်းဘူးမြို့နယ်ရှိ မင်းဘူးတောင်တန်းနှင့် ဓိုးအိုင်စိုက်ခင်းများ၌ ဧက ၃၅၀၊ ငဖဲမြို့နယ်ရှိ ပုဂံကြီးပြင်စိုက်ခင်း၌ ဧက ၂၀၀ အသီးသီးစိုက်ပျိုးထားသည်။ စိုက်ပျိုးခဲ့သည့်အပင်များမှာ ယူကလစ်၊ ဘောစကိုင်းနှင့် ရှားပင်များဖြစ်သည်။

အလားတူ သရက်ခရိုင်တွင် မင်းလှမြို့နယ်၊ တောင်ဦးစိုက်ခင်း၌ ဧက ၂၀၀၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်နှင့် ကိုးပင်စိုက်ခင်း၌ ဧက ၅၀၀၊ အောင်လံမြို့နယ်ကျွဲသေကြီးဝိုင်း၊ ပြလို့ကြီးဝိုင်း၊ ဗွက်ကြီးကြီးဝိုင်း၊ ဆင်ချည်တိုင်နှင့် ကန်နှစ်ဆင့်စိုက်ခင်းများ၌ ဧက ၇၅၀၊ မင်းတုန်းမြို့နယ်၊ မင်းတုန်း – ကံမလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ ကံမမြို့နယ်၊ ပုသိမ် – မုံရွာလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ သရက်မြို့နယ်၊



ပူပြင်းခြောက်သွေ့လှသော စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ညောင်ပင်အိုင် တောရစိုက်ခင်းမှာ စိမ်းလန်း၍သာယာလာ

သရက် – မင်းတုန်းလမ်း၌ ဧက ၃၅၀ အသီးသီး စိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် အပင်များမှာ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ကျွန်း စသည့်အပင်များ ဖြစ်သည်။

ဖော်ပြခဲ့ပြီးသည့် စိုက်ကေနှင့် စိုက်ပျိုးပင်များမှာ စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၁၉၉၄–၉၅ ခုနှစ်အတွင်း စိုက်ကေနှင့် စိုက်ပျိုးပင်များ ဖြစ်သည်။

## ရေကန်နှင့် ဆည်များ

အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း ၁၉၉၄–၉၅ ခုနှစ် အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေကန်နှင့် ဆည်များမှာ မုံရွာခရိုင်၊ မုံရွာမြို့နယ်၌ သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရောင်တော်ထုံး၊ သာယာစု၊ ခတ္တာကန်မြောက်၊ ရွှေမြင်တင်ကန်များတည် ဆောက်ပြီးစီးခဲ့သည်။ ထို့အပြင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် ကျောက်ရိုးမြောင်တစ်ဖက်ဆည်၊ တောင်မန်ကျည်းတစ်ဖက်ရပ်ဆည်၊ ကျေးအုပ်ကန်၊နိဗ္ဗာန်ဝကန်တို့ကို တည်ဆောက်ခဲ့သည်။ တစ်ဖန် မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၌ ကျောက်စစ်ကုန်းကန်၊ ရွာသစ်ကန်၊ မုံရွာခရိုင်၊အရာတော်မြို့နယ်၌ ညောင်ပင်သာကန်၊ သာမုံးကုန်းကန်၊ ညောင်ပင်ကန်၊ မုံရွာခရိုင်၊ ယင်းမာပင် မြို့နယ်၌ ပျံ့ကြီးကန်၊ ညောင်ပင်အိုကန်၊ ဆားလင်းကြီးမြောက်ကန်၊မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၌ လက်ပန်မြောက်ကန်၊ သဖန်းကန်တို့ကို တည်ဆောက်ခဲ့သည်။ ချောင်းဦး၊ အရာတော်၊ ယင်းမာပင်မြို့နယ်များရှိကန်များနှင့် ဘုတလင်မြို့နယ်ရှိလက်ပန်မြောက်ကန်ကို သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘုတလင်မြို့နယ် သဖန်းကန်ကို ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တူးဖော်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း၊ မြင်းခြံခရိုင်တွင်လည်း ရေကန်များဆည်များ တည်ဆောက်ခဲ့သည်။ တည်ဆောက်ခဲ့သည့် ရေကန်နှင့် ဆည်များမှာ ပုဂံညောင်ဦးမြို့နယ်ရှိ ထနောင်းဝန်း၊ မြင်ချောင်းကန်၊ နတ်ကြီးအိုင်၊ မြေနီနှင့်မြောင်းကန်များ၊ ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကန်၊ စက္ကိန်းအရှေ့တောင်ကန်၊ စက္ကိန်းအရှေ့ကန်၊ ကန်ဖြူတောင်ကန်၊ ရွာလူကန်၊ စီပေါက်ကန်နှင့် အနောက်ဖို

စုကန်များ၊ နွားထိုးကြီးမြို့နယ်ရှိ ထနောင်းပင်ဝဲကန်၊ တက်စီကန်၊ သရက်ကန်၊ ပြင်စည်ကန်၊ တပါယ်ကန်နှင့် သဲတောကန်များ၊ တောင်သာမြို့နယ်ရှိ တပ်ကြီးကန်၊ တောင်သာကန်၊ ကျောချောကန်နှင့် ပန်းပေါင်းကန်များ ဖြစ်သည်။


အလားတူ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ဆားတောင်ကန်၊ နတ်ခရိုင်ကန်၊ အုန်းတောကန်၊ ရွာသစ်ကန်၊ ဆည်လေးတောကန်နှင့် ခြေရာတော်ကန် (ခြေရာတော်ကန် ငါးခု) များ၊ စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်ရှိ သရက်ချိုကန်နှင့် မိုးတောင်းကန်များ၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ်ရှိ ကျွဲအိုကန်နှင့် မြင်းမူမြို့နယ် ထိန်တန်ကန်တို့ကိုလည်း တူးဖော်တည်ဆောက်ထားသည်။ စစ်ကိုင်းမြို့နယ်ရှိ ခြေရာ တော်ကန် ငါးကန်မှာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ကျန်ရေကန်များမှာ သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မကွေးတိုင်း ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ စိုတွင်းကန်၊ ကန်ရပ်ကြီးကန်၊ ဖုံးကန် (အရှေ့) ကန်၊ မြိုင်မြို့နယ်ရှိ မင်းကန်၊ မုံ့ညှင်းလေးကန်၊ သင်းပေါက်ကန်၊ ပေါင်းကွဲကန်၊ ရေစကြိုမြို့နယ်ရှိ ကုက္ကိုခွကန်၊ တောင်အိုကန်၊ မြေဖြူကျင်းကန်၊ ဆိပ်ဖြူမြို့နယ်ရှိ တပေါင်းကန်၊ တဲကြီးကန်နှင့် ကျောက်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ အဟတ်ကန်၊ သစ်ရာကောက်ကန်၊ ညောင်ကန်၊ မကျီးကန်၊ ချောက်မြို့နယ်ရှိ ရေတွင်းကန်၊ ညောင်ပင်သာကန်၊ အေးရွာကန်၊ ငွေးပင်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး ငွေးချို (သုံးရေကန်)၊ ထနောင်းသုံးခွကန်၊ အုတ်တွင်းကန်၊ ဆင်ကစခန်းကန်၊ ငွေးချိုသောက်ရေကန်နှင့် ညောင်ပင်သာ သုံးရေကန်တို့ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကူရွာ၊ ကန်ရွာ၊ ခင်မကန်နှင့် ဆီမီးခုံကန်များကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေချို သရက်ခြံကန်၊ သာစည် မြို့နယ် ယင်းမာပင်ကန်နှင့် ရွာကြီးကန်တို့ကို သစ်တောရေးရာ

**ဆင်ပေါင်ဝဲမြို့နယ် စိမ်းစိုရေးသစ်တောပျိုးခင်းဖြင့် ပျိုးထောင်ပေးလျက်**



## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



**ချောက်မြို့နယ် ဂွေးချိုတောင်တန်း စိုပြည်စိမ်းလန်းနေလေပြီ**

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး သာစည်မြို့နယ်ရှိ ဘီလူးမကန်နှင့် မင်းဘုရားကန်တို့ကို ကိုး ခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက် ခဲ့သည်။ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အုတ်ကျင်းကန်၊ ရေနီအနောက်ကန်၊ လယ်တကောင်းကန် နှင့် သပွတ်ထုံးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ထားသည်။ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နန်းလုံကန်၊ ဆည်တိုကန်၊ ကန်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏အစီအစဉ်ဖြင့် တည်ဆောက်နိုင်ခဲ့ပြီး မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ ခေတ်အေးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ငွေးကုန်း၊ ရုံးကုန်း၊ ရွှေဘုတ်ကန်နှင့် ညောင်စောက်ချောင်းကန်နှင့် တောင်တွင်းကြီးမြို့နယ်ရှိ ပရပ်ကြယ်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကန် သုံးကန်ကို ကိုး ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။ တစ်ဖန် မကွေးခရိုင်အတွင်း နတ်မောက်မြို့နယ်တွင် တံခွန်တိုင်၊ ပိတောက်ငုတ်၊ ရေဘို၊ တက်ဝန်း၊ တလုပ်နှင့် မြို့သစ်မြို့နယ်တွင် မြေကြား၊ ချောက်ကြားနှင့် ဆူးတပ်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးခရိုင်၊ မင်းလှမြို့နယ်တွင် တလုပ်ကျင်းနှင့် ညောင်ပင်ကျပ်ကန်တို့ကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စိုစွတ်ကန်ကို လည်းကောင်း၊ အောင်လံမြို့နယ်တွင် စောင်းလျားကျင်းနှင့် ရေပေါကန်တို့ကိုလည်းကောင်း သစ်တောရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ၁၉၉၅ – ၉၆ ခုနှစ်အတွင်း တည်

ထောင်ခဲ့သည့် စိုက်ခင်းများမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရှိ ကျောက္ကာတောင်၊ ချောင်းဦးမြို့နယ်ရှိ နွယ်ခွေ ကာကွယ်တော၊ ရေပိုးစာကန်ပတ်ဝန်းကျင်၊ ဘုတလင်မြို့နယ်ရှိ အုတ်ဖိုတောင်တစ်လုံး၊ အဆိုပြုကြိုးဝိုင်း၊ ယင်းမာပင် မြို့နယ်ရှိဆားလင်း၊ ဆားခါးကာကွယ်တောတို့၌ ကေပေါင်း ၂၀၀၀ တွင်လည်းကောင်း၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ခြေရာတော် ကာကွယ်တော၊ မင်းဝံတောင်၊ အုန်းတောကားလမ်းမ၊ ငါန်းဇွန်မြို့နယ်ရှိ ကျောက်တစ်လုံး ကားလမ်းမ၊ မြင်းမူမြို့နယ်ရှိ မြင်းမူ – ချောင်းဦး ကားလမ်းမနှင့် ထီးဆောင်ဒေသတို့၌ ကေပေါင်း ၇၅၀ တွင်လည်းကောင်း၊ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကုက္ကကာကွယ်တော (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ပုဂံ – ညောင်ဦးမြို့နယ်ရှိ မြေသင်းကွင်းကာကွယ်တောနှင့် အရာတော် ကာကွယ်တော၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကိုးကွေ့ကြိုးဝိုင်း၊ သျှန်တောင်ကာကွယ်တောနှင့် ကိုင်းကာကွယ်တော၊ နွားထိုးကြီးမြို့နယ်ရှိ ဆေးခင်းကြီး ကာကွယ်တော၊ တောင်သာမြို့နယ်ရှိ တောင်သာကြိုးဝိုင်းတို့၌ ကေပေါင်း ၃,၉၀၀ တွင်လည်းကောင်း၊ မိတ္ထီလာခရိုင် ၊ မိတ္ထီလာမြို့နယ်ရှိ အင်ပင်ဝကြိုးဝိုင်း၊ သာစည်မြို့နယ်ရှိရွှေနတ်တောင် ကာကွယ်တော၊ ဝမ်းတွင်းမြို့နယ်ရှိ ရွှေဆံတော် ကာကွယ်တောနှင့် တောင်ကိုးလုံး ကာကွယ်တော၊ မလှိုင်မြို့နယ်ရှိ မယ်ညိုတောင်ကြိုးဝိုင်းတို့၌ ကေပေါင်း ၁,၅၀၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း ၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နတ်တံခါး ကာကွယ်တောနှင့် ပျဉ်းမ တောရွာ၊ ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ကာကွယ် တော၊ မင်းဝံတောင် ကာကွယ်တော၊ တပ်ကုန်းမြို့နယ်ရှိ အုန်းပင်ဒဟတ်တော ကာကွယ်တောတို့၌ ကေ ၇၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

အလားတူ မကွေးတိုင်း ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်ရှိ ကန်လှအပတောနှင့် တက်မတောင်၊ မြိုင်မြို့နယ်ရှိ မင်းကန်အပတောနှင့် မြိုင်တောင် အပတော၊ ပေါက်မြို့နယ်ရှိ ရေတိမ် ရွာ အပတောနှင့် တက်မတောင်၊ ရေစကြိုမြို့နယ်ရှိ မအူကြိုးပြင်၊ တောင်ညိုအပတောနှင့် ကျောက်လှေခါး၊ ဆိပ်ဖြူမြို့နယ်ရှိ ကိုးတောင်အပတောတို့၌ ကေ ၁,၄၅၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ မင်းဘူးခရိုင် ၊ မင်းဘူးမြို့နယ်ရှိ ပုဂံကန်ကြိုးဝိုင်းနှင့် မင်းဘူးတောင်တန်းဒေသ၊ စေတုတ္တရာ မြို့နယ်ရှိ စလင်း – စေတုတ္တရာ ကားလမ်းမ၊ စလင်းမြို့နယ်ရှိ စလင်းကြိုးပြင်တော၊ ပွင့်ဖြူမြို့နယ်ရှိ ကျွဲဒီကွင်းနှင့် ရေပုတ်ကြီးကွင်း၊ ငဖဲမြို့နယ်ရှိ ပုသိမ် – မုံရွာ ကားလမ်းမ တို့၌ ကေ ၁,၂၅၀ တွင်လည်းကောင်း၊မကွေးတိုင်း မကွေးခရိုင် ၊ မကွေးမြို့နယ် မကွေး – ရန်ကုန် ကားလမ်း၊ ချောင်မြို့နယ် ဆင်က ကာကွယ်တော၊ ရေနံချောင်းမြို့နယ် ယင်းမချောင်း ကာကွယ်တော၊ တောင်တွင်းကြီးမြို့နယ် သက်ကယ်ကျင်းကာကွယ်တော၊နတ်မောက်မြို့နယ် ယင်း(၁) ကာကွယ်တော တို့၌ ကေ ၃,၅၀၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ သရက် ခရိုင် သရက်မြို့နယ် ရေမြက်ကြီးပြင်၊ မင်းလှမြို့နယ် တောင်ဦးကြီးပြင်၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကြီးပြင်နှင့် ကိုးပင်ကြီးပြင်၊ အောင်လံမြို့နယ် ဖွက်ကြီးကြီးပြင်၊ ကျွဲသေကြီးပြင်နှင့် ပြလို့ကြီးပြင်၊ မင်းတုန်းမြို့နယ် ကြိုးပြင်အကွက် (၃၆) နှင့် ကံမမြို့နယ် ရွာသာလှကြိုးပြင် တို့၌ ကေ ၂,၁၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

## နိဂုံး

မြန်မာပြည် အလယ်ပိုင်း အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းကာလ သုံးနှစ် ပြည့်မြောက်သွားသည့် နောက်ပိုင်းတွင်လည်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ လုပ်ကိုင်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့သဖြင့် ပူပြင်းခြောက်သွေ့သောဒေသများ စိမ်းစို အေးချမ်းလာခြင်း၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်း၊ ရွှေကိုမလို ရေကိုလိုသည် ဆိုသည့် စကားအတိုင်း အပူပိုင်း ဒေသများတွင် သောက်ရေသုံးရေများ အလုံအလောက် ရရှိခြင်း၊ ဆည်မြောင်းကန်ချောင်းတို့၏ ရေဝေရေလဲထိန်းသိမ်းမှုကို ရရှိခြင်း၊ သစ်ပင်စိုက်ပျိုးမှုတွင် ပြည်သူများ စိတ်ဝင်စားလာခြင်း၊ သီးနှံစိုက်ပျိုးရေးကို ကြီးစွာအထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာခြင်းတည်းဟူသော အကျိုးကျေးဇူးများကို ရရှိခံစားနေကြရ၍ မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသား ဖော်ပြလိုက်ရပါသတည်း။

ဆွေသန့်ကို


A FREE





# စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ

"အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်ချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ( Fourth World Conference on Women ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှ (၁၅) ရက်နေ့အထိ (၁၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံအနေဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို စိစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) လုပ်ငန်းစီမံချက်(Platform for Action) တစ်ရပ်ကို အတည်ပြု ချမှတ်ရန်၊

( ခ) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို လျာထားသတ်မှတ် ရန်၊

(ဂ) အခြေခံလူတန်းစားအဆင့်နှင့် မူဝါဒချမှတ်သူအဆင့်နှစ်ရပ်စလုံးတွင် အမျိုးသားရော၊ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

ညီလာခံသို့ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၏ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ အဆင့်ဖြင့် တက်ရောက်လာသည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံများ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင် များ၊ ကိုယ်စားလှယ်များ အများဆုံးတက်ရောက်နိုင်ခဲ့ကြသည့် ညီလာခံတစ်ခုပင် ဖြစ်သည်။ နိုင်ငံအသီးသီးမှကိုယ်စားလှယ်များက မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုရေးရာတို့ကို အခြေခံ၍ မိမိတို့၏ အတွေ့အကြုံ၊ သဘောထားအမြင်များအား တင်ပြဆွေးနွေး အမြင်ချင်းဖလှယ်ခွင့်ရရှိ ခဲ့ကြသည်။

## အမျိုးသမီးညီလာခံ၏ နောက်ခံအချက်အလက်များ

ကုလသမဂ္ဂ အနေဖြင့် ယခုညီလာခံအပါအဝင် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံလေးခုကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၇၅ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၎င်း ၁၉၇၅ ခုနှစ်အတွင်းတွင် ပထမအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို "အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့၌ စတင်ကျင်းပခဲ့သည်။ ၎င်းနှစ်ကုလသမဂ္ဂ အထွေထွေညီလာခံမှ ထပ်မံ၍ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို " ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်" အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံအနေဖြင့်မှ "အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံးပယ်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း" ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါကွန်ဗင်းရှင်းသည် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပြုရာတွင် ပင်မကျသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်ပင် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၌ ဒုတိယအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံအနေဖြင့် အမျိုးသမီးများ ဆယ်စုနှစ်၏ ကျန်ရှိသည့်ဒုတိယနှစ်ဝက်အတွက် လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့ပါသည်။

အမျိုးသမီးများ ဆယ်စုနှစ်ကုန်ဆုံးသည့် ၁၉၈၅ ခုနှစ်တွင်တတိယအကြိမ်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့

ညီလာခံကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဤညီလာခံမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အထိ အမျိုးသမီးများ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် ရှေ့လုပ်ငန်းစဉ်မဟာဗျူဟာများကို ချမှတ်အတည်ပြုခဲ့သည်။ တတိယအကြိမ် ကျင်းပပြီး၍ ဆယ်စုနှစ်တစ်နှစ်အကြာဖြစ်သည့် ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ယခုညီလာခံကို ကျင်းပခြင်းဖြစ်သည်။ နိုင်ရိုဘီတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်မဟာဗျူဟာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်မှု အခြေအနေများအား ယခုညီလာခံတွင် ဆန်းစစ် သုံးသပ်ကြမည်ဖြစ်သည်။ ညီလာခံအနေဖြင့် အနာဂတ်ကာလအတွက်လုပ်ငန်းအစီအစဉ်များကို အဓိကထားဆွေးနွေးမည် ဖြစ်သော်လည်း၊ နိုင်ရိုဘီ၏ ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် အောင်မြင်ချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်ဆန်းစစ်ကြမည် ဖြစ်ပေသည်။

ထို့အပြင် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ကုလသမဂ္ဂမှ ဦးဆောင်ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများကို ညီလာခံတစ်ခုနှင့် တစ်ခုအဆက်အစပ်မိစွာဖြင့် ကျင်းပပေးခဲ့ရာ ယခုစတုတ္ထအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဤညီလာခံ၏ရှေ့တွင် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများမှာ–

(က) ၁၉၉၀ပြည့်နှစ်၊ အမေရိကန်နိုင်ငံ၊ နယူးယောက်တွင် ကျင်းပသည့်"ကလေးများအတွက် ကမ္ဘာ့ထိပ်သီး ညီလာခံ"၊

(ခ) ၁၉၉၂ ခုနှစ်၊ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျာနေရိုးတွင် ကျင်းပသည့် "ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုကိစ္စများဆိုင်ရာ ကုလသမဂ္ဂညီလာခံ "၊

(ဂ) ၁၉၉၃ ခုနှစ်၊ သြစတြေးလျနိုင်ငံ၊ ဗီယင်နာတွင် ကျင်းပသည့် "လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ညီလာခံ"၊

(ဃ) ၁၉၉၄ ခုနှစ်၊ အီဂျစ်နိုင်ငံကိုင်ရိုတွင်ကျင်းပသည့် "လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ"၊

(င) ၁၉၉၅ ခုနှစ်၊ မတ်လအတွင်းဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်တွင်ကျင်းပသည့် "လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကမ္ဘာ့ထိပ်သီးညီလာခံ"တို့ ဖြစ်ကြပေသည်။

## ညီလာခံအတွက် ကြိုတင်ပြင်ဆင် မှုများ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ကျင်းပနိုင်ရန်အတွက်၁၉၉၄ ခုနှစ်အတွင်းက ဒေသဆိုင်ရာအကြိုညီလာခံများကို အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ သြစတြေးလျ၊ ဂျော်ဒန်နှင့် ဆီနီဂေါစသည့် နိုင်ငံ ( ၅ ) နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။

- အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာအတွက်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတွင် ဇွန်လ (၇)ရက်နေ့မှ (၁၄) ရက်နေ့အထိ၊
- လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသဆိုင်ရာအတွက် ညီလာခံကို အာဂျင်တီးနားနိုင်ငံ၊ မာဒဲပလာတတွင် စက်တင်ဘာလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ၊
- ဥရောပဒေသဆိုင်ရာအတွက် ညီလာခံကို သြစတြေးလျ နိုင်ငံ၊ ဗီယင်နာတွင်အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ၊
- အနောက်အာရှဒေသဆိုင်ရာအတွက် ညီလာခံကို ဂျော်ဒန်နိုင်ငံ၊ အမ္မာန်တွင် နိုဝင်ဘာလ(၆) ရက်နေ့မှ (၁၀)ရက်နေ့အထိ၊
- အာဖရိက ဒေသဆိုင်ရာအတွက် ညီလာခံကို ဆီနီဂေါနိုင်ငံ၊ ဒါကာတွင်နိုဝင်ဘာလ (၁၆) ရက်နေ့မှ(၂၃) ရက်နေ့အထိ စသည်ဖြင့် ဒေသဆိုင်ရာအသီးသီး၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ညီလာခံ၏ အထွေထွေအတွင်းရေးမှူးအဖြစ် မစ္စက်ဂါးထရုဒ်မွန်ဂဲလား ( Mrs Gertrude Mongella) ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ်၊ ဘူထရို့စ်ဂါလီမှ ခန့်အပ် ခဲ့သည်။ မစ္စက်မွန်ဂဲလားမှာ တတိယအကြိမ်နိုင်ရိုဘီညီလာခံသို့ တန်ဇန်းနီးယား နိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်ခဲ့ရသူ ဖြစ်သည်။

ညီလာခံကြီးအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် အကြိုညှိနှိုင်းကော်မတီ၏ နောက်ဆုံးအကြိမ်အစည်းအဝေးတစ်ရပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၅ ခုနှစ် ၊ မတ်လ ၁၅ ရက်နေ့မှ ဧပြီလ ၅



ညီလာခံကျင်းပသည့် ပီကင်းအပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ

ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးသည် ကုလသမဂ္ဂအမျိုးသမီးများ အဆင့် အတန်းရေးရာကော်မရှင် (SW-Commission on the Status of Women ) ၏(၃၉) ကြိမ်မြောက် အစည်းအဝေး လည်းဖြစ်ပြီး ညီလာခံကြီးတွင် ဆွေးနွေးမည့် လုပ်ငန်းစီမံချက်မူကြမ်းအား ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစီမံချက်မူကြမ်း၌ အမျိုးသမီးရေးရာဆောင်ရွက်ချက်များအတွက် ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍ (၁၁) ရပ် ပါရှိခဲ့ရာ ယင်းကဏ္ဍ (၁၁) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အမျိုးသမီးများအပေါ် ဖိစီးနေသော ဆင်းရဲနွမ်းပါးမှုဝန်ထုပ်ဝန်ပိုးများ ရှိမြဲရှိနေသေးသည့်အပြင် ထပ်မံ တိုးပွားလာနေခြင်း၊

(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လုံလောက်မှု မရှိခြင်းနှင့် အမျိုးသမီး များအပေါ် သဘောထား အယူ အဆများ ညီမျှမှုမရှိခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ လုံလောက် မှုမရှိခြင်း၊ ညီမျှမှု မရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်အတန်းများလည်း ညီမျှမှု မရှိခြင်း၊

(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း၊

(၅) လက်နက်ကိုင်တိုက်ပွဲများ (သို့မဟုတ်) အခြားသော ပဋိပက္ခများကြောင့် အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်စေခြင်း၊

(၆) စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများ၊ မူဝါဒများနှင့် ကုန်ထုတ်လုပ်မှုကိစ္စရပ်များတွင် အမျိုး သမီး များ၏ ပါဝင်မှု ညီမျှမှုမရှိခြင်း၊

(၇) အဆင့်အားလုံး၌ လုပ်ပိုင်ခွင့်အာဏာ၊ ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးနှင့် အမျိုးသားများအကြား ညီမျှမှုမရှိခြင်း၊

(၈) အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးမှု မြှင့်တင်ရေး

ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အဆင့်အားလုံး၌ ယန္တရား များ မလုံလောက်ခြင်း၊

(၉) အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အသိအမှတ်ပြုထားသည့် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအပေါ် အာရုံစိုက်မှု နည်းပါး ခြင်း၊

(၁၀) အမျိုးသမီးများ၏ လူ့အဖွဲ့အစည်းအတွင်း အကျိုးပြု ဆောင်ရွက်ချက် များကို မြှင့်တင်ပေးရန် အတွက် သတင်းပြန်ကြား ဖြန့်ချိမှုများ လုံလောက် မှု မရှိခြင်း၊

(၁၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝ သယံဇာတ အရင်း အမြစ် များကို စီမံခန့်ခွဲရာ၌ အမျိုးသမီးများ၏ ပါဝင် လုပ်ဆောင်နိုင်မှုကို အသိ အမှတ်ပြုခြင်း၌ အားနည်းခြင်း၊

ဤကဏ္ဍ (၁၁) ရပ်ကို ရင်ဆိုင်ကျော်လွှားမည့် အကြံပြုချက်များကို စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် နိုင်ငံတကာမိသားစု စုစည်း အဖြေရှာမှုဖြင့်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးနောက်တွင် နိုင်ငံတကာ၏ သဘောတူညီမှုအဖြစ် ညီလာခံမှ အတည်ပြုချမှတ်မည့် "လုပ်ငန်းစီမံချက်" သည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်များအတွက် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ ဂျာကာတာ ညီလာခံ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက်ဒေသဆိုင်ရာအကြိုညီလာခံ ငါးခုပြုလုပ်ခဲ့သည့်အနက် အဦးဆုံးကျင်းပသော အကြိုညီလာခံသည် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ အကြိုညီလာခံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှ (၁၄) ရက်နေ့အထိ

ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့



ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံကို အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) မှ ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ဇွန်လ (၇) ရက်နေ့မှ(၁၁) ရက်နေ့အထိ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ဇွန်လ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ဝန်ကြီးအဆင့်ညီလာခံများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိအမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဝဝအား ဒေသအတွင်းရှိ အမျိုးသမီးများ၏စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်နည်းလမ်းအမျိုးမျိုးဆွေးနွေးညှိနှိုင်း ထုတ်ဖော်ဆောင်ရွက် ရေးအတွက် စာတမ်း ပြုစုပြီး ဤစာတမ်းကိုစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းရန်တို့ ဖြစ်သည်။

အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာရှနှင့်ပစိဖိတ်ဒေသ (၅၄) နိုင်ငံမှ ကိုယ်စားလှယ် (၄၂၄) ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး မဒမ်ဆူဂမ်ဒီ တက်ရောက်မိန့်ခွန်းပြောကြား ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးမှ အောက်ပါအဓိက ကဏ္ဍသုံးရပ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပေသည်။

(၁) အမျိုးသမီးများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၂) အမျိုးသမီးများနှင့် လူမှုရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၃) အမျိုးသမီးများနှင့် အခွင့်အာဏာပေးခြင်းကဏ္ဍ၊

ဖော်ပြပါ ကဏ္ဍအသီးသီးအား ကိုယ်စားလှယ်များမှ အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဤဆွေးနွေးချက်များအပေါ် မူတည်၍ ရေးသားပြုစုကြသည့် "ဂျာကာတာ ကြေညာချက်" နှင့် အမျိုးသမီးများနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို သဘောတူညီခဲ့ကြပါသည်။

ဝန်ကြီးအဆင့် ညီလာခံတွင် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးအဆင့် (၃၁)ဦး ပါဝင်တက်ရောက်ခဲ့ကြကာ ညီလာခံအား အိမ်ရှင်နိုင်ငံ သမ္မတကြီး ဆူဟာတိုကိုယ်တိုင် မိန့်ခွန်းမြွက်ကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ သဝဏ်လွှာပေးပို့ခဲ့သည်။

ဝန်ကြီးအဆင့် ညီလာခံအနေဖြင့် အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့် ဂျာကာတာကြေညာ ချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စီမံချက်များကို အတည်ပြု ခဲ့ကြပါသည်။

ဂျာကာတာအကြိုညီလာခံတွင် ဆွေးနွေးခဲ့ကြသည့် အမျိုးသမီးများဆိုင်ရာ အဓိကအချက်များမှာ –

(က) အမျိုးသမီးထု ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းလာစေရေး၊

(ဂ) ဝန်းကျင်ထိန်းသိမ်းမှုနှင့် သယံဇာတပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အမျိုးသမီးများ၏ စွမ်းအားကို အသိအမှတ်ပြုရေး၊

(ဃ) အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်များကို ပေးနိုင်သည့် အဆင့်များတွင် အမျိုးသမီးများ ပါဝင်ရေး၊

(င) အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ကာကွယ်မြှင့်တင်ပေးရေး၊

(စ) အမျိုးသမီးများ ကျန်းမာရေးခံစားမှု အပြည့်အဝရရှိရေး၊

(ဆ) အမျိုးသမီးများ ပညာရေးတွင် အပြည့်အဝခံစားခွင့် ရရှိရေး၊

(ဇ) ပြန်ကြားရေးနှင့် သတင်း၊ စာနယ်ဇင်းများတွင် အမျိုးသမီးများအားအကောင်းဘက်မှမြင်နိုင်ရေးအတွက် စာစောင်၊ အာဘော်များရေးသားရေး၊

(ဈ) အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ယန္တရား များ စီမံထားရှိရေး၊

(ည) အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုရေး တို့ဖြစ်ကြပြီး အဆိုပါ အချက်များအလိုက် ဆောင်ရွက်မည့် မဟာဗျူဟာ၊ နည်းဗျူဟာ များကို ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ် သည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ပြင်ဆင်ဆောင်ရွက်မှု

ကျင်းပပြီးစီးခဲ့သော အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ သုံးခုသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် တက်ရောက်နိုင်ခြင်း မရှိခဲ့သော်လည်း၊ ယခုစတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ဆောင် ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ အာရှနှင့် ပစိဖိတ်

ဒေသ ဆိုင်ရာ၏ အကြို ညီလာခံဖြစ်သည့် ဂျာကာတာ ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ညီလာခံတွင်အတည်ပြုခဲ့သည့် ဂျာကာတာ ကြေညာချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စိမံချက်များအား လည်း ထောက်ခံခဲ့ပါသည်။

၄င်းနောက် ၁၉၉၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ဧပြီလ (၅) ရက်နေ့အထိ နယူးယောက်အကြို ညှိနှိုင်း ကော်မတီ နောက်ဆုံးအကြိမ် အစည်းအဝေးဖြစ်သည့် ကုလသမဂ္ဂအမျိုးသမီးများ အဆင့်အတန်းရေးရာကော်မရှင်၏ (၃၉) ကြိမ်မြောက် အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ အမျိုးသမီးကိုယ်စား လှယ်နှစ်ဦး တက်ရောက် ပါဝင်ခဲ့သည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံလုံးဆိုင်ရာ ကော်မတီတစ်ရပ်ကို ၁၅–၈–၉၄ တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၄) ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့ပါသည်။

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၂) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန၊

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန၊

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန၊

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန၊

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန၊

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊

(၁၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊

(၁၂) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန၊

နိုင်ငံလုံးဆိုင်ရာ ကော်မတီအနေဖြင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားအဆင့် အစီရင်ခံစာကို ပြုစုရေးသားခဲ့ပါသည်။ အစီရင်ခံစာပြုစုရာတွင် ဂျာကာတာ ကြေညာချက်စာတမ်းနှင့် နယူးယောက်အကြိုညှိနှိုင်းဆွေးနွေးပွဲမှ အချက်များကို မှတည်၍ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ဤအစီရင်ခံစာကို နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရရှိသဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂသို့ ပေးပို့ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အနေဖြင့် အစီရင်ခံစာရေးသားပြုစုရေးနှင့် ပတ်သက်၍ ၆–၂–၉၅ နေ့တွင် နိုင်ငံလုံးဆိုင်ရာ ကော်မတီဝင်များအား တွေ့ဆုံ လမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ၂၉–၈–၉၅ ရက်နေ့တွင် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှု ကဏ္ဍ ဟောပြောပွဲကို ၅–၈–၉၅နေ့တွင် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြား

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ



ခဲ့ပြီး၊ ညီလာခံသို့ တက်ရောက်ကြမည့် မြန်မာကိုယ်စားလှယ် အဖွဲ့မှအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မေမေရီ၊ ဒေါက်တာဒေါ်ဝင်းမေနှင့် ပါမောက္ခဒေါ်ရီရီမြင့်တို့က အမျိုးသမီးများစွမ်းဆောင်မှုနှင့် ပတ်သက်သည့် စာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြပါသည်။

ပီကင်းမြို့တွင် ကျင်းပမည့် ညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ စာအမှတ်– ၃၁၁၆/၀၂/၉၄ (၁၃၈၈) ဖြင့်အောက်ဖော်ပြပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စေရန် သဘောတူညီခဲ့ပါသည်။

(က) ဗိုလ်ချုပ်စိုးမြင့် — ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊

(ခ) ဦးဆက် — အဖွဲ့ဝင်
သံအမတ်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

**ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စစ်ဂါထရူဒ်မွန်ဂဲလားက ကိုယ်စားလှယ်များနှင့် တရင်းတနှီး**

(ဂ) ဦးညီညီသန်း — အဖွဲ့ဝင်
သံအမတ်ကြီး
အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

(ဃ) ဦးသန်းပို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန၊

(င) ဒေါက်တာဒေါ်ဝင်းမေ — အဖွဲ့ဝင်
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်၊

(စ) ဒေါက်တာဒေါ်မေမေရီ — အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန၊

(ဆ) ဒေါ်ရီရီမြင့် — အဖွဲ့ဝင်
ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန
စီးပွားရေးတက္ကသိုလ်၊

(ဇ) ဦးကျော်တင့်ဆွေ အဖွဲ့ဝင်
သံမှူးကြီး
ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ဈ) ဦးညွန့်မောင်ရှိန် အဖွဲ့ဝင်
သံမှူးကြီး
ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ည) ဦးမျိုးမြင့် အဖွဲ့ဝင်
ကောင်စစ်ဝန်ချုပ်
မြန်မာနိုင်ငံဆိုင်ရာကောင်စစ်
ဝန်ချုပ်ရုံး၊ ဟောင်ကောင်၊

(ဋ) ဒေါက်တာဒေါ်တင်လင်းမြင့် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်း၊ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်း၊

(ဌ) ဒေါ်ခင်မျိုးမြင့် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး၊

(ဍ) ဒေါ်ယဉ်ယဉ်မြင့် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(ဎ) ဗိုလ်ကြီးထွန်းလင်း အဖွဲ့ဝင်
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန၊

(ဏ) ဦးမြတ်စိုး အဖွဲ့ဝင်
တရုတ်ဘာသာစကားပြန်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(တ) ဦးစိုးဝင်း အကြံပေးပုဂ္ဂိုလ်
သံမှူး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ထ) ဒေါ်ခင်သန္တာ အကြံပေးပုဂ္ဂိုလ်
တတိယအတွင်းဝန်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ဒ) ဦးအေးကိုကို အကြံပေးပုဂ္ဂိုလ်
သံအရာရှိ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

ညီလာခံတွင် စိတ်ဝင်တစား ဆွေးနွေးနေကြစဉ်



## ကမ္ဘာ့မှတ်တမ်းဝင် ပီကင်းညီလာခံ

အမျိုးသမီးများဘဝတိုးတက်မြင့်မားရေးအတွက် အနာဂတ်ကာလ လုပ်ငန်းအစီအစဉ်များကို အဓိကထား ဆွေးနွေးကြရန်နှင့် ကုလသမဂ္ဂ၏အမျိုးသမီးရေးရာ ဆောင်ရွက်ခဲ့ချက်များတွင် အောင်မြင်မှု၊ အားနည်းမှုများကို ပြန်လည်ရှုမြင်သုံးသပ်ရန် ပီကင်းမြို့တော်သို့ ကမ္ဘာ အရပ်ရပ်မှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တစ်စုတစ်ဝေး စုဝေး ရောက်ရှိခဲ့ကြသည်။

ညီလာခံကို စက်တင်ဘာလ ( ၄ )ရက်နေ့တွင် စတင် ကျင်းပခဲ့သည်။ ယင်းနေ့မတိုင်မီ စက်တင်ဘာလ( ၃ )ရက် နေ့က ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ အကြိုညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ညှိနှိုင်းဆွေးနွေး ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညီလာခံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တရုတ်ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မဒမ်ချန်းမူဟွာ(**Chen Muhua**)ကို အများဆန္ဒဖြင့် သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်သည်။ သဘာပတိနှင့် တွဲဖက် ဆောင်ရွက်နိုင်ရန် ဒုတိယသဘာ ပတိ ၂၇ ဦးအား ဒေသအလိုက် ကိုယ်စားလှယ် များထဲမှ ရွေးချယ်တင်မြှောက်ရန်အဆိုပြုခဲ့ကြသည်။ ယင်းသို့ဒေသ အလိုက် ကိုယ်စားလှယ် များရွေးချယ် တင်မြှောက်ရာတွင် အောက်ပါအတိုင်း ခွဲခြားခဲ့ပါသည်။

- အာဖရိကနိုင်ငံများ၊
- အနောက်ဥရောပနိုင်ငံများ၊ လက်တင် အမေရိကနှင့် ကာရစ်ဘီယန်နိုင်ငံများ၊
- အာရှနိုင်ငံများ၊
- အရှေ့ဥရောပနိုင်ငံများ၊

စက်တင်ဘာလ ၄ ရက်နေ့နံနက်ပိုင်းတွင် ပီကင်းမြို့ရှိ ပြည်သူ့မဟာခန်းမ၌ ညီလာခံ တက်ရောက်သည့် ကိုယ်စားလှယ်များအား ကြိုဆိုသည့်အခမ်းအနားကျင်းပရာ အိမ်ရှင်နိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက် မိန့်ခွန်း ပြောကြား ခဲ့သည်။ ကျန်ဇီမင်းက" ယခုညီလာခံသည် အမျိုးသမီးများအတွက်သာမကဘဲ ကမ္ဘာတစ်ဝန်းရှိလူသား အားလုံးအတွက် အရေးပါလှသည့် လှုပ်ရှားဆောင်ရွက်ချက် တစ်ခုဖြစ်ကြောင်း၊ ညီလာခံအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူရည်တူရှိရေးအား အကောင် အထည်ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး ကိစ္စရပ်များအား မြှင့်တင်ဆောင်ရွက်မှုများ အတွက် အရေး ပါမည်ဟု ယုံကြည်ထားကြောင်း၊ ညီလာခံ အောင်မြင်စွာ ပြီးမြောက်ပါစေရန် ဆုမွန်တောင်းလိုက်ပါကြောင်း " ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး ချုပ်ဘူထရို့စ်၊ ဘူထရို့စ်ဂါလီ ဖျားနာနေ၍ ညီလာခံ သို့တက်ရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ယင်း၏ အထူး ကိုယ်စားလှယ်ဖြစ်သူ လက်ထောက် အထွေထွေ အတွင်း ရေးမှူးချုပ် မစ္စတာအစ်စ်မတ်ကီတာနီက ဘူထရို့စ် ဂါလီ၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ယင်းနောက်တွင် ညီလာခံ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စက်ဂါးထရုဒ်မွန်ဂဲလားက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ "အမျိုးသမီးများ သည်ကမ္ဘာကြီး၏ ညှော်သည်များမဟုတ်ကြပါ။ ကမ္ဘာကြီး ကိုအမျိုးသမီးများလည်း ပိုင်ဆိုင်ကြသည်" ဟု မွန်ဂဲလားက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ ညီလာခံကို စတင်ကျင်းပရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ် ၏ အထူးကိုယ်စားလှယ် မစ္စတာ ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးခဲ့ပြီး ဘူထရို့စ် ဂါလီ၏ ညီလာခံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာကိုဖတ်ကြား သည်။ သဝဏ်လွှာတွင် "တိုးတက်ဖွံ့ဖြိုးမှုများ တောင့်တင်း ခိုင်မာစေရန်၊ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များကို တည်ဆောက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျွန်ုပ်တို့ ကိုယ်တိုင် ကတိပြုတာဝန်ယူကြရန် များဖြင့် လာမည့် ၂၁ ရာစုနှစ်နှင့် ယင်း၏နှစ်များဆီသို့ ရှေးရှုလျက် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေး ကျွန်ုပ်တို့ဆွေးနွေးစည်းဝေး လျက်ရှိကြပြီ "ဟု ဖော်ပြပါရှိသည်။

ညီလာခံကိုယ်စားလှယ်များက တညီဆန္ဒဖြင့် မဒမ်ချန်းမူဟွာကိုသဘာပတိတင်မြှောက်ကြပြီး သဘာ ပတိက မိန့်ခွန်းပြောကြားပါသည်။ ညီလာခံ အထွေထွေ အတွင်းရေးမှူးမစ္စက်မွန်ဂဲလားက ဆက်လက်၍ မိန့်ခွန်း ပြောကြားပါသည်။ ထို့နောက် ညှိနှိုင်းအစည်း အဝေးတွင် အဆိုပြုထားသည့်ဒုတိယသဘာပတိ (၂၇)ဦး အား ရွေးချယ် တင်မြှောက်ကြောင်း အတည်ပြုကြေညာခဲ့ ပါသည်။

ညီလာခံပထမနေ့တွင် ညီလာခံသို့ တက်ရောက်လာ ကြသည့် အမျိုးသမီးနိုင်ငံခေါင်းဆောင်များဖြစ်သည့် ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီဘူတို၊ ဖင်လန်နိုင်ငံသမ္မတ ဇစ်ဂျ်ဒစ်ဖင်းဘိုဂဒေါ့တီယာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ စသူတို့ကမိန့်ခွန်း ပြောကြားကြသည်။

ညီလာခံဒုတိယနေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ ကတော် ဟစ်လာရီကလင်တန်အပါအဝင်နိုင်ငံ (၄၀)ခန့်မှ ကိုယ်စားလှယ်များ ပြောကြားဆွေးနွေးကြပါသည်။ ညီလာခံကျင်းပရက်များအတွင်း နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များမှ အလှည့်ကျဆွေးနွေး ပြောကြားခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးမြင့် အနေဖြင့်ညီလာခံ၏အဋ္ဌမနေ့ဖြစ်သည့် ၁၁–၉–၉၅ နေ့တွင်မိန့်ခွန်းပြောကြားခဲ့ရာ မိန့်ခွန်းတွင် နိုင်ငံသမိုင်းကြောင်းတစ်လျှောက် မြန်မာအမျိုးသမီးများ ရရှိခံစားပိုင်ခွင့်၊ ဂုဏ်သိက္ခာအဆင့်အတန်းများကို ကမ္ဘာသိအောင် ထုတ်ဖော်တင်ပြခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ညီလာခံကြီးမှ "လုပ်ငန်းစီမံချက်" ကို အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိကြောင်းများကို ထည့်သွင်း ပြောကြားခဲ့ပေသည်။

ညီလာခံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ၁၁ ချက် ကို ချမှတ်ရမည်ဖြစ်ပေရာ ချမှတ်မည့် လုပ်ငန်းစီမံချက် အတွက် အမျိုးသမီးရေးရာဆောင်ရွက်ချက်များ၌ ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍများကို မည်သို့မည်ပုံရင်ဆိုင် ကျော်လွှားကြမည်ဆိုသည်ကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အကြိမ်ကြိမ်ညှိနှိုင်းကော်မတီဆွေးနွေးခဲ့စဉ်က အခက်အခဲများဆိုင်ရာကဏ္ဍ (၁၁) ရပ်အပြင် အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေးကဏ္ဍတစ်ခုထပ်မံ ပါဝင်လာခဲ့သဖြင့် လုပ်ငန်းစီမံချက်၌ အခက်အခဲများဆိုင်ရာကဏ္ဍ(၁၂)ရပ်ပါဝင်ခဲ့သည်။ ညီလာခံ၏နောက်ဆုံးနေ့တွင် ပီကင်းကြေညာချက်စာတမ်းနှင့် လုပ်ငန်းစီမံချက်များကို အတည်ပြုချမှတ်ခဲ့ရာ ယင်းသို့အတည်ပြုချမှတ်ခဲ့သည့် စာမျက်နှာ ၁၅၀ ပါ လုပ်ငန်းစီမံချက်တွင် ပါဝင်သော အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂) ရပ်၏ ခေါင်းစဉ်များကို အကျဉ်းချုံးဖော်ပြရလျှင်–

(၁) ဆင်းရဲမွဲတေမှု၊
(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ညီမျှရေး၊
(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရေး၊
(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုကျင့်ခြင်း၊
(၅) လက်နက်ကိုင် ပဋိပက္ခများ၊
(၆) စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခန်းကဏ္ဍ၊
(၇) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးရေး မြှင့်တင်ရန် ယန္တရားများအားဖြည့်ရေး၊
(၈) အမျိုးသမီးများအပေါ် ရုပ်တည်ချက်၊အမြင်များ တိုးတက် ကောင်းမွန်စေရေး၊
(၉) ပြန်ကြားရေးကဏ္ဍ ဖြန့်ချိဆောင်ရွက်ပေးရေး၊
(၁၀) အမျိုးသမီးများ၏ရပိုင်ခွင့်အခွင့်အရေးများ၊
(၁၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေး စသည်များ ပါဝင်ခဲ့သည်။

ညီလာခံ၏ သဘာပတိဖြစ်သူ မဒမ်ချန်းမှုဟွာက "ပီကင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်တို့သည် အစိုးရများနှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများအကြား တန်းတူရည်တူအခွင့်အရေးရရှိစေရေးများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မူဝါဒလမ်းညွှန် ချက်များ ဖြစ်လာလိမ့်မည်" ဟု ပြောဆိုခဲ့သည့်နည်းတူ ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စက်မွန်ဂဲလားက "ကျွန်ုပ်တို့၏ စွမ်းဆောင် ဆောင်ရွက်ချက်များကြောင့် ကျွန်ုပ်တို့သည် သက်သာရာရမှု၊ နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုများကို ခံစား နိုင်ခဲ့ကြပြီ " ဟု ညီလာခံအပြီးတွင် ထုတ်ဖော် ပြောဆိုခဲ့ ပါသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မစ္စတာကိုတာနီက ဘူထရို့စ်ဂါလီ၏ နိဂုံးချုပ် မိန့်ခွန်းကို ညီလာခံ၌ ဖတ်ကြားခဲ့ရာ မိန့်ခွန်းတွင် "ပီကင်းမှ အတည်ပြုချမှတ်ခဲ့သော လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။ ကမ္ဘာကြီးကိုကျွန်ုပ်တို့ပြောကြား ကြပါစို့။ ဂုဏ်ယူကျေနပ်မှုများနှင့်အတူ ပြောကြားကြပါစို့ " ဟု ဘူထရို့စ်ဂါလီက တိုက်တွန်းထားခဲ့ပေသည်။

ညီလာခံသို့ နိုင်ငံ(၁၈၁) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ခဲ့ကြပြီး ညီလာခံ၏ ပြောရေးဆိုခွင့်ရှိသူ ဂက်စ်ကျူ့တ် (Gastaut)၏ တရားဝင် ထုတ်ဖော်ပြောဆိုချက်အရ ညီလာခံသို့ အစိုးရကိုယ်စားလှယ် (၅,၆၉၆) ဦး၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၄,၀၃၀)ဦး၊ သတင်းပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ် (၃,၂၄၅)ဦး၊ စုစုပေါင်း(၁၂,၉၇၁) ဦး တက်ရောက်ခဲ့ပါ

သည်။ ဤအရေအတွက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရေအတွက်များ မပါဝင်ခဲ့ပါပေ။ ညီလာခံကျင်းပခြင်း သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အများဆုံးတက်ရောက်သည့် ညီလာခံ တစ်ခု ဖြစ်ခဲ့သည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်း(အန်န်ဂျီအို) များ၏ နှီးနှောပွဲ


ပီကင်းမြို့တွင် ကျင်းပလျက်ရှိသည့်ကုလသမဂ္ဂ စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာကမ္ဘာ့ညီလာခံနှင့် တစ်ချိန်တည်းအပြိုင် အမျိုးသမီးများဆိုင်ရာ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၏ နှီးနှောပွဲ (၁၉၉၅) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟွေရို့မြို့၌ ဩဂုတ်လ (၃၀) ရက်နေ့မှ စက်တင်ဘာလ(၈) ရက်နေ့အထိ(၁၀) ရက်ကြာ ကျင်းပ ခဲ့သည်။

ဤနှီးနှောပွဲသည် ယခုအချိန်အထိ အမျိုးသမီးများ ဆိုင်ရာ နှီးနှောပွဲများအနက်အအောင်မြင်ဆုံးသောမကြုံစဖူး အောင် ထူးကဲများပြားလှသည့်ပမာဏရှိသော နှီးနှောပွဲပင် ဖြစ်သည်။ နိုင်ငံ (၂၀၀) နီးပါးမှ အမျိုးသမီး ၃၁,၀၀၀ စုစည်းမိခဲ့ကြသည်။ အဓိကဆွေးနွေးရန် ရှိသည့် တစ်ကမ္ဘာလုံး ဆိုင်ရာ ပြဿနာများနှင့် အမျိုးသမီးများအား ထိခိုက်နစ်နာစေသည့် ပြဿနာများအပေါ် ၎င်းတို့၏အမြင် များကို ထုတ်ဖော်တင်ပြရန် စုစည်းရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ဟွေရိုဆွေးနွေးပွဲများ၌ "အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များ ထားရှိကာ ယနေ့အမျိုးသမီးများ ရင်ဆိုင် နေရသော ပြဿနာများကို ဆွေးနွေးနှီးနှောခဲ့ ကြသည်။

## ၂၁ ရာစုနှစ်ကို ကြိုဆိုသည့် ညီလာခံ

၁၉၉၅ ခုနှစ်သည် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့်မြောက်နှစ်အဖြစ်ဖြင့် ထူးခြားသည့် နှစ်တစ်ခုဖြစ်သည်။ ထို့ပြင်ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် အချိန်အခါ တစ်ခုလည်း ဖြစ်ပေသည်။




ညီလာခံခန်းမပြင်ပတွင် လုံခြုံရေးရဲအဖွဲ့များ စောင့်ကြပ်နေစဉ်


ကုလသမဂ္ဂ၏နှစ် (၅၀) သက်တမ်းတစ်လျှောက်လုံးတွင် ကမ္ဘာ့အမျိုးသမီးများ ဘဝဖွံ့ဖြိုး တိုးတက်ရာတိုးတက်ကြောင်းနှင့် ကောင်းရာကောင်းကြောင်းများကို ကုလသမဂ္ဂအနေဖြင့် စတင်ဖွဲ့စည်းချိန် မှစ၍ စွမ်းဆောင်ဆောင်ရွက်ပေးခဲ့ရာ နှစ် ၅၀ ပြည့်နှစ်အထိတွင် နှစ်(၅၀) ပြည့် နှစ်၌ ကျင်းပသည့် ပီကင်းညီလာခံထိ ဖြစ်သည်။

ဤသို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတကာ သဘောတူညီမှုဖြင့် အတည်ပြုချမှတ်ခဲ့သည့် "ပီကင်း ကြေညာချက် စာတမ်းနှင့် လုပ်ငန်းစီမံချက်" တို့သည် ၁၉၉၅ ခုနှစ် ပီကင်းညီလာခံတွင်မွေးဖွားလာခဲ့ပြီဖြစ်သည်။ ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် နှစ်များအတွင်း ကျင်းပသည့် ပီကင်းစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံမှာ "အခွင့်အရေး တန်းတူ ညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အတွက် မျှော်လင့်ခြင်း အသစ်များနှင့် အတူ ရာစုနှစ်အသစ်တစ်ခုကို ကြိုဆိုမှုတစ်ခုအဖြစ် တည်ရှိနေမည်သာ ဖြစ်ပါကြောင်း။ ။

မောင်ငွေဌေး (လူမှုဝန်ထမ်း)






CT-W500

# ဓာတ်မှန်ပညာ၏နှစ် ၁၀၀ ခရီး


ဓာတ်မှန်ရောင်ခြည်ကို ၁၈၉၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ရာ ၁၉၉၅ ခုနှစ်တွင် ဓာတ်မှန်၏ သက်တမ်းမှာ ရာစုတစ်ခု တင်းတင်းပြည့်မြောက်ပေပြီ။ မျက်မှောက်ခေတ်ဆေးပညာလောက၌ ဓာတ်မှန်သည် အဖိုးမဖြတ်နိုင်အောင် အရေးပါအရာ ရောက်သော လက်နက်ကိရိယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ ဆရာဝန်များသည် ဓာတ်မှန်ကို တစ်နေ့တခြားပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမကထ ပြုလုပ်သည့် လေ့လာရေးအုပ်စု၏ အစီရင်ခံစာတစ်ခု၌ ရေးသားဖော်ပြထားသည်။ မှန်ပေစွ။ သမားတော်၊ ခွဲစိတ်ကုဆရာဝန်၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု အစရှိသော ပါရဂူများသာမက အထွေထွေကုသသူ (GP) အပါအဝင် ဆရာဝန်အများစုသည် မိမိတို့လူနာများ၏ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန်အလို့ငှာ ဓာတ်မှန်ကို လက်ကသုံးတောင်ဝှေးပမာ အားကိုးအသုံးပြုလျက်ရှိကြ၏။ အပြင်ပန်းမှ မမြင်နိုင်သည့် အပြင် စမ်းသပ်တွေ့ရှိရန်ခက်ခဲလှသော ကိုယ်တွင်းအင်္ဂါများကို ဓာတ်မှန်၏စွမ်းပကားဖြင့် တွေ့နိုင်မြင်နိုင်သောကြောင့် ကုသသူဆရာဝန်များအတွက် အကျိုးထူးလှသည်။ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းကြောင့် ဆေးပညာသမိုင်းတစ်လျှောက်၌ တော်လှန်ရေးတစ်ရပ်သဖွယ် ကြီးမားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

## ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိခြင်း

၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဝါဇ်ဘာဂ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ရွန့်ဂျင် **Wilhelm Conrad Rontgen** (၁၈၄၅–၁၉၂၉) က သူ၏ဓာတ်ခွဲခန်း၌ ဓာတ်မှန်ရောင်ခြည်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ပါမောက္ခရွန့်ဂျင်မတိုင်မီ ကပင် သိပ္ပံပညာရှင်အချို့သည် ၎င်းတို့၏ဓာတ်ခွဲခန်း များ၌ ဓာတ်မှန်ရောင်ခြည်ထွက်ရှိအောင် ပြုလုပ်နိုင်ခဲ့ဖွယ်ရာရှိသည်။ သို့သော်လည်း တစ်စုံတစ်ဦးကမျှ ထိုရောင်ခြည်ထွက်ရှိမှုနှင့်ဂုဏ်သတ္တိများကို သတိပြုမိခြင်း၊ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

ရွန့်ဂျင်သည် သမိုင်းတွင်ရစ်မည့် ထိုနေ့ကသူ၏ ဓာတ်ခွဲခန်းတွင် ဗလာနယ်၌ လျှပ်စစ်ကူးခြင်း၏ အကျိုးဆက်များကို တစ်ဦးတည်းလေ့လာနေခိုက် အနီးရှိ စားပွဲတစ်လုံးပေါ်မှ ဘေရီယမ်ပလက်တီနိုစိုင်ယာနိုက် သုတ်လိမ်းထားသော စက္ကူတစ်ချပ် ရောင်ပြောင်းတောက်နေ သည်ကို အမှတ်ထင်ထင် သတိပြုမိလိုက်သည်။ အပြင်မှ အလင်းရောင်မဝင်နိုင်ရန် စမ်းသပ်ခန်းကိုမှောင်ချထားခြင်းဖြစ်သည့်အပြင် စမ်းသပ်ဖန်ပြွန်ကိုလည်း အမည်းရောင်ကတ်ထူပြားများဖြင့် အုပ်ဆိုင်းထားခြင်းဖြစ်သောကြောင့် စက္ကူချပ်တွင် အလင်းတောက်နေ ခြင်းမှာ စမ်းသပ်ပြွန်မှ မျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်တစ်စုံတစ်ခုထွက်နေ၍သာ ဖြစ်လိမ့်မည်ဟု ရွန့်ဂျင်က

ဓာတ်မှန်ရောင်ခြည်ကို ပထမဆုံး စတင်တွေ့ရှိခဲ့သည့် ပါမောက္ခ ရွန့်ဂျင် ( ၁၈၄၅ – ၁၉၂၃ )



တွေးဆခဲ့မိသည်။ ထို့ကြောင့်ရွန့်ဂျင်သည် ဖန်ပြွန်နှင့် အလင်းတောက်စက္ကူ၏ အကြားတွင် စာအုပ်၊ သစ်သားတုံး၊ ရော်ဘာပြား စသည်တို့ ကြားခံကြည့်ရာ ရောင်ခြည်သည် အရာဝတ္ထုများကို ဖောက်ထွင်းနိုင်စွမ်းရှိကြောင်း တအံ့တသြ သတိပြုမိပြန်သည်။ စူးစမ်းတတ်သည့် ရွန့်ဂျင်သည် မှန်းဆရသောရောင်ခြည်လမ်းကြောင်း၌ သူ၏ လက်ကို ခံကြည့်သောအခါ ရောင်ပြောင်းတောက်နေသော စက္ကူ မျက်နှာပြင်တွင် သူ့လက်မှအရိုးများကို တွေ့မြင်ရသဖြင့် အတိုင်းမသိ စိတ်လှုပ်ရှားမိလေတော့သည်။

ရွန့်ဂျင်သည် သူ၏တွေ့ရှိချက် ကို အကြိမ်ကြိမ် စမ်းသပ်လေ့လာပြီး ၁၈၉၅ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ရောက်မှ ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်းကြီးသို့ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ စာတမ်းပြုစုတင်သွင်းကာ လူသိရှင်ကြား ကြေညာခဲ့သည်။ ရွန့်ဂျင်၏ စာတမ်းသည် ဥရောပနှင့် မြောက်အမေရိကတစ်လွှား သိပ္ပံပညာရှင်လောက၌ တစ်မဟုတ်ချင်း ပျံ့နှံ့၍ ဂယက်ရိုက်စေခဲ့သည်။

## ပထမဆုံးဓာတ်မှန်

ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်း၏ ဟောပြောပွဲခန်းမကြီးတွင် ၁၈၉၆ ခု၊ ဇန်နဝါရီ လ ၂၃ ရက်နေ့က သိပ္ပံပညာရှင်များ ခန်းလုံးပြည့် လာရောက် စုဝေးခဲ့ကြသည်။ အကြောင်းမူကား ပါမောက္ခ ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်အကြောင်း ဟောပြောပွဲနှင့် သရုပ်ပြပွဲရှိသောကြောင့်ပင်။ ရွန့်ဂျင်သည် ဟောပြောပွဲ ကျင်းပနေစဉ် ၄င်းတက္ကသိုလ်မှ သူ၏မိတ်ဆွေ ခန္ဓာဗေဒ ပညာရှင် ဗွန်ကောလစ်ကာ၏ လက်အား အများရှေ့ မှောက်၌ ဓာတ်မှန်ရိုက်ယူကာ ဓာတ်မှန်ဖန်ချပ်ကြီးကို ချက်ချင်းကူးဆေး၍ ပရိသတ်အား ပြသခဲ့သည်။ ရင်သပ် ရှုမော အံ့သြမဆုံးသည့် ပရိသတ်အပေါင်းက တစ်ခဲနက် သြဘာလက်ခုပ်ပေးခဲ့ကြကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

ရွန့်ဂျင်သည် သူရှာဖွေတွေ့ရှိ သော ရောင်ခြည်၏ သဘောသဘာဝများကို သူကိုယ်တိုင်ပင်ပြည့်ပြည့်စုံစုံ နားမလည်သေးသည့်အလျောက် X-ray (Unknown Ray) ဟူ၍ ရိုးရှင်းစွာ အမည်ပေးခဲ့သည်။ ခန္ဓာဗေဒပညာရှင် ဗွန်ကောလစ်ကာ ကသာ စတင်တွေ့ရှိသူ ပါမောက္ခရွန့်ဂျင် ကို ဂုဏ်ပြုသည့် အနေဖြင့် ၄င်းရောင်ခြည်အား ရွန့်ဂျင် ရောင်ခြည်ဟု အမည်ပေးရန် အထက်ပါဟောပြောပွဲ၌ အဆိုတင်သွင်းခဲ့ ခြင်းဖြစ်သည်။ ဓာတ်မှန်ရောင်ခြည် တွေ့ရှိမှုကြောင့် ပါမောက္ခရွန့်ဂျင်သည် ၁၉၀၁ ခုနှစ်၌ ပထမဆုံး ရူပဗေဒဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခြင်းခံခဲ့ ရပေသည်။

## ဓာတ်မှန်ရောင်ခြည်၏ ဂုဏ်သတ္တိများ

ရွန့်ဂျင်သည် အောက်ဖော်ပြပါ ဓာတ်မှန် ရောင်ခြည်၏ ဂုဏ်သတ္တိများကို ထုတ်ဖော်ခဲ့ရာ အခြေခံဂုဏ်သတ္တိများနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်ပင် ထပ်မံဖြည့်စွက်ရန် မလိုသလောက် ပြည့်စုံလှကြောင်း ရူပဗေဒပညာရှင်များက မိန့်ဆိုကြသည်။

၁။ အချို့ပစ္စည်းများကို ရောင်ပြောင်း တောက် စေခြင်း၊

၂။ အလင်းပိတ်ပစ္စည်း တော်တော်များများကို ဖောက် ထွင်း နိုင်ခြင်း၊

၃။ မျဉ်းဖြောင့်အတိုင်းသွားခြင်း၊

၄။ အလင်းပြန်မှုနှင့် အလင်းယိုင်မှု မရှိခြင်း၊


၅။ သံလိုက်စက်ကွင်းများကြောင့် သွေဖည်တိမ်းစောင်းမှု မဖြစ်ခြင်း၊

၆။ ဓာတ်ပုံဖလင်ဆေးရည်များနှင့် ထိတွေ့လျှင် ပုံဖော် နိုင်သော အာနိသင်ရှိခြင်း။

## ဓာတ်မှန်ကို ဆေးပညာ၌ အသုံးပြုခြင်း

ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်တွေ့ရှိမှု သတင်းသည် သိပ္ပံပညာရှင် အသိုင်းအဝိုင်း၌သာမက သတင်းစာလောက အထိ အကျော်ဇေယျဖြစ်ခဲ့သည်။ ဓာတ်မှန်ရောင်ခြည် ကြောင့် ရောဂါရှာဖွေဖော်ထုတ်ရေးနယ်ပယ်တွင် သမိုင်း တစ်ခေတ်ဆန်းသစ်တော့မည်ဟု ပညာရှင်အပေါင်းက တညီတညွတ် ဟောကိန်းထုတ်ခဲ့ကြသည်။

ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိပြီး လပိုင်းနှစ်ပိုင်း အတွင်း အခြေခံကျသော ဓာတ်မှန်ရိုက်ကိရိယာများ တီထွင်အသုံးပြု လာခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိ ရသည်။ စင်စစ်အားဖြင့် ထိုအချိန်က ဆေးရုံ၊ ဆေးခန်းများ၌ အရိုးကျိုးဒဏ်ရာများကို စစ်ဆေးရန်သာ ဓာတ်မှန်ကို အဓိက အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ပထမကမ္ဘာစစ် အတွင်း၌ အရိုးကျိုးဒဏ်ရာများကြည့်ရှုစစ်ဆေးရန်သာ မက ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားသော ကျည်ဆန်၊ ဗုံးဆန်များကို ရှာဖွေရန်နှင့် နေရာမှတ်သားရန်အတွက် ဓာတ်မှန်က ထိထိရောက်ရောက် အကူအညီ ပေးနိုင် ခဲ့သည်။



ပထမဆုံးရိုက်ခဲ့သည့် ဓာတ်မှန်ပုံ
( ၁၈၉၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် )

## ဓာတ်မှန်နည်းပညာများ အဆင့်ဆင့် တိုးတက်လာပုံ

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအား ဓာတ်မှန်ရောင်ခြည်ဖြတ်သန်းသွားသောအခါ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါကြီးငယ်အသီးသီးမှာ ဒြပ်ဖွဲ့စည်းမှုနှင့် သိပ်သည်းခြင်းတို့ မတူမညီ ကွဲပြားခြားနားနေကြသည့်အလျောက် ဓာတ်မှန်ဖလင်ပေါ်၌ လိုက်လျောညီထွေမှုရှိသော ပုံရိပ်ကို ဖြစ်ပေါ်စေသည်။ အရိုးများမှာ ခန္ဓာကိုယ်တွင် သိပ်သည်းခြင်း အများဆုံးဖြစ်၍ ဓာတ်မှန်ရောင်ခြည်က ယင်းတို့ကို ဖောက်ထွင်းနိုင်စွမ်းနည်းသည်။ ထို့ကြောင့် ဓာတ်မှန်ပုံများတွင် ခန္ဓာကိုယ်ရှိ အရိုးများအား ပတ်ဝန်းကျင် အဆီ၊ အသား၊ အကြောများနှင့် မတူဘဲ ကွဲကွဲပြားပြား ထင်ရှားပြတ်သားစွာ တွေ့မြင်ရခြင်းဖြစ်သည်။

ဤတွင် သိပ္ပံပညာရှင်များက ဒြပ်ဖွဲ့စည်းမှု (သို့မဟုတ်) သိပ်သည်းခြင်း သိသိသာသာ ကွဲပြားခြားနားခြင်း မရှိသော အင်္ဂါအစိတ်အပိုင်းများကို ဓာတ်မှန်၌ ပုံဖော်ပြသနိုင်ရန် အဖြေရှာခဲ့ကြပြန်သည်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိခဲ့ပေသည်။


သွေးကြောများထဲသို့ ကက်သီတာ (Catheter) ခေါ် ပိုက်ပြွန် ထည့်သွင်း၍ ဆေးထိုးဓာတ်မှန်ရိုက်ရသော အင်ဂျီယိုဂရမ်(Angiogram) ကို ၁၉၂၀ ခုနှစ်က စတင်ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုသော်လည်း ကက်သီတာ

| စဉ် | ဓာတ်မှန်အမျိုးအစား | စတင်အသုံးပြုသောခုနှစ် |
|---|---|---|
| ၁။ | အစာအိမ်လမ်းကြောင်းဆေးဓာတ်မှန် (Barium Meal) | ၁၉၀၄ |
| ၂။ | အူမကြီးလမ်းကြောင်းဆေးဓာတ်မှန် (Barium Enema) | ၁၉၁၀ |
| ၃။ | ဆီးလမ်းကြောင်း ပုံဖော်သောဆေးဓာတ်မှန် (Intravenous Pyelogram or Urogram) | ၁၉၂၉ |
| ၄။ | သည်းခြေအိတ်ကိုပေါ်လွင်စေသော ဆေးဓာတ်မှန် (Oral Cholecystogram) | ၁၉၄၈ |
| ၅။ | သည်းခြေပြွန်ချောင်းများကို ပေါ်လွင်စေသော ဆေးဓာတ်မှန် (Intravenous Cholangiogram) | ၁၉၅၃ |

နည်းစနစ်များ တိုးတက်ကောင်းမွန်လာသည့် ၁၉၅၀ ပြည့်လွန်နှစ်များရောက်မှ ပိုမိုခေတ်စားလာခြင်း ဖြစ်သည်။

တယ်လီဗီရှင်းဓာတ်မှန်ဟု အရပ်စကားဖြင့် ရေပန်းစားလျက်ရှိသော အာ(လ)ထရာဆောင်း(Ultrasound) ကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ရေမြုပ်မိုင်းဗုံးများ ရှာဖွေရန်အတွက် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၁၉၅၀–၁၉၆၀ နှစ်များတွင် နှလုံးရောဂါနှင့်ကိုယ်ဝန်များကို စမ်းသပ်ရာ၌ အသုံးပြုကြရာမှ ဆေးပညာ၌ နေရာရရှိလာခဲ့သည်။ ၁၉၇၀ နောက်ပိုင်းတွင် ပုံရိပ်များ အထူးကောင်းမွန် တိုးတက်လာပြီး ဆေးပညာ၌ပိုမိုကျယ်ပြန့်စွာအသုံးပြု လာကြခြင်းဖြစ်သည်။ ပုံရိပ်ဖော်နည်းပညာတစ်ခု ဖြစ်သည့် အားလျော်စွာ အာ(လ)ထရာဆောင်းကိုလည်း ဓာတ်မှန်ဆရာဝန်တို့ကပင် အများဆုံးကိုင်တွယ် အသုံးပြု လျက်ရှိကြသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီး၌ အကြီးမားဆုံး အောင်မြင်မှုဟူ၍ သတ်မှတ်ခြင်းခံရသော ကွန်ပျူတာ



အစာအိမ်လမ်းကြောင်းဆေးတတ်မှန်များ ရိုက်ကူးပေးသော ခေတ်မီတတ်မှန်စက်

တတ်မှန် (Computerized Tomography) စက်များမှာ ၁၉၇၁ ခုနှစ်၌ စတင်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာတတ်မှန်နည်းပညာကို စတင်ဖော်ထုတ်ခဲ့ကြသော ဒေါက်တာ ဟောင်းစဖီးနှင့် ပါမောက္ခကော်မက်တို့သည် ၁၉၇၉ ခုနှစ်၌ ဆေးပညာ ဆိုင်ရာ နိုဗဲဆုကို ပူးတွဲရရှိခဲ့ကြသည်။

အမ်အာအိုင် (MRI) ခေါ် Magnetic Resonance Imaging သည် တတ်မှန်ပညာလောက၌ နောက်ဆုံးပေါ်နည်းပညာဖြစ်သည်။ ယင်း၏ သဘောတရား အခြေခံများကို ၁၉၄၆ ခု ခန့်ကပင် ဖော်ထုတ်ခဲ့ကြသော်လည်း လက်တွေ့အသုံးပြုနိုင်သည့် (MRI) စက်များကို ၁၉၈၀ ပြည့်နှစ်ရောက်မှသာ တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

တတ်မှန်ဌာနတွင် ဤကဲ့သို့တတ်ရောင်ခြည် ပါဝင်ခြင်းအလျဉ်းမရှိသော အာ(လ)ထရာဆောင်းစက်များ၊ (MRI) စက်များကိုလည်း အသုံးပြုလျက်ရှိကြသဖြင့် တတ်မှန်ဌာနဟူသော အသုံးအနှုန်းမှာ ခေတ်နှင့်မလျော်ညီတော့ပေ။ တိုးတက်သောနိုင်ငံများတွင် တတ်မှန်ဌာနကို Department of Medical Imaging (ဆေးပညာဆိုင်ရာ ပုံရိပ်ဖော်ဌာန) ဟု ပြောင်းလွဲခေါ်ဝေါ်သုံးနှုန်းလာကြသည်ကို တွေ့ရပါသည်။

## တတ်မှန်နှင့်နီးနွှယ်သော ဘာသာရပ်များ

တတ်မှန်ပညာ ပင်စည်ကြီးတွင် အောက်ပါအဓိက အကိုင်းအခက်ကြီး (၃) ခုရှိသည်။

၁။ Diagnostic Radiology (ရောဂါဖော်ထုတ်ရေး တတ်မှန်ပညာ)

၂။ Radiotherapy (တတ်ရောင်ခြည် ကုထုံး ပညာ)

၃။ Radioisotope or Nuclear Medicine (အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေသည့် ပညာရပ်)

ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်ပြည်နယ်အချို့တွင် အဆိုပါဌာန (၃) ခုကို ပေါင်းစည်း၍ Radiology Department ဟု ခေါ်လေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး၏နောက်ပိုင်း၌ အင်္ဂလန်၊ စကင်ဒီနေဗီးယန်းနိုင်ငံများနှင့် အမေရိကန် ပြည်နယ်အများစုတွင် ၄င်းဌာနများမှာ တစ်သီးတခြား ရပ်တည်လုပ်ကိုင်ကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ဤဌာန (၃) ခုသည် အုပ်ချုပ်ရေးနှင့်လုပ်ငန်းပိုင်းအရ သီးခြားဖြစ်သော်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ တတ်ရောင်ခြည် အဖွဲ့၌ ဌာန (၃) ရပ်ရှိ ဆရာဝန်များနှင့် ကျွမ်းကျင်သူများ စည်းစည်းရုံးရုံးလက်တွဲကာ လှုပ်ရှားလုပ်ကိုင်လျက်ရှိကြ ပေသည်။

## မြန်မာနိုင်ငံ တတ်မှန်ပညာလောက

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တတ်မှန်ဌာနကို လက်ဦးမဆွ ထူထောင်ခဲ့ကြသော မြန်မာအမျိုးသား တတ်မှန်ဆရာဝန်ကြီးများမှာ ဒေါက်တာ ဦးသာဒင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကျော်အောင် (အငြိမ်းစား) နှင့် ဒေါက်တာ ဦးအောင်ငြိမ်း (ကွယ်လွန်) တို့ဖြစ်ကြသည်။ ၄င်းနောက် ဒေါက်တာ ဒေါ်မာလာမော် (အငြိမ်းစား)၊ ဒေါက်တာ ဦးကိုကို (ကွယ်လွန်)၊ ပါမောက္ခ ဦးထွန်းရီ (အငြိမ်းစား)၊ ပါမောက္ခ ဒေါ်ဌေးမြင့် (အငြိမ်းစား)၊ ဒေါက်တာ ဒေါ်ခင်မြင့် (အငြိမ်းစား)၊ ဒေါက်တာ ဦးစိုးမောင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကြည်လင် (အငြိမ်းစား) နှင့် လက်ရှိ တတ်မှန်ပညာပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင် အစရှိသော ပုဂ္ဂိုလ်များက မြန်မာနိုင်ငံ တတ်မှန်လောက၏ အရှေ့ဦးခေတ်ကို ပီပီပြင်ပြင်

တည်ဆောက်နိုင်ခဲ့ကြသည်။ ဒုဗိုလ်မှူးကြီး လှရွှေ (အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီး ကိုလေး (ကွယ်လွန်)၊ ဒုဗိုလ်မှူးကြီး မြဟန် (ကွယ်လွန်) နှင့် ဗိုလ်မှူးကြီး လှထူး တို့သည် တပ်မတော်ဆေးလောက၌ ဓာတ်မှန်ဌာနကို ပြုစုပျိုးထောင်ခဲ့ကြသူများဖြစ်သည်။ မြန်မာနိုင်ငံ ဓာတ်မှန်လောက၏ အရှေ့ဦးခေတ်၌ ပစ္စည်းပစ္စယ ပြည့်စုံခြင်း မရှိလင့်ကစား အင်ဂျီယိုဂရမ် အမျိုးမျိုး ပါဝင်သည့် ခက်ခဲသောလုပ်ငန်းအမြောက်အများကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဆိုပါ ဓာတ်မှန်ဆရာဝန်ကြီးများ၏ စွမ်းရည်မှာ မှတ်တမ်းတင် ထိုက်ပါပေသည်။

၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ၏ဓာတ်မှန် ဘွဲ့လွန် သင်တန်း ကျောင်းကို ရန်ကုန်ဆေးရုံကြီး ဓာတ်မှန် ဌာနတွင် စတင် ဖွင့်လှစ်ခဲ့သည်။ DMRD (Diploma in Medical Radio-diagnosis) ခေါ် ဓာတ်မှန်ပညာဒီပလိုမာ ဘွဲ့လွန် သင်တန်း မှာ ၂ နှစ်သင်တန်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ် အထိ DMRD သင်တန်း (၁၂) သုတ်ခေါ်ယူခဲ့ပြီး ဓာတ်မှန် ဆရာဝန်ပေါင်း ၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ ဒီအမ်အာဒီ သင်တန်းကို ဆေးပညာ မဟာသိပ္ပံ (ဓာတ်မှန်) သင်တန်း အဖြစ် အဆင့်မြှင့်ပေးခဲ့သည်။

ဓာတ်မှန်ဌာန၏ လုပ်ငန်းအဝဝမှာ ဓာတ်မှန် ဆရာဝန်တစ်ဦးတည်းဆောင်ရွက်၍ မရနိုင်။ လုပ်ရည် ကိုင်ရည်ရှိသောကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှု လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဓာတ်မှန် ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးသည့် ဆေးဘက် ပညာသည်ကျောင်းကို ၁၉၆၄ ခုနှစ်၌ စတင်ထူထောင် ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ DPMS ခေါ် Diploma in Paramedical Science(Radiography) သင်တန်း ၁၈ သုတ် သင်တန်းပေးခဲ့ ၍ ဓာတ်မှန်ကျွမ်း ကျင်သူပေါင်း ၁၂၅ ဦးမျှ မွေးထုတ် ပေးခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ လက်ထက်တွင် ဆေးဘက်ပညာသည် ကျောင်းကို ဆေးဘက်ပညာသည် တက္ကသိုလ်အဖြစ်အဆင့်မြှင့် ပေးခဲ့သည်။ သင်တန်းကာလ ၄ နှစ်ဖြစ်၍ သင်တန်း ဆင်းလျှင် BPMS ( Radiography ) ဘွဲ့ ရရှိကြမည် ဖြစ်ပါသည်။


## မြန်မာနိုင်ငံရှိ ခေတ်မီဓာတ်မှန်စက်ကိရိယာများ

နိုင်ငံတော်အစိုးရသည် ဓာတ်မှန်ပညာဖြင့် ရောဂါ ရှာဖွေရာ၌ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်ရန်အလို့ငှာ ခေတ်မီစက်ကိရိယာများကို အခါအားလျော်စွာ တပ်ဆင် ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကွန်ပျူတာ ဓာတ်မှန်စက် (C.T.Scan) မှာ Head Scanner ဖြစ်၍ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော ဓာတ်မှန် ဌာန၌ ၁၉၈၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ဦးခေါင်းကိုသာမက ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကို အလွှာလိုက် ပုံဖော်ရိုက်ကူးနိုင်သော(Whole Body C.T Scanner) တစ်လုံးတပ်ဆင်ခဲ့သည်။

အလားတူ (Whole Body C.T. Scanner)သုံးလုံးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လက်ထက်၌ ရန်ကုန်ဆေးရုံကြီးတွင် တစ်လုံး၊ ရန်ကုန်မြို့ အမှတ်( ၂ )စစ်ဆေးရုံတွင် တစ်လုံး၊ ပြင်ဦးလွင်မြို့အခြေချ စစ်ဆေးရုံကြီးတွင် တစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သည်။

ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံ သစ်နှင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတို့တွင် အသုံးပြု လျက်ရှိသော အင်ဂျီယိုဂရမ်ရိုက်စက်များမှာ ခေတ်မီ၍ ကောင်းမွန်လှပါသည်။ အထူးသဖြင့်မင်္ဂလာဒုံ တပ်မတော်

ကွန် ပျူတာဓာတ်မှန်ထိန်းချုပ်ခုံ



ဆေးရုံကြီးရှိ အင်ဂျီယိုဂရမ်စက်မှာ နိုင်ငံတကာအဆင့်မီ ကိရိယာများ တပ်ဆင်ထားရှိကြောင်း သိရှိရပါသည်။

## တတ်ရောင်ခြည်အန္တရာယ်

တတ်ရောင်ခြည်ပမာဏ ၃၀၀၀ rads မှ ၄၀၀၀ rads မျှရောင်ခြည်သင့်ခြင်းခံရပါက ရက်ပိုင်း၊ နာရီပိုင်းအတွင်းပင် အသက်သေစေနိုင်ပါသည်။ လက်ရှိတတ်မှန်စက် များသည် ဤကဲ့သို့သော ရောင်ခြည်ပမာဏမျိုးလည်းမရနိုင်။ ဤကဲ့သို့ အာနိသင်မျိုးလည်း မဖြစ်စေနိုင်ပါ။ Chest X-Ray ခေါ် ရင်ဘတ်တတ်မှန်တစ်ပုံရိုက်လျှင် .4 -1 rad မျှသာရောင်ခြည်ထိပါသည်။ အစာအိမ်ဆေးတတ်မှန် ရိုက်လျှင် 1 rad မျှသာ ရောင်ခြည်သင့်ခံရပါသည်။ လိုအပ်၍ တတ်မှန်ရိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဥပဒ် အန္တရာယ်မှာ အကျိုးကျေးဇူးနှင့် နှိုင်းယှဉ်ပါက မပြောပ လောက်ပေ။

တတ်မှန်ရိုက်ခြင်းကြောင့် ရုတ်ခြည်းအန္တရာယ်များ မဖြစ်နိုင်သော်လည်း နောက်ပိုင်းအကျိုးဆက်များ မဖြစ်ပွားစေရန်ကိုမူ အထူးသတိချပ်ကြရမည်။ အဓိက နောက်ပိုင်းအကျိုးဆက် (၂) ခုမှာ ကင်ဆာဖြစ်စေနိုင်သော သတ္တိနှင့် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သောသတ္တိများပင် ဖြစ်သည်။ ကင်ဆာဟုဆိုရာ၌ တတ်ရောင်ခြည်ထိသော နေရာများ၌ အရေပြားကင်ဆာ၊ အရိုးကင်ဆာများဖြစ် တတ်ပြီး လူကီးမီးယားခေါ် သွေးကင်ဆာလည်း ဖြစ်စေ နိုင်ပါသည်။

မျိုးရိုးဗီဇထိခိုက်ခြင်းနှင့် စပ်လျဉ်း၍မူ ရောင်ခြည် ပမာဏ အနည်းငယ်မျှဖြင့်ပင် ဖြစ်ပွားနိုင်သောကြောင့် တတ်မှန်ဝန်ထမ်းများအနေဖြင့် အထူးသတိပြုရန် လိုအပ် ပါသည်။ လူငယ်လူရွယ်များကို တတ်မှန်ရိုက်လျှင် မျိုးပွား အင်္ဂါများကို ရောင်ခြည်မသင့်စေရန် တတ်နိုင်သရွေ့ရှောင် ကွင်းရမည်။ သို့မဟုတ် ဖုံးအုပ်ကာကွယ်ပေးရမည်။ သန္ဓေ သားနုနုလေးများကို ရောင်ခြည်သင့်လျှင် ထိတ်လန့်ဖွယ် ကောင်းသော မွေးရာပါချွတ်ယွင်းချက်များ ဖြစ်စေ နိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နိုင်သော အသက် အရွယ်အတွင်း အမျိုးသမီးများကို တတ်မှန်ရိုက်သည့်အခါ တိုင်း ကိုယ်ဝန် ရှိ မရှိ စူးစမ်းရန်လိုသည်။

တတ်မှန်ဆရာဝန်နှင့် တတ်မှန်ကျွမ်းကျင်သူ များသည် တတ်ရောင်ခြည်ကာကွယ်ရေး နည်းစနစ်များကို သိရှိနားလည်၍ လိုက်နာကျင့်သုံးကြရန် အရေးကြီးလှ ပေသည်။ တတ်မှန်ဝန်ထမ်းများသည် ပြည်သူလူထုကိုလည်း တတ်ရောင်ခြည်အန္တရာယ်နှင့် စပ်လျဉ်း၍ ကျန်းမာရေး ဗဟုသုတ ဖြန့်ဝေပေးသင့်ပါသည်။ နိုင်ငံတော်အစိုးရသည် လုပ်ငန်းခွင် ကျန်းမာရေးဌာနနှင့် တတ်ရောင်ခြည် ကာကွယ်ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများကို တတ်ရောင်ခြည်အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ဆေးရုံ ၊ ဆေးခန်းများရှိ တတ်မှန်ခန်းများအား စည်းကမ်း ညီညွတ်ခြင်းရှိမရှိ အခါအားလျော်စွာ စစ်ဆေးစေပါသည်။

## နိဂုံး

လူ၏ ခန္ဓာကိုယ်သည် မှော်သေတ္တာကြီးနှင့် အလား တူသည်ဟုသော ဆိုရိုးတစ်ရပ်ရှိပါသည်။ မှော်သေတ္တာကြီး ထဲတွင် မည်သည့်ပစ္စည်းများပါရှိသည်ကို မှန်းဆနိုင်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်း အသီးသီး၌ ဖြစ်ပွားသော ရောဂါဘယတို့၏ သဘော သဘာဝများကို ဖော်ထုတ်သိရှိနိုင်ရန်မှာလည်း အလွန်ပင် ခက်ခဲသည်။ တတ်မှန်ဆရာဝန်များသည် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်လျက်ရှိသော နည်းပညာ၊ အတတ်ပညာ၊ စက်ကိရိယာတို့ကို အသုံးပြုကာ မှော်သေတ္တာကြီး၏ အဖုံးကို ဖွင့်လှစ်ဘိသကဲ့သို့ ကိုယ်တွင်းရောဂါ အလုံးအခဲများ၏ ဇာစ်မြစ်နှင့် သဘာဝတို့ကို ကွက်ကွက်ကွင်းကွင်း ပြသ အဖြေထုတ်ပေးနိုင်ရန် အားထုတ်တတ်ကြသည်။

ထို့ပြင် ယခုခေတ်၌ တတ်မှန်ဆရာဝန်များသည် ရောဂါရှာဖွေရေးကဏ္ဍကိုပင် ကျော်လွှားပြီး (Interven - tional Radiology) ဟုခေါ်သော တတ်မှန်ကို ကျောထောက် နောက်ခံပြုသည့် နည်းဗျူဟာသစ်များ ကိုင်စွဲ၍ ကုသရေး ကဏ္ဍသို့ ထိုးဖောက်ပါဝင်လာကြ သည်ကိုလည်း တွေ့မြင် နေရပေသည်။

တတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီးတစ်လျှောက် တိုးတက်အောင်မြင်မှုများမှာအံ့မခန်းဖွယ်ပင်။ စင်စစ် အားဖြင့် တတ်မှန်သည် မျက်မှောက်ခေတ် ဆေးပညာ လောက၌ ကြီးမားသော ကူညီ ထောက်ပံ့ မှုများ ပေးလျက် ရှိသည်ဆို ခြင်းမှာ အငြင်း မပွား နိုင်သည့် အချက်ပင် ဖြစ်ပါသတည်း။

ဒေါက်တာ ကျော်မြင့် (တတ်မှန်)

# အပိုင်း – ၃

## ၁၉၉၅ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ**။ ။ ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာ ၂၀ ရက်နေ့တွင် အိုင်ဗော်ရီကို့စ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ စတင်ဖွင့်လှစ် ကျင်းပပြီးနောက် မကြာမီတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၏ ပြည်တွင်းပြည်ပရေးရာ ဆွေးနွေးမှုအစီအစဉ်ကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ ရက်သတ္တသုံးပတ်ကြာ ဆောင်ရွက်ခဲ့ရာ မိန့်ခွန်းစကားပါဝင်ပြောကြားသူ ၁၇၉ ဦး မျှ ရှိခဲ့သည်။ ဤသည်မှာ ယခင် ယခင်နှစ်များကထက် များပြား၍ စံချိန်သစ်တင်ရသော အရေအတွက်ဖြစ်သည်။ ဤပုဂ္ဂိုလ်များထဲတွင် ဘုရင်တစ်ပါး၊ သမ္မတ ၃၁ ဦး၊ အစိုးရ အဖွဲ့ခေါင်းဆောင် ၁၄ ဦး၊ အိမ်ရှေ့မင်းသားနှစ်ဦး၊ ဝန်ကြီး ၁၂၀ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ၁၁ ဦး ပါဝင် ခဲ့သည်။

ဤအစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးဂျော်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားစီးလုံးညီညွတ်မှု တိုးတက်ကျယ်ပြန့်ခိုင်မာလာပုံကို တင်ပြရာ၌“ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့တဲ့ အချိန်ကစပြီး လက်နက်ကိုင်အဖွဲ့များရဲ့ပုန်ကန်မှုကြောင့် ပြည်တွင်း မငြိမ်မသက်မှုများကို ရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၉၄ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့ အတွက် ယခုဆိုရင်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအစဉ်မှာ ပါဝင်လာတဲ့ လက်နက်ကိုင်အဖွဲ့ အရေအတွက်ဟာ ၁၃ ဖွဲ့ ရှိသွားပြီဖြစ်ပါတယ်” ဟူ၍ တင်ပြခဲ့သည်။

ပါဝင်ဆွေးနွေးသူ အများအပြားတို့က ဘာသာရေးနှင့်လူမျိုးရေးတင်းမာမှုများကို နောက်ခံထား၍ ဒေသဆိုင်ရာ အရေးအခင်းနှင့် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်းတို့ကို စိုးရိမ်ထိတ်လန့်၍ စိတ်ပျက်ခြင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောဆိုကြပြီး၊ ကြိုတင်တားဆီးကာကွယ်ရေး စေ့စပ်ဆွေးနွေးမှု များကို တိုးတက်ပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ “ဖွံ့ဖြိုးရေးအစီအစဉ်” ကို ဖော်ဆောင်ရေးအတွက် လက်တွေ့ကျသော စီမံချက် များပြုလုပ်ရန်လည်း တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့်စာနာထောက်ထားမှု အကူအညီပေးရေးတို့တွင် တာဝန်များတိုးပွားလာနေသည့်အလျောက် ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေး အကျပ်ဆိုက်နေရသည့် အခြေအနေကိုလည်း အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

နိုင်ငံတကာ အထွေထွေဆွေးနွေးပွဲသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြီးဆုံးသည့်အခါ ညီလာခံဥက္ကဋ္ဌ အမာရာအက်ဆီက “၁၉၉၅ ခုနှစ်တွင် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပတော့မည့်အချိန်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့မျက်မှောက်အချိန်၌ ကမ္ဘာတွင်ဖြစ်ပေါ်နေသော ဖြစ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

## ညီလာခံ၏ ဆောင်ရွက်မှုများ

ညီလာခံကြီးသည် ကုလသမဂ္ဂကနှစ်ရှည်လများအားတိုက်အင်တိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရသော အားထုတ်မှုကြီး သုံးရပ်တို့ သမိုင်းဝင်အထွတ်အထိပ်သို့ ရောက်ခြင်းကို တွေ့မြင်ခဲ့ရသည်။ ယင်းတို့မှာ–

- (က) အသားအရောင်ခွဲခြားမှုဝါဒကို အမြစ်ဖြတ်သုတ်သင်ခြင်း၊
- (ခ) ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းရေးစနစ်ဆုံး ခန်းတိုင် ရောက်ရှိခြင်းနှင့်
- (ဂ) ၁၉၈၂ ပင်လယ်ဥပဒေ ကွန်ဗင်းရှင်း အာဏာသက်ရောက်သက်ဝင်လာခြင်း တို့ဖြစ်သည်။

**ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ** – ၄၉ ကြိမ်မြောက်ညီလာခံကြီးသည် ဆုံးဖြတ်ချက်ပေါင်း ၂၉၅ ခု ချမှတ်ခဲ့ရာ လေးပုံ–သုံးပုံကျော်မှာ မဲမခွဲရဘဲ တူညီဆန္ဒဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤအချက်က နိုင်ငံများစပ်ကြား တကယ့်စိတ်ဝမ်းညီညွတ်မှု အမှန်တကယ်ပေါ်ပေါက်လာပုံကို သက်သေထူလိုက်သည်။

**အဖွဲ့ဝင် နိုင်ငံသစ်တစ်နိုင်ငံ တိုးခြင်း** – ၁၉၉၄ ခုနှစ်၊ ၄၉ ကြိမ် မြောက် အထွေထွေညီလာခံကြီး၌ ပစိဖိတ်သမုဒ္ဒရာအတွင်း အမေရိကန်ပြည်ထောင်စုက စီမံအုပ်ချုပ်ကာ ထိန်းသိမ်းမှု ပေးခဲ့သော ပစိဖိတ်ကျွန်းစုများတွင် နောက်ဆုံးတစ်ခုအဖြစ် ကျန်ရှိသည့် ပါလောကျွန်းနိုင်ငံသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံ၏ဆုံးဖြတ်ချက် အမှတ် ၄၉/၆၃ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၈၅ နိုင်ငံ မြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဤတွင် ၄၈

နှစ်မျှ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းမှု လုပ်ငန်းတာဝန်သည် ဆုံးခန်းတိုင်ခဲ့လေသည်။

**နိုင်ငံတကာ အထိမ်းအမှတ်နေ့များ သတ်မှတ်ခြင်း** – ညီလာခံကြီးသည်ကိစ္စရပ်အများအပြားတွင် အထူးသဖြင့် ပတ်ဝန်းကျင်ရေးရာများတွင် လက်တွေ့တိုးတက်မှုများ ရှိခဲ့သည်။ ပတ်ဝန်းကျင်ရေးရာနှင့် ပတ်သက်၍ အသစ် ချုပ်ဆိုသော သဘောတူစာချုပ်များကို ညီလာခံကြီးက ကြိုဆိုပြီး ၄င်းတို့အသီးသီးအတွက် နိုင်ငံတကာ အထိမ်းအမှတ်နေ့များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည် –

(က) ရာသီဥတု ပြောင်းလဲမှုရေးရာ (အိုဇုန်းလွှာ ထိန်း သိမ်း ရေး – စက်တင်ဘာ ၁၆ ရက်နေ့)

( ခ ) ဇီဝဗေဒဆိုင်ရာ ထွေပြားခြားနားမှုများ (Biological Diversity) (ဒီဇင်ဘာ ၂၉ ရက်)

( ဂ ) သဲကန္တာရ တိုးချဲ့ပြန့်ပွားလာမှု ဆန့်ကျင်ရေး ( ဇွန် ၁၇ ရက်နေ့ )

ညီလာခံကြီးက ရေသယံဇာတပေါကြွယ်ဝသည့်နေရာများတွင် နိုင်ငံပိုင်ဇုန်နယ်များအတွင်း တရားမဝင်ငါးဖမ်းခြင်းမှ သက်ရောက်သော အကျိုးတရားများကို အထူးစဉ်းစားဆွေးနွေးခဲ့သည်။ ထို့အပြင် (GLOBE) ဟူ၍ အတိုကောက်ခေါ်ဝေါ်သည့်ပတ်ဝန်းကျင် အကျိုးစီးပွားအတွက် ကမ္ဘာတစ်ဝန်း လေ့လာကြည့်ရှုမှတ်သားမှု အစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေး** – အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ခိုင်မာတောင့်တင်းမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ၄၉ ကြိမ်မြောက် ညီလာခံကြီးက အောက်ပါစာချုပ်စာတမ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့သည် –

(က) အပိုဒ် ၂၉ပိုဒ်ပါဝင်သော ကုလသမဂ္ဂနှင့် အပေါင်းပါ ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ ကွန်ဗင်းရှင်း၊

( ခ ) နိုင်ငံတကာအကြမ်းဖက်ဝါဒရှင်းလင်းသုတ်သင်ရေး စီမံချက်များဆိုင်ရာ ကြေညာချက်နှင့်

( ဂ ) ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂနှင့်ဒေသဆိုင်ရာအစီအစဉ် သို့မဟုတ် အဖွဲ့များစပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်ရေးဆိုင်ရာ ကြေညာ ချက်။

**နိုင်ငံတကာ အစည်းအဝေးများ ကျင်းပရေး** – ညီလာခံကြီးက ၁၉၉၅ ခုနှစ်အတွင်း လူမှုဖွံ့ဖြိုးရေးထိပ်သီးညီလာခံ၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများအား စီမံဆောင်ရွက်ရေးဆိုင်ရာ ကိုးကြိမ်မြောက် ကုလသမဂ္ဂ ကွန်ဂရက်အစည်းအဝေးနှင့် အမျိုးသမီးများဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးနှင့် ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ဆိုင်ရာ အထူးအစည်းအဝေးများ ကျင်းပရေးအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ၄၉ ကြိမ်မြောက် ညီလာခံကြီးက –

(က) လူသားများနေထိုင်ရန် နေအိမ်ဂေဟာ အဆောက်အအုံများ တည်ထောင်ရေးဆိုင်ရာကုလသမဂ္ဂ မျက်နှာစုံညီအစည်းအဝေး ( Habitat II ) ကို ၁၉၉၆ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၁၄ ရက်နေ့အထိ တူရကီနိုင်ငံ၌ ကျင်းပရန်၊

( ခ ) သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေးဆယ်စုနှစ်ကို ၁၉၈၉ ခုနှစ်တွင် စတင်ဖန်တီးခဲ့ရာ ယင်းဆောင်ရွက်မှု၏ အောင်မြင်ချက်များကို သုံးသပ်ရေးအတွက် ဒုတိယကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ ကျင်းပရန်၊

( ဂ ) လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ စတုတ္ထအကြိမ်မြောက်ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေးကို (ဖြစ်နိုင်လျှင် ၁၉၉၇ ခုနှစ်တွင်) ကျင်းပရန်၊

(ဃ) မိုင်းဗုံးများရှင်းလင်းရေး နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ( ဖြစ်နိုင်သမျှ အမြန်ဆုံး) ကျင်းပရန် (ညီလာခံကြီးက လူများအား သေကျေဒဏ်ရာရစေသော မြေမြှုပ်မိုင်းဗုံးများ တင်ပို့ခြင်းအား ပိတ်ပင်တားမြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည် )။

( င ) အာကာသရှာဖွေလေ့လာရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးပြုရေးဆိုင်ရာ တတိယအကြိမ်မြောက် ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန်၊

( စ ) ဆင်းရဲမွဲတေမှု သုတ်သင်ပပျောက်ရေး နိုင်ငံတကာနှစ်ကို ၁၉၉၆ ခုနှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

**ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်** – ၄၉ ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၈ ခုနှစ်ကို ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

**၁၀ စုနှစ်များ စတင်ဖွင့်လှစ်ခြင်း** – ညီလာခံကြီးက –

(က) ကမ္ဘာ့တိုင်းရင်းသားများဆိုင်ရာ ၁၀ စုနှစ် (၁၉၉၄ – ၂၀၀၄) ကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

( ခ ) ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေး ကုလသမဂ္ဂ ၁၀ စုနှစ်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ (ယင်း ၁၀ စုနှစ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သည်)။

( ဂ ) လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားမှုများအား တိုက်ဖျက်ရေးဆိုင်ရာ တတိယ ၁၀ စုနှစ်အတွက် ပြုပြင်ထားသောလုပ်ငန်း အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

**၁၉၉၄ မျက်နှာစုံညီအစည်းအဝေးများ၏ ရလဒ်များကို အတည်ပြုခြင်း** – ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အောက်ပါမျက်နှာစုံညီ အစည်းအဝေးများ၏ ရလဒ်များကို ထောက်ခံအတည်ပြုခဲ့သည် –

(က) စက်တင်ဘာလတွင် ကိုင်ရိုမြို့၌ ကျင်းပခဲ့သော လူဦးရေနှင့် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုခဲ့သည့်နှစ် ၂၀ လုပ်ငန်းအစီအစဉ်နှင့် ကြေညာချက်၊

( ခ ) ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သော သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေး၏ လုပ်ငန်းအစီအစဉ်၊

( ဂ ) မေလတွင် ဘာဘေးဒိုး (စ်) နိုင်ငံ၌ ကျင်းပခဲ့သော ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ အဓွန့်ရှည်ကြာ ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုခဲ့သည့် ကြေညာချက် စာတမ်းနှင့် လုပ်ငန်းအစီအစဉ်။

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း** – ညီလာခံကြီး၏ အခြားမှတ်သားဖွယ် ဆောင်ရွက်ချက်မှာ "ဖွံ့ဖြိုးရေးအတွက် အစီအစဉ်" သစ်အတွက်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂအတွက် ဆက်လက်တည်ရှိဆဲ ဘဏ္ဍာရေးအခက်အခဲများနှင့် ပတ်သက်၍လည်းကောင်း လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

## အရှေ့အလယ်ပိုင်း အာရပ် – အစ္စရေးပြဿနာ

**ပါလက်စတိုင်းပြဿနာ** – ၁၉၉၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဂါဇာနှင့် ဂျေရိုကိုဒေသတို့တွင် ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့တို့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ၊ ယင်းစာချုပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ် ဂါလီနှင့် ပါလက်စတိုင်းပြည်သူများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးဆောင်ရွက်ရေး ကော်မတီတို့က ကြိုဆိုခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူးချုပ်က သိမ်းပိုက်ထားသော နယ်မြေများနှင့်ပတ်သက်၍ ကုလသမဂ္ဂအကူအညီပေးရေး အဖွဲ့များအား ၁၉၉၄ ခုနှစ်၊ဇွန်လ ၂၉ ရက်နေ့တွင် အမှာစကား ပြောကြားရာ၌ အစ္စရေးတပ်မတော်နှင့် ပြည်သူ့အုပ်ချုပ်ရေးတို့ကို ဂါဇာနှင့်ဂျေရိုကိုတို့မှ ရုပ်သိမ်းပြီးဖြစ်သည့်အလျောက် ထိုဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်သောဒေသများ ဖြစ်လာကြပြီဖြစ်ကြောင်း၊ ယင်းဒေသများတွင် အသွင်ကူးပြောင်းရေးကာလအတွင်း အုပ်ချုပ်ရေးအသစ်ကို ဖွဲ့စည်းကာ ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ရေးအတွက် ပါလက်စတိုင်းအာဏာပိုင်များအား အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

**အစ္စရေး – ဂျော်ဒန် ငြိမ်းချမ်းရေး** – ဂျော်ဒန်နှင့် အစ္စရေး နှစ်နိုင်ငံစပ်ကြား စစ်ဖြစ်ပွားနေသည့်အခြေအနေကို အဆုံးသတ်ကြောင်း ကြေညာချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ကျင်းပသော သမိုင်းဝင်အခမ်းအနားတစ်ရပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤအခမ်းအနားတွင် ဂျော်ဒန်ဘုရင်ဟူစိန်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ ပါဝင်ကြ၍ အမေရိကန်သမ္မတ ဝီလီယမ် ဂျေကလင်တန်လည်း တက်ရောက်ခဲ့သည်။ ဤကြေညာချက်အရ ဂျော်ဒန်နှင့်အစ္စရေးတို့က လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ (၁၉၆၇)နှင့် အမှတ် ၃၃၈ (၁၉၇၃) တို့နှင့်အညီ ငြိမ်းချမ်းသည့်အခြေအနေသို့ ရောက်ရှိကြရေးအတွက် ဆက်လက်စေ့စပ်ဆွေးနွေးသွားကြရန် ကတိကဝတ်ပြုကြသည်။ ယင်းနှစ်နိုင်ငံတို့အနေဖြင့် "လုံခြုံ၍ အသိအမှတ်ပြုထားသော နယ်နိမိတ်များ

အတွင်း မိမိတို့အချင်းချင်းဖြစ်စေ၊ အခြားတစ်ပါးသော နိုင်ငံအားလုံးနှင့်ဖြစ်စေ ငြိမ်းချမ်းစွာနေထိုင်ကြရန် ၎င်းတို့အသီးသီး၌ အခွင့်အရေးနှင့် တာဝန်များရှိကြောင်း အသိအမှတ်ပြုကြသည်။"

ထို့နောက် ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၂၆ ရက်နေ့တွင် အစ္စရေး နှင့် ဂျော်ဒန်တို့သည် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံစစ်ဖြစ်နေမှု အခြေအနေကို အဆုံးသတ်လိုက်ကြသည်။

**ပါလက်စတိုင်း အခြေအနေ** – ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) နှင့် အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ တည်ထောင်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြခြင်းကို မနှစ်မြို့နိုင်သော ပါလက်စတိုင်းအစိတ်အပိုင်းများရှိရာ ပါလက်စတိုင်း နယ်မြေများအတွင်း အခြေအနေမှာ တည်ငြိမ်လှခြင်း မရှိပေ။ ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၁၉ ရက်နေ့တွင် တယ်အဗီးမြို့တွင်း၌ အစ္စရေးခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ဗုံးခွဲ တိုက်ခိုက်ရာ အရပ်သား ၂၀ သေဆုံး၍ လူပေါင်း ၁၂ ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့ကြရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်းကို ရိုင်းစိုင်းသော အကြမ်းဖက်မှုအဖြစ် ဖော်ညွှန်းပြီး အပြင်းထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချခဲ့၏။

ထို့နောက် တယ်အဗီးမြို့အနီးတွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြန်ရာ ၁၉၉၅ ခုနှစ်၊ဇန်နဝါရီ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကိုတိုးတက်ဖြစ်ထွန်း ခိုင်မာသိပ်သည်းအောင် ဆက်လက်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

ပါလက်စတိုင်း အမျိုးသားများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးလုပ်ဆောင်ရေးကော်မတီကမူ အစ္စရေးတို့က သိမ်းပိုက်ထားသော အာရပ်နယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထူးအန္တရာယ်ပြုလျက်ရှိသဖြင့် ၎င်းလုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ အစ္စရေးတို့ဘက်မှ ပြန်ကြားရာ၌ လက်ရှိအစိုးရတက်လာသည့် ၁၉၉၂ ခုနှစ်မှစ၍ အခြေချနေထိုင်မှုအသစ်များ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**အစ္စရေး – လက်ဗနွန်ပြဿနာ** – ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က အစ္စရေး–လက်ဗနွန်နယ်ခြားတစ်လျှောက် အခြေအနေတင်းမာမှု မြင့်မားလာခြင်းကို အထူးစိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ လက်ဗနွန်ရွာတစ်ရွာကို အစ္စရေးတို့က အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပေါင်းများစွာ အသက်ဆုံးရှုံး ခဲ့ရသဖြင့် အတွင်းရေးမှူးချုပ်က အရပ်သားများအား အကြမ်းဖက်လုပ်ဆောင်ခြင်းအားလုံးကို ရှုတ်ချပြီးလျှင် နှစ်ဦးနှစ်ဖက်လုံးအား ထိန်းချုပ်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

သို့သော် အခြေအနေမှာ ငြိမ်းအေးသွားခြင်းမရှိပေ။ လက်ဗနွန်တောင်ပိုင်းဒေသ၏ အခြေအနေမှာတင်းမာ၍ ဗရုတ်ဗရက်ဖြစ်နေကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် တင်ပြခဲ့သည်။ ထို့နောက် မတ်လ၃၁ ရက်နေ့တွင်မူ အစ္စရေး– လက်ဗနွန်နယ်ခြားတစ်လျှောက်၌ မကြာမီက တိုက်ခိုက်မှုများ တိုးတက်များပြားလာခြင်းကို လွန်စွာစိုးရိမ်ကြောင်း ဖော်ပြပြီး နှစ်ဖက်စလုံးမှ ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲကြရန်နှင့် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုကြရန် တိုက်တွန်းပြောကြားခဲ့၏။

**အစ္စရေး– ဆီးရီးယား ပြဿနာ** – ဤအတောအတွင်း ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက၊ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အဆိုမူကြမ်း ၂၀ ကျော်ကို အတည်ပြုချမှတ်၍ ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ရပ်များကို အားတိုက်အင်တိုက် အားပေးထောက်ခံကာ ရရှိထားပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ကြရန် တိုက်တွန်းခဲ့သည်။ ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ် ၄၉/၈၈ ကို ထောက်ခံမဲ ၁၄၉ မဲ၊ ကန့်ကွက်မဲ ၄ မဲ (အီရန်၊ လက်ဗနွန်၊ လစ်ဗျား၊ ဆီးရီးယား) နှင့် ကြားနေမဲ ၂ မဲဖြင့် ချမှတ်ကာ အာရပ်နှင့် အစ္စရေးတို့၏ ဆွေးနွေးစေ့စပ်မှုများတွင် အခြားသောလမ်းကြောင်းများ၌လည်း တိုးတက်မှုများ လျင်မြန်စွာရရှိရေးကို အလေးအနက်ဖော်ပြခဲ့သည်။ ထို့ပြင် ဆုံးဖြတ်ချက်အမှတ် ၄၉/၈၇ (ဘီ) တွင် အထွေထွေညီလာခံကြီးက သိမ်းပိုက်ထားသော ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်မှ အစ္စရေးတို့ ရုပ်သိမ်းပေးရန် တောင်းဆိုကာ ဤသို့ အဖြစ်မှန်သဘောသိမ်းပိုက်ထားခြင်းသည် ငြိမ်းချမ်းရေးကို ပိတ်ဆို့ထားမှု တစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့၏။

## ဘော့စနီးယား– ဟာဇီဂိုဗီးနား ပြည်တွင်းစစ်

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခင်ယူဂိုဆလားဗီးယားနိုင်ငံ၏

အခြေအနေမှာ "ပို၍ ရှုပ်ထွေးလျက်ရှိကြောင်း" ဖော်ပြခဲ့သည်။ ကုလသမဂ္ဂသည် လွန်ခဲ့သည့်နှစ် (၁၉၉၃) တွင် သေကျေပျက်စီးမှုများ ထပ်တလဲလဲဖြစ်ပွားခြင်း၊ စစ်ခင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်ခြင်း၊ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများဖြင့် လက်ရှိအရေးအခင်းများ ပြီးပြတ်ဖြေရှင်းရေးအတွက် နည်းလမ်းရှာဖွေရာ၌ အောင်မြင်မှုရတစ်လှည့် မရတစ်လှည့် ဖြစ်ရခြင်း စသည့်အခြေအနေများတွင် လုပ်ငန်းတာဝန်အမျိုးမျိုးအဖုံဖုံကို ဆောင်ရွက်ခဲ့ကြောင်း အတွင်းရေးမှူးချုပ်က တင်ပြသည်။ ယူဂိုဆလပ်အရေးတွင် အဓိကဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား ပြဿနာနှင့် ပတ်သက်၍ ဘော့စနီးယားအုပ်စုများနှင့် ညှိနှိုင်း၍ ငြိမ်းချမ်းရေးအတွက် ဖြေရှင်းချက်များ တစ်ခုပြီးတစ်ခု ရေးဆွဲ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဘက်ဘက်က ပယ်ချခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားသည်။

၁၉၉၄ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ ဘော့စနီးယားနှင့် ခရိုအေးရှားတို့ ပူးပေါင်း၍ ဖယ်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် သဘောတူညီချက် ရရှိကြပြီးနောက် ယင်းဖယ်ဒရေးရှင်းနှင့် ဘော့စနီးယားဆာဘ်တို့စပ်ကြား နယ်မြေခွဲဝေရေးအတွက် မြေပုံတစ်ခုကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့တွင် တင်ပြခဲ့သည်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်၊ အမေရိကန်တို့ ပါဝင်သည့် ဆက်သွယ်ရေးအဖွဲ့က ရေးဆွဲသည့် ထိုမြေပုံအရဆိုလျှင် ဘော့စနီးယား– ခရိုအက် ဖယ်ဒရေးရှင်းက နယ်မြေ ၅၁ ရာခိုင်နှုန်းကို ရရှိပြီး ဘော့စနီးယား ဆာဘ်တို့က နယ်မြေ ၄၉ ရာခိုင်နှုန်းခန့် ရရှိ မည် ဖြစ်သည်။ ဇူလိုင်အကုန်တွင် ယင်းမြေပုံကို ဘော့စနီးယား– ခရိုအက် ဖယ်ဒရေးရှင်းက လက်ခံသော်လည်း ဘော့စနီးယား ဆာဘ်တို့က လက်မခံ ခဲ့ပေ။ ဤနယ်မြေ ခွဲဝေရေး အဆိုပြုချက်နှင့်ပတ်သက်၍ ဘော့စနီးယားဆာဘ် တို့က ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၇ နှင့် ၂၈ ရက်နေ့များတွင် ပြည်သူ့ဆန္ဒခံယူပွဲ တစ်ရပ် ကျင်းပခဲ့ရာ ၎င်းဆန္ဒခံယူပွဲကလည်း ပယ်ချခဲ့လေသည်။

ခရိုအေးရှားနိုင်ငံတွင် အခြေအနေမှာ အန်းပတ်စ်ခေါ် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက်ထားသော ဒေသများ၌ ခရိုအေးရှားအာဏာပိုင်များနှင့် ဒေသရှိဆာဘ်လူမျိုးများ စပ်ကြား ပုံမှန်ဆက်ဆံမှုများ ပြုလုပ်တည်ဆောက်ရေး ကိစ္စမှာ တိုးတက်မှုမရှိဘဲ စိုးရိမ်ဖွယ်ဖြစ်နေသည်။

**လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် / ကြေညာချက်များ –** ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း လုံခြုံရေးကောင်စီသည် ယူဂိုဆလပ်ပြဿနာနှင့် ပတ်သက်၍ တရားဝင် သို့မဟုတ် အလွတ်သဘော အစည်းအဝေး ခြောက်ကြိမ်ကျင်းပကာ ဆုံးဖြတ်ချက် ငါးရပ်ချမှတ်ပြီး ကြေညာချက် သုံးရပ်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၉၄၂ (၁၉၉၄) ကိုထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် နယ်မြေခွဲဝေရေးကိစ္စကို အဆိုပြုသည့်အတိုင်း လက်မခံသဖြင့် ဘော့စနီးယား ဆာဘ်တို့အား ပြင်းထန်စွာ ရှုတ်ချပြီးလျှင် နိုင်ငံများအား ဘော့စနီးယား ဆာဘ်တို့နှင့် နိုင်ငံရေးဆွေးနွေးမှုများ မပြုလုပ်ကြရန်နှင့် စီးပွားရေးပိတ်ဆို့ အရေးယူမှုများ တိုးတက်ပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။ စက်တင်ဘာ ၂၂ ရက်နေ့တွင် ဆာရာယေဘိုမြို့၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သားများမှာ "တမင်တကာ တိုက်ခိုက်ခြင်းခံခဲ့ရ" ပေရာ လုံခြုံရေးကောင်စီက စက်တင်ဘာ ၃၀ရက်နေ့တွင် ရှုတ်ချခဲ့သည်။ ဘော့စနီးယား ဆာဘ် ခေါင်းဆောင်များက ၎င်းတို့အပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့မှုများ ပြုလုပ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခြင်းကို တန်ပြန်သည့်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ၏ လှုပ်ရှားမှုများကို ပစ်ခတ်တိုက်ခိုက်မည်ဟု ပြောဆိုသည်ဆိုသော သတင်းများကို လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။

လုံခြုံရေးကောင်စီက ချမှတ်ခဲ့သော အခြားဆုံးဖြတ်ချက်တစ်ရပ်မှာ အမှတ် ၉၄၁ (၁၉၉၄) ဖြစ်၍ စက်တင်ဘာ ၂၃ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ဖြင့် ကောင်စီက လူမျိုးသန့်စင်ရေး လုပ်ဆောင်ချက်များမှာ လက်ခံနိုင်ခြင်းမရှိ၍ ပြစ်တင်ရှုတ်ချကြောင်း ဖော်ပြပြီး ဤလုပ်ဆောင်မှုများကို ချက်ချင်း ရပ်စဲရန်နှင့် ပြည်ပြည်ဆိုင်ရာ၊ အထူးသဖြင့် ၁၉၄၉ ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ ဤသို့ လူမျိုးသန့်စင်ရေး ရာဇဝတ်မှုကျူးလွန်သူများ အားလုံးသည် တစ်ဦးချင်းအနေဖြင့် တာဝန်ရှိမည် ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုက်သည်။

**စစ်ဘက်လေယာဉ် ကျူးကျော်ပျံသန်းမှုများ–** လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၈၁၆ (၁၉၉၃) အရ ဘော့စနီးယား– ဟာဇီဂိုဗီးနား နိုင်ငံအပေါ် စစ်ဘက်လေယာဉ်

ပျံသန်းမှုများကို ပိတ်ပင်ထားသော်လည်း ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်းကျူးကျော် ပျံသန်းမှုများ ၈၈၃ ကြိမ်ရှိခဲ့ကြောင်း၊ ၄င်းမှာ လွှန်ခဲ့သည့် သုံးလကထက် ၆၆၆ ကြိမ် ပိုမိုများပြားကြောင်း သိရှိခဲ့ရ၏။ ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်အထိ အချိန်ကာလအတွင်း၌လည်း စစ်ဘက်လေယာဉ်ကျူးကျော်ပျံသန်းမှုများအကြိမ်ပေါင်း ၇၆၉ ကြိမ်ခန့် ရှိခဲ့သည်ဟု ဆိုသည်။

**ဘီဟက်စစ်ပွဲ** – ၁၉၉၄ ခုနှစ်အောက်တိုဘာလအကုန်တွင် ဘော့စနီးယားအစိုးရတပ်များက စစ်ဆင်တိုက်ခိုက်၍ စစ်ပွဲအတွင်း နယ်မြေအများဆုံးသိမ်းပိုက်ရယူနိုင်ခဲ့သည်၊ သို့သော်လည်း နိုဝင်ဘာလအလယ်တွင် ဘော့စနီးယားဆာဘ်တို့က ခရိုအေးရှားမှ ကရာဂျီးနားဆာဘ်တို့၏ အကူအညီဖြင့် တန်ပြန်တိုက်ခိုက်ကာ ထိုနယ်မြေများကို ပြန်လည်သိမ်းပိုက် ရယူခဲ့ကြသည့်အပြင် ထိုထက်လွန်၍ ချီတက်ကာ ဘီဟက်မြို့အနီးသို့ပင် ချဉ်းကပ်ရောက်ရှိသွားခဲ့ကြသည်။ ကရာဂျီးနားဆာ့ဘ်တပ်များက ဒုံးပျံတိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများဖြင့် အကြိမ်ကြိမ်ပါဝင်တိုက်ခိုက်ပေးခဲ့၏။

နိုဝင်ဘာ ၂၁ ရက်နေ့တွင် နေတိုးလေယာဉ်များက ဥဒ်ဘီးနား လေယာဉ်ကွင်းကို တိုက်ခိုက်ခဲ့ကြ၏။ သို့သော်လည်း ဘော့စနီးယားဆာ့ဘ်တို့က ၄င်းလုံခြုံရေးဒေသကို ချင်းနင်းဝင်ရောက်ခဲ့ကြသည့်အပြင် ကရာဂျီးနားဆာ့ဘ်တို့ကလည်း စစ်ရေးအရပါဝင်စွက်ဖက်မှုများကို မရပ်မဆိုင်းဆက်လက်ပြုလုပ်ခဲ့ကြသည်။

ဘီဟက်စစ်ပွဲမှာ ပိုမိုပြင်းထန်လာရာ လူပေါင်း ၁၅၀,၀၀၀ အတွက် စားရေရိက္ခာပြဿနာမှာ အလွန်တရာအရေးတကြီးဖြစ်လာခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားခဲ့၏။ ဘီဟက်ဒေသရှိ အရပ်သားများ ထူထပ်စွာ နေထိုင်သောနေရာများမှာ "မလိုမချွေရစိတ်ဖြင့် တိုက်ခိုက်မှုများ" ခံခဲ့ရ၏။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကရာဂျီးနားဆာ့ဘ်တပ်ဖွဲ့များဟု ခေါ်ဆိုသည့် တပ်ဖွဲ့များ၏ လေယာဉ်များက ဘီဟက်မြို့အား တိုက်ခိုက်ခြင်းနှင့် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက် ထားသောဒေသများမှ အမြောက်များဖြင့် ပစ်ခတ်ခြင်းများ ကို အလွန်ပြင်းထန်သော စကားလုံးများသုံး၍ ပြစ်တင်ရှုတ်ချခဲ့လေသည်။

လုံခြုံရေးကောင်စီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလများအတွင်း ယူဂိုဆလပ် အရေးနှင့်ပတ်သက်၍ တရားဝင်နှင့် အလွတ်သဘောအစည်းအဝေး ၁၂ ကြိမ် ကျင်းပခဲ့၏။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၉၅၈ (၁၉၉၄) ကိုတညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားရှိ ကုလသမဂ္ဂကာကွယ်ရေးတပ်များကို ကူညီထောက်ပံ့ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လေကြောင်းအင်အား ပိုမိုတိုးချဲ့အသုံးပြုရန် ခွင့်ပြုချက် ပေးလိုက်သည်။ ထိုမှတစ်ပါး ထိုနေ့မှာပင် ဆုံးဖြတ်ချက်အမှတ် ၉၅၉ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားနှင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားနှစ်နိုင်ငံ စပ်ကြား အပြည်ပြည်နယ်နိမိတ်အား ကျူးကျော်ဖောက်ဖျက်ခြင်းများ၊ အထူးသဖြင့် ကရာဂျီးနားဆာ့ဘ်တို့က ကျူးကျော်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ဘီဟက်ဒေသရှိ ပြိုင်ဘက်အုပ်စုအားလုံး ခြွင်းချက်မရှိ ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်နှင့် ဘော့စနီးယားနိုင်ငံ တစ်ဝန်းလုံးတွင် အပစ်အခတ်နှင့် တိုက်ခိုက်မှုများရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးကြရန် တောင်းဆိုလိုက်သည်။ ထို့နောက် ဒီဇင်ဘာ ၂၃ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်နေ့များတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဘော့စနီးယား– ဟာဇီဂိုဗီးနားနိုင်ငံတစ်ဝန်းလုံးတွင် တိုက်ခိုက်မှုများရပ်စဲရေးအတွက် သဘောတူညီချက်များကို ဘော့စနီးယား– ဟာဇီဂိုဗီးနားသမ္မတ အလီဂျာအစ်ဇက် ဘီဂိုဗစ် နှင့် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ခုနှစ်ရက်ကြာ အပစ်အခတ်ရပ်စဲမှုမှာ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စတင်အတည်ဖြစ်ခဲ့ပြီး လေးလကြာတိုက်ခိုက်မှုများ ရပ်စဲမှုမှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်အတည်ဖြစ်ခဲ့သည်။ ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ဘော့စနီးယား ခရိုအက်တို့က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် သဘောတူခဲ့ကြသည်။

**အထွေထွေညီလာခံ ဆုံးဖြတ်ချက်** – ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၉/၁၀ ကို ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၆၁ မဲဖြင့် ချမှတ်ကာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် ဖြစ်ပွားနေသော ဆိုးရွားသည့် အခြေအနေကို စိုးရိမ်ကြောင်း ဖော်ပြပြီး ယင်းနိုင်ငံအား

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ယူဂိုဆလားဗီးယား အပေါ် ချမှတ်ခဲ့သည့် လက်နက်ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့် ပြုရေး အတွက် လုံခြုံရေးကောင်စီအား အားပေးတိုက်တွန်း ကြောင်း ဖော်ပြခဲ့သည်။ ဤကိစ္စကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်နေ့ များတွင် လုံခြုံရေးကောင်စီ၌ စဉ်းစားဆွေးနွေး ကြရာ၊ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှား ဖယ်ဒရေးရှင်း နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ အပါ အဝင် နိုင်ငံပေါင်း များစွာတို့က ဆန့်ကျင်ခဲ့ကြသည်။

**ကုလသမဂ္ဂတပ်ဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း** – ၁၉၉၅ ခုနှစ်၊ ဇန်ဝါရီမှမတ်လအတွင်း လုံခြုံရေးကောင်စီသည် ယခင်ယူဂို ဆလားဗီးယားနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ တရားဝင် နှင့် အလွတ်သဘောအစည်းအဝေးခြောက်ကြိမ်ကျင်းပ ဆွေးနွေး ပြီး ဆုံးဖြတ်ချက် လေးရပ်ချမှတ်၍ ကြေညာချက် လေးရပ် ထုတ် ပြန်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် ခရိုအေးရှားနိုင်ငံက ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက် ကျော်လွန်သည့်အခါ ကုလ သမဂ္ဂ ကာကွယ်ရေးတပ်ဖွဲ့(အန်ပရိုဖိုး)များ ထပ်မံထားရှိ ခြင်းကို လက်ခံမည်မဟုတ်ကြောင်း ဆုံးဖြတ်ကာ ကုလ သမဂ္ဂအား အကြောင်းကြားခဲ့ရာ အတွင်းရေးမှူးချုပ် အနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြ ဖြစ်ပွားခဲ့ရသည်။ လက်နက်ပိတ်ဆို့မှု ပြုလုပ်ထားလင့်ကစား ယင်းဒေသ များ၌ လက်နက်များ အမြောက်အမြား စုပုံရောက်ရှိနေရာ စစ်ကျင်းတိုက်ခိုက်မှုများကြောင့် သေကျေပျက်စီးမှုများမှာ ၁၉၉၁– ၉၂ ကထက် များစွာ ပိုမိုများပြားဆိုးဝါးမည် ဖြစ်သည်။

ထို့ကြောင့် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၈၁၊ ၉၈၂ နှင့် ၉၈၃ တို့ကို ချမှတ်ကာ ခရိုအေးရှား၊ ဘော့စနီးယား– ဟာဇီဂို ဗီးနားနှင့် ယခင်ယူဂိုဆလားဗီးယား သမ္မတ မက်ဆီဒိုးနီးယား နိုင်ငံတို့အတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း တည်ထောင်ကာ ချထားပေးခဲ့သည်။

**ပြည်တွင်းစစ် အခြေအနေ** – ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ၏ပြောကြားချက်အရ ဘီဟက်ဒေသ၌တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်မှတစ်ပါး ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် နေ့တွင် သဘောတူခဲ့ကြသော အပစ်အခတ်ရပ်စဲမှုကို လေးစားစွာ လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ဒီဇင်ဘာ ၃၁ရက်သဘောတူညီချက်၏ ပြဋ္ဌာန်းချက်အချို့ကိုမူ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း မရှိခဲ့ကြပေ။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဘီဟက်မြို့တစ်ဝိုက်တိုက်ပွဲများ ဆက်လက် တိုက်ခိုက်နေကြသည့်အတွက် အထူးစိုးရိမ်မကင်း ဖြစ်ရ ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဘီဟက်ဒေသသို့ သွားမည့် ထောက်ပံ့ရေးယာဉ်တန်းများအား ခရိုအေးရှား ဆာ့ဘ်နှင့် ဖီကရက်အဗ္ဗဒစ်ခေါင်းဆောင်သည့် မူစလင် ခွဲထွက်တပ်ဖွဲ့ များက တားမြစ်ပိတ်ပင်ခြင်းကိုလည်းကောင်း၊ ခရိုအေးရှား၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အား ဆက်လက် ကျူးကျော် နေကြခြင်းကိုလည်းကောင်း ကောင်စီက ပြစ်တင်ရှုတ်ချပြီး "ဘီဟက်ဒေသရှိ တပ်ဖွဲ့များအား ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်" တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃ရက်မှ မတ်လ ၃၁ ရက် အတွင်း စစ်ဘက်လေယာဉ်များ တားမြစ်ပိတ်ပင်ထားခြင်း ကို ချိုးဖောက်ပျံသန်းကြသည့် အကြိမ်ပေါင်း ၈၄၀ ရှိကြောင်း သိရှိခဲ့ရသည်။ စောင့်ကြပ်ကြည့်ရှုမှု စတင်ပြုလုပ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှ ဆိုလျှင် စုစုပေါင်း ၄၂၇၄ ကြိမ် ရှိသွားပြီဖြစ်သည်။

## အီရတ်၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေ

အီရတ်နိုင်ငံတွင် ပတ်ဝန်းကျင်ထောက်လှမ်း စောင့် ကြည့်ရေးစနစ်ကို ကောင်းစွာတည်ထားပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အဖွဲ့(အိုင်အေအီးအေ)က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းအဖွဲ့၏ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့စွဲပါ အစီရင်ခံစာအရ ထိုနှစ် ဇွန်လ ၁၇ ရက် အထိ အီရတ်နိုင်ငံတွင် ယခင်က နျူကလီးယားလုပ်ငန်း များနှင့် သက်ဆိုင်သည့် အရာဝတ္ထုများအား ရွှေ့ပြောင်း ဖျက်ဆီးခြင်း၊ သို့မဟုတ် စွမ်းအင်သတ္တိကင်းမဲ့အောင် ပြုလုပ်ခြင်းကိစ္စများ ကို ၂၄ ကြိမ် ပြုလုပ်ခဲ့သည်။ အိုင်အေ အီးအေ၏ ၂၅ ခု မြောက် စစ်ဆေးရေးအဖွဲ့သည် အီရတ် နိုင်ငံတွင်းရှိ စက်ရုံ အလုပ်ရုံနှင့် နေရာဌာန ၂၄ ခုကို ၁၉၉၄ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၁ ရက်အတွင်း လှည့်လည် စစ်ဆေးခဲ့ရာ ပစ္စည်း ကိရိယာ တန်ဆာပလာမှာ တားမြစ် ထားသော ကိစ္စများအတွက် အသုံးပြုနေခြင်းကို မတွေ့ရှိခဲ့ရ ပေ။ ယင်းအဖွဲ့သည် ယခင်က အီရတ်တို့၏ နျူကလီးယား အစီအစဉ်များနှင့် ဆက်စပ်သည့် တာမိယာ၊ အယ်လ်အာ သီးယားနှင့် အယ်လ်ရာကတ်မြို့များကိုလည်း စစ်ဆေးခဲ့ သည်။

အီရတ်နိုင်ငံသည် ထွေပြားလှသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လိုက်နာခြင်းရှိ မရှိ ကေန်အမှန်သိရှိစေမည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်တစ်ရပ်ကို တည်ထောင်ဖန်တီးရာ၌ "အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း" ကုလသမဂ္ဂ၏ အီရတ်လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်ဥက္ကဋ္ဌ ရောဖ်အီးကီးရပ်စ်က ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကူဝိတ်၏ တိုင်ကြားချက်– အီရတ်နိုင်ငံသည် ကူဝိတ်နိုင်ငံကိုသာလျှင်မဟုတ် အီရတ်နှင့် ကုလသမဂ္ဂတို့၏ ဆက်ဆံရေးများကို ပြတ်သားစွာ ခြိမ်းခြောက်သည့် အသံလွှင့်ချက်တစ်ရပ်ကို ထုတ်လွှင့်ခဲ့ကြောင်း ကူဝိတ်နိုင်ငံက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အကြောင်းကြားခဲ့သည်။ အီရတ်သည် ကူဝိတ်နိုင်ငံအား နောက်တစ်ကြိမ် ကျူးကျော်တိုက်ခိုက်ဖွယ်ရှိကြောင်း ကူဝိတ်က သတိပေးခဲ့သည်။ အောက်တိုဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်တပ်သားအမြောက်အမြားကို ဖြန့်ချထားသည့်သတင်းများရရှိ၍ အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ကြေညာပြောဆိုခဲ့သည်။ အောက်တိုဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်က အီရတ်အနေဖြင့် ကူဝိတ်အပေါ်သဘောထားပုံကို စိုးရိမ်မကင်း ဖြစ်ရကြောင်း ဖော်ပြကာ အီရတ်အနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝလိုက်နာကျင့်သုံးရန် အလေးအနက်ပြောကြားပြီး အီရတ်– ကူဝိတ်နယ်ခြားကို အီရတ်က ခြွင်းချက်မရှိ ချက်ချင်းအသိအမှတ်ပြုရန်လည်း တောင်းဆိုလိုက်သည်။ အောက်တိုဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အား ၎င်း၏တပ်များအားလုံးကို အီရတ်တောင်ပိုင်းမှ ချက်ချင်းပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ ထို့နောက် အောက်တိုဘာ ၁၇ ရက်နေ့တွင် အမေရိကန်ကိုယ်စားလှယ်က အီရတ်တပ်များအား ပြန်လည်ရုပ်သိမ်းလျက်ရှိသည့် လက္ခဏာများတွေ့ရကြောင်း လုံခြုံရေးကောင်စီအား ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် အီရတ်က ၎င်းအနေဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် လွတ်လပ်ရေးကို အသိအမှတ်ပြုသည့်အပြင် ကူဝိတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကိုလည်း အသိအမှတ်ပြုကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အကြောင်းကြားခဲ့သည်။ ဤသို့ အသိအမှတ်ပြုခြင်းကို လုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၆ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

လက်နက်ဖျက်သိမ်းရေး တိုးတက်မှု – အီရတ်နိုင်ငံအား လက်နက်ဖြုတ်သိမ်းရေးအထူးကော်မရှင်က ၎င်း၏လုပ်ငန်းတာဝန် များမှာ ၁၉၉၄ ခုနှစ်၊ ဧွန်လမှ ဒီဇင်ဘာလအတွင်း "များစွာ တိုးတက်မှု" ရှိခဲ့ကြောင်း အစီရင်ခံစာ တင်ပြခဲ့သည်။ အီရတ် နိုင်ငံအနေဖြင့် ယခုမျက်မှောက်အချိန်၌ တတုဗေဒ၊ သို့မဟုတ် ပိုးမွှားလက်နက်များကဲ့သို့ လူများအားအစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များ ထုတ်လုပ် ပစ်ခတ်နိုင်စွမ်း မရှိတော့ကြောင်း ဟု၍ ကော်မရှင်ဥက္ကဋ္ဌ ရောဖ်အီးကီးရပ်စ်က အောက်တိုဘာ ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကော်မရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အားထုတ်ရာ၌ အီရတ် သည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ စစ်ဆေးလိုသည့် နေရာအားလုံးကို ဝင်ရောက်ခွင့်ပေးခဲ့ ကြောင်း၊ သို့သော်လည်း ယခင်က ဗျူဟာမြောက်ပစ္စည်း များနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များပေးရာ ၌မူ တာဝန်ကျေပွန်မှု များစွာ ယုတ်လျော့ကြောင်း ဖော်ပြ ခဲ့သည်။

ရေနံရောင်းရန် ခွင့်ပြုချက်ပေးခြင်း – အီရတ်ပြည်သူများ၏ အာဟာရဓာတ်ပြည့်ဝသော အစားအစာများစားသုံးရမှု အခြေအနေနှင့် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ် ဆုတ်ယုတ် ကျဆင်းလာခြင်းအတွက် စိုးရိမ်မကင်း ဖြစ်ကြရသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၉၈၆ (၁၉၉၅) ကို တညီတညွတ်တည်း ချမှတ်ပြီးလျှင် နိုင်ငံများအား အီရတ် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ်ကျ ဒေါ်လာ ၁ ဘီလီယံဖိုးအထိ ဝယ်ယူတင်သွင်းရန် ခွင့်ပြုခဲ့သည်။

အထက်ပါ ဆုံးဖြတ်ချက်သည် အီရတ်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လုံးဝထိပါးခြင်း၊ ထိခိုက်ခြင်းမရှိကြောင်း လုံခြုံရေးကောင်စီက အခိုင်အမာပြောဆိုခဲ့သည်။ ရေနံရောင်းရငွေများကို သုံးစွဲခြင်းနှင့် ပတ်သက်၍ စည်းကမ်းချက်များသတ်မှတ်ရာ၌ ဆေးဝါးများ၊ ကျန်းမာရေးအထောက်အပံ့ပြုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အရပ်သားများအတွက် အထူးလိုအပ်သည့် အသုံးအဆောင်ပစ္စည်းပစ္စယများကိုသာ ဝယ်ယူတင်သွင်းရန် ဖြစ်ကြောင်း ကောင်စီက ပြဋ္ဌာန်းဖော်ပြခဲ့သည်။

**ကူဝိတ်နိုင်ငံအား အသိအမှတ်ပြုခြင်း** – အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့ကို အသိအမှတ်ပြုကြောင်း အတည်ပြုကာပေးပို့လာသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂရုံးဌာန၏ မော်ကွန်းတိုက်သို့ ထည့်သွင်းလိုက်ပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

## လစ်ဗျားနိုင်ငံအား လုံခြုံရေးကောင်စီမှ အရေးယူထားခြင်းကိစ္စ

ခရီးသည်တင်လေယာဉ်ကြီးနှစ်စင်း ဖုံးဖောက်ခွဲခံရခြင်းအတွက် တာဝန်ရှိသူများ ဖော်ထုတ်ရေးတွင် လစ်ဗျားနိုင်ငံက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြောင်း အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က မကျေမနပ် ပြောဆိုခဲ့ကြရာ ဤအငြင်းပွားမှုဖြေရှင်းရေးအတွက် မိမိအနေဖြင့် မခြွင်းမချန် အစွမ်းကုန်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားနိုင်ငံက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။ မိမိနိုင်ငံသည် မည်သည့်ပုံစံမျိုးဖြင့်မဆို အကြမ်းဖက်မှုမှန်သမျှ အားလုံးကို အလုံးစုံ ပစ်ပယ်စွန့်လွှတ်၍ အကြမ်းဖက်မှုအားလုံးကို ရှုတ်ချပြီးဖြစ်ကြောင်း လစ်ဗျားနိုင်ငံက ပြောကြားခဲ့သည်။ သို့ဖြစ်စေကာမူ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဤအရေးကို ဆွေးနွေးပြီးနောက် လစ်ဗျားနိုင်ငံအား လေကြောင်းနှင့် လက်နက်ပိတ်ဆို့မှုများ ပြုလုပ်ထားခြင်းကို ဆက်လက်ထားရှိသုံးသပ်သွားရန် ဩဂုတ်လ ၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် လစ်ဗျားနိုင်ငံမှ မိုဟာမက်အေအဇာဝီက အမေရိကန်နိုင်ငံသည် ချက်(ဒ်)နိုင်ငံ၊ အင်ဂျာမီနာမြို့မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် တင်ပို့သယ်ဆောင်သွားသော လစ်ဗျားအကျဉ်းသား ၂၀၀ တို့အား ထိန်းသိမ်းထားရှိပြီး လေ့ကျင့်မှုများပေးလျက် ရှိရာ ဤအပြုအမူသည် လစ်ဗျားနိုင်ငံအား ကျူးကျော်စော်ကားမှုများ ပြုလုပ်မည့် စီမံချက်ဝင်လုပ်ရပ်တစ်ခုဟု ယူဆရမည်သာဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ပြောကြားခဲ့သည်။

ဤအတောအတွင်း အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) နှင့် အစ္စလမ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ကွန်ဖရင့်တို့က လုံခြုံရေးကောင်စီအား ၎င်း၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်စဉ်းစားကာ လစ်ဗျားနိုင်ငံအပေါ် ချမှတ်ထားသော တားမြစ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တစ်ဖန် အိုအေယူနှင့် အာရပ်နိုင်ငံများအစည်းအရုံးတို့က လစ်ဗျားနိုင်ငံအပေါ် အရေးယူထားမှုများ ဖယ်ရှားပေးရန် ဆုံးဖြတ်တောင်းဆိုခဲ့ကြသေးသော်လည်း ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ယင်းကိစ္စကို ပြန်လည်သုံးသပ်ပြီး အရေးယူထားမှုများကို ပြင်ဆင်ရန် လိုအပ်သော အကြောင်းအချက် အခြေအနေများ မရှိသေးဟုယူဆကာ ပိတ်ဆို့ထားရှိမှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့က လော့ကာဘီ ကောင်းကင်ယံ၌ ဖုံးဖောက်ခွဲသည်ဟု ထင်မြင်ယူဆထားသူ နှစ်ဦးအား ဗြိတိန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရန် တောင်းဆိုပြီး ၎င်းတို့အား တရားမျှတစွာ စစ်ဆေးစီရင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဆိုမားလီးယား ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လအချိန်တွင် ဆိုမားလီးယားနိုင်ငံ၏ အခြေအနေမှာ ဒေသအများအပြား၌ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လုံခြုံရေး အခြေအနေသာလျှင် အထူးသဖြင့် မိုဂါဒစ်ရှူးဒေသ၌ သိသိသာသာ ဆုတ်ယုတ် ကျဆင်းလျက် ရှိခဲ့သည်။ ဩဂုတ် ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားနိုင်ငံ၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုများကို “အတန်ငယ်ကြာမျှ ဆက်လက်ထားရှိရန်” ထောက်ခံတင်ပြခဲ့သည်။

ဤသို့ထောက်ခံတင်ပြခြင်းမပြုမီ ဆိုမားလီးယားနိုင်ငံရေး ပါတီများ၏ နိုင်ငံရေးအစည်းအဝေးတစ်ရပ်ကို ဂျီဘူတီနိုင်ငံ၊ ဂျီဘူတီမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၃ မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မျက်နှာစုံညီ အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလထက် နောက်မကျစေဘဲ ခေါ်ယူကျင်းပရန် ကြေညာခဲ့သည်။ ထို့နောက်တွင် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ်–၂) ၏ သက်တမ်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ တစ်လတိုးရန် ထောက်ခံမဲ ၁၄ မဲနှင့် ကန့်ကွက်မဲ မရှိဖြင့် ချမှတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ကြားနေမဲပေးရာ၌ ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့်လေးလအတွင်း နိုင်ငံရေး ပြန်လည်စည်းလုံးမှုနှင့် ပတ်သက် ၍ တိုးတက်မှု လုံးဝမရှိကြောင်း ထောက်ပြခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ မှ ၂၉ ရက်အထိ လုံခြုံရေးကောင်စီမှ စေလွှတ်သော အဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဆိုမာလီနိုင်ငံသို့ သွား ရောက် လေ့လာပြီး နိုဝင်ဘာ ၃ ရက်နေ့တွင် အစီရင်ခံရာ၌ ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ် – ၂) အား ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထက် ကျော်လွန်၍ သက်တမ်းတိုးထားရှိရန် မည်သည့်ဆိုမာလီ အုပ်စုကမှ တောင်းဆိုခြင်း မပြုကြောင်း တင်ပြခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက အောက်တိုဘာ ၃၁ ရက်နေ့တွင် ယူနိုဆုမ်–၂ ၏ သက်တမ်းကို နိုဝင်ဘာ ၄ ရက်အထိ ကြားဖြတ်ကာလအဖြစ် တိုးမြှင့်ပြီး၊ ထိုနေ့သို့ ရောက်ရှိသည့်အခါ ဆုံးဖြတ်ချက်အမှတ် ၉၅၄ (၁၉၉၄) ကို ချမှတ်ကာ ယူနိုဆုမ် –၂ ၏ သက်တမ်းကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးချဲ့သတ်မှတ်လိုက်သည်။ ဤတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားတွင် ငြိမ်းချမ်းရေးကို နိုင်ငံခြားတိုင်းပြည်များက အတင်းချပေး၍မရနိုင်ကြောင်း၊ အားလုံးကလက်ခံ၍ အခွန့်ရှည်ကြာ တည်တံ့သော ငြိမ်းချမ်းရေးကို ဆိုမာလီတို့ထံမှသာလျှင် ရရှိနိုင်ကြောင်းပြောကြားကာ လုံခြုံရေးကောင်စီက ဆိုမာလီအုပ်စုများအား အပစ်အခတ်ရပ်စဲရေး နှင့် အသွင်ကူးပြောင်းရေး အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးကြရန် အဆိုပါ ဆုံးဖြတ်ချက်ဖြင့် တိုက်တွန်းလိုက်သည်။ တစ်ချိန်တည်းတွင် ဆိုမာလီနိုင်ငံသို့ လက်နက်နှင့် စစ်ပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားခြင်းနှင့် ပတ်သက်၍တင်းကျပ်စွာ စောင့်ကြည့်ရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဆိုမားလီးယားနိုင်ငံမှ ကုလသမဂ္ဂတပ်ဖွဲ့ (ယူနိုဆုမ် –၂) အား ရုပ်သိမ်းခြင်းကိစ္စမှာ အလုံးစုံပြီးဆုံးခဲ့သည်။ ထိုနေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂသည် ဆိုမားလီးယားအား ပစ်ထားမည်မဟုတ်ကြောင်း၊ သို့သော်လည်း အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနှင့် လူမှုရေးအကူအညီများ ရရှိရေးမှာ ဆိုမာလီခေါင်းဆောင်များက ကုလသမဂ္ဂနှင့် လူမှုရေးအေဂျင်စီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရနိုင်သည့် အကူအညီပမာဏနှင့် လုံခြုံရေးအခြေအနေတို့အပေါ်တွင် တည်ရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုမာလီတို့အနေဖြင့် နိုင်ငံရေး ပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးရရှိကြရန် တိုက်တွန်းခဲ့သည်။ ထိုနောက် ဧပြီလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်၏ ကြေညာချက်ကို ထောက်ခံပြီး ဆိုမာလီအုပ်စုများ ပြန်လည်စည်းလုံး ညီညွတ်ရေးကိစ္စတွင် ကူညီမှုပေးရန်အတွက် နိုင်ငံရေး မစ်ရှင်အဖွဲ့ ကလေးတစ်ခု ဆက်လက်ထားရှိရန် အတွင်းရေးမှူးချုပ်၏ ရည်ရွယ်ချက်ကို ကြိုဆိုလက်ခံလိုက်သည်။

## ရဝမ်ဒါ ပြည်တွင်းရေးအခြေအနေ

၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရဝမ်ဒါနှင့် ဘူရွန်ဒီ သမ္မတများ လေယာဉ်ပျက်ကျရာ၌ ကွယ်လွန်ခဲ့ကြပြီးနောက် သုံးလ ကြာ သွေးချောင်းစီးပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ရဝမ်ဒါ၏ မူလရှိရင်းလူဦးရေ ၇ ဒသမ ၉ သန်းမှာ ၅ သန်းသို့ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ ပြည်တွင်း၌ အသက်မသေ ကျန်နေသူ ၈ သိန်းမှ ၂ သန်းအထိမှာ သူတို့နေထိုင်ရာ နေရာများကို စွန့်ခွာ၍ အရပ်တစ်ပါးသို့ ရောက်ရှိနေကြပြီး အခြားလူပေါင်း ၂ သန်းမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

ဤနိုင်ငံ၌ "မျိုးသုဉ်း မျိုးပြုတ်သတ်ဖြတ်မှု" ခံရသူ ဦးရေမှာ တစ်သန်းခန့်အထိ ရှိနိုင်သည်ဟု အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက ခန့်မှန်းပြောဆိုခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ လူမှုရေး ဥပဒေအား အကြီးအကျယ် ကျူးလွန်ချိုးဖောက်မှုများနှင့် မျိုးတုံးမျိုးသုဉ်းလုပ်ရပ်များကို စနစ်တကျ ပြုလုပ်မှုများနှင့် ပတ်သက်သည့်သာဓကများအပေါ် စစ်ဆေးဆုံးဖြတ်နိုင်ရန် "ဘက်မလိုက်သော ကျွမ်းကျင်သူများ ကော်မရှင်" အဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန် တောင်းဆိုခဲ့သည်။

ထိုနေ့ (ဇူလိုင် ၁ ရက်) မှာပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါ၌ တိုက်ပွဲများဆက်လက်တိုက်ခိုက်နေကြပြီး ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်သားများ ရှေ့သို့ချီတက်နေခြင်းကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ပြောကြားပြီး အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။ ဇူလိုင် ၁၄ ရက်နေ့တွင် လူပေါင်း ၁၀၀,၀၀၀

ခန့် ရဝမ်ဒါနိုင်ငံမှ ဇိုင်ယာနိုင်ငံ ဂိုမာမြို့ဒေသသို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ကြသည်။ ထိုနောက် ဇူလိုင် ၁၈ ရက်နေ့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ အရေးအခင်းဖြစ်ပွားပြီးနောက် ဖွဲ့စည်းတည်ထောင်ခဲ့သော "ကြားဖြတ်အစိုးရ" အဖွဲ့သည် ရဝမ်ဒါနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းများက ဖော်ပြခဲ့ပြီး အာရ်ပီအက်ဖ်ပါတီက ရဝမ်ဒါနိုင်ငံတစ်ဝန်းလုံး လိုလိုကို သိမ်းပိုက်ထိန်းချုပ်ကာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ရာ ပြည်တွင်းစစ်မှာ ထိထိရောက်ရောက် ပြီးဆုံး သွားခဲ့သည်။ ဇူလိုင် ၁၉ ရက်နေ့တွင် ဘက်စုံကျယ်ပြန့်သော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် ရဝမ်ဒါအစိုးရသစ်က ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိစေပြီး စစ်ပြေးဒုက္ခသည်များ ပြန်လာကြရန် အားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ထပ်လောင်းကတိပြု ပြောကြားလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၅၅ (၁၉၉၄)ကို ထောက်ခံ မဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ရဝမ်ဒါ) နှင့် ကြားနေ ၁ မဲ(တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ရဝမ်ဒါနိုင်ငံတွင်း၌လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်းကောင်း မျိုးတုံးမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အပြည်ပြည်လူမှုဥပဒေများအား အကြီးအကျယ် ကျူးလွန်ဖောက်ဖျက်မှု ကျူးလွန်သူများအား တရားစစ်ဆေးစီရင်ရန် နိုင်ငံတကာတရားရုံးတစ်ရုံးကို တည်ထောင်လိုက်သည်။

နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၆၅ (၁၉၉၄)ဖြင့် ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင် (ယူနာမီး)၏ သက်တမ်းကို ၁၉၉၅ ခုနှစ်၊ ဇွန်လအထိ တိုးမြှင့်ပြီး ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေး ပစ္စည်းဖြန့်ချိမှုများအတွက် လုံခြုံမှုပေးရေးနှင့် အုပ်စုကွဲများအနေဖြင့် ၁၉၉၃ အရူရှား ငြိမ်းချမ်းရေးသဘောတူညီချက်အရ ပြန်လည်စည်းလုံး ညီညွတ်မှု ရရှိရေးတို့အတွက် တာဝန်ပေးလိုက်သည်။ ထိုအချိန်တွင် ရဝမ်ဒါစစ်ပြေးဒုက္ခသည်များမှာ နှစ်သန်းခန့်ရှိပြီး ပြည်တွင်း၌ နေရင်းရပ်ရွာမှအရပ်တစ်ပါးသို့ ရောက်ရှိနေကြသူများမှာ လူပေါင်း တစ်သန်းခွဲမှ နှစ်သန်းခန့်အထိ ရှိနေသည်။

ဤအတောအတွင်း စစ်ပြေးဒုက္ခသည်စခန်းများတွင် လုံခြုံရေးအခြေအနေများ တိုးတက်ဆိုးဝါးလာသည်။ ယခင်ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) များက လူအင်အားစုဆောင်း၍ လေ့ကျင့်မှုပေးခြင်းလုပ်ငန်းနှင့် အစိုးရသစ်အား ဆန့်ကျင်သောဝါဒဖြန့်မှုများ တက်ကြွစွာပြုလုပ်လာကြသည့် သာဓကများ တွေ့မြင်လာရသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ယခင် ရဝမ်ဒါခေါင်းဆောင်များ၊ အစိုးရတပ်ဖွဲ့များနှင့် ရပ်ရွာကာကွယ်ရေးတပ်များအနေဖြင့် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မှုများအား တားဆီးခြင်း၊ အချို့ကိစ္စများ၌ အင်အားသုံးပိတ်ပင်ခြင်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးကမ်းရာ၌ နှောင့်ယှက်ခြင်းများကို ပြစ်တင်ရှုတ်ချလိုက်သည်။ ဒုက္ခသည်များအား လက်စားချေခြင်း မပြုလုပ်ကြရန်နှင့် သူတို့၏ ပစ္စည်းပိုင်ခွင့်များကိုလည်း ထိပါးနှောင့်ယှက်ခြင်း မပြုကြရန် လည်း သတိပေးနှိုးဆော်လိုက်သည်။

ဤအတောအတွင်း ကျွမ်းကျင်သူများ ကော်မရှင်အဖွဲ့က ဟူတူမျိုးနွယ်များအနေဖြင့် တွတ်ဆီမျိုးနွယ်များအား မျိုးတုံးမျိုးသုဉ်းပြုလုပ်ခြင်းအတွက် သက်သေသာဓကအမြောက်အမြားရှိကြောင်း ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးဥပဒေကို နှစ်ဦးနှစ်ဖက်စလုံးမှ ကျူးလွန်ဖောက်ဖျက်ကြသော်လည်း တွတ်ဆီတို့အနေဖြင့် ဟူတူတို့အား မျိုးဖြုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုဆိုနိုင်သော သက်သေအထောက်အထားများမရှိကြောင်း ကောက်ချက်ချ ဆုံးဖြတ်ခဲ့ပေသည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရဝမ်ဒါစစ်ပြေးဒုက္ခသည်များ၏ ပြဿနာမှာ စံမတူအောင် ရှုပ်ထွေးကြီးမားလှကြောင်း သတိပေး ပြောကြားပြီး တန်ဇားနီးယားနှင့် ဇိုင်ယာနိုင်ငံများတွင် လူပေါင်းနှစ်သန်းခန့်ရှိကြောင်း ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ရဝမ်ဒါဒုက္ခသည်စခန်းများ၊ အထူးသဖြင့် ဇိုင်ယာနိုင်ငံရှိ စခန်းများ၌ ဆက်လက်ပြုလုပ်နေသော ခြိမ်းခြောက်မှုများနှင့် လုံခြုံရေးပြဿနာများကို အထူးစိုးရိမ်ခြင်းဖြစ်ရကြောင်း ကြေညာပြောကြားခဲ့လေသည်။ ဤအတောအတွင်း တရုတ်၊ ချက်၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ရဝမ်ဒါနိုင်ငံသို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတိုးတက်ဖြစ်ပေါ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်နေ့များတွင် သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ပြေးဒုက္ခသည်များ

ပြန်မလာဝံ့ကြသည်မှာ ကြောက်ရွံ့ကြခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြပြီး၊ ရဝမ်ဒါအစိုးရ၊ စစ်ပြေးဒုက္ခသည်ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင်ဆွေးနွေးပြောဆိုသင့်ကြောင်း မစ်ရှင်အဖွဲ့က ထောက်ခံတင်ပြခဲ့ပေသည်။

## အင်ဂိုလာငြိမ်းချမ်းရေး ပြဿနာ

အနှစ် ၂၀ ကြာခဲ့ပြီဖြစ်သော အင်ဂိုလာပြည်တွင်းစစ်အခြေအနေမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ပြည်နယ် ၁၈ ပြည်နယ် အနက် ၁၁ ပြည်နယ်တွင် တိုက်ပွဲများတိုးတက်ပြင်းထန်လျက် ရှိသည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် – ၉၃၂ (၁၉၉၄)ဖြင့် လူဆာကာငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ တင်ပြခဲ့သော ငြိမ်းချမ်းရေးအဆိုပြုချက်များကို တရားဝင်လက်ခံရန် ယူနီတာအုပ်စုအားတိုက်တွန်းပြီး လက်မခံလျှင် ယင်းအဖွဲ့အပေါ် ရေနံနှင့်လက်နက်ပိတ်ဆို့မှုများ ပြုမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယလဝက်ပိုင်းတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အဆိုပြုချက်များ အားလုံးနှင့် ပတ်သက်၍ သဘောတူညီချက်များရရှိခဲ့သည်။ သို့သော် ၎င်းတို့အား အကောင်အထည်ဖော်ရန်နည်းလမ်းများနှင့် ပတ်သက်၍ကား ပြေလည်မှု မရခဲ့ကြပေ။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့တွင်မူ လုံခြုံရေးကောင်စီက ယူနီတာအုပ်စုအနေဖြင့် အထက်ဖော်ပြပါအဆိုပြုချက်များအားလုံးကို တရားဝင်လက်ခံကြောင်းပြောကြားခဲ့သည်။ ထို့ကြောင့် ယူနီတာပါတီ အပေါ်နောက်ထပ် တားမြစ်ပိတ်ဆို့မှုများ ချမှတ်မည်မဟုတ်ကြောင်းကောင်စီက စက်တင်ဘာ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် – ၉၄၅(၁၉၉၄)ကို တညီတညွတ်တည်း ချမှတ်ခဲ့သည်။ သို့သော်လည်း အင်ဂိုလာတစ်နိုင်ငံလုံးတွင်စစ်ဆင်တိုက်ခိုက်မှုများ တိုးတက်ပြုလုပ်နေကြခြင်းကိုရှုတ်ချကြောင်း ဖော်ပြပြီး စစ်ဆင်မှုများကို ပြိုင်ဘက်အုပ်စုနှစ်စုလုံးက ရပ်ဆိုင်းကြရန် ထပ်လောင်းတောင်းဆိုလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အင်ဂိုလာအစိုးရနှင့် ယူနီတာပါတီတို့သည် လူဆာကာမြို့၌ အင်ဂိုလာငြိမ်းချမ်းရေးအတွက် အခြေပြစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြရာ လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့တွင် ကြိုဆိုခဲ့သည်။ အခြေပြစာချုပ်တွင် ရွေးကောက်ပွဲကျင်းပရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ပြဿနာပြီးစီးရေးအတွက် ပြဋ္ဌာန်းချက်များပါရှိသည်။

အခြေပြစာချုပ် ချုပ်ဆိုပြီးနောက် နှစ်ရက်ကြာသောအခါ အပစ်အခတ်ရပ်စဲမှု စတင်သက်ဝင် အတည်ဖြစ်ခဲ့သည်။ တိုက်ခိုက်မှုများကျဆင်းသွားခဲ့သည်။ သို့သော်လည်းနိုဝင်ဘာ ၂၄ ရက်နေ့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာ၍ ပိုမိုပြင်းထန်လာကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် – ၉၇၆ (၁၉၉၅) ကို ချမှတ်ပြီး၊ အင်ဂိုလာနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးအတွက် အင်ဂိုလာ စိစစ်ရေးမစ်ရှင်အဖွဲ့ ( ယူနာဗမ် – ၃) ဟူသော အမည်ဖြင့် အဖွဲ့သစ်တစ်ဖွဲ့ကို ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးတို့အတွက်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်တစ်လခန့်အကြာမတ်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကအင်ဂိုလာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများနှင့် ပတ်သက်သည့် တိုင်ကြားချက်များရရှိ၍အထူးစိုးရိမ် မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**မိုဇမ်ဘစ်ပြဿနာ ဖြေရှင်းပြီးပြတ်ခြင်း** – မိုဇမ်ဘစ်ပြည်တွင်းစစ်ပြဿနာနှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့ကပင် အထွေထွေငြိမ်းချမ်းရေးသဘောတူညီချက် တစ်ရပ်ကို မိုဇမ်ဘစ်အစိုးရ (ဖရီးလီမိုပါတီ) နှင့် မိုဇမ်ဘစ် အမျိုးသား တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့(ရီနာပို ) တို့က ရောမမြို့၌ ချုပ်ဆိုခဲ့ကြသည်။ ထိုနှစ်ဒီဇင်ဘာလမှာပင် ကုလသမဂ္ဂအဖွဲ့ကြီးက မိုဇမ်ဘစ်နိုင်ငံအတွင်း ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့(အိုနူမော့ဇ်) ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

အထက်ပါ စာချုပ်တွင် မိုဇမ်ဘစ်ကာကွယ်ရေးတပ်ဖွဲ့အသစ် တစ်ဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်တစ်ရပ်လည်းပါရှိသည်။ သို့သော်လည်း ၁၉၉၄ ခုနှစ် နှစ်လယ်ပိုင်းအထိဤကိစ္စမှာ အကောင်အထည်မပေါ်သေးရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အစိုးရတပ်များအား စုစည်း၍ တပ်ဖြုတ်ခြင်းကို အလျင်အမြန် ပြုလုပ်ရန် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၇

ရက်နေ့တွင် တိုက်တွန်း ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မိုဇမ်ဘစ်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၇ မှ ၁၂ ရက် နေ့အထိ စေလွှတ်၍ အခက်အခဲရှိနေသော ကိစ္စများကို ညှိနှိုင်းဆောင်ရွက်စေခဲ့သည်။ ဩဂုတ် ၂၆ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က မိုဇမ်ဘစ်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အားတက်ဖွယ် အရေးကြီးသော တိုးတက်မှုများရှိ ကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

ထိုမှ နောက်နှစ်လခန့်အကြာတွင် မိုဇမ်ဘစ်နိုင်ငံ၌ ပထမဆုံး ပါတီစုံ ရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၇ မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ မှတ်ပုံတင်ထားသော ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းအနက် ၈၇ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်မဲဆန္ဒပေးသည့် သမ္မတ ရွေးကောက်ပွဲတွင် ထိုစဉ်က သမ္မတအဖြစ်ဆောင်ရွက်နေသူ သမ္မတ ဂျိုယာကင်ချစ်ဆာနိုက အနိုင်ရရှိ၍ ရီနာမိုပါတီ ဥက္ကဋ္ဌ အဖွန်ဆိုဒါလိုကာယက ဒုတိယရှိခဲ့သည်။ ဥပဒေပြုရွေးကောက်ပွဲတွင်လည်း ဖရီးလီမိုပါတီက အမတ်နေရာ ၁၂၉ ဖြင့် အနိုင်ရရှိခဲ့ပြီး ရီနာမိုပါတီနှင့် ယူဒီပါတီတို့က ၁၀၉ နေရာနှင့် ၁၂ နေရာ အသီးသီးရရှိခဲ့ကြသည်။

ရွေးကောက်ပွဲများမှာ လွတ်လပ်၍ တရားမျှတကြောင်း လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၆၀ (၁၉၉၄) ဖြင့် အတည်ပြုခဲ့သည်။ ထို့အပြင် မိုဇမ်ဘစ်ပါတီများအား ရွေးကောက်ပွဲရလဒ်များကို အလုံးစုံ လက်ခံကျင့်သုံးပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး အတွက် ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

မိုဇမ်ဘစ်နိုင်ငံ၏ ပါလီမန်အသစ်ကို မာပူတိုမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် ဖွင့်လှစ်ပြီး နောက်တစ်နေ့တွင် သမ္မတချစ်ဆာနိုအား ရာထူးပေးအပ်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂ၏ မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု တပ်ဖွဲ့ (အိုနူမော့ဇ်)၏ တာဝန်ခန်းသည် တရားဝင်ပြီးဆုံး ခြင်းသို့ ရောက်ရှိခဲ့လေသည်။

## လိုင်ဘေးရီးယား ပြည်တွင်းစစ်ပြဿနာ

အာဖရိကအနောက်ဘက် အလယ်ပိုင်း ပင်လယ်ကမ်းခြေရှိ လိုင်ဘေးရီးယားနိုင်ငံ၌ နိုင်ငံရေးအုပ်စု သုံးစုတို့စပ်ကြား သုံးနှစ်ခွဲကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် ကိုတိုနိုငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့သော် အုပ်စုများက အချိန်ဆွဲမှုနှင့် အခက်အခဲများ ဖန်တီးခဲ့ကြသဖြင့် နောက်ထပ်သဘောတူညီချက်များ ဆက်လက် ပြုလုပ်ခဲ့ကြရသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လိုင်ဘေးရီးယား အမျိုးသားအသွင်ကူးပြောင်းရေး အစိုးရကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသော်လည်း နောက်ထပ်ခြောက်လကြာသည့်တိုင်အောင် အစိုးရအဖွဲ့ကို မတည်ထောင်နိုင်သေးဘဲ ရှိခဲ့ကြသည်။

အစပထမ၌ ကိုနိုထိုစာချုပ်အရ တိုးတက်မှုများရှိခဲ့သော်လည်း ၁၉၉၄ ခုနှစ်၊ ဧပြီလနောက်ပိုင်းတွင် လိုင်ဘေးရီးယားပြည်တွင်းအခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲကာ အုပ်စုများအချင်းချင်း တိုက်ခိုက်မှုများ တိုးတက်ပြင်းထန်လာပြီး ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့သည်။ ဤတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၆ မှ ၂၆ ရက်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ် မစ္စတာ လက္ခဒါဗြာမီဏီသည် လိုင်ဘေးရီးယားသို့ သွားရောက်ပြီး သက်ဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြိုင်ဘက်အုပ်စုပေါင်းစုံပါဝင်သော အစည်းအဝေးတစ်ရပ်ကို ဂါနာနိုင်ငံ ၊ အာကိုဆွမ်ဘိုမြို့၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေး လုပ်ငန်း ဖော်ဆောင်ရာ၌ နှောင့်နှေးခြင်းဖြစ်နေမှုများကို ဆွေးနွေးကြပြီး စက်တင်ဘာ ၁၂ ရက်နေ့တွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်ဖက်တွင် အာကိုဆွမ်ဘို သဘောတူစာချုပ်ကို ချုပ်ဆိုနေကြစဉ် တစ်ဖက်၌ ပြည်တွင်းတိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာပြီး စက်တင်ဘာ ၉ ရက်နေ့တွင် ကုလသမဂ္ဂစစ်ဘက် အကဲခတ်ပုဂ္ဂိုလ် ၄၃ ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခြောက်ဦးတို့ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ကြရပြီး စက်တင်ဘာ ၁၈ ရက်နေ့တွင်မှ လွတ်မြောက်လာခဲ့ကြသည်။ ဤတွင် ကုလသမဂ္ဂမှ အကဲခတ်မစ်ရှင်အဖွဲ့ (ယူနိုမီလ်)၏ အင်အားကို ၃၆၈ မှ ၉၀ ခန့်သို့ လျှော့ချခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအလယ်တွင် အတွင်းရေးမှူး ချုပ်က လိုင်ဘေးရီးယားဒေသသို့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ ဒေသခေါင်းဆောင်များနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် အက္ကရာမြို့၌ သဘောတူညီချက်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြသည်။

အထက်ပါစာချုပ်အရ အုပ်စုများစပ်ကြား အပစ်အခတ် ရပ်စဲမှုသည် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပြန်လည်အတည်ဖြစ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလဦးပိုင်းတွင် ပြန်လည်ပျက်ပြားသွားခဲ့ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၇၂ (၁၉၉၅)ကို တညီတညွတ်တည်း ချမှတ်ပြီး လိုင်ဘေးရီးယားအုပ်စုများအနေဖြင့် အက္ကရာ သဘောတူစာချုပ်ရ နိုင်ငံတော်ကောင်စီသစ်တစ်ရပ် ဖွဲ့စည်းရေးတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သဘောတူညီမှုမရကြခြင်းကို အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

အမှန်စင်စစ် ပြည်တွင်းစစ်အဆုံးမသတ်နိုင်ဖြစ်နေခြင်းမှာ ပြိုင်ဘက်အုပ်စုများအချင်းချင်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌခန့်ထားရေးကိစ္စတွင် ဈေးဆစ်အငြင်းပွားနေကြခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုများ ရပ်တန့်နေလျှင် ကုလသမဂ္ဂအကဲခတ်မစ်ရှင်အဖွဲ့ ရုပ်သိမ်းရေးအပါအဝင် နည်းအမျိုးမျိုးဖြင့် အရေးယူဆောင်ရွက်ရန် စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး ချုပ် အက်စ်ဂျီကူယာတေခေါင်းဆောင်သော ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ကလည်း လိုင်ဘေးရီးယားအုပ်စုများစပ်ကြား နိုင်ငံရေးညှိနှိုင်း လိုက်လျောသဘောတူညီမှုမရရှိလျှင် နိုင်ငံတကာထောက်ပံ့ကူညီမှုများလည်း ရပ်ဆိုင်းသွားမည် ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက် ၁၀၀၁ (၁၉၉၅) ကို ချမှတ်ပြီး ငြိမ်းချမ်းရေးအတွက် တိုးတက်မှုမရှိလျှင် ကုလသမဂ္ဂအကဲခတ်အဖွဲ့၏ သက်တမ်းကို စက်တင်ဘာ ၁၅ ရက်နောက်ပိုင်းတွင် တိုးချဲ့မည်မဟုတ်ကြောင်း ကြေညာပြောဆိုခဲ့သည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့တွင် လိုင်ဘေးရီးယား အုပ်စုခေါင်းဆောင်များက တိုက်ခိုက်မှုများရပ်စဲပြီး တစ်နှစ်အတွင်း ရွေးကောက်ပွဲများကျင်းပကြရန် သဘောတူခဲ့ကြသည်။ အပစ်အခတ်ရပ်စဲမှုသည် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်နေ့တွင် အတည်ဖြစ်လာခဲ့သည်။ တစ်ဆက်တည်း အားဖြင့် စက်တင်ဘာ ၁ ရက်နေ့တွင် လိုင်ဘေးရီးယားနိုင်ငံ၏ နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းတည်ထောင်ပြီး အဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

## ဆိုက်ပရပ်ပြဿနာ ဖြေရှင်းရေး

၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၃၉ (၁၉၉၄) ကို ချမှတ်၍ ဆိုက်ပရပ်နိုင်ငံ တွင် အခြေအနေတိုးတက်မှု မရှိခြင်းမှာ လက်ခံနိုင်ဖွယ်မရှိ ကြောင်း ပြောကြားပြီး ယင်းနိုင်ငံအား တစ်ခုတည်းသော အချုပ်အခြာအာဏာ၊ တစ်မျိုးတစ်စားတည်းသော နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးအားဖြင့် တန်းတူညီမျှသော လူမျိုးစုနှစ်စုနှင့် နယ်မြေနှစ်ပိုင်း နှစ်ဒေသပါဝင်သော ပြည်ထောင်စု ဖယ်ဒရေးရှင်းနိုင်ငံ တစ်နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး နယ်မြေပိုင်းခြားခွဲထွက်၍ မည်သည့်နိုင်ငံနှင့်မျှ ပေါင်းစပ်ခြင်း မပြုရန်မှုကို ထပ်လောင်းအတည်ပြု ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂျိုကလပ်သည် ဆိုက်ပရပ်သို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် သွားရောက်၍ နှစ်ဖက်ခေါင်းဆောင်များနှင့် ဆွေးနွေး ညှိနှိုင်းခဲ့သော်လည်း သဘောထားကွဲလွဲမှုများရှိနေကြ၍ ပြဿနာဖြေရှင်းရေးမှာ တစ်ဆို့နေသောသဘောရှိကြောင်း ပြန်လည်တင်ပြခဲ့သည်။

ထို့နောက်တွင် အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဂရိနှင့်တူရကီဆိုက်ပရပ်ခေါင်းဆောင်များသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၃၁ ရက်နေ့အထိ ငါးကြိမ်တွေ့ဆုံကြပြီး ပြည်ထောင်စုဖယ်ဒရေးရှင်းနိုင်ငံ အမြန်ဆုံးတည်ထောင်ရေး နည်းလမ်းများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ယုံကြည်မှုတိုးပွားရေး စီမံချက်များဖော်ဆောင်ရေးကိစ္စများ အပါအဝင် ပြဿနာနှင့်သက်ဆိုင်ရာရေးရာ အထွေထွေကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အတွင်းရေးမှူးချုပ်သည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ များတွင် ဆိုက်ပရပ်ခေါင်းဆောင်များနှင့် တစ်ဦးချင်းစီ သီးခြားတွေ့ဆုံပြီး သူ၏ အထူးကိုယ်စားလှယ် မစ္စတာကလပ် အား ၁၉၉၅ ခုနှစ်၊ မတ်နှင့် မေလများတွင် ဆိုက်ပရပ်ဒေသသို့ စေလွှတ်ခဲ့သည်။ သို့သော် စေ့စပ်ဆွေးနွေးမှုများမှာ ခရီးမပေါက်ဘဲ တစ်ဆို့နေသည်ကိုပင် ထပ်မံတွေ့ရပြန်သည်။

လွန်ခဲ့သည့်နှစ်အတွင်း နှစ်ဦးနှစ်ဖက်တို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းနေကြသော်လည်း ဆိုက်ပရပ်နိုင်ငံတွင် နိုင်ငံခြားတပ်များ အဆမတန်များပြားစွာတည်ရှိနေခြင်းနှင့် ၎င်းတပ်များအား အလျင်အမြန် အားဖြည့်ပေးနေကြခြင်းကို စိုးရိမ်လျက်ရှိရကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက နိုင်ငံခြားတပ်များ၏

အရေးအတွက်နှင့် ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချကြရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။

## အာဖဂန်နစ္စတန် ပြည်တွင်းအခြေအနေ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၈/၂၀၈ အရ ဖွဲ့စည်းခဲ့သောအထူးမစ်ရှင်၏ ဆောင်ရွက်ချက်အရ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ရုံးကို ဂျာလာလာဘတ်မြို့တွင် ယာယီအားဖြင့် ဖွင့်လှစ်ထားရှိခဲ့ပြီးနောက် အတွင်းရေးမှူးချုပ်သည် ပါကစ္စတန်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်မှ ၈ ရက်နေ့အထိ သွားရောက်ကာ အာဖဂန်ခေါင်းဆောင်များနှင့် အခြား အရပ်သားအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက်တွင် ကုလသမဂ္ဂအထူးမစ်ရှင်အဖွဲ့ခေါင်းဆောင် မစ္စတာ မာမွတ်မက်စတီရီ၏ ကြိုးပမ်းမှုကြောင့် အာဖဂန်နိုင်ငံ၏ ပြည်တွင်းပြည်ပမှ လွတ်လပ်ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ၁၉ ရက်ကြာ အစည်းအဝေးတစ်ရပ်ကို ကွက်တာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့မှ စတင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ကိုယ်စားလှယ် ပေါင်းစုံပါဝင်သော အာဏာပိုင်ကောင်စီအဖွဲ့တစ်ဖွဲ့သို့ ဆောလျင်စွာ အာဏာလွှဲပြောင်းရေး၊ နိုင်ငံတစ်ဝန်းလုံးတွင် အပစ်အခတ်ရပ်စဲရေး၊ လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးနှင့် နောက်ပိုင်းတွင် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ထောက်ခံချက်များကို တင်ပြခဲ့ရာ ယင်း ထောက်ခံချက်များကို လုံခြုံရေးကောင်စီက နိုဝင်ဘာလတွင်လည်းကောင်း၊ အထွေထွေညီလာခံကြီးက ဒီဇင်ဘာ လတွင်လည်းကောင်း အတည်ပြုခဲ့သည်။

အထက်ပါတိုးတက်မှုများ ဖြစ်ပေါ်နေစဉ် သမ္မတဘာဟာနုဒင်ရာဘာနီက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ခြွင်းချက်ထား၍ အာဏာလွှဲပြောင်းပေးရန် ကမ်းလှမ်းခဲ့သည်။ ကုလသမဂ္ဂ အထူးမစ်ရှင်ခေါင်းဆောင် မစ္စတာ မက်စတီရီသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အာဖဂန်နစ္စတန်ဒေသသို့ ပြန်လာပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် အာဏာပိုင်ကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သမ္မတ ရာဘာနီအပါအဝင် အဓိကခေါင်းဆောင် များနှင့် စေ့စပ်ဆွေးနွေးခဲ့ရာ သမ္မတရာဘာနီက ယင်း ကောင်စီဖွဲ့စည်းမည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် အာဏာစွန့်လွှတ်မည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထိုစဉ်မှာပင် အသစ်ဖွဲ့စည်းတည်ထောင်သော တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့များက စစ်ဆင်တိုက်ခိုက်ခဲ့ကြရာ အောင်မြင်မှုများ ရရှိကြသဖြင့် ကဘူးမြို့တော်၌ အာဏာပိုင်ကောင်စီဖွဲ့စည်းရေးမှာ နှောင့်နှေးသွားခဲ့ရသည်။ ယင်းတပ်ဖွဲ့အား ကောင်စီတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ကြသော်လည်း ၄င်းကဆောင်ရွက်မှုများတွင် တိုက်ရိုက်ပါဝင်ရန် ငြင်းပယ်ခဲ့ရာ အာဏာပိုင်ကောင်စီဖွဲ့စည်းမည့်နေ့ကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း ယင်းနေ့ရက်နှင့် နီးကပ်လာသည့်အချိန်တွင် နိုင်ငံရေး နှင့် စစ်ရေးအခြေအနေပြောင်းလဲမှုများ တိုးတက်ဖြစ်ပွား လာခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် ကဘူးမြို့နှင့် ပတ်ဝန်းကျင် ဒေသများတွင် အုပ်စုကွဲများကြား တိုက်ခိုက်မှုများ အပြင်းအထန်အုံကြွဖြစ်ပွားလာခဲ့ပေသည်။ ဤတွင် ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့ပေရာ အတွင်းရေးမှူးချုပ်က မတ်လ ၈ ရက်နေ့တွင် ဖြစ်ပွားလာသော အခြေအနေကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြပြီး အပစ်အခတ်ရပ်စဲကြရန် ပြင်းပြစွာ မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ဤအတောအတွင်း ယူနီဆက်အဖွဲ့ကလည်း ပြည်တွင်းစစ်ကြောင့် အရပ်သူအရပ်သားအမြောက်အမြား ဆင်းရဲဒုက္ခရောက်ကြရပုံကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာက ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှစ၍ လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ခြင်း၊ လူပေါင်းနှစ်သန်းခွဲကျော် ဒဏ်ရာအနာတရဖြစ်ရခြင်း၊ သို့မဟုတ် မစွမ်းမသန်ဖြစ်ခဲ့ရခြင်း၊ လူပေါင်း ၆ သန်းခန့် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း၊ လူပေါင်း ၂ သန်းခန့် ပြည်တွင်း၌ အိုးပစ်အိမ်ပစ် အခြေပျက်အနေပျက်ဖြစ်ရခြင်းနှင့် ကဘူးမြို့ကြီးမှာ အများအားဖြင့် ပျက်စီးခဲ့ရခြင်း စသည်များကို ဖော်ပြထားပေသည်။

## အနောက်ဆာဟာရဒေသ ကိုယ်ပိုင် ပြဌာန်းရေးကိစ္စ

အနောက်ဆာဟာရဒေသ ပြည်သူများ၏ ကိုယ်ပိုင်ပြဌာန်းရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျင်းပရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် က အချိန်ဇယားတစ်ရပ်အဆိုပြုခဲ့သော်လည်း ဖြစ်မြောက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ ပြောကြားချက်အရ ဆန္ဒမဲပေးခွင့်ရှိသူများအား စစ်ဆေးရေး လုပ်ငန်းအတွက်

အခြေခံပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သော်လည်း မိုရိုကို နိုင်ငံက အာဖရိကညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)၏ သမာသမတ်ရှိမှုကို မေးခွန်းထုတ်လာသဖြင့် စစ်ဆေးရေး လုပ်ငန်းမှာ နှောင့်နှေးသွားခဲ့ရပြန်သည်။ မိုရိုကိုနိုင်ငံက အိုအေယူအနေဖြင့် ဆာရာဝီအာရပ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံဟု ခေါ်ဆိုသောနိုင်ငံအား အသိအမှတ်ပြုခြင်းကို ကန့်ကွက် တင်ပြခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လကုန်တွင် ကုလသမဂ္ဂ၏ အနောက်ဆာဟာရ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးမစ်ရှင် အဖွဲ့ (မီနာဆို) က ဆန္ဒပေးရေးလျှောက်လွှာ ၇၅,၀၀၀ ကျော်ကို စိစစ်လျက်ရှိသည်။ ထိုနှစ် နိုဝင်ဘာလ အနှောင်း ပိုင်းတွင် အတွင်းရေးမှူးချုပ်သည် အနောက်ဆာဟာရ ဒေသသို့ သွားရောက်ခဲ့ပြီး ဆန္ဒမဲပေးနိုင်သူများအား စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် အပြီးဆောင်ရွက်ပြီး ဆန္ဒ ခံယူပွဲကို ထိုနှစ်အောက်တိုဘာလ တွင် ကျင်းပရန် အကြံပြု ပြောကြားခဲ့သည်။

စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက လုပ်ငန်းပိုမို လျှင်မြန် စေရန် ဖိအားပေးခဲ့သည်။ လုပ်ငန်းလျှင်မြန်စေရန် အတွက် လည်း ကောင်စီက ၁၉၉၅ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၇၃ (၁၉၉၅) ဖြင့် မီနာဆိုမစ်ရှင်အဖွဲ့၏ အင်အားကို တိုးချဲ့ ပေးခဲ့သည်။ သို့သော်လည်း ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအား စိစစ်ရေးလုပ်ငန်း၌ မျိုးနွယ်စု ခေါင်းဆောင်များကို အချိန်မီ မရရှိနိုင်သဖြင့် အခက်အခဲ များ ကြုံတွေ့ခဲ့ရပြန်သည်။ ထို့ကြောင့် အတွင်းရေးမှူးချုပ် အနေဖြင့် မူလအကြံပြုချက်ကို ပြင်ဆင်၍ အသွင် ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ပြီး ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပနိုင်ရာသည်ဟု ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ တွင် မျှော်မှန်းပြောဆိုခဲ့သည်။

ဤအတောအတွင်း ၁၉၉၅ ခုနှစ်၊ မေ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ သက်ဆိုင်ရာ ပါတီများအား ကုလသမဂ္ဂနှင့် အပြည့်အဝ ပူးပေါင်းဆောင် ရွက်ကြရန် တောင်းဆိုခဲ့သည်။ သို့တစေ လည်း မိုရိုကိုနိုင်ငံ၏ အရေးယူဆောင်ရွက်ချက် တစ်ရပ်ကြောင့် ပေါ်လီဆာရီယိုအုပ်စုက ဆန္ဒမဲပေးခွင့်ရှိ သူများ စိစစ်ရေးလုပ်ငန်း ကို သပိတ်မှောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင်မှ ယင်းလုပ်ငန်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။ ဤတွင် စိစစ်ရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ရာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ အလယ်ပိုင်းတွင် လူပေါင်း ၅၀,၀၀၀ ခန့်ကို စစ်ဆေး ပြီးစီးခဲ့သည်။ နောက်ဆုံးဖြစ်ပေါ်တည်ရှိသောအခြေအနေ များအရ လုံခြုံရေးကောင်စီက အနောက်ဆာဟာရဒေသ၌ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် စတင်စေပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ် စောစောပိုင်းတွင် ကျင်းပရေးအတွက် အတည်ပြု သတ်မှတ်ရန် မျှော်လင့်ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပေသည်။

## အယ်ဆာဗေဒိုနိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်း စခန်းသိမ်းမှု

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသော ငြိမ်းချမ်းရေးစာချုပ်အရ ပဋိပက္ခဖြစ်နေကြသော အုပ်စုများစပ်ကြား နှစ်ပေါင်းများစွာဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်သည် ရပ်စဲသွားခဲ့ပြီး အယ်ဆာဗေဒိုနိုင်ငံတွင် ကုလ သမဂ္ဂအကူအညီဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ စနစ်တို့ ထွန်းကားတိုးတက်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များကို အပြည့်အဝ ဖော်ဆောင်ရေးမှာ အလုံးစုံချောမွေ့ခြင်းမရှိဘဲ ပြဿနာ အခက်အခဲများနှင့် ကြုံနေရဆဲပင်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များ အပြည့်အဝ ဖော်ဆောင်ရေးတွင် ကျန်ရှိနေသောကိစ္စများမှာ အမျိုးသား ပြည်သူ့ရဲတပ်ဖွဲ့ကို အလုံးစုံဖြန့်ချရေး၊ အမျိုးသားရဲတပ်ဖွဲ့ အား ဖျက်သိမ်းရေးကိစ္စကို ပြီးပြည့်စုံအောင်ဆောင်ရွက် ရေး၊ တရားစီရင်ရေးနှင့် ရွေးကောက်ပွဲစနစ်များကို ပြုပြင် ပြောင်းလဲရေး၊ ယခင်တပ်ဖွဲ့ဝင်များအား မြေယာလွှဲပြောင်း ပေးရေးနှင့် ၎င်းတပ်ဖွဲ့ဝင်များအား လူ့ဘောင်အဖွဲ့အစည်း အတွင်းသို့ ပြန်လည်သွင်းယူရန်အစီအစဉ်များ အပြီးသတ် ပြုလုပ်ပြဋ္ဌာန်းရေး စသည်တို့ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့တွင် ၁၉၉၂ ငြိမ်းချမ်းရေးစာချုပ် အရ လုပ်ဆောင်ရန်ကျန်နေသောကိစ္စများကို လုပ်ဆောင် ရေးအတွက် အယ်ဆာဗေဒိုသမ္မတ အာမန်ဒိုကယ်လ်ဒီရွန် ဆိုးလ်၏ အရေးယူဆောင်ရွက်ချက်များကို လုံခြုံရေး ကောင်စီက ကြိုဆိုလိုက်သည်။ ထို့နောက် ၁၉၉၄ ခုနှစ်၊

အောက်တိုဘာ ၄ ရက်နေ့တွင် အယ်ဆာဗေဒိုအစိုးရနှင့် အတိုက်အခံပါတီ အက်ဖ်အမ်အယ်လ်အန်တို့က ငြိမ်းချမ်းရေး စာချုပ်ပါ ပြဋ္ဌာန်း ချက်များကို မဆိုင်းမတွချက်ချင်း အကောင်အထည်ဖော်ရေးအတွက် ပူးတွဲကြေညာချက် တစ်ရပ်ကို လက်မှတ် ရေး ထိုးခဲ့ကြသည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ မေ ၂၇ ရက်နေ့တွင် ချာပူတပက် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ပါတီများက ယင်းစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသော လုပ်ငန်းများကို အပြီးအစီးပြုလုပ်ရေးအတွက် အစီအစဉ် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၉၁ (၁၉၉၅) ကို ချမှတ်ကာ အယ်ဆာဗေဒိုနိုင်ငံရှိ ကုလသမဂ္ဂ အကဲခတ်မစ်ရှင်အဖွဲ့ (အိုနူဆာ)၏ သက်တမ်းကို အဆုံးသတ်လိုက်သည်။

ယင်းမစ်ရှင်အဖွဲ့၏ နေရာတွင် အတွင်းရေးမှူးချုပ်၏ ထောက်ခံချက်အရ လုံခြုံရေးကောင်စီက အင်အားအနည်းငယ်ဖြင့် အယ်ဆာဗေဒိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ (မီနူဆာ) ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းအဖွဲ့သည် ၁၉၉၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။

## လက်နက်ဖျက်သိမ်းရေး

**၄၉ ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆောင်ရွက်ချက်များ** – အထွေထွေညီလာခံကြီး၏ ပထမကော်မတီက စစ်အေးလွန်ကာလလက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် ပြဋ္ဌာန်းချက် ၄၄ ခုနှင့် ဆုံးဖြတ်ချက်နှစ်ရပ်ကို အတည်ပြုခဲ့သည်။ ပြဋ္ဌာန်းချက် ၄၄ ခုအနက် ၂၃ ခုမှာ မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက် ၄၉/၇၅ (ကေ) ကို ချမှတ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးအား "နျူကလီးယားလက်နက်များအား မည်သည့်အခြေအနေ၌မဆို အသုံးပြုရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း" ကို အပြည်ပြည်ဆိုင်ရာ ဥပဒေက ခွင့်ပြုခြင်း ရှိ– မရှိ အကြံဉာဏ်ပေးရန် တောင်းခံခဲ့သည်။

အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်၄၉/၇၀ ကို ချမှတ်ပြီးလျှင် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်တွင် ပါဝင်တက်ရောက်နေကြသော နိုင်ငံများအားလုံး အထူးသဖြင့် နျူကလီးယားလက်နက်နိုင်ငံများအား အဘက်ဘက်ပြည့်စုံ၍ နိုင်ငံအားလုံးပါဝင်ပြီး၊ နိုင်ငံများအနေဖြင့် ထိရောက်စွာ စစ်ဆေးအတည်ပြုနိုင်သော နျူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး၊ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးကို ဦးစားပေး၍ အပြင်းအထန် စေ့စပ်ဆွေးနွေးကြရန် တိုက်တွန်းလိုက်သည်။ ထို့ပြင် နျူကလီးယားလက်နက်များအား နောက်ဆုံးတွင် လုံးဝဖျက်သိမ်းရေး (၄၉/၇၅ အိပ်ချ် ) နှင့် နျူကလီးယားလက်နက်များ အသုံးပြုခြင်းကိုတားမြစ်ပိတ်ပင်ရေး ကွန်ဗင်းရှင်း ချုပ်ဆိုရေး (၄၉/၇၆ အီး ) ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။

**သမားရိုးကျ လက်နက်များကိစ္စ**– ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံက လူများအားထိခိုက်သေကျေဒဏ်ရာ အနာတရဖြစ်စေသော မြေမြှုပ်ဗုံးများ ပြည်ပသို့ တင်ပို့ခြင်းကို ပိတ်ပင်မှု မပြုလုပ်ရသေးသော နိုင်ငံများအား အမြန်ဆုံး ကြေညာပိတ်ပင်ကြရန် တိုက်တွန်းလိုက်သည် (ဆုံးဖြတ်ချက် – ၄၉/၇၅ ဒီ )။

**အန္တာတိတ်ဒေသအား အသုံးပြုမှု သတ်မှတ်ချက်** – အထွေထွေ ညီလာခံကြီးက ဆုံးဖြတ်ချက်– ၄၉/၈၀ ကို ချမှတ်ပြီးလျှင် အန္တာတိတ်သမုဒ္ဒရာဒေသကို အခါခပ်သိမ်းငြိမ်းချမ်းရေး ကိစ္စတစ်ခုတည်းအတွက်သာ အသုံးပြုကြရန်နှင့် ယင်းဒေသအား အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားရာ ဒေသတစ်ခု ဖြစ်မလာစေသင့်ကြောင်း အတည်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်မှာ ဆယ်နှစ်ထက်မက ပိုမိုကြာမြင့်ခဲ့သော အချိန်ကာလအတွင်း ပထမဆုံးအကြိမ်ချမှတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

## ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် (၁၉၉၅)

အဖွဲ့ဝင် ၃၈ ဦးပါဝင်သည့် ဤကွန်ဖရင့်၏ ၁၉၉၅ ခုနှစ်အတွက် ပထမပိုင်းအစည်းအဝေးကို ဂျီနီဗာမြို့၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ မှ ဧပြီ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေး စတင်ဖွင့်လှစ်သည့်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အစည်းအဝေးသို့ အမှာစကားပြောကြားရာ၌ "ဒေသဆိုင်ရာ အရေးအခင်းများနှင့် ဒေသစိတ်ဆိုင်ရာ အရေးအခင်းများ တိုးတက်ဖြစ်ပွားလာနေသည့် အခြေအနေတွင်လက်နက်များ စီးဆင်းနေမှုနှင့် လူများအား အစုအပြုံလိုက် သေကျေပျက်စီး စေနိုင်

သော လက်နက်များ ပြန့်ပွားမှုကို ရပ်စဲစေရန် ကျွန်ုပ်တို့၏ စုပေါင်းဆောင်ရွက်အားထုတ်မှုများသည် ပို၍ပင် အရေးကြီးလာပြီဖြစ်ကြောင်း" ဟူ၍ တင်ပြခဲ့ပေသည်။

အစည်းအဝေးကျင်းပနေချိန်အတွင်း နျူကလီးယား စမ်းသပ်မှု ပိတ်ပင်ရေး လုပ်ငန်းကော်မတီက အနာဂတ်တွင် ချုပ်ဆိုမည့် စာချုပ်အတွက် ပြဋ္ဌာန်းချက်များကို အချောကိုင်ပေးပြီး ပြန်လည်ပြုပြင်ထားသော စာကြမ်း တစ်စောင်ကို နောက်ဆုံးတွင် အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်း ဤအရေးတွင် အဓိကကျသော ပြဿနာ အချို့မှာ ဖြေရှင်းမရ ကျန်နေပေသေးသည်။

**ထူးခြားသည့် ကတိပြုချက်** – ဤအစည်းအဝေး၏ အဆုံးသတ်တွင် ထူးခြားသည့်မှတ်သားဖွယ်ဖြစ်ပေါ်မှုမှာ ကျူးကျော်ဝင်ရောက်မှုပြုခြင်းခံရသည့်ကိစ္စ သို့မဟုတ် အခြားနည်း တိုက်ခိုက်ခြင်းခံရသည့်ကိစ္စတွင်မှတစ်ပါး ၁၉၇၀ ပြည့်နှစ် နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) တွင် ပါဝင်သည့် နျူကလီးယားလက်နက်မဲ့ နိုင်ငံများ အပေါ် နျူကလီးယားလက်နက်များ အသုံးမပြုရန် ကတိပြုချက် တစ်ရပ်ကို ပေးခဲ့ကြခြင်းပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ၁၉၉၅ ခုနှစ်၊ ဧပြီ ၆ ရက်နေ့တွင် ပြင်သစ်၊ ရုရှား ဖယ်ဒရေးရှင်း၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံတို့က ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ကြပြီးလျှင် နျူကလီးယား လက်နက်များ မပြန့်ပွားရေးစာချုပ်ကို ခြွင်းချက်မရှိ၊ အချိန် အကန့်အသတ်မရှိ၊ ဆက်လက်တည်ရှိ နေစေရန် တိုက်တွန်းတောင်းဆိုလိုက်ကြသည်။ တရုတ်ပြည်က ယင်းစာချုပ်ကို "ချောမောပြေပြစ်စွာ သက်တမ်းတိုးချဲ့ရေး "ကို ထောက်ခံ ခဲ့သည်။ ဤတွင် တရုတ်ပြည်သည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို နျူကလီးယား လက်နက်များကို ပထမဆုံးသုံးမည်မဟုတ်ကြောင်း၊ ထိုအပြင် ၄င်းလက်နက်များကို နျူကလီးယား လက်နက်မဲ့နိုင်ငံများ သို့မဟုတ် နျူကလီးယား လက်နက်ကင်းရှင်းသော ဒေသများအပေါ် အသုံးပြုမည်မဟုတ်၊ သို့မဟုတ် အသုံးပြုရန်ခြိမ်းခြောက်မည် မဟုတ်ကြောင်း ကတိပြု ပြောကြားခဲ့ပေသည်။

## အန်ပီတီစာချုပ် ပြန်လည်သုံးသပ် သက်တမ်းတိုးရေး ကွန်ဖရင့်

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) ကို ၁၉၆၈ ခုနှစ် ၊ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ယင်းစာချုပ်သည် ၁၉၇၀ ပြည့်နှစ်၊ မတ်လတွင် အာဏာသက်ဝင် အတည်ဖြစ်လာခဲ့သည်။ ထိုစဉ်က ယင်းစာချုပ်ကို ၉၇ နိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးပြီး ၄၇ နိုင်ငံတို့ကအတည်ပြုခဲ့ကြသည်။ ယခုအခါ၌ အဖွဲ့ဝင် နိုင်ငံပေါင်းမှာ ၁၇၈ နိုင်ငံ ရှိနေပြီဖြစ်သည်။

အထက်ပါစာချုပ်၏ သက်တမ်းကို ၂၅ နှစ်ထား၍ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ရာ ယင်းစာချုပ်အား သက်တမ်းအပိုင်း အခြားမရှိ တိုးချဲ့မည်လော၊ သို့တည်းမဟုတ် ကန့်သတ်ထားသော အချိန်ကာလပိုင်းတစ်ခုခုအတွက် ဖြစ်စေ၊ အချိန်ကာလပိုင်းများအတွက်ဖြစ်စေ တိုးချဲ့မည်လော ဟူသော အချက်ကို ဆုံးဖြတ်ရန်အတွက် ဆွေးနွေးသုံးသပ်ရေး မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၅ ခုနှစ် ၊ ဧပြီ ၁၇ ရက်မှ မေ ၁၂ ရက်နေ့အထိ စီစဉ်ကျင်းပခဲ့သည်။ ဤအစည်းအဝေးကြီးမှ ဆွေးနွေးစဉ်းစားရန်အတွက် အကြောင်းအရာ ၂၁ ခု ပါဝင်သော အစီအစဉ် မူကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးကော်မတီက တင်ပြခဲ့သည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် သုံးသပ်သက်တမ်းတိုးရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်တွင် စတင်ဖွင့်လှစ်ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီ၊ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ဟန်း(စ်) ဘလစ်တို့က မိန့်ခွန်းစကားများ ပြောကြားခဲ့ကြသည်။ အတွင်းရေးမှူးချုပ်က ပြောကြားရာ၌ နျူကလီးယား လက်နက်မဲ့ နိုင်ငံများသည် နျူကလီးယား လက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရသော နိုင်ငံများ ဖြစ်မည်မဟုတ်ဟူ၍ နျူကလီးယားအင်အားကြီးနိုင်ငံများက နျူကလီးယား လက်နက်မဲ့နိုင်ငံများအား ပေးထားသော အာမခံချက်ကို ပိုမိုခိုင်မာအောင် ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။

အန်ပီတီစာချုပ်ရေးရာများကို ၂၄ ရက်တိုင်တိုင် အချေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် ယင်းစာချုပ်အား အချိန်ကာလအပိုင်းအခြား အကန့်အသတ်မထားဘဲ သက်တမ်းတိုးချဲ့ရန် အစည်းအဝေးတက်ရောက်ကြသော နိုင်ငံများက မဲဆန္ဒမခွဲဘဲ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်လိုက်ကြသည်။

ယင်းဆုံးဖြတ်ချက်၌ နျူကလီးယားလက်နက်မဲ့ နိုင်ငံများအနေဖြင့် ကျေနပ်မှုရှိစေရန်အလို့ငှာ လက်နက်ဖျက်

သိမ်းရေး အစီအစဉ်များကို တွဲဖက်ထည့်သွင်းထားသည်။ ယင်းတို့မှာ နောက်နှစ်တွင် ချုံကလီးယားလက်နက် စမ်းသပ်မှုများ တားဆီးရေးစာချုပ်ကို ချုပ်ဆိုကြရန်နှင့် လက်နက်ဖျက်သိမ်းရေးအစီအစဉ် တိုးတက်မှုကို တစ်ကြိမ်နှစ်ကြိမ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။

## လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ

ကုလသမဂ္ဂအဖွဲ့ကြီးမှ စီစဉ်ပြုလုပ်သော လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တော်၌ ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပပြီးလျှင် ဆင်းရဲမွဲတေမှုကို ကမ္ဘာနှင့်အဝန်းအရေး တကြီး တိုက်ဖျက်ရေး၊ထုတ်လုပ်မှုကောင်းမွန်သော အလုပ်သမားများ တိုးချဲ့ရေး၊ အလုပ်လက်မဲ့ဖြစ်ရမှု လျော့ချရေးနှင့် လူမှုသိမ်းသွင်းပေါင်းစပ်မှုများ တိုးတက်ရေးကိစ္စများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ဤညီလာခံသည် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များ အများဆုံးတက်ရောက်ခဲ့သော ထိပ်သီးအစည်းအဝေးကြီးဖြစ်သည်။ နိုင်ငံစုစုပေါင်း ၁၈၇ နိုင်ငံ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြရာ ၁၁၇ နိုင်ငံကို နိုင်ငံ သို့မဟုတ် အစိုးရအကြီးအကဲများက ကိုယ်စားပြုခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဤနိုင်ငံ ခေါင်းဆောင်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း ၈၁၁ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၂၃၁၅ ဦးလည်း ပါဝင်ခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်မှ စာနယ်ဇင်း၊ ရေဒီယို ရုပ်မြင်သံကြား လူထုဆက်သွယ်ရေး အဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၂၅၀၀ ကျော်တို့ လာရောက်ပြီးသတင်းများ ဖြန့်ချိခဲ့ကြသည်။

ထိပ်သီးညီလာခံ အဖွင့်မိန့်ခွန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက "ယနေ့ ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာပေါ်၌ လူမှုရေးတရားမျှတမှု မရှိခြင်းများ၊ ဝိုင်းပယ်မှုများနှင့် ဆင်းရဲမွဲတေမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက်ရှိကြကြောင်း၊ ကမ္ဘာတစ်လွှားရှိနိုင်ငံများ နှင့် လူမျိုးများ၊ အမျိုးသားနှင့်အမျိုးသမီးများအတွက် မျှော်လင့်အားတက်ဖွယ်ဖြစ်စေရန် ကမ္ဘာ့အဆင့်တွင် လူမှုဆက်ဆံရေး ပဋိညာဉ်သစ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး နောက်ဆုံးနေ့တွင် ထိပ်သီးညီလာခံကြီးက လူမှုဖွံ့ဖြိုးရေးနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ ကိုပင်ဟေဂင်ကြေညာချက်ကို အတည်ပြုချမှတ်ခဲ့သည်။ ဤကြေညာ ချက်၌ ကုလသမဂ္ဂအဆင့်၌လည်းကောင်း၊ အမျိုးသားနှင့် နိုင်ငံတကာ အဆင့်များ၌လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံများစပ်ကြား၌လည်းကောင်း မညီမျှမှုများအား အမြစ်ဖြတ်သုတ်သင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို မြေတောင်မြှောက်ပေးရေးအတွက် စီမံချက်များကို ထောက်ခံဖော်ပြထားသည်။

ဤထိပ်သီးညီလာခံက ဆင်းရဲမွဲတေမှု အမြစ်ဖြတ်သုတ်သင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်တစ်ခု သတ်မှတ်ကြေညာရန် ကုလသမဂ္ဂအထွေထွေညီလာခံ အားတောင်းဆိုသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကောင်စီအား ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးတွဲအစည်းအဝေးများ ကျင်းပရန် အကြံပြုထောက်ခံခဲ့ပေသည်။

## စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးကွန်ဖရင့်များကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့တော်၌ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ကိုပင်ဟေဂင်မြို့တော်၌ ဒုတိယအကြိမ်၊ ၁၉၈၅ ခုနှစ်တွင် နိုင်ရိုဘီမြို့တော်၌ တတိယအကြိမ် ကျင်းပခဲ့ပြီး ဖြစ်သည်။

ယခုစတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကုလသမဂ္ဂ၏ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်က တာဝန်ယူဦးဆောင်၍ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၄ မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပခဲ့သည်။ ညီလာခံ၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးများ၏ တိုးတက်ရေးအတွက် စဉ်းစားကြံစည်မှုများကို စုစည်းပေါင်းစပ်ရာ၌ ကမ္ဘာတစ်လွှား အမျိုးသမီးများ၏ တိုးတက်မှုကို ဟန့်တားပိတ်ပင်ထားသော အဓိကရေးရာများကို အဓိကဖော်ညွှန်းသော လုပ်ငန်းစဉ်အခြေခံ **(Platform for Action)**တစ်ရပ်ကို အတည်ပြုချမှတ်ရေး၊ သက္ကရာဇ် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်များအတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အမျိုးသမီးများ တိုးတက်ရေးအတွက် ဦးစားပေးရမည့် လုပ်ငန်းစီမံချက်များကို ဆုံးဖြတ်သတ်မှတ်ရေးနှင့် ယင်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မူဝါဒ

ချမှတ်နိုင်သောအပိုင်းနှင့် သာမန်လူထု လူတန်းစားအပိုင်းများတွင် ရှိကြသော အမျိုးသမီး အမျိုးသားများအား စည်းရုံးပေါင်းစည်းရေးတို့ပင် ဖြစ်သည်။

အထက်ပါ ညီလာခံကြီးသို့ နိုင်ငံပေါင်း ၁၉၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ စက်တင်ဘာ ၄ ရက်နေ့ နံနက်တွင် ကျင်းပသည့် ညီလာခံအကြို အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာအစ္စမတ်ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် ညီလာခံက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဒုတိယဥက္ကဋ္ဌ မဒမ်ချင်မူဟွာအား ညီလာခံသဘာပတိအဖြစ် တင်မြှောက်ခဲ့ကြသည်။

ကမ္ဘာ့အမျိုးသမီးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာခေါင်းဆောင်များက ကမ္ဘာ့အမျိုးသမီးများအတွက် တန်းတူရည်တူရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသည့် အရေးကြီးသည့် အချက်သုံးချက်ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဤညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်လူမှုဝင်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ နိုင်ငံတကာဆွေးနွေးမှုအစီအစဉ်၌ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် မြန်မာအဖွဲ့ခေါင်းဆောင်က မိန့်ခွန်းစကားပြောကြားရာ၌ ယနေ့ကမ္ဘာတစ်လွှားရှိအမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲများနှင့် မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးများ၏ လူမှုရေးအဆင့်အတန်းနှင့် လူမှုဆက်ဆံရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာအမျိုးသမီးများ၏ လူမှုအခြေအဆင့်ကို တင်ပြရာ၌ ဝန်ကြီးဗိုလ်ချုပ်စိုးမြင့်က ၁၉၉၄–၉၅ သန်းခေါင်စာရင်းအရ ယနေ့မြန်မာနိုင်ငံ၏ လူဦးရေ ၄၄ ဒသမ ၇၄ သန်းအနက် ၂၂ ဒသမ ၅၂ သန်းရှိသော မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူရှိမှုကို မွေးရာပါအခွင့်အရေးတစ်ရပ်အဖြစ် ရရှိထားကြောင်း၊ မြန်မာအမျိုးသမီးများအဖို့ အလုပ်လုပ်ကိုင်ရာ၌ လူမှုရေးနှင့်ဝလေ့ထုံးစံ အတားအဆီးအကန့်အသတ်မရှိကြောင်း တင်ပြခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ယခုအမျိုးသမီးညီလာခံကြီး၌ ကမ္ဘာ့အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲများအား ရင်ဆိုင်ကျော်လွှားရေးအတွက် အကြံပြုချက်များပါဝင်မည့် လုပ်ငန်းလမ်းစဉ်အခြေခံ (**Platform for Action**)ကို အောင်မြင်စွာအတည်ပြုချမှတ်နိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းကြရာ၌ နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ် တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤညီလာခံကြီးက ကဏ္ဍ ၁၂ ရပ်ပါရှိသည့် "ပီကင်းကြေညာချက်နှင့် လုပ်ငန်းလမ်းစဉ် အခြေခံ" ကို အတည်ပြုချမှတ်ခဲ့ပေသည်။

## အကြိမ် ၅၀ မြောက် ကုလသမဂ္ဂညီလာခံ

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြိမ် ၅၀ မြောက် အစည်းအဝေးကြီးကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

ညီလာခံကို ၄၉ ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိ အိုင်ဗော်ရီကို့စ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီက ဖွင့်လှစ်ပေးပြီးနောက် အကြိမ် ၅၀ မြောက် ညီလာခံသဘာပတိအဖြစ် ပေါ်တူဂီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ပါမောက္ခ ဒိုင်အိုဂိုဖရိတ်တပ်ဒိုအန်မာရယ်အား အထွေထွေညီလာခံကြီးက တင်မြှောက်ခဲ့သည်။

အကြိမ် ၅၀ မြောက် ညီလာခံကြီး၏ ယာယီအစည်းအဝေး အစီအစဉ်တွင် ညီလာခံကြီးက ဆွေးနွေးဆောင်ရွက်ဆုံးဖြတ်ရန် အကြောင်းအရာ ၁၆၄ ခု ပါဝင်သည်။

အကြိမ် ၅၀ မြောက် ကုလသမဂ္ဂ ညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ ညီလာခံတက်ရောက်ကြသည့် ၁၈၅ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မျက်မှောက် ကမ္ဘာ့ရေးရာအဖြာဖြာကို သုံးသပ်ဆွေးနွေးကြသည့် အထွေထွေဆွေးနွေးမှု အစီအစဉ်၌ ဝန်ကြီး ဦးအုံးကျော်က ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ဤမိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအထိ သက်တမ်းနှစ် ၅၀ အတွင်း ကမ္ဘာ့သူကမ္ဘာ့သားများအကျိုးအတွက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဖွဲ့ကြီးကိုလည်း ခေတ်အခါကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာသည်ကို မြန်မာနိုင်ငံက အားရကျေနပ်ကြိုဆိုကြောင်း ဖော်ပြကာ မြန်မာနိုင်ငံ၌ မကြုံစဖူးငြိမ်းချမ်း တည်ငြိမ်လျက်ရှိပြီး အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပုံကို ကိန်းဂဏန်း စာရင်းဇယား အပြည့်အစုံဖြင့် ပီပြင်စွာ တင်ပြခဲ့ပေသည်။

## ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့မည့်အချိန် ၁၉၄၅ ခုနှစ်၊ ဩဂုတ်–စက်တင်ဘာလများအတွင်း ဝါရှင်တန်မြို့ ဒန်ဘာတန် အုတ်ဂေဟာ၌ ဆွေးနွေးကြ၍ ဆန်ဖရန်စစ္စကိုမြို့၌ ဧပြီ ၂၅ မှ ဇွန် ၂၆ အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတည်ထောင်ရေး ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေးတွင် ရေးသားပြုစုကာ အစည်းအဝေးနောက်ဆုံးနေ့ (ဇွန် ၂၆ ရက်) တွင် ပါဝင်တက်ရောက်ကြသော ၅၁ နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလ သမဂ္ဂ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ အစိုးရများ က ၁၉၄၅ ခုနှစ်၊အောက်တိုဘာ ၂၄ ရက်နေ့တွင် လက်ခံ အတည်ပြုသည့်အခါ တရားဝင်ဖြစ်တည် ပေါ်ပေါက်လာသော ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် သက်တမ်း (၅၀) ပြည့်မြောက်လာခဲ့ရာ ဤအခါ သမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ကို ၄င်း၏ဌာနချုပ်၌ ကျင်းပမည် ဖြစ်သည့်အပြင် ယနေ့တည်ရှိသော အဖွဲ့ဝင် ၁၈၅ နိုင်ငံတို့၌ လည်း ဆင်ယင် ကျင်းပကြရန် စည်းရုံးလှုံ့ဆော်ခဲ့ ပေသည်။

**နှစ် ( ၅၀) မြောက် အထိမ်းအမှတ် ကြေညာချက်** – ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးလျှင် ထိုစစ်ကြီးအတွင်း အသက်ဆုံးရှုံးခဲ့ရသော ပြည်သူသန်းပေါင်းများစွာတို့အား အလေးပြု၍ စစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့သူများအား ကျေးဇူးတင်သတိရကြောင်း ဖော်ပြပြီး အနာဂတ်တွင် လူသားများအတွက် စစ်အနိဋ္ဌာရုံ များ မကြုံတွေ့ရစေရန် ထပ်မံအဓိဋ္ဌာန်ပြုကြောင်း ကြေညာ လိုက်သည်။

## ကုလသမဂ္ဂ နှစ် (၅၀ ) ပြည့် အထိမ်းအမှတ် အထူး အစည်းအဝေး

ဤအထူးအစည်းအဝေးအတွက် အချိန်ကာလကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ သုံးရက်ကြာ သတ်မှတ်၍ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ် တွင် ကျင်းပခဲ့ရာ နိုင်ငံ ၁၅၀ ကျော်မှ ဘုရင်မင်းမြတ်များ၊ သမ္မတများ၊ နိုင်ငံအကြီးအကဲများ၊ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ဤနိုင်ငံနှင့် အစိုးရအကြီးအကဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကုလသမဂ္ဂအဖွဲ့ ကြီး၏ အတိတ်ကာလမှ သင်ခန်းစာများ၊ အောင်မြင်မှုများ နှင့် အနာဂတ်အတွက် မျှော်မှန်းချက်များကို သုံးသပ် ဆွေးနွေးခဲ့ကြသည်။

အထက်ပါကုလသမဂ္ဂ နှစ် (၅၀ ) ပြည့်အထိမ်းအမှတ် အထူးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်ပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် မိန့်ခွန်းစကား ပြောကြားရာ၌ “မြန်မာနိုင်ငံ အနေဖြင့် ပဋိညာဉ်စာတမ်းကြီး၏ မူများနှင့် ဦးတည်ချက်များကို လုံးလုံးလျားလျား ထောက်ခံကြောင်း၊ ကုလ သမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ဆက်ဆံရေးအတွက် အချက်အချာကျသော ကိရိယာ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမည်ဟု သဘောရရှိကြောင်း၊ လက်ရှိအနေအထား၌ ပြီးပြည့်စုံခြင်း မရှိစေကာမူ ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားများ၏ အနာဂတ်အတွက် မျှော်လင့်အားထား စရာ နိုင်ငံတကာအဖွဲ့ကြီးပင် ဖြစ်ကြောင်း” ဟူ၍ လည်းကောင်း၊ “ကျွန်တော်တို့ ကြုံတွေ့နေရသော နိုင်ငံတကာ အခြေအနေသစ်များကြောင့် ကုလ သမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ပြဿနာအဖုံဖုံ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင် ရန် အင်အားခိုင်မာမှု အလျှင်အမြန် လိုအပ်နေပြီ ဆိုသော အချက်များ ပေါ်လွင်နေကြောင်း” ဟူ၍လည်းကောင်း အကြံပြုတင်ပြခဲ့သည်။ ထို့နောက်

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရည်ညွှန်းသုံးသပ်ရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မောင်အေးက "လုံခြုံရေးဆိုသည်မှာ ပြည်တွင်းရေးကိစ္စရပ်၌ ပြင်ပက ဝင်ရောက်စွက်ဖက်မှု၊ ဖိအားပေးမှုများ ကင်းရှင်းရခြင်းကို ဆိုလိုကြောင်း ပဋိညာဉ်စာတမ်း၌ ဖော်ကျူးထားသော အခြေခံမူကြီးများကို တိတိကျကျလိုက်နာဆောင်ရွက်မှသာ နိုင်ငံ များအတွက် လုံခြုံမှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပေသည်။

**မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ် ကျင်းပခြင်း** – ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကို ကုလသမဂ္ဂဌာနချုပ်တွင်သာမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌လည်း ထူးခြားကျယ်ပြန့်စွာ ကျင်းပကြရန် အဖွဲ့ဝင်နိုင်ငံများသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံခဲ့သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီကို ၁၉၉၅ နှစ်ဦးပိုင်းကပင် ဖွဲ့စည်းကာ ယင်းအထိမ်းအမှတ်ကို "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျွန်ုပ်တို့ပြည်သူများ ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအတွက် စည်းလုံးခဲ့ကြပြီ "ဟူသော ဆောင်ပုဒ်နှင့်အညီ "ကုလသမဂ္ဂ ရက်သတ္တပတ်ကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၂၄ ရက်အထိ ကျင်းပရန်" စီစဉ်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပုံမှန်ကျင်းပခြင်းမျိုး မဟုတ်ဘဲ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူတိုင်းကုလသမဂ္ဂ၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လာအောင် စီစဉ်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၀ ရက် နှင့် အောက်တိုဘာ ၁၈ ရက်နေ့များတွင် လမ်းညွှန်ပြော ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြပွဲများ၊ ဟောပြောပွဲများ၊ ပန်းချီတတ်ပုံပြိုင်ပွဲများ၊ စာစီစာကုံး ပြိုင်ပွဲများ၊ ကျောင်းတွင်းကျောင်းပြင် ကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပန်းချီနှင့် အကပြိုင်ပွဲများကျင်းပခဲ့သည့် အပြင် ရုပ်ရှင်ကားများရိုက်ကူးပြသခြင်း၊ အထူးစာပို့ တံဆိပ်ခေါင်းထုတ်ဝေခြင်း စသည့်အစီအစဉ်များ ပြုလုပ်ကျင်းပခဲ့ကြသည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ညစာစားပွဲကို ၁၉၉၅ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့ ညနေတွင်ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးတို့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ကြသည်။ ဤအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နှစ်(၅၀) ပြည့် ကုလသမဂ္ဂအထိမ်းအမှတ်နေ့သဝဏ်လွှာကို အထက်ပါအမျိုးသားကော်မတီ ဥက္ကဋ္ဌက ဖတ်ကြားသည်။ ယင်းသဝဏ်လွှာ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးက "ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကျွန်ုပ်တို့၏ ယုံကြည်အားထားမှုကို လည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ ရည်မှန်းချက်ကြီးများနှင့် အခြေခံမူကြီးများအပေါ် ထားရှိသော ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုကို လည်းကောင်း ထပ်လောင်းအတည်ပြုပါကြောင်း" ဖော်ပြခဲ့ပေသည်။

ထို့နောက် ဆက်လက်၍ အောက်တိုဘာ ၂၄ ရက်နေ့တွင် ကျရောက်သည့်နှစ် (၅၀) ပြည့်ကုလသမဂ္ဂနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ခေတ္တဆက်သွယ်ညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် ဒေါက်တာကလော့စ်ဝဂ္ဂနာက ဖတ်ကြားခဲ့ပေသည်။

**ကုလသမဂ္ဂသို့ မြန်မာနိုင်ငံမှ အထိမ်းအမှတ် ငွေဖလားလက်ဆောင်** – ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီက သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ပညာရှင်များအား ထုတ်လုပ်စေခဲ့သော ငွေဖလားကြီးတစ်လုံးကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သည်။ ငွေဖလား

ကြီးမှာ ငွေစင်အလေးချိန် ၄၄၄၇ ဒသမ၄၀ ဂရမ်ရှိ၍ အတိုင်းအတာအားဖြင့် အကျယ်၄၅ ဒသမ ၇၂ စင်တီမီတာနှင့် အမြင့် ၂၄ ဒသမ ၇၇ စင်တီမီတာဖြစ်သည်။ ငွေဖလားကြီးတွင် ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ဆောင်ပုဒ်ကို ရေးထိုးထားပြီး ကျောက်စိမ်းလုံးချော ငါးလုံး စီခြယ်တပ်ဆင်၍ ခြင်္သေ့နှစ်ကောင်ပုံကို ပုဂံခေတ်(အေဒီ-၁၁ ရာစု) ရိုးရာပန်းချီဒီဇိုင်းများ ဝိုင်းရံထုလုပ်ထားသည်။ ထိုငွေဖလားကြီးကို အကြိမ် (၅၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးအုံးကျော် ၁၉၉၅ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့သို့ ယူဆောင်သွားပြီး ကုလသမဂ္ဂ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်သို့ လွှဲပြောင်း ပေးအပ်ခဲ့ပေသည်။

ထိုမှတစ်ပါး မြန်မာနိုင်ငံမှ ရွှေချည်ထိုးပန်းချီကားချပ်ကြီး တစ်ခုကိုလည်း ကုလသမဂ္ဂဌာနချုပ်သို့ မေတ္တာလက်ဆောင် အဖြစ်ပေးပို့အပ်နှင်းခဲ့ပေသည်။

## လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်ထားခြင်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ၅ နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် နှစ်စဉ်ရွေးချယ်ခန့်ထားသည့် လုပ်ထုံးလုပ်နည်းအရ အကြိမ် ၅၀ မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင်ချီလီ၊ အီဂျစ်၊ ဂီနီဘီဆော၊ ပိုလန်နှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) တို့အား ၁၉၉၆ခုနှစ်၊ ၊ ဇန်နဝါရီ ၁ ရက်နေ့မှ စ၍ အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် နိုင်ငံများအဖြစ် စတင်တာဝန်ထမ်းဆောင်ရန်ရွေးချယ်လိုက်သည်။ ဤနိုင်ငံ များသည် ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင်၂ နှစ်သက်တမ်းကုန်ဆုံးမည့် အာဂျီးတီးနား၊ အိုမန်၊ ရဝမ်ဒါနှင့် ချက်သမ္မတနိုင်ငံတို့၏ နေရာများကို ဆက်ခံကြရမည်ဖြစ်သည်။

အဖွဲ့ဝင်အဖြစ် ၂ နှစ်သက်တမ်းမကုန်ဆုံးသေး၍ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် ငါးနိုင်ငံမှာ ဘော့ဆွာနာ၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှားနှင့် အီတလီနိုင်ငံတို့ ဖြစ်ကြသည်။

## ကုလသမဂ္ဂ ဘဏ္ဍာရေးအကျပ်အတည်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအချိန်၌ အလွန်ဆိုးဝါးသောငွေရေးကြေးရေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက အကြိမ် (၅၀) မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံသို့တင်သွင်းသော၁၉၉၅ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ ထုတ်ဖော်တင်ပြခဲ့ပေသည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့ကအထွေထွေညီလာခံသို့ တင်ပြခဲ့စဉ်ကလည်း ဤကိစ္စမှာ အရေးတကြီးနိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်းအတွင်းရေးမှူးချုပ်ကပြောကြားခဲ့သည်။

ဤတွင်အထွေထွေညီလာခံက အဆင့်မြင့်လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုနောက်တစ်ဖန် ၁၉၉၅ခုနှစ်၊ ဇွန်လတွင် ပြဿနာအကျပ်အတည်း ဆိုက်လာ၍ နောက်ထပ်ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြန်သည်။

လက်ရှိပြဿနာ၏ကြီးမားပုံကို ဖော်ညွှန်းပြသရမည်ဆိုလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ခုနှစ်၊ ဇန်နဝါရီလတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် စစ်သည်တပ်သားနှင့် ပစ္စည်းကိရိယာများပေးပို့ခဲ့ကြသော အစိုးရများအား ဒေါ်လာသန်း ၈၅၀ ခန့်ပေးရန်ရှိကြောင်း အတွင်းရေးမှူးချုပ်ကတင်ပြခဲ့သည်။ အခြားတစ်ချက်မှာ လွန်ခဲ့သည့် ၂ နှစ်အတွင်းပေးရန်ထည့်ဝင်ကြေးများထက် ပို ၍ ကြွေးကျန်များရှိနေသဖြင့် ကုလသမဂ္ဂအထွေထွေ ပဋိညာဉ်စာချုပ်အပိုဒ် ၁၉ အရအထွေထွေ ညီလာခံတွင် မဲဆန္ဒပေးနိုင်ခြင်းမရှိသော နိုင်ငံများ၏ အရေအတွက်ပင် ဖြစ်သည်။ ၁၉၉၅ခုနှစ်၊ ဩဂုတ်လအလယ်တွင် ထိုနိုင်ငံများ၏အရေအတွက်မှာ ၁၇ နိုင်ငံဖြစ်၍ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှရှိ၏။ အခြားနိုင်ငံအချို့ကလည်း မကြာမီတွင် စာချုပ်အပိုဒ် ၁၉ အရ တာဝန်ကျေ နိုင်တော့မည်မဟုတ်ကြောင်း အသိပေးထားကြ၏။

ကုလသမဂ္ဂအနှစ် (၅၀)ပြည့် အထိမ်းအမှတ် ဆင်ယင်ကျင်းပချိန်တွင်အဖွဲ့ကြီးသည်ငွေကြေးဖလာနတ္ထိဖြစ်နေ၏။ အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂသို့ ဒေါ်လာသန်း ၃၀၀၀ ပေးရန် ကျန်ရှိရာ အများဆုံးပေးဆပ်ရန် ကျန်သူမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဒေါ်လာသန်း ၁၃၀၀ မျှ ကြွေးတင်နေ၏။ ဗြိတိန်နိုင်ငံက ၁၉၉၅ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း၌ ကုလသမဂ္ဂငြိမ်းချမ်းမှု

ထိန်းသိမ်းရေး ရန်ပုံငွေသို့ပေးရန် ကျန်ငွေ ဒေါ်လာ ၈၅ သန်းကို ပေးသွင်းခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက အခြားအဖွဲ့ဝင်နိုင်ငံ များကိုလည်းပေးဆပ်ရန် ကြွေးကျန်များကို အမြန်ဆုံးနှင့် အပြည့်အဝပေးဆပ်ကြရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ၄င်း၏ ၄၉ ကြိမ်မြောက်အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ၁၉၉၆–၉၇ နှစ်များအတွက်အဆိုပြု ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစီရင်ခံစာကို စဉ်းစားပြီးနောက် အတွင်းရေးမှူးချုပ်အား ၁၉၉၆–၉၇ အတွက်အဆိုပြုဘတ်ဂျက်ကို စုစုပေါင်းကြိုတင်ခန့်မှန်းခြေ ဒေါ်လာ ၂,၅၄၈,၄၀၀,၀၀၀ ကိုအခြေခံထား၍ရေးဆွဲပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပေသည်။ ။

တက္ကသိုလ် မောင်ခက်ပန်

**ကိုရီးယား သမ္မတနိုင်ငံ။** ။တောင်ကိုရီးယား သမ္မတကင်မ်ယောင်ဆမ်သည် ၄င်း၏ အစိုးရအဖွဲ့အတွင်းရှိ စီးပွားရေးဆိုင်ရာဝန်ကြီး သုံးဦးအား ပြောင်းလဲခန့်အပ်တာဝန်ပေးကြောင်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသူများမှာ ဘဏ္ဍာရေးဆိုင်ရာ လွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများ သက်သာခွင့်ရှိစေရေးတို့ကို ထောက်ခံသူများဖြစ်သည်ဟု အများက ရှုမြင်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး ဟွန်ဂျေယောင်းအား ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့သည်။ ဟွန်ဂျေယောင်းသည် ၁၀ လကြာ တာဝန်ထမ်းဆောင်ပြီးနောက် မကျန်းမာသဖြင့် ရာထူးမှ နုတ်ထွက်သွားသော ချန်ဂျိုင်ဆွတ်နေရာကို ဆက်ခံခြင်းဖြစ်သည်။ ဟွန်ဂျေယောင်း၏ နေရာတွင် စီးပွားရေးရာဆိုင်ရာ သမ္မတ၏ ထိပ်တန်းအတွင်းရေးမှူးဖြစ်သူ ပတ်ဂျေယွန်အား ခန့်အပ်ခဲ့သည်။

သမ္မတ ကင်မ်ယောင်ဆမ်က အစိုးရအဖွဲ့အတွင်း ဤသို့ အပြောင်းအလဲများပြုလုပ်ရခြင်းမှာ ချန်ဂျိုင်ဆွတ်၏ ကျန်းမာရေးမကောင်းမှုကြောင့် လိုအပ်ချက် ဖြစ်လာသောကြောင့် လည်းကောင်း၊ ရာထူးတိုးမြှင့်ရေး စဉ်ဆက်မပြတ်ဖြစ်စေရေးကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့်လည်းကောင်းဟု သမ္မတကင်မ်က အလေးအနက်ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားလင့်ကစား နိုင်ငံ၏ စီးပွားရေးကို အပြည့်ပြည့်ဆိုင်ရာနှင့် လိုက်လျောညီထွေဖြစ်စေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို ဦးစီးနိုင်သည့် စွမ်းရည်ကြောင့် ဟွန်ဂျေယောင်းအားအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒဆုံးဖြတ်သူအကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ခဲ့သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီကီတက်သည် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်သွားခဲ့သည်။ ဤသို့ နုတ်ထွက်လိုက်ခြင်းဖြင့် ၄င်း၏ ရက်သတ္တပတ် သုံးပတ်ကြာ အတိုက်အခံပြု လှုပ်ရှားဆောင်ရွက်မှုမှာ အဆုံးသတ်သွားသည်။ ၁၉၇၉ ခုနှစ် စစ်ဘက်က အာဏာသိမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခင် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်းနှစ်ဦးအား တရားစွဲဆိုခြင်းမပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် လီကီတက်သည် ဥပဒေပြုရေးကိစ္စရပ်များတွင် ဟန့်တားပိတ်ဆို့ခဲ့သည်။

အဆိုပါ အာဏာသိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးမှုကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ စစ်ဆေးမှုများအရ ၁၉၇၉ ခုနှစ် ကာလက တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများ ဖြစ်ခဲ့ကြသည့် ချန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် ကြိုတင်ကြံစည်သည့် စစ်ဘက်ဆိုင်ရာ ပုန်ကန်မှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၄င်းတို့အား သစ္စာဖောက်များဟု စွပ်စွဲခြင်းမပြုနိုင်ခဲ့ပေ။ အကြောင်းမှာ၄င်းတို့အနေဖြင့် သမ္မတအား ဖြုတ်ချရန် ကြံစည်ခြင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်ဆီးခြင်းတို့ကို မပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်ဟုဆိုသည်။ ၄င်းမှာဥပဒေကြောင်းအရ မှန်ကန်သည်ဟုဆိုနိုင်ပေသည်။ အကြောင်းမှာ သမ္မတပတ်ချုံဟီးလုပ်ကြံသတ်ဖြတ်ခံရပြီးနောက်မှသာ အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း၁၉၈၀ ပြည့်နှစ်တိုင်အောင် ပြဋ္ဌာန်းခြင်းမပြုခဲ့ပေ။ အာဏာသိမ်းလိုက်ခြင်းဖြင့် ချန်ဒူးဝမ်သမ္မတအဖြစ် အာဏာရရှိပြီး ၄င်း၏နေရာ၌ နိုတေဝူးက ၁၉၈၈ ခုနှစ်တွင် သမ္မတအဖြစ်ဆက်ခံခဲ့သည်။

စင်စစ်အားဖြင့် သမ္မတကင်မ်ယောင်ဆမ်မှာ သမ္မတဟောင်း နိုတေဝူး၏ အရိုက်အရာကို ဆက်ခံသူ မဟုတ်သည့် အပြင်စစ်ဘက်ကကျောထောက်နောက်ခံ ပြုမှုကို ရယူခြင်းမရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတဟု ခေါ်ဆိုရမည်ဖြစ်သည်။ သမ္မတ ကင်မ်ယောင်ဆမ် အစိုးရ


တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်

ဤသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက် ရှိနေရာမှ သမ္မတကင်မ်ယောင်ဆမ်သည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းပုံ အစီအစဉ်ကို ကြေညာပြီး ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသည့်အပြောင်းအလဲကို လုပ်ဆောင်ခဲ့သည်။ ဤသို့ အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ခြင်း မတိုင်မီ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားပေါင်းစည်းရေးဝန်ကြီး လီဟောင်ကူအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခဲ့သည်။

လီဟောင်ကူသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားခဲ့သည့် နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး သမ္မတ နိုတေဝူးလက်ထက် ၁၉၈၈ – ၉၀ ခုနှစ်တွင် အမျိုးသားပေါင်းစည်းရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နိုတေဝူး၏ နိုင်ငံရေးကိစ္စရပ်များဆိုင်ရာ အထူးလက်ထောက်ဖြစ်လာပြီး ၁၉၉၁ – ၉၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၄ ခုနှစ် ဧပြီလတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ရန် သမ္မတ ကင်မ်ယောင်ဆမ်၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ကင်မ်၏အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆိုးလ်မြို့၌ကျင်းပသည့် ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) ၏ ပါတီညီလာခံတွင် သမ္မတ ကင်မ်ယောင်ဆမ်အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင် မြှောက်ခဲ့သည်။

ဤအတောအတွင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) နှင့် အတိုက်အခံ ဒီမိုကရက်တစ်ပါတီ တို့အကြား ဒေသဆိုင်ရာရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ခဲ့ရသည်။ ယင်းပြဿနာမှာ မတ်လ ၁၄ ရက်နေ့တွင် အစမ်းသဘော သဘောတူညီမှုဖြင့် အဆုံးသတ်ခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို အတင်းအကျပ် ပြဋ္ဌာန်းရန် ပါလီမန်ရှိ အမတ်အများစုအင်အားကို အသုံးချရန် အဆိုပြုခဲ့သည်။ အဆိုပါဥပဒေအရ ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမဟုတ်သည့် အခြားရာထူးနေရာများအတွက် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူများအား နိုင်ငံရေးပါတီတစ်ခုခုနှင့် တွဲဖက်ပါဝင်နေခြင်းကို ကြေညာခြင်းမှ တားမြစ်ထားသည်။

အဖွဲ့က သမ္မတဟောင်း ချန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် နိုင်ငံအတွက်အပြုသဘောဆောင်သည့်လုပ်ရပ်များပြုလုပ်ခဲ့ကြသူများဖြစ်ရာ ၎င်းတို့အား တရားရုံးတွင် ရုံးတင်စစ်ဆေးမည် ဆိုပါက ဒဏ်ရာဟောင်းများကို ပြန်လည်ထုတ်ဖော်ရာ ရောက်ပြီး စိတ်ဝမ်းကွဲပြားမှုများသာဖြစ်စေနိုင်သောကြောင့် ဆက်လက်စုံစမ်းအရေးယူမှုများ မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

အစိုးရ၏ဆုံးဖြတ်ချက်ကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီကီတက်က ဆန့်ကျင်လှုပ်ရှားခဲ့သည်။ လီကီတက်၏ လှုပ်ရှားမှုမှာ ဒီမိုကရက်တစ်ပါတီအတွင်း ၎င်း၏အနေအထားကို အထောက်အကူပြုရန်ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟုအများကရှုမြင်သုံးသပ်ကြသည်။ ၎င်း၏ပါတီအတွင်းရှိ ပါတီအဖွဲ့ဝင်အများအပြားကလည်း လီကီတက်၏ လုပ်ဆောင်ချက်မှာအစွန်းရောက်လွန်းသည်ဟုဝေဖန်ကြသည်။ ဩဇာအာဏာကြီးမားသော ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်ဟောင်း ကင်ဒေးယုံ ကလည်းလီကီတက်အနေဖြင့် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်ခြင်းကို ရပ်သိမ်းရန်အကြံပြုခဲ့သည်။

ဤလုပ်ဆောင်ချက်မှာ ရွေးကောက်ပွဲများတွင် အကြီးအကျယ် ရှုံးနိမ့်မည့်အရေးကို ကြောက်ရွံ့သည့် ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု အတိုက်အခံပါတီက ဝေဖန်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရေးတွင် ထောက်ခံအတည်ပြုချက် ရရှိမည်ကို ဟန့်တားကာကွယ်သောအားဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ၄င်း၏ လက်ထောက်တို့အား သူတို့၏နေအိမ်များမှ အိမ်ပြင်သို့ မထွက်နိုင်အောင် ပါလီမန်ရှိ အတိုက်အခံ အမတ်များက မတ်လ ၆ ရက်နေ့မှ စတင်ကာ တားဆီးပိတ်ဆို့ခဲ့သည်။ နောက်ဆုံးတွင် အဓိကရုဏ်းနှိမ်နင်းရေးရဲများက ဖြိုခွဲလိုက်ရာ အတိုက်အခံများက မတ်လ ၁၃ ရက်နေ့တွင် ပါလီမန်ကို သိမ်းပိုက်ရန်ကြိုးပမ်းခဲ့သည်။ နောက်ပိုင်းတွင် စေ့စပ်ညှိနှိုင်း သဘောတူညီချက်အရ ဒေသဆိုင်ရာ အဖွဲ့အစည်း ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်များအနေဖြင့် တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်ရန်နှင့် ဒေသဆိုင်ရာ အစိုးရ ရာထူးနေရာများအတွက်မူ နိုင်ငံရေးပါတီအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်ကို သဘောတူညီခဲ့ကြသည်။

၁၉၉၅ ခုနှစ်၊ မတ်လအတွင်းတွင် သမ္မတ ကင်မ်ယောင်ဆမ် သည် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ချက်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဗဲလ်ဂျီယမ်နိုင်ငံများသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ သမ္မတ ကင်မ်၏ ဥရောပသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံသို့ သမ္မတကင်မ် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးမည့် ကိုရီးယားနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများကို ကိုရီးယားနိုင်ငံ၏ စီးပွားရေးအင်အား အတိုင်းအတာအရ ပေးစွမ်းနိုင်သလောက် အများဆုံးပေးရန် ကတိကဝတ် ပြုခဲ့သည်။

**နျူကလီးယား သဘောတူစာချုပ်အခြေအနေ**– အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲများကို ဂျီနီဗာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင်စတင်ခဲ့ရာ ယင်းနှစ်အောက်တိုဘာ ၂၁ ရက်နေ့တွင် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်တွင် ပါဝင်သော အချက်အလက်များမှာ ဩဂုတ်လအတွင်း ဆွေးနွေးညှိနှိုင်းချက်များအရ အကြမ်းဖျင်းလျာထားသဘောတူညီချက်များနှင့်အညီဖြစ်သည်။ သဘောတူညီချက်အရ မြောက်ကိုရီးယား နိုင်ငံက ၄င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ပြီး အပြည်ပြည်ဆိုင်ရာမှ နျူကလီးယားစစ်ဆေးမှုကို ခွင့်ပြုသည့်အတွက် မြောက်ကိုရီးယား နိုင်ငံ၏ လက်ရှိ နျူကလီးယားနည်းပညာကို အစားထိုးလုပ်ဆောင်ပေးရာတွင် အကူအညီရရှိမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ သံတမန်ရေးရာ အသိအမှတ်ပြုမှုကိုလည်း ရရှိမည်ဖြစ်သည်။ အမေရိကန်–မြောက်ကိုရီးယားနျူကလီးယား သဘောတူစာချုပ်ကို အမေရိကန်ဘက်မှ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ် အယ်ဂယ်လူစီနှင့် မြောက်ကိုရီးယားဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ဆုတ်ဂျူတို့ကလက်မှတ်ရေးထိုးခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည်တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်မဲ့ဇုန်ဒေသကိုဖြတ်ကာ ပျံသန်းခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံပိုင်နက်အတွင်း ငါးကီလိုမီတာ အကွာတွင် ပစ်ချခံခဲ့ရသည်။ ပစ်ချခံရမှုကြောင့် ရဟတ်ယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ အဆိုပါရဟတ်ယာဉ်မှာ ထောက်လှမ်းမှုအတွက် လေ့ကျင့်ပျံသန်းခဲ့သည်ဟု ဆိုသည့်မြောက်ကိုရီးယား၏ပြောဆိုချက်ကို အမေရိကန်အစိုးရက မဟုတ်မမှန်ကြောင်းငြင်းဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အဆိုပါ ဖြစ်ရပ်အတွက် အမေရိကန်ပြည်ထောင်စုမှ တရားဝင်တောင်းပန်ရန်နှင့် နှစ်နိုင်ငံတိုက်ရိုက်စစ်ဘက်ဆိုင်ရာဆွေးနွေးမှုများကို စတင်ရေးကိုကတိကဝတ်ပြုရန်ကိုတောင်းဆိုခဲ့သည်။ သို့ဖြစ်ရာအရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမတ်စ်ဟတ်ဘဒ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီးဖမ်းဆီးခံထားရသည့်ရဟတ်ယာဉ်မှူး လွတ်မြောက်ရေးကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဤသို့ဖြင့်ဖမ်းဆီးထားသောအမေရိကန်ရဟတ်ယာဉ်မှူးကို မြောက်ကိုရီးယားက ဒီဇင်ဘာ ၃၀ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြောက်ကိုရီးယားက အမေရိကန်ရဟတ်ယာဉ်မှူးကို လွှတ်ပေးလိုက်ခြင်းကြောင့်

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် တိုးတက်လာခဲ့သည်။ နှစ်ဦးနှစ်ဖက် စလုံးက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလက ဂျီနီဗာ နျူကလီးယားသဘောတူညီချက်အရ ကတိကဝတ် ပေးထားသည့် ဆောင်ရွက်ရန်ကိစ္စကို ဆက်လက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ဆောင်ရွက်ရန်ကိစ္စများတွင် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေး၊ မြောက်ကိုရီးယားသို့ အမေရိကန် ပြည်ထောင်စုက ရေနံများအခမဲ့ထောက်ပံ့ရေး၊ ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို မြောက်ကိုရီးယား နိုင်ငံသို့ အပြည်ပြည်ဆိုင်ရာက ထောက်ပံ့ရေး၊ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယား အစီအစဉ် ကို ရပ်ဆိုင်းထားရေးတို့ပါဝင်သည်။

မြောက်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေးအနေဖြင့် မြောက်ကိုရီးယားအစိုးရက အမေရိကန်ထုတ်ကုန်များ·တင်သွင်းမှုနှင့် အမေရိကန် ကုန် သည်သင်္ဘောများ မြောက်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းများသို့ ဝင်ရောက်ခြင်းတို့အား ကန့်သတ်တားမြစ်ခြင်းကို ရပ်သိမ်းကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက မြောက် ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု တစ်ပိုင်းတစ်စကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီ များကိုလည်း မြောက်ကိုရီးယားနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင် ခွင့် ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများက လည်း အမေရိကန်နိုင်ငံသို့ မဂ္ဂနက်ဆိုက် တင်ပို့နိုင်ခဲ့ သည်။ ထို့ပြင် နှစ်ဦးနှစ်ဖက်စလုံးက ရက်ပေါင်း ၉၀ (သုံးလ) အတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စု က ရေနံအခမဲ့ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ရီပတ်ပလီကင် အမတ်များ လွှမ်းမိုးထားသည့် အမေရိကန်ကွန်ဂရက်က မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ ရေနံတင်ပို့မှုကို ဟန့်တားရန် ခြိမ်းခြောက်ထားလင့်ကစား ဇန်နဝါရီ ၁၇ နှင့် ၁၉ ရက်နေ့များတွင် ပထမအသုတ် အဖြစ် နှစ်ကြိမ်တင်ပို့ခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပထမ အသုတ်အဖြစ် နှစ်ကြိမ်တင်ပို့မှုတွင် ရေနံတန်ချိန်ပေါင်း ၅၀,၀၀၀ တန်ရှိသည်။ စုစုပေါင်း တင်ပို့မည့် တန်ချိန် ပေါင်းမှာ ၅၀၀,၀၀၀ ဖြစ်သည်။ ဤသို့ ရေနံများ တင်ပို့ ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရခြင်းကြောင့် စွမ်းအင် မလုံ မလောက်ဖြစ်မှုကို ထေမိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အထက်တွင်ဖော်ပြထားသည့်အတိုင်း အမေရိကန် ဒေါ်လာ ငါးသန်းဖိုးရှိသည့် ရေနံများကို ပထမအသုတ် အဖြစ် အမေရိကန်ပြည်ထောင်စု စစ်ဘက်နှင့် ကန်ထရိုက် စာချုပ် ချုပ်ဆိုထားသည့်ကုမ္ပဏီတစ်ခုက တောင်ကိုရီးယား နိုင်ငံမှတစ်ဆင့် တင်ပို့ခဲ့ခြင်း ဖြစ်သည်။

**မြောက်ကိုရီးယား ပိုင်နက်အတွင်း ပစ်ချခံရသည့် အမေရိကန် ရဟတ်ယာဉ်မှူး**



ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖို နှစ်လုံးကို မြောက်ကိုရီးယားနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ရေးကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းအဆင့်ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန် ဒီစီတွင် ဇန်နဝါရီ ၉ ရက်နေ့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) ဖြစ်ပေါ်ရေးဆိုင်ရာ သဘောတူညီချက် ရရှိရန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိဂရပ်ဖိုက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို အစားထိုးမည့် ဓာတ်ပေါင်းဖိုအသစ်နှစ်ခု တည်ဆောက်ရေးကို ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။ ဆွေးနွေးပွဲတွင် ကေအီးဒီအိုအဖွဲ့ဌာနချုပ်ကို နယူးယောက်မြို့တွင် ထားရှိရန်၊ ယင်းအဖွဲ့ကို အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ပြီး ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက ကူညီပံ့ပိုးရန် ဖြစ်သည်။ ထို့ပြင် တရုတ်၊ ရုရှားနှင့် စက်မှု ခုနစ်နိုင်ငံ (ဂျီ – ၇) များမှ အရာရှိများဖြင့် အကြံပေး ရေးကော်မတီတစ်ရပ်ကိုလည်း ထားရှိရန်ဖြစ်သည်။

မြောက်ကိုရီးယား နျူကလီးယားအစီအစဉ် ရပ်ဆိုင်းထားခြင်း ကိစ္စတွင်မူ ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် မြောက်ကိုရီးယားအစိုးရက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သော်လည်း အသုံးပြုပြီးလောင်စာချောင်း ၈၀၀၀ ၏ အနာဂတ်ရေး ပြဿနာက ရှိနေသေးသည်။ ယင်းလောင်စာချောင်းများကို ၁၉၉၄ ခုနှစ် မေလတွင် ဖယ်ရှားခဲ့ခြင်းဖြစ်ပြီး ယင်းတို့တွင် နျူကလီးယားလက်နက်များ အမြောက်အမြား ထုတ်လုပ်နိုင်သည့် ပလူတိုနီယမ်များ အလုံအလောက် ပါသည်ဟုဆိုသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြောက်ကိုရီးယား – အမေရိကန် ကျွမ်းကျင်သူများ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၄ ရက်နေ့တွင် သဘောတူညီမှုတစ်ရပ်ဖြင့် ပြီးဆုံးခဲ့သည်။ ရရှိခဲ့သော သဘောတူညီမှုမှာ နျူကလီးယားလောင်စာချောင်းများကို မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖိုအဟောင်းများ နေရာတွင် အစားထိုးတည်ဆောက်သည့် ဓာတ်ပေါင်းဖိုအသစ်တစ်လုံး ပြီးစီးသည့်တိုင်အောင်အထိနှင့် နျူကလီးယားလောင်စာချောင်းများအား တတိယနိုင်ငံတစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ် နိုင်သည်အထိ ၎င်းတို့ကို ခြောက်သွေ့သည့်နေရာ၌ သိုလှောင် သိမ်းဆည်းထားရန်ဖြစ်သည်။

တစ်ဖက်တွင် တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ် က မြောက်ကိုရီးယားနှင့် နိုင်ငံရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ၎င်း၏အစိုးရအဖွဲ့ တိုက်တွန်းချက်မှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှု ရရှိလိမ့်မည်ဟု ထင်မြင်ကြောင်း ဇန်နဝါရီ ၆ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ဇန်နဝါရီ ၂၇ ရက်နေ့၌ မြောက်ကိုရီးယားအစိုးရအဖွဲ့က တွေ့ဆုံဆွေးနွေးရေးကို ပယ်ချခဲ့သည်။ ယင်းသို့ ဆွေးနွေးရေးကို မြောက်ကိုရီးယားက ပယ်ချခဲ့သည့်အတွက် အမေရိကန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး စထရော့တဲလ်ဘော့က တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးရေးမှာ ဂျီနီဗာ သဘောတူညီချက်တစ်ခုလုံးအား လွှမ်းခြုံသည့်အစိတ်အပိုင်း တစ်ခုပင်ဖြစ်ကြောင်း အလေးအနက်ထား ပြောဆိုခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် ဓာတ်ပေါင်းဖိုကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှု ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ရာ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ရရှိခဲ့သည့် ၁၉၉၄ ခုနှစ် အောက်တိုဘာနျူကလီးယား သဘောတူညီမှုမှာ ခြိမ်းခြောက်ခံခဲ့ရသည်။

ဖြစ်ပေါ်ခဲ့ရသည့် အငြင်းပွားမှုမှာ မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများအတွက် လက်ရှိဖွဲ့စည်းနေဆဲဖြစ်သည့် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) က ဘဏ္ဍာငွေကြေးထောက်ပံ့ရန်ဖြစ်သည်။ အဆိုပါ ကေအီးဒီအိုအဖွဲ့ကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး တောင်ကိုရီးယားက ဘဏ္ဍာငွေကြေး အများအပြား ထောက်ပံ့မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအတွက် ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခုကို တောင်ကိုရီးယားနိုင်ငံကသာ တာဝန်ယူဆောက်လုပ်ရန် အမေရိကန်က အတင်းအကျပ်ပြောဆိုနေခဲ့သည်။ တောင်ကိုရီးယား အာဏာပိုင်များကလည်း တစ်နေ့တွင် ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းမိပြီး အုပ်ချုပ်ရေး အာဏာတစ်ခုတည်းဖြင့် စီမံအုပ်ချုပ်သွားမည့်အရေးကို ရပ်တည်အခြေခံလျက် အမေရိကန်၏ ပြောကြားချက်ကို ခိုင်ခိုင်မာမာ ထောက်ခံခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့်မူ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကနဦးကပင်တောင်းဆိုထားခဲ့ပြီးဖြစ်သည်။ ထို့ပြင်မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံမှလွဲပြီး အခြား မည်သည့်နိုင်ငံမှမဆို ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကိုလည်း ထုတ်ဖော် ပြောကြားခဲ့ပြီးဖြစ်သည်။ နျူ ကလီးယား ဓာတ်ပေါင်းဖိုများ ထိန်းသိမ်း ရေးအတွက် တောင် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူများ အပေါ် မှီခို နေရ မည့် အရေးကို လက်မခံနိုင်ကြောင်း မြောက်ကိုရီးယား အစိုးရက ရှုတ်ချခဲ့သည်။

၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ဆောက်လုပ်ရေးအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ထိုးရန် နောက်ဆုံးရက်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဖြစ်သည်။ ယင်းအရေးနှင့် စပ်လျဉ်းပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့ဘာလင်မြို့တွင် ငါးရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ နှစ်ဖက်စလုံးကလီပ်ခဲတည်းလည်းဖြစ်နေသည့် ပြဿနာပြေလည်စေရေးအတွက် အပေးအယူလုပ်၍ အလျှော့ပေးရန်ငြင်းဆိုခဲ့ကြသည်။

အမေရိကန်အစိုးရက ၁၉၉၄ ခုနှစ်၊အောက်တိုဘာလ နျူကလီးယားသဘောတူညီမှုတွင် မြောက်ကိုရီးယား၌ ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုများ၏ အရင်းအမြစ်မှာ မည်သည့်နိုင်ငံမှဖြစ်ရမည်ကို သီးသန့်ဖော်ပြမထားသော်လည်း ယင်းဓာတ်ပေါင်းဖိုများသည် တောင်ကိုရီးယားနိုင်ငံမှသာဖြစ်ရမည်ဆိုသည့်အချက်ကို နှစ်ဦးနှစ်ဖက်စလုံးကနားလည်သဘောပေါက်ထားကြပြီး ဖြစ်သည်ဟုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းပြဿနာရပ်အပေါ်တင်းခံနေမည်ဆိုပါက သဘောတူညီချက်တစ်ရပ်လုံးကို ခြိမ်းခြောက်ရာရောက်ပြီး ထိခိုက်စေနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ ယင်းသို့ပြောကြားချက်ကို တုံ့ပြန်ရာတွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ယင်းထုတ်ပြန်ကြေညာချက်တွင် အကျိုးတရားတစ်စုံတစ်ရာထွက်ပေါ်လာခြင်းမရှိသည့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်လက်အချိန်ဖြုန်းမည့်အစား သဘောတူညီချက်ကို ရုပ်သိမ်းလိုက်လျှင် ပို၍ကောင်းလိမ့်မည်ဟု အကြံပြုဖော်ပြထားသည်။

ဤခြေအနေတွင် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်လော့ဒ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီး ဖြစ်ပေါ်နေသည့် ပြဿနာနှင့် စပ်လျဉ်း၍ တူညီသည့်သဘောထားချမှတ်နိုင်ရေးအတွက်ဆွေးနွေးခဲ့သည်။

တစ်ဖက်တွင်မြောက်ကိုရီးယားနိုင်ငံကလည်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယားသဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့ရသည့် တောင်–မြောက်ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများပြန်လည်စတင်ရန်ရှိလင့်ကစား ၁၉၉၄ ခုနှစ်၊ ဇူလိုင်လကမြောက်ကိုရီးယား သမ္မတကင်အီဆွန်းကွယ်လွန်ခဲ့ခြင်းအတွက် တောင်ကိုရီးယားနိုင်ငံက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့ခြင်းအပေါ် တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်က တောင်းပန်ရန်ကို ဆက်လက်တောင်းဆိုနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅–စာ၊ ၁၆၂၊ ၁၆၃–ရှု။)

တောင်ကိုရီးယားနိုင်ငံဘက်ကလည်း ပစိဖိတ်ဒေသစစ်ပွဲပြီးဆုံးသည့် နှစ် ၅၀ မြောက်အထိမ်းအမှတ်ကျင်းပရန် ပူးတွဲကွန်ဖရင့်တစ်ရပ်အတွက် မြောက်ကိုရီးယား၏အဆိုပြုချက်ကို ပယ်ချခဲ့ပြီးနောက် အဆိုပြုချက် အသစ်တစ်ရပ်တင်ပြခဲ့သည်။ ယင်းအဆိုပြုချက်တွင် ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာနေသည့် မိသားစုများအား မြောက်ကိုရီးယားနိုင်ငံမြို့တော်ပြုံယမ်းသို့ သွားလာခွင့်ပြုရန်၊ ဧပြီလတွင် မြောက်ကိုရီးယားက ကမကထပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာပွဲတော်သို့ တက်ရောက်ခွင့်ပြုရန်၊နှစ်နိုင်ငံမှ စာနယ်ဇင်းသမားများဖလှယ်ရေးနှင့်မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လိုသော တောင်ကိုရီးယားလုပ်ငန်းရှင်များအပေါ် ကန့်သတ်ထားချက်များအား သက်သာခွင့် ပြုရေးတို့ကို အကြံပြုဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းအဆိုပြုချက်များသည် ဆွေးနွေးပွဲများ ပြန်လည်ဖြစ်မြောက်ရေးအတွက် မြောက်ကိုရီးယား၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ဖြည့်ဆည်းပေးခြင်းမရှိဘဲ တောင်နှင့်မြောက်နှစ်နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ရန် ကြံစည်ကြီးပမ်းမှု တစ်ရပ် ဖြစ်သည်ဟု ဆိုကာပယ်ချခဲ့သည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြားရရှိခဲ့သည့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်ကို အကောင်ထည်ဖော် ဆောင်ရွက်ခြင်း

နှင့် စပ်လျဉ်းပြီး အသေးစိတ်လုပ်ငန်းစဉ်များ အပြီးသတ်ဆောင်ရွက်ရေး နောက်ဆုံးသတ်မှတ်ရက် ဖြစ်သည့် ဧပြီ ၂၁ ရက်နေ့မှာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ကျော်လွန်သွားခဲ့သည်။ သို့ဖြစ်လင့်ကစား ဧပြီလကုန်တွင် အမေရိကန်နှင့် မြောက်ကိုရီယားတို့က ဆွေးနွေးပွဲများပြန်လည်ကျင်းပရန် သဘောတူညီခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီယား သဘော တူညီမှုကို ကျောခိုင်းစွန့်ခွာရန် ခြိမ်းခြောက်ပြီးရပ်ဆိုင်းထားသည့် ၄င်း၏ နျူကလီယား အစီအစဉ်ကို ပြန်လည် လုပ်ဆောင်လိမ့်မည်ဟူသော စိုးရိမ်ပူပန်မှုမှာ သက်သာရာရရှိသွားခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံဘက်က ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို တောင်ကိုရီးယားနိုင်ငံမှ ပုံစံမျိုးမဟုတ်ဘဲ အမေရိကန်ပြည်တောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများသာ အစားထိုးရယူလိုကြောင်းကို အကြောက်အကန် ဆက်လက်ပြောကြားနေခဲ့သည်။ ယင်းအရေးကိစ္စနှင့် စပ်လျဉ်းပြီး ဘာလင်မြို့တွင် အခြေစိုက်လျက်ဆက်လက်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှာလည်း တိုးတက်မှုမရရှိဘဲရှိနေခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်အစိုးရက ဧပြီ ၂၁ ရက်သည် နောက်ဆုံးရက်အဖြစ် သတ်မှတ်ခြင်းမျိုးထက် ရည်မှန်းလျာထားသည့် ရက်တစ်ရက်သာဖြစ်သည်ဟု အကြံပြုခဲ့သည်။ ထို့ပြင် မြောက်ကိုရီးဘက်က ၄င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းနေသမျှ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားနိုင်မည်ဟု အမေရိကန်ဘက်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယား အစိုးရကမူ နောက်ဆုံးသတ်မှတ်ရက် ဧပြီ ၂၁ ရက်နေ့တွင် သဘောတူညီမှုကိုအပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် နျူကလီယား သဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့သည့် ယောင်ဖြူးတွင်ရှိနျူကလီယားဓာတ်ပေါင်းဖိုကို လောင်စာပြန်လည်ဖြည့်ရန် စဉ်းစားရလိမ့်မည်ဟု ပြင်းပြင်းထန်ထန် ဖော်ပြခဲ့သည်။

အထက်ပါကိစ္စရပ်ဆိုင်ရာ အပြီးသတ်ဆွေးနွေးပွဲများကို ဧပြီ ၁၈ ရက်နေ့တွင်စတင်ခဲ့ရာ သဘောတူညီမှုမရရှိဘဲ ဧပြီ ၂၀ ရက်နေ့တွင်ပြီးဆုံးသွားခဲ့သည်။ ဧပြီ ၂၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ၄င်းအဖွဲ့မှ စစ်ဆေးသူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၄င်း၏ နျူကလီးယား အစီအစဉ်ကို ပြန်လည်လုပ်ဆောင်သည့် အထောက်အထားမတွေ့ရှိရကြောင်းကြေညာခဲ့သည်။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနျူကလီယား သဘောတူညီမှု အကောင်အထည်ဖော်ရေးဆိုင်ရာ မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံကြား ဆွေးနွေးပွဲကို မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် ပြန်လည်ကျင်းပခဲ့ရာ ယခင်အကြိမ်များကဲ့သို့ပင် တိုးတက်မှုမရရှိဘဲ ရှိနေခဲ့သည်။ မြောက်ကိုရီယားနိုင်ငံဘက်ကလည်း အမေရိကန်ဒေါ်လာ လေးဘီလီယံ တန်ဖိုးရှိ တောင်ကိုရီးယားနိုင်ငံမှ ရေသွက်သုံး နျူကလီယားဓာတ်ပေါင်းဖိုများ ကို လက်ခံရန်ငြင်းဆန်မြဲငြင်းဆန်နေခဲ့သည်။

ဦးခင်မောင်လေး

**ကမ္ဘောဒီးယားနိုင်ငံ။** ။ကမ္ဘောဒီးယားနိုင်ငံ၏ ၁၉၉၅ ခုနှစ် အတွင်း နိုင်ငံရေး၊ ပြည်တွင်းရေး၊ စစ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။

### နိုင်ငံရေးအခြေအနေ

ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဆမ်ရိန်ဆီအား ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်းက ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ အဓိက ပါတီကြီးတစ်ခုဖြစ်သော ဖန်ဆိပက်ပါတီ၏ ပါတီဝင်အဖြစ်မှလည်း ထုတ်ပယ်လိုက်သည်။ ဖန်ဆိပက်ပါတီ ပြောရေးဆိုခွင့်ရှိသူက ဆမ်ရိန်ဆီသည် ပါတီတွင်းတွင် ဆိုးရွားသော လုပ်ရပ်များကို ပြုမူ လုပ်ကိုင်ခဲ့ကြောင်း၊ အကြိမ် ကြိမ်သတိပေးသော်လည်း အလေးမမူခဲ့ကြောင်း ဆမ်ရိန်ဆီအား ပါတီမှ ထုတ်ပယ်သည့် နေ့၌ ပြောကြားခဲ့သည်။ ဆမ်ရိန်ဆီ ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရခြင်းမှာ နိုင်ငံအတွင်းရှိ ထိပ်ပိုင်းတွင် တာဝန် ထမ်းဆောင်နေကြသောပုဂ္ဂိုလ်များ၏ ခြစားမှုကို ဝေဖန်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များက ထင်ကြေးပေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို၁၉၉၈ ခုနှစ်တွင်ပြန်လည်ပြုလုပ်ရမည်ဖြစ်သည်။ ဝန်ကြီးရာထူးမှ လွန်ခဲ့သည့်နှစ်က ထုတ်ပယ်ခံရပြီးနောက် ဖန်ဆိပက်ပါတီမှထုတ်ပယ်မခံရမီ ၁၉၉၅ ခုနှစ်၊ မေလဆန်းက ထင်ရှားသောနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆမ်ရိန်ဆီက

၁၉၉၈ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲသစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မိမိနိုင်ငံရေးပါတီသစ်တစ်ခုကို တည်ထောင်ရန်ကြံရွယ်ထားကြောင်း ကြေညာခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဩဂုတ်လအတွင်းက ကမ္ဘောဒီးယား နိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ်စတိုဖာရောက်ရှိခဲ့သည်။ ဝါရင်းခရစ်စတိုဖာက ကမ္ဘောဒီးယားအားဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းခဲ့သည်။ ယင်းသို့တိုက်တွန်းပြီးမကြာမီ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရေးကိုလက်မခံကြောင်း၊ အနှစ် ၂၀ ကျော်ကြာ ပြည်တွင်းစစ်နှင့် ခမာနီတို့၏ မျိုးဖြုတ်သတ်ဖြတ်မှု ခံရပြီးနောက် နိုင်ငံတော်ပြန်လည်ထူထောင်နေစဉ်၌ ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရန် အကြောင်းမရှိကြောင်း၊ ယင်းသို့သော အခြေအနေ၌ကမ္ဘော ဒီးယားနိုင်ငံတွင်စည်းကမ်းရော ဒီမိုကရေစီပါနှစ်ရပ်လုံး လိုအပ်သည်မှန်သော်လည်း မိမိတို့ လူ့ဘောင်တွင် ဒီမိုကရေစီထက် စည်းကမ်းရှိရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လိပိုင်နှင့် နှစ်နိုင်ငံနယ်စပ်ပြဿနာကိုဆွေးနွေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မတ်လ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ကမ္ဘောဒီးယားအစိုးရတပ်များက ခမာနီပြောက်ကျားများကို လိုက်လံတိုက်ခိုက်ရာတွင် ထိုင်းနိုင်ငံ၏အရှေ့ပိုင်းဒေသ စီစာခက် ( Sisaket )ရှိနယ်မြေများသို့နယ်ကျွံလာသဖြင့် ကမ္ဘောဒီးယားအစိုးရတပ်သားများကို ထိုင်းတပ်သားများကဟန့်တားရာမှကမ္ဘောဒီးယားတပ်သား ၁၂ ဦးသေဆုံးခဲ့ရကြောင်း ထိုင်းကြည်းတပ်က မတ်လ ၅ ရက်နေ့၌ ကြေညာချက်ထုတ်သည်။

## ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များသွားရောက် လည်ပတ်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ကမ္ဘာ့လှည့်ခရီးသည် ဇနီးမောင်နှံနှစ်ဦးအား အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်ခံကြရသူ ကမ္ဘာလှည့်ခရီးသည် မောင်နှံမှာ အမေရိကန် ပြည်ထောင်စုမှ ဂျိမ်းဟောင်နှင့် စူဆန် ဂျင်စဘတ်ဟောင်အမည်ရှိ ဇနီးမောင်နှံနှစ်ဦးဖြစ်သည်။ ၄င်းတို့နှစ်ဦးသည် ၁၂ ရာစုက တည်ဆောက်ခဲ့သော အန်ကာဝပ်ကျောင်းတော်ကြီး အနောက် ၂၅ မိုင်အကွာရှိ ရှေးဟောင်း ( Banteay Srey ) ဘုရား ကျောင်းသို့ ကားဖြင့်အသွား သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန် ပြည်ထောင်စု တက္ကဆက် ပြည်နယ် တက္ကသိုလ်ပါမောက္ခဖြစ်သူ စူဆန်ဟောင်နှင့် ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသည်လမ်းပြတို့ သေဆုံးခဲ့ကြရသည်။ မစ္စတာဟောင်မှာ ဒဏ်ရာအပြင်းအထန် ရရှိသည်။

အဆိုပါတိုက်ခိုက်မှုသည် လုယက်တိုက်ခိုက်မှုမျိုးမဟုတ်ဘဲနိုင်ငံရေးနှင့် ဆက်နွယ်သည့် လုပ်ရပ်ဖြစ်ပြီး ခမာနီပြောက်ကျားတို့၏ ပယောဂဖြစ်ကြောင်း ကမ္ဘောဒီးယား အစိုးရက ပြောကြားသည်။ ၁၉၉၁ ခုနှစ်တွင် အန်ကာဝပ်ကျောင်းတော်နယ်မြေတစ်ဝိုက်ကိုကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် ဖွင့်ပေးပြီးနောက် ယခုအကြိမ်သည်ကမ္ဘာလှည့်ခရီးသည်များကို ပထမဆုံးအကြိမ်သတ်ဖြတ်တိုက်ခိုက်မှု ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Veng Sereyvudh က Banteay Srey ဘုရား ကျောင်းသို့ ကမ္ဘာလှည့် ခရီးသည်များသွားလာ မှုကို ပိတ်ထားလိုက်သည်။ အန်ကာဝပ်ကျောင်းတော်သို့ သွားလာမှုကိုမူ ခွင့်ပြုပြီးလုံခြုံမှုကို တာဝန်ယူကြောင်း ဗန်ဆရေးဗုတ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်မနှစ်က ကမ္ဘာလှည့်ခရီးသည်များအားပြန်ပေးဆွဲခြင်း၊ လုယက်တိုက်ခိုက်ခြင်းများဖြစ်ပွားခဲ့ရာ နိုင်ငံခြားသားခြောက်ဦး သေဆုံးခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ တစ်ဖန် အမေရိကန် ကမ္ဘာလှည့် ဇနီးမောင်နှံကို လုယက်တိုက်ခိုက်ခဲ့ရာ ဇနီးဖြစ်သူ စူဆန်ဂျင်စဘတ်ဟောင်နှင့် ကမ္ဘောဒီးယားခရီးသည်လမ်းပြတို့ သေဆုံးခဲ့ပြီး ခင်ပွန်းသည် ဂျိမ်းဟောင်မှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းသို့ ကမ္ဘာလှည့်ခရီးသည်များအား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့လင့်ကစား ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် အနှစ် ၂၀ အတွင်း တိုးတက်ခဲ့ကြောင်း၊ ပြင်ပရင်းနှီးမြှုပ်နှံသူ များကိုလည်း ဆွဲဆောင်နိုင်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီး သွားလာရေးဝန်ကြီးဌာန၏ ၁၉၉၅ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်က ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့် ခရီးသည်ပေါင်း ၁၇၈,၀၀၀ လာရောက်ခဲ့ရာ ၁၉၉၃

ခုနစ်ကထက် ၄၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၁၉၉၃ ခုနစ်က ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၂၀,၀၀၀ လာရောက်ခဲ့သည်။ ထိုကမ္ဘာလှည့်ခရီးသည်များအနက် ခရီးသည် ၄၅,၀၀၀ သည် ဆိုင်ရမ်ရိပ်ပြည်နယ်ရှိ အန်ကောဝပ်ကျောင်းတော်ကြီးသို့ သွားရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားလေတပ် ဒုတိယတပ်မှူး ဗိုလ်ချုပ်တက်ခ်ချန်သန်းသည် အပေါ့စားလေယာဉ် တစ်စင်းကို မတ်လ ၅ ရက်နေ့က ကိုယ်တိုင်မောင်းနှင် ပျံသန်းစဉ် ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်း တစ်နေရာတွင် သစ်ပင်နှင့်တိုက်မိပြီး လေယာဉ်ပျက်ကျသေဆုံးခဲ့သည်။ ကွမ်ပေါင်သွမ်ပြည်နယ်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ခုသို့ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် မင်းသားနိုရိုဒွန်ရာနာရစ်ဒ် တက်ရောက်ရန်အသွား ဝန်ကြီးချုပ်၏ လုံခြုံရေးအတွက် လေယာဉ် ဖြင့် ပျံသန်းစဉ် ယင်းသို့ လေယာဉ်ပျက်ကျကာ သေဆုံးခဲ့ ရခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် မင်းသား နိုရိုဒွန်ရာနာရစ်ဒ်က အရေးပါသော ကတိကဝတ်သုံးလေးခုကို မိမိအကောင်အထည်ဖော် ဖြည့်စွမ်းပေးနိုင်ခြင်းမရှိကြောင်း ဧပြီလ ၁၈ ရက်နေ့၌ ဝန်ခံပြောကြားလိုက်သည်။ အဂတိလိုက်စားမှုအဆုံးသတ်စေရမည်။ ကျယ်ပြန့်သော လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ပေးမည်။ ခမာနီတို့နှင့် ပြောက်ကျားစစ်အဆုံးသတ်ရန် မှန်မှန် ကန်ကန် ရပ်တည်ဆောင်ရွက်ပေးမည်ဟူသော မိမိ၏ ရွေးကောက်ပွဲကတိကဝတ်များကို အကောင်အထည် မဖော်နိုင် သေးသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ မျက်မှောက်အခြေအနေမှာ များစွာတိုးတက်လျက်ရှိသည်ဟုပြောကြားခဲ့ သည်။ အစိုးရတပ်နှင့်ခမာနီတို့၏ တိုက်ပွဲမှာ အရှိန်လျော့နည်းသွားပြီဖြစ်ကြောင်း ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ပြောခဲ့သည်။

## အစိုးရနှင့် ခမာနီ ပြောက်ကျားတို့၏ စစ်ရေးအခြေ အနေ

ကမ္ဘောဒီးယားလက်ရှိ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသောခမာနီပြောက်ကျားတပ်မှတပ်ဖွဲ့ဝင်များစွာသည် ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဆိုင်ရမ်ရိပ်ပြည်နယ်တွင် အစိုးရဘက်သို့ဝင်ရောက်လာကြသည်။ ယင်းသို့ဝင်ရောက်လာကြခြင်းသည် အစိုးရ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးဝါဒအကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်က ဇန်နဝါရီလအတွင်းက ပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၁၉၉၄ ခုနစ်က ခမာနီပြောက်ကျား ၅၀၃၅ ယောက်အစိုးရဘက်သို့ ဝင်ရောက်လာကြသည်၊ ထိုဝင်ရောက်လာသော ပြောက်ကျား များနှင့်အတူ လက်နက်မျိုးစုံ ၂၂၈၄ လက် ပါလာခဲ့သည်။ ခမာနီတို့အား လွတ်ငြိမ်းချမ်းသာခွင့်အချိန်ကာလ ခြောက်လပေးထားရာ ယင်းကာလသည် ၁၉၉၅ ခုနစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကုန်ဆုံးသည်။ ခမာနီများသည် ၁၉၇၅ ခုနစ်မှ ၁၉၇၉ ခုနစ်အထိကမ္ဘောဒီးယားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ပြီး ၄င်းတို့ စိုးမိုးအုပ်ချုပ်စဉ်ကာလအတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းသည်ကွပ်မျက်ခံရခြင်း၊ ရောဂါဘယ ကပ်ရောက် ခြင်း၊ အစာရေစာတော်မွတ်ခြင်း များကြောင့် သေဆုံးခဲ့ကြ ရသည်။

ကမ္ဘောဒီးယားအစိုးရဘက်သို့ ကူးပြောင်းသွားသော ခမာနီပြောက်ကျားများစွာ၏ အထောက်အကူဖြင့် ထိုးစစ်ဆင်လာသည့် ကမ္ဘောဒီးယားအစိုးရတပ်များနှင့် ခမာနီတို့ တိုက်ပွဲတွင် ခမာနီများရှုံးနိမ့်ပြီး ကမ္ဘောဒီးယား အနောက်မြောက်ဘက်ရှိ ဖနွမ်ကူလင်အခိုင်အမာစခန်းကို ခမာနီပြောက်ကျားများစွန့်လွှတ်လိုက်ရသည်ဟု ဆိုင်ရမ်ရိပ်ပြည်နယ်အုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၄ ရက်နေ့၌ ပြောကြားသည်။ ဖနွမ်ကူလင်သည် ဆိုင်ရမ်ရိပ် ပြည်နယ်မြောက်ဘက်မိုင် ၄၀ တွင်ရှိပြီး ၁၂ ရာစု အန်ကောဘုရားကျောင်းများ တည်ဆောက်ရာ၌ အသုံးပြုသော သဲကျောက်များ ထွက်ရှိရာ ဒေသဖြစ်သည်။

ကမ္ဘောဒီးယားအနောက်မြောက်ဒေသ ဘက်တမ်ဘန်း ပြည်နယ်မှ ဖနွမ်ပင်သို့ ခုတ်မောင်းလာသည့်မီးရထားတစ်စင်းကိုဇန်နဝါရီလ ၂ ရက်နေ့ကခမာနီပြောက်ကျား ၂၀ ခန့်က မိုင်း၊ လက်ပစ်ဗုံး၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့်ခရီးသည်ရှစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာအပြင်းအထန်ရရှိသည်။ ဤသို့ခရီးသည်တင် မီးရထား ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် ၁၉၉၅ ခုနစ်၌ ပထမဆုံး တိုက်ခိုက်မှုဖြစ်သည်။ ခမာနီပြောက်ကျားများသည် မီးရထားစီးခရီးသည်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ ယမန်နှစ်က မီးရထား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ခရီးသည် ၃၈ ဦးသေဆုံးခဲ့ပြီး ၉၈ ဦး ဒဏ်ရာရခဲ့သည်။

၁၉၉၅ ခုနစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် ခမာနီ ပြောက်ကျားတို့သည် ရုံးတင်တရားစွဲဆိုပြီး ထောင်ဒဏ် အပစ်ပေးခံရလိမ့်မည်ဟု ကမ္ဘောဒီးယားအစိုးရက ဇန်နဝါရီ

လ ၁၁ ရက်နေ့တွင် သတိပေးသည်။ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ဇန်နဝါရီလ ၁၅ ရက်နေ့ တွင် လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးမည့်အကြောင်း နှစ်ကြိမ်တိုင် ပြောဆိုခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက် ခမာနီအားလုံးသည် ဥပဒေအရ ရုံးတင်တရားစွဲဆိုခံရမည်ဖြစ်ပြီး ထောင်ဒဏ်အပြစ်ပေးမှုကို ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် အန်တီးရောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လက ကမ္ဘောဒီးယားပါလီမန်က ခမာနီတို့ကို မတရားအသင်းကြေညာသည့် ဥပဒေပြဋ္ဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေက အချို့သောခမာနီ ခေါင်းဆောင်များမှအပ အခြားနောက်လိုက်အားလုံး အစိုးရဘက် ကူးပြောင်း အလင်းဝင်နိုင်ရန် ခြောက်လသက်တမ်းရှိ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ခွင့်ပြုထားခဲ့သည်။

ခမာနီများသည် ဖနွမ်ပင်မှ မိုင် ၂၀၀ ဝေးသည့် အန်လောင်ဗန်း နယ်တစ်ဝိုက်ရှိ ကမ္ဘောဒီးယားပြည်သူ ၂၀၀၀ ခန့်ကို လွန်ခဲ့သည့်နှစ်အတွင်းက သတ်ဖြတ်ခဲ့ကြောင်း အစိုးရဘက်သို့ ကူးပြောင်းလာသူ ခမာနီတပ်မ ၉၈၀ တပ်မမှူး အစ်ဆမ်က ပြောကြားသည်။ ၄င်းသည် ခမာနီပြောက်ကျား ၂၃၆ ဦးကို ဦးဆောင်၍ အစိုးရဘက်သို့ ကူးပြောင်းလာသူဖြစ်သည်။

၁၉၉၅ ခုနှစ် မတ်လ ၈ ရက်နေ့၌ ကမ္ဘောဒီးယား အစိုးရသည် ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံးမြို့တော် ဘန်တန်ဘမ်ကို ခမာနီတို့လက်ထဲ မကျရောက်စေရန် မိမိ၏တပ်များကို အသစ်စက်စက်ရထားသော တင့်ကားများ နှင့် အင်အားဖြည့်တင်းခဲ့သည်။ ချက်ကို စလိုဗက်ကီးယား နှင့် ပိုလန်နိုင်ငံတို့မှ ရရှိသည့် တင့်ကားခြောက်စီးနှင့် တပ်သားအများအပြားကို ခမာနီတို့ တိုက်ခိုက်နေသော ဘန်တမ်ဘမ်သို့ ပို့ပေးခဲ့ကြောင်း ဘက်တန်ဘမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဆီးရေးကိုဆယ်က ပြောသည်။ ဖနွမ်ပင်မြို့တော်၏ အနောက်မြောက် ၁၅၅ မိုင်အကွာရှိ ပြည်နယ်မြို့တော် ဘန်တန်ဘမ်ကို သိမ်းပိုက်နိုင်ရန် ခမာနီ ပြောက်ကျား ၁၀၀၀ ခန့်သည် တောင်ပိုင်းဒေသမှ ရက်သတ္တပတ်စောစောပိုင်းက ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရက သဘာဝအရင်းအမြစ်ကြွယ်ဝသော ဘန်တန်ဘမ်ကို ခမာနီပြောက်ကျားများ တိုက်ခိုက်နေခြင်းမှ ဟန့်တားရန် အစိုးရတပ်သား ၃၀,၀၀၀ ခန့်နှင့် ရဲတပ်သားများကို ယင်းဒေသသို့ စေလွှတ်ခဲ့သည်။

ထိုနောက် မတ်လ ၂၀ ရက်နေ့တွင် ကမ္ဘောဒီးယား အစိုးရ တပ်များသည် ထိုင်းနယ်စပ်ရှိ ခမာနီစခန်းများကို အရဏ်မတက်မီ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ခမာနီစခန်းများကို သိမ်းပိုက်ရန် ချီတက်ခဲ့ကြသည်။ ထိုင်း ကမ္ဘောဒီးယားနယ်စပ်ရှိ ကလာငှူအတ် ခမာနီပြောက်ကျား အခြေစိုက်စခန်း သည် ခမာနီတို့၏ ဌာနချုပ်စခန်း ဖြစ်သော ဖနွမ်မာလေ စခန်း နှင့် ကိုးမိုင်သာဝေးသည်။ ဖနွမ်မာလေစခန်းသည် ပိုပေါ့ပြီးလျှင် ခမာနီဒုတိယခေါင်းဆောင်ဖြစ်သော အီအန်ဆရီ အခြေချနေထိုင်သောစခန်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရတပ်များသည် ခမာနီ ပြောက်ကျား များကို ထောက်ခံသူရာပေါင်းများစွာ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးရန်ပြင်ဆင်နေခိုက်ပြောက်ကျားတို့၏စခန်းတစ်ခု ကိုဆက်လက်တိုက်ခိုက်ကြသည်ဟု ထိုင်းစစ်တပ်နှင့် ပြောက်ကျားသတင်းရပ်ကွက်များကမတ်လ ၂၁ ရက်နေ့က ပြောကြားသည်။ ကမ္ဘောဒီးယားအစိုးရတပ်များသည် ကမ္ဘောဒီးယားနယ်စပ်မြို့ ပွိုင်ပက်တောင်ဘက် ကိုးမိုင် အကွာရှိ ခမာနီအခြေစိုက်စခန်းကလာငှူအတ်ကို အမြောက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ကြောင်း ထိုင်းစစ်တပ် အရာရှိတစ်ဦးကပြောကြားသည်။ ကလာငှူအတ်ကို တိုက်ခိုက်နေသောအစိုးရတပ်သား ၁၅၀၀ ကို ရင်ဆိုင်ရန် အားဖြည့်ပြောက်ကျားစစ်သား ၁၀၀၀ ကျော်သည် အဆိုပါ ဒေသသို့ချီတက်သွားကြောင်း ခမာနီအရာရှိ တစ်ဦးကပြောကြားသည်။ ခမာနီ ပြောက်ကျားများ၏ မိသားစုများဖြစ်မည်ဟု ယုံကြည်ရသော အရပ်သားရာပေါင်းများစွာသည် ထိုင်းနိုင်ငံ အရန်ယာပရာတက်မြို့ တောင်ဘက် ထိုင်းနယ်မြေထဲသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုင်းအာဏာပိုင်များက ၄င်းတို့အား လောလောဆယ်အချိန်၌ ထိုင်းနယ်မြေထဲ ဝင်ခွင့်မပြုကြောင်း ပြောဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံက ၄င်း၏ လက်နက်ကိုင်တပ်များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးပါက ကမ္ဘောဒီးယားနိုင်ငံအား စစ်ရေးအထောက်အကူပေးရန်ကိစ္စကို အမေရိကန်ပြည်ထောင်စုက စဉ်းစားမည်ဟု အဆင့်မြင့် အမေရိကန် အရာရှိတစ်ဦးက ပြောသည်။ ကမ္ဘောဒီးယား နိုင်ငံ၏ တပ်ဖွဲ့များကို အသေးစိတ်ပြန်လည်ဖွဲ့စည်းပြီး နောက်ပိုင်း၌ ကမ္ဘောဒီးယားစစ်တပ်ကို လက်နက်ခဲယမ်း မီးကျောက်ပေးရေး စဉ်းစားရန်အကြောင်း လုံလောက် ပြီဖြစ်သည်ဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စထရိုဘီတောလ်

ဘွတ်က ပြောကြားခဲ့ပြန်သည်။ ၎င်းသည် ဇန်နဝါရီလ အတွင်းက ကမ္ဘောဒီးယား သို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။

ကမ္ဘောဒီးယားစစ်တပ်တွင် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၌ စစ်တပ်ကိုပထမအကြိမ်ပြန်လည်မဖွဲ့မီ ဗိုလ်ချုပ် ကြီး နှင့် ဗိုလ်မှူးကြီး ထောင်ပေါင်းများစွာ ရှိနေခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘောဒီးယား စစ်တပ်ကို ပြန်လည် ဖွဲ့စည်းသည့်အခါ ဗိုလ်ချုပ်ကြီး အရေအတွက်ကို ၁၀၀ ခန့်အထိ လျော့ချလိုက်သည်။ အမည် မဖော်လိုသော စစ်ဘက်အရာရှိကြီးတစ်ဦးက ၁၉၉၅ ခုနှစ် ၏ ပထမ သုံးလအတွင်း ကမ္ဘောဒီးယားစစ်တပ်ကို နောက် တစ်ကြိမ် ဖွဲ့စည်းဖွယ်ရှိပြီး ဗိုလ်ချုပ်ကြီးအရေအတွက်ကို ၄၀ ရာခိုင်နှုန်းအထိ လျော့ချ ဖွယ်ရှိသည်ဟု ပြောဆိုသည်။

ကမ္ဘောဒီးယားစစ်တပ်တွင် တပ်သားအင်အား ၁၉၉၅ ခုနှစ်အထိ အမျိုးသား၊ အမျိုးသမီးအပါအဝင် ၁,၃၀,၀၀၀ ရှိသည်ဟု ဆိုသည်။ သို့သော် စစ်ဘက်ဆိုင်ရာ ဆန်းစစ် လေ့လာသူများကမူ ၇၀,၀၀၀ မှ ၈၀,၀၀၀ အကြားရှိကြောင်း ပြောကြသည်။

## ပြည်ပဆက်ဆံရေး

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆင်ရှင်နာဝါထရာသည်ဗန်ကောက်ရှိ သံအမတ်များနှင့်သံတမန် ၄၀ တို့ကို ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်ဒေသများသို့ ခေါ်ဆောင်သွားပြီး ခမာနီတို့နှင့် အဆက် ဖြတ်ရေး လုပ်ငန်းတွင်တာဝန်ရှိသည့် နှစ်နိုင်ငံ အရာရှိကြီးများနှင့် တွေ့ဆုံ ပေးခဲ့သည်။ ခမာနီတို့အား ထိုင်းနိုင်ငံက ထောက်ခံ အားပေးနေခြင်းရှိ မရှိနှင့် ပတ်သက်သော သံတမန်တို့တွင် ရှိနေသည့် သံသယများ ပျောက်ကွယ်သွားရေးအတွက် ကိုယ်တွေ့မျက်မြင်လေ့လာနိုင်စေရန် ယင်းသို့တွေ့ဆုံပေးခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တန်ကျိဟွမ်သည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ခဲ့သည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ဘုရင်သီဟာနုနှင့်လည်းကောင်း၊ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်နှင့် ဒုတိယ ဝန်ကြီးချုပ် ဟွန်ဆန်တို့နှင့် လည်းကောင်းတွေ့ဆုံခဲ့သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး အန့်ဟွတ်နှင့် တွေ့ဆုံ ဆွေးနွေး အပြီးတရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး က တရုတ်နှင့် ကမ္ဘောဒီးယားတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်ကြောင်း၊ ကမ္ဘောဒီးယား၏ နိုင်ငံရေး အခြေနေမှာ တည်ငြိမ် ပြီး စီးပွားရေးတိုးတက် ကောင်းမွန်လာကြောင်း ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်သမ္မတ လီဒတ်အန်သည် နှစ်ရက်ကြာခရီးလှည့်လည်ရန် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ရောက်ရှိခဲ့သည်။ ဗီယက်နမ်သမ္မတ လာရောက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး ကောင်းများ ထူထောင်ရေးဟူသောကမ္ဘောဒီးယား နိုင်ငံခြားရေးမူဝါဒ၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။ ၁၉၇၉ –၉၁ ခုနှစ် ပြည်တွင်းစစ်ကာလအတွင်း ကျဆုံးသွားကြသော ပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုထားသည့် ဗီယက်နမ်–ကမ္ဘောဒီးယားမိတ်ဆွေဖြစ် ကျောက်တိုင်တွင် ဗီယက်နမ် သမ္မတ လီဒတ်အန်က လွမ်းသူ့ပန်းခွေချခဲ့သည်။

၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘောဒီးယားသို့ ဗီယက်နမ်ဝင်ရောက်ခြင်းဖြင့် ခမာနီတို့ လက်အတွင်း ကျရောက်နေသော မိမိနှင့်မိမိပြည်သူများ၏အသက်ကို ကယ်တင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ကမ္ဘောဒီးယား နိုင်ငံက ကျေးဇူးဆပ်ရန်ရှိနေကြောင်း ကမ္ဘောဒီးယားဘုရင်သီဟာနုက ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့၌ ပြောကြားသည်။

၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်ကုလသမဂ္ဂက ကြီးကြပ်ကျင်းပသည့် ရွေးကောက်ပွဲကာလအထိ ကမ္ဘောဒီးယားကို အုပ်ချုပ်ခဲ့သောဖနွမ်းပင်အစိုးရကိုလည်း သီဟာနုက အပြစ်မှကင်းလွတ်စေလိုက်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ဖနွမ်ပင်အစိုးရမှာဗီယက်နမ်က တင်မြှောက်လိုက်သည့်အစိုးရဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ကမ္ဘောဒီးယားသို့ ဗီယက်နမ်တို့ဝင်ရောက်ခြင်းမှာ တရားမဝင်သော်လည်း နောက်တစ်လအကြာတွင် ဗီယက်နမ်တို့က သွေးစွန်းသည့်ပိုပေါ့အစိုးရကို ဖယ်ရှားပေးလိုက်ကြောင်းဘုရင်သီဟာနုကပြောခဲ့သည်။ ပိုပေါ့ကိုသာ ၎င်းတို့က ဖယ်ရှားမပစ်လျှင် မိမိသာမဟုတ် ကမ္ဘောဒီးယား ပြည်သူတိုင်း အသတ်ခံရမည်ဟု သီဟာနုက ပြောသည်။ ဘုရင်သီဟာနုသည် ၁၉၇၅ မှ ၁၉၇၉ အထိ ကမ္ဘောဒီးယား ကိုအုပ်စိုးခဲ့သည့် ပိုပေါ့အစိုးရလက်ထက်၌ နန်းတော်တွင်း အကျယ်ချုပ် ဖမ်းဆီးခံခဲ့ရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၅ ခုနှစ်အတွင်း အဆင့်မြင့်နိုင်ငံခြားကိုယ်စားလှယ် သုံးဖွဲ့ရောက်ရှိခဲ့သည်။

## စီးပွားရေး

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားစီးပွားရေး ကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကုမ္ပဏီပေါင်း ၅၅၂ ခုအထိရှိလာခဲ့သည်။ ထိုကုမ္ပဏီများအနက် ကုမ္ပဏီ ၁၀၄ ခုသည် ထိုင်းနိုင်ငံမှ ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လက လွတ်လပ်ပျော့ပျောင်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေ(Liberal investment law) ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ ပြဋ္ဌာန်းပြီးနောက် ကမ္ဘောဒီးယားတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ငွေပမာဏတိုးတက်လာခဲ့ရာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရှိခဲ့သည်။ ယင်းသို့ရှိလာခဲ့သောကြောင့် အလုပ်အကိုင် ၃၂,၀၀၀ ပေါ်ပေါက်လာပြီး အလုပ်လက်မဲ့များအလုပ်ရရှိခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Tang Jiaxuan သည် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ကမ္ဘောဒီးယား အခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း၊ စီးပွားရေးအခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားပြည်သူများ၏ လူနေမှုဘဝ မှာလည်း တိုးတက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့၌စင်ကာပူနိုင်ငံသို့ တရားဝင်မဟုတ်သော အလွတ်သဘောသုံးရက်ကြာ သွားရောက်ခဲ့သည်။ စင်ကာပူနိုင်ငံမှလုပ်ငန်းရှင်များ ကမ္ဘောဒီးယားတွင် ပိုမိုရင်းနှီးမြှုပ်နှံလာရေး ရည်ရွယ်ချက်ဖြင့် စင်ကာပူသို့ ဟွန်ဆန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားဗဟိုဘဏ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ရီယယ်ငွေစက္ကူသစ်များကို ထုတ်ဝေသည်။ ယင်းသို့ ရီယယ်ငွေစက္ကူသစ်များနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ဈေးကွက်များတွင် တွင်တွင်ကျယ်ကျယ်လည်ပတ်သုံးစွဲနေသော ဒေါ်လာငွေပမာဏ လျော့သွားလိမ့်မည်ဟု ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး Thor Peng Leath ကပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အသေးအဖွဲ့ပစ္စည်းများ ရောင်းဝယ်ရာ တွင်ရီယယ်ငွေကိုအသုံးများသည်။ တန်ဖိုးကြီးမားသော နေအိမ် သို့မဟုတ် ယာဉ်များ ဝယ်ယူရာတွင် ငွေများဖြင့် ပေးချေကာ အရောင်းအဝယ် ပြုခြင်းလည်း ရှိသည်။

လတ်တလော နိုင်ငံတွင်းလည်ပတ်သုံးစွဲနေသည့် ရီယယ်ငွေ၏ အမြင့်ဆုံးတန်ဖိုးသည် ၅၀၀ ထိသာရှိသဖြင့် ပုံမှန်ဝယ်ယူသုံးစွဲရသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု လုပ်ငန်းများအတွက်ငွေပေးချေရာတွင် ရီယယ်ငွေစက္ကူကိုင်တွယ် အသုံးပြုရမှုပမာဏ ကြီးမားသောကြောင့် လက်တွေ့တွင် ရီယယ်ငွေစက္ကူသည် တွင်ကျယ်မှုမရှိ ဖြစ်နေသည် ဆိုသည်။ ထို့ကြောင့် မတ်လ ၂၅ ရက်နေ့၌ စတင်သုံးစွဲသည့် ရီယယ်ငွေစက္ကူ၏ တန်ဖိုးကို ၁,၀၀၀ ရီယယ်မှ ၁,၀၀,၀၀၀ ရီယယ်အထိ ရိုက်နှိပ်ထားသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် အမျိုးသားစီးပွားရေးအခြေခိုင်မာမှုရှိရေး ကြိုးပမ်းရန်အတွက် ပထမဆုံးအကြိမ် ကုန်စည်ပြပွဲဖြစ်သည့် ကမ္ဘောဒီးယား ကုန်သွယ်ရေးပြပွဲ(စီတီအက်ဖ် ၉၅) ကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြပွဲမှာ ကမ္ဘောဒီးယား ဘုရင်အစိုးရအဖွဲ့ကို ထူထောင် ပြီးချိန်မှစပြီး ပထမဆုံး ဖွင့်လှစ်သော ကုန်သွယ်ဆိုင်ရာ ပြပွဲဖြစ်ကြောင်း ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ချမ်ပရာဆစ်က ပြောကြားသည်။ အဆိုပါ ကုန်သွယ်ရေး ပြပွဲကို ဧပြီလ ၂၃ ရက်နေ့အထိပြသခဲ့ပြီး ပြပွဲတွင် ကုမ္ပဏီ ၆၀ ကျော် ပါဝင်ပြသရာ အများစုမှာ နိုင်ငံခြားကုမ္ပဏီများ ဖြစ်သည်။

## ပြန်လည်ထူထောင်ရေး

လူ့အခွင့်အရေး၊ လာဘ်ပေးလာဘ်ယူမှုတို့နှင့် စပ်လျဉ်း၍ မကြာသေးမီက ဝေဖန်မှုများရှိလင့်ကစား အရှေ့တောင် အာရှနိုင်ငံဖြစ်သော ကမ္ဘောဒီးယားအား ထောက်ပံ့ကူညီမှု လျော့ချလိမ့်မည်မဟုတ်ဟု မိမိယူဆကြောင်း ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏အဓိကအလှူရှင်နိုင်ငံများက ကမ္ဘောဒီးယားနိုင်ငံအား ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် အတွက် ဒေါ်လာသန်း ၁,၃၅၀ ထောက်ပံ့မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ကတိပြု ပြောကြား လိုက်သည်။ သို့သော် ကမ္ဘောဒီးယား စီးပွားရေးဝန်ကြီး ကိချွန်က ပါရီတွင်ပြုလုပ်သော အလှူရှင်နိုင်ငံများ အစည်းအဝေးပွဲ အပြီးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အလှူရှင် နိုင်ငံအများစုက လူသိရှင်ကြားပြောဆိုခြင်း မရှိသေးကြောင်း ပြောဆိုသည်။

**ကမ္ဘောဒီးယား နိုင်ငံ**

၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကမ္ဘောဒီးယား နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ချေးငွေဒေါ်လာသန်း ၂၀ ထုတ်ယူပြီး နိုင်ငံခြားတိုင်းပြည်များက အာမခံထားသည့် ပေးအပ်မည့် အကူအညီငွေကို ကျောထောက်နောက်ခံပြုကာ စတင် အသုံးချခဲ့သည်။ စစ်ကြောင့်ပျက်စီးနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံပြန်လည်ထူထောင်နိုင်ရေးအတွက် ဒေါ်လာသန်း ၉၀၀ ပေးမည်ဟု အလှူရှင်နိုင်ငံများက ပါရီတွင်ပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ အာမခံခဲ့သည်။

ကမ္ဘာ့ဘဏ်ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့်အတူ အနှစ် ၄၀ အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပါချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများတွင် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆေးရုံ၊ တံတား၊ လမ်းများ၊ ရေကာတာများတည်ဆောက်ခြင်း တို့ပါဝင်ပေသည်။

(ဦးစိန်ငွေး)

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၅)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်းကောင်း၊ နိုင်ငံတကာ၌လည်းကောင်း သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကုမာရ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ၊

မဟာဂန္ဓဝါစက ပဏ္ဍိတ၊ သိရီပဝရ ဓမ္မာစရိယ၊ ကျိုက္ကစံဆံတော်ရှင် စေတီတော် ဩဝါဒါစရိယ၊ ရန်ကင်းမြို့နယ် နိမ္မိတာရုံ ပရိယတ္တိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ကောသလ္လ၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ၊
အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာ ဂါရိက၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၌ ပျံလွန်တော်မူသည်။)

**ကောသလ္လာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ပဋိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ စမ်းချောင်းမြို့နယ် မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

**ကိတ္တိ၊ ဘဒ္ဒန္တ**

သက်တော် (၈၄ ) နှစ်၊ သိက္ခာတော် ၆၄ ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စလင်းမြို့ မဟာဝိသုတာ ရာမကျောင်းတိုက်၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**စန္ဒနဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ သထုံမြို့ မိုးမခတောင် သဏ္ဍအလံတရာ မဟာနာယက ဆရာတော်၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဇာနေယျ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၄ ) နှစ်၊ သိက္ခာတော် (၅၄) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏဓဇ ၊ ဘဒ္ဒန္တ**

သက်တော် (၈၈) နှစ် ၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း၏ အဌမမြောက် ဂိုဏ်းချုပ်၊

မော်လမြိုင်မြို့ မဟာရင်သုခကာရီ ပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏရံသီဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊မဟာဒွာရ နိကာယသြဝါဒါစရိယ၊ ကော့မှူးမြို့နယ် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**တေဇ၊ ဘဒ္ဒန္တ**

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ပိတောက်ရွှေဝါကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဓမ္မပါလ၊ ဘဒ္ဒန္တ**

သက်တော် (၇၀) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယက ဥက္ကဋ္ဌ (သုဝဏ္ဏာ)၊ ပုသိမ်မြို့ မန္တလေးကျောင်းတိုက်၏ ဦးစီးနာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**နာယက၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

ဝေဠုဝန်နိကာယ သတ္တမမြောက် ဂဏာဓိပတိ၊ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၌ ပျံလွန်တော်မူသည်။)

**နန္ဒမာလာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်းတောင်ရိုးနန္ဒမူချောင် ချမ်းသာကြီးတိုက်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

**နာရဒ၊ ဘဒ္ဒန္တ**

သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မိုးကုတ်မြို့ မစိုးရိမ်ကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ သိရီ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**

သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဟောင်း၊ ပဲခူးမြို့ သုဝဏ္ဏဂိုဏ်းကြီး၏ ဦးစီးနာယက၊ ပဲခူးမြို့ ကျောက်ပန်းတောင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

**လာဘဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၁) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ သီပေါ်အုန်းဘောင်လေးမြို့ ဂိုဏ်းချုပ်၊ သီပေါမြို့၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် သက်တော်ရှည်ရာကျော် ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိစိတ္တသာရ၊ ဘဒ္ဒန္တ**

သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ မြောင်းမြမြို့ စက္ကုန်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရဋ္ဌညှု မဟာနာယက၊ ပြည်မြို့ မဟာဝမ္မိကာရာမတောရကျောင်းတိုက် ဦးစီးပဓာန နာယက၊ (၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘီးလင်းမြို့နယ် ကျောက်တလုံးကျောင်းကြီး ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိရိယ၊ ဘဒ္ဒန္တ**

သက်တော်(၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဂဏဝိမုတ် စာချွန်တော်ရ ကူးတို့ ဂိုဏ်းချုပ်၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ် ကဆုန်လဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသေဋ္ဌာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော်(၈၅ ) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်သာသနာပိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သပြေကန် ဆရာတော်ကြီး၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သဉ္ဇောဘာသ၊ ဘဒ္ဒန္တ**

သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိ ဘာဏက၊ သာသနဓဇ ဓမ္မာစရိယ၊ ဒွိဃနိကာယ ပါဠိပါရဂူ၊ ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာ သာသန နယူးပဒေသကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**သဟမ္ပတိ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် မြဟ္မနိမ္မိတာရုံ စာသင်တိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သာဓိန၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် တိုက်အုပ်ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သီရိဇေယျ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ် ပဋ္ဌနာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သီရိကုဏ္ဍလ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ မဇ္ဈိမ ဘာဏက၊ မဇ္ဈိမနိကာယ ကောဝိဒ၊ အရာတော်မြို့နယ် ဥမင်တောရ ရိပ်သာကြီး၏ ဦးစီးပဓာန နာယက၊ (၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သီလဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၃) ဝါ၊

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘားအံမြို့ လေသာကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သုဒဿန၊ ဘဒ္ဒန္တ**

သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဌသံဂါယနာ မူလဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် ဒုတိယတိုက်အုပ် နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သုမန၊ ဘဒ္ဒန္တ**

သက်တော်(၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အစိုးရဝမ္မာစရိယ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ဟောင်း၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်စာချ ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သုမနာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋက ဩဝါဒါစရိယ၊ ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**သောမန၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက်၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**

သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မြင်းခြံမြို့ သုဝဏ္ဏ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမသာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဘိဝဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကန်တီကူးမား၊ ဦး**

အသက် (၅၁) နှစ်၊
ဂုဏ်ထူးစာပေတိုက်၊ M.Sc (Physics)၊
(၂၉ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။ )

**ကျော်ခင်၊ ဦး**

အသက် (၇၇) နှစ်၊
စာပေဗိမာန်အဖွဲ့ အငြိမ်းစားတွဲဖက်ညွှန်ကြားရေးမှူး၊
(၄ –၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ကြင်ဆွေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ သော်တာဆွေ၊ ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆု၊ ၁၉၆၄ ခုနှစ် အနုပညာစာပေဆုနှင့် ၁၉၇၀ ပြည့်နှစ် အမျိုးသား စာပေဆုရှင်၊ ဟာသဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားရာတွင် နာမည်ကျော်ကြားသူ၊
(၄–၃–၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်ခင်၊ ဒေါ် (ပြည်)**

အသက် (၈၇) နှစ်၊
စာရေးဆရာမကြီး မယ်ခကွေး၊ B.A, B.Ed စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဟောင်း၊အငြိမ်းစား သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊
(၂ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဘို၊ ဦး**

အသက် (၇၉) နှစ်၊ မြန်မာ့ရေတပ်မတော် အငြိမ်းစား ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး၊
(၂၁ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်လွင်၊ ဦး (ဝဏ္ဏကျော်ထင် သီရိပျံချီ)**

အသက် (၉၁) နှစ်၊
ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာန အငြိမ်းစားအတွင်းဝန်၊
(၁၈ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဝင်း၊ ဦး**

အသက် (၄၆) နှစ်၊
တေးသံရှင် မိုးမင်းဝင်း၊
(၁၆ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ချစ်မောင်၊ ဦး (ဝဏ္ဏကျော်ထင်)**

အသက် (၆၉) နှစ်၊
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အငြိမ်းစား ဒုတိယ ဝန်ကြီး၊ အငြိမ်းစား သံအမတ်ကြီး၊ M.A (Oxon) B.L.၊
(၂၀ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဂင်ဇာရင်ရင်၊ ဒေါ်**

အသက် (၇၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ခေတ်ဟောင်းအဆိုတော်၊
(၁၀ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စံတင်၊ ဦး**

အသက် (၇၄) နှစ်၊
သမဝါယမဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ B.A (Hons)., M.Ed .(Syr), ၊ B. E. S ၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စဝ်အုန်းညွှာ ၊ ဦး**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စိမ်းအောင် ၊ ဦး**

အသက် (၄၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ မောင်စိမ်းအောင်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အမျိုးသား ဇာတ်ပို့ဆု) ရှင်၊
(၁၆ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ညွှန့် ၊ ဒေါ် (သုဝဏ္ဏသိင်္ဂီ)**

အသက် (၈၂) နှစ်၊
ထားဝယ်မြို့ တိုင်းရင်းသူဆေးလိပ်ခုံပိုင်ရှင်၊
(၂၇ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်နွယ်စိန် ၊ ဦး**

အသက် (၄၇) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ တင်နွယ်စိန်၊
(၁၇ – ၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဖေ ၊ ဦး (စည်သူ)**

အသက် (၈၂) နှစ်၊
တော်လှန်ရေး တပ်သားကောင်း၊ တော်လှန်ရေးကောင်စီဝင်နှင့် တော်လှန်ရေးအစိုးရအဖွဲ့ဝင်ဟောင်း၊ အငြိမ်းစား ဗိုလ်မှူးချုပ်၊
(၁၉ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်မြင့် ၊ သခင် (ဦးနေအောင်)**

အသက် (၇၈) နှစ်၊
စာရေးဆရာ ရဲဘော်နေအောင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊
(၁၆ – ၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်လှ၊ ဦး**

အသက် (၆၇) နှစ်၊
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ တွဲဖက်အတွင်းရေးမှူး (၂) ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
(၂၉ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဓေ ၊ ဦး (ရှမ်းပြည်)**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်၊
တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစား စာတည်းမှူး၊
အငြိမ်းစား မြန်မာစာပါမောက္ခ၊ အငြိမ်းစား မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁၆ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင့်ဆန်း၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ တင့်ဆန်း၊
(၂ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တောင်စာနိုင်၊ ဦး**

အသက် (၆၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အတွင်းရေးမှူး ၊ အငြိမ်းစား ဗိုလ်ချုပ်၊
(၁၁ – ၁၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နီလာ၊ မ (မနှင်းသီတာချစ်)**

အသက် (၂၆) နှစ်၊
သရုပ်ဆောင် လွန်းပိုးအိမ် ၊ B.Sc. ၊
(၂၃ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နု ၊ ဦး (သခင်နု)**

အသက် (၈၈) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ၊ စာရေးဆရာ၊
(၁၄ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်လေး၊ ဒေါက်တာ**

အသက် (၆၃) နှစ်၊
အငြိမ်းစား ဒုတိယဝန်ကြီး ၊
(၂ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်သိန်းတန်**

အသက် (၇၃) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်း အပတ်စဉ် (၁) ဆင်း၊ အငြိမ်းစား ပါတီ သုတေသနဌာနကြီးမှူး၊
(၂၈ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဘငြိမ်း ၊ ဦး**

အသက် (၇၉) နှစ်၊
အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ အငြိမ်းစား ဗဟိုအလုပ်သမား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊
(၁၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ကြီး ၊ ဦး**

အသက် (၅၂) နှစ်၊
စာရေးဆရာ ငြိမ်းကျော်၊ ၁၉၇၃ ခုနှစ် အမျိုးသားစာပေဆုရှင်၊ ရေးဟောင်းသုတေသန ပညာရှင်၊ ရုပ်ရှင် ဒါရိုက်တာ၊
(၁၇ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ခ ၊ ဦး (ဧယျ ကျော်ထင်)**

အသက် (၇၅) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် ၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ်၊ အငြိမ်းစား ဗိုလ်မှူးကြီး ၊
(၃၀ – ၄ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မန်းလှဖေ ၊ ဦး**

အသက် (၈၀) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊
(၂၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမင်း ၊ ဦး**

အသက် (၈၆) နှစ်၊
စာရေးဆရာနွယ်စိုး ၊ အငြိမ်းစား အင်္ဂလိပ်စာ ပါမောက္ခ၊
(၂၁ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြဦး ၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ သန်လျင်မြဦး၊ အငြိမ်းစား ပန်းတျာကျောင်းအုပ်ကြီး၊ အနုပညာဦးစီးဌာန ဂီတအကြံပေးပုဂ္ဂိုလ် ၊ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန တေးဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆုနှင့် ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုရှင်၊
(၁၃ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြတ်တင်အေး ၊ ဦး**

အသက် (၅၈) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ မြတ်တင်အေး ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင် ၊ စိန်ဂျွန်းကျောင်းသားဟောင်းများ အသင်း အတွင်းရေးမှူး ၊
(၁၄ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်အောင်၊ ဦး**

အသက် (၉၁) နှစ်၊
စာရေးဆရာ ရန်အောင်၊မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကကြီး ၊စာပေဗိမာန်အဖွဲ့ စာပေအတိုင်ပင်ခံ၊ ၁၉၉၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရှင်၊
(၉ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**လှရွှေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာနှင့် စန္ဒရားဆရာ စစ်ကိုင်း လှရွှေ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့် ဦးစီးဌာန မဟာဂီတစိစစ်ရေးအဖွဲ့ဝင်နှင့် ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင် ၊ ၁၉၉၄ ခုနှစ်၊ အမျိုးသား စာပေဆုရှင်၊
(၈ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန့်တင်၊ ဦး (သီရိပျံချီ)**

အသက် (၈၅) နှစ်၊
စာရေးဆရာကြီး ဒဂုန်ရွှေပြည်စိုး ၊ B.A. , B.Ed ၊ အငြိမ်းစား ပါလီမန်အတွင်းဝန် ၊
(၃ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းဇော ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ အောင်မိုး ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အငြိမ်းစားညွှန်ကြားရေးမှူး (စီမံ)၊
(၁၀ –၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဦး၊ နဂါး ဒေါ် (အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ)**

အသက် (၈၆) နှစ်၊
မန္တလေးမြို့ နဂါး ဒေါ်ဦး ဆေးလိပ်ခုံပိုင်ရှင် ၊
(၁၁ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အေးသိန်း၊ ဦး**

အသက် (၅၂) နှစ်၊
ရုပ်ရှင်ဓာတ်ပုံဆရာ အကယ်ဒမီ ချစ်မင်းလူ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (ရုပ်ရှင်ဓာတ်ပုံဆု ) သုံးကြိမ် ဆွတ်ခူးရရှိသူ၊
(၉ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်ကြီး ၊ ဦး**

အသက် (၆၀) နှစ်၊
စန္ဒရား အောင်ကြီး ၊ အငြိမ်းစား မြန်မာ့အသံ ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင် ၊
(၁၈ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်သော်၊ ဦး**

အသက် (၇၄) နှစ်၊
မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊
(၉ – ၉ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ
## နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊အနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စသည့်နယ်ပယ် အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။ ကွယ်လွန်သည့်ခုနှစ် မဖော်ပြလျှင် ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ခြင်းဟုယူ၍ ခုနှစ်သီးခြားဖော်ပြလျှင် ထိုနှစ်၌ ကွယ်လွန်ခြင်းဟုယူရန် ဖြစ်ပါသည်။

**ကဆာတယ်လီ, ဖေဘီယို (၂၄နှစ်)**

အီတလီလူမျိုး ပြိုင်စက်ဘီးချန်ပီယံ၊ ၁၉၉၂ ခုနှစ် အိုလင်းပစ် ရွှေတံဆိပ်ဆုရှင်။ ပြင်သစ်နိုင်ငံတွင် ပြိုင်ပွဲဝင်နေစဉ် နေပူသောကြောင့် အကာအကွယ်ဦးထုပ်ဆောင်းမထားခဲ့သဖြင့် မတ်စောက်သော အဆင်းလမ်းကွေ့တစ်ခုတွင် တစ်နာရီ ကီလိုမီတာ ၉၀ နှုန်း စီးလာသော အရှိန်ကို မထိန်းနိုင်ဘဲ လဲကျ၍ ဦးခေါင်းဒဏ်ရာဖြင့် ဇူလိုင်လ ၁၈ ရက်နေ့၌ ကွယ်လွန်သည်။

**ကနေဒီ, ရို့စ် ဖစ်ဂျာရဲလ်ဒ် (၁၀၄ နှစ်)**

သမ္မတ ဂျွန်အက်ဖ်ကနေဒီအပါအဝင် အမေရိကန် နိုင်ငံရေးသမိုင်း တွင် သံမဏိရှည်ကြာ သမ္မာအရင့်ဆုံး နိုင်ငံရေးမိသားစုကြီး၏ မိခင်။ ဘော်စတွန်မြို့တော်ဝန် ဂျွန်အက်ဖ်ဖစ်ဂျာရဲလ်ဒ်၏ သမီးအကြီးဆုံးဖြစ်ပြီး ဘော်စတွန်မြို့နှင့် ဥရောပနိုင်ငံများ၌ ပညာသင်ကြားခဲ့သည်။ အသက် ၂၄ နှစ်အရွယ်တွင် ဂျိုးဆက်ပီကနေဒီနှင့်

လက်ထပ်ခဲ့ပြီး ၁၈ နှစ်အတွင်း သားသမီးကိုးယောက် ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူက စီးပွားရေးလုပ်ငန်းကြီး အမျိုးမျိုးဖြင့် သူဌေးဖြစ်ကြွဲနေချိန်၊ မိန်းမလိုက်စားသူအဖြစ် နာမည်ထွက်ချိန်တွင် ရို့စ်သည် သူမ၏ရင်သွေးများကို သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် စည်းကမ်းတကျ သွန်သင်ထိန်းကျောင်းလာခဲ့ရသည်။ သူမ၏ သားသမီးများကလည်း မိခင်အတွက် ဂုဏ်ယူလောက်သော ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာအောင် ကြိုးစားခဲ့ကြ သကဲ့သို့ ဆိုးရွားလှသော ကံကြမ္မာတို့ကြောင့် သောက ဝေဒနာပါ သူမခံစားခဲ့ရသည်။ သမီးအကြီးဆုံး ရို့စ်မာရီ သည် ဉာဏ်ရည်ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် လူမှုဝန်ထမ်းဂေဟာသို့ ပို့ခဲ့ရသည်။ သားဖြစ်သူ ဂျိုးဂျူနီယာသည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သမီးဖြစ်သူ ကက်သလင်းန်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ လေယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့သည်။ ထို့နောက် တစ်ဖန် ၁၉၆၃ ခုနှစ်တွင် ပြည်သူချစ်သော သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံလိုက်ရသော အခါ သူမနှင့်အတူ တစ်ကမ္ဘာလုံးက ကြေကွဲဝမ်းနည်းခဲ့ကြသည်။ တစ်ဖန် ၁၉၆၈ ခုနှစ်တွင် ထက်မြက်သော သားတစ်ဦးဖြစ်သည့် ရောဘတ်ကနေဒီ အသတ်ခံခဲ့ရပြန်သည်။ နောက်နှစ်တွင် သူမ၏ ခင်ပွန်း ကွယ်လွန်ခဲ့သည်။ လောကဓံကို မတုန်မလှုပ် ရင်ဆိုင်ခဲ့သော ရို့စ်ဖစ်ဂျာရဲလ်ဒ် ကနေဒီ သည် အသက် ၁၀၄ နှစ်အရွယ်တွင် မက်ဆာချူးဆက် ပြည်နယ်၌ ကွယ်လွန်သည်။

## ကိုလာ, ကျော့ဂျက်စ် (၄၈ နှစ်)

ဂျာမန်လူမျိုး ၁၉၈၄ ခုနှစ် ဆေးပညာနိုဗဲဆုရ ပုဂ္ဂိုလ်။ အဆုတ်အအေးမိရောဂါဖြင့် ဂျာမနီနိုင်ငံ ဖရေးဘာ့ဂ်မြို့တွင် မတ်လအတွင်းက ကွယ်လွန်သည်။

## ကင်းစလေး , ဆစ်ဒနီ (၅၈ နှစ်)

ပူလစ်ဇာဆုရ ထင်ရှားသော အမေရိကန် ပြဇာတ်ရေးဆရာကြီး။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော "Men in White" ပြဇာတ်မှာ ပူလစ်ဇာဆု ရရှိခဲ့ပြီး "Dead End" (၁၉၃၆) ပြဇာတ်သည်လည်း လွန်စွာပင် ထင်ရှားပြောင်မြောက် ခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

## ချန်ယွန်း (၈၉နှစ်)

တရုတ် ကွန်မြူနစ်ပါတီ ဝါရင့်ခေါင်းဆောင်ဟောင်း – ပါတီဗဟိုကော်မတီတွင် ၁၉၃၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိနှင့် ပေါ်လစ်ဗျူရိုတွင် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဝါရင့်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်နှင့် ၁၉၈၅ ခုနှစ်အထိ အနီးကပ်မဟာမိတ်ဖြစ်ခဲ့သူ၊ နောက်ပိုင်းတွင် တိန့်ရှောင်ဖိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအပေါ် အပြင်းအထန် ဝေဖန်ခဲ့သူ၊ ဧပြီလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

## ဂါး , မော်ဒေချိုင် မော်တာ (၆၅ နှစ်)

အစ္စရေး ဒုတိယ ကာကွယ်ရေးဝန်ကြီး၊ ၁၉၆၇ ခုနှစ်တွင် ဂျရုဆလမ်ရှေးဟောင်းမြို့တော်ကို လေထီးတပ်များဖြင့် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သော စစ်သူရဲကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အစ္စရေးတပ်မတော် အကြီးအကဲအဖြစ်ရှိစဉ် ၁၉၇၆ ခုနှစ်က ဓားစာခံ ၁၀၄ ဦးကို လေယာဉ်ပြန်ပေးသမားများလက်မှ ကယ်တင်ခဲ့သော နာမည်ကျော်အင်တက်ဘီလေဆိပ် ကယ်ဆယ်မှု စစ်ဆင်ရေးတွင် ကွန်မန်ဒိုအဖွဲ့ကို ကြီးကြပ်ညွှန်ကြားပေးခဲ့သူ၊ ကင်ဆာရောဂါဝေဒနာကို မခံစားလိုတော့၍ ဇူလိုင်လအတွင်းက မိမိကိုယ်ကို ပစ်သတ်၍ အဆုံးစီရင်ခဲ့သည်။

## ဂေါ်ဘာချော့ , မာရီယာ ပန်တီလီယက်ဗနာ (၈၄နှစ်)

ယခင် ဆိုဗီယက်ပြည်ထောင်စု သမ္မတဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်၏မိခင် – သားဖြစ်သူ ဂေါ်ဘာချော့ဗ် အထွတ်အထိပ်ရောက် နေစဉ်ကာလ၌အဆင့်မြင့်မြင့်၊ ဇိမ်ကျကျ နေခွင့်ရခဲ့သည့်တိုင် သူမသည် ရုရှားနိုင်ငံတောင်ပိုင်း ပရီဗိုလ်နိယေအမည်ရှိ ရွာကလေး၌ပင် ရိုးရိုးလေး နေသွားခဲ့သည်။ ထိုရွာလေး၌ ဂေါ်ဘာချော့ဗ်ကို မွေးဖွားခဲ့ပြီး ထိုရွာလေး၌ပင် ဂေါ်ဘာချော့ဗ်၏ ဖခင်သည်လည်း ကွယ်လွန်ချိန် ၁၉၇၆ ခုနှစ်ထိ နေသွားခဲ့သည်။ သူမသည် ဧပြီလတွင် ကွယ်လွန်သည်။

## ဂျာဘရာ, ဂျဘရာ အီဗရာဟင် (၇၅နှစ်)

အီရတ်နိုင်ငံသား စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာ။ ရှိတ်စပီးယား၏စာပေလက်ရာများကို အာရေဗျဘာသာသို့ပြန်ဆိုပေးခဲ့၍ အာရပ်နိုင်ငံ တက္ကသိုလ်များတွင် ဖတ်ရှုလေ့လာရန် ပြဋ္ဌာန်းခြင်းခံရသည်။ ဘဂ္ဂဒက်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

## ဂျီလက်စ်, ကားလ် (၇၈နှစ်)

လန်ဒန်မြို့ထုတ် ဒေးလီးအိပ်စ်ပရက်စ်သတင်းစာကြီးနှင့် ဆန်းဒေးအိပ်စ်ပရက်စ်တို့တွင်နှစ် ၅၀ ကျော်မျှ ကာတွန်း

ရုပ်ပြောင်များ ရေးဆွဲလာခဲ့သူ နာမည်ကျော် ကာတွန်းဆရာကြီး။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်။

**စပင်ဒါ, စတီဖင် (၈၆နှစ်)**

ဗြိတိသျှလူမျိုး ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ၊ စာပေဝေဖန်ရေးသမား၊ နိုင်ငံရေးစာပေရေးသားသူ၊ "ဟရိုင် ဇင်" (မိုးကုတ်စက်ဝိုင်း) အမည်ရှိ စာပေမဂ္ဂဇင်းကို စတင် တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့သူနှင့် တည်းဖြတ်ခဲ့သူ၊ နောင်တွင် ဩဇာတိက္ကမကြီးနားသော "အန်ကောင်တာ" (ဆုံတွေ့ခြင်း) ဂျာနယ်ကိုတည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သူ၊ ၁၉၆၂ ခုနှစ် တွင်"နိုက်"ဘွဲ့ဖြင့် သူကောင်းပြုခံရသူ။ နှလုံးရောဂါဖြင့် ဇူလိုင်လ ၁၆ ရက်နေ့က လန်ဒန်မြို့တွင် ကွယ်လွန်သည်။

**စမစ်, မာဂရက် ချေ့စ် (၉၇နှစ်)**

အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်နှင့်အထက်လွှတ်တော်နှစ်ရပ်စလုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပထမဆုံးအမျိုးသမီးနိုင်ငံရေးသမား၊ လွှတ်တော်နှစ်ရပ်လုံးတွင် ၃၂ နှစ်ကျော်ဆောင်ရွက်ခဲ့သူ၊ မေလ ၂၉ ရက်နေ့တွင် မိန်းပြည်နယ်၊ စကောင်ဟေဂင်မြို့တွင် ကွယ်လွန်သည်။

**စီယာနီ, အက်ဒါမူ ဆိုလီနီ (၈၄နှစ်)**

အီတလီဖက်ဆစ်အာဏာရှင်ခေါင်းဆောင်မူဆိုလီနီ၏ အကြီးဆုံးသမီး။ သူမ၏ခင်ပွန်းနိုင်ငံခြားရေးဝန်ကြီး ဂလက်ဇိုစီယာနိုသည် မူဆိုလီနီကို ယာယီပြုတ်ကျသွားစေနိုင်သည့် ၁၉၄၃ ခုနှစ် ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့မှု အတွက် ၁၉၄၄ ခုနှစ်တွင် သေဒဏ်စီရင်ခံခဲ့ရသည်။ ဖခင်ဖြစ်သူအား အမျိုးမျိုး ကန့်ကွက်ခဲ့သော်လည်း မရဘဲ လက်မရွံ့အာဏာပါးကွက်သားတပ်ဖွဲ့၏ ပစ်သတ်စီရင်ခြင်းကို ခံခဲ့ရသည်။ သူမ၏ဖခင်ထံ ရေးသော စာတစ်စောင်တွင် " သွေးစွန်းခဲ့ရသော ခင်ပွန်းသည်၏ အမည်ကို ဂုဏ်ယူစွာဖြင့်ထိန်းသိမ်းသွား ပါမည်"ဟု ပါရှိခဲ့သည်။ အီတလီနိုင်ငံ၊ ရောမမြို့တွင် ဧပြီလအတွင်းက ကွယ်လွန်သည်။

**ဆလိုဗို, ဂျိုး (၆၈နှစ်)**

အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှု၊ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးတို့တွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ခဲ့သော တောင်အာဖရိက အိုးအိမ်ဝန်ကြီးဌာနဝန်ကြီး။ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဂျိုဟန်နက်စ်ဘတ်မြို့တွင် ကွယ်လွန်သည်။

**ဆာဆာကာဝါ၊ ရိုင်ယိုအိချိ (၉၆ နှစ်)**

ဂျပန်လူမျိုးအစွန်းရောက် အမျိုးသားရေးဝါဒီ၊ ၁၉၃၁ ခုနှစ်တွင် မျိုးချစ်လူထုပါတီကို တည်ထောင်ခဲ့သူ၊ အလောင်းအစား အလွန်ဝါသနာကြီး၍ အလှူအတန်း ရက်ရောသော သူဌေးကြီး။ ဒုတိယကမ္ဘာစစ်အတွင်းက မုံးကြွ လေယာဉ်အစင်း ၂၀ ပါဝင်သော ကိုယ်ပိုင်လေတပ်တစ်ခုဖွဲ့စည်း၍ သူ့နိုင်ငံကို ကူညီခဲ့သူ။ အီတလီသို့ လေယာဉ်ဖြင့်သွား၍ အာဏာရှင် မူဆိုလီနီနှင့်တွေ့ဆုံခဲ့သည်။ စစ်အပြီးတွင် အမေရိကန်တပ်များက သူ့အား စစ်ရာဇဝတ်ပြစ်မှုဖြင့် ထောင်ဒဏ်လေးနှစ်ချခဲ့သည်။ နောင်တွင်သူသည် ဒေါ်လာသန်းထောင်ပေါင်းများစွာတန်သော တရားဝင် လောင်းကစားမှုလုပ်ငန်းကြီးများကိုတည်ထောင်ခဲ့ပြီး ဒေါ်လာသန်းတစ်ထောင်ကျော်မျှ မက လှူဒါန်းခဲ့သည်။ တိုကျိုမြို့တွင် ဇူလိုင် ၁၈ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဆာတန်, မေ (၈၃နှစ်)**

ထင်ရှားသော အမေရိကန်လူမျိုး စာရေးဆရာနှင့် ကဗျာဆရာမကြီး ။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဆူဟာနိုဖောင်၊ မင်းသားကြီး (၈၆ နှစ်)**

လာအိုနိုင်ငံသမ္မတဟောင်းနှင့်ပသက်လာတော်လှန်ရေး လှုပ်ရှားမှုခေါင်းဆောင်။ ပြင်သစ်နိုင်ငံတွင်ပညာသင်ကြားခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် လာအိုနိုင်ငံ ပြန်ရောက်ချိန်မှစ၍ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူ။ ၁၉၅၄ ခုနှစ်တွင် လွတ်လပ်ရေးရကာစ လာအိုနိုင်ငံ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။ သို့သော် သူ၏အစ်ကိုတော် မင်းသားကြီးသုဝဏ္ဏဖူးမား ခေါင်းဆောင်သည့် လက်ယာဝါဒီအဖွဲ့က ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းယူသွားသောအခါ ပသက်လာပြောက်ကျားတပ်ဖွဲ့ကို ခေါင်းဆောင်ခဲ့ပြီး နောက်ဆုံးတွင် လက်ဝဲကွန်မြူနစ် အာဏာရလာခဲ့သည်။ ဆူဟာနိုဖောင်သည် ၁၉၇၅ ခုနှစ် မှ ၁၉၈၆ ခုနှစ် ရာထူးမှ အနားယူချိန်အထိ သမ္မတတာဝန်ကို ထမ်း ဆောင်ခဲ့သည်။ ဇန်နဝါရီလအတွင်းက ကွယ်လွန် သည်။

### ဆိုင်ယိုရန်, အီမီးလ် မီဟိုင်း (၈၄ နှစ်)

လောကကြီးနှင့်ကင်းကင်းကွာကွာနေလေ့ရှိသော ရိုမေးနီးယားနိုင်ငံဖွား စာရေးဆရာနှင့်တွေးခေါ်ပညာရှင်ကြီး။ လူသားတစ်ဦးမွေးဖွားလာရခြင်း အသက်ရှင်ရပ်တည်နေရခြင်း၌ ဒုက္ခသာပြွမ်းတီးနေသည်ဟု အမြင်ရှိသော ဆိုင်ယိုရန်၏လက်ရာများအနက်"The Trouble with Being Born" (ဇာတိဒုက္ခ)(၁၉၇၃)သည် ထင်ရှားသည်။ "ကျွန်ုပ်သည် အသုဘအခမ်းအနားများကို ပိတ်ပင် တားမြစ်ချင်သည်။ လူသည်မွေးဖွား လာသည့်အတွက် ငိုကြွေးသင့်သည်။ သေဆုံး၍ ငိုကြွေးခြင်းသည် မသင့်" ဟု မှတ်ချက်ချခဲ့ဖူးသော တွေးခေါ်ပညာရှင်ကြီး ဆိုင်ယိုရန်သည် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့ တွင် ဇွန်လအတွင်းက ကွယ်လွန် ခဲ့သည်။

### တောင်ဆင်, ပီတာ (၈၀ နှစ်)

ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ဗြိတိသျှ တိုက်လေယာဉ်မှူးဟောင်း။ လေကြောင်းတိုက်ပွဲများ တွင် အစွမ်းပြခဲ့၍ လူသိများခြင်းထက် ဆဋ္ဌမမြောက်ဂျော့ဘုရင်၏ သမီးအငယ်ဆုံး မာဂရက်မင်းသမီးနှင့် မေတ္တာမျှခဲ့ပြီးကာမှ ဘဝအခြေမပေး၍ ဝေးခဲ့ရသောအဖြစ်ကြောင့် ပိုမိုလူသိများခဲ့သည်။ မင်းသမီးထက် အသက် ၁၆ နှစ်ကြီး သော လေယာဉ်မှူး ပီတာတောင်ဆင်သည် အသက် ၂၀ စွန်းကာစအရွယ် ရှိ မာဂရက်မင်းသမီး၏ မေတ္တာကို ရရှိခဲ့ပြီး သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲကို မင်းသမီး၏ ၂၅ နှစ်မြောက် မွေးနေ့တွင် ကြေညာရန် မျှော်လင့်ထားခဲ့ကြသည်။ သို့သော် တောင်ဆင်သည် အိမ်ထောင်ရှိခဲ့ဖူးသော တစ်ခုလပ် တစ်ယောက် ဖြစ်သည်ဟူသောအချက်ဖြင့် ဆွေတော်မျိုးတော်များက ဝိုင်းဝန်းကန့်ကွက်မှုကို မင်းသမီးခမျာ မငြင်းဆန်နိုင်ခဲ့ချေ။ မာဂရက်မင်းသမီးသည် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြပြီးဖြစ်ကြောင်း တရားဝင်ကြေညာချက်ကို ၁၉၅၅ ခုနှစ်တွင် မလွှဲမရှောင်သာ ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနောက်ပိုင်း တွင် ပီတာတောင်ဆင်သည် အလိုက်သိစွာဖြင့် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ထွက်ခွာလာခဲ့သည်။ ဝိုင်အရက် အရောင်းအဝယ်လုပ်ငန်း၊ ကုလသမဂ္ဂ အကြံပေး ပုဂ္ဂိုလ်၊ စာရေးဆရာ စသည့်ဘဝများဖြင့် ဆက်လက် ကျင်လည်ခဲ့သည်။ ၁၉၇၈ ခုနှစ်က "အချိန်နှင့် အခွင့်အရေး" (Time and Chance )အမည်ရှိ စာအုပ်တွင် "သူမ အရာရာကို စွန့်လွှတ်ဖို့ ၊ သူမရဲ့ဘဝ အဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေ ခနဲ ဒါတွေအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြင်ဆင်ပြီး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ကို လက်ထပ်နိုင်ခဲ့မှာပါ။ ဒါပေမယ့် ကျွန်တော် သိပါတယ် ။ ဒါတွေကို ထေမိနိုင်မယ့်၊ သူမဆုံးရှုံးသွားသမျှ ပေးလိုက် ရသမျှတွေကို ပြန်ကာမိနိုင်မယ့် ဘာအင်အားမျှ ကျွန်တော့်မှာ မရှိခဲ့ပါဘူး"ဟု အမှတ်တရရေးသားခဲ့သော ပီတာ တောင်ဆင်သည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၁၉ ရက် နေ့တွင် ကွယ်လွန်သည်။

### တန်နာ, လာနာ (၇၅ နှစ်)

အမေရိကန် ရုပ်ရှင်မင်းသမီးကြီး။ ဇူလိုင်လအတွင်းက လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

### ဒေဆိုင်း, မိုရာဂျီ (၉၉ နှစ်)

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း – ဂျာနာတာပါတီကို စတင်တည်ထောင်ခဲ့သူ။ ၁၉၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသမိုင်း၌ ကွန်ဂရက်ပါတီဝင်မဟုတ်ဘဲ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသူ။ မိမိစတာဝန်ယူစဉ် နှစ်နှစ်တာ ကာလအတွင်း အိမ်နီးချင်းတရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းခဲ့သူ။ ဧပြီလ ၁၁ ရက်နေ့ တွင် ဘုံဘေမြို့၌ ကွယ်လွန်သည်။

### နီးဒမ်း , ဂျိုးဆက် (၉၄ နှစ်)

ထင်ရှားသော ဗြိတိသျှလူမျိုး သိပ္ပံပညာရှင်၊ သမိုင်းပညာရှင်၊ နိုင်ငံရေးပညာရှင်၊ ဇီဝဓာတုဗေဒနှင့် တရုတ်စာပေ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသောစာအုပ်များ ရေးခဲ့သူ။ သူပညာသင်ယူခဲ့ရာ ကိန်းဗရစ်တက္ကသိုလ်မှာပင် ၁၉၂၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဇီဝဓာတုဗေဒကို သင်ကြားပို့ချပေးခဲ့ရာမှ အသက် ၄၂ နှစ်အရွယ်တွင် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ခရီးထွက်စဉ် တရုတ်ရေးရာကို စိတ်ဝင်စား ခဲ့သည်။ သူကွယ်လွန်သည်အထိ တရုတ်နိုင်ငံ ၏သိပ္ပံ၊ သမိုင်းနှင့်ယဉ်ကျေးမှုအပေါ် နှစ်ပေါင်း ၅၀ တိုင်တိုင် သုတေသနပြု လေ့လာရေးသားခဲ့သည်။ တရုတ်နိုင်ငံ၏ သင်္ချာပညာ၊ သိပ္ပံပညာ၊ ဆေးဝါးနှင့်စက်မှုအတတ်ပညာတို့ ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စုံစုံနစ်နစ် ရေးသားဖော်ပြထားသော "Science and Civilization in China "ကျမ်းကြီးကို အတွဲပေါင်း ၁၆ တွဲအထိ ထုတ်ဝေနိုင်ခဲ့ပြီး ၁၂ တွဲကို ထုတ်ဝေရန် စီစဉ်ဆဲဖြစ်သည်။ သူ၏ ကြိုးပမ်းအားထုတ်မှု ကို "၂၀ ရာစု အကြီးမားဆုံး ဉာဏ စွမ်းဆောင်ချက်များအနက်တစ်ခု"အဖြစ် သတ်မှတ်ခံ ရသော ပညာရှင် ဂျိုးဆက်နီးဒမ်းသည် ဧပြီလအတွင်းက အင်္ဂလန်နိုင်ငံ၊ ကိန်းဗရစ်မြို့တွင် ကွယ်လွန်သည်။

**ပရက်စတန်, လူးဝစ် (၆၈ နှစ်)**

၁၉၉၁ ခုနှစ်မှစ၍ ကွယ်လွန်ချိန်ထိ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ။ မေလကုန်တွင် ရာထူးမှ အနားယူရန် စီစဉ်ထားဆဲ မေလအတွင်း၌ ဝါရှင်တန်တွင် ကွယ်လွန်သည်။

**ပါရီ ,ဖရက်ဒ် (၈၅ နှစ်)**

ကမ္ဘာကျော် ဗြိတိသျှတင်းနစ် ချန်ပီယံဟောင်း။ ၁၉၃၆ ခုနှစ် ဝင်ဘယ်လ်ဒန် တစ်ဦးချင်းတင်းနစ် ချန်ပီယံ ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အခြားမည်သည့် ဗြိတိသျှတင်းနစ်သမားမျှ ထိုချန်ပီယံဘွဲ့ကို မရခဲ့တော့ချေ။ ပါရီသည် ကမ္ဘာ့တင်းနစ်လောကတွင် ကမ္ဘာ့ပွဲကြီးလေးပွဲ (ဂရင်းဆလင်ပွဲကြီး လေးပွဲ) လုံးကို အနိုင်ရခဲ့သော ပထမဆုံးတင်းနစ်ချန်ပီယံအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၀ ပြည့်လွန်နှစ်များနောက်ပိုင်း အနားယူခဲ့ပြီးနောက် နည်းပြဆရာ၊ ဘီဘီစီ အားကစားသတင်းဝေဖန်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ပီနေး , အန်တွိုင်နီ (၁၀၂ နှစ်)**

ပြင်သစ်ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း။ ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံ၏ စီးပွားရေးနာလန်ထူရေးတွင် ဦးဆောင်လမ်းညွှန်ခဲ့သူ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

**ပဲ့လ်ထ် ဂျူနီယာ , ဂိုမ်းစ် ဗန် (၇၆ နှစ်)**

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ကို အနုမြူဗုံးကြဲချခဲ့သော အမေရိကန် ဗုံးကြဲလေယာဉ်ဘီ – ၂၉ တွင် လေကြောင်းပြအရာရှိအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

**ဖူကူဒါ , တာကေအို (၉၀ နှစ်)**

၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း ဂျပန်နိုင်ငံကို အာရှတိုက်တွင် သံတမန်ရေးရာ၌ တက်ကြွသော အခန်းကဏ္ဍ၌ ပါဝင်စေခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်း။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဖူးလ်ဘရိုက်၊ ဂျေဝီလီယံ (၉၀ နှစ်)**

ထင်ရှားထက်မြက်သော အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်ဟောင်း။ အမေရိကန်ပြည်ထောင်စု၏ ဗီယက်နမ်ဆိုင်ရာမူဝါဒတွင် ပြတ်ပြတ်သားသားဆန့်ကျင်ရပ်တည် ခဲ့သူ၊ ပြည်ပနိုင်ငံများနှင့် ပညာတော်သင်အပြန်အလှန်စေလွှတ်ရေးမူဝါဒကို ၁၉၄၆ ခုနှစ်တွင် သမ္မတ ဟာရီထရူးမင်းနှင့်အတူ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ပညာသင်ပေါင်း ၁၅၀,၀၀၀ ကျော် ပြင်ပပညာသင်ကြားခွင့်ရစေခဲ့သည်။ လက်ရှိသမ္မတ ဘီလ်ကလင်တန်သည် ကောလိပ်ကျောင်းသားဘဝက ဖူးလ်ဘရိုက်၏ ဆီးနိတ်ရုံးတော်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးရာ "ဒီပုဂ္ဂိုလ်ကြီးကြောင့်သာမဟုတ်ရင် ကျွန်တော်လည်း ဒီနေ့ဒီနေရာ ရောက်လာလိမ့်မယ်မထင်ပါဘူး" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတ ဘီလ်ကလင်တန်သည် အာကင်ဆတ်ပြည်နယ်သား ဖြစ်ခဲ့ပြီး ဖူးလ်ဘရိုက် စတင်အကောင်အထည်ဖော်ခဲ့သော ပညာတော်သင်ထောက်ပံ့ရေးဆု ရရှိခဲ့သူလည်း ဖြစ်သည်။ ဝီလီယံ ဖူးလ်ဘရိုက်သည် ၁၉၄၅ ခုနှစ်တွင် ဆီးနိတ်လွှတ်တော်သို့ ရောက်မလာခင် အာကင်ဆတ်တက္ကသိုလ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟာရီထရူးမင်း၊ ဂျွန်အက်ဖ်ကနေဒီနှင့် လင်ဒန်ဂျွန်ဆင်စသော သမ္မတများ အဆက်ဆက် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရှိစဉ်က သမ္မတ လင်ဒန်ဂျွန်ဆင်ကို နိုင်ငံခြားရေးမူဝါဒများ၌ များစွာအကူအညီပြုခဲ့သည်။ ထင်ရှားသော အမေရိကန်နိုင်ငံရေးသုခမိန် ဝီလီယံ ဖူးလ်ဘရိုက်သည် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်ခဲ့သည်။

**ဖန်ဂျီယို, ဟွမ်မင်ညူယယ် (၈၄ နှစ်)**

အာဂျင်တီးနားနိုင်ငံသား နာမည်ကျော် ဖော်မြူလာဝမ်း ပြိုင်ကားချန်ပီယံဟောင်း။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့သည်။ ဖော်မြူလာဝမ်းချန်ပီယံ ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့သည့်အပြင် ယှဉ်ပြိုင်ခဲ့သမျှ ဂရင်းပရီပြိုင်ပွဲကြီးပေါင်း ၅၁ ခုအနက် ၂၄ ခုတွင် အနိုင်ရခဲ့သည်။ သူ၏ အောင်မြင်မှု စံချိန်သည် ယနေ့ထက်တိုင် ထိပ်ဆုံးတွင် ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအတွင်းက ဗျူနိုအေရီးစ်မြို့တွင် ကွယ်လွန်သည်။

**ဗစ်တာ, ပေါလ် အယ်မလီ (၈၇ နှစ်)**

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြောက်နှင့်တောင်ဝင်ရိုးစွန်းဒေသများသို့ အကြိမ်ကြိမ် ခရီးကြမ်းသွားရောက်

လေ့လာခဲ့သော ပြင်သစ်လူမျိုး စူးစမ်းရှာဖွေသူ စာရေးဆရာ။ သူ၏လေ့လာရေးခရီးကြမ်း ၃၇ ကြိမ်အနက် ပထမဆုံးခရီးစဉ်ကို ၁၉၃၄ ခုနှစ်က စတင်ခဲ့သည်။ အာတိတ်နှင့်အန္တာတိက ဒေသတို့၏ပထဝီဝင်၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ ရေခဲပြင်ဗေဒနှင့်အက်စကီးမိုးလူမျိုးတို့၏ ယဉ်ကျေးမှုတို့ကို စူးစမ်းလေ့လာ၍ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ်က အက်စကီးမိုးတို့နှင့်အတူလပေါင်းများစွာနေထိုင်၍ ဤမျှအေးမြသော တန်ဒရာရေခဲပြင်ဒေသတွင် မည်သို့နေထိုင်နိုင်စွမ်းရှိကြောင်း လေ့လာခဲ့မှုသည် သူ၏ ထင်ရှားသော လေ့လာစူးစမ်းချက်ဖြစ်ခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း ဘိုရာဘိုရာမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ဗျူးတနန့်ဒ်, အဒေါ့ဖ် (၉၁ နှစ်)**

ဂျာမန်လူမျိုး ၁၉၃၉ ခုနှစ်ဓာတုဗေဒနိုဗဲဆုရှင်။ ယခင်က မသိခဲ့သော လိင်ဟော်မုန်းအတော်များများကို ခွဲခြားထုတ်ဖော်နိုင်ခဲ့ပြီး သူ၏ သုတေသနပြုချက်မှ ရရှိသော ဟော်မုန်းတည်ဆောက်ပုံ တွေ့ရှိချက်များအရ သန္ဓေထိန်းချုပ်မှုဆေးဝါးများကို ဆက်လက်ဖော်စပ်ထုတ်လုပ်နိုင်ခဲ့သည်။ နိုဗဲဆုရရှိခဲ့စဉ်က နာဇီဥပဒေအရ ဆုကို ငြင်းပယ်ရန် ပြဋ္ဌာန်းထားခဲ့သဖြင့် ၁၉၄၉ ခုနှစ်ကျမှ ဆုကို လက်ခံယူခဲ့ရသည်။ မြူးနစ်မြို့၌ ဇန်နဝါရီလတွင် ကွယ်လွန်သည်။

**ဘဇာဂန်, မေဒီ (၈၇နှစ်)**

ရှားဘုရင်ပြုတ်ကျသွားပြီးနောက် ၁၉၇၉ ခုနှစ်တွင် ဘာသာရေးခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ၏ ခန့်အပ်မှုဖြင့် အီရန်နိုင်ငံဝန်ကြီးချုပ် ကိုးလလုပ်ခဲ့သူ။ ဇန်နဝါရီလတွင် ဆွစ်ဇလန်နိုင်ငံ ဇူးရစ်မြို့၌ ကွယ်လွန်သည်။

**ဘာဂါ, ဝါရင်း အီး (၈၇နှစ်)**

အငြိမ်းစား အမေရိကန်တရားရုံးချုပ် တရားသူကြီးချုပ်။ ဇွန်လ ၂၅ ရက်နေ့ ကွယ်လွန်သည်။

**ဘား, မိုလ်ချုပ် မိုဟာမက် ဆီယတ် (၇၄ နှစ်)**

ဆိုမာလီနိုင်ငံကို ၁၉၆၉ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီး အာဏာရှင်စနစ်ဖြင့် ၁၈ နှစ်ကြာ အုပ်စိုးစဉ်ကာလအတွင်း အီသီယိုပီးယားနိုင်ငံနှင့် စစ်ပွဲဖြစ်ပွားခြင်း၊ စီးပွားရေးချွတ်ခြုံကျခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် အကြီးအကျယ် ဝတ်မှုတ်ခေါင်းပါးခြင်းဘေးတို့ ကြုံတွေ့ပြီးနောက် ၁၉၉၁ ခုနှစ်တွင် အာဏာလက်လွှတ်ဆုံးရှုံး၍ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံခဲ့ရသော အာဏာရှင်ဟောင်း။ ပြည်နှင်ဒဏ်ခံနေစဉ် နိုင်ဂျီးရီးယားနိုင်ငံ၊ လေဂို့စ်မြို့၌ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘားနေးစ်, အက်ဒဝပ် (၁၀၃ နှစ်)**

"ပြည်သူ့ဆက်ဆံရေးပညာရပ်၏ဖခင်ကြီး" ဟု အသိအမှတ်ပြုခံရသော ဆက်သွယ်ရေးနည်းပညာရပ် ကျွမ်းကျင်သူ ပညာရှင်ကြီး။ ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုကို လူထုဆက်သွယ်ရေးဝါဒ ဖြန့်ဝေမှု၌ ကူညီပေးခဲ့သူ။ ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဒေါက်တာ ဆစ်ဂမန်ဖရွိုက်၏ တူတော်သူ။ အများပြည်သူ၏ ထင်မြင်ယူဆချက် (ပြည်သူ့အမြင်) ကို လွှမ်းမိုးစေသော နည်းစနစ်များစွာကို ရှေ့ဆောင်လမ်းပြရှာဖွေခဲ့သူ။ အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် မတ်လ ၉ ရက်နေ့က ကွယ်လွန်သည်။

**ဘော့ဗင်းနစ်, မီခေးလ် (၈၃ နှစ်)**

ကမ္ဘာ့စစ်တုရင်ချန်ပီယံ သုံးကြိမ်တိုင်တိုင်ဖြစ်ခဲ့သော ရုရှလူမျိုး ကမ္ဘာကျော်စစ်တုရင်ဆရာကြီး။ ဘော့ဗင်းနစ်သည် လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သိပ္ပံနည်း စနစ်တကျ လေ့ကျင့်မှုဖြင့် ကမ္ဘာ့စစ်တုရင်ချန်ပီယံအဖြစ် (၁၉၄၈ မှ ၁၉၅၇၊ ၁၉၅၈ မှ ၁၉၆၀၊ ၁၉၆၁ မှ ၁၉၆၃) သုံးကြိမ်တိုင်တိုင် ရပ်တည်ခဲ့သည်။ ထူးချွန်သော စစ်တုရင်သမားများ ထွက်ပေါ်အောင်မွေးထုတ်ပေးရာ၌လည်း ကျွမ်းကျင် ထင်ရှားသူဘော့ဗင်းနစ်သည် နောင်အနာဂတ်ချန်ပီယံလောင်းများကိုလည်း ပေါက်ဖွားစေခဲ့သည်။ ကမ္ဘာ့လက်ရှိချန်ပီယံ ဂယ်ရီကက်စပါရော့ဗ်သည် ငယ်စဉ်က ဘော့ဗင်းနစ် လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ကမ္ဘာ့စစ်တုရင် သုံးကြိမ်ချန်ပီယံ ဂရင်းမာစတာ ဘော့ဗင်းနစ်သည် မေလအတွင်းက မော်စကိုမြို့တွင် ကွယ်လွန်သည်။

**ဘော့လ်ထ်, ရောဘတ် (၇၀ နှစ်)**

အော်စကာဆု နှစ်ဆုရ နာမည်ကျော် ဗြိတိသျှ ဇာတ်ညွှန်းရေးဆရာကြီး။ သူဇာတ်ညွှန်းရေးသားခဲ့သော ဇာတ်ကားများအနက် "Dr Zhivago" (၁၉၆၅) နှင့် "A Man for All Seasons" (၁၉၆၆) တို့သည် ဇာတ်ညွှန်းအော်စကာဆု ရရှိခဲ့ကြပြီး "Lawrence of Arabia" (၁၉၆၂) သည် အော်စကာဆုအတွက် ယှဉ်ပြိုင်အမည်စာရင်းတင်သွင်းခြင်း ခံခဲ့ရသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ပီတာစဖီးလ်ဒ်မြို့တွင် ကွယ်လွန်သည်။

**မာရိုးလ်၊ ဂျိမ်းစ် (၆၉ နှစ်)**

ပူလစ်ဇာဆု၊ ဘိုလင်ဘန်ဆုနှင့် အမျိုးသားစာအုပ်ဆုနှစ်ဆုရ ထင်ရှားသော ကဗျာဆရာကြီး။ ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

**မာရင်၊ ယန်း (၈၆ နှစ်)**

အေအက်ဖ်ပီသတင်းဌာနကို တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့ပြီး ၄င်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော နာမည်ကျော် ပြင်သစ်သတင်းစာဆရာကြီး။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၃ ရက်နေ့တွင် ကွယ်လွန်သည်။

**မန်ဇန်၊ ကာလို့စ် (၅၂နှစ်)**

၁၉၇ဝ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်အထိ ရှုံးပွဲမရှိခဲ့သော အာဂျင်တီးနားလူမျိုး ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံဟောင်း။ သူ့လက်ဝှေ့သက်တမ်းတစ်လျှောက် ဆုကြေးစား လက်ဝှေ့ပွဲပေါင်း ၁ဝဝ ထိုးခဲ့ရာတွင် သုံးပွဲသာ ရှုံးဖူးသူ။ ယာဉ်တိုက်မှုဖြင့် ဇန်နဝါရီလအတွင်းက ကွယ်လွန်သည်။

**မိန်း၊ သောမတ်စ် (၉၃ နှစ်)**

မိုင်လိုကို တီထွင်ခဲ့သောဩစတြေးလျနိုင်ငံသား၊ ကုန်ထုတ်ဓာတုဗေဒပညာရှင်ကြီး။ ကမ္ဘာကျော် ဆွစ်ဇာလန်နက်စလေ စားသောက်ကုန်လုပ်ငန်းကြီးတွင် ဝင်ရောက်လုပ်ကိုင်ရင်း လေးနှစ်ကြာမျှစမ်းသပ်ပြီးနောက် ယနေ့အာရှနှင့် ဩစတြေးလျအိမ်ရှင်မတို့ နှစ်သက်နေကြသော မိုင်လိုချော့ကလက်မှုန့်ကို ၁၉၃၄ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံ ၃ဝ ကျော်တွင် ဒေါ်လာသန်း ၄၂ဝ ဖိုးမျှသော မိုင်လိုအမှုန့်တန်ချိန် ၉ဝ,ဝဝဝ ကို နှစ်စဉ်တင်ပို့ရောင်းချလျက် ရှိသည်။ မိုင်လို၏ ဖခင်ကြီးသောမတ်စ် မိန်းသည် ဇန်နဝါရီလအတွင်းက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကွယ်လွန်သည်။

**ရာဘင်၊ ယစ်ဇတ် (၇၃နှစ်)**

အစ္စရေးဝန်ကြီးချုပ်။ နိုဝင်ဘာ ၄ ရက်နေ့တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေးလူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားအပြီး ပြန်လည်ထွက်ခွါလာစဉ် လူသတ်သမားဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသဖြင့် ကွယ်လွန်သွားသည်။

**ရှူးဒေါ့ဖ်၊ မာ့က်စ် (၉၂ နှစ်)**

ဂျာမနီနိုင်ငံဖွား နာမည်ကျော် အမေရိကန် ဂီတပညာရှင်ကြီး။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖီလဒဲလ်ဖီးယား၌ ကွယ်လွန်သည်။

**ရောက္ကားစ်၊ ဂျင်ဂျာ (၈၃ နှစ်)**

နာမည်ကျော်အကယ်ဒမီဆုရ အမေရိကန်ရုပ်ရှင်မင်းသမီးကြီး ။ ၁၉၃ဝ ပြည့်လွန်စနှစ်များက "Girl Crazy" ဇာတ်ကားဖြင့် စတင်နာမည်ရခဲ့ပြီး နာမည်ကျော်အကမင်းသားကြီး ဖရက် အက်စတိုင်းယားနှင့် ဇာတ်ကားဆယ်ကားတွင် တွဲဖက် ရိုက်ကူးခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် "Kitty Foyle" ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆုရခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

**ရောဘတ်စ်၊ အက်ဒဝပ် ဗီ (၅၆နှစ်)**

ကိုယ်ခန္ဓာ ထိခိုက်ချို့ယွင်းမှုအမျိုးမျိုး ခံစားခဲ့ရသော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့သဖြင့် ထင်ရှားပုဂ္ဂိုလ်တစ်ဦးအဖြစ် ရောက်ခဲ့သူ။ အသက် ၁၄ နှစ်သားအရွယ်တွင် ပိုလီယိုရောဂါကြောင့် လည်ပင်းမှစ၍ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွက်ချာပါဒလိုက်သွားခဲ့သည်။ ထို့ပြင် အဆုတ်အလုပ်မလုပ်တော့သဖြင့် သံမဏိအဆုတ်သို့မဟုတ် လေရှူစက်ကိရိယာ တပ်ဆင်ပေးထားရပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအားဖြင့် လက်ချောင်းလေးတစ်ချောင်းသာ လှုပ်ရှားနိုင်သည်။ သို့သော် ရောဘတ်စ်သည် ဘဝကို အရှုံးမပေးဘဲ ကြိုးစားလာခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဘာကလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်သို့ တက်ခွင့်ရခဲ့သည်။ အခြေအနေအဆိုးရွားဆုံး မစွမ်းမသန် ကျောင်းသားများထဲမှ ပထမဆုံး တက်ခွင့်ရခဲ့သူ ဖြစ်သည်။ ထိုတက္ကသိုလ်မှ သူသည် ဘွဲ့ဒီဂရီရအောင် ကြိုးစားရင်း မစွမ်းမသန်ကျောင်းသားများအတွက် နေစရာအိုးအိမ်နှင့် အကျိုးဆောင်မှု လုပ်ငန်းများကို စည်းရုံးလှုံ့ဆော်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မစွမ်းမသန်သူများ အမှီအခိုကင်းစွာ နေထိုင်ရေး ဗဟိုဌာနကို စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင်မူ မစွမ်းမသန်သူများအား ထိရောက်စွာ ကူညီနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် (World Institute on Disability) ကို ဦးဆောင်တည်ထောင်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့တွင် မတ်လအတွင်းက နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရှီယာ ယန်း (၉၄ နှစ်)**

တရုတ်နိုင်ငံ၏ ရုပ်ရှင်၊ ပြဇာတ်နှင့် စာပေလောကတွင် ထင်ရှားသော စာရေးဆရာကြီး။ ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ရှီးလား , ကားလ် (၈၃ နှစ်)**

ယခင် အနောက်ဂျာမနီ စီးပွားရေးဝန်ကြီးဟောင်း။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဟမ်းဘာ့ဂ်မြို့၌ ကွယ်လွန်သည်။

**ရှူးလ်မန်း, အာဗင် (၈၁ နှစ်)**

နာမည်ကျော် အမေရိကန် ဝတ္ထုနှင့် ဇာတ်ညွှန်းရေး ဆရာကြီး။ မတ်လ ၂၃ ရက်နေ့တွင် လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဝီလ်ဆင်, ဟာရိုးလ်ဒ် (၇၉ နှစ်)**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း။မူလက စီးပွားရေးပညာ ရှင်ဖြစ်သော ဟာရိုးလ်ဒ်ဝီလ်ဆင်သည် ဒုတိယကမ္ဘာ စစ်ကြီး နောက်ပိုင်း လေဘာပါတီ၌ ထင်ရှားသူဖြစ်လာ သည်။ အတိုက်အခံ လေဘာပါတီ၌ ၁၃ နှစ်တာဆောင်ရွက်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် လေဘာပါတီကို နောက်ထပ်သုံးကြိမ်တိုင်တိုင် အောင်ပွဲဆင်အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့သည်။ ယင်း အောင်ပွဲများအနက် ၁၉၆၆ ခုနှစ် အောင်ပွဲသည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သူသည် ဝန်ကြီးချုပ်ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့သည်။

**ဝေါ်လ်တန်, အားနက်စ် တီ အက်စ် (၉၁ နှစ်)**

နိုဗဲဆုရ အိုင်းရစ်လူမျိုး ရူပဗေဒပညာရှင်ကြီး။ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ဂျွန်ဒီကော့ကရော့ဖ်တို့သည် ကိန်းဘရစ်တက္ကသိုလ် ကဗင်းဒစ်ရှ် စမ်းသပ်ခန်းတွင် ၁၉၃၀ ပြည့်လွန်ကာလနှစ်များအတွင်းက ပထမဆုံး အက်တမ်ဖြိုခွဲနိုင်သော စက်ကိရိယာကို တီထွင်ပြုလုပ်ခဲ့ကြသည်။ အိုင်ယာလန်နိုင်ငံ ၊ ဘဲလ်ဖတ်မြို့၌ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟော်ဒန်, ဆာ မိုက်ကယ် (၈၃ နှစ်)**

ဗြိတိသျှရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ပြဇာတ်လောကတွင် နှစ်ပေါင်း ၆၀ ခန့် သရုပ်ဆောင်ခဲ့သော ဝါရင့်မင်းသားကြီး။ အင်္ဂလန်နိုင်ငံ ၊ အော့စဖို့မြို့၌ မေလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အာဘန်, မတ် (၇၅ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းခဲ့သဖြင့် ဆုတံဆိပ်အများဆုံးရရှိခဲ့သော အမေရိကန် ဝါရင့်စစ်ပြန်ကြီးများအနက် ထင်ရှားသူတစ်ဦး၊ ပြင်းထန်သော ဒဏ်ရာများ ရထားပါလျက် စစ်မြေပြင်သို့သာ ထပ်တလဲလဲပြန်လာလွန်းသဖြင့် မိတ်ဆွေများက "တစ္ဆေကြီး" ဟု အမည်ပေးခြင်းခံရသူ၊ ဒုတိယဗိုလ်မှူးကြီးရာထူးမှ အငြိမ်းစားမယူမီအထိ နိုင်ငံငါးနိုင်ငံတွင် စစ်ဆင်ရေးခြောက်ခု၌ ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ၊ အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံး ဆုတံဆိပ် "The Medal of Honor" အပါအဝင်ဆု တံဆိပ်ပေါင်း ၂၉ ခု ချီးမြှင့်ခံခဲ့ရသူ။ မတ်လအတွင်းက အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၊ ဟော်လန်မြို့ တွင် ကွယ်လွန်သည်။

**အော့စ်ဘွန်း, ဂျွန် (၆၅ နှစ်)**

အော်စကာဆုရ ထင်ရှားသော ဗြိတိသျှ ပြဇာတ်ရေးဆရာ။ ၁၉၆၃ ခုနှစ်တွင် "Tom Jones" ဇာတ်ကား၌ ဇာတ်ညွှန်း အော်စကာဆု နှင့် ၁၉၆၄ ခုနှစ်တွင် "Luther" ပြဇာတ်ဖြင့် တိုနီဆုရရှိခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။

**အော့ဖ်ဗန်, ဟန်း နက်စ် (၈၆ နှစ်)**

ဆွီဒင်လူမျိုး ရူပဗေဒ နိုဗဲဆုရှင်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အချိန်ပိုင်းပါမောက္ခ။ သံလိုက်စက်ကွင်းအတွင်း ရွေ့လျားနေသော အရည်များ၏ လျှပ်ကူးသတ္တိကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၁၉၇၀ ပြည့်နှစ်က ရူပဗေဒနိုဗဲဆုကို ပူးတွဲရရှိခဲ့သည်။ သူတွေ့ရှိဖော်ထုတ်ခဲ့သော ပညာရပ်ကို မဂ္ဂနက်တိုဟိုက်ဒရိုဒိုင်းနမစ် ပညာရပ်အဖြစ် ထင်ရှားစေခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အိုဂျင်ဝူး (၇၈ နှစ်)**

အင်အား ၁ ဒသမ ၁ သန်းရှိသော မြောက်ကိုရီးယားတပ်မတော်၏ အကြီးအကဲကာကွယ်ရေးဝန်ကြီး၊ တိုင်းပြည်တွင် ကင်ဂျုံအီလ်ပြီးလျှင် ဒုတိယသြဇာတိက္ကမ အရှိဆုံး

ပုဂ္ဂိုလ်။ ပြည်မြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သည်။

**အိုရိုးယား, တက်ဆီ (၈၂ နှစ်)**

နာမည်ကျော် ဗြိတိသျှအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး။ ဧပြီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

**အက်ကာ့တ်, ဂျေပရက်စပါး (၇၆ နှစ်)**

ပထမဆုံး အီလက်ထရောနစ်အပြည့်သုံး ဒစ်ဂျစ်တယ် ကွန်ပျူတာကို ၁၉၄၃ ခုနှစ်က ဂျွန်ဒဗလျူ မော်ချီနှင့်အတူ ပင်ဆီဗေးနီးယားတက္ကသိုလ်တွင် တီထွင်ခဲ့သော အမေရိကန် လူမျိုးသိပ္ပံပညာရှင်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားသိပ္ပံဆုကို ချီးမြှင့်ခံခဲ့ရသူ။ ဇွန်လတွင် ကွယ်လွန်သည်။

**အက်စပင်, လက်စ် (၅၆ နှစ်)**

ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူပြီး တစ်နှစ်မျှပင်မကြာ မိုဂါဒစ်ရှူးတွင် အမေရိကန်စစ်သား ၁၈ ဦး သေဆုံးခဲ့ရသည့် အရေးကိစ္စဖြစ်ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သော အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း။ မေလတွင် ဝါရှင်တန်မြို့၌ လေဖြတ်၍ ကွယ်လွန်သည်။

**ဦးညာဏ်ဝင်း**

## ခင်စု၊ဒေါ်(ရေနံမြေ)(ခရစ်နှစ် ၁၉၁၉–၁၉၉၅)။

၁၉၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရေနံချောင်းမြို့၌ အဖ ဦးတင်၊ အမိ ဒေါ်မြသန့် (ခေါ်) ဒေါ်ဇွန်းတို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် သမီးအလတ် ဖြစ်သည်။ အကြီးမှာအစ်မဖြစ်ပြီး အငယ်မှာ မောင်ဖြစ်သည်။ မြန်မာ–ဗုဒ္ဓဘာသာဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်စု၊ ကလောင်အမည် ရေနံမြေစု ဖြစ်သည်။

အမိဘက်မှ ရေနံတွင်းစားမျိုးရိုးနှင့် အဖဘက်မှ ကုန်သည်မျိုးရိုးဖြစ်သည်ဟု ဆိုရစေကာမူ အဖ ဦးတင်၏ ဖခင် ဦးသော်ဒါမှာ သီပေါမင်း၏ လူပျိုတော်သားဖြစ်ရာ အရှင်နှစ်ပါးပါတော်မူသောအခါကျမှ ဇာတိနေရပ် မကွေးမြို့သို့ ပြန်လည်နေထိုင်ခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်က (၁၉၂၅–၁၉၂၇ အထိ) ဘုန်းကြီး ကျောင်း၊ မယ်သီလရှင်ကျောင်းများ၌ အခြေခံပညာကို သင်ကြားခဲ့ရသည်။ ရေနံချောင်းမြို့တွင် အင်္ဂလိပ်ကျောင်း ( King Edward School) နောင်အခါ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခွင့် မရခဲ့ပါ။ အဘိုးဖြစ်သူ ဇာတိမာန်ပြင်းထန်မှုကြောင့်ဖြစ်သည်။ နောင်အခါ အမျိုးသားအထက်တန်းကျောင်းဟူ၍ပြောင်းလဲ ထူထောင်လိုက်သည့်အခါကျမှ (၁၉၂၇–၁၉၃၈ အထိ) အင်္ဂလိပ်–မြန်မာနှစ်ဘာသာတက်ရောက် သင်ကြားခွင့်ရခဲ့သည်။ မြန်မာနိုင်ငံ၏အမျိုးသား ခေါင်းဆောင်ကြီးဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ ငယ်စဉ်ကပင်ကျောင်းရှိကျောင်းသား သမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ရေနံချောင်းမြို့သို့ သခင်ခေါင်းဆောင်ကြီးများ သခင်အသင်းအတွက် စည်းရုံးရေးဆင်းခဲ့စဉ် (ကျောင်းသူဘဝမှာပင်) ၁၉၃၇ ခုနှစ်တွင် သခင်မအဖြစ်ပါဝင်ခဲ့သည်။

ရေနံမြေ (ရေနံချောင်းမြို့) တွင်ပေါ်ပေါက်ခဲ့သော အလုပ်သမားများ၏သပိတ်တိုက်ပွဲ၊ နယ်ချဲ့ အရင်းရှင် တိုက်ပွဲများကို ဝံသာနုရက္ခိတအသင်းကြီး၏ ဥက္ကဋ္ဌကြီးဖြစ်သူ ဦးစိုးသိမ်း၏စည်းရုံးလှုံ့ဆော်ချက်အရ ငယ်ရွယ်စဉ်မှာပင် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ် မတရားပြုမှုများကို ဆန့်ကျင်သပိတ်တားရာ၌ပါဝင်ခဲ့သည်။ သပိတ် တားသည့်အတွက် သခင်မကြီးများနှင့်အတူ နယ်ချဲ့ လက်ဝေခံ ဝနရှင်ကြီးများ၊ အလိုတော်ရိများ၏ ရေပက်ဖြိုခွင်းခြင်း ခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၌ အထက်တန်းပညာ (H.S.F ) စာမေးပွဲကိုအောင်မြင်ခဲ့ပြီး ရန်ကုန်ဆရာအတတ်သင် ကောလိပ်တက်၍ ထိုကျောင်းကြီး၌ပင် ကျောင်းဆရာမ အဖြစ် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အိမ်ထောင်သည် သားတစ်ယောက်မိခင်ဘဝနှင့်ပင် မင်းဘူးခရိုင်အတွင်း၌ ခရိုင်ခေါင်းဆောင်ဗိုလ်လရောင်၊ သခင်မြမောင် (ခေါ်) သခင်ဖေသန်းတို့နှင့်အတူ နယ်ချဲ့ တော်လှန်ရေးလုပ် ခဲ့သည်။

၁၉၄၂–၁၉၄၅ ခုနှစ်အတွင်း ခင်ပွန်းသည် သခင်ကိုကြီးတို့၏ဒေသ တွံတေးတောကြီးတန်းသို့ လိုက်ပါကာ မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။ ကျိုက်ကော်မြို့ကလေးရှိ အာရှတိုက်လူငယ်များ အစည်းအရုံးတွင် ဉာဏနှင့်ဝါဒမှူး အဖြစ် ဆောင်ရွက်ရင်း ၁၉၄၅ ခုနှစ် နှစ်ဦးတွင် ဂျပန်တော်လှန်ရေးကို သခင်ကိုကြီး၊ သခင်တင်လှိုင် (သခင်ခင်ညွန့်၏ညီ)၊ သခင်ထွန်းမြင့် စသူတို့နှင့် ပူးတွဲ တာဝန်ထမ်းခဲ့သည်။ ကျိုက်ကော်မြို့ရှိ ဖက်ဆစ် များအား ဆန့်ကျင်သုတ်သင်၍ တွံတေးတောကြီးတန်းရှိ တောတွင်း ရွာများတွင် တိမ်းရှောင်နေခဲ့ရသည်။



ဒေါ်ခင်စု (ရေနံမြေ)

၁၉၄၅ ခုနှစ် နှစ်လည်လောက်တွင် ရန်ကုန်မြို့ရှိ အာရှအသွင်ပြောင်း ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များ အစည်းအရုံး (ဗ.လ.စ) သို့ရောက်ရှိကာ အမျိုးသမီး ဗဟို စည်းရုံးရေးမှူးအဖြစ် တာဝန်ထမ်းခဲ့သည်။ ဗ.လ.စ ဗဟို တွင် တာဝန်ထမ်းဆောင်ရင်း စစ်အပြီး ယိုယွင်းပြိုကျ နေသော ပညာရေးကို ထူထောင်ရန် ကျောင်းများပြန်လည် ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၄၈ ခုနှစ်အထိ ဖြစ်သည်။

၁၉၄၈ – ၁၉၅၂ အထိ ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီး ဦးတင် (မြန်မာ့အလင်း) ၏ အတွင်းရေး အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကုန်မှ ၁၉၆၂ ခုနှစ်အထိ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှင့်စွယ်စုံအချိန်ပိုင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းခဲ့သည်။ ထို့နောက် ပြည်ထဲရေးဌာနမှ ထုတ်ဝေသော မှုခင်းမဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် ရန်ကုန်သတင်းစာတိုက်အချိန်ပိုင်းအယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဥပစာဝိဇ္ဇာအောင်ပြီး၊ ၁၉၇၀ ပြည့်နှစ်တွင် စာမတတ်သူပပျောက်ရေး "အသုံးလုံး" ဗဟို ကော်မတီဝင်ဖြစ်ခဲ့ပြီး မြင်းခြံခရိုင်တွင် တာဝန်ကျခဲ့ သည်။

၁၉၈၀ ပြည့်နှစ်၌ မရမ်းကုန်းစာပေလုပ်သားအဖွဲ့ဝင် အနေနှင့် မြို့နယ်သမိုင်းပြုစုရာတွင် ပါဝင်ဆောင်ရွက် ခဲ့သည်။

ယုဝတီနှစ်ပတ်လည် မဂ္ဂဇင်းတွင် "ယု"ဟူသော တော်လှန်ရေးဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက် ခဲ့သည်။ သုတပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ ရှေ့သွေး၊ သိပ္ပံ မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းစုံ မဂ္ဂဇင်း၊ သောင်းပြောင်း ထွေလာ၊ သွေးသောက်၊ ယုဝတီဂျာနယ်၊ ရွှေတူ ဂျာနယ်၊ ရှေ့ဆောင်လူငယ်စသည့် လစဉ်ထုတ် မဂ္ဂဇင်းကြီး များ တွင် ဘာသာပြန်ဝတ္ထုဆောင်းပါးများ၊ ပင်ကိုယ်ရေး ဝတ္ထုဆောင်းပါးများ များစွာရေးဖွဲ့ပြုစုခဲ့သည်။ ပုံနှိပ် ထုတ်ဝေပြီး ဝတ္ထုဆောင်းပါး ပေါင်း (၂၀၀) ကျော်ရှိသည်။

အတွေးအခေါ်အားကောင်းသော အသိအမြင်အမှန် ကိုပေးသော စာမူများကို ကြိုးပမ်းရေးဖွဲ့တင်ပြနေရင်းက ချော်လဲ၍ တင်ပဆုံရိုးကျိုးသည့်ဝေဒနာဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့ ချမ်းအေး သာဇံမြို့နယ်၊ ယာဉ်ပျံရွာတွင် ကွယ်လွန်ခဲ့သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၅)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာ တော် တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာ ဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင် ခဲ့ကြသော တပ်မတော်သားများ၊ နိုင်ငံတော်၏ လယ်ယာ ကဏ္ဍနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက် ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့ ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ၊ တပ်မတော်ရွှေရတုနှစ် တံဆိပ်များ၊ စစ်မှုထမ်း ကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲ ဝင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့် အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ တော်အားပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ဘွဲ့အမည်များ ၊ ဂုဏ်ထူး ဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ၊ တပ်မတော်ရွှေရတုနှစ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေ စိုးမိုးရေးတံဆိပ်၊ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့် အပ်နှင်း ခံရသော ပုဂ္ဂိုလ်များ၏စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် မတ်လ ၂၇ ရက် ရွှေရတုတပ်မတော်နေ့များတွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်( ၁/၉၅) အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှအပါး ၂၀ နှင့် မလေးရှားနိုင်ငံမှ တစ်ပါး စုစုပေါင်း၂၁ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးအပါး ၂၀ နှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း၂၁ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီး၂၈ ပါးနှင့်သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၃၂ ပါး၊ ရှုဋ္ဌဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသောဆရာတော်ကြီးကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ ရှုဋ္ဌကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါး၊ အမေရိကန်ပြည်ထောင်စုမှတစ်ပါးနှင့် အိန္ဒိယနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၉ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ခုနစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦးနှင့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၃၉ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၅)အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၂၉ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၄၈ ဦး၊ ရဲသူရတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခြောက်ဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၁၅၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၃/၉၅ ) အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၅၈၃ ဦး၊ စုစုပေါင်း ၂,၆၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၄/၉၅) အရပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၃၃၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၂,၉၀၆ ဦး စုစုပေါင်း ၁၄,၂၃၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ( ၅/၉၅ ) အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစား ၁၁ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၁၉၆ ဦး စုစုပေါင်း ၂၀၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၆/၉၅ )အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များမှာ တာဝန်ထမ်းဆောင်ဆဲ ၄၀၆ ဦး ဖြစ်ကြသည်။

အမိန့်ကြော်ငြာစာအမှတ်( ၇/၉၅) အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၆၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၇,၈၉၂ ဦး စုစုပေါင်း ၃၉,၇၅၈ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၅၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅၅,၅၂၄ ဦး စုစုပေါင်း ၅၇,၃၇၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၈/၉၅) အရ ပြည်သူ့ရဲပူးတွဲ တိုက်ပွဲဝင်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် တာဝန်ထမ်းဆောင်ဆဲ ၁,၁၃၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၂၁/၉၅ )အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ ချီးမြှင့်ခံရသောပုဂ္ဂိုလ် တစ်ဦး၊ သူရဘွဲ့ ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၃ ဦးနှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၁၄၉ ဦး စုစုပေါင်း ၁၆၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂၂/၉၅)အရ တပ်မတော်ဧရတုနှစ်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် စစ်မှုထမ်းဆောင်ဆဲ အရာရှိ ၁,၂၀၅ ဦးနှင့် အခြားအဆင့် ၁၄,၃၅၇ ဦး စုစုပေါင်း ၁၅,၅၆၂ ဦး ပါဝင်သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၆၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များ ချီးမြှင့်သည်။

ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်ထမ်းဆောင်ခဲ့ကြသော မရီးလ်မရော့ဒါတပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း ၂၃ ဦးအား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်းကောင်း၊ အမေရိကန် တပ်မတော် (OSS-101) တပ်ဖွဲ့ဝင် စစ်မှုထမ်း ဟောင်း ၁၅ ဦးအား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လည်းကောင်း မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ**။ ။၁၉၉၄ခုနှစ်၊ ဇွန်လက ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သော မစ္စတာတိုမီအိချိမူရာယာမသည် အသက်ခုနစ်ဆယ်ရှိပြီဖြစ်သည်။ သူ၏ရိုးသားသော အနေအထိုင် ဝတ်စားဆင်ယင်မှုကို ပြည်သူတို့က သဘောကျကြသည်။

မူရာယာမသည် နိုင်ငံ၏စီးပွားရေးကို ပို၍ လေးစားသူ ဖြစ်သည်။ သူ၏ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် ပါတီနှင့် နှစ်ပေါင်းများစွာအာဏာရယူခဲ့သော လစ်ဘရယ်ဒီမိုကရက် ပါတီမှခွဲထွက်သူများအပြင် ဆာကီဂါကီပါတီနှင့် အခြားသောပါတီငယ်များက စုပေါင်းကာ မူရာယာမကို ထောက်ခံကြသည်။ ထောက်ခံသူအမတ် ၂၆၁၊ ကန့်ကွက်သူအမတ် ၂၁၄ ဖြင့် မူရာယာမသည် ဝန်ကြီးချုပ် ဖြစ်လာကာ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကျူရှုကျွန်း အိုအိတမြို့နေရေလုပ်သားတံငါသည် တစ်ဦး၏သားဖြစ်သူ မူရာယာမသည် ဆင်းဆင်းရဲရဲနေခဲ့ရသည်။ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

၁၉၉၃ခုနှစ်၊ နိုဝင်ဘာလတွင် ဝန်ကြီးချုပ်မှုဆိုဟီရိုဟိုဆိုကာဝါ လက်ထက်က ပြဌာန်းခဲ့သော ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ချက်များအရ ဝန်ကြီးများသည် မိမိတို့ပိုင် ပစ္စည်းစာရင်းကို တင်ပြကြရသည်။ ဝန်ကြီးချုပ်ဟောင်း ဟာတာမှာသိန်းသုံးလေးဆယ် ပိုင်ကြောင်းတင်ပြသည်။ မစ္စတာမူရာယာမကမူ သူပိုင်ပစ္စည်းသည် ဒေါ်လာသုံးသန်းခွဲသာရှိသည်ဟု ဆိုသည်။ ထိုသုံးသန်းခွဲမှာလည်း သူ၏ဇနီး စုဆောင်းရရှိငွေဖြစ်သည်။ ဤမျှလောက်ရိုးသားသူကို လစ်ဘရယ်ဒီမိုကရက်ပါတီက ထောက်ခံခြင်းဖြစ်သည်။

မစ္စတာမူရာယာမသည် အလုပ်သမားရေးရာကို ကိုင်တွယ်ခဲ့သူဖြစ်၍ ပါတီစိတ်ပြင်းထန်သူ မဟုတ်ပေ။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပသော အထက်လွှတ်တော်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီသည် အမတ်နေရာ ၄၆ နေရာမှ ၆၈ နေရာသို့ တိုးတက်ရရှိသည်။ ဝန်ကြီးချုပ်မူရာယာမ၏ပါတီက ယခင်အမတ်နေရာတို့ကို ဆုံးရှုံးခဲ့သည်။ ယင်းရှုံးနိမ့်မှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ ထွက်စရာမလိုဟု ပါတီစုံက ဆုံးဖြတ်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး မာဆာရိုရှိတာကာမူရာက ရာထူးမှထွက်ရန် စာတင်သည်ကိုအမတ်များက လက်မခံပေ။


ယင်းရွေးကောက်ပွဲကို မကျင်းပမီက ဂျပန်အစိုးရသည် မိမိ၏ပေါ်လစီမူဝါဒကို ဖော်ပြသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့က လစ်ဘရယ်ဒီမိုကရက်ပါတီ၊ ဆိုရှယ်လစ်ပါတီနှင့် ဆာကီဂါကီပါတီ ပါဝင်သော ညွန့်ပေါင်းအစိုးရက ထုတ်ပြန်သော အဆိုပါကြေညာစာတမ်း၌ ကုန်သွယ်ဘက်နိုင်ငံများ ကျေနပ်နှစ်သိမ့်စေရန် ဈေးကွက်မူစနစ်ကို ပြုပြင်ပြောင်းလဲသွားမည်ဟု ထည့်သွင်းကတိပေးသည်။

ဤသို့စည်းမျဉ်းတကျ အလုပ်လုပ်လျက်ရှိသော မူရာယာမ အစိုးရကို အယုံအကြည်မရှိဟုအဆိုသွင်းကြသည်။ ယင်းအဆိုမှာ မဲ ၅၁၀ အနက် ၂၉၀ ဖြင့် အစိုးရဘက်က အနိုင်ရရှိသည်။

**စစ်လျော်ကြေးများ** – ဝန်ကြီးချုပ်မူရာယာမသည် အခြားသောခေါင်းဆောင်များကဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အပြုအမူအတွက် တောင်းပန်စကားပြောကြားခဲ့သည်။ ယင်းကျူးကျော်မှု၏ဒဏ်ကို ယခုတိုင်ခံရဆဲဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဟောင်ကောင်ရှိ စစ်သုံ့ပန်းဟောင်းများက ဝန်ကြီးချုပ်မူရာယာမသို့ လျော်ကြေးတောင်းသည့် စာတစ်စောင်ပေးပို့သည်။ ဂျပန်တပ်မတော်က အကျဉ်းချခဲ့ရသော စစ်သုံ့ပန်း တစ်ဦးလျှင်ဒေါ်လာ ၂၂, ၀၀၀ စီလျော်ကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

ဩစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုမှ စစ်သုံ့ပန်းပေါင်း ၃၀,၀၀၀ ရှိရာစုစုပေါင်းလျော်ကြေးငွေသန်း ၆၆၀ ရှိမည်ဖြစ်သည်။ ယင်း တောင်းဆိုချက်ကို ဟောင်ကောင်နယ်သား ၁၀,၀၀၀ လက်မှတ်ထိုးထားသည်။



ဂျပန်ဝန်ကြီးချုပ် မူရာယာမ

ဝန်ကြီးချုပ်ထံ လျော်ကြေးတောင်းဆိုသော စာကို အသက် ၇၃ နှစ်အရွယ်ရှိ အင်္ဂလိပ်လူမျိုးအာသာတီသရင်တံက သုံ့ပန်း ၅၀ နှင့်အတူ ဟောင်ကောင်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးသို့ ချီတက်ကာပေးအပ်ခြင်းဖြစ်သည်။ ယင်းစာကို ဂျပန်ဝန်ကြီးချုပ်က လက်မခံပေ။

ထို့နောက် တစ်နည်းတစ်ဖုံပေါ်လာသော ပြဿနာမှာ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်စစ်သားနှင့်တိုင်းရင်းအမျိုးသမီးတို့ပေါင်းဖက်ရာမှ ရရှိခဲ့သော ဂျပန်ကပြားသားသမီးများကိစ္စဖြစ်သည်။ ၁၉၄၁–၁၉၄၅ ခုနှစ်အတွင်း ဂျပန်စစ်တပ်က ဖိလစ်ပိုင်၌ အုပ်ချုပ်နေစဉ် ဖိလစ်ပိုင်အမျိုးသမီး များနှင့် ဂျပန်စစ်သားတို့ ပေါင်းဖက်မိကြရာ သားသမီးများ ကျန်ရစ်ခဲ့သည်။ ထိုသားသမီးတို့၏ဖခင်တပ်မတော်သားမှာ ယခုတိုင်အသက်ရှင်လျက်ရှိ မရှိ မသိရပေ။ ထိုဖတဆိုးကပြားတို့ကို ဂျပန်တိုင်းရင်းသားအဖြစ် လက်ခံရန် ဂျပန်အစိုးရသို့ မစ်ရှင်တစ်ရပ် စေလွှတ်တောင်းခံခဲ့သည်။ ဂျပန်အစိုးရက ဂျပန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုမည်ဟု ဆိုသည်။

**လျှောင်သဘာဝကပ်** –၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် အရုဏ်ဦးအချိန်တွင် ဂျပန်ကျွန်းမကြီးရှိ ကိုဘီမြို့တွင်ရစ်ချ် စတာစကေး ၇.၂ ရှိသော ငလျင်ကြီးလှုပ်ရာ ၂၀ စက္ကန့် အတွင်း တိုက်တာအိမ်ခြေ ၁,၅၅,၀၀၀ ပြိုကျကာ လူ ၅,၅၀၀ သေကျေပျက်စီးပြီး လူ ၂၇,၀၀၀ ထိခိုက်ဒဏ်ရာရရှိ သည်။ ထိုမြို့ပျက်ကို ပြန်လည်ပြင်ဆင်ရမည်ဆိုလျှင် ဒေါ်လာသန်း ၄,၀၀၀ကုန်မည်ဟု ဆိုသည်။ ပြိုပျက်သော အဆောက်အအုံ များအောက်ရှိ ဒဏ်ရာရသူများအား ကယ်ဆယ်ရန် တပ်မတော်သားများက ကူညီရာတွင် ရဟတ်ယာဉ်များ၊ အနံ့ခံခွေးလိမ္မာများကိုပါ အသုံးချသည်။ ငလျင်လှုပ်ရာတွင် အစိုးရက ကူညီပံ့ပိုးခြင်း နည်းပါးသည်ကို အတိုက်အခံ လွှတ်တော်အမတ်အချို့ကဝေဖန်ပြစ် တင်ကြ သည်။ (သဘာ ၀ ဘေးဒဏ်–ရှု။)

**ကပ်ကျော်ဘာသာရေးဂိုဏ်း**–၁၉၉၅ ခုနှစ် နှစ်ဆန်းတွင် ဘာသာရေးဂိုဏ်းတစ်ခုမှ ထိတ်လန့်ဖွယ် သတိပေးသော ဗွေပေလွှာတစ်ခုကို ဂျပန်ပြည်သူတို့တအံ့တသြကြား လိုက်ကြရသည်။ ၄င်းမှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ကမ္ဘာကြီးပျက်လိမ့်မည်ဆိုသော ဗွေပေလွှာ ဟောစာတမ်းသည် သတင်းစာအသီးသီး၌ ပေါ်ထွက် လာသည်။ ဗျာဒိတ်ပေး ဟောပြောသော ဂိုဏ်းမှာ အောင်းရှင်ရိကျိုဖြစ်သည်။ အောင်းမဟာသစ္စာဂိုဏ်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

ပရိသတ်က သူ၏ဟောကိန်းမှန်မမှန်ကို စောင့်ကြည့် နေကြစဉ်မတ်လ ၂၀ ရက်နေ့ နံနက်တွင် တိုကျိုမြို့ မြေအောက်ရထားလမ်းတွင်ဗုံးပေါက်ကွဲသဖြင့် ထိုဗုံးမှ ဓာတ်ငွေ့များထွက်ကာ ဓာတ်ငွေ့ဒဏ်ကြောင့် ခရီး သည် ၁၂ ဦးသေဆုံးပြီး အခြားလူ ၂,၅၀၀ ခန့်မူးမော် မေ့မျောပြီး နှလုံးတုန်ရင်ခုန်ရောဂါဒဏ်များ ရရှိသည်။

ဤတွင်မှ ဂျပန်ရဲအဖွဲ့နှင့် ထောက်လှမ်းရေးတပ်က ဤမှုအတင့်ရဲပြီး ရက်စက်သည့် အကြမ်းဖက်သူများနှင့် ၄င်းတို့၏ အပေါင်းအသင်းများကို ဒလကြမ်းရှာဖွေသော အခါ ရှိုကိုအဆဟာရာ ခေါင်းဆောင်သော အောင်းရှင်ရိကျို ၏ လက်ရာဖြစ်သည်ကို တွေ့ကြရသည်။

ဖောက်ခွဲသောဗုံးတွင် ဆာရင် (Sarin) ခေါ် အာရုံကြော၊ သွေးကြော၊ လေကြောထိခိုက်သော ဓာတ်ငွေ့ များပါရှိ၍ လူ အစုလိုက် အပြုံလိုက် သေစေသော ဓာတ်ငွေ့ ဖြစ်သည်ကို တွေ့ရှိရသည်။

ထိုဂိုဏ်းဝင်များသည် အဆဟာရာကိုပုဂ္ဂိုလ်အရ ကိုးကွယ်ယုံကြည်သော ဘာသာရေးဂိုဏ်းဖြစ်သည်။ အဆဟာရာသည် ကျူရှူကျွန်း၊ ချီဗျာမက်ဆူမိုတိုတွင် ၁၉၅၅ ခုနှစ်က ဖွားမြင်သည်။ စက္ခုအလင်းမရသလောက်ဖြစ်၍ သူ့အား ဆွံ့အ နားထိုင်း မျက်မမြင် ကလေးသူငယ်များ ကျောင်းတွင် အပ်နှံ သင်ကြားသည်။

ပညာဉာဏ်ထက်မြက်သူဖြစ်၍ အကြား အမြင် ပေါက်သည်ဟု ယူဆရသည်။ သူသည် ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်ရာ အိန္ဒိယပြည်သို့ ရောက်ရှိပြီး ဘာသာရေး၊ သာသနာရေးများကို လေ့လာသည်သာမက တိဗက် မဟာယန ဗုဒ္ဓဘာသာကိုလည်း တီးခေါက် ခဲ့သူဖြစ်သည်။ ယင်းဘာသာရေး အယူအဆများအရ သူ့ကိုယ်သူ အဂ္ဂ သာဝကဟူ၍ လည်းကောင်း၊ ဘုရားအလောင်းဟူ၍ လည်းကောင်း ထင်မြင်ယူဆသူဖြစ်သည်။ ထို့ကြောင့် သူ၏ဂိုဏ်းအမည်ကိုအောင်း(ဥုံ) မန္တန်ဖြင့်စခဲ့သည်။ အပ်စိုက်ကုသခြင်းဖြင့်ရောဂါသည်များကိုအစွမ်းထက်စွာ ကုသခဲ့သည်။ ဗေဒင်အဟောကောင်းသည်။

ယခုနှစ်တွင် သိရသောစာရင်းအရ မှတ်ပုံတင်ထားသော အသင်းသားအုပ်စုမှာ ၁၈၃,၅၈၁ ဖြစ်သည်။ ရုရှားနိုင်ငံတွင် သူ၏ဂိုဏ်းသား ၁,၀၀၀ ခန့်ရှိသည်။

ဂျပန်ရဲအဖွဲ့ဝင် ၂,၅၀၀ သည် အောင်းရှင်ရိကျို ဆေးခန်းပေါင်း ၂၀ ကျော်ကို ဝင်ရောက်ရှာဖွေကာ ခေါင်းဆောင် အဆဟာရာနှင့် သူ၏ဇနီးအပြင် ဓာတုဗေဒ ကျွမ်းကျင်သူ အသင်းသားတစ်ဒါဇင်ကျော်ကို ဖမ်းဆီးလိုက် သည်။ အဆဟာရာအား လူသတ်မှုဖြင့် စွဲချက်တင်ထား သည်။

ဘာသာရေးကိုဘန်းပြထားသော ဂိုဏ်းကိုမတရားသင်း ကြေညာရန် ဆိုင်ရာက တရားရုံးတော်သို့ လျှောက်ထားခဲ့ သည်။ ခွင့်ပြုမှုရသည်နှင့် တစ်ပြိုင်နက် ဖူဂျီတောင်ခြေရှိ နေအိမ်ပါ စခန်းအားလုံးကို ရှာဖွေသောအခါ ဓာတုဗေဒ ဆေးဝါးအမြောက်အမြားကို တွေ့ရှိရပေသည်။ အဆဟာရာ ကို စစ်ဆေးသောအခါ မိမိတို့သည်လူသတ်ဖို့မဟုတ်ဘဲ ဆေးဝါးကုသဖို့သာ ဤဓာတုဗေဒဆေးဝါးများ၊ ဆာရင် ဓာတ်ငွေ့များ စုဆောင်းသိမ်းဆည်းခြင်း ဖြစ်သည်ဟု ချေပပြောကြားသည်။

ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ ဒုံးကျည်များအတွက် အသုံးပြုနိုင်သော ပစ္စည်းကိရိယာများကို ဇူလိုင်လ ၃၀ ရက် နေ့က ရှာဖွေတွေ့ရှိသည်။ ရှင်ရိကျိုဌာနချုပ် မြေအောက်



ဂျပန်ရဲအဖွဲ့ဝင်များက အောင်းရှင်ရိကျိုဂိုဏ်း၏ ဓာတုဗေဒ ဆေးဝါးပစ္စည်းများကို ရှာဖွေသိမ်းဆည်းနေစဉ်

မေ ၂၀ ခန့်တွင် ထိုလက်နက်ပစ္စည်းကိရိယာ အသုံးအဆောင် အမျိုး ၇၀ ကို တွေ့ရှိရသည်။ ထိုမှတစ်ပါး ဆိုဗီယက်ပုံစံ "အေကေ-၄၇" ရိုင်ဖယ်နှစ်လက်နှင့်အတူ သေနတ် ၁,၀၀၀ တပ် ဆင်ပြုလုပ်နိုင်မည့် ပစ္စည်းအစိတ်အပိုင်း ၁,၀၀၀ ကျော်ကိုလည်း ဖမ်းဆီးရမိသည်။

ရှင်ရိကျိုဂိုဏ်းသား ၂၀၀ ကျော်ကို ဖမ်းဆီးစစ်မေးကာ ၁၃၁ ဦးကို စွဲချက်တင်လိုက်ပြီး ၇၃ ဦးကို လွှတ်ပစ်လိုက်သည်။ လူသတ်မှုတစ်မှု၊ လူသတ်ရန်ကြံစည်မှု ၁၃ မှု တို့ဖြင့် ရှိုကိုအဆဟာရာ အပါအဝင် ၁၂ ဦးကို တရားစွဲထားသည်။

ဂျပန်နှင့် အမေရိကန် ကုန်သွယ်မှု ပြဿနာ-ဂျပန်အစိုးရသည် နိုင်ငံ၏အဓိက မဟာမိတ်ဖြစ်သော အမေရိကန် အစိုးရနှင့် ကုန်သည်စစ်ပွဲ သို့မဟုတ် စီးပွားရေးစစ်ပွဲကို ဆင်နွှဲရသည်။ ပထမ မော်တော်ကားကိစ္စ၊ ဒုတိယ လေယာဉ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စ၊ ထို့နောက် ဓာတ်ပုံကင်မရာဖလင်ကိစ္စများကို အကြိတ်အနယ် နေ့ရက်ရှည်ကြာစွာ ဆွေးနွေးရသည်။

ဂျပန်-အမေရိကန် ကုန်သွယ်ရေးတွင် ဂျပန်က အများ အပြား အနိုင် ရနေသည်။ ဂျပန်သည် အမေရိကန်အစိုးရ၏ အရောင်းအဝယ် အခွင့်ထူးရနိုင်ငံ( Most Favoured Nation) အဖြစ်သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန်လုပ် မော်တော်ကား နှင့် ယာဉ်ပစ္စည်းများကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်း၊ တယ်လီဖုန်းပစ္စည်း များကိုလည်းကောင်း ဂျပန်ပြည်အတွင်းသို့ တင်သွင်းရောင်းချ လိုသည်။ ယင်းတင်သွင်းရောင်းချမှုကို ဂျပန်က ကန့်သတ်ပိတ်ပင်ထားသည်ဟု ဆိုသည်။ ယင်း ပိတ်ပင်မှုကို ပယ်ဖျက်ပြီး ဈေးကွက်ဖွင့်ပေးရန် အမေရိကန် က တောင်းဆိုသည်။ အကယ်၍သာ ယင်းတောင်းဆို ချက်ကို မလိုက် လျောလျှင်" အမ်အက်ဖ်အင်" ကုန်သွယ်မှု အခွင့်အရေးကို ပယ်ဖျက်ပစ်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်သည်။

ကုန်သွယ်အခွင့်အရေး စွန့်လွှတ်ရမည်ဆိုလျှင် ဒေါ်လာ သန်းခြောက်ထောင်ဖိုး မော်တော်ကားရောင်းချမှုကို ဂျပန်က လက်လွှတ်ရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ကလင်တန်နှင့် ဂျပန်ဝန်ကြီးချုပ်မူရာယာမတို့သည် ဟာလီဖက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန် အာရာရိုကင်တန်နှင့် ဂျပန်အာရာရှိတို့သည် ဂျီနီဗာမြို့တွင် ဇွန်လ ၂၂၊ ၂၃ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် ဆက်တိုက်ဆွေးနွေးကြသည်။ ကုန်သွယ်ရေး မညီမျှမှုနှင့် ပတ်သက်၍ ဂျပန်-အမေရိကန် ဆွေးနွေး ပြောကြားရသည်မှာ သမ္မတ မစ္စတာဘွတ်ရှ် လက်ထက်မှ စခဲ့သည်။ ယခု ၁၉၉၅ ခုနှစ်၊ ဇွန်လ၂၉ ရက်နေ့တွင် မော်တော်ကားပြဿနာ ဖြေရှင်း နိုင်ခဲ့သည်။

သဘောတူညီချက်မှာ (၁) အမေရိကန်လုပ်ယာဉ် ပစ္စည်း များကိုဂျပန်က ဝယ်ယူမည်။ ထိုပစ္စည်းများကို ဂျပန် ပြည်ရှိစက်ရုံများတွင်လည်းကောင်း၊ အမေရိကန်တွင် ဖွင့်ထားသောဂျပန်စက်ရုံအလုပ်ရုံများတွင်လည်းကောင်း အသုံးပြု တပ်ဆင်မည်။ (၂) ဂျပန် မော်တော်ကား အလုပ်ရုံ များကို အမေရိကန်၌ တည်ခွင့်ပြုမည်ဖြစ်ရာ နှစ်ဖက်စလုံးက ကိုယ့်ဘက်က မြတ်သည်ဟု ယူဆကြသည်။

ဂျပန်ပြည်တွင် အကြီးဆုံးကုမ္ပဏီငါးခုဖြစ်သော တိုယိုတာ၊ နစ်ဆန်၊ ဟွန်ဒါ၊ မစ်ဆူဘီရှီနှင့် မာဇဒါ ကုမ္ပဏီတို့က ဒေါ်လာ၁၉ ဘီလီယံတန်အမေရိကန်ယာဉ် ပစ္စည်းများကို ၁၉၈၅ ခုနှစ်၊ မတ်လအတွင်းဝယ်ယူခဲ့သည်ဟု ဇူလိုင် ၁၃ ရက်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

အာရှနိုင်ငံများထံမှ အမေရိကန် ကုန်တင်လေယာဉ် တို့ဖြင့် အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဂျပန် တို့က အနှောင့်အယှက်ပြုမှုနှင့်ပတ်သက်၍ ဂျပန်လေ ယာဉ်တို့ကုန်တင်မှုကို တားမြစ်ကန့်သတ်မည်ဟု အမေရိကန်အစိုးရက ဇွန်လ ၁၈ ရက်နေ့က ခြိမ်းခြောက် သည်။

ယင်းသို့ခြိမ်းခြောက်သည်ကိုဂျပန်အစိုးရက တုံ့ပြန်ခဲ့ သည်။ အမေရိကန်က ကန့်သတ်ပိတ်ပင်လျှင် အမေရိကန် အနောက်မြောက်လေယာဉ်လိုင်းနှင့်ဖက်ဒရယ်အိတ်စပရက်စ် တို့၏ ဂျပန်ခရီးစဉ်ကို တန်ပြန်အရေးယူမည်ဟု ပြန်ကြား သည်။

အမေရိကန်၏ အကျပ်ကိုင်ခြင်းခံရသော ဂျပန် လေကြောင်းကုမ္ပဏီများမှာ ဂျေအေအယ်လ်ခေါ်ဂျပန်လေ ကြောင်းလိုင်းနှင့် နစ်ပွန်ကုန်တင်လေကြောင်းလိုင်းတို့ ဖြစ်သည်။ အမေရိကန်ကုန်တင်လေယာဉ်များကို ဂျပန် နိုင်ငံတွင် ပိုမိုရပ်နားခွင့်ပေးလိုက်ခြင်းဖြင့် လေယာဉ် ဆင်းခွင့်၊ နားခွင့်၊ ကုန်တင်ခွင့်ပြဿနာမှာ ကား ပြဿနာ ကဲ့သို့ ပြေလည်သွားသည်။

ဂျပန်-အမေရိကန် ကုန်သွယ်ရေး ပြိုင်ဆိုင်မှုတွင် အမေရိကန်အိစ်မင်ကိုဒတ်နှင့် ဂျပန်ဖူဂျီဖိုတိုကုမ္ပဏီတို့ ပါဝင်လာကြသည်။ ဖူဂျီကုမ္ပဏီက မသင့်လျော်သော ကုန်သွယ်ရေးလုပ်ဆောင်မှုကြောင့် မိမိတို့ကိုဒတ်ကုမ္ပဏီမှာ နှစ်ပေါင်း ၂၀ အတွင်း ဒေါ်လာ ၅ ဒသမ၆ဘီလီယံဆုံးရှုံး နစ်နာခဲ့ရသည်ဟု စွပ်စွဲပြောကြားသည်။ ယင်းကိစ္စကိုမူ နှစ်ဖက် လေ့လာဆွေးနွေးကြမည်ဟု သဘောတူကြသည်။

**စီးပွားရေး**-ဂျပန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်၌ အအေးပို၍ စိုစွတ်မှုကြောင့် စပါးအထွက်ပမာဏသည်ယမန်နှစ်က ထက် လျော့နည်းလိမ့်မည်ဟု ခန့်မှန်းရသည်။ပစိဖိတ် သမုဒ္ဒရာကမ်းခြေ ဘက်တွင် ရာသီဥတုအခြေအနေအရ စပါးစိုက်ရက်သည် ၁၀ ရက် နောက်ကျသည်။

ရောင်းကုန်ဝယ်ကုန်ကုန်သွယ်ရေးရှင်းတမ်းတွင်မူ ယမန်နှစ်ကထက် ပိုလျှံငွေလျော့နည်းသွားသည့် အတွက် အမြတ် နည်းသွားသည်။ ယမန်နှစ် ပထမခြောက်လတွင် ကုန်သွယ် ရေး ရှင်းတမ်းမှာ ဒေါ်လာ ၅၇ ဒသမ ၇၇ ဘီလီယံဖြစ်ပြီး ယခု နှစ်တွင် ၅၇ ဒသမ ၄၂ ဘီလီယံ ဖြစ်သည် ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်နေ့

တွင် ထုတ်ပြန်ကြေညာသည်။ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေမှာ ယမန်နှစ် ကထက် ပိုသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများကိုလက်ခံ အသုံးပြု လျက်ရှိသည်။ ယခုနှစ်တွင်ဖိလစ်ပိုင်အမျိုးသမီး အလုပ်သမားများကို အကန့်အသတ်ဖြင့်သာ ဂျပန်အစိုးရက လက်ခံ မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနကလည်း အလားတူကန့်သတ်ရန် စီစဉ်နေသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဇူလိုင် ၂၀ ရက်နေ့တွင်ပြောကြားသည်။

အမျိုးသမီးအချို့မှာ ဂျပန်လူဆိုးဂိုဏ်းလက်ဝယ်သို့ ရောက် ရှိကာ ပြည့်တန်ဆာလုပ်ငန်း၌ အသုံးချခြင်းခံနေရ သည်ဟု သိရှိရသည်။ ယင်းပြဿနာကိုဝန်ကြီးချုပ် မူရာယာမနှင့် ဖိလစ်ပိုင်သမ္မတ ရာမိုစ်တို့ သိရှိပြီးဖြစ်သည်ဟု ဆိုသည်။

**ဂျာမနီ သမ္မတနိုင်ငံ။** ။ ရုရှားသမ္မတ ယဲ့လ်ဆင်အစိုးရ သည်ချီချင်ညာ ခွဲထွက်ပြည်နယ်အား အင်အားသုံး၍ ချင်းနင်းတိုက်ခိုက်နေလင့်ကစား ဂျာမနီသည် သမ္မတယဲ့လ်ဆင်အား ထောက်ခံလျက်ပင်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောစ်ကင်ကယ်လ်က ၁၉၉၅ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ပြောကြားခဲ့သည်။ ချီချင်ညာ ပြည်နယ် ခွဲထွက်ရေးကိစ္စသည် ရုရှားအစိုးရ၏ ပြည်တွင်းရေးကိစ္စ သာဖြစ်ကြောင်း ဂျာမနီအစိုးရက ယင်း၏သဘောထားကို ဖော်ပြခဲ့သည်။ သို့သော် မော်စကိုအစိုးရသည် ချီချင်ညာ လူထု၏ လူ့အခွင့်အရေးကို အာမခံချက်ပေးလိမ့် မည်ဟု မျှော်လင့်ကြောင်း ဂျာမနီက ပြောကြားခဲ့သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နှင့် ရုရှား ပိုမိုရင်းနှီးရေး ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအဖြစ် စိန့်ပီတာဘတ်မြို့အနီးတွင် ၁၉၉၅ နွေရာသီ ဂျာမနီနှင့် ရုရှား စစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို ရုရှားအစိုးရက ရွှေ့ဆိုင်းလိုက်သည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး ဗောလကာရူက ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့ သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီးက မည်သည့်အတွက် ကြောင့် ရွှေ့ဆိုင်းကြောင်းမပြောသော်လည်း ရုရှားက ထိုသို့ ဆုံးဖြတ်ခြင်းမှာ ချီချင်ညာခွဲထွက်ပြည်နယ်တွင် ရုရှားတပ် များ တိုက်ခိုက်နေရသောကြောင့် ဖြစ်ပုံရသည်ဟုဆိုသည်။ ရုရှားနှင့် အနောက်အုပ်စုအကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ရမည် ဖြစ် ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောကြားသွားခဲ့သည်။

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့ပြင်ရှိ စက်ရုံတစ်ရုံတွင် ရုရှားနျူကလီးယား ထိပ်ဖူးများမှ ပလူတိုနီယမ်ကို နျူကလီး ယား လောင်စာအဖြစ် သန့်စင်ရေး အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်သင့်မသင့် ဂျာမနီအစိုးရက စဉ်းစားခဲ့သည်။ ထိုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ထောက်ခံ သည်။ ဂျာမနီအစိုးရက ရုရှားပလူတိုနီယမ်ကို သန့်စင်ခြင်း ပြု မပြု အလားအလာနှင့် စပ်လျဉ်း၍ အမေရိကန်က တီးခေါက်ကြည့်ကြောင်း ဘွန်းမြို့ရှိ အမေရိကန်သံရုံးက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ အမေရိကန်အရာရှိများသည် မစ်အောက်ဆိုက် လောင်စာ ချောင်းများ ထုတ်လုပ်ရေးအတွက် ဆီးမင်းကုမ္ပဏီ၏ ဟာနောစက်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။

ဟာနောစက်ရုံတွင် ရုရှားပလူတိုနီယမ်များ သန့်စင်ရေး အစိုးရ၏ အစီအစဉ်ကို ဂျာမနီပြည်သူများက ဆန့်ကျင် ကန့်ကွက်ကြလိမ့်မည်မှာ သေချာသည်ဟုဆိုကြသည်။ သို့ရာတွင် ထိုစက်ရုံလည်ပတ်ပါက ဂျာမနီပြည်သူများ အလုပ်အကိုင်များ ရရှိစေမည့်အပြင် နိုင်ငံတကာလက်နက် လျှော့ပါးရေးအတွက်ပါ အကျိုးသက်ရောက်မည်ဖြစ်ပေရာ အတိုက်အခံဆိုရှယ်ဒီမိုကရက်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ၄င်းတို့၏ ကန့်ကွက်မှုများကို ရုပ်သိမ်းနိုင်သဖြင့် ဂျာမနီအစိုးရက စွန့်စားရန် လက္ခဏာ ရှိသည်ဟု ဆိုကြသည်။

## နိုင်ငံရေး

ရုရှားသမ္မတ ယဲ့လ်ဆင်က ချီချင်ညာပြည်နယ်ကို ဝင်ရောက် တိုက်ခိုက်၍ ထိုဒေသရှိ ပြည်နယ်သားများ၏ လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသော စိုးရိမ်သောက ဖြစ်မိသော်လည်း မိမိသည် သမ္မတ ယဲ့လ်ဆင်အား ဆက်လက်ထောက်ခံကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ဇန်နဝါရီ လထဲ၌ ပြောကြားခဲ့သည်။

ချီချင်ညာသည် ရုရှား၏ ဒေသတစ်ခုဖြစ်ကြောင်း ချီချင်ညာပြည်နယ် ရုရှားမှခွဲထွက်ခြင်းဖြင့် ရုရှားနိုင်ငံသည် တည်ငြိမ်မှု ပျက်ပြားသွားနိုင်ကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ရုရှားသမ္မတ ယဲ့လ်ဆင်အား ယင်း ကဲ့သို့ ထောက်ခံမှုပြုခဲ့ ခြင်းကို အတိုက်အခံပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် (အက်စ်ပီဒီ) ပါတီက ဆန့်ကျင် ကန့်ကွက်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး ကွန်မြူနစ်ဝါဒီများ က ၄င်းတို့၏ ပါတီဖြစ်သော ဒီမိုကရက်တစ်ဆိုရှယ်လစ်

ဇင် (ပီဒီအက်စ်) ပါတီအတွက် Lothar Bisky ကို ပါတီဥက္ကဋ္ဌအဖြစ် ဇန်နဝါရီလ ၂၉ ရက်နေ့၌ ပြန်လည်ရွေးချယ်ခဲ့သည်။ Lothar Bisky က စတာလင်ဝါဒကို စွန့်ပယ်လိုက်ပြီး နောက် ယင်းသို့ ပြန်လည်အရွေးခံရခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန် ဒီမိုကရက်ပါတီသည် ပြည်နယ်ရွေးကောက်ပွဲတစ်ခုတွင် အရေးနိမ့်ခဲ့သည်။ အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်သည့် Hesse ပြည်နယ်၏ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီး ဖြစ်သူ ခရစ်ယာန်ဒီမိုကရက်ပါတီမှ Manfred Kanther သည် ဆိုရှယ်ဒီမိုကရက်ပါတီမှ Hans Eichel ကို ရှုံးနိမ့်သွားခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဂျမနီပြည်ထဲရေးဝန်ကြီးဌာနက လွတ်လပ်သော လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ ( The farright free German Worker's Party - FAP)အား တရားဝင် ပါတီအဖြစ်မှပိတ်ပင်တားဆီးလိုက်သည်။ ထိုပါတီမှာ ဂျာမနီနိုင်ငံတွင် နာဇီလက်သစ်သမားများ အများဆုံး ပါဝင်သော ပါတီဖြစ်သည်။ ကျွန်ုပ်တို့သည် လက်ယာ အစွန်းရောက်မှု၊ လက်ဝဲအစွန်းရောက်မှုများကို တိုက်ဖျက်သွားရမည် ဖြစ်ကြောင်း ဂျာမန်ပြည်ထဲရေး ဝန်ကြီးက ပြောကြားသည်။ လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ(အက်ဖ်အေပီ) သည် သဘောသဘာဝအရ နာဇီပါတီဖြစ်ကြောင်း၊ ၎င်းပါတီဝင်များသည် နာဇီခေါင်းဆောင်များကို အလေးအမြတ်ပြုကြကြောင်း၊ လူ့အခွင့်ရေးကိုလည်း မထေမဲ့မြင်ပြုကြကြောင်း၊ ဒီမိုကရေစီ စိတ်ဓာတ်ကိုလည်း သေးသိမ်မှေးမှိန်အောင် ပြုလုပ်နေကြကြောင်း ပြည်ထဲရေးဝန်ကြီးက တစ်ဆက်တည်း ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်အတွင်းက နာဇီလက်သစ်တို့၏ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမန်အစိုးရသည် လက်ယာအစွန်းရောက် ပါတီလေးခုကို ပိတ်ပင်ခဲ့ပြီး ဖြစ်သည်။


ဂျာမနီနိုင်ငံ၏ အကြီးဆုံး အလုပ်သမားအဖွဲ့ အစည်းဖြစ်သော The IG Metal Trade Union က ဦးဆောင်၍ ဂျာမနီနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၂ ခုမှ အင်ဂျင်နီယာ ကဏ္ဍတွင် လုပ်ကိုင်ကြသော အလုပ်သမားများသည် လုပ်ခတိုးပေးရေး တောင်းဆိုချက် ကိုင်စွဲလျက် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ က သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်ရာတွင် အလုပ်သမားပေါင်း ၁၁,၀၀၀ ခန့် ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။

လွတ်လပ်သောဒီမိုကရက်ပါတီ Free Democrats ပါတီခေါင်းဆောင် ကလောစ်ကင်ကယ်လ်သည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ကြောင်း ၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ကြေညာ ပြောကြားသည်။ သို့သော် ၎င်းက ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ညွန့်ပေါင်းအစိုးရတွင် လက်ရှိထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျာမနီနိုင်ငံ ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်သည့် ကလောစ်ကင်ကယ်လ်၏ လွတ်လပ်သော ဒီမိုကရက်ပါတီသည် မေလ ၁၅ ရက်နေ့က ပြုလုပ်သော ပြည်နယ်ရွေးကောက်ပွဲနှစ်ခုတွင် ရှုံးနိမ့်ခဲ့သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန်ဒီမိုကရက်ယူနီယမ် ပါတီခေါင်းဆောင်များက ဟဲလ်မွတ်ခိုးအား ၁၉၉၈ ခုနှစ်၌ ပြုလုပ်မည့် ဂျာမနီနိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင်ထပ်မံယှဉ်ပြိုင်အရွေးခံရန်တိုက်တွန်းခဲ့ကြသည်။ခရစ်ယာန်ဒီမိုကရက်ပါတီသည် ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးပြန်လည်အရွေးမခံလျှင် ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ဖွယ်မရှိဟု ပါတီခေါင်းဆောင်များက တွက်ဆခဲ့ကြသဖြင့်နိုင်ငံရေးသြဇာတိက္ကမ ရှိသောဟဲလ်မွတ်ခိုးကို ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ထပ်မံ အရွေးခံရန် တိုက်တွန်းခြင်း ဖြစ်သည်ဟုဆိုသည်။ ခိုးသည်ဂျာမနီနိုင်ငံ အထွေထွေရွေးကောက်ပွဲများတွင် လေးကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်ခဲ့သူ ဟဲလ်မွတ်ခိုးက မိမိသည် နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ထိုစဉ်ကပြောကြားခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် ဟဲလ်မွတ်ခိုး ဝင်ရောက်ယှဉ်ပြိုင်ဖွယ် မရှိသဖြင့် ခရစ်ယာန် ဒီမိုကရက်ယူနီယမ်ပါတီ ခေါင်းဆောင်များက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

## ပြည်တွင်းရေး

၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့က ကာဒ်ခွဲထွက်ရေးသမားများက ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့ရှိ ဘဏ်နှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်လူမျိုးတို့က




လုပ်ခတိုးပေးရေးအတွက် ဂျာမန်အလုပ်သမားများ ဆန္ဒပြနေပုံ

၄င်းတို့၏နှစ်သစ်ကူးပွဲကို ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် စတင်ကျင်းပလိုက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ကာဒ် ခွဲထွက်ရေး သမားတို့၏ ဗုံးခွဲတိုက်ခိုက်မှုများသည် ကိုလုံးမြို့မှာသာမက ဘာလင်မြို့ရှိ တူရကီခရီးသွားလာရေး လုပ်ငန်း အေဂျင်စီ အဆောက်အအုံတွင်လည်းကောင်း၊ ဘာဗာရိန်းမြို့ရှိ တူရကီယဉ်ကျေးမှု စင်ကာတွင် လည်းကောင်း ဖြစ်ပွားခဲ့သည်။

ဂျာမနီနိုင်ငံအစိုးရအရာရှိများက ယင်းသို့ဗုံးခွဲ တိုက်ခိုက်မှုတွင်ကာဒ်အလုပ်သမားပါတီ (Kurdistan Worker's Party-PKK ) ၏ ပယောဂပါရှိကြောင်း ပြောကြားသည်။ ကာဒ်အလုပ်သမားပါတီသည် တူရကီ နိုင်ငံတောင်ပိုင်း ကာဒ်တို့နေထိုင်ရာဒေသကို တူရကီနိုင်ငံမှ ခွဲထွက်ကာသီးခြားနိုင်ငံထူထောင်ရေးအတွက် ၁၉၈၄ ခုနှစ်ကတည်းက တူရကီအစိုးရအား ဆန့်ကျင်တိုက်ခိုက် နေသော အဖွဲ့အစည်းဖြစ်သည်။

ယင်းသို့ဗုံးပေါက်ကွဲမှုများဖြစ်ပွားနေချိန်၌ အီရန် နိုင်ငံတောင်ပိုင်း၌ ကာဒ်ခွဲထွက်ရေးသမားများကို တူရကီစစ်တပ်က နှိမ်နင်းတိုက်ခိုက်မှုကိုအကြောင်းပြု၍ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ကာဒ်လူမျိုး ၃၀၀ ခန့်ကလည်း

ဆန္ဒပြပွဲများပြုလုပ်ကြသည်။ အလားတူပင် ဘွန်းမြို့ရှိ ကာဒ်လူမျိုး ၁၃၀ ခန့်ကလည်းဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

မြူးနစ်ရဲအဖွဲ့က အသက် ၂၉ နှစ်ရှိ ကာဒ်အလုပ်သမားပါတီခေါင်းဆောင်နှင့် ၄င်း၏မိန်းမအပြင် ကာဒ်လူမျိုး ခုနစ်ယောက်ကို ဝါဒဖြန့် ဆူပူလှုံ့ဆော်ရေး စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးလိုက်သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်အလုပ်သမားပါတီကို တရားမဝင်ကြေညာထားရာ ပါတီဝင်များသည် လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်ဟု ဆိုသည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ထောက်လှမ်းရေး အကြီးအကဲ Bernd Schmidbauer က ကာဒ်တို့၏ လှုပ်ရှားမှုတွင် ဂျာမန်လက်ယာအုပ်စုသည်လည်း အတူတကွ ပါဝင်လှုပ်ရှား ပတ်သက်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောက်စ်ကင်ကယ်လ်က ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများရောင်းချနေခြင်းကို ဆိုင်းငံ့ထားလိုက် ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ တူရကီက အီရန်မြောက်ပိုင်းရှိ ကာဒ်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို ကန့်ကွက်သည့် အနေဖြင့် ယင်းသို့ လက်နက်နှင့် စစ်ပစ္စည်းရောင်းချမှုကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများ တင်ပို့ရောင်းချသော နိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချသော နိုင်ငံ ဖြစ်သည်။ တူရကီသမ္မတ စူလေမန်ဒီမီရယ်က သတင်းစာတစ်စောင်နှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အီရန်နိုင်ငံမြောက်ပိုင်းရှိ ကာဒ်ခွဲထွက်ရေးသမားများကို ဝင်ရောက်တိုက်ခိုက်ရာ၌ တစ်နှစ်ခန့်ကြာနိုင်ကြောင်း ပြောကြားခဲ့သည်ကို မိမိ တုန်လှုပ်သွားကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တစ်ဖန် ၁၉၉၅ ခုနှစ် ဧပြီလ ၂၄ ရက်နေ့၌ ထိပ်တန်းကွန်ဆာဗေးတစ် နိုင်ငံရေးသမားတစ်ဦး၏ အိမ်ကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြန်သည်။ ခရစ်ယာန် ဒီမိုကရက်ယူနီယံ ( စီဒီယူ ) ပါတီဝင် ပါလီမန်အမတ် ဂျူးဇက်သီရိဒ်ဘလန့်၏ နေအိမ်ဝင်းအတွင်းတွင် ဗုံးပေါက်ကွဲခဲ့သည်။ အိမ်သားများ ထိခိုက်သေဆုံးမှု မရှိခဲ့သော်လည်း နေအိမ်အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုဗုံးခွဲတိုက်ခိုက်မှုသည် မိမိတို့၏လက်ချက်ဖြစ်သည်ဟု ဂျာမနီနိုင်ငံရှိ လက်ဝဲအစွန်းရောက်အုပ်စုက ကြေညာသည်။ ထိုအုပ်စုသည် ကာဒ်များ ကို ထောက်ခံအားပေးသော အုပ်စုဖြစ်သည်။ထိုအုပ်စုကို လက်ဝဲစွန်းတပ်နီအုပ်စု (Extreme - leftist red army faction )ဟု ခေါ်သည်။ အဆိုပါ အုပ်စုသည် နေတိုး၊ ဂျာမန်အစိုးရ၏ နိုင်ငံရေးနှင့် စက်မှုဆိုင်ရာ အဆောက်အအုံ၊ ဝါဒသဘောထား ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်နေသော အဖွဲ့ အစည်း ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌လည်းဂျာမနီနိုင်ငံ လူးဘတ်မြို့ မြို့တော်ခန်းမထဲ၌စာအိတ်ထဲတွင် ပေါက်ကွဲစေသောပစ္စည်းထည့်၍ ပေးပို့သော စာအိတ်ဗုံး (Letter bomb) ပေါက်ကွဲခဲ့ပြန်သည်။ အဆိုပါစာအိတ်ဗုံးပေါက်ကွဲသဖြင့် နိုင်ငံရေးသမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ စာအိတ်ဗုံး ဖောက်ခွဲမှုမှာ လက်ယာအစွန်းရောက် ဝါဒီများ၏ လုပ်ရပ် ဖြစ်နိုင်သည်ဟု ဂျာမန်ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဇွန်လ ၉ ရက်နေ့က ယင်းကဲ့သို့ စာအိတ်တွင် ဗုံးထည့်၍ ဗုံးဖောက်ခွဲမှုတစ်ရပ်မြူးနစ်မြို့ ရုပ်မြင်သံကြားဌာနတစ်ခု၌ ဖြစ်ပွားခဲ့သေးရာ လူးဘတ်မြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုနှင့် ဆက်နွယ်နိုင်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ လူးဘတ်မြို့ မြို့တော်ခန်းမ အဆောက်အအုံရှိ ဆိုရှယ်ဒီမိုကရက်တစ် ပါတီရုံးသို့ စာပို့သယောင် ဗုံးထည့်ထားသောစာအိတ်ကို ပို့လိုက်သဖြင့် ယင်းသို့ ဗုံးပေါက်ကွဲကာ ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမား သောမတ်စ်ရိုတာ ဒဏ်ရာရရှိသွားခဲ့သည်။

### စီးပွားရေး

တောင်ကိုရီးယားသမ္မတ ကင်ယုံဆမ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ ရောက်ရှိကာ ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးနှင့် နှစ်နိုင်ငံ စီးပွားရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဥရောပရှိနိုင်ငံများအနက် ဂျာမနီနိုင်ငံသည်တောင်ကိုရီးယား၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားတွင် ဂျာမနီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၅ သန်းဖိုးရှိသည်။ တောင်ကိုရီးယားနှင့် ဂျာမနီနှစ်နိုင်ငံ၏ ကုန်သွယ်မှု ငွေကြေး ပမာဏမှာ ၁၉၉၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံဖိုး ရှိသည်။

ဥရောပတွင်အကြီးဆုံးသော ကားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီသည် ယခင် ယခင် အချိန်များက အရှုံးပြခဲ့သော်လည်း ၁၉၉၄ ခုနှစ်၌ အကျိုးအမြတ်ပြန်လည် ရရှိလာခဲ့သည်။ ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီ၏

ကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးက ပြောကြားရာတွင် ၁၉၉၃ ခုနှစ်ကအရှုံးပေါ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်ထဲတွင် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘာတွင် အကြီးဆုံး စက်မှုကုန်စည်ပြပွဲ တစ်ခုဟု ဆိုသည့် ဟင်နိုဗာစက်မှုကုန်စည်ပြပွဲကို ဂျာမနီနိုင်ငံ ဟင်နိုဗာမြို့တွင် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က ဖွင့်လှစ်ပြသခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြပွဲကိုဖွင့်လှစ်ပေးလိုက်ပြီး ဂျာမန်စက်မှုကုန်သည်ကြီးများကို စီးပွားရေး တိုးတက်လာသော အာရှတစ်လွှားတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ဤရာစုနှစ်အကုန်တွင် အာရှနိုင်ငံများထဲမှ ခုနစ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း စီးပွားဖွံ့ဖြိုးနိုင်ငံ ၁၀ နိုင်ငံထဲတွင် စာရင်းဝင်လာလိမ့်မည်ဟု ဟဲလ်မွတ်ခိုးက ထည့်သွင်းပြောကြားသွားသည်။ ထို့ကြောင့် ဂျာမန်စက်မှု ကုန်သည်ကြီးများသည် အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းခြင်း ဖြစ်ကြောင်း ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။

ဂျာမန် စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်စီးပွားရေးလုပ်ငန်းကြီး ရှစ်ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး ဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း ဂျာမနီနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံရေး သဘောတူ ချက်လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုတွင် ဂျာမနီနိုင်ငံ မာစီဒီးကား ထုတ်လုပ်ရေးကုမ္ပဏီနှင့်တရုတ်နိုင်ငံတို့အကျိုးတူပူးပေါင်းကာ မိနီဗင်မော်တော်ကားနှင့် ကားအင်ဂျင်များထုတ်လုပ်ရေး လုပ်ငန်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဖြစ်သည်။

## ပြည်ပဆက်ဆံရေး

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ ပိုလန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ ဝန်ကြီးချုပ်ခိုးက ပိုလန်နိုင်ငံအား ဥရောပယူနီယံ(European Union )သို့ ဝင်ရောက်ရေးကို ကူညီမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ပိုလန်ဝန်ကြီးချုပ် ဂျိုးဇက်အိုလက်ဆီ အပါအဝင် ပိုလန်ခေါင်းဆောင်များနှင့် ပိုလန်နိုင်ငံ နေတိုးနှင့် ဆက်သွယ်နိုင်ရေးကိစ္စ၊ နယ်စပ် အဝင်အထွက် ကိစ္စ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ပေသည်။

**(ဦးစိန်ငွေး)**

**စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနား။** ။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနားကို နတ်တော်လဆန်း ၂ ရက်(၂၃–၁၁–၉၅)နေ့က ရန်ကုန်မြို့၊ မြို့တော်ခန်းမ တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့သည် နတ်တော်လဆန်း ၁ ရက်နေ့ဖြစ်သော်လည်း ယင်းနေ့တွင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကျင်းပသောကြောင့် ဤအခမ်းအနားကို နတ်တော်လဆန်း ၂ ရက်နေ့တွင် ကျင်းပရခြင်း ဖြစ်သည်။

စာဆိုတော်နေ့နှင့် ပတ်သက်၍ သမိုင်းကြောင်းကို ဖော်ပြရသော် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်များနှင့် စာပေပညာရှင်ကြီးများသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့က စာဆိုတော်နေ့ သတ်မှတ်ရေး အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးက နှစ်စဉ် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၁၅–၁၁–၁၉၄၄ နေ့တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့တွင် ရှေးစာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ ဟောပြောခြင်း၊ မျက်မှောက်ခေတ်သက်ကြီးစာရေးဆရာကြီးများအား သက်ငယ်စာရေးဆရာများက ပူဇော်ကန်တော့ခြင်း စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုမင်္ဂလာတရားတော်နှင့်အညီ ကျင်းပကြသည်။

စာပေဗိမာန်က ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် စာဆိုတော်နေ့ အကြောင်းရပ်ကို ဖော်ပြထားသည်။ ယင်းအကြောင်းရပ်နှင့်တွဲ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဦးလင်း စသော သက်ကြီးစာရေးဆရာကြီး များအား သက်ငယ်စာရေးဆရာများက



အကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ဂါရဝပြုစဉ်

စာဆိုတော်နေ့တွင် ပူဇော်ကန်တော့နေကြသော ဓာတ်ပုံကို ဖော်ပြထားသည်။

ယခု မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ကျရောက်သော စာဆိုတော်နေ့သည် ၅၁ နှစ်မြောက် စာဆိုတော်နေ့ ဖြစ်သည်။

ယခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား ကျင်းပရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) သည် ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကို ရယူကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က ဆောင်ရွက်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဗဟိုအမှုဆောင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး) က ဆောင်ရွက်သည်။ ဆပ်ကော်မတီအသီးသီးကို ဗဟိုအမှုဆောင် တစ်ဦးစီက ဦးဆောင်ပြီး မြို့နယ်များမှ အမှုဆောင်များက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ကာ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရန် ရက်ပေါင်း ၂၀ မျှသာ အချိန်ရသော်လည်း လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ သွက်လက်ထက်မြက်စွာ ဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အချိန်မီ ပြီးစီးခဲ့သည်။ အလှူရှင် ၇၀ ကျော်ကလည်း ငွေကျပ် ကိုးသိန်းကျော်နှင့် ပစ္စည်းမျိုးစုံ လာရောက် လှူဒါန်းကြသည်။

အခမ်းအနား ကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စာပေနှင့် စာနယ်ဇင်းအမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများသည် နိုးကြားတက်ကြွသော စာပေအသိစိတ်ဓာတ် ကိုယ်စီဖြင့် နံနက် ၇ နာရီခန့်ကပင်လျှင် မြို့တော်ခန်းမ၌ စုဝေးရောက်ရှိနေကြသည်။

အပူဇော်အကန်တော့ခံမည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများသည်လည်း နံနက် ၈ နာရီခန့်မှ စတင်၍ ရောက်ရှိလာကြသည်။ ကန်တော့ခံ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ အသက်မှာ ၈၀ အနည်းဆုံးဖြစ်ရာ ဇရာဒုဗ္ဗလအရွယ် ကျနေပြီဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ

အား ကြိုဆိုရေး ဆပ်ကော်မတီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များက ဖေးမကူတွဲကာ ခေါ်ဆောင်ကြရသည်။

အပူဇော်အကန်တော့ခံကြမည့် စာရေးဆရာကြီး စာရေးဆရာမကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော) ၉၆နှစ်၊
၂။ ဆရာကြီး ဦးသိန်းမောင် (ရတနာပုံသိန်းသိန်း ) ၉၄နှစ်၊
၃။ ဆရာကြီး ဦးခင်မောင်ကြီး (ပုဂံ ခင်မောင်ကြီး) ၉၃နှစ်၊
၄။ ဆရာကြီး ဦးစံထွား ၉၃နှစ်၊
၅။ ဆရာမကြီးဒေါ်ခင်မလေး(ဒဂုန်ခင်လေး ဆွေ) ၉၂ နှစ်၊
၆။ ဆရာမကြီးဒေါ်စောရင် ၉၀ နှစ်၊
၇။ ဆရာကြီး ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ) ၈၉ နှစ်၊
၈။ ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်၊သိဟဗလ) ၈၇ နှစ်၊
၉။ ဆရာကြီး ဦးဝန် (မင်းသုဝဏ်) ၈၇ နှစ်၊
၁၀။ ဆရာကြီးဦးခင်သန်း(တိုင်း ပညာဝန် ဦးခင်သန်း) ၈၇ နှစ်၊
၁၁။ ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) ၈၇ နှစ်၊
၁၂။ ဆရာကြီး ဦးတင်မြင့် (သခ်ီ) ၈၇ နှစ်၊
၁၃။ ဆရာကြီးဦးသိန်းမောင် (သုခ) ၈၆ နှစ်၊
၁၄။ ဆရာကြီး ဦးထွန်းလှ (လောကခံ ဦးထွန်းလှ) ၈၆ နှစ်၊
၁၅။ ဆရာကြီး ဦးလွန်းမောင် (မေမြို့မောင်) ၈၅ နှစ်၊
၁၆။ ဆရာကြီး ဦးထွန်းရင် (သခင်ထွန်းရင်) ၈၅ နှစ်၊
၁၇။ ဆရာကြီး ဦးဇော်ဝိတ် (ကာယဗလ) ၈၅ နှစ်၊
၁၈။ ဆရာကြီး ဦးဘထွန်း (ဘထွန်း–ဘီအေ) ၈၅နှစ်၊
၁၉။ ဆရာကြီး ဦးအောင်သိမ်း (ဓမ္မာစရိယ) ၈၄နှစ်၊
၂၀။ ဆရာကြီး ဦးဖေခင် (မဟာသရေစည်သူဦးဖေခင်) ၈၄နှစ်၊
၂၁။ ဆရာကြီး ဦးဘသောင်း (မောင်လိူင်ဝင်း) ၈၃နှစ်၊
၂၂။ ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ၈၃ နှစ်၊
၂၃။ ဆရာကြီး ဦးဆန်နီ (စုံထောက်ဦးဆန်နီ) ၈၂နှစ်၊
၂၄။ ဆရာကြီး ဆရာချယ် ၈၂ နှစ်၊
၂၅။ ဆရာကြီး ဦးအုန်းဖေ (တက်တိုး) ၈၂ နှစ်၊
၂၆။ ဆရာကြီး ဦးအေးမောင် (ဦးအေးမောင်စာပေဗိမာန်) ၈၂ နှစ်၊
၂၇။ ဆရာကြီး သခင်ဗဟုန်(လေနီ) ၈၂ နှစ်၊
၂၈။ ဆရာကြီး ဦးဘသန်း(ရွှေဝယ်သန်း) ၈၂ နှစ်၊
၂၉။ ဆရာကြီး ဦးဧမောင် (ပန်းတောင်း ဧမောင်) ၈၂ နှစ်၊
၃၀။ ဆရာမကြီးဒေါ်သိန်းဆိုင် (မမြတ်လေး) ၈၂နှစ်၊
၃၁။ ဆရာကြီး သခင်လွင် ၈၂ နှစ်၊
၃၂။ ဆရာကြီး ဗိုလ်မှူးကြီး လှအောင် (ငြိမ်း) ၈၁ နှစ်၊
၃၃။ ဆရာမကြီးဒေါ်ရီကြိန် ၈၁ နှစ်၊
၃၄။ ဆရာမကြီး ဒေါ်မြမြ(မြစန္ဒာ) ၈၁ နှစ်၊
၃၅။ ဆရာမကြီးဒေါ်ခင်မျိုးချစ် ၈၁ နှစ်၊
၃၆။ ဆရာကြီး ဦးအောင်မြင့် (မောင်သုစိတ္တာ) ၈၁ နှစ်၊
၃၇။ ဆရာကြီး ဦးခင်မောင်လတ် ၈၁ နှစ်၊
၃၈။ ဆရာကြီး ဦးစိန်လှိုင် (ဥသြ) ၈၀နှစ်၊
၃၉။ ဆရာကြီး ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ) ၈၀ နှစ်၊
၄၀။ ဆရာကြီး ဦးသိန်းမောင် (မင်းအောင်) ၈၀ နှစ်၊
၄၁။ ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) ၈၀ နှစ်၊
၄၂။ ဆရာမကြီးဒေါ်နုယဉ် (နုယဉ်) ၈၀ နှစ်၊
၄၃။ ဆရာကြီး ဦးထွန်းတင် (မန်းတင်) ၈၀ နှစ်၊

အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ကြွရောက်ချီးမြှင့်ကြသည်။

ထိုအခမ်းအနားတွင် သက်ကြီးစာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေဝါသနာရှင်များနှင့် အလှူရှင်များစုစုပေါင်း ၅၀၀ ခန့်တို့က ဆရာကြီး၊ ဆရာမကြီးတို့၏ စာပေဂုဏ်ကျေးဇူးကို အထူးအောက်မေ့ကာ ဂါရဝနိဝါတ တရားရှေ့ထား၍ ရိုသေစွာကန်တော့ကြသည်။ ပရိသတ်၏ကိုယ်စား အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များက အကန်တော့ခံစာပေပညာရှင်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နာမကျန်းသော စာပေပညာရှင်များအား ကူညီရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့ကကြီးမှူး၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များအား ကန်တော့ ပွဲအခမ်းအနားကို ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီ ဖြစ်သည်။

ဂါရဝတရားရှေ့ထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပသော စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား သည် စာပေချစ်တတ်နိုးသူတိုင်းအဖို့ ကြည်နူးပီတိ ဂွမ်းဆီထိ ရသည့် အခမ်းအနား တစ်ရပ်ပင် ဖြစ်သည်။

မုံရွာ ဝင်းဖေ

**စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်။** ။မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ နတ်တော်လ၊ စာဆိုတော်ရာသီတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်ကို နတ်တော်လဆန်း ၁ ရက်နေ့၊ စာဆိုတော်နေ့ကို မင်္ဂလာပြု၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မအားကစားကွင်းတွင် ကျင်းပခဲ့သည်။

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို အောက်ဖော်ပြပါ ဦးတည်ချက် လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

(၁) အမျိုးသား ယဉ်ကျေးမှုထိန်းသိမ်းရေး
(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(၃) မြန်မာစာပေထွန်းကားရေး
(၄) နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်ရေး

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီက မြို့မအားကစားကွင်းအတွင်းရှိ စာပေပြခန်းမှခဦးတွင် ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အဖွင့်အမှာစကားပြောကြားရာတွင် "ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် အဖြစ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ကျင်းပခြင်းမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ကြောင်း....."

"မြန်မာစာပေမှာ ပုဂံခေတ်ကစပြီး ပေါ်ထွန်းခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် ကျောက်စာအရေးအသားများထွန်းကားခဲ့ကြောင်း၊ ပုဂံခေတ်ပြီးနောက် ပင်းယခေတ်တွင် ရတုအရေးအဖွဲ့ကို အစပျိုးခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အင်းဝခေတ်တွင် ပျို့နှင့် မော်ကွန်းအရေးအသားများ ပိုမိုထွန်းကားလာပြီဖြစ်ကြောင်း၊ ညောင်ရမ်းခေတ်တွင် စကားပြေအရေးအသားကို တိုးတက်အသုံးပြုလာသည်ကို တွေ့ရကြောင်း၊ တောင်ငူခေတ်တွင် ရတုအရေးအသားများ ကြွယ်ဝခဲ့ပြီဖြစ်ကြောင်း၊" ကုန်းဘောင်ခေတ်တွင် ပုဂံ၊ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူခေတ်တွေထက် ပိုပြီး စာပေအရေးအသား အဖွဲ့အနွဲ့မျိုးစုံ ထွန်းကားခဲ့ကြောင်း၊ စာပေအဆင့်ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ ကိုယ့်ထီးကိုယ်နန်းကိုယ်ကြငှန်းနှင့်နေထိုင်လာခဲ့သည့်ဘဝမှ နယ်ချဲ့သမားတို့၏ ကိုလိုနီဘဝသို့ ကျရောက်သွားခဲ့ရသည့်အခါတွင်လည်း စာပေပညာရှင်ကြီးများက စာပေတာဝန်ကို အားသွန်ထမ်းပြီး မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် မြန်မာပြည်သူလူထုကို အသိဉာဏ်ပေး ရေးသားခဲ့ကြကြောင်း၊

" ... နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်သည် ၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားစာပေဆု



**စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲကို အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် လာရောက်ကြည့်ရှုအားပေးစဉ်**

ကို ရွေးချယ်ချီးမြှင့်လာခဲ့ကြောင်း၊ အမျိုးသားစာပေဆုမှာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးစာပေဆုဖြစ်ကြောင်း၊ အလားတူ စာပေဗိမာန်သည် စာပေဗိမာန်စာမူဆုများကိုလည်း နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အစည်း မဟုတ်သည့် ပြင်ပက ပခုက္ကူ ဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကလည်း ဘာသာရပ်အလိုက် ရွေးချယ်ပြီး စာပေဆုများ ချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စာပေဗိမာန်အဖွဲ့သည် စာပေနှီးနှောဖလှယ်ပွဲများကိုလည်း အကြိမ်ပေါင်း (၂၀) ကျော် ကျင်းပပေးခဲ့ကြောင်း...”

“... စာအုပ်ပြပွဲများ အနေဖြင့်လည်း ၁၉၇၂ ခုနှစ်တွင် နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ်အဖြစ် ‘စာအုပ် စာပေ လူ့မိတ်ဆွေ’ ဟူသည့် ဆောင်ပုဒ်ဖြင့် စာအုပ် ပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း၊ ၁၉၇၅ ခုနှစ် တွင် ‘စာနယ်ဇင်းတိုင်း၊ ခေတ်သမိုင်း’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ‘စာနယ်ဇင်းစုံ၊ ခေတ်ကြေးမုံ’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း ကျင်းပခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံတွင် သက်ကြီးဝါကြီးစာပေပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး၊ သက်ကြီးဝါကြီးစာပေပညာရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံတော်အကြီးအကဲက စာရေးဆရာ စာပေပညာရှင်ကြီးများ အပေါ် အလေးအမြတ်ထားကြောင်း ပေါ်လွင်ထင်ရှားသည့် အချက်ပင်ဖြစ်ကြောင်း...”

“ယနေ့ မှစတင်၍ ခင်းကျင်းပြသသွားမည့် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်တွင် စာပေဝါသနာရှင် စာပေမြတ်နိုး ကြသူများ အနေဖြင့် စာပေ ဘဏ္ဍာတိုက်ကြီးကို

တူးဖော်ပြီး စာပေ၏အမြိုက်အရသာကို ခံစားနိုင်ကြပါစေ၊ စာပေမျိုး စုံ ပွင့်ဖူးဝေဆာနေသည့် စာပေ ပန်းဥယျာဉ်ကြီးထဲမှာ စာပေ ဝတ်ရည်ကို ဆွတ်ခူးစားသုံးနိုင်ကြပါစေ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်ကို မမိုတ်မသုန်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲ နှင့် စာအုပ် ဈေးပွဲတော်ကျင်းပရေးအတွက် ဦးတည်ချက် လေးရပ်ဖြစ် သည့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ မျိုးချစ်စိတ် ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာစာပေ ထွန်းကားရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်ရေးဟူသည့် အချက်များကိုလည်း ပေါက်မြောက်အောင်မြင်နိုင်ရေး အတွက် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ" ဟု တိုက်တွန်း မှာကြားသွားသည်။

စာပေပြပွဲတွင် နိုင်ငံတော်အကြီးအကဲက စာပေပညာရှင်ကြီးများနှင့်တွေ့ဆုံသော ဓာတ်ပုံမှတ်တမ်းများပြကွက်၊ စာဆိုတော်နေ့ အကန်တော့ခံစာပေပညာရှင်ကြီးများပြကွက်၊ ယခုနှစ်စာပေဆုရသူများ ပြကွက်၊ ထင်ရှားသော ကွယ်လွန်သူ စာရေးဆရာကြီးများ၏ လက်ရေးနမူနာများပြကွက်၊၁၉၄၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စာပေဆုရသူများ စာရင်းပြကွက်၊ ခေတ်အဆက်ဆက်မှ သတင်းစာများပြကွက်၊ ခေတ်အဆက်ဆက်မှ ဂျာနယ်မဂ္ဂဇင်းများ ပြကွက် ဟူ၍ ပြကွက် (၇) ခုကို ပြသထားသည်။

ပြပွဲတွင် ထင်ရှားသော ခေတ်ဟောင်းစာနယ်ဇင်းများ၏ မျက်နှာဖုံးကို ဓာတ်ပုံရိုက်ကူး၍ ပြသထားရာ ရတနာပုံနေပြည်တော်သတင်းစာ (၁၈၇၄)၊ မန္တလေးတိုင်းသတင်းစာ (၁၈၉၄)၊ ဓမ္မဒေသနာ တရားသတင်းစာ (၁၉၀၇) မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ပညာသတင်းစာ (၁၉၀၈)၊ သူရိယသတင်းစာ (၁၉၁၁)၊ ပညာ့အလင်းသတင်းစာ (၁၉၁၈)၊ မြန်မာ့အလင်းသတင်းစာ(၁၉၁၉)၊ ဟံသာဝတီ သတင်းစာ (၁၉၂၁)၊ မြန်မာ့ဝန်ထမ်းသတင်းစာ (၁၉၂၂)၊ ဝံသာနု မြန်မာသတင်းစာ (၁၉၂၂)၊ မျိုးချစ်သတင်းစာ (၁၉၂၄)၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၀)၊ နှစ်ပါးကြည်ဂျာနယ် (၁၉၂၁)၊ အောင်ဇေယျ ဂျာနယ် (၁၉၂၃)၊ ဇေယျဂျာနယ် (၁၉၂၅)၊ ရွှေဂျာနယ် (၁၉၂၈) ၊ အလင်းရောင်ဂျာနယ် (၁၉၂၉) စသည်တို့ ပါဝင်သည်။

စာအုပ်ဈေးပွဲတော်တွင် သုတစွယ်စုံ စာအုပ်ဆိုင်၊ ဗြိတိသျှကောင်စီစာအုပ်ပြခန်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန စာအုပ်နှင့်စာရေးကိရိယာအရောင်းဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သာသနာရေးဝန်ကြီးဌာန အရောင်းဆိုင်၊ သစ္စာမဏ္ဍိုင်စာပေ၊ တင်ထွေးယဉ်စာပေ၊ အားမာန်သစ်စာပေ၊ To Day စာပေ၊ တက်လမ်းစာပေ၊ ပါရမီစာပေ၊ နေဝန်းစာပေ၊ ဝါမိုးအောင် စာပေ၊ စာပေလောကစာအုပ်တိုက်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၊ မြဝတီ စာပေတိုက်၊ စာပေဗိမာန်၊ ကုလသမဂ္ဂ ပြန်ကြားရေးဌာန၊ Business Pocket Guide စာအုပ် ဆိုင်၊ စာပေဟောင်းလေးအိုးကြီး၊ သတင်းကောင်းစာပေ၊ သာလွန် စာပေ၊ ဟသ်ာတ စာပေ၊ အရုဏ်သစ်စာပေ၊ ရန်ကုန် တက္ကသိုလ် ကျီအီးစီ၊ ရွှေကုံကော် ဘာသာစုံ အထူး အရောင်းဆိုင်၊ ပညာရေး သုတေသန ကျီအီးစီ စသော စာအုပ်ဆိုင်များ ခင်းကျင်းပြသ ဖွင့်လှစ်ရောင်းချကြရာ အားရဖွယ်ရာကောင်းလှသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့၊ မြို့မအားကစားကွင်း တွင် ခင်းကျင်းပြသထားသော စာပေပြပွဲနှင့် စာအုပ်ဈေး ပွဲတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပခုက္ကူ ဦးအုံးဖေ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးဝင်းဖေ (မုံရွာဝင်းဖေ) နှင့် တွဲဖက်အတွင်းရေးမှူး များ ဖြစ်ကြသော ဒေါ်မြမြသန်း (မနင်းဖွေး) နှင့် ဒေါက်တာ တင်ထွန်းဦးတို့က ကြိုဆိုကြပြီး အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လေ့လာကြည့်ရှုအားပေး ချီးမြှင့်သွားခဲ့ပေသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ၂၁–၁၁–၉၅ နေ့မှ ၂၇–၁၁–၉၅ နေ့ အထိ ကျင်းပခဲ့ရာ အထူးစည်ကားလှပြီး ဤပွဲသည်စာဖတ်ပရိသတ်များ၏ စာပေချစ်မြတ်နိုးစိတ်ကို ဖော်ထုတ်ပြသလိုက်သော စာပေအောင်ပွဲကြီးပင် ဖြစ်ပေသည်။

မုံရွာ ဝင်းဖေ

**စန္ဒနဝံသ၊ဆရာတော် ဘဒ္ဒန္တ (သက္ကအလံတရာ မဟာနာယက ဆရာတော်) (မြန်မာ ၁၂၇၅- ၁၃၅၆)။** ။သက္ကအလံတရာဆရာတော်ဟု ထင်ရှားတော်မူသော သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌သီတင်းသုံးတော်မူသည်။ သက္ကအလံတရာ မဟာနာယကဆရာတော် ဘဒ္ဒန္တစန္ဒနဝံသကို ခမည်းတော် ဦးမောင်တော၊ မယ်တော် ဒေါ်မယ်ခင်တို့က ၁၂၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် အင်္ဂါနေ့တွင် သထုံမြို့နယ်သိမ်ဆိပ်မြို့ တောင်ဘက်အနီး ထီးပုံးစုကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၂၈၆ ခုနှစ် အသက် ၁၁ နှစ်တွင် ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၂၉၉ ခုနှစ် အသက် ၂၄ နှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း ရောက်ရှိသည်။ ၁၃၀၀ ပြည့်နှစ်အသက်၂၅ နှစ်တွင် ထီးပုံးစုကျေးရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ကာ ထီးပုံးစုကျေးရွာကျောင်း ခဏ္ဍသိမ်၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်စန္ဒနဝံသဖြစ်သည်။

ဆရာတော်သည်ထီးပုံးစုကျေးရွာကျောင်းဆရာတော်ထံ၌ အခြေခံလောကုတ္တရာစာပေများနှင့် ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပြီး ဘီးလင်းမြို့နယ် ရွှေရောင်ပြတောရကျောင်းဆရာတော် ဘဒ္ဒန္တအာလောကထံ၌ ပဋိပတ်ကျင့်စဉ်များ၊ အရညဝါသီတောရဆောက်တည်နည်းနှင့် အခြားရှုတင်အကျင့် ကျင့်ဆောင်နည်းများကို ခံယူကျင့်သုံးဆောက်တည်ခဲ့သည်။ သထုံမြို့နယ် ကျောက်စက်တောရနှင့် မိုးမခတောရတွင် သီတင်းသုံးနေထိုင်ပြီး ဘီးလင်း၊ သထုံ၊ ပေါင်၊ ဘားအံမြို့နယ်များရှိ သမိုင်းဝင်စေတီများနှင့် တောတောင်သုသာန်များသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းဘာဝနာတရားများကို ပွားများကျင့်ကြံအားထုတ်ခဲ့သည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ ဘာသာရေး၊ သာသနာရေးစိတ်ဓာတ်များ နိုးကြားရင့်သန်လာစေရန်နှင့် ဗုဒ္ဓမြတ်စွာ၏သုံးဖြာသော သဒ္ဓမ္မ၊ သုံးဝသောအကျင့်သိက္ခာတရားတော်များ ရှင်သန်ပြန့်ပွားစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအရှေ့ မိုးမခတောင်ခြေအနောက်ဘက် ကုန်းမြင့်တွင် အလံတရာမဟာသောဏ္ဍာရ ကမ္ဘာအေးစေတီတော်ကြီးကို ၁၃၁၄ ခုနှစ်မှ စတင်တည်ခဲ့ရာ ၁၃၃၅ ခုနှစ်တွင် ထီးတော်တင်ပြီးစီး အောင်မြင်တော် မူသည်။ အလံတရာစေတီတော်ကြီး တည်ဆောက်ချိန် အတွင်း ပတ်ဝန်းကျင်ကျေးရွာများတွင် စေတီတော်ပေါင်း ၁၈ ဆူကိုလည်း တည်ဆောက်ပြီးစီးခဲ့သည်။

ဆရာတော်သည် အလံတရာကုန်းမြေတွင် ရဟန်းတော်များသီတင်းသုံးနေထိုင်ရန် ကျောင်းသင်္ခမ်းများ ဆောက်လုပ်ခြင်း၊ စာသင်တိုက်ဖွင့်လှစ်၍ ပရိယတ္တိဝန်ဆောင် ရဟန်းတော်များအား လောကုတ္တရာ စာပေများ သင်ကြားပို့ချပေးခြင်း၊ အလံတရာစေတီတော်ကြီး တည်ဆောက်ရေးတွင် ရဟန်းသာမဏေများအား အချိန်ပိုင်း ပါဝင်လုပ်အားပေးလှူစေခြင်း၊ အချိန်ပြည့် လုပ်အားပေးလှူကြသည့်ရသေ့များ၊ ယောဂီများစနစ်တကျနေထိုင်နိုင်ရန် ဗုဒ္ဓဂါမရွာကို တည်ထောင်ပေးခြင်း၊ ရသေ့များနှင့်ယောဂီများအား လောကုတ္တရာစာပေများသင်ကြားပို့ချပေးခြင်း၊ ရဟန်းရှင်လူအပေါင်းတို့အား တရားဟောကြား ဆိုဆုံးမခြင်း၊ ပဋိပတ်ကျင့်ကြံအားထုတ်နည်းများ သင်ကြားပြသခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သက်သတ်လွတ်ဘေးမဲ့ အာဟာရကို ရာသက်ပန်သုံးဆောင်တော်မူပြီး တပည့် ဒါယကာဒါယိကာမများအား သက်သတ်လွတ် ဘေးမဲ့အာဟာရ စားသုံးရန် ဟောကြားညွှန်ပြလေ့ရှိသည်။ သက်သတ်လွတ်စားသုံးခြင်းဖြင့် မိမိ၌ တောင့်တမှု ကြောင့်ကြမှုကင်းပြီး ရှာဖွေရာတွင် ရလွယ်ခြင်း၊ အစားအစာအာဟာရပေါ်တွင် ရသတဏှာ တပ်မက်နှစ်သက်မှု ခေါင်းပါးစေခြင်း၊ ကောင်းသောကိုယ်ကျင့်တရားနှင့် လျော်ကန်သင့်မြတ်ခြင်း၊ ရှာဖွေစားသောက်သူအား ပါဏာတိပါတကံ မထိုက်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ညွှန်ပြ ခဲ့သည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ ကောင်းမြတ်သောအကျင့်သိက္ခာနှင့် ပြည့်စုံတော်မူခြင်း၊ ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုရိုသေလေးစားမှုကို ခံယူရရှိတော်မူခြင်းတို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် ရရှိတော်မူသည်။

အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌ သီတင်းသုံးတော်မူသော သက္ကအလံတရာမဟာ နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒနဝံသသည် ၁၃၅၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်္လာနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် မိုးမခတောင် ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**။ ။၁၉၉၅ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်စတင်ကျင်းပသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက်တွင်ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်အား တပ်မတော်စစ်ရေးစစ်ရာကော်မရှင်တွင်ဆက်လက် တင် မြှောက်သည်။ ပါတီဥက္ကဋ္ဌအဖြစ်ကျန်ဇီမင်း၊ ဝန်ကြီးချုပ် အဖြစ် လီဖုန်တို့အား တင်မြှောက်ကြသည်။

တရုတ်ပြည် တော်လှန်ရေးအစဖြစ်သော ခရီးရှည် ချီတက်ပွဲမှ စတင်၍ ဥက္ကဋ္ဌကြီးမော်နှင့် လက်တွဲကာ ချီတက်ပါဝင်ခဲ့သော တိန့်ရှောင်ဖိန်သည် ဆိုဗီယက်ရုရှား၏ နောက်လိုက်ဘဝမှလွတ်အောင် ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။

တော်လှန်ရေးအောင်မြင်ပြီးနောက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် ၁၉၆၅–၁၉၆၉ နှစ်များက ဆင်နွှဲ ကြသော ယဉ်ကျေးမှုတော်လှန်ရေးမှစ၍ သူ့အား မော်လိုလားသူများက ဝိုင်းပယ်ခဲ့သည်။ ထိုယဉ်ကျေးမှု တော်လှန်ရေးတွင် သူ၏သားမှာ ဒဏ်ရာရပြီး ဒုက္ခိတ ဖြစ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌကြီးမော် ကွယ်လွန်ပြီး သီတင်းလေးပတ်ကြာမှ သူ၏သိက္ခာ ပြန်တက်လာခဲ့သည်။ ထိုနှစ်မှစ၍ နိုင်ငံကိုပဲ့ကိုင်လာခဲ့ရာ ယနေ့အထိဖြစ်သည်။ အရာရာ ခေတ်မီရေးလမ်းစဉ်ချမှတ်ခဲ့ပြီး ဆိုရှယ်လစ် လမ်းစဉ်မှသွေဖီခြင်းမရှိသော "တံခါးဖွင့်စီးပွားရေးလမ်းစဉ်" ( Open Market Policy )ကို ချမှတ်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် တွင် သူ၏အသက် ၉၀ ရှိပြီဖြစ်သော်လည်း ကျန်းမာဆဲ ဖြစ်သည်။

ပါတီကွန်ဂရက်ကပေးအပ်သော တာဝန်ကို ထမ်းဆောင် လျက်ရှိသော ပြည်သူ့အစိုးရအဖွဲ့သည် တရုတ်ပြည် တောင်ပိုင်း မကာအိုမြို့မှ မိုင် ၅၀ အကွာတွင် လေဆိပ်သစ် တစ်ခု တည်ဆောက်ခဲ့သည်။ ယင်းလေဆိပ်သစ်ဖွင့်ပွဲသို့ ဝန်ကြီးချုပ်လီဖုန်တက်ရောက်ကာ မေလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ပေးသည်။ တရုတ်ပြည်တောင်ပိုင်း စီးပွားဥစ္စာ ကြွယ်ဝသော ပုလဲမြစ်ဝကျွန်းပေါ်တွင်ရှိသည့် လေဆိပ် လေးခုအနက် ယခုကျူဟိုင်းလေဆိပ်သည် စတုရန်းကိုက် တစ်သိန်းတစ်သောင်းကျယ်ပြန့်၍ တစ်နှစ်လျှင် ခရီးသည် ၁၄ သန်း သွားလာပျံသန်းနိုင်သော လေဆိပ်ဖြစ်သည်။

တရုတ်ပြည်တွင် လေကြောင်းခရီးသွားလုပ်ငန်းသည် ၁၉၈၀ ပြည့်နှစ်မှ လွန်ခဲ့သော ၁၉၉၄ ခုနှစ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ကမ္ဘာ့ ပျမ်းမျှတိုးတက်နှုန်းသည် ၃ ဒသမ ၅ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည်သူ သန်းပေါင်း ၄၀ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ကြသည်။

မော်တော်ကားထုတ်လုပ်မှု အပြိုင်အဆိုင်လုပ်ဆောင်ရန် အတွက် မော်တော်ကားလုပ်ငန်းရှစ်ခုသို့ ဒေါ်လာသန်းပေါင်း ၁၂,၀၀၀ သုံးစွဲသွားရန် အစိုးရကစီစဉ်သည်။

နိုင်ငံတော်ကထောက်ပံ့ကူညီမည့် ကားလုပ်ငန်း များတွင် ရှန်ဟဲဘောက်စ်ဝက်ဂွန်၊ ဖာ့စ်အော်တိုမက်တပေါ့စ် ဘောက်စ်ဝက်ဂွန်လုပ်ငန်းတို့ ပါဝင်သည်။ တည်ဆောက် ထုတ်လုပ်မည့် မော်တော်ယာဉ်များ အနက် ၂၅၀,၀၀၀ သည် ဇိမ်ခံကားများဖြစ်သည်။ ငါးနှစ်စီမံချက်ဖြစ်သည်။

ဇိမ်ခံကားများအပြင် ဘတ်စ်ကားနှင့် ထရပ်ကား ၇၃၈,၀၀၀ ကို ၁၉၉၅ ခုနှစ် ပထမခြောက်လအတွင်း ထုတ်လုပ်နိုင်သောကြောင့် ယခင်နှစ်ပထမခြောက်လထက် လေးရာခိုင်နှုန်းတိုးသည်။ ခေတ်မီကားများထုတ်လုပ်ရေး တွင် ဒေါ်လာသန်း ၃၀၀၀ တန် ဖက်စပ်လုပ်ငန်းထူထောင် ရန် ဂျာမနီဝန်ကြီးချုပ် ခိုးလ်နှင့် တရုတ်ဝန်ကြီးချုပ် လီဖုန်တို့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးသည်ဟု သိရှိရသည်။

ယာဉ်ယူနစ်ပေါင်း ၇၁၈၂၄၀ ရောင်းရသဖြင့် ၇ဒသမ ၄ ရာခိုင်နှုန်းတိုးသည်။ အသေးစားဘတ်စ်ကား(မီနီဘတ်စ်) ရောင်းရမှုမှာ ယခင်နှစ်ကထက် ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးသည်။

**လူနေမှုအဆင့်**။ ။တရုတ်ပြည်ရှိ ပြည်သူတို့၏လူနေမှု အဆင့်သည် မော်စီတုန်းကွယ်လွန်သော ၁၉၇၆ ခုနှစ်ကနှင့် မတူတမူထူးခြားခဲ့သည်။ များများလုပ်၊ များများစား ပျော်ပါးစရာအချိန်ရှာကြံခြင်းဖြင့်လူနေမှုအဆင့်မြင့်မား လာသည်ဟု ပြည်ပလေ့လာသူများက တွက်ချက် ရေးသား ကြသည်။



**တရုတ် ပြည်သူ့ကွန်ဂရက် အစည်းအဝေး ကျင်းပနေစဉ်**

ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်၏ စီမံအုပ်ချုပ်မှုအရ ဤသို့တိုးတက်ဖွံ့ဖြိုးခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအဆင့်အတန်းမြင့်မားလာသည်ကိုဆင်ဟွာသတင်းဌာနက မေလ ၂၄ ရက်နေ့တွင်ဖော်ပြသည်။

ကျေးလက်နေပြည်သူတို့မှာ ၁၉၉၃ ခုနှစ်တွင် ၄င်းတို့ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို အစားအစာဝယ်ယူသုံးစွဲသည်။ ၁၉၇၀ ပြည့်နှစ်ကထက် ၉ ဒသမ ၇ရာခိုင်နှုန်း လျော့နည်းသည်။ တရုတ်မြို့ကြီးသူမြို့ကြီးသားများမှာ ၁၉၈၁ ခုနှစ်တွင် ဝင်ငွေ၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၉၃ ခုနှစ်တွင်၅၀ ဒသမ ၁ ရာခိုင်နှုန်းသို့လျော့နည်းသုံးစွဲကြသည်။

ပီကင်းမြို့တော်သူမြို့တော်သားများမှာဝင်ငွေ၏ ၄၉ ရာခိုင်နှုန်းသာအစားအစာအတွက်သုံးစွဲသောကြောင့် ငွေပိုငွေလျှံများပြီး လူနေမှုအဆင့်မြင့်လာသည်။

ပြည်တွင်းရေး။ ။ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက် အချို့သောသဘောကွဲသူများကိုဖမ်းဆီးအရေးယူရသည်။ မစ္စတာဝူး ဆိုသူတရုတ်လူမျိုး၊ အမေရိကန်နိုင်ငံသားအဖြစ်

ခံယူထားသူကို လျှို့ဝှက်သတင်းရယူဆောင်ရွက်မှုဖြင့် ဇူလိုင်လ တွင် ဖမ်းဆီးအရေးယူထားသည်။ မစ္စတာဝူးကို လွှတ်ပေးရန် အမေရိကန်အစိုးရကတောင်းဆိုထားသည်။

မူးယစ်ဆေးဝါးဥပဒေဖောက်ဖျက်သူပေါင်း တစ်သိန်းတစ်သောင်းကို ယမန်နှစ်ကဖမ်းဆီးအရေးယူကာ အပြစ်ဒဏ်အသီးသီးပေးခဲ့ရသည်ဟုမေလ ၁၁ ရက်နေ့က သတင်းရရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ ၄၆၆ ဦးကို သေဒဏ်ပေးခဲ့ရသည်။ တရုတ်ပြည်မကချင်ပြည်နယ်ကိုဖြတ်၍ အိန္ဒိယသို့တင်ပို့ရောင်းချသော မူးယစ်ဆေးဝါးများကိုဟန့်တားရန်အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မည်ဟု ဆိုသည်။

ထိုအတောအတွင်း နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ခြေလက်၊ မျက်လုံးစသည့်အင်္ဂါအစိတ်အပိုင်းများကို ထောင်သားများ၊ သေသူများထံမှဖြတ်ခွဲထုတ်ယူကာ ရောင်းချသည်ဟုအစိုးရအား ဝေဖန်စွပ်စွဲမှုများ ပေါ်ထွက်လာသည်ကို မဟုတ်မှန်ကြောင်း သက်ဆိုင်ရာဌာနတို့က ငြင်းဆိုချေပရသည်။

ထို့အပြင် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးပစ္စည်းအလွဲသုံးစားမှုများကို အရေးယူနှိမ်နင်းပြီးနောက်၊ ပညာပေးလုပ်ငန်းတို့ဖြင့် ဆုံးမပြုပြင်ကြရသည်။ထင်ရှားသောမှုခင်းတစ်ခုမှာ ပီးကင်းမြို့၊ ဒုမြို့တော်ဝန်ချန်ချီတုန်းနှင့် အပေါင်းအသင်းတို့ကို ဖမ်းဆီးအရေးယူအပြစ်ပေးရသည့် အမှုဖြစ်သည်။

**စပရက်တလေကျွန်းများအရေး။** ။တရုတ်ပြည်အရှေ့တောင်ဘက်ရှိ တောင်တရုတ်ပင်လယ်တွင်အနောက်နိုင်ငံသားတို့အခေါ်အရ စပရက်တလေ(Spratley)ကျွန်းစုများ ရှိသည်။ တရုတ်ပြည်၊ ထိုင်ဝမ်ကျွန်းမှအင်ဒိုနီးရှား၊ ဖိလစ်ပိုင်အထိ ကျယ်ပြန့်သော ဤပင်လယ်တွင် ကျွန်းငယ်အမြောက်အမြားပြန့်ကျဲတည်ရှိနေသည်။ ထိုကျွန်းစုများကို တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှားနှင့်ဘရူနိုင်းတို့က မိမိတို့ အသီးသီး ပိုင်ဆိုင်ကြသည်ဟု ကြေညာကာ အငြင်းပွားလျက် ရှိသည်။

ဤကိစ္စနှင့်စပ်လျဉ်းပြီး ဗီယက်နမ်နှင့်တရုတ်ရေတပ်ချင်းရင်ဆိုင်လုဘနန်းဖြစ်ခဲ့သည်။ ၁၉၉၃ ခုနှစ် ကမူရေနံတွင်းတူးရန် အမေရိကန်–တရုတ်ဖက်စပ်ကုမ္ပဏီတစ်ခုက စီစဉ်သည်ကိုဗီယက်နမ်ကနစ်ကြိမ်တိုင်ကန့်ကွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လဆန်းတွင်ဖိလစ်ပိုင်နှင့်မိုင်အနည်းငယ်မျှသာကွာသော မစ္စချိ(ပ်)ရိ(ဖ်)သန္တာကျွန်းပေါ်သို့ တရုတ်ရေတပ်စစ်သင်္ဘောတို့က စစ်အဆောက်အဦးတည်ဆောက်ခဲ့သည်။ ဤတွင်ဖိလစ်ပိုင်ရေတပ်ကမတ်လ ၂၃ ရက်နေ့တွင်ထိုကျွန်းပေါ်သို့တက်ကာ အဆောက်အဦးများကိုဖြိုဖျက်လိုက်ပြီးနောက် ဖိလစ်ပိုင်အလံကိုလွှင့်ထူခဲ့သည်။

ယင်းကိစ္စဖြစ်ပွားနေစဉ်ထိုင်ဝမ်ရေတပ်မှ စစ်သင်္ဘောသုံးစင်းကချီတက်လာကာ မိမိနိုင်ငံ၏ကာကွယ်ရေးအတွက် အသင့်ပြင်ထားသည်။

မေလ ၁၇ ရက်နေ့တွင်နှစ်နိုင်ငံရေတပ်များ ရင်ဆိုင်မိကြသည်။ သတင်းစာဆရာ ၃၈ ဦးနှင့်ဖိလစ်ပိုင်ဗိုလ်ချုပ်ကြီးတစ်ဦးကိုတင်ဆောင်လာသည့် ဖိလစ်ပိုင်ရေတပ်သင်္ဘောတစ်စင်းကို တရုတ်ရေယာဉ်နှစ်စင်းက အငြင်း ပွားနေသည့် မစ္စချိ(ပ်)ရိ(ဖ်)ကျွန်းအနီးတွင် ဟန့်တားသည်။

ထိုအတွင်းဖိလစ်ပိုင်လေတပ်မှရဟတ်ယာဉ်အချို့ပျံဝဲလာကြသည်။ တရုတ်သင်္ဘောများကကျွန်းပေါ်ရှိ အဆောက်အဦးများမှာတံငါသည်များတည်းခိုရန်ဆောက်လုပ်ထားသောတဲများသာဖြစ်သည်ဟုပြောသည်။ ဖိလစ်ပိုင်ဘက်ကလည်း ဤကျွန်းသည်ဖိလစ်ပိုင်ကျွန်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မိနစ် ၇၀ ကြာအောင်ရင်ဆိုင်ကြပြီးနောက် နှစ်ဖက်ဆုတ်ခွာခဲ့ကြသည်ဟုသိရှိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ဩဂုတ်လ ၁၀ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒိုမင်ဂိုဆီယာဇွန်က ပြောသည်မှာ မိမိတို့သည် ကျွန်းပိုင်ဆိုင်မှုအရေးကိုစစ်ရေးအရ မဆုံးဖြတ်ဘဲစေ့စပ် ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရန် ဖြစ်သည်ဟု ဆိုသည်။ တရုတ်တို့ဘက်ကလည်း ဆွေးနွေး ဖြေရှင်းမည်ဟု ဩဂုတ် ၉ ရက်နေ့က ဖိလစ်ပိုင်အစိုးရသို့ ပြောကြားထားသည်။

**အမေရိကန်နှင့် ဆက်ဆံရေး။** ။၁၉၉၅ ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင်ထိုင်ဝမ်သမ္မတလီတိန်ဟွီးသည်နယူးယောက်မြို့သို့ ရောက်ရှိသည်။ သမ္မတလီသည်အမေရိကန်နိုင်ငံကော်နဲတက္ကသိုလ်ကျောင်းသားဟောင်းဖြစ်သည့်အလျောက် ထိုတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရန် ရောက်ရှိ ခြင်းဖြစ်သည်။

ထိုင်ဝမ်သမ္မတအား အမေရိကန်ကလက်ခံခြင်းကို တရုတ် က အပြင်းအထန်ကန့်ကွက်ခဲ့သည်။ မိမိတို့သည်

နိုင်ငံရေး မဟုတ်သောသာမန်ကိစ္စ အတွက် လာရောက်သူများကို ခွင့်ပြုခြင်းဖြစ်သည်ဟု အမေရိကန် သမ္မတ ကလင်တန်က ချေပ ပြောကြားသည်။

**တိဗက် ဒေသအရေး။** ။တိဗက် ဘုန်းတော်ကြီး ဒလိုင်းလားမားက သတ်မှတ်ခဲ့သောလားမား အလောင်းအလျာလူငယ်တစ်ဦးကို တရုတ်အစိုးရကအသိအမှတ် မပြုချေ။

တိဗက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်မှုများကိုခွင့်ပြုလိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့က ကြေညာ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လယ်ယာစိုက်ပျိုးရေး၊ တတ်သတ္တုတူးဖော်ရှာဖွေရေး၊ ရေနံရှာဖွေရေးတို့တွင် ငွေပင် ငွေရင်းမြှုပ်နှံခြင်းပြုနိုင်သည်ဟုဆိုသည်။ ထို့မျှသာမက ဘဏ်ဖွင့်ခြင်း၊ ငွေကြေးချေးငှားခြင်း ပြုနိုင်သည့်အပြင် နယ်နိမိတ်ဖြတ်၍ ကူးသန်းနိုင်ခွင့်ပြုသည်ဟု ဥပဒေစည်းမျဉ်း၌ ဖော်ပြထားသည်။

**လူမှုရေး။** ။တရုတ်ပြည်သူတို့၏ဝလေ့ထုံးစံတို့သည် နှစ်ငါးဆယ်၊ ခြောက်ဆယ်အတွင်းသိသိသာသာကြီး ပြောင်းလဲ ခဲ့ပြီးဖြစ်သည်။ ခြေဖျားခြေချောင်းနုနုကလေးများကို ရိုက်ချိုးကာ အမျိုးသမီးတို့ ခြေစီးရသည့် ဓလေ့ထုံးစံမှာ မရှိသလောက်ဖြစ်ချေသည်။ ဆံပင်ကိုကျစ်ဆံမြီးထားရသော ဆင်ယင်ထုံးဖွဲ့မှုသည်လည်း လျော့ပါး၍သွားချေပြီ။ ယခုလည်းခေတ်နှင့်အညီတိုးတက်အောင်လုပ်ဆောင်လျက် ရှိသည်။

သားသမီးမွေးကင်းစများကိုမိခင်၏နို့ဖြင့်တိုက်ကျွေးမွေးမြူခြင်းသည်အကောင်းဆုံးဖြစ်သည်ဟု ယူဆယုံကြည်သည့် အလျောက် နို့အစားထိုးပစ္စည်းများဖြစ်သောနို့မှုန့်၊ နို့ရည် တို့နှင့်ပတ်သက်၍ အလွန်အကျွံကြော်ငြာမှုများ ကို ပိတ်ပင်လိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့တွင် ဆင်ဟွာ သတင်းဌာနကထုတ်ပြန်သည်။

ကာမဂုဏ်လှုံ့ဆော်အားပေးသောရုပ်ပုံများ၊ စာအုပ်စာတမ်းများ၊ ရုပ်ရှင်များ၊ ဗီဒီယိုတိပ်ခွေများကို အလေးအနက် ဟန့်တားပိတ်ပင်မည့်အပြင်၊ ပြည့်တန်ဆာအိမ်များကိုလည်းအရေးယူနှိပ်ကွပ်မည်ဟု တရုတ်ကက်ဘိနက်အဖွဲ့၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် ကျူဂန်က ဇူလိုင်လ ၂၂ ရက်နေ့ကပြောကြားသည်။



ဓိမ်လောကကိုဖန်တီးသောရေနွေးပြည့်ရေချိုးခန်းများ၊ ဟိုတယ်များ၊ ပွတ်သဘင်များ၊ ကာရာအိုကေ ကဇာတ်စင်များကို ပိတ်ပစ်မည်ဟု ဆက်လက်ပြောကြားသည်။

ယင်းတို့သည်လူငယ်တို့၏ စာရိတ္တကို ပျက်ပြားစေသည်သာမက ဒုစရိုက်မှုခင်းများ တိုးစေသောကြောင့် ကွန်မြူနစ်ပါတီနှင့် အစိုးရသည်ပူးပေါင်းဖြိုခွင်းမည် ဖြစ်သည်။

ယမန်နှစ်ကပြည့်တန်ဆာ ၂၈၈,၀၀၀ ကိုဖမ်းဆီးအရေးယူခဲ့ရသည်။ ပြည့်တန်ဆာအိမ် ၄၉၁၇ အိမ်ကိုပိတ်ပစ်ခဲ့သည်။ ပြည့်တန်ဆာများကိုလည်း ပညာပေးစခန်းနှင့်ဆေးခန်းများသို့ပို့ ဆောင်ခဲ့သည်ဟု ပြောကြားသည်။

ဦးဘသောင်း

**တေဇောဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်းပတနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် (၁၉၈၀–၉၃ထိ)(မြန်မာ၂၈၄–၁၃၅၆)။** ။ပေါင်းတည်ရွှေကျောင်းကြီး ဆရာတော်ဟု ထင်ရှားတော်မူသော ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ဦးစီးပတနနာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တတေဇောဘာသာဘိဝံသကို ခမည်းတော် ဦးစာဖြူ၊ မယ်တော်ဒေါ်ပန်းမြတို့က ၁၂၈၄ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် စနေနေ့နံနက် (၁) နာရီတွင် ပေါင်းတည်မြို့နယ် နတ်တောင်ကုန်းကျေးရွာ၌ ဖွားမြင်သည်။ တစ်ဦးတည်းသော သားကြီးရတနာဖြစ်ပြီး ၁၅ နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ အင်းကြီးကျေးရွာတောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ "ရှင်တေဇောဘာသ" ဟူသောဘွဲ့ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည်ပေါင်းတည်မြို့၊ အရှေ့လမ်း၊ စိန်ရွှေရတနာကုန်သည် (ရွှေ) ဦးသိမ်း ဒေါ်ဒေါ်ကြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၀၄ ခုနှစ်၊ နယုန်တန်ခူးလဆန်း ၅ ရက်၊ သောကြာနေ့နံနက် ၈ – နာရီ ၁၉ မိနစ် အချိန်တွင်ပေါင်းတည်မြို့ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း သုဝဏ္ဏာဂိဏ်းချုပ်ဆရာတော်

ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ "ဘဒ္ဒန္တပုညာဘိဝံ"ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် တောင်ကုန်းရွာဆရာတော်၏ကျောင်းတွင် စတုတ္ထတန်းအောင်မြင်သည်အထိ သင်ကြားတော်မူပြီးနောက် ပေါင်းတည်မြို့ ၊ မှတ်တိုင်လမ်း ဆရာကြီး ဦးမောင်ရင်ကျောင်းတွင် သတ္တမတန်းအောင်သည် အထိ သင်ကြားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ အင်းကြီး တောင်ကျောင်းဆရာတော်၊ ရွှေကျောင်းကြီးတိုက် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပုညာဘိဝံ၊ စာချဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တ ရေဝတ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ပဓာန နာယက ( နိုင်ငံတော်ပါဠိ တက္ကသိုလ် ဗဟိုအဖွဲ့ ပထမဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ တေဇနိယ စာချဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၊ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနဇောတိ ကာရုံအုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ စသောဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ကြား တော် မူခဲ့သည်။

ဆရာတော်သည် ၁၃၂၂ ခုနှစ်မှစ၍ ရွှေကျောင်းကြီး တိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ စာသင်သံဃာ တော်အပါး (၄၀) ကျော်အပါး (၅၀) တို့အားနေ့ဝါ၊ ညဝါများ မအားလပ်အောင်သင်ကြားပို့ချတော်မူခဲ့ပြီး ထိုစာသင်သားများ ဝိသဘာဂအာရုံများမှကင်းဝေးစေရန်နှင့် ပရိယတ္တိစာပေ များကိုအချိန်ပြည့် အားထုတ်နိုင်စေရန် ရည်သန်လျက် (ဆွမ်းခံမကြွစေဘဲ) နံနက်အရုဏ်ဆွမ်း ၊ မွန်းတည့် ဆွမ်းများကို အမြဲဆက်ကပ်တော်မူသည်။ ၁၃၂၂ မှ ၁၃၄၁ ထိ ပေါင်းတည်စာဖြေဌာနပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကြီး၌ ပြည်ခရိုင်သံဃာ့ကိုယ်စားလှယ်၊ ပေါင်းတည်မြို့နယ်လုံးဆိုင်ရာ နတ္တလင်းမြို့နယ် အပါအဝင် သုဓမ္မာဂိုဏ်း ကြီး၏ အကျိုးတော်ဆောင်ချုပ်၊ ၁၃၄၂ ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့တွင် အဖွဲ့ဝင်၊ ၁၃၄၂ ခုနှစ်ပြာသိုလ ပြည့်ကျော် ၁၃ ရက် တနင်္လာနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိဂိုဏ်းကြီး ကိုးဂိုဏ်းမှ ဝိနည်းဓိုရ် ဆရာတော် (၁၁၀) ပါးတို့အား ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှုသင်တန်း၊ သင်တန်းပြဆရာတော်၊ ပထမ အကြိမ်၊ ဒုတိယ အကြိမ်၊ တတိယအကြိမ်၊ နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၅၅ ခုနှစ် တပေါင်းလမှစ၍ နိုင်ငံတော်ဩဝါဒါစရိယ စသည့် နိုင်ငံတော်သံဃာ့တာဝန်များအပြင် ပေါင်းတည်မြို့ သကျမုနိ မိုယ်းကောင်းဘုရားကြီး ဂေါပကအဖွဲ့နှင့် မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့များ၏ ဩဝါဒါ စရိယဆရာတော် စသည်ဖြင့် သာသနာ့အကျိုးကို ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၀၅ ခုနှစ်တွင် ဝိနယအငယ်တန်း၊ ၁၃၀၆ခုနှစ်တွင် ဝိနယအကြီးတန်း၊ ၁၃၀၈ ခုနှစ်တွင် အစိုးရပထမငယ်တန်း၊ ၁၃၀၉ ခုနှစ်တွင် အစိုးရပထမ လတ်တန်း၊ ၁၃၁၀ ခုနှစ်တွင် အစိုးရပထမကြီးတန်း၊ ၁၃၁၃ ခုနှစ်စေတိယင်္ဂဏပရိယတ္တိစာချတန်း၊ ၁၃၁၄ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့"၊ ၁၃၁၈ ခုနှစ်တွင်စေတိ ယင်္ဂဏပရိယတ္တိ အသင်းကြီး၏ "အဘိသိရီပဝရသာသနာလင်္ကာရ၊ ဒီဃနိကာယ ဓရဘွဲ့"၊ (၉) ကြိမ်မြောက်နှင့် (၁၁) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးများ၌ " ဗုဒ္ဓသာသန ဝိသိဋ္ဌဒီဃ ဘာဏက" ၊"ဗုဒ္ဓသာသန ဒီဃနိကာယ ကောဝိဒဘွဲ့" တံဆိပ်တော်များ ရရှိတော်မူခဲ့သည်။

ဆရာတော်သည်ပေါင်းတည်မြို့မြတ်စွယ်တော် အတ္ထုပ္ပတ္တိသမိုင်း (အသစ်) ၊ ဓမ္မစကြာပါဠိတော်နိဿယ၊ ပရာဘဝသုတ်ပါဠိတော်နိဿယ ကစ္စာယနနိယံ၊ မာတိကာ ဓာတုကထာနိယံ၊ ကထိနဒါနာဒိ ပဉာဖျာကရဏ စာစောင် အစရှိသော ကျမ်းစာများကို ရေးသားပြုစုတော်မူ ခဲ့သည်။ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော် မူသည်သာမက ပိဋကတ္တယဆောက၊ ဂန္ထဂုရာဝဟ၊ မဟာ ထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ စသည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်း သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ် တော်ကို ၁၃၅၀ ပြည့်နှစ် တွင် ရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ ပေါင်းတည်မြို့ ရွှေကျောင်း ကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒနိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော် ဆောင် ၂ (၁၉၈၀–၁၉၉၃) ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသသည် ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၃ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ ၅ မိနစ်အချိန်တွင် ပေါင်းတည် ရွှေကျောင်းကြီးတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တင့်ဆန်း (ခရစ် ၁၉၁၇–၁၉၉၅)။** ။စာရေးဆရာ တင့်ဆန်းကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး ကျေးရွာတွင် အဖ ဦးဖိုးအောင်၊ အမိ ဒေါ်အေးနတို့က ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းမောင်နှမ နှစ်ယောက်အနက် အငယ်ဖြစ်သည်။ အမည်ရင်းမှာ ဦးဆန်းဖြစ်သည်။



နိုင်ငံကျော် စာရေးဆရာ
တင့်ဆန်း

ငယ်စဉ်အခါက ရွာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားဆည်းပူးခဲ့သည်။ လောကုတ္တရာ စာပေနှင့် အစိုးရပြဋ္ဌာန်းသော စတုတ္ထတန်းအဆင့် ပညာ ကို သင်ကြားခဲ့ပြီး ခေတ်ပညာတတ် ဘုန်းတော်ကြီးတစ်ပါး ထံမှ အင်္ဂလိပ်စာအရေးအဖတ်ကို အနည်းငယ်သင်ကြား တတ်မြောက်ခဲ့သည်။

စာရေးဆရာ တင့်ဆန်းသည် ၁၉၄၆ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်တွင် တင့်ဆန်း(လှည်းကူး) ကလောင် အမည်ဖြင့် 'ရှိပြာပြာ'ကဗျာကို ရေးသားကာ စာပေနယ် သို့ စတင်ဝင်ရောက်ခဲ့ပြီး ရှုမဝမဂ္ဂဇင်းပါ လယ်ကူလီဝတ္ထု မှစ၍ တင့်ဆန်းကလောင်အမည်ကို တစ်သမတ်တည်း ခံယူခဲ့ သည်။ "ပုလဲငွေရည်ဦး" မှာ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ် သည်။ စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက် ခဲ့သည်။ စာရေးဆရာတင့်ဆန်း ရေးသားခဲ့သော လုံးချင်း ဝတ္ထု ၁၀၀ ကျော်အနက်မှ "တပေါင်း" (၁၉၆၉ –မတ်လ) နှင့် "ခရာ" (၁၉၆၉– ဇူလိုင်) ဝတ္ထုတို့သည် နယ်ချဲ့ ဆန့်ကျင် ရေး၊ တိုင်းပြည်နှင့်လူမျိုး အတွက် သွေးစည်းရေးကို ဦးတည် သည်။ "ဆောင်းနှင့်နွေမိုး" ကဲ့သို့ ရာဇဝင်နောက်ခံဝတ္ထု၊ "ဒီသောင်မြေ"ကဲ့သို့ တောင်သူလယ်သမားဘဝ ပြုပြင်ရေးကိုဦးတည်သော လယ်ကူလီအလုပ် သမားဘဝ သရုပ်ဖော်ဝတ္ထု၊ ဆရာစံ တောင်သူလယ်သမား တော်လှန်ရေးကြီးကို နောက်ကြောင်းခံသော "အတော်မခံ" ကဲ့သို့ တောင်သူ လယ်သမား တော်လှန်ရေးဝတ္ထုများအပြင် ကပ္ပိယ စုံထောက် ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ မသိ နားမလည်သောသူများအား လိမ်ညာစားသောက်နေကြ သော လူလိမ်များအကြောင်း၊ ၄င်းလူလိမ်များကို ကပ္ပိယ စုံထောက် ဦးဖြူသီးက အမှန်ရောက်အောင် ဖော်ထုတ်ပုံကို စုံထောက်ဝတ္ထုများအဖြစ် ရေးသားခဲ့သည်။ စာရေးဆရာ တင့်ဆန်းသည် မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာနှင့် သုခုမအနုပညာလောက၊ သဘင်လောက၊ ဆေးလောကအကြောင်း ဆောင်းပါးများ၊ ကိုယ်လက်လှုပ်ရှားမှုကျန်းမာရေးနှင့် အတွေးအမြင် ဆောင်းပါးများကိုလည်း အဆက်မပြတ်ရေးသားခဲ့သည်။ "ရေပြင်မှသည် တောင်တန်းဆီသို့" ကဲ့သို့ ခရီးသွား ဆောင်းပါး လုံးချင်းဝတ္ထုကိုလည်း ရေးသားခဲ့သည်။ ဦးဆန်းမောင်ကလောင်အမည်ဖြင့်လည်း ဘာသာရေး ကျမ်းများကို ရေးသားခဲ့သည်။ ပြုစုခဲ့သော ဘာသာရေး ကျမ်းများမှာ – ဗုဒ္ဓ၏ပညတ်တော် သာဓကများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြု၊ မဟောသဓဖြတ်ထုံးများ၊ စစ်သူကြီး မဟောသဓ၊ ဇွဲလုံ့လရှင် မဟာဇနက၊ ဗုဒ္ဓ အလိုတော်ကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်၊ ခေတ်မြင် ပဋ္ဌာန်း ဝိပဿနာဝမ္မစကြာ စသည်တို့ဖြစ်သည်။

စာရေးဆရာတင့်ဆန်း၏"တပေါင်း" ဝတ္ထုကို မြဖလင်မှ ဒါရိုက်တာပန်းသာတင်ရွှေက ရုပ်ရှင်ရိုက်ကူးခဲ့ သည်။ "အတော်မခံ"ဝတ္ထုနှင့် ဝတ္ထုတိုပေါင်းချုပ် (ရွက်ခြောက် နှစ်ခု၊ ဝမ်းတစ်ထွာ တိုက်ပွဲ၊ ငေါင်းဆူလူ မသိ) ကို ရုရှားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ စာရေး ဆရာ တင့်ဆန်း၏ ဝတ္ထုတိုအချို့ကို ဘဝကြေးမုံ ဇာတ်လမ်းစုံအဖြစ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။

စာရေးဆရာတင့်ဆန်း၏ ကျော်ကြားခဲ့သော "ငမိုးရိပ်မှ မိုးရိပ်သို့"နှင့် "စာရေးဆရာတစ်ယောက်" လုံးချင်းဝတ္ထုတို့မှာ ၄င်း၏ ဘဝဖြစ်စဉ်များကို တင်ပြ ရေးသား ထားခြင်းဖြစ်သည်။ စာရေးဆရာတင့်ဆန်းသည် ၁၉၉၅ ခုနှစ်၊ မတ်လထုတ် နွယ်နီမဂ္ဂဇင်းတွင် "ဦးဆန်းမောင် ကလောင်ရပ်နားခြင်း" ဟူသော ဆောင်းပါးကို နောက်ဆုံး ရေးသားခဲ့ပြီး ၁၉၉၅ ခု၊ မတ်လ ၂ ရက် တောင်သူလယ်သမား နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၄င်း၏ စာပေမျိုးဆက်များဖြစ်သည့် စာရေးဆရာနတ်နွယ် (သားသမက်)နှင့် စာရေးဆရာ မောင်သိန်းဆိုင် (သား) ၊ စာရေးဆရာမ နွဲ့လေးမှူ / မြတ်ပန်းဝင့် (သမီး)တို့ အပါအဝင် သားသမီး ခုနစ်ယောက် ကျန်ရစ်သည်။

**ထင်းအစား အခြားလောင်စာ အသုံးချနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်မှုများ(မြန်မာနိုင်ငံ)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထင်းနှင့်မီးသွေးကို လောင်စာအဖြစ်အများဆုံးအသုံးပြုကြသည်။ ထင်းနှင့်မီးသွေးအသုံးပြုမှုသည် တစ်နှစ်လျှင် မြို့နေမိသားစုတစ်စုအတွက် ၁ ဒသမ ၄ ကုဗတန်နှုန်းနှင့် ကျေးလက်ဒေသနေ မိသားစုတစ်စုအတွက် ၂ ဒသမ ၅ ကုဗတန်နှုန်းရှိသည်။ သစ်ပင်သစ်တောများကို ခုတ်ပြီး ထင်းနှင့်မီးသွေးအဖြစ် အသုံးပြုခြင်းကြောင့် တောပြောင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ မြေဆီလွှာဆုံးရှုံးပျက်စီးခြင်း၊ သောက်သုံးရေရှားပါးခြင်းနှင့် စားကျက်များပျက်စီးခြင်းတို့ကို ကြုံတွေ့နိုင်သည်။ ထို့အပြင် အဖိုးတန်သစ်များရရှိနိုင်မှု၊ ရေသယံဇာတပေါများမှု၊ စိမ့်စမ်းရေတဲခွန်များထွက်ရှိမှု၊ သဘာဝပတ်ဝန်းကျင် သာယာလှပမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုစသည့် အကျိုးတရားများ ဆုတ်ယုတ်လျော့ပါးသွားမည်ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ရေမြေတောတောင်နှင့် ရာသီဥတုသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတဖြစ်ကြောင်း၊ သစ်ပင်သစ်တောများသည် အဓိကအရေးပါသောသယံဇာတများဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ၊ တိုးချဲ့စိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အလေးပေးဆောင်ရွက်ဖို့လိုကြောင်း၊ အပူပိုင်းအထူးဒေသကိုးခရိုင်အပါအဝင် တစ်ပြည်လုံးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးကို အထူးအလေးပေးဆောင်ရွက်သွားကြဖို့ဖြစ်ကြောင်း" ၄/၉၃ ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားသည်။

မိုးခေါင်ရေရှားဒေသတွင် ထင်းအစားအခြားလောင်စာအစားထိုးအသုံးပြုရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ၌ ၁၉၉၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက "မိုးခေါင်ရေရှားဒေသများတွင် ထင်းကိုလောင်စာအဖြစ် အသုံးပြု၍ သစ်ပင်များ ခုတ်လှဲနေမှုကြောင့် သစ်ပင်သစ်တောများ လျော့နည်းလာခဲ့သည်ကို တွေ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထင်းခုတ်မှု၊ တောခုတ်မှုလျော့နည်းသွားရန် ထင်းအစားအခြားလောင်စာ အသုံးပြုနိုင်ရေး နည်းလမ်းရှာကြံ သုတေသနလုပ်၍ အကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း" ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ အမှတ် ၂ စက်မှုဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ထင်းအစား အခြားလောင်စာ အသုံးချရေး တီထွင်ဖြန့်ဖြူးရေး ကော်မတီကို ဖွဲ့စည်းသည်။ တီထွင်ဖြန့်ဖြူးရေးကော်မတီ သည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ထိထိ ရောက်ရောက် ရှိရေးနှင့် ထင်းအစား အခြားလောင်စာများ ကို ပြည်သူလူထု နိုးကြားတက်ကြွစွာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရန် ရည်ရွယ်၍ ထင်းအစားအခြား လောင်စာ အသုံးချရေး တီထွင် ဖြန့်ဖြူးရေး လုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။ လုပ်ငန်း ဆပ်ကော်မတီသည် ထင်းအစားအခြား လောင်စာ များ ရှာဖွေ တီထွင်ရေး၊ အသုံးချနိုင်ရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အစိုးရ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် ပူးပေါင်းကာ ကုန်ကြမ်းပိုင်း၊ စက်ကိရိယာပိုင်း၊ သုံးစွဲမှုပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်း ခွဲခြားပြီး လေ့လာမှု၊ တီထွင်မှုနှင့် ဖော်ထုတ်မှုများကို အဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်ကလည်း ထင်းအစားအခြားလောင်စာ အသုံးချနိုင်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် နိုင်စေရန် ရည်ရွယ်ပြီး ၁၉၉၅ ခုနှစ်ကို ထင်းအစား အခြားလောင်စာ တီထွင်အသုံးချရေးနှစ် အဖြစ် သတ်မှတ် ထားသည်။

ထင်းကိုအသုံးမပြုဘဲ အပူစွမ်းအင်ရရှိနိုင်သော လောင်စာများကို ထင်းအစား အခြားလောင်စာများဟု ခေါ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ အဏုမြူစွမ်းအင်၊ ရေနံသဘာဝဓာတ်ငွေ့၊ ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်၊ လယ်ယာကိုင်းကျွန်း အလေအလွင့်မှ ရရှိသော စွမ်းအင်နှင့် ကျောက်မီးသွေးတို့သည် ထင်းအစား အခြားလောင်စာများဖြစ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ရေနံသဘာဝ ဓာတ်ငွေ့၊ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်တို့သည် ကုန်ကျစရိတ်နှင့် နည်းပညာအဆင့်မြင့်မားခြင်းကြောင့် မြန်မာနိုင်ငံတွင် ထင်းအစားအခြားလောင်စာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့် အခြေအနေမရှိကြောင်း တွေ့ရသည်။ ရေစွမ်း အင်နှင့် ရေနံသဘာဝဓာတ်ငွေ့မှ စွမ်းအင် ထုတ်ယူသုံးစွဲ နိုင်ရန် ဘက်စုံကြိုးစားကြံဆ စီစဉ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး လေစွမ်းအင်နှင့်

နေစွမ်းအင်အသုံးပြုမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းခွင်မှ ရရှိသောစပါးခွံ၊ မြေပဲခွံ၊ နှမ်းရိုး၊ကျူရိုး၊ ပြောင်းဖူးရိုး၊ ပဲစင်းငုံရိုး၊ ကြံကြိတ်ဖတ်၊ ထန်းလက်၊ အုန်းခွံ စသည်တို့ကိုထင်းအစား အခြားလောင်စာအဖြစ် အလွယ် တကူအသုံးပြု နိုင်သည်။ ထို့အပြင် ကလေးဝနှင့် နမ္မား ဒေသရှိ သက်န ကျောက်မီးသွေးများကိုလည်း ထင်းအစား အခြား လောင်စာအဖြစ် အမြန်ဆုံးဖြည့်ဆည်းသုံးစွဲ နိုင်ရန် လေ့လာ လျက် ရှိသည်။

ထင်းအစား အခြားလောင်စာ သရုပ်ပြပွဲများကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန သရုပ်ပြကွင်းတွင် အကြိမ်ကြိမ်ပြသခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ် တိုင်းနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများစိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။ သရုပ်ပြပွဲများတွင် မြန်မာ့အကြီးစားစက်မှုလုပ်ငန်းက တစ်ရက်လျှင် ကျောက်မီးသွေးအခြောက်တောင့် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သော မြင်းကောင်ရေ ၁၀ ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်ကိုလည်းကောင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနက တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့်ကီလိုဂရမ် ၆၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေ နှစ်ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ကီလိုဂရမ် ၅၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေသုံးကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ၁၂ ကီလိုဂရမ် ထုတ်လုပ် နိုင်သော လက်လှည့်ကျောက်မီးသွေးတောင့် ထုတ်စက်၊ ကျောက်မီးသွေးတောင့်ထုတ်လုပ် ရာတွင် အသုံးပြုရသော ကော်အမျိုးမျိုး၊ ဝါးမီးသွေး၊ ဂုန်လျှော်ရိုးတံမီးသွေး၊ ပြောင်းဖူးအူတံမီးသွေး၊ ထန်းလက် မီးသွေး၊ ကျူရိုးမီးသွေး၊ အုန်းအသားခွံနှင့် အုန်းအမာခွံ မီးသွေးများ၊ နေအိမ်တွင် တိုင်ကီဖြင့် မီးသွေးဖုတ်ပြီး သစ်ပေါင်း ခံရည် (ဗနီကာ) ထုတ်ယူပုံ၊ နေရောင်ခြည်စွမ်းအင်သုံး ကီရိယာသုံးမျိုး၊ ပါရာဗိုလာပုံနေမီးဖို၊ သေတ္တာပုံနေမီးဖိုနှင့် လေစွမ်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံတို့ကိုလည်းကောင်း၊ အမှတ် ၃ သတ္တုတွင်းလုပ်ငန်း အမှတ် ၁ သံနှင့်သံမဏိစက်ရုံက အိမ်သုံးလုပ်ငန်းသုံး ကျောက်မီးသွေးတောင့် ထုတ်စက်နှင့် ကျောက်မီးသွေးတောင့်သုံး မီးဖိုများကို လည်းကောင်း၊ သစ်တောဦးစီးဌာန ရေဆင်းသစ်တော သုတေသနဌာနက ချက်ပြုတ်ရာတွင် လျင်မြန်ပြီး ကုန်ကျစရိတ်ရာခိုင်နှုန်း ၄၀ သက်သာသော အေဝမ်းမီးဖိုပုံစံများကို လည်းကောင်း၊ မြန်မာ့မီးရထား စက်ခေါင်းပြင်စက်ရုံ (ပုဇွန်တောင်)က သံကူကွန်ကရစ်ဖဲရိုဆီးမင့် မီးဖိုအမျိုးမျိုး၊ ကျောက်မီးသွေး အခဲပြားဖြင့် တွဲသုံးရသော မီးဖိုများကို လည်းကောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အလေ အလွင့် မီးသွေးမှုန့်များဖြင့် မီးသွေးပြား၊ မီးသွေးတောင့် ထုတ်လုပ် နည်း၊ အုန်းအမာခွံဖြင့် မီးသွေးပြားထုတ်လုပ်နည်းနှင့် စပါးခွံဖြင့် မီးသွေးထုတ်လုပ်နည်းတို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ရွံ့မီးဖို၊ စပါးခွံမီးဖိုနှင့် နေရောင်ခြည်စွမ်းအင်သုံး သေတ္တာပုံ မီးဖို များကို လည်းကောင်း၊ ဟိန်းထက်အောင်ကုမ္ပဏီလီမိတက်က တစ်နာရီလျှင် လောင်စာတောင့် ကီလိုဂရမ် ၆၀ မှ ၇၅ ကီလိုဂရမ်အထိ ထုတ်လုပ်နိုင်သော စပါးခွံလောင်စာ တောင့် ထုတ်စက်ကိုလည်းကောင်း၊ စန်းစန်းစက်မှုလက်မှု သမဝါယမအသင်းလီမိတက်က ကျောက်မီးသွေးအခြေခံ မြင်းကောင်ရေသုံးကောင်အားရှိ လောင်စာတောင့် ထုတ်စက်၊ စပါးခွံလောင်စာတောင့်ထုတ်စက်၊ ကျောက် မီးသွေးတောင့်သုံး မီးဖိုတစ်မျိုးနှင့် စန်းစန်းစပါးခွံမီးဖို သုံးမျိုးကိုလည်းကောင်း၊ စက်မှုစိုက်ပျိုးရေး သမဝါယမ အသင်းလီမိတက်က တစ်ချပ်လျှင် လျှပ်စစ်ဓာတ်အား ၂၂ ဝပ်ထွက်ရှိသော နေရောင်ခြည်ပြား ကိုးပြားအသုံးပြုကာ သဘာဝနေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူပုံကို လည်းကောင်း အသီးသီး တီထွင်ပြသခဲ့ကြသည်။

ပြည်သူများအတွင်း သစ်ပင်သစ်တောများ၏ အရေး ပါပုံနှင့် သစ်ပင်သစ်တောများသည် ရေမြေရာသီဥတု ပတ်ဝန်းကျင်အတွက် အရေးကြီးသော သဘာဝသယံဇာတ တစ်ခုဖြစ်ကြောင်း သိရှိလာစေရန်၊ သစ်ပင် သစ်တော အများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် ထင်းအစား အခြား လောင်စာများကို တွေ့မြင်သိရှိပြီး လက်တွေ့ အသုံးချတတ် လာစေမည့် နည်းပညာများအား သိရှိလာစေရန်၊ ထင်းအစားအခြားလောင်စာများကို အသုံး ပြုရာတွင် ဆောင်ရွက်လုပ်ကိုင်သူများအား စီးပွားရေးအရ အကျိုး ဖြစ်ထွန်းလာစေနိုင်မည့် နည်းလမ်းစနစ်တစ်ခု အနေဖြင့်ပါ ပြသစည်းရုံးသွားရန်နှင့် ထင်းအစားအခြား လောင်စာအသုံးပြုရေးလုပ်ငန်းများကို အမျိုးသားရေး အမြင်ဖြင့် ခံယူလုပ်ဆောင်လာစေရန်ဟူသော ရည်ရွယ် ချက်များဖြင့် ထင်းအစားအခြားလောင်စာများ အသုံးချရေး

ဟောပြောပွဲ နှင့် သရုပ်ပြပွဲများကို ရန်ကုန်မြို့ တွင်သာမက မကွေးတိုင်းအတွင်းရှိ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရေဦးမြို့နယ်၊ မန္တလေးတိုင်း အတွင်းရှိ မန္တလေးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တပ်ကုန်းမြို့နယ် စုစုပေါင်း မြို့နယ် ၁၂ မြို့နယ်တွင် ၁၉၉၅ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ မတ်လ ၁၆ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူလူထုနစ်သောင်းခန့် တက်ရောက်လေ့လာသည်။ မြို့နယ် ၁၂ မြို့နယ်တွင် ခရိုင်အဆင့်မြို့နယ်အချို့ပါဝင်သဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များကိုပါ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သဖြင့် မြို့နယ်ပေါင်း ၅၁ မြို့နယ်အထိရှိသည်။ ထင်းအစားအခြား လောင်စာ အသုံးချရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲများကို ရာဝတီတိုင်း၊ ပုသိမ်မြို့တွင် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်သည်။

**ထိုင်းနိုင်ငံ**။ ။ ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ဂျပန် ဘုရင်မိဖုရားတို့နှင့်အတူ ဘုရင့်နန်းတော်၌ နေ့လယ်စာ သုံးဆောင်ရင်း ဆွေးနွေးခဲ့ကြပြီးနောက် ဂျပန်နိုင်ငံခရီးစဉ် ကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ရက်နေ့တွင် အဆုံး သတ်ခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုကို အထူးအာရုံ စိုက်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ချွမ်လီပိုင်အား ယခုဘဏ္ဍာရေးနှစ်အတွင်း ထိုင်းနိုင်ငံ အတွက် ဂျပန်ယန်းငွေ ၈၂၀ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၈၂၃ သန်း) ချေးငှားရန် ဂျပန်ဝန်ကြီးချုပ် မူရာယာမာက ကတိပြုခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် သီတင်း တစ်ပတ်ကြာ နေထိုင်လည်ပတ်ရန် စက်တင်ဘာလ ၂၉ ရက်နေ့က ကနေဒါနိုင်ငံသို့ ထွက်ခွာသွား၍ ကုန်သွယ်ရေး နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို အဓိကထားပြီး ဆွေးနွေးခဲ့သည်။

ပစိဖိတ်အနားသတ်နိုင်ငံများနှင့် ခိုင်မာသော စီးပွားရေး ဆက်ဆံမှုများ ပြုလုပ်သင့်ကြောင်း ကနေဒါ နိုင်ငံ၊ တိုရွန်တိုမြို့တွင် အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က ကနေဒါစီးပွားရေးဆက်ဆံ သူများအား အောက်တိုဘာလ ၅ ရက်နေ့က ပြောကြားခဲ့ သည်။ ကနေဒါခရီးစဉ်အတွင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင် သည် ထိုင်းနိုင်ငံသို့ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် မျှော်လင့်လျက် ဝန်ကြီးချုပ် ဂျင်ချရက် တီယင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အချို့မှ စီးပွားရေး စီမံဆောင်ရွက်သူများနှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။ ချရက်တီယင်နှင့် ချွမ်လီပိုင်တို့သည် ငါးနှစ် အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏနှစ်ဆ တိုးရန် သဘောတူခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၃ ခုနှစ်အတွင်းက တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ နှစ်ဘီလီယံရှိခဲ့သော်လည်း ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မှာ ဒေါ်လာ ရှစ်သန်းသာရှိသည်ဟု ချွမ်လီပိုင်က ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားမှု အပါအဝင် အစိုးရအဖွဲ့အပြောင်းအလဲကို ထိုင်းဘုရင်ဘူမိဘောအဒူ လျာဒက် (ဂျ်) က အောက်တိုဘာလ ၂၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဆီနာဝါထရာ ကွန်ပျူတာနှင့် ဆက်သွယ်ရေးအုပ်စုကြီးကိုထူထောင်သူ သက်ဆင်ဆီနာ ဝါထရာအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ရာ သူ၏ ဖလမ်ဓမ္မပါတီမှအဖွဲ့ဝင်များက ဆန့်ကျင်ကန့်ကွက် ခဲ့ကြသည်။ အကြောင်းမှာ သူ၏စီးပွားရေးနယ်ပယ်က အစိုးရကန်ထရိုက်လုပ်ငန်း အများအပြားကို ရရှိထားခြင်း ကြောင့် ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ရက်သတ္တပတ် သုံးပတ်က အစိုးရအဖွဲ့အပြောင်းအလဲ ပြုလုပ်ရန်ဖလမ် ဓမ္မပါတီ အကြီးအကဲ ချမ်ကွန်ဆရီမှုအင်က ကြေညာချိန် တွင် သက်ဆင်သည်သူ၏ကုမ္ပဏီအား ဇနီးသို့လွှဲပြောင်း ပေးခဲ့သည်။အခြားအစိုးရအဖွဲ့ဝင် ၁၃ ဦးကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရာ အစိုးရအဖွဲ့ဝင် ၁၄ နေရာ ပြောင်းလဲရာ၌ ၁၁ ဦးမှာ ဖလမ်ဓမ္မပါတီမှဖြစ်ပြီး ကျန် သုံးဦးမှာ စိတ်တတ်သစ်ပါတီမှ ဖြစ်ကြသည်။

လေးနှစ်တာကာလအတွင်းစစ်ဘက်မှအာဏာသိမ်းခြင်း ကို ၁၂ ကြိမ်ကျော်ခံခဲ့ရသော ထိုင်းနိုင်ငံတွင်ယခု အချိန်အထိ တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်သော အောင်မြင်မှုသည် အောင်မြင်မှုများအနက် အကြီးမားဆုံး ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အောက်တိုဘာ လ ၂၇ ရက် နေ့တွင် ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင် အစိုးရသည် ၁၉၉၂ ခုနှစ်ကဒီမိုကရေစီ လိုလားသော တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားပြီးနောက် အာဏာရရှိလာ ခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ အစိုးရသက်တမ်း ကြာလိမ့်မည် မဟုတ်ဟုမျှော်လင့်ခဲ့ကြသည်။ ထို့ပြင် ချွမ်လီပိုင်အစိုးရ သည်စစ်ဘက်မှအာဏာ သိမ်းလိမ့်မည် ဟူသော ခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။



**ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖြစ်လာသည့် ဘန်ဟန်ဆီးလ်ပါအာချာအား ရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများ တွင် တွေ့ရစဉ်**

ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် ပါလီမန်တွင် ပွတ်ကာသီကာအသာဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း မိမိ၏ အစိုးရအဖွဲ့ ဆောင်ရွက်ချက်များအနက် ဂုဏ်အယူထိုက်ဆုံး လုပ်ငန်းများ မှာ နိုင်ငံတည်ငြိမ်မှုကို အာမခံချက် ပေးနိုင် ရန် စွမ်းဆောင် ခဲ့ခြင်းနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက် မှုများ ဆက်လက် ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်း ပင်ဖြစ်သည်ဟုချွမ်ကဝန်ကြီးချုပ်ရာထူး သက်တမ်းကာလ ထက်ဝက်တွင် ရှားရှားပါးပါးပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြား ခဲ့သည်။ မိမိ၏အစိုးရအဖွဲ့သည် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာရေး ရည်မှန်းချက်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေနှင့်ချေးငွေများ ပိုမို ထုတ်ချေးခဲ့ကြောင်း လယ်သမား များ၏ ကြွေးမြီများကို လည်း ပယ်ဖျက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်နှစ် တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်း မှာ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်ထက်မနည်း ရရှိအောင် အထောက်အကူပြု မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက် (ဂျ) ၏ ၆၇ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့က သွေးလှူဒါန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် လမ်းမများတွင် သန့်ရှင်းရေး



**ဖလမ်ဓမ္မပါတီခေါင်းဆောင် သက်ဆင်ဆီနာဝါထရာ**

များ ပြုလုပ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုခဲ့ကြသည်၊ ထိုင်းဘုရင်မင်းမြတ်၏ မွေးနေ့ကို လေးစားဂုဏ်ပြုသောအားဖြင့် ပက်ပွန်ပြည့်တန်ဆာရပ်ကွက်ကို ထိုနေ့က ပိတ်ထားခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် စည်းမျည်းခံဘုရင်ဖြစ်သော်လည်း သူ့အပေါ် လေးစားကြည်ညိုမှုကို ရှေးအစဉ်အလာကထက် ပိုမိုရရှိခဲ့သည်။ ဘုရင်မင်းမြတ်သည် နှစ်ပေါင်း သုံးလေးဆယ်မျှ ကျေးလက်ဒေသများသို့ လှည့်လည်ကာ ဆင်းရဲသားများကို ကူညီရန် စီမံကိန်းပေါင်းထောင်နှင့်ချီ၍ ဦးစီးအကောင်အထည်ဖော် ခဲ့သည်။ သီတင်းပတ်အကုန်ပိုင်းက ထိုင်းဘုရင်နှင့် မိဖုရားသီရိခေတ်တို့ စစ်ဘက်တပ်ဖွဲ့များကို စစ်ဆေးစဉ် ထိုင်းလူထုထောင်ပေါင်းများစွာတို့က ဂါရဝပြုခဲ့ကြသည်။ ဘုရင်ဘူမိဘောသည် ဒီဇင်ဘာလ ၄ ရက်နေ့က ပြည်သူလူထုတစ်ရပ်လုံးသို့ မိန့်ခွန်းပြောကြားရာတွင် လုံးဝထိန်းသိမ်း၍ မရတော့သည့် အခြေအနေသို့ ရောက်ရှိရန် နီးကပ်လာနေသော ယာဉ်ပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းခြင်းမရှိပါက ထိုင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးကျဆင်းသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ထိုင်းဘုရင်မင်းမြတ်က ပြည်သူလူထုသွေးစည်းညီညွတ်ရေးကို တိုက်တွန်းပြောကြားရာတွင် ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း နိုင်ငံရေးကတောက်ကဆဖြစ်မှုများကို

ရည်ညွှန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် မိုင် ၉၀ အကွာရှိ ရာယွန်မြို့ကလေးတွင်လည်း ထိုင်းဘုရင်မွေးနေ့အထိမ်းအမှတ်ပြုလုပ်ရာတွင် သန့်ရှင်းရေးများပြုလုပ်ကြပြီး ဘုန်းတော်ကြီးများအား ဆွမ်းဆက်ကပ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သွေးလှူခြင်း၊ ငှက်များကို ဘေးမဲ့လွှတ်ခြင်း စသောကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး သက်ဆင်ဆိနာဝါထရာသည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ မိမိ၏နုတ်ထွက်လွှာကို ဝန်ကြီးချုပ်ထံ တင်သွင်းမည်ဖြစ်ကြောင်း၊ လုပ်ငန်းအများအပြားကို ရှင်းလင်းဆောင်ရွက်ရန်ရှိသောကြောင့် ယင်းနုတ်ထွက်လွှာသည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သတင်းထောက်များအား သက်ဆင်က ပြောကြားသည်။ သက်ဆင်သည် ရှိဝါနာဝါကူရာ ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဟောင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်သောအခါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေမှုကြောင့် အငြင်းပွားခဲ့ရသည်။ မိမိရာထူးမှ နုတ်ထွက်ရခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ငန်းမှန်သမျှကို မဆောင်ရွက်လိုသောကြောင့် ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

ယင်းသို့ရှိနေခဲ့ရာမှ ထိုင်းနိုင်ငံကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းပိုင်ရှင်ကြီး သက်ဆင်ဆိနာဝါထရာ အား ဖလမ်ဓမ္မ ပါတီ (ပီဒီပီ) ခေါင်းဆောင်အဖြစ် မေလ ၂၉ ရက်နေ့က ရွေးချယ်တင်မြှောက်လိုက်ရာ ဇူလိုင်လ တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီခေါင်းဆောင်အဖြစ် လှုပ်ရှားသွား မည်ဖြစ်သည်။ အသက် ၄၇ နှစ်အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဆိနာဝါထရာ အုပ်စုကြီး၏ ပိုင်ရှင်ဖြစ်သူ သက်ဆင်သည် ဒုတိယဝန်ကြီးချုပ် ဟောင်း ချမ်မလောင်း သီရိမွန် နေရာတွင် အစားထိုး တာဝန်ယူမည်ဖြစ်သည်။ ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမပြုမီ နာရီပိုင်းအလို မေလ ၁၉ ရက်နေ့က အာဏာရပါတီ ညွန့်ပေါင်းအုပ်စု အတွင်း (ပီဒီပီ)ရုတ်တရက်နုတ်ထွက်ခဲ့မှု ကြောင့် ဝန်ကြီးချုပ် ချွမ်လီပိုင် ရွေးကောက်ပွဲကို အလျင်စလိုကျင်းပရန် ခေါ်ယူခဲ့ရသည်။ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့ကြီးထွားနေသော ငွေပေး၍ မဲဝယ်ယူခြင်းနှင့် ကိုယ်စားလှယ်လောင်းများအား ငွေပေးဝယ်ခြင်းတို့အား ဝေဖန်တိုက်ခိုက်ခြင်းဖြင့် သက်ဆင်သည် ဇူလိုင်လ ၂ ရက် နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပီဒီပီ ပါတီ၏ လှုပ်ရှားမှုကို စတင်ခဲ့သည်။ ယင်းလုပ်ရပ်သည် ထိုင်းနိုင်ငံအတွက် ဒီမိုကရေစီစနစ်အတွက် အလွန်ဆိုးရွားလှသည်ဟုဆိုသည်။ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာကောင်းသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အကျိုးပြုမှုများရရှိရန် လိုအပ်ခဲ့သည်။ သက်ဆင်သည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော ပီဒီပီပါတီဝင်တစ်ဦးအနေဖြင့် ၁၉၉၅ ခုနှစ်ဆန်းပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့ရာတွင် သူ၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံရေးနယ်ပယ်အကြား ပဋိပက္ခဖြစ်လာနိုင်၍ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများကို ငွေပေးဝယ်ယူနေမှုကြောင့် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်မှာ ဘေးအန္တရာယ်နှင့် ကြုံနေရကြောင်း ချက်ပတ်တနာပါတီ ဒုတိယခေါင်းဆောင် ဆူဗစ်လစ်တာပယ်လော့ကလည်း ဝေဖန်တိုက်ခိုက်ခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်ကမူ ငွေပေး၍မဲဝယ်ယူခြင်းကို တိုက်ဖျက်သွားမည်ဟု ပြောကြားထားသည်။

နိုင်ငံရေးသမားအဖြစ် ပြောင်းလဲလာသော ထိုင်းနိုင်ငံ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကို ပိုင်ဆိုင်သည့် သူဌေးကြီးသက်ဆင်ဆိနာဝါထရာသည် ဝန်ကြီးချုပ်ရာထူး အတွက် ယှဉ်ပြိုင်ကြမည့်သူများအနက် ဗန်ကောက်မြို့တော် မဲဆန္ဒရှင်များအကြား၌ လူကြိုက်အများဆုံးပုဂ္ဂိုလ် ဖြစ်နေသည်။ ဗန်ကောက်မြို့တွင် နေထိုင်သော မဲဆန္ဒရှင် ၂၁,၀၀၀ ၏ ဆန္ဒသဘောထားကို ကောက်ယူရာ၌ ထိုင်း ဝန်ကြီးချုပ်ရာထူးအတွက် မဲဆန္ဒပေးရာတွင် သက်ဆင် သည် ထောက်ခံမဲ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး လူကြိုက် အများဆုံးဖြစ်ခဲ့သည်။ ဆန္ဒသဘောထားကောက်ယူရာ တွင် မဲဆန္ဒရှင်များက ထိုင်းနိုင်ငံ၏ပါလီမန်အမတ်နေရာ ၃၉၁ နေရာရှိသည့်အနက် ၃၇ နေရာကိုသာ အလေးထား ဆန္ဒပေးကြသည်။ ယင်းဆန္ဒကောက်ယူရာ၌ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထောက်ခံမဲ ၂၂ ဒသမ ၆ ရာခိုင်နှုန်း ရရှိ ခဲ့သည်။ ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟန်ဆီးလ်ပါ အာချာသည် ဆန္ဒကောက်ယူရာ၌ ထောက်ခံမဲ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပမည့် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲများပြုလုပ်

နေစဉ် မဲဆွယ်ရန်ထွက်ခွာလာသောယာဉ်တန်းတစ်ခုမှ မော်တော်ယာဉ် သုံးလေးစီးပေါ်တွင် ရဲတပ်ဖွဲ့က လက်နက်များကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းတစ်ဦးအား ဇွန်လ ၂၃ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ အတိုက်အခံ ချတ်ထိုင်းပါတီမှ အမတ်လောင်း နီယွမ်ဝါရာဖာရနာနှင့် သူ၏လက်ထောက်ဖြစ်သူ နာရွန်အာသာဒေါ့တို့အား လက်နက်မှုဖြင့် တရားစွဲဆိုထားသည်။ နိုင်ငံရေးသမားများ၊ ပါတီအလုပ်သမားများနှင့် ယင်းပါတီကိုထောက်ခံကြသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းမှ မော်တော်ယာဉ်အချို့ကို စစ်ဆေးရှာဖွေရာတွင် ပြောင်းတိုသေနတ် လေးလက်နှင့် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက် ဖမ်းဆီးရမိခဲ့သည်။ ချတ်ထိုင်းပါတီအမတ်လောင်း နီယွမ်အား လက်နက်များ တရားမဝင်ကိုင်ဆောင်မှု၊ သူ၏ လက်ထောက် နာရွန်အား စစ်သုံးလက်နက်တစ်လက်ကို လက်ဝယ်ထားရှိမှုတို့ဖြင့် တရားစွဲဆိုထားပြီး အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇူလိုင်လ ၂ ရက်နေ့၌ ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ဘန်ဟန်ဆီးလ်ပါအာချာ ဦးဆောင်သောချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီအောင်ပွဲခံလိုက်ရာ မကြာမီ ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းရန် ရှိနေသည်။ ရွေးကောက်ပွဲ၌ ချတ်ထိုင်းပါတီက အမတ်နေရာ ၉၂ နေရာ ရရှိပြီး ဒီမိုကရက်တို့က ၈၆ နေရာဖြင့် ဒုတိယရရှိခဲ့သည်။အမတ်နေရာ ၃၉၁ နေရာရှိသော အောက်လွှတ်တော်တွင် ချတ်ထိုင်းပါတီက မဲအများစုရရှိနေစေကာမူ အခြားငါးပါတီနှင့်မဟာမိတ်ဖွဲ့ပြီး ခြောက်ပါတီ ညွန့်ပေါင်းအစိုးရ ဖွဲ့ရမည်ဖြစ်သည်။ မိမိသည် မြန်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် အစိုးရသစ်ဖွဲ့စည်းသွားလို ကြောင်း ဗန်ကောက်မြို့ရှိ သူ၏နေအိမ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဘန်ဟန်က ပြောကြားသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ချတ်ထိုင်းပါတီ၊ နယူးအက်စပိုင်ရေးရှင်းပါတီ၊ ဖလမ်ဓမ္မ (စာရိတ္တဗလ) ပါတီ၊ ဆိုရှယ်အက်ရှင်းပါတီ၊ ပရာချကွန်ထိုင်း (ထိုင်းနိုင်ငံကြီးသား) နှင့် မွအွန်ချွန် (လူထု) ပါတီတို့ ပါဝင်ကြသည်။ ယင်းပါတီခြောက်ခုရရှိသော အမတ်နေရာမှာ ၂၁၅ နေရာဖြစ်သည်။ ဘန်ဟန်သည် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးမည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လီပိုင်၏ နေရာတွင် ဝင်ရောက်တာဝန်ယူရမည်ဖြစ်သည်။ ချွမ်လီပိုင်သည် ထိုင်းနိုင်ငံတွင် ကာလအကြာဆုံးဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်သွားသော မဲဆန္ဒဖြင့် တက်လာသူ ဝန်ကြီးချုပ်ဖြစ်သည်။ ဘန်ဟန်ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့် ဝန်ကြီးသစ်များအပေါ် တည်မှီလျက် ထိုင်းအစိုးရအဖွဲ့သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးနွေးထွေးမှု လျော့ပါးလာဖွယ်ရှိကြောင်း သံတမန်များက သုံးသပ်လျက်ရှိသည်။

ဝန်ကြီးအဖွဲ့ဝင်ရာထူး ခွဲဝေရေးသဘောတူညီချက်နှင့် ပတ်သက်၍ မကြာမီကဖွဲ့စည်းလိုက်သောညွန့်ပေါင်းအစိုးရအဖွဲ့ဝင်ပါတီ ခုနစ်ပါတီတို့ ဇူလိုင်လ ၅ ရက်နေ့တွင် သဘောတူညီမှု ရရှိခဲ့ကြသည်။ ဘဏ်လုပ်ငန်းရှင်တစ်ဦး ခေါင်းဆောင်သော ‘နမ်ထိုင်း’ ပါတီငယ်ကလေးသည် ဇူလိုင်လ ၄ ရက်နေ့တွင် ညွန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်ခွင့်ရရှိခဲ့ရာ ခုနစ်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် အမတ်ဦးရေ ၃၉၁ နေရာရှိသော ပါလီမန်တွင် အမတ်နေရာ ၂၃၃ နေရာရရှိခဲ့သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် ဘန်ဟန် သည် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သူ၏ ချတ်ထိုင်းပါတီအတွင်း အချင်းချင်းသဘောထားကွဲပြားနေမှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့အတွင်း တန်ခိုးအာဏာကြီးမားသော ပြည်ထဲရေးဝန်ကြီးရာထူးနေရာကို ဝန်ကြီးချုပ်ကိုယ်တိုင် ယာယီယူထားမည်ဖြစ်ကြောင်း သတင်းစာများ၌ ရေးသားဖော်ပြခဲ့သည်။ ချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီခေါင်းဆောင် ဘန်ဟန်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်း၍ ဝန်ကြီးစာရင်းကို ထိုင်းဘုရင်ထံတင်ပြ၍ ဘုရင်မင်းမြတ်၏ အတည်ပြုချက်ရမှ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဝန်ကြီးအဖွဲ့ ရာထူးနေရာများ ခွဲဝေယူရာ၌ ညွန့်ပေါင်းအဖွဲ့ဝင် အားလုံးက သဘောတူညီကြသော်လည်း ပြည်ထဲရေးဝန်ကြီး ရာထူးနေရာကို မည်သူရယူသင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ချတ်ထိုင်းပါတီ၏ အုပ်စုခွဲခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲပြားမှုကြောင့် ပါတီအတွင်း အကွဲအပြဲဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော ဝန်ကြီးချုပ် ဘန်ဟန်ဆီးလ်ပါအာချာ၏ ထိုင်းအစိုးရအဖွဲ့သစ်က ပထမဦးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်သည် ထိုင်းအစိုးရအဖွဲ့သစ်အနေဖြင့် အဂတိလိုက်စားခြင်းမရှိကြောင်းနှင့် ဒီမိုကရေစီကျကြောင်းကို လက်ခံလာစေရန် နိုင်ငံခြားမဟာမိတ်များနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးသိမ်းသွင်းရေးပင်ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ

၏ စည်းမျဉ်းခံဘုရင် ဘူမိဘောအဒူလျာဒက် (၉) သည် ရွေးကောက်ပွဲကျင်းပပြီးနောက် သီတင်းနှစ်ပတ်အကြာ တွင် ထိုင်းအစိုးရဖွဲ့စည်းခြင်းကို အတည်ပြုပေးလိုက်သည်။ အစိုးရဖွဲ့စည်းစဉ်အခါကလည်း မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းနှင့် ဆက်စပ်နေသည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသော ထိုင်းနိုင်ငံရေးသမားနှစ်ဦးအား ဝန်ကြီးရာထူးနေရာ ပေးရေး မပေးရေး နှင့် ပတ်သက်၍ အာဏာရ ခုနစ်ပါတီညွန့်ပေါင်းအဖွဲ့တွင် အချင်းများခဲ့ကြသည်။

ယခုဖွဲ့စည်းလိုက်သော ထိုင်းအစိုးရအဖွဲ့သည် ယခင်ကထက် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း၊ ရေးရှီးဆန်နှင့် အနောက်အုပ်စုလိုလားသော မူဝါဒကို အခြေခံထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။ အစိုးရဖွဲ့စည်းခြင်းကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ဘုရင်မင်းမြတ်က အတည်ပြုပေးရာ၌ ဗန်ကောက်မြို့ လမ်းမများတွင် ယာဉ်အသွားအလာ ပိတ်ဆို့မှုပြဿနာ လျော့ကျသွားရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သောရေ ရရှိရေးတို့ကို အလေးပေးဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ထိုင်းအစိုးရအဖွဲ့သစ်တွင် ဘဏ္ဍာရေးဝန်ကြီး ရာထူးရရှိသော ပါမောက္ခ ဆူရကီအတ်ဆတ်သီရာသီ (၃၇) နှစ်သည် ဘဏ်လုပ်ငန်းအတွေ့အကြုံမရှိဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကာအန်အက်ဗီက ဆစ်ဆရီမှာမူ နိုင်ငံခြားရေးလုပ်ငန်းများတွင် နှစ်ပေါင်း ၃၀ အတွေ့အကြုံရှိသူဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ် အမ်နော်ဗီရာဝမ်သည် ထိပ်တန်းဘဏ်လုပ်ငန်းရှင်ဟောင်း တစ်ဦးဖြစ်ပြီး အစိုးရအထက်တန်းရာထူး အများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့၍ အတွေ့အကြုံရှိသူဖြစ်သည်။ သို့ရာတွင် အစိုးရအဖွဲ့၌ နေရာအများစု ရရှိထားသော ဘန်ဟန်၏ ပါတီသည် နိုင်ငံရေး နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ အပေး အယူရှိနေကြသည်ဟု လူသိများနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှု ရှိနိုင်သည်ဟူသော စိုးရိမ်မကင်းမှုများ ဖြစ်ပေါ်နေသည်။ မိမိ၏ကတိအတိုင်း အများပြည်သူနှင့် သက်ဆိုင်သော စီမံကိန်းကြီးများကို ဆောင်ရွက်သွားမည်ဆိုပါက ငွေဖောင်းပွမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။

**စီးပွားရေး** – ထိုင်းနိုင်ငံတွင် မူလကိုယ်ခံအားကျဆင်းသော ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ကူးစက်မှု လျင်မြန်စွာ ကြီးထွား လာနေခြင်းကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ယိုယွင်း ပျက်စီးလိမ့်မည်ဖြစ်ကြောင်း သက္ကရာဇ် ၂၀၀၀ တွင် ထိုင်းနိုင်ငံ၌ အေအိုင်ဒီအက်စ် ဝေဒနာရှင်ဦးရေ လေးသန်း အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ထင်ရှားသော ကျန်းမာရေး လုပ်သားတစ်ဦး က ပြောကြားသည်။ အေအိုင်ဒီအက်စ် ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်မှု နှေးကွေးသွားအောင် ၁၉၉၅ ခုနှစ် သို့မဟုတ် နှစ်နှစ် အတွင်း မိမိတို့ဆောင်ရွက် နိုင်စွမ်းမရှိလျှင် ထိုင်း နိုင်ငံ၏ စီးပွားရေးမှာ အေအိုင်ဒီအက်စ် ကြောင့် သိသိသာသာ ထိခိုက်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ လူဦးရေနှင့် မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းခေါင်းဆောင် မီချိုင်းဗီရာ ဗာအိဒယာက မနီလာမြို့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မီချိုင်းဗီရာ ဗာအိဒယာသည် ပြည်သူ့အကျိုးဝန်ဆောင်မှု အတွက် ရာမွန်မက်ဆေးဆေးဆုချီးမြှင့်ခံရပြီးနောက် အထက် ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအခန်းကဏ္ဍတွင် ပိုမိုခိုင်မြဲစွာ ပါဝင် လှုပ်ရှားနိုင်စေရေးအတွက် လွတ်လပ်သောကုန်သွယ်ရေး ဒေသ အလျင်အမြန်ထူထောင်ပါရန် ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အရှေ့တောင်အာရှနိုင်ငံများကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ကမ္ဘာ့စီးပွားရေး အနေ အထားတွင် ဖြစ်ပေါ်ပြောင်းလဲနေ၍ အဆိုပါ ကုန်သွယ်ရေး ဒေသဖွဲ့စည်းရေးသည် အရေးတကြီးလိုအပ်နေသည် စသည် ဖြင့် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ၂၆ ကြိမ်မြောက် အစည်းအဝေး တွင် ဝန်ကြီးချုပ် ချွမ်လီပိုင်က ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ရာ အာရှတိုက်တွင် စတုတ္ထ မြောက် စီးပွားရေးအလျင်အမြန်ဆုံး တိုးတက်သောနိုင်ငံ ဖြစ်လိမ့်မည်ဟု ထိုင်းဗဟိုဘဏ်က ကြေညာသည်။ ယင်း ကဲ့သို့ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုသည် ကမ္ဘာ့ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေး စနစ်သစ်၏ ပိုမိုလွတ်လပ်သော ကုန်သွယ်ရေးတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင်မူ ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဟု ထိုင်းဗဟို ဘဏ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ၁၉၉၄ ခုနှစ် အတွင်း

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၉၉၅ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဖွဲ့စည်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုတို့သည် ထိုင်း စီးပွားရေး တိုးတက်စေရန် အလားအလာကောင်းများ ဖြစ်လိမ့်မည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် အသစ်ပြဋ္ဌာန်းမည့် ဥပဒေအရ ထိုင်းဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားပြီး အကောက်ခွန် နှင့် လူဝင်မှုကြီးကြပ်ရေးကဏ္ဍတို့၌ ရှိနေသေးသော ကြိုးနီစနစ်၏ စည်းမျဉ်းအချို့ကိုလည်း လျှော့ချပစ်မည်ဟု ကတိပြုလိုက်သည်။ ပြန်လည်ပြင်ဆင်ထားသော နိုင်ငံခြားစီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေသည် ထိုင်းနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့် ကိုက်ညီ စေရန် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုနိုင်ငံခြား ကုန်သည်ကြီးများ အစည်းအဝေးပွဲတွင် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဝန်ကြီးချုပ်ချွမ်က ပြောကြား ခဲ့သည်။

စီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို အာဏာပိုင်များက ပြန်လည်သုံးသပ်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ရိုးစင်းသော စည်းကမ်းများရှိရန်လိုလားကြောင်း၊ နိုင်ငံခြားကုန်သည်ကြီးများအသင်း၏ နေ့လယ်စာ စားပွဲသို့ တက်ရောက်လာကြသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ အမေရိကန်မဟုတ်သော ကုန်သည်ကြီးများသည်လည်း ထိုင်း–အမေရိကန် သဘောတူစာချုပ်အရ အမေရိကန်ကုမ္ပဏီများ ရရှိနေသော အထူးအခွင့်အရေးများ ဖျက်သိမ်းရေးကို လိုလားကြောင်း ဥရောပစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ ၁၉၉၅ ခုနှစ် ပထမသုံးလပတ်အတွင်းက လာရောက်လည်ပတ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ၁၉၉၄ ခုနှစ် အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းတိုးလာကြောင်း ထိုင်းကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ ယခုနှစ် ပထမသုံးလအတွင်း လာရောက်ကြသော နိုင်ငံခြားသားခရီးသည် ၁၈,၃၇,၄၄၈ ဦးအနက် အများစုသည် အရှေ့အာရှဒေသမှ ခရီးသည်များဖြစ်သည်။ ယခုနှစ် ပထမသုံးလအတွင်း အရှေ့အာရှဒေသမှ လာရောက်သောခရီးသည် ဦးရေသည် ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းတိုးလာရာ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်၏ ၅၄ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၁၉၉၅ ခုနှစ်အတွင်း ပြည်ပသို့ တင်ပို့ရောင်းချမည့် ပို့ကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၅၂ ဘီလီယံ) အထိ တိုးမြှင့်သွားရန် ရည်မှန်းထားသော်လည်း သွင်းကုန်ပမာဏက ပို့ကုန် ထက် ပိုမိုနေဦးမည်ဖြစ်၍ ကုန်သွယ်ရေးလိုငွေပြနေဦးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ်အတွက် ပြည်ပသို့တင်ပို့ရန်လျာထားသော ပို့ကုန်ပမာဏသည် ၁၉၉၄ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်း ပိုမိုလာသည်။ ၁၉၉၄ ခုနှစ်က ပြည်ပသို့တင်ပို့သော ပို့ကုန်တန်ဖိုးသည် ဘတ်ငွေ ၁ ဒသမ ၁၃ ထရီလီယံ (ဒေါ်လာ ၄၅ ဘီလီယံ) ဖိုးရှိသည်။ ၁၉၉၄ ခုနှစ်သည် ထိုင်းနိုင်ငံ အတွက် ပြည်ပပို့ကုန်တန်ဖိုးကို ဘတ်ငွေ တစ် ထရီလီယံ ဖိုးထက် ကျော်လွန်အောင် တင်ပို့နိုင်သော ပထမဦးဆုံးနှစ် လည်း ဖြစ်သည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်အတွက် ပြည်ပမှတင်သွင်းမည့် သွင်းကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၅၄ ထရီလီယံ (ဒေါ်လာ ၆၁ ဘီလီယံ) လျာထားသဖြင့် ထိုင်းနိုင်ငံအဖို့ ၁၉၉၅ ခုနှစ် ပြည်ပကုန်သွယ်မှု၌ ကုန်သွယ်မှုလိုငွေ ဘတ် ၂၄၁ ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ) ဖြစ်ပေါ်စရာရှိနေသည်။ ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အများစုသည်ကုန်ချောပစ္စည်းများဖြစ်သော်လည်း နိုင်ငံလူဦးရေ ၅၉ သန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

သင့်ဘ၀ – ဦးရဲလွင်

**နိုဟောက်ဖုန်ဆဗန် (ခရစ် ၁၉၁၄ – )**။ ။မစ္စတာ နိုဟောက်ဖုန်ဆဗန်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မော့ဒ်ဒါဟန်ပြည်နယ်၊ မော့ဒ်ဒါဟန်ခရိုင်၊ ဘန်ဖာလောခါရှိ လယ်သမားမိသားစုမှ ၁၉၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။



မစ္စတာနီဟောက်ဖုန်ဆဗန်

၁၉၄၆ ခုနှစ်တွင် မစ္စတာ နီဟောက်ဖုန်ဆဗန်သည် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး နောက် ၁၉၅၀ ပြည့်နှစ်၌ အင်ဒိုချိုင်းနားကွန်မြူနစ် ပါတီ၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၎င်းနောက် ၁၉၅၅ ခုနှစ် တွင် လာအိုပြည်သူ့ပါတီသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၆ – ၄၉ ခုနှစ်အတွင်း အရှေ့ပိုင်းဒေသ လာအို ခုခံရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် လာအိုခုခံရေးအစိုးရ၏ စီးပွားရေး ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဗီယန်ဂျင်းအစိုးရနှင့် စေ့စပ်ဆွေးနွေးရာတွင် ပသက် လာအိုဘက်မှ ကိုယ်စားပြုခဲ့သည်။

လာအိုပြည်သူ့ပါတီကို ၁၉၅၅ ခုနှစ်တွင် စတင် တည်ထောင်ရာတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေး ချယ်ခြင်းခံရသည်။ တစ်ဖန် ၁၉၅၈ ခုနှစ်တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အစိုးရအဖွဲ့အတွင်းမှ ဘုရင်လိုလားသော အုပ်စု၏ ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ခြင်းကို အခြားခေါင်း ဆောင်များနှင့်အတူ ခံရသည်။

၁၉၆၀–၆၂ ခုနှစ်အတွင်း ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် စေ့စပ်ညှိနှိုင်းမှုများတွင် လာအိုမျိုးချစ်အင်အား စု ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပါတီဖွဲ့စည်းပုံ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စများ ကို ကွပ်ကဲကြီးကြပ်ရသော ပါတီဗဟိုကော်မတီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်ဖြစ်လာသည်။ ၎င်းနောက် ၁၉၇၂ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ ဒုတိယအကြိမ်ညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်လာသည်။

ဤသို့ဖြင့် မစ္စတာနီဟောက်ဖုန်ဆဗန်သည် ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တတိယအကြိမ်မှ ပဉ္စမအကြိမ်အထိ ပါတီညီလာခံ များတွင် ပါတီဗဟိုကော်မတီနှင့်ပေါ်လစ်ဗျူရို အဖွဲ့ဝင် အဖြစ် ဆက်လက်ပါဝင်ခဲ့သည်။

၁၉၈၂–၈၉ ခုနှစ်တွင် ပထမ–ဒုတိယ ဥက္ကဋ္ဌနှင့် ဝန်ကြီးများကောင်စီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ထားခြင်းခံရသည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံ၏ အမြင့်ဆုံး (ဒုတိယအကြိမ်မြောက် ဥပဒေပြု)ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်းခံရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရေး ကော်မတီကိုလည်း ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံ၏ အမြင့်ဆုံး ပြည်သူ့လွှတ်တော်၏ အထူးညီလာခံတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ သမ္မတကြီး အဖြစ် တင်မြှောက်ခြင်းခံရသည်။ တစ်ဖန် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပထမအကြိမ် အမျိုးသား လွှတ်တော်၏ ပထမအကြိမ်ညီလာခံတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီးအဖြစ် ပြန်လည် တင်မြှောက်ခြင်းခံရသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်မှုများ (၁၉၉၅)။** ။နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် ခံယူပြီး ၁၉၈၉ ခုနှစ်မှ

စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် လုပ်ငန်း ကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနများ ညှိနှိုင်း ပေါင်းစပ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

## နယ်စပ်ဒေသ ပင်မ စီမံကိန်း

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ပေးနိုင်ရန် နယ်စပ်ဒေသ ပင်မ စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပ ခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

နယ်စပ်ဒေသ ပင်မ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည် ချက်များနှင့် အညီ နယ်စပ်ဒေသရှိ တိုင်းရင်း သား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့ကို ထိန်းသိမ်းရန်

တို့ဖြစ်သည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို ၁၉၉၃–၉၄ ဘဏ္ဍာ နှစ်မှ ၁၉၉၅–၉၆ ဘဏ္ဍာနှစ်အထိ ပထမနှစ်တို သုံးနှစ်၊ ၁၉၉၆–၉၇ ဘဏ္ဍာ နှစ်မှ ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်အထိ ပထမနှစ်လတ် လေးနှစ်၊ ၂၀၀၀–၂၀၀၁ ဘဏ္ဍာ နှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် အထိ ဒုတိယလေးနှစ် စုစုပေါင်း စီမံကိန်းကာလ ၁၁ နှစ် သတ်မှတ်ထားသည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို အဓိကလုပ်ငန်း ကဏ္ဍကြီး သုံးရပ်ခွဲခြားရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပထမလုပ်ငန်း ကဏ္ဍဖြစ်သည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ များ တည်ဆောက်မှု ကဏ္ဍတွင် လမ်းပန်းနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်း၊ ဒုတိယ လုပ်ငန်းကဏ္ဍဖြစ်သည့် လူမှုရေးနှင့်စီးပွားရေးကဏ္ဍတွင် ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဝင်ငွေရရှိရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမ လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် သတ္တုရှာဖွေတူးဖော်ရေး လုပ်ငန်း၊ တတိယ လုပ်ငန်းကဏ္ဍတွင် သီးခြားလုပ်ငန်းများ ဖြစ်သည့် အိမ်တွင်းအသက်မွေးမှုသင်တန်းကျောင်းများ၊ နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေး ကျောင်းများ၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်း စသည်တို့ ပါဝင်သည်။

### အကောင်အထည်ဖော် ဆောင်ရွက်မှုများ

၁၉၉၄–၉၅ဘဏ္ဍာနှစ်အတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုကဏ္ဍ လျာထားချက်များအနက် လမ်း၊ တံတား တည် ဆောက်ရေး လုပ်ငန်းတွင် ၈၉ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး လုပ်ငန်းတွင် ၉၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး လုပ်ငန်းတွင် ၈၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် စွမ်းအင်လုပ်ငန်း တွင် ၅၅ ဒသမ ၇၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယကဏ္ဍတွင် ပါဝင်သည့် လူမှုရေးလုပ်ငန်းများအနက် ထပ်မံဖွင့်လှစ်မည့် ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ အတွက် လိုအပ်မည့် ဝန်ထမ်းများ အပြည့်အစုံ ခန့်ထား နိုင် ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ပင်မစီမံ ကိန်း၏ ရာခိုင်နှုန်း ၁၆၀ အကောင်အထည်ဖော်ရန် လျာထားသည့် အနက် ၁၁၂ ရာခိုင်နှုန်း အကောင်အထည် ဖော် နိုင်ခဲ့ပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုလျာထားချက် များအနက် လယ်ယာလုပ်ငန်းတွင် ၁၁၆ ဒသမ ၆၆ ရာခိုင် နှုန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းတွင် ရာခိုင်နှုန်း ၁၆၀ နှင့် မွေးမြူရေးလုပ်ငန်းတွင် ၈၆ ဒသမ ၁၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ လျာထားချက် မရှိသော်လည်း သတ္တုရိုင်းများ တည်ရှိရာ နေရာများ

ဖြစ်သည့် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ရှမ်းဒေသများတွင် စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အနေအထားများ စူးစမ်းရှာဖွေလျက် ရှိသည်။

## နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ခင်းဖွံ့ဖြိုးရေးအတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အမေရိကန် ဒေါ်လာ ၁၄,၀၀၀ ထောက်ပံ့ခဲ့သည်။ ထို့ပြင် အပြည်ပြည် ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အထောက်အပံ့ဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ပျိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပနိုင် ရေးနှင့် သစ်တောထိန်း သိမ်းရေး စီမံကိန်းဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းစိစဉ်လျက် ရှိသည်။

နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှုစီမံကိန်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စီမံကိန်းကာလ ကုန်ဆုံး ခဲ့သော်လည်း နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စေတနာအမှန်နှင့် ဆောင်ရွက်ပေးခဲ့ ခြင်းကြောင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်က အမေရိကန် ဒေါ်လာ ၂၆၀,၀၀၀ ထပ်မံထည့်ဝင်ပေးပြီး နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှု စီမံကိန်းကို နောက်ထပ်ခြောက်လတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ လူထု ဖွံ့ဖြိုးမှု စီမံကိန်းသည် ကိုးကန့်ဒေသ လောက်ကိုင်နှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၀ ရွာတွင် ရေရရှိရေး လုပ်ငန်းများ၊ သက်မွေးပညာရပ်များဖြစ်သည့် အပ်ချုပ်သင်တန်း၊ ပရိဘောဂ နှင့် လက်သမားသင်တန်း၊ စက်မှုနှင့် စက်ပြင် သင်တန်း များ ဖွင့်လှစ်ခြင်း၊ ကာမိုင်းကျေးရွာရေအားလျှပ်စစ်တပ် ဆင်ရေး လုပ်ငန်းတို့ကို ဆောင်ရွက် ရန် စီမံထားပြီး ဖြစ်သည်။

"ဝ" ဒေသတောင်ပိုင်း ဟိုတောင်းရှေ့ပြေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၃၄၈,၀၈၅ နှင့် နိုင်ငံတော်က ငွေကျပ် ၉၃,၅၀၀ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သတ်မှတ်စီမံကိန်းကာလ တစ်နှစ် ကုန်ဆုံးမည် ဖြစ်သည်။ ထို့ပြင် "ဝ"ဒေသတောင်ပိုင်း ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းကြီး ရေးဆွဲနိုင်ရန် လူမှုစီးပွားရေး စစ်တမ်း ကောက်ယူရေး လုပ်ငန်းကိုလည်း ဆောင်ရွက်လျက် ရှိသည်။

တာချီလိတ်မြို့နယ် အဒီးနှင့် ဆန်လူး ဒေသများတွင် ကျေးလက်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၂,၂၉၂,၄၃၈ နှင့်နိုင်ငံတော်က ငွေကျပ် ၅၈ သိန်း၊ မိုင်းယန်းမြို့နယ် ဆီလူးဒေသ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်း စီမံကိန်းကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၄,၀၆၆,၆၅၅ နှင့် နိုင်ငံတော်က ငွေကျပ် ၁၁၅ သိန်းနှင့် မိုင်းယန်း-ဆီလူး-နန့်လန်လမ်းအတွက် ငွေကျပ် ၂၆ သန်းထည့်ဝင်ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်းကာလ သုံးနှစ်ဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခြင်းကြောင့် ၁၉၉၆ ခုနှစ်တွင် စီမံကိန်း ပြီးဆုံးမည် ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရေးအတွက်( 2 KR Second Kennedy Round ) အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ယန်းသန်း ၁,၀၀၀ ထောက်ပံ့သည့် စာချုပ်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းထောက်ပံ့ငွေဖြင့် ဓာတ်မြေသြဇာ၊ လယ်ထွန်စက်နှင့် စိုက်ပျိုးရေး အတွက်လိုအပ်မည့် သွင်းအားစု ပစ္စည်းများ ဝယ်ယူနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကိုးကန့်နှင့် "ဝ" ဒေသတွင် စီမံချက်ချမှတ်ဆောင်ရွက်နေသည့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်သည်။

## လုပ်ငန်းဆပ်ကော်မတီများတိုးချဲ့ဖွဲ့စည်းခြင်း

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ၃/၉၄ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးတည်ပြီး လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုမှ လုပ်ငန်းအမျိုးအစားအလိုက် လမ်းတံတား လုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေး

လုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေး ဆိုင်ရာ လုပ်ငန်း ဆပ် ကော် မတီနှင့် လူမှုဝန်ထမ်းနှင့်သမ ဝါယမလုပ်ငန်း ဆပ်ကော်မတီ ဟူ၍ လုပ်ငန်း ဆပ် ကော်မတီ ၁၈ ခုအထိတိုးချဲ့ဖွဲ့စည်း ဆောင်ရွက် လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက် အောက်အပြန်အလှန်တင်ပြရသည့် အဆင့်များ နည်းနိုင် သမျှ နည်းစေရန်၊ လုပ်ငန်းကို အချိန် ကြန့်ကြာမှု မရှိစေဘဲ မြန်မြန်ဆန်ဆန် သွက်သွက် လက်လက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး လုပ်ငန်း ဆပ်ကော်မတီ ၁၄ ခု၏ ဥက္ကဋ္ဌများကို ဒုတိယဝန်ကြီးများအား ပြင်ဆင်ဖွဲ့စည်း ခန့်ထားတာဝန်ပေး ပြီးဖြစ်သည်။

## ကျပ်သန်း ၂,၅၀၀ ကျော် သုံးစွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဝန်ကြီးဌာနရန်ပုံငွေများ အပါအဝင် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် လုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများအတွက်ကျပ် ၂၈ ဒသမ ၁၂ သန်း၊ စိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်းတွင်ကျပ် ၁၄၇ ဒသမ ၆၆ သန်း၊ မွေးမြူရေးလုပ်ငန်းတွင် ကျပ် ၁၀၁ ဒသမ ၀၂ သန်း၊ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျပ် ၇၆၀ ဒသမ ၆၇ သန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ကျပ် ၂၂၅ ဒသမ ၅၈ သန်း၊ ကုန်သွယ်ရေးနှင့်သမဝါယမလုပ်ငန်းတွင် ကျပ် ၆၆ ဒသမ ၇၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ကျပ် ၁၃၀ ဒသမ ၉၈ သန်း၊ စွမ်းအင်လုပ်ငန်းတွင် ကျပ် ၁၄၈ ဒသမ ၀၃ သန်း၊ ကျန်းမာရေးလုပ်ငန်းတွင် ကျပ် ၁၄၁ ဒသမ ၅၄ သန်း၊ ပညာရေးလုပ်ငန်းတွင် ကျပ် ၁၇၈ ဒသမ ၀၂ သန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ကျပ်၁၉၆ ဒသမ ၂၃ သန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွင် ကျပ် ၃၈ ဒသမ ၁၁သန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းတွင် ကျပ် ၂၂ ဒသမ ၀၆ သန်း၊ နယ်စပ်ဒေသ လူထုဖွံ့ဖြိုးရေးစီမံကိန်းတွင် ကျပ် ၀ ဒသမ ၇၇ သန်း၊ အထွေထွေလုပ်ငန်းများတွင် ကျပ် ၄၆ ဒသမ ၄၂ သန်း၊ ထောက်ပံ့ငွေအသုံးစရိတ်သုံးစွဲမှုတွင် ကျပ် ၃၆၀ ဒသမ၇၂ သန်း၊ စုစုပေါင်းငွေကျပ် ၂,၅၉၂ ဒသမ ၆၇ သန်း ဖြစ်သည်။

ဦးစိုးအောင်

## ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ။

။ပါကစ္စတန်နိုင်ငံတွင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလအတွင်း ပါကစ္စတန် မြောက်ပိုင်းဒေသများ ဖြစ်ကြသည့် မာလာကန်နှင့် ဆွတ်တို့တွင် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရန် အတင်းအကျပ်လုပ်ဆောင်သည့် လူမျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများကြောင့် ခန့်မှန်းခြေလူပေါင်း ၂၀၀ သေဆုံးခဲ့ရသည်။ ယင်းသေဆုံးမှုတွင် လက်ရှိအာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကိုယ်စားပြုသည့် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်း ပါဝင်ပေသည်။

၁၉၉၄ ခုနှစ် မေလတွင် အလားတူဖြစ်ရပ်မျိုးကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ရပြီး နောက်ပိုင်းတွင် ယင်းဒေသ၌ မျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများ ဆိုးဝါးစွာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့်အတွက် မော်လနာစူဖိမိုဟမ္မက် ဦးဆောင်သည့် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေး လှုပ်ရှားမှုအဖွဲ့ကို အစိုးရက အပြစ်တင်ခဲ့သည်။ နိုင်ငံရေး လေ့လာဆန်းစစ်သူများက ရာစုနှစ်တစ်နှစ်ထက် ကျော်လွန်စွာ အဆိုပါဒေသ၌ ပြဋ္ဌာန်းခဲ့သော ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို ဖျက်သိမ်းရန် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုတရားရုံးက ဆုံးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေရေးရာဆိုင်ရာ ကြားဟနေမှုက အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေးကို ဆောင်ရွက်ရန် တောင်းဆိုနေမှုကို အားပေးအားမြှောက်ပြုသလို ဖြစ်နေပေသည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့က မြောက်ပိုင်း ဆွတ် ဒိစတြိတ် ဒေသတွင် လူမျိုးနွယ်စုခန့်မှန်းခြေ ၂,၅၀၀ ခန့်တို့က အထက်တန်းတရားသူကြီး နှစ်ဦးအပါအဝင် လူအမြောက်အမြားအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး မာလာကန်သို့ သွားရာလမ်းများအားလုံးကို ပိတ်ဆို့ခဲ့သည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်ဝန်ကြီး အက်ဖ်တက်အာမက်ခန်ရှာပါအိုက အစ္စလာမ္မစ်ဥပဒေကို ပြည်နယ်အုပ်ချုပ်ရေးနှင့် စပ်ဆိုင်သည့် မာလာကန်နှင့် ကိုဟစ်စတန် လူမျိုးနွယ်စုဒေသ



**ကရာချိမြို့တွင် မငြိမ်မသက်မှုများအနက် ကားဗုံးဖောက်ခွဲခံရသည့် အကြမ်းဖက် တိုက်ခိုက်မှု တစ်ခု**

တစ်လျှောက်တွင် ပြဌာန်းမည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ရုံးထိုင်စစ်ဆေးကြားနာခြင်းများနှင့် အောက်ရုံးတရားသူကြီး များ နေရာတွင် အစ္စလာမ့်စ်ဥပဒေရေးရာ ကျွမ်းကျင်သူများ ဖြင့် အစားထိုးရန် အမိန့်တစ်ရပ်ဖြင့် အသေးစိတ်ဖော်ပြကြေညာခဲ့သည်။ သို့ဖြစ်လင့်ကစား အဆိုပါ ကြေညာချက် မှာ အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ အကြောင်း မှာ ယခင်က အလားတူ ဆောင်ရွက်ပေးမည်ဟု ပြောကြားထားသည့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်မဆောင် ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

၁၉၉၄ ခု နှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင် ဒုံးကျည်လက်နက်များ၊ လက်ပစ်ဗုံးများ အသုံးပြုကာ စစ်ရဲတပ်ဖွဲ့များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီးနောက် လူမျိုးနွယ်စုများက ဒိစတြိတ်မြို့တော် ဆိုင်ဒူရှရစ်နှင့် လေဆိပ်ကို သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း လူ ၂၀ ဦး သေဆုံးရာ ပါကစ္စတန်ပြည်သူ့ပါတီမှ အနောက်မြောက်နယ်ခြား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဘာဒီအူဇာမန် ပါဝင်ခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် စစ်ရဲတပ်ဖွဲ့များက လေဆိပ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းကာလ အတွင်း လူမျိုးနွယ်စုများ၏ ပုန်ကန်ထကြွမှုသည် အနီးအနား ဒေသများဖြစ်သည့် ဒါ၊ ချီထရယ်၊ ဟာဇာရာ၊ ကိုဟီစတန်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေး လူမျိုးနွယ်စု ဒေသဖြစ်သည့် အာဖဂနိစတန်နိုင်ငံနှင့် နယ်စပ်ခြင်းထိစပ်နေသည့် ဘာဂျာအာအထိ ကူးစက်ပျံ့နှံ့သွားခဲ့ သည်။

နိုဝင်ဘာ ၈ ရက်နေ့တွင် စူဖီမိုဟာမွက်က အပစ်အခတ် ရပ်စဲရေး ကြေညာပြီးနောက် ဓားစာခံ ၅၀ ဦးအား လွှတ်ရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် လူမျိုးနွယ်စုအများအပြားက အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် ငြင်းဆိုခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဘာဂျာအာတွင် စစ်ရဲတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည်။ သူပုန်များက တရုတ်နိုင်ငံသို့သွားရာ မဟာဗျူဟာအရ အရေးပါသည့် ကာရာကိုရမ် အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ဆို့ခဲ့သည်။

အခြားတစ်ဖက်တွင် ကရာချိမြို့၌ နိုင်ငံရေးမငြိမ်မသက် ဖြစ်မှုများနှင့် အကြမ်းဖက်မှုများ အရှိန်မြင့်တက်ဖြစ်ပွားခဲ့ရာ သက်သာလျော့ပါးသွားမည့် အရိပ်လက္ခဏာ မတွေ့မြင်ရပေ။ မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) ၏ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ သည်။ နိုဝင်ဘာ ၁၁ ရက်နေ့တွင် မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) အဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦး အသတ်ခံရပြီးနောက် ဆက်လက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့သည်။ နိုဝင်ဘာ ၁၉ နှင့် ၂၀ ရက်နေ့များတွင်လည်း မငြိမ်မသက်မှုများ

ဆက်လက်ဖြစ်ပွားပြီး လူ ၁၃ ဦး သေဆုံးကာ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။

ယင်းသို့ ရှိနေသည့်အထဲတွင် ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အတိုက်အခံပါတီခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်တို့အကြား ပုဂ္ဂိုလ်ရေးရာ အပြန်အလှန်ထိုးနှက်တိုက်ခိုက်မှုများကလည်း ရှိနေသေးသည်။ နိုဝင်ဘာ ၁၃ ရက်နေ့တွင် အတိုက်အခံခေါင်းဆောင်နှင့် ယခင်ဝန်ကြီးချုပ်ဟောင်း နာဝပ်ဇ်ရှရစ်ဖ်၏ ဖခင်ဖြစ်သူ မီယင်မိုဟမ္မက်ရှရစ်ဖ်အား လိမ်လည်မှုစွဲချက်များဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့ရာ အတိုက်အခံပါတီများ၏ အမျက်သိုမှုကို ဝန်ကြီးချုပ် ဘီနဇာဘူတို ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ဖမ်းဆီးထားသော မိုဟမ္မက်ရှရစ်ဖ်ကို ပြန်လည်လွှတ်ပေးခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး ပူးတွဲကျင်းပခဲ့ရာ သမ္မတ ဖာအူးလက်ဟာရီ မိန့်ခွန်းပြောကြားနေစဉ် အတိုက်အခံအမတ်များက အစိုးရအား ဆဲရေးကျိန်ဆို တိုက်ခိုက်ခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ဘီနဇာဘူတိုက အတိုက်အခံများနှင့် ငြိမ်းချမ်းရေး ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ကရာချိမြို့၌ ဖြစ်ပွားလျက်ရှိသည့် လူမျိုးစုရေးနှင့် ဂိုဏ်းဂဏရေး အကြမ်းဖက်မှုများသည် ပိုမိုအရှိန်မြင့်တက်လာခဲ့သည်။ အတည်ပြုချက် မရရှိသေးသော သတင်းများအရ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းမှစပြီး လူပေါင်း ၆၅၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြင့်တက်လာရခြင်းမှာ ဆင်းပြည်နယ်တွင် ၁၉၉၂ ခုနှစ် ဇွန်လကတည်းက တပ်စွဲချထားခဲ့သည့် စစ်တပ်ကို ရုပ်သိမ်းကြောင်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်နှင့် တိုက်ဆိုင်နေပေသည်။ အရပ်သားများအပေါ် အလွန်အကျွံပြုမှုခဲ့သည့် စွပ်စွဲချက်များအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်မှုများ ရှိခဲ့လင့်ကစား ဆင်းပြည်နယ်တွင် ချထားသော စစ်တပ်အနေဖြင့် ပြိုင်ဘက်နိုင်ငံရေးနှင့် ဂိုဏ်းဂဏအုပ်စုများ နှစ်ဖက်တပ်ခင်း၍ သဲသဲမဲမဲတိုက်ခိုက်ခြင်းကို ထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုသည်။

**လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့မှ သံချပ်ကာ ကားများက ကင်းလှည့်စောင့်ကြပ်နေစဉ်**



ယခု လောလောဆယ် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများမှာ အူရဒူ ဘာသာစကား ပြောဆိုခြင်းကို ထောက်ခံသည့် လူမျိုးစုအဖွဲ့၊ မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) တို့၏ ဆန့်ကျင်ဘက် အုပ်စုများကြောင့်လည်းကောင်း၊ စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီအုပ်စုများကြား ဂိုဏ်းဂဏရေး ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လည်းကောင်း ဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ဆိုကြသည်။

ဤသို့ဖြင့် အချင်းဖြစ်ပွားလျက်ရှိသော မငြိမ်မသက်မှုများ၏ အကြောင်းရင်းကို စုံစမ်းရန် နိုင်ငံရေးပါတီပေါင်းစုံ ပါဝင်သည့် ပါလီမန်ကော်မတီတစ်ရပ် ဖွဲ့စည်းထူထောင်ရန် အမျိုးသားလွှတ်တော်က ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှု များကို အားပေးအားမြှောက်ပြုနေသည်ဟု စွပ်စွဲပြီးနောက် ကရာချိမြို့တော်ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အိန္ဒိယ ကောင်စစ်ဝန်ရုံး အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ ထွက်ခွာခဲ့သည်။ သို့ဖြစ်ရာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၏ လုပ်ရပ်ကို တုံ့ပြန်သောအားဖြင့် အိန္ဒိယနိုင်ငံကလည်း နယူးဒေလီမြို့ရှိ ပါကစ္စတန် အဆင့်မြင့် ကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး ရုပ်သိမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်နေ့တွင် အမိန့်ထုတ်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံက အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယစစ်တပ်မှ စစ်သည်အရေအတွက် သိသိသာသာ လျှော့ချရေး ပါဝင်သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ပါကစ္စတန်နိုင်ငံဘက်က ကြိုတင်စည်းမျဉ်း သတ်မှတ်ချက်ကိုလည်း ပယ်ချခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နေ့တွင် အလည်အပတ်ရောက်ရှိလာသောဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလတ်စ်ဟာဒ်က ကက်ရှ်မီးယားဒေသ အငြင်းပွားမှုပြဿနာ ဖြေရှင်းရေးသည် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းထက် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးခြင်း အပေါ်တွင်သာ တည်မှီနေကြောင်း ပြောကြားခဲ့ရာ ကက်ရှ်မီးယားပြဿနာ အငြင်းပွားမှုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ ခဲ့သည်။ ဒေါက်ကလတ်စ်ဟာဒ်၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ကက်ရှ်မီးယားဒေသတွင် ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်မည့် အများဆန္ဒဖြင့် မဲပေးဆုံးဖြတ်ခြင်းကို တိုက်တွန်းထားသော ၁၉၄၉ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးရန် ဆက်လက် ဖိအားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလီယမ်ပယ်ရီ လာရောက်ခဲ့စဉ်အတွင်း အမေရိကန်–ပါကစ္စတန် နှစ်နိုင်ငံ စစ်ကော်မရှင် ပြန်လည်လှုပ်ရှား ဆောင်ရွက်ရေးကို ကြေညာခဲ့သည်။ ယင်းကြေညာချက်နှင့်အတူ အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကို တရားဝင် ပြန်လည်ထူထောင်ခဲ့သည်။

အဆိုပါ ပူးတွဲစစ်ကော်မရှင်ကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် အာဖဂန်စတန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲ အရှိန် အမြင့်မားဆုံး အချိန်ဖြစ်သည့် ၁၉၈၄ ခုနှစ်က ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ ပေးရန်ရှိသည့် စီးပွားရေးနှင့် စစ်ရေး အကူအညီများကို ရပ်ဆိုင်းရန် ပရက်စ်လာ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းခဲ့ပြီးနောက် အထက်ပါ ပူးတွဲစစ်ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်မှုများကို ရပ်ထားခဲ့သည်။ ယခု အသစ်ပြန်လည်ထူထောင်လိုက်သည့် ပူးတွဲစစ်ကော်မရှင်အနေဖြင့် စစ်ရေးဆိုင်ရာ လေ့ကျင့်မှုများ၊ သင်ကြားမှုများ၊ အတွေ့အကြုံဖလှယ်မှုများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများကိုသာ အလေးပေးလုပ်ဆောင်သွားမည်ဟု ဆိုသည်။ သို့ရာတွင် ဤသို့ ပူးတွဲစစ်ကော်မရှင် ပြန်လည်ထူထောင်ခြင်းသည် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် အစပျိုးခြင်း ဖြစ်သည်ဆိုသည့် တွက်ဆမှုများကိုမူ အမေရိကန်အရာရှိများက ခိုင်ခိုင်မာမာ ငြင်းဆိုခဲ့သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ အဆိုပါ စစ်ကော်မရှင်အနေဖြင့် အမေရိကန် အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ မပေးပို့သည့်ကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုကို ဖြေရှင်းရန် ထိပ်တန်းဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်ဟုဆိုသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား ပိတ်ဆို့အရေးယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စစ်

လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးကတည်းက ဤကိစ္စမှာ နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုများ၏ အဓိကကျသည့် ပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇီဘူတိုကလည်း အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်၊ သို့မဟုတ်ပါကလည်း အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ် ၃၂ စင်းအတွက် ပါကစ္စတန်နိုင်ငံက ပေးချေပြီးဖြစ်သည့် အမေရိကန်ဒေါ်လာသန်း ၆၅၀ ကို ပြန်အမ်းရန် တိုက်တွန်းပြောကြားခဲ့သည်။

ကရာချိမြို့၌ မတ်လအတွင်း ဆက်လက်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် လူ ၁၂၀ ကျော် သေဆုံးခဲ့ရပြန်သည်။ အကြမ်းဖက်မှု ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) အတွင်း အကွဲအပြဲ ဖြစ်ခြင်းနှင့် စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီမူဆလင်အုပ်စုများအကြား အငြင်းပွားမှုများကြောင့် ဖြစ်သည်။

မတ်လ ၈ ရက်နေ့တွင် အမည်မသိ သေနတ်သမားနှစ်ဦးက အမေရိကန်အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ သည်။ ဤဖြစ်ရပ်မှာ အကြမ်းဖက်မှုများအတွင်း ပထမဆုံး အသတ်ခံရသည့် အနောက်နိုင်ငံသားများ ဖြစ်ကြသည်။ အသတ်ခံရသူများမှာ အမေရိကန် ကောင်စစ်ဝန်ရုံးတွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်ဟု သိရှိရသည်။ အခြား အမေရိကန် အမျိုးသားတစ်ဦးမှာမူ ဒဏ်ရာရရှိခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ၁၉၉၃ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံကို ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး အဓိကပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် စွပ်စွဲခြင်းခံရသည့် အစ္စလာမ္မစ်စစ်သွေးကြွပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရမ်ဇီအာမက်ယိုဆက်ဖ်အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းအတွက် လက်တုံ့ပြန်မှုတစ်ရပ် ဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇီဘူတိုကလည်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ထံသို့ စာတစ်စောင်ရေးသားပြီး ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ရာ အထက်ပါတိုက်ခိုက်မှုမှာ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် ကရာချိမြို့တော်တွင် ကြောက်ရွံ့မှုနှင့် အနှောက်အယှက် အဟန့်အတားဖြစ်စေရန် အစီအစဉ်တကျ လုပ်ဆောင်သည့် အကြမ်းဖက်မှုတစ်ရပ် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သမ္မတ ကလင်တန်က ပါကစ္စတန်အစိုးရအား အပြစ်မတင်သော်လည်း ယင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် အမေရိကန် အစိုးရက အဆိုပါ တိုက်ခိုက်မှုကို စုံစမ်းရန် အက်ဖ်ဘီအိုင် အဖွဲ့ဝင် ၅၀ ဦး ပါဝင်သော အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ကို ပါကစ္စတန်နိုင်ငံသို့ ပို့လွှတ်ခဲ့သည်။ ထို့ပြင် လူသတ်တရားခံများနှင့် စပ်လျဉ်းပြီး သတင်းပေးနိုင်မည်ဆိုပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ကိုလည်း ကမ်းလှမ်းခဲ့သည်။

မတ်လ ၂၁ ရက်နေ့တွင် ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့တွင်းနှင့် မြို့ဝန်းကျင်တွင် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့များနှင့် အက်ဖ်ဘီအိုင်အဖွဲ့တို့ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်စစ်ဆင်ခဲ့ရာ လူပေါင်း ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ဆက်လက်ပြီး မတ်လအတွင်းတွင် အာမက်ယိုဆက်ဖ်၏ အပေါင်းအပါ ၃၀ ဦးကို ဆက်လက်ဖမ်းဆီးခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇီဘူတိုကလည်း ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပြုခဲ့သည်။ ရဲတပ်ဖွဲ့ကလည်း အစွန်းရောက် လုပ်ရပ်များတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူလူပေါင်း ၃၅၀ ကျော်ကို ဖမ်းဆီးပြီး လက်နက်အများအပြားကို သိမ်းဆည်းခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများလည်း ရှိခဲ့ပြန်သည်။ ဤသို့ ဖြစ်ပေါ်လျက် ရှိသည့် အကြမ်းဖက်မှုများက ဝန်ကြီးချုပ် ဘီနဇီဘူတို၏ ဆောင်ရွက်နေမှုကို မယုံကြည်သည့် စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စီးပွားရေးကြော်ငြာများ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကရာချိစတော့ရှယ်ယာ အရောင်းအဝယ် ဈေးကွက်တွင်လည်း စတော့ရှယ်ယာဈေးနှုန်းများ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် စက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အစိုးရက ပျက်ကွက်သည်ကို ကန့်ကွက်ဆန္ဒပြရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

မတ်လ ၃၀ ရက်နေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားရာတွင် ဝန်ကြီးချုပ် ဘီနဇီဘူတိုက ရာဇဝတ်မှု

များအား သက်ညှာမည်မဟုတ်ဟု သူမ၏ကတိပြုချက်ကို ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် ကရာချိမြို့ လမ်းမများပေါ်တွင် စစ်တပ်ကို ချထားမည်မဟုတ်ဟု ကတိပြုခဲ့သည်။ သူမ၏ ဝေဖန်ပြောဆိုချက်များသည် မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) ကို ဦးတည်ပုံရှိသော်လည်း အကြမ်းဖက်မှုများမှာ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ကြသူများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းသို့ ရှိနေစဉ် ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် စိတ်ဝမ်းကွဲပြားလျက်ရှိသော မောင်ဖြစ်သူ မာတာဇာဘူတိုက ပါကစ္စတန် ပြည်သူ့ပါတီမှ ခွဲထွက်ပြီး ပါတီခွဲဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။ ကရာချိမြို့တွင် ကျင်းပသော လူထုစည်းဝေးပွဲတစ်ခု၌ မာတာဇာဘူတိုက ယခုလောလောဆယ်တွင် ဘီနဇာဘူတို ဦးဆောင်လျက်ရှိသည့် မိမိဖခင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကယ်တင်လိုကြောင်း၊ ထို့ပြင် ပါကစ္စတန်နိုင်ငံအား ခိုးဆိုးလုယက်စားပြတိုက်သည့် အန္တရာယ်များမှ ကယ်တင်လိုကြောင်း ပြောကြားပြီး လုံခြုံရေးရှိစေရန် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အစိုးရအဖွဲ့ နှုတ်ထွက်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ် ဧပြီလအတွင်းတွင် ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်မှာ ၁၉၉၀ ပြည့်နှစ်အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ စစ်ရေးနှင့် စီးပွားရေး အကူအညီများပေးခြင်းကို အမေရိကန်က ရပ်ဆိုင်းထားခဲ့ပြီး နောက်ပိုင်း ပါကစ္စတန်ခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးသွားရောက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အမေရိကန်အစိုးရ ထိပ်တန်းအရာရှိများ၊ ကွန်ဂရက်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြရာ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့အရေးယူခဲ့သည့် ပြဿနာမှာ အဓိကဖြစ်နေခဲ့သည်။ အထက်ပါ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်ရှိသည့် အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ်များ ပေးပို့ခြင်းကို ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါ ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရေးကို ဘီနဇာဘူတိုက အကြိမ်ကြိမ် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် စာချုပ်ပါ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်ရန်၊ သို့မဟုတ်ပါက ဂျက်လေယာဉ်များအတွက် ပေးချေပြီး ဖြစ်သည့်ငွေကို အမေရိကန်နိုင်ငံက ပြန်အမ်းရန်ကို ပြောကြားခဲ့ပြီး ဖြစ်သည်။ ဘီနဇာဘူတို၏ ကြိုးပမ်းမှုမှာ မအောင်မြင်သော်လည်း ယင်းကိစ္စအရေးနှင့် စပ်လျဉ်းပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် မတရားသဖြင့် ပြုမူခြင်းခံရသည်ဟု အမေရိကန်ဘက်မှ လူသိရှင်ကြား ဖွင့်ဟဝန်ခံချက်ကို ဖြစ်စေခဲ့သည်။ သမ္မတအိမ်ဖြူတော်၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် အမေရိကန် သမ္မတ ဘီလ်ကလင်တန်က ပါကစ္စတန်နိုင်ငံအပေါ် ပြုမူဆောင်ရွက်ချက်မှာ တရားမျှတမှု မရှိကြောင်း၊ ဂျက်လေယာဉ်များ ဝယ်ယူရေးတွင် ပေးချေပြီးဖြစ်သည့် ငွေများကို မိမိတို့ ထိန်းသိမ်းထားသည်မှာ သင့်မြတ်လျော်ကန်သည်ဟု မိမိမယူဆကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဥပဒေအရ ဂျက်လေယာဉ်များ ရောင်းချရေးကို ခွင့်ပြုမိန့်မပေးနိုင်သော်လည်း ပရက်စ်လာပြင်ချက်အား ပြန်လည်သုံးသပ်လေ့လာ စဉ်းစားရေးအတွက် ရီပတ်ပလီကန်အမတ်များ လွှမ်းမိုးသည့် ကွန်ဂရက်နှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတကလင်တန်က ကတိပြုပြောကြားခဲ့သည်။

အမေရိကန် အထက်လွှတ်တော်တွင် ရီပတ်ပလီကန် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရောဘတ်ဒိုးကလည်း ဘီနဇာဘူတိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၄င်းအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် ဘီနဇာဘူတို၏ ပန်ကြားချက်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခြားတစ်ဖက်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် မူးယစ်ဆေးဝါး စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုတွင် အလိုရှိလျက်ရှိသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် သံသယရှိသူနှစ်ဦးအား ပါကစ္စတန်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

ဦးမြလင်း

**ပဏ္ဍိတ သိရီ၊ ဆရာတော် ဘ ဒ္ဒန္တ (ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး) (မြန်မာ ၁၂၅၅ – ၁၃၅၇)** ။ ။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်တွင် သီတင်းသုံး နေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီကို ခမည်းတော် ဦးကျောက်စိမ်း၊ မယ်တော် ဒေါ်ရွှေသော တို့က ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ ည ၉ နာရီ မိနစ် ၃၀ တွင် လေးမျက်နှာမြို့ အလယ် ရပ်၌ ဖွားမြင်သည်။ ငယ်နာမည် မှာ မောင်သန်း ဖြစ်ပြီး မွေးချင်းများအနက် ပဥ္စမမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်စဉ်က ရန်ကုန်မြို့ အေတီအမ်၊ ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး လေးမျက်နှာမြို့ ၊ ဆရာဆင့် ကျောင်းမှ စတုတ္ထတန်းအောင်မြင်သည်။ သချာဘာသာတွင် ထူးချွန်သည်။ လေးမျက်နှာမြို့ မိကျောင်းရဲကျောင်း ဆရာတော်ကြီးထံတွင် ဗေဒင်ပညာကို သင်ယူခဲ့သည်။ ၁၂၆၉ ခုနှစ်၊ အသက် ၁၄ နှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ်၊ ၁၂၇၁ ခုနှစ်၊ အသက် ၁၆ နှစ်တွင် ဘကြီး ၊ ဒေါ်ကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ် လေးမျက်နှာမြို့ ၊ မိကျောင်းရဲဆရာတော် အရှင်အာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၇၅ ခုနှစ်တွင် ရန်ကုန်မြို့ ၊ ဗဟန်း ကျောင်းတော်ရာ ရွှေကျင်တိုက်၊ သာသနာလင်္ကာရ သဒ္ဓမ္မဘိဝံသ ကဝိဓဇ မဟာရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လေးမျက်နှာမြို့ ၊ ပရိက္ခရာကုန်သည် ဦးလူကြီး၊ ဒေါ်ငွေမှုန် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ညောင်တုန်းမြို့ ၊ ရွှေဟင်္သာ တောရကျောင်းတိုက် ၊ သီလဝိသောဓနီ ခဏ္ဍသိမ်တော်ကြီး၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတသိရီ ဖြစ်သည်။

ဆရာတော်ကြီးသည် ရန်ကုန်၊ လေးမျက်နှာ၊ ညောင်တုန်း၊ မော်လမြိုင်၊ မန္တလေး၊ ဝမ်းတွင်း၊ အမရပူရ စသည့်မြို့များရှိ ဆရာတော်ကြီးများထံတွင် ပိဋကကျမ်းစာနှင့် သက္ကတစာပေတို့ကို သင်ယူလေ့လာ တတ်မြောက်သည်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်တွင် စာသင်သား၊ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအဖြစ် ၁၀ နှစ်ကျော်ခန့် နေထိုင်သီတင်းသုံးသည်။

ဆရာတော်ကြီးသည် ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းဝံတောင်ရိုးအရှေ့ဘက် ရက္ခမူချောင်၏ အနောက်ဘက် မြေကွက်လပ်ကလေးတွင် ကျောင်းကလေး တစ်ဆောင် ဆောက်လုပ်ပြီး ရွှေ့ပြောင်းသီတင်းသုံးသည်။ သီတင်းသုံး ရာရက္ခမူ ချောင် ကို ရွှေဟင်္သာချောင်ဟု မှည့်ခေါ်သည်။ ၁၂၉၈ ခုနှစ်တွင် ရွှေဟင်္သာတိုက်သစ်ကို တည်ဆောက်ပြီး ၁၃၀၁ ခုနှစ်တွင်စတင်သီတင်း သုံးသည်။

ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ်၊ ကဆုန် လပြည့်နေ့ တွင် စတင်ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် သင်္ဂီတိကာရကမထေရ် ၂,၅၀၀ တက်ရောက်ခဲ့ရာ၌ ပထမ သန္နိပါတ သင်္ဂီတိကာရက သံဃာများတွင် တစ်ပါးအပါ အဝင် ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်ရာ၌လည်း ပါဝင်ဆောင်ရွက် သည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကတည်းက စာပေ ဝါသနာထုံသူ ဖြစ်သည်။ ရဟန်းငယ်ဘဝတွင် သူရိယ သတင်းစာ ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့ဗျူဟာ ဂျာနယ်များ၌ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ရဟန်းဘဝ လေးဝါရချိန်မှစ၍ ကျမ်းစာများကို ရေးသားပြုစုခဲ့ရာ ကျမ်းပေါင်း ၃၀ ကျော် ရေးသားပြုစုခဲ့ပြီး ဖြစ်သည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းများအနက် မြန်မာအလင်္ကာကျမ်းသည် ထင်ရှားသည်။ ကျမ်းစာများ ရေးသားပြုစုသကဲ့သို့ တစ်ဖက်တွင်လည်း စာသင်သားများအား စာပေကျမ်းဂန်များကို သက်တော် ၈၅ နှစ် တိုင်အောင် သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း၊ ရွှေဟင်္သာဝံသသံဃမဟာနာယကာဓိပတိအဖြစ် လည်းကောင်း၊ ၁၃၄၇ ခုနှစ်တွင် ဒွါဒသမမြောက် ရွှေကျင် နိကာယ ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း တင်မြှောက်ခြင်းခံ ရပြီး သာသနာတော်အကျိုးကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီးသည် သည်းခံခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ အများအကျိုးကို လိုလားသော စိတ်နှလုံးရှိခြင်း၊ ဂါရဝ နိဝါတ တရားနှင့် ပြည့်စုံခြင်း၊ နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ သာသနာတော်အတွက် ဖွဲ၊ လုံ့လ၊ ဝီရိယဓာတ်ကြီးမားခြင်း၊ သိက္ခာ ကာမ၊ ဝိနယဂရုက၊ သံသာရ၊ ဘီရုက စသောဂုဏ်၊ သက်တော်ရှည်ခြင်း၊ ရတ္တညု မဟာနာယကဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုလေးစားမှုကို ခံယူရရှိပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၂၃ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို

၁၃၄၀ ပြည့်နှစ်တွင် လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၄ ခုနှစ်တွင် လည်းကောင်း ရရှိ တော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ဖြင့် ရာခိုင်နှုန်းပြည့် ပြည့်စုံတော်မူသော နိုင်ငံတော်သြဝါဒ စရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟသာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီသည် သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ပျက်ကျပြီး သန္ဓေသားဖြင့် ခန္ဓာကိုယ် အစားထိုးကုသ ခြင်း။** ။ယနေ့ကမ္ဘာတွင် သိပ္ပံပညာတိုးတက်မှုမှာ အလွန် လျင်မြန်လျက်ရှိသည်။ လူသားတို့သည် လှည်းဘီး (Wheel) ကို တီထွင်နိုင်ရန်အတွက် နှစ်ပေါင်းနှစ်သန်းခန့် စောင့်ခဲ့ရသည်။ အဆိုပါဘီးများပေါ်သို့ ရေနွေးငွေ့ အင်ဂျင်ရောက်ရှိဖို့က နောက်ထပ်နှစ်ပေါင်း ၅၀၀၀ စောင့်ရပြန်သည်။ ပထမဆုံးကွန်ပျူတာစက်သည် လူသားတို့၏ရုံးခန်း အပြည့် နေရာယူခဲ့ကြသည်။ သို့သော် နောက် ၃၅ နှစ်အတွင်း အဆိုပါစက်ကြီးများသည် စားပွဲတင်အရွယ် ဖြစ်လာသည်။ နောက် ၁၀ နှစ်ကြာသည့်အခါ အဆိုပါ ကွန်ပျူတာစက်သည် လက်ဆွဲအိတ်များနှင့်မခြား လူသားတို့၏ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းအဖြစ် နေရာဝင်ယူခဲ့သည်။ နောင်လာမည့်ခေတ်ကာလတွင် လူသားတို့၏ မျှော်မှန်းနိုင်သည့် လူ့အကျိုးပြုသိပ္ပံပညာ ၁၀ခုတွင် ဆေးပညာနှင့်နီးနွယ်နေသော ပညာရပ်နှစ်ခုမှာ–

(၁) မျိုးရိုးဗီဇ အင်ဂျင်နီယာပညာကို အသုံးပြုပြီး လူသားတို့အတွက် အလိုရှိသောအသုံးအဆောင်ပစ္စည်း များကို ထုတ်လုပ်သောနည်းပညာ (Genetic Engineering)

(၂) ယခုဖော်ပြမည့် ပျက်ကျမည့်သန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးနည်းပညာတို့ ဖြစ်လာလိမ့်မည်ဟု မှန်းဆရပါသည်။

### ခန္ဓာကိုယ်အစားထိုး နည်းပညာ

သိပ္ပံပညာတွင် စက်ရုပ်လူသားကိုသာတီထွင်၍ ရနိုင်သော်လည်း တကယ့်လူသားအတုကိုမူ တီထွင်ရဖို့ လွယ်ဦးမည် မဟုတ်ပေ။ ကွန်ပျူတာသိပ္ပံပညာရှင်များကမူ စက်ဦးနှောက်တီထွင်နိုင်ဖို့ မဝေးတော့ပါဟု ဆိုနေကြပြီ။ အစစ်နှင့်မခြားသော ခြေလက်အတုများကို တီထွင်နိုင်ခဲ့ကြပြီဖြစ်သည်။ လူသားတို့၏ အာရုံကြောများနှင့် ဆက်သွယ်ပေးနိုင်သော ခြေလက်အတုများကိုပင် တီထွင်ပေးလျက်ရှိသည်။ Sablich Prosthetic and Research Centre – မှ ထုတ်လုပ်ရောင်းချသော လက်မောင်းအတုဆိုလျှင် ယင်းလက်ဖြင့်ကိုင်တွယ်ထားသော ပစ္စည်းကိုရိယာ၏ အပူအအေးနှင့် အမာအပျော့ကစ ပြောပြနိုင်သည့်အထိ ဖြစ်သည်။ ဤသို့ ဆေးပညာဘက်တွင် အရှိန်အဟုန်ဖြင့် တိုးတက်နေသော ခေတ်ကာလ၌ အထူးတိုးတက်လာသော ပညာတစ်ရပ်က ခန္ဓာကိုယ်မှ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ခွဲစိတ်အစားထိုး ထည့်သွင်း သည့်နည်းပညာပင် ဖြစ်တော့သည်။

### ခန္ဓာကိုယ် အစားထိုးကုသနည်းများ

လူတစ်ဦးမှ တစ်ဦးသို့ သွေးသွင်းအစားထိုးကုသခြင်းမှာ ယခုခေတ်တွင် မဆန်းကျယ်တော့ပါ။ ယနေ့မြန်မာနိုင်ငံတွင်ပင် လူတစ်ဦးမှ နောက်လူတစ်ဦးသို့ မျက်စိအကြည်လွှာ အစားထိုးကုသခြင်းအပြင် ကျောက်ကပ်ကိုပါ အစားထိုးကုသပေးနိုင်သောခေတ်သို့ပင် ရောက်ရှိနေပါပြီ။ ဤပညာကို အမေရိကန်နိုင်ငံက ဦးဆောင်လျက် ရှိပြီး သူတို့နိုင်ငံ၌ နှစ်စဉ်ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုကို အစားထိုးကုသခြင်းဖြင့် လူနှစ်သောင်းနီးပါးကို ခွဲစိတ်ပြုပြင်ပေးလျက်ရှိသည်။

ပထမဦးဆုံးလုပ်ဆောင်ချက်အဖြစ် ၁၉၆၇ ခုနှစ်တွင် ရုတ်တရက်ကွယ်လွန်သွားသော လူသားတစ်ယောက်၏ နှလုံးဖြင့် လူသားတစ်ယောက်ကို အစားထိုးကုသပေးခဲ့ရာ သက်တမ်းအားဖြင့် (၁၈) ရက်ခံခဲ့သည်။ ယခုအချိန်၌ နှလုံးအစားထိုး ကုသခံယူသူများတွင် (၁၀) ဦးအနက် (၈) ဦးမှာ တစ်နှစ်မကအသက်ရှင်လျက်ရှိသည်။ နှလုံးအစားထိုးပြီး သက်တမ်း (၁၀) နှစ်မက အသက်ရှင်နေသူများ မနည်းတော့ပါ။ ယင်းသို့ ခန္ဓာကိုယ်အင်္ဂါအစားထိုးသည့် ကိုယ်အင်္ဂါများအနက် အောင်မြင်မှုအရှိဆုံးက ကျောက်ကပ်အစားထိုးခွဲစိတ်ပေးခြင်း ဖြစ်သည်။ ဤသို့ အောင်မြင်မှုများ ရှိလာသည်နှင့်အမျှ ဤခွဲစိတ်ကုသနည်းပညာသည် တစ်ရှိန် ထိုး တိုးတက်ခဲ့သည်။

ဆီးချိုရောဂါသည်များအတွက် ပန်ကရိအသစ် အစားထိုးပေးခြင်း၊ အဆုတ်မကောင်းသူအတွက် အဆုတ်အသစ် အစားထိုးခြင်း၊ အသည်းဝေဒနာရှင်များအတွက် အသည်း

ပျက်ကျပြီး သန္ဓေသား




အသက်ရက်သတ္တပတ်ရှစ်ပတ်မှ ကိုးပတ်အတွင်းရှိ သန္ဓေသားမှရရှိသော ကလာပ်စည်းများဖြင့် ကုသပေးနိုင်မည့် ရောဂါအချို့

အသစ် အစားထိုးကုသခြင်း၊ တင်ပါးဆုံအဆစ်ရိုးကို အစားထိုး ကုသခြင်း စသည့်မရေမတွက်နိုင်အောင် များပြားသော ခန္ဓာကိုယ်အစားထိုးကုသသည့် နည်းပညာများ ပို၍ပို၍ တိုးတက်လာရာက ခွဲစိတ်ကုသခံယူသူများကလည်း တရိပ်ရိပ်နှင့် တိုးတက်လျက်ရှိသည်။

## တွေ့ကြုံခဲ့ရသော အခက်အခဲအချို့

ခန္ဓာကိုယ်အစားထိုးကုသနည်းများအတွက် ရွှေခေတ်ဟု ခေါ်လောက်သည့် ယခုခေတ်တွင် တွေ့ကြုံရသော အဓိက အခက်အခဲမှာ လူသားတို့၏ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံစနစ်က ပြင်ပမှ အသစ်ဝင် တပ်ဆင်ပေးလိုက်သော ကိုယ်အင်္ဂါအသစ်ကို လက်မခံလိုခြင်း ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် သိပ္ပံပညာရှင် များက Cyclosporine (ဆိုင်ကလိုစပိုရင်း)အမည်ရှိ ဆေးသစ်ကို ၁၉၈၀ ပြည့်နှစ်က တီထွင်ထုတ်လုပ်နိုင် ခဲ့သည်။ ဤဆေးက တီဆဲ(လ်)ကိုယ်ခံ ကလာပ်စည်း များကိုငြိမ်သက်နေအောင် ထိန်းပေးသည်။ ထို့ကြောင့် ဤဆေးအကူအညီယူထားသော ကျောက်ကပ် အစားထိုးဝေဒနာရှင်များ၌ ကျောက်ကပ်အသစ်ကို လက်မခံနိုင်မှု နှုန်းမှာ ၅၀% အထိရှိခဲ့ရာက ယခုအခါ ကျောက်ကပ်ကို လက်ခံနိုင်သည့်နှုန်း ၈၀% အထိ တိုးတက် လာခဲ့သည်။ တစ်နည်းအားဖြင့် လူတစ်ယောက်မှ နောက်တစ်ဦးသို့ သွေးအစားထိုးကုသရာတွင် အမျိုးတူသော သွေးအမျိုးအစားကို မရမက ရှာဖွေနေစရာမလိုတော့ဘဲ ဤဆေးအကူအညီဖြင့် သွေးကိုမရရအောင် လက်ခံစေနိုင်ခဲ့သည်။ သို့သော် ဤဆေးက ကင်ဆာရောဂါကို ဖြစ်ပေါ်စေတတ်ပြီး ကျောက်ကပ်ကိုပါ ဖျက်ဆီး တတ်သည်။ ထို့ကြောင့် အခြားဆေးသစ်များကို ကြိုးစားရှာဖွေနေရသည်။ FK-506 နှင့် Rapamycin အမည်ရှိဆေးများသည် မကြာတော့သော အချိန်တွင် Cyclosporine ဆေးအပေါ် အစားထိုး နိုင်ကြလိမ့်မည်ဟု ယူဆကြရသည်။ ထို့ကြောင့် ခန္ဓာကိုယ် အစားထိုး ခွဲစိတ်ကုသရာတွင် အဓိက တွေ့ကြုံရသော အခက်အခဲတစ်ခုမှာ ယင်းကိုယ်အင်္ဂါ အသစ်များကို လက်ခံယူမည့် လူသားက မငြင်းပယ်ဖို့ကိစ္စ ဖြစ်နေသေးသည်။ အကယ်၍သာ လူသားအားလုံးသည် အစစ အရာရာ တူညီသော အမြွှာများအဖြစ် မွေးထုတ်လာကြပြီး အမြွှာ၏ ခန္ဓာ ကိုယ်မှ အတွင်းအစိတ်အပိုင်းကို လိုအပ်သူသို့ အစားထည့်ပေး နိုင်မည်ဆိုပါက ယင်းပြဿနာ ပြေလည်သွားစရာ ရှိသည်။

ဤကုသနည်းပညာအတွက် ဒုတိယကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ ခန္ဓာကိုယ်အလှူရှင် အလုံအလောက် မရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အလှူရှင် ဆိုသည်ကလည်း အသက်သေဆုံးပြီး အချိန်အတော်ကြာမှဆေးရုံသို့ လာပို့သည့် အလောင်းမဟုတ်ရ။ မတော်တဆ အန္တရာယ်တွေ့ဆုံရပြီး အသက်သေဆုံးသူများနှင့် အကောင်းပကတိမှနလုံးသွေးကြော ပိတ်ပြီး ရုတ်တရက် အသက်သေဆုံးသူမျိုးကိုသာ ဆိုလို သည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် အသက်သေဆုံး လျက်ရှိသူ ၂ သန်းလောက်ရှိသည့်အနက် ခန္ဓာကိုယ် အစားထိုးရန် သင့်တော်သောအလောင်းက ၂၅,၀၀၀ ခန့်သာ ရှိသည်။ ယင်းတို့အားလုံးကလည်း အလောင်းကို လှူဒါန်းခဲ့ပါဦးမှ ဖြစ်မည်။ကပ္ပလီလူမျိုး များနှင့် အာရှတိုက် မှလူအများသည် မိမိတို့၏ ခန္ဓာ ကိုယ်ကို လှူဒါန်းဖို့ စိတ်မဝင်စားကြပါ။ ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ခန္ဓာကိုယ်အစားထိုးကုသမှုခံယူရန် ဆေးရုံဆေးခန်းများ အသင့်ရှိသော်လည်း အလောင်းမရသဖြင့် ခွဲစိတ်မှုခံယူရန် စောင့်နေရသောလူပေါင်းမှာ ၂၃,၀၀၀ ကျော်ရှိနေ၍ ကိုယ်အင်္ဂါအစားမရသဖြင့် အချိန်စောင့်ရင်းစောင့်ရင်း အသက်သေဆုံးနေရသူ ၂၀၀၀ လောက် ရှိနေသည်ဟု သိရပါသည်။

အထက်ပါ အခက်အခဲများကို ကျော်လွှားနိုင်ရန် ယခုဖော်ပြမည့် ပျက်ကျပြီးသန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးကုသနည်းပညာက နေရာယူလာတော့မည် ဖြစ်သည်။

## ပျက်ကျပြီးသောသန္ဓေသားမှ အသက်ရှည်ဆေးများ

အမျိုးသမီးတစ်ယောက် လင်သားနှင့်ကွဲသွားပြီးဖြစ်၍ ကျန်ရှိသောကိုယ်ဝန်ကို ဖျက်ချင်သည်၊ ဆေးရုံပေါ်တက် သွားသည်။ ဆရာဝန်က သံမဏိပြွန်လေစုပ်တံကလေးဖြင့် သားအိမ်အဝမှ လေစုပ်သလိုစုပ်ပေးသည်။ ၇ မိနစ်သာ ကြာသည်။ တစ်လခွဲအရွယ်ရှိ သန္ဓေသားမှာ အချင်းပါ ကျလာသည်။

ကျလာသောသန္ဓေသားကို သိပ္ပံပညာရှင်များကမျိုးရိုး လိုက်ပြီး ဒုက္ခပေးတတ်သောရောဂါဖြစ်စေမည့်ဗီဇပါနေခြင်း ရှိမရှိကို စစ်ဆေးကြသည်။ အေအိုင်ဒီအက်စ်ရောဂါပိုး ကင်းစင်ခြင်းရှိမရှိကို စစ်ဆေးကြသည်။ (၆) နာရီအတွင်း ရောဂါပိုးမွှားကင်းစင်ပါသည်ဆိုသည့် အဖြေကိုရသည်။ ဤတွင် သန္ဓေသားမှ ဦးနှောက်ကလာပ်စည်းအချို့ကို ဆေးထိုးပြွန်ဖြင့်စုပ်ယူပြီး ခြေလက်အငြိမ်မနေရအောင် တလှုပ်လှုပ်ဖြစ်နေသည့်အသက်၇၀ အရွယ်ပါကင်ဆိုနစ်ဆင် ရောဂါသည်၏ ဦးခေါင်းထဲကို ထိုးသွင်းပေးလိုက် သည်။ စုစုပေါင်း အချိန် ၇ နာရီအတွင်း လူအိုတစ်ယောက် ခံစားနေရသောဝေဒနာကို ကုသပေးလိုက်သည်။ ဤသို့ ကုသရာတွင် ထည့်သွင်းလိုက်သော ကလာပ်စည်းကို လက်ခံယူမည့်ဝေဒနာရှင်က ငြင်းပယ်ပထုတ်လိမ့်မည် မဟုတ်။ သန္ဓေသား၏ ကလာပ်စည်းများ၏ ကိုယ်ခံစွမ်းပကား တွေက မရင့်ကျက်သေးသောကြောင့်ဖြစ်၏။ ဤအချက်က အလွန်ထူးခြား၏။ ထို့ကြောင့်လည်း သိပ္ပံပညာရှင်များ သန္ဓေသားကလာပ်စည်းများဖြင့် အစားထိုးသုတေသန အပေါ် အရူးအမူးလိုက်နေကြခြင်း ဖြစ်ပါသည်။

ဤလိုခေတ်မျိုးကို ရောက်လာရန် အချိန်အတော်လေး နီးကပ်နေပြီ ဖြစ်ပါသည်။

## သုတေသန ဇာတ်လမ်းအစ

လွန်ခဲ့သော (၇) နှစ်ကာလက အမေရိကန်နိုင်ငံ ကိုလိုရာဒိုတက္ကသိုလ်မှ ဒေါက်တာဖရီးက ရုတ်တရက် သားလျှောကျဆင်းသွားသောသန္ဓေသားမှ ကလာပ်စည်း အချို့ကိုယူပြီး ခြေလက်တုန်ခါနေသည့် ပါကင်ဆိုနစ်ဆင် ရောဂါသည် တစ်ဦး၏ ဦးခေါင်းထဲသို့ ထည့်သွင်းကုသပေး ခဲ့ရာက ဤကုထုံးစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ အဆိုပါလူနာမှာ ကျန်းမာသန်စွမ်းနေဆဲဖြစ်သည်။ သူ၏ခြေလက်များ တုန်ခါနေသောဝေဒနာက များစွာ သက်သာနေပြီဟု သိရသည်။

အထက်ပါကုထုံးအတိုင်း အဆိုပါဆရာဝန်ကြီးက နောက်လူမမာခြောက်ဦးကို ကုသပေးခဲ့ရာ ရောဂါမှာ လုံးဝပျောက်ကင်းခြင်းအဆင့်ကို မရောက်ခဲ့သော်လည်း အားလုံးလိုလို ဝေဒနာများစွာသက်သာခဲ့ကြသည်ဟု သိရသည်။

ဤကုထုံးကို နမူနာယူပြီး ယေးလ်တက္ကသိုလ် ဆေး ကျောင်းမှ ဒေါက်တာယူဂျီးက အခြားလူအိုရောဂါသည် ၁၃ ဦးအပေါ် ကုသပေးပြန်ရာ ဝေဒနာရှင် လေးဦးမှာ များစွာသက်သာခဲ့သည်ဟု သိရပါသည်။

ဆွီဒင်နိုင်ငံမှ ပညာရှင်များအဖွဲ့ကလည်း လူသားတို့၏ ဦးနှောက်အပေါ် သန္ဓေသားမှကလာပ်စည်းများနှင့် တွဲဖက်မွေးမြူခဲ့ရာ လူသားတို့၏ ဦးနှောက်ကို ၅ နှစ် သို့မဟုတ် ၇ နှစ်အထိ ပြန်လည်နုပျိုသွားအောင် ထိန်းထား ပေးနိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။

## ကလေးအရွယ်တွင်ဖြစ်တတ်သော ဆီးချိုရောဂါ

ဆီးချိုရောဂါသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးက ကလေးအရွယ်တွင် စတင်ဖြစ်ပွားသော ကလေးအမျိုးအစား ဖြစ်ပြီး ဒုတိယအမျိုးက အသက်လေးဆယ်ကျော်မှ စတင် ဖြစ်ပွားသော လူကြီးအမျိုးအစားဖြစ်သည်။ ယင်းသို့ နှစ်မျိုးရှိသည့်အနက် သန္ဓေသား၏ ကလာပ်စည်းများကို

ကလေးဆီးချိုရောဂါသည်များ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းပေးနိုင်ပါက ရောဂါကိုထိန်းပေးနိုင်စွမ်းရှိလိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကော်လယ်တဒိုး တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ကလေးဆီးချိုရောဂါသည် ၁၆ ဦးအပေါ် ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ဝေဒနာရှင်အများစုမှာ အင်စူလင်နေ့စဉ် အထိုးခံရသည့်ဒုက္ခမှ ကင်းဝေးခြင်း မရှိကြသော်လည်း အင်စူလင်လိုအပ်မှုမှာများစွာ လျော့နည်းသွားသည်ဟုသိရပါသည်။ ဤကုထုံးကို အမေရိကန်ပြည်ထောင်စုမှ ဝေဒနာရှင် ၃၈ ဦး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ရောဂါသည်ပေါင်း ၆၀၀ အပေါ် ကုသပေးခဲ့ပြီးပြီဟု သိရသည်။

### ဟန်တင်တန်ရောဂါ (Huntington's disease)

အထက်ဖော်ပြပါ လူကြီးများတွင် ဖြစ်ပွားသော ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ဦးနှောက်၏တစ်စိတ်တစ်ဒေသကို ဖျက်ဆီးခံထားရသော ရောဂါဖြစ်သည်။ ခြေထောက် သို့မဟုတ် လက်တစ်ဖက် အငြိမ်မနေနိုင်ဘဲ တုန်ခါနေစေသည့် ရောဂါဖြစ်သည်။ ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါနေခြင်းမျိုးတော့ မဟုတ်ပါ။ ဤရောဂါအပါအဝင် Alzheimer's disease အယ်ဇိုင်းမားရောဂါ (လူအိုများတွင် သတိမေ့ပြီး ငယ်မူပြန်လာသောရောဂါ) စသည့်နာတာရှည်ရောဂါအများကို ကုသပေးနိုင်တော့မည်ဟု အထောက်အထားများအရ သိရပါသည်။

### ခါးရိုးကျိုးခြင်း

မော်တော်ယာဉ်တိုက်မှုကြောင့်သော်လည်းကောင်း၊ အမြင့်မှ လိမ့်ကျ၍သော်လည်းကောင်း၊ ခါးရိုးကျိုးပြီး အတွင်းမှအာရုံကြောများ ပျက်စီးနေသည့် ဝေဒနာရှင်များကိုလည်း ဤကုထုံးဖြင့် ကုသပေးနိုင်လိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကြွက်များကိုခါးရိုးချိုးပြီး ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ကြွက်အားလုံးမှာ ပြန်လည်ပြေးလွှားနိုင်ခဲ့သည်ဟု သိရပါသည်။

### ဟာလာရောဂါစု (Hurler's Syndrome)

တွေ့ကြုံရခဲသော မွေးရာပါအင်ဇိုင်း ချို့တဲ့သည့်ရောဂါဖြစ်သည်။ ဤရောဂါ မျိုးရိုးပါလာသောကလေးများတွင် ခန္ဓာကိုယ်အတွင်းအင်္ဂါများဖြစ်သည့် အသည်း၊ ကျောက်ကပ်၊ နှလုံးတို့မှာ အလွန်ကြီးထွားနေပြီး မျက်စိမမြင်ဖြစ်တတ်သည်။ ဤရောဂါမှာ အင်ဇိုင်းတစ်မျိုးချို့တဲ့နေခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။ ဤရောဂါကို ဆရာဝန်များ အသေးစိတ်လေ့လာထားရှိပြီးဖြစ်သည်။ သို့သော်တွေ့ကြုံရခဲသော ရောဂါတစ်ခုဖြစ်သဖြင့် လူအများက စိတ်မဝင်စားခဲ့ကြချေ။ ၁၉၉၀ ပြည့်နှစ် မေလအတွင်းက အမေရိကန်နိုင်ငံမှ မစ္စတာကယ်ရီတို့၏ ကိုယ်ဝန်ဆောင်ထားဆဲကလေးတွင် ဤရောဂါပါလာသည်ကို ဆရာဝန်များ စမ်းသပ်တွေ့ရှိသည်။ သို့အတွက် ကလေးကိုဖျက်ချရန် စီစဉ်ကြသည်။ သို့သော် ကလေးမိဘများ ဖျက်ချရန် သဘောမတူကြချေ။ နောက်ဆုံး ယခုဖော်ပြပါ သန္ဓေသား၏ ကလာပ်စည်းများ ထိုးသွင်းပေးသည့်ကုထုံးဖြင့် ကုသပေးခဲ့ရာ မွေးလာသောကလေးမှာ ယခုအသက် သုံးနှစ်အရွယ်ရှိလာပြီး အင်ဇိုင်းချို့တဲ့ခြင်းလည်း မရှိတော့ချေ။

အထက်ဖော်ပြပါ ရောဂါများအပြင် အခြားမျိုးရိုးလိုက်ရောဂါများ ဖြစ်ကြသော သွေးမခဲသည့်ရောဂါအမျိုးမျိုး၊ သွေးထွက်လွယ်သည့်ရောဂါအမျိုးမျိုး၊ သွေးနီဥများ ကွဲလွယ်သည့်ရောဂါ စသည့်မျိုးရိုးလိုက်ပြီး ဖြစ်တတ်သည့် ရောဂါ (၁၅၅) မျိုးရှိသည့်အနက် ဤကုထုံး က အထက်ပါ ရောဂါအားလုံးကို ကုသပေးနိုင်မည်ဟု မျှော်မှန်း၍ ရပါသည်။

### အမျိုးသမီးများ သားသမီးမထွန်းကားသည့်ကိစ္စ

အချို့အမျိုးသမီးများတွင် မွေးရာပါ အိုဗာရီ Ovary သားဥတွဲ ပါမလာဘဲ မွေးဖွားလာတတ်သည်။ ဤအမျိုးသမီးများတွင် ဤတစ်သက်တာ၌သားသမီးရလာစရာ ကိန်းလုံးဝမရှိပါ။ သန္ဓေသားတွင် ပါရှိသောအိုဗာရီ Ovary သားဥတွဲ၌ သားဥပေါင်း (၁၀၀၀၀) ခန့် ထုတ်လုပ်နိုင်သည့် စွမ်းပကားပါရှိသည်။ ဤသန္ဓေသားကို ထိုးသွင်းပေးနိုင်ပါက ကလေးရနိုင်မည်ဟု မှန်းဆရပါသည်။

အကယ်၍သာ အမေရိကန်သမ္မတကြီး ရီဂင်လက်ထက်က ကလေးဖျက်ချခြင်းအပေါ် မတားမြစ်ခဲ့ပါက ဤသုတေသနလုပ်ငန်းမှာ များစွာတိုးတက်နေပြီ ဖြစ်ပါလိမ့်မည်။ ဤသုတေသနလုပ်ငန်းကို အမေရိကန်ပြည်ထောင်စု တစ်ခုထဲမှာပင် ဌာနပေါင်း ၆၀ ၌ ကြွက်၊ ယုန်၊ ပူး စသည် တို့ဖြင့် စမ်းသပ်လျက်ရှိကြသည်ဟု သိရသည်။ ကလေးမဖျက်ချရေး အမြင်ရှိသောလူများဘက်ကသာ တစ်ထစ် လျှော့ပေးမည်ဆိုပါက ဤဆေးကုထုံးဖြင့် အမျိုးသမီးများ သားသမီးထွန်းကားရအောင် အကူအညီပေးသည်မှာ သေချာနေပါသည်။

### AIDS ရောဂါ

ကြွက်၏ ခန္ဓာကိုယ်အတွင်းရှိ သိုင်းမက်စ်ဂလင်းနှင့် အသည်း၊ လင့်အကျိတ်များ ထုတ်ပယ်လိုက်ပါက ကြွက်များသည် AIDS ရောဂါရှင်များနှင့်မခြား ကိုယ်ခံစွမ်းပကား

ကျဆင်းသွားလေ့ရှိပါသည်။ ဤသို့သောကြွက်မျိုးကို သန္ဓေသားမှရသောကလာပ်စည်းဖြင့် အစားထိုးကုသပေးနိုင်သည်ကိုလည်း တွေ့ရှိထားကြပါသည်။ ထို့ကြောင့် ဤကုထုံးက AIDS ရောဂါသည်များအတွက်လည်း မျှော်လင့်စရာ ရှိပါသည်။

### လေဖြတ်ခံထားရသော ဝေဒနာရှင်များ

လေဖြတ်ခံထားရသောဝေဒနာရှင်များ၏ ဦးနှောက်တွင်းမှ အာရုံကြောနှင့်သက်ဆိုင်သည့် ကလာပ်စည်းများသည် တစ်ကြိမ်ဖျက်ဆီးခြင်း ခံထားရပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်စွမ်းမရှိကြချေ။ ထို့ကြောင့် တစ်ကြိမ်လေဖြတ်ပြီးပါက ဝေဒနာရှင်မှာ ရောဂါကို ရာသက်ပန်ခံစားကြရသည်။ ယခု ဤကုထုံးအရဆိုလျှင် လေဖြတ်ဝေဒနာရှင်များအတွက်လည်း အကျိုးပြုမှာသေချာသည်။

### လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲအချို့

သိပ္ပံပညာက တစ်ရှိန်ထိုးတိုးတက်နေသည်မှာ မှန်ပါ၏။ သို့သော် သိပ္ပံပညာရှင်ဟူသည် တစ်ဖက်စွန်းရောက်သော ပုဂ္ဂိုလ်များဖြစ်နေတတ်သည်။ သူတို့၏ သုတေသနလုပ်ငန်းများသည် အထိန်းအကွပ်ရှိဖို့လိုသည်။ အထိန်းအကွပ်ရှိသည့် တိုးတက်ပြီးနိုင်ငံများမှာပင်–

* ၁၉၉၃ ခုနှစ်က ဖင်လန်နိုင်ငံနှင့် အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များကဖျက်ကျပြီး သန္ဓေသားများ၏ ဦးခေါင်းကိုဖြတ်ထားပြီး အချိန်အတော်ကြာအောင် မသေမရှင်ထားရှိသည့်ကိစ္စ။
* အမေရိကန်အမျိုးသားကျန်းမာရေးဌာန၌ ဖျက်ချလိုက်သော သန္ဓေသားကို ပြင်ပ၌ရက်ပေါင်းအတော်လေးကြာအောင် မွေးမြူထားသည့်ကိစ္စများရှိခဲ့သည်။

ဤသတင်းကို အများပြည်သူထံ ပေါက်ကြားသွားသောအခါ သန္ဓေသားသည်လည်း သက်ရှိလူသားတစ်ယောက်ဖြစ်သည်။ ဤကဲ့သို့ သန္ဓေသားကို တိရစ္ဆာန်တစ်ကောင်နှင့်မခြား မိမိသဘောရှိ မိမိလိုဘတစ်ခုတည်းအတွက် သုတေသနပြုရန်မသင့်ဟု ကန့်ကွက်သူတွေ အများအပြား ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့်လည်း သန္ဓေသားနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို အမေရိကန်သမ္မတ ရီဂင်လက်ထက်က အထောက်အပံ့ ရပ်ဆိုင်းပစ်ခဲ့သည်။ လက်ရှိသမ္မတ ကလင်တန်လက်ထက်ကျမှ သုတေသန ထောက်ပံ့ကြေးကို ပြန်ပေးသည်၊ အားပေးလာခဲ့သည်။

သုတေသနလုပ်ငန်းများအပေါ် တင်းကျပ်သော လူ့ကျင့်ဝတ်ဆိုင်ရာ ကော်မတီများ ( Ethical Committee) များကထိန်းချုပ် ထားပြီး လုပ်ဆောင်သင့်သည့်ကိစ္စများကို ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်၍ ဤဘက်ကဆေးပညာသည်အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာမှာ သေချာနေပေသည်။


### ရှေ့အလားအလာ

ဤကုထုံး၏ အဓိကရင်ဆိုင်နေရသောပြဿနာကား ဖျက်ချ၍ရသော သန္ဓေသားကိုလတ်လတ်ဆတ်ဆတ် အသုံးပြုခွင့်ရရန်လိုအပ်နေခြင်းဖြစ်သည်။ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းသော ကလေးကိုဖျက်ချရန် ကိစ္စမျိုးကို နိုင်ငံအများစုက ခွင့်မပြုနိုင်ကြချေ။ ဤကိစ္စ အပေါ် ကျော်လွှားနိုင်ရန်အဓိကပြဿနာဖြစ်နေပါသည်။

သို့သော်စိတ်အားငယ်စရာမလိုပါ။ Eaxol အက်ဆောအမည်ရှိဆေးသည် သားအိမ်ကင်ဆာရောဂါအတွက် အလွန်ကောင်းသောဆေးတစ်လက်ဖြစ်၏။ ဤဆေးကို ဤကမ္ဘာပေါ်၌ ပျောက်ကွယ်လုလုဖြစ်နေ သော ( Pasifie Yew Tree) ခေါ် အပင်မှ ထုတ်လုပ်ရရှိသည်။ ယင်းအပင်များကို ပြန်လည်စိုက်ပျိုးနိုင်ရန်ကိစ္စမှာ မလွယ်ကူသဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရချိန် အဆိုပါဆေးကို ဓာတ်ခွဲခန်းမှ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အထက်ပါကုထုံးကို လူသားတို့၏ သန္ဓေမှရရှိသော ကလာပ်စည်းများအစား အခြားတိရစ္ဆာန်များမှရသော သန္ဓေသားဖြင့်အစားမထိုးနိုင်ဟု မည်သူမှမပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေ မကြာတော့သောအချိန်တွင် တစ်ဖက်က ဖျက်ချခံထားရသောသန္ဓေသားများက အခြားတစ်ဖက် မှ မသန်မစွမ်းဘဝကို ရောက်နေသောလူအိုလူနာများကို အကူအညီပေးနိုင်တော့မည်မှာ သေချာနေပေသည်။

ဆရာဝန် တင်ရွှေ

**ပြင်သစ် သမ္မတနိုင်ငံ။** ။ ၁၉၉၅ ခုနှစ်၊ မေလ ၇ ရက်နေ့၌ကျင်းပသော ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ပဲရစ်မြို့တော်ဝန် ဂျက်ရှီရက် သည် ပြည်သူများ၏ ထောက်ခံမဲ ၁၅၇၆၃၀၂၇ မဲ ရရှိသည်။ ရာခိုင်နှုန်းအရ ၅၂ ဒသမ ၆၄ ရာခိုင်နှုန်း ရရှိကာ ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ရှီရက်နှင့် ယှဉ်ပြိုင်အရွေးခံသူ ဆိုရှယ်လစ်ပါတီ မှ လီယိုနဲဂျိုးစပင်သည် မဲ



ပြင်သစ် သမ္မတဂျက်ရှီရက်

အရေအတွက် ၁၄၁၈၀၆၄၄ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၅၇ ဒသမ ၃၆ သာရရှိခဲ့သော ကြောင့် အရေးနိမ့်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် လက်ရှိ သမ္မတ ဖရန်ဆွာမိထရောင်း၏ ဆိုရှယ်လစ်ပါတီအုပ်ချုပ်မှု သက်တမ်း ၁၄ နှစ်ကို ရှိရက်အနိုင်ရရှိခြင်းဖြင့် အဆုံးသတ် လိုက်သည်။

အသက် ၆၂ နှစ်ရှိပြီဖြစ်သော သမ္မတသစ်ရှိရက်သည် ပြင်သစ်နိုင်ငံ အခြေခံဥပဒေအရ သမ္မတသက်တမ်း ခုနစ်နှစ် ထမ်းဆောင်ရမည်ဖြစ်ရာ သက္ကရာဇ် ၂၀၀၀ ကို ကျော်လွန်ပြီး ၂၁ ရာစုနှစ်ဦးအထိ သမ္မတတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ဂျက်ရှီရက်သည် သမ္မတ မိထရောင်း လက်ထက်ကကဲ့သို့ သမ္မတက ဆိုရှယ်လစ်၊ အစိုးရအဖွဲ့က ကွန်ဆာဗေးတစ်၊ ပါလီမန်က ကွန်ဆာဗေးတစ်များ လွှမ်းမိုးသော ပါလီမန်အခြေအနေမျိုးဖြင့် သမ္မတတာဝန် ထမ်းဆောင်ရတော့မည်မဟုတ်ဘဲ ကွန်ဆာဗေးတစ်သမ္မတ၊ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့၊ ကွန်ဆာဗေးတစ်လွှမ်းမိုးသော ပါလီမန်အနေအထားဖြင့် ထမ်းဆောင်ရမည့်သမ္မတဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ပိုမိုရရှိမည့် အင်အားကြီးမားသော သမ္မတသစ်တစ်ဦး ဖြစ်မည်ဟု ဆိုကြသည်။

ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ဂေါလစ်ပါတီ R.P.R ခေါင်းဆောင် ဂျက်ရှီရက်သည် ပြင်သစ်နိုင်ငံ၏ သမ္မတသစ်အဖြစ် မေလ ၁၃ ရက်နေ့၌ တရားဝင် ကြေညာခဲ့ပြီး အနားယူသွားသော သမ္မတမိထရောင်းထံမှ သမ္မတရာထူးကို မေလ ၁၇ ရက်နေ့ ဗုဒ္ဓဟူးနေ့၌ ပြောင်းလွှဲလက်ခံသည်။ သမ္မတရာထူးကို ပြောင်းလွှဲလက်ခံယူသော အဆိုပါနေ့မှာပင် သမ္မတသစ် ဂျက်ရှီရက်က လက်ရှိနိုင်ငံခြားရေးဝန်ကြီး Alain Juppe ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ဝန်ကြီးချုပ် Juppe က ၎င်း၏ အစိုးရအဖွဲ့သစ် အမည်စာရင်းကို ကြေညာခဲ့သည်။ အစိုးရအဖွဲ့၏ အဓိကဝန်ကြီးနေရာများကို ပြင်သစ်ဒီမိုကရေစီ ယူနီယံပါတီ Union for French Democracy (U.D.F) မှ ပုဂ္ဂိုလ်များအား ခန့်အပ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးနေရာ ၂၇ နေရာရှိသည်။ အဖွဲ့ဝင် ၄၇ ဦး ပါရှိသော ဝန်ကြီးများကောင်စီ ( Council of Ministers)တွင် ဝန်ကြီးချုပ် Juppe အပါအဝင် ၁၀ ဦးသည် ယခင်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်ရှိ ဝန်ကြီးနှင့် ဝန်ကြီးအဆင့်နှင့် ညီမျှသော ရာထူးနေရာများတွင် အမျိုးသမီး ၁၂ ဦးကို ခန့်ထားလိုက်သည်။

မေလ ၂၃ ရက်နေ့၌ အစိုးရအဖွဲ့သစ်က ၎င်း၏ ဝါဒသဘောထားကို အောက်လွှတ်တော်တွင်ထုတ်ပြန် ကြေညာသည်။ အလုပ်လက်မဲ့ပပျောက်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့ရေး၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ပြောင်းလဲရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝါဒသဘောထားထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ စီးပွားရေးဆိုင်ရာရေ့လုပ်ငန်းစဉ်များကိုထုတ်ပြန်ရာတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို အမတော်ငွေများ နှစ်နှစ်တာ ချေးမည့်အပြင် နှစ်နှစ်အခွန်အခ လွတ်ငြိမ်းခွင့် ပေးသွားမည်။ ကုမ္ပဏီများကအလုပ်အကိုင်သစ်များ ဖန်တီး၍ အလုပ်လက်မဲ့များကို တစ်နှစ်ကျော်ကာလအထိ အလုပ်ခန့်ထားသွားစေမည်။ ဇူလိုင် ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလုပ်ခများကို တိုးပေးမည်။ နှစ်စဉ်လူနေ အိမ်ခန်းပေါင်း ၁၀,၀၀၀ မှ ၃၀,၀၀၀ ထိတည်ဆောက် သွားမည်။ ပုဂ္ဂလိကပိုင် ပြုရေးအစီအစဉ်ကို ရှေ့ဆက် အကောင်အထည်ဖော်သွားမည်ဟူသော စီးပွားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ပါဝင် သည်။

## ပြည်တွင်းရေး

သမ္မတဂျက်ရှီရက်က မေလ ၂၀ ရက်နေ့၌ ကျင်းပသည့် ပထမဆုံးအကြိမ်ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးများ၏ခရီးသွားလာမှု အထူးအခွင့်အရေးများကို

လျှော့ချလိုက်ကြောင်း ပြောကြားသည်။ ထို့ပြင် ၄င်းလိုက်ပါသော သမ္မတ မော်တော်ယာဉ်တန်းသည်လည်း လမ်းတွင် မီးနီ ပြထားသည်နှင့်ကြုံပါက ရပ်စောင့်မည် ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရအဖွဲ့ဝန်ကြီးများသည် မဟုတ်တာ လုပ်ပါက ရာထူးမှနုတ်ထွက်ရမည်ဟု ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင်သမ္မတဂျက်ရှီရက်ကအမိန့်ထုတ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်ဆွာဘာရိုရင်းက ပြောသည်။

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင်မြို့တော်စည်ပင်ပိုင် မက်မောဖွယ်ရာတိုက်ခန်းများကိုသာမန်လူအများစုက ရရှိရေးအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရသည့် အခြေအနေ၌ နိုင်ငံရေးအာဏာရှိသူ များနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ အရာရှိကြီးများက ဈေးနှုန်းသက်သက်သာသာနှင့် ရယူငှားရမ်းနေထိုင်ခွင့်ရနေကြသည်။

ပြင်သစ်နိုင်ငံတွင်ငွေကြေးမတတ်နိုင်သူ သာမန်လူများက ပဲရစ်မြို့တော် မြို့တော်စည်ပင်ပိုင် တိုက်ခန်းများတွင် ငှားရမ်းနေခွင့်ရရှိရေးအတွက် နှစ်ကာလကြာမြင့်စွာစောင့်ဆိုင်းနေရချိန်၌အခွင့်အာဏာရှိသူများနှင့် ရင်းနှီးကျွမ်းဝင်သောအရာရှိကြီးများ၊ နိုင်ငံရေးသမားကြီးများသည် စည်ပင်သာယာပိုင်ကောင်းမွန်သော တိုက်ခန်းများကို ငှားရမ်းရယူနေထိုင်ခွင့်ရရှိနေကြသည့် ထိုသို့သောအခြေအနေတွင် ဝန်ကြီးချုပ် Alain Juppe၊ ၄င်း၏သားနှင့်သမီး၊ ၄င်း၏ယခင်မိန်းမနှင့် ၄င်း၏ညီ ဝမ်းကွဲတို့သည် ပြည်သူ့အခွန်ငွေဖြင့် ကောင်းမွန်စွာ မွမ်းမံ ပြင်ဆင်ထားသောစည်ပင်သာယာပိုင်အခန်းများကို အမှန်တကယ် ပေးရမည့်အိမ်လခအောက်လျှော့၍ပေးကာ ငှားရမ်းနေထိုင်ခွင့်ရရှိနေကြကြောင်း Daily Le Figaro သတင်းစာက ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ဖော်ထုတ်ရေးသားခဲ့သည်။ဝန်ကြီးချုပ် Juppe က အထောက်အထား စာရွက် စာတမ်းများကို ရုပ်မြင်သံကြားမှတစ်ဆင့် ဖော်ပြလျက် အဆိုပါ စွပ်စွဲရေးသားချက်ကို ဇူလိုင်လ ၆ ရက်နေ့၌ ငြင်းပယ်ခဲ့သည်။ ထို့ပြင် ၄င်းက အခန်းခြောက်ခန်းပါ ၄င်း၏တိုက်ခန်းသည် ၄င်း ငှားရမ်းနေထိုင်ချိန်၌ တိုက်ခန်းခ ယခင် ထက် သုံးဆမြင့်တက်သွားကြောင်း ပြောကြားသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည်ဟု သင်္ကာမကင်းသော အယ်ဂျီးရီးယား စစ်သွေးကြွ ၆၇ ဦးကို ပဲရစ်မြို့တွင် ဖမ်းဆီး၍ စစ်ဆေးမေးမြန်းရန် ရုံးတင် လိုက်သည်။ ၄င်းတို့သည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ်အိုင်တီ) ကို သော်လည်းကောင်း၊ အယ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စု (ဂျီအိုင်အေ) ကို သော် လည်းကောင်း ထောက်ခံပြီး အကြမ်းဖက်လုပ်ရပ်များကို ပြင်သစ်မြေပေါ်တွင် လုပ်ဆောင်နေကြသူများဖြစ်ဖွယ်ရှိကြောင်း တရားရုံးအရာရှိများက ပြောကြားသည်။ ပြင်သစ် အစိုးရသည် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ကြသော အယ်ဂျီးရီးယားလူမျိုးများအနက် အယ်ဂျီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြောက်ကျားအုပ်စုများနှင့် အဆက်အသွယ်ရှိပုံရသည့် အယ်ဂျီးရီးယားများကို လွန်ခဲ့နှစ် နှစ်မှစ၍ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ရုံးတင်စစ်ဆေးရန် တရားရုံးသို့ ဖမ်းဆီး ပို့ဆောင်ခဲ့သော အဆိုပါ အယ်ဂျီးရီးယား အစွန်းရောက်သမား ၆၇ ဦးအနက် ၅၂ ဦးသည် အလ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စုနှင့် ပတ်သက်ဖွယ်ရှိ၍ ကျန် ၁၅ ဦးသည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ် အိုင်တီ) နှင့် ပတ်သက်ဖွယ်ရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

## စစ်ရေး

ပြင်သစ်နိုင်ငံသည် ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ဒုံးကျည်တင် ကင်းလှည့်ရေယာဉ် ရှစ်စင်းကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကူဝိတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ယင်းမှာ ပင်လယ်ကွေ့စစ်ပွဲ ပြီးသည့်နောက်ပိုင်း အကြီးမား ဆုံး လက်နက်ရောင်းဝယ်ခြင်းဖြစ်သည်။ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖရန်ဇွာလက်တာက မိမိနှင့် ကူဝိတ် ကာကွယ်ရေးဝန်ကြီး ရှိတ်အာမက်မွတ် အယ်ဆာဘာတို့ လက်မှတ်ထိုးသည့် စာချုပ်အရ ပြင်သစ်က ဒေါ်လာ ၅၄ သန်းခန့်တန် စစ်ဘက်ရေဒါ တစ်ခုကိုလည်း ကူဝိတ်သို့ ပေးရမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုသည်။

၁၉၉၁ ခုနှစ်က ကူဝိတ်နိုင်ငံအား အီရတ်က ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ် သွားစေသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များတွင် ပြင်သစ်ပါဝင်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြန်ပြောင်းသတိရ ပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ စစ်ပွဲအပြီး၌ အမေရိကန်၊ ဗြိတိန်တို့နှင့် ကာကွယ်ရေးစာချုပ်များ ချုပ်ဆိုသကဲ့သို့ ၁၉၉၂ ခုနှစ်၌ ပြင်သစ်နိုင်ငံနှင့်လည်း စာချုပ် ချုပ်ဆိုခဲ့သည်။

ပြင်သစ် နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းက ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အသစ်ထုတ်လုပ်ခဲ့သော နျူကလီးယားထိပ်ဖူးတပ် အမ် ၄၅ အဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ ပြင်သစ်ရေငုပ်သင်္ဘောများတွင် အဆိုပါ အမ် ၄၅ ဒုံးကျည်ကို ယခင်တပ်ဆင်ထားသည့် အမ် ၄ ဒုံးကျည်အစား ပြောင်းလဲတပ်ဆင်ခြင်းဖြစ်သည်။ နျူကလီးယားထိပ်ဖူးတပ် အမ် ၄၅ ဒုံးကျည်သစ်ကို မိုင် ၂၅၀၀ အထိ ပစ်လွှတ်နိုင်သည်ဟု ဆိုသည်။

သမ္မတ ဂျက်ရှီရက်က ပြင်သစ်နိုင်ငံသည် ၎င်း၏ နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုကို စက်တင်ဘာလအတွင်း တောင်ပစိဖိတ်သမုဒ္ဒရာထဲတွင် ပြန်လည်ပြုလုပ်မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ ပြောကြားသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ပြင်သစ်နိုင်ငံ၏ သတ်မှတ်ထားသော နျူကလီးယား စမ်းသပ်မှု အစီအစဉ်ကို ပြီးဆုံးသည်အထိ ပြုလုပ်ခြင်းမျှသာဖြစ်ပြီး ၁၉၉၆ ခုနှစ် ကျရောက်သောအခါ နျူကလီးယားစမ်းသပ်မှု မပြုရေး ပိတ်ပင်ထားချက်ကို လက်မှတ်ထိုး လိုက်နာမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ယင်းသို့ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု ပြန်လည်စတင်မည့် အစီအစဉ်ကို ပြင်သစ်ပြည်သူ ၁၀၀၀၀ ခန့်က ပဲရစ်မြို့တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ပြင်သစ် ပြည်သူလူထုသည် Bastille မှ ပဲရစ်မြို့တော် အရှေ့ဘက်အစွန်းရှိ Place de la Nation အထိ ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

## ပြည်ပဆက်ဆံရေး

ဩစတေးလျ အစိုးရက ပြင်သစ်နိုင်ငံ၏ နျူကလီးယား ပြန်လည်စမ်းသပ်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ပဲရစ်မြို့ရှိ ၎င်း၏သံအမတ် အလ်လန်ဘရောင်းကို ဇွန်လ ၂၃ ရက်နေ့၌ ဩစတေးလျနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မူရူရိုအာကျွန်း ရေအောက်တွင် ပြင်သစ်က နျူကလီးယား စမ်းသပ်မည့်ကိစ္စကို စွန့်လွှတ်ရန် ပြင်သစ်သမ္မတသစ် ဂျက်ရှီရက်အား တောင်းဆိုနေမှုများ ကြီးထွားလာချိန်၌ ယင်းကဲ့သို့ ဩစတေးလျနိုင်ငံက ၎င်း၏သံအမတ်ကို ပြင်သစ်နိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ပြင်သစ်သမ္မတသစ် ရှီရက်အား ၎င်း၏ နျူကလီးယား စမ်းသပ်မှု ပြန်လည်ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ကြောင့် ဥရောပယူနီယံအဖွဲ့ဝင် ခုနစ်နိုင်ငံမှ ခေါင်းဆောင်များက ဇွန်လ ၂၅ ရက်နေ့၌ ပြစ်တင်ရှုတ်ချခဲ့သည်။

ပြင်သစ်သမ္မတသစ် ဂျက်ရှီရက်သည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မော်ရိုကိုနိုင်ငံသို့ ဇူလိုင်လ ၁၉ ရက်နေ့၌ တရားဝင်အလည်အပတ်သွားရောက်ခဲ့သည်။

## စီးပွားရေး

ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ စီးပွား ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့က ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် ၁၉၉၅ ခုနှစ်၊ မတ်လတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ နျူကလီးယား ပြန်လည် စမ်းသပ်မည့် အစီအစဉ်ကို ပြည်တွင်းပြည်ပ ကန့်ကွက်ဆန္ဒပြမှု ဂယက် ကြောင့် ပြင်သစ်ကုန်ပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အရောင်း ကျဆင်းသွားခဲ့သည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။** ။ဗီယက်နမ်နိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ ဦးဆောင်မှုအခန်းကဏ္ဍနှင့်အခြားမတ်စ်၏ဝါဒ လမ်းညွှန်မှုများကိုလည်း ဦးစားပေးလုပ်ရှားသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၀ ရက်နေ့က ဟနွိုင်မြို့၌ စတင်ဖွင့်လှစ်သော ဗီယက်နမ်ပါလီမန်အစည်းအဝေးတွင် ဗီယက်နမ်ခေါင်းဆောင်တို့က ကတိကဝတ်ထပ်မံပြုလုပ်ကြသည်။ လွန်ခဲ့သည့် ရှစ်နှစ် အတွင်း နိုင်ငံခေတ်မီတိုးတက်ရေးအား ထုတ်မှုများကို ပါလီမန်သို့တင်သွင်းသော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ထို့ပြင် အာဏာရ ကွန်မြူနစ်ပါတီက အရင်းရှင်ပုံစံ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများကိုတင်ပြထားသော်လည်း ရှုပုံစံအတိုင်း ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ အဖြစ်အားလုံးအသွင်ပြောင်းရေးကိုမူ လက်မခံဘဲငြင်းဆန်ထားသည်။ ပါလီမန် အစည်းအဝေးဖွင့်ပွဲတွင် ဝန်ကြီးချုပ်ဗိုဗန်ကိယက်က စီးပွားရေး အခန်းကဏ္ဍကို အဓိကထားသော နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပြန်လည်ပြုပြင်မွမ်းမံမှု" အစီအစဉ်ကို တွန်းအားပေးရန်လိုအပ်သည်။ "ပြန်လည်ပြုပြင်မွမ်းမံမှု" ဟူသော ဗီယက်နမ်၏အသုံးအနှုန်းမှာ ၁၉၈၆ ခုနှစ်တွင်စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆိုလိုသည်။ ဗီယက်နမ်နိုင်ငံသည်နိုင်ငံ ပိုင်အခန်း ကဏ္ဍ၏ ပင်မ ရေစီးကြောင်းမရှိပါက ၁၉၉၄ ခုနှစ်တွင်မှန်းဆထားသည့် စီးပွားရေးတိုးတက်မှုနှုန်း(၈) ဒသမ (၅) ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ၄၀ ရာခိုင်နှုန်းကျော် ရှိသော နိုင်ငံပိုင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လိုသည်။ ယင်းကုမ္ပဏီများ အနက် သုံးပုံတစ်ပုံမှာ ငွေကြေးအရ နစ်နာ အရှုံးပြလျက်ရှိသည် စသည်ဖြင့် ပါလီမန်ကိုယ်စားလှယ် ၄၀၀ ကျော်အား ဗိုဗန်ကီယက်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အဂတိလိုက်စားမှုနှင့် မှောင်ခိုရောင်းဝယ်မှုတို့မှာ ဓလေ့ထုံးစံတစ်ရပ်သဖွယ် တည်ရှိ နေကြောင်း အမျိုးသားလွှတ်တော်သို့ တင်သွင်းသော အစိုးရအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ၁၉၉၄ ခုနှစ် ပထမ ရှစ်လအတွင်း အဂတိလိုက်စားမှုနှင့် မှောင်ခိုမှု ၉၅၉ မှ ဖြစ်ပွားခဲ့သဖြင့် ဒေါင်ငွေ ၄၂၉ ဘီလီယံ (ဒေါ်လာ ၃၉ သန်း) နိုင်ငံတော်ကဆုံးရှုံးနစ်နာခဲ့ရသည်။ ယင်းအမှုများအတွက် အစိုးရက တာဝန်ရှိသူ ၁,၆၀၀ ကျော်ကို စီမံခန့်ခွဲမှုနည်းလမ်းအရ အပြစ်ပေးမှုပြုလုပ်ခဲ့ရသည့်ပြင် အဂတိလိုက်စားမှုဖြင့် လူ ၄၃၀ ကို တရားစွဲဆိုခဲ့ရသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သော လူသိရှင်ကြားအဂတိလိုက်စားမှုတစ်ခုတွင် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ဘာရိယာဗန်တူပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရာထူးမှ ဖယ်ရှားခဲ့ရသည်။

ဗီယက်နမ်နိုင်ငံသည် လပေါင်းအတော်ကြာ မျှော်လင့်စောင့်စားခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ပထမဆုံးကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် တရားဝင် လျှောက်ထားလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်က အဖွဲ့ဝင်အဖြစ်လျှောက်လွှာကို ဘရူနိုင်းနိုင်ငံခြားရေး ဝန်ကြီး မင်းသား မိုဟာမက်ဘိုခီးယားသို့ အောက်တိုဘာလဆန်းပိုင်းက နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဖွင့်လှစ်စဉ်ပေးအပ်ခဲ့သည်။ မင်းသားဘိုခီးယားသည် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည်။ အာဆီယံအဖွဲ့ဝင်ဖြစ်လာရန် ဗီယက်နမ်က အဓိက စိတ်ဝင်စားခြင်းမှာ အလျင်အမြန်ဖွံ့ဖြိုးလာသော အာဆီယံ စီးပွားရေးများနှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု ဆက်ဆံခြင်းဖြင့် အားပေးရန်ဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဗိုဗန်ကီယက်သည် ထိုင်ဝမ်ကုမ္ပဏီတစ်ခု၏ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားဖြင့် ဟိုချီမင်းမြို့တွင် မြို့သစ်ကြီးတစ်မြို့ထူထောင်ရေးစီမံကိန်းကို အတည်ပြုပေးခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ထိုင်ဝမ်အာဏာရ အမျိုးသားရေးပါတီက တစ်စိတ်တစ်ဒေသပိုင်ဆိုင်သော ထိုင်ဝမ်ဗဟိုကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီသည် ဒေသခံအာဏာပိုင်အဖွဲ့ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီနှင့် ပူးပေါင်းတည်ဆောက်သည့် ဆိုင်ဂုံတောင်ပိုင်းစီမံကိန်းတွင် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။ ယင်းစီမံကိန်းသည် ကုန်ကျစရိတ် ဒေါ်လာသန်း ၆၀၀ ကျော်ပြီး ရာစုနှစ်အတွင်း ဟိုချီမင်းမြို့အတွက် ဗဟိုအချက်အခြာဖြစ်လာမည်ဟု မျှော်လင့်ရသည်။ ယင်းမြို့သစ်၌ လူဦးရေသုံးသိန်းခန့် နေထိုင်ကြမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်း ထုတ်လုပ်ရေးနယ်မြေ တစ်ခုလည်းပါဝင်သည်။ လူနေရပ်ကွက်ကြီး၊ စီးပွားရေး နယ်မြေများနှင့် ကြယ်ငါးပွင့်ဟိုတယ်ကြီးတစ်ခုလည်း ပါဝင်သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သောနှစ် ၅၀ မြောက် ပြပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြသခဲ့သည်။ ပြင်သစ် ကိုလိုနီနယ်ချဲ့တပ်ဖွဲ့များကို တွန်းလှန်မောင်းထုတ်ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်ခြင်းဟူသော ပြောက်ကျားစစ်ပွဲကြီး နှစ်ရပ်အတွင်း ရန်သူတပ်ဖွဲ့များအား သိမ့်သိမ့်တုန်စေခဲ့သည့် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုအဖြစ် ဗီယက်နမ်ပြည်သူ့တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ဗီယက်နမ်ပြည်သူ့တပ်မတော်သည် ယခုအခါ တပ်ဖွဲ့ဝင် အင်အား ၅၀၀,၀၀၀ ရှိမည်ဟု လန်ဒန်မြို့ရှိ နိုင်ငံတကာ မဟာဗျူဟာ လေ့လာရေးသိပ္ပံက ခန့်မှန်းသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွက်လာခဲ့ရာ ဗီယက်နမ်စစ်တပ်သည် အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့သည်။ ၄င်းအပြင် ကုမ္ပဏီ ၃၀၀ ကျော်နှင့် ဘဏ်တိုက်တစ်တိုက်ကိုလည်း စစ်တပ်က ပိုင်ဆိုင်ခဲ့သည်။ စစ်တပ်၏ ပြည်ပပို့ကုန်ပမာဏမှာ ဒေါ်လာသန်း ၁၀၀ ဖိုးရှိသည့် အပြင် ဆက်သွယ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး

လုပ်ငန်းနှင့် အိမ်ရာခြံမြေဆိုင်ရာ လုပ်ငန်းများတွင်လည်း စစ်တပ်က ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဟန္နိုင်းမြို့ရှိစစ်တပ်ဟိုတယ်သည်ယခုအခါ အနောက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ကြိုက်တွေ့သော ဟိုတယ်ဖြစ်နေသည်။

အာဏာရ ကွန်မြူနစ်ပါတီဝင်မဟုတ်သော ပညာတတ် စွမ်းရည်ထက်မြက်သော ပုဂ္ဂိုလ်များအား စုစည်းသိမ်းသွင်းကာ အစိုးရ ရာထူးများ၌ ခန့်အပ်သင့်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ဗိုဗန်ကိယက်က တိုက်တွန်းခဲ့သည်။ ငြိုးခြံချွေတာရေးအစီအစဉ်အရ ယခုနှစ်တွင် အစိုးရရုံးများ အသစ်တည်ဆောက်ခြင်း၊ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်း၊ ရုံးအဆောက်အအုံအတွင်း အလှအပ ပြင်ဆင်ခြင်းများ ပိတ်ပင်သောကြေညာချက်ကို အစိုးရက ထုတ်ပြန် ကြေညာထားသည်။ မိမိတို့သည် ပညာတတ် လူငယ်များကို ရဲရဲဝံ့ဝံ့ စုစည်းသိမ်းသွင်းသင့်ကြောင်း၊ ပါတီဝင်များကိုသာ ထိပ်တန်းရာထူးများ၌ ခန့်အပ်ခြင်းသည် မလိုလားအပ်ကြောင်း ဝန်ကြီးချုပ် ဗိုဗန်ကိယက်က ပြောကြား သည်ဟု ဆိုင်ဂုံ နယူးရီးဒါးသတင်းစာ၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက် နေ့တွင် ဖော်ပြခဲ့သည်။ ဗီယက်နမ်တွင် ထိပ်တန်းအာဏာပိုင် အဖွဲ့အစည်းများရှိ ရာထူးအားလုံးကို ကွန်မြူနစ်ပါတီဝင်များ ကိုသာ ခန့်ထားသော အစဉ်အလာရှိခဲ့သည်။ သို့ရာတွင် စီးပွားရေး ခေတ်မီမှု အစီအစဉ် အကောင်ထည်ဖော်ရာ၌ ငယ်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှု စိတ်ဓာတ် ပိုမိုရှိသောလူငယ် များကို ကိယက်က လိုလား လျက်ရှိသည်။

ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်လိုက်ကြသည်။ နှစ်နိုင်ငံအစိုးရ အထက်တန်းအရာရှိများသည် ဗီယက်နမ်စစ်အတွင်းက သိမ်းပိုက်ခဲ့ကြသော သံတမန်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ ပစ္စည်းများကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းချက်ဆိုင်ရာ သဘောတူညီချက်များကို ဟန္နိုင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ပထမဦးဆုံး သံတမန်ဆက်ဆံရေး ထူထောင်မှုအဖြစ် ဟန္နိုင်းမြို့နှင့် ဝါရှင်တန်မြို့တော်များတွင် နှစ်နိုင်ငံဆက်သွယ်ရေးရုံးများ ကို တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနား ပြုလုပ်ခြင်းမရှိဘဲ စတင်ဖွင့်လှစ်ခဲ့ကြသည်။ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံသံရုံးများကဲ့သို့ လုပ်ငန်းများဆောင်ရွက်ကြမည့် ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်ရန် ၁၉၉၄ ခုနှစ်က သဘောတူခဲ့ကြသည်။ သို့ရာတွင် သံတမန်အဆင့် ဆက်ဆံရေးထူထောင်မှု မပြုမချင်း သံရုံးများကိုမူ အပြည့်အဝဖွင့်လှစ်နိုင်ကြဦးမည် မဟုတ်ပေ။ အမေရိကန်အရာရှိများကမူ ယခုဖွင့်လှစ်လိုက်သော ဆက်သွယ်ရေးရုံး၏ လုပ်ငန်းများကို ဗီယက်နမ် နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကုန်လွန်ပြီးနောက် ဟန္နိုင်းမြို့ရှိ အထပ်ကိုးထပ်ပါရှိသော ခေတ်မီရုံးအဆောက်အအုံ၌ လုပ်ငန်းစတင်ရန် မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ဆက်သွယ်ရေးရုံးကို ဝါရှင်တန်မြို့တော်၌ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ ရုံးဖွင့်လှစ် နိုင်ခြင်းသည် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ အရေးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ နီးပါးအတွင်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေမည့် အရေးပါသော ခြေလှမ်းအဖြစ် ရှုမြင်ကြသည်။ အမေရိကန်ကလည်း ၎င်း၏ ဆက်သွယ်ရေးရုံးကို ဟန္နိုင်းမြို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ၎င်း၏ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ဗီယက်နမ်အား ဝင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း တရားဝင် ဗီယက်နမ်သတင်းဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဂျကာတာမြို့တွင် ကျင်းပသော အာဆီယံ အမြဲတမ်းကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အာဆီယံအဖွဲ့တွင် ယခုအခါပါဝင်နေသောအဖွဲ့များမှာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံ တို့ဖြစ် ကြသည်။ ဗီယက်နမ်သည် ယခုလောလောဆယ် တွင် လောနိုင်ငံနှင့်အတူ အာဆီယံ၏ လေ့လာသူအဆင့် ရရှိ ထားသည်။

ဂျပန်အစိုးရသည် ဗီယက်နမ်နိုင်ငံသို့ ယန်းငွေ ၅၀ ဘီလီယံ (ဒေါ်လာ ၆၈၂ သန်း) ချေးရန် ဧပြီလ ၁၈ ရက်နေ့က သဘောတူညီခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထောက်ခံသည့်အနေဖြင့် ယန်းငွေ သုံးဘီလီယံ (ဒေါ်လာ ၃၅ သန်း) ထပ်ဆောင်းချေးရန်ကိုလည်း ဝန်ကြီးချုပ် အိုမိချိမူရာယာမာက ကတိပြုခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒိုမွိုင်နှင့် တွေ့ဆုံရာတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အလေးထားကြောင်း မူရာယာမာက ထုတ်ဖော်ပြောဆိုသည်။ ဒိုမွိုင်သည်တောင်ကိုရီးယားနိုင်ငံသို့ ရက်သတ္တ တစ်ပတ် ကြာ

သွားရောက်လည်ပတ်ခဲ့ပြီးနောက် ငါးရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် ဧပြီလ ၁၇ ရက်နေ့က တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဒိုမွိုင်သည် ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိသော ပထမဆုံးကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးပြီးနောက် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် လည်ပတ်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ် နောက်ပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာခဲ့သည်။ အစိုးရသည် မကြာမီနှစ်များအတွင်းက အဂတိလိုက်စားမှုနှင့် ကြိုးနီစနစ်များကို ပယ်ဖျက်ခဲ့ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို စည်းကမ်းတင်းကျပ်ခဲ့သည်။ အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ သွင်းကုန် ပို့ကုန်လုပ်ငန်း၊ ပြည်ဝင်ခွင့် ဗီဇာလုပ်ငန်း၊ မြို့ပြစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာစေသော အဆင့်ဆင့်တင်ပြရသည့်စနစ် ဖျက်သိမ်းသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြောင်းလဲမှုတွင် အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ၁၉၉၅ ခုနှစ် ပထမနှစ်ဝက်၌ စီးပွားရေးတိုးတက်မှု အလားအလာကောင်းမွန်ကြောင်း၊ သို့ရာတွင် ဘတ်ဂျက်လိုငွေပြမှု လျော့နည်းစေရေးအတွက် ဒုတိယနှစ်ဝက်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရဝန်ကြီးဌာနများအနေဖြင့် တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ဗီယက်နမ်အစိုးရက ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ဖော်ကြေညာသည်။ ဘတ်ဂျက်ဝင်ငွေရရှိမှုသည် ၁၉၉၄ ခုနှစ် ပထမနှစ်ဝက်ကထက် ၂၇ ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း သတ်မှတ်ပမာဏအောက် လျော့နည်းနေသေးသည်ဟုဆိုသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ၁၉၉၅ ခုနှစ်ကုန်တွင် လစဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် သုညဒသမ ၅ ရာခိုင်နှုန်း ရှိစေရန် ရည်ရွယ်ထားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကိယက်သည် ဗီယက်နမ်စစ်ပွဲအပြီး လွန်ခဲ့သော အနှစ် ၂၀ အတွင်း ဗီယက်နမ်မှ ထွက်ပြေးသွားခဲ့သူ ဗီယက်နမ်လူမျိုး နှစ်သန်းခန့်အား ဇူလိုင်လ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခဲ့သည်။ နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားမှထုတ်လွှင့်သော မိန့်ခွန်းတွင် ကိယက်က အမျိုးသား ပြန်လည်သင့်မြတ်ပေါင်းစည်းရန် သင့်ပြီဟု တိုက်တွန်းလိုက်ပြီး ပင်လယ်ရပ်ခြား ဗီယက်နမ်လူမျိုးများအနေဖြင့် ဗီယက်နမ်နှင့် ပြည်ပရောက် ဗီယက်နမ်များအကြား နှစ်ပေါင်းအတန်ကြာ တည်ရှိနေသော သဘောထား ကွဲလွဲမှုများကို ကုစားရေးအတွက် အကူအညီပေးကြ ရန် ပန်ကြားခဲ့သည်။ နှစ်ပေါင်း အတန်ကြာ ရန်လိုမှုကို ခဝါချအဆုံးသတ်ကာ ဗီယက်နမ်နှင့်သံတမန်ပြန်လည် ဆက်ဆံရန် အမေရိကန်သမ္မတ ကလင်တန်၏ ဆုံးဖြတ်ချက်ကို ဝါရှင်တန်တွင် ထုတ်ပြန်ကြေညာပြီးနောက် နာရီပိုင်း အကြာတွင် ကိယက်၏မိန့်ခွန်း ထွက်ပေါ်လာခဲ့သည်။ ကလင်တန်၏ ဆုံးဖြတ်ချက်သည် ဗီယက်နမ်စစ်ပွဲအတိတ် ဖြစ်ရပ်များကို ပြည်ဖုံးကားချကာ ဗီယက်နမ်နှင့်ရင်းရင်းနှီးနှီးပုံမှန်ဆက်ဆံလိုသော အမေရိကန်အလွှာစုံ ပြည်သူတို့၏ သဘောထားနှင့် လိုက်လျောညီထွေရှိသော အရေးပါ သည့် ဆုံးဖြတ်ချက်အဖြစ် ကိယက်က ကြိုဆိုလိုက်သည်။ ၁၉၇၅ ခုနှစ်၊ ဧပြီလအတွင်း ဗီယက်နမ်စစ်ပွဲ ပြီးဆုံးကာနီးတွင် ဗီယက်နမ်လူမျိုး နှစ်သန်းခန့် ဗီယက်နမ်မှ ထွက်ပြေးခဲ့ ကြရာ ၁၉၈၀ ပြည့်လွန် နှောင်းပိုင်းတွင် ပိုမိုများပြားလာခဲ့ သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံအား အာဆီယံ အဖွဲ့၏ ပထမဦးဆုံးသော ကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆိုလက်ခံခဲ့သည်။ ဗီယက်နမ်နိုင်ငံအား အာဆီယံ၏ သတ္တမမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆိုသည့် သာမန် အခမ်းအနားတွင် အာဆီယံနှစ်ပတ်လည်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဘရူနိုင်းနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး မိုဟာမက်ဘိုစီးယားက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ယင်းအခမ်းအနားတွင် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင် မန်ကမ်က အာဆီယံအဖွဲ့သို့ ဗီယက်နမ်နိုင်ငံ တရားဝင် ဝင်ရောက်သည့် အထိမ်းအမှတ် အဖြစ် အာဆီယံကြေညာစာတမ်းကို လက်မှတ်ရေးထိုးနေ စဉ် အခြားအာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက စောင့်ကြည့်နေကြသည်။ ဗီယက်နမ်သည် အာဆီယံအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ အခြေခံမှု များနှင့် စည်းမျဉ်းများအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန် တာဝန်ရှိလာပြီဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ကမ်က ပြောကြားသည်။ ဗီယက်နမ်အား အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အင်ဒို

နီးရား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ တို့မှ နိုင်ငံခြားရေးဝန်ကြီးများက မိန့်ခွန်းပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအား ချီးကျူးစကား ပြောကြားကြသည်။

ဗီယက်နမ်နိုင်ငံတွင် ကောက်ပဲသီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၌ စပါးစိုက်လယ်ယာမြေဧရိယာ တိုးချဲ့ရန် ဝန်ကြီးချုပ် ဖိုဗန်ကိယက် ညွှန်ကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံ၏ ကိုယ်ပိုင်ဆန်ဖူလုံမှုအနေအထား လက်လွတ်ဆုံးရှုံးသွားဖွယ်ရှိသော အရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် တိုးပွားများပြားလာနေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်ကြရာတွင် ဆန်စပါးထုတ်လုပ်နေသော လယ်ယာမြေများကို စက်ရုံအလုပ်ရုံနေရာများအဖြစ်သို့ ပြောင်းလဲပစ်နေကြသည်။ သို့ရာတွင် ဝန်ကြီးချုပ် ဖိုဗန်ကိယက်အပါအဝင် ဗီယက်နမ် ခေါင်းဆောင်များက ကမ္ဘာတွင် ပြည်ပဆန်တင်ပို့မှု၌ ဒုတိယအများဆုံး တင်ပို့နေသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းကြောင့် မိမိနိုင်ငံစားသုံးမှု ဖူလုံရေးအတွက် လိုအပ်သောဆန်စပါးကို ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်သောစွမ်းရည် ဆုံးရှုံးသွားမည့်အရေးကို စိုးရိမ်မကင်းဖြစ်လျက် ရှိကြသည်။

ဝန်ကြီးချုပ် ကိယက်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသသို့ ရောက်ရှိစဉ် ဒေသဆိုင်ရာ အာဏာပိုင်များအား မဲခေါင်ဒေသရှိ စပါးစိုက်ပျိုးသည့် လယ်ယာမြေဧက ၁၀ ဒသမ ၆ သန်း လျော့ကျမသွားရေးအတွက် ထိန်းသိမ်းရန်နှင့် လာမည့် ၁၅ နှစ်၌ ပြည်တွင်းစားသုံးရန် ဆန်ဖူလုံရေး အထွက်တိုးအောင် စိုက်ပျိုးကြရေးကို ညွှန်ကြားခဲ့ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု စာစောင်က ဖော်ပြသည်။

ဝန်ကြီးချုပ်၏ လမ်းညွှန်လျာထားချက်ကို ပြည့်ဆည်းနိုင် ရေးအတွက် လယ်ယာဦးကြီးများသည် ဗီယက်နမ်၏ လူဦးရေ တိုးနှုန်းဖြစ်သော တစ်နှစ် နှစ်ရာခိုင်နှုန်း တိုးပွားမှုနှင့် အညီ စပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အထွက်တိုးလာအောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ပြင် ဝန်ကြီးချုပ် ကိယက်က မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသမှ တောင်သူဦးကြီးများ အနေဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်သမားများအား ဘဏ်များက အတိုးနှုန်းချိုသာသော ချေးငွေများပိုမိုထုတ်ချေးကြပါရန် တိုက်တွန်းလိုက်သည်။ လယ်ယာမြေဩဇာရှိမ်းခနှင့် စိုက်ပျိုးရေးအတွက် သုံးစွဲရသော ရေဖိုးရေခများကိုလည်း လျှော့ချကောက်ခံကြရန် ဒေသဆိုင်ရာ အစိုးရအရာရှိများကို ကိယက် က ညွှန်ကြားခဲ့သည်။

## စီးပွားရေး

ဗီယက်နမ်နိုင်ငံတွင် ပုဂ္ဂလိကပိုင် လူထုဆက်သွယ်ရေး ယန္တရား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အစိုးရရည်မှန်းချက် အောင်မြင်စေရန် အကူအညီပေးကြစေလိုသည်ဟု ဟိုချီမင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က လူထုဆက်သွယ်ရေးခေါင်းဆောင်များအား ဝန်ကြီးချုပ် ဖိုဗန်ကိယက်က ပြောကြားခဲ့သည်။ လူထုဆက်သွယ်ရေး ယန္တရားများ၌ နိုင်ငံခြားကုန်စည်များနှင့် ပတ်သက်၍ အလွန်အကျွံကြော်ငြာနေခြင်းထက် မိမိတို့၏ကုန်ပစ္စည်းများ ပိုမိုယှဉ်ပြိုင်နိုင်စေရေးအတွက် ပြည်တွင်းကုန်ပစ္စည်းများကို ပိုမိုအားရုံစိုက်ကြရန် ဖိုဗန်ကိယက်က တိုက်တွန်းလိုက်သည်။ ဗီယက်နမ်နိုင်ငံတွင် သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနများက ပြည်တွင်းကုမ္ပဏီများထက် နိုင်ငံခြားကုမ္ပဏီများအတွက် ကြော်ငြာခနှုန်း ပိုမိုယူကာ နေရာဖို့ပေးနေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့ရေး၊ ကြိုးနီစနစ်လျော့ချရေးနှင့် စတော့ရှယ်ယာ ဈေးကွက်တစ်ခု တည်ထောင်နိုင်ရေးအတွက် စည်းမျဉ်း မူဘောင်တို့ ချမှတ်သွားရေး စသည်တို့ကို ဗီယက်နမ်အစိုးရက ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဟိုတေးက ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။ ယခုရာစုနှစ်ကုန်ထက် နောက်မကျဘဲ တစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၄၀၀ ကို နှစ်ဆတိုးမြှင့်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်သွားနိုင်ရေးနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု အစိုးရက မျှော်လင့်ထားကြောင်း ဆေးရုံဂီအိဖွန် သတင်းစာအား ဟိုတေးက ပြောကြားခဲ့ သည်။

ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံပါမည်ဟု ၁၉၉၄ ခုနှစ်အတွင်း ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ပမာဏသည် ၁၉၉၃ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်း ၄,၀၄၀ အထိရှိကြောင်း ဗီယက်နမ်စီးပွားရေးသတင်းစာက ဇန်နဝါရီလ ၁၂ ရက်နေ့က ဖော်ပြရေးသားခဲ့သည်။ ၁၉၉၃ ခုနှစ်က ဗီယက်နမ်တွင် ရင်းနှီး

မြှုပ်နှံမည်ဟု ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီး မြှုပ်နှံငွေ ပမာဏသည် ဒေါ်လာသန်း ၂,၆၉၀ ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကတိပြုခဲ့သောပမာဏကိုပါ ထည့်သွင်းပါက ၁၉၈၈ ခုနှစ် မှ စ၍ ၁၉၉၄ ခုနှစ်ကုန်အထိ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံငွေ ပမာဏစုစုပေါင်းသည် ဒေါ်လာသန်း ၁၁,၀၀၀ ကျော်သွားပြီ ဖြစ်သည်။ ဟောင်ကောင် ၊ စင်ကာပူနှင့် ထိုင်ဝမ်တို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြရာ ၁၉၉၅ ခုနှစ်ဆန်းပိုင်းအထိ အတည်ပြုပြီး ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံအနက် ၄၀ ရာခိုင်နှုန်းရှိ ကြောင်း ဗီယက်နမ်အစိုးရက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှာ ဗီယက်နမ်နိုင်ငံ၌ ၁၃ နိုင်ငံမြောက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ် လာခဲ့သည်။ လိုင်စင်များ ရုပ်သိမ်းခံရသော ဒေါ်လာသန်း ၈၄၀ ဖိုးရှိ စီမံကိန်းများ မပါဝင်သည့် အဆိုပါစာရင်းများအရ အသားတင်ရင်းနှီး မြှုပ်နှံမှု ပမာဏသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလကထက် ၁ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းခဲ့သော ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စတင် လမ်းဖွင့် ပေးခဲ့သည်။ ဗီယက်နမ်၌ ထိုင်ဝမ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ် နှံမှု စီမံကိန်းများမှာ ဒေါ်လာသန်း ၂,၀၀၀ ဖိုး အထိရှိသည်။ ဟောင်ကောင်က ဒေါ်လာသန်း ၁,၈၀၀ နှင့် စင်ကာပူက ဒေါ်လာသန်း ၁,၀၀၀ ဖိုးအသီးသီး ရင်းနှီးမြှုပ်နှံလျက် ရှိသည်။ အမေရိကန်ကုမ္ပဏီများကလည်း ဒေါ်လာသန်း ၂၇၀ ဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ဗီယက်နမ်တွင် ကြိုးနီစနစ် နှင့် စီမံကိန်းလိုင်စင်ခွင့်ပြုချက်ရရှိရေးတွင် နှောင့်နှေး ကြန့်ကြာနေရခြင်းတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပျက်နေကြသည်။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ပြည်တွင်းပြည်ပ နစ်ဌာနတို့၌ သီတင်းသုံးတော်မူလျက် ရှိကြသည့် ထေရ ဝါဒ ဆရာတော် သံဃာတော်များအနက်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရန် သင့်လျော်သော ဆရာတော် သံဃာတော်များကို အဆင့်ဆင့်ရွေးချယ်စိစစ်ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့် ကြော်ငြာစာအမှတ် (၁/၉၅) ထုတ်ပြန်၍ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ–

| | |
|---|---|
| (၁) အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂ ပါး |
| (၂) အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၁ ပါး |
| (၃) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂၁ ပါး |
| (၄) သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၃၁ ပါး |
| (၅) ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၂ ပါး |
| (၆) ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၂ ပါး |
| (၇) စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၅၆ ပါး |
| (၈) စာချဘွဲ့တံဆိပ်တော်ရ သီလရှင် | ၅ ပါး |
| (၉) သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် | ၁ ပါး |
| (၁၀)သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၁)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၂)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး | ၂ ဦး |

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် (၁၃၉) ဦး ဖြစ်သည်။

သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သား သံဃာပရိသတ် လေးပါးတို့အား အရာဌာနအားလျော်စွာ သင့်လျော်ရာ ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှောက်တော် မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ထိုချီးမြှောက်မှု အစဉ်အလာကို ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်များက အမွေဆက်ခံခဲ့ကြပြီး ရာဇာဓိရာဇဂုရု စသော ဘွဲ့တံဆိပ်တော်များ ချီးမြှင့်လှူဒါန်းခဲ့ကြသဖြင့် ယခုတိုင်အောင် ထိုကောင်းမြတ်သော အစဉ်အလာမှာ တည်တံ့ခိုင်မြဲနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင်

၁၉၉၁ ခုနှစ်မှစ၍ ရှေးအစဉ်အလာက ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်များအပြင် သာသနာပြုဘွဲ့၊ စာချဘွဲ့၊ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာနုဂ္ဂဟဘွဲ့ စသည့် ဘွဲ့တံဆိပ်တော်အသစ်များကို တိုးချဲ့တီထွင် ပြဋ္ဌာန်း၍ အမျိုးဘာသာ သာသနာဂုဏ်ရောင် ထွန်းပြောင်တောက်ပစေရန်အတွက် ဆက်ကပ်လှူဒါန်းလာခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းရာ၌ ဆရာတော်အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသည့်ဂုဏ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအမြတ်ထား၍ ဆောင်ရွက်ခြင်း၊ သာသနာ့ဟိတဓရဂုဏ်၊ မယဉ်ကျေးသေးသူများ လိမ္မာယဉ်ကျေးလာအောင်၊ ယဉ်ကျေးပြီးသူများ ပို၍လိမ္မာယဉ်ကျေးပြီး လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ခံစားနိုင်အောင် အဆုံးအမဩဝါဒပေးချီးမြှောက်ခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာတော်အား စွမ်းအားရှိသမျှ အဘက်ဘက်မှ ကျေးဇူးပြုခြင်း၊ သာသနာ့ဗဟုပကာရဂုဏ်၊ ဥပါသကာ ယောက်ျား၊ ဥပါသိကာမများ၏ ဗုဒ္ဓမြတ်စွာသာသနာတော် အပေါ်၌ စေတနာသုံးတန် ထက်သန်စွာ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်းခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို ကြည်ညိုသဒ္ဓါပွားလျက် ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခြင်း ဖြစ်သည်။

ထိုထို ကျေးဇူးဂုဏ်များသည် ဗုဒ္ဓသာသနာတော်ကို အမှီပြု၍ ရရှိသည့် အကျိုးတရားများဖြစ်၍ လောကလူသားအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်သောကြောင့် လောကဟိတဓရဂုဏ်များလည်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်များသည် လောကသံသရာ နှစ်ဖြာသောအကျိုးကို ပွားတိုးစေနိုင်ပြီး ချမ်းသာသုခအဝဝကို ရရှိခံစားစေနိုင်သောကြောင့် အရှင်မြတ်တို့အား လှူဒါန်းပူဇော်ကြသော နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့မှာလည်း လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကောင်းကျိုးမင်္ဂလာအဖြာဖြာကို အမှန်ပင် ရရှိကြလိမ့်မည်ဟု ယုံကြည်လျက် ၁၉၉၅ ခုနှစ်၊ ဘွဲ့တံဆိပ်တော်အသီးသီး ဆက်ကပ်လှူဒါန်း ခံကြရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတချို့၏ ထေရုပ္ပတ္တိများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**

**ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်**

## ဆရာတော် ဘဒ္ဒန္တ ဝိဇယ

(သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဝိဇယကို ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျုံတကင်းကျေးရွာတွင် ခမည်းတော် ဦးဘိုးလေး၊ မယ်တော် ဒေါ်ညီမတို့က သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီ အချိန်၌ မိးရှူးသန့်စင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အနီးရှင်းတိုက်လေးပင်ကျောင်း ပဌမဆရာတော် ဦးဇာဂရမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ဘွဲ့တော်မှာ "ရှင်ဝိဇယ" ဖြစ်သည်။

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄) ရက်၊ ကြာသပတေးနေ့၌ ရှင်းတိုက်လေးပင်ကျောင်း ဓမ္မသိမ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥက္ကံမြို့၊ ရွှေဘိုကျောင်း ဆရာတော် ဦးခေမိန္ဒမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ကိုးနှစ်သားအရွယ်မှစ၍ ဇကာကြီးနယ်၊ ငပြင်းချောင်းရွာ၊ မဲဇလီကျောင်း ဆရာတော် အရှင်ဝါသဝမထေရ်ထံတွင် သူငယ်တန်းနှင့် သုဝဏ္ဏသာမဇာတ်တော်ကုန်အောင် (ကျောင်းသားဘဝက) သင်ယူခဲ့သည်။

၁၃ နှစ်သားအရွယ်၌ ရှင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ ပိဋကအခြေပြု သဒ္ဒါ၊ သင်္ဂဟ၊ ဝိနယ စသည်တို့ကို သင်ယူခဲ့သည်။

၁၆နှစ်သားအရွယ်မှစ၍ အရှင်ဝိစိတ္တာဘိဝံသ (သကျသီဟ ဓမ္မာစရိယ) ထံ၌ သဒ္ဒါကြီး၊ နျာသကျမ်း၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဂန္ဓာဘရဏ စသည်တို့ကို သင်ယူခဲ့သည်။

ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ အဘိဓမ္မာညဝါများနှင့် ဝိနည်းပါဠိတော် အဌကထာများကို သင်ယူခဲ့ပြန်သည်။

ဆရာတော် လောင်းလျာသည် ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့၊ ညောင်ကန်တိုက်၊ တိုက်အုပ်ဆရာတော် ဦးဣန္ဒ၊ ရွှေရေးဆောင်ဆရာတော် ဦးကြည် (ဦးအာဒိစ္စရံသီ)၊ ဘုရားကြီးတိုက်ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိမလတို့ထံ၌ ကင်္ခါအဌကထာ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဌသာလိနီနှင့် ဝိနည်းပါဠိတော် အဌကထာ ဋီကာများကို တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးခဲ့သည်။

ထို့နောက် ဆရာတော် လောင်းလျာသည် မန္တလေးမြို့မှ မိုးဦးတောင်ရွာ(ယခု မအူတောင်ရွာ) စာသင်တိုက်ရှိ ဆရာတော် ဦးနာရဒထံ၌ နိကာယ်ငါးရပ်ဆိုင်ရာ ပါဠိတော်၊ အဌကထာ၊ ဋီကာများနှင့် သက္ကတကျမ်းများကို သင်ယူခဲ့သည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ရဟန်းငါးဝါရသောအခါ မန္တလေးမြို့မှ နေရပ်ဖြစ်သော ရင်းတိုက်လေးပင်ကျောင်းသို့ ပြန်ကြွလာ၍ ကျေးဇူးရှင်ဆရာတော်က စာပို့ချရန် တာဝန်ပေးသဖြင့် ထိုတာဝန်ကိုယူပြီး ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

ခုနစ်ဝါရပြီးသောအခါ ဘုရားကြီးတိုက် ဆရာတော်ကြီးနှင့် ကျေးဇူးရှင်ဘုန်းတော်ကြီး ဦးဝါယမတို့၏ စေခိုင်းတိုက်တွန်းချက်ကို ခံယူလျက် ၁၂၈၆ ခုနှစ်မှ စတင်ကာ ဉက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၌ စာသင်တိုက်ဖွင့်လှစ်၍ စာသင်သား သံဃာတော်များကို အုပ်ချုပ်တော်မူ၍ ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်၊ တိုက်ကြီးမြို့နယ်၊ ရွှေကျင်ဂိုဏ်းကြီး၏ နာယက၊ ဝိနယာဓိက ပရိယတ္တိစာပြန်ပွဲကြီး၏ နာယက၊ လောကမှန်ကူကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ လောကမာရ်အောင်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ ရွှေတောင် ဆံတော်ရှင်ပါဒ စေတီတော်ကြီး ဂေါပကအဖွဲ့တို့၏ နာယက ဩဝါဒါစရိယ ဖြစ်တော်မူသည်။

ဝါတွင်းဝါပ ဥပုသ်နေ့များ၌ တရားဟောကြားခြင်း၊ ရောက်ရှိလာသော ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေးတိုက်ကျွေးခြင်းစသော သာသနာ့တာဝန်များကို မေတ္တာရှေ့ထားပြီး အမြဲဆောင်ရွက်တော်မူသည်။

တိုက်ကြီးမြို့နယ်၊ ဉက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းမြို့၊ ဝေဠုဝန်စာသင်တိုက်တို့ကိုတည်ထောင်၍ ပရိယတ္တိ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူလျက် ရှိပေသည်။

ထို့ပြင် သာသနာတော်၌ ထင်ရှားသော ဉက္ကံမြို့၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု)၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းတိုက်၊ ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဩစတြေးလျနိုင်ငံ၊ ဒေါက်တာ ဘဒ္ဒန္တ ဇာဂရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊ ဟင်္သာတမြို့၊ ရတနာဗိမာန်ကျောင်းတိုက်၊ ဘဒ္ဒန္တ လာဘသာမိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇလွန်မြို့နယ်၊ ငါးအိမ်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ (ဓမ္မာစရိယ) စသော ရဟန်း တပည့်ကြီးများကို ပေါ်ထွန်းစေခဲ့သည်။

**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာ့အကျိုး လောကအကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေကာ၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဉက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၏ အဓိပတိဖြစ်သော ဆရာတော် ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဘိဝံသ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

## မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်

## ညောင်ရမ်း ပါဠိတက္ကသိုလ် ဝါးတန်းစာချကျောင်း

# ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ

(သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသကို မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာတွင် ခမည်းတော် ဦးဘိုးထွန်း၊ မယ်တော် ဒေါ်ဒေါ်ကောက်တို့က သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ညဥ့် (၁) နာရီ အချိန်တွင် မိဖွားသန့်စင် ဖွားမြင်တော်မူသည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၈ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်၊တပို့တွဲလဆန်း ၈ ရက်နေ့၌ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်း၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်က "ရှင်ဉာဏ" ဟု ဘွဲ့ အမည်တော် ချီးမြှင့် ပေးအပ် တော်မူ ခဲ့ရာ ယနေ့တိုင် ထိုအမည်ဖြင့် ထင်ရှားတော်မူလျက်ရှိသည်။

သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီအချိန်တွင် ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်း စာသင်တိုက်၊ ခဏ္ဍသိမ်တော်၌ မင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် ဖြူးမြို့၊ လမ်းကောက်ရပ်၊ သိမ်ကျောင်း အမကြီး ဒေါ်ဖုံကို အမှူးပြု၍ ဗန္ဓုလဆေးလိပ်ခုံ ပိုင်ရှင်များ ဖြစ်ကြသော သား ဦးအုံး၊ သမီး ဒေါ်ဖွားရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာ၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇ၊ ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုသလ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တ ရေဝတ (အဘိဝံသ မဟာရဋ္ဌဂုရု )၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာ တော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဝံသမဟာရဋ္ဌဂုရု )။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးကြယ် (အဂ္ဂ မဟာပဏ္ဍိတ)၊ ဆရာတော် ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) စသော ပိဋကတ် အကျော်အမော် ဆရာတော်များထံ၌ တပည့်ခံကာ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ နေ့ဝါ ညဝါ ကျမ်းစာအမျိုးမျိုး တို့ကို ၁၅ နှစ်သား ရှင်သာမဏေဘဝမှစ၍ ရဟန်းဘဝ ၁၅ ဝါ ရသည်အထိ ကောင်းစွာ သင်ကြားဆည်းပူးတော် မူခဲ့သည်။

### စာမေးပွဲများ အောင်မြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စာပေပရိယတ္တိများ သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအသီးသီး ရရှိတော်မူခဲ့သည်။ အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမငယ်၊ လတ်၊ ကြီးတန်းများကိုလည်းကောင်း၊ အစိုးရပထမပြန်စာမေးပွဲ၌ ပထမငယ် ၊ လတ်၊ ကြီး တန်း များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲကို ဓမ္မာစရိယကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးငါးကျမ်းဖြင့် လည်းကောင်း၊ ရန်ကုန် စေတိယင်္ဂဏစာမေးပွဲတွင် စာသင်တန်းနှင့် ဂဏဝါစက ဓမ္မာစရိယဘွဲ့ရ စာချတန်း ကိုလည်းကောင်း၊ မန္တလေး ပရိယတ္တိ (သကျသီဟ) စာမေးပွဲတွင် စာသင်တန်းနှင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ရ စာချတန်းကိုလည်းကောင်း၊ အောင်မြင် တော် မူရုံမျှမက တိပိဋကဝရစာမေးပွဲတွင် ဝိသိဋ္ဌဒီဃ ဘာဏကဘွဲ့ ဒီဃနိကာယ်သုတ်သုံးကျမ်း အာဂုံဂုဏ်ထူး ၊ ဒီဃနိကာယကောဝိဒဘွဲ့ ဒီဃနိကာယ်သုတ် သုံးကျမ်း သဘောရေးဖြေတို့ကိုအောင်မြင်တော်မူသောကြောင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော် အောင် လက်မှတ်နှင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူ ရရှိတော်မူသည်။ ထို့ပြင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရက လှူဒါန်းသော လစဉ်ဆွမ်းဆန်တော်နဝကမ္မ ဝတ္ထုငွေနှင့် ကုန်း၊ ရေ အခမဲ့ အထက်တန်း ခရီးသွား လက်မှတ်များကိုပါ ခံယူရရှိတော်မူသည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် ပိဋကတ်ကျမ်းစာများကို ပါရဂူ ရောက် တတ်မြောက်လိမ္မာအောင်သင်ယူ၍ စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ပြီးနောက် မန္တလေးမြို့တွင် စာသင်သံဃာ ၅၀၀ ကျော်ရှိသော မိုးကောင်း ကျောင်းတိုက် ကြီး၌ ပဓာနစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ညောင်းရမ်း ပါဠိတက္ကသိုလ်၏ ကထိကစာချအဖြစ်လည်းကောင်း၊ ၁၀၀ မှ ၃၀၀ ကျော်မျှသော စာလိုက်သံဃာတော်တို့အား ပါဠိတော်အဋ္ဌကထာဋီကာ နေ့ဝါညဝါကျမ်းအမျိုးမျိုးတို့ကို နှစ်ပေါင်း ၃၀ ကျော် အမြဲမပြတ် ပို့ချသင်ကြားပေးတော် မူခဲ့သည်။

ဆရာတော်ပို့ချသင်ကြားပေးသော စာဝါများကို အမှီပြု၍ ငယ်၊ လတ်၊ ကြီး စာမေးပွဲနှင့် ဓမ္မာစရိယတန်း စာမေးပွဲ အောင်မြင်ခဲ့သူတို့မှာ ရာပေါင်းများစွာရှိခဲ့သည်။ မြန်မာနိုင်ငံတော်အတွင်း အမြို့မြို့အနယ်နယ်ရှိ စာသင်တိုက် များ၌ စာချနေကြသော စာချဆရာတော်များ၊ တရား ဟောနေကြသော ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာန်း တရားပြနေကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သည် အများအားဖြင့် ဆရာတော်ထံ စာလိုက်ခဲ့ဖူးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

**စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း**

ဆရာတော်သည် တပည့်သံဃာတော်များအား စာပေ ပို့ချပေးတော်မူရင်း သာသနာတော်အတွက် ကျေးဇူးများ သော ဖော်ပြလတ္တံ့ပါ စာပေကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။ ဓမ္မာစရိယလမ်းညွှန်ကျမ်း (နှစ်ကြိမ် ပုံနှိပ်ပြီး)၊ ဝိနည်းဓိုရ် လမ်းညွှန်ကျမ်း (ပုံနှိပ်ပြီး)၊ သမထ ဝိပဿနာ လမ်းညွှန်ကျမ်း(ကော်ပီမူ)၊ ယဉ်ကျေးမှု လမ်းညွှန်ကျမ်း(ပုံနှိပ်ပြီး) တို့မှာ ဆရာတော် ရေးသားပြုစု သော ကျမ်းများဖြစ်သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဖော်ပြပါကျောင်း၊ ကျောင်းတိုက် များ၏ ဦးစီးပဓာန နာယကအဖြစ် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင် လျက်ရှိသည်–

(၁) ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ပရိ ယတ္တိ စာသင်ကျောင်းတိုက်

(၂) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျောင်း

(၃) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ညောင်ပင်လှတိုက်ကျောင်း

(၄) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု၊ ကန်ညီနောင် တောရကျောင်း

(၅) မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဝါးတန်း စာချကျောင်း

ဆရာတော်သည် စာပေကျမ်းဂန်များကိုပို့ချ သင်ကြား ရေးသားပြုစုတော်မူရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အကျိုးသက်ရောက် စေနိုင်သော သာသနာရေးတာဝန်မှန်သမျှကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီး၌ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်များ၏ တာဝန် ပေးချက်အရ မူလပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓေယျ၊ ဆဋ္ဌသင်္ဂီတိကာရက တာဝန်များကို ကျေပွန် စွာထမ်းဆောင်တော်မူခဲ့သည့်အပြင် မန္တလေး အနောက် တောင်မြို့နယ် (ယခု ချမ်းအေးသာဇံမြို့နယ်) ဝိနိစ္ဆယဋ္ဌာန ဝိနည်းဓိုရ်နှင့် နည်းလမ်းလေးသွယ်တွင် စတုတ္ထနည်း လမ်းအရ ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် သာသနာရေး တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက် တော်မူခဲ့သည်။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ (၆၆) ပါး ကိုယ်စားလှယ်အဖွဲ့ဝင် မူလသံဃာ့ဝန်ဆောင်၊ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တော်မူသည့် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှစ၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့် ထမ်းဆောင်တော်မူလျက်ရှိသည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဝုရာဝဟ၊ မဟာထေရ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဝါးတန်းစာချကျောင်း၏ အဓိပတိဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ရွှေဘုန်းပွင့်ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ

(သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒကို တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့တွင် ခမည်းတော် ဦးအောင်သာ၊ မယ်တော်ဒေါ်ငွေမှုံတို့က ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ မွေးချင်း ခြောက်ဦးရှိသည့်အနက် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ချစ်လှိုင်ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ်အရွယ် ၁၂၈၈ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်းဆရာတော် ဦးဝါသဝထံ၌ ရှင်သာမဏေပြုတော်မူသည်။ ၁၂၉၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့ နံနက် ၉ နာရီအချိန်တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ခဏ္ဍသိမ်၌ မော်ရှည်ကုန်း ကျောင်းကြီးဆရာတော် ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် သရက်ချောင်းမြို့၊ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘိုးတီထံတွင် သတ္တမတန်းအောင်မြင်သည်အထိ သင်ကြားခဲ့သည်။ သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ဆရာတော်ဦးဝါသဝ၊ ရန်ကုန်မြို့၊ဇေယျဝတီ ကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသ၊ ညောင်တုန်းမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဦးရေဝတ၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ (မန္တလေးတိုက်) ဆရာတော် ဦးပခန်း (ခ) ဦးဝိစာရ၊ ဦးသဒ္ဒမ္မာလင်္ကာရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ကဗျာနန်ဆရာတော် ဦးနန္ဒဝံသ၊ တောင်မြို့ တူးမောင်တိုက် ဆရာတော်တို့ထံ၌ အခြေခံစာပေမှစ၍ ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုးကုန်အောင် ဆရာနည်းကျ သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် ၁၃၀၉ ခုနှစ်မှစ၍ ပခုက္ကူမြို့ သာသနဝိလာရာမ ကျောင်းတိုက်၌ စာချဆရာတော်အဖြစ်ဖြင့် နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း စာဝါများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို ပို့ချ ပေး ခဲ့သည်။ ထို့ပြင် သီတင်းသုံးရာ ထားဝယ်မြို့၊ ရွှေဘုန်းပွင့် ကျောင်းတိုက်၌ ယနေ့ထိ စာပေများ ပို့ချပေးလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မော်ဘိမြို့၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး၌ တနင်္သာရီတိုင်း သံဃာ့ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်သည်မှ ယနေ့တိုင်အောင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ်အဖြစ်လည်းကောင်း သာသနာရေး တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဒ္ဓီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒသည် ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ ပြည်မြို့

### ပွင့်လှသိမ်ကုန်းကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ

(သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသကို ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာတွင် ခမည်းတော် ဦးဒေါင်းဦး၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီ အချိန်တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် ပထမဦးဆုံး သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဘဒ္ဒန္တတိက္ခ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်း တော် မယ်တော်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညိန္ဒ ဖြစ်သည်။

၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာ ဆရာဘုန်းတော်ကြီးထံ၌ ပရိတ်ကြီးအတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရစသည့် အခြေခံစာများကိုလည်းကောင်း၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ဘဒ္ဒန္တတိက္ခဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ မန္တလေးကျောင်းတိုက်ဆရာတော် ဦးပခန်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဦးပဒုမ စသောဆရာတော်ကြီး များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော် လောင်းလျာသည် အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူပြီးနောက် ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို အပြီးသတ်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချပေးတော်မူခြင်း

ဆရာတော်သည် သဒ္ဒါ၊ သင်္ဂြိုဟ် စသောအခြေခံကျမ်းစာများနှင့် ဝိနည်းငယ် လေးစောင်၊ ကင်္ခါအဋ္ဌကထာ ဝိနည်း ငါးကျမ်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ကြားပို့ချလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ပါဠိ ဘာဏက၊ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရ စာပြန်ပွဲများ၌ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း၊ ပြည်မြို့နယ်၊ မြို့နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်း ဓိုရ် အဖြစ်လည်းကောင်း၊ ပြည်မြို့၊ ရွှေဆံတော်ဘုရား၊ ဆယ်ထပ်ကြီးဘုရားနှင့် ပရိယတ္တိဓမ္မာ နုဂ္ဂဟ အသင်းကြီးတို့၏ ဩဝါဒါစရိယ အဖြစ်ဖြင့်လည်းကောင်း၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဂုဏ်တော်စာမေးပွဲ၌ ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ ချင်းရဲ

ကျွန်းရွာ ကျောင်းနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မာလင်္ကာရ ကျောင်းတိုက်တို့ကို တည်ထောင်၍ လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသသည် ၁၃၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ဉာဏိက

(သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဉာဏိကကို ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်တွင် ခမည်းတော် ဦးဘိုးချမ်း၊ မယ်တော် ဒေါ်ရွှေသွယ်တို့က သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုန်လဆန်း (၃) ရက် အင်္ဂါနေ့၌ ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တွင် ဒုတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့် ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် (၈) နှစ်သားအရွယ်တွင် အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး အရှင်သူရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ဉာဏိက ဖြစ်သည်။

၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ စံကျောင်းဆရာတော်ဘုရားကြီး ဦးမေဓာကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့၊ မြေပိုင်ရှင် စက်သူဌေးကြီး ဦးရွှေဖေ၊ ဒေါ်စိန်တင်၊ သားပါလီမန်အတွင်းဝန်ဟောင်း ဦးမောင်မောင်၊ ဒေါ်ကြည်ယုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် အသက် ခုနစ် နှစ်အရွယ် ကျောင်းသားဘဝတွင် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး စသော အခြေခံစာပေများကိုလည်းကောင်း၊ သာမဏေဘဝတွင် သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပရိယတ်အခြေခံများကိုလည်းကောင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဘုန်းတော်ကြီး၊ စာချဘုန်းတော်ကြီး ဦးကာရုဉတို့ထံတွင် သင်ယူခဲ့သည်။

ရဟန်းဘဝတွင် တောင်မြို့၊ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ဦးဝိမလ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မင်္ဂလာတိုက်သစ်ဆရာတော် ဦးဓမ္မသာမိနှင့် ဦးဥက္ကံသတို့ထံတွင် လည်းကောင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ပထမကျော် ဆရာတော် ဦးဝါယမ၊ သပြေပင်တောရ ဆရာတော် ဦးကေဝလတို့ထံတွင် လည်းကောင်း၊ ပခုက္ကူမြို့၊ ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ) စသော စာချဆရာတော်တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ အဘာယရာမ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အရှင်ဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ) ရွှေရေးဆောင် ဆရာတော်ဦးပဏ္ဍဝ၊ ဦးအာစာရ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ညောင်ကန်ဆရာတော် ဦးဣန္ဒတို့ထံတွင်လည်းကောင်း ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ကြားဆည်းပူးခဲ့သည်။

### အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ဆရာတော်သည် ရှင်သာမဏေဘဝဖြင့်ပင် အစိုးရ ပထမငယ်၊ ပထမလတ်တို့ကို အောင်မြင်တော်မူခဲ့ပြီး ရဟန်း

(၁)ဝါအရတွင် အစိုးရပထမကြီးတန်းကို မြန်မာ တစ်နိုင်ငံလုံး (၁) နံပါတ်ဂဏန်းဖြင့် အောင်မြင်တော်မူခဲ့သည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းဝါ(၁၀)ဝါအရမှစ၍ ယနေ့ထိအောင် အုတ်တွင်းမြို့၊ ကန်ကလေး တောရကျောင်းတိုက်တွင် ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာဝါများကို သင်ကြားပို့ချပေးလျက် ရှိသည်။

## သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ ၁၃၁၈ ခု၊ ပဲခူးမြို့ နဝမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယဗဟိုဌာနဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ်၊ စစ်ကိုင်းမြို့၊ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကြီး၌ ရတ္တညူမဟာနာယကအဖြစ်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့၊ မိုးကောင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ အဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုးသော သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူလျက် ရှိသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏိကသည် ၁၃၅၆(၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### မကွေးတိုင်း၊ မင်းလှမြို့၊ ရတနာကဲကျောင်း

# ဆရာတော် ဘဒ္ဒန္တ သုဇာတ

(သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၁ ဝါ)

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ သုဇာတကို မကွေးတိုင်း၊ မင်းလှမြို့နယ်၊ ရွာတော်ရွာ၌ ခမည်းတော် ဦးထွန်းအေး၊ မယ်တော် ဒေါ်လှရင်တို့က ၁၂၇၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊ သောကြာနေ့နံနက် ၆ နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်း ကိုးယောက်အနက် ဒုတိယမြောက်သားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်သာထွန်း ဖြစ်သည်။

## ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့နံနက် ၉ နာရီတွင် မင်းလှမြို့၊ ရတနာကဲကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုဇာတ ဖြစ်သည်။

၁၂၉၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့တွင် မင်းလှမြို့၊ အမှတ် (၂) ရပ်ကွက် ဒေါ်သစ်၊ ဒေါ်အေးရှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မင်းလှမြို့၊ ရွှေယင်းမာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့၊ ရွှေဘုန်းသာခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ကျောင်းသားဘဝတွင် မင်းလှမြို့၊ ရတနာကဲကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာ ထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်ကို သင်ယူပြီး ရှင်သာမဏေဘဝတွင် မင်းလှမြို့၊ ရတနာကဲ ကျောင်း ဆရာတော် ဦးဂန္ဓမာနှင့် မင်္ဂလာရန်အောင် ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမတို့ ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်စသော ပိဋကတ်အခြေခံပညာများကို သင်ယူခဲ့သည်။

ရဟန်းဘဝတွင် မင်းလှမြို့ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနှင့် မန္တလေးမြို့၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ သူရိယ (အဘိဓဇ မဟာရဋ္ဌဂုရု)စ သော ထင်ရှား ကျော်ကြားသည့် ဆရာတော်များထံတွင် သုတ် သုံးကျမ်း၊ ဝိနည်းငါးကျမ်း စသော ပိဋကတ်ကျမ်းစာ များကို သင်ရိုး ပေါက်မြောက်အောင် သင်ယူခဲ့သည်။

### စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ရတနာကံကျောင်း ပရိယတ္တိစာသင်တိုက်ကို ၁၃၄၄ ခုနှစ်တွင် စတင်တည်ထောင်ပြီး စာသင်သားသံဃာတော်များလက်ခံ၍ သဒ္ဒါ၊သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်ကျမ်းကြီးများကို နေ့ဝါ၊ ညဝါ အမျိုးမျိုး စုံလင်စွာ သင်ကြားပို့ချတော်မူခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ဝိနယာဓိက စာမေးပွဲကျင်းပရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သာသနာပြု တရားဟော ဓမ္မကထိကအဖြစ် လည်းကောင်း၊ နှစ်စဉ် ဝါတွင်း (၃) လပတ်လုံး ဥပုသ်သီတင်းပတ်များတွင် အဘိဓမ္မာတရားပွဲများ ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ သရက်အခြေခံဒေသ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယက အဖွဲ့ ဖွဲ့စည်းရွေးချယ်ရာတွင် နာယကဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဝုရာဝဟ၊ ပရိယတ္တိ ဝိသာရဒ၊ လဒ္ဓိပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တ သုဇာတ"သည် ၁၃၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

(ဦးအုန်းလှိုင်)



**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၅)။** ။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု အကျင့်ဆိုးသည် ကမ္ဘာအနှံ့ ပြန့်ပွားလျက်ရှိရာ မျက်မှောက်ကာလတွင် နိုင်ငံအသီးသီးက စိုးရိမ်ပူပန်ရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်း စိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေး" ဟူသော အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာနှစ်ရပ် ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက် လျက် ရှိသည်။ ၁၉၉၅ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။

### လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း ၄၊ ပုဒ်မ ၇ နှင့် ၈ အရ ဖွဲ့စည်းထားသော တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့၊ တားဆီးနှိမ်နင်းရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေး အဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့၊ နိုင်ငံတကာ ဆက်ဆံရေးအဖွဲ့၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့များနှင့် ဒေသ ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းကို မတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်သည်။



မီးရှို့ဖျက်ဆီးရမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို နိုင်ငံခြား သံရုံးများမှ သံတမန်များ စစ်ဆေးကြည့်ရှုစဉ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၉၅ ဖြင့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ယင်းနည်းဥပဒေတွင် အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၆၅ ခု ပါရှိသည်။

## ကုလသမဂ္ဂ – မြန်မာ ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းခွဲနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မြန်မာ – တရုတ် နယ်စပ် ဒေသ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးစီမံကိန်းခွဲနှင့် “ဝ”ဒေသ ဝမ်ဟိုတောင်း ကျေးရွာအုပ်စု လူမှု– စီးပွား ဘက်စုံ ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်းခွဲတို့ကို ၁၉၉၅ ခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု အမြန်စီစစ်အကဲဖြတ်ရေး စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၉၅ ခုနှစ်၊ မတ်လအထိ ဆောင်ရွက်ခဲ့ရာ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၃၁,၆၄၀ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ လစာထည့်ဝင်သည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ဒုတိယအကြိမ်မြောက် ဓာတုဗေဒဆေးဝါးထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျွမ်းကျင်သူများ၊ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ Ms. Sue Bromley ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံး ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်သုံးဦး ပါဝင်သော မြန်မာ – အမေရိကန် ပူးပေါင်းဘိန်းထွက်နှုန်းတိုင်းတာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်ကျေးရွာနှင့် မိုင်းတိုကျေးရွာအနီးသို့လည်းကောင်း၊ ၂၁ ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအနီးသို့လည်းကောင်း၊ ၂၂ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းအင်နယ်မြေသို့လည်းကောင်း၊ ၂၃ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မန်ခိုပြင်းကျေးရွာနှင့် မန်ထန်ကျေးရွာအနီးသို့လည်းကောင်း၊ ၂၄ ရက်နေ့တွင် ဟိုပန်မြို့နယ်၊ပန်လုံဒေသနှင့် ကွန်လုံမြို့နယ်၊ တာရှေထန်ကျေးရွာအနီးရှိ ပေ ၇,၀၀၀ ကျော်မြင့်သော လွယ်ပင်းရဲတောင်ထိပ်သို့လည်းကောင်း သွားရောက်ပြီး ရှမ်းပြည်နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဒုတိယအကြိမ် ဘိန်းထွက်နှုန်း တိုင်းတာရေး စီမံကိန်းအတွက် ဘိန်းပင်နမူနာ ရယူခြင်း၊ ဘိန်းခင်းများတိုင်းတာခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ မြေဆီလွှာနမူနာများ ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်မန်ကမ်းတို့သည် မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို မတ်လ ၁၁ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးသည်။

ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးလှုံ့ဆော်မှုတားဆီးနှိမ်နင်းရေး အစည်းအဝေးကို မတ်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အရာရှိ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ၊ အေပီတီဗွီ၊ တိုင်းမ် မဂ္ဂဇင်း၊ အင်န်အိပ်ချ်ကေ သတင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ် အနောက်ခြမ်းသို့ သွားရောက်ပြီး တပ်မတော်က သိမ်းပိုက် ရရှိခဲ့သော ဘိန်းဓာတ်ခွဲစက်ရုံ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်စခန်း နှင့် အခိုင်အမာအခြေပြုရာစခန်းများ၊ လက်နက်ခဲယမ်း ပစ္စည်းများကို လေ့လာသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ နှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် များသို့ သွားရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းခွဲ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ ပူးတွဲလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဆဋ္ဌမအကြိမ်အစည်းအဝေးကို မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့

တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မေလ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းမြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကချင်ဒေသအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကချင်အထူးဒေသ ၂ မှ တိုင်းရင်းသား ခေါင်းဆောင် များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်မဟာ ဗျူဟာလေ့လာရေးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးနှင့် ဂျပန် နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ကိစ္စများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးဌာန၊ နိုင်ငံခြား ရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက် ရောက်သည်။

၁၈ ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်း အဝေးကို ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်း နိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်သည်။

ရှမ်းပြည်နယ် "ဝ"ဒေသ တောင်ပိုင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ် စီမံကိန်းမူကြမ်း ရေးဆွဲထားရှိမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရုံး၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများ နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

အကြိမ် ၂၀ မြောက် အာရှနှင့်ပစိဖိတ်ဒေသရှိနိုင်ငံများ မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် များ အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ခြောက်ကြိမ်မြောက် မြန်မာ– ထိုင်း – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေးကို စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သောအဖွဲ့၊ မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်

ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့၊ ဧပြီလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ယူဂိုဆလားဗီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ဌာနေကိုယ်စားလှယ်ခေါင်းဆောင်သော အဖွဲ့တို့အား အသီးသီးတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးသည်လည်း မတ်လ ၂၈ ရက်နေ့ တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်လက်ထောက်အုပ်ချုပ်ရေးမှူး နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူးတို့အား တွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကိစ္စများ ဆွေးနွေးသည်။ ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော အဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်မှ ပုဂ္ဂိုလ်များစသည့် မူးယစ် ဆေးဝါး တားဆီးကာကွယ်ရေးတွင် တာဝန်ရှိသော ပြည်ပပုဂ္ဂိုလ်များနှင့်အသီးသီး လက်ခံတွေ့ဆုံ၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

## ဘိန်းခင်းများ ဖျက်ဆီးခြင်း

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် တရားမဝင်စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ရှာဖွေဖျက်ဆီးခြင်းဖြင့် ဘိန်းထွက်ရှိမှုကို တားဆီးနိုင်ခဲ့သည်။

၁၉၉၄ – ၉၅ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်တွင် ဘိန်းခင်း တစ်ဧက၊ တနိုင်းမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၆၀ ဧက၊ ဝိုင်းမော်မြို့နယ်တွင် ဘိန်းခင်း ၀ ဒသမ ၅၀ ဧက၊ ချင်းပြည်နယ်တွင် ဘိန်းခင်း ၉ ဒသမ ၉၈ ဧက၊ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်တွင် ဘိန်းခင်း ၃,၉၆၀ ဒသမ ၆၇ ဧက၊ ဖယ်ခုံမြို့နယ်တွင် ဘိန်းခင်း ၂,၃၅၄ ဒသမ ၈၀ ဧက၊ မိုင်းကိုင်မြို့နယ်တွင် ဘိန်းခင်း ၅၅၂ ဧက၊ လဲချားမြို့နယ်တွင် ဘိန်းခင်း ၅၄၅ ဧက၊ ကွန်ဟိန်းမြို့နယ်တွင် ဘိန်းခင်း ၃၁၃ ဒသမ ၅၀ ဧက၊ ကွတ်ခိုင်မြို့နယ်တွင် ဘိန်းခင်း ၃၁၂ ဒသမ ၅၀ ဧက၊ မိုင်းပန်မြို့နယ်တွင် ဘိန်းခင်း ၂၇ ဧက၊ နမ့်ခမ်းမြို့နယ်တွင် ဘိန်းခင်း ၂၇ ဒသမ ၂၅ ဧက၊ ကျိုင်းတုံမြို့နယ်တွင် ဘိန်းခင်း ၂၁ ဧက၊ သီပေါမြို့နယ်တွင် ဘိန်းခင်း ၁၀ ဒသမ ၇၀ ဧက၊ ဆီဆိုင်မြို့နယ်တွင် ဘိန်းခင်း ခုနစ်ဧက၊ မိုင်းရယ်မြို့နယ်တွင် ဘိန်းခင်း ၂ ဒသမ ၅၀ ဧက၊ လားရှိုးမြို့နယ်တွင် ဘိန်းခင်း ၁၈ ဒသမ ၅၀ ဧက၊ သိန္နီမြို့နယ်တွင် ဘိန်းခင်း ၁၁ ဧက စုစုပေါင်း ဘိန်းခင်း ၈,၁၇၉ ဒသမ ၅၀ ဧက ဖျက်ဆီးခဲ့ခြင်းကြောင့် ဘိန်းထွက်ရှိမှုတန်ချိန် ၃၅ ဒသမ ၉ တန် တားဆီးနိုင် ခဲ့သည်။

## တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှု လုပ်ငန်းများကို အရေးကြီးသောကဏ္ဍမှ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူသားများ၏အန္တရာယ် ဘိန်းဖြူများကို ရောင်းဝယ်သယ်ယူပို့ဆောင်နေသော ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်က အသက် သွေး ချွေး စတေး၍ နှိမ်နင်းတိုက်ဖျက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်အနောက်ခြမ်းရှိ နောင်ကန်၊ ကျဖိး၊ လွယ်ဟန်ကောင်းမူ၊ ဟုတ်ပူ၊ ဘာကျန်၊ မိုင်းထလန်း၊ မိုင်းတွယ်၊ ဖတ္တျူမိန်း ဒေသအတွင်း ဘိန်း စား ပြခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်လုပ်ရာစခန်းနှင့် အခိုင် အမာ အခြေပြုရာစခန်းများကို မတ်လ ၁၁ ရက်နေ့မှ မေလ ၅ ရက်နေ့အထိ တပ်မတော်က စစ်ဆင်ရေးပြုလုပ်ခဲ့ရာ တိုက်ပွဲကြီး– ငယ် ၆၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဘိန်းစားပြ ခွန်ဆာ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင် အလောင်း ၂၃၇ လောင်း၊

လက်နက်ကြီး၊ ငယ် မျိုးစုံ ၂၈ လက်၊ ဘိန်းဖြူချက်လုပ်ရာ စခန်း သုံးခုအပါအဝင် စခန်းကြီး၊ ငယ် ၄၅ ခုကို သိမ်းပိုက်ရရှိသည်။ ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းတိုက်ဖျက်ရေးအတွက် တပ်မတော်မှ အရာရှိတစ်ဦး အပါအဝင် စစ်သည် ၇၆ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ ခုနစ်ဦး အပါအဝင် စစ်သည် ၁၇၈ ဦး ဒဏ်ရာရရှိသည်။ တပ်မတော်က ဘိန်းဘုရင် ခွန်ဆာအဖွဲ့ကို နှိမ်နင်းတိုက်ဖျက်မှုကြောင့် ကမ္ဘာ့လူသားများ၏ အန္တရာယ် ဘိန်းဖြူ သုံးပုံနှစ်ပုံခန့် လျော့နည်းသွားသည်။

**မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း**

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးပြုလုပ်သော ချင်းပြည်နယ်အတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပထမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို တီးတိန်မြို့ ခွာဒိုခန်းမ၌ မတ်လ ၁၅ ရက် နေ့တွင် ကျင်းပခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဘိန်းဖြူ ၀ ဒသမ ၀၀၂၉ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလို၊ ၁၂၅ မီလီ လစ်တာဝင် ဖင်ဆီဒိုင်းဆေးရည် ၅,၅၁၈ ပုလင်း၊ ဆေးရည်ပမာဏ ၆၀၉ ဒသမ ၇၅ လစ်တာတို့ကို ဖျက်ဆီးခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့်အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲရိပ်သာ၌ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆီဒိုင်း ဆေးရည်နှင့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ကိုဒင်းအာနိသင် ပါသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်း အကြီးအသေး စုစုပေါင်း ၂၉,၂၄၄ ပုလင်း၊ ဆေးရည်ပမာဏ ၃,၈၁၉ ဒသမ ၄၁၄ လစ်တာကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ဖျက်ဆီးသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၁ ကိုလည်းကောင်း၊ အီတလီနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၂ ကိုလည်းကောင်း၊ မလေးရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၃ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၄ ကို လည်းကောင်း အသီးသီးနှိပ်၍ ဘိန်းဖြူ ၁၄၃ ဒသမ ၉၄၄ ကီလို၊ ဘိန်း ၁,၄၅၅ ဒသမ ၀၂၁ ကီလို၊ ဘိန်းဆီ ၁ဒသမ ၆၆၃ ကီလို၊ ဘိန်းရည် ၀ ဒသမ ၈၅၉ ကီလို၊ ဆေးခြောက် ၃၀၂ ဒသမ ၂၂၈ ကီလိုတို့ကို မီးရှို့ ဖျက်ဆီး ခဲ့သည်။


၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ကိုးကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၄၅၄ ဒသမ ၅၈၆ ကီလို၊ ဘိန်း ၉,၉၇၅ ဒသမ ၃၇၅ ကီလို၊ ဘိန်းဆီ ၆၉ ဒသမ ၉၀၀ ကီလို၊ ဘိန်းရည် ၁၁၇ ဒသမ ၀၁၀ ကီလို၊ ဘိန်းညို ၆၃ ဒသမ ၄၃၅ ကီလို၊ ဆေးခြောက် ၃,၈၈၄ ဒသမ ၆၄၃ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၃,၂၅၂ ဒသမ ၃၄၇ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ အခြားမူးယစ်ဆေးဝါးနှင့် ဆေးရည်များကို ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

(ဦးစိုးအောင်)

**မောင်မောင်ခ၊ ဦး (ခရစ် ၁၉၂၀ – ၁၉၉၅)။** ။ အငြိမ်းစားဗိုလ်မှူးကြီးနှင့် အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခကို အဖ ဦးချစ်ဖေ၊ အမိ ဒေါ်ခင်တင့်တို့က ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ မွေးချင်းညီအစ်ကိုနှစ်ဦးအနက် အငယ်ဖြစ်သည်။

ငယ်စဉ်တစ်နှစ်သားတွင် ဖခင်ကွယ်လွန်သွားပြီး မိခင်မှာလည်း နောက်အိမ်ထောင်ပြုသွား၍ အဒေါ်အဖျားကြီးများနှင့်အတူ ကြီးပြင်းသည်အထိ နေထိုင်ရသည်။ ၁၉၂၉ ခုနှစ် အသက်ကိုးနှစ်ရောက်မှ မူလတန်းပညာကို စတင်သင်ယူသည်။ ကျောင်းတွင် ပညာထူးချွန်သောကြောင့် ဆရာ ဆရာမများက အတန်းကျော်၍တင်ပေးခြင်း ခံရသည်။ ၁၉၃၆ ခုနှစ် အသက် ၁၆ နှစ်တွင် ၁၀ တန်း စာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်

## မောင်မောင်ခ၊ ဦး



ဦးမောင်မောင်ခ

သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသား အသင်းနှင့် စက်မှုသိပ္ပံကျောင်းသား အသင်းများတွင် အသင်းဝင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဘီအက်စ်စီ (အင်ဂျင်နီယာ)နောက်ဆုံးနှစ်တွင် ဘွဲ့မယူဘဲ တက္ကသိုလ်မှ နုတ်ထွက်ပြီး တော်လှန်ရေးတွင် ပါဝင် ဆင်နွှဲသည်။

ဦးမောင်မောင်ခသည် ၁၉၄၄ ခုနှစ်တွင် မြန်မာ့တပ်မတော်သို့ ဝင်ရောက်အမှုထမ်းပြီး မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်း တက်ရောက် သည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်သင်တန်းဆင်းပြီး လေယာဉ်ပစ်အမြောက်ကြီးတပ် တွင် တပ်စုမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်း (၁) တပ်ရင်း (၁၀၆) ၌ တပ်စုမှူးအဖြစ် တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် တော်လှန်ရေးပြီးဆုံးပြီးသည့်အခါ စစ်ပြန်ဘဝဖြင့် ရာအလုပ်များလုပ်ကိုင်ကာ ဘဝကိုရုန်းကန်သည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နေ့တွင် တပ်မတော်သို့ တစ်ဖန်ပြန်လည်ဝင်ရောက် သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဗိုလ်သင်တန်းပြန်လည်တက်ရောက်သည်။ ဗိုလ်သင်တန်းဆင်းပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်လျှပ်စစ်နှင့် စက်မှုတပ်ဖွဲ့၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့များတွင် ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိလည်းကောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီး အဆင့်အထိလည်းကောင်း တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် ၁၉၆၂ ခုနှစ်မှစ၍ စက်မှုဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်၊ အတွင်းဝန်နှင့် ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်သည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အလုပ်သမားရေးရာဌာနကြီးတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် အလုပ်အမှုဆောင် ကော်မတီဝင်နှင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်း ခံရသည်။ ပထမအကြိမ်ပါတီညီလာခံတွင် အရန်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်ရွေးချယ်ခြင်းခံရပြီး စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ်ပါတီညီလာခံတွင်အရန်ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင်အဖြစ် ထပ်မံရွေးချယ်ခြင်းခံ ရသည်။ ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင်လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ တတိယအကြိမ် ပါတီ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်လည်းကောင်း၊ ပထမအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံတွင် ဗဟိုအလုပ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခြင်း ခံရသည်။ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် စတင် ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးမောင်မောင်ခသည် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာ လ ၂၉ ရက်နေ့မှ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် နေ့အထိ မန်ချက်စတာစက်မှုတက္ကသိုလ်တွင် ပညာ သင်ယူ သည်။ နိုင်ငံတော်တာဝန် ထမ်းဆောင်နေစဉ် အတွင်း ၁၉၅၇ ခုနှစ်တွင် ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများသို့ လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အရှေ့ဥရောပနှင့် အနောက်ဥရောပနိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ လည်းကောင်း၊၁၉၆၁ ခုနှစ်တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် တရုတ်

ပြည်သူ့သမ္မတ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယား၊ ဂျာမနီ၊ အီတလီနှင့်ပြင်သစ်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံများသို့ လည်း ကောင်း၊ ၁၉၆၄ ခုနှစ်တွင် ရုမေးနီးယား၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ရုမေနီးယား၊ ချက်ကိုစလိုဗားကီးယားနှင့် ဩစတြီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် အနောက်ဂျာမနီနှင့် အင်္ဂလန်နိုင်ငံများသို့ လည်း ကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်၊ ပြင်သစ်နှင့် အိန္ဒိယ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အနောက် ဂျာမနီ၊ အီတလီ၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်း၊ ပြင်သစ်နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံ များသို့ လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် စင်ကာပူ၊ အင်္ဂလန်နှင့် ဘူဂေးရီးယား နိုင်ငံများသို့ လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

ဦးမောင်မောင်ခသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)ကိုလည်းကောင်း၊ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် ဧယျာကျော်ထင် စစ်မှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံ့ ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ကို လည်းကောင်း ရရှိသည်။

ဦးမောင်မောင်ခသည် ဦးရွှေ၊ ဒေါ်မြတင်တို့၏သမီး ဒေါ်ခင်ခင်လေးနှင့်လက်ထပ်ခဲ့ရာ သားတစ်ဦးနှင့် သမီး တစ်ဦးထွန်းကားသည်။ သားဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ် တစ်အား ပါဝင်ခဲ့ပြီး နိုင်ငံတာဝန်များကို ကြိုးပမ်း ဆောင် ရွက်ခဲ့သော အငြိမ်းစား ဗိုလ်မှူးကြီးနှင့် အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ် လွန် သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်လေး၊ သမီးတစ်ဦး၊ မွေးစားသမီးတစ်ဦးနှင့် မြေးနှစ်ဦး ကျန်ရစ်သည်။

**မြန်မာနိုင်ငံ စာပေဆုများ။** ။ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံ၌ ကျင်းပ သည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တို့မှ အမှုဆောင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာ များ၊ စာပေပညာရှင်ကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေ ဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကားပြောကြားပြီး အမျိုးသား စာပေဆုရ ပုဂ္ဂိုလ်များအား ဆုများပေးအပ်ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန် စာမူဆုရ ပုဂ္ဂိုလ်များအား ဆုများ ပေးအပ်ချီး မြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးမူ ကိုးချက်၊ အမျိုးသား စာပေဆုစည်းကမ်းချက်များနှင့်အညီ ၁၉၉၄ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၈၉၈ အုပ်ကို အမျိုးသား စာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၄ မျိုး အလိုက် အမျိုးသားစာပေဆုချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့ သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတို ပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေး မှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊

သုတပဒေသာ (အသုံးချသိပ္ပံ ) စုစုပေါင်း ဘာသာရပ် ၁၀ မျိုးအတွက် အမျိုးသားစာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ လူငယ်စာပေ ၊ ဘာသာပြန် (သုတ)၊ နိုင်ငံရေးစာပေ စုစုပေါင်း ဘာသာရပ် လေးမျိုးအတွက် အမျိုးသားစာပေဆုများ ရွေးချယ်ခြင်းမခံရပေ။ အမျိုးသားစာပေဆုရရှိသောပုဂ္ဂိုလ်များအား ဆုတစ်ဆုလျှင် ငွေကျပ် ၅၀,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးမှူး ကိုးချက်၊ စာမူဆုစည်းကမ်းများနှင့်အညီ ၁၉၉၄ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၁၁ စောင်ကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသောဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ )၊ ကဗျာပေါင်းချုပ် စုစုပေါင်းဘာသာရပ် ၁၀ မျိုးအတွက် ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ရှစ်ဆု၊ တတိယဆု ငါးဆု စုစုပေါင်း ဆု ၂၀ အရွေးချယ်ခံရသည်။ နိုင်ငံရေးစာပေ ဘာသာရပ်အတွက် ပြိုင်ပွဲဝင်စာမူမရှိဘဲ ပြဇာတ်စာပေ ဘာသာရပ်တွင် ပြိုင်ပွဲဝင်စာမူတင်သွင်းသော်လည်း စာမူဆု ရွေးချယ်ခြင်းမခံရပေ။ စာပေဗိမာန်စာမူဆု ရရှိသော ပုဂ္ဂိုလ်များအား ပထမဆု ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ် ၂၀,၀၀၀ ၊ တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

နိုင်ငံတော်က စာပေဆု၊ စာမူဆုများ ချီးမြှင့်ရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအစစ် လူ့အနှစ်ဖြစ်သည့် စာပေအမွေအနှစ်ကောင်းများကို လေ့လာပွားများစေရေး၊ အပြုသဘောဆောင်သော လူ့ကောင်းကျိုးပြုသိပ္ပံနှင့် နည်းပညာရပ်များ၏ ဗဟုသုတ အဖြာဖြာကို ပြည်သူအများ ဖတ်ရှုခွင့်ရရှိရေး စသည့် မွန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များ ထားရှိပြီး ချီးမြှင့်ခြင်းဖြစ်သည်။ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ရာတွင် စာကောင်းပေမွန်များ ဖန်တီးပြုစုနိုင်သည့် အရည်အသွေးများရှိသော်လည်း ပုံနှိပ်စာဖြစ်ရန် ခဲယဉ်းသူများ၏ စာမူများကို စာမူဆုချီးမြှင့်ပြီး စာအုပ်အဖြစ်ပုံနှိပ်ပေးရန် ချီးမြှင့်ခြင်း ဖြစ်သည်။

### အမျိုးသား စာပေဆုများ (၁၉၉၄)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | ဘဝအိပ်မက် ပန်းအိပ်မက် | မစန္ဒာ |
| ဝတ္ထုတိုပေါင်းချုပ် | ဘာကိုရွေးမလဲ ရွာကလေးရယ် နှင့် အခြားဝတ္ထုတိုများ | ဆောင်းဝင်းလတ် |
| ကဗျာပေါင်းချုပ် | တေးမြခွန်းဆက် ကဗျာများ | ဇော်မင်းမင်းဦး |
| စာပဒေသာ | မဟာဂီတ | စစ်ကိုင်း လှရွှေ |
| မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာစာပေ | ပန်တျာဂီတ လမ်းညွှန် | သန်လျင် မြဦး |
| ကလေးစာပေ | မြန်မာ့ကလေး သိပ္ပံဝတ္ထု | တက္ကသိုလ် မောင်အောင်ဆွေ |
| ဘာသာပြန် (ရသ ) | ဘော့ကျန် | ရဲမြလွင် |
| သုတပဒေသာ (ဝိဇ္ဇာ) | ဆင်ဝန်ထမ်း လက်စွဲ | စိုင်းစံအိုက် |
| သုတပဒေသာ (ရိုးရိုး သိပ္ပံ) | အားလုံးကျန်းမာ ပြည်သာယာ | ဒေါက်တာ တင်ထွန်းဦး |
| သုတပဒေသာ (အသုံးချသိပ္ပံ) | အခြေခံ စိုက်ပျိုးမွေးမြူရေး ခြံလုပ်ငန်း စီမံခန့်ခွဲမှု ပညာ | အောင်ကျော်ဖြိုး |

### စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ပထမဆု) | ဗေဒါပန်းရဲ့ ရေဆန်လမ်း | စိုးညွန့် (တောင်ကြီး ) |
| ဝတ္ထုရှည် (တတိယဆု ) | စစ်ပွဲကို မုန်းတယ် | သာရဝေါ စိုးကြည် |
| ဝတ္ထုတိုပေါင်းချုပ်(ဒုတိယဆု) | တောလား ဝတ္ထုတိုများ | ကန့်ဘလူ ခင်မောင်ဆွေ |

### စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | ရွာအပြန် ဝတ္ထုတိုများ | မောင်မြေနီ (တမာတော) |
| စာပဒေသာ (ပထမဆု) | ဇော်ဋီကာ | ဒေါက်တာကျော်စိန် |
| စာပဒေသာ (ဒုတိယဆု) | အညာတရိုးက ဆရာဖိုး၏ဘဝ ဆရာဖိုး၏စာ | တင်မြင့် |
| ဘာသာပြန် (ပထမဆု) | ပွဲတွေ့မှတ်ဉာဏ် ထက်မြက်နည်းများ | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ပထမဆု) | ပန်းလိုမွှေး ပန်းလိုပန် | သန်းအောင် (အညာမြေ) |
| ကလေးစာပေ (ဒုတိယဆု) | မွန်မြတ်သော နှလုံးသား | မောင်သာမွှေး |
| လူငယ်စာပေ (ဒုတိယဆု) | သီဟနန္ဒ မျိုးဆက်သစ် | မော်ဝန်း ကြည်မြတ် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေ(ဒုတိယဆု) | ကျပင်းဆရာဖိုး၏ ဇာတ်ချင်း စာပေအထွေထွေ | ပန်တျာ အေးလွင် (ဆင်ဖြူကျွန်း) |
| သုတပဒေသာ (ဝိဇ္ဇာ)(ပထမဆု) | သံကြိုးတမန်ကြီး သံခင်းတမန်ခင်း | ဦးအောင်သန့် |
| သုတပဒေသာ (ဝိဇ္ဇာ)(ဒုတိယဆု) | မြန်မာ့ကျွဲ မြန်မာ့နွား | အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်) |
| သုတပဒေသာ (ဝိဇ္ဇာ)(တတိယဆု) | တောင်သား (သို့မဟုတ်) ရေမြေကို အောင်နိုင်သူ | စောကြူမောင် ( ယောမြေ ) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံ) (ပထမဆု) | မြန်မာ့ရိုးရာ ဂဏန်းသင်္ချာ ရှာဖွေဖော်ထုတ်ခြင်း | ရွှေခြံသက်ပိုင် |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံ)(ဒုတိယဆု) | ကမ္ဘာ့စပါးစိုက်ပျိုးမှုအစ မြန်မာမှသည် ယနေ့ဆီသို့ | ဒေါက်တာ မောင်သင်း |
| သုတပဒေသာ သိပ္ပံနှင့်အသုံးချ သိပ္ပံ)(တတိယဆု) | ရောဂါမျိုးသယ်ဆောင်သည့် ပိုးမွှားကာကွယ် နှိမ်နင်းရေး လုပ်ငန်း | မောင်မောင်ထွန်း (ဘီအက်စီ၊ ဒီအမ်အေ၊ ဒီအက်စ်) |
| ကဗျာပေါင်းချုပ် (ပထမဆု) | ဒြပ်ရှိအိပ်မက်နှင့် အခြား ကဗျာများ | ကံထွန်းသစ် |
| ကဗျာပေါင်းချုပ် (ဒုတိယဆု) | ဤရတနာ ဤကဗျာ | တင်မောင်အေး (ပခုက္ကူ) |
| ကဗျာပေါင်းချုပ် (တတိယဆု) | မိုးစက်ပွင့်နှင်းဝတ်မှုံ နှင့် ရွှေအိုရောင် ရွက်ဝါနှင့်အခြား ကဗျာများ | အေးကြည်စိန် |

**မြန်မာနိုင်ငံတော်၊ပြည်ထောင်စု။** ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းမှ စက်တင်ဘာလအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

### ဥပဒေများ ပြဋ္ဌာန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မတ်လ ၂၀ ရက်နေ့တွင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၅ )၊ မတ်လ ၂၄ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၅ )၊ မတ်လ ၂၉ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၅ )၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်း

ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၉၅ )၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/ ၉၅ )၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၆/ ၉၅ )နှင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/ ၉၅ )တို့ကို ပြဋ္ဌာန်းခဲ့သည်။

**နိုင်ငံခြား ဆက်ဆံရေး**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ ဖိတ်ကြားချက်အရ မတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတို၏ ဖိတ်ကြားချက်အရ ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက် ဖုန်ဆဗန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မေလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်သို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ရှရီဖူတင်ပါဟာရျာ၊ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့၊ မတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဂနမ်ဂျာ၊ ကာတာစမိတာနှင့်အဖွဲ့၊ မေလ ၈ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျူကျမ်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်နှင့်အဖွဲ့တို့အား အသီးသီး လက်ခံတွေ့ဆုံခဲ့သည်။

**လမ်း-တံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ**

ဂွမြို့နယ်သံတွဲ-ဂွ လမ်းပေါ်ရှိ ကျိန္တလီမြစ်ကူးတံတား ဖွင့်ပွဲကို တံတားသစ်အနီး ယာယီမဏ္ဍပ်၌ ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကျိန္တလီမြစ်ကူးတံတားသည် သံတွဲမြို့မှ ၄၇ မိုင်၊ ဂွမြို့မှ ၃၆ မိုင်ကွာဝေးသည့် ကျိန္တလီ မြစ်ကို ဖြတ်ကာ တည်ဆောက်ထားသော တံတားကြီး ဖြစ်သည်။ တံတားအမျိုးအစားသည် သံကူအားဖြည့် ကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသည့် ခေတ်မီကွန်ကရစ်ရက်မ အမျိုးအစားဖြစ်ပြီး ပေ ၁၀၀ စီရှည်သော အခန်း ၇ ခန်းပါ ပေ ၇၀၀ ရှည်တံတားကြီးဖြစ်သည်။ ယာဉ်သွားလမ်းသည် အကျယ် ၂၄ ပေရှိပြီး တစ်ဘက်တစ်ချက်တွင် သုံးပေ သုံးလက်မစီ ကျယ်ဝန်းသည့် လူသွားလမ်းများပါရှိသဖြင့် စုစုပေါင်းတံတားအကျယ်ပေ ၃၀ နှင့်ခြောက်လက်မရှိ သည်။ တံတားကြီးသည် ၃၆ တန်ဝန်တင်ခံနိုင်စွမ်းအားရှိပြီး မျက်နှာချင်းဆိုင်မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်တည်းဖြတ် သန်းနိုင်စွမ်းရှိသော တံတားကြီးဖြစ်သည်။ ရခိုင်ပြည်နယ် အတွင်း တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် အကြီးဆုံး၊ အရှည်ဆုံးနှင့် ခေတ်မီဆောက်လုပ်ရေးနည်း ပညာများကို အသုံးပြု တည်ဆောက်ထားသော တံတားကြီး တစ်ခုဖြစ်သည်။ တံတားကြီးတည် ဆောက်ရေး လုပ်ငန်း များကို တစ်နှစ်နှင့် တစ်လအတွင်း အပြီးလုပ်ကိုင် ခဲ့ခြင်း ဖြစ်ပြီး တံတားကြီး တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၅၈ ဒသမ ၇ သန်း ကုန်ကျခဲ့သည်။

ဝေဇယန္တာခြောက်လမ်းသွားလမ်းမကြီးဖွင့်ပွဲကို သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းနှင့်ဝေဇယန္တာ

လမ်းဆုံ၌ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဝေဇယန္တာလမ်းမကြီးသည် လေးထောင့်ကန်လမ်းမှ တောင်ဥက္ကလာပမြို့နယ်၊ပါရမီလမ်းအထိဆက်သွယ်ထားသော ၁၂,၇၅၀ ပေရှည်သည့်လမ်းဖြစ်သည်။ ဝဲယာ ယာဉ်ကြော သုံးခုစီပါဝင်သည့် ၆၆ ပေကျယ်လမ်းမကြီးဖြစ်ပြီး အကျယ်ခြောက်ပေရှိ ကွန်ကရစ်လူသွားစင်္ကြံနှင့် အကျယ်သုံးပေရှိ အုတ်ရေမြောင်းတို့လည်း ပါဝင်သည်။ ၁၈ ပေကျယ် လမ်းလယ်ကျွန်းတည်ဆောက်ထားပြီး ကျွန်းပေါ်တွင် ရေတမာပင်နှင့် မြက်ခင်းများ စိုက်ပျိုးထားသည်။ လမ်းဘေးဝဲယာတွင် ခေတ်မီ မီးသီးများ တပ်ဆင်ထားသည့် မီးတိုင်များ စိုက်ထူပေးထားသည်။

လောက်ကိုင်မြို့နှင့် မြန်မာနိုင်ငံနယ်စပ် ရန်လုံးကြိုင်ကျေးရွာကို ဆက်သွယ်ထားသော လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်ဖွင့်ပွဲနှင့် ရန်လုံးကြိုင် ကျေးရွာရှိကိုးကျင်းနယ်စပ် တံတားဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်သည် ကျောက်ချောလမ်းဖြစ်ပြီး လမ်းအရှည် ခြောက်မိုင်ခွဲခန့်နှင့် လမ်းအကျယ် ၁၈ ပေရှိသည်။ ကိုးကျင်းနယ်စပ်တံတားသည် ရန်လုံးကြိုင်ကျေးရွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ နန်ဆန်မြို့ကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး အလျား ၇၀ ဒသမ ၈ မီတာ၊ အကျယ် ၁၂ မီတာရှိသော ကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ရခိုင်ပြည်နယ် အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ–ဖားဒူ လမ်းဖွင့်ပွဲကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်မှုအတွက် ငွေကျပ် ၁၉၅ ဒသမ ၆၅ သိန်း ကုန်ကျခဲ့သည်။ လမ်းတွင် တံတား ၁၄၇ ခုရှိပြီး တံတားကြီးခုနစ်ခုကို ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၄ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားငယ်ခုရေ ၁၄၀ ကိုကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည်။

ရန်ကုန်–မန္တလေး ခြောက်လမ်းသွား တိုးချဲ့ခြင်းလုပ်ငန်း ထောက်ကြံ့–ဝမ်းဘေးဒတ်အပိုင်း လမ်းဖွင့်ပွဲ၊ ရန်ကုန်–ပဲခူး ခြောက်လမ်းသွား ပဲခူးအပိုင်းလမ်းဖွင့်ပွဲ၊ လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းကူးတံတားဖွင့်ပွဲ၊ ဒရယ်ဘိုချောင်းကူးတံတားဖွင့်ပွဲ၊ ဝါးနက်ကုန်းချောင်းကူးတံတားဖွင့်ပွဲနှင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘေးဒတ်တံတားဖွင့်ပွဲတို့ကို မတ်လ ၂၅ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ ထောက်ကြံ့–ဝမ်းဘေးဒတ်အပိုင်းလမ်းမကြီးသည် ၁၆ မိုင်နှင့် လေးဖာလုံရှည်လျားပြီး ပဲခူးအပိုင်းလမ်းမကြီးသည် ၁၅ မိုင်နှင့် နှစ်ဖာလုံ ရှည်လျားသည်။ စုစုပေါင်း ၃၁ မိုင်ခြောက်ဖာလုံရှည်လျားသည့်ခြောက်လမ်းသွားလမ်းမကြီးတွင် ပေ ၁၀၀ အထက် တံတားကြီး ငါးခု၊ ပေ ၁၀၀ အောက် တံတားလတ်နှင့် တံတားငယ် ၈၁ ခု စုစုပေါင်း တံတား ၈၆ ခုကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားကြီးများသည်သံကူ ကွန်ကရစ်တံတားကြီးများဖြစ်ပြီး ၃၆ တန်အထိ ဝန်ခံနိုင်အားရှိသည်။ နိုင်ငံတော်က ခြောက်လမ်းသွား လမ်းမကြီးအတွက် ငွေကျပ် ၁,၅၅၅ သန်း၊ တံတားများအတွက် ငွေကျပ် ၂၇၄ ဒသမ ၄၅ သန်း စုစုပေါင်း ငွေကျပ် ၁,၈၂၉ ဒသမ ၄၅ သန်း အကုန်အကျခံတည် ဆောက် ခဲ့ခြင်း ဖြစ်သည်။

တိုက်ကြီးမြို့နယ် ဥတို–ချောင်းသုံးခွ ကားလမ်း ပေါ်ရှိ လှိုင်မြစ်ကူးတံတားဖွင့်ပွဲကို တံတားတည်ရှိရာ ရန်လုံးနိုင်ကျေးရွာယာယီမဏ္ဍပ်၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ လှိုင်မြစ်ကူးတံတားသည်အရှည်ပေ ၇၈၀၊ ဝန်ခံနိုင်အား ၁၃ တန်နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေကိုးလက်မရှိသည်။ တံတားအပေါ်ထည်ကို အမြဲတမ်းကွန်ကရစ်တံတားအမျိုးအစားအဖြစ် ပြောင်းလဲတည်ဆောက်ရာတွင်လွယ်ကူစေရန် သံကူကွန်ကရစ်တိုင်များဖြင့် အခိုင်အမာပုံထုတ်တည်ဆောက်ထားခြင်း ဖြစ်သည်။ လှိုင်မြစ်ကူးတံတားကို ၁၉၉၃ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း စတင်တည်ဆောက်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ (နှစ် ၅၀ ပြည့်ရွှေရတု တပ်မတော်နေ့)တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတားတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဒသမ ၅၉၃ သန်းကုန်ကျခဲ့သည်။

မန္တလေးတောင်ဆင်းလမ်းသစ်ကို ဧပြီလဆန်းရက်တွင် ဖွင့်လှစ်ခဲ့သည်။ မန္တလေးတောင်ဆင်းလမ်းသစ်သည် အရှည် ၈,၄၃၃ ပေ၊ အကျယ် ၁၂ ပေနှင့်လမ်းပခုံးတစ်ဘက် ခြောက်ပေစီအပါအဝင် စုစုပေါင်း ၂၄ ပေ၊ ကတ္တရာအထူ ကိုးလက်မရှိသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ စ၍ လမ်းသစ်ကို ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းသစ်ဖောက်လုပ် မှုအတွက် ငွေကျပ် ၄၅ သိန်းခန့် ကုန်ကျခဲ့သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ဂန့်ဂေါမြို့နယ် မြစ်သာမြစ်ကူးတံတားဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်ကျွန်းခုံသာ

ကျေးရွာရှိ တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ မြစ်သာမြစ်ကူးတံတားသည် အထူးစီမံကိန်း၀င် တံတားကြီး ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဂန့်ဂေါမြို့၏ မြောက်ဘက် ၂၃ မိုင်အကွာ ကျွန်းခုံသာကျေးရွာနှင့် ရေရှင်မ ကျေးရွာအကြား မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားသည် မြစ်သာမြစ်၏အနိမ့်ဆုံးရေမျက်နှာပြင်အထက် ၄၂ ပေနှင့်ခြောက်လက်မခန့် အမြင့်၌ရှိပြီး အရှည်ပေ ၆၈၀ ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ခွင့်ပြုဝန်ချိန်ရထားအတွက် ၁၂ တန်(ဝင်ရိုး) နှင့်ကားအတွက် ၃၆ တန်ရှိသည်။ အကျယ် ၈၅ ပေ၊ ခန်းဖွင့်ရှစ်ခန်း၊ ရေလယ်တိုင် ခြောက်တိုင်၊ ကုန်းပေါ်တိုင်တစ်တိုင်စုစုပေါင်းသံကူကွန်ကရစ်တံတားတိုင်ပေါင်းခုနစ်တိုင်နှင့် စွန်းခံနှစ်ခုအပေါ်တွင် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ ၅၆ ချောင်းဖြင့် တံတားကို တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ မေလမှ ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း တံတားကို အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၆၀ ခန့် ကုန်ကျခဲ့သည်။

ရေး–ထားဝယ်ရထားလမ်း၊ ထားဝယ်–ရေဖြူရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ထားဝယ်ဘူတာ၌ မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထားဝယ်–ရေဖြူရထားလမ်းပိုင်းသစ်သည် အရှည် ၁၀ ဒသမ ၇၂ မိုင်ရှိပြီး ရေး–ထားဝယ် ရထားလမ်းစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းသစ်ဖြစ်သည့်အပြင် တနင်္သာရီတိုင်း၏ ပထမဆုံး ရထားလမ်းလည်း ဖြစ်သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ကလေးမြို့နယ် မဏိပူရမြစ်ကူးတံတား (ကမ္ဘာ့နီတံတား) ဖွင့်ပွဲကို တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့နီတံတားသည် မဏိပူရ(ခေါ်)နန့်ကသည်းမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် တံတားဖြစ်ပြီး မော်တော်ကားနှင့် မီးရထားနှစ်မျိုးသုံးနိုင်သော ခေတ်မီတံတားတစ်ခုဖြစ်သည်။ တံတားအရှည် ၅၉၅ ပေ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ၈၅ ပေကျယ် ခန်းဖွင့်ခုနစ်ခန်းနှင့် ရေလယ်တိုင် ခြောက်တိုင်ရှိသည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ၊ သံကူ ကွန်ကရစ်၊ ကျောက်ဖြည့်လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိတံတားတည်ဆောက်ချိန် ကာလ ကိုးလခန့် ကြာမြင့်ခဲ့သည်။

လှိုင်ကော်–ယာဒို–လိပ်သို–တောင်ငူ ပြည်ထောင်စုလမ်းမကြီးဖွင့်ပွဲကို ဒီမောဆိုမြို့ ပြည်ထောင်စုလမ်းမကြီး၌ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုလမ်းမကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က လှိုင်ကော်–မိတ္ထီလာ–ရန်ကုန် ၅၁၄ မိုင်သွားခဲ့ရရာမှ ယခု ၃၀၆ မိုင်သာသွားရသည့်အတွက် ခရီးမိုင် ၂၀၈ မိုင် သက်သာပြီဖြစ်သည်။

## ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

သာစည်မြို့နယ် သက်တော်ရေလှောင်တမံဖွင့်ပွဲကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ သက်တော်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံနှစ်ခုရှိသည့်အနက် တမံ (၁)သည် အလျားပေ ၂,၄၀၀၊ အမြင့် ၃၅ ပေနှင့် တမံ (၂)သည် အလျား ၄,၄၆၀ ပေနှင့် အမြင့်ပေ ၆၀ ရှိသည်။ ရေလျှံမြောင်းအကျယ် ပေ ၁၀၀ နှင့် ရေထုတ်ပြွန် အရွယ်အစား ၆ × ၄ ပေဖြစ်သည်။ ရေလှောင်ကန်အတွင်း စီးဆင်းသည့် ရေဆင်းဧရိယာ ၂၅ စတုရန်းမိုင်နှင့် သိုလှောင်နိုင်မည့် ရေပမာဏ ဧကပေ ၁၀,၀၀၀ ဖြစ်သည်။ သက်တော် ရေလှောင်တမံသည် ဆည်ရေသောက် ဧရိယာဧက ၂,၅၀၀နှင့် သီးနှံစိုက်ဧရိယာ ဧက ၃,၀၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ်၄၄ သန်း ကုန်ကျခဲ့သည်။ သက်တော်ရေလှောင်တမံသည် အလယ်ပိုင်းကိုးခရိုင် အထူးစီမံကိန်းဒေသတွင် ပါဝင်သည့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုစေမည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ပထမဆုံးဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်သည်။

နတ်မောက်မြို့နယ်နတ်မောက်ရေလှောင်တမံစီမံကိန်း ရေလွှဲဆည်ဖွင့်ပွဲကို နတ်မောက်မြို့နယ်ဘုန်းတော်ပြည့်ကျေးရွာအနီးရှိရေလွှဲဆည်ထိပ်၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ နတ်မောက်ရေလှောင်တမံစီမံကိန်းပင်မရေလှောင်တမံသည် နတ်မောက်မြို့နယ်၊ ဖုန်းကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့် တွင် တည်ရှိပြီး ရေလွှဲဆည်သည် ရေလှောင်တမံ အောက်ဘက် ၁၃ မိုင်ခန့်အကွာ ဘုန်းတော်ပြည့်ကျေးရွာအနီးတွင် တည်ရှိသည်။ ရေလွှဲဆည်သည် သံကူကွန်ကရစ် ရေလွှဲဆည်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၀၀၊ အမြင့် ခုနစ်ပေနှင့် သံထုတ်ရေတံခါး ခုနစ်ပေါက်ရှိသည်။ ရေပေးဝေမည့် လက်ဝဲတူးမြောင်းမကြီးသည် ၂၀ ဒသမ ၁ မိုင်နှင့် လက်ယာတူးမြောင်းမကြီးသည် ၁၁ ဒသမ ၂ မိုင်ရှိပြီး လက်တံ မြောင်း

များသည် ၄၇ ဒသမ ၆ မိုင် ရှည်လျားသည်။ ရေလွှဲဆည်ကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့တွင် လုပ်ငန်း များ ပြီးစီးခဲ့သည်။ ရေလွှဲဆည်တည်ဆောက်ပြီးစီးမှုကြောင့် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၆,၀၀၀ ပေါ်တွင် သီးနှံဧရိယာဧက ၄၃,၂၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ နတ်မောက်ရေလွှဲဆည်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် မကွေးတိုင်းအတွင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဆည်မြောင်းစီမံကိန်း လုပ်ငန်းများအနက် ၁၁ ခုမြောက် စီမံကိန်းလုပ်ငန်း ဖြစ်သည်။

လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဖွင့်ပွဲကို လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံ၌မတ်လ ၂၆ ရက်နေ့တွင်ကျင်းပခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံသည် ဖောင်ကြီးကျေးရွာအထက်နှစ်မိုင်ခန့်အကွာ ငမိုးရိပ်ချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁၅,၅၀၀၊ အမြင့် ၇၅ ပေ၊ သိုလှောင်နိုင်မည့် ရေပမာဏဧကပေ ၁၈၀,၀၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ရာတွင် မြေကြီးကျင်း စုစုပေါင်း ၈၇၀,၀၀၀ ခန့်နှင့် ကျောက်ကျင်း ၁၄,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ သီးနှံများအတွက် ရေပေးဝေမည့် တူးမြောင်းအလျားသည် ၂၄၂ မိုင်ရှည်ပြီး မြေကြီးကျင်း စုစုပေါင်း တစ်သန်းနှစ်သိန်း တူးဖော် ဆောင်ရွက် ခဲ့သည်။ ထို့ပြင် တူးမြောင်း အဆောက်အအုံ ၃၀၄ ခုကို ပါ တည်ဆောက်ခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံ စီမံကိန်း တစ်ခုလုံး အတွက် ဘိလပ်မြေတန်ချိန် ၁၁,၃၀၀၊ သံချောင်း တန်ချိန် ၂,၄၀၀ နှင့် စက်ယန္တရား ၁၄၂ စီးတို့ကို သုံးစွဲခဲ့သည်။ ငမိုးရိပ် ရေလှောင် တမံတည်ဆောက် ပြီးစီးသွားသဖြင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်မြေဧက ၇၀,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၂၆,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည့်အပြင် ဧရိယာဧက ၃,၀၀၀ ကိုလည်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။ ငမိုးရိပ်ရေလှောင်တမံမှ နေ့စဉ်ရေဂါလန်သန်း ၉၀ ကို ရန်ကုန်မြို့တော် သောက်သုံးရေအတွက် ပေးဝေသွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းစီမံကိန်းများတွင် ငမိုးရိပ်ရေလှောင်တမံသည် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ၁၉၉၂–၉၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်ခဲ့ရာ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေနှင့် နိုင်ငံခြားပညာရှင် လုံးဝမပါရှိဘဲ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၁,၀၅၀ သန်း ကုန်ကျခဲ့သည်။

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံမုခ်ဦးမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်နဝင်းရေလှောင်တမံသည် ပေါက်ခေါင်းမြို့နယ် အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတမံအလျား ၁၆,၆၇၄ ပေ၊ အမြင့် ၁၄၁ ပေ၊ ရေဆင်းဧရိယာ ၂၄၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ ရေဝင်ပမာဏ ဧကပေ ၂၀၁,၀၀၀၊ ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၇,၀၀၀၊ ရေပေး တူးမြောင်း စုစုပေါင်း ၃၃၄ မိုင်၊ ရေပေးအဆောက်အအုံ ပေါင်း ၉၈၀၊ လယ်ကြားမြောင်း ၁,၁၇၈ မိုင်နှင့် လယ်ကြားအဆောက်အအုံပေါင်း ၆,၄၆၀ ရှိသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၃၀၊ အကျယ်ပေ ၂၅၃ နှင့် ရေထုတ်ပြွန်သည် အလျားပေ ၆၉၀၊ အချင်း ၅ ဒသမ ၉ ပေရှိသည်။ ရေလှောင်တမံကို ၁၉၈၅–၈၆ ခု ဘဏ္ဍာရေးနှစ်မှစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ရာတွင် မြေကြီးကျင်းပေါင်း ၂၉ သိန်း၊ ကွန်ကရစ်ကျင်း ၁၂,၀၀၀ နှင့် ကျောက်ကျင်း ၇၄,၀၀၀ သုံးစွဲခဲ့သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၆၂,၅၀၀၀ နှင့်သီးနှံဧရိယာဧက ၉၈,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံခြားငွေကျပ် ၄၃၈ ဒသမ ၅၃ သန်း၊ ပြည်တွင်းသုံးစွဲငွေကျပ် ၁,၀၃၄ ဒသမ ၁၂ သန်း စုစုပေါင်းငွေကျပ် ၁,၄၇၂ ဒသမ ၆၅ သန်း ကုန် ကျခဲ့သည်။

မိုးမောက်မြို့နယ် တာလီရေလွှဲဆည်ဖွင့်ပွဲကို မေလ ၁၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ တာလီရေလွှဲဆည်သည် အရှည်ပေ ၆,၅၀၀၊ အကျယ် ၁၀ ပေ၊ အနက်ခြောက်ပေရှိပြီး လယ်မြေဧရိယာ ၂,၆၈၀ ဧကကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလွှဲဆည် တည်ဆောက်မှုအတွက် ငွေကျပ် ၆၁ သိန်း ကုန်ကျခဲ့သည်။

တိုက်ကြီးမြို့နယ် တဘူးလှ(ဥက္ကံ)ရေလှောင်တမံဖွင့်ပွဲကို မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တဘူးလှ (ဥက္ကံ) ရေလှောင်တမံသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက်

၂၂ မိုင်အကွာတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစား ဖြစ်ပြီး ပင်မတမံအလျား ၁,၃၀၅ ပေ၊ အမြင့် ၉၅ ပေ၊ ကန်းကြောတမံများအလျားပေ ၁,၃၀၀ ခန့်၊ ရေထုတ်မြွန်အလျား ပေ ၆၀၀၊ ခြောက်ပေလေးပေ ရေတံခါးသုံးခု၊ ရေပိုလွှဲအလျား ၃၁၃ ပေနှင့် အကျယ်ပေ ၂၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်မြေ ဧရိယာဧက ၅၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၀၄,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၈၈၅ သန်းကုန်ကျခဲ့ပြီး ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ် မုန်းချောင်းရေထိန်းတမံဖွင့်ပွဲကိုရေထိန်းတမံ ယာယီမဏ္ဍပ်၌ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မုန်းချောင်းရေထိန်းတမံသည် တပ်ကုန်းမြို့နယ်၊ ကန်ကြီးကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁,၅၃၀၊ အမြင့်ပေ ၄၀၊ ကန်ရေပြည့်ရေလှောင်နိုင်သည့်ပမာဏဧကပေ ၅၀၀ ရှိသည်။ ရေထိန်းတမံ တည်ဆောက်ပြီးစီးသွားသဖြင့် ဆည်ရေသောက်ဧရိယာ ၄,၈၅၀ ဧကနှင့် သီးနှံဧရိယာဧက ၅,၈၀၀ ကို အကျိုးပြုမည် ဖြစ်သည်။ ရေထိန်းတမံ တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၅၀ ကုန်ကျခဲ့သည်။

မုံရွာမြို့နယ်သာစည်ရေလှောင်တမံဖွင့်ပွဲကို ဩဂုတ်လ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သည်။ သာစည်ရေလှောင်တမံသည် မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃,၂၅၀၊ အမြင့် ၇၃ ပေရှိသည်။ ရေပိုလွှဲသည်အလျားပေ ၅၇၀ ၊ အကျယ်ပေ ၅၀ ရှိပြီး သံကူကွန်ကရစ်အမျိုး အစား ဖြစ် သည်။ ရေထုတ်မြွန်အရွယ်အစားသည် ၆ပေx၄ ပေ ဖြစ်ပြီး အလျား ၁၈၂ ပေရှိသည်။ ရေလှောင်ကန်အတွင်း ရေဆင်း ဧရိယာသည် ၂၆ ဒသမ ၆ စတုရန်းမိုင် ရှိပြီး သိုလှောင် နိုင် သည့် ရေပမာဏသည် ဧကပေ ၆,၆၀၀ ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသဖြင့် လယ်မြေဧရိယာဧက ၁,၅၀၀ နှင့် သီးနှံဧရိယာဧက ၂,၂၅၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ သာစည်ရေလှောင်တမံသည် အလယ်ပိုင်း ကိုးခရိုင်အထူးစီမံကိန်းဒေသတွင် ပါဝင်သည့်မုံရွာခရိုင်အတွင်း မုံရွာမြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

## လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း

ရန်ကုန်မြို့ အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ တည်ဆောက်ခဲ့သောသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သော စက်နှစ်လုံးတပ်ဆင် ထားသည်။ စက်နှစ်လုံး၏ စက်တပ်ဆင်အင်အားသည် ၆၆ မဂ္ဂါဝပ်ရှိသည်။

ရပ်စောက်မြို့နယ် ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်း၏ လျှပ်စစ်ဓာတ်အားပေးစက် သုံးလုံးအနက် ပထမ စက်တစ်လုံး စတင်လည်ပတ်ဖွင့်ပွဲကို ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရပ်စောက်မြို့ မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ဇော်ဂျီချောင်း တပ်မောက်ရေတံခွန်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ စက်တစ်လုံးလျှင် ခြောက် မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် စက်သုံးလုံးတပ်ဆင်ထားပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၈ မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၉၅သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်းကို ၁၉၉၃ ခုနှစ်၊ မတ်လမှစတင်တည်ဆောက်ခဲ့ပြီးစီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်သည် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၉ဒသမ ၉၇၅ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၅၅ ဒသမ ၁၂ သန်း ဖြစ်သည်။ စက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၁၈ မဂ္ဂါဝပ်ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၄၇ မိုင်ဖြင့် တောင်ကြီးမြို့အောင်သပြေဓာတ်အားခွဲရုံသို့ပို့လွှတ်၍ တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်မြို့များသို့လည်းကောင်း၊ ကလော၊ ပင်းတယ၊ အောင်ပန်းနှင့် ပင်လောင်းမြို့များသို့လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများဖွင့်လှစ်ခြင်း

သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို မေလ ၇ ရက်နေ့တွင် လည်းကောင်း၊ ချီဖွေမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၂၄ ရက်နေ့နှင့် ဘော်လခဲမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၉ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့သည်။

**ဘဏ်များ ဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ ပြင်သစ်နိုင်ငံ Banque Francaise Du Commerce Exterieur ဘဏ်အား ဇန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ The Bank of Tokyo Ltd ၊ ဗြိတိန်နိုင်ငံ Standard Chartered Bank နှင့် နယ်သာလန်နိုင်ငံ ABN AMRO BANK NV ဘဏ်များအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ Societe Generale အား မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ Bank Dagang National Indonesia အား ဇွန်လ ၁၄ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လိုင်စင် ထုတ်ပေးခဲ့သည်။ ထိုင်းနိုင်ငံမှ ခြောက်ဘဏ်၊ စင်ကာပူနိုင်ငံမှ ငါးဘဏ်၊ ပြင်သစ်နိုင်ငံမှ လေးဘဏ်၊ မလေးရှားနိုင်ငံမှ သုံးဘဏ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန် နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တစ်ဘဏ်စီ စုစုပေါင်း နိုင်ငံခြားဘဏ် ၂၆ ဘဏ်တို့အား ကိုယ်စားလှယ် ရုံး ဖွင့်လှစ်ခွင့်လိုင်စင် အသီးသီးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးသည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံတွင် တည်ရှိသည်။ စင်ကာပူ ကက်ပဲလ်ဘဏ် လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် (၁၁/က)၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ မေဘဏ် ကိုယ်စား လှယရုံး ဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၂၆ရှိ အဆောက်အအုံ၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဗြိတိန်နိုင်ငံ စတင်းဒတ်ချာတာဘဏ် ကိုယ်စား လှယ်ရုံး ဖွင့်ပွဲကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အက်ဖ်အမ်အိုင် စင်တာ၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဂလိုဘယ်ကော်မာရှယ် ဘဏ် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် ၃ (ဘီ) ၌ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ခရွမ်ဂ်ထိုင်းဘဏ် ပတ်ဘလစ် ကုမ္ပဏီလီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၄၆ ရှိ ကိုယ်စားလှယ်ရုံး၌ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

**ကုန်စည်ပြပွဲများ**

အိန္ဒိယကုန်စည်ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့၏ ပူးပေါင်းအစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လုပ်ငန်းရှင်များအားလည်းကောင်း၊ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်သူလူထုအားလည်းကောင်း ဖွင့်လှစ်ပြသခဲ့သည်။ အိန္ဒိယကုန်စည်ပြပွဲတွင် မော်တော်ကားနှင့် ကားပစ္စည်းများ၊ စက်ဘီးနှင့်အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ အင်ဂျင်နီယာ လုပ်ငန်းသုံး ပစ္စည်းများနှင့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ကိရိယာ၊ စက်ပစ္စည်းနှင့် ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်တွင်းသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းများ ဆေးကုသမှုနှင့် ဆေးရုံသုံး ပစ္စည်းများ၊ သွားဘက်ဆိုင်ရာ ပစ္စည်း များ၊ ရေစုပ်စက်နှင့် မော်တာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ၊ ဆိုးဆေးနှင့် သုတ်ဆေးများ၊ ပလတ်စတစ်၊ ရော်ဘာနှင့် သားရေပစ္စည်းများ၊ ပြင်ဆင်ပြီး အစားအစာများနှင့် အဖျော်ယမကာများ၊ အထည်နှင့် စားသောက် ကုန်ပစ္စည်းများ၊ အလှပြင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် မြန်မာလူထုအတွက် အထူး ကိုက်ညီသော ပစ္စည်းများကို ခင်းကျင်း ပြသခဲ့သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက်ရှေ့မျက်နှာစာ၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို မတ်လ ၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့ရာ အစိုးရအဖွဲ့ အစည်း ၁၂ ခု က အရောင်းပြခန်း ၁၆ ခန်း၊ ပြည်တွင်း ပြည်ပဖက်စပ် ၁၃ ခု က အရောင်းပြခန်း ၂၃ ခန်း၊ သမဝါယမအသင်း ၁၉ သင်းက အရောင်းပြခန်း ၂၇ ခန်း၊ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ ၇၆ ခုက အရောင်းပြခန်း ၁၀၅ ခန်းနှင့် ပြည်ပ ကုမ္ပဏီ ၁၀၀ က အရောင်းပြခန်း ၁၃၄ ခန်း ဖြင့် ပစ္စည်းမျိုးစုံ ခင်းကျင်းပြသရောင်းချခဲ့သည်။

ဒုတိယအကြိမ် မြန်မာအင်တာနေရှင်နယ်ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌

ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုအရ စင်ကာပူသမ္မတနိုင်ငံ Applied Investments (Asia) Pte, Ltd တို့ အကျိုးတူပူးပေါင်း၍ စီစဉ်ပြသခြင်းဖြစ်ပြီး ဇွန်လ ၂၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲတွင် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ ချည်မျှင်နှင့် အထည်စက်ပစ္စည်းများ၊ အခြားအိမ်သုံးပစ္စည်းများ၊ ကွန်ပျူတာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

## ဈေးပွဲတော်များ

သမဝါယမဈေးပွဲတော် (ရန်ကုန်) ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သမဝါယမအသင်းများက ဒေသထွက်ကုန်များ၊ ထုတ်ကုန်ပစ္စည်းများ၊ ၁၉၉၅ ထွက်ကုန်သစ်များနှင့် မြန်မာ့ခရီးသွားနှစ်အထိမ်းအမှတ် အမှတ်တရပစ္စည်းများကို လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ပြည်တွင်းထွက်ကုန်ပစ္စည်း များနှင့် သွင်းကုန်ပစ္စည်းများကိုလည်းကောင်း ခင်းကျင်းပြသရောင်းချခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)တွင် လက်ငင်းရောင်းရငွေ ကျပ် ၁၃၇ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်းဖြစ်ပြီး စာချုပ်ရောင်းရငွေ ကျပ် ၂၈၉ ဒသမ ၇၂ သန်း အပါအဝင် စုစုပေါင်းရောင်းရငွေ ကျပ် ၄၂၇ ဒသမ ၂၂ သန်းရှိသည်။

တပို့တွဲပွဲတော် ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာ လမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တပို့တွဲပွဲတော်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ သမဝါယမအသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အရောင်းဆိုင်များနှင့် အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချခဲ့သည်။

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ် ရွှေရတုသဘင် ဈေးပွဲတော်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွှေရတုသဘင်ဈေးပွဲတော်ကို ဧပြီလ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ ဝန်ကြီးဌာနများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော် (ရေ)နှင့် တပ်မတော် (လေ) သက်သာချောင်ချိရေး အရောင်း ဆိုင်များ၊ ကျီအီးစီနှင့် ကျီအီးစီ (ပညာရေး) အရောင်းဆိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရောင်း ဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့သည်။

## ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေး

မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေးဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ၊ ကမ္ဘာအေးစေတီလမ်း ၊ အမှတ် ၆၆ ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြန်မာ့ကျောက်မျက် ရတနာပြတိုက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ထားပြီး တတိယထပ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများ၊ သတ္တုနှင့် သယံဇာတပစ္စည်းများကို ပြသထားသည်။ ကျောက်မျက် ရတနာဈေးရှိ ရတနာဆိုင်များတွင် ကျောက်မျက်ရတနာ မျိုးစုံဖြင့် စီခြယ်ထားသော ရွှေ၊ ငွေ လက်ဝတ်ရတနာ ပစ္စည်းများ၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများနှင့် ရတနာပစ္စည်းမျိုးစုံရောင်းချသည်။ ကျောက်မျက်ရတနာဈေးတွင် တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ မည်သူမဆို လွတ်လပ်စွာဝယ်ယူခွင့်ရှိပြီး ရတနာပစ္စည်းများအား အမေရိကန်ဒေါ်လာ၊ နိုင်ငံတော်က တရားဝင်သတ်မှတ်ခွင့်ပြုထားသည့် အခြားနိုင်ငံခြားသုံးငွေ၊ နိုင်ငံခြားငွေလက်မှတ် (FEC) နှင့် မြန်မာ ကျပ်ငွေတို့ဖြင့် ဝယ်ယူနိုင်သည်။ နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်ပသို့ တရားဝင် ထုတ်ယူခွင့်ရှိပြီး မြန်မာကျပ်ငွေဖြင့်ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူ နိုင်သည်။

## ဟိုတယ်များ ဖွင့်လှစ်ခြင်း

ရဝေဟိုတယ်ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ခနစ်မိုင်ပြည်လမ်း၊ အမှတ် ၁၉ ၌ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရဝေဟိုတယ်တွင် နှစ်ယောက်အိပ်ခန်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လေအေးပေးစက်၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဂြိုဟ်တုမှ တိုက်ရိုက်ဖမ်းယူနိုင်သော ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးထားသည်။

အယ်လ်ဖာဟိုတယ်ဖွင့်ပွဲကို ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၄၁ ၌ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

အယ်လ်ဖာဟိုတယ်တွင် အထပ် ၁၀ ထပ်၊ အခန်းပေါင်း ၉၀ ဖွဲ့စည်းထားပြီး အခန်းတိုင်းတွင် နိုင်ငံတကာအဆင့်မီ Satellite T.V. Mini Bar ရေပူရေအေး၊ လေအေးစက်များ တပ်ဆင်ပေးထားသည်။ တည်းခိုခကို အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေတို့ဖြင့် သတ်မှတ်ထားသည်။

ဆမ်းမစ်ပတ်ဗျူးဟိုတယ် ဖွင့်ပွဲကို ရန်ကုန်မြို့ အလုံလမ်း၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆမ်းမစ် ပတ်ဗျူးဟိုတယ်တွင် အခန်းပေါင်း ၂၅၀ ပါရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်သည်။

ရေပေါ်ဟိုတယ် Central Floating Hotel ပဏာမဖွင့်ပွဲကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း တံတားအမှတ် ၁၊ ၂တွင် ဆိုက်ကပ်ထားသည့် ရေပေါ်ဟိုတယ်၌ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေပေါ်ဟိုတယ်သည် နိုင်ငံတကာ ကြယ်လေးပွင့် အဆင့်အတန်းရှိပြီး အခန်းပေါင်း ၁၃၂ ခန်း ပါဝင်သည်။ ရေပေါ်ဟိုတယ်ကို နိုင်ငံတကာ အဆင့်မီ စီမံထားပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်၊ အပူပေးစက်နှင့်လေအေးပေးစက်များ၊ ခေတ်မီ ရေကြောင်းလမ်းပြ မီးထွန်းစနစ်နှင့် အဆင့်မြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ တပ်ဆင်ထားသည်။ ရေပေါ်ဟိုတယ်အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ဖြစ်သည်။

ဟိုတယ်ချယ်ရီဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွမ်းခြံလမ်း၊ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဟိုတယ်ချယ်ရီတွင် အထပ်သုံးထပ်ရှိပြီး တစ်ယောက်ခန်း ၁၀ ခန်း၊ နှစ်ယောက်ခန်း ၂၂ ခန်း ပါရှိသည်။

ဦးစိုးအောင်


**မြန်မာ့ပို့ဆောင်ရေးလုပ်ငန်းများ။** ။ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုအတွက် အဓိကအရေးပါသော လုပ်ငန်း ကြီး တစ်ရပ်အဖြစ် တည်ရှိ သည်။ ထို့ပြင်သာမက ကမ္ဘာ့နိုင်ငံသားအချင်းချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို ချောမောစွာ ဆက်သွယ် ဆောင်ရွက် ပေးလျက်ရှိရာ ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာတွင် အရေးကြီးသော ရှေ့တန်း လုပ်ငန်း ကဏ္ဍမှလည်း ပါဝင်လျက် ရှိသည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်း ဟူ၍ရှိရာ ကုန်းကြောင်းလမ်းတွင် ရထားလမ်းနှင့် ကားလမ်း ကြောင်းများ ပါဝင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအပေါ် အားထား ဆောင်ရွက်လျက် ရှိကြသည်။

မြန်မာနိုင်ငံတော်တွင် ယခင်က နိုင်ငံတော် ပို့ဆောင်ရေးကဏ္ဍကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဌာန ဟူ၍ ဆက်သွယ်ရေးလုပ်ငန်းကိုပါ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတက်ရောက်လာသည့် နောက်ပိုင်းတွင် ဆက်သွယ်ရေးကဏ္ဍကိုသီးခြားဝန်ကြီးဌာန တစ်ခုအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှစ်ခုကို ပူးပေါင်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း သီးခြားဖွဲ့စည်းခဲ့သည်။ ထို့ကြောင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများချမှတ်ပြီး သီးခြားကဏ္ဍခွဲကာ ယခင်ကထက် ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းရပ်များကို တိုးချဲ့ပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ကပို့ဆောင်ရေးဝန်ကြီးဌာနသည်ဦးစီးဌာန ခုနစ်ခု၊ စီးပွားရေးအဖွဲ့အစည်း ရှစ်ခုနှင့် သင်တန်းကျောင်း နှစ်ခု စုစုပေါင်းအဖွဲ့အစည်း ၁၇ ခု ဖြင့် လုပ်ငန်း ဆောင်ရွက် ခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ် သီးခြားကဏ္ဍခွဲ၍ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အချိန်၌ ဦးစီးဌာနလေးခု၊ စီးပွားရေးအဖွဲ့အစည်းငါးခုနှင့် သင်တန်းကျောင်းအဖြစ် ရေကြောင်းပညာသိပ္ပံ ကျောင်းတစ်ခု တို့ကို ပြန်လည်ဖွဲ့စည်း၍ အရှိန်အဟုန် တိုးမြှင့်ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ ကျောင်းနှင့်စီးပွားရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအင်အား၊ ခွင့်ပြုအင်အား၊ ခန့်ထားအင်အားအရ အရာထမ်း ၈၅၃ ဦးနှင့် အမှုထမ်း ၂၁၀၁၁ ဦး စုစုပေါင်း ၂၁၈၆၄ ဦး၏ ဉာဏအား၊ ကာယအားများဖြင့် ၁၉၉၂ ခုနှစ်မှစပြီး ပို့ဆောင်ရေးဝန်ကြီးဌာန စီမံကိန်းလုပ်ငန်းကြီးများ



မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ကုန်သေတ္တာတင်သင်္ဘော

အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီးပွားရေး အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် ရေကြောင်းပညာသိပ္ပံကျောင်းတို့၏ လုပ်ငန်းတာဝန်ပိုင်းနှင့် အဓိကလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မြန်မာ့လေကြောင်း

မြန်မာ့လေကြောင်း၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ လေယာဉ်ခရီးစဉ်များ ပျံသန်း ပို့ဆောင်မှု လုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ချက်များအနေနှင့် ပျံသန်းမှု ရပ်ဆိုင်းထားသည့် လေယာဉ်များအား လုပ်ထုံး လုပ်နည်း သတ်မှတ်ချက်နှင့်အညီ ပြန်လည်စစ်ဆေးပြုပြင်မွမ်းမံ ပြင်ဆင်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပုံမှန်အနေအထားသို့ ရောက်ရှိစေရန် တစ်စတစ်စ တိုးချဲ့ပျံသန်းနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခန့်များကို ကျခံနေရသည့် ကုန်ကျစရိတ်နှင့် အချိုးညီစွာ တိုးမြှင့်ပြင်ဆင်သတ်မှတ်ရေး၊ လေယာဉ်စီးခရီးသည်များအား ရန်ကုန်မြို့တွင်းရုံးမှ မင်္ဂလာဒုံလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ကြို/ပို့ရေးများအပြင် ခရီးစဉ်လေယာဉ်တိုင်း၌ ခရီးစဉ်အကွာအဝေးနှင့်အညီ အစားအသောက်များ စီစဉ်ကျွေးမွေးရေး စသည်တို့ဖြစ်သည်။

ပုံမှန်ပျံသန်းပေးနေသော ခရီးစဉ်များအပြင် အထူးပျံသန်းပို့ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ လေယာဉ်စီးလုံခြုံရေး ကိစ္စတွင် အစိုးရဌာနဆိုင်ရာကိစ္စများနှင့်အတူ ပုဂ္ဂလိကပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

မြန်မာ့လေကြောင်းအတွက်ဝယ်ယူခဲ့သည့် ဖော်ကာ အက်ဖ်-၂၇/ လေယာဉ်လေးစင်းကို (၁၉၉၄-၉၅) ခုနှစ်အတွင်း ဝယ်ယူနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းကာ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် စင်ကာပူနိုင်ငံ လေကြောင်း ဖက်စပ်ပျံသန်းနိုင်ရေးအတွက် စင်ကာပူနိုင်ငံရှိ AIR MANDALAY HOLDING PRIVATE LTD နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ( ATR 72 ) လေယာဉ် တစ်စင်းဖြင့် ရန်ကုန်/မန္တလေး/ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ ပျံသန်းခဲ့သည်။ (၂၈-၁၂-၉၄) နေ့တွင် ( ATR 72 ) တစ်စင်း ထပ်မံရောက်ရှိသည်။ ခရီးစဉ်နှင့် ခေါက်ရေတိုးချဲ့ ပျံသန်း နိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် SOUTH ASIA AIR TRANSPORT LTD. HONG KONG တို့သည် (၁၆-၁-၉၅)နေ့တွင် JOINT VENTURE လေကြောင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် LETTER OF INTENT လက်မှတ် ရေးထိုးခဲ့သည်။ မြန်မာ့လေကြောင်း သည် ပြည်တွင်းခရီးစဉ်၌ သွားလာမှုခက်ခဲ၍ လေကြောင်း ကိုသာ အားထားနေကြရသော ကော့သောင်း၊ တာချီလိတ် နှင့် ပူတာအိုမြို့များသို့ ခေါက်ရေတိုးချဲ့ပျံသန်းပေးခဲ့သည်။

မြန်မာ့လေကြောင်းနှင့်အပြည်ပြည်ဆိုင်ရာမြန်မာ့ လေကြောင်း(MAI)တို့ဖက်စပ်လုပ်ကိုင်သည့်လေကြောင်း ခရီးစဉ်အဖြစ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက် နေ့တွင် ဂျာကာတာလေယာဉ်ခရီးစဉ်ကို စတင်ပျံသန်း ပေးခဲ့သည်။

## မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက တာဝန်မှာ ပြည်ပပို့ကုန်နှင့်သွင်းကုန်များအား ပင်လယ် ရေကြောင်းဖြင့် အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေး ရခြင်း ဖြစ်သည်။ ယင်းသို့ ပို့ဆောင်ပေးရာတွင် ကြယ်ငါးပွင့်ပိုင် သင်္ဘောများနှင့်အတူ အငှားသင်္ဘောများ၊ အခြားသင်္ဘော လိုင်းများနှင့် ဆက်စပ်၍ လိုသောနိုင်ငံသို့ လိုအပ် သော အချိန်တွင် လိုအပ်သောကုန်တန်ချိန်ကို ပို့ပေးရန် ဖြစ်သ ည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးအခြေအနေနှင့် ဈေး ကွက်များကို လေ့လာသုံးသပ်၍ သင်္ဘောလုပ်ငန်းအကျိုး အများဆုံးရရှိရန် စီမံဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ ကမ်းရိုး တန်း ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်ပစ္စည်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို အချိန်မီ သယ်ပို့ပေးရန် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက တာဝန်ယူသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်၊ ပြည်တွင်းသွင်းကုန်လုပ်ငန်းနှင့် မြန်မာ့ကမ်းရိုးတန်းသွား ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံခြားကုန်သွယ်မှုတွင် ပင်လယ်ကူး ကုန်တင်သင်္ဘော ၁၄ စင်း၊ ဆီအမျိုးမျိုးတင် သင်္ဘော တစ်စင်း၊ ပေါင်း ၁၅ စင်းကိုလည်းကောင်း၊ မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်အတွက် ကုန်တင်သင်္ဘောသုံးစင်း၊ ခရီးသည်/ကုန်တင်သင်္ဘောလေးစင်း၊ ပေါင်းခုနစ်စင်းကို လည်းကောင်း စုစုပေါင်း နိုင်ငံခြားခရီးစဉ်နှင့် မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်တွင် သင်္ဘော ၂၂ စင်းကိုအသုံးပြု ပြေးဆွဲကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိရာ ပြည်ပ ဥရောပလိုင်း၊ အရှေ့ဖျားလိုင်း၊ အခြားလိုင်းများ အပြင် အထူးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးချက်ရှိသည်။ ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်၌ ရခိုင်ခရီးစဉ်၊ မွန်၊ တနင်္သာရီ ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည့်အပြင် မြန်မာ့ရေလုပ်ငန်းပိုင် အအေးခန်းသင်္ဘော 'ရွှေပုလဲ'၊ 'ငွေပုလဲ' သင်္ဘောနှစ်စင်းနှင့် မြန်မာ့ကြွေထည် မြေထည် လုပ်ငန်းပိုင် 'ကြည်သာ-၁' သင်္ဘောတစ်စင်းတို့ကိုလည်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ စီမံကွပ်ကဲ အုပ်ချုပ် မှုဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း တိုးချဲ့ ဆောင်ရွက်မှုပိုင်း အနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ယူနန်ပြည်နယ်ရှိ (YUNNAN MACHINERY IMPORT & EXPORT CORPORATION (Y.M.C) )နှင့်(CHINA SHIPBUILDING TRADING CO. LTD, KUMING BRANCH (CSTC) )အဖွဲ့အစည်းနှစ်ရပ်တို့ သင်္ဘောများ ဝယ်ယူတည်ဆောက်ရန် နှစ်ဖက်အကျိုးတူ နားလည်မှု စာချွန်လွှာ ( MOU ) လက်မှတ် ရေးထိုးပြီး ဆောင်ရွက်ရန် စီစဉ်လုပ်ကိုင်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုအရ SHERATON II အမည်ရှိသင်္ဘောကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ (၇-၁၁-၉၄)ရက်နေ့တွင် လွှဲပြောင်း လက်ခံရယူခဲ့ပြီး 'ရွှေလီ'ဟု အမည်ပေး၍ ပထမဆုံး ခရီးစဉ်အဖြစ် ရန်ကုန်/ကော့သောင်း/ရန်ကုန်ခရီးစဉ်ကို

(၁၁-၁-၉၅)ရက်နေ့မှ စ၍ ပြေးဆွဲခဲ့သည်။ အဆိုပါ သင်္ဘောကို တနင်္သာရီ ကမ်းရိုးတန်းနှင့် ရခိုင်ကမ်းရိုးတန်း ခရီးစဉ်များတွင် ပုံမှန်ပြေးဆွဲလျက် ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆန်တန်ချိန် တစ်သန်းကို ၁၉၉၄-၉၅ ခုနှစ်အတွင်း တင်ပို့ရန်လျာထား သတ်မှတ်ခဲ့ရာ ကိုယ်ပိုင်သင်္ဘောနှင့်အငှားသင်္ဘောများဖြင့် ခရီးစဉ်(၃၆)ခုတွင် ဆန်တန်ချိန်(၂,၄၄,၈၀၀)ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက သယ်ဆောင်ပေးခဲ့သည်။

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အမေရိကန် ပြည်ထောင်စု CUNARD SHIPS HOTEL RESORTS CO တို့ ညှိနှိုင်းစီစဉ်ချက်အရ ကမ္ဘာလှည့်ခရီးသည်၃၇၄ ဦး တင်ဆောင်သော အပျော်စီးသင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်းအတွင်း ဝင်ရောက်နိုင်ခြင်းမရှိ၍ ပင်လယ်ဝတွင် ကျောက်ချရပ်နားပြီး ကမ္ဘာလှည့်ခရီးသည် ၃၂၁ ဦးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဟားခါးသင်္ဘော ခရီးစဉ် (၅၂၈)ဖြင့် ကမ္ဘာလှည့်ခရီးသည် များအား သီလဝါဆိပ်ကမ်းသို့ အသွား/ အပြန် သယ်ယူပို့ဆောင်ပေးခဲ့ရာ ဟားခါးသင်္ဘောငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၀,၀၀၀) ရရှိခဲ့သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် နိုင်ငံခြား ပို့ဆောင်မှုနှင့် မြန်မာ့ကမ်းရိုးတန်း ပို့ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခေါက်ရေ၊ ကုန်တန်ချိန်၊ ခရီးသည်နှင့်ဝင်ငွေပိုင်း၊ အသုံးစရိတ်/ အရှုံးအမြတ်/ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို ဝန်ကြီးဌာနလျာထားချက် ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အဓိက တာဝန်ပိုင်းသည် ပြည်တွင်း၌ရေယာဉ်များဖြင့် ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေး၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်းနှင့် ရေယာဉ်ဟောင်းများပြုပြင်ခြင်း လုပ်ငန်းတာဝန်ပင် ဖြစ်သည်။ ၎င်းပြင် ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးဟူသော ရည်မှန်းချက်များကို နိုင်ငံတော်က အကောင်အထည် ဖော်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် လုပ်ငန်းတိုးချဲ့မှုအပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ (YUNNAN MACHINERY IMPORT AND EXPORT CORPORATION) နှင့် ရေယာဉ်များဝယ်ယူရန် သဘောတူစာချုပ်တစ်ရပ်ကို ၄-၆-၉၃ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။ အဆိုပါ စာချုပ်အရ အမေရိကန်ဒေါ်လာသန်း ၃၀ ဖိုး ဆိုင်းငံ့ ငွေချေစနစ်ဖြင့် စက်ရှိရေယာဉ် ၁၄ စီး၊ စက်မဲ့ကုန်တင်တွဲ ၂၈ စီး၊ စုစုပေါင်း ၄၂ စီး ဝယ်ယူတည်ဆောက်ရန်ဆောင်ရွက်ခဲ့သည်။ စက်မဲ့ကုန်တင်တွဲ ၂၈ စီးကို ပြည်တွင်းသင်္ဘောကျင်းများတွင် တည်ဆောက်မည်ဖြစ်ရာ ထိုကုန်တွဲတည်ဆောက်ရေး ပစ္စည်းများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလလယ်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ အရောက်ပေးပို့ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တာဝန်ရှိသူများက ထိုပစ္စည်းများကို အသေးစိတ် စစ်ဆေးအပ်နှံလက်ခံမှုများ ဆောင်ရွက်ပြီးစီး ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တန် ၁၀၀ ကုန်တွဲ ကိုးစီးအား အလုံသင်္ဘောကျင်းတွင်လည်းကောင်း၊ တန်၂၅၀ ကုန်တွဲ ၁၀ စီးအား ဒလသင်္ဘောကျင်းတွင်လည်းကောင်း၊ တန် ၈၀၀ ကုန်တွဲ ကိုးစီးအား မြန်မာ့သင်္ဘောကျင်းတွင်လည်းကောင်း အားလုံးတည်ဆောက်ပြီးဖြစ်၍ ယင်းစက်မဲ့ကုန်တွဲ ၂၈ စီးကို ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ပေးရန်ရှိသည့်စက်ရှိရေယာဉ် ၁၄ စီးအနက် ပထမအသုတ် စက်ရှိရေယာဉ်ငါးစီး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၂၄-၁-၉၅ ရက်နေ့တွင်(YMC )မှ ဤဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ အဆိုပါစက်ရှိရေယာဉ်များအနက်ရေတိမ်သွား 'ပြည်သာယာ' သုံးထပ်ခရီးသည်တင် ရေယာဉ်ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ဘားအံ - မော်လမြိုင် ခရီးစဉ်တွင်လည်းကောင်း၊ 'ပြည်မြန်မာ - ၁ နှင့် ပြည်ကြီးမွန် ရေယာဉ်' တို့အား ၃-၃-၉၅ နေ့မှစ၍ ရေဝတီ ဌာနခွဲ တွင်လည်းကောင်း လူစီးကုန်တင်ရေယာဉ်များအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုအတူ တွန်းရေယာဉ် 'ဆင်ကလေး ၁ 'နှင့် 'ဆင်ကလေး-၂ ' ရေယာဉ်တို့အား ၁၉-၂-၉၅ ရက်နေ့မှစ၍ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလ သင်္ဘောကျင်းတွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် လူစီးကုန်တင်'မေခ' ရေယာဉ်အသစ်အား ၁၈.၃.၉၅ နေ့တွင်

ရေချခဲ့ပြီး ၂၄-၃-၉၅ ရက်နေ့တွင် မြစ်ဝကျွန်းပေါ် ဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

ကမ္ဘာ့လှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် (J.V CONTROL Ltd OF THAILAND)တို့၏ (MEMORANDUM OF UNDERSTANDING) နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) တွင် ၃-၈-၉၄ နေ့၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် (YUNNAN MACHINERY IMPORT AND EXPORT COPORATION)တို့ ဒုတိယအကြိမ် ရေယာဉ်များဝယ်ယူရေးအတွက်အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးနှင့် သင်္ဘောကျင်းများစွမ်းအားမြှင့်တင်ရေးတို့ အတွက် အမေရိကန် ဒေါ်လာ ငါးသန်းဖိုး၊ အတိုးမဲ့နှစ်ဆိုင်း ငွေချေးစနစ်ဖြင့် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ(M OU) ကို ၁၈-၁၁-၉၄ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ဖိုးရှိ ရေယာဉ်များ ဝယ်ယူရေးအတွက် သဘောတူ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ၂၆-၁၁-၉၄ ရက်နေ့တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရုံးချုပ်) ၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် စင်ကာပူနိုင်ငံ (WONG YIP CHONG PTE Ltd) တို့ 'မြတ်ရတနာ' ရေယာဉ် အား ငှားရမ်းရေးနှင့် ပတ်သက်၍ ၁၃- ၃- ၉၅ နေ့တွင် နားလည်မှု စာချွန်လွှာ( M OU ) လက်မှတ်ရေးထိုးခဲ့သည်။

## မြန်မာ့ဆိပ်ကမ်း အာဏာပိုင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အဓိကတာဝန်မှာ ပြည်ပပို့ကုန်နှင့် သွင်းကုန်များကို ဆိပ်ကမ်း၌ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအသီးသီးကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ ဆိပ်ကမ်းတွင်းသို့ သင်္ဘောများဝင်/ထွက်ရန် အတွက်ရေကြောင်းပြများထားရှိခြင်းနှင့် သင်္ဘော ကိုယ်စားလှယ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်သည်။

အဓိကဆောင်ရွက်ချက်အနေနှင့်ဆိပ်ကမ်းသို့ရောက်ရှိလာသည့်သင်္ဘောများ လျင်မြန်စွာပြန်လည်ထွက်ခွာနိုင်ရန် ပြည်ပပို့ကုန်များကို လက်ခံပြီး ပင်လယ်ကူး သင်္ဘောများပေါ်သို့ တင်ပေးခြင်း၊ နိုင်ငံတော်အတွက် တင်သွင်းလာသည့် သွင်းကုန်များကို ပင်လယ်ကူးသင်္ဘောများပေါ်မှ ချကာ ခေတ္တကုန်လှောင် ရုံ များတွင် သိမ်းဆည်းကာ ကုန်ပိုင်ရှင်များ လာရောက်ထုတ်ယူသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပေးခြင်း၊ ပြည်တွင်းသွားရေ ယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံဇောတ်တားများ လုံ လောက်စွာထားရှိပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်း များ ကို ဆောင်ရွက်ကာ တိုင်းပြည်အတွက် ပြည်တွင်း/ပြည်ပ ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းရှာဖွေပေးလျက် ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းတိုးချဲ့မှု၊ တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေမှာ ကုန်သေတ္တာ တံတားအသစ်တစ်ခုတည်ဆောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(CHINA SHIP BUILDING TRANDING Co., Ltd.)မှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးယူရန် ၃၀-၉-၉၄ နေ့တွင် (MOU) လက်မှတ်ရေးထိုးခဲ့သည်။

သီဟရေယာဉ်နစ်မြုပ်ခဲ့စဉ်က အတူပါရှိသွားသော ကျောက်စွဲပစ္စည်းများကို ဆင်ပြောင်ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၅-၂-၉၅ ရက်နေ့တွင် ကိုကိုးကျွန်းသို့ထွက်ခွာသွားခဲ့သည့် ဆင်ပြောင်ရေယာဉ်သည် သယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၃ လက်မ× ၉ လက်မ ကျောက်ကြိုးကိုးချောင်း၊ ဆုံလည်ဆက်ကွင်းနှစ်ကွင်းနှင့် ဆက်ကွင်းကြီး တစ်ကွင်းတို့ကို ပြန်လည်ဆယ်ယူနိုင်ခဲ့သည်။ ၂၂-၃-၉၅ ရက်နေ့တွင် (SPIT CHANNEL) သစ်အား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရန်ကုန်မြစ်အတွင်း ကုန်တင်ကုန်ချမှု မြန်ဆန်ရေးအတွက် အထောက်အကူပြုနိုင်ရန် မြစ်လယ်တွင် ဖော်ယာလေးလုံးဖြင့် အသေချည်ပြီး တင်ချနိုင်သော ဖော်ယာ စနစ်ကို ၁၉၉၄ ခုနှစ်၊ ဩဂုတ်လအတွင်း ချထားပေးခဲ့ကာ ဆောင် ရွက် ခဲ့သည်။

ဝါးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားမည့် ရေပေါ်ဟိုတယ်အတွက် ၁၂၀ ပေ×၂၀ ပေသံမဏိ ဆိပ်ခံဇော သုံးလုံး၊ ပေ ၄၀×၂၀ ပေ သံမဏိ တံတားခံ ဇောနှစ်လုံးကို တည်ဆောက်ပေးသည်။ ပေ ၈၀ ပေါင်းကူးတံတား သုံးလက်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ကုန်ကိုင်တွယ်မှု ပမာဏတိုးတက်လာမှုကြောင့် ကုန်ပစ္စည်းများ ထားနိုင်ရန် ဆူးလေအမှတ်(၂)၊ အမှတ်(၃)နှင့် (၄)၊ အမှတ်(၇) တို့တွင် အမာခံလွင်ပြင်များ တည်ဆောက်ပေးခဲ့သည်။ ထားဝယ် ဆင်ဖြူပြင် ရေလမ်းကြောင်း သစ်တွင် လှေသင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ သွားလာခုတ်မောင်းနိုင်ရေးအတွက် တိုင်းတာရေးမှတ်တိုင်ခြောက်ခု၊

ရေကြောင်းလမ်းညွှန်မှတ်တိုင် ရှစ်ခုနှင့် ရေကြောင်းလမ်းပြ ဖော်ယာခြောက်လုံး တို့ကိုတည်ဆောက်ချထားပေးခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြည်တွင်း သစ်တင် စခန်းများဖြစ်ကြသည့် တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် သစ်တင်ပို့သည့်စခန်းများမှ နိုင်ငံခြားသင်္ဘောများပေါ်သို့ သစ်လုံးတန်ပေါင်း ၁၄၃၀၀ ကိုတင်ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သည့်ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများမှ ရရှိသည့် ခန့်မှန်းခြေ သင်္ဘောဝင်ရောက်မှု စရိတ် အမေရိကန်ဒေါ်လာ ၃၀၂,၇၇၅ ဖြစ်သည်။

## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ အဓိကတာဝန်သည် ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်ဟောင်းများ ပြန်လည်ပြုပြင် မွမ်းမံ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများပင် ဖြစ်သည်။

အဓိကဆောင်ရွက်မှုအနေနှင့် အထက်ပါ တာဝန် များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အပြင် အထွေထွေထုတ်လုပ်မှုလုပ်ငန်းနှင့် အက်ဆစ်တလင်း ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ပြီး လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပိုမိုတိုးတက် မြင့်မား လာစေရန် တိုးချဲ့ဆောင်ရွက်ရာ၌ ဆင်မလိုက် သင်္ဘောကျင်း တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအား လက်ရှိ အနေ အထားထက် ပိုမို၍ စွမ်းဆောင်မှုတိုးတက်စေမည့် (SINMALIKE DOCKYARDS UP GRADING PROJECT)အတွက် ရေယာဉ် တည်ဆောက်မှုလုပ်ငန်းဆိုင်ရာ အဆင့်မြင့် စက် ကိရိယာများ တိုးချဲ့တပ်ဆင်ရန်၊ သံမဏိနှင့် သံထည် တပ်ဆင်မှု လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် လွန်းလမ်း၊ လွန်းကျင်းများ တိုးချဲ့တည်ဆောက် ရန်အတွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ချေးငွေရရှိရေးပဏာမ နားလည်မှု သဘောတူညီချက်စာချွန်လွှာကို ၂၁-၉-၉၄ နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်းအားအကောင်အထည်ဖော်ပြီးပါက မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဆင်မလိုက်သင်္ဘောကျင်းသည် လက်ရှိတန်ချိန် ၂၅၀၀ D W T ရှိသော သင်္ဘောများ တည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ D W T ရှိသော သင်္ဘောများတည်ဆောက်ခြင်း၊ လွန်းတင်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် တံတား၊ ဆိပ်ခံဇော စသည့် သံထည်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

သီလဝါ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေး စီမံကိန်းအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၊ လုပ်ငန်းစီမံကိန်း ချေးငွေမှ ဂျပန်ယန်းသန်းပေါင်း ၄၇၃ ဒသမ ၉၄၆ သန်းကို ၂၁-၅-၈၅ နေ့တွင် ချေးယူရရှိခဲ့၍ အကြိုအင်ဂျင်နီယာ လုပ်ငန်းများဖြစ်သော သင်္ဘောကျင်းတည်ဆောက်ရေး လုပ်ငန်းအရပ်ရပ်အတွက် အသေးစိတ်ပုံစံဒီဇိုင်းများ၊ မြေအနေအထား အခြေအနေ စူးစမ်းလေ့လာမှု၊ ဝယ်ယူ တပ်ဆင်မည့် စက်ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်း ပြုစုခြင်း၊ ဝယ်ယူရေးတင်ဒါခေါ်ယူရန် စာရင်းပြုစုခြင်းများကို ၁၉၈၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အကြိုအင်ဂျင်နီယာလုပ်ငန်းများ ပြီးစီးပြီးနောက် သင်္ဘောကျင်းကြီးတည်ဆောက်ရန် ချေးငွေဆက်လက် ရယူရေး အစီအစဉ်မှာ လောလောဆယ် ဆိုင်းငံ့လျက် ရှိသည်။ ရေလုံသင်္ဘောကျင်းတည်ဆောက်ရန် လိုအပ်သော ချေးငွေ ယန်းသန်းပေါင်း ၁၄၆၀၅ ရရှိရေးအတွက် စောင့်ဆိုင်းလျက်ရှိသည်။ အကြိုအင်ဂျင်နီယာ လုပ်ငန်း အတွက် ချေးယူခဲ့သော ငွေများအပေါ် ကျသင့်သည့် အတိုးငွေများကို စတင်ပေးဆပ်လျက်ရှိပြီး အရင်းငွေကို ၁၉၉၅ ခုနှစ်မှစ၍ အရစ် ၄၀ ပေးဆပ်ရန်ရှိသည်။

သီလဝါဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွင် သီလဝါ သင်္ဘောကျင်းတည်ဆောက်ရေးအတွက် မြေဧရိယာစုစုပေါင်း ၃၉၇ ဒသမ ၂၇ ဧက ရရှိထားပြီး တပ်မတော် (ရေ) သို့ ၇၇ ဒသမ ၅၈ ဧက လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။ လောလောဆယ်တွင် ရရှိထားသောမြေအား ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)အတွက် ၇၅ မီတာ ကော်ဗက်အမြန် ရေယာဉ်တစ်စီး တည်ဆောက်ရန်အတွက် ကာကွယ်ရေးဦး စီးချုပ်ရုံး(ရေ) နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ၁၁-၄-၉၄ နေ့တွင် ရေယာဉ်တည်ဆောက်ရေးအတွက် နှစ်ဦးနှစ်ဖက် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ အဆိုပါရေယာဉ်

တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် စက်ကိရိယာများ ဝယ်ယူရန်အတွက် KEPPEL INTERGRATED ENGINEERING အဖွဲ့က SEA SCAN INTERNATIONAL Pte. Ltd. နှင့် ဝယ်ယူရေးစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဇွန်လ တွင်ချုပ် ဆိုခဲ့သည်။

ကိုယ်ထည်ပုံစံငယ် စမ်းသပ်ထုတ်လုပ်ရေးနှင့် ပတ်သက်၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (ရေယာဉ်ဗိသုကာ) တစ်ဦးနှင့် ကွန်ပျူတာပညာရှင်တစ်ဦးတို့သည် အီတလီနိုင်ငံ FINCANTIERI NAVAL SHIP BUILDING DIVISION သို့ သွားရောက်ခဲ့ပြီး တပ်မတော်(ရေ)၏ ရည်မှန်းချက်များနှင့်အညီ ပုံစံထုတ်လုပ်မှု လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကိုယ်ထည်ပုံစံကို လှိုင်းလေဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှုနှင့် မျှော်မှန်းထားသည့် ရေမိုင်နှုန်း ရရှိနိုင်ရေးအတွက် MODEL TANK TEST စသည့် သုတေသနလုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။ သုတေသနဆောင်ရွက်ချက်မှာ မြန်မာ့ သင်္ဘော ကျင်းလုပ်ငန်းမှ ထုတ်လုပ်ရေးဆွဲခဲ့သည့် ရေယာဉ် ကိုယ်ထည်ပုံစံကို မျှော်မှန်းထားခဲ့သည့်အတိုင်း လှိုင်းလေ ဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှု စသည့်တွက်ချက်မှုများနှင့် ကိုက်ညီ ကြောင်း ရလဒ်များ ရရှိခဲ့သည်။ ကိုယ်ထည် တည်ဆောက်ရေး အတွက် သံထည်ပစ္စည်းများသည် ၄-၈-၉၄ နေ့တွင် ရောက်ရှိ ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ဦးပိုင်း ဆက်သည့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ယူနန်ပြည်နယ်စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက လုပ်ငန်းအပ်နှံခဲ့သည့်တန် ၈၀၀ အမိုးပါ ကုန်တင်တွဲကိုးစီးတည်ဆောက်ရန်အတွက် ၂၀-၇-၉၃ နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မတ်လ တွင် ရေယာဉ်တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိ ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရေယာဉ်များကို စတင်တည် ဆောက်ခဲ့သည်။ ပထမသုံးစီးကို ၃-၈-၉၄ နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဒုတိယသုံးစီးကို ၄-၁၁-၉၄ နေ့တွင် လွှဲပြောင်း ပေးခဲ့သည်။ တတိယသုံးစီးကို ၃၀-၁၂-၉၄ နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနှင့် အာရှရေယာဉ်တည်ဆောက်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများ ဈေးကွက် တွင် ဝင်ရောက်နိုင်ရေး ဦးတည်ချက်ဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဆင်မလိုက်သင်္ဘောကျင်းကို လက်ရှိတန်ချိန် ၂၅၀၀ ( DWT ) ရှိသော သင်္ဘောများတည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ (DWT) ရှိသောသင်္ဘောကြီးများ တည်ဆောက်လွန်းတင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် ဆင်မလိုက်သင်္ဘောကျင်း တိုးချဲ့ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။ ယင်းသို့တိုးချဲ့ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၁-၉-၉၄ နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရေးအတွက် နားလည်မှု စာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

(မေမြန်မာ)

**မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများ (၁၉၉၅)။ ။** ပြည် ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများကို အောက်ပါ အတိုင်းဖော်ပြပါသည်။

**မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ**

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကိုဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိမန္တလေးမြို့၊ ဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည်။ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ-၃၀၁ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆင်ဖြူကန် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြိုင်ပွဲဖြစ်မြောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌနှင့် ဗဟို ကော်မတီဝင်များ၊ အထောက် အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် လူထုပရိသတ်များ တက်ရောက်သည်။

ပြိုင်ပွဲတွင် နှားလှည်းဒုန်း အကြီးတန်းပြိုင်ပွဲ၊ နွားလှည်းဒုန်း အငယ်တန်းပြိုင်ပွဲ၊ နွားတစ်ကောင်တပ်ဒုန်းလှည်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအကြီးတန်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအငယ်တန်းပြိုင်ပွဲ၊ နွားကျောစီးပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အကြီးတန်းပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အငယ်တန်းပြိုင်ပွဲ၊ နွားသိုးအလှပြိုင်ပွဲ၊ နွားမအလှပြိုင်ပွဲ၊ ခိုင်းနွားရှဉ်းစုံအလှပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း အသင်း၊ ပဲခူးတိုင်းအသင်း၊ မကွေးတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ အမှတ် ၃၃ ခြေမြန်တပ်မဟာနချုပ်အသင်း၊ အမှတ် ၉၉ ခြေမြန်တပ်မဟာနချုပ်အသင်းနှင့် အမှတ် ၁၀၁ ခြေမြန်တပ်မဟာနချုပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကွင်းပိတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဆင်ဖြူကြန်အားကစားကွင်း၌ ကျင်းပရာ မန္တလေး တိုင်းအသင်းက အမှတ်ပေါင်း ၁၈၇ မှတ်ဖြင့် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသည်။ မန္တလေးတိုင်းအသင်းသည် လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ တွင် ချီးမြှင့်သော ဆုများတန်ဖိုးမှာ စုစုပေါင်းကျပ် ၂၆ သိန်းခွဲကျော်ဖိုးရှိသည်။

## မြဝတီအငြိမ့်ပြိုင်ပွဲ

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲကို စက်တင်ဘာလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။ မြဝတီအငြိမ့်ပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်



တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နေသူတစ်ဦး

အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စစ်မှန်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအငြိမ့်သဘင်ကို မြဝတီရုပ်မြင် သံကြားမှ တစ်ဆင့် ပြည်သူများရှုမြင်နားဆင်အပန်းဖြေနိုင်ရေး ဟူသော ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဇာတ်ရုံအဝင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အငြိမ့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောင်လံတော်အငြိမ့်အဖွဲ့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သီရိဇေယျာအငြိမ့်အဖွဲ့၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရွှေနေကြာအငြိမ့်အဖွဲ့၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မောကိန္နရီအငြိမ့်အဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဟင်္သာရွှေအငြိမ့်အဖွဲ့၊ မာန်အငြိမ့်အဖွဲ့နှင့် ရွှေခေတ္တရာအငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ရွှေဟင်္သာအငြိမ့်အဖွဲ့နှင့် တိုင်းရွှေဝယ်အငြိမ့်အဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီအငြိမ့်အဖွဲ့၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့နှင့် မြရတနာအငြိမ့်အဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လမင်းတစ်ရာအငြိမ့်အဖွဲ့၊ ရေနံ့သာအငြိမ့်အဖွဲ့၊ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့နှင့် သစ်လွင်အငြိမ့်အဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့၊ ရွှေဝါဖူး အငြိမ့်အဖွဲ့နှင့် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့ စုစုပေါင်း တိုင်း ၁၀ တိုင်းမှ အငြိမ့်အဖွဲ့ ၁၉ ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး( ၂ ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အမှာစကား ပြောကြား သည်။ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ နာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အငြိမ့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်သည်။

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့က ပထမဆု (ငွေကျပ် သုံးသိန်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့က ဒုတိယဆု (ငွေကျပ်နှစ်သိန်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့က တတိယဆု (ငွေကျပ်တစ်သိန်း)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြည့်သူ့မေတ္တာရွှေရတနာအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယုဝတီက အကောင်းဆုံး ခေါင်းဆောင်မင်းသမီးဆု (ငွေကျပ်သုံးသောင်း)၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ ရွှေထွက် မင်းသမီး နီနီမြင့်က အကောင်းဆုံးရွှေထွက် မင်းသမီးဆု (ငွေကျပ် နှစ်သောင်း)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် မြနန်းရောအငြိမ့်အဖွဲ့မှ မိုးဒီ၊ မော့စ်၊ တိမ်ညွန့် နှင့် ပိစိတို့ပါဝင်သော လူရွှင်တော်အဖွဲ့က အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု (ငွေကျပ် လေးသောင်း)၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်လမင်းတစ်ရာအငြိမ့်အဖွဲ့မှ ဆိုင်းအဖွဲ့က အကောင်းဆုံး ဆိုင်းအဖွဲ့ဆု(ငွေကျပ် ငါးသောင်း)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီ အငြိမ့်အဖွဲ့က အကောင်းဆုံးတေးသီးချင်းဆု (ငွေကျပ် နှစ်သောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သစ်လွင် အငြိမ့်အဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေဝါဖူး အငြိမ့် အဖွဲ့တို့က ဂုဏ်ပြုဆု (ငွေကျပ်ငါးသောင်း)၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မာန်အငြိမ့်အဖွဲ့မှ ခေါင်းဆောင် မင်းသမီး

ကေတုကြည်က လက်ဆင့်ကမ်းအမွေဆု (ငွေကျပ် တစ်သောင်း)၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေနံ့သာ အငြိမ့်အဖွဲ့မှခေါင်းဆောင်မင်းသမီး မိုင်စမ်းညိမ်းက မျိုးဆက်သစ် လူငယ်ဆု(ငွေကျပ် တစ်သောင်း)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းရွှေဝယ် အငြိမ့်အဖွဲ့မှ စွပ်ပရား၊ မန်းဝင်း၊ အောင်ဇန်းနှင့် ပြာလောင်တို့ ပါဝင်သောလူရွှင်တော်အဖွဲ့က မျိုးဆက်သစ် လူရွှင်တော် အဖွဲ့ဆု (ငွေကျပ်နှစ်သောင်း)နှင့် အငြိမ့်အဖွဲ့ ၁၄ ဖွဲ့တို့က ဖွဲ့ဆု (ကျပ်သုံးသောင်းစီ) အသီးသီး ဆွတ်ခူး ရရှိသည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တတိယအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် လေ့ကျင့်ရေးဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ–၂၅၉ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန် အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အနုပညာရှင် ကြီးများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ ကြိုးကြပ်သူများ နှင့် ဖိတ်ကြား ထားသူများ တက်ရောက်သည်။



မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်နှင့် အောက်) ဟူ၍ အဆင့်ငါးဆင့်ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၁,၇၀၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအား ပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေး ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ပေး အပ်သည်။

## မြန်မာ့အကောင်းဆုံး အားကစားသမားဆု(၁၉၉၄)။

။၁၉၉၄ ခုနှစ် အတွက်မြန်မာ့အကောင်းဆုံး အားကစား သမား (အမျိုးသား၊ အမျိုးသမီး) ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေဂုံရှင်ဂါးဒင်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် တက်ရောက် အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က အမှာစကား ပြောကြား ရာတွင် ယခုအခမ်းအနားသည် မြန်မာ့အားကစားလောက သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊



၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသား) ဆုရ သန်းတိုးအောင်နှင့် (အမျိုးသမီး) ဆုရ ဝင်းဝင်းမော်

အမျိုးသမီး)ဆု ရွေးချယ်ပြီး ဆုကြေးငွေများနှင့် ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် တီထွင်ချီးမြှင့်သည့် ဂုဏ်ပြုပွဲဖြစ်ခြင်းကြောင့် မြန်မာ့အားကစားလောကအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်ကြောင်း၊ ဆုကို နှစ်စဉ်ချီးမြှင့်သွားမှာဖြစ်ပြီး ဆုအရေအတွက်များကိုလည်း တိုးမြှင့် သတ်မှတ်ပေးသွားမှာဖြစ်ကြောင်း၊ အားကစားမောင်မယ်များ အနေနှင့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အားကစားဘက်မှာ ထူးချွန်လာလျှင် နိုင်ငံ့ဂုဏ်ဆောင်သားကောင်းသမီးကောင်း များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာဂုဏ်ပြုသလို ထင်ပေါ်လျှင် စင်တော်က ကောက်မည်ဆိုသည့် စကားအတိုင်း မိမိအတွက်လည်း အကျိုးရှိ၍ အပြိုင်အဆိုင်ကြိုးစားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမား (အမျိုးသား) ဆုရ ဘောလုံးအားကစားသမား သန်းတိုးအောင်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံးအားကစားသမားရုပ်တုကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသမီး)ဆုရ အလေးမအားကစားသမား ဝင်းဝင်းမော်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံး အားကစားသမားရုပ်တုကို လည်းကောင်း ချီးမြှင့်ခဲ့ပေသည်။

## ရဲဘော်နေအောင် (ခရစ် ၁၉၁၈ – ၁၉၉၅) ။

။စာပေ လောကတွင် ထင်ရှားခဲ့သော စာရေးဆရာ ရဲဘော်နေအောင်ကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ အဖ ဦးညွန့်၊ အမိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဆင့်တို့က ပဲခူးတိုင်း၊ ဓနိကုန်းမြို့၊ သစ်နဖားရွာတွင် မွေးဖွားသည်။ အမည်ရင်း ဦးတင်မြင့် ဖြစ်၍ ဘီအိုင်အေ ဗိုလ်သင်တန်းတက်ခဲ့သဖြင့် ဗိုလ်တင်မြင့် အမည်တွင်သည်။

ရဲဘော်နေအောင်သည် ရှေး ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၄၂ – ၄၅ ခုနှစ်၌ ဗမာ့တပ်မတော်၊ စစ်တက္ကသိုလ် (မင်္ဂလာဒုံ) တတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင် အလုပ်သင်

ဗိုလ်အဆင့်ဖြင့် စက်မှု (၂) တပ်ရင်းရုံး၌ တာဝန်ထမ်းဆောင်သည်။ တစ်ဖန် တိုင်းစစ်ဌာနချုပ် နတ်တလင်းသို့ ရောက်ရှိပြီး ပဲခူးရိုးမသို့ ချီတက်တိုက်ခိုက်ရေး တာဝန်ယူခဲ့သည်။ ထို့နောက် ဇီးကုန်းမြို့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရဲဘော်နေအောင်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေး(စီအေအက်စ်ဘီ)က ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက လူသတ်မှု ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ကာ တရားရုံးက သေဒဏ်ကြိုးမိန့်



စာရေးဆရာ
ရဲဘော်နေအောင်

ချမှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင်များအပါအဝင် လူထုအုံကြွမှုဖြင့် အရေးဆိုခဲ့သောကြောင့် သေဒဏ်မှလွတ်ကာ တစ်သက်တစ်ကျွန်းသို့ ပြောင်းရွှေ့အမိန့်ချမှတ်ခံရသည်။ သရက်ထောင်တွင် အကျဉ်း ချခံနေရစဉ် ဗိုလ်ချုပ်အောင်ဆန်း သရက်မြို့သို့ ရောက်ရှိ လာသောအခါ အကျဉ်းထောင်စစ်ဆေးရာတွင် ရဲဘော် နေအောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခွင့် ရခဲ့ သည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ရဲဘော်နေအောင်သည် အပြစ်ဒဏ်မှလုံးဝ လွတ်ကင်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဲဘော်နေအောင်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ ဘဝများတွင် ကျင်လည်ခဲ့သည်။ မန္တလေးမြို့၊ ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာများတွင် အယ်ဒီတာ လုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ပင်းယစာပေတိုက်ပိုင်ရှင် ဦးသိန်းရွှေ၏ ပင်းယစာပေတိုက် အပေါ်ထပ်တွင် ခေတ္တနေထိုင်ခဲ့ သည်။ သည့်နောက် ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ရုံးချုပ်တွင် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခွင့်ရကာ ရုံးချုပ်ဝင်းအတွင်း တိုက်ခန်းတွင် နေထိုင်လျက် စာပေများ ရေးသားပြုစုခဲ့သည်။

မန္တလေးရုပ်ရှင်က ရိုက်ကူးသော “သည်သောင်ယံက မခွာရက်နိုင်တယ်” ရုပ်ရှင်ဇာတ်ကားသည် ရဲဘော်နေအောင်၏ ဝတ္ထုဇာတ်လမ်းဖြစ်သည်။ ရဲဘော်နေအောင်၏ “နယ်ချဲ့၏အကျဉ်းသား”ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်မှာ စာရေးသူ၏ အကျဉ်းသားဘဝကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးသားနိုင်သဖြင့် စာပေလောကတွင် ထင်ရှားခဲ့သည်။ ထို့အပြင် ရဲဘော်နေအောင်သည် မိမိအရက်ကျေးကျွန်ဖြစ်ခဲ့ရပုံကို သူ၏ “သေရည်”စာအုပ်တွင် ပွင့်ပွင့်လင်းလင်း ရေးသားခဲ့သည်။

ရဲဘော်နေအောင်သည် သူ၏ အရက်ကျေးကျွန်ဖြစ်ခဲ့ရသော ဘဝကို မရှက် မကြောက်၊ ရိုးရိုးစင်းစင်း၊ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရေးသားခဲ့သောကြောင့် သူ၏ “သေရည်” စာအုပ်သည် ရသမြောက်ပြီး စာပေမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့၊ ဒဂုံမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး အသစ်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သင်္ဃန်းကျွန်းမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ရဲဘော်နေအောင်သည်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ချီးမြှင့်သော ထောက်ပံ့ကြေးငွေ ကျပ် ၁၀,၀၀၀ ကို ရရှိခံစားခဲ့ရသည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည့်ပြင် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ကိုလည်း ရရှိခဲ့သည်။

စာရေးဆရာ ရဲဘော်နေအောင်သည် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နေအိမ်တွင် ကွယ်လွန်သည်။ ၎င်း၏ ဇနီး ဒေါ်စိန်စိန်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်းကွယ်လွန်ချိန်၌ သမီးနှစ်ယောက်နှင့် မြေးများ ကျန်ရစ်သည်။

**ရိုမေးနီးယားနိုင်ငံ။** ။ ဧရိယာ အကျယ်အဝန်းအားဖြင့် ၉၁,၆၉၉ စတုရန်းမိုင် (၂,၃၉,ဝ၂၇ စတုရန်း ကီလိုမီတာ) နှင့် လူဦးရေ ၂၃,၃၀၀,၀၀၀ (၁၉၉၂ ခန့်မှန်းခြေ) ရှိသော ရိုမေးနီးယားနိုင်ငံသည် ချက်ကိုစလိုဗေးကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား စသော အခြားအိမ်နီးချင်း အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ၁၉၄၇ မှ ၁၉၈၉ အထိ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ဒုတိယ ကမ္ဘာစစ်တွင် ဝန်ကြီးချုပ် မာရှယ်ယွန်အင်တိုနက်စကူး ဦးဆောင်သော ရိုမေးနီးယားသည်ဆိုဗီယက်ပြည်ထောင်စု ကို ဆန့်ကျင်ကာ ဂျာမနီအား ထောက်ခံအားပေးခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် မိုက်ကယ်ဘုရင်သည် အင်တိုနက်စကူး အား ဖြုတ်ချပြီး မဟာမိတ်များနှင့် တွဲဖက်ခဲ့ရာ၊ ဆိုဗီယက် တပ်များက သိမ်းပိုက်ခြင်းခံရသောအခါ အမျိုးသား ဒီမိုကရက်တစ်တပ်ဦးက ရိုမေးနီးယားနိုင်ငံအား ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်သူ့သမ္မတ နိုင်ငံအဖြစ် ကြေညာပြီး မိုက်ကယ်ဘုရင်အား နန်းစွန့်သွား စေခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်က ရိုမေးနီးယားအား "ပြည်သူ့သမ္မတနိုင်ငံ"အဖြစ်မှ "ဆိုရှယ်လစ်သမ္မတ နိုင်ငံ"အဖြစ်သို့ ပြောင်းလဲ ပေးခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တီမီဆိုရာမြို့မှ စတင် ခဲ့သော လူထုတော်လှန်ဆန္ဒပြမှုများသည် ဘူကာရက်စ် မြို့တော်အထိ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး "အမျိုးသားတည်တံ့ ခိုင်မြဲရေးကောင်စီ"(Council of National Salvation )က အစိုးရအား တွန်းလှန်ဖြုတ်ချ လိုက်ပြီဖြစ်ကြောင်း ကြေညာ ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတကြီး ချောင်စက်စကူး နှင့် သမ္မတကြီး၏ ဇနီး တို့အား ဖမ်းဆီး၍ လူမျိုးတုံး လုပ်ဆောင်မှု(genocide) ဖြင့် တရားစစ်ဆေး စီရင်ရာ ပြစ်မှုထင်ရှား တွေ့ရှိရကြောင်း စီရင်ချက်ချပြီး လျှင် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကွပ်မျက်ခဲ့ကြသည်။

ထိုနောက် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး(အင်အက်စ်အက်ဖ်) ပါတီမှ ပီတာရိုမင်ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မေလ ၂၀ ရက်နေ့တွင် ပါတီစုံ ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရာ အမျိုးသားတည်တံ့ခိုင်မြဲ ရေး တပ်ဦးက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ (ထိုအချိန်တွင် ရိုမေးနီးယားနိုင်ငံ၌ အာဏာရ အင်အက်စ် အက်ဖ် ပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၄ ခုခန့်ရှိခဲ့သည်။) တစ်ချိန်တည်းမှာပင် သမ္မတရွေးကောက်ပွဲများကို သီးခြားကျင်းပခဲ့ကြရာ ယွန်အီလီယက်စကူးက သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထိုအချိန်(၁၉၉၀– မေလ) မှစ၍ ရိုမေးနီးယားနိုင်ငံ တွင် ဥပဒေပြုပါလီမန်အဖွဲ့အစည်းနှစ်ခုရှိလာခဲ့သည်။ တစ်ခုမှာ အမတ်နေရာ ၃၉၆ နေရာရှိသည့် အမျိုးသား လွှတ်တော်ဖြစ်၍ အခြားတစ်ခုမှာ အမတ်နေရာ ၁၁၉ နေရာရှိသည့် ဆီးနိတ်လွှတ်တော်ဖြစ်သည်။ ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်း ခဲ့ရာယင်းဥပဒေက ရိုမေးနီးယားနိုင်ငံအား "ဒီမို ကရက်တစ် ဆိုရှယ်နိုင်ငံ" အဖြစ် ဖော်ပြပြီး ပါတီစုံစနစ်နှင့်ဈေးကွက် စီးပွားရေးစနစ်များ ကျင့်သုံး၍ လူ့အခွင့်အရေး များပေးရန် ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် အစိုးရအာဏာ အမြောက်အမြား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ရသော သမ္မတ စနစ်တစ်ရပ်ကို အတည်ပြုခဲ့ သည်။

၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ပီတာရိုမင်က ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်လာခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသော ပြောင်းလဲမှုများပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်ရိုမင်က အင်အက်စ်အက်ဖ် ပါတီဝင်မဟုတ်သူ အတော်များများကို အစိုးရအဖွဲ့အတွင်း ဝန်ကြီးများအဖြစ် သွင်းယူခန့်ထားခဲ့သည်။ ထိုနောက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် သီယိုဒိုစတိုလိုယန်က ပီတာရိုမင်၏နေရာတွင် ဝင်ရောက်ကာ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စတိုလိုယန်၏ အစိုးရ အဖွဲ့တွင် အင်အက်စ်အက်ဖ်ပါတီ၊ အမျိုးသား လစ်ဘရယ် ပါတီ၊ ရိုမေးနီးယား ဇီဝသဘာဝ ဖွံ့ဖြိုးရေးအဖွဲ့ (Romanian Ecological Movement)နှင့် လယ်ယာ စိုက်ပျိုးရေး ဒီမိုကရက်တစ် ပါတီတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

**ယခင် နန်းစွန့်ဘုရင် ပြန်လာခြင်း** – ဤအတောအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကွန်မြူနစ်ဝါဒအား တော်လှန် ဖျက်သိမ်းပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ ၂၅ ရက် နေ့တွင် ယခင်က နန်းစွန့်သွားခဲ့ရသော ဘုရင် မိုက်ကယ် (အသက် ၆၉) သည် သူ၏ဇနီးနှင့်သမီးတို့ လိုက်ပါ၍ ရိုမေးနီးယားသို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိ လာခဲ့သည်။ သို့သော် ရိုမေးနီးယားခေါင်းဆောင်သစ်များက သူတို့အား လက်မခံဘဲ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံမှ ထုတ်ပယ်ပစ်ခဲ့ကြသည်။

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတစ်ရပ်ကို ဖြတ်သန်းနေရစဉ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတိုက်အခံနိုင်ငံရေးပါတီခြောက်ခုကို အညီအညွတ်စုစည်းကာ ဒီမိုကရေစီပြန်လည်ကျင့်သုံးရေး အမျိုးသားအဖွဲ့ကို ဘူကာရက်စ်မြို့တော်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါလီမန် ပြင်ပအတိုက်အခံအမျိုးသားအဖွဲ့ကို ဆက်လက်ဖွဲ့စည်း တည်ထောင် ခဲ့ကြသည်။

**အာဏာရပါတီ နှစ်ခြမ်းကွဲခြင်း** – ၁၉၉၂ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ စီးပွားရေးပြဿနာများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာမှုများ၊ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံခြားအကူအညီများရရှိရန် အားထုတ်မှုများဖြင့် အခြေအနေရှုပ်ထွေးနေစဉ်အတွင်း နိုင်ငံရေး ပါတီပြင်ဆင်ဖွဲ့စည်းမှုများလည်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ဖေဖော်ဝါရီလနှင့် မတ်လများ၌ ကျင်းပခဲ့သော ဒေသန္တရရွေးကောက်ပွဲများ၌ အာဏာရအင်အက်စ် အက်ဖ်ပါတီအနေဖြင့် ပြည်သူများ၏ အားပေးထောက်ခံမှု ကျဆင်းလာပြီး အတိုက်အခံပါတီ ၁၄ ခုပေါင်းစုထားသော ရိုမေးနီးယားဒီမိုကရက်တစ် ကွန်ဗင်းရှင်းအဖွဲ့က သိသိသာသာ အောင်မြင်လာသော လက္ခဏာများ ပေါ်ထွက်လာခဲ့သည်။ ဤတွင် သမ္မတ ယွန်အီလီယက်စကူးသည် အင်အက်စ်အက်ဖ်ခေါင်းဆောင် ပီတာရိုမင်နှင့် ပုဂ္ဂိုလ် ချင်းမသင့်မမြတ်ဖြစ်ပြီးလျှင် အင်အက်စ်အက်ဖ် ပါတီမှ ခွဲထွက်ကာ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဒီမိုကရက်တစ် အမျိုးသား တည်တံ့ခိုင်မြဲရေး တပ်ဦး (ဒီအင်အက်စ်အက်ဖ်ပါတီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထို့နောက် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတနှင့် ပါတီရွေးကောက်ပွဲများ ကျင်းပရာ ဒီအင်အက်စ်အက်ဖ်ပါတီက ဆန္ဒမဲစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်း ရရှိပြီး ညွန့်ပေါင်းအစိုးရတွင် အဓိကအစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ဒီစီအာရ်ပါတီနှင့် အင်အက်စ်အက်ဖ်တို့က ဒုတိယနှင့် တတိယနေရာများ အသီးသီးရရှိခဲ့ကြသည်။ အောက်တိုဘာလတွင် အီလီယက်စကူးသည် ဒီအင်အက်စ်အက်ဖ်ပါတီ၏ သမ္မတလောင်းအဖြစ် ဒီစီအာရ်ပါတီ၏ သမ္မတလောင်း အီမီလ်ကွန်စတင်တီနက်စ်ကူးနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် ဒီအင်အက်စ်အက်ဖ်ပါတီသည် တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ် လွှတ်တော်အမတ်နေရာ အများစု မရရှိသဖြင့် နိုင်ငံရေးပါတီမရှိသူ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အရာထားကာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်း၍ စခန်းသွားခဲ့ရသည်။ ဗာကာရီယိုအစိုးရသည် ၁၄ လကြာ အုပ်ချုပ်သွားသော သီယိုဒို စတိုလိုယန်၏ အိမ်စောင့်အစိုးရက ပြုလုပ်သွားသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်ပြုလုပ်သွားရန် ချက်ချင်း ထုတ်ဖော် ကတိပြုခဲ့သည်။ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အဖြစ် သမ္မတ ဘီလီယက်စကူးက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ခန့်ထားခဲ့သည်။ သူသည် ထိုအချိန်က အသက် ၄၉ နှစ်ရှိ ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်ပြီး သီယိုဒိုစတိုလိုယန် ဦးဆောင်သော အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အငယ်တန်းဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံ၏ စီးပွားရေးပြဿနာများကို နှံ့စပ်ပိုင်နိုင်စွာ သိနားလည်သူအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

**မဟာရိုမေးနီးယားပါတီ၏ အသံ** – အစွန်းရောက်အမျိုးသားဝါဒကျင့်သုံးသည့် မဟာရိုမေးနီးယားပါတီက ၎င်း၏ ပထမဆုံးပါတီညီလာခံကို ၁၉၉၃ ခုနှစ်၊ မတ်လ ၆ ရက် နှင့် ၇ ရက်နေ့များတွင် ကျင်းပပြီး ကော်နီလျူဗာဒင်တျူဒါ အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက် ခဲ့ရာ ညီလာခံသို့ မိန့်ခွန်းပြောရာ၌ တျူဒါက ရိုမေးနီးယား နိုင်ငံ၏ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂသည် ရိုမေးနီးယားနိုင်ငံအား ယူဂိုစလဗ်ပုံစံမျိုးဖြင့် ပိုင်းခြားစိတ်ဖြာရန် ကြံစည်နေကြောင်း စွပ်စွဲကာ ယင်းသမဂ္ဂ၏ လှုပ်ရှားမှုများကို နှိမ်နင်းချေမှုန်းပစ်သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။(ရိုမေးနီးယားနိုင်ငံ၏လူဦးရေတွင် ဟန်ဂေရီလူမျိုးများမှာ ၁၁ ရာခိုင်နှုန်းခန့် ပါဝင်သည်)။

**ယခင် ရိုမေးနီးယားဘုရင် လာရောက်လည်ပတ်မှု** – ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အရှေ့ပိုင်းခရစ်ယာန်ဘာသာရေး ဂိုဏ်း (Orthodox Church) က အီစတာပွဲတော် အခမ်းအနား များ တက်ရောက်ရန် ဖိတ်ကြားချက်အရ ယခင် ရိုမေးနီးယား ဘုရင်မိုက်ကယ်သည် ဧပြီလ ၂၅ မှ ၂၇ ရက်အထိ ရိုမေးနီးယား နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့သည်။ ဤသည်မှာ သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် လာရောက်ခြင်းဖြစ်သည်။ အတိုက်အခံပါတီများက ဘုရင်ဟောင်း လာရောက်ခြင်းကို ဝမ်းသာအားရကြိုဆိုကြပြီး

ရိုမေးနီးယားနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ် ပြန်လည်တည်ထောင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် အရေးဆိုခဲ့ကြသည်။ ဘုရင်မိုက်ကယ်က ခပ်မဆိတ်နေသွားခဲ့သည်။

ထို့နောက် တစ်ဖန် ၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ယခင်ဘုရင်မိုက်ကယ်က ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ရိုမေးနီးယားအမျိုးသားနေ့တွင် ကျင်းပမည့် ရိုမေးနီးယားနှင့် ထရန်ဆယ်ဗေးနီးယား(Transylvania) တို့ပေါင်းစည်းသည့် ၇၅နှစ်မြောက်အခမ်းအနားသို့တက်ရောက်လိုကြောင်း ကြေညာပြောဆိုခဲ့သည်။ သူ၏ အဆိုပြုချက်ကြောင့် အစိုးရနှင့် အတိုက်အခံပါတီများစပ်ကြား နိုင်ငံရေးသဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ဘုရင်ဟောင်း လာရောက်ရေးကို အတိုက်အခံပါတီကြီးများက ထောက်ခံသော်လည်း အာဏာရရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီက ကန့်ကွက်ခဲ့ရာ ဘုရင်ဟောင်းမိုက်ကယ် လာရောက်ခွင့်မရသဖြင့် အယ်လ်ဘာဂျူလီယာမြို့၌ ကျင်းပခဲ့သော အထက်ပါ အခမ်းအနားများကို အတိုက်အခံပါတီများက သပိတ်မှောက်ခဲ့ကြသည်။(အထက်ဖော်ပြပါ ရိုမေးနီးယားဆိုရှယ်ဒီမိုကရေစီပါတီ(အက်စ်ဒီပီအာရ်)မှာ ယခင်က ရှိခဲ့သော ဒီမိုကရက်တစ်အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး (ဒီအင်အက်စ်အက်ဖ်)ကို အမည် ပြောင်းလဲထားခြင်း ဖြစ်သည်။)

**အာဏာရပါတီ ပြိုလဲမည့်အခြေ** – ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ရသော အက်စ်ဒီပီအာရ်ပါတီမှာ ပြိုလဲကျဆင်းမည့်အန္တရာယ်ကို တိုးတက်ရင်ဆိုင်လာသဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ဦးပိုင်းတွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များနှင့် ပေါင်းစည်းကာ တရားဝင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေသို့ ပိုမိုနီးကပ်လာခဲ့သည်။ ဤကိစ္စတွင် အထွေထွေရွေးကောက်ပွဲကြီးကို အချိန်မတိုင်မီ စောစီးစွာ ကျင်းပရမည့်အရေးကို ရှောင်တိမ်းနိုင်ရန် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးပွဲများ အများအပြား ဆက်တိုက်ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များက ၄င်းတို့အား ဝန်ကြီးရာထူး နေရာများ မပေးလျှင် ဝန်ကြီးချုပ် နီကိုလိုင် ဗာကာရီယိုအား ဆက်လက်ထောက်ခံခြင်း ပြုမည်မဟုတ်ကြောင်း ခြိမ်းခြောက် ဖိအားပေးခဲ့ကြသည်။ အစိုးရအနေဖြင့် ဖော်ပြပါဝါဒီများနှင့် ပေါင်းဖက် ဆက်စပ်မည့် အရေးမှာ ရိုမေးနီးယားနိုင်ငံအား အနောက်နိုင်ငံအစိုးရများနှင့် မြီရှင် များ၏ အမြင်တွင် သိက္ခာကျစေသည်ဟုဆိုကာ ယခင် ဝန်ကြီးချုပ် ပီတာရိုမင်၏ ဒီပီအင်အက်စ်အက်ဖ် အတိုက်အခံပါတီနှင့် ဒီစီအာရ်ဗဟိုလက်ယာ အတိုက်အခံပါတီတို့က ပြစ်တင်ဝေဖန် ပြောဆိုခဲ့ကြသည်။

**ဟန်ဂေရီနွယ်ဖွားများအတွက် "အထူးအဆင့်အတန်း" တောင်းဆိုချက်** – ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီလူမျိုးများအား ဦးဆောင်မှုပေးနေသည့်ရိုမေးနီးယားနိုင်ငံ ဆိုင်ရာ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂ(အိပ်ချ်ဒီယူအာရ်) ၏ ခေါင်းဆောင် ဘီလာမာကိုက ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းစာဆရာတစ်ဦးအား တွေ့ဆုံပြောကြားရာ၌ ထိုအချိန်က ရိုမေးနီးယားနှင့်ဟန်ဂေရီ နှစ်နိုင်ငံစပ်ကြားအခြေခံစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးစေ့စပ်နေကြရာတွင် ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီမျိုးနွယ်များအတွက်"အထူးအဆင့်အတန်း"တစ်ရပ်ပေးရန် တောင်းဆိုခဲ့သည်။ ဤသို့တောင်းဆိုခြင်းမပြုမီ လွန်ခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဟန်ဂေရီဝန်ကြီးချုပ် ဂျူလာဟွန်းက ဟန်ဂေရီနှင့် ရိုမေးနီးယားနှစ်နိုင်ငံတို့ "သမိုင်းဝင် ပြန်လည်သင့်မြတ်စည်းလုံးရေး"အတွက် အဆိုပြုတိုက်တွန်းပြောကြားခဲ့သည်။ရိုမေးနီးယားနိုင်ငံ၌ရှိ ဟန်ဂေရီမျိုးနွယ်များအဖို့ ၄င်းတို့၏ အခွင့်အရေးများအတွက် အာမခံချက်များ ရရှိမည်ဆိုလျှင် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယားနိုင်ငံတွင် ရှိသော နယ်မြေတောင်းခံနိုင်ခွင့်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း ဂျူလာဟွန်းက ကမ်းလှမ်းခဲ့သည်။ ဘီလာမာကို၏ တောင်းဆိုချက် ထွက်ပေါ်လာပြီးနောက် ဩဂုတ်လ ၁၆ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီး တီယိုဒိုမီလက်စ်တာနူးက မာကိုအား တွေ့ဆုံ၍ နောက်နောင်တွင် ရိုမေးနီးယား–ဟန်ဂေရီနိုင်ငံစပ်ကြား အခြေခံစာချုပ်အတွက် ဆွေးနွေးစေ့စပ်မှုများနှင့် ပတ်သက်၍ အိပ်ချ်ဒီယူအာရ်အား တိုင်ပင်နှီးနှောသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မများမကြာမီ ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီး မီလက်စ်ကာနူးသည် ဟန်ဂေရီနိုင်ငံသို့ စက်တင်ဘာ ၅ မှ ၆ ရက်နေ့အထိ သွားရောက်လည်ပတ်ရာတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယား – ဟန်ဂေရီ နှစ်နိုင်ငံ နယ်ခြားအား ထိုအချိန်က ရှိသည့် အတိုင်း တည်တံ့ခိုင်မြဲသွားရေးကို အသိအမှတ်ပြုသွားမည့် အရေးကြီးသော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာနေခြင်းကို ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေသည်။



စာရေးဆရာ ဦးရန်အောင်

**ရန်အောင်၊ ဦး (စာရေးဆရာ) (ခရစ် ၁၉၀၄–၁၉၉၅)။** ။စာရေးဆရာကြီး ဦးရန်အောင်ကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဆင်ပေါင်ဝဲမြို့၌ အဖ လက်သမားဆရာကြီး ဦးကျား၊ အမိ ဒေါ်မိလေးတို့မှ ဖွားမြင်ခဲ့သည်။ ငယ်မည် ရန်ကြီးအောင် ဖြစ်သည်။ အထက်တန်းဆရာဖြစ် အောင်မြင်ခဲ့၍ အမျိုးသား ကောလိပ် တွင် ဥပစာတန်း အောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။

အသက် ၁၅ နှစ်သားအရွယ်မှစ၍ စာပေများရေးသားခဲ့သည်။ ကျောင်းဆရာဘဝ၊ ဈေးသည်ဘဝ၊ စာအုပ်သည်ဘဝ၊ ရေနေ၊ စာအုပ်ထုတ်ဝေသူ၊ စာပြင်ဆရာ၊ အယ်ဒီတာ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီးနောက် ထိုသို့သော ဘဝမျိုးစုံမှ အတွေ့အကြုံများကို လေ့လာမှတ်သားစုဆောင်းပြီးလျှင် စာပေဖြင့် တိုင်းပြည်သို့ တင်ပြခဲ့သည်။

လုံးချင်းဝတ္ထု ၅၀ ခန့်၊ အိမ်ထောင်ရေးကျမ်း ၁၀ အုပ်ခန့်၊ ကြီးပွားတိုးတက်ရေးကျမ်း ၅ အုပ်ခန့် ရေးခဲ့ပြီး စာနယ်ဇင်းများတွင်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သည်။ ဆရာကြီး၏ ဝတ္ထုအချို့သည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ဂျပန်နှင့် တေလဂူဘာသာများသို့ ပင် ပြန်ဆိုခြင်း ခံရသည်။ ဆရာကြီး၏ ကလောင်အမည်ခွဲများမှာ ရန်ကြီးအောင်၊ ဒဂုန် ရန်အောင်၊ မြေထဲနွယ်နှင့် ပီဟေးမင်း တို့ဖြစ်ကြသည်။ သူသည် ၁၉၂၄ ခုနှစ်တွင် ဗုဒ္ဓဂါယာ၌ တစ်နှစ်ခန့် နေထိုင်ခဲ့သည်။

သူ၏ လက်ရာများအနက် "စာဆိုနှင့် လက်ရာမွန်" စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာဆိုင်ရာစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ် စတုတ္ထဆုကိုလည်းကောင်း၊ "မြတ်ပန်းဥယျာဉ်" ဖြင့် ၁၉၆၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ကြုံလေဘုံဘွေ အထွေထွေ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ရန်အောင်စာ ရန်အောင်ဘဝ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာ စကုတ္ထဆုကိုလည်းကောင်း အသီးသီးဆွတ်ခူး ရရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေပြန့်ပွားရေးအသင်းကြီးကို ဦးဆောင်တည်ထောင်ခဲ့သည်။ ဆရာ၏ ထင်ရှားသောလက်ရာများမှာ အညာသားလေး၊ ဆင်းရဲသား၊ တောသား စသောဝတ္ထုများဖြစ်သည်။ 'အညာသား လေး'၊ 'အမေ' နှင့် 'အဖေ' ဝတ္ထုများမှာ ရုပ်ရှင်နှင့်ဗွီဒီယို ရိုက်ကူးခဲ့ရသည်။

စာပေဗိမာန် စာပေအတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေအကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့သည်။

ဆရာကြီး ဦးရန်အောင်သည် မကွယ်လွန်မီ တိုက် ၄၄၃၊ အခန်း ၁၈၊ အနောက်ရန်ကင်းတွင် နေထိုင်ခဲ့ပြီး (၉–၁–၉၅) နေ့နံနက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ပြီး (၇) ရက်မြောက်သောနေ့တွင် ၁၉၉၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု တစ်သက်သာ စာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရာ သားဖြစ်သူ ဦးတင်အောင်က ကိုယ်စားလက်ခံ ရယူခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသမီး ငါးဦး ကျန်ရစ် သည်။

**ရွှေအောင်၊ ဦး (ခရစ် ၁၉၂၈–၁၉၉၅)။** ။ဆရာကြီး ဦးရွှေအောင်ကို ၁၉၂၈ ခု၊ ဇွန်လ ၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးရွာ၌ ဦးစု၊ ဒေါ်အုန်းရှင်တို့က ဖွားမြင်သည်။ မွေးချင်း ငါးယောက်တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်းငါးယောက်တွင် ယောကျာ်းနှစ်ယောက်နှင့် မိန်းမသုံးယောက်ပါဝင်သည်။ မိဘများမှာ လယ်သမားများဖြစ်ကြပြီး ဦးရွှေအောင် ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုးအဘွားများနှင့် အတူနေရသည်။

ခုနစ် နှစ်သားအရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင်သင်ယူသည်။ ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋကတ် စာပေများကို ဆက်လက် သင်ယူသည်။ ၁၈ နှစ်အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူသည်။ အသက် ၂၀ ရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်းဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့၊ မင်းမနိုင်ကွက်သစ်၊



ဦးရွှေအောင်

သိပ္ပမဥ္ဇူကျောင်း၊ အလုံ–အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း – ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့– တောင်ပြင်ဘုရားကြီးတိုက်၊ ဆရာတော် ဦးကြယ်ကျောင်းတို့၌ ပညာဆက်လက်သင်ယူသည်။ ၁၉၅၃ ခုနှစ်တွင် စေတိယင်္ဂဏဓမ္မာစရိယ၊ သက္ယသီဟဓမ္မာစရိယ (ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) ဘွဲ့တို့ကို ရရှိသည်။

သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးနောက် မြန်မာနိုင်ငံတွင် သာသနာတော်ဆိုင်ရာ ပရိယတ္တိစာပြန်ပွဲများ ရပ်စဲသွားခဲ့သည်။ သို့ဖြစ်ရာ မန္တလေးမြို့ရှိ ရာဇဂုရု ဆရာတော်ကြီးများနှင့် သာသနာပြုဒါယကာကြီးများက ပရိယတ္တိသာသနာတော်ကြီး တည်တံ့စေရန် အလို့ငှာ၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်၍ အဆင့်အတန်းမြင့်သော စာမေးပွဲကြီးများကို ကျင်းပပေးခဲ့သည်။

ထိုစာမေးပွဲတွင် စာသင်တန်းနှင့် ဓမ္မာစရိယ စာချတန်းဟု နှစ်တန်းခွဲထားသည်။ စာသင်တန်းတွင် ပရိယတ္တိအခြေခံကျမ်းများကို အာဂုံပြန်ဆိုမှုနှင့် သဘောရေးဖြေနှစ်မျိုးလုံး ပါဝင်သဖြင့် ရဟန်းငယ်များပင်သော်မှ ခက်ခဲပင်ပန်းစွာ ပြန်ဆိုရ၍ ကျန်းမာရေးကို လွန်စွာထိခိုက်နိုင်သဖြင့် အသက် ၂၇ နှစ်အတွင်းသာ စာသင်တန်းကို ဖြေဆိုခွင့်ပြုသည်။ ဦးရွှေအောင်သည် ယင်းစာသင်တန်းကို တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်း အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားဘဲ တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ဤသို့ ဖြေဆိုအောင်မြင်ခဲ့သူ ပုဂ္ဂိုလ်ပေါင်းမှာ ၁၃၁၄ ခုနှစ်အထိ တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တာအပါအဝင် လေးပါးသာ ပေါ်ပေါက်ခဲ့ဖူးသည်။

ယင်းသို့ ထူးကဲစွာအောင်မြင်ခဲ့သောကြောင့် အထွတ်အမြတ်အဖြစ် ချီးကျူးဂုဏ်ပြုသောအားဖြင့် မကိုဋ်သရဖူ၏ အထွတ်၌ ပန်ဆင်ရသော ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရသည့် ဝင့်သကာဂုဏ်ထူးဆောင်ဘွဲ့နှင့်အတူ အဋ္ဌကထာပြန်အကျော် ရွှေတံဆိပ်ကို ရရှိခဲ့သည်။

ထိုနှစ် နယုန်လတွင် ကျင်းပသော အစိုးရဓမ္မာစရိယစာချတန်းစာမေးပွဲတွင် အဋ္ဌကထာကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်း၊ ပေါင်း ကိုးကျမ်းလုံးကို တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးထိပ်ထွတ်တွင် ပန်ဆင်ရသော ပတ္တမြားရတနာဟု အဓိပ္ပာယ်ရသည့် " သိရောမဏိ "ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဆရာတော်ဦးကြယ်ကျောင်း၌ စာပေများကို ပို့ချသည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့၊ အိမ်တော်ရာ ဓမ္မရံသီကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်းကို အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာဘုန်းကြီးပျံလွန်တော်မူသဖြင့် ဖလေးရွာလယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့၊ မဟာဝိသုတာရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀ ပြည့်နှစ်တွင် ရဟန်းဘဝမှလူထွက်၍ အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ် သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲဖြေဆိုရာ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲမှာ ရိုးရိုးသင်္ချာ အသုံးချ သင်္ချာ နှင့် မြန်မာဝေါဟာရနှင့် စာပေ တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက် (၂) လမ်းနေ ဦးမောင်ဝင်း–ဒေါ်နိုင်တို့၏သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သားနှစ်ယောက် ထွန်းကားသည်။

၁၉၆၈ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ ပြောင်း၍ အမှုထမ်းသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အိန္ဒိယပြည်၊ ဘုံဘေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရာ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) M.A. (Sanskrit) ဘွဲ့ကို ရရှိခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် ဆက်လက်အမှုထမ်းသည်။ ရန်ကုန်

တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် ပါဝင်၍ ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်နှင့် ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် ကျမ်းစာများကို ပါဝင်ရေးသားပြုစုခဲ့သည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့သည်။ ဆရာကြီးဦးရွှေအောင် ရေးသားခဲ့သော ကျမ်းများမှာ–

၁။ ရသစာပေ၏ရသ

၂။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

၃။ ပါဏိနိ သဒ္ဒါနုသာသနကောမုဒီ (ပ)

၄။ ဓမ္မပဒ (ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်)

၅။ ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့် ဗုဒ္ဓဝင်)

၆။ ပါဏိနိ သဒ္ဒါနုသာသနကောမုဒီ (တ)

၇။ ဓမ္မပဒ(အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ်)

၈။ ဘဝအမြင်သစ်

၉။ ထေရဝါဒအုတ်မြစ်(သီးသန့်)

၁၀။ အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ

၁၁။ ဗုဒ္ဓ (သို့မဟုတ်)အနှိုင်းမဲ့

၁၂။ သောရေယျဝတ္ထုနှင့် စိတ္တဝဂ် ဝတ္ထုများ

၁၃။ စာဖတ်သူများသို့ (စာအုပ်မဖြစ်သေး)

၁၄။ ချမ်းသာကို ရှာဖွေခြင်း (စာအုပ်မဖြစ်သေး)

၁၅။ ဘဝအတွေ့ ဘဝအတွေး (စာအုပ်မဖြစ်သေး)နှင့်

၁၆။ အထွေထွေဆောင်းပါးများ ဖြစ်ကြသည်။

ကမ္ဘာ့သဒ္ဒါကျမ်းတို့၏ ဘခင်ဟုတွင်သည့် ပါဏိနိသက္ကတသဒ္ဒါကျမ်းကြီးသည် စနစ်ကျ၍ ပြည့်စုံသဖြင့် ဘီစီ ၄ ရာစုကပင် ကျော်ကြားခဲ့သည်။ ထိုကျမ်းကြီးကို တစ်နည်းမဟုတ်တစ်နည်း အမှီပြု၍ ကမ္ဘာ့သဒ္ဒါကျမ်းအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ရသည်။

ဦးရွှေအောင်သည် မြန်မာပြည်မှ ထိပ်တန်း ပါဠိပိဋကတ်ပညာရှင်ဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ၊ ဘုံဘေတက္ကသိုလ်မှ သက္ကတဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့ပြီးသောအခါ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် မည်သည့် ပညာရှင်မျှ မပြန်ဆိုခဲ့ဖူးသော ပါဏိနိ သိဒ္ဓန္တကောမုဒီသက္ကတ သဒ္ဒါကျမ်းကြီးကို မြန်မာအဓိပ္ပာယ် ဖွင့်ဆိုရှင်းလင်းချက်များဖြင့် နိဿယ မြန်မာပြန်ဆိုခဲ့ သည်။

ယင်းသဒ္ဒါကျမ်းကြီးကို ၃ တွဲပြု၍ ပထမတွဲကို သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးရွှေအောင် နိဿယ မြန်မာပြန်ဆိုထားခဲ့သော တတိယတွဲစာမူကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူထားသဖြင့် သာသနာရေးဦးစီးဌာနသို့ ပေးအပ်ခဲ့သည်။ ရိုက်နှိပ်ရန် စီစဉ်နေဆဲဖြစ်သည်။

ဆရာကြီး ဦးရွှေအောင်၏ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရာဇာတိ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ကျိုက်မတ်ကော် ဘုရားကြီးရင်ပြင်တော်တွင် ဆရာကြီးပြုစုခဲ့သော ကျမ်းစာများနှင့် ဆရာကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ကျောက်စာမော်ကွန်းစိုက်ထူ၍ ဂုဏ်ပြုထားသည်။

ဆရာကြီး ဦးရွှေအောင်သည် ဗုဒ္ဓဘာသာ တရားတော် အထက်တန်းအဆင့် ကျမ်းစာရေးသား ပုံနှိပ်ထုတ်ဝေပြီးလျှင်ပြီးချင်း ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့သည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။အိုင်ယာလန်မြောက်ပိုင်းတွင် ဗြိတိသျှတို့အုပ်စိုးမှုကို အကြမ်းဖက်တိုက်ခိုက်နေသော ဆင်ဖိန်းအဖွဲ့၏ အိုင်းရစ်ရီပတ်ပလီကန်စစ်တပ် (အိုင်အာရ်အေ) က အပစ်အခတ်ရပ်စဲပြီး စစ်ရေးတိုက်ခိုက်မှုအားလုံး စွန့်လွှတ်ကြောင်း ကြေညာခဲ့ရာမှ ငြိမ်းချမ်းရေး အလားအလာများ ပေါ်ထွန်းလာခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ်ဂျွန်မေဂျာက အိုင်အာရ်အေ၏ အပစ်အခတ်ရပ်စဲမှုသည် ရာသက်ပန်တည်မြဲရန် လိုအပ်သည်ဟု ဖြေကြားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်တွင် ၁၉၆၉ ခုနှစ်မှစ၍ ပရိုတက်စတင့်နှင့် ကက်သလစ်တို့ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအစိုးရက စစ်တပ်စေလွှတ်ပြီး ငြိမ်သက်အောင် ထိန်းသိမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဗြိတိသျှစစ်တပ်က လန်ဒန်ဒါရီမြို့တွင် ဆန္ဒပြနေသော ကက်သလစ်တို့ကို ပစ်ခတ်

နိမ်နင်းရာ ဆန္ဒပြသူ ၁၃ ဦးသေဆုံးခဲ့သဖြင့် အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုစဉ်က ဝန်ကြီးချုပ် အက်ဒဝပ်ဟိသ်က ဗြိတိန်နိုင်ငံမှ မြောက်အိုင်ယာလန်ကို တိုက်ရိုက်အုပ်ချုပ် ကြောင်း ကြေညာခဲ့သည်။

မြောက်အိုင်ယာလန်တွင် နိုင်ငံရေးအကြမ်းဖက်မှုများကြောင့် လူပေါင်း ၃,၀၆၈ ဦး အသတ်ခံရပြီး ၃၆,၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက မြောက်အိုင်ယာလန်၏ အနာဂတ်အရေးနှင့် ပတ်သက် ၍ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် အဆိုပြုတင်ပြထားသည်။ ယင်းအဆိုပြုချက်ကို အိုင်ယာလန်ဝန်ကြီးချုပ် အဲလ်ဘတ်ရေးနိုးလ်က ထောက်ခံကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှအစိုးရသည် ပထမအဆင့်အနေဖြင့် မြောက်အိုင်ယာလန်မှ စစ်သားများ ပြန်လည်ရုပ်သိမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ရေးနိုးလ်က ပြောကြားခဲ့သည်။ ယခုအခါ မြောက်အိုင်ယာလန်၌ ဗြိတိသျှစစ်သား ၁၇,၅၀၀ ရှိနေရာ အင်အားကို အမြန်ဆုံး စတင်ရုပ်သိမ်းပေးရန် ဆင်ဖိန်းအဖွဲ့က တောင်းဆိုထားသည်။ ထိုအတောအတွင်း ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်၏ အမေရိကန်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းကို အမေရိကန်အစိုးရက စဉ်းစားနေသည်ဟု နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်အား သမ္မတ ကလင်တန်က ပြည်ဝင်ခွင့်ထုတ်ပေးခဲ့ရာ ဗြိတိသျှအစိုးရပိုင်းက မကျေမလည် ဖြစ်ခဲ့သည်။ ထိုစဉ်က ဂျယ်ရီအဒမ်သည် အမေရိကန်နိုင်ငံ၌ တွေ့ဆုံမေးမြန်းခန်း အမြောက်အမြား ပြုလုပ်ခဲ့ပြီး အကြမ်းဖက်လှုပ်ရှားမှုကို စွန့်လွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ဗြိတိန်က အမိန့်အာဏာပေးပိုင်ခွင့် မရှိကြောင်း အိုင်အာရ်အေ နိုင်ငံရေးအုပ်စု ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်က ဗြိတိန် အစိုးရ နိုင်ငံရေးသမားတစ်ဦးနှင့် ရုပ်မြင်သံကြား စကားစစ်ထိုးပွဲတွင် ပြောကြားခဲ့သည်။ အိုင်ယာလန် ပြည်သူများအနေဖြင့် မိမိတို့၏အနာဂတ်ကို မိမိတို့ဘာသာ ဆုံးဖြတ်ကြရန်လည်း အဒမ်က တိုက်တွန်းခဲ့သည်။

အိုင်းရစ်ရီပတ်ပလီကင်စစ်တပ်– အိုင်အာရ်အေ၏ နိုင်ငံရေးအုပ်စုဖြစ်သော ဆင်ဖိန်းအဖွဲ့နှင့် ဗြိတိသျှအစိုးရအဖွဲ့တို့ မကြာမီ ဆွေးနွေးပွဲကျင်းပဖွယ်ရှိသည်။ ဆွေးနွေးပွဲကျင်းပရေးကို ရှောင်လွှဲ၍မရနိုင်ဟု မိမိထင်မြင်ကြောင်း ဆင်ဖိန်းအဖွဲ့၏ ဒုတိယအကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ဗြိတိန်နိုင်ငံရှိ ဗွီအမ်တီဗွီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ဩဂုတ်လကုန်က အိုင်အာရ်အေအဖွဲ့၏ အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေငြာချက်သည် အမြဲတမ်း အပစ်အခတ်ရပ်စဲမှု ဖြစ်သည်ဟု မိမိလက်ခံကြောင်း၊ မြောက်ပိုင်းအိုင်ယာလန်၏ အနာဂတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မိမိတို့ကတိကဝတ်နှင့်အညီ ဆင်ဖိန်းအဖွဲ့နှင့်အတူ ဆွေးနွေးပွဲဝင်မည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ပြောကြားခဲ့သည်။

ကတိပြုထားသည့်အတိုင်း ခရစ္စမတ်မတိုင်မီ ဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်ကို အလျင်အမြန် ဆောင်ရွက်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာအား တိုက်တွန်းထားသော ပေးစာတစ်စောင်ကို မိမိပေးပို့ထားကြောင်း အိုင်းရစ်ရီပတ်ပလီကန် ခေါင်းဆောင် ဂျယ်ရီအဒမ်က နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမိုင်းတွင်ရစ်မည့် အိုင်အာရ်အေ ကြေညာချက် ထွက်ပေါ်လာပြီးနောက် သုံးလနီးပါးကြာပြီဖြစ်သော်လည်း ဗြိတိန်အစိုးရဘက်က တုံ့ဆိုင်းဆိုင်းလုပ်နေဆဲဖြစ်ကြောင်း အဒမ်က ပြောကြားသည်။ ဗြိတိန်အစိုးရနှင့် ဆင်ဖိန်းအဖွဲ့တို့၏ တရားဝင်ဆွေးနွေးပွဲကို စတင်ပါက လက်နက်များ သိုလှောင်ထားရှိမှုကိစ္စကို အလျင်အမြန်ကိုင်တွယ် ဖြေရှင်းကြဖွယ်ရှိသည်။ ဆင်ဖိန်းအဖွဲ့က လက်နက်များ ပြန်လည်လွှဲပြောင်း မပေးအပ်မီ အိုင်အာရ်အေ၏ အပစ်အခတ်ရပ်စဲမှုအတွက် ဗြိတိန်ဘက်မှ ပိုမိုလိုက်လျောမှုများပေးရန် လိုလားလျက်ရှိသည်။

ဆင်ဖိန်းနှင့် ဗြိတိန်နိုင်ငံတို့သည် နှစ်ပေါင်း ၇၀ ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တရားဝင်ပြုလုပ်၍ နောက်ထပ် ၁၀ ရက်အတွင်း ဒုတိယအကြိမ်ထပ်မံ ဆွေးနွေးကြရန် သဘောတူညီလိုက်ကြသည်။ မြောက်ပိုင်းအိုင်ယာလန်၌ အိုင်အာရ်အေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးနောက် ရက်ပေါင်း ၁၀၀ အကြာတွင် ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ သမိုင်းတွင်ရစ်မည့် အခွင့်အလမ်းကို ဆွေးနွေး ပွဲက ပေးခဲ့ကြောင်း ယခုအချိန်အခါသည် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့ ကင်းရှင်းသွားစေရန် အချိန်ကြရောက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရကိုယ်စားလှယ်အား မိမိတို့ကပြောကြားခဲ့သည်ဟု သုံးနာရီကြာ ဆွေးနွေးပွဲအပြီးတွင် ဆင်ဖိန်း

ကိုယ်စားလှယ် အဖွဲ့ အကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ စတော်မွန် ရဲတိုက်ကြီးတွင် ဆွေးနွေးပွဲထပ်မံကျင်းပရန် ဆင်ဖိန်း ကိုယ်စားလှယ်အဖွဲ့က သဘောတူညီခဲ့သည်။ မြောက်ပိုင်း အိုင်ယာလန် ပဋိပက္ခအမြင့်ဆုံးဖြစ်နေချိန် ၁၉၇၀ ပြည့်လွန် နှစ်များအတွင်း အိုင်ယာလန်တွင် ထောင်ကျခံခဲ့ရသော မက်ဂျင်းနက်စ်သည် ဆွေးနွေးပွဲအပြီးတွင် ပြုံးပြုံးရွှင်ရွှင်ဖြစ် နေသည်။ လူပေါင်း ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော ၂၅ နှစ်ကြာ ပဋိပက္ခငြိမ်းချမ်းသွားရေးကို ယင်းဆွေးနွေးပွဲက လမ်းဖွင့်စေနိုင်လိမ့်မည်ဟု ယူဆထားကြသည်။

ဤသို့ရှိနေစဉ် ဗြိတိသျှပါလီမန်အောက်လွှတ်တော် ပြင်ပတွင် ဥပဒေကြမ်းတစ်ရပ်ကို ကန့်ကွက်နေကြသော ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲများရန်းရင်း ဆန်ခတ်မှု ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်ပွား ခဲ့သည်။ ယင်းသို့ ရန်းရင်းဆန်ခတ်ဖြစ်ပွား နေချိန် တွင် ဥပဒေပြုအမတ်များက လွှတ်တော်အတွင်း၌ ဥပဒေကြမ်းကိုဆွေးနွေးညှိနှိုင်းနေကြသည်။ ရန်းရင်း ဆန်ခတ်ဖြစ်မှုကြောင့် ဆန္ဒပြသူ ခြောက်ဦးနှင့်ရဲအရာရှိ ခြောက်ဦးဒဏ်ရာရရှိကြပြီး ဆန္ဒပြသူ ၃၅ ဦးဖမ်းဆီး ခံခဲ့ရသည်။ ကန့်ကွက်ဆန္ဒပြသူ ၂,၀၀၀ နှင့်မြင်းစီးရဲ တပ်ဖွဲ့ဝင်အများအပြားပါဝင်သော အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်ကို ထိပ်တိုက် ရင်ဆိုင်ခဲ့ရာမှ ယခုကဲ့သို့ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ ရခြင်းဖြစ်သည်။

ယခုကဲ့သို့ရာဇဝတ်မှုဆိုင်ရာစီရင်ထုံးဥပဒေကြမ်း အား လန်ဒန်မြို့၌ ကန့်ကွက်ဆန္ဒပြခြင်းမှာ ၁၀ ရက်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အောက်တိုဘာလ ၉ ရက်နေ့ ကလည်း အလားတူဆန္ဒပြကန့်ကွက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ ဝင် ၁၉ ဦးအပါအဝင် လူပေါင်း ၃၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြသူ ၃၉ ဦးကို ဖမ်းဆီးမိခဲ့သည်။ ဟိုက်ပတ်တွင် ဖြစ်ပွားသော ယင်းဆန္ဒပြပွဲသို့ကန့်ကွက်ဆန္ဒပြသူ ၂၅,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းသည် ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ကွန်ဆာဗေးတစ်အစိုးရက ရေးဆွဲသော ဥပဒေကြမ်းဖြစ်ပြီး ဥပဒေနှင့်စည်းမျဉ်းများ ရှုပ်ထွေးနေသော ဥပဒေကြမ်းတစ်ရပ်ဖြစ်သည်။ ရှုပ်ထွေးမှုများ အနက် တရားခွင်၌ တရားခံက ရှေ့နေတွက်ပိတ် နေခွင့်ဆိုင်ရာ အစဉ်အလာအခွင့်အရေးကိုလည်း ပယ်ဖျက်ထားသည်။

ပါလီမန်တွင် မေးခွန်းများ မေးမြန်းစေရန် ငွေကြေး ရယူခဲ့ကြောင်း စွပ်စွဲခံရပြီးနောက် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦး ရာထူးမှနုတ်ထွက်သွားကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့က အေပီသတင်းတွင် ပါရှိသည်။ ယခုကဲ့သို့ အဂတိလိုက်စားမှုအရှုပ်တော်ပုံ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် ဗြိတိသျှကွန်ဆာ ဗေးတစ်အစိုးရမှာ အထိနာသွားခဲ့ရသည်။ အီဂျစ်နိုင်ငံ ဇာတိဖွား ဟာရော့ဒ်ကုန်တိုက်ပိုင်ရှင် မိုဟာမက် အယ်ဖာယက်ဆိုသူက ပါလီမန်တွင် မေးခွန်းတစ်ခု တင်ပြ ပေးရန် ပေါင် ၂,၀၀၀ (ဒေါ်လာ ၃,၂၂၀) ပေးခဲ့ရကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး နေးလ်ဟာမီးလ်တန် နှင့်အတူ စွပ်စွဲခံရပြီးနောက် မြောက်ပိုင်း အိုင်ယာလန် ဆိုင်ရာဝန်ကြီး တင်စမစ် ရာထူးမှ ထွက်ခဲ့ရသည်။ အထက်ပါအငြင်းပွားစရာပြဿနာကြောင့်လွန်ခဲ့သော ၁၉၉၃ ခုနှစ်က ရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ပြီး အရှုပ်တော် ပုံ များ ဆက်တိုက် ဖြစ်ပေါ်နေသော ဝန်ကြီးချုပ် ဂျွန်မေဂျာ အစိုးရအဖွဲ့ကို ထပ်မံထိခိုက်စေခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ လက်ယာယိမ်းပုန်ကန်သူ အုပ်စုကို ဆန့်ကျင်နေသော မိမိ၏နိုင်ငံရေးဘဝကို စိတ်မရှည်တော့ သဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာ သည် ကွန်ဆာဗေးတစ် ပါတီ ခေါင်းဆောင် ရာထူးမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် နုတ်ထွက် ခဲ့သည်။ ပါတီတွင်း သဘောထား ကွဲမှုများ ရှိနေ စေကာမူ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦး ပါရှိသောအစိုးရအဖွဲ့က ဂျွန်မေဂျာကိုသာ အားထားနေကြသည်။ ပါတီခေါင်းဆောင် နေရာရွေးပွဲတွင် ဂျွန်မေဂျာ ပြန်လည်အနိုင်ရမည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းသို့ပြန်လည်အရွေးခံခြင်း ကြောင့် ဂျွန်မေဂျာ၏အရှိန်အဝါ များ တောင့်တင်းခိုင်မာ လာမည်ဖြစ်ကြောင်းဝန်ကြီးချုပ်ဟောင်း မာဂရက် သက်ချာက ပြောကြားသည်။ ဂျွန်မေဂျာ ၅၂ နှစ်သည် အတိုက်အခံပါတီများ၏ ဆန့်ကျင်မှုနှင့် တိုးမြှင့် ရင်ဆိုင် နေရစဉ် ဥရောပသမဂ္ဂ ၁၅ နိုင်ငံနှင့် ဗြိတိန်နိုင်ငံ နီးနီး ကပ်ကပ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆန့်ကျင် ကြသော ကွန်ဆာဗေးတစ်ပါတီတွင်းမှ လက်ယာယိမ်း အုပ်စုများ၏ စော်ကားမော်ကားပြုမှုနှင့်ရင်ဆိုင်လာရသဖြင့် ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ကြောင်း ရုတ်တရက် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ပါတီတွင်း တင်းမာ မှုအခြေအနေဆိုးရွားလာခဲ့ခြင်းကြောင့်လည်း ၁၆ နှစ် ကြာ အာဏာရခဲ့သော ကွန်ဆာဗေးတစ်ပါတီအပေါ် လူကြိုက် နည်းလာရသော အခြေအနေသည် စံတင်ရလောက်အောင် ကျဆင်းလာခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ကျင်းပမည့်

ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားကြသည်။

ဇူလိုင်လ ၄ ရက်နေ့တွင်ကျင်းပခဲ့သော အာဏာရ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးချယ် တင်မြှောက်ပွဲတွင် ဝန်ကြီးချုပ်ဂျွန်မေဂျာ ပြန်လည် အရွေးခံရသဖြင့် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။ အရွေးမခံရပါက ဝန်ကြီးချုပ် ရာထူးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဂျွန်မေဂျာသည် ကွန်ဆာဗေးတစ်ပါတီ၏အမတ် ၃၂၉ ဦးအနက် သုံးပုံနှစ်ပုံ၏ လျှို့ဝှက်ထောက်ခံမဲဖြင့် စိန်ခေါ်သူ လက်ယာဂိုဏ်းဝင် ဂျွန်ရက်ဝုဒ်အား အနိုင်ယူကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် မေဂျာနှင့်ယှဉ်ပြိုင် အရွေးခံရန် မကြာမီက ၂၂ ဦးပါရှိသော အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သော ဂျွန်ရက်ဝုဒ်သည် ၈၉ မဲသာရရှိသည်။ မေဂျာသင့်လျော်မှန်စွာ အနိုင်ရရှိ၍ မိမိရှုံးကြောင်း ရက်ဝုဒ်က ဝန်ခံစကား ပြောကြားသည်။

အောက်လွှတ်တော်အနီး၌ အနိုင်အရှုံးစာရင်းကို ကြေညာပြီးနောက် မကြာမီ ဒေါင်းနင်းလမ်း နေအိမ် အပြင်ဘက်ထွက်လျက် ပါတီကွဲမည့်အချိန် ကျော်လွန်သွားပြီဟု ဂျွန်မေဂျာက ကြေညာလိုက်သည်။ ထောက်ခံမဲ ၂၁၈ မဲရရှိသဖြင့် ရက်ဝုဒ်ကိုမေဂျာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျွန်မေဂျာ အနိုင်ရရှိသဖြင့် ထောက်ခံသူများက ဟစ်အော်ကြွေးကြော် ကြသည်။ ရှုံးခဲ့ပါက ဝန်ကြီးချုပ်ရာထူးမှ ဂျွန်မေဂျာ နုတ်ထွက် ပေးရမည်သို့မဟုတ် မဲအနည်းငယ်ဖြင့်အနိုင်ရရှိလျှင် ဒုတိယအကြိမ် ပြန်ရွေးရမည်။ ယင်းကဲ့သို့ အနိုင်ရရှိခြင်းမှာ အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် မေဂျာအား အခွင့်အရေး ပေးရာရောက်သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို မေဂျာ ခေါင်းဆောင်ရတော့မည် ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရခဲ့သူ ဝန်ကြီးချုပ် ဂျွန်မေ ဂျာသည် ဝန်ကြီးအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခန့်အပ်ခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်က အစိုးရ၏ လမ်းစဉ်တွင်သိသာ ထင်ရှားသော အပြောင်းအလဲမရှိဟု ဆိုသည်။ ရာထူးမှ အနားယူမည့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလပ်ဟာဒ်ကို ဆက်ခံရန် ကာကွယ်ရေးဝန်ကြီး မဲလ်ကွမ်ရိဖကိုင်အား ခန့်အပ် ခဲ့သည်။ ကင်းနက်ကလတ်အား ဘဏ္ဍာရေး ဝန်ကြီး အဖြစ် တာဝန်ပေးသည်။ ခေါင်းဆောင် ပြိုင်ပွဲကို ဒုတိယ အကြိမ် ကျင်းပလျှင် မေဂျာကိုအန်တုစိန်ခေါ်ရန်ရှိသော မိုက်ကယ်ပေါ်တီလိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထား လိုက် သည်။ ပေါ်တီလိုသည် ဥရောပသမဂ္ဂ အာဏာ တိုးတက် လာခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေသော ပါတီ၏ လက်ယာအုပ်စု ခေါင်းဆောင် ဖြစ်သည်။

ဂျွန်မေဂျာအရေးနိမ့်ပါက ခေါင်းဆောင်အဖွဲ့ တင်မြှောက်ရန် ဌာနချုပ်တွင်မိတ်ဆွေများက စည်းရုံးသော်လည်း ခေါင်းဆောင်ရွေးပွဲတွင် ပေါ်တီလိုက မေဂျာကို ထောက်ခံခဲ့သည်။ ကာကွယ်ရေးဌာန၌ ပေါ်တီလိုသည် အစိုးရ၏ ဥရောပသမဂ္ဂရေးရာဝါဒကို ဝေဖန်အကြံပြုရန် အခွင့်အရေးအနည်းငယ်သာ ရရှိတော့မည်ဖြစ်သည်။ ဂျွန်မေဂျာ ရှုံးလျှင်ခေါင်းဆောင်ပြိုင်ပွဲဝင်ရန် မျှော်လင့်ထားသော ကုန်သွယ်ရေးဝန်ကြီး ဟေဆယ်တိုင်းသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ဟေဆယ်တိုင်း၏ တာဝန်များကို ချက်ခြင်းမသိရသေးသော်လည်း သူသည်အစိုးရနှင့် ကွန်ဆာဗေးတစ် ပါတီအတွက် ပြောရေးဆိုခွင့်ရှိသူအနေဖြင့် ကြီးမားသော တာဝန်ကို ယူရမည်ဖြစ်သည်။ ပါတီဥက္ကဋ္ဌ ဂျယ်ရီမိုင်ဟင်လေအား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပို့လိုက်သည်။ ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဂျိုနာသန် အိုက်ကင် ရာထူးမှ နုတ်ထွက်သွားသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာအတွက် ပြန်လည်ရွေးကောက်ပွဲတွင် ဂျွန်မေဂျာ ပြန်လည်အရွေးခံရစေကာမူ ပါတီအတွင်းသဘောထားကွဲလွဲမှုများကို ဆက်လက်ဖြေရှင်းနိုင်မည်မဟုတ်ဟု ဝေဖန်သူများက သုံးသပ်ကြသည်။ ကွန်ဆာဗေးတစ်ပါတီအတွင်း တင်းမာမှု အခြေအနေပြင်းထန်လာခြင်းကြောင့် ၁၆ နှစ်ကြာ အာဏာရ ပါတီကို လူကြိုက်နည်းလာကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့် လိမ့်မည်ဟု ဝေဖန်သူများက တွက်ဆထားကြသည်။ ဗြိတိန်နှင့်မြောက်အိုင်ယာလန်တို့၏ ပဋိပက္ခမှာ ၂၅ နှစ် ပြည့်သည့်တိုင်အောင် ချုပ်ငြိမ်းခြင်းမရှိသေးရာ ဗြိတိသျှ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အစိုးရအဖွဲ့အတွင်း အကွဲအပြဲများ ဖြစ်ပွားလာသောအခါ မြောက်အိုင်ယာလန်၌ အကြမ်းဖက် အဓိကရုဏ်းများ ပိုမိုပေါ်ပေါက်လာသည့်ပြင် ဗြိတိသျှတို့၏ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသား များကို လွှတ်ပေးရန် ပိုမိုတောင်းဆိုလာခဲ့ကြသည်။

မြောက်အိုင်ယာလန်၌ အဓိကရုဏ်းများ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာလေလေ လက်ရှိအာဏာရ ဂျွန်မေဂျာ အစိုးရကို ပိုမိုမကျေနပ်လေ ဖြစ်နေကြသည်။ အကြောင်းမှာ မြောက်အိုင်ယာလန်၌ ဗြိတိသျှလုပ်ငန်းရှင်ကြီးများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကိုမြှုပ်နှံထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပြိုင်ဘက် လေဘာပါတီအတွက် ပါတီပုံရိပ် တက်လာသည်ဟု လေဘာပါတီခေါင်းဆောင် တိုနီဘလဲယားက ထုတ်ဖော် ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် မည်သည့်ပါတီအနိုင်ရမည်ကို မဲဆန္ဒရှင်များက ဆုံးဖြတ်မည် ဖြစ်သည်။

**လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။** လော နိုင်ငံတောင်ပိုင်းရှိ ဆင်းရဲနွမ်းပါးသူများ နေထိုင်ရာ ဆီခေါင်ပြည်နယ်တွင် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားခဲ့သဖြင့် လူ ၃၀ သေဆုံးရကြောင်း၊ ဗီယန်ကျင်းမြို့တော် ဗဟိုအာဏာပိုင်များထံ ပြည်နယ်ဒေသဆိုင်ရာ အစိုးရအရာရှိများက သတင်းပေးပို့ကြသည်။ နိုင်ငံ၏ အစွန်အဖျား ခရိုင်လေးခုအနက် ခရိုင်နှစ်ခုတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့သည်။ ဆေးဝါးအလုံအလောက်မရှိသဖြင့်ကယ်ဆယ်ရေးလုပ်ငန်း များ အခက်အခဲဖြစ်ပေါ်ရသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက သတင်းပေးပို့ကြသည်။ ကာလဝမ်းရောဂါဖြစ်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် အကူအညီပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာအဖွဲ့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဗီယန်ကျင်းမြို့မှ အဆိုပါဒေသများသို့ ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ် ချွမ်လိပိုင်သည် ထိုင်းဘုရင်နှင့် မိဖုရားတို့၏ ဧည့်သည်တော်အဖြစ် ဗန်ကောက်မြို့သို့ ခြောက်ရက်ကြာ အလည်အပတ် ရောက်ရှိလာသော လောနိုင်ငံ သမ္မတကြီး နိုဟက်ဒွန်ဆာဗန် (၈၃) နှစ်အား ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ လောသမ္မတကြီးသည် ဗန်ကောက်စစ်ဘက်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရောက်ရှိလာရာ ထိုင်းဘုရင် ဘူမိဘော အဒူရာဒက်နှင့် သမီးတော်မင်းသမီး မာဟာချာကရီဆီရင်ဟွန်းတို့က အမြောက် ၂၁ ချက် ပစ်ဖောက်၍ အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။ လောသမ္မတကြီးနှင့် ဇနီး ဘွန်မာတို့သည် ဘုရင်၏လုပ်ပိုင်ခွင့်အောက်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

လူဦးရေ ၄ ဒသမ ၅ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၅၀ ရှိသည့် လောနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ချစ်ချည်တစ်ခါ၊ မုန်းချည်တစ်လှည့် ဆက်ဆံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် လူဦးရေ ၅၈ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၁,၈၄၀ ရှိသည်။ လောလူမျိုးများသည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေထိုင်သောလူများနှင့် လူမျိုးစုအားဖြင့် တူညီသော်လည်း တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံက လောနိုင်ငံအား လွှမ်းမိုးရန် ကြိုးစားနေသည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ညီအစ်ကိုတမျှ ချစ်ကြည်ရေး ပျက်ပြားခဲ့ကြရသည်။

အဆိုပါ အစဉ်အလာအရ သံသယဖြစ်မှုများသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း လောနိုင်ငံရှိ လက်ယာဂိုဏ်းဝင် နိုင်ငံရေးအုပ်စုများအား ထောက်ခံရန် အမေရိကန်ပြည်ထောင်စုက ထိုင်း ကြေးစားစစ်သားများအား ဖြန့်ကြက်ထားစဉ်က ပို၍မြင့်မားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ် ပသက်လောတို့ လောပြည်တွင်းစစ်၌ အနိုင်ရ ရှိပြီးနောက် ယင်းနှစ်နိုင်ငံသည် ဆယ်စုနှစ်တစ်ခုအကြာ စစ်အေးတိုက်ပွဲခေတ်သို့ ဝင်ရောက်ခဲ့ကြသည်။ လောနိုင်ငံသည် မကြာမီနှစ်များအတွင်းက ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့ရာ ထိုင်း နိုင်ငံသည် ကွန်မြူနစ်ဆန့်ကျင်ရေး သူပုန်များအား ထောက်ခံမှုကို အဆုံးသတ် သွားစေခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ) သည် အင်ဒိုချိုင်းနားစစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ ကြာသည့်တိုင်အောင် လောနိုင်ငံတွင် ပြည်သူတို့အသက်ဆုံးရှုံးစေရသည့် မပေါက်ကွဲသေးသောဗုံးများကို ရှင်းလင်းဖယ်ရှားရေးအတွက် ငွေကြေး ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ကမ္ဘာ့နိုင်ငံများစွာအား တိုက်တွန်းခဲ့သည်။ လောနိုင်ငံတွင် မပေါက်ကွဲသေးသော ဗုံးများ၏အန္တရာယ်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဗီယက်နမ် နယ်စပ် တစ်လျှောက် အရှေ့မြောက်ပိုင်း ဆီအင်ခိုအွန်ပြည်နယ်ရှိ ဒေသတစ်ခုသို့ မတ်လ ၂၂ ရက်နေ့တွင် သွားရောက်လည်ပတ်စဉ် လောနိုင်ငံဆိုင်ရာ ယူအင်ဒီပီကိုယ်စားလှယ် ဂျင်မက်ဆင်က ယင်းကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။ ယူအင်ဒီပီ ကိုယ်စားလှယ် ဂျင်မက်ဆင်နှင့်အတူ ဝါရင့်သံတမန်များလည်း လိုက်ပါသွားခဲ့ကြသည်။ ယင်းအဖွဲ့သည် ၁၅ နှစ်

သားအရွယ်ရှိ သာအိုမီး အပါအဝင် ဗုံးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရသူများကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြသည်။ သာအိုသည် မကြာမီက မိသားစု လယ်ယာမြေထဲတွင် ငါးကန်တူးစဉ် မပေါက်ကွဲသေးသော ဗုံးတစ်လုံး ပေါက်ကွဲ ထိမှန်ခဲ့ရ၍ ပြည်နယ်ဆေးရုံတစ်ခုတွင် ဆေးကုသမှုကို ခံယူရင်း ဘဝကို ရင်ဆိုင်နေရသူ ဖြစ်သည်။

သာအိုသည် ဗုံးဒဏ်ကြောင့် ဆိုးရွားသော မီးလောင်ဒဏ်ရာများနှင့်အတူ မျက်စိကွယ်ခဲ့ရသည်။ ထို့အပြင် ရင်ဘတ်တွင်လည်း ဗုံးစဗုံးနများ ဖွာရာကြဲနေပြီး လက်ဝဲခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ သာအိုသည် ဗုံးဒဏ်ကြောင့် ဆေးရုံတက်ပြီး ဆေးကုသမှု ခံနေရသူ ၄၀ ကျော်တွင်တစ်ဦးအပါအဝင် ဖြစ်သည်။ ယူအင်ဒီပီသည် ငွေကြေးရန်ပုံငွေအတွက် ကနဦးအကူအညီအချို့ကို ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဗန်ကောက်မြို့တွင် ထုတ် ပြန်သော ကြေညာချက်၌ မက်ဆင်က ပြောကြားသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့သည် လောနိုင်ငံ၌ မပေါက်ကွဲသေး သော ဗုံးများ ရှင်းလင်းဖယ်ရှားရေးအတွက် ကမ္ဘာတစ်ဝန်းမှ ငွေကြေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများကို စုဆောင်းရှာဖွေမည် ဖြစ်သည်။ အမေရိကန်သည် အင်ဒိုချိုင်းနားရှိ ကွန်မြူနစ်များအား မအောင်မြင်သော စစ်ပွဲဆင်နွှဲရာတွင် ၁၉၆၀ ပြည့်လွန်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗုံးအမြောက်အမြား ကြဲချခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ လောနိုင်ငံ၏ လူဦးရေသည် ၄ ဒသမ ၆ သန်းနီးပါး ရှိသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း နှစ်စဉ် လူဦးရေတိုးနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ဤနှုန်းအတိုင်း ဆက်လက်တိုးနေမည်ဆိုပါက သက္ကရာဇ် ၂၀၀၀ ၌ လောနိုင်ငံ၏ လူဦးရေသည် ၅ ဒသမ ၂ သန်း ရှိလာမည်ဟု လောအစိုးရ သတင်းဌာနက ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် တံတားများ တည်ဆောက်ရာတွင် အထောက်အကူပေးခြင်းအပါအဝင် လိုအပ်သော အကူအညီများကို ဂျပန်နိုင်ငံက ပိုမိုပေးကမ်းကူညီပါရန် လောနိုင်ငံက မေတ္တာရပ်ခံလိုက်သည်။ ဂျပန်နိုင်ငံသည် နည်းပညာနှင့် စီးပွားရေးစွမ်းရည် ထက်မြက်သော နိုင်ငံဖြစ်ကြောင်း လောနိုင်ငံဝန်ကြီးချုပ် ကမ်တေးဆီဖန်ဒုံက သူ၏ငါးရက်ကြာ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် သတင်းထောက်များအား တိုကျိုမြို့၌ ပြောကြားခဲ့သည်။ လောနိုင်ငံသည် မြစ်ချောင်းများ ပေါများပြီး ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲရေးသည် လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း လောဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် လောနိုင်ငံရှိ တံတားများပြုပြင်ရေးနှင့် ဗီယန်ကျင်းမြို့ရှိ လေဆိပ်ခေတ်မီတိုးတက်ရေးအတွက် အကူအညီယန်းငွေ ၃ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၄၄ ဒသမ ၇ သန်း) ထုတ်ပေးရန် သဘောတူထားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗီယန်ကျင်းမြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့် အကွာရှိ နယ်လွှတ်ဒေသတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး ဖြစ်နိုင်ခြေအလားအလာ များကို လေ့လာလျက်ရှိပြီး လောနှင့်ထိုင်းနိုင်ငံအား ဆက်သွယ်ပေးမည့် ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိုလည်း ကွင်းဆင်းလေ့လာလျက် ရှိသည်။

နယ်လွှတ်ဒေသတွင် တည်ဆောက်ရန်ရှိသော တတ်အားပေးစက်ရုံကုန်ကျစရိတ်မှာ ယန်းငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၁၁၇ သန်း) ကုန်ကျမည်ဟု ခန့်မှန်း ထားရာ ဂျပန်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ယန်းငွေ လေးဘီလီယံ (ဒေါ်လာ ၄၇ သန်း) စီ ထည့်ဝင်ရန်ရှိပြီး ကျန်လိုအပ်ငွေများကို လောနိုင်ငံက ထည့်ဝင်သွားမည် ဖြစ်သည်။ ယင်းစီမံကိန်း နှစ်ရပ်အတွက် ကွင်းဆင်းလေ့လာမှုများ မပြီးပြတ်သေးသော်လည်း ဂျပန်နိုင်ငံက ယင်းစီမံကိန်းနှစ်ခုလုံးကို အကူအညီပေးရန် လိုလားနေသည်။

ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ဖြစ်ပါက ယင်းတံတားမှာ လောနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ဆက်သွယ်နိုင်ကြမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံက အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန် အထူးစိတ်ဝင်စားလျက် ရှိသည်ဟု ဂျပန်နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ လောနိုင်ငံသည် ချစ်ကြည်ရေးတံတားဟု အမည်ပေးထားသော ပထမဦးဆုံး မဲခေါင်မြစ်ဖြတ်တံတားကို ၁၉၉၄ ခုနှစ်၊ ဧပြီလက ဆောက်လုပ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

လောနိုင်ငံအစိုးရသည် အရှေ့တောင်အာရှနိုင်ငံအားလုံးနှင့် ဆက်သွယ်ရာ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးတက်မှုရရှိရေးကို အထောက်အကူပြု တွန်းအားပေးနိုင်ရန် လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန် စဉ်းစားနေကြောင်း အရာရှိတစ်ဦးက ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။ လောနိုင်ငံသည် မိမိ၏ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင်ကြသော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့် ပိုမိုနီးစပ်လာစေရန် ပြုပြင်ပြောင်းလဲဖွယ်ရှိသည်ဟု ဆိုသည်။ လော၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် နိုင်ငံတို့ ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မဲခေါင်မြစ်ဝန်းကျင်အတွင်းရှိ နိုင်ငံများ စီးပွားရေးအရ အကျိုးဖြစ်ထွန်းရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ထားသည်။

လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ မည်သည့်အချိန်အခါ၌ အမှန်တကယ် ပြုပြင်ပြောင်းလဲမည်ကို မပြောနိုင်သေးသော်လည်း လော၊ ထိုင်း၊ မြန်မာနှင့် တရုတ်ပြည်တောင်ပိုင်းယူနန်ပြည်နယ်များကို ဆက်စပ်ဖောက်လုပ်မည့် မဲခေါင်ဒေသ ပတ်လမ်းကြီး ကဲ့သို့သော စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်။ ထို့အပြင် ဗန်ကောက် – ဖနွမ်းပင်၊ ဟိုချီမင်းနှင့် ဗွန်တော်မြို့ကြီးများကို ဆက်သွယ်မည့် လမ်းတစ်လမ်းကိုလည်း ဖောက်လုပ်ရန် စီစဉ်ထားသည် စသည်ဖြင့် ဗန်ကောက်မြို့ရှိ လောနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ အရာရှိ ဗီရေဆောင်ဒါရာက ပြောကြားသည်။ လောနိုင်ငံသည် မဲခေါင်ဒေသခွဲတွင် မဟာဗျူဟာကျသော နေရာ၌ တည်ရှိနေပြီး ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေသည်။ ဒေသတွင်း၌ အခွန်အကောက်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တူညီသော လုပ်ထုံးလုပ်နည်း များ ချမှတ်ထားရှိခြင်းဖြင့် အထက်ဖော်ပြပါ အဆိုပြုထား သော မဲခေါင်ဒေသတွင် အဝေးပြေးလမ်းမကြီး တစ်လျှောက် ၌ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျင်မြန်လာမည် ဖြစ်သည်။ လောနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသော ချစ်ကြည်ရေးတံတား၌ တူညီသော လုပ်ထုံးလုပ်နည်းများ မရှိ၍ ပြဿနာအချို့ ရှိခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော လောနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်နိုင်ငံဖြစ်လာချိန်မှစ၍ လောနိုင်ငံအား အကူအညီအထောက်အပံ့ မပေးတော့ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ရာ ယခုအခါ လောနိုင်ငံအပေါ် ချမှတ်ထားသော အကူအညီအထောက်အပံ့ပေးမှု ပိတ်ပင်ရေးအမိန့်ကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဗီယန်ကျင်းမြို့ရှိ အမေရိကန်သံရုံးက ပြောကြားသည်။ အချိန်ကာလ အကန့်အသတ်မရှိ အထောက်အပံ့ပေးမှု ပိတ်ပင်ခံခဲ့ရသော လောနိုင်ငံအား “နိုင်ငံခြားအကူအညီ အထောက်အပံ့ပေးမှု အက်ဥပဒေ” ပါ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်ပြီဟု လောနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ကြေညာလိုက်ကြောင်း ဗန်ကောက်၌ ထုတ်ပြန်သော အမေရိကန်ကြေညာချက်တွင် မေလ ၁၉ ရက်နေ့က ဖော်ပြသည်။

အမေရိကန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အကူအညီပေးရေးကို ဟန့်တားနေသောတရားဥပဒေဆိုင်ရာ ပိတ်ပင်ချက်ကို ဖယ်ရှားပေးနိုင်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လာမည့်နှစ်အတွက် အမေရိကန်အစိုးရ နိုင်ငံခြားအကူအညီပေးရေး ဘတ်ဂျက်ကို ဖြတ်တောက် လျှော့ချရန် ကွန်ဂရက်လွှတ်တော်က အဆိုပြုထားသဖြင့် လောနိုင်ငံသို့ ထောက်ပံ့မှုအသစ်များပေးရန် အာမခံ နိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကွန်ဂရက် လွှတ်တော်သို့ အသိပေးကာ ပြန်တမ်းတွင် ထုတ်ပြန်ပြီးသည့်အခါ အကူအညီပေးမှု ပိတ်ပင်ရေးအမိန့် ရုပ်သိမ်းမှု အတည်ဖြစ်လာမည်ဖြစ် သည်။

ထိုင်းနှင့် လောနိုင်ငံတို့အကြား နယ်ခြား ကုန်သွယ်ရေးတန်ဖိုးမှာ ဇန်နဝါရီလမှ ဇွန်လအထိ ဒေါ်လာ ၁၉၂ သန်းဖိုးအထိ ရောက်ရှိခဲ့ရာ ယခင်နှစ် ၁၉၉၄ ခုနှစ် အလားတူအချိန်ကထက် ၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဩဂုတ်လ ၁၅ ရက်နေ့တွင်ထိုင်းရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ ထိုင်းနိုင်ငံက ကုန်သွယ်ရေး အမြတ်ငွေ ဒေါ်လာသန်း ၁၂၀ ခန့် ရရှိခဲ့သည်။ ကွန်မြူနစ်အုပ်စိုးသော လောနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

**သဘာဝဘေးဒဏ်။** ။ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေး အန္တရာယ် များသည် နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေး အန္တရာယ်များ တွင် ဂျပန်နိုင်ငံသမိုင်း၌ နှစ်ပေါင်း ၇၀ အတွင်း အဆိုးဆုံး ကိုဘေမြို့ငလျင်ကြီး၊ တောင်ကိုရီးယား နိုင်ငံ၌ နှစ်ငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု၊ အိန္ဒိယ နိုင်ငံတွင် လူ ၅၅၈ ဦးထက်မနည်း သေဆုံးစေခဲ့သော အပူလှိုင်းဖြတ်သန်းမှုများ ပါဝင်ခဲ့သည်။ ယခုမှတ်တမ်းတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လကုန် အထိအတွင်း ကမ္ဘာအရပ်ရပ်၌ ပေါ်ပေါက်ခဲ့သော သဘာဝဘေးအန္တရာယ် များအနက် လက်လှမ်းမီသမျှထဲမှ မှတ်တမ်းတင်သင့်သမျှကို ဖော်ပြထားခြင်း ဖြစ်သည်။

**ငလျင်လှုပ်ခြင်း** – ၁၉၉၅ ခုနှစ်အတွင်း ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော ငလျင်များတွင် ဂျပန်နိုင်ငံ ကိုဘေမြို့၌ လှုပ်သွားခဲ့သော ငလျင်ကြီးမှာ အပြင်းထန်ဆုံးနှင့် ပျက်စီး ဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်။

ဇန်နဝါရီလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၆ မိနစ်တွင် ဂျပန်နိုင်ငံအလယ်၌ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိသော ငလျင်ကြီးလှုပ်သွား ခဲ့သည်။ ငလျင်သည် ဟွန်ရှူးကျွန်းအလယ်ပိုင်းကို ဖြတ်၍ ပစိဖိတ်သမုဒ္ဒရာမှ ဂျပန်ပင်လယ်ပြင်ဆီသို့ လှုပ်ရှားသွားခဲ့ ခြင်းဖြစ်ရာ အထိနာဆုံးသော မြို့များမှာ ကိုဘေမြို့နှင့် အဝါဂျီ ရှိမာမြို့တို့ဖြစ်သည်။

သတင်းစတင်ထွက်ပေါ်စဉ်က အသေအပျောက် စာရင်းကို အတိအကျမသိကြသေးဘဲ လူလေးဦးထက် မနည်း သေဆုံးကြောင်းနှင့် ရထားဆယ်စီးလမ်းချော် ခဲ့ကြောင်းမျှသာ သိခဲ့ကြသည်။ အပျက်အစီးပုံများ အောက်မှ လူသေအလောင်းများ ထပ်မံတွေ့ရှိခဲ့ပြီး စာရင်းချုပ်လိုက်သည့်အခါ သေဆုံးသူ ၅,၀၀၀ ကျော် ရှိခဲ့သည်။

သတင်းထုတ်ပြန်သော ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပင် နာရီမိနစ်မပြတ် သတင်းထုတ်ပြန်ခဲ့ရာ ထိုနေ့ကုန်ချိန်တွင် လူ ၂၀၄ ဦးသေဆုံး၍ ၁၃,၀၈၅ ဦး ထိခိုက်ဒဏ်ရာရရှိ ခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီး ၂၄ နာရီတိတိ အကြာတွင် ရှာဖွေတွေ့ရှိချက်အရ သေဆုံးသူ ၁,၇၁၂ ဦး ဖြစ်လာခဲ့သည်။ ရာပေါင်းများစွာသော ကယ်ဆယ်ရေး လုပ်သားများက အသက်ရှင် ကျန်ရစ်မည့် သူများကို ဆက်လက်ကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြရာ အခြားနိုင်ငံများမှပါ အကူအညီပေးခဲ့ကြသည်။ ရုရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် စသောနိုင်ငံများမှ ပညာရှင် အကူအညီ၊ ငွေကြေး၊ အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး ငလျင်ကြီးကြောင့် လူ ၅,၃၀၀ သေဆုံး၊ ၂၆,၈၀၀ ကျော် ထိခိုက်ဒဏ်ရာရ၊ လူ ၃၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်၊ အဆောက်အအုံ ၅၆,၀၀၀ ကျော်ပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၁၀၀ ဘီလီယံ (သန်းပေါင်းတစ်သိန်း) မျှထိ ရှိခဲ့သည်။ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရေး သည်ပင်လျှင် ဒေါ်လာသန်း ၆၀၀ မျှကုန်ကျမည်ဖြစ်သည်။

ငလျင်ကျွမ်းကျင်ပညာရှင်များ၏အဆိုအရ ငလျင် အများစုသည် အလျားလိုက် သို့မဟုတ် ဘေးတိုက် ဖြတ်ရွေ့ လှုပ်ရှားကြသော်လည်း ကိုဘေငလျင်ကြီးမှာ အထက်အောက် ထောင်လိုက် လှုပ်ရှားခဲ့သဖြင့် ပျက်စီးမှု ထိုမျှအထိ ကြီးမား ခဲ့ကြောင်း သိရသည်။

ကိုဘေမြို့ ကမ်းလွန်တွင် လူလုပ်ဖန်တီးထားသော ကျွန်းတုနှစ်ကျွန်းသည်လည်း ငလျင်ဒဏ်ကြောင့် သုံးမီတာ (၁၀ ပေခန့်) မြုပ်ဝင်သွားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရော့ကိုကျွန်းနှင့် ၁၉၇၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ကျွန်းနှစ်ကျွန်းမှာ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်း အဆောက်အအုံများဖြင့် ကိုဘေမြို့အတိုင်း ခေတ်မီ အဆင့်မြင့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ရော့ကို ကျွန်းမှ အဆောက်အအုံများ၏ ပျက်စီးမှုကြီးမားသဖြင့် လုပ်ငန်းအားလုံး ပြောင်းရွှေ့လိုက်ရသည်။

ငလျင်ဒဏ်ခံခဲ့ရသော ကိုဘေမြို့ကို ပြန်လည် တည်ဆောက်ရာတွင် ငလျင်ကြောင့်မဟုတ်ဘဲ ဆောက်လုပ်ရေး လုပ်ငန်းများ၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆောက်လုပ်ရေး လုပ်သားများ ထပ်မံသေဆုံးခဲ့ရသည်။ ဇူလိုင်လတွင် တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းအရ လူ ၂၃ ဦးသေဆုံး၍ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးဒဏ်ရာရသူ အများစုမှာ မြင့်မားသောအဆောက်အအုံပေါ်မှ ပြုတ်ကျ၍ သေဆုံးထိခိုက်ခဲ့ကြရခြင်းဖြစ်သည်။

ထူးခြားသောဖြစ်ရပ်တစ်ခုမှာ ငလျင်လှုပ်သောနေ့ တွင်ပင် ရတ်ရတ်သဲသဲကြားမှ မွေးဖွားခဲ့သော ကလေးငယ် တစ်ဦးဖြစ်သည်။ ငလျင်လှုပ်ပြီး မိနစ် ၉၀ ခန့်အကြာ နံနက်

၇ နာရီ ၃၀ မိနစ်တွင် အသက် ၄၀ အရွယ် မိခင်တစ်ဦးသည် ကိုဘေမြို့တော် အထွေထွေဆေးရုံကြီးတွင် သမီးမိန်းကလေး တစ်ဦးကို ဖွားမြင်ခဲ့သည်။ မီးဖွားပေးခဲ့သော အသက် ၆၃ နှစ် အရွယ်ရှိ ဆရာဝန်ကြီး ဒေါက်တာ ဟီဒေအို တာကာရှီမာသည် လျှင်လှုပ်စဉ် ကြမ်းပြင်ပေါ်သို့ လဲကျ၍ သူ၏ ဘယ်ဘက်လက်ကောက်ဝတ် ကျိုးသွားခဲ့သော်လည်း ကြိုးစားရုန်းကန်ထ၍ ကလေးကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့သည်။ ကလေးငယ်၏အမည်မှာ အိုနီရှိဟုသိရသော်လည်း မိခင်ကမူ ၎င်း၏အမည်ကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုခဲ့သည်။

ကိုဘေငလျင်ကြီး၏နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်၌ ငလျင်လှုပ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဂျပန်ငလျင်ကြီးလှုပ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကိုလံဘီယာနိုင်ငံ အရှေ့ပိုင်း၌ ရစ်ချ်စတာစကေး ၆ ဒသမ ၅ ရှိသော ငလျင်တစ်ခုလှုပ်သွားခဲ့သည်။ ထိုနေ့တစ်နေ့တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလောရက်စ်ကျွန်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၃ ရှိသော ငလျင်တစ်ခု လှုပ်ခဲ့သည်။ တစ်ဖန် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရုရှနှင့်ဂျပန်နှစ်နိုင်ငံ ပိုင်ဆိုင်ခွင့်အငြင်းပွားလျက်ရှိသော ရုရှအရှေ့ဖျားရှိ ကူရိုင်းကျွန်းစုတွင် ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသော ငလျင်တစ်ခု လှုပ်ခါသွားခဲ့ပြန်သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ကိုလံဘီယာနိုင်ငံ အနောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိသော ငလျင်ကြီး တစ်ခုထပ်မံလှုပ်ခဲ့ရာအနည်းဆုံးလူ ၄၄ ဦး သေဆုံး၍ ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနိုင်ငံတောင်ပိုင်းတွင် မတ်လပထမပတ်အတွင်းက နောက်ထပ်ငလျင်ကြီးတစ်ခု ထပ်မံ လှုပ်ခဲ့ပြန်ရာ အနည်းဆုံးလူငါးဦး သေဆုံးခဲ့ပြန်သည်။

မေလ ၂၈ ရက်နေ့နံနက် ၁:၀၃ နာရီတွင် ရုရှားနိုင်ငံ အရှေ့ဖျား ဆခါလင်ကျွန်း၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော ငလျင်ကြီးလှုပ်ခဲ့ရာ အနည်းဆုံးလူ ၂,၁၆၄ ဦး သေဆုံးခဲ့သည်။ ထိုငလျင်ကြီးစတင်ရာ ကျောက်လွှာသည် ဂျပန်နိုင်ငံ ကိုဘေမြို့ငလျင်ကြီး၏ မြေကြောနှင့် တစ်ဆက်တည်းဖြစ်နေကြောင်း ဘူမိဗေဒ တိုင်းတာချက်များအရ သိရသည်။ ငလျင်လှုပ်မည်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပါလျက် ထိုဒေသရှိ တိုင်းတာရေးစခန်းများစွာသည် ငွေကြေးချို့တဲ့မှုကြောင့် ပိတ်ထားခဲ့ရသည့်အတွက် ဤမျှ သေကျေပျက်စီးဆုံးရှုံးမှု များခဲ့ရသည်။ ထိုဒေသသည် ပြည်မနှင့် ဝေးကွာလှမ်းသော ဒေသဖြစ်၍ ကျွန်းပေါ်ရှိ နက်ဖတီဂေါ်စ်မြို့၌ နေထိုင်သူဦးရေ ၃,၀၀၀ကျော်မျှသာရှိရာ သေဆုံးသူဦးရေသည် အသက်ရှင်ကျန်သူဦးရေထက် များခဲ့သည်။ အိပ်မောကျနေချိန် ငလျင်လှုပ်ခဲ့သဖြင့်နေထိုင်သူ အားလုံးနီးပါးမျှ အဆောက်အအုံများအောက်၌ ပိတ်မိခဲ့ရာ ကယ်ဆယ်ရေးသမားများ၏ မနေမနားကြိုးပမ်းမှုကြောင့်သာ ထိုမျှ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် ရုရှနိုင်ငံတစ်ဝန်း၌ အလံတိုင်ဝက်လွှင့်ထူ၍ ရုပ်မြင်သံကြား ပုံမှန်အစီအစဉ်များကိုလည်း ဖျက်သိမ်းခဲ့သည်။

**တောမီးလောင်ခြင်း** – အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ စပရင်းမြို့မြောက်ဘက်တွင် ဩဂုတ်လ ပထမပတ်အတွင်းက တောမီးလောင်ခဲ့ရာ ဒေသ၏သစ်တောဧက ၂၁,၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့သည်။

**နှင်းကျခြင်း** – အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ကက်ရှ်မီးယား (ကသ္မီရ)ပြည်နယ်တွင် ဇန်နဝါရီလအတွင်းက နှင်းများ ထူထပ်စွာကျပြီး ရေခဲတောင်များပြိုကျခဲ့သဖြင့် အဝေးပြေးလမ်းမကြီးများ ပိတ်ဆို့သွားခဲ့ရာ ပြည်နယ်မြို့တော် ရှရီနဂါး (သီရိနဂရ) မြို့တွင်စားနပ်ရိက္ခာများ ပြတ်လပ်သွားခဲ့သည်။

ထို့အတူဖေဖော်ဝါရီလအတွင်းကအမေရိကန်ပြည်ထောင်စု၊ အော်ရီဂွန်ပြည်နယ်တွင်ရေခဲကြီးတောင်တန်း၌ နှင်းများငါးပေမျှအထိ ထူထပ်စွာကျရောက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်တိုက်မှုပေါင်းရာနှင့်ချီ၍ ဖြစ်ပွားခဲ့သည်။ ကော်လိုရာဒိုပြည်နယ်နှင့်ယူတားပြည်နယ်တို့တွင် လည်း စကီးစီးသမားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံတော် မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်အရ ကော်လိုရာဒိုပြည်နယ် တစ်ခုတည်းတွင်ပင်နှင်းများထူထပ်စွာ ကျပြီး ၄၈ နာရီ အတွင်း မြေပြိုမှုပေါင်း ၆၀ ကျော် ဖြစ်ပေါ်ခဲ့သည်။

**မီးတောင် ပေါက်ကွဲခြင်း** – ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကာရစ်ဘီယံကျွန်း၏ အမြင့်ဆုံးတောင် ဖြစ်သော ပေ ၃,၀၀၀ အမြင့်ရှိ ချွန်ဆက်စ်မီးတောင် ပေါက်ကွဲခဲ့သည်။ မီးတောင်မပေါက်ကွဲမီ ကြိုတင်တိုင်းတာသိရှိခဲ့သောကြောင့် ကျွန်းသူကျွန်းသား ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားနိုင်ခဲ့သည်။ မီးတောင်ပြာများသည် မှိုပွင့်ပုံ တိမ်တိုက်ကြီးသဖွယ် ကောင်းကင်အမြင့်ပေ ၂,၀၀၀ ခန့်အထိသို့ ထိုးတက် သွားခဲ့သည်။ ၃၉ စတုရန်းမိုင် ကျယ်ဝန်းသော

ထိုကျွန်းသည် ရေးပေါင်းမီးတောင်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ကျွန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကျော် ပင်နာတူဘိုမီးတောင်သည်လည်း ဇူလိုင်လစတုတ္ထပတ်အတွင်းက ပွက်ပွက်ဆူနေသော ရွှံ့ရည်ပူများ ပေါက်ကွဲယိုစီးခဲ့သဖြင့် မနီလာမြို့မြောက်ဘက် ပန်ပန်ဂါပြည်နယ်တွင် အနည်းဆုံးအိမ်ခြေ ၂၂၆ လုံး နစ်မြုပ်ပျက်စီးခဲ့သည်။ အချို့နေရာများတွင် ရွှံ့ရည်ပူများသည် ၁၅ ပေမျှအထိ ထူထပ်စွာ စီးဆင်းခဲ့သည်။ လူဦးရေ ၇,၀၀၀ မျှရှိသော မိသားစု ၁,၃၀၀ ကျော်သည် ဘေးလွတ်ရာနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ပင်နာတူဘိုမီးတောင်သည် ၁၉၉၁ ခုနှစ်က ပြင်းထန်စွာပေါက်ကွဲခဲ့စဉ် လူ ၈၀၀ ခန့် သေဆုံးခဲ့ကြရသည်။

ဇူလိုင်လအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဆီမာရူးမီးတောင် ပေါက်ကွဲခဲ့သဖြင့် စိုက်ပျိုးမြေဧက တစ်ထောင်ကျော် ပျက်စီးပြီး လူရာပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။ ပေ ၁၂,၀၆၀ မြင့်သော ဆီမာရူးမီးတောင်မှ ထွက်လာသောပြာပူ၊ ချော်ရည်ပူနှင့် ကျောက်စိုင်အစအနများသည် ကုဗပေ ၄၅၅ သန်းမျှ ရှိမည်ဟု ခန့်မှန်းကြသည်။

**မိုးခေါင်ခြင်း** – နှစ်ငါးဆယ်ကျော်အတွင်း အဆိုးဝါးဆုံး မိုးခေါင်မှုဒဏ်ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ခံစားခဲ့ရသည်။ ဒဏ်အခံရဆုံး ဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများဖြစ်သည်။ နှစ်စဉ် ရွာသွန်းနေကျ မိုးရေချိန်၏ တစ်ဝက်မျှပင် မရရှိသဖြင့် မြေများအက်ကွဲကာ ရေလှောင်တမံများလည်း ခန်းလုနီးပါးဖြစ်ခဲ့သည်။ မိုးခေါင်မှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စက်မှုထွက်ကုန်ထုတ်လုပ်ရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။

**မုန်တိုင်း** – ၁၉၉၅ ခုနှစ်၏ ပထမဆုံးမုန်တိုင်းမှာ ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်းစုတွင် ဇန်နဝါရီလ ၂ ရက်နေ့က တစ်နာရီ ကီလိုမီတာ ၂၀၀ ( ၁၂၅ မိုင် ) နှုန်း တိုက်ခတ်ခဲ့သော ဝီလီယံအမည်ရှိ ဆိုင်ကလုံးမုန်တိုင်းဖြစ်သည်။ မုန်တိုင်းကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး အိမ်ခြေ ၁၅၀ ကျော် ပျက်စီးခဲ့သည်။ တဟီတီကျွန်းမှအမျိုးသမီးတစ်ဦးမှာမုန်တိုင်းတိုက်သွားပြီးနောက် အိမ်အမိုးကိုပြင်ရန် ကြိုးစားနေစဉ် ပြုတ်ကျ၍ သေဆုံးခဲ့သည်။

မတ်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းများ ကျရောက်ခဲ့ပြီး မိုးကြီးရေလွှမ်းခဲ့သဖြင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံးပြီး ဒေါ်လာသန်း ၂,၀၀၀ ဖိုး ခန့် ပျက်စီးဆုံးရှုံး ခဲ့သည်။ ပြည်နယ်၏ တစ်ဝက်ကျော်ကို ဘေးဒုက္ခ(ကပ်သင့်) ဒေသအဖြစ် ကြေညာခဲ့သည်။

ဧပြီလ ဒုတိယပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း၌ ပေါ်ပေါက်ခဲ့သော မုန်တိုင်းကြောင့် အနည်းဆုံး လူ ၄၀ သေဆုံး၍ လူ ၅၀၀ ကျော် ဒဏ်ရာရခဲ့ပြီး အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့သည်။

ဧပြီလ စတုတ္ထပတ်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဖူချိုမြို့တွင် မိုးသီးမုန်တိုင်းကျရောက်၍ လူ ၆၀၀ ခန့် ဒဏ်ရာရပြီး အဆောက်အအုံ ၁၃,၀၀၀ ပျက်စီးခဲ့ရာ မိုးသီးများမှာ အချင်းခြောက်လက်မခန့်အထိရှိပြီး ၁ ဒသမ ၅ ပေါင်ခန့်အထိ လေးသဖြင့် ထိခိုက်ပျက်စီးမှုများခြင်း ဖြစ်သည်။

ဧပြီလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း၌လည်း မိုးသက်မုန်တိုင်းများ အဆက်မပြတ်ကျရောက်ခဲ့သဖြင့် လူ ၂၀ ကျော် သေဆုံးပြီး ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလအတွင်းက အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ် တောင်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မိုးသက်မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၃,၀၀၀ ဖိုးမျှ ရှိခဲ့သည်။ တင်နက်စီပြည်နယ်တွင် တိုက်ခတ်ခဲ့သော တော်နေးဒိုးမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး၍ ၄၀ ကျော် ဒဏ်ရာရခဲ့သည်။

မေလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုန်တိုင်းနှင့် ဒီရေလှိုင်းဒဏ်ကြောင့် လူ ၁၅၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်း ၂၅၀ မျှ ရှိခဲ့သည်။ မုန်တိုင်းနှင့်နောက်ဆက်တွဲ ဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၃၄ ဦးတွင် ရေမသန့်ရှင်း၍ဖြစ်ရသော ဝမ်းရောဂါကြောင့် သေဆုံးရသူ ၃၄ ဦး ပါဝင်ခဲ့သည်။ အဆိုးဆုံးဒေသများမှာ စစ်တကောင်း၊ ကော့စ်ဘဇား၊ ကူတပ်ဒီယာ၊ မဟေရှခါလီ၊ ဆန်ဒွစ်နှင့် ချော့ကိုရီးယားနယ်များဖြစ်သည်။ ထိုဒေသများမှ လူ ၃၀၀,၀၀၀ ကျော်သည် ဝမ်းလျှောရောဂါများ ခံစားခဲ့ကြရသည်။

မေလကုန်ကာနီးတွင် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် တော်နေဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့ရာ လူသုံးဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းတစ်ခုရှေ့တွင် ရပ်ထားသော မော်တော်ကားတစ်စီးသည် လေထဲသို့မြောက်တက်သွားပြီး

ပေ ၆၀၀ ခန့်အကွာ တောအုပ်ထဲသို့ ကျသွားခဲ့ရာ ကားပေါ်ပါသူ ကျောင်းသားနှစ်ဦးနှင့် ကျောင်းဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့သည်။

ဇူလိုင်လ ပထမပတ်အတွင်းက တရုတ်နိုင်ငံ အရှေ့ဘက် ရှန်တုန်ပြည်နယ်တွင် မိုးသက်လေပြင်းကျခဲ့ရာ လူအသေအပျောက် မရှိခဲ့သော်လည်း ဖျိုင်းအကောင် ၃၀၀ ကျော်နှင့် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှိခဲ့သော ဆိုက်ပရပ်ပင်ကြီးများ ပျက်စီးခဲ့သည်။ ထိုသစ်ပင်ကြီးများမှာ ကျူးဖူးမြို့ရှိ ကွန်ဖြူးရှပ်ကျောင်းတော်ဝင်းအတွင်း ရှေးနှစ်ပေါင်းတစ်ထောင်ကျော်က စိုက်ပျိုးထားခဲ့သော သမိုင်းဝင်သစ်ပင်ကြီးများ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လတတိယပတ် အကုန်၌ နောက်ထပ်တော်နေးဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ အိမ်ခြေ ၂,၅၀၀ ခန့် ပျက်စီး၍ လူနှစ်ဦးသေဆုံးခဲ့သည်။ ဇူလိုင်လအတွင်း မုန်တိုင်းနှင့် မုတ်သုန်မိုးတို့ကြောင့် သေဆုံးခဲ့သူဦးရေမှာ ၁၈၀ ရှိခဲ့သည်။

ဇူလိုင်လ စတုတ္ထပတ်၌ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းတွင် ပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၃ ဦး သေဆုံး၍ ၂၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ပေ ၂၀ မျှမြင့်သော လှိုင်းလုံးကြီးများသည် တောင်ပိုင်းမြို့ ယေဆူး၏ ကမ်းနားလမ်းပေါ်မှ ဘတ်စကားတစ်စီးကို ရိုက်ခတ်သွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်။ တစ်နာရီ ၉၄ မိုင်နှုန်းခန့် တိုက်ခတ်သွားသော ဖေယီအမည်ရှိ ထိုတိုင်ဖွန်းမုန်တိုင်းကြောင့် အချို့နေရာများတွင် လှိုင်းလုံးအမြင့် ၂၆ ပေမှ ၃၃ ပေအထိ မြင့်တက်ခဲ့ပြီး မိုးရေချိန် ၁၄ လက်မအထိ ရွာသွန်းစေခဲ့သည်။

**မြေပြိုခြင်း** – အိုက်စလန်နိုင်ငံ အနောက်မြောက်ပိုင်း တဲငါရွာ တစ်ရွာပေါ်သို့ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်စောစောပိုင်းတွင် နှင်းတောင်ပြိုကျခဲ့ရာ ကလေး ၁၁ ယောက်အပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့သည်။

ဇန်နဝါရီတတိယပတ်အတွင်း၌ပင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကက်ရှမီးယားပြည်နယ်တွင် နှင်းဖုံးနေသော တောင်ပြိုကျ၍ လူ ၁၄ ဦး သေဆုံးခဲ့သည်။ ကက်ရှမီးယားပြည်နယ်၏ အမြွာမြို့တော်နှစ်ခုဖြစ်သော ဂျမူးနှင့် ကက်ရှမီးယားမြို့နှစ်မြို့ကို ဆက်သွယ်ထားသော ဟိမဝန္တာ တောင်ပေါ်လမ်းသည် နှင်းများထူထပ်စွာ ကျရောက်ခြင်း၊ တောင်ပြိုခြင်းများကြောင့် အဆက်အသွယ်များ ပြတ်တောက်ခဲ့သည်။ ရှရီနဂါး (သီရိနဂရ) မြို့နှင့် ဂျမူးမြို့ကိုဆက်သွယ်သော အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ဇန်နဝါရီလအတွင်း နှင်းတောင်ပြိုကျခြင်းကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ရာသီဥတု ဆိုးဝါးသောဒေသမှ လူ ၅,၀၀၀ ကျော်ကို ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရသည်။ ခရီးသည်အချို့မှာ တောင်ကိုဖောက်ထားသော ၁ ဒသမ ၇ မိုင်ရှည်သည့်ဥမင်လိုဏ်ခေါင်း ထဲတွင် ပိတ်မိခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့က အာဖဂန်နစ္စတန်နိုင်ငံ၊ ဘဒက်ခ်ရှန်ပြည်နယ်တွင် မိုးသည်းထန်၍ မြေပြိုခဲ့ရာ လူ ၃၅၄ ဦး သေဆုံးခဲ့ပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါမီယာတောင်တန်းမှ ကျေးရွာတစ်ရွာတွင် ဖြစ်ခဲ့သော မြေပြိုမှုကြောင့် အခြားကျေးရွာများမှ ရွာသူရွာသားများလည်း မြေပြိုမှုထပ်မံဖြစ်ပွားမည်ကို စိုးရိမ်၍ အိုးအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

ဇူလိုင်လအတွင်းကလည်း ဘိုဂိုတာမြို့တော် မြောက်ဘက် မိုင် ၁၄၀ အကွာရှိ ဖရက်ဒိုနီယာမြို့တွင် မြေပြိုမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးခဲ့သည်။

**ရေကြီးခြင်းနှင့် မိုးသည်းထန်ခြင်း** – ၁၉၉၅ ခုနှစ်ဦးအစ ဇန်နဝါရီလအတွင်းက ဂျာမနီနိုင်ငံ ရိုင်းမြစ်ရေလျှံမှုကြောင့် ရှေးဟောင်းမြို့တော် ကိုလုံးဒေသတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုများသည် ရိုင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကော့ဘလင့်ဇ်၊ ဒွဇယ်ဒေါ့ဖ်၊ ဒစ်စဘာ့ဂ်နှင့် ဘွန်းမြို့များတွင်ပါ ပေါ်ပေါက်ခဲ့သည်။ မြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်၍ ၃၄ ဒသမ ၅ ပေအထိ ရောက်ရှိခဲ့သဖြင့် မတ်ငွေသန်း ၁၀၀ (ဒေါ်လာ ၆၆ သန်း) မျှ ဆုံးရှုံးခဲ့ရသည့် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ရေကြီးမှုထက်ပင် ပိုမိုမြင့်တက်ခဲ့သည်။ ထိုစဉ်က ရေကြီးခဲ့မှုသည် ရာစုနှစ်အတွင်း ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံး စံချိန်တင်ခဲ့သည်။

ဇန်နဝါရီလအတွင်း၌ပင် ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်းတို့ကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ အခြားဥရောပနိုင်ငံများ၌လည်း ရေကြီးမှု၊ မိုးသည်းထန်မှုများ ပေါ်ပေါက်ခဲ့ရာ ဗဲလဂျီယမ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံများတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း၌ပင်သေဆုံးသူ ၃၀ ကျော်ရှိခဲ့ပြီး လူ ၁၅,၀၀၀ ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရသည်။ ပြင်သစ်တစ်နိုင်ငံတည်း၌ပင် လူ၆,၀၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရပြီး အိမ်ခြေ ၄,၀၀၀ ခန့် ပျက်စီးခဲ့သည်။

နယ်သာလန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ပေါ်ပေါက်ခဲ့သော ရေကြီးမှုသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့ရာ လူ ၂၅၀,၀၀၀ ခန့်နေအိမ်များမှ စွန့်ခွာခဲ့ကြရသည်။ ဖေဖော်ဝါရီလအတွင်း၌ပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျဗားနှင့် ဆူမာတြာကျွန်းများတွင်ရေကြီးမှုများ ပေါ်ပေါက်ခဲ့သောကြောင့် စပါးစိုက်ပျိုးထားသော မြေဧက ၅၆,၀၀၀ ကျော် ရေလွှမ်းခံခဲ့ရပြီး လူ ၁၄ ဦး သေဆုံးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြာကျွန်းမြောက်ပိုင်း၌ပင် မေလ ပထမပတ်အတွင်းမိုးသည်းထန်စွာရွာပြီး မြေပြိုခဲ့ရာ လူ ၅၅ ဦးသေဆုံး၍ ၅၈ ဦးပျောက်ဆုံးခဲ့သည်။ လူ ၁၇,၅၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဒေါ်လာ သန်း ၆၀၀ ကျော်မျှ ပျက်စီးဆုံးရှုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မူ ငါးလတာမျှ မိုးခေါင်နေမှုကို အဆုံးသတ်စေသော မေလလယ်မိုးကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၀၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာ ခဲ့ကြရသည်။ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာပေါင်းများစွာကို ဒီရေလှိုင်းများက ရိုက်ပုတ်သွားခဲ့ရာ အိမ် ၄၀၀ ကျော်နှင့် ပုစွန်မွေးမြူရေး၊ ဆားချက်ကွင်းများ ပျက်စီးခဲ့သည် ။

မေလလယ်အတွင်း၌ပင် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်ပြည်နယ်၏ တောင်ပိုင်းတွင် မိုးသည်းထန်ပြီး မြေပြိုခဲ့ရာ အနည်းဆုံး လူ ၂၅ ဦး အရှင်လတ်လတ်မြေမြှုပ်ခံ သေဆုံးခဲ့ကြပြီး အိမ်ခြေ ၄၀၀ ခန့် ပျက်စီးခဲ့သည်။

မေလကုန်နှင့်ဇွန်လပထမပတ်အတွင်းက အီရန်နိုင်ငံအနှံ့ သည်းထန်စွာ ရွာသွန်းခဲ့သော မိုးကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်တွင် ဇွန်လ ၃ ရက်နေ့ တစ်နေ့တည်း ၁၂ နာရီကြာ သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ခဲ့ပြီး အနည်းဆုံးလူ ၅၃ ဦး သေဆုံးကာ ပျက်စီးမှုဒေါ်လာ ၁၇၃ သန်းမျှရှိခဲ့သည်။ စိုက်ပျိုးမြေဧက ၃၉၅,၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရသည်။

ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်ပြီး မြစ်ရေလျှံခြင်းကြောင့် လူ ၅၀ ကျော်သေဆုံးခဲ့ရပြန်သည်။ ဇွန်လကုန်ခါနီးတွင်မူ တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်၌ ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် အနည်းဆုံးလူ ၉၀ သေဆုံးခဲ့ပြီး ဒေါ်လာသန်း ၂၄၀ တန်ဖိုးခန့် ပျက်စီး ဆုံးရှုံးခဲ့သည်။ အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတစ်ဝန်းတွင် ၁၉၉၅ ခုနှစ်၊ ဇွန်လကုန်အထိ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် သေကြေပျက်စီးခဲ့ရသူ ၆၀၀ ကျော် ရှိခဲ့သည်။ ဇူလိုင်လကုန်တွင်မူ သေဆုံးသူဦးရေ ၁,၅၀၀ ခန့်အထိ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူ ၅၀,၀၀၀ ရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ဇူလိုင်လ ၁၅ ရက်နေ့အထိ ၇ ဒသမ ၉၂ ဘီလီယံဒေါ်လာ (သန်းပေါင်း ၇,၉၂၀) ဖြစ်ခဲ့သည်။ စိုက်ပျိုးမြေဧက ၆၅ ဒသမ ၉ သန်း၊ ဒုက္ခသည်ပေါင်း သန်း ၁၅၀၊ ပျက်စီးခဲ့သော အိုးအိမ် ပေါင်း ၁ ဒသမ ၃၄ သန်း ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆိုးဆုံးရေကြီးမှု ဇွန်လနှင့် ဇူလိုင်လတွင် ထပ်မံဖြစ်ပေါ်ခဲ့ရာ လူဦးရေ ၁ ဒသမ၅ သန်းဘေးဒုက္ခရောက်ခဲ့ပြီး လူ ၁၆၀ ကျော်သေဆုံးခဲ့သည်။ ဇူလိုင်လစတုတ္ထပတ်အတွင်း၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေကြီးခဲ့ရာ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အနည်းဆုံး လူ ၁၁၀ သေဆုံးပြီး ရာပေါင်းများစွာပျောက်ဆုံးခဲ့သည်။ လူ ၅၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇူလိုင်လအတွင်း၌ပင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ ၆၂ ဦး ထပ်မံ သေဆုံးခဲ့ပြန်သည်။

ထိုင်းနိုင်ငံ ကျေးလက်ဒေသတွင် ဩဂုတ်လမှ စက်တင်ဘာလဆန်းပိုင်းအထိ နိုင်ငံအနှံ့အကြီးအကျယ် ရေလွှမ်းမိုးခဲ့သည်။ ပြည်နယ် ၇၆ ခုအနက် ၅၄ ပြည်နယ်တွင်ရေလွှမ်းမိုးခံခဲ့ရာ လူ ၂၉ ဦး သေဆုံး၍ မိသားစုပေါင်း ၃၇၀,၀၀၀ တို့ရေဘေးကြုံရပြီး လူနေအိမ် ၂၀,၀၀၀ ကျော် ပျက်စီးခဲ့သည်။ လယ်မြေဧက တစ်သန်းကျော်၊ လမ်းပေါင်း ၆,၇၀၀၊ တံတား ၆၀၄ ခု၊ ဆည်နှင့်ရေလှောင်တမံ ၆၁၉ ခုတို့ ပျက်စီးခဲ့ရပြီး ကျွဲနွားနှင့် အိမ်မွေးတိရစ္ဆာန် စုစုပေါင်း ၆၀၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ဒေါ်လာ ၅၄ဒသမ ၈ သန်း ရှိခဲ့သည်။

ဩဂုတ်လလယ်ပိုင်းတွင် မော်ရိုကိုနိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးရေကြီးမှု မာရာကက်ရှ်မြို့ အနီးတွင် ဖြစ်ပေါ်ခဲ့ရာလူ ၁၅၆ ဦး သေဆုံးခဲ့သည်။ ထိုနိုင်ငံတွင်ပင် စက်တင်ဘာလ ပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုထပ်ဖြစ်ခဲ့ပြန်ရာ လူ ၃၁ ဦး ထပ်မံသေဆုံး ခဲ့သည်။

**အပူလှိုင်း** – မေလပထမပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းကို ဖြတ်သန်းသွားသော အပူလှိုင်းကြောင့် လူခုနစ်ဦး သေဆုံးပြီး ရာပေါင်းများစွာ ဖျားနာခဲ့ကြသည်။

အပူလှိုင်းသည် အိန္ဒိယနိုင်ငံတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇွန်လအတွင်းက ပြင်းထန်သောအပူလှိုင်းဖြစ်ပေါ်ခဲ့ရာ လူ ၃၀၀ နီးပါးမျှ သေဆုံးခဲ့သည်။ အဆိုးဝါးဆုံးဒေသများမှာ အန္ဒရာပရာဒေ့ရှ်၊ ဥတ္တရပရာဒေ့ရှ်၊ ပန်ဂျပ်၊ ရာဂျာစသန်ပြည်နယ်များဖြစ်သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန် ၁၁၃ ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး ထိုပြည်နယ်တစ်ခုတည်းမှ ဇွန်လ ၁၅ ရက်အတွင်း သေဆုံးသူ ၁၁၅ ဦး ရှိခဲ့သည်။ သဲကန္တာရဒေသဖြစ်သော ရာဂျာစသန်ပြည်နယ်တွင်မူ အပူချိန် ၁၂၂ ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်ခဲ့သည်။ အပူလှိုင်းသည် ဇွန်လအတွင်း အားပျော့မသွားဘဲ သုံးပတ်ဆက်တိုက် ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူလူဦးရေသည် ၅၅၈ ယောက်အထိ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သော ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ ဘာသာရေးမြို့တော် ဗာရာဏသီမြို့တစ်မြို့၌ သေဆုံးသူဦးရေ ပင်လျှင် ၂၀၀ ရှိခဲ့သည်။ ဂင်္ဂါမြစ်ကမ်းတစ်လျှောက်ရှိ မြို့တော်၏အကြီးဆုံး သုသာန်နှစ်ခု၌ တစ်ပတ်အတွင်း မြှုပ်နှံခဲ့သော အလောင်းမှာ ၁,၂၁၈ ဦး ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ဦးမြလင်း

## သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၅)။

။၁၉၉၅ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓာပွားများနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော်ပေါင်း ၁,၆၂,၀၉၈ ပါး၊ သာမဏေပေါင်း ၂,၃၃,၈၄၀ ပါး၊ စုစုပေါင်း ၃၉၅,၉၃၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၃,၀၂၂ ပါး သီတင်းသုံး နေထိုင်လျက် ရှိကြသည်။

### ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကဆရာတော်များ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လှူဒါန်း ထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ဖြင့် ဆရာတော်ကြီးနှစ်ပါးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှဆရာတော်ကြီးအပါး ၂၀ နှင့် ပြည်ပမှဆရာတော်ကြီးတစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော် အပါး ၂၀ နှင့် သီလရှင်ဆရာကြီးတစ်ပါးအား အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း စာချဆရာတော် ၂၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါးတို့အား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော်ရှစ်ပါးတို့အား စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးကိုးပါးတို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးနှစ်ပါးတို့အား မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ဆရာတော်တစ်ပါးအား စူဠကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးနှစ်ပါးအား ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူသော ဆရာတော်ကြီးတစ်ပါးအား အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၇ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီးနှစ်ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းထောက်ပံ့ခဲ့သည့်အပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသော လူပုဂ္ဂိုလ်အမျိုးသားသုံးဦးတို့အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်နှင့် အမျိုးသမီးနှစ်ဦးအား သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်တို့ကို ချီးမြှောက်ထောက်ပံ့ ခဲ့သည်။

## စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပခြင်း

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့ထိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ စုစုပေါင်း ၁၃၅၄ ပါး ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးအောင်ခင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပထမ အစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက် (၁၉၉၅ ခုနှစ်၊ မတ်လ ၁၂ ရက်)တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော် အတွင်း ကျင်းပသည်။

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၁၈)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို ရွေးချယ်တင်မြှောက်ရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဖြစ် မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတအား ရွေးချယ်တော်မူကြပြီး သဘာပတိ ဆရာတော်က အစည်းအဝေးကြီး၏အတည်ပြုချက်ကို ရယူကာ အတည်ပြု ပေးတော်မူသည်။

ဆက်လက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၂၂)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဒုတိယ ဥက္ကဋ္ဌဆရာတော်များအဖြစ် မကွေးတိုင်း၊ စလင်းမြို့၊ မဟာ ဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်း တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရေဝတီတိုင်း၊ ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ခမာဝုဓ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စိန်မမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မန္တလေးတိုင်း၊ ချမ်းအေး သာဇံ မြို့နယ်၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏ ဘိဝံသ၊ ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မဟာဝတ္ထုကံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလ သာမိတို့အား လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ဓမ္မာစရိယ ပထမကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၊ ပြင်ဦးလွင်မြို့ ရတနာ မာရ်အောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟ၊ ရေဝတီတိုင်း၊ ဟင်္သာတမြို့ ရတနာ ဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာဘ သာမိ၊ ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာမ ဈေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩသတာဘိဝံသ၊ မကွေးတိုင်း၊ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ၊ ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ မဟာဝိသုဒ္ဓာရုံတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညတို့အား တင်သွင်းရာ သဘာပတိ ဆရာတော်က အစည်းအဝေးကြီး အတည်ပြု ချက် ရယူကာ အတည်ပြုပေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း အခန်း(၅)၊ အပိုဒ်(၂၇)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော် ၃၃ ပါးတို့၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြား တင်သွင်းရာ သဘာပတိဆရာတော်က အတည်ပြုချက်ကို ရယူ၍ အတည်ပြုပေးတော်မူပြီး စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကိုပြန်လည်ကျင်းပရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက

သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော် မူသည်။

အစည်းအဝေးသဘာပတိ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တသောဘိတက ဩဝါဒကထာ မြွက်ကြားတော်မူပြီး စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က တင်သွင်းလျှောက်ထား၍ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူပြီး စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ညနေလေးနာရီတွင် ရုပ်သိမ်းလိုက်သည်။

## ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သည် ဝိနည်းဝမ္မက်အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော်အယူခံဝင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးသုံးသပ်ဆုံးဖြတ်စေခဲ့ရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံမှုခင်း ၃၇ မှုနှင့် နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးမှု နှစ်မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းလျှာထားမှု ခြောက်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ငါးမှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးပြတ်မှု ရှစ်မှု၊ (၄၇) ပါးစုံညီ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူမှု (၂၂) မှု၊ အထူးအစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူမှု သုံးမှု၊ အထွေထွေဝိနိစ္ဆယဆောင်ရွက်မှု ၁၂၁ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## စာမေးပွဲများ ကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မကောဝိဒအောင် တစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် နှစ်ပါး၊ ဝိနယ ကောဝိဒ အောင် သုံးပါး၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းရေးဖြေအောင် တစ်ပါး၊ ဝိနည်း ပထမပိုင်းနှင့် ကျမ်းရေးဖြေအောင် ကိုးပါး၊ ဒီဃဘာဏကအောင် တစ်ပါး၊ ဝိနယဓရအောင် ၁၆ ပါး၊ ဝိနည်းပထမပိုင်းနှင့် ကျမ်းအာဂုံအောင် ၁၆ ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် ၄၉ ပါး ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီး၌ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋက ကျောင်းတိုက်မှ အရှင်ဝါယာမိန္ဒသည် သင်ရိုးပိဋကသုံးပုံကို အာဂုံရေးဖြေနှစ်ရပ်လုံး ပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပြီး ဆဌမမြောက် တိပိဋကဆရာတော် တစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာနပေါင်း ၂၅ ဌာနတို့၌ ကျင်းပရာ ၄၄၇၈ ပါး ဝင်ရောက်ဖြေဆိုတော်မူကြ၍ ကျမ်းရင်းသုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ (၉၄) ပါး၊ ကျမ်းရင်း နှစ်ကျမ်းအောင် ၈၇ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် ၁၃၁ ပါးနှင့် မြန်မာ ဂုဏ်ထူး သုံးပါး စုစုပေါင်း ၃၁၅ ပါး အောင်မြင်သည်။

ပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ရာ ပထမကြီးတန်းတွင် ၆၄၁၆ ပါး ဝင်ရောက်ဖြေဆို၍ ၂၈၃၆ ပါး အောင်မြင်ခဲ့သည်။ ပထမလတ်တန်းတွင် ၁၀၆၂၅ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၆၇ ပါး အောင်မြင်ခဲ့သည်။ ပထမငယ်တန်း၌ ၁၆၃၇၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၇၁၀၇ ပါး အောင်မြင်ခဲ့သည်။ အခြေပြုမူလတန်း၌ ၁၃၈၀၁ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၉၃ ပါး အောင်မြင်သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၁၀၂ ဌာနတို့၌ ကျင်းပခဲ့ရာ ၉၆၇၄ ဦး ဝင်ရောက်ဖြေဆို၍ ၄၂၇၈ ဦး အောင်မြင်ခဲ့သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကို စာဖြေဌာန ၅၈ ဌာန၌ ကျင်းပခဲ့ရာ ၁၁၂၀၂ ပါး စာရင်းသွင်း၍ ဖြေဆိုသူ ၆၈၂၆ ပါး ရှိသည်။

## စာမူများ စိစစ်ခြင်း

၁၉၉၅ ခုနှစ်အတွက် ဗုဒ္ဓဘာသာစာမူပေါင်း ၄၈၁ မူ အနက် ထုတ်ဝေခွင့်ပြုသောစာမူပေါင်း ၂၂၈ မူရှိ၍

ထုတ်ဝေခွင့်မပြုသော စာမူ ခြောက်မူရှိသည်။ စာမူ ၄၇ မူကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၁၂ မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူနှစ်မူကို ပြင်ဆင်၍ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သည်။

## လမ်းညွှန်ချက် ရှင်းလင်းပွဲ ကျင်းပခြင်း

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ၂၅–၈–၉၅ နှင့် ၂၆–၈–၉၅ နေ့များတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ ပြည်နယ်/တိုင်း သီလရှင်အမှူးဆောင် ဆရာကြီးများ ကြွရောက်ကြသည့်အပြင်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဦးစီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ရှင်းလင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ ဩဝါဒကထာကို နာယူကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရကလည်းကောင်း၊ သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ပြန်လည်ရှင်းလင်းတင်ပြပြီး လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

**သိရိလင်္ကာနိုင်ငံ။** ။၁၉၉၄ ခုနှစ်၊ ဩဂုတ်လက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သော ကုမာရတွန်းဂါးသည် ၁၂ နှစ်ကြာဖြစ်ပွားခဲ့သော တမီးလ်နယ် ခွဲထွက်ရေးသူပုန်တို့နှင့် တိုက်ခိုက်မှုများပြီးငြိမ်းရပ်စဲသွားစေရန် ပဓာနထား ကာ ဦးစားပေးဆောင်ရွက်လျက်ရှိနေခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၅– စာ၊ ၃၃၆– ရှု။) ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပရာဘာဟာကာရန် ဦးဆောင်သည့် တမီးလ်ပြောက်ကျားအဖွဲ့တို့နှင့် ကိုလံဘိုမြို့တွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲမှာ အောင်မြင်မှု မရရှိခဲ့ချေ။ တမီးလ်တို့ အထဲမှ သဘောထားညွှတ်ပျောင်းသူများကို အမျိုးသားလွှတ်တော်၌ ပါဝင်စေကာ တာဝန်ပေးအပ်မည်ဟု မစ္စစ်ကုမာရတွန်းဂါးက ပြောကြားသည်။ တမီးလ်ပြောက်ကျားအဖွဲ့က လက်မခံသဖြင့် ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။

အစိုးရက လိုက်လျောသည့်အနေဖြင့် ဂျက်ဖနာကျွန်းနယ်မြေဘက်သို့ သွားလမ်း လာလမ်းများကို ဖွင့်ပေးခဲ့ သည်။ မေဒေး အလုပ်သမားနေ့တွင် ယခင်နှစ်များကဲ့သို့ အခမ်းအနား မကျင်းပနိုင်ခဲ့ချေ။ ၁၉၉၃ ခုနှစ် ၊ မေလက မေဒေးအလုပ်သမားနေ့ ကျင်းပရန် ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သမ္မတ ပရီမာဒါဆာကွယ်လွန်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄– စာ၊ ၃၀၇–ရှု။)



**တမီးလ်ပြောက်ကျား ခေါင်းဆောင် ပရာဘာကာရန် (အလယ်) ကို တောတွင်းတစ်နေရာတွင် တွေ့ရစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်သည့်အတွက် ကုမာရတွန်းဂါးအစိုးရနှင့် တမီးလ်ပြောက်ကျားတပ်ဖွဲ့များ အင်အားဖြည့်တင်းခဲ့သည်။ သီရိလင်္ကာအစိုးရအား ဗြိတိန်၊ အစ္စရေးနှင့် ပါကစ္စတန်နိုင်ငံတို့က တတ်စွမ်းသမျှ ကူညီခဲ့သည်။ ရုရှားနိုင်ငံကမူ ဒေါ်လာသန်း ၁,၀၀၀ တန်ဖိုးရှိသည့် ရိုင်ဖယ်လက်နက်များနှင့် တင့်ကားအစီး ၂၀ တို့ကို ကူညီရန် သဘောတူခဲ့သည်။ သို့ရာတွင် ထိုအကူအညီကို လက်မခံဖြစ်ခဲ့ပေ။

အိန္ဒိယနိုင်ငံအနေဖြင့် လွန်ခဲ့သောနှစ်များကပင် တပ်အင်အား ၃,၀၀၀ ဖြင့် ၃၂ လကြာ သီရိလင်္ကာအစိုးရဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သည်။ သို့ရာတွင် ထိုတပ်က တမီးလ်ပြောက်ကျားများကို မနှိမ်နင်းနိုင်ခဲ့ပေ။ သီရိလင်္ကာအစိုးရတပ်အင်အားမှာ ၃၇,၀၀၀ ရှိသည်။ တမီးလ်တပ်အင်အားမှာ ၁၀,၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။ တမီးလ်တို့လက်တွင် ဒုံးကျည်များ၊ လေယာဉ်ပစ်အမြောက်များ ရှိနေသည်။

အစိုးရတပ်ဘက်တွင် လေတပ်၊ ရေတပ်အားသာသကဲ့သို့ တမီးလ်ပြောက်ကျားတို့လက်တွင်ကား ဗုံးများအစွမ်းထက်လှသည်။ စစ်ကာလအတွင်း အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံသူ ၁၂,၅၀၀ ရှိသည်။ ၎င်းတို့အတွက် အိန္ဒိယအစိုးရက နှစ်စဉ်ဒေါ်လာ ၃၁၆ သန်း သုံးစွဲနေရသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် သီရိလင်္ကာအစိုးရက ထိုးစစ်ကြီးစတင်ခဲ့သည်။ မစ္စစ်ကုမာရတွန်းဂါးက အသေအချာကြေညာပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ပွဲတွင် စစ်အင်အား ၁၀,၀၀၀ ပါရှိ၍ လေတပ်၊ ရေတပ်များ ပါဝင်သည်။ ပစ်မှတ်ပစ်ကွက်မှာ ဂျက်ဖနာကျွန်းတစ်ဝိုက်ဖြစ်သည်။

ထိုးစစ်ကြီး ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ဂျက်ဖနာကျွန်းရှိ ပြောက်ကျားတပ်စခန်းများနှင့် ပြောက်ကျားတို့ ခိုလှုံမည်ထင်ရသော နေရာများကို ဗုံးကြဲတိုက်ခိုက်ရာတွင် စိန်ပီတာဘုရားကျောင်းနှင့် စိန်ပေါဘုရားကျောင်းများ ပါသွားသည်ဟု ဆိုသည်။ ဘုရားကျောင်းများ၌ ခိုလှုံနေကြသော အရပ်သူအရပ်သား ၁၂၀ သေဆုံးသည်။ ထို့ပြင် အစိုးရ ကွန်မန်ဒိုတပ်များက သူပုန်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းရာ သူပုန် ၁၀ ဦးထက်မနည်း သေဆုံးသည်။

အခြားတိုက်ပွဲတစ်ခုတွင် သူပုန်တို့က အစိုးရတပ်စခန်း လေးခုအား ရေကြောင်း၊ ကုန်းကြောင်းမှ လာရောက်

**ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက် ကိုလံဘိုမြို့တွင် ဆန္ဒပြ တောင်းဆိုနေသူများ**



တိုက်ခိုက်ကြရာတွင် သူပုန် ၉၂ ဦး သေဆုံးသည်။ ဆုတ်ခွာသွားသော သူပုန်တပ်နောက်သို့ အစိုးရတပ်က လိုက်လံတိုက်ခိုက်သောအခါ သူပုန် ၂၃ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ချုပ်ကြီး ဂါရီဒီဆီဗာက ပြောကြားသည်။

တမီးလ်တို့၏ ကျောထောက်နောက်ခံနယ်မြေမှာ အိန္ဒိယနိုင်ငံ တမီနာဒူးခေါ် မဒရတ်ပြည်နယ် ဖြစ်သည်။ လူမျိုးရေးနှင့် ဘာသာစကားတူညီမှုရှိသော တမီးလ်အချင်းချင်း ကူညီရိုင်းပင်းစောင့်ရှောက်လိုကြသော်လည်း အိန္ဒိယအစိုးရ၏ စီမံအုပ်ချုပ်မှုကြောင့် ကူညီခြင်းမပြုနိုင်ခဲ့ပေ။ ဤအတောအတွင်း မဒရတ်ပြည်နယ်အစိုးရက ဖမ်းဆီးထားသော တမီးလ် ၄၃ ယောက်သည် ဥမင်လိုဏ်ခေါင်းဖောက်၍ ထွက်ပြေးကြရာ မဒရတ်ရဲက ၁၁ ဦးကို ပြန်လည်ဖမ်းမိခဲ့သည်။ သုံးဦးမှာ အဆိပ်သောက်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်ဟု ဩဂုတ်လ ၁၅ ရက်နေ့တွင် သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ သမ္မတ ကုမာရတွန်းဂါးသည် ငြိမ်းချမ်းရေး စီမံချက်တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုကြေညာချက်တွင် (၁) သီရိလင်္ကာနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ရှစ်နယ်ခွဲရေး၊ (၂) ထိုနယ်အသီးသီး၌ အုပ်ချုပ်ရေးအဖွဲ့သည် နယ်မြေ၏ စီးပွားရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသည်တို့ကို လွတ်လပ်စွာ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ ပါဝင်သည်။

ထိုပြည်နယ်များတွင် တမီးလ်လူမျိုးတို့အတွက် နယ်တစ်နယ် ပါဝင်သည်။ ယင်းအဆိုကို တမီးလ်တို့က ပယ်ချလိုက်ပြီး အစိုးရ၏စီမံချက်သည် တိုက်ပွဲသို့သာ ဦးတည်နေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ထိုအတောအတွင်း တမီးလ်ပြည်သူ့စစ်ခေါင်းဆောင် ဒေါက်ဂလပ်စ်ဒေဝနန္ဒာက အဆိုပြုချက်တစ်ရပ်ကို ဩဂုတ်လ ၈ ရက်နေ့တွင် တင်ပြသည်။ အင်အား ၁,၀၀,၀၀၀ ရှိသော သီရိလင်္ကာတပ်မတော်တွင် တမီးလ်ဘာသာစကားပြော တပ်ရင်းတစ်ရင်း ထူထောင်ရန် ဖြစ်သည်။ ထိုတပ်ရင်း၌ မွတ်ဆလင်များပါ ပါဝင်နိုင်သည်ဟု တင်ပြထားသည်။ ဒေဝနန္ဒာသည် လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်သည်။

**သေဒဏ်ပြန်လည် သတ်မှတ်ခြင်း** – ကြီးလေးသော ရာဇဝတ်ပြစ်မှုများအတွက် ယခင်က သေဒဏ်ပေးခဲ့သည်။ နောက်ပိတ်ဆုံး သေဒဏ်ကို ၁၉၇၆ ခုနှစ်က ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ ဂျူနီယတ်စ်ဇေယျဝါဒိနီ လက်ထက်၌ သေဒဏ်များကို တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်သို့ ပြောင်းလဲစီရင်ရန် အမိန့်ထုတ်ခဲ့သည်။

ယခုကာလတွင် ရာဇဝတ်မှု နှိမ်နင်းရေးအတွက် သေဒဏ် ပြန်လည်ပေးရန် လိုအပ်သည်ဟု ယူဆသည့် အလျှောက် အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက် တင်သွင်း ဆုံးဖြတ်ခြင်းဖြစ်သည်ဟု တရားရေးဌာနဝန်ကြီး လက်ရှ်မင်ပေးရစ်က ဇွန်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည့်အလျှောက် ကွပ်မျက်မှုကို ရှောင်ခဲ့သော်လည်း မလွှဲမရှောင်သာ သေဒဏ်စီရင်ချက် ချမှတ်ရတော့မည် ဖြစ်သည်။ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု စသည်တို့သည် သေဒဏ်စီရင်သင့်သော အမှုများဖြစ်သည်။ သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်သော အာဏာကို သမ္မတလက်ဝယ် ထားရှိသည်။

**သော်တာဆွေ (ခရစ်၁၉၁၉–၁၉၉၅)။** ။နိုင်ငံကျော် စာရေးဆရာ သော်တာဆွေကို ၁၉၁၉ ခု၊ မေလ ၁၉ ရက် တနင်္လာနေ့တွင် ပေါင်းတည်မြို့နယ်၊ ကြို့ပင်ရွာနေ အဖ လယ်သမားကြီး ဦးဖိုးဆယ် အမိ ဒေါ်လှရင် တို့က ဖွားမြင် သည်။ ငယ်နာမည် မောင်ချစ်လှိုင်ဖြစ်၍ ကြီးပြင်းလာသောအခါ မောင်ကြင်ဆွေဟု အမည်တွင် သည်။

မြန်မာ ၁၀ တန်းအောင်မြင်ပြီး အထက်တန်းဆရာ ဖြစ် အောင်လက်မှတ်ရရှိခဲ့သည်။ အင်္ဂလိပ်စာကို အလွတ်ပညာသင်ကျောင်းတက်၍ သင်ယူခဲ့သည်။ ဂျပန်ခေတ်တွင် မြင်းလှည်းသမားဘဝ၊ ၁၉၄၅ ခုနှစ် အင်္ဂလိပ်များ ပြန်အဝင်တွင် ဆန်ကုန်သည်ဘဝ စသည်ဖြင့် ကျင်လည်ခဲ့သည်။ ငယ်စဉ်ကပင် ကဗျာ၊ ဝတ္ထု စသည်များကို ဖတ်တတ်၊ မှတ်တတ်၍ ကဗျာရေးခြင်းကို ကျောင်းသားဘဝကပင် ကျွမ်းကျင်ခဲ့သည်။

စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ပြီး သော်တာဆွေဟူသော ကလောင်နာမည်ဖြင့် စာရေးခဲ့ရာ လူသိများကျော်ကြားလာသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ရှုမဝမဂ္ဂဇင်း၌ ဘရန်ဒီတစ်ပုလင်းအမည်ရှိ ဟာသဝတ္ထုဖြင့် စာပေလောကသို့ ဝင်ခဲ့သည်။

မူလက စုံထောက်ဝတ္ထုရေးရန် အားသန်ခဲ့သော် လည်း ရန်အောင်ရတနာ လုံးချင်း စုံထောက်ဝတ္ထုတစ်အုပ်သာ



အမျိုးသားစာပေဆုရ နိုင်ငံကျော်
စာရေးဆရာ သော်တာဆွေ

ရေးသားနိုင်ခဲ့သည်။ ခြောက်နှစ်တိုင်တိုင် ဟာသ ဝတ္ထုများ ရေးခြင်းဖြင့်သာ နာမည်ရလာပြီးနောက် ၁၉၅၃ ခုနှစ်မှစ၍ ဘဝသရုပ်ဖော်စာပေဘက်သို့ တစ်စတစ်စ ကူးပြောင်း ရေးသားခဲ့သည်။

ဟာသဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို စာရေးဆရာဖြစ်စမှ ကွယ်လွန် ခါနီး လေးလအထိ လစဉ်မပြတ် ရေးသားရင်း စာရေးခြင်း အလုပ် တစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ် လုပ်ခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုပေါင်း ၄၀၀ ခန့်၊ ဝတ္ထုရှည် ၂၀ကျော် ရေးသား ခဲ့သည်။

ယင်းတို့အနက် သတ္တဝါတို့သံသရာ စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို လည်းကောင်း၊ ဤလောကမြေမဟီဝယ် စာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ စာပေလေ့လာရေး ခရီးအဖြစ် ဆိုဗီယက်ယူနီယံနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်ခဲ့သည်။

နိုင်ငံကျော် စာရေးဆရာ သော်တာဆွေသည် ၁၉၉၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌ အမှတ် (၂) တပ်မတော် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီး ၃ ယောက် ကျန်ရစ်ခဲ့သည်။

**ဟန်ဂေရီသမ္မတနိုင်ငံ။** ။ဟန်ဂေရီနိုင်ငံသည် ၁၉၄၉ ခုနှစ်မှစ၍ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံ ဟူသော အမည်ဖြင့် ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှုအောက်တွင် နှစ်ပေါင်း ၄၀ တိုင်တိုင် တည်ခဲ့ ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့ တွင် ကွန်မြူနစ်ဝါဒကို စွန့်ပယ်၍ "ဟန်ဂေရီ သမ္မတနိုင်ငံ" ဟု ခေါ်ဝေါ်သမုတ်ကာ ပါတီစုံဒီမို ကရေစီ စနစ်ကို ကျင့်သုံး ပြီးလျှင် ၁၉၉၀ ပြည့်နှစ်၊ မတ်–ဧပြီလများ တွင် အမတ် နေရာ ၃၈၆ နေရာထားရှိသည့် အမျိုးသား လွှတ်တော် အတွက် ပထမဆုံးသော ပါတီစုံ ရွေးကောက် ပွဲများကို ကျင်းပခဲ့သည်။

ထိုအချိန်က ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်း ကီလိုမီတာ ၉၃,၀၃၃ အတွင်း လူပေါင်း ၁၀,၆၀၀,၀၀၀ ခန့် (၁၉၉၀ ခန့်မှန်းခြေ )နေထိုင်လျက်ရှိရာ ဟန်ဂေရီနိုင်ငံတွင် အာဏာရပါတီကြီးသုံးခုနှင့် အခြား နိုင်ငံရေးပါတီ ငါးခုတို့ ရှိခဲ့ကြသည်။ ပါတီကြီးသုံးခုမှာ –

(က) မဂ္ဂယာဒီမိုကရာတာဖိုရမ် (အမ်ဒီအက်ဖ်) သို့မဟုတ် ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အိပ်ချ်ဒီအက်ဖ်)၊

(ခ) လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီ (အက်ဖ်ကေဂျီပီ)

(ဂ) ခရစ်ယာန်ဒီမိုကရက်တစ်ပြည်သူ့ပါတီ (ကေဒီအင်ပီ) တို့ဖြစ်ကြ၍ အခြားပါတီ ငါးခုတို့မှာ–

(က) လွတ်လပ်သော ဒီမိုကရက်များ မဟာ မိတ်အဖွဲ့၊

(ခ) လူငယ်ဒီမိုကရက်များဖယ်ဒရေးရှင်း၊

(ဂ) ဟန်ဂေရီပြည်သူ့ပါတီ၊

(ဃ) ဟန်ဂေရီဆိုရှယ်လစ်ပါတီ၊

(င) ဟန်ဂေရီဆိုရှယ်လစ်အလုပ်သမားများ ပါတီတို့ ဖြစ်ကြသည်။

ပါတီစုံရွေးကောက်ပွဲကြီးကျင်းပပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့တွင် ဗဟိုလက်ယာဝါဒီ အမ်ဒီအက်ဖ် ပါတီမှ ဂျိုးဇက်အင်တောလ်က ဝန်ကြီးချုပ် အဖြစ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဩဂုတ်လ ၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေပြု လွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်ကြီးက အာပက်တ်ဂွန့်ဇ်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက် ခဲ့ပေသည်။

ပြည်တွင်းနိုင်ငံရေး အခက်အခဲများ– ၁၉၉၁ခုနှစ်၊ ဧပြီလ နှင့် မေလများတွင် နိုင်ငံရေးပါတီ (၆) ခုတို့က ပါလီမန်ပြင်ပ တွင် နိုင်ငံတော်၏ အဓိက နိုင်ငံရေး ပြဿနာများကို ဆွေးနွေးရန် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြ သည်။ ဟန်ဂေရီနိုင်ငံသည် တစ်နှစ်တာကာလကြာမျှ ပြည်တွင်းနိုင်ငံရေးအခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း ၄င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ပိုမိုတည်တံ့ခိုင်မြဲမှုရှိသည့် အသွင်သဏ္ဍာန်ဆောင်ခဲ့သည်။ အဓိက နိုင်ငံရေးပါတီများ အတွင်း၌ လည်းကောင်း၊ စပ်ကြား၌လည်းကောင်း အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိခဲ့သဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှု ဖူလုံရေးနှင့် ပတ်သက်သည့် အဓိကဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း မရှိခဲ့ချေ။ ပါလီမန်က ဘဏ္ဍာရေးဥပဒေနှင့် ဘတ်ဂျက် ရသုံးငွေစာရင်းကို ချမှတ်နိုင်ခြင်းမရှိရာ ရန်ပုံငွေ မရှိသဖြင့် ကျန်းမာရေးနှင့်ပညာရေးပြုပြင်ပြောင်းလဲရေး စီမံချက်များကို ရွှေ့ဆိုင်းထားခဲ့ရသည်။ မည်သို့မဆို ၁၉၉၂ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသားနှင့်မျိုးနွယ် လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေကြမ်းတစ်ရပ်ကိုကား အတည်ပြုခဲ့ကြသည်။

၁၉၉၂ ခုနှစ်အတွင်း၌ လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီအတွင်း မြေယာများကို မူလပိုင်ရှင်များသို့ ပြန်ပေးရေးကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း ပါတီဝင်အများစုက ပါတီခေါင်းဆောင်များကို ထောက်ခံခြင်းမပြုကြဘဲ အာဏာရညွန့်ပေါင်းအစိုးရနှင့်သာ ဆက်လက်လက်တွဲခဲ့ကြရာ ယင်းပါတီဝင်များအား ပါတီမှထုတ်ပယ်ပစ်သောအခါ ၄င်းတို့က သမိုင်းစင်မြင့် (Historical Platform ) ဟူသောအမည်ဖြင့် ပါတီအဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

**အာဏာရပါတီတွင်း တင်းမာမှုများ** – ထိုနှစ် ၁၉၉၂ ဩဂုတ်လတွင်မူ ဟန်ဂေရီဒီမိုကရက်တစ် ဖိုရမ် (အမ်ဒီအက်ဖ်)ပါတီကြီးအတွင်း၌ပင် ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ အစ္စဗန်ဇူကာရေးသားသည့် ဆောင်းပါးတစ်စောင်ကြောင့် တင်းမာမှုများ ပေါက်ကွဲပေါ်ထွက်လာခဲ့သည်။ ဇူကာက ဟန်ဂေရီနိုင်ငံသည် ဂျူး– ဘောလ်ရှီဗစ်–လစ်ဘရယ်တို့ တွဲဖက်၍ အစိုးရကို ဖျက်ဆီး ပစ်ပြီး ဟန်ဂေရီနိုင်ငံ၏ နာလန်ထူရေးကို တားဆီးပိတ်ပင်မည့် ပူးပေါင်းလုပ်ကြံမှုတစ်ရပ်ကို ခံနေရကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ ဤဆောင်းပါးမှာ ဟီဗရူးနှင့် အာရပ်များပါဝင်သော ဆီးမိုက်( Semite ) လူမျိုးအုပ်စုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ရေးသားခြင်း ဖြစ်သည်။ ထိုဆောင်းပါးကို နောက်ဆုံး၌ နိုဝင်ဘာလတွင် အမ်ဒီအက်ဖ်ပါတီဥက္ကဋ္ဌ အင်တောလ်က ရှုတ်ချပြောဆိုခဲ့လေသည်။ ဤတွင် ဇူကာသည် ဟန်ဂေရီလမ်းစဉ်ဟူ၍ ခေါ်တွင်သည့် လူထုလှုပ်ရှားမှုတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လုပ်ဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဇူကာသည် ဝန်ကြီးချုပ် ဂျေအင်တောလ်ကို စိန်ခေါ်ဆန့်ကျင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် သူသည် ပါတီသဘာပတိ အဖွဲ့တွင် ဆက်လက်ပါဝင်မြဲ ပါဝင်နေခဲ့သည်။ ထိုနောက် ဇူကာသည် မေလတွင် ယူကရိန်းနိုင်ငံနှင့် သမဝါယမ စာချုပ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ဇွန် ၁ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါလီမန်အဖွဲ့စုက ဇူကာအပါအဝင် ပါလီမန်အမတ်ခြောက်ဦးကိုထုတ်ပယ်ပစ်ခဲ့သည်။ ဤတွင် ဇွန် ၂၁ ရက်နေ့တွင် ဇူကာသည် ဟန်ဂေရီ တရားမျှတရေး ပါတီ (Hungarian Justice Party )ကို အခြား လွှတ်တော်အမတ် (၄)ဦးနှင့်အတူ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူ၏ ပါတီသို့ နောက်ထပ်လွှတ်တော်အမတ် (၆) ဦး ဝင်ရောက်လာခဲ့ကြသည်။ ဇွန် ၂၂ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါတီက ဇူကာနှင့် အခြားအမတ်တစ်ဦးအား ပါတီမှ တရားဝင် ထုတ်ပယ်လိုက်သည်။

**ဝန်ကြီးချုပ် အင်တောလ် ကွယ်လွန်ခြင်း** – ၁၉၈၉ခု၊ အောက်တိုဘာလမှစ၍ ဟန်ဂေရီဒီမိုကရက်တစ်ပါတီ ( အိပ်ချ်ဒီအက်ဖ် သို့မဟုတ် အမ်ဒီအက်ဖ်ပါတီ ) ၏ ခေါင်းဆောင်နှင့် ၁၉၉၀ ပြည့်နှစ်၊ မေလမှစ၍ ဟန်ဂေရီ ညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သူ ဂျိုးဇက်အင်တောလ်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အသက် ၆၁ နှစ်အရွယ်၌ ကွယ်လွန် သွားခဲ့သည်။ သူသည် ဟန်ဂေရီ သမိုင်းပညာရှင်တစ်ဦးနှင့် ယခင်က ပြတိုက်ညွှန်ကြားရေးမှူး တစ်ဦးဖြစ်ခဲ့၍ ဟန်ဂေရီနိုင်ငံအား ပြည်သူ့ဈေးကွက် စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းမှုကို ဦးဆောင်မှုပေးခဲ့ပြီး ဟန်ဂေရီနိုင်ငံရေးအား တည်ငြိမ်စေရန် ထိန်းကျောင်း ပေးနိုင်ခဲ့သူ ဖြစ်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော အင်တောလ်၏ စျာပနသို့ အခြား ပုဂ္ဂိုလ်များနှင့်အတူ အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုး၊ ရုရှားပထမ ဒုတိယဝန်ကြီးချုပ် ယေဂေါဂေဒါနှင့်အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ သို့သော် တစ်ဘက် အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံမှ တက်ရောက်ခြင်း မရှိသည်ကို မှတ်သားဖွယ်တွေ့ရှိခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ယခင်က ပြည်ထဲရေး ဝန်ကြီးနှင့် ဝန်ကြီးချုပ် အင်တောလ် မရှိသည့် အချိန်ကာလများတွင် ခေတ္တဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ခဲ့သူ ပီတာဗိုရော့စ် (အသက် ၆၅) အား ဝန်ကြီးချုပ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ သူသည် ၁၉၉၀ ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံခဲ့သူမဟုတ်။ အင်တောလ်၏ အစိုးရအဖွဲ့အတွင်းသို့ ပါတီဝင်မဟုတ်သော စက်မှုအတတ်ပညာရှင်တစ်ဦးအဖြစ် ထည့်သွင်းခြင်းခံယူခဲ့ပြီး နောက်ပိုင်း၌ အမ်ဒီအက်ဖ်ပါတီသို့ ဝင်ရောက်ကာ ပါတီဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသူဖြစ်သည်။ ဗိုရော့စ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ဗူကာ၏တရားမျှတရေး ပါတီမှ လွှတ်တော်အမတ်ရှစ်ဦးအပြင် ဟန်ဂေရီ ဆိုရှယ်လစ်ပါတီ၊ လူငယ် ဒီမိုကရက်များ ဖယ်ဒရေးရှင်းနှင့် လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့စသည့် အတိုက်အခံပါတီ သုံးပါတီတို့က ကန့်ကွက်ခဲ့ကြသည်။

အာဏာရ ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အမ်ဒီအက်ဖ်)၏ အမျိုးသားကွန်ဂရက် အစည်းအဝေးကို ၁၉၉၄ ခု၊ ဖေဖော်ဝါရီ ၁၈–၂၀ ရက်နေ့များအတွင်း ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး လာဂျို့စ်ဖော အား ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

**ဟော်သီ၏ ထပ်ဆင့်ဈာပန** – ဟန်ဂေရီနိုင်ငံသည် ပထမကမ္ဘာစစ်ပြီးဆုံးသည့်နောက် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ထို့နောက် ဘောလ်ရှီဗစ်တော်လှန်ရေးဖြစ်ပွားခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ဘုရင်စနစ်ကို ပြန်လည်ကျင့်သုံးခဲ့ရာ ၁၉၂၀ မှ ၁၉၄၄ ခုနှစ်အထိ ရေတပ်ဗိုလ်ချုပ်ကြီးနိကောလပ်စ်ဟော်သီက ရင်ခွင်ပိုက်အုပ်ချုပ်သူ(Regent) အဖြစ် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ ကွန်မြူနစ်ဝါဒ ကျင့်သုံးသောအခါ ဟော်သီသည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကွယ်လွန်သွားခဲ့သည်။ ဟန်ဂေရီအစိုးရသည် ဟော်သီ၏ အရိုးပြာများကို ဟန်ဂေရီနိုင်ငံသို့ ပြန်လည်ယူဆောင်လာပြီး ၁၉၉၃ ခု၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဟန်ဂေရီအရှေ့ပိုင်းရှိ ကင်ဒါရီမြို့၌ ၄င်း၏မိသားစုအုတ်ဂူအတွင်း ထည့်သွင်းမြှုပ်နှံ သင်္ဂြိုဟ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အင်တောလ်က ဗိုလ်ချုပ်ကြီးဟော်သီအား တိုင်းပြုပြည်ပြု ဟန်ဂေရီမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ အိမ်နီးချင်းနိုင်ငံများက ဤကိစ္စကို နှစ်လိုကြည်ဖြူခြင်း မရှိခဲ့ကြပေ။ ပြည်တွင်း၌လည်း ဂျူးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့အစည်းအချို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

**၁၉၉၄ အထွေထွေရွေးကောက်ပွဲ** – ဟန်ဂေရီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ၁၉၉၄ မေလ ၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို နှစ်ကျော့ပြန်ကျင်းပခဲ့ရာ ဆန္ဒမဲပေးခွင့်ရှိသူ ၇,၈၀၀,၀၀၀ အနက် ပထမအကျော့တွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒုတိယအကျော့တွင် ၅၅ ဒသမ ၁ ရာခိုင်နှုန်း မဲဆန္ဒပေးခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ဂျူလာဟွန်း ဦးဆောင်သည့် ဟန်ဂေရီဆိုရှယ်လစ်ပါတီ (ယခင်က ကွန်မြူနစ်ဝါဒီ)က ဥပဒေပြုလွှတ်တော်အမတ်နေရာ ၂၀၉ နေရာ ရရှိပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လစ်ဘရယ်ဝါဒီ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီ (အမတ်နေရာ ၇၀) နှင့် ယခင်က အာဏာရဟန်ဂေရီ ဒီမိုကရက်တစ်ဖိုရမ်(အမ်ဒီအက်ဖ်)(အမတ်နေရာ ၃၇)တို့က ဒုတိယနှင့် တတိယနေရာများကို အသီးသီးရရှိခဲ့ကြသည်။

သို့ဖြစ်စေကာမူ ၁၉၉၄ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် ဖော်ပြပါ ဆိုရှယ်လစ်ပါတီနှင့် ဒီမိုကရက်များ မဟာမိတ်ပါတီတို့ တွဲဖက်၍ ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ကြရာ ဇူလိုင် ၁၅ ရက်နေ့တွင် ပါလီမန်က ဟန်ဂေရီဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဂျူလာဟွန်းအား ဝန်ကြီးချုပ်အဖြစ် အတည်ပြုခဲ့သည်။ ဟွန်းဦးဆောင်သည့် အစိုးရအဖွဲ့တွင် ဝန်ကြီးရာထူး ၁၄ နေရာအနက် ဆိုရှယ်လစ်ပါတီက ၁၁ နေရာယူ၍ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ် ပါတီအား ၃ နေရာ ပေးခဲ့ပြီး ယင်းပါတီ၏ခေါင်းဆောင် ဂါဘော်ကွန့်(ဇ်)အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။

အထက်ဖော်ပြပါ ပါတီနှစ်ရပ်၏ အမတ်နေရာ စုစုပေါင်းသည် ပါလီမန်ရှိ စုစုပေါင်း အမတ်နေရာ ၃၈၆ ၏ သုံးပုံ–နှစ်ပုံထက် ပိုလွန် သေးရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သောအခြေအနေကို ရရှိစေသည်။

**သမ္မတဂွန့်ဇ် နောက်ထပ်ငါးနှစ်တွက် ရွေးချယ်ခံရခြင်း** – ထိုအကောအတွင်း ၁၉၉၄ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် ပါလီမန်က အာပက်တ်ဂွန့်ဇ်အား ဒုတိယငါးနှစ်

သက်တမ်းအတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

## နိုင်ငံခြား ဆက်ဆံရေး

**ဝါဆောစာချုပ် ဖျက်သိမ်းခြင်း** – ဟန်ဂေရီနိုင်ငံသည် ၁၉၅၅ မေလ ၁၄ ရက်နေ့မှစ၍ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်က တည်ထောင်ခဲ့သော အပြန်အလှန်ကာကွယ်ရေး စစ်မဟာမိတ် ဝါဆောစာချုပ်တွင် အခြားအရှေ့ဥရောပ အုပ်စုဝင် နိုင်ငံများဖြစ်သော ဘူလ်ဂေးရီယား၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ရိုမေးနီးယားနိုင်ငံတို့နှင့်အတူ ပါဝင်ခဲ့သည်။ ဝါဆောစာချုပ်အဖွဲ့သည် အနောက်ဥရောပနိုင်ငံများ၏ နေတိုးစစ်မဟာမိတ် စာချုပ်အဖွဲ့နှင့် အပြိုင်ဖြစ်ခဲ့သည်။ ထို့မှတစ်ပါး ဟန်ဂေရီနိုင်ငံသည် ဖော်ပြပါ အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော စီးမီးယား ( CMEA - Council for Mutual Economic Assistance ) ဟူ၍ ခေါ်တွင်သော စီးပွားရေးအဖွဲ့၌လည်း ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ နိုင်ငံရေး အုံကြွမှုကြီးများ ဖြစ်ပွားပေါ်ပေါက်လာပြီးနောက် အထက်ပါ ဝါဆောစာချုပ်အဖွဲ့နှင့် စီးမီးယားအဖွဲ့တို့အား ပြုပြင် ပြောင်းလဲ သို့မဟုတ် ဖျက်သိမ်းရန် လက္ခဏာများထွက်ပေါ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လတွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့က နေတိုးနှင့် ဝါဆောအဖွဲ့ များကို စစ်မဟာမိတ်အဖွဲ့များ အဖြစ်မှ နိုင်ငံရေးအဖွဲ့များ အဖြစ်သို့ ပြောင်းလဲကြရန် အဆိုပြုခဲ့ပြီး ဧပြီလတွင် တစ်ဖန် ယင်းအဖွဲ့နှစ်ဖွဲ့အား တဖြည်းဖြည်းဖျက်သိမ်းရန် အကြံပြု ခဲ့သည်။

ဝါဆောစာချုပ်ကို ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဟန်ဂေရီနှင့် ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အခြားဥရောပအဖွဲ့ဝင်နိုင်ငံများမှ စစ်ဘက်ခေါင်းဆောင်များ နောက်ဆုံးအကြိမ် တွေ့ဆုံပြီး တရားဝင်ဖျက်သိမ်းခဲ့ကြသည်။ သို့သော် ဝါဆောစာချုပ်၏ နိုင်ငံရေးအဖွဲ့အစည်းများ ကျန်ရှိနေသေးပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်မှ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ချက်ကိုစလိုဗက်နိုင်ငံ၊ပရာဟာမြို့တော်၌ တွေ့ဆုံဆွေးနွေးကြပြီး ယင်းစာချုပ်အဖွဲ့ကို နောက်ဆုံးအပြီးသတ်ဖျက်သိမ်း လိုက်ကြသည်။ ဤအတောအတွင်း ၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုကငင်း၏ တပ်ဖွဲ့များကို ချက်ကိုစလိုဗက်နိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများမှ ရုရှားနိုင်ငံသို့ ပြန်လည်ရုပ်သိမ်းခဲ့ရာ ဟန်ဂေရီနိုင်ငံတွင် နောက်ဆုံးကျန်ရှိသော ဆိုဗီယက်တပ်ဖွဲ့များသည် ဇွန်လ ၁၉ ရက်နေ့တွင် ထွက်ခွာသွားခဲ့ကြသည်။

ဝါဆောစာချုပ်အဖွဲ့ကို ဦးစွာပထမ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဖျက်သိမ်းပြီးနောက်ဒေသတွင်းဖြစ်ပေါ်လာသော လုံခြုံရေးဟာကွက်ကို ဖြည့်တင်းရေးအတွက် ဆိုဗီယက်ပြည်ထောင်စုက ယင်းစာချုပ်အဖွဲ့တွင် ပါဝင်ခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း စာချုပ်များချုပ်ဆိုရန် ကြိုးစားအားထုတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ အဆိုပြုချက်ကို ၁၉၉၁ ခုနှစ်၊ ဧပြီလနှင့်မေလများတွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ဘူဂေးရီးယား နိုင်ငံတို့က ပယ်ချခဲ့ကြသည်။ ရိုမေးနီးယားတစ်နိုင်ငံတည်းကသာ လက်ခံ၍ စာချုပ်ချုပ်ခဲ့သည်။

**ဟန်ဂေရီ–ရုရှား ဆက်ဆံရေး**— ရုရှားနိုင်ငံသမ္မတကြီး ဘောရစ်ယဲ့လ်ဆင်သည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀–၁၁ ရက်နေ့များတွင် ဟန်ဂေရီနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်။ ဤသို့လာရောက်စဉ် ဟန်ဂေရီအစိုးရက ၁၉၅၆ မှ ၁၉၉၁ ခုနှစ်အတွင်း ဆိုဗီယက်တပ်များ ဟန်ဂေရီနိုင်ငံတွင်တပ်စွဲထားစဉ် ပြုလုပ်ခဲ့သော ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် လျော်ကြေးရလိုမှုကို ရုပ်သိမ်း ခဲ့ပြီး ရုရှားနိုင်ငံဘက်မှလည်း ဟန်ဂေရီနိုင်ငံတွင်း စစ်အခြေခံစခန်းများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော ကုန်ကျစရိတ်များကိုတောင်းခံခြင်းမပြုရန် သဘောတူခဲ့သည်။ ရုရှားက ဟန်ဂေရီသို့ ပေးရန်ရှိသည့် ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ ခန့်နှင့်ပတ်သက်၍မူ သဘောတူချက် မရရှိခဲ့ကြပေ။ သို့ရာတွင် အချို့အဝက် ပေးချေမှုအနေဖြင့် ဟန်ဂေရီက ရုရှားနိုင်ငံမှ စစ်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဒေါ်လာသန်း ၈၀၀ ဖိုး ဝယ်ယူရန် ဟန်ဂေရီက သဘောတူခဲ့သည်။ ဤခရီးစဉ်အတွင်း ရုရှားသမ္မတကြီးက ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဟန်ဂေရီနိုင်ငံအား ချင်းနင်းဝင်ရောက်တိုက်ခဲ့ခြင်းကို ရှုတ်ချကြောင်း ဟန်ဂေရီ အမျိုးသားလွှတ်တော်သို့ ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတကြီး အာပက်ဂွန့်ဇ်သည် ရုရှားနိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်အတွင်း ဟန်ဂေရီနိုင်ငံက ရုရှားနိုင်ငံမှ မစ်–၂၉ ဂျက်တိုက်လေယာဉ် ၂၈ စင်း ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင်မှ ဟန်ဂေရီ ဝန်ကြီးချုပ် ပီတာဗိုရော့စ်နှင့် ရုရှားဝန်ကြီးချုပ်ဗစ်တာချာနိ မြာဒင်တို့ ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့တော်၌ သဘောတူ စာချုပ် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြရာ ယင်းစာချုပ်မှာ ဟန်ဂေရီက ကြွေးမြီဒေါ်လာသန်း ၈၀၀ ကို ဖျက်သိမ်းခြင်း အတွက် ရုရှားနိုင်ငံက စစ်လက်နက်နှင့် အရန်ပစ္စည်းများ ပေးပို့ရန်ဖြစ်သည်။ ရုရှားနိုင်ငံသည် ဟန်ဂေရီ၏ ဒုတိယ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက် တည် ရှိနေသည်။

**ဟန်ဂေရီ–ယူကရိန်း ဆက်ဆံရေး**–ယူကရိန်းနိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံက ဦးဆောင်ဖွဲ့စည်း ခဲ့သော လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ (စီအိုင် အက်စ်)တွင် ပါဝင်ခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ထိုနှစ် (၁၉၉၁) အတွင်း၌ပင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို ယူကရိန်းနိုင်ငံနှင့် ချုပ်ဆိုခဲ့ သည်။ ထိုစာချုပ်ကို ဟန်ဂေရီပါလီမန် လွှတ်တော်က ၁၉၉၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၂၂၃၊ ကန့်ကွက်မဲ ၃၉ မဲ၊ ကြားနေ ၁၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဤကိစ္စတွင် အတိုက်အခံဘက်မှ စာချုပ်၏ အပိုဒ် ၂ ကို အထူး ထောက်ပြခဲ့သည်။ ယင်းအပိုဒ်တွင် စာချုပ်ဝင်နှစ် နိုင်ငံတို့က ၄င်းတို့အချင်းချင်းအနေဖြင့် တစ်ဦးထံမှ တစ်ဦး နယ်မြေတောင်းခံရန် ရေးရာများမရှိကြောင်း ဖော်ပြထား ရာ ဤသည်မှာ ဟန်ဂေရီနိုင်ငံက မဂ္ဂယာအမျိုးသား ၁၈၀,၀၀၀ ခန့်နေထိုင်လျက်ရှိရာ ဆဗ်ကာပေးသီးယား နယ်မြေအား တောင်းခံနိုင်ခွင့်ကို တရားဝင်စွန့်လွှတ် လိုက်ခြင်းပင် ဖြစ်ပေသည်။

**ဟန်ဂေရီနှင့် ဥရောပအဖွဲ့**–၁၉၉၁ ခုနှစ်၊ ဧပြီလတွင် ဟန်ဂေရီနိုင်ငံသည် ဥရောပအဖွဲ့ (အီးစီ)တွင် သဟာယ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဥရောပအဖွဲ့နှင့် စတုတ္ထဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ထိုနောက် ထိုနှစ် ဇွန်လ တွင် ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့ နှင့် အတူ ဟန်ဂေရီနိုင်ငံသည် စီးပွားရေး ပူးပေါင်း ဆောင်ရွက် ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) ၏ "ယာယီအပေါင်းပါ အဖွဲ့ဝင်" ဖြစ်လာခဲ့သည်။

**သုံးနိုင်ငံ ထိပ်သီးမဟာမိတ်**– ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန် နိုင်ငံတို့၏ ခေါင်းဆောင်များသည် ဟန်ဂေရီနိုင်ငံ၏ ဘူဒါပက်စ်မြို့တော်အနီးရှိ ဗီဆီဂတ်တွင် တွေ့ဆုံကြပြီးလျှင် ယင်းသုံးနိုင်ငံတို့အနေဖြင့် ဥရောပနိုင်ငံရေး၊ စီးပွားရေးနှင့် တရားဥပဒေရေးရာအဖွဲ့သို့ အလုံးစုံ ပူးပေါင်း ပါဝင်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။ ထို့အပြင် ဝါဆောစာချုပ် ဖျက်သိမ်းရေးအတွက် တူညီသော ရပ်တည်ချက်တစ်ရပ် ချမှတ်ဆောင်ရွက်ကြရန်လည်း ကြေညာချက်၌ ဖော်ပြခဲ့ကြသည်။ ထို့မှတစ်ပါး ၄င်းသုံးနိုင်ငံ တို့က ဒီမိုကရေစီနစ်ကျအဖွဲ့အစည်းများ တည်ထောင် ကြရန်အတွက်လည်းကောင်း၊ လူနည်းစုများအတွက် အခွင့်အရေးများကို အပြည့်အဝမပျက်မကွက်ပေးကြရေး အတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေး အခြေခံစီးပွား ရေးပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လုံခြုံရေးကိစ္စများတွင် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ကြရန် အတွက်လည်းကောင်း ကတိကဝတ် ပြုခဲ့ကြသည်။

အထက်ပါ သုံးနိုင်ငံတို့ကို ဗီဆီဂတ် သုံးနိုင်ငံဟူ၍ ခေါ် ဝေါ် သမုတ်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းသုံးနိုင်ငံတို့က စီးပွားရေးဆက်ဆံမှုများ ပိုမို နီးကပ်စွာ ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပြီးလျှင် ဒီဇင်ဘာလ အတွင်း၌ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ချက်ကိုစလို ဗေးကီးယားနိုင်ငံကို ဖျက်သိမ်းပြီး ချက်နှင့်စလို ဗေးကီးယား ဟူ၍ သီးခြားနှစ်နိုင်ငံအဖြစ် တည်ထောင်လိုက်သောအခါ ဟန်ဂေရီအစိုးရက စလိုဗေးကီးယားနိုင်ငံအတွင်းရှိ ဟန်ဂေရီအမျိုးသားများ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ စိုးရိမ် ကြောင့်ကြခြင်း ဖြစ်ခဲ့သည်။

**ဟန်ဂေရီ–ချက်ကိုစလိုဗေးကီးယား ဆက်ဆံရေး**– ၁၉၉၂ ခုနှစ်တွင် ဟန်ဂေရီနှင့် ချက်ကိုစလိုဗေးကီးယား နှစ်နိုင်ငံ တို့၏ ဆက်ဆံရေးမှာ ဒန်ျူးမြစ်ပေါ်၌ နာဂီမာရော့စ်–ဂါဗစီ ကိုဗိုရေကာတာတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ မပြေ မလည်ဖြစ်လာခဲ့သည်။ ဤအငြင်းပွားမှုကို ဟန်ဂေရီ နိုင်ငံ က ထိုနှစ်အောက်တိုဘာ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်ကြီးသို့ တင်ပြခဲ့သည်။ နောက်လတွင် စလိုဗေးကီးယားနိုင်ငံက ဒန်ျူးမြစ် အတွင်းမှ ရေကြောင်းပြောင်း လွှဲ ခြင်းကို ရပ်ဆိုင်းလိုက်ပြီးလျှင် အခြေအနေကို ဥရောပ အဖွဲ့မှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့က စစ်ဆေးခြင်းကို ခံယူရန် သဘောတူ ခဲ့သည်။

**ဟန်ဂေရီ–ရိုမေးနီးယား ဆက်ဆံရေး**– ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ဟန်ဂေရီနိုင်ငံတွင်းသို့ စစ်ပြေးဒုက္ခ သည်များ လိုမ့်ဝင်လာခဲ့ရာ နယ်ခြားစောင့်ကြပ်မှုများကို ပိုမို တင်းကျပ်စွာ ပြုလုပ်ခဲ့ရသည်။ စစ်ပြေးဒုက္ခသည်များမှာ

အထူးသဖြင့် အရှေ့ဘက်ရှိ ရိုမေးနီးယားနိုင်ငံ၊ တောင်ဘက်ရှိ ယူဂိုစလားဗီးယားနိုင်ငံနှင့် မြောက်ဘက်ရှိ ပိုလန် နိုင်ငံတို့မှ ဖြစ်သည်။ ဒီဇင်ဘာလအထိ ဒုက္ခသည် ၂၀၀,၀၀၀ နီးပါးကို ဝင်ခွင့်မပေးဘဲ တားမြစ်ခဲ့ရသည်။

၁၉၈၃ ခုနှစ်၊ စက်တင်ဘာလတွင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီး ဂျီဂျက်ဇင်စကီသည် ဟန်ဂေရီနိုင်ငံသို့ ၁၅ ရက်မှ ၁၉ ရက်နေ့အထိ လာရောက်လည်ပတ်ပြီးလျှင် ဘူကာရက်စ်မြို့တော်၌ ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး တီဗိုမိလက်စ်ကာနှ၊ ဝန်ကြီးချုပ်နီကိုလေဗိကာရှိနှင့်သမ္မတ ယွန်အီလီယက်စ်ကူးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေး သဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ။

ဦးထွန်းတင်

**ဟွန်နက်ကာ, အဲရစ် (ခရစ် ၁၉၁၂ – ၁၉၉၄)။** ။ ယခင် အရှေ့ဂျာမနီနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် အဲရစ်ဟွန်နက်ကာကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဆားလန့်ဒေသတွင် မွေးဖွားခဲ့သည်။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ဦး၏ သားဖြစ်သူ ဟွန်နက်ကာမှာ ကျောင်းပညာမသင်ကြားမီ ငယ်စဉ်ကာလ ကလေးဘဝအရွယ်ကပင် ဖခင်ဖြစ်သူက ကွန်မြူနစ်စနစ်အကြောင်းကို သင်ကြားပို့ချခဲ့သည်။ အသက် ၁၀ နှစ်အရွယ်တွင် ဆိုရှယ်လစ်လူငယ် စပါးတကပ်စ် သမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပါတီလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

၁၉၂၉ –၄၆ ခုနှစ်တွင် ဂျာမန် ကွန်မြူနစ်ပါတီအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဟစ်တလာ၏ ဂက်စတာပို လျှို့ဝှက်ပုလိပ်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရပြီး ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကျူးလွန်ခဲ့မှုဖြင့် ထောင် ၁၀ နှစ် ကျခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက်ပိုင်းတွင် ဟွန်နက်ကာ၏ ကံဇာတာမှာ တက်လာပြီး အရှေ့ဂျာမနီနိုင်ငံ၏ ပထမဦးဆုံး ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဝေါလတာအူလ်ဘရစ်ချ်နှင့် အကြောင်းသင့်ကာ မြောက်စားခြင်းကို ခံရသည်။ ရာထူးအဆင့်အတန်းများလည်း မြန်မြန်ဆန်ဆန် တိုးတက်မြင့်မားလာခဲ့သည်။ ပေါ်လစ်ဗျူရိုအတွင်း စစ်ဘက်နှင့် နိုင်ငံတော်လုံခြုံရေးတာဝန်ကြီးများကိုပင် တိုးမြှင့်ပေးအပ်ခြင်း ခံရသည်။

ဤသို့ဖြင့် ဟွန်နက်ကာသည် ၁၉၄၅ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လူငယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) အုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေး ပါတီ (အက်စ်အီးဒီ) ဗဟိုကော်မတီ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

၁၉၄၉ ခုနှစ်မှစပြီး ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာရ်) ပြည်သူ့လွှတ်တော်အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၅၀ – ၅၈ ခုနှစ်အတွင်း ပေါ်လစ်ဗျူရို အဖွဲ့ဝင်လောင်း ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ပေါ်လစ်ဗျူရို အဖွဲ့ဝင် ဖြစ်လာသည်။

တစ်ဖန် ၁၉၅၈ – ၇၁ ခုနှစ်တွင် ဗဟိုကော်မတီ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၁ – ၇၆ ခုနှစ်တွင် ပထမ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှစပြီး နောက်ပိုင်းတွင် အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၆၀ – ၇၁ ခုနှစ်တွင် အမျိုးသားကာကွယ်ရေး ကောင်စီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှစပြီး နောက်ပိုင်းတွင် ယင်းကောင်စီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့ပြင် ၁၉၇၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ဖြစ်လာပြီး ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလမှစပြီး နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်အကြီးအကဲ) ဖြစ်လာခဲ့သည်။

အဲရစ်ဟွန်နက်ကာသည် ကြီးမားသည့်ရာထူးကြီးများကို တာဝန်ယူဆောင်ရွက်နေစဉ်မှာပင် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ရန် အူလ်ဘရစ်ချ်၏ အမိန့်များကို အကောင်အထည်ဖော်ခဲ့သည်။ စင်စစ် ဘာလင်တံတိုင်း တည်ဆောက်ခြင်းမှာ အရှေ့ဂျာမနီပြည်သားများကို တမြေတည်းနေ တရေတည်းသောက်ဖြစ်သည့် အနောက်ဂျာမနီသို့ သွားလာကူးလူးနိုင်စေခြင်း မရှိအောင် အကျဉ်းချထားလိုက်ခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို ခိုင်မာစေရန်အတွက် အနောက်ဂျာမနီသို့ ထွက်ပြေးရန် ကြိုးပမ်းသူများအား ပစ်သတ်ရန်အမိန့်ကို ဟွန်နက်ကာက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

ဟွန်နက်ကာ၏ အကြီးမားဆုံးသော အားနည်းချက်မှာ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းအပေါ် လုံးဝမှီခိုအားထားခြင်းပင်ဖြစ်သည်။ ဂျိုးဇက်စတာလင် သေဆုံးသောအခါ မိမိငိုကြွေးခဲ့ကြောင်း ဟွန်နက်ကာက ဝန်ခံပြောကြားခဲ့ဖူးသည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည်

ကျွန်ုပ်တို့အတွက် ကွန်မြူနစ်စနစ်ကို အဆုံးအဖြတ်ပြုသည့် ကိုက်တံ ပေတံ စံနှုန်းပင်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဟွန်နက်ကာမှာ အရှေ့ဥရောပအတွင်း ဆိုဗီယက်၏ ယုံကြည်စိတ်ချ အားအထားရဆုံး လက်ပါးစေဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဆိုဗီယက်က ကျူးကျော်သောအခါ ထောက်ခံကူညီသည့် အနေဖြင့် အရှေ့ဂျာမန် စစ်သားများကို ဟွန်နက်ကာက ပို့လွှတ်ခဲ့သည်။ တစ်ဖန် ၁၉၈၈ ခုနှစ်တွင် ပိုလန် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေချိန်တွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့သေးရာ အရာမထင်ခဲ့ချေ။

ဟွန်နက်ကာသည် မော်စကိုမှ သတိပေးနေသည့်ကြားမှပင် ဘွန်းမြို့ရှိ နိုင်ငံရေးသမားများနှင့် နောက်ကွယ်တွင် ဆက်သွယ်ကာ အဓိကချေးငွေများကို ရယူခဲ့သည်။ ယင်းလုပ်ရပ်ကြောင့်ပင် သူ၏နိုင်ငံအား မွဲပြာကျစေခဲ့သည်။ ယင်းမူဝါဒ၏အကျိုးသက်ရောက်မှုကို ဆွေးနွေးရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ဘွန်းမြို့သို့ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်လာရောက်လည်ပတ်ပြီး ခိုးလ်က ဟွန်နက်ကာအား လက်ခံတွေ့ဆုံခဲ့သည်။

ယင်းအချိန်တွင် စားသောက်ကုန်ပစ္စည်းများ ရရှိစေရေးနှင့် အိုးအိမ်ဆောက်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်လင့်ကစား ယင်းကြိုးပမ်းလုပ်ဆောင်မှုများက ပြည်တွင်းနိုင်ငံရေး ယိမ်းယိုင်ပြိုလဲနေမှုကို မကယ်တင်နိုင်တော့ချေ။ ဤသို့ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် ဂေါ်ဘာချော့နှင့် ယဲ့လ်ဆင်နစ်ဦးစလုံးတို့က ဆိုဗီယက်၏ ရဲဘော်ရဲဘက်တစ်ဦးဖြစ်သည့် ဟွန်နက်ကာအား ကျောခိုင်းခဲ့ကြသည်။

မီးနှင့်ရေ ပေါင်းစပ်၍ မရသကဲ့သို့ပင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်နှစ်ခုကို ပေါင်းစည်းခြင်းငှာ မဖြစ်နိုင် သည့်အတွက် အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်း၍ မရနိုင်ပါဟု ၁၉၈၇ ခုနှစ်တွင် ဟွန်နက်ကာက ဝေဖန်ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အရှေ့နှင့် အနောက်ဂျာမနီနှစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို ဖြိုချဖွင့်လှစ်ပေးလိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အရှေ့ဂျာမနီကွန်မြူနစ်ခေါင်းဆောင် အဲဂွန်ခရင့်ဇ်နှင့် ၎င်း၏ပေါ်လစ်ဗြူရိုအဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင်အားလုံးနှင့်အတူ နုတ်ထွက်လိုက်ကြသည်။ အဲရစ်ဟွန်နက်ကာလည်း ရာထူးမှ ပြုတ်ကျသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၂၀ – ၅)

အဲရစ်ဟွန်နက်ကာကို မော်စကိုရှိ ချီလီသံရုံးတွင် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ထို့နောက် ဟွန်နက်ကာက မိမိ၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြကာ ချီလီနိုင်ငံရှိ ဆွေမျိုးများထံ သွားရောက်ခွင့်ပြုရန် တောင်းဆိုနေခဲ့သည်။

နောက်ဆုံးတွင် ဂျာမနီအစိုးရသည် ချီလီနှင့် ရုရှားအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ ဟွန်နက်ကာ ပြန်လည်ရောက်ရှိခဲ့သည်။ ဟွန်နက်ကာအား ဘာလင်တံတိုင်းကြီးနှင့် မဝေးလှသော မိုအာဘစ်အကျဉ်းထောင်ကြီး အတွင်း၌ ထိန်းသိမ်းထားခဲ့သည်။ ဟွန်နက်ကာအနေဖြင့် ယခင်အရှေ့ဂျာမနီမှ ထွက်ပြေးရန် ကြိုးစားခဲ့သူများအား ပစ်သတ်မိန့်ပေးခဲ့မှု အပါအဝင် အခြားငွေအလွဲသုံးမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုရန် ဂျာမနီအစိုးရက စီစဉ်ခဲ့သည်။

ဟွန်နက်ကာ၏ ကျန်းမာရေးစစ်ဆေးချက်အရ ကုသ၍မရနိုင်သော အသည်းကင်ဆာရောဂါခံစားနေရကြောင်း သိရှိလာရသည်။ သူ၏အသက်ရှင်နိုင်မှုကာလမှာ သူ့အားတရားစွဲဆိုစစ်ဆေးမည့် ကာလကိုပင် မကျော်လွန်နိုင်ကြောင်း သိလာရသည်။ ယင်းအချက်ကို အခြေခံ၍ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဟွန်နက်ကာအတွက် ထောက်ထားညှာတာသောအားဖြင့် စစ်ဆေးမှုများကို ရပ်နားပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။

ဤသို့ဖြင့် အဲရစ်ဟွန်နက်ကာအား ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် အကျဉ်းထောင်မှလွှတ်ပေးခဲ့ပြီး ချီလီနိုင်ငံရှိ ဇနီးဖြစ်သူထံ သွားရောက်ခွင့်ပြုခဲ့သည်။ ယင်းသို့ လွှတ်ပေးခြင်းသည် ကျန်းမာရေးအခြေအနေအရ ခေတ္တခွင့်ပြုခြင်းသာဖြစ်ပြီး ၎င်း၏ မျက်ကွယ်ရာ၌ ဆက်လက် စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ကြေညာခဲ့သည်။

ဟွန်နက်ကာမှာ ချီလီနိုင်ငံတွင် ခိုလှုံနေစဉ်ကာလအတွင်း ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး လေးလကြာ အိမ်အပြင်သို့ မထွက်နိုင်ခဲ့ချေ။ ဟွန်နက်ကာသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ဇနီးသည်မားဂေါ့နှင့် သမီးဖြစ်သူ ဆွန်ဂျာတို့နှင့်အတူ ချီလီနိုင်ငံတွင် ခိုလှုံနေထိုင်ခဲ့သည်။ ချီလီနိုင်ငံသို့ ရောက်သည်မှစ၍ ကျန်းမာရေးယိုယွင်းခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ခွဲစိတ်ကုသမှုခံခဲ့သည်။

ယင်းသို့ဖြင့် ဘာလင်တံတိုင်း တည်ဆောက်မှုလုပ်ငန်းတွင် ကြီးကြပ်ခဲ့သူနှင့် ကွန်မြူနစ်အရှေ့ဂျာမနီနိုင်ငံကို ၁၈ နှစ်ကြာ သံမဏိစည်းမျဉ်းဖြင့် အုပ်စိုးခဲ့သူ အဲရစ်ဟွန်နက်ကာ (၈၁ နှစ်) သည် ၄င်း၏နောက်ဆုံးနေ့ရက်များကို တောင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံတွင် ကုန်လွန်စေရင်း ၁၉၉၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဟွန်နက်ကာ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် နှစ်ပေါင်းများစွာ မကျန်းမမာဖြစ်ပြီးနောက် ကွယ်လွန်သွားသည့်အဲရစ်ဟွန်နက်ကာ၏ သတင်းမှာ အံ့သြစရာမဟုတ်ကြောင်း၊ ဟွန်နက်ကာအနေဖြင့် သူ၏ နိုင်ငံရေးရည်မှန်းချက်များကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သူ၏မူဝါဒများကြောင့် ဂျာမနီနိုင်ငံရှိ မရေမတွက်နိုင်လောက်သည့် ပြည်သူအများအပြား ခံစားခဲ့ရကြောင်း၊ သေဆုံးသွားသော ဟွန်နက်ကာအတွက် လေးစားသမှုပြုသည့်သဘောဖြင့် စစ်ပြီးကာလ ဂျာမနီနိုင်ငံသမိုင်းတွင် သူ၏လုပ်ကိုင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍအကြောင်းကို အနည်းငယ်ပြောကြားခြင်းသာ သင့်တင့် လျောက်ပတ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပေသည်။

ဟွန်နက်ကာ သေဆုံးချိန်တွင် ချီလီနိုင်ငံတွင် နေထိုင်လျှက် ရှိကြသည့် လက်တစ်ဆုပ်စာမျှသာရှိသော တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဟောင်းများက ဟွန်နက်ကာ၏ ဈာပနကို လိုက်လံပို့ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ဩဂတ်စ်တိုပီနိုရှေး၏ စစ်ဘက်အာဏာရှင်စနစ်မှ အကြွင်းအကျန်များဖြစ်သည့် ယခင်လက်ဝဲဂိုဏ်းအဖွဲ့ဝင်ဟောင်းများက ဟွန်နက်ကာ၏ ဈာပနအခမ်းအနားတွင် "အင်တာနယ်ရှင်နယ်" သီချင်းကို သီဆိုခဲ့ကြပြီး ကြက်သွေးရောင်ဖော့မွှားပန်းများကို ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းပေါ်သို့ ပစ်ပေါက်ဖြန့်ကြခဲ့ကြသည်။ သေဆုံးချိန်တွင် "နောက်ဆုံး ဂျာမန် ကွန်မြူနစ်" ဟု ရေးသားဖော်ပြခြင်းခံရသည့် ဟွန်နက်ကာ၏ ဘဝနောက်ဆုံးခရီး သွားရာလမ်းတွင် ဝမ်းနည်းတသပူဆွေးသတိရမှု များများစားစား မရှိခဲ့ချေ။ ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းသေတ္တာပေါ်တွင် ယခုအခါ မရှိတော့ပြီဖြစ်သည့် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုသည့် တူနှင့်တံစဉ် အမှတ်အသားပါသော အလံတော်ကို လွှမ်းခြုံထားသည်။

ဟွန်နက်ကာအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ် အများအပြားရရှိခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ သူရဲကောင်းဘွဲ့တံဆိပ်၊ လီနင်နှင့် ကားလ်-မတ်စ်ဘွဲ့ တံဆိပ်တို့ ပါဝင်ပေသည်။ ကိုယ်ပိုင်စာပေအရေးအသားအဖြစ် ၁၉၈၁ ခုနှစ်တွင် "ကျွန်ုပ်၏ဘဝမှ" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးရဲလွင်

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ။** ။အရှေ့တောင်အာရှ အား ကစား ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ အမည်ဖြင့် စတင်ကျင်းပခဲ့ရာမှ နမဝအကြိမ်မြောက်ပြိုင်ပွဲမှစ၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်သို့ ပြောင်းလဲကျင်းပသည်။ ပထမ အကြိမ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လည်းကောင်း၊ ဒုတိယ အကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လည်းကောင်း၊ တတိယအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့ အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ သတ္တမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် လည်းကောင်း၊ နဝမအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၀ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တွင် လည်းကောင်း၊ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် လည်းကောင်း၊ ၁၂ ကြိမ်မြောက် ပြိုင်ပွဲကို

၁၉၈၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ၁၃ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ ၁၄ ကြိမ်မြောက်ပြိုင်ပွဲ ကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လည်းကောင်း၊ ၁၅ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၆ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့ အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်လည်းကောင်း၊ ၁၇ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှ ဒေသတွင်းရှိ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသားမဟာဗဂျီရာ လောင်ကွန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယခုအကြိမ် ပြိုင်ပွဲတွင် မွေထိုင်း ( Muay Thai ) ခေါ် ထိုင်းရိုးရာ လက်ဝှေ့သရုပ်ပြအားကစားနည်း အပါအဝင် အားကစားအမျိုးအစားပေါင်း ၂၉ မျိုး ထည့်သွင်း ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံမှ နိုင်ငံလက်ရွေးစင် အားကစားသမားပေါင်း ၃,၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၅၇ ခု၊ ငွေတံဆိပ် ၉၈ ခု၊ ကြေးတံဆိပ် ၉၁ ခု စုစုပေါင်းဆုတံဆိပ် ၃၄၆ ခုရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသား မဟာဗဂျီရာ လောင်ကွန် တက်ရောက်ပြီး ပြိုင်ပွဲကို ပိတ်ပေးသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသား အားကစားသမား ၂၀၂ ဦး၊ အမျိုးသမီးအားကစားသမား ၁၄၅ ဦး စုစုပေါင်း အားကစားသမား ၃၄၇ ဦးတို့က မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ တိုင်ထောင် ဘောလုံး လိမ့် (Bowling)၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ သိုင်း၊ ရေကူး၊ စားပွဲတင် တင်းနစ်၊တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမနှင့် ဖွက်လုစသည့် အားကစား အမျိုးအစားပေါင်း ၂၁ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအမျိုးအစားများအနက် အားကစားအမျိုးအစား ၁၁ မျိုးမှ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၃၇ ခုစုစုပေါင်း ဆုတံဆိပ် ၆၃ ခု ဆွတ်ခူးရရှိသည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု
အခြေအနေ

| စဉ် | နိုင်ငံ | ရရှိသောဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | |
| ၁။ | ထိုင်း | ၁၅၇ | ၉၈ | ၉၁ | ၃၄၆ |
| ၂။ | အင်ဒိုနီးရှား | ၇၇ | ၆၇ | ၇၇ | ၂၂၁ |
| ၃။ | ဖိလစ်ပိုင် | ၃၃ | ၄၈ | ၆၂ | ၁၄၃ |
| ၄။ | မလေးရှား | ၃၁ | ၄၉ | ၆၉ | ၁၄၉ |
| ၅။ | စင်ကာပူ | ၂၆ | ၂၇ | ၄၂ | ၉၅ |
| ၆။ | ဗီယက်နမ် | ၁၀ | ၁၈ | ၂၄ | ၅၂ |
| ၇။ | မြန်မာ | ၄ | ၂၂ | ၃၇ | ၆၃ |
| ၈။ | ဘရူနိုင်း | ၀ | ၂ | ၆ | ၈ |
| ၉။ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |

## အောင်သော်၊ ဦး (ခရစ် ၁၉၂၂ – ၁၉၉၅)။ ။

ဦးအောင်သော်ကို ၁၀–၁၂–၁၉၂၂ ခုနေ့တွင်ကျိုက်ထိုမြို့ ၌ မွေးဖွားသည်။ မိဘများမှာ ဦးကျော်ဇော၊ ဒေါ်တင်မြတို့ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အစိုးရ အင်္ဂလိပ်– မြန်မာ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။



ရှေးဟောင်းသုတေသန ပညာရှင်
ဦးအောင်သော်

၁၉၄၀– ၄၁ ခုနှစ်အတွင်း မန္တလေးမြို့ ကျောက်စာဌာန ပြတိုက်တွင် ယာယီပြတိုက်မှူးအဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအတွင်း၌ ကျောက်စာဝန်နှင့် အတူ ပုဂံမြို့တွင် သုံးနှစ်မျှနေထိုင်၍ ရှေးဟောင်း အဆောက်အအုံနှင့် ကျောက်စာများကို လက်တွေ့ လေ့လာသည်။ ၁၉၄၅ မှ ၁၉၄၆ ခုနှစ်အထိ အထက် မြန်မာနိုင်ငံ ပြန်ကြားရေးဌာနခွဲတွင် လက်ထောက် ပြန်ကြားရေးမှူး အဖြစ် ဆောင်ရွက်သည်။

၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် လက်ထောက်အရာရှိအဖြစ် အမှုထမ်းပြီး ၁၉၅၄ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဌာနကို ပြန်လည်ဖွဲ့စည်းသည့်အခါ ရှေးဟောင်းသုတေ သန ဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီမံကိန်းအရ မြန်မာပြည်အတွင်းရှိ ရှေးဟောင်း ပေပုရပိုက်များ ရှာဖွေစုဆောင်းရန် ယူနက်စကို အကူအညီဖြင့် စီစဉ်သည့်အလျောက် ယူနက်စကို ကျွမ်းကျင်မှုအရာရှိအဖြစ် ၁၉၅၇ ခု၊ မေလမှ စ၍ ၆ လတာ မျှ ဆောင်ရွက်ခဲ့သည်။ ပေ ပုရပိုက်များ ရှာဖွေမှတ်တမ်း တင်သည့်လုပ်ငန်းကို ဦးမင်းနိုင်နှင့် တွဲဖက်ဆောင်ရွက်၍ အစီရင်ခံစာတစ်စောင် ပြုစုခဲ့သည်။

၁၉၅၇ ခု၊ နိုဝင်ဘာလတွင် ကိုလံဘိုစီမံကိန်း ပညာသင်အဖြစ် အိန္ဒိယပြည် ရှေးဟောင်းသုတေသန ဌာနတွင် တစ်နှစ်တာမျှ လက်တွေ့ဆည်းပူးခဲ့သည်။ ၁၉၅၉ ခု၊ ဇွန်လမှစ၍ သိပ္ပံနည်းဖြင့် တူးဖော်စူးစမ်းမှု လုပ်ငန်းကို ဗိဿနိုးတွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော် စူးစမ်းမှု လုပ်ငန်းဖြစ်ပြီး ပျူခေတ်ယဉ်ကျေးမှု ကွင်းဆက် များကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် အမှုဆောင် အဖြစ် ပါဝင်ပြီး ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ရွှေရတုသဘင် အစည်းအဝေးတွင် ပါဝင်ဟောပြောခဲ့သည်။ ၁၉၆၀ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယ ပြည်၊ ရှေးဟောင်းသုတေသနဌာန၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ခဲ့သည်။ အိန္ဒိယ– မြန်မာ ယဉ်ကျေးမှုဆက်သွယ်ရေးစာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ယဉ်ကျေးမှု ဆွေးနွေးပွဲသို့ တက်ရောက်၍ ကြေးခေတ်သုတေသန စာတမ်းကို ဖတ်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်များအတွင်း အိန္ဒိယ၊ ဆိုဗီယက်၊ အနောက်ဂျာမနီ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ပြီး ရှေးဟောင်း ယဉ်ကျေးမှုကိစ္စရပ်များကို လေ့လာခဲ့သည်။ ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အငြိမ်းစားယူပြီးနောက် ၁၉၈၅ ခု၊ ဇွန်လမှစ၍ နိုင်ငံသမိုင်းအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင် အဖြစ် ထမ်းဆောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလမှစ၍ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ယဉ်ကျေးမှုစာစောင်တွင် ဘီလူးပန်းဆွဲ၊ ပျူဒင်္ဂါး၊ သီရိဝဍ္ဎ၊ ဥဒ္ဒေနီ၊ ကလသာအိုး၊ ပုဂံခေတ် ဗိသုကာနှင့် အနုပညာ၊ ကျောက်ခေတ်၊ အညာသား ယဉ်ကျေးမှု၊ ရှေးဟောင်းပစ္စည်း ခေတ်ပိုင်းနည်း၊ ဗိဿနိုး မြို့ဟောင်း ပြဿနာများအကြောင်း ရေးသားခဲ့ပြီး လုံးချင်းအနေဖြင့်

1. Historical Sites of Burma.

2. Excavation at Beikthano တို့ကို ရေးသားခဲ့သည်။

ဗိဿနိုးမြို့ဟောင်းနှင့် Archaeology in Burma တို့ကို ပြုစုဆဲ ၉–၉–၉၅ နေ့တွင် ကွယ်လွန်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၆)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ် များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့် အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


က

ကလင်တန် , ဘီလ် ၁၃၊ ၂၃၊ ၂၀၀၊ ၂၃၃။
ကလင်တန် ,ဟစ်လာရီ ၁၃၄။
ကုမာရတွန်းဂါး, ချန်ဒရိကာ ၄၊၁၄၊၃၀၆။
ကုလသမဂ္ဂ ၁၆၊၂၆၊၁၄၄–၁၆၇။
ကိုဘေးလျှင် ၃၊၇၀၊၂၉၈။
ကိုရီးယားသမ္မတနိုင်ငံ ၁၆၇ – ၁၇၃။
ကင်မ်ယောင်ဆမ် ၅၊၁၇၂၊၂၀၄။
ကမ္ဘောဒီးယားနိုင်ငံ ၂၀၊၆၇၊၁၇၃–၁၇၈။
ကျန်ဇီမင်း ၁၃၃၊၁၆၃၊၂၀၅၊ ၂၁၂။
ကွယ်လွန်သူထင်ရှား သောပုဂ္ဂိုလ်များ (၁၉၉၅) ၁၇၉–၁၉၃။

ခ

ခရစ္စတိုဖာ,ဝါရင်း ၈၊၁၉၊၂၀၊၁၆၁၊ ၁၇၄။
ခါလီဒါဇီယာ,ဘီဂမ် ၁၃၄။
ခင်စု၊ ဒေါ် (ရေနံမြေ) ၁၉၃၊၁၉၄။
ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၁ – ၆၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊၂၄–၂၆၊ ၂၈–၃၂၊ ၅၃၊ ၆၄၊ ၆၅၊၈၃၊၁၀၁၊ ၁၀၂၊၁၁၀–၁၁၂။
ခိုးလ်,ဟဲလ်မွတ် ၂၀၁၊၂၀၂၊၂၀၄၊ ၂၀၅၊ ၂၁၂။
ချောင်စက်စကူး , နီကိုလိုင် ၂၈၆။
ချွန်လီပိုင် ၅၊ ၁၄၊ ၁၇၄။

ဂ

ဂရပ် ,စတက်ဖီ ၁၇။
ဂါလီ ,ဘူထရို့စ် ၁၂၆၊ ၁၃၃၊ ၁၄၆၊ ၁၆၂၊ ၁၆၅၊၁၆၆။
ဂုဏ်ထူးဆောင်ဘွဲ့များ ၁၊ ၂၈၊ ၁၉၄ –
ဂုဏ်ထူးဆောင်တံဆိပ် များ ၁၉၆။
ဂျပန်နိုင်ငံ ၉၊ ၇၀၊ ၁၉၆ – ၂၀၁။
ဂျာမနီသမ္မတနိုင်ငံ ၁၃၇၊၂၀၁–၂၀၅။
ဂွန့်ဇ်, အာပက်က် ၃၀၉၊၃၁၁၊ ၃၁၂။

စ

စကုဏ္ဏအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ၄၊၁၉၊၂၃၊၁၂၅– ၁၃၅။
စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာ ရှင်ကြီးများအား ကန် တော့ပွဲ အခမ်းအနား ၂၀၅– ၂၀၈။
စာပေပြပွဲနှင့် စာအုပ် ဈေးပွဲကော် ၂၉၊ ၂၀၈– ၂၁၀။
စန္ဒနဝံသ၊ ဆရာကော် ဘဒ္ဒန္တ(သက္ကအလ င်္ကာရ မဟာနာယက ဆရာတော်) ၂၁၁၊ ၂၁၂။

ဆ

ဆမ်ပရပ်စ်,ပီ ၁၈။
ဆမ်းမစ်ပက်ဖျူး ဟိုတယ် ၁၄။
ဆီလ်ပါအာချာ, ဘန်ဟန်း ၃၁။

တ

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ၁၆၊၆၉၊၈၄၊၁၂၅၊ ၁၃၅၊ ၂၁၂ – ၂၁၅။
တေဇောဘာသာဘိဝံ သ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၅၊ ၂၁၆။
တင်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၂၊၆၊၁၀ – ၁၂၊ ၂၁၊၂၄၊၃၀၊၃၇။
တင့်ဆန်း ၂၁၇။
တိန့်ရှောင်ဖိန် ၂၁၂၊ ၂၁၃။

ထ

ထင်းအစား အခြား လောင်စာ အသုံးချနိုင် ရေးလှုပ်ရှားဆောင်ရွက် မှုများ (မြန်မာနိုင်ငံ) ၂၁၈ – ၂၂၀။
ထိုင်းနိုင်ငံ ၂၅၊ ၈၄၊ ၂၂၀– ၂၂၅။

ဓ

ဓာတ်မှန်ပညာ၏ နှစ် တစ်ရာခရီး ၁၃၇–၁၄၂။

န

နာဝပ်ဇ်ရှရစ်ဖ် ၂၃၀။
နီရိဒွန်ရာနာရစ်ဒ် ၂၀၊၁၇၄ – ၁၇၅၊ ၁၇၈။
နီဟောက်ဖုန်ဆဗန် ၁၂၊ ၂၂၅၊ ၂၂၆။
နယ်စပ်ဒေသနှင့် ကိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်း ၁၀၊၂၂၆–၂၂၉။

ပ

ပခုက္ကူ ဦးအုန်းဖေ ၃။
စာပေ ဆုနှင်းသဘင်
ပါကစ္စတန် အစ္စလာ ၂၂၉ – ၂၃၄။
မ်စ် သမ္မတနိုင်ငံ
ပဲရက်, ရှီမွန် ၁၄၊ ၂၉၊ ၃၂။
ပဏ္ဍိတ သိရိ၊ ဆရာ ၂၅၊၂၃၄–၂၃၆။
တော် ဘဒ္ဒန္တ
ပျက်ကျပြီး သန္ဓေသား ၂၃၆–၂၄၀။
ဖြင့် ခန္ဓာကိုယ် အစား
ထိုး ကုသခြင်း
ပြင်သစ်သမ္မတနိုင်ငံ ၂၄၀ – ၂၄၃။
ပြည်ထောင်စု ၆၊ ၃၀၊ ၄၃–၅၁။
တိုင်းရင်းသားလူမျိုး
များ ဖွံ့ဖြိုးရေး
တက္ကသိုလ်

ဗ

ဗီယက်နမ် ဆိုရှယ်လစ် ၆၇၊၂၄၃–၂၄၈။
သမ္မတနိုင်ငံ
ဗိုဗန်ကီယက် ၇၊ ၂၄၃ – ၂၄၅။

ဘ

ဘူတို,ဘီနဇာ ၈၊ ၁၃၃၊ ၂၃၁၊ ၂၃၃။
ဘင်္ဂလားဒေ့ရှ် နိုင်ငံ ၂၊ ၂၅၊ ၃၀၊ ၆၉၊ ၈၄၊ ၃၀၀။
ဘွဲ့ကံဆိပ်တော်ရ ၂၄၈ – ၂၅၇။
ဆရာတော်အရှင်မြတ်
များ

မ

မီးထရောင်း,ဖရန်ဆွာ ၁၂။
မူရာယာမ,တိုမီအိချိ ၁၂၊၁၄၊ ၂၄၊၁၉၆၊
မူးယစ်ဆေးဝါးနှင့် ၂၅၇ – ၂၆၂။
စိတ်ကို ပြောင်းလဲ
စေသော ဆေးဝါးများ
အန္တရာယ် တားဆီး
ကာကွယ်ရေး(မြန်မာ
နိုင်ငံ) (၁၉၉၅)
မေဂျာ, ဂျွန် ၁၅၊ ၂၉၁ – ၂၉၄။
မေရှင်၊ဒေါ် ၂၁၊၁၀၄။
မောင်မောင်ခ၊ ဦး ၂၆၂ – ၂၆၄။
မောင်မောင်ခင်၊ ၃၊၂၇၊၂၉။
ဒုတိယ ဗိုလ်ချုပ်ကြီး
မောင်အေး၊ ၃–၆၊ ၉ –၁၀၊၁၃၊
ဗိုလ်ချုပ်ကြီး ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀၊ ၇၉၊ ၁၆၄။
မျိုးညွန့်၊ ဒုတိယ ၃၀၊ ၃၈၊ ၃၀၄။
ဗိုလ်ချုပ်ကြီး
မြန်မာနိုင်ငံ စာပေ ၂၉၊ ၂၆၄ – ၂၆၆။
ဆုများ
မြန်မာနိုင်ငံတော်၊ ၂၆၆ – ၂၇၄။
ပြည်ထောင်စု
မြန်မာနိုင်ငံနှင့် ကုလ ၇၉ – ၉၁။
သမဂ္ဂ
မြန်မာ့ ပို့ဆောင်ရေး ၂၇၄–၂၈၀။
လုပ်ငန်းများ
မြန်မာ့ရိုးရာယဉ်ကျေးမှု ၂၄၊ ၂၅၊ ၂၈၀ –
ပြိုင်ပွဲများ ၂၈၃။
မြန်မာ့ရုပ်ရှင် စိန်ရတု ၂၀၊၂၁၊၂၆၊၁၀၁–
သဘင် ၁၁၃။
မြန်မာ့အကောင်းဆုံး ၂၈၃ – ၂၈၄။
အားကစားသမားဆု
(၁၉၉၄)

ယ

ယူနိုက်တက်ကင်းဒမ် ၂၉၁–၂၉၅။
ယိုဗိုယိုကိုတာ ၂၆။
(ပါမောက္ခ)
ယဲ့လ်ဆင်,ဘောရစ် ၈၊ ၂၂၊ ၂၀၁၊ ၃၁၂။

ရ

ရာဘင်,ယစ်ဇတ် ၂၇၊ ၂၉၊ ၁၄၆၊ ၁၉၁။
ရဲဘော်နေအောင် ၂၈၄၊၂၈၅။
ရိုမေးနီးယားနိုင်ငံ ၂၈၆ – ၂၈၈။
ရန်ကုန်တက္ကသိုလ် ၃၀၊ ၅၃ – ၆၅။
၇၅နှစ်မြောက် စိန်ရတု
သဘင်
ရန်အောင်၊ ဦး ၂၈၉။
ရွှန့်ဂျင် ၁၃၇၊၁၃၈။
ရှီရက်,ဂျက် ၁၄။
ရှေးဟောင်း မြို့တော် ၉၃–၉၉။
များ ပြန်လည်တူးဖော်
ခြင်း
ရွှေရကုတပ်မတော်နေ့ ၃၅ – ၄၁။
ရွှေအောင်၊ ဦး ၂၈၉ – ၂၉၁။

လ

လာအိုပြည်သူ့ဒီမို ၈၄၊၂၉၅–၂၉၇။
ကရက်တစ် သမ္မတ
နိုင်ငံ
လီဖုန် ၆၊ ၂၁၂။
လန်ဒန်အတ် ၁၀၁။
ဦးအုံးမောင်

သ

သဘာဝဘေးဒဏ် ၁၉၈၊ ၂၉၈ –
၃၀၃။
သဘာဝ ၆၇–၇၇။
ဘေးအန္တရာယ်နှင့်
ဆေးပညာ အကူအညီ
သာသနာတော် ၃၀၃ – ၃၀၆။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ(၁၉၉၅)
သီရိလင်္ကာနိုင်ငံ ၄၆၊၃၀၆–၃၀၈။
သော်တာဆွေ ၃၀၈၊ ၃၀၉။
သန်းရွှေ၊ ၁–၃၊၅–၇၊၉၊၁၀၊
ဗိုလ်ချုပ်မှူးကြီး ၁၂–၁၆၊၁၈–၂၀၊ ၂၂ – ၃၁၊ ၃၈၊ ၁၆၅၊၂၀၉၊၂၁၈။

ဟ

ဟန်ဂေရီသမ္မတနိုင်ငံ ၃၀၉ – ၃၁၄။
ဟွန်ဆန် ၁၇၄၊၁၇၈။
ဟွန်နက်ကာ,အဲရစ် ၃၁၄ – ၃၁၆။
ဟွန်း,ဂျူလာ ၃၁၁။

အ

အဆာဟာရာ ၁၉၈။
အပူပိုင်းဒေသ ၁၁၅–၁၂၃။
ကိုးခရိုင် စိမ်းလန်း
စိုပြည်ရေးဆောင်ရွက်
ချက်များ
အမေရိကန် ၁၂၆၊ ၁၉၉ –
ပြည်ထောင်စု ၂၀၁။
အမျိုးသား ညီလာခံ ၉၊ ၃၀။
အရှေ့တောင်အာရှ ၃၀၊ ၃၁၆၊ ၃၁၇။
အားကစားပြိုင်ပွဲ
အာရာဖတ် ၁၄။
အိုအက်စ်အက်စ်–၁၀၁၅၊ ၁၉၆။
အင်တောလ်,ဂျိုးဇက် ၃၀၉၊ ၃၁၀။
အောင်သော်၊ ဦး ၃၁၇၊ ၃၁၈။
အောင်းရှင်ရီကျို ၁၉၈။
အမ်းစထရောင်း,နီးလ် ၁၈။

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၆ ခုနှစ် အုပ်ရေ ၈၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ – ယာယီ) ဖြင့် ဗိုတိုလစ်သို့ ပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင် သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲ ရွေ့လျားနေလေသည်။ ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၅ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၉၄ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့်ဖြစ်ရပ်များ ရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တံခါးဖွင့် မူဝါဒကျင့်သုံးလာကြသည့်ဖြစ်ရပ်များလည်း ရှိသည်။ စီးပွားရေး နှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၅ ခုနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများပေါ် ထွန်းလျက် ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကား လိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အပြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင် သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှား လာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ

ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........................................................ ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ
- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........................................ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် .............................. ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ ................................... ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ .................................................... ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း ................................ ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် .................................. ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ ............... ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ................... ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ................................................ ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ................................................. ၁၄၄
အက္ခရာစဉ်အညွှန်း ............................................................. ၃၁၉

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၆၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ


ကျမ်းဦးစကား

ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........................................ ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရကု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........................................ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် .......................... ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ ................................ ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ........................................ ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း ................................ ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ................................ ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ ................ ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ .................. ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ........................................ ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ........................................ ၁၄၄

အက္ခရာစဉ်အညွှန်း ........................................ ၃၁၉

## မြန်မာ့ ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

| | | |
|---|---|---|
| (က) | ဦးသော်ကောင်း<br>စာကြည့်တိုက်မှူး<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ကြန်<br>အငြိမ်းစားအထက်တန်းသုတေသနမှူး<br>နိုင်ငံသမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာတင်ဦး<br>အငြိမ်းစားညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမောင်မောင်ညို<br>ပါမောက္ခ<br>ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁) | အဖွဲ့ဝင် |
| (င) | ဦးထွန်းတင့်<br>ညွှန်ကြားရေးမှူး<br>မြန်မာစာအဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်)<br>အငြိမ်းစားငွေစာရင်းအရာရှိချုပ်<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဆ) | ဦးသီဟ<br>အငြိမ်းစားပါမောက္ခ<br>အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းနိုင်<br>အငြိမ်းစားညွှန်ကြားရေးမှူး<br>ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးသန့် (မောင်ဆုရှင်)<br>အကြံပေးအရာရှိ<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ဦးဝင်းဖေ (မုံရွာဝင်းဖေ)<br>စာတည်းမှူးချုပ်<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အတွင်းရေးမှူး |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)
## စာတည်းအဖွဲ့


| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| စာတည်းများ | ဦးအုန်းလွင်၊ ဦးခင်မောင်လေး |
| စာပြု | ဒေါ်မျိုးမျိုးကြည် |

# အပိုင်း – ၁

## ၁၉၉၅ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။







# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)

## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ









# ၁၉၉၅ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက် မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ကည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ လျက် ရှိနိုင်ပြည်နယ်၊ ဝမြို့နယ် သံတွဲ-ဂွလမ်းပေါ်ရှိ ကျိန္တလီ မြစ်ကူး တံတားဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးကွင်းနစ်သစ်ကူးပွဲတော်၌မီးရှူးမီးပန်းများပစ်ဖောက်ရာ လူ ၁၁ ဦးသေဆုံးကာ ရာပေါင်း များစွာ ထိခိုက် ဒဏ်ရာရကြကြောင်း ဖိလစ်ပိုင်အစိုးရ အရာရှိများက ပြောကြားသည်။ ပွဲကော်ရက်အတွင်း ၆၆ ဦး မီးလောင်ခံရ၍ ၂၃၄ ဦး ယမ်းဘီလူးပေါက်ကွဲမှု ဒဏ်ရာရကာ၊ ၆၈၁ ဦး တားထိုးခံရပြီး ၂၉၀၀ ခန့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရကြသည် ဆိုသည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီးရုံး သို့ သွားရောက်၍ ပို့ဆောင်ရေး ကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန် မှာကြား သည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/ ၉၅)၊ ဂုဏ်ထူးဆောင်တံဆိပ် များ အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာ စာအမှတ် (၂/၉၅)၊ စစ်မှုထမ်းကောင်းကံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ်(၃/ ၉၅)၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် ( ၄/ ၉၅ )၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၅/ ၉၅)၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၆/ ၉၅)၊ ပြည့်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့်

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ တစ်စီတကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဆုရသူများအား တွေ့ရစဉ်



ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၇/ ၉၅)၊ ပြည့်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာ အမှတ် (၈/ ၉၅) တို့ကို ထုတ်ပြန် ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် (၄၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ညစ်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ကျင်းပ ပြုလုပ်သည်။

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ၊ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆုများချီးမြှင့်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် မန္တလေးတိုင်း သာစည်မြို့နယ်ရှိ သက်တော်ရေလှောင် တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ အတွင်းရေးမှူး (၂)နှင့် အတူ ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကြသည်။

ဂျော်ဒန်ဝန်ကြီးချုပ်အဗ္ဗဒူ ဆလမ် မာဂျာလီ ၏ အစိုးရအဖွဲ့ နုတ်ထွက်သည်။ ၎င်း နုတ်ထွက်သော အချိန်သည် ဂျော်ဒန်နှင့်အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီး ၁၉ လအကြာတွင် ဖြစ်သည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း၊ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့ လိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားပြိုင်ပွဲရုံအနီး ကွင်းပြင်တွင် ကျင်းပသည့် သမဝါယမဈေးပွဲကော်သို့ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ ယဉ်ကျေးမှုတက္ကသိုလ် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဒဂုံမြို့သစ်တောင်ပိုင်း ယဉ်ကျေးမှုတက္ကသိုလ် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများတက်ရောက်၍ အုတ်မြစ်ချပေးကြသည်။

၉ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ၁/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့သည်အမိန့်ကြော်ငြာစာအမှတ် ၁၀/၉၅ ဖြင့်အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသောအဖွဲ့ဝင် ၂၀ ဦးပါဝင်သည့်ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကိုဖွဲ့စည်းပေးသည်။

၁၀ ဝန်ကြီးချုပ်ရှရစ်ဗိဒ်ဘင်ရှိတ်ကာ အမှူးပြု၍ဝန်ကြီး ၃၁ ဦး ပါဝင်သော ဂျော်ဒန်အစိုးရအဖွဲ့ သစ်ကိုဖွဲ့စည်းလိုက်သည်။ ဝန်ကြီး ၃၁ ဦးအနက် ၂၁ ဦးသည် ယခင်အစိုးရအဖွဲ့တွင် ပါဝင်တာဝန်ထမ်းရွက် ခဲ့သော သူ များဖြစ်သည်။ ဘင်ရှိတ်ကာ သည် ယခင်အစိုးရအဖွဲ့များအတိုင်း ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။

လောဒီမိုကရက်တစ်သမ္မတနိုင်ငံ တွင် ၁၉၇၅ မှ ၁၉၈၆ ခုနှစ်အထိသမ္မတအဖြစ်ဆောင်ရွက်ခဲ့သောဆူဖာနိဗောင် (၈၆)နှစ်သည်နှလုံးရောဂါဖြင့်ကွယ်လွန်သည်။

၁၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ် /တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ များ ၏ ၁၉၉၄ ခုနှစ်၊ တတိယ လေးလ ပတ် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုး ရေးနှင့် မွေးမြူရေး ဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ရှရီဖူတင်ပါဟာရဂျာ အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၃ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၊ ဒိနာပူခရိုင်၊ ဟီလ်မြို့ အနီးတွင် ခရီးသည် အပြည့် တင်ဆောင်လာသော ရထားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မိရာ လူ ၁၀၀ ကျော် သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

၁၄ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူး ကြီး သန်းရွှေသည် မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသော ၁၉၉၄-၉၅ ခုနှစ်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ကစားသည်။

၁၅ ရန်ကုန်မြို့တွင်ကည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို မရမ်းကုန်းမြို့နယ်ဓမ္မပါလကုန်းတော်၌ထေရဝါဒဗုဒ္ဓသာသနာတော်



လျှင်ဒဏ် အပြင်းအထန်ခံစားခဲ့ရသည့် ကိုဘေးမြို့မှ မြင်ကွင်းတစ်ရပ်

ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကား သိုက်မြိုက်စွာဆင်ယင်ကျင်းပသည်။

၁၉၉၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများကိုဆုများချီးမြှင့်သည်။

ဂျပန်နှင့်ဂျာမန်နှစ်နိုင်ငံအာကာသပူးတွဲလေ့လာရေးအစီအစဉ်အရဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်းမှလွှတ်တင်ခဲ့သည်။ ဂျပန်နှင့်ဂျာမန်သိပ္ပံပညာရှင်များ ပူးပေါင်း၍ယခုကဲ့သို့ အာကာသလေ့လာရေး ဂြိုဟ်တုလွှတ်တင်ခြင်းသည် ပထမအကြိမ် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည်ဒါယာဘေးလျှပ်စစ်တတ်အားစက်ရုံတိုးချဲ့ရေးစီမံကိန်းအရ ဒေါ်လာ သန်းပေါင်း ၂၈၃၀ တန်ဖိုးရှိ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို တရုတ်နိုင်ငံသို့ပေးအပ်ရန် လက်မှတ်ရေးထိုးသည်။

၁၇ ဂျပန်နိုင်ငံအလယ်ပိုင်းတွင်ရစ်(ချ)တာ စကေး ၇ ဒသမ ၂ ပြင်အား ရှိသည့် လျှင်ကြီးလှုပ်ခဲ့ရာသေဆုံးသူ ဦးရေ ၅၀၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၂၆၀၀၀ ကျော်ရှိခဲ့သည်။ သေဆုံးသူအားလုံး နီးပါးနှင့်ဒဏ်ရာရရှိသူထက်ဝက်ခန့်မှာ ကိုဘေးဆိပ်ကမ်းမြို့မှဖြစ်သည်။ ကိုဘေးမြို့ကိုဗဟိုပြု၍ ပတ်ပတ်လည် မိုင် ၆၀ အတွင်း လျှင်တုန်ခါသွားသဖြင့် အိုဆာကာမြို့နှင့် ကျိုတိုမြို့တို့သည်လည်း လျှင်ဒဏ်သင့်ခဲ့ရသည်။

၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သက်ဆင် ရှင်နာဝပ်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၂၀ ပြင်သစ်ဝန်ကြီးချုပ်အက်ဒွပ်ဘာလာဒူးသည် ကမ္ဘာပေါ်တွင်အရှည်လျားဆုံး သံမဏိကြိုးတံတားတစ်ခုကို ဖွင့်လှစ်ပေးသည်။ နော်မန်ဒီဟုအမည်ပေးထားသောအဆိုပါကြိုးတံတားသည် အင်္ဂလိပ်ရေလက်ကြားအနီးလာဟာဗရဆိပ်ကမ်းမြို့တွင် သိန်းမြစ်ဝကိုကျော်ဖြတ်ထားပြီး အလျားပေ ၂၀၀၀ ရှိသည်။ တည်ဆောက်ချိန် ခုနှစ်နှစ်ကြာမြင့်၍ ဒေါ်လာ သန်း ၄၇၀ ကုန်ကျသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့်အင်္ဂလန်နိုင်ငံဆီးကွန်တိန်နာနှင့် အီးအင်အိုအိပ်(စ) ပရက်(စ) တို့စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆိပ်ကမ်းသာ လမ်းရှိကမ်းနားဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

## ဖေဖော်ဝါရီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မရီးလ်မကျော်ဒါ တပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း၂၃ ဦးတို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံပြီး မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် အကြိမ် (၅၀) မြောက်နှစ်ပတ်လည် အထိမ်းအမှတ်ပွဲ ကျင်းပသည့်အခါ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက နာဇီတို့၏ညှဉ်းပန်းနှိပ်စက်မှုတွင် ကိုယ်တိုင်ပါဝင် ခဲ့သည်ဟု စွပ်စွဲခံရသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးဟိုင်းအား ဖိတ်ကြားခြင်း ပြုမည်မဟုတ်ကြောင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော် ပြောဆိုသည်။

၃ ကေအင်(န်)ယူသောင်းကျန်းသူ ဗဟိုဌာနချုပ် မာနယ်ပလော စခန်းအား ကေအင်(န်)ယူမှခွဲထွက်လာသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်

အမျိုးသားများအစည်းအရုံး (DKBO) က သိမ်းပိုက်ခဲ့သည့် အခြေအနေနှင့် ပတ်သက်သောသတင်းစာရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီးဌာနက ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အီဂျစ်နိုင်ငံရှိ မဟာအလက်ဇန္ဒား ဘုရင်ကြီး၏ ဂူသင်္ချိုင်းကို ရှာဖွေနေသည့် ရှေးဟောင်းသုတေသန ပညာရှင်များသည် မဟာ အလက်ဇန္ဒားနောက်ဆုံး အပြီးသတ် အနားယူသွားသည့် ဂူသို့ ဦးတည်သည့် မြေအောက်လမ်းကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ လူ ၃၄၀၀၀ သေဆုံးခဲ့ရသောသီရိလင်္ကာနိုင်ငံ၏ လူမျိုးရေးစစ်ပွဲကို ငြိမ်းချမ်းသောဖြေရှင်းချက်တစ်ရပ်ရစေရန် အတွက် ဆက်လက်ရှာဖွေသွားမည်ဟု သမ္မတ ချန်ဒရီကာကုမာရာတွန်ဂါက ထပ်မံကတိပေးလိုက်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းခန်းမတွင် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

၇ ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်း အန်ကောဘုရားကျောင်းများ ပျက်စီးမှုမရှိအောင် ပိုမိုကာကွယ်သွားရန် နှင့် စီမံအုပ်ချုပ်ရန်အတွက် အန်ကောအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတ ဗာဝင်းဇား၏ ဖိအားပေးမှုကို အလျှော့ပေးလိုက်သည့် ပိုလန်ဝန်ကြီးချုပ် ဝေါဒေမာပေါလက်က ရာထူးမှ နုတ်ထွက်ရန်နှင့် ၄င်း၏ညွန့်ပေါင်းအစိုးရတွင်ပါဝင်သည့် ဒီမိုကရက်တစ် လက်ဝဲမဟာမိတ်ပါတီအား ဝန်ကြီးချုပ်ရာထူးလွှဲအပ်ရန် ကမ်းလှမ်းလိုက်သည်။

၈-၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးတိုင်း၊ တံတားဦး မြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ပင်းယ ဂူကြီးသုံးလုံးဘုရား၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်း၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်မည့်လုပ်ငန်း၊ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး ပြန်လည်တည်ဆောက် ခြင်းလုပ်ငန်း၊ ရှေးဟောင်းပေပုရပိုက် စိစစ် ခွဲခြားခြင်းလုပ်ငန်း စသည့် မန္တလေးတိုင်း အတွင်းရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးနေစဉ်



တောင်ပစိဖိတ် သမုဒ္ဒရာတွင်းရှိ
၉ ဖီဂျီနိုင်ငံသို့ ဟောင်ကောင်မှ တရုတ်နွယ်ဖွား စီးပွားရေးသမား ၂၈၀၀ လာရောက်အခြေချ ခွင့်ပြုရန် စီစဉ်ခြင်းကြောင့် ဝန်ကြီးချုပ် ဝိတိဗိနိရာဘူကာ အစိုးရအဖွဲ့အားပါလီမန်တွင်အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်းမည် ဖြစ်ကြောင်း အတိုက်အခံများက ပြော ကြား သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၁ ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် တကွ တာဝန်ရှိသူများလိုက်ပါလျက် တိုက်ကြီးမြို့နယ် သစ်သီးဝလံစိုက်ပျိုးရေး ဗဟိုခြံ၊ အဖျောက်သဘာဝဓာတ်ငွေ့ တူးဖော်အောင်မြင်မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၂ ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က (၄၈) နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို သမ္မတ အိမ်တော်၌ ကျင်းပသည်။

မလေးရှားနိုင်ငံတွင်လွန်ခဲ့သော တစ်နှစ်ခန့်ကပါလီမန်အမတ်တစ်ဦးအသတ်ခံရမှုနှင့်ပတ်သက်၍ မော်ဆရာဇနီးမောင်နှံနှင့်ကူညီသူအဖော်တစ်ဦးတို့အား သေဒဏ်အသီးသီးအပြစ်ပေးစီရင်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၄ ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒေါပုံကော်ဇောပစ္စည်း စက်ရုံနှင့်ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်သမ္မတကလင်တန်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် အမေရိကန်က နှစ်ဆကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စွယ်တော်မြတ်စေတီတော်
၁၅ အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ ရတနာရွှေကြုတ်တော်၊ ရတနာကြေးပြားတော်နှင့် ရတနာရွှေအုတ်တော်တို့ကို စီထားလှူဒါန်းသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၆ – ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေး
၂၁ ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်သို့ ခရီးထွက်ခွာပြီးသံတွဲလေယာဉ်ကွင်း တိုးချဲ့ ဖောက်လုပ်ရေးလုပ်ငန်း၊ ဂွမြို့နယ် ကန်သာယာ အပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်း၊ ကျောက်ဖြူ–တောင်ကုတ်–အမ်းကားလမ်းဖောက်လုပ်နေမှုများ၊ ရခိုင်ပြည်နယ်ဗုဒ္ဓပြတိုက်၊ ယဉ်ကျေးမှု ပြတိုက်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့တော်ခန်းမနှင့်စစ်တွေဟိုတယ် ဆောက်လုပ်ရေးလုပ်ငန်းစသည့် ရခိုင်ပြည်နယ် ၁၂ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အဖွဲ့ဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းညွှန်ဖြည့်ဆည်းပေးသည်။

တောင်အမေရိကတိုက်ရှိ အီကွေဒိုး
၁၇ နှင့် ပီရူးနှစ်နိုင်ငံတို့သည် ရက်သတ္တပတ် သုံးပတ်ကြာ နယ်စပ်စစ်ပွဲကို အဆုံးသတ်နိုင်ရန်အတွက် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီချက်တစ်ရပ်ကို ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းမည့်
၁၈ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသစ်သည် ထိုင်းဈေးကွက်သို့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ပိုမိုဝင်ရောက်ခွင့်ပေးမည့် ဥပဒေသစ်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားသည်။

ရဟန်းမစားရသောဆွမ်းတစ်နပ်
၁၉ (သီလဝိသုဒ္ဓိ) ရုပ်မြင်သံကြားဇာတ်လမ်းတွင် စီစဉ်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန စတူဒီယို "အေ"ခန်းမတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံခြားပစ္စည်းများ ခိုးယူထုတ်လုပ်ဖြန့်ဖြူးသည့် ပီကင်းမြို့တော်ရှိ ရပ်ကွက်တစ်ခုကို တရုတ်အာဏာပိုင်တို့က ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တုပပြုလုပ်ထားသည့် နိုင်ငံခြားကွန်ပျူတာ အစိအစဉ်ပေါင်း ၃၀၀၀၀ ဖမ်းဆီးရရှိခဲ့သည်ဟု တရုတ်သတင်းဌာန ဆင်ဟွာ၏သတင်းကို ကိုးကားလျက် ရိုက်တာကဖော်ပြသည်။

အီဂျစ်သမ္မတဆက်ဒန်ဟူစိန်သည်
၂၀ အဖျက်စွမ်းအားကြီးမားသော လက်နက်များအားလုံးကိုရှင်းလင်းဖယ်ရှားပြီး ဖြစ်ကြောင်း ကုလသမဂ္ဂကို အာမခံထားလင့်ကစား ဒုံးကျည်များနှင့် ဗီဝဗုံးများကို သိုလှောင်ထားကြောင်း "ဆန်းဒေးတိုင်းမ်" သတင်းစာက ရေးသားလိုက်သည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ယုံဆမ်က မြောက်ကိုရီးယားနှင့်ပတ်သက်၍ အစဉ်နိုးနိုးကြားကြားရှိနေရန် တောင်ကိုရီးယားစစ်ဘက်ကို အမိန့်ထုတ်ပြန်လိုက်သည်။ မြောက်ကိုရီးယားသည် ထိုးစစ်လက်နက်များဆက်လက်တိုးမြှင့်တည်ဆောက်နေသည်ဟု ကင်မ်ယုံဆမ်က ပြောဆိုလိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၁ ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်တာဝန် ထမ်းဆောင်ခဲ့ကြသော အမေရိကန်တပ်မတော် (OSS 101) စစ်မှုထမ်းဟောင်းအဖွဲ့မှ သံအမတ်ကြီးဟောင်း မစ္စတာဂျူလီယန်နင်း(မ်)ချက်

ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံပြီး လွတ်မြောက်ရေးတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာကျော်ပန်းချီပညာရှင် ဗင်းဆင့် ဗင်ဂိုးနှင့် တွေ့ဆုံခဲ့ဖူးပြီး ပထမဆုံးရုပ်ရှင်ကို ကြည့်ရှုခဲ့ဖူးသူ ကမ္ဘာပေါ်၌ အသက်အရှည်ဆုံး ပြင်သစ်အမျိုးသမီး ဂျင်းကားမင့်သည် အသက် ၁၂၀ ပြည့်သည်။

၂၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုတက္ကသိုလ်၊ သင်တန်းအမှတ်စဉ် (၂၆)နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုကြသည်။ ဂါရဝပြုအခမ်းအနားတွင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သင်တန်းသားသင်တန်းသူများအား ဩဝါဒအမှာစကားပြောကြားသည်။

၂၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိလျက်ရှိသော မီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "မြန်မာ့ကုန်စည်ပြပွဲ ၉၅" အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် နိုင်ငံတကာအဆင့်မီ "မြန်မာ့ကုန်စည်ပြပွဲ ၉၅" ဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက် ရွှေ့မျက်နှာစာတွင် ကျင်းပရာ မြန်မာ့ကုန်စည်ပြပွဲ ၉၅ ကျင်းပရေးဗဟိုကော်မတီနာယက ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သည့် အဆင့်မြင့် တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ကြိုဆိုနှုတ်ဆက်သည်။

## မတ်လ

၂ သီရိလင်္ကာနိုင်ငံသမ္မတ ချန်ဒရိကာ ဘန္ဒရာနိုက်ကေးကုမာရတွန်ဂါက မိမိအစိုးရသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ်ကို ယခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးနိုင်ငံပိုင်လုပ်ငန်းအချို့ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းလုပ်ကိုင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ယခုနှစ်ရောင်းချခြင်းဖြင့် ရူပီးငွေ ၄ ဘီလီယံ (ဒေါ်လာ သန်း ၈၀)ခန့် ရမည်ဟု အစိုးရကမျှော်လင့်ထားသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းဘုရင့် (ကြည်း) တပ်မတော်မှ လက်ထောက်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ချက်တားသန်နာကျာရှိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာ၌ကျင်းပသည်။

၄ နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် နာယကအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

၅ တပ်မတော်ဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး (ခုတင် ၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၅ - ၁၀ တရုတ်ဝန်ကြီးချုပ်လီဖုန်က တရုတ်ပြည်သည် အဂတိလိုက်စားမှုများကို အဆုံးသတ် ပစ်ရမည် ဖြစ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချပစ်ရမည်ဖြစ်ကြောင်းဖြင့် ပီကင်းမြို့တော် ပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပသော ဒေါ်ရုတ်ပြည်လုံးဆိုင်ရာကွန်ဂရက် အစည်းအဝေးဖွင့်ပွဲ၌ နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းရာတွင်ထုတ်ဖော်ပြောဆိုသွားသည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်စိုက်ပျိုးရေး ပြတိုက်အနီး မြေ ပဒေသာ ကျွန်းတွင်ပြုလုပ်မည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဌာန ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံပန်းမန် ပြပွဲ၏ အကြိုခင်းကျင်းစီစဉ်ပြသထားမှုများကို တစ်နာရီကျော်ကြာ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်နှင့် ဇနီးတို့က အစိုးရညှိုဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်**

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး ကျင်းပသော (၃၂) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

မြန်မာ့ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များကို ပြည်သူများပိုမိုစိတ်ဝင်စားလာကြစေရန်အတွက်ခင်းကျင်းပြသသည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားကိုဗဟန်းမြို့နယ်စိုက်ပျိုးရေးပြတိုက်အနီးမြေပဒေသာဥယျာဉ်၌ကျင်းပသည်။

၉ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ဖိတ်ကြားချက်အရမတ်လ ၉ ရက် နေ့တွင်ရန်ကုန်မြို့မှ အထူး လေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ သွား သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူဇနီး ဒေါ်ကြိုင်ကြိုင်လည်း လိုက်ပါသွားသည်။ ဗီယက်နမ်သို့စတင် ရောက်ရှိသည့် မတ်လ ၉ ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်ဗိုဗန်ကီယက်နှင့် သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာလီဒတ်အန်အားသမ္မတနန်းတော်သို့သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ညနေပိုင်းတွင်ဟိုချီမင်း မြို့တော် သို့ သွားရောက် ခဲ့သည်။ မတ်လ ၁၂ ရက်နေ့တွင် ဟိုချီမင်း မြို့တော်အနောက် မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာရှိ လွတ်မြောက်ရေးသမိုင်းဝင် ကူချီခရိုင်သို့ သွားရောက်လေ့လာသည်။ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

၁၁ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကိုသီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။

၁၂ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ယာဆူရှိအကာရှိ လိုက်ပါလာသည့်လေယာဉ်သေနတ်ထိမှန်ခံရသော်လည်း မည်သူမျှထိခိုက်ဒဏ်ရာမရရှိဟု ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းသည် ဆာရာယေဗိုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန် စတင်နိုင်ရန် ကြိုးပမ်းရေးအတွက် ရောက်ရှိနေခြင်းဖြစ်သည်။




ဂျပန်နိုင်ငံ တိုကျိုမြို့ မြို့တွင်းသွား မြေအောက်ရထားပေါ်တွင် အဆိပ်ဓာတ်ငွေ့သင့်ဖြင့် မူးမေ့အောအန်နေသည့် ခရီးသည်များ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
၁၄ ဝါရင်းခရစ္စတိုဖာသည် အစ္စရေးဝန်ကြီးချုပ်နှင့်လည်းကောင်း၊ ဆီးရီးယားသမ္မတနှင့်လည်းကောင်း လွန်းပြန်ခရီးဆွေးနွေးပွဲများ ပြုလုပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၄-၁-၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/ ၉၅)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စည်ကားသိုက်မြိုက် ခမ်းနားစွာကျင်းပသည်။

ပါကစ္စတန်တွင် ဝန်ကြီးချုပ် ဘနာဇာဘူတို၏အစ်ကိုတော်သူ မာတာဇာဘူတိုက ပြိုင်ဘက်နိုင်ငံရေးပါတီတစ်ခု စတင်တည်ထောင်လိုက်ပြီး ညီမ ဘနာဇာဘူတိုကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်နှင့်
၁၆ အာမေးနီးယားသမ္မတ တာပီထရိုဆက်ဆီယန်တို့သည် အာမေးနီးယား၌ ရုရှားစစ်အခြေစိုက်စခန်းများ ၂၅ နှစ်တာ ဆက်လက်ချထားခွင့်ပြုရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

မန္တလေးနန်းမြို့ ကျုံးတော်ကြီးနှင့်
၁၈ ကျုံးပတ်လမ်း ပြန်လည်တည်ဆောက်မှုအောင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျုံးတော်ကြီးလေးပြင်လေးရပ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်အားပေးသည်။

စင်ကာပူနိုင်ငံတွင်ကြိုးပေးကွပ်မျက်ခြင်းခံ ရသည့်ဖိလစ်ပိုင်အိမ်ဖော်အမျိုးသမီး ဖလော်ကွန် တမ်ပလာစီယွန်၏ ရုပ်အလောင်းကိုဖိလစ်ပိုင်သို့ လေယာဉ် ဖြင့် ပြန်ပို့ပေးလိုက်သည်။ ၄င်းသည် ၁၉၉၁ ခုနှစ်၊ မေလကအခြား ဖိလစ်ပိုင် အိမ်ဖော်တစ်ဦးနှင့်လေးနှစ်သား အရွယ် ကလေးငယ်တစ်ဦးတို့အားသတ်ဖြတ်ခဲ့ သဖြင့် ကြိုးပေးကွပ်မျက်လိုက်ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်သမ္မတ၏တပ်
၁၉ များသည် အရှေ့မတက်မိ တွင် ကဘူးမြို့ တောင်ဘက်ရှိပြိုင်ဘက် တာလီဘန် ပြည်သူ့စစ်များကို ၎င်းတို့၏အဓိကအခြေစိုက်စခန်းမှတိုက်ထုတ်ပစ် လိုက်သည်။ ယခုအခါ သမ္မတ ရက်ဘာနီ ၏ တပ်များသည်ကဘူး မြို့တော်တစ်ခုလုံး နှင့် ဝန်းကျင်ရှိ့ဆင်ခြေဖုံး အရပ်များကို ထိန်းချုပ်ထားသည်။

၂၀ ဂျပန်နိုင်ငံတိုကျိုမြို့တွင် မြို့တွင်း အလုပ်သွားအလုပ်ပြန်သူများ ထူထပ်များပြားသည့်မြေအောက်လျှပ်စစ်ရထားပေါ်တွင်အဆိပ်ဓာတ်ငွေ့များလွှတ်ထားသဖြင့်လူထောင်ပေါင်းများစွာရှူရှိုက်မိကာ အောအန်ပြီးအနည်းဆုံးလူငါးဦးသေဆုံးသည်ဟုဆိုသည်။

၂၁ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် ဒေသ ဖွံ့ဖြိုး ရေး လုပ်ငန်းများကိုနိုင်ငံတော် အစိုးရနှင့် ပူပေါင်းဆောက်ရွက်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့သွား ရောက်ကာ ၁၉၉၅ ခုနှစ်၊နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ပြပွဲမှပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည် များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားသည်။

၂၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယကနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟို ပြည်သူ့ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်သြဝါဒစကားမြွက်ကြားသည်။

၂၅ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ကိုဂုဏ်ပြုကျင်းပသည့်ရွှေရတုသဘင် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို သယ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း၊ သုဝဏ္ဏအားကစား ပြိုင်ပွဲရုံ(၁) အနီးရှိ ကွင်းပြင်(သုဝဏ္ဏအားကစားဝင်း) ၌ကျင်းပသည်။

၁၉၉၅ ခုနှစ်၊ နှစ်(၅၀)ပြည့် ရွှေရတု တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်–မန္တလေး(၆) လမ်းသွားတိုးချဲ့ခြင်း လုပ်ငန်း(ထောက်ကြံ့–ဝမ်းဘောဒတ်အပိုင်း)လမ်းဖွင့်ပွဲအခမ်းအနားနှင့် ရန်ကုန်–ပဲခူး (၆) လမ်းသွား (ပဲခူးအပိုင်း) လမ်း ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့လမ်းဆုံ ရန်ကုန်–မန္တလေးလမ်းအဝင် ထိပ်မုခ်ဦးနှင့် ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်း နယ်စပ်ဝမ်းဘောဒတ်တံတားထိပ်မုခ်ဦး တို့၌ကျင်းပသည်။

လူမည်းအမျိုးသမီးတစ်ဦးအားမတော်မတရားပြုကျင့်မှုဖြင့်ထောင်သုံးနှစ်ကျခဲ့သော ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်သည် အကျဉ်းထောင်မှ ပြန် လည် လွတ်မြောက်လာသည်ဖြစ်ရာ ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရရှိနိုင်သော လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်သည့် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ရရှိသွားပြီ ဖြစ်သည်။

၂၆ ငမိုးရိပ်ရေလှောင်တမံကို ၁၉၉၅ ခုနှစ်၊နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့အား ဂုဏ်ပြု၍ ဖွင့်လှစ်သည့် အခမ်းအနားနှင့် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ က တာဝန်ယူတည်ဆောက်ခဲ့သော ရန်ကုန်မြို့တော် ရေပေးဝေရေး ရေယူ အဆောက်အအုံဖွင့်လှစ်သည့်အခမ်းအနား တို့ကို ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ အဆိုပါငမိုးရိပ် ရေလှောင်ကမံ၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်ချီးမြှင့်သည်။

၂၇ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကိုရန်ကုန်မြို့ ဦးဝိစာရလမ်းရှိကော်လှန်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က နှစ်(၅၀) ပြည့်ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညစာ ညစာ စားပွဲကိုရန်ကုန်တိုင်းစစ်ဌာနချုပ်ကုန်းမြင့်သာရှိ ဧည့်ခံဝယျာသီရိဗိမာန်၌ကျင်းပသည်။

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ကိုဂုဏ်ပြုသည့်အနေဖြင့်မြဝတီရုပ်မြင်သံကြားအဆောက်အအုံနှင့်မြဝတီရုပ်မြင်သံကြားစတင်ထုတ်လွှင့်မှုဖွင့်ပွဲအခမ်းအနားကို မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရုံ၌ကျင်းပရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်၍ ဖဲကြိုးဖြတ်၊ ခလုတ်နှိပ်ပြီးဖွင့်လှစ် ပေးလိုက်သည်။

၃၀ အမျိုးသားညီလာခံစုံညီအစည်းအဝေး ကိုရန်ကုန်မြို့အလုံလမ်း သမ္မတအိမ်ကော်ဝင်းအတွင်းရှိဗဟိုအစည်းအဝေးခန်းမ၌ကျင်းပသည်။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့ စည်း ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင် မည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်အစုအဖွဲ့များမှကိုယ်စားလှယ် များကအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

## ဧပြီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က လှူဒါန်းပြီး မြန်မာ–သီရိလင်္ကာ ရာမ ကျောင်းတိုက်တွင်ထားရှိပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲကို တာမွေမြို့နယ်

မြန်မာ–သီရိလင်္ကာ ရာမကျောင်းတိုက် ဝမ္မာရုံ၌ကျင်းပသည်။

၄-၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ် ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး များ၊ တာဝန် ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) နှင့်ကချင် ပြည်နယ် အတွင်းရှိ မြို့နယ်ပေါင်း (၂၃) မြို့နယ် သို့သွားရောက်ကာ ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေး စီမံ လမ်းညွှန်ပေးခဲ့သည်။

၉ ထိုင်းလေကြောင်းခရီးစဉ်အမှတ် (တီဂျီ.၃၀၅) ဖြင့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသော ထိုင်းလူမျိုးခရီးသည် များဖြစ်ကြသည့် ထိုင်းနိုင်ငံကူးလက်မှတ် (I-267155) ကိုင်ဆောင်သူ မစ္စတာဆူရာဖွန် တောင်ဘာရွန်၊ ထိုင်းနိုင်ငံကူးလက်မှတ် (X-219996) ကိုင်ဆောင်သူ မစ္စတာ ထာဝီပက် တောင်ကမ်နှင့် ထိုင်းနိုင်ငံ ကူးလက်မှတ် (X-291284)ကိုင်ဆောင် သူ မစ္စတာခေါင်န်ကဲစင်ကာတို့ထံမှ မြန်မာငွေကျပ်၅၀၀ တန်အတု သိန်း ၁၀၀၀ ကျော်ဖိုး ကို လေဆိပ်လုံခြုံရေး တာဝန်ထမ်း ဆောင် လျက် ရှိကြသည့် တပ်မတော်ထောက် လှမ်းရေး တပ်ဖွဲ့ ဝင်များနှင့် အကောက်ခွန် ဦးစီး ဌာနဝန်ထမ်း များကရှာဖွေဖော်ထုတ် ဖမ်းဆီး ရရှိသည်။

၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ် ကြီး တင်ထွန်းအား ရန်ကုန်မြို့တွင်ရောက်ရှိ နေသည့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (ESCAP)ဒုတိယအမှုဆောင် အတွင်းရေးမှူး မိစ်ဆီကိုတာကာဟာရှိနှင့် အဖွဲ့သည် ဝန်ကြီးများရုံးရှိ ဒုတိယ ဝန်ကြီးချုပ်၏ ညီခန်းမသို့ လာရောက် တွေ့ဆုံသည်။

လွန်ခဲ့သောနှစ် ၂၀ ကာလ၊ ဗီယက် နမ်စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အမေရိကန် နှင့် ဗီယက်နမ်မြို့ကြီးများ ဖြစ်သော ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်း မြို့တော် တို့သည် ပထမဆုံးအကြိမ် မိတ်ဆွေ ဖြစ် သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆို သည်။အဆိုပါစာချုပ်ကို ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်းမြို့တော်ဝန်များက လက်မှတ် ရေးထိုးကြသည်။

၁၂ မြန်မာ – အိန္ဒိယနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးဖွင့်ပွဲ အခမ်းအနားကို မြန်မာနှင့်အိန္ဒိယနိုင်ငံ၊ နယ်စပ်မြို့များ ဖြစ်သော အိန္ဒိယပိုင် မိုရေးမြို့တွင် ညနေ ၃ နာရီ၌လည်းကောင်း၊ မြန်မာနိုင်ငံ ပိုင် တမူးမြို့ တွင် ညနေ ၄ နာရီ၌ လည်းကောင်း အသီးသီးပြုလုပ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်၊ အိန္ဒိယ နိုင်ငံဘက်မှ အိန္ဒိယနိုင်ငံကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပီ၊ ချီဒန်ဘရန်နှင့် မဏိပူရပြည်နယ် ဝန်ကြီးချုပ် မစ္စတာ မန်နီပါတို့က အမှာစကားများပြော ကြားကြသည်။

၁၈ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ မြို့နယ် ဘော်ကြိုဘုရား (မှဒ္ဒော စေတီတော်)၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင်၊ ရတနာ မာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်၊ ရတနာစျာန်အောင် ဗုဒ္ဓရုပ်ပွားတော်များမြန်မာနိုင်ငံတစ်ခွင် ဒေသ စာရီလှည့်လည်ကြွချီရန် အတွက် ရောင်တော်ဖွင့်၍ ရတနာပန်းရထား ယာဉ်များပေါ်သို့ စတင်ပင့်ဆောင်သည့် အခမ်းအနားကိုဘော်ကြိုဘုရားပရဝုဏ်၌ ကျင်းပပြုလုပ်သည်။

၁၉-၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး သည် ကရင် ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်းရှိမြို့နယ် များသို့ သွားရောက်၍ နယ်မြေအေးချမ်း သာယာ ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြား သည်။

၁၉ အမေရိကန်ပြည်ထောင်စုအိုကလာ ဟိုးမားမြို့လယ်ရှိပြည်ထောင်စုရုံး အဆောက်အအုံသည် ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရာ အထပ်ကိုးထပ်ပါဝင်သော ယင်း အဆောက်အအုံ၏မျက်နှာစာတစ်ခြမ်းလုံး ပြိုကျ ပျက်စီးပြီးလူ ၁၃၀ ထက်မနည်း သေဆုံးကာ လူ ၄၀၀ ကျော်ဒဏ်ရာရရှိ ခဲ့သည်။

၂၁ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေးဗဟိုကော်မတီ အစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၄ မဲခေါင်ဒေသအတွင်းကမ္ဘောဒီးယား နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာဘ ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ဗီယက်နမ်နိုင်ငံနှင့်ပြည်ထောင်စု မြန်မာနိုင်ငံခြောက်နိုင်ငံတို့အကြားပူးပေါင်း ဆောင်ရွက်မှုမြင့်တင်ရေးအစီအစဉ်အရ ဒေသတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆွေးနွေးပွဲ၏ အကြိုတန်း အရာရှိ အစည်း အဝေးကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပ ပြုလုပ်သည်။

" ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ ၁၉၉၅"ဖွင့်ပွဲအခမ်းအနားကိုလသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း မြည်လာခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်နိုင်ငံတော် အကြီးအကဲများတက်ရောက်အားပေးသည်။

၂၅ ကူဝိတ်ပါလီမန်ကမူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်သူများအား သေဒဏ်စီရင်ချမှတ်ရန် ဥပဒေတစ်ရပ်ကို ဖြည့်စွက်ပြင်ဆင်သည်။ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသအာရပ်နိုင်ငံများအနက် ဆော်ဒီအာရေဗျနိုင်ငံနှင့်အာရပ်စော်ဘွား များပြည်ထောင်စု(ယူအေအီး)ပြီးနောက် သေဒဏ်ပေးသည့်တတိယမြောက်နိုင်ငံ ဖြစ်သည်။


၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည့်သူ့ရဲတပ်ဖွဲ့စည်းကမ်း ထိန်း သိမ်းရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၄/ ၉၅) ကို ပြဋ္ဌာန်း သည်။

၂၈ ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ် ရပ်သစ်ရွာအနီးရှိတောင်နဝင်း ချောင်း ပေါ်တည် ဆောက်ထား သော တောင်နဝင်းရေလှောင် တမံ ဖွင့်ပွဲ အခမ်းအနားကို ရေလှောင်တမံ မှခ်ဦး မဏ္ဍပ်၌ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်း ရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် ပြီးအမှာစကားပြော ကြားသည်။



မိုးခွဲတိုက်ခိုက်ခြင်းခံရသည့် အမေရိကန် ပြည်ထောင်စု အိုကလာဟိုးမားမြို့လယ်ရှိ ပြည်ထောင်စုရုံးအဆောက်အအုံကို တွေ့ရစဉ် ( ညာပုံ )

မိုလ်ချုပ်ကြီးမောင်အေး ကရင်ပြည်နယ် မွန်ပြည်နယ် မြို့နယ်များသို့ သွားရောက်စဉ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဤသို့ရှေ့သက်န်းကပ်လှူခဲ့သည် ( အောက်ပုံ )



## မေလ

၁ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ... 

၁ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်း ဗုဒ္ဓဆင်းတုတော်နှင့် ပိဋကတ်တော်ပြတိုက် ရေစက်ချအခမ်းအနားကို အဆိုပါပြတိုက်သစ်ကြီးအနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

၃ ဂျပန်ဝန်ကြီးချုပ်တိုမိအိချိမူရာယာမသည် ၁၉၃၇ ခုနှစ်က ဂျပန်တပ်များနှင့်တရုတ်တို့ စစ်ပွဲစတင်ဖြစ်ပွားသည့် မာကိုပိုလိုတံတားသို့ သွားရောက်လေ့လာပြီး မိမိတို့နှစ်နိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းစေရမည်ဟု အခိုင်အမာကတိပြု ပြောကြားလိုက်သည်။

၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ် အဆောက်အအုံ တည်ဆောက်ရန် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မြေကွက်လပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြုကာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖိလစ်ပိုင်သမ္မတ ဖိဒယ်ရာမို့စ်က လွန်ခဲ့သည့် မတ်လအတွင်း စင်ကာပူ၌ ဖိလစ်ပိုင်အိမ်ဖော်တစ်ဦး ကြိုးပေးကွပ်မျက်ခံရမှုနှင့်ပတ်သက်၍ရာထူးမှ နုတ်ထွက်ခွင့်ပြုရန်တင်ပြထားသည့် အလုပ်သမား ဝန်ကြီး နီဗက်စ်ကွန်ဖက်ဆာ၏ နုတ်ထွက်မှုကို လက်ခံလိုက်သည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် သမားရိုးကျ အယူအဆရှိသူ ပါရီမြို့တော်ဝန် ဂျက်ရှီရက်က ဆိုရှယ်လစ်ဝါဒီ လီယွန်နယ်ဂျိုစ်ပင်ကို အောင်ပွဲခံလိုက်သဖြင့် ၁၄ နှစ်ကြာ ဆိုရှယ်လစ်အုပ်စိုးမှုသည် ပြင်သစ်နိုင်ငံတွင် နိဂုံးချုပ်သွားသည်။ လက်ရှိ သမ္မတ ဖရန်ဆွာမီးထရောင်းမှာ သမ္မတသက်တမ်း ၁၄ နှစ်ပြည့်ပြီဖြစ်သည်။ တစ်ပတ်အကွင်း ရာထူးမှ နုတ်ထွက်ဖွယ်ရှိသည်။

၈ - ၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဤလ ၈ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်နှင့်အဖွဲ့သည် ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်မြို့များ သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပစဉ်



ရန်ကုန်မြို့တွင် မြန်မာ့ ကျောက်မျက် ရတနာ အရောင်းပြခန်း၊ တပ်မတော် စစ်သမိုင်း ပြတိုက်၊ သန့်လျင်တံတားများကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

၁၀ အီရန်နိုင်ငံက နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ကမကထပြုလုပ်နေခြင်း၊ လူအများအပြားကို သေစေသောလက်နက်များ ရအောင် ကြိုးပမ်းနေခြင်းများကြောင့် အမေရိကန်သမ္မတ ကလင်တန်က အီရန်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လုံးဝပိတ်ပင်တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

၁၂ - ၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါ လျက် ရှမ်းပြည်နယ်နမ့်စန်မြို့သို့ ရောက်ရှိပြီး နမ့်စန်-မိုးနဲရထားပြေးဆွဲမှုနှင့် နမ့်စန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီး၊ ဟဲဟိုး၊ ပင်းတယမြို့များသို့ ရောက်ရှိသည်။ ဗိုလ်ချုပ်ကြီးမောင်အေးသည်အဖွဲ့ဝင်များ လိုက်ပါလျက်ပင်းတယမြို့နယ် ကုံလုံကျောင်း တိုက်တွင်အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး အမှူးပြု၍ တည်ထား ကိုးကွယ်မည့် ပြည်တော်အေးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်း အနားသို့ တက်ရောက်ပြီး ထီးတော်နှင့် စိန်ဖူးတော် တင်သည်။

၁၅ - ၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခုနှစ်၊ ပထမလေးလပတ်ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ငါးရက်တိုင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အဖွင့်အမှာစကား နှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဂျက်ရှီရက်အောင်ပွဲခံလိုက်သဖြင့် ၄င်းအား ထောက်ခံသူများ ဝမ်းသာပျော်ရွှင်နေပုံ

၁၇ ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးချယ်တင်မြှောက်ပွဲတွင် အောင်ပွဲခံခဲ့သူ ဂျက် ရှီးရက် သည် သမ္မတရာထူးကို တရားဝင်လွှဲပြောင်း လက်ခံသည်။

၁၉ ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်သည် မိမိအရေးနိမ့်ရန်သေချာနေသည့် အတိုက်အခံတို့ တင်သွင်းထားသောအယုံအကြည်မရှိအဆိုကို ရင်ဆိုင်ခြင်းမပြုတော့ဘဲပါလီမန်အောက်လွှတ်တော်ကိုဖျက်သိမ်း လိုက်သည်။

၂၁ ရွှေတိဂုံစေတီတော်ရင်ပြင် အဂ္ဂါထောင့်ရှိရောင်တော်ဖွင့် တန်ဆောင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုရွာမှ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

၂၂ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့အကြီးအကဲ အာရာဖတ်နှင့် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရှိမွန်ပီရက်တို့သည် အာရပ်နယ်မြေများကို အစ္စရေးက သိမ်းယူမည့်အစီအစဉ်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုးချဲ့ရေးကိစ္စတို့ နှင့်ပတ်သက်၍ အငြင်းပွားနေမှုများကို ကြိုးပမ်းဖြေရှင်းရန် တွေ့ဆုံ ကြသည်။

၂၄ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာအထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

သီရိလင်္ကာသမ္မတ ချန်ဒရိကာ ဘန္ဒရာနိုက်ကေး ကုမာရတွန်ဂါသည် တမီးလ်ကျားသူပုန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်စဲလိုက်သည်။

၂၇ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဆောက်အအုံ ရတနာအုတ်မြစ်စိမင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက် ရောက်၍ရတနာအုတ်မြစ်စိပေးသည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဆင်မလိုက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်၍သင်္ဘော တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားသည်။

## ဇွန်လ

၃ ရန်ကုန်မြို့အလုံလမ်းမြေနေရာတွင် စင်ကာပူနိုင်ငံစစ္စတန်ဗစ်လ်မြန်မာလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့်ရင်းနှီး မြှုပ်နှံတည်ဆောက်ပြီးစီးခဲ့သော နိုင်ငံတကာ အဆင့်မီအခန်း ၂၅၀ ပါဆမ်းမစ်ပတ်ဗျူး ဟိုတယ်သစ် ဖွင့်လှစ် ခြင်းအခမ်းအနားကို အဆိုပါဟိုတယ်သစ်၌ ကျင်းပသည်။

ရန်ကုန်–ကူမင်း–ရန်ကုန်လေကြောင်းခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။


၅ - ၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇနီးဒေါ်ကြိုင်ကြိုင်လိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဇွန် ၅ မှ ဇွန် ၈ အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန် ၈ မှ ဇွန်၁၁ အထိစင်ကာပူသမ္မတနိုင်ငံ သို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။ ဇွန် ၁၁ ရက်နေ့နံနက် ၁၀နာရီခွဲတွင်အထူးလေယာဉ်ဖြင့်စင်ကာပူသမ္မတနိုင်ငံမှရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိသည်။

၈ ဇွန်လ ၂ ရက်နေ့ကဘော့စနီးယားကောင်းကင်ယံတွင်ပစ်ချခံခဲ့ရသည့် အမေရိကန်အက်ဖ်–၁၆ အမျိုးအစား ဂျက်တိုက်လေယာဉ်မှလေသူရဲ အိုဂရက်ဒီကို အမေရိကန်မရိန်းတပ်သားများက ဘော့စနီးယားအနောက်မြောက်ဘက်ဘိဟက်မြို့ အရှေ့တောင်ဘက်မိုင် ၂၀ အကွာအဝေးရှိ တောတွင်းတစ်နေရာမှ ရဟတ်ယာဉ်နှစ်စီး ဖြင့်ဆင်းသက်ကယ်တင် ခဲ့ကြသည်။

၁၃ နီပေါဘုရင် ဘီရင်ဒရာက နီပေါပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး နိုဝင်ဘာ ၂၃ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် တိုက်တွန်းလိုက်ကြောင်း နီပေါဘုရင့်နန်းတော်က ကြေညာသည်။

ဂျပန်ဝန်ကြီးချုပ် တိုမီအိချိမူရာယာမသည် အဓိက အတိုက်အခံပါတီဖြစ်သော နယူးဖရန့်တီယာပါတီက ပါလီမန်၌ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည် မရှိအဆိုကို ၂၉၀ မဲ၊ ၁၀၉ မဲဖြင့် အနိုင်ရရှိသည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၉၅ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Immigration and Population) ကို တိုးချဲ့ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ကြေညာချက်အမှတ် ၂/၉၅ ဖြင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၃/၉၅ ဖြင့်



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် တွေ့ဆုံနှုတ်ဆက်စဉ်**

ဗိုလ်မှူးချုပ် မျိုးသန့်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဦးသန်းရွှေအား ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဦးခင်မောင်ရင်အား ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး၊ ဗိုလ်မှူးချုပ် သောင်းမြင့်အား ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လည်း ကောင်း၊ ကြေညာချက်အမှတ် ၄/၉၅ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စိုးမြင့်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ် ကျော်သန်းအား အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်အေးကျော်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စောထွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ခြင်းကို လည်းကောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

၁၅ - ၁၇ ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီးအစည်းအဝေးကို ကနေဒါနိုင်ငံ ဟာလီဖက်၌ ကျင်းပသည်။ အစည်းအဝေးသို့ ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီ နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက် ရတနာပြတိုက်သစ်ကြီးနှင့် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၆) ရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ကျင်းပသည်။

ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် ပါတီတွင်းမှပုန်ကန်သူလက်ယာ ဂိုဏ်းသားများနှင့်နိုင်ငံရေးတိုက်ပွဲဝင်ရေး ပြင်ဆင်မှုအဖြစ် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရာထူးမှ နှုတ်ထွက် သွားသည်။

၂၄ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြ ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်( ကြည်း)



**ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ ( ဂျီ – ၇ ) ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ**

ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ စတင်ထူထောင်သည့် ၁၉၄၅ ခုနှစ် မှစ၍ အကြိမ် ၁၀၀၀ ပြည့် ဆုံးဖြတ်ချက်ကို ယနေ့ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အမှတ် ၁၀၀၀ (၁၉၉၅) မှာ ဆိုက်ပရပ်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သား ၁၁၇၅ ဦးကို ကို သက်တမ်းတိုးပြီး ဆိုက်ပရပ်တွင် ဆက်လက်ထားရှိရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပထမဆုံးချမှတ်သည့် ဆုံးဖြတ်ချက် အမှတ် (၁) မှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျူကျုမ်း အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ ဆုံသည်။

မွန်ပြည်သစ်ပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားကို အရှေ့တောင် တိုင်း စစ်ဌာနချုပ် အောင်ဆန်း ခန်းမ၌ ကျင်းပသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဈေးဝယ်လာသူများဖြင့် စည်ကားနေသော အထပ်ငါးထပ်ရှိ ဆက်ပွန်းကုန်တိုက် ပြိုကျခဲ့ရာ လူ အမြောက်အမြားမှာ အပျက်အစီးများ ကြားတွင် ပိတ်မိခဲ့သည်။ လူ ၂၇ ဦး ထက်မနည်းသေဆုံးပြီး လူ ၇၀၀ ကျော် ဒဏ်ရာရရှိသည်ဟုရဲအဖွဲ့က ပြောသည်။

## ဇူလိုင်လ

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်၊ ဇနီးနှင့်အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လှည့်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဇေယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး ( ၁ ) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်ပတ်သက် သည့် ရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။



အမေရိကန်လွန်းပျံအာကာသယာဉ် အတ္တလန္တစ်သည် အာကာသအတွင်း ၁၀ ရက်ကြာလှည့်ပတ်ခဲ့ပြီးနောက် ဖလိုရီဒါ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ အာကာသအတွင်း ရှိနေစဉ် အတ္တလန္တစ်လွန်းပျံယာဉ်သည် ရုရှား အာကာသစခန်းယာဉ်မီယာနှင့် အောင်မြင်စွာ ချိတ်ဆက်ကာ ကမ္ဘာပတ်လမ်းကြောင်းတွင် အတူတကွ လှည့်ပတ်ပျံသန်းခဲ့သည်။ အတ္တလန္တစ်၏ အပြန်ခရီးတွင် မီယာ အာကာသစခန်းယာဉ်တွင် ၁၁၅ ရက်ကြာ နေထိုင်ခဲ့သည့် အမေရိကန်တစ်ဦး၊ ရုရှား နှစ်ဦးတို့အပါအဝင်ဖြစ်သည့် အာကာသ ယာဉ်မှူးသုံးဦးနှင့် လွန်းပျံယာဉ်မှူး ငါးဦးတို့ ပြန်လည်လိုက်ပါခဲ့သည်။

၈ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံမှ စတက်ဖီဂရပ်က စပိန်နိုင်ငံမှ အရန်ဇာ ဆက်ချက်(စ) ဗစ်ကာရီယိုကို အနိုင်ရဗိုလ်စွဲကာ ဆုကြေးငွေ ဒေါ်လာ ၅၂၅,၀၀၀ ဆွတ်ခူးရရှိသည်။ ဗစ်ကာရီယိုက ဆုကြေးငွေ ဒေါ်လာ ၂၆၂,၀၀၀ ရရှိသည်။

**အာကာသယာဉ်နှစ်စီး ချိတ်ဆက်ပြီးနောက် အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးတို့ နှုတ်ဆက်နေကြစဉ်(အပေါ်)နှင့် မော်စကိုမြို့ရှိ မြေပြင်စခန်းမှ ကြည့်ရှုနေပုံ(အောက်)**



၉ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် အမေရိကန်နိုင်ငံမှ ဆမ်ပရပ်(စ)က ဂျာမနီနိုင်ငံမှ ဘောရစ္စဘက်ကာကို အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ အနိုင်ရရှိသော ဆမ်ပရပ်(စ)သည် ဝင်ဘယ်ဒန်ချန်ပီယံဘွဲ့ကို သုံးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။ ဝင်ဘယ်ဒန်ချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့ဖူးသူ ဘက်ကာသည် စတုတ္ထအကြိမ် သရဖူ ရရေးကို ကြိုးပမ်းရင်း အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ၁၉၉၅ ခုနှစ် ပထမခြောက်လပတ် ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်နေကြသော ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မိန့်ကြားသည်။

၂၀ အာကာသအတွင်း ရှစ်ရက်ကြာ ဝန်းပတ်ပျံသန်းလျက်ရှိနေသော အမေရိကန် ဒစ္စကာဗာရီ အာကာသ လွန်းပျံယာဉ်မှ ယာဉ်မှူးများသည် လကမ္ဘာသို့ ပထမဆုံးအကြိမ် လူသားများခြေချခဲ့မှု ၂၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပသည်။ ဤနေ့သည် "အပိုလို-၁၁" အာကာသယာဉ်ဖြင့် အမေရိကန် အာကာသယာဉ်မှူးများ ဖြစ်ကြသည့် နီး(လ)အမ်းစထရောင်းနှင့် ဘူဇ်အယ်ဒရိန်းတို့နှစ်ဦး လကမ္ဘာပေါ် ခြေချနိုင်ခဲ့သည့် ၂၆ နှစ်မြောက်နေ့ ဖြစ်သည်။

၂၁-၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်၊ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကာ တိုက်ကြီးမြို့နယ်ရှိ တဘူးလှ(ဥက္ကံ) ရေလှောင်တမံ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညို ရေလှောင် တမံ၊ ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင်တမံ၊ ပြည်မြို့ရှိ ရောဝတီ တံတား တည်ဆောက်ရေးလုပ်ငန်း၊ ရွှေတောင်မြို့ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း၊ ရွှေတောင်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်း မြို့နယ်ရှိ မက်သနော စက်ရုံ (ဆိပ်သာ)၊ ပုသိမ်မြို့ရှိ ပုသိမ်မှန်စက်ရုံ၊ မြန်မာဆီး(လ) လိမိတက် အထပ်သားစက်ရုံ၊ မြောင်းမြ မြို့ရှိ မြောင်းမြ တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၂) သင်တန်းဆင်းတပ်ဖွဲ့အား
ဗိုလ်ချုပ်ကြီးမောင်အေး စစ်ဆေးစဉ်



မအူပင်မြို့ရှိ မအူပင် တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ ဖျာပုံမြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်း တံတား၊ ခုံညှင်းတန်း တံတား ဆောက်လုပ်မည့်နေရာစသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကချင်ပြည်နယ် အထူးဒေသ( ၂ )မှ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်မိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလမုန်တူးဂျိုင်၊ ဦးဆိုင်ဖုန်း၊ ဒေါက်တာတူးဂျာ၊ ဒေါက်တာ လဂျာနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသော ဦးခွဲဂွမ်၊ ဦးလဝမ်၊ ဦးခွန်မြတ်တို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

၂၇ - ၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကာ တောင်ကြီး မြို့တွင် တောင်ကြီး ခရိုင်အတွင်းရှိ ပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံဩဝါဒစကား ပြောကြားခြင်း၊ ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်ခြင်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်ခဲ့သော ဇော်ဂျီရေအားလျှပ်စစ်စီမံကိန်းမှ စက်တစ်လုံးလည်ပတ်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရပ်စောက်မြို့အနီးရှိ ဇော်ဂျီရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုင်းတုံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးကိစ္စများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

# ဩဂုတ်လ

၃ - ၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်း များ၊ ရေနံမြေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘရူးနိုင်းဒါရုဆလမ်နိုင်ငံတို့ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန လေကြောင်းပညာသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်းအမှူးပြုသောဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

၄ ဟီရိုရှီးမားမြို့ အဏုမြူဗုံး ကြဲချခံရခြင်း နှစ် ၅၀ မပြည့်မီ နှစ်ရက် အလိုတွင်ပစိဖိတ်သမုဒ္ဒရာ၌ ပြင်သစ် ၏ နျူကလီးယား စမ်းသပ်မည့် အစီအစဉ်များကို ရှုတ်ချရန် ဂျပန် ပါလီမန်ကမဲခွဲ ဆုံးဖြတ်ကြပြီး တရုတ် နျူကလီးယား စမ်းသပ်မှုများကိုလည်း ရှုတ်ချလိုက် သည်။

၅ စတုတ္ထအကြိမ်မြောက်ကမ္ဘာ့ အမျိုးသမီးများ ဆိုင်ရာ ညီလာခံကိုကြိုဆိုသည့်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ အမျိုး သမီးများ၏ စွမ်းဆောင်မှုကဏ္ဍ ဟောပြောပွဲကို သုနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြော ကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကန်တို့သည် သံတမန်အသိအမှတ်ပြုလွှာများကို လက်မှတ်ထိုးကာငြိမ်းချမ်းရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ကြသည်။

၆ အဏုမြူလက်နက်များသည် အလွန်တရာအန္တရာယ်ကြီးမားလှသည်မှန်သော်လည်း ငြိမ်းချမ်းမှုရရှိရေးကို အထောက်အကူဖြစ်စေခဲ့သည်ဟု ကမ္ဘာ့ပထမဆုံး အဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့ပြီး နောက်အနှစ် ၅၀ အကြာတွင် ဟိုက်ဒရိုဂျင် ဗုံးကိုတီထွင်ထုတ်လုပ်ခဲ့သူ အက်ဒွပ် တဲလား က ပြောသည်။

ကာလီမူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင် ထံမှ ဒေါ်လာ ၆ ဒသမ ၁ သန်းကို ကိုလံဘီယာသမ္မတက မဲဆွယ်ရေး အတွက်ရယူထားကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက် ကမ္ဘာ့ အကြီးမား ဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်ဟု ကျော်ကြားနေသော မီဂျယ်ရိုဒရီဂက်ဇ် အိုရီဂျူလာအား နေအိမ်ခန်းအတွင်းသို့ အတင်းဝင်ရောက် ဖမ်းဆီးလိုက်သည်။

၇ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ (၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား မြရိပ်ညို ရှိုင်ရယ် ဟိုတယ်တွင် လက်ခံတွေ့ဆုံပြီး ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၉ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာနစီးပွားရေးလုပ်ငန်းစီမံခန့် ခွဲမှု မဟာဘွဲ့ ( MBA ) ကိုအထောက် အကူပြုမည့် ( Resource Centre ) ဖွင့်ပွဲ



**ကမ္ဘာ့အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် မီဂျယ်ရိုဒရီဂက်ဇ် အဖမ်းခံပြီးနောက် တွေ့ရစဉ်**

အခမ်းအနားကို စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေပတ္တမြားခန်းမတွင်ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာ စကား ပြောကြားသည်။

၁၁ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ်နိုရိုဒွန်ရာနာရစ်သ်က ကမ္ဘောဒီးယားတွင် အနောက်နိုင်ငံပုံစံ ဒီမိုကရေစီ ထူထောင်ရေး ကို လက်မခံကြောင်း ပြောကြား လိုက် သည်။ ကမ္ဘောဒီးယားသို့ မကြာမီက ရောက်ရှိလာသည့် အမေရိကန် နိုင်ငံခြား ရေး ဝန်ကြီး ဝါရင်ခရစ္စတိုဖာ က ကမ္ဘောဒီးယားအား ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းပြီး ရက်ပိုင်း အတွင်း ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

၁၂ ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ဗုဒ္ဓဘာသာလစ်ဘရယ်ဒီမိုကရက်တစ် ပါတီဝင် လွှတ်တော်

အမတ် မိယစ်ချန်လစ် (၅၅ နှစ်) သည် ပါတီကို သစ္စာစောင့် စည်း ကြောင်း ပြသသည့် သဘောဖြင့် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားသည်။ ၎င်းကဇနီးထံ စာတစ်စောင် ရေးသားထားခဲ့ရာ ပါတီခေါင်းဆောင်များသည် ဦးဆောင်မှုစွမ်းရည်မရှိကြဘဲ ပါတီဖြိုခွဲရေးကိုသာ လုပ်ဆောင်နေကြကြောင်း ဖော်ပြထားသည်။

၁၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီတပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေကျင့်ရေးဌာန ပြည်ထောင်စု ခန်းမတွင် ကျင်းပ သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကား မြွက်ကြားသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် လက်ထောက် အတွင်းရေးမှူးချုပ် မစ္စတာ အယ်ဗားရိုးဒီဆိုတိုအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံ တွေ့ဆုံသည်။

၁၈ (၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းရှိဝင်းလိုက်ရုပ်ရှင်ရုံတွင် ကျင်းပသည်။ အခမ်းအနားသို့ ဟိုတယ် နှင့် ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားအပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သင်တန်းသားများနှင့် တွေ့ဆုံစဉ်**

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်သရုပ်ဆောင်များ တက်ရောက်ကြသည်။ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီးဖြစ်သော အသက် ၇၉ နှစ်အရွယ် ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေချထားရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဘော့ လစ်ဗင်းစတန်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဧယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

၂၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ သံအမတ်ကြီးများသည် မုံရွာမြို့နယ်၊ သာစည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ယင်းမာပင်မြို့နယ် ရေလျှံတွင်းများကို ကြည့်ရှုလေ့လာကြသည်။

၂၄ - ၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့သည် တာဝန်ရှိသူများလိုက်ပါလျက်ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များသို့လှည့်လည်သွားရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်အတွင်း ဗိုလ်ချုပ်ကြီး မောင်အေးသည် တပ်မတော်သားများနှင့် မိသားစု များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို ရှင်းလင်းမှာကြားသည်။ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာန ဆိုင်ရာ လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

၂၆ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးသုတေသနလုပ်ငန်း ကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းငယ် ဖတ်ပွဲကို ရန်ကုန်မြို့ ပဒုမ္မာဇာတ်ရုံတွင်ကျင်းပသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ နာယက အောဝမ်းဦးတင်မောင်နှင့် နာယက အဖွဲ့

ဝင်များအမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရုရှားပါလီမန် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ သမ္မတ ယဲ့လ်ဆင်၏ အဓိကရန်ဘက် အဖွဲ့အစည်း နှစ်ရပ်တို့၏ ညီလာခံများကို ကျင်းပ သည်။ နှစ်ပါတီစလုံးက ရွေးကောက် ပွဲလမ်းစဉ်နှင့် ကြွေးကြော်သံ များ ကို ချမှတ်ကြပြီး သမ္မတယဲ့လ်ဆင်ကို ဖြုတ်ချ မည်ဟု အဓိဋ္ဌာန်ပြုကြသည်။

မြန်မာ့လေကြောင်းနှင့်ဖက်စပ်
၂၇ လုပ်ကိုင်လျက်ရှိသည့် အဲယား မန္တလေး လေကြောင်းကုမ္ပဏီ၏ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ရန်ကုန်–ချင်းမိုင်လေကြောင်းခရီးစဉ် သစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၃၀ တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အမျိုးသားပြတိုက်တွင် ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်းများ ခင်းကျင်းမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

## စက်တင်ဘာလ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင် ချိုင်ယုဒ်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာနဧယျာသီရိဗိမာန် တပ်မတော် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့
၂ – ဆက်ဆံရေးနှင့် စိတ်ဓာတ်
၁၁ စစ်ဆင်ရေး ညွှန်ကြား ရေးမှူး ရုံးက ဦးစီး ကျင်းပသည့် ၁၉၉၅ ခုနှစ် မြဝတီ အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ အဝင်ခန်းမ၌ ကျင်းပသည်။ မြဝတီအငြိမ့်

**စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံ နောက်ဆုံးနေ့ မြင်ကွင်း**





**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဤသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်**

ပြိုင်ပွဲကို စက်တင်ဘာလ ၁၁ ရက် နေ့အထိ ကျင်းပသည်။

၂ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နှစ် ၅၀ ပြည့်အခမ်းအနားတစ်ရပ်ကို ဟိုနိုလူလူတွင်ကျင်းပရာ အမေရိကန် သမ္မတ ကလင်တန် တက်ရောက်မိန့်ခွန်း ပြောကြားသည်။ အခမ်းအနားကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ဂျပန်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ရာ၌ ပထမဆုံးပစ်မှတ်တစ်ခုဖြစ်ခဲ့သည့် ဝိုးလား ကြည်းတပ်လေယာဉ်ကွင်း၌ ကျင်းပခဲ့ရာ ဒုတိယကမ္ဘာစစ်ပြန် အမေရိကန်စစ်မှုထမ်းဟောင်း ၇၀၀ အပါအဝင် ပရိသတ် ၅,၀၀၀ တက်ရောက်ကြသည်။

ဂျော်ဂျီယာပါလီမန်ကရွေးကောက်ပွဲ ဥပဒေတစ်ရပ်ကိုမဲအပြတ်အသတ်ဖြင့် ထောက်ခံအတည်ပြုလိုက်ရာ ဂျော်ဂျီယာ ခေါင်းဆောင် ရှီဗာနာဇေ အတွက် ကာလကြာမြင့်စွာ မျှော်လင့် ခဲ့သော အုပ်ချုပ်မှု အာဏာအပြည့်အဝ ရှိသည့် သမ္မတစနစ် ထူထောင်ရေးဆီသို့ ပိုမို နီး ကပ်သွားပြီဖြစ်သည်။ အသစ် တီထွင်လိုက် သည့် သမ္မတ ရာထူးအတွက် ရွေးကောက် ပွဲ များ ကျင်းပရေးဆိုင်ရာ ဥပဒေ ကြမ်းကို ပါလီမန်အမတ်များက ၁၅၈မဲ၊နှစ်မဲဖြင့် ထောက်ခံအတည်ပြုခဲ့သည်။

၄ - ၁၅ စတုတ္ထအကြိမ်မြောက်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၊ ပီကင်းမြို့တွင် ကျင်းပသည်။ ညီလာခံသို့ ၁၈၉ နိုင်ငံမှ ကိုယ်စားလှယ် ၅,၀၀၀ တက်ရောက်သည်။ ညီလာခံ ပြီးဆုံးသည့် နေ့တွင် စာမျက်နှာ ၁၅၀ ပါရှိသော ညီလာခံလုပ်ငန်းစဉ်ကြေညာချက် တစ်ရပ်ကို တညီတညွတ်တည်း ထုတ်ပြန်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့ အင်းယားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မွန်တိုင်းရင်းသားခေါင်းဆောင် နိုင်ရွှေကျင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ထင်၊ နိုင် ကင်အောင်၊ နိုင်အောင်နိုင်၊ နိုင်စိုးမြင့်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသည့် နိုင်ခင်မောင်နှင့် နိုင်ဖေတင် တို့က ဂါရဝပြုတွေ့ဆုံ နှုတ်ဆက် ကြသည်။

၈ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လာရောက်ပြီး နယ်စပ် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာ ကြားသည်။

၁၀ အနောက်ဘက်ကမ်း ဒေသ၏ စည်ပင်သာယာရေးကိစ္စများနှင့် အခြား ကိစ္စများကို ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) သို့ အစ္စရေးက လွှဲပြောင်း ပေးလိုက်သည်။

၁၂ ဝန်ကြီးချုပ် တိုမိ အီချိ မူရာယာမ ၏ ဂျပန် အစိုးရအဖွဲ့တွင် နိုင်ငံခြား ရေး ဝန်ကြီး ယိုဟိုင်း ကိုနို သည် အချမ်းသာဆုံး ဝန်ကြီးဖြစ်သည်ဟု လူသိရှင်ကြား ထုတ် ပြန်သည့် အစိုးရ အဖွဲ့ ဝင်တို့၏ ပိုင်ဆိုင် သည့် ဥစ္စာပစ္စည်း စာရင်းအရ သိရှိရသည်။ ကိုနို(၅၈ နှစ်) နှင့်ဇနီးတို့သည် စုစုပေါင်း ဒေါ်လာ ၁၅ သန်းဖိုးရှိ ငွေကြေး နှင့် ဥစ္စာပစ္စည်းများ ပိုင်ဆိုင်ကြောင်း သိရသည်။

၁၄ ၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲ အခမ်း အနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပ သည်။

၁၅ - ၁၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၁၉၉၅) ကို ရန်ကုန်တိုင်း၊ မှော်ဘီ တပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်လေ့ ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ အစည်းအဝေးစတင် ကျင်းပသည့် စက်တင်ဘာလ ၁၅ ရက်နေ့ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကား မြွက်ကြားသည်။

၁၆ အဝမ္ဘပြုကျင့်ရန် ကြံစည်ကြိုးပမ်း သော အိမ်ရှင်ကို သတ်ဖြတ်ခဲ့သည့် အသက်၁၆ နှစ်ရှိ ဖိလစ်ပိုင်အိမ်ဖော် ဆာရာဘာလာဘာဂန်ကို ဒုတိယအကြိမ် စစ်ဆေး အပြီးတွင် တရားသူကြီး သုံးဦး ပါရှိသော အာရပ်စော်ဘွားများနိုင်ငံ အစ္စလာမ် တရားရုံးက သေဒဏ်အပြစ် ပေးလိုက်သည်။ ယင်းအမှုနှင့် စပ်လျဉ်း၍ ထောင်ခုနစ်နှစ် ကျခံစေရန် အမိန့် ချခဲ့သည်ကို ဖိလစ်ပိုင် လူမျိုး များက မကျေနပ်သဖြင့် အာရပ် စော်ဘွားများ နိုင်ငံအစိုးရကစီရင်ချက်ကို ဖျက်သိမ်းကာ အမှုကို ပြန်စစ်ဆေးစေခဲ့သည်။

၁၈ - ၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်း အစည်း အဝေးကို ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပသည်။

၂၂ ယခုနှစ်အတွင်း ကားရောင်းဝယ် ရေး ဆွေးနွေးပွဲများတွင် အမေရိ ကန်ပြည်ထောင်စု၏ တောင်းဆို ချက် များကို ခေါင်းမာစွာဆန့်ကျင်ခဲ့သဖြင့် လူသိများလာသော ကုန်သွယ်ရေးဝန်ကြီး ရူတာရိုဟာရှိမိုတိုအား ဂျပန်နိုင်ငံ၏ အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ ဝင်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာ အေးကုန်းမြေရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင် သို့ သွားရောက်ကာ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတ နိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ် အဖွဲ့မှ ဘုန်းတော်ကြီး ဦးပညာဝရ (Ven. Bhikkhu Panna Varo) အား ပူဇော်ကန်တော့ကြပြီးနောက် ပိဋကတ် သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်း ကြသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်း မြို့နယ်၊ ပုလဲလမ်းရှိ မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ဖွင့်လှစ်ထားသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်း အရောင်းဆိုင်များအား သွားရောက် စစ်ဆေးကြည့်ရှုသည်။

# အောက်တိုဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ လိုက်ပါလျက်၊မန္တလေး မြို့မှ မိုးကုတ်မြို့သို့သွားရောက်၍၊ မိုးကုတ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် တွေ့ဆုံကာ၊ မိုးကုတ်မြို့နယ်အတွင်းရှိ ရတနာ ကုဋေ ကုဋာစခန်းထွက် ကျောက်မျက်များကို ကြည့်ရှုစစ်ဆေးသည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ များကို စတင်ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲ များက ပြိုင်ပွဲများကျင်းပရာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီ လမ်းရှိယဉ်ကျေးမှုတက္ကသိုလ်ဂီတဆောင်၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံ များသို့သွားရောက်ကြည့်ရှုအားပေးသည်။

၂ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် မိုးကုတ်မြို့ ပဒန်သျှိုအနီးရှိ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၏ ဗဟိုဖြန့်ဆေး အလုပ်ရုံကို ကြည့်ရှုပြီး မဘိန်း၊ ဝန်းသို၊ ကသာ၊ ဗန်းမော်မြို့များသို့ဆက်လက်ထွက်ခွာကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှု စစ်ဆေးသည်။

၃ ဗိုလ်ချုပ်ကြီး မောင်အေး သည် ဗန်းမော်ခန်းမ၌ စစ်ဗျူဟာ အဖွဲ့ နှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော် သားများနှင့် တွေ့ဆုံကာ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦး အား အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဤသို့ ဆုချီးမြှင့်ခဲ့သည်

၆ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ ၃/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေး ခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လွှတ်တော်ဒုတိယ ခေါင်းဆောင် ပါမောက္ခ အေ၊ကျူ၊အမ် ဘဒရူဒိုဇာချောင်ဒူရီအား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၉ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်တွင် သီတင်းသုံးနေထိုင်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေကျင်နိကာယသာသနာပိုင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအရှင် ပဏ္ဍိတသိရီ၊ သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါသည် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း ကူဘရစ် ပရာမို့(၈၄)နှစ်သည် နှလုံးရောဂါ၊ သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များက အိမ်နီးချင်း၊ အင်ဒိုချိုင်းနားနိုင်ငံများတွင် ကွန်မြူနစ်တို့ အောင်ပွဲခံစဉ် ကူဘရစ်သည် ဒီမိုကရေစီ ကျင့်သုံးသည့် ထိုင်းနိုင်ငံ ဝန်ကြီး ချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဆုကြေးစားစစ်တုရင်အဖွဲ့ချုပ်၏ စစ်တုရင်ဗိုလ်လုပွဲ၏ ပွဲစဉ် ၁၇ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံကတ်စပါရော့ဗ်ကအနိုင် ရပြီး ချန်ပီယံသရဖူကို ဆက်လက် ထိန်းသိမ်းခွင့်ရရှိသည်။ ကတ်စပါရော့ဗ် သည် ငါးကြိမ်မြောက် ဆက်တိုက်ဗိုလ်စွဲ ခြင်းဖြစ်သည်။

၁၀ အငြင်းပွားလျက်ရှိသည့်စပရက်လီ ကျွန်းစုအရေး ဆွေးနွေးမည့် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် စတင်ကျင်းပသည်။

မိုးရာသီရေလွှမ်းသဖြင့် ထိုင်းနိုင်ငံ ၇၆ ပြည်နယ်အနက် ၆၆ ပြည်နယ်တွင် ပျက်စီး ဆုံးရှုံးမှုများရှိပြီး လူ ၁၇၁ ဦး သေဆုံးကာ မိသားစုတစ်သန်းကျော် ရေဘေးကြုံတွေ့ရပြီး လယ်ယာဧက သုံးသန်းခန့်နစ်မြုပ်ပျက်စီးသည်။ ဆုံးရှုံးမှု တန်ဖိုးမှာ ဘတ်ငွေသန်း ၂၉၅၀ (ဒေါ်လာ ၁၁၈ သန်း)ခန့် ရှိကြောင်း ထိုင်းအစိုးရက ကြေညာသည်။

၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်သည် ကမ္ဘာအေးဘုရား လမ်းရှိမြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှု စစ်ဆေးသည်။

၁၄ တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင် သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အထွေထွေညီလာခံ အထူးအစည်းအဝေး သို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

၁၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုယိုကိုတာ အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၇ (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပြပွဲ၊ ဖွင့်ပွဲ အခမ်း အနားနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနား များကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်း တို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အခမ်း အနားတွင် အမှာစကားပြောကြားသည်။

၁၈ ကုလသမဂ္ဂနှစ်(၅၀)ပြည့် အထိမ်း အမှတ်ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ကုလသမဂ္ဂနှစ်(၅၀)ပြည့်အထိမ်းအမှတ်နေ့ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ကျင်းပရာ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ပြပွဲကို ဖွင့်လှစ် ပေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်း အမှတ် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

၂၂ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာ လမ်းရှိ တောင်ကြီး ပရိယတ္တိ စာသင်တိုက်၏ ၃၂ ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ စာသင်တိုက် သောတဇနကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်း သည်။

၂၄ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် ဇနီးတို့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ညစာ စားပွဲကို ကျင်းပသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာ နိုင်ငံတွင်ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖြူထန်ဇိုနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၇ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်မြန်မာ နိုင်ငံတွင်ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလီဆာယာဆောင်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဧယျာသိရိ ဗိမာန်၊ တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိ ကြီးများလိုက်ပါလျက် ပုဂံ–ညောင်ဦးသို့ သွားရောက်ကာ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး စိုက်ခင်းလုပ်ငန်းများ ကြည့်ရှု စစ်ဆေးသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင် တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညောင်ဦးမြို့ တွင် မြင်းခြံ–ညောင်ဦး ရထားလမ်း ဖောက်လုပ်ရေး၊ ပုဂံယဉ်ကျေးမှုပြတိုက် တည်ဆောက်မှု လုပ်ငန်းများကို စစ်ဆေးပြီး စွန်ကန်ရေကာတာ၊ ရွှေတောင်ဝါ စံပြ စိုက်ပျိုးရေးခြံ၊ မြစ်ရေတင်စိုက်ပျိုးမှုနှင့် ဝါစိုက်ခင်းများ ကြည့်ရှုကာ လိုအပ်သည် များကို ညွှန်ကြားသည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် မိတ္ထီလာမြို့မှတစ်ဆင့် တပ်ကုန်းမြို့နယ်သို့ သွားရောက်ကာ ဆင်သေရေလှောင် တမံနှင့် ဇော်ဂျီရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

## နိုဝင်ဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကောင်ပေါ်ညီရိပ်သာ ( Mount Pleasant Guest House )ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီးမြို့ မြို့တည်သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားလျက်ရှိသည့် ရှုဋ္ဌာမဏိ လောကချမ်းသာစေတီတော်သို့ သွားရောက်ကြည်ညိုဖူးမြော်ပြီး လိုအပ်သည်များ မှာကြားသည်။ တစ်ဖန် ဗထူးမြို့သို့ သွားရောက်ကြပြီး တပ်မတော် ( ကြည်း ) တိုက်ခိုက်ရေး ကျောင်း ကျောင်းအုပ်ကြီး၊ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ အမှတ်(၁)တပ်ကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး များ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့မှတစ်ဆင့် ပင်းတယမြို့နယ် ဂဠုန်တောင်ရှိ ကုံလုံကျောင်းတိုက်သို့ သွားရောက်ပြီး ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဟဲဟိုးမြို့သို့ထွက်ခွာကြပြီး ဟဲဟိုးလေဆိပ် တည်ဆောက်ရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ ပြန်လည်မှာကြားသည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပသော (၄၂)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်များဆက်ကပ်ကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အစ္စရေးဝန်ကြီးချုပ် ယစ်ဇစ်ရာဘင်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေး လူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်း ပြောကြားအပြီး ပြန်လည်ထွက်ခွာလာစဉ် လူသတ်သမား ဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်သဖြင့် ဆေးရုံတွင် ခွဲစိတ်ကုသပြီး တစ်နာရီအကြာတွင် ကွယ်လွန်သွားသည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယူးရောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၆ တပ်မတော်ထောက်လှမ်းရေး မိသားစု ဆဋ္ဌမအကြိမ် မဟာ ဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော် ဓမ္မာရုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍

**အစ္စရေးဝန်ကြီးချုပ် ရာဘင် မိန့်ခွန်းပြောကြားနေစဉ် ( အပေါ် ) လူသတ်သမားက လုပ်ကြံပစ်ခတ်ပြီးနောက် ရုတ်ရုတ်သဲသဲဖြစ်နေစဉ် (အလယ်) ရာဘင်အား ဆေးရုံသို့ပို့ရန် ရဲများက အပူတပြင်းလုပ်ဆောင်နေစဉ် (အောက်)**



တံခွန်ဘွဲ့ရရှိသော ဗိုလ်ချုပ်ကြီးမောင်ဧအေးအား ဘွဲ့တံဆိပ် တပ်ဆင်ပေးနေစဉ်

ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်စစ်တွေမော်တော်ကားလမ်း
၈ သုံးနှစ်စီမံကိန်းဖြင့် ဖောက်လုပ်ရေး၊ ပုဂံဒေသရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်း များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်လမ်းညွှန်မှာကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၁၀ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်သူ့လွှတ်တော် သဘင်ဆောင်တွင် ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူး ဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ် ရရှိသူများ အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းပြီး စွမ်းဆောင်မှု ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် များကို သက်ဆိုင် သူများ အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌကိုယ်စား ချီးမြှင့်အပ်နှင်းနိုင်ရန် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ၁၃ ဦးတို့အား တာဝန်များပေးအပ်သည်။

(၇၅) နှစ်မြောက်အမျိုးသားနေ့
၁၁ စိန်ရတုအထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ၊ မြို့မအားကစားကွင်းတွင် ကျင်းပသည်။ (၇၅) နှစ်မြောက်အမျိုးသားနေ့စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် တက်ရောက်ပြီး(၇၅) နှစ်မြောက် အမျိုးသားနေ့စိန်ရတုအထိမ်းအမှတ် ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။

မြို့မကျောင်း(၇၅)နှစ်မြောက် စိန်
၁၂ ရတုသဘင် အခမ်းအနားဖွင့်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မကျောင်း) တွင်ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်း ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဖွင့်လှစ်ပေးလိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၁၃ တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိသော ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကဆမ်အက်စ် ကဆမ်ဆိရီခေါင်းဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် မော်ဘီမြို့ ဗဟိုပြည်သူ့ ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး · သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒစကားမြွက်ကြားသည်။

၁၅ - ၁၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကနှင့်ဗွီအိုအေအသံလွှင့်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးလိုက်ပါလျက် ကျိုင်းတုံအရှေ့ခြမ်း မိုင်းလားမြို့ရှိ ဟိုတယ်၊ တံတားနှင့် လမ်းဖွင့်ပွဲများသို့ တက်ရောက်အားပေးကြည့်ရှုပြီးကျိုင်းတုံမြို့ရှိပြည်သူ့ဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ကျိုင်းတုံဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကိုစစ်ဆေးပြီး လိုအပ်သည်များမှာကြား သည်။

၁၆ တောင်ကိုရီးယားနိုင်ငံတွင် ငွေကြေးအရှုပ်တော်ပုံတစ်ရပ် ဖြစ်ပွားမှု၌ သမ္မတဟောင်းနိုတေရှူးပါဝင် ပတ်သက်၍ ၄င်းအား လာဘ်စားမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အေပီသတင်း ဌာနက ဖော်ပြသည်။

၁၇ အမေရိကန်စစ်သားများက ဂျပန်ကျောင်းသူလေးတစ်ဦးအား မုဒိမ်းကျင့်သည်ဟူသောစွဲဆိုချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်မှတ်ချက်တစ်ခုချပြီးနောက် ပစိဖိတ်အမေရိကန်တပ်များ၏ တပ်မှူးသည် ရာထူးမှ နုတ်ထွက်သွားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီက ကြေညာလိုက်သည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်မှုနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင်ချစ်ကြည်ရေးခရီး လှည့်ပတ်ခဲ့ပြီး ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်သည်။

၁၉ အိန္ဒိယသမုဒ္ဒရာနှင့်ဆက်စပ်နေသည့် နိုင်ငံများအားအနောင်အဖွဲ့ကင်းသည့်ဒေသဆိုင်ရာ ရီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိုဦးစားပေးဆောင်ရွက်ကြရန် အိန္ဒိယဝန်ကြီးချုပ် ပီဗွီနာရာဆင်ဟာ ရောင်းက တိုက်တွန်းလိုက်သည်။

၂၁ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့မ အားကစားကွင်းတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက် ရောက်၍ အဖွင့်အမှာ စကား ပြောကြားပြီး စာအုပ်ဈေးပွဲတော်ကိုဖွင့်လှစ် ပေးလိုက် သည်။

၂၂ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားကို မရမ်းကုန်းမြို့နယ်နဝဒေး ရုပ်ရှင်ရုံ၌ ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော်နှင့်ဒုတိယဝန်ကြီး ဦးသိန်းစိန်တို့က စာပေဆုရှင်များအား ဆုများအသီးသီး ချီးမြှင့်ကြသည်။

အစ္စရေး နိုင်ငံ၏ယာယီ ဝန်ကြီးချုပ်ရှီမွန်ပီရက်စ်သည် ၄င်း၏ အစိုးရသစ်အဖွဲ့ဝင်များအမည်စာရင်းကို သတ်မှတ်ရာတွင် ၄င်းကိုယ်တိုင် ကာကွယ်ရေးဝန်ကြီး ရာထူးကို ထပ်ဆင့်ယူလိုက်သည်။ ဤလ (၄)ရက်က ဝန်ကြီးချုပ်ရာဘင် လုပ်ကြံခံရပြီးနောက် ညင်သာသော အသွင်ကူးပြောင်းမှု ဖြစ်စေရန်မြန်မြန် ထက်ထက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပီရက်စ်က ပြောလိုက်သည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ရောက်ရှိလာသော အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး အယ်ဒီဆူဒရာဂျပ်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအားပူဇော်ကန်တော့အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ သက်ကြီးစာပေ ပညာရှင် များအား ပူဇော်ကန်တော့သည်။

၂၃ - ၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် မင်းပြား၊ အမ်း၊ မောင်တောမြို့များသို့ သွားရောက်ကြပြီး ဒေသဆိုင်ရာလမ်းတံတား ဖောက်လုပ်တည်ဆောက်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြပြီးဒေသခံတပ်မတော်သားမိသားစုများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံလမ်းညွှန် မှာကြားသည်။

၂၄ အတိုက်အခံများနှင့် ရေမတိုးနောက်မဆုတ်သာ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု အဆုံးသတ်စေရေးအတွက် ပါလီမန်ဖျက်သိမ်းပေးရန် ဝန်ကြီးချုပ် ခါလီဒါဇီယာ ကမေတ္တာရပ်ခံပြီးနောက်သမ္မတအဗ္ဗဒူရာမန်ဘစ္စဝါ့စ်က ဘင်္ဂလားဒေ့ရှ်ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၂၅ အထွေထွေရွေးကောက်ပွဲသစ်တစ်ရပ်ကျင်းပရန်ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အဆိုပြုချက်ကို အတိုက်အခံနိုင်ငံရေးပါတီများက ငြင်းပယ်လိုက်ကြပြီး ရွေးကောက်ပွဲကို ကြားနေအိမ်စောင့်အစိုးရက ကျင်းပပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်ကြသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြေပဒေသာကျွန်း၌ ကျင်းပသည့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်း အဝေးခန်းမတွင် ကျင်းပရာ သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၊ ဗိုလ်မှူးချုပ် မျိုးသန့်နှင့် ကော်မရှင်အဖွဲ့ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌ ဦးသာထွန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဗိုလ်မှူးချုပ်တင်အေးနှင့်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများ တက်ရောက်ကြသည်။

# ဒီဇင်ဘာလ

၁ ရန်ကုန် တက္ကသိုလ်(၇၅) နှစ်မြောက်စိန်ရတုသဘင် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန် တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် ကျင်းပရေး ဦးစီးကော်မတီနာယက မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ကမ္ဘည်းမော်ကွန်းတင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

၃ ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီး ဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် စီစဉ်ပြသမည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 )ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၅ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာန တို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စီစဉ်ပြသသည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 ) ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပသည်။

၆ ၁၉၉၅ ခုနှစ် ဆဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသားအားကစား ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကယားပြည်နယ်လွိုင်ကော်မြို့ ကန္တရဝတီအားကစား ရင်ပြင်၌ ကျင်းပရာ ကျောင်းသားအားကစား ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ လီရွှေဟွမ်းခေါင်းဆောင်သည့် အဖွဲ့သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကာကွယ်ရေးဝန်ကြီးဌာန ဧယျာသိဒ္ဓိဗိမာန် တပ်မတော်ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

၉ ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ချင်းမိုင်မြို့ အနှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပရာ ထိုင်းဘုရင့်ကိုယ်စား မင်းသား မဟာဗာဂျီရာလောင်ကွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား




၁၉၉၅ ခု ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲမြင်ကွင်း

လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အထူးမှုလတန်းဆရာ အတတ်သင် သင်တန်းအမှတ်စဉ်(၅)နှင့် (၆) တို့မှ သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝ ပြုပြီး ဩဝါဒခံယူကြသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌမစ္စတာလီလွေ့ဟွမ်းနှင့် အဖွဲ့ဝင်များအားပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ တာဝန်ရှိသူများအား ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို လမ်းညွှန်မှာကြားသည်။

၁၄ - ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆိလ်ပါအာချာ၏ ဖိတ်ကြားချက် အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရ အကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ အစိုးရအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင် ဘာလ ၁၄ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာ သွားကြသည်။ ယင်းနေ့ ညပိုင်းတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်နန်းတော်၌ ကျင်းပသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်က အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ အစိုးရအကြီးအကဲများအား လက်ခံတွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအိုမြန်မာနိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကို ( The Oriental Hotel Embassy Room ) ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ညနေ ၅ နာရီတွင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲနှင့် ငါးကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားကို ရှိုင်ရယ်အောကစ်ရှယ်ရီတန်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး




ဒီဇင်ဘာ ၁၅ ရက်က ဗန်ကောက်မြို့ အိုရိရင်တယ်လ် ဟိုတယ်၌အာဆီယံ အသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်

ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်ကြသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၅ ချူကလီးယားလက်နက်များ ပိုင်ဆိုင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရယူခြင်းတို့ကို တားမြစ်သည့် ချူကလီးယား သဘောတူ စာချုပ်တစ်ရပ်ကို အာဆီယံ ခုနစ်နိုင်ငံဖြစ်သည့် ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့အပြင် ၄င်းတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များက ထိုင်းနိုင်ငံဗန်ကောက်မြို့တွင်ကျင်းပသည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးတွင် လက်မှတ်ရေးထိုး ကြသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၅ ခုနှစ်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ရှုရှားအောက်လွှတ်တော်ရွေးကောက်ပွဲများကို ရုရှားတစ်နိုင်ငံလုံးတွင်ကျင်းပသည်။ ရုရှား အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် မဲဆန္ဒပေးနိုင်သူပေါင်း ၁၀၅ သန်းနီးပါးရှိသည်။ ယခုရွေးကောက်ပွဲမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ဒုတိယအကြိမ်မြောက်ကျင်းပသည့် ပါတီစုံ ရွေးကောက်ပွဲဖြစ်သည်။

၂၄ ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသည်။

၂၅ ၁၉၉၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်မိန့်ခွန်းမြွက်ကြားကာ ဆုများပေးအပ်ချီးမြှင့်သည်။

ဆီးရီးယားနှင့်ငြိမ်းချမ်းရေးရရှိရေးအတွက် ဂိုလန်ကုန်းမြင့်အား ပြန်ပေးခြင်းကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အစ္စရေးပါလီမန်၌ အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုနှစ်ရပ်ကို တင်သွင်းရာဝန်ကြီးချုပ် ရှိမွန်ပီရက်စ်၏ ညွန့်ပေါင်းအစိုးရက ယင်းအဆိုနှစ်ရပ်ကို ထိုးနှက်အနိုင်ရရှိလိုက်သည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်အရပ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ကချင်နှစ်ချင်းခရစ်ယာန်ပြည်လုံးကျွတ်အစည်းအဝေးနှင့် ကချင်တိုင်းရင်းသားစာပေ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ကချင်စာပေရာပြည့်မနောပွဲပါဝင်ဆင်နွှဲသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့
စစ်ရေးပြအခမ်းအနားတွင်
မိန့်ခွန်းပြောကြားစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စစ်ရေးပြအခမ်းအနားတွင် ချီတက်အလေးပြုနေကြစဉ်



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲကို မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖွင့်လှစ်ပေးအပြီး



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲမဖွင့်လှစ်မီ ဖဲကြိုးများ ကိုင်ဆောင် စောင့်ဆိုင်းနေကြသော ရုပ်ရှင်သရုပ်ဆောင်များ



ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးမျက်နှာစာရှိ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးနေသော
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်



ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲမှ ပြကွက်တစ်ခု



စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်ချုပ်အေးကျော် မိန့်ခွန်းပြောကြားစဉ်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ကြားနေကြသော
တိုင်းရင်းသားရင်သွေးငယ်များ


# အပိုင်း – ၂

## ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ ................ တင်သန်းဦး .................. ၃၄
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ................ ဝန်ထမ်းတစ်ဦး................၄၂
ဖွံ့ဖြိုးရေးတက္ကသိုလ်
ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက်.................. ဦးသော်ကောင်း၊.............. ၅၂
စိန်ရတုသဘင် ဦးဝင်းမွန်
သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ... ဒေါက်တာမောင်မောင်ညို.....၆၆
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ.......................... မောင်ဆုရှင် ...................၇၈
ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း.......ဦးမင်းနိုင်...................... ၈၂
ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်....... မောင်နေမျိုး................ ၁၀၀
အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး......... ဆွေသန့်ကို..................၁၁၄
ဆောင်ရွက်ချက်များ
စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ....... မောင်ငွေရွှေ................၁၂၄
ကမ္ဘာ့ညီလာခံ (လူမှုဝန်ထမ်း)
ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး...................... ဒေါက်တာကျော်မြင့်........ ၁၃၆
(ဓာတ်မှန်)











# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

## သမိုင်းကြောင်း

၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် တပ်မတော်၏ သက်တမ်း နှစ် (၅၀) ပြည့်သွားသောနေ့ပင် ဖြစ်သည်။ တပ်မတော်၏သက်တမ်းမှာ ထိုနေ့တွင် နှစ် (၅၀) တင်းတင်း ပြည့်ခဲ့လေပြီ။ နှစ် (၅၀) မျှသောကာလအတွင်း တပ်မတော်သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ကပြပြီး ထိုက်သင့်သောအတွေ့အကြုံ အမျိုးမျိုးကိုလည်း ရရှိခဲ့ပြီးပေပြီ။

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာ နိုင်ငံသည်နယ်ချဲ့ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက် ခဲ့ရကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားများသည် ရရာလက်နက်များကို စွဲကိုင်၍ နယ်ချဲ့တို့အားဆန့်ကျင် တော်လှန်တိုက်ခိုက်ခဲ့ကြသေးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ နယ်ချဲ့တို့သည်လည်း မြန်မာနိုင်ငံကို ကျွန်သက်ရှည်ကြာစေရန် ရည်ရွယ်၍ သွေးခွဲအုပ်ချုပ်ခြင်း အပါအဝင် နည်းစနစ်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြလေသည်။

မြန်မာတို့သည်သူ့ကျွန်ဘဝတွင်ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးကိုခံခဲ့ကြရသည်။ ၁၉၀၆ ခုနှစ်တွင် စစ်တွေမြို့မှ ဆရာတော်ဦးဥတ္တမသည် နယ်ချဲ့ဆန့်ကျင်ရေးတရားများ စတင်ဟောကြားခဲ့သော်လည်း မြန်မာတို့၏အမျိုးသားရေး လှုပ်ရှားမှုများမှာ ၁၉၂၀ ပြည့်နှစ်မှသာ စတင်ပေါ်ပေါက် လာခဲ့သည်။ မြန်မာတို့သည် နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းကာ မိမိတို့၏အမျိုးသားတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးတောင်းဆိုမှုကိုမူ ၁၉၂၃ ခုနှစ်မှ စတင်နိုင်ခဲ့သည်။


မြန်မာတို့သည် အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးယန္တရား အောက်တွင် လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲအမျိုး မျိုး ဆင်နွှဲသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပေါ်ပေါက်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံသည် အပြင်းထန်ဆုံးနိုင်ငံရေးတိုက်ပွဲကြီး ဖြစ်သော်လည်း လွတ်လပ်ရေးနှင့်မူ အလှမ်းဝေးမြဲဝေးခဲ့ ရသည်။

မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံရေး တိုက်ပွဲသက်သက်ဆင်နွှဲရုံနှင့် မည်သို့မျှလွတ်လပ်ရေး မရ နိုင်ကြောင်း စဉ်းစားမိလာကြသည်။ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနိုင်မှသာ နယ်ချဲ့တို့ကိုမောင်းထုတ် နိုင်မည်ဖြစ်ကြောင်းလည်း နားလည်လာကြသည်။သို့နှင့် တပ်မတော်တစ်ရပ် ဖွဲ့စည်းရန် လျှို့ဝှက်၍ စီမံစိုင်းပြင်း ကြတော့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်များနှင့်ဆက်သွယ်ကာ စစ်ပညာသင်ကြားရေး အတွက် တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ကျွန်းသို့ အသုတ်လိုက် လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။ ထို့နောက် ခက်ခဲပင်ပန်းစွာဖြင့် စစ်ပညာများကို လျှို့ဝှက်သင်ယူ ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံပါဝင် လာပြီးနောက် ရဲဘော်သုံးကျိပ်သည်လည်း ဂျပန်တပ် နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အဖွဲ့လိုက်ခွဲ၍ ရောက်ရှိလာကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အတွင်း ဘီအိုင်အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဂျပန်များ၏အကူအညီဖြင့် ဖွဲ့စည်းထူထောင်သည်။ ဘီအိုင်အေသည် လူ (၂၀၀) ကျော်ဖြင့် စတင်ဖွဲ့ခဲ့ပြီး ဂျပန်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ကာ နယ်ချဲ့တပ်များအား တိုက်ထုတ်ခဲ့သည်။

ဘီအိုင်အေသည်ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် အင်အား ၂၃၀၀၀ မှ ၅၀၀၀၀ အထိ တိုးပွားလာခဲ့သည်။ ဂျပန်များသည်လည်း ဘီအိုင်အေ အင်အားကြီးထွားမှုကို မလိုလားသဖြင့် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေကိုဖျက်သိမ်းပြီး ဘီဒီအေ (ခေါ်) ဗမာ့ ကာကွယ်ရေးတပ်မတော်ကို အင်အား (၃၀၀၀) ခန့်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ ဘီဒီအေသည် ဂျပန်တို့၏ လက်အောက်ခံ တပ်သဖွယ်သာဖြစ်သော်လည်း စနစ်တကျ ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများကြောင့် ပိုမို၍ ကျစ်လျစ် သိပ်သည်းလာသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ် ၅၀ ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က မြန်မာပြည်အား အတုအယောင်လွတ်လပ်ရေးပေးကာ ဘီဒီအေကိုလည်း ဗမာ့တပ်မတော် (ဘားမားအာမီ) ဟု အမည်ပြောင်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ထိုအချိန်မှစ၍ တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေတို့ကဲ့သို့ ဂျပန်တို့၏လက်အောက်ခံ မဟုတ်တော့ပေ။ ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်လာပြီး နိုင်ငံနှင့် လူမျိုးကို ကိုယ်စားပြုသော အမျိုးသားအသွင် သဏ္ဌာန်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် တော်လှန်ရေးကာလတွင် တပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ) ဟု အမည်ပြောင်းခဲ့သည်။ ထိုနေ့ကိုလည်း တပ်မတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့တို့သည် တပ်မတော်ကို မြန်မာနိုင်ငံနှင့်နိုင်ငံသားများအား ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အဖြစ် အသိအမှတ်မပြုလိုကြပေ။ နယ်ချဲ့တို့က ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) ဟု အသိအမှတ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာပြောက်ကျားတပ်သာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နယ်ချဲ့များသည် တိုင်းရင်းသားများ ပါဝင်သော ဘားမားအာမီကို အိန္ဒိယနိုင်ငံတွင် ကြိုတင်ဖွဲ့စည်းခဲ့ပြီး အမြဲတမ်းတပ်အဖြစ် သတ်မှတ်ထားခဲ့ကြသည်။

မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ကြသော နယ်ချဲ့တို့သည် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဘားမားအာမီဖြင့် အစားထိုးရန်ကြံစည်ခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကလက်မခံခဲ့ပေ။ သို့နှင့် နယ်ချဲ့တို့လည်းမျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးတစ်ဦးချင်းတစ်ယောက်ချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ ဘားမားအာမီတွင်လက်ခံ၍ အမှုထမ်းစေရန်အစီအစဉ်ကို လက်လျှော့လိုက်ကြရသည်။ သို့နှင့် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ချုပ်ဆိုသော ကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အခြားအဆင့် ၅၂၀၀၊ အရာရှိ ၂၀၀၊ အရန်အရာရှိ၂၀၀ ကိုအလုံးအရင်းမပျက် ဘားမား အာမီနှင့် ပူးပေါင်းခွင့်ပြုခဲ့ရသည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲ

ခဲ့ရသည်သာမကဘဲ နယ်ချဲ့ဆန့်ကျင်ရေးကဏ္ဍတွင်လည်း အမာခံအင်အားအဖြစ် ပြည်သူလူထုနှင့်လက်တွဲ၍ ရပ်တည်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ရသည်။ ၁၉၄၈–၄၉ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းမှု အဆိုးရွားဆုံးကာလတွင်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ စတင်ပေါ်ပေါက်လာသော ပြည်ပကျူးကျော်မှု အန္တရာယ်ကို ကာကွယ်ရေးကဏ္ဍတွင်လည်းကောင်း၊ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုသာမကဘဲ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင် ခဲ့ရသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရာမှ ပေါ်ပေါက်လာသော ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်မည့်အန္တရာယ်များ ကြုံတွေ့လာရသောကြောင့် တပ်မတော်သည်နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်းခဲ့ရသည်။ ၁၉၈၈ခုနှစ်တွင်ကား နိုင်ငံတော်သည် မင်းမဲ့စရိုက်နှင့် အကြမ်းဖက်မှုတို့ပြွမ်းတီးနေသော အရေးအခင်းကြီးနှင့်ကြုံတွေ့ခဲ့ရပြန်သဖြင့် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနှင့် နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်လေသည်။

သက်တမ်းနှစ် (၅၀) ပြည့်သည့်အချိန်တွင် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အဖြစ် နိုင်ငံတော်၏ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နေစဉ်ဖြစ်သည်။ တပ်မတော်ကအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၅) ဖွဲ့အထိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးချိန်ဖြစ်သည်။ ထို့ကြောင့်နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့သည် အောင်မြင်မှုများ သရဖူဆောင်းသည့် တပ်မတော်အတွက် ထူးခြားလေးနက်သောဝိသေသများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်နေလေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

တပ်မတော်သည် နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကို အောင်မြင်စွာကျင်းပနိုင်ရန် အချိန်ယူ၍ ပြင်ဆင်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဦးစီးသော နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ ကျင်းပရေးဦးစီး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို နာယူလျက်ရှိသော တပ်မတော်စစ်ကြောင်းများ





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ကလည်း ချီတက်လာကြသော တပ်မတော်သား များအား ပန်းကုံးစွပ်ကြိုဆိုလျက်

ကော်မတီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပထမအကြိမ်အစည်းအဝေးထိုင်ကာ တပ်မတော်နေ့အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စတင် စိုင်းပြင်းခဲ့သည်။ တပ်မတော်နေ့မကျရောက်မီ ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့သည်။

နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အဖွဲ့ငယ်များ အသီးသီးဖွဲ့စည်းကာ တာဝန်ရှိသူများက နှစ် (၅၀) ပြည့်ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီးအတွက်ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က တာဝန်ယူ ဆောင်ရွက်သည်။ စာပေ၊ ကဗျာ၊ အနုပညာပြိုင်ပွဲများ ကျင်းပရေး၊ စစ်တီးဝိုင်းပြိုင်ပွဲများကျင်းပရေး၊ ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ရုပ်မြင်သံကြား ပဟေဠိပြိုင်ပွဲကျင်းပရေး၊ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများ ကျင်းပရေးစသည်တို့ ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြင်ဆင်ခဲ့ကြသည်။

## စစ်ရေးပြအခမ်းအနား

၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ရောက်ရှိလာသောအခါ ကြိုတင်အချိန်ယူ၍ လေ့ကျင့်ထားသော တပ်မတော်စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံသို့ စစ်ချီသီချင်းများဟစ်ကြွေးကာချီတက်လာကြသည်။ ပြည်သူလူထုကလည်း ဦးဝိစာရလမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြကြိုဆိုကာ ပန်းကုံးများစွပ်၍ဩဘာပေးကြသည်။ စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံအတွင်းနေရာယူပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စောင့်ဆိုင်းနေကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နံနက် ၇ နာရီခွဲတွင်ရောက်ရှိလာပြီး စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကိုခံယူသည်။ ထို့နောက် နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ မိန့်ခွန်းကို ပြောကြားလေသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုသာမကဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ် အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ခေါင်းဆောင်ဖြစ်လေသည်။ ထို့ကြောင့်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မိန့်ခွန်းကို မြွက်ကြားခဲ့လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

ဗိုလ်ချုပ်မှူးကြီးသည် နိုင်ငံတော်၏ မျက်မှောက်ခေတ် သမိုင်းနှင့်ဒွန်တွဲလျက်ရှိသော တပ်မတော်၏ သမိုင်းကြောင်းကို ရှင်းပြပြီး တပ်မတော်သားတို့အတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဦးတည်ချက်များကို ရှင်းပြခဲ့ရာ အောက်ပါအတိုင်း ဖြစ်သည်-

**နိုင်ငံရေးကဏ္ဍ**

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး၊

၂။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

၃။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

၄။ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးကဏ္ဍ**

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

၃။ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၄။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးကဏ္ဍ**

၁။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

၂။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

၄။ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးသည် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့လေသည်။ စစ်ကြောင်းကြီးများ



**ဗိုလ်ချုပ်ကြီးမောင်အေးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်သည့် အစီအစဉ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**





ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသော ဧည့်သည်တော်များ



## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့



နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရိုးမြှင့်ပွဲ ကျင်းပရာ အမျိုးသားစာတိုက်ရုံ

တော်လှန်ရေးပန်းခြံမှ အသီးသီးထွက်ခွာသွား ကြပြီးနောက် လာရောက်ကြည့်ရှုသူ လူထုပရိသတ်ကြီးသည်လည်း လူစုခွဲသွားကြသည်။

### မြဝတီရုပ်မြင်သံကြားနှင့် ဆုပေးပွဲ

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများနှင့်အတူ မှော်ဘီသို့ ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီအချိန်တွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်ကို စတင်ဖွင့်လှစ်ပေးလိုက်သည်။ ထိုနေ့မှစ၍ မြဝတီရုပ်မြင်သံကြား အစီအစဉ်သည် ပြည်သူလူထုအတွက် ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ပညာပေးရေး အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့် ပေးသွားလေသည်။

ထိုအချိန်မှာပင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည်လည်း စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ကြောင်းများ၊ စစ်တီးဝိုင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ နေ့လယ်တွင် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရသူများကို အမျိုးသားကဇာတ်ရုံ၌ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပြန်သည်။


နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီးမှာ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်သည်။ ထိုအခမ်းအနားကြီးကျင်းပပုံအပြည့်အစုံအား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ၍ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။ နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်မဂ္ဂဇင်းစာအုပ်ကြီးကိုလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။

### နိဂုံး

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီး ပြီးဆုံးသွားသော်လည်း တပ်မတော်၏ တာဝန်များမှာ မပြီးဆုံးသေးပေ။ တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကချမှတ်ထားသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအား ပြည်သူလူထုနှင့် အတူအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတာဝန်တို့ကို ဆောင်ရွက်သွားမည်မှာ သေချာနေကြောင်း တင်ပြရပေသည်။

**တင်သန်းဦး**







# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

## သမိုင်းကြောင်း


"ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်" သည် ယခင်ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ ကို ၁၉၉၁ ခုနှစ်မှအစပြု၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ထားသည့် တက္ကသိုလ် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးနွယ် စုပေါင်း (၁၃၅)မျိုးခန့်မှီတင်း နေထိုင်လျက် ရှိသော ပြည်ထောင်စုတိုင်းပြည်တစ်ပြည်ဖြစ်သော်လည်း လွတ်လပ်ရေး ရရှိပြီး ၁၆ နှစ်တိုင် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးမှုအတွက် အလေးအနက် အစီအစဉ်များ မပြုလုပ်ခဲ့ကြပေ။ နိုင်ငံတော်ကိုတော်လှန်ရေးကောင်စီက တာဝန်ယူပြီး နောက်တစ်နှစ်အတွင်း ၁၉၆၃ ခုနှစ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်ကျင်းပသည့် (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ၁၉၆၄ ခုနှစ်မန္တလေးမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် ပြည်ထောင်စုနေ့အ ခမ်းအနားများတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးရေးနှင့်ညီညွတ်ရေးကို အစွမ်းကုန်ကြိုးပမ်း သွား ကြရန် မိန့်ကြားခဲ့ပြီ :" တိုင်းရင်းသား လူမျိုးများ၏အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့်ခံယူချက်" ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမြင်နှင့် ခံယူချက်ကို အကောင်အထည်ဖော်သည့် အနေနှင့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့် တော်လှန်ရေးကောင်စီ၏ (၆၅) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် " ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ" ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသိပ္ပံကို ဦးစွာပထမ စစ်ကိုင်းမြို့ ကြေးဘုရားကြီး

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အထူးမူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ် (၅) နှင့် (၆)မှ သင်တန်းသား သင်တန်းသူများက ဂါရဝပြုနေစဉ်**



## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်



ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး
တက္ကသိုလ် မုခ်ဦး

လမ်း ရှိ စစ်ကိုင်းတိုင်း ပညာဝန်နေအိမ် အဆောက်အအုံ၌ ဖွင့်လှစ် ခဲ့သည်။ ထို့နောက်စစ်ကိုင်းမြို့မှ (၂၃) မိုင်ခန့်ကွာဝေးပြီး ရောဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသော ရှေးအခါက ဓမ္မဝတီမြို့ဟု သမိုင်းတွင်သည့် ရွာသစ်ကြီး ကျေးရွာ အနီးတွင် နေရာရွေးချယ်ခဲ့သည်။ မြေဧက ၂၂၉.၁၃ ခန့် ကျယ်သည့် လက်ရှိနေရာတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပြီး " ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ "ကို ၁၉၆၈ ခုနှစ်၊ သြဂုတ်လ (၁၄) ရက်နေ့ တွင် ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းအမှတ်စဉ် (၁) ကို ၂၀-၁၀-၆၄ နေ့တွင် စတင် ဖွင့်လှစ်ပြီး နှစ်တို (တစ်နှစ်) သင်တန်းသားများသည် ၁၃-၁၁-၆၅ တွင် သင်တန်းဆင်းကြပြီး နှစ်ရှည် (နှစ်နှစ်ခွဲ) သင်တန်းသားများသည် ၃၁-၅-၆၇ တွင်သင်တန်း ဆင်းသည်။ သင်တန်း အမှတ်စဉ် (၂) ကို ၂-၁၁-၆၇ တွင် စတင်၍ သုံးနှစ် ကျော်မျှ သင်တန်းတက်ရောက်ပြီး ၁၉-၃-၇၁ တွင် သင်တန်း ဆင်းကြသည်။ သင်တန်းအမှတ်စဉ် (၃) မှအစပြု၍ပုံမှန် (၄) နှစ် သင်တန်းဖြစ်သွားကာနှစ်စဉ်ဇွန်လ (၁) ရက်နေ့တွင် ကျောင်းဖွင့်ပြီး ဧပြီ၊ မေလများမှာ နွေရာသီကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ချိန်မှ ၁၉၇၅ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမှ တာဝန်ယူ ဦးဆောင်လမ်းညွှန်မှုပေးခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ သြဂုတ်လ ၁၅ ရက်နေ့မှစ၍ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်နှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်လမ်းညွှန်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကြီးကြပ် ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်း ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် အနီးကပ် ကြီးကြပ်မှု ကော်မတီကို လမ်းစဉ်ပါတီ၊ ဒေသပါတီ ကော်မတီဥက္ကဋ္ဌ (စစ်ကိုင်း)အား ဥက္ကဋ္ဌအဖြစ် ထားရှိကာ ပြန်လည်ဖွဲ့စည်း ပေးခဲ့သည်။ နောင်အခါတွင် အနီးကပ်ကြီးကြပ်မှုကော်မတီကို ဗဟိုစီမံခန့်ခွဲရေးကော်မတီဟု အမည်ပြောင်း ခေါ်ခဲ့ပါသည်။ စီမံခန့်ခွဲရေးကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက် သွားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်လာပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၄

ရက်နေ့ တွင်ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး ၈/၈၈ ဆုံးဖြတ်ချက် (၆) (ဂ) အရ ၁၉၈၈ ခုနှစ်၊နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး ရေးသိပ္ပံ ကွပ်ကဲမှုတာဝန် ဝတ္တရားများကိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ လွှဲပြောင်း ပေးခဲ့ပါသည်။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၏ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် (၁၀)ဦးပါဝင်သောလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွံ့ဖြိုးရေး သိပ္ပံ၏ လေ့ကျင့်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သောအကြံဉာဏ်များကူညီပံ့ပိုးမှုများ၊ လမ်းညွှန်မှုများ အလျင်အမြန်ရရှိနိုင်စေရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဥက္ကဋ္ဌ ပါဝင်သောပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အနီးကပ် ကြီးကြပ်မှု အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ် ခဲ့ပါသည်။

အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၈နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ထိုစဉ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေက နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းအပေါ် ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအားတက္ကသိုလ်အဆင့်သို့ တိုးမြှင့်၍ မူလတန်းပြအဆင့်၊ အလယ်တန်းပြအဆင့်နှင့် အထက်တန်းပြအဆင့် ဆရာ–ဆရာမများ လေ့ကျင် သင်ကြားပေးရန် နှင့် ယင်းလုပ်ငန်းစဉ်ကို ၁၉၉၁–၉၂ ပညာ သင် နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည်။


၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂)ဦးဆောင်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာအဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၊အစိုးရအဖွဲ့ရုံး၊ ပညာရေးဌာနအသီးသီးရှိရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာအရာရှိကြီးများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပ၍ (က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အက်ဥပဒေမူကြမ်းရေးဆွဲရန်၊ (ခ)တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့နှင့်ပညာရေးအဖွဲ့တို့ကို ညှိနှိုင်း ဆွေးနွေးချက်များအရ ပြင်ဆင်ဖွဲ့စည်းရန်၊ (ဂ) တက္ကသိုလ် ဖွဲ့စည်းပုံမူကြမ်းအသစ်ရေးဆွဲရန်တို့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား တာဝန် ပေးခဲ့ပါသည်။

အထက်ပါ တာဝန်ပေးချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့်အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် အက်ဥပဒေ(မူကြမ်း)၊ ဖွဲ့စည်းပုံမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ မူကြမ်းများကို ဥပဒေနှင့် ညီညွတ်မှု ရှိ–မရှိ နိုင်ငံတော်ရှေ့နေချုပ်နှင့် ညှိနှိုင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက် ရရှိခဲ့ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဥပဒေအမှတ် ၉/၉၁ ဖြင့်"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေ "ကို ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဆက်လက်ပြီးအောက်ပါအဖွဲ့ဝင်များ ပါဝင်သော တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းပေးသည်။

**တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီ**

| | | |
|---|---|---|
| ၁။ | တိုင်းမှူး<br>(အနောက်မြောက်တိုင်းစစ်ဌာနချုပ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သိန်း<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | ဒု–ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးဆွေ<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | အဖွဲ့ဝင် |



စာသင်ခန်းအတွင်း ဤသို့ စိတ်ဝင်တစား သင်ကြားရုံမျှမက

အနုပညာဘက်တွင်လည်း မလစ်ဟင်းရပေ



| | | |
|---|---|---|
| ၄။ | ဒုတိယ ဥက္ကဋ္ဌ<br>( စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ) | ။ |
| ၅။ | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး | ။ |
| ၇။ | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | ။ |
| ၈။ | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | ။ |
| ၉။ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး | ။ |
| ၁၀။ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ။ |
| ၁၁။ | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလုပ်သားဦးစီးဌာန | ။ |
| ၁၂။ | ညွှန်ကြားရေးမှူးချုပ်<br>စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာန | ။ |
| ၁၃။ | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | ။ |
| ၁၄။ | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ် | ။ |
| ၁၅။ | ပါမောက္ခချုပ်<br>ပညာရေးတက္ကသိုလ် (ရန်ကုန်) | ။ |
| ၁၆။ | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် | ။ |
| ၁၇။ | တိုင်းမှူးကရွေးချယ်ပေးသော ပညာရေး နှင့် ဆက်နွယ်သည့်နိုင်ငံသားများ–<br>(အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ) | ။ |
| ၁၈။ | ဒု–ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် | အတွင်းရေးမှူး |
| ၁၉။ | ဌာနမှူး (စီမံ)<br>ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် | တွဲဖက် အတွင်းရေးမှူး |

ထိုအဖွဲ့ဝင်များအပြင် နောက်ထပ်ဆက်လက်၍ ပါမောက္ခချုပ်(အဝေးသင်တက္ကသိုလ်)ကို ဖြည့်စွက် ထည့်သွင်းပေးထားသည်။

## ရည်မှန်းချက်များ

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက်ပညာ ရှာမှီး ကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှု ရှိ စေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်း သိမ်း ရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေးအဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး ရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင် နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူ ပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့်ကိုယ်ကျင့် တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်း များ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ် ရှင်သန် ပွားများစေရန်။

## သင်တန်းများ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြ သင်တန်းများ ပို့ချသင်ကြားလျက် ရှိပါသည်။

(၁) မဟာပညာရေးဘွဲ့
(၂) မဟာဒဿန(ပညာရေး)ဘွဲ့
(၃) ပညာရေးဘွဲ့
(၄) အလယ်တန်းဆရာအတတ်သင်တစ်နှစ် သင်တန်း
(၅) မူလတန်းဆရာအတတ်သင်ပုံမှန်(၄)နှစ်သင်တန်း
(၆) အထူးမူလတန်းဆရာအတတ်သင် သင်တန်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်အညီဘွဲ့၊ ဘွဲ့လွန်သင်တန်းများထားရှိသော်လည်း ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၏ ရည်မှန်းချက်(၇) ချက်နှင့် အညီ အောင်မြင်အောင်ဆောင်ရွက်ရာတွင် မူလတန်းဆရာ အတတ်သင်ပုံမှန် (၄) နှစ်သင်တန်းသည်အဓိက သင်တန်းဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို အစွန့်ရှည်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်မှာ ပြည်ထောင်စု စိတ်ဓာတ်ထာဝစဉ် ရှင်သန် ထက်မြက်နေဖို့ လိုအပ်လှပါသည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်းနိုင်ရန် အတွက်ပုံမှန်(၄) နှစ်သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် များ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးအရောင် အသွေးကင်းစင်သော ပညာရေးဝန်ထမ်းကောင်းများသာမက ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဖြစ်ကိုပါ လေ့ကျင့်ပြုစုပျိုးထောင်ပေးပါသည်။ ထိုသို့ ပြုစုပျိုးထောင် ပေး ရာတွင် အခြေခံပညာအထက်တန်း စာပေဘာသာရပ်များအပြင် ပညာရေးဘာသာရပ်များ၊ ဖွံ့ဖြိုးမှုဘာသာရပ်နှင့် အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးသည်။

ပုံမှန် (၄) နှစ်သင်တန်းဆင်းများ၏ အရည်အချင်းကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည် -

(၁) အခြေခံပညာအထက်တန်းအောင်မြင်ပြီးဟု သတ်မှတ်ခြင်း၊
(၂) မူလတန်းဆရာဖြစ် လက်မှတ်ရပြီးဟု သတ်မှတ်ခြင်း၊
(၃) ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဆင့် အောင်မြင်သည်ဟု သတ်မှတ်ခြင်း။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ မူလတန်းဆရာအတတ်သင် ပုံမှန် (၄) နှစ်သင်တန်းကို ပြည်နယ်နှင့်တိုင်းများ၏ လိုအပ်ချက်အရ သင်တန်းသား၊ သင်တန်းသူအရေအတွက် သတ်မှတ်ထားရှိပြီး ရွေးချယ်ရေးအဖွဲ့ အဆင့် ၃ ဆင့်ဖြင့် ရွေးချယ်ပါသည်။ မြို့နယ် သင်တန်းသားရွေးချယ်ရေးကော်မတီ၊ ပြည်နယ်/တိုင်း သင်တန်းသားရွေးချယ်ရေးကော်မတီနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီတို့ဖြစ်ပါသည်။ သင်တန်းသားအရည်အချင်း မှာဒေသခံတိုင်းရင်းသားဖြစ်ပြီး အသက်(၁၄)နှစ်မှ(၂၀)နှစ် အတွင်းရှိ အ၄မတန်းအောင်မြင်သူများဖြစ်၍ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် ပုံမှန်(၄)နှစ် သင်တန်းသား၊ သင်တန်းသူများသည် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူရင်း အောက်ပါအဓိဋ္ဌာန်(၅)ချက်ကို နေ့စဉ်နံနက် ( ၅:၃၀ ) နာရီ အလံတင်ချိန်တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကြရပါသည် -

(၁) ကျွန်ုပ်တို့သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၂) ကျွန်ုပ်တို့သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၃) ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၄) ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူ ပီပီ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိပါမည်။
(၅) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟုအဓိဋ္ဌာန်ပြုပါ၏။

အားကစားပြိုင်ပွဲများတွင် ဤသို့ ပါဝင်လှုပ်ရှားကြပြီး



အလယ်တန်းဆရာအတတ်သင်သင်တန်း၊ ပညာရေးဘွဲ့သင်တန်းတို့မှာ ယခင်ပုံမှန်(၄)နှစ်သင်တန်း အောင်မြင်ပြီးသည့် ဖွံ့ဖြိုးရေးသိပ္ပံနှင့်တက္ကသိုလ်ဆင်း မူလတန်းဆရာ၊ ဆရာမများ အရည်အချင်း တိုးမြှင့်ရေးအတွက် ဖွင့်လှစ်ပေးသော သင်တန်းများ ဖြစ်ပါသည်။

မဟာဒသန(ပညာရေး)ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်းတို့မှာ ဤတက္ကသိုလ်မှ နည်းပြအဆင့်ရှိ ဆရာ၊ ဆရာမများနှင့်အခြားသင့်တော်သူများ အရည်အချင်းမြှင့်တင်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများ ဖြစ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းတက်ရောက် သင်ကြားပြီးသော ပညာရေးဘွဲ့ ဆင်မြန်းမည့် သင်တန်းသား၊ သင်တန်းသူများသည် ဘွဲ့မယူမီ အောက်ပါကတိ သစ္စာကို ပြုကြရပါသည်–

**သစ္စာအဓိဋ္ဌာန်**

(၁) အကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(၂) အကျွန်ုပ်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) အကျွန်ုပ်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၄) အကျွန်ုပ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိအောင်မြဲမြံစွာ ထိန်းသိမ်းလျက်ဆရာတို့၏ ဂုဏ်သိက္ခာ ကို အစွမ်းကုန်မြှင့်တင်ပါမည်။

(၅) အကျွန်ုပ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပါမည်။

(၆) အကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၇) ယခုကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား။



စုပေါင်းစိုက်ပျိုးခင်းတွင်လည်း တပျော်တပါး ပါဝင်လှုပ်ဆောင်ကြသည်

## သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ်များ

**ပုံမှန် ( ၄ ) နှစ် သင်တန်း**

(က) **ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်သင်တန်းများတွင် ပို့ချသည့်ဘာသာရပ်များ–**

( ၁ ) ပင်ရင်းမြန်မာစာ
( ၂ ) စိတ်ကြိုက်မြန်မာစာ
( ၃ ) ပထဝီဝင်
( ၄ ) သမိုင်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တ ပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်း မှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက

( ခ ) ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် အထက်ပါ ဘာသာရပ်များအပြင် တိုင်းရင်း ဘာသာကို ပို့ချပါသည်။

( ဂ ) ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် ရိုးရာဓလေ့ထုံးစံနှင့် ကျန်းမာရေးဘာသာရပ်များ ကိုလည်း ပို့ချပေးပါသည်။

(ဃ) စတုတ္ထနှစ်သင်တန်းတွင် အောက်ပါဘာသာရပ်များကို ပို့ချသည် –

( ၁ ) မြန်မာစာသင်ပြနည်း
( ၂ ) သင်္ချာသင်ပြနည်း
( ၃ ) ပထဝီဝင်သင်ကြားနည်း
( ၄ ) သမိုင်းသင်ပြနည်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်းမှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက
(၁၄) ပညာရေးစီမံခန့်ခွဲမှု
(၁၅) ပညာရေးသဘောတရား

**မှတ်ချက်။** စတုတ္ထနှစ်သင်တန်းတွင်သင်ပြရမည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အချက်များသာမက သင်ပြနည်း၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသဘောတရား ဘာသာရပ်များကိုပါ သင်ကြားပို့ချပေးပါသည်။

**အထူးမူလတန်း ဆရာအတတ်သင် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) မြန်မာစာ
( ခ ) မြန်မာစာသင်ကြားနည်း
( ဂ ) သင်္ချာ
(ဃ) ပထဝီဝင်
( င ) သမိုင်း
( စ ) ပညာရေးသဘောတရား၊ ပညာရေးစီမံခန့်ခွဲမှု
(ဆ) ကာယပညာ
( ဇ ) စိုက်ပျိုးရေး
( ဈ ) ပန်းချီအနုပညာ
( ည) ဂီတအနုပညာ
( ဋ ) စက်မှုလက်မှု
( ဌ ) အိမ်တွင်းမှုသိပ္ပံ

**အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း တွင် ပို့ချသည့်ဘာသာရပ်များ –**

(က) မြန်မာစာ
( ခ ) သင်္ချာ
( ဂ ) ပထဝီဝင်
(ဃ) သမိုင်း
( င ) အထွေထွေသိပ္ပံသင်ပြနည်း
( စ ) ပညာရေးစီမံခန့်ခွဲမှု
(ဆ) ပညာရေးသဘောတရား

**ပညာရေးဘွဲ့သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) ပညာရေးစိတ်ပညာ
( ခ ) ပညာရေးစီမံခန့်ခွဲမှု

(ဂ) ပညာရေးသဘောတရား
(ဃ) မြန်မာစာ
(င) မြန်မာစာသင်ပြနည်း
(စ) ပထဝီဝင်
(ဆ) ပထဝီဝင်သင်ပြနည်း
(ဇ) သမိုင်းနှင့် သမိုင်းသင်ပြနည်း
(ဈ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ

## ပညာသင်ကြားခဲ့သော တိုင်းရင်းသား လူမျိုးနွယ်စုများ

သင်ကြားခဲ့သော လူမျိုးနွယ်စုပေါင်း (၇၂)မျိုး ရှိခဲ့ပါသည်။ ထိုမျိုးနွယ်စုများမှာ ဂျိန်းဖော၊ လီဆူ/လီရှော၊ လော်ဂေါ်/မရူ၊ လာချစ်/လရှီ၊ ဇိုင်ဝါး/အဇီး၊ ရဝမ်၊ ကယား၊ ပရဲ/တယော၊ ပဒေါင်/တယန်း၊ ယင်းဘော်/ကငန်၊ ယင်းတလဲ၊ မနုမနော၊ ဂေခို၊ ဂေဘား၊ စကော ကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ဘန်းကရင်၊ ပကူးကရင်၊ ချင်း၊ တီးတိန်ချင်း၊ မတူချင်း၊ ခေါင်ဆိုင်/ကူကီး/ထဒို၊ ခမီးချင်း၊ အရှိချင်း၊ ယင်ဒူး(ဒိုင်)၊ အူးပူးချင်း၊ မွင်းချင်း၊ ဇိုထုန်ချင်း၊ ချင်းပုံ၊ ဆီယင်၊ လူရှေ(ကလင်ကော့)၊ လောက်တူ၊ မကန်းချင်း၊ မွန်၊ ဗမာ၊ တောင်သား၊ ဂဒူး၊ ကဏန်း၊ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ ရှမ်း၊ မောရှမ်း၊ ဂုံရှမ်း၊ ပလောင်၊ ရှမ်းတရုတ်၊ ခန္တီးရှမ်း၊ လီရှမ်း၊ လီရှော၊ လားဟူ၊ ကော်/အာခါ၊ ဝ/လွယ်လ၊ ပအိုဝ်း၊ ခနု၊ အင်းသား၊ တောင်ရိုး၊ ကိုးကန့်၊ နာဂ၊ ပါရာနာဂ၊ ဟိုင်းမြေနာဂ၊ ပင့်ကူးနာဂ၊ တန်ဂွန်နာဂ၊ ဆွမ်မရာနာဂ၊ ပုံညိုနာဂ၊ ဆာရာနာဂ၊ မကူရီနာဂ၊ နောက်အွန်နာဂ၊ မခွာလယ်နာဂ၊ ပသျှူး၊ ဆလုံ မျိုးနွယ်စုတို့ ဖြစ်ကြပါသည်။

## နိဂုံး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ဆောင်ပုဒ်မှာ "စည်းလုံးခြင်းသည်အင်အား" ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် –

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူပြု သင်ကြားလေ့ကျင့်ပေးနေသော နိုင်ငံတော်၏ တစ်ခုတည်းသော တိုင်းရင်းသားလူမျိုးများ တက္ကသိုလ်ဖြစ်သည်။

(၂) ဒို့တာဝန်အရေးသုံးပါကို ဦးထိပ်ထားလျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့် ပါတီ နိုင်ငံရေးကင်းစင်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးသည့် တက္ကသိုလ် လည်း ဖြစ်ပါသည်။

(၃) နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက် နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့်တက္ကသိုလ် လည်း ဖြစ်ပါသည်။


(၄) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတန်းပြ ဆရာအတတ်သင် သင်တန်း၊ အလယ်တန်းပြ ဆရာအတတ်သင် သင်တန်းနှင့် ပညာရေးဘွဲ့ သင်တန်းများကို တက္ကသိုလ်တစ်ခုတည်းမှ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့် မွေးထုတ် ပေးနေသည့် ပညာရေးတက္ကသိုလ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ချိန်မှ ၁၉၉၄–၉၅ ပညာသင်နှစ်အထိ မူလတန်းဆရာ အတတ်သင် ပုံမှန် (၄)နှစ်သင်တန်း ဆင်းပြီးသူ မူလတန်းပြဆရာ (၄,၅၆၉) ဦး ရှိပြီး ၎င်းတို့အနက်မှ အလယ်တန်းဆရာ အတတ်သင် သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူ (၂၀၀) ဦး ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လိုအပ်ချက်အရ အထူးမူလတန်း ဆရာ အတတ်သင် သင်တန်းမှ သင်တန်းဆင်းပြီးသူ (၃၀၁) ဦး ရှိပါသည်။ ပညာရေးဘွဲ့ရပြီးသူ (၁၁၆) ဦးရှိပါသည်။ တက္ကသိုလ်ဆရာ၊ ဆရာမများထဲမှ (၆) ဦးကို ဤတက္ကသိုလ်မှ မဟာဒသန (ပညာရေး) ဘွဲ့ အပ်နှင်းပြီးဖြစ်သည်။

**ဝန်ထမ်းတစ်ဦး**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**





1920









# ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်၍ စိန်ရတုသဘင် အခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ အမှုထမ်းအရာထမ်းများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများပါ ဂုဏ်ယူဝမ်းမြောက်လျက် ရှိနေကြသည်။

ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အဆင့်မြင့် ပညာဦးစီးဌာန၊ တက္ကသိုလ်များဗဟိုကောင်စီခန်းမ၌ ပြုလုပ်ကျင်းပပါသည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဤသို့မိန့်ခွန်းပြောကြားရာတွင် "ရန်ကုန်တက္ကသိုလ်မှာ အိမ်နီးချင်းနိုင်ငံများ၏ တက္ကသိုလ်များထက် ခေတ်ရှေ့ပြေးပြီး သမိုင်းကြောင်းအရ ပေါ်ထွန်းလာသော တက္ကသိုလ်ကြီးဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များနှင့် ဆီလျော်ကိုက်ညီပြီး ထည်ဝါခမ်းနားစွာ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုကြောင်း" စသည်ဖြင့် မိန့်ကြားပြီး ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်အတွက် ချမှတ်ထားသော ဦးတည်ချက်များ ၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများကို အတည်ပြုပေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်၏ ဦးတည်ချက်များ

(၁) တက္ကသိုလ်၏ဂုဏ်သိက္ခာ ဆက်လက်မြင့်တင်ထိန်းသိမ်းရေး၊

(၂) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ထိန်းသိမ်းဖော်ညွှန်းသည့် ပညာရေးစနစ်တိုးတက် ဖော်ဆောင်ရေး၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပညာရေးစနစ် ဖော်ဆောင်ဖြစ်ထွန်းရေး၊

(၄) နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ဆက်လက်ဖော်ဆောင်မြှင့်တင်ရေး၊

(၅) ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ထက်မြက်ထူးချွန်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေး၊

## လုပ်ငန်းကော်မတီများ

ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃)ခုရှိပြီး လုပ်ငန်းကော်မတီများက ဆပ်ကော်မတီ(၃၆)ခုကို ထပ်မံဖွဲ့စည်းပါသည်။ ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃) ခုမှာ –

၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီ၊

၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ၊

၃။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊

၅။ ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၆။ ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၇။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊

၈။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊




ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ဥပဒေကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ မိတ်ဆုံညစာစားပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားတွင် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ခွန်းပြောကြားစဉ်

၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

၁၀။ အားကစားပြိုင်ပွဲများကျင်းပရေး လုပ်ငန်းကော်မတီ၊

၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ၊

၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်းကော်မတီ၊

၁၃။ ကျန်းမာရေးလုပ်ငန်းကော်မတီတို့ ဖြစ်ကြပါသည်။

## ၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ တက္ကသိုလ်များ သမိုင်းသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်နီနီမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဦးသော်ကောင်း ဖြစ်သည်။

ဤလုပ်ငန်း ကော်မတီက ဆပ်ကော်မတီ (၅) ခုကို ဖွဲ့စည်းပါသည်။ ထိုဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် သမိုင်းပြုစုရေးအဖွဲ့၊

၂။ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ်စာစောင် ပြုစုထုတ်ဝေရေးအဖွဲ့၊

၃။ စာမူစိစစ် တည်းဖြတ်ရေးအဖွဲ့၊

၄။ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့၊

၅။ အထောက်အထား စုဆောင်းရေးအဖွဲ့

တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများသည် မိမိတို့လုပ်ငန်းတာဝန်များကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ တက်ကြွစွာဆောင်ရွက်ခဲ့ရာ၊ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စာအုပ်များရေးသားပြုစု ပုံနှိပ် ပြီးစီးပြီး၊ စိန်ရတုသဘင်အခမ်းအနားတွင် –

၁။ ရန်ကုန်တက္ကသိုလ်သမိုင်း၊ (၁၉၂၀–၁၉၉၅)၊

၂။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်စာစောင်၊ အပိုင်း(၁)၊

၃။ တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)

တို့ကို ထုတ်ဝေရောင်းချနိုင်ခဲ့ပါသည်။ "ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀– ၁၉၉၅) စာအုပ်"တွင် အခန်းပေါင်း (၈)

ခန်း ပါဝင်ပြီး၊ အမိရန်ကုန်တက္ကသိုလ်၏ သင်ကြားရေး၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၏ အမျိုးသား လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှု၊ တက္ကသိုလ်အသင်း အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှု၊ တက္ကသိုလ်ပညာရေး စနစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ပုံတို့ကို တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့ချိန်မှ စိန်ရတုသဘင် ကျင်းပသည့် ၁၉၉၅ခုနှစ်၊ဒီဇင်ဘာလအထိ ရေးသားပြုစုတင်ပြထားသည်။

"ရန်ကုန်တက္ကသိုလ် စိန်ရတု အထိမ်းအမှတ်စာစောင်၊ အပိုင်း (၁)" မှာ ရန်ကုန်တက္ကသိုလ်ဆရာကြီး ဆရာမကြီးများ၊ ကဗျာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ ရေးသားဖွဲ့ဆိုထားကြသောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပေါင်း (၆၃) ပုဒ် ပါဝင်သည်။ မြန်မာစာမူမှာ (၅၇) ပုဒ်ဖြစ်ပြီး အင်္ဂလိပ်စာမူမှာ (၆) ပုဒ်ဖြစ်သည်။ စာမူများမှာ တက္ကသိုလ်ပညာရေး၊ တက္ကသိုလ်ဘဝ၊ တက္ကသိုလ်ဝန်းကျင်၌ တွေ့မြင်ခံစားရသော လွမ်းဆွတ် တသဖွယ်၊ လေးစားဂုဏ်ယူမှတ်သားဖွယ် အဖြစ်အပျက် အကြောင်းအရာများကို ရေးဖွဲ့ထားသော သုတရသစာများ ဖြစ်ကြသည်။

"တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)" မှာ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်စာစောင်အဖြစ် တက္ကသိုလ်များ သမိုင်း သုတေသနဌာနက ထုတ်ဝေခြင်းဖြစ်သည်။

## ၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများ ပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းမောင်ဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တက္ကသိုလ် (သင်တန်းရေးရာ) ဌာနမှူး ဦးမင်းဦးဖြစ်သည်။


ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းပြီး၊ ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ လှုပ်ရှားဆောင်ရွက်ပါသည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ –

၁။ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

၂။ နည်းပညာဘာသာရပ်ဆိုင်ရာစာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

၃။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးဆိုင်ရာပညာပေး စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

**ဥပဒေမိတ်ဆုံစားပွဲသို့ လာရောက်သော အတွင်းရေးမှူး( ၁ )အား ပါမောက္ခနှင့် ဆရာ ဆရာမများက ကြိုဆိုနေကြစဉ်**





သီရိဆောင် မယ်သစ်လွင်ကြိုဆိုပွဲတွင် သီရိအလှဘုရင်မရသူအား ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆုများချီးမြှင့်ခဲ့

၄။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ ပညာပေး စာတမ်းများ ပြုစုရေးဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ်ဌာန (၁၉) ခုက ဘာသာရပ်တိုးတက်မှုစာတမ်း (၁၉) စောင်ကို ရေးသားပြုစုပြီး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက တိုးတက်မှုမှတ်တမ်း (၁၉) စောင်ကို ရေးသားပြုစုကြသည်။

"ရန်ကုန်တက္ကသိုလ် ဘာသာရပ်တိုးတက်မှု စာတမ်း" နှင့် "တက္ကသိုလ် ကောလိပ်တိုးတက်မှုမှတ်တမ်း" နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ သည်။

## ၃။ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန် ပညာရေး တက္ကသိုလ်ပါမောက္ခချုပ် ဦးဟန်တင်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေး စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာ သိန်းလွင် ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လမှစ၍ စာတမ်းများ ဖတ်ကြားခြင်းနှင့် ဟောပြောပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲနှင့်ဟောပြောပွဲ ကျင်းပရေး လုပ်ငန်း ဆပ်ကော်မတီ၊

၂။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲအစီအစဉ်များနှင့်သုတေသနစာတမ်းများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ညှိနှိုင်းရေးဆပ်ကော်မတီ၊

၃။ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ရေး လုပ်ငန်းဆပ်ကော်မတီ၊

၄။ သတင်းထုတ်ပြန်ရေးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြော ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ဆောင်ချက် မှတ်တမ်းများထုတ်လွှင့်ရေးလုပ်ငန်း ဆပ်ကော်မတီ၊

၅။ မှတ်တမ်း အထောက်အထားများ ရှာဖွေစုဆောင်းပြုစုရေး လုပ်ငန်းဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ (၃) ရက်၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ (၃) ရက် ပေါင်း (၆) ရက်တိတိ သုတေသန စာတမ်းဖတ်ပွဲ များကို ပြုလုပ်ကျင်းပခဲ့သည်။

အထူးပုဂ္ဂိုလ်ကြီးများ၏ ဟောပြောပွဲများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းဆောင် အထူးအစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသောပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့ လာရောက်၍ ဟောပြောကြပါသည်။ ထိုပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့၏ ဟောပြောပွဲ၌ သဘာပတိများအဖြစ် ပါမောက္ခချုပ်များက ဆောင်ရွက်ပေးကြသည်။

## ၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာန ပါမောက္ခဒေါက်တာသိန်းလှိုင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ ၅ ခုကို ဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လုပ်ငန်းတာဝန် များကို စတင်ဆောင်ရွက်ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားတွင် ပူဇော်မည့်သက်ကြီးပုဂ္ဂိုလ်များကို စာရင်းပြုစုကြသည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အသက် ၇၅ နှစ်ပြည့်ပြီးသူများကို ဆက်သွယ်၍ စာရင်းပြုစုရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## ၅။ ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်စက်မှု တက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ်ဌာနမှူး (စိမံ) ဦးစိန်ငွေ ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပါသည်။ ထို ဆပ်ကော်မတီများမှာ –

၁။ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဆပ်ကော်မတီ၊
၂။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲ ဆပ်ကော်မတီ၊
၃။ ဗဟိုပြပွဲ ဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

စာပေပြိုင်ပွဲ ဆပ်ကော်မတီသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နှင့် ၁၆ ရက်နေ့များတွင် ကဗျာတို၊ ကဗျာရှည် စာစီစာကုံးနှင့် ဝတ္ထုတိုပြိုင်ပွဲကို တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် စာမေးပွဲစည်းကမ်းနှင့်အညီ ကြီးကြပ်ပြီး တစ်ပြိုင်တည်းကျင်းပခဲ့သည်။ ယှဉ်ပြိုင်သူ ဦးရေမှာ ကဗျာတို ၅၂၅ ဦး၊ ကဗျာရှည် ၂၁၃ ဦး၊ စာစီစာကုံး ၆၁၇ ဦး၊ ဝတ္ထုတို ၄၀၈ ဦး ဖြစ်ရာ ပြိုင်ပွဲဝင် ဦးရေ ၁၇၆၃ ဦး ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု နှင့် နှစ်သိမ့်ဆု ၂ ဆုကို ပြိုင်ပွဲ ၄ မျိုးအတွက် ဆု (၂၀) ရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဆုရစာမူရှင်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စာပေနှင့်တေးသီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ပြုလုပ် ကျင်းပသည်။ ·

ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲဆပ်ကော်မတီတွင် ခေတ် (၄)ခေတ် ပိုင်းခြား၍ ပြကွက်ပေါင်း (၁၆) ခုဖြင့် တင်ဆက်ရန် စီမံဆောင်ရွက်သည်။ ခေတ် (၄) ခေတ်မှာ–

၁။ ၁၉၂၀–၄၅ စစ်ကြိုခေတ်၊
၂။ ၁၉၄၆–၆၄ စစ်ပြီးခေတ်၊
၃။ ၁၉၆၄– ၈၈ စနစ်သစ်ပညာရေးခေတ်၊
၄။ ၁၉၈၈– ၉၅ မျက်မှောက်ခေတ်

တို့ဖြစ်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသားကျောင်းသူပေါင်း (၆၄) ဦး ပါဝင်ကြသည်။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၇၊ ၁၀၊ ၁၂၊ ၁၃ ရက်များတွင် ရန်ကုန်အမျိုးသား ဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ မိဘပြည်သူများ တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ဗဟိုပြပွဲ ဆပ်ကော်မတီသည် ဗဟိုပြခန်းနှင့် တက္ကသိုလ် ပြခန်းများကို ခေတ် (၄) ခေတ် ပိုင်းခြား၍ ပြကွက်များကို ခင်းကျင်းပြသခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတို့က စိတ်ဝင်စားစရာ၊ လေ့လာမှတ်သားစရာ အကြောင်းအရာ အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဝန်ကြီးဌာန ပြခန်းများအပြင် ပုဂ္ဂလိကနှင့် အစိုးရဌာနအရောင်းဆိုင်များ၊ တက္ကသိုလ်အလိုက် ပျော်ပွဲရွှင်ပွဲဈေးဆိုင်များကို ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော် ကာလဖြစ်သည့် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇)ရက်နေ့အထိ နံနက် (၉:၀၀) နာရီမှ ည (၁၀:၀၀) နာရီအထိ ခင်းကျင်း ပြသ ခဲ့သည်။

## ၆။ ပျော်ပွဲရွှင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကောင်းညွှန့်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဒဂုံ



တောင်ငူဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များတွေ့ဆုံပွဲတွင် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲလည်း တစ်ခုအပါအဝင်

တက္ကသိုလ်၊ ဒဿနိကဗေဒဌာန ကထိက ဦးခင်မောင်ချို ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၄) ခုကို ထပ်မံဖွဲ့စည်းသည်။ ထို ဆပ်ကော်မတီများမှာ–

၁။ ရုပ်ရှင်ပြသရေးဆပ်ကော်မတီ၊

၂။ ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၃။ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၄။ ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

ရုပ်ရှင်ပြသရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင် ရက်သတ္တပတ်" ပြသရေးအတွက် ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်ပြသရေး အစီအစဉ်ကို အထောက်အကူပြု ဖြစ်စေရန် ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဉက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကောင်းညွှန့်အား မြန်မာ့ ရုပ်မြင်သံကြားနှင့် "တွေ့ဆုံမေးမြန်းခန်း" ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင်ရက်သတ္တပတ်ပြပွဲ" ကို နိုဝင်ဘာလ (၁၀) ရက်နေ့မှ (၁၆) ရက်နေ့အထိ နဝဒေးရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ ပြသခဲ့သော ကားများမှာ –

၁။ ဒါရိုက်တာ ဦးသုခ၏ "ဘယ်သူပြိုင်လို့ လုပ်ပါ တော့နိုင်"၊

၂။ ဒါရိုက်တာ မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ"၊

၃။ ဒါရိုက်တာ ကြီးမြင့်၏ "ပန်းပန်လျက်ပါ"၊

၄။ ဒါရိုက်တာ မောင်နှင်းမိုး၏ "မယ်သီတာလို မိန်းကလေး"၊

၅။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "မျက်ဝန်း ထဲမှာ မိုးရွာပြီညို"၊

၆။ ဒါရိုက်တာ မီးပွား၏ "မြစ်တို့၏မာယာ"၊

၇။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "နှလုံးသား ရာဇဝင်မှာ စာတင်တဲ့အလွမ်း"

တို့ဖြစ်ကြသည်။

ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ပွဲတော်ရက်၌ ဈေးပွဲတော် ပြုလုပ်ပေးရေးအတွက် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိုက်နှစ်သက်မည့် အထိမ်းအမှတ်ပစ္စည်းများ၊ အထွေထွေပစ္စည်းနှင့် အဝတ်အထည်များ၊ အစားအသောက်များ ရောင်းချခြင်း၊ ပျော်ရွှင်ကစားပွဲများ ဖွင့်လှစ်ခြင်း၊ ကံစမ်းမဲများဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ဆိုင်ခန်းများ ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇) ရက်နေ့အထိ နံနက် (၁၀) နာရီမှ ည (၁၀) နာရီအထိ ဖွင့်လှစ်ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်တွင် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုအားပေးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ပြိုင်ပွဲဝင်တေးသီချင်းခွေများကို အကြိမ်ကြိမ်စိစစ်ပြီး ဆုများရွေးချယ် ချီးမြှင့်ခဲ့သည်။

ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီသည် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီက တည်ဆောက်ပေးသော ဇာတ်စင်ပေါ်တွင် အခမ်းအနားပြင်ဆင်ရေး၊ လျှပ်စစ်အလင်းနှင့် အသံချဲ့စက် ပစ္စည်းကိရိယာများ တပ်ဆင်ရေး လုပ်ငန်းအစီအစဉ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သည်။ ထို့ပြင် တက္ကသိုလ်ကောလိပ် အနုပညာအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီ (တက္ကသိုလ်များ ရန်ကုန်) တို့ကို ပဒေသာကပွဲ တွင် ပါဝင်တင်ဆက်ရေးအတွက် စည်းရုံးဆောင်ရွက် ခဲ့သည်။

ပဒေသာကပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲကို ရန်ကုန်တက္ကသိုလ် ( ကြည်မြင်တိုင်နယ်မြေ ) စကားဖြူခန်းမ၌ ၁၉၉၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်နှင့် (၂၉) ရက် တို့တွင် ပြုလုပ်ကျင်းပပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ပဒေသာကပွဲကြီး၌ ကပြတင်ဆက်ခဲ့သည်။

## ၇။ ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြတ်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညွန့်ညွန့်ဝင်း ဖြစ်သည်။

**ရန်ကုန်တက္ကသိုလ်စိန်ရတုအကြို အနုပညာအသင်း၏ လှုပ်ရှားမှုတစ်ခုဖြစ်သော ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြကွက်**





**နေကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ မိတ်ဆုံညစာ စားပွဲတစ်ခု**

ထိုလုပ်ငန်းကော်မတီက ဆပ်ကော်မတီသုံးခုကို ထပ်မံဖွဲ့စည်းပြီး ဘဏ္ဍာငွေရှာဖွေရေးကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီသုံးခုမှာ–

၁။ အလှူငွေကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီ၊

၂။ အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး လုပ်ငန်း ဆပ်ကော်မတီ၊

၃။ စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်ဝေရေး လုပ်ငန်း ဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

အလှူကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီက အလှူငွေများ ကောက်ခံရှာဖွေပေးကြသည်။

အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး ဆပ်ကော်မတီကလည်း ရန်ကုန်တက္ကသိုလ်စိန်ရတုပြက္ခဒိန်၊ ဈေးဝယ်အိတ်၊ ရင်ထိုး၊ သော့ချိတ်၊ ကားချပ်ပိုစတာ၊ လွယ်အိတ်၊ ဦးထုပ်၊ သစ်ထွင်းပန်းချီ၊ ယွန်းထည် စသော အထိမ်းအမှတ်ပစ္စည်း (၂၃) မျိုးကို ထုတ်ဝေရောင်းချပြီး ဘဏ္ဍာငွေများ ရှာဖွေပေးခဲ့သည်။

စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်လုပ်ရေး ဆပ်ကော်မတီကလည်း ကျရာလုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြသည်။

## ၈။ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမင်းသန်းသောင်း ဖြစ်ပြီး အတွင်းရေးမှူးမှာ အဝေးသင်တက္ကသိုလ် ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးသိန်းဌေး ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ–

၁။ ဘဏ္ဍာရေး ဆပ်ကော်မတီ၊

၂။ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၊

၃။ ကြိုဆိုဧည့်ခံရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ တာဝန်ပေးချက်အရ စိန်ရတုအထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် ၅၀ ပြားနှင့် နှစ်ကျပ်တန်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး၊ စာပို့တံဆိပ်ခေါင်းပါ အထိမ်းအမှတ် စာအိတ်တစ်မျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်ဝေ ရောင်းချခဲ့သည်။

## ၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရုံး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးတင်ဖြစ်ပါသည်။ အတွင်းရေးမှူး (၁) မှာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒု ရဲမှူးကြီး စိန်ထွန်းအောင်ဖြစ်ပြီး အတွင်းရေးမှူး (၂) မှာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးကိုလေး ဖြစ်ပါ သည်။ ဤလုပ်ငန်းကော်မတီသည် လုံခြုံရေးနှင့်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်များကို ရေးဆွဲဆောင်ရွက် သည်။ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော်ရက် အတွင်း လုံခြုံရေးဇုန်များ သတ်မှတ်ကာ ဆရာဆရာမ များနှင့် တက္ကသိုလ်အမှုထမ်းများကို တာဝန်ချပေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနား ကြီးမှာ အနှောင့်အယှက်ကင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁၀။အားကစားပြိုင်ပွဲများ ကျင်းပရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန အားကစား အရာရှိ ဦးမောင်မောင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၁၂) ခုကို ထပ်မံဖွဲ့စည်းပြီး ဂျူဒို၊ စစ်တုရင်၊ ရေကူး၊ ဂေါက်သီး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ လေ့လှော် ပြိုင်ပွဲများကို ၁၉၉၅ ခုနှစ် ၊ ဇူလိုင်လမှ စတင်၍ ပြုလုပ် ကျင်းပပေးခဲ့သည်။

ထို့ပြင် ကာယဗလနှင့် အလှမယ်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်ကျင်းပရာ တက္ကသိုလ် ဒီဂရီ ကောလိပ်၊ ကောလိပ်များမှ လက်ရွေးစင်မောင် (၃၉) ဦးနှင့် လက်ရွေးစင်မယ် (၃၉) ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မောင် တက္ကသိုလ် ( ၉ ) ဦးနှင့် မယ်တက္ကသိုလ် (၁၀) ဦးကို ရွေးချယ်ခဲ့သည်။

## ၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင် နီယာမှူးကြီး ဦးသန်းဌေး ဖြစ်သည်။ ဤလုပ်ငန်း ကော်မတီ သည် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်အတွက် ပြခန်းများ၊ အရောင်းဆိုင်ခန်းများ၊ ဇာတ်စင်မုခ်ဦးများတို့ကို ပုံစံငယ်များ ဆောက်လုပ်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးဂိတ် (၂) ခု၊ ဆက်သွယ်ရေးနှင့် ကြက်ခြေနီစခန်း စသည်တို့ကို လည်း ဆောက်လုပ်ပေးခဲ့သည်။

## ၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်ဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေးဖြစ်သည်။ ဤလုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဝတ္ထု ကဗျာများကို စာနယ်ဇင်းများတွင် ထည့်သွင်းပေးခြင်း၊ မြန်မာ့ရုပ်မြင် သံကြားမှ ဆွေးနွေးခန်းများ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မော်ကွန်းမှတ်တမ်းများ၊ တေးသီချင်းများကို ထုတ်လွှင့်ပေး ခြင်းဖြင့် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား စည်ကားသိုက်မြိုက် အောင်မြင်အောင် ဆောင်ရွက်ပံ့ပိုး ပေးခဲ့သည်။

## ၁၃။ကျန်းမာရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ကျန်းမာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမြင့်ဖြစ်ပြီး အတွင်း ရေးမှူးမှာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးထွန်း ဖြစ်သည်။ ဤလုပ်ငန်းကော်မတီက ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး၊ ရေနှင့် အစားအစာ သန့်ရှင်းမှု စစ်ဆေးရေးအတွက် ဆပ်ကော်မတီများဖွဲ့ကာ ဆောင်ရွက်ခဲ့သည်။

## ၁၄။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား အထောက်အကူပြု စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီမှာ ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အသစ်ထပ်မံဖွဲ့စည်းသော လုပ်ငန်း ကော်မတီဖြစ်သည်။ ဥက္ကဋ္ဌမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အတွင်းရေးမှူး ဦးကျော်ဝင်းဖြစ်ပြီး အတွင်းရေးမှူးမှာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ ဖြစ်သည်။

ထိုလုပ်ငန်းကော်မတီသည် ဆပ်ကော်မတီ (၃) ခုကို ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ထိုဆပ်ကော်မတီများမှာ–

၁။ ပန်းဥယျာဉ်တည်ဆောက်ရေး ဆပ်ကော်မတီ၊

၂။ ပန်းဥယျာဉ်စိုက်ပျိုးရေး ဆပ်ကော်မတီ၊

၃။ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ထိုဆပ်ကော်မတီများသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါသည်။ မြေပြုပြင်ခြင်း၊ မြက်ခင်းများဖြည့်စွက်စိုက်ပျိုးခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ရေမြောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကို ခမ်းနားထည်ဝါသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များကို ချမှတ်ပြီး ဆောင်ရွက်အားထုတ်နေချိန်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို ကြိုဆိုသောအားဖြင့် လက်ရှိကျောင်းသားဆောင်များဖြစ်သည့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ သထုံ၊ ရွှေဘို၊ ဒဂုံဆောင်များ၊ လက်ရှိကျောင်းသူဆောင်များဖြစ်သည့် အင်းလျား၊ ရတနာ၊ မာလာ၊ သီရိဆောင်များတွင် နေထိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများတို့၏ တွေ့ဆုံပွဲများ၊ ယခုစာသင်ဆောင် များ၊ ဌာနများဖြစ်ပြီး ယခင်ကကျောင်းသားဆောင်များ ဖြစ်ခဲ့သည့် မန္တလေး၊ တောင်ငူ၊ အမရ၊ ရာမညဆောင်ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများတို့၏ တွေ့ဆုံပွဲများကို ၁၉၉၅ ခုနှစ်၊ ဇွန်လမှစတင်၍ ပြုလုပ်ခဲ့သည်။

ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ၏ ရလဒ်များအဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို အထိမ်းအမှတ် သစ်ပင်များစိုက်ပွဲ၊ အတွေ့အကြုံမျှဝေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲ၊ မိတ်ဆုံညစာစားပွဲ၊ အလှူငွေပေးအပ်ပွဲ၊ ဓာတ်ပုံပြပွဲများ ပေါ်ထွန်းလာသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ သက်သာချောင်ချိရေး ကိစ္စအဝဝတွင် အစဉ်အဆက် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ငွေပဒေသာပင် စိုက်ထူပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြသည်။

## နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပညာရပ်ပေါင်းစုံတို့မှ မြန်မာပညာရှင်ဆရာ၊ ဆရာမများက သုတေသနစာတမ်းများ ရေးသားဖတ်ကြားသည့်အပြင် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မှ (၁၇) ရက်ထိ နိုင်ငံခြားမှဖိတ်ကြားထားသော သုတေသီများနှင့် မြန်မာပညာရှင်အချို့ပူးပေါင်းပြီး စာတမ်းဖတ်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် တည်ထောင်ချိန်မှစ၍ ပညာရပ်အသီးသီးတွင် ဆရာ၊ ဆရာမများ ကျောင်းသူကျောင်းသားများက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို စာတမ်းရေးသားတင်ပြဆွေးနွေးကြသည်မှာ တက္ကသိုလ်အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါသည်။ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် မြန်မာ အင်္ဂလိပ်နှစ်ဘာသာဖြင့် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့ရာ နိုင်ငံတကာတွင် ပညာရှင်များအသုံးပြုကိုးကားရသော ပညာရပ်ဂျာနယ်တစ်စောင် ဖြစ်ခဲ့သည်။

ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်သော နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ရန်ကုန်တက္ကသိုလ်တွင် မကျင်းပနိုင်သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး ယခုစိန်ရတုအထိမ်းအမှတ်အချိန်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်၍ နိုင်ငံခြားမှ ပညာရှင်အတော်များများက လာရောက်ပြီး သုတေသနစာတမ်းများ တင်ပြဖတ်ပြခြင်း၊ ပညာရှင်အချို့က ဆွေးနွေးပွဲတွင် မြန်မာသုတေသီများနှင့်အတူ စိတ်ဝင်စားစွာ ပညာဖလှယ် ဆွေးနွေးကြခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

စာတမ်းဖတ်ပွဲကို (၃) ရက် ကျင်းပခဲ့ရာ စုစုပေါင်း သုတေသနစာတမ်း (၂၁) စောင် တင်ပြဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံခြားမှ လာရောက်သည့်ပညာရှင်များမှာ ယူကေနိုင်ငံမှ (၃) ဦး၊ အမေရိကန်ပြည်ထောင်စုမှ (၂) ဦး၊ ပြင်သစ်မှ (၄) ဦး၊ ဂျာမနီမှ (၂) ဦး၊ သြစတြေးလျမှ (၉) ဦး၊ အိန္ဒိယမှ

(၁) ဦး၊ ထိုင်းနိုင်ငံမှ (၁၆) ဦး၊ ဂျပန်မှ (၄) ဦး နှင့် စင်္ကာပူမှ (၂) ဦး စုစုပေါင်း (၄၃) ဦး ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်းမှ ဖိတ်ကြားထားသော ဝါရင့် တက္ကသိုလ် ဆရာဆရာမကြီးများ၊ သုတေသီများ စုစုပေါင်း (၃၆) ဦးလည်း တက်ရောက်ကြ၍ စာတမ်းဖတ်ပွဲတွင် ပြည်တွင်းပြည်ပ ပညာရှင်စုစုပေါင်း (၇၉) ဦး ပါဝင်ခဲ့သည်။

တင်ပြဖတ်ကြားသော စာတမ်းများတွင် တန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ်ရှိသော မြန်မာသမိုင်း၊ စာပေ၊ ဘာသာစကားနှင့် ဗုဒ္ဓသာသနာဆိုင်ရာစာတမ်းများ ပါဝင်သည်။ ဖတ်ကြားသောစာတမ်းများကို သုတေသီများအသုံးပြုနိုင်စေရေးအတွက် သုတေသနဂျာနယ်တွင် စုပေါင်းပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်း၊ သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် ရှေးဟောင်းစာပေများ ကာကွယ်ထိန်းသိမ်းရန် ဆွေးနွေးပွဲကျင်းပခြင်းတို့သည် ရန်ကုန်တက္ကသိုလ်အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။

**တက္ကသိုလ်စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော စာအုပ်များ**

## အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြိုလုပ်ငန်းတစ်ရပ်အဖြစ် ရန်ကုန်တက္ကသိုလ်ပင်မနယ်မြေမှ ဘွဲ့နှင်းသဘင်ခန်းမကြီး၊ စာသင်ခန်းများ၊ ယောကျာ်းလေး၊ မိန်းကလေးဆောင်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံအားလုံးကို တက္ကသိုလ်ကျောင်းပိတ်ချိန် ဖြစ်သည့် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အကြီးစား မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ဟောင်းနွမ်းယိုယွင်း ပျက်စီးနေသည့် ယောကျာ်းလေး၊ မိန်းကလေးဆောင် ၁၅ ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ကြီး ( ၈ ) ဖွဲ့ကို အထူးတာဝန်ပေးကာ ရေလုံလောက်စွာ ရရှိရေး၊ ရေချိုးခန်း အိမ်သာများ အသစ်ကဲ့သို့ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ဆင်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ကြိုးအသစ်များ လဲလှယ်ပြီး မီးသီး၊ မီးချောင်းသစ်များတပ်ဆင်ခြင်း၊ ကျောက်ပြားသစ်များ ခင်းပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကျပ်ငွေပေါင်း သန်း(၂၃၆) သန်း ကုန်ကျခဲ့သည်။ ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေမှ အဆောက်အအုံများကို စစ်ပြီးစက တစ်ကြိမ်





ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်လာ ဧည့်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်

မွမ်းမံပြင်ဆင်ခဲ့သည်။ ယခုပြင်ဆင်ရာတွင် ၃ လအတွင်း အလုပ်သမား (၃၀၀၀) ကို အင်ဂျင်နီယာ (၂၂၀) က ကြီးကြပ်ပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မတိုင်မီ ဘွဲ့နှင်းသဘင်ခန်းမကြီးမှစ၍ အဆောင်များ၊ စာသင်ခန်းများနှင့် ပင်မနယ်မြေရှိ အဆောက်အအုံအားလုံးကို လုပတောက်ပြောင်နေအောင် ဆေးအသစ်ပြန်လည်သုတ်ပေးထားသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးသည် ကမာရွတ်နယ်မြေတွင် စစ်ကြိုခေတ်က စတင်ဖွင့်လှစ်ချိန်ကဲ့သို့ပင် သစ်လွင်ထည်ဝါခဲ့ညားစွာ ဖြစ်ခဲ့ရသည်။

## ရန်ကုန်တက္ကသိုလ်<br>စိန်ရတုခန်းမကြီးတည်ဆောက် ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို အမြဲတမ်း မှတ်မှတ်ရရဖြစ်စေရန်နှင့် ကျောင်းသူကျောင်းသား ဆရာဆရာမများ အသုံးပြုနိုင် စေရန် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ အဆောက်အအုံကြီးကိုလည်း ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အုတ်မြစ်ချပေးခဲ့သည်။

၎င်းခေတ်မီခမ်းနားသော အဆောက်အအုံသစ်ကြီးသည် အလျားပေ ၁၈၀၊ အနံ ၁၅၆ပေ ကျယ်ဝန်းသော လေးထပ်အဆောက်အအုံကြီး ဖြစ်သည်။

စိန်ရတုသဘင်ခန်းမကြီး၏ မျက်နှာစာကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အပြီး တည်ဆောက်ခဲ့သည်။ ထိုနေ့၌ပင် အထိမ်းအမှတ်ကမ္ပည်း မော်ကွန်းကျောက်စာကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးကို ကျပ်သန်းပေါင်း (၂၅၀) ကုန်ကျခံပြီး တစ်နှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်မည်ဟု သိရှိရသည်။ ကမာရွတ်မြို့နယ် ပြည်လမ်းမကြီးပေါ်တွင် ခံ့ခံ့ညားညား ထွက်ပေါ်လာသော စိန်ရတုခန်းမ အဆောက်အအုံကြီး၏ ဘေးပတ်ဝန်းကျင်တွင် စိန်ရတုဥယျာဉ်ပန်းခြံကြီးကိုလည်း ကျောင်းသားကျောင်းသူ ဆရာ ဆရာမများ အနားယူအပန်းဖြေနိုင်စေရန် စတင်တည်ဆောက်ထားပြီး ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်<br>အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပြုလုပ်ကျင်းပ

သည်။ ထိုဆွမ်းကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသောဘိတ အမှူးပြုသည့် ဆရာတော်သံဃာတော် (၇၅) ပါးတို့ ကြွရောက်တော်မူပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တခေမာဝုစက ငါးပါးသီလချီးမြှင့်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဥက္ကဋ္ဌ၊ ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော် (၇၅) ပါးက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဆရာတော်နှင့်ဆရာ တော်သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း ပင်မဝင်ပေါက်ထိပ်၌ ရန်ကုန်တက္ကသိုလ်မုခ်ဦး ဆိုင်းဘုတ်သစ်ဖွင့်ပွဲကျင်းပရာ ထိုအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ်ပင်မမုခ်ဦး ဆိုင်းဘုတ်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲ

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းတင်အခမ်းအနားကို နံနက် ၉ နာရီတွင် ပြုလုပ်ကျင်းပရာ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီးနောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲကို ပြုလုပ်ကျင်းပခဲ့သည်။ အတွင်းရေးမှူး(၁)က မိန့်ခွန်းပြောကြားပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က " ရန်ကုန်တက္ကသိုလ် နှစ်ဆယ့်ငါးနှစ်ခရီး အစီရင်ခံစာ" ကို တင်သွင်းသည်။

## အောင်မြင်ခမ်းနားသောရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(ပင်မ) နယ်မြေ၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ပရဝုဏ်၌ ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားတက္ကသိုလ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန် တက္ကသိုလ်စိန်ရတုသဘင်ကျင်းပရေးဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ပြခန်းများကို ဖွင့်လှစ်ပေးသည်။


ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ကျင်းပပြီး ပဒေသာကပွဲကျင်းပရေးဆပ်ကော်မတီက တင်ဆက်သော ပဒေသာကပွဲကြီးကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ နေ့စဉ်ည (၆:၃၀) နာရီမှ (၁၀:၀၀) နာရီအထိ တင်ဆက်ကပြသည်။


ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်း အမှတ်အဖြစ် နေ့ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ "မြကျွန်းသာမဂ္ဂဇင်း"၊ ကျောင်းဆောင် ကျောင်းသားဟောင်းများနှင့်မျိုးဆက်သစ်များတို့၏ "တောင်ငူဆောင်မဂ္ဂဇင်း "၊ "ပဲခူးဆောင်မဂ္ဂဇင်း"၊ "မန္တလေးဆောင်မဂ္ဂဇင်း"၊ "အင်းလျားဆောင်(ရွှေစင်)မဂ္ဂဇင်း " များထုတ်ဝေခဲ့ကြသည်။ ဆက်လက်ထုတ်မည့် မဂ္ဂဇင်းများလည်း ရှိကြောင်း သိရသည်။


ဤသို့ဖြင့် အေးချမ်းသာယာသော ဂုဏ်သိက္ခာ ထည်ဝါမြင့်မားသောရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက်စိန်ရတုသဘင်အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အမိရန်ကုန်တက္ကသိုလ်ကြီးသည် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ ထိထိရောက်ရောက်အထောက်အကူပြုနိုင်သည့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များ၊ ပညာရှင်များပေါ်ထွန်းရေးကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး ဆက်လက်ပျိုးထောင်သွားမည် သာဖြစ်ပါသတည်း။ ။


ဦးသော်ကောင်း၊ ဦးဝင်းမွန်











# သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာအကူအညီ

သဘာဝဘေးအန္တရာယ် (ဝါ) ဘေးအန္တရာယ်ဆိုး (Natural Disaster) ဆိုသည်မှာ လူ၏ပယောဂကြောင့် မဟုတ်ဘဲ လူ၏သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်၊ ပင်လယ်နှင့်မိုးတို့ ရုတ်တရက်ဖြစ်စေ၊ တဖြည်းဖြည်းဖြစ်စေအကြီးအကျယ် ပြောင်းလဲပျက်စီး သွားသဖြင့် လူအများ ဒုက္ခရောက်ရ၊ သေကြေကြ၍ အသက်အိုးအိမ် စည်းစိမ် ပျက်စီးရခြင်းကို ခေါ်သည်။ ဥပမာ– ရေကြီးခြင်း၊ လျှင်လှုပ်ခြင်း၊ တောင်ပြိုခြင်း၊ တောမီး လောင်ခြင်း၊ ဒီရေ တက်ခြင်း၊ မိုးသည်းထန်၍ရေလျှံခြင်းနှင့် မီးတောင် ပေါက်ကွဲခြင်း စသည်တို့ဖြစ်သည်။

အချို့သော ဘေးအန္တရာယ်ဆိုးများမှာမူ လူ၏ ပယောဂကြောင့် ဖြစ်ရသဖြင့် လူကြောင့်ဖြစ်သောဘေးအန္တရာယ်ဆိုးများ(Man-made Disasters)ဟုခေါ်၏။ ဥပမာ– စစ်မက်ဖြစ်ပွားခြင်း၊ လူနေရပ်ကွက်များပေါ် ဗုံးကြဲခြင်း၊ မြို့ရွာအိုးအိမ်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း စသည်တို့ဖြစ်သည်။ အဏုမြူဗုံးချခြင်းမှာမူ လူကြောင့် ဖြစ်သော ဘေးအန္တရာယ်ဆိုးများတွင်အဆိုးဆုံးဖြစ်၏။ လက်ရှိလူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးသည်သာမက သားစဉ်မြေးဆက် အဏုမြူရောင်ခြည်ဒဏ်ခံရ၍ဖြစ်၏။ ဥပမာ – ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့်နဂါးစကီးမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခြင်း၊ ယခင်ဆိုဗီယက်ရုရှားနိုင်ငံမှ ချာနိုဘယ်အဏုမြူစက်ရုံ (Chernobyl Nuclear Reactor ) ပေါက်ကွဲခြင်းမှာမူ လူကြောင့်ဖြစ်သည်ဟု ပြော၍ သဘာဝဘေးအန္တရာယ်ဆိုးဟူ၍လည်း ပြော၍ရ၏။ အကြောင်းမူ အဏုမြူရောင်ခြည်မှာ စက်ရုံမှ သူ့အလိုလိုစိမ့်ထွက်၍ ဥရောပတိုက်တစ်ခုလုံးသို့ လေ၊ ရေ၊ မြေတို့မှ တဖြည်းဖြည်း ပျံ့နှံ့သွားသောကြောင့် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်ပွားပြီဆိုလျှင် ယင်းဒေသ သို့မဟုတ် ယင်းနိုင်ငံရှိလူအများမှာ အတိဒုက္ခရောက်ကြရ၏။ အသက်ဆုံးရှုံးမှုများရှိသလို အသက်မသေသူများမှာလည်း ထိခိုက်ဒဏ်ရာရသူရ၊ ရောဂါဖြစ်သူဖြစ်၊ အစာရေစာငတ်မွတ်သူငတ်မွတ်နှင့် ဒုက္ခမျိုးစုံရောက်ကြရ၏။ နှစ်ရှည်လများဖြစ်ပွားပါက လူများမှာ အာဟာရချို့တဲ့၊ ကိုယ်ကာယမဖွံ့ဖြိုး၊ လူမျိုးဦးရေကျဆင်းလျော့ပါးကာလူမျိုးပင်တုံးနိုင်ပေသည်။ ဥပမာ– အမေရိကမှ အသားနီတိုင်းရင်းသားများ (Red Indians)၊ ဩစတေးလျတိုက်မှ မူလတိုင်းရင်းသားများ ( Aborigines) နှင့် မြန်မာနိုင်ငံမှ ပျူလူမျိုး၊ တရုန် (Tarong )လူမျိုး စသည်တို့ဖြစ်သည်။

သို့ဖြစ်၍ စတင်ဖြစ်သည်မှ ပြီးဆုံးသည်အထိ ကြာရှည်သောအချိန်ကိုလိုက်၍ သဘာဝဘေးအန္တရာယ်ဆိုးများကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားထား၏။

(၁) အချိန်တိုအတွင်းဖြစ်သော ဘေးအန္တရာယ်ဆိုး–

အချိန်ကာလ ၆–လလောက်သာ ကြာသော ဘေးဒုက္ခဖြစ်၏။ ဥပမာ– ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း။


(၂) မတိုမရှည်အချိန်ကာလ အတွင်း ဖြစ်သော ဘေးအန္တရာယ်ဆိုး–

၎င်းသည်မှာ စဖြစ်သည်မှ အချိန်ကာလ ၆ လနှင့် တစ်နှစ်ကြား ကြာရှည်သော ဘေးဒုက္ခဆိုးများ ဖြစ်၏။ ဥပမာ–မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြို့ရွာအိုးအိမ်များ ရွှေ့ပြောင်းရခြင်း။

(၃) ရေရှည်ဖြစ်သော ဘေးအန္တရာယ်ဆိုး–

၎င်းသည်မှာ စဖြစ်သည်မှ ပြီးဆုံးသည်အထိ တစ်နှစ်အထက်နှစ်ရှည်လများဘေးဒုက္ခဆိုးခံစားရခြင်းဖြစ်၏။ ဥပမာ–စစ်မက်ဖြစ်ပွားခြင်း၊ နိုင်ငံပျက်စီးခြင်း၊

၎င်းအတွက်ဒုတိယကမ္ဘာစစ်ကြောင့်ဥရောပနိုင်ငံများနှင့်အရှေ့တောင်အာရှနိုင်ငံများဘေးဒုက္ခဆိုးများကိုကြုံတွေ့ရသလို ဗီယက်နမ်စစ်ကြောင့် ဗီယက်နမ်နိုင်ငံမှာ ပြာပုံအတိ ဖြစ်ခဲ့ခြင်းတို့မှာသမိုင်းတွင်ရစ်၏။ ယခုကမ္ဘောဒီးယားနိုင်ငံနှင့်ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံစစ်မှာလည်း သိသာထင်ရှားသော ရေရှည်ဘေးအန္တရာယ်ဆိုးများဖြစ်၏။



၁၉၇၅ ခုနှစ်က မြေငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအလှအပများရှိရာ ပုဂံမြေ

## မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်ဆိုးများ

မြန်မာနိုင်ငံသည်ပထဝီဝင်အနေအထားအရအိန္ဒိယ တိုက်ငယ်နှင့်တရုတ်နိုင်ငံကြီး နှစ်ခုကြား၊ ဘင်္ဂလားပင်လယ် အော်ထဲထိုးထွက်နေသောအင်ဒိုချိုင်းနားကျွန်းစွယ်၏အစိတ် အပိုင်းတစ်ခုဖြစ်ရာ ယင်းနိုင်ငံကြီးများတွင် ဖြစ်ပွား သော သဘာဝဘေးအန္တရာယ်ဆိုးများ၏ဒဏ်ကိုလည်း ခံရပြီး ဘင်္ဂလားပင်လယ်အော်ထဲကလာသောမုန်တိုင်းနှင့်ဒီရေတို့၏ ဒဏ်ကိုလည်းခံရပါသည်။ ဥပမာ–၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလက တိုက်ခတ်သော ဆိုက်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံတွင်လူငါးသိန်းသေဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူသုံးသိန်းသေဆုံးခဲ့ရာမြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်နယ်တို့၌လည်း ယင်းမုန်တိုင်းဒဏ်ကိုခံကြရ၍ အသက်အိုး အိမ်များစွာပျက်စီးခဲ့ပါသည်။ ထိုအတူ ၁၉၇၀ ပြည့်၊ ဇန်န ဝါရီလက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ ငလျင် အကြီးအကျယ် လှုပ်ရာလူတစ်သောင်း ကျော် သေဆုံး ခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ရွာများမှာ ထိုငလျင် ဒဏ်ကို အဆစ်ခံခဲ့ကြ ရလေသည်။ ၁၉၇၅ခုနှစ်၊ ဇူလိုင်လ ၈ ရက်ကမူ ပုဂံငလျင်ကြောင့် ပုဂံရှိမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဘုရားပုထိုးအများ မြေခခဲ့ရလေ သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ဧရိယာအားဖြင့် ငယ်ပင်ငယ်သော်လည်း သဘာဝဘေးအန္တရာယ်ဆိုး များ နှင့်ကား မကင်းဟု ဆိုလိုရင်းဖြစ်ပေ၏။

မှန်ပါသည်။ ၁၉၇၉ ခုနှစ်တွင်ထုတ်ဝေသော ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာစာစောင်တစ်ခု၌ ဖော်ပြထားသည်မှာ လွန်ခဲ့သော ၁၅ နှစ်အတွင်း မြန်မာနိုင်ငံ၌သဘာဝဘေးအန္တရာယ်ပေါင်း ၅၈၇၈ ခု ကြုံတွေ့ခဲ့ရ၍ ၇၅ ရာခိုင်နှုန်းမှာမီးဘေးဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းမှာလေဘေးနှင့်ရေဘေးဖြစ် ၍ ကျန် ၅ ရာခိုင် နှုန်းမှာငလျင်ဒဏ်စသည်တို့ဖြစ်ကြောင်းဖတ်ရှုရပါသည်။ မီးဘေးမှာမြန်မာနိုင်ငံကိုနှစ်စဉ်ဒုက္ခပေးနေသောအန္တရာယ် ဆိုးကြီးဖြစ်၏။ မီးကြောင့်ဆုံးရှုံးမှုမှာတစ်နှစ်လျှင်သိန်း ၅၀၀ အထက်ရှိသည်ဟု ခန့်မှန်းကြပါသည်။ မုံရွာမီး၊ မန္တလေးမီး၊ မိတ္ထီလာမီးနှင့်ပဲခူးမီးတို့မှာမြို့လုံး ကျွတ်လို လောင်သောမီးကြီး များဖြစ်၍ သမိုင်းဝင်မီးများဖြစ်ပါသည်။

ရေဘေးမှာလည်းကြီးလှ၏။ ၁၉၃၉ ခုနှစ်ကမုံရွာ တစ်မြို့လုံးလိုရေလွှမ်းခံခဲ့ရပါသည်။ အင်္ဂလိပ် အစိုးရက မြို့ပတ်တာကာမပြီးမချင်း ဟသ်ာတမြို့မှာ နှစ်တိုင်း ရေလျှံခံခဲ့ရ၏။ ယခုတိုင်တာရိုးမရှိသေးသောဧရာဝတီမြစ်၊ ချင်းတွင်းနှင့်စစ်တောင်းမြစ်ကမ်းဘေးရှိ မြို့ရွာများမှာ မိုးရာသီ၌ အမြဲမြစ်ရေလျှံမှုဒဏ်ကိုခံကြရပါသည်။ ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်ရောဝတီမြစ်ရေလျှံရာ အမရပူရမြို့ရေလွှမ်းခံရသည်ဟု ဖတ်ရဖူး၏။ ထိုမြစ်ရေ တက်ခြင်းကို ကျစေရန်ဘိုးတော်ဘုရားက စားပြသော်လည်း ရေမကျ၍ အမတ်ကြီးဦးပေါ်ဦးမှာ ရေတက်သည်မှာ စားဒဏ်ကြောင့်ရောင်ရမ်းခြင်းဖြစ်ပါသည်ဟု လျှောက်ထား ကြောင်းသိရပါသည်။ သိပ္ပံနည်းမကျ၊ ရှေးဦးစဉ်လာ ရယ်စရာဝလေ့ဖြစ်ပါ၏။ ရေလျှံ ခြင်း ကြောင့် မြို့ရွာများ ပျက်စီးလျှင်ဆုံးရှုံးမှုမှာအလွန် များပါသည်။ ဥပမာ–၁၉၇၄ ခုနှစ်က မြစ်ရေလျှံခြင်းကြောင့် ရခိုင်ပြည်နယ်၊ မကွေး တိုင်း နှင့် မြို့နယ် ၁၃၃ ခုတွင်လူ ၁၃ သိန်းကျော် ထိခိုက်၍ ၁၀၄ ဦးသေဆုံးခဲ့ကြောင်း၊ ကျွဲနွားကောင်ရေ ၄၀၇၃ ကောင်ပျက်စီးကြောင်း၊ စပါးသီးနှံ စိုက်ကေ ၉၃၄၃၃၆ ကေ ပျက်စီးကြောင်းသိရပါသည်။

မြန်မာနိုင်ငံမှာ မုန်တိုင်းဒဏ်ကိုအိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လောက်မခံရသော်လည်းတစ်ခါ တစ်ခါခံရပါက အလွန်ပင်အထိနာပါသည်။ ၁၉၇၅ ခုနှစ်က ဧရာဝတီတိုင်း မုန်တိုင်းဒဏ်ကြောင့် ၂၆ မြို့နယ်ရှိ ကျေးရွာ ပေါင်း ၇၈၉၀ ၊ အိမ်ထောင်စုပေါင်း ၁၃၂၉၂၇ ထိခိုက်၍ လူပေါင်း ၃၀၃ ဦးသေဆုံးခဲ့ရ၏။ ငွေကြေးပမာဏအားဖြင့် ၁၉ ကုဋေဖိုး ပျက်စီးခဲ့ပါသည်။

အထက်ပါအချက်များကိုကြည့်လျှင်မြန်မာနိုင်ငံ၌ ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ်ဆိုးများမှာ–

(၁) မီးဘေး
(၂) ရေဘေး
(၃) လေဘေး
(၄) မြေငလျင်ဘေး
(၅) မိုးခေါင်ရေရှား၍တော်မွတ်သည့်ဘေး
(၆) မြို့ရွာရွှေ့ပြောင်းပျက်စီးရခြင်းဘေး
(၇) စစ်မက်ဘေးနှင့်
(၈) အခြားသော ဘေးများဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများ၏ ကြောက်မက်ဖွယ်ကောင်းပုံ

သဘာဝဘေးအန္တရာယ်များမှာ မကြုံဖူးသူများ အဖို့ ကြောက်မက်ဖွယ်မရှိ၊ ကြုံဖူးသူများအဖို့မူ အလွန်ပင် ကြောက်ဖွယ်ကောင်းလှပါသည်။ ဤသို့ ကြောက်မက် ဖွယ်ကောင်းပုံကို အခြားရှည်ရှည်ဝေးဝေးကြည့်ရန် မလိုပါ။

ယခု ၁၉၉၅ ခုနှစ်အတွင်းလှုပ်ခဲ့သော ငလျင်ကြောင့် ဂျပန်နိုင်ငံ ကိုဘေးမြို့ကြီးမှာ မည်မျှပျက်စီး၍ သေကျေဆုံးရှုံးမှု ရှိပါသနည်း။ လူ ၄၈၀၀ ကျော်သေဆုံး၍ အမေရိကန် ဒေါ်လာ သန်းပေါင်းသုံးသောင်းကျော်ဖိုးမျှပျက်စီးခဲ့သည်ဟု သိရပါသည်။ ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၂၅ နှစ်အတွင်း လှုပ်ခဲ့သောငလျင်ကြီးများနှင့် လူသေကျေမှု၊ ပျက်စီးဆုံးရှုံးမှုမှာ အောက်ပါအတိုင်းဖြစ်၏။

| အမှတ်စဉ် | ခုနှစ် | ငလျင်လှုပ်ရာဒေသ | ငလျင်အား | လူသေမှု | ပျက်စီးမှု ဒေါ်လာသန်း |
|---|---|---|---|---|---|
| ၁။ | ၁၉၉၅ | ကိုဘေး၊ ဂျပန် | ၇.၂ | ၄၈၀၀+ | ၃၀၀၀၀+ |
| ၂။ | ၁၉၉၄ | ကာလီဖိုးနီးယား၊ အမေရိကန် | ၆.၈ | ၆၁ | ၂၀၀၀၀ |
| ၃။ | ၁၉၉၃ | မဟာရဋ္ဌရ၊ အိန္ဒိယ | ၆.၄ | ၃၀၀၀၀ | ၂၈၀ |
| ၄။ | ၁၉၉၀ | လူဇုံ၊ ဖိလစ်ပိုင် | ၇.၇ | ၁၆၂၁ | ၂၀၀၀ |
| ၅။ | ၁၉၉၀ | အနောက်မြောက် အီရန် | ၇.၇ | ၄၀၀၀၀ | ၇၀၀၀ |
| ၆။ | ၁၉၈၉ | ဆန်ဖရန်စစ္စကို၊ အမေရိကန် | ၆.၉ | ၆၂ | ၆၀၀၀ |
| ၇။ | ၁၉၈၈ | အနောက်မြောက် အာမေနီးယား | ၆.၈ | ၅၅၀၀၀ | ၁၄၀၀၀ |
| ၈။ | ၁၉၈၅ | မက်စီကိုမြို့တော် | ၈.၁ | ၄၂၀၀ | ၄၀၀၀ |
| ၉။ | ၁၉၇၆ | တန်ရှန်၊တရုတ်နိုင်ငံ | ၈.၂ | ၂၄၂၀၀၀ | ၅၆၀၀ |
| ၁၀။ | ၁၉၇၀ | ပီရူးမြောက်ပိုင်း | ၇.၇ | ၆၆၇၉၄ | ၅၀၀ |

မြန်မာနိုင်ငံ၌ သက်ရှိမီးတောင်မရှိသော်လည်း ပုပ္ပားတောင်မှာ တစ်ခါက မီးတောင်တစ်ခုဖြစ်ခဲ့ဖူးကြောင်း သိရသည်။ သို့ဖြစ်၍ ဤသေနေသောမီးတောင်မှာ ပြန်ရှင်လာပါက ကြောက်စရာကောင်း၏။ အကြောင်းမူ ၁၉၉၁ ခုနှစ်အတွင်းက ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ သေနေသော မီးတောင်များ ပြန်လည်အသက်ဝင်၍ ချော်ရည်များ မှုတ်ထုတ်ရာ မြို့ရွာများပျက်စီးပြီး လူအသေအကျေရှိခဲ့သောကြောင့် ဖြစ်၏။ ရှေးခေါမခေတ်က ထရွိုင်းမြို့သည် မီးတောင်ပေါက်ကွဲမှုကြောင့် မြေအောက် ရောက်ခဲ့ရသည် မဟုတ်ပါလော။

စစ်ဘေးဒဏ်ကြောင့် မြို့ရွာများပျက်စီး၊ နိုင်ငံများကြေမွ၊ လူများသေဆုံးရသည်ကိုမူအထူး ပြောစရာ မလိုတော့ပေ။ မြန်မာနိုင်ငံမှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ဒဏ်ကိုအကြီးအကျယ်ခံရ၍ပြာပုံဘဝရောက်ခဲ့ရ၏။ ၁၉၄၈ ခုနှစ်မှ ယနေ့အထိပြည်တွင်းစစ်ဒဏ်ခံရသဖြင့်လည်းမြို့ရွာတွေပျက်၊ လူတွေသေ၊ စီးပွားရေးတိုးတက်မှု နှေးကွေးဖြစ်နေရလေသည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မြန်မာနိုင်ငံသည်လူပေါင်း သုံးသန်းသေ၍ ကျေးရွာပေါင်းသုံးသောင်းကျော် ပျက်စီးပြီး တန်ဖိုးအားဖြင့် ကျပ် ကုဋေပေါင်းငါးထောင်ကျော်ဖိုး ပျက်စီးခဲ့ရသည်ဟု ၁၉၅၅ ခုနှစ်လောက်က ထုတ်ပြန်သော စာတမ်းတစ်စောင်ကို ဖတ်ရဖူးပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများကို မည်သို့ရင်ဆိုင်မည်နည်း

မည်သည့်သဘာဝဘေးအန္တရာယ်ဖြစ်စေ၊မဖြစ်မီက ကြိုတင်ကာကွယ်နိုင်လျှင်အကောင်းဆုံးဖြစ်၏။ ကြိုတင်မကာကွယ်နိုင်ပါက ဖြစ်ပွားလျှင်အသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုနည်းပါးနိုင်သမျှနည်းပါး အောင် ပြုလုပ်ရန်နှင့် ဖြစ်ပြီးပါက မြို့ရွာနှင့်လူသူ ကျွဲနွားတိရစ္ဆာန်နှင့် စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကိုပြန်လည်ထူထောင်ပေးရန် အရေးကြီး၏။

မှန်၏။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ယေဘုယျပြော၍ ရမည် ထင်ပါသည်။

(၁) မီးဘေးကာကွယ်ရေးများ-


မီးမလောင်သောပစ္စည်းများဖြင့်တိုက်တာအိုးအိမ်များကိုစနစ်တကျတည်ဆောက်သင့်သလို မီးသတ်နှင့် ပြည်သူလူထုပူးပေါင်း၍ မီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၂) ရေဘေးကာကွယ်ရေး-

မြစ်ချောင်းအင်းအိုင်ဘေးများရှိ မြို့ရွာများကိုမြေမြင့်ရာတွင်တည်ထောင်၍ ရေတားသည့်တမံ၊ ကတုတ်နှင့် ရေလွှဲများဆောက်တည်ခြင်း၊ ရေကြီးသည့်အခါ ရေကင်းများလှည့်ခြင်း၊ မြို့ရွာထဲရေမဝင်အောင် ဆောင်ရွက်မှုအားလုံးကို ပြည်သူလူထုနှင့်အတူ တပ်မတော်အပါအဝင် မြို့ရွာစီမံရေး၊ အုပ်ချုပ်ရေးပိုင်းမှ ပူးပေါင်းဆောင်ရွက်ရန်။

(၃) လေဘေးကာကွယ်ရေး

မုန်တိုင်းကျတတ်သောရပ်ရွာများ၌ မုန်တိုင်းဒဏ်ခံကွန်ကရိ၊ သံတို့ဖြင့် အဆောက်အအုံများကို



ရေရှည်သဘာဝအန္တရာယ်(စစ်ဒဏ်)ကြောင့် လူများ သေကျေပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ မြင်ကွင်း

ဆောက်လုပ်ခြင်းနှင့် ဒီရေတက်ရာအရပ်များ၌ ဒီရေမှ ဝေးရာနှင့် တက်ရေထက်မြင့်သည့်အရပ်များတွင် အိမ်နှင့်ကျွဲနွားတိရစ္ဆာန်များထားနိုင်အောင်စီစဉ်ခြင်း၊ မုန်တိုင်းဒဏ်ကို မိုးလေဝသဌာနနှင့်အခြားပြည်သူ့ဝန်ထမ်း ဌာနများမှကြိုတင်သတိပေးခြင်း၊ လိုအပ်ပါက ရွှေ့ပြောင်း ပေးခြင်းများ ဆောင်ရွက်ရန်။

(၄) မြေငလျင်ဘေးကာကွယ်ရေး–

ငလျင် လှုပ်မလှုပ်ကို ကြိုတင်ခန့်မှန်းသတိပေးနိုင် အောင်ဆောင်ရွက်ရန်နှင့် ငလျင်လှုပ်လျှင် ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံများ ဆောက်လုပ်နေထိုင်ရန်၊ ငလျင်လှုပ်လျှင် လူများဘာလုပ် ရမည်၊ ဘယ်လိုနေရမည်ဆိုသည်ကို ကြိုတင်ပညာ ပေးထားရန်။

(၅) မြေပြိုသည့်ဘေးကာကွယ်ရေး–

လူနေမြို့ရွာများကို မြေပြိုတတ်သောနေရာများ၌ မတည်ထောင်ရန်နှင့် မြေပြိုခြင်းကိုကြိုတင်သိနိုင် အောင် ဆောင်ရွက်၍ သတိပေးရန်။

(၆) မီးတောင်ပေါက်ကွဲမှုဘေးဒဏ်ကာကွယ်ရေး–

လောလောဆယ်မြန်မာနိုင်ငံအတွက်မလိုပါ။ သို့သော်ပုပ္ပားတောင်ပြန်လည်အသက်ဝင်နိုင်၊ မဝင်နိုင် သိပ္ပံနည်းကျစူးစမ်းရန်။

(၇) စစ်မက်ဘေးဒဏ်ကာကွယ်ရေး–

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုပြီးဆုံး အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ပြည်ပမည်သည့် နိုင်ငံနှင့်မျှစစ်မဖြစ်ရန်ဆောင်ရွက်ရပါမည်။ကမ္ဘာ့ ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ရပါမည်။ ပြည်သူလူထုအတွင်း စစ်သွေးစစ်မာန်မထ ကြွအောင် ပညာပေးဆောင်ရွက်ရန် လိုအပ်သလို အာဏာရှင်စနစ်နှင့်ဖက်ဆစ်စနစ်များ ပြန်လည် ခေါင်းမထောင်လာရန်လည်း ဆောင်ရွက်ရန်လို အပ်သည်။

## သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာ၏ကဏ္ဍ

ဆေးပညာရှင်ဆရာဝန်များနှင့်အခြားကျန်းမာရေး ဝန်ထမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုခု၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ် ကုသရေးများကို ဆောင်ရွက်ရန်လိုအပ်သလိုသဘာဝ ဘေးအန္တရာယ်များကိုတတ်နိုင်သလောက်ကြိုတင်ကာကွယ် ပညာပေးရန်လည်း အရေးကြီး၏။ သဘာဝဘေးအန္တရာယ်ကြောင့် အိုနာကျိုးကန်းမသန်မစွမ်းဖြစ်ရသူများကိုလည်း လူကောင်း လိုဖြစ်အောင်ပြန်လည်ပြုစုကုသ ပေးရန် လည်း တာဝန်ရှိပေသည်။ သို့ဖြစ်၍သဘာဝဘေးအန္တရာယ်များ နှင့် ပတ်သက် ၍ ဆေးပညာရှင်နှင့် ကျန်းမာရေး ဝန်ထမ်း များ၏ကဏ္ဍကို အောက်ပါအတိုင်းခွဲခြား၍ပြောနိုင်ပါသည်။

(၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

(၂) ဖြစ်ပွားချိန်တွင်ကယ်ဆယ်ကုသခြင်း

(၃) ဖြစ်ပွားပြီးနောက်ပြန်လည်ထူထောင်ခြင်း

### (၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

မီးဘေး၊ လေဘေး၊ ရေဘေးကာကွယ်ရန်အတွက် လိုအပ်သလို မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်ရောဂါကင်း၍ သန့်ရှင်းသောသုံးရေ ၊ သောက်ရေဖူလုံရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေး ကိုပညာပေး၍တစ်ဖုံ၊ လက်တွေ့ကွင်းဆင်းဆောင် ရွက်၍တစ်နည်းပြုလုပ်ကြရပါမည်။ ကာလဝမ်းရောဂါ နှင့် အခြားကူးစက် ရောဂါများ ကာကွယ်ရေး အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ပတ်ဝန်းကျင် သန့်ရှင်းရေး တို့ကို ဆောင်ရွက်ရမည်ဖြစ်သလို လိုအပ်ပါက ကာကွယ်ဆေးများ ထိုးနှံပေးရမည်။ သဘာဝ အန္တရာယ်တကယ်ဖြစ်လာပါက အကူအညီကို အချိန် မီနှင့် အလုံအလောက်ရရန် အခြားအသင်း အပင်းများ ( ဥပမာ – ပြည်တွင်းကြက်ခြေနီ၊ နိုင်ငံတကာ ကြက်ခြေနီနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့) စသည်တို့နှင့် ဆက်သွယ်ထားရပါမည်။ ၎င်း အဖွဲ့အစည်းများထံမှ အကြံဉာဏ်လည်း ကြိုယူရန် လိုက ယူရပါမည်။

### (၂) ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသခြင်း

သဘာဝဘေးအန္တရာယ် ကျရောက်ချိန်၌ ထိခိုက် ဒဏ်ရာရသူများကို မကုသမီ အလိုအပ်ဆုံးအရာမှာ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိအောင် အားပေးခြင်း၊ နှစ်သိမ့်ခြင်းဖြစ်၏။ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း များ ကပျာကယာ၊ ထိတ်လန့်နေလျှင် လူနာများနှင့် ရိုးရိုး လူ များမှာ ဆိုစရာမရှိတော့ပေ။ သို့ဖြစ်၍ ဖြစ်ပွား ချိန်တွင် ကယ်ဆယ်ကုသမှု၌ အောက်ပါတို့ အတိုင်း ဆောင်ရွက် အပ်သည်။



ပြင်သစ်နိုင်ငံ ပါရီမြို့ ရေလွှမ်းမိုးမှုခံရစဉ်

(က) ထိခိုက်ဒဏ်ရာရသူများကို အားပေးခြင်း၊
(ခ) တိုက်တာအပျက်အစီးများကြား၌ ပိနေ၊ သူများကိုရှာဖွေထုတ်ယူကယ်ဆယ်ခြင်း
(ဂ) လူနာများကိုယ်တိုင်အသက်ရှင်နေထိုင်နိုင်အောင် မိမိဘာသာ ဆောင်ရွက်စေခြင်း၊
(ဃ) လူနာများကို ရှေးဦးစွာ ပြုစုကုသခြင်း၊
(င) ဆေးရုံတင်ရန် လိုအပ်သူများကို ဆေးရုံသို့ ပို့ဆောင်ခြင်း၊
(စ) ဆေးရုံ၌ လူနာများကို ဦးစားပေးအဆင့်ခွဲ၍ ခွဲစိတ်ကုသခြင်း၊

အထက်ပါအတိုင်း ဆောင်ရွက်ရန်အတွက် အရေးပေါ် ကျန်းမာရေးစီမံချက်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင် ဖွဲ့စည်းဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်တိုင်းအတွက် တာဝန်အတိအကျခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ရှင်းလင်းမှန်ကန်တိကျခြင်း ရှိရန်လည်း ဆောင်ရွက်ထားရပေမည်။

## (၃) ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်း

သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းချည်း ဆောင်ရွက်၍ မရပေ။ အစိုးရနှင့် အုပ်ချုပ်ရေး တာဝန်ခံများ၊ စီးပွားရေးပညာရှင်နှင့် မြို့ရွာစည်ပင် ရေးဌာန ဝန်ထမ်းများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ပုံစံအားဖြင့် မြို့တစ်မြို့တွင် ငလျင်လှုပ်၍ တိုက်တာအိုးအိမ်များပြိုကျ၊ ဈေးများလုပ်ငန်းများပျက်၊ လယ်များပျက်စီးလျှင် ပထမလိုအပ်သည်မှာ အပျက်အစီးများကို အမြန်ရှင်းလင်းပစ်ရန် ဖြစ်၏။ ပြီးလျှင် လူများနေထိုင်ရန် အဆောက်အအုံများကို ပြန်လည်ဆောက်ပေးရမည်။ တိရစ္ဆာန်များထားရန်အတွက် နေရာနှင့် စားကျက်များလည်း တီထွင်ပေးရမည်ဖြစ်၏။ လယ်များကို ပြန်လည်ပြုပြင် ပေးရန် လိုသလို စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင် ပေးရန်လည်းလို၏။ ဤအတွက် ငွေကြေးအကူအညီ

လိုရာ အစိုးရဘက်နှင့် ကမ္ဘာ့ဘဏ်စသည်တို့က ငွေချေးပေးရန် (သို့မဟုတ်) ကူညီရန် အပ် လိုပေသည်။

ပြီးမှ ထိခိုက်ဒဏ်ရာရသူများအတွက် နေထိုင်စား သောက်ရေး၊ ကျန်းမာရေးကို ဆောင်ရွက်ပေးရမည် ဖြစ်၏။ မျက်မှန်နှင့် ခြေတု၊ လက်တုတပ်ပေးရန်၊ ကူးစက်ရောဂါမရရန် ကာကွယ်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရန် တို့ကိုလည်း ဆောင်ရွက် ပေးရန် လိုအပ်ပေသည်။ ဤအတွက် ရေတို၊ ရေရှည် ကျန်းမာရေး စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်ပေးရ မည်ဖြစ်၏။

လုပ်ဆောင်အပ်သော ကျန်းမာရေးလုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

## (က) ကူးစက်ရောဂါ ကာကွယ်ရေး

မသန့်ရှင်းသောရေ သောက်သုံးမှုကြောင့် ကာလဝမ်း နှင့် ဝမ်းဖောဝမ်းရောင်ရောဂါမျိုးစုံ ဖြစ်ပွားနိုင်သည်။ ခြင်ကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားနိုင်သည်။ လူဦးရေထူထပ်မှုနှင့် အစာအာဟာရချို့တဲ့ မှုကြောင့် တီဘီရောဂါများ ပြန့်ပွားနိုင်သည်။ ယင်းတို့ကို လိုအပ်သလို ကာကွယ်ပေး၊ ကုသ ပေးရမည်။ ပညာပေးခြင်းကိုလည်း ပြုလုပ် ရမည်။ ဝဲရောဂါ၊ နှင်းခူရောဂါနှင့် အနာစက် စသော အရေပြားရောဂါများ ကာကွယ်ရေး အတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး ရရှိအောင် ဆောင်ရွက်အပ်သလို ကုသမှုကိုလည်း တစ်ပြိုင်နက်ပြုလုပ်ပေးရပေမည်။ ကလေးများ အတွက် လိုအပ်သော ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ သူငယ်နာ အကြောသေ၊ ဗိုင်းရပ်(စ) အသည်းရောင်ရောဂါ စသည့် ကာကွယ်ဆေးများ ထိုးပေးရပါမည်။

ရေကြီးသောအရပ်များ၌ မြွေအန္တရာယ် ရှိရာ မြွေကာကွယ်ရေးနှင့် ကုသရေးကို ဆောင်ရွက်ပေးရမည် ဖြစ်၏။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နစ်စဉ် ရေကြီးတတ်ပြီး မြွေများသည် အိမ်ခေါင်မိုး ပေါ်ထိတက်လာကာလူများကို ကိုက်လေ့ရှိ၏။ သို့ဖြင့် လူအများ မြွေကိုက်၍ သေဆုံးကြရ၏။ ဤအချက်ကို ကယ်ဆယ်ရေးလုပ်သားနှင့် ကျန်းမာရေးဝန်ထမ်းများ သတိချပ်ကြရ ပါမည်။


## (ခ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေး

မုန်တိုင်းကျလျှင်ဖြစ်စေ၊ ရေကြီးလျှင်ဖြစ်စေ ရေတွင်းနှင့်ရေကန်ရှိ ရေများမှာ မသန့်ရှင်း တော့။ သို့ဖြစ်၍ သန့်ရှင်းသောသောက်သုံးရေ ကောင်းကောင်းရရန်လို၏။ ဤအတွက်အဝေး မှ ရေသယ်ပေးနိုင်သလို အနီးတွင်ရှိသောရေကို ပိုးသတ်ဆေးထည့်၍ ပေးရန်လို၏။ အလွယ်ဆုံး နည်းမှာ အရောင်ချွတ်ဆေး(Bleaching Powder)ကို ရေထဲတွင် အပုံ ၁ သန်းတွင် ၁ ပုံ ( One Part Per Million, 1 PPM ) ပါအောင် ထည့်ပေးရန် ဖြစ်၏။ ရေဂါလန် ၁၀၀၀ တွင် အရောင်ချွတ် ဆေးမှုန့် ၁ အောင်စထည့်ပါက ရပါသည်။ သောက်ရေအတွက်မူ သီးခြား လျော်ရေ (Stock Solution ) ဖျော်၍ ရ၏။ လျော်ရေ အဖြစ် ရေတစ်ပိုင့်တွင် ဆေးမှုန့် ဇွန်းကြီး ၂½ ဇွန်း (၃၀–ဂရမ်) ထည့်ဖျော် ပြီး ဤအရည်ကို ရေနှင့်စပ်၍ သောက် ရ၏။ ရေ ၁၀ ဂါလန်ကို လျော်ရေဆေးရည် လက်ဖက် ရည် ဇွန်း ၁ ဇွန်း သာ ရောသောက်ရပါသည်။

အရောင်ချွတ်ဆေးမရှိသော အရပ်များ၌ ရေကို ကျိုချက်၍ သောက်စေရပါမည်။ အချို့ သော နေရာများ၌ ပိုတက်စီယံပါမက်ဂနိတ် ( Potassium Permanganate ) ဆေးပြားများကို ရေမှာထည့်၍သုံးပါက ရပါသည်။ အခြားပိုးသတ် ဆေးများလည်း ရှိပါသည်။

## (ဂ) ပတ်ဝန်းကျင် သန့်ရှင်းရေး

သဘာဝဘေးအန္တရာယ်ခံရသော အရပ် များ၌ လူသေ၊ ခွေးသေစသော အသေ ကောင် များကိုကောင်းစွာမြှုပ်နှံ သို့မဟုတ် မီးရှို့ ပစ်ရန် လိုအပ်သကဲ့သို့ အညစ်အကြေး စွန့်ရန်အတွက် ယင်လုံအိမ်သာများလည်း လိုအပ်၏။ အစား အစာများကို ယင်မအုံရန်နှင့် စားကြွင်း စားကျန်များကို ယင်နှင့်ကြွက်များမစား စေရန် လည်း ဆောင်ရွက်ပေးရမည်။ လူဦးရေ



မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်နှင့် ပြာပူထဲ၌ သေဆုံးသွားသော သတ္တဝါများ၏ အရိုးစုများကို သိပ္ပံပညာရှင်များ လေ့လာနေပုံ

သိပ်များပါက ကျင်းအိမ်သာ များကို ယာယီ အသုံးပြုနိုင်ရန် ပြုလုပ်ပေးနိုင် ပါ၏။

## (ဃ) အာဟာရပြည့်ဝသော အစာရရှိရေး

သဘာဝဘေးအန္တရာယ် ခံစားရသော လူများကို အသက်ရှင်စေရန်နှင့် ရောဂါ မဖြစ်စေရန်အတွက် အာဟာရပြည့်ဝသော၊ သန့်ရှင်းသော အာဟာရများရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်၏။ တစ်ဦးချင်းတစ်ရက်အတွက်လိုအပ်ချက်မှာအောက်ပါ အတိုင်းဖြစ်၏။

### (၁) အပူချိန်ကယ်လိုရီ

၁ မှ ၁၅ နှစ် ------၁၅၀၀ ကယ်လိုရီ
၁၅ မှ ၄၀ နှစ်------၃၀၀၀ ကယ်လိုရီ
အသက် ၄၀ အထက်–၁၅၀၀ ကယ်လိုရီ
အထက်ပါကယ်လိုရီကို အဆီမှ ၄ ပုံ ၁ ပုံ၊ အသားမှ ၆ ပုံ ၁ ပုံနှင့် ကစီ (ဝါ) ကာဗိုဟိုက်ဒရိတ်မှ ကျန်ကယ်လိုရီများ ရရမည်ဖြစ်၏။

### (၂) အသားဓာတ်

ဘေးအန္တရာယ်ခံရသူများမှာအသားဓာတ် အထူးလိုအပ်၏။ နွားနို့၊ ဟင်းသီးဟင်းရွက်နှင့် ကြက်ဥတို့မှ ရနိုင်သလို အခြား အမဲသား၊ ငါးများမှ ရအောင်လည်းဆောင်ရွက်ပေးရမည်။ အနည်းဆုံး လူတစ်ယောက်သည်တစ်နေ့လျှင် အသားဓာတ် ၃ ကျပ်သား ခန့် စားနိုင်ရမည်။ ဖြစ်နိုင်ပါက ၆ ကျပ်သားစားရမည်။

### (၃) ဗိုက်တာမင် လိုအပ်သူ

ဘေးအန္တရာယ် ထိခိုက်သူများသည် အခြားသူများလိုပင် ဗိုက်တာမင် အလုံအလောက်ရရန် လိုအပ်၏။ အထူးသဖြင့်ဗိုက်တာ မင်ဘီကွန် ပလက်နှင့် ဗိုက်တာမင်စီများ လိုအပ်၏။ ဤသည်ကိုဗိုက်တာမင် ဆေးပြားများ အဖြစ်ဖြစ်စေ၊ သစ်သီး ဝလံများမှဖြစ်စေ ပေးနိုင်၏။ ကလေးများမှာ ဗိုက်တာမင် အေ နှင့်ဒီ ပိုလိုအပ် ၏။ ဆေးပြား အဖြစ် လည်းကောင်း၊ ငါးကြီးဆီ အဖြစ်လည်းကောင်း ပေးနိုင်ပေသည်။

(၄) ထင်းနှင့် လောင်စာဆီ လိုအပ်မှု

အစားအစာများကို ချက်ပြုတ်စားရန် အတွက် ထင်းနှင့်လောင်စာဆီများ လိုအပ်၏။ အိမ်ထောင်စုတစ်စုသည် တစ်ပတ်လျှင် ထင်း ၃၅ ကီလိုဂရမ် သို့မဟုတ် မီးသွေး ၂၃ ကီလိုဂရမ် သို့မဟုတ် ရေနံဆီ ၅ လီတာ (၆ ဂါလန်ခွဲ) လိုအပ်၏။

(၅) အခြား လိုအပ်ချက်များ

နွေးထွေးစွာ နေနိုင်ရန် အဝတ်အစားနှင့်ခြေအိတ်၊ လက်အိတ်၊ ဖိနပ်များ လိုအပ်သလို စောင်၊ ခြင်ထောင်စသည်တို့လည်း လိုအပ်၏။

## နိုင်ငံတကာအကူအညီနှင့် မိမိဘာသာအားကိုးမှု

(၁) တရုတ်ပြည်၊ ရှန်ဇီပြည်နယ် (Shanxi) ရှိ ရန်ပေခရိုင်နယ် (Yanbei Prefecture) သည် ၁၉၈၉ ခု၊ အောက်တိုဘာလ ၁၈ ရက်က ၅.၇ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ခဲ့ရ၍ အဆောက်အအုံ ၃၀၀၀၀ ပြိုကျ၍ အိုးအိမ်ပေါင်း ၁၇၀၀၀၀ ကျော် ပျက်စီးခဲ့၏။ လူ ၁၇ ယောက်သေပြီး ကျွဲနွား ၁၁၀၀၀ ပျက်စီးခဲ့၏။ လူ ၁၄၅ ယောက် ဒဏ်ရာရကာ လူဦးရေ ၁၂၀၀၀၀ အိုးအိမ်မဲ့ ဖြစ်ခဲ့၏။ နောက်တစ်နှစ်ကျော်အကြာ ၁၉၉၁ ခု၌ မိသားစုတိုင်း အိမ်သို့မဟုတ် အိမ်ခန်းပိုင် ဖြစ်လာ၏။ စက်ရုံ ၂၀ နှင့် အုတ်ဖုတ်စက် ၁၇ ခု အသစ်တည်ဆောက်ပေး၍ လူတိုင်း အလုပ်ရကြ၏။ အများပြည်သူ အသုံးပြုရန် အိမ်ပေါင်း ၃၉၀၀၀ လုံး ပြင်ဆင်တည်ဆောက်ပေးပြီး ပြည်သူပိုင် အဆောက်အအုံ ၂၂၀၀ ကိုလည်း ဆောက်လုပ် ပေးခဲ့၏။ ကျောင်း၊ တံတားနှင့်လမ်း များကိုလည်း အသစ်ဆောက်ပေးခဲ့၏။ ဤသို့ပြုလုပ်ပေးနိုင်သည်မှာ အခြားကြောင့်မဟုတ်။ တရုတ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့၏ ကူညီပံ့ပိုးမှုကြောင့် ဖြစ်ပေ၏။

(၂) ၁၉၉၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်၍ ရေကြီးရာ လခြမ်းနီအသင်း (Red Crescent) က ဌာနေလူ ၃၀၀၀၀ ကို စည်းရုံး၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့၏။ ယခင်တစ်ခါက ထိုသို့ ဆိုင်ကလုံးမုန်တိုင်းမိ၍ ရေကြီးရာ လူ ၁၃၁၀၀၀ သေဆုံးခဲ့ရသည်။

(၃) ၁၉၉၃ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အပိုင် မဟာရဋ္ဌပြည်နယ်၌ ငလျင်လှုပ်ရာ လူများ (၂၈၀၀) ကျော် သေဆုံးခဲ့၏။ ဤအတွက် ကမ္ဘာ့ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အကူအညီပေးရန် ကမ်းလှမ်းခဲ့၏။ သို့သော် အိန္ဒိယအစိုးရသည် မိမိကိုယ်ကို မိမိအားကိုးကာ အိန္ဒိယတပ်မတော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ရန်တာဝန်ပေးခဲ့၏။ ဤတွင် တပ်မတော်သား ၈၀၀၀ သည် ရွက်ထည်တဲ ၁၂၀၀ကိုဆောက်၊ ရွှေ့လျားဆေးရုံ သုံးရုံကို တည်ထောင်ပေးပြီး၊ အလောင်း ၉၀၀၀ ကို ရှင်းပေးခဲ့၏။ ဒုက္ခခံရသူလူ တစ်သိန်းကျော်ကို ကာလဝမ်းနှင့် တိုက်ဖွိုက်ရောဂါ ဖြစ်ပွားမှု ဘေးဒဏ်မှလည်း ကာကွယ်ပေးခဲ့သည်။

(၄) ယခု ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဂျပန်နိုင်ငံ၊ ကိုဘေးမြို့တွင် ဖြစ်ပွားသော ငလျင်လှုပ်မှုကြီး၌ တစ်မြို့လုံး ပျက်စီး၍ လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရာ ကမ္ဘာ့နိုင်ငံအများက ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့် အကူအညီပေးရန် ကမ်းလှမ်းစာများ ဂျပန်ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့၏။ သို့သော် ဂျပန်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာကိုသာ လက်ခံပြီး ငွေကြေးပစ္စည်း အကူအညီကို လက်မခံခဲ့ပေ။ ဂျပန်နိုင်ငံသည် မည်သည့်သဘာဝ ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်တွန်းလှန်နိုင်သည်ဟု ပြောကြားလေသည်။ ချီးကျူးထိုက်သော ဇာတိမာန်စကားပေတည်း။

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒေါက်တာဝမ်ဝင်ဗို (Dr . Weng Wenbo) သည် ၁၉၈၂ ခုမှ ၁၉၉၂ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ် များကို ကြိုတင်ဟောကိန်းထုတ်ခဲ့ရာ သူ့ဟောကိန်း ၂၅၂ ခုအနက် ၂၁၁ ခု (၈၇.၇၃ ရာခိုင်နှုန်း) မှာ မှန်ခဲ့၏။ သူ၏ မှန်ကန်သော ဟောကိန်းများအနက် ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် လှုပ်ခဲ့သော ကာလီဖိုးနီးယား ငလျင်၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဖြစ်ခဲ့သော ဂျပန်နိုင်ငံရှိ ဟိုကိုင်ဒိုငလျင် နှင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဖြစ်ပွား သောဂျပန်နိုင်ငံ၊ ကိုဘေး ငလျင်တို့ ပါဝင်၏။ သူသည် ငလျင်အပြင်

ရေလျှံခြင်း၊ လူဦးရေတိုးခြင်း၊ ရေနံနှင့်တတ်ငွေ့ရှာဖွေခြင်း၊ အစာရေစာအထွက်နှုန်းနှင့်ကုန်စည်ရောင်းဝယ်မှုများ၊ ဆေးရုံတက်လူနာဦးရေစသည်တို့ကိုပါ မှန်အောင်ဟောနိုင်ခဲ့၏။ ဗေဒင်နှင့်အခြားဂမ္ဘီရပညာများသုံး၍ ရမ်းတုတ်ခြင်းမဟုတ်၊ သဘာဝသိပ္ပံပညာရပ်များနှင့် လူမှုရေးသိပ္ပံပညာရပ်များကို စနစ်တကျလေ့လာသုံးသပ်၍ ပြောဟောခြင်းဖြစ်သည်။ သူကိုယ်တိုင်က လန်ဒန်တက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့(Ph. D. in Physics)ကို ၁၉၃၉ ခုနှစ်က ရရှိခဲ့သူဖြစ်၏။ ဝန်ကြီးချုပ် ချောင်အင်လိုင်းရှိစဉ်ကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ရှေ့ဖြစ် အကြံပေးသိပ္ပံပညာရှင်(Adviser in Futurology)ဖြစ်ပေသည်။ သူသည် သူ့လို သိပ္ပံပညာရှင်ပေါင်းများစွာကို ပြည်တွင်းပြည်ပ၌ မွေးထုတ်ပေးခဲ့၏။ သို့သော် သူကား ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် ကွယ်လွန်ခဲ့၏။(The Fundamentals of Forecasting )စာအုပ်ကို ရေးသားထုတ်ဝေသွား၏။

## နိဂုံး

၁။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက လူအများအတွက် လိုအပ်သည်မှာ လုံခြုံစိတ်ချရသောအိပ်ရာနေရာရဖို့၊ အာဟာရပြည့်ဝသော အစာစားရဖို့နှင့် သောက်သုံးရေသန့်သန့်ရဖို့သည် အဓိကဖြစ်၏။ ဤအတွက် သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရပေမည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့်ကား အထက်ပါကိစ္စများတွင် ကူညီဆောင်ရွက်ရမည်ဖြစ်သလို ကူးစက်ရောဂါကာကွယ်ရေးကိုလည်း ဆောင်ရွက်ရမည်။ ဤအတွက် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးကို တစ်ပြိုင်နက် လုပ်ဆောင်ပေးရမည် ဖြစ်၏။

၂။ အစိုးရ သို့မဟုတ် နယ်မြေဒေသအုပ်ချုပ်သူများ သည် သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်သော အရပ်များ၌ ယင်းဘေးဒဏ်များ ကာကွယ် ရေးကို ပညာပေးဆောင်ရွက်ရန် လိုသလို ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာ ၆ လစာမျှ အပိုဆောင်း သိုလှောင်ထားသင့်သည်။ သို့မှသာ အရေး ပေါ်လာပါက လူအများအစာငတ်မွတ်ခြင်းကို ကာကွယ်နိုင်ပေမည်။ ဤသို့ မပြုလုပ်သဖြင့် အီသီယိုပီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင်ငတ်မွတ်ခေါင်းပါးမှုဒဏ်ခံနေရသည်ကိုကြည့်ပါ။

၃။ အာဟာရချို့တဲ့ခြင်း စသော ရေရှည်ဘေး ဒဏ်ကြောင့် လူမျိုးတစ်မျိုးလုံး ကြုံလို့၍ အရပ်ပုလာခြင်းကို ပြန်လည်ကောင်းမွန်စေရန် လူတိုင်းကိုအာဟာရကောင်းကောင်းကျွေးနိုင်ရန် တာဝန်ရှိသူတို့ ကြိုးစားဆောင်ရွက်ပေးကြရမည်။ ဤအချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ကို အတိအကျ လိုက်နာဆောင်ရွက်ကြရပါမည်။

၄။ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ရန် အကူအညီရနိုင်သောဌာနနှင့် အဖွဲ့အစည်းများမှ အကူအညီများကို ရနိုင်သရွေ့ယူရပါမည်။ နိုင်ငံနှင့် လူမျိုးအား အထည်ကြီးပျက်ဖြစ်အောင်၊ သူတောင်းစားဖြစ်အောင်ကား ပြုလုပ်ရန်မဟုတ်ပါ။

၅။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုညှိနှိုင်းမှု အဖွဲ့အစည်း(Central Co-ordinating Body) သို့မဟုတ် လမ်းကြောင်း(Lines of Co-ordinating) ပြုလုပ်ထားရပါမည်။ လိုအပ်သလို ပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ သင်တန်းပေးခြင်း၊ လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

၆။ သဘာဝဘေးအန္တရာယ်ဖြစ်လျှင် လူအများ အထိတ်တလန့် မဖြစ်စေရန်၊ ရင်ဆိုင်တတ်ရန် ပညာပေး၊ လေ့ကျင့်ပေးရပါမည်။ ဆရာဝန်များက မိမိဘာသာကုသကာကွယ်နည်းနှင့် ရှေးဦးသူနာပြုနည်းများကို သင်ကြားပေးသလို စိတ်ပညာရှင်များက စိတ်ဓာတ်ကြံ့ခိုင်ရေး၊ တစ်ကိုယ်ကောင်း မဆန်ရေး၊ လူလူချင်းညာတာသနား၍ ပူးပေါင်းဆောင်ရွက်တတ်ရေးတို့ကို သင်ပေးရပါမည်။ တာဝန်ရှိသူများက စံနမူနာ ဖြစ်ရပါမည်။

၇။ လူတိုင်းငြိမ်းချမ်းရေးကို မြတ်နိုး၍ စစ်မက်ဖြစ်ပွားမှုကို ဆန့်ကျင်လာအောင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကျင့်စဉ်များတွင် လူတိုင်းပါဝင်ယှဉ်ပါးနှစ်ခြိုက်လာအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရပါမည်။ ။

ဒေါက်တာ မောင်မောင်ညို



# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

ဒုတိယကမ္ဘာစစ်ကြီးပြီးစက နိုင်ငံအားလုံး၏ ငြိမ်းချမ်း စည်ပင်ရေးနှင့် ဆိုင်သော အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းခဲ့ ကြသည်။ ထိုအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သောကြောင့် ၁၉၉၅ ခုနှစ်တွင် သက်တမ်း နှစ်(၅၀)ရှိပြီဖြစ်သည်။ စတင်ဖွဲ့စည်းခဲ့သော မွေးနေ့မှာ အောက်တိုဘာလ ၂၄ ရက်နေ့ ဖြစ်သည်။ ထိုနေ့ကို ကမ္ဘာ့ ကုလသမဂ္ဂနေ့အဖြစ် အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပခဲ့ ကြသည်။

ယခုအခါ ထိုအဖွဲ့ကြီးတွင် အဖွဲ့ဝင်( ၁၈၅)နိုင်ငံရှိပြီ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည် နိုင်ငံ အားလုံးလိုလိုပင် ပါဝင် သည်။

## မြန်မာနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ခြင်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက် သုံးလခန့်အကြာတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ ကုလသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ခွဲသာ ရှိသေးသည်။ အဖွဲ့ဝင်နိုင်ငံများမှာ (၅၇) နိုင်ငံမျှသာ ရှိသည်။ မြန်မာ နိုင်ငံ၏ ကုလသမဂ္ဂသို့ ဝင်ရောက်ခွင့်လျှောက်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က တညီတညွတ်တည်း ထောက်ခံချက်အရ ၁၉-၄-၄၈ ရက်နေ့တွင် (၅၈) နိုင်ငံမြောက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များနှင့် မူကြီးများကို ယုံကြည်သက်ဝင်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ကာကွယ်မြှင့်တင်ရန်၊ ကမ္ဘာ့လူသားထု၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်း စာနာထောက်ထားရေးနှင့် လူ့အခွင့်ရေးများဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်ခံစားရရှိရေးအတွက် ကမ္ဘာ့နိုင်ငံ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

## ကုလသမဂ္ဂ အထွေထွေညီလာခံများသို့ တက်ရောက်ခြင်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီး များကို လိုက်နာကျင့်သုံးသည်ဖြစ်ရာ ကုလသမဂ္ဂ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အထွေထွေညီလာခံနှင့် အခြားအစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ(၄၆) ကြိမ်၊ (၄၇) ကြိမ်၊ (၄၈)ကြိမ်နှင့် (၄၉) ကြိမ်မြောက် အထွေထွေညီလာခံများ၌ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းများတွင် နိုင်ငံတကာအရေးအခင်းများအပေါ် မြန်မာနိုင်ငံ၏ သဘောထားရပ်တည်မှုများကို ဖော်ပြခဲ့သည်သာမက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ မူဝါဒများ၊ လုပ်ငန်း အစီအစဉ်များကိုလည်း ကမ္ဘာက သိစေရန် ပြောကြားနိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး ခေါင်းဆောင်၍ ကုလသမဂ္ဂ အခြေခံမှုများအပေါ် ထပ်လောင်းအတည်ပြုရေး အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## ကုလသမဂ္ဂတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း

(က) **ကိုလိုနီစနစ် ပပျောက်ရေးကိစ္စ**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာ ချိန်မှစ၍ ကိုလိုနီလက်အောက်ခံများအဖြစ်

ဆက်လက်တည်ရှိနေသော နိုင်ငံများ လွတ်လပ်ရေးရရှိစေရေးအတွက် ကိုလိုနီစနစ် ပပျောက်ရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် ဒုတိယအမြဲတမ်းကိုယ်စားလှယ် တို့သည် အောက်ပါကော်မတီများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) အီရီထရီးယားနိုင်ငံဆိုင်ရာ ကော်မရှင် (၁၉၅၀)၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသော နယ်မြေများမှ သတင်းအချက်အလက်များ ကော်မတီ(၁၉၅၄-၅၅)၊

(၃) ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေများကောင်စီ (၁၉၅၆-၅၈ နှင့် ၁၉၅၉-၆၁)၊

(၄) ကွန်ဂိုစေ့စပ်ညှိနှိုင်းရေးကော်မရှင် (၁၉၆၁)၊

(၅) အနောက်တောင်အာဖရိကကော်မတီ (၁၉၆၁)၊

(ခ) ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်ကိစ္စများ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့်အားလျော်စွာ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးထိန်းသိမ်းသည့် ကိစ္စများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အောက်ပါ ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် အပစ်အခတ်ရပ်စဲမှု ကြီးကြပ်သည့်အဖွဲ့များသို့ မြန်မာနိုင်ငံမှ လေ့လာသူများ၊ တပ်ဖွဲ့ဝင်များ စေလွှတ် ခဲ့ပါသည်-

(၁) ဒုတိယ ဗိုလ်မှူးကြီး လှမြင့် ဦးဆောင်သော အဖွဲ့ဝင်(၄)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် လက်ဘနွန်နိုင်ငံတွင် ချထားသော ကုလသမဂ္ဂ အရေးပေါ်တပ်ဖွဲ့၌ ၁၉၅၈ ခုနှစ်တွင် ပါဝင်ခဲ့ပါသည်။

(၂) ဒုတိယ ဗိုလ်မှူးကြီးရဲခေါင် ဦးဆောင်သော အဖွဲ့ဝင် (၆) ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကွန်ဂိုနိုင်ငံတွင် ချထားသော ကွန်ဂိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂတပ်ဖွဲ့၌ ၁၉၆၀ ပြည့်နှစ်တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၃) ဒုတိယ ဗိုလ်မှူးကြီး အောင်ကြူး ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကက်ရှ်မီးယားတွင်ချထားသော ကုလသမဂ္ဂ၏ အိန္ဒိယ- ပါကစ္စတန် စစ်လေ့လာရေးတပ်ဖွဲ့တွင် ၁၉၆၅ ခုနှစ်၌ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၄) ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်၊ ဒုတိယဗိုလ်မှူးကြီး စိန်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး အေးကျော်တို့အသီးသီးဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးစီ ပါဝင်သော တပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသတွင် ချထားသော ကုလသမဂ္ဂအပစ်အခတ်ရပ်စဲရေးကြီးကြပ်မှုအဖွဲ့တွင် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အစဉ်လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များတွင် ပါဝင်ခြင်း မပြုသေးသော်လည်း ကုလသမဂ္ဂငြိမ်း ချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များအတွက် ထည့်ဝင်ရသည့် အချိုးကျငွေ များကို အပြည့်အဝမပျက်မကွက် ထည့်ဝင်လျက်ရှိသည့်အပြင် ကုလသမဂ္ဂက မကြာမီက ဖွဲ့စည်းရန်စီစဉ်လျက်ရှိသည့် ကုလသမဂ္ဂအသင့်တပ်ဖွဲ့များတွင် လေ့လာရေးအဖွဲ့များ စေလွှတ်ပါဝင်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

(ဂ) လက်နက် ဖျက်သိမ်းရေး ကိစ္စရပ်များ

မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ်ကတည်းက တက်ကြွစွာ ပါဝင်ခဲ့သည်။ လက်နက်ဖျက်သိမ်းရေး ကိစ္စရပ်များ၌ ထိရောက်မှန်ကန်ပြီး ခွဲခြားမှုမရှိသည့် မျှတစစ်မှန်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အစဉ်တစိုက်ထောက်ခံသည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်ပါဝင်တက်ရောက်ခဲ့သည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ ၁၉၉၃ ခုနှစ်၊ နှစ်စဉ်ညီလာခံတွင် နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဈူးကလီးယား လက်နက်မပြန့်ပွားရေး စာချုပ်အား ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ပါဝင်ချုပ်ဆိုခဲ့ရာ ယင်းစာချုပ်၏ (၁၅၄)နိုင်ငံမြောက် စာချုပ်ဝင် နိုင်ငံဖြစ်လာခဲ့သည်။ လက်နက်




ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရောင်စုံမီးများ ထွန်းညှိထားသော ကုလသမဂ္ဂ ဌာနချုပ်အဆောက်အအုံနှင့် နယူးယောက်မြို့၏ ညရှုခင်း

ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ကနဦး လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက ၁၄-၁-၉၃ နေ့တွင် ပါရီမြို့၌ တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်းသော (၁၈)နိုင်ငံ လက်နက်ဖျက်သိမ်းရေးကော်မတီမှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခု (၃၉)နိုင်ငံ လက်နက်ဖျက်သိမ်းရေးညီလာခံအထိ ဆက်လက်ပါဝင်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## (ဃ) အခြားပါဝင် ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များတွင် သာမက အောက်ဖော်ပြပါကိစ္စများဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) စုပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ ၁/ (၁၉၅၀)၊

(၂) အချက်အလက်များဆိုင်ရာ ကော်မတီ ၂/(၁၉၅၂ - ၁၉၅၃)၊

(၃) အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင် ၃/(၁၉၅၂ - ၅၄)၊

(၄) ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မရှင် ၄/(၁၉၅၅)၊

(၅) ကုလသမဂ္ဂ မတည်ရင်းနှီးငွေ ဖွံ့ဖြိုးရေးရန်ပုံငွေ တည်ထောင်ရေး ကော်မတီ ၅/(၁၉၆၀)၊

(၆) နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ နိုင်ငံတကာဥပဒေ၏မူများဆိုင်ရာ ကော်မတီ ၆/(၁၉၆၄-၆၇)၊

### ကုလသမဂ္ဂ ကုန်ကျစရိတ် အချိုးကျ ထည့်ဝင်ခြင်း

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကျေပွန်ရမည့် တာဝန်ဝတ္တရားများအနက် အဓိကကျသော တာဝန်တစ်ခုဖြစ်သည့် ကုလသမဂ္ဂကုန်ကျစရိတ်အတွက် အချိုးကျထည့်ဝင်ရမည့်ငွေကို နှစ်စဉ်မပျက်မကွက် မှန်မှန် ထည့်ဝင်လျက် ရှိပါသည်။ ၁၉၉၅ ခုနှစ်အတွက် ထည့်ဝင်ပြီး ဖြစ်သည့် အချိုးကျထည့်ဝင်ရမည့်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀၉,၂၇၀ ဖြစ်ပါသည်။

### ၁၉၄၉ ခုနှစ်၊ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် ပါဝင် ချုပ်ဆိုခြင်း

မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ်သင့်သူများအား ပြုစု စောင့်ရှောက်ရေးဆိုင်ရာ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်း (၄)ခုတွင် ပါဝင်ချုပ်ဆိုခြင်းနှင့် နိုင်ငံတကာ လူလူချင်းစာနာ ထောက်ထားသည့် မူများကို လိုက်နာဆောင်ရွက်လျက် ရှိကြောင်း အတိအလင်းကြေညာသည့် အခမ်းအနားကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် မြန်မာနိုင်ငံက နောက်မှ ပါဝင်ချုပ်ဆိုကြောင်း စာချွန်လွှာကို ဆွစ်ဇာလန် နိုင်ငံ၊ ဘန်းမြို့ရှိ ဆွစ်ဖယ်ဒရယ်ကောင်စီသို့ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပေးပို့ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် စတင်အကျိုးသက်ရောက်သည်။

### ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြဌာန်းခဲ့သော ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်တွင် မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက် နေ့တွင် ထုတ်ပြန်ပြဌာန်းခဲ့သည်။

### မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးကြိုးပမ်း ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတကာ၏ အဓိကအကျဆုံး ဖြစ် သော လူမှုရေးတာဝန်ကြီးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိ သည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အပိုင်းတွင် လည်း ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အထူးအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များနှင့်အညီ နှစ်နိုင်ငံချင်း ပူးပေါင်း ဆောင်ရွက်ရေး၊ ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက် ရှိသည်။

၁၉၆၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော စာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် အတည်ပြု ချုပ်ဆို ခဲ့ သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ် ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်အဖြစ် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂ၏ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ စာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့တွင်လည်းကောင်း ပါဝင်အတည်ပြု ချုပ်ဆိုခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်း နယူးယောက်မြို့ (၁၇) ကြိမ် မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂအထူးအထွေထွေ ညီလာခံနှင့် လန်ဒန်မြို့ ကမ္ဘာ့ဝန်ကြီးအဆင့် ညီလာခံ ဆုံးဖြတ်ချက်များအတိုင်း နိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ် လျက်ရှိသော နိုင်ငံများနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ် ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ နယ်စပ်မှဖြတ်ကျော် ဝင်ရောက်မှု တားဆီးနှိမ်နင်းရေး၊ နယ်နိမိတ်ဆက်စပ်လျက် ရှိသော ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေး ရည်ရွယ်ချက်များဖြင့် မြန်မာ–ထိုင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် မြန်မာ– တရုတ် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး



**တလူလူလွင့်နေသော ကုလသမဂ္ဂအလံတော်**

သဘောတူစာချုပ်များကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ–ထိုင်း–လော သုံးနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ဗန်ကောက်မြို့တွင် ၁၉၉၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လော သုံးနိုင်ငံ ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးတွင် ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဓိကအားဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးတိုက်ဖျက်ရေးအတွက် ခိုင်မာသော သန္နိဋ္ဌာန်များနှင့် တည်ကြည်သော အာမခံချက်တို့ကို အတည်ပြုခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများထုတ်လုပ် ဖြန့်ဖြူး ဝယ်ယူသုံးစွဲမှုများ လျော့ပါးရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသ ဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း သဘောတူညီခြင်းတို့ ပါဝင်သည်။

အရှေ့တောင်အာရှဒေသခွဲအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးစားပြုမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး

အစီအစဉ်ရုံးတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု လျှော့ချရေး၊ ကူးသန်းရောင်းဝယ်မှု တားမြစ်ရေးနှင့် ယင်းတို့နှင့်ဆက်နွှယ်နေသောကိစ္စရပ်များဆိုင်ရာ မြန်မာ–အိန္ဒိယအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားမြစ်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့(ရှ်) နှစ်နိုင်ငံ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ထို့အပြင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင် လက်မှတ်ရေးထိုးခဲ့သည့်အလျောက် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လျော်ညီစေရန် ရည်ရွယ်လျက် " ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ "ကို ဖျက်သိမ်း လိုက်ပြီး "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ" သစ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ရှေးရှုတည်ဆောက်လျက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။


မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ လွတ်လပ်သော ကျွမ်းကျင်သူများ၊ အထူးအစီရင်ခံစာ တင်သွင်းသူများ၊ ကုလသမဂ္ဂ လူ့သားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ အကြီးအကဲ၊ ယင်း၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အများတို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို လက်ခံခဲ့သည်။

မြန်မာနိုင်ငံသည် ဩစတြီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၃ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတွင် အခြေခံ လူ့အခွင့်အရေးများ တိုးတက်ခံစား ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပြန်လည်စည်းလုံးသင့်မြတ်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာ ပါရှိချက်တွင် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးမှု အစီအစဉ်၊ တစ်ဘက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား လက်ခံရာတွင် ကူညီဆောင်ရွက်ရေး၊ အထူးသဖြင့် ရေသန့်ရရှိရေး၊ ပညာရေး၊ ဆယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပါဝင်ကူညီဆောင်ရွက်ရေး ကိစ္စရပ်များ ပါဝင်သည်။ ယင်းကိစ္စရပ်များအားကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆက်သွယ်ရေးရုံးကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့် ပြုခဲ့သည်။

## မြန်မာနိုင်ငံက အထူးပြုအေဂျင်စီ များတွင် ပါဝင်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ အထူးပြုအေဂျင်စီများ အစီအစဉ်များတွင် ပါဝင်ကာ




ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ စာသားအချို့ပါရှိသည့် ပိုစတာ

သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိပါသည်–

(က) **အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO)**။ ။အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့ချုပ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမား ပြည်သူများအတွက် လူမှုရေးတရားမျှတမှုကို ကာကွယ်မြှင့်တင်ရန် ဆောင်ရွက် ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၈–၄–၄၈ တွင်ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လေ့ကျင့်ပညာပေးရေး စသည်တို့ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) **စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)**။ ။စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေး အဖွဲ့သည်ကမ္ဘာ့နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ကိစ္စများနှင့် ပတ်သက်၍ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ ထိုအဖွဲ့ကမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး မျိုးစေ့သုတေသန၊ ငါးမွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားဥယျာဉ်များ တည်ဆောက်ခြင်း၊ သီးနှံဖွံ့ဖြိုးရေး စသည့်ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)**။ ။ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက် ကြခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်မှု ပိုမိုတိုးမြှင့်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို


အထောက်အကူဖြစ်စေရန် ဤအဖွဲ့က ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော အမျိုးသားကော်မရှင်ကို ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေး၊ မော်ကွန်းထိန်းလုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာပစ္စည်းများ ပြုပြင်ထိန်းသိမ်းကာကွယ်ခြင်းစသည့် ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( W H O )။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးစနစ်များ တိုးတက်ကောင်းမွန်စေရန်၊ ကပ်ရောဂါများ၊ ကူးစက်ရောဂါများ ကုသတိုက်ဖျက်ရေး၊ ကျန်းမာရေး အသိပညာပေးရေး စသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁-၇-၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။ ယင်းအဖွဲ့သည် မြန်မာ နိုင်ငံ တွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်သူလူထုကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ကူးစက်ရောဂါနှင့် ကပ်ရောဂါများ ကုသတိုက်ဖျက်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စသည်တို့တွင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(င) **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)** ။ ။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံတကာ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာ ကုန်သွယ်မှု ချဲ့ထွင်ရေးနှင့် မျှတစွာတိုးတက်ကြီးထွားရေးစသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၅၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အဖွဲ့က နည်းပညာ အကူအညီများ ပေးပါသည်။ ထို့အပြင် ယင်းအဖွဲ့မှ ဖွင့်လှစ်ထားသော သင်တန်း ကျောင်းသို့ မြန်မာနိုင်ငံမှ သင်တန်းသားများကို ရွေးချယ် ခေါ်ယူလေ့ကျင့်ပေးပါသည်။ ယင်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ၏ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။

(စ) **ကမ္ဘာ့ဘဏ် ( WORLD BANK)။** ။ကမ္ဘာ့ဘဏ်သည် အဖွဲ့ဝင်နိုင်ငံများတွင် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးခြင်း၊ အကြံဉာဏ် ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကမ္ဘာ့ဘဏ် အုပ်စုတွင် ပြန်လည်တည်ဆောက် ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာ ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာ စီမံကိန်းအချို့အတွက် အတိုးမဲ့ နှစ်ရှည်ချေးငွေအချို့ကို ထုတ်ချေးကာ သက်ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဘဏ်၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးသို့မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းမှမူ မြန်မာနိုင်ငံအနေဖြင့် အကူအညီရယူခြင်း မရှိသေးပါ။

(ဆ) **အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ (ICAO)။** ။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း အန္တရာယ်ကင်းရှင်းစေရန်နှင့် ထိရောက်ထက်မြက်စေရန် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၈-၇-၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်း



ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ခုတွင်

အဖွဲ့သည် မြန်မာနိုင်ငံတွင် မိုးပြလေကြောင်း ဆက်သွယ်ရေးနှင့် ကြိုးမဲ့အချက်ပြဆက်သွယ်မှု ဖွံ့ဖြိုးရေး၊ မိုးပြလေကြောင်းထိန်းသိမ်းရေးကိရိယာများခေတ်မီရေးနှင့်အားကောင်းရေး၊ လေ့ကျင့်သင်ကြားရေး၊ ဒေလဆိပ်မွမ်းမံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(၈) **ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ( UPU )။** ။ကမ္ဘာ့စာပို့တိုက်သမဂ္ဂသည် ကမ္ဘာ့စာပို့လုပ်ငန်းတွင်နှုန်းထားများ သတ်မှတ်ခြင်းနှင့် စာပို့လုပ်ငန်း ခေတ်မီတိုးတက်စေရန်နှင့် သွက်လက်မြန်ဆန်စေရန် နည်းလမ်းများ တီထွင်ခြင်း၊ စည်းကမ်းများ သတ်မှတ် ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းသမဂ္ဂသို့ ၁၄–၄–၄၉ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းအတွက် ကျွမ်းကျင်သူများ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(၉) **အပြည်ပြည်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးသမဂ္ဂ (ITU)။** ။ဤအဖွဲ့အစည်းသည် ရေဒီယိုလှိုင်းများ ခွဲဝေပေးခြင်း၊ အသံလွှင့်ဌာနများ တစ်ခုနှင့်တစ်ခု အနှောင့်အယှက်မဖြစ်စေရန် ညှိနှိုင်းပေးခြင်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်ကူညီခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း စေရန် နည်းလမ်းများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည်ယင်းအဖွဲ့အစည်းသို့ ၁၉၃၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိလာသောအခါ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ယင်းအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ကြေးနန်းဆက်သွယ်ရေးကျွမ်းကျင်သူများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြေးနန်းဆက်သွယ်



ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများ (စတုတ္ထတန်း လက်ဝဲအစွန်မှ ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီးမောင်အေးဖြစ်သည်)

ရေးစနစ်များ ခေတ်မီရေးကိစ္စများတွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ည) **ကမ္ဘာ့မိုးလေဝသအဖွဲ့ ( W M O )။** ။ကမ္ဘာ့မိုးလေဝသအဖွဲ့သည် ကမ္ဘာ့တစ်ဝန်းတွင် မိုးလေဝသ စောင့်ကြည့် အကဲခတ်ရေး စခန်းများ ဖွင့်လှစ်ထားရှိကာ မိုးလေဝသအခြေအနေ လေ့လာခန့်မှန်းခြင်း၊ ခန့်မှန်းတွေ့ရှိချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် မိုးလေဝသလေ့လာခန့်မှန်းခြင်းလုပ်ငန်း၊ မြစ်ရေကြီးခြင်း ကြိုတင်သတိပေးမှုလုပ်ငန်း၊မုန်တိုင်း အန္တရာယ်ကြိုတင်သတိပေးခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျွမ်းကျင်သူများက လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(ဋ) **အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေး အဖွဲ့ (IMO)။** ။ဤအဖွဲ့အစည်းသည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေရန်နှင့် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းဝေးရေး၊ ရေကြောင်းလမ်းပြမှု ပိုမိုကျွမ်းကျင်ထိရောက်မှု ရှိရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးတို့ကို ဆောင် ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၆-၇-၅၁ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့မှ လက်စွဲစာအုပ်များ၊ ထုတ်ပြန်သောစည်းကမ်း၊ စည်းမျဉ်းများနှင့် သုတေသနစာတမ်းများကို မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိရာ မြန်မာနိုင်ငံတွင် သင့်တော်သလို အသုံးပြုလျက် ရှိပါသည်။

(ဌ) **လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD)။** ။ဤရန်ပုံငွေအဖွဲ့



သည် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ရေး၊ လယ်သမားများ ဝင်ငွေတိုးမြှင့်ရေး၊ စားနပ်ရိက္ခာဖြန့်ဝေသည့်စနစ် ပိုမိုကောင်းမွန်ရေး စသည့်ကိစ္စများအတွက် ငွေချေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းရန်ပုံငွေအဖွဲ့သို့ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဝင်ရောက်ခဲ့ပါသည်။

(၃) **အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ( IAEA )။** ။အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စများအတွက် အသုံးပြုစေရန်၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ပါသည်။မြန်မာနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရေဒီယိုအိုင်စိုတုပ်များဖြင့် ဆေးဝါးကုသရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေရရှိရေးနှင့် စက်မှုလုပ်ငန်းများတွင် အသုံးချရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကျွမ်းကျင်သူများလည်း လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ၂-၁၂-၉၂ ရက်နေ့တွင် နျူကလီးယား မပြန့်ပွားရေး စာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ရာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် သဘောတူညီချက်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ၂၀-၄-၉၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(၄) **အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် ( GATT )။** ။အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီ ချက်သည်၁-၁-၄၈ ရက်နေ့ကစတင် အာဏာသက်ဝင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကိစ္စ များကို ထိန်းချုပ်သော သဘောတူညီချက်ဝင် နိုင်ငံအားလုံးက လိုက်နာရသည့် တစ်ခုတည်းသော စည်းကမ်း စည်းမျဉ်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ သဘောတူညီချက်သို့ ၂၉-၇-၄၈ ရက်နေ့က ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ဤသဘောတူညီချက်အရ ပြုလုပ်သော ဥရုဂွေးအကြို ဆွေးနွေးပွဲများမှ သဘောတူညီချက်အရ "ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ အစည်း" မှာ ပေါ်ပေါက်လာပြီဖြစ်ပြီး ၄င်းမှာ ၁-၁-၉၅ ရက်နေ့တွင် စတင်သက်ဝင်ပြီ ဖြစ်ပါသည်။

(၅) **ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ ( UNIDO)။** ။ဤအဖွဲ့ အစည်းသည် အဖွဲ့ဝင်နိုင်ငံများသို့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများပေးခြင်းကို ဆောင်ရွက်ပါသည်။ ယင်းသည်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်နေသော စက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ အဖွဲ့သို့ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်၊ ဧပြီလတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

## ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။


(က) **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF )** ။ ။ဤအဖွဲ့ အစည်းသည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးများ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စများ အတွက် အကူအညီပေးသည့် ကိစ္စများကို ဆောင်ရွက် ပါသည်။ ယင်းရန်ပုံငွေ အဖွဲ့သည် မြန်မာနိုင်ငံတွင် ဌာနေ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားရှိပြီး ကလေး သူငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ မိခင်နို့ တိုက်ကျွေး ခြင်း၊ ခြောက်သွေ့ ဒေသ များတွင် ရေရရှိရေး စီမံကိန်းစသည်တို့တွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက် လျက် ရှိပါသည်။

(ခ) **ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ ( UNCTAD )**။ ။ဤညီလာခံသည် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ကျင့်သုံးသည့် လုပ်နည်းများနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာ ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေမည့် လေ့လာသုံးသပ်ချက်နှင့် နိုင်ငံ တကာ သဘောတူညီချက်များကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းညီလာခံ၏ အစည်းအဝေး များသို့ တက်ရောက်ကာ ဖြစ်ပေါ် တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာပြီး မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် လုပ်ထုံး လုပ်နည်း၊ မူဝါဒနှင့် သဘော တူညီချက်များကို လေ့လာသုံးသပ်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)**။ ။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် သဘာဝအရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြင့်စေရန်နှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် အကူအညီများ ပေးပါသည်။ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ကဏ္ဍအများအပြား၌ အကောင် အထည် ဖော်လျက် ရှိသော စီမံကိန်းများ အတွက် ငွေကြေးနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ပေးပြီး မြန်မာနိုင်ငံသား ကျွမ်းကျင်သူများကို လေ့ကျင့်ပေးလျက် ရှိပါသည်။

(ဃ) **ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP)**။ ။ ဤအစီအစဉ်သည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုတတ်ကျွမ်းမှု ပိုမို မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာ ပြဿနာများကို နိုင်ငံအစိုးရများ သတိပြုမိ စေရန်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအစီအစဉ်၏ အစည်းအဝေးများသို့ ပါဝင် တက်ရောက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါ သည်။ ထို့အပြင် ယင်းအစီအစဉ် အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် တို့နှင့် ပူးတွဲက မြန်မာနိုင်ငံတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လေ့လာမှုများ၊ ဆွေးနွေးပွဲများ၊ ပြုလုပ် လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်း ကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်ကို ၁၄-၂-၉၀ ရက်နေ့က ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ မျိုးကွဲ ကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်းတို့ကိုလည်း ပါဝင်ခဲ့ပါသည်။

**နှစ်(၅၀)ပြည့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုတီးခတ်သော သံစုံတီးဝိုင်း**



(င) **ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် (UNDCP)** ။ ။ဤအစီအစဉ်သည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် အားလုံးကို ညှိနှိုင်းပေးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာ စုပေါင်းဆောင်ရွက်မှု ရရှိစေရန် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်း၌သာမက အိမ်နီးချင်း နိုင်ငံများနှင့် နှစ်နိုင်ငံချင်း သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တွင် ပါဝင်ကာ အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၅ ခုနှစ်က ဖွဲ့စည်းထားသော မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး ဗဟိုကော်မတီကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် တွင် ပြန်လည်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်သည် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး၊ ဒေသခွဲဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

## ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဤကော်မရှင်သည် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများအတွက် စီးပွားရေးနှင့် လူမှုရေးပြဿနာများကို သုတေသနလုပ်ကာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း စီးပွားရေးနှင့် လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြစေရန် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်းကော်မရှင်သည် မူလက အာရှနှင့်အရှေ့ဖျား ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် အမည်တွင်ခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် လက်ရှိအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သည် ၁၉၄၇ ခုနှစ်ကပင် အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သို့ပါဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် ကော်မရှင် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။


## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင် တို့တွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခံရခြင်း

နယူးယောက်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်း ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသော သံအမတ်ကြီး ဦးသန့်အား ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ဦးသန့်သည် ၁၉၇၁ ခုနှစ်အထိ ငါးနှစ်သက်တမ်း နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။

အလားတူပင် အာရှနှင့်အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင်တွင် ဒုတိယအမှုဆောင် အတွင်းဝန်အဖြစ်ဆောင်ရွက်နေသော မြန်မာကိုယ်စားလှယ် ဦးညွန့်သည် ၁၉၅၉ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ် တင်မြှောက်ခန့်အပ်ခြင်းခံရပြီး ယင်းရာထူးတွင် ၁၉၇၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို ယုံကြည်လက်ခံလျက် ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် ရွှေရတုသဘင်ပွဲ ကျရောက်သော ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်၌ ဟောပြောပွဲများ၊ ကုလသမဂ္ဂနေ့ ပြပွဲများ၊ စာပေနှင့်စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပလျက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတစ်ခုအနေဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးစုပေါင်းဖန်တီးရေးအတွက် တာဝန်ကျေပွန်စွာပါဝင် ဆောင်ရွက်လျက် ရှိပေသည်။

**မောင်ဆုရှင်**


IN.
4 0 4 INS.

# ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း

ရှေးဟောင်းမြို့တော်များကိုပြန်လည်တူးဖော်ခြင်းသည် ရှေးဟောင်းယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်သည်။ " ယဉ်ကျေးမှုဟူသည်အတိတ်ကအမွေအနှစ်" ဟူသောစကားအရ အတိတ်ကအမွေအနှစ်များကိုပြန်လည် ဖော်ထုတ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

ရှည်လျားသောမြန်မာ့သမိုင်းကြောင်းတွင်အတိတ်ကာလကကြွင်းကျန်ရစ်သည့်ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းအမြောက်အမြားရှိပေသည်။ ရှေးဟောင်းအဆောက်အအုံ၊ အိုးအင်ခွက်ယောက်၊ ဆင်းတု၊ ရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးငွေခွက်၊ ကျောက်စာ၊ ပုတီးစေ့၊ ဓား၊ လှံ၊ လက်နက်၊ မြေဆေးတံ၊ ရွှေပေချပ်၊ ငွေပေချပ်၊ လက်ဝတ်ရတနာနှင့်လူ့အသုံးအဆောင်ပစ္စည်းများပါဝင်ပေသည်။ ပဋ္ဌလောဟာဖြင့်ပြုလုပ်ထားသည့် ဖားစည်ကြီးငယ်များသည်လည်းရှေးဟောင်းပစ္စည်းများတွင်အကျုံးဝင်ပေသည်။

ရှေးဟောင်းအဆောက်အအုံများကိုပြန်လည်တူးဖော်ခြင်းသည်ပြတ်လပ်နေသည့်သမိုင်းကွင်းဆက်အတွက်လိုအပ်သည့် အထောက်အထားကောင်းများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရှာဖွေခြင်းဖြစ်ပေသည်။ သမိုင်းနှင့်ပတ်သက် ၍ "သမိုင်းမတင်မီခေတ်"၊ "သမိုင်းအကြိုခေတ်"၊ " သမိုင်းတင်ခေတ်" ဟူ၍ ခေတ် ၃ မျိုးကို ပညာရှင်များက ပိုင်းခြားထားပါသည်။


နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည်လူနေမှုစနစ်နှင့်ပြည်သူတို့၏ကြိုးပမ်းဆောင်ရွက်ချက်တို့ကိုအခြေခံကြောင်း၊ ယင်းတို့ကိုပြည့်ဝစုံလင်စွာဖော်ပြရန်လိုအပ်ကြောင်း သိရှိရပေသည်။ ပြည့်ဝစုံလင်သော မြန်မာနိုင်ငံ၏သမိုင်းကိုဖော်ထုတ်နိုင်ရန်အတွက်သမိုင်းမတင်မီခေတ်၊ သမိုင်းအကြိုခေတ်နှင့် သမိုင်းတင်ခေတ်တို့၏ယဉ်ကျေးမှုထွန်းကားပုံကို လေ့လာရန် လိုအပ်ပေသည်။

ပုဂံခေတ်မှမျက်မှောက်ခေတ်အထိသည် သမိုင်းတင်ခေတ်ဖြစ်ပြီးရာဇဝင်အထောက်အထားများလည်း အတော်အတင့်ရှိပြီးဖြစ်၍ ထိုခေတ်နှင့်ပတ်သက်၍ လေ့လာတူးဖော်ရန် မလိုအပ်သေးဟု သုတေသီများက ယူဆထားကြပေသည်။ သမိုင်းမတင်မီခေတ်မှာလည်း အလုမ်းဝေးပြီး ကွင်းဆက်များ ပြတ်နေသေးသဖြင့် လေ့လာတူးဖော်ရန် လောလောဆယ် အခြေအနေတွင် မလိုအပ်သေးဟု ယူဆထားကြပေသည်။ ထို့ကြောင့် လိုအပ်နေသည့် ကွင်းဆက်များရရှိနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုကို ဦးစားပေးလေ့လာဖော်ထုတ်ရန် သက်ဆိုင်ရာများက စီစဉ်ဆောင်ရွက်ကြကြောင်း သိရပေသည်။

ထိုသို့ဖော်ထုတ်ရာ၌ (က) အစဉ်အလာသမိုင်းစကား (ခ) ကျောက်စာပေစာ မော်ကွန်းမှတ်တမ်းများနှင့် (ဂ) ရှေးဟောင်း ဝတ္ထုပစ္စည်းများကို မှီငြမ်းပြုကြရပေသည်။ ရှေးဟောင်းပစ္စည်းများစွာတို့သည် မြေပေါ်တွင်ကျန်ရှိနေသလို မြေအောက်တွင်လည်း ဖုံးလွှမ်းနေတတ်ပေသည်။

ရှေးဟောင်းမြို့ပြနိုင်ငံများ ရှေးဟောင်းပစ္စည်းများ ပျောက်ကွယ်တိမ်မြုပ်ပျက်စီးရခြင်းမှာ မီးဘေး၊ ရေဘေး၊ မြေငလျင်ဘေးတို့ကြောင့်လည်း ဖြစ်သည်။ မီးတောင်များပေါက်ကွဲ၍ ချော်ရည်၊ ချော်မြှုပ်တို့ ဖုံးလွှမ်းခြင်းကြောင့်လည်းဖြစ်သည်။ စစ်မက်ဖြစ်ပွား၍ ဖျက်ဆီးခံရခြင်း၊ မီးရှို့ခံရခြင်းကြောင့်လည်းဖြစ်သည်။ ထို့အတူ ကပ်ဆိုက်ပြီး အစာရေစာရှားပါးမှုကြောင့် လူအများစွန့်လွှတ်ထွက်ခွာသွားကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ရှိစေ အဆောက်အအုံတို့သည် မြေကြီးအောက်သို့ လုံးဝနစ်မြုပ်ပျောက်ကွယ်သွားခြင်း မဟုတ်ပေ။ နှစ်ကာလကြာညောင်းသည့်အခါ အုတ်ကျိုးအုတ်ပဲ့နှင့် သဲ၊ ခဲများဖုံးပြီး တောင်ပို့ကဲ့သို့ ဖြစ်နေတတ်ပေသည်။ အချို့အဆောက်အအုံနှင့်ကုန်းများပေါ်၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေတတ်ပေသည်။

ထိုကဲ့သို့သော မြေအနေအထားမျိုးသည် မြန်မာနိုင်ငံအတွင်း၌ ရှိသင့်သလောက်ရှိသည်။ ထိုရေမြေအနေအထား ရာဇဝင်သမိုင်းအဆိုအမိန့်များနှင့်မြေပေါ်မှတွေ့ရှိရသည်


နတ်ပေါက်
တွင်းပြဲပေါက်
နဂါးတွန့်ပေါက်
ဘုရားကြီးဘုရား
ရွှေတံခါးပေါက်
ပြည်သို့
မုတ်ရှည်ပေါက်
မော်ဇာဘူတာရုံ
ဘုရားထောင်
နန်းတော်ရာ
ရဟန္တာပေါက်
ရဟန္တာဂူဘုရား
ရဟန္တာကန်
ဘိလူးမပေါက်
လက်သည်းရေကန်
ဗိဿနိုးမိဖုရားသင်္ချိုင်း
လေးမျက်နှာဘုရား
ဗိဿနိုးမြို့
ဘောဘောကြီးဘုရား
မြောက်
ပျူတိုက်
ပျူတိုက်
ပျူတိုက်
စကေးကိုက်မဟုတ်

သရေခေတ္တရာမြို့ဟောင်းပုံ

ဝတ္ထုပစ္စည်းတို့ကိုထောက်ချင့်၍ ရှေးဟောင်းပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ အရပ်ဒေသများအဖြစ် ရှေးဟောင်းသုတေသနပညာရှင်များက ယူဆကြသည်။ ထိုယူဆချက်အရ ဗိဿနိုးတူးဖော်မှုလုပ်ငန်းကို ၁၉၅၈ – ၅၉ ခုနှစ်မှ ၁၉၆၂ – ၆၃ ခုနှစ်အထိ ၆ ကြိမ်တူးဖော်ခဲ့သည်။

## ဗိဿနိုးမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုးကို ၁၉၀၅ ခုနှစ်လောက်ကတစ်ကြိမ် စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံကမ္ဘည်းကျောက်စာဌာနကြီး၏ လက်အောက်ခံဌာနခွဲအဆင့်မျှသာရှိပြီး ဝန်ထမ်း၊ ပစ္စည်းကိရိယာနှင့် ဘဏ္ဍာငွေများလည်း လုံလုံလောက်လောက်မရှိသေးပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်အခါ ကမ္ဘည်းကျောက်စာဌာနသည် မြန်မာနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဌာနကြီးတစ်ရပ်အနေဖြင့် "ရှေးဟောင်းသုတေသနဦးစီးဌာန"ဟူ၍ ပြောင်းလဲလာခဲ့သည်။

ဗိဿနိုးတူးဖော်မှုသည် လွတ်လပ်ရေးခေတ်၌ ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော်စမ်းသပ်မှုမျိုးဟု ဆိုနိုင်ပေသည်။ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၀ မိုင်ကွာရှိ ကုက္ကိုခွရွာ၏မြောက်ဘက်၌တည်ရှိသည်။ ပဏာမကွင်းဆင်းလေ့လာမှုပြုလုပ်စဉ်က အရိုးအိုးအစအနများ၊ ပျူဒင်္ဂါးများ၊ အစင်းအခြစ်များပါသည့် အုတ်ချပ်ကြီးများ၊ မြေနှင့်ရောင်စုံကျောက်ပုတီးစေ့များကို တွေ့ရသဖြင့် ပျူယဉ်ကျေးမှုကို လေ့လာရန်အလားအလာ ကောင်းသည်ဟု ယူဆထားကြသည်။

သရေခေတ္တရာယဉ်ကျေးမှုနှင့် မည်သို့ဆက်စပ်သည်ကို လေ့လာနိုင်ရန်အတွက် အရိုးအိုး မြှုပ်နှံလေ့ရှိသော သင်္ချိုင်းကုန်းများ မြို့အရံအတား ဝင်ပေါက်နှင့် မြို့တွင်း မြို့ပြင်အဆောက်အအုံပုံစံများကို ၂၅ နေရာ၊ ၆ ကြိမ်ခွဲ၍ တူးဖော်ကြသည်။ တူးဖော်ရာ၌ အကွက်ရိုက်၍ တူးခြင်းနှင့် ကျင်းရှည်တူးခြင်း၂ မျိုးကို အလျဉ်းသင့်သလို အသုံးပြုကြသည်။ ထို့အပြင် မြေလွှာဆန်းစစ်မှုစနစ်ကိုလည်း လိုအပ်သလို အသုံးပြုကြသည်။ ခေတ်ကာလပိုင်းခြားရာ၌ မြေလွှာဆန်းစစ်မှုလုပ်ငန်းမှာ အဓိကနေရာမှ ပါဝင်နေပေသည်။

ထိုသို့ စနစ်တကျတူးဖော်သည့်အတွက် စတုဂံပုံ အုတ်မြို့ရိုး၊ နန်းတော်ကုန်း၊ မြို့ဝင်ပေါက်များ၊ လူနေအဆောက်အအုံများနှင့် ဘာသာရေးသို့မဟုတ် ထုံးတမ်းဆိုင်ရာအဆောက်အအုံများကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ အချို့အဆောက်အအုံ အပျက်အစီးများ အတွင်းမှ မြေအိုး၊ မြေခွက်၊ ပုတီးနှင့်မြေမီးဖုတ်ကိန္နရီ ရုပ်များတွေ့ရသလို အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ ကြေးလက်ကောက်၊ ကြေးချူ၊ တံဆိပ်ထိုးထားသည့်ရွှံ့တုံး၊ ချွန်းစောင်းနှင့် စကြာပုံပါသည့် ကျောက်ပြားငယ်တို့ကိုလည်း တွေ့ရသည်။မြေထည်နှင့်ကျောက်ပစ္စည်းများအပြင် သတ္တုပစ္စည်းများ၊ အင်္ဂတေပစ္စည်းများ၊ လူရိုးနှင့်တိရစ္ဆာန်ရိုးများကိုလည်း တွေ့ရပေသည်။

ယင်းတို့ကို ထောက်ချင့်၍ သုတေသီများက ဗိဿနိုးတွင် ပျူယဉ်ကျေးမှုသည် အေဒီ ၁ ရာစုခန့်တွင် စတင်ထွန်းကားပြီး ၄ ရာစုနှင့် ၅ ရာစုခန့်တွင် ဗိဿနိုးမြို့ပျက်စီးခဲ့သည်ဟု ယူဆကြသည်။ ဗိဿနိုးတွင် စာပေမထွန်းကားသေး။ ဗြဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာ အငွေ့အသက်မျှသာ ရှိသေးသည့်အတွက် ဗုဒ္ဓသာသနာ မဖွံ့ဖြိုးသေး။ ထို့ကြောင့် ဆင်းတု၊ ရုပ်တုပူဇော်ခြင်းမရှိ။ ရွှေပေ၊ ငွေပေများလည်းရေးထိုးခြင်းမရှိဟု ယူဆကြသည်။

လက်မှုအနုပညာရပ်များနှင့်ပတ်သက်၍ပစ္စည်းအချို့တွေ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ။ ထူးခြားသည့် ဝလေ့တစ်ခုမှာ အရိုးအိုး မြှုပ်နှံခြင်းပင်ဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပေးကြသည်။

## ဟန်လင်းကြီးမြို့ဟောင်း တူးဖော်ခြင်း

ပျူယဉ်ကျေးမှု၏ အပြန့်သဘောကို သိမြင်နိုင်ရန်အတွက် ဗိဿနိုးပြီးလျှင် ဟန်လင်းကြီးကိုဦးစားပေး တူးဖော်ရန် သုတေသီများက စီစဉ်ကြသည်။ ဟန်လင်းမြို့ဟောင်းကို (၁၉၀၅) ခုနှစ်က တစ်ကြိမ် ပဏာမကွင်းဆင်းလေ့လာ၍ စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ပျူဒင်္ဂါး ရှေးဟောင်းအုတ်ချပ်များနှင့် ပျူကျောက်စာတစ်ချပ်ရရှိခဲ့သည့်အတွက် ဟန်လင်းကြီးမြို့ဟောင်းတူးဖော်မှုကို ရှေးဟောင်းသုတေသန ဌာနက ၁၉၆၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နောက်ဆက်လက်၍ ၁၉၆၃ မှ ၁၉၆၆ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၆၆ မှ ၁၉၆၇ ခုနှစ်အထိ တစ်ကြိမ်၊ ပေါင်း ၃ ကြိမ်မျှ တူးဖော်ခဲ့ကြသည်။

ဟန်လင်းကြီး၏မြို့ရိုးသည် စတုဂံပုံဖြစ်ပြီး တောင်မြောက်အလျားပေ ( ၉၆၀၀ )နှင့် အရှေ့အနောက်အနံပေ

(၅၀၀၀ ) ခန့်ရှိသည်။ မြို့လယ်တွင် နန်းတော်ရာဟု ခေါ်သည့် စတုဂံအတွင်း အုတ်မြို့ရိုးတစ်ခုရှိသည်။ မြို့ရိုးမှာ အုတ်ကျိုးအုတ်ပဲ့များသာ ကျန်တော့သဖြင့် ထင်ထင်ရှားရှား မရှိပေ။ တူးဖော်ရာမှ မြေအိုးမြေခွက်အမျိုးမျိုး၊ အခြယ်အလှယ်ပါသည့်အိုးခြမ်းပဲ့အမျိုးမျိုး၊ ပုတီးနှင့် ရွှေဆွဲပြားအမျိုးမျိုး၊ အရိုးအိုးနှင့်သံလက်နက်၊ ကျောက်လက်နက်အမျိုးမျိုး၊ ဒင်္ဂါးအမျိုးမျိုးနှင့် ကြေးမုံပြင်အမျိုးမျိုးတို့ကို တွေ့ရသည်။

ဟန်လင်းတွင် ပျူတို့သည် ၃ ရာစုလောက်မှ စတင်နေထိုင်ကြပြီး ၄ ရာစုနှင့် ၉ ရာစုအကြားတွင် စည်ပင်ဖွံ့ဖြိုးခဲ့သည်ဟု ယူဆကြသည်။ ဗိသုကာပညာကို တတ်ကျွမ်းကြပြီး အဆောက်အအုံအမျိုးမျိုးဆောက်လုပ်နိုင်ကြကြောင်း၊ လယ်ယာထွန်ယက်၍ လက်မှုအနုပညာရပ်များ တတ်ကျွမ်းကြကြောင်း၊ ကာကွယ်ရေးတပ်များဖွဲ့၍ ဓား၊ လှံ၊ လေး၊ မြား လက်နက်များကိုလည်း လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။ အရိုးအိုးများမှအပ ဆင်းတု၊ ရုပ်တု တူးဖော်ရရှိခြင်း မရှိပေ။


## သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း


သုတေသီများကပျူယဉ်ကျေးမှုကို ဆက်လက်ခြေရာခံကြရာ သရေခေတ္တရာတွင် ပျူယဉ်ကျေးမှုအထောက်အထားအချို့ကို တွေ့ကြရသည်။ သရေခေတ္တရာမြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ပြီး ၁၉၆၃–၆၄ ခုနှစ်တွင် သိပ္ပံနည်းကျသုတေသနစနစ်ကို အခြေပြု၍ ဆက်လက်တူးဖော်ကြသည်။

မြို့ကွက်သည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်းမကျသော အကွက်မျိုးဖြစ်သည်။ အကျယ်အဝန်းစတုရန်း ၅ မိုင်ခွဲခန့်ရှိသဖြင့် ဟန်လင်းနှင့်ဗိဿနိုးတို့ထက် ကျယ်ပြန့်သည်။ မြို့ရိုးသည်ကြီးကျယ်ခိုင်ခံ့ပြီး ပတ်ဝန်းကျင်တွင် ကုန်းဟောင်းများရှိသည်။

တူးဖော်ကြရာ အောက်ပါဝတ္ထုပစ္စည်းများကို တွေ့ရသဖြင့် သရေခေတ္တရာခေတ် ယဉ်ကျေးမှုရုပ်လုံး ပေါ်ထွက်လာသည်။ ဘောဗောကြီးစေတီအောက်ခြေမှ ကမ္ပည်းကျောက်စာ၊ ခင်ဘကုန်းငွေဗောဓိပလ္လင်ကြုတ်မှကမ္ပည်းစာ၊ ပျူကျောက်အရိုးအိုးပတ်လည်မှ ကမ္ပည်းစာ၊ ပျူပါဠိစာပါသည့် အုတ်ခွက်ဆင်းတု၊ ဗုဒ္ဓဆင်းတုတော်ပါကျောက်ချပ်၊ ဗိဿနိုးနတ်ရုပ်ပါကျောက်ချပ်၊ ဗိဿနိုးမိဖုရားသချိုင်းရှိ

ဟန်လင်းကြီးမြို့ဟောင်းတွင်တွေ့ရသော အရိုးအိုးများပုံ





သရေခေတ္တရာမြို့ဟောင်းတူးဖော်ရာတွင် တွေ့ရသော ပျူဒင်္ဂါးလေးမျိုး

ကျောက်အိုး၊ ကျောက်ပလ္လင်၊ ဒင်္ဂါး၊ ဗောဓိသတ္တကြေးရုပ်၊ ငွေကြာပန်း၊ ပန်တျာကြေးရုပ်များနှင့် ကခုန်နေဟန်လူရုပ်ပါကြေးပြားများ ဖြစ်ကြသည်။

တွေ့ရှိသည့်ပစ္စည်းများကို ထောက်ချင့်၍ သရေခေတ္တရာတွင် ပျူတို့သည် အေဒီ ၅ ရာစုခန့်တွင် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ၁၀ ရာစုနောက်ပိုင်းမှစ၍ တဖြည်းဖြည်းမှေးမှိန်လာခဲ့ကြောင်း၊ ကိုယ်ပိုင်စာပေများရှိပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း မှတ်ချက်ချကြသည်။


ထို့အပြင် အနုပညာဗိဇအခံရှိ၍ ဆင်ယင်ထုံးဖွဲ့ပုံတွင် အဆင့်အတန်းမြင့်ကြောင်း ကျောက်ဆစ်၊ ရွှေပန်းထိမ်၊ ဗိသုကာ၊ ပန်းရန်နှင့် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွထုလုပ်သည့် အတတ်ပညာများ ကျွမ်းကျင်ကြောင်း၊ အိန္ဒိယ၊ ရခိုင်တို့နှင့်လည်း ကူးလူးဆက်ဆံပုံရှိကြောင်း သိရသည်။

## တကောင်းမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကို တူးဖော်ပြီးသည့်အခါ သုတေသီတို့သည် တကောင်းမြို့ ဟောင်းကို ဆက်လက်တူးဖော်ရန် အစီအစဉ်များ ချမှတ်ကြသည်။ “မြန်မာအစ တကောင်းက”ဟူသော ဆိုရိုး စကားရှိသည်။ သမိုင်းပုံပြင်နှင့် မိရိုးဖလာယုံကြည်ချက်များ အရလည်း တကောင်းသည် ရှေးခေတ်မြန်မာနိုင်ငံတွင် ထင်ရှားသည့် မြို့တစ်မြို့ ဖြစ်ခဲ့သည်။

တကောင်းမြို့ဟောင်းသည် မန္တလေးခရိုင်၏ မြောက်ဘက်အစွန်း ရေလမ်း (၁၂၇) မိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းအနီးတွင် တည်ရှိသည်။ ကျုံး၊ မြို့ရိုးဟောင်းနှင့် ကြွင်းကျန်သည့်စေတီပုထိုးများက ရှေးဟောင်းမြို့တစ်မြို့ဖြစ်ကြောင်းကို သက်သေထူနေသည်။ ၁၉၀၄၊ ၁၉၁၆၊ ၁၉၂၃ နှင့် ၁၉၃၀ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်များတွင် ပဏ္ဏာမကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

တွေ့ရှိချက်များကို အခြေပြု၍ (၁၉၆၇–၆၈)နှင့် (၁၉၆၈–၆၉)ခုနှစ်များတွင် ကုန်း (၁၂) ကုန်းကို တူးဖော်ခဲ့ကြရာ ကျောက်ချပ်၊ ရုပ်ကြွ၊ အုတ်ခွက်ဘုရား၊ ကြာစမ္ပခံပါဆင်းတု၊ ကြေးဆင်းတု၊ စဉ့်ချပ်ရုပ်ကြွ၊ စာပါအုတ်ကြွပ်ပြား၊ အင်္ဂတေပန်း၊ မြေတံဆိပ်ဝိုင်း၊ ကျောက်ဆုံလည်ခွက်၊ အိုးခွက်နှင့်မြေထည်ပစ္စည်းများကို




မိဿနိုးမြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး၊ ကြေးလက်ကောက်၊ ကြေးချူ စသည့်ရှေးဟောင်း အမွေအနှစ် ပုံစံများ

တွေ့ရသည်။ ထို့အပြင် မြေဆေးတံ၊ မြေပုတီးစေ့၊ ကျောက်မိုးကြိုးသွားနှင့် သံပြားသွားစသည့် သံထည်ပစ္စည်းများကိုလည်း တွေ့ရသေးသည်။

ထူးခြားသည်မှာ ဗိသနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ ပျူများကဲ့သို့ တကောင်းတွင် အရိုးအိုးမြှုပ်နှံသည့် အလေ့အထမရှိပေ။ ပျူလူမျိုးများအသုံးပြုလေ့ရှိသည့် ဒင်္ဂါးများ ၊ သီရိဝစ္ဆ၊ ငါးကြင်းရှစ်ကောင်၊ ကာလသာအိုး၊ လူရုပ်ကနေဟန် အစရှိသည့်အခြယ်အလှယ်ပါသော အိုးကွဲများကိုလည်း မတွေ့ရပေ။ မြေစိုက်စေတီများကိုသာ တွေ့ရပြီး ဂူဘုရားများကိုမတွေ့ရသလောက်ပင် ဖြစ်သည်။ တွေ့ရသမျှ အင်္ဂတေပန်းများနှင့် အခြယ်အလှယ်ပါသည့် အိုးခြမ်းကွဲများမှာလည်း ပျူခေတ်လက်ရာထက် ပုဂံခေတ်လက်ရာများနှင့် နီးစပ်ကြောင်း တွေ့ရသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဆင်းတု၊ ရုပ်တုများကို တူးဖော်ရရှိသည့်အတွက် ဗုဒ္ဓသာသနာ ထွန်းကားကြောင်း သိရသည်။ အုတ်ခွက်ဘုရား၊ ကျောက်ဆစ်ရုပ်ကြွ၊ သဲကျောက်ဆင်းတုနှင့် ကြာပလ္လင်စမ္ဗခံတို့သည် အေဒီ ၁၂ ရာစု ပုဂံခေတ်လက်ရာများနှင့် တူညီကြောင်းနှင့် အဖိုးတန်ရတနာပစ္စည်းများ မတွေ့ရှိရကြောင်းကို သုတေသီများက မှတ်ချက်ချကြသည်။

ဝင်းခ၊ ဝေသာလီ၊ ပုဂံမြို့ဟောင်းနှင့် ပဲခူး ကမ္ဗောဇသာဒီ အစရှိသည့်နေရာများတွင်လည်း ရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ တူးဖော်ဆဲဖြစ်သည်။ အထောက်အထားနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်း တွေ့တန်သလောက် တွေ့ရသည်။

## နိဂုံး

နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှည်ကြာခဲ့သော မြန်မာ့ယဉ်ကျေးမှု သမိုင်းကြောင်းတွင် ပျူခေတ်ယဉ်ကျေးမှုသည် အဓိကကျသည့်အခန်းမှ ပါဝင်ခဲ့ပြီး မြန်မာတို့သည် ပျူတို့ထံမှ ဗိသုကာ၊ ကျောက်ဆစ်၊ ပန်းတော့စသည့် လက်မှုအနုပညာတို့ကို ဆက်ခံရယူခဲ့ကြသည်။ တဖြည်းဖြည်း မြန်မာမှုပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရုပ်လုံး ပီပြင်လာသည်။

ပြည့်ဝစုံလင်သော မြန်မာနိုင်ငံသမိုင်းအတွက် လိုအပ်သောကွင်းဆက်များရနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုခေတ်ကို ဦးစားပေးပြီး လေ့လာဖော်ထုတ်ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရှေးအကျဆုံးဖြစ်သည့်မြို့တော်များ၊ မြို့ဟောင်းများကို ဦးစားပေး၍ တူးဖော်ခြင်းဟုလည်း ဆိုနိုင်သည်။

အကဲဖြတ်ရာ၌ နည်းနှစ်နည်းကို အသုံးပြုကြသည်။ ကမ္ပည်းစာများနှင့် ကျောက်စာများကို ကြည့်၍ အကဲဖြတ်သည့်အခါ ဖြတ်ပြီး စာပေအထောက်အထားမခိုင်လုံသည့် ပစ္စည်းများကို ခေတ်မီဓာတ်ခွဲစမ်းသပ်နည်းဖြင့် စစ်ဆေးစမ်းသပ်ပြီး နှစ်ကာလကိုတွက်ချက်ကြသည်။ ဤနည်းသည် “ရေဒီယိုကာဗွန်ဓာတ် စမ်းသပ်တွက်ချက်နည်း” ဖြစ်သည်။

ထိုသို့တူးဖော်လေ့လာစမ်းသပ်စစ်ဆေးခြင်းဖြင့် နှစ်ပေါင်း (၂၀၀၀) ကျော်က မြန်မာ့သမိုင်းကြောင်းကို သိလာရသည်။ ခေတ်အဆက်ဆက် မြန်မာတို့ကြီးပမ်းမှု အဝဝနှင့် တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များအကြောင်းကိုလည်း သိတန်သလောက်သိလာရသည်။ အတိတ်က ယဉ်ကျေးမှုအမွေအနှစ်တို့ကိုမြန်မာတို့ထိန်းသိမ်းလာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် “အတိတ်က အမွေအနှစ်”ဖြစ်သလို “ပစ္စုပ္ပန်၏ အထိန်းအကွပ်” လည်းဖြစ်သည်။ ထို့အတူ “အနာဂတ်အတွက် အင်အားတစ်ရပ်” ဟုလည်းဆိုနိုင်သည်။

အားမာန် အမျိုးမျိုးရှိရာတွင် “ယဉ်ကျေးမှု အားမာန်” သည် အမျိုးသားစိတ်ဓာတ် တစ်နည်း မျိုးချစ်စိတ်ဓာတ်ကို ဖွံ့ဖြိုးစေသည်။ ထိုအားထိုမာန်နှင့် စည်းလုံးမှုတို့ကို အခြေပြုပြီး နိုင်ငံကို ခိုင်ခံ့အောင် တည်ဆောက်ကြရပေမည်။

ဦးမင်းနိုင်




သဘင်အထိမ်းအမှတ်







# “ ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်”

## နိဒါန်း

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ၁၉၉၅ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုကာလ ပြည့်မြောက်ပြီ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်ကို စတင်တီထွင်သူ (သို့မဟုတ်) မြန်မာ့ရုပ်ရှင်အဖြစ် တီထွင်သူပုဂ္ဂိုလ်များအနေဖြင့် ခဲရာခဲဆစ် အပတ်တကုတ် ကြိုးပမ်းခဲ့ရလေသည်။ အကြောင်းမူ ထိုကာလသည် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်ခြယ်လှယ်နေသော ကာလ ဖြစ်သည်။ နယ်ချဲ့ခေတ်တွင် မြန်မာ့ရုပ်ရှင်ကို စတင် ဖန်တီးရသူတို့အဖို့ ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းကြ ရလေသည်။

မြန်မာ့ရုပ်ရှင်စတင်သော ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသော ကာလဖြစ်သည်။ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန် ကြိုးပမ်းကြသည်။ ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (ဖေ–ပု–ရှိန်) အဖွဲ့မှ ဦးထွန်းရှိန်သည် အမျိုးသားရေး လှုပ်ရှားမှု များ ကြိုးပမ်းရင်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

အမျိုးသားခေါင်းဆောင် ဦးထွန်းရှိန်ကွယ်လွန်သည့်အတွက် မြန်မာ့ရုပ်ရှင်ကား “မေတ္တာနှင့် သူရာ” ကို ရိုက်ကူးကြိုးပမ်းနေသော လန်ဒန်အတတ် ဦးအုံးမောင်နှင့် ဓာတ်ပုံဆရာကြီး ဦးမောင်မောင်တို့သည် ရိုက်လက်စ ရုပ်ရှင် “မေတ္တာနှင့်သူရာ ” ရုပ်ရှင်ကားကို ခေတ္တရပ်တန့်ထားပြီး ဦးထွန်းရှိန်စျာပနကို သတင်းကားအဖြစ် ရိုက်ကူးရုံတင်ခဲ့လေသည်။ မြန်မာလူမျိုးများ ရိုက်ကူးသော မြန်မာ့မျိုးချစ်အာဇာနည်တစ်ဦး၏ သတင်းကားကို မြန်မာပြည်သူတို့ တအံ့တသြ ကြည့်ရှုအားပေးကြရာ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ ပေါ်ထွန်းလာခဲ့ လေသည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သည် အမျိုးသားရေး စိတ်ဓာတ်များ တဖွားဖွားထွန်းကားနေသော ၁၉၂၀ ပြည့်နှစ်တွင် စတင်ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည် “အမျိုးသားရေးကို အခြေခံပေါ်ထွန်းလာသော မြန်မာ့ရုပ်ရှင် ” ဖြစ်သည်ဟု ယနေ့ကာလတွင် အများက သုံးသပ်ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်း ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ယနေ့ကာလတွင် ၇၅ နှစ်မြောက် ရုပ်ရှင်စိန်ရတုသို့ ရောက်လာခဲ့ပြန်၍ ရုပ်ရှင်လုပ်သားထုတစ်ရပ်လုံးကလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လောကကို ဦးဆောင်ဦးရွက်ပြုနေသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်းကောင်း၊ အမျိုးသားရေးဆန်သော မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်တစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ခဲ့လေသည်။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်ကြီး၌ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က စိတ်ဝင်တစား ရှိလှသည်။ နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၅ ခုနှစ် ကြံတောင့်ကြံခဲ မြန်မာ့ရုပ်ရှင်စိန်ရတုပွဲ ဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စီမံချက်ရေးတင်ပြရန် ညွှန်ကြားခဲ့သည်။

ထိုညွှန်ကြားချက်အရ ၂၁– ၁– ၉၅ နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် ရုပ်ရှင်အစည်းအရုံးအမှုဆောင်များ တွေ့ဆုံပွဲတွင် စီမံချက်ကိုတင်ပြ၍ အတည်ပြုချက်ရသည်နှင့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက် ခြောက်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ရည်ရွယ်ချက်

(က) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့ရုပ်ရှင်၏ အခန်းကဏ္ဍများကို ထင်ရှားပေါ်လွင်စေရန်။



မြို့မအားကစားကွင်းထိပ် မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ကို မင်းသားကြီး ဦးအေးကြူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

(ခ) မြန်မာ့ရုပ်ရှင်လောက၏ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေးကြိုးပမ်းမှု အစဉ်အလာကောင်းများကို ထင်ရှားပေါ်လွင်စေရန်။

(ဂ) နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များကို အထောက်အကူပြုစေမည့် အတွေးအခေါ်၊ အယူအဆများအား အနုပညာရသပြည့်ဝစွာဖြင့် အားထုတ်ကြိုးပမ်းမှုများ ရရှိစေရန်။

## မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ဦးတည်ချက်ခြောက်ရပ်

၁။ ရုပ်ရှင်အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်၊

၂။ ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုရန်၊

၃။ နိုင်ငံတော်ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်စည်းရုံး လှုံ့ဆော်ရန်၊

၄။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

၅။ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော ရုပ်ရှင်ပညာရပ်ကို မျိုးဆက်သစ်အနုပညာရှင်များသို့ လက်ဆင့်ကမ်းပေးရန်၊

၆။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ ၊ အတတ်ပညာရှင်များအားလုံး စည်းလုံးညီညွတ်ရေးကို ရေးရှုကြိုးပမ်းရန်။

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

"၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ" တစ်ရပ်ကို အဆိုပါ (၂၁-၁-၉၅) နေ့တွင်ပင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် -

နာယကအဖွဲ့ဝင်များ အဖြစ်

၁။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၁)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

၂။ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊

၃။ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊

၄။ ဗိုလ်ချုပ်အေးကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊

၅။ ဗိုလ်မှူးချုပ်မျိုးသန့်၊ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ဝန်ကြီး၊

၆။ ဗိုလ်မှူးချုပ်ဝင်းတင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊

၇။ ဦးကိုလေး၊ မြို့တော်ဝန်၊

၈။ ဦးသုခ၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊

၉။ ဦးတင်မောင်၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊

၁၀။ ဦးအေးကြူ၊ ဝါရင့် ရုပ်ရှင်သရုပ်ဆောင် တို့ ပါဝင်ပြီး

ကျင်းပရေး ဗဟိုကော်မတီကို

၁။ ဦးသိန်းစိန်၊ဥက္ကဋ္ဌ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီး ဌာန)

၂။ ဦးစိန်တင်၊ ဒုတိယ ဥက္ကဋ္ဌ (ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး)

၃။ ဦးတင်ဖေ၊ အတွင်းရေးမှူး (ဦးဆောင်ညွှန်ကြားရေးမှူး ရုပ်ရှင်လုပ်ငန်း)

၄။ ဦးစင်ရော်မောင်မောင်၊တွဲဖက်အတွင်းရေးမှူး (အတွင်းရေးမှူး၊မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)

နှင့် ဗဟိုကော်မတီ (၄၀) တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် လုပ်ငန်း ဆပ်ကော်မတီအသီးသီးကို စီမံချက်အတိုင်း ဖွဲ့စည်းပြီး စီမံချက်တွင် မပါဝင်သော ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ သုတေသနလုပ်ငန်းကော်မတီနှင့် ကျန်းမာရေး လုပ်ငန်း ကော်မတီတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့နောက် ရုပ်ရှင်ဈေးပွဲတော်ကြီးတစ်ရပ်ကို ကျင်းပနိုင်ရန် မြို့မအားကစားကွင်းတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ တစ်ရပ်ကိုပါ ထပ်မံဖွဲ့စည်းခဲ့လေသည်။

ထိုသို့ ဖွဲ့စည်းပြီးစီးခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အသီး သီးတို့က ဆပ်ကော်မတီများ ဖွဲ့စည်းကြသည်။ ဖွဲ့စည်း ပြီးနောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကြီးကို ပြည်သူ လူထု စိတ်ဝင်စားစေရန်အတွက် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ပွဲတော်ကာလကို နှစ်ပိုင်းခွဲခြားသတ်မှတ် လိုက်သည်။

(က) ပထမပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် အကြိုကာလ၊

(ခ) ဒုတိယပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပသည့် ပွဲတော်ကာလဟူ၍ ဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတု အကြိုကာလ

အကြိုကာလတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပွဲတော်ကို ပြည်သူများ တက်ကြွစွာ ပါဝင်ရေး၊ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်အပေါင်းတို့ စည်းရုံးစွာ ပါဝင်ရေးတို့အတွက် စည်းရုံးလှုံ့ဆော်သည့် တီဗွီဇာတ်လမ်း တိုများ၊ ကြော်ငြာတိုများ ရိုက်ကူးပြသရေး၊ ရုပ်မြင်သံကြား တွင် တွေ့ဆုံခန်းများ ရိုက်ကူးတင်ဆက်ရေး၊ ငွေခေတ် ( ၁၉၂၀ မှ ၁၉၄၅ ) မြန်မာ့ရုပ်ရှင်ကားဟောင်းများ၊ ရွှေ ခေတ် ( ၁၉၄၆ မှ ၁၉၇၀ ) မြန်မာကားများ၊ စိန်ခေတ် (၁၉၇၁ မှ ၁၉၉၅) မြန်မာ့ရုပ်ရှင်ကားများကို မြန်မာ့ ရုပ်မြင် သံကြားတွင် ပြသရေးစသည်တို့ကို အကြိုကာလအဖြစ် စီစဉ်ရန် ဆုံးဖြတ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာတမ်းငယ် ဖတ်ပွဲဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်



မြန်မာ့ရုပ်ရှင်လောကတွင် အဓိကအရေးကြီးဆုံး ပြဿနာများမှာ မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်သော အထောက်အထားများ၊ ရှားပါးပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများ သိမ်းဆည်းထားခြင်းမရှိသည့် ပြဿနာပင်ဖြစ်သည်။ ထို့ကြောင့် ပထမဦးစွာ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အတွက် ရုပ်ရှင်နှင့်ပတ်သက်သော ရှားပါးစာရွက်စာတမ်း ပစ္စည်းများကို လက်ဝယ်ရှိသူများ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ပေးပို့လှူဒါန်းကြရန် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ နှိုးဆော်ခဲ့ရလေသည်။

ရုပ်မြင်သံကြား လှုံ့ဆော်ကြော်ငြာတိုများကို မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စည်းရုံးလှုံ့ဆော်ရေးကော်မတီမှ တာဝန်ခံ၍ ရိုက်ကူးခဲ့ရာ သီဟတင်စိုး ၊ဇင်မာဦး တစ်တွဲ။ ရဲအောင်၊ မို့မို့မြင့်အောင် တစ်တွဲ။ ကျော်သူ၊ ထက်ထက်မိုးဦး တစ်တွဲ။ ရန်အောင်၊ မေသန်းနု တစ်တွဲ။ ရန်ကျော်၊ နေသူရဦး၊ ပန်းဖြူ တစ်တွဲ ပါဝင်လှုံ့ဆော်ခဲ့သည်။ ထိုသို့ လှုံ့ဆော်ခဲ့ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ ပေးပို့သော မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အတွက် ရှားပါးဓာတ်ပုံ၊ စာရွက်၊ သတင်းနှင့် ပစ္စည်းများ လိုသည်ထက်ပို၍ ရရှိခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားမှ ငွေရတုခေတ် ၁၉၂၀ မှ ၁၉၄၅ ခုနှစ်ကာလ၊ မြန်မာ့ရုပ်ရှင် သမိုင်းကြောင်း ဆွေးနွေးပွဲကို စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ တက္ကသိုလ်နေဝင်း၊ ဒါရိုက်တာ ဦးခင်ဇော် (ကေသီပန်) နှင့် ဂီတလုလင် ဦးကိုကိုတို့ကလည်းကောင်း၊ ရွှေရတုခေတ် ၁၉၄၁ မှ ၁၉၇၀ ခုနှစ် ကာလ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို အကယ်ဒမီ ဒါရိုက်တာများဖြစ်ကြသည့် ဒါရိုက်တာ ဦးကြီးမြင့်၊ ဒါရိုက်တာ မောင်နန္ဒနှင့် ဒါရိုက်တာ ကြည်စိုးထွန်း တို့ကလည်းကောင်း၊ စိန်ရတုကာလ ၁၉၇၁ မှ ၁၉၉၅ ခုနှစ်ထိ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ စာရေး ဆရာ ဒါရိုက်တာ ပြည့်စုံနှင့် အေဝမ်းမောင်လှမျိုးတို့က လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ် လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြားမှလည်း မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်များကို ရုပ်ရှင်ကားဟောင်းများ ပြသခြင်းနှင့် တက္ကသိုလ်နေဝင်းနှင့် ဦးခင်ဇော်တို့၏ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကိုလည်းကောင်း၊ ဇာတ်ညွှန်း ဒါရိုက်တာ ဦးပြည့်စုံနှင့် ဇာတ်ညွှန်း ဒါရိုက်တာ မောင်နေမျိုးတို့က မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ဇာတ်ညွှန်းသမိုင်းကြောင်းများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

အခါအားလျော်စွာ မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့ရာ ဝင်းဦး၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်မေရှင်၊ ဒေါ်မေလွင်၊ ဦးခင်မောင်ရင်၊ ဦးညီပု၊ ဦးတင်မောင်၊ ဦးသုခတို့၏ တွေ့ဆုံခန်းများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ခဲ့သည်။

စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်ဖြင့် အထက်မြန်မာနိုင်ငံတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြိုပွဲတော်ကို စီစဉ်ခဲ့ကြသည်။ မန္တလေးတွင်ရှိ ရုပ်ရှင်အစည်းအရုံးဝင်များ၏ ကြိုးပမ်းချက်ဖြင့် စီစဉ်နိုင်ခြင်းဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)

၇၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ၊ ချမ်းအေးသာဇံမြို့နယ် ၊ ၈၄ လမ်းရှိ ဝင်းလိုက်အအေးခန်း ရုပ်ရှင်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး၊ ဦးစင်ရော်မောင်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဝင်းလိုက် အအေးခန်းရုပ်ရှင်ရုံရှေ့တွင် မန္တလေးနန်းမြို့ရိုးဝင်ပေါက် မုခ်ဦးသဏ္ဌာန် တည်ဆောက်ထားသည့် ရုပ်ရှင်ပွဲတော် (မန္တလေး ) မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ် ချိုးမြှင့်သည့် ဆုငွေကျပ် နှစ်ထောင်ပါဝင်သည့် မိုးပျံပူဖောင်းကို ရုပ်ရှင်သရုပ်ဆောင် မို့မို့မြင့်အောင်က ကိုင်ဆောင်၍ မေသန်းနုနှင့် စိုးမြတ်သူဇာတို့က ဖဲကြိုးကို ကိုင်ဆောင်ကြသည်။ ထက်ထက်မိုးဦး၊ မျိုးသန္တာထွန်းနှင့် မြတ်ကေသီအောင်တို့ခြံရံလျက် မန္တလေးသူ ခေတ်ဟောင်း အဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး အသက် (၇၉)နှစ် အရွယ်ရှိ ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က မေသဥ္ဇာဦး ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။ မြန်မာနိုင်ငံ ဂီတ

အစည်းအရုံး (မန္တလေး) တေးဂီတအဖွဲ့က အောင်စေ ပိုင်စေ သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ဝင်းလိုက်ရုပ်ရှင်ရုံ၌ အခမ်းအနား ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ပြန်ကြား ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

မန္တလေးမြို့ ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံ၌ ကျင်းပ သည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင် ပွဲတော်ပြခန်း ဖွင့်လှစ်ပြသထားသည်။ ပြခန်းတွင် မန္တလေး ရုပ်ရှင်ကဏ္ဍ၊ အကယ်ဒမီကဏ္ဍ၊ ခေတ်ဟောင်း ရုပ်ရှင်ပိုစတာ နှင့် ဓာတ်ပုံများ၊ မဂ္ဂဇင်းများကပြောသော ရုပ်ရှင်ကာတွန်း များ၊ ခေတ်ဟောင်းရုပ်ရှင်သီချင်း စာစောင်များ၊ ခေတ်ဟောင်း ရုပ်ရှင် ကင်မရာနှင့် စက်မှုပစ္စည်းများ၊ ခေတ်အဆက်ဆက် ချီးမြှင့်ခဲ့သော ရွှေစင်ရုပ်တုများ၊ မြန်မာ့ရုပ်ရှင် ရွှေရတု သဘင် အထိမ်းအမှတ် ပစ္စည်းများ ခင်းကျင်းပြသထားရာ လေ့လာကြည့်ရှုသူများ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ကျင်းပသည့် ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံ တွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ မြန်မာ့ရုပ်ရှင်ကား သစ်များ တစ်နေ့တစ်ကား နေ့စဉ်ငါးပွဲပြသသွားမည်ဖြစ်ရာ ဩဂုတ် ၁၈ ရက်တွင် "ဖေဖော်ဂျီနှင့် သူယောင်မယ်"၊ ၁၉ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၂၀ ရက်တွင် "အချစ်နှင့် အကောင်းအတိုင်း ဖြစ်စေမည်"၊ ၂၁ ရက်တွင် "မင်းအာဏာ"၊ ၂၂ ရက်တွင် "ကြာတော့သည်လည်း မောင့်စကား"၊ ၂၃ ရက်တွင် "အောင်မြင်သောနေ့"၊ ၂၄ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ နှင့် ၂၅ ရက်တွင် "တိုက်ပွဲခေါ်သံ" ရုပ်ရှင်ကားများ ပြသသည်။ စည်းရုံး လှုံ့ဆော်မှုအပိုင်းမှ အင်နှင့်အားနှင့် စည်းရုံးလှုံ့ဆော်သည် နှင့်အမျှ ရုပ်ရှင်စိန်ရတုသဘင်အပေါ် ပြည်သူလူထု စိတ် ဝင်စားမှုမှာ ပိုမိုလာသည်။

အမျိုးသားကဇာတ်ရုံတွင် ကျင်းပသော ရုပ်ရှင်ပြဇာတ်ပဒေသာ ကပွဲကို ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့






အကယ်ဒမီ ရွှေစင်ရုပ်ဆုအကြောင်း ဆွေးနွေးပြောဆိုနေကြသော ရုပ်ရှင်သရုပ်ဆောင်များ

## မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုခြင်း

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် သမိုင်းပြုစုရေးကော်မတီကို ဖွဲ့စည်းပြီး ရုပ်ရှင်သမိုင်း ငွေခေတ်၊ ရွှေခေတ်၊ စိန်ခေတ်ဟူ၍ အပိုင်း (၃) ပိုင်း ခွဲကာ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးဆရာတို့က ပြုစုကြသည်။

၁။ ငွေရတုခေတ် (၁၉၂၀– ၁၉၄၅) ခုနှစ်ထိ။

၂။ ရွှေရတုခေတ် (၁၉၄၆– ၁၉၇၀) ခုနှစ်ထိ။

၃။ စိန်ရတုခေတ် (၁၉၇၁– ၁၉၉၅) ခုနှစ်ထိ။

၁၉၉၅ ခုနှစ် မေလ ရုပ်ရှင်အစည်းအရုံးအဆောက်အအုံသစ် အုတ်မြစ်ချပွဲထိ ပါဝင်သည်။ နောက်ဆက်တွဲများအဖြစ် စက်မှုအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံအကျဉ်း၊ ရုပ်ရှင်လှည့်စားမှု အဆင့်ဆင့်နည်းပညာများ တိုးတက်လာပုံ အကျဉ်း၊ ကာတွန်းရုပ်ရှင်၊ မိတ်ကပ်အဆင့်ဆင့် တိုးတက် လာပုံ၊ အဦးအစမှ ယနေ့အထိ ရုပ်ရှင်နှင့်ပတ်သက်သည့် စာနယ်ဇင်းများ၊ ယနေ့အထိ ရုပ်ရှင်ရုံများ သမိုင်း၊ စက်မှုပစ္စည်းနှင့် စတူဒီယို များ၊ ရုပ်ရှင်ပြဇာတ်အစည်း အရုံးမှ ရုပ်ရှင်အစည်းအရုံးထိ သမိုင်း၊ ဇာတ်လမ်း ရုပ်ရှင်သမိုင်း၊ ဗဟိုရုပ်ရှင်၊ ဇာတ်ညွှန်းပိုင်းများ၊ ရုပ်ရှင်နှင့် ဆက်နွယ်သည့် ဂီတသမိုင်း၊ ယမ်းဖောက်ခွဲမှုအကြောင်း များ၊ ဆက်တင်၊ ပိုစတာ၊ ပန်းချီ၊ လက်ကမ်းကြော်ငြာနှင့် ပထမရုပ်ရှင်ပညာရှင်များဖြစ်သော အောက်ပါပုဂ္ဂိုလ်ကြီး များအကြောင်းကို ရေးသားစုဆောင်းခဲ့သည်။

၁။ ဦးအုံးမောင်
၂။ ဦးမောင်မောင်
၃။ ဦးညီပု
၄။ ပီမိုးနင်း
၅။ မအေးကြည် (မင်းသမီး)
၆။ ဦးပါကြီး (ဖခင်နေရာ)
၇။ ဦးမောင်မောင်ချစ် (အပြိုင်မင်းသား)
၈။ ဦးမောင်မောင်ကလေး (မင်းသားသူငယ်ချင်း)
၉။ ဦးမောင်မောင်စိုး (အောင်သွယ်စာပို့လုလင်)
၁၀။ ဦးပုကြီး (ဦးတုပ်ကြီး လူကြမ်း)

## စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနား ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်

လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနား တစ်ရပ်ကို စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီ တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် ကျင်းပရေး ဗဟိုကော်မတီဝင်များ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဖေ၊ တွဲဖက်အတွင်းရေးမှူး များဖြစ်ကြသော ဦးတိုးညွန့်နှင့် ဦးလင်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အခမ်းအနားကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကော်မတီဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ နဝဒေးရုပ်ရှင်ရုံ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင် ဦးဆောင်သော ရုပ်ရှင်အနုပညာရှင်များသည် မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်၌ သဲသယ်ခြင်းဖြင့် လုပ်အားဒါန၊ ငွေသားဒါနများ ပေးလှူကြသည်။

အနုပညာရှင်များသည် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး လုပ်ငန်းတွင် လုပ်အားဒါနပေးလှူလျက်ရှိကြသည့် တပ်မတော်သားများနှင့် ပြည်သူများအား လိုက်လံအားပေးကြသည်။

## ဖြေဖျော်ရေးလုပ်ငန်းများ

စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီနည်းတူ မြန်မာ့ရုပ်ရှင်ဖြေဖျော်ရေး လုပ်ငန်းကော်မတီအနေဖြင့် မန္တလေးမြို့တွင် ရန်ပုံငွေရုပ်ရှင်ကားများပြသ၍ ရန်ပုံငွေရှာဖွေသည့်နည်းတူ ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံနှင့် သမ္မတရုပ်ရှင်ရုံ နှစ်ရုံတွင် နှစ်ပတ်ခွဲ၍ မြန်မာရုပ်ရှင် ကားသစ်၊ ကားဟောင်းများကို ရုံတင်ပြသ၍ ရန်ပုံငွေရှာဖွေ ခဲ့သည်။

ရုပ်ရှင်ရိုက်ကွင်း၏ သရုပ်ပြကွက်တစ်ခု



(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ၁၉၉၅ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ မြန်မာရုပ်ရှင် စိန်ရတု နာယကအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီး အေဝမ်းဦးတင်မောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲအဖြစ် ၁၆– ၉– ၉၅ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ ၁၇–၉– ၉၅ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၁၈– ၉ – ၉၅ ရက်တွင် "အောင်မြင်သောနေ့"၊ ၁၉– ၉– ၉၅ ရက်တွင် "မင်းအာဏာ"၊ ၂၀– ၉– ၉၅ ရက်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၁– ၉– ၉၅ ရက်တွင် "အချစ်နဲ့ အကောင်းအတိုင်းဖြစ်စေမည်" ရုပ်ရှင်ကားများကို ပြသခဲ့သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေ ရုပ်ရှင်ပွဲများ ပြသသည့် နဝဒေးရုပ်ရှင်ရုံတွင် (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အထိမ်းအမှတ်ပစ္စည်းများဖြစ်သည့် ရှင်ထိုး၊ သော့ချိတ်၊ ကားစတေကာ ၊ ဦးထုပ်၊ ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ တီရှပ် အင်္ကျီ ၊ ဘောလ်ပင်၊ ဖိုင်တွဲနှင့် မိန်းမကိုင်လက်ကိုင်အိတ်များကို ရောင်းချပေးကြလေသည်။ ဆက်လက်၍ သမ္မတရုံတွင်လည်း ရုပ်ရှင်ကားများပြသခဲ့သည်။

## သုတေသန လုပ်ငန်းကော်မတီ၏ လှုပ်ရှားမှု

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီကကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းဖတ်ပွဲကို ၁၉၉၅ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ပဒုမ္မာဇာတ်ရုံ၌ ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် သုတေသနလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ် ဦးမြင့်ကြွယ်က ရုပ်ရှင်သုတေသနလုပ်ငန်းများနှင့် စာတမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲ သဘာပတိ ဦးနေမျိုးက အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။ စာတမ်းဖတ်ပွဲ ပထမနေ့တွင် "မြန်မာ့ရုပ်ရှင် စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့် တိုးတက်လာမှုများ စာတမ်း" ကို ရုပ်ရှင် လုပ်ငန်းမှ ဌာနစိတ်မှူး ဦးစိုးဝင်း (စိုးဝင်းထွန်း)နှင့် မော်ကွန်း ရုပ်ရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေ ( မြင့်သိန်းဖေ – မိတ္ထီလာ )တို့ ရေးသားပြုစုကြပြီး ဦးစိုးဝင်း (စိုးဝင်းထွန်း) က ဖတ်ကြားသည်။

"ရသမြောက်သော အချစ်ရုပ်ရှင်ဇာတ်ကားများ စာတမ်း" ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေလက်ထောက် (၁) ဦးစောထွန်း– မောင်စောထွန်း (ကျောင်းကုန်း) က ပြုစုရေးသားပြီး ဖတ်ကြားသည်။

"ရသမြောက်သော ဟာသရုပ်ရှင်ကားများ စာတမ်း" ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူး ဦးဝင်းတင် (သီဟအောင်) က ရေးသားပြုစုဖတ်ကြားသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီက ကြီးမှူး၍ဒုတိယနေ့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်း ဖတ်ကြားပွဲ အခမ်းအနားကို ၁၉၉၅ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ပင် ကျင်းပသည်။

ဒုတိယနေ့တွင်–

"ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော မြန်မာ့ရုပ်ရှင်ကားများစာတမ်း"ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ စာတည်းတာဝန်ခံ ဦးစိုးမြင့် (စိုးလွင်မြင့်) က ရေး သားပြုစု ဖတ်ကြားသည်။

"ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများစာတမ်း" ကို မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုရေးအဖွဲ့က ရေးသားပြုစုပြီး ဦးပြည့်စုံနှင့် သုတေသန လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက်ရေးသား၍ ရုပ်ရှင်သရုပ်ဆောင် ချစ်ချစ်ဇော်က ဖတ်ကြားသည်။

"မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများစာတမ်း" ကို မြဝတီပုံနှိပ်တိုက်မှ တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်စန်းက ရေးသားပြုစုဖတ်ကြားသည်။

"မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်း" ကို စာရေးဆရာမကြီး စောမုံညင်းက ရေးသားပြုစုပြီး ဖတ်ကြားတင်ပြသည်။



ရုပ်ရှင်ပွဲတော်သို့ ကြိတ်ကြိတ်တိုး လာရောက်အားပေးကြသော ရုပ်ရှင်ချစ်သူများ

ဒေါ်စောမုံ့ညင်းဖတ်ကြားတင်သွင်းသော မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်းတွင် နာမည်ကြီး ရုပ်ရှင် သရုပ်ဆောင်များနှင့် အလှမယ်ကလေးများက စာတမ်းကို ပိုမိုအသက်ဝင်အောင် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်၍ သရုပ်ဆောင်ပြသကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ

မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက ကြီးမှူး၍ မြန်မာရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်အဖြစ် ၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် မြန်မာ့ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမတွင် ကျင်းပသည်။ စက်တင်ဘာ ၂၇ ရက်နေ့သည် အစမ်းလေ့ကျင့်ပွဲဖြစ်ပြီး စက်တင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် ပြိုင်ပွဲများကျင်းပပြီး ရုပ်မြင်သံကြား ရိုက်ကူးခဲ့သည်။ ပြိုင်ပွဲဝင်များကို ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ လက်ရွေးစင်တစ်ဦးကျစီ (၁၄) ဦးကို ဗဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်စေသည်။ ပထမအဆင့်အဖြစ် အုပ်စု (၂) စုခွဲ၍ ပထမအုပ်စုတွင် (၇) ဦးကို စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအုပ်စုမှ (၇) ဦးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင်လည်းကောင်း ယှဉ်ပြိုင်စေပြီး ပထမနေ့၊ ပထမအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦးနှင့် ဒုတိယနေ့၊ ဒုတိယအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦး ပေါင်း (၆) ဦးကို နောက်ဆုံးအဆင့်ပြိုင်ပွဲ တစ်ပွဲအဖြစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆက်လက်ယှဉ်ပြိုင်စေပြီး ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ပြည်နယ်တိုင်းအသီးသီးမှ ရုပ်ရှင်ဝါသနာရှင်များအား ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ သီဟတင်စိုး၊ နေဆန်း၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ ဇင်မာဦး၊ စိုးမြတ်သူဇာတို့က ဆုများချီးမြှင့်ကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို မေးခွန်းထုတ်သူများအဖြစ် ၂၈–၉–၉၅ နေ့တွင် မောင်မေတ္တာနှင့် ဒေါ်ခင်လေးဆွေတို့အတွဲ၊ ၂၉ – ၉ – ၉၅ နေ့တွင်



တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ရုပ်ရှင်ဇာတ်ကားဟောင်းများဆိုင်ရာ
ပြကွက်တစ်ခု

သန်းဖေလေး၊ ခင်ယုမေအတွဲနှင့် ၃၀–၉–၉၅ နေ့ နောက်ဆုံးနေ့တွင် ညွန့်ဝင်း၊ ချိုပြုံးတို့အတွဲက မေးမြန်းကြပြီး အမှတ်ပေး အကဲဖြတ်ပုဂ္ဂိုလ်များအဖြစ် ဒါရိုက်တာဦးခင်ဇော်၊ ဦးနေမျိုး၊ ဂီတလုလင် ဦးကိုကို နှင့် ဒေါ်တင်တင်မြတို့က တာဝန်ယူဆောင်ရွက်သည်။ ထိုပွဲအတွက် ချီးမြှင့်ငွေ ၃၈၀၀၀/– ကျော်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူခဲ့သည်။

## ပြပွဲဖွင့်ပွဲနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ

(၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲဖွင့်ပွဲ အခမ်းအနား နှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ၁၉၉၅ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်းတို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ မြန်မာ့ရုပ်ရှင် အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ဝါရင့်ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်အနု

ပညာကို ချစ်မြတ်နိုးသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမရှေ့ ဥပစာ၌ကျင်းပရာ မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညိုပုက ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ အကယ်ဒမီ ဒေါ်ခင်သန်းနု၊ ကျော်သူနှင့် စိုးသူတို့ ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဇင်မာဦး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ရန်အောင်နှင့် ဒွေးတို့က တိုင်းရင်းသား တိုင်းရင်းသူ (၁၆) ဦးတို့ ခြံရံ၍ ကိုင်ဆောင်ထားသည့် မိုးပျံပူဖောင်းများ တပ်ဆင်ထားသော ဖဲကြိုးကိုဖြတ်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲကို နံနက် ၈ နာရီအချိန်တွင် ဖွင့်လှစ်ပေးလိုက်သည်။ ဂီတစာဆို စန္ဒရားလှထွတ်ရေးစပ်သီကုံးသည့် “ပြည်သူ့အတွက်ရုပ်ရှင်” ဂုဏ်ပြုတေးသီချင်းကို မြန်မာနိုင်ငံ ရှင်ရှင်အစည်းအရုံးဝင်များက သံပြိုင်ဟစ်ကြွေးသီဆိုကြသည်။

ထိုနောက် အခမ်းအနားကိုတပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မအားကစားကွင်းထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို ရုပ်ရှင်ဒါရိုက်တာ အောင်ဝမ်းဦးလှမျိုးနှင့် စင်ရော်မောင်မောင်တို့က ကိုင်ဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီနာယကအဖွဲ့ဝင် ရုပ်ရှင် အနုပညာရှင် မင်းသားကြီး ဦးအေးကြူက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်ခင်ယုမေ ကိုင်ဆောင်

ရုပ်ရှင်စိန်ရတုသဘင် ပြခန်းမုခ်ဦး



ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များက ၄င်းတို့ ကိုင်ဆောင်ထားသော မိုးပျံပူဖောင်းများကို လွှတ်တင်လိုက်ကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် မြို့မအားကစားကွင်းအတွင်း ခင်းကျင်းပြသရောင်းချမည့် အထူးအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပဒေသာကပွဲ ဖွင့်ပွဲ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး၊ ဖျော်ဖြေရေးဆပ်ကော်မတီက စီစဉ်တင်ဆက်မည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၊ ရုပ်ရှင်ပြဇာတ် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၇- ၁၀- ၉၅ နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပြဇာတ်ပဒေသာကပွဲကို မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပရေး ဗဟိုကော်မတီနာယက အဖွဲ့ဝင် ရုပ်ရှင်ဒါရိုက်တာ ဦးသုခ က ရုပ်ရှင်အနုပညာရှင်များခြံရံ၍ ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးလိုက်ရာ ရုပ်ရှင်အနုပညာရှင်များက "ရတနာပုံ" သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ဒါရိုက်တာ စိန်သံမဏိ၊ ဇာတ်ညွှန်း လှိုင်ဦး၏ "အမေ ကျွန်တော် မင်းသားဖြစ်ပြီ"၊ ဒါရိုက်တာ ကြည်စိုးထွန်း၊ တွဲဖက်ကောင်းမြတ်တို့၏ "ရုပ်ရှင်ခရီးသည်"၊ ဒါရိုက်တာ အောင်မြင့်မြတ်နှင့် မောင်နီလွင် (သပြူ) တို့၏ "ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ"၊ ဒါရိုက်တာ သီဟတင်စိုး၏ "စိတ်ကို ငြိမ်ငြိမ်ထား" ရုပ်ရှင်ပြဇာတ်များဖြင့် ဖြေဖျော်ပြီး ဒုတိယပတ်တွင် ဒါရိုက်တာ အောင်လွင်၏ "တစ်ရံရောအခါ"၊ ဒါရိုက်တာ မိုက်တီး၏ "အကြားအမြင်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "မျက်မမြင် ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော်" ပြဇာတ်တို့ကို တင်ဆက်သည်။

## စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ၁၈- ၁၀- ၉၅ နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ အဆိုပါဆုပေးပွဲ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (စာပေဗိမာန်) မှ စာတည်း (တာဝန်ခံ) ဒေါ်မြမြသန်း (မနှင်းဖွေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆုစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုအထိမ်းအမှတ် တံဆိပ် (လိုဂို) ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးလှထွန်းဦး (ပြန်/ဆက်)အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကာတွန်းခရေ (ဦးတင်မြင့်)၊ ဒုတိယဆုရရှိသော ကာတွန်းဥက္ကာ (ဦးတင်ဝင်း)၊ တတိယဆုရရှိ သော ကာတွန်းမောင်မောင်လေး၊ (ဦးမောင်မောင်လေး) နှစ်သိမ့်ဆုများ ရရှိကြသောကာတွန်းဗချီ-(ဦးဗချီ)၊ ဦးမျိုးမင်းဇော် (သီးသန့် ရွှေပန်းချီ) နှင့် မနှင်းနှင်းဝင်းတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုကိုဦး (ဦးမြလှိုင်)၊ ဒုတိယဆုရရှိသော ထန်လှိုင် (ဦးကြည်ထွဏ်း)၊ တတိယဆုရရှိသော မိမိကျော် (မိမိဝင်း)၊ နှစ်သိမ့်ဆုများ ရရှိကြသော ဦးကျော်ညွန့်၊ မောင်မဟာ (ဦးလှမြင့်) နှင့် ဝင်းနွယ် (သစ်တော) (ဦးမျိုးငွေ) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းမောင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဂီတာဖေဝင်း၊ ဒုတိယဆုရရှိသော သထုံသန်းဝင်း၊ တတိယဆုရရှိသော မုံရွာဦးအေးမောင်၊ နှစ်သိမ့်ဆုများ ရရှိကြသော သန်းမြတ်စိုးနှင့် မျိုးနွယ်ဆွေတို့အားလည်းကောင်း၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဗီဒီယိုဇာတ်လမ်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသော ဦးလှမြင့်အေး၊ မဒီပါနှင့် မခင်အေးဟန် (မြဝတီ) တို့အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဗိုလ်မှူးကြီး တင်ခက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဥာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးစိုးလွင်ငြိမ်း၊ ဒုတိယဆုရရှိသော ဦးအေးကြူ၊ တတိယဆုရရှိသော ဦးစိုးမင်း၊ နှစ်သိမ့်ဆုများ ရရှိသော မရီရီချို၊ မမြတ်မိုးလှိုင်၊ မဖြူဖြူစိုးနှင့် ဒေါက်တာမြင့်ဦးတို့အား လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုနေ့က ဆုချီးမြှင့်လိုက်သည့် ဆုငွေများမှာ အထိမ်းအမှတ်တံဆိပ်၊ ကာတွန်းဆောင်းပါးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများအတွက် ပထမဆုငွေ ကျပ်တစ်သောင်း၊ ဒုတိယဆုငွေ ကျပ် ရှစ်ထောင်၊ တတိယဆုငွေ ကျပ်ငါးထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် နှစ်ထောင်စီဖြစ်ပြီး တေးသီချင်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ် တစ်သောင်းနှစ်ထောင်၊ ဒုတိယဆုငွေ ကျပ်ကိုးထောင်၊ တတိယဆုငွေကျပ် ခုနစ်ထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီဖြစ်သည်။

ဗီဒီယိုဇာတ်လမ်း ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ် သုံးသောင်း၊ ဒုတိယဆုငွေ ကျပ်နှစ်သောင်း၊ တတိယဆုငွေ ကျပ် တစ်သောင်းနှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီ အသီးသီးဖြစ်သည်။

## အထိမ်းအမှတ် အလံ

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်ပြပွဲတွင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာတွင် မိုးပျံပူဖောင်းနှင့်အတူ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံကို ထည့်၍လွှင့်တင်ခဲ့သည်။ ယင်းအထိမ်းအမှတ်အလံကို ရရှိသူအား ဆုငွေကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်စာတမ်းကို တစ်ပါတည်းထည့်သွင်းရာ တွံတေးမြို့နယ်၊ ပဒိုင်ရေကျော်ကျေးရွာနေ မောင်ဇော်အောင်က အောက်တိုဘာ ၁၇ ရက်တွင် လယ်ကွင်းအတွင်း ကောက်ယူရရှိသဖြင့် မောင်ဇော်အောင်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် မင်းသားကြီးဦးအေးကြူက ဆုငွေ ကျပ်တစ်သောင်းကို ချီးမြှင့်ခဲ့သည်။

အလားတူပင် ရုပ်ရှင်ပွဲတော် (မြို့မကွင်း)မှ ဖွင့်ပွဲနေ့တွင် လွှတ်တင်လိုက်သော မိုးပျံပူဖောင်းမှ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံ ရရှိသူတွံတေးမြို့နယ်မှ မောင်မောင်လွင်သည်လည်း ဆုငွေတစ်သောင်း ရရှိသွားသည်။

## နိဂုံး

ဤသို့ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ရာ ရုပ်ရှင်ချစ်သော ပြည်သူလူထုအများစုတို့သည် တပ်မတော်ခန်းမရှိ ရုပ်ရှင်ပြခန်းများကို လည်းကောင်း၊ မြို့မအားကစားကွင်းတွင်ရှိ ရုပ်ရှင် ပွဲတော်ကြီးကိုလည်းကောင်း၊ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည့် ရုပ်ရှင်ပဒေသာကပွဲများကို လည်းကောင်း ကြိတ်ကြိတ်တိုး ရုံပြည့် ရုံလျှံအားပေးခဲ့ကြသဖြင့် မူလသတ်မှတ်ထားသော အောက်တိုဘာ (၃) ရက်နေ့အစား နိုဝင်ဘာ (၅) ရက်အထိ ရက်တိုးပြသ ကပြဖျော်ဖြေခဲ့ရသည်။ ပွဲသိမ်းသည့်အခါ ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရန်ပုံငွေ ၁၈၇ သိန်းကျော် လှူဒါန်းနိုင်ခဲ့ပေရာ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားသည် နိုင်ငံတော်နှင့် ရုပ်ရှင်ချစ်သော ပြည်သူများ အားပေးမှု၊ ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်နှင့် နီးနွယ်သူများ၊ ရုပ်ရှင်ချစ်သူများ၏ အားပေးမှုဖြင့် "ခြိမ့်သဲဆင်ယင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်" ဟူ၍သာ ကမ္ပည်းတင်လိုက်ရပေသည်။

**မောင်နေမျိုး**







# အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် အဓိက သယံဇာတများဖြစ်သော ရေ၊ မြေ၊ တော၊ တောင်နှင့် ရာသီဥတုမျှတကောင်းမွန်မှုကို အခြေခံ၍ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အခြေခံကျသော ရေမြေတောတောင်များ ပျက်စီးပါက ရာသီဥတုလည်း ဖောက်ပြန်လာမည်ဖြစ်ပြီး သစ်ပင် သစ်တောများနှင့် တောတောင်ရေမြေများ အစဉ်သဖြင့် စိမ်းလန်းစိုပြည်နေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးရေနည်းဒေသ ဖြစ်၍ သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါး ပြီး ပူပြင်း ခြောက်သွေ့ခြင်း၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုနည်းခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်တို့အတွက် သောက်ရေသုံးရေ လုံလောက်စွာ မရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုအဆင့်အတန်း နိမ့်ကျခြင်း တည်းဟူသော ဆိုးကျိုးများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ထိုဒေသများသည် မိုးခေါင်ရေရှားဖြစ်ခဲ့ရသဖြင့် သဲကန္တာရနီးပါးဖြစ်ရကာ လောင်စာထင်းအတွက် ရှာဖွေနေရသည်ကပင် အချိန်ကုန်လူပန်းဖြစ်ကြရပြီး စီးပွားရေးဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဒေသခံ ပြည်သူများသည် မိမိတို့ဒေသကိုပင်စွန့်ခွာ၍ ရေကြည်ရာ မြက်နုရာ သို့ရွှေ့ပြောင်းကြရတော့မည့် အခြေသို့ ရောက်ခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးရေနည်း ဒေသကို ပူပြင်းခြောက်သွေ့သော အခြေအနေမှ စိမ်းလန်းစိုပြည်၍ သီးနှံအထွက်တိုးသော ဒေသအဖြစ် ပြောင်းလဲရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာသည်။

ထို့ကြောင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အခြေအနေမှန်ဖြစ်သော သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါးခြင်း၊ ရေအလွန်ရှားပါးခြင်း၊ ရေတိုက်စားမှုများပြားလွန်း၍ မြေဆီလွှာခြောက်သွေ့ဆုတ်ယုတ်ခြင်း၊ ရာသီဥတု မမှန်ကန်သဖြင့်သီးနှံအထွက် ဆုတ်ယုတ်ခြင်းစသည် တို့ကို သိရှိသဘောပေါက်သည့်အားလျော်စွာ သစ်ပင် သစ်တော တို့ကို အမြန်ဆုံးထိန်းသိမ်းရေး၊ သစ်ပင်သစ်တောလုံးဝမရှိသည့်ဒေသများတွင် သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ရေးတို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ ကွပ်ကဲကြပ်မတ်မှုဖြင့် သစ်တောဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့ကြောင့် စိမ်းလန်းစိုပြည်ရေးကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေသော ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မုံရွာနှင့် စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့ကို အထူးဒေသများအဖြစ် ရွေးချယ်သတ်မှတ်ပြီး မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး သုံးနှစ်စီမံချက် ချမှတ်ကာ ထိုအထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ၁၉၉၄–၉၅ ခုနှစ်မှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

## ဆောင်ရွက်ချက်များ

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးဒေသစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရှိပြီးသစ်တောသစ်ပင်များအား စည်းကမ်းမဲ့ခုတ်လှဲအသုံးပြုမှုကို ကာကွယ်ခြင်း၊ တောင်ကတုံးများတွင်သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာများအနီးတွင် ရေကန်ငယ်များ တူးဖော်၍ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့ကို အဆိုပါ အထူးဒေသကိုးခရိုင်တွင် ဆောင်ရွက်ခဲ့သည်။ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများတွင် နိုင်ငံတော်အတွက်ဝင်ငွေတိုးစေမည့်အဖိုး

**အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ**



တန် ကျွန်း၊ ပျဉ်းကတိုးစသော သစ်ပင်များကိုလည်း စိုက်ပျိုးစေခဲ့သည်။

ခြောက်သွေ့လွန်းသော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးရှောင်ဒေသပတ်ဝန်းကျင်ကို အမြန်ဆုံးပြန်လည်စိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထု၏အဓိက လိုအပ်သော လောင်စာစွမ်းအင်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန်၊ ရေမြေရာသီဥတု တိုးတက်ကောင်းမွန်လာစေပြီး စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ အများပြည်သူနှင့်ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိစေရန်၊ ငုပ်လျှိုးနေသော စိမ့်စမ်းရေများပြန်လည်ပေါ်ထွက်လာပြီး မြေဆီသြဇာများ ပိုမိုကောင်းမွန်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက သစ်ပင်သစ်တောများ၏ တန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်ကြပြီး သစ်တောများကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ထားရှိပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အထူးဒေသ ကိုးခရိုင်သည် သုံးနှစ်တာကာလအတွင်း မယုံကြည်နိုင်လောက်အောင် စိမ်းလန်းစိုပြည်လာသည်။

**ချောက်မြို့နယ် ငွေးချိုတောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံတို့ တွန်းအားပေး ဆောင်ရွက်လျက်**

မြန်မာပြည် အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ကို သုံးနှစ်တာကာလဖြင့် အကောင်အထည်ဖော်ရန်၊ နှစ်စဉ်သစ်တောစိုက်ခင်းဧက ၈၀,၀၀၀ တည်ထောင်သွားရန်၊ ထူးခြားသည့် ဒေသနှင့် သစ်တောပြုန်းတီးနေသည့် တောင်ကတုံးများ စိမ်းလန်းစိုပြည်ရေးနှင့် အဓိကလမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်ရေးကို အထူးအစီအမံဖြင့် ဆောင်ရွက်ရန်၊ အပူပိုင်း ရေရှားသည့် ဒေသများတွင် စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်းအမြစ်ရရှိရေးတို့အတွက် ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရေး အပြင် လူနှင့်တိရစ္ဆာန်များ သောက်သုံးရန် ရေကန်ငယ်များ တိုးချဲ့တူးဖော်၍ ရွာတစ်ရွာတွင် ရေကန်တစ်ကန်နှင့် တစ်ကန်အနီးသစ်တောပျိုးဥယျာဉ်တည်ဆောက်လျက် ရွာဝန်းကျင်တွင် တောအုပ်ကလေးများတည်ထောင်ကာ တစ်ရွာလျှင် တစ်ကန် တစ်တောဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် နည်းလမ်း များဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာနများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းဦးစီး

ဌာနများ၊ စက်မှုလယ်ယာဦးစီးဌာနများ၊ တပ်မတော် တပ်ရင်း တပ်ဖွဲ့နှင့် အခြားဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများသည် အချိန်တိုကာလအတွင်း အောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်သည်။

အစားထိုးသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍ သစ်ပင်စိုက်ပျိုးခြင်း၊တောင်ကတုံးများတွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသကိုးခရိုင်သည် ယခင်က လွင်တီးခေါင် တောကတုံး တောင်ကတုံး မြေကတုံး ဖြစ်ပြီး သဲကန္တာရပမာရှိနေခဲ့ရာမှ ယခုအခါ ဥယျာဉ်ကြီးပမာ စိမ်းလန်းစိုပြည်သာယာနေပြီ ဖြစ်သည်။ နေရာတကာတွင် သစ်ပင်သစ်တောများဖြင့် လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။ ကျေးငှက်သာရကာတို့လည်း မြူးတူးပျံသန်းနေပြီ ဖြစ်သည်။ ရေတွင်းရေကန်များ၊ ဆည်ကြီးဆည်ငယ်များလည်း အနှံ့အပြားတွင်ရှိနေပြီဖြစ်၍ အိုအေစစ်ဒေသကြီးပမာ ဖြစ်နေသည်။ ထို့အပြင် ရေရရှိရေး နည်းလမ်းငါးသွယ်ဖြင့် ရေကိုရအောင်ယူပြီး သီးနှံများ စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့်လည်း စီးပွားတိုးတက်၍ ရွှင်လန်းပျော်မြူးနိုင်ကြပြီ ဖြစ်သည်။

သစ်ပင်သစ်တောပြန်လည်စိုက်ပျိုးတည်ထောင်ရန် လျာထားသည့်ကာလမှာ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိဖြစ်ရာ ထိုကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေကိုကြည့်လျှင် ၁၉၉၄–၉၅ ခုနှစ်တွင် သစ်တောစိုက်ခင်းဧက ၁၅,၈၅၀ စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ၁၉၉၅–၉၆ ခုနှစ်တွင် ဧက ၁၇,၁၅၀ စိုက်ပျိုး တည်ထောင်ထားသည်။

## သစ်ပင် စိုက်ပျိုးမှုများ

စိုက်ပျိုးသည့် သစ်ပင်အမျိုးအစားများမှာ အကြီးမြန်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အပင်များဖြစ်သည်။ အထူးသဖြင့် ယူကလစ်ပင်များကို နေရာအနှံ့အပြားတွင် စိုက်ပျိုးခဲ့သည်။ ထို့အပြင် အပင်ကြီးထွားနှုန်းမြန်သော အော်ရီရှားပင်များနှင့် မဲဇလီပင်များကိုလည်း အများအပြားစိုက်ပျိုးထားသည်။ ထို့မှမက စိန်ပန်း၊ ငုစပ်၊ ငုဝါ၊ ဘောစကိုင်း၊ မြန်မာရှား၊

**စစ်ကိုင်းခရိုင်၊ နွယ်ခွေသစ်တောစိုက်ခင်း**



မြန်မာကုက္ကို၊ ကုလားကုက္ကို၊ ဆီနီဂေါ်ရှား၊ ပိုလိုစီနေဖီးယား၊ တမာနှင့် အခြားကြီးမြန်သစ်ပင်များကိုလည်း စိုက်ပျိုးခဲ့သည်။ ထို့အပြင် ကျွန်း၊ ပျဉ်းကတိုး စသော နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုးတန် သစ်ပင်များလည်း စိုက်ပျိုးထားသည်။ ဒေသပေါက်ပင်များဖြစ်သော မန်ကျည်း၊ တမာ၊ ဖျောက်ဆိတ်စသည့်အပင်များနှင့် ဆူးဖြူ၊ ဆီးဖြူ၊ ထနောင်းတို့ကိုလည်း ကြားညှပ်၍စိုက်ပျိုးခဲ့ကြသည်။

အစားထိုး သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သကဲ့သို့ ရှိပြီးသဘာဝတောများကိုလည်း ထိန်းသိမ်းကာကွယ်လျက် ရှိသည်။ သစ်တောကြိုးဝိုင်းများနှင့် ကာကွယ်တော များ ကို လည်း တိုးချဲ့သတ်မှတ်ခဲ့သည်။ အလားတူ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍လည်း စိမ်းလန်းစိုပြည်ရေး နှင့်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးပြီးစီးခဲ့သောစိုက်ခင်းများ ရှင်သန် ကြီးထွားမှုရှိပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် အပင်သေများနေရာတွင် ဖာထေး စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေတောင် မြှောက်ခါးဆွခြင်း၊ မိုးပြတ်ရက်များတွင် ရေလောင်းခြင်း၊ စိုက်ခင်းများကို မီးမလောင်နိုင်အောင် မီးဘေးကာကွယ်ခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်အန္တရာယ်မှကာကွယ်စောင့်ရှောက်ခြင်း စသည်တို့ကိုလည်း စနစ်တကျ ဆောင်ရွက် လျက် ရှိသည်။

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် စီမံကိန်း ညွှန်ကြားရေးမှူး တစ်ဦးကို တာဝန်ပေးထားပြီး တပ်မတော်အရာရှိကြီး သုံးဦးတို့ ကိုဇုန်အလိုက် တာဝန်ယူဆောင်ရွက်စေသည်။

မြန်မာပြည် အလယ်ပိုင်း၊ အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၉၄-၉၅ ခုနှစ် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအခြေအနေကို လေ့လာကြည့်လျှင် စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၌ မင်းဝံတောင်၊ ပဲကတိုး၊ ညောင်ပင်ဝန်း၊ ခြေရာတော် စိုက်ခင်းများတွင် ဧက ၅၀၀ ၌ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ဗမာရှား၊ ဆူးဖြူ၊ ဘောစကိုင်း၊ တမာတို့ကို စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ညောင်ပင် ဝန်း၌ ထီးဆောင်းစိုက်ခင်းများတွင် ဧက ၁၀၀ ၌ အထက် ဖော်ပြပါ သစ်ပင်များကို စိုက်ပျိုးခဲ့သည်။

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက်ပျဉ်တောင်၊ ဘန်ဆိ စိုက်ခင်းများတွင် ဧက ၄၀၀ ၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ နွယ်ခွေနှင့် နတ်ရေကန်စိုက်ခင်းများတွင် ဧက ၆၀၀၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဝန်ဘို၊ သာဖန်းနှင့် တွင်းတောင် စိုက်ခင်းများတွင် ဧက ၅၀၀ ၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆားလင်း ဆားခါးစိုက်ခင်း၌ ဧက ၂၀၀ စိုက်ပျိုးခဲ့သည်။ မုံရွာခရိုင်၌ စိုက်ပျိုးခဲ့သည့် အပင်အမျိုးအစားများမှာ ယူကလစ်၊ ဘောစကိုင်း၊ အော်ရီရှား၊ ဗမာရှား၊ မဲဇလီ၊ ဆီနီဂေါ်ရှား၊ ကုလားကုက္ကို၊ ဗမာကုက္ကို၊ တမာနှင့် ဟိုလိုရှားတို့ ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၊ လိန်တောနှင့် အင်ပင်ဝစိုက်ခင်းများ၌ ဧက ၅၀၀ ၊ သာစည်မြို့နယ် မင်းဘုရားကန်စိုက်ခင်း၌ ဧက ၃၀၀ ၊ ဝမ်းတွင်းမြို့နယ် ရွှေဆံတော်နှင့် တောင်ကိုးလုံးတို့၌ ဧက ၃၀၀ ၊ မလှိုင်မြို့နယ် မယ်ညိုတောင်စိုက်ခင်း၌ ဧက ၄၀၀ စိုက်ပျိုးထားပြီး စိုက်ပျိုးသောအပင်များမှာ ယူကလစ်၊ ဆီနီဂေါ်ရှား၊အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ဗမာရှားနှင့် ဗမာကုက္ကိုတို့ ဖြစ်သည်။

ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၊ မယ်အောင်ကန် ၊ ပျဉ်းမတောနှင့် နတ်တံခါးစိုက်ခင်းများ၌ ဧက ၃၀၀၊ ပျော်ဘွယ်မြို့နယ် ရေထွက်ရိုး၊ ညောင်နွယ်တောင်၊ ညောင်နွယ်မြောက်၊ ခမရ (၄၁၈) နှင့် မင်းဝေတောင် စိုက်ခင်းများ၌ ဧက ၃၀၀၊ တပ်ကုန်းမြို့နယ် ခေတ်အေးနှင့် အုန်းပင်စိုက်ခင်း၌ ဧက ၁၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် သစ်ပင်များမှာ ယူကလစ် ၊ အော်ရီရှား၊ မဲဇလီ၊ ဘောစကိုင်းတို့ ဖြစ်သည်။

မြင်းခြံခရိုင်တွင်လည်း ယူကလစ်၊ ဆီနီဂေါ်ရှား၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီနှင့် မြန်မာရှားတို့ကို ဧက ၃,၇၀၀ ၌ စိုက်ပျိုးထားသည်။ မြင်းခြံခရိုင်အတွင်း စိုက်ပျိုးသည့် ဒေသများမှာ မြင်းခြံမြို့နယ်၊ တဲရွာ၊ ဆားခါး၊ ကုက္ကဲမြောက်၊ ယုံကိုးနှင့် ကန်နီစိုက်ခင်းများ၌ ဧက ၉၀၀၊ နွားထိုးကြီးမြို့နယ် ဆေးခင်းကြီးစိုက်ခင်း၌ ဧက ၃၀၀၊ တောင်သာမြို့နယ် တောင်သာတောင်၊ ပန်းပေါင်း၊ မြင့်ဘဲ၊ ကျောက်တစ်လုံးနှင့် ဝဲမောင်စိုက်ခင်းများ၌ ဧက ၇၀၀ ၊ ကျောက်ပန်းတောင်းမြို့နယ် ငရှဉ့်တောင်၊ ကျောက်ပုံ၊ ရွှေကျောင်နှင့် ခါးပတ်စိုက်ခင်းများ၌ ဧက ၉၀၀၊ ပုဂံ၊ ညောင်ဦး မြို့နယ် ဟတ်စီး၊ တက်မ၊ မြေသင်းထွင်နှင့် ကျောက်ကူး စိုက်မင်းများ၌ ဧက ၉၀၀ တို့ ဖြစ်သည်။

**အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ**



ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးထားသည့် အခြေအနေမှာ ပေါက်မြို့နယ် ရေတိမ်ရွာ၊ တက်မတောင်နှင့် လယ်လမ်းရွာ စိုက်ခင်းများ၌ ဧက ၂၀၀၊ မြိုင်မြို့နယ် လင်းကတော၊ မင်းကန်နှင့် မြိုင်တောင်စိုက်ခင်းများ၌ ဧက ၂၀၀၊ ရေစကြိုမြို့နယ် ကျောက်လှေခါး၊ မအူနှင့် ဆင်ချောင်းတမံ စိုက်ခင်းများ၌ ဧက ၂၀၀၊ ပခုက္ကူမြို့နယ် စံပြစိုက်ခင်းနှင့် တက်မတောင်စိုက်ခင်းများ၌ ဧက ၁၀၀၊ ဆိပ်ဖြူမြို့နယ် ကိုးတောင်စိုက်ခင်း၌ ဧက ၂၅၀ စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးသည့် အပင်အမျိုးအစားများမှာ ယူကလစ်နှင့် အော်ရီရှားအများဆုံး ဖြစ်သည်။

မကွေးခရိုင်တွင် ချောက်မြို့နယ်ရှိ ဆင်က ကာကွယ်တောစိုက်ခင်း၌ ဧက ၅၀၀၊ ရေနံချောင်းမြို့နယ်ရှိ ယင်းမချောင်းစိုက်ခင်း၌ ဧက ၈၀၀၊ နတ်မောက်မြို့နယ်ရှိ ယင်း ကာကွယ်တောစိုက်ခင်း၌ ဧက ၆၀၀၊ မြို့သစ်မြို့နယ်ရှိ ညောင်တုန်း၊ စတုံကြီးဝိုင်းနှင့် မြို့သစ်ကြီးဝိုင်း စိုက်ခင်း များ၌ ဧက ၃၅၀၊ တောင်တွင်းကြီးမြို့နယ်ရှိ ကုက္ကိုခွ စိုက်ခင်း ၌ ဧက ၅၀၀၊ မကွေးမြို့နယ်ရှိ ကားလမ်းမ ဝဲယာ (မိုင်တိုင် ၃၀၁ မှ ၃၄၂ အထိ) စိုက်ခင်း၌ ဧက ၇၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် အပင်များမှာ ယူကလစ်၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ရှား စသည့်အပင်များ ဖြစ်သည်။

**မုံရွာခရိုင်၊ ရွှေမြင်းတင်စိုက်ခင်းမှာလည်း စိမ်းလန်းအုပ်ဆိုင်းနေချေပြီ**

အထူးဒေသ ကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မင်းဘူးခရိုင်တွင်လည်း စိမ်းလန်းစိုပြည်ရေးသစ်ပင်များ အနှံ့အပြားစိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် ဧရိယာမှာ စလင်းမြို့နယ်ရှိ စလင်းကြီးပြင်စိုက်ခင်း၌ ဧက ၃၅၀၊ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းကုန်းကြီးနှင့် ကျွဲဒိကွင်း စိုက်ခင်းများ၌ ဧက ၃၅၀၊ မင်းဘူးမြို့နယ်ရှိ မင်းဘူးတောင်တန်းနှင့် ဓိးအိုင်စိုက်ခင်းများ၌ ဧက ၃၅၀၊ ငဖဲမြို့နယ်ရှိ ပုဂံကြီးပြင်စိုက်ခင်း၌ ဧက ၂၀၀ အသီးသီးစိုက်ပျိုးထားသည်။ စိုက်ပျိုးခဲ့သည့်အပင်များမှာ ယူကလစ်၊ ဘောစကိုင်းနှင့် ရှားပင်များ ဖြစ်သည်။

အလားတူ သရက်ခရိုင်တွင် မင်းလှမြို့နယ်၊ တောင်ဦးစိုက်ခင်း၌ ဧက ၂၀၀၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်နှင့် ကိုးပင်စိုက်ခင်း၌ ဧက ၅၀၀၊ အောင်လံမြို့နယ်ကျွဲသေကြီးဝိုင်း၊ ပြလို့ကြီးဝိုင်း၊ ဗွက်ကြီးကြီးဝိုင်း၊ ဆင်ချည်တိုင်နှင့် ကန်နှစ်ဆင့်စိုက်ခင်းများ၌ ဧက ၇၅၀၊ မင်းတုန်းမြို့နယ်၊ မင်းတုန်း – ကံမလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ ကံမမြို့နယ်၊ ပုသိမ် – မုံရွာလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ သရက်မြို့နယ်၊



ပူပြင်းခြောက်သွေ့လှသော စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ညောင်ပင်အိုင် တောရစိုက်ခင်းမှာ စိမ်းလန်း၍သာယာလှ

သရက် – မင်းတုန်းလမ်း၌ ကေ ၃၅၀ အသီးသီး စိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် အပင်များမှာ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ကျွန်း စသည့်အပင်များ ဖြစ်သည်။

ဖော်ပြခဲ့ပြီးသည့် စိုက်ကေနှင့် စိုက်ပျိုးပင်များမှာ စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၁၉၉၄–၉၅ ခုနှစ်အတွင်း စိုက်ကေနှင့် စိုက်ပျိုးပင်များ ဖြစ်သည်။

## ရေကန်နှင့် ဆည်များ

အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း ၁၉၉၄–၉၅ ခုနှစ် အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေကန်နှင့် ဆည်များမှာ မုံရွာခရိုင်၊ မုံရွာမြို့နယ်၌ သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရောင်တော် ထုံး၊ သာယာစု၊ ခတ္တကန်မြောက်၊ ရွှေမြင်တင်ကန်များတည် ဆောက်ပြီးစီးခဲ့သည်။ ထို့အပြင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် ကျောက်ရိုးမြောင် တစ်ဖက်ဆည်၊ တောင်မန်ကျည်းတစ်ဖက်ရပ်ဆည်၊ ကျေးအုပ်ကန်၊နိဗ္ဗာန်ဝကန်တို့ကို တည်ဆောက်ခဲ့သည်။ တစ်ဖန် မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၌ ကျောက်စစ်ကုန်းကန်၊ ရွာသစ်ကန်၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၌ ညောင်ပင်သာကန်၊ သာမုံးကုန်းကန်၊ ညောင်ပင်ကန်၊ မုံရွာခရိုင်၊ ယင်းမာပင် မြို့နယ်၌ ပျံ့ကြီးကန်၊ ညောင်ပင်အိုကန်၊ ဆားလင်းကြီးမြောက်ကန်၊မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၌ လက်ပန်မြောက်ကန်၊ သဖန်းကန်တို့ကို တည်ဆောက်ခဲ့သည်။ ချောင်းဦး၊ အရာတော်၊ ယင်းမာပင်မြို့နယ်များရှိ ကန်များနှင့် ဘုတလင်မြို့နယ်ရှိလက်ပန်မြောက်ကန်ကို သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘုတလင်မြို့နယ် သဖန်းကန်ကို ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တူးဖော်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း၊ မြင်းခြံခရိုင်တွင်လည်း ရေကန်များ ဆည်များ တည်ဆောက်ခဲ့သည်။ တည်ဆောက်ခဲ့သည့် ရေကန်နှင့် ဆည်များမှာ ပုဂံညောင်ဦးမြို့နယ်ရှိ ထနောင်းဝန်း၊ မြင်ချောင်းကန်၊ နတ်ကြီးအိုင်၊ မြေနီနှင့်မြောင်းကန်များ၊ ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကန်၊ စက္ကိန်းအရှေ့ တောင်ကန်၊ စက္ကိန်းအရှေ့ကန်၊ ကန်ဖြူတောင်ကန်၊ ရွာလူကန်၊ စီပေါက်ကန်နှင့် အနောက်ဖို

စုကန်များ၊ နွားထိုးကြီးမြို့နယ်ရှိ ထနောင်းပင်ဝဲကန်၊ တက်စီကန်၊ သရက်ကန်၊ ပြင်စည်ကန်၊ တပါယ်ကန်နှင့် သဲတောကန်များ၊ တောင်သာမြို့နယ်ရှိ တပ်ကြီးကန်၊ တောင်သာကန်၊ ကျောချောကန်နှင့် ပန်းပေါင်းကန်များ ဖြစ်သည်။


အလားတူ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ဆားတောင်ကန်၊ နတ်ခရိုင်ကန်၊ အုန်းတောကန်၊ ရွာသစ်ကန်၊ ဆည်လေးတောကန်နှင့် ခြေရာတော်ကန် (ခြေရာတော်ကန် ငါးခု) များ၊ စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်ရှိ သရက်ချိုကန်နှင့် မိုးတောင်းကန်များ၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ်ရှိ ကျားအိုကန်နှင့် မြင်းမူမြို့နယ် ထိန်တန်ကန်တို့ကိုလည်း တူးဖော်တည်ဆောက်ထားသည်။ စစ်ကိုင်းမြို့နယ်ရှိ ခြေရာ တော်ကန် ငါးကန်မှာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ကျန်ရေကန်များမှာ သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မကွေးတိုင်း ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ စိုတွင်းကန်၊ ကန်ရပ်ကြီးကန်၊ ဖုံးကန် (အရှေ့) ကန်၊ မြိုင်မြို့နယ်ရှိ မင်းကန်၊ မုံ့ညှင်းလေးကန်၊ သင်းပေါက်ကန်၊ ပေါင်းကွဲကန်၊ ရေစကြိုမြို့နယ်ရှိ ကုက္ကိုခွကန်၊ တောင်အိုကန်၊ မြေဖြူကျင်းကန်၊ ဆိပ်ဖြူမြို့နယ်ရှိ တပေါင်းကန်၊ တဲကြီးကန်နှင့် ကျောက်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ အဟတ်ကန်၊ သစ်ရာကောက်ကန်၊ ညောင်ကန်၊ မကျီးကန်၊ ချောက်မြို့နယ်ရှိ ရေတွင်းကန်၊ ညောင်ပင်သာကန်၊ အေးရွာကန်၊ ငွေးပင်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး ငွေချို (သုံးရေကန်)၊ ထနောင်းသုံးခွကန်၊ အုတ်တွင်းကန်၊ ဆင်ကစခန်းကန်၊ ငွေချိုသောက်ရေကန်နှင့် ညောင်ပင်သာ သုံးရေကန်တို့ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကူရွာ၊ ကန်ရွာ၊ ခင်မကန်နှင့် ဆီမီးခုံကန်များကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေချိုသရက်ခြံကန်၊ သာစည် မြို့နယ် ယင်းမာပင်ကန်နှင့် ရွာကြီးကန်တို့ကို သစ်တောရေးရာ

ဆင်ပေါင်ဝဲမြို့နယ် စိမ်းစိုရေးသစ်တောမျိုးခင်းဖြင့် မျိုးထောင်ပေးလျက်



## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



ချောက်မြို့နယ် ဂွေးချိုတောင်တန်း စိုပြည်စိမ်းလန်းနေလေပြီ

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး သာစည်မြို့နယ်ရှိ ဘီလူးမကန်နှင့် မင်းဘုရားကန်တို့ကို ကိုး ခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက် ခဲ့သည်။ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အုတ်ကျင်းကန်၊ ရေနီအနောက်ကန်၊ လယ်တကောင်းကန် နှင့် သပွတ်ထုံးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ထားသည်။ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နန်းလုံကန်၊ ဆည်တိုကန်၊ ကန်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏အစီအစဉ်ဖြင့် တည်ဆောက်နိုင်ခဲ့ပြီး မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ ခေတ်အေးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ဂွေးကုန်း၊ ရုံးကုန်း၊ ရွှေဘုတ်ကန်နှင့် ညောင်စောက်ချောင်းကန်နှင့် တောင်တွင်းကြီးမြို့နယ်ရှိ ပရပ်ကြယ်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကန် သုံးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။ တစ်ဖန် မကွေးခရိုင်အတွင်း နတ်မောက်မြို့နယ်တွင် တံခွန်တိုင်၊ ပိတောက်ငုတ်၊ ရေဘို၊ တက်ဝန်း၊ တလုပ်နှင့် မြို့သစ်မြို့နယ်တွင် မြေကြား၊ ချောက်ကြားနှင့် ဆူးတပ်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးခရိုင်၊ မင်းလှမြို့နယ်တွင် တလုပ်ကျင်းနှင့် ညောင်ပင်ကျပ်ကန်တို့ကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စိုစွတ်ကန်ကို လည်းကောင်း၊ အောင်လံမြို့နယ်တွင် စောင်းလျှားကျင်းနှင့် ရေပေါကန်တို့ကိုလည်းကောင်း သစ်တောရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ၁၉၉၅ – ၉၆ ခုနှစ်အတွင်း တည်

ထောင်ခဲ့သည့် စိုက်ခင်းများမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရှိ ကျောက်ကာတောင်၊ ချောင်းဦးမြို့နယ်ရှိ နွယ်ခွေ ကာကွယ်တော၊ ရေပိုးစာကန်ပတ်ဝန်းကျင်၊ ဘုတလင် မြို့နယ်ရှိ အုတ်ဖိုတောင်တစ်လုံး၊ အဆိုပြုကြိုးဝိုင်း၊ ယင်းမာပင် မြို့နယ်ရှိဆားလင်း၊ ဆားခါးကာကွယ်တောတို့၌ ကေပေါင်း ၂၀၀၀ တွင်လည်းကောင်း၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ခြေရာတော် ကာကွယ်တော၊ မင်းဝံ တောင်၊ အုန်းတောကားလမ်းမ၊ ငါန်းဇွန်မြို့နယ်ရှိ ကျောက် တစ်လုံး ကားလမ်းမ၊ မြင်းမူမြို့နယ်ရှိ မြင်းမူ – ချောင်းဦး ကားလမ်းမနှင့် ထိးဆောင်ဒေသတို့၌ ကေပေါင်း ၇၅၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကုက္ကကာကွယ်တော (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ပုဂံ – ညောင်ဦးမြို့နယ်ရှိ မြေသင်းကွင်းကာကွယ်တောနှင့် အရာ တော် ကာကွယ်တော၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကိုးကွေ့ကြိုးဝိုင်း၊ သျှန်တောင်ကာကွယ်တောနှင့် ကိုင်း ကာကွယ်တော၊ နွားထိုးကြီးမြို့နယ်ရှိ ဆေးခင်းကြီး ကာကွယ် တော၊ တောင်သာမြို့နယ်ရှိ တောင်သာကြိုးဝိုင်းတို့၌ ကေ ပေါင်း ၃,၉၀၀ တွင်လည်းကောင်း၊ မိတ္ထီလာခရိုင် ၊ မိတ္ထီလာ မြို့နယ်ရှိ အင်ပင်ဝကြိုးဝိုင်း၊ သာစည်မြို့နယ်ရှိရွှေနတ်တောင် ကာကွယ်တော၊ ဝမ်းတွင်းမြို့နယ်ရှိ ရွှေဆံတော် ကာကွယ်တော နှင့် တောင်ကိုးလုံး ကာကွယ်တော၊ မလှိုင်မြို့နယ်ရှိ မယ်ညို တောင်ကြိုးဝိုင်းတို့၌ ကေပေါင်း ၁,၅၀၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း ၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နတ်တံခါး ကာကွယ်တောနှင့် ပျဉ်းမ တောရွာ၊ ပျော်ဘွယ် မြို့နယ်ရှိ ချောင်းကောက် ကာကွယ် တော၊ မင်းဝံတောင် ကာကွယ်တော၊ တပ်ကုန်းမြို့နယ်ရှိ အုန်းပင်ဒဟတ်တော ကာကွယ်တောတို့၌ ကေ ၇၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

အလားတူ မကွေးတိုင်း ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်ရှိ ကန်လှအပတောနှင့် တက်မတောင်၊ မြိုင်မြို့နယ်ရှိ မင်းကန် အပတောနှင့် မြိုင်တောင် အပတော၊ ပေါက်မြို့နယ်ရှိ ရေတိမ် ရွာ အပတောနှင့် တက်မတောင်၊ ရေစကြိုမြို့နယ်ရှိ မအူကြိုးပြင်၊ တောင်ညိုအပတောနှင့် ကျောက်လှေခါး၊ ဆိပ်ဖြူမြို့နယ်ရှိ ကိုးတောင်အပတောတို့၌ ကေ ၁,၄၅၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ မင်းဘူးခရိုင် ၊ မင်းဘူးမြို့ နယ်ရှိ ပုဂံကန်ကြိုးဝိုင်းနှင့် မင်းဘူးတောင်တန်းဒေသ၊ စေတုတ္တရာ မြို့နယ်ရှိ စလင်း – စေတုတ္တရာ ကားလမ်းမ၊ စလင်းမြို့နယ်ရှိ စလင်းကြိုးပြင်တော၊ ပွင့်ဖြူမြို့နယ်ရှိ ကျွဲဒီကွင်းနှင့် ရေပုတ်ကြီးကွင်း၊ ငဖဲမြို့နယ်ရှိ ပုသိမ် – မုံရွာ ကားလမ်းမ တို့၌ ကေ ၁,၂၅၀ တွင်လည်းကောင်း၊မကွေးတိုင်း မကွေးခရိုင် ၊ မကွေးမြို့နယ် မကွေး – ရန်ကုန် ကားလမ်း၊ ချောင်မြို့နယ် ဆင်က ကာကွယ်တော၊ ရေနံချောင်းမြို့နယ် ယင်းမချောင်း ကာကွယ်တော၊ တောင်တွင်းကြီးမြို့နယ် သက်ကယ်ကျင်း ကာကွယ်တော၊နတ်မောက်မြို့နယ် ယင်း(၁) ကာကွယ်တော တို့၌ ကေ ၃,၅၀၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ သရက် ခရိုင် သရက်မြို့နယ် ရေမြက်ကြီးပြင်၊ မင်းလှမြို့နယ် တောင်ဦးကြီးပြင်၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကြီးပြင်နှင့် ကိုးပင်ကြီးပြင်၊ အောင်လံမြို့နယ် ဖွက်ကြီးကြီးပြင်၊ ကျွဲသေကြီးပြင်နှင့် ပြလို့ကြီးပြင်၊ မင်းတုန်းမြို့နယ် ကြိုးပြင်အကွက် (၃၆) နှင့် ကံမမြို့နယ် ရွာသာလှကြိုးပြင် တို့၌ ကေ ၂,၁၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

## နိဂုံး

မြန်မာပြည် အလယ်ပိုင်း အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းကာလ သုံးနှစ် ပြည့်မြောက်သွားသည့် နောက်ပိုင်းတွင်လည်း စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်ချက်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ လုပ်ကိုင်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့သဖြင့် ပူပြင်းခြောက်သွေ့သောဒေသများ စိမ်းစို အေးချမ်းလာခြင်း၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်း၊ ရွှေကိုမလို ရေကိုလိုသည် ဆိုသည့် စကားအတိုင်း အပူပိုင်း ဒေသများတွင် သောက်ရေသုံးရေများ အလုံအလောက် ရရှိ ခြင်း၊ ဆည်မြောင်းကန်ချောင်းတို့၏ ရေဝေရေလဲထိန်းသိမ်း မှုကို ရရှိခြင်း၊ သစ်ပင်စိုက်ပျိုးမှုတွင် ပြည်သူများ စိတ်ဝင် စားလာခြင်း၊ သီးနှံစိုက်ပျိုးရေးကို ကြီးစွာအထောက်အကူ ပြုခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးနှင့် လူမှုရေးအဆင့် အတန်း မြင့်မားလာခြင်းတည်းဟူသော အကျိုးကျေးဇူးများ ကို ရရှိခံစားနေကြရ၍ မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသား ဖော်ပြလိုက်ရပါသတည်း။

ဆွေသန့်ကို











# စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ

"အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ( Fourth World Conference on Women ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှ (၁၅) ရက်နေ့အထိ (၁၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံအနေဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) လုပ်ငန်းစီမံချက်(Platform for Action) တစ်ရပ်ကို အတည်ပြု ချမှတ်ရန်၊

( ခ) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို လျာထားသတ်မှတ် ရန်၊

(ဂ) အခြေခံလူတန်းစားအဆင့်နှင့် မူဝါဒချမှတ်သူအဆင့်နှစ်ရပ်စလုံးတွင် အမျိုးသားရော၊ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

ညီလာခံသို့ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၏ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ အဆင့်ဖြင့် တက်ရောက်လာသည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံများ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ကိုယ်စားလှယ်များ အများဆုံးတက်ရောက်နိုင်ခဲ့ကြသည့် ညီလာခံတစ်ခုပင် ဖြစ်သည်။ နိုင်ငံအသီးသီးမှကိုယ်စားလှယ်များက မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုရေးရာတို့ကို အခြေခံ၍ မိမိတို့၏ အတွေ့အကြုံ၊ သဘောထားအမြင်များအား တင်ပြဆွေးနွေး အမြင်ချင်းဖလှယ်ခွင့်ရရှိခဲ့ကြသည်။

## အမျိုးသမီးညီလာခံ၏ နောက်ခံအချက်အလက်များ

ကုလသမဂ္ဂ အနေဖြင့် ယခုညီလာခံအပါအဝင် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံလေးခုကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၇၅ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၎င်း ၁၉၇၅ ခုနှစ်အတွင်းတွင် ပထမအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို "အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့၌ စတင်ကျင်းပခဲ့သည်။ ၎င်းနှစ်ကုလသမဂ္ဂ အထွေထွေညီလာခံမှ ထပ်မံ၍ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို " ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်" အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံအနေဖြင့်မူ "အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံးပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း" ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ကွန်ဗင်းရှင်းသည် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပြုရာတွင် ပင်မကျသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်ပင် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟောဂင်မြို့၌ ဒုတိယအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံအနေဖြင့် အမျိုးသမီးများ ဆယ်စုနှစ်၏ ကျန်ရှိသည့်ဒုတိယနှစ်ဝက်အတွက် လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့ပါသည်။

အမျိုးသမီးများ ဆယ်စုနှစ်ကုန်ဆုံးသည့် ၁၉၈၅ ခုနှစ်တွင်တတိယအကြိမ်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့

ညီလာခံကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဤညီလာခံမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အထိ အမျိုးသမီးများ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများကို ချမှတ်အတည်ပြုခဲ့သည်။ တတိယအကြိမ် ကျင်းပပြီး၍ ဆယ်စုနှစ်တစ်နှစ်အကြာဖြစ်သည့် ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ယခုညီလာခံကို ကျင်းပခြင်းဖြစ်သည်။ နိုင်ရိုဘီတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်မှု အခြေအနေများအား ယခုညီလာခံတွင် ဆန်းစစ် သုံးသပ်ကြမည်ဖြစ်သည်။ ညီလာခံအနေဖြင့် အနာဂတ်ကာလအတွက်လုပ်ငန်းအစီအစဉ်များကို အဓိကထားဆွေးနွေးမည် ဖြစ်သော်လည်း၊ နိုင်ရိုဘီ၏ ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် အောင်မြင်ချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်ဆန်းစစ်ကြမည် ဖြစ်ပေသည်။

ထို့အပြင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ကုလသမဂ္ဂမှ ဦးဆောင်ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများကို ညီလာခံတစ်ခုနှင့် တစ်ခုအဆက်အစပ်မိစွာဖြင့် ကျင်းပပေးခဲ့ရာ ယခုစတုတ္ထအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဤညီလာခံ၏ရှေ့တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သော ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများမှာ–

(က) ၁၉၉၀ပြည့်နှစ်၊ အမေရိကန်နိုင်ငံ၊ နယူးယောက်တွင် ကျင်းပသည့်"ကလေးများအတွက် ကမ္ဘာ့ထိပ်သီး ညီလာခံ"၊

(ခ) ၁၉၉၂ ခုနှစ်၊ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျာနေရိုးတွင် ကျင်းပသည့် "ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုကိစ္စများဆိုင်ရာ ကုလသမဂ္ဂညီလာခံ "၊

(ဂ) ၁၉၉၃ ခုနှစ်၊ ဩစတြေးလျနိုင်ငံ၊ ဗီယင်နာတွင် ကျင်းပသည့် "လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ညီလာခံ"၊

(ဃ) ၁၉၉၄ ခုနှစ်၊ အီဂျစ်နိုင်ငံကိုင်ရိုတွင်ကျင်းပသည့် "လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ"၊

(င) ၁၉၉၅ ခုနှစ်၊ မတ်လအတွင်းဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်တွင်ကျင်းပသည့် "လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကမ္ဘာ့ထိပ်သီးညီလာခံ"တို့ ဖြစ်ကြပေသည်။

## ညီလာခံအတွက် ကြိုတင်ပြင်ဆင် မှုများ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ကျင်းပနိုင်ရန်အတွက်၁၉၉၄ ခုနှစ်အတွင်းက ဒေသဆိုင်ရာအကြိုညီလာခံများကို အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဂျော်ဒန်နှင့် ဆီနီဂေါစသည့် နိုင်ငံ ( ၅ ) နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။

- အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာအတွက်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတွင် ဇွန်လ (၇)ရက်နေ့မှ (၁၄) ရက်နေ့အထိ၊
- လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသဆိုင်ရာအတွက် ညီလာခံကို အာဂျင်တီးနားနိုင်ငံ၊ မာဒဲပလာတတွင် စက်တင်ဘာလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ၊
- ဥရောပဒေသဆိုင်ရာအတွက် ညီလာခံကို ဩစတြေးလျ နိုင်ငံ၊ ဗီယင်နာတွင်အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ၊
- အနောက်အာရှဒေသဆိုင်ရာအတွက် ညီလာခံကို ဂျော်ဒန်နိုင်ငံ၊ အမ္မာန်တွင် နိုဝင်ဘာလ(၆) ရက်နေ့မှ (၁၀)ရက်နေ့အထိ၊
- အာဖရိက ဒေသဆိုင်ရာအတွက် ညီလာခံကို ဆီနီဂေါနိုင်ငံ၊ ဒါကာတွင်နိုဝင်ဘာလ (၁၆) ရက်နေ့မှ(၂၃) ရက်နေ့အထိ စသည်ဖြင့် ဒေသဆိုင်ရာအသီးသီး၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ညီလာခံ၏ အထွေထွေအတွင်းရေးမှူးအဖြစ် မစ္စက်ဂါးထရုဒ်မွန်ဂဲလား ( Mrs Gertrude Mongella) ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ်၊ ဘူထရို့စ်ဂါလီမှ ခန့်အပ် ခဲ့သည်။ မစ္စက်မွန်ဂဲလားမှာ တတိယအကြိမ်နိုင်ရိုဘီညီလာခံသို့ တန်ဇန်းနီးယား နိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်ခဲ့ရသူ ဖြစ်သည်။

ညီလာခံကြီးအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် အကြိုညှိနှိုင်းကော်မတီ၏ နောက်ဆုံးအကြိမ်အစည်းအဝေးတစ်ရပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ဧပြီလ ၅

## စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ



ညီလာခံကျင်းပသည့် ပီကင်းအပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ

ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးသည် ကုလသမဂ္ဂအမျိုးသမီးများ အဆင့် အတန်းရေးရာကော်မရှင် (SW-Commission on the Status of Women ) ၏(၃၉) ကြိမ်မြောက် အစည်းအဝေး လည်းဖြစ်ပြီး ညီလာခံကြီးတွင် ဆွေးနွေးမည့် လုပ်ငန်းစီမံချက်မူကြမ်းအား ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစီမံချက်မူကြမ်း၌ အမျိုးသမီးရေးရာ ဆောင်ရွက်ချက်များအတွက် ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍ (၁၁) ရပ် ပါရှိခဲ့ရာ ယင်းကဏ္ဍ (၁၁) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အမျိုးသမီးများအပေါ် ဖိစီးနေသော ဆင်းရဲနွမ်းပါးမှုဝန်ထုပ်ဝန်ပိုးများ ရှိမြဲရှိနေသေးသည့်အပြင် ထပ်မံ တိုးပွားလာနေခြင်း၊

(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လုံလောက်မှု မရှိခြင်းနှင့် အမျိုးသမီး များအပေါ် သဘောထား အယူအဆများ ညီမျှမှုမရှိခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ လုံလောက်မှုမရှိခြင်း၊ ညီမျှမှု မရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်အတန်းများလည်း ညီမျှမှု မရှိခြင်း၊

(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း၊

(၅) လက်နက်ကိုင်တိုက်ပွဲများ (သို့မဟုတ်) အခြားသော ပဋိပက္ခများကြောင့် အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်စေခြင်း၊

(၆) စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများ၊ မူဝါဒများနှင့် ကုန်ထုတ်လုပ်မှုကိစ္စရပ်များတွင် အမျိုး သမီး များ၏ ပါဝင်မှု ညီမျှမှုမရှိခြင်း၊

(၇) အဆင့်အားလုံး၌ လုပ်ပိုင်ခွင့်အာဏာ၊ ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးနှင့် အမျိုးသားများအကြား ညီမျှမှုမရှိခြင်း၊

(၈) အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးမှု မြှင့်တင်ရေး

ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အဆင့်အားလုံး၌ ယန္တရား များ မလုံလောက်ခြင်း၊

(၉) အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အသိအမှတ်ပြုထားသည့် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအပေါ် အာရုံစိုက်မှု နည်းပါး ခြင်း၊

(၁၀) အမျိုးသမီးများ၏ လူ့အဖွဲ့အစည်းအတွင်း အကျိုးပြု ဆောင်ရွက်ချက် များကို မြှင့်တင်ပေးရန် အတွက် သတင်းပြန်ကြား ဖြန့်ချိမှုများ လုံလောက် မှု မရှိခြင်း၊

(၁၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝ သယံဇာတ အရင်း အမြစ် များကို စီမံခန့်ခွဲရာ၌ အမျိုးသမီးများ၏ ပါဝင် လုပ်ဆောင်နိုင်မှုကို အသိ အမှတ်ပြုခြင်း၌ အားနည်းခြင်း၊

ဤကဏ္ဍ (၁၁) ရပ်ကို ရင်ဆိုင်ကျော်လွှားမည့် အကြံပြုချက်များကို စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် နိုင်ငံတကာမိသားစု စုစည်း အဖြေရှာမှုဖြင့်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးနောက်တွင် နိုင်ငံတကာ၏ သဘောတူညီမှုအဖြစ် ညီလာခံမှ အတည်ပြုချမှတ်မည့် "လုပ်ငန်းစီမံချက်" သည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်များအတွက် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ ဂျာကာတာ ညီလာခံ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက်ဒေသဆိုင်ရာအကြိုညီလာခံ ငါးခုပြုလုပ်ခဲ့သည့်အနက် အဦးဆုံးကျင်းပသော အကြိုညီလာခံသည် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ အကြိုညီလာခံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ဂျာကာတာမြို့တွင် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှ (၁၄) ရက်နေ့အထိ

ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့



ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံကို အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)မှ ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ဇွန်လ (၇) ရက်နေ့မှ(၁၁) ရက်နေ့အထိ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ဇွန်လ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ဝန်ကြီးအဆင့်ညီလာခံများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိအမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဝဝအား ဒေသအတွင်းရှိ အမျိုးသမီးများ၏စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်နည်းလမ်းအမျိုးမျိုးဆွေးနွေးညှိနှိုင်း ထုတ်ဖော်ဆောင်ရွက် ရေးအတွက် စာတမ်း ပြုစုပြီး ၎င်းစာတမ်းကိုစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းရန်တို့ ဖြစ်သည်။

အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာရှနှင့်ပစိဖိတ်ဒေသ (၅၄) နိုင်ငံမှ ကိုယ်စားလှယ် (၄၂၄) ဦးတက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး မဒမ်ဆူဂမ်ဒီ တက်ရောက်မိန့်ခွန်းပြောကြား ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးမှ အောက်ပါအဓိက ကဏ္ဍသုံးရပ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပေသည်။

(၁) အမျိုးသမီးများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၂) အမျိုးသမီးများနှင့် လူမှုရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၃) အမျိုးသမီးများနှင့် အခွင့်အာဏာပေးခြင်း ကဏ္ဍ၊

ဖော်ပြပါ ကဏ္ဍအသီးသီးအား ကိုယ်စားလှယ်များမှ အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၎င်းဆွေးနွေးချက်များအပေါ် မူတည်၍ ရေးသားပြုစုကြသည့် "ဂျာကာတာ ကြေညာချက်" နှင့် အမျိုးသမီးများနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို သဘောတူညီခဲ့ကြပါသည်။

ဝန်ကြီးအဆင့် ညီလာခံတွင် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးအဆင့် (၃၁)ဦး ပါဝင်တက်ရောက်ခဲ့ကြကာ ညီလာခံအား အိမ်ရှင်နိုင်ငံ သမ္မတကြီး ဆူဟာတိုကိုယ်တိုင် မိန့်ခွန်းမြွက်ကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ သဝဏ်လွှာပေးပို့ခဲ့သည်။

ဝန်ကြီးအဆင့် ညီလာခံအနေဖြင့် အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့် ဂျာကာတာကြေညာ ချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စီမံချက်များကို အတည်ပြု ခဲ့ကြပါသည်။

ဂျာကာတာအကြို့ညီလာခံတွင် ဆွေးနွေးခဲ့ကြသည့် အမျိုးသမီးများဆိုင်ရာ အဓိကအချက်များမှာ –

(က) အမျိုးသမီးထု ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းလာစေရေး၊

(ဂ) ဝန်းကျင်ထိန်းသိမ်းမှုနှင့် သယံဇာတပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အမျိုးသမီးများ၏ စွမ်းအားကို အသိအမှတ်ပြုရေး၊

(ဃ) အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်များကို ပေးနိုင်သည့် အဆင့်များတွင် အမျိုးသမီးများ ပါဝင်ရေး၊

(င) အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ကာကွယ်မြှင့်တင်ပေးရေး၊

(စ) အမျိုးသမီးများ ကျန်းမာရေးခံစားမှု အပြည့်အဝရရှိရေး၊

(ဆ) အမျိုးသမီးများ ပညာရေးတွင် အပြည့်အဝခံစားခွင့် ရရှိရေး၊

(ဇ) ပြန်ကြားရေးနှင့် သတင်း၊ စာနယ်ဇင်းများတွင် အမျိုးသမီးများအားအကောင်းဘက်မှမြင်နိုင်ရေးအတွက် စာစောင်၊ အာဘော်များရေးသားရေး၊

(ဈ) အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ယန္တရားများ စီမံထားရှိရေး၊

(ည) အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုရေး တို့ဖြစ်ကြပြီး အဆိုပါအချက်များအလိုက် ဆောင်ရွက်မည့် မဟာဗျူဟာ၊ နည်းဗျူဟာ များကို ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ် သည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ပြင်ဆင်ဆောင်ရွက်မှု

ကျင်းပပြီးစီးခဲ့သော အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ သုံးခုသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် တက်ရောက်နိုင်ခြင်း မရှိခဲ့သော်လည်း၊ ယခုစတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ဆောင် ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ အာရှနှင့် ပစိဖိတ်

ဒေသ ဆိုင်ရာ၏ အကြိုညီလာခံဖြစ်သည့် ဂျာကာတာ ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ညီလာခံတွင်အတည်ပြုခဲ့သည့် ဂျာကာတာ ကြေညာချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စိမ့်ချက်များအား လည်း ထောက်ခံခဲ့ပါသည်။

၄င်းနောက် ၁၉၉၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ဧပြီလ (၅) ရက်နေ့အထိ နယူးယောက်အကြို ညှိနှိုင်း ကော်မတီ နောက်ဆုံးအကြိမ် အစည်းအဝေးဖြစ်သည့် ကုလသမဂ္ဂအမျိုးသမီးများ အဆင့်အတန်းရေးရာကော်မရှင်၏ (၃၉) ကြိမ်မြောက် အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ အမျိုးသမီးကိုယ်စား လှယ်နှစ်ဦး တက်ရောက် ပါဝင်ခဲ့သည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံလုံးဆိုင်ရာ ကော်မတီတစ်ရပ်ကို ၁၅–၈–၉၄ တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၄) ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့ပါသည်။

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၂) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန၊

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန၊

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန၊

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန၊

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန၊

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဦးစီးဌာန၊အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊

(၁၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေး
စောင့်ရှောက်ရေး အသင်း၊

(၁၂) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန၊

နိုင်ငံလုံးဆိုင်ရာ ကော်မတီအနေဖြင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားအဆင့် အစီရင်ခံစာကို ပြုစုရေးသားခဲ့ပါသည်။ အစီရင်ခံစာပြုစုရာတွင် ဂျာကာတာ ကြေညာချက်စာတမ်းနှင့် နယူးယောက်အကြိုညှိနှိုင်းဆွေးနွေးပွဲမှ အချက်များကို မှီတည်၍ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ဤအစီရင်ခံစာကို နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရရှိသဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂသို့ ပေးပို့ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အနေဖြင့် အစီရင်ခံစာရေးသားပြုစုရေးနှင့် ပတ်သက်၍ ၆–၂–၉၅ နေ့တွင် နိုင်ငံလုံးဆိုင်ရာ ကော်မတီဝင်များအား တွေ့ဆုံ လမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ၂၉–၈–၉၅ ရက်နေ့တွင် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှု ကဏ္ဍ ဟောပြောပွဲကို ၅–၈–၉၅နေ့တွင် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြား

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ



ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စစ်ဂါထရုဒ်မွန်ဂဲလားက ကိုယ်စားလှယ်များနှင့် တရင်းတနှီး

ခဲ့ပြီး၊ ညီလာခံသို့ တက်ရောက်ကြမည့် မြန်မာကိုယ်စားလှယ် အဖွဲ့မှအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မေမေရီ၊ ဒေါက်တာဒေါ်ဝင်းမေနှင့် ပါမောက္ခဒေါ်ရီရီမြင့်တို့က အမျိုးသမီးများစွမ်းဆောင်မှုနှင့် ပတ်သက်သည့် စာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြပါသည်။

ပီကင်းမြို့တွင် ကျင်းပမည့် ညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ စာအမှတ်-၃၁၁၆/၀၂/ဇ၄ (၁၃၈၈) ဖြင့်အောက်ဖော်ပြပါ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စေရန် သဘောတူညီခဲ့ပါသည်။

(က) ဗိုလ်ချုပ်စိုးမြင့် — ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊

(ခ) ဦးဆက် — အဖွဲ့ဝင်
သံအမတ်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

(ဂ) ဦးညီညီသန်း — အဖွဲ့ဝင်
သံအမတ်ကြီး
အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

(ဃ) ဦးသန်းပို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန၊

(င) ဒေါက်တာဒေါ်ဝင်းမေ — အဖွဲ့ဝင်
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်၊

(စ) ဒေါက်တာဒေါ်မေမေရီ — အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန၊

(ဆ) ဒေါ်ရီရီမြင့် — အဖွဲ့ဝင်
ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန
စီးပွားရေးတက္ကသိုလ်၊

(ဇ) ဦးကျော်တင့်ဆွေ — အဖွဲ့ဝင်
သံမှူးကြီး
ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ဈ) ဦးညွန့်မောင်ရှိန် — အဖွဲ့ဝင်
သံမှူးကြီး
ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ည) ဦးမျိုးမြင့် — အဖွဲ့ဝင်
ကောင်စစ်ဝန်ချုပ်
မြန်မာနိုင်ငံဆိုင်ရာကောင်စစ်
ဝန်ချုပ်ရုံး၊ ဟောင်ကောင်၊

(ဋ) ဒေါက်တာဒေါ်တင်လင်းမြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်း၊ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်း၊

(ဌ) ဒေါ်ခင်မျိုးမြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး၊

(ဍ) ဒေါ်ယဉ်ယဉ်မြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(ဎ) ဗိုလ်ကြီးထွန်းလင်း — အဖွဲ့ဝင်
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန၊

(ဏ) ဦးမြတ်စိုး — အဖွဲ့ဝင်
တရုတ်ဘာသာစကားပြန်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(တ) ဦးစိုးဝင်း — အကြံပေးပုဂ္ဂိုလ်
သံမှူး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ထ) ဒေါ်ခင်သန္တာ — အကြံပေးပုဂ္ဂိုလ်
တတိယအတွင်းဝန်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ဒ) ဦးအေးကိုကို — အကြံပေးပုဂ္ဂိုလ်
သံအရာရှိ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

**ညီလာခံတွင် စိတ်ဝင်တစား ဆွေးနွေးနေကြစဉ်**



## ကမ္ဘာ့မှတ်တမ်းဝင် ပီကင်းညီလာခံ

အမျိုးသမီးများဘဝတိုးတက်မြင့်မားရေးအတွက် အနာဂတ်ကာလ လုပ်ငန်းအစီအစဉ်များကို အဓိကထား ဆွေးနွေးကြရန်နှင့် ကုလသမဂ္ဂ၏အမျိုးသမီးရေးရာ ဆောင်ရွက်ခဲ့ချက်များတွင် အောင်မြင်မှု၊ အားနည်းမှုများကို ပြန်လည်ရှုမြင်သုံးသပ်ရန် ပီကင်းမြို့တော်သို့ ကမ္ဘာ အရပ်ရပ်မှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တစ်စုတစ်ဝေး စုဝေး ရောက်ရှိခဲ့ကြသည်။

ညီလာခံကို စက်တင်ဘာလ ( ၄ )ရက်နေ့တွင် စတင် ကျင်းပခဲ့သည်။ ယင်းနေ့မတိုင်မီ စက်တင်ဘာလ( ၃ )ရက် နေ့က ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ အကြိုညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ညှိနှိုင်းဆွေးနွေး ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညီလာခံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တရုတ်ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မဒမ်ချန်းမူဟွာ(**Chen Muhua**)ကို အများဆန္ဒဖြင့် သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်သည်။ သဘာပတိနှင့် တွဲဖက် ဆောင်ရွက်နိုင်ရန် ဒုတိယသဘာ ပတိ ၂၇ ဦးအား ဒေသအလိုက် ကိုယ်စားလှယ် များထဲမှ ရွေးချယ်တင်မြှောက်ရန်အဆိုပြုခဲ့ကြသည်။ ယင်းသို့ဒေသ အလိုက် ကိုယ်စားလှယ် များရွေးချယ် တင်မြှောက်ရာတွင် အောက်ပါအတိုင်း ခွဲခြားခဲ့ပါသည်။

- အာဖရိကနိုင်ငံများ၊
- အနောက်ဥရောပနိုင်ငံများ၊
  လက်တင် အမေရိကနှင့်
  ကာရစ်ဘီယန်နိုင်ငံများ၊
- အာရှနိုင်ငံများ၊
- အရှေ့ဥရောပနိုင်ငံများ၊

စက်တင်ဘာလ ၄ ရက်နေ့နံနက်ပိုင်းတွင် ပီကင်းမြို့ရှိ ပြည်သူ့မဟာခန်းမ၌ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များအား ကြိုဆိုသည့်အခမ်းအနားကျင်းပရာ အိမ်ရှင်နိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက် မိန့်ခွန်း ပြောကြား ခဲ့သည်။ ကျန်ဇီမင်းက" ယခုညီလာခံသည် အမျိုးသမီးများအတွက်သာမကဘဲ ကမ္ဘာတစ်ဝန်းရှိလူသား အားလုံးအတွက် အရေးပါလှသည့် လှုပ်ရှားဆောင်ရွက်ချက် တစ်ခုဖြစ်ကြောင်း၊ ညီလာခံအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူရည်တူရှိရေးအား အကောင် အထည်ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး ကိစ္စရပ်များအား မြှင့်တင်ဆောင်ရွက်မှုများ အတွက် အရေး ပါမည်ဟု ယုံကြည်ထားကြောင်း၊ ညီလာခံ အောင်မြင်စွာ ပြီးမြောက်ပါစေရန် ဆုမွန်တောင်းလိုက်ပါကြောင်း " ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး ချုပ်ဘူထရို့စ်၊ ဘူထရို့စ်ဂါလီ ဖျားနာနေ၍ ညီလာခံ သို့တက်ရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ယင်း၏ အထူး ကိုယ်စားလှယ်ဖြစ်သူ လက်ထောက် အထွေထွေ အတွင်း ရေးမှူးချုပ် မစ္စတာအစ်စ်မတ်ကီတာနီက ဘူထရို့စ် ဂါလီ၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ယင်းနောက်တွင် ညီလာခံ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စက်ဂါးထရုဒ်မွန်ဂဲလားက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ "အမျိုးသမီးများ သည်ကမ္ဘာကြီး၏ဧည့်သည်များမဟုတ်ကြပါ။ ကမ္ဘာကြီး ကိုအမျိုးသမီးများလည်း ပိုင်ဆိုင်ကြသည်" ဟု မွန်ဂဲလားက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ ညီလာခံကို စတင်ကျင်းပရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ် ၏ အထူးကိုယ်စားလှယ် မစ္စတာ ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးခဲ့ပြီး ဘူထရို့စ် ဂါလီ၏ ညီလာခံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာကိုဖတ်ကြား သည်။ သဝဏ်လွှာတွင် "တိုးတက်ဖွံ့ဖြိုးမှုများ တောင့်တင်း ခိုင်မာစေရန်၊ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များကို တည်ဆောက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျွန်ုပ်တို့ ကိုယ်တိုင် ကတိပြုတာဝန်ယူကြရန် များဖြင့် လာမည့် ၂၁ ရာစုနှစ်နှင့် ယင်း၏နှစ်များဆီသို့ ရှေးရှုလျက် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေး ကျွန်ုပ်တို့ဆွေးနွေးစည်းဝေး လျက်ရှိကြပြီ "ဟု ဖော်ပြပါရှိသည်။

ညီလာခံကိုယ်စားလှယ်များက တူညီဆန္ဒဖြင့် မဒမ်ချန်းမူဟွာကိုသဘာပတိတင်မြှောက်ကြပြီး သဘာ ပတိက မိန့်ခွန်းပြောကြားပါသည်။ ညီလာခံ အထွေထွေ အတွင်းရေးမှူးမစ္စက်မွန်ဂဲလားက ဆက်လက်၍ မိန့်ခွန်း ပြောကြားပါသည်။ ထို့နောက် ညှိနှိုင်းအစည်း အဝေးတွင် အဆိုပြုထားသည့်ဒုတိယသဘာပတိ (၂၇)ဦး အား ရွေးချယ် တင်မြှောက်ကြောင်း အတည်ပြုကြေညာခဲ့ ပါသည်။

ညီလာခံပထမနေ့တွင် ညီလာခံသို့ တက်ရောက်လာ ကြသည့် အမျိုးသမီးနိုင်ငံခေါင်းဆောင်များဖြစ်သည့် ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီဘူတို၊ ဖင်လန်နိုင်ငံသမ္မတ ဗစ်ဂျဒစ်ဖင်းဘိုဂဒေါ့တီယာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ စသူတို့ကမိန့်ခွန်း ပြောကြားကြသည်။

ညီလာခံဒုတိယနေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ ကတော် ဟစ်လာရီကလင်တန်အပါအဝင်နိုင်ငံ (၄၀)ခန့်မှ ကိုယ်စားလှယ်များ ပြောကြားဆွေးနွေးကြပါသည်။ ညီလာခံကျင်းပရက်များအတွင်း နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များမှ အလှည့်ကျဆွေးနွေး ပြောကြားခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးမြင့် အနေဖြင့်ညီလာခံ၏ အဋ္ဌမနေ့ဖြစ်သည့် ၁၁–၉–၉၅ နေ့တွင်မိန့်ခွန်းပြောကြားခဲ့ရာ မိန့်ခွန်းတွင် နိုင်ငံသမိုင်းကြောင်းတစ်လျှောက် မြန်မာအမျိုးသမီးများ ရရှိခံစားပိုင်ခွင့်၊ ဂုဏ်သိက္ခာအဆင့်အတန်းများကို ကမ္ဘာသိအောင် ထုတ်ဖော်တင်ပြခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ညီလာခံကြီးမှ "လုပ်ငန်းစီမံချက်" ကို အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိကြောင်းများကို ထည့်သွင်း ပြောကြားခဲ့ပေသည်။

ညီလာခံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ၁၁ ချက် ကို ချမှတ်ရမည်ဖြစ်ပေရာ ချမှတ်မည့် လုပ်ငန်းစီမံချက် အတွက် အမျိုးသမီးရေးရာဆောင်ရွက်ချက်များ၌ ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍများကို မည်သို့မည်ပုံရင်ဆိုင် ကျော်လွှားကြမည်ဆိုသည်ကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အကြိမ်ကြိမ်ညှိနှိုင်းကော်မတီဆွေးနွေးခဲ့စဉ်က အခက်အခဲများဆိုင်ရာကဏ္ဍ (၁၁) ရပ်အပြင် အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေးကဏ္ဍတစ်ခုထပ်မံ ပါဝင်လာခဲ့သဖြင့် လုပ်ငန်းစီမံချက်၌ အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂)ရပ်ပါဝင်ခဲ့သည်။ ညီလာခံ၏နောက်ဆုံးနေ့တွင် ပီကင်းကြေညာချက်စာတမ်းနှင့် လုပ်ငန်းစီမံချက်များကို အတည်ပြုချမှတ်ခဲ့ရာ ယင်းသို့အတည်ပြုချမှတ်ခဲ့သည့် စာမျက်နှာ ၁၅၀ ပါ လုပ်ငန်းစီမံချက်တွင် ပါဝင်သော အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂) ရပ်၏ ခေါင်းစဉ်များကို အကျဉ်းချုံးဖော်ပြရလျှင်–

(၁) ဆင်းရဲမွဲတေမှု၊
(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ညီမျှရေး၊
(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရေး၊
(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုကျင့်ခြင်း၊
(၅) လက်နက်ကိုင် ပဋိပက္ခများ၊
(၆) စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခန်းကဏ္ဍ၊
(၇) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးရေး မြှင့်တင်ရန် ယန္တရားများအားဖြည့်ရေး၊
(၈) အမျိုးသမီးများအပေါ် ရုပ်တည်ချက်၊အမြင်များ တိုးတက် ကောင်းမွန်စေရေး၊
(၉) ပြန်ကြားရေးကဏ္ဍ ဖြန့်ချီဆောင်ရွက်ပေးရေး၊
(၁၀) အမျိုးသမီးများ၏ရပိုင်ခွင့်အခွင့်အရေးများ၊
(၁၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေး စသည်များ ပါဝင်ခဲ့သည်။

ညီလာခံ၏ သဘာပတိဖြစ်သူ မဒမ်ချန်းမူဟွာက "ပီကင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်တို့သည် အစိုးရများနှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများအကြား တန်းတူရည်တူအခွင့်အရေးရရှိစေရေးများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မူဝါဒလမ်းညွှန် ချက်များ ဖြစ်လာလိမ့်မည်" ဟု ပြောဆိုခဲ့သည့်နည်းတူ ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စက်မွန်ဂဲလားက "ကျွန်ုပ်တို့၏ စွမ်းဆောင် ဆောင်ရွက်ချက်များကြောင့် ကျွန်ုပ်တို့သည် သက်သာရာရမှု၊ နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုများကို ခံစား နိုင်ခဲ့ကြပြီ " ဟု ညီလာခံအပြီးတွင် ထုတ်ဖော် ပြောဆိုခဲ့ ပါသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မစ္စတာကိုတာနီက ဘူထရို့စ်ဂါလီ၏ နိဂုံးချုပ် မိန့်ခွန်းကို ညီလာခံ၌ ဖတ်ကြားခဲ့ရာ မိန့်ခွန်းတွင် "ပီကင်းမှ အတည်ပြုချမှတ်ခဲ့သော လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။ ကမ္ဘာကြီးကိုကျွန်ုပ်တို့ပြောကြား ကြပါစို့။ ဂုဏ်ယူကျေနပ်မှုများနှင့်အတူ ပြောကြားကြပါစို့" ဟု ဘူထရို့စ်ဂါလီက တိုက်တွန်းထားခဲ့ပေသည်။

ညီလာခံသို့ နိုင်ငံ(၁၈၁) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ခဲ့ကြပြီး ညီလာခံ၏ ပြောရေးဆိုခွင့်ရှိသူ ဂက်စ်ကျူ့တ် (Gastaut)၏ တရားဝင် ထုတ်ဖော်ပြောဆိုချက်အရ ညီလာခံသို့ အစိုးရကိုယ်စားလှယ် (၅,၆၉၆) ဦး၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၄,၀၃၀)ဦး၊ သတင်းပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ် (၃,၂၄၅)ဦး၊ စုစုပေါင်း(၁၂,၉၇၁) ဦး တက်ရောက်ခဲ့ပါ

သည်။ ဤအရေအတွက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရေအတွက်များ မပါဝင်ခဲ့ပါပေ။ ညီလာခံကျင်းပခြင်း သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အများဆုံးတက်ရောက်သည့် ညီလာခံ တစ်ခု ဖြစ်ခဲ့သည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်း(အန်န်ဂျီအို) များ၏ နှီးနှောပွဲ


ပီကင်းမြို့တွင် ကျင်းပလျက်ရှိသည့်ကုလသမဂ္ဂ စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာကမ္ဘာ့ညီလာခံနှင့် တစ်ချိန်တည်းအပြိုင် အမျိုးသမီးများဆိုင်ရာ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၏ နှီးနှောပွဲ (၁၉၉၅) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟွေရိုမြို့၌ ဩဂုတ်လ (၃၀) ရက်နေ့မှ စက်တင်ဘာလ(၈) ရက်နေ့အထိ(၁၀) ရက်ကြာ ကျင်းပ ခဲ့သည်။

ဤနှီးနှောပွဲသည် ယခုအချိန်အထိ အမျိုးသမီးများ ဆိုင်ရာ နှီးနှောပွဲများအနက်အအောင်မြင်ဆုံးသောမကြုံစဖူး အောင် ထူးကဲများပြားလှသည့်ပမာဏရှိသော နှီးနှောပွဲပင် ဖြစ်သည်။ နိုင်ငံ (၂၀၀) နီးပါးမှ အမျိုးသမီး ၃၁,၀၀၀ စု စည်းမိခဲ့ကြသည်။ အဓိကဆွေးနွေးရန် ရှိသည့် တစ်ကမ္ဘာလုံး ဆိုင်ရာ ပြဿနာများနှင့် အမျိုးသမီးများအား ထိခိုက်နစ်နာစေသည့် ပြဿနာများအပေါ် ၄င်းတို့၏ အမြင်များကို ထုတ်ဖော်တင်ပြရန် စုစည်းရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ဟွေရိုဆွေးနွေးပွဲများ၌ "အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များ ထားရှိကာ ယနေ့အမျိုးသမီးများ ရင်ဆိုင်နေရသော ပြဿနာများကို ဆွေးနွေးနှီးနှောခဲ့ ကြသည်။

## ၂၁ ရာစုနှစ်ကို ကြိုဆိုသည့် ညီလာခံ

၁၉၉၅ ခုနှစ်သည် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့်မြောက်နှစ်အဖြစ်ဖြင့် ထူးခြားသည့် နှစ်တစ်ခုဖြစ်သည်။ ထို့ပြင်ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် အချိန်အခါ တစ်ခုလည်း ဖြစ်ပေသည်။





ညီလာခံခန်းမပြင်ပတွင် လုံခြုံရေးရဲအဖွဲ့များ စောင့်ကြပ်နေစဉ်


ကုလသမဂ္ဂ၏နှစ် (၅၀) သက်တမ်းတစ်လျှောက်လုံးတွင် ကမ္ဘာ့အမျိုးသမီးများ ဘဝဖွံ့ဖြိုး တိုးတက်ရာတိုးတက်ကြောင်းနှင့် ကောင်းရာကောင်းကြောင်းများကို ကုလသမဂ္ဂအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ စွမ်းဆောင်ဆောင်ရွက်ပေးခဲ့ရာ နှစ် ၅၀ ပြည့်နှစ်အထိတွင် နှစ်(၅၀) ပြည့် နှစ်၌ ကျင်းပသည့် ပီကင်းညီလာခံထိ ဖြစ်သည်။

ဤသို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတကာသဘောတူညီမှုဖြင့် အတည်ပြုချမှတ်ခဲ့သည့် "ပီကင်းကြေညာချက် စာတမ်းနှင့် လုပ်ငန်းစီမံချက်" တို့သည် ၁၉၉၅ ခုနှစ် ပီကင်းညီလာခံတွင်မွေးဖွားလာခဲ့ပြီဖြစ်သည်။ ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် နှစ်များအတွင်း ကျင်းပသည့် ပီကင်းစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံမှာ "အခွင့်အရေးတန်းတူ ညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အတွက် မျှော်လင့်ခြင်း အသစ်များနှင့် အတူ ရာစုနှစ်အသစ်တစ်ခုကို ကြိုဆိုမှုတစ်ခုအဖြစ် တည်ရှိနေမည်သာ ဖြစ်ပါကြောင်း။ ။

မောင်ငွေဌေး (လူမှုဝန်ထမ်း)






CT-W500

# ဓာတ်မှန်ပညာ၏နှစ် ၁၀၀ ခရီး


ဓာတ်မှန်ရောင်ခြည်ကို ၁၈၉၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ရာ ၁၉၉၅ ခုနှစ်တွင် ဓာတ်မှန်၏ သက်တမ်းမှာ ရာစုတစ်ခု တင်းတင်းပြည့်မြောက်ပေပြီ။ မျက်မှောက်ခေတ်ဆေးပညာလောက၌ ဓာတ်မှန်သည် အဖိုးမဖြတ်နိုင်အောင် အရေးပါအရာ ရောက်သော လက်နက်ကိရိယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ ဆရာဝန်များသည် ဓာတ်မှန်ကို တစ်နေ့တခြားပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမကထ ပြုလုပ်သည့် လေ့လာရေးအုပ်စု၏ အစီရင်ခံစာတစ်ခု၌ ရေးသားဖော်ပြထားသည်။ မှန်ပေစွ။ သမားတော်၊ ခွဲစိတ်ကုဆရာဝန်၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု အစရှိသော ပါရဂူများသာမက အထွေထွေကုသသူ (GP) အပါအဝင် ဆရာဝန်အများစုသည် မိမိတို့လူနာများ၏ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန်အလို့ငှာ ဓာတ်မှန်ကို လက်ကသုံးတောင်ဝှေးပမာ အားကိုးအသုံးပြုလျက်ရှိကြ၏။ အပြင်ပန်းမှ မမြင်နိုင်သည့် အပြင် စမ်းသပ်တွေ့ရှိရန်ခက်ခဲလှသော ကိုယ်တွင်းအင်္ဂါများကို ဓာတ်မှန်၏စွမ်းပကားဖြင့် တွေ့နိုင်မြင်နိုင်သောကြောင့် ကုသသူဆရာဝန်များအတွက် အကျိုးထူးလှသည်။ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းကြောင့် ဆေးပညာသမိုင်းတစ်လျှောက်၌ တော်လှန်ရေးတစ်ရပ်သဖွယ် ကြီးမားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

## ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိခြင်း

၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဝါဇ်ဘာဂ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ရွန့်ဂျင် **Wilhelm Conrad Rontgen** (၁၈၄၅–၁၉၂၉) က သူ၏ဓာတ်ခွဲခန်း၌ ဓာတ်မှန်ရောင်ခြည်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ပါမောက္ခရွန့်ဂျင်မတိုင်မီ ကပင် သိပ္ပံပညာရှင်အချို့သည် ၎င်းတို့၏ဓာတ်ခွဲခန်း များ၌ ဓာတ်မှန်ရောင်ခြည်ထွက်ရှိအောင် ပြုလုပ်နိုင်ခဲ့ဖွယ်ရာရှိသည်။ သို့သော်လည်း တစ်စုံတစ်ဦးကမျှ ထိုရောင်ခြည်ထွက်ရှိမှုနှင့်ဂုဏ်သတ္တိများကို သတိပြုမိခြင်း၊ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

ရွန့်ဂျင်သည် သမိုင်းတွင်ရစ်မည့် ထိုနေ့ကသူ၏ ဓာတ်ခွဲခန်းတွင် ဗလာနယ်၌ လျှပ်စစ်ကူးခြင်း၏ အကျိုးဆက်များကို တစ်ဦးတည်းလေ့လာနေခိုက် အနီးရှိ စားပွဲတစ်လုံးပေါ်မှ ဘေရီယမ်ပလက်တီနိုစိုင်ယာနိုက် သုတ်လိမ်းထားသော စက္ကူတစ်ချပ် ရောင်ပြောင်းတောက်နေ သည်ကို အမှတ်ထင်ထင် သတိပြုမိလိုက်သည်။ အပြင်မှ အလင်းရောင်မဝင်နိုင်ရန် စမ်းသပ်ခန်းကိုမှောင်ချထားခြင်းဖြစ်သည့်အပြင် စမ်းသပ်ဖန်ပြွန်ကိုလည်း အမည်းရောင်ကတ်ထူပြားများဖြင့် အုပ်ဆိုင်းထားခြင်းဖြစ်သောကြောင့် စက္ကူချပ်တွင် အလင်းတောက်နေ ခြင်းမှာ စမ်းသပ်ပြွန်မှ မျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်တစ်စုံတစ်ခုထွက်နေ၍သာ ဖြစ်လိမ့်မည်ဟု ရွန့်ဂျင်က

**ဓာတ်မှန်ရောင်ခြည်ကို ပထမဆုံး စတင်တွေ့ရှိခဲ့သည့် ပါမောက္ခ ရွန့်ဂျင် ( ၁၈၄၅ – ၁၉၂၃ )**



တွေးဆခဲ့မိသည်။ ထို့ကြောင့်ရွန့်ဂျင်သည် ဖန်ပြွန်နှင့် အလင်းတောက်စက္ကူ၏ အကြားတွင် စာအုပ်၊ သစ်သားတုံး၊ ရော်ဘာပြား စသည်တို့ ကြားခံကြည့်ရာ ရောင်ခြည်သည် အရာဝတ္ထုများကို ဖောက်ထွင်းနိုင်စွမ်းရှိကြောင်း တအံ့တဩ သတိပြုမိပြန်သည်။ စူးစမ်းတတ်သည့် ရွန့်ဂျင်သည် မှန်းဆရသောရောင်ခြည်လမ်းကြောင်း၌ သူ၏ လက်ကို ခံကြည့်သောအခါ ရောင်ပြောင်းတောက်နေသော စက္ကူ မျက်နှာပြင်တွင် သူ့လက်မှအရိုးများကို တွေ့မြင်ရသဖြင့် အတိုင်းမသိ စိတ်လှုပ်ရှားမိလေတော့သည်။

ရွန့်ဂျင်သည် သူ၏တွေ့ရှိချက် ကို အကြိမ်ကြိမ် စမ်းသပ်လေ့လာပြီး ၁၈၉၅ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ရောက်မှ ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်းကြီးသို့ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ စာတမ်းပြုစုတင်သွင်းကာ လူသိရှင်ကြား ကြေညာခဲ့သည်။ ရွန့်ဂျင်၏ စာတမ်းသည် ဥရောပနှင့် မြောက်အမေရိကတစ်လွှား သိပ္ပံပညာရှင်လောက၌ တစ်မဟုတ်ချင်း ပျံ့နှံ့၍ ဂယက်ရိုက်စေခဲ့သည်။

## ပထမဆုံးဓာတ်မှန်

ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်း၏ ဟောပြောပွဲခန်းမကြီးတွင် ၁၈၉၆ ခု၊ ဇန်နဝါရီလ ၂၃ ရက်နေ့က သိပ္ပံပညာရှင်များ ခန်းလုံးပြည့် လာရောက် စုဝေးခဲ့ကြသည်။ အကြောင်းမူကား ပါမောက္ခ ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်အကြောင်း ဟောပြောပွဲနှင့် သရုပ်ပြပွဲရှိသောကြောင့်ပင်။ ရွန့်ဂျင်သည် ဟောပြောပွဲ ကျင်းပနေစဉ် ၄င်းတက္ကသိုလ်မှ သူ၏မိတ်ဆွေ ခန္ဓာဗေဒ ပညာရှင် ဗွန်ကောလစ်ကာ၏ လက်အား အများရှေ့ မှောက်၌ ဓာတ်မှန်ရိုက်ယူကာ ဓာတ်မှန်ဖန်ချပ်ကြီးကို ချက်ချင်းကူးဆေး၍ ပရိသတ်အား ပြသခဲ့သည်။ ရင်သပ် ရှုမော အံ့သြမဆုံးသည့် ပရိသတ်အပေါင်းက တစ်ခဲနက် သြဘာလက်ခုပ်ပေးခဲ့ကြကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

ရွန့်ဂျင်သည် သူရှာဖွေတွေ့ရှိ သော ရောင်ခြည်၏ သဘောသဘာဝများကို သူကိုယ်တိုင်ပင်ပြည့်ပြည့်စုံစုံ နားမလည်သေးသည့်အလျောက် X-ray (Unknown Ray) ဟူ၍ ရိုးရှင်းစွာ အမည်ပေးခဲ့သည်။ ခန္ဓာဗေဒပညာရှင် ဗွန်ကောလစ်ကာ ကသာ စတင်တွေ့ရှိသူ ပါမောက္ခရွန့်ဂျင် ကို ဂုဏ်ပြုသည့် အနေဖြင့် ၄င်းရောင်ခြည်အား ရွန့်ဂျင် ရောင်ခြည်ဟု အမည်ပေးရန် အထက်ပါဟောပြောပွဲ၌ အဆိုတင်သွင်းခဲ့ ခြင်းဖြစ်သည်။ ဓာတ်မှန်ရောင်ခြည် တွေ့ရှိမှုကြောင့် ပါမောက္ခရွန့်ဂျင်သည် ၁၉၀၁ ခုနှစ်၌ ပထမဆုံး ရူပဗေဒဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခြင်းခံခဲ့ ရပေသည်။

## ဓာတ်မှန်ရောင်ခြည်၏ ဂုဏ်သတ္တိများ

ရွန့်ဂျင်သည် အောက်ဖော်ပြပါ ဓာတ်မှန် ရောင်ခြည်၏ ဂုဏ်သတ္တိများကို ထုတ်ဖော်ခဲ့ရာ အခြေခံဂုဏ်သတ္တိများနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်ပင် ထပ်မံဖြည့်စွက်ရန် မလိုသလောက် ပြည့်စုံလှကြောင်း ရူပဗေဒပညာရှင်များက မိန့်ဆိုကြသည်။

၁။ အချို့ပစ္စည်းများကို ရောင်ပြောင်း တောက် စေခြင်း၊

၂။ အလင်းပိတ်ပစ္စည်း တော်တော်များများကို ဖောက်ထွင်း နိုင်ခြင်း၊

၃။ မျဉ်းဖြောင့်အတိုင်းသွားခြင်း၊

၄။ အလင်းပြန်မှုနှင့် အလင်းယိုင်မှု မရှိခြင်း၊

၅။ သံလိုက်စက်ကွင်းများကြောင့် သွေဖည်တိမ်းစောင်းမှု မဖြစ်ခြင်း၊

၆။ ဓာတ်ပုံဖလင်ဆေးရည်များနှင့် ထိတွေ့လျှင် ပုံဖော် နိုင်သော အာနိသင်ရှိခြင်း။

## ဓာတ်မှန်ကို ဆေးပညာ၌ အသုံးပြုခြင်း

ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်တွေ့ရှိမှု သတင်းသည် သိပ္ပံပညာရှင် အသိုင်းအဝိုင်း၌သာမက သတင်းစာလောက အထိ အကျော်ဇေယျဖြစ်ခဲ့သည်။ ဓာတ်မှန်ရောင်ခြည် ကြောင့် ရောဂါရှာဖွေဖော်ထုတ်ရေးနယ်ပယ်တွင် သမိုင်း တစ်ခေတ်ဆန်းသစ်တော့မည်ဟု ပညာရှင်အပေါင်းက တညီတညွတ် ဟောကိန်းထုတ်ခဲ့ကြသည်။


ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိပြီး လပိုင်းနှစ်ပိုင်း အတွင်း အခြေခံကျသော ဓာတ်မှန်ရိုက်ကိရိယာများ တီထွင်အသုံးပြု လာခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိ ရသည်။ စင်စစ်အားဖြင့် ထိုအချိန်က ဆေးရုံ၊ ဆေးခန်းများ၌ အရိုးကျိုးဒဏ်ရာများကို စစ်ဆေးရန်သာ ဓာတ်မှန်ကို အဓိက အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ပထမကမ္ဘာစစ် အတွင်း၌ အရိုးကျိုးဒဏ်ရာများကြည့်ရှုစစ်ဆေးရန်သာ မက ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားသော ကျည်ဆန်၊ ဗုံးဆန်များကို ရှာဖွေရန်နှင့် နေရာမှတ်သားရန်အတွက် ဓာတ်မှန်က ထိထိရောက်ရောက် အကူအညီ ပေးနိုင် ခဲ့သည်။

## ဓာတ်မှန်နည်းပညာများ အဆင့်ဆင့် တိုးတက်လာပုံ

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအား ဓာတ်မှန်ရောင်ခြည်ဖြတ်သန်းသွားသောအခါ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါကြီးငယ်အသီးသီးမှာ ဒြပ်ဖွဲ့စည်းမှုနှင့် သိပ်သည်းခြင်းတို့ မတူမညီ ကွဲပြားခြားနားနေကြသည့်အလျောက် ဓာတ်မှန်ဖလင်ပေါ်၌ လိုက်လျောညီထွေမှုရှိသော ပုံရိပ်ကို ဖြစ်ပေါ်စေသည်။ အရိုးများမှာ ခန္ဓာကိုယ်တွင် သိပ်သည်းခြင်း အများဆုံးဖြစ်၍ ဓာတ်မှန်ရောင်ခြည်က ယင်းတို့ကို ဖောက်ထွင်းနိုင်စွမ်းနည်းသည်။ ထို့ကြောင့် ဓာတ်မှန်ပုံများတွင် ခန္ဓာကိုယ်ရှိ အရိုးများအား ပတ်ဝန်းကျင် အဆီ၊ အသား၊ အကြောများနှင့် မတူဘဲ ကွဲကွဲပြားပြား ထင်ရှားပြတ်သားစွာ တွေ့မြင်ရခြင်းဖြစ်သည်။

ဤတွင် သိပ္ပံပညာရှင်များက ဒြပ်ဖွဲ့စည်းမှု (သို့မဟုတ်) သိပ်သည်းခြင်း သိသိသာသာ ကွဲပြားခြားနားခြင်း မရှိသော အင်္ဂါအစိတ်အပိုင်းများကို ဓာတ်မှန်၌ ပုံဖော်ပြသနိုင်ရန် အဖြေရှာခဲ့ကြပြန်သည်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိခဲ့ပေသည်။

သွေးကြောများထဲသို့ ကက်သီတာ (Catheter) ခေါ် ပိုက်ပြွန် ထည့်သွင်း၍ ဆေးထိုးဓာတ်မှန်ရိုက်ရသော အင်ဂျီယိုဂရမ်(Angiogram) ကို ၁၉၂၀ ခုနှစ်က စတင်ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုသော်လည်း ကက်သီတာနည်းစနစ်များ တိုးတက်ကောင်းမွန်လာသည့် ၁၉၅၀ ပြည့်လွန်နှစ်များရောက်မှ ပိုမိုခေတ်စားလာခြင်းဖြစ်သည်။




ပထမဆုံးရိုက်ခဲ့သည့် ဓာတ်မှန်ပုံ
( ၁၈၉၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် )

| စဉ် | ဓာတ်မှန်အမျိုးအစား | စတင်အသုံးပြုသောခုနှစ် |
|---|---|---|
| ၁။ | အစာအိမ်လမ်းကြောင်းဆေးဓာတ်မှန် (Barium Meal) | ၁၉၀၄ |
| ၂။ | အူမကြီးလမ်းကြောင်းဆေးဓာတ်မှန် (Barium Enema) | ၁၉၁၀ |
| ၃။ | ဆီးလမ်းကြောင်း ပုံဖော်သောဆေး ဓာတ်မှန် (Intravenous Pyelogram or Urogram) | ၁၉၂၉ |
| ၄။ | သည်းခြေအိတ်ကိုပေါ်လွင်စေသော ဆေးဓာတ်မှန် (Oral Cholecystogram) | ၁၉၄၈ |
| ၅။ | သည်းခြေပြွန်ချောင်းများကို ပေါ်လွင်စေသော ဆေးဓာတ်မှန် (Intravenous Cholangiogram) | ၁၉၅၃ |

တယ်လီဗီရှင်းဓာတ်မှန်ဟု အရပ်စကားဖြင့် ရေပန်းစားလျက်ရှိသော အာ(လ)ထရာဆောင်း(Ultrasound) ကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ရေမြုပ်မိုင်းဗုံးများ ရှာဖွေရန်အတွက် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၁၉၅၀–၁၉၆၀ နှစ်များတွင် နှလုံးရောဂါနှင့်ကိုယ်ဝန်များကို စမ်းသပ်ရာ၌ အသုံးပြုကြရာမှ ဆေးပညာ၌ နေရာရရှိလာခဲ့သည်။ ၁၉၇၀ နောက်ပိုင်းတွင် ပုံရိပ်များ အထူးကောင်းမွန် တိုးတက်လာပြီး ဆေးပညာ၌ပိုမိုကျယ်ပြန့်စွာအသုံးပြု လာကြခြင်းဖြစ်သည်။ ပုံရိပ်ဖော်နည်းပညာတစ်ခု ဖြစ်သည့်အားလျော်စွာ အာ(လ)ထရာဆောင်းကိုလည်း ဓာတ်မှန်ဆရာဝန်တို့ ကပင် အများဆုံးကိုင်တွယ် အသုံးပြု လျက်ရှိကြသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီး၌ အကြီးမားဆုံး အောင်မြင်မှုဟူ၍ သတ်မှတ်ခြင်းခံရသော ကွန်ပျူတာ



အစာအိမ်လမ်းကြောင်းဆေးတတ်မှန်များ ရိုက်ကူးပေးသော ခေတ်မီတတ်မှန်စက်

တတ်မှန် (Computerized Tomography) စက်များမှာ ၁၉၇၁ ခုနှစ်၌ စတင်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာတတ်မှန်နည်းပညာကို စတင်ဖော်ထုတ်ခဲ့ကြသော ဒေါက်တာ ဟောင်းစဖီးနှင့် ပါမောက္ခကော်မက်တို့သည် ၁၉၇၉ ခုနှစ်၌ ဆေးပညာ ဆိုင်ရာ နိုဗဲဆုကို ပူးတွဲရရှိခဲ့ကြသည်။

အမ်အာအိုင် (MRI) ခေါ် Magnetic Resonance Imaging သည် တတ်မှန်ပညာလောက၌ နောက်ဆုံးပေါ် နည်းပညာဖြစ်သည်။ ယင်း၏ သဘောတရား အခြေခံများကို ၁၉၄၆ ခု ခန့်ကပင် ဖော်ထုတ်ခဲ့ကြသော်လည်း လက်တွေ့ အသုံးပြုနိုင်သည့် (MRI) စက်များကို ၁၉၈၀ ပြည့်နှစ်ရောက်မှသာ တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

တတ်မှန်ဌာနတွင် ဤကဲ့သို့ တတ်ရောင်ခြည် ပါဝင်ခြင်းအလျှဉ်းမရှိသော အာ(လ)ထရာဆောင်းစက်များ၊ (MRI) စက်များကိုလည်း အသုံးပြုလျက်ရှိကြသဖြင့် တတ်မှန်ဌာနဟူသော အသုံးအနှုန်းမှာ ခေတ်နှင့် မလျော်ညီတော့ပေ။ တိုးတက်သောနိုင်ငံများတွင် တတ်မှန်ဌာနကို Department of Medical Imaging (ဆေးပညာဆိုင်ရာ ပုံရိပ်ဖော်ဌာန) ဟု ပြောင်းလွဲ ခေါ်ဝေါ်သုံးနှုန်းလာကြသည်ကို တွေ့ရပါသည်။

## တတ်မှန်နှင့်နီးနွယ်သော ဘာသာရပ်များ

တတ်မှန်ပညာ ပင်စည်ကြီးတွင် အောက်ပါအဓိက အကိုင်းအခက်ကြီး (၃) ခုရှိသည်။

၁။ Diagnostic Radiology (ရောဂါဖော်ထုတ်ရေး တတ်မှန်ပညာ)

၂။ Radiotherapy (တတ်ရောင်ခြည် ကုထုံး ပညာ)

၃။ Radioisotope or Nuclear Medicine (အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေသည့် ပညာရပ်)

ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်ပြည်နယ် အချို့တွင် အဆိုပါဌာန (၃) ခုကို ပေါင်းစည်း၍ Radiology Department ဟု ခေါ်လေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး၏နောက်ပိုင်း၌ အင်္ဂလန်၊ စကင်ဒီနေဗီးယန်းနိုင်ငံများနှင့် အမေရိကန် ပြည်နယ်အများစုတွင် ၎င်းဌာနများမှာ တစ်သီးတခြား ရပ်တည်လုပ်ကိုင်ကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ဤဌာန (၃) ခုသည် အုပ်ချုပ်ရေးနှင့်လုပ်ငန်းပိုင်းအရ သီးခြားဖြစ်သော်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ တတ်ရောင်ခြည် အဖွဲ့၌ ဌာန (၃) ရပ်ရှိ ဆရာဝန်များနှင့် ကျွမ်းကျင်သူများ စည်းစည်းရုံးရုံးလက်တွဲကာ လှုပ်ရှားလုပ်ကိုင်လျက်ရှိကြ ပေသည်။

## မြန်မာနိုင်ငံ တတ်မှန်ပညာလောက

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တတ်မှန်ဌာနကို လက်ဦးမဆွ ထူထောင်ခဲ့ကြသော မြန်မာအမျိုးသား တတ်မှန်ဆရာဝန်ကြီးများမှာ ဒေါက်တာ ဦးသာဒင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကျော်အောင် (အငြိမ်းစား) နှင့် ဒေါက်တာ ဦးအောင်ငြိမ်း (ကွယ်လွန်) တို့ဖြစ်ကြသည်။ ၎င်းနောက် ဒေါက်တာ ဒေါ်မာလာမော် (အငြိမ်းစား)၊ ဒေါက်တာ ဦးကိုကို (ကွယ်လွန်)၊ ပါမောက္ခ ဦးထွန်းရီ (အငြိမ်းစား)၊ ပါမောက္ခ ဒေါ်ဌေးမြင့် (အငြိမ်းစား)၊ ဒေါက်တာ ဒေါ်ခင်မြင့် (အငြိမ်းစား)၊ ဒေါက်တာ ဦးစိုးမောင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကြည်လင် (အငြိမ်းစား) နှင့် လက်ရှိ တတ်မှန်ပညာပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင် အစရှိသော ပုဂ္ဂိုလ်များက မြန်မာနိုင်ငံ တတ်မှန်လောက၏ အရှေ့ဦးခေတ်ကို ပီပီပြင်ပြင်

တည်ဆောက်နိုင်ခဲ့ကြသည်။ ဒုဗိုလ်မှူးကြီး လှရွှေ (အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီး ကိုလေး (ကွယ်လွန်)၊ ဒုဗိုလ်မှူးကြီး မြဟန် (ကွယ်လွန်) နှင့် ဗိုလ်မှူးကြီး လှထူး တို့သည် တပ်မတော်ဆေးလောက၌ ဓာတ်မှန်ဌာနကို ပြုစုပျိုးထောင်ခဲ့ကြသူများဖြစ်သည်။ မြန်မာနိုင်ငံ ဓာတ်မှန်လောက၏ အရုဏ်ဦးခေတ်၌ ပစ္စည်းပစ္စယ ပြည့်စုံခြင်း မရှိလင့်ကစား အင်ဂျီယိုဂရမ် အမျိုးမျိုး ပါဝင်သည့် ခက်ခဲသောလုပ်ငန်းအမြောက်အမြားကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဆိုပါ ဓာတ်မှန်ဆရာဝန်ကြီးများ၏ စွမ်းရည်မှာ မှတ်တမ်းတင် ထိုက်ပါပေသည်။

၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ၏ဓာတ်မှန် ဘွဲ့လွန် သင်တန်း ကျောင်းကို ရန်ကုန်ဆေးရုံကြီး ဓာတ်မှန် ဌာနတွင် စတင် ဖွင့်လှစ်ခဲ့သည်။ DMRD (Diploma in Medical Radio-diagnosis) ခေါ် ဓာတ်မှန်ပညာဒီပလိုမာ ဘွဲ့လွန် သင်တန်း မှာ ၂ နှစ်သင်တန်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ် အထိ DMRD သင်တန်း (၁၂) သုတ်ခေါ်ယူခဲ့ပြီး ဓာတ်မှန် ဆရာဝန်ပေါင်း ၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ ဒီအမ်အာဒီ သင်တန်းကို ဆေးပညာ မဟာသိပ္ပံ (ဓာတ်မှန်) သင်တန်း အဖြစ် အဆင့်မြှင့်ပေးခဲ့သည်။

ဓာတ်မှန်ဌာန၏ လုပ်ငန်းအဝဝမှာ ဓာတ်မှန် ဆရာဝန်တစ်ဦးတည်းဆောင်ရွက်၍ မရနိုင်။ လုပ်ရည် ကိုင်ရည်ရှိသောကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှု လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဓာတ်မှန် ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးသည့် ဆေးဘက် ပညာသည်ကျောင်းကို ၁၉၆၄ ခုနှစ်၌ စတင်ထူထောင် ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ DPMS ခေါ် Diploma in Paramedical Science(Radiography) သင်တန်း ၁၈ သုတ် သင်တန်းပေးခဲ့၍ ဓာတ်မှန်ကျွမ်း ကျင်သူပေါင်း ၁၂၅ ဦးမျှ မွေးထုတ် ပေးခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ လက်ထက်တွင် ဆေးဘက်ပညာသည် ကျောင်းကို ဆေးဘက်ပညာသည် တက္ကသိုလ်အဖြစ်အဆင့်မြှင့် ပေးခဲ့သည်။ သင်တန်းကာလ ၄ နှစ်ဖြစ်၍ သင်တန်း ဆင်းလျှင် BPMS ( Radiography ) ဘွဲ့ ရရှိကြမည် ဖြစ်ပါသည်။


## မြန်မာနိုင်ငံရှိ ခေတ်မီဓာတ်မှန်စက်ကိရိယာများ

နိုင်ငံတော်အစိုးရသည် ဓာတ်မှန်ပညာဖြင့် ရောဂါ ရှာဖွေရာ၌ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်ရန်အလို့ငှာ ခေတ်မီစက်ကိရိယာများကို အခါအားလျော်စွာ တပ်ဆင်ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကွန်ပျူတာ ဓာတ်မှန်စက် (C.T.Scan) မှာ Head Scanner ဖြစ်၍ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော ဓာတ်မှန် ဌာန၌ ၁၉၈၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ဦးခေါင်းကိုသာမက ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကို အလွှာလိုက် ပုံဖော်ရိုက်ကူးနိုင်သော(Whole Body C.T Scanner) တစ်လုံးတပ်ဆင်ခဲ့သည်။

အလားတူ (Whole Body C.T. Scanner)သုံးလုံးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လက်ထက်၌ ရန်ကုန်ဆေးရုံကြီးတွင် တစ်လုံး၊ ရန်ကုန်မြို့ အမှတ်( ၂ )စစ်ဆေးရုံတွင် တစ်လုံး၊ ပြင်ဦးလွင်မြို့အခြေချ စစ်ဆေးရုံကြီးတွင် တစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သည်။

ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံ သစ်နှင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတို့တွင် အသုံးပြု လျက်ရှိသော အင်ဂျီယိုဂရမ်ရိုက်စက်များမှာ ခေတ်မီ၍ ကောင်းမွန်လှပါသည်။ အထူးသဖြင့်မင်္ဂလာဒုံ တပ်မတော်

ကွန် ပျူတာဓာတ်မှန်ထိန်းချုပ်ခုံ



ဆေးရုံကြီးရှိ အင်ဂျီယိုဂရမ်စက်မှာ နိုင်ငံတကာအဆင့်မီ ကိရိယာများ တပ်ဆင်ထားရှိကြောင်း သိရှိရပါသည်။

## ဓာတ်ရောင်ခြည်အန္တရာယ်

ဓာတ်ရောင်ခြည်ပမာဏ ၃၀၀၀ rads မှ ၄၀၀၀ rads မျှရောင်ခြည်သင့်ခြင်းခံရပါက ရက်ပိုင်း၊ နာရီပိုင်းအတွင်းပင် အသက်သေစေနိုင်ပါသည်။ လက်ရှိဓာတ်မှန်စက် များသည် ဤကဲ့သို့သော ရောင်ခြည်ပမာဏမျိုးလည်းမရနိုင်။ ဤကဲ့သို့ အာနိသင်မျိုးလည်း မဖြစ်စေနိုင်ပါ။ Chest X-Ray ခေါ် ရင်ဘတ်ဓာတ်မှန်တစ်ပုံရိုက်လျှင် .4 -1 rad မျှသာရောင်ခြည်ထိပါသည်။ အစာအိမ်ဆေးဓာတ်မှန် ရိုက်လျှင် 1 rad မျှသာ ရောင်ခြည်သင့်ခံရပါသည်။ လိုအပ်၍ ဓာတ်မှန်ရိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဥပဒ် အန္တရာယ်မှာ အကျိုးကျေးဇူးနှင့် နှိုင်းယှဉ်ပါက မပြောပ လောက်ပေ။

ဓာတ်မှန်ရိုက်ခြင်းကြောင့် ရုတ်ခြည်းအန္တရာယ်များ မဖြစ်နိုင်သော်လည်း နောက်ပိုင်းအကျိုးဆက်များ မဖြစ်ပွားစေရန်ကိုမူ အထူးသတိချပ်ကြရမည်။ အဓိက နောက်ပိုင်းအကျိုးဆက် (၂) ခုမှာ ကင်ဆာဖြစ်စေနိုင်သော သတ္တိနှင့် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သောသတ္တိများပင် ဖြစ်သည်။ ကင်ဆာဟုဆိုရာ၌ ဓာတ်ရောင်ခြည်ထိသော နေရာများ၌ အရေပြားကင်ဆာ၊ အရိုးကင်ဆာများဖြစ် တတ်ပြီး လူကီးမီးယားခေါ် သွေးကင်ဆာလည်း ဖြစ်စေ နိုင်ပါသည်။

မျိုးရိုးဗီဇထိခိုက်ခြင်းနှင့် စပ်လျဉ်း၍မူ ရောင်ခြည် ပမာဏ အနည်းငယ်မျှဖြင့်ပင် ဖြစ်ပွားနိုင်သောကြောင့် ဓာတ်မှန်ဝန်ထမ်းများအနေဖြင့် အထူးသတိပြုရန် လိုအပ် ပါသည်။ လူငယ်လူရွယ်များကို ဓာတ်မှန်ရိုက်လျှင် မျိုးပွား အင်္ဂါများကို ရောင်ခြည်မသင့်စေရန် တတ်နိုင်သရွေ့ရှောင် ကွင်းရမည်။ သို့မဟုတ် ဖုံးအုပ်ကာကွယ်ပေးရမည်။ သန္ဓေ သားနုနုလေးများကို ရောင်ခြည်သင့်လျှင် ထိတ်လန့်ဖွယ် ကောင်းသော မွေးရာပါချွတ်ယွင်းချက်များ ဖြစ်စေ နိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နိုင်သော အသက် အရွယ်အတွင်း အမျိုးသမီးများကို ဓာတ်မှန်ရိုက်သည့်အခါ တိုင်း ကိုယ်ဝန် ရှိ မရှိ စူးစမ်းရန်လိုသည်။

ဓာတ်မှန်ဆရာဝန်နှင့် ဓာတ်မှန်ကျွမ်းကျင်သူ များသည် ဓာတ်ရောင်ခြည်ကာကွယ်ရေး နည်းစနစ်များကို သိရှိနားလည်၍ လိုက်နာကျင့်သုံးကြရန် အရေးကြီးလှ ပေသည်။ ဓာတ်မှန်ဝန်ထမ်းများသည် ပြည်သူလူထုကိုလည်း ဓာတ်ရောင်ခြည်အန္တရာယ်နှင့် စပ်လျဉ်း၍ ကျန်းမာရေး ဗဟုသုတ ဖြန့်ဝေပေးသင့်ပါသည်။ နိုင်ငံတော်အစိုးရသည် လုပ်ငန်းခွင် ကျန်းမာရေးဌာနနှင့် ဓာတ်ရောင်ခြည် ကာကွယ်ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများကို ဓာတ်ရောင်ခြည်အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ဆေးရုံ ၊ ဆေးခန်းများရှိ ဓာတ်မှန်ခန်းများအား စည်းကမ်း ညီညွတ်ခြင်းရှိမရှိ အခါအားလျော်စွာ စစ်ဆေးစေပါသည်။

## နိဂုံး

လူ၏ ခန္ဓာကိုယ်သည် မှော်သေတ္တာကြီးနှင့် အလား တူသည်ဟူသော ဆိုရိုးတစ်ရပ်ရှိပါသည်။ မှော်သေတ္တာကြီး ထဲတွင် မည်သည့်ပစ္စည်းများပါရှိသည်ကို မှန်းဆနိုင်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်း အသီးသီး၌ ဖြစ်ပွားသော ရောဂါဘယတို့၏ သဘော သဘာဝများကို ဖော်ထုတ်သိရှိနိုင်ရန်မှာလည်း အလွန်ပင် ခက်ခဲသည်။ ဓာတ်မှန်ဆရာဝန်များသည် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်လျက်ရှိသော နည်းပညာ၊ အတတ်ပညာ၊ စက်ကိရိယာတို့ကို အသုံးပြုကာ မှော်သေတ္တာကြီး၏ အဖုံးကို ဖွင့်လှစ်ဘိသကဲ့သို့ ကိုယ်တွင်းရောဂါ အလုံးအခဲများ၏ ဇာစ်မြစ်နှင့် သဘာဝတို့ကို ကွက်ကွက်ကွင်းကွင်း ပြသ အဖြေထုတ်ပေးနိုင်ရန် အားထုတ်တတ်ကြသည်။

ထို့ပြင် ယခုခေတ်၌ ဓာတ်မှန်ဆရာဝန်များသည် ရောဂါရှာဖွေရေးကဏ္ဍကိုပင် ကျော်လွှားပြီး (Interven - tional Radiology) ဟုခေါ်သော ဓာတ်မှန်ကို ကျောထောက် နောက်ခံပြုသည့် နည်းဗျူဟာသစ်များ ကိုင်စွဲ၍ ကုသရေး ကဏ္ဍသို့ ထိုးဖောက်ပါဝင်လာကြ သည်ကိုလည်း တွေ့မြင် နေရပေသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီးတစ်လျှောက် တိုးတက်အောင်မြင်မှုများမှာအံ့မခန်းဖွယ်ပင်။ စင်စစ် အားဖြင့် ဓာတ်မှန်သည် မျက်မှောက်ခေတ် ဆေးပညာ လောက၌ ကြီးမားသော ကူညီ ထောက်ပံ့ မှုများ ပေးလျက် ရှိသည်ဆို ခြင်းမှာ အငြင်း မပွား နိုင်သည့် အချက်ပင် ဖြစ်ပါသတည်း။

ဒေါက်တာ ကျော်မြင့် (ဓာတ်မှန်)

## အပိုင်း – ၃

# ၁၉၉၅ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ။** ။ ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီး ကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာ ၂၀ ရက်နေ့တွင် အိုင်ဗော်ရီ ကို့စ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီ အား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ စတင် ဖွင့်လှစ် ကျင်းပပြီးနောက် မကြာမီတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ ပြည်တွင်းပြည်ပရေးရာ ဆွေးနွေးမှုအစီအစဉ်ကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ ရက်သတ္တ သုံးပတ်ကြာ ဆောင်ရွက်ခဲ့ရာ မိန့်ခွန်းစကားပါဝင်ပြောကြား သူ ၁၇၉ ဦး မျှ ရှိခဲ့သည်။ ဤသည်မှာ ယခင် ယခင်နှစ်များ ကထက် များပြား၍ စံချိန်သစ်တင်ရသော အရေအတွက် ဖြစ်သည်။ ဤပုဂ္ဂိုလ်များထဲတွင် ဘုရင်တစ်ပါး၊ သမ္မတ ၃၁ ဦး၊ အစိုးရ အဖွဲ့ခေါင်းဆောင် ၁၄ ဦး၊ အိမ်ရှေ့မင်းသားနှစ်ဦး၊ ဝန်ကြီး ၁၂၀ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ၁၁ ဦး ပါဝင် ခဲ့သည်။

ဤအစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်က မြန်မာ နိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ကျယ်ပြန့် ခိုင်မာလာပုံကို တင်ပြရာ၌“ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စု ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့တဲ့ အချိန်ကစပြီး လက်နက်ကိုင်အဖွဲ့များရဲ့ ပုန်ကန်မှုကြောင့် ပြည်တွင်း မငြိမ်မသက်မှုများကို ရင်ဆိုင် ခဲ့ရပါတယ်။ ၁၉၉၄ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့ အတွက် ယခုဆိုရင်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အစဉ်မှာ ပါဝင်လာတဲ့ လက်နက်ကိုင်အဖွဲ့ အရေအတွက်ဟာ ၁၃ ဖွဲ့ ရှိသွားပြီဖြစ်ပါတယ်” ဟူ၍ တင်ပြခဲ့သည်။

ပါဝင်ဆွေးနွေးသူ အများအပြားတို့က ဘာသာရေးနှင့် လူမျိုးရေးတင်းမာမှုများကို နောက်ခံထား၍ ဒေသဆိုင်ရာ အရေးအခင်းနှင့် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်းတို့ကို စိုးရိမ်ထိတ်လန့်၍ စိတ်ပျက်ခြင်းဖြစ်ရကြောင်း ထုတ်ဖော် ပြောဆိုကြပြီး၊ ကြိုတင်တားဆီးကာကွယ်ရေး စေ့စပ် ဆွေးနွေးမှု များကို တိုးတက်ပြုလုပ်ရန် တောင်းဆိုခဲ့ကြ သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ “ဖွံ့ဖြိုးရေးအစီ အစဉ်” ကိုဖော်ဆောင်ရေးအတွက် လက်တွေ့ကျသော စီမံ ချက် များပြုလုပ်ရန်လည်း တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် စာနာထောက်ထားမှု အကူအညီပေးရေးတို့တွင် တာဝန်များ တိုးပွားလာနေသည့်အလျောက် ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေး အကျပ်ဆိုက်နေရသည့် အခြေအနေကိုလည်း အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

နိုင်ငံတကာ အထွေထွေဆွေးနွေးပွဲသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြီးဆုံးသည့်အခါ ညီလာခံ ဥက္ကဋ္ဌ အမာရာအက်ဆီက “၁၉၉၅ ခုနှစ်တွင် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပတော့မည့်အချိန်တွင် ကုလ သမဂ္ဂအဖွဲ့ကြီးသည် ယနေ့မျက်မှောက်အချိန်၌ ကမ္ဘာတွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များနှင့် လိုက်လျောညီထွေဖြစ် အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

## ညီလာခံ၏ ဆောင်ရွက်မှုများ

ညီလာခံကြီးသည် ကုလသမဂ္ဂကနှစ်ရှည်လများ အားတိုက်အင်တိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရသော အား ထုတ်မှုကြီး သုံးရပ်တို့ သမိုင်းဝင်အထွတ်အထိပ်သို့ ရောက် ခြင်းကို တွေ့မြင်ခဲ့ရသည်။ ယင်းတို့မှာ–

(က) အသားအရောင်ခွဲခြားမှုဝါဒကို အမြစ်ဖြတ် သုတ်သင်ခြင်း၊

(ခ) ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းရေးစနစ် ဆုံး ခန်းတိုင် ရောက်ရှိခြင်းနှင့်

(ဂ) ၁၉၈၂ ပင်လယ်ဥပဒေ ကွန်ဗင်းရှင်း အာဏာ သက်ရောက်သက်ဝင်လာခြင်း တို့ဖြစ်သည်။

**ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ** – ၄၉ ကြိမ်မြောက် ညီလာခံကြီးသည် ဆုံးဖြတ်ချက်ပေါင်း ၂၉၅ ခု ချမှတ်ခဲ့ရာ လေးပုံ–သုံးပုံကျော်မှာ မဲမခွဲရဘဲ တူညီဆန္ဒဖြင့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဤအချက်က နိုင်ငံများစပ်ကြား တကယ့် စိတ်ဝမ်းညီညွတ်မှု အမှန်တကယ်ပေါ်ပေါက်လာပုံကို သက်သေထူလိုက်သည်။

**အဖွဲ့ဝင် နိုင်ငံသစ်တစ်နိုင်ငံ တိုးခြင်း** – ၁၉၉၄ ခုနှစ်၊ ၄၉ ကြိမ် မြောက် အထွေထွေညီလာခံကြီး၌ ပစိဖိတ်သမုဒ္ဒရာ အတွင်း အမေရိကန်ပြည်ထောင်စုက စီမံအုပ်ချုပ်ကာ ထိန်းသိမ်းမှုပေးခဲ့သော ပစိဖိတ်ကျွန်းစုများတွင် နောက်ဆုံး တစ်ခုအဖြစ် ကျန်ရှိသည့် ပါလောကျွန်းနိုင်ငံသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၄၉/၆၃ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၈၅ နိုင်ငံ မြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဤတွင် ၄၈

နှစ်မှ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းမှု လုပ်ငန်းတာဝန်သည် ဆုံးခန်းတိုင်ခဲ့လေသည်။

**နိုင်ငံတကာ အထိမ်းအမှတ်နေ့များ သတ်မှတ်ခြင်း** – ညီလာခံကြီးသည်ကိစ္စရပ်အများအပြားတွင် အထူးသဖြင့် ပတ်ဝန်းကျင်ရေးရာများတွင် လက်တွေ့တိုးတက်မှုများ ရှိခဲ့သည်။ ပတ်ဝန်းကျင်ရေးရာနှင့် ပတ်သက်၍ အသစ် ချုပ်ဆိုသော သဘောတူစာချုပ်များကို ညီလာခံကြီးက ကြို့ဆိုပြီး ၄င်းတို့အသီးသီးအတွက် နိုင်ငံတကာ အထိမ်းအမှတ်နေ့များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည် –

(က) ရာသီဥတု ပြောင်းလဲမှုရေးရာ (အိုဇုန်းလွှာ ထိန်း သိမ်း ရေး – စက်တင်ဘာ ၁၆ ရက်နေ့ )

( ခ ) ဇီဝဗေဒဆိုင်ရာ ထွေပြားခြားနားမှုများ (Biological Diversity) (ဒီဇင်ဘာ ၂၉ ရက်)

( ဂ ) သဲကန္တာရ တိုးချဲ့ပြန့်ပွားလာမှု ဆန့်ကျင်ရေး ( ဇွန် ၁၇ ရက်နေ့ )

ညီလာခံကြီးက ရေသယံဇာတပေါကြွယ်ဝသည့်နေရာများတွင် နိုင်ငံပိုင်ဇုန်နယ်များအတွင်း တရားမဝင်ငါးဖမ်းခြင်းမှ သက်ရောက်သော အကျိုးတရားများကို အထူးစဉ်းစားဆွေးနွေးခဲ့သည်။ ထို့အပြင် (GLOBE) ဟူ၍ အတိုကောက်ခေါ်ဝေါ်သည့်ပတ်ဝန်းကျင် အကျိုးစီးပွားအတွက် ကမ္ဘာတစ်ဝန်း လေ့လာကြည့်ရှုမှတ်သားမှု အစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေး** – အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ခိုင်မာတောင့်တင်းမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ၄၉ ကြိမ်မြောက် ညီလာခံကြီးက အောက်ပါစာချုပ်စာတမ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့သည် –

(က) အပိုဒ် ၂၉ပိုဒ်ပါဝင်သော ကုလသမဂ္ဂနှင့် အပေါင်းပါ ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ ကွန်ဗင်းရှင်း၊

( ခ ) နိုင်ငံတကာအကြမ်းဖက်ဝါဒရှင်းလင်းသုတ်သင်ရေး စီမံချက်များဆိုင်ရာ ကြေညာချက်နှင့်

( ဂ ) ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂနှင့်ဒေသဆိုင်ရာအစီအစဉ် သို့မဟုတ် အဖွဲ့များစပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်ရေးဆိုင်ရာ ကြေညာ ချက်။

**နိုင်ငံတကာ အစည်းအဝေးများ ကျင်းပရေး** – ညီလာခံကြီးက ၁၉၉၅ ခုနှစ်အတွင်း လူမှုဖွံ့ဖြိုးရေးထိပ်သီးညီလာခံ၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများအား စီမံဆောင်ရွက်ရေးဆိုင်ရာ ကိုးကြိမ်မြောက် ကုလသမဂ္ဂ ကွန်ဂရက်အစည်းအဝေးနှင့် အမျိုးသမီးများဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးနှင့် ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ဆိုင်ရာ အထူးအစည်းအဝေးများ ကျင်းပရေးအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ၄၉ ကြိမ်မြောက် ညီလာခံကြီးက –

(က) လူသားများနေထိုင်ရန် နေအိမ်ဂေဟာ အဆောက်အအုံများ တည်ထောင်ရေးဆိုင်ရာကုလသမဂ္ဂ မျက်နှာစုံညီအစည်းအဝေး ( Habitat II ) ကို ၁၉၉၆ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၁၄ ရက်နေ့အထိ တူရကီနိုင်ငံ၌ ကျင်းပရန်၊

( ခ ) သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေး ဆယ်စုနှစ်ကို ၁၉၈၉ ခုနှစ်တွင် စတင်ဖန်တီးခဲ့ရာ ယင်းဆောင်ရွက်မှု၏ အောင်မြင်ချက်များကို သုံးသပ်ရေးအတွက် ဒုတိယကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ ကျင်းပရန်၊

( ဂ ) လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေးကို (ဖြစ်နိုင်လျှင် ၁၉၉၇ ခုနှစ်တွင်) ကျင်းပရန်၊

(ဃ) မိုင်းဗုံးများရှင်းလင်းရေး နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ( ဖြစ်နိုင်သမျှ အမြန်ဆုံး) ကျင်းပရန် (ညီလာခံကြီးက လူများအား သေကျေဒဏ်ရာရစေသော မြေမြှုပ်မိုင်းဗုံးများ တင်ပို့ခြင်းအား ပိတ်ပင်တားမြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည် )။

( င ) အာကာသရှာဖွေလေ့လာရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးပြုရေးဆိုင်ရာ တတိယအကြိမ်မြောက် ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန်၊

( စ ) ဆင်းရဲမွဲတေမှု သုတ်သင်ပပျောက်ရေး နိုင်ငံတကာနှစ်ကို ၁၉၉၆ ခုနှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

**ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်** – ၄၉ ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၈ ခုနှစ်ကို ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

## အရှေ့အလယ်ပိုင်း အာရပ် –အစ္စရေးပြဿနာ

**ပါလက်စတိုင်း ပြဿနာ** – ၁၉၉၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဂါဇာနှင့် ဂျေရီကိုဒေသတို့တွင် ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့တို့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ၊ ယင်းစာချုပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ် ဂါလီနှင့် ပါလက်စတိုင်းပြည်သူများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးဆောင်ရွက်ရေး ကော်မတီတို့က ကြိုဆိုခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူးချုပ်က သိမ်းပိုက်ထားသော နယ်မြေများနှင့်ပတ်သက်၍ ကုလသမဂ္ဂအကူအညီပေးရေး အဖွဲ့များအား ၁၉၉၄ ခုနှစ်၊ဇွန်လ ၂၉ ရက်နေ့တွင် အမှာစကား ပြောကြားရာ၌ အစ္စရေးတပ်မတော်နှင့် ပြည်သူ့ အုပ်ချုပ်ရေးတို့ကို ဂါဇာနှင့်ဂျေရီကိုတို့မှ ရုပ်သိမ်းပြီး ဖြစ်သည့်အလျောက် ထိုဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်သောဒေသများ ဖြစ်လာကြပြီဖြစ်ကြောင်း၊ ယင်းဒေသများတွင် အသွင်ကူးပြောင်းရေးကာလအတွင်း အုပ်ချုပ်ရေး အသစ်ကို ဖွဲ့စည်းကာ ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ရေး အတွက် ပါလက်စတိုင်းအာဏာပိုင်များအား အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

**အစ္စရေး – ဂျော်ဒန် ငြိမ်းချမ်းရေး** – ဂျော်ဒန်နှင့် အစ္စရေး နှစ်နိုင်ငံစပ်ကြား စစ်ဖြစ်ပွားနေသည့်အခြေအနေကို အဆုံးသတ်ကြောင်း ကြေညာချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ကျင်းပသော သမိုင်းဝင်အခမ်းအနား တစ်ရပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤအခမ်းအနားတွင် ဂျော်ဒန်ဘုရင်ဟူစိန်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ ပါဝင်ကြ၍ အမေရိကန်သမ္မတ ဝီလီယမ် ဂျေကလင်တန်လည်း တက်ရောက်ခဲ့သည်။ ဤကြေညာချက်အရ ဂျော်ဒန်နှင့်အစ္စရေးတို့က လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ (၁၉၆၇)နှင့် အမှတ် ၃၃၈ (၁၉၇၃) တို့နှင့်အညီ ငြိမ်းချမ်းသည့်အခြေအနေသို့ ရောက်ရှိကြရေးအတွက် ဆက်လက်စေ့စပ်ဆွေးနွေးသွားကြရန် ကတိကဝတ်ပြုကြသည်။ ယင်းနှစ်နိုင်ငံတို့အနေဖြင့် "လုံခြုံ၍ အသိအမှတ်ပြုထားသော နယ်နိမိတ်များ

**၁၀ စုနှစ်များ စတင်ဖွင့်လှစ်ခြင်း** – ညီလာခံကြီးက –

(က) ကမ္ဘာ့တိုင်းရင်းသားများဆိုင်ရာ ၁၀ စုနှစ် (၁၉၉၄ –၂၀၀၄) ကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

(ခ) ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေး ကုလသမဂ္ဂ ၁၀ စုနှစ်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ (ယင်း ၁၀ စုနှစ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သည်)။

(ဂ) လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားမှုများအား တိုက်ဖျက်ရေးဆိုင်ရာ တတိယ ၁၀ စုနှစ်အတွက် ပြုပြင်ထားသောလုပ်ငန်း အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

**၁၉၉၄ မျက်နှာစုံညီအစည်းအဝေးများ၏ ရလဒ်များကို အတည်ပြုခြင်း** – ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အောက်ပါမျက်နှာစုံညီ အစည်းအဝေးများ၏ ရလဒ်များကို ထောက်ခံ အတည်ပြုခဲ့သည် –

(က) စက်တင်ဘာလတွင် ကိုင်ရိုမြို့၌ ကျင်းပခဲ့သော လူဦးရေနှင့် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုခဲ့သည့်နှစ် ၂၀ လုပ်ငန်းအစီအစဉ်နှင့် ကြေညာချက်၊

(ခ) ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သော သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေး၏ လုပ်ငန်းအစီအစဉ်၊

(ဂ) မေလတွင် ဘာဘေးဒိုး (စ်) နိုင်ငံ၌ ကျင်းပခဲ့သော ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ အစွန့်ရှည်ကြာ ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးမှ အတည်ပြုခဲ့သည့် ကြေညာချက် စာတမ်းနှင့် လုပ်ငန်းအစီအစဉ်။

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း** – ညီလာခံကြီး၏ အခြားမှတ်သားဖွယ် ဆောင်ရွက်ချက်မှာ "ဖွံ့ဖြိုးရေးအတွက် အစီအစဉ်" သစ်အတွက်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂအတွက် ဆက်လက်တည်ရှိဆဲ ဘဏ္ဍာရေးအခက်အခဲများနှင့် ပတ်သက်၍လည်းကောင်း လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။

အတွင်း မိမိတို့အချင်းချင်းဖြစ်စေ၊ အခြားတစ်ပါးသော နိုင်ငံအားလုံးနှင့်ဖြစ်စေ ငြိမ်းချမ်းစွာနေထိုင်ကြရန် ၎င်းတို့အသီးသီး၌ အခွင့်အရေးနှင့် တာဝန်များရှိကြောင်း အသိအမှတ်ပြုကြသည်။”

ထို့နောက် ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၂၆ ရက်နေ့တွင် အစ္စရေး နှင့် ဂျော်ဒန်တို့သည် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံစစ်ဖြစ်နေမှု အခြေအနေကို အဆုံးသတ်လိုက်ကြသည်။

**ပါလက်စတိုင်း အခြေအနေ** – ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) နှင့် အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ တည်ထောင်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြခြင်းကို မနှစ်မြို့နိုင်သော ပါလက်စတိုင်းအစိတ်အပိုင်းများရှိရာ ပါလက်စတိုင်း နယ်မြေများအတွင်း အခြေအနေမှာ တည်ငြိမ်လှခြင်း မရှိပေ။ ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၁၉ ရက်နေ့တွင် တယ်အဗီး မြို့တွင်း၌ အစ္စရေးခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ဗုံးခွဲ တိုက်ခိုက်ရာ အရပ်သား ၂၀ သေဆုံး၍ လူပေါင်း ၁၂ ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့ကြရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်းကို ရိုင်းစိုင်းသော အကြမ်းဖက်မှုအဖြစ် ဖော်ညွှန်းပြီး အပြင်းထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချခဲ့၏။

ထို့နောက် တယ်အဗီးမြို့အနီးတွင် ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားပြန်ရာ ၁၉၉၅ ခုနှစ်၊ဇန်နဝါရီ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကိုတိုးတက်ဖြစ်ထွန်း ခိုင်မာသိပ်သည်းအောင် ဆက်လက်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

ပါလက်စတိုင်း အမျိုးသားများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးလုပ်ဆောင်ရေးကော်မတီကမူ အစ္စရေးတို့က သိမ်းပိုက်ထားသော အာရပ်နယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထူးအန္တရာယ်ပြုလျက်ရှိသဖြင့် ၎င်းလုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ အစ္စရေးတို့ဘက်မှ ပြန်ကြားရာ၌ လက်ရှိအစိုးရတက်လာသည့် ၁၉၉၂ ခုနှစ်မှစ၍ အခြေချနေထိုင်မှုအသစ်များ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**အစ္စရေး – လက်ဗနွန်ပြဿနာ** – ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က အစ္စရေး–လက်ဗနွန် နယ်ခြားတစ်လျှောက် အခြေအနေတင်းမာမှု မြင့်မားလာခြင်းကို အထူးစိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ လက်ဗနွန်ရွာတစ်ရွာကို အစ္စရေးတို့က အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပေါင်းများစွာ အသက်ဆုံးရှုံး ခဲ့ရသဖြင့် အတွင်းရေးမှူးချုပ်က အရပ်သားများအား အကြမ်းဖက်လုပ်ဆောင်ခြင်းအားလုံးကို ရှုတ်ချပြီးလျှင် နှစ်ဦးနှစ်ဖက်လုံးအား ထိန်းချုပ်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

သို့သော် အခြေအနေမှာ ငြိမ်းအေးသွားခြင်းမရှိပေ။ လက်ဗနွန်တောင်ပိုင်းဒေသ၏ အခြေအနေမှာတင်းမာ၍ ဗရုတ်ဗရက်ဖြစ်နေကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် တင်ပြခဲ့သည်။ ထို့နောက် မတ်လ ၃၁ ရက်နေ့တွင်မူ အစ္စရေး– လက်ဗနွန်နယ်ခြားတစ်လျှောက်၌ မကြာမီက တိုက်ခိုက်မှုများ တိုးတက်များပြားလာခြင်းကို လွန်စွာစိုးရိမ်ကြောင်း ဖော်ပြပြီး နှစ်ဖက်စလုံးမှ ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲကြရန်နှင့် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုကြရန် တိုက်တွန်းပြောကြားခဲ့၏။

**အစ္စရေး– ဆီးရီးယား ပြဿနာ** – ဤအတောအတွင်း ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက၊ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အဆိုမူကြမ်း ၂၀ ကျော်ကို အတည်ပြုချမှတ်၍ ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ရပ်များကို အားတိုက်အင်တိုက် အားပေးထောက်ခံကာ ရရှိထားပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ကြရန် တိုက်တွန်းခဲ့သည်။ ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ် ၄၉/၈၈ ကို ထောက်ခံမဲ ၁၄၉ မဲ၊ ကန့်ကွက်မဲ ၄ မဲ (အီရန်၊ လက်ဗနွန်၊ လစ်ဗျား၊ ဆီးရီးယား) နှင့် ကြားနေမဲ ၂ မဲဖြင့် ချမှတ်ကာ အာရပ်နှင့် အစ္စရေးတို့၏ ဆွေးနွေးစေ့စပ်မှုများတွင် အခြားသောလမ်းကြောင်းများ၌လည်း တိုးတက်မှုများ လျင်မြန်စွာရရှိရေးကို အလေးအနက်ဖော်ပြခဲ့သည်။ ထို့ပြင် ဆုံးဖြတ်ချက်အမှတ် ၄၉/၈၇ (ဘီ) တွင် အထွေထွေ ညီလာခံကြီးက သိမ်းပိုက်ထားသော ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်မှ အစ္စရေးတို့ ရုပ်သိမ်းပေးရန် တောင်းဆိုကာ ဤသို့ အဖြစ်မှန်သဘောသိမ်းပိုက်ထားခြင်းသည် ငြိမ်းချမ်းရေးကို ပိတ်ဆို့ထားမှု တစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့၏။

## ဘော့စနီးယား– ဟာဇီဂိုဗီးနား ပြည်တွင်းစစ်

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ယခင်ယူဂိုဆလားဗီးယားနိုင်ငံ၏

အခြေအနေမှာ "ပို၍ ရှုပ်ထွေးလျက်ရှိကြောင်း" ဖော်ပြခဲ့သည်။ ကုလသမဂ္ဂသည် လွန်ခဲ့သည့်နှစ် (၁၉၉၃) တွင် သေကျေပျက်စီးမှုများ ထပ်တလဲလဲဖြစ်ပွားခြင်း၊ စစ်ခင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်ခြင်း၊ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများဖြင့် လက်ရှိအရေးအခင်းများ ပြီးပြတ်ဖြေရှင်းရေးအတွက် နည်းလမ်းရှာဖွေရာ၌ အောင်မြင်မှုရတစ်လှည့် မရတစ်လှည့် ဖြစ်ရခြင်း စသည့်အခြေအနေများတွင် လုပ်ငန်းတာဝန်အမျိုးမျိုးအဖုံဖုံကို ဆောင်ရွက်ခဲ့ကြောင်း အတွင်းရေးမှူးချုပ်က တင်ပြသည်။ ယူဂိုဆလပ်အရေးတွင် အဓိကဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား ပြဿနာနှင့် ပတ်သက်၍ ဘော့စနီးယားအုပ်စုများနှင့် ညှိနှိုင်း၍ ငြိမ်းချမ်းရေးအတွက် ဖြေရှင်းချက်များ တစ်ခုပြီးတစ်ခု ရေးဆွဲ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဘက်ဘက်က ပယ်ချခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားသည်။

၁၉၉၄ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ ဘော့စနီးယားနှင့် ခရိုအေးရှားတို့ ပူးပေါင်း၍ ဖယ်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် သဘောတူညီချက် ရရှိကြပြီးနောက် ယင်းဖယ်ဒရေးရှင်းနှင့် ဘော့စနီးယားဆာဘ်တို့စပ်ကြား နယ်မြေခွဲဝေရေးအတွက် မြေပုံတစ်ခုကို ၁၉၉၄ ခုနှစ်၊ဇူလိုင် ၆ ရက်နေ့တွင် တင်ပြခဲ့သည်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်၊ အမေရိကန်တို့ ပါဝင်သည့် ဆက်သွယ်ရေးအဖွဲ့က ရေးဆွဲသည့် ထိုမြေပုံအရဆိုလျှင် ဘော့စနီးယား– ခရိုအက် ဖယ်ဒရေးရှင်းက နယ်မြေ ၅၁ ရာခိုင်နှုန်းကို ရရှိပြီး ဘော့စနီးယား ဆာဘ်တို့က နယ်မြေ ၄၉ ရာခိုင်နှုန်းခန့် ရရှိ မည် ဖြစ်သည်။ ဇူလိုင်အကုန်တွင် ယင်းမြေပုံကို ဘော့စနီးယား– ခရိုအက် ဖယ်ဒရေးရှင်းက လက်ခံသော်လည်း ဘော့စနီးယား ဆာဘ်တို့က လက်မခံ ခဲ့ပေ။ ဤနယ်မြေ ခွဲဝေရေး အဆိုပြုချက်နှင့်ပတ်သက်၍ ဘော့စနီးယားဆာဘ် တို့က ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၇ နှင့် ၂၈ ရက်နေ့များတွင် ပြည်သူ့ဆန္ဒခံယူပွဲ တစ်ရပ် ကျင်းပခဲ့ရာ ၎င်းဆန္ဒခံယူပွဲကလည်း ပယ်ချခဲ့လေသည်။

ခရိုအေးရှားနိုင်ငံတွင် အခြေအနေမှာ အန်းပတ်စ်ခေါ် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက်ထားသော ဒေသများ၌ ခရိုအေးရှားအာဏာပိုင်များနှင့် ဒေသရှိဆာဘ်လူမျိုးများ စပ်ကြား ပုံမှန်ဆက်ဆံမှုများ ပြုလုပ်တည်ဆောက်ရေး ကိစ္စမှာ တိုးတက်မှုမရှိဘဲ စိုးရိမ်ဖွယ်ဖြစ်နေသည်။

**လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်/ကြေညာချက်များ –** ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း လုံခြုံရေးကောင်စီသည် ယူဂိုဆလပ်ပြဿနာနှင့် ပတ်သက်၍ တရားဝင် သို့မဟုတ် အလွတ်သဘော အစည်းအဝေး ခြောက်ကြိမ်ကျင်းပကာ ဆုံးဖြတ်ချက် ငါးရပ်ချမှတ်ပြီး ကြေညာချက် သုံးရပ်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၉၄၂ (၁၉၉၄) ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် နယ်မြေခွဲဝေရေးကိစ္စကို အဆိုပြုသည့်အတိုင်း လက်မခံသဖြင့် ဘော့စနီးယား ဆာဘ်တို့အား ပြင်းထန်စွာ ရှုတ်ချပြီးလျှင် နိုင်ငံများအား ဘော့စနီးယား ဆာဘ်တို့နှင့် နိုင်ငံရေးဆွေးနွေးမှုများ မပြုလုပ်ကြရန်နှင့် စီးပွားရေးပိတ်ဆို့ အရေးယူမှုများ တိုးတက်ပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။ စက်တင်ဘာ ၂၂ ရက်နေ့တွင် ဆာရာယေဘိုမြို့၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သားများမှာ "တမင်တကာ တိုက်ခိုက်ခြင်းခံခဲ့ရ" ပေရာ လုံခြုံရေးကောင်စီက စက်တင်ဘာ ၃၀ရက်နေ့တွင် ရှုတ်ချခဲ့သည်။ ဘော့စနီးယား ဆာဘ် ခေါင်းဆောင်များက ၎င်းတို့အပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့မှုများ ပြုလုပ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ချခြင်းကို တန်ပြန်သည့်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ၏ လှုပ်ရှားမှုများကို ပစ်ခတ်တိုက်ခိုက်မည်ဟု ပြောဆိုသည်ဆိုသော သတင်းများကို လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။

လုံခြုံရေးကောင်စီက ချမှတ်ခဲ့သော အခြားဆုံးဖြတ်ချက် တစ်ရပ်မှာ အမှတ် ၉၄၁ (၁၉၉၄) ဖြစ်၍ စက်တင်ဘာ ၂၃ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ဖြင့် ကောင်စီက လူမျိုးသန့်စင်ရေး လုပ်ဆောင်ချက်များမှာ လက်ခံနိုင်ခြင်းမရှိ၍ ပြစ်တင်ရှုတ်ချ ကြောင်း ဖော်ပြပြီး ဤလုပ်ဆောင်မှုများကို ချက်ချင်းရပ်စဲ ရန်နှင့် ပြည်ပြည်ဆိုင်ရာ၊ အထူးသဖြင့် ၁၉၄၉ ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ ဤသို့ လူမျိုးသန့်စင်ရေး ရာဇဝတ်မှုကျူးလွန်သူများ အားလုံးသည် တစ်ဦးချင်းအနေဖြင့် တာဝန်ရှိမည် ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုက်သည်။

**စစ်ဘက်လေယာဉ် ကျူးကျော်ပျံသန်းမှုများ–** လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၈၁၆ (၁၉၉၃) အရ ဘော့စနီးယား– ဟာဇီဂိုဗီးနား နိုင်ငံအပေါ် စစ်ဘက်လေယာဉ်

ပျံ့သန်းမှုများကို ပိတ်ပင်ထားသော်လည်း ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်းကျူးကျော်ပျံ့သန်းမှုများ ၈၈၃ ကြိမ်ရှိခဲ့ကြောင်း၊ ၄င်းမှာ လွန်ခဲ့သည့် သုံးလကထက် ၆၆၆ ကြိမ် ပိုမိုများပြားကြောင်း သိရှိခဲ့ရ၏။ ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်အထိ အချိန်ကာလအတွင်း၌လည်း စစ်ဘက်လေယာဉ်ကျူးကျော်ပျံ့သန်းမှုများအကြိမ်ပေါင်း ၇၆၉ ကြိမ်ခန့် ရှိခဲ့သည်ဟု ဆိုသည်။

**ဘီဟက်စစ်ပွဲ** – ၁၉၉၄ ခုနှစ်အောက်တိုဘာလအကုန်တွင် ဘော့စနီးယားအစိုးရတပ်များက စစ်ဆင်တိုက်ခိုက်၍ စစ်ပွဲအတွင်း နယ်မြေအများဆုံးသိမ်းပိုက်ရယူနိုင်ခဲ့သည်၊ သို့သော်လည်း နိုဝင်ဘာလအလယ်တွင် ဘော့စနီးယားဆာဘ်တို့က ခရိုအေးရှားမှ ကရာဂျီးနားဆာဘ်တို့၏ အကူအညီဖြင့် တန်ပြန်တိုက်ခိုက်ကာ ထိုနယ်မြေများကို ပြန်လည်သိမ်းပိုက် ရယူခဲ့ကြသည့်အပြင် ထိုထက်လွန်၍ ချီတက်ကာ ဘီဟက်မြို့အနီးသို့ပင် ချဉ်းကပ်ရောက်ရှိသွားခဲ့ကြသည်။ ကရာဂျီး နားဆာ့ဘ်တပ်များက ဒုံးပျံတိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများဖြင့် အကြိမ်ကြိမ်ပါဝင်တိုက်ခိုက်ပေးခဲ့၏။

နိုဝင်ဘာ ၂၁ ရက်နေ့တွင် နေတိုးလေယာဉ်များက ဥဒ်ဘီးနား လေယာဉ်ကွင်းကို တိုက်ခိုက်ခဲ့ကြ၏။ သို့သော်လည်း ဘော့စနီးယားဆာ့ဘ်တို့က ၄င်းလုံခြုံရေးဒေသကို ချင်းနင်းဝင်ရောက်ခဲ့ကြသည့်အပြင် ကရာဂျီးနားဆာ့ဘ်တို့ကလည်း စစ်ရေးအရပါဝင်စွက်ဖက်မှုများကို မရပ်မဆိုင်းဆက်လက်ပြုလုပ်ခဲ့ကြသည်။

ဘီဟက်စစ်ပွဲမှာ ပိုမိုပြင်းထန်လာရာ လူပေါင်း ၁၅၀,၀၀၀ အတွက် စားရေရိက္ခာပြဿနာမှာ အလွန်တရာအရေးတကြီးဖြစ်လာခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားခဲ့၏။ ဘီဟက်ဒေသရှိ အရပ်သားများ ထူထပ်စွာ နေထိုင်သောနေရာများမှာ "မလိုမရွှေရစိတ်ဖြင့် တိုက်ခိုက်မှုများ" ခံခဲ့ရ၏။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကရာဂျီးနားဆာ့ဘ်တပ်ဖွဲ့များဟု ခေါ်ဆိုသည့် တပ်ဖွဲ့များ၏ လေယာဉ်များက ဘီဟက်မြို့အား တိုက်ခိုက်ခြင်းနှင့် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက် ထားသောဒေသများမှ အမြောက်များဖြင့် ပစ်ခတ်ခြင်းများ ကို အလွန်ပြင်းထန်သော စကားလုံးများသုံး၍ ပြစ်တင်ရှုတ်ချခဲ့လေသည်။

လုံခြုံရေးကောင်စီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလများအတွင်း ယူဂိုဆလပ် အရေးနှင့် ပတ်သက်၍ တရားဝင်နှင့် အလွတ်သဘောအစည်းအဝေး ၁၂ ကြိမ် ကျင်းပခဲ့၏။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၉၅၈ (၁၉၉၄) ကိုတညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားရှိ ကုလသမဂ္ဂကာကွယ်ရေးတပ်များကို ကူညီထောက်ပံ့ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လေကြောင်းအင်အား ပိုမိုတိုးချဲ့အသုံးပြုရန် ခွင့်ပြုချက် ပေးလိုက်သည်။ ထိုမှတစ်ပါး ထိုနေ့မှာပင် ဆုံးဖြတ်ချက်အမှတ် ၉၅၉ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားနှင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားနှစ်နိုင်ငံ စပ်ကြား အပြည်ပြည်နယ်နိမိတ်အား ကျူးကျော်ဖောက်ဖျက်ခြင်းများ၊ အထူးသဖြင့် ကရာဂျီးနားဆာ့ဘ်တို့က ကျူး ကျော်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ဘီဟက်ဒေသရှိ ပြိုင်ဘက်အုပ်စုအားလုံး ခြွင်းချက်မရှိ ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်နှင့် ဘော့စနီးယားနိုင်ငံ တစ်ဝန်းလုံးတွင် အပစ်အခတ်နှင့် တိုက်ခိုက်မှုများရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးကြရန် တောင်းဆိုလိုက်သည်။ ထို့နောက် ဒီဇင်ဘာ ၂၃ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်နေ့များတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဘော့စနီးယား– ဟာဇီဂိုဗီးနားနိုင်ငံတစ်ဝန်းလုံးတွင် တိုက်ခိုက်မှုများရပ်စဲရေးအတွက် သဘောတူညီချက်များကို ဘော့စနီးယား– ဟာဇီဂိုဗီးနားသမ္မတ အလီဂျာအစ်ဇက် ဘီဂိုဗစ် နှင့် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲမှုမှာ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စတင်အတည်ဖြစ်ခဲ့ပြီး လေးလကြာတိုက်ခိုက်မှုများ ရပ်စဲမှုမှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်အတည်ဖြစ်ခဲ့သည်။ ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ဘော့စနီးယား ခရိုအက်တို့က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် သဘောတူခဲ့ကြသည်။

**အထွေထွေညီလာခံ ဆုံးဖြတ်ချက်** – ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၉/ ၁၀ ကို ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၆၁ မဲဖြင့် ချမှတ်ကာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် ဖြစ်ပွားနေသော ဆိုးရွားသည့် အခြေအနေကို စိုးရိမ်ကြောင်း ဖော်ပြပြီး ယင်းနိုင်ငံအား

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ယူဂိုဆလားဗီးယား အပေါ် ချမှတ်ခဲ့သည့် လက်နက်ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့် ပြုရေး အတွက် လုံခြုံရေးကောင်စီအား အားပေးတိုက်တွန်း ကြောင်း ဖော်ပြခဲ့သည်။ ဤကိစ္စကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်နေ့ များတွင် လုံခြုံရေးကောင်စီ၌ စဉ်းစားဆွေးနွေး ကြရာ၊ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှား ဖယ်ဒရေးရှင်း နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ အပါ အဝင် နိုင်ငံပေါင်း များစွာတို့က ဆန့်ကျင်ခဲ့ကြသည်။

**ကုလသမဂ္ဂတပ်ဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း** – ၁၉၉၅ ခုနှစ်၊ ဇန်ဝါရီမှမတ်လအတွင်း လုံခြုံရေးကောင်စီသည် ယခင်ယူဂို ဆလားဗီးယားနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ တရားဝင် နှင့် အလွတ်သဘောအစည်းအဝေးခြောက်ကြိမ်ကျင်းပ ဆွေးနွေး ပြီး ဆုံးဖြတ်ချက် လေးရပ်ချမှတ်၍ ကြေညာချက် လေးရပ် ထုတ် ပြန်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် ခရိုအေးရှားနိုင်ငံက ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက် ကျော်လွန်သည့်အခါ ကုလ သမဂ္ဂ ကာကွယ်ရေးတပ်ဖွဲ့(အန်ပရိုဖိုး)များ ထပ်မံထားရှိ ခြင်းကို လက်ခံမည်မဟုတ်ကြောင်း ဆုံးဖြတ်ကာ ကုလ သမဂ္ဂအား အကြောင်းကြားခဲ့ရာ အတွင်းရေးမှူးချုပ် အနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြ ဖြစ်ပွားခဲ့ရသည်။ လက်နက်ပိတ်ဆို့မှု ပြုလုပ်ထားလင့်ကစား ယင်းဒေသ များ၌ လက်နက်များ အမြောက်အမြား စုပုံရောက်ရှိနေရာ စစ်ကျင်းတိုက်ခိုက်မှုများကြောင့် သေကျေပျက်စီးမှုများမှာ ၁၉၉၁– ၉၂ ကထက် များစွာ ပိုမိုများပြားဆိုးဝါးမည် ဖြစ်သည်။

ထို့ကြောင့် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၈၁၊ ၉၈၂ နှင့် ၉၈၃ တို့ကို ချမှတ်ကာ ခရိုအေးရှား၊ ဘော့စနီးယား– ဟာဇီဂို ဗီးနားနှင့် ယခင်ယူဂိုဆလားဗီးယား သမ္မတ မက်ဆီဒိုးနီးယား နိုင်ငံတို့အတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း တည်ထောင်ကာ ချထားပေးခဲ့သည်။

**ပြည်တွင်းစစ် အခြေအနေ** – ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ပြောကြားချက်အရ ဘီဟက်ဒေသ၌ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်မှတစ်ပါး ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် နေ့တွင် သဘောတူခဲ့ကြသော အပစ်အခတ်ရပ်စဲမှုကို လေးစားစွာ လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ဒီဇင်ဘာ ၃၁ရက်သဘောတူညီချက်၏ ပြဋ္ဌာန်းချက်အချို့ကိုမူ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း မရှိခဲ့ကြပေ။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဘီဟက်မြို့တစ်ဝိုက်တိုက်ပွဲများ ဆက်လက် တိုက်ခိုက်နေကြသည့်အတွက် အထူးစိုးရိမ်မကင်း ဖြစ်ရ ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဘီဟက်ဒေသသို့ သွားမည့် ထောက်ပံ့ရေးယာဉ်တန်းများအား ခရိုအေးရှား ဆာ့ဘ်နှင့် ဖီကရက်အဗ္ဗဒစ်ခေါင်းဆောင်သည့် မူစလင် ခွဲထွက်တပ်ဖွဲ့ များက တားမြစ်ပိတ်ပင်ခြင်းကိုလည်းကောင်း၊ ခရိုအေးရှား၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အား ဆက်လက် ကျူးကျော် နေကြခြင်းကိုလည်းကောင်း ကောင်စီက ပြစ်တင်ရှုတ်ချပြီး "ဘီဟက်ဒေသရှိ တပ်ဖွဲ့များအား ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်" တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃ရက်မှ မတ်လ ၃၁ ရက် အတွင်း စစ်ဘက်လေယာဉ်များ တားမြစ်ပိတ်ပင်ထားခြင်း ကို ချိုးဖောက်ပျံသန်းကြသည့် အကြိမ်ပေါင်း ၈၄၀ ရှိကြောင်း သိရှိခဲ့ရသည်။ စောင့်ကြပ်ကြည့်ရှုမှု စတင်ပြုလုပ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှ ဆိုလျှင် စုစုပေါင်း ၄၂၇၄ ကြိမ် ရှိသွားပြီဖြစ်သည်။

## အီရတ်၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေ

အီရတ်နိုင်ငံတွင် ပတ်ဝန်းကျင်ထောက်လှမ်း စောင့် ကြည့်ရေးစနစ်ကို ကောင်းစွာတည်ထားပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အဖွဲ့(အိုင်အေအီးအေ)က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းအဖွဲ့၏ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့စွဲပါ အစီရင်ခံစာအရ ထိုနှစ် ဇွန်လ ၁၇ ရက် အထိ အီရတ်နိုင်ငံတွင် ယခင်က နျူကလီးယားလုပ်ငန်း များနှင့် သက်ဆိုင်သည့် အရာဝတ္ထုများအား ရွှေ့ပြောင်း ဖျက်ဆီးခြင်း၊ သို့မဟုတ် စွမ်းအင်သတ္တိကင်းမဲ့အောင် ပြုလုပ်ခြင်းကိစ္စများ ကို ၂၄ ကြိမ် ပြုလုပ်ခဲ့သည်။ အိုင်အေ အီးအေ၏ ၂၅ ခု မြောက် စစ်ဆေးရေးအဖွဲ့သည် အီရတ် နိုင်ငံတွင်းရှိ စက်ရုံ အလုပ်ရုံနှင့် နေရာဌာန ၂၄ ခုကို ၁၉၉၄ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၁ ရက်အတွင်း လှည့်လည် စစ်ဆေးခဲ့ရာ ပစ္စည်း ကိရိယာ တန်ဆာပလာမှာ တားမြစ် ထားသော ကိစ္စများအတွက် အသုံးပြုနေခြင်းကို မတွေ့ရှိခဲ့ရ ပေ။ ယင်းအဖွဲ့သည် ယခင်က အီရတ်တို့၏ နျူကလီးယား အစီအစဉ်များနှင့် ဆက်စပ်သည့် တာမီယာ၊ အယ်လ်အာ သီးယားနှင့် အယ်လ်ရာကတ်မြို့များကိုလည်း စစ်ဆေးခဲ့ သည်။

အီရတ်နိုင်ငံသည် ထွေပြားလှသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လိုက်နာခြင်းရှိ မရှိ ကေန်အမှန်သိရှိစေမည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်တစ်ရပ်ကို တည်ထောင်ဖန်တီးရာ၌ "အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း" ကုလသမဂ္ဂ၏ အီရတ်လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကူဝိတ်၏ တိုင်ကြားချက်– အီရတ်နိုင်ငံသည် ကူဝိတ်နိုင်ငံကိုသာလျှင်မဟုတ် အီရတ်နှင့် ကုလသမဂ္ဂတို့၏ ဆက်ဆံရေးများကို ပြတ်သားစွာ ခြိမ်းခြောက်သည့် အသံလွှင့်ချက်တစ်ရပ်ကို ထုတ်လွှင့်ခဲ့ကြောင်း ကူဝိတ်နိုင်ငံက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အကြောင်းကြားခဲ့သည်။ အီရတ်သည် ကူဝိတ်နိုင်ငံအား နောက်တစ်ကြိမ် ကျူးကျော်တိုက်ခိုက်ဖွယ်ရှိကြောင်း ကူဝိတ်က သတိပေးခဲ့သည်။ အောက်တိုဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်တပ်သားအမြောက်အမြားကို ဖြန့်ချထားသည့်သတင်းများရရှိ၍ အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ကြေညာပြောဆိုခဲ့သည်။ အောက်တိုဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်က အီရတ်အနေဖြင့် ကူဝိတ်အပေါ်သဘောထားပုံကို စိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြကာ အီရတ်အနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝလိုက်နာကျင့်သုံးရန် အလေးအနက်ပြောကြားပြီး အီရတ်– ကူဝိတ်နယ်ခြားကို အီရတ်က ခြွင်းချက်မရှိ ချက်ချင်းအသိအမှတ်ပြုရန်လည်း တောင်းဆိုလိုက်သည်။ အောက်တိုဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အား ၎င်း၏တပ်များအားလုံးကို အီရတ်တောင်ပိုင်းမှ ချက်ချင်းပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ ထို့နောက် အောက်တိုဘာ ၁၇ ရက်နေ့တွင် အမေရိကန်ကိုယ်စားလှယ်က အီရတ်တပ်များအား ပြန်လည်ရုပ်သိမ်းလျက်ရှိသည့် လက္ခဏာများတွေ့ရကြောင်း လုံခြုံရေးကောင်စီအား ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် အီရတ်က ၎င်းအနေဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် လွတ်လပ်ရေးကို အသိအမှတ်ပြုသည့်အပြင် ကူဝိတ်နိုင်ငံ ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကိုလည်း အသိအမှတ်ပြုကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အကြောင်းကြားခဲ့သည်။ ဤသို့ အသိအမှတ်ပြုခြင်းကို လုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၆ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

လက်နက်ဖျက်သိမ်းရေး တိုးတက်မှု – အီရတ်နိုင်ငံအား လက်နက်ဖြုတ်သိမ်းရေး အထူးကော်မရှင်က ၎င်း၏လုပ်ငန်းတာဝန် များမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လမှ ဒီဇင်ဘာလအတွင်း "များစွာ တိုးတက်မှု" ရှိခဲ့ကြောင်း အစီရင်ခံစာ တင်ပြခဲ့သည်။ အီရတ် နိုင်ငံအနေဖြင့် ယခုမျက်မှောက်အချိန်၌ တတုဗေဒ၊ သို့မဟုတ် ပိုးမွှားလက်နက်များကဲ့သို့ လူများအားအစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များ ထုတ်လုပ် ပစ်ခတ်နိုင်စွမ်း မရှိတော့ကြောင်း ဟူ၍ ကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က အောက်တိုဘာ ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကော်မရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အားထုတ်ရာ၌ အီရတ် သည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ စစ်ဆေးလိုသည့် နေရာအားလုံးကို ဝင်ရောက်ခွင့်ပေးခဲ့ ကြောင်း၊ သို့သော်လည်း ယခင်က ဒျုံကလီးယားအစီအစဉ် များနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များပေးရာ ၌မူ တာဝန်ကျေပွန်မှု များစွာ ယုတ်လျော့ကြောင်း ဖော်ပြ ခဲ့သည်။

ရေနံရောင်းရန် ခွင့်ပြုချက်ပေးခြင်း – အီရတ်ပြည်သူများ၏ အာဟာရဓာတ်ပြည့်ဝသော အစားအစာများစားသုံးရမှု အခြေအနေနှင့် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ် ဆုတ်ယုတ် ကျဆင်းလာခြင်းအတွက် စိုးရိမ်မကင်း ဖြစ်ကြရသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၉၈၆ (၁၉၉၅) ကို တညီတညွတ်တည်း ချမှတ်ပြီးလျှင် နိုင်ငံများအား အီရတ် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ်ကျ ဒေါ်လာ ၁ ဘီလီယံဖိုးအထိ ဝယ်ယူတင်သွင်းရန် ခွင့်ပြုခဲ့သည်။

အထက်ပါ ဆုံးဖြတ်ချက်သည် အီရတ်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လုံးဝထိပါးခြင်း၊ ထိခိုက်ခြင်းမရှိကြောင်း လုံခြုံရေးကောင်စီက အခိုင်အမာပြောဆိုခဲ့သည်။ ရေနံရောင်းရငွေများကို သုံးစွဲခြင်းနှင့် ပတ်သက်၍ စည်းကမ်းချက်များသတ်မှတ်ရာ၌ ဆေးဝါးများ၊ ကျန်းမာရေးအထောက်အပံ့ပြုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အရပ်သားများအတွက် အထူးလိုအပ်သည့် အသုံးအဆောင်ပစ္စည်းပစ္စယများကိုသာ ဝယ်ယူတင်သွင်းရန် ဖြစ်ကြောင်း ကောင်စီက ပြဋ္ဌာန်းဖော်ပြခဲ့သည်။

**ကူဝိတ်နိုင်ငံအား အသိအမှတ်ပြုခြင်း** – အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့ကို အသိအမှတ်ပြုကြောင်း အတည်ပြုကာပေးပို့လာသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂရုံးဌာန၏ မော်ကွန်းတိုက်သို့ ထည့်သွင်းလိုက်ပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

## လစ်ဗျားနိုင်ငံအား လုံခြုံရေးကောင်စီမှ အရေးယူထားခြင်းကိစ္စ

ခရီးသည်တင်လေယာဉ်ကြီးနှစ်စင်း ဗုံးဖောက်ခွဲခံရခြင်းအတွက် တာဝန်ရှိသူများ ဖော်ထုတ်ရေးတွင် လစ်ဗျားနိုင်ငံက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က မကျေမနပ် ပြောဆိုခဲ့ကြရာ ဤအငြင်းပွားမှုဖြေရှင်းရေးအတွက် မိမိအနေဖြင့် မခြွင်းမချန် အစွမ်းကုန်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားနိုင်ငံက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။ မိမိနိုင်ငံသည် မည်သည့်ပုံစံမျိုးဖြင့်မဆို အကြမ်းဖက်မှုမှန်သမျှ အားလုံးကို အလုံးစုံ ပစ်ပယ်စွန့်လွှတ်၍ အကြမ်းဖက်မှုအားလုံးကို ရှုတ်ချပြီးဖြစ်ကြောင်း လစ်ဗျားနိုင်ငံက ပြောကြားခဲ့သည်။ သို့ဖြစ်စေကာမူ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဤအရေးကို ဆွေးနွေးပြီးနောက် လစ်ဗျားနိုင်ငံအား လေကြောင်းနှင့် လက်နက်ပိတ်ဆို့မှုများပြုလုပ်ထားခြင်းကို ဆက်လက်ထားရှိသုံးသပ်သွားရန် သြဂုတ်လ ၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်နေ့တွင် လစ်ဗျားနိုင်ငံမှ မိုဟာမက်အေအဇာဝီက အမေရိကန်နိုင်ငံသည် ချက်(ဒ်)နိုင်ငံ၊ အင်ဂျာမိနာမြို့မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် တင်ပို့သယ်ဆောင်သွားသော လစ်ဗျားအကျဉ်းသား ၂၀၀ တို့အား ထိန်းသိမ်းထားရှိပြီး လေ့ကျင့်မှုများပေးလျက် ရှိရာ ဤအပြုအမူသည် လစ်ဗျားနိုင်ငံအား ကျူးကျော် စော်ကားမှုများ ပြုလုပ်မည့် စီမံချက်ဝင်လုပ်ရပ်တစ်ခုဟု ယူဆရမည်သာဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ပြောကြားခဲ့သည်။

ဤအတောအတွင်း အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) နှင့် အစ္စလမ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီး များကွန်ဖရင့်တို့က လုံခြုံရေးကောင်စီအား ၎င်း၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်စဉ်းစားကာ လစ်ဗျားနိုင်ငံအပေါ် ချမှတ်ထားသော တားမြစ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တစ်ဖန် အိုအေယူနှင့် အာရပ်နိုင်ငံများအစည်းအရုံးတို့က လစ်ဗျားနိုင်ငံအပေါ် အရေးယူထားမှုများ ဖယ်ရှားပေးရန် ဆုံးဖြတ်တောင်းဆိုခဲ့ကြသေးသော်လည်း ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ယင်းကိစ္စကို ပြန်လည်သုံးသပ်ပြီး အရေးယူထားမှုများကို ပြင်ဆင်ရန် လိုအပ်သော အကြောင်းအချက် အခြေအနေများ မရှိသေးဟုယူဆကာ ပိတ်ဆို့ထားရှိမှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့က လော့ကာဘီကောင်းကင်ယံ၌ ဗုံးဖောက်ခွဲသည်ဟု ထင်မြင်ယူဆထားသူနှစ်ဦးအား ဗြိတိန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရန် တောင်းဆိုပြီး ၎င်းတို့အား တရားမျှတစွာ စစ်ဆေးစီရင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဆိုမားလီးယား ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လအချိန်တွင် ဆိုမားလီးယားနိုင်ငံ၏ အခြေအနေမှာ ဒေသအများအပြား၌ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လုံခြုံရေး အခြေအနေသာလျှင် အထူးသဖြင့် မိုဂါဒစ်ရှူးဒေသ၌ သိသိသာသာ ဆုတ်ယုတ် ကျဆင်းလျက် ရှိခဲ့သည်။ သြဂုတ် ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားနိုင်ငံ၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုများကို "အတန်ငယ်ကြာမျှ ဆက်လက်ထားရှိရန်" ထောက်ခံတင်ပြခဲ့သည်။

ဤသို့ထောက်ခံတင်ပြခြင်းမပြုမီ ဆိုမားလီးယားနိုင်ငံရေး ပါတီများ၏ နိုင်ငံရေးအစည်းအဝေးတစ်ရပ်ကို ဂျီဘူတီနိုင်ငံ၊ ဂျီဘူတီမြို့တော်၌ ၁၉၉၄ ခုနှစ်၊ သြဂုတ် ၁၃ မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မျက်နှာစုံညီ အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလထက်နောက်မကျစေဘဲ ခေါ်ယူကျင်းပရန် ကြေညာခဲ့သည်။ ထို့နောက်တွင် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ်–၂) ၏ သက်တမ်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ တစ်လတိုးရန် ထောက်ခံမဲ ၁၄ မဲနှင့် ကန့်ကွက်မဲ မရှိဖြင့် ချမှတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ကြားနေမဲပေးရာ၌ ဆိုမာလီ နိုင်ငံတွင် လွန်ခဲ့သည့်လေးလအတွင်း နိုင်ငံရေး ပြန်လည် စည်းလုံးမှုနှင့် ပတ်သက် ၍ တိုးတက်မှု လုံးဝမရှိကြောင်း ထောက်ပြခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ မှ ၂၉ ရက်အထိ လုံခြုံရေးကောင်စီမှ စေလွှတ်သော အဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဆိုမာလီနိုင်ငံသို့ သွား ရောက် လေ့လာပြီး နိုဝင်ဘာ ၃ ရက်နေ့တွင် အစီရင်ခံရာ၌ ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်း ဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ် – ၂) အား ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထက် ကျော်လွန်၍ သက်တမ်းတိုးထား ရှိရန် မည်သည့်ဆိုမာလီ အုပ်စုကမှ တောင်းဆိုခြင်း မပြုကြောင်း တင်ပြခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက အောက်တိုဘာ ၃၁ ရက်နေ့တွင် ယူနိုဆုမ်– ၂ ၏ သက်တမ်း ကို နိုဝင်ဘာ ၄ ရက်အထိ ကြားဖြတ်ကာလအဖြစ် တိုးမြှင့် ပြီး၊ ထိုနေ့သို့ ရောက်ရှိသည့်အခါ ဆုံးဖြတ်ချက်အမှတ် ၉၅၄ (၁၉၉၄) ကို ချမှတ်ကာ ယူနိုဆုမ် –၂ ၏ သက်တမ်းကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးချဲ့သတ်မှတ်လိုက်သည်။ ဤတွင် ကုလ သမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားတွင် ငြိမ်းချမ်း ရေးကို နိုင်ငံခြားတိုင်းပြည်များက အတင်းချပေး၍မရ နိုင်ကြောင်း၊ အားလုံးကလက်ခံ၍ အခွန့်ရှည်ကြာ တည်တံ့ သော ငြိမ်းချမ်းရေးကို ဆိုမာလီတို့ထံမှသာလျှင် ရရှိနိုင် ကြောင်းပြောကြားကာ လုံခြုံရေးကောင်စီက ဆိုမာလီ အုပ်စုများအား အပစ်အခတ်ရပ်စဲရေး နှင့် အသွင် ကူးပြောင်းရေး အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးကြရန် အဆိုပါ ဆုံးဖြတ်ချက်ဖြင့် တိုက်တွန်းလိုက်သည်။ တစ်ချိန်တည်း တွင် ဆိုမာလီနိုင်ငံသို့ လက်နက်နှင့် စစ်ပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားခြင်းနှင့် ပတ်သက် ၍တင်းကျပ်စွာ စောင့်ကြည့်ရန် လိုအပ်ကြောင်း ထပ်လောင်း ပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဆိုမားလီးယား နိုင်ငံမှကုလသမဂ္ဂတပ်ဖွဲ့ (ယူနိုဆုမ် –၂) အား ရုပ်သိမ်းခြင်း ကိစ္စမှာ အလုံးစုံပြီးဆုံးခဲ့သည်။ ထိုနေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂသည် ဆိုမားလီးယားအား ပစ်ထားမည်မဟုတ်ကြောင်း၊ သို့သော်လည်း အပြည်ပြည် ဆိုင်ရာနိုင်ငံရေးနှင့် လူမှုရေးအကူအညီများ ရရှိရေးမှာ ဆိုမာလီခေါင်းဆောင်များက ကုလသမဂ္ဂနှင့် လူမှုရေး အေဂျင်စီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရနိုင်သည့် အကူအညီပမာဏနှင့် လုံခြုံရေးအခြေအနေတို့အပေါ်တွင် တည်ရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုမာလီတို့အနေဖြင့် နိုင်ငံရေး ပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးရရှိ ကြရန် တိုက်တွန်းခဲ့သည်။ ထိုနောက် ဧပြီလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်၏ ကြေညာချက်ကို ထောက်ခံပြီး ဆိုမာလီအုပ်စုများ ပြန်လည်စည်းလုံး ညီညွတ် ရေးကိစ္စတွင် ကူညီမှုပေးရန်အတွက် နိုင်ငံရေး မစ်ရှင် အဖွဲ့ ကလေးတစ်ခု ဆက်လက်ထားရှိရန် အတွင်းရေးမှူးချုပ် ၏ ရည်ရွယ်ချက်ကို ကြိုဆိုလက်ခံလိုက်သည်။

## ရဝမ်ဒါ ပြည်တွင်းရေးအခြေအနေ

၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရဝမ်ဒါနှင့် ဘူရွန်ဒီ သမ္မတ များ လေယာဉ်ပျက်ကျရာ၌ ကွယ်လွန်ခဲ့ကြပြီးနောက် သုံးလ ကြာ သွေးချောင်းစီးပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ရဝမ်ဒါ၏ မူလရှိရင်းလူဦးရေ ၇ ဒသမ ၉ သန်းမှာ ၅ သန်း သို့ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ ပြည်တွင်း၌ အသက် မသေ ကျန်နေသူ ၈ သိန်းမှ ၂ သန်းအထိမှာ သူတို့နေထိုင် ရာ နေရာများကို စွန့်ခွာ၍ အရပ်တစ်ပါးသို့ ရောက်ရှိနေ ကြပြီး အခြားလူပေါင်း ၂ သန်းမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

ဤနိုင်ငံ၌ “မျိုးသုဉ်း မျိုးပြုတ်သတ်ဖြတ်မှု” ခံရသူ ဦးရေမှာ တစ်သန်းခန့်အထိ ရှိနိုင်သည်ဟု အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ခန့်မှန်းပြောဆိုခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ လူမှုရေး ဥပဒေအား အကြီးအကျယ် ကျူးလွန်ချိုးဖောက်မှု များနှင့် မျိုးတုံးမျိုးသုဉ်းလုပ်ရပ်များကို စနစ်တကျ ပြုလုပ် မှုများနှင့် ပတ်သက်သည့်သာဓကများအပေါ် စစ်ဆေး ဆုံးဖြတ်နိုင်ရန် “ဘက်မလိုက်သော ကျွမ်းကျင်သူများ ကော်မရှင်” အဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန် တောင်းဆိုခဲ့ သည်။

ထိုနေ့ (ဇူလိုင် ၁ ရက်) မှာပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါ၌ တိုက်ပွဲများဆက်လက် တိုက်ခိုက်နေကြပြီး ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်သားများ ရှေ့သို့ချီတက်နေခြင်းကို အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ပြောကြားပြီး အပစ်အခတ်ရပ်စဲကာ နိုင်ငံရေး စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်း လိုက်သည်။ ဇူလိုင် ၁၄ ရက်နေ့တွင် လူပေါင်း ၁၀၀,၀၀၀

ခန့် ရဝမ်ဒါနိုင်ငံမှ ဇိုင်ယာနိုင်ငံ ဂိုမာမြို့ဒေသသို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ကြသည်။ ထိုနောက် ဇူလိုင် ၁၈ ရက်နေ့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ အရေးအခင်းဖြစ်ပွားပြီးနောက် ဖွဲ့စည်းတည်ထောင်ခဲ့သော "ကြားဖြတ်အစိုးရ" အဖွဲ့သည် ရဝမ်ဒါနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းများက ဖော်ပြခဲ့ပြီး အာရ်ပီအက်ဖ်ပါတီက ရဝမ်ဒါနိုင်ငံတစ်ဝန်းလုံး လိုလိုကို သိမ်းပိုက်ထိန်းချုပ်ကာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ရာ ပြည်တွင်းစစ်မှာ ထိထိရောက်ရောက် ပြီးဆုံး သွားခဲ့သည်။ ဇူလိုင် ၁၉ ရက်နေ့တွင် ဘက်စုံကျယ်ပြန့်သော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် ရဝမ်ဒါအစိုးရသစ်က ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိစေပြီး စစ်ပြေးဒုက္ခသည်များ ပြန်လာကြရန် အားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ထပ်လောင်းကတိပြု ပြောကြားလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၅၅ (၁၉၉၄)ကို ထောက်ခံ မဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ရဝမ်ဒါ) နှင့် ကြားနေ ၁ မဲ(တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ရဝမ်ဒါနိုင်ငံတွင်း၌လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်းကောင်း မျိုးတုံးမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အပြည်ပြည်လူမှုဥပဒေများအား အကြီးအကျယ် ကျူးလွန်ဖောက်ဖျက်မှု ကျူးလွန်သူများအား တရားစစ်ဆေးစီရင်ရန် နိုင်ငံတကာတရားရုံးတစ်ရုံးကို တည်ထောင်လိုက်သည်။

နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၆၅ (၁၉၉၄)ဖြင့် ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင် (ယူနာမီး)၏ သက်တမ်းကို ၁၉၉၅ ခုနှစ်၊ ဇွန်လအထိ တိုးမြှင့်ပြီး ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေး ပစ္စည်းဖြန့်ချိမှုများအတွက် လုံခြုံမှုပေးရေးနှင့် အုပ်စုကွဲများအနေဖြင့် ၁၉၉၃ အရူရှာ ငြိမ်းချမ်းရေးသဘောတူညီချက်အရ ပြန်လည်စည်းလုံး ညီညွတ်မှု ရရှိရေးတို့အတွက် တာဝန်ပေးလိုက်သည်။ ထိုအချိန်တွင် ရဝမ်ဒါစစ်ပြေးဒုက္ခသည်များမှာ နှစ်သန်းခန့်ရှိပြီး ပြည်တွင်း၌ နေရင်းရပ်ရွာမှအရပ်တစ်ပါးသို့ ရောက်ရှိနေကြသူများမှာ လူပေါင်း တစ်သန်းခွဲမှ နှစ်သန်းခန့်အထိ ရှိနေသည်။

ဤအတောအတွင်း စစ်ပြေးဒုက္ခသည်စခန်းများတွင် လုံခြုံရေးအခြေအနေများ တိုးတက်ဆိုးဝါးလာသည်။ ယခင် ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) များက လူအင်အားစုဆောင်း၍ လေ့ကျင့်မှုပေးခြင်းလုပ်ငန်းနှင့် အစိုးရသစ်အား ဆန့်ကျင်သောဝါဒဖြန့်မှုများ တက်ကြွစွာပြုလုပ်လာကြသည့် သာဓကများ တွေ့မြင်လာရသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ယခင် ရဝမ်ဒါခေါင်းဆောင်များ၊ အစိုးရတပ်ဖွဲ့များနှင့် ရပ်ရွာကာကွယ်ရေးတပ်များအနေဖြင့် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မှုများအား တားဆီးခြင်း၊ အချို့ကိစ္စများ၌ အင်အားသုံးပိတ်ပင်ခြင်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးကမ်းရာ၌ နှောင့်ယှက်ခြင်းများကို ပြစ်တင်ရှုတ်ချလိုက်သည်။ ဒုက္ခသည်များအား လက်စားချေခြင်း မပြုလုပ်ကြရန်နှင့် သူတို့၏ ပစ္စည်းပိုင်ခွင့်များကိုလည်း ထိပါးနှောင့်ယှက်ခြင်း မပြုကြရန်လည်း သတိပေးနှိုးဆော်လိုက်သည်။

ဤအတောအတွင်း ကျွမ်းကျင်သူများ ကော်မရှင်အဖွဲ့က ဟူတူမျိုးနွယ်များအနေဖြင့် တွတ်ဆီမျိုးနွယ်များအား မျိုးတုံးမျိုးသုဉ်းပြုလုပ်ခြင်းအတွက် သက်သေသာဓကအမြောက်အမြားရှိကြောင်း ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးဥပဒေကို နှစ်ဦးနှစ်ဖက်စလုံးမှ ကျူးလွန်ဖောက်ဖျက်ကြသော်လည်း တွတ်ဆီတို့အနေဖြင့် ဟူတူတို့အား မျိုးဖြုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုဆိုနိုင်သော သက်သေအထောက်အထားများမရှိကြောင်း ကောက်ချက်ချ ဆုံးဖြတ်ခဲ့ပေသည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါစစ်ပြေးဒုက္ခသည်များ၏ ပြဿနာမှာ စံမတူအောင် ရှုပ်ထွေးကြီးမားလှကြောင်း သတိပေး ပြောကြားပြီး တန်ဇားနီးယားနှင့် ဇိုင်ယာနိုင်ငံများတွင် လူပေါင်းနှစ်သန်းခန့်ရှိကြောင်း ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ရဝမ်ဒါဒုက္ခသည်စခန်းများ၊ အထူးသဖြင့် ဇိုင်ယာနိုင်ငံရှိ စခန်းများ၌ ဆက်လက်ပြုလုပ်နေသော ခြိမ်းခြောက်မှုများနှင့် လုံခြုံရေးပြဿနာများကို အထူးစိုးရိမ်ခြင်းဖြစ်ရကြောင်း ကြေညာပြောကြားခဲ့လေသည်။ ဤအတောအတွင်း တရုတ်၊ ချက်၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ရဝမ်ဒါနိုင်ငံသို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတိုးတက်ဖြစ်ပေါ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်နေ့များတွင် သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ပြေးဒုက္ခသည်များ

ပြန်မလာဝံ့ကြသည်မှာ ကြောက်ရွံ့ကြခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြပြီး၊ ရဝမ်ဒါအစိုးရ၊ စစ်ပြေးဒုက္ခသည် ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင်ဆွေးနွေး ပြောဆိုသင့်ကြောင်း မစ်ရှင်အဖွဲ့က ထောက်ခံတင်ပြခဲ့ ပေသည်။

## အင်ဂိုလာငြိမ်းချမ်းရေး ပြဿနာ

အနှစ် ၂၀ ကြာခဲ့ပြီဖြစ်သော အင်ဂိုလာပြည်တွင်းစစ် အခြေအနေမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ပြည်နယ် ၁၈ ပြည်နယ် အနက် ၁၁ ပြည်နယ်တွင် တိုက်ပွဲများတိုးတက် ပြင်းထန်လျက် ရှိသည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် – ၉၃၂ (၁၉၉၄)ဖြင့် လူဆာကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ တင်ပြခဲ့သော ငြိမ်းချမ်းရေး အဆိုပြုချက်များကို တရားဝင်လက်ခံရန် ယူနီတာအုပ်စုအား တိုက်တွန်းပြီး လက်မခံလျှင် ယင်းအဖွဲ့အပေါ် ရေနံနှင့် လက်နက်ပိတ်ဆို့မှုများ ပြုမည်ဖြစ်ကြောင်း ပြောကြား လိုက်သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယလဝက်ပိုင်းတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အဆိုပြု ချက်များ အားလုံးနှင့် ပတ်သက်၍ သဘောတူညီချက်များ ရရှိခဲ့သည်။ သို့သော် ၄င်းတို့အား အကောင်အထည်ဖော်ရန် နည်းလမ်းများနှင့် ပတ်သက်၍ကား ပြေလည်မှု မရခဲ့ ကြပေ။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့တွင်မူ လုံခြုံရေး ကောင်စီက ယူနီတာအုပ်စုအနေဖြင့် အထက်ဖော်ပြပါ အဆိုပြုချက်များအားလုံးကို တရားဝင်လက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ယူနီတာပါတီ အပေါ် နောက်ထပ်တားမြစ်ပိတ်ဆို့မှုများ ချမှတ်မည်မဟုတ်ကြောင်း ကောင်စီက စက်တင်ဘာ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် – ၉၄၅(၁၉၉၄)ကို တညီတညွတ်တည်း ချမှတ် ခဲ့သည်။ သို့သော်လည်း အင်ဂိုလာတစ်နိုင်ငံလုံးတွင် စစ်ဆင်တိုက်ခိုက်မှုများ တိုးတက်ပြုလုပ်နေကြခြင်းကို ရှုတ်ချကြောင်း ဖော်ပြပြီး စစ်ဆင်မှုများကို ပြိုင်ဘက်အုပ်စု နှစ်စုလုံးက ရပ်ဆိုင်းကြရန် ထပ်လောင်းတောင်းဆို လိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အင်ဂိုလာ အစိုးရနှင့် ယူနီတာပါတီတို့သည် လူဆာကာမြို့၌ အင်ဂိုလာ ငြိမ်းချမ်းရေးအတွက် အခြေပြစာချုပ်တစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြရာ လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့ တွင် ကြိုဆိုခဲ့သည်။ အခြေပြစာချုပ်တွင် ရွေးကောက်ပွဲ ကျင်းပရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှု ပြဿနာပြီးစီးရေးအတွက် ပြဋ္ဌာန်းချက်များ ပါရှိသည်။

အခြေပြစာချုပ် ချုပ်ဆိုပြီးနောက် နှစ်ရက်ကြာသော အခါ အပစ်အခတ်ရပ်စဲမှု စတင်သက်ဝင် အတည်ဖြစ်ခဲ့ သည်။ တိုက်ခိုက်မှုများကျဆင်းသွားခဲ့သည်။ သို့သော်လည်း နိုဝင်ဘာ ၂၄ ရက်နေ့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွား လာ၍ ပိုမိုပြင်းထန်လာကြောင်း သတင်းများထွက်ပေါ်လာခဲ့ ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် – ၉၇၆ (၁၉၉၅) ကို ချမှတ်ပြီး၊ အင်ဂိုလာနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး အတွက် အင်ဂိုလာ စိစစ်ရေးမစ်ရှင်အဖွဲ့ ( ယူနာဗမ် – ၃) ဟူသော အမည်ဖြင့် အဖွဲ့သစ်တစ်ဖွဲ့ကို ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးတို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်တစ်လခန့်အကြာ မတ်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အင်ဂိုလာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှု များနှင့် ပတ်သက်သည့် တိုင်ကြားချက်များရရှိ၍ အထူးစိုးရိမ် မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

**မိုဇမ်ဘစ်ပြဿနာ ဖြေရှင်းပြီးပြတ်ခြင်း** – မိုဇမ်ဘစ် ပြည်တွင်းစစ်ပြဿနာနှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့ကပင် အထွေထွေငြိမ်းချမ်းရေး သဘောတူညီချက် တစ်ရပ်ကို မိုဇမ်ဘစ်အစိုးရ (ဖရီးလီမို ပါတီ) နှင့် မိုဇမ်ဘစ် အမျိုးသား တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ (ရီနာမို ) တို့က ရောမမြို့၌ ချုပ်ဆိုခဲ့ကြသည်။ ထိုနှစ် ဒီဇင်ဘာလမှာပင် ကုလသမဂ္ဂအဖွဲ့ကြီးက မိုဇမ်ဘစ် နိုင်ငံအတွင်း ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (အိုနူမော့ဇ်) ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

အထက်ပါ စာချုပ်တွင် မိုဇမ်ဘစ်ကာကွယ်ရေးတပ်ဖွဲ့ အသစ် တစ်ဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်တစ်ရပ်လည်း ပါရှိသည်။ သို့သော်လည်း ၁၉၉၄ ခုနှစ် နှစ်လယ်ပိုင်းအထိ ဤကိစ္စမှာ အကောင်အထည်မပေါ်သေးရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အစိုးရတပ်များအား စုစည်း၍ တပ်ဖြုတ် ခြင်းကို အလျင်အမြန် ပြုလုပ်ရန် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၇

ရက်နေ့တွင် တိုက်တွန်း ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မိုဇမ်ဘစ်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၇ မှ ၁၂ ရက် နေ့အထိ စေလွှတ်၍ အခက်အခဲရှိနေသော ကိစ္စများကို ညှိနှိုင်းဆောင်ရွက်စေခဲ့သည်။ ဩဂုတ် ၂၆ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က မိုဇမ်ဘစ်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အားတက်ဖွယ် အရေးကြီးသော တိုးတက်မှုများရှိ ကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

ထိုမှ နောက်နှစ်လခန့်အကြာတွင် မိုဇမ်ဘစ်နိုင်ငံ၌ ပထမဆုံး ပါတီစုံ ရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၇ မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ မှတ်ပုံတင်ထားသော ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းအနက် ၈၇ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်မဲဆန္ဒပေးသည့် သမ္မတ ရွေးကောက်ပွဲတွင် ထိုစဉ်က သမ္မတအဖြစ်ဆောင်ရွက်နေသူ သမ္မတ ဂျိုယာကင်ချစ်ဆာနိုက အနိုင်ရရှိ၍ ရီနာမိုပါတီ ဥက္ကဋ္ဌ အေဖွန်ဆိုဒါလိုကာယက ဒုတိယရှိခဲ့သည်။ ဥပဒေပြုရွေးကောက်ပွဲတွင်လည်း ဖရီးလီမိုပါတီက အမတ်နေရာ ၁၂၉ ဖြင့် အနိုင်ရရှိခဲ့ပြီး ရီနာမိုပါတီနှင့် ယူဒီပါတီတို့က ၁၀၉ နေရာနှင့် ၁၂ နေရာ အသီးသီးရရှိခဲ့ကြသည်။

ရွေးကောက်ပွဲများမှာ လွတ်လပ်၍တရားမျှတကြောင်း လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၆၀ (၁၉၉၄) ဖြင့် အတည်ပြုခဲ့သည်။ ထို့အပြင် မိုဇမ်ဘစ်ပါတီများအား ရွေးကောက်ပွဲရလဒ်များကို အလုံးစုံ လက်ခံကျင့်သုံးပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

မိုဇမ်ဘစ်နိုင်ငံ၏ ပါလီမန်အသစ်ကို မာပူတိုမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် ဖွင့်လှစ်ပြီး နောက်တစ်နေ့တွင် သမ္မတချစ်ဆာနိုအား ရာထူးပေးအပ်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂ၏ မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု တပ်ဖွဲ့ (အိုနူမော့ဇ်)၏ တာဝန်ခန်းသည် တရားဝင်ပြီးဆုံး ခြင်းသို့ ရောက်ရှိခဲ့လေသည်။

## လိုင်ဘေးရီးယား ပြည်တွင်းစစ်ပြဿနာ

အာဖရိကအနောက်ဘက် အလယ်ပိုင်း ပင်လယ်ကမ်းခြေရှိ လိုင်ဘေးရီးယားနိုင်ငံ၌ နိုင်ငံရေးအုပ်စု သုံးစုတို့ စပ်ကြား သုံးနှစ်ခွဲကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် ကိုတိုနိုငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့သော် အုပ်စုများက အချိန်ဆွဲမှုနှင့် အခက်အခဲများ ဖန်တီးခဲ့ကြသဖြင့် နောက်ထပ် သဘောတူညီချက်များ ဆက်လက် ပြုလုပ်ခဲ့ကြရသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လိုင်ဘေးရီးယား အမျိုးသားအသွင်ကူးပြောင်းရေး အစိုးရကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသော်လည်း နောက်ထပ်ခြောက်လကြာသည့်တိုင်အောင် အစိုးရအဖွဲ့ကို မတည်ထောင်နိုင်သေးဘဲ ရှိခဲ့ကြသည်။

အစပထမ၌ ကိုနိုထိုစာချုပ်အရ တိုးတက်မှုများရှိခဲ့သော်လည်း ၁၉၉၄ ခုနှစ်၊ ဧပြီလနောက်ပိုင်းတွင် လိုင်ဘေးရီးယားပြည်တွင်းအခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲကာ အုပ်စုများအချင်းချင်း တိုက်ခိုက်မှုများ တိုးတက်ပြင်းထန်လာပြီး ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့သည်။ ဤတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၆ မှ ၂၆ ရက်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ် မစ္စတာ လက္ခဒါဖြာမီဏီသည် လိုင်ဘေးရီးယားသို့ သွားရောက်ပြီး သက်ဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြိုင်ဘက်အုပ်စုပေါင်းစုံပါဝင်သော အစည်းအဝေးတစ်ရပ်ကို ဂါနာနိုင်ငံ ၊ အာကိုဆွမ်ဘိုမြို့၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေး လုပ်ငန်း ဖော်ဆောင်ရာ၌ နှောင့်နှေးခြင်းဖြစ်နေမှုများကို ဆွေးနွေးကြပြီး စက်တင်ဘာ ၁၂ ရက်နေ့တွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်ဖက်တွင် အာကိုဆွမ်ဘို သဘောတူစာချုပ်ကို ချုပ်ဆိုနေကြစဉ် တစ်ဖက်၌ ပြည်တွင်းတိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာပြီး စက်တင်ဘာ ၉ ရက်နေ့တွင် ကုလသမဂ္ဂစစ်ဘက် အကဲခတ်ပုဂ္ဂိုလ် ၄၃ ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခြောက်ဦးတို့ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ကြရပြီး စက်တင်ဘာ ၁၈ ရက်နေ့တွင်မှ လွတ်မြောက်လာခဲ့ကြသည်။ ဤတွင် ကုလသမဂ္ဂမှ အကဲခတ်မစ်ရှင်အဖွဲ့ (ယူနိုမီလ်)၏ အင်အားကို ၃၆၈ မှ ၉၀ ခန့်သို့ လျှော့ချခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအလယ်တွင် အတွင်းရေးမှူး ချုပ်က လိုင်ဘေးရီးယားဒေသသို့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ ဒေသခေါင်းဆောင်များနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် အက္ကရာမြို့၌ သဘောတူညီချက်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြသည်။

အထက်ပါစာချုပ်အရ အုပ်စုများစပ်ကြား အပစ်အခတ် ရပ်စဲမှုသည် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပြန်လည်အတည်ဖြစ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ လဦးပိုင်းတွင် ပြန်လည်ပျက်ပြားသွားခဲ့ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၇၂ (၁၉၉၅)ကို တညီတညွတ်တည်း ချမှတ်ပြီး လိုင်ဘေးရီးယားအုပ်စုများအနေဖြင့် အက္ကရာ သဘောတူစာချုပ်ရ နိုင်ငံတော်ကောင်စီသစ်တစ်ရပ် ဖွဲ့စည်းရေးတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သဘောတူညီမှုမရကြခြင်းကို အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

အမှန်စင်စစ် ပြည်တွင်းစစ်အဆုံးမသတ်နိုင်ဖြစ်နေခြင်းမှာ ပြိုင်ဘက်အုပ်စုများအချင်းချင်း နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌခန့်ထားရေးကိစ္စတွင် ဈေးဆစ်အငြင်းပွားနေကြခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုများ ရပ်တန့်နေလျှင် ကုလသမဂ္ဂအကဲခတ်မစ်ရှင်အဖွဲ့ ရုပ်သိမ်းရေးအပါအဝင် နည်းအမျိုးမျိုးဖြင့် အရေးယူဆောင်ရွက်ရန် စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး ချုပ် အက်စ်ဂျီကူယာတေခေါင်းဆောင်သော ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ကလည်း လိုင်ဘေးရီးယားအုပ်စုများစပ်ကြား နိုင်ငံရေးညှိနှိုင်း လိုက်လျောသဘောတူညီမှုမရရှိလျှင် နိုင်ငံတကာထောက်ပံ့ကူညီမှုများလည်း ရပ်ဆိုင်းသွားမည် ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက် ၁၀၀၁ (၁၉၉၅) ကို ချမှတ်ပြီး ငြိမ်းချမ်းရေးအတွက် တိုးတက်မှုမရှိလျှင် ကုလသမဂ္ဂအကဲခတ်အဖွဲ့၏ သက်တမ်းကို စက်တင်ဘာ ၁၅ ရက်နောက်ပိုင်းတွင် တိုးချဲ့မည်မဟုတ်ကြောင်း ကြေညာပြောဆိုခဲ့သည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့တွင် လိုင်ဘေးရီးယား အုပ်စုခေါင်းဆောင်များက တိုက်ခိုက်မှုများရပ်စဲပြီး တစ်နှစ်အတွင်း ရွေးကောက်ပွဲများကျင်းပကြရန် သဘောတူခဲ့ကြသည်။ အပစ်အခတ်ရပ်စဲမှုသည် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်နေ့တွင် အတည်ဖြစ်လာခဲ့သည်။ တစ်ဆက်တည်း အားဖြင့် စက်တင်ဘာ ၁ ရက်နေ့တွင် လိုင်ဘေးရီးယားနိုင်ငံ၏ နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းတည်ထောင်ပြီး အဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

## ဆိုက်ပရပ်ပြဿနာ ဖြေရှင်းရေး

၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၃၉ (၁၉၉၄) ကို ချမှတ်၍ ဆိုက်ပရပ်နိုင်ငံ တွင် အခြေအနေတိုးတက်မှု မရှိခြင်းမှာ လက်ခံနိုင်ဖွယ်မရှိ ကြောင်း ပြောကြားပြီး ယင်းနိုင်ငံအား တစ်ခုတည်းသော အချုပ်အခြာအာဏာ၊ တစ်မျိုးတစ်စားတည်းသော နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးအားဖြင့် တန်းတူညီမျှသော လူမျိုးစုနှစ်စုနှင့် နယ်မြေနှစ်ပိုင်း နှစ်ဒေသပါဝင်သော ပြည်ထောင်စု ဖယ်ဒရေးရှင်းနိုင်ငံ တစ်နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး နယ်မြေပိုင်းခြားခွဲထွက်၍ မည်သည့်နိုင်ငံနှင့်မျှ ပေါင်းစပ်ခြင်း မပြုရန်မှုကို ထပ်လောင်းအတည်ပြု ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂျိုကလပ်သည် ဆိုက်ပရပ်သို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် သွားရောက်၍ နှစ်ဖက်ခေါင်းဆောင်များနှင့် ဆွေးနွေး ညှိနှိုင်းခဲ့သော်လည်း သဘောထားကွဲလွဲမှုများရှိနေကြ၍ ပြဿနာဖြေရှင်းရေးမှာ တစ်ဆို့နေသောသဘောရှိကြောင်း ပြန်လည်တင်ပြခဲ့သည်။

ထို့နောက်တွင် အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဂရိနှင့်တူရကီဆိုက်ပရပ်ခေါင်းဆောင်များသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၃၁ ရက်နေ့အထိ ငါးကြိမ်တွေ့ဆုံကြပြီး ပြည်ထောင်စုဖယ်ဒရေးရှင်းနိုင်ငံ အမြန်ဆုံးတည်ထောင်ရေး နည်းလမ်းများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ယုံကြည်မှုတိုးပွားရေး စီမံချက်များဖော်ဆောင်ရေးကိစ္စများ အပါအဝင် ပြဿနာနှင့်သက်ဆိုင်ရာရေးရာ အထွေထွေကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အတွင်းရေးမှူးချုပ်သည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ များတွင် ဆိုက်ပရပ်ခေါင်းဆောင်များနှင့် တစ်ဦးချင်းစီ သီးခြားတွေ့ဆုံပြီး သူ၏ အထူးကိုယ်စားလှယ် မစ္စတာကလပ် အား ၁၉၉၅ ခုနှစ်၊ မတ်နှင့် မေလများတွင် ဆိုက်ပရပ်ဒေသသို့ စေလွှတ်ခဲ့သည်။ သို့သော် စေ့စပ်ဆွေးနွေးမှုများမှာ ခရီးမပေါက်ဘဲ တစ်ဆို့နေသည်ကိုပင် ထပ်မံတွေ့ရပြန်သည်။

လွန်ခဲ့သည့်နှစ်အတွင်း နှစ်ဦးနှစ်ဖက်တို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းနေကြသော်လည်း ဆိုက်ပရပ်နိုင်ငံတွင် နိုင်ငံခြားတပ်များ အဆမတန်များပြားစွာတည်ရှိနေခြင်းနှင့် ၄င်းတပ်များအား အလျင်အမြန်အားဖြည့်ပေးနေကြခြင်းကို စိုးရိမ်လျက်ရှိရကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက နိုင်ငံခြားတပ်များ၏

အရေးအတွက်နှင့် ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချကြရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။

## အာဖဂန်နစ္စတန် ပြည်တွင်းအခြေအနေ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၈/၂၀၈ အရ ဖွဲ့စည်းခဲ့သောအထူးမစ်ရှင်၏ ဆောင်ရွက်ချက်အရ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ရုံးကို ဂျာလာလာဘတ်မြို့တွင် ယာယီအားဖြင့် ဖွင့်လှစ်ထားရှိခဲ့ပြီးနောက် အတွင်းရေးမှူးချုပ်သည် ပါကစ္စတန်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်မှ ၈ ရက်နေ့အထိ သွားရောက်ကာ အာဖဂန်ခေါင်းဆောင်များနှင့် အခြား အရပ်သားအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက်တွင် ကုလသမဂ္ဂအထူးမစ်ရှင်အဖွဲ့ခေါင်းဆောင် မစ္စတာ မာမွတ်မက်စတီရီ၏ ကြိုးပမ်းမှုကြောင့် အာဖဂန်နိုင်ငံ၏ ပြည်တွင်းပြည်ပမှ လွတ်လပ်ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ၁၉ ရက်ကြာ အစည်းအဝေးတစ်ရပ်ကို ကွက်တာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့မှ စတင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ကိုယ်စား လှယ် ပေါင်းစုံပါဝင်သော အာဏာပိုင်ကောင်စီအဖွဲ့တစ်ဖွဲ့သို့ ဆောလျင်စွာ အာဏာလွှဲပြောင်းရေး၊ နိုင်ငံတစ်ဝန်းလုံးတွင် အပစ်အခတ်ရပ်စဲရေး၊ လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးနှင့် နောက်ပိုင်းတွင် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ထောက်ခံချက်များကို တင်ပြခဲ့ရာ ယင်း ထောက်ခံချက်များကို လုံခြုံရေးကောင်စီက နိုဝင်ဘာလတွင်လည်းကောင်း၊ အထွေထွေညီလာခံကြီးက ဒီဇင်ဘာ လတွင်လည်းကောင်း အတည်ပြုခဲ့သည်။

အထက်ပါတိုးတက်မှုများ ဖြစ်ပေါ်နေစဉ် သမ္မတဘာဟာနုဒင်ရာဘာနီက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ခြွင်းချက်ထား၍ အာဏာလွှဲပြောင်းပေးရန် ကမ်းလှမ်းခဲ့သည်။ ကုလသမဂ္ဂ အထူးမစ်ရှင်ခေါင်းဆောင် မစ္စတာမက်စတီရီသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အာဖဂန်နစ္စတန်ဒေသသို့ ပြန်လာပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် အာဏာပိုင်ကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သမ္မတ ရာဘာနီအပါအဝင် အဓိကခေါင်းဆောင် များနှင့် စေ့စပ်ဆွေးနွေးခဲ့ရာ သမ္မတရာဘာနီက ယင်း ကောင်စီဖွဲ့စည်းမည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် အာဏာစွန့်လွှတ်မည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထိုစဉ်မှာပင် အသစ်ဖွဲ့စည်းတည်ထောင်သော တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့များက စစ်ဆင်တိုက်ခိုက်ခဲ့ကြရာ အောင်မြင်မှုများ ရရှိကြသဖြင့် ကဘူးမြို့တော်၌ အာဏာပိုင်ကောင်စီဖွဲ့စည်းရေးမှာ နှောင့်နှေးသွားခဲ့ရသည်။ ယင်းတပ်ဖွဲ့အား ကောင်စီတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ကြသော်လည်း ၎င်းကဆောင်ရွက်မှုများတွင် တိုက်ရိုက်ပါဝင်ရန် ငြင်းပယ်ခဲ့ရာ အာဏာပိုင်ကောင်စီဖွဲ့စည်းမည့်နေ့ကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း ယင်းနေ့ရက်နှင့် နီးကပ်လာသည့်အချိန်တွင် နိုင်ငံရေး နှင့် စစ်ရေးအခြေအနေပြောင်းလဲမှုများ တိုးတက်ဖြစ်ပွား လာခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် ကဘူးမြို့နှင့် ပတ်ဝန်း ကျင် ဒေသများတွင် အုပ်စုကွဲများကြား တိုက်ခိုက်မှုများ အပြင်းအထန်အုံကြွ ဖြစ်ပွားလာခဲ့ပေသည်။ ဤတွင် ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့ပေရာ အတွင်းရေးမှူးချုပ်က မတ်လ ၈ ရက်နေ့တွင် ဖြစ်ပွားလာသော အခြေအနေကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြပြီး အပစ်အခတ်ရပ်စဲကြရန် ပြင်းပြစွာ မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ဤအတောအတွင်း ယူနီဆက်အဖွဲ့ကလည်း ပြည်တွင်းစစ်ကြောင့် အရပ်သူအရပ်သားအမြောက်အမြား ဆင်းရဲဒုက္ခရောက်ကြရပုံကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာက ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှစ၍ လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ခြင်း၊ လူပေါင်းနှစ်သန်းခွဲကျော် ဒဏ်ရာအနာတရဖြစ်ရခြင်း၊ သို့မဟုတ် မစွမ်းမသန်ဖြစ်ခဲ့ရခြင်း၊ လူပေါင်း ၆ သန်းခန့် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း၊ လူပေါင်း ၂ သန်းခန့် ပြည်တွင်း၌ အိုးပစ်အိမ်ပစ် အခြေပျက်အနေပျက်ဖြစ်ရခြင်းနှင့် ကဘူးမြို့ကြီးမှာ အများအားဖြင့် ပျက်စီးခဲ့ရခြင်း စသည်များကို ဖော်ပြထားပေသည်။

## အနောက်ဆာဟာရဒေသ ကိုယ်ပိုင် ပြဋ္ဌာန်းရေးကိစ္စ

အနောက်ဆာဟာရဒေသ ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျင်းပရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် က အချိန်ဇယားတစ်ရပ်အဆိုပြုခဲ့သော်လည်း ဖြစ်မြောက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ ပြောကြားချက်အရ ဆန္ဒမဲပေးခွင့်ရှိသူများအား စစ်ဆေးရေး လုပ်ငန်းအတွက်

အခြေခံပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သော်လည်း မိုရိုကိုနိုင်ငံက အာဖရိကညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)၏ သမာသမတ်ရှိမှုကို မေးခွန်းထုတ်လာသဖြင့် စစ်ဆေးရေးလုပ်ငန်းမှာ နှောင့်နှေးသွားခဲ့ရပြန်သည်။ မိုရိုကိုနိုင်ငံက အိုအေယူအနေဖြင့် ဆာရာဝီအာရပ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဟု ခေါ်ဆိုသောနိုင်ငံအား အသိအမှတ်ပြုခြင်းကို ကန့်ကွက် တင်ပြခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လကုန်တွင် ကုလသမဂ္ဂ၏ အနောက်ဆာဟာရ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးမစ်ရှင်အဖွဲ့ (မီနာဆို) က ဆန္ဒပေးရေးလျှောက်လွှာ ၇၅,၀၀၀ ကျော်ကို စိစစ်လျက်ရှိသည်။ ထိုနှစ် နိုဝင်ဘာလ အနှောင်းပိုင်းတွင် အတွင်းရေးမှူးချုပ်သည် အနောက်ဆာဟာရဒေသသို့ သွားရောက်ခဲ့ပြီး ဆန္ဒမဲပေးနိုင်သူများအား စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် အပြီးဆောင်ရွက်ပြီး ဆန္ဒခံယူပွဲကို ထိုနှစ်အောက်တိုဘာလတွင် ကျင်းပရန် အကြံပြုပြောကြားခဲ့သည်။

စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက လုပ်ငန်းပိုမိုလျင်မြန်စေရန် ဖိအားပေးခဲ့သည်။ လုပ်ငန်းလျင်မြန်စေရန် အတွက်လည်း ကောင်စီက ၁၉၉၅ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၇၃ (၁၉၉၅) ဖြင့် မီနာဆိုမစ်ရှင်အဖွဲ့၏ အင်အားကို တိုးချဲ့ ပေးခဲ့သည်။ သို့သော်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား စိစစ်ရေးလုပ်ငန်း၌ မျိုးနွယ်စုခေါင်းဆောင်များကို အချိန်မီ မရရှိနိုင်သဖြင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြန်သည်။ ထို့ကြောင့် အတွင်းရေးမှူးချုပ်အနေဖြင့် မူလအကြံပြုချက်ကို ပြင်ဆင်၍ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ပြီး ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပနိုင်ရာသည်ဟု ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် မျှော်မှန်းပြောဆိုခဲ့သည်။

ဤအတောအတွင်း ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ သက်ဆိုင်ရာ ပါတီများအား ကုလသမဂ္ဂနှင့် အပြည့်အဝ ပူးပေါင်းဆောင် ရွက်ကြရန် တောင်းဆိုခဲ့သည်။ သို့တစေလည်း မိုရိုကိုနိုင်ငံ၏ အရေးယူဆောင်ရွက်ချက်တစ်ရပ်ကြောင့် ပေါ်လီဆာရီယိုအုပ်စုက ဆန္ဒမဲပေးခွင့်ရှိသူများ စိစစ်ရေးလုပ်ငန်း ကို သပိတ်မှောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင်မှ ယင်းလုပ်ငန်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။ ဤတွင် စိစစ်ရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ရာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် လူပေါင်း ၅၀,၀၀၀ ခန့်ကို စစ်ဆေးပြီးစီးခဲ့သည်။ နောက်ဆုံးဖြစ်ပေါ်တည်ရှိသောအခြေအနေများအရ လုံခြုံရေးကောင်စီက အနောက်ဆာဟာရဒေသ၌ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် စတင်စေပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ် စောစောပိုင်းတွင် ကျင်းပရေးအတွက် အတည်ပြုသတ်မှတ်ရန် မျှော်လင့်ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပေသည်။

## အယ်ဆာဗေဒိုနိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်း စခန်းသိမ်းမှု

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသော ငြိမ်းချမ်းရေးစာချုပ်အရ ပဋိပက္ခဖြစ်နေကြသော အုပ်စုများစပ်ကြား နှစ်ပေါင်းများစွာဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်သည် ရပ်စဲသွားခဲ့ပြီး အယ်ဆာဗေဒိုနိုင်ငံတွင် ကုလ သမဂ္ဂအကူအညီဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ စနစ်တို့ ထွန်းကားတိုးတက်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များကို အပြည့်အဝ ဖော်ဆောင်ရေးမှာ အလုံးစုံချောမွေ့ခြင်းမရှိဘဲ ပြဿနာ အခက်အခဲများနှင့် ကြုံနေရဆဲပင်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များ အပြည့်အဝ ဖော်ဆောင်ရေးတွင် ကျန်ရှိနေသောကိစ္စများမှာ အမျိုးသားပြည်သူ့ရဲတပ်ဖွဲ့ကို အလုံးစုံဖြန့်ချရေး၊ အမျိုးသားရဲတပ်ဖွဲ့အား ဖျက်သိမ်းရေးကိစ္စကို ပြီးပြည့်စုံအောင်ဆောင်ရွက်ရေး၊ တရားစီရင်ရေးနှင့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲရေး၊ ယခင်တပ်ဖွဲ့ဝင်များအား မြေယာလွှဲပြောင်းပေးရေးနှင့် ၄င်းတပ်ဖွဲ့ဝင်များအား လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ ပြန်လည်သွင်းယူရန်အစီအစဉ်များ အပြီးသတ်ပြုလုပ်ပြဋ္ဌာန်းရေး စသည်တို့ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့တွင် ၁၉၉၂ ငြိမ်းချမ်းရေးစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသောကိစ္စများကို လုပ်ဆောင်ရေးအတွက် အယ်ဆာဗေဒိုသမ္မတ အာမန်ဒိုကယ်လ်ဒီရွန်ဆိုးလ်၏ အရေးယူဆောင်ရွက်ချက်များကို လုံခြုံရေးကောင်စီက ကြိုဆိုလိုက်သည်။ ထို့နောက် ၁၉၉၄ ခုနှစ်၊

အောက်တိုဘာ ၄ ရက်နေ့တွင် အယ်ဆာဗေဒိုအစိုးရနှင့် အတိုက်အခံပါတီ အက်ဖ်အမ်အယ်လ်အန်တို့က ငြိမ်းချမ်းရေး စာချုပ်ပါ ပြဋ္ဌာန်း ချက်များကို မဆိုင်းမတွချက်ချင်း အကောင်အထည်ဖော်ရေးအတွက် ပူးတွဲကြေညာချက် တစ်ရပ်ကို လက်မှတ် ရေး ထိုးခဲ့ကြသည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ မေ ၂၇ ရက်နေ့တွင် ချာပူတ်ပက် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ပါတီများက ယင်းစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသော လုပ်ငန်းများကို အပြီးအစီးပြုလုပ်ရေးအတွက် အစီအစဉ် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၉၁ (၁၉၉၅) ကို ချမှတ်ကာ အယ်ဆာဗေဒိုနိုင်ငံရှိ ကုလသမဂ္ဂ အကဲခတ် မစ်ရှင်အဖွဲ့ (အိုနူဆာ)၏ သက်တမ်းကို အဆုံးသတ်လိုက်သည်။

ယင်းမစ်ရှင်အဖွဲ့၏ နေရာတွင် အတွင်းရေးမှူးချုပ်၏ ထောက်ခံချက်အရ လုံခြုံရေးကောင်စီက အင်အားအနည်းငယ်ဖြင့် အယ်ဆာဗေဒိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ (မီနူဆာ) ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းအဖွဲ့သည် ၁၉၉၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။

## လက်နက်ဖျက်သိမ်းရေး

**၄၉ ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆောင်ရွက်ချက်များ** – အထွေထွေညီလာခံကြီး၏ ပထမကော်မတီက စစ်အေးလွန်ကာလလက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် ပြဋ္ဌာန်းချက် ၄၄ ခုနှင့် ဆုံးဖြတ်ချက်နှစ်ရပ်ကို အတည်ပြုခဲ့သည်။ ပြဋ္ဌာန်းချက် ၄၄ ခုအနက် ၂၃ ခုမှာ မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက် ၄၉/ ၇၅ (ကေ) ကို ချမှတ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးအား "နျူကလီးယားလက်နက်များအား မည်သည့်အခြေအနေ၌မဆို အသုံးပြုရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း" ကို အပြည်ပြည်ဆိုင်ရာ ဥပဒေက ခွင့်ပြုခြင်း ရှိ– မရှိ အကြံဉာဏ်ပေးရန် တောင်းခံခဲ့သည်။

အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်၄၉/၇၀ ကို ချမှတ်ပြီးလျှင် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်တွင် ပါဝင်တက်ရောက်နေကြသော နိုင်ငံများအားလုံး အထူးသဖြင့် နျူကလီးယားလက်နက်နိုင်ငံများအား အဘက်ဘက်ပြည့်စုံ၍ နိုင်ငံအားလုံးပါဝင်ပြီး၊ နိုင်ငံများအနေဖြင့် ထိရောက်စွာ စစ်ဆေးအတည်ပြုနိုင်သော နျူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး၊ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးကို ဦးစားပေး၍ အပြင်းအထန် စေ့စပ်ဆွေးနွေးကြရန် တိုက်တွန်းလိုက်သည်။ ထို့ပြင် နျူကလီးယားလက်နက်များအား နောက်ဆုံးတွင် လုံးဝဖျက်သိမ်းရေး (၄၉/ ၇၅ အိပ်ချ် ) နှင့် နျူကလီးယားလက်နက်များ အသုံးပြုခြင်းကိုတားမြစ်ပိတ်ပင်ရေး ကွန်ဗင်းရှင်း ချုပ်ဆိုရေး (၄၉/၇၆ အီး ) ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။

**သမားရိုးကျ လက်နက်များကိစ္စ**– ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံက လူများအားထိခိုက်သေကျေဒဏ်ရာ အနာတရဖြစ်စေသော မြေမြှုပ်ဗုံးများ ပြည်ပသို့ တင်ပို့ခြင်းကို ပိတ်ပင်မှု မပြုလုပ်ရသေးသော နိုင်ငံများအား အမြန်ဆုံး ကြေညာပိတ်ပင်ကြရန် တိုက်တွန်းလိုက်သည် (ဆုံးဖြတ်ချက် – ၄၉/ ၇၅ ဒီ )။

**အန္တာတိတ်ဒေသအား အသုံးပြုမှု သတ်မှတ်ချက်** – အထွေထွေ ညီလာခံကြီးက ဆုံးဖြတ်ချက်– ၄၉/၈၀ ကို ချမှတ်ပြီးလျှင် အန္တာတိတ်သမုဒ္ဒရာဒေသကို အခါခပ်သိမ်းငြိမ်းချမ်းရေး ကိစ္စတစ်ခုတည်းအတွက်သာ အသုံးပြုကြရန်နှင့် ယင်းဒေသအား အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားရာ ဒေသတစ်ခု ဖြစ်မလာစေသင့်ကြောင်း အတည်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်မှာ ဆယ်နှစ်ထက်မက ပိုမိုကြာမြင့်ခဲ့သော အချိန်ကာလအတွင်း ပထမဆုံးအကြိမ်ချမှတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

## ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် (၁၉၉၅)

အဖွဲ့ဝင် ၃၈ ဦးပါဝင်သည့် ဤကွန်ဖရင့်၏ ၁၉၉၅ ခုနှစ်အတွက် ပထမပိုင်းအစည်းအဝေးကို ဂျီနီဗာမြို့၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ မှ ဧပြီ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေး စတင်ဖွင့်လှစ်သည့်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက အစည်းအဝေးသို့ အမှာစကားပြောကြားရာ၌ "ဒေသဆိုင်ရာ အရေးအခင်းများနှင့် ဒေသစိတ်ဆိုင်ရာ အရေးအခင်းများ တိုးတက်ဖြစ်ပွားလာနေသည့်အခြေအနေတွင်လက်နက်များ စီးဆင်းနေမှုနှင့် လူများအား အစုအပြုံလိုက် သေကျေပျက်စီး စေနိုင်

သော လက်နက်များ ပြန့်ပွားမှုကို ရပ်စဲစေရန် ကျွန်ုပ်တို့၏ စုပေါင်းဆောင်ရွက်အားထုတ်မှုများသည် ပို၍ပင် အရေးကြီးလာပြီဖြစ်ကြောင်း" ဟူ၍ တင်ပြခဲ့ပေသည်။

အစည်းအဝေးကျင်းပနေချိန်အတွင်း ချူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး လုပ်ငန်းကော်မတီက အနာဂတ်တွင် ချုပ်ဆိုမည့် စာချုပ်အတွက် ပြဋ္ဌာန်းချက်များကို အချောကိုင်ပေးပြီး ပြန်လည်ပြုပြင်ထားသော စာကြမ်းတစ်စောင်ကို နောက်ဆုံးတွင် အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်း ဤအရေးတွင် အဓိကကျသော ပြဿနာအချို့မှာ ဖြေရှင်းမရ ကျန်နေပေသေးသည်။

**ထူးခြားသည့် ကတိပြုချက် –** ဤအစည်းအဝေး၏ အဆုံးသတ်တွင် ထူးခြားသည့်မှတ်သားဖွယ်ဖြစ်ပေါ်မှုမှာ ကျူးကျော်ဝင်ရောက်မှုပြုခြင်းခံရသည့်ကိစ္စ သို့မဟုတ် အခြားနည်း တိုက်ခိုက်ခြင်းခံရသည့်ကိစ္စတွင်မှတစ်ပါး ၁၉၇၀ ပြည့်နှစ် ချူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) တွင် ပါဝင်သည့် ချူကလီးယားလက်နက်မဲ့ နိုင်ငံများအပေါ် ချူကလီးယားလက်နက်များ အသုံးမပြုရန် ကတိပြုချက် တစ်ရပ်ကို ပေးခဲ့ကြခြင်းပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ၁၉၉၅ ခုနှစ်၊ ဧပြီ ၆ ရက်နေ့တွင် ပြင်သစ်၊ ရုရှား ဖယ်ဒရေးရှင်း၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံတို့က ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ကြပြီးလျှင် ချူကလီးယား လက်နက်များ မပြန့်ပွားရေးစာချုပ်ကို ခြွင်းချက်မရှိ၊ အချိန် အကန့်အသတ်မရှိ၊ ဆက်လက်တည်ရှိနေစေရန် တိုက်တွန်းတောင်းဆိုလိုက်ကြသည်။ တရုတ်ပြည်က ယင်းစာချုပ်ကို "ချောမောပြေပြစ်စွာ သက်တမ်းတိုးချဲ့ရေး "ကို ထောက်ခံ ခဲ့သည်။ ဤတွင် တရုတ်ပြည်သည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို ချူကလီးယား လက်နက်များကို ပထမဆုံးသုံးမည်မဟုတ်ကြောင်း၊ ထို့အပြင် ၄င်းလက်နက်များကို ချူကလီးယားလက်နက်မဲ့နိုင်ငံများ သို့မဟုတ် ချူကလီးယား လက်နက်ကင်းရှင်းသော ဒေသများအပေါ် အသုံးပြုမည်မဟုတ်၊ သို့မဟုတ် အသုံးပြုရန်ခြိမ်းခြောက်မည် မဟုတ်ကြောင်း ကတိပြု ပြောကြားခဲ့ပေသည်။

## အန်ပီတီစာချုပ် ပြန်လည်သုံးသပ် သက်တမ်းတိုးရေး ကွန်ဖရင့်

ချူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) ကို ၁၉၆၈ ခုနှစ် ၊ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ယင်းစာချုပ်သည် ၁၉၇၀ ပြည့်နှစ်၊ မတ်လတွင် အာဏာသက်ဝင် အတည်ဖြစ်လာခဲ့သည်။ ထိုစဉ်က ယင်းစာချုပ်ကို ၉၇ နိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးပြီး ၄၇ နိုင်ငံတို့ကအတည်ပြုခဲ့ကြသည်။ ယခုအခါ၌ အဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၇၈ နိုင်ငံ ရှိနေပြီဖြစ်သည်။

အထက်ပါစာချုပ်၏ သက်တမ်းကို ၂၅ နှစ်ထား၍ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ရာ ယင်းစာချုပ်အား သက်တမ်းအပိုင်းအခြားမရှိ တိုးချဲ့မည်လော၊ သို့တည်းမဟုတ် ကန့်သတ်ထားသော အချိန်ကာလပိုင်းတစ်ခုခုအတွက် ဖြစ်စေ၊ အချိန်ကာလပိုင်းများအတွက်ဖြစ်စေ တိုးချဲ့မည်လော ဟူသော အချက်ကို ဆုံးဖြတ်ရန်အတွက် ဆွေးနွေးသုံးသပ်ရေး မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၅ ခုနှစ် ၊ ဧပြီ ၁၇ ရက်မှ မေ ၁၂ ရက်နေ့အထိ စီစဉ်ကျင်းပခဲ့သည်။ ဤအစည်းအဝေးကြီးမှ ဆွေးနွေးစဉ်းစားရန်အတွက် အကြောင်းအရာ ၂၁ ခု ပါဝင်သော အစီအစဉ် မူကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးကော်မတီက တင်ပြခဲ့သည်။

ချူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် သုံးသပ်သက်တမ်းတိုးရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်တွင် စတင်ဖွင့်လှစ်ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီ၊ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ဟန်း(စ်) ဘလစ်တို့က မိန့်ခွန်းစကားများ ပြောကြားခဲ့ကြသည်။ အတွင်းရေးမှူးချုပ်က ပြောကြားရာ၌ ချူကလီးယား လက်နက်မဲ့ နိုင်ငံများသည် ချူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရသော နိုင်ငံများ ဖြစ်မည်မဟုတ်ဟူ၍ ချူကလီးယားအင်အားကြီးနိုင်ငံများက ချူကလီးယား လက်နက်မဲ့နိုင်ငံများအား ပေးထားသော အာမခံချက်ကို ပိုမိုခိုင်မာအောင် ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။

အန်ပီတီစာချုပ်ရေးရာများကို ၂၄ ရက်တိုင်တိုင် အချေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် ယင်းစာချုပ်အား အချိန်ကာလအပိုင်းအခြား အကန့်အသတ်မထားဘဲ သက်တမ်းတိုးချဲ့ရန် အစည်းအဝေးတက်ရောက်ကြသော နိုင်ငံများက မဲဆန္ဒမခွဲဘဲ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်လိုက်ကြသည်။

ယင်းဆုံးဖြတ်ချက်၌ ချူကလီးယားလက်နက်မဲ့ နိုင်ငံများအနေဖြင့် ကျေနပ်မှုရှိစေရန်အလို့ငှာ လက်နက်ဖျက်

သိမ်းရေး အစီအစဉ်များကို တွဲဖက်ထည့်သွင်းထားသည်။ ယင်းတို့မှာ နောက်နှစ်တွင် နျူကလီးယားလက်နက် စမ်းသပ်မှုများ တားဆီးရေးစာချုပ်ကို ချုပ်ဆိုကြရန်နှင့် လက်နက်ဖျက်သိမ်းရေးအစီအစဉ် တိုးတက်မှုကို တစ်ကြိမ်နှစ်ကြိမ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။

## လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ

ကုလသမဂ္ဂအဖွဲ့ကြီးမှ စီစဉ်ပြုလုပ်သော လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တော်၌ ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပပြီးလျှင် ဆင်းရဲမွဲတေမှုကို ကမ္ဘာနှင့်အဝန်းအရေး တကြီး တိုက်ဖျက်ရေး၊ထုတ်လုပ်မှုကောင်းမွန်သော အလုပ်သမားများ တိုးချဲ့ရေး၊ အလုပ်လက်မဲ့ဖြစ်ရမှု လျှော့ချရေးနှင့် လူမှုသိမ်းသွင်းပေါင်းစပ်မှုများ တိုးတက်ရေးကိစ္စများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ဤညီလာခံသည် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များ အများဆုံးတက်ရောက်ခဲ့သော ထိပ်သီးအစည်းအဝေးကြီးဖြစ်သည်။ နိုင်ငံစုစုပေါင်း ၁၈၇ နိုင်ငံ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြရာ ၁၁၇ နိုင်ငံကို နိုင်ငံ သို့မဟုတ် အစိုးရအကြီးအကဲများက ကိုယ်စားပြုခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဤနိုင်ငံ ခေါင်းဆောင်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း ၈၁၁ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၂၃၁၅ ဦးလည်း ပါဝင်ခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်မှ စာနယ်ဇင်း ရေဒီယို ရုပ်မြင်သံကြား လူထုဆက်သွယ်ရေး အဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၂၅၀၀ ကျော်တို့ လာရောက်ပြီးသတင်းများ ဖြန့်ချိခဲ့ကြသည်။

ထိပ်သီးညီလာခံ အဖွင့်မိန့်ခွန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရိုစ်ဂါလီက "ယနေ့ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာပေါ်၌ လူမှုရေးတရားမျှတမှု မရှိခြင်းများ၊ ဝိုင်းပယ်မှုများနှင့် ဆင်းရဲမွဲတေမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက်ရှိကြကြောင်း၊ ကမ္ဘာတစ်လွှားရှိနိုင်ငံများနှင့် လူမျိုးများ၊ အမျိုးသားနှင့်အမျိုးသမီးများအတွက် မျှော်လင့်အားတက်ဖွယ်ဖြစ်စေရန် ကမ္ဘာ့အဆင့်တွင် လူမှုဆက်ဆံရေး ပဋိညာဉ်သစ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး နောက်ဆုံးနေ့တွင် ထိပ်သီးညီလာခံကြီးက လူမှုဖွံ့ဖြိုးရေးနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ ကိုပင်ဟေဂင်ကြေညာချက်ကို အတည်ပြုချမှတ်ခဲ့သည်။ ဤကြေညာချက်၌ ကုလသမဂ္ဂအဆင့်၌လည်းကောင်း၊ အမျိုးသားနှင့် နိုင်ငံတကာ အဆင့်များ၌လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံများစပ်ကြား၌လည်းကောင်း မညီမျှမှုများအား အမြစ်ဖြုတ်သုတ်သင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို မြေတောင်မြှောက်ပေးရေးအတွက် စီမံချက်များကို ထောက်ခံဖော်ပြထားသည်။

ဤထိပ်သီးညီလာခံက ဆင်းရဲမွဲတေမှု အမြစ်ဖြုတ်သုတ်သင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်တစ်ခု သတ်မှတ်ကြေညာရန် ကုလသမဂ္ဂအထွေထွေညီလာခံအား တောင်းဆိုသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကောင်စီအား ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးတွဲအစည်းအဝေးများ ကျင်းပရန် အကြံပြုထောက်ခံခဲ့ပေသည်။

## စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးကွန်ဖရင့်များကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့တော်၌ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ကိုပင်ဟေဂင်မြို့တော်၌ ဒုတိယအကြိမ်၊ ၁၉၈၅ ခုနှစ်တွင် နိုင်ရိုဘီမြို့တော်၌ တတိယအကြိမ် ကျင်းပခဲ့ပြီး ဖြစ်သည်။

ယခုစတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကုလသမဂ္ဂ၏ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်က တာဝန်ယူဦးဆောင်၍ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၄ မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပခဲ့သည်။ ညီလာခံ၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးများ၏ တိုးတက်ရေးအတွက် စဉ်းစားကြံစည်မှုများကို စုစည်းပေါင်းစပ်ရာ၌ ကမ္ဘာတစ်လွှား အမျိုးသမီးများ၏ တိုးတက်မှုကို ဟန့်တားပိတ်ပင်ထားသော အဓိကရေးရာများကို အဓိကဖော်ညွှန်းသော လုပ်ငန်းစဉ်အခြေခံ (**Platform for Action**)တစ်ရပ်ကို အတည်ပြုချမှတ်ရေး၊ သက္ကရာဇ် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်များအတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အမျိုးသမီးများ တိုးတက်ရေးအတွက် ဦးစားပေးရမည့် လုပ်ငန်းစီမံချက်များကို ဆုံးဖြတ်သတ်မှတ်ရေးနှင့် ယင်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မူဝါဒ

ချမှတ်နိုင်သောအပိုင်းနှင့် သာမန်လူထု လူတန်းစား အပိုင်းများတွင် ရှိကြသော အမျိုးသမီး အမျိုးသားများအား စည်းရုံးပေါင်းစည်းရေးတို့ပင် ဖြစ်သည်။

အထက်ပါ ညီလာခံကြီးသို့ နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ စက်တင်ဘာ ၄ ရက်နေ့ နံနက်တွင် ကျင်းပသည့် ညီလာခံအကြို အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာအစ္စမတ်ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် ညီလာခံက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဒုတိယဥက္ကဋ္ဌ မဒမ်ချင်မူဟုအား ညီလာခံ သဘာပတိအဖြစ် တင်မြှောက်ခဲ့ကြသည်။

ကမ္ဘာ့အမျိုးသမီးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာခေါင်းဆောင်များက ကမ္ဘာ့အမျိုးသမီးများအတွက် တန်းတူရည်တူရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသည့် အရေးကြီးသည့် အချက်သုံးချက်ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဤညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်လူမှုဝင်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ နိုင်ငံတကာဆွေးနွေးမှုအစီအစဉ်၌ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် မြန်မာအဖွဲ့ခေါင်းဆောင်က မိန့်ခွန်းစကားပြောကြားရာ၌ ယနေ့ကမ္ဘာတစ်လွှားရှိအမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲများနှင့် မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးများ၏ လူမှုရေးအဆင့်အတန်းနှင့် လူမှုဆက်ဆံရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာအမျိုးသမီးများ၏ လူမှုအခြေအဆင့်ကို တင်ပြရာ၌ ဝန်ကြီးဗိုလ်ချုပ်စိုးမြင့်က ၁၉၉၄–၉၅ သန်းခေါင်စာရင်းအရ ယနေ့မြန်မာနိုင်ငံ၏ လူဦးရေ ၄၄ ဒသမ ၇၄ သန်းအနက် ၂၂ ဒသမ ၅၂ သန်းရှိသော မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူရှိမှုကို မွေးရာပါအခွင့်အရေးတစ်ရပ်အဖြစ် ရရှိထားကြောင်း၊ မြန်မာအမျိုးသမီးများအဖို့ အလုပ်လုပ်ကိုင်ရာ၌ လူမှုရေးနှင့်ဝလေ့ထုံးစံ အတားအဆီးအကန့်အသတ်မရှိကြောင်း တင်ပြခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ယခုအမျိုးသမီးညီလာခံကြီး၌ ကမ္ဘာ့အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲများအား ရင်ဆိုင်ကျော်လွှားရေးအတွက် အကြံပြုချက်များပါဝင်မည့် လုပ်ငန်းလမ်းစဉ်အခြေခံ (**Platform for Action** )ကို အောင်မြင်စွာအတည်ပြုချမှတ်နိုင်ရေး အတွက် ဆွေးနွေး ညှိနှိုင်းကြရာ၌ နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ် တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤညီလာခံကြီးက ကဏ္ဍ ၁၂ ရပ်ပါရှိသည့် “ပီကင်းကြေညာချက်နှင့် လုပ်ငန်းလမ်းစဉ် အခြေခံ” ကို အတည်ပြုချမှတ်ခဲ့ပေသည်။

## အကြိမ် ၅၀ မြောက် ကုလသမဂ္ဂညီလာခံ

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြိမ် ၅၀ မြောက် အစည်းအဝေးကြီးကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

ညီလာခံကို ၄၉ ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိ အိုင်ဗော်ရီကို့စ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီက ဖွင့်လှစ်ပေးပြီးနောက် အကြိမ် ၅၀ မြောက် ညီလာခံသဘာပတိအဖြစ် ပေါ်တူဂီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ပါမောက္ခ ဒိုင်အိုဂိုဖရိတ်တပ်ဒိုအန်မာရယ်အား အထွေထွေညီလာခံကြီးက တင်မြှောက်ခဲ့သည်။

အကြိမ် ၅၀ မြောက် ညီလာခံကြီး၏ ယာယီအစည်းအဝေး အစီအစဉ်တွင် ညီလာခံကြီးက ဆွေးနွေးဆောင်ရွက်ဆုံးဖြတ်ရန် အကြောင်းအရာ ၁၆၄ ခု ပါဝင်သည်။

အကြိမ် ၅၀ မြောက် ကုလသမဂ္ဂ ညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ ညီလာခံတက်ရောက်ကြသည့် ၁၈၅ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မျက်မှောက် ကမ္ဘာ့ရေးရာအဖြာဖြာကို သုံးသပ်ဆွေးနွေးကြသည်။ အထွေထွေဆွေးနွေးမှု အစီအစဉ်၌ ဝန်ကြီး ဦးအုံးကျော်က ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ဤမိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအထိ သက်တမ်းနှစ် ၅၀ အတွင်း ကမ္ဘာ့သူကမ္ဘာ့သားများအကျိုးအတွက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဖွဲ့ကြီးကိုလည်း ခေတ်အခါကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာသည်ကို မြန်မာနိုင်ငံက အားရကျေနပ်ကြိုဆိုကြောင်း ဖော်ပြကာ မြန်မာနိုင်ငံ၌ မကြုံစဖူးငြိမ်းချမ်း တည်ငြိမ်လျက်ရှိပြီး အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပုံကို ကိန်းဂဏန်း စာရင်းဇယား အပြည့်အစုံဖြင့် ပီပြင်စွာ တင်ပြခဲ့ပေသည်။

## ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့မည့်အချိန် ၁၉၄၄ ခုနှစ်၊ ဩဂုတ်–စက်တင်ဘာလများအတွင်း ဝါရှင်တန်မြို့ ဒန်ဘာတန် အုတ်ဂေဟာ၌ ဆွေးနွေးကြ၍ ဆန်ဖရန်စစ္စကိုမြို့၌ ဧပြီ ၂၅ မှ ဇွန် ၂၆ အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတည်ထောင်ရေး ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေးတွင် ရေးသားပြုစုကာ အစည်းအဝေး နောက်ဆုံးနေ့ (ဇွန် ၂၆ ရက်) တွင် ပါဝင်တက်ရောက်ကြသော ၅၁ နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလ သမဂ္ဂ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ အစိုးရများ က ၁၉၄၅ ခုနှစ်၊အောက်တိုဘာ ၂၄ ရက်နေ့တွင် လက်ခံ အတည်ပြုသည့်အခါ တရားဝင်ဖြစ်တည် ပေါ်ပေါက်လာသော ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် သက်တမ်း (၅၀) ပြည့်မြောက်လာခဲ့ရာ ဤအခါ သမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ကို ၎င်း၏ဌာနချုပ်၌ ကျင်းပမည် ဖြစ်သည့်အပြင် ယနေ့တည်ရှိသော အဖွဲ့ဝင် ၁၈၅ နိုင်ငံတို့၌ လည်း ဆင်ယင် ကျင်းပကြရန် စည်းရုံးလှုံ့ဆော်ခဲ့ ပေသည်။

**နှစ် ( ၅၀) မြောက် အထိမ်းအမှတ် ကြေညာချက်** – ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးလျှင် ထိုစစ်ကြီးအတွင်း အသက်ဆုံးရှုံးခဲ့ရသော ပြည်သူသန်းပေါင်းများစွာတို့အား အလေးပြု၍ စစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့သူများအား ကျေးဇူးတင်သတိရကြောင်း ဖော်ပြပြီး အနာဂတ်တွင် လူသားများအတွက် စစ်အန္တရာယ် များ မကြုံတွေ့ရစေရန် ထပ်မံအဓိဋ္ဌာန်ပြုကြောင်း ကြေညာ လိုက်သည်။

## ကုလသမဂ္ဂ နှစ် (၅၀ ) ပြည့် အထိမ်းအမှတ် အထူး အစည်းအဝေး

ဤအထူးအစည်းအဝေးအတွက် အချိန်ကာလကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ သုံးရက်ကြာ သတ်မှတ်၍ နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ် တွင် ကျင်းပခဲ့ရာ နိုင်ငံ ၁၅၀ ကျော်မှ ဘုရင်မင်းမြတ်များ၊ သမ္မတများ၊ နိုင်ငံအကြီးအကဲများ၊ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ဤနိုင်ငံနှင့် အစိုးရအကြီးအကဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကုလသမဂ္ဂအဖွဲ့ကြီး၏ အတိတ်ကာလမှ သင်ခန်းစာများ၊ အောင်မြင်မှုများ နှင့် အနာဂတ်အတွက် မျှော်မှန်းချက်များကို သုံးသပ် ဆွေးနွေးခဲ့ကြသည်။

အထက်ပါကုလသမဂ္ဂ နှစ် (၅၀ ) ပြည့်အထိမ်းအမှတ် အထူးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်ပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် မိန့်ခွန်းစကားပြောကြားရာ၌ “မြန်မာနိုင်ငံ အနေဖြင့် ပဋိညာဉ်စာတမ်းကြီး၏ မူများနှင့် ဦးတည်ချက်များကို လုံးလုံးလျားလျား ထောက်ခံကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ဆက်ဆံရေးအတွက် အချက်အချာကျသော ကိရိယာ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမည်ဟု သဘောရရှိကြောင်း၊ လက်ရှိအနေအထား၌ ပြီးပြည့်စုံခြင်း မရှိစေကာမူ ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားများ၏ အနာဂတ်အတွက် မျှော်လင့်အားထား စရာ နိုင်ငံတကာအဖွဲ့ကြီးပင်ဖြစ်ကြောင်း:” ဟူ၍ လည်းကောင်း၊ “ကျွန်တော်တို့ ကြုံတွေ့နေရသော နိုင်ငံတကာ အခြေအနေသစ်များကြောင့် ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ပြဿနာအဖုံဖုံ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ရန် အင်အားခိုင်မာမှု အလျှင်အမြန်လိုအပ်နေပြီ ဆိုသော အချက်များ ပေါ်လွင်နေကြောင်း:” ဟူ၍လည်းကောင်း အကြံပြုတင်ပြခဲ့သည်။ ထို့နောက်

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရည်ညွှန်းသုံးသပ်ရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မောင်အေးက "လုံခြုံရေးဆိုသည်မှာ ပြည်တွင်းရေးကိစ္စရပ်၌ ပြင်ပက ဝင်ရောက်စွက်ဖက်မှု၊ ဖိအားပေးမှုများ ကင်းရှင်းရခြင်းကို ဆိုလိုကြောင်း ပဋိညာဉ်စာတမ်း၌ ဖော်ကျူးထားသော အခြေခံမူကြီးများကို တိတိကျကျလိုက်နာဆောင်ရွက်မှသာ နိုင်ငံများအတွက် လုံခြုံမှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပေသည်။

**မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ် ကျင်းပခြင်း** – ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကို ကုလသမဂ္ဂဌာနချုပ်တွင်သာမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌လည်း ထူးခြားကျယ်ပြန့်စွာ ကျင်းပကြရန် အဖွဲ့ဝင်နိုင်ငံများသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံခဲ့သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီကို ၁၉၉၅ နှစ်ဦးပိုင်းကပင် ဖွဲ့စည်းကာ ယင်းအထိမ်းအမှတ်ကို "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျွန်ုပ်တို့ပြည်သူများ ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအတွက် စည်းလုံးခဲ့ကြပြီ "ဟူသော ဆောင်ပုဒ်နှင့်အညီ "ကုလသမဂ္ဂ ရက်သတ္တပတ်ကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၂၄ ရက်အထိ ကျင်းပရန်" စီစဉ်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပုံမှန်ကျင်းပခြင်းမျိုး မဟုတ်ဘဲ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူတိုင်းကုလသမဂ္ဂ၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လာအောင် စီစဉ်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၀ ရက်နှင့် အောက်တိုဘာ ၁၈ ရက်နေ့များတွင် လမ်းညွှန်ပြော ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြပွဲများ၊ ဟောပြောပွဲများ၊ ပန်းချီတတ်ပုံပြိုင်ပွဲများ၊ စာစီစာကုံး ပြိုင်ပွဲများ၊ ကျောင်းတွင်းကျောင်းပြင်ကျောင်းပေါင်းစုံ ဥာဏစွမ်းရည်ပန်းချီနှင့် အကပြိုင်ပွဲများကျင်းပခဲ့သည့်အပြင် ရုပ်ရှင်ကားများရိုက်ကူးပြသခြင်း၊ အထူးစာပို့ တံဆိပ်ခေါင်းထုတ်ဝေခြင်း စသည့်အစီအစဉ်များ ပြုလုပ်ကျင်းပခဲ့ကြသည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ညစာစားပွဲကို ၁၉၉၅ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့ ညနေတွင်ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးတို့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ကြသည်။ ဤအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နှစ်(၅၀) ပြည့် ကုလသမဂ္ဂအထိမ်းအမှတ်နေ့သဝဏ်လွှာကို အထက်ပါအမျိုးသားကော်မတီ ဥက္ကဋ္ဌက ဖတ်ကြားသည်။ ယင်းသဝဏ်လွှာ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးက "ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကျွန်ုပ်တို့၏ ယုံကြည်အားထားမှုကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ ရည်မှန်းချက်ကြီးများနှင့် အခြေခံမူကြီးများအပေါ် ထားရှိသော ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုကို လည်းကောင်း ထပ်လောင်းအတည်ပြုပါကြောင်း" ဖော်ပြခဲ့ပေသည်။

ထို့နောက် ဆက်လက်၍ အောက်တိုဘာ ၂၄ ရက်နေ့တွင် ကျရောက်သည့်နှစ် (၅၀) ပြည့်ကုလသမဂ္ဂနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ခေတ္တဆက်သွယ်ညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် ဒေါက်တာကလော့စ် ဝဂ္ဂနာက ဖတ်ကြားခဲ့ပေသည်။

**ကုလသမဂ္ဂသို့ မြန်မာနိုင်ငံမှ အထိမ်းအမှတ် ငွေဖလားလက်ဆောင်** – ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီက သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ပညာရှင်များအားထုတ်လုပ်စေခဲ့သော ငွေဖလားကြီးတစ်လုံးကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သည်။ ငွေဖလား

ကြီးမှာ ငွေစင်အလေးချိန် ၄၄၄၇ ဒသမ၄၀ ဂရမ်ရှိ၍ အတိုင်းအတာအားဖြင့် အကျယ် ၄၅ ဒသမ ၇၂ စင်တီမီတာနှင့် အမြင့် ၂၄ ဒသမ ၇၇ စင်တီမီတာဖြစ်သည်။ ငွေဖလားကြီးတွင် ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ဆောင်ပုဒ်ကို ရေးထိုးထားပြီး ကျောက်စိမ်းလုံးချော ငါးလုံး စီခြယ်တပ်ဆင်၍ ခြသေ့်နှစ်ကောင်ပုံကို ပုဂံခေတ်(အေဒီ-၁၁ ရာစု) ရိုးရာပန်းချီဒီဇိုင်းများ ဝိုင်းရံထုလုပ်ထားသည်။ ထိုငွေဖလားကြီးကို အကြိမ် (၅၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးအုံးကျော် ၁၉၉၅ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့သို့ ယူဆောင်သွားပြီး ကုလသမဂ္ဂဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပေသည်။

ထိုမှတစ်ပါး မြန်မာနိုင်ငံမှ ရွှေချည်ထိုးပန်းချီကားချပ်ကြီး တစ်ခုကိုလည်း ကုလသမဂ္ဂဌာနချုပ်သို့ မေတ္တာလက်ဆောင် အဖြစ်ပေးပို့အပ်နှင်းခဲ့ပေသည်။

## လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်ထားခြင်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ၅ နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် နှစ်စဉ်ရွေးချယ်ခန့်ထားသည့် လုပ်ထုံးလုပ်နည်းအရ အကြိမ် ၅၀ မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင်ချီလီ၊ အီဂျစ်၊ ဂီနီဘီဆော၊ ပိုလန်နှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) တို့အား ၁၉၉၆ခုနှစ်၊ ၊ ဇန်နဝါရီ ၁ ရက်နေ့မှ စ၍ အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် နိုင်ငံများအဖြစ် စတင်တာဝန်ထမ်းဆောင်ရန်ရွေးချယ်လိုက်သည်။ ဤနိုင်ငံ များသည် ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင်၂ နှစ်သက်တမ်းကုန်ဆုံးမည့် အာဂျင်တီးနား၊ အိုမန်၊ ရဝမ်ဒါနှင့် ချက်သမ္မတနိုင်ငံတို့၏ နေရာများကို ဆက်ခံကြရမည်ဖြစ်သည်။

အဖွဲ့ဝင်အဖြစ် ၂ နှစ်သက်တမ်းမကုန်ဆုံးသေး၍ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် ငါးနိုင်ငံမှာ ဘော့ဆွာနာ၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှားနှင့် အီတလီနိုင်ငံတို့ ဖြစ်ကြသည်။

## ကုလသမဂ္ဂ ဘဏ္ဍာရေးအကျပ်အတည်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအချိန်၌ အလွန်ဆိုးဝါးသောငွေရေးကြေးရေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အတွင်းရေးမှူးချုပ်ဘူးထရို့စ်ဂါလီက အကြိမ် (၅၀) မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံသို့တင်သွင်းသော ၁၉၉၅ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ ထုတ်ဖော်တင်ပြခဲ့ပေသည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့ကအထွေထွေညီလာခံသို့ တင်ပြခဲ့စဉ်ကလည်း ဤကိစ္စမှာ အရေးတကြီးနိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်းအတွင်းရေးမှူးချုပ်ကပြောကြားခဲ့သည်။

ဤတွင်အထွေထွေညီလာခံက အဆင့်မြင့်လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုနောက်တစ်ဖန် ၁၉၉၅ခုနှစ်၊ ဇွန်လတွင် ပြဿနာအကျပ်အတည်း ဆိုက်လာ၍ နောက်ထပ်ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြန်သည်။

လက်ရှိပြဿနာ၏ကြီးမားပုံကို ဖော်ညွှန်းပြသရမည်ဆိုလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ခုနှစ်၊ ဇန်နဝါရီလတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် စစ်သည်တပ်သားနှင့် ပစ္စည်းကိရိယာများပေးပို့ခဲ့ကြသော အစိုးရများအားဒေါ်လာသန်း ၈၅၀ ခန့်ပေးရန်ရှိကြောင်း အတွင်းရေးမှူးချုပ်ကတင်ပြခဲ့သည်။ အခြားတစ်ချက်မှာ လွန်ခဲ့သည့် ၂ နှစ်အတွင်းပေးရန်ထည့်ဝင်ကြေးများထက် ပို ၍ ကြွေးကျန်များရှိနေသဖြင့် ကုလသမဂ္ဂအထွေထွေ ပဋိညာဉ်စာချုပ်အပိုဒ် ၁၉ အရအထွေထွေ ညီလာခံတွင် မဲဆန္ဒပေးနိုင်ခြင်းမရှိသောနိုင်ငံများ၏ အရေအတွက်ပင် ဖြစ်သည်။ ၁၉၉၅ခုနှစ်၊ ဩဂုတ်လအလယ်တွင် ထိုနိုင်ငံများ၏အရေအတွက်မှာ ၁၇ နိုင်ငံဖြစ်၍ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှရှိ၏။ အခြားနိုင်ငံအချို့ကလည်း မကြာမီတွင် စာချုပ်အပိုဒ် ၁၉ အရ တာဝန်ကျေ နိုင်တော့မည်မဟုတ်ကြောင်း အသိပေးထားကြ၏။

ကုလသမဂ္ဂအနှစ် (၅၀) ပြည့် အထိမ်းအမှတ် ဆင်ယင်ကျင်းပချိန်တွင်အဖွဲ့ကြီးသည်ငွေကြေးဖလာနတ္ထိဖြစ်နေ၏။ အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂသို့ ဒေါ်လာသန်း ၃၀၀၀ ပေးရန် ကျန်ရှိရာ အများဆုံးပေးဆပ်ရန် ကျန်သူမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဒေါ်လာသန်း ၁၃၀၀ မျှ ကြွေးတင်နေ၏။ ဗြိတိန်နိုင်ငံက ၁၉၉၅ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း၌ ကုလသမဂ္ဂငြိမ်းချမ်းမှု

ထိန်းသိမ်းရေး ရန်ပုံငွေသို့ပေးရန် ကျန်ငွေ ဒေါ်လာ ၈၅ သန်းကို ပေးသွင်းခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက အခြားအဖွဲ့ဝင်နိုင်ငံ များကိုလည်းပေးဆပ်ရန် ကြွေးကျန်များကို အမြန်ဆုံးနှင့် အပြည့်အဝပေးဆပ်ကြရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ၎င်း၏ ၄၉ ကြိမ်မြောက်အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ၁၉၉၆–၉၇ နှစ်များအတွက်အဆိုပြု ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစီရင်ခံစာကို စဉ်းစားပြီးနောက် အတွင်းရေးမှူးချုပ်အား ၁၉၉၆–၉၇ အတွက်အဆိုပြုဘတ်ဂျက်ကို စုစုပေါင်းကြိုတင်ခန့်မှန်းခြေ ဒေါ်လာ ၂,၅၄၈,၄၀၀,၀၀၀ ကိုအခြေခံထား၍ရေးဆွဲပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပေသည်။ ။

တက္ကသိုလ် မောင်ခက်ပန်

**ကိုရီးယား သမ္မတနိုင်ငံ။** ။တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်သည် ၎င်း၏ အစိုးရအဖွဲ့အတွင်းရှိ စီးပွားရေးဆိုင်ရာဝန်ကြီး သုံးဦးအား ပြောင်းလဲခန့်အပ်တာဝန်ပေးကြောင်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသူများမှာ ဘဏ္ဍာရေးဆိုင်ရာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများ သက်သာခွင့်ရှိစေရေးတို့ကို ထောက်ခံသူများဖြစ်သည်ဟု အများက ရှုမြင်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး ဟွန်ဂျေယောင်းအား ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့သည်။ ဟွန်ဂျေယောင်းသည် ၁၀ လကြာ တာဝန်ထမ်းဆောင်ပြီးနောက် မကျန်းမာသဖြင့် ရာထူးမှနုတ်ထွက်သွားသော ချန်ဂျိုင်ဆွတ်နေရာကို ဆက်ခံခြင်းဖြစ်သည်။ ဟွန်ဂျေယောင်း၏ နေရာတွင် စီးပွားရေးရာဆိုင်ရာ သမ္မတ၏ ထိပ်တန်းအတွင်းရေးမှူးဖြစ်သူ ပတ်ဂျေယွန်အား ခန့်အပ်ခဲ့သည်။

သမ္မတ ကင်မ်ယောင်ဆမ်က အစိုးရအဖွဲ့အတွင်း ဤသို့အပြောင်းအလဲများပြုလုပ်ရခြင်းမှာ ချန်ဂျိုင်ဆွတ်၏ ကျန်းမာရေးမကောင်းမှုကြောင့် လိုအပ်ချက် ဖြစ်လာသောကြောင့် လည်းကောင်း၊ ရာထူးတိုးမြှင့်ရေး စဉ်ဆက်မပြတ်ဖြစ်စေရေးကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့် လည်းကောင်းဟု သမ္မတကင်မ်က အလေးအနက်ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားလင့်ကစား နိုင်ငံ၏ စီးပွားရေးကို အပြည့်ပြည့်ဆိုင်ရာနှင့် လိုက်လျောညီထွေဖြစ်စေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို ဦးစီးနိုင်သည့် စွမ်းရည်ကြောင့် ဟွန်ဂျေယောင်းအားအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒဆုံးဖြတ်သူအကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ခဲ့သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီကီတက်သည် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်သွားခဲ့သည်။ ဤသို့ နုတ်ထွက်လိုက်ခြင်းဖြင့် ၎င်း၏ ရက်သတ္တပတ် သုံးပတ်ကြာ အတိုက်အခံပြု လှုပ်ရှားဆောင်ရွက်မှုမှာ အဆုံးသတ်သွားသည်။ ၁၉၇၉ ခုနှစ် စစ်ဘက်က အာဏာသိမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခင် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်းနှစ်ဦးအား တရားစွဲဆိုခြင်းမပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် လီကီတက်သည် ဥပဒေပြုရေးကိစ္စရပ်များတွင် ဟန့်တားပိတ်ဆို့ခဲ့သည်။

အဆိုပါ အာဏာသိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးမှုကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ စစ်ဆေးမှုများအရ ၁၉၇၉ ခုနှစ် ကာလက တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများ ဖြစ်ခဲ့ကြသည့် ချန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် ကြိုတင်ကြံစည်သည့် စစ်ဘက်ဆိုင်ရာ ပုန်ကန်မှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၎င်းတို့အား သစ္စာဖောက်များဟု စွပ်စွဲခြင်းမပြုနိုင်ခဲ့ပေ။ အကြောင်းမှာ၎င်းတို့အနေဖြင့် သမ္မတအား ဖြုတ်ချရန် ကြံစည်ခြင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်ဆီးခြင်းတို့ကို မပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်ဟုဆိုသည်။ ၎င်းမှာဥပဒေကြောင်းအရ မှန်ကန်သည်ဟုဆိုနိုင်ပေသည်။ အကြောင်းမှာ သမ္မတပတ်ချုံဟီးလုပ်ကြံသတ်ဖြတ်ခံရပြီးနောက်မှသာ အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း ၁၉၈၀ ပြည့်နှစ်တိုင်အောင် ပြဋ္ဌာန်းခြင်းမပြုခဲ့ပေ။ အာဏာသိမ်းလိုက်ခြင်းဖြင့် ချန်ဒူးဝမ်သမ္မတအဖြစ် အာဏာရရှိပြီး ၎င်း၏နေရာ၌ နိုတေဝူးက ၁၉၈၈ ခုနှစ်တွင် သမ္မတအဖြစ်ဆက်ခံခဲ့သည်။

စင်စစ်အားဖြင့် သမ္မတကင်မ်ယောင်ဆမ်မှာ သမ္မတဟောင်း နိုတေဝူး၏ အရိုက်အရာကို ဆက်ခံသူ မဟုတ်သည့် အပြင်စစ်ဘက်ကကျောထောက်နောက်ခံ ပြုမှုကို ရယူခြင်းမရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတဟု ခေါ်ဆိုရမည်ဖြစ်သည်။ သမ္မတ ကင်မ်ယောင်ဆမ် အစိုးရ



တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်

အဖွဲ့က သမ္မတဟောင်း ချွန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် နိုင်ငံအတွက်အပြုသဘောဆောင်သည့်လုပ်ရပ်များပြုလုပ်ခဲ့ကြသူများဖြစ်ရာ ၎င်းတို့အား တရားရုံးတွင် ရုံးတင်စစ်ဆေးမည် ဆိုပါက ဒဏ်ရာဟောင်းများကို ပြန်လည်ထုတ်ဖော်ရာရောက်ပြီး စိတ်ဝမ်းကွဲပြားမှုများသာဖြစ်စေနိုင်သောကြောင့် ဆက်လက်စုံစမ်းအရေးယူမှုများ မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

အစိုးရ၏ဆုံးဖြတ်ချက်ကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီကီတက်က ဆန့်ကျင်လှုပ်ရှားခဲ့သည်။ လီကီတက်၏ လှုပ်ရှားမှုမှာ ဒီမိုကရက်တစ်ပါတီအတွင်း ၎င်း၏အနေအထားကို အထောက်အကူပြုရန်ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟုအများကရှုမြင်သုံးသပ်ကြသည်။ ၎င်း၏ပါတီအတွင်းရှိ ပါတီအဖွဲ့ဝင်အများအပြားကလည်း လီကီတက်၏ လုပ်ဆောင်ချက်မှာအစွန်းရောက်လွန်းသည်ဟုဝေဖန်ကြသည်။ သြဇာအာဏာကြီးမားသော ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်ဟောင်း ကင်ဒေးယုံ ကလည်းလီကီတက်အနေဖြင့် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်ခြင်းကို ရုပ်သိမ်းရန်အကြံပြုခဲ့သည်။

ဤသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက် ရှိနေရာမှ သမ္မတကင်မ်ယောင်ဆမ်သည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းပုံ အစီအစဉ်ကို ကြေညာပြီး ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသည့်အပြောင်းအလဲကို လုပ်ဆောင်ခဲ့သည်။ ဤသို့ အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ခြင်း မတိုင်မီ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားပေါင်းစည်းရေးဝန်ကြီး လီဟောင်ကူအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခဲ့သည်။

လီဟောင်ကူသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားခဲ့သည့် နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး သမ္မတ နိုတေဝူးလက်ထက် ၁၉၈၈ – ၉၀ ခုနှစ်တွင် အမျိုးသားပေါင်းစည်းရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နိုတေဝူး၏ နိုင်ငံရေးကိစ္စရပ်များဆိုင်ရာ အထူးလက်ထောက်ဖြစ်လာပြီး ၁၉၉၁ – ၉၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၄ ခုနှစ် ဧပြီလတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ရန် သမ္မတ ကင်မ်ယောင်ဆမ်၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ကင်မ်၏အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆိုးလ်မြို့၌ကျင်းပသည့် ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) ၏ ပါတီညီလာခံတွင် သမ္မတ ကင်မ်ယောင်ဆမ်အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင် မြှောက်ခဲ့သည်။

ဤအတောအတွင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) နှင့် အတိုက်အခံ ဒီမိုကရက်တစ်ပါတီ တို့အကြား ဒေသဆိုင်ရာရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ခဲ့ရသည်။ ယင်းပြဿနာမှာ မတ်လ ၁၄ ရက်နေ့တွင် အစမ်းသဘော သဘောတူညီမှုဖြင့် အဆုံးသတ်ခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို အတင်းအကျပ် ပြဋ္ဌာန်းရန် ပါလီမန်ရှိ အမတ်အများစုအင်အားကို အသုံးချရန် အဆိုပြုခဲ့သည်။ အဆိုပါဥပဒေအရ ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမဟုတ်သည့် အခြားရာထူးနေရာများအတွက် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူများအား နိုင်ငံရေးပါတီတစ်ခုခုနှင့် တွဲဖက်ပါဝင်နေခြင်းကို ကြေညာခြင်းမှ တားမြစ်ထားသည်။

ဤလုပ်ဆောင်ချက်မှာ ရွေးကောက်ပွဲများတွင် အကြီးအကျယ် ရှုံးနိမ့်မည့်အရေးကို ကြောက်ရွံ့သည့် ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု အတိုက်အခံပါတီက ဝေဖန်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရေးတွင် ထောက်ခံအတည်ပြုချက် ရရှိမည်ကို ဟန့်တားကာကွယ်သောအားဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ၄င်း၏ လက်ထောက်တို့အား သူတို့၏နေအိမ်များမှ အိမ်ပြင်သို့ မထွက်နိုင်အောင် ပါလီမန်ရှိ အတိုက်အခံအမတ်များက မတ်လ ၆ ရက်နေ့မှ စတင်ကာ တားဆီးပိတ်ဆို့ခဲ့သည်။ နောက်ဆုံးတွင် အဓိကရုဏ်းနှိမ်နင်းရေးရဲများက ဖြိုခွဲလိုက်ရာ အတိုက်အခံများက မတ်လ ၁၃ ရက်နေ့တွင် ပါလီမန်ကို သိမ်းပိုက်ရန်ကြိုးပမ်းခဲ့သည်။ နောက်ပိုင်းတွင် စေ့စပ်ညှိနှိုင်း သဘောတူညီချက်အရ ဒေသဆိုင်ရာ အဖွဲ့အစည်း ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်များအနေဖြင့် တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်ရန်နှင့် ဒေသဆိုင်ရာ အစိုးရ ရာထူးနေရာများအတွက်မူ နိုင်ငံရေးပါတီအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်ကို သဘောတူညီခဲ့ကြသည်။

၁၉၉၅ ခုနှစ်၊ မတ်လအတွင်းတွင် သမ္မတကင်မ်ယောင်ဆမ် သည် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ချက်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဗဲလ်ဂျီယမ်နိုင်ငံများသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ သမ္မတကင်မ်၏ ဥရောပသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံသို့ သမ္မတကင်မ် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးမည့် ကိုရီးယားနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများကို ကိုရီးယားနိုင်ငံ၏ စီးပွားရေးအင်အား အတိုင်းအတာအရ ပေးစွမ်းနိုင်သလောက် အများဆုံးပေးရန် ကတိကဝတ်ပြုခဲ့သည်။

**နျူကလီးယား သဘောတူစာချုပ်အခြေအနေ**– အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲများကို ဂျီနီဗာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင်စတင်ခဲ့ရာ ယင်းနှစ်အောက်တိုဘာ ၂၁ ရက်နေ့တွင် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်တွင် ပါဝင်သော အချက်အလက်များမှာ ဩဂုတ်လအတွင်း ဆွေးနွေးညှိနှိုင်းချက်များအရ အကြမ်းဖျင်းလျာထားသဘောတူညီချက်များနှင့်အညီဖြစ်သည်။ သဘောတူညီချက်အရ မြောက်ကိုရီးယား နိုင်ငံက ၄င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ပြီး အပြည်ပြည်ဆိုင်ရာမှ နျူကလီးယားစစ်ဆေးမှုကို ခွင့်ပြုသည့်အတွက် မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိနျူကလီးယားနည်းပညာကို အစားထိုးလုပ်ဆောင်ပေးရာတွင် အကူအညီရရှိမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ သံတမန်ရေးရာ အသိအမှတ်ပြုမှုကိုလည်း ရရှိမည်ဖြစ်သည်။ အမေရိကန်–မြောက်ကိုရီးယားနျူကလီးယား သဘောတူစာချုပ်ကို အမေရိကန်ဘက်မှ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ် အယ်ဂယ်လူစီနှင့် မြောက်ကိုရီးယားဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ဆုတ်ဂျူတို့ကလက်မှတ်ရေးထိုးခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည်တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်မဲ့ဇုန်ဒေသကိုဖြတ်ကာ ပျံသန်းခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံပိုင်နက်အတွင်း ငါးကီလိုမီတာ အကွာတွင် ပစ်ချခံခဲ့ရသည်။ ပစ်ချခံရမှုကြောင့် ရဟတ်ယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ အဆိုပါရဟတ်ယာဉ်မှာ ထောက်လှမ်းမှုအတွက် လေ့ကျင့်ပျံသန်းခဲ့သည်ဟု ဆိုသည့်မြောက်ကိုရီးယား၏ပြောဆိုချက်ကို အမေရိကန်အစိုးရက မဟုတ်မမှန်ကြောင်းငြင်းဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အဆိုပါ ဖြစ်ရပ်အတွက် အမေရိကန်ပြည်ထောင်စုမှ တရားဝင်တောင်းပန်ရန်နှင့် နှစ်နိုင်ငံတိုက်ရိုက်စစ်ဘက်ဆိုင်ရာဆွေးနွေးမှုများကို စတင်ရေးကိုကတိကဝတ်ပြုရန်ကိုတောင်းဆိုခဲ့သည်။ သို့ဖြစ်ရာအရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမတ်စ်ဟတ်ဘဒ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီးဖမ်းဆီးခံထားရသည့်ရဟတ်ယာဉ်မှူး လွှတ်မြောက်ရေးကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဤသို့ဖြင့်ဖမ်းဆီးထားသောအမေရိကန်ရဟတ်ယာဉ်မှူးကို မြောက်ကိုရီးယားက ဒီဇင်ဘာ ၃၀ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြောက်ကိုရီးယားက အမေရိကန်ရဟတ်ယာဉ်မှူးကို လွှတ်ပေးလိုက်ခြင်းကြောင့်

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် တိုးတက်လာခဲ့သည်။ နှစ်ဦးနှစ်ဖက် စလုံးက၁၉၉၄ ခုနှစ်၊ အောက်တိုဘာလက ဂျီနီဗာ နျူကလီးယားသဘောတူညီချက်အရ ကတိကဝတ် ပေးထားသည့် ဆောင်ရွက်ရန်ကိစ္စကို ဆက်လက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ဆောင်ရွက်ရန်ကိစ္စများတွင် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေး၊မြောက်ကိုရီးယားသို့ အမေရိကန် ပြည်ထောင်စုက ရေနံများအခမဲ့ထောက်ပံ့ရေး၊ ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို မြောက်ကိုရီးယား နိုင်ငံသို့ အပြည်ပြည်ဆိုင်ရာက ထောက်ပံ့ရေး၊ မြောက်ကိုရီးယားနိုင်ငံက ၄င်း၏နျူကလီးယား အစီအစဉ် ကို ရပ်ဆိုင်းထားရေးတို့ပါဝင်သည်။

မြောက်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေးအနေဖြင့် မြောက်ကိုရီးယားအစိုးရက အမေရိကန်ထုတ်ကုန်များတင်သွင်းမှုနှင့် အမေရိကန် ကုန် သည်သင်္ဘောများ မြောက်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းများသို့ ဝင်ရောက်ခြင်းတို့အား ကန့်သတ်တားမြစ်ခြင်းကို ရုပ်သိမ်းကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက မြောက် ကိုရီးယားနိုင်ငံ အပေါ်စီးပွားရေးပိတ်ဆို့အရေးယူမှု တစ်ပိုင်းတစ်စကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီ များကိုလည်း မြောက်ကိုရီးယားနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင် ခွင့် ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများက လည်း အမေရိကန်နိုင်ငံသို့ မဂ္ဂနက်ဆိုက် တင်ပို့နိုင်ခဲ့ သည်။ ထို့ပြင် နှစ်ဦးနှစ်ဖက်စလုံးက ရက်ပေါင်း ၉၀ (သုံးလ) အတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စု က ရေနံအခမဲ့ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ရီပတ်ပလီကင် အမတ်များ လွှမ်းမိုးထားသည့် အမေရိကန်ကွန်ဂရက်က မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ ရေနံတင်ပို့မှုကို ဟန့်တားရန် ခြိမ်းခြောက်ထားလင့်ကစား ဇန်နဝါရီ ၁၇ နှင့် ၁၉ ရက်နေ့များတွင် ပထမအသုတ် အဖြစ် နှစ်ကြိမ်တင်ပို့ခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပထမ အသုတ်အဖြစ် နှစ်ကြိမ်တင်ပို့မှုတွင် ရေနံတန်ချိန်ပေါင်း ၅၀,၀၀၀ တန်ရှိသည်။ စုစုပေါင်း တင်ပို့မည့် တန်ချိန် ပေါင်းမှာ ၅၀၀,၀၀၀ ဖြစ်သည်။ ဤသို့ ရေနံများ တင်ပို့ ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံက ၄င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရခြင်းကြောင့် စွမ်းအင် မလုံ မလောက်ဖြစ်မှုကို ထေမိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အထက်တွင်ဖော်ပြထားသည့်အတိုင်း အမေရိကန် ဒေါ်လာ ငါးသန်းဖိုးရှိသည့် ရေနံများကို ပထမအသုတ် အဖြစ် အမေရိကန်ပြည်ထောင်စု စစ်ဘက်နှင့် ကန်ထရိုက် စာချုပ် ချုပ်ဆိုထားသည့်ကုမ္ပဏီတစ်ခုက တောင်ကိုရီးယား နိုင်ငံမှတစ်ဆင့် တင်ပို့ခဲ့ခြင်း ဖြစ်သည်။

**မြောက်ကိုရီးယား ပိုင်နက်အတွင်း ပစ်ချခံရသည့် အမေရိကန် ရဟတ်ယာဉ်မှူး**



ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖို နှစ်လုံးကို မြောက်ကိုရီးယားနိုင်ငံသို့ အပြည့်ပြည့်ဆိုင်ရာ ထောက်ပံ့ရေးကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းအဆင့်ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန် ဒီစီတွင် ဇန်နဝါရီ ၉ ရက်နေ့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) ဖြစ်ပေါ်ရေးဆိုင်ရာ သဘောတူညီချက် ရရှိရန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိဂရပ်ဖိုက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို အစားထိုးမည့် ဓာတ်ပေါင်းဖိုအသစ်နှစ်ခု တည်ဆောက်ရေးကို ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။ ဆွေးနွေးပွဲတွင် ကေအီးဒီအိုအဖွဲ့ ဌာနချုပ်ကို နယူးယောက်မြို့တွင် ထားရှိရန်၊ ယင်းအဖွဲ့ကို အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ပြီး ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက ကူညီပံ့ပိုးရန် ဖြစ်သည်။ ထို့ပြင် တရုတ်၊ ရုရှားနှင့် စက်မှု ခုနစ်နိုင်ငံ (ဂျီ - ၇) များမှ အရာရှိများဖြင့် အကြံပေး ရေးကော်မတီတစ်ရပ်ကိုလည်း ထားရှိရန်ဖြစ်သည်။

မြောက်ကိုရီးယား နျူကလီးယားအစီအစဉ် ရပ်ဆိုင်းထားခြင်း ကိစ္စတွင်မူ ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် မြောက်ကိုရီးယားအစိုးရက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သော်လည်း အသုံးပြုပြီးလောင်စာချောင်း ၈၀၀၀ ၏ အနာဂတ်ရေး ပြဿနာက ရှိနေသေးသည်။ ယင်းလောင်စာချောင်းများကို ၁၉၉၄ ခုနှစ် မေလတွင် ဖယ်ရှားခဲ့ခြင်းဖြစ်ပြီး ယင်းတို့တွင် နျူကလီးယားလက်နက်များ အမြောက်အမြား ထုတ်လုပ်နိုင်သည့် ပလူတိုနီယမ်များ အလုံအလောက် ပါသည်ဟုဆိုသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြောက်ကိုရီးယား - အမေရိကန် ကျွမ်းကျင်သူများ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၄ ရက်နေ့တွင် သဘောတူညီမှုတစ်ရပ်ဖြင့် ပြီးဆုံးခဲ့သည်။ ရရှိခဲ့သော သဘောတူညီမှုမှာ နျူကလီးယားလောင်စာချောင်းများကို မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖိုအဟောင်းများ နေရာတွင် အစားထိုးတည်ဆောက်သည့် ဓာတ်ပေါင်းဖိုအသစ်တစ်လုံး ပြီးစီးသည့်တိုင်အောင်အထိနှင့် နျူကလီးယားလောင်စာချောင်းများအား တတိယနိုင်ငံတစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ် နိုင်သည်အထိ ၎င်းတို့ကို ခြောက်သွေ့သည့်နေရာ၌ သိုလှောင် သိမ်းဆည်းထားရန်ဖြစ်သည်။

တစ်ဖက်တွင် တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ် က မြောက်ကိုရီးယားနှင့် နိုင်ငံရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ၎င်း၏အစိုးရအဖွဲ့ တိုက်တွန်းချက်မှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှု ရရှိလိမ့်မည်ဟု ထင်မြင်ကြောင်း ဇန်နဝါရီ ၆ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ဇန်နဝါရီ ၂၇ ရက်နေ့၌ မြောက်ကိုရီးယားအစိုးရအဖွဲ့က တွေ့ဆုံဆွေးနွေးရေးကို ပယ်ချခဲ့သည်။ ယင်းသို့ ဆွေးနွေးရေးကို မြောက်ကိုရီးယားက ပယ်ချခဲ့သည့်အတွက် အမေရိကန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး စထရော့တဲလ်ဘော့က တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးရေးမှာ ဂျီနီဗာ သဘောတူညီချက်တစ်ခုလုံးအား လွှမ်းခြုံသည့်အစိတ်အပိုင်း တစ်ခုပင်ဖြစ်ကြောင်း အလေးအနက်ထား ပြောဆိုခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် ဓာတ်ပေါင်းဖိုကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှု ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ရာ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အကြား ရရှိခဲ့သည့် ၁၉၉၄ ခုနှစ် အောက်တိုဘာနျူကလီးယား သဘောတူညီမှုမှာ ခြိမ်းခြောက်ခံခဲ့ရသည်။

ဖြစ်ပေါ်ခဲ့ရသည့် အငြင်းပွားမှုမှာ မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများအတွက် လက်ရှိဖွဲ့စည်းနေဆဲဖြစ်သည့် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို)က ဘဏ္ဍာငွေကြေးထောက်ပံ့ရန်ဖြစ်သည်။ အဆိုပါ ကေအီးဒီအိုအဖွဲ့ကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး တောင်ကိုရီးယားက ဘဏ္ဍာငွေကြေး အများအပြား ထောက်ပံ့မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအတွက် ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခုကို တောင်ကိုရီးယားနိုင်ငံကသာ တာဝန်ယူဆောက်လုပ်ရန် အမေရိကန်က အတင်းအကျပ်ပြောဆိုနေခဲ့သည်။ တောင်ကိုရီးယား အာဏာပိုင်များကလည်း တစ်နေ့တွင် ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းမိပြီး အုပ်ချုပ်ရေး အာဏာတစ်ခုတည်းဖြင့် စီမံအုပ်ချုပ်သွားမည့်အရေးကို ရပ်တည်အခြေခံလျက် အမေရိကန်၏ ပြောကြားချက်ကို ခိုင်ခိုင်မာမာ ထောက်ခံခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့်မူ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကနဦးကပင်တောင်းဆိုထားခဲ့ပြီးဖြစ်သည်။ ထို့ပြင်မြောက် ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံမှလွဲပြီး အခြား မည် သည့်နိုင်ငံမှမဆို ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ် ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကိုလည်း ထုတ်ဖော် ပြော ကြားခဲ့ပြီးဖြစ်သည်။ နျူ ကလီးယား ဓာတ်ပေါင်းဖိုများ ထိန်းသိမ်း ရေးအတွက် တောင် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင် သူများ အပေါ် မှီခို နေရ မည့် အရေးကို လက်မခံနိုင်ကြောင်း မြောက်ကိုရီးယား အစိုးရက ရှုတ်ချခဲ့သည်။

၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ဆောက်လုပ်ရေးအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ထိုးရန်နောက်ဆုံးရက်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဖြစ်သည်။ ယင်းအရေးနှင့် စပ်လျဉ်းပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကို ရီးယားတို့ဘာလင်မြို့တွင် ငါးရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ နှစ်ဖက်စလုံးကလိပ်ခဲတည်းလည်းဖြစ်နေသည့် ပြဿနာပြေလည်စေရေးအတွက် အပေးအယူလုပ်၍ အလျှော့ပေးရန်ငြင်းဆိုခဲ့ကြသည်။

အမေရိကန်အစိုးရက ၁၉၉၄ ခုနှစ်၊အောက်တိုဘာလ နျူကလီးယားသဘောတူညီမှုတွင် မြောက်ကိုရီးယား၌ ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုများ၏ အရင်းအမြစ်မှာ မည်သည့်နိုင်ငံမှဖြစ်ရမည်ကို သီးသန့် ဖော်ပြမထားသော်လည်း ယင်းဓာတ်ပေါင်းဖိုများသည် တောင်ကိုရီးယားနိုင်ငံမှသာဖြစ်ရမည်ဆိုသည့်အချက်ကို နှစ်ဦးနှစ်ဖက်စလုံးကနားလည်သဘောပေါက်ထားကြပြီး ဖြစ်သည်ဟုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းပြဿနာရပ်အပေါ်တင်းခံနေမည်ဆိုပါက သဘော တူညီချက်တစ်ရပ်လုံးကို ခြိမ်းခြောက်ရာရောက်ပြီး ထိခိုက်စေနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ ယင်းသို့ပြောကြားချက်ကို တုံ့ပြန်ရာတွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ယင်းထုတ်ပြန် ကြေညာချက်တွင်အကျိုးတရားတစ်စုံတစ်ရာထွက်ပေါ် လာခြင်းမရှိသည့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်လက် အချိန်ဖြုန်းမည့်အစား သဘောတူညီချက်ကို ရုပ်သိမ်းလိုက် လျှင် ပို၍ကောင်းလိမ့်မည်ဟု အကြံပြုဖော်ပြထားသည်။

ဤခြေအနေတွင် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်လော့ဒ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် တောင် ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီး ဖြစ်ပေါ်နေသည့် ပြဿနာနှင့် စပ်လျဉ်း၍ တူညီသည့်သဘောထားချမှတ် နိုင်ရေးအတွက်ဆွေးနွေးခဲ့သည်။

တစ်ဖက်တွင်မြောက်ကိုရီးယားနိုင်ငံကလည်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယားသဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့ရသည့် တောင်–မြောက်ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများပြန်လည်စတင်ရန်ရှိလင့်ကစား ၁၉၉၄ ခုနှစ်၊ ဇူလိုင်လကမြောက်ကိုရီးယား သမ္မတကင်အီဆွန်းကွယ်လွန် ခဲ့ခြင်းအတွက် တောင်ကိုရီးယားနိုင်ငံက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့ခြင်းအပေါ် တောင် ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်က တောင်းပန်ရန်ကို ဆက်လက်တောင်းဆိုနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅– စာ၊ ၁၆၂၊ ၁၆၃–ရှု။)

တောင်ကိုရီးယားနိုင်ငံဘက်ကလည်း ပစိဖိတ် ဒေသစစ်ပွဲပြီးဆုံးသည့် နှစ် ၅၀ မြောက်အထိမ်း အမှတ် ကျင်းပရန် ပူးတွဲကွန်ဖရင့်တစ်ရပ်အတွက် မြောက် ကိုရီးယား၏အဆိုပြုချက်ကို ပယ်ချခဲ့ပြီးနောက် အဆိုပြုချက် အသစ်တစ်ရပ်တင်ပြခဲ့သည်။ ယင်း အဆိုပြုချက်တွင် ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာနေသည့် မိသားစုများအား မြောက်ကိုရီးယားနိုင်ငံမြို့တော်ပြုံယမ်းသို့ သွားလာခွင့်ပြုရန်၊ ဧပြီလတွင် မြောက်ကိုရီးယားက ကမကထပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာပွဲတော်သို့ တက်ရောက်ခွင့်ပြုရန်၊နှစ်နိုင်ငံမှ စာနယ်ဇင်းသမားများ ဖလှယ်ရေးနှင့်မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လို သော တောင်ကိုရီးယားလုပ်ငန်းရှင်များအပေါ် ကန့်သတ် ထားချက်များအား သက်သာခွင့် ပြုရေးတို့ကို အကြံပြု ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းအဆို ပြုချက်များသည် ဆွေးနွေးပွဲများ ပြန်လည်ဖြစ်မြောက် ရေးအတွက် မြောက်ကိုရီးယား၏ ကြိုတင်စည်းကမ်းသတ် မှတ်ချက်များကို ဖြည့်ဆည်းပေးခြင်းမရှိဘဲ တောင်နှင့် မြောက်နှစ်နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ရန် ကြံစည် ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟု ဆိုကာပယ်ချခဲ့သည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ကြားရရှိခဲ့သည့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်ကို အကောင်ထည်ဖော် ဆောင်ရွက်ခြင်း

နှင့် စပ်လျဉ်းပြီး အသေးစိတ်လုပ်ငန်းစဉ်များ အပြီးသတ်ဆောင်ရွက်ရေး နောက်ဆုံးသတ်မှတ်ရက် ဖြစ်သည့် ပြေ ၂၁ ရက်နေ့မှာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ကျော်လွန်သွားခဲ့သည်။ သို့ဖြစ်လင့်ကစား ပြေလကုန်တွင် အမေရိကန်နှင့် မြောက်ကိုရီယားတို့က ဆွေးနွေးပွဲများပြန်လည်ကျင်းပရန် သဘောတူညီခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီယား သဘောတူညီမှုကို ကျောခိုင်းစွန့်ခွာရန် ခြိမ်းခြောက်ပြီးရပ်ဆိုင်းထားသည့် ၎င်း၏ နျူကလီယား အစီအစဉ်ကို ပြန်လည် လုပ်ဆောင်လိမ့်မည်ဟူသော စိုးရိမ်ပူပန်မှုမှာ သက်သာရာရရှိသွားခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံဘက်က ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို တောင်ကိုရီးယားနိုင်ငံမှ ပုံစံမျိုးမဟုတ်ဘဲ အမေရိကန်ပြည်တောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများသာ အစားထိုးရယူလိုကြောင်းကို အကြောက်အကန် ဆက်လက်ပြောကြားနေခဲ့သည်။ ယင်းအရေးကိစ္စနှင့် စပ်လျဉ်းပြီး ဘာလင်မြို့တွင် အခြေစိုက်လျက်ဆက်လက်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှာလည်း တိုးတက်မှုမရရှိဘဲရှိနေခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်အစိုးရက ပြေ ၂၁ ရက်သည် နောက်ဆုံးရက်အဖြစ် သတ်မှတ်ခြင်းမျိုးထက် ရည်မှန်းလျာထားသည့် ရက်တစ်ရက်သာဖြစ်သည်ဟု အကြံပြုခဲ့သည်။ ထို့ပြင် မြောက်ကိုရီးဘက်က ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းနေသမျှ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားနိုင်မည်ဟု အမေရိကန် ဘက်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယား အစိုးရကမူ နောက်ဆုံးသတ်မှတ်ရက် ပြေ ၂၁ ရက်နေ့တွင် သဘောတူညီမှုကိုအပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် နျူကလီယား သဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့သည့် ယောင်ဗြုံးတွင်ရှိ နျူကလီယားဓာတ်ပေါင်းဖိုကို လောင်စာပြန်လည်ဖြည့်ရန် စဉ်းစားရလိမ့်မည်ဟု ပြင်းပြင်းထန်ထန် ဖော်ပြခဲ့သည်။

အထက်ပါကိစ္စရပ်ဆိုင်ရာ အပြီးသတ်ဆွေးနွေးပွဲများကို ပြေ ၁၈ ရက်နေ့တွင်စတင်ခဲ့ရာ သဘောတူညီမှုမရရှိဘဲ ပြေ ၂၀ ရက်နေ့တွင်ပြီးဆုံးသွားခဲ့သည်။ ပြေ ၂၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ၎င်းအဖွဲ့မှ စစ်ဆေးသူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယား အစီအစဉ်ကို ပြန်လည်လုပ်ဆောင်သည့် အထောက်အထားမတွေ့ရှိရကြောင်းကြေညာခဲ့သည်။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနျူကလီယား သဘောတူညီမှုအကောင်အထည်ဖော်ရေးဆိုင်ရာ မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံကြား ဆွေးနွေးပွဲကို မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် ပြန်လည်ကျင်းပခဲ့ရာ ယခင်အကြိမ်များကဲ့သို့ပင် တိုးတက်မှုမရရှိဘဲ ရှိနေခဲ့သည်။ မြောက်ကိုရီယားနိုင်ငံဘက်ကလည်း အမေရိကန်ဒေါ်လာ လေးဘီလီယံ တန်ဖိုးရှိ တောင်ကိုရီးယားနိုင်ငံမှ ရေသွက်သုံး နျူကလီယားဓာတ်ပေါင်းဖိုများ ကို လက်ခံရန်ငြင်းဆန်မြဲငြင်းဆန်နေခဲ့သည်။

ဦးခင်မောင်လေး

**ကမ္ဘောဒီးယားနိုင်ငံ။** ။ကမ္ဘောဒီးယားနိုင်ငံ၏ ၁၉၉၅ ခုနှစ် အတွင်း နိုင်ငံရေး၊ ပြည်တွင်းရေး၊ စစ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။

### နိုင်ငံရေးအခြေအနေ

ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဆမ်ရိန်ဆီအား ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်းက ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ အဓိက ပါတီကြီးတစ်ခုဖြစ်သော ဖန်ဆီပက်ပါတီ၏ ပါတီဝင်အဖြစ်မှလည်း ထုတ်ပယ်လိုက်သည်။ ဖန်ဆီပက်ပါတီ ပြောရေးဆိုခွင့်ရှိသူက ဆမ်ရိန်ဆီသည် ပါတီတွင်းတွင် ဆိုးရွားသော လုပ်ရပ်များကို ပြုမူ လုပ်ကိုင်ခဲ့ကြောင်း၊ အကြိမ် ကြိမ်သတိပေးသော်လည်း အလေးမမူခဲ့ကြောင်း ဆမ်ရိန်ဆီအား ပါတီမှ ထုတ်ပယ်သည့် နေ့၌ ပြောကြားခဲ့သည်။ ဆမ်ရိန်ဆီ ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရခြင်းမှာ နိုင်ငံအတွင်းရှိ ထိပ်ပိုင်းတွင် တာဝန် ထမ်းဆောင်နေကြသောပုဂ္ဂိုလ်များ၏ ခြစားမှုကို ဝေဖန်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များက ထင်ကြေးပေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို၁၉၉၈ ခုနှစ်တွင်ပြန်လည်ပြုလုပ်ရမည်ဖြစ်သည်။ ဝန်ကြီးရာထူးမှ လွန်ခဲ့သည့်နှစ်က ထုတ်ပယ်ခံရပြီးနောက် ဖန်ဆီပက်ပါတီမှထုတ်ပယ်မခံရမီ ၁၉၉၅ ခုနှစ်၊ မေလဆန်းက ထင်ရှားသောနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆမ်ရိန်ဆီက

၁၉၉၈ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲသစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မိမိနိုင်ငံရေးပါတီသစ်တစ်ခုကို တည်ထောင်ရန် ကြံရွယ်ထားကြောင်း ကြေညာခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဩဂုတ်လအတွင်းက ကမ္ဘောဒီးယား နိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ်စတိုဖာ ရောက်ရှိခဲ့သည်။ ဝါရင်းခရစ်စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းခဲ့သည်။ ယင်းသို့တိုက်တွန်းပြီးမကြာမီ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရေးကိုလက်မခံကြောင်း၊ အနှစ် ၂၀ ကျော်ကြာ ပြည်တွင်းစစ်နှင့် ခမာနီတို့၏ မျိုးဖြုတ်သတ်ဖြတ်မှု ခံရပြီးနောက် နိုင်ငံတော်ပြန်လည်ထူထောင်နေစဉ်၌ ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရန် အကြောင်းမရှိကြောင်း၊ ယင်းသို့သော အခြေအနေ၌ ကမ္ဘော ဒီးယားနိုင်ငံတွင်စည်းကမ်းရော ဒီမိုကရေစီပါနှစ်ရပ်လုံး လိုအပ်သည်မှန်သော်လည်း မိမိတို့ လူ့ဘောင်တွင် ဒီမိုကရေစီထက် စည်းကမ်းရှိရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လိပိုင်နှင့် နှစ်နိုင်ငံနယ်စပ်ပြဿနာကိုဆွေးနွေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မတ်လ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ကမ္ဘောဒီးယားအစိုးရတပ်များက ခမာနီပြောက်ကျားများကို လိုက်လံတိုက်ခိုက်ရာတွင် ထိုင်းနိုင်ငံ၏အရှေ့ပိုင်းဒေသ စီစာခက် ( Sisaket )ရှိနယ်မြေများသို့နယ်ကျွံလာသဖြင့် ကမ္ဘောဒီးယားအစိုးရတပ်သားများကို ထိုင်းတပ်သားများက ဟန့်တားရာမှကမ္ဘောဒီးယားတပ်သား ၁၂ ဦးသေဆုံးခဲ့ရကြောင်း ထိုင်းကြည်းတပ်က မတ်လ ၅ ရက်နေ့၌ ကြေညာချက်ထုတ်သည်။

## ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ သွားရောက် လည်ပတ်လျက်ရှိရာ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၅ ရက်နေ့က ကမ္ဘာ့လှည့်ခရီးသည် ဇနီးမောင်နှံနှစ်ဦးအား အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်ခံကြရသူ ကမ္ဘာလှည့်ခရီးသည် မောင်နှံမှာ အမေရိကန် ပြည်ထောင်စုမှ ဂျိမ်းဟောင်နှင့် စူဆန် ဂျင်စဘတ်ဟောင်အမည်ရှိ ဇနီးမောင်နှံနှစ်ဦးဖြစ်သည်။ ၄င်းတို့နှစ်ဦးသည် ၁၂ ရာစုက တည်ဆောက်ခဲ့သော အန်ကာဝပ်ကျောင်းတော်ကြီး အနောက် ၂၅ မိုင်အကွာရှိ ရှေးဟောင်း ( Banteay Srey ) ဘုရား ကျောင်းသို့ ကားဖြင့်အသွား သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန် ပြည်ထောင်စု တက္ကဆက် ပြည်နယ် တက္ကသိုလ်ပါမောက္ခဖြစ်သူ စူဆန်ဟောင်နှင့် ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသည်လမ်းပြတို့ သေဆုံးခဲ့ကြရသည်။ မစ္စတာဟောင်မှာ ဒဏ်ရာအပြင်းအထန် ရရှိသည်။

အဆိုပါတိုက်ခိုက်မှုသည် လုယက်တိုက်ခိုက်မှုမျိုးမဟုတ်ဘဲနိုင်ငံရေးနှင့် ဆက်နွယ်သည့် လုပ်ရပ်ဖြစ်ပြီး ခမာနီပြောက်ကျားတို့၏ ပယောဂဖြစ်ကြောင်း ကမ္ဘောဒီးယား အစိုးရက ပြောကြားသည်။ ၁၉၉၁ ခုနှစ်တွင် အန်ကာဝပ်ကျောင်းတော်နယ်မြေတစ်ဝိုက်ကိုကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် ဖွင့်ပေးပြီးနောက် ယခုအကြိမ်သည်ကမ္ဘာလှည့်ခရီးသည်များကို ပထမဆုံးအကြိမ် သတ်ဖြတ်တိုက်ခိုက်မှု ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Veng Sereyvudh က Banteay Srey ဘုရား ကျောင်းသို့ ကမ္ဘာလှည့် ခရီးသည်များသွားလာ မှုကို ပိတ်ထားလိုက်သည်။ အန်ကာဝပ်ကျောင်းတော်သို့ သွားလာမှုကိုမူ ခွင့်ပြုပြီးလုံခြုံမှုကို တာဝန်ယူကြောင်း ဗန်ဆရေးဗတ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်မနှစ်က ကမ္ဘာလှည့်ခရီးသည်များအားပြန်ပေးဆွဲခြင်း၊ လုယက်တိုက်ခိုက်ခြင်းများဖြစ်ပွားခဲ့ရာ နိုင်ငံခြားသားခြောက်ဦး သေဆုံးခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ တစ်ဖန် အမေရိကန် ကမ္ဘာလှည့် ဇနီးမောင်နှံကို လုယက်တိုက်ခိုက်ခဲ့ရာ ဇနီးဖြစ်သူ စူဆန်ဂျင်စဘတ်ဟောင်နှင့် ကမ္ဘောဒီးယားခရီးသည် လမ်းပြတို့ သေဆုံးခဲ့ပြီး ခင်ပွန်းသည် ဂျိမ်းဟောင်မှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းသို့ ကမ္ဘာလှည့်ခရီးသည်များအား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့လင့်ကစား ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် အနှစ် ၂၀ အတွင်း တိုးတက်ခဲ့ကြောင်း၊ ပြင်ပရင်းနှီးမြှုပ်နှံသူ များကိုလည်း ဆွဲဆောင်နိုင်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီး သွားလာရေးဝန်ကြီးဌာန၏ ၁၉၉၅ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်က ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့် ခရီးသည်ပေါင်း ၁၇၈,၀၀၀ လာရောက်ခဲ့ရာ ၁၉၉၃

ခုနစ်ကထက် ၄၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၁၉၉၃ ခုနစ်က ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၂၀,၀၀၀ လာရောက်ခဲ့သည်။ ထိုကမ္ဘာလှည့်ခရီးသည်များအနက် ခရီးသည် ၄၅,၀၀၀ သည် ဆိုင်ရမ်ရိပြည်နယ်ရှိ အန်ကောဝပ်ကျောင်းတော်ကြီးသို့ သွားရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားလေတပ် ဒုတိယတပ်မှူး ဗိုလ်ချုပ်တက်ခ်ချန်သန်းသည် အပေါ့စားလေယာဉ် တစ်စင်းကို မတ်လ ၅ ရက်နေ့က ကိုယ်တိုင်မောင်းနှင် ပျံသန်းစဉ် ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်း တစ်နေရာတွင် သစ်ပင်နှင့်တိုက်မိပြီး လေယာဉ်ပျက်ကျသေဆုံးခဲ့သည်။ ကွမ်ပေါင်သွမ်ပြည်နယ်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ခုသို့ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် မင်းသားနိုရိုဒွန် ရာနာရစ်ဒ် တက်ရောက်ရန်အသွား ဝန်ကြီးချုပ်၏ လုံခြုံရေးအတွက် လေယာဉ် ဖြင့် ပျံသန်းစဉ် ယင်းသို့ လေယာဉ်ပျက်ကျကာ သေဆုံးခဲ့ ရခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် မင်းသား နိုရိုဒွန် ရာနာရစ်ဒ်က အရေးပါသော ကတိကဝတ်သုံးလေးခုကို မိမိအကောင်အထည်ဖော် ဖြည့်စွမ်းပေးနိုင်ခြင်းမရှိကြောင်း ဧပြီလ ၁၈ ရက်နေ့၌ ဝန်ခံပြောကြားလိုက်သည်။ အဂတိလိုက်စားမှုအဆုံးသတ်စေရမည်။ ကျယ်ပြန့်သော လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ပေးမည်။ ခမာနီတို့နှင့် ပြောက်ကျားစစ်အဆုံးသတ်ရန် မှန်မှန် ကန်ကန် ရပ်တည် ဆောင်ရွက်ပေးမည်ဟူသော မိမိ၏ ရွေးကောက်ပွဲကတိကဝတ်များကို အကောင်အထည်မဖော်နိုင် သေးသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ မျက်မှောက်အခြေအနေမှာ များစွာတိုးတက်လျက်ရှိသည်ဟုပြောကြားခဲ့ သည်။ အစိုးရတပ်နှင့်ခမာနီတို့၏ တိုက်ပွဲမှာ အရှိန်လျော့နည်းသွားပြီဖြစ်ကြောင်း ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ပြောခဲ့သည်။

## အစိုးရနှင့် ခမာနီ ပြောက်ကျားတို့၏ စစ်ရေးအခြေ အနေ

ကမ္ဘောဒီးယားလက်ရှိ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသောခမာနီပြောက်ကျားတပ်မှတပ်ဖွဲ့ဝင်များစွာသည် ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဆိုင်ရမ်ရိပြည်နယ်တွင် အစိုးရဘက်သို့ဝင်ရောက်လာကြသည်။ ယင်းသို့ဝင်ရောက်လာကြခြင်းသည် အစိုးရ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးဝါဒအကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်က ဇန်နဝါရီလအတွင်းက ပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၁၉၉၄ ခုနစ်က ခမာနီပြောက်ကျား ၅၀၃၅ ယောက်အစိုးရဘက်သို့ ဝင်ရောက်လာကြသည်၊ ထိုဝင်ရောက်လာသော ပြောက်ကျား များနှင့်အတူ လက်နက်မျိုးစုံ ၂၂၈၄ လက် ပါလာခဲ့သည်။ ခမာနီတို့အား လွတ်ငြိမ်းချမ်းသာခွင့်အချိန်ကာလ ခြောက်လပေးထားရာ ယင်းကာလသည် ၁၉၉၅ ခုနစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကုန်ဆုံးသည်။ ခမာနီများသည် ၁၉၇၅ ခုနစ်မှ ၁၉၇၉ ခုနစ်အထိကမ္ဘောဒီးယားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ပြီး ၄င်းတို့ စိုးမိုးအုပ်ချုပ်စဉ်ကာလအတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းသည်ကွပ်မျက်ခံရခြင်း၊ ရောဂါဘယ ကပ်ရောက် ခြင်း၊ အစာရေစာတော်မွတ်ခြင်း များကြောင့် သေဆုံးခဲ့ကြ ရသည်။

ကမ္ဘောဒီးယားအစိုးရဘက်သို့ ကူးပြောင်းသွားသော ခမာနီပြောက်ကျားများစွာ၏ အထောက်အကူဖြင့် ထိုးစစ်ဆင်လာသည့် ကမ္ဘောဒီးယားအစိုးရတပ်များနှင့် ခမာနီတို့ တိုက်ပွဲတွင် ခမာနီများရှုံးနိမ့်ပြီး ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဖနွမ်ကူလင်အခိုင်အမာစခန်းကို ခမာနီပြောက်ကျားများစွန့်လွှတ်လိုက်ရသည်ဟု ဆိုင်ရမ်ရိ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၄ ရက်နေ့၌ ပြောကြားသည်။ ဖနွမ်ကူလင်သည် ဆိုင်ရမ်ရိ ပြည်နယ် မြောက်ဘက်မိုင် ၄၀ တွင်ရှိပြီး ၁၂ ရာစု အန်ကောဘုရားကျောင်းများ တည်ဆောက်ရာ၌ အသုံးပြုသော သဲကျောက်များ ထွက်ရှိရာ ဒေသဖြစ်သည်။

ကမ္ဘောဒီးယားအနောက်မြောက်ဒေသ ဘက်တမ်ဘန်း ပြည်နယ်မှ ဖနွမ်ပင်သို့ ခုတ်မောင်းလာသည့်မီးရထား တစ်စင်းကိုဇန်နဝါရီလ ၂ ရက်နေ့ကခမာနီပြောက်ကျား ၂၀ ခန့်က မိုင်း၊ လက်ပစ်ဗုံး၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့်ခရီးသည်ရှစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာအပြင်းအထန် ရရှိသည်။ ဤသို့ခရီးသည်တင် မီးရထား ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် ၁၉၉၅ ခုနစ်၌ ပထမဆုံး တိုက်ခိုက်မှုဖြစ်သည်။ ခမာနီပြောက်ကျားများသည် မီးရထားစီးခရီးသည်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ ယမန်နှစ်က မီးရထား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ခရီးသည် ၃၈ ဦးသေဆုံးခဲ့ပြီး ၉၈ ဦး ဒဏ်ရာရခဲ့သည်။

၁၉၉၅ ခုနစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် ခမာနီပြောက်ကျားတို့သည် ရုံးတင်တရားစွဲဆိုပြီး ထောင်ဒဏ်အပစ်ပေးခံရလိမ့်မည်ဟု ကမ္ဘောဒီးယားအစိုးရက ဇန်နဝါရီ

လ ၁၁ ရက်နေ့တွင် သတိပေးသည်။ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ဇန်နဝါရီလ ၁၅ ရက်နေ့ တွင် လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးမည့်အကြောင်း နှစ်ကြိမ်တိုင် ပြောဆိုခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက် ခမာနီအားလုံးသည် ဥပဒေအရ ရုံးတင်တရားစွဲဆိုခံရမည်ဖြစ်ပြီး ထောင်ဒဏ်အပြစ်ပေးမှုကို ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် အန်တီးရောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လက ကမ္ဘောဒီးယားပါလီမန်က ခမာနီတို့ကို မတရားအသင်းကြေညာသည့် ဥပဒေပြဋ္ဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေက အချို့သောခမာနီ ခေါင်းဆောင်များမှအပ အခြားနောက်လိုက်အားလုံး အစိုးရဘက် ကူးပြောင်း အလင်းဝင်နိုင်ရန် ခြောက်လသက်တမ်းရှိ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ခွင့်ပြုထားခဲ့သည်။

ခမာနီများသည် ဖနွမ်ပင်မှ မိုင် ၂၀၀ ဝေးသည့် အန်လောင်ဗန်း နယ်တစ်ဝိုက်ရှိ ကမ္ဘောဒီးယားပြည်သူ ၂၀၀၀ ခန့်ကို လွှန်ခဲ့သည့်နှစ်အတွင်းက သတ်ဖြတ်ခဲ့ကြောင်း အစိုးရဘက်သို့ ကူးပြောင်းလာသူ ခမာနီတပ်မ ၉၈၀ တပ်မမှူး အစ်ဆမ်က ပြောကြားသည်။ ၎င်းသည် ခမာနီပြောက်ကျား ၂၃၆ ဦးကို ဦးဆောင်၍ အစိုးရဘက်သို့ ကူးပြောင်းလာသူဖြစ်သည်။

၁၉၉၅ ခုနှစ် မတ်လ ၈ ရက်နေ့၌ ကမ္ဘောဒီးယား အစိုးရသည် ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံးမြို့တော် ဘန်တန်ဘမ်ကို ခမာနီတို့လက်ထဲ မကျရောက်စေရန် မိမိ၏တပ်များကို အသစ်စက်စက်ရထားသော တင့်ကားများ နှင့် အင်အားဖြည့်တင်းခဲ့သည်။ ချက်ကို စလိုဗက်ကီးယား နှင့် ပိုလန်နိုင်ငံတို့မှ ရရှိသည့် တင့်ကားခြောက်စီးနှင့် တပ်သားအများအပြားကို ခမာနီတို့ တိုက်ခိုက်နေသော ဘန်တမ်ဘမ်သို့ ပို့ပေးခဲ့ကြောင်း ဘက်တန်ဘမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဆီးရေးကိုဆယ်က ပြောသည်။ ဖနွမ်ပင်မြို့တော်၏ အနောက်မြောက် ၁၅၅ မိုင်အကွာရှိ ပြည်နယ်မြို့တော် ဘန်တန်ဘမ်ကို သိမ်းပိုက်နိုင်ရန် ခမာနီ ပြောက်ကျား ၁၀၀၀ ခန့်သည် တောင်ပိုင်းဒေသမှ ရက်သတ္တပတ်စောစောပိုင်းက ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရက သဘာဝအရင်းအမြစ်ကြွယ်ဝသော ဘန်တန်ဘမ်ကို ခမာနီပြောက်ကျားများ တိုက်ခိုက်နေခြင်းမှ ဟန့်တားရန် အစိုးရတပ်သား ၃၀,၀၀၀ ခန့်နှင့် ရဲတပ်သားများကို ယင်းဒေသသို့ စေလွှတ်ခဲ့သည်။

ထိုနောက် မတ်လ ၂၀ ရက်နေ့တွင် ကမ္ဘောဒီးယား အစိုးရ တပ်များသည် ထိုင်းနယ်စပ်ရှိ ခမာနီစခန်းများကို အရဏ်မတက်မီ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ခမာနီစခန်းများကို သိမ်းပိုက်ရန် ချီတက်ခဲ့ကြသည်။ ထိုင်း ကမ္ဘောဒီးယားနယ်စပ်ရှိ ကလာငှအတ် ခမာနီပြောက်ကျား အခြေစိုက်စခန်း သည် ခမာနီတို့၏ ဌာနချုပ်စခန်း ဖြစ်သော ဖနွမ်မာလေ စခန်းနှင့် ကိုးမိုင်သာဝေးသည်။ ဖနွမ်မာလေစခန်းသည် ပိုပေါ့ ပြီးလျှင် ခမာနီဒုတိယခေါင်းဆောင်ဖြစ်သော အီအန်ဆရီ အခြေချနေထိုင်သောစခန်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရတပ်များသည် ခမာနီ ပြောက်ကျားများကို ထောက်ခံသူရာပေါင်းများစွာ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးရန်ပြင်ဆင်နေခိုက်ပြောက်ကျားတို့၏စခန်းတစ်ခုကို ဆက်လက်တိုက်ခိုက်ကြသည်ဟု ထိုင်းစစ်တပ်နှင့် ပြောက်ကျားသတင်းရပ်ကွက်များကမတ်လ ၂၁ ရက်နေ့က ပြောကြားသည်။ ကမ္ဘောဒီးယားအစိုးရတပ်များသည် ကမ္ဘောဒီးယားနယ်စပ်မြို့ ပွိုင်ပက်တောင်ဘက် ကိုးမိုင် အကွာရှိ ခမာနီအခြေစိုက်စခန်းကလာငှအတ်ကို အမြောက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ကြောင်း ထိုင်းစစ်တပ် အရာရှိတစ်ဦးကပြောကြားသည်။ ကလာငှအတ်ကို တိုက်ခိုက်နေသောအစိုးရတပ်သား ၁၅၀၀ ကို ရင်ဆိုင်ရန် အားဖြည့်ပြောက်ကျားစစ်သား ၁၀၀၀ ကျော်သည် အဆိုပါ ဒေသသို့ချီတက်သွားကြောင်း ခမာနီအရာရှိ တစ်ဦးကပြောကြားသည်။ ခမာနီ ပြောက်ကျားများ၏ မိသားစုများဖြစ်မည်ဟု ယုံကြည်ရသော အရပ်သား ရာပေါင်းများစွာသည် ထိုင်းနိုင်ငံ အရန်ယာပရာတက်မြို့ တောင်ဘက် ထိုင်းနယ်မြေထဲသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုင်းအာဏာပိုင်များက ၎င်းတို့အား လောလောဆယ်အချိန်၌ ထိုင်းနယ်မြေထဲ ဝင်ခွင့်မပြုကြောင်း ပြောဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံက ၎င်း၏ လက်နက်ကိုင်တပ်များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးပါက ကမ္ဘောဒီးယားနိုင်ငံအား စစ်ရေးအထောက်အကူပေးရန်ကိစ္စကို အမေရိကန် ပြည်ထောင်စုက စဉ်းစားမည်ဟု အဆင့်မြင့် အမေရိကန် အရာရှိတစ်ဦးက ပြောသည်။ ကမ္ဘောဒီးယား နိုင်ငံ၏ တပ်ဖွဲ့များကို အသေးစိတ်ပြန်လည်ဖွဲ့စည်းပြီး နောက်ပိုင်း၌ ကမ္ဘောဒီးယားစစ်တပ်ကို လက်နက်ခဲယမ်း မီးကျောက် ပေးရေး စဉ်းစားရန်အကြောင်း လုံလောက် ပြီဖြစ်သည်ဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စထရိုဘီတောလ်

ဘွတ်က ပြောကြားခဲ့ပြန်သည်။ ၎င်းသည် ဇန်နဝါရီလ အတွင်းက ကမ္ဘောဒီးယား သို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။

ကမ္ဘောဒီးယားစစ်တပ်တွင် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၌ စစ်တပ်ကိုပထမအကြိမ်ပြန်လည်မဖွဲ့မီ ဗိုလ်ချုပ် ကြီးနှင့် ဗိုလ်မှူးကြီး ထောင်ပေါင်းများစွာ ရှိနေခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘောဒီးယား စစ်တပ်ကို ပြန်လည် ဖွဲ့စည်းသည့်အခါ ဗိုလ်ချုပ်ကြီး အရေအတွက်ကို ၁၀၀ ခန့်အထိ လျှော့ချလိုက်သည်။ အမည် မဖော်လိုသော စစ်ဘက်အရာရှိကြီးတစ်ဦးက ၁၉၉၅ ခုနှစ် ၏ ပထမ သုံးလအတွင်း ကမ္ဘောဒီးယားစစ်တပ်ကို နောက် တစ်ကြိမ် ဖွဲ့စည်းဖွယ်ရှိပြီး ဗိုလ်ချုပ်ကြီးအရေအတွက်ကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချ ဖွယ်ရှိသည်ဟု ပြောဆိုသည်။

ကမ္ဘောဒီးယားစစ်တပ်တွင် တပ်သားအင်အား ၁၉၉၅ ခုနှစ်အထိ အမျိုးသား၊ အမျိုးသမီးအပါအဝင် ၁,၃၀, ၀၀၀ ရှိသည်ဟု ဆိုသည်။ သို့သော် စစ်ဘက်ဆိုင်ရာ ဆန်းစစ်လေ့လာသူများကမူ ၇၀,၀၀၀ မှ ၈၀,၀၀၀ အကြားရှိကြောင်း ပြောကြသည်။

## ပြည်ပဆက်ဆံရေး

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆင်ရှင်နာဝါထရာသည်ဗန်ကောက်ရှိ သံအမတ်များနှင့်သံတမန် ၄၀ တို့ကို ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်ဒေသများသို့ ခေါ်ဆောင်သွားပြီး ခမာနီတို့နှင့် အဆက် ဖြတ်ရေး လုပ်ငန်းတွင်တာဝန်ရှိသည့် နှစ်နိုင်ငံ အရာရှိကြီးများနှင့် တွေ့ဆုံ ပေးခဲ့သည်။ ခမာနီတို့အား ထိုင်းနိုင်ငံက ထောက်ခံ အားပေးနေခြင်းရှိ မရှိနှင့် ပတ်သက်သော သံတမန်တို့တွင် ရှိနေသည့် သံသယများ ပျောက်ကွယ်သွားရေးအတွက် ကိုယ်တွေ့မျက်မြင်လေ့လာနိုင်စေရန် ယင်းသို့တွေ့ဆုံပေးခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တန်ကျိဟွမ်သည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ခဲ့သည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ဘုရင်သီဟာနုနှင့်လည်းကောင်း၊ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်နှင့်ဒုတိယ ဝန်ကြီးချုပ် ဟွန်ဆန်တို့နှင့် လည်းကောင်းတွေ့ဆုံခဲ့သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး အန့်ဟွတ်နှင့် တွေ့ဆုံ ဆွေးနွေး အပြီးတရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး က တရုတ်နှင့် ကမ္ဘောဒီးယားတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်ကြောင်း၊ ကမ္ဘောဒီးယား၏ နိုင်ငံရေးအခြေနေမှာ တည်ငြိမ် ပြီး စီးပွားရေးတိုးတက် ကောင်းမွန်လာကြောင်း ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်သမ္မတ လီဒတ်အန်သည် နှစ်ရက်ကြာခရီးလှည့်လည်ရန် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ရောက်ရှိခဲ့သည်။ ဗီယက်နမ်သမ္မတ လာရောက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကောင်းများ ထူထောင်ရေးဟူသောကမ္ဘောဒီးယား နိုင်ငံခြားရေးမူဝါဒ၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။ ၁၉၇၉ –၈၁ ခုနှစ် ပြည်တွင်းစစ်ကာလအတွင်း ကျဆုံးသွားကြသော ပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုထားသည့် ဗီယက်နမ်–ကမ္ဘောဒီးယားမိတ်ဆွေဖြစ် ကျောက်တိုင်တွင် ဗီယက်နမ်သမ္မတ လီဒတ်အန်က လွမ်းသူ့ပန်းခွေချခဲ့သည်။

၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘောဒီးယားသို့ ဗီယက်နမ်ဝင်ရောက်ခြင်းဖြင့် ခမာနီတို့ လက်အတွင်း ကျရောက်နေသော မိမိနှင့်မိမိပြည်သူများ၏အသက်ကို ကယ်တင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ကမ္ဘောဒီးယားနိုင်ငံက ကျေးဇူးဆပ်ရန်ရှိနေကြောင်း ကမ္ဘောဒီးယားဘုရင်သီဟာနုက ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့၌ ပြောကြားသည်။

၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်ကုလသမဂ္ဂက ကြီးကြပ်ကျင်းပသည့် ရွေးကောက်ပွဲကာလအထိ ကမ္ဘောဒီးယားကို အုပ်ချုပ်ခဲ့သောဖနွမ်းပင်အစိုးရကိုလည်း သီဟာနုက အပြစ်မှကင်းလွတ်စေလိုက်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ဖနွမ်ပင်အစိုးရမှာဗီယက်နမ်က တင်မြှောက်လိုက်သည့်အစိုးရဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ကမ္ဘောဒီးယားသို့ ဗီယက်နမ်တို့ဝင်ရောက်ခြင်းမှာ တရားမဝင်သော်လည်း နောက်တစ်လအကြာတွင် ဗီယက်နမ်တို့က သွေးစွန်းသည့်ပိုပေါ့အစိုးရကို ဖယ်ရှားပေးလိုက်ကြောင်းဘုရင်သီဟာနုကပြောခဲ့သည်။ ပိုပေါ့ကိုသာ ၎င်းတို့က ဖယ်ရှားမပေးလျှင် မိမိသာမဟုတ် ကမ္ဘောဒီးယား ပြည်သူတိုင်း အသတ်ခံရမည်ဟု သီဟာနုက ပြောသည်။ ဘုရင်သီဟာနုသည် ၁၉၇၅ မှ ၁၉၇၉ အထိ ကမ္ဘောဒီးယားကိုအုပ်စိုးခဲ့သည့် ပိုပေါ့အစိုးရလက်ထက်၌ နန်းတော်တွင်း အကျယ်ချုပ် ဖမ်းဆီးခံခဲ့ရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၅ ခုနှစ်အတွင်း အဆင့်မြင့် နိုင်ငံခြားကိုယ်စားလှယ် သုံးဖွဲ့ရောက်ရှိခဲ့သည်။

## စီးပွားရေး

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားစီးပွားရေး ကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကုမ္ပဏီပေါင်း ၅၅၂ ခုအထိရှိလာခဲ့သည်။ ထိုကုမ္ပဏီများအနက် ကုမ္ပဏီ ၁၀၄ ခုသည် ထိုင်းနိုင်ငံမှ ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လက လွတ်လပ်ပျော့ပျောင်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေ(Liberal investment law) ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ ပြဋ္ဌာန်းပြီးနောက် ကမ္ဘောဒီးယားတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ငွေပမာဏတိုးတက်လာခဲ့ရာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရှိခဲ့သည်။ ယင်းသို့ရှိလာခဲ့သောကြောင့် အလုပ်အကိုင် ၃၂,၀၀၀ ပေါ်ပေါက်လာပြီး အလုပ် လက်မဲ့များအလုပ်ရရှိခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Tang Jiaxuan သည် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက် ရှိခဲ့စဉ် ကမ္ဘောဒီးယား အခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း၊ စီးပွားရေးအခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိ ကြောင်း၊ ကမ္ဘောဒီးယားပြည်သူများ၏ လူနေမှုဘဝ မှာလည်း တိုးတက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့၌စင်ကာပူနိုင်ငံသို့ တရားဝင်မဟုတ်သော အလွတ်သဘောသုံးရက်ကြာ သွားရောက်ခဲ့သည်။ စင်ကာပူနိုင်ငံမှလုပ်ငန်းရှင်များ ကမ္ဘောဒီးယားတွင် ပိုမိုရင်းနှီးမြှုပ်နှံလာရေး ရည်ရွယ်ချက်ဖြင့် စင်ကာပူသို့ ဟွန်ဆန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားဗဟိုဘဏ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ရီယယ်ငွေစက္ကူသစ်များကို ထုတ်ဝေသည်။ ယင်းသို့ ရီယယ်ငွေစက္ကူသစ်များနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ဈေးကွက်များတွင် တွင်တွင်ကျယ်ကျယ်လည်ပတ်သုံးစွဲနေသော ဒေါ်လာငွေပမာဏ လျော့သွားလိမ့်မည်ဟု ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး Thor Peng Leath ကပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အသေးအဖွဲပစ္စည်းများ ရောင်းဝယ်ရာ တွင်ရီယယ်ငွေကိုအသုံးများသည်။ တန်ဖိုးကြီးမားသော နေအိမ် သို့မဟုတ် ယာဉ်များ ဝယ်ယူရာတွင် ရွှေများဖြင့် ပေးချေကာ အရောင်းအဝယ် ပြုခြင်းလည်း ရှိသည်။

လတ်တလော နိုင်ငံတွင်းလည်ပတ်သုံးစွဲနေသည့် ရီယယ်ငွေ၏ အမြင့်ဆုံးတန်ဖိုးသည် ၅၀၀ ထိသာရှိသဖြင့် ပုံမှန်ဝယ်ယူသုံးစွဲရသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်ငွေပေးချေရာတွင် ရီယယ်ငွေစက္ကူကိုင်တွယ် အသုံးပြုရမှုပမာဏ ကြီးမားသောကြောင့် လက်တွေ့တွင် ရီယယ်ငွေစက္ကူသည် တွင်ကျယ်မှုမရှိဖြစ်နေသည် ဆိုသည်။ ထို့ကြောင့် မတ်လ ၂၅ ရက်နေ့၌ စတင်သုံးစွဲသည့် ရီယယ်ငွေစက္ကူ၏ တန်ဖိုးကို ၁,၀၀၀ ရီယယ်မှ ၁,၀၀,၀၀၀ ရီယယ်အထိ ရိုက်နှိပ်ထားသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် အမျိုးသားစီးပွားရေးအခြေခိုင်မာမှုရှိရေး ကြိုးပမ်းရန်အတွက် ပထမဆုံးအကြိမ် ကုန်စည်ပြပွဲဖြစ်သည့် ကမ္ဘောဒီးယား ကုန်သွယ်ရေးပြပွဲ(စီတီအက်ဖ် ၉၅) ကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြပွဲမှာ ကမ္ဘောဒီးယား ဘုရင်အစိုးရအဖွဲ့ကို ထူထောင် ပြီးချိန်မှစပြီး ပထမဆုံး ဖွင့်လှစ်သော ကုန်သွယ်ဆိုင်ရာ ပြပွဲဖြစ်ကြောင်း ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ချမ်ပရာဆစ်က ပြောကြားသည်။ အဆိုပါ ကုန်သွယ်ရေး ပြပွဲကို ဧပြီလ ၂၃ ရက်နေ့အထိပြသခဲ့ပြီး ပြပွဲတွင် ကုမ္ပဏီ ၆၀ ကျော် ပါဝင်ပြသရာ အများစုမှာ နိုင်ငံခြားကုမ္ပဏီများ ဖြစ်သည်။

## ပြန်လည်ထူထောင်ရေး

လူ့အခွင့်အရေး၊ လာဘ်ပေးလာဘ်ယူမှုတို့နှင့် စပ်လျဉ်း၍ မကြာသေးမီက ဝေဖန်မှုများရှိလင့်ကစား အရှေ့တောင် အာရှနိုင်ငံဖြစ်သော ကမ္ဘောဒီးယားအား ထောက်ပံ့ကူညီမှု လျော့ချလိမ့်မည်မဟုတ်ဟု မိမိယူဆကြောင်း ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏အဓိကအလှူရှင်နိုင်ငံများက ကမ္ဘောဒီးယားနိုင်ငံအား ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် အတွက် ဒေါ်လာသန်း ၁,၃၅၀ ထောက်ပံ့မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ကတိပြု ပြောကြား လိုက်သည်။ သို့သော် ကမ္ဘောဒီးယား စီးပွားရေးဝန်ကြီး ကိချွန်က ပါရီတွင်ပြုလုပ်သော အလှူရှင်နိုင်ငံများ အစည်းအဝေးပွဲ အပြီးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အလှူရှင် နိုင်ငံအများစုက လူသိရှင်ကြားပြောဆိုခြင်း မရှိသေးကြောင်း ပြောဆိုသည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကမ္ဘောဒီးယား နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ ပြန်လည်တည်ဆောက်ရေး ဆိုင်ရာ ချေးငွေဒေါ်လာသန်း ၂၀ ထုတ်ယူပြီး နိုင်ငံခြား တိုင်းပြည်များက အာမခံထားသည့် ပေးအပ်မည့် အကူ အညီငွေကို ကျော်ထောက်နောက်ခံပြုကာ စတင် အသုံးချ ခဲ့သည်။ စစ်ကြောင့်ပျက်စီးနေသည့် ကမ္ဘောဒီးယား နိုင်ငံ၏ အခြေခံအဆောက်အအုံပြန်လည်ထူထောင်နိုင်ရေး အတွက် ဒေါ်လာသန်း ၉၀၀ ပေးမည်ဟု အလှူရှင်နိုင်ငံ များက ပါရီတွင်ပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ အာမခံခဲ့သည်။

ကမ္ဘာ့ဘဏ်ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့်အတူ အနှစ် ၄၀ အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပါချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်း များတွင် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆေးရုံ၊ တံတား၊ လမ်းများ၊ ရေကာတာများတည်ဆောက်ခြင်း တို့ပါဝင်ပေသည်။

(ဦးစိန်ဌွေး)

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၅)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်းကောင်း၊ နိုင်ငံတကာ၌ လည်းကောင်း သာသနာတော်အကျိုးသယ်ပိုးထမ်းရွက် တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များ နှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံ နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွား ကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကုမာရ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ၊

မဟာဂန္ထဝါစက ပဏ္ဍိတ၊ သိရီပဝရ ဓမ္မာစရိယ၊ ကျိုက္ကစံ ဆံတော်ရှင် စေတီတော် ဩဝါဒါစရိယ၊ ရန်ကင်းမြို့နယ် နိမ္မိ တာရုံ ပရိယတ္တိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ကောသလ္လ၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ၊
အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မ ဘဏ္ဍာ ဂါရိက၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ ဗိမာန် ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၌ ပျံလွန် တော်မူသည်။)

**ကောသလ္လာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ပဋိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ စမ်းချောင်းမြို့နယ် မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၌ ပျံလွန်တော်မူ သည်။)

**ကိတ္တိ၊ ဘဒ္ဒန္တ**

သက်တော် (၈၄ ) နှစ်၊ သိက္ခာတော် ၆၄ ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စလင်းမြို့ မဟာဝိသုတာ ရာမကျောင်းတိုက်၊ (၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**စန္ဒနဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သထုံမြို့ မိုးမခတောင် သက္ကအလဲတရာ မဟာနာယက ဆရာတော်၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**ဇာနေယျ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၄ ) နှစ်၊ သိက္ခာတော် (၅၄) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၌ ပျံလွန်တော် မူသည်။)

**ဉာဏဓဇ ၊ ဘဒ္ဒန္တ**

သက်တော် (၈၈) နှစ် ၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း၏ အဌမမြောက် ဂိုဏ်းချုပ်၊

မော်လမြိုင်မြို့ မဟာရင်သုခကာရီပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏရံသီဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊မဟာဒွာရ နိကာယသြဝါဒါစရိယ၊ ကော့မှူးမြို့နယ် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**တေဇ၊ ဘဒ္ဒန္တ**

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ပိတောက်ရွှေဝါကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဓမ္မပါလ၊ ဘဒ္ဒန္တ**

သက်တော် (၇၀) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယက ဥက္ကဋ္ဌ (သုဝဏ္ဏ)၊ ပုသိမ်မြို့ မန္တလေးကျောင်းတိုက်၏ ဦးစီးနာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**နာယက၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

ဝေဠုဝန်နိကာယ သတ္တမမြောက် ဂဏာဓိပတိ၊ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၌ ပျံလွန်တော်မူသည်။)

**နန္ဒမာလာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်းတောင်ရိုးနန္ဒမူချောင် ချမ်းသာကြီးတိုက်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

**နာရဒ၊ ဘဒ္ဒန္တ**

သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မိုးကုတ်မြို့ မစိုးရိမ်ကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ သိရီ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**

သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဟောင်း၊ ပဲခူးမြို့ သုဝဏ္ဏဂိုဏ်းကြီး၏ ဦးစီးနာယက၊ ပဲခူးမြို့ ကျောက်ပန်းတောင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

**လာဘဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၁) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ သီပေါအုန်းဘောင်လေးမြို့ ဂိုဏ်းချုပ်၊ သီပေါမြို့၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် သက်တော်ရှည်ရာကျော် ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိစိတ္တသာရ၊ ဘဒ္ဒန္တ**

သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ မြောင်းမြမြို့ စက္ကုန်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရဋ္ဌညှ မဟာနာယက၊ ပြည်မြို့ မဟာဝမ္မိကာရာမတောရကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘီးလင်းမြို့နယ် ကျောက်တလုံးကျောင်းကြီး ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိရိယ၊ ဘဒ္ဒန္တ**

သက်တော်(၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဂဏဝိမုတ် စာချွန်တော်ရ ကူးတို့ ဂိုဏ်းချုပ်၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ် ကဆုန်လဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသေဋ္ဌာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော်(၈၅ ) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်သာသနာပိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သပြေကန် ဆရာတော်ကြီး၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သဉ္ဇောဘာသ၊ ဘဒ္ဒန္တ**

သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာ ဘာဏက၊ သာသနဓဇ ဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူ၊ ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာ သာသန နယူးပဒေသကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**သဟဗ္ဗတိ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် ဖြဟ္မနိမ္မိတာရုံ စာသင်တိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သာဓိန၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် တိုက်အုပ်ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သိရီဇေယျ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ် ပဋ္ဋနာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သိရိကုဏ္ဍလ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ မဇ္ဈိမ ဘာဏက၊ မဇ္ဈိမနိကာယ ကောဝိဒ၊ အရာတော်မြို့နယ် ဥမင်တောရ ရိပ်သာကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သီလဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၃) ဝါ၊

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘားအံမြို့ လေသာကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သုဒဿန၊ ဘဒ္ဒန္တ**

သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသံဂါယနာ မူလဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် ဒုတိယတိုက်အုပ် နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သုမန၊ ဘဒ္ဒန္တ**

သက်တော်(၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ဟောင်း၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်စာချ ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သုမနာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋက ဩဝါဒါစရိယ၊ ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**သောမန၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက်၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**

သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မြင်းခြံမြို့ သုဓမ္မာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမသာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကန်တီကူးမား၊ ဦး**

အသက် (၅၁) နှစ်၊
ဂုဏ်ထူးစာပေတိုက်၊ M.Sc (Physics)၊
(၂၉ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။ )

**ကျော်ခင်၊ ဦး**

အသက် (၇၇) နှစ်၊
စာပေဗိမာန်အဖွဲ့ အငြိမ်းစားတွဲဖက်ညွှန်ကြားရေးမှူး၊
(၄ –၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ကြင်ဆွေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ သော်တာဆွေ၊ ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆု၊ ၁၉၆၄ ခုနှစ် အနုပညာစာပေဆုနှင့် ၁၉၇၀ ပြည့်နှစ် အမျိုးသား စာပေဆုရှင်၊ ဟာသဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားရာတွင် နာမည်ကျော်ကြားသူ၊
(၄–၃–၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်ခင်၊ ဒေါ် (ပြည်)**

အသက် (၈၇) နှစ်၊
စာရေးဆရာမကြီး မယ်ခကွေး၊ B.A, B.Ed စိန်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဟောင်း၊အငြိမ်းစား သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊
(၂ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဘို၊ ဦး**

အသက် (၇၉) နှစ်၊ မြန်မာ့ရေတပ်မတော် အငြိမ်းစား ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး၊
(၂၁ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်လွင်၊ ဦး (ဝဏ္ဏကျော်ထင် သီရိပျံချီ)**

အသက် (၉၁) နှစ်၊
ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာန အငြိမ်းစားအတွင်းဝန်၊
(၁၈ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဝင်း၊ ဦး**

အသက် (၄၆) နှစ်၊
တေးသံရှင် မိုးမင်းဝင်း၊
(၁၆ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ချစ်မောင်၊ ဦး (ဝဏ္ဏကျော်ထင်)**

အသက် (၆၉) နှစ်၊
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ အငြိမ်းစား သံအမတ်ကြီး၊ M.A (Oxon) B.L.၊
(၂၀ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဂင်ဇာရင်ရင်၊ ဒေါ်**

အသက် (၇၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ခေတ်ဟောင်းအဆိုတော်၊
(၁၀ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စံတင်၊ ဦး**

အသက် (၇၄) နှစ်၊
သမဝါယမဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ B.A (Hons)., M.Ed .(Syr), ၊ B. E. S ၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စဝ်အုန်းညွှာ၊ ဦး**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စိမ်းအောင်၊ ဦး**

အသက် (၄၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ မောင်စိမ်းအောင်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အမျိုးသား ဇာတ်ပို့ဆု) ရှင်၊
(၁၆ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ညွန့်၊ ဒေါ် (သုဝဏ္ဏသိင်္ဂီ)**

အသက် (၈၂) နှစ်၊
ထားဝယ်မြို့ တိုင်းရင်းသူဆေးလိပ်ခုံပိုင်ရှင်၊
(၂၇ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်နွယ်စိန်၊ ဦး**

အသက် (၄၇) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ တင်နွယ်စိန်၊
(၁၇ – ၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဖေ၊ ဦး (စည်သူ)**

အသက် (၈၂) နှစ်၊
တော်လှန်ရေး တပ်သားကောင်း၊ တော်လှန်ရေးကောင်စီဝင်နှင့် တော်လှန်ရေးအစိုးရအဖွဲ့ဝင်ဟောင်း၊ အငြိမ်းစား ဗိုလ်မှူးချုပ်၊
(၁၉ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်မြင့်၊ သခင် (ဦးနေအောင်)**

အသက် (၇၈) နှစ်၊
စာရေးဆရာ ရဲဘော်နေအောင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊
(၁၆ – ၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်လှ၊ ဦး**

အသက် (၆၇) နှစ်၊
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ တွဲဖက်အတွင်းရေးမှူး (၂) ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
(၂၉ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဧ၊ ဦး (ရှမ်းပြည်)**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်၊
တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစား စာတည်းမှူး၊
အငြိမ်းစား မြန်မာစာပါမောက္ခ၊ အငြိမ်းစား မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁၆ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင့်ဆန်း၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ တင့်ဆန်း၊
(၂ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တောင်စာနိုင်၊ ဦး**

အသက် (၆၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အတွင်းရေးမှူး ၊ အငြိမ်းစား ဗိုလ်ချုပ်၊
(၁၁ – ၁၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နီလာ၊ မ (မနှင်းသီတာချစ်)**

အသက် (၂၆) နှစ်၊
သရုပ်ဆောင် လွန်းပိုးအိမ် ၊ B.Sc. ၊
(၂၃ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နု ၊ ဦး (သခင်နု)**

အသက် (၈၈) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ၊ စာရေးဆရာ၊
(၁၄ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်လေး၊ ဒေါက်တာ**

အသက် (၆၃) နှစ်၊
အငြိမ်းစား ဒုတိယဝန်ကြီး ၊
(၂ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်သိန်းတန်**

အသက် (၇၃) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်း အပတ်စဉ် (၁) ဆင်း၊ အငြိမ်းစား ပါတီ သုတေသနဌာနကြီးမှူး၊
(၂၈ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဘငြိမ်း ၊ ဦး**

အသက် (၇၉) နှစ်၊
အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ အငြိမ်းစား ဗဟိုအလုပ်သမား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊
(၁၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ကြီး ၊ ဦး**

အသက် (၅၂) နှစ်၊
စာရေးဆရာ ငြိမ်းကျော်၊ ၁၉၇၃ ခုနှစ် အမျိုးသားစာပေဆုရှင်၊ ရေးဟောင်းသုတေသန ပညာရှင်၊ ရုပ်ရှင် ဒါရိုက်တာ၊
(၁၇ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ခ ၊ ဦး (ဗေယျ ကျော်ထင်)**

အသက် (၇၅) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် ၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ်၊ အငြိမ်းစား ဗိုလ်မှူးကြီး ၊
(၃၀ – ၄ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မန်းလှဖေ ၊ ဦး**

အသက် (၈၀) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊
(၂၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမင်း ၊ ဦး**

အသက် (၈၆) နှစ်၊
စာရေးဆရာနွယ်စိုး ၊ အငြိမ်းစား အင်္ဂလိပ်စာ ပါမောက္ခ၊
(၂၁ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြဦး ၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ သန်လျင်မြဦး၊ အငြိမ်းစား ပန်တျာကျောင်းအုပ်ကြီး၊ အနုပညာဦးစီးဌာန ဂီတအကြံပေးပုဂ္ဂိုလ် ၊ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန တေးဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆုနှင့် ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုရှင်၊
(၁၃ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြတ်တင်အေး ၊ ဦး**

အသက် (၅၈) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ မြတ်တင်အေး ၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး အမှုဆောင် ၊ စိန်ဂျွန်းကျောင်းသားဟောင်းများ အသင်း အတွင်းရေးမှူး ၊
(၁၄ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်အောင်၊ ဦး**

အသက် (၉၁) နှစ်၊
စာရေးဆရာ ရန်အောင်၊မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကကြီး ၊စာပေဗိမာန်အဖွဲ့ စာပေအတိုင်ပင်ခံ၊ ၁၉၉၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရှင်၊
(၉ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**လှရွှေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာနှင့် စန္ဒရားဆရာ စစ်ကိုင်း လှရွှေ၊မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့် ဦးစီးဌာန မဟာဂီတစိစစ်ရေးအဖွဲ့ဝင်နှင့် ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင် ၊ ၁၉၉၄ ခုနှစ်၊ အမျိုးသား စာပေဆုရှင်၊
(၈ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန့်တင်၊ ဦး (သီရိပျံချီ)**

အသက် (၈၅) နှစ်၊
စာရေးဆရာကြီး ဒဂုန်ရွှေပြည်စိုး၊ B.A., B.Ed ၊ အငြိမ်းစား ပါလီမန်အတွင်းဝန် ၊
(၃ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းဖေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ အောင်မိုး ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အငြိမ်းစားညွှန်ကြားရေးမှူး (စီမံ)၊
(၁၀ –၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဦး၊ နဂါး ဒေါ် (အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ)**

အသက် (၈၆) နှစ်၊
မန္တလေးမြို့ နဂါး ဒေါ်ဦး ဆေးလိပ်ခုံပိုင်ရှင် ၊
(၁၁ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အေးသိန်း၊ ဦး**

အသက် (၅၂) နှစ်၊
ရုပ်ရှင်ဓာတ်ပုံဆရာ အကယ်ဒမီ ချစ်မင်းလူ၊မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (ရုပ်ရှင်ဓာတ်ပုံဆု ) သုံးကြိမ် ဆွတ်ခူးရရှိသူ၊
(၉ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်ကြီး၊ ဦး**

အသက် (၆၀) နှစ်၊
စန္ဒရား အောင်ကြီး ၊ အငြိမ်းစား မြန်မာ့အသံ ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင် ၊
(၁၈ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်သော်၊ ဦး**

အသက် (၇၄) နှစ်၊
မြန်မာစာအဖွဲ့ အဖွဲ့ဝင် ၊ ရှေးဟောင်းသုတေသန ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊
(၉ – ၉ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ
## နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စသည့်နယ်ပယ် အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။ ကွယ်လွန်သည့်ခုနှစ် မဖော်ပြလျှင် ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ခြင်းဟုယူ၍ ခုနှစ်သီးခြားဖော်ပြလျှင် ထိုနှစ်၌ ကွယ်လွန်ခြင်းဟုယူရန် ဖြစ်ပါသည်။

**ကဆာတယ်လီ, ဖေဘီယို (၂၄နှစ်)**

အီတလီလူမျိုး ပြိုင်စက်ဘီးချန်ပီယံ၊ ၁၉၉၂ ခုနှစ် အိုလင်းပစ် ရွှေတံဆိပ်ဆုရှင်။ ပြင်သစ်နိုင်ငံတွင် ပြိုင်ပွဲဝင်နေစဉ် နေပူသောကြောင့် အကာအကွယ်ဦးထုပ်ဆောင်းမထားခဲ့သဖြင့် မတ်စောက်သော အဆင်းလမ်းကွေ့တစ်ခုတွင် တစ်နာရီ ကီလိုမီတာ ၉၀ နှုန်း စီးလာသော အရှိန်ကို မထိန်းနိုင်ဘဲ လဲကျ၍ ဦးခေါင်းဒဏ်ရာဖြင့် ဇူလိုင်လ ၁၈ ရက်နေ့၌ ကွယ်လွန်သည်။

**ကနေဒီ, ရို့စ် ဖစ်ဂျာရဲလ်ဒ် (၁၀၄ နှစ်)**

သမ္မတ ဂျွန်အက်ဖ်ကနေဒီအပါအဝင် အမေရိကန်နိုင်ငံရေးသမိုင်း တွင် သံမဏိရည်ကြာ သမ္မာအရင့်ဆုံးနိုင်ငံရေးမိသားစုကြီး၏ မိခင်။ ဘော်စတွန်မြို့တော်ဝန် ဂျွန်အက်ဖ်ဖစ်ဂျာရဲလ်ဒ်၏ သမီးအကြီးဆုံးဖြစ်ပြီး ဘော်စတွန်မြို့နှင့် ဥရောပနိုင်ငံများ၌ ပညာသင်ကြားခဲ့သည်။ အသက် ၂၄ နှစ်အရွယ်တွင် ဂျိုးဆက်ပီကနေဒီနှင့်

လက်ထပ်ခဲ့ပြီး ၁၈ နှစ်အတွင်း သားသမီးကိုးယောက် ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူက စီးပွားရေးလုပ်ငန်းကြီး အမျိုးမျိုးဖြင့် သူဌေးဖြစ်ကြဲနေချိန်၊ မိန်းမလိုက်စားသူအဖြစ် နာမည်ထွက်ချိန်တွင် ရို့စ်သည် သူမ၏ရင်သွေးများကို သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် စည်းကမ်းတကျ သွန်သင်ထိန်းကျောင်းလာခဲ့ရသည်။ သူမ၏ သားသမီးများကလည်း မိခင်အတွက် ဂုဏ်ယူလောက်သော ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာအောင် ကြိုးစားခဲ့ကြသကဲ့သို့ ဆိုးရွားလှသော ကံကြမ္မာတို့ကြောင့် သောကဝေဒနာပါ သူမခံစားခဲ့ရသည်။ သမီးအကြီးဆုံး ရို့စ်မာရီသည် ဉာဏ်ရည်ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် လူမှုဝန်ထမ်းဂေဟာသို့ ပို့ခဲ့ရသည်။ သားဖြစ်သူ ဂျိုးဂျူနီယာသည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သမီးဖြစ်သူ ကက်သလင်းန်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ လေယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့သည်။ ထို့နောက် တစ်ဖန် ၁၉၆၃ ခုနှစ်တွင် ပြည်သူချစ်သော သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံလိုက်ရသော အခါ သူမနှင့်အတူ တစ်ကမ္ဘာလုံးက ကြေကွဲဝမ်းနည်းခဲ့ကြသည်။ တစ်ဖန် ၁၉၆၈ ခုနှစ်တွင် ထက်မြက်သော သားတစ်ဦးဖြစ်သည့် ရောဘတ်ကနေဒီ အသတ်ခံခဲ့ရပြန်သည်။ နောက်နှစ်တွင် သူမ၏ ခင်ပွန်း ကွယ်လွန်ခဲ့သည်။ လောကဓံကို မတုန်မလှုပ် ရင်ဆိုင်ခဲ့သော ရို့စ်ဖစ်ဂျာရဲလ်ဒ် ကနေဒီ သည် အသက် ၁၀၄ နှစ်အရွယ်တွင် မက်ဆာချူးဆက် ပြည်နယ်၌ ကွယ်လွန်သည်။

## ကိုလာ, ကျော့ဂျက်စ် (၄၈ နှစ်)

ဂျာမန်လူမျိုး ၁၉၈၄ ခုနှစ် ဆေးပညာနိုဗဲဆုရ ပုဂ္ဂိုလ်။ အဆုတ်အအေးမိရောဂါဖြင့် ဂျာမနီနိုင်ငံ ဖရေးဘာ့ဂ်မြို့တွင် မတ်လအတွင်းက ကွယ်လွန်သည်။

## ကင်းစလေး , ဆစ်ဒနီ (၅၈ နှစ်)

ပူလစ်ဇာဆုရ ထင်ရှားသော အမေရိကန် ပြဇာတ်ရေးဆရာကြီး။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော "Men in White" ပြဇာတ်မှာ ပူလစ်ဇာဆု ရရှိခဲ့ပြီး "Dead End" (၁၉၃၆) ပြဇာတ်သည်လည်း လွန်စွာပင် ထင်ရှားပြောင်မြောက် ခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

## ချန်ယွန်း (၈၉နှစ်)

တရုတ် ကွန်မြူနစ်ပါတီ ဝါရင့်ခေါင်းဆောင်ဟောင်း – ပါတီဗဟိုကော်မတီတွင် ၁၉၃၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိနှင့် ပေါ်လစ်ဗျူရိုတွင် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဝါရင့်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်နှင့် ၁၉၈၅ ခုနှစ်အထိ အနီးကပ်မဟာမိတ်ဖြစ်ခဲ့သူ၊ နောက်ပိုင်းတွင် တိန့်ရှောင်ဖိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအပေါ် အပြင်းအထန် ဝေဖန်ခဲ့သူ၊ ဧပြီလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

## ဂါး , မော်ဒေချိုင် မော်တာ (၆၅ နှစ်)

အစ္စရေး ဒုတိယ ကာကွယ်ရေးဝန်ကြီး၊ ၁၉၆၇ ခုနှစ်တွင် ဂျရူးဆလမ်ရှေးဟောင်းမြို့တော်ကို လေထီးတပ်များဖြင့် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သော စစ်သူရဲကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အစ္စရေးတပ်မတော် အကြီးအကဲအဖြစ်ရှိစဉ် ၁၉၇၆ ခုနှစ်က ဓားစာခံ ၁၀၄ ဦးကို လေယာဉ်ပြန်ပေးသမားများလက်မှ ကယ်တင်ခဲ့သော နာမည်ကျော်အင်တက်ဘီလေဆိပ် ကယ်ဆယ်မှု စစ်ဆင်ရေးတွင် ကွန်မန်ဒိုအဖွဲ့ကို ကြီးကြပ်ညွှန်ကြားပေးခဲ့သူ၊ ကင်ဆာရောဂါဝေဒနာကို မခံစားလိုတော့၍ ဇူလိုင်လအတွင်းက မိမိကိုယ်ကို ပစ်သတ်၍ အဆုံးစီရင်ခဲ့သည်။

## ဂေါ်ဘာချော့ , မာရီယာ ပန်တီလီယက်ဗနာ (၈၄နှစ်)

ယခင် ဆိုဗီယက်ပြည်ထောင်စု သမ္မတဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်၏မိခင် – သားဖြစ်သူ ဂေါ်ဘာချော့ဗ် အထွတ်အထိပ်ရောက် နေစဉ်ကာလ၌အဆင့်မြင့်မြင့်၊ ဇိမ်ကျကျ နေခွင့်ရခဲ့သည့်တိုင် သူမသည် ရုရှားနိုင်ငံတောင်ပိုင်း ပရိဗိုလ်နိုယေအမည်ရှိ ရွာကလေး၌ပင် ရိုးရိုးလေး နေသွားခဲ့သည်။ ထိုရွာလေး၌ ဂေါ်ဘာချော့ဗ်ကို မွေးဖွားခဲ့ပြီး ထိုရွာလေး၌ပင် ဂေါ်ဘာချော့ဗ်၏ ဖခင်သည်လည်း ကွယ်လွန်ချိန် ၁၉၇၆ ခုနှစ်ထိ နေသွားခဲ့သည်။ သူမသည် ဧပြီလတွင် ကွယ်လွန်သည်။

## ဂျာဘရာ, ဂျဘရာ အီဗရာဟင် (၇၅နှစ်)

အီရတ်နိုင်ငံသား စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာ။ ရှိတ်စပီးယား၏စာပေလက်ရာများကို အာရေဗျဘာသာသို့ ပြန်ဆိုပေးခဲ့၍ အာရပ်နိုင်ငံ တက္ကသိုလ်များတွင် ဖတ်ရှုလေ့လာရန် ပြဋ္ဌာန်းခြင်းခံရသည်။ ဘဂ္ဂဒက်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

## ဂျီလက်စ်, ကားလ် (၇၈နှစ်)

လန်ဒန်မြို့ထုတ် ဒေးလီးအိပ်စ်ပရက်စ်သတင်းစာကြီးနှင့် ဆန်းဒေးအိပ်စ်ပရက်စ်တို့တွင်နှစ် ၅၀ ကျော်မျှ ကာတွန်း

ရုပ်ပြောင်များ ရေးဆွဲလာခဲ့သူ နာမည်ကျော် ကာတွန်းဆရာကြီး။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်။

**စပင်ဒါ, စတီဖင် (၈၆နှစ်)**

ဗြိတိသျှလူမျိုး ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ၊ စာပေဝေဖန်ရေးသမား၊ နိုင်ငံရေးစာပေရေးသားသူ၊ "ဟရိုင် ဇင်" (မိုးကုတ်စက်ဝိုင်း) အမည်ရှိ စာပေမဂ္ဂဇင်းကို စတင် တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့သူနှင့် တည်းဖြတ်ခဲ့သူ၊ နောင်တွင် ဩဇာတိက္ကမကြီးမားသော "အန်ကောင်တာ" (ဆုံတွေ့ခြင်း) ဂျာနယ်ကိုတည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သူ၊ ၁၉၆၂ ခုနှစ် တွင်"နိုက်"ဘွဲ့ဖြင့် သူကောင်းပြုခံရသူ။ နှလုံးရောဂါဖြင့် ဇူလိုင်လ ၁၆ ရက်နေ့က လန်ဒန်မြို့တွင် ကွယ်လွန်သည်။

**စမစ်, မာဂရက် ချေ့စ် (၉၇နှစ်)**

အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်နှင့်အထက်လွှတ်တော်နှစ်ရပ်စလုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပထမဆုံးအမျိုးသမီးနိုင်ငံရေးသမား၊ လွှတ်တော်နှစ်ရပ်လုံးတွင် ၃၂ နှစ်ကျော်ဆောင်ရွက်ခဲ့သူ၊ မေလ ၂၉ ရက်နေ့တွင် မိန်းပြည်နယ်၊ စကောင်ဟောဂင်မြို့တွင် ကွယ်လွန်သည်။

**စီယာနီ, အက်ဒါမူ ဆိုလီနီ (၈၄နှစ်)**

အီတလီဖက်ဆစ်အာဏာရှင်ခေါင်းဆောင်မူဆိုလီနီ၏ အကြီးဆုံးသမီး။ သူမ၏ခင်ပွန်းနိုင်ငံခြားရေးဝန်ကြီး ဂလက်ဇိုစီယာနိုသည် မူဆိုလီနီကို ယာယီပြုတ်ကျသွားစေနိုင်သည့် ၁၉၄၃ ခုနှစ် ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့မှု အတွက် ၁၉၄၄ ခုနှစ်တွင် သေဒဏ်စီရင်ခံခဲ့ရသည်။ ဖခင်ဖြစ်သူအား အမျိုးမျိုး ကန့်ကွက်ခဲ့သော်လည်း မရဘဲ လက်မရွံ့အာဏာပါးကွက်သားတပ်ဖွဲ့၏ ပစ်သတ် စီရင်ခြင်းကို ခံခဲ့ရသည်။ သူမ၏ဖခင်ထံ ရေးသော စာတစ်စောင်တွင် " သွေးစွန်းခဲ့ရသော ခင်ပွန်းသည်၏ အမည်ကို ဂုဏ်ယူစွာဖြင့်ထိန်းသိမ်းသွား ပါမည်"ဟု ပါရှိခဲ့သည်။ အီတလီနိုင်ငံ၊ ရောမမြို့တွင် ဧပြီလအတွင်းက ကွယ်လွန်သည်။

**ဆလိုမို, ဂျိုး (၆၈နှစ်)**

အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှု၊ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအခြေခံသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရေးတို့တွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ခဲ့သော တောင်အာဖရိက အိုးအိမ်ဝန်ကြီးဌာနဝန်ကြီး။ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့တွင် ကွယ်လွန်သည်။

**ဆာဆာကာဝါ၊ ရိုင်ယိုအီချိ (၉၆ နှစ်)**

ဂျပန်လူမျိုးအစွန်းရောက် အမျိုးသားရေးဝါဒီ၊ ၁၉၃၁ ခုနှစ်တွင် မျိုးချစ်လူထုပါတီကို တည်ထောင်ခဲ့သူ၊ အလောင်းအစား အလှူဝါသနာကြီး၍ အလှူအတန်းရက်ရောသော သူဌေးကြီး။ ဒုတိယကမ္ဘာစစ်အတွင်းက မုံးကြွ လေယာဉ်အစင်း ၂၀ ပါဝင်သော ကိုယ်ပိုင်လေတပ်တစ်ခုဖွဲ့စည်း၍ သူ့နိုင်ငံကို ကူညီခဲ့သူ။ အီတလီသို့ လေယာဉ်ဖြင့်သွား၍ အာဏာရှင် မူဆိုလီနီနှင့်ဓာတ်ပုံတွဲရိုက်ခဲ့သည်။ စစ်အပြီးတွင် အမေရိကန်တပ်များက သူ့အား စစ်ရာဇဝတ်ပြစ်မှုဖြင့် ထောင်ဒဏ်လေးနှစ်ချခဲ့သည်။ နောင်တွင်သူသည် ဒေါ်လာသန်းထောင်ပေါင်းများစွာတန်သော တရားဝင် လောင်းကစားမှုလုပ်ငန်းကြီးများကိုတည်ထောင်ခဲ့ပြီး ဒေါ်လာသန်းတစ်ထောင်ကျော်မျှ မက လှူဒါန်းခဲ့သည်။ တိုကျိုမြို့တွင် ဇူလိုင် ၁၈ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဆာတန်, မေ (၈၃နှစ်)**

ထင်ရှားသော အမေရိကန်လူမျိုး စာရေးဆရာနှင့် ကဗျာဆရာမကြီး ။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဆူဗာနိုဗောင်၊ မင်းသားကြီး (၈၆ နှစ်)**

လာအိုနိုင်ငံသမ္မတဟောင်းနှင့်ပသက်လာတော်လှန်ရေးလှုပ်ရှားမှုခေါင်းဆောင်။ ပြင်သစ်နိုင်ငံတွင်ပညာသင်ကြားခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် လာအိုနိုင်ငံ ပြန်ရောက်ချိန်မှစ၍ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူ။ ၁၉၅၄ ခုနှစ်တွင် လွတ်လပ်ရေးရကာစ လာအိုနိုင်ငံ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။ သို့သော် သူ၏အစ်ကိုတော် မင်းသားကြီးသုဝဏ္ဏဖူးမား ခေါင်းဆောင်သည့် လက်ယာဝါဒီအဖွဲ့က ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းယူသွားသောအခါ ပသက်လာပြောက်ကျားတပ်ဖွဲ့ကို ခေါင်းဆောင်ခဲ့ပြီး နောက်ဆုံးတွင် လက်ဝဲကွန်မြူနစ် အာဏာရလာခဲ့သည်။ ဆူဗာနိုဗောင်သည် ၁၉၇၅ ခုနှစ် မှ ၁၉၈၆ ခုနှစ် ရာထူးမှ အနားယူချိန်အထိ သမ္မတတာဝန်ကို ထမ်း ဆောင်ခဲ့သည်။ ဇန်နဝါရီလအတွင်းက ကွယ်လွန် သည်။

**ဆိုင်ယိုရန်, အီမီးလ် မီဟိုင်း (၈၄ နှစ်)**

လောကကြီးနှင့်ကင်းကင်းကွာကွာနေလေ့ရှိသော ရိုမေးနီးယားနိုင်ငံဖွား စာရေးဆရာနှင့်တွေးခေါ်ပညာရှင်ကြီး။ လူသားတစ်ဦးမွေးဖွားလာရခြင်း အသက်ရှင်ရပ်တည်နေရခြင်း၌ ဒုက္ခသာပြွမ်းတီးနေသည်ဟု အမြင်ရှိသော ဆိုင်ယိုရန်၏လက်ရာများအနက်"The Trouble with Being Born" (ဇာတိဒုက္ခ)(၁၉၇၃)သည် ထင်ရှားသည်။ "ကျွန်ုပ်သည် အသုဘအခမ်းအနားများကို ပိတ်ပင် တားမြစ်ချင်သည်။ လူသည်မွေးဖွား လာသည့်အတွက် ငိုကြွေးသင့်သည်။ သေဆုံး၍ ငိုကြွေးခြင်းသည် မသင့်" ဟု မှတ်ချက်ချခဲ့ဖူးသော တွေးခေါ်ပညာရှင်ကြီး ဆိုင်ယိုရန်သည် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့ တွင် ဇွန်လအတွင်းက ကွယ်လွန် ခဲ့သည်။

**တောင်ဆင်, ပီတာ (၈၀ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ဗြိတိသျှ တိုက်လေယာဉ်မှူးဟောင်း။ လေကြောင်းတိုက်ပွဲများ တွင် အစွမ်းပြခဲ့၍ လူသိများခြင်းထက် ဆဋ္ဌမမြောက်ဂျော့ဘုရင်၏ သမီးအငယ်ဆုံး မာဂရက်မင်းသမီးနှင့် မေတ္တာမျှခဲ့ပြီးကာမှ ဘဝအခြေမပေး၍ ဝေးခဲ့ရသောအဖြစ်ကြောင့် ပိုမိုလူသိများခဲ့သည်။ မင်းသမီးထက် အသက် ၁၆ နှစ်ကြီး သော လေယာဉ်မှူး ပီတာတောင်ဆင်သည် အသက် ၂၀ စွန်းကာစ အရွယ် ရှိ မာဂရက်မင်းသမီး၏ မေတ္တာကို ရရှိခဲ့ပြီး သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲကို မင်းသမီး၏ ၂၅ နှစ်မြောက် မွေးနေ့ တွင် ကြေညာရန် မျှော်လင့်ထားခဲ့ကြသည်။ သို့သော် တောင်ဆင် သည် အိမ်ထောင်ရှိခဲ့ဖူးသော တစ်ခုလပ် တစ်ယောက် ဖြစ်သည်ဟူသောအချက်ဖြင့် ဆွေတော်မျိုးတော်များက ဝိုင်းဝန်းကန့်ကွက်မှုကို မင်းသမီးခမျာ မငြင်းဆန်နိုင်ခဲ့ချေ။ မာဂရက်မင်းသမီးသည် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြပြီးဖြစ်ကြောင်း တရားဝင်ကြေညာချက်ကို ၁၉၅၅ ခုနှစ်တွင် မလွှဲမရှောင်သာ ထုတ်ပြန်ကြေညာခဲ့ သည်။ ယင်းနောက်ပိုင်း တွင် ပီတာတောင်ဆင်သည် အလိုက်သိစွာဖြင့် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ထွက်ခွာ လာခဲ့သည်။ ဝိုင်အရက် အရောင်းအဝယ်လုပ်ငန်း၊ ကုလ သမဂ္ဂ အကြံပေး ပုဂ္ဂိုလ်၊ စာရေးဆရာ စသည့်ဘဝများဖြင့် ဆက်လက် ကျင်လည်ခဲ့သည်။ ၁၉၇၈ ခုနှစ်က "အချိန်နှင့် အခွင့်အရေး" (Time and Chance )အမည်ရှိ စာအုပ်တွင် "သူမ အရာရာကို စွန့်လွှတ်ဖို့ ၊ သူမရဲ့ဘဝ အဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေ ခ ဒါတွေအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ် ပြင်ဆင်ပြီး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ကို လက်ထပ် နိုင်ခဲ့မှာပါ။ ဒါပေမယ့် ကျွန်တော် သိပါတယ်။ ဒါတွေကို ထေမိနိုင်မယ့်၊ သူမဆုံးရှုံးသွားသမျှ ပေးလိုက် ရသမျှတွေကို ပြန်ကာမိနိုင်မယ့် ဘာအင်အားမျှ ကျွန်တော့်မှာ မရှိခဲ့ ပါဘူး"ဟု အမှတ်တရရေးသားခဲ့သော ပီတာ တောင်ဆင် သည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၁၉ ရက် နေ့တွင် ကွယ်လွန်သည်။

**တန်နာ, လာနာ (၇၅ နှစ်)**

အမေရိကန် ရုပ်ရှင်မင်းသမီးကြီး။ ဇူလိုင်လအတွင်းက လော့အိန်ဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဒေဆိုင်း, မိုရာဂျီ (၉၉ နှစ်)**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း – ဂျာနာတာပါတီကို စတင်တည်ထောင်ခဲ့သူ။ ၁၉၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ သမိုင်း၌ ကွန်ဂရက်ပါတီဝင်မဟုတ်ဘဲ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသူ။ မိမိစတာဝန်ယူစဉ် နှစ်နှစ်တာ ကာလအတွင်း အိမ်နီးချင်းတရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းခဲ့သူ။ ဧပြီလ ၁၁ ရက်နေ့ တွင် ဘုံဘေမြို့၌ ကွယ်လွန်သည်။

**နီးဒမ်း , ဂျိုးဆက် (၉၄ နှစ်)**

ထင်ရှားသော ဗြိတိသျှလူမျိုး သိပ္ပံပညာရှင်၊ သမိုင်းပညာရှင်၊ နိုင်ငံရေးပညာရှင်၊ ဇီဝဓာတုဗေဒနှင့် တရုတ် စာပေ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသောစာအုပ်များ ရေးခဲ့သူ။ သူပညာသင်ယူခဲ့ရာ ကိန်းဗရစ်တက္ကသိုလ်မှာပင် ၁၉၂၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဇီဝဓာတုဗေဒကို သင်ကြားပို့ချပေးခဲ့ရာမှ အသက် ၄၂ နှစ်အရွယ်တွင် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ခရီးထွက်စဉ် တရုတ်ရေးရာကို စိတ်ဝင်စား ခဲ့သည်။ သူကွယ်လွန်သည်အထိ တရုတ်နိုင်ငံ ၏သိပ္ပံ၊ သမိုင်းနှင့်ယဉ်ကျေးမှုအပေါ် နှစ်ပေါင်း ၅၀ တိုင်တိုင် သုတေသနပြု လေ့လာရေးသားခဲ့သည်။ တရုတ်နိုင်ငံ၏ သင်္ချာပညာ၊ သိပ္ပံပညာ၊ ဆေးဝါးနှင့်စက်မှုအတတ်ပညာတို့ ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စူးစူးနှစ်နှစ် ရေးသားဖော်ပြထားသော "Science and Civilization in China "ကျမ်းကြီးကို အတွဲပေါင်း ၁၆ တွဲအထိ ထုတ်ဝေနိုင်ခဲ့ပြီး ၁၂ တွဲကို ထုတ်ဝေရန် စီစဉ်ဆဲဖြစ်သည်။ သူ၏ ကြိုးပမ်းအားထုတ်မှု ကို "၂၀ ရာစု အကြီးမားဆုံး ဉာဏ စွမ်းဆောင်ချက်များအနက် တစ်ခု"အဖြစ် သတ်မှတ်ခံ ရသော ပညာရှင် ဂျိုးဆက်နီးဒမ်းသည် ဧပြီလအတွင်းက အင်္ဂလန်နိုင်ငံ၊ ကိန်းဗရစ်မြို့တွင် ကွယ်လွန်သည်။

**ပရက်စတန်, လူးဝစ် (၆၈ နှစ်)**

၁၉၉၁ ခုနှစ်မှစ၍ကွယ်လွန်ချိန်ထိ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သူ။ မေလကုန်တွင် ရာထူးမှ အနားယူရန် စီစဉ်ထားဆဲ မေလအတွင်း၌ ဝါရှင်တန်တွင် ကွယ်လွန်သည်။

**ပါရီ ,ဖရက်ဒ် (၈၅ နှစ်)**

ကမ္ဘာကျော် ဗြိတိသျှတင်းနစ် ချန်ပီယံဟောင်း။ ၁၉၃၆ ခုနှစ် ဝင်ဘယ်လ်ဒန် တစ်ဦးချင်းတင်းနစ် ချန်ပီယံ ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အခြားမည်သည့် ဗြိတိသျှတင်းနစ် သမားမျှ ထိုချန်ပီယံဘွဲ့ကို မရခဲ့တော့ချေ။ ပါရီသည် ကမ္ဘာ့တင်းနစ်လောကတွင် ကမ္ဘာ့ပွဲကြီးလေးပွဲ (ဂရင်းဆလင်ပွဲကြီး လေးပွဲ) လုံးကို အနိုင်ရခဲ့သော ပထမဆုံးတင်းနစ် ချန်ပီယံအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၀ ပြည့်လွန်နှစ်များနောက်ပိုင်း အနားယူခဲ့ပြီးနောက် နည်းပြဆရာ၊ ဘီဘီစီ အားကစားသတင်းဝေဖန်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ပီနေး , အန်တွိုင်နီ (၁၀၂ နှစ်)**

ပြင်သစ်ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း။ ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံ၏ စီးပွားရေးနာလန်ထူရေးတွင် ဦးဆောင်လမ်းညွှန်ခဲ့သူ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

**ပဲ့လ်ထိ ဂျူနီယာ , ဂျိမ်းစ် ဗန် (၇၆ နှစ်)**

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ကို အနုမြူဗုံးကြဲချခဲ့သော အမေရိကန် ဗုံးကြဲလေယာဉ်ဘီ – ၂၉ တွင် လေကြောင်းပြအရာရှိအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းက ကွယ်လွန်သည်။

**ဖူကူဒါ , တာကေအို (၉၀ နှစ်)**

၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း ဂျပန်နိုင်ငံကို အာရှတိုက်တွင် သံတမန်ရေးရာ၌ တက်ကြွသော အခန်းကဏ္ဍ၌ ပါဝင်စေခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်း။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဖူးလ်ဘရိုက်၊ ဂျေဝီလီယံ (၉၀ နှစ်)**

ထင်ရှားထက်မြက်သော အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်ဟောင်း။ အမေရိကန်ပြည်ထောင်စု၏ ဗီယက်နမ်ဆိုင်ရာမူဝါဒတွင် ပြတ်ပြတ်သားသားဆန့်ကျင်ရပ်တည် ခဲ့သူ၊ ပြည်ပနိုင်ငံများနှင့် ပညာတော်သင်အပြန်အလှန်စေလွှတ်ရေးမူဝါဒကို ၁၉၄၆ ခုနှစ်တွင် သမ္မတ ဟာရီထရူးမင်းနှင့်အတူ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ပညာသင်ပေါင်း ၁၅၀,၀၀၀ ကျော် ပြင်ပပညာသင်ကြားခွင့်ရစေခဲ့သည်။ လက်ရှိသမ္မတ ဘီလ်ကလင်တန်သည် ကောလိပ်ကျောင်းသားဘဝက ဖူးလ်ဘရိုက်၏ ဆီးနိတ်ရုံးတော်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးရာ “ဒီပုဂ္ဂိုလ်ကြီးကြောင့်သာမဟုတ်ရင် ကျွန်တော်လည်း ဒီနေ့ဒီနေရာ ရောက်လာလိမ့်မယ်မထင်ပါဘူး” ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတ ဘီလ်ကလင်တန်သည် အာကင်ဆတ်ပြည်နယ်သား ဖြစ်ခဲ့ပြီး ဖူးလ်ဘရိုက် စတင်အကောင်အထည်ဖော်ခဲ့သော ပညာတော်သင်ထောက်ပံ့ရေးဆု ရရှိခဲ့သူလည်း ဖြစ်သည်။ ဝီလီယံ ဖူးလ်ဘရိုက်သည် ၁၉၄၅ ခုနှစ်တွင် ဆီးနိတ်လွှတ်တော်သို့ ရောက်မလာခင် အာကင်ဆတ်တက္ကသိုလ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟာရီထရူးမင်း၊ ဍွိုက်အဲက်ဇင်ဟောင်ဝါ၊ ဂျွန်အက်ဖ်ကနေဒီနှင့် လင်ဒန်ဂျွန်ဆင်စသော သမ္မတများ အဆက်ဆက် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရှိစဉ်က သမ္မတ လင်ဒန်ဂျွန်ဆင်ကို နိုင်ငံခြားရေးမူဝါဒများ၌ များစွာအကူအညီပြုခဲ့သည်။ ထင်ရှားသော အမေရိကန်နိုင်ငံရေးသုခမိန် ဝီလီယံ ဖူးလ်ဘရိုက်သည် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်ခဲ့သည်။

**ဖန်ဂျီယို, ဟွမ်မင်ညူယယ် (၈၄ နှစ်)**

အာဂျင်တီးနားနိုင်ငံသား နာမည်ကျော် ဖော်မြူလာဝမ်း ပြိုင်ကားချန်ပီယံဟောင်း။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့သည်။ ဖော်မြူလာဝမ်းချန်ပီယံ ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့သည့်အပြင် ယှဉ်ပြိုင်ခဲ့သမျှ ဂရင်းပရီပြိုင်ပွဲကြီးပေါင်း ၅၁ ခုအနက် ၂၄ ခုတွင် အနိုင်ရခဲ့သည်။ သူ၏ အောင်မြင်မှု စံချိန်သည် ယနေ့ထက်တိုင် ထိပ်ဆုံးတွင် ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအတွင်းက ဗျူနိုအေရိးစ်မြို့တွင် ကွယ်လွန်သည်။

**ဗစ်တာ, ပေါလ် အယ်မလီ (၈၇ နှစ်)**

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြောက်နှင့်တောင်ဝင်ရိုးစွန်းဒေသများသို့ အကြိမ်ကြိမ် ခရီးကြမ်းသွားရောက်

လေ့လာခဲ့သော ပြင်သစ်လူမျိုး စူးစမ်းရှာဖွေသူ စာရေးဆရာ။ သူ၏လေ့လာရေးခရီးကြိမ်း ၃၇ ကြိမ်အနက် ပထမဆုံးခရီးစဉ်ကို ၁၉၃၄ ခုနှစ်က စတင်ခဲ့သည်။ အာတိတ်နှင့်အန္တာတိက ဒေသတို့၏ပထဝီဝင်၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ ရေခဲပြင်ဗေဒနှင့်အက်စကီးမိုးလူမျိုးတို့၏ ယဉ်ကျေးမှုတို့ကို စူးစမ်းလေ့လာ၍ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ်က အက်စကီးမိုးတို့နှင့်အတူလပေါင်းများစွာနေထိုင်၍ ဤမျှအေးမြသော တန်ဒရာရေခဲပြင်ဒေသတွင် မည်သို့နေထိုင်နိုင်စွမ်းရှိကြောင်း လေ့လာခဲ့မှုသည် သူ၏ ထင်ရှားသော လေ့လာစူးစမ်းချက်ဖြစ်ခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း ဘိုရာဘိုရာမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ဗျူးတနန့်ဒ်, အဒေါ့ဖ် (၉၁ နှစ်)**

ဂျာမန်လူမျိုး ၁၉၃၉ ခုနှစ်ဓာတုဗေဒနိုဗဲဆုရှင်။ ယခင်က မသိခဲ့သော လိင်ဟော်မုန်းအတော်များများကို ခွဲခြားထုတ်ဖော်နိုင်ခဲ့ပြီး သူ၏ သုတေသနပြုချက်မှ ရရှိသော ဟော်မုန်းတည်ဆောက်ပုံ တွေ့ရှိချက်များအရ သန္ဓေထိန်းချုပ်မှုဆေးဝါးများကို ဆက်လက်ဖော်စပ်ထုတ်လုပ်နိုင်ခဲ့သည်။ နိုဗဲဆုရရှိခဲ့စဉ်က နာဇီဥပဒေအရ ဆုကို ငြင်းပယ်ရန် ပြဋ္ဌာန်းထားခဲ့သဖြင့် ၁၉၄၉ ခုနှစ်ကျမှ ဆုကို လက်ခံယူခဲ့ရသည်။ မြူးနစ်မြို့၌ ဇန်နဝါရီလတွင် ကွယ်လွန်သည်။

**ဘဇာဂန်, မေဒီ (၈၇နှစ်)**

ရှားဘုရင်ပြုတ်ကျသွားပြီးနောက် ၁၉၇၉ ခုနှစ်တွင် ဘာသာရေးခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ၏ ခန့်အပ်မှုဖြင့် အီရန်နိုင်ငံဝန်ကြီးချုပ် ကိုးလလုပ်ခဲ့သူ။ ဇန်နဝါရီလတွင် ဆွစ်ဇလန်နိုင်ငံ ဇူးရစ်မြို့၌ ကွယ်လွန်သည်။

**ဘာဂါ, ဝါရင်း အီး (၈၇နှစ်)**

အငြိမ်းစား အမေရိကန်တရားရုံးချုပ် တရားသူကြီးချုပ်။ ဇွန်လ ၂၅ ရက်နေ့ ကွယ်လွန်သည်။

**ဘား, မိုလ်ချုပ် မိုဟာမက် ဆီယတ် (၇၄ နှစ်)**

ဆိုမာလီနိုင်ငံကို ၁၉၆၉ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီး အာဏာရှင်စနစ်ဖြင့် ၁၈ နှစ်ကြာ အုပ်စိုးစဉ်ကာလအတွင်း အီသီယိုပီးယားနိုင်ငံနှင့် စစ်ပွဲဖြစ်ပွားခြင်း၊ စီးပွားရေးချွတ်ခြုံကျခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် အကြီးအကျယ် ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့ ကြုံတွေ့ပြီးနောက် ၁၉၉၁ ခုနှစ်တွင် အာဏာလက်လွှတ်ဆုံးရှုံး၍ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံခဲ့ရသော အာဏာရှင်ဟောင်း။ ပြည်နှင်ဒဏ်ခံနေစဉ် နိုင်ဂျီးရီးယားနိုင်ငံ၊ လေဂို့စ်မြို့၌ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘားနေးစ်, အက်ဒဝပ် (၁၀၃ နှစ်)**

"ပြည်သူ့ဆက်ဆံရေးပညာရပ်၏ဖခင်ကြီး"ဟု အသိအမှတ်ပြုခံရသော ဆက်သွယ်ရေးနည်းပညာရပ် ကျွမ်းကျင်သူ ပညာရှင်ကြီး။ ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုကို လူထုဆက်သွယ်ရေးဝါဒဖြန့်ဝေမှု၌ ကူညီပေး ခဲ့သူ။ ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဒေါက်တာ ဆစ်ဂမန်ဖရွိုက်၏ တူတော်သူ။ အများပြည်သူ၏ ထင်မြင်ယူဆချက် (ပြည်သူ့အမြင်)ကို လွှမ်းမိုးစေသော နည်းစနစ်များစွာကို ရှေ့ဆောင်လမ်းပြရှာဖွေခဲ့သူ။ အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် မတ်လ ၉ ရက်နေ့က ကွယ်လွန်သည်။

**ဘော့ဗင်းနစ်, မီခေးလ် (၈၃ နှစ်)**

ကမ္ဘာ့စစ်တုရင်ချန်ပီယံ သုံးကြိမ်တိုင်တိုင်ဖြစ်ခဲ့သော ရုရှလူမျိုး ကမ္ဘာကျော်စစ်တုရင်ဆရာကြီး။ ဘော့ဗင်းနစ်သည် လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သိပ္ပံနည်း စနစ်တကျ လေ့ကျင့်မှုဖြင့် ကမ္ဘာ့စစ်တုရင်ချန်ပီယံအဖြစ် (၁၉၄၈ မှ ၁၉၅၇၊ ၁၉၅၈ မှ ၁၉၆၀၊ ၁၉၆၁ မှ ၁၉၆၃) သုံးကြိမ်တိုင်တိုင် ရပ်တည်ခဲ့သည်။ ထူးချွန်သော စစ်တုရင်သမားများ ထွက်ပေါ်အောင်မွေးထုတ်ပေးရာ၌လည်း ကျွမ်းကျင် ထင်ရှားသူဘော့ဗင်းနစ်သည် နောင်အနာဂတ်ချန်ပီယံလောင်းများကိုလည်း ပေါက်ဖွားစေခဲ့သည်။ ကမ္ဘာ့လက်ရှိချန်ပီယံ ဂယ်ရီကက်စပါရော့ဗ်သည် ငယ်စဉ်က ဘော့ဗင်းနစ် လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ကမ္ဘာ့စစ်တုရင် သုံးကြိမ်ချန်ပီယံ ဂရင်းမာစတာ ဘော့ဗင်းနစ်သည် မေလအတွင်းက မော်စကိုမြို့တွင် ကွယ်လွန်သည်။

**ဘော့လ်ထ်, ရောဘတ် (၇၀ နှစ်)**

အော်စကာဆု နှစ်ဆုရ နာမည်ကျော် ဗြိတိသျှဇာတ်ညွှန်းရေးဆရာကြီး။ သူဇာတ်ညွှန်းရေးသားခဲ့သော ဇာတ်ကားများအနက်"Dr Zhivago" (၁၉၆၅) နှင့်"A Man for All Seasons" (၁၉၆၆)တို့သည် ဇာတ်ညွှန်းအော်စကာဆု ရရှိခဲ့ကြပြီး "Lawrence of Arabia" (၁၉၆၂)သည် အော်စကာဆုအတွက် ယှဉ်ပြိုင်အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသည်။ ဖေဖော်ဝါရီလ ၂၀ရက်နေ့က ပီတာစဖီးလ်ဒ်မြို့တွင် ကွယ်လွန်သည်။

**မာရိုးလ်, ဂျိမ်းစ် (၆၉ နှစ်)**

ပူလစ်ဇာဆု၊ ဘိုလင်ဘန်ဆုနှင့် အမျိုးသားစာအုပ်ဆုနှစ်ဆုရ ထင်ရှားသော ကဗျာဆရာကြီး။ ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

**မာရင်, ယန်း (၈၆ နှစ်)**

အေအက်ဖ်ပီသတင်းဌာနကို တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့ပြီး ၎င်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော နာမည်ကျော် ပြင်သစ်သတင်းစာဆရာကြီး။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၃ ရက်နေ့တွင် ကွယ်လွန်သည်။

**မန်ဇန်, ကာလို့စ် (၅၂နှစ်)**

၁၉၇၀ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်အထိ ရှုံးပွဲမရှိခဲ့သော အာဂျင်တီးနားလူမျိုး ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံဟောင်း။ သူ့လက်ဝှေ့သက်တမ်းတစ်လျှောက် ဆုကြေးစား လက်ဝှေ့ပွဲပေါင်း ၁၀၀ ထိုးခဲ့ရာတွင် သုံးပွဲသာ ရှုံးဖူးသူ။ ယာဉ်တိုက်မှုဖြင့် ဇန်နဝါရီလအတွင်းက ကွယ်လွန်သည်။

**မိန်း, သောမတ်စ် (၉၃ နှစ်)**

မိုင်လိုကို တီထွင်ခဲ့သောဩစတြေးလျနိုင်ငံသား၊ ကုန်ထုတ်ဓာတုဗေဒပညာရှင်ကြီး။ ကမ္ဘာကျော် ဆွစ်ဇာလန်နက်စလေ စားသောက်ကုန်လုပ်ငန်းကြီးတွင် ဝင်ရောက်လုပ်ကိုင်ရင်း လေးနှစ်ကြာမျှစမ်းသပ်ပြီးနောက် ယနေ့အာရှနှင့် ဩစတြေးလျအိမ်ရှင်မတို့ နှစ်သက်နေကြသော မိုင်လိုချော့ကလက်မှုန့်ကို ၁၉၃၄ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံ ၃၀ ကျော်တွင် ဒေါ်လာသန်း ၄၂၀ ဖိုးမျှသော မိုင်လိုအမှုန့်တန်ချိန် ၉၀,၀၀၀ ကို နှစ်စဉ်တင်ပို့ရောင်းချလျက် ရှိသည်။ မိုင်လို၏ ဖခင်ကြီးသောမတ်စ် မိန်းသည် ဇန်နဝါရီလအတွင်းက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကွယ်လွန်သည်။

**ရာဘင်, ယစ်ဇတ် (၇၃နှစ်)**

အစ္စရေးဝန်ကြီးချုပ်။ နိုဝင်ဘာ ၄ ရက်နေ့တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေးလူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားအပြီး ပြန်လည်ထွက်ခွါလာစဉ် လူသတ်သမားဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသဖြင့် ကွယ်လွန်သွားသည်။

**ရှူးဒေါ့ဖ်, မာ့က်စ် (၉၂ နှစ်)**

ဂျာမနီနိုင်ငံဖွား နာမည်ကျော် အမေရိကန် ဂီတပညာရှင်ကြီး။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖီလဒဲလ်ဖီးယား၌ ကွယ်လွန်သည်။

**ရောဂျားစ်, ဂျင်ဂျာ (၈၃ နှစ်)**

နာမည်ကျော်အကယ်ဒမီဆုရ အမေရိကန်ရုပ်ရှင်မင်းသမီးကြီး ။ ၁၉၃၀ ပြည့်လွန်စနှစ်များက "Girl Crazy" ဇာတ်ကားဖြင့် စတင်နာမည်ရခဲ့ပြီး နာမည်ကျော်အကမင်းသားကြီး ဖရက် အက်စတိုင်းယားနှင့် ဇာတ်ကားဆယ်ကားတွင် တွဲဖက် ရိုက်ကူးခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် "Kitty Foyle" ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆု ရခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

**ရောဘတ်စ်, အက်ဒဝပ် ဗီ (၅၆နှစ်)**

ကိုယ်ခန္ဓာ ထိခိုက်ချို့ယွင်းမှုအမျိုးမျိုး ခံစားခဲ့ရသော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့သဖြင့် ထင်ရှားပုဂ္ဂိုလ်တစ်ဦးအဖြစ် ရောက်ခဲ့သူ။ အသက် ၁၄ နှစ်သားအရွယ်တွင် ပိုလီယိုရောဂါကြောင့် လည်ပင်းမှစ၍ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွက်ချာပါဒလိုက်သွားခဲ့သည်။ ထို့ပြင် အဆုတ်အလုပ်မလုပ်တော့သဖြင့် သံမဏိအဆုတ်သို့မဟုတ် လေရှူစက်ကိရိယာ တပ်ဆင်ပေးထားရပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအားဖြင့် လက်ချောင်းလေးတစ်ချောင်းသာ လှုပ်ရှားနိုင်သည်။ သို့သော် ရောဘတ်စ်သည် ဘဝကို အရှုံးမပေးဘဲ ကြိုးစားလာခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဘာကလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်သို့ တက်ခွင့်ရခဲ့သည်။ အခြေအနေအဆိုးရွားဆုံး မစွမ်းမသန် ကျောင်းသားများထဲမှ ပထမဆုံး တက်ခွင့်ရခဲ့သူ ဖြစ်သည်။ ထိုတက္ကသိုလ်မှ သူသည် ဘွဲ့ဒီဂရီရအောင် ကြိုးစားရင်း မစွမ်းမသန် ကျောင်းသားများအတွက် နေစရာအိုးအိမ်နှင့် အကျိုးဆောင်မှု လုပ်ငန်းများကို စည်းရုံးလှုံ့ဆော်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မစွမ်းမသန်သူများ အမှီအခိုကင်းစွာ နေထိုင်ရေး ဗဟိုဌာနကို စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင်မူ မစွမ်းမသန်သူများအား ထိရောက်စွာ ကူညီနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် (World Institute on Disability) ကို ဦးဆောင်တည်ထောင်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့တွင် မတ်လအတွင်းက နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရှီယာ ယန်း (၉၄ နှစ်)**

တရုတ်နိုင်ငံ၏ ရုပ်ရှင်၊ ပြဇာတ်နှင့် စာပေလောကတွင် ထင်ရှားသော စာရေးဆရာကြီး။ ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ရှီးလား , ကားလ် (၈၃ နှစ်)**

ယခင် အနောက်ဂျာမနီ စီးပွားရေးဝန်ကြီးဟောင်း။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဟမ်းဘာ့ဂ်မြို့၌ ကွယ်လွန်သည်။

**ရှူးလ်မန်း, အာဗင် (၈၁ နှစ်)**

နာမည်ကျော် အမေရိကန် ဝတ္ထုနှင့် ဇာတ်ညွှန်းရေး ဆရာကြီး။ မတ်လ ၂၃ ရက်နေ့တွင် လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဝီလ်ဆင်, ဟာရိုးလ်ဒ် (၇၉ နှစ်)**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း။မူလက စီးပွားရေးပညာ ရှင်ဖြစ်သော ဟာရိုးလ်ဒ်ဝီလ်ဆင်သည် ဒုတိယကမ္ဘာ စစ်ကြီးနောက်ပိုင်း လေဘာပါတီ၌ ထင်ရှားသူဖြစ်လာ သည်။ အတိုက်အခံ လေဘာပါတီ၌ ၁၃ နှစ်တာဆောင်ရွက်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် လေဘာပါတီကို နောက်ထပ်သုံးကြိမ်တိုင်တိုင် အောင်ပွဲဆင်အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့သည်။ ယင်းအောင်ပွဲများအနက် ၁၉၆၆ ခုနှစ် အောင်ပွဲသည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သူသည် ဝန်ကြီးချုပ်ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့သည်။

**ဝေါလ်တန်, အားနက်စ် တီ အက်စ် (၉၁ နှစ်)**

နိုဗဲဆုရ အိုင်းရစ်လူမျိုး ရူပဗေဒပညာရှင်ကြီး။ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ဂျွန်ဒီကော့ကရော့ဖ်တို့သည် ကိန်းဘရစ်တက္ကသိုလ် ကဗင်းဒစ်ရှ် စမ်းသပ်ခန်းတွင် ၁၉၃၀ ပြည့်လွန်ကာလနှစ်များအတွင်းက ပထမဆုံး အက်တမ်ဖြိုခွဲနိုင်သော စက်ကိရိယာကို တီထွင်ပြုလုပ်ခဲ့ကြသည်။ အိုင်ယာလန်နိုင်ငံ ၊ ဘဲလ်ဖတ်မြို့၌ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟော်ဒန်, ဆာ မိုက်ကယ် (၈၃ နှစ်)**

ဗြိတိသျှရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ပြဇာတ်လောကတွင် နှစ်ပေါင်း ၆၀ ခန့် သရုပ်ဆောင်ခဲ့သော ဝါရင့်မင်းသားကြီး။ အင်္ဂလန်နိုင်ငံ ၊ အော့စဖို့မြို့၌ မေလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အာဘန်, မတ် (၇၅ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းခဲ့သဖြင့် ဆုတံဆိပ်အများဆုံးရရှိခဲ့သော အမေရိကန် ဝါရင့်စစ်ပြန်ကြီးများအနက် ထင်ရှားသူတစ်ဦး၊ ပြင်းထန်သော ဒဏ်ရာများ ရထားပါလျက် စစ်မြေပြင်သို့သာ ထပ်တလဲလဲပြန်လာလွန်းသဖြင့် မိတ်ဆွေများက "တစ္ဆေကြီး" ဟု အမည်ပေးခြင်းခံရသူ၊ ဒုတိယဗိုလ်မှူးကြီးရာထူးမှ အငြိမ်းစားမယူမီအထိ နိုင်ငံငါးနိုင်ငံတွင် စစ်ဆင်ရေး ခြောက်ခု၌ ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ၊ အမေရိကန် ပြည်ထောင်စု၏ အမြင့်ဆုံး ဆုတံဆိပ် "The Medal of Honor" အပါအဝင်ဆု တံဆိပ်ပေါင်း ၂၉ ခု ချီးမြှင့်ခံခဲ့ရသူ။ မတ်လအတွင်းက အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၊ ဟော်လန်မြို့ တွင် ကွယ်လွန်သည်။

**အော့စ်ဘွန်း, ဂျွန် (၆၅ နှစ်)**

အော်စကာဆုရ ထင်ရှားသော ဗြိတိသျှ ပြဇာတ်ရေးဆရာ။ ၁၉၆၃ ခုနှစ်တွင် "Tom Jones" ဇာတ်ကား၌ ဇာတ်ညွှန်း အော်စကာဆု နှင့် ၁၉၆၄ ခုနှစ်တွင် "Luther" ပြဇာတ်ဖြင့် တိုနီဆုရရှိခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။

**အော့ဖ်မန်, ဟန်း နက်စ် (၈၆ နှစ်)**

ဆွီဒင်လူမျိုး ရူပဗေဒ နိုဗဲဆုရှင်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အချိန်ပိုင်းပါမောက္ခ။ သံလိုက်စက်ကွင်းအတွင်း ရွေ့လျားနေသော အရည်များ၏ လှုပ်ကူးသတ္တိကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၁၉၇၀ ပြည့်နှစ်က ရူပဗေဒနိုဗဲဆုကို ပူးတွဲရရှိခဲ့သည်။ သူတွေ့ရှိဖော်ထုတ်ခဲ့သော ပညာရပ်ကို မဂ္ဂနက်တိုဟိုက်ဒရိုဒိုင်းနမစ်ပညာရပ်အဖြစ် ထင်ရှားစေခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အိုဂျင်ဝူး (၇၈ နှစ်)**

အင်အား ၁ ဒသမ ၁ သန်းရှိသော မြောက်ကိုရီးယားတပ်မတော်၏ အကြီးအကဲကာကွယ်ရေးဝန်ကြီး၊ တိုင်းပြည်တွင် ကင်ဂျုံအီလ်ပြီးလျှင် ဒုတိယသြဇာတိက္ကမ အရှိဆုံး

ပုဂ္ဂိုလ်။ ပြုယမ်းမြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သည်။

**အိုရှီးယား, တက်ဆီ (၈၂ နှစ်)**

နာမည်ကျော် ဗြိတိသျှအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး။ ဧပြီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

**အက်ကာ့တ်, ဂျေပရက်စပါး (၇၆ နှစ်)**

ပထမဆုံး အီလက်ထရောနစ်အပြည့်သုံး ဒစ်ဂျစ်တယ် ကွန်ပျူတာကို ၁၉၄၃ ခုနှစ်က ဂျွန်ဒဗလျူ မော်ချီနှင့်အတူ ပင်ဆီဗေးနီးယားတက္ကသိုလ်တွင် တီထွင်ခဲ့သော အမေရိကန် လူမျိုးသိပ္ပံပညာရှင်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားသိပ္ပံဆုကို ချီးမြှင့်ခံခဲ့ရသူ။ ဇွန်လတွင် ကွယ်လွန်သည်။

**အက်စပင်, လက်စ် (၅၆ နှစ်)**

ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူပြီး တစ်နှစ်မျှ ပင်မကြာ မိုဂါဒစ်ရှူးတွင် အမေရိကန်စစ်သား ၁၈ ဦး သေဆုံးခဲ့ရသည့် အရေးကိစ္စဖြစ်ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သော အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟောင်း။ မေလတွင် ဝါရှင်တန်မြို့၌ လေဖြတ်၍ ကွယ်လွန် သည်။

ဦးညက်ဝင်း

**ခင်စု၊ဒေါ်(ရေနံမြေ)(ခရစ်နှစ် ၁၉၁၉-၁၉၉၅)။** ၁၉၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရေနံချောင်းမြို့၌ အဖ ဦးတင်၊ အမိ ဒေါ်မြသန့် (ခေါ်) ဒေါ်ဇွန်းတို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် သမီးအလတ် ဖြစ်သည်။ အကြီးမှာအစ်မဖြစ်ပြီး အငယ်မှာ မောင်ဖြစ်သည်။ မြန်မာ-ဗုဒ္ဓဘာသာဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်စု၊ ကလောင်အမည် ရေနံမြေစု ဖြစ်သည်။

အမိဘက်မှ ရေနံတွင်းစားမျိုးရိုးနှင့် အဖဘက်မှ ကုန်သည်မျိုးရိုးဖြစ်သည်ဟု ဆိုရစေကာမူ အဖ ဦးတင်၏ ဖခင် ဦးသော်ဒါမှာ သီပေါမင်း၏ လူပျိုတော်သားဖြစ်ရာ အရှင်နှစ်ပါးပါတော်မူသောအခါကျမှ ဇာတိနေရပ် မကွေးမြို့သို့ ပြန်လည်နေထိုင်ခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်က (၁၉၂၅-၁၉၂၇ အထိ) ဘုန်းကြီး ကျောင်း၊ မယ်သီလရှင်ကျောင်းများ၌ အခြေခံပညာကို သင်ကြားခဲ့ရသည်။ ရေနံချောင်းမြို့တွင် အင်္ဂလိပ်ကျောင်း ( King Edward School) နောင်အခါ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခွင့် မရခဲ့ပါ။ အဘိုးဖြစ်သူ ဇာတိမာန်ပြင်းထန်မှုကြောင့်ဖြစ်သည်။ နောင်အခါ အမျိုးသားအထက်တန်းကျောင်းဟူ၍ပြောင်းလဲ ထူထောင်လိုက်သည့်အခါကျမှ (၁၉၂၇-၁၉၃၈ အထိ) အင်္ဂလိပ်-မြန်မာနှစ်ဘာသာတက်ရောက် သင်ကြားခွင့်ရခဲ့သည်။ မြန်မာနိုင်ငံ၏အမျိုးသား ခေါင်းဆောင်ကြီးဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ ငယ်စဉ်ကပင်ကျောင်းရှိကျောင်းသား သမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ရေနံချောင်းမြို့သို့ သခင် ခေါင်းဆောင်ကြီးများ သခင်အသင်းအတွက် စည်းရုံးရေး ဆင်းခဲ့စဉ် (ကျောင်းသူဘဝမှာပင်) ၁၉၃၇ ခုနှစ်တွင် သခင်မအဖြစ်ပါဝင်ခဲ့သည်။

ရေနံမြေ (ရေနံချောင်းမြို့) တွင်ပေါ်ပေါက်ခဲ့သော အလုပ်သမားများ၏သပိတ်တိုက်ပွဲ၊ နယ်ချဲ့ အရင်းရှင် တိုက်ပွဲများကို ဝံသာနုရက္ခိတအသင်းကြီး၏ ဥက္ကဋ္ဌကြီး ဖြစ်သူ ဦးစိုးသိမ်း၏စည်းရုံးလှုံ့ဆော်ချက်အရ ငယ်ရွယ်စဉ် မှာပင် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ် မတရားပြုမှုများကို ဆန့်ကျင်သပိတ်တားရာ၌ပါဝင်ခဲ့သည်။ သပိတ် တားသည့်အတွက် သခင်မကြီးများနှင့်အတူ နယ်ချဲ့ လက်ဝေခံ ဝနရှင်ကြီးများ၊ အလိုတော်ရိများ၏ ရေပက်ဖြိုခွင်းခြင်း ခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၌ အထက်တန်းပညာ (H.S.F ) စာမေးပွဲကိုအောင်မြင်ခဲ့ပြီး ရန်ကုန်ဆရာအတတ်သင် ကောလိပ်တက်၍ ထိုကျောင်းကြီး၌ပင် ကျောင်းဆရာမ အဖြစ် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အိမ်ထောင်သည် သား တစ်ယောက်မိခင်ဘဝနှင့်ပင် မင်းဘူးခရိုင်အတွင်း၌ ခရိုင်ခေါင်းဆောင်ဗိုလ်လရောင်၊ သခင်မြမောင် (ခေါ်) သခင်ဖေသန်းတို့နှင့်အတူ နယ်ချဲ့ တော်လှန်ရေးလုပ် ခဲ့သည်။

၁၉၄၂-၁၉၄၅ ခုနှစ်အတွင်း ခင်ပွန်းသည် သခင် ကိုကြီးတို့၏ဒေသ တွဲတေးတောကြီးတန်းသို့ လိုက်ပါကာ မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။ ကျိုက်ကော်မြို့ကလေးရှိ အာရှတိုက် လူငယ်များ အစည်းအရုံးတွင် ဉာဏနှင့်ဝါဒမှူး အဖြစ် ဆောင်ရွက်ရင်း ၁၉၄၅ ခုနှစ် နှစ်ဦးတွင် ဂျပန် တော်လှန်ရေးကို သခင်ကိုကြီး၊ သခင်တင်လှိုင် (သခင် ခင်ညွန့်၏ညီ)၊ သခင်ထွန်းမြင့် စသူတို့နှင့် ပူးတွဲ တာဝန်ထမ်းခဲ့သည်။ ကျိုက်ကော်မြို့ရှိ ဖက်ဆစ် များအား ဆန့်ကျင်သုတ်သင်၍ တွဲတေးတောကြီးတန်းရှိ တောတွင်း ရွာများတွင် တိမ်းရှောင်နေခဲ့ရသည်။



ဒေါ်ခင်စု (ရေနံမြေ)

၁၉၄၅ ခုနှစ် နှစ်လည်လောက်တွင် ရန်ကုန်မြို့ရှိ အာရှအသွင်ပြောင်း ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များ အစည်းအရုံး (ဗ.လ.စ) သို့ရောက်ရှိကာ အမျိုးသမီး ဗဟိုစည်းရုံးရေးမှူးအဖြစ် တာဝန်ထမ်းခဲ့သည်။ ဗ.လ.စ ဗဟိုတွင် တာဝန်ထမ်းဆောင်ရင်း စစ်အပြီး ယိုယွင်းပြိုကျနေသော ပညာရေးကို ထူထောင်ရန် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၄၈ ခုနှစ်အထိ ဖြစ်သည်။

၁၉၄၈ - ၁၉၅၂ အထိ ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီး ဦးတင် (မြန်မာ့အလင်း) ၏ အတွင်းရေးအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကုန်မှ ၁၉၆၂ ခုနှစ်အထိ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှင့်စွယ်စုံအချိန်ပိုင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းခဲ့သည်။ ထို့နောက် ပြည်ထဲရေးဌာနမှ ထုတ်ဝေသော မှုခင်းမဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် ရန်ကုန်သတင်းစာတိုက်အချိန်ပိုင်းအယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဥပစာဝိဇ္ဇာအောင်ပြီး၊ ၁၉၇၀ ပြည့်နှစ်တွင် စာမတတ်သူပပျောက်ရေး "အသုံးလုံး" ဗဟိုကော်မတီဝင်ဖြစ်ခဲ့ပြီး မြင်းခြံခရိုင်တွင် တာဝန်ကျခဲ့ သည်။

၁၉၈၀ ပြည့်နှစ်၌ မရမ်းကုန်းစာပေလုပ်သားအဖွဲ့ဝင်အနေနှင့် မြို့နယ်သမိုင်းပြုစုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ယုဝတီနှစ်ပတ်လည် မဂ္ဂဇင်းတွင် "ယု"ဟူသော ကော်လုန်ရေးဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ သုတပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ ရွှေသွေး၊ သိပ္ပံ မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းစုံ မဂ္ဂဇင်း၊ သောင်းပြောင်းထွေလာ၊ သွေးသောက်၊ ယုဝတီဂျာနယ်၊ ရွှေတူ ဂျာနယ်၊ ရှေ့ဆောင်လူငယ်စသည့် လစဉ်ထုတ် မဂ္ဂဇင်းကြီး များတွင် ဘာသာပြန်ဝတ္ထုဆောင်းပါးများ၊ ပင်ကိုယ်ရေးဝတ္ထုဆောင်းပါးများ များစွာရေးဖွဲ့ပြုစုခဲ့သည်။ ပုံနှိပ်ထုတ်ဝေပြီး ဝတ္ထုဆောင်းပါး ပေါင်း (၂၀၀) ကျော်ရှိသည်။

အတွေးအခေါ်အားကောင်းသော အသိအမြင်အမှန်ကိုပေးသော စာမူများကို ကြိုးပမ်းရေးဖွဲ့တင်ပြနေရင်းက ချော်လဲ၍ တင်ပဆုံရိုးကျိုးသည့်ဝေဒနာဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ ယာဉ်ပျံရွာတွင် ကွယ်လွန်ခဲ့သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၅)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော် တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ တပ်မတော်ရွှေရတုနှစ် တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်များ၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ တော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ဘွဲ့အမည်များ ၊ ဂုဏ်ထူး ဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ၊ တပ်မတော်ရွှေရတုနှစ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေ စိုးမိုးရေးတံဆိပ်၊ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့် အပ်နှင်း ခံရသော ပုဂ္ဂိုလ်များ၏စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် မတ်လ ၂၇ ရက် ရွှေရတုတပ်မတော်နေ့များတွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်( ၁/၉၅) အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှအပါး ၂၀ နှင့် မလေးရှားနိုင်ငံမှ တစ်ပါး စုစုပေါင်း၂၁ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးအပါး ၂၀ နှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း၂၁ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီး၂၈ ပါးနှင့်သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၃၂ ပါး၊ စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသောဆရာတော်ကြီးကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ စူဠကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါး၊ အမေရိကန်ပြည်ထောင်စုမှတစ်ပါးနှင့် အိန္ဒိယနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၉ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ခုနစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦးနှင့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၃၉ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၅)အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၂၉ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ပထမဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၄၈ ဦး၊ ရဲသူရတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲဗလတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခြောက်ဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၁၅၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၃/၉၅ ) အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၅၈၃ ဦး၊ စုစုပေါင်း ၂,၆၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၄/၉၅) အရပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၃၃၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၂,၉၀၆ ဦး စုစုပေါင်း ၁၄,၂၃၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ( ၅/၉၅ ) အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစား ၁၁ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၁၉၆ ဦး စုစုပေါင်း ၂၀၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၆/၉၅ )အရ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များမှာ တာဝန်ထမ်းဆောင်ဆဲ ၄၀၆ ဦး ဖြစ်ကြသည်။

အမိန့်ကြော်ငြာစာအမှတ်( ၇/၉၅) အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၆၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၇,၈၉၂ ဦး စုစုပေါင်း ၃၉,၇၅၈ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၅၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅၅,၅၂၄ ဦး စုစုပေါင်း ၅၇,၃၇၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၈/၉၅) အရ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် တာဝန်ထမ်းဆောင်ဆဲ ၁,၁၃၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၂၁/၉၅ )အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ ချီးမြှင့်ခံရသောပုဂ္ဂိုလ် တစ်ဦး၊ သူရဘွဲ့ ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၃ ဦးနှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၁၄၉ ဦး စုစုပေါင်း ၁၆၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂၂/၉၅)အရ တပ်မတော် ရှေ့ရတုနှစ်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် စစ်မှုထမ်းဆောင်ဆဲ အရာရှိ ၁,၂၀၅ ဦးနှင့် အခြားအဆင့် ၁၄,၃၅၇ ဦး စုစုပေါင်း ၁၅,၅၆၂ ဦး ပါဝင်သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ထူးခြားကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၆၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်များ ချီးမြှင့်သည်။

ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင် ထမ်းဆောင်ခဲ့ကြသော မရိုးလ်မရော်ဒါတပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း ၂၃ ဦးအား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်းကောင်း၊ အမေရိကန် တပ်မတော် (OSS-101) တပ်ဖွဲ့ဝင် စစ်မှုထမ်း ဟောင်း ၁၅ ဦးအား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လည်းကောင်း မြန်မာ့ တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ**။ ။၁၉၉၄ခုနှစ်၊ ဇွန်လက ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သော မစ္စတာတိုမီအိချိမူရာယာမသည် အသက် ၇၀ ခုနစ်ဆယ်ရှိပြီဖြစ်သည်။ သူ၏ရိုးသားသော အနေအထိုင် ဝတ်စားဆင်ယင်မှုကို ပြည်သူတို့က သဘောကျကြသည်။

မူရာယာမသည် နိုင်ငံ၏စီးပွားရေးကို ပို၍ လေးစားသူ ဖြစ်သည်။ သူ၏ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် ပါတီနှင့် နှစ်ပေါင်းများစွာအာဏာရယူခဲ့သော လစ်ဘရယ်ဒီမိုကရက် ပါတီမှ ခွဲထွက်သူများအပြင် ဆာကီဂါကီပါတီနှင့် အခြားသောပါတီငယ်များက စုပေါင်းကာ မူရာယာမကို ထောက်ခံကြသည်။ ထောက်ခံသူအမတ် ၂၆၁၊ ကန့်ကွက်သူအမတ် ၂၁၄ ဖြင့် မူရာယာမသည် ဝန်ကြီးချုပ် ဖြစ်လာကာ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကျူးရှူးကျွန်း အိုအိတမြို့နေရေလုပ်သားတံငါသည် တစ်ဦး၏သားဖြစ်သူ မူရာယာမသည် ဆင်းဆင်းရဲရဲနေခဲ့ ရသည်။ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

၁၉၉၃ခုနှစ်၊ နိုဝင်ဘာလတွင် ဝန်ကြီးချုပ်မှုဆိုဟီရိုဟိုဆိုကာဝါ လက်ထက်က ပြဌာန်းခဲ့သော ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ချက်များအရ ဝန်ကြီးများသည် မိမိတို့ပိုင် ပစ္စည်းစာရင်းကို တင်ပြကြရသည်။ ဝန်ကြီးချုပ်ဟောင်း ဟာတာမှာသိန်းသုံးလေးဆယ် ပိုင်ကြောင်းတင်ပြသည်။ မစ္စတာမူရာယာမကမူ သူပိုင်ပစ္စည်းသည် ဒေါ်လာသုံးသိန်း ခွဲသာရှိသည်ဟု ဆိုသည်။ ထိုသုံးသိန်းခွဲမှာလည်း သူ၏ဇနီး စုဆောင်းရရှိငွေဖြစ်သည်။ ဤမျှလောက်ရိုးသားသူကို လစ်ဘရယ်ဒီမိုကရက်ပါတီက ထောက်ခံခြင်းဖြစ်သည်။

မစ္စတာမူရာယာမသည် အလုပ်သမားရေးရာကို ကိုင်တွယ်ခဲ့သူဖြစ်၍ ပါတီစိတ်ပြင်းထန်သူ မဟုတ်ပေ။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပသော အထက်လွှတ်တော်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီသည် အမတ်နေရာ ၄၆ နေရာမှ ၆၈ နေရာသို့ တိုးတက်ရရှိသည်။ ဝန်ကြီးချုပ်မူရာယာမ၏ပါတီက ယခင်အမတ်နေရာတို့ကို ဆုံးရှုံးခဲ့သည်။ ယင်းရှုံးနိမ့်မှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ ထွက်စရာမလိုဟု ပါတီစုံက ဆုံးဖြတ်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး မာဆာရိုရှိတာကာမူရာက ရာထူးမှထွက်ရန် စာတင်သည်ကိုအမတ်များက လက်မခံပေ။


ယင်းရွေးကောက်ပွဲကို မကျင်းပမီက ဂျပန်အစိုးရသည် မိမိ၏ပေါ်လစီမူဝါဒကို ဖော်ပြသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့က လစ်ဘရယ်ဒီမိုကရက်ပါတီ၊ ဆိုရှယ်လစ်ပါတီနှင့် ဆာကီဂါကီပါတီ ပါဝင်သော ညွန့်ပေါင်းအစိုးရက ထုတ်ပြန်သော အဆိုပါ ကြေညာစာတမ်း၌ ကုန်သွယ်ဘက်နိုင်ငံများ ကျေနပ်နှစ်သိမ့်စေရန် ဈေးကွက်မူစနစ်ကို ပြုပြင်ပြောင်းလဲသွားမည်ဟု ထည့်သွင်းကတိပေးသည်။

ဤသို့စည်းမျဉ်းတကျ အလုပ်လုပ်လျက်ရှိသော မူရာယာမ အစိုးရကို အယုံအကြည်မရှိဟုအဆိုသွင်းကြသည်။ ယင်းအဆိုမှာ မဲ ၅၁၀ အနက် ၂၉၀ ဖြင့် အစိုးရဘက်က အနိုင်ရရှိသည်။

**စစ်လျော်ကြေးများ** - ဝန်ကြီးချုပ်မူရာယာမသည် အခြားသောခေါင်းဆောင်များကဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အပြုအမူအတွက် တောင်းပန်စကားပြောကြားခဲ့သည်။ ယင်းကျူးကျော်မှု၏ဒဏ်ကို ယခုတိုင်ခံရဆဲဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဟောင်ကောင်ရှိ စစ်သုံ့ပန်းဟောင်းများက ဝန်ကြီးချုပ်မူရာယာမသို့ လျော်ကြေးတောင်းသည့် စာတစ်စောင်ပေးပို့သည်။ ဂျပန်တပ်မတော်က အကျဉ်းချခဲ့ရသော စစ်သုံ့ပန်းတစ်ဦးလျှင်ဒေါ်လာ ၂၂,၀၀၀ စီလျော်ကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

ဩစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုမှ စစ်သုံ့ပန်းပေါင်း ၃၀,၀၀၀ ရှိရာစုစုပေါင်းလျော်ကြေးငွေသန်း ၆၆၀ ရှိမည်ဖြစ်သည်။ ယင်း တောင်းဆိုချက်ကို ဟောင်ကောင်နယ်သား ၁၀,၀၀၀ လက်မှတ်ထိုးထားသည်။



ဂျပန်ဝန်ကြီးချုပ် မူရာယာမ

ဝန်ကြီးချုပ်ထံ လျော်ကြေးတောင်းဆိုသော စာကို အသက် ၇၃ နှစ်အရွယ်ရှိ အင်္ဂလိပ်လူမျိုးအာသာတီသရင်တံက သုံ့ပန်း ၅၀ နှင့်အတူ ဟောင်ကောင်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးသို့ ချီတက်ကာပေးအပ်ခြင်းဖြစ်သည်။ ယင်းစာကို ဂျပန်ဝန်ကြီးချုပ်က လက်မခံပေ။

ထို့နောက် တစ်နည်းတစ်ဖုံပေါ်လာသော ပြဿနာမှာ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်စစ်သားနှင့်တိုင်းရင်းအမျိုးသမီးတို့ပေါင်းဖက်ရာမှ ရရှိခဲ့သော ဂျပန်ကပြားသားသမီးများကိစ္စဖြစ်သည်။ ၁၉၄၁-၁၉၄၅ ခုနှစ်အတွင်း ဂျပန်စစ်တပ်က ဖိလစ်ပိုင်၌ အုပ်ချုပ်နေစဉ် ဖိလစ်ပိုင်အမျိုးသမီး များနှင့် ဂျပန်စစ်သားတို့ ပေါင်းဖက်မိကြရာ သားသမီးများ ကျန်ရစ်ခဲ့သည်။ ထိုသားသမီးတို့၏ဖခင် တပ်မတော်သားမှာ ယခုတိုင်အသက်ရှင်လျက်ရှိ မရှိ မသိရပေ။ ထိုဖတဆိုးကပြားတို့ကို ဂျပန်တိုင်းရင်းသားအဖြစ် လက်ခံရန် ဂျပန်အစိုးရသို့ မစ်ရှင်တစ်ရပ် စေလွှတ်တောင်းခံခဲ့သည်။ ဂျပန်အစိုးရက ဂျပန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုမည်ဟု ဆိုသည်။

**ငလျင်သဘာဝကပ်** –၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် အရုဏ်ဦးအချိန်တွင် ဂျပန်ကျွန်းမကြီးရှိ ကိုဘေးမြို့တွင်ရစ်ချ်စတာစကေး ၇.၂ ရှိသော ငလျင်ကြီးလှုပ်ရာ ၂၀ စက္ကန့်အတွင်း တိုက်တာအိမ်ခြေ ၁,၅၅,၀၀၀ ပြိုကျကာ လူ ၅,၅၀၀ သေကျေပျက်စီးပြီး လူ ၂၇,၀၀၀ ထိခိုက်ဒဏ်ရာရရှိ သည်။ ထိုမြို့ပျက်ကို ပြန်လည်ပြင်ဆင်ရမည်ဆိုလျှင် ဒေါ်လာသန်း ၄,၀၀၀ကုန်မည်ဟု ဆိုသည်။ ပြိုပျက်သော အဆောက်အအုံများအောက်ရှိ ဒဏ်ရာရသူများအား ကယ်ဆယ်ရန် တပ်မတော်သားများက ကူညီရာတွင် ရဟတ်ယာဉ်များ၊ အနံ့ခံခွေးလိမ္မာများကိုပါ အသုံးချသည်။ ငလျင်လှုပ်ရာတွင် အစိုးရက ကူညီပံ့ပိုးခြင်း နည်းပါးသည်ကို အတိုက်အခံလွှတ်တော်အမတ်အချို့ကဝေဖန်ပြစ် တင်ကြ သည်။ (သဘာ ဝ ဘေးဒဏ်–ရှု။)

**ကပ်ကျော်ဘာသာရေးဂိုဏ်း**–၁၉၉၅ ခုနှစ် နှစ်ဆန်းတွင် ဘာသာရေးဂိုဏ်းတစ်ခုမှ ထိတ်လန့်ဖွယ် သတိပေးသော ရှေ့ပြေးလွှာတစ်ခုကို ဂျပန်ပြည်သူတို့တအံ့တသြကြားလိုက်ကြရသည်။ ၄င်းမှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ကမ္ဘာကြီးပျက်လိမ့်မည်ဆိုသော ရှေ့ပြေးလွှာဟောစာတမ်းသည် သတင်းစာအသီးသီး၌ ပေါ်ထွက်လာသည်။ ဗျာဒိတ်ပေး ဟောပြောသော ဂိုဏ်းမှာ အောင်းရှင်ရီကျို ဖြစ်သည်။ အောင်းမဟာသစ္စာဂိုဏ်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

ပရိသတ်က သူ၏ဟောကိန်းမှန်မမှန်ကို စောင့်ကြည့်နေကြစဉ်မတ်လ ၂၀ ရက်နေ့ နံနက်တွင် တိုကျိုမြို့မြေအောက်ရထားလမ်းတွင်ဗုံးပေါက်ကွဲသဖြင့် ထိုဗုံးမှဓာတ်ငွေ့များထွက်ကာ ဓာတ်ငွေ့ဒဏ်ကြောင့် ခရီးသည် ၁၂ ဦးသေဆုံးပြီး အခြားလူ ၂,၅၀၀ ခန့်မူးမေ့မေ့မျောပြီး နှလုံးတုန်ရင်ခုန်ရောဂါဒဏ်များ ရရှိသည်။

ဤတွင်မှ ဂျပန်ရဲအဖွဲ့နှင့် ထောက်လှမ်းရေးတပ်က ဤမှုအတင့်ရဲပြီး ရက်စက်သည့် အကြမ်းဖက်သူများနှင့် ၄င်းတို့၏ အပေါင်းအသင်းများကို ဒလကြမ်းရှာဖွေသော အခါ ရှိုကိုအဆဟာရာ ခေါင်းဆောင်သော အောင်းရှင်ရီကျို၏ လက်ရာဖြစ်သည်ကို တွေ့ကြရသည်။

ဖောက်ခွဲသောဗုံးတွင် ဆာရင် ( Sarin )ခေါ် အာရုံကြော၊ သွေးကြော၊ လေကြောထိခိုက်သော ဓာတ်ငွေ့များပါရှိ၍ လူ့အစုလိုက် အပြုံလိုက် သေစေသော ဓာတ်ငွေ့ဖြစ်သည်ကို တွေ့ရှိရသည်။

ထိုဂိုဏ်းဝင်များသည် အဆဟာရာကိုပုဂ္ဂိုလ်အရ ကိုးကွယ်ယုံကြည်သော ဘာသာရေးဂိုဏ်းဖြစ်သည်။ အဆဟာရာသည် ကျူရှူကျွန်း၊ ချီဗွာမက်ဆူမိုတိုတွင် ၁၉၅၅ ခုနှစ်က ဖွားမြင်သည်။ စက္ခုအလင်းမရသလောက်ဖြစ်၍ သူ့အား ဆွံ့အ နားထိုင်း မျက်မမြင် ကလေးသူငယ်များ ကျောင်းတွင် အပ်နှံ သင်ကြားသည်။

ပညာဉာဏ်ထက်မြက်သူဖြစ်၍ အကြား အမြင်ပေါက်သည်ဟု ယူဆရသည်။ သူသည် ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်ရာ အိန္ဒိယပြည်သို့ ရောက်ရှိပြီး ဘာသာရေး၊ သာသနာရေးများကို လေ့လာသည်သာမက တိဗက်မဟာယန ဗုဒ္ဓဘာသာကိုလည်း တီးခေါက် ခဲ့သူဖြစ်သည်။ ယင်းဘာသာရေး အယူအဆများအရ သူ့ကိုယ်သူ အဂ္ဂသာဝကဟူ၍ လည်းကောင်း၊ ဘုရားအလောင်းဟူ၍ လည်းကောင်း ထင်မြင်ယူဆသူဖြစ်သည်။ ထို့ကြောင့် သူ၏ဂိုဏ်းအမည်ကိုအောင်း(ဥုံ) မန္တန်ဖြင့်စခဲ့သည်။ အပ်စိုက်ကုသခြင်းဖြင့်ရောဂါသည်များကိုအစွမ်းထက်စွာကုသခဲ့သည်။ ဗေဒင်အဟောကောင်းသည်။

ယခုနှစ်တွင် သိရသောစာရင်းအရ မှတ်ပုံတင်ထားသော အသင်းသားအုပ်စုမှာ ၁၈၃,၅၈၁ ဖြစ်သည်။ ရုရှားနိုင်ငံတွင် သူ၏ဂိုဏ်းသား ၁,၀၀၀ ခန့်ရှိသည်။

ဂျပန်ရဲအဖွဲ့ဝင် ၂,၅၀၀ သည် အောင်းရှင်ရီကျို ဆေးခန်းပေါင်း ၂၀ ကျော်ကို ဝင်ရောက်ရှာဖွေကာ ခေါင်းဆောင် အဆဟာရာနှင့် သူ၏ဇနီးအပြင် ဓာတုဗေဒကျွမ်းကျင်သူ အသင်းသားတစ်ဒါဇင်ကျော်ကို ဖမ်းဆီးလိုက်သည်။ အဆဟာရာအား လူသတ်မှုဖြင့် စွဲချက်တင်ထားသည်။

ဘာသာရေးကိုဘန်းပြထားသော ဂိုဏ်းကိုမတရားသင်းကြေညာရန် ဆိုင်ရာက တရားရုံးတော်သို့ လျှောက်ထားခဲ့သည်။ ခွင့်ပြုမှုရသည်နှင့် တစ်ပြိုင်နက် ဖူဂျီတောင်ခြေရှိ နေအိမ်ပါ စခန်းအားလုံးကို ရှာဖွေသောအခါ ဓာတုဗေဒဆေးဝါးအမြောက်အမြားကို တွေ့ရှိရပေသည်။ အဆဟာရာကို စစ်ဆေးသောအခါ မိမိတို့သည်လူသတ်ဖို့မဟုတ်ဘဲ ဆေးဝါးကုသဖို့သာ ဤဓာတုဗေဒဆေးဝါးများ၊ ဆာရင်ဓာတ်ငွေ့များ စုဆောင်းသိမ်းဆည်းခြင်း ဖြစ်သည်ဟု ချေပပြောကြားသည်။

ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ ဒုံးကျည်များအတွက် အသုံးပြုနိုင်သော ပစ္စည်းကိရိယာများကို ဇူလိုင်လ ၃၀ ရက်နေ့က ရှာဖွေတွေ့ရှိသည်။ ရှင်ရီကျိုဌာနချုပ် မြေအောက်



ဂျပန်ရဲ့အဖွဲ့ဝင်များက အောင်းရှင်ရိကျိုဂိုဏ်း၏ ဓာတုဗေဒ ဆေးဝါး ပစ္စည်းများကို ရှာဖွေသိမ်းဆည်းနေစဉ်

ပေ ၂၀ ခန့်တွင် ထိုလက်နက်ပစ္စည်းကိရိယာ အသုံးအဆောင် အမျိုး ၇၀ ကို တွေ့ရှိရသည်။ ထိုမှတစ်ပါး ဆိုဗီယက်ပုံစံ "အေကေ–၄၇" ရိုင်ဖယ်နှစ်လက်နှင့်အတူ သေနတ် ၁,၀၀၀ တပ် ဆင်ပြုလုပ်နိုင်မည့် ပစ္စည်းအစိတ်အပိုင်း ၁,၀၀၀ ကျော်ကိုလည်း ဖမ်းဆီးရမိသည်။

ရှင်ရိကျိုဂိုဏ်းသား ၂၀၀ ကျော်ကို ဖမ်းဆီးစစ်မေးကာ ၁၃၁ ဦးကို စွဲချက်တင်လိုက်ပြီး ၇၃ ဦးကို လွှတ်ပစ်လိုက်သည်။ လူသတ်မှုတစ်မှု၊ လူသတ်ရန်ကြံစည်မှု ၁၃ မှု တို့ဖြင့် ရှိုကိုအဆဟာရာ အပါအဝင် ၁၂ ဦးကို တရားစွဲထားသည်။

**ဂျပန်နှင့် အမေရိကန် ကုန်သွယ်မှု ပြဿနာ–**ဂျပန်အစိုးရသည် နိုင်ငံ၏အဓိက မဟာမိတ်ဖြစ်သော အမေရိကန် အစိုးရနှင့် ကုန်သည်စစ်ပွဲ သို့မဟုတ် စီးပွားရေးစစ်ပွဲကို ဆင်နွှဲရသည်။ ပထမ မော်တော်ကားကိစ္စ၊ ဒုတိယ လေယာဉ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စ၊ ထို့နောက် ဓာတ်ပုံကင်မရာဖလင်ကိစ္စများကို အကြိတ်အနယ် နေ့ရက်ရှည်ကြာစွာ ဆွေးနွေးရသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေးတွင် ဂျပန်က အများအပြား အနိုင် ရနေသည်။ ဂျပန်သည် အမေရိကန်အစိုးရ၏ အရောင်းအဝယ် အခွင့်ထူးရနိုင်ငံ( Most Favoured Nation) အဖြစ်သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန်လုပ် မော်တော်ကားနှင့် ယာဉ်ပစ္စည်းများကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်း၊ တယ်လီဖုန်းပစ္စည်း များကိုလည်းကောင်း ဂျပန်ပြည်အတွင်းသို့ တင်သွင်းရောင်းချ လိုသည်။ ယင်းတင်သွင်းရောင်းချမှုကို ဂျပန်က ကန့်သတ်ပိတ်ပင်ထားသည်ဟု ဆိုသည်။ ယင်းပိတ်ပင်မှုကို ပယ်ဖျက်ပြီး ဈေးကွက်ဖွင့်ပေးရန် အမေရိကန်က တောင်းဆိုသည်။ အကယ်၍သာ ယင်းတောင်းဆိုချက်ကို မလိုက် လျော လျှင်" အမ်အက်ဖ်အင်" ကုန်သွယ်မှုအခွင့်အရေးကို ပယ်ဖျက်ပစ်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်သည်။

ကုန်သွယ်အခွင့်အရေး စွန့်လွှတ်ရမည်ဆိုလျှင် ဒေါ်လာ သန်းခြောက်ထောင်ဖိုး မော်တော်ကားရောင်းချမှုကို ဂျပန်က လက်လွှတ်ရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ကလင်တန်နှင့် ဂျပန်ဝန်ကြီးချုပ်မူရာယာမတို့သည် ဟလီဖက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန် အာရှရေးရာကိုယ်စားလှယ်တို့သည် ဂျီနီဗာမြို့တွင် ဇွန်လ ၂၂၊ ၂၃ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် ဆက်တိုက်ဆွေးနွေးကြသည်။ ကုန်သွယ်ရေး မညီမျှမှုနှင့် ပတ်သက်၍ ဂျပန်–အမေရိကန် ဆွေးနွေးပြောကြားရသည်မှာ သမ္မတ မစ္စတာဘွတ်ရှ် လက်ထက်မှ စခဲ့သည်။ ယခု ၁၉၉၅ ခုနှစ်၊ ဇွန်လ၂၉ ရက်နေ့တွင် မော်တော်ကားပြဿနာ ပြေရှင်း နိုင်ခဲ့သည်။

သဘောတူညီချက်မှာ (၁) အမေရိကန်လုပ်ယာဉ်ပစ္စည်း များကိုဂျပန်က ဝယ်ယူမည်။ ထိုပစ္စည်းများကို ဂျပန်ပြည်ရှိစက်ရုံများတွင်လည်းကောင်း၊ အမေရိကန်တွင် ဖွင့်ထားသောဂျပန်စက်ရုံအလုပ်ရုံများတွင်လည်းကောင်း အသုံးပြု တပ်ဆင်မည်။ (၂) ဂျပန် မော်တော်ကား အလုပ်ရုံများကို အမေရိကန်၌ တည်ခွင့်ပြုမည်ဖြစ်ရာ နှစ်ဖက်စလုံးက ကိုယ့်ဘက်က မြတ်သည်ဟု ယူဆကြသည်။

ဂျပန်ပြည်တွင် အကြီးဆုံးကုမ္ပဏီငါးခုဖြစ်သော တိုယိုတာ၊ နစ်ဆန်၊ ဟွန်ဒါ၊ မစ်ဆူဘီရှိနှင့် မာဇဒါ ကုမ္ပဏီတို့က ဒေါ်လာ၁၉ ဘီလီယံတန်အမေရိကန်ယာဉ်ပစ္စည်းများကို ၁၉၉၈ ခုနှစ်၊ မတ်လအတွင်းဝယ်ယူခဲ့သည်ဟု ဇူလိုင် ၁၃ ရက်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

အာရှနိုင်ငံများထံမှ အမေရိကန် ကုန်တင်လေယာဉ်တို့ဖြင့် အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဂျပန်တို့က အနှောင့်အယှက်ပြုမှုနှင့်ပတ်သက်၍ ဂျပန်လေယာဉ်တို့ ကုန်တင်မှုကို တားမြစ်ကန့်သတ်မည်ဟု အမေရိကန်အစိုးရက ဇွန်လ ၁၈ ရက်နေ့က ခြိမ်းခြောက်သည်။

ယင်းသို့ ခြိမ်းခြောက်သည်ကို ဂျပန်အစိုးရက တုံ့ပြန်ခဲ့သည်။ အမေရိကန်က ကန့်သတ်ပိတ်ပင်လျှင် အမေရိကန် အနောက်မြောက်လေယာဉ်လိုင်းနှင့် ဖက်ဒရယ်အိတ်စပရက်စ်တို့၏ ဂျပန်ခရီးစဉ်ကို တန်ပြန်အရေးယူမည်ဟု ပြန်ကြားသည်။

အမေရိကန်၏ အကျပ်ကိုင်ခြင်းခံရသော ဂျပန်လေကြောင်းကုမ္ပဏီများမှာ ဂျေအေအယ်လ်ခေါ် ဂျပန်လေကြောင်းလိုင်းနှင့် နစ်ပွန်ကုန်တင်လေကြောင်းလိုင်းတို့ဖြစ်သည်။ အမေရိကန်ကုန်တင်လေယာဉ်များကို ဂျပန်နိုင်ငံတွင် ပိုမိုရပ်နားခွင့်ပေးလိုက်ခြင်းဖြင့် လေယာဉ်ဆင်းခွင့်၊ နားခွင့်၊ ကုန်တင်ခွင့်ပြဿနာမှာ ကား ပြဿနာကဲ့သို့ ပြေလည်သွားသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေး ပြိုင်ဆိုင်မှုတွင် အမေရိကန်အိစ်မင်ကိုဒတ်နှင့် ဂျပန်ဖူဂျီဖိုတိုကုမ္ပဏီတို့ ပါဝင်လာကြသည်။ ဖူဂျီကုမ္ပဏီက မသင့်လျော်သော ကုန်သွယ်ရေးလုပ်ဆောင်မှုကြောင့် မိမိတို့ကိုဒတ်ကုမ္ပဏီမှာ နှစ်ပေါင်း ၂၀ အတွင်း ဒေါ်လာ ၅ ဒသမ၆ဘီလီယံဆုံးရှုံးနစ်နာခဲ့ရသည်ဟု စွပ်စွဲပြောကြားသည်။ ယင်းကိစ္စကိုမူ နှစ်ဖက် လေ့လာဆွေးနွေးကြမည်ဟု သဘောတူကြသည်။

**စီးပွားရေး**–ဂျပန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်၌ အအေးပို၍ စိုစွတ်မှုကြောင့် စပါးအထွက်ပမာဏသည်ယမန်နှစ်ကထက် လျော့နည်းလိမ့်မည်ဟု ခန့်မှန်းရသည်။ပစိဖိတ်သမုဒ္ဒရာကမ်းခြေ ဘက်တွင် ရာသီဥတုအခြေအနေအရ စပါးစိုက်ရက်သည် ၁၀ ရက် နောက်ကျသည်။

ရောင်းကုန်ဝယ်ကုန်ကုန်သွယ်ရေးရှင်းတမ်းတွင်မူ ယမန်နှစ်ကထက် ပိုလျှံငွေလျော့နည်းသွားသည့် အတွက် အမြတ် နည်းသွားသည်။ ယမန်နှစ် ပထမခြောက်လတွင် ကုန်သွယ် ရေး ရှင်းတမ်းမှာ ဒေါ်လာ ၅၇ ဒသမ ၇၇ ဘီလီယံဖြစ်ပြီး ယခု နှစ်တွင် ၅၇ ဒသမ ၄၂ ဘီလီယံဖြစ်သည် ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်နေ့

တွင် ထုတ်ပြန်ကြေညာသည်။ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေမှာ ယမန်နှစ် ကထက် ပိုသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများကိုလက်ခံ အသုံးပြု လျက်ရှိသည်။ ယခုနှစ်တွင်ဖိလစ်ပိုင်အမျိုးသမီး အလုပ်သမားများကို အကန့်အသတ်ဖြင့်သာ ဂျပန်အစိုးရက လက်ခံမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနကလည်း အလားတူကန့်သတ်ရန် စီစဉ်နေသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဇူလိုင် ၂၀ ရက်နေ့တွင်ပြောကြားသည်။

အမျိုးသမီးအချို့မှာ ဂျပန်လူဆိုးဂိုဏ်းလက်ဝယ်သို့ ရောက် ရှိကာ ပြည့်တန်ဆာလုပ်ငန်း၌ အသုံးချခြင်းခံနေရသည်ဟု သိရှိရသည်။ ယင်းပြဿနာကိုဝန်ကြီးချုပ် မူရာယာမနှင့် ဖိလစ်ပိုင်သမ္မတ ရာမို့စ်တို့ သိရှိပြီးဖြစ်သည်ဟု ဆိုသည်။

**ဂျာမနီ သမ္မတနိုင်ငံ**။ ။ ရုရှားသမ္မတ ယဲ့လ်ဆင်အစိုးရသည်ချီချင်ညာ ခွဲထွက်ပြည်နယ်အား အင်အားသုံး၍ ချင်းနင်းတိုက်ခိုက်နေလင့်ကစား ဂျာမနီသည် သမ္မတယဲ့လ်ဆင်အား ထောက်ခံလျက်ပင်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောစ်ကင်ကယ်လ်က ၁၉၉၅ ခုနှစ် ၊ဇန်နဝါရီလ ၃ ရက်နေ့၌ ပြောကြားခဲ့သည်။ ချီချင်ညာ ပြည်နယ်ခွဲထွက်ရေးကိစ္စသည် ရုရှားအစိုးရ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း ဂျာမနီအစိုးရက ယင်း၏သဘောထားကို ဖော်ပြခဲ့သည်။ သို့သော် မော်စကိုအစိုးရသည် ချီချင်ညာ လူထု၏ လူ့အခွင့်အရေးကို အာမခံချက်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဂျာမနီက ပြောကြားခဲ့သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နှင့် ရုရှား ပိုမိုရင်းနှီးရေး ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအဖြစ် စိန့်ပီတာဘတ်မြို့အနီးတွင် ၁၉၉၅ နွေရာသီ ဂျာမနီနှင့် ရုရှား စစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို ရုရှားအစိုးရက ရွှေ့ဆိုင်းလိုက်သည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး ဗောလကာရူက ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီးက မည်သည့်အတွက်ကြောင့် ရွှေ့ဆိုင်းကြောင်းမပြောသော်လည်း ရုရှားက ထိုသို့ ဆုံးဖြတ်ခြင်းမှာ ချီချင်ညာခွဲထွက်ပြည်နယ်တွင် ရုရှားတပ်များ တိုက်ခိုက်နေရသောကြောင့် ဖြစ်ပုံရသည်ဟု ဆိုသည်။ ရုရှားနှင့် အနောက်အုပ်စုအကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောကြားသွားခဲ့သည်။

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့ပြင်ရှိ စက်ရုံတစ်ရုံတွင် ရုရှားနျူကလီးယား ထိပ်ဖူးများမှ ပလူတိုနီယမ်ကို နျူကလီးယား လောင်စာအဖြစ် သန့်စင်ရေး အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်သင့်မသင့် ဂျာမနီအစိုးရက စဉ်းစားခဲ့သည်။ ထိုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ထောက်ခံသည်။ ဂျာမနီအစိုးရက ရုရှားပလူတိုနီယမ်ကို သန့်စင်ခြင်း ပြု မပြု အလားအလာနှင့် စပ်လျဉ်း၍ အမေရိကန်က တီးခေါက်ကြည့်ကြောင်း ဘွန်းမြို့ရှိ အမေရိကန်သံရုံးက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ အမေရိကန်အရာရှိများသည် မစ်အောက်ဆိုက် လောင်စာချောင်းများ ထုတ်လုပ်ရေးအတွက် ဆီးမင်းကုမ္ပဏီ၏ ဟာနောစက်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။

ဟာနောစက်ရုံတွင် ရုရှားပလူတိုနီယမ်များ သန့်စင်ရေး အစိုးရ၏ အစီအစဉ်ကို ဂျာမနီပြည်သူများက ဆန့်ကျင်ကန့်ကွက်ကြလိမ့်မည်မှာ သေချာသည်ဟုဆိုကြသည်။ သို့ရာတွင် ထိုစက်ရုံလည်ပတ်ပါက ဂျာမနီပြည်သူများ အလုပ်အကိုင်များ ရရှိစေမည့်အပြင် နိုင်ငံတကာလက်နက်လျှော့ပါးရေးအတွက်ပါ အကျိုးသက်ရောက်မည်ဖြစ်ပေရာ အတိုက်အခံဆိုရှယ်ဒီမိုကရက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ၎င်းတို့၏ ကန့်ကွက်မှုများကို ရုပ်သိမ်းနိုင်သဖြင့် ဂျာမနီအစိုးရက စွန့်စားရန် လက္ခဏာရှိသည်ဟု ဆိုကြသည်။

## နိုင်ငံရေး

ရုရှားသမ္မတ ယဲ့လ်ဆင်က ချီချင်ညာပြည်နယ်ကို ဝင်ရောက် တိုက်ခိုက်၍ ထိုဒေသရှိ ပြည်နယ်သားများ၏ လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသော စိုးရိမ်သောက ဖြစ်မိသော်လည်း မိမိသည် သမ္မတ ယဲ့လ်ဆင်အား ဆက်လက်ထောက်ခံကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ဇန်နဝါရီလထဲ၌ ပြောကြားခဲ့သည်။

ချီချင်ညာသည် ရုရှား၏ ဒေသတစ်ခုဖြစ်ကြောင်း ချီချင်ညာပြည်နယ် ရုရှားမှခွဲထွက်ခြင်းဖြင့် ရုရှားနိုင်ငံသည် တည်ငြိမ်မှု ပျက်ပြားသွားနိုင်ကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ရုရှားသမ္မတ ယဲ့လ်ဆင်အား ယင်း ကဲ့သို့ ထောက်ခံမှုပြုခဲ့ခြင်းကို အတိုက်အခံပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် (အက်စ်ပီဒီ) ပါတီက ဆန့်ကျင် ကန့်ကွက်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး ကွန်မြူနစ်ဝါဒီများက ၎င်းတို့၏ ပါတီဖြစ်သော ဒီမိုကရက်တစ်ဆိုရှယ်လစ်

ဇင် (ပီဒီအက်စ်) ပါတီအတွက် Lothar Bisky ကို ပါတီဥက္ကဋ္ဌအဖြစ် ဇန်နဝါရီလ ၂၉ ရက်နေ့၌ ပြန်လည်ရွေးချယ်ခဲ့သည်။ Lothar Bisky က စတာလင်ဝါဒကို စွန့်ပယ်လိုက်ပြီး နောက် ယင်းသို့ ပြန်လည်အရွေးခံရခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန် ဒီမိုကရက်ပါတီသည် ပြည်နယ်ရွေးကောက်ပွဲတစ်ခုတွင် အရေးနိမ့်ခဲ့သည်။ အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်သည့် Hesse ပြည်နယ်၏ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီး ဖြစ်သူ ခရစ်ယာန်ဒီမိုကရက်ပါတီမှ Manfred Kanther သည် ဆိုရှယ်ဒီမိုကရက်ပါတီမှ Hans Eichel ကို ရှုံးနိမ့်သွားခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဂျမနီပြည်ထဲရေးဝန်ကြီးဌာနက လွတ်လပ်သော လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ ( The farright free German Worker's Party - FAP)အား တရားဝင် ပါတီအဖြစ်မှပိတ်ပင်တားဆီးလိုက်သည်။ ထိုပါတီမှာ ဂျာမနီနိုင်ငံတွင် နာဇီလက်သစ်သမားများ အများဆုံး ပါဝင်သော ပါတီဖြစ်သည်။ ကျွန်ုပ်တို့သည် လက်ယာ အစွန်းရောက်မှု၊ လက်ဝဲအစွန်းရောက်မှုများကို တိုက်ဖျက်သွားရမည် ဖြစ်ကြောင်း ဂျာမန်ပြည်ထဲရေး ဝန်ကြီးက ပြောကြားသည်။ လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ(အက်ဖ်အေပီ) သည် သဘောသဘာဝအရ နာဇီပါတီဖြစ်ကြောင်း၊ ၄င်းပါတီဝင်များသည် နာဇီခေါင်းဆောင်များကို အလေးအမြတ်ပြုကြကြောင်း၊ လူ့အခွင့်ရေးကိုလည်း မထေမဲ့မြင်ပြုကြကြောင်း၊ ဒီမိုကရေစီ စိတ်ဓာတ်ကိုလည်း သေးသိမ်မှေးမှိန်အောင် ပြုလုပ်နေကြကြောင်း ပြည်ထဲရေးဝန်ကြီးက တစ်ဆက်တည်း ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်အတွင်းက နာဇီလက်သစ်တို့၏ အကြမ်းဖက်မှုများပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမန်အစိုးရသည် လက်ယာအစွန်းရောက် ပါတီလေးခုကို ပိတ်ပင်ခဲ့ပြီး ဖြစ်သည်။


ဂျာမနီနိုင်ငံ၏ အကြီးဆုံး အလုပ်သမားအဖွဲ့ အစည်းဖြစ်သော The IG Metal Trade Union က ဦးဆောင်၍ ဂျာမနီနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၂ ခုမှ အင်ဂျင်နီယာ ကဏ္ဍတွင် လုပ်ကိုင်ကြသော အလုပ်သမားများသည် လုပ်ခတိုးပေးရေး တောင်းဆိုချက် ကိုင်စွဲလျက် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ က သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်ရာတွင် အလုပ်သမားပေါင်း ၁၁,၀၀၀ ခန့် ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။

လွတ်လပ်သောဒီမိုကရက်ပါတီ Free Democrats ပါတီခေါင်းဆောင် ကလောစ်ကင်ကယ်လ်သည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ကြောင်း ၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ကြေညာ ပြောကြားသည်။ သို့သော် ၄င်းက ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ညွန့်ပေါင်းအစိုးရတွင် လက်ရှိထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီး အဖြစ်ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျာမနီနိုင်ငံ ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်သည့် ကလောစ်ကင်ကယ်လ်၏ လွတ်လပ်သော ဒီမိုကရက်ပါတီသည် မေလ ၁၅ ရက်နေ့က ပြုလုပ်သော ပြည်နယ်ရွေးကောက်ပွဲနှစ်ခုတွင် ရှုံးနိမ့်ခဲ့သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန်ဒီမိုကရက်ယူနီယမ် ပါတီခေါင်းဆောင်များက ဟဲလ်မွတ်ခိုးအား ၁၉၉၈ ခုနှစ်၌ ပြုလုပ်မည့် ဂျာမနီနိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင်ထပ်မံယှဉ်ပြိုင်အရွေးခံရန်တိုက်တွန်းခဲ့ကြသည်။ခရစ်ယာန်ဒီမိုကရက်ပါတီသည် ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးပြန်လည်အရွေးမခံလျှင် ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ဖွယ်မရှိဟု ပါတီခေါင်းဆောင်များက တွက်ဆခဲ့ကြသဖြင့်နိုင်ငံရေးသြဇာတိက္ကမ ရှိသောဟဲလ်မွတ်ခိုးကို ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ထပ်မံ အရွေးခံရန် တိုက်တွန်းခြင်း ဖြစ်သည်ဟုဆိုသည်။ ခိုးသည်ဂျာမနီနိုင်ငံ အထွေထွေရွေးကောက်ပွဲများတွင် လေးကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်ခဲ့သူ ဟဲလ်မွတ်ခိုးက မိမိသည် နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ထိုစဉ်ကပြောကြားခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် ဟဲလ်မွတ်ခိုး ဝင်ရောက်ယှဉ်ပြိုင်ဖွယ် မရှိသဖြင့် ခရစ်ယာန် ဒီမိုကရက်ယူနီယမ်ပါတီ ခေါင်းဆောင်များက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

## ပြည်တွင်းရေး

၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့က ကာဒ်ခွဲထွက်ရေးသမားများက ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့ရှိ ဘဏ်နှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်လူမျိုးတို့က




လုပ်ခတိုးပေးရေးအတွက် ဂျာမန်အလုပ်သမားများ ဆန္ဒပြနေပုံ

၄င်းတို့၏နှစ်သစ်ကူးပွဲကို ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် စတင်ကျင်းပလိုက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ကာဒ် ခွဲထွက်ရေး သမားတို့၏ ဗုံးခွဲတိုက်ခိုက်မှုများသည် ကိုလုံးမြို့မှာသာမက ဘာလင်မြို့ရှိ တူရကီခရီးသွားလာရေး လုပ်ငန်း အေဂျင်စီ အဆောက်အအုံတွင်လည်းကောင်း၊ ဘာဗာရိန်းမြို့ရှိ တူရကီယဉ်ကျေးမှု စင်ကာတွင် လည်းကောင်း ဖြစ်ပွားခဲ့သည်။

ဂျာမနီနိုင်ငံအစိုးရအရာရှိများက ယင်းသို့ဗုံးခွဲ တိုက်ခိုက်မှုတွင်ကာဒ်အလုပ်သမားပါတီ (Kurdistan Worker's Party-PKK ) ၏ ပယောဂပါရှိကြောင်း ပြောကြားသည်။ ကာဒ်အလုပ်သမားပါတီသည် တူရကီ နိုင်ငံတောင်ပိုင်း ကာဒ်တို့နေထိုင်ရာဒေသကို တူရကီနိုင်ငံမှ ခွဲထွက်ကာသီးခြားနိုင်ငံထူထောင်ရေးအတွက် ၁၉၈၄ ခုနှစ်ကတည်းက တူရကီအစိုးရအား ဆန့်ကျင်တိုက်ခိုက် နေသော အဖွဲ့အစည်းဖြစ်သည်။

ယင်းသို့ဗုံးပေါက်ကွဲမှုများဖြစ်ပွားနေချိန်၌ အီရန် နိုင်ငံတောင်ပိုင်း၌ ကာဒ်ခွဲထွက်ရေးသမားများကို တူရကီစစ်တပ်က နှိမ်နင်းတိုက်ခိုက်မှုကိုအကြောင်းပြု၍ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ကာဒ်လူမျိုး ၃၀၀ ခန့်ကလည်း

ဆန္ဒပြပွဲများပြုလုပ်ကြသည်။ အလားတူပင် ဘွန်းမြို့ရှိ ကာဒ်လူမျိုး ၁၃၀ ခန့်ကလည်းဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

မြူးနစ်ရဲအဖွဲ့က အသက် ၂၉ နှစ်ရှိ ကာဒ်အလုပ်သမားပါတီခေါင်းဆောင်နှင့်၄င်း၏မိန်းမအပြင် ကာဒ်လူမျိုး ခုနစ်ယောက်ကို ဝါဒဖြန့် ဆူပူလှုံ့ဆော်ရေး စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးလိုက်သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်အလုပ်သမားပါတီကို တရားမဝင်ကြေညာထားရာ ပါတီဝင်များသည် လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်ဟု ဆိုသည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ထောက်လှမ်းရေးအကြီးအကဲ Bernd Schmidbauer က ကာဒ်တို့၏ လှုပ်ရှားမှုတွင် ဂျာမန်လက်ယာအုပ်စုသည်လည်း အတူတကွ ပါဝင်လှုပ်ရှား ပတ်သက်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောက်စ်ကင်ကယ်လ်က ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများရောင်းချနေခြင်းကို ဆိုင်းငံ့ထားလိုက် ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ တူရကီက အီရန်မြောက်ပိုင်းရှိ ကာဒ်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို ကန့်ကွက်သည့် အနေဖြင့် ယင်းသို့ လက်နက်နှင့် စစ်ပစ္စည်းရောင်းချမှုကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများ တင်ပို့ရောင်းချသော နိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချသော နိုင်ငံ ဖြစ်သည်။ တူရကီသမ္မတ စူလေမန်ဒီမီရယ်က သတင်းစာတစ်စောင်နှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အီရန်နိုင်ငံမြောက်ပိုင်းရှိ ကာဒ်ခွဲထွက်ရေးသမားများကို ဝင်ရောက်တိုက်ခိုက်ရာ၌ တစ်နှစ်ခန့်ကြာနိုင်ကြောင်း ပြောကြားခဲ့သည်ကို မိမိတုန်လှုပ်သွားကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တစ်ဖန် ၁၉၉၅ ခုနှစ် ဧပြီလ ၂၄ ရက်နေ့၌ ထိပ်တန်းကွန်ဆာဗေးတစ် နိုင်ငံရေးသမားတစ်ဦး၏ အိမ်ကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြန်သည်။ ခရစ်ယာန် ဒီမိုကရက်ယူနီယံ ( စီဒီယူ ) ပါတီဝင် ပါလီမန်အမတ် ဂျူးဇက်သီရီဒါဘလန့်၏ နေအိမ်ဝင်းအတွင်းတွင် ဗုံးပေါက်ကွဲခဲ့သည်။ အိမ်သားများ ထိခိုက်သေဆုံးမှု မရှိခဲ့သော်လည်း နေအိမ်အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုဗုံးခွဲတိုက်ခိုက်မှုသည် မိမိတို့၏လက်ချက်ဖြစ်သည်ဟု ဂျာမနီနိုင်ငံရှိ လက်ဝဲအစွန်း ရောက်အုပ်စုက ကြေညာသည်။ ထိုအုပ်စုသည် ကာဒ်များ ကို ထောက်ခံအားပေးသော အုပ်စုဖြစ်သည်။ထိုအုပ်စုကို လက်ဝဲစွန်းတပ်နီအုပ်စု (Extreme - leftist red army faction )ဟု ခေါ်သည်။ အဆိုပါ အုပ်စုသည် နေတိုး၊ ဂျာမန်အစိုးရ၏ နိုင်ငံရေးနှင့် စက်မှုဆိုင်ရာ အဆောက်အအုံ၊ ဝါဒသဘောထား ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်နေသော အဖွဲ့ အစည်း ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌လည်းဂျာမနီနိုင်ငံ လူးဘတ်မြို့ မြို့တော်ခန်းမထဲ၌စာအိတ်ထဲတွင် ပေါက်ကွဲစေသောပစ္စည်းထည့်၍ ပေးပို့သော စာအိတ်ဗုံး (Letter bomb) ပေါက်ကွဲခဲ့ပြန်သည်။ အဆိုပါစာအိတ်ဗုံးပေါက်ကွဲသဖြင့် နိုင်ငံရေးသမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ စာအိတ်ဗုံး ဖောက်ခွဲမှုမှာ လက်ယာအစွန်းရောက် ဝါဒီများ၏ လုပ်ရပ် ဖြစ်နိုင်သည်ဟု ဂျာမန်ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဇွန်လ ၉ ရက်နေ့က ယင်းကဲ့သို့ စာအိတ်တွင် ဗုံးထည့်၍ ဗုံးဖောက်ခွဲမှုတစ်ရပ်မြူးနစ်မြို့ ရုပ်မြင်သံကြားဌာနတစ်ခု၌ ဖြစ်ပွားခဲ့သေးရာ လူးဘတ်မြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုနှင့် ဆက်နွယ်နိုင်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ လူးဘတ်မြို့ မြို့တော်ခန်းမ အဆောက်အအုံရှိ ဆိုရှယ်ဒီမိုကရက်တစ် ပါတီရုံးသို့ စာပို့သယောင် ဗုံးထည့်ထားသောစာအိတ်ကို ပို့လိုက်သဖြင့် ယင်းသို့ ဗုံးပေါက်ကွဲကာ ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမား သောမတ်စ်ရိုတာ ဒဏ်ရာရရှိသွားခဲ့သည်။

## စီးပွားရေး

တောင်ကိုရီးယားသမ္မတ ကင်ယုံဆမ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ ရောက်ရှိကာ ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးနှင့် နှစ်နိုင်ငံစီးပွားရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဥရောပရှိနိုင်ငံများအနက် ဂျာမနီနိုင်ငံသည်တောင်ကိုရီးယား၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားတွင် ဂျာမနီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၅ သန်းဖိုးရှိသည်။ တောင်ကိုရီးယားနှင့် ဂျာမနီနှစ်နိုင်ငံ၏ ကုန်သွယ်မှု ငွေကြေးပမာဏမှာ ၁၉၉၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံဖိုး ရှိသည်။

ဥရောပတွင်အကြီးဆုံးသော ကားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဖောက်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီသည် ယခင် ယခင် အချိန်များက အရှုံးပြခဲ့သော်လည်း ၁၉၉၄ ခုနှစ်၌ အကျိုးအမြတ်ပြန်လည် ရရှိလာခဲ့သည်။ ဖောက်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီ၏

ကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးက ပြောကြားရာတွင် ၁၉၉၃ ခုနှစ်ကအရှုံးပေါ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်ထဲတွင် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘာတွင် အကြီးဆုံး စက်မှုကုန်စည်ပြပွဲ တစ်ခုဟု ဆိုသည့် ဟင်နိုဗာစက်မှုကုန်စည်ပြပွဲကို ဂျာမနီနိုင်ငံ ဟင်နိုဗာမြို့တွင် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က ဖွင့်လှစ်ပြသခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြပွဲကိုဖွင့် လှစ်ပေးလိုက်ပြီး ဂျာမန်စက်မှုကုန်သည်ကြီးများကို စီးပွားရေး တိုးတက်လာသော အာရှတစ်လွှားတွင် ရင်းနှီး မြှုပ်နှံမှုများ ပြုကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ဤ ရာစုနှစ်အကုန်တွင် အာရှနိုင်ငံများထဲမှ ခုနစ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း စီးပွားဖွံ့ဖြိုးနိုင်ငံ ၁၀ နိုင်ငံထဲတွင် စာရင်း ဝင်လာလိမ့်မည်ဟု ဟဲလ်မွတ်ခိုးက ထည့်သွင်းပြောကြား သွားသည်။ ထို့ကြောင့် ဂျာမန်စက်မှု ကုန်သည်ကြီးများ သည် အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်း ခြင်း ဖြစ်ကြောင်း ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။

ဂျာမန် စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်စီးပွားရေးလုပ်ငန်းကြီး ရှစ်ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး ဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း ဂျာမနီနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံရေး သဘောတူ ချက်လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှုတွင် ဂျာမနီနိုင်ငံ မာစီဒီးကား ထုတ်လုပ်ရေး ကုမ္ပဏီနှင့်တရုတ်နိုင်ငံတို့အကျိုးတူပူးပေါင်းကာ မီနီဗင် မော်တော်ကားနှင့် ကားအင်ဂျင်များထုတ်လုပ်ရေး လုပ်ငန်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းအတွက် ရင်းနှီး မြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဖြစ်သည်။

## ပြည်ပဆက်ဆံရေး

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ ပိုလန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ် ခရီးရောက်ရှိခဲ့သည်။ ဝန်ကြီးချုပ်ခိုးက ပိုလန်နိုင်ငံအား ဥရောပယူနီယံ(European Union )သို့ ဝင်ရောက်ရေးကို ကူညီမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ပိုလန်ဝန်ကြီးချုပ် ဂျိုးဇက်အိုလက်ဆီ အပါအဝင် ပိုလန်ခေါင်းဆောင်များနှင့် ပိုလန်နိုင်ငံ နေတိုး နှင့် ဆက်သွယ်နိုင်ရေးကိစ္စ၊ နယ်စပ် အဝင်အထွက် ကိစ္စ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေး ခဲ့ပေသည်။

(ဦးစိန်ငွေး)

**စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီး များအား ကန်တော့ပွဲ အခမ်းအနား။** ။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင် ကြီးများအား ကန်တော့ပွဲ အခမ်းအနားကို နတ်တော်လ ဆန်း ၂ ရက် (၂၃–၁၁–၉၅) နေ့က ရန်ကုန်မြို့၊ မြို့တော် ခန်းမ တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့သည် နတ်တော် လဆန်း ၁ ရက်နေ့ဖြစ်သော်လည်း ယင်းနေ့တွင် အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကျင်းပ သောကြောင့် ဤအခမ်းအနားကို နတ်တော်လဆန်း ၂ ရက် နေ့တွင် ကျင်းပရခြင်း ဖြစ်သည်။

စာဆိုတော်နေ့နှင့် ပတ်သက်၍ သမိုင်းကြောင်းကို ဖော်ပြရသော် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပညာ တံခွန်အသင်းမှ ပုဂ္ဂိုလ်များနှင့် စာပေပညာရှင်ကြီးများ သည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့က စာဆိုတော်နေ့ သတ်မှတ်ရေး အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ ကြသည်။ ထိုအစည်းအဝေးက နှစ်စဉ် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ နတ်တော် လဆန်း ၁ ရက်၊ ၁၅–၁၁–၁၉၄၄ နေ့တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့တွင် ရှေးစာဆိုတော်ကြီးများ၏ ဂုဏ် ကျေးဇူးကို အောက်မေ့ ဟောပြောခြင်း၊ မျက်မှောက်ခေတ် သက်ကြီးစာရေးဆရာကြီးများအား သက်ငယ်စာရေးဆရာ များက ပူဇော်ကန်တော့ခြင်း စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့်အညီ ကျင်းပကြသည်။

စာပေဗိမာန်က ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် စာဆိုတော်နေ့ အကြောင်းရပ်ကို ဖော်ပြ ထားသည်။ ယင်းအကြောင်းရပ်နှင့်တွဲ၍ ဆရာကြီးသခင် ကိုယ်တော်မှိုင်း၊ ဆရာကြီး ဦးလင်း စသော သက်ကြီး စာရေးဆရာကြီး များအား သက်ငယ်စာရေးဆရာများက



အကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ဂါရဝပြုစဉ်

စာဆိုတော်နေ့တွင် ပူဇော်ကန်တော့နေကြသော ဓာတ်ပုံကို ဖော်ပြထားသည်။

ယခု မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ကျရောက်သော စာဆိုတော်နေ့သည် ၅၁ နှစ်မြောက် စာဆိုတော်နေ့ဖြစ်သည်။

ယခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား ကျင်းပရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) သည် ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကို ရယူကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ( ကိုဆောင်း ) က ဆောင်ရွက်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဗဟိုအမှုဆောင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး ) က ဆောင်ရွက်သည်။ ဆပ်ကော်မတီအသီးသီးကို ဗဟိုအမှုဆောင် တစ်ဦးစီက ဦးဆောင်ပြီး မြို့နယ်များမှ အမှုဆောင်များက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ကာ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရန် ရက်ပေါင်း ၂၀ မျှသာ အချိန်ရသော်လည်း လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ သွက်လက်ထက်မြက်စွာ ဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အချိန်မီ ပြီးစီးခဲ့သည်။ အလှူရှင် ၇၀ ကျော်ကလည်း ငွေကျပ် ကိုးသိန်းကျော်နှင့် ပစ္စည်းမျိုးစုံ လာရောက် လှူဒါန်းကြသည်။

အခမ်းအနား ကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စာပေနှင့် စာနယ်ဇင်း အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများသည် နိုးကြားတက်ကြွသောစာပေအသိစိတ်ဓာတ် ကိုယ်စီဖြင့် နံနက် ၇ နာရီခန့်ကပင်လျှင် မြို့တော်ခန်းမ၌ စုဝေးရောက်ရှိနေကြသည်။

အပူဇော်အကန်တော့ခံမည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများသည်လည်း နံနက် ၈ နာရီခန့်မှ စတင်၍ ရောက်ရှိလာကြသည်။ ကန်တော့ခံ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ အသက်မှာ ၈၀ အနည်းဆုံးဖြစ်ရာ ဇရာဒုဗ္ဗလအရွယ် ကျနေပြီဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ

အား ကြိုဆိုရေး ဆပ်ကော်မတီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များက ဖေးမကူတွဲကာ ခေါ်ဆောင်ကြရသည်။

အပူဇော်အကန်တော့ခံကြမည့် စာရေးဆရာကြီး စာရေးဆရာမကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော) ၉၆နှစ်၊
၂။ ဆရာကြီး ဦးသိန်းမောင် (ရတနာပုံသိန်းသိန်း) ၉၄နှစ်၊
၃။ ဆရာကြီး ဦးခင်မောင်ကြီး (ပုဂံ ခင်မောင်ကြီး) ၉၃နှစ်၊
၄။ ဆရာကြီး ဦးစံထွား ၉၃နှစ်၊
၅။ ဆရာမကြီးဒေါ်ခင်မလေး(ဒဂုန်ခင်လေး ဆွေ) ၉၂ နှစ်၊
၆။ ဆရာမကြီးဒေါ်စောရင် ၉၀ နှစ်၊
၇။ ဆရာကြီး ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ) ၈၉ နှစ်၊
၈။ ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်၊သိပ္ပဗလ) ၈၇ နှစ်၊
၉။ ဆရာကြီး ဦးဝန် (မင်းသုဝဏ်) ၈၇ နှစ်၊
၁၀။ ဆရာကြီးဦးခင်သန်း(တိုင်း ပညာဝန် ဦးခင်သန်း) ၈၇ နှစ်၊
၁၁။ ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) ၈၇ နှစ်၊
၁၂။ ဆရာကြီး ဦးတင်မြင့် (သခ်ီ) ၈၇ နှစ်၊
၁၃။ ဆရာကြီးဦးသိန်းမောင် (သုခ) ၈၆ နှစ်၊
၁၄။ ဆရာကြီး ဦးထွန်းလှ (လောကခံ ဦးထွန်းလှ) ၈၆ နှစ်၊
၁၅။ ဆရာကြီး ဦးလွန်းမောင် (မေမြို့မောင်) ၈၅ နှစ်၊
၁၆။ ဆရာကြီး ဦးထွန်းရင် (သခင်ထွန်းရင်) ၈၅ နှစ်၊
၁၇။ ဆရာကြီး ဦးဇော်ဝိတ် (ကာယဗလ) ၈၅ နှစ်၊
၁၈။ ဆရာကြီး ဦးဘထွန်း (ဘထွန်း-ဘီအေ) ၈၅နှစ်၊
၁၉။ ဆရာကြီး ဦးအောင်သိမ်း (ဓမ္မာစရိယ) ၈၄နှစ်၊
၂၀။ ဆရာကြီး ဦးဖေခင် (မဟာသရေစည်သူဦးဖေခင်) ၈၄နှစ်၊
၂၁။ ဆရာကြီး ဦးဘသောင်း(မောင်လိုင်ဝင်း) ၈၃နှစ်၊
၂၂။ ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ၈၃ နှစ်၊
၂၃။ ဆရာကြီး ဦးဆန်နီ (စုံထောက်ဦးဆန်နီ) ၈၂နှစ်၊
၂၄။ ဆရာကြီး ဆရာချယ် ၈၂ နှစ်၊
၂၅။ ဆရာကြီး ဦးအုန်းဖေ (တက်တိုး) ၈၂ နှစ်၊
၂၆။ ဆရာကြီး ဦးအေးမောင် (ဦးအေးမောင်စာပေဗိမာန်) ၈၂ နှစ်၊
၂၇။ ဆရာကြီး သခင်ဗဟုန်(လေနီ) ၈၂ နှစ်၊
၂၈။ ဆရာကြီး ဦးဘသန်း(ရွှေဝယ်သန်း) ၈၂ နှစ်၊
၂၉။ ဆရာကြီး ဦးမောင် (ပန်းတောင်း မောင်) ၈၂ နှစ်၊
၃၀။ ဆရာမကြီးဒေါ်သိန်းဆိုင် (မမြတ်လေး) ၈၂နှစ်၊
၃၁။ ဆရာကြီး သခင်လွင် ၈၂ နှစ်၊
၃၂။ ဆရာကြီး ဗိုလ်မှူးကြီး လှအောင် (ငြိမ်း) ၈၁ နှစ်၊
၃၃။ ဆရာမကြီးဒေါ်ရီကြိန် ၈၁ နှစ်၊
၃၄။ ဆရာမကြီး ဒေါ်မြမြ(မြစန္ဒာ) ၈၁ နှစ်၊
၃၅။ ဆရာမကြီးဒေါ်ခင်မျိုးချစ် ၈၁ နှစ်၊
၃၆။ ဆရာကြီး ဦးအောင်မြင့် (မောင်သုစိတ္တ) ၈၁ နှစ်၊
၃၇။ ဆရာကြီး ဦးခင်မောင်လတ် ၈၁ နှစ်၊
၃၈။ ဆရာကြီး ဦးစိန်လှိုင် (ဥဩ) ၈၀နှစ်၊
၃၉။ ဆရာကြီး ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ) ၈၀ နှစ်၊
၄၀။ ဆရာကြီး ဦးသိန်းမောင် (မင်းအောင်) ၈၀ နှစ်၊
၄၁။ ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) ၈၀ နှစ်၊
၄၂။ ဆရာမကြီးဒေါ်နုယဉ် (နုယဉ်) ၈၀ နှစ်၊
၄၃။ ဆရာကြီး ဦးထွန်းတင် (မန်းတင်) ၈၀ နှစ်၊

အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ကြွရောက်ချီးမြှင့်ကြသည်။

ထိုအခမ်းအနားတွင် သက်ကြီးစာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေဝါသနာရှင်များနှင့် အလှူရှင်များစုစုပေါင်း ၅၀၀ ခန့်တို့က ဆရာကြီး၊ ဆရာမကြီးတို့၏ စာပေဂုဏ်ကျေးဇူးကို အထူးအောက်မေ့ကာ ဂါရဝနိဝါတ တရားရှေ့ထား၍ ရိုသေစွာကန်တော့ကြသည်။ ပရိသတ်၏ကိုယ်စား အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များက အကန်တော့ခံစာပေပညာရှင်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နာမကျန်းသော စာပေပညာရှင်များအား ကူညီရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့ကကြီးမှူး၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များအား ကန်တော့ ပွဲအခမ်းအနားကို ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီ ဖြစ်သည်။

ဂါရဝတရားရှေ့ထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပသော စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား သည် စာပေမြတ်နိုးသူတိုင်းအဖို့ ကြည်နူးပီတိ ဂွမ်းဆီထိ ရသည့် အခမ်းအနား တစ်ရပ်ပင် ဖြစ်သည်။

မုံရွာ ဝင်းဖေ

**စာပေပြပွဲနှင့်စာအုပ်စျေးပွဲတော်။** ။မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ နတ်တော်လ၊ စာဆိုတော်ရာသီတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့်စာအုပ်စျေးပွဲတော်ကို နတ်တော်လဆန်း ၁ ရက်နေ့၊ စာဆိုတော်နေ့ကို မဏ္ဍိုင်ပြု၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မအားကစားကွင်းတွင် ကျင်းပခဲ့သည်။

စာပေပြပွဲနှင့် စာအုပ်စျေးပွဲတော်ကို အောက်ဖော်ပြပါ ဦးတည်ချက် လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

(၁) အမျိုးသား ယဉ်ကျေးမှုထိန်းသိမ်းရေး
(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(၃) မြန်မာစာပေထွန်းကားရေး
(၄) နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်ရေး

စာပေပြပွဲနှင့် စာအုပ်စျေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီက မြို့မအားကစားကွင်းအတွင်းရှိ စာပေပြခန်းမှခ်ဦးတွင် ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်စျေးပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အဖွင့်အမှာစကားပြောကြားရာတွင် "ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် အဖြစ် စာပေပြပွဲနှင့် စာအုပ်စျေးပွဲတော်ကို ကျင်းပခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ကြောင်း....."

"မြန်မာစာပေမှာ ပုဂံခေတ်ကစပြီး ပေါ်ထွန်းခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် ကျောက်စာအရေးအသားများထွန်းကားခဲ့ကြောင်း၊ ပုဂံခေတ်ပြီးနောက် ပင်းယခေတ်တွင် ရတုအရေးအဖွဲ့ကို အစပျိုးခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အင်းဝခေတ်တွင် ပျို့နှင့် မော်ကွန်းအရေးအသားများ ပိုမိုထွန်းကားလာပြီဖြစ်ကြောင်း၊ညောင်ရမ်းခေတ်တွင် စကားပြေအရေးအသားကို တိုးတက်အသုံးပြုလာသည်ကို တွေ့ရကြောင်း၊ တောင်ငူခေတ်တွင် ရတုအရေးအသားများ ကြွယ်ဝခဲ့ပြီဖြစ်ကြောင်း၊" ကုန်းဘောင်ခေတ်တွင် ပုဂံ၊ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူခေတ်တွေထက် ပိုပြီး စာပေအရေးအသား အဖွဲ့အနွဲ့မျိုးစုံ ထွန်းကားခဲ့ကြောင်း၊ စာပေအဆင့်ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ ကိုယ့်ထီးကိုယ်နန်းကိုယ်ကြငှန်းနှင့်နေထိုင်လာခဲ့သည့်ဘဝမှ နယ်ချဲ့သမားတို့၏ ကိုလိုနီဘဝသို့ ကျရောက်သွားခဲ့ရသည့်အခါတွင်လည်း စာပေပညာရှင်ကြီးများက စာပေတာဝန်ကို အားသွန်ထမ်းပြီး မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် မြန်မာပြည်သူလူထုကို အသိဉာဏ်ပေး ရေးသားခဲ့ကြကြောင်း၊

" ... နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်သည် ၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားစာပေဆု



**စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲကို အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် လာရောက်ကြည့်ရှုအားပေးစဉ်**

ကို ရွေးချယ်ချီးမြှင့်လာခဲ့ကြောင်း၊ အမျိုးသားစာပေဆုမှာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးစာပေဆုဖြစ်ကြောင်း၊ အလားတူ စာပေဗိမာန်သည် စာပေဗိမာန်စာမူဆုများကိုလည်း နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အစည်း မဟုတ်သည့် ပြင်ပက ပခုက္ကူ ဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကလည်း ဘာသာရပ်အလိုက်ရွေးချယ်ပြီး စာပေဆုများ ချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စာပေဗိမာန်အဖွဲ့သည် စာပေနှီးနှောဖလှယ်ပွဲများကိုလည်း အကြိမ်ပေါင်း (၂၀) ကျော် ကျင်းပပေးခဲ့ကြောင်း...”

“... စာအုပ်ပြပွဲများအနေဖြင့်လည်း ၁၉၇၂ ခုနှစ်တွင် နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ်အဖြစ် ‘စာအုပ် စာပေ လူ့မိတ်ဆွေ’ ဟူသည့် ဆောင်ပုဒ်ဖြင့် စာအုပ် ပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း၊ ၁၉၇၅ ခုနှစ် တွင် ‘စာနယ်ဇင်းတိုင်း၊ ခေတ်သမိုင်း’ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ‘စာနယ်ဇင်းစုံ၊ ခေတ်ကြေးမုံ’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း ကျင်းပခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံတွင် သက်ကြီးဝါကြီးစာပေပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး၊ သက်ကြီးဝါကြီးစာပေပညာရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၄င်းမှာ နိုင်ငံတော်အကြီးအကဲက စာရေးဆရာ စာပေပညာရှင်ကြီးများ အပေါ် အလေးအမြတ်ထားကြောင်း ပေါ်လွင်ထင်ရှားသည့် အချက်ပင်ဖြစ်ကြောင်း...”

“ယနေ့ မှစတင်၍ ခင်းကျင်းပြသသွားမည့် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်တွင် စာပေဝါသနာရှင် စာပေမြတ်နိုး ကြသူများ အနေဖြင့် စာပေ ဘဏ္ဍာတိုက်ကြီးကို

တူးဖော်ပြီး စာပေ၏အမြိုက်အရသာကို ခံစားနိုင်ကြပါစေ၊ စာပေမျိုး စုံ ပွင့်ဖူးဝေဆာနေသည့် စာပေ ပန်းဥယျာဉ်ကြီးထဲမှာ စာပေ ဝတ်ရည်ကို ဆွတ်ခူးစားသုံးနိုင်ကြပါစေ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်ကို မမိုတ်မသုန် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲ နှင့် စာအုပ် ဈေးပွဲတော်ကျင်းပရေးအတွက် ဦးတည်ချက် လေးရပ်ဖြစ် သည့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ မျိုးချစ်စိတ် ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာစာပေ ထွန်းကားရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်ရေးဟူသည့် အချက်များကိုလည်း ပေါက်မြောက်အောင်မြင်နိုင်ရေး အတွက် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ” ဟု တိုက်တွန်း မှာကြားသွားသည်။

စာပေပြပွဲတွင် နိုင်ငံတော်အကြီးအကဲက စာပေပညာရှင်ကြီးများနှင့်တွေ့ဆုံသော ဓာတ်ပုံမှတ်တမ်းများပြကွက်၊ စာဆိုတော်နေ့ အကန်တော့ခံစာပေပညာရှင်ကြီးများပြကွက်၊ ယခုနှစ်စာပေဆုရသူများ ပြကွက်၊ ထင်ရှားသော ကွယ်လွန်သူ စာရေးဆရာကြီးများ၏ လက်ရေးနမူနာများပြကွက်၊ ၁၉၄၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စာပေဆုရသူများစာရင်းပြကွက်၊ ခေတ်အဆက်ဆက်မှ သတင်းစာများပြကွက်၊ ခေတ်အဆက်ဆက်မှ ဂျာနယ်မဂ္ဂဇင်းများ ပြကွက်ဟူ၍ ပြကွက် (၇) ခုကို ပြသထားသည်။

ပြပွဲတွင် ထင်ရှားသော ခေတ်ဟောင်းစာနယ်ဇင်းများ၏ မျက်နှာဖုံးကို ဓာတ်ပုံရိုက်ကူး၍ ပြသထားရာ ရတနာပုံ နေပြည်တော်သတင်းစာ (၁၈၇၄)၊ မန္တလေးတိုင်းသတင်းစာ (၁၈၉၄)၊ ဓမ္မဒေသနာ တရားသတင်းစာ (၁၉၀၇) မြန်မာနိုင်ငံ ကုသန်းရောင်းဝယ်ရေး ပညာသတင်းစာ (၁၉၀၈)၊ သူရိယသတင်းစာ (၁၉၁၁)၊ ပညာ့အလင်းသတင်းစာ (၁၉၁၈)၊ မြန်မာ့အလင်းသတင်းစာ (၁၉၁၉)၊ ဟံသာဝတီ သတင်းစာ (၁၉၂၁)၊ မြန်မာ့ဝန်ထမ်းသတင်းစာ (၁၉၂၂)၊ ဝံသာနု မြန်မာသတင်းစာ (၁၉၂၂)၊ မျိုးချစ်သတင်းစာ (၁၉၂၄)၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၀)၊ နှစ်ပါးကြည်ဂျာနယ် (၁၉၂၁)၊ အောင်ဇေယျ ဂျာနယ် (၁၉၂၃)၊ ဇေယျဂျာနယ် (၁၉၂၅)၊ စူဝံဂျာနယ် (၁၉၂၈) ၊ အလင်းရောင်ဂျာနယ် (၁၉၂၉) စသည်တို့ ပါဝင်သည်။

စာအုပ်ဈေးပွဲတော်တွင် သုတစွယ်စုံ စာအုပ်ဆိုင်၊ ဗြိတိသျှကောင်စီစာအုပ်ပြခန်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန စာအုပ်နှင့်စာရေးကိရိယာအရောင်းဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သာသနာရေးဝန်ကြီးဌာန အရောင်းဆိုင်၊ သစ္စာမဏ္ဍိုင် စာပေ၊ တင်ထွေးယဉ်စာပေ၊ အားမာန်သစ်စာပေ၊ To Day စာပေ၊ တက်လမ်းစာပေ၊ ပါရမီစာပေ၊ နေဝန်းစာပေ၊ ဝါမိုးအောင် စာပေ၊ စာပေလောကစာအုပ်တိုက်၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ မြဝတီ စာပေတိုက်၊ စာပေဗိမာန်၊ ကုလသမဂ္ဂ ပြန်ကြားရေးဌာန၊ Business Pocket Guide စာအုပ် ဆိုင်၊ စာပေဟင်းလေးအိုးကြီး၊ သတင်းကောင်း စာပေ၊ သာလွန် စာပေ၊ ဟသ်ာတ စာပေ၊ အရဏ်သစ် စာပေ၊ ရန်ကုန် တက္ကသိုလ် ကျီအီးစီ၊ ရွှေကုဲကော် ဘာသာစုံ အထူး အရောင်းဆိုင်၊ ပညာရေး သုတေသန ကျီအီးစီ စသော စာအုပ်ဆိုင်များ ခင်းကျင်းပြသ ဖွင့်လှစ်ရောင်းချကြရာ အားရဖွယ်ရာကောင်းလှသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့၊ မြို့မအားကစားကွင်း တွင် ခင်းကျင်းပြသထားသော စာပေပြပွဲနှင့် စာအုပ်ဈေး ပွဲတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပခုက္ကူ ဦးအုံးဖေ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးဝင်းဖေ (မုံရွာဝင်းဖေ) နှင့် တွဲဖက်အတွင်းရေးမှူး များ ဖြစ်ကြသော ဒေါ်မြမြသန်း (မနင်းဖွေး) နှင့် ဒေါက်တာ တင်ထွန်းဦးတို့က ကြိုဆိုကြပြီး အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လေ့လာကြည့်ရှုအားပေး ချီးမြှင့်သွားခဲ့ပေသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ၂၁-၁၁-၉၅ နေ့မှ ၂၇-၁၁-၉၅ နေ့ အထိ ကျင်းပခဲ့ရာ အထူးစည်ကားလှပြီး ဤပွဲသည်စာဖတ်ပရိသတ်များ၏ စာပေချစ်မြတ်နိုးစိတ်ကို ဖော်ထုတ်ပြသလိုက်သော စာပေအောင်ပွဲကြီးပင် ဖြစ်ပေသည်။

မုံရွာ ဝင်းဖေ

**စန္ဒနဝံသ၊ဆရာတော် ဘဒ္ဒန္တ (သက္ကအလဲတရာ မဟာနာယက ဆရာတော်) (မြန်မာ ၁၂၇၅-၁၃၅၆)။** ။သက္ကအလဲတရာဆရာတော်ဟု ထင်ရှားတော်မူသော သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အလဲတရာကုန်းမြေ မိုးမခတောင်ကျောင်း၌သီတင်းသုံးတော်မူသည်။ သက္ကအလဲတရာ မဟာနာယကဆရာတော် ဘဒ္ဒန္တစန္ဒနဝံသကို ခမည်းတော် ဦးမောင်တော၊ မယ်တော် ဒေါ်မယ်ခင်တို့က ၁၂၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် အင်္ဂါနေ့တွင် သထုံမြို့နယ်သိမ်ဆိပ်မြို့ တောင်ဘက်အနီး ထီးပုံးစုကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၂၈၆ ခုနှစ် အသက် ၁၁ နှစ်တွင် ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၂၉၉ ခုနှစ် အသက် ၂၄ နှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း ရောက်ရှိသည်။ ၁၃၀၀ ပြည့်နှစ်အသက်၂၅ နှစ်တွင် ထီးပုံးစုကျေးရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ကာ ထီးပုံးစုကျေးရွာကျောင်း ခဏ္ဍသိမ်၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်စန္ဒနဝံသဖြစ်သည်။

ဆရာတော်သည်ထီးပုံစုကျေးရွာကျောင်းဆရာတော်ထံ၌ အခြေခံလောကုတ္တရာစာပေများနှင့် ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပြီး ဘီးလင်းမြို့နယ် ရွှေရောင်ပြတောရကျောင်းဆရာတော် ဘဒ္ဒန္တအာလောကထံ၌ ပဋိပတ်ကျင့်စဉ်များ၊ အရညဝါသီတောရဆောက်တည်နည်းနှင့် အခြားဓုတင်အကျင့် ကျင့်ဆောင်နည်းများကို ခံယူကျင့်သုံးဆောက်တည်ခဲ့သည်။ သထုံမြို့နယ် ကျောက်စက်တောရနှင့် မိုးမခတောရတွင် သီတင်းသုံးနေထိုင်ပြီး ဘီးလင်း၊ သထုံ၊ ပေါင်၊ ဘားအံမြို့နယ်များရှိ သမိုင်းဝင်စေတီများနှင့် တောတောင်သုသာန်များသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းဘာဝနာတရားများကို ပွားများကျင့်ကြံအားထုတ်ခဲ့သည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ ဘာသာရေး၊ သာသနာရေးစိတ်ဓာတ်များ နိုးကြားရှင်သန်လာစေရန်နှင့် ဗုဒ္ဓမြတ်စွာ၏သုံးဖြာသော သဒ္ဓမ္မ၊ သုံးဝသောအကျင့်သိက္ခာတရားတော်များ ရှင်သန်ပြန့်ပွားစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအရှေ့ မိုးမခတောင်ခြေအနောက်ဘက်ကုန်းမြင့်တွင် အလဲတရာမဟာသောဏ္ဍာရ ကမ္ဘာအေးစေတီတော်ကြီးကို ၁၃၁၄ ခုနှစ်မှစတင်တည်ခဲ့ရာ ၁၃၃၅ ခုနှစ်တွင် ထီးတော်တင်ပြီးစီး အောင်မြင်တော် မူသည်။ အလဲတရာစေတီတော်ကြီး တည်ဆောက်ချိန် အတွင်း ပတ်ဝန်းကျင်ကျေးရွာများတွင် စေတီတော်ပေါင်း ၁၈ ဆူကိုလည်း တည်ဆောက်ပြီးစီးခဲ့သည်။

ဆရာတော်သည် အလဲတရာကုန်းမြေတွင် ရဟန်းတော်များသီတင်းသုံးနေထိုင်ရန် ကျောင်းသင်္ခမ်းများဆောက်လုပ်ခြင်း၊ စာသင်တိုက်ဖွင့်လှစ်၍ ပရိယတ္တိဝန်ဆောင် ရဟန်းတော်များအား လောကုတ္တရာ စာပေများသင်ကြားပို့ချပေးခြင်း၊ အလဲတရာစေတီတော်ကြီး တည်ဆောက်ရေးတွင် ရဟန်းသာမဏေများအား အချိန်ပိုင်းပါဝင်လုပ်အားပေးလှူစေခြင်း၊ အချိန်ပြည့် လုပ်အားပေးလှူကြသည့်ရသေ့များ၊ ယောဂီများစနစ်တကျနေထိုင်နိုင်ရန် ဗုဒ္ဓဂါမရွာကို တည်ထောင်ပေးခြင်း၊ ရသေ့များနှင့်ယောဂီများအား လောကုတ္တရာစာပေများသင်ကြားပို့ချပေးခြင်း၊ ရဟန်းရှင်လူအပေါင်းတို့အား တရားဟောကြား ဆိုဆုံးမခြင်း၊ ပဋိပတ်ကျင့်ကြံအားထုတ်နည်းများ သင်ကြားပြသခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သက်သတ်လွတ်ဘေးမဲ့ အာဟာရကို ရာသက်ပန်သုံးဆောင်တော်မူပြီး တပည့် ဒါယကာ ဒါယိကာမများအား သက်သတ်လွတ် ဘေးမဲ့အာဟာရ စားသုံးရန် ဟောကြားညွှန်ပြလေ့ရှိသည်။ သက်သတ်လွတ်စားသုံးခြင်းဖြင့် မိမိ၌ တောင့်တမှု ကြောင့်ကြမှုကင်းပြီး ရှာဖွေရာတွင် ရလွယ်ခြင်း၊ အစားအစာအာဟာရပေါ်တွင် ရသတဏှာ တပ်မက်နှစ်သက်မှု ခေါင်းပါးစေခြင်း၊ ကောင်းသောကိုယ်ကျင့်တရားနှင့် လျော်ကန်သင့်မြတ်ခြင်း၊ ရှာဖွေစားသောက်သူအား ပါဏာတိပါတကံ မထိုက်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ညွှန်ပြ ခဲ့သည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ ကောင်းမြတ်သောအကျင့်သိက္ခာနှင့် ပြည့်စုံတော်မူခြင်း၊ ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုရိုသေလေးစားမှုကို ခံယူရရှိတော်မူခြင်းတို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် ရရှိတော်မူသည်။

အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌ သီတင်းသုံးတော်မူသော သက္ကအလံတရာမဟာ နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒနဝံသသည် ၁၃၅၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်္လာနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် မိုးမခတောင် ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**။ ။၁၉၉၅ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်စတင်ကျင်းပသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက်တွင်ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်အား တပ်မတော်စစ်ရေးစစ်ရာကော်မရှင်တွင်ဆက်လက် တင် မြှောက်သည်။ ပါတီဥက္ကဋ္ဌအဖြစ်ကျန်ဇီမင်း၊ ဝန်ကြီးချုပ် အဖြစ် လီဖုန်တို့အား တင်မြှောက်ကြသည်။

တရုတ်ပြည် တော်လှန်ရေးအစဖြစ်သော ခရီးရှည် ချီတက်ပွဲမှ စတင်၍ ဥက္ကဋ္ဌကြီးမော်နှင့် လက်တွဲကာ ချီတက်ပါဝင်ခဲ့သော တိန့်ရှောင်ဖိန်သည် ဆိုဗီယက်ရုရှား၏ နောက်လိုက်ဘဝမှလွတ်အောင် ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။

တော်လှန်ရေးအောင်မြင်ပြီးနောက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် ၁၉၆၅–၁၉၆၉ နှစ်များက ဆင်နွှဲ ကြသော ယဉ်ကျေးမှုတော်လှန်ရေးမှစ၍ သူ့အား မော်လိုလားသူများက ဝိုင်းပယ်ခဲ့သည်။ ထိုယဉ်ကျေးမှု တော်လှန်ရေးတွင် သူ၏သားမှာ ဒဏ်ရာရပြီး ဒုက္ခိတ ဖြစ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌကြီးမော် ကွယ်လွန်ပြီး သီတင်းလေးပတ်ကြာမှ သူ၏သိက္ခာ ပြန်တက်လာခဲ့သည်။ ထိုနှစ်မှစ၍ နိုင်ငံကိုပဲ့ကိုင်လာခဲ့ရာ ယနေ့အထိဖြစ်သည်။ အရာရာ ခေတ်မီရေးလမ်းစဉ်ချမှတ်ခဲ့ပြီး ဆိုရှယ်လစ် လမ်းစဉ်မှသွေဖီခြင်းမရှိသော "တံခါးဖွင့်စီးပွားရေးလမ်းစဉ်" ( Open Market Policy )ကို ချမှတ်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် တွင် သူ၏အသက် ၉၀ ရှိပြီဖြစ်သော်လည်း ကျန်းမာဆဲ ဖြစ်သည်။

ပါတီကွန်ဂရက်ကပေးအပ်သော တာဝန်ကို ထမ်းဆောင် လျက်ရှိသော ပြည်သူ့အစိုးရအဖွဲ့သည် တရုတ်ပြည် တောင်ပိုင်း မကာအိုမြို့မှ မိုင် ၅၀ အကွာတွင် လေဆိပ်သစ် တစ်ခု တည်ဆောက်ခဲ့သည်။ ယင်းလေဆိပ်သစ်ဖွင့်ပွဲသို့ ဝန်ကြီးချုပ်လီဖုန်တက်ရောက်ကာ မေလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ပေးသည်။ တရုတ်ပြည်တောင်ပိုင်း စီးပွားဥစ္စာ ကြွယ်ဝသော ပုလဲမြစ်ဝကျွန်းပေါ်တွင်ရှိသည့် လေဆိပ် လေးခုအနက် ယခုကျူဟိုင်းလေဆိပ်သည် စတုရန်းကိုက် တစ်သိန်းတစ်သောင်းကျယ်ပြန့်၍ တစ်နှစ်လျှင် ခရီးသည် ၁၄ သန်း သွားလာပျံသန်းနိုင်သော လေဆိပ်ဖြစ်သည်။

တရုတ်ပြည်တွင် လေကြောင်းခရီးသွားလုပ်ငန်းသည် ၁၉၈၀ ပြည့်နှစ်မှ လွန်ခဲ့သော ၁၉၉၄ ခုနှစ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ကမ္ဘာ့ ပျမ်းမျှတိုးတက်နှုန်းသည် ၃ ဒသမ ၅ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည်သူ သန်းပေါင်း ၄၀ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ကြသည်။

မော်တော်ကားထုတ်လုပ်မှု အပြိုင်အဆိုင်လုပ်ဆောင်ရန် အတွက် မော်တော်ကားလုပ်ငန်းရှစ်ခုသို့ ဒေါ်လာသန်းပေါင်း ၁၂,၀၀၀ သုံးစွဲသွားရန် အစိုးရကစီစဉ်သည်။

နိုင်ငံတော်ကထောက်ပံ့ကူညီမည့် ကားလုပ်ငန်း များတွင် ရှန်ဟဲဘောက်စ်ဝက်ဂွန်၊ ဖာ့စ်အော်တိုမက်တပေါ့စ် ဘောက်စ်ဝက်ဂွန်လုပ်ငန်းတို့ ပါဝင်သည်။ တည်ဆောက် ထုတ်လုပ်မည့် မော်တော်ယာဉ်များ အနက် ၂၅၀,၀၀၀ သည် ဇိမ်ခံကားများဖြစ်သည်။ ငါးနှစ်စီမံချက်ဖြစ်သည်။

ဇိမ်ခံကားများအပြင် ဘတ်စ်ကားနှင့် ထရပ်ကား ၇၃၈,၀၀၀ ကို ၁၉၉၅ ခုနှစ် ပထမခြောက်လအတွင်း ထုတ်လုပ်နိုင်သောကြောင့် ယခင်နှစ်ပထမခြောက်လထက် လေးရာခိုင်နှုန်းတိုးသည်။ ခေတ်မီကားများထုတ်လုပ်ရေး တွင် ဒေါ်လာသန်း ၃၀၀၀ တန် ဖက်စပ်လုပ်ငန်းထူထောင် ရန် ဂျာမနီဝန်ကြီးချုပ် ခိုးလ်နှင့် တရုတ်ဝန်ကြီးချုပ် လီဖုန်တို့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးသည်ဟု သိရှိရသည်။

ယာဉ်ယူနစ်ပေါင်း ၇၁၉၂၄၀ ရောင်းရသဖြင့် ၇ဒသမ ၄ ရာခိုင်နှုန်းတိုးသည်။ အသေးစားဘတ်စ်ကား(မီနီဘတ်စ်) ရောင်းရမှုမှာ ယခင်နှစ်ကထက် ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးသည်။

**လူနေမှုအဆင့်**။ ။တရုတ်ပြည်ရှိ ပြည်သူတို့၏လူနေမှု အဆင့်သည် မော်စီတုန်းကွယ်လွန်သော ၁၉၇၆ ခုနှစ်ကနှင့် မတူတမူထူးခြားခဲ့သည်။ များများလုပ်၊ များများစား ပျော်ပါးစရာအချိန်ရှာကြံခြင်းဖြင့်လူနေမှုအဆင့်မြင့်မား လာသည်ဟု ပြည်ပလေ့လာသူများက တွက်ချက် ရေးသား ကြသည်။



**တရုတ် ပြည်သူ့ကွန်ဂရက် အစည်းအဝေး ကျင်းပနေစဉ်**

ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်၏ စီမံအုပ်ချုပ်မှုအရ ဤသို့တိုးတက်ဖွံ့ဖြိုးခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအဆင့်အတန်းမြင့်မားလာသည်ကိုဆင်ဟွာသတင်းဌာနက မေလ ၂၄ ရက်နေ့တွင်ဖော်ပြသည်။

ကျေးလက်နေပြည်သူတို့မှာ ၁၉၉၃ ခုနှစ်တွင် ၄င်းတို့ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို အစားအစာဝယ်ယူသုံးစွဲသည်။ ၁၉၇၀ ပြည့်နှစ်ကထက် ၉ ဒသမ ၇ရာခိုင်နှုန်း လျော့နည်းသည်။ တရုတ်မြို့ကြီးသူမြို့ကြီးသားများမှာ ၁၉၈၁ ခုနှစ်တွင် ဝင်ငွေ၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၉၃ ခုနှစ်တွင်၅၀ ဒသမ ၁ ရာခိုင်နှုန်းသို့လျော့နည်းသုံးစွဲကြသည်။

ပီကင်းမြို့တော်သူမြို့တော်သားများမှာဝင်ငွေ၏ ၄၉ ရာခိုင်နှုန်းသာအစားအစာအတွက်သုံးစွဲသောကြောင့် ငွေပိုငွေလျှံများပြီး လူနေမှုအဆင့်မြင့်လာသည်။

**ပြည်တွင်းရေး။** ။ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက် အချို့သောသဘောကွဲသူများကိုဖမ်းဆီးအရေးယူရသည်။ မစ္စတာဝူး ဆိုသူတရုတ်လူမျိုး၊ အမေရိကန်နိုင်ငံသားအဖြစ်

ခံယူထားသူကို လျှို့ဝှက်သတင်းရယူဆောင်ရွက်မှုဖြင့် ဇူလိုင်လ တွင် ဖမ်းဆီးအရေးယူထားသည်။ မစ္စတာဝူးကို လွှတ်ပေးရန် အမေရိကန်အစိုးရကတောင်းဆိုထားသည်။

မူးယစ်ဆေးဝါးဥပဒေဖောက်ဖျက်သူပေါင်း တစ်သိန်းတစ်သောင်းကို ယမန်နှစ်ကဖမ်းဆီးအရေးယူကာ အပြစ်ဒဏ်အသီးသီးပေးခဲ့ရသည်ဟုမေလ ၁၁ ရက်နေ့က သတင်းရရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ ၄၆၆ ဦးကို သေဒဏ်ပေးခဲ့ရသည်။ တရုတ်ပြည်မကချင်ပြည်နယ်ကိုဖြတ်၍ အိန္ဒိယသို့တင်ပို့ရောင်းချသော မူးယစ်ဆေးဝါးများကိုဟန့်တားရန်အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မည်ဟု ဆိုသည်။

ထိုအတောအတွင်း နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ခြေလက်၊ မျက်လုံးစသည့်အင်္ဂါအစိတ်အပိုင်းများကို ထောင်သားများ၊ သေသူများထံမှဖြတ်ခွဲထုတ်ယူကာ ရောင်းချသည်ဟုအစိုးရအား ဝေဖန်စွပ်စွဲမှုများ ပေါ်ထွက်လာသည်ကို မဟုတ်မှန်ကြောင်း သက်ဆိုင်ရာဌာနတို့က ငြင်းဆိုချေပရသည်။

ထို့အပြင် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးပစ္စည်းအလွဲသုံးစားမှုများကို အရေးယူနှိမ်နင်းပြီးနောက်၊ ပညာပေးလုပ်ငန်းတို့ဖြင့် ဆုံးမပြုပြင်ကြရသည်။ထင်ရှားသောမှုခင်းတစ်ခုမှာ ပီးကင်းမြို့၊ ဒုမြို့တော်ဝန်ချန်ချီတုန်းနှင့် အပေါင်းအသင်းတို့ကို ဖမ်းဆီးအရေးယူအပြစ်ပေးရသည့် အမှုဖြစ်သည်။

**စပရက်တလေကျွန်းများအရေး။** ။တရုတ်ပြည်အရှေ့တောင်ဘက်ရှိ တောင်တရုတ်ပင်လယ်တွင်အနောက်နိုင်ငံသားတို့အခေါ်အရ စပရက်တလေ(**Spratley**)ကျွန်းစုများ ရှိသည်။ တရုတ်ပြည်၊ ထိုင်ဝမ်ကျွန်းမှအင်ဒိုနီးရှား၊ ဖိလစ်ပိုင်အထိ ကျယ်ပြန့်သော ဤပင်လယ်တွင် ကျွန်းငယ်အမြောက်အမြားပြန့်ကျဲတည်ရှိနေသည်။ ထိုကျွန်းစုများကို တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှားနှင့်ဘရူနိုင်းတို့က မိမိတို့ အသီးသီး ပိုင်ဆိုင်ကြသည်ဟု ကြေညာကာ အငြင်းပွားလျက် ရှိသည်။

ဤကိစ္စနှင့်စပ်လျဉ်းပြီး ဗီယက်နမ်နှင့်တရုတ်ရေတပ်ချင်းရင်ဆိုင်လုဘနန်းဖြစ်ခဲ့သည်။ ၁၉၉၃ ခုနှစ် ကမူရေနံတွင်းတူးရန် အမေရိကန်–တရုတ်ဖက်စပ်ကုမ္ပဏီတစ်ခုက စီစဉ်သည်ကိုဗီယက်နမ်ကနစ်ကြိမ်တိုင်ကန့်ကွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လဆန်းတွင်ဖိလစ်ပိုင်နှင့်မိုင်အနည်းငယ်မျှသာကွာသော မစ္စချိ(ပ်)ရိ(ဖ်)သန္တာကျွန်းပေါ်သို့ တရုတ်ရေတပ်စစ်သင်္ဘောတို့က စစ်အဆောက်အဦးတည်ဆောက်ခဲ့သည်။ ဤတွင်ဖိလစ်ပိုင်ရေတပ်ကမတ်လ ၂၃ ရက်နေ့တွင်ထိုကျွန်းပေါ်သို့တက်ကာ အဆောက်အဦးများကိုဖြိုဖျက်လိုက်ပြီးနောက် ဖိလစ်ပိုင်အလံကိုလွှင့်ထူခဲ့သည်။

ယင်းကိစ္စဖြစ်ပွားနေစဉ်ထိုင်ဝမ်ရေတပ်မှ စစ်သင်္ဘောသုံးစင်းကချီတက်လာကာ မိမိနိုင်ငံ၏ကာကွယ်ရေးအတွက် အသင့်ပြင်ထားသည်။

မေလ ၁၇ ရက်နေ့တွင်နှစ်နိုင်ငံရေတပ်များ ရင်ဆိုင်မိကြသည်။ သတင်းစာဆရာ ၃၈ ဦးနှင့်ဖိလစ်ပိုင်ဗိုလ်ချုပ်ကြီးတစ်ဦးကိုတင်ဆောင်လာသည့် ဖိလစ်ပိုင်ရေတပ်သင်္ဘောတစ်စင်းကို တရုတ်ရေယာဉ်နှစ်စင်းက အငြင်းပွားနေသည့် မစ္စချိ(ပ်)ရိ(ဖ်)ကျွန်းအနီးတွင် ဟန့်တားသည်။

ထိုအတွင်းဖိလစ်ပိုင်လေတပ်မှရဟတ်ယာဉ်အချို့ပျံဝဲလာကြသည်။ တရုတ်သင်္ဘောများကကျွန်းပေါ်ရှိ အဆောက်အဦးများမှာတဲငါသည်များတည်းခိုရန်ဆောက်လုပ်ထားသောတဲများသာဖြစ်သည်ဟုပြောသည်။ ဖိလစ်ပိုင်ဘက်ကလည်း ဤကျွန်းသည်ဖိလစ်ပိုင်ကျွန်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မိနစ် ၇၀ ကြာအောင်ရင်ဆိုင်ကြပြီးနောက် နှစ်ဖက်ဆုတ်ခွာခဲ့ကြသည်ဟုသိရှိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ဩဂုတ်လ ၁၀ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒိုမင်ဂိုဆီယာဇွန်က ပြောသည်မှာ မိမိတို့သည် ကျွန်းပိုင်ဆိုင်မှုအရေးကိုစစ်ရေးအရ မဆုံးဖြတ်ဘဲစေ့စပ် ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရန် ဖြစ်သည်ဟု ဆိုသည်။ တရုတ်တို့ဘက်ကလည်း ဆွေးနွေး ဖြေရှင်းမည်ဟု ဩဂုတ် ၉ ရက်နေ့က ဖိလစ်ပိုင်အစိုးရသို့ ပြောကြားထားသည်။

**အမေရိကန်နှင့် ဆက်ဆံရေး။** ။၁၉၉၅ ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင်ထိုင်ဝမ်သမ္မတလီတိန်ဟွီးသည်နယူးယောက်မြို့သို့ ရောက်ရှိသည်။ သမ္မတလီသည်အမေရိကန်နိုင်ငံကော်နဲတက္ကသိုလ်ကျောင်းသားဟောင်းဖြစ်သည့်အလျောက် ထိုတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရန် ရောက်ရှိ ခြင်းဖြစ်သည်။

ထိုင်ဝမ်သမ္မတအား အမေရိကန်ကလက်ခံခြင်းကို တရုတ် က အပြင်းအထန်ကန့်ကွက်ခဲ့သည်။ မိမိတို့သည်

နိုင်ငံရေး မဟုတ်သောသာမန်ကိစ္စ အတွက် လာရောက်သူများကို ခွင့်ပြုခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတ ကလင်တန်က ချေပ ပြောကြားသည်။

**တိဗက် ဒေသအရေး။** ။တိဗက် ဘုန်းတော်ကြီး ဒလိုင်းလားမားက သတ်မှတ်ခဲ့သောလားမား အလောင်း အလျာလူငယ်တစ်ဦးကို တရုတ်အစိုးရကအသိအမှတ် မပြုချေ။

တိဗက်ဒေသဖွံ့ဖြိုးရေးအတွက်ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်မှုများကိုခွင့်ပြုလိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့က ကြေညာ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လယ်ယာစိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ရှာဖွေရေး၊ ရေနံရှာဖွေရေးတို့တွင် ငွေပင် ငွေရင်းမြှုပ်နှံခြင်းပြုနိုင်သည်ဟုဆိုသည်။ ထိုမျှသာမက ဘဏ်ဖွင့်ခြင်း၊ ငွေကြေးချေးငှားခြင်း ပြုနိုင်သည့်အပြင် နယ်နိမိတ်ဖြတ်၍ ကူးသန်းနိုင်ခွင့် ပြုသည်ဟု ဥပဒေစည်းမျဉ်း၌ ဖော်ပြထားသည်။

**လူမှုရေး။** ။တရုတ်ပြည်သူတို့၏ဝလေ့ထုံးစံတို့သည် နှစ်ငါးဆယ်၊ ခြောက်ဆယ်အတွင်းသိသိသာသာကြီး ပြောင်းလဲ ခဲ့ပြီးဖြစ်သည်။ ခြေဖျားခြေချောင်းနနကလေးများကို ရိုက်ချိုးကာ အမျိုးသမီးတို့ ခြေစီးရသည့် ဓလေ့ထုံးစံမှာ မရှိသလောက်ဖြစ်ချေသည်။ ဆံပင်ကိုကျစ်ဆံမြီးထားရသော ဆင်ယင်ထုံးဖွဲ့မှုသည်လည်း လျော့ပါး၍သွားချေပြီ။ ယခုလည်းခေတ်နှင့်အညီတိုးတက်အောင်လုပ်ဆောင်လျက် ရှိသည်။

သားသမီးမွေးကင်းစများကိုမိခင်၏နို့ဖြင့်တိုက်ကျွေးမွေးမြူခြင်းသည်အကောင်းဆုံးဖြစ်သည်ဟု ယူဆယုံကြည်သည့် အလျောက် နို့အစားထိုးပစ္စည်းများဖြစ်သောနို့မှုန့်၊ နို့ရည် တို့နှင့်ပတ်သက်၍ အလွန်အကျွံကြော်ငြာမှုများ ကို ပိတ်ပင်လိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့တွင် ဆင်ဟွာ သတင်းဌာနကထုတ်ပြန်သည်။

ကာမဂုဏ်လှုံ့ဆော်အားပေးသောရုပ်ပုံများ၊ စာအုပ်စာတမ်းများ၊ ရုပ်ရှင်များ၊ ဗီဒီယိုတိပ်ခွေများကို အလေးအနက် ဟန့်တားပိတ်ပင်မည့်အပြင်၊ ပြည့်တန်ဆာ အိမ်များကိုလည်းအရေးယူနှိပ်ကွပ်မည်ဟု တရုတ် ကက်ဘိနက်အဖွဲ့၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် ကျူဂန်က ဇူလိုင်လ ၂၂ ရက်နေ့ကပြောကြားသည်။

ဓိမ်လောကကိုဖန်တီးသောရေနွေးပြည့်ရေချိုးခန်းများ၊ ဟိုတယ်များ၊ ပွတ်သဘင်များ၊ ကာရာအိုကေ ကဇာတ်စင်များကို ပိတ်ပစ်မည်ဟု ဆက်လက်ပြောကြားသည်။

ယင်းတို့သည်လူငယ်တို့၏ စာရိတ္တကို ပျက်ပြားစေသည်သာမက ဒုစရိုက်မှုခင်းများ တိုးစေသောကြောင့် ကွန်မြူနစ်ပါတီနှင့် အစိုးရသည်ပူးပေါင်းဖြိုခွင်းမည် ဖြစ်သည်။

ယမန်နှစ်ကပြည့်တန်ဆာ ၂၈၈,၀၀၀ ကိုဖမ်းဆီး အရေးယူခဲ့ရသည်။ ပြည့်တန်ဆာအိမ် ၄၉၁၇ အိမ်ကိုပိတ်ပစ်ခဲ့သည်။ ပြည့်တန်ဆာများကိုလည်း ပညာပေးစခန်းနှင့်ဆေးခန်းများသို့ပို့ ဆောင်ခဲ့သည်ဟု ပြောကြားသည်။

ဦးဘသောင်း

**တေဇောဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဒမ္မဇောတိကာရုံကျောင်းပဓာနနာယက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် (၁၉၈၀–၉၃ထိ)(မြန်မာ၁၂၈၄–၁၃၅၆)။** ။ပေါင်းတည် ရွှေကျောင်းကြီး ဆရာတော်ဟု ထင်ရှားတော်မူသော ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဒမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသကို ခမည်းတော် ဦးစာဖြူ၊ မယ်တော်ဒေါ်ပန်းမြတို့က ၁၂၈၄ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် စနေနေ့နံနက် (၁) နာရီတွင် ပေါင်းတည်မြို့နယ် နတ်တောင်ကုန်းကျေးရွာ၌ ဖွားမြင်သည်။ တစ်ဦးတည်းသော သားကြီးရတနာဖြစ်ပြီး ၁၅ နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ အင်းကြီးကျေးရွာ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ "ရှင်တေဇောဘာသ" ဟူသောဘွဲ့ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည်ပေါင်းတည်မြို့၊ အရှေ့လမ်း၊ စိန်ရွှေရတနာကုန်သည် (ရွှေ) ဦးသိမ်း ဒေါ်ဒေါ်ကြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၀၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ သောကြာနေ့နံနက် ၈ – နာရီ ၁၉ မိနစ် အချိန်တွင်ပေါင်းတည်မြို့ရွှေကျောင်းကြီးတိုက် သဒ္ဒမ္မဇောတိကာရုံကျောင်း သုဓမ္မာဂိုဏ်းချုပ်ဆရာတော်

ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ "ဘဒ္ဒန္တပုညာဘိဝံ"ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် တောင်ကုန်းရွာဆရာတော်၏ကျောင်းတွင် စတုတ္ထတန်းအောင်မြင်သည်အထိ သင်ကြားတော်မူပြီးနောက် ပေါင်းတည်မြို့ ၊ မှတ်တိုင်လမ်း ဆရာကြီး ဦးမောင်ရင်ကျောင်းတွင် သတ္တမတန်းအောင်သည် အထိ သင်ကြားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ အင်းကြီး တောင်ကျောင်းဆရာတော်၊ ရွှေကျောင်းကြီးတိုက် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပုညာဘိဝံ၊ စာချဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တ ရေဝတ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ပဓာန နာယက ( နိုင်ငံတော်ပါဠိ တက္ကသိုလ် ဗဟိုအဖွဲ့ ပထမဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ တေဇနိယ စာချဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၊ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနဇောတိ ကာရုံအုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ စသောဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ကြားတော် မူခဲ့သည်။

ဆရာတော်သည် ၁၃၂၂ ခုနှစ်မှစ၍ ရွှေကျောင်းကြီး တိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ စာသင်သံဃာ တော်အပါး (၄၀) ကျော်အပါး (၅၀) တို့အားနေ့ဝါ၊ ညဝါများ မအားလပ်အောင်သင်ကြားပို့ချတော်မူခဲ့ပြီး ထိုစာသင်သားများ ဝိသဘာဂအာရုံများမှကင်းဝေးစေရန်နှင့် ပရိယတ္တိစာပေ များကိုအချိန်ပြည့် အားထုတ်နိုင်စေရန် ရည်သန်လျက် (ဆွမ်းခံမကြွစေဘဲ) နံနက်အရုဏ်ဆွမ်း ၊ မွန်းတည့် ဆွမ်းများကို အမြဲဆက်ကပ်တော်မူသည်။ ၁၃၂၂ မှ ၁၃၄၁ ထိ ပေါင်းတည်စာဖြေဌာနပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကြီး၌ ပြည်ခရိုင်သံဃာ့ကိုယ်စားလှယ်၊ ပေါင်းတည်မြို့နယ်လုံးဆိုင်ရာ နတ္တလင်းမြို့နယ် အပါအဝင် သုဓမ္မာဂိုဏ်း ကြီး၏ အကျိုးတော်ဆောင်ချုပ်၊ ၁၃၄၂ ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့တွင် အဖွဲ့ဝင်၊ ၁၃၄၂ ခုနှစ်ပြာသိုလ ပြည့်ကျော် ၁၃ ရက် တနင်္လာနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိဂိုဏ်းကြီး ကိုးဂိုဏ်းမှ ဝိနည်းဓိုရ် ဆရာတော် (၁၁၀) ပါးတို့အား ဝိနည်းကျွမ်းဂန် ကျွမ်းကျင်မှုသင်တန်း၊ သင်တန်းပြဆရာတော်၊ ပထမ အကြိမ်၊ ဒုတိယ အကြိမ်၊ တတိယအကြိမ်၊ နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၅၅ ခုနှစ် တပေါင်းလမှစ၍ နိုင်ငံတော်ဩဝါဒါစရိယ စသည့် နိုင်ငံတော်သံဃာ့တာဝန်များအပြင် ပေါင်းတည်မြို့ သကျမုနိ မိုယ်းကောင်းဘုရားကြီး ဂေါပကအဖွဲ့နှင့် မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့များ၏ ဩဝါဒါ စရိယဆရာတော် စသည်ဖြင့် သာသနာ့အကျိုးကို ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၀၅ ခုနှစ်တွင် ဝိနယအငယ်တန်း၊ ၁၃၀၆ခုနှစ်တွင် ဝိနယအကြီးတန်း၊ ၁၃၀၈ ခုနှစ်တွင် အစိုးရပထမငယ်တန်း၊ ၁၃၀၉ ခုနှစ်တွင် အစိုးရပထမ လတ်တန်း၊ ၁၃၁၀ ခုနှစ်တွင် အစိုးရပထမကြီးတန်း၊ ၁၃၁၁ ခုနှစ်စေတိယင်္ဂဏပရိယတ္တိစာချတန်း၊ ၁၃၁၄ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့"၊ ၁၃၁၈ ခုနှစ်တွင်စေတီ ယင်္ဂဏပရိယတ္တိ အသင်းကြီး၏ "အဘိသိရီပဝရသာသနာလင်္ကာရ၊ ဒီဃနိကာယ ဓရဘွဲ့"၊ (၉) ကြိမ်မြောက်နှင့် (၁၁) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးများ၌ " ဗုဒ္ဓသာသန ဝိသိဋ္ဌဒီဃ ဘာဏက" ၊"ဗုဒ္ဓသာသန ဒီဃနိကာယ ကောဝိဒဘွဲ့" တံဆိပ်တော်များ ရရှိတော်မူခဲ့သည်။

ဆရာတော်သည်ပေါင်းတည်မြို့မြတ်စွယ်တော် အတ္ထုပ္ပတ္တိသမိုင်း (အသစ်) ၊ ဓမ္မစကြာပါဠိတော်နိဿယ၊ ပရာဘဝသုတ်ပါဠိတော်နိဿယ ကစ္စာယနနိယံ၊ မာတိကာ တာတုကထာနိယံ၊ ကထိနဒါနာဒိ ပညာဗျာကရဏ စာစောင် အစရှိသော ကျမ်းစာများကို ရေးသားပြုစုတော်မူ ခဲ့သည်။ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော် မူသည်သာမက ပိဋကတ္တယဆောက၊ ဂန္ထဂုရာဝဟ၊ မဟာ ထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ စသည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်း သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ် တော်ကို ၁၃၅၀ ပြည့်နှစ် တွင် ရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ ပေါင်းတည်မြို့ ရွှေကျောင်း ကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော် ဆောင် ၂ (၁၉၈၀-၁၉၉၃) ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသသည် ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၃ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ ၅ မိနစ်အချိန်တွင် ပေါင်းတည် ရွှေကျောင်းကြီးတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တင့်ဆန်း (ခရစ် ၁၉၁၇–၁၉၉၅)**။ ။စာရေးဆရာ တင့်ဆန်းကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး ကျေးရွာတွင် အဖ ဦးဖိုးအောင်၊ အမိ ဒေါ်အေးနတို့က ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းမောင်နှမ နှစ်ယောက်အနက် အငယ်ဖြစ်သည်။ အမည်ရင်းမှာ ဦးဆန်းဖြစ်သည်။



နိုင်ငံကျော် စာရေးဆရာ
တင့်ဆန်း

ငယ်စဉ်အခါက ရွာမှုလတန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားဆည်းပူးခဲ့သည်။ လောကုတ္တရာ စာပေနှင့် အစိုးရပြဋ္ဌာန်းသော စတုတ္ထတန်းအဆင့် ပညာ ကို သင်ကြားခဲ့ပြီး ခေတ်ပညာတတ် ဘုန်းတော်ကြီးတစ်ပါး ထံမှ အင်္ဂလိပ်စာအရေးအဖတ်ကို အနည်းငယ်သင်ကြား တတ်မြောက်ခဲ့သည်။

စာရေးဆရာ တင့်ဆန်းသည် ၁၉၄၆ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်တွင် တင့်ဆန်း(လှည်းကူး) ကလောင် အမည်ဖြင့် 'ရီပြာပြာ'ကဗျာကို ရေးသားကာ စာပေနယ် သို့ စတင်ဝင်ရောက်ခဲ့ပြီး ရှုမဝမဂ္ဂဇင်းပါ လယ်ကူလီဝတ္ထု မှစ၍ တင့်ဆန်းကလောင်အမည်ကို တစ်သမတ်တည်း ခံယူခဲ့ သည်။ "ပုလဲငွေရည်ဦး" မှာ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ် သည်။ စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက် ခဲ့သည်။ စာရေးဆရာတင့်ဆန်း ရေးသားခဲ့သော လုံးချင်း ဝတ္ထု ၁၀၀ ကျော်အနက်မှ "တပေါင်း" (၁၉၆၉ –မတ်လ) နှင့် "ခရာ" (၁၉၆၉– ဇူလိုင်) ဝတ္ထုတို့သည် နယ်ချဲ့ ဆန့်ကျင် ရေး၊ တိုင်းပြည်နှင့်လူမျိုး အတွက် သွေးစည်းရေးကို ဦးတည် သည်။ "ဆောင်းနှင့်နွေမိုး" ကဲ့သို့ ရာဇဝင်နောက်ခံဝတ္ထု၊ "ဒီသောင်မြေ"ကဲ့သို့ တောင်သူလယ်သမားဘဝ ပြုပြင်ရေးကိုဦးတည်သော လယ်ကူလီအလုပ် သမားဘဝ သရုပ်ဖော်ဝတ္ထု၊ ဆရာစံ တောင်သူလယ်သမား တော်လှန်ရေးကြီးကို နောက်ကြောင်းခံသော "အငတ်မခံ" ကဲ့သို့ တောင်သူ လယ်သမား တော်လှန်ရေးဝတ္ထုများအပြင် ကပ္ပိယ စုံထောက် ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ မသိ နားမလည်သောသူများအား လိမ်ညာစားသောက်နေကြ သော လူလိမ်များအကြောင်း၊ ၎င်းလူလိမ်များကို ကပ္ပိယ စုံထောက် ဦးဖြူသီးက အမှန်ရောက်အောင် ဖော်ထုတ်ပုံကို စုံထောက်ဝတ္ထုများအဖြစ် ရေးသားခဲ့သည်။ စာရေးဆရာ တင့်ဆန်းသည် မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာနှင့် သုခုမအနုပညာလောက၊ သဘင်လောက၊ ဆေးလောကအကြောင်း ဆောင်းပါးများ၊ ကိုယ်လက်လှုပ်ရှားမှုကျန်းမာရေးနှင့် အတွေးအမြင် ဆောင်းပါးများကိုလည်း အဆက်မပြတ်ရေးသားခဲ့သည်။ "ရေပြင်မှသည် တောင်တန်းဆီသို့" ကဲ့သို့ ခရီးသွား ဆောင်းပါး လုံးချင်းဝတ္ထုကိုလည်း ရေးသားခဲ့သည်။ ဦးဆန်းမောင်ကလောင်အမည်ဖြင့်လည်း ဘာသာရေး ကျမ်းများကို ရေးသားခဲ့သည်။ ပြုစုခဲ့သော ဘာသာရေး ကျမ်းများမှာ– ဗုဒ္ဓ၏ပညတ်တော် သာဓကများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြု၊ မဟောသဓဖြတ်ထုံးများ၊ စစ်သူကြီး မဟောသဓ၊ ဒွဲလုံ့လရှင် မဟာဇနက၊ ဗုဒ္ဓ အလိုတော်ကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်၊ ခေတ်မြင် ပဋ္ဌာန်း ဝိပဿနာဓမ္မစကြာ စသည်တို့ဖြစ်သည်။

စာရေးဆရာတင့်ဆန်း၏"တပေါင်း" ဝတ္ထုကို မြဖလင်မှ ဒါရိုက်တာပန်းသာတင်ရွှေက ရုပ်ရှင်ရိုက်ကူးခဲ့ သည်။ "အငတ်မခံ"ဝတ္ထုနှင့် ဝတ္ထုတိုပေါင်းချုပ် (ရွက်ခြောက် နှစ်ခု၊ ဝမ်းတစ်ထွာ တိုက်ပွဲ၊ ငေါင်းဆူလူ မသိ) ကို ရုရှားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ စာရေး ဆရာ တင့်ဆန်း၏ ဝတ္ထုတိုအချို့ကို ဘဝကြေးမုံ ဇာတ်လမ်းစုံအဖြစ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။

စာရေးဆရာတင့်ဆန်း၏ ကျော်ကြားခဲ့သော "ငမိုးရိပ်မှ မိုးရိပ်သို့"နှင့် "စာရေးဆရာတစ်ယောက်" လုံးချင်းဝတ္ထုတို့မှာ ၎င်း၏ ဘဝဖြစ်စဉ်များကို တင်ပြ ရေးသား ထားခြင်းဖြစ်သည်။ စာရေးဆရာတင့်ဆန်းသည် ၁၉၉၅ ခုနှစ်၊ မတ်လထုတ် နွယ်နီမဂ္ဂဇင်းတွင် "ဦးဆန်းမောင် ကလောင်ရပ်နားခြင်း" ဟူသော ဆောင်းပါးကို နောက်ဆုံး ရေးသားခဲ့ပြီး ၁၉၉၅ ခု၊ မတ်လ ၂ ရက် တောင်သူလယ်သမား နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏ စာပေမျိုးဆက်များဖြစ်သည့် စာရေးဆရာနတ်နွယ် (သားသမက်)နှင့် စာရေးဆရာ မောင်သိန်းဆိုင် (သား) ၊ စာရေးဆရာမ နွဲ့လေးမူ / မြတ်ပန်းဝင့် (သမီး)တို့ အပါအဝင် သားသမီး ခုနစ်ယောက် ကျန်ရစ်သည်။

**ထင်းအစား အခြားလောင်စာ အသုံးချနိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ(မြန်မာနိုင်ငံ)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထင်းနှင့်မီးသွေးကို လောင်စာအဖြစ် အများဆုံးအသုံးပြုကြသည်။ ထင်းနှင့်မီးသွေးအသုံးပြုမှုသည် တစ်နှစ်လျှင် မြို့နေမိသားစုတစ်စုအတွက် ၁ ဒသမ ၄ ကုဗတန်နှုန်းနှင့် ကျေးလက်ဒေသနေ မိသားစုတစ်စုအတွက် ၂ ဒသမ ၅ ကုဗတန်နှုန်းရှိသည်။ သစ်ပင်သစ်တောများကို ခုတ်ပြီး ထင်းနှင့်မီးသွေးအဖြစ် အသုံးပြုခြင်းကြောင့် တောပြောင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ မြေဆီလွှာဆုံးရှုံးပျက်စီးခြင်း၊ သောက်သုံးရေရှားပါးခြင်းနှင့် စားကျက်များပျက်စီးခြင်းတို့ကို ကြုံတွေ့နိုင်သည်။ ထို့အပြင် အဖိုးတန်သစ်များရရှိနိုင်မှု၊ ရေသယံဇာတပေါများမှု၊ စိမ့်စမ်းရေတဲခွန်များထွက်ရှိမှု၊ သဘာဝပတ်ဝန်းကျင် သာယာလှပမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုစသည့် အကျိုးတရားများ ဆုတ်ယုတ်လျော့ပါးသွားမည်ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ရေမြေတောတောင်နှင့် ရာသီဥတုသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတဖြစ်ကြောင်း၊ သစ်ပင်သစ်တောများသည် အဓိကအရေးပါသော သယံဇာတများဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ၊ တိုးချဲ့စိုက်ပျိုးရေးနှင့်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အလေးပေးဆောင်ရွက်ဖို့လိုကြောင်း၊ အပူပိုင်းအထူးဒေသကိုးခရိုင်အပါအဝင် တစ်ပြည်လုံးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးကို အထူးအလေးပေးဆောင်ရွက်သွားကြဖို့ဖြစ်ကြောင်း" ၄/၉၃ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားသည်။

မိုးခေါင်ရေရှားဒေသတွင် ထင်းအစားအခြားလောင်စာအစားထိုးအသုံးပြုရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ၌ ၁၉၉၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက "မိုးခေါင်ရေရှားဒေသများတွင် ထင်းကိုလောင်စာအဖြစ် အသုံးပြု၍ သစ်ပင်များ ခုတ်လှဲနေမှုကြောင့် သစ်ပင်သစ်တောများ လျော့နည်းလာခဲ့သည်ကို တွေ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထင်းခုတ်မှု၊ တောခုတ်မှုလျော့နည်းသွားရန် ထင်းအစားအခြားလောင်စာ အသုံးပြုနိုင်ရေး နည်းလမ်းရှာကြံ သုတေသနလုပ်၍ အကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း" ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အမှတ် ၂ စက်မှုဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ထင်းအစား အခြားလောင်စာ အသုံးချရေး တီထွင်ဖြန့်ဖြူးရေး ကော်မတီကို ဖွဲ့စည်းသည်။ တီထွင်ဖြန့်ဖြူးရေးကော်မတီ သည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ထိထိ ရောက်ရောက်ရှိရေးနှင့် ထင်းအစား အခြားလောင်စာများ ကို ပြည်သူလူထု နိုးကြားတက်ကြွစွာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရန် ရည်ရွယ်၍ ထင်းအစားအခြား လောင်စာအသုံးချရေး တီထွင် ဖြန့်ဖြူးရေး လုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။ လုပ်ငန်း ဆပ်ကော်မတီသည် ထင်းအစားအခြား လောင်စာ များ ရှာဖွေ တီထွင်ရေး၊ အသုံးချနိုင်ရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းကာ ကုန်ကြမ်းပိုင်း၊ စက်ကိရိယာပိုင်း၊ သုံးစွဲမှုပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်း ခွဲခြားပြီး လေ့လာမှု၊ တီထွင်မှုနှင့် ဖော်ထုတ်မှုများကို အဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်ကလည်း ထင်းအစားအခြား လောင်စာ အသုံးချနိုင်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် နိုင်စေရန် ရည်ရွယ်ပြီး ၁၉၉၅ ခုနှစ်ကို ထင်းအစား အခြားလောင်စာ တီထွင်အသုံးချရေးနှစ် အဖြစ် သတ်မှတ် ထားသည်။

ထင်းကိုအသုံးမပြုဘဲ အပူစွမ်းအင်ရရှိနိုင်သော လောင်စာများကို ထင်းအစား အခြားလောင်စာများဟု ခေါ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ အဏုမြူစွမ်းအင်၊ ရေနံသဘာဝဓာတ်ငွေ့၊ ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်၊ လယ်ယာကိုင်းကျွန်း အလေအလွင့်မှ ရရှိသော စွမ်းအင်နှင့် ကျောက်မီးသွေးတို့သည် ထင်းအစား အခြားလောင်စာများဖြစ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ရေနံသဘာဝ ဓာတ်ငွေ့ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်တို့သည် ကုန်ကျစရိတ်နှင့် နည်းပညာအဆင့်မြင့်မားခြင်းကြောင့် မြန်မာနိုင်ငံတွင် ထင်းအစားအခြားလောင်စာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့်အခြေအနေမရှိကြောင်း တွေ့ရသည်။ ရေစွမ်း အင်နှင့် ရေနံသဘာဝဓာတ်ငွေ့မှ စွမ်းအင် ထုတ်ယူသုံးစွဲ နိုင်ရန် ဘက်စုံကြိုးစားကြံဆ စီစဉ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး လေစွမ်းအင်နှင့်

နေစွမ်းအင်အသုံးပြုမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းခွင်မှ ရရှိသောစပါးခွံ၊ မြေပဲခွံ၊ နှမ်းရိုး၊ကျူရိုး၊ ပြောင်းဖူးရိုး၊ ပဲစင်းငုံရိုး၊ ကြံကြိတ်ဖတ်၊ ထန်းလက်၊ အုန်းခွံ စသည်တို့ကိုထင်းအစား အခြားလောင်စာအဖြစ် အလွယ် တကူအသုံးပြု နိုင်သည်။ ထို့အပြင် ကလေးဝနှင့် နမ္မား ဒေသရှိ သက်န ကျောက်မီးသွေးများကိုလည်း ထင်းအစား အခြား လောင်စာအဖြစ် အမြန်ဆုံးဖြည့်ဆည်းသုံးစွဲ နိုင်ရန် လေ့လာ လျက် ရှိသည်။

ထင်းအစား အခြားလောင်စာ သရုပ်ပြပွဲများကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန သရုပ်ပြကွင်းတွင် အကြိမ်ကြိမ်ပြသခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ် တိုင်းနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများစိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။ သရုပ်ပြပွဲများတွင် မြန်မာ့အကြီးစားစက်မှုလုပ်ငန်းက တစ်ရက်လျှင် ကျောက်မီးသွေးအခြောက်တောင့် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သော မြင်းကောင်ရေ ၁၀ ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်ကို လည်းကောင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနက တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့်ကီလိုဂရမ် ၆၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေ နှစ်ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ကီလိုဂရမ် ၅၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေသုံးကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ၁၂ ကီလိုဂရမ် ထုတ်လုပ် နိုင်သော လက်လှည့်ကျောက်မီးသွေးတောင့် ထုတ်စက်၊ ကျောက်မီးသွေးတောင့်ထုတ်လုပ် ရာတွင် အသုံးပြုရသော ကော်အမျိုးမျိုး၊ ဝါးမီးသွေး၊ ဂုန်လျှော်ရိုးတံမီးသွေး၊ ပြောင်းဖူးအူတံမီးသွေး၊ ထန်းလက် မီးသွေး၊ ကျူရိုးမီးသွေး၊ အုန်းအသားခွံနှင့် အုန်းအမာခွံ မီးသွေးများ၊ နေအိမ်တွင် တိုင်ကီဖြင့် မီးသွေးဖုတ်ပြီး သစ်ပေါင်း ခံရည် (ဗနီကာ) ထုတ်ယူပုံ၊ နေရောင်ခြည်စွမ်းအင်သုံး ကီရိယာသုံးမျိုး၊ ပါရာဗိုလာပုံနေမီးဖို၊ သေတ္တာပုံနေမီးဖိုနှင့် လေစွမ်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံတို့ကို လည်းကောင်း၊ အမှတ် ၃ သတ္တုတွင်းလုပ်ငန်း အမှတ် ၁ သံနှင့်သံမဏိစက်ရုံက အိမ်သုံးလုပ်ငန်းသုံး ကျောက်မီးသွေးတောင့် ထုတ်စက်နှင့် ကျောက်မီးသွေးတောင့်သုံး မီးဖိုများကို လည်းကောင်း၊ သစ်တောဦးစီးဌာန ရေဆင်းသစ်တော သုတေသနဌာနက ချက်ပြုတ်ရာတွင် လျှင်မြန်ပြီး ကုန်ကျ စရိတ်ရာခိုင်နှုန်း ၄၀ သက်သာသော အေဝမ်းမီးဖိုပုံစံများကို လည်းကောင်း၊ မြန်မာ့မီးရထား စက်ခေါင်းပြင်စက်ရုံ (ပုဇွန်တောင်)က သံကူကွန်ကရစ်ဖဲရိုဆီးမင့် မီးဖိုအမျိုးမျိုး၊ ကျောက်မီးသွေး အခဲပြားဖြင့် တွဲသုံးရသော မီးဖိုများကို လည်းကောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အလေ အလွင့် မီးသွေးမှုန့်များဖြင့် မီးသွေးပြား၊ မီးသွေးတောင့် ထုတ်လုပ် နည်း၊ အုန်းအမာခွံဖြင့် မီးသွေးပြားထုတ်လုပ်နည်းနှင့် စပါးခွံဖြင့် မီးသွေးထုတ်လုပ်နည်းတို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ရွှံ့မီးဖို၊ စပါးခွံမီးဖိုနှင့် နေရောင်ခြည်စွမ်းအင်သုံး သေတ္တာပုံ မီးဖို များကို လည်းကောင်း၊ ဟိန်းထက်အောင်ကုမ္ပဏီလီမိတက်က တစ်နာရီလျှင် လောင်စာတောင့် ကီလိုဂရမ် ၆၀ မှ ၇၅ ကီလိုဂရမ်အထိ ထုတ်လုပ်နိုင်သော စပါးခွံလောင်စာ တောင့် ထုတ်စက်ကိုလည်းကောင်း၊ စန်းစန်းစက်မှုလက်မှု သမဝါယမအသင်းလီမိတက်က ကျောက်မီးသွေးအခြေခံ မြင်းကောင်ရေသုံးကောင်အားရှိ လောင်စာတောင့် ထုတ်စက်၊ စပါးခွံလောင်စာတောင့်ထုတ်စက်၊ ကျောက် မီးသွေးတောင့်သုံး မီးဖိုတစ်မျိုးနှင့် စန်းစန်းစပါးခွံမီးဖို သုံးမျိုးကိုလည်းကောင်း၊ စက်မှုစိုက်ပျိုးရေး သမဝါယမ အသင်းလီမိတက်က တစ်ချပ်လျှင် လျှပ်စစ်ဓာတ်အား ၂၂ ဝပ်ထွက်ရှိသော နေရောင်ခြည်ပြား ကိုးပြားအသုံးပြုကာ သဘာဝနေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူပုံကို လည်းကောင်း အသီးသီး တီထွင်ပြသခဲ့ကြသည်။

ပြည်သူများအတွင်း သစ်ပင်သစ်တောများ၏ အရေး ပါပုံနှင့် သစ်ပင်သစ်တောများသည် ရေမြေရာသီဥတု ပတ်ဝန်းကျင်အတွက် အရေးကြီးသော သဘာဝသယံဇာတ တစ်ခုဖြစ်ကြောင်း သိရှိလာစေရန်၊ သစ်ပင် သစ်တော အများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် ထင်းအစား အခြား လောင်စာများကို တွေ့မြင်သိရှိပြီး လက်တွေ့ အသုံးချတတ် လာစေမည့် နည်းပညာများအား သိရှိလာစေရန်၊ ထင်းအစားအခြားလောင်စာများကို အသုံး ပြုရာတွင် ဆောင်ရွက်လုပ်ကိုင်သူများအား စီးပွားရေးအရ အကျိုး ဖြစ်ထွန်းလာစေနိုင်မည့် နည်းလမ်းစနစ်တစ်ခု အနေဖြင့်ပါ ပြသစည်းရုံးသွားရန်နှင့် ထင်းအစားအခြား လောင်စာအသုံးပြုရေးလုပ်ငန်းများကို အမျိုးသားရေး အမြင်ဖြင့် ခံယူလုပ်ဆောင်လာစေရန်ဟူသော ရည်ရွယ် ချက်များဖြင့် ထင်းအစားအခြားလောင်စာများ အသုံးချရေး

ဟောပြောပွဲ နှင့် သရုပ်ပြပွဲများကို ရန်ကုန်မြို့ တွင်သာမက မကွေးတိုင်းအတွင်းရှိ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရေဦးမြို့နယ်၊ မန္တလေးတိုင်း အတွင်းရှိ မန္တလေးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တပ်ကုန်းမြို့နယ် စုစုပေါင်း မြို့နယ် ၁၂ မြို့နယ်တွင် ၁၉၉၅ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ မတ်လ ၁၆ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူလူထုနှစ်သောင်းခန့် တက်ရောက်လေ့လာသည်။ မြို့နယ် ၁၂ မြို့နယ်တွင် ခရိုင်အဆင့်မြို့နယ်အချို့ပါဝင်သဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များကိုပါ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သဖြင့် မြို့နယ်ပေါင်း ၅၁ မြို့နယ်အထိရှိသည်။ ထင်းအစားအခြား လောင်စာ အသုံးချရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲများကို ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်သည်။

**ထိုင်းနိုင်ငံ။** ။ ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ဂျပန်ဘုရင်မိဖုရားတို့နှင့်အတူ ဘုရင့်နန်းတော်၌ နေ့လယ်စာ သုံးဆောင်ရင်း ဆွေးနွေးခဲ့ကြပြီးနောက် ဂျပန်နိုင်ငံခရီးစဉ်ကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုကို အထူးအာရုံစိုက်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ချွမ်လီပိုင်အား ယခုဘဏ္ဍာရေးနှစ်အတွင်း ထိုင်းနိုင်ငံ အတွက် ဂျပန်ယန်းငွေ ၈၂၀ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၈၂၃ သန်း) ချေးငှားရန် ဂျပန်ဝန်ကြီးချုပ် မူရာယာမာက ကတိပြုခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် သီတင်း တစ်ပတ်ကြာ နေထိုင်လည်ပတ်ရန် စက်တင်ဘာလ ၂၉ ရက်နေ့က ကနေဒါနိုင်ငံသို့ ထွက်ခွာသွား၍ ကုန်သွယ်ရေး နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို အဓိကထားပြီး ဆွေးနွေးခဲ့သည်။

ပစိဖိတ်အနားသတ်နိုင်ငံများနှင့် ခိုင်မာသော စီးပွားရေး ဆက်ဆံမှုများ ပြုလုပ်သင့်ကြောင်း ကနေဒါ နိုင်ငံ၊ တိုရွန်တိုမြို့တွင် အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က ကနေဒါစီးပွားရေးဆက်ဆံသူများအား အောက်တိုဘာလ ၅ ရက်နေ့က ပြောကြားခဲ့သည်။ ကနေဒါခရီးစဉ်အတွင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းနိုင်ငံသို့ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် မျှော်လင့်လျက် ဝန်ကြီးချုပ် ဂျင်ချရက်တီယင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အချို့မှ စီးပွားရေး စီမံဆောင်ရွက်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ချရက်တီယင်နှင့် ချွမ်လီပိုင်တို့သည် ငါးနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏနှစ်ဆတိုးရန် သဘောတူခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၃ ခုနှစ်အတွင်းက တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ နှစ်ဘီလီယံရှိခဲ့သော်လည်း ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ရှစ်သန်းသာရှိသည်ဟု ချွမ်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားမှု အပါအဝင် အစိုးရအဖွဲ့အပြောင်းအလဲကို ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက် (ဂျ်) က အောက်တိုဘာလ ၂၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဆီနာဝါထရာ ကွန်ပျူတာနှင့် ဆက်သွယ်ရေးအုပ်စုကြီးကိုထူထောင်သူ သက်ဆင်ဆီနာဝါထရာအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ရာ သူ၏ ဖလမ်ဓမ္မပါတီမှအဖွဲ့ဝင်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အကြောင်းမှာ သူ၏စီးပွားရေးနယ်ပယ်က အစိုးရကန်ထရိုက်လုပ်ငန်း အများအပြားကို ရရှိထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ရက်သတ္တပတ် သုံးပတ်က အစိုးရအဖွဲ့အပြောင်းအလဲ ပြုလုပ်ရန်ဖလမ်ဓမ္မပါတီ အကြီးအကဲ ချမ်ကွန်ဆရိမူအင်က ကြေညာချိန်တွင် သက်ဆင်သည်သူ၏ကုမ္ပဏီအား ဇနီးသို့လွှဲပြောင်း ပေးခဲ့သည်။အခြားအစိုးရအဖွဲ့ဝင် ၁၃ ဦးကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရာ အစိုးရအဖွဲ့ဝင် ၁၄ နေရာ ပြောင်းလဲရာ၌ ၁၁ ဦးမှာ ဖလမ်ဓမ္မပါတီမှဖြစ်ပြီး ကျန်သုံးဦးမှာ စိတ်ဓာတ်သစ်ပါတီမှ ဖြစ်ကြသည်။

လေးနှစ်တာကာလအတွင်းစစ်ဘက်မှအာဏာသိမ်းခြင်းကို ၁၂ ကြိမ်ကျော်ခံခဲ့ရသော ထိုင်းနိုင်ငံတွင်ယခု အချိန်အထိ တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်သော အောင်မြင်မှုသည် အောင်မြင်မှုများအနက် အကြီးမားဆုံး ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အောက်တိုဘာလ ၂၇ ရက် နေ့တွင် ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင် အစိုးရသည် ၁၉၉၂ ခုနှစ်ကဒီမိုကရေစီ လိုလားသော တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားပြီးနောက် အာဏာရရှိလာ ခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ အစိုးရသက်တမ်း ကြာလိမ့်မည် မဟုတ်ဟုမျှော်လင့်ခဲ့ကြသည်။ ထို့ပြင် ချွမ်လီပိုင်အစိုးရ သည်စစ်ဘက်မှအာဏာ သိမ်းလိမ့်မည် ဟူသော ခြိမ်းခြောက် မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။



**ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖြစ်လာသည့် ဘန်ဟန်ဆီးလ်ပါအာချာအား ရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများ တွင် တွေ့ရစဉ်**



**ဖလမ်ဝမ့ပါတီခေါင်းဆောင် သက်ဆင်ဆိနာဝါထရာ**

ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် ပါလီမန်တွင် ပွတ်ကာသီကာအသာဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း မိမိ၏ အစိုးရအဖွဲ့ ဆောင်ရွက်ချက်များအနက် ဂုဏ်အယူထိုက်ဆုံး လုပ်ငန်းများ မှာ နိုင်ငံတည်ငြိမ်မှုကို အာမခံချက် ပေးနိုင် ရန် စွမ်းဆောင် ခဲ့ခြင်းနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက် မှုများ ဆက်လက် ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်ဟုချွမ်ကဝန်ကြီးချုပ်ရာထူး သက်တမ်း ကာလ ထက်ဝက်တွင် ရှားရှားပါးပါးပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြား ခဲ့သည်။ မိမိ၏အစိုးရအဖွဲ့သည် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာရေး ရည်မှန်းချက်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေနှင့်ချေးငွေများ ပိုမို ထုတ်ချေးခဲ့ကြောင်း လယ်သမား များ၏ ကြွေးမြီများကို လည်း ပယ်ဖျက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်နှစ် တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်ထက်မနည်း ရရှိအောင် အထောက်အကူပြု မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက် (ဂျ) ၏ ၆၇ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့က သွေးလှူဒါန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် လမ်းမများတွင် သန့်ရှင်းရေးများ ပြုလုပ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုခဲ့ကြသည်၊ ထိုင်းဘုရင်မင်းမြတ်၏ မွေးနေ့ကို လေးစားဂုဏ်ပြုသောအားဖြင့် ပက်ပွန်ပြည့်တန်ဆာရပ်ကွက်ကို ထိုနေ့က ပိတ်ထားခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် စည်းမျဉ်းခံဘုရင်ဖြစ်သော်လည်း သူ့အပေါ် လေးစားကြည်ညိုမှုကို ရှေးအစဉ်အလာကထက် ပိုမိုရရှိခဲ့သည်။ ဘုရင်မင်းမြတ်သည် နှစ်ပေါင်း သုံးလေးဆယ်မျှ ကျေးလက်ဒေသများသို့ လှည့်လည်ကာ ဆင်းရဲသားများကို ကူညီရန် စီမံကိန်းပေါင်းထောင်နှင့်ချီ၍ ဦးစီးအကောင်အထည်ဖော် ခဲ့သည်။ သီတင်းပတ်အကုန်ပိုင်းက ထိုင်းဘုရင်နှင့် မိဖုရားသီရိခေတ်တို့ စစ်ဘက်တပ်ဖွဲ့များကို စစ်ဆေးစဉ် ထိုင်းလူထုထောင်ပေါင်းများစွာတို့က ဂါရဝပြုခဲ့ကြသည်။ ဘုရင်ဘူမိဘောသည် ဒီဇင်ဘာလ ၄ ရက်နေ့က ပြည်သူလူထုတစ်ရပ်လုံးသို့ မိန့်ခွန်းပြောကြားရာတွင် လုံးဝထိန်းသိမ်း၍မရတော့သည့် အခြေအနေသို့ ရောက်ရှိရန် နီးကပ်လာနေသော ယာဉ်ပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းခြင်းမရှိပါက ထိုင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးကျဆင်းသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ထိုင်းဘုရင်မင်းမြတ်က ပြည်သူလူထုသွေးစည်းညီညွတ်ရေးကို တိုက်တွန်းပြောကြားရာတွင် ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း နိုင်ငံရေးကတောက်ကဆဖြစ်မှုများကို

ရည်ညွှန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် မိုင် ၉၀ အကွာရှိ ရာယွန်မြို့ကလေးတွင်လည်း ထိုင်းဘုရင်မွေးနေ့အထိမ်းအမှတ်ပြုလုပ်ရာတွင် သန့်ရှင်းရေးများပြုလုပ်ကြပြီး ဘုန်းတော်ကြီးများအား ဆွမ်းဆက်ကပ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သွေးလှူခြင်း၊ ငှက်များကို ဘေးမဲ့လွှတ်ခြင်း စသောကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး သက်ဆင်ဆိနာဝါထရာသည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ မိမိ၏နုတ်ထွက်လွှာကို ဝန်ကြီးချုပ်ထံ တင်သွင်းမည်ဖြစ်ကြောင်း၊ လုပ်ငန်းအများအပြားကို ရှင်းလင်းဆောင်ရွက်ရန်ရှိသောကြောင့် ယင်းနုတ်ထွက်လွှာသည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သတင်းထောက်များအား သက်ဆင်က ပြောကြားသည်။ သက်ဆင်သည် ရှိဝါနာဝါ ကူရာ ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဟောင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်သောအခါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေမှုကြောင့် အငြင်းပွားခဲ့ရသည်။ မိမိရာထူးမှ နုတ်ထွက်ရခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ငန်းမှန်သမျှကို မဆောင်ရွက်လိုသောကြောင့် ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

ယင်းသို့ရှိနေခဲ့ရာမှ ထိုင်းနိုင်ငံကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းပိုင်ရှင်ကြီး သက်ဆင်ဆိနာဝါထရာ အား ဖလမ်ဓမ္မ ပါတီ (ပီဒီပီ) ခေါင်းဆောင်အဖြစ် မေလ ၂၉ ရက်နေ့က ရွေးချယ်တင်မြှောက်လိုက်ရာ ဇူလိုင်လ တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီခေါင်းဆောင်အဖြစ် လှုပ်ရှားသွား မည်ဖြစ်သည်။ အသက် ၄၇ နှစ်အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဆိနာဝါထရာ အုပ်စုကြီး ၏ ပိုင်ရှင်ဖြစ်သူ သက်ဆင်သည် ဒုတိယဝန်ကြီးချုပ် ဟောင်း ချမ်မလောင်း သီရိမွန် နေရာတွင် အစားထိုး တာဝန်ယူမည်ဖြစ်သည်။ ပါလီမန်တွင် အယုံအကြည်မရှိအဆိုတင်သွင်းခြင်းမပြုမီ နာရီပိုင်းအလို မေလ ၁၉ ရက်နေ့က အာဏာရပါတီ ညွန့်ပေါင်းအုပ်စု အတွင်း (ပီဒီပီ)ရုတ်တရက်နုတ်ထွက်ခဲ့မှု ကြောင့် ဝန်ကြီးချုပ် ချွမ်လီပိုင် ရွေးကောက်ပွဲကို အလျင်စလိုကျင်းပရန် ခေါ်ယူခဲ့ရသည်။ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့ကြီးထွားနေသော ငွေပေး၍ မဲဝယ်ယူခြင်းနှင့် ကိုယ်စားလှယ်လောင်းများအား ငွေပေးဝယ်ခြင်းတို့အား ဝေဖန်တိုက်ခိုက်ခြင်းဖြင့် သက်ဆင်သည် ဇူလိုင်လ ၂ ရက် နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပီဒီပီ ပါတီ၏ လှုပ်ရှားမှုကို စတင်ခဲ့သည်။ ယင်းလုပ်ရပ်သည် ထိုင်းနိုင်ငံအတွက် ဒီမိုကရေစီစနစ်အတွက် အလွန်ဆိုးရွားလှသည်ဟုဆိုသည်။ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာကောင်းသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အကျိုးပြုမှုများရရှိရန် လိုအပ်ခဲ့သည်။ သက်ဆင်သည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော ပီဒီပီပါတီဝင်တစ်ဦးအနေဖြင့် ၁၉၉၅ ခုနှစ်ဆန်းပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့ရာတွင် သူ၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံရေးနယ်ပယ်အကြား ပဋိပက္ခဖြစ်လာနိုင်၍ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများကို ငွေပေးဝယ်ယူနေမှုကြောင့် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်မှာ ဘေးအန္တရာယ်နှင့် ကြုံနေရကြောင်း ချက်ပတ်တနာပါတီ ဒုတိယခေါင်းဆောင် ဆူဗစ်လစ်တာပယ်လော့ကလည်း ဝေဖန်တိုက်ခိုက်ခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်ကမူ ငွေပေး၍မဲဝယ်ယူခြင်းကို တိုက်ဖျက်သွားမည်ဟု ပြောကြားထားသည်။

နိုင်ငံရေးသမားအဖြစ် ပြောင်းလဲလာသော ထိုင်းနိုင်ငံ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကို ပိုင်ဆိုင်သည့် သူဌေးကြီးသက်ဆင်ဆိနာဝါထရာသည် ဝန်ကြီးချုပ်ရာထူးအတွက် ယှဉ်ပြိုင်ကြမည့်သူများအနက် ဗန်ကောက်မြို့တော် မဲဆန္ဒရှင်များအကြား၌ လူကြိုက်အများဆုံးပုဂ္ဂိုလ်ဖြစ်နေသည်။ ဗန်ကောက်မြို့တွင် နေထိုင်သော မဲဆန္ဒရှင် ၂၁,၀၀၀ ၏ ဆန္ဒသဘောထားကို ကောက်ယူရာ၌ ထိုင်းဝန်ကြီးချုပ်ရာထူးအတွက် မဲဆန္ဒပေးရာတွင် သက်ဆင်သည် ထောက်ခံမဲ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး လူကြိုက်အများဆုံးဖြစ်ခဲ့သည်။ ဆန္ဒသဘောထားကောက်ယူရာ တွင် မဲဆန္ဒရှင်များက ထိုင်းနိုင်ငံ၏ပါလီမန်အမတ်နေရာ ၃၉၁ နေရာရှိသည့်အနက် ၃၇ နေရာကိုသာ အလေးထား ဆန္ဒပေးကြသည်။ ယင်းဆန္ဒကောက်ယူရာ၌ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထောက်ခံမဲ ၂၂ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့သည်။ ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟာန်ဆီးလ်ပါအာချာသည် ဆန္ဒကောက်ယူရာ၌ ထောက်ခံမဲ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပမည့် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲများပြုလုပ်

နေစဉ် မဲဆွယ်ရန်ထွက်ခွာလာသောယာဉ်တန်းတစ်ခုမှ မော်တော်ယာဉ် သုံးလေးစီးပေါ်တွင် ရဲတပ်ဖွဲ့က လက်နက်များကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းတစ်ဦးအား ဇွန်လ ၂၃ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ အတိုက်အခံ ချတ်ထိုင်းပါတီမှ အမတ်လောင်း နီယွမ်ဝါရာဖာရနာနှင့် သူ၏လက်ထောက်ဖြစ်သူ နာရွန်အာသာဒေါ့တို့အား လက်နက်မှုဖြင့် တရားစွဲဆိုထားသည်။ နိုင်ငံရေးသမားများ၊ ပါတီအလုပ်သမားများနှင့် ယင်းပါတီကိုထောက်ခံကြသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းမှ မော်တော်ယာဉ်အချို့ကို စစ်ဆေးရှာဖွေရာတွင် ပြောင်းတိုသေနတ် လေးလက်နှင့် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက် ဖမ်းဆီးရမိခဲ့သည်။ ချတ်ထိုင်းပါတီအမတ်လောင်း နီယွမ်အား လက်နက်များ တရားမဝင်ကိုင်ဆောင်မှု၊ သူ၏ လက်ထောက်နာရွန်အား စစ်သုံးလက်နက်တစ်လက်ကို လက်ဝယ်ထားရှိမှုတို့ဖြင့် တရားစွဲဆိုထားပြီး အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇူလိုင်လ ၂ ရက်နေ့၌ ကျင်းပသောအထွေထွေရွေးကောက်ပွဲ၌ ဘန်ဟန်ဆီးလ်ပါအာချာ ဦးဆောင်သောချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီအောင်ပွဲခံလိုက်ရာ မကြာမီ ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းရန် ရှိနေသည်။ ရွေးကောက်ပွဲ၌ ချတ်ထိုင်းပါတီက အမတ်နေရာ ၉၂ နေရာ ရရှိပြီး ဒီမိုကရက်တို့က ၈၆ နေရာဖြင့် ဒုတိယရရှိခဲ့သည်။အမတ်နေရာ ၃၉၁ နေရာရှိသော အောက်လွှတ်တော်တွင် ချတ်ထိုင်းပါတီက မဲအများစုရရှိနေစေကာမူ အခြားငါးပါတီနှင့်မဟာမိတ်ဖွဲ့ပြီး ခြောက်ပါတီညွန့်ပေါင်းအစိုးရ ဖွဲ့ရမည်ဖြစ်သည်။ မိမိသည် မြန်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် အစိုးရသစ်ဖွဲ့စည်းသွားလို ကြောင်း ဗန်ကောက်မြို့ရှိ သူ၏နေအိမ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဘန်ဟန်က ပြောကြားသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ချတ်ထိုင်းပါတီ၊ နယူးအက်စပိုင်ရေးရှင်းပါတီ၊ ဖလမ်ဓမ္မ (စာရိတ္တဗလ) ပါတီ၊ ဆိုရှယ်အက်ရှင်းပါတီ၊ ပရာချကွန်ထိုင်း (ထိုင်းနိုင်ငံကြီးသား) နှင့် မွန်ချွန် (လူထု) ပါတီတို့ ပါဝင်ကြသည်။ ယင်းပါတီခြောက်ခုရရှိသော အမတ်နေရာမှာ ၂၁၅ နေရာဖြစ်သည်။ ဘန်ဟန်သည် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးမည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လီပိုင်၏ နေရာတွင် ဝင်ရောက်တာဝန်ယူရမည်ဖြစ်သည်။ ချွမ်လီပိုင်သည် ထိုင်းနိုင်ငံတွင် ကာလအကြာဆုံးဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်သွားသော မဲဆန္ဒဖြင့် တက်လာသူ ဝန်ကြီးချုပ်ဖြစ်သည်။ ဘန်ဟန်ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့် ဝန်ကြီးသစ်များအပေါ် တည်မှီလျက် ထိုင်းအစိုးရအဖွဲ့သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးနွေးထွေးမှု လျော့ပါးလာဖွယ်ရှိကြောင်း သံတမန်များက သုံးသပ်လျက်ရှိသည်။

ဝန်ကြီးအဖွဲ့ဝင်ရာထူး ခွဲဝေရေးသဘောတူညီချက်နှင့် ပတ်သက်၍ မကြာမီကဖွဲ့စည်းလိုက်သောညွန့်ပေါင်းအစိုးရအဖွဲ့ဝင်ပါတီ ခုနစ်ပါတီတို့ ဇူလိုင်လ ၅ ရက်နေ့တွင် သဘောတူညီမှု ရရှိခဲ့ကြသည်။ ဘဏ်လုပ်ငန်းရှင်တစ်ဦး ခေါင်းဆောင်သော 'နမ်ထိုင်း' ပါတီငယ်ကလေးသည် ဇူလိုင်လ ၄ ရက်နေ့တွင် ညွန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်ခွင့်ရရှိခဲ့ရာ ခုနစ်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် အမတ်ဦးရေ ၃၉၁ နေရာရှိသော ပါလီမန်တွင် အမတ်နေရာ ၂၃၃ နေရာရရှိခဲ့သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် ဘန်ဟန် သည် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သူ၏ ချတ်ထိုင်းပါတီအတွင်း အချင်းချင်းသဘောထားကွဲပြားနေမှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့အတွင်း တန်ခိုးအာဏာကြီးမားသော ပြည်ထဲရေးဝန်ကြီးရာထူးနေရာကို ဝန်ကြီးချုပ်ကိုယ်တိုင် ယာယီယူထားမည်ဖြစ်ကြောင်း သတင်းစာများ၌ ရေးသားဖော်ပြခဲ့သည်။ ချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီခေါင်းဆောင် ဘန်ဟန်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်း၍ ဝန်ကြီးစာရင်းကို ထိုင်းဘုရင်ထံတင်ပြ၍ ဘုရင်မင်းမြတ်၏ အတည်ပြုချက်ရမှ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဝန်ကြီးအဖွဲ့ ရာထူးနေရာများ ခွဲဝေယူရာ၌ ညွန့်ပေါင်းအဖွဲ့ဝင် အားလုံးက သဘောတူညီကြသော်လည်း ပြည်ထဲရေးဝန်ကြီး ရာထူးနေရာကို မည်သူရယူသင့်သည်ဆိုခြင်းနှင့်ပတ်သက်၍ ချတ်ထိုင်းပါတီ၏ အုပ်စုခွဲခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲပြားမှုကြောင့် ပါတီအတွင်း အကွဲအပြဲဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော ဝန်ကြီးချုပ် ဘန်ဟန်ဆီးလ်ပါအာချာ၏ ထိုင်းအစိုးရအဖွဲ့သစ်က ပထမဦးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်သည် ထိုင်းအစိုးရအဖွဲ့သစ်အနေဖြင့် အဂတိလိုက်စားခြင်းမရှိကြောင်းနှင့် ဒီမိုကရေစီကျကြောင်းကို လက်ခံလာစေရန် နိုင်ငံခြားမဟာမိတ်များနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးသိမ်းသွင်းရေးပင်ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ

၏ စည်းမျဉ်းခံဘုရင် ဘူမိဘောအဒူလျာဒက် (၇၂) သည် ရွေးကောက်ပွဲကျင်းပပြီးနောက် သီတင်းနှစ်ပတ်အကြာ တွင် ထိုင်းအစိုးရဖွဲ့စည်းခြင်းကို အတည်ပြုပေးလိုက်သည်။ အစိုးရဖွဲ့စည်းစဉ်အခါကလည်း မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းနှင့် ဆက်စပ်နေသည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသော ထိုင်းနိုင်ငံရေးသမားနှစ်ဦးအား ဝန်ကြီးရာထူးနေရာ ပေးရေး မပေးရေး နှင့် ပတ်သက်၍ အာဏာရ ခုနစ်ပါတီညွန့်ပေါင်းအဖွဲ့တွင် အချင်းများခဲ့ကြသည်။

ယခုဖွဲ့စည်းလိုက်သော ထိုင်းအစိုးရအဖွဲ့သည် ယခင်ကထက် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း၊ ရေးရှီးဆန်နှင့် အနောက်အုပ်စုလိုလားသော မူဝါဒကို အခြေခံထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။ အစိုးရဖွဲ့စည်းခြင်းကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ဘုရင်မင်းမြတ်က အတည်ပြုပေးရာ၌ ဗန်ကောက်မြို့ လမ်းမများတွင် ယာဉ်အသွားအလာ ပိတ်ဆို့မှုပြဿနာ လျော့ကျသွားရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သောရေ ရရှိရေးတို့ကို အလေးပေးဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ထိုင်းအစိုးရအဖွဲ့သစ်တွင် ဘဏ္ဍာရေးဝန်ကြီး ရာထူးရရှိသော ပါမောက္ခ ဆုရကီအတ်ဆတ်သီရာသီ (၃၇) နှစ်သည် ဘဏ်လုပ်ငန်းအတွေ့အကြုံမရှိဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကာအန်အက်ဗီက ဆစ်ဆရီမှာမူ နိုင်ငံခြားရေးလုပ်ငန်းများတွင် နှစ်ပေါင်း ၃၀ အတွေ့အကြုံရှိသူဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ် အမ်နော်ဗီရာဝမ်သည် ထိပ်တန်းဘဏ်လုပ်ငန်းရှင်ဟောင်း တစ်ဦးဖြစ်ပြီး အစိုးရအထက်တန်းရာထူး အများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့၍ အတွေ့အကြုံရှိသူဖြစ်သည်။ သို့ရာတွင် အစိုးရအဖွဲ့၌ နေရာအများစု ရရှိထားသော ဘန်ဟန်၏ပါတီသည် နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ အပေး အယူရှိနေကြသည်ဟု လူသိများနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှု ရှိနိုင်သည်ဟူသော စိုးရိမ်မကင်းမှုများဖြစ်ပေါ်နေသည်။ မိမိ၏ကတိအတိုင်း အများပြည်သူနှင့် သက်ဆိုင်သော စီမံကိန်းကြီးများကို ဆောင်ရွက်သွားမည်ဆိုပါက ငွေဖောင်းပွမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။

**စီးပွားရေး** – ထိုင်းနိုင်ငံတွင် မူလကိုယ်ခံအားကျဆင်းသော ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ကူးစက်မှု လျင်မြန်စွာကြီးထွား လာနေခြင်းကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ယိုယွင်း ပျက်စီးလိမ့်မည်ဖြစ်ကြောင်း သက္ကရာဇ် ၂၀၀၀ တွင် ထိုင်းနိုင်ငံ၌ အေအိုင်ဒီအက်စ် ဝေဒနာရှင်ဦးရေ လေးသန်းအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ထင်ရှားသော ကျန်းမာရေးလုပ်သားတစ်ဦး က ပြောကြားသည်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်မှုနှေးကွေးသွားအောင် ၁၉၉၅ ခုနှစ် သို့မဟုတ် နှစ်နှစ်အတွင်း မိမိတို့ဆောင်ရွက် နိုင်စွမ်းမရှိလျှင် ထိုင်း နိုင်ငံ၏ စီးပွားရေးမှာ အေအိုင်ဒီအက်စ် ကြောင့် သိသိသာသာ ထိခိုက်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ လူဦးရေနှင့် မိသား စုများဖွံ့ဖြိုးတိုးတက်ရေးအသင်းခေါင်းဆောင် မီချိုင်းဗီရာဗာအိဒယာက မနီလာမြို့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မီချိုင်းဗီရာ ဗာအိဒယာသည် ပြည်သူ့အကျိုးဝန်ဆောင်မှုအတွက် ရာမွန်မက်ဆေးဆေးဆုချီးမြှင့်ခံရပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအခန်းကဏ္ဍတွင် ပိုမိုနိုင်မြဲစွာ ပါဝင်လှုပ်ရှားနိုင်စေရေးအတွက် လွတ်လပ်သောကုန်သွယ်ရေးဒေသ အလျင်အမြန်ထူထောင်ပါရန် ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အရှေ့တောင်အာရှနိုင်ငံများကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ကမ္ဘာ့စီးပွားရေး အနေအထားတွင် ဖြစ်ပေါ်ပြောင်းလဲနေ၍ အဆိုပါ ကုန်သွယ်ရေးဒေသဖွဲ့စည်းရေးသည် အရေးတကြီးလိုအပ်နေသည် စသည် ဖြင့် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကျင်းပသောအာဆီယံ စီးပွားရေးဝန်ကြီးများ၏ ၂၆ ကြိမ်မြောက် အစည်းအဝေး တွင် ဝန်ကြီးချုပ် ချွမ်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ရာ အာရှတိုက်တွင် စတုတ္ထမြောက် စီးပွားရေးအလျင်အမြန်ဆုံး တိုးတက်သောနိုင်ငံဖြစ်လိမ့်မည်ဟု ထိုင်းဗဟိုဘဏ်က ကြေညာသည်။ ယင်းကဲ့သို့ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုသည် ကမ္ဘာ့စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်သစ်၏ ပိုမိုလွတ်လပ်သော ကုန်သွယ်ရေးတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင်မူ ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဟု ထိုင်းဗဟို ဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ၁၉၉၄ ခုနှစ် အတွင်း

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၉၉၅ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဖွဲ့စည်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုတို့သည် ထိုင်း စီးပွားရေး တိုးတက်စေရန် အလားအလာကောင်းများ ဖြစ်လိမ့်မည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် အသစ်ပြဋ္ဌာန်းမည့် ဥပဒေအရ ထိုင်းဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားပြီး အကောက်ခွန် နှင့် လှုဝင်မှုကြီးကြပ်ရေးကဏ္ဍတို့၌ ရှိနေသေးသော ကြိုးနီစနစ်၏ စည်းမျဉ်းအချို့ကိုလည်း လျှော့ချပစ်မည်ဟု ကတိပြုလိုက်သည်။ ပြန်လည်ပြင်ဆင်ထားသော နိုင်ငံခြားစီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေသည် ထိုင်းနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့် ကိုက်ညီ စေရန် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု နိုင်ငံခြား ကုန်သည်ကြီးများအစည်းအဝေးပွဲတွင် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဝန်ကြီးချုပ်ချွမ်က ပြောကြား ခဲ့သည်။

စီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို အာဏာပိုင်များက ပြန်လည်သုံးသပ်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ရိုးစင်းသော စည်းကမ်းများရှိရန်လိုလားကြောင်း၊ နိုင်ငံခြားကုန်သည်ကြီးများအသင်း၏ နေ့လယ်စာ စားပွဲသို့ တက်ရောက်လာကြသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ အမေရိကန်မဟုတ်သော ကုန်သည်ကြီးများသည်လည်း ထိုင်း–အမေရိကန် သဘောတူစာချုပ်အရ အမေရိကန် ကုမ္ပဏီများ ရရှိနေသော အထူးအခွင့်အရေးများ ဖျက်သိမ်းရေးကို လိုလားကြောင်း ဥရောပစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ ၁၉၉၅ ခုနှစ် ပထမသုံးလပတ်အတွင်းက လာရောက်လည်ပတ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ၁၉၉၄ ခုနှစ် အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းတိုးလာကြောင်း ထိုင်းကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ ယခုနှစ် ပထမသုံးလအတွင်း လာရောက်ကြသော နိုင်ငံခြားသားခရီးသည် ၁၈,၃၇,၄၄၈ ဦးအနက် အများစုသည် အရှေ့အာရှဒေသမှ ခရီးသည်များဖြစ်သည်။ ယခုနှစ် ပထမသုံးလအတွင်း အရှေ့အာရှဒေသမှ လာရောက်သောခရီးသည် ဦးရေသည် ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းတိုးလာရာ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်၏ ၅၄ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၁၉၉၅ ခုနှစ်အတွင်း ပြည်ပသို့ တင်ပို့ရောင်းချမည့် ပို့ကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၅၂ ဘီလီယံ) အထိ တိုးမြှင့်သွားရန် ရည်မှန်းထားသော်လည်း သွင်းကုန်ပမာဏက ပို့ကုန် ထက် ပိုမိုနေဦးမည်ဖြစ်၍ ကုန်သွယ်ရေးလိုငွေပြနေဦးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ်အတွက် ပြည်ပသို့တင်ပို့ရန်လျာထားသော ပို့ကုန်ပမာဏသည် ၁၉၉၄ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်း ပိုမိုလာသည်။ ၁၉၉၄ ခုနှစ်က ပြည်ပသို့တင်ပို့သော ပို့ကုန်တန်ဖိုးသည် ဘတ်ငွေ ၁ ဒသမ ၁၃ ထရီလီယံ (ဒေါ်လာ ၄၅ ဘီလီယံ) ဖိုးရှိသည်။ ၁၉၉၄ ခုနှစ်သည် ထိုင်းနိုင်ငံအတွက် ပြည်ပပို့ကုန်တန်ဖိုးကို ဘတ်ငွေ တစ် ထရီလီယံဖိုးထက် ကျော်လွန်အောင် တင်ပို့နိုင်သော ပထမဦးဆုံးနှစ်လည်း ဖြစ်သည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်အတွက် ပြည်ပမှတင်သွင်းမည့် သွင်းကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၅၄ ထရီလီယံ (ဒေါ်လာ ၆၁ ဘီလီယံ) လျာထားသဖြင့် ထိုင်းနိုင်ငံအဖို့ ၁၉၉၅ ခုနှစ် ပြည်ပကုန်သွယ်မှု၌ ကုန်သွယ်မှုလိုငွေ ဘတ် ၂၄၁ ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ) ဖြစ်ပေါ်စရာ ရှိနေသည်။ ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အများစုသည်ကုန်ချောပစ္စည်းများဖြစ်သော်လည်း နိုင်ငံလူဦးရေ ၅၉ သန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

သင့်ဘဝ – ဦးရဲလွင်

**နိုဟောက်ဖုန်ဆဗန် (ခရစ် ၁၉၁၄ – )။** ။မစ္စတာ နိုဟောက်ဖုန်ဆဗန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မောဒ်ဒါဟန်ပြည်နယ်၊ မောဒ်ဒါဟန်ခရိုင်၊ ဘန်ဖာလောခါရှိ လယ်သမားမိသားစုမှ ၁၉၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။



မစ္စတာနိုဟောက်ဖုန်ဆဗန်

၁၉၄၆ ခုနှစ်တွင် မစ္စတာ နိုဟောက်ဖုန်ဆဗန်သည် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး နောက် ၁၉၅၀ ပြည့်နှစ်၌ အင်ဒိုချိုင်းနားကွန်မြူနစ် ပါတီ၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၄င်းနောက် ၁၉၅၅ ခုနှစ် တွင် လာအိုပြည်သူ့ပါတီသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၆ – ၄၉ ခုနှစ်အတွင်း အရှေ့ပိုင်းဒေသ လာအို ခုခံရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် လာအိုခုခံရေးအစိုးရ၏ စီးပွားရေး ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဗီယန်ကျင်းအစိုးရနှင့် စေ့စပ်ဆွေးနွေးရာတွင် ပသက် လာအိုဘက်မှ ကိုယ်စားပြုခဲ့သည်။

လာအိုပြည်သူ့ပါတီကို ၁၉၅၅ ခုနှစ်တွင် စတင် တည်ထောင်ရာတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ တစ်ဖန် ၁၉၅၈ ခုနှစ်တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အစိုးရအဖွဲ့အတွင်းမှ ဘုရင်လိုလားသော အုပ်စု၏ ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ခြင်းကို အခြားခေါင်းဆောင်များနှင့်အတူ ခံရသည်။

၁၉၆၀–၆၂ ခုနှစ်အတွင်း ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် စေ့စပ်ညှိနှိုင်းမှုများတွင် လာအိုမျိုးချစ်အင်အားစု ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပါတီဖွဲ့စည်းပုံ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စများကို ကွပ်ကဲကြီးကြပ်ရသော ပါတီဗဟိုကော်မတီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်ဖြစ်လာသည်။ ၄င်းနောက် ၁၉၇၂ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ ဒုတိယအကြိမ်ညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်လာသည်။

ဤသို့ဖြင့် မစ္စတာနိုဟောက်ဖုန်ဆဗန်သည် ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တတိယအကြိမ်မှ ပဉ္စမအကြိမ်အထိ ပါတီညီလာခံ များတွင် ပါတီဗဟိုကော်မတီနှင့်ပေါ်လစ်ဗျူရို အဖွဲ့ဝင် အဖြစ် ဆက်လက်ပါဝင်ခဲ့သည်။

၁၉၈၂–၈၉ ခုနှစ်တွင် ပထမ–ဒုတိယ ဥက္ကဋ္ဌနှင့် ဝန်ကြီးများကောင်စီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ထားခြင်းခံရသည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံ၏ အမြင့်ဆုံး (ဒုတိယအကြိမ်မြောက် ဥပဒေပြု)ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်းခံရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရေး ကော်မတီကိုလည်း ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံ၏ အမြင့်ဆုံး ပြည်သူ့လွှတ်တော်၏ အထူးညီလာခံတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ သမ္မတကြီး အဖြစ် တင်မြှောက်ခြင်းခံရသည်။ တစ်ဖန် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပထမအကြိမ် အမျိုးသား လွှတ်တော်၏ ပထမအကြိမ်ညီလာခံတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီးအဖြစ် ပြန်လည် တင်မြှောက်ခြင်းခံရသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်မှုများ (၁၉၉၅)။** ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် ခံယူပြီး ၁၉၈၉ ခုနှစ်မှ

စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် လုပ်ငန်း ကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနများ ညှိနှိုင်း ပေါင်းစပ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

**နယ်စပ်ဒေသ ပင်မ စီမံကိန်း**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ပေးနိုင်ရန် နယ်စပ်ဒေသ ပင်မ စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပ ခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

နယ်စပ်ဒေသ ပင်မ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည် ချက်များနှင့် အညီ နယ်စပ်ဒေသရှိ တိုင်းရင်း သား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့ကို ထိန်းသိမ်းရန်

တို့ဖြစ်သည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို ၁၉၉၃–၉၄ ဘဏ္ဍာ နှစ်မှ ၁၉၉၅–၉၆ ဘဏ္ဍာနှစ်အထိ ပထမနှစ်တို သုံးနှစ်၊ ၁၉၉၆–၉၇ ဘဏ္ဍာ နှစ်မှ ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်အထိ ပထမနှစ်လတ် လေးနှစ်၊ ၂၀၀၀–၂၀၀၁ ဘဏ္ဍာ နှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် အထိ ဒုတိယလေးနှစ် စုစုပေါင်း စီမံကိန်းကာလ ၁၁ နှစ် သတ်မှတ်ထားသည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို အဓိကလုပ်ငန်း ကဏ္ဍ ကြီး သုံးရပ်ခွဲခြားရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပထမလုပ်ငန်း ကဏ္ဍဖြစ်သည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ များ တည်ဆောက်မှု ကဏ္ဍတွင် လမ်းပန်းနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်း၊ ဒုတိယ လုပ်ငန်းကဏ္ဍဖြစ်သည့် လူမှုရေးနှင့်စီးပွားရေးကဏ္ဍတွင် ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဝင်ငွေရရှိရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမ လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် သတ္တုရှာဖွေတူးဖော်ရေး လုပ်ငန်း၊ တတိယ လုပ်ငန်းကဏ္ဍတွင် သီးခြားလုပ်ငန်းများ ဖြစ်သည့် အိမ်တွင်းအသက်မွေးမှုသင်တန်းကျောင်းများ၊ နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေး ကျောင်းများ၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်း စသည်တို့ ပါဝင်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှုများ**

၁၉၉၄–၉၅ဘဏ္ဍာနှစ်အတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုကဏ္ဍ လျာထားချက်များအနက် လမ်း၊ တံတား တည် ဆောက်ရေး လုပ်ငန်းတွင် ၈၉ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး လုပ်ငန်းတွင် ၉၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး လုပ်ငန်းတွင် ၈၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် စွမ်းအင်လုပ်ငန်း တွင် ၅၅ ဒသမ ၇၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယကဏ္ဍတွင် ပါဝင်သည့် လူမှုရေးလုပ်ငန်းများအနက် ထပ်မံဖွင့်လှစ်မည့် ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ အတွက် လိုအပ်မည့် ဝန်ထမ်းများ အပြည့်အစုံ ခန့်ထားနိုင် ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ပင်မစီမံ ကိန်း၏ ရာခိုင်နှုန်း ၁၆၀ အကောင်အထည်ဖော်ရန် လျာထားသည့် အနက် ၁၁၂ ရာခိုင်နှုန်း အကောင်အထည် ဖော် နိုင်ခဲ့ပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုလျာထားချက် များအနက် လယ်ယာလုပ်ငန်းတွင် ၁၁၆ ဒသမ ၆၆ ရာခိုင် နှုန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းတွင် ရာခိုင်နှုန်း ၁၆၀ နှင့် မွေးမြူရေးလုပ်ငန်းတွင် ၈၆ ဒသမ ၁၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ လျာထားချက် မရှိသော်လည်း သတ္တုရိုင်းများ တည်ရှိရာ နေရာများ

ဖြစ်သည့် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ရှမ်းဒေသများတွင် စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အနေအထားများ စူးစမ်းရှာဖွေလျက် ရှိသည်။

**နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ခင်းဖွံ့ဖြိုးရေးအတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အမေရိကန် ဒေါ်လာ ၁၄,၀၀၀ ထောက်ပံ့ခဲ့သည်။ ထို့ပြင် အပြည်ပြည် ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အထောက်အပံ့ဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ပျိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပနိုင်ရေးနှင့် သစ်တောထိန်းသိမ်းရေး စီမံကိန်းဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းစီစဉ်လျက်ရှိသည်။

နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှုစီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စီမံကိန်းကာလ ကုန်ဆုံး ခဲ့သော်လည်း နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာအမှန်နှင့် ဆောင်ရွက်ပေးခဲ့ ခြင်းကြောင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်က အမေရိကန် ဒေါ်လာ ၂၆၀,၀၀၀ ထပ်မံထည့်ဝင်ပေးပြီး နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှု စီမံကိန်းကိုနောက်ထပ်ခြောက်လတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ လူထု ဖွံ့ဖြိုးမှု စီမံကိန်းသည် ကိုးကန့်ဒေသ လောက်ကိုင်နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာတွင် ရေရရှိရေး လုပ်ငန်းများ၊ သက်မွေးပညာရပ်များဖြစ်သည့် အပ်ချုပ်သင်တန်း၊ ပရိဘောဂ နှင့် လက်သမားသင်တန်း၊ စက်မှုနှင့် စက်ပြင် သင်တန်း များ ဖွင့်လှစ်ခြင်း၊ ကာမိုင်းကျေးရွာရေအားလျှပ်စစ်တပ် ဆင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက် ရန် စီမံထားပြီး ဖြစ်သည်။

"ဝ" ဒေသတောင်ပိုင်း ဟိုတောင်းရှေ့ပြေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၃၄၈,၀၈၅ နှင့် နိုင်ငံတော်က ငွေကျပ် ၉၃,၅၀၀ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သတ်မှတ်စီမံကိန်းကာလ တစ်နှစ်ကုန်ဆုံးမည် ဖြစ်သည်။ ထို့ပြင် "ဝ"ဒေသတောင်ပိုင်း ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းကြီး ရေးဆွဲနိုင်ရန် လူမှုစီးပွားရေး စစ်တမ်း ကောက်ယူရေး လုပ်ငန်းကိုလည်း ဆောင်ရွက်လျက် ရှိသည်။

တာချီလိတ်မြို့နယ် အဒီးနှင့် ဆန်လူး ဒေသများတွင် ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၂,၂၉၂,၄၃၈ နှင့်နိုင်ငံတော်က ငွေကျပ် ၅၈ သိန်း၊ မိုင်းယန်းမြို့နယ် ဆီလူးဒေသ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်း စီမံကိန်းကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၄,၀၆၆,၆၅၅ နှင့် နိုင်ငံတော်က ငွေကျပ် ၁၁၅ သိန်းနှင့် မိုင်းယန်း–ဆီလူး–နန့်လန်လမ်းအတွက် ငွေကျပ် ၂၆ သန်းထည့်ဝင်ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်းကာလ သုံးနှစ်ဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခြင်းကြောင့် ၁၉၉၆ ခုနှစ်တွင် စီမံကိန်း ပြီးဆုံးမည်ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရေးအတွက်( 2 KR Second Kennedy Round ) အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ယန်းသန်း ၁,၀၀၀ ထောက်ပံ့သည့် စာချုပ်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းထောက်ပံ့ငွေဖြင့် ဓာတ်မြေဩဇာ၊ လယ်ထွန်စက်နှင့် စိုက်ပျိုးရေးအတွက်လိုအပ်မည့် သွင်းအားစု ပစ္စည်းများ ဝယ်ယူနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကိုးကန့်နှင့် "ဝ" ဒေသတွင် စီမံချက်ချမှတ်ဆောင်ရွက်နေသည့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**လုပ်ငန်းဆပ်ကော်မတီများတိုးချဲ့ဖွဲ့စည်းခြင်း**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ၃/၉၄ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းများအရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးတည်ပြီး လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုမှ လုပ်ငန်းအမျိုးအစားအလိုက် လမ်းတံတား လုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေး

လုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး လုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေး ဆိုင်ရာ လုပ်ငန်း ဆပ် ကော် မတီနှင့် လူမှုဝန်ထမ်းနှင့်သမ ဝါယမလုပ်ငန်း ဆပ်ကော်မတီ ဟူ၍ လုပ်ငန်း ဆပ် ကော်မတီ ၁၈ ခုအထိတိုးချဲ့ဖွဲ့စည်း ဆောင်ရွက် လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက် အောက်အပြန်အလှန်တင်ပြရသည့် အဆင့်များ နည်းနိုင် သမျှ နည်းစေရန်၊ လုပ်ငန်းကို အချိန် ကြန့်ကြာမှု မရှိစေဘဲ မြန်မြန်ဆန်ဆန် သွက်သွက် လက်လက် ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး လုပ်ငန်း ဆပ်ကော်မတီ ၁၄ ခု၏ ဥက္ကဋ္ဌများကို ဒုတိယဝန်ကြီးများအား ပြင်ဆင်ဖွဲ့စည်း ခန့်ထားတာဝန်ပေး ပြီးဖြစ်သည်။

### ကျပ်သန်း ၂,၅၀၀ ကျော် သုံးစွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဝန်ကြီးဌာနရန်ပုံငွေများ အပါအဝင် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် လုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများအတွက်ကျပ် ၂၈ ဒသမ ၁၂ သန်း၊ စိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်းတွင်ကျပ် ၁၄၇ ဒသမ ၆၆ သန်း၊ မွေးမြူရေးလုပ်ငန်းတွင် ကျပ် ၁၀၁ ဒသမ ၀၂ သန်း၊ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျပ် ၇၆၀ ဒသမ ၆၇ သန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ကျပ် ၂၂၅ ဒသမ ၅၈ သန်း၊ ကုန်သွယ်ရေးနှင့်သမဝါယမလုပ်ငန်းတွင် ကျပ် ၆၆ ဒသမ ၇၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ကျပ် ၁၃၀ ဒသမ ၉၈ သန်း၊ စွမ်းအင်လုပ်ငန်းတွင် ကျပ် ၁၄၈ ဒသမ ၀၃ သန်း၊ ကျန်းမာရေးလုပ်ငန်းတွင် ကျပ် ၁၄၁ ဒသမ ၅၄ သန်း၊ ပညာရေးလုပ်ငန်းတွင် ကျပ် ၁၇၈ ဒသမ ၀၂ သန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ကျပ်၁၉၆ ဒသမ ၂၃ သန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတွင် ကျပ် ၃၈ ဒသမ ၁၁သန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းတွင် ကျပ် ၂၂ ဒသမ ၀၆ သန်း၊ နယ်စပ်ဒေသ လူထုဖွံ့ဖြိုးရေးစီမံကိန်းတွင် ကျပ် ၀ ဒသမ ၇၇ သန်း၊ အထွေထွေလုပ်ငန်းများတွင် ကျပ် ၄၆ ဒသမ ၄၂ သန်း၊ ထောက်ပံ့ငွေအသုံးစရိတ်သုံးစွဲမှုတွင် ကျပ် ၃၆၀ ဒသမ၇၂ သန်း၊ စုစုပေါင်းငွေကျပ် ၂,၅၉၂ ဒသမ ၆၇ သန်း ဖြစ်သည်။

ဦးစိုးအောင်

**ပါကစ္စတန် အစ္စလာမ့်စ် သမ္မတနိုင်ငံ။** ။ပါကစ္စတန်နိုင်ငံတွင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလအတွင်း ပါကစ္စတန်မြောက်ပိုင်းဒေသများ ဖြစ်ကြသည့် မာလာကန်နှင့် ဆွတ်တို့တွင် အစ္စလာမ့်စ် ဥပဒေပြဋ္ဌာန်းရန် အတင်းအကျပ် လုပ်ဆောင်သည့် လူမျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများကြောင့် ခန့်မှန်းခြေလူပေါင်း ၂၀၀ သေဆုံးခဲ့ရသည်။ ယင်းသေဆုံးမှုတွင် လက်ရှိအာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကိုယ်စားပြုသည့် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်း ပါဝင်ပေသည်။

၁၉၉၄ ခုနှစ် မေလတွင် အလားတူဖြစ်ရပ်မျိုးကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ရပြီး နောက်ပိုင်းတွင် ယင်းဒေသ၌ မျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများ ဆိုးဝါးစွာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့်အတွက် မော်လနာစူဖီမိုဟမ္မက် ဦးဆောင်သည့် အစ္စလာမ့်စ် ဥပဒေပြဋ္ဌာန်းရေး လှုပ်ရှားမှုအဖွဲ့ကို အစိုးရက အပြစ်တင်ခဲ့သည်။ နိုင်ငံရေး လေ့လာဆန်းစစ်သူများက ရာစုနှစ်တစ်နှစ်ထက် ကျော်လွန်စွာ အဆိုပါဒေသ၌ ပြဋ္ဌာန်းခဲ့သော ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို ဖျက်သိမ်းရန် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုတရားရုံးက ဆုံးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေရေးရာဆိုင်ရာ ကြားဟနေမှုက အစ္စလာမ့်စ် ဥပဒေပြဋ္ဌာန်းရေးကို ဆောင်ရွက်ရန် တောင်းဆိုနေမှုကို အားပေးအားမြှောက်ပြုသလို ဖြစ်နေပေသည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့က မြောက်ပိုင်းဆွတ် ဒိစတြိတ် ဒေသတွင် လူမျိုးနွယ်စုခန့်မှန်းခြေ ၂,၅၀၀ ခန့်တို့က အထက်တန်းတရားသူကြီး နှစ်ဦးအပါအဝင် လူအမြောက်အမြားအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး မာလာကန်သို့ သွားရာလမ်းများအားလုံးကို ပိတ်ဆို့ခဲ့သည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်ဝန်ကြီး အက်ဖ်တက်အာမက်ခန်ရှာပါအိုက အစ္စလာမ့်စ်ဥပဒေကို ပြည်နယ်အုပ်ချုပ်ရေးနှင့် စပ်ဆိုင်သည့် မာလာကန်နှင့် ကိုဟစ်စတန် လူမျိုးနွယ်စုဒေသ



**ကရာချိမြို့တွင် မငြိမ်မသက်မှုများအနက် ကားဗုံးဖောက်ခွဲခံရသည့် အကြမ်းဖက် တိုက်ခိုက်မှု တစ်ခု**

တစ်လျှောက်တွင် ပြဋ္ဌာန်းမည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ရုံးထိုင်စစ်ဆေးကြားနာခြင်းများနှင့် အောက်ရုံးတရားသူကြီးများ နေရာတွင် အစ္စလာမ့်ဥပဒေရေးရာ ကျွမ်းကျင်သူများ ဖြင့် အစားထိုးရန် အမိန့်တစ်ရပ်ဖြင့် အသေးစိတ်ဖော်ပြကြေညာခဲ့သည်။ သို့ဖြစ်လင့်ကစား အဆိုပါ ကြေညာချက် မှာ အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ အကြောင်း မှာ ယခင်က အလားတူ ဆောင်ရွက်ပေးမည်ဟု ပြောကြားထားသည့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်မဆောင် ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

၁၉၉၄ ခု နှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင် ဒုံးကျည်လက်နက်များ၊ လက်ပစ်ဗုံးများ အသုံးပြုကာ စစ်ရဲတပ်ဖွဲ့များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီးနောက် လူမျိုးနွယ်စုများက ဒိစတြိတ်မြို့တော် ဆိုင်ဒူရှရစ်နှင့် လေဆိပ်ကို သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း လူ ၂၀ ဦး သေဆုံးရာ ပါကစ္စတန်ပြည်သူ့ပါတီမှ အနောက်မြောက်နယ်ခြား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဘာဒီအူဇာမန် ပါဝင်ခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် စစ်ရဲတပ်ဖွဲ့များက လေဆိပ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းကာလ အတွင်း လူမျိုးနွယ်စုများ၏ ပုန်ကန်ထကြွမှုသည် အနီးအနား ဒေသများဖြစ်သည့် ဒါ၊ ချီထရယ်၊ ဟာဇာရာ၊ ကိုဟီစတန်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေး လူမျိုးနွယ်စု ဒေသဖြစ်သည့် အာဖဂနိစတန်နိုင်ငံနှင့် နယ်စပ်ခြင်း ထိစပ်နေသည့် ဘာဂျာအာအထိ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

နိုဝင်ဘာ ၈ ရက်နေ့တွင် စူဖီမိုဟာမွက်က အပစ်အခတ်ရပ်စဲရေး ကြေညာပြီးနောက် ဓားစာခံ ၅၀ ဦးအား လွှတ်ရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် လူမျိုးနွယ်စုအများအပြားက အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် ငြင်းဆိုခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဘာဂျာအာတွင် စစ်ရဲတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည်။ သူပုန်များက တရုတ်နိုင်ငံသို့သွားရာ မဟာဗျူဟာအရ အရေးပါသည့် ကာရာကိုရမ် အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ဆို့ခဲ့သည်။

အခြားတစ်ဖက်တွင် ကရာချိမြို့၌ နိုင်ငံရေးမငြိမ်မသက် ဖြစ်မှုများနှင့် အကြမ်းဖက်မှုများ အရှိန်မြင့်တက်ဖြစ်ပွားခဲ့ရာ သက်သာလျော့ပါးသွားမည့် အရိပ်လက္ခဏာ မတွေ့မြင်ရပေ။ မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) ၏ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်နေ့တွင် မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) အဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦး အသတ်ခံရပြီးနောက် ဆက်လက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့သည်။ နိုဝင်ဘာ ၁၉ နှင့် ၂၀ ရက်နေ့များတွင်လည်း မငြိမ်မသက်မှုများ

ဆက်လက်ဖြစ်ပွားပြီး လူ ၁၃ ဦး သေဆုံးကာ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။

ယင်းသို့ ရှိနေသည့်အထဲတွင် ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အတိုက်အခံပါတီခေါင်းဆောင် နာဝပ်ဇ်ရှရစ်ဖ်တို့အကြား ပုဂ္ဂိုလ်ရေးရာ အပြန်အလှန်ထိုးနှက်တိုက်ခိုက်မှုများကလည်း ရှိနေသေးသည်။ နိုဝင်ဘာ ၁၃ ရက်နေ့တွင် အတိုက်အခံခေါင်းဆောင်နှင့် ယခင်ဝန်ကြီးချုပ်ဟောင်း နာဝပ်ဇ်ရှရစ်ဖ်၏ ဖခင်ဖြစ်သူ မီယင်မိုဟာမွက်ရှရစ်ဖ်အား လိမ်လည်မှုစွဲချက်များဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့ရာ အတိုက်အခံပါတီများ၏ အမျက်သိုမှုကို ဝန်ကြီးချုပ် ဘီနဇာဘူတို ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ဖမ်းဆီးထားသော မိုဟာမွက်ရှရစ်ဖ်ကို ပြန်လည်လွှတ်ပေးခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး ပူးတွဲကျင်းပခဲ့ရာ သမ္မတ ဖာအူးလက်ဟာရီ မိန့်ခွန်းပြောကြားနေစဉ် အတိုက်အခံအမတ်များက အစိုးရအား ဆဲရေးကျိန်ဆို တိုက်ခိုက်ခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ဘီနဇာဘူတိုက အတိုက်အခံများနှင့် ငြိမ်းချမ်းရေး ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ကရာချိမြို့၌ ဖြစ်ပွားလျက်ရှိသည့် လူမျိုးစုရေးနှင့် ဂိုဏ်းဂဏရေး အကြမ်းဖက်မှုများသည် ပိုမိုအရှိန်မြင့်တက်လာခဲ့သည်။ အတည်ပြုချက် မရရှိသေးသော သတင်းများအရ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းမှစပြီး လူပေါင်း ၆၅၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြင့်တက်လာရခြင်းမှာ ဆင်းပြည်နယ်တွင် ၁၉၉၂ ခုနှစ် ဇွန်လကတည်းက တပ်စွဲချထားခဲ့သည့် စစ်တပ်ကို ရုပ်သိမ်းကြောင်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်နှင့် တိုက်ဆိုင်နေပေသည်။ အရပ်သားများအပေါ် အလွန်အကျွံပြုမှုခဲ့သည့် စွပ်စွဲချက်များအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်မှုများ ရှိခဲ့လင့်ကစား ဆင်းပြည်နယ်တွင် ချထားသော စစ်တပ်အနေဖြင့် ပြိုင်ဘက်နိုင်ငံရေးနှင့် ဂိုဏ်းဂဏအုပ်စုများ နှစ်ဖက်တပ်ခင်း၍ သဲသဲမဲမဲတိုက်ခိုက်ခြင်းကို ထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုသည်။




**လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့မှ သံချပ်ကာ ကားများက ကင်းလှည့်စောင့်ကြပ်နေစဉ်**

ယခု လောလောဆယ် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများမှာ အူရဒူဘာသာစကား ပြောဆိုခြင်းကို ထောက်ခံသည့် လူမျိုးစုအဖွဲ့၊ မိုဟာဂျာကွာအမှိ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) တို့၏ ဆန့်ကျင်ဘက် အုပ်စုများကြောင့်လည်းကောင်း၊ စစ်သွေးကြွ ရှိယိုက်နှင့် ဆွန်နီအုပ်စုများကြား ဂိုဏ်းဂဏရေး ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လည်းကောင်းဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ဆိုကြသည်။

ဤသို့ဖြင့် အချင်းဖြစ်ပွားလျက်ရှိသော မငြိမ်မသက်မှုများ၏ အကြောင်းရင်းကို စုံစမ်းရန် နိုင်ငံရေးပါတီပေါင်းစုံပါဝင်သည့် ပါလီမန်ကော်မတီတစ်ရပ် ဖွဲ့စည်းထူထောင်ရန် အမျိုးသားလွှတ်တော်က ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှု များကို အားပေးအားမြှောက်ပြုနေသည်ဟု စွပ်စွဲပြီးနောက် ကရာချိမြို့တော်ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အိန္ဒိယကောင်စစ်ဝန်ရုံး အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ ထွက်ခွာခဲ့သည်။ သို့ဖြစ်ရာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၏ လုပ်ရပ်ကို တုံ့ပြန်သောအားဖြင့် အိန္ဒိယနိုင်ငံကလည်း နယူးဒေလီမြို့ရှိ ပါကစ္စတန် အဆင့်မြင့် ကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး ရုပ်သိမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်နေ့တွင် အမိန့်ထုတ်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံက အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယစစ်တပ်မှ စစ်သည်အရေအတွက် သိသိသာသာ လျှော့ချရေး ပါဝင်သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ပါကစ္စတန်နိုင်ငံဘက်က ကြိုတင်စည်းမျဉ်း သတ်မှတ်ချက်ကိုလည်း ပယ်ချခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နေ့တွင် အလည်အပတ်ရောက်ရှိလာသောဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလတ်စ်ဟာဒ်က ကက်ရှ်မီးယားဒေသ အငြင်းပွားမှုပြဿနာဖြေရှင်းရေးသည် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းထက် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးခြင်း အပေါ်တွင်သာ တည်မှီနေကြောင်း ပြောကြားခဲ့ရာ ကက်ရှ်မီးယားပြဿနာ အငြင်းပွားမှုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ ခဲ့သည်။ ဒေါက်ကလတ်စ်ဟာဒ်၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ကက်ရှ်မီးယားဒေသတွင် ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်မည့် အများဆန္ဒဖြင့် မဲပေးဆုံးဖြတ်ခြင်းကို တိုက်တွန်းထားသော ၁၉၄၉ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးရန် ဆက်လက် ဖိအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလီယမ်ပယ်ရီ လာရောက်ခဲ့စဉ်အတွင်း အမေရိကန်–ပါကစ္စတန် နှစ်နိုင်ငံ စစ်ကော်မရှင် ပြန်လည်လှုပ်ရှား ဆောင်ရွက်ရေးကို ကြေညာခဲ့သည်။ ယင်းကြေညာချက်နှင့်အတူ အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကို တရားဝင်ပြန်လည်ထူထောင်ခဲ့သည်။

အဆိုပါ ပူးတွဲစစ်ကော်မရှင်ကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် အာဖဂနိစတန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲအရှိန် အမြင့်မားဆုံး အချိန်ဖြစ်သည့် ၁၉၈၄ ခုနှစ်က ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ ပေးရန်ရှိသည့် စီးပွားရေးနှင့် စစ်ရေး အကူအညီများကို ရပ်ဆိုင်းရန် ပရက်စ်လာ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းခဲ့ပြီးနောက် အထက်ပါ ပူးတွဲစစ်ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်မှုများကို ရပ်ထားခဲ့သည်။ ယခု အသစ်ပြန်လည်ထူထောင်လိုက်သည့် ပူးတွဲစစ်ကော်မရှင်အနေဖြင့် စစ်ရေးဆိုင်ရာ လေ့ကျင့်မှုများ၊ သင်ကြားမှုများ၊ အတွေ့အကြုံဖလှယ်မှုများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများကိုသာ အလေးပေးလုပ်ဆောင်သွားမည်ဟု ဆိုသည်။ သို့ရာတွင် ဤသို့ ပူးတွဲစစ်ကော်မရှင်ပြန်လည်ထူထောင်ခြင်းသည် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် အစပျိုးခြင်း ဖြစ်သည်ဆိုသည့် တွက်ဆမှုများကိုမူ အမေရိကန်အရာရှိများက ခိုင်ခိုင်မာမာ ငြင်းဆိုခဲ့သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ အဆိုပါ စစ်ကော်မရှင်အနေဖြင့် အမေရိကန် အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ မပေးပို့သည့်ကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုကို ဖြေရှင်းရန် ထိပ်တန်းဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်ဟုဆိုသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား ပိတ်ဆို့အရေးယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စစ်

လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးကတည်းက ဤကိစ္စမှာ နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုများ၏ အဓိကကျသည့် ပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်၊ သို့မဟုတ်ပါကလည်း အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ် ၃၂ စင်းအတွက် ပါကစ္စတန်နိုင်ငံက ပေးချေပြီးဖြစ်သည့် အမေရိကန်ဒေါ်လာသန်း ၆၅၀ ကို ပြန်အမ်းရန် တိုက်တွန်းပြောကြားခဲ့သည်။

ကရာချိမြို့၌ မတ်လအတွင်း ဆက်လက်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် လူ ၁၂၀ ကျော် သေဆုံးခဲ့ရပြန်သည်။ အကြမ်းဖက်မှု ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) အတွင်း အကွဲအပြဲ ဖြစ်ခြင်းနှင့် စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီမူဆလင်အုပ်စုများအကြား အငြင်းပွားမှုများကြောင့်ဖြစ်သည်။

မတ်လ ၈ ရက်နေ့တွင် အမည်မသိ သေနတ်သမားနှစ်ဦးက အမေရိကန်အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ သည်။ ဤဖြစ်ရပ်မှာ အကြမ်းဖက်မှုများအတွင်း ပထမဆုံး အသတ်ခံရသည့် အနောက်နိုင်ငံသားများ ဖြစ်ကြသည်။ အသတ်ခံရသူများမှာ အမေရိကန် ကောင်စစ်ဝန်ရုံးတွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်ဟု သိရှိရသည်။ အခြားအမေရိကန် အမျိုးသားတစ်ဦးမှာမူ ဒဏ်ရာရရှိခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ၁၉၉၃ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံကို ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး အဓိကပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် စွပ်စွဲခြင်းခံရသည့် အစ္စလာမ္မစ်စစ်သွေးကြွပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရမ်ဇီအာမက်ယိုဆက်ဖ်အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းအတွက် လက်တုံ့ပြန်မှုတစ်ရပ် ဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ထံသို့ စာတစ်စောင်ရေးသားပြီး ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ရာ အထက်ပါတိုက်ခိုက်မှုမှာ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် ကရာချိမြို့တော်တွင် ကြောက်ရွံ့မှုနှင့် အနှောက်အယှက် အဟန့်အတားဖြစ်စေရန် အစီအစဉ်တကျလုပ်ဆောင်သည့် အကြမ်းဖက်မှုတစ်ရပ် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သမ္မတ ကလင်တန်က ပါကစ္စတန်အစိုးရအား အပြစ်မတင်သော်လည်း ယင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် အမေရိကန် အစိုးရက အဆိုပါ တိုက်ခိုက်မှုကို စုံစမ်းရန် အက်ဖ်ဘီအိုင် အဖွဲ့ဝင် ၅၀ ဦး ပါဝင်သော အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ကို ပါကစ္စတန်နိုင်ငံသို့ ပို့လွှတ်ခဲ့သည်။ ထို့ပြင် လူသတ်တရားခံများနှင့် စပ်လျဉ်းပြီး သတင်းပေးနိုင်မည်ဆိုပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ကိုလည်း ကမ်းလှမ်းခဲ့သည်။

မတ်လ ၂၁ ရက်နေ့တွင် ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့တွင်းနှင့် မြို့ဝန်းကျင်တွင် ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များနှင့် အက်ဖ်ဘီအိုင်အဖွဲ့တို့ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်စစ်ဆေးခဲ့ရာ လူပေါင်း ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ဆက်လက်ပြီး မတ်လအတွင်းတွင် အာမက်ယိုဆက်ဖ်၏ အပေါင်းအပါ ၃၀ ဦးကို ဆက်လက်ဖမ်းဆီးခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပြုခဲ့သည်။ ရဲတပ်ဖွဲ့ကလည်း အစွန်းရောက် လုပ်ရပ်များတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူ လူပေါင်း ၃၅၀ ကျော်ကို ဖမ်းဆီးပြီး လက်နက်အများအပြားကို သိမ်းဆည်းခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများလည်း ရှိခဲ့ပြန်သည်။ ဤသို့ ဖြစ်ပေါ်လျက် ရှိသည့် အကြမ်းဖက်မှုများက ဝန်ကြီးချုပ် ဘီနဇာဘူတို၏ ဆောင်ရွက်နေမှုကို မယုံကြည်သည့် စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စီးပွားရေးကြော်ငြာများ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကရာချိစတော့ရှယ်ယာ အရောင်းအဝယ် ဈေးကွက်တွင်လည်း စတော့ရှယ်ယာဈေးနှုန်းများ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် စက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အစိုးရက ပျက်ကွက်သည်ကို ကန့်ကွက်ဆန္ဒပြရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

မတ်လ ၃၀ ရက်နေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားရာတွင် ဝန်ကြီးချုပ် ဘီနဇာဘူတိုက ရာဇဝတ်မှု

များအား သက်ညှာမည်မဟုတ်ဟု သူမ၏ကတိပြုချက်ကို ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် ကရာချိမြို့ လမ်းမများပေါ်တွင် စစ်တပ်ကို ချထားမည်မဟုတ်ဟု ကတိပြုခဲ့သည်။ သူမ၏ ဝေဖန်ပြောဆိုချက်များသည် မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) ကို ဦးတည်ပုံရှိသော်လည်း အကြမ်းဖက်မှုများမှာ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ကြသူများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းသို့ ရှိနေစဉ် ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် စိတ်ဝမ်းကွဲပြားလျက်ရှိသော မောင်ဖြစ်သူ မာတာဇာဘူတိုက ပါကစ္စတန် ပြည်သူ့ပါတီမှ ခွဲထွက်ပြီး ပါတီခွဲဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။ ကရာချိမြို့တွင် ကျင်းပသော လူထုစည်းဝေးပွဲတစ်ခု၌ မာတာဇာဘူတိုက ယခုလောလောဆယ်တွင် ဘီနဇာဘူတို ဦးဆောင်လျက်ရှိသည့် မိမိဖခင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကယ်တင်လိုကြောင်း၊ ထို့ပြင် ပါကစ္စတန်နိုင်ငံအား ခိုးဆိုးလုယက်စားပြတိုက်သည့် အန္တရာယ်များမှ ကယ်တင်လိုကြောင်း ပြောကြားပြီး လုံခြုံရေးရှိစေရန် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အစိုးရအဖွဲ့ နုတ်ထွက်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ် ဧပြီလအတွင်းတွင် ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်မှာ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ စစ်ရေးနှင့် စီးပွားရေး အကူအညီများပေးခြင်းကို အမေရိကန်က ရပ်ဆိုင်းထားခဲ့ပြီး နောက်ပိုင်း ပါကစ္စတန်ခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးသွားရောက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အမေရိကန်အစိုးရ ထိပ်တန်းအရာရှိများ၊ ကွန်ဂရက်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြရာ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့အရေးယူခဲ့သည့် ပြဿနာမှာ အဓိကဖြစ်နေခဲ့သည်။ အထက်ပါ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်ရှိသည့် အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ်များ ပေးပို့ခြင်းကို ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါ ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရေးကို ဘီနဇာဘူတိုက အကြိမ်ကြိမ် တိုက်တွန်းပြောကြားခဲ့ပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် စာချုပ်ပါ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်ရန်၊ သို့မဟုတ်ပါက ဂျက်လေယာဉ်များအတွက် ပေးချေပြီး ဖြစ်သည့်ငွေကို အမေရိကန်နိုင်ငံက ပြန်အမ်းရန်ကို ပြောကြားခဲ့ပြီး ဖြစ်သည်။ ဘီနဇာဘူတို၏ ကြိုးပမ်းမှုမှာ မအောင်မြင်သော်လည်း ယင်းကိစ္စအရေးနှင့် စပ်လျဉ်းပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် မတရားသဖြင့် ပြုမူခြင်းခံရသည်ဟု အမေရိကန်ဘက်မှ လူသိရှင်ကြား ဖွင့်ဟဝန်ခံချက်ကို ဖြစ်စေခဲ့သည်။ သမ္မတအိမ်ဖြူတော်၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် အမေရိကန် သမ္မတ ဘီလ်ကလင်တန်က ပါကစ္စတန်နိုင်ငံအပေါ် ပြုမူဆောင်ရွက်ချက်မှာ တရားမျှတမှု မရှိကြောင်း၊ ဂျက်လေယာဉ်များ ဝယ်ယူရေးတွင် ပေးချေပြီးဖြစ်သည့် ငွေများကို မိမိတို့ ထိန်းသိမ်းထားသည်မှာ သင့်မြတ်လျော်ကန်သည်ဟု မိမိမယူဆကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဥပဒေအရ ဂျက်လေယာဉ်များ ရောင်းချရေးကို ခွင့်ပြုမိန့် မပေးနိုင်သော်လည်း ပရက်စ်လာပြင်ချက်အား ပြန်လည်သုံးသပ်လေ့လာ စဉ်းစားရေးအတွက် ရီပတ်ပလီကန် အမတ်များ လွှမ်းမိုးသည့် ကွန်ဂရက်နှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတကလင်တန်က ကတိပြုပြောကြားခဲ့သည်။

အမေရိကန် အထက်လွှတ်တော်တွင် ရီပတ်ပလီကန် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရောဘတ်ဒိုးကလည်း ဘီနဇာဘူတိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၄င်းအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် ဘီနဇာဘူတို၏ ပန်ကြားချက်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခြားတစ်ဖက်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် မူးယစ်ဆေးဝါး စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုတွင် အလိုရှိလျက်ရှိသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် သံသယရှိသူနှစ်ဦးအား ပါကစ္စတန်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

ဦးမြလင်း

**ပဏ္ဍိတ သိရိ၊ ဆရာတော် ဘ ဒ္ဒန္တ (ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး) (မြန်မာ ၁၂၅၅ – ၁၃၅၇)** ။ ။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်တွင် သီတင်းသုံး နေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီကို ခမည်းတော် ဦးကျောက်စိမ်း၊ မယ်တော် ဒေါ်ရွှေသော့ တို့က ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ ည ၉ နာရီ မိနစ် ၃၀ တွင် လေးမျက်နှာမြို့ အလယ် ရပ်၌ ဖွားမြင်သည်။ ငယ်နာမည် မှာ မောင်သန်း ဖြစ်ပြီး မွေးချင်းများအနက် ပဉ္စမမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်စဉ်က ရန်ကုန်မြို့အေတီအမ်၊ ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး လေးမျက်နှာမြို့ ၊ ဆရာဆင့် ကျောင်းမှ စတုတ္ထတန်းအောင်မြင်သည်။ သင်္ချာဘာသာတွင် ထူးချွန်သည်။ လေးမျက်နှာမြို့ မိကျောင်းရဲကျောင်း ဆရာတော်ကြီးထံတွင် ဗေဒင်ပညာကို သင်ယူခဲ့သည်။ ၁၂၆၉ ခုနှစ်၊ အသက် ၁၄ နှစ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ်၊ ၁၂၇၃ ခုနှစ်၊ အသက် ၁၆ နှစ်တွင် ဘကြီး ၊ ဒေါ်ကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ် လေးမျက်နှာမြို့ ၊ မိကျောင်းရဲဆရာတော် အရှင်အာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၇၅ ခုနှစ်တွင် ရန်ကုန်မြို့ ၊ ဗဟန်းကျောင်းတော်ရာ ရွှေကျင်တိုက်၊ သာသနာလင်္ကာရ သဒ္ဓမ္မဘိဝံသ ကဝိဓဇ မဟာရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လေးမျက်နှာမြို့ ၊ ပရိက္ခရာကုန်သည် ဦးလူကြီး၊ ဒေါ်ငွေမှုန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ညောင်တုန်းမြို့ ၊ ရွှေဟင်္သာ တောရကျောင်းတိုက် ၊ သီလဝိသောဓနီ ခဏ္ဍသိမ်တော်ကြီး၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတသိရီ ဖြစ်သည်။

ဆရာတော်ကြီးသည် ရန်ကုန်၊ လေးမျက်နှာ၊ ညောင်တုန်း၊ မော်လမြိုင်၊ မန္တလေး၊ ဝမ်းတွင်း၊ အမရပူရ စသည့်မြို့များရှိ ဆရာတော်ကြီးများထံတွင် ပိဋကကျမ်းစာနှင့် သက္ကတစာပေတို့ကို သင်ယူလေ့လာ တတ်မြောက်သည်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်တွင် စာသင်သား၊ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအဖြစ် ၁၀ နှစ်ကျော်ခန့် နေထိုင်သီတင်းသုံးသည်။

ဆရာတော်ကြီးသည် ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းဝံတောင်ရိုးအရှေ့ဘက် ရက္ခမူချောင်၏ အနောက်ဘက် မြေကွက်လပ်ကလေးတွင် ကျောင်းကလေး တစ်ဆောင် ဆောက်လုပ်ပြီး ရွှေ့ပြောင်းသီတင်းသုံးသည်။ သီတင်းသုံး ရာရက္ခမူ ချောင် ကို ရွှေဟင်္သာချောင်ဟု မှည့်ခေါ်သည်။ ၁၂၉၈ ခုနှစ်တွင် ရွှေဟင်္သာတိုက်သစ်ကို တည်ဆောက်ပြီး ၁၃၀၁ ခုနှစ်တွင်စတင်သီတင်း သုံးသည်။

ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ်၊ ကဆုန် လပြည့်နေ့ တွင် စတင်ကျင်းပသော ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးတွင် သင်္ဂီတိကာရကမထေရ် ၂,၅၀၀ တက်ရောက်ခဲ့ရာ၌ ပထမ သန္နိပါတ သင်္ဂီတိကာရက သံဃာများတွင် တစ်ပါးအပါ အဝင် ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်ရာ၌လည်း ပါဝင်ဆောင်ရွက် သည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကတည်းက စာပေဝါသနာထုံသူ ဖြစ်သည်။ ရဟန်းငယ်ဘဝတွင် သူရိယသတင်းစာ ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့ဗျူဟာဂျာနယ်များ၌ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ရဟန်းဘဝ လေးဝါရချိန်မှစ၍ ကျမ်းစာများကို ရေးသားပြုစုခဲ့ရာ ကျမ်းပေါင်း ၃၀ ကျော် ရေးသားပြုစုခဲ့ပြီး ဖြစ်သည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းများ အနက် မြန်မာအလင်္ကာကျမ်းသည် ထင်ရှားသည်။ ကျမ်းစာများ ရေးသားပြုစုသကဲ့သို့ တစ်ဖက်တွင်လည်း စာသင်သားများအား စာပေကျမ်းဂန်များကို သက်တော် ၈၅ နှစ် တိုင်အောင် သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း၊ ရွှေဟင်္သာဝံသသံဃမဟာနာယကာဓိပတိအဖြစ် လည်းကောင်း၊ ၁၃၄၇ ခုနှစ်တွင် ဒွါဒသမမြောက် ရွှေကျင် နိကာယ ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း တင်မြှောက်ခြင်းခံ ရပြီး သာသနာတော်အကျိုးကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီးသည် သည်းခံခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ အများအကျိုးကို လိုလားသော စိတ်နှလုံးရှိခြင်း၊ ဂါရဝ နိဝါတ တရားနှင့် ပြည့်စုံခြင်း၊ နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ သာသနာတော်အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယဓာတ်ကြီးမားခြင်း၊ သိက္ခာ ကာမ၊ ဝိနယဂရုက၊ သံသာရ၊ ဘီရုက စသောဂုဏ်၊ သက်တော်ရှည်ခြင်း၊ ရတ္တညု မဟာနာယကဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညို လေးစားမှုကို ခံယူရရှိပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၂၃ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို

၁၃၄၀ ပြည့်နှစ်တွင် လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၄ ခုနှစ်တွင် လည်းကောင်း ရရှိ တော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ဖြင့် ရာခိုင်နှုန်းပြည့် ပြည့်စုံတော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည်ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီသည် သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ပျက်ကျပြီး သန္ဓေသားဖြင့် ခန္ဓာကိုယ် အစားထိုးကုသ ခြင်း။** ။ ယနေ့ကမ္ဘာတွင် သိပ္ပံပညာတိုးတက်မှုမှာ အလွန် လျင်မြန်လျက်ရှိသည်။ လူသားတို့သည် လှည်းဘီး (Wheel) ကို တီထွင်နိုင်ရန်အတွက် နှစ်ပေါင်းနှစ်သန်းခန့် စောင့်ခဲ့ရသည်။ အဆိုပါဘီးများပေါ်သို့ ရေနွေးငွေ့ အင်ဂျင် ရောက်ရှိဖို့က နောက်ထပ်နှစ်ပေါင်း ၅၀၀၀ စောင့်ရပြန်သည်။ ပထမဆုံးကွန်ပျူတာစက်သည် လူသားတို့၏ရုံးခန်း အပြည့် နေရာယူခဲ့ကြသည်။ သို့သော် နောက် ၃၅ နှစ်အတွင်း အဆိုပါစက်ကြီးများသည် စားပွဲတင်အရွယ် ဖြစ်လာသည်။ နောက် ၁၀ နှစ်ကြာသည့်အခါ အဆိုပါ ကွန်ပျူတာစက်သည် လက်ဆွဲအိတ်များနှင့်မခြား လူသားတို့၏ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းအဖြစ် နေရာဝင်ယူခဲ့သည်။ နောင်လာမည့်ခေတ်ကာလတွင် လူသားတို့၏ မျှော်မှန်းနိုင်သည့် လူ့အကျိုးပြုသိပ္ပံပညာ ၁၀ခု တွင် ဆေးပညာနှင့်နီးနွှယ်နေသော ပညာရပ် နှစ်ခုမှာ–

(၁) မျိုးရိုးဗီဇ အင်ဂျင်နီယာပညာကို အသုံးပြုပြီး လူသားတို့အတွက် အလိုရှိသောအသုံးအဆောင်ပစ္စည်း များကို ထုတ်လုပ်သောနည်းပညာ (Genetic Engineering)

(၂) ယခုဖော်ပြမည့် ပျက်ကျမည့်သန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးနည်းပညာတို့ ဖြစ်လာလိမ့်မည်ဟု မှန်းဆရပါသည်။

## ခန္ဓာကိုယ်အစားထိုး နည်းပညာ

သိပ္ပံပညာတွင် စက်ရုပ်လူသားကိုသာတီထွင်၍ ရနိုင်သော်လည်း တကယ့်လူသားအတုကိုမူ တီထွင်ရဖို့ လွယ်ဦးမည် မဟုတ်ပေ။ ကွန်ပျူတာသိပ္ပံပညာရှင်များကမူ စက်ဦးနှောက်တီထွင်နိုင်ဖို့ မခက်ခဲတော့ပါဟု ဆိုနေကြပြီ။ အစစ်နှင့်မခြားသော ခြေလက်အတုများကို တီထွင်နိုင်ခဲ့ကြပြီဖြစ်သည်။ လူသားတို့၏ အာရုံကြောများနှင့် ဆက်သွယ်ပေးနိုင်သော ခြေလက်အတုများကိုပင် တီထွင်ပေးလျက်ရှိသည်။ Sablich Prosthetic and Research Centre – မှ ထုတ်လုပ်ရောင်းချသော လက်မောင်းအတုဆိုလျှင် ယင်းလက်ဖြင့်ကိုင်တွယ်ထားသော ပစ္စည်းကိုရိယာ၏ အပူအအေးနှင့် အမာအပျော့ကစ ပြောပြနိုင်သည့်အထိ ဖြစ်သည်။ ဤသို့ ဆေးပညာဘက်တွင် အရှိန်အဟုန်ဖြင့် တိုးတက်နေသော ခေတ်ကာလ၌ အထူးတိုးတက်လာသော ပညာတစ်ရပ်က ခန္ဓာကိုယ်မှ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ခွဲစိတ်အစားထိုး ထည့်သွင်း သည့် နည်းပညာပင် ဖြစ်တော့သည်။

## ခန္ဓာကိုယ် အစားထိုးကုသနည်းများ

လူတစ်ဦးမှ တစ်ဦးသို့ သွေးသွင်းအစားထိုးကုသခြင်းမှာ ယခုခေတ်တွင် မဆန်းကျယ်တော့ပါ။ ယနေ့မြန်မာနိုင်ငံတွင်ပင် လူတစ်ဦးမှ နောက်လူတစ်ဦးသို့ မျက်စိအကြည်လွှာ အစားထိုးကုသခြင်းအပြင် ကျောက်ကပ်ကိုပါ အစားထိုးကုသပေးနိုင်သောခေတ်သို့ပင် ရောက်ရှိနေပါပြီ။ ဤပညာကို အမေရိကန်နိုင်ငံက ဦးဆောင်လျက် ရှိပြီး သူတို့နိုင်ငံ၌ နှစ်စဉ်ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုကို အစားထိုးကုသခြင်းဖြင့် လူနှစ်သောင်းနီးပါးကို ခွဲစိတ်ပြုပြင်ပေးလျက်ရှိသည်။

ပထမဦးဆုံးလုပ်ဆောင်ချက်အဖြစ် ၁၉၆၇ ခုနှစ်တွင် ရုတ်တရက်ကွယ်လွန်သွားသော လူသားတစ်ယောက်၏ နှလုံးဖြင့် လူသားတစ်ယောက်ကို အစားထိုးကုသပေးခဲ့ရာ သက်တမ်းအားဖြင့် (၁၈) ရက်ခံခဲ့သည်။ ယခုအချိန်၌ နှလုံးအစားထိုး ကုသခံယူသူများတွင် (၁၀) ဦးအနက် (၈) ဦးမှာ တစ်နှစ်မကအသက်ရှင်လျက်ရှိသည်။ နှလုံးအစားထိုးပြီး သက်တမ်း (၁၀) နှစ်မက အသက်ရှင်နေသူများ မနည်းတော့ပါ။ ယင်းသို့ ခန္ဓာကိုယ်အင်္ဂါအစားထိုးသည့် ကိုယ်အင်္ဂါများအနက် အောင်မြင်မှုအရှိဆုံးက ကျောက်ကပ်အစားထိုးခွဲစိတ်ပေးခြင်း ဖြစ်သည်။ ဤသို့ အောင်မြင်မှုများ ရှိလာသည်နှင့်အမျှ ဤခွဲစိတ်ကုသနည်းပညာသည် တစ်ရှိန် ထိုး တိုးတက်ခဲ့သည်။

ဆီးချိုရောဂါသည်များအတွက် ပန်ကရိအသစ် အစားထိုးပေးခြင်း၊ အဆုတ်မကောင်းသူအတွက် အဆုတ်အသစ် အစားထိုးခြင်း၊ အသည်းဝေဒနာရှင်များအတွက် အသည်း




**အသက်ရက်သတ္တပတ်ရှစ်ပတ်မှ ကိုးပတ်အတွင်းရှိ သန္ဓေသားမှရရှိသော ကလာပ်စည်းများဖြင့် ကုသပေးနိုင်မည့် ရောဂါအချို့**

အသစ် အစားထိုးကုသခြင်း၊ တင်ပါးဆုံအဆစ်ရိုးကို အစားထိုးကုသခြင်း စသည့်မရေမတွက်နိုင်အောင် များပြားသော ခန္ဓာကိုယ်အစားထိုးကုသသည့် နည်းပညာများ ပို၍ပို၍ တိုးတက်လာရာက ခွဲစိတ်ကုသခံယူသူများကလည်း တရိပ်ရိပ်နှင့် တိုးတက်လျက်ရှိသည်။

## တွေ့ကြုံခဲ့ရသော အခက်အခဲအချို့

ခန္ဓာကိုယ်အစားထိုးကုသနည်းများအတွက် ရွှေခေတ်ဟု ခေါ်လောက်သည့် ယခုခေတ်တွင် တွေ့ကြုံ ရသော အဓိက အခက်အခဲမှာ လူသားတို့၏ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံစနစ်က ပြင်ပမှ အသစ်ဝင် တပ်ဆင်ပေးလိုက်သော ကိုယ်အင်္ဂါအသစ်ကို လက်မခံလိုခြင်း ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် သိပ္ပံပညာရှင် များက Cyclosporine (ဆိုင်ကလိုစပိုရင်း)အမည်ရှိ ဆေးသစ်ကို ၁၉၈၀ ပြည့်နှစ်က တီထွင်ထုတ်လုပ်နိုင် ခဲ့သည်။ ဤဆေးက တီဆဲ(လ်)ကိုယ်ခံ ကလာပ်စည်း များကိုငြိမ်သက်နေအောင် ထိန်းပေးသည်။ ထို့ကြောင့် ဤဆေးအကူအညီယူထားသော ကျောက်ကပ် အစားထိုးဝေဒနာရှင်များ၌ ကျောက်ကပ်အသစ်ကို လက်မခံနိုင်မှု နှုန်းမှာ ၅၀% အထိရှိခဲ့ရာက ယခုအခါ ကျောက်ကပ်ကို လက်ခံနိုင်သည့်နှုန်း ၈၀% အထိ တိုးတက် လာခဲ့သည်။ တစ်နည်းအားဖြင့် လူတစ်ယောက်မှ နောက်တစ်ဦးသို့ သွေးအစားထိုးကုသရာတွင် အမျိုးတူ သော သွေးအမျိုးအစားကို မရမက ရှာဖွေနေစရာမလို တော့ဘဲ ဤဆေးအကူအညီဖြင့် သွေးကိုမရရအောင် လက်ခံစေနိုင်ခဲ့သည်။ သို့သော် ဤဆေးက ကင်ဆာရောဂါကို ဖြစ်ပေါ်စေတတ်ပြီး ကျောက်ကပ်ကိုပါ ဖျက်ဆီး တတ်သည်။ ထို့ကြောင့် အခြားဆေးသစ်များကိုကြိုးစားရှာဖွေနေရသည်။ FK- 506 နှင့် Rapamycin အမည်ရှိဆေးများသည် မကြာတော့သော အချိန်တွင် Cyclosporine ဆေးအပေါ် အစားထိုး နိုင်ကြလိမ့်မည်ဟု ယူဆကြရသည်။ ထို့ကြောင့် ခန္ဓာကိုယ် အစားထိုး ခွဲစိတ်ကုသရာတွင် အဓိက တွေ့ကြုံရသော အခက်အခဲတစ်ခုမှာ ယင်းကိုယ်အင်္ဂါ အသစ်များကို လက်ခံယူမည့် လူသားက မငြင်းပယ်ဖို့ကိစ္စ ဖြစ်နေသေးသည်။ အကယ်၍သာ လူသားအားလုံးသည် အစစ အရာရာ တူညီသော အမွှာများအဖြစ် မွေးထုတ်လာကြပြီး အမွှာ၏ ခန္ဓာ ကိုယ်မှ အတွင်းအစိတ်အပိုင်းကို လိုအပ်သူသို့ အစားထည့်ပေး နိုင်မည်ဆိုပါက ယင်းပြဿနာ ပြေလည်သွားစရာ ရှိသည်။

ဤကုသနည်းပညာအတွက် ဒုတိယကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ ခန္ဓာကိုယ်အလှူရှင် အလုံအလောက် မရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အလှူရှင် ဆိုသည်ကလည်း အသက်သေဆုံးပြီး အချိန်အတော်ကြာမှဆေးရုံသို့ လာပို့သည့် အလောင်းမဟုတ်ရ။ မတော်တဆ အန္တရာယ်တွေ့ဆုံရပြီး အသက်သေဆုံးသူများနှင့် အကောင်းပကတိမှုနလုံးသွေးကြော ပိတ်ပြီး ရုတ်တရက် အသက်သေဆုံးသူမျိုးကိုသာ ဆိုလို သည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် အသက်သေဆုံး လျက်ရှိသူ ၂ သန်းလောက်ရှိသည့်အနက် ခန္ဓာကိုယ် အစားထိုးရန် သင့်တော်သောအလောင်းက ၂၅,၀၀၀ ခန့်သာ ရှိသည်။ ယင်းတို့အားလုံးကလည်း အလောင်းကို လှူဒါန်းခဲ့ပါဦးမှ ဖြစ်မည်။ကပ္ပလီလူမျိုး များနှင့် အာရှတိုက် မှလူအများသည် မိမိတို့၏ ခန္ဓာ ကိုယ်ကို လှူဒါန်းဖို့ စိတ်မဝင်စားကြပါ။ ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ခန္ဓာကိုယ်အစားထိုးကုသမှုခံယူရန် ဆေးရုံဆေးခန်းများ အသင့်ရှိသော်လည်း အလောင်းမရသဖြင့် ခွဲစိတ်မှုခံယူရန် စောင့်နေရသောလူပေါင်းမှာ ၂၃,၀၀၀ ကျော်ရှိနေ၍ ကိုယ်အင်္ဂါအစားမရသဖြင့် အချိန်စောင့်ရင်းစောင့်ရင်း အသက်သေဆုံးနေရသူ ၂၀၀၀ လောက် ရှိနေသည်ဟု သိရပါသည်။

အထက်ပါ အခက်အခဲများကို ကျော်လွှားနိုင်ရန် ယခုဖော်ပြမည့် ပျက်ကျပြီးသန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးကုသနည်းပညာက နေရာယူလာတော့မည် ဖြစ်သည်။

## ဖျက်ကျပြီးသောသန္ဓေသားမှ အသက်ရှည်ဆေးများ

အမျိုးသမီးတစ်ယောက် လင်သားနှင့်ကွဲသွားပြီးဖြစ်၍ ကျန်ရှိသောကိုယ်ဝန်ကို ဖျက်ချင်သည်၊ ဆေးရုံပေါ်တက် သွားသည်။ ဆရာဝန်က သံမဏိပြွန်လေစုပ်တံကလေးဖြင့် သားအိမ်အဝမှ လေစုပ်သလိုစုပ်ပေးသည်။ ၇ မိနစ်သာ ကြာသည်။ တစ်လခွဲအရွယ်ရှိ သန္ဓေသားမှာ အချင်းပါ ကျလာသည်။

ကျလာသောသန္ဓေသားကို သိပ္ပံပညာရှင်များကမျိုးရိုး လိုက်ပြီး ဒုက္ခပေးတတ်သောရောဂါဖြစ်စေမည့်ဗီဇပါနေခြင်း ရှိမရှိကို စစ်ဆေးကြသည်။ အေအိုင်ဒီအက်စ်ရောဂါပိုး ကင်းစင်ခြင်းရှိမရှိကို စစ်ဆေးကြသည်။ (၆) နာရီအတွင်း ရောဂါပိုးမွှားကင်းစင်ပါသည်ဆိုသည့် အဖြေကိုရသည်။ ဤတွင် သန္ဓေသားမှ ဦးနှောက်ကလာပ်စည်းအချို့ကို ဆေးထိုးပြွန်ဖြင့်စုပ်ယူပြီး ခြေလက်အငြိမ်မနေရအောင် တလှုပ်လှုပ်ဖြစ်နေသည့်အသက်၇၀ အရွယ်ပါကင်ဆိုနစ်ဆင် ရောဂါသည်၏ ဦးခေါင်းထဲကို ထိုးသွင်းပေးလိုက် သည်။ စုစုပေါင်း အချိန် ၇ နာရီအတွင်း လူအိုတစ်ယောက် ခံစားနေရသောဝေဒနာကို ကုသပေးလိုက်သည်။ ဤသို့ ကုသရာတွင် ထည့်သွင်းလိုက်သော ကလာပ်စည်းကို လက်ခံယူမည့်ဝေဒနာရှင်က ငြင်းပယ်ပထုတ်လိမ့်မည် မဟုတ်။ သန္ဓေသား၏ ကလာပ်စည်းများ၏ ကိုယ်ခံစွမ်းပကား တွေက မရင့်ကျက်သေးသောကြောင့်ဖြစ်၏။ ဤအချက်က အလွန်ထူးခြား၏။ ထို့ကြောင့်လည်း သိပ္ပံပညာရှင်များ သန္ဓေသားကလာပ်စည်းများဖြင့် အစားထိုးသုတေသန အပေါ် အရူးအမူးလိုက်နေကြခြင်း ဖြစ်ပါသည်။

ဤလိုခေတ်မျိုးကို ရောက်လာရန် အချိန်အတော်လေး နီးကပ်နေပြီ ဖြစ်ပါသည်။

## သုတေသန ဓာတ်လမ်းအစ

လွန်ခဲ့သော (၇) နှစ်ကာလက အမေရိကန်နိုင်ငံ ကိုလိုရာဒိုတက္ကသိုလ်မှ ဒေါက်တာဖရီးက ရုတ်တရက် သားလျှောကျဆင်းသွားသောသန္ဓေသားမှ ကလာပ်စည်း အချို့ကိုယူပြီး ခြေလက်တုန်ခါနေသည့် ပါကင်ဆိုနစ်ဆင် ရောဂါသည် တစ်ဦး၏ ဦးခေါင်းထဲသို့ ထည့်သွင်းကုသပေး ခဲ့ရာက ဤကုထုံးစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ အဆိုပါလူနာမှာ ကျန်းမာသန်စွမ်းနေဆဲဖြစ်သည်။ သူ၏ခြေလက်များ တုန်ခါနေသောဝေဒနာက များစွာ သက်သာနေပြီဟု သိရသည်။

အထက်ပါကုထုံးအတိုင်း အဆိုပါဆရာဝန်ကြီးက နောက်လူမမာခြောက်ဦးကို ကုသပေးခဲ့ရာ ရောဂါမှာ လုံးဝပျောက်ကင်းခြင်းအဆင့်ကို မရောက်ခဲ့သော်လည်း အားလုံးလိုလို ဝေဒနာများစွာသက်သာခဲ့ကြသည်ဟု သိရသည်။

ဤကုထုံးကို နမူနာယူပြီး ယေးလ်တက္ကသိုလ် ဆေး ကျောင်းမှ ဒေါက်တာယူဂျီးက အခြားလူအိုရောဂါသည် ၁၃ ဦးအပေါ် ကုသပေးပြန်ရာ ဝေဒနာရှင် လေးဦးမှာ များစွာသက်သာခဲ့သည်ဟု သိရပါသည်။

ဆွီဒင်နိုင်ငံမှ ပညာရှင်များအဖွဲ့ကလည်း လူသားတို့၏ ဦးနှောက်အပေါ် သန္ဓေသားမှကလာပ်စည်းများနှင့် တွဲဖက်မွေးမြူခဲ့ရာ လူသားတို့၏ ဦးနှောက်ကို ၅ နှစ် သို့မဟုတ် ၇ နှစ်အထိ ပြန်လည်နုပျိုသွားအောင် ထိန်းထား ပေးနိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။

## ကလေးအရွယ်တွင်ဖြစ်တတ်သော ဆီးချိုရောဂါ

ဆီးချိုရောဂါသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးက ကလေးအရွယ်တွင် စတင်ဖြစ်ပွားသော ကလေးအမျိုးအစား ဖြစ်ပြီး ဒုတိယအမျိုးက အသက်လေးဆယ်ကျော်မှ စတင် ဖြစ်ပွားသော လူကြီးအမျိုးအစားဖြစ်သည်။ ယင်းသို့ နှစ်မျိုးရှိသည့်အနက် သန္ဓေသား၏ ကလာပ်စည်းများကို

ကလေးဆီးချိုရောဂါသည်များ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းပေးနိုင်ပါက ရောဂါကိုထိန်းပေးနိုင်စွမ်းရှိလိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကော်လယ်တဒိုး တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ကလေးဆီးချိုရောဂါသည် ၁၆ ဦးအပေါ် ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ဝေဒနာရှင်အများစုမှာ အင်စူလင်နေ့စဉ် အထိုးခံရသည့်ဒုက္ခမှ ကင်းဝေးခြင်း မရှိကြသော်လည်း အင်စူလင်လိုအပ်မှုမှာများစွာ လျော့နည်းသွားသည်ဟု သိရပါသည်။ ဤကုထုံးကို အမေရိကန်ပြည်ထောင်စုမှ ဝေဒနာရှင် ၃၈ ဦး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ရောဂါသည်ပေါင်း ၆၀၀ အပေါ် ကုသပေးခဲ့ပြီးပြီဟု သိရသည်။

**ဟန်တင်တန်ရောဂါ (Huntington's disease)**

အထက်ဖော်ပြပါ လူကြီးများတွင် ဖြစ်ပွားသော ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ဦးနှောက်၏တစ်စိတ်တစ်ဒေသကို ဖျက်ဆီးခံထားရသော ရောဂါဖြစ်သည်။ ခြေထောက် သို့မဟုတ် လက်တစ်ဖက် အငြိမ်မနေနိုင်ဘဲ တုန်ခါနေစေသည့် ရောဂါဖြစ်သည်။ ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါနေခြင်းမျိုးတော့ မဟုတ်ပါ။ ဤရောဂါအပါအဝင် Alzheimer's disease အယ်ဇိုင်းမားရောဂါ (လူအိုများတွင် သတိမေ့ပြီး ငယ်မူပြန်လာသောရောဂါ) စသည့်နာတာရှည်ရောဂါအများကို ကုသပေးနိုင်တော့မည်ဟု အထောက်အထားများအရ သိရပါသည်။

**ခါးရိုးကျိုးခြင်း**

မော်တော်ယာဉ်တိုက်မှုကြောင့်သော်လည်းကောင်း၊ အမြင့်မှ လိမ့်ကျ၍သော်လည်းကောင်း၊ ခါးရိုးကျိုးပြီး အတွင်းမှအာရုံကြောများ ပျက်စီးနေသည့် ဝေဒနာရှင်များကိုလည်း ဤကုထုံးဖြင့် ကုသပေးနိုင်လိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကြွက်များကိုခါးရိုးချိုးပြီး ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ကြွက်အားလုံးမှာ ပြန်လည်ပြေးလွှားနိုင်ခဲ့သည်ဟု သိရပါသည်။

**ဟာလာရောဂါစု (Hurler's Syndrome)**

တွေ့ကြုံရခဲသော မွေးရာပါအင်ဇိုင်း ချို့တဲ့သည့်ရောဂါဖြစ်သည်။ ဤရောဂါ မျိုးရိုးပါလာသောကလေးများတွင် ခန္ဓာကိုယ်အတွင်းအင်္ဂါများဖြစ်သည့် အသည်း၊ ကျောက်ကပ်၊ နှလုံးတို့မှာ အလွန်ကြီးထွားနေပြီး မျက်စိမမြင်ဖြစ်တတ်သည်။ ဤရောဂါမှာ အင်ဇိုင်းတစ်မျိုးချို့တဲ့နေခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။ ဤရောဂါကို ဆရာဝန်များ အသေးစိတ်လေ့လာထားရှိပြီးဖြစ်သည်။ သို့သော်တွေ့ကြုံရခဲသော ရောဂါတစ်ခုဖြစ်သဖြင့် လူအများက စိတ်မဝင်စားခဲ့ကြချေ။ ၁၉၉၀ ပြည့်နှစ် မေလအတွင်းက အမေရိကန်နိုင်ငံမှ မစ္စတာကယ်ရီတို့၏ ကိုယ်ဝန်ဆောင်ထားဆဲကလေးတွင် ဤရောဂါပါလာသည်ကို ဆရာဝန်များ စမ်းသပ်တွေ့ရှိသည်။ သို့အတွက် ကလေးကိုဖျက်ချရန် စီစဉ်ကြသည်။ သို့သော် ကလေးမိဘများ ဖျက်ချရန် သဘောမတူကြချေ။ နောက်ဆုံး ယခုဖော်ပြပါ သန္ဓေသား၏ ကလာပ်စည်းများ ထိုးသွင်းပေးသည့်ကုထုံးဖြင့် ကုသပေးခဲ့ရာ မွေးလာသောကလေးမှာ ယခုအသက် သုံးနှစ်အရွယ်ရှိလာပြီး အင်ဇိုင်းချို့တဲ့ခြင်းလည်း မရှိတော့ချေ။

အထက်ဖော်ပြပါ ရောဂါများအပြင် အခြားမျိုးရိုးလိုက်ရောဂါများ ဖြစ်ကြသော သွေးမခဲသည့်ရောဂါအမျိုးမျိုး၊ သွေးထွက်လွယ်သည့်ရောဂါအမျိုးမျိုး၊ သွေးနီဥများ ကွဲလွယ်သည့်ရောဂါ စသည့်မျိုးရိုးလိုက်ပြီး ဖြစ်တတ်သည့်ရောဂါ (၁၅၅) မျိုးရှိသည့်အနက် ဤကုထုံး က အထက်ပါရောဂါအားလုံးကို ကုသပေးနိုင်မည်ဟု မျှော်မှန်း၍ရပါသည်။

**အမျိုးသမီးများ သားသမီးမထွန်းကားသည့်ကိစ္စ**

အချို့အမျိုးသမီးများတွင် မွေးရာပါ အိုဗာရီ Ovary သားဥတွဲ ပါမလာဘဲ မွေးဖွားလာတတ်သည်။ ဤအမျိုးသမီးများတွင် ဤတစ်သက်တာ၌ သားသမီးရလာစရာ ကိန်းလုံးဝမရှိပါ။ သန္ဓေသားတွင် ပါရှိသောအိုဗာရီ Ovary သားဥတွဲ၌ သားဥပေါင်း (၁၀၀၀၀) ခန့် ထုတ်လုပ်နိုင်သည့် စွမ်းပကားပါရှိသည်။ ဤသန္ဓေသားကို ထိုးသွင်းပေးနိုင်ပါက ကလေးရနိုင်မည်ဟု မှန်းဆရပါသည်။

အကယ်၍သာ အမေရိကန်သမ္မတကြီး ရီဂင် လက်ထက်က ကလေးဖျက်ချခြင်းအပေါ် မတားမြစ်ခဲ့ပါက ဤသုတေသနလုပ်ငန်းမှာ များစွာတိုးတက်နေပြီ ဖြစ်ပါလိမ့်မည်။ ဤသုတေသနလုပ်ငန်းကို အမေရိကန်ပြည်ထောင်စု တစ်ခုထဲမှာပင် ဌာနပေါင်း ၆၀ ၌ ကြွက်၊ ယုန်၊ ပူး စသည် တို့ဖြင့် စမ်းသပ်လျက်ရှိကြသည်ဟု သိရသည်။ ကလေးမဖျက်ချရေး အမြင်ရှိသောလူများဘက်ကသာ တစ်ထစ် လျှော့ပေးမည်ဆိုပါက ဤဆေးကုထုံးဖြင့် အမျိုးသမီးများ သားသမီးထွန်းကားရအောင် အကူအညီပေးသည်မှာ သေချာနေပါသည်။

**AIDS ရောဂါ**

ကြွက်၏ ခန္ဓာကိုယ်အတွင်းရှိ သိုင်းမက်စ်ဂလင်းနှင့် အသည်း၊ လင့်အကျိတ်များ ထုတ်ပယ်လိုက်ပါက ကြွက်များသည် AIDS ရောဂါရှင်များနှင့်မခြား ကိုယ်ခံစွမ်းပကား

ကျဆင်းသွားလေ့ရှိပါသည်။ ဤသို့သောကြွက်မျိုးကို သန္ဓေသားမှရသောကလာပ်စည်းဖြင့် အစားထိုးကုသပေးနိုင်သည်ကိုလည်း တွေ့ရှိထားကြပါသည်။ ထို့ကြောင့် ဤကုထုံးက AIDS ရောဂါသည်များအတွက်လည်း မျှော်လင့်စရာ ရှိပါသည်။

### လေဖြတ်ခံထားရသော ဝေဒနာရှင်များ

လေဖြတ်ခံထားရသောဝေဒနာရှင်များ၏ ဦးနှောက်တွင်းမှ အာရုံကြောနှင့်သက်ဆိုင်သည့် ကလာပ်စည်းများသည် တစ်ကြိမ်ဖျက်ဆီးခြင်း ခံထားရပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်စွမ်းမရှိကြချေ။ ထို့ကြောင့် တစ်ကြိမ်လေဖြတ်ပြီးပါက ဝေဒနာရှင်မှာ ရောဂါကို ရာသက်ပန်ခံစားကြရသည်။ ယခု ဤကုထုံးအရဆိုလျှင် လေဖြတ်ဝေဒနာရှင်များအတွက်လည်း အကျိုးပြုမှာသေချာသည်။

### လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲအချို့

သိပ္ပံပညာက တစ်ရှိန်ထိုးတိုးတက်နေသည်မှာ မှန်ပါ၏။ သို့သော် သိပ္ပံပညာရှင်ဟူသည် တစ်ဖက်စွန်းရောက်သော ပုဂ္ဂိုလ်များဖြစ်နေတတ်သည်။ သူတို့၏ သုတေသနလုပ်ငန်းများသည် အထိန်းအကွပ်ရှိဖို့လိုသည်။ အထိန်းအကွပ်ရှိသည့် တိုးတက်ပြီးနိုင်ငံများမှာပင်–

* ၁၉၈၃ ခုနှစ်က ဖင်လန်နိုင်ငံနှင့် အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များကပျက်ကျပြီး သန္ဓေသားများ၏ ဦးခေါင်းကိုဖြတ်ထားပြီး အချိန်အတော်ကြာအောင် မသေမရှင်ထားရှိသည့်ကိစ္စ။
* အမေရိကန်အမျိုးသားကျန်းမာရေးဌာနၷ် ဖျက်ချလိုက်သော သန္ဓေသားကို ပြင်ပဥ္စရက်ပေါင်း အတော်လေးကြာအောင် မွေးမြူထားသည့်ကိစ္စများရှိခဲ့သည်။

ဤသတင်းကို အများပြည်သူထံ ပေါက်ကြားသွားသောအခါ သန္ဓေသားသည်လည်း သက်ရှိလူသားတစ်ယောက်ဖြစ်သည်။ ဤကဲ့သို့ သန္ဓေသားကို တိရစ္ဆာန်တစ်ကောင်နှင့်မခြား မိမိသဘောရှိ မိမိလိုဘတစ်ခုတည်းအတွက် သုတေသနပြုရန်မသင့်ဟု ကန့်ကွက်သူတွေ အများအပြား ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့်လည်း သန္ဓေသားနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို အမေရိကန်သမ္မတ ရီဂင်လက်ထက်က အထောက်အပံ့ ရပ်ဆိုင်းပစ်ခဲ့သည်။ လက်ရှိသမ္မတ ကလင်တန်လက်ထက်ကျမှ သုတေသန ထောက်ပံ့ကြေးကို ပြန်ပေးသည်၊ အားပေးလာခဲ့သည်။

သုတေသနလုပ်ငန်းများအပေါ် တင်းကျပ်သော လူ့ကျင့်ဝတ်ဆိုင်ရာ ကော်မတီများ ( Ethical Committee) များကထိန်းချုပ် ထားပြီး လုပ်ဆောင်သင့်သည့်ကိစ္စများကို ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်၍ ဤဘက်ကဆေးပညာသည်အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာမှာ သေချာနေပေသည်။


### ရှေ့အလားအလာ

ဤကုထုံး၏ အဓိကရင်ဆိုင်နေရသောပြဿနာကား ဖျက်ချ၍ရသော သန္ဓေသားကိုလတ်လတ်ဆတ်ဆတ် အသုံးပြုခွင့်ရရန်လိုအပ်နေခြင်းဖြစ်သည်။ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းသော ကလေးကိုဖျက်ချရန် ကိစ္စမျိုးကို နိုင်ငံအများစုက ခွင့်မပြုနိုင်ကြချေ။ ဤကိစ္စ အပေါ် ကျော်လွှားနိုင်ရန်အဓိကပြဿနာဖြစ်နေပါသည်။

သို့သော်စိတ်အားငယ်စရာမလိုပါ။ Eaxol အက်ဆောအမည်ရှိဆေးသည် သားအိမ်ကင်ဆာရောဂါအတွက် အလွန်ကောင်းသောဆေးတစ်လက်ဖြစ်၏။ ဤဆေးကို ဤကမ္ဘာပေါ်၌ ပျောက်ကွယ်လုလုဖြစ်နေ သော ( Pasifie Yew Tree) ခေါ် အပင်မှ ထုတ်လုပ်ရရှိသည်။ ယင်းအပင်များကို ပြန်လည်စိုက်ပျိုးနိုင်ရန်ကိစ္စမှာ မလွယ်ကူသဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရချိန် အဆိုပါဆေးကို ဓာတ်ခွဲခန်းမှ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အထက်ပါကုထုံးကို လူသားတို့၏ သန္ဓေမှရရှိသော ကလာပ်စည်းများအစား အခြားတိရစ္ဆာန်များမှရသော သန္ဓေသားဖြင့်အစားမထိုးနိုင်ဟု မည်သူမှမပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေ မကြာတော့သောအချိန်တွင် တစ်ဖက်က ဖျက်ချခံထားရသောသန္ဓေသားများက အခြားတစ်ဖက် မှ မသန်မစွမ်းဘဝကို ရောက်နေသောလူအိုလူနာများကို အကူအညီပေးနိုင်တော့မည်မှာ သေချာနေပေသည်။

ဆရာဝန် တင်ရွှေ

**ပြင်သစ် သမ္မတနိုင်ငံ။** ။ ၁၉၉၅ ခုနှစ်၊ မေလ ၇ ရက်နေ့၌ ကျင်းပသော ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ပဲရစ်မြို့တော်ဝန် ဂျက်ရှီရက် သည် ပြည်သူများ၏ ထောက်ခံမဲ ၁၅၇၆၃၀၂၇ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၅၂ ဒသမ ၆၄ ရာခိုင်နှုန်း ရရှိကာ ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိ ခဲ့သည်။ ရှီရက်နှင့် ယှဉ်ပြိုင်အရွေးခံသူ ဆိုရှယ်လစ်ပါတီ မှ လီယိုနဲဂျိုးစပင်သည် မဲ



ပြင်သစ် သမ္မတဂျက်ရှီရက်

အရေအတွက် ၁၄၁၈၀၆၄၄ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၅၇ ဒသမ ၃၆ သာရရှိခဲ့သော ကြောင့် အရေးနိမ့်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် လက်ရှိ သမ္မတ ဖရန်ဆွာမီထရောင်း၏ ဆိုရှယ်လစ်ပါတီအုပ်ချုပ်မှု သက်တမ်း ၁၄ နှစ်ကို ရှီရက်အနိုင်ရရှိခြင်းဖြင့် အဆုံးသတ် လိုက်သည်။

အသက် ၆၂ နှစ်ရှိပြီဖြစ်သော သမ္မတသစ်ရှီရက်သည် ပြင်သစ်နိုင်ငံ အခြေခံဥပဒေအရ သမ္မတသက်တမ်း ခုနစ်နှစ် ထမ်းဆောင်ရမည်ဖြစ်ရာ သက္ကရာဇ် ၂၀၀၀ ကို ကျော်လွန်ပြီး ၂၁ ရာစုနှစ်ဦးအထိ သမ္မတတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ဂျက်ရှီရက်သည် သမ္မတ မီးထရောင်း လက်ထက်ကကဲ့သို့ သမ္မတက ဆိုရှယ်လစ်၊ အစိုးရအဖွဲ့က ကွန်ဆာဗေးတစ်၊ ပါလီမန်က ကွန်ဆာဗေးတစ်များ လွှမ်းမိုးသော ပါလီမန်အခြေအနေမျိုးဖြင့် သမ္မတတာဝန် ထမ်းဆောင်ရတော့မည်မဟုတ်ဘဲ ကွန်ဆာဗေးတစ်သမ္မတ၊ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့၊ ကွန်ဆာဗေးတစ်လွှမ်းမိုးသော ပါလီမန်အနေအထားဖြင့် ထမ်းဆောင်ရမည့်သမ္မတ ဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ပိုမိုရရှိမည့် အင်အားကြီးမားသော သမ္မတသစ်တစ်ဦး ဖြစ်မည်ဟု ဆိုကြသည်။

ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ဂေါလစ်ပါတီ R.P.R ခေါင်းဆောင် ဂျက်ရှီရက်သည် ပြင်သစ်နိုင်ငံ၏ သမ္မတသစ်အဖြစ် မေလ ၁၃ ရက်နေ့၌ တရားဝင် ကြေညာခဲ့ပြီး အနားယူသွားသော သမ္မတမီးထရောင်းထံမှ သမ္မတရာထူးကို မေလ ၁၇ ရက်နေ့ ဗုဒ္ဓဟူးနေ့၌ ပြောင်းလွှဲလက်ခံသည်။ သမ္မတရာထူးကို ပြောင်းလွှဲလက်ခံယူသော အဆိုပါနေ့မှာပင် သမ္မတသစ်ဂျက်ရှီရက်က လက်ရှိနိုင်ငံခြားရေးဝန်ကြီး Alain Juppe ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ဝန်ကြီးချုပ် Juppe က ၎င်း၏ အစိုးရအဖွဲ့သစ် အမည်စာရင်းကို ကြေညာခဲ့သည်။ အစိုးရအဖွဲ့၏ အဓိကဝန်ကြီးနေရာများကို ပြင်သစ်ဒီမိုကရေစီ ယူနီယံပါတီ Union for French Democracy (U.D.F) မှ ပုဂ္ဂိုလ်များအား ခန့်အပ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးနေရာ ၂၇ နေရာရှိသည်။ အဖွဲ့ဝင် ၄၇ ဦး ပါရှိသော ဝန်ကြီးများကောင်စီ ( Council of Ministers)တွင် ဝန်ကြီးချုပ် Juppe အပါအဝင် ၁၀ ဦးသည် ယခင်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်ရှိ ဝန်ကြီးနှင့် ဝန်ကြီးအဆင့်နှင့် ညီမျှသော ရာထူးနေရာများတွင် အမျိုးသမီး ၁၂ ဦးကို ခန့်ထားလိုက်သည်။

မေလ ၂၃ ရက်နေ့၌ အစိုးရအဖွဲ့သစ်က ၎င်း၏ ဝါဒသဘောထားကို အောက်လွှတ်တော်တွင်ထုတ်ပြန် ကြေညာသည်။ အလုပ်လက်မဲ့ပပျောက်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့ရေး၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ပြောင်းလဲရေးများကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဝါဒသဘောထား ထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ စီးပွားရေးဆိုင်ရာရေ့လုပ်ငန်းစဉ်များကိုထုတ်ပြန်ရာတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို အမတော်ငွေများ နှစ်နှစ်တာချေးမည့်အပြင် နှစ်နှစ်အခွန်အခ လွတ်ငြိမ်းခွင့် ပေးသွားမည်။ ကုမ္ပဏီများကအလုပ်အကိုင်သစ်များ ဖန်တီး၍ အလုပ်လက်မဲ့များကို တစ်နှစ်ကျော်ကာလအထိ အလုပ်ခန့်ထားသွားစေမည်။ ဇူလိုင် ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလုပ်ခများကို တိုးပေးမည်။ နှစ်စဉ်လူနေ အိမ်ခန်းပေါင်း ၁၀,၀၀၀ မှ ၃၀,၀၀၀ ထိတည်ဆောက် သွားမည်။ ပုဂ္ဂလိကပိုင် ပြုရေးအစီအစဉ်ကို ရှေ့ဆက် အကောင်အထည်ဖော်သွားမည် ဟူသော စီးပွားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ပါဝင် သည်။

## ပြည်တွင်းရေး

သမ္မတဂျက်ရှီရက်က မေလ ၂၀ ရက်နေ့၌ ကျင်းပသည့် ပထမဆုံးအကြိမ်ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးများ၏ခရီးသွားလာမှု အထူးအခွင့်အရေးများကို

လွှော့ချလိုက်ကြောင်း ပြောကြားသည်။ ထို့ပြင် ၎င်းလိုက်ပါသော သမ္မတ မော်တော်ယာဉ်တန်းသည်လည်း လမ်းတွင် မီးနီ ပြထားသည်နှင့်ကြုံပါက ရပ်စောင့်မည် ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရအဖွဲ့ဝန်ကြီးများသည် မဟုတ်တာလုပ်ပါက ရာထူးမှနုတ်ထွက်ရမည်ဟု ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင်သမ္မတဂျက်ရှီရက်ကအမိန့်ထုတ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်ဆွာဘာရိုရင်းက ပြောသည်။

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင်မြို့တော်စည်ပင်ပိုင် မက်မောဖွယ်ရာတိုက်ခန်းများကိုသာမန်လူအများစုက ရရှိရေးအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရသည့် အခြေအနေ၌ နိုင်ငံရေးအာဏာရှိသူ များနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ အရာရှိကြီးများက ဈေးနှုန်းသက်သက်သာသာနှင့် ရယူငှားရမ်းနေထိုင်ခွင့်ရနေကြသည်။

ပြင်သစ်နိုင်ငံတွင်ငွေကြေးမတတ်နိုင်သူ သာမန်လူများက ပဲရစ်မြို့တော် မြို့တော်စည်ပင်ပိုင် တိုက်ခန်းများတွင် ငှားရမ်းနေခွင့်ရရှိရေးအတွက် နှစ်ကာလကြာမြင့်စွာစောင့်ဆိုင်းနေရချိန်၌အခွင့်အာဏာရှိသူများနှင့် ရင်းနှီးကျွမ်းဝင်သောအရာရှိကြီးများ၊ နိုင်ငံရေးသမားကြီးများသည် စည်ပင်သာယာပိုင်ကောင်းမွန်သော တိုက်ခန်းများကို ငှားရမ်းရယူနေထိုင်ခွင့်ရရှိနေကြသည့် ထိုသို့သောအခြေအနေတွင် ဝန်ကြီးချုပ် Alain Juppe၊ ၎င်း၏သားနှင့်သမီး၊ ၎င်း၏ယခင်မိန်းမနှင့် ၎င်း၏ညီ ဝမ်းကွဲတို့သည် ပြည်သူ့အခွန်ငွေဖြင့် ကောင်းမွန်စွာ မွမ်းမံ ပြင်ဆင်ထားသောစည်ပင်သာယာပိုင်အခန်းများကို အမှန်တကယ်ပေးရမည့်အိမ်လခအောက်လျှော့၍ပေးကာ ငှားရမ်းနေထိုင်ခွင့်ရရှိနေကြကြောင်း Daily Le Figaro သတင်းစာက ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ဖော်ထုတ်ရေးသားခဲ့သည်။ဝန်ကြီးချုပ် Juppe က အထောက်အထားစာရွက် စာတမ်းများကို ရုပ်မြင်သံကြားမှတစ်ဆင့် ဖော်ပြလျက် အဆိုပါ စွပ်စွဲရေးသားချက်ကို ဇူလိုင်လ ၆ ရက်နေ့၌ ငြင်းပယ်ခဲ့သည်။ ထို့ပြင် ၎င်းက အခန်းခြောက်ခန်းပါ ၎င်း၏တိုက်ခန်းသည် ၎င်း ငှားရမ်းနေထိုင်ချိန်၌ တိုက်ခန်းခ ယခင် ထက် သုံးဆမြင့်တက်သွားကြောင်း ပြောကြားသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည်ဟု သင်္ကာမကင်းသော အယ်ဂျီးရီးယား စစ်သွေးကြွ ၆၇ ဦးကို ပဲရစ်မြို့တွင် ဖမ်းဆီး၍ စစ်ဆေးမေးမြန်းရန် ရုံးတင် လိုက်သည်။ ၎င်းတို့သည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ်အိုင်တီ) ကို သော်လည်းကောင်း ၊ အယ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စု (ဂျီအိုင်အေ) ကို သော် လည်းကောင်း ထောက်ခံပြီး အကြမ်းဖက်လုပ်ရပ်များကို ပြင်သစ်မြေပေါ်တွင် လုပ်ဆောင်နေကြသူများဖြစ်ဖွယ်ရှိကြောင်း တရားရုံးအရာရှိများက ပြောကြားသည်။ ပြင်သစ် အစိုးရသည် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ကြသော အယ်ဂျီးရီးယားလူမျိုးများအနက် အယ်ဂျီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြောက်ကျားအုပ်စုများနှင့် အဆက်အသွယ်ရှိပုံရသည့် အယ်ဂျီးရီးယားများကို လွန်ခဲ့နှစ် နှစ်မှစ၍ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ရုံးတင်စစ်ဆေးရန် တရားရုံးသို့ ဖမ်းဆီး ပို့ဆောင်ခဲ့သော အဆိုပါ အယ်ဂျီးရီးယား အစွန်းရောက်သမား ၆၇ ဦးအနက် ၅၂ ဦးသည် အယ်လ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စုနှင့် ပတ်သက်ဖွယ်ရှိ၍ ကျန် ၁၅ ဦးသည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ် အိုင်တီ) နှင့် ပတ်သက်ဖွယ်ရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

## စစ်ရေး

ပြင်သစ်နိုင်ငံသည် ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ဒုံးကျည်တင် ကင်းလှည့်ရေယာဉ် ရှစ်စင်းကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကူဝိတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ယင်းမှာ ပင်လယ်ကွေ့စစ်ပွဲ ပြီးသည့်နောက်ပိုင်း အကြီးမား ဆုံး လက်နက်ရောင်းဝယ်ခြင်းဖြစ်သည်။ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖရန်ဆွာလက်တာက မိမိနှင့် ကူဝိတ် ကာကွယ်ရေးဝန်ကြီး ရှိတ်အာမက်မွတ် အယ်ဆာဘာတို့ လက်မှတ်ထိုးသည့် စာချုပ်အရ ပြင်သစ်က ဒေါ်လာ ၅၄ သန်းခန့်တန် စစ်ဘက်ရေဒါ တစ်ခုကိုလည်း ကူဝိတ်သို့ ပေးရမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုသည်။

၁၉၉၁ ခုနှစ်က ကူဝိတ်နိုင်ငံအား အီရတ်က ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ် သွားစေသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များတွင် ပြင်သစ်ပါဝင်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြန်ပြောင်းသတိရ ပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ စစ်ပွဲအပြီး၌ အမေရိကန်၊ ဗြိတိန်တို့နှင့် ကာကွယ်ရေးစာချုပ်များ ချုပ်ဆိုသကဲ့သို့ ၁၉၉၂ ခုနှစ်၌ ပြင်သစ်နိုင်ငံနှင့်လည်း စာချုပ် ချုပ်ဆိုခဲ့သည်။

ပြင်သစ် ချူကလီးယားရေငုပ်သင်္ဘောတစ်စင်းက ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အသစ်ထုတ်လုပ်ခဲ့သော ချူကလီးယားထိပ်ဖူးတပ် အမ် ၄၅ အဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ ပြင်သစ်ရေငုပ်သင်္ဘောများတွင် အဆိုပါ အမ် ၄၅ ဒုံးကျည်ကို ယခင်တပ်ဆင်ထားသည့် အမ် ၄ ဒုံးကျည်အစား ပြောင်းလဲတပ်ဆင်ခြင်းဖြစ်သည်။ ချူကလီးယားထိပ်ဖူးတပ် အမ် ၄၅ ဒုံးကျည်သစ်ကို မိုင် ၂၅၀၀ အထိ ပစ်လွှတ်နိုင်သည်ဟု ဆိုသည်။

သမ္မတ ဂျက်ရှိရက်က ပြင်သစ်နိုင်ငံသည် ၎င်း၏ ချူကလီးယား ဖောက်ခွဲစမ်းသပ်မှုကို စက်တင်ဘာလအတွင်း တောင်ပစိဖိတ်သမုဒ္ဒရာထဲတွင် ပြန်လည်ပြုလုပ်မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ ပြောကြားသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ပြင်သစ်နိုင်ငံ၏ သတ်မှတ်ထားသော ချူကလီးယား စမ်းသပ်မှု အစီအစဉ်ကို ပြီးဆုံးသည်အထိ ပြုလုပ်ခြင်းမျှသာဖြစ်ပြီး ၁၉၉၆ ခုနှစ် ကျရောက်သောအခါ ချူကလီးယားစမ်းသပ်မှု မပြုရေး ပိတ်ပင်ထားချက်ကို လက်မှတ်ထိုး လိုက်နာမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ယင်းသို့ ချူကလီးယား စမ်းသပ်ဖောက်ခွဲမှု ပြန်လည်စတင်မည့် အစီအစဉ်ကို ပြင်သစ်ပြည်သူ ၁၀၀၀၀ ခန့်က ပဲရစ်မြို့တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ပြင်သစ် ပြည်သူလူထုသည် Bastille မှ ပဲရစ်မြို့တော် အရှေ့ဘက်အစွန်းရှိ Place de la Nation အထိ ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

### ပြည်ပဆက်ဆံရေး

ဩစတေးလျ အစိုးရက ပြင်သစ်နိုင်ငံ၏ ချူကလီးယား ပြန်လည်စမ်းသပ်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ပဲရစ်မြို့ရှိ ၎င်း၏သံအမတ် အလ်လန်ဘရောင်းကို ဇွန်လ ၂၃ ရက်နေ့၌ ဩစတေးလျနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မူရူရိုအာကျွန်း ရေအောက်တွင် ပြင်သစ်က ချူကလီးယား စမ်းသပ်မည့်ကိစ္စကို စွန့်လွှတ်ရန် ပြင်သစ်သမ္မတသစ် ဂျက်ရှိရက်အား တောင်းဆိုနေမှုများ ကြီးထွားလာချိန်၌ ယင်းကဲ့သို့ ဩစတေးလျနိုင်ငံက ၎င်း၏သံအမတ်ကို ပြင်သစ်နိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ပြင်သစ်သမ္မတသစ် ရှိရက်အား ၎င်း၏ ချူကလီးယား စမ်းသပ်မှု ပြန်လည်ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ကြောင့် ဥရောပယူနီယံအဖွဲ့ဝင် ခုနစ်နိုင်ငံမှ ခေါင်းဆောင်များက ဇွန်လ ၂၅ ရက်နေ့၌ ပြစ်တင်ရှုတ်ချခဲ့သည်။

ပြင်သစ်သမ္မတသစ် ဂျက်ရှိရက်သည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မော်ရိုကိုနိုင်ငံသို့ ဇူလိုင်လ ၁၉ ရက်နေ့၌ တရားဝင်အလည်အပတ်သွားရောက်ခဲ့သည်။

### စီးပွားရေး

ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ စီးပွား ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့က ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် ၁၉၉၅ ခုနှစ်၊ မတ်လတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ ချူကလီးယား ပြန်လည် စမ်းသပ်မည့် အစီအစဉ်ကို ပြည်တွင်းပြည်ပ ကန့်ကွက်ဆန္ဒပြမှုဂယက် ကြောင့် ပြင်သစ်ကုန်ပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အရောင်း ကျဆင်းသွားခဲ့သည်။



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။** ။ဗီယက်နမ်နိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ ဦးဆောင်မှုအခန်းကဏ္ဍနှင့်အခြားမတ်စ်၏ဝါဒ လမ်းညွှန်မှုများကိုလည်း ဦးစားပေးလုပ်ရှားသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၀ ရက်နေ့က ဟနွိုင်မြို့၌ စတင်ဖွင့်လှစ်သော ဗီယက်နမ်ပါလီမန်အစည်းအဝေးတွင် ဗီယက်နမ်ခေါင်းဆောင်တို့က ကတိကဝတ်ထပ်မံပြုလုပ်ကြသည်။ လွန်ခဲ့သည့် ရှစ်နှစ် အတွင်း နိုင်ငံခေတ်မီတိုးတက်ရေးအားထုတ်မှုများကို ပါလီမန်သို့တင်သွင်းသော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ထို့ပြင် အာဏာရ ကွန်မြူနစ်ပါတီက အရင်းရှင်ပုံစံ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများကိုတင်ပြထားသော်လည်း ရှုပုံစံအတိုင်း ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ အဖြစ်အားလုံးအသွင်ပြောင်းရေးကိုမူ လက်မခံဘဲငြင်းဆန်ထားသည်။ ပါလီမန် အစည်းအဝေးဖွင့်ပွဲတွင် ဝန်ကြီးချုပ်ဗိုဗန်ကီယက်က စီးပွားရေး အခန်းကဏ္ဍကို အဓိကထားသော နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပြန်လည်ပြုပြင်မွမ်းမံမှု" အစီအစဉ်ကို တွန်းအားပေးရန်လိုအပ်သည်။ "ပြန်လည်ပြုပြင်မွမ်းမံမှု" ဟူသော ဗီယက်နမ်၏အသုံးအနှုန်းမှာ ၁၉၈၆ ခုနှစ်တွင်စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆိုလိုသည်။ ဗီယက်နမ်နိုင်ငံသည်နိုင်ငံ ပိုင်အခန်း ကဏ္ဍ၏ ပင်မ ရေစီးကြောင်းမရှိပါက ၁၉၉၄ ခုနှစ်တွင်မှန်းဆထားသည့် စီးပွားရေးတိုးတက်မှုနှုန်း(၈) ဒသမ (၅) ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ၄၀ ရာခိုင်နှုန်းကျော်ရှိသော နိုင်ငံပိုင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လိုသည်။ ယင်းကုမ္ပဏီများ အနက် သုံးပုံတစ်ပုံမှာ ငွေကြေးအရ နစ်နာ အရှုံးပြလျက်ရှိသည် စသည်ဖြင့် ပါလီမန်ကိုယ်စားလှယ် ၄၀၀ ကျော်အား ဗိုဗန်ကီယက်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အဂတိလိုက်စားမှုနှင့် မှောင်ခိုရောင်းဝယ်မှုတို့မှာ ဝလေ့ထုံးစံတစ်ရပ်သဖွယ် တည်ရှိ နေကြောင်း အမျိုးသားလွှတ်တော်သို့ တင်သွင်းသော အစိုးရအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ၁၉၉၄ ခုနှစ်ပထမ ရှစ်လအတွင်း အဂတိလိုက်စားမှုနှင့် မှောင်ခိုမှု ၉၅၉ မှ ဖြစ်ပွားခဲ့သဖြင့် ဒေါင်ငွေ ၄၂၉ ဘီလီယံ (ဒေါ်လာ ၃၉ သန်း) နိုင်ငံတော်ကဆုံးရှုံးနစ်နာခဲ့ရသည်။ ယင်းအမှုများအတွက် အစိုးရက တာဝန်ရှိသူ ၁,၆၀၀ ကျော်ကို စီမံခန့်ခွဲမှုနည်းလမ်းအရ အပြစ်ပေးမှုပြုလုပ်ခဲ့ရသည့်ပြင် အဂတိလိုက်စားမှုဖြင့် လူ ၄၃၀ ကို တရားစွဲဆိုခဲ့ရသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သော လူသိရှင်ကြားအဂတိလိုက်စားမှုတစ်ခုတွင် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ဘာရိယာဗန်တူပြည်နယ်ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရာထူးမှဖယ်ရှားခဲ့ရသည်။

ဗီယက်နမ်နိုင်ငံသည် လပေါင်းအတော်ကြာ မျှော်လင့်စောင့်စားခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ပထမဆုံးကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် တရားဝင် လျှောက်ထားလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်က အဖွဲ့ဝင်အဖြစ်လျှောက်လွှာကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုခီးယားသို့ အောက်တိုဘာလဆန်းပိုင်းက နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဖွင့်လှစ်စဉ်ပေးအပ်ခဲ့သည်။ မင်းသားဘိုခီးယားသည် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည်။ အာဆီယံအဖွဲ့ဝင်ဖြစ်လာရန် ဗီယက်နမ်က အဓိကစိတ်ဝင်စားခြင်းမှာ အလျင်အမြန်ဖွံ့ဖြိုးလာသော အာဆီယံ စီးပွားရေးများနှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု ဆက်ဆံခြင်းဖြင့် အားပေးရန်ဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဗိုဗန်ကီယက်သည် တိုင်ဝမ်ကုမ္ပဏီတစ်ခု၏ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားဖြင့် ဟိုချီမင်းမြို့တွင် မြို့သစ်ကြီးတစ်မြို့ထူထောင်ရေးစီမံကိန်းကို အတည်ပြုပေးခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ တိုင်ဝမ်အာဏာရ အမျိုးသားရေးပါတီက တစ်စိတ်တစ်ဒေသပိုင်ဆိုင်သော တိုင်ဝမ်ဗဟိုကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီသည် ဒေသခံအာဏာပိုင်အဖွဲ့ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီနှင့် ပူးပေါင်းတည်ဆောက်သည့် ဆိုင်ဂုံတောင်ပိုင်းစီမံကိန်းတွင် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။ ယင်းစီမံကိန်းသည် ကုန်ကျစရိတ်ဒေါ်လာသန်း ၆၀၀ ကျော်ပြီး ရာစုနှစ်အတွင်း ဟိုချီမင်းမြို့အတွက် ဗဟိုအချက်အခြာဖြစ်လာမည်ဟု မျှော်လင့်ရသည်။ ယင်းမြို့သစ်၌ လူဦးရေသုံးသိန်းခန့် နေထိုင်ကြမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်း ထုတ်လုပ်ရေးနယ်မြေ တစ်ခုလည်းပါဝင်သည်။ လူနေရပ်ကွက်ကြီး၊ စီးပွားရေး နယ်မြေများနှင့် ကြယ်ငါးပွင့်ဟိုတယ်ကြီးတစ်ခုလည်း ပါဝင်သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သောနှစ် ၅၀ မြောက် ပြပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြသခဲ့သည်။ ပြင်သစ် ကိုလိုနီနယ်ချဲ့တပ်ဖွဲ့များကို တွန်းလှန်မောင်းထုတ်ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်ခြင်းဟူသော ပြောက်ကျားစစ်ပွဲကြီး နှစ်ရပ်အတွင်း ရန်သူတပ်ဖွဲ့များအား သိမ့်သိမ့်တုန်စေခဲ့သည့် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုအဖြစ် ဗီယက်နမ်ပြည်သူ့တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ဗီယက်နမ်ပြည်သူ့တပ်မတော်သည် ယခုအခါ တပ်ဖွဲ့ဝင်အင်အား ၅၀၀,၀၀၀ ရှိမည်ဟု လန်ဒန်မြို့ရှိ နိုင်ငံတကာ မဟာ ဗျူဟာ လေ့လာရေးသိပ္ပံက ခန့်မှန်းသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွက်လာခဲ့ရာ ဗီယက်နမ်စစ်တပ်သည် အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့သည်။ ၄င်းအပြင် ကုမ္ပဏီ ၃၀၀ ကျော်နှင့် ဘဏ်တိုက်တစ်တိုက်ကိုလည်း စစ်တပ်က ပိုင်ဆိုင်ခဲ့သည်။ စစ်တပ်၏ ပြည်ပပို့ကုန်ပမာဏမှာ ဒေါ်လာသန်း ၁၀၀ ဖိုးရှိသည့်အပြင် ဆက်သွယ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး

လုပ်ငန်းနှင့် အိမ်ရာခြံမြေဆိုင်ရာ လုပ်ငန်းများတွင်လည်း စစ်တပ်က ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဟန္နိုင်းမြို့ရှိစစ်တပ်ဟိုတယ်သည်ယခုအခါ အနောက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ကြိုက်တွေ့သော ဟိုတယ်ဖြစ်နေသည်။

အာဏာရ ကွန်မြူနစ်ပါတီဝင်မဟုတ်သော ပညာတတ် စွမ်းရည်ထက်မြက်သော ပုဂ္ဂိုလ်များအား စုစည်းသိမ်းသွင်းကာ အစိုးရ ရာထူးများ၌ ခန့်အပ်သင့်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က တိုက်တွန်းခဲ့သည်။ ခြိုးခြံချွေတာရေးအစီအစဉ်အရ ယခုနှစ်တွင် အစိုးရရုံးများ အသစ်တည်ဆောက်ခြင်း၊ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်း၊ ရုံးအဆောက်အအုံအတွင်း အလှအပ ပြင်ဆင်ခြင်းများ ပိတ်ပင်သောကြေညာချက်ကို အစိုးရက ထုတ်ပြန် ကြေညာထားသည်။ မိမိတို့သည် ပညာတတ် လူငယ်များကို ရဲရဲဝံ့ဝံ့ စုစည်းသိမ်းသွင်းသင့်ကြောင်း၊ ပါတီဝင်များကိုသာ ထိပ်တန်းရာထူးများ၌ ခန့်အပ်ခြင်းသည် မလိုလားအပ်ကြောင်း ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြား သည်ဟု ဆိုင်ဂုံ နယူးရီးဒါးသတင်းစာ၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက် နေ့တွင် ဖော်ပြခဲ့သည်။ ဗီယက်နမ်တွင် ထိပ်တန်းအာဏာပိုင် အဖွဲ့အစည်းများရှိ ရာထူးအားလုံးကို ကွန်မြူနစ်ပါတီဝင်များ ကိုသာ ခန့်ထားသော အစဉ်အလာရှိခဲ့သည်။ သို့ရာတွင် စီးပွားရေး ခေတ်မီမှု အစီအစဉ် အကောင်ထည်ဖော်ရာ၌ ငယ်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှု စိတ်ဓာတ် ပိုမိုရှိသောလူငယ် များကို ကီယက်က လိုလား လျက်ရှိသည်။

ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်လိုက်ကြသည်။ နှစ်နိုင်ငံအစိုးရ အထက်တန်းအရာရှိများသည် ဗီယက်နမ်စစ်အတွင်းက သိမ်းပိုက်ခဲ့ကြသော သံတမန်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ ပစ္စည်းများကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းချက်ဆိုင်ရာ သဘောတူညီချက်များကို ဟန္နိုင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ပထမဦးဆုံး သံတမန်ဆက်ဆံရေး ထူထောင်မှုအဖြစ် ဟန္နိုင်းမြို့နှင့် ဝါရှင်တန်မြို့တော်များတွင် နှစ်နိုင်ငံဆက်သွယ်ရေးရုံးများ ကို တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနား ပြုလုပ်ခြင်းမရှိဘဲ စတင်ဖွင့်လှစ်ခဲ့ကြသည်။ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံသံရုံးများကဲ့သို့ လုပ်ငန်းများဆောင်ရွက်ကြမည့် ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်ရန် ၁၉၉၄ ခုနှစ်က သဘောတူခဲ့ကြသည်။ သို့ရာတွင် သံတမန် အဆင့် ဆက်ဆံရေးထူထောင်မှု မပြုမချင်း သံရုံးများကိုမူ အပြည့်အဝဖွင့်လှစ်နိုင်ကြဦးမည် မဟုတ်ပေ။ အမေရိကန်အရာရှိများကမူ ယခုဖွင့်လှစ်လိုက်သော ဆက်သွယ်ရေးရုံး၏ လုပ်ငန်းများကို ဗီယက်နမ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကုန်လွန်ပြီးနောက် ဟန္နိုင်းမြို့ရှိ အထပ်ကိုးထပ်ပါရှိသော ခေတ်မီရုံးအဆောက်အအုံ၌ လုပ်ငန်းစတင်ရန် မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၄င်း၏ ဆက်သွယ်ရေးရုံးကို ဝါရှင်တန်မြို့တော်၌ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ ရုံးဖွင့်လှစ်နိုင်ခြင်းသည် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ အရေးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ နီးပါးအတွင်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေမည့် အရေးပါသော ခြေလှမ်းအဖြစ် ရှုမြင်ကြသည်။ အမေရိကန်ကလည်း ၄င်း၏ ဆက်သွယ်ရေးရုံးကို ဟန္နိုင်းမြို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ၄င်း၏ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ဗီယက်နမ်အား ဝင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း တရားဝင် ဗီယက်နမ်သတင်းဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဂျကာတာမြို့တွင် ကျင်းပသော အာဆီယံ အမြဲတမ်းကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အာဆီယံအဖွဲ့တွင် ယခုအခါပါဝင်နေသောအဖွဲ့များမှာ ဘရူနိုင်း၊ အင်ဒို နီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံ တို့ဖြစ် ကြသည်။ ဗီယက်နမ်သည် ယခုလောလောဆယ် တွင် လောနိုင်ငံနှင့် အတူ အာဆီယံ၏ လေ့လာသူအဆင့် ရရှိ ထားသည်။

ဂျပန်အစိုးရသည် ဗီယက်နမ်နိုင်ငံသို့ ယန်းငွေ ၅၀ ဘီလီယံ (ဒေါ်လာ ဖ၈၂ သန်း) ချေးရန် ဧပြီလ ၁၈ ရက်နေ့က သဘောတူညီခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထောက်ခံသည့်အနေဖြင့် ယန်းငွေ သုံးဘီလီယံ (ဒေါ်လာ ၃၅ သန်း) ထပ်ဆောင်းချေးရန်ကိုလည်း ဝန်ကြီးချုပ် အိုမိချိမူရာယာမာက ကတိပြုခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒိုမွိုင်နှင့် တွေ့ဆုံရာတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အလေးထားကြောင်း မူရာယာမာက ထုတ်ဖော်ပြောဆိုသည်။ ဒိုမွိုင်သည်တောင်ကိုရီးယားနိုင်ငံသို့ ရက်သတ္တ တစ်ပတ် ကြာ

သွားရောက်လည်ပတ်ခဲ့ပြီးနောက် ငါးရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် ဧပြီလ ၁၇ ရက်နေ့က တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဒိုမွိုင်သည် ဂျပန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသော ပထမဆုံးကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးပြီးနောက် ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့် လည်ပတ်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ် နောက်ပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာခဲ့သည်။ အစိုးရသည် မကြာမီနှစ်များအတွင်းက အဂတိလိုက်စားမှုနှင့် ကြိုးနီစနစ်များကို ပယ်ဖျက်ခဲ့ပြီး စီမံခန့်ခွဲမှု လုပ်ငန်းများကို စည်းကမ်းတင်းကျပ်ခဲ့သည်။ အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ သွင်းကုန် ပို့ကုန်လုပ်ငန်း၊ ပြည်ဝင်ခွင့် ဗီဇာလုပ်ငန်း၊ မြို့ပြစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာစေသော အဆင့်ဆင့်တင်ပြရသည့်စနစ် ဖျက်သိမ်းသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြောင်းလဲမှုတွင် အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ၁၉၉၅ ခုနှစ် ပထမနှစ်ဝက်၌ စီးပွားရေးတိုးတက်မှု အလားအလာကောင်းမွန်ကြောင်း၊ သို့ရာတွင် ဘတ်ဂျက်လိုငွေပြမှု လျော့နည်းစေရေးအတွက် ဒုတိယနှစ်ဝက်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရဝန်ကြီးဌာနများအနေဖြင့် တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ဗီယက်နမ်အစိုးရက ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ဖော်ကြေညာသည်။ ဘတ်ဂျက်ဝင်ငွေ ရရှိမှုသည် ၁၉၉၄ ခုနှစ် ပထမနှစ်ဝက်ကထက် ၂၇ ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း သတ်မှတ်ပမာဏအောက် လျော့နည်းနေသေးသည်ဟုဆိုသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ၁၉၉၅ ခုနှစ်ကုန်တွင် လစဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် သုညဒသမ ၅ ရာခိုင်နှုန်း ရှိစေရန် ရည်ရွယ်ထားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကိယက်သည် ဗီယက်နမ်စစ်ပွဲအပြီး လွန်ခဲ့သော အနှစ် ၂၀ အတွင်း ဗီယက်နမ်မှ ထွက်ပြေးသွားခဲ့သူ ဗီယက်နမ်လူမျိုး နှစ်သန်းခန့်အား ဇူလိုင်လ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခဲ့သည်။ နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားမှထုတ်လွှင့်သော မိန့်ခွန်းတွင် ကိယက်က အမျိုးသား ပြန်လည်သင့်မြတ်ပေါင်းစည်းရန် သင့်ပြီဟု တိုက်တွန်းလိုက်ပြီး ပင်လယ်ရပ်ခြား ဗီယက်နမ်လူမျိုးများအနေဖြင့် ဗီယက်နမ်နှင့် ပြည်ပရောက် ဗီယက်နမ်များအကြား နှစ်ပေါင်းအတန်ကြာ တည်ရှိနေသော သဘော ထား ကွဲလွဲမှုများကို ကုစားရေးအတွက် အကူအညီပေးကြ ရန် ပန်ကြားခဲ့သည်။ နှစ်ပေါင်း အတန်ကြာ ရန်လိုမှုကို ခဝါချအဆုံးသတ်ကာ ဗီယက်နမ်နှင့်သံတမန်ပြန်လည် ဆက်ဆံရန် အမေရိကန်သမ္မတ ကလင်တန်၏ ဆုံးဖြတ်ချက်ကို ဝါရှင်တန်တွင် ထုတ်ပြန်ကြေညာပြီးနောက် နာရီပိုင်း အကြာတွင် ကိယက်၏မိန့်ခွန်းထွက်ပေါ်လာခဲ့သည်။ ကလင်တန်၏ ဆုံးဖြတ်ချက်သည် ဗီယက်နမ်စစ်ပွဲအတိတ် ဖြစ်ရပ်များကို ပြည်ဖုံးကားချကာ ဗီယက်နမ်နှင့်ရင်းရင်းနှီးနှီးပုံမှန် ဆက်ဆံလိုသော အမေရိကန်အလွှာစုံ ပြည်သူတို့၏ သဘောထားနှင့် လိုက်လျော ညီထွေရှိသော အရေးပါ သည့် ဆုံးဖြတ်ချက်အဖြစ် ကိယက်က ကြိုဆိုလိုက်သည်။ ၁၉၇၅ ခုနှစ်၊ ဧပြီလအတွင်း ဗီယက်နမ်စစ်ပွဲ ပြီးဆုံးကာနီးတွင် ဗီယက်နမ်လူမျိုးနှစ်သန်းခန့် ဗီယက်နမ်မှ ထွက်ပြေးခဲ့ ကြရာ ၁၉၈၀ ပြည့်လွန် နှောင်းပိုင်းတွင် ပိုမိုများပြားလာခဲ့ သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံအား အာဆီယံ အဖွဲ့၏ ပထမဦးဆုံးသော ကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆိုလက်ခံခဲ့သည်။ ဗီယက်နမ်နိုင်ငံအား အာဆီယံ၏ သတ္တမမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆိုသည့် သာမန် အခမ်းအနားတွင် အာဆီယံနှစ်ပတ်လည် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဘရူနိုင်းနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး မိုဟာမက်ဘိုစီးယားက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ယင်းအခမ်းအနားတွင် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင် မန်ကမ်က အာဆီယံအဖွဲ့သို့ ဗီယက်နမ်နိုင်ငံ တရားဝင် ဝင်ရောက်သည့် အထိမ်းအမှတ် အဖြစ် အာဆီယံကြေညာစာတမ်းကို လက်မှတ်ရေးထိုးနေ စဉ် အခြားအာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက စောင့်ကြည့်နေကြသည်။ ဗီယက်နမ်သည် အာဆီယံအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ အခြေခံမူ များနှင့် စည်းမျဉ်းများအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန် တာဝန်ရှိလာပြီဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ကမ်က ပြောကြားသည်။ ဗီယက်နမ်အား အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အင်ဒို

နီးရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ တို့မှ နိုင်ငံခြားရေးဝန်ကြီးများက မိန့်ခွန်းပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအား ချီးကျူးစကား ပြောကြားကြသည်။

ဗီယက်နမ်နိုင်ငံတွင် ကောက်ပဲသီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၌ စပါးစိုက်လယ်ယာမြေဧရိယာ တိုးချဲ့ရန် ဝန်ကြီးချုပ် ဗိုဗန်ကီယက် ညွှန်ကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံ၏ ကိုယ်ပိုင်ဆန်ဖူလုံမှုအနေအထား လက်လွတ်ဆုံးရှုံးသွားဖွယ်ရှိသော အရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် တိုးပွားများပြားလာနေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်ကြရာတွင် ဆန်စပါးထုတ်လုပ်နေသော လယ်ယာမြေများကို စက်ရုံအလုပ်ရုံနေရာများအဖြစ်သို့ ပြောင်းလဲပစ်နေကြသည်။ သို့ရာတွင် ဝန်ကြီးချုပ် ဗိုဗန်ကီယက်အပါအဝင် ဗီယက်နမ် ခေါင်းဆောင်များက ကမ္ဘာတွင် ပြည်ပဆန်တင်ပို့မှု၌ ဒုတိယအများဆုံးတင်ပို့နေသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းကြောင့် မိမိနိုင်ငံစားသုံးမှု ဖူလုံရေးအတွက် လိုအပ်သောဆန်စပါးကို ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်သောစွမ်းရည် ဆုံးရှုံးသွားမည့်အရေးကို စိုးရိမ်မကင်းဖြစ်လျက် ရှိကြသည်။

ဝန်ကြီးချုပ်ကီယက်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိစဉ် ဒေသဆိုင်ရာ အာဏာပိုင်များအား မဲခေါင်ဒေသရှိ စပါးစိုက်ပျိုးသည့် လယ်ယာမြေဧက ၁၀ ဒသမ ၆ သန်း လျော့ကျမသွားရေးအတွက် ထိန်းသိမ်းရန်နှင့် လာမည့် ၁၅ နှစ်၌ ပြည်တွင်းစားသုံးရန် ဆန်ဖူလုံရေး အထွက်တိုးအောင် စိုက်ပျိုးကြရေးကို ညွှန်ကြားခဲ့ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု စာစောင်က ဖော်ပြသည်။

ဝန်ကြီးချုပ်၏ လမ်းညွှန်လျာထားချက်ကို ပြည့်ဆည်းနိုင် ရေးအတွက် လယ်ယာဦးကြီးများသည် ဗီယက်နမ်၏ လူဦးရေ တိုးနှုန်းဖြစ်သော တစ်နှစ် နှစ်ရာခိုင်နှုန်း တိုးပွားမှုနှင့် အညီ စပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အထွက်တိုးလာအောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ပြင် ဝန်ကြီးချုပ်ကီယက်က မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူဦးကြီးများ အနေဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်သမားများအား ဘဏ်များက အတိုးနှုန်းချိုသာသော ချေးငွေများပိုမိုထုတ်ချေးကြပါရန် တိုက်တွန်းလိုက်သည်။ လယ်ယာမြေဩဇာရှိမ်းခနှင့် စိုက်ပျိုးရေးအတွက် သုံးစွဲရသော ရေဖိုးရေခများကိုလည်း လျှော့ချကောက်ခံကြရန် ဒေသဆိုင်ရာ အစိုးရအရာရှိများကို ကီယက် က ညွှန်ကြားခဲ့သည်။

## စီးပွားရေး

ဗီယက်နမ်နိုင်ငံတွင် ပုဂ္ဂလိကပိုင် လူထုဆက်သွယ်ရေးယန္တရား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အစိုးရရည်မှန်းချက် အောင်မြင်စေရန် အကူအညီပေးကြစေလိုသည်ဟု ဟိုချီမင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က လူထုဆက်သွယ်ရေးခေါင်းဆောင်များအား ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြားခဲ့သည်။ လူထုဆက်သွယ်ရေးယန္တရားများ၌ နိုင်ငံခြားကုန်စည်များနှင့် ပတ်သက်၍ အလွန်အကျွံကြော်ငြာနေခြင်းထက် မိမိတို့၏ကုန်ပစ္စည်းများ ပိုမိုယှဉ်ပြိုင်နိုင်စေရေးအတွက် ပြည်တွင်းကုန်ပစ္စည်းများကို ပိုမိုအားရုံစိုက်ကြရန် ဗိုဗန်ကီယက်က တိုက်တွန်းလိုက်သည်။ ဗီယက်နမ်နိုင်ငံတွင် သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနများက ပြည်တွင်းကုမ္ပဏီများထက် နိုင်ငံခြားကုမ္ပဏီများအတွက် ကြော်ငြာခနှုန်း ပိုမိုယူကာ နေရာဖို့ပေးနေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့ရေး၊ ကြိုးနီစနစ်လျော့ချရေးနှင့် စတော့ရှယ်ယာ ဈေးကွက်တစ်ခု တည်ထောင်နိုင်ရေးအတွက် စည်းမျဉ်း မူဘောင်တို့ ချမှတ်သွားရေး စသည်တို့ကို ဗီယက်နမ်အစိုးရက ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဟိုတေးက ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။ ယခုရာစုနှစ်ကုန်ထက် နောက်မကျဘဲ တစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၄၀၀ ကို နှစ်ဆတိုးမြှင့်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်သွားနိုင်ရေးနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု အစိုးရက မျှော်လင့်ထားကြောင်း ဆေးရုံဂီအိဖွန် သတင်းစာအား ဟိုတေးက ပြောကြားခဲ့ သည်။

ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံပါမည်ဟု ၁၉၉၄ ခုနှစ်အတွင်း ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ပမာဏသည် ၁၉၉၃ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်း ၄,၀၄၀ အထိရှိကြောင်း ဗီယက်နမ် စီးပွားရေးသတင်းစာက ဇန်နဝါရီလ ၁၂ ရက်နေ့က ဖော်ပြရေးသားခဲ့သည်။ ၁၉၉၃ ခုနှစ်က ဗီယက်နမ်တွင် ရင်းနှီး

မြှုပ်နှံမည်ဟု ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီး မြှုပ်နှံငွေ ပမာဏသည် ဒေါ်လာသန်း ၂,၆၉၀ ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကတိပြုခဲ့သောပမာဏကိုပါ ထည့်သွင်းပါက ၁၉၈၈ ခုနှစ် မှ စ၍ ၁၉၉၄ ခုနှစ်ကုန်အထိ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံငွေ ပမာဏစုစုပေါင်းသည် ဒေါ်လာသန်း ၁၁,၀၀၀ ကျော်သွားပြီ ဖြစ်သည်။ ဟောင်ကောင် ၊ စင်ကာပူနှင့် တိုင်ဝမ်တို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြရာ ၁၉၉၅ ခုနှစ်ဆန်းပိုင်းအထိ အတည်ပြုပြီး ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံအနက် ၄၀ ရာခိုင်နှုန်းရှိ ကြောင်း ဗီယက်နမ်အစိုးရက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန် ပြည်ထောင်စု မှာ ဗီယက်နမ်နိုင်ငံ၌ ၁၃ နိုင်ငံမြောက် အကြီးမားဆုံး ရင်းနှီး မြှုပ်နှံသူဖြစ် လာခဲ့သည်။ လိုင်စင်များ ရုပ်သိမ်းခံရသော ဒေါ်လာသန်း ၈၄၀ ဖိုးရှိ စီမံကိန်းများ မပါဝင်သည့် အဆိုပါစာရင်းများအရ အသားတင်ရင်းနှီး မြှုပ်နှံမှု ပမာဏ သည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလကထက် ၁ ရာခိုင်နှုန်းနှီးပါး မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံ သူများအတွက် အကာအကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းခဲ့သော ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စတင် လမ်းဖွင့် ပေးခဲ့သည်။ ဗီယက်နမ်၌ တိုင်ဝမ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ် နှံမှု စီမံကိန်းများမှာ ဒေါ်လာသန်း ၂,၀၀၀ ဖိုး အထိရှိသည်။ ဟောင်ကောင်က ဒေါ်လာသန်း ၁,၈၀၀ နှင့် စင်ကာပူက ဒေါ်လာသန်း ၁,၀၀၀ ဖိုးအသီးသီး ရင်းနှီးမြှုပ်နှံ လျက် ရှိသည်။ အမေရိကန်ကုမ္ပဏီများကလည်း ဒေါ်လာ သန်း ၂၇၀ ဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ဗီယက်နမ်တွင် ကြိုးနီ စနစ် နှင့် စီမံကိန်းလိုင်စင်ခွင့်ပြုချက်ရရှိရေးတွင် နှောင့်နှေး ကြန့်ကြာနေရခြင်းတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပျက်နေကြသည်။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် ထေရဝါဒ ဆရာတော်သံဃာတော်များအနက်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရန် သင့်လျော်သော ဆရာတော် သံဃာတော်များကို အဆင့်ဆင့်ရွေးချယ်စိစစ်ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့် ကြော်ငြာစာအမှတ် (၁/၉၅) ထုတ်ပြန်၍ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာတော် ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ–

| | | |
|---|---|---|
| (၁) | အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂ ပါး |
| (၂) | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၁ ပါး |
| (၃) | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂၁ ပါး |
| (၄) | သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၃၁ ပါး |
| (၅) | ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၂ ပါး |
| (၆) | ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၂ ပါး |
| (၇) | စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၅၆ ပါး |
| (၈) | စာချဘွဲ့တံဆိပ်တော်ရ သီလရှင် | ၅ ပါး |
| (၉) | သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် | ၁ ပါး |
| (၁၀) | သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၁) | သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၂) | သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး | ၂ ဦး |

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် (၁၃၉) ဦး ဖြစ်သည်။

သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သား သံဃာပရိသတ် လေးပါးတို့အား အရာဌာနအားလျော်စွာ သင့်လျော်ရာ တေဒဂ်ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှောက် တော် မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ထိုချီးမြှောက်မှု အစဉ်အလာကို ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်များက အမွေဆက်ခံခဲ့ကြပြီး ရာဇာဓိရာဇဂုရု စသော ဘွဲ့တံဆိပ်တော်များ ချီးမြှင့်လှူဒါန်းခဲ့ကြသဖြင့် ယခုတိုင်အောင် ထိုကောင်းမြတ်သော အစဉ်အလာမှာ တည်တံ့ခိုင်မြဲနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင်

၁၉၉၁ ခုနှစ်မှစ၍ ရှေးအစဉ်အလာက ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်များအပြင် သာသနာပြုဘွဲ့၊ စာချဘွဲ့၊ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာနုဂ္ဂဟဘွဲ့ စသည့် ဘွဲ့တံဆိပ်တော်အသစ်များကို တိုးချဲ့တီထွင် ပြဋ္ဌာန်း၍ အမျိုးဘာသာ သာသနာဂုဏ်ရောင် ထွန်းပြောင် တောက်ပစေရန်အတွက် ဆက်ကပ်လှူဒါန်းလာခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းရာ၌ ဆရာတော် အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသည့်ဂုဏ်၊ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အလေးအမြတ်ထား၍ ဆောင်ရွက် ခြင်း၊ သာသနာ့ဟိတဝရဂုဏ်၊ မယဉ်ကျေးသေးသူများ လိမ္မာယဉ်ကျေးလာအောင်၊ ယဉ်ကျေးပြီးသူများ ပို၍လိမ္မာ ယဉ်ကျေးပြီး လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ခံစား နိုင်အောင် အဆုံးအမဩဝါဒပေးချီးမြှောက်ခြင်း၊ ဓမ္မာ နုဂ္ဂဟဂုဏ်၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာတော်အား စွမ်းအားရှိသမျှ အဘက်ဘက်မှ ကျေးဇူးပြုခြင်း၊ သာသနာ့ဗဟုပကာရဂုဏ်၊ ဥပါသကာ ယောက်ျား၊ ဥပါသိကာမများ၏ ဗုဒ္ဓမြတ်စွာသာသနာ တော် အပေါ်၌ စေတနာသုံးတန် ထက်သန်စွာ ပစ္စည်း လေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်းခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို ကြည်ညိုသဒ္ဓါပွားလျက် ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခြင်း ဖြစ်သည်။

ထိုထို ကျေးဇူးဂုဏ်များသည် ဗုဒ္ဓသာသနာတော်ကို အမှီပြု၍ ရရှိသည့် အကျိုးတရားများဖြစ်၍ လောက လူသားအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင် သောကြောင့် လောကဟိတဝရဂုဏ်များလည်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ် များသည် လောကသံသရာ နှစ်ဖြာသောအကျိုးကို ပွားတိုး စေနိုင်ပြီး ချမ်းသာသုခအဝဝကို ရရှိခံစားစေနိုင်သော ကြောင့် အရှင်မြတ်တို့အား လှူဒါန်းပူဇော်ကြသော နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့ မှာလည်း လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကောင်းကျိုး မင်္ဂလာအဖြာဖြာကို အမှန်ပင် ရရှိကြလိမ့်မည်ဟု ယုံကြည် လျက် ၁၉၉၅ ခုနှစ်၊ ဘွဲ့တံဆိပ်တော်အသီးသီး ဆက်ကပ် လှူဒါန်း ခံကြရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတချို့၏ ထေရုပ္ပတ္တိ များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

### ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ဝိဇယ

(သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဝိဇယကို ရန်ကုန်တိုင်း၊ တိုက်ကြီး မြို့နယ်၊ ကျွဲတကင်းကျေးရွာတွင် ခမည်းတော် ဦးဘိုးလေး၊ မယ်တော် ဒေါ်ညိုမတို့က သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီ အချိန်၌ မီးရှူးသန့်စင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာ ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူလျက် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ အနီး ရင်းတိုက်လေးပင်ကျောင်း ပထမဆရာတော် ဦးဇာဂရ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ဘွဲ့တော်မှာ "ရှင်ဝိဇယ" ဖြစ်သည်။

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄) ရက်၊ ကြာသပတေးနေ့၌ ရင်းတိုက်လေးပင်ကျောင်း ခဏ္ဍ သိမ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥက္ကံမြို့၊ ရွှေဘိုကျောင်း ဆရာတော် ဦးခေမိန္ဒ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ကိုးနှစ်သား အရွယ်မှစ၍ ဇကာကြီးနယ်၊ ငပြင်းချောင်းရွာ၊ မဲဇလီ ကျောင်း ဆရာတော် အရှင်ဝါသဝမထေရ်ထံတွင် သူငယ်တန်းနှင့် သုဝဏ္ဏသာမဇာတ်တော်ကုန်အောင် (ကျောင်းသားဘဝက) သင်ယူခဲ့သည်။

၁၃ နှစ်သားအရွယ်၌ ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ ပိဋကအခြေပြု သဒ္ဒါ၊ သင်္ဂဟ၊ ဝိနယ စသည်တို့ကို သင်ယူခဲ့သည်။

၁၆နှစ်သားအရွယ်မှစ၍ အရှင်ဝိစိတ္တာဘိဝံသ (သကျသီဟ ဓမ္မာစရိယ) ထံ၌ သဒ္ဒါကြီး၊ ပျော်သကျမ်း၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဂန္ထာဘရဏ စသည်တို့ကို သင်ယူခဲ့သည်။

ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ အဘိဓမ္မာညဝါများနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာများကို သင်ယူခဲ့ပြန်သည်။

ဆရာတော် လောင်းလျာသည် ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့၊ ညောင်ကန်တိုက်၊ တိုက်အုပ်ဆရာတော် ဦးဣန္ဒ၊ ရွှေရေးဆောင်ဆရာတော် ဦးကြည် (ဦးအာဒိစ္စရံသီ)၊ ဘုရားကြီးတိုက်ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိမလတို့ထံ၌ ကစ္စည်းအဋ္ဌကထာ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဋ္ဌသာလိနီနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးခဲ့သည်။

ထို့နောက် ဆရာတော် လောင်းလျာသည် မန္တလေးမြို့မှ မိုးဦးတောင်ရွာ(ယခု မအူတောင်ရွာ) စာသင်တိုက်ရှိ ဆရာတော်ဦးနာရဒထံ၌ နိကာယ်ငါးရပ်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် သက္ကတကျမ်းများကို သင်ယူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရဟန်းငါးဝါရသောအခါ မန္တလေးမြို့မှ နေရပ်ဖြစ်သော ရင်းတိုက်လေးပင်ကျောင်းသို့ ပြန်ကြွလာ၍ ကျေးဇူးရှင်ဆရာတော်က စာပို့ချရန် တာဝန်ပေးသဖြင့် ထိုတာဝန်ကိုယူပြီး ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

ခုနစ်ဝါရပြီးသောအခါ ဘုရားကြီးတိုက် ဆရာတော်ကြီးနှင့် ကျေးဇူးရှင်ဘုန်းတော်ကြီး ဦးဝါယမတို့၏ စေခိုင်းတိုက်တွန်းချက်ကို ခံယူလျက် ၁၂၈၆ ခုနှစ်မှ စတင်ကာ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၌ စာသင်တိုက်ဖွင့်လှစ်၍ စာသင်သား သံဃာတော်များကို အုပ်ချုပ်တော်မူ၍ ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်၊ တိုက်ကြီးမြို့နယ်၊ ရွှေကျင်ဂိုဏ်းကြီး၏ နာယက၊ ဝိနယာဓိက ပရိယတ္တိစာပြန်ပွဲကြီး၏ နာယက၊ လောကမုန်ကူကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ လောကမာရ်အောင်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ ရွှေတောင် ဆံတော်ရှင်ပါဒ စေတီတော်ကြီး ဂေါပကအဖွဲ့တို့၏ နာယက ဩဝါဒါစရိယ ဖြစ်တော်မူသည်။

ဝါတွင်းဝါပ ဥပုသ်နေ့များ၌ တရားဟောကြားခြင်း၊ ရောက်ရှိလာသော ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေးတိုက်ကျွေးခြင်းစသော သာသနာ့တာဝန်များကို မေတ္တာရှေ့ထားပြီး အမြဲဆောင်ရွက်တော်မူသည်။

တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းမြို့၊ ဝေဠုဝန်စာသင်တိုက်တို့ကိုတည်ထောင်၍ ပရိယတ္တိ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူလျက် ရှိပေသည်။

ထို့ပြင် သာသနာတော်၌ ထင်ရှားသော ဥက္ကံမြို့၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု)၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းတိုက်၊ ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဩစတြေးလျနိုင်ငံ၊ ဒေါက်တာ ဘဒ္ဒန္တ ဇာဂရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊ ဟင်္သာတမြို့၊ ရတနာဗိမာန်ကျောင်းတိုက်၊ ဘဒ္ဒန္တ လာဘသာမိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇလွန်မြို့နယ်၊ ငါးအိမ်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ (ဓမ္မာစရိယ) စသော ရဟန်း တပည့်ကြီးများကို ပေါ်ထွန်းစေခဲ့သည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာ့အကျိုး လောကအကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေကာ၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၏ အဓိပတိဖြစ်သော ဆရာတော် ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

### မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်

### ညောင်ရမ်း ပါဠိတက္ကသိုလ် ဝါတန်းစာချကျောင်း

## ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ

(သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသကို မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာတွင် ခမည်းတော် ဦးဘိုးထွန်း၊ မယ်တော် ဒေါ်ဒေါ်ကောက်တို့က သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ညဉ့် (၁) နာရီ အချိန်တွင် မိဖွားသန့်စင် ဖွားမြင်တော်မူသည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၈ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်၊တပို့တွဲလဆန်း ၈ ရက်နေ့၌ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်း၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်က "ရှင်ဉာဏ" ဟု ဘွဲ့အမည်တော် ချီးမြှင့် ပေးအပ် တော်မူ ခဲ့ရာ ယနေ့တိုင် ထိုအမည်ဖြင့် ထင်ရှားတော်မူလျက်ရှိသည်။

သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီအချိန်တွင် ပခုက္ကူတိုင်း၊ မြိုင်မြို့၊ မင်းကျောင်း စာသင်တိုက်၊ ခဏ္ဍသိမ်တော်၌ မင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မြိုင်မြို့၊ လမ်းကောက်ရပ်၊ သိမ်ကျောင်း အမကြီး ဒေါ်ဗုံကို အမှူးပြု၍ ဗန္ဓုလဆေးလိပ်ခုံ ပိုင်ရှင်များ ဖြစ်ကြသော သား ဦးအုံး၊ သမီး ဒေါ်ဖွားရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာ၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇ၊ ပခုက္ကူတိုင်း၊ မြိုင်မြို့၊ မင်းကျောင်းစာသင်တိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုသလ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တ ရေဝတ (အဘိဓဇ မဟာရဋ္ဌဂုရု )၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာ တော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု )။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးကြယ် (အဂ္ဂ မဟာပဏ္ဍိတ) ၊ ဆရာတော် ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) စသော ပိဋကတ် အကျော်အမော် ဆရာတော်များထံ၌ တပည့်ခံကာ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ နေ့ဝါ ညဝါ ကျမ်းစာအမျိုးမျိုး တို့ကို ၁၅ နှစ်သား ရှင်သာမဏေဘဝမှစ၍ ရဟန်းဘဝ ၁၅ ဝါ ရသည်အထိ ကောင်းစွာ သင်ကြားဆည်းပူးတော် မူခဲ့သည်။

### စာမေးပွဲများ အောင်မြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စာပေပရိယတ္တိများ သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအသီးသီး ရရှိတော်မူခဲ့သည်။ အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမငယ်၊ လတ်၊ ကြီးတန်းများကိုလည်းကောင်း၊ အစိုးရပထမပြန်စာမေးပွဲ၌ ပထမငယ် ၊ လတ်၊ ကြီး တန်း များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲကို ဓမ္မာစရိယကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးငါးကျမ်းဖြင့် လည်းကောင်း၊ ရန်ကုန်စေတိယင်္ဂဏစာမေးပွဲတွင် စာသင်တန်းနှင့် ဂဏဝါစက ဓမ္မာစရိယဘွဲ့ရ စာချတန်း ကိုလည်းကောင်း၊ မန္တလေး ပရိယတ္တိ (သက္ကျသီဟ) စာမေးပွဲတွင် စာသင်တန်းနှင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ရ စာချတန်းကိုလည်းကောင်း၊ အောင်မြင် တော် မူရုံမျှမက တိပိဋကဓရစာမေးပွဲတွင် ဝိသိဋ္ဌဒီဃ ဘာဏကဘွဲ့ ဒီဃနိကာယ်သုတ်သုံးကျမ်း အာဂုံဂုဏ်ထူး ၊ ဒီဃနိကာယကောဝိဒဘွဲ့ ဒီဃနိကာယ်သုတ် သုံးကျမ်း သဘောရေးဖြေတို့ကိုအောင်မြင်တော်မူသောကြောင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော် အောင် လက်မှတ်နှင့် အရိုးဝါ ကနုတ္တဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူ ရရှိတော်မူသည်။ ထို့ပြင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရက လှူဒါန်းသော လစဉ်ဆွမ်းဆန်တော်နဝကမ္မ ဝတ္ထုငွေနှင့် ကုန်း၊ ရေ အခမဲ့ အထက်တန်း ခရီးသွား လက်မှတ်များကိုပါ ခံယူရရှိတော်မူသည်။

**စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း**

ဆရာတော်သည် ပိဋကတ်ကျမ်းစာများကို ပါရဂူ ရောက် တတ်မြောက်လိမ္မာအောင်သင်ယူ၍ စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ပြီးနောက် မန္တလေးမြို့တွင် စာသင်သံဃာ ၅၀၀ ကျော်ရှိသော မိုးကောင်း ကျောင်းတိုက် ကြီး၌ ပဓာနစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ညောင်းရမ်း ပါဠိတက္ကသိုလ်၏ ကထိကစာချအဖြစ်လည်းကောင်း၊ ၁၀၀ မှ ၃၀၀ ကျော်မျှသော စာလိုက်သံဃာတော်တို့အား ပါဠိတော်အဋ္ဌကထာဋီကာ နေ့ဝါညဝါကျမ်းအမျိုးမျိုးတို့ကို နှစ်ပေါင်း ၃၀ ကျော် အမြဲမပြတ် ပို့ချသင်ကြားပေးတော် မူခဲ့သည်။

ဆရာတော်ပို့ချသင်ကြားပေးသော စာဝါများကို အမှီပြု၍ ငယ်၊ လတ်၊ ကြီး စာမေးပွဲနှင့် ဓမ္မာစရိယတန်း စာမေးပွဲ အောင်မြင်ခဲ့သူတို့မှာ ရာပေါင်းများစွာရှိခဲ့သည်။ မြန်မာနိုင်ငံတော်အတွင်း အမြို့မြို့အနယ်နယ်ရှိ စာသင်တိုက် များ၌ စာချနေကြသော စာချဆရာတော်များ၊ တရား ဟောနေကြသော ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာန်း တရားပြနေကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သည် အများအားဖြင့် ဆရာတော်ထံ စာလိုက်ခဲ့ဖူးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

**စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း**

ဆရာတော်သည် တပည့်သံဃာတော်များအား စာပေ ပို့ချပေးတော်မူရင်း သာသနာတော်အတွက် ကျေးဇူးများ သော ဖော်ပြလတ္တံ့ပါ စာပေကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။ ဓမ္မာစရိယလမ်းညွှန်ကျမ်း (နှစ်ကြိမ် ပုံနှိပ်ပြီး)၊ ဝိနည်းဓိုရ် လမ်းညွှန်ကျမ်း (ပုံနှိပ်ပြီး)၊ သမထ ဝိပဿနာ လမ်းညွှန်ကျမ်း(ကော်ပီမူ)၊ ယဉ်ကျေးမှု လမ်းညွှန်ကျမ်း(ပုံနှိပ်ပြီး) တို့မှာ ဆရာတော် ရေးသားပြုစု သော ကျမ်းများဖြစ်သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဖော်ပြပါကျောင်း၊ ကျောင်းတိုက် များ၏ ဦးစီးပဓာန နာယကအဖြစ် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင် လျက်ရှိသည်–

(၁) ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ပရိ ယတ္တိ စာသင်ကျောင်းတိုက်

(၂) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျောင်း

(၃) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ညောင်ပင်လှတိုက်ကျောင်း

(၄) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု၊ ကန်ညီနောင် တောရကျောင်း

(၅) မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဝါးတန်း စာချကျောင်း

ဆရာတော်သည် စာပေကျမ်းဂန်များကိုပို့ချ သင်ကြား ရေးသားပြုစုတော်မူရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အကျိုးသက်ရောက် စေနိုင်သော သာသနာရေးတာဝန်မှန်သမျှကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီး၌ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်များ၏ တာဝန် ပေးချက်အရ မူလပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩဘာနသောဇေယျ၊ ဆဋ္ဌသင်္ဂီတိကာရက တာဝန်များကို ကျေပွန်စွာထမ်းဆောင်တော်မူခဲ့သည့်အပြင် မန္တလေး အနောက် တောင်မြို့နယ် (ယခု ချမ်းအေးသာဇံမြို့နယ်) ဝိနိစ္ဆယဋ္ဌာန ဝိနည်းဓိုရ်နှင့် နည်းလမ်းလေးသွယ်တွင် စတုတ္ထနည်း လမ်းအရ ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် သာသနာရေး တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက် တော်မူခဲ့သည်။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ (၆၆) ပါး ကိုယ်စားလှယ်အဖွဲ့ဝင် မူလသံဃာ့ဝန်ဆောင်၊ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တော်မူသည့် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှစ၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့် ထမ်းဆောင်တော်မူလျက်ရှိသည်။

## အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဝါးတန်းစာချကျောင်း၏ အဓိပတိဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

## တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ရွှေဘုန်းပွင့်ကျောင်းတိုက်

# ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ

(သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒကို တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့တွင် ခမည်းတော် ဦးအောင်သာ၊ မယ်တော် ဒေါ်ငွေမှုံတို့က ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ မွေးချင်း ခြောက်ဦးရှိသည့်အနက် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ချစ်လှိုင် ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ်အရွယ် ၁၂၈၈ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်းဆရာတော် ဦးဝါသဝထံ၌ ရှင်သာမဏေပြုတော်မူသည်။ ၁၂၉၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့ နံနက် ၉ နာရီအချိန်တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ခဏ္ဍသိမ်၌ မော်ရှည်ကုန်း ကျောင်းကြီးဆရာတော် ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် သရက်ချောင်းမြို့၊ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘိုးတီထံတွင် သတ္တမတန်းအောင်မြင်သည်အထိ သင်ကြားခဲ့သည်။ သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ဆရာတော်ဦးဝါသဝ၊ ရန်ကုန်မြို့၊ဇေယျဝတီ ကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသ၊ ညောင်တုန်းမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဦးရေဝတ၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ (မန္တလေးတိုက်) ဆရာတော် ဦးပခန်း (ခ) ဦးဝိစာရ၊ ဦးသဒ္ဓမ္မာလင်္ကာရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ကဗျာနန်ဆရာတော် ဦးနန္ဒဝံသ၊ တောင်မြို့ တူးမောင်တိုက် ဆရာတော်တို့ထံ၌ အခြေခံ စာပေမှစ၍ ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုးကုန်အောင် ဆရာနည်းကျ သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် ၁၃၀၉ ခုနှစ်မှစ၍ ပခုက္ကူမြို့ သာသနဝိလာရာမ ကျောင်းတိုက်၌ စာချဆရာတော် အဖြစ်ဖြင့် နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း စာဝါများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို ပို့ချ ပေး ခဲ့သည်။ ထို့ပြင် သီတင်းသုံးရာ ထားဝယ်မြို့၊ ရွှေဘုန်းပွင့် ကျောင်းတိုက်၌ ယနေ့ထိ စာပေများ ပို့ချပေးလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မော်ဘီမြို့၊ ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၌ တနင်္သာရီတိုင်း သံဃာ့ ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်သည်မှ ယနေ့တိုင်အောင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ် အဖြစ်လည်းကောင်း သာသနာရေး တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဒ္ဓိပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒသည် ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ ပြည်မြို့

### ပွင့်လှသိမ်ကုန်းကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ

(သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသကို ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာတွင် ခမည်းတော် ဦးဒေါင်းဦး၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် ပထမဦးဆုံး သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်း တော် မယ်တော်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညိန္ဒ ဖြစ်သည်။

၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာ ဆရာဘုန်းတော်ကြီးထံ၌ ပရိတ်ကြီးအတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရစသည့် အခြေခံစာများကိုလည်းကောင်း၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ဘဒ္ဒန္တတိက္ခဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ မန္တလေးကျောင်းတိုက်ဆရာတော် ဦးပခန်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဦးပဒုမ စသော ဆရာတော်ကြီး များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော် လောင်းလျာသည် အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူပြီးနောက် ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို အပြီးသတ်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချပေးတော်မူခြင်း

ဆရာတော်သည် သဒ္ဒါ၊ သင်္ဂြိုဟ် စသောအခြေခံကျမ်းစာများနှင့် ဝိနည်းငယ် လေးစောင်၊ ကင်္ခါအဋ္ဌကထာ ဝိနည်း ငါးကျမ်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ကြားပို့ချလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ပါဠိ ဘာဏက၊ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရ စာပြန်ပွဲများ၌ သြဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း၊ ပြည်မြို့နယ်၊ မြို့နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်း ဓိုရ် အဖြစ်လည်းကောင်း၊ ပြည်မြို့၊ ရွှေဆံတော်ဘုရား၊ ဆယ်ထပ်ကြီးဘုရားနှင့် ပရိယတ္တိဓမ္မာ နုဂ္ဂဟ အသင်းကြီးတို့၏ သြဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဂုဏ်တော်စာမေးပွဲ၌ ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ ချင်းရဲ

ကျွန်းရွာ ကျောင်းနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မာလင်္ကာရ ကျောင်းတိုက်တို့ကို တည်ထောင်၍ လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဒ္ဓိပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသသည် ၁၂၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

## ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ကျောင်းတိုက်

# ဆရာတော် ဘဒ္ဒန္တ ဉာဏိက

(သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဉာဏိကကို ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်တွင် ခမည်းတော် ဦးဘိုးချမ်း၊ မယ်တော် ဒေါ်ရွှေသွယ်တို့က သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုန်လဆန်း (၃) ရက် အင်္ဂါနေ့၌ ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တွင် တတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့် ဖြစ်သည်။

## ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် (၈) နှစ်သားအရွယ်တွင် အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး အရှင်သူရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ဉာဏိက ဖြစ်သည်။

၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ စံကျောင်းဆရာတော်ဘုရားကြီး ဦးမေဓာကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့၊ မြေပိုင်ရှင် စက်သူဌေးကြီး ဦးရွှေဖေ၊ ဒေါ်စိန်တင်၊ သားပါလီမန်အတွင်းဝန်ဟောင်း ဦးမောင်မောင်၊ ဒေါ်ကြည်ယုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် အသက် ခုနစ် နှစ်အရွယ် ကျောင်းသားဘဝတွင် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး စသော အခြေခံစာပေများကိုလည်းကောင်း၊ သာမဏေဘဝတွင် သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပရိယတ်အခြေခံများကိုလည်းကောင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဘုန်းတော်ကြီး၊ စာချဘုန်းတော်ကြီး ဦးကာရုဏတို့ထံတွင် သင်ယူခဲ့သည်။

ရဟန်းဘဝတွင် တောင်မြို့၊ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ဦးဝိမလ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မင်္ဂလာတိုက်သစ်ဆရာတော် ဦးဓမ္မသာမိနှင့် ဦးဥက္ကံသတို့ထံတွင် လည်းကောင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ပထမကျော် ဆရာတော် ဦးဝါယမ၊ သပြေပင်တောရ ဆရာတော် ဦးကေဝလတို့ထံတွင် လည်းကောင်း၊ ပခုက္ကူမြို့၊ ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ) စသော စာချဆရာတော်တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ အဘာယရာမ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အရှင်ဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ) ရွှေရေးဆောင် ဆရာတော်ဦးပဏ္ဍဝ၊ ဦးအာစာရ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ညောင်ကန်ဆရာတော် ဦးဣန္ဒတို့ထံတွင်လည်းကောင်း ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ကြားဆည်းပူးခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ဆရာတော်သည် ရှင်သာမဏေဘဝဖြင့်ပင် အစိုးရ ပထမငယ်၊ ပထမလတ်တို့ကို အောင်မြင်တော်မူခဲ့ပြီး ရဟန်း

(၁)ဝါအရတွင် အစိုးရပထမကြီးတန်းကို မြန်မာ တစ်နိုင်ငံလုံး (၁) နံပါတ်ဂဏန်းဖြင့် အောင်မြင်တော်မူခဲ့သည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းဝါ(၁၀)ဝါအရမှစ၍ ယနေ့ထိအောင် အုတ်တွင်းမြို့၊ ကန်ကလေး တောရကျောင်းတိုက်တွင် ငယ် ၊ လတ်၊ ကြီး ဓမ္မာစရိယစာဝါများကို သင်ကြားပို့ချပေးလျက် ရှိသည်။

## သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ ၁၃၁၈ ခု၊ ပဲခူးမြို့ နဝမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယဗဟိုဌာနဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ်၊ စစ်ကိုင်းမြို့၊ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကြီး၌ ရတ္တညူမဟာနာယကအဖြစ်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့၊ မိုးကောင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ အဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုးသော သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူလျက် ရှိသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏိကသည် ၁၃၅၆(၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### မကွေးတိုင်း၊ မင်းလှမြို့၊ ရတနာကံကျောင်း

# ဆရာတော် ဘဒ္ဒန္တ သုဇာတ

(သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၁ ဝါ)

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ သုဇာတကို မကွေးတိုင်း၊ မင်းလှမြို့နယ်၊ ရွာတော်ရွာ၌ ခမည်းတော် ဦးထွန်းအေး၊ မယ်တော် ဒေါ်လှရင်တို့က ၁၂၇၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊ သောကြာနေ့နံနက် ၆ နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်း ကိုးယောက်အနက် ဒုတိယမြောက်သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်သာထွန်း ဖြစ်သည်။

## ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့နံနက် ၉ နာရီတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုဇာတ ဖြစ်သည်။

၁၂၉၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့တွင် မင်းလှမြို့၊ အမှတ် (၂) ရပ်ကွက် ဒေါ်သစ်၊ ဒေါ်အေးရှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မင်းလှမြို့၊ ရွှေယင်းမာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့၊ ရွှေဘုန်းသာခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ကျောင်းသားဘဝတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်ကို သင်ယူပြီး ရှင်သာမဏေဘဝတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဦးဂန္ဓမာနှင့် မင်္ဂလာရန်အောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမတို့ ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်စသော ပိဋကတ်အခြေခံပညာများကို သင်ယူခဲ့သည်။

ရဟန်းဘဝတွင် မင်းလှမြို့ ရတနာကက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနှင့် မန္တလေးမြို့၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ သူရိယ (အဘိဓဇ မဟာရဋ္ဌဂုရု)စ သော ထင်ရှားကျော်ကြားသည့် ဆရာတော်များထံတွင် သုတ် သုံးကျမ်း၊ ဝိနည်းငါးကျမ်း စသော ပိဋကတ်ကျမ်းစာ များကို သင်ရိုးပေါက်မြောက်အောင် သင်ယူခဲ့သည်။

## စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ရတနာကက်ကျောင်း ပရိယတ္တိစာသင်တိုက်ကို ၁၃၄၄ ခုနှစ်တွင် စတင်တည်ထောင်ပြီး စာသင်သားသံဃာတော်များလက်ခံ၍ သဒ္ဒါ၊သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်ကျမ်းကြီးများကို နေ့ဝါ၊ ညဝါ အမျိုးမျိုး စုံလင်စွာ သင်ကြားပို့ချတော်မူခဲ့သည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ဝိနယာဓိက စာမေးပွဲကျင်းပရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သာသနာပြု တရားဟော ဓမ္မကထိကအဖြစ် လည်းကောင်း၊ နှစ်စဉ် ဝါတွင်း (၃) လပတ်လုံး ဥပုသ်သီတင်းပတ်များတွင် အဘိဓမ္မာတရားပွဲများ ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ သရက်အခြေခံဒေသ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယက အဖွဲ့ ဖွဲ့စည်းရွေးချယ်ရာတွင် နာယကဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆောက၊ ဂန္ထဝုရာဝဟ၊ ပရိယတ္တိ ဝိသာရဒ၊ လင္ကီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တ သုဇာတ"သည် ၁၃၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

(ဦးအုန်းလွင်)



**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၅)။** ။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု အကျင့်ဆိုးသည် ကမ္ဘာအနှံ့ပြန့်ပွားလျက်ရှိရာ မျက်မှောက်ကာလတွင် နိုင်ငံအသီးသီးက စိုးရိမ်ပူပန်ရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်း စိုက်ပျိုးမှု အလေ့အထတစ်စတစ်စ ချုပ်ငြိမ်းရေး" ဟူသော အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာနှစ်ရပ် ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက် လျက် ရှိသည်။ ၁၉၉၅ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။

## လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း ၄၊ ပုဒ်မ ၇ နှင့် ၈ အရ ဖွဲ့စည်းထားသော တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့၊ တားဆီးနှိမ်နင်းရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေး အဖွဲ့၊ ဆေးမြီးရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့များနှင့် ဒေသ ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းကို မတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်သည်။



မီးရှို့ဖျက်ဆီးရမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို နိုင်ငံခြားသံရုံးများမှ သံတမန်များ စစ်ဆေးကြည့်ရှုစဉ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၉၅ ဖြင့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ယင်းနည်းဥပဒေတွင် အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၆၅ ခု ပါရှိသည်။

## ကုလသမဂ္ဂ – မြန်မာ ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းခွဲနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မြန်မာ – တရုတ် နယ်စပ် ဒေသ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးစီမံကိန်းခွဲနှင့် "ဝ"ဒေသ ဝမ်ဟိုတောင်း ကျေးရွာအုပ်စု လူမှု– စီးပွား ဘက်စုံ ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်းခွဲတို့ကို ၁၉၉၅ ခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂနိုင်ငံ တကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း ၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု အမြန်စိစစ်အကဲဖြတ်ရေး စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ မှ ၁၉၉၅ ခုနှစ်၊ မတ်လအထိ ဆောင်ရွက်ခဲ့ရာ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၃၁,၆၄၀ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ လစာထည့်ဝင်သည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ဒုတိယအကြိမ်မြောက် ဓာတုဗေဒဆေးဝါးထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့ နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျွမ်းကျင်သူများ၊ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ Ms. Sue Bromley ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံး ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်သုံးဦး ပါဝင်သော မြန်မာ – အမေရိကန် ပူးပေါင်းဘိန်းထွက်နှုန်း တိုင်းတာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်ကျေးရွာနှင့် မိုင်းတို့ကျေးရွာအနီးသို့လည်းကောင်း၊ ၂၁ ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအနီးသို့လည်းကောင်း၊ ၂၂ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းအင်နယ်မြေသို့လည်းကောင်း၊ ၂၃ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မန်ခိုပြင်းကျေးရွာနှင့် မန်ထန်ကျေးရွာအနီးသို့လည်းကောင်း၊ ၂၄ ရက်နေ့တွင် ဟိုပန်မြို့နယ်၊ ပန်လုံဒေသနှင့် ကွန်လုံမြို့နယ်၊ တာရွှေထန်ကျေးရွာအနီးရှိ ပေ ၇,၀၀၀ ကျော်မြင့်သော လွယ်ပင်းရဲတောင်ထိပ်သို့လည်းကောင်း သွားရောက်ပြီး ရှမ်းပြည်နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဒုတိယအကြိမ် ဘိန်းထွက်နှုန်း တိုင်းတာရေး စီမံကိန်းအတွက် ဘိန်းပင်နမူနာ ရယူခြင်း၊ ဘိန်းခင်းများတိုင်းတာခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ မြေဆီလွှာနမူနာများ ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်မန်ကမ်းတို့သည် မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို မတ်လ ၁၁ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးသည်။

ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးလက်တွေ့တားဆီးနှိမ်နင်းရေး အစည်းအဝေးကို မတ်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အရာရှိ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ၊ အေပီတီဗွီ၊ တိုင်းမ် မဂ္ဂဇင်း၊ အင်န်အိပ်ချ်ကေ သတင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ် အနောက်ခြမ်းသို့ သွားရောက်ပြီး တပ်မတော်က သိမ်းပိုက် ရရှိခဲ့သော ဘိန်းစားပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်စခန်း နှင့် အခိုင်အမာအခြေပြုရာစခန်းများ၊ လက်နက်ခဲယမ်း ပစ္စည်းများကို လေ့လာသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ နှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့သည် မေလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် များသို့ သွားရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းခွဲ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ ပူးတွဲလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဆဋ္ဌမအကြိမ်အစည်းအဝေးကို မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့

တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မေလ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းမြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကချင်ဒေသအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကချင်အထူးဒေသ ၂ မှ တိုင်းရင်းသား ခေါင်းဆောင် များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်မဟာ ဗျူဟာလေ့လာရေးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးနှင့် ဂျပန် နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ကိစ္စများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးဌာန၊ နိုင်ငံခြား ရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက် ရောက်သည်။

၁၈ ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်း အဝေးကို ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်း နိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်သည်။

ရှမ်းပြည်နယ် "ဝ"ဒေသ တောင်ပိုင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ် စီမံကိန်းမူကြမ်း ရေးဆွဲထားရှိမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရုံး၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများ နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

အကြိမ် ၂၀ မြောက် အာရှနှင့်ပစိဖိတ်ဒေသရှိနိုင်ငံများ မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် များ အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ခြောက်ကြိမ်မြောက် မြန်မာ– ထိုင်း – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေးကို စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သောအဖွဲ့၊ မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်

ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့၊ ဧပြီလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ယူဂိုဆလားဗီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ဌာနေကိုယ်စားလှယ်ခေါင်းဆောင်သော အဖွဲ့တို့အား အသီးသီးတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးသည်လည်း မတ်လ ၂၈ ရက်နေ့ တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အုပ်ချုပ်ရေးမှူး နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူး တို့အား တွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကိစ္စများ ဆွေးနွေးသည်။ ထို့အတူ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးသည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော အဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက် အတွင်းရေးမှူးခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်မှ ပုဂ္ဂိုလ်များစသည့် မူးယစ် ဆေးဝါး တားဆီးကာကွယ်ရေးတွင် တာဝန်ရှိသော ပြည်ပ ပုဂ္ဂိုလ်များနှင့်အသီးသီး လက်ခံတွေ့ဆုံ၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

### ဘိန်းခင်းများ ဖျက်ဆီးခြင်း

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် တရားမဝင်စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ရှာဖွေဖျက်ဆီးခြင်းဖြင့် ဘိန်းထွက်ရှိမှုကို တားဆီးနိုင်ခဲ့သည်။

၁၉၉၄ – ၉၅ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်တွင် ဘိန်းခင်း တစ်ဧက၊ တနိုင်းမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၆၀ ဧက၊ ဝိုင်းမော် မြို့နယ်တွင် ဘိန်းခင်း ၀ ဒသမ ၅၀ ဧက၊ ချင်းပြည်နယ်တွင် ဘိန်းခင်း ၉ ဒသမ ၉၈ ဧက၊ ရှမ်းပြည်နယ်၊ ပင်လောင်း မြို့နယ်တွင် ဘိန်းခင်း ၃,၉၆၀ ဒသမ ၆၇ ဧက၊ ဖယ်ခုံ မြို့နယ်တွင် ဘိန်းခင်း ၂,၃၅၄ ဒသမ ၈၀ ဧက၊ မိုင်းကိုင် မြို့နယ်တွင် ဘိန်းခင်း ၅၅၂ ဧက၊ လဲချားမြို့နယ်တွင် ဘိန်းခင်း ၅၄၅ ဧက၊ ကွန်ဟိန်းမြို့နယ်တွင် ဘိန်းခင်း ၃၁၃ ဒသမ ၅၀ ဧက၊ ကွတ်ခိုင်မြို့နယ်တွင် ဘိန်းခင်း ၃၁၂ ဒသမ ၅၀ ဧက၊ မိုင်းပန်မြို့နယ်တွင် ဘိန်းခင်း ၂၇ ဧက၊ နမ့်ခမ်းမြို့နယ်တွင် ဘိန်းခင်း ၂၇ ဒသမ ၂၅ ဧက၊ ကျိုင်းတုံမြို့နယ်တွင် ဘိန်းခင်း ၂၁ ဧက၊ သီပေါမြို့နယ်တွင် ဘိန်းခင်း ၁၀ ဒသမ ၇၀ ဧက၊ ဆီဆိုင်မြို့နယ်တွင် ဘိန်းခင်း ခုနစ်ဧက၊ မိုင်းရယ်မြို့နယ်တွင် ဘိန်းခင်း ၂ ဒသမ ၅၀ ဧက၊ လားရှိုးမြို့နယ်တွင် ဘိန်းခင်း ၁၈ ဒသမ ၅၀ ဧက၊ သိန္နီမြို့နယ်တွင် ဘိန်းခင်း ၁၁ ဧက စုစုပေါင်း ဘိန်းခင်း ၈,၁၇၉ ဒသမ ၅၀ ဧက ဖျက်ဆီးခဲ့ခြင်းကြောင့် ဘိန်းထွက်ရှိမှုတန်ချိန် ၃၅ ဒသမ ၉ တန် တားဆီးနိုင် ခဲ့သည်။

### တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှု လုပ်ငန်းများကို အရေးကြီးသောကဏ္ဍမှ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူသားများ၏အန္တရာယ် ဘိန်းဖြူများကို ရောင်းဝယ်သယ်ယူပို့ဆောင်နေသော ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်က အသက် သွေး ချွေး စတေး၍ နှိမ်နင်းတိုက်ဖျက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်အနောက်ခြမ်းရှိ နောင်ကန်၊ ကျဖီး၊ လွယ်ဟန်ကောင်းမူ၊ ဟုတ်ပူ၊ ဘာကျန်၊ မိုင်းထလန်၊ မိုင်းတွယ်၊ ဖတ္တုမိန်း ဒေသအတွင်း ဘိန်း တား ပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်လုပ်ရာစခန်းနှင့် အခိုင် အမာ အခြေပြုရာစခန်းများကို မတ်လ ၁၁ ရက်နေ့မှ မေလ ၅ ရက်နေ့အထိ တပ်မတော်က စစ်ဆင်ရေးပြုလုပ်ခဲ့ရာ တိုက်ပွဲကြီး– ငယ် ၆၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဘိန်းတားပြ ခွန်ဆာ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင် အလောင်း ၂၃၇ လောင်း၊

လက်နက်ကြီး၊ ငယ် မျိုးစုံ ၂၈ လက်၊ ဘိန်းဖြူချက်လုပ်ရာ စခန်း သုံးခုအပါအဝင် စခန်းကြီး၊ ငယ် ၄၅ ခုကို သိမ်းပိုက်ရရှိသည်။ ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းတိုက်ဖျက်ရေးအတွက် တပ်မတော်မှ အရာရှိတစ်ဦး အပါအဝင် စစ်သည် ၇၆ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ ခုနစ်ဦး အပါအဝင် စစ်သည် ၁၇၈ ဦး ဒဏ်ရာရရှိသည်။ တပ်မတော်က ဘိန်းစားပြ ခွန်ဆာအဖွဲ့ကို နှိမ်နင်းတိုက်ဖျက်မှုကြောင့် ကမ္ဘာ့လူသားများ၏ အန္တရာယ် ဘိန်းဖြူ သုံးပုံနှစ်ပုံခန့် လျော့နည်းသွားသည်။

### မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့က ကြီးမှူးပြုလုပ်သော ချင်းပြည်နယ်အတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပထမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို တီးတိန်မြို့ ခွာဒိုခန်းမ၌ မတ်လ ၁၅ ရက် နေ့တွင် ကျင်းပခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဘိန်းဖြူ ဝ ဒသမ ဝဝ၂၉ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလို၊ ၁၂၅ မီလီ လစ်တာဝင် ဖင်ဆီဒိုင်းဆေးရည် ၅,၅၁၈ ပုလင်း၊ ဆေးရည်ပမာဏ ၆ဝ၉ ဒသမ ၇၅ လစ်တာတို့ကို ဖျက်ဆီးခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့်အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲရိပ်သာ၌ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆီဒိုင်း ဆေးရည်နှင့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ကိုဒင်းအာနိသင် ပါသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်း အကြီးအသေး စုစုပေါင်း ၂၉,၂၄၄ ပုလင်း၊ ဆေးရည်ပမာဏ ၃,၈၁၉ ဒသမ ၄၁၄ လစ်တာကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ဖျက်ဆီးသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၁ ကို လည်းကောင်း၊ အီတလီနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၂ ကိုလည်းကောင်း၊ မလေးရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၃ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၄ ကို လည်းကောင်း အသီးသီးနှိပ်၍ ဘိန်းဖြူ ၁၄၃ ဒသမ ၉၄၄ ကီလို၊ ဘိန်း ၁,၄၅၅ ဒသမ ဝ၂၁ ကီလို၊ ဘိန်းဆီ ၁ဒသမ ၆၆၃ ကီလို၊ ဘိန်းရည် ဝ ဒသမ ၈၅၉ ကီလို၊ ဆေးခြောက် ၃၁၂ ဒသမ ၂၂၈ ကီလိုတို့ကို မီးရှို့ ဖျက်ဆီး ခဲ့သည်။


၁၉၉ဝ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ကိုးကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၄၅၄ ဒသမ ၅၈၆ ကီလို၊ ဘိန်း ၉,၉၇၅ ဒသမ ၃၇၅ ကီလို၊ ဘိန်းဆီ ၆၉ ဒသမ ၉ဝဝ ကီလို၊ ဘိန်းရည် ၁၁၇ ဒသမ ဝ၁ဝ ကီလို၊ ဘိန်းညို ၆၃ ဒသမ ၄၃၅ ကီလို၊ ဆေးခြောက် ၃,၈၈၄ ဒသမ ၆၄၃ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၂၃,၂၅၂ ဒသမ ၃၄၇ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ အခြားမူးယစ်ဆေးဝါးနှင့် ဆေးရည်များကို ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

(ဦးစိုးအောင်)

**မောင်မောင်ခ၊ ဦး (ခရစ် ၁၉၂ဝ – ၁၉၉၅)။** ။ အငြိမ်းစားဗိုလ်မှူးကြီးနှင့် အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခကို အဖ ဦးချစ်ဖေ၊ အမိ ဒေါ်ခင်တင့်တို့က ၁၉၂ဝ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ မွေးချင်းညီအစ်ကိုနှစ်ဦးအနက် အငယ်ဖြစ်သည်။

ငယ်စဉ်တစ်နှစ်သားတွင် ဖခင်ကွယ်လွန်သွားပြီး မိခင်မှာလည်း နောက်အိမ်ထောင်ပြုသွား၍ အဒေါ် အဖျိုကြီးများနှင့်အတူ ကြီးပြင်းသည်အထိ နေထိုင်ရသည်။ ၁၉၂၉ ခုနှစ် အသက်ကိုးနှစ်ရောက်မှ မူလတန်းပညာကို စတင်သင်ယူသည်။ ကျောင်းတွင် ပညာထူးချွန်သောကြောင့် ဆရာ ဆရာမများက အတန်းကျော်၍တင်ပေးခြင်း ခံရသည်။ ၁၉၃၆ ခုနှစ် အသက် ၁၆ နှစ်တွင် ၁ဝ တန်း စာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်

## မောင်မောင်ခ၊ ဦး



ဦးမောင်မောင်ခ

သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ် နေကျောင်းသားအသင်းနှင့် စက်မှုသိပ္ပံကျောင်းသား အသင်းများတွင် အသင်းဝင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဘီအက်စ်စီ (အင်ဂျင်နီယာ)နောက်ဆုံးနှစ်တွင် ဘွဲ့မယူဘဲ တက္ကသိုလ်မှ နုတ်ထွက်ပြီး တော်လှန်ရေးတွင် ပါဝင် ဆင်နွှဲသည်။

ဦးမောင်မောင်ခသည် ၁၉၄၄ ခုနှစ်တွင် မြန်မာ့တပ်မတော်သို့ဝင်ရောက်အမှုထမ်းပြီး မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်း တက်ရောက် သည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်သင်တန်းဆင်းပြီး လေယာဉ်ပစ်အမြောက်ကြီးတပ် တွင် တပ်စုမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်း (၁) တပ်ရင်း (၁၀၆) ၌ တပ်စုမှူးအဖြစ် တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် တော်လှန်ရေးပြီးဆုံးပြီးသည့်အခါ စစ်ပြန်ဘဝဖြင့် ရေအလုပ်များလုပ်ကိုင်ကာ ဘဝကို ရုန်းကန်သည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နေ့တွင် တပ်မတော်သို့ တစ်ဖန်ပြန်လည်ဝင်ရောက် သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဗိုလ်သင်တန်းပြန်လည်တက်ရောက်သည်။ ဗိုလ်သင်တန်းဆင်းပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်လျှပ်စစ်နှင့် စက်မှုတပ်ဖွဲ့၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့များတွင် ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိလည်းကောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီး အဆင့်အထိလည်းကောင်း တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် ၁၉၆၂ ခုနှစ်မှစ၍ စက်မှုဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်၊ အတွင်းဝန်နှင့် ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်သည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အလုပ်သမားရေးရာဌာနကြီးတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် အလုပ်အမှုဆောင် ကော်မတီဝင်နှင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်း ခံရသည်။ ပထမအကြိမ်ပါတီညီလာခံတွင် အရန်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်ရွေးချယ်ခြင်းခံရပြီး စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ်ပါတီညီလာခံတွင်အရန်ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင်အဖြစ် ထပ်မံရွေးချယ်ခြင်းခံ ရသည်။ ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင်လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ တတိယအကြိမ် ပါတီ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်လည်းကောင်း၊ ပထမအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံတွင် ဗဟိုအလုပ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခြင်း ခံရသည်။ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် စတင် ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးမောင်မောင်ခသည် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် နေ့အထိ မန်ချက်စတာစက်မှုတက္ကသိုလ်တွင် ပညာ သင်ယူ သည်။ နိုင်ငံတော်တာဝန် ထမ်းဆောင်နေစဉ် အတွင်း ၁၉၅၇ ခုနှစ်တွင် ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများသို့ လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အရှေ့ဥရောပနှင့် အနောက်ဥရောပနိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် တရုတ်

ပြည်သူ့သမ္မတ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယား၊ ဂျာမနီ၊ အီတလီနှင့်ပြင်သစ်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံများသို့ လည်း ကောင်း၊ ၁၉၆၄ ခုနှစ်တွင် ရူမေးနီးယား၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ရူမေနီးယား၊ ချက်ကိုစလိုဗားကီးယားနှင့် ဩစတြီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် အနောက်ဂျာမနီနှင့် အင်္ဂလန်နိုင်ငံများသို့ လည်း ကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်၊ ပြင်သစ်နှင့် အိန္ဒိယ နိုင်ငံများသို့လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အနောက် ဂျာမနီ၊ အီတလီ၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူ နိုင်ငံများသို့လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်း၊ ပြင်သစ်နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံ များသို့ လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် စင်ကာပူ၊ အင်္ဂလန်နှင့် ဘူဂေးရီးယား နိုင်ငံများသို့ လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

ဦးမောင်မောင်ခသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)ကိုလည်းကောင်း၊ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် ဇေယျကျော်ထင် စစ်မှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ကို လည်းကောင်း ရရှိသည်။

ဦးမောင်မောင်ခသည် ဦးရွှေ၊ ဒေါ်မြတင်တို့၏သမီး ဒေါ်ခင်ခင်လေးနှင့်လက်ထပ်ခဲ့ရာ သားတစ်ဦးနှင့် သမီးတစ်ဦးထွန်းကားသည်။ သားဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ် တစ်အား ပါဝင်ခဲ့ပြီး နိုင်ငံ့တာဝန်များကို ကြိုးပမ်း ဆောင် ရွက်ခဲ့သော အငြိမ်းစား ဗိုလ်မှူးကြီးနှင့် အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ် လွန် သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်လေး၊ သမီးတစ်ဦး၊ မွေးစားသမီးတစ်ဦးနှင့် မြေးနှစ်ဦး ကျန်ရစ်သည်။

**မြန်မာနိုင်ငံ စာပေဆုများ။** ။ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ အမှုဆောင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ စာပေပညာရှင်ကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား ဆုများပေးအပ်ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန် စာမူဆုရ ပုဂ္ဂိုလ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးမူ ကိုးချက်၊ အမျိုးသားစာပေဆုစည်းကမ်းချက်များနှင့်အညီ ၁၉၉၄ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၈၉၈ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၄ မျိုးအလိုက် အမျိုးသားစာပေဆုချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊

သုတပဒေသာ (အသုံးချသိပ္ပံ ) စုစုပေါင်း ဘာသာရပ် ၁၀ မျိုးအတွက် အမျိုးသားစာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ လူငယ်စာပေ ၊ ဘာသာပြန် (သုတ) ၊ နိုင်ငံရေးစာပေ စုစုပေါင်း ဘာသာရပ် လေးမျိုးအတွက် အမျိုးသားစာပေဆုများ ရွေးချယ်ခြင်းမခံရပေ။ အမျိုးသားစာပေဆုရရှိသောပုဂ္ဂိုလ်များအား ဆုတစ်ဆုလျှင် ငွေကျပ် ၅၀,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးမူ ကိုးချက်၊ စာမူဆုစည်းကမ်းများနှင့်အညီ ၁၉၉၄ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၁၁ စောင်ကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသောဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ ကဗျာပေါင်းချုပ် စုစုပေါင်းဘာသာရပ် ၁၀ မျိုးအတွက် ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ရှစ်ဆု၊ တတိယဆု ငါးဆု စုစုပေါင်း ဆု ၂၀ အရွေးချယ်ခံရသည်။ နိုင်ငံရေးစာပေဘာသာရပ်အတွက် ပြိုင်ပွဲဝင်စာမူမရှိဘဲ ပြဇာတ်စာပေဘာသာရပ်တွင် ပြိုင်ပွဲဝင်စာမူတင်သွင်းသော်လည်း စာမူဆု ရွေးချယ်ခြင်းမခံရပေ။ စာပေဗိမာန်စာမူဆု ရရှိသော ပုဂ္ဂိုလ်များအား ပထမဆု ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ် ၂၀,၀၀၀ ၊ တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

နိုင်ငံတော်က စာပေဆု၊ စာမူဆုများ ချီးမြှင့်ရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအစစ် လူ့အနှစ်ဖြစ်သည့် စာပေအမွေအနှစ်ကောင်းများကို လေ့လာပွားများစေရေး၊ အပြုသဘောဆောင်သော လူ့ကောင်းကျိုးပြုသိပ္ပံနှင့် နည်းပညာရပ်များ၏ ဗဟုသုတအဖြာဖြာကို ပြည်သူအများ ဖတ်ရှုခွင့်ရရှိရေး စသည့် မှန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များ ထားရှိပြီး ချီးမြှင့်ခြင်းဖြစ်သည်။ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ရာတွင် စာကောင်းပေမွန်များ ဖန်တီးပြုစုနိုင်သည့် အရည်အသွေးများရှိသော်လည်း ပုံနှိပ်စာဖြစ်ရန် ခဲယဉ်းသူများ၏ စာမူများကို စာမူဆုချီးမြှင့်ပြီး စာအုပ်အဖြစ်ပုံနှိပ်ပေးရန် ချီးမြှင့်ခြင်း ဖြစ်သည်။

## အမျိုးသား စာပေဆုများ (၁၉၉၄)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | ဘဝအိပ်မက် ပန်းအိပ်မက် | မစန္ဒာ |
| ဝတ္ထုတိုပေါင်းချုပ် | ဘာကိုရွေးမလဲ မှာကလေးရယ် နှင့် အခြားဝတ္ထုတိုများ | ဆောင်းဝင်းလတ် |
| ကဗျာပေါင်းချုပ် | တေးမြခွန်းဆက် ကဗျာများ | ဇော်မင်းမင်းဦး |
| စာပဒေသာ | မဟာဂီတ | စစ်ကိုင်း လှရွှေ |
| မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာ ဆိုင်ရာစာပေ | ပန်တျာဂီတ လမ်းညွှန် | သန်လျင် မြဦး |
| ကလေးစာပေ | မြန်မာ့ကလေး သိပ္ပံဝတ္ထု | တက္ကသိုလ် မောင် အောင်ဆွေ |
| ဘာသာပြန် (ရသ) | ဘော့ကျွန် | ရဲမြလွင် |
| သုတပဒေသာ (ဝိဇ္ဇာ) | ဆင်ဝန်ထမ်း လက်စွဲ | စိုင်းစံအိုက် |
| သုတပဒေသာ (ရိုးရိုး သိပ္ပံ) | အားလုံးကျန်းမာ ပြည်သာယာ | ဒေါက်တာ တင်ထွန်းဦး |
| သုတပဒေသာ (အသုံးချသိပ္ပံ) | အခြေခံ စိုက်ပျိုးမွေးမြူရေး ခြံလုပ်ငန်း စီမံခန့်ခွဲမှု ပညာ | အောင်ကျော်ဖြိုး |

## စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ပထမဆု) | ဗေဒါပန်းရဲ့ ရေဆန်လမ်း | စိုးညွန့် (တောင်ကြီး ) |
| ဝတ္ထုရှည် (တတိယဆု ) | စစ်ပွဲကို မုန်းတယ် | သာရဝေါ စိုးကြည် |
| ဝတ္ထုတိုပေါင်း ချုပ်(ဒုတိယဆု) | တောလား ဝတ္ထု တိုများ | ကန့်ဘလူ ခင်မောင်ဆွေ |

### စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | ရွာအပြန် ဝတ္ထုတိုများ | မောင်မြေနီ (တမာတော) |
| စာပဒေသာ (ပထမဆု) | ဇော်ဋီကာ | ဒေါက်တာကျော်စိန် |
| စာပဒေသာ (ဒုတိယဆု) | အညာတရိုးက ဆရာဖိုး၏ဘဝ ဆရာဖိုး၏စာ | တင်မြင့် |
| ဘာသာပြန် (ပထမဆု) | ပွဲတွေ့မှတ်ဉာဏ် ထက်မြက်နည်းများ | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ပထမဆု) | ပန်းလိုမွှေး ပန်းလိုပန် | သန်းအောင် (အညာမြေ ) |
| ကလေးစာပေ (ဒုတိယဆု) | မွန်မြတ်သော နှလုံးသား | မောင်သာမွှေး |
| လူငယ်စာပေ (ဒုတိယဆု) | သီဟနန္ဒ မျိုးဆက်သစ် | မော်ဝန်း ကြည်မြတ် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေ(ဒုတိယဆု) | ကျွပင်းဆရာဖီး၏ ဇာတ်ချင်း စာပေအထွေထွေ | ပန်တျာ အေးလွင် (ဆင်ဖြူကျွန်း) |
| သုတပဒေသာ (ဝိဇ္ဇာ)(ပထမဆု) | သံကြိုးတမန်ကြီး သံခင်းတမန်ခင်း | ဦးအောင်သန့် |
| သုတပဒေသာ (ဝိဇ္ဇာ)(ဒုတိယဆု) | မြန်မာ့ကျွဲ မြန်မာ့နွား | အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်) |
| သုတပဒေသာ (ဝိဇ္ဇာ)(တတိယဆု) | တောင်သား (သို့မဟုတ်) ရေမြေကို အောင်နိုင်သူ | စောကြူမောင် ( ယောမြေ ) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံ) (ပထမဆု) | မြန်မာ့ရိုးရာ ဂဏန်းသင်္ချာ ရှာဖွေဖော်ထုတ်ခြင်း | ရွှေခြံသက်ပိုင် |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံ)(ဒုတိယဆု) | ကမ္ဘာ့စပါးစိုက် ပျိုးမှုအစ မြန်မာ မှသည် ယနေ့ ဆီသို့ | ဒေါက်တာ မောင်သင်း |
| သုတပဒေသာ သိပ္ပံနှင့်အသုံးချ သိပ္ပံ)(တတိယဆု) | ရောဂါမျိုးသယ် ဆောင်သည့် ပိုးမွှားကာကွယ် နှိမ်နင်းရေး လုပ်ငန်း | မောင်မောင် ထွန်း (ဘီအက်စီ၊ ဒီအမ်အေ၊ ဒီအက်စ်) |
| ကဗျာပေါင်းချုပ် (ပထမဆု) | ဒြပ်ရှိအိပ်မက် နှင့် အခြား ကဗျာများ | ကံထွန်းသစ် |
| ကဗျာပေါင်းချုပ် (ဒုတိယဆု) | ဤရတနာ ဤကဗျာ | တင်မောင်အေး (ပခုက္ကူ) |
| ကဗျာပေါင်းချုပ် (တတိယဆု) | မိုးစက်ပွင့် နှင်းဝတ်မှုံ နှင့် ရွှေအိုရောင် ရွက်ဝါနှင့်အခြား ကဗျာများ | အေးကြည်စိန် |

**မြန်မာနိုင်ငံတော်ပြည်ထောင်စု။** ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းမှ စက်တင်ဘာလအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

### ဥပဒေများ ပြဋ္ဌာန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မတ်လ ၂၀ ရက်နေ့တွင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁/၉၅ )၊ မတ်လ ၂၄ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၅ )၊ မတ်လ ၂၉ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/ ၉၅ )၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်း

ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၉၅ )၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/ ၉၅ )၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/ ၉၅ )နှင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/ ၉၅ )တို့ကို ပြဋ္ဌာန်းခဲ့သည်။

**နိုင်ငံခြား ဆက်ဆံရေး**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ ဖိတ်ကြားချက်အရ မတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတို၏ ဖိတ်ကြားချက်အရ ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ရှရီဖူတင်ပါဟာရျာ၊ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့၊ မတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဂနမ်ဂျာ၊ ကာတာစမီတာနှင့်အဖွဲ့၊ မေလ ၈ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျူကျမ်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်နှင့်အဖွဲ့တို့အား အသီးသီး လက်ခံတွေ့ဆုံခဲ့သည်။

**လမ်း–တံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ**

ဂွမြို့နယ်သံတွဲ–ဂွ လမ်းပေါ်ရှိ ကျိန္တလီမြစ်ကူးတံတား ဖွင့်ပွဲကို တံတားသစ်အနီး ယာယီမဏ္ဍပ်၌ ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကျိန္တလီမြစ်ကူးတံတားသည် သံတွဲမြို့မှ ၄၇ မိုင်၊ ဂွမြို့မှ ၃၆ မိုင်ကွာဝေးသည့် ကျိန္တလီမြစ်ကို ဖြတ်ကာ တည်ဆောက်ထားသော တံတားကြီးဖြစ်သည်။ တံတားအမျိုးအစားသည် သံကူအားဖြည့်ကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသည့် ခေတ်မီကွန်ကရစ်ရက်မ အမျိုးအစားဖြစ်ပြီး ပေ ၁၀၀ စီရှည်သော အခန်း ၇ ခန်းပါ ပေ ၇၀၀ ရှည်တံတားကြီးဖြစ်သည်။ ယာဉ်သွားလမ်းသည် ဆကျယ် ၂၄ ပေရှိပြီး တစ်ဘက်တစ်ချက်တွင် သုံးပေ သုံးလက်မစီ ကျယ်ဝန်းသည့် လူသွားလမ်းများပါရှိသဖြင့် စုစုပေါင်းတံတားအကျယ်ပေ ၃၀ နှင့်ခြောက်လက်မရှိသည်။ တံတားကြီးသည် ၃၆ တန်ဝန်တင်ခံနိုင်စွမ်းအားရှိပြီး မျက်နှာချင်းဆိုင်မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်တည်းဖြတ်သန်းနိုင်စွမ်းရှိသော တံတားကြီးဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် အကြီးဆုံး၊ အရှည်ဆုံးနှင့် ခေတ်မီဆောက်လုပ်ရေးနည်းပညာများကို အသုံးပြု တည်ဆောက်ထားသော တံတားကြီးတစ်ခုဖြစ်သည်။ တံတားကြီးတည် ဆောက်ရေး လုပ်ငန်းများကို တစ်နှစ်နှင့် တစ်လအတွင်း အပြီးလုပ်ကိုင် ခဲ့ခြင်းဖြစ်ပြီး တံတားကြီး တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၅၈ ဒသမ ၇ သန်း ကုန်ကျခဲ့သည်။

ဝေဇယန္တာခြောက်လမ်းသွားလမ်းမကြီးဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းနှင့်ဝေဇယန္တာ

လမ်းဆုံ၌ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဝေဇယန္တာလမ်းမကြီးသည် လေးထောင့်ကန်လမ်းမှ တောင်ဥက္ကလာပမြို့နယ်၊ပါရမီလမ်းအထိဆက်သွယ်ထားသော ၁၂,၇၅၀ ပေရှည်သည့်လမ်းဖြစ်သည်။ ဝဲယာ ယာဉ်ကြော သုံးခုစီပါဝင်သည့် ၆၆ ပေကျယ်လမ်းမကြီးဖြစ်ပြီး အကျယ်ခြောက်ပေရှိ ကွန်ကရစ်လူသွားစင်္ကြံနှင့် အကျယ် သုံးပေရှိ အုတ်ရေမြောင်းတို့လည်း ပါဝင်သည်။ ၁၈ ပေ ကျယ် လမ်းလယ်ကျွန်းတည်ဆောက်ထားပြီး ကျွန်းပေါ်တွင် ရေတမာပင်နှင့် မြက်ခင်းများ စိုက်ပျိုးထားသည်။ လမ်းဘေး ဝဲယာတွင် ခေတ်မီ မီးသီးများ တပ်ဆင်ထားသည့် မီးတိုင်များ စိုက်ထူပေးထားသည်။

လောက်ကိုင်မြို့နှင့် မြန်မာနိုင်ငံနယ်စပ် ရန်လုံးကြိုင် ကျေးရွာကို ဆက်သွယ်ထားသော လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်ဖွင့်ပွဲနှင့် ရန်လုံးကြိုင် ကျေးရွာရှိကိုးကျင်းနယ်စပ် တံတားဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်သည် ကျောက်ချောလမ်းဖြစ်ပြီး လမ်းအရှည် ခြောက်မိုင်ခွဲခန့်နှင့် လမ်းအကျယ် ၁၈ ပေရှိသည်။ ကိုးကျင်းနယ်စပ်တံတားသည် ရန်လုံးကြိုင်ကျေးရွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ နန်ဆန်မြို့ကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး အလျား ၇၀ ဒသမ ၈ မီတာ၊ အကျယ် ၁၂ မီတာရှိသော ကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ရခိုင်ပြည်နယ် အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ–ဖားဒူ လမ်းဖွင့်ပွဲကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်မှုအတွက် ငွေကျပ် ၁၉၅ ဒသမ ၆၅ သိန်း ကုန်ကျခဲ့သည်။ လမ်းတွင် တံတား ၁၄၇ ခုရှိပြီး တံတားကြီးခုနစ်ခုကို ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၄ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားငယ်ခုရေ ၁၄၀ ကိုကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည်။

ရန်ကုန်–မန္တလေး ခြောက်လမ်းသွား တိုးချဲ့ခြင်း လုပ်ငန်း ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းဖွင့်ပွဲ၊ ရန်ကုန်–ပဲခူး ခြောက်လမ်းသွား ပဲခူးအပိုင်းလမ်းဖွင့်ပွဲ၊ လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းကူးတံတားဖွင့်ပွဲ၊ ဒရယ်ဘိုချောင်းကူးတံတားဖွင့်ပွဲ၊ ဝါးနက်ကုန်းချောင်းကူး တံတားဖွင့်ပွဲနှင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘေဒတ်တံတားဖွင့်ပွဲတို့ကို မတ်လ ၂၅ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းမကြီးသည် ၁၆ မိုင်နှင့် လေးဖာလုံရှည်လျားပြီး ပဲခူးအပိုင်းလမ်းမကြီးသည် ၁၅ မိုင်နှင့် နှစ်ဖာလုံ ရှည်လျားသည်။ စုစုပေါင်း ၃၁ မိုင်ခြောက်ဖာလုံရှည်လျား သည့်ခြောက်လမ်းသွားလမ်းမကြီးတွင် ပေ ၁၀၀ အထက် တံတားကြီး ငါးခု၊ ပေ ၁၀၀ အောက် တံတားလတ်နှင့် တံတားငယ် ၈၁ ခု စုစုပေါင်း တံတား၈၆ ခုကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားကြီးများသည်သံကူ ကွန်ကရစ်တံတားကြီးများဖြစ်ပြီး ၃၆ တန်အထိ ဝန်ခံ နိုင်အားရှိသည်။ နိုင်ငံတော်က ခြောက်လမ်းသွား လမ်းမကြီး အတွက် ငွေကျပ် ၁,၅၅၅ သန်း၊ တံတားများအတွက် ငွေကျပ် ၂၇၄ ဒသမ ၄၅ သန်း စုစုပေါင်း ငွေကျပ် ၁,၈၂၉ ဒသမ ၄၅ သန်း အကုန်အကျခံတည် ဆောက် ခဲ့ခြင်း ဖြစ်သည်။

တိုက်ကြီးမြို့နယ် ဥတို–ချောင်းသုံးခွ ကားလမ်း ပေါ်ရှိ လှိုင်မြစ်ကူးတံတားဖွင့်ပွဲကို တံတားတည်ရှိရာ ရန်လုံးနိုင် ကျေးရွာယာယီမဏ္ဍပ်၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့ သည်။ လှိုင်မြစ်ကူးတံတားသည်အရှည်ပေ ၇၈၀၊ ဝန်ခံနိုင်အား ၁၃ တန်နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ကိုးလက်မရှိသည်။ တံတားအပေါ်ထည်ကို အမြဲတမ်း ကွန်ကရစ်တံတားအမျိုးအစားအဖြစ် ပြောင်းလဲတည် ဆောက်ရာတွင်လွယ်ကူစေရန် သံကူကွန်ကရစ်တိုင် များဖြင့် အခိုင်အမာပုံထုတ်တည်ဆောက်ထားခြင်း ဖြစ်သည်။ လှိုင်မြစ်ကူးတံတားကို ၁၉၉၃ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း စတင်တည်ဆောက်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ (နှစ် ၅၀ ပြည့်ရွှေရတု တပ်မတော်နေ့)တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတား တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဒသမ ၅၉၃ သန်းကုန်ကျခဲ့သည်။

မန္တလေးတောင်ဆင်းလမ်းသစ်ကို ဧပြီလဆန်းရက် တွင် ဖွင့်လှစ်ခဲ့သည်။ မန္တလေးတောင်ဆင်းလမ်းသစ်သည် အရှည် ၈,၄၃၃ ပေ၊ အကျယ် ၁၂ ပေနှင့်လမ်းပခုံး တစ်ဘက် ခြောက်ပေစီအပါအဝင် စုစုပေါင်း ၂၄ ပေ၊ ကတ္တရာအထူ ကိုးလက်မရှိသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ စ၍ လမ်းသစ်ကို ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းသစ်ဖောက်လုပ် မှုအတွက် ငွေကျပ် ၄၅ သိန်းခန့် ကုန်ကျခဲ့သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ဂန့်ဂေါမြို့နယ် မြစ်သာမြစ်ကူးတံတားဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်ကျွန်းခုံသာ

ကျေးရွာရှိ တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ မြစ်သာ မြစ်ကူးတံတားသည် အထူးစီမံကိန်းဝင် တံတားကြီး ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဂန့်ဂေါမြို့၏ မြောက်ဘက် ၂၃ မိုင်အကွာ ကျွန်းခုံသာကျေးရွာနှင့် ရေရှင်မ ကျေးရွာအကြား မြစ်သာမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားသည် မြစ်သာမြစ်၏အနိမ့်ဆုံးရေမျက်နှာပြင်အထက် ၄၂ ပေ နှင့်ခြောက်လက်မခန့် အမြင့်၌ရှိပြီး အရှည်ပေ ၆၈၀ ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ခွင့်ပြုဝန်ချိန်ရထားအတွက် ၁၂ တန်(ဝင်ရိုး) နှင့်ကားအတွက် ၃၆ တန်ရှိသည်။ အကျယ် ၈၅ ပေ၊ ခန်းဖွင့်ရှစ်ခန်း၊ ရေလယ်တိုင် ခြောက်တိုင်၊ ကုန်းပေါ်တိုင်တစ်တိုင်စုစုပေါင်းသံကူကွန်ကရစ်တံတား တိုင်ပေါင်းခုနစ်တိုင်နှင့် စွန်းခံနှစ်ခုအပေါ်တွင် ကြိုတင် အားဖြည့်ကွန်ကရစ်ရက်မ ၅၆ ချောင်းဖြင့် တံတားကို တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ မေလမှ ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း တံတားကို အပြီးတည်ဆောက် ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၆၀ ခန့် ကုန်ကျခဲ့သည်။

ရေး–ထားဝယ်ရထားလမ်း၊ ထားဝယ်–ရေဖြူ ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ထားဝယ်ဘူတာ၌ မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထားဝယ်–ရေဖြူရထားလမ်း ပိုင်းသစ်သည် အရှည် ၁၀ ဒသမ ၇၂ မိုင်ရှိပြီး ရေး–ထားဝယ် ရထားလမ်းစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထား လမ်းပိုင်းသစ်ဖြစ်သည့်အပြင် တနင်္သာရီတိုင်း၏ ပထမဆုံး ရထားလမ်းလည်း ဖြစ်သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ကလေးမြို့နယ် မဏိပူရမြစ်ကူးတံတား (ကမ္ဘာ့နီတံတား) ဖွင့်ပွဲကို တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့နီတံတားသည် မဏိပူရ(ခေါ်)နန့်ကသည်းမြစ်ကိုဖြတ်သန်းတည်ဆောက် ထားသည့် တံတားဖြစ်ပြီး မော်တော်ကားနှင့် မီးရထား နှစ်မျိုးသုံးနိုင်သော ခေတ်မီတံတားတစ်ခုဖြစ်သည်။ တံတားအရှည် ၅၉၅ ပေ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ၈၅ ပေကျယ် ခန်းဖွင့်ခုနစ်ခန်းနှင့် ရေလယ်တိုင် ခြောက်တိုင်ရှိသည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ၊ သံကူ ကွန်ကရစ်၊ ကျောက်ဖြည့်လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ မှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိတံတားတည်ဆောက် ချိန် ကာလ ကိုးလခန့် ကြာမြင့်ခဲ့သည်။

လှိုင်ကော်–ယာဒို–လိပ်သို–တောင်ငူ ပြည်ထောင်စု လမ်းမကြီးဖွင့်ပွဲကို ဒီမောဆိုမြို့ ပြည်ထောင်စုလမ်းမကြီး၌ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စု လမ်းမကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က လှိုင်ကော်– မိတ္ထီလာ–ရန်ကုန် ၅၁၄ မိုင်သွားခဲ့ရရာမှ ယခု ၃၀၆ မိုင်သာ သွားရသည့်အတွက် ခရီးမိုင် ၂၀၈ မိုင် သက်သာပြီ ဖြစ်သည်။

## ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

သာစည်မြို့နယ် သက်တော်ရေလှောင်တမံဖွင့်ပွဲကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ သက်တော် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံနှစ်ခုရှိသည့်အနက် တမံ (၁)သည် အလျားပေ ၂,၄၀၀၊ အမြင့် ၃၅ ပေနှင့် တမံ (၂)သည် အလျား ၄,၄၆၀ ပေနှင့် အမြင့်ပေ ၆၀ ရှိသည်။ ရေလျှံမြောင်းအကျယ် ပေ ၁၀၀ နှင့် ရေထုတ်ပြွန် အရွယ်အစား ၆ × ၄ ပေဖြစ်သည်။ ရေလှောင် ကန်အတွင်း စီးဆင်းသည့် ရေဆင်းဧရိယာ ၂၅ စတုရန်း မိုင်နှင့် သိုလှောင်နိုင်မည့် ရေပမာဏ ဧက ပေ ၁၀,၀၀၀ ဖြစ်သည်။ သက်တော် ရေလှောင်တမံသည် ဆည်ရေ သောက် ဧရိယာဧက ၂,၅၀၀နှင့် သီးနှံစိုက်ဧရိယာ ဧက ၃,၀၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၄၄ သန်း ကုန်ကျခဲ့သည်။ သက်တော်ရေလှောင်တမံသည် အလယ်ပိုင်းကိုးခရိုင် အထူး စီမံကိန်းဒေသတွင် ပါဝင်သည့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုစေမည့်လုပ်ငန်း တစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ပထမဆုံးဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်သည်။

နတ်မောက်မြို့နယ်နတ်မောက်ရေလှောင်တမံစီမံကိန်း ရေလွှဲဆည်ဖွင့်ပွဲကို နတ်မောက်မြို့နယ်ဘုန်းတော်ပြည် ကျေးရွာအနီးရှိရေလွှဲဆည်ထိပ်၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ နတ်မောက်ရေလှောင်တမံ စီမံကိန်းပင်မရေလှောင်တမံသည် နတ်မောက်မြို့နယ်၊ ဖုန်းကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့် တွင် တည်ရှိပြီး ရေလွှဲဆည်သည် ရေလှောင်တမံ အောက်ဘက် ၁၃ မိုင် ခန့်အကွာ ဘုန်းတော်ပြည်ကျေးရွာအနီးတွင် တည်ရှိသည်။ ရေလွှဲဆည်သည် သံကူကွန်ကရစ် ရေလွှဲဆည်အမျိုးအစား ဖြစ်ပြီး အလျားပေ ၆၀၀၊ အမြင့် ခုနစ်ပေနှင့် သံထုတ် ရေတံခါး ခုနစ်ပေါက်ရှိသည်။ ရေပေးဝေမည့် လက်ဝဲတူး မြောင်းမကြီးသည် ၂၀ ဒသမ ၁ မိုင်နှင့် လက်ယာတူး မြောင်းမကြီးသည် ၁၁ ဒသမ ၂ မိုင်ရှိပြီး လက်တံ မြောင်း

များသည် ၄၇ ဒသမ ၆ မိုင် ရှည်လျားသည်။ ရေလွှဲဆည်ကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့တွင် လုပ်ငန်း များပြီးစီးခဲ့သည်။ ရေလွှဲဆည်တည်ဆောက်ပြီးစီးမှုကြောင့် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၆,၀၀၀ ပေါ်တွင် သီးနှံဧရိယာဧက ၄၃,၂၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ နတ်မောက်ရေလွှဲဆည်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် မကွေးတိုင်းအတွင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဆည်မြောင်းစီမံကိန်းလုပ်ငန်းများအနက် ၁၁ ခုမြောက် စီမံကိန်းလုပ်ငန်းဖြစ်သည်။

လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဖွင့်ပွဲကို လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံ၌မတ်လ ၂၆ ရက်နေ့တွင်ကျင်းပခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံသည် ဖောင်ကြီးကျေးရွာအထက်နှစ်မိုင်ခန့်အကွာ ငမိုးရိပ်ချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁၅,၅၀၀၊ အမြင့် ၇၅ ပေ၊ သိုလှောင်နိုင်မည့် ရေပမာဏဧကပေ ၁၈၀,၀၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ရာတွင် မြေကြီးကျင်း စုစုပေါင်း ၈၇၀,၀၀၀ ခန့်နှင့် ကျောက်ကျင်း ၁၄,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ သီးနှံများအတွက် ရေပေးဝေမည့် တူးမြောင်းအလျားသည် ၂၄၂ မိုင်ရှည်ပြီး မြေကြီးကျင်း စုစုပေါင်း တစ်သန်းနှစ်သိန်း တူးဖော် ဆောင်ရွက် ခဲ့သည်။ ထို့ပြင် တူးမြောင်း အဆောက်အအုံ ၃၀၄ ခုကိုပါ တည်ဆောက်ခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းတစ်ခုလုံး အတွက် ဘိလပ်မြေတန်ချိန် ၁၁,၃၀၀၊ သံချောင်းတန်ချိန် ၂,၄၀၀ နှင့် စက်ယန္တရား ၁၄၂ စီးတို့ကို သုံးစွဲခဲ့သည်။ ငမိုးရိပ် ရေလှောင် တမံတည်ဆောက် ပြီးစီးသွားသဖြင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်မြေဧက ၇၀,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၂၆,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည့်အပြင် ဧရိယာဧက ၃,၀၀၀ ကိုလည်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။ ငမိုးရိပ်ရေလှောင်တမံမှ နေ့စဉ်ရေဂါလန်သန်း ၉၀ ကို ရန်ကုန်မြို့တော် သောက်သုံးရေအတွက် ပေးဝေသွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းစီမံကိန်းများတွင် ငမိုးရိပ်ရေလှောင်တမံသည် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ၁၉၉၂–၉၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်ခဲ့ရာ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေနှင့် နိုင်ငံခြားပညာရှင် လုံးဝမပါရှိဘဲ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၁,၀၅၀ သန်း ကုန်ကျခဲ့သည်။

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံမုခ်ဦးမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်နဝင်းရေလှောင်တမံသည် ပေါက်ခေါင်းမြို့နယ် အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတမံအလျား ၁၆,၆၇၄ ပေ၊ အမြင့် ၁၄၁ ပေ၊ ရေဆင်းဧရိယာ ၂၄၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ ရေဝင်ပမာဏ ဧကပေ ၂၀၁,၀၀၀၊ ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၇,၀၀၀၊ ရေပေး တူးမြောင်းစုစုပေါင်း ၃၃၄ မိုင်၊ ရေပေးအဆောက်အအုံ ပေါင်း ၉၈၀၊ လယ်ကြားမြောင်း ၁,၁၇၈ မိုင်နှင့် လယ်ကြားအဆောက်အအုံပေါင်း ၆,၄၆၀ ရှိသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၃၀၊ အကျယ်ပေ ၂၅၀ နှင့် ရေထုတ်ပြွန်သည် အလျားပေ ၆၉၀၊ အချင်း ၅ ဒသမ ၉ ပေရှိသည်။ ရေလှောင်တမံကို ၁၉၈၅–၈၆ ခု ဘဏ္ဍာရေးနှစ်မှစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ရာတွင် မြေကြီးကျင်းပေါင်း ၂၉ သိန်း၊ ကွန်ကရစ်ကျင်း ၁၂,၀၀၀ နှင့် ကျောက်ကျင်း ၇၄,၀၀၀ သုံးစွဲခဲ့သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ် အတွင်းရှိ လယ်မြေဧရိယာဧက ၆၂,၅၀၀၀ နှင့်သီးနှံ ဧရိယာဧက ၉၈,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံခြားငွေကျပ် ၄၃၈ ဒသမ ၅၃ သန်း၊ ပြည်တွင်းသုံးစွဲငွေကျပ် ၁,၀၃၄ ဒသမ ၁၂ သန်း စုစုပေါင်းငွေကျပ် ၁,၄၇၂ ဒသမ ၆၅ သန်း ကုန် ကျခဲ့သည်။

မိုးမောက်မြို့နယ် တာလီရေလွှဲဆည်ဖွင့်ပွဲကို မေလ ၁၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ တာလီရေလွှဲဆည်သည် အရှည်ပေ ၆,၅၀၀၊ အကျယ် ၁၀ ပေ၊ အနက်ခြောက်ပေရှိပြီး လယ်မြေဧရိယာ ၂,၆၈၀ ဧကကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလွှဲဆည် တည်ဆောက်မှုအတွက် ငွေကျပ် ၆၁ သိန်း ကုန်ကျခဲ့သည်။

တိုက်ကြီးမြို့နယ် တဘူးလှ(ဥက္ကံ)ရေလှောင်တမံဖွင့်ပွဲကို မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တဘူးလှ (ဥက္ကံ) ရေလှောင်တမံသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက်

၂၂ မိုင်အကွာတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျား ၁,၃၀၅ ပေ၊ အမြင့် ၉၅ ပေ၊ ကန်းကြောတမံများအလျားပေ ၁,၃၀၀ ခန့်၊ ရေထုတ်မြွန်အလျား ပေ ၆၀၀၊ ခြောက်ပေလေးပေ ရေတံခါးသုံးခု၊ ရေပိုလွှဲအလျား ၃၁၃ ပေနှင့် အကျယ်ပေ ၂၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်မြေ ဧရိယာဧက ၅၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၀၄,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၈၈၅ သန်းကုန်ကျခဲ့ပြီး ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ် မုန်းချောင်းရေထိန်းတမံဖွင့်ပွဲကို ရေထိန်းတမံ ယာယီမဏ္ဍပ်၌ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မုန်းချောင်းရေထိန်းတမံသည် တပ်ကုန်းမြို့နယ်၊ ကန်ကြီးကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁,၅၃၀၊ အမြင့်ပေ ၄၀၊ ကန်ရေပြည့်ရေလှောင်နိုင်သည့်ပမာဏဧကပေ ၅၀၀ ရှိသည်။ ရေထိန်းတမံ တည်ဆောက်ပြီးစီးသွားသဖြင့် ဆည်ရေသောက်ဧရိယာ ၄,၈၅၀ ဧကနှင့် သီးနှံဧရိယာဧက ၅,၈၀၀ ကို အကျိုးပြုမည် ဖြစ်သည်။ ရေထိန်းတမံ တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၅၀ ကုန်ကျခဲ့သည်။

မုံရွာမြို့နယ်သာစည်ရေလှောင်တမံဖွင့်ပွဲကို ဩဂုတ်လ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သည်။ သာစည်ရေလှောင်တမံသည် မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃,၂၅၀၊ အမြင့် ၇၃ ပေရှိသည်။ ရေပိုလွှဲသည်အလျားပေ ၅၇၀၊ အကျယ်ပေ ၅၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစား ဖြစ် သည်။ ရေထုတ်မြွန်အရွယ်အစားသည် ၆ပေ×၄ ပေ ဖြစ်ပြီး အလျား ၁၈၂ ပေရှိသည်။ ရေလှောင်ကန်အတွင်း ရေဆင်းဧရိယာသည် ၂၆ ဒသမ ၆ စတုရန်းမိုင် ရှိပြီး သိုလှောင် နိုင် သည့် ရေပမာဏသည် ဧကပေ ၆,၆၀၀ ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသဖြင့် လယ်မြေဧရိယာဧက ၁,၅၀၀ နှင့် သီးနှံဧရိယာဧက ၂,၂၅၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ သာစည်ရေလှောင်တမံသည် အလယ်ပိုင်း ကိုးခရိုင်အထူးစီမံကိန်း ဒေသတွင် ပါဝင်သည့်မုံရွာခရိုင်အတွင်း မုံရွာမြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုမည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။

## လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း

ရန်ကုန်မြို့ အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ တည်ဆောက်ခဲ့သောသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သော စက်နှစ်လုံး တပ်ဆင် ထားသည်။ စက်နှစ်လုံး၏ စက်တပ်ဆင်အင်အားသည် ၆၆ မဂ္ဂါဝပ်ရှိသည်။

ရပ်စောက်မြို့နယ် ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်း၏ လျှပ်စစ်ဓာတ်အားပေးစက် သုံးလုံးအနက် ပထမ စက်တစ်လုံး စတင်လည်ပတ်ဖွင့်ပွဲကို ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရပ်စောက်မြို့ မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ဇော်ဂျီချောင်း တပ်မောက်ရေတံခွန်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ စက်တစ်လုံးလျှင် ခြောက် မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် စက်သုံးလုံးတပ်ဆင်ထားပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၈ မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၉၅သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်းကို ၁၉၉၃ ခုနှစ်၊ မတ်လမှစတင်တည်ဆောက်ခဲ့ပြီးစီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်သည် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၉၁ ဒသမ ၉၇၅ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၅၅ ဒသမ ၁၂ သန်း ဖြစ်သည်။ စက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၁၈ မဂ္ဂါဝပ်ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၄၇ မိုင်ဖြင့် တောင်ကြီးမြို့အောင်သပြေဓာတ်အားခွဲရုံသို့ ပို့လွှတ်၍ တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်မြို့များသို့လည်းကောင်း၊ ကလော၊ ပင်းတယ၊ အောင်ပန်းနှင့် ပင်လောင်းမြို့များသို့လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများဖွင့်လှစ်ခြင်း

သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု ရုပ်မြင် သံကြား ထပ်ဆင့်လွှင့်စက်ရုံကို မေလ ၇ ရက်နေ့တွင် လည်းကောင်း၊ ချီဖွေမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၂၄ ရက်နေ့နှင့် ဘော်လခဲမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၉ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့သည်။

### ဘဏ်များ ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ ပြင်သစ်နိုင်ငံ Banque Francaise Du Commerce Exterieur ဘဏ်အား ဇန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ The Bank of Tokyo Ltd ၊ ဗြိတိန်နိုင်ငံ Standard Chartered Bank နှင့် နယ်သာလန်နိုင်ငံ ABN AMRO BANK NV ဘဏ်များအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ Societe Generale အား မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ Bank Dagang National Indonesia အား ဇွန်လ ၁၄ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လိုင်စင် ထုတ်ပေးခဲ့သည်။ ထိုင်းနိုင်ငံမှ ခြောက်ဘဏ်၊ စင်ကာပူနိုင်ငံမှ ငါးဘဏ်၊ ပြင်သစ်နိုင်ငံမှ လေးဘဏ်၊ မလေးရှားနိုင်ငံမှ သုံးဘဏ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန် နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တစ်ဘဏ်စီ စုစုပေါင်း နိုင်ငံခြားဘဏ် ၂၆ ဘဏ်တို့အား ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင် အသီးသီးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးသည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံတွင် တည်ရှိသည်။ စင်ကာပူ ကက်ပဲလ်ဘဏ် လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး စေတီလမ်း ၊ အမှတ် (၁၁/က)၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ မေဘဏ် ကိုယ်စား လှယရုံး ဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၂၆ရှိ အဆောက်အအုံ၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဗြိတိန်နိုင်ငံ စတင်းဒတ်ချာတာဘဏ် ကိုယ်စား လှယ်ရုံး ဖွင့်ပွဲကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အက်ဖ် အမ်အိုင် စင်တာ၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဂလိုဘယ်ကော်မာရှယ် ဘဏ် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် ၃ (ဘီ) ၌ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ခရွမ်ဂ်ထိုင်းဘဏ် ပတ်ဘလစ် ကုမ္ပဏီလီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၄၆ ရှိ ကိုယ်စားလှယ်ရုံး၌ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

### ကုန်စည်ပြပွဲများ

အိန္ဒိယကုန်စည်ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့၏ ပူးပေါင်းအစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လုပ်ငန်းရှင်များအားလည်းကောင်း၊ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်သူလူထုအားလည်းကောင်း ဖွင့်လှစ်ပြသခဲ့သည်။ အိန္ဒိယကုန်စည်ပြပွဲတွင် မော်တော်ကားနှင့် ကားပစ္စည်းများ၊ စက်ဘီးနှင့်အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ အင်ဂျင်နီယာ လုပ်ငန်းသုံး ပစ္စည်းများနှင့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ကိရိယာ၊ စက်ပစ္စည်းနှင့် ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်တွင်းသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းများ ဆေးကုသမှုနှင့် ဆေးရုံသုံး ပစ္စည်းများ၊ သွားဘက်ဆိုင်ရာ ပစ္စည်း များ၊ ရေစုပ်စက်နှင့် မော်တာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ၊ ဆိုးဆေးနှင့် သုတ်ဆေးများ၊ ပလတ်စတစ်၊ ရော်ဘာနှင့် သားရေပစ္စည်းများ၊ ပြင်ဆင်ပြီး အစားအစာများနှင့် အဖျော်ယမကာများ၊ အထည်နှင့် စားသောက် ကုန်ပစ္စည်းများ၊ အလှပြင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် မြန်မာလူထုအတွက် အထူးကိုက်ညီသော ပစ္စည်းများကို ခင်းကျင်း ပြသခဲ့သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်ဟိုက်ရေ့ မျက်နှာစာ၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို မတ်လ ၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့ရာ အစိုးရအဖွဲ့ အစည်း ၁၂ ခုက အရောင်းပြခန်း ၁၆ ခန်း၊ ပြည်တွင်း ပြည်ပဖက်စပ် ၁၃ ခု က အရောင်းပြခန်း ၂၃ ခန်း၊ သမဝါယမအသင်း ၁၉ သင်းက အရောင်းပြခန်း ၂၇ ခန်း၊ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ ၇၆ ခုက အရောင်းပြခန်း ၁၀၅ ခန်းနှင့် ပြည်ပကုမ္ပဏီ ၁၀၀ က အရောင်းပြခန်း ၁၃၄ ခန်း ဖြင့် ပစ္စည်းမျိုးစုံ ခင်းကျင်းပြသရောင်းချခဲ့သည်။

ဒုတိယအကြိမ် မြန်မာအင်တာနေရှင်နယ်ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌

ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုအရ စင်ကာပူသမ္မတနိုင်ငံ Applied Investments (Asia) Pte, Ltd တို့အကျိုးတူပူးပေါင်း၍ စီစဉ်ပြသခြင်းဖြစ်ပြီး ဇွန်လ ၂၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲတွင် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ ချည်မျှင်နှင့် အထည်စက်ပစ္စည်းများ၊ အခြားအိမ်သုံးပစ္စည်းများ၊ ကွန်ပျူတာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

### ဈေးပွဲတော်များ

သမဝါယမဈေးပွဲတော် (ရန်ကုန်) ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သမဝါယမအသင်းများက ဒေသထွက်ကုန်များ၊ ထုတ်ကုန်ပစ္စည်းများ၊ ၁၉၉၅ ထွက်ကုန်သစ်များနှင့် မြန်မာ့ခရီးသွားနှစ်အထိမ်းအမှတ် အမှတ်တရပစ္စည်းများကို လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ပြည်တွင်းထွက်ကုန်ပစ္စည်း များနှင့် သွင်းကုန်ပစ္စည်းများကိုလည်းကောင်း ခင်းကျင်းပြသရောင်းချခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)တွင် လက်ငင်းရောင်းရငွေ ကျပ် ၁၃၇ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်းဖြစ်ပြီး စာချုပ်ရောင်းရငွေ ကျပ် ၂၈၉ ဒသမ ၇၂ သန်း အပါအဝင် စုစုပေါင်းရောင်းရငွေ ကျပ် ၄၂၇ ဒသမ ၂၂ သန်းရှိသည်။

တပို့တွဲပွဲတော် ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာ လမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တပို့တွဲပွဲတော်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ သမဝါယမအသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အရောင်းဆိုင်များနှင့် အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချခဲ့သည်။

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ် ရွှေရတုသဘင် ဈေးပွဲတော်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွှေရတုသဘင်ဈေးပွဲတော်ကို ဧပြီလ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ ဝန်ကြီးဌာနများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော် (ရေ)နှင့် တပ်မတော် (လေ) သက်သာချောင်ချိရေး အရောင်း ဆိုင်များ၊ ဂျီအီးစီနှင့် ဂျီအီးစီ (ပညာရေး) အရောင်းဆိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရောင်း ဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့သည်။

### ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေး

မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက် ရတနာဈေးဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၆၆ ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြန်မာ့ကျောက်မျက် ရတနာပြတိုက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ထားပြီး တတိယထပ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများ၊ သတ္တုနှင့် သယံဇာတပစ္စည်းများကို ပြသထားသည်။ ကျောက်မျက် ရတနာဈေးရှိ ရတနာဆိုင်များတွင် ကျောက်မျက်ရတနာ မျိုးစုံဖြင့် စီခြယ်ထားသော ရွှေ၊ ငွေ လက်ဝတ်ရတနာ ပစ္စည်းများ၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများနှင့် ရတနာပစ္စည်းမျိုးစုံရောင်းချသည်။ ကျောက်မျက်ရတနာဈေးတွင် တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ မည်သူမဆို လွတ်လပ်စွာဝယ်ယူခွင့်ရှိပြီး ရတနာပစ္စည်းများအား အမေရိကန်ဒေါ်လာ၊ နိုင်ငံတော်က တရားဝင် သတ်မှတ်ခွင့်ပြုထားသည့် အခြားနိုင်ငံခြားသုံးငွေ၊ နိုင်ငံခြားငွေလက်မှတ် (FEC) နှင့် မြန်မာ ကျပ်ငွေတို့ဖြင့် ဝယ်ယူနိုင်သည်။ နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်ပသို့ တရားဝင် ထုတ်ယူခွင့်ရှိပြီး မြန်မာကျပ်ငွေဖြင့်ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူ နိုင်သည်။

### ဟိုတယ်များ ဖွင့်လှစ်ခြင်း

ရဝေဟိုတယ်ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ခနစ်မိုင်ပြည်လမ်း၊ အမှတ် ၁၉ ၌ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရဝေဟိုတယ်တွင် နှစ်ယောက်အိပ်ခန်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လေအေးပေးစက်၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဂြိုဟ်တုမှ တိုက်ရိုက်ဖမ်းယူနိုင်သော ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးထားသည်။

အယ်လ်ဖာဟိုတယ်ဖွင့်ပွဲကို ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၄၁ ၌ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

အယ်လ်ဖာဟိုတယ်တွင် အထပ် ၁၀ ထပ်၊ အခန်းပေါင်း ၉၀ ဖွဲ့စည်းထားပြီး အခန်းတိုင်းတွင် နိုင်ငံတကာအဆင့်မီ Satellite T.V. Mini Bar ရေပူရေအေး၊ လေအေးစက်များ တပ်ဆင်ပေးထားသည်။ တည်းခိုခကို အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေတို့ဖြင့် သတ်မှတ်ထားသည်။

ဆမ်းမစ်ပတ်ဗျူးဟိုတယ် ဖွင့်ပွဲကို ရန်ကုန်မြို့ အလုံလမ်း၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆမ်းမစ် ပတ်ဗျူး ဟိုတယ်တွင် အခန်းပေါင်း ၂၅၀ ပါရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်သည်။

ရေပေါ်ဟိုတယ် Central Floating Hotel ပဏာမဖွင့်ပွဲကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း တံတားအမှတ် ၁၊ ၂တွင် ဆိုက်ကပ်ထားသည့် ရေပေါ်ဟိုတယ်၌ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေပေါ်ဟိုတယ်သည် နိုင်ငံတကာ ကြယ်လေးပွင့် အဆင့်အတန်းရှိပြီး အခန်းပေါင်း ၁၃၂ ခန်း ပါဝင်သည်။ ရေပေါ်ဟိုတယ်ကို နိုင်ငံတကာ အဆင့်မီ စီမံထားပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်၊ အပူပေးစက်နှင့်လေအေးပေးစက်များ၊ ခေတ်မီ ရေကြောင်းလမ်းပြ မီးထွန်းစနစ်နှင့် အဆင့်မြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ တပ်ဆင်ထားသည်။ ရေပေါ်ဟိုတယ်အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ဖြစ်သည်။

ဟိုတယ်ချယ်ရီဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွမ်းခြံလမ်း၊ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဟိုတယ်ချယ်ရီတွင် အထပ် သုံးထပ်ရှိပြီး တစ်ယောက်ခန်း ၁၀ ခန်း၊ နှစ်ယောက်ခန်း ၂၂ ခန်း ပါရှိသည်။

ဦးစိုးအောင်


**မြန်မာ့ပို့ဆောင်ရေးလုပ်ငန်းများ။** ။ပို့ဆောင်ရေး လုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုအတွက် အဓိကအရေးပါသော လုပ်ငန်း ကြီး တစ်ရပ်အဖြစ် တည်ရှိ သည်။ ထို့မျှသာမက ကမ္ဘာ့နိုင်ငံသားအချင်းချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး များကို ချောမောစွာ ဆက်သွယ် ဆောင်ရွက် ပေးလျက်ရှိရာ ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာတွင် အရေးကြီးသော ရှေ့တန်း လုပ်ငန်း ကဏ္ဍမှလည်း ပါဝင်လျက် ရှိသည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်း ဟူ၍ရှိရာ ကုန်းကြောင်းလမ်းတွင် ရထားလမ်းနှင့် ကားလမ်း ကြောင်းများ ပါဝင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအပေါ် အားထား ဆောင်ရွက်လျက် ရှိကြသည်။

မြန်မာနိုင်ငံတော်တွင် ယခင်က နိုင်ငံတော် ပို့ဆောင်ရေးကဏ္ဍကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဌာန ဟူ၍ ဆက်သွယ်ရေးလုပ်ငန်းကိုပါ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတက်ရောက်လာသည့် နောက်ပိုင်းတွင် ဆက်သွယ်ရေးကဏ္ဍကိုသီးခြားဝန်ကြီးဌာန တစ်ခုအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှစ်ခုကို ပူးပေါင်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း သီးခြားဖွဲ့စည်းခဲ့သည်။ ထို့ကြောင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအလိုက် လုပ်ငန်း များချမှတ်ပြီး သီးခြားကဏ္ဍခွဲကာ ယခင်ကထက် ပိုမို ကျယ်ပြန့်သည့် လုပ်ငန်းရပ်များကို တိုးချဲ့ပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ကပို့ဆောင်ရေးဝန်ကြီးဌာနသည်ဦးစီးဌာန ခုနစ်ခု၊ စီးပွားရေးအဖွဲ့အစည်း ရှစ်ခုနှင့် သင်တန်းကျောင်း နှစ်ခု စုစုပေါင်းအဖွဲ့အစည်း ၁၇ ခု ဖြင့် လုပ်ငန်း ဆောင် ရွက် ခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ် သီးခြား ကဏ္ဍခွဲ၍ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အချိန်၌ ဦးစီးဌာနလေးခု၊ စီးပွားရေးအဖွဲ့အစည်းငါးခုနှင့် သင်တန်း ကျောင်းအဖြစ် ရေကြောင်းပညာသိပ္ပံ ကျောင်းတစ်ခု တို့ကို ပြန်လည်ဖွဲ့စည်း၍ အရှိန်အဟုန် တိုးမြှင့်ပြီး သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ ကျောင်းနှင့်စီးပွားရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအင်အား၊ ခွင့်ပြုအင်အား၊ ခန့်ထားအင်အားအရ အရာထမ်း ၈၅၃ ဦးနှင့် အမှုထမ်း ၂၁၀၁၁ ဦး စုစုပေါင်း ၂၁၈၆၄ ဦး၏ ဉာဏအား၊ ကာယအားများဖြင့် ၁၉၉၂ ခုနှစ်မှစပြီး ပို့ဆောင်ရေးဝန်ကြီးဌာန စီမံကိန်းလုပ်ငန်းကြီးများ



မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ကုန်သေတ္တာတင်သင်္ဘော

အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီးပွားရေး အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် ရေကြောင်းပညာသိပ္ပံကျောင်းတို့၏ လုပ်ငန်းတာဝန်ပိုင်းနှင့် အဓိကလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မြန်မာ့လေကြောင်း

မြန်မာ့လေကြောင်း၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ လေယာဉ်ခရီးစဉ်များ ပျံသန်း ပို့ဆောင်မှု လုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ချက်များအနေနှင့် ပျံသန်းမှုရပ်ဆိုင်းထားသည့် လေယာဉ်များအား လုပ်ထုံး လုပ်နည်း သတ်မှတ်ချက်နှင့်အညီ ပြန်လည်စစ်ဆေးပြုပြင်မွမ်းမံ ပြင်ဆင်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပုံမှန်အနေအထားသို့ ရောက်ရှိစေရန် တစ်စတစ်စ တိုးချဲ့ပျံသန်းနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခနှုန်းများကို ကျခံနေရသည့် ကုန်ကျစရိတ်နှင့် အချိုးညီစွာ တိုးမြှင့်ပြင်ဆင်သတ်မှတ်ရေး၊ လေယာဉ်စီးခရီးသည်များအား ရန်ကုန်မြို့တွင်းရုံးမှ မင်္ဂလာဒုံလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ကြို/ပို့ရေးများအပြင် ခရီးစဉ်လေယာဉ်တိုင်း၌ ခရီးစဉ်အကွာအဝေးနှင့်အညီ အစားအသောက်များ စီစဉ်ကျွေးမွေးရေး စသည်တို့ ဖြစ်သည်။

ပုံမှန်ပျံသန်းပေးနေသော ခရီးစဉ်များအပြင် အထူးပျံသန်းပို့ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ လေယာဉ်စီးလုံးငှားရမ်းရေး ကိစ္စတွင် အစိုးရဌာနဆိုင်ရာကိစ္စများနှင့်အတူ ပုဂ္ဂလိကပစ္စည်းများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

မြန်မာ့လေကြောင်းအတွက်ဝယ်ယူခဲ့သည့် ဖော်ကာ အက်ဖ်-၂၇/ လေယာဉ်လေးစင်းကို (၁၉၉၄-၉၅) ခုနှစ်အတွင်း ဝယ်ယူနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းကာ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် စင်ကာပူနိုင်ငံ လေကြောင်း ဖက်စပ်ပျံသန်းနိုင်ရေးအတွက် စင်ကာပူနိုင်ငံရှိ AIR MANDALAY HOLDING PRIVATE LTD နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ( ATR 72 ) လေယာဉ် တစ်စင်းဖြင့် ရန်ကုန်/မန္တလေး/ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ပျံသန်းခဲ့သည်။ (၂၈-၁၂-၉၄) နေ့တွင် ( ATR 72 ) တစ်စင်း ထပ်မံရောက်ရှိသည်။ ခရီးစဉ်နှင့် ခေါက်ရေတိုးချဲ့ပျံသန်း နိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် SOUTH ASIA AIR TRANSPORT LTD. HONG KONG တို့သည် (၁၆-၁-၉၅)နေ့တွင် JOINT VENTURE လေကြောင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် LETTER OF INTENT လက်မှတ် ရေးထိုးခဲ့သည်။ မြန်မာ့လေကြောင်းသည် ပြည်တွင်းခရီးစဉ်၌ သွားလာမှုခက်ခဲ၍ လေကြောင်းကိုသာ အားထားနေကြရသော ကော့သောင်း၊ တာချီလိတ်နှင့် ပူတာအိုမြို့များသို့ ခေါက်ရေတိုးချဲ့ပျံသန်းပေးခဲ့သည်။

မြန်မာ့လေကြောင်းနှင့်အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း(MAI)တို့ဖက်စပ်လုပ်ကိုင်သည့်လေကြောင်း ခရီးစဉ်အဖြစ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ဂျာကာတာလေယာဉ်ခရီးစဉ်ကို စတင်ပျံသန်းပေးခဲ့သည်။

## မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိကတာဝန်မှာ ပြည်ပပို့ကုန်နှင့်သွင်းကုန်များအား ပင်လယ်ရေကြောင်းဖြင့် အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးရခြင်းဖြစ်သည်။ ယင်းသို့ ပို့ဆောင်ပေးရာတွင် ကြယ်ငါးပွင့်ပိုင်သင်္ဘောများနှင့်အတူ အငှားသင်္ဘောများ၊ အခြားသင်္ဘောလိုင်းများနှင့် ဆက်စပ်၍ လိုသောနိုင်ငံသို့ လိုအပ် သောအချိန်တွင် လိုအပ်သောကုန်တန်ချိန်ကို ပို့ပေးရန် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးအခြေအနေနှင့် ဈေးကွက်များကို လေ့လာသုံးသပ်၍ သင်္ဘောလုပ်ငန်းအကျိုးအများဆုံးရှိရန် စီမံဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ ကမ်းရိုးတန်း ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အချိန်မှီ သယ်ပို့ပေးရန် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက တာဝန်ယူသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိကဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်၊ ပြည်တွင်းသွင်းကုန်လုပ်ငန်းနှင့် မြန်မာ့ကမ်းရိုးတန်းသွားဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံခြားကုန်သွယ်မှုတွင် ပင်လယ်ကူးကုန်တင်သင်္ဘော ၁၄ စင်း၊ ဆီအမျိုးမျိုးတင် သင်္ဘောတစ်စင်း၊ ပေါင်း ၁၅ စင်းကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းခရီးစဉ်အတွက် ကုန်တင်သင်္ဘောသုံးစင်း၊ ခရီးသည်/ကုန်တင်သင်္ဘောလေးစင်း၊ ပေါင်းခုနစ်စင်းကိုလည်းကောင်း စုစုပေါင်း နိုင်ငံခြားခရီးစဉ်နှင့် မြန်မာ့ကမ်းရိုးတန်းခရီးစဉ်တွင် သင်္ဘော ၂၂ စင်းကိုအသုံးပြုပြေးဆွဲကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိရာ ပြည်ပဥရောပလိုင်း၊ အရှေ့ဖျားလိုင်း၊ အခြားလိုင်းများ အပြင်အထူးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးချက်ရှိသည်။ ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်၌ ရခိုင်ခရီးစဉ်၊ မွန်၊ တနင်္သာရီ ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည့်အပြင် မြန်မာ့ရေလုပ်ငန်းပိုင် အအေးခန်းသင်္ဘော 'ရွှေပုလဲ'၊ 'ငွေပုလဲ' သင်္ဘောနှစ်စင်းနှင့် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းပိုင် 'ကြည်သာ-၁' သင်္ဘောတစ်စင်းတို့ကိုလည်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ စီမံကွပ်ကဲ အုပ်ချုပ်မှုဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုပိုင်း အနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရှိ (YUNNAN MACHINERY IMPORT & EXPORT CORPORATION (Y.M.C) )နှင့်(CHINA SHIPBUILDING TRADING CO. LTD, KUMING BRANCH (CSTC) )အဖွဲ့အစည်းနှစ်ရပ်တို့ သင်္ဘောများဝယ်ယူတည်ဆောက်ရန် နှစ်ဖက်အကျိုးတူ နားလည်မှုစာချွန်လွှာ ( MOU ) လက်မှတ် ရေးထိုးပြီး ဆောင်ရွက်ရန် စီစဉ်လုပ်ကိုင်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုအရ SHERATON II အမည်ရှိသင်္ဘောကို မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ (၇-၁၁-၉၄)ရက်နေ့တွင် လွှဲပြောင်းလက်ခံရယူခဲ့ပြီး 'ရွှေလီ'ဟု အမည်ပေး၍ ပထမဆုံးခရီးစဉ်အဖြစ် ရန်ကုန်/ကော့သောင်း/ရန်ကုန်ခရီးစဉ်ကို

(၁၁-၁-၉၅)ရက်နေ့မှ စ၍ ပြေးဆွဲခဲ့သည်။ အဆိုပါ သင်္ဘောကို တနင်္သာရီ ကမ်းရိုးတန်းနှင့် ရခိုင်ကမ်းရိုးတန်း ခရီးစဉ်များတွင် ပုံမှန်ပြေးဆွဲလျက် ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆန်တန်ချိန် တစ်သန်းကို ၁၉၉၄-၉၅ ခုနှစ်အတွင်း တင်ပို့ရန်လျာထား သတ်မှတ်ခဲ့ရာ ကိုယ်ပိုင်သင်္ဘောနှင့်အငှားသင်္ဘောများဖြင့် ခရီးစဉ်(၃၆)ခုတွင် ဆန်တန်ချိန်(၂,၄၄,၈၀၀)ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက သယ်ဆောင်ပေးခဲ့သည်။

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အမေရိကန်ပြည်ထောင်စု CUNARD SHIPS HOTEL RESORTS CO တို့ ညှိနှိုင်းစီစဉ်ချက်အရ ကမ္ဘာလှည့်ခရီးသည်၃၇၄ ဦး တင်ဆောင်သော အပျော်စီးသင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်းအတွင်း ဝင်ရောက်နိုင်ခြင်းမရှိ၍ ပင်လယ်ဝတွင် ကျောက်ချရပ်နားပြီး ကမ္ဘာလှည့်ခရီးသည် ၃၂၁ ဦးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဟားခါးသင်္ဘော ခရီးစဉ် (၅၂၈)ဖြင့် ကမ္ဘာလှည့်ခရီးသည် များအား သီလဝါဆိပ်ကမ်းသို့ အသွား/ အပြန် သယ်ယူပို့ဆောင်ပေးခဲ့ရာ ဟားခါးသင်္ဘောငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၀,၀၀၀) ရရှိခဲ့သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် နိုင်ငံခြားပို့ဆောင်မှုနှင့် မြန်မာ့ကမ်းရိုးတန်း ပို့ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခေါက်ရေ၊ ကုန်တန်ချိန်၊ ခရီးသည်နှင့်ဝင်ငွေပိုင်း၊ အသုံးစရိတ်/ အရှုံးအမြတ်/ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို ဝန်ကြီးဌာနလျာထားချက် ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အဓိက တာဝန်ပိုင်းသည် ပြည်တွင်း၌ရေယာဉ်များဖြင့် ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေး၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်းနှင့် ရေယာဉ်ဟောင်းများပြုပြင်ခြင်း လုပ်ငန်းတာဝန်ပင် ဖြစ်သည်။ ၄င်းပြင် ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးဟူသော ရည်မှန်းချက်များကို နိုင်ငံတော်က အကောင်အထည် ဖော်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် လုပ်ငန်းတိုးချဲ့မှုအပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ (YUNNAN MACHINERY IMPORT AND EXPORT CORPORATION) နှင့် ရေယာဉ်များဝယ်ယူရန် သဘောတူစာချုပ်တစ်ရပ်ကို ၄-၆-၉၃ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။ အဆိုပါ စာချုပ်အရ အမေရိကန်ဒေါ်လာသန်း ၃၀ ဖိုး ဆိုင်းငံ့ ငွေချေစနစ်ဖြင့် စက်ရှိရေယာဉ် ၁၄ စီး၊ စက်မဲ့ကုန်တင်တွဲ ၂၈ စီး၊ စုစုပေါင်း ၄၂ စီး ဝယ်ယူတည်ဆောက်ရန်ဆောင်ရွက်ခဲ့သည်။ စက်မဲ့ကုန်တင်တွဲ ၂၈ စီးကို ပြည်တွင်းသင်္ဘောကျင်းများတွင် တည်ဆောက်မည်ဖြစ်ရာ ထိုကုန်တွဲတည်ဆောက်ရေး ပစ္စည်းများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလလယ်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ အရောက်ပေးပို့ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တာဝန်ရှိသူများက ထိုပစ္စည်းများကို အသေးစိတ် စစ်ဆေးအပ်နှံလက်ခံမှုများ ဆောင်ရွက်ပြီးစီး ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တန် ၁၀၀ ကုန်တွဲ ကိုးစီးအား အလုံသင်္ဘောကျင်းတွင်လည်းကောင်း၊ တန်၂၅၀ ကုန်တွဲ ၁၀ စီးအား ဒလသင်္ဘောကျင်းတွင်လည်းကောင်း၊ တန် ၈၀၀ ကုန်တွဲ ကိုးစီးအား မြန်မာ့သင်္ဘောကျင်းတွင်လည်းကောင်း အားလုံးတည်ဆောက်ပြီးဖြစ်၍ ယင်းစက်မဲ့ကုန်တွဲ ၂၈ စီးကို ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ပေးရန်ရှိသည့်စက်ရှိရေယာဉ် ၁၄ စီးအနက် ပထမအသုတ် စက်ရှိရေယာဉ်ငါးစီး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၂၄-၁-၉၅ ရက်နေ့တွင်(YMC )မှ ဤဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ အဆိုပါစက်ရှိရေယာဉ်များအနက်ရေတိမ်သွား 'ပြည်သာယာ' သုံးထပ်ခရီးသည်တင် ရေယာဉ်ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ဘားအံ - မော်လမြိုင် ခရီးစဉ်တွင်လည်းကောင်း၊ 'ပြည်မြန်မာ - ၁ နှင့် ပြည်ကြီးမွန် ရေယာဉ်' တို့အား ၃-၃-၉၅ နေ့မှစ၍ ရေဝတီ ဌာနခွဲ တွင်လည်းကောင်း လူစီးကုန်တင်ရေယာဉ်များအဖြစ် အသုံးပြုလျက်ရှိသည်။ ထို့အတူ တွန်းရေယာဉ် 'ဆင်ကလေး ၁ 'နှင့် 'ဆင်ကလေး-၂ ' ရေယာဉ်တို့အား ၁၉-၂-၉၅ ရက်နေ့မှစ၍ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလ သင်္ဘောကျင်းတွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် လူစီးကုန်တင်'မေခ' ရေယာဉ်အသစ်အား ၁၈.၃.၉၅ နေ့တွင်

ရေချခဲ့ပြီး ၂၄-၃-၉၅ ရက်နေ့တွင် မြစ်ဝကျွန်းပေါ် ဒွာနခွဲတွင် အသုံးပြုလျက် ရှိသည်။

ကမ္ဘာ့လှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် (J.V CONTROL Ltd OF THAILAND)တို့၏ (MEMORANDUM OF UNDERSTANDING) နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) တွင် ၃-၈-၉၄ နေ့၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် (YUNNAN MACHINERY IMPORT AND EXPORT COPORATION)တို့ ဒုတိယအကြိမ် ရေယာဉ်များဝယ်ယူရေးအတွက်အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးနှင့် သင်္ဘောကျင်းများစွမ်းအားမြှင့်တင်ရေးတို့ အတွက် အမေရိကန်ဒေါ်လာ ငါးသန်းဖိုး၊ အတိုးမဲ့နှစ်ဆိုင်း ငွေချေးစနစ်ဖြင့် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ(M OU) ကို ၁၈-၁၁-၉၄ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ဖိုးရှိ ရေယာဉ်များ ဝယ်ယူရေးအတွက် သင်္ဘောတူ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ၂၆-၁၁-၉၄ ရက်နေ့တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရုံးချုပ်) ၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် စင်ကာပူနိုင်ငံ (WONG YIP CHONG PTE Ltd) တို့ 'မြတ်ရတနာ' ရေယာဉ် အား ငှားရမ်းရေးနှင့် ပတ်သက်၍ ၁၃- ၃- ၉၅ နေ့တွင် နားလည်မှု စာချွန်လွှာ( M OU ) လက်မှတ်ရေးထိုးခဲ့သည်။

## မြန်မာ့ဆိပ်ကမ်း အာဏာပိုင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အဓိကတာဝန်မှာ ပြည်ပပို့ကုန်နှင့် သွင်းကုန်များကို ဆိပ်ကမ်း၌ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအသီးသီးကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ ဆိပ်ကမ်းတွင်းသို့ သင်္ဘောများဝင် /ထွက်ရန် အတွက်ရေကြောင်းပြများထားရှိခြင်းနှင့် သင်္ဘော ကိုယ်စားလှယ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်သည်။

အဓိကဆောင်ရွက်ချက်အနေနှင့်ဆိပ်ကမ်းသို့ရောက်ရှိလာသည့်သင်္ဘောများ လျင်မြန်စွာပြန်လည်ထွက်ခွာနိုင်ရန် ပြည်ပပို့ကုန်များကို လက်ခံပြီး ပင်လယ်ကူး သင်္ဘောများပေါ်သို့ တင်ပေးခြင်း၊ နိုင်ငံတော်အတွက် တင်သွင်းလာသည့် သွင်းကုန်များကို ပင်လယ်ကူးသင်္ဘောများပေါ်မှ ချကာ ခေတ္တကုန်လှောင် ရုံ များတွင် သိမ်းဆည်းကာ ကုန်ပိုင်ရှင်များ လာရောက်ထုတ်ယူသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပေးခြင်း၊ ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံဖောတံတားများ လုံ လောက်စွာထားရှိပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်း များ ကို ဆောင်ရွက်ကာ တိုင်းပြည်အတွက် ပြည်တွင်း/ပြည်ပ ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းရှာဖွေပေးလျက် ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းတိုးချဲ့မှု၊ တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေမှာ ကုန်သေတ္တာတံတားအသစ်တစ်ခုတည်ဆောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(CHINA SHIP BUILDING TRANDING Co., Ltd.)မှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးယူရန် ၃၀-၉-၉၄ နေ့တွင် (MOU) လက်မှတ်ရေးထိုးခဲ့သည်။

သီဟရေယာဉ်နစ်မြုပ်ခဲ့စဉ်က အတူပါရှိသွားသောကျောက်စွဲပစ္စည်းများကို ဆင်ပြောင်ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၅-၂-၉၅ ရက်နေ့တွင် ကိုကိုးကျွန်းသို့ထွက်ခွာသွားခဲ့သည့် ဆင်ပြောင်ရေယာဉ်သည် သယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၃ လက်မ× ၉ လက်မ ကျောက်ကြိုးကိုးချောင်း၊ ဆုံလည်ဆက်ကွင်းနှစ်ကွင်းနှင့် ဆက်ကွင်းကြီး တစ်ကွင်း တို့ကို ပြန်လည်ဆယ်ယူနိုင်ခဲ့သည်။ ၂၂-၃-၉၅ ရက်နေ့တွင် (SPIT CHANNEL) သစ်အား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရန်ကုန်မြစ်အတွင်း ကုန်တင်ကုန်ချမှု မြန်ဆန်ရေးအတွက် အထောက်အကူပြုနိုင်ရန် မြစ်လယ်တွင် ဖော်ယာလေးလုံးဖြင့် အသေချည်ပြီး တင်ချနိုင်သော ဖော်ယာ စနစ်ကို ၁၉၉၄ ခုနှစ်၊ ဩဂုတ်လအတွင်း ချထားပေးခဲ့ကာ ဆောင် ရွက် ခဲ့သည်။

ဝါးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားမည့် ရေပေါ်ဟိုတယ်အတွက် ၁၂၀ ပေ×၂၀ ပေသံမဏိ ဆိပ်ခံဖော သုံးလုံး၊ ပေ ၄၀×၂၀ ပေ သံမဏိ တံတားခံ ဖောနှစ်လုံးကို တည်ဆောက်ပေးသည်။ ပေ ၈၀ ပေါင်းကူးတံတား သုံးလက်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ကုန်ကိုင်တွယ်မှု ပမာဏတိုးတက်လာမှုကြောင့် ကုန်ပစ္စည်းများ ထားနိုင်ရန် ဆူးလေအမှတ်(၂)၊ အမှတ်(၃)နှင့် (၄)၊ အမှတ်(၇) တို့တွင် အမာခံလွင်ပြင်များ တည်ဆောက်ပေးခဲ့သည်။ ထားဝယ် ဆင်ဖြူပြင် ရေလမ်းကြောင်း သစ်တွင် လှေသင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ သွားလာခုတ်မောင်းနိုင်ရေးအတွက် တိုင်းတာရေးမှတ်တိုင်ခြောက်ခု၊

ရေကြောင်းလမ်းညွှန်မှတ်တိုင် ရှစ်ခုနှင့် ရေကြောင်းလမ်းပြ ဖော်ယာခြောက်လုံး တို့ကိုတည်ဆောက်ချထားပေးခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြည်တွင်း သစ်တင် စခန်းများဖြစ်ကြသည့် တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် သစ်တင်ပို့သည့်စခန်းများမှ နိုင်ငံခြားသင်္ဘောများပေါ်သို့ သစ်လုံးတန်ပေါင်း ၁၄၃၀၀ ကိုတင်ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သည့်ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများမှ ရရှိသည့် ခန့်မှန်းခြေ သင်္ဘောဝင်ရောက်မှု စရိတ် အမေရိကန်ဒေါ်လာ ၃၀၂,၇၇၅ ဖြစ်သည်။

## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ အဓိကတာဝန်သည် ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်ဟောင်းများ ပြန်လည်ပြုပြင် မွမ်းမံ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများပင် ဖြစ်သည်။

အဓိကဆောင်ရွက်မှုအနေနှင့် အထက်ပါ တာဝန် များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အပြင် အထွေထွေထုတ်လုပ်မှုလုပ်ငန်းနှင့် အက်ဆစ်တလင်း ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ပြီး လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပိုမိုတိုးတက် မြင့်မား လာစေရန် တိုးချဲ့ဆောင်ရွက်ရာ၌ ဆင်မလိုက် သင်္ဘောကျင်း တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအား လက်ရှိ အနေ အထားထက် ပိုမို၍ စွမ်းဆောင်မှုတိုးတက်စေမည့် (SINMALIKE DOCKYARDS UP GRADING PROJECT)အတွက် ရေယာဉ် တည်ဆောက်မှုလုပ်ငန်းဆိုင်ရာ အဆင့်မြင့် စက် ကိရိယာများ တိုးချဲ့တပ်ဆင်ရန်၊ သံမဏိနှင့် သံထည် တပ်ဆင်မှု လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် လွန်းလမ်း၊ လွန်းကျင်းများ တိုးချဲ့တည်ဆောက် ရန်အတွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ချေးငွေရရှိရေးပဏာမ နားလည်မှု သဘောတူညီချက်စာချွန်လွှာကို ၂၁-၉-၉၄ နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်းအားအကောင်အထည်ဖော်ပြီးပါက မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဆင်မလိုက်သင်္ဘောကျင်းသည် လက်ရှိတန်ချိန် ၂၅၀၀ D W T ရှိသော သင်္ဘောများ တည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ D W T ရှိသော သင်္ဘောများတည်ဆောက်ခြင်း၊ လွန်းတင်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် တံတား၊ ဆိပ်ခံဇော စသည့် သံထည်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

သီလဝါ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေး စီမံကိန်းအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၊ လုပ်ငန်းစီမံကိန်း ချေးငွေမှ ဂျပန်ယန်းသန်းပေါင်း ၄၇၃ ဒသမ ၉၄၆ သန်းကို ၂၁-၅-၈၅ နေ့တွင် ချေးယူရရှိခဲ့၍ အကြိုအင်ဂျင်နီယာ လုပ်ငန်းများဖြစ်သော သင်္ဘောကျင်းတည်ဆောက်ရေး လုပ်ငန်းအရပ်ရပ်အတွက် အသေးစိတ်ပုံစံဒီဇိုင်းများ၊ မြေအနေအထား အခြေအနေ စူးစမ်းလေ့လာမှု၊ ဝယ်ယူ တပ်ဆင်မည့် စက်ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်း ပြုစုခြင်း၊ ဝယ်ယူရေးတင်ဒါခေါ်ယူရန် စာရင်းပြုစုခြင်းများကို ၁၉၈၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အကြိုအင်ဂျင်နီယာလုပ်ငန်းများ ပြီးစီးပြီးနောက် သင်္ဘောကျင်းကြီးတည်ဆောက်ရန် ချေးငွေဆက်လက် ရယူရေး အစီအစဉ်မှာ လောလောဆယ် ဆိုင်းငံ့လျက် ရှိသည်။ ရေလုံသင်္ဘောကျင်းတည်ဆောက်ရန် လိုအပ်သော ချေးငွေ ယန်းသန်းပေါင်း ၁၄၆၀၅ ရရှိရေးအတွက် စောင့်ဆိုင်းလျက်ရှိသည်။ အကြိုအင်ဂျင်နီယာ လုပ်ငန်း အတွက် ချေးယူခဲ့သော ငွေများအပေါ် ကျသင့်သည့် အတိုးငွေများကို စတင်ပေးဆပ်လျက်ရှိပြီး အရင်းငွေကို ၁၉၉၅ ခုနှစ်မှစ၍ အရစ် ၄၀ ပေးဆပ်ရန်ရှိသည်။

သီလဝါဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွင် သီလဝါ သင်္ဘောကျင်းတည်ဆောက်ရေးအတွက် မြေဧရိယာစုစုပေါင်း ၃၉၇ ဒသမ ၂၇ ဧက ရရှိထားပြီး တပ်မတော် (ရေ) သို့ ၇၇ ဒသမ ၅၈ ဧက လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။ လောလောဆယ်တွင် ရရှိထားသောမြေအား ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)အတွက် ၇၅ မီတာ ကော်ဗက်အမြန် ရေယာဉ်တစ်စီး တည်ဆောက်ရန်အတွက် ကာကွယ်ရေးဦး စီးချုပ်ရုံး(ရေ) နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ၁၁-၄-၉၄ နေ့တွင် ရေယာဉ်တည်ဆောက်ရေးအတွက် နှစ်ဦးနှစ်ဖက် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ အဆိုပါရေယာဉ်

တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် စက်ကိရိယာများ ဝယ်ယူရန်အတွက် KEPPEL INTERGRATED ENGINEERING အဖွဲ့က SEA SCAN INTERNATIONAL Pte. Ltd. နှင့် ဝယ်ယူရေးစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ချုပ် ဆို ခဲ့သည်။

ကိုယ်ထည်ပုံစံငယ် စမ်းသပ်ထုတ်လုပ်ရေးနှင့် ပတ်သက်၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (ရေယာဉ်ဗိသုကာ) တစ်ဦးနှင့် ကွန်ပျူတာပညာရှင်တစ်ဦးတို့သည် အီတလီနိုင်ငံ FINCANTIERI NAVAL SHIP BUILDING DIVISION သို့ သွားရောက်ခဲ့ပြီး တပ်မတော်(ရေ)၏ ရည်မှန်းချက်များနှင့်အညီ ပုံစံထုတ်လုပ်မှု လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကိုယ်ထည်ပုံစံကို လှိုင်းလေဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှုနှင့် မျှော်မှန်းထားသည့် ရေမိုင်နှုန်း ရရှိနိုင်ရေးအတွက် MODEL TANK TEST စသည့် သုတေသနလုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။ သုတေသနဆောင်ရွက်ချက်မှာ မြန်မာ့ သင်္ဘော ကျင်းလုပ်ငန်းမှ ထုတ်လုပ်ရေးဆွဲခဲ့သည့် ရေယာဉ် ကိုယ်ထည်ပုံစံကို မျှော်မှန်းထားခဲ့သည့်အတိုင်း လှိုင်းလေ ဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှု စသည့်တွက်ချက်မှုများနှင့် ကိုက်ညီ ကြောင်း ရလဒ်များ ရရှိခဲ့သည်။ ကိုယ်ထည်တည်ဆောက်ရေး အတွက် သံထည်ပစ္စည်းများသည် ၄-၈-၉၄ နေ့တွင် ရောက်ရှိ ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ဦးပိုင်းဆက်သည့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ယူနန်ပြည်နယ်စက်မှုသွင်းကုန် ထုတ်ကုန်ကော်ပိုရေးရှင်းက လုပ်ငန်းအပ်နှံခဲ့သည့်တန် ၈၀၀ အမိုးပါကုန်တင်တွဲကိုးစီးတည်ဆောက်ရန်အတွက် ၂၀-၇-၉၃ နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မတ်လတွင် ရေယာဉ်တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိ ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရေယာဉ်များကို စတင်တည်ဆောက်ခဲ့သည်။ ပထမသုံးစီးကို ၃-၈-၉၄ နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဒုတိယသုံးစီးကို ၄-၁၁-၉၄ နေ့တွင် လွှဲပြောင်း ပေးခဲ့သည်။ တတိယသုံးစီးကို ၃၀-၁၂-၉၄ နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနှင့် အာရှရေယာဉ်တည်ဆောက်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများ ဈေးကွက် တွင် ဝင်ရောက်နိုင်ရေး ဦးတည်ချက်ဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဆင်မလိုက်သင်္ဘောကျင်းကို လက်ရှိတန်ချိန် ၂၅၀၀ ( DWT ) ရှိသော သင်္ဘောများတည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ (DWT) ရှိသောသင်္ဘောကြီးများ တည်ဆောက်လွန်းတင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် ဆင်မလိုက်သင်္ဘောကျင်း တိုးချဲ့ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။ ယင်းသို့တိုးချဲ့ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၁-၉-၉၄ နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရေးအတွက် နားလည်မှု စာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

(မေမြန်မာ)



## မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများ (၁၉၉၅)။ ။

ပြည် ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများကို အောက်ပါ အတိုင်းဖော်ပြပါသည်။

### မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကိုဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိမန္တလေးမြို့၊ ဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည်။ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ-၃၀၁ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆင်ဖြူကန် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြိုင်ပွဲဖြစ်မြောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌနှင့် ဗဟို ကော်မတီဝင်များ၊ အထောက် အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် လူထုပရိသတ်များ တက်ရောက်သည်။

ပြိုင်ပွဲတွင် နွားလှည်းဒုန်း အကြီးတန်းပြိုင်ပွဲ၊ နွားလှည်းဒုန်း အငယ်တန်းပြိုင်ပွဲ၊ နွားတစ်ကောင်တပ်ဒုန်းလှည်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအကြီးတန်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအငယ်တန်းပြိုင်ပွဲ၊ နွားကျောစီးပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အကြီးတန်းပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အငယ် တန်းပြိုင်ပွဲ၊ နွားသိုးအလှပြိုင်ပွဲ၊ နွားမအလှပြိုင်ပွဲ၊ ခိုင်းနွားရှဉ်းစုံအလှပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း အသင်း၊ ပဲခူးတိုင်းအသင်း၊ မကွေးတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ အမှတ် ၃၃ ခြေမြန်တပ်မဟာနချုပ်အသင်း၊ အမှတ် ၉၉ ခြေမြန်တပ်မဟာနချုပ်အသင်းနှင့် အမှတ် ၁၀၁ ခြေမြန်တပ်မဟာနချုပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကွင်းပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဆင်ဖြူကန်အားကစားကွင်း၌ ကျင်းပရာ မန္တလေး တိုင်းအသင်းက အမှတ်ပေါင်း ၁၈၇ မှတ်ဖြင့် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသည်။ မန္တလေးတိုင်းအသင်းသည် လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ တွင် ချီးမြှင့်သောဆုများတန်ဖိုးမှာ စုစုပေါင်းကျပ် ၂၆ သိန်းခွဲကျော်ဖိုးရှိသည်။

## မြဝတီအငြိမ့်ပြိုင်ပွဲ

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲကို စက်တင်ဘာလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။ မြဝတီအငြိမ့်ပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်



တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နေသူတစ်ဦး

အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စစ်မှန်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအငြိမ့်သဘင်ကို မြဝတီရုပ်မြင် သံကြားမှ တစ်ဆင့် ပြည်သူများရှုမြင်နားဆင်အပန်းဖြေနိုင်ရေး ဟူသော ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဇာတ်ရုံအဝင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အငြိမ့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောင်လံတော်အငြိမ့်အဖွဲ့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သီရိဇေယျာအငြိမ့်အဖွဲ့၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရွှေနေကြာအငြိမ့်အဖွဲ့၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မောကိန္နရီအငြိမ့်အဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဟင်္သာရွှေအငြိမ့်အဖွဲ့၊ မာန်အငြိမ့်အဖွဲ့နှင့် ရွှေခေတ္တရာအငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ရွှေဟင်္သာအငြိမ့်အဖွဲ့နှင့် တိုင်းရွှေဝယ်အငြိမ့်အဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီအငြိမ့်အဖွဲ့၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှမြနန်းရောအငြိမ့်အဖွဲ့နှင့် မြရတနာအငြိမ့်အဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လမင်းတစ်ရာအငြိမ့်အဖွဲ့၊ ရေနံ့သာအငြိမ့်အဖွဲ့၊ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့နှင့် သစ်လွင်အငြိမ့်အဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့၊ ရွှေဝါဖူး အငြိမ့်အဖွဲ့နှင့် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့ စုစုပေါင်း တိုင်း ၁၀ တိုင်းမှ အငြိမ့်အဖွဲ့ ၁၉ ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး( ၂ ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အငြိမ့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်သည်။

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့က ပထမဆု (ငွေကျပ်သုံးသိန်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့က ဒုတိယဆု (ငွေကျပ်နှစ်သိန်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့က တတိယဆု (ငွေကျပ်တစ်သိန်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်သူ့မေတ္တာရွှေရတနာအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယုဝတီက အကောင်းဆုံးခေါင်းဆောင်မင်းသမီးဆု (ငွေကျပ်သုံးသောင်း)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ ရှေ့ထွက်မင်းသမီး နီနီမြင့်က အကောင်းဆုံးရှေ့ထွက် မင်းသမီးဆု (ငွေကျပ်နှစ်သောင်း)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် မြနန်းရောအငြိမ့်အဖွဲ့မှ မိုးဒီ၊ မောစ်၊ တိမ်ညွန့် နှင့် ပိစိတို့ပါဝင်သော လူရွှင်တော်အဖွဲ့က အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု (ငွေကျပ် လေးသောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လမင်းတစ်ရာအငြိမ့်အဖွဲ့မှ ဆိုင်းအဖွဲ့က အကောင်းဆုံး ဆိုင်းအဖွဲ့ဆု(ငွေကျပ် ငါးသောင်း)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီ အငြိမ့်အဖွဲ့က အကောင်းဆုံးတေးသီးချင်းဆု (ငွေကျပ် နှစ်သောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သစ်လွင် အငြိမ့်အဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေဝါဖူး အငြိမ့် အဖွဲ့တို့က ဂုဏ်ပြုဆု (ငွေကျပ်ငါးသောင်း)၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မာန်အငြိမ့်အဖွဲ့မှ ခေါင်းဆောင် မင်းသမီး

ကေတုကြည်က လက်ဆင့်ကမ်းအမွေဆု (ငွေကျပ်တစ်သောင်း)၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေနံ့သာ အငြိမ့်အဖွဲ့မှခေါင်းဆောင်မင်းသမီး မိုင်စမ်းညိမ်းက မျိုးဆက်သစ် လူငယ်ဆု(ငွေကျပ် တစ်သောင်း)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းရွှေဝယ် အငြိမ့်အဖွဲ့မှ စွပ်ပရား၊ မန်းဝင်း၊ အောင်ဖန်းနှင့် ပြာလောင်တို့ ပါဝင်သောလူရွှင်တော်အဖွဲ့က မျိုးဆက်သစ် လူရွှင်တော်အဖွဲ့ဆု (ငွေကျပ်နှစ်သောင်း)နှင့် အငြိမ့်အဖွဲ့ ၁၄ ဖွဲ့တို့က ဖွဲ့ဆု (ကျပ်သုံးသောင်းစီ) အသီးသီး ဆွတ်ခူး ရရှိသည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တတိယအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် လေ့ကျင့်ရေးဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ-၂၅၈ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန် အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အနုပညာရှင် ကြီးများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ ကြီးကြပ်သူများ နှင့် ဖိတ်ကြား ထားသူများ တက်ရောက်သည်။



မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်နှင့် အောက်) ဟူ၍ အဆင့်ငါးဆင့်ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၁,၇၀၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေး ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ပေး အပ်သည်။

## မြန်မာ့အကောင်းဆုံး အားကစားသမားဆု(၁၉၉၄)။

။၁၉၉၄ ခုနှစ် အတွက်မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊ အမျိုးသမီး) ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရှိုင်ရယ်ဂါးဒင်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် တက်ရောက် အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနားသည် မြန်မာ့အားကစားလောက သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊



၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသား) ဆုရ သန်းတိုးအောင်နှင့် (အမျိုးသမီး) ဆုရ ဝင်းဝင်းမော်

အမျိုးသမီး)ဆု ရွေးချယ်ပြီး ဆုကြေးငွေများနှင့် ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် တီထွင်ချီးမြှင့်သည့် ဂုဏ်ပြုပွဲဖြစ်ခြင်းကြောင့် မြန်မာ့အားကစားလောကအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်ကြောင်း၊ ဆုကို နှစ်စဉ်ချီးမြှင့်သွားမှာဖြစ်ပြီး ဆုအရေအတွက်များကိုလည်း တိုးမြှင့် သတ်မှတ်ပေးသွားမှာဖြစ်ကြောင်း၊ အားကစားမောင်မယ်များအနေနှင့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အားကစားဘက်မှာ ထူးချွန်လာလျှင် နိုင်ငံ့ဂုဏ်ဆောင်သားကောင်းသမီးကောင်း များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာဂုဏ်ပြုသလို ထင်ပေါ်လျှင် စင်တော်ကကောက်မည်ဆိုသည့် စကားအတိုင်း မိမိအတွက်လည်း အကျိုးရှိ၍ အပြိုင်အဆိုင်ကြိုးစားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမား (အမျိုးသား) ဆုရ ဘောလုံးအားကစားသမား သန်းတိုးအောင်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံးအားကစားသမားရုပ်တုကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသမီး)ဆုရ အလေးမအားကစားသမား ဝင်းဝင်းမော်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံး အားကစားသမားရုပ်တုကို လည်းကောင်း ချီးမြှင့်ခဲ့ပေသည်။

## ရဲဘော်နေအောင် (ခရစ် ၁၉၁၈ – ၁၉၉၅) ။

။စာပေ လောကတွင် ထင်ရှားခဲ့သော စာရေးဆရာ ရဲဘော်နေအောင်ကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ အဖ ဦးညွန့်၊ အမိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဆင့်တို့က ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ သစ်နဖားရွာတွင် မွေးဖွားသည်။ အမည်ရင်း ဦးတင်မြင့် ဖြစ်၍ ဘီအိုင်အေ ဗိုလ်သင်တန်းတက်ခဲ့သဖြင့် ဗိုလ်တင်မြင့် အမည်တွင်သည်။

ရဲဘော်နေအောင်သည် ရှေး ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၄၂ – ၄၅ ခုနှစ်၌ ဗမာ့တပ်မတော်၊ စစ်တက္ကသိုလ် (မင်္ဂလာဒုံ) တတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင် အလုပ်သင်

ဗိုလ်အဆင့်ဖြင့် စက်မှု (၂) တပ်ရင်းရုံး၌ တာဝန်ထမ်းဆောင်သည်။ တစ်ဖန် တိုင်းစစ်ဌာနချုပ် နတ်တလင်းသို့ ရောက်ရှိပြီး ပဲခူးရုံးမသို့ ချီတက်တိုက်ခိုက်ရေး တာဝန်ယူခဲ့သည်။ ထို့နောက် ဓနိကုန်းမြို့တွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရဲဘော်နေအောင်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေး(စီအေအက်စ်ဘီ)က ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက လူသတ်မှု ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ကာ တရားရုံးက သေဒဏ်ကြိုးမိန့်



စာရေးဆရာ
ရဲဘော်နေအောင်

ချမှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင်များအပါအဝင် လူထုအုံကြွမှုဖြင့် အရေးဆိုခဲ့သောကြောင့် သေဒဏ်မှလွတ်ကာ တစ်သက်တစ်ကျွန်းသို့ ပြောင်းရွှေ့အမိန့်ချမှတ်ခံရသည်။ သရက်ထောင်တွင် အကျဉ်း ချခံနေရစဉ် ဗိုလ်ချုပ်အောင်ဆန်း သရက်မြို့သို့ ရောက်ရှိ လာသောအခါ အကျဉ်းထောင်စစ်ဆေးရာတွင် ရဲဘော် နေအောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခွင့် ရခဲ့ သည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ရဲဘော်နေအောင်သည် အပြစ်ဒဏ်မှလုံးဝ လွတ်ကင်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဲဘော်နေအောင်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ ဘဝများတွင် ကျင်လည်ခဲ့သည်။ မန္တလေးမြို့၊ ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာများတွင် အယ်ဒီတာ လုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ပင်းယစာပေတိုက်ပိုင်ရှင် ဦးသိန်းရွှေ၏ ပင်းယစာပေတိုက် အပေါ်ထပ်တွင် ခေတ္တနေထိုင်ခဲ့ သည်။ သည့်နောက် ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ရုံးချုပ်တွင် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခွင့်ရကာ ရုံးချုပ်ဝင်းအတွင်း တိုက်ခန်းတွင် နေထိုင်လျက် စာပေများ ရေးသားပြုစုခဲ့သည်။

မန္တလေးရုပ်ရှင်က ရိုက်ကူးသော "သည်သောင်ယံက မခွာရက်နိုင်တယ်" ရုပ်ရှင်ဇာတ်ကားသည် ရဲဘော်နေအောင်၏ ဝတ္ထုဇာတ်လမ်းဖြစ်သည်။ ရဲဘော်နေအောင်၏ "နယ်ချဲ့၏အကျဉ်းသား" ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်မှာ စာရေးသူ၏ အကျဉ်းသားဘဝကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးသားနိုင်သဖြင့် စာပေလောကတွင် ထင်ရှားခဲ့သည်။ ထို့အပြင် ရဲဘော်နေအောင်သည် မိမိအရက်ကျေးကျွန်ဖြစ်ခဲ့ရပုံကို သူ၏ "သေရည်"စာအုပ်တွင် ပွင့်ပွင့်လင်းလင်း ရေးသားခဲ့သည်။

ရဲဘော်နေအောင်သည် သူ၏ အရက်ကျေးကျွန်ဖြစ်ခဲ့ရသော ဘဝကို မရှက် မကြောက်၊ ရိုးရိုးစင်းစင်း၊ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရေးသားခဲ့သောကြောင့် သူ၏ "သေရည်" စာအုပ်သည် ရသမြောက်ပြီး စာပေမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့၊ ဒဂုံမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး အသစ်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သင်္ဃန်းကျွန်းမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ရဲဘော်နေအောင်သည်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ချီးမြှင့်သော ထောက်ပံ့ကြေးငွေ ကျပ် ၁၀,၀၀၀ ကို ရရှိခံစားခဲ့ရသည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည့်ပြင် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ကိုလည်း ရရှိခဲ့သည်။

စာရေးဆရာ ရဲဘော်နေအောင်သည် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နေအိမ်တွင် ကွယ်လွန်သည်။ ၄င်း၏ ဇနီး ဒေါ်စိန်စိန်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၄င်းကွယ်လွန်ချိန်၌ သမီးနှစ်ယောက်နှင့် မြေးများ ကျန်ရစ်သည်။

**ရိုမေးနီးယားနိုင်ငံ။** ။ ဧရိယာ အကျယ်အဝန်းအားဖြင့် ၉၁,၆၉၉ စတုရန်းမိုင် (၂,၂၉,၀၂၇ စတုရန်း ကီလိုမီတာ) နှင့် လူဦးရေ ၂၃,၂၀၀,၀၀၀ (၁၉၉၂ ခန့်မှန်းခြေ) ရှိသော ရိုမေးနီးယားနိုင်ငံသည် ချက်ကိုစလိုဗေးကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား စသော အခြားအိမ်နီးချင်း အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ၁၉၄၇ မှ ၁၉၈၉ အထိ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ဒုတိယ ကမ္ဘာစစ်တွင် ဝန်ကြီးချုပ် မာရှယ်ယွန်အင်တိုနက်စကူး ဦးဆောင်သော ရိုမေးနီးယားသည်ဆိုဗီယက်ပြည်ထောင်စု ကို ဆန့်ကျင်ကာ ဂျာမနီအား ထောက်ခံအားပေးခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် မိုက်ကယ်ဘုရင်သည် အင်တိုနက်စကူး အား ဖြုတ်ချပြီး မဟာမိတ်များနှင့် တွဲဖက်ခဲ့ရာ၊ ဆိုဗီယက် တပ်များက သိမ်းပိုက်ခြင်းခံရသောအခါ အမျိုးသား ဒီမိုကရက်တစ်တပ်ဦးက ရိုးမေးနီးယားနိုင်ငံအား ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်သူ့သမ္မတ နိုင်ငံအဖြစ် ကြေညာပြီး မိုက်ကယ်ဘုရင်အား နန်းစွန့်သွား စေခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်က ရိုမေးနီးယားအား "ပြည်သူ့သမ္မတနိုင်ငံ"အဖြစ်မှ "ဆိုရှယ်လစ်သမ္မတ နိုင်ငံ"အဖြစ်သို့ ပြောင်းလဲ ပေးခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တီမီဆိုရာမြို့မှ စတင် ခဲ့သော လူထုတော်လှန်ဆန္ဒပြမှုများသည် ဘူကာရက်စ် မြို့တော်အထိ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး "အမျိုးသားတည်တံ့ ခိုင်မြဲရေးကောင်စီ"(Council of National Salvation )က အစိုးရအား တွန်းလှန်ဖြုတ်ချ လိုက်ပြီဖြစ်ကြောင်း ကြေညာ ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတကြီး ချောင်စက်စကူး နှင့် သမ္မတကြီး၏ ဇနီး တို့အား ဖမ်းဆီး၍ လူမျိုးတုံး လုပ်ဆောင်မှု(genocide) ဖြင့် တရားစစ်ဆေး စီရင်ရာ ပြစ်မှုထင်ရှားတွေ့ရှိရကြောင်း စီရင်ချက်ချပြီး လျှင် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကွပ်မျက်ခဲ့ကြသည်။

ထိုနောက် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး(အင်အက်စ်အက်ဖ်) ပါတီမှ ပီတာရိုမင်ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မေလ ၂၀ ရက်နေ့တွင် ပါတီစုံ ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရာ အမျိုးသားတည်တံ့ခိုင်မြဲ ရေး တပ်ဦးက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ (ထိုအချိန်တွင် ရိုမေးနီးယားနိုင်ငံ၌ အာဏာရ အင်အက်စ် အက်ဖ် ပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၄ ခုခန့်ရှိခဲ့သည်။) တစ်ချိန်တည်းမှာပင် သမ္မတရွေးကောက်ပွဲများကို သီးခြားကျင်းပခဲ့ကြရာ ယွန်အီလီယက်စကူးက သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထိုအချိန်(၁၉၉၀– မေလ) မှစ၍ ရိုမေးနီးယားနိုင်ငံ တွင် ဥပဒေပြုပါလီမန်အဖွဲ့အစည်းနှစ်ခုရှိလာခဲ့သည်။ တစ်ခုမှာ အမတ်နေရာ ၃၉၆ နေရာရှိသည့် အမျိုးသား လွှတ်တော်ဖြစ်၍ အခြားတစ်ခုမှာ အမတ်နေရာ ၁၁၉ နေရာရှိသည့် ဆီးနိတ်လွှတ်တော်ဖြစ်သည်။ ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်း ခဲ့ရာယင်းဥပဒေက ရိုမေးနီးယားနိုင်ငံအား "ဒီမို ကရက်တစ် ဆိုရှယ်နိုင်ငံ" အဖြစ် ဖော်ပြပြီး ပါတီစုံစနစ်နှင့်ဈေးကွက် စီးပွားရေးစနစ်များ ကျင့်သုံး၍ လူ့အခွင့်အရေး များပေးရန် ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် အစိုးရအာဏာ အမြောက်အမြား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ရသော သမ္မတ စနစ်တစ်ရပ်ကို အတည်ပြုခဲ့ သည်။

၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ပီတာရိုမင်က ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်လာခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသော ပြောင်းလဲမှုများပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်ရိုမင်က အင်အက်စ်အက်ဖ် ပါတီဝင်မဟုတ်သူ အတော်များများကို အစိုးရအဖွဲ့အတွင်း ဝန်ကြီးများအဖြစ် သွင်းယူခန့်ထားခဲ့သည်။ ထိုနောက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် သီယိုဒိုစတိုလိုယန်က ပီတာရိုမင်၏နေရာတွင် ဝင်ရောက်ကာ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စတိုလိုယန်၏ အစိုးရ အဖွဲ့တွင် အင်အက်စ်အက်ဖ်ပါတီ၊ အမျိုးသား လစ်ဘရယ် ပါတီ၊ ရိုမေးနီးယား ဇီဝသဘာဝ ဖွံ့ဖြိုးရေးအဖွဲ့ (Romanian Ecological Movement)နှင့် လယ်ယာ စိုက်ပျိုးရေး ဒီမိုကရက်တစ် ပါတီတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

**ယခင် နန်းစွန့်ဘုရင် ပြန်လာခြင်း** – ဤအတောအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကွန်မြူနစ်ဝါဒအား တော်လှန် ဖျက်သိမ်းပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ ၂၅ ရက် နေ့တွင် ယခင်က နန်းစွန့်သွားခဲ့ရသော ဘုရင် မိုက်ကယ် (အသက် ၆၉) သည် သူ၏ဇနီးနှင့်သမီးတို့ လိုက်ပါ၍ ရိုမေးနီးယားသို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိ လာခဲ့သည်။ သို့သော် ရိုမေးနီးယားခေါင်းဆောင်သစ်များ က သူတို့အား လက်မခံဘဲ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံမှ ထုတ်ပယ်ပစ်ခဲ့ကြသည်။

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းမှု ကာလတစ်ရပ်ကို ဖြတ်သန်းနေရစဉ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတိုက်အခံနိုင်ငံရေးပါတီ ခြောက်ခုကို အညီအညွတ်စုစည်းကာ ဒီမိုကရေစီ ပြန်လည်ကျင့်သုံးရေး အမျိုးသားအဖွဲ့ကို ဘူကာရက်စ်မြို့တော်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါလီမန် ပြင်ပအတိုက်အခံ အမျိုးသားအဖွဲ့ကို ဆက်လက်ဖွဲ့စည်း တည်ထောင် ခဲ့ကြသည်။

**အာဏာရပါတီ နှစ်ခြမ်းကွဲခြင်း** – ၁၉၉၂ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ စီးပွားရေးပြဿနာများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာမှုများ၊ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံခြားအကူအညီများရရှိရန် အားထုတ်မှုများဖြင့် အခြေအနေရှုပ်ထွေးနေစဉ်အတွင်း နိုင်ငံရေး ပါတီပြင်ဆင်ဖွဲ့စည်းမှုများလည်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ဖေဖော်ဝါရီလနှင့် မတ်လများ၌ ကျင်းပခဲ့သော ဒေသန္တရရွေးကောက်ပွဲများ၌ အာဏာရအင်အက်စ် အက်ဖ်ပါတီအနေဖြင့် ပြည်သူများ၏ အားပေးထောက်ခံမှု ကျဆင်းလာပြီး အတိုက်အခံပါတီ ၁၄ ခုပေါင်းစုထားသော ရိုမေးနီးယားဒီမိုကရက်တစ် ကွန်ဗင်းရှင်းအဖွဲ့က သိသိသာသာ အောင်မြင်လာသော လက္ခဏာများ ပေါ်ထွက်လာခဲ့သည်။ ဤတွင် သမ္မတ ယွန်အီလီယက်စကူးသည် အင်အက်စ်အက်ဖ်ခေါင်းဆောင် ပီတာရိုမင်နှင့် ပုဂ္ဂိုလ် ချင်း မသင့်မမြတ်ဖြစ်ပြီးလျှင် အင်အက်စ်အက်ဖ် ပါတီမှ ခွဲထွက်ကာ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဒီမိုကရက်တစ် အမျိုးသား တည်တံ့ခိုင်မြဲရေး တပ်ဦး (ဒီအင်အက်စ်အက်ဖ် ပါတီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထို့နောက် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတနှင့် ပါတီရွေးကောက်ပွဲများ ကျင်းပရာ ဒီအင်အက်စ်အက်ဖ်ပါတီက ဆန္ဒမဲစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်း ရရှိပြီး ညွန့်ပေါင်းအစိုးရတွင် အဓိကအစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ဒီစီအာရ်ပါတီနှင့် အင်အက်စ်အက်ဖ်တို့က ဒုတိယနှင့် တတိယနေရာများ အသီးသီးရရှိခဲ့ကြသည်။ အောက်တိုဘာလတွင် အီလီယက်စကူးသည် ဒီအင်အက်စ်အက်ဖ်ပါတီ၏ သမ္မတလောင်းအဖြစ် ဒီစီအာရ်ပါတီ၏ သမ္မတလောင်း အီမီလ်ကွန်စတင်တီနက်စ်ကူးနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် ဒီအင်အက်စ်အက်ဖ်ပါတီသည် တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ် လွှတ်တော်အမတ်နေရာ အများစု မရရှိသဖြင့် နိုင်ငံရေးပါတီမရှိသူ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အရာထားကာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်း၍ စခန်းသွားခဲ့ရသည်။ ဗာကာရီယိုအစိုးရသည် ၁၄ လကြာ အုပ်ချုပ်သွားသော သီယိုဒို စတိုလိုယန်၏ အိမ်စောင့်အစိုးရက ပြုလုပ်သွားသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်ပြုလုပ်သွားရန် ချက်ချင်း ထုတ်ဖော် ကတိပြုခဲ့သည်။ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အဖြစ် သမ္မတ အီလီယက်စကူးက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ခန့်ထားခဲ့သည်။ သူသည် ထိုအချိန်က အသက် ၄၉ နှစ်ရှိ ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်ပြီး သီယိုဒိုစတိုလိုယန် ဦးဆောင်သော အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အငယ်တန်းဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံ၏ စီးပွားရေး ပြဿနာများကို နှံ့စပ်ပိုင်နိုင်စွာ သိနားလည်သူအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

**မဟာရိုမေးနီးယားပါတီ၏ အသံ** – အစွန်းရောက်အမျိုးသားဝါဒကျင့်သုံးသည့် မဟာရိုမေးနီးယားပါတီက ၄င်း၏ ပထမဆုံးပါတီညီလာခံကို ၁၉၉၃ ခုနှစ်၊ မတ်လ ၆ ရက် နှင့် ၇ ရက်နေ့များတွင် ကျင်းပပြီး ကော်နီလျူဗာဒင်တျူဒါ အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက် ခဲ့ရာ ညီလာခံသို့ မိန့်ခွန်းပြောရာ၌ တျူဒါက ရိုမေးနီးယား နိုင်ငံ၏ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂသည် ရိုမေးနီးယားနိုင်ငံအား ယူဂိုစလဗ်ပုံစံမျိုးဖြင့် ပိုင်းခြားစိတ်ဖြာရန် ကြံစည်နေကြောင်း စွပ်စွဲကာ ယင်းသမဂ္ဂ၏ လှုပ်ရှားမှုများကိုနှိမ်နင်းချေမှုန်းပစ်သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။(ရိုမေးနီးယားနိုင်ငံ၏လူဦးရေတွင် ဟန်ဂေရီလူမျိုးများမှာ ၁၁ ရာခိုင်နှုန်းခန့် ပါဝင်သည်)။

**ယခင် ရိုမေးနီးယားဘုရင် လာရောက်လည်ပတ်မှု** – ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အရှေ့ပိုင်းခရစ်ယာန်ဘာသာရေး ဂိုဏ်း (Orthodox Church) က အီစတာပွဲတော် အခမ်းအနား များ တက်ရောက်ရန် ဖိတ်ကြားချက်အရ ယခင် ရိုမေးနီးယား ဘုရင်မိုက်ကယ်သည် ဧပြီလ ၂၅ မှ ၂၇ ရက်အထိ ရိုမေးနီးယား နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့သည်။ ဤသည်မှာ သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် လာရောက်ခြင်း ဖြစ်သည်။ အတိုက်အခံပါတီများက ဘုရင်ဟောင်း လာရောက်ခြင်းကို ဝမ်းသာအားရကြိုဆိုကြပြီး

ရိုမေးနီးယားနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ် ပြန်လည်တည်ထောင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရန် အရေးဆိုခဲ့ကြသည်။ ဘုရင်မိုက်ကယ်က ခပ်မဆိတ်နေသွားခဲ့သည်။

ထို့နောက် တစ်ဖန် ၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ယခင်ဘုရင်မိုက်ကယ်က ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ရိုမေးနီးယားအမျိုးသားနေ့တွင် ကျင်းပမည့် ရိုမေးနီးယားနှင့် ထရန်ဆယ်ဗေးနီးယား(Transylvania) တို့ ပေါင်းစည်းသည့် ၇၅နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လိုကြောင်း ကြေညာပြောဆိုခဲ့သည်။ သူ၏ အဆိုပြုချက်ကြောင့် အစိုးရနှင့် အတိုက်အခံပါတီများစပ်ကြား နိုင်ငံရေးသဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ဘုရင်ဟောင်း လာရောက်ရေးကို အတိုက်အခံပါတီကြီးများက ထောက်ခံသော်လည်း အာဏာရရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီက ကန့်ကွက်ခဲ့ရာ ဘုရင်ဟောင်းမိုက်ကယ် လာရောက်ခွင့်မရသဖြင့် အယ်လ်ဘာဂျူလီယာမြို့၌ ကျင်းပခဲ့သော အထက်ပါ အခမ်းအနားများကို အတိုက်အခံပါတီများက သပိတ်မှောက်ခဲ့ကြသည်။(အထက်ဖော်ပြပါ ရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီ(အက်စ်ဒီပီအာရ်)မှာ ယခင်က ရှိခဲ့သော ဒီမိုကရက်တစ်အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး (ဒီအင်အက်စ်အက်ဖ်)ကို အမည် ပြောင်းလဲထားခြင်း ဖြစ်သည်။)

**အာဏာရပါတီ ပြိုလဲမည့်အခြေ** – ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ရသော အက်စ်ဒီပီအာရ်ပါတီမှာ ပြိုလဲကျဆင်းမည့်အန္တရာယ်ကို တိုးတက်ရင်ဆိုင်လာသဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ဦးပိုင်းတွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များနှင့် ပေါင်းစည်းကာ တရားဝင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေသို့ ပိုမိုနီးကပ်လာခဲ့သည်။ ဤကိစ္စတွင် အထွေထွေရွေးကောက်ပွဲကြီးကို အချိန်မတိုင်မီ စောစီးစွာ ကျင်းပရမည့်အရေးကို ရှောင်တိမ်းနိုင်ရန် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးပွဲများ အများအပြား ဆက်တိုက်ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များက ၎င်းတို့အား ဝန်ကြီးရာထူး နေရာများ မပေးလျှင် ဝန်ကြီးချုပ် နီကိုလိုင် ဗာကာရီယိုအား ဆက်လက်ထောက်ခံခြင်း ပြုမည်မဟုတ်ကြောင်း ခြိမ်းခြောက် ဖိအားပေးခဲ့ကြသည်။ အစိုးရအနေဖြင့် ဖော်ပြပါဝါဒီများနှင့် ပေါင်းဖက် ဆက်စပ်မည့် အရေးမှာ ရိုမေးနီးယားနိုင်ငံအား အနောက်နိုင်ငံ အစိုးရများနှင့် မြို့ရှင် များ၏ အမြင်တွင် သိက္ခာကျစေသည်ဟုဆိုကာ ယခင် ဝန်ကြီးချုပ် ပီတာရိုမင်၏ ဒီပီအင် အက်စ်အက်ဖ် အတိုက်အခံပါတီနှင့် ဒီစီအာရ်ဗဟိုလက်ယာ အတိုက်အခံပါတီတို့က ပြစ်တင်ဝေဖန် ပြောဆိုခဲ့ ကြသည်။

**ဟန်ဂေရီနွယ်ဖွားများအတွက် "အထူးအဆင့်အတန်း" တောင်းဆိုချက်** – ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီလူမျိုးများအား ဦးဆောင်မှုပေးနေသည့် ရိုမေးနီးယားနိုင်ငံ ဆိုင်ရာ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂ(အိပ်ချ်ဒီယူအာရ်) ၏ ခေါင်းဆောင် ဘီလာမာကိုက ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းစာဆရာတစ်ဦးအား တွေ့ဆုံပြောကြားရာ၌ ထိုအချိန်က ရိုမေးနီးယားနှင့်ဟန်ဂေရီ နှစ်နိုင်ငံ စပ်ကြားအခြေခံစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးစေ့စပ်နေကြရာတွင် ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီမျိုးနွယ်များအတွက်"အထူးအဆင့်အတန်း"တစ်ရပ်ပေးရန် တောင်းဆိုခဲ့သည်။ ဤသို့တောင်းဆိုခြင်းမပြုမီ လွန်ခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဟန်ဂေရီဝန်ကြီးချုပ် ဂျူလာဟွန်းက ဟန်ဂေရီနှင့် ရိုမေးနီးယားနှစ်နိုင်ငံတို့ "သမိုင်းဝင် ပြန်လည်သင့်မြတ်စည်းလုံးရေး"အတွက် အဆိုပြုတိုက်တွန်း ပြောကြားခဲ့သည်။ရိုမေးနီးယားနိုင်ငံ၌ ဟန်ဂေရီမျိုးနွယ်များအဖို့ ၎င်းတို့၏ အခွင့်အရေးများအတွက် အာမခံချက်များ ရရှိမည်ဆိုလျှင် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယားနိုင်ငံတွင် ရှိသော နယ်မြေတောင်းခံနိုင်ခွင့်ကို စွန့်လွှတ်မည် ဖြစ်ကြောင်း ဂျူလာဟွန်းက ကမ်းလှမ်းခဲ့သည်။ ဘီလာမာကို၏ တောင်းဆိုချက် ထွက်ပေါ်လာပြီးနောက် ဩဂုတ်လ ၁၆ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီး တီယိုဒိုမီလက်စ်တာနူးက မာကိုအား တွေ့ဆုံ၍ နောက်နောင်တွင် ရိုမေးနီးယား–ဟန်ဂေရီနိုင်ငံစပ်ကြား အခြေခံစာချုပ်အတွက် ဆွေးနွေးစေ့စပ်မှုများနှင့် ပတ်သက်၍ အိပ်ချ်ဒီယူအာရ်အား တိုင်ပင်နှီးနှောသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် များမကြာမီ ရိုမေးနီးယားနိုင်ငံခြားရေး ဝန်ကြီး မီလက်စ်ကာနူးသည် ဟန်ဂေရီနိုင်ငံသို့ စက်တင်ဘာ ၅ မှ ၆ ရက်နေ့အထိ သွားရောက်လည်ပတ်ရာတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယား – ဟန်ဂေရီ နှစ်နိုင်ငံ နယ်ခြားအား ထိုအချိန်က ရှိသည့် အတိုင်း တည်တံ့ခိုင်မြဲသွားရေးကို အသိအမှတ်ပြုသွားမည့် အရေးကြီးသော ပြောင်းလဲမှု တစ်ရပ် ဖြစ်ပေါ်လာနေခြင်းကို ကြိုဆိုကြောင်း ထုတ်ဖော် ပြောကြားခဲ့ပေသည်။



စာရေးဆရာ ဦးရန်အောင်

**ရန်အောင်၊ ဦး (စာရေးဆရာ) (ခရစ် ၁၉၀၄–၁၉၉၅)။** ။စာရေးဆရာကြီး ဦးရန်အောင်ကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဆင်ပေါင်ဝဲမြို့၌ အဖ လက်သမားဆရာကြီး ဦးကျား၊ အမိ ဒေါ်မိလေးတို့မှ မွေးမြင်ခဲ့သည်။ ငယ်မည် ရန်ကြီးအောင် ဖြစ်သည်။ အထက်တန်းဆရာဖြစ် အောင်မြင်ခဲ့၍ အမျိုးသား ကောလိပ် တွင် ဥပစာတန်း အောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။

အသက် ၁၅ နှစ်သားအရွယ်မှစ၍ စာပေများရေးသားခဲ့သည်။ ကျောင်းဆရာဘဝ၊ ဈေးသည်ဘဝ၊ စာအုပ်သည်ဘဝ၊ ရေနေ၊ စာအုပ်ထုတ်ဝေသူ၊ စာပြင်ဆရာ၊ အယ်ဒီတာ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီးနောက် ထိုသို့သော ဘဝမျိုးစုံမှ အတွေ့အကြုံများကို လေ့လာမှတ်သားစုဆောင်းပြီးလျှင် စာပေဖြင့် တိုင်းပြည်သို့ တင်ပြခဲ့သည်။

လုံးချင်းဝတ္ထု ၅၀ ခန့်၊ အိမ်ထောင်ရေးကျမ်း ၁၀ အုပ်ခန့်၊ ကြီးပွားတိုးတက်ရေးကျမ်း ၅ အုပ်ခန့် ရေးခဲ့ပြီး စာနယ်ဇင်းများတွင်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သည်။ ဆရာကြီး၏ ဝတ္ထုအချို့သည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ဂျပန်နှင့် တေလဂူဘာသာများသို့ ပင် ပြန်ဆိုခြင်း ခံရသည်။ ဆရာကြီး၏ ကလောင်အမည်ခွဲများမှာ ရန်ကြီးအောင်၊ ဒဂုန် ရန်အောင်၊ မြေထဲနွယ်နှင့် ပီဟေးမင်း တို့ဖြစ်ကြသည်။ သူသည် ၁၉၂၄ ခုနှစ်တွင် ဗုဒ္ဓဂါယာ၌ တစ်နှစ်ခန့် နေထိုင်ခဲ့သည်။

သူ၏ လက်ရာများအနက် "စာဆိုနှင့် လက်ရာမွန်" စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာဆိုင်ရာစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ် စတုတ္ထဆုကိုလည်းကောင်း၊ "မြတ်ပန်းဥယျာဉ်" ဖြင့် ၁၉၆၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ကြွလေဘုံဘွေ အထွေထွေ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ရန်အောင်စာ ရန်အောင်ဘဝ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာ စကုတ္ထဆုကိုလည်းကောင်း အသီးသီးဆွတ်ခူး ရရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေပြန့်ပွားရေး အသင်းကြီးကို ဦးဆောင်တည်ထောင်ခဲ့သည်။ ဆရာ၏ ထင်ရှားသောလက်ရာများမှာ အညာသားလေး၊ ဆင်းရဲသား၊ တောသား စသောဝတ္ထုများဖြစ်သည်။ 'အညာသား လေး'၊ 'အမေ' နှင့် 'အဖေ' ဝတ္ထုများမှာ ရုပ်ရှင်နှင့်ဗွီဒီယို ရိုက်ကူးခဲ့ရသည်။

စာပေဗိမာန် စာပေအတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေအကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့သည်။

ဆရာကြီး ဦးရန်အောင်သည် မကွယ်လွန်မီ တိုက် ၄၄၃၊ အခန်း ၁၈၊ အနောက်ရန်ကင်းတွင် နေထိုင်ခဲ့ပြီး (၉–၁–၉၅) နေ့ နံနက်တွင် ကွယ်လွန်သည်။ ကွယ်လွန် ပြီး (၇) ရက်မြောက်သောနေ့တွင် ၁၉၉၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆု တစ်သက်သာ စာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရာ သားဖြစ်သူ ဦးတင်အောင်က ကိုယ်စားလက်ခံ ရယူခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသမီး ငါးဦး ကျန်ရစ် သည်။

**ရွှေအောင်၊ ဦး (ခရစ် ၁၉၂၈–၁၉၉၅)။** ။ဆရာကြီး ဦးရွှေအောင်ကို ၁၉၂၈ ခု၊ ဇွန်လ ၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးရွာ၌ ဦးစု၊ ဒေါ်အုန်းရှင်တို့က ဖွားမြင်သည်။ မွေးချင်း ငါးယောက်တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်းငါးယောက်တွင် ယောကျာ်းနှစ်ယောက်နှင့် မိန်းမသုံးယောက်ပါဝင်သည်။ မိဘများမှာ လယ်သမားများဖြစ်ကြပြီး ဦးရွှေအောင် ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုးအဘွားများနှင့် အတူနေရသည်။

ခုနစ် နှစ်သားအရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင်သင်ယူသည်။ ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋကတ် စာပေများကို ဆက်လက် သင်ယူသည်။ ၁၈ နှစ်အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူသည်။ အသက် ၂၀ ရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်း ဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့၊ မင်းမနိုင်ကွက်သစ်၊



ဦးရွှေအောင်

သိပ္ပမဥ္ဇူကျောင်း၊ အလုံ–အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း – ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့– တောင်ပြင်ဘုရားကြီးတိုက်၊ ဆရာတော် ဦးကြယ်ကျောင်းတို့၌ ပညာဆက်လက်သင်ယူသည်။ ၁၉၅၃ ခုနှစ်တွင် စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ (ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) ဘွဲ့တို့ကို ရရှိသည်။

သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးနောက် မြန်မာနိုင်ငံတွင် သာသနာတော်ဆိုင်ရာ ပရိယတ္တိစာပြန်ပွဲများ ရပ်စဲသွားခဲ့သည်။ သို့ဖြစ်ရာ မန္တလေးမြို့ရှိ ရာဇဂုရု ဆရာတော်ကြီးများနှင့် သာသနာပြုဒါယကာကြီးများက ပရိယတ္တိသာသနာတော်ကြီး တည်တံ့စေရန် အလို့ငှာ၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်၍ အဆင့်အတန်းမြင့်သော စာမေးပွဲကြီးများကို ကျင်းပပေးခဲ့သည်။

ထိုစာမေးပွဲတွင် စာသင်တန်းနှင့် ဓမ္မာစရိယ စာချ တန်းဟု နှစ်တန်းခွဲထားသည်။ စာသင်တန်းတွင် ပရိယတ္တိအခြေခံကျမ်းများကို အာဂုံပြန်ဆိုမှုနှင့် သဘောရေးဖြေနှစ်မျိုးလုံး ပါဝင်သဖြင့် ရဟန်းငယ်များပင်သော်မှ ခက်ခဲပင်ပန်းစွာ ပြန်ဆိုရ၍ ကျန်းမာရေးကို လွန်စွာထိခိုက်နိုင်သဖြင့် အသက် ၂၇ နှစ်အတွင်းသာ စာသင်တန်းကို ဖြေဆိုခွင့်ပြုသည်။ ဦးရွှေအောင်သည် ယင်းစာသင်တန်းကို တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်း အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားဘဲ တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ဤသို့ ဖြေဆိုအောင်မြင်ခဲ့သူ ပုဂ္ဂိုလ်ပေါင်းမှာ ၁၃၁၄ ခုနှစ်အထိ တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တာအပါအဝင် လေးပါးသာ ပေါ်ပေါက်ခဲ့ဖူးသည်။

ယင်းသို့ ထူးကဲစွာအောင်မြင်ခဲ့သောကြောင့် အထွတ်အမြတ်အဖြစ် ချီးကျူးဂုဏ်ပြုသောအားဖြင့် မကိုဋ်သရဖူ၏ အထွတ်၌ ပန်ဆင်ရသော ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရသည့် ဝင့်သကာဂုဏ်ထူးဆောင်ဘွဲ့နှင့်အတူ အဋ္ဌကထာပြန်အကျော် ရွှေတံဆိပ်ကို ရရှိခဲ့သည်။

ထိုနှစ် နယုန်လတွင် ကျင်းပသော အစိုးရဓမ္မာစရိယစာချတန်းစာမေးပွဲတွင် အဋ္ဌကထာကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်း၊ ပေါင်း ကိုးကျမ်းလုံးကို တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးထိပ်ထွတ်တွင် ပန်ဆင်ရသော ပတ္တမြားရတနာဟု အဓိပ္ပာယ်ရသည့် " သိရောမဏိ "ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဆရာတော်ဦးကြယ်ကျောင်း၌ စာပေများကို ပို့ချသည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့၊ အိမ်တော်ရာ ဓမ္မရုံသီကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်းကို အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာဘုန်းကြီးပျံလွန်တော်မူသဖြင့် ဖလေးရွာလယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့၊ မဟာဝိသုတာရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀ ပြည့်နှစ်တွင် ရဟန်းဘဝမှလူထွက်၍ အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ် သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲဖြေဆိုရာ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲမှာ ရိုးရိုးသင်္ချာ အသုံးချ သင်္ချာ နှင့် မြန်မာဝေါဟာရနှင့် စာပေ တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက် (၂) လမ်းနေ ဦးမောင်ဝင်း–ဒေါ်နိုင်တို့၏သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သားနှစ်ယောက် ထွန်းကားသည်။

၁၉၆၈ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ ပြောင်း၍ အမှုထမ်းသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အိန္ဒိယပြည်၊ ဘုံဘေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရာ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) M.A. (Sanskrit) ဘွဲ့ကို ရရှိခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနတွင် ဆက်လက်အမှုထမ်းသည်။ ရန်ကုန်

တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် ပါဝင်၍ ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်နှင့် ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် ကျမ်းစာများကို ပါဝင်ရေးသားပြုစုခဲ့သည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့သည်။ ဆရာကြီးဦးရွှေအောင် ရေးသားခဲ့သော ကျမ်းများမှာ–

၁။ ရသစာပေ၏ရသ

၂။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

၃။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (ပ)

၄။ ဓမ္မပဒ (ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်)

၅။ ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့် ဗုဒ္ဓဝင်)

၆။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (တ)

၇။ ဓမ္မပဒ(အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ်)

၈။ ဘဝအမြင်သစ်

၉။ ထေရဝါဒအုတ်မြစ်(သီးသန့်)

၁၀။ အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ

၁၁။ ဗုဒ္ဓ (သို့မဟုတ်)အနှိုင်းမဲ့

၁၂။ သောရေယျဝတ္ထုနှင့် စိတ္တဝဂ် ဝတ္ထုများ

၁၃။ စာဖတ်သူများသို့ (စာအုပ်မဖြစ်သေး)

၁၄။ ချမ်းသာကို ရှာဖွေခြင်း (စာအုပ်မဖြစ်သေး)

၁၅။ ဘဝအတွေ့ ဘဝအတွေး (စာအုပ်မဖြစ်သေး)နှင့်

၁၆။ အထွေထွေဆောင်းပါးများ ဖြစ်ကြသည်။

ကမ္ဘာ့သဒ္ဒါကျမ်းတို့၏ ဘခင်ဟုတွင်သည့် ပါဏိနိသက္ကတသဒ္ဒါကျမ်းကြီးသည် စနစ်ကျ၍ ပြည့်စုံသဖြင့် ဘီစီ ၄ ရာစုကပင် ကျော်ကြားခဲ့သည်။ ထိုကျမ်းကြီးကို တစ်နည်းမဟုတ်တစ်နည်း အမှီပြု၍ ကမ္ဘာ့သဒ္ဒါကျမ်းအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ရသည်။

ဦးရွှေအောင်သည် မြန်မာပြည်မှ ထိပ်တန်း ပါဠိပိဋကတ်ပညာရှင်ဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ၊ ဘုံဘေတက္ကသိုလ်မှ သက္ကတဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့ပြီးသောအခါ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် မည်သည့် ပညာရှင်မျှ မပြန်ဆိုခဲ့ဖူးသော ပါဏိနိ သိဒ္ဓန္တကောမုဒီသက္ကတ သဒ္ဒါကျမ်းကြီးကို မြန်မာအဓိပ္ပာယ် ဖွင့်ဆိုရှင်းလင်းချက်များဖြင့် နိဿယ မြန်မာပြန်ဆိုခဲ့ သည်။

ယင်းသဒ္ဒါကျမ်းကြီးကို ၃ တွဲပြု၍ ပထမတွဲကို သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးရွှေအောင် နိဿယ မြန်မာပြန်ဆိုထားခဲ့သော တတိယတွဲစာမူကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူထားသဖြင့် သာသနာရေးဦးစီးဌာနသို့ ပေးအပ်ခဲ့သည်။ ရိုက်နှိပ်ရန် စီစဉ်နေဆဲဖြစ်သည်။

ဆရာကြီး ဦးရွှေအောင်၏ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရာဇာတိ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ကျိုက်မတ်ကော် ဘုရားကြီးရင်ပြင်တော်တွင် ဆရာကြီးပြုစုခဲ့သော ကျမ်းစာများနှင့် ဆရာကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ကျောက်စာမော်ကွန်းစိုက်ထူ၍ ဂုဏ်ပြုထားသည်။

ဆရာကြီး ဦးရွှေအောင်သည် ဗုဒ္ဓဘာသာ တရားတော် အထက်တန်းအဆင့် ကျမ်းစာရေးသား ပုံနှိပ်ထုတ်ဝေပြီးလျှင်ပြီးချင်း ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့သည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။အိုင်ယာလန်မြောက်ပိုင်းတွင် ဗြိတိသျှတို့အုပ်စိုးမှုကို အကြမ်းဖက်တိုက်ခိုက်နေသော ဆင်ဖိန်းအဖွဲ့၏ အိုင်းရစ်ရီပတ်ပလီကန်စစ်တပ် (အိုင်အာရ်အေ)က အပစ်အခတ်ရပ်စဲပြီး စစ်ရေးတိုက်ခိုက်မှုအားလုံးစွန့်လွှတ်ကြောင်း ကြေညာခဲ့ရာမှ ငြိမ်းချမ်းရေး အလားအလာများ ပေါ်ထွန်းလာခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက အိုင်အာရ်အေ၏ အပစ်အခတ်ရပ်ခဲ့မှုသည် ရာသက်ပန်တည်မြဲရန် လိုအပ်သည်ဟု ဖြေကြားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်တွင် ၁၉၆၉ ခုနှစ်မှစ၍ ပရိုတက်စတင့်နှင့် ကက်သလစ်တို့ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအစိုးရက စစ်တပ်စေလွှတ်ပြီး ငြိမ်သက်အောင် ထိန်းသိမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဗြိတိသျှစစ်တပ်က လန်ဒန်ဒါရီမြို့တွင် ဆန္ဒပြနေသော ကက်သလစ်တို့ကို ပစ်ခတ်

နှိမ်နင်းရာ ဆန္ဒပြသူ ၁၃ ဦးသေဆုံးခဲ့သဖြင့် အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုစဉ်က ဝန်ကြီးချုပ် အက်ဒဝပ်ဟိသ်က ဗြိတိန်နိုင်ငံမှ မြောက်အိုင်ယာလန်ကို တိုက်ရိုက်အုပ်ချုပ် ကြောင်း ကြေညာခဲ့သည်။

မြောက်အိုင်ယာလန်တွင် နိုင်ငံရေးအကြမ်းဖက်မှုများကြောင့် လူပေါင်း ၃,၀၆၈ ဦး အသတ်ခံရပြီး ၃၆,၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက မြောက်အိုင်ယာလန်၏ အနာဂတ်အရေးနှင့် ပတ်သက် ၍ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် အဆိုပြုတင်ပြထားသည်။ ယင်းအဆိုပြုချက်ကို အိုင်ယာလန်ဝန်ကြီးချုပ် အဲလ်ဘတ်ရေးနိုးလ်က ထောက်ခံကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှအစိုးရသည် ပထမအဆင့်အနေဖြင့် မြောက်အိုင်ယာလန်မှ စစ်သားများ ပြန်လည်ရုပ်သိမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ရေးနိုးလ်က ပြောကြားခဲ့သည်။ ယခုအခါ မြောက်အိုင်ယာလန်၌ ဗြိတိသျှစစ်သား ၁၇,၅၀၀ ရှိနေရာ အင်အားကို အမြန်ဆုံး စတင်ရုပ်သိမ်းပေးရန် ဆင်ဖိန်းအဖွဲ့က တောင်းဆိုထားသည်။ ထိုအတောအတွင်း ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်၏ အမေရိကန်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းကို အမေရိကန်အစိုးရက စဉ်းစားနေသည်ဟု နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်အား သမ္မတ ကလင်တန်က ပြည်ဝင်ခွင့်ထုတ်ပေးခဲ့ရာ ဗြိတိသျှအစိုးရပိုင်းက မကျေမလည် ဖြစ်ခဲ့သည်။ ထိုစဉ်က ဂျယ်ရီအဒမ်သည် အမေရိကန်နိုင်ငံ၌ တွေ့ဆုံမေးမြန်းခန်း အမြောက်အမြား ပြုလုပ်ခဲ့ပြီး အကြမ်းဖက်လှုပ်ရှားမှုကို စွန့်လွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ဗြိတိန်က အမိန့်အာဏာပေးပိုင်ခွင့် မရှိကြောင်း အိုင်အာရ်အေ နိုင်ငံရေးအုပ်စု ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်က ဗြိတိန် အစိုးရ နိုင်ငံရေးသမားတစ်ဦးနှင့် ရုပ်မြင်သံကြား စကားစစ်ထိုးပွဲတွင် ပြောကြားခဲ့သည်။ အိုင်ယာလန် ပြည်သူများအနေဖြင့် မိမိတို့၏အနာဂတ်ကို မိမိတို့ဘာသာ ဆုံးဖြတ်ကြရန်လည်း အဒမ်က တိုက်တွန်းခဲ့သည်။

အိုင်းရစ်ရီပတ်ပလီကင်စစ်တပ်– အိုင်အာရ်အေ၏ နိုင်ငံရေးအုပ်စုဖြစ်သော ဆင်ဖိန်းအဖွဲ့နှင့် ဗြိတိသျှအစိုးရအဖွဲ့တို့ မကြာမီ ဆွေးနွေးပွဲကျင်းပဖွယ်ရှိသည်။ ဆွေးနွေးပွဲကျင်းပရေးကို ရှောင်လွှဲ၍မရနိုင်ဟု မိမိထင်မြင်ကြောင်း ဆင်ဖိန်းအဖွဲ့၏ ဒုတိယအကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ဗြိတိန်နိုင်ငံရှိ ဗွီအမ်တီဗွီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ဩဂုတ်လကုန်က အိုင်အာရ်အေအဖွဲ့၏ အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေငြာချက်သည် အမြဲတမ်း အပစ်အခတ်ရပ်စဲမှု ဖြစ်သည်ဟု မိမိလက်ခံကြောင်း၊ မြောက်ပိုင်းအိုင်ယာလန်၏ အနာဂတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မိမိတို့ ကတိကဝတ်နှင့်အညီ ဆင်ဖိန်းအဖွဲ့နှင့်အတူ ဆွေးနွေးပွဲဝင်မည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ပြောကြားခဲ့သည်။

ကတိပြုထားသည့်အတိုင်း ခရစ္စမတ်မတိုင်မီ ဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်ကို အလျင်အမြန် ဆောင်ရွက်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာအား တိုက်တွန်းထားသော ပေးစာတစ်စောင်ကို မိမိပေးပို့ထားကြောင်း အိုင်းရစ်ရီပတ်ပလီကန် ခေါင်းဆောင် ဂျယ်ရီအဒမ်က နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမိုင်းတွင်ရစ်မည့် အိုင်အာရ်အေ ကြေညာချက် ထွက်ပေါ်လာပြီးနောက် သုံးလနီးပါးကြာပြီဖြစ်သော်လည်း ဗြိတိန်အစိုးရဘက်က တုံ့ဆိုင်းဆိုင်းလုပ်နေဆဲဖြစ်ကြောင်း အဒမ်က ပြောကြားသည်။ ဗြိတိန်အစိုးရနှင့် ဆင်ဖိန်းအဖွဲ့တို့၏ တရားဝင်ဆွေးနွေးပွဲကို စတင်ပါက လက်နက်များ သိုလှောင်ထားရှိမှုကိစ္စကို အလျင်အမြန်ကိုင်တွယ် ဖြေရှင်းကြဖွယ်ရှိသည်။ ဆင်ဖိန်းအဖွဲ့က လက်နက်များ ပြန်လည်လွှဲပြောင်း မပေးအပ်မီ အိုင်အာရ်အေ၏ အပစ်အခတ်ရပ်စဲမှုအတွက် ဗြိတိန်ဘက်မှ ပိုမိုလိုက်လျောမှုများပေးရန် လိုလားလျက်ရှိသည်။

ဆင်ဖိန်းနှင့် ဗြိတိန်နိုင်ငံတို့သည် နှစ်ပေါင်း ၇၀ ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တရားဝင်ပြုလုပ်၍ နောက်ထပ် ၁၀ ရက်အတွင်း ဒုတိယအကြိမ်ထပ်မံ ဆွေးနွေးကြရန် သဘောတူညီလိုက်ကြသည်။ မြောက်ပိုင်းအိုင်ယာလန်၌ အိုင်အာရ်အေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးနောက် ရက်ပေါင်း ၁၀၀ အကြာတွင် ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ သမိုင်းတွင်ရစ်မည့် အခွင့်အလမ်းကို ဆွေးနွေးပွဲက ပေးခဲ့ကြောင်း၊ ယခုအချိန်အခါသည် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့ ကင်းရှင်းသွားစေရန် အချိန်ကြရောက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရကိုယ်စားလှယ်အား မိမိတို့ကပြောကြားခဲ့သည်ဟု သုံးနာရီကြာ ဆွေးနွေးပွဲအပြီးတွင် ဆင်ဖိန်း

ကိုယ်စားလှယ် အဖွဲ့ အကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ စတော်မွန်ရဲတိုက်ကြီးတွင် ဆွေးနွေးပွဲထပ်မံကျင်းပရန် ဆင်ဖိန်းကိုယ်စားလှယ်အဖွဲ့က သဘောတူညီခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန် ပဋိပက္ခအမြင့်ဆုံးဖြစ်နေချိန် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အိုင်ယာလန်တွင် ထောင်ကျခဲ့ရသော မက်ဂျင်းနက်စ်သည် ဆွေးနွေးပွဲအပြီးတွင် ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။ လူပေါင်း ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော ၂၅ နှစ်ကြာ ပဋိပက္ခငြိမ်းချမ်းသွားရေးကို ယင်းဆွေးနွေးပွဲက လမ်းဖွင့်စေနိုင်လိမ့်မည်ဟု ယူဆထားကြသည်။

ဤသို့ရှိနေစဉ် ဗြိတိသျှပါလီမန်အောက်လွှတ်တော်ပြင်ပတွင် ဥပဒေကြမ်းတစ်ရပ်ကို ကန့်ကွက်နေကြသော ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲများရန်းရင်းဆန်ခတ်မှု ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်ပွား ခဲ့သည်။ ယင်းသို့ ရန်းရင်းဆန်ခတ်ဖြစ်ပွား နေချိန်တွင် ဥပဒေပြုအမတ်များက လွှတ်တော်အတွင်း၌ ဥပဒေကြမ်းကိုဆွေးနွေးညှိနှိုင်းနေကြသည်။ ရန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် ဆန္ဒပြသူ ခြောက်ဦးနှင့်ရဲအရာရှိ ခြောက်ဦးဒဏ်ရာရရှိကြပြီး ဆန္ဒပြသူ ၃၅ ဦးဖမ်းဆီးခံခဲ့ရသည်။ ကန့်ကွက်ဆန္ဒပြသူ ၂,၀၀၀ နှင့်မြင်းစီးရဲတပ်ဖွဲ့ဝင်အများအပြားပါဝင်သော အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်ကို ထိပ်တိုက် ရင်ဆိုင်ခဲ့ရာမှ ယခုကဲ့သို့ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ ရခြင်းဖြစ်သည်။

ယခုကဲ့သို့ရာဇဝတ်မှုဆိုင်ရာစီရင်ထုံးဥပဒေကြမ်း အားလန်ဒန်မြို့၌ ကန့်ကွက်ဆန္ဒပြခြင်းမှာ ၁၀ ရက်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အောက်တိုဘာလ ၉ ရက်နေ့ကလည်း အလားတူဆန္ဒပြကန့်ကွက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၉ ဦးအပါအဝင် လူပေါင်း ၃၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြသူ ၃၉ ဦးကို ဖမ်းဆီးမိခဲ့သည်။ ဟိုက်ပတ်တွင် ဖြစ်ပွားသော ယင်းဆန္ဒပြပွဲသို့ကန့်ကွက်ဆန္ဒပြသူ ၂၅,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းသည် ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ကွန်ဆာဗေးတစ်အစိုးရက ရေးဆွဲသော ဥပဒေကြမ်းဖြစ်ပြီး ဥပဒေနှင့်စည်းမျဉ်းများ ရှုပ်ထွေးနေသော ဥပဒေကြမ်းတစ်ရပ်ဖြစ်သည်။ ရှုပ်ထွေးမှုများ အနက် တရားခွင်၌ တရားခံက ရေငုံနှုတ်ပိတ် နေခွင့်ဆိုင်ရာ အစဉ်အလာအခွင့်အရေးကိုလည်း ပယ်ဖျက်ထားသည်။

ပါလီမန်တွင် မေးခွန်းများ မေးမြန်းစေရန် ငွေကြေးရယူခဲ့ကြောင်း စွပ်စွဲခံရပြီးနောက် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦး ရာထူးမှနုတ်ထွက်သွားကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့က အေပီသတင်းတွင် ပါရှိသည်။ ယခုကဲ့သို့ အဂတိလိုက်စားမှုအရှုပ်တော်ပုံ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် ဗြိတိသျှကွန်ဆာဗေးတစ်အစိုးရမှာ အထိနာသွားခဲ့ရသည်။ အီဂျစ်နိုင်ငံဖွားတိုက်ပွား ဟာရော့ဒ်ကုန်တိုက်ပိုင်ရှင် မိုဟာမက် အယ်ဖာယက်ဆိုသူက ပါလီမန်တွင် မေးခွန်းတစ်ခု တင်ပြပေးရန် ပေါင် ၂,၀၀၀ (ဒေါ်လာ ၃,၂၂၀) ပေးခဲ့ရကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး နေးလ်ဟာမီးလ်တန်နှင့်အတူ စွပ်စွဲခံရပြီးနောက် မြောက်ပိုင်း အိုင်ယာလန်ဆိုင်ရာဝန်ကြီး တင်စမစ် ရာထူးမှ ထွက်ခဲ့ရသည်။ အထက်ပါအငြင်းပွားစရာပြဿနာကြောင့်လွန်ခဲ့သော ၁၉၉၃ ခုနှစ်က ရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ပြီး အရှုပ်တော်ပုံများ ဆက်တိုက် ဖြစ်ပေါ်နေသော ဝန်ကြီးချုပ် ဂျွန်မေဂျာ အစိုးရအဖွဲ့ကို ထပ်မံထိခိုက်စေခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ လက်ယာယိမ်းပုန်ကန်သူ အုပ်စုကို ဆန့်ကျင်နေသော မိမိ၏နိုင်ငံရေးဘဝကို စိတ်မရှည်တော့သဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာ သည် ကွန်ဆာဗေးတစ် ပါတီခေါင်းဆောင် ရာထူးမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် နုတ်ထွက် ခဲ့သည်။ ပါတီတွင်း သဘောထား ကွဲမှုများ ရှိနေစေကာမူ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦး ပါရှိသောအစိုးရအဖွဲ့က ဂျွန်မေဂျာကိုသာ အားထားနေကြသည်။ ပါတီခေါင်းဆောင်နေရာရွေးပွဲတွင် ဂျွန်မေဂျာ ပြန်လည်အနိုင်ရမည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းသို့ပြန်လည်အရွေးခံခြင်းကြောင့် ဂျွန်မေဂျာ၏အရှိန်အဝါ များ တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်းဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာက ပြောကြားသည်။ ဂျွန်မေဂျာ ၅၂ နှစ်သည် အတိုက်အခံပါတီများ၏ ဆန့်ကျင်မှုနှင့် တိုးမြင့် ရင်ဆိုင်နေရစဉ် ဥရောပသမဂ္ဂ ၁၅ နိုင်ငံနှင့် ဗြိတိန်နိုင်ငံ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရေးကိုစွက် ဆန့်ကျင် ကြသော ကွန်ဆာဗေးတစ်ပါတီတွင်းမှ လက်ယာယိမ်း အုပ်စုများ၏ စော်ကားမော်ကားပြုမှုနှင့်ရင်ဆိုင်လာရသဖြင့် ပါတီခေါင်းဆောင်ရာထူးမှ နုတ်ထွက်ကြောင်း ရုတ်တရက်ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ပါတီတွင်း တင်းမာမှုအခြေအနေဆိုးရွားလာခဲ့ခြင်းကြောင့်လည်း ၁၆ နှစ်ကြာ အာဏာရခဲ့သော ကွန်ဆာဗေးတစ်ပါတီအပေါ် လူကြိုက်နည်းလာရသော အခြေအနေသည် စံတင်ရလောက်အောင် ကျဆင်းလာခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ကျင်းပမည့်

ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားကြသည်။

ဇူလိုင်လ ၄ ရက်နေ့တွင်ကျင်းပခဲ့သော အာဏာရ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးချယ် တင်မြှောက်ပွဲတွင် ဝန်ကြီးချုပ်ဂျွန်မေဂျာ ပြန်လည် အရွေးခံရသဖြင့် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။ အရွေးမခံရပါက ဝန်ကြီးချုပ် ရာထူးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဂျွန်မေဂျာသည် ကွန်ဆာဗေးတစ်ပါတီ၏အမတ် ၃၂၉ ဦးအနက် သုံးပုံနှစ်ပုံ၏ လျှို့ဝှက်ထောက်ခံမဲဖြင့် စိန်ခေါ်သူ လက်ယာဂိုဏ်းဝင် ဂျွန်ရက်ဝုဒ်အား အနိုင်ယူကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် မေဂျာနှင့်ယှဉ်ပြိုင် အရွေးခံရန် မကြာမီက ၂၂ ဦးပါရှိသော အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သော ဂျွန်ရက်ဝုဒ်သည် ၈၉ မဲသာရရှိသည်။ မေဂျာသင့်လျော်မှန်စွာ အနိုင်ရရှိ၍ မိမိရှုံးကြောင်း ရက်ဝုဒ်က ဝန်ခံစကားပြောကြားသည်။

အောက်လွှတ်တော်အနီး၌ အနိုင်အရှုံးစာရင်းကို ကြေညာပြီးနောက် မကြာမီ ဒေါင်းနင်းလမ်း နေအိမ် အပြင်ဘက်ထွက်လျက် ပါတီကွဲမည့်အချိန် ကျော်လွန်သွားပြီဟု ဂျွန်မေဂျာက ကြေညာလိုက်သည်။ ထောက်ခံမဲ ၂၁၈ မဲရရှိသဖြင့် ရက်ဝုဒ်ကိုမေဂျာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျွန်မေဂျာ အနိုင်ရရှိသဖြင့် ထောက်ခံသူများက ဟစ်အော်ကြွေးကြော် ကြသည်။ ရှုံးခဲ့ပါက ဝန်ကြီးချုပ်ရာထူးမှ ဂျွန်မေဂျာ နုတ်ထွက် ပေးရမည်သို့မဟုတ် မဲအနည်းငယ်ဖြင့်အနိုင်ရရှိလျှင် ဒုတိယအကြိမ် ပြန်ရွေးရမည်။ ယင်းကဲ့သို့ အနိုင်ရရှိခြင်းမှာ အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် မေဂျာအား အခွင့်အရေး ပေးရာရောက်သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို မေဂျာ ခေါင်းဆောင်ရတော့မည် ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရခဲ့သူ ဝန်ကြီးချုပ် ဂျွန်မေ ဂျာသည် ဝန်ကြီးအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခန့်အပ်ခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်က အစိုးရ၏ လမ်းစဉ်တွင်သိသာထင်ရှားသော အပြောင်းအလဲမရှိဟု ဆိုသည်။ ရာထူးမှ အနားယူမည့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလပ်ဟာဒ်ကို ဆက်ခံရန် ကာကွယ်ရေးဝန်ကြီး မဲလ်ကွမ်ရီဖကိုင်အား ခန့်အပ် ခဲ့သည်။ ကင်းနက်ကလတ်အား ဘဏ္ဍာရေး ဝန်ကြီးအဖြစ် တာဝန်ပေးသည်။ ခေါင်းဆောင် ပြိုင်ပွဲကို ဒုတိယအကြိမ် ကျင်းပလျှင် မေဂျာကိုအန်တုစိန်ခေါ်ရန်ရှိသော မိုက်ကယ်ပေါ်တီလိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထား လိုက် သည်။ ပေါ်တီလိုသည် ဥရောပသမဂ္ဂ အာဏာ တိုးတက် လာခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေသော ပါတီ၏ လက်ယာအုပ်စု ခေါင်းဆောင် ဖြစ်သည်။

ဂျွန်မေဂျာအရေးနိမ့်ပါက ခေါင်းဆောင်အဖွဲ့ တင်မြှောက်ရန် ဌာနချုပ်တွင်မိတ်ဆွေများက စည်းရုံးသော်လည်း ခေါင်းဆောင်ရွေးပွဲတွင် ပေါ်တီလိုက မေဂျာကို ထောက်ခံခဲ့သည်။ ကာကွယ်ရေးဌာန၌ ပေါ်တီလိုသည် အစိုးရ၏ ဥရောပသမဂ္ဂရေးရာဝါဒကို ဝေဖန်အကြံပြုရန် အခွင့်အရေးအနည်းငယ်သာ ရရှိတော့မည်ဖြစ်သည်။ ဂျွန်မေဂျာ ရှုံးလျှင်ခေါင်းဆောင်ပြိုင်ပွဲဝင်ရန် မျှော်လင့်ထားသော ကုန်သွယ်ရေးဝန်ကြီး ဟေဆယ်တိုင်းသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ဟေဆယ်တိုင်း၏ တာဝန်များကို ချက်ခြင်းမသိရသေးသော်လည်း သူသည်အစိုးရနှင့် ကွန်ဆာဗေးတစ် ပါတီအတွက် ပြောရေးဆိုခွင့်ရှိသူ အနေဖြင့် ကြီးမားသော တာဝန်ကို ယူရမည်ဖြစ်သည်။ ပါတီဥက္ကဋ္ဌ ဂျယ်ရီမိုင်ဟင်လေအား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနသို့ ပို့လိုက်သည်။ ဘဏ္ဍာရေးဌာန ဒုတိယ ဝန်ကြီး ဂျိုနာသန် အိုက်ကင် ရာထူးမှ နုတ်ထွက်သွားသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာအတွက် ပြန်လည်ရွေးကောက်ပွဲတွင် ဂျွန်မေဂျာ ပြန်လည်အရွေးခံရစေကာမူ ပါတီအတွင်းသဘောထားကွဲလွဲမှုများကို ဆက်လက်ဖြေရှင်းနိုင်မည်မဟုတ်ဟု ဝေဖန်သူများက သုံးသပ်ကြသည်။ ကွန်ဆာဗေးတစ်ပါတီအတွင်း တင်းမာမှု အခြေအနေပြင်းထန်လာခြင်းကြောင့် ၁၆ နှစ်ကြာ အာဏာရ ပါတီကို လူကြိုက်နည်းလာကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့် လိမ့်မည်ဟု ဝေဖန်သူများက တွက်ဆထားကြသည်။ ဗြိတိန်နှင့်မြောက်အိုင်ယာလန်တို့၏ ပဋိပက္ခမှာ ၂၅ နှစ်ပြည့်သည့်တိုင်အောင် ချုပ်ငြိမ်းခြင်းမရှိသေးရာ ဗြိတိသျှ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အစိုးရအဖွဲ့အတွင်း အကွဲအပြဲများ ဖြစ်ပွားလာသောအခါ မြောက်အိုင်ယာလန်၌ အကြမ်းဖက် အဓိကရုဏ်းများ ပိုမိုပေါ်ပေါက်လာသည့်ပြင် ဗြိတိသျှတို့၏ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် ပိုမိုတောင်းဆိုလာခဲ့ကြသည်။

မြောက်အိုင်ယာလန်၌ အဓိကရဏ်းများ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာလေလေ လက်ရှိအာဏာရ ဂျွန်မေဂျာအစိုးရကို ပိုမိုမကျေနပ်လေ ဖြစ်နေကြသည်။ အကြောင်းမှာ မြောက်အိုင်ယာလန်၌ ဗြိတိသျှလုပ်ငန်းရှင်ကြီးများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကိုမြှုပ်နှံထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပြိုင်ဘက် လေဘာပါတီအတွက် ပါတီပုံရိပ် တက်လာသည်ဟု လေဘာပါတီခေါင်းဆောင် တိုနီဘလဲယားက ထုတ်ဖော် ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မည်သည့်ပါတီအနိုင်ရမည်ကို မဲဆန္ဒရှင်များက ဆုံးဖြတ်မည် ဖြစ်သည်။

## လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။

လာအို နိုင်ငံတောင်ပိုင်းရှိ ဆင်းရဲနွမ်းပါးသူများ နေထိုင်ရာ ဆီခေါင်ပြည်နယ်တွင် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားခဲ့သဖြင့် လူ ၃၀ သေဆုံးရကြောင်း၊ ဗီယန်ကျင်းမြို့တော်ဗဟိုအာဏာပိုင်များထံ ပြည်နယ်ဒေသဆိုင်ရာ အစိုးရအရာရှိများက သတင်းပေးပို့ကြသည်။ နိုင်ငံ၏ ဘစ္စန်အဖျား ခရိုင်လေးခုအနက် ခရိုင်နှစ်ခုတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့သည်။ ဆေးဝါးအလုံအလောက်မရှိသဖြင့်ကယ်ဆယ်ရေးလုပ်ငန်း များ အခက်အခဲဖြစ်ပေါ်ရသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက သတင်းပေးပို့ကြသည်။ ကာလဝမ်းရောဂါဖြစ်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် အကူအညီပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာအဖွဲ့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဗီယန်ကျင်းမြို့မှ အဆိုပါဒေသများသို့ ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းဘုရင်နှင့် မိဖုရားတို့၏ ညွှန်ကြားချက်တော်အဖြစ် ဗန်ကောက်မြို့သို့ ခြောက်ရက်ကြာ အလည်အပတ် ရောက်ရှိလာသော လာအိုနိုင်ငံ သမ္မတကြီး နိုဟက်ဒွန်ဆာဗန် (၈၃) နှစ်အား ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ လာအိုသမ္မတကြီးသည် ဗန်ကောက်စစ်ဘက်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရောက်ရှိလာရာ ထိုင်းဘုရင် ဘူမိဘော အဒူရာဒက်နှင့် သမီးတော်မင်းသမီး မာဟာချာကရီဆီရင်ဟွန်းတို့က အမြောက် ၂၁ ချက် ပစ်ဖောက်၍ အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။ လာအိုသမ္မတကြီးနှင့် ဇနီး ဘွန်မာတို့သည် ဘုရင်၏လုပ်ပိုင်ခွင့်အောက်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

လူဦးရေ ၄ ဒသမ ၅ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၅၀ ရှိသည့် လာအိုနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ချစ်ချည်တစ်ခါ၊ မုန်းချည်တစ်လှည့် ဆက်ဆံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် လူဦးရေ ၅၈ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၁,၈၄၀ ရှိသည်။ လာအိုလူမျိုးများသည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေထိုင်သောလူများနှင့် လူမျိုးစုအားဖြင့် တူညီသော်လည်း တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံက လာအိုနိုင်ငံအား လွှမ်းမိုးရန် ကြိုးစားနေသည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ညီအစ်ကိုတမျှ ချစ်ကြည်ရေး ပျက်ပြားခဲ့ကြရသည်။

အဆိုပါ အစဉ်အလာအရ သံသယဖြစ်မှုများသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း လာအိုနိုင်ငံရှိ လက်ယာဂိုဏ်းဝင် နိုင်ငံရေးအုပ်စုများအား ထောက်ခံရန် အမေရိကန်ပြည်ထောင်စုက ထိုင်း ကြေးစားစစ်သားများအား ဖြန့်ကြက်ထားစဉ်က ပို၍မြင့်မားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ် ပသက်လာအိုတို့ လာအိုပြည်တွင်းစစ်၌ အနိုင်ရ ရှိပြီးနောက် ယင်းနှစ်နိုင်ငံသည် ဆယ်စုနှစ်တစ်ခုအကြာ စစ်အေးတိုက်ပွဲခေတ်သို့ ဝင်ရောက်ခဲ့ကြသည်။ လာအိုနိုင်ငံသည် မကြာမီနှစ်များအတွင်းက ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့ရာ ထိုင်း နိုင်ငံသည် ကွန်မြူနစ်ဆန့်ကျင်ရေး သူပုန်များအား ထောက်ခံမှုကို အဆုံးသတ် သွားစေခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ) သည် အင်ဒိုချိုင်းနားစစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ ကြာသည့်တိုင်အောင် လာအိုနိုင်ငံတွင် ပြည်သူတို့အသက်ဆုံးရှုံးစေရသည့် မပေါက်ကွဲသေးသောဗုံးများကို ရှင်းလင်းဖယ်ရှားရေးအတွက် ငွေကြေး ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ကမ္ဘာ့နိုင်ငံများစွာအား တိုက်တွန်းခဲ့သည်။ လာအိုနိုင်ငံတွင် မပေါက်ကွဲသေးသော ဗုံးများ၏အန္တရာယ်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဗီယက်နမ် နယ်စပ် တစ်လျှောက် အရှေ့မြောက်ပိုင်း ဆီအင်ခိုအွန်ပြည်နယ်ရှိ ဒေသတစ်ခု သို့ မတ်လ ၂၂ ရက်နေ့တွင် သွားရောက်လည်ပတ်စဉ် လာအိုနိုင်ငံဆိုင်ရာ ယူအင်ဒီပီကိုယ်စားလှယ် ဂျင်မက်ဆင်က ယင်းကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။ ယူအင်ဒီပီ ကိုယ်စားလှယ် ဂျင်မက်ဆင်နှင့်အတူ ဝါရင့်သံတမန်များလည်း လိုက်ပါသွားခဲ့ကြသည်။ ယင်းအဖွဲ့သည် ၁၅ နှစ်

သားအရွယ်ရှိ သာအိုမီး အပါအဝင် ဗုံးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရသူများကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြသည်။ သာအိုသည် မကြာမီက မိသားစု လယ်ယာမြေထဲတွင် ငါးကန်တူးစဉ် မပေါက်ကွဲသေးသော ဗုံးတစ်လုံး ပေါက်ကွဲထိမှန်ခံရ၍ ပြည်နယ်ဆေးရုံတစ်ခုတွင် ဆေးကုသမှုကို ခံယူရင်း ဘဝကို ရင်ဆိုင်နေရသူ ဖြစ်သည်။

သာအိုသည် ဗုံးဒဏ်ကြောင့် ဆိုးရွားသော မီးလောင်ဒဏ်ရာများနှင့်အတူ မျက်စိကွယ်ခဲ့ရသည်။ ထို့အပြင် ရင်ဘတ်တွင်လည်း ဗုံးစဗုံးနများ ဖွာရာကြဲနေပြီး လက်ဝဲခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ သာအိုသည် ဗုံးဒဏ်ကြောင့် ဆေးရုံတက်ပြီး ဆေးကုသမှု ခံနေရသူ ၄၀ ကျော်တွင်တစ်ဦးအပါအဝင် ဖြစ်သည်။ ယူအင်ဒီပီသည် ငွေကြေးရန်ပုံငွေအတွက် ကနဦးအကူအညီအချို့ကို ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဗန်ကောက်မြို့တွင် ထုတ် ပြန်သောကြေညာချက်၌ မက်ဆင်က ပြောကြားသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့သည် လောနိုင်ငံ၌ မပေါက်ကွဲသေး သောဗုံးများ ရှင်းလင်းဖယ်ရှားရေးအတွက် ကမ္ဘာတစ်ဝန်းမှ ငွေကြေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများကို စုဆောင်းရှာဖွေမည် ဖြစ်သည်။ အမေရိကန်သည် အင်ဒိုချိုင်းနားရှိ ကွန်မြူနစ်များအား မအောင်မြင်သော စစ်ပွဲဆင်နွှဲရာတွင် ၁၉၆၀ ပြည့်လွန်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗုံးအမြောက်အမြား ကြဲချခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ လောနိုင်ငံ၏ လူဦးရေသည် ၄ ဒသမ ၆ သန်းနီးပါး ရှိသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း နှစ်စဉ် လူဦးရေတိုးနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ဤနှုန်းအတိုင်း ဆက်လက်တိုးနေမည်ဆိုပါက သက္ကရာဇ် ၂၀၀၀ ၌ လောနိုင်ငံ၏ လူဦးရေသည် ၅ ဒသမ ၂ သန်း ရှိလာမည်ဟု လောအစိုးရ သတင်းဌာနက ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် တံတားများ တည်ဆောက်ရာတွင် အထောက်အကူပေးခြင်းအပါအဝင် လိုအပ်သော အကူအညီများကို ဂျပန်နိုင်ငံက ပိုမိုပေးကမ်းကူညီပါရန် လောနိုင်ငံက မေတ္တာရပ်ခံလိုက်သည်။ ဂျပန်နိုင်ငံသည် နည်းပညာနှင့် စီးပွားရေးစွမ်းရည် ထက်မြက်သော နိုင်ငံဖြစ်ကြောင်း လောနိုင်ငံဝန်ကြီးချုပ် ကမ်တေးဆီဖန်ဒုံက သူ၏ငါးရက်ကြာ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် သတင်းထောက်များအား တိုကျို မြို့၌ ပြောကြားခဲ့သည်။ လောနိုင်ငံသည် မြစ်ချောင်းများ ပေါများပြီး ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲရေးသည် လောနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း လောဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် လောနိုင်ငံရှိ တံတားများပြုပြင်ရေးနှင့် ဗီယန်ကျင်းမြို့ရှိ လေဆိပ်ခေတ်မီတိုးတက်ရေးအတွက် အကူအညီယန်းငွေ ၃ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၄၄ ဒသမ ၇ သန်း) ထုတ်ပေးရန် သဘောတူထားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗီယန်ကျင်းမြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့် အကွာရှိ နယ်လွှတ်ဒေသတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး ဖြစ်နိုင်ခြေ အလားအလာ များကို လေ့လာလျက်ရှိပြီး လောနှင့်ထိုင်းနိုင်ငံအား ဆက်သွယ်ပေးမည့် ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိုလည်း ကွင်းဆင်းလေ့လာလျက် ရှိသည်။

နယ်လွှတ်ဒေသတွင် တည်ဆောက်ရန်ရှိသော တတ်အားပေးစက်ရုံ ကုန်ကျစရိတ်မှာ ယန်းငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၁၁၇ သန်း) ကုန်ကျမည်ဟု ခန့်မှန်း ထားရာ ဂျပန်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ယန်းငွေ လေးဘီလီယံ (ဒေါ်လာ ၄၇ သန်း) စီ ထည့်ဝင်ရန်ရှိပြီး ကျန်လိုအပ်ငွေများကို လောနိုင်ငံက ထည့်ဝင်သွားမည် ဖြစ်သည်။ ယင်းစီမံကိန်း နှစ်ရပ်အတွက် ကွင်းဆင်းလေ့လာမှုများ မပြီးပြတ်သေးသော်လည်း ဂျပန်နိုင်ငံက ယင်းစီမံကိန်းနှစ်ခုလုံးကို အကူအညီပေးရန် လိုလားနေသည်။

ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ဖြစ်ပါက ယင်းတံတားမှာ လောနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ဆက်သွယ်နိုင်ကြမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံက အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန် အထူးစိတ်ဝင်စားလျက် ရှိသည်ဟု ဂျပန်နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ လောနိုင်ငံသည် ချစ်ကြည်ရေးတံတားဟု အမည်ပေးထားသော ပထမဦးဆုံး မဲခေါင်မြစ်ဖြတ်တံတားကို ၁၉၉၄ ခုနှစ်၊ ဧပြီလက ဆောက်လုပ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

လောနိုင်ငံအစိုးရသည် အရှေ့တောင်အာရှနိုင်ငံအားလုံးနှင့် ဆက်သွယ်ရာ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးတက်မှုရရှိရေးကို အထောက်အကူပြု တွန်းအားပေးနိုင်ရန် လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန် စဉ်းစားနေကြောင်း အရာရှိတစ်ဦးက ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။ လောနိုင်ငံသည် မိမိ၏ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင် ကြသော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့် ပိုမိုနီးစပ် လာစေရန် ပြုပြင်ပြောင်းလဲဖွယ်ရှိသည်ဟု ဆိုသည်။ လော၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် နိုင်ငံတို့ ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မဲခေါင်မြစ်ဝန်းကျင်အတွင်းရှိ နိုင်ငံများ စီးပွားရေးအရ အကျိုးဖြစ်ထွန်းရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ထားသည်။

လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ မည်သည့်အချိန်အခါ၌ အမှန်တကယ် ပြုပြင်ပြောင်းလဲမည်ကို မပြောနိုင်သေးသော်လည်း လော၊ ထိုင်း၊ မြန်မာနှင့် တရုတ်ပြည်တောင်ပိုင်းယူနန်ပြည်နယ်များကို ဆက်စပ်ဖောက်လုပ်မည့် မဲခေါင်ဒေသ ပတ်လမ်းကြီး ကဲ့သို့သော စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်။ ထို့အပြင် ဗန်ကောက် – ဖနွမ်းပင်၊ ဟိုချီမင်းနှင့် ဗွန်တေမြို့ကြီးများကို ဆက်သွယ်မည့် လမ်းတစ်လမ်းကိုလည်း ဖောက်လုပ်ရန် စီစဉ်ထားသည် စသည်ဖြင့် ဗန်ကောက်မြို့ရှိ လောနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ အရာရှိ ဗီရောဆောင်ဒါရာက ပြောကြားသည်။ လောနိုင်ငံသည် မဲခေါင်ဒေသခွဲတွင် မဟာဗျူဟာ ကျသောနေရာ၌ တည်ရှိနေပြီး ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေသည်။ ဒေသတွင်း၌ အခွန်အကောက်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တူညီသော လုပ်ထုံးလုပ်နည်း များ ချမှတ်ထားရှိခြင်းဖြင့် အထက်ဖော်ပြပါ အဆိုပြုထားသော မဲခေါင်ဒေသတွင် အဝေးပြေးလမ်းမကြီး တစ်လျှောက် ၌ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျှင်မြန်လာမည် ဖြစ်သည်။ လောနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသော ချစ်ကြည်ရေးတံတား၌ တူညီသော လုပ်ထုံးလုပ်နည်းများ မရှိ၍ ပြဿနာအချို့ ရှိခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော လောနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်နိုင်ငံဖြစ်လာချိန်မှစ၍ လောနိုင်ငံအား အကူအညီအထောက်အပံ့ မပေးတော့ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ရာ ယခုအခါ လောနိုင်ငံအပေါ် ချမှတ်ထားသော အကူအညီအထောက်အပံ့ပေးမှု ပိတ်ပင်ရေးအမိန့်ကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဗီယန်ကျင်းမြို့ရှိ အမေရိကန်သံရုံးက ပြောကြားသည်။ အချိန်ကာလ အကန့်အသတ်မရှိ အထောက်အပံ့ပေးမှု ပိတ်ပင်ခံခဲ့ရသော လောနိုင်ငံအား “နိုင်ငံခြားအကူအညီ အထောက်အပံ့ပေးမှု အက်ဥပဒေ” ပါ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်ပြီဟု လောနိုင်ငံသို့အလည်အပတ် ရောက်ရှိနေသော အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ကြေညာလိုက်ကြောင်း ဗန်ကောက်၌ ထုတ်ပြန်သော အမေရိကန် ကြေညာချက်တွင် မေလ ၁၉ ရက်နေ့က ဖော်ပြသည်။

အမေရိကန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အကူအညီပေးရေးကို ဟန့်တားနေသောတရားဥပဒေဆိုင်ရာ ပိတ်ပင်ချက်ကို ဖယ်ရှားပေးနိုင်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လာမည့်နှစ်အတွက် အမေရိကန်အစိုးရ နိုင်ငံခြားအကူအညီပေးရေး ဘတ်ဂျက်ကို ဖြတ်တောက် လျှော့ချရန် ကွန်ဂရက်လွှတ်တော်က အဆိုပြုထားသဖြင့် လောနိုင်ငံသို့ ထောက်ပံ့မှုအသစ်များပေးရန် အာမခံ နိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကွန်ဂရက် လွှတ်တော်သို့ အသိပေးကာ ပြန်တမ်းတွင် ထုတ်ပြန်ပြီးသည့်အခါ အကူအညီပေးမှု ပိတ်ပင်ရေးအမိန့် ရုပ်သိမ်းမှု အတည်ဖြစ်လာမည်ဖြစ် သည်။

ထိုင်းနှင့် လောနိုင်ငံတို့အကြား နယ်ခြား ကုန်သွယ်ရေး တန်ဖိုးမှာ ဇန်နဝါရီလမှ ဇွန်လအထိ ဒေါ်လာ ၁၉၂ သန်းဖိုးအထိ ရောက်ရှိခဲ့ရာ ယခင်နှစ် ၁၉၉၄ ခုနှစ် အလားတူ အချိန်ကထက် ၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဩဂုတ်လ ၁၅ ရက်နေ့တွင်ထိုင်းရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ ထိုင်းနိုင်ငံက ကုန်သွယ်ရေး အမြတ်ငွေ ဒေါ်လာသန်း ၁၂၀ ခန့် ရရှိခဲ့သည်။ ကွန်မြူနစ်အုပ်စိုးသော လောနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

**သဘာဝဘေးဒဏ်။** ။ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ် များသည် နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ တွင် ဂျပန်နိုင်ငံသမိုင်း၌ နှစ်ပေါင်း ၇၀ အတွင်း အဆိုးဆုံး ကိုဘေမြို့ငလျင်ကြီး၊ တောင်ကိုရီးယားနိုင်ငံ၌ နှစ်ငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု၊ အိန္ဒိယ နိုင်ငံတွင် လူ ၅၅၈ ဦးထက်မနည်း သေဆုံးစေခဲ့သော အပူလှိုင်းဖြတ်သန်းမှုများ ပါဝင်ခဲ့သည်။ ယခုမှတ်တမ်းတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လကုန်အထိအတွင်း ကမ္ဘာအရပ်ရပ်၌ ပေါ်ပေါက်ခဲ့သော သဘာဝဘေးအန္တရာယ် များအနက် လက်လှမ်းမီသမျှထဲမှ မှတ်တမ်းတင်သင့်သမျှကို ဖော်ပြထားခြင်း ဖြစ်သည်။

**ငလျင်လှုပ်ခြင်း** – ၁၉၉၅ ခုနှစ်အတွင်း ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော ငလျင်များတွင် ဂျပန်နိုင်ငံ ကိုဘေမြို့၌ လှုပ်သွားခဲ့သော ငလျင်ကြီးမှာ အပြင်းထန်ဆုံးနှင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်။

ဇန်နဝါရီလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၆ မိနစ်တွင် ဂျပန်နိုင်ငံအလယ်၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိသော ငလျင်ကြီးလှုပ်သွားခဲ့သည်။ ငလျင်သည် ဟွန်ရှူးကျွန်းအလယ်ပိုင်းကို ဖြတ်၍ ပစိဖိတ်သမုဒ္ဒရာမှ ဂျပန်ပင်လယ်ပြင်ဆီသို့ လှုပ်ရှားသွားခဲ့ခြင်းဖြစ်ရာ အထိနာဆုံးသော မြို့များမှာ ကိုဘေမြို့နှင့် အဝါဂျီရှီမာမြို့တို့ဖြစ်သည်။

သတင်းစတင်ထွက်ပေါ်စဉ်က အသေအပျောက်စာရင်းကို အတိအကျမသိကြသေးဘဲ လူလေးဦးထက်မနည်း သေဆုံးကြောင်းနှင့် ရထားဆယ်စီးလမ်းချော်ခဲ့ကြောင်းမျှသာ သိခဲ့ကြသည်။ အပျက်အစီးပုံများအောက်မှ လူသေအလောင်းများ ထပ်မံတွေ့ရှိခဲ့ပြီး စာရင်းချုပ်လိုက်သည့်အခါ သေဆုံးသူ ၅,၀၀၀ ကျော်ရှိခဲ့သည်။

သတင်းထုတ်ပြန်သော ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပင် နာရီမိနစ်မပြတ် သတင်းထုတ်ပြန်ခဲ့ရာ ထိုနေ့ကုန်ချိန်တွင် လူ ၂၀၄ ဦးသေဆုံး၍ ၁၃,၀၈၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီး ၂၄ နာရီတိတိအကြာတွင် ရာဖွေတွေ့ရှိချက်အရ သေဆုံးသူ ၁,၇၁၂ ဦးဖြစ်လာခဲ့သည်။ ရာပေါင်းများစွာသော ကယ်ဆယ်ရေးလုပ်သားများက အသက်ရှင် ကျန်ရစ်မည့် သူများကို ဆက်လက်ကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြရာ အခြားနိုင်ငံများမှပါ အကူအညီပေးခဲ့ကြသည်။ ရုရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် စသောနိုင်ငံများမှ ပညာရှင် အကူအညီ၊ ငွေကြေး၊ အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး ငလျင်ကြီးကြောင့် လူ ၅,၃၀၀ သေဆုံး၊ ၂၆,၈၀၀ ကျော် ထိခိုက်ဒဏ်ရာရ၊ လူ ၃၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်၊ အဆောက်အအုံ ၅၆,၀၀၀ ကျော်ပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၁၀၀ ဘီလီယံ (သန်းပေါင်းတစ်သိန်း) မျှထိ ရှိခဲ့သည်။ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရေး သည်ပင်လျှင် ဒေါ်လာသန်း ၆၀၀ မျှကုန်ကျမည်ဖြစ်သည်။

ငလျင်ကျွမ်းကျင်ပညာရှင်များ၏အဆိုအရ ငလျင်အများစုသည် အလျားလိုက် သို့မဟုတ် ဘေးတိုက် ဖြစ်ရွေ့လှုပ်ရှားကြသော်လည်း ကိုဘေငလျင်ကြီးမှာ အထက်အောက်ထောင်လိုက် လှုပ်ရှားခဲ့သဖြင့် ပျက်စီးမှု ထိုမျှအထိ ကြီးမားခဲ့ကြောင်း သိရသည်။

ကိုဘေမြို့ ကမ်းလွန်တွင် လူလုပ်ဖန်တီးထားသော ကျွန်းတုနှစ်ကျွန်းသည်လည်း ငလျင်ဒဏ်ကြောင့် သုံးမီတာ ( ၁၀ ပေခန့် ) မြုပ်ဝင်သွားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရော့ကိုကျွန်းနှင့် ၁၉၇၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ကျွန်းနှစ်ကျွန်းမှာ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်းအဆောက်အအုံ များဖြင့် ကိုဘေမြို့ အတိုင်း ခေတ်မီအဆင့်မြင့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ရော့ကိုကျွန်းမှ အဆောက်အအုံများ၏ ပျက်စီးမှုကြီးမားသဖြင့် လုပ်ငန်းအားလုံး ပြောင်းရွှေ့လိုက်ရသည်။

ငလျင်ဒဏ်ခံခဲ့ရသော ကိုဘေမြို့ကို ပြန်လည်တည်ဆောက်ရာတွင် ငလျင်ကြောင့်မဟုတ်ဘဲ ဆောက်လုပ်ရေးလုပ်ငန်းများ၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆောက်လုပ်ရေးလုပ်သားများ ထပ်မံသေဆုံးခဲ့ရသည်။ ဇူလိုင်လတွင် တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းအရ လူ ၂၃ ဦးသေဆုံး၍ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးဒဏ်ရာရသူအများစုမှာ မြင့်မားသောအဆောက်အအုံပေါ်မှ ပြုတ်ကျ၍ သေဆုံးထိခိုက်ခဲ့ကြရခြင်းဖြစ်သည်။

ထူးခြားသောဖြစ်ရပ်တစ်ခုမှာ ငလျင်လှုပ်သောနေ့တွင်ပင် ရုတ်ရုတ်သဲသဲကြားမှ မွေးဖွားခဲ့သော ကလေးငယ်တစ်ဦးဖြစ်သည်။ ငလျင်လှုပ်ပြီး မိနစ် ၉၀ ခန့်အကြာ နံနက်

၇ နာရီ ၃၀ မိနစ်တွင် အသက် ၄၀ အရွယ် မိခင်တစ်ဦးသည် ကိုဘေမြို့တော် အထွေထွေဆေးရုံကြီးတွင် သမီးမိန်းကလေး တစ်ဦးကို ဖွားမြင်ခဲ့သည်။ မီးဖွားပေးခဲ့သော အသက် ၆၃ နှစ် အရွယ်ရှိ ဆရာဝန်ကြီး ဒေါက်တာ ဟီဒေအို တာကာရှိမာ သည် ငလျင်လှုပ်စဉ် ကြမ်းပြင်ပေါ်သို့ လဲကျ၍ သူ၏ ဘယ်ဘက်လက်ကောက်ဝတ် ကျိုးသွားခဲ့သော်လည်း ကြိုးစားရုန်းကန်ထ၍ ကလေးကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့ သည်။ ကလေးငယ်၏အမည်မှာ အိုနီရှိဟုသိရသော်လည်း မိခင်ကမူ ၎င်း၏အမည်ကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆို ခဲ့သည်။

ကိုဘေငလျင်ကြီး၏နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်၌ ငလျင်လှုပ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဂျပန် ငလျင်ကြီးလှုပ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကိုလံဘီယာနိုင်ငံ အရှေ့ပိုင်း၌ ရစ်ချ်စတာ စကေး ၆ ဒသမ ၅ ရှိသော ငလျင်တစ်ခုလှုပ်သွားခဲ့သည်။ ထိုနေ့တစ်နေ့တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလောရက်စ်ကျွန်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၃ ရှိသော ငလျင်တစ်ခု လှုပ်ခဲ့သည်။ တစ်ဖန် ဇန်နဝါရီလ ၂၁ ရက် နေ့တွင် ရုရှနှင့်ဂျပန်နှစ်နိုင်ငံ ပိုင်ဆိုင်ခွင့်အငြင်းပွားလျက် ရှိသော ရုရှအရှေ့ဖျားရှိ ကူရိုင်းကျွန်းစုတွင် ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသော ငလျင်တစ်ခု လှုပ်ခါသွားခဲ့ပြန်သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ကိုလံဘီယာနိုင်ငံ အနောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိသော ငလျင်ကြီး တစ်ခုထပ်မံလှုပ်ခဲ့ရာအနည်းဆုံးလူ ၄၄ ဦး သေဆုံး၍ ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနိုင်ငံတောင်ပိုင်းတွင် မတ်လပထမပတ်အတွင်းက နောက်ထပ်ငလျင်ကြီးတစ်ခု ထပ်မံ လှုပ်ခဲ့ပြန်ရာ အနည်းဆုံးလူငါးဦး သေဆုံးခဲ့ပြန်သည်။

မေလ ၂၈ ရက်နေ့နံနက် ၁း၀၃ နာရီတွင် ရုရှားနိုင်ငံ အရှေ့ဖျား ဆခါလင်ကျွန်း၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော ငလျင်ကြီးလှုပ်ခဲ့ရာ အနည်းဆုံးလူ ၂,၁၆၄ ဦး သေဆုံးခဲ့သည်။ ထိုငလျင်ကြီးစတင်ရာ ကျောက်လွှာသည် ဂျပန်နိုင်ငံ ကိုဘေမြို့ငလျင်ကြီး၏ မြေကြောနှင့် တစ်ဆက်တည်းဖြစ်နေကြောင်း ဘူမိဗေဒ တိုင်းတာချက်များအရ သိရသည်။ ငလျင်လှုပ်မည်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပါလျက် ထိုဒေသရှိ တိုင်းတာရေး စခန်းများစွာသည် ငွေကြေးချို့တဲ့မှုကြောင့် ပိတ်ထား ခဲ့ရသည့်အတွက် ဤမျှ သေကျေပျက်စီးဆုံးရှုံးမှု များခဲ့ ရသည်။ ထိုဒေသသည် ပြည်မနှင့် ဝေးကွာလှမ်းသော ဒေသဖြစ်၍ ကျွန်းပေါ်ရှိ နက်ဖတီဂေါ့စ်မြို့၌ နေထိုင်သူ ဦးရေ ၃,၀၀၀ကျော်မျှသာရှိရာ သေဆုံးသူဦးရေသည် အသက်ရှင်ကျန်သူဦးရေထက် များခဲ့သည်။ အိပ်မောကျနေချိန် ငလျင်လှုပ်ခဲ့သဖြင့်နေထိုင်သူ အားလုံးနီးပါးမှျ အဆောက်အအုံများအောက်၌ ပိတ်မိခဲ့ရာ ကယ်ဆယ်ရေး သမားများ၏ မနေမနားကြိုးပမ်းမှုကြောင့်သာ ထိုမျှ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် ရုရှနိုင်ငံတစ်ဝန်း၌ အလံတိုင်ဝက်လွှင့်ထူ၍ ရုပ်မြင်သံကြား ပွဲမှန်အစီအစဉ်များကိုလည်း ဖျက်သိမ်းခဲ့သည်။

**တောမီးလောင်ခြင်း** – အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ စပရင်းမြို့ မြောက်ဘက်တွင် ဩဂုတ်လ ပထမပတ်အတွင်းက တောမီးလောင်ခဲ့ရာ ဒေသ၏သစ်တောဧက ၂၁,၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့သည်။

**နှင်းကျခြင်း** – အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ကက်ရှ်မီးယား (ကသ္မီရ)ပြည်နယ်တွင် ဇန်နဝါရီလအတွင်းက နှင်းများ ထူထပ်စွာကျပြီး ရေခဲတောင်များပြိုကျခဲ့သဖြင့် အဝေးပြေး လမ်းမကြီးများ ပိတ်ဆို့သွားခဲ့ရာ ပြည်နယ်မြို့တော် ရှရီနဂါး (သီရိနဂရ) မြို့တွင်စားနပ်ရိက္ခာများ ပြတ်လပ်သွားခဲ့သည်။

ထို့အတူဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု၊ အော်ရီဂွန်ပြည်နယ်တွင်ရေ့ကီးတောင်တန်း၌ နှင်းများငါးပေ မျှအထိ ထူထပ်စွာကျရောက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ သဖြင့် ယာဉ်တိုက်မှုပေါင်းရာနှင့်ချီ၍ ဖြစ်ပွားခဲ့သည်။ ကော်လိုရာဒိုပြည်နယ်နှင့်ယူတား ပြည်နယ်တို့တွင် လည်း စကီးစီးသမားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံတော် မိုးလေဝသ ဌာန၏ သတင်းထုတ်ပြန်ချက်အရ ကော်လိုရာ ဒိုပြည်နယ် တစ်ခုတည်းတွင်ပင်နှင်းများထူထပ်စွာ ကျပြီး ၄၈ နာရီ အတွင်း မြေပြိုမှုပေါင်း ၆၀ ကျော် ဖြစ်ပေါ်ခဲ့သည်။

**မီးတောင် ပေါက်ကွဲခြင်း** – ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကာရစ်ဘီယံကျွန်း၏ အမြင့်ဆုံး တောင် ဖြစ်သော ပေ ၃,၀၀၀ အမြင့်ရှိ ချွန်ဆက်စ်မီးတောင် ပေါက်ကွဲခဲ့သည်။ မီးတောင်မပေါက်ကွဲမီ ကြိုတင်တိုင်းတာ သိရှိခဲ့သောကြောင့် ကျွန်းသူကျွန်းသား ထောင်ပေါင်း များစွာကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထား နိုင်ခဲ့သည်။ မီးတောင်ပြာများသည် မှိုပွင့်ပုံ တိမ်တိုက်ကြီး သဖွယ် ကောင်းကင်အမြင့်ပေ ၂,၀၀၀ ခန့်အထိသို့ ထိုးတက် သွားခဲ့သည်။ ၃၉ စတုရန်းမိုင် ကျယ်ဝန်းသော

ထိုကျွန်းသည် ရှေးဟောင်းမီးတောင်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ကျွန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကျော် ပင်နာတူဘိုမီးတောင်သည်လည်း ဇူလိုင်လစတုတ္ထပတ်အတွင်းက ပွက်ပွက်ဆူနေသော ရွှံ့ရည်ပူများ ပေါက်ကွဲယိုစီးခဲ့သဖြင့် မနီလာမြို့မြောက်ဘက် ပန်ပန်ဂါပြည်နယ်တွင် အနည်းဆုံးအိမ်ခြေ ၂၂၆ လုံး နစ်မြုပ်ပျက်စီးခဲ့သည်။ အချို့နေရာများတွင် ရွှံ့ရည်ပူများသည် ၁၅ ပေမျှအထိ ထူထပ်စွာ စီးဆင်းခဲ့သည်။ လူဦးရေ ၇,၀၀၀ မျှရှိသော မိသားစု ၁,၃၀၀ ကျော်သည် ဘေးလွတ်ရာနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ပင်နာတူဘိုမီးတောင်သည် ၁၉၉၁ ခုနှစ်က ပြင်းထန်စွာပေါက်ကွဲခဲ့စဉ် လူ ၈၀၀ ခန့် သေဆုံးခဲ့ကြရသည်။

ဇူလိုင်လအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဆီမာရူးမီးတောင် ပေါက်ကွဲခဲ့သဖြင့် စိုက်ပျိုးမြေဧက တစ်ထောင်ကျော် ပျက်စီးပြီး လူရာပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။ ပေ ၁၂,၀၆၀ မြင့်သော ဆီမာရူးမီးတောင်မှ ထွက်လာသောပြာပူ၊ ချော်ရည်ပူနှင့် ကျောက်စိုင်အစအနများသည် ကုဗပေ ၄၅၅ သန်းမျှ ရှိမည်ဟု ခန့်မှန်းကြသည်။

**မိုးခေါင်ခြင်း** – နှစ်ငါးဆယ်ကျော်အတွင်း အဆိုးဝါးဆုံး မိုးခေါင်မှုဒဏ်ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ခံစားခဲ့ရသည်။ ဒဏ်အခံရဆုံးဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများဖြစ်သည်။ နှစ်စဉ် ရွာသွန်းနေကျ မိုးရေချိန်၏ တစ်ဝက်မျှပင် မရရှိသဖြင့် မြေများအက်ကွဲကာ ရေလှောင်တမံများလည်း ခန်းလုနီးပါးဖြစ်ခဲ့သည်။ မိုးခေါင်မှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စက်မှုထွက်ကုန်ထုတ်လုပ်ရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။

**မုန်တိုင်း** – ၁၉၉၅ ခုနှစ်၏ ပထမဆုံးမုန်တိုင်းမှာ ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်းစုတွင် ဇန်နဝါရီလ ၂ ရက်နေ့က တစ်နာရီ ကီလိုမီတာ ၂၀၀ ( ၁၂၅ မိုင် ) နှုန်း တိုက်ခတ်ခဲ့သော ဝီလီယံအမည်ရှိ ဆိုင်ကလုံးမုန်တိုင်းဖြစ်သည်။ မုန်တိုင်းကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး အိမ်ခြေ ၁၅၀ ကျော် ပျက်စီးခဲ့သည်။ တဟီတီကျွန်းမှအမျိုးသမီးတစ်ဦးမှာမုန်တိုင်းတိုက်သွားပြီးနောက် အိမ်အမိုးကိုပြင်ရန် ကြိုးစားနေစဉ် ပြုတ်ကျ၍ သေဆုံးခဲ့သည်။

မတ်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းများ ကျရောက်ခဲ့ပြီး မိုးကြီးရေလွှမ်းခဲ့သဖြင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံးပြီး ဒေါ်လာသန်း ၂,၀၀၀ ဖိုး ခန့် ပျက်စီးဆုံးရှုံး ခဲ့သည်။ ပြည်နယ်၏ တစ်ဝက်ကျော်ကို ဘေးဒုက္ခ(ကပ်သင့်) ဒေသအဖြစ် ကြေညာခဲ့သည်။

ဧပြီလ ဒုတိယပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း၌ ပေါ်ပေါက်ခဲ့သော မုန်တိုင်းကြောင့် အနည်းဆုံး လူ ၄၀ သေဆုံး၍ လူ ၅၀၀ ကျော် ဒဏ်ရာရခဲ့ပြီး အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့သည်။

ဧပြီလ စတုတ္ထပတ်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဖူချိုမြို့တွင် မိုးသီးမုန်တိုင်းကျရောက်၍ လူ ၆၀၀ ခန့် ဒဏ်ရာရပြီး အဆောက်အအုံ ၁၃,၀၀၀ ပျက်စီးခဲ့ရာ မိုးသီးများမှာ အချင်းခြောက်လက်မခန့်အထိရှိပြီး ၁ ဒသမ ၅ ပေါင်ခန့်အထိ လေးသဖြင့် ထိခိုက်ပျက်စီးမှုများခြင်း ဖြစ်သည်။

ဧပြီလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း၌လည်း မိုးသက်မုန်တိုင်းများ အဆက်မပြတ်ကျရောက်ခဲ့သဖြင့် လူ ၂၀ ကျော် သေဆုံးပြီး ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလအတွင်းက အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ် တောင်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မိုးသက်မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၃,၀၀၀ ဖိုးမျှ ရှိခဲ့သည်။ တင်နက်စီပြည်နယ်တွင် တိုက်ခတ်ခဲ့သော တော်နေးဒိုးမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး၍ ၄၀ ကျော် ဒဏ်ရာရခဲ့သည်။

မေလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုန်တိုင်းနှင့် ဒီရေလှိုင်းဒဏ်ကြောင့် လူ ၁၅၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်း ၂၅၀ မျှ ရှိခဲ့သည်။ မုန်တိုင်းနှင့်နောက်ဆက်တွဲ ဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၃၄ ဦးတွင် ရေမသန့်ရှင်း၍ ဖြစ်ရသော ဝမ်းရောဂါကြောင့် သေဆုံးရသူ ၃၄ ဦး ပါဝင်ခဲ့သည်။ အဆိုးဆုံးဒေသများမှာ စစ်တကောင်း၊ ကော့စ်ဘဇား၊ ကူတပ်ဒီယား၊ မဟေရှခါလီ၊ ဆန်ဒွစ်နှင့် ချော့ကိုရီးယားနယ်များဖြစ်သည်။ ထိုဒေသများမှ လူ ၃၀၀,၀၀၀ ကျော်သည် ဝမ်းလျှောရောဂါများ ခံစားခဲ့ကြရသည်။

မေလကုန်ကာနီးတွင် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် တော်နေဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့ရာ လူသုံးဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းတစ်ခုရှေ့တွင် ရပ်ထားသော မော်တော်ကားတစ်စီးသည် လေထဲသို့မြောက်တက်သွားပြီး

ပေ ၆၀၀ ခန့်အကွာ တောအုပ်ထဲသို့ ကျသွားခဲ့ရာ ကားပေါ် ပါသူ ကျောင်းသားနှစ်ဦးနှင့် ကျောင်းဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့သည်။

ဇူလိုင်လ ပထမပတ်အတွင်းက တရုတ်နိုင်ငံ အရှေ့ဘက် ရှန်တုန်ပြည်နယ်တွင် မိုးသက်လေပြင်းကျခဲ့ရာ လူအသေအပျောက် မရှိခဲ့သော်လည်း ဗျိုင်းအကောင် ၃၀၀ ကျော်နှင့် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှိခဲ့သော ဆိုက်ပရပ်ပင်ကြီးများ ပျက်စီးခဲ့သည်။ ထိုသစ်ပင်ကြီးများမှာ ကျူဖူမြို့ရှိ ကွန်ဖြူးရှပ်ကျောင်းတော်ဝင်းအတွင်း ရှေးနှစ်ပေါင်း တစ်ထောင်ကျော်က စိုက်ပျိုးထားခဲ့သော သမိုင်းဝင်သစ်ပင်ကြီးများ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လတတိယပတ် အကုန်၌ နောက်ထပ်တော်နေးဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ အိမ်ခြေ ၂,၅၀၀ ခန့် ပျက်စီး၍ လူနှစ်ဦးသေဆုံးခဲ့သည်။ ဇူလိုင်လအတွင်း မုန်တိုင်းနှင့် မုတ်သုန်မိုးတို့ကြောင့် သေဆုံးခဲ့သူဦးရေမှာ ၁၈၀ ရှိခဲ့သည်။

ဇူလိုင်လ စတုတ္ထပတ်၌ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းတွင် ပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၃ ဦး သေဆုံး၍ ၂၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ပေ ၂၀ မျှမြင့်သော လှိုင်းလုံးကြီးများသည် တောင်ပိုင်းမြို့ ယေဆူး၏ ကမ်းနားလမ်းပေါ်မှ ဘတ်စကားတစ်စီးကို ရိုက်ခတ်သွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်။ တစ်နာရီ ၉၄ မိုင်နှုန်းခန့် တိုက်ခတ်သွားသော ဖေယီအမည်ရှိ ထိုတိုင်ဖွန်းမုန်တိုင်းကြောင့် အချို့နေရာများတွင် လှိုင်းလုံးအမြင့် ၂၆ ပေမှ ၃၃ ပေအထိ မြင့်တက်ခဲ့ပြီး မိုးရေချိန် ၁၄ လက်မအထိ ရွာသွန်းစေခဲ့သည်။

**မြေပြိုခြင်း** – အိုက်စလန်နိုင်ငံ အနောက်မြောက်ပိုင်း တံငါရွာ တစ်ရွာပေါ်သို့ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်စောစောပိုင်းတွင် နှင်းတောင်ပြိုကျခဲ့ရာ ကလေး ၁၁ ယောက် အပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့သည်။

ဇန်နဝါရီတတိယပတ်အတွင်း၌ပင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကက်ရှမီးယားပြည်နယ်တွင် နှင်းဖုံးနေသော တောင်ပြိုကျ၍ လူ ၁၄ ဦး သေဆုံးခဲ့သည်။ ကက်ရှမီးယားပြည်နယ်၏ အမြွှာမြို့တော်နှစ်ခုဖြစ်သော ဂျမူးနှင့် ကက်ရှမီးယားမြို့နှစ်မြို့ကို ဆက်သွယ်ထားသော ဟိမဝန္တာ တောင်ပေါ်လမ်းသည် နှင်းများထူထပ်စွာ ကျရောက်ခြင်း၊ တောင်ပြိုခြင်းများကြောင့် အဆက်အသွယ်များ ပြတ်တောက်ခဲ့သည်။ ရှရီနဂါး (သီရိနဂရ) မြို့နှင့် ဂျမူးမြို့ကိုဆက်သွယ်သော အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ဇန်နဝါရီလ အတွင်း နှင်းတောင်ပြိုကျခြင်းကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ရာသီဥတု ဆိုးဝါးသောဒေသမှ လူ ၅,၀၀၀ ကျော်ကို ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရသည်။ ခရီးသည်အချို့မှာ တောင်ကို ဖောက်ထားသော ၁ ဒသမ ၇ မိုင်ရှည်သည့် ဥမင်လိုဏ်ခေါင်းထဲတွင် ပိတ်မိခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့က အာဖဂနိစတန်နိုင်ငံ၊ ဘဒက်ခ်ရှန်ပြည်နယ်တွင် မိုးသည်းထန်၍ မြေပြိုခဲ့ရာ လူ ၃၅၄ ဦး သေဆုံးခဲ့ပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါမီယာတောင်တန်းမှ ကျေးရွာတစ်ရွာတွင် ဖြစ်ခဲ့သော မြေပြိုမှုကြောင့် အခြားကျေးရွာများမှ ရွာသူရွာသားများလည်း မြေပြိုမှုထပ်မံဖြစ်ပွားမည်ကို စိုးရိမ်၍ အိုးအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

ဇူလိုင်လအတွင်းကလည်း ဘိုဂိုတာမြို့တော် မြောက်ဘက် မိုင် ၁၄၀ အကွာရှိ ဖရက်ဒိုနီယာမြို့တွင် မြေပြိုမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးခဲ့သည်။

**ရေကြီးခြင်းနှင့် မိုးသည်းထန်ခြင်း** – ၁၉၉၅ ခုနှစ်ဦးအစ ဇန်နဝါရီလအတွင်းက ဂျာမနီနိုင်ငံ ရိုင်းမြစ်ရေလျှံမှုကြောင့် ရှေးဟောင်းမြို့တော် ကိုလုံးဒေသတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုများသည် ရိုင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကော့ဘလန့်ဇ်၊ ဒွဇယ်ဒေါ့ဖ်၊ ဒစ်စဘာ့ဂ်နှင့် ဘွန်းမြို့များတွင်ပါ ပေါ်ပေါက်ခဲ့သည်။ မြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်၍ ၃၄ ဒသမ ၅ ပေအထိ ရောက်ရှိခဲ့သဖြင့် မတ်ငွေသန်း ၁၀၀ (ဒေါ်လာ ၆၆ သန်း) မျှ ဆုံးရှုံးခဲ့ရသည့် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ရေကြီးမှုထက်ပင် ပိုမိုမြင့်တက်ခဲ့သည်။ ထိုစဉ်က ရေကြီးခဲ့မှုသည် ရာစုနှစ်အတွင်း ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံး စံချိန်တင်ခဲ့သည်။

ဇန်နဝါရီလအတွင်း၌ပင် ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်းတို့ကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ အခြားဥရောပနိုင်ငံများ၌လည်း ရေကြီးမှု၊ မိုးသည်းထန်မှုများ ပေါ်ပေါက်ခဲ့ရာ ဗဲလဂျီယမ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံများတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း၌ပင်သေဆုံးသူ ၃၀ ကျော်ရှိခဲ့ပြီး လူ ၁၅,၀၀၀ ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရသည်။ ပြင်သစ်တစ်နိုင်ငံတည်း၌ပင် လူ၆,၀၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရပြီး အိမ်ခြေ ၄,၀၀၀ ခန့် ပျက်စီးခဲ့သည်။

နယ်သာလန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ပေါ်ပေါက်ခဲ့သော ရေကြီးမှုသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့ရာ လူ ၂၅၀,၀၀၀ ခန့်နေအိမ်များမှ စွန့်ခွာခဲ့ကြရသည်။ ဖေဖော်ဝါရီလအတွင်း၌ပင် အင်ဒိုနီးရှား နိုင်ငံ၊ ဂျဗားနှင့် ဆူမာတြာကျွန်းများတွင် ရေကြီးမှုများ ပေါ်ပေါက်ခဲ့သောကြောင့် စပါးစိုက်ပျိုးထားသော မြေဧက ၅၆,၀၀၀ ကျော် ရေလွှမ်းခံခဲ့ရပြီး လူ ၁၄ ဦး သေဆုံးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြာကျွန်းမြောက်ပိုင်း၌ပင် မေလ ပထမပတ်အတွင်းမိုးသည်းထန်စွာရွာပြီး မြေပြိုခဲ့ရာ လူ ၅၅ ဦးသေဆုံး၍ ၅၈ ဦးပျောက်ဆုံးခဲ့သည်။ လူ ၁၇,၅၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဒေါ်လာ သန်း ၆၀၀ ကျော်မျှ ပျက်စီးဆုံးရှုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မူ ငါးလတာမျှ မိုးခေါင်နေမှုကို အဆုံးသတ်စေသော မေလလယ်မိုးကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၀၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာ ခဲ့ကြရသည်။ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာပေါင်းများစွာကို ဒီရေလှိုင်းများက ရိုက်ပုတ်သွားခဲ့ရာ အိမ် ၄၀၀ ကျော်နှင့် ပုစွန်မွေးမြူရေး၊ ဆားချက်ကွင်းများ ပျက်စီးခဲ့သည် ။

မေလလယ်အတွင်း၌ပင် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်ပြည်နယ်၏ တောင်ပိုင်းတွင် မိုးသည်းထန်ပြီး မြေပြိုခဲ့ရာ အနည်းဆုံး လူ ၂၅ ဦး အရှင်လတ်လတ်မြေမြှုပ်ခံ သေဆုံးခဲ့ကြပြီး အိမ်ခြေ ၄၀၀ ခန့် ပျက်စီးခဲ့သည်။

မေလကုန်နှင့်ဇွန်လပထမပတ်အတွင်းက အီရန်နိုင်ငံအနှံ့ သည်းထန်စွာ ရွာသွန်းခဲ့သော မိုးကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်တွင် ဇွန်လ ၃ ရက်နေ့ တစ်နေ့တည်း ၁၂ နာရီကြာ သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ခဲ့ပြီး အနည်းဆုံးလူ ၅၃ ဦး သေဆုံးကာ ပျက်စီးမှုဒေါ်လာ ၁၇၃ သန်းမျှရှိခဲ့သည်။ စိုက်ပျိုးမြေဧက ၃၉၅,၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရသည်။

ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်ပြီး မြစ်ရေလျှံခြင်းကြောင့် လူ ၅၀ ကျော်သေဆုံးခဲ့ရပြန်သည်။ ဇွန်လကုန်ခါနီးတွင်မူ တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်၌ ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် အနည်းဆုံးလူ ၉၀ သေဆုံးခဲ့ပြီး ဒေါ်လာသန်း ၂၄၀ တန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတစ်ဝန်းတွင် ၁၉၉၅ ခုနှစ်၊ ဇွန်လကုန်အထိ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် သေကြေပျက်စီးခဲ့ရသူ ၆၀၀ ကျော် ရှိခဲ့သည်။ ဇူလိုင်လကုန်တွင်မူ သေဆုံးသူဦးရေ ၁,၅၀၀ ခန့်အထိ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူ ၅၀,၀၀၀ ရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ဇူလိုင်လ ၁၅ ရက်နေ့အထိ ၇ ဒသမ ၉၂ ဘီလီယံဒေါ်လာ (သန်းပေါင်း ၇,၉၂၀) ဖြစ်ခဲ့သည်။ စိုက်ပျိုးမြေဧက ၆၅ ဒသမ ၉ သန်း၊ ဒုက္ခသည်ပေါင်း သန်း ၁၅၀၊ ပျက်စီးခဲ့သော အိုးအိမ် ပေါင်း ၁ ဒသမ ၃၄ သန်း ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆိုးဆုံးရေကြီးမှု ဇွန်လနှင့် ဇူလိုင်လတွင် ထပ်မံဖြစ်ပေါ်ခဲ့ရာ လူဦးရေ ၁ ဒသမ၅ သန်းဘေးဒုက္ခရောက်ခဲ့ပြီး လူ ၁၆၀ ကျော်သေဆုံးခဲ့သည်။ ဇူလိုင်လစတုတ္ထပတ်အတွင်း၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေကြီးခဲ့ရာ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အနည်းဆုံး လူ ၁၁၀ သေဆုံးပြီး ရာပေါင်းများစွာပျောက်ဆုံးခဲ့သည်။ လူ ၅၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇူလိုင်လအတွင်း၌ပင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ ၆၂ ဦး ထပ်မံ သေဆုံးခဲ့ပြန်သည်။

ထိုင်းနိုင်ငံ ကျေးလက်ဒေသတွင် ဩဂုတ်လမှ စက်တင်ဘာလဆန်းပိုင်းအထိ နိုင်ငံအနှံ့အကြီးအကျယ် ရေလွှမ်းမိုးခဲ့သည်။ ပြည်နယ် ၇၆ ခုအနက် ၅၄ ပြည်နယ်တွင်ရေလွှမ်းမိုးခံခဲ့ရာ လူ ၂၉ ဦး သေဆုံး၍ မိသားစုပေါင်း ၃၇၀,၀၀၀ တို့ရေဘေးကြုံရပြီး လူနေအိမ် ၂၀,၀၀၀ ကျော် ပျက်စီးခဲ့သည်။ လယ်မြေဧက တစ်သန်းကျော်၊ လမ်းပေါင်း ၆,၇၀၀၊ တံတား ၆၀၄ ခု၊ ဆည်နှင့် ရေလှောင်တမံ ၆၁၉ ခုတို့ ပျက်စီးခဲ့ရပြီး ကျွဲနွားနှင့် အိမ်မွေးတိရစ္ဆာန် စုစုပေါင်း ၆၀၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ဒေါ်လာ ၅၄ဒသမ ၈ သန်း ရှိခဲ့သည်။

ဩဂုတ်လလယ်ပိုင်းတွင် မော်ရိုကိုနိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးရေကြီးမှု မာရာကက်ရှ်မြို့ အနီးတွင် ဖြစ်ပေါ်ခဲ့ရာလူ ၁၅၆ ဦး သေဆုံးခဲ့သည်။ ထိုနိုင်ငံတွင်ပင် စက်တင်ဘာလ ပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုထပ်ဖြစ်ခဲ့ပြန်ရာ လူ ၃၁ ဦး ထပ်မံသေဆုံး ခဲ့သည်။

**အပူလှိုင်း** – မေလပထမပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းကို ဖြတ်သန်းသွားသော အပူလှိုင်းကြောင့် လူခုနစ်ဦး သေဆုံးပြီး ရာပေါင်းများစွာ ဖျားနာခဲ့ကြသည်။

အပူလှိုင်းသည် အိန္ဒိယနိုင်ငံတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇွန်လအတွင်းက ပြင်းထန်သောအပူလှိုင်းဖြစ်ပေါ်ခဲ့ရာ လူ ၃၀၀ နီးပါးမျှ သေဆုံးခဲ့သည်။ အဆိုးဝါးဆုံးဒေသများမှာ အန္ဓရာပရာဒေ့ရှ်၊ ဥတ္တာရပရာဒေ့ရှ်၊ ပန်ဂျပ်၊ ရာဂျာစသန်ပြည်နယ်များဖြစ်သည်။ ဥတ္တာရာပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန် ၁၁၃ ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး ထိုပြည်နယ်တစ်ခုတည်းမှ ဇွန်လ ၁၅ ရက်အတွင်း သေဆုံးသူ ၁၁၅ ဦး ရှိခဲ့သည်။ သဲကန္တာရဒေသဖြစ်သော ရာဂျာစသန်ပြည်နယ်တွင်မူ အပူချိန် ၁၂၂ ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်ခဲ့သည်။ အပူလှိုင်းသည် ဇွန်လအတွင်း အားပျော့မသွားဘဲ သုံးပတ်ဆက်တိုက် ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူလူဦးရေသည် ၅၅၈ ယောက်အထိ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သော ဥတ္တာရပရာဒေ့ရှ်ပြည်နယ်၏ ဘာသာရေးမြို့တော် ဗာရာဏသီမြို့တစ်မြို့၌ သေဆုံးသူဦးရေပင်လျှင် ၂၀၀ ရှိခဲ့သည်။ ဂင်္ဂါမြစ်ကမ်းတစ်လျှောက်ရှိ မြို့တော်၏အကြီးဆုံး သုသာန်နှစ်ခု၌ တစ်ပတ်အတွင်း မြှုပ်နှံခဲ့သော အလောင်းမှာ ၁,၂၁၈ ဦး ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ဦးမြလင်း

**သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၅)။** ။၁၉၉၅ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော်ပေါင်း ၁,၆၂,၀၉၈ ပါး၊ သာမဏေပေါင်း ၂,၃၃,၈၄၀ ပါး၊ စုစုပေါင်း ၃၉၅,၉၃၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၃,၀၂၂ ပါး သီတင်းသုံး နေထိုင်လျက် ရှိကြသည်။

### ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကဆရာတော်များ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လှူဒါန်း ထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ဖြင့် ဆရာတော်ကြီးနှစ်ပါးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှဆရာတော်ကြီးအပါး ၂၀ နှင့် ပြည်ပမှဆရာတော်ကြီးတစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော် အပါး ၂၀ နှင့် သီလရှင်ဆရာကြီးတစ်ပါးအား အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း စာချဆရာတော် ၂၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါးတို့အား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော်ရှစ်ပါးတို့အား ဂုဏ်ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးကိုးပါးတို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးနှစ်ပါးတို့အား မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်တစ်ပါးအား ဂုဏ်ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးနှစ်ပါးအား ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူသော ဆရာတော်ကြီးတစ်ပါးအား အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၇ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး နှစ်ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းထောက်ပံ့ခဲ့သည့်အပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသော လူပုဂ္ဂိုလ်အမျိုးသားသုံးဦးတို့အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်နှင့် အမျိုးသမီးနှစ်ဦးအား သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တို့ကို ချီးမြှောက်ထောက်ပံ့ ခဲ့သည်။

## စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပခြင်း

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့ထိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ စုစုပေါင်း ၁၃၅၄ ပါး ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးအောင်ခင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

### ပထမ အစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက် (၁၉၉၅ ခုနှစ်၊ မတ်လ ၁၂ ရက်)တွင် သီရိ မင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော် အတွင်း ကျင်းပသည်။

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၁၈)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို ရွေးချယ်တင်မြှောက်ရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဖြစ် မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတအား ရွေးချယ်တော်မူကြပြီး သဘာပတိ ဆရာတော်က အစည်းအဝေးကြီး၏အတည်ပြုချက်ကို ရယူကာ အတည်ပြု ပေးတော်မူသည်။

ဆက်လက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၂၂)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဒုတိယ ဥက္ကဋ္ဌဆရာတော်များအဖြစ် မကွေးတိုင်း၊ စလင်းမြို့၊ မဟာ ဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်း တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ခေမာစာရ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စိန်မမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မန္တလေးတိုင်း၊ ချမ်းအေး သာဇံ မြို့နယ်၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏ ဘိဝံသ၊ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မဟာဝတ္ထုကံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလ သာမိတို့အား လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ဓမ္မာစရိယ ပထမကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၊ ပြင်ဦးလွင်မြို့ ရတနာ မာရ်အောင်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟ၊ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ ရတနာ ဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာဘ သာမိ၊ ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာမ ဈေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩသတာဘိဝံသ၊ မကွေးတိုင်း၊ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ၊ ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ မဟာဝိသုဒ္ဓာရုံတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညတို့အား တင်သွင်းရာ သဘာပတိ ဆရာတော်က အစည်းအဝေးကြီး အတည်ပြု ချက် ရယူကာ အတည်ပြုပေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း အခန်း(၅)၊ အပိုဒ်(၂၇)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော် ၃၃ ပါးတို့၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြား တင်သွင်းရာ သဘာပတိဆရာတော်က အတည်ပြုချက်ကို ရယူ၍ အတည်ပြုပေးတော်မူပြီး စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ပြန်လည်ကျင်းပရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက

သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးတော်ဆောင် မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးသဘာပတိ မြင်းခြံမြို့၊ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသောဘိတက ဩဝါဒကထာ မြွက်ကြားတော်မူပြီး စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က တင်သွင်းလျှောက်ထား၍ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူပြီး စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ညနေလေးနာရီတွင် ရုပ်သိမ်းလိုက်သည်။

## ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော်အယူခံဝင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးသုံးသပ်ဆုံးဖြတ်စေခဲ့ရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံမှုခင်း ၃၇ မှုနှင့် နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးမှု နှစ်မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းလျာထားမှု ခြောက်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ငါးမှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးပြတ်မှု ရှစ်မှု၊ (၄၇) ပါးစုံညီ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူမှု (၂၂) မှု၊ အထူးအစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူမှု သုံးမှု၊ အထွေထွေဝိနိစ္ဆယဆောင်ရွက်မှု ၁၂၁ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## စာမေးပွဲများ ကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၇) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မကောဝိဒအောင် တစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် နှစ်ပါး၊ ဝိနယ ကောဝိဒအောင် သုံးပါး၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းရေးဖြေအောင် တစ်ပါး၊ ဝိနည်း ပထမပိုင်းနှင့် ကျမ်းရေးဖြေအောင် ကိုးပါး၊ ဒီဃဘာဏကအောင် တစ်ပါး၊ ဝိနယဓရအောင် ၁၆ ပါး၊ ဝိနည်းပထမပိုင်းနှင့် ကျမ်းအာဂုံအောင် ၁၆ ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် ၄၉ ပါး ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီး၌ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋကကျောင်းတိုက်မှ အရှင်ဝါယာမိန္ဒသည် သင်ရိုးပိဋကသုံးပုံကို အာဂုံရေးဖြေနှစ်ရပ်လုံး ပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပြီး ဆဋ္ဌမမြောက် တိပိဋကဆရာတော် တစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာနပေါင်း ၂၅ ဌာနတို့၌ ကျင်းပရာ ၄၄၇၈ ပါး ဝင်ရောက်ဖြေဆိုတော်မူကြ၍ ကျမ်းရင်းသုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ (၉၄) ပါး၊ ကျမ်းရင်း နှစ်ကျမ်းအောင် ၈၇ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် ၁၃၁ ပါးနှင့် မြန်မာ ဂုဏ်ထူး သုံးပါး စုစုပေါင်း ၃၁၅ ပါး အောင်မြင်သည်။

ပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ရာ ပထမကြီးတန်းတွင် ၆၄၁၆ ပါး ဝင်ရောက်ဖြေဆို၍ ၂၈၃၆ ပါး အောင်မြင်ခဲ့သည်။ ပထမလတ်တန်းတွင် ၁၀၆၂၅ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၆၇ ပါး အောင်မြင်ခဲ့သည်။ ပထမငယ်တန်း၌ ၁၆၃၇၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၇၁၀၇ ပါး အောင်မြင်ခဲ့သည်။ အခြေပြုမူလတန်း၌ ၁၃၈၀၁ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၉၃ ပါး အောင်မြင်သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၁၀၂ ဌာနတို့၌ ကျင်းပခဲ့ရာ ၉၆၇၄ ဦး ဝင်ရောက်ဖြေဆို၍ ၄၂၇၈ ဦး အောင်မြင်ခဲ့သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကို စာဖြေဌာန ၅၈ ဌာန၌ ကျင်းပခဲ့ရာ ၁၁၂၀၂ ပါး စာရင်းသွင်း၍ ဖြေဆိုသူ ၆၈၂၆ ပါး ရှိသည်။

## စာမူများ စိစစ်ခြင်း

၁၉၉၅ ခုနှစ်အတွက် ဗုဒ္ဓဘာသာစာမူပေါင်း ၄၈၁ မူ အနက် ထုတ်ဝေခွင့်ပြုသောစာမူပေါင်း ၂၂၈ မူရှိ၍

ထုတ်ဝေခွင့်မပြုသော စာမူ ခြောက်မူရှိသည်။ စာမူ ၄၇ မူကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၁၂ မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူနှစ်မူကို ပြင်ဆင်၍ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သည်။

## လမ်းညွှန်ချက် ရှင်းလင်းပွဲ ကျင်းပခြင်း

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ၂၅-၈-၉၅ နှင့် ၂၆-၈-၉၅ နေ့များတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ ပြည်နယ်/တိုင်း သီလရှင်အမှူးဆောင် ဆရာကြီးများ ကြွရောက်ကြသည့်အပြင်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဦးစီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ရှင်းလင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ ဩဝါဒကထာကို နာယူကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရကလည်းကောင်း၊ သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ပြန်လည်ရှင်းလင်းတင်ပြပြီး လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

**သီရိလင်္ကာနိုင်ငံ။** ။၁၉၉၄ ခုနှစ်၊ ဩဂုတ်လက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သော ကုမာရတွန်းဂါးသည် ၁၂ နှစ်ကြာဖြစ်ပွားခဲ့သော တမီးလ်နယ်ခွဲထွက်ရေးသူပုန်တို့နှင့် တိုက်ခိုက်မှုများပြီးငြိမ်းရပ်စဲသွားစေရန် ပဓာနထား ကာ ဦးစားပေးဆောင်ရွက်လျက်ရှိနေခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၅- စာ၊ ၃၃၆- ရှု။) ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပရာဘဟာကာရန် ဦးဆောင်သည့် တမီးလ်ပြောက်ကျားအဖွဲ့တို့နှင့် ကိုလံဘိုမြို့တွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲမှာ အောင်မြင်မှု မရရှိခဲ့ချေ။ တမီးလ်တို့အထဲမှ သဘောထားညွတ်ပျောင်းသူများကို အမျိုးသားလွှတ်တော်၌ ပါဝင်စေကာ တာဝန်ပေးအပ်မည်ဟု မစ္စစ်ကုမာရတွန်းဂါးက ပြောကြားသည်။ တမီးလ်ပြောက်ကျားအဖွဲ့က လက်မခံသဖြင့် ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။

အစိုးရက လိုက်လျောသည့်အနေဖြင့် ဂျက်ဖနာကျွန်းနယ်မြေဘက်သို့ သွားလမ်း လာလမ်းများကို ဖွင့်ပေးခဲ့ သည်။ မေဒေး အလုပ်သမားနေ့တွင် ယခင်နှစ်များကဲ့သို့ အခမ်းအနား မကျင်းပနိုင်ခဲ့ချေ။ ၁၉၉၃ ခုနှစ် ၊ မေလက မေဒေးအလုပ်သမားနေ့ ကျင်းပရန် ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သမ္မတ ပရီမာဒါဆာကွယ်လွန်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄- စာ၊ ၃၀၇-ရှု။)



**တမီးလ်ပြောက်ကျား ခေါင်းဆောင် ပရာဘာကာရန် (အလယ်) ကို တောတွင်းတစ်နေရာတွင် တွေ့ရစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်သည့်အတွက် ကုမာရတွန်းဂါးအစိုးရနှင့် တမီးလ်ပြောက်ကျားတပ်ဖွဲ့များ အင်အားဖြည့်တင်းခဲ့သည်။ သီရိလင်္ကာအစိုးရအား ဗြိတိန်၊ အစ္စရေးနှင့် ပါကစ္စတန်နိုင်ငံတို့က တတ်စွမ်းသမျှ ကူညီခဲ့သည်။ ရုရှားနိုင်ငံကမူ ဒေါ်လာသန်း ၁,၀၀၀ တန်ဖိုးရှိသည့် ရိုင်ဖယ်လက်နက်များနှင့် တင့်ကားအစီး ၂၀ တို့ကို ကူညီရန် သဘောတူခဲ့သည်။ သို့ရာတွင် ထိုအကူအညီကို လက်မခံဖြစ်ခဲ့ပေ။

အိန္ဒိယနိုင်ငံအနေဖြင့် လွန်ခဲ့သောနှစ်များကပင် တပ်အင်အား ၃,၀၀၀ ဖြင့် ၃၂ လကြာ သီရိလင်္ကာအစိုးရဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သည်။ သို့ရာတွင် ထိုတပ်က တမီးလ်ပြောက်ကျားများကို မနှိမ်နင်းနိုင်ခဲ့ပေ။ သီရိလင်္ကာအစိုးရတပ်အင်အားမှာ ၃၇,၀၀၀ ရှိသည်။ တမီးလ်တပ်အင်အားမှာ ၁၀,၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။ တမီးလ်တို့လက်တွင် ဒုံးကျည်များ၊ လေယာဉ်ပစ်အမြောက်များ ရှိနေသည်။

အစိုးရတပ်ဘက်တွင် လေတပ်၊ ရေတပ်အားသာသကဲ့သို့ တမီးလ်ပြောက်ကျားတို့လက်တွင်ကား ဗုံးများ အစွမ်းထက်လှသည်။ စစ်ကာလအတွင်း အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံသူ ၁၂,၅၀၀ ရှိသည်။ ၎င်းတို့အတွက် အိန္ဒိယအစိုးရက နှစ်စဉ်ဒေါ်လာ ၃၁၆ သန်း သုံးစွဲနေရသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် သီရိလင်္ကာအစိုးရက ထိုးစစ်ကြီးစတင်ခဲ့သည်။ မစ္စစ်ကုမာရတွန်းဂါးက အသေအချာကြေညာပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ပွဲတွင် စစ်အင်အား ၁၀,၀၀၀ ပါရှိ၍ လေတပ်၊ ရေတပ်များ ပါဝင်သည်။ ပစ်မှတ်ပစ်ကွက်မှာ ဂျက်ဖနာကျွန်းတစ်ဝိုက်ဖြစ်သည်။

ထိုးစစ်ကြီး ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ဂျက်ဖနာကျွန်းရှိ ပြောက်ကျားတပ်စခန်းများနှင့် ပြောက်ကျားတို့ခိုလှုံမည်ထင်ရသော နေရာများကို ဗုံးကြဲတိုက်ခိုက်ရာတွင် စိန့်ပီတာဘုရားကျောင်းနှင့် စိန့်ပေါ်ဘုရားကျောင်းများ ပါသွားသည်ဟု ဆိုသည်။ ဘုရားကျောင်းများ၌ ခိုလှုံနေကြသော အရပ်သူအရပ်သား ၁၂၀ သေဆုံးသည်။ ထို့ပြင် အစိုးရ ကွန်မန်ဒိုတပ်များက သူပုန်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းရာ သူပုန် ၁၀ ဦးထက်မနည်း သေဆုံးသည်။

အခြားတိုက်ပွဲတစ်ခုတွင် သူပုန်တို့က အစိုးရတပ်စခန်း လေးခုအား ရေကြောင်း၊ ကုန်းကြောင်းမှ လာရောက်

**ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက် ကိုလံဘိုမြို့တွင် ဆန္ဒပြ တောင်းဆိုနေသူများ**



တိုက်ခိုက်ကြရာတွင် သူပုန် ၉၂ ဦး သေဆုံးသည်။ ဆုတ်ခွာသွားသော သူပုန်တပ်နောက်သို့ အစိုးရတပ်က လိုက်လံတိုက်ခိုက်သောအခါ သူပုန် ၂၃ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ချုပ်ကြီး ဂါရီဒိဆီဗာက ပြောကြားသည်။

တမီးလ်တို့၏ ကျောထောက်နောက်ခံနယ်မြေမှာ အိန္ဒိယနိုင်ငံ တမီနာဒူးခေါ် မဒရတ်ပြည်နယ် ဖြစ်သည်။ လူမျိုးရေးနှင့် ဘာသာစကားတူညီမှုရှိသော တမီးလ် အချင်းချင်း ကူညီရိုင်းပင်းစောင့်ရှောက်လိုကြသော်လည်း အိန္ဒိယအစိုးရ၏ စီမံအုပ်ချုပ်မှုကြောင့် ကူညီခြင်းမပြုနိုင်ခဲ့ပေ။ ဤအတောအတွင်း မဒရတ်ပြည်နယ်အစိုးရက ဖမ်းဆီးထားသော တမီးလ် ၄၃ ယောက်သည် ဥမင်လိုဏ်ခေါင်းဖောက်၍ ထွက်ပြေးကြရာ မဒရတ်ရဲက ၁၁ ဦးကို ပြန်လည်ဖမ်းမိခဲ့သည်။ သုံးဦးမှာ အဆိပ်သောက်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်ဟု ဩဂုတ်လ ၁၅ ရက်နေ့တွင် သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ သမ္မတ ကုမာရတွန်းဂါးသည် ငြိမ်းချမ်းရေး စီမံချက်တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုကြေညာချက်တွင် (၁) သီရိလင်္ကာနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ရှစ်နယ်ခွဲရေး၊ (၂) ထိုနယ်အသီးသီး၌ အုပ်ချုပ်ရေးအဖွဲ့သည် နယ်မြေ၏ စီးပွားရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသည်တို့ကို လွတ်လပ်စွာ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ ပါဝင်သည်။

ထိုပြည်နယ်များတွင် တမီးလ်လူမျိုးတို့အတွက် နယ်တစ်နယ် ပါဝင်သည်။ ယင်းအဆိုကို တမီးလ်တို့က ပယ်ချလိုက်ပြီး အစိုးရ၏စီမံချက်သည် တိုက်ပွဲသို့သာ ဦးတည်နေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ထိုအတောအတွင်း တမီးလ်ပြည်သူ့စစ်ခေါင်းဆောင် ဒေါက်ဂလပ်စ်ဒေဝနန္ဒာက အဆိုပြုချက်တစ်ရပ်ကို ဩဂုတ်လ ၈ ရက်နေ့တွင် တင်ပြသည်။ အင်အား ၁,၀၀,၀၀၀ ရှိသော သီရိလင်္ကာတပ်မတော်တွင် တမီးလ်ဘာသာစကားပြော တပ်ရင်းတစ်ရင်း ထူထောင်ရန် ဖြစ်သည်။ ထိုတပ်ရင်း၌ မူဆလင်များပါ ပါဝင်နိုင်သည်ဟု တင်ပြထားသည်။ ဒေဝနန္ဒာသည် လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်သည်။

**သေဒဏ်ပြန်လည် သတ်မှတ်ခြင်း –** ကြီးလေးသော ရာဇဝတ်ပြစ်မှုများအတွက် ယခင်က သေဒဏ်ပေးခဲ့သည်။ နောက်ပိတ်ဆုံး သေဒဏ်ကို ၁၉၇၆ ခုနှစ်က ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ ဂျူနီယတ်စ်ဇေယျဝါဒိနီ လက်ထက်၌ သေဒဏ်များကို တစ်သက်တစ်ကျွန်းဒဏ်သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်သို့ ပြောင်းလဲစီရင်ရန် အမိန့်ထုတ်ခဲ့သည်။

ယခုကာလတွင် ရာဇဝတ်မှု နှိမ်နင်းရေးအတွက် သေဒဏ် ပြန်လည်ပေးရန် လိုအပ်သည်ဟု ယူဆသည့်အလျောက် အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက် တင်သွင်း ဆုံးဖြတ်ခြင်းဖြစ်သည်ဟု တရားရေးဌာနဝန်ကြီး လက်ရှ်မင်ပေးရစ်က ဇွန်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည့်အလျောက် ကွပ်မျက်မှုကို ရှောင်ခဲ့သော်လည်း မလွှဲမရှောင်သာ သေဒဏ်စီရင်ချက် ချမှတ်ရတော့မည် ဖြစ်သည်။ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု စသည်တို့သည် သေဒဏ်စီရင်သင့်သော အမှုများဖြစ်သည်။ သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်သော အာဏာကို သမ္မတလက်ဝယ် ထားရှိသည်။

**သော်တာဆွေ (ခရစ်၁၉၁၉–၁၉၉၅)။** ။နိုင်ငံကျော်စာရေးဆရာ သော်တာဆွေကို ၁၉၁၉ ခု၊ မေလ ၁၉ ရက် တနင်္လာနေ့တွင် ပေါင်းတည်မြို့နယ်၊ ကြို့ပင်ရွာနေ အဖ လယ်သမားကြီး ဦးဖိုးဆယ် အမိ ဒေါ်လှရင် တို့က ဖွားမြင် သည်။ ငယ်နာမည် မောင်ချစ်လှိုင်ဖြစ်၍ ကြီးပြင်းလာသောအခါ မောင်ကြင်ဆွေဟု အမည်တွင် သည်။

မြန်မာ ၁၀ တန်းအောင်မြင်ပြီး အထက်တန်းဆရာဖြစ် အောင်လက်မှတ်ရရှိခဲ့သည်။ အင်္ဂလိပ်စာကို အလွတ်ပညာသင်ကျောင်းတက်၍ သင်ယူခဲ့သည်။ ဂျပန်ခေတ်တွင် မြင်းလှည်းသမားဘဝ၊ ၁၉၄၅ ခုနှစ် အင်္ဂလိပ်များပြန်အဝင်တွင် ဆန်ကုန်သည်ဘဝ စသည်ဖြင့် ကျင်လည်ခဲ့သည်။ ငယ်စဉ်ကပင် ကဗျာ၊ ဝတ္ထု စသည်များကို ဖတ်တတ်၊ မှတ်တတ်၍ ကဗျာရေးခြင်းကို ကျောင်းသားဘဝကပင် ကျွမ်းကျင်ခဲ့သည်။

စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ပြီး သော်တာဆွေဟူသော ကလောင်နာမည်ဖြင့် စာရေးခဲ့ရာ လူသိများကျော်ကြားလာသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ရှုမဝမဂ္ဂဇင်း၌ ဘရန်ဒီတစ်ပုလင်းအမည်ရှိ ဟာသဝတ္ထုဖြင့် စာပေလောကသို့ ဝင်ခဲ့သည်။

မူလက စုံထောက်ဝတ္ထုရေးရန် အားသန်ခဲ့သော် လည်း ရန်အောင်ရတနာ လုံးချင်း စုံထောက်ဝတ္ထုတစ်အုပ်သာ



အမျိုးသားစာပေဆုရ နိုင်ငံကျော် စာရေးဆရာ သော်တာဆွေ

ရေးသားနိုင်ခဲ့သည်။ ခြောက်နှစ်တိုင်တိုင် ဟာသ ဝတ္ထုများ ရေးခြင်းဖြင့်သာ နာမည်ရလာပြီးနောက် ၁၉၅၃ ခုနှစ်မှစ၍ ဘဝသရုပ်ဖော်စာပေဘက်သို့ တစ်စတစ်စ ကူးပြောင်း ရေးသားခဲ့သည်။

ဟာသဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို စာရေးဆရာဖြစ်စမှ ကွယ်လွန် ခါနီး လေးလအထိ လစဉ်မပြတ် ရေးသားရင်း စာရေးခြင်း အလုပ် တစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ် လုပ်ခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုပေါင်း ၄၀၀ ခန့်၊ ဝတ္ထုရှည် ၂၀ကျော် ရေးသား ခဲ့သည်။

ယင်းတို့အနက် သတ္တဝါတို့သံသရာ စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို လည်းကောင်း၊ ဤလောကမြေမဟီဝယ် စာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ စာပေလေ့လာရေး ခရီးအဖြစ် ဆိုဗီယက်ယူနီယံနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်ခဲ့သည်။

နိုင်ငံကျော် စာရေးဆရာ သော်တာဆွေသည် ၁၉၉၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌ အမှတ် (၂) တပ်မတော် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီး ၃ ယောက် ကျန်ရစ်ခဲ့သည်။

**ဟန်ဂေရီသမ္မတနိုင်ငံ။** ။ဟန်ဂေရီနိုင်ငံသည် ၁၉၄၉ ခုနှစ်မှစ၍ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံ ဟူသော အမည်ဖြင့် ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှုအောက်တွင် နှစ်ပေါင်း ၄၀ တိုင်တိုင် တည်ခဲ့ ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့ တွင် ကွန်မြူနစ်ဝါဒကို စွန့်ပယ်၍ "ဟန်ဂေရီ သမ္မတနိုင်ငံ" ဟု ခေါ်ဝေါ်သမုတ်ကာ ပါတီစုံဒီမို ကရေစီ စနစ်ကို ကျင့်သုံး ပြီးလျှင် ၁၉၉၀ ပြည့်နှစ်၊ မတ်–ဧပြီလများ တွင် အမတ် နေရာ ၃၈၆ နေရာထားရှိသည့် အမျိုးသား လွှတ်တော် အတွက် ပထမဆုံးသော ပါတီစုံ ရွေးကောက် ပွဲများကို ကျင်းပခဲ့သည်။

ထိုအချိန်က ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်း ကီလိုမီတာ ၉၃,၀၃၃ အတွင်း လူပေါင်း ၁၀,၆၀၀,၀၀၀ ခန့် (၁၉၉၀ ခန့်မှန်းခြေ)နေထိုင်လျက်ရှိရာ ဟန်ဂေရီနိုင်ငံတွင် အာဏာရပါတီကြီးသုံးခုနှင့် အခြား နိုင်ငံရေးပါတီ ငါးခုတို့ ရှိခဲ့ကြသည်။ ပါတီကြီးသုံးခုမှာ –

(က) မဂ္ဂယာဒီမိုကရာတာဖိုရမ်(အမ်ဒီအက်ဖ်) သို့မဟုတ် ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အိပ်ချ်ဒီအက်ဖ်)၊

(ခ) လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီ (အက်ဖ်ကေဂျီပီ)

(ဂ) ခရစ်ယာန်ဒီမိုကရက်တစ်ပြည်သူ့ပါတီ (ကေဒီအင်ပီ) တို့ဖြစ်ကြ၍ အခြားပါတီ ငါးခုတို့မှာ–

- (က) လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့၊
- (ခ) လူငယ်ဒီမိုကရက်များဖယ်ဒရေးရှင်း၊
- (ဂ) ဟန်ဂေရီပြည်သူ့ပါတီ၊
- (ဃ) ဟန်ဂေရီဆိုရှယ်လစ်ပါတီ၊
- (င) ဟန်ဂေရီဆိုရှယ်လစ်အလုပ်သမားများ ပါတီတို့ ဖြစ်ကြသည်။

ပါတီစုံရွေးကောက်ပွဲကြီးကျင်းပပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့တွင် ဇဟိုလက်ယာဝါဒီ အမ်ဒီအက်ဖ် ပါတီမှ ဂျိုးဇက်အင်တောလ်က ဝန်ကြီးချုပ် အဖြစ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဩဂုတ်လ ၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေပြု လွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်ကြီးက အာပက်တ်ဂွန့်ဇ်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက် ခဲ့ပေသည်။

ပြည်တွင်းနိုင်ငံရေး အခက်အခဲများ– ၁၉၉၁ခုနှစ်၊ ဧပြီလ နှင့် မေလများတွင် နိုင်ငံရေးပါတီ (၆) ခုတို့က ပါလီမန်ပြင်ပ တွင် နိုင်ငံတော်၏ အဓိက နိုင်ငံရေး ပြဿနာများကို ဆွေးနွေးရန် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြ သည်။ ဟန်ဂေရီနိုင်ငံသည် တစ်နှစ်တာကာလကြာမျှ ပြည်တွင်းနိုင်ငံရေး အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ပိုမိုတည်တံ့ခိုင်မြဲမှုရှိသည့် အသွင်သဏ္ဌာန်ဆောင်ခဲ့သည်။ အဓိက နိုင်ငံရေးပါတီများ အတွင်း၌ လည်းကောင်း၊ စပ်ကြား၌လည်းကောင်း အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိခဲ့သဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှု ဖူလုံရေးနှင့် ပတ်သက်သည့် အဓိကဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း မရှိခဲ့ချေ။ ပါလီမန်က ဘဏ္ဍာရေးဥပဒေနှင့် ဘတ်ဂျက် ရသုံးငွေစာရင်းကို ချမှတ်နိုင်ခြင်းမရှိရာ ရန်ပုံငွေ မရှိသဖြင့် ကျန်းမာရေးနှင့်ပညာရေးပြုပြင်ပြောင်းလဲရေး စီမံချက်များကို ရွှေ့ဆိုင်းထားခဲ့ရသည်။ မည်သို့မဆို ၁၉၉၂ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသားနှင့်မျိုးနွယ်လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေကြမ်းတစ်ရပ်ကိုကား အတည်ပြုခဲ့ကြသည်။

၁၉၉၂ ခုနှစ်အတွင်း၌ လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီအတွင်း မြေယာများကို မူလပိုင်ရှင်များသို့ ပြန်ပေးရေးကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း ပါတီဝင်အများစုက ပါတီခေါင်းဆောင်များကို ထောက်ခံခြင်းမပြုကြဘဲ အာဏာရညွန့်ပေါင်းအစိုးရနှင့်သာ ဆက်လက်လက်တွဲခဲ့ကြရာ ယင်းပါတီဝင်များအား ပါတီမှထုတ်ပယ်ပစ်သောအခါ ၎င်းတို့က သမိုင်းစင်မြင့် (Historical Platform ) ဟူသောအမည်ဖြင့် ပါတီအဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

**အာဏာရပါတီတွင်း တင်းမာမှုများ** – ထိုနှစ် ၁၉၉၂ ဩဂုတ်လတွင်မူ ဟန်ဂေရီဒီမိုကရက်တစ် ဖိုရမ် (အမ်ဒီအက်ဖ်)ပါတီကြီးအတွင်း၌ပင် ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ အစ္စဗန်ဇူကာရေးသားသည့် ဆောင်းပါးတစ်စောင်ကြောင့် တင်းမာမှုများ ပေါက်ကွဲပေါ်ထွက်လာခဲ့သည်။ ဇူကာက ဟန်ဂေရီနိုင်ငံသည် ဂျူး– ဘောလ်ရှီဗစ်–လစ်ဘရယ်တို့ တွဲဖက်၍ အစိုးရကို ဖျက်ဆီး ပစ်ပြီး ဟန်ဂေရီနိုင်ငံ၏ နာလန်ထူရေးကို တားဆီးပိတ်ပင်မည့် ပူးပေါင်းလုပ်ကြံမှုတစ်ရပ်ကို ခံနေရကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ ဤဆောင်းပါးမှာ ဟီဗရူးနှင့် အာရပ်များပါဝင်သော ဆီးမိုက်( Semite ) လူမျိုးအုပ်စုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ရေးသားခြင်း ဖြစ်သည်။ ထိုဆောင်းပါးကို နောက်ဆုံး၌ နိုဝင်ဘာလတွင် အမ်ဒီအက်ဖ်ပါတီဥက္ကဋ္ဌ အင်တောလ်က ရှုတ်ချပြောဆိုခဲ့လေသည်။ ဤတွင် ဇူကာသည် ဟန်ဂေရီလမ်းစဉ်ဟူ၍ ခေါ်တွင်သည့် လူထုလှုပ်ရှားမှုတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လုပ်ဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဇူကာသည် ဝန်ကြီးချုပ်ဂျေအင်တောလ်ကို စိန်ခေါ်ဆန့်ကျင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် သူသည် ပါတီသဘာပတိအဖွဲ့တွင် ဆက်လက်ပါဝင်မြဲ ပါဝင်နေခဲ့သည်။ ထိုနောက် ဇူကာသည် မေလတွင် ယူကရိန်းနိုင်ငံနှင့် သမဝါယမစာချုပ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ဇွန် ၁ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါလီမန်အဖွဲ့စုက ဇူကာအပါအဝင် ပါလီမန်အမတ်ခြောက်ဦးကိုထုတ်ပယ်ပစ်ခဲ့သည်။ ဤတွင် ဇွန် ၂၁ ရက်နေ့တွင် ဇူကာသည် ဟန်ဂေရီ တရားမျှတရေးပါတီ (Hungarian Justice Party )ကို အခြား လွှတ်တော်အမတ် (၄)ဦးနှင့်အတူ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူ၏ပါတီသို့ နောက်ထပ်လွှတ်တော်အမတ် (၆) ဦး ဝင်ရောက်လာခဲ့ကြသည်။ ဇွန် ၂၂ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါတီက ဇူကာနှင့် အခြားအမတ်တစ်ဦးအား ပါတီမှ တရားဝင်ထုတ်ပယ်လိုက်သည်။

**ဝန်ကြီးချုပ် အင်တောလ် ကွယ်လွန်ခြင်း** – ၁၉၈၉ခု၊ အောက်တိုဘာလမှစ၍ ဟန်ဂေရီဒီမိုကရက်တစ်ပါတီ ( အိပ်ချ်ဒီအက်ဖ် သို့မဟုတ် အမ်ဒီအက်ဖ်ပါတီ ) ၏ ခေါင်းဆောင်နှင့် ၁၉၉၀ ပြည့်နှစ်၊ မေလမှစ၍ ဟန်ဂေရီ ညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သူ ဂျိုးဇက်အင်တောလ်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အသက် ၆၁ နှစ်အရွယ်၌ ကွယ်လွန် သွားခဲ့သည်။ သူသည် ဟန်ဂေရီ သမိုင်းပညာရှင်တစ်ဦးနှင့် ယခင်က ပြတိုက်ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ခဲ့၍ ဟန်ဂေရီနိုင်ငံအား ပြည်သူ့ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းမှုကို ဦးဆောင်မှုပေးခဲ့ပြီး ဟန်ဂေရီနိုင်ငံရေးအား တည်ငြိမ်စေရန် ထိန်းကျောင်း ပေးနိုင်ခဲ့သူ ဖြစ်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော အင်တောလ်၏ ဈာပနသို့ အခြားပုဂ္ဂိုလ်များနှင့်အတူ အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုး၊ ရုရှားပထမ ဒုတိယဝန်ကြီးချုပ် ယေဂေါဂေဒါနှင့်အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ သို့သော် တစ်ဘက် အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံမှ တက်ရောက်ခြင်း မရှိသည်ကို မှတ်သားဖွယ်တွေ့ရှိခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ယခင်က ပြည်ထဲရေး ဝန်ကြီးနှင့် ဝန်ကြီးချုပ် အင်တောလ် မရှိသည့် အချိန်ကာလများတွင် ခေတ္တဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ခဲ့သူ ပီတာမိုရော့စ် (အသက် ၆၅) အား ဝန်ကြီးချုပ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ သူသည် ၁၉၉၀ ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံခဲ့သူမဟုတ်။ အင်တောလ်၏ အစိုးရအဖွဲ့အတွင်းသို့ ပါတီဝင်မဟုတ်သော စက်မှုအတတ်ပညာရှင်တစ်ဦးအဖြစ် ထည့်သွင်းခြင်းခံယူခဲ့ပြီး နောက်ပိုင်း၌ အမ်ဒီအက်ဖ်ပါတီသို့ ဝင်ရောက်ကာ ပါတီဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသူဖြစ်သည်။ မိုရော့စ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ရှေးကာ၏တရားမျှတရေး ပါတီမှ လွှတ်တော်အမတ်ရှစ်ဦးအပြင် ဟန်ဂေရီ ဆိုရှယ်လစ်ပါတီ၊ လူငယ် ဒီမိုကရက်များ ဖယ်ဒရေးရှင်းနှင့် လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့စသည့် အတိုက်အခံပါတီ သုံးပါတီတို့က ကန့်ကွက်ခဲ့ကြသည်။

အာဏာရ ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အမ်ဒီအက်ဖ်)၏ အမျိုးသားကွန်ဂရက် အစည်းအဝေးကို ၁၉၉၄ ခု၊ ဖေဖော်ဝါရီ ၁၈–၂၀ ရက်နေ့များအတွင်း ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး လာဂျို့စ်ဖော အား ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

**ဟော်သီ၏ ထပ်ဆင့်ဈာပန** – ဟန်ဂေရီနိုင်ငံသည် ပထမကမ္ဘာစစ်ပြီးဆုံးသည့်နောက် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ထို့နောက် ဘောလ်ရှီဗစ်တော်လှန်ရေးဖြစ်ပွားခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ဘုရင်စနစ်ကို ပြန်လည်ကျင့်သုံးခဲ့ရာ ၁၉၂၀ မှ ၁၉၄၄ ခုနှစ်အထိ ရေတပ်ဗိုလ်ချုပ်ကြီးနိကောလပ်စ်ဟော်သီက ရင်ခွင်ပိုက်အုပ်ချုပ်သူ(Regent) အဖြစ် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ ကွန်မြူနစ်ဝါဒ ကျင့်သုံးသောအခါ ဟော်သီသည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကွယ်လွန်သွားခဲ့သည်။ ဟန်ဂေရီအစိုးရသည် ဟော်သီ၏ အရိုးပြာများကို ဟန်ဂေရီနိုင်ငံသို့ ပြန်လည်ယူဆောင်လာပြီး ၁၉၉၃ ခု၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဟန်ဂေရီအရှေ့ပိုင်းရှိ ကင်ဒါရီမြို့၌ ၄င်း၏မိသားစု အုတ်ဂူအတွင်း ထည့်သွင်းမြှုပ်နှံ သဂြိုဟ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အင်တောလ်က ဗိုလ်ချုပ်ကြီးဟော်သီအား တိုင်းပြုပြည်ပြု ဟန်ဂေရီမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ အိမ်နီးချင်းနိုင်ငံများက ဤကိစ္စကို နှစ်လိုကြည်ဖြူခြင်း မရှိခဲ့ကြပေ။ ပြည်တွင်း၌လည်း ဂျူးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့အစည်းအချို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

**၁၉၉၄ အထွေထွေရွေးကောက်ပွဲ** – ဟန်ဂေရီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ၁၉၉၄ မေလ ၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို နှစ်ကျော့ပြန်ကျင်းပခဲ့ရာ ဆန္ဒမဲပေးခွင့်ရှိသူ ၇,၈၀၀,၀၀၀ အနက် ပထမအကျော့တွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒုတိယအကျော့တွင် ၅၅ ဒသမ ၁ ရာခိုင်နှုန်း မဲဆန္ဒပေးခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ဂျူလာဟွန်း ဦးဆောင်သည့် ဟန်ဂေရီဆိုရှယ်လစ်ပါတီ (ယခင်က ကွန်မြူနစ်ဝါဒီ)က ဥပဒေပြုလွှတ်တော်အမတ်နေရာ ၂၀၉ နေရာ ရရှိပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လစ်ဘရယ်ဝါဒီ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီ (အမတ်နေရာ ၇၀) နှင့် ယခင်က အာဏာရဟန်ဂေရီ ဒီမိုကရက်တစ်ဖိုရမ်(အမ်ဒီအက်ဖ်)(အမတ်နေရာ ၃၇)တို့က ဒုတိယနှင့် တတိယနေရာများကို အသီးသီးရရှိခဲ့ကြသည်။

သို့ဖြစ်စေကာမူ ၁၉၉၄ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် ဖော်ပြပါ ဆိုရှယ်လစ်ပါတီနှင့် ဒီမိုကရက်များ မဟာမိတ်ပါတီတို့ တွဲဖက်၍ ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ကြရာ ဇူလိုင် ၁၅ ရက်နေ့တွင် ပါလီမန်က ဟန်ဂေရီဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဂျူလာဟွန်းအား ဝန်ကြီးချုပ်အဖြစ် အတည်ပြုခဲ့သည်။ ဟွန်းဦးဆောင်သည့် အစိုးရအဖွဲ့တွင် ဝန်ကြီးရာထူး ၁၄ နေရာအနက် ဆိုရှယ်လစ်ပါတီက ၁၁ နေရာယူ၍ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီအား ၃ နေရာ ပေးခဲ့ပြီး ယင်းပါတီ၏ခေါင်းဆောင် ဂါဘော်ကွန့်(ဇ်)အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။

အထက်ဖော်ပြပါ ပါတီနှစ်ရပ်၏ အမတ်နေရာ စုစုပေါင်းသည် ပါလီမန်ရှိ စုစုပေါင်း အမတ်နေရာ ၃၈၆ ၏ သုံးပုံ–နှစ်ပုံထက် ပိုလွန် သေးရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သောအခြေအနေကို ရရှိစေသည်။

**သမ္မတဂွန့်ဇ် နောက်ထပ်ငါးနှစ်တွက် ရွေးချယ်ခံရခြင်း** – ထိုအကောအတွင်း ၁၉၉၄ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် ပါလီမန်က အာပက်တ်ဂွန့်ဇ်အား ဒုတိယငါးနှစ်

သက်တမ်းအတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

## နိုင်ငံခြား ဆက်ဆံရေး

**ဝါဆောစာချုပ် ဖျက်သိမ်းခြင်း** – ဟန်ဂေရီနိုင်ငံသည် ၁၉၅၅ မေလ ၁၄ ရက်နေ့မှစ၍ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်ကာ တည်ထောင်ခဲ့သော အပြန်အလှန်ကာကွယ်ရေး စစ်မဟာမိတ် ဝါဆောစာချုပ်တွင် အခြားအရှေ့ဥရောပ အုပ်စုဝင် နိုင်ငံများဖြစ်သော ဘူလ်ဂေးရီယား၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ရိုမေးနီးယားနိုင်ငံတို့နှင့်အတူ ပါဝင်ခဲ့သည်။ ဝါဆောစာချုပ်အဖွဲ့သည် အနောက်ဥရောပနိုင်ငံများ၏ နေတိုးစစ်မဟာမိတ် စာချုပ်အဖွဲ့နှင့် အပြိုင်ဖြစ်ခဲ့သည်။ ထို့မှတစ်ပါး ဟန်ဂေရီနိုင်ငံသည် ဖော်ပြပါ အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော စီးမီးယား ( CMEA - Council for Mutual Economic Assistance ) ဟူ၍ ခေါ်တွင်သော စီးပွားရေးအဖွဲ့၌လည်း ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ နိုင်ငံရေး အုံကြွမှုကြီးများ ဖြစ်ပွားပေါ်ပေါက်လာပြီးနောက် အထက်ပါ ဝါဆောစာချုပ်အဖွဲ့နှင့် စီးမီးယားအဖွဲ့တို့အား ပြုပြင် ပြောင်းလဲ သို့မဟုတ် ဖျက်သိမ်းရန် လက္ခဏာများထွက်ပေါ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လတွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့က နေတိုးနှင့် ဝါဆောအဖွဲ့ များကို စစ်မဟာမိတ်အဖွဲ့များ အဖြစ်မှ နိုင်ငံရေးအဖွဲ့များ အဖြစ်သို့ ပြောင်းလဲကြရန် အဆိုပြုခဲ့ပြီး ဧပြီလတွင် တစ်ဖန် ယင်းအဖွဲ့နှစ်ဖွဲ့အား တဖြည်းဖြည်းဖျက်သိမ်းရန် အကြံပြု ခဲ့သည်။

ဝါဆောစာချုပ်ကို ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဟန်ဂေရီနှင့် ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အခြားဥရောပအဖွဲ့ဝင်နိုင်ငံများမှ စစ်ဘက်ခေါင်းဆောင်များ နောက်ဆုံးအကြိမ် တွေ့ဆုံပြီး တရားဝင်ဖျက်သိမ်းခဲ့ကြသည်။ သို့သော် ဝါဆောစာချုပ်၏ နိုင်ငံရေးအဖွဲ့အစည်းများ ကျန်ရှိနေသေးပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်မှ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ချက်ကိုစလိုဗက်နိုင်ငံ၊ပရာဟာမြို့တော်၌ တွေ့ဆုံဆွေးနွေးကြပြီး ယင်းစာချုပ်အဖွဲ့ကို နောက်ဆုံးအပြီးသတ် ဖျက်သိမ်း လိုက်ကြသည်။ ဤအတောအတွင်း ၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုကငင်း၏ တပ်ဖွဲ့များကို ချက်ကိုစလိုဗက်နိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများမှ ရုရှားနိုင်ငံသို့ ပြန်လည်ရုပ်သိမ်းခဲ့ရာ ဟန်ဂေရီနိုင်ငံတွင် နောက်ဆုံးကျန်ရှိသော ဆိုဗီယက်တပ်ဖွဲ့များသည် ဇွန်လ ၁၉ ရက်နေ့တွင် ထွက်ခွာသွားခဲ့ကြသည်။

ဝါဆောစာချုပ်အဖွဲ့ကို ဦးစွာပထမ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဖျက်သိမ်းပြီးနောက်ဒေသတွင်းဖြစ်ပေါ်လာသော လုံခြုံရေးဟာကွက်ကို ပြည့်တင်းရေးအတွက် ဆိုဗီယက်ပြည်ထောင်စုက ယင်းစာချုပ်အဖွဲ့တွင် ပါဝင်ခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း စာချုပ်များချုပ်ဆိုရန် ကြိုးစားအားထုတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ အဆိုပြုချက်ကို ၁၉၉၁ ခုနှစ်၊ ဧပြီလနှင့်မေလများတွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ဘူဂေးရီးယား နိုင်ငံတို့က ပယ်ချခဲ့ကြသည်။ ရိုမေးနီးယားတစ်နိုင်ငံတည်းကသာ လက်ခံ၍ စာချုပ်ချုပ်ခဲ့သည်။

**ဟန်ဂေရီ–ရုရှား ဆက်ဆံရေး**— ရုရှားနိုင်ငံသမ္မတကြီး ဘောရစ်ယဲ့လ်ဆင်သည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀–၁၁ ရက်နေ့များတွင် ဟန်ဂေရီနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်။ ဤသို့လာရောက်စဉ် ဟန်ဂေရီအစိုးရက ၁၉၅၆ မှ ၁၉၉၁ ခုနှစ်အတွင်း ဆိုဗီယက်တပ်များ ဟန်ဂေရီနိုင်ငံတွင်း တပ်စွဲထားစဉ် ပြုလုပ်ခဲ့သော ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် လျော်ကြေးရလိုမှုကို ရုပ်သိမ်း ခဲ့ပြီး ရုရှားနိုင်ငံဘက်မှလည်း ဟန်ဂေရီနိုင်ငံတွင်း စစ်အခြေခံစခန်းများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော ကုန်ကျစရိတ်များကိုတောင်းခံခြင်းမပြုရန် သဘောတူခဲ့သည်။ ရုရှားက ဟန်ဂေရီသို့ ပေးရန်ရှိသည့် ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ ခန့်နှင့်ပတ်သက်၍မူ သဘောတူချက် မရရှိခဲ့ကြပေ။ သို့ရာတွင် အချို့အဝက် ပေးချေမှုအနေဖြင့် ဟန်ဂေရီက ရုရှားနိုင်ငံမှ စစ်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဒေါ်လာသန်း ၈၀၀ ဖိုး ဝယ်ယူရန် ဟန်ဂေရီက သဘောတူခဲ့သည်။ ဤခရီးစဉ်အတွင်း ရုရှားသမ္မတကြီးက ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဟန်ဂေရီနိုင်ငံအား ချင်းနင်းဝင်ရောက်တိုက်ခဲ့ခြင်းကို ရှုတ်ချကြောင်း ဟန်ဂေရီ အမျိုးသားလွှတ်တော်သို့ ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတကြီး အာပက်ဂွန့်ဇ်သည် ရုရှားနိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်အတွင်း ဟန်ဂေရီနိုင်ငံက ရုရှားနိုင်ငံမှ မစ်–၂၉ ဂျက်တိုက်လေယာဉ် ၂၈ စင်း ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင်မှ ဟန်ဂေရီဝန်ကြီးချုပ် ပီတာဗိုရော့စ်နှင့် ရုရှားဝန်ကြီးချုပ်ဗစ်တာချာနိုမြာဒင်တို့ ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့တော်၌ သဘောတူစာချုပ် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြရာ ယင်းစာချုပ်မှာ ဟန်ဂေရီက ကြွေးမြီဒေါ်လာသန်း ၈၀၀ ကို ဖျက်သိမ်းခြင်းအတွက် ရုရှားနိုင်ငံက စစ်လက်နက်နှင့် အရန်ပစ္စည်းများ ပေးပို့ရန်ဖြစ်သည်။ ရုရှားနိုင်ငံသည် ဟန်ဂေရီ၏ ဒုတိယ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက် တည်ရှိနေသည်။

**ဟန်ဂေရီ–ယူကရိန်း ဆက်ဆံရေး**–ယူကရိန်းနိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံက ဦးဆောင်ဖွဲ့စည်းခဲ့သော လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်)တွင် ပါဝင်ခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ထိုနှစ် (၁၉၉၁) အတွင်း၌ပင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို ယူကရိန်းနိုင်ငံနှင့် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်ကို ဟန်ဂေရီပါလီမန် လွှတ်တော်က ၁၉၉၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၂၂၃၊ ကန့်ကွက်မဲ ၃၉ မဲ၊ ကြားနေ ၁၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဤကိစ္စတွင် အတိုက်အခံဘက်မှ စာချုပ်၏ အပိုဒ် ၂ ကို အထူး ထောက်ပြခဲ့သည်။ ယင်းအပိုဒ်တွင် စာချုပ်ဝင်နှစ်နိုင်ငံတို့က ၄င်းတို့အချင်းချင်းအနေဖြင့် တစ်ဦးထံမှ တစ်ဦး နယ်မြေတောင်းခံရန် ရေးရာများမရှိကြောင်း ဖော်ပြထားရာ ဤသည်မှာ ဟန်ဂေရီနိုင်ငံက မဂ္ဂယာအမျိုးသား ၁၈၀,၀၀၀ ခန့်နေထိုင်လျက်ရှိရာ ဆဗ်ကာပေးသီးယား နယ်မြေအား တောင်းခံနိုင်ခွင့်ကို တရားဝင်စွန့်လွှတ် လိုက်ခြင်းပင် ဖြစ်ပေသည်။

**ဟန်ဂေရီနှင့် ဥရောပအဖွဲ့**–၁၉၉၁ ခုနှစ်၊ ဧပြီလတွင် ဟန်ဂေရီနိုင်ငံသည် ဥရောပအဖွဲ့(အီးစီ)တွင် သဟာယအဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဥရောပအဖွဲ့နှင့် စတုတ္ထဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ထိုနောက် ထိုနှစ်ဇွန်လ တွင် ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့ နှင့်အတူ ဟန်ဂေရီနိုင်ငံသည် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ) ၏ "ယာယီအပေါင်းပါအဖွဲ့ဝင်" ဖြစ်လာခဲ့သည်။

**သုံးနိုင်ငံ ထိပ်သီးမဟာမိတ်**– ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့၏ ခေါင်းဆောင်များသည် ဟန်ဂေရီနိုင်ငံ၏ ဘူဒါပက်စ်မြို့တော်အနီးရှိ ဗီဆီဂတ်တွင် တွေ့ဆုံကြပြီးလျှင် ယင်းသုံးနိုင်ငံတို့အနေဖြင့် ဥရောပနိုင်ငံရေး၊ စီးပွားရေးနှင့် တရားဥပဒေရေးရာအဖွဲ့သို့ အလုံးစုံ ပူးပေါင်း ပါဝင်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။ ထို့အပြင် ဝါဆောစာချုပ် ဖျက်သိမ်းရေးအတွက် တူညီသော ရပ်တည်ချက်တစ်ရပ် ချမှတ်ဆောက်ရွက်ကြရန်လည်း ကြေညာချက်၌ ဖော်ပြခဲ့ကြသည်။ ထိုမှတစ်ပါး ၄င်းသုံး နိုင်ငံတို့က ဒီမိုကရေစီစနစ်ကျအဖွဲ့အစည်းများ တည်ထောင်ကြရန် အတွက်လည်းကောင်း၊ လူနည်းစုများအတွက် အခွင့်အရေးများကို အပြည့်အဝမပျက်မကွက်ပေးကြရေး အတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေး အခြေခံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လုံခြုံရေးကိစ္စများတွင် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ကြရန် အတွက်လည်းကောင်း ကတိကဝတ် ပြုခဲ့ကြသည်။

အထက်ပါ သုံးနိုင်ငံတို့ကို ဗီဆီဂတ် သုံးနိုင်ငံဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းသုံးနိုင်ငံတို့က စီးပွားရေးဆက်ဆံမှုများ ပိုမို နီးကပ်စွာ ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပြီးလျှင် ဒီဇင်ဘာလ အတွင်း၌ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ချက်ကိုစလိုဗေးကီးယားနိုင်ငံကို ဖျက်သိမ်းပြီး ချက်နှင့်စလိုဗေးကီးယားဟူ၍ သီးခြားနှစ်နိုင်ငံအဖြစ် တည်ထောင်လိုက်သောအခါ ဟန်ဂေရီအစိုးရက စလိုဗေးကီးယားနိုင်ငံအတွင်းရှိ ဟန်ဂေရီအမျိုးသားများ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ စိုးရိမ် ကြောင့်ကြခြင်း ဖြစ်ခဲ့သည်။

**ဟန်ဂေရီ–ချက်ကိုစလိုဗေးကီးယား ဆက်ဆံရေး**– ၁၉၉၂ ခုနှစ်တွင် ဟန်ဂေရီနှင့် ချက်ကိုစလိုဗေးကီးယား နှစ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ဒညူမြစ်ပေါ်၌ နာဂီမာရော့စ်–ဂါဗစီကိုဗိုရေကာတာတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ မပြေ မလည်ဖြစ်လာခဲ့သည်။ ဤအငြင်းပွားမှုကို ဟန်ဂေရီနိုင်ငံ က ထိုနှစ်အောက်တိုဘာ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်ကြီးသို့ တင်ပြခဲ့သည်။ နောက်လတွင် စလိုဗေးကီးယားနိုင်ငံက ဒညူမြစ် အတွင်းမှ ရေကြောင်းပြောင်း လွှဲ ခြင်းကို ရပ်ဆိုင်းလိုက်ပြီးလျှင် အခြေအနေကို ဥရောပ အဖွဲ့မှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့က စစ်ဆေးခြင်းကို ခံယူရန် သဘောတူ ခဲ့သည်။

**ဟန်ဂေရီ–ရိုမေးနီးယား ဆက်ဆံရေး**– ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ဟန်ဂေရီနိုင်ငံတွင်းသို့ စစ်ပြေးဒုက္ခသည်များ လိမ့်ဝင်လာခဲ့ရာ နယ်ခြားစောင့်ကြပ်မှုများကို ပိုမိုတင်းကျပ်စွာ ပြုလုပ်ခဲ့ရသည်။ စစ်ပြေးဒုက္ခသည်များမှာ

အထူးသဖြင့် အရှေ့ဘက်ရှိ ရိုမေးနီးယားနိုင်ငံ၊ တောင်ဘက်ရှိ ယူဂိုစလားဗီးယားနိုင်ငံနှင့် မြောက်ဘက်ရှိ ပိုလန် နိုင်ငံတို့မှ ဖြစ်သည်။ ဒီဇင်ဘာလအထိ ဒုက္ခသည် ၂၀၀,၀၀၀ နီးပါးကို ဝင်ခွင့်မပေးဘဲ တားမြစ်ခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီး ဂျီဂျက်ဇင်စကီသည် ဟန်ဂေရီနိုင်ငံသို့ ၁၅ ရက်မှ ၁၉ ရက်နေ့အထိ လာရောက်လည်ပတ်ပြီးလျှင် ဘူကာရက်စ်မြို့တော်၌ ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး တီဗိုမိလက်စ်ကာနူ၊ ဝန်ကြီးချုပ်နီကိုလေဗီကာရီနှင့်သမ္မတ ယွန်အီလီယက်စ်ကူးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးသဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ။

ဦးထွန်းတင်

**ဟွန်နက်ကာ, အဲရစ် (ခရစ် ၁၉၁၂ – ၁၉၉၄)။ ။** ယခင် အရှေ့ဂျာမနီနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် အဲရစ်ဟွန်နက်ကာကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဆားလန်ဒေသတွင် မွေးဖွားခဲ့သည်။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ဦး၏ သားဖြစ်သူ ဟွန်နက်ကာမှာ ကျောင်းပညာမသင်ကြားမီ ငယ်စဉ်ကာလ ကလေးဘဝအရွယ်ကပင် ဖခင်ဖြစ်သူက ကွန်မြူနစ်စနစ်အကြောင်းကို သင်ကြားပို့ချခဲ့သည်။ အသက် ၁၀ နှစ်အရွယ်တွင် ဆိုရှယ်လစ်လူငယ် စပါးတကပ်စ် သမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပါတီလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

၁၉၂၉ –၄၆ ခုနှစ်တွင် ဂျာမန် ကွန်မြူနစ်ပါတီအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဟစ်တလာ၏ ဂက်စတာပို လျှို့ဝှက်ပုလိပ်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရပြီး ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကျူးလွန်ခဲ့မှုဖြင့် ထောင် ၁၀ နှစ် ကျခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက်ပိုင်းတွင် ဟွန်နက်ကာ၏ကံဇာတာမှာ တက်လာပြီး အရှေ့ဂျာမနီနိုင်ငံ၏ ပထမဦးဆုံး ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဝေါလတာအူလ်ဘရစ်ချ်နှင့် အကြောင်းသင့်ကာ မြောက်စားခြင်းကို ခံရသည်။ ရာထူးအဆင့်အတန်းများလည်း မြန်မြန်ဆန်ဆန် တိုးတက်မြင့်မားလာခဲ့သည်။ ပေါ်လစ်ဗျူရိုအတွင်း စစ်ဘက်နှင့် နိုင်ငံတော်လုံခြုံရေးတာဝန်ကြီးများကိုပင် တိုးမြှင့်ပေးအပ်ခြင်း ခံရသည်။

ဤသို့ဖြင့် ဟွန်နက်ကာသည် ၁၉၄၅ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လူငယ်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) အုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေး ပါတီ (အက်စ်အီးဒီ) ဗဟိုကော်မတီ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

၁၉၄၉ ခုနှစ်မှစပြီး ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာရ်) ပြည်သူ့လွှတ်တော်အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၅၀ – ၅၈ ခုနှစ်အတွင်း ပေါ်လစ်ဗျူရို အဖွဲ့ဝင်လောင်း ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ပေါ်လစ်ဗျူရို အဖွဲ့ဝင် ဖြစ်လာသည်။

တစ်ဖန် ၁၉၅၈ – ၇၁ ခုနှစ်တွင် ဗဟိုကော်မတီ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၁ – ၇၆ ခုနှစ်တွင် ပထမ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှစပြီး နောက်ပိုင်းတွင် အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၆၀ – ၇၁ ခုနှစ်တွင် အမျိုးသားကာကွယ်ရေး ကောင်စီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှစပြီး နောက်ပိုင်းတွင် ယင်းကောင်စီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့ပြင် ၁၉၇၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ဖြစ်လာပြီး ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလမှစပြီး နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်အကြီးအကဲ) ဖြစ်လာခဲ့သည်။

အဲရစ်ဟွန်နက်ကာသည် ကြီးမားသည့်ရာထူးကြီးများကို တာဝန်ယူဆောင်ရွက်နေစဉ်မှာပင် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ရန် အူလ်ဘရစ်ချ်၏ အမိန့်များကို အကောင်အထည်ဖော်ခဲ့သည်။ စင်စစ် ဘာလင်တံတိုင်း တည်ဆောက်ခြင်းမှာ အရှေ့ဂျာမနီပြည်သားများကို တမြေတည်းနေ တရေတည်းသောက်ဖြစ်သည့် အနောက်ဂျာမနီသို့ သွားလာကူးလူးနိုင်စေခြင်း မရှိအောင် အကျဉ်းချထားလိုက်ခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို ခိုင်မာစေရန်အတွက် အနောက်ဂျာမနီသို့ ထွက်ပြေးရန် ကြိုးပမ်းသူများအား ပစ်သတ်ရန်အမိန့်ကို ဟွန်နက်ကာက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

ဟွန်နက်ကာ၏ အကြီးမားဆုံးသော အားနည်းချက်မှာ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းအပေါ် လုံးဝမှီခိုအားထားခြင်းပင်ဖြစ်သည်။ ဂျိုးဇက်စတာလင် သေဆုံးသောအခါ မိမိငိုကြွေးခဲ့ကြောင်း ဟွန်နက်ကာက ဝန်ခံပြောကြားခဲ့ဖူးသည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည်

ကျွန်ုပ်တို့အတွက် ကွန်မြူနစ်စနစ်ကို အဆုံးအဖြတ်ပြုသည့် ကိုက်တံ ပေတံ စံနှုန်းပင်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဟွန်နက်ကာမှာ အရှေ့ဥရောပအတွင်း ဆိုဗီယက်၏ ယုံကြည်စိတ်ချ အားအထားရဆုံး လက်ပါးစေ ဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဆိုဗီယက်က ကျူးကျော်သောအခါ ထောက်ခံကူညီသည့် အနေဖြင့် အရှေ့ဂျာမန် စစ်သားများကို ဟွန်နက်ကာက ပို့လွှတ်ခဲ့သည်။ တစ်ဖန် ၁၉၈၈ ခုနှစ်တွင် ပိုလန် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေချိန်တွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့သေးရာ အရာမထင်ခဲ့ချေ။

ဟွန်နက်ကာသည် မော်စကိုမှ သတိပေးနေသည့်ကြားမှပင် ဘွန်းမြို့ရှိ နိုင်ငံရေးသမားများနှင့် နောက်ကွယ်တွင် ဆက်သွယ်ကာ အဓိကချေးငွေများကို ရယူခဲ့သည်။ ယင်းလုပ်ရပ်ကြောင့်ပင် သူ၏နိုင်ငံအား မွဲပြာကျစေခဲ့သည်။ ယင်းမူဝါဒ၏အကျိုးသက်ရောက်မှုကို ဆွေးနွေးရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ဘွန်းမြို့သို့ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်လာရောက်လည်ပတ်ပြီး ခိုးလ်က ဟွန်နက်ကာအား လက်ခံတွေ့ဆုံခဲ့သည်။

ယင်းအချိန်တွင် စားသောက်ကုန်ပစ္စည်းများ ရရှိစေရေးနှင့် အိုးအိမ်ဆောက်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်လင့်ကစား ယင်းကြိုးပမ်းလုပ်ဆောင်မှုများက ပြည်တွင်းနိုင်ငံရေး ယိမ်းယိုင်ပြိုလဲနေမှုကို မကယ်တင်နိုင်တော့ချေ။ ဤသို့ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် ဂေါ်ဘာချော့နှင့် ယဲ့လ်ဆင်နစ်ဦးစလုံးတို့က ဆိုဗီယက်၏ ရဲဘော်ရဲဘက်တစ်ဦးဖြစ်သည့် ဟွန်နက်ကာအား ကျောခိုင်းခဲ့ကြသည်။

မီးနှင့်ရေ ပေါင်းစပ်၍ မရသကဲ့သို့ပင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်နှစ်ခုကို ပေါင်းစည်းခြင်းငှာ မဖြစ်နိုင် သည့်အတွက် အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်း၍ မရနိုင်ပါဟု ၁၉၈၇ ခုနှစ်တွင် ဟွန်နက်ကာက ဝေဖန်ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အရှေ့နှင့် အနောက်ဂျာမနီနှစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို ဖြိုချဖွင့်လှစ်ပေးလိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အရှေ့ဂျာမနီ ကွန်မြူနစ်ခေါင်းဆောင် အဲဂွန်ခရင့်ဇ်နှင့် ၎င်း၏ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင်အားလုံးနှင့်အတူ နုတ်ထွက်လိုက်ကြသည်။ အဲရစ်ဟွန်နက်ကာလည်း ရာထူးမှ ပြုတ်ကျသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၂၀ – ရှ)

အဲရစ်ဟွန်နက်ကာကို မော်စကိုရှိ ချီလီသံရုံးတွင် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ထို့နောက် ဟွန်နက်ကာက မိမိ၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြကာ ချီလီနိုင်ငံရှိ ဆွေမျိုးများထံ သွားရောက်ခွင့်ပြုရန် တောင်းဆိုနေခဲ့သည်။

နောက်ဆုံးတွင် ဂျာမနီအစိုးရသည် ချီလီနှင့် ရုရှားအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ ဟွန်နက်ကာ ပြန်လည်ရောက်ရှိခဲ့သည်။ ဟွန်နက်ကာအား ဘာလင်တံတိုင်းကြီးနှင့် မဝေးလှသော မိုအာဘစ်အကျဉ်းထောင်ကြီး အတွင်း၌ ထိန်းသိမ်းထားခဲ့သည်။ ဟွန်နက်ကာအနေဖြင့် ယခင်အရှေ့ဂျာမနီမှ ထွက်ပြေးရန် ကြိုးစားခဲ့သူများအား ပစ်သတ်မိန့်ပေးခဲ့မှု အပါအဝင် အခြားငွေအလွဲသုံးမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုရန် ဂျာမနီအစိုးရက စီစဉ်ခဲ့သည်။

ဟွန်နက်ကာ၏ ကျန်းမာရေးစစ်ဆေးချက်အရ ကုသ၍မရနိုင်သော အသည်းကင်ဆာရောဂါခံစားနေရကြောင်း သိရှိလာရသည်။ သူ၏အသက်ရှင်နိုင်မှုကာလမှာ သူ့အားတရားစွဲဆိုစစ်ဆေးမည့် ကာလကိုပင် မကျော်လွန်နိုင်ကြောင်း သိလာရသည်။ ယင်းအချက်ကို အခြေခံ၍ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဟွန်နက်ကာအတွက် ထောက်ထားညှာတာသောအားဖြင့် စစ်ဆေးမှုများကို ရပ်နားပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။

ဤသို့ဖြင့် အဲရစ်ဟွန်နက်ကာအား ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် အကျဉ်းထောင်မှလွှတ်ပေးခဲ့ပြီး ချီလီနိုင်ငံရှိ ဇနီးဖြစ်သူထံ သွားရောက်ခွင့်ပြုခဲ့သည်။ ယင်းသို့ လွှတ်ပေးခြင်းသည် ကျန်းမာရေးအခြေအနေအရ ခေတ္တခွင့်ပြုခြင်းသာဖြစ်ပြီး ၎င်း၏ မျက်ကွယ်ရာ၌ ဆက်လက် စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ကြေညာခဲ့သည်။

ဟွန်နက်ကာမှာ ချီလီနိုင်ငံတွင် ခိုလှုံနေစဉ်ကာလအတွင်း ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး လေးလကြာ အိမ်အပြင်သို့ မထွက်နိုင်ခဲ့ချေ။ ဟွန်နက်ကာသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ဇနီးသည်မားဂေါ့နှင့် သမီးဖြစ်သူ ဆွန်ဂျာတို့နှင့်အတူ ချီလီနိုင်ငံတွင် ခိုလှုံနေထိုင်ခဲ့သည်။ ချီလီနိုင်ငံသို့ ရောက်သည်မှစ၍ ကျန်းမာရေးယိုယွင်းခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ခွဲစိတ်ကုသမှုခံခဲ့သည်။

ယင်းသို့ဖြင့် ဘာလင်တံတိုင်း တည်ဆောက်မှုလုပ်ငန်းတွင် ကြီးကြပ်ခဲ့သူနှင့် ကွန်မြူနစ်အရှေ့ဂျာမနီနိုင်ငံကို ၁၈ နှစ်ကြာ သံမဏိစည်းမျဉ်းဖြင့် အုပ်စိုးခဲ့သူ အဲရစ်ဟွန်နက်ကာ (၈၁ နှစ်) သည် ၄င်း၏နောက်ဆုံးနေ့ရက်များကို တောင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံတွင် ကုန်လွန်စေရင်း ၁၉၉၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဟွန်နက်ကာ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် နှစ်ပေါင်းများစွာ မကျန်းမမာဖြစ်ပြီးနောက် ကွယ်လွန်သွားသည့်အဲရစ် ဟွန်နက်ကာ၏ သတင်းမှာ အံ့သြစရာမဟုတ်ကြောင်း၊ ဟွန်နက်ကာအနေဖြင့် သူ၏ နိုင်ငံရေးရည်မှန်းချက်များကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သူ၏ မူဝါဒများကြောင့် ဂျာမနီနိုင်ငံရှိ မရေမတွက်နိုင်လောက်သည့် ပြည်သူအများအပြား ခံစားခဲ့ရကြောင်း၊ သေဆုံးသွားသော ဟွန်နက်ကာအတွက် လေးစားသမှုပြုသည့်သဘောဖြင့် စစ်ပြီးကာလ ဂျာမနီနိုင်ငံသမိုင်းတွင် သူ၏ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍအကြောင်းကို အနည်းငယ်ပြောကြားခြင်းသာ သင့်တင့် လျောက်ပတ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပေသည်။

ဟွန်နက်ကာ သေဆုံးချိန်တွင် ချီလီနိုင်ငံတွင် နေထိုင်လျက် ရှိကြသည့် လက်တစ်ဆုပ်စာမျှသာရှိသော တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဟောင်းများက ဟွန်နက်ကာ၏ ဈာပနကို လိုက်လံပို့ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ဩဂတ်စ်တိုပီနိုရှေး၏ စစ်ဘက်အာဏာရှင်စနစ်မှ အကြွင်းအကျန်များဖြစ်သည့် ယခင်လက်ဝဲဂိုဏ်းအဖွဲ့ဝင်ဟောင်းများက ဟွန်နက်ကာ၏ ဈာပနအခမ်းအနားတွင် "အင်တာနယ်ရှင်နယ်" သီချင်းကို သီဆိုခဲ့ကြပြီး ကြက်သွေးရောင်ဖော့မွှားပန်းများကို ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းပေါ်သို့ ပစ်ပေါက်ဖြန့်ကြခဲ့ကြသည်။ သေဆုံးချိန်တွင် "နောက်ဆုံး ဂျာမန် ကွန်မြူနစ်" ဟု ရေးသားဖော်ပြခြင်းခံရသည့် ဟွန်နက်ကာ၏ ဘဝနောက်ဆုံးခရီး သွားရာလမ်းတွင် ဝမ်းနည်းတသပူဆွေးသတိရမှု များများစားစား မရှိခဲ့ချေ။ ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းသေတ္တာပေါ်တွင် ယခုအခါ မရှိတော့ပြီဖြစ်သည့် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုသည့် တူနှင့်တံစဉ် အမှတ်အသားပါသော အလံတော်ကို လွှမ်းခြုံထားသည်။

ဟွန်နက်ကာအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ် အများအပြားရရှိခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ သူရဲကောင်းဘွဲ့တံဆိပ်၊ လီနင်နှင့် ကားလ်-မတ်စ်ဘွဲ့ တံဆိပ်တို့ ပါဝင်ပေသည်။ ကိုယ်ပိုင်စာပေအရေးအသားအဖြစ် ၁၉၈၁ ခုနှစ်တွင် "ကျွန်ုပ်၏ဘဝမှ" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးရဲလွင်

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ။** ။အရှေ့တောင်အာရှ အား ကစား ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ အမည်ဖြင့် စတင်ကျင်းပခဲ့ရာမှ နမဝအကြိမ်မြောက်ပြိုင်ပွဲမှစ၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်သို့ ပြောင်းလဲကျင်းပသည်။ ပထမ အကြိမ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လည်းကောင်း၊ ဒုတိယ အကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လည်းကောင်း၊ တတိယအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့ အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ သတ္တမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် လည်းကောင်း၊ နဝမအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၀ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ မြို့တွင် လည်းကောင်း၊ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် လည်းကောင်း၊ ၁၂ ကြိမ်မြောက် ပြိုင်ပွဲကို

၁၉၈၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ၁၃ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ ၁၄ ကြိမ်မြောက်ပြိုင်ပွဲ ကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် လည်းကောင်း၊ ၁၅ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၆ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့ အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်လည်းကောင်း၊ ၁၇ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်းရှိ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသားမဟာဗာဂျီရာလောင်ကွန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယခုအကြိမ် ပြိုင်ပွဲတွင် မွေထိုင်း ( Muay Thai ) ခေါ် ထိုင်းရိုးရာ လက်ဝှေ့သရုပ်ပြအားကစားနည်း အပါအဝင် အားကစားအမျိုးအစားပေါင်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံမှ နိုင်ငံလက်ရွေးစင် အားကစားသမားပေါင်း ၃,၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၅၇ ခု၊ ငွေတံဆိပ် ၉၈ ခု၊ ကြေးတံဆိပ် ၉၁ ခု စုစုပေါင်းဆုတံဆိပ် ၃၄၆ ခုရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသား မဟာဗာဂျီရာ လောင်ကွန် တက်ရောက်ပြီး ပြိုင်ပွဲကို ပိတ်ပေးသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသား အားကစားသမား ၂၀၂ ဦး၊ အမျိုးသမီးအားကစားသမား ၁၄၅ ဦး စုစုပေါင်း အားကစားသမား ၃၄၇ ဦးတို့က မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ တိုင်ထောင် ဘောလုံးလိမ့် (Bowling)၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ သိုင်း၊ ရေကူး၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမနှင့် ရွက်လှစသည့် အားကစားအမျိုးအစားပေါင်း ၂၁ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအမျိုးအစားများအနက် အားကစားအမျိုးအစား ၁၁ မျိုးမှ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၆၃ ခု ဆွတ်ခူးရရှိသည်။

**နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ**

| စဉ် | နိုင်ငံ | ရရှိသောဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | |
| ၁။ | ထိုင်း | ၁၅၇ | ၉၈ | ၉၁ | ၃၄၆ |
| ၂။ | အင်ဒိုနီးရှား | ၇၇ | ၆၇ | ၇၇ | ၂၂၁ |
| ၃။ | ဖိလစ်ပိုင် | ၃၃ | ၄၈ | ၆၂ | ၁၄၃ |
| ၄။ | မလေးရှား | ၃၁ | ၄၉ | ၆၉ | ၁၄၉ |
| ၅။ | စင်ကာပူ | ၂၆ | ၂၇ | ၄၂ | ၉၅ |
| ၆။ | ဗီယက်နမ် | ၁၀ | ၁၈ | ၂၄ | ၅၂ |
| ၇။ | မြန်မာ | ၄ | ၂၂ | ၃၇ | ၆၃ |
| ၈။ | ဘရူနိုင်း | ၀ | ၂ | ၆ | ၈ |
| ၉။ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |

**အောင်သော်၊ ဦး (ခရစ် ၁၉၂၂ – ၁၉၉၅)။ ။** ဦးအောင်သော်ကို ၁၀–၁၂–၁၉၂၂ ခုနေ့တွင်ကျိုက်ထိုမြို့၌ မွေးဖွားသည်။ မိဘများမှာ ဦးကျော်ဇော၊ ဒေါ်တင်မြတို့ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အစိုးရ အင်္ဂလိပ်– မြန်မာ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။



ရှေးဟောင်းသုတေသန ပညာရှင်
ဦးအောင်သော်

၁၉၄၀– ၄၁ ခုနှစ်အတွင်း မန္တလေးမြို့ ကျောက်စာဌာန ပြတိုက်တွင် ယာယီပြတိုက်မှူးအဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအတွင်း၌ ကျောက်စာဝန်နှင့် အတူ ပုဂံမြို့တွင် သုံးနှစ်မျှနေထိုင်၍ ရှေးဟောင်း အဆောက်အအုံနှင့် ကျောက်စာများကို လက်တွေ့ လေ့လာသည်။ ၁၉၄၅ မှ ၁၉၄၆ ခုနှစ်အထိ အထက် မြန်မာနိုင်ငံ ပြန်ကြားရေးဌာနခွဲတွင် လက်ထောက် ပြန်ကြားရေးမှူး အဖြစ် ဆောင်ရွက်သည်။

၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် လက်ထောက်အရာရှိအဖြစ် အမှုထမ်းပြီး ၁၉၅၄ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဌာနကို ပြန်လည်ဖွဲ့စည်းသည့်အခါ ရှေးဟောင်းသုတေ သန ဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီမံကိန်းအရ မြန်မာပြည်အတွင်းရှိ ရှေးဟောင်း ပေပုရပိုက်များ ရှာဖွေစုဆောင်းရန် ယူနက်စကို အကူအညီဖြင့် စီစဉ်သည့်အလျောက် ယူနက်စကို ကျွမ်းကျင်မှုအရာရှိအဖြစ် ၁၉၅၇ ခု၊ မေလမှ စ၍ ၆ လတာမျှ ဆောင်ရွက်ခဲ့သည်။ ပေ ပုရပိုက်များ ရှာဖွေမှတ်တမ်း တင်သည့်လုပ်ငန်းကို ဦးမင်းနိုင်နှင့် တွဲဖက်ဆောင်ရွက်၍ အစီရင်ခံစာတစ်စောင် ပြုစုခဲ့သည်။

၁၉၅၇ ခု၊ နိုဝင်ဘာလတွင် ကိုလံဘိုစီမံကိန်း ပညာသင်အဖြစ် အိန္ဒိယပြည် ရှေးဟောင်းသုတေသန ဌာနတွင် တစ်နှစ်တာမျှ လက်တွေ့ဆည်းပူးခဲ့သည်။ ၁၉၅၉ ခု၊ ဇွန်လမှစ၍ သိပ္ပံနည်းဖြင့် တူးဖော်စူးစမ်းမှု လုပ်ငန်းကို ဗိဿနိုးတွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော် စူးစမ်းမှု လုပ်ငန်းဖြစ်ပြီး ပျူခေတ်ယဉ်ကျေးမှု ကွင်းဆက် များကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် အမှုဆောင် အဖြစ် ပါဝင်ပြီး ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ရွှေရတုသဘင် အစည်းအဝေးတွင် ပါဝင်ဟောပြောခဲ့သည်။ ၁၉၆၀ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယ ပြည်၊ ရှေးဟောင်းသုတေသနဌာန၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ခဲ့သည်။ အိန္ဒိယ– မြန်မာ ယဉ်ကျေးမှုဆက်သွယ်ရေးစာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ယဉ်ကျေးမှု ဆွေးနွေးပွဲသို့ တက်ရောက်၍ ကြေးခေတ်သုတေသန စာတမ်းကို ဖတ်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်များအတွင်း အိန္ဒိယ၊ ဆိုဗီယက်၊ အနောက်ဂျာမနီ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ပြီး ရှေးဟောင်း ယဉ်ကျေးမှုကိစ္စရပ်များကို လေ့လာခဲ့သည်။ ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အငြိမ်းစားယူပြီးနောက် ၁၉၈၅ ခု၊ ဇွန်လမှစ၍ နိုင်ငံသမိုင်းအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင် အဖြစ် ထမ်းဆောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလမှစ၍ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ယဉ်ကျေးမှုစာစောင်တွင် ဘီလူးပန်းဆွဲ၊ ပျူဒင်္ဂါး၊ သီရိဝဍ္ဎ၊ ဥဒ္ဒေနီ၊ ကလသာအိုး၊ ပုဂံခေတ် ဗိသုကာနှင့် အနုပညာ၊ ကျောက်ခေတ်၊ အညာသား ယဉ်ကျေးမှု၊ ရှေးဟောင်းပစ္စည်း ခေတ်ပိုင်းနည်း၊ ဗိဿနိုး မြို့ဟောင်း ပြဿနာများအကြောင်း ရေးသားခဲ့ပြီး လုံးချင်းအနေဖြင့်

1. Historical Sites of Burma.

2. Excavation at Beikthano တို့ကို ရေးသားခဲ့သည်။

ဗိဿနိုးမြို့ဟောင်းနှင့် Archaeology in Burma တို့ကို ပြုစုဆဲ ၉–၉–၉၅ နေ့တွင် ကွယ်လွန်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၆)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ် များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့် အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျှင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲ ဖော်ပြထားပါသည်။


က

ကလင်တန် ၊ ဘီလ် ၁၃၊ ၂၃၊ ၂၀၀၊ ၂၃၃။
ကလင်တန် ၊ဟစ်လာရီ ၁၃၄။
ကုမာရတွန်းဂါး၊ ချန်ဒရိကာ ၄၊၁၄၊၃၀၆။
ကုလသမဂ္ဂ ၁၆၊၂၆၊၁၄၄–၁၆၇။
ကိုဘေးလျှောင် ၃၊၇၀၊၂၉၈။
ကိုရီးယားသမ္မတနိုင်ငံ ၁၆၇ – ၁၇၃။
ကင်မ်ယောင်ဆမ် ၅၊၁၇၂၊၂၀၄။
ကမ္ဘောဒီးယားနိုင်ငံ ၂၀၊၆၇၊၁၇၃–၁၇၈။
ကျန်ဇီမင်း ၁၃၃၊၁၆၃၊၂၀၅၊ ၂၁၂။
ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၅) ၁၇၉–၁၉၃။

ခ

ခရစ္စတိုဖာ၊ဝါရင်း ၈၊၁၉၊၂၀၊၁၆၁၊ ၁၇၄။
ခါလီဒါဇီယာ၊ဘီဂမ် ၁၃၄။
ခင်စု၊ ဒေါ် (ရေနံမြေ) ၁၉၃၊၁၉၄။
ခင်ညွန့် ၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၁ – ၆၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊၂၄–၂၆၊ ၂၈–၃၂၊ ၅၃၊ ၆၄၊ ၆၅၊၈၃၊၁၀၁၊ ၁၀၂၊၁၁၀–၁၁၂။
ခီးလ်၊ဟဲလ်မွတ် ၂၀၁၊၂၀၂၊၂၀၄၊ ၂၀၅၊ ၂၁၂။
ချောင်စက်စကူး ၊ နီကိုလိုင် ၂၈၆။
ချွန်လီပိုင် ၅၊ ၁၄၊ ၁၇၄။

ဂ

ဂရပ် ၊စတက်ဖီ ၁၇။
ဂါလီ ၊ဘူထရို့စ် ၁၂၆၊ ၁၃၃၊ ၁၄၆၊ ၁၆၂၊ ၁၆၅၊၁၆၆။
ဂုဏ်ထူးဆောင်ဘွဲ့များ ၁၊ ၂၈၊ ၁၉၄ –
ဂုဏ်ထူးဆောင်တံဆိပ်များ ၁၉၆။
ဂျပန်နိုင်ငံ ၉၊ ၇၀၊ ၁၉၆ – ၂၀၁။
ဂျာမနီသမ္မတနိုင်ငံ ၁၃၇၊၂၀၁–၂၀၅။
ဂွန့်ဇ်၊ အာပက်က် ၃၀၉၊၃၁၁၊ ၃၁၂။

စ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ၄၊၁၉၊၂၃၊၁၂၅–၁၃၅။
စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနား ၂၀၅– ၂၀၈။
စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော် ၂၉၊ ၂၀၈– ၂၁၀။
စန္ဒနဝံသ၊ ဆရာတော် ဘဒ္ဒန္တ(သက္ကအလဲ တရာ မဟာနာယက ဆရာတော်) ၂၁၁၊ ၂၁၂။

ဆ

ဆမ်ပရပ်စ်၊ပီ ၁၈။
ဆမ်းမစ်ပက်ဖျူး ဟိုတယ် ၁၄။
ဆီလ်ပါအာချာ၊ ဘန်ဟန်း ၃၁။

တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၆၊၆၉၊၈၄၊၁၂၅၊ ၁၃၅၊ ၂၁၂ – ၂၁၅။
တေဇောဘာသာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၅၊ ၂၁၆။
တင်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၂၊၆၊၁၀ – ၁၂၊ ၂၁၊၂၄၊၃၀၊၃၇။
တင့်ဆန်း ၂၁၇။
တိန့်ရှောင်ဖိန် ၂၁၂၊ ၂၁၃။

ထ

ထင်းအစား အခြားလောင်စာ အသုံးချနိုင်ရေးလှုပ်ရှားဆောင်ရွက်မှုများ (မြန်မာနိုင်ငံ) ၂၁၈ – ၂၂၀။
ထိုင်းနိုင်ငံ ၂၅၊ ၈၄၊ ၂၂၀– ၂၂၅။

ဓ

ဓာတ်မှန်ပညာ၏ နှစ်တစ်ရာခရီး ၁၃၇–၁၄၂။

န

နာဝပ်ဇ်ရှရစ်ဖ် ၂၃၁။
နိုရိုဒွန်ရာနာရစ်ဒ် ၂၀၊၁၇၄ – ၁၇၅၊ ၁၇၈။
နိုဟောက်ဖုန်ဆဗန် ၁၂၊ ၂၂၅၊ ၂၂၆။
နယ်စပ်ဒေသနှင့် ကိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ၁၀၊၂၂၆–၂၂၉။

ပ

ပခုက္ကူ ဦးအုန်းဖေ ၃။
စာပေ ဆုနှင်းသဘင်
ပါကစ္စတန် အစ္စလာ ၂၂၉ – ၂၃၄။
မ်စ် သမ္မတနိုင်ငံ
ပဲရက်, ရှီမွန် ၁၄၊ ၂၉၊ ၃၂။
ပဏ္ဍိတ သိရီ၊ ဆရာ ၂၅၊၂၃၄–၂၃၆။
တော် ဘဒ္ဒန္တ
ပျက်ကျပြီး သန္ဓေသား ၂၃၆–၂၄၀။
ဖြင့် ခန္ဓာကိုယ် အစား
ထိုး ကုသခြင်း
ပြင်သစ်သမ္မတနိုင်ငံ ၂၄၀ – ၂၄၃။
ပြည်ထောင်စု ၆၊ ၃၀၊ ၄၃–၅၁။
တိုင်းရင်းသားလူမျိုး
များ ဖွံ့ဖြိုးရေး
တက္ကသိုလ်

ဗ

ဗီယက်နမ် ဆိုရှယ်လစ် ၆၇၊၂၄၃–၂၄၈။
သမ္မတနိုင်ငံ
ဗိုဗန်ကီယက် ၇၊ ၂၄၃ – ၂၄၅။

ဘ

ဘူတို,ဘီနဇာ ၈၊ ၁၃၃၊ ၂၃၁၊
၂၃၃။
ဘင်္ဂလားဒေ့ရှ် နိုင်ငံ ၂၊ ၂၅၊ ၃၀၊ ၆၉၊
၈၄၊ ၃၀၀။
ဘွဲ့ကဲဆိပ်တော်ရ ၂၄၈ – ၂၅၇။
ဆရာတော်အရှင်မြတ်
များ

မ

မီးထရောင်း,ဖရန်ဆွာ ၁၂။
မူရာယာမ,တိုမီအိချိ ၁၂၊၁၄၊ ၂၄၊၁၉၆၊
မူးယစ်ဆေးဝါးနှင့် ၂၅၇ – ၂၆၂။
စိတ်ကို ပြောင်းလဲ
စေသော ဆေးဝါးများ
အန္တရာယ် တားဆီး
ကာကွယ်ရေး(မြန်မာ
နိုင်ငံ) (၁၉၉၅)
မေကျာ, ဌါန် ၁၅၊ ၂၉၁ – ၂၉၄။
မေရှင်၊ဒေါ် ၂၁၊၁၀၄။
မောင်မောင်ခ၊ ဦး ၂၆၂ – ၂၆၄။
မောင်မောင်ခင်၊ ၃၊၂၇၊၂၉။
ဒုတိယ ဗိုလ်ချုပ်ကြီး
မောင်အေး၊ ၃–၆၊ ၉ –၁၀၊၁၃၊
ဗိုလ်ချုပ်ကြီး ၁၆၊ ၂၀၊ ၂၄၊ ၂၆၊
၂၇၊ ၂၉၊ ၃၀၊ ၇၉၊
၁၆၄။
မျိုးညွန့်၊ ဒုတိယ ၃၀၊ ၃၈၊ ၃၀၄။
ဗိုလ်ချုပ်ကြီး
မြန်မာနိုင်ငံ စာပေ ၂၉၊ ၂၆၄ – ၂၆၆။
ဆုများ
မြန်မာနိုင်ငံတော်၊ ၂၆၆ – ၂၇၄။
ပြည်ထောင်စု
မြန်မာနိုင်ငံနှင့် ကုလ ၇၉ – ၉၁။
သမဂ္ဂ
မြန်မာ့ ပို့ဆောင်ရေး ၂၇၄–၂၈၀။
လုပ်ငန်းများ
မြန်မာ့ရိုးရာယဉ်ကျေးမှု ၂၄၊ ၂၅၊ ၂၈၀ –
ပြိုင်ပွဲများ ၂၈၃။
မြန်မာ့ရုပ်ရှင် စိန်ရတု ၂၀၊၂၁၊၂၆၊၁၀၁–
သဘင် ၁၁၃။
မြန်မာ့အကောင်းဆုံး ၂၈၃ – ၂၈၄။
အားကစားသမားဆု
(၁၉၉၄)

ယ

ယူနိုက်တက်ကင်းဒမ်း ၂၉၁–၂၉၅။
ယိုဒိုယိုကိုတာ ၂၆။
(ပါမောက္ခ)
ယဲ့လ်ဆင်,ဘောရစ် ၈၊ ၂၂၊ ၂၀၁၊
၃၁၂။

ရ

ရာဘင်,ယစ်ဇက် ၂၇၊ ၂၉၊ ၁၄၆၊
၁၉၁။
ရဲဘော်နေအောင် ၂၈၄၊၂၈၅။
ရိုမေးနီးယားနိုင်ငံ ၂၈၆ – ၂၈၈။
ရန်ကုန်တက္ကသိုလ် ၃၀၊ ၅၃ – ၆၅။
၇၅နှစ်မြောက် စိန်ရတု
သဘင်
ရန်အောင်၊ ဦး ၂၈၉။
ရွှန့်ဂျင် ၁၃၇၊၁၃၈။
ရှီရက်,ဂျက် ၁၄။
ရှေးဟောင်း မြို့တော် ၉၃–၉၉။
များ ပြန်လည်တူးဖော်
ခြင်း
ရွှေရကုတပ်မတော်နေ့ ၃၅ – ၄၁။
ရွှေအောင်၊ ဦး ၂၈၉ – ၂၉၁။

လ

လာအိုပြည်သူ့ဒီမို ၈၄၊၂၉၅–၂၉၇။
ကရက်တစ် သမ္မတ
နိုင်ငံ
လီဖုန် ၆၊ ၂၁၂။
လန်ဒန်အတ် ၁၀၁။
ဦးအုံးမောင်

သ

သဘာဝဘေးဒဏ် ၁၉၈၊ ၂၉၈ –
၃၀၃။
သဘာဝ ၆၇–၇၇။
ဘေးအန္တရာယ်နှင့်
ဆေးပညာ အကူအညီ
သာသနာတော် ၃၀၃ – ၃၀၆။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ(၁၉၉၅)
သီရိလင်္ကာနိုင်ငံ ၄၊၆၊၃၀၆–၃၀၈။
သော်တာဆွေ ၃၀၈၊ ၃၀၉။
သန်းရွှေ၊ ၁–၃၊၅–၇၊၉၊၁၀၊
ဗိုလ်ချုပ်မှူးကြီး ၁၂–၁၆၊၁၈–၂၀၊
၂၂ – ၃၁၊ ၃၈၊
၁၆၅၊၂၀၉၊၂၁၈။

ဟ

ဟန်ဂေရီသမ္မတနိုင်ငံ ၃၀၉ – ၃၁၄။
ဟွန်ဆန် ၁၇၄၊၁၇၈။
ဟွန်နက်ကာ,အဲရစ် ၃၁၄ – ၃၁၆။
ဟွန်း,ဂျူလာ ၃၁၁။

အ

အဆာဟာရာ ၁၉၈။
အပူပိုင်းဒေသ ၁၁၅–၁၂၃။
ကိုးခရိုင် စိမ်းလန်း
စိုပြည်ရေးဆောင်ရွက်
ချက်များ
အမေရိကန် ၁၂၆၊ ၁၉၉ –
ပြည်ထောင်စု ၂၀၁။
အမျိုးသား ညီလာခံ ၉၊ ၃၀။
အရှေ့တောင်အာရှ ၃၀၊ ၃၁၆၊ ၃၁၇။
အားကစားပြိုင်ပွဲ
အာရဖတ် ၁၄။
အိုအက်စ်အက်စ်–၁၀၁၅၊ ၁၉၆။
အင်တောလ်,ဂျိုးဇက် ၃၀၉၊ ၃၁၀။
အောင်သော်၊ ဦး ၃၁၇၊ ၃၁၈။
အောင်းရှင်ရီကျို ၁၉၈။
အမ်းစထရောင်း,နီးလ် ၁၈။

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၆ ခုနှစ် အုပ်ရေ ၈၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ – ယာယီ) ဖြင့် ဗိုတိုလစ်သို ပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင် သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲ ရွေ့လျားနေလေသည်။ ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၅ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၉၄ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့်ဖြစ်ရပ်များ ရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တံခါးဖွင့် မူဝါဒကျင့်သုံးလာကြသည့်ဖြစ်ရပ်များလည်း ရှိသည်။ စီးပွားရေး နှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၅ ခုနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများပေါ် ထွန်းလျက် ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကား လိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤနှစ်စဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ


ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ .......... ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ဗွေရကာ၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- နှစ် ၅၀ ပြည့် ဗွေရကာ တပ်မတော်နေ့ .......... ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .......... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် .......... ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ .......... ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ .......... ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း .......... ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် .......... ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ .......... ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ .......... ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး .......... ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ .......... ၁၄၄
အက္ခရာစဉ်အညွှန်း .......... ၃၁၉

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၆၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ


ကျမ်းဦးစကား

ဤကျမ်းကိုမရှုစားမီ

အပိုင်း ၁

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........................................ ၁

အပိုင်း ၂

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရကု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........................................ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် ........................ ၅၂
- သဘာ၀ဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ ............................ ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ........................................ ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း ............................ ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ............................ ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ ............ ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ................ ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ........................................ ၁၃၆

အပိုင်း ၃

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ........................................ ၁၄၄

အက္ခရာစဉ်အညွှန်း ........................................ ၃၁၉

## မြန်မာ့ ရည်ညွှန်းကျမ်း စိစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စိစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

(က) ဦးသော်ကောင်း — ဥက္ကဋ္ဌ
စာကြည့်တိုက်မှူး
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(ခ) ဒေါ်ကြန် — အဖွဲ့ဝင်
အငြိမ်းစားအထက်တန်းသုတေသနမှူး
နိုင်ငံသမိုင်းသုတေသနဦးစီးဌာန

(ဂ) ဒေါက်တာတင်ဦး — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်

(ဃ) ဒေါက်တာမောင်မောင်ညို — အဖွဲ့ဝင်
ပါမောက္ခ
ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)

(င) ဦးထွန်းတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ဦးစီးဌာန

(စ) ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်) — အဖွဲ့ဝင်
အငြိမ်းစားငွေစာရင်းအရာရှိချုပ်
မြန်မာ့မီးရထား

(ဆ) ဦးသီဟ — အဖွဲ့ဝင်
အငြိမ်းစားပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်

(ဇ) ဦးမင်းနိုင် — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(ဈ) ဦးမျိုးသန့် (မောင်ဆုရှင်) — အဖွဲ့ဝင်
အကြံပေးအရာရှိ
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(ည) ဦးဝင်းဖေ (မုံရွာဝင်းဖေ) — အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)
## စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| စာတည်းများ | ဦးအုန်းလွင်၊ ဦးခင်မောင်လေး |
| စာပြု | ဒေါ်မျိုးမျိုးကြည် |


# အပိုင်း – ၁

## ၁၉၉၅ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်း များအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။



၉၁



၉၂

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)


### မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



၁၀၂



၁၀၁



၁၀၃



၁၀၆

# ၁၉၉၅ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက် မှု အကောင်အထည် ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ လျက် ရခိုင်ပြည်နယ်၊ ဂွမြို့နယ် သံတွဲ-ဂွလမ်းပေါ်ရှိ ကျိန္တလီ မြစ်ကူး တံတား ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးတွင်နှစ်သစ်ကူး ပွဲတော်၌မီးရှူးမီးပန်းများပစ်ဖောက်ရာ လူ ၁၁ ဦးသေဆုံးကာ ရာပေါင်း များစွာ ထိခိုက် ဒဏ်ရာရကြကြောင်း ဖိလစ်ပိုင် အစိုးရ အရာရှိများက ပြောကြားသည်။ ပွဲကော်ရက်အတွင်း ၆၆ ဦး မီးလောင်ခံရ၍ ၂၃၄ ဦး ယမ်းဘီလူးပေါက်ကွဲမှု ဒဏ်ရာ ရကာ၊ ၆၈၁ ဦး တားထိုးခံရပြီး ၂၉၀၀ ခန့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရကြသည် ဆိုသည်။

၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီးရုံး သို့ သွားရောက်၍ ပို့ဆောင်ရေး ကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန် မှာကြား သည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၉၅)၊ ဂုဏ်ထူးဆောင်တံဆိပ် များ အပ်နှင်း ချီးမြှင့်သည့် အမိန့်ကြော်ငြာ စာအမှတ် (၂/၉၅)၊ စစ်မှုထမ်းကောင်းကံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ်(၃/၉၅)၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၄/၉၅)၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာအမှတ် (၅/၉၅)၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာအမှတ် (၆/၉၅)၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့်



(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဆုရသူများအား တွေ့ရစဉ်

ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၇/ ၉၅)၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာ အမှတ် (၈/၉၅) တို့ကို ထုတ်ပြန် ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် (၄၇)နှစ် မြောက် လွတ်လပ်ရေးနေ့ ညည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ကျင်းပ ပြုလုပ်သည်။

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ၊ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆုများချီးမြှင့်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် မန္တလေးတိုင်း သာစည်မြို့နယ်ရှိ သက်တော်ရေလှောင် တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ အတွင်းရေးမှူး (၂)နှင့် အတူ ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကြသည်။

ဂျော်ဒန်ဝန်ကြီးချုပ်အဗ္ဗဒူ ဆလမ် မာဂျာလီ ၏ အစိုးရအဖွဲ့ နုတ်ထွက်သည်။ ၄င်း နုတ်ထွက်သော အချိန်သည် ဂျော်ဒန်နှင့်အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီး ၁၉ လအကြာတွင် ဖြစ်သည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း၊ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့ လိုက်ပါလျက် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားပြိုင်ပွဲရုံအနီး ကွင်းပြင်တွင် ကျင်းပသည့် သမဝါယမဈေးပွဲတော်သို့ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ ယဉ်ကျေးမှုတက္ကသိုလ် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ဒဂုံမြို့သစ်တောင်ပိုင်း ယဉ်ကျေးမှုတက္ကသိုလ် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဝန်ကြီးများတက်ရောက်၍ အုတ်မြစ်ချပေးကြသည်။

၉ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏၁/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့သည်အမိန့်ကြော်ငြာစာအမှတ် ၁၀/၉၅ ဖြင့်အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသောအဖွဲ့ဝင် ၂၀ ဦးပါဝင်သည့်ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကိုဖွဲ့စည်းပေးသည်။

၁၀ ဝန်ကြီးချုပ်ရှရစ်ဖိဒ်ဘင်ရိုတ်ကာ အမှူးပြု၍ဝန်ကြီး ၃၁ ဦး ပါဝင်သော ဂျော်ဒန်အစိုးရအဖွဲ့ သစ်ကို ဖွဲ့စည်းလိုက်သည်။ ဝန်ကြီး ၃၁ ဦးအနက် ၂၁ ဦးသည် ယခင်အစိုးရအဖွဲ့တွင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့သော သူ များ ဖြစ်သည်။ ဘင်ရိုတ်ကာ သည် ယခင် အစိုးရအဖွဲ့များအတိုင်း ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။

လောဒီမိုကရက်တစ်သမ္မတနိုင်ငံ တွင် ၁၉၇၅ မှ ၁၉၈၆ ခုနှစ်အထိသမ္မတ အဖြစ်ဆောင်ရွက်ခဲ့သောဆူဖာနုဗောင် (၈၆)နှစ်သည်နှလုံးရောဂါဖြင့်ကွယ်လွန်သည်။

၁၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ် /တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ များ ၏ ၁၉၉၄ ခုနှစ်၊ တတိယ လေးလ ပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုး ရေးနှင့် မွေးမြူရေး ဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ရှရီမှု တင်ပါဟာရဂျာ အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၃ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၊ ဒိနာပူခရိုင်၊ ဟီလ်မြို့ အနီးတွင် ခရီးသည် အပြည့် တင်ဆောင်လာသော ရထားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မိရာ လူ ၁၀၀ ကျော် သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

၁၄ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသော ၁၉၉၄-၉၅ ခုနှစ်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဖိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ကစားသည်။

၁၅ ရန်ကုန်မြို့တွင်တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို မရမ်းကုန်းမြို့နယ်ဝမ္မပါလကုန်းတော်၌ထေရဝါဒဗုဒ္ဓသာသနာတော်



လျှောင်ဒဏ် အပြင်းအထန်ခံစားခဲ့ရသည့် ကိုဘေးမြို့မှ မြင်ကွင်းတစ်ရပ်

ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကား သိုက်မြိုက်စွာဆင်ယင်ကျင်းပသည်။

၁၉၉၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများကိုဆုများချီးမြှင့်သည်။

ဂျပန်နှင့်ဂျာမန်နှစ်နိုင်ငံအာကာသပူးတွဲလေ့လာရေးအစီအစဉ်အရဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်းမှလွှတ်တင်ခဲ့သည်။ ဂျပန်နှင့်ဂျာမန်သိပ္ပံပညာရှင်များ ပူးပေါင်း၍ယခုကဲ့သို့ အာကာသလေ့လာရေး ဂြိုဟ်တုလွှတ်တင်ခြင်းသည် ပထမအကြိမ် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည်ဒါယာဘေးလျှပ်စစ်ဓာတ်အားစက်ရုံတိုးချဲ့ရေးစီမံကိန်းအရ ဒေါ်လာ သန်းပေါင်း ၂၈၃၀ တန်ဖိုးရှိ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို တရုတ်နိုင်ငံသို့ပေးအပ်ရန် လက်မှတ်ရေးထိုးသည်။

၁၇ ဂျပန်နိုင်ငံအလယ်ပိုင်းတွင်ရစ်(ချ)တာ စကေး ၇ ဒသမ ၂ ပြင်းအား ရှိသည့် ငလျင်ကြီးလှုပ်ခဲ့ရာသေဆုံးသူ ဦးရေ ၅၀၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၂၆၀၀၀ ကျော်ရှိခဲ့သည်။ သေဆုံးသူအားလုံး နီးပါးနှင့်ဒဏ်ရာရရှိသူထက်ဝက်ခန့်မှာ ကိုဘေးဆိပ်ကမ်းမြို့မှဖြစ်သည်။ ကိုဘေးမြို့ကိုဗဟိုပြု၍ ပတ်ပတ်လည် မိုင် ၆၀ အတွင်း ငလျင်တုန်ခါသွားသဖြင့် အိုဆာကာမြို့နှင့် ကျိုတိုမြို့တို့သည်လည်း ငလျင်ဒဏ်သင့်ခဲ့ရသည်။

၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သက်ဆင် ရှင်နာဝပ်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၀ ပြင်သစ်ဝန်ကြီးချုပ်အက်ဒွပ်ဘာလာဒူးသည် ကမ္ဘာပေါ်တွင်အရှည်လျားဆုံး သံမဏိကြိုးတံတားတစ်ခုကို ဖွင့်လှစ်ပေးသည်။ နော်မန်ဒီဟုအမည်ပေးထားသောအဆိုပါကြိုးတံတားသည် အင်္ဂလိပ်ရေလက်ကြားအနီးလာဟာဗရဆိပ်ကမ်းမြို့တွင် သိန်းမြစ်ဝကိုကျော်ဖြတ်ထားပြီး အလျားပေ ၂၈၀၈ ရှိသည်။ တည်ဆောက်ချိန် ခုနစ်နှစ်ကြာမြင့်၍ ဒေါ်လာ သန်း ၄၇၀ ကုန်ကျသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့်အင်္ဂလန်နိုင်ငံဆီးကွန်တိန်နာနှင့် အီးအင်အိုအိပ်(စ)ပရက်(စ) တို့စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆိပ်ကမ်းသာ လမ်းရှိ ကမ်းနားဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းနှင့်တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

## ဖေဖော်ဝါရီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မရိုးလ်မရော်ဒါ တပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း၂၃ ဦးတို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံပြီး မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် အကြိမ် (၅၀) မြောက်နှစ်ပတ်လည် အထိမ်းအမှတ်ပွဲ ကျင်းပသည့်အခါ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက နာဇီတို့၏ညှဉ်းပန်းနှိပ်စက်မှုတွင် ကိုယ်တိုင်ပါဝင် ခဲ့သည်ဟု စွပ်စွဲခံရသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးဟိုင်းအား ဖိတ်ကြားခြင်း ပြုမည်မဟုတ်ကြောင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော် ပြောဆိုသည်။

၃ ကေအင်(န်)ယူသောင်းကျန်းသူ ဗဟိုဌာနချုပ် မာနယ်ပလော စခန်းအား ကေအင်(န်)ယူမှခွဲထွက်လာသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်

အမျိုးသားများအစည်းအရုံး (DKBO) က သိမ်းပိုက်ခဲ့သည့် အခြေအနေနှင့် ပတ်သက်သောသတင်းစာရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီးဌာနက ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အီဂျစ်နိုင်ငံရှိ မဟာအလက်ဇန္ဒား ဘုရင်ကြီး၏ ဂူသင်္ချိုင်းကို ရှာဖွေနေသည့် ရှေးဟောင်းသုတေသန ပညာရှင်များသည် မဟာ အလက်ဇန္ဒားနောက်ဆုံး အပြီးသတ် အနားယူသွားသည့် ဂူသို့ ဦးတည်သည့် မြေအောက်လမ်းကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ လူ ၃၄၀၀၀ သေဆုံးခဲ့ရသောသီရိလင်္ကာနိုင်ငံ၏ လူမျိုးရေးစစ်ပွဲကို ငြိမ်းချမ်းသောဖြေရှင်းချက်တစ်ရပ်ရစေရန် အတွက် ဆက်လက်ရှာဖွေသွားမည်ဟု သမ္မတ ချန်ဒရိကာကုမာရတွန်ဂါက ထပ်မံကတိပေးလိုက်သည်။


၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းခန်းမတွင် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

၇ ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်း အန်ကောဘုရားကျောင်းများ ပျက်စီးမှုမရှိအောင် ပိုမိုကာကွယ်သွားရန် နှင့် စီမံအုပ်ချုပ်ရန်အတွက် အန်ကော အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတ ဗာဝင်းဇား၏ ဖိအားပေးမှုကို အလျှော့ပေးလိုက်သည့် ပိုလန်ဝန်ကြီးချုပ် ဝေါဒေမာပေါလက်က ရာထူးမှ နုတ်ထွက်ရန်နှင့် ၄င်း၏ညွန့်ပေါင်းအစိုးရတွင်ပါဝင်သည့် ဒီမိုကရက်တစ် လက်ဝဲမဟာမိတ်ပါတီအား ဝန်ကြီးချုပ်ရာထူးလွှဲအပ်ရန် ကမ်းလှမ်းလိုက်သည်။

၈-၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ပင်းယ ဂူကြီးသုံးလုံးဘုရား၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်း၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်မည့်လုပ်ငန်း၊ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး ပြန်လည်တည်ဆောက် ခြင်းလုပ်ငန်း၊ ရှေးဟောင်းပေပုရပိုက် စိစစ် ခွဲခြားခြင်းလုပ်ငန်း စသည့် မန္တလေးတိုင်း အတွင်းရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးနေစဉ်



၉ တောင်ပစိဖိတ် သမုဒ္ဒရာတွင်းရှိ ဖီဂျီနိုင်ငံသို့ ဟောင်ကောင်မှ တရုတ်နွယ်ဖွား စီးပွားရေးသမား ၂၀၀၀ လာရောက်အခြေချ ခွင့်ပြုရန် စီစဉ်ခြင်းကြောင့် ဝန်ကြီးချုပ် ဗိတိဗိနိရာဘူကာ အစိုးရအဖွဲ့အားပါလီမန်တွင်အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်းမည် ဖြစ်ကြောင်း အတိုက်အခံများက ပြော ကြား သည်။

၁၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် တကွ တာဝန်ရှိသူများလိုက်ပါလျက် တိုက်ကြီးမြို့နယ် သစ်သီးဝလံစိုက်ပျိုးရေး ဇဟိုခြံ၊ အဖျောက်သဘာဝဓာတ်ငွေ့ တူးဖော်အောင်မြင်မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က (၄၈) နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို သမ္မတ အိမ်တော်၌ ကျင်းပသည်။

မလေးရှားနိုင်ငံတွင် လွန်ခဲ့သော တစ်နှစ်ခန့်ကပါလီမန်အမတ်တစ်ဦးအသတ်ခံရမှုနှင့်ပတ်သက်၍ မော်ဆရာဇနီးမောင်နှံနှင့်ကူညီသူအဖော်တစ်ဦးတို့အား သေဒဏ်အသီးသီးအပြစ်ပေးစီရင်လိုက်သည်။

၁၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒေါပုံ ကော်ဇောပစ္စည်း စက်ရုံနှင့်ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်သမ္မတကလင်တန်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် အမေရိကန်က နှစ်ဆကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၁၅ စွယ်တော်မြတ်စေတီတော် အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ဝမ္မပါလကုန်းမြေ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ ရတနာရွှေကြုတ်တော်၊ ရတနာကြေးပြားတော်နှင့် ရတနာရွှေအုတ်တော်တို့ကို စီထားလှူဒါန်းသည်။

၁၆ – ၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်သို့ ခရီးထွက်ခွာပြီးသံတွဲလေယာဉ်ကွင်း တိုးချဲ့ ဖောက်လုပ်ရေးလုပ်ငန်း၊ ဂွမြို့နယ် ကန်သာယာ အပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်း၊ ကျောက်ဖြူ–တောင်ကုတ်–အမ်းကားလမ်းဖောက်လုပ်နေမှုများ၊ ရခိုင်ပြည်နယ်မှုဒ္ဓပြတိုက်၊ ယဉ်ကျေးမှု ပြတိုက် တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့တော်ခန်းမနှင့်စစ်တွေဟိုတယ် ဆောက်လုပ်ရေးလုပ်ငန်းစသည့် ရခိုင်ပြည်နယ် ၁၂ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အဖွဲ့ဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းညွှန်ဖြည့်ဆည်းပေးသည်။

၁၇ တောင်အမေရိကတိုက်ရှိ အီကွေဒိုးနှင့် ပီရူးနှစ်နိုင်ငံတို့သည် ရက်သတ္တပတ် သုံးပတ်ကြာ နယ်စပ်စစ်ပွဲကို အဆုံးသတ်နိုင်ရန်အတွက် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီချက်တစ်ရပ်ကို ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

၁၈ ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသစ်သည် ထိုင်းဈေးကွက်သို့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ပိုမိုဝင်ရောက်ခွင့်ပေးမည့် ဥပဒေသစ်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားသည်။

၁၉ ရဟန်းမစားရသောဆွမ်းတစ်နပ် (သီလဝိသုဒ္ဓိ) ရုပ်မြင်သံကြားဇာတ်လမ်းတွင် စီစဉ်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန စတူဒီယို "အေ"ခန်းမတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံခြားပစ္စည်းများ ခိုးယူထုတ်လုပ်ဖြန့်ဖြူးသည့် ပီကင်းမြို့တော်ရှိ ရုပ်ကွက်တစ်ခုကို တရုတ်အာဏာပိုင်တို့က ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တုပပြုလုပ်ထားသည့် နိုင်ငံခြားကွန်ပျူတာ အစီအစဉ်ပေါင်း ၃၀၀၀၀ ဖမ်းဆီးရရှိခဲ့သည်ဟု တရုတ်သတင်းဌာန ဆင်ဟွာ၏သတင်းကို ကိုးကားလျက် ရိုက်တာကဖော်ပြသည်။

၂၀ အီဂျစ်သမ္မတဆက်ဒန်ဟူစိန်သည် အဖျက်စွမ်းအားကြီးမားသော လက်နက်များအားလုံးကိုရှင်းလင်းဖယ်ရှားပြီး ဖြစ်ကြောင်း ကုလသမဂ္ဂကို အာမခံထားလင့်ကစား ဒုံးကျည်များနှင့် ဗိုဝုံးများကို သိုလှောင်ထားကြောင်း "ဆန်းဒေးတိုင်းမ်" သတင်းစာက ရေးသားလိုက်သည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ယုံဆမ်က မြောက်ကိုရီးယားနှင့်ပတ်သက်၍ အစဉ်နိုးနိုးကြားကြားရှိနေရန် တောင်ကိုရီးယားစစ်ဘက်ကို အမိန့်ထုတ်ပြန်လိုက်သည်။ မြောက်ကိုရီးယားသည် ထိုးစစ်လက်နက်များဆက်လက်တိုးမြှင့်တည်ဆောက်နေသည်ဟု ကင်မ်ယုံဆမ်က ပြောဆိုလိုက်သည်။

၂၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်တာဝန် ထမ်းဆောင်ခဲ့ကြသော အမေရိကန်တပ်မတော် (OSS 101) စစ်မှုထမ်းဟောင်းအဖွဲ့မှ သံအမတ်ကြီးဟောင်း မစ္စတာဂျူလီယန်နင်း(မ်)ချက်

ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံပြီး လွတ်မြောက်ရေးတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာကျော်ပန်းချီပညာရှင် ဗင်းဆင့်ဗင်ဂိုးနှင့် တွေ့ဆုံခဲ့ဖူးပြီး ပထမဆုံးရုပ်ရှင်ကို ကြည့်ရှုခဲ့ဖူးသူ ကမ္ဘာပေါ်၌ အသက်အရှည်ဆုံး ပြင်သစ်အမျိုးသမီး ဂျင်းကားမင့်သည် အသက် ၁၂၀ ပြည့်သည်။

၂၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုတက္ကသိုလ်၊ သင်တန်းအမှတ်စဉ် (၂၆)နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုကြသည်။ ဂါရဝပြုအခမ်းအနားတွင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သင်တန်းသားသင်တန်းသူများအား ဩဝါဒအမှာစကား ပြောကြားသည်။

၂၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိလျက်ရှိသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "မြန်မာ့ကုန်စည်ပြပွဲ ၉၅" အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် နိုင်ငံတကာအဆင့်မီ "မြန်မာ့ကုန်စည်ပြပွဲ ၉၅" ဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက် ရှေ့မျက်နှာစာတွင် ကျင်းပရာ မြန်မာ့ကုန်စည်ပြပွဲ ၉၅ ကျင်းပရေးဗဟိုကော်မတီနာယက ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သည့် အဆင့်မြင့်တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ကြိုဆိုနှုတ်ဆက်သည်။

## မတ်လ

၂ သီရိလင်္ကာနိုင်ငံသမ္မတ ချန္ဒရိကာ ဘန္ဒာရာနိုက်ကေးကုမာရတွန်ဂါက မိမိအစိုးရသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်ကို ယခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးနိုင်ငံပိုင်လုပ်ငန်းအချို့ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းလုပ်ကိုင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ယခုနှစ်ရောင်းချခြင်းဖြင့် ရူပီးငွေ ၄ ဘီလီယံ (ဒေါ်လာ သန်း ၈၀)ခန့် ရမည်ဟု အစိုးရကမျှော်လင့်ထားသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းဘုရင့် (ကြည်း) တပ်မတော်မှ လက်ထောက်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ချက်တားသန်နာကျာရှိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာ၌ကျင်းပသည်။

၄ နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် နာယကအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

၅ တပ်မတော်ဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး (ခုတင် ၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၅ - ၁၀ တရုတ်ဝန်ကြီးချုပ်လီဖုန်က တရုတ်ပြည်သည် အဂတိလိုက်စားမှုများကို အဆုံးသတ်ပစ်ရမည် ဖြစ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချပစ်ရမည်ဖြစ်ကြောင်းဖြင့် ပီကင်းမြို့တော် ပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပသော တရုတ်ပြည်လုံးဆိုင်ရာကွန်ဂရက် အစည်းအဝေးဖွင့်ပွဲ၌ နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းရာတွင်ထုတ်ဖော်ပြောဆိုသွားသည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်စိုက်ပျိုးရေး ပြတိုက်အနီး မြေ ပဒေသာ ကျွန်းတွင်ပြုလုပ်မည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန် ပြပွဲ၏ အကြိုခင်းကျင်းစီစဉ်ပြသထားမှုများကို တစ်နာရီကျော်ကြာ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်နှင့် ဇနီးတို့က အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်**

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူး ကျင်းပသော (၃၂) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

မြန်မာ့ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များကို ပြည်သူများပိုမိုစိတ်ဝင်စားလာကြစေရန်အတွက်ခင်းကျင်းပြသသည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားကိုဗဟန်းမြို့နယ်စိုက်ပျိုးရေးပြတိုက်အနီးမြေပဒေသာဥယျာဉ်၌ကျင်းပသည်။

၉ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ ဖိတ်ကြားချက်အရမတ်လ ၉ ရက် နေ့တွင်ရန်ကုန်မြို့မှ အထူး လေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ သွား သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူဇနီး ဒေါ်ကြိုင်ကြိုင်လည်း လိုက်ပါသွားသည်။ ဗီယက်နမ်သို့စတင် ရောက်ရှိသည့် မတ်လ ၉ ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်ဗိုဗန်ကီယက်နှင့် သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာလီဒတ်အန်အားသမ္မတနန်းတော်သို့သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ညနေပိုင်းတွင်ဟိုချီမင်း မြို့တော် သို့ သွားရောက် ခဲ့သည်။ မတ်လ ၁၂ ရက်နေ့တွင် ဟိုချီမင်း မြို့တော်အနောက် မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာရှိ လွတ်မြောက်ရေးသမိုင်းဝင် ကူချီခရိုင်သို့ သွားရောက်လေ့လာသည်။ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

၁၁ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကိုသီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။

၁၂ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ယာဆူရှိအကာရှိ လိုက်ပါလာသည့်လေယာဉ် သေနတ်ထိမှန်ခံရသော်လည်း မည်သူမျှထိခိုက်ဒဏ်ရာမရရှိဟု ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းသည် ဆာရာယေဗိုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန် စတင်နိုင်ရန် ကြိုးပမ်းရေးအတွက် ရောက်ရှိနေခြင်းဖြစ်သည်။





ဂျပန်နိုင်ငံ တိုကျိုမြို့ မြို့တွင်းသွား မြေအောက်ရထားပေါ်တွင် အဆိပ်ဓာတ်ငွေ့သင့်ဖြင့် မူးမေ့အော့အန်နေသည့် ခရီးသည်များ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
၁၄ ဝါရင်းခရစ္စတိုဖာသည် အစ္စရေး
ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ ဆီးရီးယား
သမ္မတနှင့်လည်းကောင်း လွန်းပြန်ခရီး
ဆွေးနွေးပွဲများ ပြုလုပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
ရေးအဖွဲ့၏ ၄-၁-၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/ ၉၅)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စည်ကားသိုက်မြိုက် ခမ်းနားစွာ ကျင်းပသည်။

ပါကစ္စတန်တွင် ဝန်ကြီးချုပ် ဘနာဇာဘူတို၏အစ်ကိုတော်သူ မာတာဇာဘူတိုက ပြိုင်ဘက်နိုင်ငံရေးပါတီတစ်ခု စတင်တည်ထောင်လိုက်ပြီး ညီမ ဘနာဇာဘူတိုကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်နှင့်
၁၆ အာမေးနီးယားသမ္မတ တာပီထရို
ဆက်ဆီယန်တို့သည် အာမေးနီးယား၌ ရုရှားစစ်အခြေစိုက်စခန်းများ ၂၅ နှစ်တာ ဆက်လက်ချထားခွင့်ပြုရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

မန္တလေးနန်းမြို့ ကျုံးတော်ကြီးနှင့်
၁၈ ကျုံးပတ်လမ်း ပြန်လည်တည်ဆောက်မှု
အောင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျုံးတော်ကြီး လေးပြင်လေးရပ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်အားပေးသည်။

စင်ကာပူနိုင်ငံတွင်ကြိုးပေးကွပ်မျက်ခြင်းခံ ရသည့်ဖိလစ်ပိုင်အိမ်ဖော်အမျိုးသမီး ဖလော်ကွန် တမ်ပလာစီယွန်၏ ရုပ်အလောင်းကိုဖိလစ်ပိုင်သို့ လေယာဉ် ဖြင့်ပြန်ပို့ပေးလိုက်သည်။ ၄င်းသည် ၁၉၉၁ ခုနှစ်၊ မေလကအခြား ဖိလစ်ပိုင် အိမ်ဖော်တစ်ဦးနှင့်လေးနှစ်သား အရွယ် ကလေးငယ်တစ်ဦးတို့အားသတ်ဖြတ်ခဲ့ သဖြင့် ကြိုးပေးကွပ်မျက်လိုက်ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်သမ္မတ၏တပ်
၁၉ များသည် အရှဏ်မတက်မီ တွင်
ကဘူးမြို့ တောင်ဘက်ရှိပြိုင်ဘက် တာလီဘန် ပြည်သူ့စစ်များကို ၄င်းတို့၏အဓိကအခြေစိုက်စခန်းမှတိုက်ထုတ်ပစ် လိုက်သည်။ ယခုအခါ သမ္မတ ရက်ဘာနီ ၏ တပ်များသည်ကဘူး မြို့တော်တစ်ခုလုံး နှင့် ဝန်းကျင်ရှိဆင်ခြေဖုံး အရပ်များကို ထိန်းချုပ်ထားသည်။

၂၀ ဂျပန်နိုင်ငံတိုကျိုမြို့တွင် မြို့တွင်း အလုပ်သွားအလုပ်ပြန်သူများ ထူထပ်များပြားသည့်မြေအောက်လျှပ်စစ်ရထားပေါ်တွင်အဆိပ်တတ်ငွေ့များလွှတ်ထားသဖြင့်လူထောင်ပေါင်းများစွာဂျူရှိက်မိကာ အောအန်ပြီးအနည်းဆုံးလူငါးဦးသေဆုံးသည်ဟု ဆိုသည်။

၂၁ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် ဒေသ ဖွံ့ဖြိုး ရေးလုပ်ငန်းများကိုနိုင်ငံတော် အစိုးရနှင့် ပူပေါင်းဆောက်ရွက်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့သွား ရောက်ကာ ၁၉၉၅ ခုနှစ်၊နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ပြပွဲမှပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည် များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားသည်။

၂၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယကနိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟိုပြည်သူ့ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များစီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်သြဝါဒစကားမြွက်ကြားသည်။

၂၅ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ကိုဂုဏ်ပြုကျင်းပသည့်ရွှေရတု သဘင် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း၊ သုဝဏ္ဏအားကစား ပြိုင်ပွဲရုံ(၁) အနီးရှိ ကွင်းပြင်(သုဝဏ္ဏအားကစားဝင်း) ၌ ကျင်းပသည်။

၁၉၉၅ ခုနှစ်၊ နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး(၆) လမ်းသွားတိုးချဲ့ခြင်းလုပ်ငန်း(ထောက်ကြံ့-ဝမ်းဘောဒတ်အပိုင်း)လမ်းဖွင့်ပွဲအခမ်းအနားနှင့် ရန်ကုန်-ပဲခူး (၆) လမ်းသွား (ပဲခူးအပိုင်း) လမ်း ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်တိုင်း မင်္ဂလာဒုံ မြို့နယ် ထောက်ကြံ့လမ်းဆုံ ရန်ကုန်-မန္တလေးလမ်းအဝင် ထိပ်မုခ်ဦးနှင့် ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်း နယ်စပ်ဝမ်းဘောဒတ် တံတားထိပ်မုခ်ဦး တို့၌ကျင်းပသည်။

လူမည်းအမျိုးသမီးတစ်ဦးအားမတော်မတရားပြုကျင့်မှုဖြင့်ထောင်သုံးနှစ်ကျခဲ့သော ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်သည် အကျဉ်းထောင်မှ ပြန် လည် လွတ်မြောက်လာသည်ဖြစ်ရာ ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရရှိနိုင်သော လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်သည့် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ရရှိသွားပြီ ဖြစ်သည်။

၂၆ ငမိုးရိပ်ရေလှောင်တမံကို ၁၉၉၅ ခုနှစ်၊နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့အား ဂုဏ်ပြု၍ ဖွင့်လှစ်သည့် အခမ်းအနားနှင့် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ က တာဝန်ယူတည်ဆောက်ခဲ့သော ရန်ကုန်မြို့တော် ရေပေးဝေရေး ရေယူ အဆောက်အအုံဖွင့်လှစ်သည့်အခမ်းအနား တို့ကို ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ အဆိုပါငမိုးရိပ် ရေလှောင်ကမံ၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်ချီးမြှင့်သည်။

၂၇ နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကိုရန်ကုန်မြို့ ဦးဝိစာရလမ်းရှိကော်လှန်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က နှစ်(၅၀) ပြည့်ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညည့်ခံပွဲနှင့်ညစာ စားပွဲကိုရန်ကုန်တိုင်းစစ်ဌာနချုပ်ကုန်းမြင့်သာရှိ ဓေယျာသီရိဗိမာန်၌ကျင်းပသည်။

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ကိုဂုဏ်ပြုသည့်အနေဖြင့်မြဝတီရုပ်မြင်သံကြားအဆောက်အအုံနှင့်မြဝတီရုပ်မြင်သံကြားစတင်ထုတ်လွှင့်မှုဖွင့်ပွဲအခမ်းအနားကို မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရုံ၌ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်၍ ဖဲကြိုးဖြတ်၊ ခလုပ်နှိပ်ပြီးဖွင့်လှစ် ပေးလိုက်သည်။

၃၀ အမျိုးသားညီလာခံစုံညီအစည်းအဝေး ကိုရန်ကုန်မြို့အလုံလမ်း သမ္မတအိမ်ကော်ဝင်းအတွင်းရှိဗဟိုအစည်းအဝေးခန်းမ၌ကျင်းပသည်။ အစီအစဉ်အရ နိုင်ငံတော် ဖွဲ့ စည်း ပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင် မည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ် အစုအဖွဲ့များမှကိုယ်စားလှယ် များကအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

## ဧပြီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က လှူဒါန်းပြီး မြန်မာ-သီရိလင်္ကာရာမကျောင်းတိုက်တွင်ထားရှိပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲကို တာမွေမြို့နယ်

မြန်မာ–သီရိလင်္ကာ ရာမကျောင်းတိုက် ဝမ္မာရုံ၌ကျင်းပသည်။

၄–၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ် ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) နှင့်ကချင် ပြည်နယ် အတွင်းရှိ မြို့နယ်ပေါင်း (၂၃) မြို့နယ် သို့သွားရောက်ကာ ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေး စီမံ လမ်းညွှန်ပေးခဲ့သည်။

၉ ထိုင်းလေကြောင်းခရီးစဉ်အမှတ် (တီဂျီ.၃၀၅) ဖြင့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသော ထိုင်းလူမျိုးခရီးသည် များဖြစ်ကြသည့် ထိုင်းနိုင်ငံကူးလက်မှတ် (I-267155) ကိုင်ဆောင်သူ မစ္စတာဆူရာဖွန် တောင်ဘာရွှန်၊ ထိုင်းနိုင်ငံကူးလက်မှတ် (X-219996) ကိုင်ဆောင်သူ မစ္စတာ ထာဝီပက် တောင်ကမ်နှင့် ထိုင်းနိုင်ငံ ကူးလက်မှတ် (X-291284)ကိုင်ဆောင် သူ မစ္စတာခေါင်န်ကဲစင်ကာတို့ထံမှ မြန်မာငွေကျပ်၅၀၀ တန်အတု သိန်း ၁၀၀၀ ကျော်ဖိုး ကို လေဆိပ်လုံခြုံရေး တာဝန်ထမ်းဆောင် လျက် ရှိကြသည့် တပ်မတော်ထောက် လှမ်းရေး တပ်ဖွဲ့ ဝင်များနှင့် အကောက်ခွန် ဦးစီးဝန်ထမ်း များကရှာဖွေဖော်ထုတ် ဖမ်းဆီး ရရှိသည်။

၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ် ကြီး တင်ထွန်းအား ရန်ကုန်မြို့တွင်ရောက်ရှိ နေသည့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (ESCAP)ဒုတိယအမှုဆောင် အတွင်းရေးမှူး မိစ်ဆီကိုတာကာဟာရှိနှင့် အဖွဲ့သည် ဝန်ကြီးများရုံးရှိ ဒုတိယ ဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

လွန်ခဲ့သောနှစ် ၂၀ ကာလ၊ ဗီယက် နမ်စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အမေရိကန် နှင့် ဗီယက်နမ်မြို့ကြီးများ ဖြစ်သော ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်း မြို့တော် တို့သည် ပထမဆုံးအကြိမ် မိတ်ဆွေ ဖြစ် သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆို သည်။အဆိုပါစာချုပ်ကို ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်းမြို့တော်ဝန်များက လက်မှတ် ရေးထိုးကြသည်။

၁၂ မြန်မာ – အိန္ဒိယနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးဖွင့်ပွဲ အခမ်းအနားကို မြန်မာနှင့်အိန္ဒိယနိုင်ငံ၊ နယ်စပ်မြို့များ ဖြစ်သော အိန္ဒိယပိုင် မိုရေးမြို့တွင် ညနေ ၃ နာရီ၌လည်းကောင်း၊ မြန်မာနိုင်ငံ ပိုင် တမူးမြို့တွင် ညနေ ၄ နာရီ၌ လည်းကောင်း အသီးသီးပြုလုပ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်၊ အိန္ဒိယ နိုင်ငံဘက်မှ အိန္ဒိယနိုင်ငံကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပီ၊ ချီဒန်ဘရန်နှင့် မဏိပူရပြည်နယ် ဝန်ကြီးချုပ် မစ္စတာ မန်နီပါတို့က အမှာစကားများပြော ကြားကြသည်။

၁၈ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ မြို့နယ် ဘော်ကြိုဘုရား (မှဒ္ဒော စေတီတော်)၌ ကိန်းဝပ်စံပယ်လျက်ရှိ သည့် ရှေးဟောင်းသမိုင်းဝင်၊ ရတနာ မာန်အောင်၊ရတနာဉာဏ်အောင်၊ ရတနာရန်အောင်၊ ရတနာဈာန်အောင် ဗုဒ္ဓရုပ်ပွားတော်များမြန်မာနိုင်ငံတစ်ခွင် ဒေသ စာရီလှည့်လည်ကြွချီရန် အတွက် ရောင်တော်ဖွင့်၍ ရတနာပန်းရထား ယာဉ်များပေါ်သို့ စတင်ပင့်ဆောင်သည့် အခမ်းအနားကိုဘော်ကြိုဘုရားပရဝုဏ်၌ ကျင်းပပြုလုပ်သည်။

၁၉–၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး သည် ကရင် ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်းရှိမြို့နယ် များသို့ သွားရောက်၍ နယ်မြေအေးချမ်း သာယာ ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြား သည်။

၁၉ အမေရိကန်ပြည်ထောင်စုအိုကလာ ဟိုးမားမြို့လယ်ရှိပြည်ထောင်စုရုံး အဆောက်အအုံသည် ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရာ အထပ်ကိုးထပ်ပါဝင်သော ယင်း အဆောက်အအုံ၏မျက်နှာစာတစ်ခြမ်းလုံး ပြိုကျ ပျက်စီးပြီးလူ ၁၃၀ ထက်မနည်း သေဆုံးကာ လူ ၄၀၀ ကျော်ဒဏ်ရာရရှိ ခဲ့သည်။

၂၁ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေးဗဟိုကော်မတီ အစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။


၂၄ မဲခေါင်ဒေသအတွင်းကမ္ဘောဒီးယား နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာော ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ဗီယက်နမ်နိုင်ငံနှင့်ပြည်ထောင်စု မြန်မာနိုင်ငံခြောက်နိုင်ငံတို့အကြားပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးအစီအစဉ်အရ ဒေသတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆွေးနွေးပွဲ၏ အကြီးတန်း အရာရှိ အစည်း အဝေးကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပ ပြုလုပ်သည်။

“ ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ ၁၉၉၅”ဖွင့်ပွဲအခမ်းအနားကိုလသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း မြည်ီလာခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်နိုင်ငံတော် အကြီးအကဲများတက်ရောက်အားပေးသည်။

၂၅ ကူဝိတ်ပါလီမန်ကမူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်သူများအား သေဒဏ်စီရင်ချမှတ်ရန် ဥပဒေတစ်ရပ်ကို ဖြည့်စွက်ပြင်ဆင်သည်။ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသအာရပ်နိုင်ငံများအနက် ဆော်ဒီအာရေဗျနိုင်ငံနှင့်အာရပ်စော်ဘွား များပြည်ထောင်စု(ယူအေအီး)ပြီးနောက် သေဒဏ်ပေးသည့်တတိယမြောက်နိုင်ငံ ဖြစ်သည်။


၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်း ထိန်း သိမ်းရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၄/၉၅) ကို ပြဋ္ဌာန်း သည်။

၂၈ ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ် ရပ်သစ်ရွာအနီးရှိတောင်နဝင်းချောင်း ပေါ်တည် ဆောက်ထား သော တောင်နဝင်းရေလှောင် တမံ ဖွင့်ပွဲ အခမ်းအနားကို ရေလှောင်တမံ မှန်ဦးမဏ္ဍပ်၌ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် ပြီး အမှာစကား ပြောကြားသည်။



မုံးခွဲတိုက်ခိုက်ခြင်းခံရသည့် အမေရိကန် ပြည်ထောင်စု အိုကလာဟိုးမားမြို့လယ်ရှိ ပြည်ထောင်စုရုံးအဆောက်အအုံကို တွေ့ရစဉ် ( ညာပုံ )

မိုလ်ချုပ်ကြီးမောင်အေး ကရင်ပြည်နယ် မွန်ပြည်နယ် မြို့နယ်များသို့ သွားရောက်စဉ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဤသို့ရှေ့သက်န်းကပ်လှူခဲ့သည် ( အောက်ပုံ )



## မေလ

၁ အမရပူရမြို့ မဟာဝေယံဘုံ သာ
ဓားကရာကျောင်း ဗုဒ္ဓဆင်းတုတော်နှင့် ပိဋကတ်တော်ပြတိုက် ရေစက်ချ အခမ်းအနားကို အဆိုပါပြတိုက်သစ်ကြီးအနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၃ ဂျပန်ဝန်ကြီးချုပ် တိုမီအီချီမူရာယာမ
သည် ၁၉၃၇ ခုနှစ်က ဂျပန်တပ်များနှင့်တရုတ်တို့ စစ်ပွဲစတင်ဖြစ်ပွားသည့် မာကိုပိုလိုတံတားသို့ သွားရောက်လေ့လာပြီး မိမိတို့နှစ်နိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းစေရမည်ဟု အခိုင်အမာကတိပြု ပြောကြားလိုက်သည်။

၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး
ရေး အသင်းဌာနချုပ် အဆောက်အအုံ တည်ဆောက်ရန် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မြေကွက်လပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြုကာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖိလစ်ပိုင်သမ္မတ ဖီဒယ်ရာမိုစ်က လွန်ခဲ့သည့် မတ်လအတွင်း စင်ကာပူ၌ ဖိလစ်ပိုင်အိမ်ဖော်တစ်ဦး ကြိုးပေးကွပ်မျက်ခံရမှုနှင့်ပတ်သက်၍ရာထူးမှ နုတ်ထွက်ခွင့်ပြုရန်တင်ပြထားသည့် အလုပ်သမား ဝန်ကြီး နီဗက်စ်ကွန်ဖက်ဆာ၏ နုတ်ထွက်မှုကို လက်ခံလိုက်သည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် သမားရိုးကျ အယူအဆရှိသူ ပါရီမြို့တော်ဝန် ဂျက်ရှီရက်က ဆိုရှယ်လစ်ဝါဒီ လီယွန်နယ်ဂျိုစ်ပင်ကို အောင်ပွဲခံလိုက်သဖြင့် ၁၄ နှစ်ကြာ ဆိုရှယ်လစ်အုပ်စိုးမှုသည် ပြင်သစ်နိုင်ငံတွင် နိဂုံးချုပ်သွားသည်။ လက်ရှိ သမ္မတ ဖရန်ဆွာမီးထရောင်းမှာ သမ္မတသက်တမ်း ၁၄ နှစ်ပြည့်ပြီဖြစ်သည်။ တစ်ပတ်အကွင်း ရာထူးမှ နုတ်ထွက်ဖွယ်ရှိသည်။

၈ - ၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဤလ ၈ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ရောက်ရှိသည်။ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်နှင့်အဖွဲ့သည် ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်မြို့များ သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပစဉ်



ရန်ကုန်မြို့တွင် မြန်မာ့ ကျောက်မျက် ရတနာ အရောင်းပြခန်း၊ တပ်မတော် စစ်သမိုင်း ပြတိုက်၊ သန်လျင်တံတားများကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

၁၀ အီရန်နိုင်ငံက နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ကမကထပြုလုပ်နေခြင်း၊ လူအများအပြားကို သေစေသောလက်နက်များ ရအောင် ကြိုးပမ်းနေခြင်းများကြောင့် အမေရိကန်သမ္မတ ကလင်တန်က အီရန်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လုံးဝပိတ်ပင်တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

၁၂ - ၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါ လျက် ရှမ်းပြည်နယ်နမ့်စန်မြို့သို့ ရောက်ရှိပြီး နမ့်စန်-မိုးနဲရထားပြေးဆွဲမှုနှင့် နမ့်စန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီး၊ ဟဲဟိုး၊ ပင်းတယမြို့များသို့ ရောက်ရှိသည်။ ဗိုလ်ချုပ်ကြီးမောင်အေးသည်အဖွဲ့ဝင်များ လိုက်ပါလျက်ပင်းတယမြို့နယ် ကုံလုံကျောင်း တိုက်တွင်အဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး အမှူးပြု၍ တည်ထား ကိုးကွယ်မည့် ပြည်တော်အေးဆုတောင်းပြည့်စေတီတော် မြတ်ကြီး၏ထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်း အနားသို့ တက်ရောက်ပြီး ထီးတော်နှင့် စိန်ဖူးတော် တင်သည်။

၁၅ - ၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခုနှစ်၊ ပထမလေးလပတ်ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ငါးရက်တိုင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အဖွင့်အမှာစကားနှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဂျက်ရှီရက်အောင်ပွဲခံလိုက်သဖြင့် ၎င်းအား ထောက်ခံသူများ ဝမ်းသာပျော်ရွှင်နေပုံ

၁၇ ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးချယ်တင်မြှောက်ပွဲတွင် အောင်ပွဲခံခဲ့သူ ဂျက်ရှီးရက်သည် သမ္မတရာထူးကို တရားဝင်လွှဲပြောင်း လက်ခံသည်။

၁၉ ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်သည် မိမိအရေးနိမ့်ရန်သေချာနေသည့် အတိုက်အခံတို့ တင်သွင်းထားသောအယုံအကြည်မရှိအဆိုကို ရင်ဆိုင်ခြင်းမပြုတော့ဘဲပါလီမန်အောက်လွှတ်တော်ကိုဖျက်သိမ်း လိုက်သည်။

၂၁ ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိရောင်တော်ဖွင့် တန်ဆောင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း သိပေါမြို့နယ် ဘော်ကြိုရွာမှ ရေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

၂၂ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ အကြီးအကဲ အာရာဖတ်နှင့် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရှိမွန်ပီရက်တို့သည် အာရပ်နယ်မြေများကို အစ္စရေးကသိမ်းယူမည့်အစီအစဉ်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုးချဲ့ရေးကိစ္စတို့ နှင့်ပတ်သက်၍ အငြင်းပွားနေမှုများကို ကြိုးပမ်းဖြေရှင်းရန် တွေ့ဆုံကြသည်။

၂၄ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာအထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

သီရိလင်္ကာသမ္မတ ချန်ဒရီကာ ဘန္ဒာရနိုက်ကေး ကုမာရတွန်ဂါသည် တမီးလ်ကျားသူပုန်တို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်စဲလိုက်သည်။

၂၇ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဆောက်အအုံ ရတနာအုတ်မြစ်စိမင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက် ရောက်၍ရတနာအုတ်မြစ်စိပေးသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဆင်မလိုက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်၍သင်္ဘော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားသည်။

## ဇွန်လ

၃ ရန်ကုန်မြို့အလုံလမ်းမြေနေရာတွင် စင်ကာပူနိုင်ငံစစ္စတန်ဗစ်လ်မြန်မာလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့်ရင်းနှီး မြှုပ်နှံတည်ဆောက်ပြီးစီးခဲ့သော နိုင်ငံတကာ အဆင့်မီအခန်း ၂၅၀ ပါဆံ့မစ်ပတ်ဖျူး ဟိုတယ်သစ် ဖွင့်လှစ် ခြင်းအခမ်းအနားကို အဆိုပါဟိုတယ်သစ်၌ ကျင်းပသည်။

ရန်ကုန်-ကူမင်း-ရန်ကုန်လေကြောင်း ခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။


၅ - ၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇနီးဒေါ်ကြိုင်ကြိုင်လိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဇွန် ၅ မှ ဇွန် ၈ အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန် ၈ မှ ဇွန် ၁၁ အထိစင်ကာပူသမ္မတနိုင်ငံ သို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။ ဇွန် ၁၁ ရက်နေ့နံနက် ၁၀နာရီခွဲတွင်အထူးလေယာဉ်ဖြင့်စင်ကာပူသမ္မတနိုင်ငံမှရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

၈ ဇွန်လ ၂ ရက်နေ့ကဘော့စနီးယားကောင်းကင်ယံတွင်ပစ်ချခံခဲ့ရသည့် အမေရိကန်အက်ဖ်-၁၆ အမျိုးအစား ဂျက်တိုက်လေယာဉ်မှလေသူရဲ အိုဂရက်ဒီကို အမေရိကန်မရိန်းတပ်သားများက ဘော့စနီးယားအနောက်မြောက်ဘက်ဘီဟက်မြို့ အရှေ့တောင်ဘက်မိုင် ၂၀ အကွာအဝေးရှိ တောတွင်းတစ်နေရာမှ ရဟတ်ယာဉ်နှစ်စီး ဖြင့်ဆင်းသက်ကယ်တင် ခဲ့ကြသည်။

၁၃ နီပေါဘုရင် ဘီရင်ဒရာက နီပေါ ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး နိုဝင်ဘာ ၂၃ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် တိုက်တွန်းလိုက်ကြောင်း နီပေါဘုရင့်နန်းတော်က ကြေညာသည်။

ဂျပန်ဝန်ကြီးချုပ် တိုမီအိချိမူရာယာမသည် အစိုးရ အတိုက်အခံပါတီဖြစ်သော နယူးဖရန့်တီယာပါတီက ပါလီမန်၌ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည် မရှိအဆိုကို ၂၉၀ မဲ၊ ၁၀၉ မဲဖြင့် အနိုင်ရရှိသည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၉၅ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Immigration and Population) ကို တိုးချဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၂/၉၅ ဖြင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၃/၉၅ ဖြင့်



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် တွေ့ဆုံနှုတ်ဆက်စဉ်**

ဗိုလ်မှူးချုပ် မျိုးသန့်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဦးသန်းရွှေအား ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဦးခင်မောင်ရင်အား ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး၊ ဗိုလ်မှူးချုပ် သောင်းမြင့်အား ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်ခြင်းကို လည်း ကောင်း၊ ကြေညာချက်အမှတ် ၄/၉၅ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စိုးမြင့်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ် ကျော်သန်းအား အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်အေးကျော်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စောထွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး အဖြစ် ခန့်အပ် တာဝန်ပေးအပ်ခြင်းကို လည်းကောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

၁၅ - ၁၇ ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီးအစည်းအဝေးကို ကနေဒါနိုင်ငံ ဟာလီဖက်၌ ကျင်းပသည်။ အစည်းအဝေးသို့ ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီ နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက် ရတနာပြတိုက်သစ်ကြီးနှင့် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၆) ရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ကျင်းပသည်။

ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် ပါတီတွင်းမှပုန်ကန်သူလက်ယာ ဂိုဏ်းသားများနှင့်နိုင်ငံရေးတိုက်ပွဲဝင်ရေး ပြင်ဆင်မှုအဖြစ် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက် သွားသည်။

၂၄ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြ ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်( ကြည်း)



**ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ ( ဂျီ – ၇ ) ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ**

ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ စတင်ထူထောင်သည့် ၁၉၄၅ ခုနှစ် မှစ၍ အကြိမ် ၁၀၀၀ ပြည့် ဆုံးဖြတ်ချက်ကို ယနေ့ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အမှတ် ၁၀၀၀ (၁၉၉၅) မှာ ဆိုက်ပရပ်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သား ၁၁၇၅ ဦးကိုကို သက်တမ်းတိုးပြီး ဆိုက်ပရပ်တွင် ဆက်လက်ထားရှိရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးချမှတ်သည့် ဆုံးဖြတ်ချက် အမှတ် (၁) မှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျူကျွမ်း အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မွန်ပြည်သစ်ပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားကို အရှေ့တောင် တိုင်း စစ်ဌာနချုပ် အောင်ဆန်း ခန်းမ၌ ကျင်းပသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဈေးဝယ်လာသူများဖြင့် စည်ကားနေသော အထပ်ငါးထပ်ရှိ ဆက်ပွန်းကုန်တိုက် ပြိုကျခဲ့ရာ လူ အပြောက်အမြားမှာ အပျက်အစီးများ ကြားတွင် ပိတ်မိခဲ့သည်။ လူ ၂၇ ဦး ထက်မနည်းသေဆုံးပြီး လူ ၇၀၀ ကျော် ဒဏ်ရာရရှိသည်ဟုရဲအဖွဲ့က ပြောသည်။

## ဇူလိုင်လ

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်၊ ဇနီးနှင့်အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် ကြီး ချီဟိုရှန်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဇေယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး ( ၁ ) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်ပတ်သက် သည့် ရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။

အမေရိကန်လွန်းပျံအာကာသယာဉ် အတ္တလန္တစ်သည် အာကာသအတွင်း ၁၀ ရက်ကြာလှည့်ပတ်ခဲ့ပြီးနောက် ဖလိုရီဒါ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ အာကာသအတွင်း ရှိနေစဉ် အတ္တလန္တစ်လွန်းပျံယာဉ်သည် ရုရှား အာကာသစခန်းယာဉ်မီယာနှင့် အောင်မြင်စွာ ချိတ်ဆက်ကာ ကမ္ဘာပတ်လမ်းကြောင်းတွင် အတူတကွ လှည့်ပတ်ပျံသန်းခဲ့သည်။ အတ္တလန္တစ်၏ အပြန်ခရီးတွင် မီယာ အာကာသစခန်းယာဉ်တွင် ၁၁၅ ရက်ကြာ နေထိုင်ခဲ့သည့် အမေရိကန်တစ်ဦး၊ ရုရှား နှစ်ဦးတို့အပါအဝင်ဖြစ်သည့် အာကာသယာဉ်မှူးသုံးဦးနှင့် လွန်းပျံယာဉ်မှူး ငါးဦးတို့ ပြန်လည်လိုက်ပါခဲ့သည်။

၈ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ
အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံမှ စတက်ဖီဂရပ်က စပိန်နိုင်ငံမှ အရန်ဇာ ဆက်ချက်(စ) ဗစ်ကာရီယိုကို အနိုင်ရဗိုလ်စွဲကာ ဆုကြေးငွေ ဒေါ်လာ ၅၂၅,၀၀၀ ဆွတ်ခူးရရှိသည်။ ဗစ်ကာရီယိုက ဆုကြေးငွေ ဒေါ်လာ ၂၆၂,၀၀၀ ရရှိသည်။



အာကာသယာဉ်နှစ်စီး ချိတ်ဆက်ပြီးနောက် အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးတို့ နှုတ်ဆက်နေကြစဉ်(အပေါ်)နှင့် မော်စကိုမြို့ရှိ မြေပြင်စခန်းမှ ကြည့်ရှုနေပုံ(အောက်)



၉ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် အမေရိကန်နိုင်ငံမှ ဆမ်ပရပ်(စ)က ဂျာမနီနိုင်ငံမှ ဘောရစ္စဘက်ကာကို အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ အနိုင်ရရှိသော ဆမ်ပရပ်(စ)သည် ဝင်ဘယ်ဒန်ချန်ပီယံဘွဲ့ကို သုံးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။ ဝင်ဘယ်ဒန်ချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့ဖူးသူ ဘက်ကာသည် စတုတ္ထအကြိမ် သရဖူရရေးကို ကြိုးပမ်းရင်း အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ၁၉၉၅ ခုနှစ် ပထမခြောက်လပတ် ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်နေကြသော ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မိန့်ကြားသည်။

၂၀ အာကာသအတွင်း ရှစ်ရက်ကြာ ဝန်းပတ်ပျံသန်းလျက်ရှိနေသော အမေရိကန် ဒစ္စကာဗာရီ အာကာသလွန်းပျံယာဉ်မှ ယာဉ်မှူးများသည် လကမ္ဘာသို့ ပထမဆုံးအကြိမ် လူသားများခြေချခဲ့မှု ၂၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပသည်။ ဤနေ့သည် "အပိုလို-၁၁" အာကာသယာဉ်ဖြင့် အမေရိကန် အာကာသယာဉ်မှူးများဖြစ်ကြသည့် နီး(လ)အမ်းစထရောင်းနှင့် ဘူဇ်အယ်ဒရိန်းတို့နှစ်ဦး လကမ္ဘာပေါ် ခြေချနိုင်ခဲ့သည့် ၂၆ နှစ်မြောက်နေ့ဖြစ်သည်။

၂၁ - ၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်၊ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကာ တိုက်ကြီးမြို့နယ်ရှိ တဘူးလှ(ဥက္ကံ) ရေလှောင်တမံ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညို ရေလှောင် တမံ၊ ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင်တမံ၊ ပြည်မြို့ရှိ ဧရာဝတီ တံတားတည်ဆောက်ရေးလုပ်ငန်း၊ ရွှေတောင်မြို့ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း၊ ရွှေတောင်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်း မြို့နယ်ရှိ မက်သနော စက်ရုံ(ဆိပ်သာ)၊ ပုသိမ်မြို့ရှိ ပုသိမ်မှန်စက်ရုံ၊ မြန်မာဆီး(လ)လီမိတက် အထပ်သားစက်ရုံ၊ မြောင်းမြ မြို့ရှိ မြောင်းမြ တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၂) သင်တန်းဆင်းတပ်ဖွဲ့အား ဗိုလ်ချုပ်ကြီးမောင်အေး စစ်ဆေးစဉ်**



မအူပင်မြို့ရှိ မအူပင် တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ မျာပုံမြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်း တံတား၊ ခံညှင်းတန်း တံတား ဆောက်လုပ်မည့်နေရာစသည်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကချင်ပြည်နယ် အထူးဒေသ( ၂ )မှ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်မိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလမုန်တူးဂျိုင်၊ ဦးဆိုင်ဖုန်း၊ ဒေါက်တာတူးဂျာ၊ ဒေါက်တာ လဂျာနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများဖြစ်ကြသော ဦးဇော့ဂွမ်၊ ဦးလဝမ်၊ ဦးခွန်မြတ်တို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

၂၇ - ၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကာ တောင်ကြီး မြို့တွင် တောင်ကြီး ခရိုင်အတွင်းရှိ ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံဩဝါဒစကား ပြောကြားခြင်း၊ ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၉၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်ခြင်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်ခဲ့သော ဇော်ဂျီရေအားလျှပ်စစ်စီမံကိန်းမှ စက်တစ်လုံးလည်ပတ်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရပ်စောက်မြို့အနီးရှိ ဇော်ဂျီရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုင်းတုံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးကိစ္စများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ဩဂုတ်လ

၃ - ၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်း များ၊ ရေနံမြေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘရူးနိုင်းဒါရုဆလမ်နိုင်ငံတို့ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန လေကြောင်းပညာသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်းအမှူးပြုသောဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

၄ ဟီရိုရှီးမားမြို့ အဏုမြူဗုံး ကြဲချခံရခြင်း နှစ် ၅၀ မပြည့်မီ နှစ်ရက် အလိုတွင်ပစိဖိတ်သမုဒ္ဒရာ၌ ပြင်သစ်၏ နျူးကလီးယား စမ်းသပ်မည့် အစီအစဉ်များကို ရှုတ်ချရန် ဂျပန် ပါလီမန်ကမဲခွဲ ဆုံးဖြတ်ကြပြီး တရုတ် နျူးကလီး ယား စမ်းသပ်မှုများကိုလည်း ရှုတ်ချလိုက် သည်။

၅ စတုတ္ထအကြိမ်မြောက်ကမ္ဘာ့ အမျိုးသမီးများ ဆိုင်ရာ ညီလာခံကိုကြိုဆိုသည့်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ အမျိုး သမီးများ၏ စွမ်းဆောင်မှုကဏ္ဍ ဟောပြောပွဲကို သုနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြော ကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကန်တို့သည် သံတမန်အသိအမှတ်ပြုလွှာများကို လက်မှတ်ထိုးကာငြိမ်းချမ်းရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ကြသည်။

၆ အဏုမြူလက်နက်များသည် အလွန်တရာအန္တရာယ်ကြီးမားလှသည်မှန်သော်လည်း ငြိမ်းချမ်းမှုရရှိရေးကို အထောက်အကူဖြစ်စေခဲ့သည်ဟု ကမ္ဘာ့ပထမဆုံး အဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့ပြီး နောက်အနှစ် ၅၀ အကြာတွင် ဟိုက်ဒရိုဂျင်ဗုံးကိုတီထွင်ထုတ်လုပ်ခဲ့သူ အက်ဒွပ်တဲလား က ပြောသည်။

ကာလီမူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင် ထံမှ ဒေါ်လာ၆ ဒသမ ၁ သန်းကို ကိုလံဘီယာသမ္မတက မဲဆွယ်ရေးအတွက်ရယူထားကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက် ကမ္ဘာ့ အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်ဟု ကျော်ကြားနေသော မီဂျယ်ရိုဒရီဂက်ဇ် အိုရီဂျူလာအား နေအိမ်ခန်းအတွင်းသို့ အတင်းဝင်ရောက် ဖမ်းဆီးလိုက်သည်။

၇ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ (၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား မြရိပ်ညို ရှိုင်ရယ် ဟိုတယ်တွင် လက်ခံတွေ့ဆုံပြီး ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၈ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာနစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ ( MBA ) ကိုအထောက်အကူပြုမည့် ( Resource Centre ) ဖွင့်ပွဲ



**ကမ္ဘာ့အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် မိဂျယ်ရိုဒရိဂက်စ် အဖမ်းခံပြီးနောက် တွေ့ရစဉ်**

အခမ်းအနားကို စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေပတ္တမြားခန်းမတွင်ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

၁၁ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ်နိုရိုဒွန်ရာနာရစ်သ်က ကမ္ဘောဒီးယားတွင် အနောက်နိုင်ငံပုံစံ ဒီမိုကရေစီထူထောင်ရေး ကို လက်မခံကြောင်း ပြောကြား လိုက် သည်။ ကမ္ဘောဒီးယားသို့ မကြာမီက ရောက်ရှိလာသည့် အမေရိကန်နိုင်ငံခြား ရေး ဝန်ကြီး ဝါရင်ခရစ္စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းပြီး ရက်ပိုင်း အတွင်း ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

၁၂ ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရတွင်ပါဝင်သော ဗုဒ္ဓဘာသာလစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင်လွှတ်တော်အမတ် မီယစ်ချန်လစ် (၅၅ နှစ်) သည် ပါတီကို သစ္စာစောင့် စည်း ကြောင်း ပြသသည့် သဘောဖြင့် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားသည်။ ၎င်းကဇနီးထံ စာတစ်စောင် ရေးသားထားခဲ့ရာ ပါတီခေါင်းဆောင်များသည် ဦးဆောင်မှုစွမ်းရည်မရှိကြဘဲ ပါတီဖြိုခွဲရေးကိုသာ လုပ်ဆောင်နေကြကြောင်း ဖော်ပြထားသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီတပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေကျင့်ရေးဌာန ပြည်ထောင်စု ခန်းမတွင် ကျင်းပ သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကား မြွက်ကြားသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် လက်ထောက် အတွင်းရေးမှူးချုပ် မစ္စတာ အယ်ဗားရိုးဒီဆိုတိုအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံ တွေ့ဆုံသည်။

၁၈ (၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းရှိဝင်းလိုက်ရုပ်ရှင်ရုံတွင် ကျင်းပသည်။ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားအပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သင်တန်းသားများနှင့် တွေ့ဆုံစဉ်**

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်သရုပ်ဆောင်များ တက်ရောက်ကြသည်။ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီးဖြစ်သော အသက် ၇၉ နှစ်အရွယ် ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေချထားရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဘော့လစ်ဗင်းစတန်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဧယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

၂၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ သံအမတ်ကြီးများသည် မုံရွာမြို့နယ်၊ သာစည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ယင်းမာပင်မြို့နယ် ရေလျှံတွင်းများကို ကြည့်ရှုလေ့လာကြသည်။

၂၄ – ၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့သည် တာဝန်ရှိသူများလိုက်ပါလျက်ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များသို့လှည့်လည်သွားရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်အတွင်း ဗိုလ်ချုပ်ကြီး မောင်အေးသည် တပ်မတော်သားများနှင့် မိသားစု များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို ရှင်းလင်းမှာကြားသည်။ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာန ဆိုင်ရာ လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

၂၆ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးသုတေသနလုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းငယ် ဖတ်ပွဲကို ရန်ကုန်မြို့ ပဒုမ္မာဇာတ်ရုံတွင်ကျင်းပသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ နာယက အောဝမ်းဦးတင်မောင်နှင့် နာယက အဖွဲ့

ဝင်များအမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှားပါလီမန် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ သမ္မတယဲ့လ်ဆင်၏ အဓိကရန်ဘက် အဖွဲ့အစည်း နှစ်ရပ်တို့၏ ညီလာခံများကို ကျင်းပသည်။ နှစ်ပါတီစလုံးက ရွေးကောက်ပွဲလမ်းစဉ်နှင့် ကြွေးကြော်သံ များ ကို ချမှတ်ကြပြီး သမ္မတယဲ့လ်ဆင်ကို ဖြုတ်ချမည်ဟု အဓိဋ္ဌာန်ပြုကြသည်။

မြန်မာ့လေကြောင်းနှင့်ဖက်စပ်
၂၇ လုပ်ကိုင်လျက်ရှိသည့် အဲယား မန္တလေး လေကြောင်းကုမ္ပဏီ၏ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ရန်ကုန်–ချိန်းမိုင်လေကြောင်းခရီးစဉ်သစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၃၀ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အမျိုးသားပြတိုက်တွင် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ခင်းကျင်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

## စက်တင်ဘာလ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနဧယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့
၂–ဆက်ဆံရေးနှင့် စိတ်ဓာတ်
၁၁ စစ်ဆင်ရေး ညွှန်ကြား ရေးမှူးရုံးက ဦးစီး ကျင်းပသည့် ၁၉၉၅ ခုနှစ် မြဝတီ အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ အဝင်ခန်းမ၌ ကျင်းပသည်။ မြဝတီအငြိမ့်



**စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ နောက်ဆုံးနေ့မြင်ကွင်း**



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်**

ပြိုင်ပွဲကို စက်တင်ဘာလ ၁၁ ရက် နေ့အထိ ကျင်းပသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နှစ်
၂ ၅၀ ပြည့်အခမ်းအနားတစ်ရပ်ကို
ဟိုနိုလူလူတွင်ကျင်းပရာ အမေရိကန် သမ္မတ ကလင်တန် တက်ရောက်မိန့်ခွန်း ပြောကြားသည်။ အခမ်းအနားကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ဂျပန်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ရာ၌ ပထမဆုံးပစ်မှတ်တစ်ခုဖြစ်ခဲ့သည့် ပိုးလား ကြည်းတပ်လေယာဉ်ကွင်း၌ ကျင်းပခဲ့ရာ ဒုတိယကမ္ဘာစစ်ပြန် အမေရိကန်စစ်မှုထမ်းဟောင်း ၇၀၀ အပါအဝင် ပရိသတ် ၅,၀၀၀ တက်ရောက်ကြသည်။

ဂျော်ဂျီယာပါလီမန်ကရွေးကောက်ပွဲဥပဒေတစ်ရပ်ကိုမဲအပြတ်အသတ်ဖြင့် ထောက်ခံအတည်ပြုလိုက်ရာ ဂျော်ဂျီယာ ခေါင်းဆောင် ရှီဗာနာဇေ အတွက် ကာလကြာမြင့်စွာ မျှော်လင့် ခဲ့သော အုပ်ချုပ်မှု အာဏာအပြည့်အဝ ရှိသည့် သမ္မတစနစ် ထူထောင်ရေးဆီသို့ ပိုမို နီး ကပ်သွားပြီဖြစ်သည်။ အသစ် တီထွင်လိုက် သည့် သမ္မတ ရာထူးအတွက် ရွေးကောက် ပွဲ များ ကျင်းပရေးဆိုင်ရာ ဥပဒေ ကြမ်းကို ပါလီမန်အမတ်များက ၁၅၈မဲ၊နှစ်မဲဖြင့် ထောက်ခံအတည်ပြုခဲ့သည်။

စတုတ္ထအကြိမ်မြောက်အမျိုး
၄ - သမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ
၁၅ ကိုတရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၊ ပီကင်းမြို့တွင် ကျင်းပသည်။ ညီလာခံသို့ ၁၈၉ နိုင်ငံမှ ကိုယ်စားလှယ် ၅,၀၀၀ တက်ရောက်သည်။ ညီလာခံ ပြီးဆုံးသည့်နေ့တွင် စာမျက်နှာ ၁၅၀ ပါရှိသော ညီလာခံလုပ်ငန်းစဉ်ကြေညာချက်တစ်ရပ်ကို တညီတညွတ်တည်း ထုတ်ပြန်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၅ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့ အင်းယားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မွန်တိုင်းရင်းသားခေါင်းဆောင် နိုင်ရွှေကျင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ထင်၊ နိုင် တင်အောင်၊ နိုင်အောင်နိုင်၊ နိုင်စိုးမြင့်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသည့် နိုင်ခင်မောင်နှင့် နိုင်ဖေတင် တို့က ဂါရဝပြုတွေ့ဆုံ နှုတ်ဆက် ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား
၈ လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လာရောက်ပြီး နယ်စပ် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာ ကြားသည်။

၁၀ အနောက်ဘက်ကမ်း ဒေသ၏ စည်ပင်သာယာရေးကိစ္စများနှင့် အခြား ကိစ္စများကို ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) သို့ အစ္စရေးက လွှဲပြောင်း ပေးလိုက်သည်။

၁၂ ဝန်ကြီးချုပ် တိုမိ အီချိ မူရာယာမ ၏ ဂျပန်အစိုးရအဖွဲ့တွင် နိုင်ငံခြား ရေး ဝန်ကြီး ယိုဟိုင်း ကိုနိ သည် အချမ်းသာဆုံး ဝန်ကြီးဖြစ်သည်ဟု လူသိရှင်ကြား ထုတ်ပြန်သည့် အစိုးရအဖွဲ့ဝင်တို့၏ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း စာရင်းအရ သိရှိရသည်။ ကိုနို(၅၈ နှစ်) နှင့်ဇနီးတို့သည် စုစုပေါင်း ဒေါ်လာ ၁၅ သန်းဖိုးရှိ ငွေကြေး နှင့် ဥစ္စာပစ္စည်းများ ပိုင်ဆိုင်ကြောင်း သိရသည်။

၁၄ ၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်း အနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

၁၅ - ၁၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၁၉၉၅) ကို ရန်ကုန်တိုင်း၊ မှော်ဘီ တပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်လေ့ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ အစည်းအဝေးစတင်ကျင်းပသည့် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကား မြွက်ကြားသည်။

၁၆ အဝမ္ပပြုကျင့်ရန် ကြံစည်ကြံ့ပမ်းသော အိမ်ရှင်ကို သတ်ဖြတ်ခဲ့သည့် အသက်၁၆ နှစ်ရှိ ဖိလစ်ပိုင်အိမ်ဖော်ဆာရာဘာလာဘာဂန်ကို ဒုတိယအကြိမ် စစ်ဆေး အပြီးတွင် တရားသူကြီး သုံးဦးပါရှိသော အာရပ်စော်ဘွားများနိုင်ငံ အစ္စလာမ် တရားရုံးက သေဒဏ်အပြစ် ပေးလိုက်သည်။ ယင်းအမှုနှင့် စပ်လျဉ်း၍ ထောင်ခုနစ်နှစ် ကျခံစေရန် အမိန့်ချခဲ့သည်ကို ဖိလစ်ပိုင် လူမျိုး များက မကျေနပ်သဖြင့် အာရပ် စော်ဘွားများနိုင်ငံအစိုးရကစီရင်ချက်ကို ဖျက်သိမ်းကာ အမှုကို ပြန်စစ်ဆေးစေခဲ့သည်။

၁၈ - ၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ခုနှစ် ဒုတိယလေးလပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပသည်။

၂၂ ယခုနှစ်အတွင်း ကားရောင်းဝယ်ရေး ဆွေးနွေးပွဲများတွင် အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်များကို ခေါင်းမာစွာဆန့်ကျင်ခဲ့သဖြင့် လူသိများလာသော ကုန်သွယ်ရေးဝန်ကြီး ရူတာရိုဟာရှိမိုတိုအား ဂျပန်နိုင်ငံ၏ အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင်သို့ သွားရောက်ကာ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ် အဖွဲ့မှ ဘုန်းတော်ကြီး ဦးပညာဝရ (Ven. Bhikkhu Panna Varo) အား ပူဇော်ကန်တော့ကြပြီးနောက် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်၊ ပုလဲလမ်းရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဖွင့်လှစ်ထားသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်း အရောင်းဆိုင်များအား သွားရောက် စစ်ဆေးကြည့်ရှုသည်။

# အောက်တိုဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ လိုက်ပါလျက်၊မန္တလေး မြို့မှ မိုးကုတ်မြို့သို့သွားရောက်၍၊ မိုးကုတ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် တွေ့ဆုံကာ၊ မိုးကုတ်မြို့နယ်အတွင်းရှိ ရတနာ ကုဋေကုဋာစခန်းထွက် ကျောက်မျက်များကို ကြည့်ရှုစစ်ဆေးသည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စတင်ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ပြိုင်ပွဲများကျင်းပရာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိယဉ်ကျေးမှုတက္ကသိုလ်ဂိတဆောင်၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံများသို့သွားရောက်ကြည့်ရှုအားပေးသည်။

၂ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည် မိုးကုတ်မြို့ ပဒန်သျှိုအနီးရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဗဟိုဖြန့်ဆေး အလုပ်ရုံကို ကြည့်ရှုပြီး မဘိမ်း၊ ဝန်းသို၊ ကသာ၊ ဗန်းမော်မြို့များသို့ဆက်လက်ထွက်ခွာကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

၃ ဗိုလ်ချုပ်ကြီး မောင်အေး သည် ဗန်းမော်ခန်းမ၌ စစ်ဗျူဟာ အဖွဲ့နှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် တွေ့ဆုံကာ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေး၍ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦး အား အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဤသို့ ဆုချီးမြှင့်ခဲ့သည်**

အထူးစီမံကိန်းများအကောင်
၆ အထည်ဖော်ရေး အဖွဲ့၏ ၃/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေး ခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၈ တည်ဆောက် ရေး အဖွဲ့၊ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လွှတ်တော်ဒုတိယ ခေါင်းဆောင် ပါမောက္ခ အေ၊ကျူ၊အမ် ဘဒရူဒိုဇာချောင်ဒူရီအား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး
၉ ရွှေဟင်္သာတိုက်သစ်တွင် သီတင်းသုံးနေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကရွှေကျင်နိကာယသာသနာပိုင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအရှင် ပဏ္ဍိတသိရီ၊ သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါသည် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း ကူဘရစ် ပရာမို့(၈၄)နှစ်သည် နှလုံးရောဂါ၊ သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များက အိမ်နီးချင်း၊ အင်ဒိုချိုင်းနားနိုင်ငံများတွင် ကွန်မြူနစ်တို့ အောင်ပွဲခံစဉ် ကူဘရစ်သည် ဒီမိုကရေစီ ကျင့်သုံးသည့် ထိုင်းနိုင်ငံ ဝန်ကြီး ချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဆုကြေးစားစစ်တုရင်အဖွဲ့ချုပ်၏ စစ်တုရင်ဗိုလ်လုပွဲ၏ ပွဲစဉ် ၁၇ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံကတ်စပါရော့ဗ်ကအနိုင် ရပြီး ချန်ပီယံသရဖူကို ဆက်လက် ထိန်းသိမ်းခွင့်ရရှိသည်။ ကတ်စပါရော့ဗ် သည် ငါးကြိမ်မြောက် ဆက်တိုက်ဗိုလ်စွဲ ခြင်းဖြစ်သည်။

အငြင်းပွားလျက်ရှိသည့်စပရက်လီ
၁၀ ကျွန်းစုအရေး ဆွေးနွေးပွဲ အစည်း အဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် စတင် ကျင်းပသည်။

မိုးရာသီရေလွှမ်းသဖြင့် ထိုင်းနိုင်ငံ ၇၆ ပြည်နယ်အနက် ၆၆ ပြည်နယ်တွင် ပျက်စီး ဆုံးရှုံးမှုများရှိပြီး လူ ၁၇၁ ဦး သေဆုံးကာ မိသားစုတစ်သန်းကျော် ရေဘေးကြုံတွေ့ရပြီး လယ်ယာကေ သုံးသန်းခန့်နစ်မြုပ်ပျက်စီးသည်။ ဆုံးရှုံးမှု တန်ဖိုးမှာ ဘတ်ငွေသန်း ၂၉၅၀ (ဒေါ်လာ ၁၁၈ သန်း)ခန့် ရှိကြောင်း ထိုင်းအစိုးရက ကြေညာသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၂ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်သည် ကမ္ဘာအေးဘုရား လမ်းရှိမြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဇဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှု စစ်ဆေးသည်။

တတိယအကြိမ် မြန်မာ့ရိုးရာ
၁၄ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

၁၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုယိုကိုတာ အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၇ (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပြပွဲ၊ ဖွင့်ပွဲ အခမ်းအနားနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်း တို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အခမ်းအနားတွင် အမှာစကားပြောကြားသည်။

၁၈ ကုလသမဂ္ဂနှစ်(၅၀)ပြည့် အထိမ်းအမှတ်ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ကုလသမဂ္ဂနှစ်(၅၀)ပြည့်အထိမ်းအမှတ်နေ့ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ကျင်းပရာ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

၂၂ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာ လမ်းရှိ တောင်ကြီး ပရိယတ္တိ စာသင်တိုက်၏ ၃၂ ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ စာသင်တိုက် သောတုဇနကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

၂၄ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် ဇနီးတို့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ညစာစားပွဲကို ကျင်းပသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖြူထန်ငိုနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၇ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်မြန်မာနိုင်ငံတွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလီဆာယာဆောင်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဧယျာသီရိ ဗိမာန်၊ တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများလိုက်ပါလျက် ပုဂံ-ညောင်ဦးသို့ သွားရောက်ကာ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

၂၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင် တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညောင်ဦးမြို့တွင် မြင်းခြံ-ညောင်ဦး ရထားလမ်း ဖောက်လုပ်ရေး၊ ပုဂံယဉ်ကျေးမှုပြတိုက် တည်ဆောက်မှု လုပ်ငန်းများကို စစ်ဆေးပြီး စွန်ကန်ရေကာတာ၊ ရွှေတောင်ဝါ စံပြ စိုက်ပျိုးရေးခြံ၊ မြစ်ရေတင်စိုက်ပျိုးမှုနှင့် ဝါစိုက်ခင်းများ ကြည့်ရှုကာ လိုအပ်သည် များကို ညွှန်ကြားသည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် မိတ္ထီလာမြို့မှတစ်ဆင့် တပ်ကုန်းမြို့နယ်သို့ သွားရောက်ကာ ဆင်သေရေလှောင် တမံနှင့် ဇော်ဂျီရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

## နိုဝင်ဘာလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကောင်ပေါ်ညည့်ရိပ်သာ ( Mount Pleasant Guest House )ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီးမြို့ မြို့တည်သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားလျက်ရှိသည့် ရှုဌာမဏိလောကချမ်းသာစေတီတော်သို့ သွားရောက် ကြည်ညို ဖူးမြော်ပြီး လိုအပ်သည်များ မှာကြားသည်။ တစ်ဖန် ဗထူးမြို့သို့ သွားရောက်ကြပြီး တပ်မတော် ( ကြည်း ) တိုက်ခိုက်ရေး ကျောင်း ကျောင်းအုပ်ကြီး၊ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ အမှတ်(၁)တပ်ကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး များ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထိုမှတစ်ဆင့် ပင်းတယမြို့နယ် ဂဠုန်တောင်ရှိ ကုံလုံကျောင်းတိုက်သို့ သွားရောက်ပြီး ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဟဲဟိုးမြို့သို့ထွက်ခွာကြပြီး ဟဲဟိုးလေဆိပ် တည်ဆောက်ရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ ပြန်လည်မှာကြားသည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပသော (၄၂)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာနမိသားစု ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်များဆက်ကပ်ကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အစ္စရေးဝန်ကြီးချုပ် ယစ်ဇစ်ရာဘင်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေးလူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားအပြီး ပြန်လည်ထွက်ခွာလာစဉ် လူသတ်သမား ဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်သဖြင့် ဆေးရုံတွင် ခွဲစိတ်ကုသပြီး တစ်နာရီအကြာတွင် ကွယ်လွန်သွားသည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယူးရောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၆ တပ်မတော်ထောက်လှမ်းရေး မိသားစု ဆဋ္ဌမအကြိမ် မဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍

**အစ္စရေးဝန်ကြီးချုပ် ရာဘင် မိန့်ခွန်းပြောကြားနေစဉ် ( အပေါ် ) လူသတ်သမားက လုပ်ကြံပစ်ခတ်ပြီးနောက် ရုတ်ရုတ်သဲသဲဖြစ်နေစဉ် (အလယ်) ရာဘင်အား ဆေးရုံသို့ပို့ရန် ရဲများက အပူတပြင်းလုပ်ဆောင်နေစဉ် (အောက်)**



**တံခွန်ဘွဲ့ရရှိသော ဗိုလ်ချုပ်ကြီးမောင်အေးအား ဘွဲ့တံဆိပ် တပ်ဆင်ပေးနေစဉ်**

ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

၈ ရန်ကုန်စစ်တွေမော်တော်ကားလမ်းသုံးနှစ်စီမံကိန်းဖြင့် ဖောက်လုပ်ရေး၊ ပုဂံဒေသရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်း များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်လမ်းညွှန်မှာ ကြားသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်သူ့ လွှတ်တော် သဘင်ဆောင်တွင် ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူး ဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ် ရရှိသူများ အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းပြီး စွမ်းဆောင်မှု ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် များကို သက်ဆိုင် သူများ အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ချီးမြှင့်အပ်နှင်းနိုင်ရန် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ၁၃ ဦးတို့အား တာဝန်များပေးအပ်သည်။

၁၁ (၇၅) နှစ်မြောက်အမျိုးသားနေ့ စိန်ရတုအထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ၊ မြို့မ အားကစားကွင်းတွင် ကျင်းပသည်။ (၇၅) နှစ်မြောက်အမျိုးသားနေ့စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် တက်ရောက်ပြီး(၇၅) နှစ်မြောက် အမျိုးသားနေ့စိန်ရတုအထိမ်းအမှတ် ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။

၁၂ မြို့မကျောင်း(၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားဖွင့်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မကျောင်း) တွင်ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဖွင့်လှစ်ပေးလိုက်သည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိသော ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကဆမ်အက်စ် ကဆမ်ဆိရိခေါင်းဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် မှော်ဘီမြို့ ဗဟိုပြည်သူ့ ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေး · သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်သြဝါဒစကားမြွက်ကြားသည်။

၁၅ - ၁၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းထောက်များအသင်းနာယကနှင့် ဗွီအိုအေအသံလွှင့်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးလိုက်ပါလျက် ကျိုင်းတုံအရှေ့ခြမ်း မိုင်းလားမြို့ရှိ ဟိုတယ်၊ တံတားနှင့် လမ်းဖွင့်ပွဲများသို့ တက်ရောက်အားပေးကြည့်ရှုပြီးကျိုင်းတုံမြို့ရှိပြည်သူ့ဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ကျိုင်းတုံဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကိုစစ်ဆေးပြီး လိုအပ်သည်များမှာကြား သည်။

၁၆ တောင်ကိုရီးယားနိုင်ငံတွင် ငွေကြေးအရှုပ်တော်ပုံတစ်ရပ် ဖြစ်ပွားမှုနှင့် သမ္မတဟောင်းနိုတေဝူးပါဝင် ပတ်သက်၍ ၎င်းအား လာဘ်စားမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အေပီသတင်း ဌာနက ဖော်ပြသည်။

၁၇ အမေရိကန်စစ်သားများက ဂျပန်ကျောင်းသူလေးတစ်ဦးအား မုဒိမ်းကျင့်သည်ဟူသောစွဲဆိုချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်မှတ်ချက်တစ်ခုချပြီးနောက် ပစိဖိတ်အမေရိကန်တပ်များ၏ တပ်မှူးသည် ရာထူးမှ နုတ်ထွက်သွားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီက ကြေညာလိုက်သည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်မှုနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင်ချစ်ကြည်ရေးခရီး လှည့်လည်ပတ်ခဲ့ပြီး ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်သည်။

၁၉ အိန္ဒိယသမုဒ္ဒရာနှင့်ဆက်စပ်နေသည့် နိုင်ငံများအားအနေခင်အဖွဲ့ကင်းသည့်ဒေသဆိုင်ရာ ရှီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိုဦးစားပေးဆောင်ရွက်ကြရန် အိန္ဒိယဝန်ကြီးချုပ် ပီဗွီနာရာဆင်ဟာ ရောင်းက တိုက်တွန်းလိုက်သည်။

၂၁ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့မ အားကစားကွင်းတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက် ရောက် ၍ အဖွင့်အမှာ စကား ပြောကြားပြီး စာအုပ်ဈေးပွဲတော်ကိုဖွင့်လှစ် ပေးလိုက် သည်။

၂၂ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားကို မရမ်းကုန်းမြို့နယ်နဝဒေး ရုပ်ရှင်ရုံ၌ ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော်နှင့်ဒုတိယဝန်ကြီး ဦးသိန်းစိန်တို့က စာပေဆုရှင်များအား ဆုများအသီးသီးချီးမြှင့်ကြသည်။

အစ္စရေး နိုင်ငံ၏ယာယီ ဝန်ကြီးချုပ်ရှိမွန်ပီရက်စ်သည် ၎င်း၏ အစိုးရသစ်အဖွဲ့ဝင်များအမည်စာရင်းကို သတ်မှတ်ရာတွင် ၎င်းကိုယ်တိုင် ကာကွယ်ရေးဝန်ကြီး ရာထူးကို ထပ်ဆင့်ယူလိုက်သည်။ ဤလ (၄)ရက်က ဝန်ကြီးချုပ်ရာဘင်လုပ်ကြံခံရပြီးနောက် ညင်သာသောအသွင်ကူးပြောင်းမှု ဖြစ်စေရန်မြန်မြန်ထက်ထက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပီရက်စ်က ပြောလိုက်သည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ရောက်ရှိလာသော အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး အယ်ဒီဆူဒရာဂျပ်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၃၅၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအားပူဇော်ကန်တော့အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ သက်ကြီးစာပေ ပညာရှင် များအား ပူဇော်ကန်တော့သည်။

၂၃ - ၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် မင်းပြား၊ အမ်း၊ မောင်တောမြို့များသို့ သွားရောက်ကြပြီး ဒေသဆိုင်ရာလမ်းတံတား ဖောက်လုပ်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီးဒေသခံတပ်မတော်သားမိသားစုများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ လမ်းညွှန် မှာကြားသည်။

၂၄ အတိုက်အခံများနှင့် ရေမတိုး နောက်မဆုတ်သော ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု အဆုံးသတ်စေရေးအတွက် ပါလီမန်ဖျက်သိမ်းပေးရန် ဝန်ကြီးချုပ် ခါလီဒါဇီယာကမေတ္တာရပ်ခံပြီးနောက်သမ္မတအဗ္ဗဒူရာမန်ဘစ္စဝါစ်က ဘင်္ဂလားဒေ့ရှ်ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၂၅ အထွေထွေရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပရန်ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အဆိုပြုချက်ကို အတိုက်အခံနိုင်ငံရေးပါတီများက ငြင်းပယ်လိုက်ကြပြီး ရွေးကောက်ပွဲကို ကြားနေအိမ်စောင့်အစိုးရက ကျင်းပပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်ကြသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြေပဒေသာကျွန်း၌ ကျင်းပသည့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ အမျိုးသားညီလာခံ စုညီအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် ကျင်းပရာ သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်သင့်၊ ဗိုလ်မှူးချုပ် မျိုးသန့်နှင့် ကော်မရှင်အဖွဲ့ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌ ဦးသာထွန်းနှင့် လုပ်ငန်းကော်မတီ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဗိုလ်မှူးချုပ် တင်အေးနှင့်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများ တက်ရောက်ကြသည်။

## ဒီဇင်ဘာလ

၁ ရန်ကုန် တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန် တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းတင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

၃ ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီး ဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် စီစဉ်ပြသမည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 )ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


၅ အမှတ် (၁) စက်မှု ဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာန တို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စီစဉ်ပြသသည့် မြန်မာ့စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 ) ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပသည်။

၆ ၁၉၉၅ ခုနှစ် ဆဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသားအားကစား ပွဲတော်ဖွင့်ပွဲ အခမ်းအနားကိုကယားပြည်နယ်လွိုင်ကော်မြို့ ကန္တရဝတီအားကစား ရင်ပြင်၌ ကျင်းပရာ ကျောင်းသားအားကစား ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ လီရွေဟွမ်ခေါင်းဆောင်သည့် အဖွဲ့သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဧယျာသီရိဗိမာန် တပ်မတော် ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

၉ ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ချင်းမိုင်မြို့ အနှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ဗဟို အားကစားကွင်း၌ ကျင်းပရာ ထိုင်းဘုရင် ကိုယ်စား မင်းသား မဟာဗာဂျီရာလောင်ကွန် က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား




၁၉၉၅ ခု ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲမြင်ကွင်း

လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အထူးမှူလတန်းဆရာ အတတ်သင် သင်တန်းအမှတ်စဉ်(၅)နှင့် (၆) တို့မှ သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝ ပြုပြီး ဩဝါဒခံယူကြသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌမစ္စတာလီလွေဟွမ်းနှင့် အဖွဲ့ဝင်များအားပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ တာဝန်ရှိသူများအား ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို လမ်းညွှန်မှာကြားသည်။

၁၄ – ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆိလ်ပါအာချာ၏ ဖိတ်ကြားချက် အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရ အကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ အစိုးရအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင် ဘာလ ၁၄ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာ သွားကြသည်။ ယင်းနေ့ ညပိုင်းတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်နန်းတော်၌ ကျင်းပသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်က အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ အစိုးရအကြီးအကဲများအား လက်ခံတွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအိုမြန်မာနိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကို ( The Oriental Hotel Embassy Room ) ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ညနေ ၅ နာရီတွင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲနှင့် ငါးကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံပိတ်ပွဲအခမ်းအနားကို ရှိုင်ရယ်အောကစ်ရယ်ရီတန်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး




**ဒီဇင်ဘာ ၁၅ ရက်က ဗန်ကောက်မြို့ အိုရီရင်တယ်လ် ဟိုတယ်၌အာဆီယံ အသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်**

ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်ကြသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၅ ချူကလီးယားလက်နက်များ ပိုင်ဆိုင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရယူခြင်းတို့ကို တားမြစ်သည့် ချူကလီးယား သဘောတူ စာချုပ်တစ်ရပ်ကို အာဆီယံ ခုနစ်နိုင်ငံဖြစ်သည့် ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့အပြင် ၄င်းတို့၏ အိမ်နီးချင်း နိုင်ငံများဖြစ်ကြသည့်မြန်မာ၊ကမ္ဘောဒီးယား နှင့် လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များက ထိုင်းနိုင်ငံဗန်ကောက်မြို့တွင်ကျင်းပသည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံအစိုးရ အကြီးအကဲများ အစည်းအဝေးတွင် လက်မှတ်ရေးထိုးကြသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၅ ခုနှစ်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ရှားအောက်လွှတ်တော်ရွေးကောက်ပွဲများကို ရုရှားတစ်နိုင်ငံလုံးတွင်ကျင်းပသည်။ ရုရှား အောက်လွှတ်တော် ရွေးကောက်ပွဲ အတွက် မဲဆန္ဒပေးနိုင်သူပေါင်း ၁၀၅ သန်းနီးပါးရှိသည်။ ယခုရွေးကောက်ပွဲမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ပါတီစုံ ရွေးကောက်ပွဲဖြစ်သည်။

၂၄ ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသည်။

၂၅ ၁၉၉၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်မိန့်ခွန်းမြွက်ကြားကာ ဆုများပေးအပ်ချီးမြှင့်သည်။

ဆီးရီးယားနှင့်ငြိမ်းချမ်းရေးရရှိရေး အတွက် ဂိုလန်ကုန်းမြင့်အား ပြန်ပေးခြင်းကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အစ္စရေးပါလီမန်၌ အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုနစ်ရပ်ကို တင်သွင်းရာဝန်ကြီးချုပ် ရှိမွန်ပီရက်စ်၏ ညွန့်ပေါင်း အစိုးရက ယင်းအဆိုနှစ်ရပ်ကို ထိုးနှက် အနိုင်ရရှိလိုက်သည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် အရပ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ကချင်နှစ်ချင်းခရစ်ယာန်ပြည်လုံးကျွတ် အစည်းအဝေးနှင့် ကချင်တိုင်းရင်းသား စာပေ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ကချင်စာပေရာပြည့်မနောပွဲပါဝင်ဆင် နွှဲသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့
စစ်ရေးပြအခမ်းအနားတွင်
မိန့်ခွန်းပြောကြားစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စစ်ရေးပြအခမ်းအနားတွင် ချီတက်အလေးပြုနေကြစဉ်



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲကို မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖွင့်လှစ်ပေးအပြီး



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲမဖွင့်လှစ်မီ ဖဲကြိုးများ ကိုင်ဆောင် စောင့်ဆိုင်းနေကြသော ရုပ်ရှင်သရုပ်ဆောင်များ



ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးမျက်နှာစာရှိ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးနေသော
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်



ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲမှ ပြကွက်တစ်ခု



စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်ချုပ်အေးကျော် မိန့်ခွန်းပြောကြားစဉ်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ကြားနေကြသော
တိုင်းရင်းသားရင်သွေးငယ်များ


# အပိုင်း – ၂

## ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ ................ တင်သန်းဦး ................. ၃၄
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ................ ဝန်ထမ်းတစ်ဦး................ ၄၂
ဖွံ့ဖြိုးရေးတက္ကသိုလ်
ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက်.................. ဦးသော်ကောင်း၊.............. ၅၂
စိန်ရတုသဘင် ဦးဝင်းမွှန်
သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ... ဒေါက်တာမောင်မောင်ညို..... ၆၆
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ.......................... မောင်ဆုရှင် ................... ၇၈
ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း....... ဦးမင်းနိုင်..................... ၉၂
ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်....... မောင်နေမျိုး................ ၁၀၀
အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး......... ဆွေသန့်ကို.................. ၁၁၄
ဆောင်ရွက်ချက်များ
စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ....... မောင်ငွေဆွေ................ ၁၂၄
ကမ္ဘာ့ညီလာခံ (လူမှုဝန်ထမ်း)
ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး....................... ဒေါက်တာကျော်မြင့်........ ၁၃၆
(ဓာတ်မှန်)











# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

## သမိုင်းကြောင်း

၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် တပ်မတော်၏ သက်တမ်း နှစ် (၅၀) ပြည့်သွားသောနေ့ပင် ဖြစ်သည်။ တပ်မတော်၏သက်တမ်းမှာ ထိုနေ့တွင် နှစ် (၅၀) တင်းတင်း ပြည့်ခဲ့လေပြီ။ နှစ် (၅၀) မျှသောကာလအတွင်း တပ်မတော်သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ကပြပြီး ထိုက်သင့်သောအတွေ့အကြုံ အမျိုးမျိုးကိုလည်း ရရှိခဲ့ပြီးပေပြီ။

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာ နိုင်ငံသည်နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်သို့ ကျရောက် ခဲ့ရကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားများသည် ရရာလက်နက်များကို စွဲကိုင်၍ နယ်ချဲ့တို့အားဆန့်ကျင် တော်လှန်တိုက်ခိုက်ခဲ့ကြသေးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ နယ်ချဲ့တို့သည်လည်း မြန်မာနိုင်ငံကို ကျွန်သက်ရှည်ကြာစေရန် ရည်ရွယ်၍ သွေးခွဲအုပ်ချုပ်ခြင်း အပါအဝင် နည်းစနစ်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြလေသည်။

မြန်မာတို့သည်သူ့ကျွန်ဘဝတွင်ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးကိုခံခဲ့ကြရသည်။ ၁၉၀၆ ခုနှစ်တွင် စစ်တွေမြို့မှ ဆရာတော်ဦးဥတ္တမသည် နယ်ချဲ့ဆန့်ကျင်ရေးတရားများ စတင်ဟောကြားခဲ့သော်လည်း မြန်မာတို့၏အမျိုးသားရေး လှုပ်ရှားမှုများမှာ ၁၉၂၀ ပြည့်နှစ်မှသာ စတင်ပေါ်ပေါက် လာခဲ့သည်။ မြန်မာတို့သည် နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းကာ မိမိတို့၏အမျိုးသားတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးတောင်းဆိုမှုကိုမူ ၁၉၂၃ ခုနှစ်မှ စတင်နိုင်ခဲ့သည်။


မြန်မာတို့သည် အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးယန္တရား အောက်တွင် လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲအမျိုး မျိုး ဆင်နွှဲသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပေါ်ပေါက်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံသည် အပြင်းထန်ဆုံးနိုင်ငံရေးတိုက်ပွဲကြီး ဖြစ်သော်လည်း လွတ်လပ်ရေးနှင့်မူ အလှမ်းဝေးမြဲဝေးခဲ့ ရသည်။

မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံရေး တိုက်ပွဲသက်သက်ဆင်နွှဲရုံနှင့် မည်သို့မျှလွတ်လပ်ရေး မရ နိုင်ကြောင်း စဉ်းစားမိလာကြသည်။ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနိုင်မှသာ နယ်ချဲ့တို့ကိုမောင်းထုတ် နိုင်မည်ဖြစ်ကြောင်းလည်း နားလည်လာကြသည်။သို့နှင့် တပ်မတော်တစ်ရပ် ဖွဲ့စည်းရန် လျှို့ဝှက်၍ စီမံစိုင်းပြင်း ကြတော့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်များနှင့်ဆက်သွယ်ကာ စစ်ပညာသင်ကြားရေး အတွက် တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ကျွန်းသို့ အသုတ်လိုက် လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။ ထို့နောက် ခက်ခဲပင်ပန်းစွာဖြင့် စစ်ပညာများကို လျှို့ဝှက်သင်ယူ ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံပါဝင် လာပြီးနောက် ရဲဘော်သုံးကျိပ်သည်လည်း ဂျပန်တပ် နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အဖွဲ့လိုက်ခွဲ၍ ရောက်ရှိလာကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အတွင်း ဘီအိုင်အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဂျပန်များ၏အကူအညီဖြင့် ဖွဲ့စည်းထူထောင်သည်။ ဘီအိုင်အေသည် လူ (၂၀၀) ကျော်ဖြင့် စတင်ဖွဲ့ခဲ့ပြီး ဂျပန်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ကာ နယ်ချဲ့တပ်များအား တိုက်ထုတ်ခဲ့သည်။

ဘီအိုင်အေသည်ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် အင်အား ၂၃၀၀၀ မှ ၅၀၀၀၀ အထိ တိုးပွားလာခဲ့သည်။ ဂျပန်များသည်လည်း ဘီအိုင်အေ အင်အားကြီးထွားမှုကို မလိုလားသဖြင့် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေကိုဖျက်သိမ်းပြီး ဘီဒီအေ (ခေါ်) ဗမာ့ ကာကွယ်ရေးတပ်မတော်ကို အင်အား (၃၀၀၀) ခန့်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ ဘီဒီအေသည် ဂျပန်တို့၏ လက်အောက်ခံ တပ်သဖွယ်သာဖြစ်သော်လည်း စနစ်တကျ ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများကြောင့် ပိုမို၍ ကျစ်လျစ် သိပ်သည်းလာသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ် ၅၀ ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်**

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က မြန်မာပြည်အား အတုအယောင်လွတ်လပ်ရေးပေးကာ ဘီဒီအေကိုလည်း ဗမာ့တပ်မတော် (ဘားမားအာမီ) ဟု အမည်ပြောင်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ထိုအချိန်မှစ၍ တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေတို့ကဲ့သို့ ဂျပန်တို့၏လက်အောက်ခံ မဟုတ်တော့ပေ။ ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်လာပြီး နိုင်ငံနှင့် လူမျိုးကို ကိုယ်စားပြုသော အမျိုးသားအသွင် သဏ္ဍာန်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် တော်လှန်ရေးကာလတွင် တပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ) ဟု အမည်ပြောင်းခဲ့သည်။ ထိုနေ့ကိုလည်း တပ်မတော်နေ့ အဖြစ် သတ်မှတ်ကာ နှစ်စဉ် စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့တို့သည် တပ်မတော်ကို မြန်မာနိုင်ငံနှင့်နိုင်ငံသားများအား ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အဖြစ် အသိအမှတ်မပြုလိုကြပေ။ နယ်ချဲ့တို့က ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) ဟု အသိအမှတ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာပြောက်ကျားတပ်သာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နယ်ချဲ့များသည် တိုင်းရင်းသားများ ပါဝင်သော ဘားမားအာမီကို အိန္ဒိယနိုင်ငံတွင် ကြိုတင်ဖွဲ့စည်းခဲ့ပြီး အမြဲတမ်းတပ်အဖြစ် သတ်မှတ်ထားခဲ့ကြသည်။

မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ကြသော နယ်ချဲ့တို့သည် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဘားမားအာမီဖြင့် အစားထိုးရန်ကြံစည်ခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကလက်မခံခဲ့ပေ။ သို့နှင့် နယ်ချဲ့တို့လည်းမျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးတစ်ဦးချင်းတစ်ယောက်ချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ ဘားမားအာမီတွင်လက်ခံ၍ အမှုထမ်းစေရန်အစီအစဉ်ကို လက်လျှော့လိုက်ကြရသည်။ သို့နှင့် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ချုပ်ဆိုသော ကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အခြားအဆင့် ၅၂၀၀၊ အရာရှိ ၂၀၀၊ အရန်အရာရှိ၂၀၀ ကိုအလုံးအရင်းမပျက် ဘားမား အာမီနှင့် ပူးပေါင်းခွင့်ပြုခဲ့ရသည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲ

ခဲ့ရသည်သာမကဘဲ နယ်ချဲ့ဆန့်ကျင်ရေးကဏ္ဍတွင်လည်း အမာခံအင်အားအဖြစ် ပြည်သူလူထုနှင့်လက်တွဲ၍ ရပ်တည်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ရသည်။ ၁၉၄၈–၄၉ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းမှု အဆိုးရွားဆုံး ကာလတွင်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ စတင် ပေါ်ပေါက်လာသော ပြည်ပကျူးကျော်မှု အန္တရာယ်ကို ကာကွယ်ရေးကဏ္ဍတွင်လည်းကောင်း၊ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင်လည်းကောင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်များကိုသာမကဘဲ အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင် ခဲ့ရသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရာမှ ပေါ်ပေါက်လာသော ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကို ထိခိုက်မည့်အန္တရာယ်များ ကြုံတွေ့လာရသောကြောင့် တပ်မတော်သည်နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်း ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင်ကား နိုင်ငံတော်သည် မင်းမဲ့ စရိုက်နှင့် အကြမ်းဖက်မှုတို့ပြွမ်းတီးနေသော အရေးအခင်း ကြီးနှင့်ကြုံတွေ့ခဲ့ရပြန်သဖြင့် တပ်မတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနှင့် နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်လေသည်။

သက်တမ်းနှစ် (၅၀) ပြည့်သည့်အချိန်တွင် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အဖြစ် နိုင်ငံတော်၏ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နေစဉ်ဖြစ်သည်။ တပ်မတော်ကအမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၅) ဖွဲ့အထိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးချိန်ဖြစ်သည်။ ထို့ကြောင့်နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့သည် အောင်မြင်မှုများ သရဖူ ဆောင်းသည့် တပ်မတော်အတွက် ထူးခြားလေးနက်သော ဝိသေသများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်နေ လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

တပ်မတော်သည် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို အောင်မြင်စွာကျင်းပနိုင်ရန် အချိန်ယူ၍ ပြင်ဆင်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိ ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဦးစီးသော နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ ကျင်းပရေးဦးစီး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို နာယူလျက်ရှိသော တပ်မတော်စစ်ကြောင်းများ





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်ကလည်း ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးစွပ်ကြိုဆိုလျက်

ကော်မတီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပထမအကြိမ်အစည်းအဝေးထိုင်ကာ တပ်မတော်နေ့အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စတင် စိုင်းပြင်းခဲ့သည်။ တပ်မတော်နေ့မကျရောက်မီ ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့သည်။

နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အဖွဲ့ငယ်များ အသီးသီးဖွဲ့စည်းကာ တာဝန်ရှိသူများက နှစ် (၅၀) ပြည့်ရွှေရတုတပ်မတော်နေ့အခမ်းအနားကြီးအတွက်ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က တာဝန်ယူဆောင်ရွက်သည်။ စာပေ၊ ကဗျာ၊ အနုပညာပြိုင်ပွဲများကျင်းပရေး၊ စစ်တီးဝိုင်းပြိုင်ပွဲများကျင်းပရေး၊ ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ရုပ်မြင်သံကြား ပဟေဠိပြိုင်ပွဲကျင်းပရေး၊ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများ ကျင်းပရေးစသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြင်ဆင်ခဲ့ကြသည်။

## စစ်ရေးပြအခမ်းအနား

၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ရောက်ရှိလာသောအခါ ကြိုတင်အချိန်ယူ၍ လေ့ကျင့်ထားသော တပ်မတော်စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံသို့ စစ်ချီသီချင်းများဟစ်ကြွေးကာချီတက်လာကြသည်။ ပြည်သူလူထုကလည်း ဦးဝိစာရလမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြကြိုဆိုကာ ပန်းကုံးများစွပ်၍ဩဘာပေးကြသည်။ စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံအတွင်းနေရာယူပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စောင့်ဆိုင်းနေကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၇ နာရီခွဲတွင်ရောက်ရှိလာပြီး စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကိုခံယူသည်။ ထို့နောက်နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ မိန့်ခွန်းကို ပြောကြားလေသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုသာမကဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ခေါင်းဆောင်ဖြစ်လေသည်။ ထို့ကြောင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မိန့်ခွန်းကို မြွက်ကြားခဲ့လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

ဗိုလ်ချုပ်မှူးကြီးသည် နိုင်ငံတော်၏ မျက်မှောက်ခေတ်သမိုင်းနှင့်ဒွန်တွဲလျက်ရှိသော တပ်မတော်၏ သမိုင်းကြောင်းကို ရှင်းပြပြီး တပ်မတော်သားတို့အတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဦးတည်ချက်များကို ရှင်းပြခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်-

### နိုင်ငံရေးကဏ္ဍ

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး၊

၂။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

၃။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊

၄။ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးကဏ္ဍ

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

၃။ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၄။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးကဏ္ဍ

၁။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

၂။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

၄။ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးသည် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့လေသည်။ စစ်ကြောင်းကြီးများ



**ဗိုလ်ချုပ်ကြီးမောင်အေးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်သည့် အစီအစဉ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**





ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသော ဧည့်သည်တော်များ



# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့



**နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသားဇာတ်ရုံ**

တော်လှန်ရေးပန်းခြံမှ အသီးသီးထွက်ခွာသွား ကြပြီးနောက် လာရောက်ကြည့်ရှုသူ လူထုပရိသတ်ကြီးသည်လည်း လူစုခွဲသွားကြသည်။

## မြဝတီရုပ်မြင်သံကြားနှင့် ဆုပေးပွဲ

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများနှင့်အတူ မော်ဘီသို့ ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီအချိန်တွင် မြဝတီ ရုပ်မြင်သံကြားအစီအစဉ်ကို စတင်ဖွင့်လှစ်ပေးလိုက်သည်။ ထိုနေ့မှစ၍ မြဝတီရုပ်မြင်သံကြား အစီအစဉ်သည်ပြည်သူလူထုအတွက် ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ ပညာပေးရေး အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့် ပေးသွားလေသည်။

ထိုအချိန်မှာပင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည်လည်း စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ကြောင်းများ၊ စစ်တီးဝိုင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ နေ့လယ်တွင် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရသူများကို အမျိုးသားကဇာတ်ရုံ၌ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပြန်သည်။


နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီးမှာ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်သည်။ ထိုအခမ်းအနားကြီးကျင်းပပုံအပြည့်အစုံအား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ၍ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။ နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်မဂ္ဂဇင်းစာအုပ်ကြီးကိုလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။

## နိဂုံး

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီး ပြီးဆုံးသွားသော်လည်း တပ်မတော်၏ တာဝန်များမှာ မပြီးဆုံးသေးပေ။ တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကချမှတ်ထားသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအား ပြည်သူလူထုနှင့် အတူအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတာဝန်တို့ကို ဆောင်ရွက်သွားမည်မှာ သေချာနေကြောင်း တင်ပြရပေသည်။

**တင်သန်းဦး**







# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

## သမိုင်းကြောင်း


"ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်" သည် ယခင်ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၉၁ ခုနှစ်မှအစပြု၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ထားသည့် တက္ကသိုလ် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးနွယ် စုပေါင်း (၁၃၅)မျိုးခန့်မှီတင်း နေထိုင်လျက် ရှိသော ပြည်ထောင်စုတိုင်းပြည်တစ်ပြည်ဖြစ်သော်လည်း လွတ်လပ်ရေး ရရှိပြီး ၁၆ နှစ်တိုင် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးမှုအတွက် အလေးအနက် အစီအစဉ်များ မပြုလုပ်ခဲ့ကြပေ။ နိုင်ငံတော်ကိုတော်လှန်ရေးကောင်စီက တာဝန်ယူပြီး နောက်တစ်နှစ်အတွင်း ၁၉၆၃ ခုနှစ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်ကျင်းပသည့် (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ၁၉၆၄ ခုနှစ်မန္တလေးမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် ပြည်ထောင်စုနေ့အ ခမ်းအနားများတွင် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးရေးနှင့်ညီညွတ်ရေးကို အစွမ်းကုန် ကြိုးပမ်း သွား ကြရန် မိန့်ကြားခဲ့ပြီ :" တိုင်းရင်းသား လူမျိုးများ၏အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့်ခံယူချက်" ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမြင်နှင့် ခံယူချက်ကို အကောင်အထည်ဖော်သည့် အနေနှင့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့် တော်လှန်ရေးကောင်စီ၏ (၆၅) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် " ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ" ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသိပ္ပံကို ဦးစွာပထမ စစ်ကိုင်းမြို့ ကြေးဘုရားကြီး

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အထူးမှူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ် (၅) နှင့် (၆)မှ သင်တန်းသား သင်တန်းသူများက ဂါရဝပြုနေစဉ်**



## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်



ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် မုခ်ဦး

လမ်း ရှိ စစ်ကိုင်းတိုင်း ပညာဝန်နေအိမ် အဆောက်အအုံ၌ ဖွင့်လှစ် ခဲ့သည်။ ထို့နောက်စစ်ကိုင်းမြို့မှ (၂၃) မိုင်ခန့်ကွာဝေးပြီး ရေဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသော ရှေးအခါက ဓမ္မဝတီမြို့ဟု သမိုင်းတွင်သည့် ရွာသစ်ကြီး ကျေးရွာအနီးတွင် နေရာရွေးချယ်ခဲ့သည်။ မြေဧက ၂၂၉.၁၃ ခန့်ကျယ်သည့် လက်ရှိနေရာတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပြီး " ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ "ကို ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းအမှတ်စဉ် (၁) ကို ၂၀-၁၀-၆၄ နေ့တွင် စတင် ဖွင့်လှစ်ပြီး နှစ်တို (တစ်နှစ်) သင်တန်းသားများသည် ၁၃-၁၁-၆၅ တွင် သင်တန်းဆင်းကြပြီး နှစ်ရှည် (နှစ်နှစ်ခွဲ) သင်တန်းသားများသည် ၃၁-၅-၆၇ တွင်သင်တန်း ဆင်းသည်။ သင်တန်း အမှတ်စဉ် (၂) ကို ၂-၁၁-၆၇ တွင် စတင်၍ သုံးနှစ် ကျော်မျှ သင်တန်းတက်ရောက်ပြီး ၁၉-၃-၇၁ တွင် သင်တန်း ဆင်း ကြသည်။ သင်တန်းအမှတ်စဉ် (၃) မှအစပြု၍ပုံမှန် (၄) နှစ် သင်တန်းဖြစ်သွားကာနှစ်စဉ်ဇွန်လ (၁) ရက်နေ့တွင် ကျောင်းဖွင့်ပြီး ပြေ၊ မေလများမှာ နွေရာသီကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ချိန်မှ ၁၉၇၅ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမှ တာဝန်ယူ ဦးဆောင်လမ်းညွှန်မှုပေးခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော် မတီဌာနချုပ်နှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်လမ်းညွှန်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကြီးကြပ် ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်း ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် အနီးကပ် ကြီးကြပ်မှု ကော်မတီကို လမ်းစဉ်ပါတီ၊ ဒေသပါတီ ကော်မတီဥက္ကဋ္ဌ (စစ်ကိုင်း)အား ဥက္ကဋ္ဌအဖြစ် ထားရှိကာ ပြန်လည်ဖွဲ့စည်း ပေးခဲ့သည်။ နောင်အခါတွင် အနီးကပ်ကြီးကြပ်မှုကော်မတီကို ဗဟိုစီမံခန့်ခွဲရေးကော်မတီဟု အမည်ပြောင်း ခေါ်ခဲ့ပါသည်။ စီမံခန့်ခွဲရေးကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက်သွားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်လာပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၄

ရက်နေ့ တွင်ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး ၈/၈၈ ဆုံးဖြတ်ချက် (၆) (ဂ) အရ ၁၉၈၈ ခုနှစ်၊နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး ရေးသိပ္ပံ ကွပ်ကဲမှုတာဝန် ဝတ္တရားများကိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ လွှဲပြောင်း ပေးခဲ့ပါသည်။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၏ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် (၁၀)ဦးပါဝင်သောလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွံ့ဖြိုးရေး သိပ္ပံ၏ လေ့ကျင့်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သောအကြံဉာဏ်များကူညီပံ့ပိုးမှုများ၊ လမ်းညွှန်မှုများ အလျင်အမြန်ရရှိနိုင်စေရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဥက္ကဋ္ဌ ပါဝင်သောပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အနီးကပ် ကြီးကြပ်မှု အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ် ခဲ့ပါသည်။

အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၈နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ထိုစဉ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေက နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းအပေါ် ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်၍ မူလတန်းပြအဆင့်၊ အလယ်တန်းပြအဆင့်နှင့် အထက်တန်းပြအဆင့် ဆရာ–ဆရာမများ လေ့ကျင့်သင်ကြားပေးရန် နှင့် ယင်းလုပ်ငန်းစဉ်ကို ၁၉၉၁–၉၂ ပညာ သင် နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည်။


၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂)ဦးဆောင်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာအဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၊အစိုးရအဖွဲ့ရုံး၊ ပညာရေးဌာနအသီးသီးရှိရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာအရာရှိကြီးများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပ၍ (က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အက်ဥပဒေမူကြမ်းရေးဆွဲရန်၊ (ခ)တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့နှင့် ပညာရေးအဖွဲ့တို့ကို ညှိနှိုင်း ဆွေးနွေးချက်များအရ ပြင်ဆင်ဖွဲ့စည်းရန်၊ (ဂ) တက္ကသိုလ် ဖွဲ့စည်းပုံမူကြမ်းအသစ်ရေးဆွဲရန်တို့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား တာဝန် ပေးခဲ့ပါသည်။

အထက်ပါ တာဝန်ပေးချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့်အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် အက်ဥပဒေ(မူကြမ်း)၊ ဖွဲ့စည်းပုံမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ မူကြမ်းများကို ဥပဒေနှင့် ညီညွတ်မှု ရှိ–မရှိ နိုင်ငံတော်ရှေ့နေချုပ်နှင့် ညှိနှိုင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက် ရရှိခဲ့ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဥပဒေအမှတ် ၉/၉၁ ဖြင့်"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေ "ကို ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဆက်လက်ပြီးအောက်ပါအဖွဲ့ဝင်များ ပါဝင်သော တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ကောင်စီကို ဖွဲ့စည်းပေးသည်။

**တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီ**

| | | |
|---|---|---|
| ၁။ | တိုင်းမှူး<br>(အနောက်မြောက်တိုင်းစစ်ဌာနချုပ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သိန်း<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | ဒု–ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးဆွေ<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | အဖွဲ့ဝင် |



စာသင်ခန်းအတွင်း ဤသို့ စိတ်ဝင်တစား သင်ကြားရုံမျှမက

အနုပညာဘက်တွင်လည်း မလစ်ဟင်းရပေ



၄။ ဒုတိယ ဥက္ကဋ္ဌ ။
(စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့)

၅။ ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်
စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

၆။ ညွှန်ကြားရေးမှူး ။
ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ
ညွှန်ကြားရေးမှူးရုံး

၇။ ညွှန်ကြားရေးမှူးချုပ် ။
အဆင့်မြင့်ပညာဦးစီးဌာန

၈။ ညွှန်ကြားရေးမှူးချုပ် ။
အခြေခံပညာဦးစီးဌာန

၉။ ညွှန်ကြားရေးမှူးချုပ် ။
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး

၁၀။ ညွှန်ကြားရေးမှူးချုပ် ။
ဝန်ထမ်းရေးရာဦးစီးဌာန

၁၁။ ညွှန်ကြားရေးမှူးချုပ် ။
ကျန်းမာရေးလုပ်သားဦးစီးဌာန

၁၂။ ညွှန်ကြားရေးမှူးချုပ် ။
စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာ
ဦးစီးဌာန

၁၃။ ပါမောက္ခချုပ် ။
ရန်ကုန်တက္ကသိုလ်

၁၄။ ပါမောက္ခချုပ် ။
မန္တလေးတက္ကသိုလ်

၁၅။ ပါမောက္ခချုပ် ။
ပညာရေးတက္ကသိုလ် (ရန်ကုန်)

၁၆။ ပါမောက္ခချုပ် ။
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်

၁၇။ တိုင်းမှူးကရွေးချယ်ပေးသော ပညာရေး ။
နှင့် ဆက်နွယ်သည့်နိုင်ငံသားများ–
(အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ)

၁၈။ ဒု–ပါမောက္ခချုပ် အတွင်းရေးမှူး
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်

၁၉။ ဌာနမှူး (စီမံ) တွဲဖက်
ပြည်ထောင်စုတိုင်းရင်းသား အတွင်းရေးမှူး
လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ထိုအဖွဲ့ဝင်များအပြင် နောက်ထပ်ဆက်လက်၍ ပါမောက္ခချုပ်(အဝေးသင်တက္ကသိုလ်)ကို ဖြည့်စွက်ထည့်သွင်းပေးထားသည်။

## ရည်မှန်းချက်များ

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက်ပညာ ရှာမှီး ကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှု ရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်း ရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေးအဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ် ရှင်သန်ပွားများစေရန်။

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

### သင်တန်းများ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် အောက်ဖော်ပြ သင်တန်းများ ပို့ချ သင်ကြားလျက် ရှိပါသည်။

(၁) မဟာပညာရေးဘွဲ့

(၂) မဟာဒဿန(ပညာရေး)ဘွဲ့

(၃) ပညာရေးဘွဲ့

(၄) အလယ်တန်းဆရာအတတ်သင်တစ်နှစ် သင်တန်း

(၅) မူလတန်းဆရာအတတ်သင်ပုံမှန်(၄)နှစ်သင်တန်း

(၆) အထူးမူလတန်းဆရာအတတ်သင် သင်တန်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တွင် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်အညီဘွဲ့၊ ဘွဲ့လွန်သင်တန်းများထားရှိသော်လည်း ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၏ ရည်မှန်းချက်(၇) ချက်နှင့် အညီ အောင်မြင်အောင် ဆောင်ရွက်ရာတွင် မူလတန်းဆရာ အတတ်သင်ပုံမှန် (၄) နှစ်သင်တန်းသည်အဓိက သင်တန်းဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို အစွန့်ရှည်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန် မှာ ပြည်ထောင်စု စိတ်ဓာတ်ထာဝစဉ် ရှင်သန် ထက်မြက် နေဖို့ လိုအပ်လှပါသည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်း နိုင်ရန် အတွက်ပုံမှန်(၄) နှစ်သင်တန်းသား၊ သင်တန်းသူ များကို နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် များ ဖွံ့ဖြိုး တိုးတက်အောင် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးအရောင် အသွေးကင်းစင်သော ပညာရေးဝန်ထမ်း ကောင်းများသာမက ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဖြစ်ကိုပါ လေ့ကျင့် ပြုစုပျိုးထောင်ပေးပါသည်။ ထိုသို့ ပြုစုပျိုးထောင် ပေး ရာ တွင် အခြေခံပညာအထက်တန်း စာပေဘာသာရပ်များ အပြင် ပညာရေးဘာသာရပ်များ၊ ဖွံ့ဖြိုးမှုဘာသာရပ်နှင့် အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကို သင်ကြားလေ့ကျင့် ပေးသည်။

ပုံမှန် (၄) နှစ်သင်တန်းဆင်းများ၏ အရည်အချင်းကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည် -

(၁) အခြေခံပညာအထက်တန်းအောင်မြင်ပြီးဟု သတ်မှတ်ခြင်း၊

(၂) မူလတန်းဆရာဖြစ် လက်မှတ်ရပြီးဟု သတ်မှတ်ခြင်း၊

(၃) ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဆင့် အောင်မြင် သည်ဟု သတ်မှတ်ခြင်း။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ မူလတန်းဆရာအတတ်သင် ပုံမှန် (၄) နှစ် သင်တန်းကို ပြည်နယ်နှင့်တိုင်းများ၏ လိုအပ်ချက်အရ သင်တန်းသား၊ သင်တန်းသူအရေအတွက် သတ်မှတ် ထားရှိပြီး ရွေးချယ်ရေးအဖွဲ့ အဆင့် ၃ ဆင့်ဖြင့် ရွေးချယ်ပါသည်။ မြို့နယ် သင်တန်းသားရွေးချယ်ရေး ကော်မတီ၊ ပြည်နယ်/တိုင်း သင်တန်းသားရွေးချယ်ရေး ကော်မတီနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေး ကော်မတီတို့ ဖြစ်ပါသည်။ သင်တန်းသားအရည်အချင်း မှာဒေသခံ တိုင်းရင်းသားဖြစ်ပြီး အသက်(၁၄)နှစ်မှ (၂၀)နှစ် အတွင်းရှိ အဋ္ဌမတန်းအောင်မြင်သူများဖြစ်၍ သတ်မှတ်အရည် အချင်းများနှင့် ပြည့်စုံရပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် မူလတန်းဆရာအတတ်သင် ပုံမှန်(၄)နှစ် သင် တန်းသား၊ သင်တန်းသူများသည် သက်ဆိုင်ရာ ဘာသာ ရပ်များကို သင်ယူရင်း အောက်ပါအဓိဋ္ဌာန်(၅)ချက်ကို နေ့စဉ် နံနက် (၅:၃၀) နာရီ အလံတင်ချိန်တွင် ဖွတ်ဆို အဓိဋ္ဌာန်ပြုကြရပါသည် -

(၁) ကျွန်ုပ်တို့သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(၂) ကျွန်ုပ်တို့သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၄) ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ပီပီ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိပါမည်။

(၅) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟုအဓိဋ္ဌာန်ပြုပါ၏။

အားကစားပြိုင်ပွဲများတွင် ဤသို့ ပါဝင်လှုပ်ရှားကြပြီး



အလယ်တန်းဆရာအတတ်သင်သင်တန်း၊ ပညာရေးဘွဲ့သင်တန်းတို့မှာ ယခင်ပုံမှန်(၄)နှစ်သင်တန်း အောင်မြင်ပြီးသည့် ဖွံ့ဖြိုးရေးသိပ္ပံနှင့်တက္ကသိုလ်ဆင်း မူလတန်းဆရာ၊ ဆရာမများ အရည်အချင်း တိုးမြှင့်ရေးအတွက် ဖွင့်လှစ်ပေးသော သင်တန်းများ ဖြစ်ပါသည်။

မဟာဒသန(ပညာရေး)ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်းတို့မှာ ဤတက္ကသိုလ်မှ နည်းပြအဆင့်ရှိ ဆရာ၊ ဆရာမများနှင့်အခြားသင့်တော်သူများ အရည်အချင်းမြှင့်တင်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများ ဖြစ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းတက်ရောက် သင်ကြားပြီးသော ပညာရေးဘွဲ့ ဆင်မြန်းမည့် သင်တန်းသား၊ သင်တန်းသူများသည် ဘွဲ့မယူမီ အောက်ပါကတိ သစ္စာကို ပြုကြရပါသည်–

**သစ္စာအဓိဋ္ဌာန်**

(၁) အကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(၂) အကျွန်ုပ်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) အကျွန်ုပ်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၄) အကျွန်ုပ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိအောင်မြဲမြံစွာ ထိန်းသိမ်းလျက်ဆရာတို့၏ ဂုဏ်သိက္ခာကို အစွမ်းကုန်မြှင့်တင်ပါမည်။

(၅) အကျွန်ုပ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပါမည်။

(၆) အကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၇) ယခုကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား။



စုပေါင်းစိုက်ပျိုးခင်းတွင်လည်း တပျော်တပါး ပါဝင်လုပ်ဆောင်ကြသည်

## သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ်များ

**ပုံမှန် ( ၄ ) နှစ် သင်တန်း**

(က) **ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်သင်တန်းများတွင် ပို့ချသည့်ဘာသာရပ်များ—**

( ၁ ) ပင်ရင်းမြန်မာစာ
( ၂ ) စိတ်ကြိုက်မြန်မာစာ
( ၃ ) ပထဝီဝင်
( ၄ ) သမိုင်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တ ပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်း မှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက

( ခ ) ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် အထက်ပါ ဘာသာရပ်များအပြင် တိုင်းရင်း ဘာသာကို ပို့ချပါသည်။

( ဂ ) ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် ရိုးရာဓလေ့ထုံးစံနှင့် ကျန်းမာရေးဘာသာရပ်များ ကိုလည်း ပို့ချပေးပါသည်။

(ဃ) စတုတ္ထနှစ်သင်တန်းတွင် အောက်ပါဘာသာရပ်များကို ပို့ချသည် —

( ၁ ) မြန်မာစာသင်ပြနည်း
( ၂ ) သင်္ချာသင်ပြနည်း
( ၃ ) ပထဝီဝင်သင်ကြားနည်း
( ၄ ) သမိုင်းသင်ပြနည်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်းမှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက
(၁၄) ပညာရေးစီမံခန့်ခွဲမှု
(၁၅) ပညာရေးသဘောတရား

**မှတ်ချက်။** စတုတ္ထနှစ်သင်တန်းတွင်သင်ပြရမည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အချက်များသာမက သင်ပြနည်း၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသဘောတရား ဘာသာရပ်များကိုပါ သင်ကြားပို့ချပေးပါသည်။

**အထူးမူလတန်း ဆရာအတတ်သင် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ—**

(က) မြန်မာစာ
( ခ ) မြန်မာစာသင်ကြားနည်း
( ဂ ) သင်္ချာ
(ဃ) ပထဝီဝင်
( င ) သမိုင်း
( စ ) ပညာရေးသဘောတရား၊ ပညာရေးစီမံခန့်ခွဲမှု
(ဆ) ကာယပညာ
( ဇ ) စိုက်ပျိုးရေး
( ဈ ) ပန်းချီအနုပညာ
( ည) ဂီတအနုပညာ
( ဋ ) စက်မှုလက်မှု
( ဌ ) အိမ်တွင်းမှုသိပ္ပံ

**အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း တွင် ပို့ချသည့်ဘာသာရပ်များ –**

(က) မြန်မာစာ
( ခ ) သင်္ချာ
( ဂ ) ပထဝီဝင်
(ဃ) သမိုင်း
( င ) အထွေထွေသိပ္ပံသင်ပြနည်း
( စ ) ပညာရေးစီမံခန့်ခွဲမှု
(ဆ) ပညာရေးသဘောတရား

**ပညာရေးဘွဲ့သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ—**

(က) ပညာရေးစိတ်ပညာ
( ခ ) ပညာရေးစီမံခန့်ခွဲမှု

(ဂ) ပညာရေးသဘောတရား
(ဃ) မြန်မာစာ
(င) မြန်မာစာသင်ပြနည်း
(စ) ပထဝီဝင်
(ဆ) ပထဝီဝင်သင်ပြနည်း
(ဇ) သမိုင်းနှင့် သမိုင်းသင်ပြနည်း
(ဈ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ

## ပညာသင်ကြားခဲ့သော တိုင်းရင်းသား လူမျိုးနွယ်စုများ

သင်ကြားခဲ့သော လူမျိုးနွယ်စုပေါင်း (၇၂)မျိုး ရှိခဲ့ပါသည်။ ထိုမျိုးနွယ်စုများမှာ ဂျိန်းဖော၊ လီဆူ/လီရှော၊ လော်ဂေါ်/မရူ၊ လာချစ်/လရှီ၊ ဖိုင်ဝါး/အဇီး၊ ရဝမ်၊ ကယား၊ ပရဲ/တယော၊ ပဒေါင်/တယန်း၊ ယင်းဘော်/ကငန်၊ ယင်းတလဲ၊ မနုမနော၊ ဂေခို၊ ဂေဘား၊ စကော ကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ဘန်းကရင်၊ ပကူးကရင်၊ ချင်း၊ တီးတိန်ချင်း၊ မတူချင်း၊ ခေါင်ဆိုင်/ကူကီး/ထဒို၊ ခမီးချင်း၊ အရှိုချင်း၊ ယင်ဒူး(ဒိုင်)၊ အူးပူးချင်း၊ မွင်းချင်း၊ ဇိုထုန်ချင်း၊ ချင်းပုံ၊ ဆီယင်၊ လူရှေ(ကလင်ကော့)၊ လောက်တူ၊ မကန်းချင်း၊ မွန်၊ ဗမာ၊ တောင်သား၊ ဂဒူး၊ ကဏန်း၊ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ ရှမ်း၊ မောရှမ်း၊ ဂုံရှမ်း၊ ပလောင်၊ ရှမ်းတရုတ်၊ ခန္တီးရှမ်း၊ လီရှမ်း၊ လီရှော၊ လားဟူ၊ ကော်/အာခါ၊ ဝ/လွယ်လ၊ ပအိုဝ်း၊ ခနု၊ အင်းသား၊ တောင်ရိုး၊ ကိုးကန့်၊ နာဂ၊ ပါရာနာဂ၊ ဟိုင်းမြေနာဂ၊ ပင့်ကူးနာဂ၊ တန်ဂွန်နာဂ၊ ဆွမ်မရာနာဂ၊ ပုံညိုနာဂ၊ ဆာရာနာဂ၊ မကူရီနာဂ၊ နောက်အွန်နာဂ၊ မခွာလယ်နာဂ၊ ပသျှူး၊ ဆလုံ မျိုးနွယ်စုတို့ ဖြစ်ကြပါသည်။

## နိဂုံး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ဆောင်ပုဒ်မှာ "စည်းလုံးခြင်းသည်အင်အား" ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် –

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြု သင်ကြားလေ့ကျင့်ပေးနေသော နိုင်ငံတော်၏ တစ်ခုတည်းသော တိုင်းရင်းသားလူမျိုးများ တက္ကသိုလ်ဖြစ်သည်။

(၂) ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့် ပါတီ နိုင်ငံရေးကင်းစင်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးသည့် တက္ကသိုလ် လည်း ဖြစ်ပါသည်။

(၃) နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက် နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့်တက္ကသိုလ် လည်း ဖြစ်ပါသည်။


(၄) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတန်းပြ ဆရာအတတ်သင် သင်တန်း၊ အလယ်တန်းပြ ဆရာအတတ်သင် သင်တန်းနှင့် ပညာရေးဘွဲ့ သင်တန်းများကို တက္ကသိုလ်တစ်ခုတည်းမှ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့် မွေးထုတ် ပေးနေသည့် ပညာရေးတက္ကသိုလ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ချိန်မှ ၁၉၉၄–၉၅ ပညာသင်နှစ်အထိ မူလတန်းဆရာ အတတ်သင် ပုံမှန် ( ၄ )နှစ်သင်တန်း ဆင်းပြီးသူ မူလတန်းပြဆရာ (၄,၅၆၉) ဦး ရှိပြီး ၎င်းတို့အနက်မှ အလယ်တန်းဆရာ အတတ်သင် သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူ (၂၀၀) ဦး ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လိုအပ်ချက်အရ အထူးမူလတန်း ဆရာ အတတ်သင် သင်တန်းမှ သင်တန်းဆင်းပြီးသူ (၃၀၁) ဦး ရှိပါသည်။ ပညာရေးဘွဲ့ရပြီးသူ (၁၁၆) ဦးရှိပါသည်။ တက္ကသိုလ်ဆရာ၊ ဆရာမများထဲမှ (၆) ဦးကို ဤတက္ကသိုလ်မှ မဟာဒသန (ပညာရေး) ဘွဲ့ အပ်နှင်းပြီးဖြစ်သည်။

**ဝန်ထမ်းတစ်ဦး**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**




1920
1995









# ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်

၁၉၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်၍ စိန်ရတုသဘင် အခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ အမှုထမ်းအရာထမ်းများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများပါ ဂုဏ်ယူဝမ်းမြောက်လျက် ရှိနေကြသည်။

ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ၁၉၉၅ ခုနှစ် ၊ မတ်လ ၂၉ ရက်နေ့တွင် အဆင့်မြင့် ပညာဦးစီးဌာန၊ တက္ကသိုလ်များဗဟိုကောင်စီခန်းမ၌ ပြုလုပ် ကျင်းပပါသည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဤသို့မိန့်ခွန်းပြောကြားရာတွင် "ရန်ကုန်တက္ကသိုလ်မှာ အိမ်နီးချင်းနိုင်ငံများ၏ တက္ကသိုလ်များထက် ခေတ်ရှေပြေးပြီး သမိုင်းကြောင်းအရ ပေါ်ထွန်းလာသော တက္ကသိုလ်ကြီး ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များနှင့် ဆီလျော်ကိုက်ညီပြီး ထည်ဝါခမ်းနားစွာ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုကြောင်း" စသည်ဖြင့် မိန့်ကြားပြီး ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်အတွက် ချမှတ်ထားသော ဦးတည်ချက်များ ၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများကို အတည်ပြုပေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်၏ ဦးတည်ချက်များ

(၁) တက္ကသိုလ်၏ဂုဏ်သိက္ခာ ဆက်လက်မြှင့်တင်ထိန်းသိမ်းရေး၊

(၂) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ထိန်းသိမ်းဖော်ညွှန်းသည့် ပညာရေးစနစ်တိုးတက် ဖော်ဆောင်ရေး၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပညာရေးစနစ် ဖော်ဆောင်ဖြစ်ထွန်းရေး၊

(၄) နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ဆက်လက်ဖော်ဆောင်မြှင့်တင်ရေး၊

(၅) ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ထက်မြက်ထူးချွန်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေး၊

## လုပ်ငန်းကော်မတီများ

ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃)ခုရှိပြီး လုပ်ငန်းကော်မတီများက ဆပ်ကော်မတီ(၃၆)ခုကို ထပ်မံဖွဲ့စည်းပါသည်။ ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃) ခုမှာ -

၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီ၊

၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ၊

၃။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊

၅။ ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၆။ ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၇။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊

၈။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊




ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ဥပဒေကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ မိတ်ဆုံညစာစားပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားတွင် အတွင်းရေးမှူး( ၁ ) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ခွန်းပြောကြားစဉ်

၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ၊

၁၀။ အားကစားပြိုင်ပွဲများကျင်းပရေး လုပ်ငန်းကော်မတီ၊

၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ၊

၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ၊

၁၃။ ကျန်းမာရေးလုပ်ငန်းကော်မတီတို့ ဖြစ်ကြပါသည်။

## ၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ တက္ကသိုလ်များ သမိုင်းသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်နီနီမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဦးသော်ကောင်း ဖြစ်သည်။

ဤလုပ်ငန်း ကော်မတီက ဆပ်ကော်မတီ (၅) ခုကို ဖွဲ့စည်းပါသည်။ ထိုဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် သမိုင်းပြုစုရေးအဖွဲ့၊

၂။ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် စာစောင် ပြုစုထုတ်ဝေရေးအဖွဲ့၊

၃။ စာမူစိစစ် တည်းဖြတ်ရေးအဖွဲ့၊

၄။ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့၊

၅။ အထောက်အထား စုဆောင်းရေးအဖွဲ့

တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများသည် မိမိတို့လုပ်ငန်းတာဝန်များကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ တက်ကြွစွာဆောင်ရွက်ခဲ့ရာ၊ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စာအုပ်များရေးသားပြုစု ပုံနှိပ် ပြီးစီးပြီး၊ စိန်ရတုသဘင်အခမ်းအနားတွင်–

၁။ ရန်ကုန်တက္ကသိုလ်သမိုင်း ၊ (၁၉၂၀–၁၉၉၅)၊

၂။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ် စာစောင်၊ အပိုင်း(၁)၊

၃။ တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)

တို့ကို ထုတ်ဝေရောင်းချနိုင်ခဲ့ပါသည်။ "ရန်ကုန်တက္ကသိုလ် သမိုင်း (၁၉၂၀– ၁၉၉၅) စာအုပ်"တွင် အခန်းပေါင်း (၈)

ခန်း ပါဝင်ပြီး၊ အမိရန်ကုန်တက္ကသိုလ်၏ သင်ကြားရေး၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၏ အမျိုးသား လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှု၊ တက္ကသိုလ်အသင်း အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှု၊ တက္ကသိုလ်ပညာရေး စနစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ပုံတို့ကို တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့ချိန်မှ စိန်ရတုသဘင် ကျင်းပသည့် ၁၉၉၅ခုနှစ်၊ဒီဇင်ဘာလအထိ ရေးသားပြုစုတင်ပြထားသည်။

"ရန်ကုန်တက္ကသိုလ် စိန်ရတု အထိမ်းအမှတ်စာစောင်၊ အပိုင်း (၁)" မှာ ရန်ကုန်တက္ကသိုလ်ဆရာကြီး ဆရာမကြီး များ၊ ကဗျာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ ရေးသားဖွဲ့ဆိုထားကြသောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပေါင်း (၆၃) ပုဒ် ပါဝင်သည်။ မြန်မာ စာမူမှာ (၅၇) ပုဒ်ဖြစ်ပြီး အင်္ဂလိပ်စာမူမှာ (၆) ပုဒ်ဖြစ်သည်။ စာမူများမှာ တက္ကသိုလ်ပညာရေး၊ တက္ကသိုလ်ဘဝ၊ တက္ကသိုလ်ဝန်းကျင်၌ တွေ့မြင်ခံစားရသော လွမ်းဆွတ် တသဖွယ်၊ လေးစားဂုဏ်ယူမှတ်သားဖွယ် အဖြစ်အပျက် အကြောင်းအရာများကို ရေးဖွဲ့ထားသော သုတရသစာများ ဖြစ်ကြသည်။

"တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)" မှာ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ကို ကြိုဆိုဂုဏ်ပြု သည့် အထိမ်းအမှတ်စာစောင်အဖြစ် တက္ကသိုလ်များ သမိုင်း သုတေသနဌာနက ထုတ်ဝေခြင်းဖြစ်သည်။

## ၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများ ပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းမောင်ဖြစ်ပြီး အတွင်းရေးမှူး မှာ ရန်ကုန်တက္ကသိုလ် (သင်တန်းရေးရာ) ဌာနမှူး ဦးမင်းဦးဖြစ်သည်။


ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံ ဖွဲ့စည်းပြီး၊ ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ လှုပ်ရှား ဆောင်ရွက်ပါသည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများ မှာ –

၁။ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

၂။ နည်းပညာဘာသာရပ်ဆိုင်ရာစာတမ်းများ ပြုစု ရေး ဆပ်ကော်မတီ၊

၃။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးဆိုင်ရာပညာပေး စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

ဥပဒေမိတ်ဆုံစားပွဲသို့ လာရောက်သော အတွင်းရေးမှူး( ၁ )အား ပါမောက္ခနှင့် ဆရာ ဆရာမများက ကြိုဆိုနေကြစဉ်





သီရိဆောင် မယ်သစ်လွင်ကြိုဆိုပွဲတွင် သီရိအလှဘုရင်မရသူအား ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆုများချီးမြှင့်ခဲ့

၄။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ ပညာပေး စာတမ်းများ ပြုစုရေးဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ်ဌာန (၁၉) ခုက ဘာသာရပ်တိုးတက်မှုစာတမ်း (၁၉) စောင်ကို ရေးသားပြုစုပြီး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက တိုးတက်မှုမှတ်တမ်း (၁၉) စောင်ကို ရေးသားပြုစုကြသည်။

"ရန်ကုန်တက္ကသိုလ် ဘာသာရပ်တိုးတက်မှု စာတမ်း" နှင့် "တက္ကသိုလ် ကောလိပ်တိုးတက်မှုမှတ်တမ်း" နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ သည်။

## ၃။ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန် ပညာရေး တက္ကသိုလ်ပါမောက္ခချုပ် ဦးဟန်တင်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေး စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာ သိန်းလွင် ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လမှစ၍ စာတမ်းများ ဖတ်ကြားခြင်းနှင့် ဟောပြောပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲ နှင့် ဟောပြောပွဲ ကျင်းပရေး လုပ်ငန်း ဆပ်ကော်မတီ၊

၂။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲအစီအစဉ်များနှင့် သုတေသနစာတမ်းများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ညှိနှိုင်းရေးဆပ်ကော်မတီ၊

၃။ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ရေး လုပ်ငန်းဆပ်ကော်မတီ၊

၄။ သတင်းထုတ်ပြန်ရေးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြော ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ဆောင်ချက် မှတ်တမ်းများထုတ်လွှင့်ရေးလုပ်ငန်း ဆပ်ကော်မတီ၊

၅။ မှတ်တမ်း အထောက်အထားများ ရှာဖွေစုဆောင်းပြုစုရေး လုပ်ငန်းဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ (၃) ရက်၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ (၃) ရက် ပေါင်း (၆) ရက်တိတိ သုတေသနစာတမ်းဖတ်ပွဲ များကို ပြုလုပ်ကျင်းပခဲ့သည်။

အထူးပုဂ္ဂိုလ်ကြီးများ၏ ဟောပြောပွဲများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းဆောင် အထူးအစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသောပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့ လာရောက်၍ ဟောပြောကြပါသည်။ ထိုပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့၏ ဟောပြောပွဲ၌ သဘာပတိများအဖြစ် ပါမောက္ခချုပ်များက ဆောင်ရွက်ပေးကြသည်။

## ၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာန ပါမောက္ခဒေါက်တာသိန်းလှိုင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ ၅ ခုကို ဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လုပ်ငန်းတာဝန် များကို စတင်ဆောင်ရွက်ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားတွင် ပူဇော်မည့်သက်ကြီးပုဂ္ဂိုလ်များကို စာရင်းပြုစုကြသည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အသက် ၇၅ နှစ်ပြည့်ပြီးသူများကို ဆက်သွယ်၍ စာရင်းပြုစုရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## ၅။ ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ်ဌာနမှူး (စိမံ)ဦးစိန်ငွေဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပါသည်။ ထို ဆပ်ကော်မတီများမှာ –

၁။ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆပ်ကော်မတီ၊
၂။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲ ဆပ်ကော်မတီ၊
၃။ ဗဟိုပြပွဲ ဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

စာပေပြိုင်ပွဲ ဆပ်ကော်မတီသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နှင့် ၁၆ ရက်နေ့များတွင် ကဗျာတို၊ ကဗျာရှည် စာစီစာကုံးနှင့် ဝတ္ထုတိုပြိုင်ပွဲကို တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် စာမေးပွဲစည်းကမ်းနှင့်အညီ ကြီးကြပ်ပြီး တစ်ပြိုင်တည်းကျင်းပခဲ့သည်။ ယှဉ်ပြိုင်သူဦးရေမှာ ကဗျာတို ၅၂၅ ဦး၊ ကဗျာရှည် ၂၁၃ ဦး၊ စာစီစာကုံး ၆၁၇ ဦး၊ ဝတ္ထုတို ၄၀၈ ဦး ဖြစ်ရာ ပြိုင်ပွဲဝင် ဦးရေ ၁၇၆၃ ဦး ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု နှင့် နှစ်သိမ့်ဆု ၂ ဆုကို ပြိုင်ပွဲ ၄ မျိုးအတွက် ဆု (၂၀) ရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဆုရစာမူရှင်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စာပေနှင့်တေးသီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ပြုလုပ် ကျင်းပသည်။ ·

ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲဆပ်ကော်မတီတွင် ခေတ် (၄)ခေတ် ပိုင်းခြား၍ ပြကွက်ပေါင်း (၁၆) ခုဖြင့် တင်ဆက်ရန် စီမံဆောင်ရွက်သည်။ ခေတ် (၄) ခေတ်မှာ–

၁။ ၁၉၂၀–၄၅ စစ်ကြိုခေတ်၊
၂။ ၁၉၄၆–၆၄ စစ်ပြီးခေတ်၊
၃။ ၁၉၆၄– ၈၈ စနစ်သစ်ပညာရေးခေတ်၊
၄။ ၁၉၈၈– ၉၅ မျက်မှောက်ခေတ်

တို့ ဖြစ်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသားကျောင်းသူပေါင်း (၆၄) ဦး ပါဝင်ကြသည်။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲကို ၁၉၉၅ ခုနှစ်၊ သြဂုတ်လ ၇၊ ၁၀၊ ၁၂၊ ၁၃ ရက်များတွင် ရန်ကုန်အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ မိဘပြည်သူများ တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ဗဟိုပြပွဲ ဆပ်ကော်မတီသည် ဗဟိုပြခန်းနှင့် တက္ကသိုလ် ပြခန်းများကို ခေတ် (၄) ခေတ် ပိုင်းခြား၍ ပြကွက်များကို ခင်းကျင်းပြသခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတို့က စိတ်ဝင်စားစရာ၊ လေ့လာမှတ်သားစရာ အကြောင်းအရာ အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဝန်ကြီးဌာနပြခန်းများအပြင် ပုဂ္ဂလိကနှင့် အစိုးရဌာနအရောင်းဆိုင်များ၊ တက္ကသိုလ်အလိုက် ပျော်ပွဲရွှင်ပွဲဈေးဆိုင်များကို ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော် ကာလဖြစ်သည့် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇)ရက်နေ့အထိ နံနက် (၉:၀၀) နာရီမှ ည (၁၀:၀၀) နာရီအထိ ခင်းကျင်းပြသ ခဲ့သည်။

## ၆။ ပျော်ပွဲရွှင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကောင်းညွန့်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဒဂုံ



တောင်ငူဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များတွေ့ဆုံပွဲတွင် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲလည်း တစ်ခုအပါအဝင်

တက္ကသိုလ်၊ ဒဿနိကဗေဒဌာန ကထိက ဦးခင်မောင်ချို ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၄) ခုကို ထပ်မံဖွဲ့စည်းသည်။ ထို ဆပ်ကော်မတီများမှာ–

၁။ ရုပ်ရှင်ပြသရေးဆပ်ကော်မတီ၊

၂။ ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၃။ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၄။ ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

ရုပ်ရှင်ပြသရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင် ရက်သတ္တပတ်" ပြသရေးအတွက် ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်ပြသရေး အစီအစဉ်ကို အထောက်အကူပြု ဖြစ်စေရန် ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကောင်းညွန့်အား မြန်မာ့ ရုပ်မြင်သံကြားနှင့် "တွေ့ဆုံမေးမြန်းခန်း" ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင်ရက်သတ္တပတ်ပြပွဲ" ကို နိုဝင်ဘာလ (၁၀ ) ရက်နေ့မှ (၁၆) ရက်နေ့အထိ နဝေဒေးရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ ပြသခဲ့သော ကားများမှာ –

၁။ ဒါရိုက်တာ ဦးသုခ၏ "ဘယ်သူပြိုင်လို့ လုပ်ပါတော့နိုင်"၊

၂။ ဒါရိုက်တာ မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ"၊

၃။ ဒါရိုက်တာ ကြီးမြင့်၏ "ပန်းပန်လျက်ပါ"၊

၄။ ဒါရိုက်တာ မောင်နှင်းမို၏ "မယ်သီတာလို မိန်းကလေး"၊

၅။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "မျက်ဝန်းထဲမှာ မိုးရွာပြီညို"၊

၆။ ဒါရိုက်တာ မီးပွား၏ "မြစ်တို့၏မာယာ"၊

၇။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "နှလုံးသားရာဇဝင်မှာ စာတင်တဲ့အလွမ်း"

တို့ဖြစ်ကြသည်။

ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ပွဲတော်ရက်၌ ဈေးပွဲတော် ပြုလုပ်ပေးရေးအတွက် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိုက်နှစ်သက်မည့် အထိမ်းအမှတ်ပစ္စည်းများ၊ အထွေထွေပစ္စည်းနှင့် အဝတ်အထည်များ၊ အစားအသောက်များ ရောင်းချခြင်း၊ ပျော်ရွှင်ကစားပွဲများ ဖွင့်လှစ်ခြင်း၊ ကံစမ်းမဲများဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ဆိုင်ခန်းများ ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇) ရက်နေ့အထိ နံနက် (၁၀) နာရီမှ ည (၁၀) နာရီအထိ ဖွင့်လှစ်ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်တွင် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုအားပေးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ပြိုင်ပွဲဝင်တေးသီချင်းခွေများကို အကြိမ်ကြိမ်စိစစ်ပြီး ဆုများရွေးချယ် ချီးမြှင့်ခဲ့သည်။

ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီသည် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီက တည်ဆောက်ပေးသော ဇာတ်စင်ပေါ်တွင် အခမ်းအနားပြင်ဆင်ရေး၊ လျှပ်စစ်အလင်းနှင့် အသံချဲ့စက် ပစ္စည်းကိရိယာများ တပ်ဆင်ရေး လုပ်ငန်းအစီအစဉ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သည်။ ထို့ပြင် တက္ကသိုလ်ကောလိပ် အနုပညာအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီ (တက္ကသိုလ်များ ရန်ကုန်) တို့ကို ပဒေသာကပွဲ တွင် ပါဝင်တင်ဆက်ရေးအတွက် စည်းရုံးဆောင်ရွက် ခဲ့သည်။

ပဒေသာကပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲကို ရန်ကုန်တက္ကသိုလ် ( ကြည့်မြင်တိုင်နယ်မြေ ) စကားဖြူ ခန်းမ၌ ၁၉၉၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်နှင့် (၂၉) ရက်တို့တွင် ပြုလုပ်ကျင်းပပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ပဒေသာကပွဲကြီး၌ ကပြတင်ဆက်ခဲ့သည်။

## ၇။ ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြတ်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညွှန့်ညွှန့်ဝင်း ဖြစ်သည်။

**ရန်ကုန်တက္ကသိုလ် စိန်ရတုအကြို အနုပညာအသင်း၏ လှုပ်ရှားမှုတစ်ခုဖြစ်သော ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြကွက်**





နေကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ မိတ်ဆုံညစာစားပွဲတစ်ခု

ထိုလုပ်ငန်းကော်မတီက ဆပ်ကော်မတီသုံးခုကို ထပ်မံဖွဲ့စည်းပြီး ဘဏ္ဍာငွေရှာဖွေရေးကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီသုံးခုမှာ–

၁။ အလှူငွေကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီ၊
၂။ အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး လုပ်ငန်း ဆပ်ကော်မတီ၊
၃။ စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်ဝေရေး လုပ်ငန်း ဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

အလှူကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီက အလှူငွေများ ကောက်ခံရှာဖွေပေးကြသည်။

အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး ဆပ်ကော်မတီကလည်း ရန်ကုန်တက္ကသိုလ်စိန်ရတုပြက္ခဒိန်၊ ဈေးဝယ်အိတ်၊ ရင်ထိုး၊ သော့ချိတ်၊ ကားချပ်ပိုစတာ၊ လွယ်အိတ်၊ ဦးထုပ်၊ သစ်ထွင်းပန်းချီ၊ ယွန်းထည် စသော အထိမ်းအမှတ်ပစ္စည်း (၂၃) မျိုးကို ထုတ်ဝေရောင်းချပြီး ဘဏ္ဍာငွေများ ရှာဖွေပေးခဲ့သည်။

စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်လုပ်ရေး ဆပ်ကော်မတီကလည်း ကျရာလုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြသည်။

## ၈။ စိမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမင်းသန်းဆောင်း ဖြစ်ပြီး အတွင်းရေးမှူးမှာ အဝေးသင်တက္ကသိုလ် ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးသိန်းငွေ ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ–

၁။ ဘဏ္ဍာရေး ဆပ်ကော်မတီ၊
၂။ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၊
၃။ ကြိုဆိုဧည့်ခံရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ တာဝန်ပေးချက်အရ စိန်ရတုအထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ နိဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် ၅၀ ပြားနှင့် နှစ်ကျပ်တန်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး၊ စာပို့တံဆိပ်ခေါင်းပါ အထိမ်းအမှတ် စာအိတ်တစ်မျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်ဝေ ရောင်းချခဲ့သည်။

## ၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးတင်ဖြစ်ပါသည်။ အတွင်းရေးမှူး (၁) မှာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒု ရဲမှူးကြီး စိန်ထွန်းအောင်ဖြစ်ပြီး အတွင်းရေးမှူး (၂) မှာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးကိုလေး ဖြစ်ပါသည်။ ဤလုပ်ငန်းကော်မတီသည် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း စီမံချက်များကို ရေးဆွဲဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော်ရက်အတွင်း လုံခြုံရေးဇုန်များ သတ်မှတ်ကာ ဆရာဆရာမများနှင့် တက္ကသိုလ်အမှုထမ်းများကို တာဝန်ချပေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနားကြီးမှာ အနှောင့်အယှက်ကင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁၀။အားကစားပြိုင်ပွဲများ ကျင်းပရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန အားကစားအရာရှိ ဦးမောင်မောင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၁၂) ခုကို ထပ်မံဖွဲ့စည်းပြီး ဂျူဒို၊ စစ်တုရင်၊ ရေကူး၊ ဂေါက်သီး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ လေ့လှော် ပြိုင်ပွဲများကို ၁၉၉၅ ခုနှစ် ၊ ဇူလိုင်လမှ စတင်၍ ပြုလုပ်ကျင်းပပေးခဲ့သည်။

ထို့ပြင် ကာယဗလနှင့် အလှမယ်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်ကျင်းပရာ တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်များမှ လက်ရွေးစင်မောင် (၃၉) ဦးနှင့် လက်ရွေးစင်မယ် (၃၉) ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မောင် တက္ကသိုလ် ( ၉ ) ဦးနှင့် မယ်တက္ကသိုလ် (၁၀) ဦးကို ရွေးချယ်ခဲ့သည်။

## ၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသန်းဌေး ဖြစ်သည်။ ဤလုပ်ငန်း ကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်အတွက် ပြခန်းများ၊ အရောင်းဆိုင်ခန်းများ၊ ဇာတ်စင်မုခ်ဦးများတို့ကို ပုံစံငယ်များ ဆောက်လုပ်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးဂိတ် (၂) ခု၊ ဆက်သွယ်ရေးနှင့် ကြက်ခြေနီစခန်း စသည်တို့ကိုလည်း ဆောက်လုပ်ပေးခဲ့သည်။

## ၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်ဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေးဖြစ်သည်။ ဤလုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဝတ္ထု ကဗျာများကို စာနယ်ဇင်းများတွင် ထည့်သွင်းပေးခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆွေးနွေးခန်းများ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မော်ကွန်းမှတ်တမ်းများ၊ တေးသီချင်းများကို ထုတ်လွှင့်ပေးခြင်းဖြင့် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား စည်ကားသိုက်မြိုက် အောင်မြင်အောင် ဆောင်ရွက်ပံ့ပိုးပေးခဲ့သည်။

## ၁၃။ကျန်းမာရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးထွန်း ဖြစ်သည်။ ဤလုပ်ငန်းကော်မတီက ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး၊ ရေနှင့် အစားအစာ သန့်ရှင်းမှု စစ်ဆေးရေးအတွက် ဆပ်ကော်မတီများဖွဲ့ကာ ဆောင်ရွက်ခဲ့သည်။

## ၁၄။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား အထောက်အကူပြု စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီမှာ ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အသစ်ထပ်မံဖွဲ့စည်းသော လုပ်ငန်း ကော်မတီဖြစ်သည်။ ဥက္ကဋ္ဌမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အတွင်းရေးမှူး ဦးကျော်ဝင်းဖြစ်ပြီး အတွင်းရေးမှူးမှာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ ဖြစ်သည်။

ထိုလုပ်ငန်းကော်မတီသည် ဆပ်ကော်မတီ (၃) ခုကို ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ထိုဆပ်ကော်မတီများမှာ–

၁။ ပန်းဥယျာဉ်တည်ဆောက်ရေး ဆပ်ကော်မတီ၊

၂။ ပန်းဥယျာဉ်စိုက်ပျိုးရေး ဆပ်ကော်မတီ၊

၃။ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ထိုဆပ်ကော်မတီများသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါသည်။ မြေပြုပြင်ခြင်း၊ မြက်ခင်းများဖြည့်စွက်စိုက်ပျိုးခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ရေမြောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကို ခမ်းနားထည်ဝါသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များကို ချမှတ်ပြီး ဆောင်ရွက်အားထုတ်နေချိန်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို ကြိုဆိုသောအားဖြင့် လက်ရှိကျောင်းသားဆောင်များဖြစ်သည့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ သထုံ၊ ရွှေဘို၊ ဒဂုံဆောင်များ၊ လက်ရှိကျောင်းသူဆောင်များဖြစ်သည့် အင်းလျား၊ ရတနာ၊ မာလာ၊ သီရိဆောင်များတွင် နေထိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများတို့၏ တွေ့ဆုံပွဲများ၊ ယခုစာသင်ဆောင် များ၊ ဌာနများဖြစ်ပြီး ယခင်ကကျောင်းသားဆောင်များ ဖြစ်ခဲ့သည့် မန္တလေး၊ တောင်ငူ၊ အမရ၊ ဂုမုဒ္ဒာဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများတို့၏ တွေ့ဆုံပွဲများကို ၁၉၉၅ ခုနှစ်၊ ဇွန်လမှစတင်၍ ပြုလုပ်ခဲ့သည်။

ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ၏ ရလဒ်များအဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို အထိမ်းအမှတ် သစ်ပင်များစိုက်ပွဲ၊ အတွေ့အကြုံမျှဝေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲ၊ မိတ်ဆုံညစာစားပွဲ၊ အလှူငွေပေးအပ်ပွဲ၊ ဓာတ်ပုံပြပွဲများ ပေါ်ထွန်းလာသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ သက်သာချောင်ချိရေး ကိစ္စအဝဝတွင် အစဉ်အဆက် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ငွေပဒေသာပင် စိုက်ထူပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြသည်။

## နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပညာရပ်ပေါင်းစုံတို့မှ မြန်မာပညာရှင်ဆရာ၊ ဆရာမများက သုတေသနစာတမ်းများ ရေးသားဖတ်ကြားသည့်အပြင် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မှ (၁၇) ရက်ထိ နိုင်ငံခြားမှဖိတ်ကြားထားသော သုတေသီများနှင့် မြန်မာပညာရှင်အချို့ပူးပေါင်းပြီး စာတမ်းဖတ်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် တည်ထောင်ချိန်မှစ၍ ပညာရပ်အသီးသီးတွင် ဆရာ၊ ဆရာမများ ကျောင်းသူကျောင်းသားများက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို စာတမ်းရေးသား တင်ပြဆွေးနွေးကြသည်မှာ တက္ကသိုလ်အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါသည်။ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် မြန်မာ အင်္ဂလိပ်နှစ်ဘာသာဖြင့် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့ရာ နိုင်ငံတကာတွင် ပညာရှင်များအသုံးပြု ကိုးကားရသော ပညာရပ်ဂျာနယ်တစ်စောင် ဖြစ်ခဲ့သည်။

ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်သော နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ရန်ကုန်တက္ကသိုလ်တွင် မကျင်းပနိုင်သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး ယခုစိန်ရတုအထိမ်းအမှတ်အချိန်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်၍ နိုင်ငံခြားမှ ပညာရှင်အတော်များများက လာရောက်ပြီး သုတေသနစာတမ်းများ တင်ပြဖတ်ပြခြင်း၊ ပညာရှင်အချို့က ဆွေးနွေးပွဲတွင် မြန်မာသုတေသီများနှင့်အတူ စိတ်ဝင်စားစွာ ပညာဖလှယ် ဆွေးနွေးကြခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

စာတမ်းဖတ်ပွဲကို (၃) ရက် ကျင်းပခဲ့ရာ စုစုပေါင်း သုတေသနစာတမ်း (၂၁) စောင် တင်ပြဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံခြားမှ လာရောက်သည့်ပညာရှင်များမှာ ယူကေနိုင်ငံမှ (၃) ဦး၊ အမေရိကန်ပြည်ထောင်စုမှ (၂) ဦး၊ ပြင်သစ်မှ (၄) ဦး၊ ဂျာမနီမှ (၂) ဦး၊ ဩစတြေးလျမှ (၉) ဦး၊ အိန္ဒိယမှ

(၁) ဦး၊ ထိုင်းနိုင်ငံမှ (၁၆) ဦး၊ ဂျပန်မှ (၄) ဦး နှင့် စင်္ကာပူမှ (၂) ဦး စုစုပေါင်း (၄၃) ဦး ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်းမှ ဖိတ်ကြားထားသော ဝါရင့် တက္ကသိုလ် ဆရာဆရာမကြီးများ၊ သုတေသီများ စုစုပေါင်း (၃၆) ဦးလည်း တက်ရောက်ကြ၍ စာတမ်းဖတ်ပွဲတွင် ပြည်တွင်းပြည်ပ ပညာရှင်စုစုပေါင်း (၇၉) ဦး ပါဝင်ခဲ့သည်။

တင်ပြဖတ်ကြားသော စာတမ်းများတွင် တန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ်ရှိသော မြန်မာသမိုင်း၊ စာပေ၊ ဘာသာစကားနှင့် ဗုဒ္ဓသာသနာဆိုင်ရာစာတမ်းများ ပါဝင်သည်။ ဖတ်ကြားသောစာတမ်းများကို သုတေသီများအသုံးပြုနိုင်စေရေးအတွက် သုတေသနဂျာနယ်တွင် စုပေါင်းပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခြင်း၊ သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် ရေးဟောင်းစာပေများ ကာကွယ်ထိန်းသိမ်းရန် ဆွေးနွေးပွဲကျင်းပခြင်းတို့သည် ရန်ကုန်တက္ကသိုလ်အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။

**တက္ကသိုလ်စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော စာအုပ်များ**

## အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြိုလုပ်ငန်းတစ်ရပ်အဖြစ် ရန်ကုန်တက္ကသိုလ်ပင်မနယ်မြေမှ ဘွဲ့နှင်းသဘင်ခန်းမကြီး၊ စာသင်ခန်းများ၊ ယောကျ်ားလေး၊ မိန်းကလေးဆောင်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံအားလုံးကို တက္ကသိုလ်ကျောင်းပိတ်ချိန် ဖြစ်သည့် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အကြီးစား မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ဟောင်းနွမ်းယိုယွင်း ပျက်စီးနေသည့် ယောကျ်ားလေး၊ မိန်းကလေးဆောင် ၁၅ ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ကြီး ( ၈ ) ဖွဲ့ကို အထူးတာဝန်ပေးကာ ရေလုံလောက်စွာ ရရှိရေး၊ ရေချိုးခန်း အိမ်သာများ အသစ်ကဲ့သို့ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ဆင်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ကြိုးအသစ်များလဲလှယ်ပြီး မီးသီး၊ မီးချောင်းသစ်များတပ်ဆင်ခြင်း၊ ကျောက်ပြားသစ်များ ခင်းပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကျပ်ငွေပေါင်း သန်း(၂၃၆) သန်း ကုန်ကျခဲ့သည်။ ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေမှ အဆောက်အအုံများကို စစ်ပြီးစက တစ်ကြိမ်





**ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်လာ ဧည့်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်**

မွမ်းမံပြင်ဆင်ခဲ့သည်။ ယခုပြင်ဆင်ရာတွင် ၃ လအတွင်း အလုပ်သမား (၃၀၀၀) ကို အင်ဂျင်နီယာ (၂၂၀) က ကြီးကြပ်ပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မတိုင်မီ ဘွဲ့နှင်းသဘင်ခန်းမကြီးမှစ၍ အဆောင်များ၊ စာသင်ခန်းများနှင့် ပင်မနယ်မြေရှိ အဆောက်အအုံအားလုံးကို လုပတောက်ပြောင်နေအောင် ဆေးအသစ် ပြန်လည်သုတ်ပေးထားသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးသည် ကမာရွတ်နယ်မြေတွင် စစ်ကြိုခေတ်က စတင်ဖွင့်လှစ်ချိန်ကဲ့သို့ပင် သစ်လွင်ထည်ဝါခဲ့ညားစွာ ဖြစ်ခဲ့ရသည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးတည်ဆောက် ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို အမြဲတမ်း မှတ်မှတ်ရရဖြစ်စေရန်နှင့် ကျောင်းသူကျောင်းသား ဆရာ ဆရာမများ အသုံးပြုနိုင် စေရန် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ အဆောက်အအုံကြီးကိုလည်း ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အုတ်မြစ်ချပေးခဲ့သည်။

ဤခေတ်မီခမ်းနားသော အဆောက်အအုံသစ်ကြီးသည် အလျားပေ ၁၈၀၊ အနံ ၁၅၆ပေ ကျယ်ဝန်းသော လေးထပ်အဆောက်အအုံကြီး ဖြစ်သည်။

စိန်ရတုသဘင်ခန်းမကြီး၏ မျက်နှာစာကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အပြီး တည်ဆောက်ခဲ့သည်။ ထိုနေ့၌ပင် အထိမ်းအမှတ်ကမ္ပည်း မော်ကွန်းကျောက်စာကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးကို ကျပ်သန်းပေါင်း (၂၅၀) ကုန်ကျခံပြီး တစ်နှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်မည်ဟု သိရှိရသည်။ ကမာရွတ်မြို့နယ် ပြည်လမ်းမကြီးပေါ်တွင် ခံ့ခံ့ညားညား ထွက်ပေါ်လာသော စိန်ရတုခန်းမ အဆောက်အအုံကြီး၏ ဘေးပတ်ဝန်းကျင်တွင် စိန်ရတုဥယျာဉ်ပန်းခြံကြီးကိုလည်း ကျောင်းသားကျောင်းသူ ဆရာ ဆရာမများ အနားယူအပန်းဖြေနိုင်စေရန် စတင်တည်ဆောက်ထားပြီး ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပြုလုပ်ကျင်းပ

သည်။ ထိုဆွမ်းကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသောဘိတ အမှူးပြုသည့် ဆရာတော်သံဃာတော် (၇၅) ပါးတို့ ကြွရောက်တော်မူပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တခေမာဝုစက ငါးပါးသီလချီးမြှင့်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဥက္ကဋ္ဌ၊ ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော် (၇၅) ပါးက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဆရာတော်နှင့်ဆရာ တော်သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း ပင်မဝင်ပေါက်ထိပ်၌ ရန်ကုန်တက္ကသိုလ်မုခ်ဦး ဆိုင်းဘုတ်သစ်ဖွင့်ပွဲကျင်းပရာ ထိုအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ်ပင်မမုခ်ဦး ဆိုင်းဘုတ်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲ

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမွည်းမော်ကွန်းတင်အခမ်းအနားကို နံနက် ၉ နာရီတွင် ပြုလုပ်ကျင်းပရာ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမွည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီးနောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲကို ပြုလုပ်ကျင်းပခဲ့သည်။ အတွင်းရေးမှူး(၁)က မိန့်ခွန်းပြောကြားပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က " ရန်ကုန်တက္ကသိုလ် နှစ်ဆယ့်ငါးနှစ်ခရီး အစီရင်ခံစာ" ကို တင်သွင်းသည်။

## အောင်မြင်ခမ်းနားသောရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်





၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(ပင်မ) နယ်မြေ၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ပရဝုဏ်၌ ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားတက္ကသိုလ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန် တက္ကသိုလ်စိန်ရတုသဘင်ကျင်းပရေးဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ပြခန်းများကို ဖွင့်လှစ်ပေးသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ကျင်းပပြီး ပဒေသာကပွဲကျင်းပရေးဆပ်ကော်မတီက တင်ဆက်သော ပဒေသာကပွဲကြီးကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နေ့မှ ၄ ရက်နေ့အထိ နေ့စဉ်ည (၆:၃၀) နာရီမှ ( ၁၀:၀၀ ) နာရီအထိ တင်ဆက်ကပြသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်း အမှတ်အဖြစ် နေ့ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ "မြကျွန်းသာမဂ္ဂဇင်း"၊ ကျောင်းဆောင်ကျောင်းသားဟောင်းများနှင့်မျိုးဆက်သစ်များတို့၏ "တောင်ငူဆောင်မဂ္ဂဇင်း "၊ "ပဲခူးဆောင်မဂ္ဂဇင်း"၊ "မန္တလေးဆောင်မဂ္ဂဇင်း"၊ "အင်းလျားဆောင်(ရွှေစင်)မဂ္ဂဇင်း " များထုတ်ဝေခဲ့ကြသည်။ ဆက်လက်ထုတ်မည့် မဂ္ဂဇင်းများလည်း ရှိကြောင်း သိရသည်။

ဤသို့ဖြင့် အေးချမ်းသာယာသော ဂုဏ်သိက္ခာ ထည်ဝါမြင့်မားသောရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက်စိန်ရတုသဘင်အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အမိရန်ကုန်တက္ကသိုလ်ကြီးသည် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ ထိထိရောက်ရောက်အထောက်အကူပြုနိုင်သည့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များ၊ ပညာရှင်များပေါ်ထွန်းရေးကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး ဆက်လက်ပျိုးထောင်သွားမည် သာဖြစ်ပါသတည်း။ ။

ဦးသော်ကောင်း၊ ဦးဝင်းမွန်

# သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာအကူအညီ

သဘာဝဘေးအန္တရာယ် (ဝါ) ဘေးအန္တရာယ်ဆိုး (Natural Disaster) ဆိုသည်မှာ လူ၏ပယောဂကြောင့် မဟုတ်ဘဲ လူ၏သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်၊ ပင်လယ်နှင့်မိုးတို့ ရုတ်တရက်ဖြစ်စေ၊ တဖြည်းဖြည်းဖြစ်စေအကြီးအကျယ် ပြောင်းလဲပျက်စီး သွားသဖြင့် လူအများ ဒုက္ခရောက်ရ၊ သေကြေကြ၍ အသက်အိုးအိမ် စည်းစိမ် ပျက်စီးရခြင်းကို ခေါ်သည်။ ဥပမာ– ရေကြီးခြင်း၊ လေပြင်းလှုပ်ခြင်း၊ တောင်ပြိုခြင်း၊ တောမီး လောင်ခြင်း၊ ဒီရေ တက်ခြင်း၊ မိုးသည်းထန်၍ရေလျှံခြင်းနှင့် မီးတောင် ပေါက်ကွဲခြင်း စသည်တို့ဖြစ်သည်။

အချို့သော ဘေးအန္တရာယ်ဆိုးများမှာမူ လူ၏ ပယောဂကြောင့် ဖြစ်ရသဖြင့် လူကြောင့်ဖြစ်သောဘေးအန္တရာယ်ဆိုးများ(Man-made Disasters)ဟုခေါ်၏။ ဥပမာ– စစ်မက်ဖြစ်ပွားခြင်း၊ လူနေရပ်ကွက်များပေါ် ဗုံးကြဲခြင်း၊ မြို့ရွာအိုးအိမ်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း စသည်တို့ဖြစ်သည်။ အဏုမြူဗုံးချခြင်းမှာမူ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုးများတွင်အဆိုးဆုံးဖြစ်၏။ လက်ရှိလူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးသည်သာမက သားစဉ်မြေးဆက် အဏုမြူရောင်ခြည်ဒဏ်ခံရ၍ဖြစ်၏။ ဥပမာ – ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့်နဂါးစကီးမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခြင်း၊ ယခင်ဆိုဗီယက်ရုရှားနိုင်ငံမှ ချာနိုဘယ်အဏုမြူစက်ရုံ (Chernobyl Nuclear Reactor) ပေါက်ကွဲခြင်းမှာမူ လူကြောင့်ဖြစ်သည်ဟု ပြော၍ သဘာဝဘေးအန္တရာယ်ဆိုးဟူ၍လည်း ပြော၍ရ၏။ အကြောင်းမူ အဏုမြူရောင်ခြည်မှာ စက်ရုံမှ သူ့အလိုလိုစိမ့်ထွက်၍ ဥရောပတိုက်တစ်ခုလုံးသို့ လေ၊ ရေ၊ မြေတို့မှ တဖြည်းဖြည်း ပျံ့နှံ့သွားသောကြောင့် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်ပွားပြီဆိုလျှင် ယင်းဒေသ သို့မဟုတ် ယင်းနိုင်ငံရှိလူအများမှာ အတိဒုက္ခရောက်ကြရ၏။ အသက်ဆုံးရှုံးမှုများရှိသလို အသက်မသေသူများမှာလည်း ထိခိုက်ဒဏ်ရာရသူရ၊ ရောဂါဖြစ်သူဖြစ်၊ အစာရေစာတော်မွတ်သူတော်မွတ်နှင့် ဒုက္ခမျိုးစုံရောက်ကြရ၏။ နှစ်ရှည်လများဖြစ်ပွားပါက လူများမှာ အာဟာရချို့တဲ့၊ ကိုယ်ကာယမဖွံ့ဖြိုး၊ လူမျိုးဦးရေကျဆင်း လျော့ပါးကာလူမျိုးပင်တုံးနိုင်ပေသည်။ ဥပမာ– အမေရိကမှ အသားနီတိုင်းရင်းသားများ (Red Indians)၊ ဩစတေးလျတိုက်မှ မူလတိုင်းရင်းသားများ ( Aborigines) နှင့် မြန်မာနိုင်ငံမှ ပျူလူမျိုး၊ တရုန် (Tarong )လူမျိုး စသည်တို့ဖြစ်သည်။

သို့ဖြစ်၍ စတင်ဖြစ်သည်မှ ပြီးဆုံးသည်အထိ ကြာရှည်သောအချိန်ကိုလိုက်၍ သဘာဝဘေးအန္တရာယ်ဆိုးများကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားထား၏။

(၁) အချိန်တိုအတွင်းဖြစ်သော ဘေးအန္တရာယ်ဆိုး–

အချိန်ကာလ ၆–လလောက်သာ ကြာသော ဘေးဒုက္ခဖြစ်၏။ ဥပမာ– လေပြင်းလှုပ်ခြင်း၊ မြေပြိုခြင်း။


(၂) မတိုမရှည်အချိန်ကာလ အတွင်း ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ အချိန်ကာလ ၆ လနှင့် တစ်နှစ်ကြား ကြာရှည်သော ဘေးဒုက္ခဆိုးများ ဖြစ်၏။ ဥပမာ–မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြို့ရွာအိုးအိမ်များ ရွှေ့ပြောင်းရခြင်း။

(၃) ရေရှည်ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ ပြီးဆုံးသည်အထိ တစ်နှစ်အထက်နှစ်ရှည်လများဘေးဒုက္ခဆိုးခံစားရခြင်းဖြစ်၏။ ဥပမာ–စစ်မက်ဖြစ်ပွားခြင်း၊ နိုင်ငံပျက်စီးခြင်း၊

ဤအတွက်ဒုတိယကမ္ဘာစစ်ကြောင့်ဥရောပနိုင်ငံများနှင့်အရှေ့တောင်အာရှနိုင်ငံများဘေးဒုက္ခဆိုးများကို ကြုံတွေ့ရသလို ဗီယက်နမ်စစ်ကြောင့် ဗီယက်နမ်နိုင်ငံမှာ ပြာပုံအတိ ဖြစ်ခဲ့ခြင်းတို့မှာသမိုင်းတွင်ရစ်၏။ ယခုကမ္ဘောဒီးယားနိုင်ငံနှင့်ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံစစ်မှာလည်း သိသာထင်ရှားသော ရေရှည်ဘေးအန္တရာယ်ဆိုးများဖြစ်၏။



၁၉၇၅ ခုနှစ်က မြေငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအလှအပများရှိရာ ပုဂံမြေ

## မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်ဆိုးများ

မြန်မာနိုင်ငံသည်ပထဝီဝင်အနေအထားအရအိန္ဒိယ တိုက်ငယ်နှင့်တရုတ်နိုင်ငံကြီးနှစ်ခုကြား၊ဘင်္ဂလားပင်လယ် အော်ထဲထိုးထွက်နေသောအင်ဒိုချိုင်းနားကျွန်းစွယ်၏အစိတ် အပိုင်းတစ်ခုဖြစ်ရာ ယင်းနိုင်ငံကြီးများတွင် ဖြစ်ပွား သော သဘာဝဘေးအန္တရာယ်ဆိုးများ၏ဒဏ်ကိုလည်း ခံရပြီး ဘင်္ဂလားပင်လယ်အော်ထဲကလာသောမုန်တိုင်းနှင့်ဒီရေတို့၏ ဒဏ်ကိုလည်းခံရပါသည်။ ဥပမာ–၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလက တိုက်ခတ်သော ဆိုက်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံတွင်လူငါးသိန်းသေဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူသုံးသိန်းသေဆုံးခဲ့ရာမြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်နယ်တို့၌လည်း ယင်းမုန်တိုင်းဒဏ်ကိုခံကြရ၍ အသက်အိုး အိမ်များစွာပျက်စီးခဲ့ပါသည်။ ထိုအတူ ၁၉၇၀ ပြည့်၊ ဇန်နဝါရီလက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ ငလျင် အကြီးအကျယ် လှုပ်ရာလူတစ်သောင်း ကျော် သေဆုံး ခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ရွာများမှာ ထိုငလျင် ဒဏ်ကို အဆစ်ခံခဲ့ကြ ရလေသည်။ ၁၉၇၅ခုနှစ်၊ ဇူလိုင်လ ၈ ရက်ကမူ ပုဂံငလျင်ကြောင့် ပုဂံရှိမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဘုရားပုထိုးအများ မြေခခဲ့ရလေ သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ရေယာအားဖြင့် ငယ်ပင်ငယ်သော်လည်း သဘာဝဘေးအန္တရာယ်ဆိုး များ နှင့်ကား မကင်းဟု ဆိုလိုရင်းဖြစ်ပေ၏။

မှန်ပါသည်။ ၁၉၇၉ ခုနှစ်တွင်ထုတ်ဝေသော ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာစာစောင်တစ်ခု၌ ဖော်ပြထားသည်မှာ လွန်ခဲ့သော ၁၅ နှစ်အတွင်း မြန်မာနိုင်ငံ၌သဘာဝဘေးအန္တရာယ်ပေါင်း ၅၈၇၈ ခု ကြုံတွေ့ခဲ့ရ၍ ၇၅ ရာခိုင်နှုန်းမှာမီးဘေးဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းမှာလေဘေးနှင့်ရေဘေးဖြစ် ၍ ကျန် ၅ ရာခိုင် နှုန်းမှာငလျင်ဒဏ်စသည်တို့ဖြစ်ကြောင်းဖတ်ရှုရပါသည်။ မီးဘေးမှာမြန်မာနိုင်ငံကိုနှစ်စဉ်ဒုက္ခပေးနေသောအန္တရာယ် ဆိုးကြီးဖြစ်၏။ မီးကြောင့်ဆုံးရှုံးမှုမှာတစ်နှစ်လျှင်သိန်း ၅၀၀ အထက်ရှိသည်ဟု ခန့်မှန်းကြပါသည်။ မုံရွာမီး၊ မန္တလေးမီး၊ မိတ္ထီလာမီးနှင့်ပဲခူးမီးတို့မှာမြို့လုံး ကျွတ်လို လောင်သောမီးကြီး များဖြစ်၍ သမိုင်းဝင်မီးများဖြစ်ပါသည်။

ရေဘေးမှာလည်းကြီးလှ၏။ ၁၉၃၉ ခုနှစ်ကမုံရွာ တစ်မြို့လုံးလိုရေလွှမ်းခံခဲ့ရပါသည်။ အင်္ဂလိပ် အစိုးရက မြို့ပတ်တာကာမပြီးမချင်း ဟသ်ာတမြို့မှာ နှစ်တိုင်း ရေလျှံခံခဲ့ရ၏။ ယခုတိုင်တာရိုးမရှိသေးသောရေဝတီမြစ်၊ ချင်းတွင်းနှင့်စစ်တောင်းမြစ်ကမ်းဘေးရှိ မြို့ရွာများမှာ မိုးရာသီ၌ အမြဲမြစ်ရေလျှံမှုဒဏ်ကို ခံကြရပါသည်။ ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်ရေဝတီမြစ်ရေလျှံရာ အမရပူရမြို့ရေလွှမ်းခံရသည်ဟု ဖတ်ရဖူး၏။ ထိုမြစ်ရေ တက်ခြင်းကို ကျစေရန်ဘိုးတော်ဘုရားက စားပြသော်လည်း ရေမကျ၍ အမတ်ကြီးဦးပေါ်ဦးမှာ ရေတက်သည်မှာ စားဒဏ်ကြောင့်ရောင်ရမ်းခြင်းဖြစ်ပါသည်ဟု လျှောက်ထား ကြောင်းသိရပါသည်။ သိပ္ပံနည်းမကျ၊ ရှေးဦးစဉ်လာ ရယ်စရာဝလေ့ဖြစ်ပါ၏။ ရေလျှံ ခြင်း ကြောင့် မြို့ရွာများ ပျက်စီးလျှင်ဆုံးရှုံးမှုမှာအလွန် များပါသည်။ ဥပမာ–၁၉၇၄ ခုနှစ်က မြစ်ရေလျှံခြင်းကြောင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်း နှင့် မြို့နယ် ၁၃၃ ခုတွင်လူ ၁၃ သိန်းကျော် ထိခိုက်၍ ၁၀၄ ဦးသေဆုံးခဲ့ကြောင်း၊ ကျွဲနွားကောင်ရေ ၄၀၇၃ ကောင်ပျက်စီးကြောင်း၊ စပါးသီးနှံ စိုက်ကေ ၉၃၄၃၃၆ ကေ ပျက်စီးကြောင်းသိရပါသည်။

မြန်မာနိုင်ငံမှာ မုန်တိုင်းဒဏ်ကိုအိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လောက်မခံရသော်လည်းတစ်ခါ တစ်ခါခံရပါက အလွန်ပင်အထိနာပါသည်။ ၁၉၇၅ ခုနှစ်က ရေဝတီတိုင်း မုန်တိုင်းဒဏ်ကြောင့် ၂၆ မြို့နယ်ရှိ ကျေးရွာ ပေါင်း ၇၈၉၀ ၊ အိမ်ထောင်စုပေါင်း ၁၃၂၉၂၇ ထိခိုက်၍ လူပေါင်း ၃၀၃ ဦးသေဆုံးခဲ့ရ၏။ ငွေကြေးပမာဏအားဖြင့် ၁၉ ကုဋေဖိုး ပျက်စီးခဲ့ပါသည်။

အထက်ပါအချက်များကိုကြည့်လျှင်မြန်မာနိုင်ငံ၌ ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ်ဆိုးများမှာ–

(၁) မီးဘေး
(၂) ရေဘေး
(၃) လေဘေး
(၄) မြေငလျင်ဘေး
(၅) မိုးခေါင်ရေရှား၍တော်မွတ်သည့်ဘေး
(၆) မြို့ရွာရွှေ့ပြောင်းပျက်စီးရခြင်းဘေး
(၇) စစ်မက်ဘေးနှင့်
(၈) အခြားသော ဘေးများဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများ၏ ကြောက်မက်ဖွယ်ကောင်းပုံ

သဘာဝဘေးအန္တရာယ်များမှာ မကြုံဖူးသူများ အဖို့ ကြောက်မက်ဖွယ်မရှိ၊ ကြုံဖူးသူများအဖို့မူ အလွန်ပင် ကြောက်ဖွယ်ကောင်းလှပါသည်။ ဤသို့ ကြောက်မက် ဖွယ်ကောင်းပုံကို အခြားရှည်ရှည်ဝေးဝေးကြည့်ရန် မလိုပါ။

ယခု ၁၉၉၅ ခုနှစ်အတွင်းလှုပ်ခဲ့သော ငလျင်ကြောင့် ဂျပန်နိုင်ငံ ကိုဘေးမြို့ကြီးမှာ မည်မျှပျက်စီး၍သေကျေဆုံးရှုံးမှု ရှိပါသနည်း။ လူ ၄၈၀၀ ကျော်သေဆုံး၍ အမေရိကန် ဒေါ်လာ သန်းပေါင်းသုံးသောင်းကျော်ဖိုးမျှပျက်စီးခဲ့သည်ဟု သိရပါသည်။ ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၂၅ နှစ်အတွင်း လှုပ်ခဲ့သောငလျင်ကြီးများနှင့် လူသေကျေမှု၊ ပျက်စီးဆုံးရှုံးမှု မှာ အောက်ပါအတိုင်းဖြစ်၏။

| အမှတ်စဉ် | ခုနှစ် | ငလျင်လှုပ်ရာဒေသ | ငလျင်အား | လူသေမှု | ပျက်စီးမှုဒေါ်လာသန်း |
|---|---|---|---|---|---|
| ၁။ | ၁၉၉၅ | ကိုဘေး၊ ဂျပန် | ၇.၂ | ၄၈၀၀+ | ၃၀၀၀၀+ |
| ၂။ | ၁၉၉၄ | ကာလီဖိုးနီးယား၊ အမေရိကန် | ၆.၈ | ၆၁ | ၂၀၀၀၀ |
| ၃။ | ၁၉၉၃ | မဟာရဋ္ဌရ၊ အိန္ဒိယ | ၆.၄ | ၃၀၀၀၀ | ၂၈၀ |
| ၄။ | ၁၉၉၀ | လူဇုံ၊ ဖိလစ်ပိုင် | ၇.၇ | ၁၆၂၁ | ၂၀၀၀ |
| ၅။ | ၁၉၉၀ | အနောက်မြောက် အီရန် | ၇.၇ | ၄၀၀၀၀ | ၇၀၀၀ |
| ၆။ | ၁၉၈၉ | ဆန်ဖရန်စစ္စကို၊ အမေရိကန် | ၆.၉ | ၆၂ | ၆၀၀၀ |
| ၇။ | ၁၉၈၈ | အနောက်မြောက် အာမေနီးယား | ၆.၈ | ၅၅၀၀၀ | ၁၄၀၀၀ |
| ၈။ | ၁၉၈၅ | မက်စီကိုမြို့တော် | ၈.၁ | ၄၂၀၀ | ၄၀၀၀ |
| ၉။ | ၁၉၇၆ | တန်ရှန်၊တရုတ်နိုင်ငံ | ၈.၂ | ၂၄၂၀၀၀ | ၅၆၀၀ |
| ၁၀။ | ၁၉၇၀ | ပီရူးမြောက်ပိုင်း | ၇.၇ | ၆၆၇၉၄ | ၅၀၀ |

မြန်မာနိုင်ငံ၌ သက်ရှိမီးတောင်မရှိသော်လည်း ပုပ္ပားတောင်မှာ တစ်ခါက မီးတောင်တစ်ခုဖြစ်ခဲ့ဖူးကြောင်း သိရသည်။ သို့ဖြစ်၍ ဤသေနေသောမီးတောင်မှာ ပြန်ရှင်လာပါက ကြောက်စရာကောင်း၏။ အကြောင်းမူ ၁၉၉၁ ခုနှစ်အတွင်းက ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ သေနေသော မီးတောင်များ ပြန်လည်အသက်ဝင်၍ ချော်ရည်များ မှုတ်ထုတ်ရာ မြို့ရွာများပျက်စီးပြီး လူအသေအကျေရှိခဲ့သောကြောင့် ဖြစ်၏။ ရှေးခေါ်မခေတ်က ထရွိုင်းမြို့သည် မီးတောင်ပေါက်ကွဲမှုကြောင့် မြေအောက် ရောက်ခဲ့ရသည် မဟုတ်ပါလော။

စစ်ဘေးဒဏ်ကြောင့် မြို့ရွာများပျက်စီး၊ နိုင်ငံများ ကြေမွ၊ လူများသေဆုံးရသည်ကိုမူအထူး ပြောစရာ မလိုတော့ပေ။ မြန်မာနိုင်ငံမှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ဒဏ်ကိုအကြီးအကျယ်ခံရ၍ပြာပုံဘဝရောက်ခဲ့ရ၏။ ၁၉၄၈ ခုနှစ်မှယနေ့အထိပြည်တွင်းစစ်ဒဏ် ခံရသဖြင့်လည်းမြို့ရွာတွေပျက်၊ လူတွေသေ၊ စီးပွားရေး တိုးတက်မှု နှေးကွေးဖြစ်နေရလေသည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မြန်မာနိုင်ငံသည်လူပေါင်း သုံးသန်းသေ၍ ကျေးရွာပေါင်းသုံးသောင်းကျော် ပျက်စီးပြီး တန်ဖိုးအားဖြင့် ကျပ် ကုဋေပေါင်းငါးထောင်ကျော်ဖိုး ပျက်စီးခဲ့ရသည်ဟု ၁၉၅၅ ခုနှစ်လောက်က ထုတ်ပြန်သော စာတမ်းတစ်စောင်ကို ဖတ်ရဖူးပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများကို မည်သို့ရင်ဆိုင်မည်နည်း

မည်သည့်သဘာဝဘေးအန္တရာယ်ဖြစ်စေ၊မဖြစ်မီက ကြိုတင်ကာကွယ်နိုင်လျှင်အကောင်းဆုံးဖြစ်၏။ ကြိုတင် မကာကွယ်နိုင်ပါက ဖြစ်ပွားလျှင်အသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုနည်းပါးနိုင်သမျှနည်းပါး အောင် ပြုလုပ်ရန်နှင့် ဖြစ်ပြီးပါက မြို့ရွာနှင့်လူသူ ကျွဲနွားတိရစ္ဆာန်နှင့် စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးရန် အရေးကြီး၏။

မှန်၏။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ယေဘုယျပြော၍ ရမည် ထင်ပါသည်။

(၁) မီးဘေးကာကွယ်ရေးများ-


မီးမလောင်သောပစ္စည်းများဖြင့်တိုက်တာအိုးအိမ်များကိုစနစ်တကျတည်ဆောက်သင့်သလို မီးသတ်နှင့် ပြည်သူလူထုပူးပေါင်း၍ မီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၂) ရေဘေးကာကွယ်ရေး-

မြစ်ချောင်းအင်းအိုင်ဘေးများရှိ မြို့ရွာများကိုမြေမြင့်ရာတွင်တည်ထောင်၍ ရေတားသည့်တမံ၊ ကတုတ်နှင့် ရေလွှဲများဆောက်တည်ခြင်း၊ ရေကြီးသည့်အခါ ရေကင်းများလှည့်ခြင်း၊ မြို့ရွာထဲရေမဝင်အောင် ဆောင်ရွက်မှုအားလုံးကို ပြည်သူလူထုနှင့်အတူ တပ်မတော်အပါအဝင် မြို့ရွာစီမံရေး၊ အုပ်ချုပ်ရေးပိုင်းမှ ပူးပေါင်းဆောင်ရွက်ရန်။

(၃) လေဘေးကာကွယ်ရေး

မုန်တိုင်းကျတတ်သောရပ်ရွာများ၌ မုန်တိုင်းဒဏ်ခံကွန်ကရိ၊ သံတို့ဖြင့် အဆောက်အအုံများကို



ရေရှည်သဘာဝအန္တရာယ်(စစ်ဒဏ်)ကြောင့် လူများ သေကျေပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ မြင်ကွင်း

ဆောက်လုပ်ခြင်းနှင့် ဒီရေတက်ရာအရပ်များ၌ ဒီရေမှ ဝေးရာနှင့် တက်ရေထက်မြင့်သည့်အရပ်များတွင် အိမ်နှင့်ကျွဲနွားတိရစ္ဆာန်များထားနိုင်အောင်စီစဉ်ခြင်း၊ မုန်တိုင်းဒဏ်ကို မိုးလေဝသဌာနနှင့်အခြားပြည်သူ့ဝန်ထမ်း ဌာနများမှကြိုတင်သတိပေးခြင်း၊ လိုအပ်ပါက ရွှေ့ပြောင်း ပေးခြင်းများ ဆောင်ရွက်ရန်။

(၄) မြေလျှောင်ဘေးကာကွယ်ရေး–

လျှောင် လှုပ်မလှုပ်ကို ကြိုတင်ခန့်မှန်းသတိပေးနိုင် အောင်ဆောင်ရွက်ရန်နှင့် လျှောင်လှုပ်လျှင် လျှောင်ဒဏ်ခံနိုင်သောအဆောက်အအုံများ ဆောက်လုပ်နေထိုင်ရန်၊ လျှောင်လှုပ်လျှင် လူများဘာလုပ် ရမည်၊ ဘယ်လိုနေရမည်ဆိုသည်ကို ကြိုတင်ပညာ ပေးထားရန်။

(၅) မြေပြိုသည့်ဘေးကာကွယ်ရေး–

လူနေမြို့ရွာများကို မြေပြိုတတ်သောနေရာများ၌ မတည်ထောင်ရန်နှင့် မြေပြိုခြင်းကိုကြိုတင်သိနိုင် အောင် ဆောင်ရွက်၍ သတိပေးရန်။

(၆) မီးတောင်ပေါက်ကွဲမှုဘေးဒဏ်ကာကွယ်ရေး–

လောလောဆယ်မြန်မာနိုင်ငံအတွက်မလိုပါ။ သို့သော်ပုပ္ပားတောင်ပြန်လည်အသက်ဝင်နိုင်၊ မဝင်နိုင် သိပ္ပံနည်းကျစူးစမ်းရန်။

(၇) စစ်မက်ဘေးဒဏ်ကာကွယ်ရေး–

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုပြီးဆုံး အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ပြည်ပမည်သည့် နိုင်ငံနှင့်မျှစစ်မဖြစ်ရန်ဆောင်ရွက်ရပါမည်။ကမ္ဘာ့ ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ရပါမည်။ ပြည်သူလူထုအတွင်း စစ်သွေးစစ်မာန်မထ ကြွအောင် ပညာပေးဆောင်ရွက်ရန် လိုအပ်သလို အာဏာရှင်စနစ်နှင့်ဖက်ဆစ်စနစ်များ ပြန်လည် ခေါင်းမထောင်လာရန်လည်း ဆောင်ရွက်ရန်လို အပ်သည်။

## သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာ၏ကဏ္ဍ

ဆေးပညာရှင်ဆရာဝန်များနှင့်အခြားကျန်းမာရေး ဝန်ထမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုခု၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ကုသရေးများကို ဆောင်ရွက်ရန်လိုအပ်သလိုသဘာဝဘေးအန္တရာယ်များကိုတတ်နိုင်သလောက်ကြိုတင်ကာကွယ် ပညာပေးရန်လည်း အရေးကြီး၏။ သဘာဝဘေးအန္တရာယ်ကြောင့် အိုနာကျိုးကန်းမသန်မစွမ်းဖြစ်ရသူများကိုလည်း လူကောင်း လိုဖြစ်အောင်ပြန်လည်ပြုစုကုသ ပေးရန် လည်း တာဝန်ရှိပေသည်။ သို့ဖြစ်၍သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက် ၍ ဆေးပညာရှင်နှင့် ကျန်းမာရေး ဝန်ထမ်းများ၏ကဏ္ဍကို အောက်ပါအတိုင်းခွဲခြား၍ပြောနိုင်ပါသည်။

(၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

(၂) ဖြစ်ပွားချိန်တွင်ကယ်ဆယ်ကုသခြင်း

(၃) ဖြစ်ပွားပြီးနောက်ပြန်လည်ထူထောင်ခြင်း

### (၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

မီးဘေး၊ လေဘေး၊ ရေဘေးကာကွယ်ရန်အတွက် လိုအပ်သလို မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်ရောဂါကင်း၍ သန့်ရှင်းသောသုံးရေ ၊ သောက်ရေဖူလုံရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေး ကိုပညာပေး၍တစ်ဖုံ၊ လက်တွေ့ကွင်းဆင်းဆောင် ရွက်၍တစ်နည်းပြုလုပ်ကြရပါမည်။ ကာလဝမ်းရောဂါ နှင့် အခြားကူးစက် ရောဂါများ ကာကွယ်ရေး အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ပတ်ဝန်းကျင် သန့်ရှင်းရေး တို့ကို ဆောင်ရွက်ရမည်ဖြစ်သလို လိုအပ်ပါက ကာကွယ်ဆေးများ ထိုးနှံပေးရမည်။ သဘာဝ အန္တရာယ်တကယ်ဖြစ်လာပါက အကူအညီကို အချိန်မီနှင့်အလုံအလောက်ရရန် အခြားအသင်း အပင်းများ ( ဥပမာ – ပြည်တွင်းကြက်ခြေနီ၊ နိုင်ငံတကာ ကြက်ခြေနီနှင့်ကမ္ဘာ့ကျန်းမာရေး အဖွဲ့) စသည်တို့နှင့် ဆက်သွယ်ထားရပါမည်။ ၎င်း အဖွဲ့အစည်းများထံမှ အကြံဉာဏ်လည်း ကြိုယူရန် လိုက ယူရပါမည်။

### (၂) ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသခြင်း

သဘာဝဘေးအန္တရာယ် ကျရောက်ချိန်၌ ထိခိုက်ဒဏ်ရာရသူများကို မကုသမီ အလိုအပ်ဆုံးအရာမှာ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိအောင် အားပေးခြင်း၊ နှစ်သိမ့်ခြင်းဖြစ်၏။ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ကပျာကယာ၊ ထိတ်လန့်နေလျှင် လူနာများနှင့် ရိုးရိုးလူ များမှာ ဆိုစရာမရှိတော့ပေ။ သို့ဖြစ်၍ ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသမှု၌ အောက်ပါတို့ အတိုင်း ဆောင်ရွက် အပ်သည်။



ပြင်သစ်နိုင်ငံ ပါရီမြို့ ရေလွှမ်းမိုးမှုခံရစဉ်

(က) ထိခိုက်ဒဏ်ရာရသူများကို အားပေးခြင်း၊
(ခ) တိုက်တာအပျက်အစီးများကြား၌ ပိနေ၊ သူများကိုရှာဖွေထုတ်ယူကယ်ဆယ်ခြင်း
(ဂ) လူနာများကိုယ်တိုင်အသက်ရှင်နေထိုင်နိုင်အောင် မိမိဘာသာ ဆောင်ရွက်စေခြင်း၊
(ဃ) လူနာများကို ရှေးဦးစွာ ပြုစုကုသခြင်း၊
(င) ဆေးရုံတင်ရန် လိုအပ်သူများကို ဆေးရုံသို့ ပို့ဆောင်ခြင်း၊
(စ) ဆေးရုံ၌ လူနာများကို ဦးစားပေးအဆင့်ခွဲ၍ ခွဲစိတ်ကုသခြင်း၊

အထက်ပါအတိုင်း ဆောင်ရွက်ရန်အတွက် အရေးပေါ် ကျန်းမာရေးစီမံချက်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင် ဖွဲ့စည်းဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်တိုင်းအတွက် တာဝန်အတိအကျခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ရှင်းလင်းမှန်ကန်တိကျခြင်း ရှိရန်လည်း ဆောင်ရွက်ထားရပေမည်။

(၃) ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်း

သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းချည်း ဆောင်ရွက်၍ မရပေ။ အစိုးရနှင့် အုပ်ချုပ်ရေး တာဝန်ခံများ၊ စီးပွားရေးပညာရှင်နှင့် မြို့ရွာစည်ပင် ရေးဌာနဝန်ထမ်းများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ပုံစံအားဖြင့် မြို့တစ်မြို့တွင် ငလျင်လှုပ်၍ တိုက်တာအိုးအိမ်များပြိုကျ၊ ဈေးများလုပ်ငန်းများပျက်၊ လယ်များပျက်စီးလျှင် ပထမလိုအပ်သည်မှာ အပျက်အစီးများကို အမြန်ရှင်းလင်းပစ်ရန် ဖြစ်၏။ ပြီးလျှင် လူများနေထိုင်ရန် အဆောက်အအုံများကို ပြန်လည်ဆောက်ပေးရမည်။ တိရစ္ဆာန်များထားရန်အတွက် နေရာနှင့် စားကျက်များလည်း တီထွင်ပေးရမည်ဖြစ်၏။ လယ်များကို ပြန်လည်ပြုပြင် ပေးရန် လိုသလို စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရန်လည်းလို၏။ ဤအတွက် ငွေကြေးအကူအညီ

လိုရာ အစိုးရဘက်နှင့် ကမ္ဘာ့ဘက်စသည်တို့က ငွေချေးပေးရန် (သို့မဟုတ်) ကူညီရန် အပ် လိုပေသည်။

ပြီးမှ ထိခိုက်ဒဏ်ရာရသူများအတွက် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကို ဆောင်ရွက်ပေးရမည်ဖြစ်၏။ မျက်မှန်နှင့် ခြေတု၊ လက်တုတပ်ပေးရန်၊ ကူးစက်ရောဂါမရရန် ကာကွယ်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရန် တို့ကိုလည်း ဆောင်ရွက် ပေးရန် လိုအပ်ပေသည်။ ဤအတွက် ရေတို၊ ရေရှည် ကျန်းမာရေး စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်ပေးရမည်ဖြစ်၏။

လုပ်ဆောင်အပ်သော ကျန်းမာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

## (က) ကူးစက်ရောဂါ ကာကွယ်ရေး

မသန့်ရှင်းသောရေ သောက်သုံးမှုကြောင့် ကာလဝမ်း နှင့် ဝမ်းဖောဝမ်းရောင်ရောဂါမျိုးစုံ ဖြစ်ပွားနိုင်သည်။ ခြင်ကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားနိုင်သည်။ လူဦးရေထူထပ်မှုနှင့် အစာအာဟာရချို့တဲ့မှုကြောင့် တီဘီရောဂါများ ပြန့်ပွားနိုင်သည်။ ယင်းတို့ကို လိုအပ်သလို ကာကွယ်ပေး၊ ကုသပေးရမည်။ ပညာပေးခြင်းကိုလည်း ပြုလုပ်ရမည်။ ဝဲရောဂါ၊ နှင်းခူရောဂါနှင့် အနာစက်စသော အရေပြားရောဂါများ ကာကွယ်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး ရရှိအောင် ဆောင်ရွက်အပ်သလို ကုသမှုကိုလည်း တစ်ပြိုင်နက်ပြုလုပ်ပေးရပေမည်။ ကလေးများအတွက် လိုအပ်သော ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ သူငယ်နာ အကြောသေ၊ ဗိုင်းရပ်(စ) အသည်းရောင်ရောဂါ စသည့် ကာကွယ်ဆေးများ ထိုးပေးရပါမည်။

ရေကြီးသောအရပ်များ၌ မြွေအန္တရာယ် ရှိရာ မြွေကာကွယ်ရေးနှင့် ကုသရေးကို ဆောင်ရွက်ပေးရမည် ဖြစ်၏။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နစ်စဉ်ရေကြီးတတ်ပြီး မြွေများသည် အိမ်ခေါင်မိုးပေါ် ထိတက်လာကာလူများကို ကိုက်လေ့ရှိ၏။ သို့ဖြင့် လူအများ မြွေကိုက်၍ သေဆုံးကြရ၏။ ဤအချက်ကို ကယ်ဆယ်ရေးလုပ်သားနှင့် ကျန်းမာရေးဝန်ထမ်းများ သတိချပ်ကြရပါမည်။


## (ခ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေး

မုန်တိုင်းကျလျှင်ဖြစ်စေ၊ ရေကြီးလျှင်ဖြစ်စေ ရေတွင်းနှင့်ရေကန်ရှိ ရေများမှာ မသန့်ရှင်းတော့။ သို့ဖြစ်၍ သန့်ရှင်းသောသောက်သုံးရေ ကောင်းကောင်းရရန်လို၏။ ဤအတွက်အဝေးမှ ရေသယ်ပေးနိုင်သလို အနီးတွင်ရှိသောရေကို ပိုးသတ်ဆေးထည့်၍ ပေးရန်လို၏။ အလွယ်ဆုံးနည်းမှာ အရောင်ချွတ်ဆေး(Bleaching Powder)ကို ရေထဲတွင် အပုံ ၁ သန်းတွင် ၁ ပုံ ( One Part Per Million, 1 PPM ) ပါအောင် ထည့်ပေးရန် ဖြစ်၏။ ရေဂါလန် ၁၀၀၀ တွင် အရောင်ချွတ် ဆေးမှုန့် ၁ အောင်စထည့်ပါက ရပါသည်။ သောက်ရေအတွက်မူ သီးခြားလှောင်ရေ (Stock Solution ) ဖျော်၍ ရ၏။ လှောင်ရေ အဖြစ် ရေတစ်ပိုင့်တွင် ဆေးမှုန့် ဇွန်းကြီး ၂½ ဇွန်း (၃၀–ဂရမ်) ထည့်ဖျော် ပြီး ဤအရည် ကို ရေနှင့်စပ်၍ သောက် ရ၏။ ရေ ၁၀ ဂါလန်ကို လှောင်ရေဆေးရည် လက်ဖက်ရည် ဇွန်း ၁ ဇွန်း သာ ရောသောက်ရပါသည်။

အရောင်ချွတ်ဆေးမရှိသော အရပ်များ၌ ရေကို ကျိုချက်၍ သောက်စေရပါမည်။ အချို့သော နေရာများ၌ ပိုတက်စီယံပါမက်ဂနိတ် ( Potassium Permanganate ) ဆေးပြားများကို ရေမှာထည့်၍သုံးပါက ရပါသည်။ အခြားပိုးသတ်ဆေးများလည်း ရှိပါသည်။

## (ဂ) ပတ်ဝန်းကျင် သန့်ရှင်းရေး

သဘာဝဘေးအန္တရာယ်ခံရသော အရပ်များ၌ လူသေ၊ ခွေးသေစသော အသေ ကောင်များကိုကောင်းစွာမြှုပ်နှံ သို့မဟုတ် မီးရှို့ ပစ်ရန် လိုအပ်သကဲ့သို့ အညစ်အကြေး စွန့်ရန်အတွက် ယင်လုံအိမ်သာများလည်း လိုအပ်၏။ အစားအစာများကို ယင်မအုံ ရန်နှင့် စားကြွင်းစားကျန်များကို ယင်နှင့်ကြွက်များမစား စေရန် လည်း ဆောင်ရွက်ပေးရမည်။ လူဦးရေ



မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်နှင့် ပြာမှုထဲ၌ သေဆုံးသွားသော သတ္တဝါများ၏ အရိုးစုများကို သိပ္ပံပညာရှင်များ လေ့လာနေပုံ

သိပ်များပါက ကျွင်းအိမ်သာ များကို ယာယီ အသုံးပြုနိုင်ရန် ပြုလုပ်ပေးနိုင် ပါ၏။

**(ဃ) အာဟာရပြည့်ဝသော အစာရရှိရေး**

သဘာဝဘေးအန္တရာယ် ခံစားရသော လူများကို အသက်ရှင်စေရန်နှင့် ရောဂါ မဖြစ်စေရန်အတွက် အာဟာရပြည့်ဝသော၊ သန့်ရှင်းသောအာဟာရများရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်၏။ တစ်ဦးချင်းတစ်ရက်အတွက်လိုအပ်ချက်မှာအောက်ပါ အတိုင်း ဖြစ်၏။

**(၁) အပူချိန်ကယ်လိုရီ**

၁ မှ ၁၅ နှစ် ------၁၅၀၀ ကယ်လိုရီ
၁၅ မှ ၄၀ နှစ်------၂၀၀၀ ကယ်လိုရီ
အသက် ၄၀ အထက်–၁၅၀၀ ကယ်လိုရီ
အထက်ပါကယ်လိုရီကို အဆီမှ ၄ ပုံ ၁ ပုံ၊ အသားမှ ၆ ပုံ ၁ ပုံနှင့် ကစီ (ဝါ) ကာဗိုဟိုက်ဒရိတ်မှ ကျန်ကယ်လိုရီများ ရရမည်ဖြစ်၏။

**(၂) အသားဓာတ်**

ဘေးအန္တရာယ်ခံရသူများမှာအသားဓာတ် အထူးလိုအပ်၏။ နွားနို့၊ ဟင်းသီးဟင်းရွက်နှင့်ကြက်ဥတို့မှရနိုင်သလို အခြား အမဲသား၊ ငါးများမှ ရအောင်လည်းဆောင်ရွက်ပေးရမည်။ အနည်းဆုံး လူတစ်ယောက်သည်တစ်နေ့လျှင် အသားဓာတ် ၃ ကျပ်သား ခန့် စားနိုင်ရမည်။ ဖြစ်နိုင်ပါက ၆ ကျပ်သားစားရမည်။

**(၃) ဗိုက်တာမင် လိုအပ်သူ**

ဘေးအန္တရာယ် ထိခိုက်သူများသည် အခြားသူများလိုပင် ဗိုက်တာမင် အလုံအလောက်ရရန် လိုအပ်၏။ အထူးသဖြင့်ဗိုက်တာ မင်ဘီကွန် ပလက်နှင့် ဗိုက်တာမင်စီများ လိုအပ်၏။ ဤသည်ကိုဗိုက်တာမင် ဆေးပြားများအဖြစ်ဖြစ်စေ၊ သစ်သီး ဝလံများမှဖြစ်စေ ပေးနိုင်၏။ ကလေးများမှာ ဗိုက်တာမင် အေ နှင့်ဒီ ပိုလိုအပ် ၏။ ဆေးပြား အဖြစ် လည်းကောင်း၊ ငါးကြီးဆီ အဖြစ်လည်းကောင်း ပေးနိုင်ပေသည်။

(၄) ထင်းနှင့် လောင်စာဆီ လိုအပ်မှု

အစားအစာများကို ချက်ပြုတ်စားရန်အတွက် ထင်းနှင့်လောင်စာဆီများ လိုအပ်၏။ အိမ်ထောင်စုတစ်စုသည် တစ်ပတ်လျှင် ထင်း ၃၅ ကီလိုဂရမ် သို့မဟုတ် မီးသွေး ၂၃ ကီလိုဂရမ် သို့မဟုတ် ရေနံဆီ ၅ လီတာ (၆ ဂါလန်ခွဲ) လိုအပ်၏။

(၅) အခြား လိုအပ်ချက်များ

နွေးထွေးစွာ နေနိုင်ရန် အဝတ်အစားနှင့်ခြေအိတ်၊ လက်အိတ်၊ ဖိနပ်များ လိုအပ်သလို စောင်၊ ခြင်ထောင်စသည်တို့လည်း လိုအပ်၏။

## နိုင်ငံတကာအကူအညီနှင့် မိမိဘာသာအားကိုးမှု

(၁) တရုတ်ပြည်၊ ရှန်ဇီပြည်နယ် (Shanxi) ရှိ ရန်ပေခရိုင်နယ်( Yanbei Prefecture)သည် ၁၉၈၉ ခု၊ အောက်တိုဘာလ ၁၈ ရက်က ၅.၇ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ခံရ၍ အဆောက်အအုံ ၃၀၀၀၀ ပြိုကျ၍ အိုးအိမ်ပေါင်း ၁၇၀၀၀၀ ကျော် ပျက်စီးခဲ့၏။ လူ ၁၇ ယောက်သေပြီး ကျွဲနွား ၁၁၀၀၀ ပျက်စီးခဲ့၏။ လူ ၁၄၅ ယောက် ဒဏ်ရာရကာ လူဦးရေ ၁၂၀၀၀၀ အိုးအိမ်မဲ့ ဖြစ်ခဲ့၏။နောက်တစ်နှစ်ကျော်အကြာ ၁၉၉၁ ခု၌ မိသားစုတိုင်း အိမ်သို့မဟုတ် အိမ်ခန်းပိုင် ဖြစ်လာ၏။ စက်ရုံ ၂၀နှင့် အုတ်ဖုတ်စက် ၁၇ ခု အသစ်တည်ဆောက်ပေး၍ လူတိုင်း အလုပ်ရကြ၏။ အများပြည်သူ အသုံးပြုရန် အိမ်ပေါင်း ၃၉၀၀၀ လုံး ပြင်ဆင်တည်ဆောက်ပေးပြီး ပြည်သူပိုင် အဆောက်အအုံ ၂၂၀၀ ကိုလည်း ဆောက်လုပ် ပေးခဲ့၏။ ကျောင်း၊ တံတားနှင့်လမ်း များကိုလည်း အသစ်ဆောက်ပေးခဲ့၏။ ဤသို့ပြုလုပ်ပေးနိုင်သည်မှာ အခြားကြောင့်မဟုတ်။ တရုတ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့၏ ကူညီပံ့ပိုးမှုကြောင့် ဖြစ်ပေ၏။

(၂) ၁၉၉၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်၍ ရေကြီးရာ လခြမ်းနီအသင်း (Red Crescent) က ဌာနေလူ ၃၀၀၀၀ ကို စည်းရုံး၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့၏။ ယခင်တစ်ခါက ထိုသို့ ဆိုင်ကလုံးမုန်တိုင်းမိ၍ ရေကြီးရာ လူ ၁၃၁၀၀၀ သေဆုံးခဲ့ရသည်။

(၃) ၁၉၉၃ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အပိုင် မဟာရဋ္ဌရ ပြည်နယ်၌ ငလျင်လှုပ်ရာ လူများ (၂၈၀၀) ကျော် သေဆုံးခဲ့၏။ ဤအတွက် ကမ္ဘာ့ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အကူအညီပေးရန် ကမ်းလှမ်းခဲ့၏။ သို့သော် အိန္ဒိယအစိုးရသည် မိမိကိုယ်ကို မိမိအားကိုးကာ အိန္ဒိယတပ်မတော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ရန်တာဝန်ပေးခဲ့၏။ ဤတွင် တပ်မတော်သား ၈၀၀၀ သည် ရွက်ထည်တဲ ၁၂၀၀ကိုဆောက်၊ ရွှေ့လျားဆေးရုံ သုံးရုံကို တည်ထောင်ပေးပြီး၊ အလောင်း ၉၀၀၀ ကို ရှင်းပေးခဲ့၏။ ဒုက္ခခံရသူလူတစ်သိန်းကျော်ကို ကာလဝမ်းနှင့် တိုက်ဖွိုက်ရောဂါဖြစ်ပွားမှု ဘေးဒဏ်မှလည်း ကာကွယ်ပေးခဲ့သည်။

(၄) ယခု ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဂျပန်နိုင်ငံ၊ ကိုဘေးမြို့တွင် ဖြစ်ပွားသော ငလျင်လှုပ်မှုကြီး၌ တစ်မြို့လုံး ပျက်စီး၍ လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရာ ကမ္ဘာ့နိုင်ငံအများက ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့် အကူအညီပေးရန် ကမ်းလှမ်းစာများ ဂျပန်ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့၏။ သို့သော် ဂျပန်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာကိုသာ လက်ခံပြီး ငွေကြေးပစ္စည်းအကူအညီကို လက်မခံခဲ့ပေ။ ဂျပန်နိုင်ငံသည် မည်သည့်သဘာဝ ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်တွန်းလှန်နိုင်သည်ဟု ပြောကြားလေသည်။ ချီးကျူးထိုက်သော ဇာတိမာန်စကားပေတည်း။

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒေါက်တာဝမ်ဝင်ဗို (Dr . Weng Wenbo)သည် ၁၉၈၂ ခုမှ ၁၉၉၂ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ် များကို ကြိုတင်ဟောကိန်းထုတ်ခဲ့ရာ သူ့ဟောကိန်း ၂၅၂ ခုအနက် ၂၁၁ ခု (၈၇.၇၃ ရာခိုင်နှုန်း)မှာ မှန်ခဲ့ ၏။ သူ၏ မှန်ကန်သော ဟောကိန်းများအနက် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် လှုပ်ခဲ့သော ကာလီဖိုးနီးယား ငလျင်၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဖြစ်ခဲ့သော ဂျပန်နိုင်ငံရှိ ဟိုကိုင်ဒိုငလျင် နှင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဖြစ်ပွား သောဂျပန်နိုင်ငံ၊ ကိုဘေး ငလျင်တို့ ပါဝင်၏။ သူသည် ငလျင်အပြင်

ရေလျှံခြင်း၊ လူဦးရေတိုးခြင်း၊ ရေနံနှင့် တတ်ငွေ့ရှာဖွေခြင်း၊ အစာရေစာအထွက်နှုန်းနှင့် ကုန်စည်ရောင်းဝယ်မှုများ၊ ဆေးရုံတက်လူနာဦးရေ စသည်တို့ကိုပါ မှန်အောင်ဟောနိုင်ခဲ့၏။ ဗေဒင်နှင့် အခြားဂမ္ဘီရပညာများသုံး၍ ရမ်းတုတ်ခြင်းမဟုတ်၊ သဘာဝသိပ္ပံပညာရပ်များနှင့် လူမှုရေးသိပ္ပံပညာရပ်များကို စနစ်တကျလေ့လာသုံးသပ်၍ ပြောဟောခြင်း ဖြစ်သည်။ သူကိုယ်တိုင်က လန်ဒန်တက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့(Ph. D. in Physics)ကို ၁၉၃၉ ခုနှစ်က ရရှိခဲ့သူဖြစ်၏။ ဝန်ကြီးချုပ် ချောင်အင်လိုင်း ရှိစဉ်ကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ရှေ့ဖြစ် အကြံပေးသိပ္ပံပညာရှင်(Adviser in Futurology)ဖြစ်ပေသည်။ သူသည် သူ့လို သိပ္ပံပညာရှင်ပေါင်းများစွာကို ပြည်တွင်းပြည်ပ၌ မွေးထုတ်ပေးခဲ့၏။ သို့သော် သူကား ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် ကွယ်လွန်ခဲ့၏။(The Fundamentals of Forecasting )စာအုပ်ကို ရေးသားထုတ်ဝေသွား၏။

## နိဂုံး

၁။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက လူအများအတွက် လိုအပ်သည်မှာ လုံခြုံစိတ်ချရသောအိပ်ရာနေရာရဖို့၊ အာဟာရပြည့်ဝသော အစာစားရဖို့နှင့် သောက်သုံးရေသန့်သန့်ရဖို့သည် အဓိကဖြစ်၏။ ဤအတွက် သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရပေမည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့်ကား အထက်ပါကိစ္စများတွင် ကူညီဆောင်ရွက်ရမည်ဖြစ်သလို ကူးစက်ရောဂါကာကွယ်ရေးကိုလည်း ဆောင်ရွက်ရမည်။ ဤအတွက် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးကို တစ်ပြိုင်နက် လုပ်ဆောင်ပေးရမည် ဖြစ်၏။

၂။ အစိုးရ သို့မဟုတ် နယ်မြေဒေသအုပ်ချုပ်သူများ သည် သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်သော အရပ်များ၌ ယင်းဘေးဒဏ်များ ကာကွယ် ရေးကို ပညာပေးဆောင်ရွက်ရန် လိုသလို ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာ ဖ လစာမျှ အပိုဆောင်း သိုလှောင်ထားသင့်သည်။ သို့မှသာ အရေး ပေါ်လာပါက လူအများ အစာငတ်မွတ်ခြင်းကို ကာကွယ်နိုင်ပေမည်။ ဤသို့ မပြုလုပ်သဖြင့် အီသီယိုပီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင်ငတ်မွတ်ခေါင်းပါးမှုဒဏ်ခံနေရသည်ကိုကြည့်ပါ။

၃။ အာဟာရချို့တဲ့ခြင်း စသော ရေရှည်ဘေး ဒဏ်ကြောင့် လူမျိုးတစ်မျိုးလုံး ကြုံလှီ၍ အရပ်ပုလာခြင်းကို ပြန်လည်ကောင်းမွန်စေရန် လူတိုင်းကိုအာဟာရကောင်းကောင်း ကျွေးနိုင်ရန် တာဝန်ရှိသူတို့ ကြိုးစားဆောင်ရွက်ပေးကြရမည်။ ဤအချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ကို အတိအကျ လိုက်နာဆောင်ရွက်ကြရပါမည်။


၄။ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ရန် အကူအညီရနိုင်သောဌာနနှင့် အဖွဲ့အစည်းများမှ အကူအညီများကို ရနိုင်သရွေ့ ယူရပါမည်။ နိုင်ငံနှင့် လူမျိုးအား အထည်ကြီးပျက်ဖြစ်အောင်၊ သူတောင်းစားဖြစ်အောင်ကား ပြုလုပ်ရန် မဟုတ်ပါ။

၅။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုညှိနှိုင်းမှု အဖွဲ့အစည်း(Central Co-ordinating Body) သို့မဟုတ် လမ်းကြောင်း(Lines of Co-ordinating) ပြုလုပ်ထားရပါမည်။ လိုအပ်သလို ပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ သင်တန်းပေးခြင်း၊ လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

၆။ သဘာဝဘေးအန္တရာယ်ဖြစ်လျှင် လူအများ အထိတ်တလန့် မဖြစ်စေရန်၊ ရင်ဆိုင်တတ်ရန် ပညာပေး၊ လေ့ကျင့်ပေးရပါမည်။ ဆရာဝန်များက မိမိဘာသာ ကုသကာကွယ်နည်းနှင့် ရှေးဦးသူနာပြုနည်းများကို သင်ကြားပေးသလို စိတ်ပညာရှင်များက စိတ်ဓာတ်ကြံ့ခိုင်ရေး၊ တစ်ကိုယ်ကောင်း မဆန်ရေး၊ လူလူချင်း ညှာတာသနား၍ ပူးပေါင်းဆောင်ရွက်တတ်ရေးတို့ကို သင်ပေးရပါမည်။ တာဝန်ရှိသူများက စံနမူနာ ဖြစ်ရပါမည်။

၇။ လူတိုင်းငြိမ်းချမ်းရေးကို မြတ်နိုး၍ စစ်မက်ဖြစ်ပွားမှုကို ဆန့်ကျင်လာအောင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကျင့်စဉ်များတွင် လူတိုင်း ပါဝင်ယှဉ်ပါးနစ်ခြိုက်လာအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရပါမည်။ ။

ဒေါက်တာ မောင်မောင်ညို



# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

ဒုတိယကမ္ဘာစစ်ကြီးပြီးစက နိုင်ငံအားလုံး၏ ငြိမ်းချမ်းစည်ပင်ရေးနှင့် ဆိုင်သော အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းခဲ့ ကြသည်။ ထိုအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သောကြောင့် ၁၉၉၅ ခုနှစ်တွင် သက်တမ်း နှစ်(၅၀)ရှိပြီဖြစ်သည်။ စတင်ဖွဲ့စည်းခဲ့သော မွေးနေ့မှာ အောက်တိုဘာလ ၂၄ ရက်နေ့ ဖြစ်သည်။ ထိုနေ့ကို ကမ္ဘာ့ ကုလသမဂ္ဂနေ့အဖြစ် အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပခဲ့ ကြသည်။

ယခုအခါ ထိုအဖွဲ့ကြီးတွင် အဖွဲ့ဝင်( ၁၈၅)နိုင်ငံရှိပြီဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည် နိုင်ငံ အားလုံးလိုလိုပင် ပါဝင် သည်။

## မြန်မာနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ခြင်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် သုံးလခန့်အကြာတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ ကုလသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ခွဲသာ ရှိသေးသည်။ အဖွဲ့ဝင်နိုင်ငံများမှာ (၅၇) နိုင်ငံမျှသာ ရှိသည်။ မြန်မာ နိုင်ငံ၏ ကုလသမဂ္ဂသို့ ဝင်ရောက်ခွင့်လျှောက်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က တညီတညွတ်တည်း ထောက်ခံချက်အရ ၁၉-၄-၄၈ ရက်နေ့တွင် (၅၈) နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များနှင့် မူကြီးများကို ယုံကြည်သက်ဝင်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ကာကွယ်မြှင့်တင်ရန်၊ ကမ္ဘာ့လူသားထု၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်း စာနာထောက်ထားရေးနှင့် လူ့အခွင့်ရေးများဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်ခံစားရရှိရေးအတွက် ကမ္ဘာ့နိုင်ငံ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

## ကုလသမဂ္ဂ အထွေထွေညီလာခံများသို့ တက်ရောက်ခြင်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီး များကို လိုက်နာကျင့်သုံးသည်ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အထွေထွေညီလာခံနှင့် အခြားအစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ(၄၆) ကြိမ်၊ (၄၇) ကြိမ်၊ (၄၈)ကြိမ်နှင့် (၄၉) ကြိမ်မြောက် အထွေထွေညီလာခံများ၌ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းများတွင် နိုင်ငံတကာအရေးအခင်းများအပေါ် မြန်မာနိုင်ငံ၏ သဘောထားရပ်တည်မှုများကို ဖော်ပြခဲ့သည်သာမက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ မူဝါဒများ၊ လုပ်ငန်း အစီအစဉ်များကိုလည်း ကမ္ဘာက သိစေရန် ပြောကြားနိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂတည်ထောင်ခြင်း အနှစ် ၅၀ မြောက် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး ခေါင်းဆောင်၍ ကုလသမဂ္ဂအခြေခံမူများအပေါ် ထပ်လောင်းအတည်ပြုရေး အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## ကုလသမဂ္ဂတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း

(က) **ကိုလိုနီစနစ် ပပျောက်ရေးကိစ္စ**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာချိန်မှစ၍ ကိုလိုနီလက်အောက်ခံများအဖြစ်

ဆက်လက်တည်ရှိနေသော နိုင်ငံများ လွတ်လပ်ရေး ရရှိစေရေးအတွက် ကိုလိုနီစနစ် ပပျောက်ရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် ဒုတိယအမြဲတမ်းကိုယ်စားလှယ် တို့သည် အောက်ပါကော်မတီများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) အီရီထရီးယားနိုင်ငံဆိုင်ရာ ကော်မရှင် (၁၉၅၀)၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသော နယ်မြေများမှ သတင်းအချက်အလက်များ ကော်မတီ(၁၉၅၄–၅၅)၊

(၃) ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေများကောင်စီ (၁၉၅၆–၅၈ နှင့် ၁၉၅၉–၆၁)၊

(၄) ကွန်ဂိုစေ့စပ်ညှိနှိုင်းရေးကော်မရှင် (၁၉၆၁)၊

(၅) အနောက်တောင်အာဖရိကကော်မတီ (၁၉၆၁)၊

## (ခ) ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်ကိစ္စများ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့်အားလျော်စွာ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးထိန်းသိမ်းသည့် ကိစ္စများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အောက်ပါ ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် အပစ်အခတ်ရပ်စဲမှု ကြီးကြပ်သည့်အဖွဲ့များသို့ မြန်မာနိုင်ငံမှ လေ့လာသူများ၊ တပ်ဖွဲ့ဝင်များ စေလွှတ် ခဲ့ပါသည်–

(၁) ဒုတိယ ဗိုလ်မှူးကြီး လှမြင့် ဦးဆောင်သော အဖွဲ့ဝင်(၄)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် လက်ဘနွန်နိုင်ငံတွင် ချထားသော ကုလသမဂ္ဂ အရေးပေါ်တပ်ဖွဲ့၌ ၁၉၅၈ ခုနှစ်တွင် ပါဝင်ခဲ့ပါသည်။

(၂) ဒုတိယ ဗိုလ်မှူးကြီးရဲခေါင် ဦးဆောင်သော အဖွဲ့ဝင် (၆) ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကွန်ဂိုနိုင်ငံတွင် ချထားသော ကွန်ဂိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂတပ်ဖွဲ့၌ ၁၉၆၀ ပြည့်နှစ်တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၃) ဒုတိယ ဗိုလ်မှူးကြီး အောင်ကြူး ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကက်ရှ်မီးယားတွင်ချထားသော ကုလသမဂ္ဂ၏ အိန္ဒိယ– ပါကစ္စတန် စစ်လေ့လာရေးတပ်ဖွဲ့တွင် ၁၉၆၅ ခုနှစ်၌ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၄) ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်၊ ဒုတိယဗိုလ်မှူးကြီး စိန်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး အေးကျော်တို့အသီးသီးဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးစီ ပါဝင်သော တပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသတွင် ချထားသော ကုလသမဂ္ဂအပစ်အခတ်ရပ်စဲရေးကြီးကြပ်မှုအဖွဲ့တွင် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အစဉ်လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များတွင် ပါဝင်ခြင်း မပြုသေးသော်လည်း ကုလသမဂ္ဂငြိမ်း ချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များအတွက် ထည့်ဝင်ရသည့် အချိုးကျငွေ များကို အပြည့်အဝမပျက်မကွက် ထည့်ဝင်လျက်ရှိသည့်အပြင် ကုလသမဂ္ဂက မကြာမီက ဖွဲ့စည်းရန်စီစဉ်လျက်ရှိသည့် ကုလသမဂ္ဂအသင့်တပ်ဖွဲ့များတွင် လေ့လာရေးအဖွဲ့များ စေလွှတ်ပါဝင်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

## (ဂ) လက်နက် ဖျက်သိမ်းရေး ကိစ္စရပ်များ

မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ်ကတည်းက တက်ကြွစွာ ပါဝင်ခဲ့သည်။ လက်နက်ဖျက်သိမ်းရေး ကိစ္စရပ်များ၌ ထိရောက်မှန်ကန်ပြီး ခွဲခြားမှုမရှိသည့် မျှတစစ်မှန်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အစဉ်တစိုက်ထောက်ခံသည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်ပါဝင်တက်ရောက်ခဲ့သည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ ၁၉၉၃ ခုနှစ်၊ နှစ်စဉ်ညီလာခံတွင် နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဓာတုလက်နက်မပြန့်ပွားရေး စာချုပ်အား ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ပါဝင်ချုပ်ဆိုခဲ့ရာ ယင်းစာချုပ်၏ (၁၅၄)နိုင်ငံမြောက် စာချုပ်ဝင် နိုင်ငံဖြစ်လာခဲ့သည်။ လက်နက်




ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရောင်စုံမီးများ ထွန်းညှိထားသော ကုလသမဂ္ဂ ဌာနချုပ်အဆောက်အအုံနှင့် နယူးယောက်မြို့၏ ညရှုခင်း

ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ကနဦး လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက ၁၄-၁-၉၃ နေ့တွင် ပါရီမြို့၌ တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်းသော (၁၈)နိုင်ငံ လက်နက်ဖျက်သိမ်းရေးကော်မတီမှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခု (၃၉)နိုင်ငံ လက်နက်ဖျက်သိမ်းရေးညီလာခံအထိ ဆက်လက်ပါဝင်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## (ဃ) အခြားပါဝင် ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များတွင် သာမက အောက်ဖော်ပြပါကိစ္စများဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) စုပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ ၁/ (၁၉၅၀)၊

(၂) အချက်အလက်များဆိုင်ရာ ကော်မတီ ၂/(၁၉၅၂ - ၁၉၅၃)၊

(၃) အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင် ၃/(၁၉၅၂ - ၅၄)၊

(၄) ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မရှင် ၄/(၁၉၅၅)၊

(၅) ကုလသမဂ္ဂ မတည်ရင်းနှီးငွေ ဖွံ့ဖြိုးရေးရန်ပုံငွေ တည်ထောင်ရေး ကော်မတီ ၅/(၁၉၆၀)၊

(၆) နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ နိုင်ငံတကာဥပဒေ၏မူများဆိုင်ရာ ကော်မတီ ၆/(၁၉၆၄-၆၇)၊

### ကုလသမဂ္ဂ ကုန်ကျစရိတ် အချိုးကျ ထည့်ဝင်ခြင်း

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကျေပွန်ရမည့် တာဝန်ဝတ္တရားများအနက် အဓိကကျသော တာဝန်တစ်ခုဖြစ်သည့် ကုလသမဂ္ဂကုန်ကျစရိတ်အတွက် အချိုးကျထည့်ဝင်ရမည့်ငွေကို နှစ်စဉ်မပျက်မကွက် မှန်မှန် ထည့်ဝင်လျက် ရှိပါသည်။ ၁၉၉၅ ခုနှစ်အတွက် ထည့်ဝင်ပြီး ဖြစ်သည့် အချိုးကျထည့်ဝင်ရမည့်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀၉,၂၇၀ ဖြစ်ပါသည်။

### ၁၉၄၉ ခုနှစ်၊ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် ပါဝင်ချုပ်ဆိုခြင်း

မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ်သင့်သူများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်း (၄)ခုတွင် ပါဝင်ချုပ်ဆိုခြင်းနှင့် နိုင်ငံတကာ လူလူချင်းစာနာထောက်ထားသည့် မူများကို လိုက်နာဆောင်ရွက်လျက် ရှိကြောင်း အတိအလင်းကြေညာသည့် အခမ်းအနားကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် မြန်မာနိုင်ငံက နောက်မှ ပါဝင်ချုပ်ဆိုကြောင်း စာချွန်လွှာကို ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့ရှိ ဆွစ်ဖယ်ဒရယ်ကောင်စီသို့ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပေးပို့ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် စတင်အကျိုးသက်ရောက်သည်။

### ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်တွင် မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

### မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးကြိုးပမ်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ၏ အဓိကအကျဆုံး ဖြစ်သော လူမှုရေးတာဝန်ကြီးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အပိုင်းတွင်လည်း ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အထူးအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များနှင့်အညီ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက်ရှိသည်။

၁၉၆၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော စာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် အတည်ပြု ချုပ်ဆိုခဲ့ သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်အဖြစ် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂ၏ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ စာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင်လည်းကောင်း ပါဝင်အတည်ပြု ချုပ်ဆိုခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်း နယူးယောက်မြို့ (၁၇) ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂအထူးအထွေထွေညီလာခံနှင့် လန်ဒန်မြို့ ကမ္ဘာ့ဝန်ကြီးအဆင့် ညီလာခံ ဆုံးဖြတ်ချက်များအတိုင်း နိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နိုင်ငံများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ နယ်စပ်မှဖြတ်ကျော်ဝင်ရောက်မှု တားဆီးနှိမ်နင်းရေး၊ နယ်နိမိတ်ဆက်စပ်လျက်ရှိသော ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေး ရည်ရွယ်ချက်များဖြင့် မြန်မာ–ထိုင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် မြန်မာ–တရုတ် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး



**တလူလူလွင့်နေသော ကုလသမဂ္ဂအလံတော်**

သဘောတူစာချုပ်များကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ–ထိုင်း–လာော သုံးနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ဗန်ကောက်မြို့တွင် ၁၉၉၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လာော သုံးနိုင်ငံ ဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးတွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဓိကအားဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးတိုက်ဖျက်ရေးအတွက် ခိုင်မာသော သန္နိဋ္ဌာန်များနှင့် တည်ကြည်သော အာမခံချက်တို့ကို အတည်ပြုခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများထုတ်လုပ် ဖြန့်ဖြူး ဝယ်ယူသုံးစွဲမှုများ လျော့ပါးရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသ ဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း သဘောတူညီခြင်းတို့ ပါဝင်သည်။

အရှေ့တောင်အာရှဒေသခွဲအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးစားပြုမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး

အစီအစဉ်ရုံးတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု လျှော့ချရေး၊ ကူးသန်းရောင်းဝယ်မှု တားမြစ်ရေးနှင့် ယင်းတို့နှင့်ဆက်နွှယ်နေသောကိစ္စရပ်များဆိုင်ရာ မြန်မာ–အိန္ဒိယအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားမြစ်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့(ရှ်) နှစ်နိုင်ငံ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ထို့အပြင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဟန္နိုင်းမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင် လက်မှတ်ရေးထိုးခဲ့သည့်အလျောက် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လျော်ညီစေရန် ရည်ရွယ်လျက် " ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ "ကို ဖျက်သိမ်း လိုက်ပြီး "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ" သစ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ရှေးရှုတည်ဆောက်လျက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။


မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ လွတ်လပ်သော ကျွမ်းကျင်သူများ၊ အထူးအစီရင်ခံစာ တင်သွင်းသူများ၊ ကုလသမဂ္ဂ လူ့သားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ အကြီးအကဲ၊ ယင်း၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အများတို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို လက်ခံခဲ့သည်။

မြန်မာနိုင်ငံသည် ဩစတြီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၃ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံတွင် အခြေခံ လူ့အခွင့်အရေးများ တိုးတက်ခံစား ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပြန်လည်စည်းလုံးသင့်မြတ်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာ ပါရှိချက်တွင် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးမှု အစီအစဉ်၊ တစ်ဘက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား လက်ခံရာတွင် ကူညီဆောင်ရွက်ရေး၊ အထူးသဖြင့် ရေသန့်ရရှိရေး၊ ပညာရေး၊ ဿယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပါဝင်ကူညီဆောင်ရွက်ရေး ကိစ္စရပ်များ ပါဝင်သည်။ ယင်းကိစ္စရပ်များအားကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆက်သွယ်ရေးရုံးကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့် ပြုခဲ့သည်။

## မြန်မာနိုင်ငံက အထူးပြုအေဂျင်စီ များတွင် ပါဝင်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ အထူးပြုအေဂျင်စီများ အစီအစဉ်များတွင် ပါဝင်ကာ




ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ စာသားအချို့ပါရှိသည့် ပိုစတာ

သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိပါသည်–

(က) **အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO)။** ။အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့ချုပ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမား ပြည်သူများအတွက် လူမှုရေးတရားမျှတမှုကို ကာကွယ်မြှင့်တင်ရန် ဆောင်ရွက် ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၈–၅–၄၈ တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လေ့ကျင့်ပညာပေးရေး စသည်တို့ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) **စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)။** ။စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေး အဖွဲ့သည်ကမ္ဘာ့နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ကိစ္စများနှင့် ပတ်သက်၍ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ ထိုအဖွဲ့ကမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး မျိုးစေ့သုတေသန၊ ငါးမွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားဥယျာဉ်များ တည်ဆောက်ခြင်း၊ သီးနှံဖွံ့ဖြိုးရေး စသည့်ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)။** ။ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက် ကြခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်မှု ပိုမိုတိုးမြင့်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို


အထောက်အကူဖြစ်စေရန် ဤအဖွဲ့က ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော အမျိုးသားကော်မရှင်ကို ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေး၊ မော်ကွန်းထိန်းလုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာပစ္စည်းများ ပြုပြင်ထိန်းသိမ်းကာကွယ်ခြင်း စသည့် ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( W H O )။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးစနစ်များ တိုးတက်ကောင်းမွန်စေရန်၊ ကပ်ရောဂါများ၊ ကူးစက်ရောဂါများ ကုသတိုက်ဖျက်ရေး၊ ကျန်းမာရေး အသိပညာပေးရေး စသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁–၇–၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။ ယင်းအဖွဲ့သည် မြန်မာ နိုင်ငံ တွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်သူလူထုကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ကူးစက်ရောဂါနှင့် ကပ်ရောဂါများ ကုသတိုက်ဖျက်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စသည်တို့တွင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(င) **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)။** ။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံတကာ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာ ကုန်သွယ်မှု ချဲ့ထွင်ရေးနှင့် မျှတစွာတိုးတက်ကြီးထွားရေးစသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၅၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အဖွဲ့က နည်းပညာ အကူအညီများ ပေးပါသည်။ ထို့အပြင် ယင်းအဖွဲ့မှ ဖွင့်လှစ်ထားသော သင်တန်း ကျောင်းသို့ မြန်မာနိုင်ငံမှ သင်တန်းသားများကို ရွေးချယ် ခေါ်ယူလေ့ကျင့်ပေးပါသည်။ ယင်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ၏ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။

(စ) **ကမ္ဘာ့ဘဏ် ( WORLD BANK)။** ။ကမ္ဘာ့ဘဏ်သည် အဖွဲ့ဝင်နိုင်ငံများတွင် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးခြင်း၊ အကြံဉာဏ် ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကမ္ဘာ့ဘဏ် အုပ်စုတွင် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာ စီမံကိန်းအချို့အတွက် အတိုးမဲ့နှစ်ရှည်ချေးငွေအချို့ကို ထုတ်ချေးကာ သက်ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဘဏ်၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးသို့မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းမှမူ မြန်မာနိုင်ငံအနေဖြင့် အကူအညီရယူခြင်း မရှိသေးပါ။

(ဆ) **အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ (ICAO)။** ။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း အန္တရာယ်ကင်းရှင်းစေရန်နှင့် ထိရောက်ထက်မြက်စေရန် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၈–၇–၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်း



**ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ခုတွင်**

အဖွဲ့သည် မြန်မာနိုင်ငံတွင် မြို့ပြလေကြောင်း ဆက်သွယ်ရေးနှင့် ကြိုးမဲ့အချက်ပြဆက်သွယ်မှု ဖွံ့ဖြိုးရေး၊ မြို့ပြလေကြောင်းထိန်းသိမ်းရေးကိရိယာ များခေတ်မီရေးနှင့်အားကောင်းရေး၊ လေ့ကျင့်သင်ကြားရေး၊ ဍလေဆိပ်မွမ်းမံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(၄) **ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ( UPU )။** ။ကမ္ဘာ့စာပို့တိုက်သမဂ္ဂသည် ကမ္ဘာ့စာပို့လုပ်ငန်းတွင်နှုန်းထားများ သတ်မှတ်ခြင်းနှင့် စာပို့လုပ်ငန်း ခေတ်မီတိုးတက်စေရန်နှင့် သွက်လက်မြန်ဆန်စေရန် နည်းလမ်းများ တီထွင်ခြင်း၊ စည်းကမ်းများ သတ်မှတ် ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းသမဂ္ဂသို့ ၁၄–၄–၄၉ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း အတွက် ကျွမ်းကျင်သူများ လေ့ကျင့်သင်တန်း ပေးခြင်းနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(၅) **အပြည်ပြည်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး သမဂ္ဂ (ITU)။** ။ဤအဖွဲ့အစည်းသည် ရေဒီယိုလှိုင်းများ ခွဲဝေပေးခြင်း၊ အသံလွှင့်ဌာနများ တစ်ခုနှင့် တစ်ခု အနှောင့်အယှက်မဖြစ်စေရန် ညှိနှိုင်းပေးခြင်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်ကူညီခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း စေရန် နည်းလမ်းများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည်ယင်းအဖွဲ့အစည်းသို့ ၁၉၃၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိလာသော အခါ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပါဝင်ခဲ့ ပါသည်။ယင်းအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ကြေးနန်းဆက်သွယ်ရေးကျွမ်းကျင်သူများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြေးနန်းဆက်သွယ်



ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများ (စတုတ္ထတန်း လက်ဝဲအစွန်မှ ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီးမောင်အေးဖြစ်သည်)

ရေးစနစ်များ ခေတ်မီရေးကိစ္စများတွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ည) **ကမ္ဘာ့မိုးလေဝသအဖွဲ့ ( W M O )။** ။ကမ္ဘာ့မိုးလေဝသအဖွဲ့သည် ကမ္ဘာ့တစ်ဝန်းတွင် မိုးလေဝသ စောင့်ကြည့် အကဲခတ်ရေး စခန်းများ ဖွင့်လှစ်ထားရှိကာ မိုးလေဝသအခြေအနေ လေ့လာခန့်မှန်းခြင်း၊ ခန့်မှန်းတွေ့ရှိချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် မိုးလေဝသလေ့လာခန့်မှန်းခြင်းလုပ်ငန်း၊ မြစ်ရေကြီးခြင်း ကြိုတင်သတိပေးမှုလုပ်ငန်း၊မုန်တိုင်းအန္တရာယ်ကြိုတင်သတိပေးခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျွမ်းကျင်သူများက လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(ဋ) **အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးအဖွဲ့ (IMO)။** ။ဤအဖွဲ့အစည်းသည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေရန်နှင့် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းဝေးရေး၊ ရေကြောင်းလမ်းပြမှု ပိုမိုကျွမ်းကျင်ထိရောက်မှု ရှိရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၆-၇-၅၁ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့မှ လက်စွဲစာအုပ်များ၊ ထုတ်ပြန်သောစည်းကမ်း၊ စည်းမျဉ်းများနှင့် သုတေသနစာတမ်းများကို မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိရာ မြန်မာနိုင်ငံတွင် သင့်တော်သလို အသုံးပြုလျက် ရှိပါသည်။

(ဌ) **လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD)။** ။ဤရန်ပုံငွေအဖွဲ့



သည် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ရေး၊ လယ်သမားများ ဝင်ငွေတိုးမြှင့်ရေး၊ စားနပ်ရိက္ခာဖြန့်ဝေသည့်စနစ် ပိုမိုကောင်းမွန်ရေး စသည့် ကိစ္စများအတွက် ငွေချေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းရန်ပုံငွေအဖွဲ့သို့ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဝင်ရောက်ခဲ့ပါသည်။

(၃) **အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ( IAEA )။** ။အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စများအတွက် အသုံးပြုစေရန်၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ပါသည်။မြန်မာနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရေဒီယိုအိုင်စိုတုပ်များဖြင့် ဆေးဝါးကုသရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေရရှိရေးနှင့် စက်မှုလုပ်ငန်းများတွင် အသုံးချရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကျွမ်းကျင်သူများလည်း လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ၂-၁၂-၉၂ ရက်နေ့တွင် နျူကလီးယား မပြန့်ပွားရေး စာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ရာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် သဘောတူညီချက်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်အေဂျင်စီနှင့် ၂၀-၄-၉၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(ပ) **အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် ( GATT )။** ။အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက်သည်၁-၁-၄၈ ရက်နေ့ကစတင် အာဏာသက်ဝင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကိစ္စ များကို ထိန်းချုပ်သော သဘောတူညီချက်ဝင် နိုင်ငံအားလုံးက လိုက်နာရသည့် တစ်ခုတည်းသော စည်းကမ်း စည်းမျဉ်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ သဘောတူညီချက်သို့ ၂၉-၇-၄၈ ရက်နေ့က ပါဝင်ချုပ်ဆိုခဲ့ပါသည်။ဤသဘောတူညီချက်အရ ပြုလုပ်သော ဥရုဂွေးအကြို ဆွေးနွေးပွဲများမှ သဘောတူညီချက်အရ "ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ အစည်း" မှာ ပေါ်ပေါက်လာပြီဖြစ်ပြီး ၎င်းမှာ ၁-၁-၉၅ ရက်နေ့တွင် စတင်သက်ဝင်ပြီ ဖြစ်ပါသည်။

(ဗ) **ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ ( UNIDO)။** ။ဤအဖွဲ့ အစည်းသည် အဖွဲ့ဝင်နိုင်ငံများသို့ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများပေးခြင်းကို ဆောင်ရွက်ပါသည်။ ယင်းသည်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်နေသော စက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ အဖွဲ့သို့ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်၊ ဧပြီလတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

## ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။


(က) **ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF )** ။ ။ဤအဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးများ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စများ အတွက် အကူအညီပေးသည့် ကိစ္စများကို ဆောင်ရွက်ပါသည်။ ယင်းရန်ပုံငွေ အဖွဲ့သည် မြန်မာနိုင်ငံတွင် ဌာနေ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားရှိပြီး ကလေးသူငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ မိခင်နို့ တိုက်ကျွေး ခြင်း၊ ခြောက်သွေ့ဒေသ များတွင် ရေရရှိရေး စီမံကိန်းစသည်တို့တွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

(ခ) **ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ ( UNCTAD )** ။ ။ဤညီလာခံသည် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ကျင့်သုံးသည့် လုပ်နည်းများနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လေ့လာသုံးသပ်ချက်နှင့် နိုင်ငံတကာ သဘောတူညီချက်များကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းညီလာခံ၏ အစည်းအဝေးများသို့ တက်ရောက်ကာ ဖြစ်ပေါ် တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာပြီး မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် လုပ်ထုံးလုပ်နည်း၊ မူဝါဒနှင့် သဘောတူညီချက်များကို လေ့လာသုံးသပ်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)** ။ ။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝအရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြင့်စေရန်နှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် အကူအညီများ ပေးပါသည်။ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ကဏ္ဍအများအပြားၐ အကောင်အထည် ဖော်လျက် ရှိသော စီမံကိန်းများ အတွက် ငွေကြေးနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ပေးပြီး မြန်မာနိုင်ငံသား ကျွမ်းကျင်သူများကို လေ့ကျင့်ပေးလျက် ရှိပါသည်။

(ဃ) **ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP)** ။ ။ ဤအစီအစဉ်သည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုတတ်ကျွမ်းမှု ပိုမို မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို နိုင်ငံအစိုးရများ သတိပြုမိစေရန်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအစီအစဉ်၏ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ယင်းအစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့နှင့် ပူးတွဲကာ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့လာမှုများ၊ ဆွေးနွေးပွဲများ၊ ပြုလုပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်ကို ၁၄–၂–၉၀ ရက်နေ့က ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ မျိုးကွဲ ကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်းတို့ကိုလည်း ပါဝင်ခဲ့ပါသည်။

နှစ်(၅၀)ပြည့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုတီးခတ်သော သံစုံတီးဝိုင်း



(င) **ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် (UNDCP )** ။ ။ဤအစီအစဉ်သည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် အားလုံးကို ညှိနှိုင်းပေးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာ စုပေါင်းဆောင်ရွက်မှု ရရှိစေရန် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်း၌သာမက အိမ်နီးချင်း နိုင်ငံများနှင့် နှစ်နိုင်ငံချင်း သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တွင် ပါဝင်ကာ အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၅ ခုနှစ်က ဖွဲ့စည်းထားသော မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး ဗဟိုကော်မတီကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် တွင် ပြန်လည်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်သည် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး၊ ဒေသခွဲဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

## ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဤကော်မရှင်သည် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများအတွက် စီးပွားရေးနှင့် လူမှုရေးပြဿနာများကို သုတေသနလုပ်ကာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း စီးပွားရေးနှင့် လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြစေရန် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်းကော်မရှင်သည် မူလက အာရှနှင့်အရှေ့ဖျား ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် အမည်တွင်ခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် လက်ရှိအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်ကပင် အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သို့ပါဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် ကော်မရှင်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။


## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင်တို့တွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခံရခြင်း

နယူးယောက်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသော သံအမတ်ကြီး ဦးသန့်အား ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ဦးသန့်သည် ၁၉၇၁ ခုနှစ်အထိ ငါးနှစ်သက်တမ်း နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။

အလားတူပင် အာရှနှင့်အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင်တွင် ဒုတိယအမှုဆောင် အတွင်းဝန်အဖြစ်ဆောင်ရွက်နေသော မြန်မာကိုယ်စားလှယ် ဦးညွန့်သည် ၁၉၅၉ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ် တင်မြှောက်ခန့်အပ်ခြင်းခံရပြီး ယင်းရာထူးတွင် ၁၉၇၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို ယုံကြည်လက်ခံလျက် ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် ရွှေရတုသဘင်ပွဲ ကျရောက်သော ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်၌ ဟောပြောပွဲများ၊ ကုလသမဂ္ဂနေ့ ပြပွဲများ၊ စာပေနှင့်စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပလျက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတစ်ခုအနေဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးစုပေါင်းဖန်တီးရေးအတွက် တာဝန်ကျေပွန်စွာပါဝင် ဆောင်ရွက်လျက် ရှိပေသည်။

**မောင်ဆုရှင်**


IN.
4 0 4 INS.

# ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း

ရှေးဟောင်းမြို့တော်များကိုပြန်လည်တူးဖော်ခြင်းသည် ရှေးဟောင်းယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်သည်။ " ယဉ်ကျေးမှုဟူသည်အတိတ်ကအမွေအနှစ်" ဟူသောစကားအရ အတိတ်ကအမွေအနှစ်များကိုပြန်လည် ဖော်ထုတ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

ရှည်လျားသောမြန်မာ့သမိုင်းကြောင်းတွင်အတိတ်ကာလကကြွင်းကျန်ရစ်သည့်ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းအမြောက်အမြားရှိပေသည်။ ရှေးဟောင်းအဆောက်အအုံ၊ အိုးအင်ခွက်ယောက်၊ ဆင်းတု၊ ရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးငွေခွက်၊ ကျောက်စာ၊ ပုတီးစေ့၊ ဓား၊ လှံ၊ လက်နက်၊ မြေဆေးတံ၊ ရွှေပေချပ်၊ ငွေပေချပ်၊ လက်ဝတ်ရတနာနှင့်လူ့အသုံးအဆောင်ပစ္စည်းများပါဝင်ပေသည်။ ပဋ္ဌလောဟာဖြင့်ပြုလုပ်ထားသည့် ဖားစည်ကြီးငယ်များသည်လည်းရှေးဟောင်းပစ္စည်းများတွင်အကျုံးဝင်ပေသည်။

ရှေးဟောင်းအဆောက်အအုံများကိုပြန်လည်တူးဖော်ခြင်းသည်ပြတ်လပ်နေသည့်သမိုင်းကွင်းဆက်အတွက်လိုအပ်သည့် အထောက်အထားကောင်းများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရှာဖွေခြင်းဖြစ်ပေသည်။ သမိုင်းနှင့်ပတ်သက် ၍ "သမိုင်းမတင်မီခေတ်"၊ "သမိုင်းအကြိုခေတ်"၊ " သမိုင်းတင်ခေတ်" ဟူ၍ ခေတ် ၃ မျိုးကို ပညာရှင်များက ပိုင်းခြားထားပါသည်။


နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည်လူနေမှုစနစ်နှင့်ပြည်သူတို့၏ကြိုးပမ်းဆောင်ရွက်ချက်တို့ကိုအခြေခံကြောင်း၊ ယင်းတို့ကိုပြည့်ဝစုံလင်စွာဖော်ပြရန်လိုအပ်ကြောင်း သိရှိရပေသည်။ ပြည့်ဝစုံလင်သော မြန်မာနိုင်ငံ၏သမိုင်းကို ဖော်ထုတ်နိုင်ရန်အတွက်သမိုင်းမတင်မီခေတ်၊ သမိုင်းအကြိုခေတ်နှင့် သမိုင်းတင်ခေတ်တို့၏ယဉ်ကျေးမှုထွန်းကားပုံကို လေ့လာရန် လိုအပ်ပေသည်။

ပုဂံခေတ်မှမျက်မှောက်ခေတ်အထိသည် သမိုင်းတင်ခေတ်ဖြစ်ပြီးရာဇဝင်အထောက်အထားများလည်း အတော်အတင့်ရှိပြီးဖြစ်၍ ထိုခေတ်နှင့်ပတ်သက်၍ လေ့လာတူးဖော်ရန် မလိုအပ်သေးဟု သုတေသီများက ယူဆထားကြပေသည်။ သမိုင်းမတင်မီခေတ်မှာလည်း အလှမ်းဝေးပြီး ကွင်းဆက်များ ပြတ်နေသေးသဖြင့် လေ့လာတူးဖော်ရန် လောလောဆယ် အခြေအနေတွင် မလိုအပ်သေးဟု ယူဆထားကြပေသည်။ ထို့ကြောင့် လိုအပ်နေသည့် ကွင်းဆက်များရရှိနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုကို ဦးစားပေးလေ့လာဖော်ထုတ်ရန် သက်ဆိုင်ရာများက စီစဉ်ဆောင်ရွက်ကြကြောင်း သိရပေသည်။

ထိုသို့ဖော်ထုတ်ရာ၌ (က) အစဉ်အလာသမိုင်းစကား (ခ) ကျောက်စာပေစာ မော်ကွန်းမှတ်တမ်းများနှင့် (ဂ) ရှေးဟောင်း ဝတ္ထုပစ္စည်းများကို မှီငြမ်းပြုကြရပေသည်။ ရှေးဟောင်းပစ္စည်းများစွာတို့သည် မြေပေါ်တွင်ကျန်ရှိနေသလို မြေအောက်စွင်လည်း ဖုံးလွှမ်းနေတတ်ပေသည်။

ရှေးဟောင်းမြို့ပြနိုင်ငံများ ရှေးဟောင်းပစ္စည်းများ ပျောက်ကွယ်တိမ်မြုပ်ပျက်စီးရခြင်းမှာ မီးဘေး၊ ရေဘေး၊ မြေငလျင်ဘေးတို့ကြောင့်လည်း ဖြစ်သည်။ မီးတောင်များပေါက်ကွဲ၍ ချော်ရည်၊ ချော်မြှုပ်တို့ ဖုံးလွှမ်းခြင်းကြောင့်လည်းဖြစ်သည်။ စစ်မက်ဖြစ်ပွား၍ ဖျက်ဆီးခံရခြင်း၊ မီးရှို့ခံရခြင်းကြောင့်လည်းဖြစ်သည်။ ထိုအတူ ကပ်ဆိုက်ပြီး အစာရေစာရှားပါးမှုကြောင့် လူအများစွန့်လွှတ်ထွက်ခွာသွားကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ရှိစေ အဆောက်အအုံတို့သည် မြေကြီးအောက်သို့ လုံးဝနစ်မြုပ်ပျောက်ကွယ်သွားခြင်း မဟုတ်ပေ။ နှစ်ကာလကြာညောင်းသည့်အခါ အုတ်ကျိုးအုတ်ပဲ့နှင့် သဲ၊ ခဲများဖုံးပြီး တောင်ပို့ကဲ့သို့ ဖြစ်နေတတ်ပေသည်။ အချို့အဆောက်အအုံနှင့်ကုန်းများပေါ်၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေတတ်ပေသည်။

ထိုကဲ့သို့သော မြေအနေအထားမျိုးသည် မြန်မာနိုင်ငံအတွင်း၌ ရှိသင့်သလောက်ရှိသည်။ ထိုရေမြေအနေအထား ရာဇဝင်သမိုင်းအဆိုအမိန့်များနှင့်မြေပေါ်မှတွေ့ရှိရသည့်


ဘုရားမာ
နတ်ပေါက်
တွင်းပြဲပေါက်
ဘုရားကြီးဘုရား
နဂါးတွန့်ပေါက်
ရွှေတံခါးပေါက်
ပြည်သို့
မုတ်ရှည်ပေါက်
မှော်ဇာဘူတာရုံ
စက်တိုင်ဘုရား
ဘုရားထောင်
နန်းတော်ရာ
အရှေ့ဈေးဂူ
အနောက်ဈေးဂူ
ရန်ကုန်သို့
မုဏ္ဍောပေါက်
ရဟန္တာပေါက်
ဘိလူးမပေါက်
ရဟန္တာဂူဘုရား
လက်သည်းရေကန်
ရဟန္တာကန်
ဗိဿနိုးမိဖုရားသင်္ချိုင်း
လေးမျက်နှာဘုရား
ဘဲဘဲဘုရား
ဘောဘောကြီးဘုရား
ဗိဿနိုးမြို့
မြောက်
ပျူတိုက်
ပျူတိုက်
ပျူတိုက်
စကေးကိုက်မဟုတ်

သရေခေတ္တရာမြို့ဟောင်းပုံ

ဝတ္ထုပစ္စည်းတို့ကိုထောက်ချင့်၍ ရှေးဟောင်းပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ အရပ်ဒေသများအဖြစ် ရှေးဟောင်း သုတေသနပညာရှင်များက ယူဆကြသည်။ ထိုယူဆချက်အရ ဗိဿနိုးတူးဖော်မှုလုပ်ငန်းကို ၁၉၅၈ – ၅၉ ခုနှစ်မှ ၁၉၆၂ – ၆၃ ခုနှစ်အထိ ၆ ကြိမ်တူးဖော်ခဲ့သည်။

## ဗိဿနိုးမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုးကို ၁၉၀၅ ခုနှစ်လောက်ကတစ်ကြိမ် စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဌာနကြီး၏ လက်အောက်ခံဌာနခွဲ အဆင့်မျှသာရှိပြီး ဝန်ထမ်း၊ ပစ္စည်းကိရိယာနှင့် ဘဏ္ဍာငွေများလည်း လုံလုံလောက်လောက်မရှိသေးပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အခါ ကမ္ဘည်းကျောက်စာဌာနသည် မြန်မာနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဌာနကြီးတစ်ရပ်အနေဖြင့် "ရှေးဟောင်းသုတေသနဦးစီးဌာန" ဟူ၍ ပြောင်းလဲလာခဲ့သည်။

ဗိဿနိုးတူးဖော်မှုသည် လွတ်လပ်ရေးခေတ်၌ ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော်စမ်းသပ်မှုမျိုးဟု ဆိုနိုင်ပေသည်။ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၀ မိုင်ကွာရှိ ကုက္ကိုခွရွာ၏မြောက်ဘက်၌တည်ရှိသည်။ ပဏာမကွင်းဆင်းလေ့လာမှုပြုလုပ်စဉ်က အရိုးအိုးအစအနများ၊ ပျူဒင်္ဂါးများ၊ အစင်းအခြစ်များပါသည့် အုတ်ချပ်ကြီးများ၊ မြေနှင့်ရောင်စုံကျောက်ပုတီးစေ့များကို တွေ့ရသဖြင့် ပျူယဉ်ကျေးမှုကို လေ့လာရန်အလားအလာ ကောင်းသည်ဟု ယူဆထားကြသည်။

သရေခေတ္တရာယဉ်ကျေးမှုနှင့် မည်သို့ဆက်စပ်သည်ကို လေ့လာနိုင်ရန်အတွက် အရိုးအိုး မြုပ်နှံလေ့ရှိသော သင်္ချိုင်းကုန်းများ မြို့အရံအတား ဝင်ပေါက်နှင့် မြို့တွင်း မြို့ပြင်အဆောက်အအုံပုံစံများကို ၂၅ နေရာ၊ ၆ ကြိမ်ခွဲ၍ တူးဖော်ကြသည်။ တူးဖော်ရာ၌ အကွက်ရိုက်၍ တူးခြင်းနှင့် ကျင်းရှည်တူးခြင်း၂ မျိုးကို အလျဉ်းသင့်သလို အသုံးပြုကြသည်။ ထို့အပြင်မြေလွှာဆန်းစစ်မှုစနစ်ကိုလည်း လိုအပ်သလို အသုံးပြုကြသည်။ ခေတ်ကာလပိုင်းခြားရာ၌ မြေလွှာဆန်းစစ်မှုလုပ်ငန်းမှာ အဓိကနေရာမှ ပါဝင်နေပေသည်။

ထိုသို့ စနစ်တကျတူးဖော်သည့်အတွက် စတုဂံပုံ အုတ်မြို့ရိုး၊ နန်းတော်ကုန်း၊ မြို့ဝင်ပေါက်များ၊ လူနေအဆောက်အအုံများနှင့် ဘာသာရေးသို့မဟုတ် ထုံးတမ်းဆိုင်ရာအဆောက်အအုံများကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ အချို့အဆောက်အအုံ အပျက်အစီးများ အတွင်းမှ မြေအိုး၊ မြေခွက်၊ ပုတီးနှင့်မြေမီးဖုတ်ကိန္နရီ ရုပ်များ တွေ့ရသလို အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ ကြေးလက်ကောက်၊ ကြေးချူ၊ တံဆိပ်ထိုးထားသည့်ရွှံ့တုံး၊ ချွန်းစောင်းနှင့် စကြာပုံပါသည့် ကျောက်ပြားငယ်တို့ကိုလည်း တွေ့ရသည်။မြေထည်နှင့်ကျောက်ပစ္စည်းများအပြင် သတ္တုပစ္စည်းများ၊ အင်္ဂတေပစ္စည်းများ၊ လူရိုးနှင့်တိရစ္ဆာန်ရိုးများကိုလည်း တွေ့ရပေသည်။

ယင်းတို့ကို ထောက်ချင့်၍ သုတေသီများက ဗိဿနိုးတွင် ပျူယဉ်ကျေးမှုသည် အေဒီ ၁ ရာစုခန့်တွင် စတင်ထွန်းကားပြီး ၄ ရာစုနှင့် ၅ ရာစုခန့်တွင် ဗိဿနိုးမြို့ပျက်စီးခဲ့သည်ဟု ယူဆကြသည်။ ဗိဿနိုးတွင် စာပေ မထွန်းကားသေး။ ဗြဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာ အငွေ့အသက်မျှသာ ရှိသေးသည့်အတွက် ဗုဒ္ဓသာသနာ မဖွံ့ဖြိုးသေး။ ထို့ကြောင့် ဆင်းတု၊ ရုပ်တုပူဇော်ခြင်းမရှိ။ ရွှေပေ၊ ငွေပေများလည်းရေးထိုးခြင်းမရှိဟု ယူဆကြသည်။

လက်မှုအနုပညာရပ်များနှင့်ပတ်သက်၍ပစ္စည်း အချို့တွေ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ။ ထူးခြားသည့် ဓလေ့တစ်ခုမှာ အရိုးအိုး မြုပ်နှံခြင်းပင် ဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပေးကြသည်။

## ဟန်လင်းကြီးမြို့ဟောင်း တူးဖော်ခြင်း

ပျူယဉ်ကျေးမှု၏ အပြန့်သဘောကို သိမြင်နိုင်ရန်အတွက် ဗိဿနိုးပြီးလျှင် ဟန်လင်းကြီးကိုဦးစားပေး တူးဖော်ရန် သုတေသီများက စီစဉ်ကြသည်။ ဟန်လင်းမြို့ဟောင်းကို (၁၉၀၅) ခုနှစ်က တစ်ကြိမ် ပဏာမကွင်းဆင်းလေ့လာ၍စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ပျူဒင်္ဂါး ရှေးဟောင်းအုတ်ချပ်များနှင့် ပျူကျောက်စာတစ်ချပ်ရရှိခဲ့သည့်အတွက် ဟန်လင်းကြီးမြို့ဟောင်းတူးဖော်မှုကို ရှေးဟောင်းသုတေသန ဌာနက ၁၉၆၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နောက်ဆက်လက်၍ ၁၉၆၃ မှ ၁၉၆၆ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၆၆ မှ ၁၉၆၇ ခုနှစ်အထိ တစ်ကြိမ်၊ ပေါင်း ၃ ကြိမ်မျှ တူးဖော်ခဲ့ကြသည်။

ဟန်လင်းကြီး၏မြို့ရိုးသည် စတုဂံပုံဖြစ်ပြီး တောင်မြောက်အလျားပေ ( ၉၆၀၀ )နှင့် အရှေ့အနောက်အနံပေ

(၅၀၀၀ ) ခန့်ရှိသည်။ မြို့လယ်တွင် နန်းတော်ရာဟုခေါ်သည့် စတုဂံအတွင်း အုတ်မြို့ရိုးတစ်ခုရှိသည်။ မြို့ရိုးမှာ အုတ်ကျိုးအုတ်ပဲ့များသာ ကျန်တော့သဖြင့် ထင်ထင်ရှားရှား မရှိပေ။ တူးဖော်ရာမှ မြေအိုးမြေခွက်အမျိုးမျိုး၊ အခြယ်အလှယ်ပါသည့်အိုးခြမ်းပဲ့အမျိုးမျိုး၊ ပုတီးနှင့် ရွှေဆွဲပြားအမျိုးမျိုး၊ အရိုးအိုးနှင့်သံလက်နက်၊ ကျောက်လက်နက်အမျိုးမျိုး၊ ဒင်္ဂါးအမျိုးမျိုးနှင့် ကြေးမုံပြင်အမျိုးမျိုးတို့ကို တွေ့ရသည်။

ဟန်လင်းတွင် ပျူတို့သည် ၃ ရာစုလောက်မှ စတင်နေထိုင်ကြပြီး ၄ ရာစုနှင့် ၉ ရာစုအကြားတွင် စည်ပင်ဖွံ့ဖြိုးခဲ့သည်ဟု ယူဆကြသည်။ ဗိသုကာပညာကို တတ်ကျွမ်းကြပြီး အဆောက်အအုံအမျိုးမျိုးဆောက်လုပ်နိုင်ကြကြောင်း၊ လယ်ယာထွန်ယက်၍ လက်မှုအနုပညာရပ်များ တတ်ကျွမ်းကြကြောင်း၊ ကာကွယ်ရေးတပ်များဖွဲ့၍ ဓား၊ လှံ၊ လေး၊ မြား လက်နက်များကိုလည်း လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။ အရိုးအိုးများမှအပ ဆင်းတု၊ ရုပ်တု တူးဖော်ရရှိခြင်း မရှိပေ။


## သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း


သုတေသီများကပျူယဉ်ကျေးမှုကို ဆက်လက်ခြေရာခံကြရာ သရေခေတ္တရာတွင် ပျူယဉ်ကျေးမှုအထောက်အထားအချို့ကို တွေ့ကြရသည်။ သရေခေတ္တရာမြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ပြီး ၁၉၆၃–၆၄ ခုနှစ်တွင် သိပ္ပံနည်းကျသုတေသနစနစ်ကို အခြေပြု၍ ဆက်လက်တူးဖော်ကြသည်။

မြို့ကွက်သည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်းမကျသော အကွက်မျိုးဖြစ်သည်။ အကျယ်အဝန်းစတုရန်း ၅ မိုင်ခွဲခန့်ရှိသဖြင့် ဟန်လင်းနှင့်ဗိဿနိုးတို့ထက် ကျယ်ပြန့်သည်။ မြို့ရိုးသည် ကြီးကျယ်ခိုင်ခံ့ပြီး ပတ်ဝန်းကျင်တွင် ကုန်းဟောင်းများရှိသည်။

တူးဖော်ကြရာ အောက်ပါဝတ္ထုပစ္စည်းများကို တွေ့ရသဖြင့် သရေခေတ္တရာခေတ် ယဉ်ကျေးမှုရုပ်လုံး ပေါ်ထွက်လာသည်။ ဘောဇဘောကြီးစေတီအောက်ခြေမှ ကမ္ပည်းကျောက်စာ၊ ခင်ဘကုန်းငွေဖောဓိပလ္လင်ကြုတ်မှကမ္ပည်းစာ၊ ပျူကျောက်အရိုးအိုးပတ်လည်မှ ကမ္ပည်းစာ၊ ပျူပါဠိစာပါသည့် အုတ်ခွက်ဆင်းတု၊ ဗုဒ္ဓဆင်းတုတော်ပါကျောက်ချပ်၊ ဗိဿနိုးနတ်ရုပ်ပါကျောက်ချပ်၊ ဗိဿနိုးမိဖုရားသချိုင်းရှိ

ဟန်လင်းကြီးမြို့ဟောင်းတွင်တွေ့ရသော အရိုးအိုးများပုံ





သရေခေတ္တရာမြို့ဟောင်းတူးဖော်ရာတွင် တွေ့ရသော ပျူဒင်္ဂါးလေးမျိုး

ကျောက်အိုး၊ ကျောက်ပလ္လင်၊ ဒင်္ဂါး၊ ဗောဓိသတ္တကြေးရုပ်၊ ငွေကြာပန်း၊ ပန်တျာကြေးရုပ်များနှင့် ကခုန်နေဟန် လူရုပ်ပါကြေးပြားများ ဖြစ်ကြသည်။

တွေ့ရှိသည့်ပစ္စည်းများကို ထောက်ချင့်၍ သရေခေတ္တရာတွင် ပျူတို့သည် အေဒီ ၅ ရာစုခန့်တွင် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ၁၀ ရာစု နောက်ပိုင်းမှစ၍ တဖြည်းဖြည်းမှေးမှိန်လာခဲ့ကြောင်း၊ ကိုယ်ပိုင်စာပေများရှိပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း မှတ်ချက်ချကြသည်။


ထို့အပြင် အနုပညာဗိဇအခံရှိ၍ ဆင်ယင်ထုံးဖွဲ့ပုံတွင် အဆင့်အတန်းမြင့်ကြောင်း ကျောက်ဆစ်၊ ရွှေပန်းထိမ်၊ ဗိသုကာ၊ ပန်းရန်နှင့် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွထုလုပ်သည့် အတတ်ပညာများ ကျွမ်းကျင်ကြောင်း၊ အိန္ဒိယ၊ ရခိုင် တို့နှင့်လည်း ကူးလူးဆက်ဆံပုံရှိကြောင်း သိရသည်။

## တကောင်းမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကိုတူးဖော်ပြီးသည့်အခါ သုတေသီတို့သည် တကောင်းမြို့ ဟောင်းကို ဆက်လက်တူးဖော်ရန် အစီအစဉ်များ ချမှတ်ကြသည်။ "မြန်မာအစ တကောင်းက"ဟူသော ဆိုရိုး စကားရှိသည်။ သမိုင်းပုံပြင်နှင့် မိရိုးဖလာယုံကြည်ချက်များ အရလည်း တကောင်းသည် ရှေးခေတ်မြန်မာနိုင်ငံတွင် ထင်ရှားသည့် မြို့တစ်မြို့ ဖြစ်ခဲ့သည်။

တကောင်းမြို့ဟောင်းသည် မန္တလေးခရိုင်၏ မြောက်ဘက်အစွန်း ရေလမ်း (၁၂၇) မိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းအနီးတွင် တည်ရှိသည်။ ကျုံး၊ မြို့ရိုးဟောင်းနှင့် ကြွင်းကျန်သည့်စေတီပုထိုးများက ရှေ့ဟောင်းမြို့တစ်မြို့ဖြစ်ကြောင်းကို သက်သေထူနေသည်။ ၁၉၀၄၊ ၁၉၁၆၊ ၁၉၂၃ နှင့် ၁၉၃၀ ခုနှစ်နှင့် ၁၉၆၆ ခုနှစ် များတွင် ပဏာမကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

တွေ့ရှိချက်များကို အခြေပြု၍ (၁၉၆၇–၆၈)နှင့် (၁၉၆၈–၆၉)ခုနှစ်များတွင် ကုန်း (၁၂) ကုန်းကို တူးဖော်ခဲ့ကြရာ ကျောက်ချပ်၊ ရုပ်ကြွ၊ အုတ်ခွက်ဘုရား၊ ကြာစမွခံပါဆင်းတု၊ ကြေးဆင်းတု၊ စဉ့်ချပ်ရုပ်ကြွ၊ စာပါအုတ်ကြွပ်ပြား၊ အင်္ဂတေပန်း၊ မြေတံဆိပ်ဝိုင်း၊ ကျောက်ဆုံလည်ခွက်၊ အိုးခွက်နှင့်မြေထည်ပစ္စည်းများကို




မိဿနိုးမြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး၊ ကြေးလက်ကောက်၊ ကြေးချူ စသည့်ရှေးဟောင်း အမွေအနှစ် ပုံစံများ

တွေ့ရသည်။ ထို့အပြင် မြေဆေးတံ၊ မြေပုတီးစေ့၊ ကျောက်မိုးကြိုးသွားနှင့် သံပြားသွားစသည့် သံထည်ပစ္စည်းများကိုလည်း တွေ့ရသေးသည်။

ထူးခြားသည်မှာ ဗိသနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ ပျူများကဲ့သို့ တကောင်းတွင် အရိုးအိုးမြှုပ်နှံသည့် အလေ့အထမရှိပေ။ ပျူလူမျိုးများအသုံးပြုလေ့ရှိသည့် ဒင်္ဂါးများ ၊ သီရိဝစ္ဆ၊ ငါးကြင်းရစ်ကောင်၊ ကာလသာအိုး၊ လူရုပ်ကနေဟန် အစရှိသည့် အခြယ်အလှယ်ပါသော အိုးကွဲများကိုလည်း မတွေ့ရပေ။ မြေစိုက်စေတီများကို သာ တွေ့ရပြီး ဂူဘုရားများကို မတွေ့ရသလောက်ပင် ဖြစ်သည်။ တွေ့ရသမျှ အင်္ဂတေပန်းများနှင့် အခြယ်အလှယ်ပါသည့် အိုးခြမ်းကွဲများမှာလည်း ပျူခေတ်လက်ရာထက် ပုဂံခေတ်လက်ရာများနှင့် နီးစပ်ကြောင်း တွေ့ရသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဆင်းတု၊ ရုပ်တုများကို တူးဖော်ရရှိသည့်အတွက် ဗုဒ္ဓသာသနာ ထွန်းကားကြောင်း သိရသည်။ အုတ်ခွက်ဘုရား၊ ကျောက်ဆစ်ရုပ်ကြွ၊ သဲကျောက်ဆင်းတုနှင့် ကြာပလ္လင်စမ္မခံတို့သည် အေဒီ ၁၂ ရာစု ပုဂံခေတ်လက်ရာများနှင့် တူညီကြောင်းနှင့် အဖိုးတန် ရတနာပစ္စည်းများ မတွေ့ရှိရကြောင်းကို သုတေသီများက မှတ်ချက်ချကြသည်။

ဝင်းခ၊ ဝေသာလီ၊ ပုဂံမြို့ဟောင်းနှင့် ပဲခူး ကမ္ဘောဇသာဒီ အစရှိသည့် နေရာများတွင်လည်း ရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ တူးဖော်ဆဲဖြစ်သည်။ အထောက်အထားနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်း တွေ့တန်သလောက် တွေ့ရသည်။

## နိဂုံး

နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှည်ကြာခဲ့သော မြန်မာ့ယဉ်ကျေးမှု သမိုင်းကြောင်းတွင် ပျူခေတ်ယဉ်ကျေးမှုသည် အဓိကကျသည့်အခန်းမှ ပါဝင်ခဲ့ပြီး မြန်မာတို့သည် ပျူတို့ထံမှ ဗိသုကာ၊ ကျောက်ဆစ်၊ ပန်းတော့စသည့် လက်မှုအနုပညာတို့ကို ဆက်ခံရယူခဲ့ကြသည်။ တဖြည်းဖြည်း မြန်မာမှုပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရုပ်လုံး ပီပြင်လာသည်။

ပြည့်ဝစုံလင်သော မြန်မာနိုင်ငံသမိုင်းအတွက် လိုအပ်သောကွင်းဆက်များရနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုခေတ်ကို ဦးစားပေးပြီး လေ့လာဖော်ထုတ်ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရှေးအကျဆုံးဖြစ်သည့်မြို့တော်များ၊ မြို့ဟောင်းများကို ဦးစားပေး၍ တူးဖော်ခြင်းဟုလည်း ဆိုနိုင်သည်။

အကဲဖြတ်ရာ၌ နည်းနှစ်နည်းကို အသုံးပြုကြသည်။ ကမ္ပည်းစာများနှင့် ကျောက်စာများကို ကြည့်၍ အကဲဖြတ်သည့်အခါ ဖြတ်ပြီး စာပေအထောက်အထားမခိုင်လုံသည့် ပစ္စည်းများကို ခေတ်မီဓာတ်ခွဲစမ်းသပ်နည်းဖြင့် စစ်ဆေးစမ်းသပ်ပြီး နှစ်ကာလကိုတွက်ချက်ကြသည်။ ဤနည်းသည် "ရေဒီယိုကာဗွန်ဓာတ် စမ်းသပ်တွက်ချက်နည်း" ဖြစ်သည်။

ထိုသို့တူးဖော်လေ့လာစမ်းသပ်စစ်ဆေးခြင်းဖြင့် နှစ်ပေါင်း (၂၀၀၀) ကျော်က မြန်မာ့သမိုင်းကြောင်းကို သိလာရသည်။ ခေတ်အဆက်ဆက် မြန်မာတို့ကြီးပမ်းမှုအဝဝနှင့် တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များအကြောင်းကိုလည်း သိတန်သလောက်သိလာရသည်။ အတိတ်က ယဉ်ကျေးမှုအမွေအနှစ်တို့ကို မြန်မာတို့ထိန်းသိမ်းလာခဲ့ရာ ယနေ့တိုင် ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် "အတိတ်က အမွေအနှစ်"ဖြစ်သလို "ပစ္စုပ္ပန်၏ အထိန်းအကွပ်" လည်းဖြစ်သည်။ ထို့အတူ "အနာဂတ်အတွက် အင်အားတစ်ရပ်" ဟုလည်း ဆိုနိုင်သည်။

အားမာန် အမျိုးမျိုးရှိရာတွင် "ယဉ်ကျေးမှု အားမာန်" သည် အမျိုးသားစိတ်ဓာတ် တစ်နည်း မျိုးချစ်စိတ်ဓာတ်ကို ဖွံ့ဖြိုးစေသည်။ ထိုအားထိုမာန်နှင့် စည်းလုံးမှုတို့ကို အခြေပြုပြီး နိုင်ငံကို ခိုင်ခံ့အောင် တည်ဆောက်ကြရပေမည်။

ဦးမင်းနိုင်











# “ ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်”

## နိဒါန်း

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ၁၉၉၅ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုကာလ ပြည့်မြောက်ပြီ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်ကို စတင်တီထွင်သူ (သို့မဟုတ်) မြန်မာ့ရုပ်ရှင်အဖြစ် တီထွင်သူပုဂ္ဂိုလ်များအနေဖြင့် ခဲရာခဲဆစ် အပတ်တကုတ် ကြိုးပမ်းခဲ့ရလေသည်။ အကြောင်းမူ ထိုကာလသည် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်ခြယ်လှယ်နေသော ကာလဖြစ်သည်။ နယ်ချဲ့ခေတ်တွင် မြန်မာ့ရုပ်ရှင်ကို စတင် ဖန်တီးရသူတို့အဖို့ ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းကြ ရလေသည်။

မြန်မာ့ရုပ်ရှင်စတင်သော ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသော ကာလဖြစ်သည်။ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန် ကြိုးပမ်းကြသည်။ ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (ဖေ–ပု–ရှိန်) အဖွဲ့မှ ဦးထွန်းရှိန်သည် အမျိုးသားရေး လှုပ်ရှားမှု များ ကြိုးပမ်းရင်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

အမျိုးသားခေါင်းဆောင် ဦးထွန်းရှိန်ကွယ်လွန်သည့်အတွက် မြန်မာ့ရုပ်ရှင်ကား “မေတ္တာနှင့် သူရာ” ကို ရိုက်ကူးကြိုးပမ်းနေသော လန်ဒန်အတ် ဦးအုံးမောင်နှင့် ဓာတ်ပုံဆရာကြီး ဦးမောင်မောင်တို့သည် ရိုက်လက်စ ရုပ်ရှင် “မေတ္တာနှင့်သူရာ ” ရုပ်ရှင်ကားကို ခေတ္တရပ်တန့်ထားပြီး ဦးထွန်းရှိန်ဈာပနကို သတင်းကားအဖြစ် ရိုက်ကူးရုံတင်ခဲ့လေသည်။ မြန်မာလူမျိုးများ ရိုက်ကူးသော မြန်မာ့မျိုးချစ်အာဇာနည်တစ်ဦး၏ သတင်းကားကို မြန်မာပြည်သူတို့ တအံ့တသြ ကြည့်ရှုအားပေးကြရာ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ ပေါ်ထွန်းလာခဲ့ လေသည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သည် အမျိုးသားရေး စိတ်ဓာတ်များ တဖွားဖွားထွန်းကားနေသော ၁၉၂၀ ပြည့်နှစ်တွင် စတင်ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည် “အမျိုးသားရေးကို အခြေခံပေါ်ထွန်းလာသော မြန်မာ့ရုပ်ရှင် ” ဖြစ်သည်ဟု ယနေ့ကာလတွင် အများက သုံးသပ်ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်း ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ယနေ့ကာလတွင် ၇၅ နှစ်မြောက် ရုပ်ရှင်စိန်ရတုသို့ ရောက်လာခဲ့ပြန်၍ ရုပ်ရှင်လုပ်သားထုတစ်ရပ်လုံးကလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လောကကို ဦးဆောင်ဦးရွက်ပြုနေသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်းကောင်း၊ အမျိုးသားရေးဆန်သော မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်တစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ခဲ့လေသည်။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်ကြီး၌ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က စိတ်ဝင်တစား ရှိလှသည်။ နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၅ ခုနှစ် ကြံတောင့်ကြံခဲ မြန်မာ့ရုပ်ရှင်စိန်ရတုပွဲ ဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စီမံချက်ရေးတင်ပြရန် ညွှန်ကြားခဲ့သည်။

ထိုညွှန်ကြားချက်အရ ၂၁– ၁– ၉၅ နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် ရုပ်ရှင်အစည်းအရုံးအမှုဆောင်များ တွေ့ဆုံပွဲတွင် စီမံချက်ကိုတင်ပြ၍ အတည်ပြုချက်ရသည်နှင့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက် ခြောက်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ရည်ရွယ်ချက်

(က) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့ရုပ်ရှင်၏ အခန်းကဏ္ဍများကို ထင်ရှားပေါ်လွင်စေရန်။



မြို့မအားကစားကွင်းထိပ် မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ကို မင်းသားကြီး ဦးအေးကြူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

(ခ) မြန်မာ့ရုပ်ရှင်လောက၏ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေးကြိုးပမ်းမှု အစဉ်အလာကောင်းများကို ထင်ရှားပေါ်လွင်စေရန်။

(ဂ) နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များကို အထောက်အကူပြုစေမည့် အတွေးအခေါ်၊ အယူအဆများအား အနုပညာရသပြည့်ဝစွာဖြင့် အားထုတ်ကြိုးပမ်းမှုများ ရရှိစေရန်။

## မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ဦးတည်ချက် ခြောက်ရပ်

၁။ ရုပ်ရှင်အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်၊

၂။ ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုရန်၊

၃။ နိုင်ငံတော်ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်စည်းရုံး လှုံ့ဆော်ရန်၊

၄။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

၅။ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော ရုပ်ရှင်ပညာရပ်ကို မျိုးဆက်သစ်အနုပညာရှင်များသို့ လက်ဆင့်ကမ်းပေးရန်၊

၆။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ ၊ အတတ်ပညာရှင်များအားလုံး စည်းလုံးညီညွတ်ရေးကို ရေးရှုကြိုးပမ်းရန်။

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

"၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ" တစ်ရပ်ကို အဆိုပါ (၂၁-၁-၉၅) နေ့တွင်ပင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် -

နာယကအဖွဲ့ဝင်များ အဖြစ်

၁။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၁)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

၂။ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊

၃။ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊

၄။ ဗိုလ်ချုပ်အေးကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊
၅။ ဗိုလ်မှူးချုပ်မျိုးသန့်၊ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး ဝန်ကြီး၊
၆။ ဗိုလ်မှူးချုပ်ဝင်းတင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊
၇။ ဦးကိုလေး၊ မြို့တော်ဝန်၊
၈။ ဦးသုခ၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၉။ ဦးတင်မောင်၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၁၀။ ဦးအေးကြူ၊ ဝါရင့် ရုပ်ရှင်သရုပ်ဆောင်

တို့ ပါဝင်ပြီး

ကျင်းပရေး ဗဟိုကော်မတီကို

၁။ ဦးသိန်းစိန်၊ ဥက္ကဋ္ဌ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး ဌာန)
၂။ ဦးစိန်တင်၊ ဒုတိယ ဥက္ကဋ္ဌ (ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)
၃။ ဦးတင်ဖေ၊ အတွင်းရေးမှူး (ဦးဆောင်ညွှန်ကြားရေးမှူး ရုပ်ရှင်လုပ်ငန်း)
၄။ ဦးစင်ရော်မောင်မောင်၊ တွဲဖက်အတွင်းရေးမှူး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)

နှင့် ဗဟိုကော်မတီ (၄၀) တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် လုပ်ငန်း ဆပ်ကော်မတီအသီးသီးကို စီမံချက်အတိုင်း ဖွဲ့စည်းပြီး စီမံချက်တွင် မပါဝင်သော ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ သုတေသနလုပ်ငန်းကော်မတီနှင့် ကျန်းမာရေး လုပ်ငန်း ကော်မတီတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့နောက် ရုပ်ရှင်ဈေးပွဲတော်ကြီးတစ်ရပ်ကို ကျင်းပနိုင်ရန် မြို့မအားကစားကွင်းတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ တစ်ရပ်ကိုပါ ထပ်မံဖွဲ့စည်းခဲ့လေသည်။

ထိုသို့ ဖွဲ့စည်းပြီးစီးခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အသီး သီးတို့က ဆပ်ကော်မတီများ ဖွဲ့စည်းကြသည်။ ဖွဲ့စည်း ပြီးနောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကြီးကို ပြည်သူ လူထု စိတ်ဝင်စားစေရန်အတွက် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ပွဲတော်ကာလကို နှစ်ပိုင်းခွဲခြားသတ်မှတ် လိုက်သည်။

(က) ပထမပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် အကြိုကာလ၊
(ခ) ဒုတိယပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပသည့် ပွဲတော်ကာလဟူ၍ ဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတု အကြိုကာလ

အကြိုကာလတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပွဲတော်ကို ပြည်သူများ တက်ကြွစွာ ပါဝင်ရေး၊ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်အပေါင်းတို့ စည်းရုံးစွာ ပါဝင်ရေးတို့အတွက် စည်းရုံးလှုံ့ဆော်သည့် တီဗွီဇာတ်လမ်း တိုများ၊ ကြော်ငြာတိုများ ရိုက်ကူးပြသရေး၊ ရုပ်မြင်သံကြား တွင် တွေ့ဆုံခန်းများ ရိုက်ကူးတင်ဆက်ရေး၊ ငွေခေတ် ( ၁၉၂၀ မှ ၁၉၄၅ ) မြန်မာ့ရုပ်ရှင်ကားဟောင်းများ၊ ရွှေ ခေတ် ( ၁၉၄၆ မှ ၁၉၇၀ ) မြန်မာကားများ၊ စိန်ခေတ် (၁၉၇၁ မှ ၁၉၉၅) မြန်မာ့ရုပ်ရှင်ကားများကို မြန်မာ့ ရုပ်မြင် သံကြားတွင် ပြသရေးစသည်တို့ကို အကြိုကာလအဖြစ် စီစဉ်ရန် ဆုံးဖြတ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာတမ်းငယ် ဖတ်ပွဲဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်



မြန်မာ့ရုပ်ရှင်လောကတွင် အဓိကအရေးကြီးဆုံး ပြဿနာများမှာ မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်သော အထောက်အထားများ၊ ရှားပါးပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများ သိမ်းဆည်းထားခြင်းမရှိသည့် ပြဿနာပင်ဖြစ်သည်။ ထို့ကြောင့် ပထမဦးစွာ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အတွက် ရုပ်ရှင်နှင့်ပတ်သက်သော ရှားပါးစာရွက်စာတမ်း ပစ္စည်းများကို လက်ဝယ်ရှိသူများ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ပေးပို့လှူဒါန်းကြရန် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ နှိုးဆော်ခဲ့ရလေသည်။

ရုပ်မြင်သံကြား လှုံ့ဆော်ကြော်ငြာတိုများကို မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စည်းရုံးလှုံ့ဆော်ရေးကော်မတီမှ တာဝန်ခံ၍ ရိုက်ကူးခဲ့ရာ သီဟတင်စိုး ၊ဇင်မာဦး တစ်တွဲ။ ရဲအောင်၊ မို့မို့မြင့်အောင် တစ်တွဲ။ ကျော်သူ၊ ထက်ထက်မိုးဦး တစ်တွဲ။ ရန်အောင်၊ မေသန်းနု တစ်တွဲ။ ရန်ကျော်၊ နေသူရဦး၊ ပန်းဖြူ တစ်တွဲ ပါဝင်လှုံ့ဆော်ခဲ့သည်။ ထိုသို့ လှုံ့ဆော်ခဲ့ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ ပေးပို့သော မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အတွက် ရှားပါးဓာတ်ပုံ၊ စာရွက်၊ သတင်းနှင့် ပစ္စည်းများ လိုသည်ထက်ပို၍ ရရှိခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားမှ ငွေရတုခေတ် ၁၉၂၀ မှ ၁၉၄၅ ခုနှစ်ကာလ၊ မြန်မာ့ရုပ်ရှင် သမိုင်းကြောင်း ဆွေးနွေးပွဲကို စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ တက္ကသိုလ်နေဝင်း၊ ဒါရိုက်တာ ဦးခင်ဇော် (ကေသီပန်) နှင့် ဂီတလုလင် ဦးကိုကိုတို့ကလည်းကောင်း၊ ရွှေရတုခေတ် ၁၉၄၁ မှ ၁၉၇၀ ခုနှစ် ကာလ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို အကယ်ဒမီ ဒါရိုက်တာများဖြစ်ကြသည့် ဒါရိုက်တာ ဦးကြီးမြင့်၊ ဒါရိုက်တာ မောင်နန္ဒနှင့် ဒါရိုက်တာ ကြည်စိုးထွန်း တို့က လည်းကောင်း၊ စိန်ရတုကာလ ၁၉၇၁ မှ ၁၉၉၅ ခုနှစ်ထိ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ စာရေး ဆရာ ဒါရိုက်တာ ပြည့်စုံနှင့် အေဝမ်းမောင်လုမျိုးတို့က လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ် လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြားမှလည်း မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်များကို ရုပ်ရှင်ကားဟောင်းများ ပြသခြင်းနှင့် တက္ကသိုလ်နေဝင်းနှင့် ဦးခင်ဇော်တို့၏ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကိုလည်းကောင်း၊ ဇာတ်ညွှန်း ဒါရိုက်တာ ဦးပြည့်စုံနှင့် ဇာတ်ညွှန်း ဒါရိုက်တာ မောင်နေမျိုးတို့က မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ဇာတ်ညွှန်းသမိုင်းကြောင်းများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

အခါအားလျော်စွာ မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့ရာ ဝင်းဦး၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်မေရှင်၊ ဒေါ်မေလွင်၊ ဦးခင်မောင်ရင်၊ ဦးညီပု၊ ဦးတင်မောင်၊ ဦးသုခတို့၏ တွေ့ဆုံခန်းများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ခဲ့သည်။

စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်ဖြင့် အထက်မြန်မာနိုင်ငံတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြိုပွဲတော်ကို စီစဉ်ခဲ့ကြသည်။ မန္တလေးတွင်ရှိ ရုပ်ရှင်အစည်းအရုံးဝင်များ၏ ကြိုးပမ်းချက်ဖြင့် စီစဉ်နိုင်ခြင်းဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)

၇၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ၊ ချမ်းအေးသာဇံမြို့နယ် ၊ ၈၄ လမ်းရှိ ဝင်းလိုက်အေးအေးခန်း ရုပ်ရှင်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး၊ ဦးစင်ရော်မောင်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဝင်းလိုက် အေးအေးခန်းရုပ်ရှင်ရုံရှေ့တွင် မန္တလေးနန်းမြို့ရိုး ဝင်ပေါက် မုခ်ဦးသဏ္ဍာန် တည်ဆောက်ထားသည့် ရုပ်ရှင်ပွဲတော် (မန္တလေး ) မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ် ချီးမြှင့်သည့် ဆုငွေကျပ် နှစ်ထောင်ပါဝင်သည့် မိုးပျံပူဖောင်းကို ရုပ်ရှင်သရုပ်ဆောင် မို့မို့မြင့်အောင်က ကိုင်ဆောင်၍ မေသန်းနုနှင့် စိုးမြတ်သူဇာတို့က ဖဲကြိုးကို ကိုင်ဆောင်ကြသည်။ ထက်ထက်မိုးဦး၊ မျိုးသန္တာထွန်းနှင့် မြတ်ကေသီအောင်တို့ခြံရံလျက် မန္တလေးသူ ခေတ်ဟောင်း အဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး အသက် (၇၉)နှစ် အရွယ်ရှိ ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က မေသဇ္ဇာဦး ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။ မြန်မာနိုင်ငံ ဂီတ

အစည်းအရုံး (မန္တလေး) တေးဂီတအဖွဲ့က အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ဝင်းလိုက်ရုပ်ရှင်ရုံ၌ အခမ်းအနား ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

မန္တလေးမြို့ ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံ၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော်ပြခန်း ဖွင့်လှစ်ပြသထားသည်။ ပြခန်းတွင် မန္တလေး ရုပ်ရှင်ကဏ္ဍ၊ အကယ်ဒမီကဏ္ဍ၊ ခေတ်ဟောင်း ရုပ်ရှင်ပိုစတာနှင့် ဓာတ်ပုံများ၊ မဂ္ဂဇင်းများကပြောသော ရုပ်ရှင်ကာတွန်းများ၊ ခေတ်ဟောင်းရုပ်ရှင်သီချင်း စာစောင်များ၊ ခေတ်ဟောင်း ရုပ်ရှင် ကင်မရာနှင့် စက်မှုပစ္စည်းများ၊ ခေတ်အဆက်ဆက် ချီးမြှင့်ခဲ့သော ရွှေစင်ရုပ်တုများ၊ မြန်မာ့ရုပ်ရှင် ရွှေရတုသဘင် အထိမ်းအမှတ် ပစ္စည်းများ ခင်းကျင်းပြသထားရာ လေ့လာကြည့်ရှုသူများ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ကျင်းပသည့် ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံတွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ မြန်မာ့ရုပ်ရှင်ကားသစ်များ တစ်နေ့တစ်ကား နေ့စဉ်ငါးပွဲပြသသွားမည်ဖြစ်ရာ ဩဂုတ် ၁၈ ရက်တွင် "ဖေဖော်ဂျီနှင့် သူယောင်မယ်"၊ ၁၉ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၂၀ ရက်တွင် "အချစ်နှင့် အကောင်းအတိုင်း ဖြစ်စေမည်"၊ ၂၁ ရက်တွင် "မင်းအာဏာ"၊ ၂၂ ရက်တွင် "ကြာတော့သည်လည်း မောင့်စကား"၊ ၂၃ ရက်တွင် "အောင်မြင်သောနေ့"၊ ၂၄ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ နှင့် ၂၅ ရက်တွင် "တိုက်ပွဲခေါ်သံ" ရုပ်ရှင်ကားများ ပြသသည်။ စည်းရုံးလှုံ့ဆော်မှုအပိုင်းမှ အင်နှင့် အားနှင့် စည်းရုံးလှုံ့ဆော်သည်နှင့်အမျှ ရုပ်ရှင်စိန်ရတုသဘင်အပေါ် ပြည်သူလူထု စိတ်ဝင်စားမှုမှာ ပိုမိုလာသည်။

**အမျိုးသားကဇာတ်ရုံတွင် ကျင်းပသော ရုပ်ရှင်ပြဇာတ်ပဒေသာ ကပွဲကို ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့**






အကယ်ဒမီ ရွှေစင်ရုပ်ဆုအကြောင်း ဆွေးနွေးပြောဆိုနေကြသော ရုပ်ရှင်သရုပ်ဆောင်များ

## မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုခြင်း

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် သမိုင်းပြုစုရေးကော်မတီကို ဖွဲ့စည်းပြီး ရုပ်ရှင်သမိုင်း ငွေခေတ်၊ ရွှေခေတ်၊ စိန်ခေတ်ဟူ၍ အပိုင်း (၃) ပိုင်း ခွဲကာ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးဆရာတို့ က ပြုစုကြသည်။

၁။ ငွေရတုခေတ် (၁၉၂၀– ၁၉၄၅) ခုနှစ်ထိ။

၂။ ရွှေရတုခေတ် (၁၉၄၆– ၁၉၇၀) ခုနှစ်ထိ။

၃။ စိန်ရတုခေတ် (၁၉၇၁– ၁၉၉၅) ခုနှစ်ထိ။

၁၉၉၅ ခုနှစ် မေလ ရုပ်ရှင်အစည်းအရုံးအဆောက်အအုံသစ် အုတ်မြစ်ချပွဲထိ ပါဝင်သည်။ နောက်ဆက်တွဲများအဖြစ် စက်မှုအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံအကျဉ်း၊ ရုပ်ရှင်လှည့်စားမှု အဆင့်ဆင့်နည်းပညာများ တိုးတက်လာပုံ အကျဉ်း၊ ကာတွန်းရုပ်ရှင်၊ မိတ်ကပ်အဆင့်ဆင့် တိုးတက် လာပုံ၊ အဦးအစမှ ယနေ့အထိ ရုပ်ရှင်နှင့်ပတ်သက်သည့် စာနယ်ဇင်းများ၊ ယနေ့အထိ ရုပ်ရှင်ရုံများ သမိုင်း၊ စက်မှုပစ္စည်းနှင့် စတူဒီယို များ၊ ရုပ်ရှင်ပြဇာတ်အစည်း အရုံးမှ ရုပ်ရှင်အစည်းအရုံးထိ သမိုင်း၊ ဇာတ်လမ်း ရုပ်ရှင်သမိုင်း၊ ဗဟိုရုပ်ရှင်၊ ဇာတ်ညွှန်းပိုင်းများ၊ ရုပ်ရှင်နှင့် ဆက်နွှယ်သည့် ဂီတသမိုင်း၊ ယမ်းဖောက်ခွဲမှုအကြောင်း များ၊ ဆက်တင်၊ ပိုစတာ၊ ပန်းချီ၊ လက်ကမ်းကြော်ငြာနှင့် ပထမရုပ်ရှင်ပညာရှင်များဖြစ်သော အောက်ပါပုဂ္ဂိုလ်ကြီး များအကြောင်းကို ရေးသားစုဆောင်းခဲ့သည်။

၁။ ဦးအုံးမောင်
၂။ ဦးမောင်မောင်
၃။ ဦးညီပု
၄။ ပီမိုးနင်း
၅။ မအေးကြည် (မင်းသမီး)
၆။ ဦးပါကြီး (ဖခင်နေရာ)
၇။ ဦးမောင်မောင်ချစ် (အပြိုင်မင်းသား)
၈။ ဦးမောင်မောင်ကလေး (မင်းသားသူငယ်ချင်း)
၉။ ဦးမောင်မောင်စိုး (အောင်သွယ်စာပို့လုလင်)
၁၀။ ဦးပုကြီး (ဦးတုပ်ကြီး လူကြမ်း)

## စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနား ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်

လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနား တစ်ရပ်ကို စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီ တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် ကျင်းပရေး ဗဟိုကော်မတီဝင်များ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဖေ၊ တွဲဖက်အတွင်းရေးမှူး များဖြစ်ကြသော ဦးတိုးညွန့်နှင့် ဦးလင်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အခမ်းအနားကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကော်မတီဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ နဝဒေးရုပ်ရှင်ရုံ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဒုတိယ ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင် ဦးဆောင်သော ရုပ်ရှင်အနုပညာရှင်များသည် မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်၌ သဲသယ်ခြင်းဖြင့် လုပ်အားဒါန၊ ငွေသားဒါနများ ပေးလှူကြသည်။

အနုပညာရှင်များသည် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး လုပ်ငန်းတွင် လုပ်အားဒါနပေးလှူလျက်ရှိကြသည့် တပ်မတော်သားများနှင့် ပြည်သူများအား လိုက်လံအားပေးကြသည်။

## ဖြေဖျော်ရေးလုပ်ငန်းများ

စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီနည်းတူ မြန်မာ့ရုပ်ရှင်ဖြေဖျော်ရေး လုပ်ငန်းကော်မတီအနေဖြင့် မန္တလေးမြို့တွင် ရန်ပုံငွေရုပ်ရှင်ကားများပြသ၍ ရန်ပုံငွေရှာဖွေသည့်နည်းတူ ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံနှင့် သမ္မတရုပ်ရှင်ရုံ နှစ်ရုံတွင် နှစ်ပတ်ခွဲ၍ မြန်မာရုပ်ရှင် ကားသစ်၊ ကားဟောင်းများကို ရုံတင်ပြသ၍ ရန်ပုံငွေရှာဖွေ ခဲ့သည်။

ရုပ်ရှင်ရိုက်ကွင်း၏ သရုပ်ပြကွက်တစ်ခု



(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ၁၉၉၅ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု နာယကအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီး အေဝမ်းဦးတင်မောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲအဖြစ် ၁၆– ၉– ၉၅ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ ၁၇–၉– ၉၅ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၁၈– ၉ – ၉၅ ရက်တွင် "အောင်မြင်သောနေ့"၊ ၁၉– ၉– ၉၅ ရက်တွင် "မင်းအာဏာ"၊ ၂၀– ၉– ၉၅ ရက်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၁– ၉– ၉၅ ရက်တွင် "အချစ်နဲ့ အကောင်းအတိုင်းဖြစ်စေမည်" ရုပ်ရှင်ကားများကို ပြသခဲ့သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေ ရုပ်ရှင်ပွဲများ ပြသသည့် နဝဒေးရုပ်ရှင်ရုံတွင် (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အထိမ်းအမှတ်ပစ္စည်းများဖြစ်သည့် ရှင်ထိုး၊ သော့ချိတ်၊ ကားစတေကာ ၊ ဦးထုပ်၊ ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ တီရှပ် အင်္ကျီ ၊ ဘောလ်ပင်၊ ဖိုင်တွဲနှင့် မိန်းမကိုင် လက်ကိုင်အိတ်များကို ရောင်းချပေးကြလေသည်။ ဆက်လက်၍ သမ္မတရုံတွင်လည်း ရုပ်ရှင်ကားများပြသခဲ့သည်။

## သုတေသန လုပ်ငန်းကော်မတီ၏ လှုပ်ရှားမှု

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီကကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းဖတ်ပွဲကို ၁၉၉၅ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ၊ပဒုမ္မာဇာတ်ရုံ၌ ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် သုတေသနလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ် ဦးမြင့်ကြွယ်က ရုပ်ရှင် သုတေသနလုပ်ငန်းများနှင့် စာတမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထိုနောက် စာတမ်းဖတ်ပွဲ သဘာပတိ ဦးနေမျိုးက အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။ စာတမ်းဖတ်ပွဲ ပထမနေ့တွင် "မြန်မာ့ရုပ်ရှင် စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့် တိုးတက်လာမှုများ စာတမ်း" ကို ရုပ်ရှင် လုပ်ငန်းမှ ဌာနစိတ်မှူး ဦးစိုးဝင်း (စိုးဝင်းထွန်း)နှင့် မော်ကွန်း ရုပ်ရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေ ( မြင့်သိန်း ဖေ – မိတ္ထီလာ )တို့ ရေးသားပြုစုကြပြီး ဦးစိုးဝင်း (စိုးဝင်း ထွန်း) က ဖတ်ကြားသည်။

"ရသမြောက်သော အချစ်ရုပ်ရှင်ဇာတ်ကားများ စာတမ်း" ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေလက်ထောက် (၁) ဦးစောထွန်း– မောင်စောထွန်း (ကျောင်းကုန်း) က ပြုစုရေးသားပြီး ဖတ်ကြားသည်။

"ရသမြောက်သော ဟာသရုပ်ရှင်ကားများ စာတမ်း" ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်မှ စာတည်းမှူး ဦးဝင်းတင် (သိဟအောင်) က ရေးသားပြုစုဖတ်ကြားသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီက ကြီးမှူး၍ဒုတိယနေ့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်း ဖတ်ကြားပွဲ အခမ်းအနားကို ၁၉၉၅ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ပင် ကျင်းပသည်။

ဒုတိယနေ့တွင်–

"ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော မြန်မာ့ ရုပ်ရှင်ကားများစာတမ်း"ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ စာတည်းတာဝန်ခံ ဦးစိုးမြင့် (စိုးလွင်မြင့်) က ရေး သားပြုစု ဖတ်ကြားသည်။

"ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများစာတမ်း" ကို မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုရေးအဖွဲ့က ရေးသားပြုစုပြီး ဦးပြည့်စုံနှင့် သုတေသန လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက်ရေးသား၍ ရုပ်ရှင် သရုပ်ဆောင် ချစ်ချစ်ဇော်က ဖတ်ကြားသည်။

"မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများ စာတမ်း" ကို မြဝတီပုံနှိပ်တိုက်မှ တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်စန်းက ရေးသားပြုစုဖတ်ကြားသည်။

"မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်း" ကို စာရေးဆရာမကြီး စောမုံညင်းက ရေးသားပြုစုပြီး ဖတ်ကြားတင်ပြသည်။



ရုပ်ရှင်ပွဲတော်သို့ ကြိတ်ကြိတ်တိုး လာရောက်အားပေးကြသော ရုပ်ရှင်ချစ်သူများ

ဒေါ်စောမုံညင်းဖတ်ကြားတင်သွင်းသော မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်းတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် အလှမယ်ကလေးများက စာတမ်းကို ပိုမိုအသက်ဝင်အောင် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်၍ သရုပ်ဆောင်ပြသကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ

မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက ကြီးမှူး၍ မြန်မာရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်အဖြစ် ၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် မြန်မာ့ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမတွင် ကျင်းပသည်။ စက်တင်ဘာ ၂၇ ရက်နေ့သည် အစမ်းလေ့ကျင့်ပွဲဖြစ်ပြီး စက်တင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် ပြိုင်ပွဲများကျင်းပပြီး ရုပ်မြင်သံကြား ရိုက်ကူးခဲ့သည်။ ပြိုင်ပွဲဝင်များကို ပြည်နယ်နှင့် တိုင်း ၁၄ ခုမှ လက်ရွေးစင်တစ်ဦးကျစီ (၁၄) ဦးကို ဗဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်စေသည်။ ပထမအဆင့်အဖြစ် အုပ်စု (၂) စုခွဲ၍ ပထမအုပ်စုတွင် (၇) ဦးကို စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအုပ်စုမှ (၇) ဦးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင်လည်းကောင်း ယှဉ်ပြိုင်စေပြီး ပထမနေ့၊ ပထမအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦးနှင့် ဒုတိယနေ့၊ ဒုတိယအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦး ပေါင်း (၆) ဦးကို နောက်ဆုံးအဆင့်ပြိုင်ပွဲ တစ်ပွဲအဖြစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆက်လက်ယှဉ်ပြိုင်စေပြီး ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ပြည်နယ်တိုင်းအသီးသီးမှ ရုပ်ရှင်ဝါသနာရှင်များအား ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ သီဟတင်စိုး၊ နေဆန်း၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ ဇင်မာဦး၊ စိုးမြတ်သူဇာတို့က ဆုများချီးမြှင့်ကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို မေးခွန်းထုတ်သူများအဖြစ် ၂၈–၉–၉၅ နေ့တွင် မောင်မေတ္တာနှင့် ဒေါ်ခင်လေးဆွေတို့အတွဲ၊ ၂၉ – ၉ – ၉၅ နေ့တွင်




တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ရုပ်ရှင်ဇာတ်ကားဟောင်းများဆိုင်ရာ ပြကွက်တစ်ခု

သန်းဖေလေး၊ ခင်ယုမေအတွဲနှင့် ၃၀–၉–၉၅ နေ့ နောက်ဆုံးနေ့တွင် ညွန့်ဝင်း၊ ချိုပြုံးတို့အတွဲက မေးမြန်းကြပြီး အမှတ်ပေး အကဲဖြတ်ပုဂ္ဂိုလ်များအဖြစ် ဒါရိုက်တာဦးခင်ဇော်၊ ဦးနေမျိုး၊ ဂီတလုလင် ဦးကိုကို နှင့် ဒေါ်တင်တင်မြတို့က တာဝန်ယူဆောင်ရွက်သည်။ ထိုပွဲအတွက် ချီးမြှင့်ငွေ ၃၈၀၀၀/– ကျော်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူခဲ့သည်။

## ပြပွဲဖွင့်ပွဲနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ

(၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲဖွင့်ပွဲ အခမ်းအနား နှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ၁၉၉၅ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်းတို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ မြန်မာ့ရုပ်ရှင် အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ဝါရင့်ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်အနု

ပညာကို ချစ်မြတ်နိုးသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမရှေ့ ဥပစာ၌ကျင်းပရာ မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညိုပုက ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ အကယ်ဒမီ ဒေါ်ခင်သန်းနု၊ ကျော်သူနှင့် စိုးသူ တို့ ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဇင်မာဦး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ရန်အောင်နှင့် ဒွေးတို့က တိုင်းရင်းသား တိုင်းရင်းသူ (၁၆) ဦးတို့ ခြံရံ၍ ကိုင်ဆောင်ထားသည့် မိုးပျံပူဖောင်းများ တပ်ဆင်ထားသော ဖဲကြိုးကိုဖြတ်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲကို နံနက် ၈ နာရီအချိန်တွင် ဖွင့်လှစ်ပေးလိုက်သည်။ ဂီတစာဆို စန္ဒရားလှထွတ်ရေးစပ်သီကုံးသည့် "ပြည်သူ့အတွက် ရုပ်ရှင်" ဂုဏ်ပြုတေးသီချင်းကို မြန်မာနိုင်ငံ ရှင်ရှင်အစည်းအရုံးဝင်များက သံပြိုင်ဟစ်ကြွေးသီဆိုကြသည်။

ထိုနောက် အခမ်းအနားကိုတပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မအားကစားကွင်းထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို ရုပ်ရှင်ဒါရိုက်တာ အောဝမ်းဦးလှမျိုးနှင့် စင်ရော်မောင်မောင်တို့က ကိုင်ဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီနာယကအဖွဲ့ဝင် ရုပ်ရှင် အနုပညာရှင် မင်းသားကြီး ဦးအေးကြူက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်ခင်ယုမေ ကိုင်ဆောင်

ရုပ်ရှင်စိန်ရတုသဘင် ပြခန်းမုခ်ဦး



ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များက ၄င်းတို့ ကိုင်ဆောင်ထားသော မိုးပျံပူဖောင်းများကို လွှတ်တင်လိုက်ကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် မြို့မအားကစားကွင်းအတွင်း ခင်းကျင်းပြသရောင်းချမည့် အထူးအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပဒေသာကပွဲ ဖွင့်ပွဲ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး၊ ဖျော်ဖြေရေးဆပ်ကော်မတီက စီစဉ်တင်ဆက်မည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၊ ရုပ်ရှင်ပြဇာတ် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၇–၁၀–၉၅ နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပြဇာတ်ပဒေသာကပွဲကို မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပရေး ဗဟိုကော်မတီနာယက အဖွဲ့ဝင် ရုပ်ရှင်ဒါရိုက်တာ ဦးသုခ က ရုပ်ရှင်အနုပညာရှင်များခြံရံ၍ ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးလိုက်ရာ ရုပ်ရှင်အနုပညာရှင်များက "ရတနာပုံ" သီချင်းကို သံပြိုင်သီဆိုကြသည်။

ထိုနောက် ဒါရိုက်တာ စိန်သံမဏိ၊ ဇာတ်ညွှန်း လှိုင်ဦး၏ "အမေ ကျွန်တော် မင်းသားဖြစ်ပြီ"၊ ဒါရိုက်တာ ကြည်စိုးထွန်း၊ တွဲဖက်ကောင်းမြတ်တို့၏ "ရုပ်ရှင်ခရီးသည်"၊ ဒါရိုက်တာ အောင်မြင့်မြတ်နှင့် မောင်နီလွင် (သပြု) တို့၏ "ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ"၊ ဒါရိုက်တာ သီဟတင်စိုး၏ "စိတ်ကို ငြိမ်ငြိမ်ထား" ရုပ်ရှင်ပြဇာတ်များဖြင့် ဖြေဖျော်ပြီး ဒုတိယပတ်တွင် ဒါရိုက်တာ အောင်လွင်၏ "တစ်ရံရောအခါ"၊ ဒါရိုက်တာ မိုက်တီး၏ "အကြားအမြင်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "မျက်မမြင် ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော်" ပြဇာတ်တို့ကို တင်ဆက်သည်။

## စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ၁၈–၁၀–၉၅ နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ အဆိုပါဆုပေးပွဲ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (စာပေဗိမာန်) မှ စာတည်း (တာဝန်ခံ) ဒေါ်မြမြသန်း (မနှင်းဖွေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်က မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အထိမ်းအမှတ်ပြပွဲပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ဆုစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားသည်။

ထိုနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုအထိမ်းအမှတ် တံဆိပ် (လိုဂို) ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးလှထွဋ်ဦး (ပြန်/ဆက်)အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကာတွန်းခရေ (ဦးတင်မြင့်)၊ ဒုတိယဆုရရှိသော ကာတွန်းဉက္ကာ (ဦးတင်ဝင်း)၊ တတိယဆုရရှိသော ကာတွန်းမောင်မောင်လေး၊ (ဦးမောင်မောင်လေး) နှစ်သိမ့်ဆုများ ရရှိကြသောကာတွန်းဗချီ-(ဦးဗချီ)၊ ဦးမျိုးမင်းဇော် (သီးသန့် ရွှေပန်းချီ) နှင့် မနှင်းနှင်းဝင်းတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုကိုဦး (ဦးမြလှိုင်)၊ ဒုတိယဆုရရှိသော ထန်လှိုင် (ဦးကြည်ထွဏ်း)၊ တတိယဆုရရှိသော မိမိကျော် (မိမိဝင်း)၊ နှစ်သိမ့်ဆုများ ရရှိကြသော ဦးကျော်ညွန့်၊ မောင်မဟာ (ဦးလှမြင့်) နှင့် ဝင်းနွယ် (သစ်တော) (ဦးမျိုးငွေ) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းမောင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဂီတာဖေဝင်း၊ ဒုတိယဆုရရှိသော သထုံသန်းဝင်း၊ တတိယဆုရရှိသော မုံရွာဦးအေးမောင်၊ နှစ်သိမ့်ဆုများ ရရှိကြသော သန်းမြတ်စိုးနှင့် မျိုးနွယ်ဆွေတို့အားလည်းကောင်း၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဗီဒီယိုဇာတ်လမ်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသော ဦးလှမြင့်အေး၊ မဒီပါနှင့် မခင်အေးဟန် (မြဝတီ) တို့အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဗိုလ်မှူးကြီး တင်ခက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးစိုးလွင်ငြိမ်း၊ ဒုတိယဆုရရှိသော ဦးအေးကြူ၊ တတိယဆုရရှိသော ဦးစိုးမင်း၊ နှစ်သိမ့်ဆုများ ရရှိသော မရီရီချို၊ မမြတ်မိုးလှိုင်၊ မဖြူဖြူစိုးနှင့် ဒေါက်တာမြင့်ဦးတို့အား လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုနေ့က ဆုချီးမြှင့်လိုက်သည့် ဆုငွေများမှာ အထိမ်းအမှတ်တံဆိပ်၊ ကာတွန်းဆောင်းပါးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများအတွက် ပထမဆုငွေ ကျပ်တစ်သောင်း၊ ဒုတိယဆုငွေ ကျပ် ရှစ်ထောင်၊ တတိယဆုငွေ ကျပ်ငါးထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် နှစ်ထောင်စီဖြစ်ပြီး တေးသီချင်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ် တစ်သောင်းနှစ်ထောင်၊ ဒုတိယဆုငွေ ကျပ်ကိုးထောင်၊ တတိယဆုငွေကျပ် ခုနစ်ထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီဖြစ်သည်။

ဗီဒီယိုဇာတ်လမ်း ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ်သုံးသောင်း၊ ဒုတိယဆုငွေ ကျပ်နှစ်သောင်း၊ တတိယဆုငွေ ကျပ် တစ်သောင်းနှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီ အသီးသီးဖြစ်သည်။

## အထိမ်းအမှတ် အလံ

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်ပြပွဲတွင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာတွင် မိုးပျံပူဖောင်းနှင့်အတူ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံကို ထည့်၍လွှင့်တင်ခဲ့သည်။ ယင်းအထိမ်းအမှတ်အလံကို ရရှိသူအား ဆုငွေကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်စာတမ်းကို တစ်ပါတည်းထည့်သွင်းရာ တွံတေးမြို့နယ်၊ ပဒိုင်ရေကျော်ကျေးရွာနေ မောင်ဇော်အောင်က အောက်တိုဘာ ၁၇ ရက်တွင် လယ်ကွင်းအတွင်း ကောက်ယူရရှိသဖြင့် မောင်ဇော်အောင်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် မင်းသားကြီးဦးအေးကြူက ဆုငွေ ကျပ်တစ်သောင်းကို ချီးမြှင့်ခဲ့သည်။

အလားတူပင် ရုပ်ရှင်ပွဲတော် (မြို့မကွင်း)မှ ဖွင့်ပွဲနေ့တွင် လွှတ်တင်လိုက်သော မိုးပျံပူဖောင်းမှ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံ ရရှိသူတွံတေးမြို့နယ်မှ မောင်မောင်လွင်သည်လည်း ဆုငွေတစ်သောင်း ရရှိသွားသည်။

## နိဂုံး

ဤသို့ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ရာ ရုပ်ရှင်ချစ်သော ပြည်သူလူထုအများစုတို့သည် တပ်မတော်ခန်းမရှိ ရုပ်ရှင်ပြခန်းများကိုလည်းကောင်း၊ မြို့မအားကစားကွင်းတွင်းရှိ ရုပ်ရှင် ပွဲတော်ကြီး ကိုလည်းကောင်း၊ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည့် ရုပ်ရှင်ပဒေသာကပွဲများကိုလည်းကောင်း ကြိတ်ကြိတ်တိုး ရုံပြည့် ရုံလျှံအားပေးခဲ့ကြသဖြင့် မူလသတ်မှတ်ထားသော အောက်တိုဘာ ( ၃ ) ရက်နေ့အစား နိုဝင်ဘာ ( ၅) ရက်အထိ ရက်တိုးပြသ ကပြဖျော်ဖြေခဲ့ရသည်။ ပွဲသိမ်းသည့်အခါ ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရန်ပုံငွေ ၁၈၇ သိန်းကျော် လှူဒါန်းနိုင်ခဲ့ပေရာ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားသည် နိုင်ငံတော်နှင့် ရုပ်ရှင်ချစ်သော ပြည်သူများ အားပေးမှု၊ ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်နှင့် နီးနွယ်သူများ၊ ရုပ်ရှင်ချစ်သူများ၏ အားပေးမှုဖြင့် “ခြိမ့်သဲဆင်ယင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်” ဟူ၍သာ ကမ္ပည်းတင်လိုက်ရပေသည်။

**မောင်နေမျိုး**







# အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် အဓိက သယံဇာတများဖြစ်သော ရေ၊ မြေ၊ တော၊ တောင်နှင့် ရာသီဥတုမျှတကောင်းမွန်မှုကို အခြေခံ၍ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အခြေခံကျသော ရေမြေတောတောင်များ ပျက်စီးပါက ရာသီဥတုလည်း ဖောက်ပြန်လာမည်ဖြစ်ပြီး သစ်ပင် သစ်တောများနှင့် တောတောင်ရေမြေများ အစဉ်သဖြင့် စိမ်းလန်းစိုပြည်နေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးရေနည်းဒေသဖြစ်၍ သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါး ပြီး ပူပြင်း ခြောက်သွေ့ခြင်း၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုနည်းခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်တို့အတွက် သောက်ရေသုံးရေ လုံလောက်စွာ မရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုအဆင့်အတန်း နိမ့်ကျခြင်း တည်းဟူသော ဆိုးကျိုးများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ထိုဒေသများသည် မိုးခေါင်ရေရှားဖြစ်ခဲ့ရသဖြင့် သဲကန္တာရနီးပါးဖြစ်ရကာ လောင်စာထင်းအတွက် ရှာဖွေနေရသည်ကပင် အချိန်ကုန်လူပန်းဖြစ်ကြရပြီး စီးပွားရေးဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဒေသခံ ပြည်သူများသည် မိမိတို့ဒေသကိုပင်စွန့်ခွာ၍ ရေကြည်ရာ မြက်နုရာ သို့ရွှေ့ပြောင်းကြရတော့မည့် အခြေသို့ ရောက်ခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးရှောင်ဒေသကို ပူပြင်းခြောက်သွေ့သော အခြေအနေမှ စိမ်းလန်းစိုပြည်၍ သီးနှံအထွက်တိုးသော ဒေသအဖြစ် ပြောင်းလဲရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာသည်။

ထို့ကြောင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အခြေအနေမှန်ဖြစ်သော သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါးခြင်း၊ ရေအလွန်ရှားပါးခြင်း၊ ရေတိုက်စားမှုများပြားလွန်း၍ မြေဆီလွှာခြောက်သွေ့ဆုတ်ယုတ်ခြင်း၊ ရာသီဥတုမမှန်ကန်သဖြင့်သီးနှံအထွက် ဆုတ်ယုတ်ခြင်းစသည်တို့ကို သိရှိသဘောပေါက်သည့်အားလျော်စွာ သစ်ပင် သစ်တောတို့ကို အမြန်ဆုံးထိန်းသိမ်းရေး၊ သစ်ပင်သစ်တောလုံးဝမရှိသည့်ဒေသများတွင် သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ရေးတို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ ကွပ်ကဲကြပ်မတ်မှုဖြင့် သစ်တောဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့ကြောင့် စိမ်းလန်းစိုပြည်ရေးကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေသော ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မုံရွာနှင့် စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့ကို အထူးဒေသများအဖြစ် ရွေးချယ်သတ်မှတ်ပြီး မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး သုံးနှစ်စီမံချက် ချမှတ်ကာ ထိုအထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ၁၉၉၄–၉၅ ခုနှစ်မှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

## ဆောင်ရွက်ချက်များ

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးဒေသစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရှိပြီးသစ်တောသစ်ပင်များအား စည်းကမ်းမဲ့ခုတ်လှဲအသုံးပြုမှုကိုကာကွယ်ခြင်း၊ တောင်ကတုံးများတွင်သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာများအနီးတွင် ရေကန်ငယ်များ တူးဖော်၍ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့ကို အဆိုပါ အထူးဒေသကိုးခရိုင်တွင် ဆောင်ရွက်ခဲ့သည်။ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများတွင် နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုး

## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



တန် ကျွန်း၊ ပျဉ်းကတိုးစသော သစ်ပင်များကိုလည်း စိုက်ပျိုးစေခဲ့သည်။

ခြောက်သွေ့လွန်းသော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးရှောင်ဒေသပတ်ဝန်းကျင်ကို အမြန်ဆုံးပြန်လည်စိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထု၏အဓိက လိုအပ်သော လောင်စာစွမ်းအင်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန်၊ ရေမြေရာသီဥတု တိုးတက်ကောင်းမွန်လာစေပြီး စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ အများပြည်သူနှင့်ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိစေရန်၊ ငုပ်လျှိုးနေသော စိမ့်စမ်းရေများပြန်လည်ပေါ်ထွက်လာပြီး မြေဆီဩဇာများ ပိုမိုကောင်းမွန်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက သစ်ပင်သစ်တောများ၏ တန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်ကြပြီး သစ်တောများကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာပြည်အလယ်ပိုင်းအထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ထားရှိပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အထူးဒေသ ကိုးခရိုင်သည် သုံးနှစ်တာကာလအတွင်း မယုံကြည်နိုင်လောက်အောင် စိမ်းလန်းစိုပြည်လာသည်။

**ချောက်မြို့နယ် ငွေချိုတောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံတို့ တွန်းအားပေး ဆောင်ရွက်လျက်**

မြန်မာပြည် အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ကို သုံးနှစ်တာကာလဖြင့် အကောင်အထည်ဖော်ရန်၊ နှစ်စဉ်သစ်တောစိုက်ခင်းဧက ၈၀,၀၀၀ တည်ထောင်သွားရန်၊ ထူးခြားသည့် ဒေသနှင့် သစ်တောပြုန်းတီးနေသည့် တောင်ကတုံးများ စိမ်းလန်းစိုပြည်ရေးနှင့် အဓိကလမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်ရေးကို အထူးအစီအမံဖြင့် ဆောင်ရွက်ရန်၊ အပူပိုင်း ရေရှားသည့် ဒေသများတွင် စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်းအမြစ်ရရှိရေးတို့အတွက် ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရေး အပြင် လူနှင့်တိရစ္ဆာန်များ သောက်သုံးရန် ရေကန်ငယ်များ တိုးချဲ့တူးဖော်၍ ရွာတစ်ရွာတွင် ရေကန်တစ်ကန်နှင့် တစ်ကန်အနီးသစ်တောပျိုးဥယျာဉ်တည်ဆောက်လျက် ရွာဝန်းကျင်တွင် တောအုပ်ကလေးများတည်ထောင်ကာ တစ်ရွာလျှင် တစ်ကန် တစ်တောဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် နည်းလမ်း များဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာနများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းဦးစီး

ဌာနများ၊ စက်မှုလယ်ယာဦးစီးဌာနများ၊ တပ်မတော် တပ်ရင်း တပ်ဖွဲ့နှင့် အခြားဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများသည် အချိန်တိုကာလ အတွင်း အောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်သည်။

အစားထိုးသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများကိုထိန်းသိမ်းကာကွယ်ခြင်း၊ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍ သစ်ပင်စိုက်ပျိုးခြင်း၊တောင်ကတုံးများတွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသကိုးခရိုင်သည် ယခင်က လွင်တီးခေါင် တောကတုံး တောင်ကတုံး မြေကတုံး ဖြစ်ပြီး သဲကန္တာရပမာရှိနေခဲ့ရာမှ ယခုအခါ ဥယျာဉ်ကြီးပမာ စိမ်းလန်းစိုပြည်သာယာနေပြီဖြစ်သည်။ နေရာတကာတွင် သစ်ပင်သစ်တောများဖြင့် လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။ ကျေးငှက်သာရကာတို့လည်း မြူးတူးပျံသန်းနေပြီ ဖြစ်သည်။ ရေတွင်းရေကန်များ၊ ဆည်ကြီး ဆည်ငယ်များလည်း အနှံ့အပြားတွင်ရှိနေပြီဖြစ်၍ အိုအေစစ်ဒေသကြီးပမာ ဖြစ်နေသည်။ ထို့အပြင် ရေရရှိရေး နည်းလမ်းငါးသွယ်ဖြင့် ရေကိုရအောင်ယူပြီး သီးနှံများ စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့်လည်း စီးပွားတိုးတက်၍ ရွှင်လန်းပျော်မြူးနိုင်ကြပြီ ဖြစ်သည်။

သစ်ပင်သစ်တောပြန်လည်စိုက်ပျိုးတည်ထောင်ရန် လျာထားသည့်ကာလမှာ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိဖြစ်ရာ ထိုကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေကိုကြည့်လျှင် ၁၉၉၄–၉၅ ခုနှစ်တွင် သစ်တော စိုက်ခင်းဧက ၁၅,၈၅၀ စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ၁၉၉၅–၉၆ ခုနှစ်တွင် ဧက ၁၇,၁၅၀ စိုက်ပျိုး တည်ထောင်ထားသည်။

## သစ်ပင် စိုက်ပျိုးမှုများ

စိုက်ပျိုးသည့် သစ်ပင်အမျိုးအစားများမှာ အကြီးမြန်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အပင်များဖြစ်သည်။ အထူးသဖြင့် ယူကလစ်ပင်များကို နေရာအနှံ့အပြားတွင် စိုက်ပျိုးခဲ့သည်။ ထို့အပြင် အပင်ကြီးထွားနှုန်းမြန်သော အော်ရီရှားပင်များနှင့် မဲဇလီပင်များကိုလည်း အများအပြားစိုက်ပျိုးထားသည်။ ထို့မှုမက စိန်ပန်း၊ ငုစပ်၊ ငုဝါ၊ ဘောစကိုင်း၊ မြန်မာရှား၊

**စစ်ကိုင်းခရိုင်၊ နွယ်ခွေသစ်တောစိုက်ခင်း**



မြန်မာကုက္ကို၊ ကုလားကုက္ကို၊ ဆီနီဂေါရား၊ ပိုလိုစီနေဖီးယား၊ တမာနှင့် အခြားကြီးမြန် သစ်ပင်များကိုလည်း စိုက်ပျိုးခဲ့သည်။ ထို့အပြင် ကျွန်း၊ ပျဉ်းကတိုး စသော နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုးတန် သစ်ပင်များလည်း စိုက်ပျိုးထားသည်။ ဒေသပေါက်ပင်များဖြစ်သော မန်ကျည်း၊ တမာ၊ ဖျောက်ဆိတ်စသည့်အပင်များနှင့် ဆူးဖြူ၊ ဆီးဖြူ၊ ထနောင်းတို့ကိုလည်း ကြားညှပ်၍စိုက်ပျိုးခဲ့ကြသည်။

အစားထိုး သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သကဲ့သို့ ရှိပြီးသဘာဝတောများကိုလည်း ထိန်းသိမ်းကာကွယ်လျက် ရှိသည်။ သစ်တောကြိုးဝိုင်းများနှင့် ကာကွယ်တော များ ကို လည်း တိုးချဲ့သတ်မှတ်ခဲ့သည်။ အလားတူ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍လည်း စိမ်းလန်းစိုပြည်ရေး နှင့်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးပြီးစီးခဲ့သောစိုက်ခင်းများ ရှင်သန် ကြီးထွားမှုရှိပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် အပင်သေများနေရာတွင် ဖာထေး စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေတောင် မြှောက်ခါးဆွခြင်း၊ မိုးပြတ်ရက်များတွင် ရေလောင်းခြင်း၊ စိုက်ခင်းများကို မီးမလောင်နိုင်အောင် မီးဘေးကာကွယ်ခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်အန္တရာယ်မှကာကွယ်စောင့်ရှောက်ခြင်း စသည်တို့ကိုလည်း စနစ်တကျ ဆောင်ရွက် လျက် ရှိသည်။

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် စီမံကိန်း ညွှန်ကြားရေးမှူး တစ်ဦးကို တာဝန်ပေးထားပြီး တပ်မတော်အရာရှိကြီး သုံးဦးတို့ကို ဇုန်အလိုက် တာဝန်ယူဆောင်ရွက်စေသည်။

မြန်မာပြည် အလယ်ပိုင်း၊ အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၉၄–၉၅ ခုနှစ် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေကို လေ့လာကြည့်လျှင် စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၌ မင်းဝံတောင်၊ ပဲကတိုး၊ ညောင်ပင်ဝန်း၊ ခြေရာတော် စိုက်ခင်းများတွင် ဧက ၅၀၀ ၌ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ဗမာရှား၊ ဆူးဖြူ၊ ဘောစကိုင်း၊ တမာတို့ကို စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ညောင်ပင် ဝန်း၌ ထီးဆောင်းစိုက်ခင်းများတွင် ဧက ၁၀၀ ၌ အထက် ဖော်ပြပါ သစ်ပင်များကို စိုက်ပျိုးခဲ့သည်။

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက်ပျဉ်တောင်၊ ဘန်ဆိစိုက်ခင်းများတွင် ဧက ၄၀၀ ၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ နွယ်ခွေနှင့် နတ်ရေကန်စိုက်ခင်းများတွင် ဧက ၆၀၀၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဝန်ဘို၊ သာဖန်းနှင့် တွင်းတောင်စိုက်ခင်းများတွင် ဧက ၅၀၀ ၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆားလင်း ဆားခါးစိုက်ခင်း၌ ဧက ၂၀၀ စိုက်ပျိုးခဲ့သည်။ မုံရွာခရိုင်၌ စိုက်ပျိုးခဲ့သည့် အပင်အမျိုးအစားများမှာ ယူကလစ်၊ ဘောစကိုင်း၊ အော်ရီရှား၊ ဗမာရှား၊ မဲဇလီ၊ ဆီနီဂေါရား၊ ကုလားကုက္ကို၊ ဗမာကုက္ကို၊ တမာနှင့် ဟိုလိုရှားတို့ ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၊ လိန်တောနှင့် အင်ပင်ဝစိုက်ခင်းများ၌ ဧက ၅၀၀ ၊ သာစည်မြို့နယ် မင်းဘုရားကန်စိုက်ခင်း၌ ဧက ၃၀၀ ၊ ဝမ်းတွင်းမြို့နယ် ရွှေဆံတော်နှင့် တောင်ကိုးလုံးတို့၌ ဧက ၃၀၀ ၊ မလှိုင်မြို့နယ် မယ်ညိုတောင်စိုက်ခင်း၌ ဧက ၄၀၀ စိုက်ပျိုးထားပြီး စိုက်ပျိုးသောအပင်များမှာ ယူကလစ်၊ ဆီနီဂေါရား၊အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ဗမာရှားနှင့် ဗမာကုက္ကိုတို့ ဖြစ်သည်။

ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၊ မယ်အောင်ကန် ၊ ပျဉ်းမတောနှင့် နတ်တံခါးစိုက်ခင်းများ၌ ဧက ၃၀၀၊ ပျော်ဘွယ်မြို့နယ် ရေထွက်ရိုး၊ ညောင်နွယ်တောင်၊ ညောင်နွယ်မြောက်၊ ခမရ (၄၁၈) နှင့် မင်းဝေတောင်စိုက်ခင်းများ၌ ဧက ၃၀၀၊ တပ်ကုန်းမြို့နယ် ခေတ်အေးနှင့် အုန်းပင်စိုက်ခင်း၌ ဧက ၁၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် သစ်ပင်များမှာ ယူကလစ် ၊ အော်ရီရှား၊ မဲဇလီ၊ ဘောစကိုင်းတို့ ဖြစ်သည်။

မြင်းခြံခရိုင်တွင်လည်း ယူကလစ်၊ ဆီနီဂေါရား၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီနှင့် မြန်မာရှားတို့ကို ဧက ၃,၇၀၀ ၌ စိုက်ပျိုးထားသည်။ မြင်းခြံခရိုင်အတွင်း စိုက်ပျိုးသည့် ဒေသများမှာ မြင်းခြံမြို့နယ်၊ တဲရွာ၊ ဆားခါး၊ ကုက္ကဲမြောက်၊ ယုံကိုးနှင့် ကန်နီစိုက်ခင်းများ၌ ဧက ၉၀၀၊ နွားထိုးကြီးမြို့နယ် ဆေးခင်းကြီးစိုက်ခင်း၌ ဧက ၃၀၀၊ တောင်သာမြို့နယ် တောင်သာတောင်၊ ပန်းပေါင်း၊ မြင့်ဘဲ၊ ကျောက်တစ်လုံးနှင့် ဝဲမောင်စိုက်ခင်းများ၌ ဧက ၇၀၀ ၊ ကျောက်ပန်းတောင်းမြို့နယ် ငရုဉ့်တောင်၊ ကျောက်ပုံ၊ ရွှေကျောင်နှင့် ခါးပတ်စိုက်ခင်းများ၌ ဧက ၉၀၀၊ ပုဂံ၊ ညောင်ဦးမြို့နယ် ဟတ်စီး၊ တက်မ၊ မြေသင်းထွင်နှင့် ကျောက်ကူးစိုက်မင်းများ၌ ဧက ၉၀၀ တို့ ဖြစ်သည်။

## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



**မုံရွာခရိုင်၊ ရွှေမြင်းတင်စိုက်ခင်းမှာလည်း စိမ်းလန်းအုပ်ဆိုင်းနေချေပြီ**

ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးထားသည့် အခြေအနေမှာ ပေါက်မြို့နယ် ရေတိမ်ရွာ၊ တက်မတောင်နှင့် လယ်လမ်းရွာ စိုက်ခင်းများ၌ ကေ ၂၀၀၊ မြိုင်မြို့နယ် လင်းကတော၊ မင်းကန်နှင့် မြိုင်တောင်စိုက်ခင်းများ၌ ကေ ၂၀၀၊ ရေစကြိုမြို့နယ် ကျောက်လှေခါး၊ မအူနှင့် ဆင်ချောင်းတမံ စိုက်ခင်းများ၌ ကေ ၂၀၀၊ ပခုက္ကူမြို့နယ် စံပြစိုက်ခင်းနှင့် တက်မတောင်စိုက်ခင်းများ၌ ကေ ၁၀၀၊ ဆိပ်ဖြူမြို့နယ် ကိုးတောင်စိုက်ခင်း၌ ကေ ၂၅၀ စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးသည့် အပင်အမျိုးအစားများမှာ ယူကလစ်နှင့် အော်ရီရှားအများဆုံး ဖြစ်သည်။

မကွေးခရိုင်တွင် ချောက်မြို့နယ်ရှိ ဆင်က ကာကွယ်တောစိုက်ခင်း၌ ကေ ၅၀၀၊ ရေနံချောင်းမြို့နယ်ရှိ ယင်းမချောင်းစိုက်ခင်း၌ ကေ ၈၀၀၊ နတ်မောက်မြို့နယ်ရှိ ယင်း ကာကွယ်တောစိုက်ခင်း၌ ကေ ၆၀၀၊ မြို့သစ်မြို့နယ်ရှိ ညောင်တုန်း၊ စတုံကြီးဝိုင်းနှင့် မြို့သစ်ကြီးဝိုင်း စိုက်ခင်း များ ၌ ကေ ၃၅၀၊ တောင်တွင်းကြီးမြို့နယ်ရှိ ကုက္ကိုခွ စိုက်ခင်း ၌ ကေ ၅၀၀၊ မကွေးမြို့နယ်ရှိ ကားလမ်းမ ဝဲယာ (မိုင်တိုင် ၃၀၁ မှ ၃၄၂ အထိ) စိုက်ခင်း၌ ကေ ၇၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် အပင်များမှာ ယူကလစ်၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ရှား စသည့်အပင်များ ဖြစ်သည်။

အထူးဒေသ ကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မင်းဘူးခရိုင်တွင်လည်း စိမ်းလန်းစိုပြည်ရေးသစ်ပင်များ အနှံ့အပြားစိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် ဧရိယာမှာ စလင်းမြို့နယ်ရှိ စလင်းကြီးပြင်စိုက်ခင်း၌ ကေ ၃၅၀၊ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းကုန်းကြီးနှင့် ကွဲဒီကွင်း စိုက်ခင်းများ၌ ကေ ၃၅၀၊ မင်းဘူးမြို့နယ်ရှိ မင်းဘူးတောင်တန်းနှင့် ဓီးအိုင်စိုက်ခင်းများ၌ ကေ ၃၅၀၊ ငဖဲမြို့နယ်ရှိ ပုဂံကြီးပြင်စိုက်ခင်း၌ ကေ ၂၀၀ အသီးသီးစိုက်ပျိုးထားသည်။ စိုက်ပျိုးခဲ့သည့်အပင်များမှာ ယူကလစ်၊ ဘောစကိုင်းနှင့် ရှားပင်များဖြစ်သည်။

အလားတူ သရက်ခရိုင်တွင် မင်းလှမြို့နယ်၊ တောင်ဦးစိုက်ခင်း၌ ကေ ၂၀၀၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်နှင့် ကိုးပင်စိုက်ခင်း၌ ကေ ၅၀၀၊ အောင်လံမြို့နယ်ကွဲသေကြီးဝိုင်း၊ ပြလို့ကြီးဝိုင်း၊ ဗွက်ကြီးကြီးဝိုင်း၊ ဆင်ချည်တိုင်နှင့် ကန်နှစ်ဆင့်စိုက်ခင်းများ၌ ကေ ၇၅၀၊ မင်းတုန်းမြို့နယ်၊ မင်းတုန်း – ကံမလမ်း စိုက်ခင်း၌ ကေ ၁၀၀၊ ကံမမြို့နယ်၊ ပုသိမ် – မုံရွာလမ်း စိုက်ခင်း၌ ကေ ၁၀၀၊ သရက်မြို့နယ်၊



ပူပြင်းခြောက်သွေ့လှသော စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ညောင်ပင်အိုင် တောရစိုက်ခင်းမှာ စိမ်းလန်း၍သာယာလှ

သရက် – မင်းတုန်းလမ်း၌ ကေ ၃၅၀ အသီးသီး စိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် အပင်များမှာ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ကျွန်း စသည့်အပင်များ ဖြစ်သည်။

ဖော်ပြခဲ့ပြီးသည့် စိုက်ကေနှင့် စိုက်ပျိုးပင်များမှာ စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၁၉၉၄–၉၅ ခုနှစ်အတွင်း စိုက်ကေနှင့် စိုက်ပျိုးပင်များ ဖြစ်သည်။

## ရေကန်နှင့် ဆည်များ

အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း ၁၉၉၄–၉၅ ခုနှစ် အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေကန်နှင့် ဆည်များမှာ မုံရွာခရိုင်၊ မုံရွာမြို့နယ်၌ သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရောင်တော်ထုံး၊ သာယာစု၊ ခတ္တာကန်မြောက်၊ ရွှေမြင်တင်ကန်များတည် ဆောက်ပြီးစီးခဲ့သည်။ ထို့အပြင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် ကျောက်ရိုးမြောင်တစ်ဖက်ဆည်၊ တောင်မန်ကျည်းတစ်ဖက်ရပ်ဆည်၊ ကျေးအုပ်ကန်၊နိဗ္ဗာန်ဝကန်တို့ကို တည်ဆောက်ခဲ့သည်။ တစ်ဖန် မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၌ ကျောက်စစ်ကုန်းကန်၊ ရွာသစ်ကန်၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၌ ညောင်ပင်သာကန်၊ သာမုံးကုန်းကန်၊ ညောင်ပင်ကန်၊ မုံရွာခရိုင်၊ ယင်းမာပင် မြို့နယ်၌ ပျံ့ကြီးကန်၊ ညောင်ပင်အိုကန်၊ ဆားလင်းကြီးမြောက်ကန်၊မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၌ လက်ပန်မြောက်ကန်၊ သဖန်းကန်တို့ကို တည်ဆောက်ခဲ့သည်။ ချောင်းဦး၊ အရာတော်၊ ယင်းမာပင်မြို့နယ်များရှိ ကန်များနှင့် ဘုတလင်မြို့နယ်ရှိလက်ပန်မြောက်ကန်ကို သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘုတလင်မြို့နယ် သဖန်းကန်ကို ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တူးဖော်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း၊ မြင်းခြံခရိုင်တွင်လည်း ရေကန်များဆည်များ တည်ဆောက်ခဲ့သည်။ တည်ဆောက်ခဲ့သည့် ရေကန်နှင့် ဆည်များမှာ ပုဂံညောင်ဦးမြို့နယ်ရှိ ထနောင်းဝန်း၊ မြင်ချောင်းကန်၊ နတ်ကြီးအိုင်၊ မြေနီနှင့်မြောင်းကန်များ၊ ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကန်၊ စက္ကိန်းအရှေ့ တောင်ကန်၊ စက္ကိန်းအရှေ့ကန်၊ ကန်ဖြူတောင်ကန်၊ ရွာလူကန်၊ စီပေါက်ကန်နှင့် အနောက်ဖို

စုကန်များ၊ နွားထိုးကြီးမြို့နယ်ရှိ ထနောင်းပင်ဝဲကန်၊ တက်စီကန်၊ သရက်ကန်၊ ပြင်စည်ကန်၊ တပါယ်ကန်နှင့် သဲတောကန်များ၊ တောင်သာမြို့နယ်ရှိ တပ်ကြီးကန်၊ တောင်သာကန်၊ ကျောချောကန်နှင့် ပန်းပေါင်းကန်များ ဖြစ်သည်။


အလားတူ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ဆားတောင်ကန်၊ နတ်ခရိုင်ကန်၊ အုန်းတောကန်၊ ရွာသစ်ကန်၊ ဆည်လေးတောကန်နှင့် ခြေရာတော်ကန် (ခြေရာတော်ကန် ငါးခု) များ၊ စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်ရှိ သရက်ချိုကန်နှင့် မိုးတောင်းကန်များ၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ်ရှိ ကျွဲအိုကန်နှင့် မြင်းမူမြို့နယ် ထိန်တန်ကန်တို့ကိုလည်း တူးဖော်တည်ဆောက်ထားသည်။ စစ်ကိုင်းမြို့နယ်ရှိ ခြေရာ တော်ကန် ငါးကန်မှာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ကျန်ရေကန်များမှာ သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မကွေးတိုင်း ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ စိုတွင်းကန်၊ ကန်ရပ်ကြီးကန်၊ ဖုံးကန် (အရှေ့) ကန်၊ မြိုင်မြို့နယ်ရှိ မင်းကန်၊ မုံ့ညှင်းလေးကန်၊ သင်းပေါက်ကန်၊ ပေါင်းကွဲကန်၊ ရေစကြိုမြို့နယ်ရှိ ကုက္ကိုခွကန်၊ တောင်အိုကန်၊ မြေဖြူကျင်းကန်၊ ဆိပ်ဖြူမြို့နယ်ရှိ တပေါင်းကန်၊ တဲကြီးကန်နှင့် ကျောက်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ အဟတ်ကန်၊ သစ်ရာကောက်ကန်၊ ညောင်ကန်၊ မကျီးကန်၊ ချောက်မြို့နယ်ရှိ ရေတွင်းကန်၊ ညောင်ပင်သာကန်၊ အေးရွာကန်၊ ငွေးပင်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး ငွေးချို (သုံးရေကန်)၊ ထနောင်းသုံးခွကန်၊ အုတ်တွင်းကန်၊ ဆင်ကစခန်းကန်၊ ငွေးချိုသောက်ရေကန်နှင့် ညောင်ပင်သာ သုံးရေကန်တို့ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကူရွာ၊ ကန်ရွာ၊ ခင်မကန်နှင့် ဆီမီးခုံကန်များကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေချိုသရက်ခြံကန်၊ သာစည် မြို့နယ် ယင်းမာပင်ကန်နှင့် ရွာကြီးကန်တို့ကို သစ်တောရေးရာ

**ဆင်ပေါင်ဝဲမြို့နယ် စိမ်းစိုရေးသစ်တောပျိုးခင်းဖြင့် ပျိုးထောင်ပေးလျက်**





ချောက်မြို့နယ် ငွေးချိုတောင်တန်း စိုပြည်စိမ်းလန်းနေလေပြီ

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး သာစည်မြို့နယ်ရှိ ဘီလူးမကန်နှင့် မင်းဘုရားကန်တို့ကို ကိုး ခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက် ခဲ့သည်။ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အုတ်ကျင်းကန်၊ ရေနီအနောက်ကန်၊ လယ်တကောင်းကန် နှင့် သပွတ်ထုံးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ထားသည်။ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နန်းလုံကန်၊ ဆည်တိုကန်၊ ကန်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏အစီအစဉ်ဖြင့် တည်ဆောက်နိုင်ခဲ့ပြီး မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ ခေတ်အေးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ငွေးကုန်း၊ ရုံးကုန်း၊ ရွှေဘုတ်ကန်နှင့် ညောင်စောက်ချောင်းကန်နှင့် တောင်တွင်းကြီးမြို့နယ်ရှိ ပရပ်ကြယ်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကန် သုံးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။ တစ်ဖန် မကွေးခရိုင်အတွင်း နတ်မောက်မြို့နယ်တွင် တံခွန်တိုင်၊ ပိတောက်ငုတ်၊ ရေဘို၊ တက်ဝန်း၊ တလုပ်နှင့် မြို့သစ်မြို့နယ်တွင် မြေကြား၊ ချောက်ကြားနှင့် ဆူးတပ်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးခရိုင်၊ မင်းလှမြို့နယ်တွင် တလုပ်ကျင်းနှင့် ညောင်ပင်ကျပ်ကန်တို့ကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စိုစွတ်ကန်ကို လည်းကောင်း၊ အောင်လံမြို့နယ်တွင် စောင်းလျားကျင်းနှင့် ရေပေါကန်တို့ကိုလည်းကောင်း သစ်တောရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ၁၉၉၅ – ၉၆ ခုနှစ်အတွင်း တည်

ထောင်ခဲ့သည့် စိုက်ခင်းများမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရှိ ကျောက်ကာတောင်၊ ချောင်းဦးမြို့နယ်ရှိ နွယ်ခွေ ကာကွယ်တော၊ ရေပိုးစာကန်ပတ်ဝန်းကျင်၊ ဘုတလင် မြို့နယ်ရှိ အုတ်ဖိုတောင်တစ်လုံး၊ အဆိုပြုကြိုးဝိုင်း၊ ယင်းမာပင် မြို့နယ်ရှိဆားလင်း၊ ဆားခါးကာကွယ်တောတို့၌ ကေပေါင်း ၂၀၀၀ တွင်လည်းကောင်း၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ခြေရာတော် ကာကွယ်တော၊ မင်းဝံ တောင်၊ အုန်းတောကားလမ်းမ၊ ငါန်းဇွန်မြို့နယ်ရှိ ကျောက် တစ်လုံး ကားလမ်းမ၊ မြင်းမူမြို့နယ်ရှိ မြင်းမူ – ချောင်းဦး ကားလမ်းမနှင့် ထီးဆောင်ဒေသတို့၌ ကေပေါင်း ၇၅၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကုက္ကကာကွယ်တော (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ပုဂံ – ညောင်ဦးမြို့နယ်ရှိ မြေသင်းကွင်းကာကွယ်တောနှင့် အရာ တော် ကာကွယ်တော၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကိုးကွေ့ကြိုးဝိုင်း၊ သျှန်တောင်ကာကွယ်တောနှင့် ကိုင်း ကာကွယ်တော၊ နွားထိုးကြီးမြို့နယ်ရှိ ဆေးခင်းကြီး ကာကွယ် တော၊ တောင်သာမြို့နယ်ရှိ တောင်သာကြိုးဝိုင်းတို့၌ ကေ ပေါင်း ၃,၉၀၀ တွင်လည်းကောင်း၊ မိတ္ထီလာခရိုင် ၊ မိတ္ထီလာ မြို့နယ်ရှိ အင်ပင်ဝကြိုးဝိုင်း၊ သာစည်မြို့နယ်ရှိရွှေနတ်တောင် ကာကွယ်တော၊ ဝမ်းတွင်းမြို့နယ်ရှိ ရွှေဆံတော် ကာကွယ်တော နှင့် တောင်ကိုးလုံး ကာကွယ်တော၊ မလှိုင်မြို့နယ်ရှိ မယ်ညို တောင်ကြိုးဝိုင်းတို့၌ ကေပေါင်း ၁,၅၀၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း ၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နတ်တံခါး ကာကွယ်တောနှင့် ပျဉ်းမ တောရွာ၊ ပျော်ဘွယ် မြို့နယ်ရှိ ချောင်းကောက် ကာကွယ် တော၊ မင်းဝံတောင် ကာကွယ်တော၊ တပ်ကုန်းမြို့နယ်ရှိ အုန်းပင်ဒဟတ်တော ကာကွယ်တောတို့၌ ကေ ၇၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

အလားတူ မကွေးတိုင်း ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်ရှိ ကန်လှအပတောနှင့် တက်မတောင်၊ မြိုင်မြို့နယ်ရှိ မင်းကန် အပတောနှင့် မြိုင်တောင် အပတော၊ ပေါက်မြို့နယ်ရှိ ရေတိမ် ရွာ အပတောနှင့် တက်မတောင်၊ ရေစကြိုမြို့နယ်ရှိ မအူကြီးပြင်၊ တောင်ညိုအပတောနှင့် ကျောက်လှေခါး၊ ဆိပ်ဖြူမြို့နယ်ရှိ ကိုးတောင်အပတောတို့၌ ကေ ၁,၄၅၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ မင်းဘူးခရိုင် ၊ မင်းဘူးမြို့ နယ်ရှိ ပုဂံကန်ကြိုးဝိုင်းနှင့် မင်းဘူးတောင်တန်းဒေသ၊ စေတုတ္တရာ မြို့နယ်ရှိ စလင်း – စေတုတ္တရာ ကားလမ်းမ၊ စလင်းမြို့နယ်ရှိ စလင်းကြိုးပြင်တော၊ ပွင့်ဖြူမြို့နယ်ရှိ ကျွဲဒီကွင်းနှင့် ရေပုတ်ကြီးကွင်း၊ ငဖဲမြို့နယ်ရှိ ပုသိမ် – မုံရွာ ကားလမ်းမ တို့၌ ကေ ၁,၂၅၀ တွင်လည်းကောင်း၊မကွေးတိုင်း မကွေးခရိုင် ၊ မကွေးမြို့နယ် မကွေး – ရန်ကုန် ကားလမ်း၊ ချောင်မြို့နယ် ဆင်က ကာကွယ်တော၊ ရေနံချောင်းမြို့နယ် ယင်းမချောင်း ကာကွယ်တော၊ တောင်တွင်းကြီးမြို့နယ် သက်ကယ်ကျင်း ကာကွယ်တော၊နတ်မောက်မြို့နယ် ယင်း(၁) ကာကွယ်တော တို့၌ ကေ ၃,၅၀၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ သရက် ခရိုင် သရက်မြို့နယ် ရေမြက်ကြီးပြင်၊ မင်းလှမြို့နယ် တောင်ဦးကြီးပြင်၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကြီးပြင်နှင့် ကိုးပင်ကြီးပြင်၊ အောင်လံမြို့နယ် ဖွက်ကြီးကြီးပြင်၊ ကျွဲသေကြီးပြင်နှင့် ပြလို့ကြီးပြင်၊ မင်းတုန်းမြို့နယ် ကြီးပြင်အကွက် (၃၆) နှင့် ကံမမြို့နယ် ရွာသာလုကြီးပြင် တို့၌ ကေ ၂,၁၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

## နိဂုံး

မြန်မာပြည် အလယ်ပိုင်း အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းကာလ သုံးနှစ် ပြည့်မြောက်သွားသည့် နောက်ပိုင်းတွင်လည်း စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်ချက်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ လုပ်ကိုင်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့သဖြင့် ပူပြင်းခြောက်သွေ့သောဒေသများ စိမ်းစို အေးချမ်းလာခြင်း၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်း၊ ရွှေကိုမလို ရေကိုလိုသည် ဆိုသည့် စကားအတိုင်း အပူပိုင်း ဒေသများတွင် သောက်ရေသုံးရေများ အလုံအလောက် ရရှိ ခြင်း၊ ဆည်မြောင်းကန်ချောင်းတို့၏ ရေဝေရေလဲထိန်းသိမ်း မှုကို ရရှိခြင်း၊ သစ်ပင်စိုက်ပျိုးမှုတွင် ပြည်သူများ စိတ်ဝင် စားလာခြင်း၊ သီးနှံစိုက်ပျိုးရေးကို ကြီးစွာအထောက်အကူ ပြုခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးနှင့် လူမှုရေးအဆင့် အတန်း မြင့်မားလာခြင်းတည်းဟူသော အကျိုးကျေးဇူးများ ကို ရရှိခံစားနေကြရ၍ မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသား ဖော်ပြလိုက်ရပါသတည်း။

ဆွေသန့်ကို







# စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ

"အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ( Fourth World Conference on Women ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှ (၁၅) ရက်နေ့အထိ (၁၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံအနေဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို စိစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) လုပ်ငန်းစီမံချက်(Platform for Action) တစ်ရပ်ကို အတည်ပြု ချမှတ်ရန်၊

( ခ) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို လျာထားသတ်မှတ် ရန်၊

(ဂ) အခြေခံလူတန်းစားအဆင့်နှင့် မူဝါဒချမှတ်သူအဆင့်နှစ်ရပ်စလုံးတွင် အမျိုးသားရော၊ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

ညီလာခံသို့ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၏ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ အဆင့်ဖြင့် တက်ရောက်လာသည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံများ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ကိုယ်စားလှယ်များ အများဆုံးတက်ရောက်နိုင်ခဲ့ကြသည့် ညီလာခံတစ်ခုပင် ဖြစ်သည်။ နိုင်ငံအသီးသီးမှကိုယ်စားလှယ်များက မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုရေးရာတို့ကို အခြေခံ၍ မိမိတို့၏ အတွေ့အကြုံ၊ သဘောထားအမြင်များအား တင်ပြဆွေးနွေး အမြင်ချင်းဖလှယ်ခွင့်ရရှိ ခဲ့ကြသည်။

## အမျိုးသမီးညီလာခံ၏ နောက်ခံအချက်အလက်များ

ကုလသမဂ္ဂ အနေဖြင့် ယခုညီလာခံအပါအဝင် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံလေးခုကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၇၅ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၎င်း ၁၉၇၅ ခုနှစ်အတွင်းတွင် ပထမအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို "အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့၌ စတင်ကျင်းပခဲ့သည်။ ၎င်းနှစ်ကုလသမဂ္ဂ အထွေထွေညီလာခံမှ ထပ်မံ၍ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို " ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်" အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံအနေဖြင့်မှ "အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံးဖယ်ရှားရေးဆိုင်ရာ ကွန်ဗင်းရှင်း" ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ကွန်ဗင်းရှင်းသည် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပြုရာတွင် ပင်မကျသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်ပင် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟောင်မြို့၌ ဒုတိယအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံအနေဖြင့် အမျိုးသမီးများ ဆယ်စုနှစ်၏ ကျန်ရှိသည့်ဒုတိယနှစ်ဝက်အတွက် လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့ပါသည်။

အမျိုးသမီးများ ဆယ်စုနှစ်ကုန်ဆုံးသည့် ၁၉၈၅ ခုနှစ်တွင်တတိယအကြိမ်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့

ညီလာခံကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဤညီလာခံမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အထိ အမျိုးသမီးများ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများကို ချမှတ်အတည်ပြုခဲ့သည်။ တတိယအကြိမ် ကျင်းပပြီး၍ ဆယ်စုနှစ်တစ်နှစ်အကြာဖြစ်သည့် ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ယခုညီလာခံကို ကျင်းပခြင်းဖြစ်သည်။ နိုင်ရိုဘီတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်မှု အခြေအနေများအား ယခုညီလာခံတွင် ဆန်းစစ် သုံးသပ်ကြမည်ဖြစ်သည်။ ညီလာခံအနေဖြင့် အနာဂတ်ကာလအတွက်လုပ်ငန်းအစီအစဉ်များကို အဓိကထားဆွေးနွေးမည် ဖြစ်သော်လည်း၊ နိုင်ရိုဘီ၏ ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် အောင်မြင်ချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်ဆန်းစစ်ကြမည် ဖြစ်ပေသည်။

ထို့အပြင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ကုလသမဂ္ဂမှ ဦးဆောင်ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများကို ညီလာခံတစ်ခုနှင့် တစ်ခုအဆက်အစပ်မိစွာဖြင့် ကျင်းပပေးခဲ့ရာ ယခုစတုတ္ထအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဤညီလာခံ၏ရှေ့တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သော ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများမှာ–

(က) ၁၉၉၀ပြည့်နှစ်၊ အမေရိကန်နိုင်ငံ၊ နယူးယောက်တွင် ကျင်းပသည့်"ကလေးများအတွက် ကမ္ဘာ့ထိပ်သီး ညီလာခံ"၊

(ခ) ၁၉၉၂ ခုနှစ်၊ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျာနေရိုးတွင် ကျင်းပသည့် "ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုကိစ္စများဆိုင်ရာ ကုလသမဂ္ဂညီလာခံ "၊

(ဂ) ၁၉၉၃ ခုနှစ်၊ ဩစတြေးလျနိုင်ငံ၊ ဗီယင်နာတွင် ကျင်းပသည့် "လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ညီလာခံ"၊

(ဃ) ၁၉၉၄ ခုနှစ်၊ အီဂျစ်နိုင်ငံကိုင်ရိုတွင်ကျင်းပသည့် "လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ"၊

(င) ၁၉၉၅ ခုနှစ်၊ မတ်လအတွင်းဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်တွင်ကျင်းပသည့် "လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကမ္ဘာ့ထိပ်သီးညီလာခံ"တို့ ဖြစ်ကြပေသည်။

## ညီလာခံအတွက် ကြိုတင်ပြင်ဆင် မှုများ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ကျင်းပနိုင်ရန်အတွက်၁၉၉၄ ခုနှစ်အတွင်းက ဒေသဆိုင်ရာအကြိုညီလာခံများကို အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဂျော်ဒန်နှင့် ဆီနီဂေါစသည့်နိုင်ငံ ( ၅ ) နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။

- အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာအတွက်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတွင် ဇွန်လ (၇)ရက်နေ့မှ (၁၄) ရက်နေ့အထိ၊
- လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသဆိုင်ရာအတွက် ညီလာခံကို အာဂျင်တီးနားနိုင်ငံ၊ မာဒဲပလာတတွင် စက်တင်ဘာလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ၊
- ဥရောပဒေသဆိုင်ရာအတွက် ညီလာခံကို ဩစတြေးလျ နိုင်ငံ၊ ဗီယင်နာတွင်အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ၊
- အနောက်အာရှဒေသဆိုင်ရာအတွက် ညီလာခံကို ဂျော်ဒန်နိုင်ငံ၊ အမ္မာန်တွင် နိုဝင်ဘာလ(၆) ရက်နေ့မှ (၁၀)ရက်နေ့အထိ၊
- အာဖရိက ဒေသဆိုင်ရာအတွက် ညီလာခံကို ဆီနီဂေါနိုင်ငံ၊ ဒါကာတွင်နိုဝင်ဘာလ (၁၆) ရက်နေ့မှ(၂၃) ရက်နေ့အထိ စသည်ဖြင့် ဒေသဆိုင်ရာအသီးသီး၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ညီလာခံ၏ အထွေထွေအတွင်းရေးမှူးအဖြစ် မစ္စက်ဂါးထရုဒ်မွန်ဂဲလား ( Mrs Gertrude Mongella) ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ်၊ ဘူထရို့စ်ဂါလီမှ ခန့်အပ် ခဲ့သည်။ မစ္စက်မွန်ဂဲလားမှာ တတိယအကြိမ် နိုင်ရိုဘီညီလာခံသို့ တန်ဇန်းနီးယားနိုင်ငံ၏ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်ခဲ့ရသူ ဖြစ်သည်။

ညီလာခံကြီးအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် အကြိုညှိနှိုင်းကော်မတီ၏ နောက်ဆုံးအကြိမ်အစည်းအဝေးတစ်ရပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ဧပြီလ ၅




ညီလာခံကျင်းပသည့် ပီကင်းအပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ

ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးသည် ကုလသမဂ္ဂအမျိုးသမီးများ အဆင့် အတန်းရေးရာကော်မရှင် (SW-Commission on the Status of Women ) ၏(၃၉) ကြိမ်မြောက် အစည်းအဝေး လည်းဖြစ်ပြီး ညီလာခံကြီးတွင် ဆွေးနွေးမည့် လုပ်ငန်းစီမံချက်မူကြမ်းအား ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစီမံချက်မူကြမ်း၌ အမျိုးသမီးရေးရာဆောင်ရွက်ချက်များအတွက် ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍ (၁၁) ရပ် ပါရှိခဲ့ရာ ယင်းကဏ္ဍ (၁၁) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အမျိုးသမီးများအပေါ် ဖိစီးနေသော ဆင်းရဲနွမ်းပါးမှုဝန်ထုပ်ဝန်ပိုးများ ရှိမြဲရှိနေသေးသည့်အပြင် ထပ်မံ တိုးပွားလာနေခြင်း၊

(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လုံလောက်မှု မရှိခြင်းနှင့် အမျိုးသမီး များအပေါ် သဘောထား အယူအဆများ ညီမျှမှုမရှိခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ လုံလောက်မှုမရှိခြင်း၊ ညီမျှမှု မရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်အတန်းများလည်း ညီမျှမှု မရှိခြင်း၊

(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း၊

(၅) လက်နက်ကိုင်တိုက်ပွဲများ (သို့မဟုတ်) အခြားသော ပဋိပက္ခများကြောင့် အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်စေခြင်း၊

(၆) စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများ၊ မူဝါဒများနှင့် ကုန်ထုတ်လုပ်မှုကိစ္စရပ်များတွင် အမျိုး သမီး များ၏ ပါဝင်မှု ညီမျှမှုမရှိခြင်း၊

(၇) အဆင့်အားလုံး၌ လုပ်ပိုင်ခွင့်အာဏာ၊ ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးနှင့် အမျိုးသားများအကြား ညီမျှမှုမရှိခြင်း၊

(၈) အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးမှု မြှင့်တင်ရေး

ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အဆင့်အားလုံး၌ ယန္တရား များ မလုံလောက်ခြင်း၊

(၉) အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အသိအမှတ်ပြုထားသည့် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအပေါ် အာရုံစိုက်မှု နည်းပါး ခြင်း၊

(၁၀) အမျိုးသမီးများ၏ လူ့အဖွဲ့အစည်းအတွင်း အကျိုးပြု ဆောင်ရွက်ချက် များကို မြှင့်တင်ပေးရန် အတွက် သတင်းပြန်ကြား ဖြန့်ချိမှုများ လုံလောက် မှု မရှိခြင်း၊

(၁၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝ သယံဇာတ အရင်း အမြစ် များကို စီမံခန့်ခွဲရာ၌ အမျိုးသမီးများ၏ ပါဝင် လုပ်ဆောင်နိုင်မှုကို အသိ အမှတ်ပြုခြင်း၌ အားနည်းခြင်း၊

ဤကဏ္ဍ (၁၁) ရပ်ကို ရင်ဆိုင်ကျော်လွှားမည့် အကြံပြုချက်များကို စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် နိုင်ငံတကာမိသားစု စုစည်း အဖြေရှာမှုဖြင့်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးနောက်တွင် နိုင်ငံတကာ၏ သဘောတူညီမှုအဖြစ် ညီလာခံမှ အတည်ပြုချမှတ်မည့် "လုပ်ငန်းစီမံချက်" သည် ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်ရန်များအတွက် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ ဂျာကာတာ ညီလာခံ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက်ဒေသဆိုင်ရာအကြိုညီလာခံ ငါးခုပြုလုပ်ခဲ့သည့်အနက် အဦးဆုံးကျင်းပသော အကြို ညီလာခံသည် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ အကြို ညီလာခံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ဂျာကာတာမြို့တွင် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှ (၁၄) ရက်နေ့အထိ

ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့



ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံကို အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) မှ ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ဇွန်လ (၇) ရက်နေ့မှ(၁၁) ရက်နေ့အထိ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ဇွန်လ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ဝန်ကြီးအဆင့်ညီလာခံများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိအမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဝဝအား ဒေသအတွင်းရှိ အမျိုးသမီးများ၏စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်နည်းလမ်းအမျိုးမျိုးဆွေးနွေးညှိနှိုင်း ထုတ်ဖော်ဆောင်ရွက် ရေးအတွက် စာတမ်း ပြုစုပြီး ၎င်းစာတမ်းကိုစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းရန်တို့ ဖြစ်သည်။

အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာရှနှင့်ပစိဖိတ်ဒေသ (၅၄) နိုင်ငံမှ ကိုယ်စားလှယ် (၄၂၄) ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး မဒမ်ဆူဂမ်ဒီ တက်ရောက်မိန့်ခွန်းပြောကြား ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးမှ အောက်ပါအဓိက ကဏ္ဍသုံးရပ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပေသည်။

(၁) အမျိုးသမီးများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၂) အမျိုးသမီးများနှင့် လူမှုရေးဖွံ့ဖြိုးမှုကဏ္ဍ၊

(၃) အမျိုးသမီးများနှင့် အခွင့်အာဏာပေးခြင်း ကဏ္ဍ၊

ဖော်ပြပါ ကဏ္ဍအသီးသီးအား ကိုယ်စားလှယ်များမှ အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၎င်းဆွေးနွေးချက်များအပေါ် မူတည်၍ ရေးသားပြုစုကြသည့် "ဂျာကာတာ ကြေညာချက်" နှင့် အမျိုးသမီးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို သဘောတူညီခဲ့ကြပါသည်။

ဝန်ကြီးအဆင့် ညီလာခံတွင် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးအဆင့် (၃၁)ဦး ပါဝင်တက်ရောက်ခဲ့ကြကာ ညီလာခံအား အိမ်ရှင်နိုင်ငံ သမ္မတကြီး ဆူဟာတိုကိုယ်တိုင် မိန့်ခွန်းမြွက်ကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ သဝဏ်လွှာပေးပို့ခဲ့သည်။

ဝန်ကြီးအဆင့် ညီလာခံအနေဖြင့် အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့် ဂျာကာတာကြေညာ ချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စီမံချက်များကို အတည်ပြု ခဲ့ကြပါသည်။

ဂျာကာတာအကြို့ညီလာခံတွင် ဆွေးနွေးခဲ့ကြသည့် အမျိုးသမီးများဆိုင်ရာ အဓိကအချက်များမှာ –

(က) အမျိုးသမီးထု ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းလာစေရေး၊

(ဂ) ဝန်းကျင်ထိန်းသိမ်းမှုနှင့် သယံဇာတပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အမျိုးသမီးများ၏ စွမ်းအားကို အသိအမှတ်ပြုရေး၊

(ဃ) အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်များကို ပေးနိုင်သည့် အဆင့်များတွင် အမျိုးသမီးများ ပါဝင်ရေး၊

(င) အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ကာကွယ်မြှင့်တင်ပေးရေး၊

(စ) အမျိုးသမီးများ ကျန်းမာရေးခံစားမှု အပြည့်အဝ ရရှိရေး၊

(ဆ) အမျိုးသမီးများ ပညာရေးတွင် အပြည့်အဝခံစားခွင့် ရရှိရေး၊

(ဇ) ပြန်ကြားရေးနှင့် သတင်း၊ စာနယ်ဇင်းများတွင် အမျိုးသမီးများအားအကောင်းဘက်မှမြင်နိုင်ရေး အတွက် စာစောင်၊ အာဘော်များရေးသားရေး၊

(ဈ) အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ယန္တရား များ စီမံထားရှိရေး၊

(ည) အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုရေး တို့ဖြစ်ကြပြီး အဆိုပါ အချက်များအလိုက် ဆောင်ရွက်မည့် မဟာဗျူဟာ၊ နည်းဗျူဟာ များကို ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ် သည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ပြင်ဆင်ဆောင်ရွက်မှု

ကျင်းပပြီးစီးခဲ့သော အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ သုံးခုသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် တက်ရောက်နိုင်ခြင်း မရှိခဲ့သော်လည်း၊ ယခုစတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ဆောင် ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ အာရှနှင့် ပစိဖိတ်

ဒေသ ဆိုင်ရာ၏ အကြိုညီလာခံဖြစ်သည့် ဂျာကာတာ ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ညီလာခံတွင်အတည်ပြုခဲ့သည့် ဂျာကာတာ ကြေညာချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စိမ့်ချက်များအား လည်း ထောက်ခံခဲ့ပါသည်။

၄င်းနောက် ၁၉၉၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ဧပြီလ (၅) ရက်နေ့အထိ နယူးယောက်အကြို ညှိနှိုင်း ကော်မတီ နောက်ဆုံးအကြိမ် အစည်းအဝေးဖြစ်သည့် ကုလသမဂ္ဂအမျိုးသမီးများ အဆင့်အတန်းရေးရာကော်မရှင်၏ (၃၉) ကြိမ်မြောက် အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ အမျိုးသမီးကိုယ်စား လှယ်နှစ်ဦး တက်ရောက် ပါဝင်ခဲ့သည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံလုံးဆိုင်ရာ ကော်မတီတစ်ရပ်ကို ၁၅–၈–၉၄ တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၇/၉၄) ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့ပါသည်။

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၂) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန၊

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန၊

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန၊

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန၊

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန၊

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဦးစီးဌာန၊အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊

(၁၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေး
စောင့်ရှောက်ရေး အသင်း၊

(၁၂) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန၊

နိုင်ငံလုံးဆိုင်ရာ ကော်မတီအနေဖြင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားအဆင့် အစီရင်ခံစာကို ပြုစုရေးသားခဲ့ပါသည်။ အစီရင်ခံစာပြုစုရာတွင် ဂျာကာတာ ကြေညာချက်စာတမ်းနှင့် နယူးယောက်အကြိုညှိနှိုင်းဆွေးနွေးပွဲမှ အချက်များကို မှတည်၍ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ဤအစီရင်ခံစာကို နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရရှိသဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂသို့ ပေးပို့ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အနေဖြင့် အစီရင်ခံစာရေးသားပြုစုရေးနှင့် ပတ်သက်၍ ၆–၂–၉၅ နေ့တွင် နိုင်ငံလုံးဆိုင်ရာ ကော်မတီဝင်များအား တွေ့ဆုံလမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ၂၉–၈–၉၅ ရက်နေ့တွင် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှု ကဏ္ဍ ဟောပြောပွဲကို ၅–၈–၉၅နေ့တွင် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြား

**စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ**



ခဲ့ပြီး၊ ညီလာခံသို့ တက်ရောက်ကြမည့် မြန်မာကိုယ်စားလှယ် အဖွဲ့မှအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မေမေရီ၊ ဒေါက်တာဒေါ်ဝင်းမေနှင့် ပါမောက္ခဒေါ်ရီရီမြင့်တို့က အမျိုးသမီးများစွမ်းဆောင်မှုနှင့် ပတ်သက်သည့် စာတမ်းများဖတ်ကြားတင်ပြခဲ့ကြပါသည်။

ပီကင်းမြို့တွင် ကျင်းပမည့် ညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ စာအမှတ်– ၃၁၁၆/၀၂/ရ၄ (၁၃၈၈) ဖြင့်အောက်ဖော်ပြပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စေရန် သဘောတူညီခဲ့ပါသည်။

(က) ဗိုလ်ချုပ်စိုးမြင့် — ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊

(ခ) ဦးဆက် — အဖွဲ့ဝင်
သံအမတ်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

**ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စစ်ဂါထရုဒ်မွန်ဂဲလားက ကိုယ်စားလှယ်များနှင့် တရင်းတနှီး**

(ဂ) ဦးညီညီသန်း — အဖွဲ့ဝင်
သံအမတ်ကြီး
အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

(ဃ) ဦးသန်းပို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန၊

(င) ဒေါက်တာဒေါ်ဝင်းမေ — အဖွဲ့ဝင်
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်၊

(စ) ဒေါက်တာဒေါ်မေမေရီ — အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန၊

(ဆ) ဒေါ်ရီရီမြင့် — အဖွဲ့ဝင်
ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန
စီးပွားရေးတက္ကသိုလ်၊

(ဇ) ဦးကျော်တင့်ဆွေ — အဖွဲ့ဝင်
သံမှူးကြီး
ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ဈ) ဦးညွန့်မောင်ရှိန် — အဖွဲ့ဝင်
သံမှူးကြီး
ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ည) ဦးမျိုးမြင့် — အဖွဲ့ဝင်
ကောင်စစ်ဝန်ချုပ်
မြန်မာနိုင်ငံဆိုင်ရာကောင်စစ်
ဝန်ချုပ်ရုံး၊ ဟောင်ကောင်၊

(ဋ) ဒေါက်တာဒေါ်တင်လင်းမြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်း၊ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်း၊

(ဌ) ဒေါ်ခင်မျိုးမြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး၊

(ဍ) ဒေါ်ယဉ်ယဉ်မြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(ဎ) ဗိုလ်ကြီးထွန်းလင်း — အဖွဲ့ဝင်
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန၊

(ဏ) ဦးမြတ်စိုး — အဖွဲ့ဝင်
တရုတ်ဘာသာစကားပြန်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(တ) ဦးစိုးဝင်း — အကြံပေးပုဂ္ဂိုလ်
သံမှူး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ထ) ဒေါ်ခင်သန္တာ — အကြံပေးပုဂ္ဂိုလ်
တတိယအတွင်းဝန်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ဒ) ဦးအေးကိုကို — အကြံပေးပုဂ္ဂိုလ်
သံအရာရှိ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

ညီလာခံတွင် စိတ်ဝင်တစား ဆွေးနွေးနေကြစဉ်



## ကမ္ဘာ့မှတ်တမ်းဝင် ပီကင်းညီလာခံ

အမျိုးသမီးများဘဝတိုးတက်မြင့်မားရေးအတွက် အနာဂတ်ကာလ လုပ်ငန်းအစီအစဉ်များကို အဓိကထား ဆွေးနွေးကြရန်နှင့် ကုလသမဂ္ဂ၏အမျိုးသမီးရေးရာ ဆောင်ရွက်ခဲ့ချက်များတွင် အောင်မြင်မှု၊ အားနည်းမှုများကို ပြန်လည်ရှုမြင်သုံးသပ်ရန် ပီကင်းမြို့တော်သို့ ကမ္ဘာ အရပ်ရပ်မှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တစ်စုတစ်ဝေး စုဝေး ရောက်ရှိခဲ့ကြသည်။

ညီလာခံကို စက်တင်ဘာလ ( ၄ )ရက်နေ့တွင် စတင် ကျင်းပခဲ့သည်။ ယင်းနေ့မတိုင်မီ စက်တင်ဘာလ( ၃ )ရက် နေ့က ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမဦ အကြိုညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ညှိနှိုင်းဆွေးနွေး ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညီလာခံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တရုတ်ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မဒမ်ချန်းမူဟွာ(Chen Muhua)ကို အများဆန္ဒဖြင့် သဘာပတိအဖြစ် ရွေးကောက်တင်မြောက်သည်။ သဘာပတိနှင့် တွဲဖက် ဆောင်ရွက်နိုင်ရန် ဒုတိယသဘာ ပတိ ၂၇ ဦးအား ဒေသအလိုက် ကိုယ်စားလှယ် များထဲမှ ရွေးချယ်တင်မြှောက်ရန်အဆိုပြုခဲ့ကြသည်။ ယင်းသို့ဒေသ အလိုက် ကိုယ်စားလှယ် များရွေးချယ် တင်မြှောက်ရာတွင် အောက်ပါအတိုင်း ခွဲခြားခဲ့ပါသည်။

- အာဖရိကနိုင်ငံများ၊
- အနောက်ဥရောပနိုင်ငံများ၊ လက်တင် အမေရိကနှင့် ကာရစ်ဘီယန်နိုင်ငံများ၊
- အာရှနိုင်ငံများ၊
- အရှေ့ဥရောပနိုင်ငံများ၊

စက်တင်ဘာလ ၄ ရက်နေ့နံနက်ပိုင်းတွင် ပီကင်းမြို့ရှိ ပြည်သူ့မဟာခန်းမဦ ညီလာခံ တက်ရောက် သည့် ကိုယ်စားလှယ်များအား ကြိုဆိုသည့် အခမ်းအနားကျင်းပရာ အိမ်ရှင်နိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက် မိန့်ခွန်း ပြောကြား ခဲ့သည်။ ကျန်ဇီမင်းက" ယခုညီလာခံသည် အမျိုးသမီးများအတွက်သာမကဘဲ ကမ္ဘာတစ်ဝန်းရှိလူသား အားလုံးအတွက် အရေးပါလှသည့် လှုပ်ရှားဆောင်ရွက်ချက် တစ်ခုဖြစ်ကြောင်း၊ ညီလာခံအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူရည်တူရှိရေးအား အကောင် အထည်ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး ကိစ္စရပ်များအား မြှင့်တင်ဆောင်ရွက်မှုများ အတွက် အရေး ပါမည်ဟု ယုံကြည်ထားကြောင်း၊ ညီလာခံ အောင်မြင်စွာ ပြီးမြောက်ပါစေရန် ဆုမွန်တောင်းလိုက်ပါကြောင်း " ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး ချုပ်ဘူထရို့စ်၊ ဘူထရို့စ်ဂါလီ ဖျားနာနေ၍ ညီလာခံ သို့တက်ရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ယင်း၏ အထူး ကိုယ်စားလှယ်ဖြစ်သူ လက်ထောက် အထွေထွေ အတွင်း ရေးမှူးချုပ် မစ္စတာအစ်စ်မတ်ကီတာနီက ဘူထရို့စ် ဂါလီ၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ယင်းနောက်တွင် ညီလာခံ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စက်ဂါးထရုဒ်မွန်ဂဲလားက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ "အမျိုးသမီးများ သည်ကမ္ဘာကြီး၏ ဧည့်သည်များမဟုတ်ကြပါ။ ကမ္ဘာကြီး ကိုအမျိုးသမီးများလည်း ပိုင်ဆိုင်ကြသည်" ဟု မွန်ဂဲလားက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမဦ ညီလာခံကို စတင်ကျင်းပရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ် ၏ အထူးကိုယ်စားလှယ် မစ္စတာ ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးခဲ့ပြီး ဘူထရို့စ် ဂါလီ၏ ညီလာခံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာကိုဖတ်ကြား သည်။ သဝဏ်လွှာတွင် "တိုးတက်ဖွံ့ဖြိုးမှုများ တောင့်တင်း ခိုင်မာစေရန်၊ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များကို တည်ဆောက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျွန်ုပ်တို့ ကိုယ်တိုင် ကတိပြုတာဝန်ယူကြရန် များဖြင့် လာမည့် ၂၁ ရာစုနှစ်နှင့် ယင်း၏နှစ်များဆီသို့ ရှေးရှုလျက် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေး ကျွန်ုပ်တို့ဆွေးနွေးစည်းဝေး လျက်ရှိကြပြီ "ဟု ဖော်ပြပါရှိသည်။

ညီလာခံကိုယ်စားလှယ်များက တူညီဆန္ဒဖြင့် မဒမ်ချန်းမူဟွာကိုသဘာပတိတင်မြှောက်ကြပြီး သဘာ ပတိက မိန့်ခွန်းပြောကြားပါသည်။ ညီလာခံ အထွေထွေ အတွင်းရေးမှူးမစ္စက်မွန်ဂဲလားက ဆက်လက်၍ မိန့်ခွန်း ပြောကြားပါသည်။ ထို့နောက် ညှိနှိုင်းအစည်း အဝေးတွင် အဆိုပြုထားသည့်ဒုတိယသဘာပတိ (၂၇)ဦး အား ရွေးချယ် တင်မြှောက်ကြောင်း အတည်ပြုကြေညာခဲ့ ပါသည်။

ညီလာခံပထမနေ့တွင် ညီလာခံသို့ တက်ရောက်လာ ကြသည့် အမျိုးသမီးနိုင်ငံခေါင်းဆောင်များဖြစ်သည့် ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီဘူတို၊ ဖင်လန်နိုင်ငံသမ္မတ ဇစ်ဂျဒစ်ဖင်းဘိုဂဒေါ်တီယာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ စသူတို့ကမိန့်ခွန်း ပြောကြားကြသည်။

ညီလာခံဒုတိယနေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ ကတော် ဟစ်လာရီကလင်တန် အပါအဝင်နိုင်ငံ (၄၀)ခန့်မှ ကိုယ်စားလှယ်များ ပြောကြားဆွေးနွေးကြပါသည်။ ညီလာခံကျင်းပရက်များအတွင်း နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များမှ အလှည့်ကျဆွေးနွေး ပြောကြားခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးမြင့် အနေဖြင့်ညီလာခံ၏ အဋ္ဌမနေ့ဖြစ်သည့် ၁၁–၉–၉၅ နေ့တွင်မိန့်ခွန်းပြောကြားခဲ့ရာ မိန့်ခွန်းတွင် နိုင်ငံသမိုင်းကြောင်းတစ်လျှောက် မြန်မာအမျိုးသမီးများ ရရှိခံစားပိုင်ခွင့်၊ ဂုဏ်သိက္ခာအဆင့်အတန်းများကို ကမ္ဘာသိအောင် ထုတ်ဖော်တင်ပြခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ညီလာခံကြီးမှ "လုပ်ငန်းစီမံချက်" ကို အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိကြောင်းများကို ထည့်သွင်း ပြောကြားခဲ့ပေသည်။

ညီလာခံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ၁၁ ချက် ကို ချမှတ်ရမည်ဖြစ်ပေရာ ချမှတ်မည့် လုပ်ငန်းစီမံချက် အတွက် အမျိုးသမီးရေးရာဆောင်ရွက်ချက်များ၌ ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍများကို မည်သို့မည်ပုံရင်ဆိုင် ကျော်လွှားကြမည်ဆိုသည်ကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အကြိမ်ကြိမ်ညှိနှိုင်းကော်မတီဆွေးနွေးခဲ့စဉ်က အခက်အခဲများဆိုင်ရာကဏ္ဍ (၁၁) ရပ်အပြင် အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေးကဏ္ဍတစ်ခုထပ်မံ ပါဝင်လာခဲ့သဖြင့် လုပ်ငန်းစီမံချက်၌ အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂)ရပ်ပါဝင်ခဲ့သည်။ ညီလာခံ၏နောက်ဆုံးနေ့တွင် ပီကင်းကြေညာချက်စာတမ်းနှင့် လုပ်ငန်းစီမံချက်များကို အတည်ပြုချမှတ်ခဲ့ရာ ယင်းသို့အတည်ပြုချမှတ်ခဲ့သည့် စာမျက်နှာ ၁၅၀ ပါ လုပ်ငန်းစီမံချက်တွင် ပါဝင်သော အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂) ရပ်၏ ခေါင်းစဉ်များကို အကျဉ်းချုံးဖော်ပြရလျှင်–

(၁) ဆင်းရဲမွဲတေမှု၊
(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ညီမျှရေး၊
(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရေး၊
(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုကျင့်ခြင်း၊
(၅) လက်နက်ကိုင် ပဋိပက္ခများ၊
(၆) စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခန်းကဏ္ဍ၊
(၇) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးရေး မြှင့်တင်ရန် ယန္တရားများအားဖြည့်ရေး၊
(၈) အမျိုးသမီးများအပေါ် ရပ်တည်ချက်၊အမြင်များ တိုးတက် ကောင်းမွန်စေရေး၊
(၉) ပြန်ကြားရေးကဏ္ဍ ဖြန့်ချိဆောင်ရွက်ပေးရေး၊
(၁၀) အမျိုးသမီးများ၏ရပိုင်ခွင့်အခွင့်အရေးများ၊
(၁၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေး စသည်များ ပါဝင်ခဲ့သည်။

ညီလာခံ၏ သဘာပတိဖြစ်သူ မဒမ်ချန်းမှုဟွာက "ပီကင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်တို့သည် အစိုးရများနှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများအကြား တန်းတူရည်တူအခွင့်အရေးရရှိစေရေးများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မူဝါဒလမ်းညွှန် ချက်များ ဖြစ်လာလိမ့်မည်" ဟု ပြောဆိုခဲ့သည့်နည်းတူ ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စက်မွန်ဂဲလားက "ကျွန်ုပ်တို့၏ စွမ်းဆောင် ဆောင်ရွက်ချက်များကြောင့် ကျွန်ုပ်တို့သည် သက်သာရာရမှု၊ နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုများကို ခံစား နိုင်ခဲ့ကြပြီ " ဟု ညီလာခံအပြီးတွင် ထုတ်ဖော် ပြောဆိုခဲ့ ပါသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မစ္စတာကီတာနီက ဘူထရို့စ်ဂါလီ၏ နိဂုံးချုပ် မိန့်ခွန်းကို ညီလာခံ၌ ဖတ်ကြားခဲ့ရာ မိန့်ခွန်းတွင် "ပီကင်းမှ အတည်ပြုချမှတ်ခဲ့သော လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။ ကမ္ဘာကြီးကိုကျွန်ုပ်တို့ပြောကြား ကြပါစို့။ ဂုဏ်ယူကျေနပ်မှုများနှင့်အတူ ပြောကြားကြပါစို့ " ဟု ဘူထရို့စ်ဂါလီက တိုက်တွန်းထားခဲ့ပေသည်။

ညီလာခံသို့ နိုင်ငံ(၁၈၁) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ခဲ့ကြပြီး ညီလာခံ၏ ပြောရေးဆိုခွင့်ရှိသူ ဂက်စ်ကျူ့တ် (Gastaut)၏ တရားဝင် ထုတ်ဖော်ပြောဆိုချက်အရ ညီလာခံသို့ အစိုးရကိုယ်စားလှယ် (၅,၆၉၆) ဦး၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၄,၀၃၀)ဦး၊ သတင်းပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ် (၃,၂၄၅)ဦး၊ စုစုပေါင်း(၁၂,၉၇၁) ဦး တက်ရောက်ခဲ့ပါ

သည်။ ဤအရေအတွက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရေအတွက်များ မပါဝင်ခဲ့ပါပေ။ ညီလာခံကျင်းပခြင်း သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အများဆုံးတက်ရောက်သည့် ညီလာခံ တစ်ခု ဖြစ်ခဲ့သည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်း(အန်န်ဂျီအို) များ၏ နီးနှောပွဲ


ပီကင်းမြို့တွင် ကျင်းပလျက်ရှိသည့်ကုလသမဂ္ဂ စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာကမ္ဘာ့ညီ လာခံနှင့် တစ်ချိန်တည်းအပြိုင် အမျိုးသမီးများဆိုင်ရာ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၏ နီးနှောပွဲ (၁၉၉၅) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟွေရိုမြို့၌ ဩဂုတ်လ (၃၀) ရက်နေ့မှ စက်တင်ဘာလ(၈) ရက်နေ့အထိ(၁၀) ရက်ကြာ ကျင်းပ ခဲ့သည်။

ဤနီးနှောပွဲသည် ယခုအချိန်အထိ အမျိုးသမီးများ ဆိုင်ရာ နီးနှောပွဲများအနက်အအောင်မြင်ဆုံးသောမကြုံစဖူး အောင် ထူးကဲများပြားလှသည့်ပမာဏရှိသော နီးနှောပွဲပင် ဖြစ်သည်။ နိုင်ငံ (၂၀၀) နီးပါးမှ အမျိုးသမီး ၃၁,၀၀၀ စု စည်းမိခဲ့ကြသည်။ အဓိကဆွေးနွေးရန် ရှိသည့် တစ် ကမ္ဘာလုံး ဆိုင်ရာ ပြဿနာများနှင့် အမျိုးသမီးများအား ထိ ခိုက်နစ်နာစေသည့် ပြဿနာများအပေါ် ၎င်းတို့၏အမြင်များ ကို ထုတ်ဖော်တင်ပြရန် စုစည်းရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ဟွေရိုဆွေးနွေးပွဲများ၌ "အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များ ထားရှိကာ ယနေ့အမျိုးသမီးများ ရင်ဆိုင် နေရသော ပြဿနာများကို ဆွေးနွေးနီးနှောခဲ့ ကြသည်။

## ၂၁ ရာစုနှစ်ကို ကြိုဆိုသည့် ညီလာခံ

၁၉၉၅ ခုနှစ်သည် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင် သည့် နှစ် (၅၀) ပြည့်မြောက်နှစ်အဖြစ်ဖြင့် ထူးခြားသည့် နှစ်တစ်ခုဖြစ်သည်။ ထို့ပြင်ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် အချိန်အခါ တစ်ခုလည်း ဖြစ်ပေသည်။




ညီလာခံခန်းမပြင်ပတွင် လုံခြုံရေးရဲအဖွဲ့များ စောင့်ကြပ်နေစဉ်


ကုလသမဂ္ဂ၏နှစ် (၅၀) သက်တမ်းတစ်လျှောက်လုံး တွင် ကမ္ဘာ့အမျိုးသမီးများ ဘဝဖွံ့ဖြိုး တိုးတက်ရာတိုးတက် ကြောင်းနှင့် ကောင်းရာကောင်းကြောင်းများကို ကုလ သမဂ္ဂအနေဖြင့် စတင်ဖွဲ့စည်းချိန် မှစ၍ စွမ်းဆောင် ဆောင်ရွက်ပေးခဲ့ရာ နှစ် ၅၀ ပြည့်နှစ်အထိတွင် နှစ်(၅၀) ပြည့် နှစ်၌ ကျင်းပသည့် ပီကင်းညီလာခံထိ ဖြစ်သည်။

ဤသို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတကာ သဘောတူညီမှုဖြင့် အတည်ပြုချမှတ်ခဲ့သည့် "ပီကင်း ကြေညာချက် စာတမ်းနှင့် လုပ်ငန်းစီမံချက်" တို့သည် ၁၉၉၅ ခုနှစ် ပီကင်းညီလာခံတွင်မွေးဖွားလာခဲ့ပြီဖြစ်သည်။ ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် နှစ်များအတွင်း ကျင်းပသည့် ပီကင်းစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံမှာ "အခွင့်အရေး တန်းတူ ညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အတွက် မျှော်လင့်ခြင်း အသစ် များနှင့် အတူ ရာစုနှစ်အသစ်တစ်ခုကို ကြိုဆိုမှုတစ်ခုအဖြစ် တည်ရှိနေမည်သာ ဖြစ်ပါကြောင်း။ ။

မောင်ငွေဌေး (လူမှုဝန်ထမ်း)






CT-W500

# ဓာတ်မှန်ပညာ၏နှစ် ၁၀၀ ခရီး


ဓာတ်မှန်ရောင်ခြည်ကို ၁၈၉၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ရာ ၁၉၉၅ ခုနှစ်တွင် ဓာတ်မှန်၏ သက်တမ်းမှာ ရာစုတစ်ခု တင်းတင်းပြည့်မြောက်ပေပြီ။ မျက်မှောက်ခေတ်ဆေးပညာလောက၌ ဓာတ်မှန်သည် အဖိုးမဖြတ်နိုင်အောင် အရေးပါအရာ ရောက်သော လက်နက်ကိရိယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ ဆရာဝန်များသည် ဓာတ်မှန်ကို တစ်နေ့တခြားပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမကထ ပြုလုပ်သည့် လေ့လာရေးအုပ်စု၏ အစီရင်ခံစာတစ်ခု၌ ရေးသားဖော်ပြထားသည်။ မှန်ပေစွ။ သမားတော်၊ ခွဲစိတ်ကုဆရာဝန်၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု အစရှိသော ပါရဂူများသာမက အထွေထွေကုသသူ (GP) အပါအဝင် ဆရာဝန်အများစုသည် မိမိတို့လူနာများ၏ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန်အလို့ငှာ ဓာတ်မှန်ကို လက်ကသုံးတောင်ဝှေးပမာ အားကိုးအသုံးပြုလျက်ရှိကြ၏။ အပြင်ပန်းမှ မမြင်နိုင်သည့် အပြင် စမ်းသပ်တွေ့ရှိရန် ခက်ခဲလှသော ကိုယ်တွင်းအင်္ဂါများကို ဓာတ်မှန်၏စွမ်းပကားဖြင့် တွေ့နိုင်မြင်နိုင်သောကြောင့် ကုသသူဆရာဝန်များအတွက် အကျိုးထူးလှသည်။ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းကြောင့် ဆေးပညာသမိုင်းတစ်လျှောက်၌ တော်လှန်ရေးတစ်ရပ် သဖွယ် ကြီးမားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

## ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိခြင်း

၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဝါဇ်ဘာဂ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ရွန့်ဂျင် **Wilhelm Conrad Rontgen** (၁၈၄၅–၁၉၂၉) က သူ၏ဓာတ်ခွဲခန်း၌ ဓာတ်မှန်ရောင်ခြည်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ပါမောက္ခရွန့်ဂျင်မတိုင်မီ ကပင် သိပ္ပံပညာရှင်အချို့သည် ၎င်းတို့၏ဓာတ်ခွဲခန်း များ၌ ဓာတ်မှန်ရောင်ခြည်ထွက်ရှိအောင် ပြုလုပ်နိုင်ခဲ့ဖွယ်ရာရှိသည်။ သို့သော်လည်း တစ်စုံတစ်ဦးကမျှ ထိုရောင်ခြည်ထွက်ရှိမှုနှင့်ဂုဏ်သတ္တိများကို သတိပြုမိခြင်း၊ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

ရွန့်ဂျင်သည် သမိုင်းတွင်ရစ်မည့် ထိုနေ့က သူ၏ဓာတ်ခွဲခန်းတွင် ဗလာနယ်၌ လျှပ်စစ်ကူးခြင်း၏ အကျိုးဆက်များကို တစ်ဦးတည်းလေ့လာနေခိုက် အနီးရှိ စားပွဲတစ်လုံးပေါ်မှ ဘေရီယမ်ပလက်တီနိုစိုင်ယာနိုက် သုတ်လိမ်းထားသော စက္ကူတစ်ချပ် ရောင်ပြောင်းတောက်နေသည်ကို အမှတ်ထင်ထင် သတိပြုမိလိုက်သည်။ အပြင်မှ အလင်းရောင်မဝင်နိုင်ရန် စမ်းသပ်ခန်းကိုမှောင်ချထားခြင်းဖြစ်သည့်အပြင် စမ်းသပ်ဖန်ပြွန်ကိုလည်း အမည်းရောင်ကတ်ထူပြားများဖြင့် အုပ်ဆိုင်းထားခြင်းဖြစ်သောကြောင့် စက္ကူချပ်တွင် အလင်းတောက်နေခြင်းမှာ စမ်းသပ်ပြွန်မှ မျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်တစ်စုံတစ်ခုထွက်နေ၍သာ ဖြစ်လိမ့်မည်ဟု ရွန့်ဂျင်က

**ဓာတ်မှန်ရောင်ခြည်ကို ပထမဆုံး စတင်တွေ့ရှိခဲ့သည့် ပါမောက္ခ ရွန့်ဂျင် ( ၁၈၄၅ – ၁၉၂၃ )**



တွေးဆခဲ့မိသည်။ ထို့ကြောင့်ရွန့်ဂျင်သည် ဖန်ပြွန်နှင့် အလင်းတောက်စက္ကူ၏ အကြားတွင် စာအုပ်၊ သစ်သားတုံး၊ ရော်ဘာပြား စသည်တို့ ကြားခံကြည့်ရာ ရောင်ခြည်သည် အရာဝတ္ထုများကို ဖောက်ထွင်းနိုင်စွမ်းရှိကြောင်း တအံ့တသြ သတိပြုမိပြန်သည်။ စူးစမ်းတတ်သည့် ရွန့်ဂျင်သည် မှန်းဆရသောရောင်ခြည်လမ်းကြောင်း၌ သူ၏ လက်ကို ခံကြည့်သောအခါ ရောင်ပြောင်းတောက်နေသော စက္ကူ မျက်နှာပြင်တွင် သူ့လက်မှအရိုးများကို တွေ့မြင်ရသဖြင့် အတိုင်းမသိ စိတ်လှုပ်ရှားမိလေတော့သည်။

ရွန့်ဂျင်သည် သူ၏တွေ့ရှိချက် ကို အကြိမ်ကြိမ် စမ်းသပ်လေ့လာပြီး ၁၈၉၅ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ရောက်မှ ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်းကြီးသို့ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ စာတမ်းပြုစုတင်သွင်းကာ လူသိရှင်ကြား ကြေညာခဲ့သည်။ ရွန့်ဂျင်၏ စာတမ်းသည် ဥရောပနှင့် မြောက်အမေရိကတစ်လွှား သိပ္ပံပညာရှင်လောက၌ တစ်မဟုတ်ချင်း ပျံ့နှံ့၍ ဂယက်ရိုက်စေခဲ့သည်။

## ပထမဆုံးဓာတ်မှန်

ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်း၏ ဟောပြောပွဲခန်းမကြီးတွင် ၁၈၉၆ ခု၊ ဇန်နဝါရီ လ ၂၃ ရက်နေ့က သိပ္ပံပညာရှင်များ ခန်းလုံးပြည့် လာရောက် စုဝေးခဲ့ကြသည်။ အကြောင်းမူကား ပါမောက္ခ ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်အကြောင်း ဟောပြောပွဲနှင့် သရုပ်ပြပွဲရှိသောကြောင့်ပင်။ ရွန့်ဂျင်သည် ဟောပြောပွဲ ကျင်းပနေစဉ် ၄င်းတက္ကသိုလ်မှ သူ၏မိတ်ဆွေ ခန္ဓာဗေဒ ပညာရှင် ဗွန်ကောလစ်ကာ၏ လက်အား အများရှေ့ မှောက်၌ ဓာတ်မှန်ရိုက်ယူကာ ဓာတ်မှန်ဖန်ချပ်ကြီးကို ချက်ချင်းကူးဆေး၍ ပရိသတ်အား ပြသခဲ့သည်။ ရင်သပ် ရှုမော အံ့သြမဆုံးသည့် ပရိသတ်အပေါင်းက တစ်ခဲနက် ဩဘာလက်ခုပ်ပေးခဲ့ကြကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

ရွန့်ဂျင်သည် သူရှာဖွေတွေ့ရှိ သော ရောင်ခြည်၏ သဘောသဘာဝများကို သူကိုယ်တိုင်ပင်ပြည့်ပြည့်စုံစုံ နားမလည်သေးသည့်အလျောက် X-ray (Unknown Ray) ဟူ၍ ရိုးရှင်းစွာ အမည်ပေးခဲ့သည်။ ခန္ဓာဗေဒပညာရှင် ဗွန်ကောလစ်ကာ ကသာ စတင်တွေ့ရှိသူ ပါမောက္ခရွန့်ဂျင် ကို ဂုဏ်ပြုသည့် အနေဖြင့် ၄င်းရောင်ခြည်အား ရွန့်ဂျင် ရောင်ခြည်ဟု အမည်ပေးရန် အထက်ပါဟောပြောပွဲ၌ အဆိုတင်သွင်းခဲ့ ခြင်းဖြစ်သည်။ ဓာတ်မှန်ရောင်ခြည် တွေ့ရှိမှုကြောင့် ပါမောက္ခရွန့်ဂျင်သည် ၁၉၀၁ ခုနှစ်၌ ပထမဆုံး ရူပဗေဒဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခြင်းခံခဲ့ ရပေသည်။

## ဓာတ်မှန်ရောင်ခြည်၏ ဂုဏ်သတ္တိများ

ရွန့်ဂျင်သည် အောက်ဖော်ပြပါ ဓာတ်မှန် ရောင်ခြည်၏ ဂုဏ်သတ္တိများကို ထုတ်ဖော်ခဲ့ရာ အခြေခံဂုဏ်သတ္တိများနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်ပင် ထပ်မံဖြည့်စွက်ရန် မလိုသလောက် ပြည့်စုံလှကြောင်း ရူပဗေဒပညာရှင်များက မိန့်ဆိုကြသည်။

၁။ အချို့ပစ္စည်းများကို ရောင်ပြောင်း တောက် စေခြင်း၊

၂။ အလင်းပိတ်ပစ္စည်း တော်တော်များများကို ဖောက် ထွင်း နိုင်ခြင်း၊

၃။ မျဉ်းဖြောင့်အတိုင်းသွားခြင်း၊

၄။ အလင်းပြန်မှုနှင့် အလင်းယိုင်မှု မရှိခြင်း၊

၅။ သံလိုက်စက်ကွင်းများကြောင့် သွေဖည်တိမ်းစောင်းမှု မဖြစ်ခြင်း၊

၆။ ဓာတ်ပုံဖလင်ဆေးရည်များနှင့် ထိတွေ့လျှင် ပုံဖော် နိုင်သော အာနိသင်ရှိခြင်း။

## ဓာတ်မှန်ကို ဆေးပညာ၌ အသုံးပြုခြင်း

ရွန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်တွေ့ရှိမှု သတင်းသည် သိပ္ပံပညာရှင် အသိုင်းအဝိုင်း၌သာမက သတင်းစာလောက အထိ အကျော်ဇေယျဖြစ်ခဲ့သည်။ ဓာတ်မှန်ရောင်ခြည် ကြောင့် ရောဂါရှာဖွေဖော်ထုတ်ရေးနယ်ပယ်တွင် သမိုင်း တစ်ခေတ်ဆန်းသစ်တော့မည်ဟု ပညာရှင်အပေါင်းက တညီတညွတ် ဟောကိန်းထုတ်ခဲ့ကြသည်။


ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိပြီး လပိုင်းနှစ်ပိုင်း အတွင်း အခြေခံကျသော ဓာတ်မှန်ရိုက်ကိရိယာများ တီထွင်အသုံးပြု လာခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိ ရသည်။ စင်စစ်အားဖြင့် ထိုအချိန်က ဆေးရုံ၊ ဆေးခန်းများ၌ အရိုးကျိုးဒဏ်ရာများကို စစ်ဆေးရန်သာ ဓာတ်မှန်ကို အဓိက အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ပထမကမ္ဘာစစ် အတွင်း၌ အရိုးကျိုးဒဏ်ရာများကြည့်ရှုစစ်ဆေးရန်သာ မက ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားသော ကျည်ဆန်၊ ဗုံးဆန်များကို ရှာဖွေရန်နှင့် နေရာမှတ်သားရန်အတွက် ဓာတ်မှန်က ထိထိရောက်ရောက် အကူအညီ ပေးနိုင် ခဲ့သည်။

## ဓာတ်မှန်နည်းပညာများ အဆင့်ဆင့် တိုးတက်လာပုံ

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအား ဓာတ်မှန်ရောင်ခြည်ဖြတ်သန်းသွားသောအခါ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါကြီးငယ်အသီးသီးမှာ ဒြပ်ဖွဲ့စည်းမှုနှင့် သိပ်သည်းခြင်းတို့ မတူမညီ ကွဲပြားခြားနားနေကြသည့်အလျောက် ဓာတ်မှန်ဖလင်ပေါ်၌ လိုက်လျောညီထွေမှုရှိသော ပုံရိပ်ကို ဖြစ်ပေါ်စေသည်။ အရိုးများမှာ ခန္ဓာကိုယ်တွင် သိပ်သည်းခြင်း အများဆုံးဖြစ်၍ ဓာတ်မှန်ရောင်ခြည်က ယင်းတို့ကို ဖောက်ထွင်းနိုင်စွမ်းနည်းသည်။ ထို့ကြောင့် ဓာတ်မှန်ပုံများတွင် ခန္ဓာကိုယ်ရှိ အရိုးများအား ပတ်ဝန်းကျင် အဆီ၊ အသား၊ အကြောများနှင့် မတူဘဲ ကွဲကွဲပြားပြား ထင်ရှားပြတ်သားစွာ တွေ့မြင်ရခြင်းဖြစ်သည်။

ဤတွင် သိပ္ပံပညာရှင်များက ဒြပ်ဖွဲ့စည်းမှု (သို့မဟုတ်) သိပ်သည်းခြင်း သိသိသာသာ ကွဲပြားခြားနားခြင်း မရှိသော အင်္ဂါအစိတ်အပိုင်းများကို ဓာတ်မှန်၌ ပုံဖော်ပြသနိုင်ရန် အဖြေရှာခဲ့ကြပြန်သည်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိခဲ့ပေသည်။

သွေးကြောများထဲသို့ ကက်သီတာ (Catheter) ခေါ် ပိုက်ပြွန် ထည့်သွင်း၍ ဆေးထိုးဓာတ်မှန်ရိုက်ရသော အင်ဂျီယိုဂရမ်(Angiogram) ကို ၁၉၂၀ ခုနှစ်က စတင်ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုသော်လည်း ကက်သီတာ နည်းစနစ်များ တိုးတက်ကောင်းမွန်လာသည့် ၁၉၅၀ ပြည့်လွန်နှစ်များရောက်မှ ပိုမိုခေတ်စားလာခြင်းဖြစ်သည်။




ပထမဆုံးရိုက်ခဲ့သည့် ဓာတ်မှန်ပုံ
( ၁၈၉၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် )

တယ်လီဗီရှင်းဓာတ်မှန်ဟု အရပ်စကားဖြင့် ရေပန်းစားလျက်ရှိသော အာ(လ)ထရာဆောင်း(Ultrasound) ကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ရေမြုပ်မိုင်းဗုံးများ ရှာဖွေရန်အတွက် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၁၉၅၀–၁၉၆၀ နှစ်များတွင် နှလုံးရောဂါနှင့်ကိုယ်ဝန်များကို စမ်းသပ်ရာ၌ အသုံးပြုကြရာမှ ဆေးပညာ၌ နေရာရရှိလာခဲ့သည်။ ၁၉၇၀ နောက်ပိုင်းတွင် ပုံရိပ်များ အထူးကောင်းမွန် တိုးတက်လာပြီး ဆေးပညာ၌ပိုမိုကျယ်ပြန့်စွာအသုံးပြု လာကြခြင်းဖြစ်သည်။ ပုံရိပ်ဖော်နည်းပညာတစ်ခု ဖြစ်သည့် အားလျော်စွာ အာ(လ)ထရာဆောင်းကိုလည်း ဓာတ်မှန်ဆရာဝန်တို့က ပင် အများဆုံးကိုင်တွယ် အသုံးပြု လျက်ရှိကြသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီး၌ အကြီးမားဆုံး အောင်မြင်မှုဟူ၍ သတ်မှတ်ခြင်းခံရသော ကွန်ပျူတာ

| စဉ် | ဓာတ်မှန်အမျိုးအစား | စတင်အသုံးပြုသောခုနှစ် |
|---|---|---|
| ၁။ | အစာအိမ်လမ်းကြောင်းဆေးဓာတ်မှန် (Barium Meal) | ၁၉၀၄ |
| ၂။ | အူမကြီးလမ်းကြောင်းဆေးဓာတ်မှန် (Barium Enema) | ၁၉၁၀ |
| ၃။ | ဆီးလမ်းကြောင်း ပုံဖော်သောဆေးဓာတ်မှန် (Intravenous Pyelogram or Urogram) | ၁၉၂၉ |
| ၄။ | သည်းခြေအိတ်ကိုပေါ်လွင်စေသော ဆေးဓာတ်မှန် (Oral Cholecystogram) | ၁၉၄၈ |
| ၅။ | သည်းခြေပြွန်ချောင်းများကို ပေါ်လွင်စေသော ဆေးဓာတ်မှန် (Intravenous Cholangiogram) | ၁၉၅၃ |



အစာအိမ်လမ်းကြောင်းဆေးတတ်မှန်များ ရိုက်ကူးပေးသော ခေတ်မီတတ်မှန်စက်

တတ်မှန် (Computerized Tomography) စက်များမှာ ၁၉၇၁ ခုနှစ်၌ စတင်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာတတ်မှန်နည်းပညာကို စတင်ဖော်ထုတ်ခဲ့ကြသော ဒေါက်တာ ဟောင်းစဖီးနှင့် ပါမောက္ခကော်မက်တို့သည် ၁၉၇၉ ခုနှစ်၌ ဆေးပညာ ဆိုင်ရာ နိုဗဲဆုကို ပူးတွဲရရှိခဲ့ကြသည်။

အမ်အာအိုင် (MRI) ခေါ် Magnetic Resonance Imaging သည် တတ်မှန်ပညာလောက၌ နောက်ဆုံးပေါ် နည်းပညာဖြစ်သည်။ ယင်း၏ သဘောတရား အခြေခံများကို ၁၉၄၆ ခု ခန့်ကပင် ဖော်ထုတ်ခဲ့ကြသော်လည်း လက်တွေ့အသုံးပြုနိုင်သည့် (MRI) စက်များကို ၁၉၈၀ ပြည့်နှစ်ရောက်မှသာ တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

တတ်မှန်ဌာနတွင် ဤကဲ့သို့ တတ်ရောင်ခြည် ပါဝင်ခြင်းအလျဉ်းမရှိသော အာ(လ)ထရာဆောင်းစက်များ၊ (MRI) စက်များကိုလည်း အသုံးပြုလျက်ရှိကြသဖြင့် တတ်မှန်ဌာနဟူသော အသုံးအနှုန်းမှာ ခေတ်နှင့် မလျော်ညီတော့ပေ။ တိုးတက်သောနိုင်ငံများတွင် တတ်မှန်ဌာနကို Department of Medical Imaging (ဆေးပညာဆိုင်ရာ ပုံရိပ်ဖော်ဌာန) ဟု ပြောင်းလွဲခေါ်ဝေါ်သုံးနှုန်းလာကြသည်ကို တွေ့ရပါသည်။

## တတ်မှန်နှင့်နီးနွှယ်သော ဘာသာရပ်များ

တတ်မှန်ပညာ ပင်စည်ကြီးတွင် အောက်ပါအဓိက အကိုင်းအခက်ကြီး (၃) ခုရှိသည်။

၁။ Diagnostic Radiology (ရောဂါဖော်ထုတ်ရေး တတ်မှန်ပညာ)

၂။ Radiotherapy (တတ်ရောင်ခြည် ကုထုံး ပညာ)

၃။ Radioisotope or Nuclear Medicine (အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေသည့် ပညာရပ်)

ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်ပြည်နယ် အချို့တွင် အဆိုပါဌာန (၃) ခုကို ပေါင်းစည်း၍ Radiology Department ဟု ခေါ်လေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး၏နောက်ပိုင်း၌ အင်္ဂလန်၊ စကင်ဒီနေဗီးယန်းနိုင်ငံများနှင့် အမေရိကန် ပြည်နယ်အများစုတွင် ၄င်းဌာနများမှာ တစ်သီးတခြား ရပ်တည်လုပ်ကိုင်ကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ဤဌာန (၃) ခုသည် အုပ်ချုပ်ရေးနှင့်လုပ်ငန်းပိုင်းအရ သီးခြားဖြစ်သော်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ တတ်ရောင်ခြည် အဖွဲ့၌ ဌာန (၃) ရပ်ရှိ ဆရာဝန်များနှင့် ကျွမ်းကျင်သူများ စည်းစည်းရုံးရုံးလက်တွဲကာ လှုပ်ရှားလုပ်ကိုင်လျက်ရှိကြ ပေသည်။

## မြန်မာနိုင်ငံ တတ်မှန်ပညာလောက

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တတ်မှန်ဌာနကို လက်ဦးမဆွ ထူထောင်ခဲ့ကြသော မြန်မာအမျိုးသား တတ်မှန်ဆရာဝန်ကြီးများမှာ ဒေါက်တာ ဦးသာဒင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကျော်အောင် (အငြိမ်းစား) နှင့် ဒေါက်တာ ဦးအောင်ငြိမ်း (ကွယ်လွန်) တို့ဖြစ်ကြသည်။ ၄င်းနောက် ဒေါက်တာ ဒေါ်မာလာမော် (အငြိမ်းစား)၊ ဒေါက်တာ ဦးကိုကို (ကွယ်လွန်)၊ ပါမောက္ခ ဦးထွန်းရီ (အငြိမ်းစား)၊ ပါမောက္ခ ဒေါ်ဌေးမြင့် (အငြိမ်းစား)၊ ဒေါက်တာ ဒေါ်ခင်မြင့် (အငြိမ်းစား)၊ ဒေါက်တာ ဦးစိုးမောင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကြည်လင် (အငြိမ်းစား) နှင့် လက်ရှိ တတ်မှန်ပညာပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင် အစရှိသော ပုဂ္ဂိုလ်များက မြန်မာနိုင်ငံ တတ်မှန်လောက၏ အရှေ့ဦးခေတ်ကို ပီပီပြင်ပြင်

တည်ဆောက်နိုင်ခဲ့ကြသည်။ ဒုဗိုလ်မှူးကြီး လှရွှေ (အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီး ကိုလေး (ကွယ်လွန်)၊ ဒုဗိုလ်မှူးကြီး မြဟန် (ကွယ်လွန်) နှင့် ဗိုလ်မှူးကြီး လှထူး တို့သည် တပ်မတော်ဆေးလောက၌ တတ်မှန်ဌာနကို ပြုစုပျိုးထောင်ခဲ့ကြသူများဖြစ်သည်။ မြန်မာနိုင်ငံ တတ်မှန်လောက၏ အရှေ့ဦးခေတ်၌ ပစ္စည်းပစ္စယ ပြည့်စုံခြင်း မရှိလင့်ကစား အင်ဂျီယိုဂရမ် အမျိုးမျိုး ပါဝင်သည့် ခက်ခဲသောလုပ်ငန်းအမြောက်အမြားကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဆိုပါ တတ်မှန်ဆရာဝန်ကြီးများ၏ စွမ်းရည်မှာ မှတ်တမ်းတင် ထိုက်ပါပေသည်။

၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ၏တတ်မှန် ဘွဲ့လွန် သင်တန်း ကျောင်းကို ရန်ကုန်ဆေးရုံကြီး တတ်မှန် ဌာနတွင် စတင် ဖွင့်လှစ်ခဲ့သည်။ DMRD (Diploma in Medical Radio-diagnosis) ခေါ် တတ်မှန်ပညာဒီပလိုမာ ဘွဲ့လွန် သင်တန်း မှာ ၂ နှစ်သင်တန်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ် အထိ DMRD သင်တန်း (၁၂) သုတ်ခေါ်ယူခဲ့ပြီး တတ်မှန် ဆရာဝန်ပေါင်း ၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ ဒီအမ်အာဒီ သင်တန်းကို ဆေးပညာ မဟာသိပ္ပံ (တတ်မှန်) သင်တန်း အဖြစ် အဆင့်မြှင့်ပေးခဲ့သည်။

တတ်မှန်ဌာန၏ လုပ်ငန်းအဝဝမှာ တတ်မှန် ဆရာဝန်တစ်ဦးတည်းဆောင်ရွက်၍ မရနိုင်။ လုပ်ရည် ကိုင်ရည်ရှိသောကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှု လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တတ်မှန် ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးသည့် ဆေးဘက် ပညာသည်ကျောင်းကို ၁၉၆၄ ခုနှစ်၌ စတင်ထူထောင် ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ DPMS ခေါ် Diploma in Paramedical Science(Radiography) သင်တန်း ၁၈ သုတ် သင်တန်းပေးခဲ့ ၍ တတ်မှန်ကျွမ်း ကျင်သူပေါင်း ၁၂၅ ဦးမျှ မွေးထုတ် ပေးခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ လက်ထက်တွင် ဆေးဘက်ပညာသည် ကျောင်းကို ဆေးဘက်ပညာသည် တက္ကသိုလ်အဖြစ်အဆင့်မြှင့် ပေးခဲ့သည်။ သင်တန်းကာလ ၄ နှစ်ဖြစ်၍ သင်တန်း ဆင်းလျှင် BPMS ( Radiography ) ဘွဲ့ ရရှိကြမည် ဖြစ်ပါသည်။


## မြန်မာနိုင်ငံရှိ ခေတ်မီတတ်မှန်စက်ကိရိယာများ

နိုင်ငံတော်အစိုးရသည် တတ်မှန်ပညာဖြင့် ရောဂါ ရှာဖွေရာ၌ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်ရန်အလို့ငှာ ခေတ်မီစက်ကိရိယာများကို အခါအားလျော်စွာ တပ်ဆင် ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကွန်ပျူတာ တတ်မှန်စက် (C.T.Scan) မှာ Head Scanner ဖြစ်၍ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော တတ်မှန် ဌာန၌ ၁၉၈၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ဦးခေါင်းကိုသာမက ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကို အလွှာလိုက် ပုံဖော်ရိုက်ကူးနိုင်သော(Whole Body C.T Scanner) တစ်လုံးတပ်ဆင်ခဲ့သည်။

အလားတူ (Whole Body C.T. Scanner)သုံးလုံးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လက်ထက်၌ ရန်ကုန်ဆေးရုံကြီးတွင် တစ်လုံး၊ ရန်ကုန်မြို့ အမှတ်( ၂ )စစ်ဆေးရုံတွင် တစ်လုံး၊ ပြင်ဦးလွင်မြို့အခြေချ စစ်ဆေးရုံကြီးတွင် တစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သည်။

ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံ သစ်နှင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတို့တွင် အသုံးပြု လျက်ရှိသော အင်ဂျီယိုဂရမ်ရိုက်စက်များမှာ ခေတ်မီ၍ ကောင်းမွန်လှပါသည်။ အထူးသဖြင့်မင်္ဂလာဒုံ တပ်မတော်

ကွန် ပျူတာတတ်မှန်ထိန်းချုပ်ခုံ



ဆေးရုံကြီးရှိ အင်ဂျီယိုဂရမ်စက်မှာ နိုင်ငံတကာအဆင့်မီ ကိရိယာများ တပ်ဆင်ထားရှိကြောင်း သိရှိရပါသည်။

## ဓာတ်ရောင်ခြည်အန္တရာယ်

ဓာတ်ရောင်ခြည်ပမာဏ ၃၀၀၀ rads မှ ၄၀၀၀ rads မျှရောင်ခြည်သင့်ခြင်းခံရပါက ရက်ပိုင်း၊ နာရီပိုင်းအတွင်းပင် အသက်သေစေနိုင်ပါသည်။ လက်ရှိဓာတ်မှန်စက် များသည် ဤကဲ့သို့သော ရောင်ခြည်ပမာဏမျိုးလည်းမရနိုင်။ ဤကဲ့သို့ အာနိသင်မျိုးလည်း မဖြစ်စေနိုင်ပါ။ Chest X-Ray ခေါ် ရင်ဘတ်ဓာတ်မှန်တစ်ပုံရိုက်လျှင် .4 -1 rad မျှသာရောင်ခြည်ထိပါသည်။ အစာအိမ်ဆေးဓာတ်မှန် ရိုက်လျှင် 1 rad မျှသာ ရောင်ခြည်သင့်ခံရပါသည်။ လိုအပ်၍ ဓာတ်မှန်ရိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဥပဒ် အန္တရာယ်မှာ အကျိုးကျေးဇူးနှင့် နှိုင်းယှဉ်ပါက မပြောပလောက်ပေ။

ဓာတ်မှန်ရိုက်ခြင်းကြောင့် ရုတ်ခြည်းအန္တရာယ်များ မဖြစ်နိုင်သော်လည်း နောက်ပိုင်းအကျိုးဆက်များ မဖြစ်ပွားစေရန်ကိုမူ အထူးသတိချပ်ကြရမည်။ အဓိက နောက်ပိုင်းအကျိုးဆက် (၂) ခုမှာ ကင်ဆာဖြစ်စေနိုင်သော သတ္တိနှင့် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သောသတ္တိများပင် ဖြစ်သည်။ ကင်ဆာဟုဆိုရာ၌ ဓာတ်ရောင်ခြည်ထိသော နေရာများ၌ အရေပြားကင်ဆာ၊ အရိုးကင်ဆာများဖြစ်တတ်ပြီး လူကီးမီးယားခေါ် သွေးကင်ဆာလည်း ဖြစ်စေနိုင်ပါသည်။

မျိုးရိုးဗီဇထိခိုက်ခြင်းနှင့် စပ်လျဉ်း၍မူ ရောင်ခြည် ပမာဏ အနည်းငယ်မျှဖြင့်ပင် ဖြစ်ပွားနိုင်သောကြောင့် ဓာတ်မှန်ဝန်ထမ်းများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။ လူငယ်လူရွယ်များကို ဓာတ်မှန်ရိုက်လျှင် မျိုးပွားအင်္ဂါများကို ရောင်ခြည်မသင့်စေရန် တတ်နိုင်သရွေ့ရှောင်ကွင်းရမည်။ သို့မဟုတ် ဖုံးအုပ်ကာကွယ်ပေးရမည်။ သန္ဓေသားနုနုလေးများကို ရောင်ခြည်သင့်လျှင် ထိတ်လန့်ဖွယ်ကောင်းသော မွေးရာပါချွတ်ယွင်းချက်များ ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နိုင်သော အသက်အရွယ်အတွင်း အမျိုးသမီးများကို ဓာတ်မှန်ရိုက်သည့်အခါတိုင်း ကိုယ်ဝန် ရှိ မရှိ စူးစမ်းရန်လိုသည်။

ဓာတ်မှန်ဆရာဝန်နှင့် ဓာတ်မှန်ကျွမ်းကျင်သူများသည် ဓာတ်ရောင်ခြည်ကာကွယ်ရေး နည်းစနစ်များကို သိရှိနားလည်၍ လိုက်နာကျင့်သုံးကြရန် အရေးကြီးလှပေသည်။ ဓာတ်မှန်ဝန်ထမ်းများသည် ပြည်သူလူထုကိုလည်း ဓာတ်ရောင်ခြည်အန္တရာယ်နှင့် စပ်လျဉ်း၍ ကျန်းမာရေးဗဟုသုတ ဖြန့်ဝေပေးသင့်ပါသည်။ နိုင်ငံတော်အစိုးရသည် လုပ်ငန်းခွင် ကျန်းမာရေးဌာနနှင့် ဓာတ်ရောင်ခြည်ကာကွယ်ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများကို ဓာတ်ရောင်ခြည်အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ဆေးရုံ ၊ ဆေးခန်းများရှိ ဓာတ်မှန်ခန်းများအား စည်းကမ်းညီညွတ်ခြင်းရှိမရှိ အခါအားလျော်စွာ စစ်ဆေးစေပါသည်။

## နိဂုံး

လူ၏ ခန္ဓာကိုယ်သည် မှော်သေတ္တာကြီးနှင့် အလားတူသည်ဟုသော ဆိုရိုးတစ်ရပ်ရှိပါသည်။ မှော်သေတ္တာကြီးထဲတွင် မည်သည့်ပစ္စည်းများပါရှိသည်ကို မှန်းဆနိုင်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းအသီးသီး၌ ဖြစ်ပွားသော ရောဂါဘယတို့၏ သဘောသဘာဝများကို ဖော်ထုတ်သိရှိနိုင်ရန်မှာလည်း အလွန်ပင် ခက်ခဲသည်။ ဓာတ်မှန်ဆရာဝန်များသည် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်လျက်ရှိသော နည်းပညာ၊ အတတ်ပညာ၊ စက်ကိရိယာတို့ကို အသုံးပြုကာ မှော်သေတ္တာကြီး၏ အဖုံးကို ဖွင့်လှစ်ဘိသကဲ့သို့ ကိုယ်တွင်းရောဂါ အလုံးအခဲများ၏ ဇာစ်မြစ်နှင့် သဘာဝတို့ကို ကွက်ကွက်ကွင်းကွင်း ပြသ အဖြေထုတ်ပေးနိုင်ရန် အားထုတ်တတ်ကြသည်။

ထို့ပြင် ယခုခေတ်၌ ဓာတ်မှန်ဆရာဝန်များသည် ရောဂါရှာဖွေရေးကဏ္ဍကိုပင် ကျော်လွှားပြီး (Interven - tional Radiology) ဟုခေါ်သော ဓာတ်မှန်ကို ကျောထောက်နောက်ခံပြုသည့် နည်းဗျူဟာသစ်များ ကိုင်စွဲ၍ ကုသရေး ကဏ္ဍသို့ ထိုးဖောက်ပါဝင်လာကြ သည်ကိုလည်း တွေ့မြင်နေရပေသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီးတစ်လျှောက် တိုးတက်အောင်မြင်မှုများမှာအံ့မခန်းဖွယ်ပင်။ စင်စစ်အားဖြင့် ဓာတ်မှန်သည် မျက်မှောက်ခေတ် ဆေးပညာလောက၌ ကြီးမားသော ကူညီ ထောက်ပံ့ မှုများ ပေးလျက်ရှိသည်ဆို ခြင်းမှာ အငြင်း မပွား နိုင်သည့် အချက်ပင်ဖြစ်ပါသတည်း။

ဒေါက်တာ ကျော်မြင့် (ဓာတ်မှန်)

# အပိုင်း – ၃

## ၁၉၉၅ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ။** ။ ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာ ၂၀ ရက်နေ့တွင် အိုင်ဗော်ရီကို့စ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ စတင်ဖွင့်လှစ် ကျင်းပပြီးနောက် မကြာမီတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ ပြည်တွင်းပြည်ပရေးရာ ဆွေးနွေးမှုအစီအစဉ်ကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ ရက်သတ္တသုံးပတ်ကြာ ဆောင်ရွက်ခဲ့ရာ မိန့်ခွန်းစကားပါဝင်ပြောကြားသူ ၁၇၉ ဦး မျှ ရှိခဲ့သည်။ ဤသည်မှာ ယခင် ယခင်နှစ်များကထက် များပြား၍ စံချိန်သစ်တင်ရသော အရေအတွက်ဖြစ်သည်။ ဤပုဂ္ဂိုလ်များထဲတွင် ဘုရင်တစ်ပါး၊ သမ္မတ ၃၁ ဦး၊ အစိုးရ အဖွဲ့ခေါင်းဆောင် ၁၄ ဦး၊ အိမ်ရှေ့မင်းသားနှစ်ဦး၊ ဝန်ကြီး ၁၂၀ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ၁၁ ဦး ပါဝင် ခဲ့သည်။

ဤအစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားစီးလုံးညီညွတ်မှု တိုးတက်ကျယ်ပြန့်ခိုင်မာလာပုံကို တင်ပြရာ၌ "မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့တဲ့ အချိန်ကစပြီး လက်နက်ကိုင်အဖွဲ့များရဲ့ ပုန်ကန်မှုကြောင့် ပြည်တွင်း မငြိမ်မသက်မှုများကို ရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၉၄ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့အတွက် ယခုဆိုရင်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအစဉ်မှာ ပါဝင်လာတဲ့ လက်နက်ကိုင်အဖွဲ့ အရေအတွက်ဟာ ၁၃ ဖွဲ့ ရှိသွားပြီဖြစ်ပါတယ်" ဟူ၍ တင်ပြခဲ့သည်။

ပါဝင်ဆွေးနွေးသူ အများအပြားတို့က ဘာသာရေးနှင့် လူမျိုးရေးတင်းမာမှုများကို နောက်ခံထား၍ ဒေသဆိုင်ရာ အရေးအခင်းနှင့် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်းတို့ကို စိုးရိမ်ထိတ်လန့်၍ စိတ်ပျက်ခြင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောဆိုကြပြီး၊ ကြိုတင်တားဆီးကာကွယ်ရေး စေ့စပ်ဆွေးနွေးမှု များကို တိုးတက်ပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ "ဖွံ့ဖြိုးရေးအစီအစဉ်" ကိုဖော်ဆောင်ရေးအတွက် လက်တွေ့ကျသော စီမံချက် များပြုလုပ်ရန်လည်း တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် စာနာထောက်ထားမှု အကူအညီပေးရေးတို့တွင် တာဝန်များ တိုးပွားလာနေသည့်အလျောက် ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေး အကျပ်ဆိုက်နေရသည့် အခြေအနေကိုလည်း အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

နိုင်ငံတကာ အထွေထွေဆွေးနွေးပွဲသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြီးဆုံးသည့်အခါ ညီလာခံဥက္ကဋ္ဌ အမာရာအက်ဆီက "၁၉၉၅ ခုနှစ်တွင် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပတော့မည့်အချိန်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့မျက်မှောက်အချိန်၌ ကမ္ဘာတွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

## ညီလာခံ၏ ဆောင်ရွက်မှုများ

ညီလာခံကြီးသည် ကုလသမဂ္ဂကနှစ်ရှည်လများ အားတိုက်အင်တိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရသော အားထုတ်မှုကြီး သုံးရပ်တို့ သမိုင်းဝင်အထွတ်အထိပ်သို့ ရောက်ခြင်းကို တွေ့မြင်ခဲ့ရသည်။ ယင်းတို့မှာ–

(က) အသားအရောင်ခွဲခြားမှုဝါဒကို အမြစ်ဖြတ်သုတ်သင်ခြင်း၊

(ခ) ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းရေးစနစ်ဆုံး ခန်းတိုင် ရောက်ရှိခြင်းနှင့်

(ဂ) ၁၉၈၂ ပင်လယ်ဥပဒေ ကွန်ဗင်းရှင်း အာဏာသက်ရောက်သက်ဝင်လာခြင်း တို့ဖြစ်သည်။

**ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ –** ၄၉ ကြိမ်မြောက် ညီလာခံကြီးသည် ဆုံးဖြတ်ချက်ပေါင်း ၂၉၅ ခု ချမှတ်ခဲ့ရာ လေးပုံ–သုံးပုံကျော်မှာ မဲမခွဲရဘဲ တညီဆန္ဒဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤအချက်က နိုင်ငံများစပ်ကြား တကယ့်စိတ်ဝမ်းညီညွတ်မှု အမှန်တကယ်ပေါ်ပေါက်လာပုံကို သက်သေထူလိုက်သည်။

**အဖွဲ့ဝင် နိုင်ငံသစ်တစ်နိုင်ငံ တိုးခြင်း –** ၁၉၉၄ ခုနှစ်၊ ၄၉ ကြိမ် မြောက် အထွေထွေညီလာခံကြီး၌ ပစိဖိတ်သမုဒ္ဒရာအတွင်း အမေရိကန်ပြည်ထောင်စုက စီမံအုပ်ချုပ်ကာ ထိန်းသိမ်းမှုပေးခဲ့သော ပစိဖိတ်ကျွန်းစုများတွင် နောက်ဆုံးတစ်ခုအဖြစ် ကျန်ရှိသည့် ပါလောကျွန်းနိုင်ငံသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၄၉/၆၃ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၈၅ နိုင်ငံ မြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဤတွင် ၄၈

နှစ်မျှ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းမှု လုပ်ငန်းတာဝန်သည် ဆုံးခန်းတိုင်ခဲ့လေသည်။

**နိုင်ငံတကာ အထိမ်းအမှတ်နေ့များ သတ်မှတ်ခြင်း** – ညီလာခံကြီးသည်ကိစ္စရပ်အများအပြားတွင် အထူးသဖြင့် ပတ်ဝန်းကျင်ရေးရာများတွင် လက်တွေ့တိုးတက်မှုများ ရှိခဲ့သည်။ ပတ်ဝန်းကျင်ရေးရာနှင့် ပတ်သက်၍ အသစ် ချုပ်ဆိုသော သဘောတူစာချုပ်များကို ညီလာခံကြီးက ကြိုဆိုပြီး ၎င်းတို့အသီးသီးအတွက် နိုင်ငံတကာ အထိမ်းအမှတ်နေ့များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည် –

(က) ရာသီဥတု ပြောင်းလဲမှုရေးရာ (အိုဇုန်းလွှာ ထိန်း သိမ်း ရေး – စက်တင်ဘာ ၁၆ ရက်နေ့ )

( ခ ) ဇီဝဗေဒဆိုင်ရာ ထွေပြားခြားနားမှုများ (Biological Diversity) (ဒီဇင်ဘာ ၂၉ ရက်)

( ဂ ) သဲကန္တာရ တိုးချဲ့ပြန့်ပွားလာမှု ဆန့်ကျင်ရေး ( ဇွန် ၁၇ ရက်နေ့ )

ညီလာခံကြီးက ရေသယံဇာတပေါကြွယ်ဝသည့်နေရာများတွင် နိုင်ငံပိုင်ဇုန်နယ်များအတွင်း တရားမဝင်ငါးဖမ်းခြင်းမှ သက်ရောက်သော အကျိုးတရားများကို အထူးစဉ်းစားဆွေးနွေးခဲ့သည်။ ထို့အပြင် (GLOBE) ဟူ၍ အတိုကောက်ခေါ်ဝေါ်သည့်ပတ်ဝန်းကျင် အကျိုးစီးပွားအတွက် ကမ္ဘာတစ်ဝန်း လေ့လာကြည့်ရှုမှတ်သားမှု အစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေး** – အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ခိုင်မာတောင့်တင်းမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ၄၉ ကြိမ်မြောက် ညီလာခံကြီးက အောက်ပါစာချုပ်စာတမ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့သည် –

(က) အပိုဒ် ၂၉ ပိုဒ်ပါဝင်သော ကုလသမဂ္ဂနှင့် အပေါင်းပါ ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ ကွန်ဗင်းရှင်း၊

( ခ ) နိုင်ငံတကာအကြမ်းဖက်ဝါဒရှင်းလင်းသုတ်သင်ရေး စီမံချက်များဆိုင်ရာ ကြေညာချက်နှင့်

( ဂ ) ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂနှင့်ဒေသဆိုင်ရာအစီအစဉ် သို့မဟုတ် အဖွဲ့များစပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်ရေးဆိုင်ရာ ကြေညာ ချက်။

**နိုင်ငံတကာ အစည်းအဝေးများ ကျင်းပရေး** – ညီလာခံကြီးက ၁၉၉၅ ခုနှစ်အတွင်း လူမှုဖွံ့ဖြိုးရေးထိပ်သီးညီလာခံ၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများအား စီမံဆောင်ရွက်ရေးဆိုင်ရာ ကိုးကြိမ်မြောက် ကုလသမဂ္ဂ ကွန်ဂရက်အစည်းအဝေးနှင့် အမျိုးသမီးများဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးနှင့် ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ဆိုင်ရာ အထူးအစည်းအဝေးများ ကျင်းပရေးအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ၄၉ ကြိမ်မြောက် ညီလာခံကြီးက –

(က) လူသားများနေထိုင်ရန် နေအိမ်ဂေဟာ အဆောက်အအုံများ တည်ထောင်ရေးဆိုင်ရာကုလသမဂ္ဂ မျက်နှာစုံညီအစည်းအဝေး ( Habitat II ) ကို ၁၉၉၆ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၁၄ ရက်နေ့အထိ တူရကီနိုင်ငံ၌ ကျင်းပရန်၊

( ခ ) သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေးဆယ်စုနှစ်ကို ၁၉၈၉ ခုနှစ်တွင် စတင်ဖန်တီးခဲ့ရာ ယင်းဆောင်ရွက်မှု၏ အောင်မြင်ချက်များကို သုံးသပ်ရေးအတွက် ဒုတိယကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ ကျင်းပရန်၊

( ဂ ) လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ စတုတ္ထအကြိမ်မြောက်ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေးကို (ဖြစ်နိုင်လျှင် ၁၉၉၇ ခုနှစ်တွင်) ကျင်းပရန်၊

(ဃ) မိုင်းဗုံးများရှင်းလင်းရေး နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ( ဖြစ်နိုင်သမျှ အမြန်ဆုံး) ကျင်းပရန် (ညီလာခံကြီးက လူများအား သေကျေဒဏ်ရာရစေသော မြေမြှုပ်မိုင်းဗုံးများ တင်ပို့ခြင်းအား ပိတ်ပင်တားမြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည် )။

( င ) အာကာသရှာဖွေလေ့လာရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးပြုရေးဆိုင်ရာ တတိယအကြိမ်မြောက် ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန်၊

( စ ) ဆင်းရဲမွဲတေမှု သုတ်သင်ပပျောက်ရေး နိုင်ငံတကာနှစ်ကို ၁၉၉၆ ခုနှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

**ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်** – ၄၉ ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၈ ခုနှစ်ကို ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

**၁၀ စုနှစ်များ စတင်ဖွင့်လှစ်ခြင်း** – ညီလာခံကြီးက –

(က) ကမ္ဘာ့တိုင်းရင်းသားများဆိုင်ရာ ၁၀ စုနှစ် (၁၉၉၄ – ၂၀၀၄) ကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

(ခ) ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေး ကုလသမဂ္ဂ ၁၀ စုနှစ်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ (ယင်း ၁၀ စုနှစ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သည်)။

(ဂ) လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားမှုများအား တိုက်ဖျက်ရေးဆိုင်ရာ တတိယ ၁၀ စုနှစ်အတွက် ပြုပြင်ထားသောလုပ်ငန်း အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

**၁၉၉၄ မျက်နှာစုံညီအစည်းအဝေးများ၏ ရလဒ်များကို အတည်ပြုခြင်း** – ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အောက်ပါမျက်နှာစုံညီ အစည်းအဝေးများ၏ ရလဒ်များကို ထောက်ခံအတည်ပြုခဲ့သည် –

(က) စက်တင်ဘာလတွင် ကိုင်ရိုမြို့၌ ကျင်းပခဲ့သော လူဦးရေနှင့် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုခဲ့သည့်နှစ် ၂၀ လုပ်ငန်းအစီအစဉ်နှင့် ကြေညာချက်၊

(ခ) ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သော သဘာဝဘေးဒဏ်များ လျှော့ပါးသက်သာရေး ဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေး၏ လုပ်ငန်းအစီအစဉ်၊

(ဂ) မေလတွင် ဘာဘေးဒိုး (စ်) နိုင်ငံ၌ ကျင်းပခဲ့သော ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ အခွန့်ရှည်ကြာ ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးမှ အတည်ပြုခဲ့သည့် ကြေညာချက် စာတမ်းနှင့် လုပ်ငန်းအစီအစဉ်။

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း** – ညီလာခံကြီး၏ အခြားမှတ်သားဖွယ် ဆောင်ရွက်ချက်မှာ "ဖွံ့ဖြိုးရေးအတွက် အစီအစဉ်" သစ်အတွက်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂအတွက် ဆက်လက်တည်ရှိဆဲ ဘဏ္ဍာရေးအခက်အခဲများနှင့် ပတ်သက်၍လည်းကောင်း လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

### အရှေ့အလယ်ပိုင်း အာရပ် – အစ္စရေးပြဿနာ

**ပါလက်စတိုင်း ပြဿနာ** – ၁၉၉၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဂါဇာနှင့် ဂျေရီကိုဒေသတို့တွင် ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့တို့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ၊ ယင်းစာချုပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီနှင့် ပါလက်စတိုင်းပြည်သူများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးဆောင်ရွက်ရေး ကော်မတီတို့က ကြိုဆိုခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူးချုပ်က သိမ်းပိုက်ထားသော နယ်မြေများနှင့်ပတ်သက်၍ ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့များအား ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အမှာစကား ပြောကြားရာ၌ အစ္စရေးတပ်မတော်နှင့် ပြည်သူ့အုပ်ချုပ်ရေးတို့ကို ဂါဇာနှင့်ဂျေရီကိုတို့မှ ရုပ်သိမ်းပြီးဖြစ်သည့်အလျောက် ထိုဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်သောဒေသများ ဖြစ်လာကြပြီဖြစ်ကြောင်း၊ ယင်းဒေသများတွင် အသွင်ကူးပြောင်းရေးကာလအတွင်း အုပ်ချုပ်ရေးအသစ်ကို ဖွဲ့စည်းကာ ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ရေးအတွက် ပါလက်စတိုင်းအာဏာပိုင်များအား အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

**အစ္စရေး – ဂျော်ဒန် ငြိမ်းချမ်းရေး** – ဂျော်ဒန်နှင့် အစ္စရေးနှစ်နိုင်ငံစပ်ကြား စစ်ဖြစ်ပွားနေသည့်အခြေအနေကို အဆုံးသတ်ကြောင်း ကြေညာချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ကျင်းပသော သမိုင်းဝင်အခမ်းအနား တစ်ရပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤအခမ်းအနားတွင် ဂျော်ဒန်ဘုရင်ဟူစိန်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ ပါဝင်ကြ၍ အမေရိကန်သမ္မတ ဝီလီယမ် ဂျေကလင်တန်လည်း တက်ရောက်ခဲ့သည်။ ဤကြေညာချက်အရ ဂျော်ဒန်နှင့်အစ္စရေးတို့က လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ (၁၉၆၇) နှင့် အမှတ် ၃၃၈ (၁၉၇၃) တို့နှင့်အညီ ငြိမ်းချမ်းသည့်အခြေအနေသို့ ရောက်ရှိကြရေးအတွက် ဆက်လက်စေ့စပ်ဆွေးနွေးသွားကြရန် ကတိကဝတ်ပြုကြသည်။ ယင်းနှစ်နိုင်ငံတို့အနေဖြင့် "လုံခြုံ၍ အသိအမှတ်ပြုထားသော နယ်နိမိတ်များ

အတွင်း မိမိတို့အချင်းချင်းဖြစ်စေ၊ အခြားတစ်ပါးသော နိုင်ငံအားလုံးနှင့်ဖြစ်စေ ငြိမ်းချမ်းစွာနေထိုင်ကြရန် ၎င်းတို့အသီးသီး၌ အခွင့်အရေးနှင့် တာဝန်များရှိကြောင်း အသိအမှတ်ပြုကြသည်။”

ထို့နောက် ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၂၆ ရက်နေ့တွင် အစ္စရေး နှင့် ဂျော်ဒန်တို့သည် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံစစ်ဖြစ်နေမှု အခြေအနေကို အဆုံးသတ်လိုက်ကြသည်။

**ပါလက်စတိုင်း အခြေအနေ** – ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) နှင့် အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ တည်ထောင်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြခြင်းကို မနှစ်မြို့နိုင်သော ပါလက်စတိုင်းအစိတ်အပိုင်းများရှိရာ ပါလက်စတိုင်း နယ်မြေများအတွင်း အခြေအနေမှာ တည်ငြိမ်လှခြင်း မရှိပေ။ ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၁၉ ရက်နေ့တွင် တယ်အဗီးမြို့တွင်း၌ အစ္စရေးခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ဗုံးခွဲ တိုက်ခိုက်ရာ အရပ်သား ၂၀ သေဆုံး၍ လူပေါင်း ၁၂ ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့ကြရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်းကို ရိုင်းစိုင်းသော အကြမ်းဖက်မှုအဖြစ် ဖော်ညွှန်းပြီး အပြင်းထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချခဲ့၏။

ထို့နောက် တယ်အဗီးမြို့အနီးတွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြန်ရာ ၁၉၉၅ ခုနှစ်၊ဇန်နဝါရီ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကိုတိုးတက်ဖြစ်ထွန်း ခိုင်မာသိပ်သည်းအောင် ဆက်လက်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

ပါလက်စတိုင်း အမျိုးသားများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးလုပ်ဆောင်ရေးကော်မတီကမူ အစ္စရေးတို့က သိမ်းပိုက်ထားသော အာရပ်နယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထူးအန္တရာယ်ပြုလျက်ရှိသဖြင့် ၎င်းလုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ အစ္စရေးတို့ဘက်မှ ပြန်ကြားရာ၌ လက်ရှိအစိုးရတက်လာသည့် ၁၉၉၂ ခုနှစ်မှစ၍ အခြေချနေထိုင်မှုအသစ်များ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**အစ္စရေး – လက်ဗနွန်ပြဿနာ** – ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က အစ္စရေး–လက်ဗနွန်နယ်ခြားတစ်လျှောက် အခြေအနေတင်းမာမှု မြင့်မားလာခြင်းကို အထူးစိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ လက်ဗနွန်ရွာတစ်ရွာကို အစ္စရေးတို့က အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပေါင်းများစွာ အသက်ဆုံးရှုံး ခဲ့ရသဖြင့် အတွင်းရေးမှူးချုပ်က အရပ်သားများအား အကြမ်းဖက်လုပ်ဆောင်ခြင်းအားလုံးကို ရှုတ်ချပြီးလျှင် နှစ်ဦးနှစ်ဖက်လုံးအား ထိန်းချုပ်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

သို့သော် အခြေအနေမှာ ငြိမ်းအေးသွားခြင်းမရှိပေ။ လက်ဗနွန်တောင်ပိုင်းဒေသ၏ အခြေအနေမှာတင်းမာ၍ ဗရုတ်ဗရက်ဖြစ်နေကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် တင်ပြခဲ့သည်။ ထို့နောက် မတ်လ ၃၁ ရက်နေ့တွင်မူ အစ္စရေး– လက်ဗနွန်နယ်ခြားတစ်လျှောက်၌ မကြာမီက တိုက်ခိုက်မှုများ တိုးတက်များပြားလာခြင်းကို လွန်စွာစိုးရိမ်ကြောင်း ဖော်ပြပြီး နှစ်ဖက်စလုံးမှ ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲကြရန်နှင့် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုကြရန် တိုက်တွန်းပြောကြားခဲ့၏။

**အစ္စရေး– ဆီးရီးယား ပြဿနာ** – ဤအတောအတွင်း ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက၊ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အဆိုမူကြမ်း ၂၀ ကျော်ကို အတည်ပြုချမှတ်၍ ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ရပ်များကို အားတိုက်အင်တိုက် အားပေးထောက်ခံကာ ရရှိထားပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ကြရန် · တိုက်တွန်းခဲ့သည်။ ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ် ၄၉/၈၈ ကို ထောက်ခံမဲ ၁၄၉ မဲ၊ ကန့်ကွက်မဲ ၄ မဲ (အီရန်၊ လက်ဗနွန်၊ လစ်ဗျား၊ ဆီးရီးယား) နှင့် ကြားနေမဲ ၂ မဲဖြင့် ချမှတ်ကာ အာရပ်နှင့် အစ္စရေးတို့၏ ဆွေးနွေးစေ့စပ်မှုများတွင် အခြားသောလမ်းကြောင်းများ၌လည်း တိုးတက်မှုများ လျင်မြန်စွာရရှိရေးကို အလေးအနက်ဖော်ပြခဲ့သည်။ ထို့ပြင် ဆုံးဖြတ်ချက်အမှတ် ၄၉/၈၇ (ဘီ) တွင် အထွေထွေညီလာခံကြီးက သိမ်းပိုက်ထားသော ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်မှ အစ္စရေးတို့ ရုပ်သိမ်းပေးရန် တောင်းဆိုကာ ဤသို့ အဖြစ်မှန်သဘောသိမ်းပိုက်ထားခြင်းသည် ငြိမ်းချမ်းရေးကို ပိတ်ဆို့ထားမှု တစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့၏။

## ဘော့စနီးယား– ဟာဇီဂိုဗီးနား ပြည်တွင်းစစ်

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ယခင်ယူဂိုဆလားဗီးယားနိုင်ငံ၏

အခြေအနေမှာ "ပို၍ ရှုပ်ထွေးလျက်ရှိကြောင်း" ဖော်ပြခဲ့သည်။ ကုလသမဂ္ဂသည် လွန်ခဲ့သည့်နှစ် (၁၉၉၃) တွင် သေကျေပျက်စီးမှုများ ထပ်တလဲလဲဖြစ်ပွားခြင်း၊ စစ်ခင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်ခြင်း၊ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများဖြင့် လက်ရှိအရေးအခင်းများ ပြီးပြတ်ဖြေရှင်းရေးအတွက် နည်းလမ်းရှာဖွေရာ၌ အောင်မြင်မှုရတစ်လှည့် မရတစ်လှည့် ဖြစ်ရခြင်း စသည့်အခြေအနေများတွင် လုပ်ငန်းတာဝန်အမျိုးမျိုးအဖုံဖုံကို ဆောင်ရွက်ခဲ့ကြောင်း အတွင်းရေးမှူးချုပ်က တင်ပြသည်။ ယူဂိုဆလပ်အရေးတွင် အဓိကဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား ပြဿနာနှင့် ပတ်သက်၍ ဘော့စနီးယားအုပ်စုများနှင့် ညှိနှိုင်း၍ ငြိမ်းချမ်းရေးအတွက် ဖြေရှင်းချက်များ တစ်ခုပြီးတစ်ခု ရေးဆွဲ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဘက်ဘက်က ပယ်ချခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားသည်။

၁၉၉၄ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ ဘော့စနီးယားနှင့် ခရိုအေးရှားတို့ ပူးပေါင်း၍ ဖယ်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် သဘောတူညီချက် ရရှိကြပြီးနောက် ယင်းဖယ်ဒရေးရှင်းနှင့် ဘော့စနီးယားဆာဘ်တို့စပ်ကြား နယ်မြေခွဲဝေရေးအတွက် မြေပုံတစ်ခုကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့တွင် တင်ပြခဲ့သည်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်၊ အမေရိကန်တို့ ပါဝင်သည့် ဆက်သွယ်ရေးအဖွဲ့က ရေးဆွဲသည့် ထိုမြေပုံအရဆိုလျှင် ဘော့စနီးယား–ခရိုအက် ဖယ်ဒရေးရှင်းက နယ်မြေ ၅၁ ရာခိုင်နှုန်းကို ရရှိပြီး ဘော့စနီးယား ဆာဘ်တို့က နယ်မြေ ၄၉ ရာခိုင်နှုန်းခန့် ရရှိ မည် ဖြစ်သည်။ ဇူလိုင်အကုန်တွင် ယင်းမြေပုံကို ဘော့စနီးယား– ခရိုအက်ဖယ်ဒရေးရှင်းက လက်ခံသော်လည်း ဘော့စနီးယား ဆာဘ်တို့က လက်မခံ ခဲ့ပေ။ ဤနယ်မြေ ခွဲဝေရေး အဆိုပြုချက်နှင့်ပတ်သက်၍ ဘော့စနီးယားဆာဘ် တို့က ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၇ နှင့် ၂၈ ရက်နေ့များတွင် ပြည်သူ့ဆန္ဒခံယူပွဲ တစ်ရပ် ကျင်းပခဲ့ရာ ၎င်းဆန္ဒခံယူပွဲကလည်း ပယ်ချခဲ့လေသည်။

ခရိုအေးရှားနိုင်ငံတွင် အခြေအနေမှာ အန်းပတ်စ်ခေါ် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက်ထားသော ဒေသများ၌ ခရိုအေးရှားအာဏာပိုင်များနှင့် ဒေသရှိဆာဘ်လူမျိုးများစပ်ကြား ပုံမှန်ဆက်ဆံမှုများ ပြုလုပ်တည်ဆောက်ရေး ကိစ္စမှာ တိုးတက်မှုမရှိဘဲ စိုးရိမ်ဖွယ်ဖြစ်နေသည်။

**လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် / ကြေညာချက်များ –** ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း လုံခြုံရေးကောင်စီသည် ယူဂိုဆလပ်ပြဿနာနှင့် ပတ်သက်၍ တရားဝင် သို့မဟုတ် အလွတ်သဘော အစည်းအဝေး ခြောက်ကြိမ်ကျင်းပကာ ဆုံးဖြတ်ချက် ငါးရပ်ချမှတ်ပြီး ကြေညာချက် သုံးရပ်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၉၄၂ (၁၉၉၄) ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် နယ်မြေခွဲဝေရေးကိစ္စကို အဆိုပြုသည့်အတိုင်း လက်မခံသဖြင့် ဘော့စနီးယား ဆာဘ်တို့အား ပြင်းထန်စွာ ရှုတ်ချပြီးလျှင် နိုင်ငံများအား ဘော့စနီးယား ဆာဘ်တို့နှင့် နိုင်ငံရေးဆွေးနွေးမှုများ မပြုလုပ်ကြရန်နှင့် စီးပွားရေးပိတ်ဆို့ အရေးယူမှုများ တိုးတက်ပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။ စက်တင်ဘာ ၂၂ ရက်နေ့တွင် ဆာရာယေဗိုမြို့၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သားများမှာ "တမင်တကာ တိုက်ခိုက်ခြင်းခံခဲ့ရ" ပေရာ လုံခြုံရေးကောင်စီက စက်တင်ဘာ ၃၀ရက်နေ့တွင် ရှုတ်ချခဲ့သည်။ ဘော့စနီးယား ဆာဘ် ခေါင်းဆောင်များက ၎င်းတို့အပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့မှုများ ပြုလုပ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခြင်းကို တန်ပြန်သည့်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ၏ လှုပ်ရှားမှုများကို ပစ်ခတ်တိုက်ခိုက်မည်ဟု ပြောဆိုသည်ဆိုသော သတင်းများကို လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။

လုံခြုံရေးကောင်စီက ချမှတ်ခဲ့သော အခြားဆုံးဖြတ်ချက်တစ်ရပ်မှာ အမှတ် ၉၄၁ (၁၉၉၄) ဖြစ်၍ စက်တင်ဘာ ၂၃ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ဖြင့် ကောင်စီက လူမျိုးသန့်စင်ရေး လုပ်ဆောင်ချက်များမှာ လက်ခံနိုင်ခြင်းမရှိ၍ ပြစ်တင်ရှုတ်ချ ကြောင်း ဖော်ပြပြီး ဤလုပ်ဆောင်မှုများကို ချက်ချင်းရပ်စဲ ရန်နှင့် ပြည်ပြည်ဆိုင်ရာ၊ အထူးသဖြင့် ၁၉၄၉ ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ ဤသို့ လူမျိုးသန့်စင်ရေး ရာဇဝတ်မှုကျူးလွန်သူများ အားလုံးသည် တစ်ဦးချင်းအနေဖြင့် တာဝန်ရှိမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုက်သည်။

**စစ်ဘက်လေယာဉ် ကျူးကျော်ပျံသန်းမှုများ–** လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၈၁၆ (၁၉၉၃) အရ ဘော့စနီးယား– ဟာဇီဂိုဗီးနားနိုင်ငံအပေါ် စစ်ဘက်လေယာဉ်

ပျံသန်းမှုများကို ပိတ်ပင်ထားသော်လည်း ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်းကျူးကျော်ပျံသန်းမှုများ ၈၈၃ ကြိမ်ရှိခဲ့ကြောင်း၊ ၄င်းမှာ လွန်ခဲ့သည့်သုံးလကထက် ၆၆၆ ကြိမ် ပိုမိုများပြားကြောင်း သိရှိခဲ့ရ၏။ ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်အထိ အချိန်ကာလအတွင်း၌လည်း စစ်ဘက်လေယာဉ်ကျူးကျော်ပျံသန်းမှုများအကြိမ်ပေါင်း ၇၆၉ ကြိမ်ခန့် ရှိခဲ့သည်ဟု ဆိုသည်။

**ဘီဟက်စစ်ပွဲ** – ၁၉၉၄ ခုနှစ်အောက်တိုဘာလအကုန်တွင် ဘော့စနီးယားအစိုးရတပ်များက စစ်ဆင်တိုက်ခိုက်၍ စစ်ပွဲအတွင်း နယ်မြေအများဆုံးသိမ်းပိုက်ရယူနိုင်ခဲ့သည်၊ သို့သော်လည်း နိုဝင်ဘာလအလယ်တွင် ဘော့စနီးယားဆာဘ်တို့က ခရိုအေးရှားမှ ကရာဂျီးနားဆာဘ်တို့၏ အကူအညီဖြင့် တန်ပြန်တိုက်ခိုက်ကာ ထိုနယ်မြေများကို ပြန်လည်သိမ်းပိုက် ရယူခဲ့ကြသည့်အပြင် ထိုထက်လွန်၍ ချီတက်ကာ ဘီဟက်မြို့အနီးသို့ပင် ချဉ်းကပ်ရောက်ရှိသွားခဲ့ကြသည်။ ကရာဂျီး နားဆာ့ဘ်တပ်များက ဒုံးပျံတိုက်ခိုက်မှုများ၊ လေကြောင်း တိုက်ခိုက်မှုများဖြင့် အကြိမ်ကြိမ်ပါဝင်တိုက်ခိုက်ပေးခဲ့၏။

နိုဝင်ဘာ ၂၁ ရက်နေ့တွင် နေတိုးလေယာဉ်များက ဥဒ်ဘီးနား လေယာဉ်ကွင်းကို တိုက်ခိုက်ခဲ့ကြ၏။ သို့သော်လည်း ဘော့စနီးယားဆာ့ဘ်တို့က ၄င်းလုံခြုံရေးဒေသကို ချင်းနင်းဝင်ရောက်ခဲ့ကြသည့်အပြင် ကရာဂျီးနားဆာ့ဘ်တို့ကလည်း စစ်ရေးအရပါဝင်စွက်ဖက်မှုများကို မရပ်မဆိုင်းဆက်လက်ပြုလုပ်ခဲ့ကြသည်။

ဘီဟက်စစ်ပွဲမှာ ပိုမိုပြင်းထန်လာရာ လူပေါင်း ၁၅၀,၀၀၀ အတွက် စားရေရိက္ခာပြဿနာမှာ အလွန်တရာအရေးတကြီးဖြစ်လာခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားခဲ့၏။ ဘီဟက်ဒေသရှိ အရပ်သားများ ထူထပ်စွာ နေထိုင်သောနေရာများမှာ "မလိုမဈွေရစိတ်ဖြင့် တိုက်ခိုက်မှုများ" ခံခဲ့ရ၏။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကရာဂျီးနားဆာ့ဘ်တပ်ဖွဲ့များဟု ခေါ်ဆိုသည့်တပ်ဖွဲ့များ၏ လေယာဉ်များက ဘီဟက်မြို့အား တိုက်ခိုက်ခြင်းနှင့် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက် ထားသောဒေသများမှ အမြောက်များဖြင့် ပစ်ခတ်ခြင်းများ ကို အလွန်ပြင်းထန်သော စကားလုံးများသုံး၍ ပြစ်တင်ရှုတ်ချခဲ့လေသည်။

လုံခြုံရေးကောင်စီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလများအတွင်း ယူဂိုဆလပ် အရေးနှင့်ပတ်သက်၍ တရားဝင်နှင့် အလွတ်သဘောအစည်းအဝေး ၁၂ ကြိမ် ကျင်းပခဲ့၏။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၉၅၈ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားရှိ ကုလသမဂ္ဂကာကွယ်ရေးတပ်များကို ကူညီထောက်ပံ့ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လေကြောင်းအင်အား ပိုမိုတိုးချဲ့အသုံးပြုရန် ခွင့်ပြုချက် ပေးလိုက်သည်။ ထိုမှတစ်ပါး ထိုနေ့မှာပင် ဆုံးဖြတ်ချက်အမှတ် ၉၅၉ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားနှင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားနှစ်နိုင်ငံ စပ်ကြား အပြည်ပြည်နယ်နိမိတ်အား ကျူးကျော်ဖောက် ဖျက်ခြင်းများ၊ အထူးသဖြင့် ကရာဂျီးနားဆာ့ဘ်တို့က ကျူး ကျော်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ဘီဟက်ဒေသရှိ ပြိုင်ဘက်အုပ်စုအားလုံး ခြွင်းချက်မရှိ ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်နှင့် ဘော့စနီးယားနိုင်ငံ တစ်ဝန်းလုံးတွင် အပစ်အခတ်နှင့် တိုက်ခိုက်မှုများရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးကြရန် တောင်းဆိုလိုက်သည်။ ထို့နောက် ဒီဇင်ဘာ ၂၃ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်နေ့များတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဘော့စနီးယား– ဟာဇီဂိုဗီးနားနိုင်ငံတစ်ဝန်းလုံးတွင် တိုက်ခိုက်မှုများရပ်စဲရေးအတွက် သဘောတူညီချက်များကို ဘော့စနီးယား– ဟာဇီဂိုဗီးနားသမ္မတ အလီဂျာအစ်ဇက် ဘီဂိုဗစ် နှင့် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ခုနှစ်ရက်ကြာ အပစ်အခတ်ရပ်စဲမှုမှာ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စတင်အတည်ဖြစ်ခဲ့ပြီး လေးလကြာတိုက်ခိုက်မှုများ ရပ်စဲမှုမှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်အတည်ဖြစ်ခဲ့သည်။ ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ဘော့စနီးယား ခရိုအက်တို့က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် သဘောတူခဲ့ကြသည်။

**အထွေထွေညီလာခံ ဆုံးဖြတ်ချက်** – ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၉/၁၀ ကို ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၆၁ မဲဖြင့် ချမှတ်ကာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် ဖြစ်ပွားနေသော ဆိုးရွားသည့် အခြေအနေကို စိုးရိမ်ကြောင်း ဖော်ပြပြီး ယင်းနိုင်ငံအား

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ယူဂိုဆလားဗီးယား အပေါ် ချမှတ်ခဲ့သည့် လက်နက်ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့် ပြုရေး အတွက် လုံခြုံရေးကောင်စီအား အားပေးတိုက်တွန်း ကြောင်း ဖော်ပြခဲ့သည်။ ဤကိစ္စကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်နေ့ များတွင် လုံခြုံရေးကောင်စီ၌ စဉ်းစားဆွေးနွေး ကြရာ၊ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှား ဖယ်ဒရေးရှင်း နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ အပါ အဝင် နိုင်ငံပေါင်း များစွာတို့က ဆန့်ကျင်ခဲ့ကြသည်။

**ကုလသမဂ္ဂတပ်ဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း** – ၁၉၉၅ ခုနှစ်၊ ဇန်ဝါရီမှမတ်လအတွင်း လုံခြုံရေးကောင်စီသည် ယခင်ယူဂို ဆလားဗီးယားနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ တရားဝင် နှင့် အလွတ်သဘောအစည်းအဝေးခြောက်ကြိမ်ကျင်းပ ဆွေးနွေး ပြီး ဆုံးဖြတ်ချက် လေးရပ်ချမှတ်၍ ကြေညာချက် လေးရပ် ထုတ် ပြန်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် ခရိုအေးရှားနိုင်ငံက ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက် ကျော်လွန်သည့်အခါ ကုလ သမဂ္ဂ ကာကွယ်ရေးတပ်ဖွဲ့(အန်ပရိုဖိုး)များ ထပ်မံထားရှိ ခြင်းကို လက်ခံမည်မဟုတ်ကြောင်း ဆုံးဖြတ်ကာ ကုလ သမဂ္ဂအား အကြောင်းကြားခဲ့ရာ အတွင်းရေးမှူးချုပ် အနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြ ဖြစ်ပွားခဲ့ရသည်။ လက်နက်ပိတ်ဆို့မှု ပြုလုပ်ထားလင့်ကစား ယင်းဒေသ များ၌ လက်နက်များ အမြောက်အမြား စုပုံရောက်ရှိနေရာ စစ်ကျင်းတိုက်ခိုက်မှုများကြောင့် သေကျေပျက်စီးမှုများမှာ ၁၉၉၁– ၉၂ ကထက် များစွာ ပိုမိုများပြားဆိုးဝါးမည် ဖြစ်သည်။

ထို့ကြောင့် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၈၁၊ ၉၈၂ နှင့် ၉၈၃ တို့ကို ချမှတ်ကာ ခရိုအေးရှား၊ ဘော့စနီးယား– ဟာဇီဂို ဗီးနားနှင့် ယခင်ယူဂိုဆလားဗီးယား သမ္မတ မက်ဆီဒိုးနီးယား နိုင်ငံတို့အတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း တည်ထောင်ကာ ချထားပေးခဲ့သည်။

**ပြည်တွင်းစစ် အခြေအနေ** – ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ၏ပြောကြားချက်အရ ဘီဟက်ဒေသ၌တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်မှတစ်ပါး ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် နေ့တွင် သဘောတူခဲ့ကြသော အပစ်အခတ်ရပ်စဲမှုကို လေးစားစွာ လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ဒီဇင်ဘာ ၃၁ရက်သဘောတူညီချက်၏ ပြဋ္ဌာန်းချက်အချို့ကိုမူ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း မရှိခဲ့ကြပေ။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဘီဟက်မြို့တစ်ဝိုက်တိုက်ပွဲများ ဆက်လက် တိုက်ခိုက်နေကြသည့်အတွက် အထူးစိုးရိမ်မကင်း ဖြစ်ရ ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဘီဟက်ဒေသသို့ သွားမည့် ထောက်ပံ့ရေးယာဉ်တန်းများအား ခရိုအေးရှား ဆာ့ဘ်နှင့် ဖိကရက်အဗ္ဗဒစ်ခေါင်းဆောင်သည့် မူစလင် ခွဲထွက်တပ်ဖွဲ့ များက တားမြစ်ပိတ်ပင်ခြင်းကိုလည်းကောင်း၊ ခရိုအေးရှား၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အား ဆက်လက် ကျူးကျော် နေကြခြင်းကိုလည်းကောင်း ကောင်စီက ပြစ်တင်ရှုတ်ချပြီး "ဘီဟက်ဒေသရှိ တပ်ဖွဲ့များအား ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်" တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃ရက်မှ မတ်လ ၃၁ ရက် အတွင်း စစ်ဘက်လေယာဉ်များ တားမြစ်ပိတ်ပင်ထားခြင်း ကို ချိုးဖောက်ပျံသန်းကြသည့် အကြိမ်ပေါင်း ၈၄၀ ရှိကြောင်း သိရှိခဲ့ရသည်။ စောင့်ကြပ်ကြည့်ရှုမှု စတင်ပြုလုပ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှ ဆိုလျှင် စုစုပေါင်း ၄၂၇၄ ကြိမ် ရှိသွားပြီဖြစ်သည်။

## အီရတ်၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေ

အီရတ်နိုင်ငံတွင် ပတ်ဝန်းကျင်ထောက်လှမ်း စောင့် ကြည့်ရေးစနစ်ကို ကောင်းစွာတည်ထားပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အဖွဲ့(အိုင်အေအီးအေ)က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းအဖွဲ့၏ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့စွဲပါ အစီရင်ခံစာအရ ထိုနှစ် ဇွန်လ ၁၇ ရက် အထိ အီရတ်နိုင်ငံတွင်း ယခင်က နျူကလီးယားလုပ်ငန်း များနှင့် သက်ဆိုင်သည့် အရာဝတ္ထုများအား ရွှေ့ပြောင်း ဖျက်ဆီးခြင်း၊ သို့မဟုတ် စွမ်းအင်သတ္တိကင်းမဲ့အောင် ပြုလုပ်ခြင်းကိစ္စများ ကို ၂၄ ကြိမ် ပြုလုပ်ခဲ့သည်။ အိုင်အေ အီးအေ၏ ၂၅ ခု မြောက် စစ်ဆေးရေးအဖွဲ့သည် အီရတ် နိုင်ငံတွင်းရှိ စက်ရုံ အလုပ်ရုံနှင့် နေရာဌာန ၂၄ ခုကို ၁၉၉၄ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၁ ရက်အတွင်း လှည့်လည် စစ်ဆေးခဲ့ရာ ပစ္စည်း ကိရိယာ တန်ဆာပလာမှာ တားမြစ် ထားသော ကိစ္စများအတွက် အသုံးပြုနေခြင်းကို မတွေ့ရှိခဲ့ရ ပေ။ ယင်းအဖွဲ့သည် ယခင်က အီရတ်တို့၏ နျူကလီးယား အစီအစဉ်များနှင့် ဆက်စပ်သည့် တာမီယာ၊ အယ်လ်အာ သီးယားနှင့် အယ်လ်ရာကတ်မြို့များကိုလည်း စစ်ဆေးခဲ့ သည်။

အီရတ်နိုင်ငံသည် ထွေပြားလှသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လိုက်နာခြင်းရှိ မရှိ ကေန်အမှန်သိရှိစေမည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်တစ်ရပ်ကို တည်ထောင်ဖန်တီးရာ၌ "အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း" ကုလသမဂ္ဂ၏ အီရတ်လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကူဝိတ်၏ တိုင်ကြားချက်– အီရတ်နိုင်ငံသည် ကူဝိတ်နိုင်ငံကိုသာလျှင်မဟုတ် အီရတ်နှင့် ကုလသမဂ္ဂတို့၏ ဆက်ဆံရေးများကို ပြတ်သားစွာ ခြိမ်းခြောက်သည့် အသံလွှင့်ချက်တစ်ရပ်ကို ထုတ်လွှင့်ခဲ့ကြောင်း ကူဝိတ်နိုင်ငံက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အကြောင်းကြားခဲ့သည်။ အီရတ်သည် ကူဝိတ်နိုင်ငံအား နောက်တစ်ကြိမ် ကျူးကျော်တိုက်ခိုက်ဖွယ်ရှိကြောင်း ကူဝိတ်က သတိပေးခဲ့သည်။ အောက်တိုဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်တပ်သားအမြောက်အမြားကို ဖြန့်ချထားသည့်သတင်းများရရှိ၍ အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ကြေညာပြောဆိုခဲ့သည်။ အောက်တိုဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်က အီရတ်အနေဖြင့် ကူဝိတ်အပေါ်သဘောထားပုံကို စိုးရိမ်မကင်း ဖြစ်ရကြောင်း ဖော်ပြကာ အီရတ်အနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝလိုက်နာကျင့်သုံးရန် အလေးအနက်ပြောကြားပြီး အီရတ်– ကူဝိတ်နယ်ခြားကို အီရတ်က ခြွင်းချက်မရှိ ချက်ချင်းအသိအမှတ်ပြုရန်လည်း တောင်းဆိုလိုက်သည်။ အောက်တိုဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အား ၎င်း၏တပ်များအားလုံးကို အီရတ်တောင်ပိုင်းမှ ချက်ချင်းပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ ထို့နောက် အောက်တိုဘာ ၁၇ ရက်နေ့တွင် အမေရိကန်ကိုယ်စားလှယ်က အီရတ်တပ်များအား ပြန်လည်ရုပ်သိမ်းလျက်ရှိသည့် လက္ခဏာများတွေ့ရကြောင်း လုံခြုံရေးကောင်စီအား ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် အီရတ်က ၎င်းအနေဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် လွတ်လပ်ရေးကို အသိအမှတ်ပြုသည့်အပြင် ကူဝိတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကိုလည်း အသိအမှတ်ပြုကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အကြောင်းကြားခဲ့သည်။ ဤသို့ အသိအမှတ်ပြုခြင်းကို လုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၆ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

လက်နက်ဖျက်သိမ်းရေး တိုးတက်မှု – အီရတ်နိုင်ငံအား လက်နက်ဖြုတ်သိမ်းရေး အထူးကော်မရှင်က ၎င်း၏လုပ်ငန်းတာဝန် များမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လမှ ဒီဇင်ဘာလအတွင်း "များစွာ တိုးတက်မှု" ရှိခဲ့ကြောင်း အစီရင်ခံစာ တင်ပြခဲ့သည်။ အီရတ် နိုင်ငံအနေဖြင့် ယခုမျက်မှောက်အချိန်၌ တာတုဗေဒ၊ သို့မဟုတ် ပိုးမွှားလက်နက်များကဲ့သို့ လူများအားအစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များ ထုတ်လုပ် ပစ်ခတ်နိုင်စွမ်း မရှိတော့ကြောင်း ဟူ၍ ကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က အောက်တိုဘာ ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကော်မရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အားထုတ်ရာ၌ အီရတ် သည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ စစ်ဆေးလိုသည့် နေရာအားလုံးကို ဝင်ရောက်ခွင့်ပေးခဲ့ ကြောင်း၊ သို့သော်လည်း ယခင်က ချုံကလီးယားအစီအစဉ် များနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များပေးရာ ၌မူ တာဝန်ကျေပွန်မှု များစွာ ယုတ်လျော့ကြောင်း ဖော်ပြ ခဲ့သည်။

ရေနံရောင်းရန် ခွင့်ပြုချက်ပေးခြင်း – အီရတ်ပြည်သူများ၏ အာဟာရဓာတ်ပြည့်ဝသော အစားအစာများစားသုံးရမှု အခြေအနေနှင့် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ် ဆုတ်ယုတ် ကျဆင်းလာခြင်းအတွက် စိုးရိမ်မကင်း ဖြစ်ကြရသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၉၈၆ (၁၉၉၅) ကို တညီတညွတ်တည်း ချမှတ်ပြီးလျှင် နိုင်ငံများအား အီရတ် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ်ကျ ဒေါ်လာ ၁ ဘီလီယံဖိုးအထိ ဝယ်ယူတင်သွင်းရန် ခွင့်ပြုခဲ့သည်။

အထက်ပါ ဆုံးဖြတ်ချက်သည် အီရတ်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လုံးဝထိပါးခြင်း၊ ထိခိုက်ခြင်းမရှိကြောင်း လုံခြုံရေးကောင်စီက အခိုင်အမာ ပြောဆိုခဲ့သည်။ ရေနံရောင်းရငွေများကို သုံးစွဲခြင်းနှင့် ပတ်သက်၍ စည်းကမ်းချက်များသတ်မှတ်ရာ၌ ဆေးဝါးများ၊ ကျန်းမာရေးအထောက်အပံ့ပြုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အရပ်သားများအတွက် အထူးလိုအပ်သည့် အသုံးအဆောင်ပစ္စည်းပစ္စယများကိုသာ ဝယ်ယူတင်သွင်းရန် ဖြစ်ကြောင်း ကောင်စီက ပြဌာန်းဖော်ပြခဲ့သည်။

**ကူဝိတ်နိုင်ငံအား အသိအမှတ်ပြုခြင်း** – အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့ကို အသိအမှတ်ပြုကြောင်း အတည်ပြုကာပေးပို့လာသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂရုံးဌာန၏ မော်ကွန်းတိုက်သို့ ထည့်သွင်းလိုက်ပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

## လစ်ဗျားနိုင်ငံအား လုံခြုံရေးကောင်စီမှ အရေးယူထားခြင်းကိစ္စ

ခရီးသည်တင်လေယာဉ်ကြီးနှစ်စင်း ဖုံးဖောက်ခွဲခံရခြင်းအတွက် တာဝန်ရှိသူများ ဖော်ထုတ်ရေးတွင် လစ်ဗျားနိုင်ငံက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြောင်း အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က မကျေမနပ် ပြောဆိုခဲ့ကြရာ ဤအငြင်းပွားမှုဖြေရှင်းရေးအတွက် မိမိအနေဖြင့် မခြွင်းမချန် အစွမ်းကုန်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားနိုင်ငံက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။ မိမိနိုင်ငံသည် မည်သည့်ပုံစံမျိုးဖြင့်မဆို အကြမ်းဖက်မှုမှန်သမျှ အားလုံးကို အလုံးစုံ ပစ်ပယ်စွန့်လွှတ်၍ အကြမ်းဖက်မှုအားလုံးကို ရှုတ်ချပြီးဖြစ်ကြောင်း လစ်ဗျားနိုင်ငံက ပြောကြားခဲ့သည်။ သို့ဖြစ်စေကာမူ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဤအရေးကို ဆွေးနွေးပြီးနောက် လစ်ဗျားနိုင်ငံအား လေကြောင်းနှင့် လက်နက်ပိတ်ဆို့မှုများ ပြုလုပ်ထားခြင်းကို ဆက်လက်ထားရှိသုံးသပ်သွားရန် ဩဂုတ်လ ၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် လစ်ဗျားနိုင်ငံမှ မိုဟာမက်အေအဇာဝီက အမေရိကန်နိုင်ငံသည် ချက်(ဒ်)နိုင်ငံ၊ အင်ဂျာမီနာမြို့မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် တင်ပို့သယ်ဆောင်သွားသော လစ်ဗျားအကျဉ်းသား ၂၀၀ တို့အား ထိန်းသိမ်းထားရှိပြီး လေ့ကျင့်မှုများပေးလျက် ရှိရာ ဤအပြုအမူသည် လစ်ဗျားနိုင်ငံအား ကျူးကျော် စော်ကားမှုများ ပြုလုပ်မည့် စီမံချက်ဝင်လုပ်ရပ်တစ်ခုဟု ယူဆရမည်သာဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ပြောကြားခဲ့သည်။

ဤအတောအတွင်း အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) နှင့် အစ္စလမ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ကွန်ဖရင့်တို့က လုံခြုံရေးကောင်စီအား ၎င်း၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်စဉ်းစားကာ လစ်ဗျားနိုင်ငံအပေါ် ချမှတ်ထားသော တားမြစ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တစ်ဖန် အိုအေယူနှင့် အာရပ်နိုင်ငံများအစည်းအရုံးတို့က လစ်ဗျားနိုင်ငံအပေါ် အရေးယူထားမှုများ ဖယ်ရှားပေးရန် ဆုံးဖြတ်တောင်းဆိုခဲ့ကြသေးသော်လည်း ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ယင်းကိစ္စကို ပြန်လည်သုံးသပ်ပြီး အရေးယူထားမှုများကို ပြင်ဆင်ရန် လိုအပ်သော အကြောင်းအချက် အခြေအနေများ မရှိသေးဟုယူဆကာ ပိတ်ဆို့ထားရှိမှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့က လော့ကာဘီကောင်းကင်ယံ၌ ဖုံးဖောက်ခွဲသည်ဟု ထင်မြင်ယူဆထားသူနှစ်ဦးအား ဗြိတိန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရန် တောင်းဆိုပြီး ၎င်းတို့အား တရားမျှတစွာ စစ်ဆေးစီရင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဆိုမားလီးယား ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လအချိန်တွင် ဆိုမားလီးယားနိုင်ငံ၏ အခြေအနေမှာ ဒေသအများအပြား၌ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လုံခြုံရေး အခြေအနေသာလျှင် အထူးသဖြင့် မိုဂါဒစ်ရှူဒေသ၌ သိသိသာသာ ဆုတ်ယုတ် ကျဆင်းလျက် ရှိခဲ့သည်။ ဩဂုတ် ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားနိုင်ငံ၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုများကို "အတန်ငယ်ကြာမျှ ဆက်လက်ထားရှိရန်" ထောက်ခံတင်ပြခဲ့သည်။

ဤသို့ထောက်ခံတင်ပြခြင်းမပြုမီ ဆိုမားလီးယားနိုင်ငံရေး ပါတီများ၏ နိုင်ငံရေးအစည်းအဝေးတစ်ရပ်ကို ဂျီဘူတီနိုင်ငံ၊ ဂျီဘူတီမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၃ မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလထက်နောက်မကျစေဘဲ ခေါ်ယူကျင်းပရန် ကြေညာခဲ့သည်။ ထို့နောက်တွင် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ်–၂) ၏ သက်တမ်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ တစ်လတိုးရန် ထောက်ခံမဲ ၁၄ မဲနှင့် ကန့်ကွက်မဲ မရှိဖြင့် ချမှတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ကြားနေမဲပေးရာ၌ ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့်လေးလအတွင်း နိုင်ငံရေး ပြန်လည်စည်းလုံးမှုနှင့် ပတ်သက် ၍ တိုးတက်မှု လုံးဝမရှိကြောင်း ထောက်ပြခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ မှ ၂၉ ရက်အထိ လုံခြုံရေးကောင်စီမှ စေလွှတ်သော အဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဆိုမာလီနိုင်ငံသို့ သွား ရောက် လေ့လာပြီး နိုဝင်ဘာ ၃ ရက်နေ့တွင် အစီရင်ခံရာ၌ ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ် – ၂ ) အား ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထက် ကျော်လွန်၍ သက်တမ်းတိုးထားရှိရန် မည်သည့်ဆိုမာလီ အုပ်စုကမှ တောင်းဆိုခြင်းမပြုကြောင်း တင်ပြခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက အောက်တိုဘာ ၃၁ ရက်နေ့တွင် ယူနိုဆုမ်– ၂ ၏ သက်တမ်းကို နိုဝင်ဘာ ၄ ရက်အထိ ကြားဖြတ်ကာလအဖြစ် တိုးမြှင့်ပြီး၊ ထိုနေ့သို့ ရောက်ရှိသည့်အခါ ဆုံးဖြတ်ချက်အမှတ် ၉၅၄ (၁၉၉၄) ကို ချမှတ်ကာ ယူနိုဆုမ် –၂ ၏ သက်တမ်းကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးချဲ့သတ်မှတ်လိုက်သည်။ ဤတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားတွင် ငြိမ်းချမ်းရေးကို နိုင်ငံခြားတိုင်းပြည်များက အတင်းချပေး၍မရနိုင်ကြောင်း၊ အားလုံးကလက်ခံ၍ အခွန့်ရှည်ကြာ တည်တံ့သော ငြိမ်းချမ်းရေးကို ဆိုမာလီတို့ထံမှသာလျှင် ရရှိနိုင်ကြောင်းပြောကြားကာ လုံခြုံရေးကောင်စီက ဆိုမာလီအုပ်စုများအား အပစ်အခတ်ရပ်စဲရေး နှင့် အသွင်ကူးပြောင်းရေး အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးကြရန် အဆိုပါဆုံးဖြတ်ချက်ဖြင့် တိုက်တွန်းလိုက်သည်။ တစ်ချိန်တည်းတွင် ဆိုမာလီနိုင်ငံသို့ လက်နက်နှင့် စစ်ပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားခြင်းနှင့် ပတ်သက်၍တင်းကျပ်စွာ စောင့်ကြည့်ရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဆိုမားလီးယားနိုင်ငံမှ ကုလသမဂ္ဂတပ်ဖွဲ့ (ယူနိုဆုမ် –၂ ) အား ရုပ်သိမ်းခြင်းကိစ္စမှာ အလုံးစုံပြီးဆုံးခဲ့သည်။ ထိုနေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂသည် ဆိုမားလီးယားအား ပစ်ထားမည်မဟုတ်ကြောင်း၊ သို့သော်လည်း အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနှင့် လူမှုရေးအကူအညီများ ရရှိရေးမှာ ဆိုမာလီခေါင်းဆောင်များက ကုလသမဂ္ဂနှင့် လူမှုရေးအေဂျင်စီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရနိုင်သည့် အကူအညီပမာဏနှင့် လုံခြုံရေးအခြေအနေတို့အပေါ်တွင် တည်ရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုမာလီတို့အနေဖြင့် နိုင်ငံရေး ပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးရရှိကြရန် တိုက်တွန်းခဲ့သည်။ ထိုနောက် ဧပြီလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်၏ ကြေညာချက်ကို ထောက်ခံပြီး ဆိုမာလီအုပ်စုများ ပြန်လည်စည်းလုံး ညီညွတ်ရေးကိစ္စတွင် ကူညီမှုပေးရန်အတွက် နိုင်ငံရေး မစ်ရှင်အဖွဲ့ကလေးတစ်ခု ဆက်လက်ထားရှိရန် အတွင်းရေးမှူးချုပ်၏ ရည်ရွယ်ချက်ကို ကြိုဆိုလက်ခံလိုက်သည်။

## ရဝမ်ဒါ ပြည်တွင်းရေးအခြေအနေ

၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရဝမ်ဒါနှင့် ဘူရွန်ဒီ သမ္မတများ လေယာဉ်ပျက်ကျရာ၌ ကွယ်လွန်ခဲ့ကြပြီးနောက် သုံးလ ကြာ သွေးချောင်းစီးပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ရဝမ်ဒါ၏ မူလရှိရင်းလူဦးရေ ၇ ဒသမ ၉ သန်းမှာ ၅ သန်းသို့ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ ပြည်တွင်း၌ အသက်မသေ ကျန်နေသူ ၈ သိန်းမှ ၂ သန်းအထိမှာ သူတို့နေထိုင်ရာ နေရာများကို စွန့်ခွာ၍ အရပ်တစ်ပါးသို့ ရောက်ရှိနေကြပြီး အခြားလူပေါင်း ၂ သန်းမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

ဤနိုင်ငံ၌ "မျိုးသုဉ်း မျိုးပြုတ်သတ်ဖြတ်မှု" ခံရသူဦးရေမှာ တစ်သန်းခန့်အထိ ရှိနိုင်သည်ဟု အတွင်းရေးမှူးချုပ်ဘူးထရို့စ်ဂါလီက ခန့်မှန်းပြောဆိုခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ လူမှုရေးဥပဒေအား အကြီးအကျယ် ကျူးလွန်ချိုးဖောက်မှုများနှင့် မျိုးတုံးမျိုးသုဉ်းလုပ်ရပ်များကို စနစ်တကျ ပြုလုပ်မှုများနှင့် ပတ်သက်သည့်သာဓကများအပေါ် စစ်ဆေးဆုံးဖြတ်နိုင်ရန် "ဘက်မလိုက်သော ကျွမ်းကျင်သူများကော်မရှင်" အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန် တောင်းဆိုခဲ့သည်။

ထိုနေ့ (ဇူလိုင် ၁ ရက်) မှာပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရဝမ်ဒါ၌ တိုက်ပွဲများဆက်လက်တိုက်ခိုက်နေကြပြီး ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်သားများ ရှေ့သို့ချီတက်နေခြင်းကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ပြောကြားပြီး အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။ ဇူလိုင် ၁၄ ရက်နေ့တွင် လူပေါင်း ၁၀၀,၀၀၀

ခန့် ရဝမ်ဒါနိုင်ငံမှ ဇိုင်ယာနိုင်ငံ ဂိုမာမြို့ဒေသသို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ကြသည်။ ထိုနောက် ဇူလိုင် ၁၈ ရက်နေ့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ အရေးအခင်းဖြစ်ပွားပြီးနောက် ဖွဲ့စည်းတည်ထောင်ခဲ့သော "ကြားဖြတ်အစိုးရ" အဖွဲ့သည် ရဝမ်ဒါနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းများက ဖော်ပြခဲ့ပြီး အာရ်ပီအက်ဖ်ပါတီက ရဝမ်ဒါနိုင်ငံတစ်ဝန်းလုံး လိုလိုကို သိမ်းပိုက်ထိန်းချုပ်ကာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ရာ ပြည်တွင်းစစ်မှာ ထိထိရောက်ရောက် ပြီးဆုံး သွားခဲ့သည်။ ဇူလိုင် ၁၉ ရက်နေ့တွင် ဘက်စုံကျယ်ပြန့်သော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် ရဝမ်ဒါအစိုးရသစ်က ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိစေပြီး စစ်ပြေးဒုက္ခသည်များ ပြန်လာကြရန် အားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ထပ်လောင်းကတိပြု ပြောကြားလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၅၅ (၁၉၉၄)ကို ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ရဝမ်ဒါ) နှင့် ကြားနေ ၁ မဲ(တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ရဝမ်ဒါနိုင်ငံတွင်း၌လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်းကောင်း မျိုးတုံးမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အပြည်ပြည်လူမှုဥပဒေများအား အကြီးအကျယ် ကျူးလွန်ဖောက်ဖျက်မှု ကျူးလွန်သူများအား တရားစစ်ဆေးစီရင်ရန် နိုင်ငံတကာတရားရုံးတစ်ရုံးကို တည်ထောင်လိုက်သည်။

နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၆၅ (၁၉၉၄)ဖြင့် ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင် (ယူနာမီး)၏ သက်တမ်းကို ၁၉၉၅ ခုနှစ်၊ ဇွန်လအထိ တိုးမြှင့်ပြီး ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေး ပစ္စည်းဖြန့်ချိမှုများအတွက် လုံခြုံမှုပေးရေးနှင့် အုပ်စုကွဲများအနေဖြင့် ၁၉၉၃ အရူရှား ငြိမ်းချမ်းရေးသဘောတူညီချက်အရ ပြန်လည်စည်းလုံး ညီညွတ်မှု ရရှိရေးတို့အတွက် တာဝန်ပေးလိုက်သည်။ ထိုအချိန်တွင် ရဝမ်ဒါစစ်ပြေးဒုက္ခသည်များမှာ နှစ်သန်းခန့်ရှိပြီး ပြည်တွင်း၌ နေရင်းရပ်ရွာမှအရပ်တစ်ပါးသို့ ရောက်ရှိနေကြသူများမှာ လူပေါင်း တစ်သန်းခွဲမှ နှစ်သန်းခန့်အထိ ရှိနေသည်။

ဤအတောအတွင်း စစ်ပြေးဒုက္ခသည်စခန်းများတွင် လုံခြုံရေးအခြေအနေများ တိုးတက်ဆိုးဝါးလာသည်။ ယခင်ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) များက လူအင်အားစုဆောင်း၍ လေ့ကျင့်မှုပေးခြင်းလုပ်ငန်းနှင့် အစိုးရသစ်အား ဆန့်ကျင်သောဝါဒဖြန့်မှုများ တက်ကြွစွာပြုလုပ်လာကြသည့် သာဓကများ တွေ့မြင်လာရသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ယခင် ရဝမ်ဒါခေါင်းဆောင်များ၊ အစိုးရတပ်ဖွဲ့များနှင့် ရပ်ရွာကာကွယ်ရေးတပ်များအနေဖြင့် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မှုများအား တားဆီးခြင်း၊ အချို့ကိစ္စများ၌ အင်အားသုံးပိတ်ပင်ခြင်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးကမ်းရာ၌ နှောင့်ယှက်ခြင်းများကို ပြစ်တင်ရှုတ်ချလိုက်သည်။ ဒုက္ခသည်များအား လက်စားချေခြင်း မပြုလုပ်ကြရန်နှင့် သူတို့၏ ပစ္စည်းပိုင်ခွင့်များကိုလည်း ထိပါးနှောင့်ယှက်ခြင်း မပြုကြရန်လည်း သတိပေးနှိုးဆော်လိုက်သည်။

ဤအတောအတွင်း ကျွမ်းကျင်သူများ ကော်မရှင်အဖွဲ့က ဟူတူမျိုးနွယ်များအနေဖြင့် တွတ်ဆီမျိုးနွယ်များအား မျိုးတုံးမျိုးသုဉ်းပြုလုပ်ခြင်းအတွက် သက်သေသာဓကအမြောက်အမြားရှိကြောင်း ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးဥပဒေကို နှစ်ဦးနှစ်ဖက်စလုံးမှ ကျူးလွန်ဖောက်ဖျက်ကြသော်လည်း တွတ်ဆီတို့အနေဖြင့် ဟူတူတို့အား မျိုးဖြုတ်လိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုဆိုနိုင်သော သက်သေအထောက်အထားများမရှိကြောင်း ကောက်ချက်ချ ဆုံးဖြတ်ခဲ့ပေသည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါစစ်ပြေးဒုက္ခသည်များ၏ ပြဿနာမှာ စံမတူအောင် ရှုပ်ထွေးကြီးမားလှကြောင်း သတိပေး ပြောကြားပြီး တန်ဇားနီးယားနှင့် ဇိုင်ယာနိုင်ငံများတွင် လူပေါင်းနှစ်သန်းခန့်ရှိကြောင်း ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ရဝမ်ဒါဒုက္ခသည်စခန်းများ၊ အထူးသဖြင့် ဇိုင်ယာနိုင်ငံရှိ စခန်းများ၌ ဆက်လက်ပြုလုပ်နေသော ခြိမ်းခြောက်မှုများနှင့် လုံခြုံရေးပြဿနာများကို အထူးစိုးရိမ်ခြင်းဖြစ်ရကြောင်း ကြေညာပြောကြားခဲ့လေသည်။ ဤအတောအတွင်း တရုတ်၊ ချက်၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ရဝမ်ဒါနိုင်ငံသို့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုတိုးတက်ဖြစ်ပေါ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်နေ့များတွင် သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ပြေးဒုက္ခသည်များ

ပြန်မလာဝံ့ကြသည်မှာ ကြောက်ရွံ့ကြခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြပြီး၊ ရဝမ်ဒါအစိုးရ၊ စစ်ပြေးဒုက္ခသည် ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင်ဆွေးနွေး ပြောဆိုသင့်ကြောင်း မစ်ရှင်အဖွဲ့က ထောက်ခံတင်ပြခဲ့ ပေသည်။

## အင်ဂိုလာငြိမ်းချမ်းရေး ပြဿနာ

အနှစ် ၂၀ ကြာခဲ့ပြီဖြစ်သော အင်ဂိုလာပြည်တွင်းစစ် အခြေအနေမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ပြည်နယ် ၁၈ ပြည်နယ် အနက် ၁၁ ပြည်နယ်တွင် တိုက်ပွဲများတိုးတက် ပြင်းထန်လျက် ရှိသည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် – ၉၃၂ (၁၉၉၄)ဖြင့် လူဆာကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ တင်ပြခဲ့သော ငြိမ်းချမ်းရေး အဆိုပြုချက်များကို တရားဝင်လက်ခံရန် ယူနီတာအုပ်စုအား တိုက်တွန်းပြီး လက်မခံလျှင် ယင်းအဖွဲ့အပေါ် ရေနံနှင့် လက်နက်ပိတ်ဆို့မှုများ ပြုမည်ဖြစ်ကြောင်း ပြောကြား လိုက်သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယလဝက်ပိုင်းတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အဆိုပြု ချက်များ အားလုံးနှင့် ပတ်သက်၍ သဘောတူညီချက်များ ရရှိခဲ့သည်။ သို့သော် ၄င်းတို့အား အကောင်အထည်ဖော်ရန် နည်းလမ်းများနှင့် ပတ်သက်၍ကား ပြေလည်မှု မရခဲ့ ကြပေ။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့တွင်မူ လုံခြုံရေး ကောင်စီက ယူနီတာအုပ်စုအနေဖြင့် အထက်ဖော်ပြပါ အဆိုပြုချက်များအားလုံးကို တရားဝင်လက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ယူနီတာပါတီ အပေါ် နောက်ထပ်တားမြစ်ပိတ်ဆို့မှုများ ချမှတ်မည်မဟုတ်ကြောင်း ကောင်စီက စက်တင်ဘာ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် – ၉၄၅(၁၉၉၄)ကို တညီတညွတ်တည်း ချမှတ် ခဲ့သည်။ သို့သော်လည်း အင်ဂိုလာတစ်နိုင်ငံလုံးတွင် စစ်ဆင်တိုက်ခိုက်မှုများ တိုးတက်ပြုလုပ်နေကြခြင်းကို ရှုတ်ချကြောင်း ဖော်ပြပြီး စစ်ဆင်မှုများကို ပြိုင်ဘက်အုပ်စု နှစ်စုလုံးက ရပ်ဆိုင်းကြရန် ထပ်လောင်းတောင်းဆို လိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အင်ဂိုလာ အစိုးရနှင့် ယူနီတာပါတီတို့သည် လူဆာကာမြို့၌ အင်ဂိုလာ ငြိမ်းချမ်းရေးအတွက် အခြေပြစာချုပ်တစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြရာ လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့ တွင် ကြိုဆိုခဲ့သည်။ အခြေပြစာချုပ်တွင် ရွေးကောက်ပွဲ ကျင်းပရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှု ပြဿနာပြီးစီးရေးအတွက် ပြဋ္ဌာန်းချက်များ ပါရှိသည်။

အခြေပြစာချုပ် ချုပ်ဆိုပြီးနောက် နှစ်ရက်ကြာသော အခါ အပစ်အခတ်ရပ်စဲမှု စတင်သက်ဝင် အတည်ဖြစ်ခဲ့ သည်။ တိုက်ခိုက်မှုများကျဆင်းသွားခဲ့သည်။ သို့သော်လည်း နိုဝင်ဘာ ၂၄ ရက်နေ့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွား လာ၍ ပိုမိုပြင်းထန်လာကြောင်း သတင်းများထွက်ပေါ်လာခဲ့ ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် – ၉၇၆ (၁၉၉၅) ကို ချမှတ်ပြီး၊ အင်ဂိုလာနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး အတွက် အင်ဂိုလာ စိစစ်ရေးမစ်ရှင်အဖွဲ့ ( ယူနာဗမ် – ၃) ဟူသော အမည်ဖြင့် အဖွဲ့သစ်တစ်ဖွဲ့ကို ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးတို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်တစ်လခန့်အကြာ မတ်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အင်ဂိုလာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှု များနှင့် ပတ်သက်သည့် တိုင်ကြားချက်များ ရရှိ၍ အထူးစိုးရိမ် မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

**မိုဇမ်ဘစ်ပြဿနာ ဖြေရှင်းပြီးပြတ်ခြင်း –** မိုဇမ်ဘစ် ပြည်တွင်းစစ်ပြဿနာနှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့ကပင် အထွေထွေငြိမ်းချမ်းရေး သဘောတူညီချက် တစ်ရပ်ကို မိုဇမ်ဘစ်အစိုးရ (ဖရီးလီမို ပါတီ) နှင့် မိုဇမ်ဘစ် အမျိုးသား တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ (ရီနာမို ) တို့က ရောမမြို့၌ ချုပ်ဆိုခဲ့ကြသည်။ ထိုနှစ် ဒီဇင်ဘာလမှာပင် ကုလသမဂ္ဂအဖွဲ့ကြီးက မိုဇမ်ဘစ် နိုင်ငံအတွင်း ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (အိုနူမော့ဇ်) ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

အထက်ပါ စာချုပ်တွင် မိုဇမ်ဘစ်ကာကွယ်ရေးတပ်ဖွဲ့ အသစ် တစ်ဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်တစ်ရပ်လည်း ပါရှိသည်။ သို့သော်လည်း ၁၉၉၄ ခုနှစ် နှစ်လယ်ပိုင်းအထိ ဤကိစ္စမှာ အကောင်အထည်မပေါ်သေးရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အစိုးရတပ်များအား စုစည်း၍ တပ်ဖြုတ် ခြင်းကို အလျင်အမြန် ပြုလုပ်ရန် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၇

ရက်နေ့တွင် တိုက်တွန်း ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မိုဇမ်ဘစ်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၇ မှ ၁၂ ရက် နေ့အထိ စေလွှတ်၍ အခက်အခဲရှိနေသော ကိစ္စများကို ညှိနှိုင်းဆောင်ရွက်စေခဲ့သည်။ ဩဂုတ် ၂၆ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က မိုဇမ်ဘစ်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အားတက်ဖွယ် အရေးကြီးသော တိုးတက်မှုများရှိ ကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

ထိုမှ နောက်နှစ်လခန့်အကြာတွင် မိုဇမ်ဘစ်နိုင်ငံ၌ ပထမဆုံး ပါတီစုံ ရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၇ မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ မှတ်ပုံတင်ထားသော ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းအနက် ၈၇ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်မဲဆန္ဒပေးသည့် သမ္မတရွေးကောက်ပွဲတွင် ထိုစဉ်က သမ္မတအဖြစ်ဆောင်ရွက်နေသူ သမ္မတ ဂျိုယာကင်ချစ်ဆာနိုက အနိုင်ရရှိ၍ ရီနာမိုပါတီ ဥက္ကဋ္ဌ အေဖွန်ဆို ဒါလိုကာယက ဒုတိယရှိခဲ့သည်။ ဥပဒေပြုရွေးကောက်ပွဲတွင်လည်း ဖရီးလီမိုပါတီက အမတ်နေရာ ၁၂၉ ဖြင့် အနိုင်ရရှိခဲ့ပြီး ရီနာမိုပါတီနှင့် ယူဒီပါတီတို့က ၁၀၉ နေရာနှင့် ၁၂ နေရာ အသီးသီးရရှိခဲ့ကြသည်။

ရွေးကောက်ပွဲများမှာ လွတ်လပ်၍တရားမျှတကြောင်း လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၆၀ (၁၉၉၄) ဖြင့် အတည်ပြုခဲ့သည်။ ထို့အပြင် မိုဇမ်ဘစ်ပါတီများအား ရွေးကောက်ပွဲရလဒ်များကို အလုံးစုံ လက်ခံကျင့်သုံးပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

မိုဇမ်ဘစ်နိုင်ငံ၏ပါလီမန်အသစ်ကို မာပူတိုမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် ဖွင့်လှစ်ပြီး နောက်တစ်နေ့တွင် သမ္မတချစ်ဆာနိုအား ရာထူးပေးအပ်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂ၏ မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု တပ်ဖွဲ့ (အိုနူမော့ဇ်)၏ တာဝန်ခန်းသည် တရားဝင်ပြီးဆုံး ခြင်းသို့ ရောက်ရှိခဲ့လေသည်။

## လိုင်ဘေးရီးယား ပြည်တွင်းစစ်ပြဿနာ

အာဖရိကအနောက်ဘက် အလယ်ပိုင်း ပင်လယ်ကမ်းခြေရှိ လိုင်ဘေးရီးယားနိုင်ငံ၌ နိုင်ငံရေးအုပ်စု သုံးစုတို့ စပ်ကြား သုံးနှစ်ခွဲကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် ကိုတိုနိုငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့သော် အုပ်စုများက အချိန်ဆွဲမှုနှင့် အခက်အခဲများ ဖန်တီးခဲ့ကြသဖြင့် နောက်ထပ်သဘောတူညီချက်များ ဆက်လက် ပြုလုပ်ခဲ့ကြရသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လိုင်ဘေးရီးယားအမျိုးသားအသွင်ကူးပြောင်းရေး အစိုးရကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသော်လည်း နောက်ထပ်ခြောက်လကြာသည့်တိုင်အောင် အစိုးရအဖွဲ့ကို မတည်ထောင်နိုင်သေးဘဲ ရှိခဲ့ကြသည်။

အစပထမ၌ ကိုနိုထိုစာချုပ်အရ တိုးတက်မှုများရှိခဲ့သော်လည်း ၁၉၉၄ ခုနှစ်၊ ဧပြီလနောက်ပိုင်းတွင် လိုင်ဘေးရီးယားပြည်တွင်းအခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲကာ အုပ်စုများအချင်းချင်း တိုက်ခိုက်မှုများ တိုးတက်ပြင်းထန်လာပြီး ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့သည်။ ဤတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၆ မှ ၂၆ ရက်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ် မစ္စတာ လက္ခဒါဖြာမီဏီ သည် လိုင်ဘေးရီးယားသို့ သွားရောက်ပြီး သက်ဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြိုင်ဘက်အုပ်စုပေါင်းစုံပါဝင်သော အစည်းအဝေးတစ်ရပ်ကို ဂါနာနိုင်ငံ ၊ အာကိုဆွမ်ဘိုမြို့၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်ရာ၌ နှောင့်နှေးခြင်းဖြစ်နေမှုများကို ဆွေးနွေးကြပြီး စက်တင်ဘာ ၁၂ ရက်နေ့တွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်ဖက်တွင် အာကိုဆွမ်ဘို သဘောတူစာချုပ်ကို ချုပ်ဆိုနေကြစဉ် တစ်ဖက်၌ ပြည်တွင်းတိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာပြီး စက်တင်ဘာ ၉ ရက်နေ့တွင် ကုလသမဂ္ဂစစ်ဘက် အကဲခတ်ပုဂ္ဂိုလ် ၄၃ ဦးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခြောက်ဦးတို့ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ကြရပြီး စက်တင်ဘာ ၁၈ ရက်နေ့တွင်မှ လွတ်မြောက်လာခဲ့ကြသည်။ ဤတွင် ကုလသမဂ္ဂမှ အကဲခတ်မစ်ရှင်အဖွဲ့ (ယူနိုမီလ်)၏ အင်အားကို ၃၆၈ မှ ၉၀ ခန့်သို့ လျှော့ချခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအလယ်တွင် အတွင်းရေးမှူး ချုပ်က လိုင်ဘေးရီးယားဒေသသို့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ ဒေသခေါင်းဆောင်များနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် အက္ကရာမြို့၌ သဘောတူညီချက်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြသည်။

အထက်ပါစာချုပ်အရ အုပ်စုများစပ်ကြား အပစ်အခတ် ရပ်စဲမှုသည် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပြန်လည် အတည်ဖြစ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ လဦးပိုင်းတွင် ပြန်လည်ပျက်ပြားသွားခဲ့ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် ၉၇၂ (၁၉၉၅)ကို တညီတညွတ်တည်း ချမှတ်ပြီး လိုင်ဘေးရီးယားအုပ်စုများအနေဖြင့် အက္ကရာ သဘောတူစာချုပ်ရ နိုင်ငံတော်ကောင်စီသစ် တစ်ရပ် ဖွဲ့စည်းရေးတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သဘောတူညီမှုမရကြခြင်းကို အထူးစိုးရိမ် မကောင်း ဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

အမှန်စင်စစ် ပြည်တွင်းစစ်အဆုံးမသတ်နိုင်ဖြစ်နေခြင်းမှာ ပြိုင်ဘက်အုပ်စုများအချင်းချင်း နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌခန့်ထားရေးကိစ္စတွင် ဈေးဆစ်အငြင်းပွားနေကြခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုများ ရပ်တန့်နေလျှင် ကုလသမဂ္ဂအကဲခတ် မစ်ရှင်အဖွဲ့ ရုပ်သိမ်းရေးအပါအဝင် နည်းအမျိုးမျိုးဖြင့် အရေးယူဆောင်ရွက်ရန် စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူး ချုပ် အက်စ်ဂျီကူယာတေခေါင်းဆောင်သော ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ကလည်း လိုင်ဘေးရီးယားအုပ်စုများစပ်ကြား နိုင်ငံရေးညှိနှိုင်း လိုက်လျောသဘောတူညီမှု မရရှိလျှင် နိုင်ငံတကာထောက်ပံ့ကူညီမှုများလည်း ရပ်ဆိုင်းသွားမည် ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက် ၁၀၀၁ (၁၉၉၅) ကို ချမှတ်ပြီး ငြိမ်းချမ်းရေးအတွက် တိုးတက်မှု မရှိလျှင် ကုလသမဂ္ဂအကဲခတ်အဖွဲ့၏ သက်တမ်းကို စက်တင်ဘာ ၁၅ ရက်နောက်ပိုင်းတွင် တိုးချဲ့မည်မဟုတ်ကြောင်း ကြေညာပြောဆိုခဲ့သည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့တွင် လိုင်ဘေးရီးယား အုပ်စုခေါင်းဆောင်များက တိုက်ခိုက်မှုများရပ်စဲပြီး တစ်နှစ်အတွင်း ရွေးကောက်ပွဲများကျင်းပကြရန် သဘောတူခဲ့ကြသည်။ အပစ်အခတ်ရပ်စဲမှုသည် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်နေ့တွင် အတည်ဖြစ်လာခဲ့သည်။ တစ်ဆက်တည်း အားဖြင့် စက်တင်ဘာ ၁ ရက်နေ့တွင် လိုင်ဘေးရီးယားနိုင်ငံ၏ နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းတည်ထောင်ပြီး အဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

## ဆိုက်ပရပ်ပြဿနာ ဖြေရှင်းရေး

၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် ၉၃၉ (၁၉၉၄) ကို ချမှတ်၍ ဆိုက်ပရပ်နိုင်ငံ တွင် အခြေအနေတိုးတက်မှု မရှိခြင်းမှာ လက်ခံနိုင်ဖွယ်မရှိ ကြောင်း ပြောကြားပြီး ယင်းနိုင်ငံအား တစ်ခုတည်းသော အချုပ်အခြာအာဏာ၊ တစ်မျိုးတစ်စားတည်းသော နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးအားဖြင့် တန်းတူ ညီမျှသော လူမျိုးစုနှစ်စုနှင့် နယ်မြေနှစ်ပိုင်း နှစ်ဒေသ ပါဝင်သော ပြည်ထောင်စု ဖယ်ဒရေးရှင်းနိုင်ငံ တစ်နိုင်ငံ အဖြစ် ဖွဲ့စည်းတည်ထောင်ပြီး နယ်မြေပိုင်းခြားခွဲထွက်၍ မည်သည့်နိုင်ငံနှင့်မျှ ပေါင်းစပ်ခြင်း မပြုရန်မှုကို ထပ်လောင်းအတည်ပြု ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂျိုကလပ်သည် ဆိုက်ပရပ်သို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် သွားရောက်၍ နှစ်ဖက်ခေါင်းဆောင်များ နှင့် ဆွေးနွေး ညှိနှိုင်းခဲ့သော်လည်း သဘောထားကွဲလွဲမှုများ ရှိနေကြ၍ ပြဿနာဖြေရှင်းရေးမှာ တစ်ဆို့နေသော သဘောရှိကြောင်း ပြန်လည်တင်ပြခဲ့သည်။

ထို့နောက်တွင် အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက် အရ ဂရိနှင့်တူရကီဆိုက်ပရပ်ခေါင်းဆောင်များသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၃၁ ရက်နေ့အထိ ငါးကြိမ် တွေ့ဆုံကြပြီး ပြည်ထောင်စုဖယ်ဒရေးရှင်းနိုင်ငံ အမြန်ဆုံး တည်ထောင်ရေး နည်းလမ်းများနှင့် နှစ်ဦးနှစ်ဖက်အပြန် အလှန် ယုံကြည်မှုတိုးပွားရေး စီမံချက်များဖော်ဆောင်ရေး ကိစ္စများ အပါအဝင် ပြဿနာနှင့်သက်ဆိုင်ရာရေးရာ အထွေထွေကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အတွင်းရေးမှူး ချုပ်သည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ များတွင် ဆိုက်ပရပ်ခေါင်းဆောင်များနှင့် တစ်ဦးချင်းစီ သီးခြား တွေ့ဆုံပြီး သူ၏ အထူးကိုယ်စားလှယ် မစ္စတာကလပ် အား ၁၉၉၅ ခုနှစ်၊ မတ်နှင့် မေလများတွင် ဆိုက်ပရပ်ဒေသသို့ စေလွှတ်ခဲ့သည်။ သို့သော် စေ့စပ်ဆွေးနွေးမှုများမှာ ခရီး မပေါက်ဘဲ တစ်ဆို့နေသည်ကိုပင် ထပ်မံတွေ့ရပြန်သည်။

လွန်ခဲ့သည့်နှစ်အတွင်း နှစ်ဦးနှစ်ဖက်တို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းနေကြသော်လည်း ဆိုက်ပရပ်နိုင်ငံတွင် နိုင်ငံခြားတပ်များ အဆမတန်များပြားစွာတည်ရှိနေခြင်းနှင့် ၄င်းတပ်များအား အလျှင်အမြန် အားဖြည့်ပေးနေကြခြင်း ကို စိုးရိမ်လျက်ရှိရကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက နိုင်ငံခြားတပ်များ၏

အရေးအတွက်နှင့် ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချကြရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။

## အာဖဂန်နစ္စတန် ပြည်တွင်းအခြေအနေ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၈/၂၀၈ အရ ဖွဲ့စည်းခဲ့သောအထူးမစ်ရှင်၏ ဆောင်ရွက်ချက်အရ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ရုံးကို ဂျာလာလာဘတ်မြို့တွင် ယာယီအားဖြင့် ဖွင့်လှစ်ထားရှိခဲ့ပြီးနောက် အတွင်းရေးမှူးချုပ်သည် ပါကစ္စတန်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်မှ ၈ ရက်နေ့အထိ သွားရောက်ကာ အာဖဂန်ခေါင်းဆောင်များနှင့် အခြား အရပ်သားအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက်တွင် ကုလသမဂ္ဂအထူးမစ်ရှင်အဖွဲ့ခေါင်းဆောင် မစ္စတာ မာမွတ်မက်စတီရီ၏ ကြိုးပမ်းမှုကြောင့် အာဖဂန်နိုင်ငံ၏ ပြည်တွင်းပြည်ပမှ လွတ်လပ်ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ၁၉ ရက်ကြာ အစည်းအဝေးတစ်ရပ်ကို ကွက်တာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့မှ စတင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ကိုယ်စားလှယ် ပေါင်းစုံပါဝင်သော အာဏာပိုင်ကောင်စီအဖွဲ့တစ်ဖွဲ့သို့ ဆောလျင်စွာ အာဏာလွှဲပြောင်းရေး၊ နိုင်ငံတစ်ဝန်းလုံးတွင် အပစ်အခတ်ရပ်စဲရေး၊ လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးနှင့် နောက်ပိုင်းတွင် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ထောက်ခံချက်များကို တင်ပြခဲ့ရာ ယင်း ထောက်ခံချက်များကို လုံခြုံရေးကောင်စီက နိုဝင်ဘာလတွင်လည်းကောင်း၊ အထွေထွေညီလာခံကြီးက ဒီဇင်ဘာ လတွင်လည်းကောင်း အတည်ပြုခဲ့သည်။

အထက်ပါတိုးတက်မှုများ ဖြစ်ပေါ်နေစဉ် သမ္မတဘာဟာနုဒင်ရာဘာနီက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ခြွင်းချက်ထား၍ အာဏာလွှဲပြောင်းပေးရန် ကမ်းလှမ်းခဲ့သည်။ ကုလသမဂ္ဂ အထူးမစ်ရှင်ခေါင်းဆောင် မစ္စတာ မက်စတီရီသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အာဖဂန်နစ္စတန်ဒေသသို့ ပြန်လာပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် အာဏာပိုင်ကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သမ္မတ ရာဘာနီအပါအဝင် အဓိကခေါင်းဆောင် များနှင့် ဇေ့စပ်ဆွေးနွေးခဲ့ရာ သမ္မတရာဘာနီက ယင်း ကောင်စီဖွဲ့စည်းမည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် အာဏာစွန့်လွှတ်မည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထိုစဉ်မှာပင် အသစ်ဖွဲ့စည်းတည်ထောင်သော တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့များက စစ်ဆင်တိုက်ခိုက်ခဲ့ကြရာ အောင်မြင်မှုများ ရရှိကြသဖြင့် ကဘူးမြို့တော်၌ အာဏာပိုင်ကောင်စီဖွဲ့စည်းရေးမှာ နှောင့်နှေးသွားခဲ့ရသည်။ ယင်းတပ်ဖွဲ့အား ကောင်စီတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ကြသော်လည်း ၄င်းကဆောင်ရွက်မှုများတွင် တိုက်ရိုက်ပါဝင်ရန် ငြင်းပယ်ခဲ့ရာ အာဏာပိုင်ကောင်စီဖွဲ့စည်းမည့်နေ့ကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း ယင်းနေ့ရက်နှင့် နီးကပ်လာသည့်အချိန်တွင် နိုင်ငံရေးနှင့် စစ်ရေးအခြေအနေပြောင်းလဲမှုများ တိုးတက်ဖြစ်ပွား လာခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် ကဘူးမြို့နှင့် ပတ်ဝန်းကျင် ဒေသများတွင် အုပ်စုကွဲများကြား တိုက်ခိုက်မှုများ အပြင်းအထန်အုံကြွဖြစ်ပွားလာခဲ့ပေသည်။ ဤတွင် ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့ပေရာ အတွင်းရေးမှူးချုပ်က မတ်လ ၈ ရက်နေ့တွင် ဖြစ်ပွားလာသော အခြေအနေကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြပြီး အပစ်အခတ်ရပ်စဲကြရန် ပြင်းပြစွာ မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ဤအတောအတွင်း ယူနီဆက်အဖွဲ့ကလည်း ပြည်တွင်းစစ်ကြောင့် အရပ်သူအရပ်သားအမြောက်အမြား ဆင်းရဲဒုက္ခရောက်ကြရပုံကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာက ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှစ၍ လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ခြင်း၊ လူပေါင်းနှစ်သန်းခွဲကျော် ဒဏ်ရာအနာတရဖြစ်ရခြင်း၊ သို့မဟုတ် မစွမ်းမသန်ဖြစ်ခဲ့ရခြင်း၊ လူပေါင်း ၆ သန်းခန့် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း၊ လူပေါင်း ၂ သန်းခန့် ပြည်တွင်း၌ အိုးပစ်အိမ်ပစ် အခြေပျက်အနေပျက်ဖြစ်ရခြင်းနှင့် ကဘူးမြို့ကြီးမှာ အများအားဖြင့် ပျက်စီးခဲ့ရခြင်း စသည်များကို ဖော်ပြထားပေသည်။

## အနောက်ဆာဟာရဒေသ ကိုယ်ပိုင် ပြဌာန်းရေးကိစ္စ

အနောက်ဆာဟာရဒေသ ပြည်သူများ၏ ကိုယ်ပိုင်ပြဌာန်းရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျင်းပရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် က အချိန်ဇယားတစ်ရပ်အဆိုပြုခဲ့သော်လည်း ဖြစ်မြောက်နိုင်ခြင်း မရှိခဲ့ပေ။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ ပြောကြားချက်အရ ဆန္ဒမဲပေးခွင့်ရှိသူများအား စစ်ဆေးရေး လုပ်ငန်းအတွက်

အခြေခံပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သော်လည်း မိုရိုကိုနိုင်ငံက အာဖရိကညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)၏ သမာသမတ်ရှိမှုကို မေးခွန်းထုတ်လာသဖြင့် စစ်ဆေးရေးလုပ်ငန်းမှာ နှောင့်နှေးသွားခဲ့ရပြန်သည်။ မိုရိုကိုနိုင်ငံက အိုအေယူအနေဖြင့် ဆာရာဝီအာရပ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဟု ခေါ်ဆိုသောနိုင်ငံအား အသိအမှတ်ပြုခြင်းကို ကန့်ကွက် တင်ပြခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လကုန်တွင် ကုလသမဂ္ဂ၏ အနောက်ဆာဟာရ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးမစ်ရှင်အဖွဲ့ (မီနာဆို) က ဆန္ဒပေးရေးလျှောက်လွှာ ၇၅,၀၀၀ ကျော်ကို စိစစ်လျက်ရှိသည်။ ထိုနှစ် နိုဝင်ဘာလ အနှောင်းပိုင်းတွင် အတွင်းရေးမှူးချုပ်သည် အနောက်ဆာဟာရဒေသသို့ သွားရောက်ခဲ့ပြီး ဆန္ဒမဲပေးနိုင်သူများအား စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် အပြီးဆောင်ရွက်ပြီး ဆန္ဒခံယူပွဲကို ထိုနှစ်အောက်တိုဘာလတွင် ကျင်းပရန် အကြံပြုပြောကြားခဲ့သည်။

စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက လုပ်ငန်းပိုမို လျင်မြန်စေရန် ဖိအားပေးခဲ့သည်။ လုပ်ငန်းလျင်မြန်စေရန် အတွက်လည်း ကောင်စီက ၁၉၉၅ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၇၃ (၁၉၉၅) ဖြင့် မီနာဆိုမစ်ရှင်အဖွဲ့၏ အင်အားကို တိုးချဲ့ ပေးခဲ့သည်။ သို့သော်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား စိစစ်ရေးလုပ်ငန်း၌ မျိုးနွယ်စုခေါင်းဆောင်များကို အချိန်မီ မရရှိနိုင်သဖြင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြန်သည်။ ထို့ကြောင့် အတွင်းရေးမှူးချုပ်အနေဖြင့် မူလအကြံပြုချက်ကို ပြင်ဆင်၍ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ပြီး ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပနိုင်ရာသည်ဟု ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် မျှော်မှန်းပြောဆိုခဲ့သည်။

ဤအတောအတွင်း ၁၉၉၅ ခုနှစ်၊ မေ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ သက်ဆိုင်ရာ ပါတီများအား ကုလသမဂ္ဂနှင့် အပြည့်အဝ ပူးပေါင်းဆောင် ရွက်ကြရန် တောင်းဆိုခဲ့သည်။ သို့တစေလည်း မိုရိုကိုနိုင်ငံ၏ အရေးယူဆောင်ရွက်ချက်တစ်ရပ်ကြောင့် ပေါ်လီဆာရီယိုအုပ်စုက ဆန္ဒမဲပေးခွင့်ရှိသူများ စိစစ်ရေးလုပ်ငန်းကို သပိတ်မှောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင်မှ ယင်းလုပ်ငန်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။ ဤတွင် စိစစ်ရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ရာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် လူပေါင်း ၅၀,၀၀၀ ခန့်ကို စစ်ဆေးပြီးစီးခဲ့သည်။ နောက်ဆုံးဖြစ်ပေါ်တည်ရှိသောအခြေအနေများအရ လုံခြုံရေးကောင်စီက အနောက်ဆာဟာရဒေသ၌ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် စတင်စေပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ် စောစောပိုင်းတွင် ကျင်းပရေးအတွက် အတည်ပြုသတ်မှတ်ရန် မျှော်လင့်ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပေသည်။

## အယ်ဆာဗေဒိုနိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်း စခန်းသိမ်းမှု

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသော ငြိမ်းချမ်းရေးစာချုပ်အရ ပဋိပက္ခဖြစ်နေကြသော အုပ်စုများစပ်ကြား နှစ်ပေါင်းများစွာဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်သည် ရပ်စဲသွားခဲ့ပြီး အယ်ဆာဗေဒိုနိုင်ငံတွင် ကုလ သမဂ္ဂအကူအညီဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ စနစ်တို့ ထွန်းကားတိုးတက်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များကို အပြည့်အဝ ဖော်ဆောင်ရေးမှာ အလုံးစုံချောမွေ့ခြင်းမရှိဘဲ ပြဿနာ အခက်အခဲများနှင့် ကြုံနေရဆဲပင်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များ အပြည့်အဝ ဖော်ဆောင်ရေးတွင် ကျန်ရှိနေသောကိစ္စများမှာ အမျိုးသားပြည်သူ့ရဲတပ်ဖွဲ့ကို အလုံးစုံဖြန့်ချရေး၊ အမျိုးသားရဲတပ်ဖွဲ့အား ဖျက်သိမ်းရေးကိစ္စကို ပြီးပြည့်စုံအောင်ဆောင်ရွက်ရေး၊ တရားစီရင်ရေးနှင့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲရေး၊ ယခင်တပ်ဖွဲ့ဝင်များအား မြေယာလွှဲပြောင်းပေးရေးနှင့် ၄င်းတပ်ဖွဲ့ဝင်များအား လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ ပြန်လည်သွင်းယူရန်အစီအစဉ်များ အပြီးသတ်ပြုလုပ်ပြဋ္ဌာန်းရေး စသည်တို့ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့တွင် ၁၉၉၂ ငြိမ်းချမ်းရေးစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသောကိစ္စများကို လုပ်ဆောင်ရေးအတွက် အယ်ဆာဗေဒိုသမ္မတ အာမန်ဒိုကယ်လ်ဒီရွန်ဆိုးလ်၏ အရေးယူဆောင်ရွက်ချက်များကို လုံခြုံရေးကောင်စီက ကြိုဆိုလိုက်သည်။ ထို့နောက် ၁၉၉၄ ခုနှစ်၊

အောက်တိုဘာ ၄ ရက်နေ့တွင် အယ်ဆာဗေဒိုအစိုးရနှင့် အတိုက်အခံပါတီ အက်ဖ်အမ်အယ်လ်အန်တို့က ငြိမ်းချမ်းရေး စာချုပ်ပါ ပြဋ္ဌာန်း ချက်များကို မဆိုင်းမတွချက်ချင်း အကောင်အထည်ဖော်ရေးအတွက် ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ် ရေး ထိုးခဲ့ကြသည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ မေ ၂၇ ရက်နေ့တွင် ချာပူတီပက် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ပါတီများက ယင်းစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသော လုပ်ငန်းများကို အပြီးအစီးပြုလုပ်ရေးအတွက် အစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၉၁ (၁၉၉၅) ကို ချမှတ်ကာ အယ်ဆာဗေဒိုနိုင်ငံရှိ ကုလသမဂ္ဂ အကဲခတ်မစ်ရှင်အဖွဲ့ (အိုနူဆာ)၏ သက်တမ်းကို အဆုံးသတ်လိုက်သည်။

ယင်းမစ်ရှင်အဖွဲ့၏ နေရာတွင် အတွင်းရေးမှူးချုပ်၏ ထောက်ခံချက်အရ လုံခြုံရေးကောင်စီက အင်အားအနည်းငယ်ဖြင့် အယ်ဆာဗေဒိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ (မီနူဆာ) ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းအဖွဲ့သည် ၁၉၉၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။

## လက်နက်ဖျက်သိမ်းရေး

**၄၉ ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆောင်ရွက်ချက်များ –** အထွေထွေညီလာခံကြီး၏ ပထမကော်မတီက စစ်အေးလွန်ကာလလက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် ပြဋ္ဌာန်းချက် ၄၄ ခုနှင့် ဆုံးဖြတ်ချက်နှစ်ရပ်ကို အတည်ပြုခဲ့သည်။ ပြဋ္ဌာန်းချက် ၄၄ ခုအနက် ၂၃ ခုမှာ မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက် ၄၉/ ၇၅ (ကေ) ကို ချမှတ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးအား "နျူကလီးယားလက်နက်များအား မည်သည့်အခြေအနေ၌မဆို အသုံးပြုရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း" ကို အပြည်ပြည်ဆိုင်ရာ ဥပဒေက ခွင့်ပြုခြင်း ရှိ– မရှိ အကြံဉာဏ်ပေးရန် တောင်းခံခဲ့သည်။

အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်၄၉/၇၀ ကို ချမှတ်ပြီးလျှင် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်တွင် ပါဝင်တက်ရောက်နေကြသော နိုင်ငံများအားလုံး အထူးသဖြင့် နျူကလီးယားလက်နက်နိုင်ငံများအား အဘက်ဘက်ပြည့်စုံ၍ နိုင်ငံအားလုံးပါဝင်ပြီး၊ နိုင်ငံများအနေဖြင့် ထိရောက်စွာ စစ်ဆေးအတည်ပြုနိုင်သော နျူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး၊ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးကို ဦးစားပေး၍ အပြင်းအထန် စေ့စပ်ဆွေးနွေးကြရန် တိုက်တွန်းလိုက်သည်။ ထို့ပြင် နျူကလီးယားလက်နက်များအား နောက်ဆုံးတွင် လုံးဝဖျက်သိမ်းရေး (၄၉/ ၇၅ အိပ်ချ်) နှင့် နျူကလီးယားလက်နက်များ အသုံးပြုခြင်းကိုတားမြစ်ပိတ်ပင်ရေး ကွန်ဗင်းရှင်း ချုပ်ဆိုရေး (၄၉/၇၆ အီး) ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။

**သမားရိုးကျ လက်နက်များကိစ္စ–** ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံက လူများအားထိခိုက်သေကျေဒဏ်ရာ အနာတရဖြစ်စေသော မြေမြှုပ်မိုင်းများ ပြည်ပသို့ တင်ပို့ခြင်းကို ပိတ်ပင်မှု မပြုလုပ်ရသေးသော နိုင်ငံများအား အမြန်ဆုံး ကြေညာပိတ်ပင်ကြရန် တိုက်တွန်းလိုက်သည် (ဆုံးဖြတ်ချက် – ၄၉/ ၇၅ ဒီ )။

**အန္တာတိတ်ဒေသအား အသုံးပြုမှု သတ်မှတ်ချက် –** အထွေထွေ ညီလာခံကြီးက ဆုံးဖြတ်ချက်– ၄၉/၈၀ ကို ချမှတ်ပြီးလျှင် အန္တာတိတ်သမုဒ္ဒရာဒေသကို အခါခပ်သိမ်းငြိမ်းချမ်းရေး ကိစ္စတစ်ခုတည်းအတွက်သာ အသုံးပြုကြရန်နှင့် ယင်းဒေသအား အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားရာဒေသတစ်ခု ဖြစ်မလာစေသင့်ကြောင်း အတည်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်မှာ ဆယ်နှစ်ထက်မက ပိုမိုကြာမြင့်ခဲ့သော အချိန်ကာလအတွင်း ပထမဆုံးအကြိမ်ချမှတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

## ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် (၁၉၉၅)

အဖွဲ့ဝင် ၃၈ ဦးပါဝင်သည့် ဤကွန်ဖရင့်၏ ၁၉၉၅ ခုနှစ်အတွက် ပထမပိုင်းအစည်းအဝေးကို ဂျီနီဗာမြို့၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ မှ မေ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေး စတင်ဖွင့်လှစ်သည့်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက အစည်းအဝေးသို့ အမှာစကားပြောကြားရာ၌ "ဒေသဆိုင်ရာ အရေးအခင်းများနှင့် ဒေသစိတ်ဆိုင်ရာ အရေးအခင်းများ တိုးတက်ဖြစ်ပွားလာနေသည့် အခြေအနေတွင်လက်နက်များ စီးဆင်းနေမှုနှင့် လူများအား အစုအပြုံလိုက် သေကျေပျက်စီး စေနိုင်

သော လက်နက်များ ပြန့်ပွားမှုကို ရပ်စဲစေရန် ကျွန်ုပ်တို့၏ စုပေါင်းဆောင်ရွက်အားထုတ်မှုများသည် ပို၍ပင် အရေးကြီးလာပြီဖြစ်ကြောင်း" ဟူ၍ တင်ပြခဲ့ပေသည်။

အစည်းအဝေးကျင်းပနေချိန်အတွင်း နျူကလီးယား စမ်းသပ်မှု ပိတ်ပင်ရေး လုပ်ငန်းကော်မတီက အနာဂတ်တွင် ချုပ်ဆိုမည့် စာချုပ်အတွက် ပြဋ္ဌာန်းချက်များကို အချောကိုင်ပေးပြီး ပြန်လည်ပြုပြင်ထားသော စာကြမ်းတစ်စောင်ကို နောက်ဆုံးတွင် အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်း ဤအရေးတွင် အဓိကကျသော ပြဿနာအချို့မှာ ဖြေရှင်းမရ ကျန်နေပေသေးသည်။

**ထူးခြားသည့် ကတိပြုချက် –** ဤအစည်းအဝေး၏ အဆုံးသတ်တွင် ထူးခြားသည့်မှတ်သားဖွယ်ဖြစ်ပေါ်မှုမှာ ကျူးကျော်ဝင်ရောက်မှုပြုခြင်းခံရသည့်ကိစ္စ သို့မဟုတ် အခြားနည်း တိုက်ခိုက်ခြင်းခံရသည့်ကိစ္စတွင်မှတစ်ပါး ၁၉၇၀ ပြည့်နှစ် နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) တွင် ပါဝင်သည့် နျူကလီးယားလက်နက်မဲ့ နိုင်ငံများအပေါ် နျူကလီးယားလက်နက်များ အသုံးမပြုရန် ကတိပြုချက် တစ်ရပ်ကို ပေးခဲ့ကြခြင်းပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ၁၉၉၅ ခုနှစ်၊ ဧပြီ ၆ ရက်နေ့တွင် ပြင်သစ်၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံတို့က ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ကြပြီးလျှင် နျူကလီးယား လက်နက်များ မပြန့်ပွားရေးစာချုပ်ကို ခြွင်းချက်မရှိ၊ အချိန် အကန့်အသတ်မရှိ၊ ဆက်လက်တည်ရှိနေစေရန် တိုက်တွန်းတောင်းဆိုလိုက်ကြသည်။ တရုတ်ပြည်က ယင်းစာချုပ်ကို "ချောမောပြေပြစ်စွာ သက်တမ်းတိုးချဲ့ရေး "ကို ထောက်ခံ ခဲ့သည်။ဤတွင် တရုတ်ပြည်သည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို နျူကလီးယား လက်နက်များကို ပထမဆုံးသုံးမည်မဟုတ်ကြောင်း၊ ထို့အပြင် ၎င်းလက်နက်များကို နျူကလီးယား လက်နက်မဲ့နိုင်ငံများ သို့မဟုတ် နျူကလီးယား လက်နက်ကင်းရှင်းသော ဒေသများအပေါ် အသုံးပြုမည်မဟုတ်၊ သို့မဟုတ် အသုံးပြုရန်ခြိမ်းခြောက်မည် မဟုတ်ကြောင်း ကတိပြု ပြောကြားခဲ့ပေသည်။

## အန်ပီတီစာချုပ် ပြန်လည်သုံးသပ် သက်တမ်းတိုးရေး ကွန်ဖရင့်

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) ကို ၁၉၆၈ ခုနှစ် ၊ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ယင်းစာချုပ်သည် ၁၉၇၀ ပြည့်နှစ်၊ မတ်လတွင် အာဏာသက်ဝင် အတည်ဖြစ်လာခဲ့သည်။ ထိုစဉ်က ယင်းစာချုပ်ကို ၉၇ နိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးပြီး ၄၇ နိုင်ငံတို့ကအတည်ပြုခဲ့ကြသည်။ ယခုအခါ၌ အဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၇၈ နိုင်ငံ ရှိနေပြီဖြစ်သည်။

အထက်ပါစာချုပ်၏ သက်တမ်းကို ၂၅ နှစ်ထား၍ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ရာ ယင်းစာချုပ်အား သက်တမ်းအပိုင်းအခြားမရှိ တိုးချဲ့မည်လော၊ သို့တည်းမဟုတ် ကန့်သတ်ထားသော အချိန်ကာလပိုင်းတစ်ခုခုအတွက် ဖြစ်စေ၊ အချိန်ကာလပိုင်းများအတွက်ဖြစ်စေ တိုးချဲ့မည်လော ဟူသော အချက်ကို ဆုံးဖြတ်ရန်အတွက် ဆွေးနွေးသုံးသပ်ရေး မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၅ ခုနှစ် ၊ ဧပြီ ၁၇ ရက်မှ မေ ၁၂ ရက်နေ့အထိ စီစဉ်ကျင်းပခဲ့သည်။ ဤအစည်းအဝေးကြီးမှ ဆွေးနွေးစဉ်းစားရန်အတွက် အကြောင်းအရာ ၂၁ ခု ပါဝင်သော အစီအစဉ် မူကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးကော်မတီက တင်ပြခဲ့သည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် သုံးသပ်သက်တမ်းတိုးရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်တွင် စတင်ဖွင့်လှစ်ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီ၊ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ဟန်း(စ်) ဘလစ်တို့က မိန့်ခွန်းစကားများ ပြောကြားခဲ့ကြသည်။ အတွင်းရေးမှူးချုပ်က ပြောကြားရာ၌ နျူကလီးယား လက်နက်မဲ့ နိုင်ငံများသည် နျူကလီးယား လက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရသော နိုင်ငံများ ဖြစ်မည်မဟုတ်ဟူ၍ နျူကလီးယားအင်အားကြီးနိုင်ငံများက နျူကလီးယား လက်နက်မဲ့နိုင်ငံများအား ပေးထားသော အာမခံချက်ကို ပိုမိုခိုင်မာအောင် ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။

အန်ပီတီစာချုပ်ရေးရာများကို ၂၄ ရက်တိုင်တိုင် အချေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် ယင်းစာချုပ်အား အချိန်ကာလအပိုင်းအခြား အကန့်အသတ်မထားဘဲ သက်တမ်းတိုးချဲ့ရန် အစည်းအဝေးတက်ရောက်ကြသော နိုင်ငံများက မဲဆန္ဒမခွဲဘဲ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်လိုက်ကြသည်။

ယင်းဆုံးဖြတ်ချက်၌ နျူကလီးယားလက်နက်မဲ့ နိုင်ငံများအနေဖြင့် ကျေနပ်မှုရှိစေရန်အလို့ငှာ လက်နက်ဖျက်

သိမ်းရေး အစီအစဉ်များကို တွဲဖက်ထည့်သွင်းထားသည်။ ယင်းတို့မှာ နောက်နှစ်တွင် ချူကလီးယားလက်နက် စမ်းသပ်မှုများ တားဆီးရေးစာချုပ်ကို ချုပ်ဆိုကြရန်နှင့် လက်နက်ဖျက်သိမ်းရေးအစီအစဉ် တိုးတက်မှုကို တစ်ကြိမ်နှစ်ကြိမ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။

## လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ

ကုလသမဂ္ဂအဖွဲ့ကြီးမှ စီစဉ်ပြုလုပ်သော လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တော်၌ ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပပြီးလျှင် ဆင်းရဲမွဲတေမှုကို ကမ္ဘာနှင့်အဝန်းအရေး တကြီး တိုက်ဖျက်ရေး၊ထုတ်လုပ်မှုကောင်းမွန်သော အလုပ်သမားများ တိုးချဲ့ရေး၊ အလုပ်လက်မဲ့ဖြစ်ရမှု လျှော့ချရေးနှင့် လူမှုသိမ်းသွင်းပေါင်းစပ်မှုများ တိုးတက်ရေးကိစ္စများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ဤညီလာခံသည် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များ အများဆုံးတက်ရောက်ခဲ့သော ထိပ်သီးအစည်းအဝေးကြီးဖြစ်သည်။ နိုင်ငံစုစုပေါင်း ၁၈၇ နိုင်ငံ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြရာ ၁၁၇ နိုင်ငံကို နိုင်ငံ သို့မဟုတ် အစိုးရအကြီးအကဲများက ကိုယ်စားပြုခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဤနိုင်ငံ ခေါင်းဆောင်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း ၈၁၁ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၂၃၁၅ ဦးလည်း ပါဝင်ခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်မှ စာနယ်ဇင်း ရေဒီယို ရုပ်မြင်သံကြား လူထုဆက်သွယ်ရေး အဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၂၅၀၀ ကျော်တို့ လာရောက်ပြီးသတင်းများ ဖြန့်ချိခဲ့ကြသည်။

ထိပ်သီးညီလာခံ အဖွင့်မိန့်ခွန်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက "ယနေ့ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာပေါ်၌ လူမှုရေးတရားမျှတမှု မရှိခြင်းများ၊ ဝိုင်းပယ်မှုများနှင့် ဆင်းရဲမွဲတေမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက်ရှိကြကြောင်း၊ ကမ္ဘာတစ်လွှားရှိနိုင်ငံများ နှင့်လူမျိုးများ၊ အမျိုးသားနှင့်အမျိုးသမီးများအတွက် မျှော်လင့်အားတက်ဖွယ်ဖြစ်စေရန် ကမ္ဘာ့အဆင့်တွင် လူမှုဆက်ဆံရေး ပဋိညာဉ်သစ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး နောက်ဆုံးနေ့တွင် ထိပ်သီးညီလာခံကြီးက လူမှုဖွံ့ဖြိုးရေးနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ ကိုပင်ဟေဂင်ကြေညာချက်ကို အတည်ပြုချမှတ်ခဲ့သည်။ ဤကြေညာ ချက်၌ ကုလသမဂ္ဂအဆင့်၌လည်းကောင်း၊ အမျိုးသားနှင့် နိုင်ငံတကာ အဆင့်များ၌လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံများစပ်ကြား၌လည်းကောင်း မညီမျှမှုများအား အမြစ်ဖြုတ်သုတ်သင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို မြေတောင်မြှောက်ပေးရေးအတွက် စီမံချက်များကို ထောက်ခံဖော်ပြထားသည်။

ဤထိပ်သီးညီလာခံက ဆင်းရဲမွဲတေမှု အမြစ်ဖြုတ်သုတ်သင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်တစ်ခု သတ်မှတ်ကြေညာရန် ကုလသမဂ္ဂအထွေထွေညီလာခံ အားတောင်းဆိုသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကောင်စီအား ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးတွဲအစည်းအဝေးများ ကျင်းပရန် အကြံပြုထောက်ခံခဲ့ပေသည်။

## စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးကွန်ဖရင့်များကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့တော်၌ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ကိုပင်ဟေဂင်မြို့တော်၌ ဒုတိယအကြိမ်၊ ၁၉၈၅ ခုနှစ်တွင် နိုင်ရိုဘီမြို့တော်၌ တတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုစတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကုလသမဂ္ဂ၏ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်က တာဝန်ယူဦးဆောင်၍ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၄ မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပခဲ့သည်။ ညီလာခံ၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးများ၏ တိုးတက်ရေးအတွက် စဉ်းစားကြံစည်မှုများကို စုစည်းပေါင်းစပ်ရာ၌ ကမ္ဘာတစ်လွှား အမျိုးသမီးများ၏ တိုးတက်မှုကို ဟန့်တားပိတ်ပင်ထားသော အဓိကရေးရာများကို အဓိကဖော်ညွှန်းသော လုပ်ငန်းစဉ်အခြေခံ (**Platform for Action**)တစ်ရပ်ကို အတည်ပြုချမှတ်ရေး၊ သက္ကရာဇ် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်များအတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အမျိုးသမီးများ တိုးတက်ရေးအတွက် ဦးစားပေးရမည့် လုပ်ငန်းစီမံချက်များကို ဆုံးဖြတ်သတ်မှတ်ရေးနှင့် ယင်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မူဝါဒ

ချမှတ်နိုင်သောအပိုင်းနှင့် သာမန်လူထု လူတန်းစား အပိုင်းများတွင် ရှိကြသော အမျိုးသမီး အမျိုးသားများအား စည်းရုံးပေါင်းစည်းရေးတို့ပင် ဖြစ်သည်။

အထက်ပါ ညီလာခံကြီးသို့ နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ စက်တင်ဘာ ၄ ရက်နေ့ နံနက်တွင် ကျင်းပသည့် ညီလာခံအကြို အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာအစ္စမတ်ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် ညီလာခံက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဒုတိယဥက္ကဋ္ဌ မဒမ်ချင်မူဟွာအား ညီလာခံသဘာပတိအဖြစ် တင်မြှောက်ခဲ့ကြသည်။

ကမ္ဘာ့အမျိုးသမီးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာခေါင်းဆောင်များက ကမ္ဘာ့အမျိုးသမီးများအတွက် တန်းတူရည်တူရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသည့် အရေးကြီးသည့် အချက်သုံးချက်ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

၎င်းညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ နိုင်ငံတကာဆွေးနွေးမှုအစီအစဉ်၌ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် မြန်မာအဖွဲ့ခေါင်းဆောင်က မိန့်ခွန်းစကားပြောကြားရာ၌ ယနေ့ကမ္ဘာတစ်လွှားရှိအမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ နေရသော ပြဿနာအခက်အခဲများနှင့် မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးများ၏ လူမှုရေး အဆင့်အတန်းနှင့် လူမှုဆက်ဆံရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာအမျိုးသမီးများ၏ လူမှုအခြေအဆင့်ကို တင်ပြရာ၌ ဝန်ကြီးဗိုလ်ချုပ်စိုးမြင့်က ၁၉၉၄–၉၅ သန်းခေါင်စာရင်းအရ ယနေ့မြန်မာနိုင်ငံ၏ လူဦးရေ ၄၄ ဒသမ ၇၄ သန်းအနက် ၂၂ ဒသမ ၅၂ သန်းရှိသော မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူရှိမှုကို မွေးရာပါအခွင့်အရေးတစ်ရပ်အဖြစ် ရရှိထားကြောင်း၊ မြန်မာအမျိုးသမီးများအဖို့ အလုပ်လုပ်ကိုင်ရာ၌ လူမှုရေးနှင့်ဝလေ့ထုံးစံ အတားအဆီးအကန့်အသတ်မရှိကြောင်း တင်ပြခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ယခုအမျိုးသမီးညီလာခံကြီး၌ ကမ္ဘာ့အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲများအား ရင်ဆိုင်ကျော်လွှားရေးအတွက် အကြံပြုချက်များပါဝင်မည့် လုပ်ငန်းလမ်းစဉ်အခြေခံ (**Platform for Action**)ကို အောင်မြင်စွာအတည်ပြုချမှတ်နိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းကြရာ၌ နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ် တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းညီလာခံကြီးက ကဏ္ဍ ၁၂ ရပ်ပါရှိသည့် "ပီကင်းကြေညာချက်နှင့် လုပ်ငန်းလမ်းစဉ် အခြေခံ" ကို အတည်ပြုချမှတ်ခဲ့ပေသည်။

## အကြိမ် ၅၀ မြောက် ကုလသမဂ္ဂညီလာခံ

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြိမ် ၅၀ မြောက် အစည်းအဝေးကြီးကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

ညီလာခံကို ၄၉ ကြိမ်မြောက် အထွေထွေညီလာခံသဘာပတိ အိုင်ဗော်ရီကို့စ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ အမာရာအက်ဆီက ဖွင့်လှစ်ပေးပြီးနောက် အကြိမ် ၅၀ မြောက် ညီလာခံသဘာပတိအဖြစ် ပေါ်တူဂီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ပါမောက္ခ ဒိုင်အိုဂိုဖရိတ်တပ်ဒိုအန်မာရယ်အား အထွေထွေညီလာခံကြီးက တင်မြှောက်ခဲ့သည်။

အကြိမ် ၅၀ မြောက် ညီလာခံကြီး၏ ယာယီအစည်းအဝေး အစီအစဉ်တွင် ညီလာခံကြီးက ဆွေးနွေးဆောင်ရွက်ဆုံးဖြတ်ရန် အကြောင်းအရာ ၁၆၄ ခု ပါဝင်သည်။

အကြိမ် ၅၀ မြောက် ကုလသမဂ္ဂ ညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ ညီလာခံတက်ရောက်ကြသည့် ၁၈၅ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မျက်မှောက် ကမ္ဘာ့ရေးရာအဖြာဖြာကို သုံးသပ်ဆွေးနွေးကြသည်. အထွေထွေဆွေးနွေးမှု အစီအစဉ်၌ ဝန်ကြီးဦးအုံးကျော်က ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ၎င်းမိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအထိ သက်တမ်းနှစ် ၅၀ အတွင်း ကမ္ဘာ့သူကမ္ဘာ့သားများအကျိုးအတွက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဖွဲ့ကြီးကိုလည်း ခေတ်အခါကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာသည်ကို မြန်မာနိုင်ငံက အားရကျေနပ်ကြိုဆိုကြောင်း ဖော်ပြကာ မြန်မာနိုင်ငံ၌ မကြုံစဖူးငြိမ်းချမ်း တည်ငြိမ်လျက်ရှိပြီး အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပုံကို ကိန်းဂဏန်း စာရင်းဇယား အပြည့်အစုံဖြင့် ပီပြင်စွာ တင်ပြခဲ့ပေသည်။

## ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့မည့်အချိန် ၁၉၄၄ ခုနှစ်၊ ဩဂုတ်–စက်တင်ဘာလများအတွင်း ဝါရှင်တန်မြို့ ဒန်ဘာတန် အုတ်ဂေဟာ၌ ဆွေးနွေးကြ၍ ဆန်ဖရန်စစ္စကိုမြို့၌ ဧပြီ ၂၅ မှ ဇွန် ၂၆ အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတည်ထောင်ရေး ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေးတွင် ရေးသားပြုစုကာ အစည်းအဝေးနောက်ဆုံးနေ့ (ဇွန် ၂၆ ရက်) တွင် ပါဝင်တက်ရောက်ကြသော ၅၁ နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလ သမဂ္ဂ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ အစိုးရများ က ၁၉၄၅ ခုနှစ်အောက်တိုဘာ ၂၄ ရက်နေ့တွင် လက်ခံ အတည်ပြုသည့်အခါ တရားဝင်ဖြစ်တည် ပေါ်ပေါက်လာသော ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် သက်တမ်း (၅၀) ပြည့်မြောက်လာခဲ့ရာ ဤအခါ သမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ကို ၎င်း၏ဌာနချုပ်၌ ကျင်းပမည် ဖြစ်သည့်အပြင် ယနေ့တည်ရှိသော အဖွဲ့ဝင် ၁၈၅ နိုင်ငံတို့၌ လည်း ဆင်ယင် ကျင်းပကြရန် စည်းရုံးလှုံ့ဆော်ခဲ့ ပေသည်။

**နှစ် ( ၅၀) မြောက် အထိမ်းအမှတ် ကြေညာချက်** – ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးလျှင် ထိုစစ်ကြီးအတွင်း အသက်ဆုံးရှုံးခဲ့ရသော ပြည်သူသန်းပေါင်းများစွာတို့အား အလေးပြု၍ စစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့သူများအား ကျေးဇူးတင်သတိရကြောင်း ဖော်ပြပြီး အနာဂတ်တွင် လူသားများအတွက် စစ်အနိဋ္ဌာရုံ များ မကြုံတွေ့ရစေရန် ထပ်မံအဓိဋ္ဌာန်ပြုကြောင်း ကြေညာ လိုက်သည်။

## ကုလသမဂ္ဂ နှစ် (၅၀ ) ပြည့် အထိမ်းအမှတ် အထူး အစည်းအဝေး

ဤအထူးအစည်းအဝေးအတွက် အချိန်ကာလကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ သုံးရက်ကြာ သတ်မှတ်၍ နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ် တွင် ကျင်းပခဲ့ရာ နိုင်ငံ ၁၅၀ ကျော်မှ ဘုရင်မင်းမြတ်များ၊ သမ္မတများ၊ နိုင်ငံအကြီးအကဲများ၊ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ဤနိုင်ငံနှင့် အစိုးရအကြီးအကဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကုလသမဂ္ဂအဖွဲ့ ကြီး၏ အတိတ်ကာလမှ သင်ခန်းစာများ၊ အောင်မြင်မှုများ နှင့် အနာဂတ်အတွက် မျှော်မှန်းချက်များကို သုံးသပ် ဆွေးနွေးခဲ့ကြသည်။

အထက်ပါကုလသမဂ္ဂ နှစ် (၅၀ ) ပြည့်အထိမ်းအမှတ် အထူးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်ပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် မိန့်ခွန်းစကားပြောကြားရာ၌ "မြန်မာနိုင်ငံ အနေဖြင့် ပဋိညာဉ်စာတမ်းကြီး၏ မူများနှင့် ဦးတည်ချက်များကို လုံးလုံးလျားလျား ထောက်ခံကြောင်း၊ ကုလ သမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ဆက်ဆံရေးအတွက် အချက်အချာကျသော ကိရိယာ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမည်ဟု သဘောရရှိကြောင်း၊ လက်ရှိအနေအထား၌ ပြီးပြည့်စုံခြင်း မရှိစေကာမူ ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားများ၏ အနာဂတ်အတွက် မျှော်လင့်အားထား စရာ နိုင်ငံတကာအဖွဲ့ကြီးပင် ဖြစ်ကြောင်း:" ဟူ၍ လည်းကောင်း၊ "ကျွန်တော်တို့ ကြုံတွေ့နေရသော နိုင်ငံတကာ အခြေအနေသစ်များကြောင့် ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ပြဿနာအဖုံဖုံ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ရန် အင်အားခိုင်မာမှု အလျှင်အမြန်လိုအပ်နေပြီ ဆိုသော အချက်များ ပေါ်လွင်နေကြောင်း:" ဟူ၍လည်းကောင်း အကြံပြုတင်ပြခဲ့သည်။ ထို့နောက်

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရည်ညွှန်းသုံးသပ်ရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မောင်အေးက "လုံခြုံရေးဆိုသည်မှာ ပြည်တွင်းရေးကိစ္စရပ်၌ ပြင်ပက ဝင်ရောက်စွက်ဖက်မှု၊ ဖိအားပေးမှုများ ကင်းရှင်းရခြင်းကို ဆိုလိုကြောင်း ပဋိညာဉ်စာတမ်း၌ ဖော်ကျူးထားသော အခြေခံမူကြီးများကို တိတိကျကျလိုက်နာဆောင်ရွက်မှသာ နိုင်ငံ များအတွက် လုံခြုံမှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပေသည်။

**မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ်ကျင်းပခြင်း** – ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကို ကုလသမဂ္ဂဌာနချုပ်တွင်သာမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌လည်း ထူးခြားကျယ်ပြန့်စွာ ကျင်းပကြရန် အဖွဲ့ဝင်နိုင်ငံများသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံခဲ့သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီကို ၁၉၉၅ နှစ်ဦးပိုင်းကပင် ဖွဲ့စည်းကာ ယင်းအထိမ်းအမှတ်ကို "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျွန်ုပ်တို့ပြည်သူများ ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအတွက် စည်းလုံးခဲ့ကြပြီ "ဟူသော ဆောင်ပုဒ်နှင့်အညီ "ကုလသမဂ္ဂ ရက်သတ္တပတ်ကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၂၄ ရက်အထိ ကျင်းပရန်" စီစဉ်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပုံမှန်ကျင်းပခြင်းမျိုး မဟုတ်ဘဲ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူတိုင်းကုလသမဂ္ဂ၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လာအောင် စီစဉ်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၀ ရက်နှင့် အောက်တိုဘာ ၁၈ ရက်နေ့များတွင် လမ်းညွှန်ပြော ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြပွဲများ၊ ဟောပြောပွဲများ၊ ပန်းချီတတ်ပုံပြိုင်ပွဲများ၊ စာစီစာကုံး ပြိုင်ပွဲများ၊ ကျောင်းတွင်းကျောင်းပြင် ကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပန်းချီနှင့် အကပြိုင်ပွဲများကျင်းပခဲ့သည့် အပြင် ရုပ်ရှင်ကားများရိုက်ကူးပြသခြင်း၊ အထူးစာပို့ တံဆိပ်ခေါင်းထုတ်ဝေခြင်း စသည့်အစီအစဉ်များ ပြုလုပ်ကျင်းပခဲ့ကြသည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ညစာစားပွဲကို ၁၉၉၅ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့ ညနေတွင်ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးတို့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ကြသည်။ ဤအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နှစ်(၅၀) ပြည့် ကုလသမဂ္ဂအထိမ်းအမှတ်နေ့သဝဏ်လွှာကို အထက်ပါအမျိုးသားကော်မတီ ဥက္ကဋ္ဌက ဖတ်ကြားသည်။ ယင်းသဝဏ်လွှာ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးက "ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကျွန်ုပ်တို့၏ ယုံကြည်အားထားမှုကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ ရည်မှန်းချက်ကြီးများနှင့် အခြေခံမူကြီးများအပေါ် ထားရှိသော ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုကို လည်းကောင်း ထပ်လောင်းအတည်ပြုပါကြောင်း" ဖော်ပြခဲ့ပေသည်။

ထို့နောက် ဆက်လက်၍ အောက်တိုဘာ ၂၄ ရက်နေ့တွင် ကျရောက်သည့်နှစ် (၅၀) ပြည့်ကုလသမဂ္ဂနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ခေတ္တဆက်သွယ်ညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် ဒေါက်တာကလော့စ် ဝဂ္ဂနာက ဖတ်ကြားခဲ့ပေသည်။

**ကုလသမဂ္ဂသို့ မြန်မာနိုင်ငံမှ အထိမ်းအမှတ် ငွေဖလားလက်ဆောင်** – ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီက သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ပညာရှင်များအား ထုတ်လုပ်စေခဲ့သော ငွေဖလားကြီးတစ်လုံးကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သည်။ ငွေဖလား

ကြီးမှာ ငွေစင်အလေးချိန် ၄၄၄၇ ဒသမ၄၀ ဂရမ်ရှိ၍ အတိုင်းအတာအားဖြင့် အကျယ်၄၅ ဒသမ ၇၂ စင်တီမီတာနှင့် အမြင့် ၂၄ ဒသမ ၇၇ စင်တီမီတာဖြစ်သည်။ ငွေဖလားကြီးတွင် ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ဆောင်ပုဒ်ကို ရေးထိုးထားပြီး ကျောက်စိမ်းလုံးချော ငါးလုံး စီခြယ်တပ်ဆင်၍ ခြင်္သေ့နှစ်ကောင်ပုံကို ပုဂံခေတ်(အေဒီ-၁၁ ရာစု) ရိုးရာပန်းချီဒီဇိုင်းများ ဖိုင်းရံထုလုပ်ထားသည်။ ထိုငွေဖလားကြီးကို အကြိမ် (၅၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးအုံးကျော် ၁၉၉၅ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့သို့ ယူဆောင်သွားပြီး ကုလသမဂ္ဂ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပေသည်။

ထိုမှတစ်ပါး မြန်မာနိုင်ငံမှ ရွှေချည်ထိုးပန်းချီကားချပ်ကြီး တစ်ခုကိုလည်း ကုလသမဂ္ဂဌာနချုပ်သို့ မေတ္တာလက်ဆောင် အဖြစ်ပေးပို့အပ်နှင်းခဲ့ပေသည်။

## လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်ထားခြင်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ၅ နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် နှစ်စဉ်ရွေးချယ်ခန့်ထားသည့် လုပ်ထုံးလုပ်နည်းအရ အကြိမ် ၅၀ မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင်ချီလီ၊ အီဂျစ်၊ ဂီနီဘီဆော၊ ပိုလန်နှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) တို့အား ၁၉၉၆ခုနှစ်၊ ၊ ဇန်နဝါရီ ၁ ရက်နေ့မှ စ၍ အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် နိုင်ငံများအဖြစ် စတင်တာဝန်ထမ်းဆောင်ရန်ရွေးချယ်လိုက်သည်။ ဤနိုင်ငံ များသည် ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် ၂ နှစ်သက်တမ်းကုန်ဆုံးမည့် အာဂျင်တီးနား၊ အိုမန်၊ ရဝမ်ဒါနှင့် ချက်သမ္မတနိုင်ငံတို့၏ နေရာများကို ဆက်ခံကြရမည်ဖြစ်သည်။

အဖွဲ့ဝင်အဖြစ် ၂ နှစ်သက်တမ်းမကုန်ဆုံးသေး၍ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် ငါးနိုင်ငံမှာ ဘော့ဆွာနာ၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှားနှင့် အီတလီနိုင်ငံတို့ ဖြစ်ကြသည်။

## ကုလသမဂ္ဂ ဘဏ္ဍာရေးအကျပ်အတည်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအချိန်၌ အလွန်ဆိုးဝါးသောငွေရေးကြေးရေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အတွင်းရေးမှူးချုပ်ဘူးထရို့စ်ဂါလီက အကြိမ် (၅၀) မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံသို့တင်သွင်းသော ၁၉၉၅ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ ထုတ်ဖော်တင်ပြခဲ့ပေသည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့ကအထွေထွေညီလာခံသို့ တင်ပြခဲ့စဉ်ကလည်း ဤကိစ္စမှာ အရေးတကြီးနိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်းအတွင်းရေးမှူးချုပ်ကပြောကြားခဲ့သည်။

ဤတွင်အထွေထွေညီလာခံက အဆင့်မြင့်လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုနောက်တစ်ဖန် ၁၉၉၅ခုနှစ်၊ ဇွန်လတွင် ပြဿနာအကျပ်အတည်း ဆိုက်လာ၍ နောက်ထပ်ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြန်သည်။

လက်ရှိပြဿနာ၏ကြီးမားပုံကို ဖော်ညွှန်းပြသရမည်ဆိုလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ခုနှစ်၊ ဇန်နဝါရီလတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် စစ်သည်တပ်သားနှင့် ပစ္စည်းကိရိယာများ ပေးပို့ခဲ့ကြသော အစိုးရများအားဒေါ်လာသန်း ၈၅၀ ခန့်ပေးရန်ရှိကြောင်း အတွင်းရေးမှူးချုပ်ကတင်ပြခဲ့သည်။ အခြားတစ်ချက်မှာ လွန်ခဲ့သည့် ၂ နှစ်အတွင်းပေးရန်ထည့်ဝင်ကြေးများထက် ပို ၍ ကြွေးကျန်များရှိနေသဖြင့် ကုလသမဂ္ဂအထွေထွေ ပဋိညာဉ်စာချုပ်အပိုဒ် ၁၉ အရအထွေထွေ ညီလာခံတွင် မဲဆန္ဒပေးနိုင်ခြင်းမရှိသောနိုင်ငံများ၏ အရေအတွက်ပင် ဖြစ်သည်။ ၁၉၉၅ခုနှစ်၊ ဩဂုတ်လအလယ်တွင် ထိုနိုင်ငံများ၏အရေအတွက်မှာ ၁၇ နိုင်ငံဖြစ်၍ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှရှိ၏။ အခြားနိုင်ငံအချို့ကလည်း မကြာမီတွင် စာချုပ်အပိုဒ် ၁၉ အရ တာဝန်ကျေ နိုင်တော့မည်မဟုတ်ကြောင်း အသိပေးထားကြ၏။

ကုလသမဂ္ဂအနှစ် (၅၀)ပြည့် အထိမ်းအမှတ် ဆင်ယင်ကျင်းပချိန်တွင်အဖွဲ့ကြီးသည်ငွေကြေးဖလာနတ္ထိဖြစ်နေ၏။ အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂသို့ ဒေါ်လာသန်း ၃၀၀၀ ပေးရန် ကျန်ရှိရာ အများဆုံးပေးဆပ်ရန် ကျန်သူမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဒေါ်လာသန်း ၁၃၀၀ မျှ ကြွေးတင်နေ၏။ ဗြိတိန်နိုင်ငံက ၁၉၉၅ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း၌ ကုလသမဂ္ဂငြိမ်းချမ်းမှု

ထိန်းသိမ်းရေး ရန်ပုံငွေသို့ပေးရန် ကျန်ငွေ ဒေါ်လာ ၈၅ သန်းကို ပေးသွင်းခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက အခြားအဖွဲ့ဝင်နိုင်ငံ များကိုလည်းပေးဆပ်ရန် ကြွေးကျန်များကို အမြန်ဆုံးနှင့် အပြည့်အဝပေးဆပ်ကြရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ၄င်း၏ ၄၉ ကြိမ်မြောက်အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ၁၉၉၆–၉၇ နှစ်များအတွက်အဆိုပြု ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစီရင်ခံစာကို စဉ်းစားပြီးနောက် အတွင်းရေးမှူးချုပ်အား ၁၉၉၆–၉၇ အတွက်အဆိုပြုဘတ်ဂျက်ကို စုစုပေါင်းကြိုတင်ခန့်မှန်းခြေ ဒေါ်လာ ၂,၅၄၈,၄၀၀,၀၀၀ ကိုအခြေခံထား၍ရေးဆွဲပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပေသည်။ ။

တက္ကသိုလ် မောင်ခက်ပန်

**ကိုရီးယား သမ္မတနိုင်ငံ။** ။တောင်ကိုရီးယား သမ္မတကင်မ်ယောင်ဆမ်သည် ၄င်း၏ အစိုးရအဖွဲ့အတွင်းရှိ စီးပွားရေးဆိုင်ရာဝန်ကြီး သုံးဦးအား ပြောင်းလဲခန့်အပ်တာဝန်ပေးကြောင်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသူများမှာ ဘဏ္ဍာရေးဆိုင်ရာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများ သက်သာခွင့်ရှိစေရေးတို့ကို ထောက်ခံသူများဖြစ်သည်ဟု အများက ရှုမြင်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး ဟွန်ဂျေယောင်းအား ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့သည်။ ဟွန်ဂျေယောင်းသည် ၁၀ လကြာ တာဝန်ထမ်းဆောင်ပြီးနောက် မကျန်းမာသဖြင့် ရာထူးမှ နှုတ်ထွက်သွားသော ချုန်ဂျိုင်ဆွတ်နေရာကို ဆက်ခံခြင်းဖြစ်သည်။ ဟွန်ဂျေယောင်း၏ နေရာတွင် စီးပွားရေးရာဆိုင်ရာ သမ္မတ၏ ထိပ်တန်းအတွင်းရေးမှူးဖြစ်သူ ပတ်ဂျေယွန်အား ခန့်အပ်ခဲ့သည်။

သမ္မတ ကင်မ်ယောင်ဆမ်က အစိုးရအဖွဲ့အတွင်း ဤသို့ အပြောင်းအလဲများ ပြုလုပ်ရခြင်းမှာ ချုန်ဂျိုင်ဆွတ်၏ ကျန်းမာရေးမကောင်းမှုကြောင့် လိုအပ်ချက် ဖြစ်လာသောကြောင့် လည်းကောင်း၊ ရာထူးတိုးမြှင့်ရေး စဉ်ဆက်မပြတ်ဖြစ်စေရေးကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့် လည်းကောင်းဟု သမ္မတကင်မ်က အလေးအနက်ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားလင့်ကစား နိုင်ငံ၏ စီးပွားရေးကို



အပြည့်ပြည့်ဆိုင်ရာနှင့် လိုက်လျောညီထွေဖြစ်စေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို ဦးစီးနိုင်သည့် စွမ်းရည်ကြောင့် ဟွန်ဂျေယောင်းအားအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒဆုံးဖြတ်သူအကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ခဲ့သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီကီတက်သည် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်သွားခဲ့သည်။ ဤသို့ နုတ်ထွက်လိုက်ခြင်းဖြင့် ၄င်း၏ ရက်သတ္တပတ် သုံးပတ်ကြာ အတိုက်အခံပြု လှုပ်ရှားဆောင်ရွက်မှုမှာ အဆုံးသတ်သွားသည်။ ၁၉၇၉ ခုနှစ် စစ်ဘက်က အာဏာသိမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခင် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်းနှစ်ဦးအား တရားစွဲဆိုခြင်းမပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် လီကီတက်သည် ဥပဒေပြုရေးကိစ္စရပ်များတွင် ဟန့်တားပိတ်ဆို့ခဲ့သည်။

အဆိုပါ အာဏာသိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ စစ်ဆေးမှုများအရ ၁၉၇၉ ခုနှစ် ကာလက တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများ ဖြစ်ခဲ့ကြသည့် ချုန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် ကြိုတင်ကြံစည်သည့် စစ်ဘက်ဆိုင်ရာ ပုန်ကန်မှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၄င်းတို့အား သစ္စာဖောက်များဟု စွပ်စွဲခြင်းမပြုနိုင်ခဲ့ပေ။ အကြောင်းမှာ၄င်းတို့အနေဖြင့် သမ္မတအား ဖြုတ်ချရန် ကြံစည်ခြင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်ဆီးခြင်းတို့ကို မပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်ဟုဆိုသည်။ ၄င်းမှာဥပဒေကြောင်းအရ မှန်ကန်သည်ဟုဆိုနိုင်ပေသည်။ အကြောင်းမှာ သမ္မတပတ်ချုံဟီးလုပ်ကြံသတ်ဖြတ်ခံရပြီး နောက်မှသာအာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း၁၉၈၀ ပြည့်နှစ်တိုင်အောင် ပြဋ္ဌာန်းခြင်းမပြုခဲ့ပေ။ အာဏာသိမ်းလိုက်ခြင်းဖြင့် ချုန်ဒူးဝမ် သမ္မတအဖြစ် အာဏာရရှိပြီး ၄င်း၏နေရာ၌ နိုတေဝူးက ၁၉၈၈ ခုနှစ်တွင် သမ္မတအဖြစ်ဆက်ခံခဲ့သည်။

စင်စစ်အားဖြင့် သမ္မတကင်မ်ယောင်ဆမ်မှာ သမ္မတဟောင်း နိုတေဝူး၏ အရိုက်အရာကို ဆက်ခံသူ မဟုတ်သည့် အပြင်စစ်ဘက်ကကျောထောက်နောက်ခံ ပြုမှုကို ရယူခြင်းမရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတဟု ခေါ်ဆိုရမည်ဖြစ်သည်။ သမ္မတ ကင်မ်ယောင်ဆမ် အစိုးရ



တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်

အဖွဲ့က သမ္မတဟောင်း ချွန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် နိုင်ငံအတွက်အပြုသဘောဆောင်သည့်လုပ်ရပ်များပြုလုပ်ခဲ့ကြသူများဖြစ်ရာ ၄င်းတို့အား တရားရုံးတွင် ရုံးတင်စစ်ဆေးမည် ဆိုပါက ဒဏ်ရာဟောင်းများကို ပြန်လည် ထုတ်ဖော်ရာ ရောက်ပြီး စိတ်ဝမ်းကွဲပြားမှုများသာဖြစ်စေနိုင်သောကြောင့် ဆက်လက်စုံစမ်းအရေးယူမှုများ မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

အစိုးရ၏ဆုံးဖြတ်ချက်ကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီကီတက်က ဆန့်ကျင်လှုပ်ရှားခဲ့သည်။ လီကီတက်၏ လှုပ်ရှားမှုမှာ ဒီမိုကရက်တစ်ပါတီအတွင်း ၄င်း၏အနေအထားကို အထောက်အကူပြုရန်ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟုအများကရှုမြင်သုံးသပ်ကြသည်။ ၄င်း၏ပါတီအတွင်းရှိ ပါတီအဖွဲ့ဝင်အများအပြားကလည်း လီကီတက်၏ လုပ်ဆောင်ချက်မှာအစွန်းရောက်လွန်းသည်ဟုဝေဖန်ကြသည်။ သြဇာအာဏာကြီးမားသော ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်ဟောင်း ကင်ဒေးယုံ ကလည်း လီကီတက်အနေဖြင့် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်ခြင်းကို ရုပ်သိမ်းရန် အကြံပြုခဲ့သည်။

ဤသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက် ရှိနေရာမှ သမ္မတကင်မ်ယောင်ဆမ်သည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းပုံ အစီအစဉ်ကို ကြေညာပြီး ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့အတွင်း ကြီးမားသည့်အပြောင်းအလဲကို လုပ်ဆောင်ခဲ့သည်။ ဤသို့ အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ခြင်း မတိုင်မီ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားပေါင်းစည်းရေးဝန်ကြီး လီဟောင်ကူအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခဲ့သည်။

လီဟောင်ကူသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားခဲ့သည့် နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး သမ္မတ နိုတေဝူးလက်ထက် ၁၉၈၈ – ၉၀ ခုနှစ်တွင် အမျိုးသားပေါင်းစည်းရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နိုတေဝူး၏ နိုင်ငံရေးကိစ္စရပ်များဆိုင်ရာ အထူးလက်ထောက်ဖြစ်လာပြီး ၁၉၉၁ – ၉၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၄ ခုနှစ် ဧပြီလတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ရန် သမ္မတ ကင်မ်ယောင်ဆမ်၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ကင်မ်၏အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆိုးလ်မြို့၌ကျင်းပသည့် ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) ၏ ပါတီညီလာခံတွင် သမ္မတ ကင်မ်ယောင်ဆမ်အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင် မြှောက်ခဲ့သည်။

ဤအတောအတွင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) နှင့် အတိုက်အခံ ဒီမိုကရက်တစ်ပါတီ တို့အကြား ဒေသဆိုင်ရာရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ခဲ့ရသည်။ ယင်းပြဿနာမှာ မတ်လ ၁၄ ရက်နေ့တွင် အစမ်းသဘော သဘောတူညီမှုဖြင့် အဆုံးသတ်ခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို အတင်းအကျပ် ပြဋ္ဌာန်းရန် ပါလီမန်ရှိ အမတ်အများစုအင်အားကို အသုံးချရန် အဆိုပြုခဲ့သည်။ အဆိုပါဥပဒေအရ ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမဟုတ်သည့် အခြားရာထူးနေရာများအတွက် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူများအား နိုင်ငံရေးပါတီတစ်ခုခုနှင့် တွဲဖက်ပါဝင်နေခြင်းကို ကြေညာခြင်းမှ တားမြစ်ထားသည်။

ဤလုပ်ဆောင်ချက်မှာ ရွေးကောက်ပွဲများတွင် အကြီးအကျယ် ရှုံးနိမ့်မည့်အရေးကို ကြောက်ရွံ့သည့် ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု အတိုက်အခံပါတီက ဝေဖန်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရေးတွင် ထောက်ခံအတည်ပြုချက် ရရှိမည်ကို ဟန့်တားကာကွယ်သောအားဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ၎င်း၏ လက်ထောက်တို့အား သူတို့၏နေအိမ်များမှ အိမ်ပြင်သို့ မထွက်နိုင်အောင် ပါလီမန်ရှိ အတိုက်အခံအမတ်များက မတ်လ ၆ ရက်နေ့မှ စတင်ကာ တားဆီးပိတ်ဆို့ခဲ့သည်။ နောက်ဆုံးတွင် အဓိကရုဏ်းနှိမ်နင်းရေးရဲများက ဖြိုခွဲလိုက်ရာ အတိုက်အခံများက မတ်လ ၁၃ ရက်နေ့တွင် ပါလီမန်ကို သိမ်းပိုက်ရန်ကြိုးပမ်းခဲ့သည်။ နောက်ပိုင်းတွင် စေ့စပ်ညှိနှိုင်း သဘောတူညီချက်အရ ဒေသဆိုင်ရာ အဖွဲ့အစည်း ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်များအနေဖြင့် တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်ရန်နှင့် ဒေသဆိုင်ရာ အစိုးရ ရာထူးနေရာများအတွက်မူ နိုင်ငံရေးပါတီအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်ကို သဘောတူညီခဲ့ကြသည်။

၁၉၉၅ ခုနှစ်၊ မတ်လအတွင်းတွင် သမ္မတကင်မ်ယောင်ဆမ် သည် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ချက်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဗဲလ်ဂျီယမ်နိုင်ငံများသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ သမ္မတ ကင်မ်၏ ဥရောပသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ ကိုပေဟေဂင်မြို့၌ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံသို့ သမ္မတကင်မ် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးမည့် ကိုရီးယားနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများကို ကိုရီးယားနိုင်ငံ၏ စီးပွားရေးအင်အား အတိုင်းအတာအရ ပေးစွမ်းနိုင်သလောက် အများဆုံးပေးရန် ကတိကဝတ် ပြုခဲ့သည်။

**နျူကလီးယား သဘောတူစာချုပ်အခြေအနေ**– အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲများကို ဂျီနီဗာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင်စတင်ခဲ့ရာ ယင်းနှစ်အောက်တိုဘာ ၂၁ ရက်နေ့တွင် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်တွင် ပါဝင်သော အချက်အလက်များမှာ ဩဂုတ်လအတွင်း ဆွေးနွေးညှိနှိုင်းချက်များအရ အကြမ်းဖျင်းလျာထားသဘောတူညီချက်များနှင့်အညီဖြစ်သည်။ သဘောတူညီချက်အရ မြောက်ကိုရီးယား နိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ပြီး အပြည်ပြည်ဆိုင်ရာမှ နျူကလီးယားစစ်ဆေးမှုကို ခွင့်ပြုသည့်အတွက် မြောက်ကိုရီးယား နိုင်ငံ၏လက်ရှိနျူကလီးယားနည်းပညာကို အစားထိုးလုပ်ဆောင်ပေးရာတွင် အကူအညီရရှိမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ သံတမန်ရေးရာ အသိအမှတ်ပြုမှုကိုလည်း ရရှိမည်ဖြစ်သည်။ အမေရိကန်–မြောက်ကိုရီးယားနျူကလီးယား သဘောတူစာချုပ်ကို အမေရိကန်ဘက်မှ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ် အယ်ဂယ်လူစီနှင့် မြောက်ကိုရီးယားဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ဆုတ်ဂျူတို့ကလက်မှတ်ရေးထိုးခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည်တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်မဲ့ဇုန်ဒေသကိုဖြတ်ကာ ပျံသန်းခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံပိုင်နက်အတွင်း ငါးကီလိုမီတာ အကွာတွင် ပစ်ချခံခဲ့ရသည်။ ပစ်ချခံရမှုကြောင့် ရဟတ်ယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ အဆိုပါရဟတ်ယာဉ်မှာ ထောက်လှမ်းမှုအတွက် လေ့ကျင့်ပျံသန်းခဲ့သည်ဟု ဆိုသည့်မြောက်ကိုရီးယား၏ပြောဆိုချက်ကို အမေရိကန်အစိုးရက မဟုတ်မမှန်ကြောင်းငြင်းဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အဆိုပါ ဖြစ်ရပ်အတွက် အမေရိကန်ပြည်ထောင်စုမှ တရားဝင်တောင်းပန်ရန်နှင့် နှစ်နိုင်ငံတိုက်ရိုက်စစ်ဘက်ဆိုင်ရာဆွေးနွေးမှုများကို စတင်ရေးကိုကတိကဝတ်ပြုရန်ကိုတောင်းဆိုခဲ့သည်။ သို့ဖြစ်ရာအရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမတ်စ်ဟတ်ဘဒ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီးဖမ်းဆီးခံထားရသည့်ရဟတ်ယာဉ်မှူး လွတ်မြောက်ရေးကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဤသို့ဖြင့်ဖမ်းဆီးထားသောအမေရိကန်ရဟတ်ယာဉ်မှူးကို မြောက်ကိုရီးယားက ဒီဇင်ဘာ ၃၀ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြောက်ကိုရီးယားက အမေရိကန်ရဟတ်ယာဉ်မှူးကို လွှတ်ပေးလိုက်ခြင်းကြောင့်

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် တိုးတက်လာခဲ့သည်။ နှစ်ဦးနှစ်ဖက် စလုံးက၁၉၉၄ ခုနှစ်၊ အောက်တိုဘာလက ဂျီနီဗာ နျူကလီးယားသဘောတူညီချက်အရ ကတိကဝတ် ပေးထားသည့် ဆောင်ရွက်ရန်ကိစ္စကို ဆက်လက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ဆောင်ရွက်ရန်ကိစ္စများတွင် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေး၊မြောက်ကိုရီးယားသို့ အမေရိကန် ပြည်ထောင်စုက ရေနံများအခမဲ့ထောက်ပံ့ရေး၊ ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို မြောက်ကိုရီးယား နိုင်ငံသို့ အပြည့်ပြည့်ဆိုင်ရာက ထောက်ပံ့ရေး၊ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယား အစီအစဉ် ကို ရပ်ဆိုင်းထားရေးတို့ပါဝင်သည်။

မြောက်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေးအနေဖြင့် မြောက်ကိုရီးယားအစိုးရက အမေရိကန်ထုတ်ကုန်များတင်သွင်းမှုနှင့် အမေရိကန် ကုန် သည်သင်္ဘောများ မြောက်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းများသို့ ဝင်ရောက်ခြင်းတို့အား ကန့်သတ်တားမြစ်ခြင်းကို ရုပ်သိမ်းကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက မြောက် ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု တစ်ပိုင်းတစ်စကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီ များကိုလည်း မြောက်ကိုရီးယားနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင် ခွင့် ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများက လည်း အမေရိကန်နိုင်ငံသို့ မဂ္ဂနက်ဆိုက် တင်ပို့နိုင်ခဲ့ သည်။ ထို့ပြင် နှစ်ဦးနှစ်ဖက်စလုံးက ရက်ပေါင်း ၉၀ (သုံးလ) အတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စု က ရေနံအခမဲ့ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ရီပတ်ပလီကင် အမတ်များ လွှမ်းမိုးထားသည့် အမေရိကန်ကွန်ဂရက်က မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ ရေနံတင်ပို့မှုကို ဟန့်တားရန် ခြိမ်းခြောက်ထားလင့်ကစား ဇန်နဝါရီ ၁၇ နှင့် ၁၉ ရက်နေ့များတွင် ပထမအသုတ် အဖြစ် နှစ်ကြိမ်တင်ပို့ခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပထမ အသုတ်အဖြစ် နှစ်ကြိမ်တင်ပို့မှုတွင် ရေနံတန်ချိန်ပေါင်း ၅၀,၀၀၀ တန်ရှိသည်။ စုစုပေါင်း တင်ပို့မည့် တန်ချိန် ပေါင်းမှာ ၅၀၀,၀၀၀ ဖြစ်သည်။ ဤသို့ ရေနံများ တင်ပို့ ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရခြင်းကြောင့် စွမ်းအင် မလုံ မလောက်ဖြစ်မှုကို ထေမိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အထက်တွင်ဖော်ပြထားသည့်အတိုင်း အမေရိကန် ဒေါ်လာ ငါးသန်းဖိုးရှိသည့် ရေနံများကို ပထမအသုတ် အဖြစ် အမေရိကန်ပြည်ထောင်စု စစ်ဘက်နှင့် ကန်ထရိုက် စာချုပ် ချုပ်ဆိုထားသည့်ကုမ္ပဏီတစ်ခုက တောင်ကိုရီးယား နိုင်ငံမှတစ်ဆင့် တင်ပို့ခဲ့ခြင်း ဖြစ်သည်။

**မြောက်ကိုရီးယား ပိုင်နက်အတွင်း ပစ်ချခံရသည် အမေရိကန် ရဟတ်ယာဉ်မှူး**



ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖို နှစ်လုံးကို မြောက်ကိုရီးယားနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ရေး ကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းအဆင့်ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန် ဒီစီတွင် ဇန်နဝါရီ ၉ ရက်နေ့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) ဖြစ်ပေါ်ရေးဆိုင်ရာ သဘောတူညီချက် ရရှိရန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိဂရပ်ဖိုက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို အစားထိုးမည့် ဓာတ်ပေါင်းဖိုအသစ်နှစ်ခု တည်ဆောက်ရေးကို ကြီးကြပ်ကွပ်ကဲရန် ဖြစ်သည်။ ဆွေးနွေးပွဲတွင် ကေအီးဒီအိုအဖွဲ့ ဌာနချုပ်ကို နယူးယောက်မြို့တွင် ထားရှိရန်၊ ယင်းအဖွဲ့ကို အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ပြီး ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက ကူညီပံ့ပိုးရန် ဖြစ်သည်။ ထို့ပြင် တရုတ်၊ ရုရှားနှင့် စက်မှု ခုနစ်နိုင်ငံ (ဂျီ – ၇) များမှ အရာရှိများဖြင့် အကြံပေး ရေးကော်မတီတစ်ရပ်ကိုလည်း ထားရှိရန်ဖြစ်သည်။

မြောက်ကိုရီးယား နျူကလီးယားအစီအစဉ် ရပ်ဆိုင်းထားခြင်း ကိစ္စတွင်မူ ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် မြောက်ကိုရီးယားအစိုးရက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သော်လည်း အသုံးပြုပြီးလောင်စာချောင်း ၈၀၀၀ ၏ အနာဂတ်ရေး ပြဿနာက ရှိနေသေးသည်။ ယင်းလောင်စာချောင်းများကို ၁၉၉၄ ခုနှစ် မေလတွင် ဖယ်ရှားခဲ့ခြင်းဖြစ်ပြီး ယင်းတို့တွင် နျူကလီးယားလက်နက်များ အမြောက်အမြား ထုတ်လုပ်နိုင်သည့် ပလူတိုနီယမ်များ အလုံအလောက် ပါသည်ဟုဆိုသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြောက်ကိုရီးယား – အမေရိကန် ကျွမ်းကျင်သူများ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၄ ရက်နေ့တွင် သဘောတူညီမှုတစ်ရပ်ဖြင့် ပြီးဆုံးခဲ့သည်။ ရရှိခဲ့သော သဘောတူညီမှုမှာ နျူကလီးယားလောင်စာချောင်းများကို မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖိုအဟောင်းများ နေရာတွင် အစားထိုးတည်ဆောက်သည့် ဓာတ်ပေါင်းဖိုအသစ်တစ်လုံး ပြီးစီးသည့်တိုင်အောင်အထိနှင့် နျူကလီးယားလောင်စာချောင်းများအား တတိယနိုင်ငံတစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ် နိုင်သည်အထိ ၎င်းတို့ကို ခြောက်သွေ့သည့်နေရာ၌ သိုလှောင် သိမ်းဆည်းထားရန်ဖြစ်သည်။

တစ်ဖက်တွင် တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ် က မြောက်ကိုရီးယားနှင့် နိုင်ငံရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ၎င်း၏အစိုးရအဖွဲ့ တိုက်တွန်းချက်မှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှု ရရှိလိမ့်မည်ဟု ထင်မြင်ကြောင်း ဇန်နဝါရီ ၆ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ဇန်နဝါရီ ၂၇ ရက်နေ့၌ မြောက်ကိုရီးယားအစိုးရအဖွဲ့က တွေ့ဆုံဆွေးနွေးရေးကို ပယ်ချခဲ့သည်။ ယင်းသို့ ဆွေးနွေးရေးကို မြောက်ကိုရီးယားက ပယ်ချခဲ့သည့်အတွက် အမေရိကန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး စထရော့တဲလ်ဘော့က တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးရေးမှာ ဂျီနီဗာ သဘောတူညီချက်တစ်ခုလုံးအား လွှမ်းခြုံသည့်အစိတ်အပိုင်း တစ်ခုပင်ဖြစ်ကြောင်း အလေးအနက်ထား ပြောဆိုခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် ဓာတ်ပေါင်းဖိုကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှု ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ရာ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အကြား ရရှိခဲ့သည့် ၁၉၉၄ ခုနှစ် အောက်တိုဘာနျူကလီးယား သဘောတူညီမှုမှာ ခြိမ်းခြောက်ခံခဲ့ရသည်။

ဖြစ်ပေါ်ခဲ့ရသည့် အငြင်းပွားမှုမှာ မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများအတွက် လက်ရှိဖွဲ့စည်းနေဆဲဖြစ်သည့် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို)က ဘဏ္ဍာငွေကြေးထောက်ပံ့ရန်ဖြစ်သည်။ အဆိုပါ ကေအီးဒီအိုအဖွဲ့ကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး တောင်ကိုရီးယားက ဘဏ္ဍာငွေကြေး အများအပြား ထောက်ပံ့မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအတွက် ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖို နှစ်ခုကို တောင်ကိုရီးယားနိုင်ငံကသာ တာဝန်ယူဆောက်လုပ်ရန် အမေရိကန်က အတင်းအကျပ်ပြောဆိုနေခဲ့သည်။ တောင်ကိုရီးယား အာဏာပိုင်များကလည်း တစ်နေ့တွင် ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းမိပြီး အုပ်ချုပ်ရေး အာဏာတစ်ခုတည်းဖြင့် စီမံအုပ်ချုပ်သွားမည့်အရေးကို ရပ်တည်အခြေခံလျက် အမေရိကန်၏ ပြောကြားချက်ကို ခိုင်ခိုင်မာမာ ထောက်ခံခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့်မူ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကနဦးကပင်တောင်းဆိုထားခဲ့ပြီးဖြစ်သည်။ ထို့ပြင်မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံမှလွဲပြီး အခြား မည်သည့်နိုင်ငံမှမဆိုဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကိုလည်း ထုတ်ဖော် ပြောကြားခဲ့ပြီးဖြစ်သည်။ နျူ ကလီးယား ဓာတ်ပေါင်းဖိုများ ထိန်းသိမ်း ရေးအတွက် တောင် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူများ အပေါ် မှီခို နေရ မည့် အရေးကို လက်မခံနိုင်ကြောင်း မြောက်ကိုရီးယား အစိုးရက ရှုတ်ချခဲ့သည်။

၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ဆောက်လုပ်ရေးအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ထိုးရန်နောက်ဆုံးရက်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဖြစ်သည်။ ယင်းအရေးနှင့် စပ်လျဉ်းပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့ဘာလင်မြို့တွင် ငါးရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ နှစ်ဖက်စလုံးကလိပ်ခဲတည်းလည်းဖြစ်နေသည့် ပြဿနာပြေလည်စေရေးအတွက် အပေးအယူလုပ်၍ အလျှော့ပေးရန်ငြင်းဆိုခဲ့ကြသည်။

အမေရိကန်အစိုးရက ၁၉၉၄ ခုနှစ်၊အောက်တိုဘာလ နျူကလီးယားသဘောတူညီမှုတွင် မြောက်ကိုရီးယား၌ ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုများ၏ အရင်းအမြစ်မှာ မည်သည့်နိုင်ငံမှဖြစ်ရမည်ကို သီးသန့်ဖော်ပြမထားသော်လည်း ယင်းဓာတ်ပေါင်းဖိုများသည် တောင်ကိုရီးယားနိုင်ငံမှသာဖြစ်ရမည်ဆိုသည့်အချက်ကို နှစ်ဦးနှစ်ဖက်စလုံးကနားလည်သဘောပေါက်ထားကြပြီး ဖြစ်သည်ဟုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းပြဿနာရပ်အပေါ်တင်းခံနေမည်ဆိုပါက သဘောတူညီချက်တစ်ရပ်လုံးကိုခြိမ်းခြောက်ရာရောက်ပြီး ထိခိုက်စေနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ ယင်းသို့ပြောကြားချက်ကို တုံ့ပြန်ရာတွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ယင်းထုတ်ပြန် ကြေညာချက်တွင်အကျိုးတရားတစ်စုံတစ်ရာထွက်ပေါ်လာခြင်းမရှိသည့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်လက် အချိန်ဖြုန်းမည့်အစား သဘောတူညီချက်ကို ရုပ်သိမ်းလိုက်လျှင် ပို၍ကောင်းလိမ့်မည်ဟု အကြံပြုဖော်ပြထားသည်။

ဤခြေအနေတွင် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်လော့ဒ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီး ဖြစ်ပေါ်နေသည့် ပြဿနာနှင့် စပ်လျဉ်း၍ တူညီသည့်သဘောထားချမှတ်နိုင်ရေးအတွက်ဆွေးနွေးခဲ့သည်။

တစ်ဖက်တွင်မြောက်ကိုရီးယားနိုင်ငံကလည်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယားသဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့ရသည့် တောင်–မြောက်ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများပြန်လည်စတင်ရန်ရှိလင့်ကစား ၁၉၉၄ ခုနှစ်၊ ဇူလိုင်လကမြောက်ကိုရီးယား သမ္မတကင်အီဆွန်းကွယ်လွန်ခဲ့ခြင်းအတွက် တောင်ကိုရီးယားနိုင်ငံက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့ခြင်းအပေါ် တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်က တောင်းပန်ရန်ကို ဆက်လက်တောင်းဆိုနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅–စာ၊ ၁၆၂၊ ၁၆၃–ရှ။)

တောင်ကိုရီးယားနိုင်ငံဘက်ကလည်း ပစိဖိတ်ဒေသစစ်ပွဲပြီးဆုံးသည့် နှစ် ၅၀ မြောက်အထိမ်းအမှတ် ကျင်းပရန် ပူးတွဲကွန်ဖရင့်တစ်ရပ်အတွက် မြောက်ကိုရီးယား၏အဆိုပြုချက်ကို ပယ်ချခဲ့ပြီးနောက် အဆိုပြုချက် အသစ်တစ်ရပ်တင်ပြခဲ့သည်။ ယင်းအဆိုပြုချက်တွင် ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာနေသည့် မိသားစုများအား မြောက်ကိုရီးယားနိုင်ငံမြို့တော်ပြုံယမ်းသို့ သွားလာခွင့်ပြုရန်၊ ဧပြီလတွင် မြောက်ကိုရီးယားက ကမကထပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာပွဲတော်သို့ တက်ရောက်ခွင့်ပြုရန်၊နှစ်နိုင်ငံမှ စာနယ်ဇင်းသမားများ ဖလှယ်ရေးနှင့်မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လိုသော တောင်ကိုရီးယားလုပ်ငန်းရှင်များအပေါ် ကန့်သတ်ထားချက်များအား သက်သာခွင့် ပြုရေးတို့ကို အကြံပြုဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းအဆိုပြုချက်များသည် ဆွေးနွေးပွဲများ ပြန်လည်ဖြစ်မြောက်ရေးအတွက် မြောက်ကိုရီးယား၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ဖြည့်ဆည်းပေးခြင်းမရှိဘဲ တောင်နှင့်မြောက်နှစ်နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ရန် ကြံစည်ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟု ဆိုကာပယ်ချခဲ့သည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြားရရှိခဲ့သည့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်ကို အကောင်ထည်ဖော် ဆောင်ရွက်ခြင်း

နှင့် စပ်လျဉ်းပြီး အသေးစိတ်လုပ်ငန်းစဉ်များ အပြီးသတ်ဆောင်ရွက်ရေး နောက်ဆုံးသတ်မှတ်ရက် ဖြစ်သည့် မေ ၂၁ ရက်နေ့မှာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ကျော်လွန်သွားခဲ့သည်။ သို့ဖြစ်လင့်ကစား မေလကုန်တွင် အမေရိကန်နှင့် မြောက်ကိုရီယားတို့က ဆွေးနွေးပွဲများပြန်လည်ကျင်းပရန် သဘောတူညီခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီယား သဘောတူညီမှုကို ကျောခိုင်းစွန့်ခွာရန် ခြိမ်းခြောက်ပြီးရပ်ဆိုင်းထားသည့် ၄င်း၏ နျူကလီယား အစီအစဉ်ကို ပြန်လည် လုပ်ဆောင်လိမ့်မည်ဟူသော စိုးရိမ်ပူပန်မှုမှာ သက်သာရာရရှိသွားခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံဘက်က ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို တောင်ကိုရီးယားနိုင်ငံမှ ပုံစံမျိုးမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများသာ အစားထိုးရယူလိုကြောင်းကို အကြောက်အကန် ဆက်လက်ပြောကြားနေခဲ့သည်။ ယင်းအရေးကိစ္စနှင့် စပ်လျဉ်းပြီး ဘာလင်မြို့တွင် အခြေစိုက်လျက်ဆက်လက်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှာလည်း တိုးတက်မှုမရရှိဘဲရှိနေခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်အစိုးရက မေ ၂၁ ရက်သည် နောက်ဆုံးရက်အဖြစ် သတ်မှတ်ခြင်းမျိုးထက် ရည်မှန်းလျာထားသည့် ရက်တစ်ရက်သာဖြစ်သည်ဟု အကြံပြုခဲ့သည်။ ထို့ပြင် မြောက်ကိုရီးဘက်က ၄င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းနေသမျှ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားနိုင်မည်ဟု အမေရိကန်ဘက်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယား အစိုးရကမူ နောက်ဆုံးသတ်မှတ်ရက် မေ ၂၁ ရက်နေ့တွင် သဘောတူညီမှုကိုအပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် နျူကလီယား သဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့သည့် ယောင်ဗြုံးတွင်ရှိ နျူကလီယားဓာတ်ပေါင်းဖိုကို လောင်စာပြန်လည်ဖြည့်ရန် စဉ်းစားရလိမ့်မည်ဟု ပြင်းပြင်းထန်ထန် ဖော်ပြခဲ့သည်။

အထက်ပါကိစ္စရပ်ဆိုင်ရာ အပြီးသတ်ဆွေးနွေးပွဲများကို မေ ၁၈ ရက်နေ့တွင်စတင်ခဲ့ရာ သဘောတူညီမှုမရရှိဘဲ မေ ၂၀ ရက်နေ့တွင်ပြီးဆုံးသွားခဲ့သည်။ မေ ၂၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ၄င်းအဖွဲ့မှ စစ်ဆေးသူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၄င်း၏ နျူကလီးယား အစီအစဉ်ကို ပြန်လည်လုပ်ဆောင်သည့် အထောက်အထားမတွေ့ရှိရကြောင်းကြေညာခဲ့သည်။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနျူကလီယား သဘောတူညီမှုအကောင်အထည်ဖော်ရေးဆိုင်ရာ မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံကြား ဆွေးနွေးပွဲကို မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် ပြန်လည်ကျင်းပခဲ့ရာ ယခင်အကြိမ်များကဲ့သို့ပင် တိုးတက်မှုမရရှိဘဲ ရှိနေခဲ့သည်။ မြောက်ကိုရီယားနိုင်ငံဘက်ကလည်း အမေရိကန်ဒေါ်လာ လေးဘီလီယံ တန်ဖိုးရှိ တောင်ကိုရီးယားနိုင်ငံမှ ရေသွက်သုံး နျူကလီယားဓာတ်ပေါင်းဖိုများ ကို လက်ခံရန်ငြင်းဆန်မြဲငြင်းဆန်နေခဲ့သည်။

ဦးခင်မောင်လေး

## ကမ္ဘောဒီးယားနိုင်ငံ။

။ကမ္ဘောဒီးယားနိုင်ငံ၏ ၁၉၉၅ ခုနှစ် အတွင်း နိုင်ငံရေး၊ ပြည်တွင်းရေး၊ စစ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။

### နိုင်ငံရေးအခြေအနေ

ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဆမ်ရိန်ဆီအား ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်းက ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ အဓိက ပါတီကြီးတစ်ခုဖြစ်သော ဖန်ဆိပက်ပါတီ၏ ပါတီဝင်အဖြစ်မှလည်း ထုတ်ပယ်လိုက်သည်။ ဖန်ဆိပက် ပါတီ ပြောရေးဆိုခွင့်ရှိသူက ဆမ်ရိန်ဆီသည် ပါတီတွင်းတွင် ဆိုးရွားသော လုပ်ရပ်များကို ပြုမူ လုပ်ကိုင်ခဲ့ကြောင်း၊ အကြိမ် ကြိမ်သတိပေးသော်လည်း အလေးမမူခဲ့ကြောင်း ဆမ်ရိန်ဆီအား ပါတီမှ ထုတ်ပယ်သည့် နေ့၌ ပြောကြားခဲ့သည်။ ဆမ်ရိန်ဆီ ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရခြင်းမှာ နိုင်ငံအတွင်းရှိ ထိပ်ပိုင်းတွင် တာဝန် ထမ်းဆောင်နေကြသောပုဂ္ဂိုလ်များ၏ ခြစားမှုကို ဝေဖန်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များက ထင်ကြေးပေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို၁၉၉၈ ခုနှစ်တွင်ပြန်လည်ပြုလုပ်ရမည်ဖြစ်သည်။ ဝန်ကြီးရာထူးမှ လွန်ခဲ့သည့်နှစ်က ထုတ်ပယ်ခံရပြီးနောက် ဖန်ဆိပက်ပါတီမှထုတ်ပယ်မခံရမီ ၁၉၉၅ ခုနှစ်၊ မေလဆန်းက ထင်ရှားသောနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆမ်ရိန်ဆီက

၁၉၉၈ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲသစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မိမိနိုင်ငံရေးပါတီသစ်တစ်ခုကို တည်ထောင်ရန်ကြံရွယ်ထားကြောင်း ကြေညာခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဩဂုတ်လအတွင်းက ကမ္ဘောဒီးယား နိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ်စတိုဖာ ရောက်ရှိခဲ့သည်။ ဝါရင်းခရစ်စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းခဲ့သည်။ ယင်းသို့တိုက်တွန်းပြီးမကြာမီ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရေးကိုလက်မခံကြောင်း၊ အနှစ် ၂၀ ကျော်ကြာ ပြည်တွင်းစစ်နှင့် ခမာနီတို့၏ မျိုးဖြုတ်သတ်ဖြတ်မှု ခံရပြီးနောက် နိုင်ငံတော်ပြန်လည်ထူထောင်နေစဉ်၌ ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရန် အကြောင်းမရှိကြောင်း၊ ယင်းသို့သော အခြေအနေ၌ကမ္ဘော ဒီးယားနိုင်ငံတွင်စည်းကမ်းရှေ ဒီမိုကရေစီပါနှစ်ရပ်လုံး လိုအပ်သည်မှန်သော်လည်း မိမိတို့ လူ့ဘောင်တွင် ဒီမိုကရေစီထက် စည်းကမ်းရှိရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လိပိုင်နှင့် နှစ်နိုင်ငံနယ်စပ်ပြဿနာကိုဆွေးနွေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မတ်လ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ကမ္ဘောဒီးယားအစိုးရတပ်များက ခမာနီပြောက်ကျားများကို လိုက်လံတိုက်ခိုက်ရာတွင် ထိုင်းနိုင်ငံ၏အရှေ့ပိုင်းဒေသ စီစာခက် ( Sisaket )ရှိနယ်မြေများသို့နယ်ကျွံလာသဖြင့် ကမ္ဘောဒီးယားအစိုးရတပ်သားများကို ထိုင်းတပ်သားများက ဟန့်တားရာမှကမ္ဘောဒီးယားတပ်သား ၁၂ ဦးသေဆုံးခဲ့ရကြောင်း ထိုင်းကြည်းတပ်က မတ်လ ၅ ရက်နေ့၌ ကြေညာချက်ထုတ်သည်။

## ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ သွားရောက် လည်ပတ်လျက်ရှိရာ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ကမ္ဘာလှည့်ခရီးသည် ဇနီးမောင်နှံနှစ်ဦးအား အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်ခံကြရသူ ကမ္ဘာလှည့်ခရီးသည် မောင်နှံမှာ အမေရိကန် ပြည်ထောင်စုမှ ဂျိမ်းဟောဒင်နှင့် စူဆန် ဂျင်စဘတ်ဟောဒင်အမည်ရှိ ဇနီးမောင်နှံနှစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၁၂ ရာစုက တည်ဆောက်ခဲ့သော အန်ကာဝပ်ကျောင်းတော်ကြီး အနောက် ၂၅ မိုင်အကွာရှိ ရှေးဟောင်း ( Banteay Srey ) ဘုရား ကျောင်းသို့ ကားဖြင့်အသွား သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန် ပြည်ထောင်စု တက္ကဆက် ပြည်နယ် တက္ကသိုလ်ပါမောက္ခဖြစ်သူ စူဆန်ဟောဒင်နှင့် ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသည်လမ်းပြတို့ သေဆုံးခဲ့ကြရသည်။ မစ္စတာဟောဒင်မှာ ဒဏ်ရာအပြင်းအထန် ရရှိသည်။

အဆိုပါတိုက်ခိုက်မှုသည် လုယက်တိုက်ခိုက်မှုမျိုးမဟုတ်ဘဲနိုင်ငံရေးနှင့် ဆက်နွှယ်သည့် လုပ်ရပ်ဖြစ်ပြီး ခမာနီပြောက်ကျားတို့၏ ပယောဂဖြစ်ကြောင်း ကမ္ဘောဒီးယား အစိုးရက ပြောကြားသည်။ ၁၉၉၁ ခုနှစ်တွင် အန်ကာဝပ်ကျောင်းတော်နယ်မြေတစ်ဝိုက်ကိုကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် ဖွင့်ပေးပြီးနောက် ယခုအကြိမ်သည်ကမ္ဘာလှည့်ခရီးသည်များကို ပထမဆုံးအကြိမ် သတ်ဖြတ်တိုက်ခိုက်မှု ဖြစ် သည်။ ကမ္ဘာလှည့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Veng Sereyvudh က Banteay Srey ဘုရား ကျောင်းသို့ ကမ္ဘာလှည့် ခရီးသည်များသွားလာ မှုကို ပိတ်ထားလိုက်သည်။ အန်ကာဝပ်ကျောင်းတော်သို့ သွားလာမှုကိုမူ ခွင့်ပြုပြီးလုံခြုံမှုကို တာဝန်ယူကြောင်း ဇန်ဆရေးဗုတ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်မနှစ်က ကမ္ဘာလှည့်ခရီးသည်များအားပြန်ပေးဆွဲခြင်း၊ လုယက်တိုက်ခိုက်ခြင်းများဖြစ်ပွားခဲ့ရာ နိုင်ငံခြားသားခြောက်ဦး သေဆုံးခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ တစ်ဖန် အမေရိကန် ကမ္ဘာလှည့် ဇနီးမောင်နှံကို လုယက်တိုက်ခိုက်ခဲ့ရာ ဇနီးဖြစ်သူ စူဆန်ဂျင်စဘတ်ဟောဒင်နှင့် ကမ္ဘောဒီးယားခရီးသည်လမ်းပြတို့ သေဆုံးခဲ့ပြီး ခင်ပွန်းသည် ဂျိမ်းဟောဒင်မှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းသို့ ကမ္ဘာလှည့်ခရီးသည်များအား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့လင့်ကစား ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် အနှစ် ၂၀ အတွင်း တိုးတက်ခဲ့ကြောင်း၊ ပြင်ပရင်းနှီးမြှုပ်နှံသူ များကိုလည်း ဆွဲဆောင်နိုင်ခဲ့ကြောင်း ကမ္ဘာလှည့်ခရီး သွားလာရေးဝန်ကြီးဌာန၏ ၁၉၉၅ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်က ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့် ခရီးသည်ပေါင်း ၁၇၈,၀၀၀ လာရောက်ခဲ့ရာ ၁၉၉၃

ခုနှစ်ကထက် ၄၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၁၉၉၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၂၀,၀၀၀ လာရောက်ခဲ့သည်။ ထိုကမ္ဘာလှည့်ခရီးသည်များအနက် ခရီးသည် ၄၅,၀၀၀ သည် ဆိုင်ရမ်ရိပြည်နယ်ရှိ အန်ကောဝပ်ကျောင်းတော်ကြီးသို့ သွားရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားလေတပ် ဒုတိယတပ်မှူး ဗိုလ်ချုပ်တက်ခ်ချန်သန်းသည် အပေါ့စားလေယာဉ် တစ်စင်းကို မတ်လ ၅ ရက်နေ့က ကိုယ်တိုင်မောင်းနှင် ပျံသန်းစဉ် ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်း တစ်နေရာတွင် သစ်ပင်နှင့်တိုက်မိပြီး လေယာဉ်ပျက်ကျသေဆုံးခဲ့သည်။ ကွမ်ပေါင်သွမ်ပြည်နယ်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ခုသို့ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် မင်းသားနိုရိုဒွန်ရာနာရစ်ဒ်တက်ရောက်ရန်အသွား ဝန်ကြီးချုပ်၏ လုံခြုံရေးအတွက်လေယာဉ် ဖြင့် ပျံသန်းစဉ် ယင်းသို့ လေယာဉ်ပျက်ကျကာ သေဆုံးခဲ့ ရခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် မင်းသား နိုရိုဒွန်ရာနာရစ်ဒ်က အရေးပါသော ကတိကဝတ်သုံးလေးခုကို မိမိအကောင်အထည်ဖော် ဖြည့်စွမ်းပေးနိုင်ခြင်းမရှိကြောင်း ဧပြီလ ၁၈ ရက်နေ့၌ ဝန်ခံပြောကြားလိုက်သည်။ အဂတိလိုက်စားမှုအဆုံးသတ်စေရမည်။ ကျယ်ပြန့်သော လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ပေးမည်။ ခမာနီတို့နှင့်ပြောက်ကျားစစ်အဆုံးသတ်ရန် မှန်မှန် ကန်ကန် ရပ်တည်ဆောင်ရွက်ပေးမည်ဟူသော မိမိ၏ ရွေးကောက်ပွဲကတိကဝတ်များကို အကောင်အထည် မဖော်နိုင် သေးသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ မျက်မှောက်အခြေအနေမှာ များစွာတိုးတက်လျက်ရှိသည်ဟုပြောကြားခဲ့ သည်။ အစိုးရတပ်နှင့်ခမာနီတို့၏ တိုက်ပွဲမှာ အရှိန်လျော့နည်းသွားပြီဖြစ်ကြောင်း ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ပြောခဲ့သည်။

## အစိုးရနှင့် ခမာနီ ပြောက်ကျားတို့၏ စစ်ရေးအခြေ အနေ

ကမ္ဘောဒီးယားလက်ရှိ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသောခမာနီပြောက်ကျားတပ်မှတပ်ဖွဲ့ဝင်များစွာသည် ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဆိုင်ရမ်ရိပြည်နယ်တွင် အစိုးရဘက်သို့ဝင်ရောက်လာကြသည်။ ယင်းသို့ဝင်ရောက်လာကြခြင်းသည် အစိုးရ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးဝါဒအကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်က ဇန်နဝါရီလအတွင်းက ပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၁၉၉၄ ခုနှစ်က ခမာနီပြောက်ကျား ၅၀၃၅ ယောက်အစိုးရဘက်သို့ ဝင်ရောက်လာကြသည်။ ထိုဝင်ရောက်လာသော ပြောက်ကျား များနှင့်အတူ လက်နက်မျိုးစုံ ၂၂၈၄ လက် ပါလာခဲ့သည်။ ခမာနီတို့အား လွတ်ငြိမ်းချမ်းသာခွင့်အချိန်ကာလ ခြောက်လပေးထားရာ ယင်းကာလသည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကုန်ဆုံးသည်။ ခမာနီများသည် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိကမ္ဘောဒီးယားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ပြီး ၎င်းတို့ စိုးမိုးအုပ်ချုပ်စဉ်ကာလအတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းသည်ကွပ်မျက်ခံရခြင်း၊ ရောဂါဘယ ကပ်ရောက် ခြင်း၊ အစာရေစာတော်မွတ်ခြင်းများကြောင့် သေဆုံးခဲ့ကြ ရသည်။

ကမ္ဘောဒီးယားအစိုးရဘက်သို့ ကူးပြောင်းသွားသော ခမာနီပြောက်ကျားများစွာ၏ အထောက်အကူဖြင့် ထိုးစစ်ဆင်လာသည့် ကမ္ဘောဒီးယားအစိုးရတပ်များနှင့် ခမာနီတို့ တိုက်ပွဲတွင် ခမာနီများရှုံးနိမ့်ပြီး ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဖနွမ်ကူလင်အခိုင်အမာစခန်းကို ခမာနီပြောက်ကျားများစွန့်လွှတ်လိုက်ရသည်ဟု ဆိုင်ရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၄ ရက်နေ့၌ ပြောကြားသည်။ ဖနွမ်ကူလင်သည် ဆိုင်ရမ်ရိ ပြည်နယ်မြောက်ဘက်မိုင် ၄၀ တွင်ရှိပြီး ၁၂ ရာစု အန်ကောဘုရားကျောင်းများ တည်ဆောက်ရာ၌ အသုံးပြုသော သဲကျောက်များ ထွက်ရှိရာ ဒေသဖြစ်သည်။

ကမ္ဘောဒီးယားအနောက်မြောက်ဒေသ ဘက်တမ်ဘန်း ပြည်နယ်မှ ဖနွမ်ပင်သို့ ခုတ်မောင်းလာသည့်မီးရထားတစ်စင်းကိုဇန်နဝါရီလ ၂ ရက်နေ့ကခမာနီပြောက်ကျား ၂၀ ခန့်က မိုင်း၊ လက်ပစ်ဗုံး၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့်ခရီးသည်ရှစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာအပြင်းအထန် ရရှိသည်။ ဤသို့ခရီးသည်တင် မီးရထား ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် ၁၉၉၅ ခုနှစ်၌ ပထမဆုံး တိုက်ခိုက်မှုဖြစ်သည်။ ခမာနီပြောက်ကျားများသည် မီးရထားစီးခရီးသည်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ ယမန်နှစ်က မီးရထား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ခရီးသည် ၃၈ ဦးသေဆုံးခဲ့ပြီး ၉၈ ဦး ဒဏ်ရာရခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် ခမာနီပြောက်ကျားတို့သည် ရုံးတင်တရားစွဲဆိုပြီး ထောင်ဒဏ်အပစ်ပေးခံရလိမ့်မည်ဟု ကမ္ဘောဒီးယားအစိုးရက ဇန်နဝါရီ

လ ၁၁ ရက်နေ့တွင် သတိပေးသည်။ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် ရာနာရစ်ဒ်က ဇန်နဝါရီလ ၁၅ ရက်နေ့ တွင် လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးမည့်အကြောင်း နှစ်ကြိမ်တိုင် ပြောဆိုခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက် ခမာနီအားလုံးသည် ဥပဒေအရ ရုံးတင်တရားစွဲဆိုခံရမည်ဖြစ်ပြီး ထောင်ဒဏ်အပြစ်ပေးမှုကို ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် အန်တီးရောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လက ကမ္ဘောဒီးယားပါလီမန်က ခမာနီတို့ကို မတရားအသင်းကြေညာသည့် ဥပဒေပြဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေက အချို့သောခမာနီ ခေါင်းဆောင်များမှအပ အခြားနောက်လိုက်အားလုံး အစိုးရဘက် ကူးပြောင်း အလင်းဝင်နိုင်ရန် ခြောက်လသက်တမ်းရှိ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ခွင့်ပြုထားခဲ့သည်။

ခမာနီများသည် ဖနွမ်ပင်မှ မိုင် ၂၀၀ ဝေးသည့် အန်လောင်ဗန်း နယ်တစ်ဝိုက်ရှိ ကမ္ဘောဒီးယားပြည်သူ ၂၀၀၀ ခန့်ကို လွှန်ခဲ့သည့်နှစ်အတွင်းက သတ်ဖြတ်ခဲ့ကြောင်း အစိုးရဘက်သို့ ကူးပြောင်းလာသူ ခမာနီတပ်မ ၉၈၀ တပ်မမှူး အစ်ဆမ်က ပြောကြားသည်။ ၎င်းသည် ခမာနီပြောက်ကျား ၂၃၆ ဦးကို ဦးဆောင်၍ အစိုးရဘက်သို့ ကူးပြောင်းလာသူဖြစ်သည်။

၁၉၉၅ ခုနှစ် မတ်လ ၈ ရက်နေ့၌ ကမ္ဘောဒီးယား အစိုးရသည် ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံးမြို့တော် ဘန်တန်ဘမ်ကို ခမာနီတို့လက်ထဲ မကျရောက်စေရန် မိမိ၏တပ်များကို အသစ်စက်စက်ရထားသော တင့်ကားများ နှင့် အင်အားဖြည့်တင်းခဲ့သည်။ ချက်ကို စလိုဗက်ကီးယား နှင့် ပိုလန်နိုင်ငံတို့မှ ရရှိသည့် တင့်ကားခြောက်စီးနှင့် တပ်သားအများအပြားကို ခမာနီတို့ တိုက်ခိုက်နေသော ဘန်တမ်ဘမ်သို့ ပို့ပေးခဲ့ကြောင်း ဘက်တန်ဘမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဆီးရေးကိုဆယ်က ပြောသည်။ ဖနွမ်ပင်မြို့တော်၏ အနောက်မြောက် ၁၅၅ မိုင်အကွာရှိ ပြည်နယ်မြို့တော် ဘန်တန်ဘမ်ကို သိမ်းပိုက်နိုင်ရန် ခမာနီ ပြောက်ကျား ၁၀၀၀ ခန့်သည် တောင်ပိုင်းဒေသမှ ရက်သတ္တပတ်စောစောပိုင်းက ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရက သဘာဝအရင်းအမြစ်ကြွယ်ဝသော ဘန်တန်ဘမ်ကို ခမာနီပြောက်ကျားများ တိုက်ခိုက်နေခြင်းမှ ဟန့်တားရန် အစိုးရတပ်သား ၃၀,၀၀၀ ခန့်နှင့် ရဲတပ်သားများကို ယင်းဒေသသို့ စေလွှတ်ခဲ့သည်။

ထိုနောက် မတ်လ ၂၀ ရက်နေ့တွင် ကမ္ဘောဒီးယား အစိုးရ တပ်များသည် ထိုင်းနယ်စပ်ရှိ ခမာနီစခန်းများကို အရေအတွက်မသိ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ခမာနီစခန်းများကို သိမ်းပိုက်ရန် ချီတက်ခဲ့ကြသည်။ ထိုင်း ကမ္ဘောဒီးယားနယ်စပ်ရှိ ကလာငှအတ် ခမာနီပြောက်ကျား အခြေစိုက်စခန်း သည် ခမာနီတို့၏ ဌာနချုပ်စခန်း ဖြစ်သော ဖနွမ်မာလေ စခန်းနှင့် ကိုးမိုင်သာဝေးသည်။ ဖနွမ်မာလေစခန်းသည် ပိုပေါ့ပြီးလျှင် ခမာနီဒုတိယခေါင်းဆောင်ဖြစ်သော အီအန်ဆရီ အခြေချနေထိုင်သောစခန်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရတပ်များသည် ခမာနီ ပြောက်ကျားများကို ထောက်ခံသူရာပေါင်းများစွာ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးရန်ပြင်ဆင်နေခိုက်ပြောက်ကျားတို့၏စခန်းတစ်ခုကို ဆက်လက်တိုက်ခိုက်ကြသည်ဟု ထိုင်းစစ်တပ်နှင့် ပြောက်ကျားသတင်းရပ်ကွက်များကမတ်လ ၂၁ ရက်နေ့က ပြောကြားသည်။ ကမ္ဘောဒီးယားအစိုးရတပ်များသည် ကမ္ဘောဒီးယားနယ်စပ်မြို့ ပွိုင်ပက်တောင်ဘက် ကိုးမိုင် အကွာရှိ ခမာနီအခြေစိုက်စခန်းကလာငှအတ်ကို အမြောက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ကြောင်း ထိုင်းစစ်တပ် အရာရှိတစ်ဦးကပြောကြားသည်။ ကလာငှအတ်ကို တိုက်ခိုက်နေသောအစိုးရတပ်သား ၁၅၀၀ ကို ရင်ဆိုင်ရန် အားဖြည့်ပြောက်ကျားစစ်သား ၁၀၀၀ ကျော်သည် အဆိုပါ ဒေသသို့ချီတက်သွားကြောင်း ခမာနီအရာရှိ တစ်ဦးကပြောကြားသည်။ ခမာနီ ပြောက်ကျားများ၏ မိသားစုများဖြစ်မည်ဟု ယုံကြည်ရသော အရပ်သား ရာပေါင်းများစွာသည် ထိုင်းနိုင်ငံ အရန်ယာပရာတက်မြို့ တောင်ဘက် ထိုင်းနယ်မြေထဲသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုင်းအာဏာပိုင်များက ၎င်းတို့အား လောလောဆယ်အချိန်၌ ထိုင်းနယ်မြေထဲ ဝင်ခွင့်မပြုကြောင်း ပြောဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံက ၎င်း၏ လက်နက်ကိုင်တပ်များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးပါက ကမ္ဘောဒီးယားနိုင်ငံအား စစ်ရေးအထောက်အကူပေးရန်ကိစ္စကို အမေရိကန်ပြည်ထောင်စုက စဉ်းစားမည်ဟု အဆင့်မြင့် အမေရိကန် အရာရှိတစ်ဦးက ပြောသည်။ ကမ္ဘောဒီးယား နိုင်ငံ၏ တပ်ဖွဲ့များကို အသေးစိတ်ပြန်လည်ဖွဲ့စည်းပြီး နောက်ပိုင်း၌ ကမ္ဘောဒီးယားစစ်တပ်ကို လက်နက်ခဲယမ်း မီးကျောက်ပေးရေး စဉ်းစားရန်အကြောင်း လုံလောက် ပြီဖြစ်သည်ဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စထရိုဘီတောလ်

ဘွတ်က ပြောကြားခဲ့ပြန်သည်။ ၄င်းသည် ဇန်နဝါရီလ အတွင်းက ကမ္ဘောဒီးယား သို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။

ကမ္ဘောဒီးယားစစ်တပ်တွင် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၌ စစ်တပ်ကိုပထမအကြိမ်ပြန်လည်မဖွဲ့မီ ဗိုလ်ချုပ် ကြီးနှင့် ဗိုလ်မှူးကြီး ထောင်ပေါင်းများစွာ ရှိနေခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘောဒီးယား စစ်တပ်ကို ပြန်လည်ဖွဲ့စည်းသည့်အခါ ဗိုလ်ချုပ်ကြီး အရေအတွက်ကို ၁၀၀ ခန့်အထိ လျှော့ချလိုက်သည်။ အမည် မဖော်လိုသော စစ်ဘက်အရာရှိကြီးတစ်ဦးက ၁၉၉၅ ခုနှစ် ၏ ပထမ သုံးလအတွင်း ကမ္ဘောဒီးယားစစ်တပ်ကို နောက် တစ်ကြိမ် ဖွဲ့စည်းဖွယ်ရှိပြီး ဗိုလ်ချုပ်ကြီးအရေအတွက်ကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချ ဖွယ်ရှိသည်ဟု ပြောဆိုသည်။

ကမ္ဘောဒီးယားစစ်တပ်တွင် တပ်သားအင်အား ၁၉၉၅ ခုနှစ်အထိ အမျိုးသား၊ အမျိုးသမီးအပါအဝင် ၁,၃၀, ၀၀၀ ရှိသည်ဟု ဆိုသည်။ သို့သော် စစ်ဘက်ဆိုင်ရာ ဆန်းစစ်လေ့လာသူများကမူ ၇၀,၀၀၀ မှ ၈၀,၀၀၀ အကြားရှိကြောင်း ပြောကြသည်။

## ပြည်ပဆက်ဆံရေး

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆင်ရှင်နာဝါထရာသည်ဗန်ကောက်ရှိ သံအမတ်များနှင့်သံတမန် ၄၀ တို့ကို ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်ဒေသများသို့ ခေါ်ဆောင်သွားပြီး ခမာနီတို့နှင့် အဆက် ဖြတ်ရေး လုပ်ငန်းတွင်တာဝန်ရှိသည့် နှစ်နိုင်ငံ အရာရှိကြီးများနှင့် တွေ့ဆုံ ပေးခဲ့သည်။ ခမာနီတို့အား ထိုင်းနိုင်ငံက ထောက်ခံ အားပေးနေခြင်းရှိ မရှိနှင့် ပတ်သက်သော သံတမန်တို့တွင် ရှိနေသည့် သံသယများ ပျောက်ကွယ်သွားရေးအတွက် ကိုယ်တွေ့မျက်မြင်လေ့လာနိုင်စေရန် ယင်းသို့တွေ့ဆုံပေးခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တန်ကျိဟွမ်သည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ခဲ့သည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ဘုရင်သီဟာနုနှင့်လည်းကောင်း၊ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်နှင့် ဒုတိယ ဝန်ကြီးချုပ် ဟွန်ဆန်တို့နှင့် လည်းကောင်းတွေ့ဆုံခဲ့သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး အန့်ဟွတ်နှင့် တွေ့ဆုံ ဆွေးနွေး အပြီးတရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး က တရုတ်နှင့် ကမ္ဘောဒီးယားတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်ကြောင်း၊ ကမ္ဘောဒီးယား၏ နိုင်ငံရေး အခြေနေမှာ တည်ငြိမ် ပြီး စီးပွားရေးတိုးတက် ကောင်းမွန်လာကြောင်း ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်သမ္မတ လီဒတ်အန်သည် နှစ်ရက်ကြာခရီးလှည့်လည်ရန် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ရောက်ရှိခဲ့သည်။ ဗီယက်နမ်သမ္မတ လာရောက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကောင်းများ ထူထောင်ရေးဟူသောကမ္ဘောဒီးယား နိုင်ငံခြားရေးမူဝါဒ၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။ ၁၉၇၉ –၈၁ ခုနှစ် ပြည်တွင်းစစ်ကာလအတွင်း ကျဆုံးသွားကြသော ပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုထားသည့် ဗီယက်နမ်– ကမ္ဘောဒီးယားမိတ်ဆွေဖြစ် ကျောက်တိုင်တွင် ဗီယက်နမ် သမ္မတ လီဒတ်အန်က လွမ်းသူ့ပန်းခွေချခဲ့သည်။

၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘောဒီးယားသို့ ဗီယက်နမ်ဝင်ရောက်ခြင်းဖြင့် ခမာနီတို့ လက်အတွင်း ကျရောက်နေသော မိမိနှင့်မိမိပြည်သူများ၏အသက်ကို ကယ်တင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ကမ္ဘောဒီးယားနိုင်ငံက ကျေးဇူးဆပ်ရန်ရှိနေကြောင်း ကမ္ဘောဒီးယားဘုရင်သီဟာနုက ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့၌ ပြောကြားသည်။

၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်ကုလသမဂ္ဂက ကြီးကြပ်ကျင်းပသည့် ရွေးကောက်ပွဲကာလအထိ ကမ္ဘောဒီးယားကို အုပ်ချုပ်ခဲ့သောဖနွမ်းပင်အစိုးရကိုလည်း သီဟာနုက အပြစ်မှကင်းလွတ်စေလိုက်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ဖနွမ်ပင်အစိုးရမှာဗီယက်နမ်က တင်မြှောက်လိုက်သည့်အစိုးရဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ကမ္ဘောဒီးယားသို့ ဗီယက်နမ်တို့ဝင်ရောက်ခြင်းမှာ တရားမဝင်သော်လည်း နောက်တစ်လအကြာတွင် ဗီယက်နမ်တို့က သွေးစွန်းသည့်ပိုပေါ့အစိုးရကို ဖယ်ရှားပေးလိုက်ကြောင်းဘုရင်သီဟာနုကပြောခဲ့သည်။ ပိုပေါ့ကိုသာ ၄င်းတို့က ဖယ်ရှားမပစ်လျှင် မိမိသာမဟုတ် ကမ္ဘောဒီးယားပြည်သူတိုင်း အသတ်ခံရမည်ဟု သီဟာနုက ပြောသည်။ ဘုရင်သီဟာနုသည် ၁၉၇၅ မှ ၁၉၇၉ အထိ ကမ္ဘောဒီးယားကိုအုပ်စိုးခဲ့သည့် ပိုပေါ့အစိုးရလက်ထက်၌ နန်းတော်တွင်း အကျယ်ချုပ် ဖမ်းဆီးခံခဲ့ရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၅ ခုနှစ်အတွင်း အဆင့်မြင့် နိုင်ငံခြားကိုယ်စားလှယ် သုံးဖွဲ့ရောက်ရှိခဲ့သည်။

## စီးပွားရေး

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားစီးပွားရေး ကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံခြားစီးပွားရေး လုပ်ငန်းကုမ္ပဏီပေါင်း ၅၅၂ ခုအထိရှိလာခဲ့သည်။ ထိုကုမ္ပဏီများအနက် ကုမ္ပဏီ ၁၀၄ ခုသည် ထိုင်းနိုင်ငံမှ ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လက လွတ်လပ်ပျော့ပျောင်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေ(Liberal investment law) ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ ပြဋ္ဌာန်းပြီးနောက် ကမ္ဘောဒီးယားတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ငွေပမာဏတိုးတက်လာခဲ့ရာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရှိခဲ့သည်။ ယင်းသို့ရှိလာခဲ့သောကြောင့် အလုပ်အကိုင် ၃၂,၀၀၀ ပေါ်ပေါက်လာပြီး အလုပ်လက်မဲ့များအလုပ်ရရှိခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Tang Jiaxuan သည် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ကမ္ဘောဒီးယား အခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း၊ စီးပွားရေးအခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားပြည်သူများ၏ လူနေမှုဘဝ မှာလည်း တိုးတက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့၌စင်ကာပူနိုင်ငံသို့ တရားဝင်မဟုတ်သော အလွတ်သဘောသုံးရက်ကြာ သွားရောက်ခဲ့သည်။ စင်ကာပူနိုင်ငံမှလုပ်ငန်းရှင်များ ကမ္ဘောဒီးယားတွင် ပိုမိုရင်းနှီးမြှုပ်နှံလာရေး ရည်ရွယ်ချက်ဖြင့် စင်ကာပူသို့ ဟွန်ဆန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားဗဟိုဘဏ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ရီယယ်ငွေစက္ကူသစ်များကို ထုတ်ဝေသည်။ ယင်းသို့ ရီယယ်ငွေစက္ကူသစ်များနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ဈေးကွက်များတွင် တွင်တွင်ကျယ်ကျယ်လည်ပတ်သုံးစွဲနေသော ဒေါ်လာငွေပမာဏ လျော့သွားလိမ့်မည်ဟု ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး Thor Peng Leath ကပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အသေးအဖွဲပစ္စည်းများ ရောင်းဝယ်ရာ တွင်ရီယယ်ငွေကိုအသုံးများသည်။ တန်ဖိုးကြီးမားသော နေအိမ် သို့မဟုတ် ယာဉ်များ ဝယ်ယူရာတွင် ရွှေများဖြင့် ပေးချေကာ အရောင်းအဝယ် ပြုခြင်းလည်း ရှိသည်။

လတ်တလော နိုင်ငံတွင်းလည်ပတ်သုံးစွဲနေသည့် ရီယယ်ငွေ၏ အမြင့်ဆုံးတန်ဖိုးသည် ၅၀၀ ထိသာရှိသဖြင့် ပုံမှန်ဝယ်ယူသုံးစွဲရသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု လုပ်ငန်းများအတွက်ငွေပေးချေရာတွင် ရီယယ်ငွေစက္ကူ ကိုင်တွယ် အသုံးပြုရမှုပမာဏ ကြီးမားသောကြောင့် လက်တွေ့တွင် ရီယယ်ငွေစက္ကူသည် တွင်ကျယ်မှုမရှိ ဖြစ်နေသည် ဆိုသည်။ ထို့ကြောင့် မတ်လ ၂၅ ရက်နေ့၌ စတင်သုံးစွဲသည့် ရီယယ်ငွေစက္ကူ၏ တန်ဖိုးကို ၁,၀၀၀ ရီယယ်မှ ၁,၀၀,၀၀၀ ရီယယ်အထိ ရိုက်နှိပ်ထားသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် အမျိုးသားစီးပွားရေးအခြေခိုင်မာမှုရှိရေး ကြိုးပမ်းရန် အတွက် ပထမဆုံးအကြိမ် ကုန်စည်ပြပွဲ ဖြစ်သည့် ကမ္ဘောဒီးယား ကုန်သွယ်ရေးပြပွဲ(စီတီအက်ဖ် ၉၅) ကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြပွဲမှာ ကမ္ဘောဒီးယား ဘုရင်အစိုးရအဖွဲ့ကို ထူထောင် ပြီးချိန်မှစပြီး ပထမဆုံး ဖွင့်လှစ်သော ကုန်သွယ်ဆိုင်ရာ ပြပွဲဖြစ်ကြောင်း ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ချမ်ပရာဆစ်က ပြောကြားသည်။ အဆိုပါ ကုန်သွယ်ရေး ပြပွဲကို ဧပြီလ ၂၃ ရက်နေ့အထိပြသခဲ့ပြီး ပြပွဲတွင် ကုမ္ပဏီ ၆၀ ကျော် ပါဝင်ပြသရာ အများစုမှာ နိုင်ငံခြားကုမ္ပဏီများ ဖြစ်သည်။

## ပြန်လည်ထူထောင်ရေး

လူ့အခွင့်အရေး၊ လာဘ်ပေးလာဘ်ယူမှုတို့နှင့် စပ်လျဉ်း၍ မကြာသေးမီက ဝေဖန်မှုများရှိလင့်ကစား အရှေ့တောင် အာရှနိုင်ငံဖြစ်သော ကမ္ဘောဒီးယားအား ထောက်ပံ့ကူညီမှု လျှော့ချလိမ့်မည်မဟုတ်ဟု မိမိယူဆကြောင်း ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏အဓိကအလှူရှင်နိုင်ငံများက ကမ္ဘောဒီးယားနိုင်ငံအား ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် အတွက် ဒေါ်လာသန်း ၁,၃၅၀ ထောက်ပံ့မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ကတိပြု ပြောကြား လိုက်သည်။ သို့သော် ကမ္ဘောဒီးယား စီးပွားရေးဝန်ကြီး ကိချွန်က ပါရီတွင်ပြုလုပ်သော အလှူရှင်နိုင်ငံများ အစည်းအဝေးပွဲ အပြီးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အလှူရှင် နိုင်ငံအများစုက လူသိရှင်ကြားပြောဆိုခြင်း မရှိသေးကြောင်း ပြောဆိုသည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကမ္ဘောဒီးယား နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ ပြန်လည်တည်ဆောက်ရေး ဆိုင်ရာ ချေးငွေဒေါ်လာသန်း ၂၀ ထုတ်ယူပြီး နိုင်ငံခြား တိုင်းပြည်များက အာမခံထားသည့် ပေးအပ်မည့် အကူ အညီငွေကို ကျောထောက်နောက်ခံပြုကာ စတင် အသုံးချ ခဲ့သည်။ စစ်ကြောင့်ပျက်စီးနေသည့် ကမ္ဘောဒီးယား နိုင်ငံ၏ အခြေခံအဆောက်အအုံပြန်လည်ထူထောင်နိုင်ရေး အတွက် ဒေါ်လာသန်း ၉၀၀ ပေးမည်ဟု အလှူရှင်နိုင်ငံ များက ပါရီတွင်ပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ အာမခံခဲ့သည်။

ကမ္ဘာ့ဘဏ်ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့်အတူ အနှစ် ၄၀ အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပါချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်း များတွင် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆေးရုံ၊ တံတား၊ လမ်းများ၊ ရေကာတာများတည်ဆောက်ခြင်း တို့ပါဝင်ပေသည်။

(ဦးစိန်ဌေး)

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၅)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်းကောင်း၊ နိုင်ငံတကာ၌ လည်းကောင်း သာသနာတော်အကျိုးသယ်ပိုးထမ်းရွက် တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များ နှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံ နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွား ကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကုမာရ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ၊

မဟာဂန္ထဝါစက ပဏ္ဍိတ၊ သီရိပဝရ ဓမ္မာစရိယ၊ ကျိုက္ကစ် ဆံတော်ရှင် စေတီတော် ဩဝါဒါစရိယ၊ ရန်ကင်းမြို့နယ် နိမ္မိ တာရုံ ပရိယတ္တိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ကောသလ္လ၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ၊
အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မ ဘဏ္ဍာ ဂါရိက၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ ဗိမာန် ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၌ ပျံလွန် တော်မူသည်။)

**ကောသလ္လာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊
အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ စမ်းချောင်းမြို့နယ် မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၌ ပျံလွန်တော်မူ သည်။)

**ကိတ္တိ၊ ဘဒ္ဒန္တ**

သက်တော် (၈၄ ) နှစ်၊ သိက္ခာတော် ၆၄ ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စလင်းမြို့ မဟာဝိသုတာ ရာမကျောင်းတိုက်၊ (၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**စန္ဒာဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ သထုံမြို့ မိုးမခတောင် သက္ကအလံတရာ မဟာနာယက ဆရာတော်၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**ဇာနေယျ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၄ ) နှစ်၊ သိက္ခာတော် (၅၄) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၌ ပျံလွန်တော် မူသည်။)

**ဉာဏဓဇ ၊ ဘဒ္ဒန္တ**

သက်တော် (၈၈) နှစ် ၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း၏ အဋ္ဌမမြောက် ဂိုဏ်းချုပ်၊

မော်လမြိုင်မြို့ မဟာရင်သုခကာရီ ပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏရံသီဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊မဟာဒွာရ နိကာယသြဝါဒါစရိယ၊ ကော့မှူးမြို့နယ် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူ သည်။)

**တေဇ၊ ဘဒ္ဒန္တ**

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ပိတောက်ရွှေဝါကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၌ ပျံလွန်တော် မူသည်။)

**ဓမ္မပါလ၊ ဘဒ္ဒန္တ**

သက်တော် (၇၀) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယက ဥက္ကဋ္ဌ (သုဝဏ္ဏ)၊ ပုသိမ်မြို့ မန္တလေးကျောင်းတိုက်၏ ဦးစီးနာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**နာယက၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

ဝေဠုဝန်နိကာယ သတ္တမမြောက် ဂဏာဓိပတိ၊ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၌ ပျံလွန်တော် မူသည်။)

**နန္ဒမဉ္ဇူသာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်း တောင်ရိုးနန္ဒမူရျောင် ချမ်းသာကြီးတိုက်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော် မူသည်။)

**နာရဒ၊ ဘဒ္ဒန္တ**

သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မိုးကုတ်မြို့ မစိုးရိမ် ကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ သိရီ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟသ်ာဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ ပျံလွန် တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**

သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဟောင်း၊ ပဲခူးမြို့ သုဝဏ္ဏဂိုဏ်းကြီး၏ ဦးစီးနာယက၊ ပဲခူးမြို့ ကျောက်ပန်းတောင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

**လာဘဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၁) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ သီပေါအုန်းဘောင်လေးမြို့ ဂိုဏ်းချုပ်၊ သီပေါမြို့၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် သက်တော်ရှည် ရာကျော် ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်၌ ပျံလွန်တော်မူ သည်။)

**ဝိစိတ္တသာရ၊ ဘဒ္ဒန္တ**

သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ မြောင်းမြမြို့ စက္ကုန်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညု မဟာနာယက၊ ပြည်မြို့ မဟာဝမ္မိကာရာမတောရကျောင်းတိုက် ဦးစီးပဓာန နာယက၊ (၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘီးလင်းမြို့နယ် ကျောက်တလုံးကျောင်းကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိရိယ၊ ဘဒ္ဒန္တ**

သက်တော်(၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဂဏဝိမုတ် စာချွန်တော်ရ ကူးတို့ဂိုဏ်းချုပ်၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ် ကဆုန်လဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသေဋ္ဌာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော်(၈၅ ) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်သာသနာပိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သပြေကန် ဆရာတော်ကြီး၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သဉ္ဇောဘာသ၊ ဘဒ္ဒန္တ**

သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာ ဘာဏက၊ သာသနဓဇ ဓမ္မာစရိယ၊ ဒွိယနိကာယ ပါဠိပါရဂူ၊ ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာ သာသန နယူးပဒေသကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**သဟမ္မတိ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် မြဟ္မနိမ္မိတာရုံ စာသင်တိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သာဓိန၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် တိုက်အုပ်ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သိရိဓေယျ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ် ပတ္တနာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သိရိကုဏ္ဍလ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ မဇ္ဈိမ ဘာဏက၊ မဇ္ဈိမနိကာယ ကောဝိဒ၊ အရာတော်မြို့နယ် ဥမင်တောရ ရိပ်သာကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သီလဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၃) ဝါ၊

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘားအံမြို့ လေးသာကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သုဒဿန၊ ဘဒ္ဒန္တ**

သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသံဂါယနာ မူလဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် ဒုတိယတိုက်အုပ် နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သုမန၊ ဘဒ္ဒန္တ**

သက်တော်(၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ဟောင်း၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်စာချဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သုမနာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋက ဩဝါဒါစရိယ၊ ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**သောမန၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက်၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**

သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မြင်းခြံမြို့ သုဓမ္မာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမသာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကန်တီကူးမား၊ ဦး**

အသက် (၅၁) နှစ်၊
ဂုဏ်ထူးစာပေတိုက်၊ M.Sc (Physics)၊
(၂၉ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။ )

**ကျော်ခင်၊ ဦး**

အသက် (၇၇) နှစ်၊
စာပေဗိမာန်အဖွဲ့ အငြိမ်းစားတွဲဖက်ညွှန်ကြားရေးမှူး၊
(၄ –၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ကြင်ဆွေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ သော်တာဆွေ၊ ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆု၊ ၁၉၆၄ ခုနှစ် အနုပညာစာပေဆုနှင့် ၁၉၇၀ ပြည့်နှစ် အမျိုးသား စာပေဆုရှင်၊ ဟာသဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားရာတွင် နာမည်ကျော်ကြားသူ၊
(၄–၃–၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်ခင်၊ ဒေါ် (ပြည်)**

အသက် (၈၇) နှစ်၊
စာရေးဆရာမကြီး မယ်ခကွေး၊ B.A, B.Ed စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဟောင်း၊အငြိမ်းစား သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊
(၂ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဘို၊ ဦး**

အသက် (၇၉) နှစ်၊ မြန်မာ့ရေတပ်မတော် အငြိမ်းစား ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး၊
(၂၁ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်လွင်၊ ဦး (ဝဏ္ဏကျော်ထင် သီရိပျံချီ)**

အသက် (၉၁) နှစ်၊
ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာန အငြိမ်းစားအတွင်းဝန်၊
(၁၈ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဝင်း၊ ဦး**

အသက် (၄၆) နှစ်၊
တေးသံရှင် မိုးမင်းဝင်း၊
(၁၆ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ချစ်မောင်၊ ဦး (ဝဏ္ဏကျော်ထင်)**

အသက် (၆၉) နှစ်၊
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ အငြိမ်းစား သံအမတ်ကြီး၊ M.A (Oxon) B.L.၊
(၂၀ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဂင်ဇာရင်ရင်၊ ဒေါ်**

အသက် (၇၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ခေတ်ဟောင်းအဆိုတော်၊
(၁၀ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စံတင်၊ ဦး**

အသက် (၇၄) နှစ်၊
သမဝါယမဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ B.A (Hons)., M.Ed .(Syr), ၊ B. E. S ၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စဝ်အုန်းညွာ ၊ ဦး**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စိမ်းအောင် ၊ ဦး**

အသက် (၄၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ မောင်စိမ်းအောင်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အမျိုးသား ဇာတ်ပို့ဆု) ရှင်၊
(၁၆ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ညွန့် ၊ ဒေါ် (သုဓမ္မသိင်္ဂီ)**

အသက် (၈၂) နှစ်၊
ထားဝယ်မြို့ တိုင်းရင်းသူဆေးလိပ်ခုံပိုင်ရှင်၊
(၂၇ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်နွယ်စိန် ၊ ဦး**

အသက် (၄၇) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ တင်နွယ်စိန်၊
(၁၇ – ၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဖေ ၊ ဦး (စည်သူ)**

အသက် (၈၂) နှစ်၊
တော်လှန်ရေး တပ်သားကောင်း၊ တော်လှန်ရေးကောင်စီဝင်နှင့် တော်လှန်ရေးအစိုးရအဖွဲ့ဝင်ဟောင်း၊ အငြိမ်းစား ဗိုလ်မှူးချုပ်၊
(၁၉ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်မြင့် ၊ သခင် (ဦးနေအောင်)**

အသက် (၇၈) နှစ်၊
စာရေးဆရာ ရဲဘော်နေအောင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊
(၁၆ – ၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်လှ၊ ဦး**

အသက် (၆၇) နှစ်၊
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ တွဲဖက်အတွင်းရေးမှူး (၂) ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
(၂၉ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဧ ၊ ဦး (ရှမ်းပြည်)**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်၊
တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစား စာတည်းမှူး၊
အငြိမ်းစား မြန်မာစာပါမောက္ခ၊ အငြိမ်းစား မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁၆ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင့်ဆန်း၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ တင့်ဆန်း၊
(၂ - ၃ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တောင်စာနိုင်၊ ဦး**

အသက် (၆၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အတွင်းရေးမှူး ၊ အငြိမ်းစား ဗိုလ်ချုပ်၊
(၁၁ - ၁၁ -၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နီလာ၊ မ (မနှင်းသီတာချစ်)**

အသက် (၂၆) နှစ်၊
သရုပ်ဆောင် လွန်းပိုးအိမ် ၊ B.Sc. ၊
(၂၃ - ၉ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နု ၊ ဦး (သခင်နု)**

အသက် (၈၈) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ၊ စာရေးဆရာ၊
(၁၄ - ၂ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်လေး၊ ဒေါက်တာ**

အသက် (၆၃) နှစ်၊
အငြိမ်းစား ဒုတိယဝန်ကြီး ၊
(၂ - ၁၀ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်သိန်းတန်**

အသက် (၇၃) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်း အပတ်စဉ် (၁) ဆင်း၊ အငြိမ်းစားပါတီ သုတေသနဌာနကြီးမှူး၊
(၂၈ - ၁ -၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဘငြိမ်း ၊ ဦး**

အသက် (၇၉) နှစ်၊
အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ အငြိမ်းစား ဗဟိုအလုပ်သမား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊
(၁၁ - ၃ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ကြီး ၊ ဦး**

အသက် (၅၂) နှစ်၊
စာရေးဆရာ ငြိမ်းကျော်၊ ၁၉၇၃ ခုနှစ် အမျိုးသားစာပေဆုရှင်၊ ရေးဟောင်းသုတေသန ပညာရှင်၊ ရုပ်ရှင် ဒါရိုက်တာ၊
(၁၇ - ၁၀ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ခ ၊ ဦး (ဓေယျ ကျော်ထင်)**

အသက် (၇၅) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် ၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ်၊ အငြိမ်းစား ဗိုလ်မှူးကြီး ၊
(၃၀ - ၄ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မန်းလှဖေ ၊ ဦး**

အသက် (၈၀) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊
(၂၁ - ၃ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမင်း ၊ ဦး**

အသက် (၈၆) နှစ်၊
စာရေးဆရာနွယ်စိုး ၊ အငြိမ်းစား အင်္ဂလိပ်စာ ပါမောက္ခ၊
(၂၁ - ၉ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြဦး ၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ သန်လျင်မြဦး၊ အငြိမ်းစား ပန်တျာကျောင်းအုပ်ကြီး၊ အနုပညာဦးစီးဌာန ဂီတအကြံပေးပုဂ္ဂိုလ် ၊ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန တေးဂီတစိစစ်ရေးအဖွဲ့ဝင်၊ ၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆုနှင့် ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုရှင်၊
(၁၃ - ၁၁ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြတ်တင်အေး ၊ ဦး**

အသက် (၅၈) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ မြတ်တင်အေး ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင် ၊ စိန်ဂျွန်းကျောင်းသားဟောင်းများ အသင်း အတွင်းရေးမှူး ၊
(၁၄ - ၇ - ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်အောင်၊ ဦး**

အသက် (၉၁) နှစ်၊
စာရေးဆရာ ရန်အောင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကကြီး ၊စာပေဗိမာန်အဖွဲ့ စာပေအတိုင်ပင်ခံ၊ ၁၉၉၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရှင်၊
(၉ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**လှရွှေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာနှင့် စန္ဒရားဆရာ စစ်ကိုင်း လှရွှေ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန မဟာဂီတစိစစ်ရေးအဖွဲ့ဝင်နှင့် ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင် ၊ ၁၉၉၄ ခုနှစ်၊ အမျိုးသား စာပေဆုရှင်၊
(၈ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန့်တင်၊ ဦး (သီရိပျံချီ)**

အသက် (၈၅) နှစ်၊
စာရေးဆရာကြီး ဒဂုန်ရွှေပြည်စိုး၊ B.A., B.Ed ၊ အငြိမ်းစား ပါလီမန်အတွင်းဝန် ၊
(၃ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းဇော၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ အောင်မိုး ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အငြိမ်းစားညွှန်ကြားရေးမှူး (စီမံ)၊
(၁၀ –၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဦး၊ နဂါး ဒေါ် (အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ)**

အသက် (၈၆) နှစ်၊
မန္တလေးမြို့ နဂါး ဒေါ်ဦး ဆေးလိပ်ခုံပိုင်ရှင် ၊
(၁၁ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အေးသိန်း၊ ဦး**

အသက် (၅၂) နှစ်၊
ရုပ်ရှင်တတ်ပုံဆရာ အကယ်ဒမီ ချစ်မင်းလူ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (ရုပ်ရှင်တတ်ပုံဆု) သုံးကြိမ် ဆွတ်ခူးရရှိသူ၊
(၉ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်ကြီး၊ ဦး**

အသက် (၆၀) နှစ်၊
စန္ဒရား အောင်ကြီး ၊ အငြိမ်းစား မြန်မာ့အသံ ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင် ၊
(၁၈ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်သော်၊ ဦး**

အသက် (၇၄) နှစ်၊
မြန်မာစာအဖွဲ့ အဖွဲ့ဝင် ၊ ရှေးဟောင်းသုတေသန ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊
(၉ – ၉ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ
## နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စသည့် နယ်ပယ် အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။ ကွယ်လွန်သည့်ခုနှစ် မဖော်ပြလျှင် ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ခြင်းဟုယူ၍ ခုနှစ်သီးခြားဖော်ပြလျှင် ထိုနှစ်၌ ကွယ်လွန်ခြင်းဟုယူရန် ဖြစ်ပါသည်။

**ကဆာတယ်လီ, ဖေဘီယို (၂၄နှစ်)**

အီတလီလူမျိုး ပြိုင်စက်ဘီးချန်ပီယံ၊ ၁၉၉၂ ခုနှစ် အိုလင်းပစ် ရွှေတံဆိပ်ဆုရှင်။ ပြင်သစ်နိုင်ငံတွင် ပြိုင်ပွဲဝင်နေစဉ် နေပူသောကြောင့် အကာအကွယ်ဦးထုပ်ဆောင်းမထားခဲ့သဖြင့် မတ်စောက်သော အဆင်းလမ်းကွေ့တစ်ခုတွင် တစ်နာရီ ကီလိုမီတာ ၉၀ နှုန်း စီးလာသော အရှိန်ကို မထိန်းနိုင်ဘဲ လဲကျ၍ ဦးခေါင်းဒဏ်ရာဖြင့် ဇူလိုင်လ ၁၈ ရက်နေ့၌ ကွယ်လွန်သည်။

**ကနေဒီ, ရို့စ် ဖစ်ဂျာရဲလ်ဒ် (၁၀၄ နှစ်)**

သမ္မတ ဂျွန်အက်ဖ်ကနေဒီအပါအဝင် အမေရိကန်နိုင်ငံရေးသမိုင်း တွင် သံမဏိရှည်ကြာ သမ္မာအရင့်ဆုံးနိုင်ငံရေးမိသားစုကြီး၏ မိခင်။ ဘော်စတွန်မြို့တော်ဝန် ဂျွန်အက်ဖ်ဖစ်ဂျာရဲလ်ဒ်၏ သမီးအကြီးဆုံးဖြစ်ပြီး ဘော်စတွန်မြို့နှင့် ဥရောပနိုင်ငံများ၌ ပညာသင်ကြားခဲ့သည်။ အသက် ၂၄ နှစ်အရွယ်တွင် ဂျိုးဆက်ပီကနေဒီနှင့်

လက်ထပ်ခဲ့ပြီး ၁၈ နှစ်အတွင်း သားသမီးကိုးယောက် ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူက စီးပွားရေးလုပ်ငန်းကြီး အမျိုးမျိုးဖြင့် သူဌေးဖြစ်ကြွယ်နေချိန်၊ မိန်းမလိုက်စားသူအဖြစ် နာမည်ထွက်ချိန်တွင် ရို့စ်သည် သူမ၏ရင်သွေးများကို သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် စည်းကမ်းတကျ သွန်သင်ထိန်းကျောင်းလာခဲ့ရသည်။ သူမ၏ သားသမီးများကလည်း မိခင်အတွက် ဂုဏ်ယူလောက်သော ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာအောင် ကြိုးစားခဲ့ကြသကဲ့သို့ ဆိုးရွားလှသော ကံကြမ္မာတို့ကြောင့် သောက ဝေဒနာပါ သူမခံစားခဲ့ရသည်။ သမီးအကြီးဆုံး ရို့စ်မာရီသည် ဉာဏ်ရည်ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် လူမှုဝန်ထမ်းဂေဟာသို့ ပို့ခဲ့ရသည်။ သားဖြစ်သူ ဂျိုးဂျူနီယာသည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သမီးဖြစ်သူ ကက်သလင်းန်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ လေယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့သည်။ ထို့နောက် တစ်ဖန် ၁၉၆၃ ခုနှစ်တွင် ပြည်သူချစ်သော သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံလိုက်ရသော အခါ သူမနှင့်အတူ တစ်ကမ္ဘာလုံးက ကြေကွဲဝမ်းနည်း ခဲ့ကြသည်။ တစ်ဖန် ၁၉၆၈ ခုနှစ်တွင် ထက်မြက်သော သားတစ်ဦးဖြစ်သည့် ရောဘတ်ကနေဒီ အသတ်ခံခဲ့ရပြန်သည်။ နောက်နှစ်တွင် သူမ၏ ခင်ပွန်း ကွယ်လွန်ခဲ့သည်။ လောကဓံကို မတုန်မလှုပ် ရင်ဆိုင်ခဲ့သော ရို့စ်ဖစ်ဂျာရဲလ်ဒ် ကနေဒီ သည် အသက် ၁၀၄ နှစ်အရွယ်တွင် မက်ဆာချူးဆက် ပြည်နယ်၌ ကွယ်လွန်သည်။

## ကိုလာ, ကျော့ဂျက်စ် (၄၈ နှစ်)

ဂျာမန်လူမျိုး ၁၉၈၄ ခုနှစ် ဆေးပညာနိုဗဲဆုရ ပုဂ္ဂိုလ်။ အဆုတ်အအေးမိရောဂါဖြင့် ဂျာမနီနိုင်ငံ ဖရေးဘာ့ဂ်မြို့တွင် မတ်လအတွင်းက ကွယ်လွန်သည်။

## ကင်းစလေး , ဆစ်ဒနီ (၅၈ နှစ်)

ပူလစ်ဇာဆုရ ထင်ရှားသော အမေရိကန် ပြဇာတ်ရေးဆရာကြီး။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော "Men in White" ပြဇာတ်မှာ ပူလစ်ဇာဆု ရရှိခဲ့ပြီး "Dead End" (၁၉၃၆) ပြဇာတ်သည်လည်း လွန်စွာပင် ထင်ရှားပြောင်မြောက် ခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

## ချန်ယွန်း (၈၉နှစ်)

တရုတ် ကွန်မြူနစ်ပါတီ ဝါရင့်ခေါင်းဆောင်ဟောင်း – ပါတီဗဟိုကော်မတီတွင် ၁၉၃၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိနှင့် ပေါ်လစ်ဗျူရိုတွင် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဝါရင့်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်နှင့် ၁၉၈၅ ခုနှစ်အထိ အနီးကပ်မဟာမိတ်ဖြစ်ခဲ့သူ၊ နောက်ပိုင်းတွင် တိန့်ရှောင်ဖိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအပေါ် အပြင်းအထန် ဝေဖန်ခဲ့သူ၊ ဧပြီလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

## ဂါး , မော်ဒေချိုင် မော်တာ (၆၅ နှစ်)

အစ္စရေး ဒုတိယ ကာကွယ်ရေးဝန်ကြီး၊ ၁၉၆၇ ခုနှစ်တွင် ဂျေရုဆလမ်ရှေးဟောင်းမြို့တော်ကို လေထီးတပ်များဖြင့် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သော စစ်သူရဲကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အစ္စရေးတပ်မတော် အကြီးအကဲအဖြစ်ရှိစဉ် ၁၉၇၆ ခုနှစ်က ဓားစာခံ ၁၀၄ ဦးကို လေယာဉ်ပြန်ပေးသမားများလက်မှ ကယ်တင်ခဲ့သော နာမည်ကျော်အင်တက်ဘီလေဆိပ် ကယ်ဆယ်မှု စစ်ဆင်ရေးတွင် ကွန်မန်ဒိုအဖွဲ့ကို ကြီးကြပ်ညွှန်ကြားပေးခဲ့သူ၊ ကင်ဆာရောဂါဝေဒနာကို မခံစားလိုတော့၍ ဇူလိုင်လအတွင်းက မိမိကိုယ်ကို ပစ်သတ်၍ အဆုံးစီရင်ခဲ့သည်။

## ဂေါ်ဘာချော့ , မာရီယာ ပန်တီလီယက်ဗနာ (၈၄နှစ်)

ယခင် ဆိုဗီယက်ပြည်ထောင်စု သမ္မတဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်၏မိခင် – သားဖြစ်သူ ဂေါ်ဘာချော့ဗ် အထွတ်အထိပ်ရောက် နေစဉ်ကာလ၌အဆင့်မြင့်မြင့်၊ ဇိမ်ကျကျ နေခွင့်ရခဲ့သည့်တိုင် သူမသည် ရုရှားနိုင်ငံတောင်ပိုင်း ပရီဗိုလ်နိုယေအမည်ရှိ ရွာကလေး၌ပင် ရိုးရိုးလေး နေသွားခဲ့သည်။ ထိုရွာလေး၌ ဂေါ်ဘာချော့ဗ်ကို မွေးဖွားခဲ့ပြီး ထိုရွာလေး၌ပင် ဂေါ်ဘာချော့ဗ်၏ ဖခင်သည်လည်း ကွယ်လွန်ချိန် ၁၉၇၆ ခုနှစ်ထိ နေသွားခဲ့သည်။ သူမသည် ဧပြီလတွင် ကွယ်လွန်သည်။

## ဂျာဘရာ, ဂျဘရာ အီဗရာဟင် (၇၅နှစ်)

အီရတ်နိုင်ငံသား စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာ။ ရှိတ်စပီးယား၏စာပေလက်ရာများကို အာရေဗျဘာသာသို့ပြန်ဆိုပေးခဲ့၍ အာရပ်နိုင်ငံ တက္ကသိုလ်များတွင် ဖတ်ရှုလေ့လာရန် ပြဋ္ဌာန်းခြင်းခံရသည်။ ဘဂ္ဂဒက်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

## ဂျီလက်စ်, ကားလ် (၇၈နှစ်)

လန်ဒန်မြို့ထုတ်ဒေးလီးအိပ်စ်ပရက်စ်သတင်းစာကြီးနှင့် ဆန်းဒေးအိပ်စ်ပရက်စ်တို့တွင်နှစ် ၅၀ ကျော်မျှ ကာတွန်း

ရုပ်ပြောင်များ ရေးဆွဲလာခဲ့သူ နာမည်ကျော် ကာတွန်းဆရာကြီး။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်။

**စပင်ဒါ, စတီဖင် (၈၆နှစ်)**

ဗြိတိသျှလူမျိုး ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ၊ စာပေဝေဖန်ရေးသမား၊ နိုင်ငံရေးစာပေရေးသားသူ၊ "ဟရိုင် ဇင်" (မိုးကုတ်စက်ဝိုင်း) အမည်ရှိ စာပေမဂ္ဂဇင်းကို စတင် တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့သူနှင့် တည်းဖြတ်ခဲ့သူ၊ နောင်တွင် ဩဇာတိက္ကမကြီးနားသော "အန်ကောင်တာ" (ဆုံတွေ့ခြင်း) ဂျာနယ်ကိုတည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သူ၊ ၁၉၆၂ ခုနှစ် တွင်"နိုက်"ဘွဲ့ဖြင့် သူကောင်းပြုခံရသူ။ နှလုံးရောဂါဖြင့် ဇူလိုင်လ ၁၆ ရက်နေ့က လန်ဒန်မြို့တွင် ကွယ်လွန်သည်။

**စမစ်, မာဂရက် ချေ့စ် (၉၇နှစ်)**

အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်နှင့်အထက်လွှတ်တော်နှစ်ရပ်စလုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပထမဆုံးအမျိုးသမီးနိုင်ငံရေးသမား၊ လွှတ်တော်နှစ်ရပ်လုံးတွင် ၃၂ နှစ်ကျော်ဆောင်ရွက်ခဲ့သူ၊ မေလ ၂၉ ရက်နေ့တွင် မိန်းပြည်နယ်၊ စကောင်ဟေဂင်မြို့တွင် ကွယ်လွန်သည်။

**စီယာနို, အက်ဒါမူ ဆိုလီနီ (၈၄နှစ်)**

အီတလီဖက်ဆစ်အာဏာရှင်ခေါင်းဆောင်မူဆိုလီနီ၏ အကြီးဆုံးသမီး။ သူမ၏ခင်ပွန်းနိုင်ငံခြားရေးဝန်ကြီး ဂလက်ဇိုစီယာနိုသည် မူဆိုလီနီကို ယာယီပြုတ်ကျသွားစေနိုင်သည့် ၁၉၄၃ ခုနှစ် ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့မှု အတွက် ၁၉၄၄ ခုနှစ်တွင် သေဒဏ်စီရင်ခံခဲ့ရသည်။ ဖခင်ဖြစ်သူအား အမျိုးမျိုး ကန့်ကွက်ခဲ့သော်လည်း မရဘဲ လက်မရှဲ့အာဏာပါးကွက်သားတပ်ဖွဲ့၏ ပစ်သတ် စီရင်ခြင်းကို ခံခဲ့ရသည်။ သူမ၏ဖခင်ထံ ရေးသော စာတစ်စောင်တွင် " သွေးစွန်းခဲ့ရသော ခင်ပွန်းသည်၏ အမည်ကို ဂုဏ်ယူစွာဖြင့်ထိန်းသိမ်းသွား ပါမည်"ဟု ပါရှိခဲ့သည်။ အီတလီနိုင်ငံ၊ ရောမမြို့တွင် ဧပြီလအတွင်းက ကွယ်လွန်သည်။

**ဆလိုမို, ဂျိုး (၆၈နှစ်)**

အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှု၊ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအခြေခံသော ဖွဲ့စည်းပုံအခြခံဥပဒေသစ်ရေးဆွဲရေးတို့တွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ခဲ့သော တောင်အာဖရိက အိုးအိမ်ဝန်ကြီးဌာနဝန်ကြီး။ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့တွင် ကွယ်လွန်သည်။

**ဆာဆာကာဝါ၊ ရိုင်ယိုအိချိ (၉၆ နှစ်)**

ဂျပန်လူမျိုးအစွန်းရောက် အမျိုးသားရေးဝါဒီ၊ ၁၉၃၁ ခုနှစ်တွင်မျိုးချစ်လူထုပါတီကို တည်ထောင်ခဲ့သူ၊ အလောင်းအစား အလှူဒါနဒါနကြီး၍ အလှူအတန်းရက်ရော သော သူဌေးကြီး။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲ လေယာဉ်အစင်း ၂၀ ပါဝင်သော ကိုယ်ပိုင်လေတပ်တစ်ခုဖွဲ့စည်း၍ သူ့နိုင်ငံကို ကူညီခဲ့သူ။ အီတလီသို့ လေယာဉ်ဖြင့်သွား၍ အာဏာရှင် မူဆိုလီနီနှင့်တတ်ပုံတွဲရိုက်ခဲ့သည်။ စစ်အပြီးတွင် အမေရိကန်တပ်များက သူ့အား စစ်ရာဇဝတ်ပြစ်မှုဖြင့် ထောင်ဒဏ်လေးနှစ်ချခဲ့သည်။ နောင်တွင်သူသည် ဒေါ်လာသန်းထောင်ပေါင်းများစွာတန်သော တရားဝင် လောင်းကစားမှုလုပ်ငန်းကြီးများကိုတည်ထောင်ခဲ့ပြီး ဒေါ်လာသန်းတစ်ထောင်ကျော်မျှ မက လှူဒါန်းခဲ့သည်။ တိုကျိုမြို့တွင် ဇူလိုင် ၁၈ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဆာတန်, မေ (၈၃နှစ်)**

ထင်ရှားသော အမေရိကန်လူမျိုး စာရေးဆရာနှင့် ကဗျာဆရာမကြီး ။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဆူဗာနိုဗောင်၊ မင်းသားကြီး (၈၆ နှစ်)**

လာအိုနိုင်ငံသမ္မတဟောင်းနှင့်ပသက်လာတော်လှန်ရေးလှုပ်ရှားမှုခေါင်းဆောင်။ ပြင်သစ်နိုင်ငံတွင်ပညာသင်ကြားခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် လာအိုနိုင်ငံ ပြန်ရောက်ချိန်မှစ၍ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူ။ ၁၉၅၄ ခုနှစ်တွင် လွတ်လပ်ရေးရကာစ လာအိုနိုင်ငံ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။ သို့သော် သူ၏အစ်ကိုတော် မင်းသားကြီးသုဝဏ္ဏဖူးမား ခေါင်းဆောင်သည့် လက်ယာဝါဒီအဖွဲ့က ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းယူသွားသောအခါ ပသက်လာပြောက်ကျားတပ်ဖွဲ့ကို ခေါင်းဆောင်ခဲ့ပြီး နောက်ဆုံးတွင် လက်ဝဲကွန်မြူနစ် အာဏာရလာခဲ့သည်။ ဆူဗာနိုဗောင်သည် ၁၉၇၅ ခုနှစ် မှ ၁၉၈၆ ခုနှစ် ရာထူးမှ အနားယူချိန်အထိ သမ္မတတာဝန်ကို ထမ်း ဆောင်ခဲ့သည်။ ဇန်နဝါရီလအတွင်းက ကွယ်လွန် သည်။

## ဆိုင်ယိုရန်, အီမီးလ် မီဟိုင်း (၈၄ နှစ်)

လောကကြီးနှင့်ကင်းကင်းကွာကွာနေလေ့ရှိသော ရိုမေးနီးယားနိုင်ငံဖွား စာရေးဆရာနှင့်တွေးခေါ်ပညာရှင်ကြီး။ လူသားတစ်ဦးမွေးဖွားလာရခြင်း အသက်ရှင်ရပ်တည်နေရခြင်း၌ ဒုက္ခသာပြွမ်းတီးနေသည်ဟု အမြင်ရှိသော ဆိုင်ယိုရန်၏လက်ရာများအနက်"The Trouble with Being Born" (ဇာတိဒုက္ခ)(၁၉၇၃)သည် ထင်ရှားသည်။ "ကျွန်ုပ်သည် အသုဘအခမ်းအနားများကို ပိတ်ပင် တားမြစ်ချင်သည်။ လူသည်မွေးဖွား လာသည့်အတွက် ငိုကြွေးသင့်သည်။ သေဆုံး၍ ငိုကြွေးခြင်းသည် မသင့်" ဟု မှတ်ချက်ချခဲ့ဖူးသော တွေးခေါ်ပညာရှင်ကြီး ဆိုင်ယိုရန်သည် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့ တွင် ဇွန်လအတွင်းက ကွယ်လွန် ခဲ့သည်။

## တောင်ဆင်, ပီတာ (၈၀ နှစ်)

ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ဗြိတိသျှ တိုက်လေယာဉ်မှူးဟောင်း။ လေကြောင်းတိုက်ပွဲများ တွင် အစွမ်းပြခဲ့၍ လူသိများခြင်းထက် ဆဌမမြောက်ဂျော့ဘုရင်၏ သမီးအငယ်ဆုံး မာဂရက်မင်းသမီးနှင့် မေတ္တာမျှခဲ့ပြီးကာမှ ဘဝအခြေမပေး၍ ဝေးခဲ့ရသောအဖြစ်ကြောင့် ပိုမိုလူသိများခဲ့သည်။ မင်းသမီးထက် အသက် ၁၆ နှစ်ကြီး သော လေယာဉ်မှူး ပီတာတောင်ဆင်သည် အသက် ၂၀ စွန်းကာစ အရွယ်ရှိ မာဂရက်မင်းသမီး၏ မေတ္တာကိုရရှိခဲ့ပြီး သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲကို မင်းသမီး၏ ၂၅ နှစ်မြောက် မွေးနေ့တွင် ကြေညာရန် မျှော်လင့်ထားခဲ့ကြသည်။ သို့သော် တောင်ဆင်သည် အိမ်ထောင်ရှိခဲ့ဖူးသော တစ်ခုလပ် တစ်ယောက် ဖြစ်သည်ဟူသောအချက်ကြောင့် ဆွေတော်မျိုးတော်များက ဝိုင်းဝန်းကန့်ကွက်မှုကို မင်းသမီးခမျာ မငြင်းဆန်နိုင်ခဲ့ချေ။ မာဂရက်မင်းသမီးသည် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြပြီးဖြစ်ကြောင်း တရားဝင်ကြေညာချက်ကို ၁၉၅၅ ခုနှစ်တွင် မလွှဲမရှောင်သာ ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနောက်ပိုင်း တွင် ပီတာတောင်ဆင်သည် အလိုက်သိစွာဖြင့် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ထွက်ခွာလာခဲ့သည်။ ဝိုင်အရက် အရောင်းအဝယ်လုပ်ငန်း၊ ကုလ သမဂ္ဂ အကြံပေး ပုဂ္ဂိုလ်၊ စာရေးဆရာ စသည့်ဘဝများဖြင့် ဆက်လက် ကျင်လည်ခဲ့သည်။ ၁၉၇၈ ခုနှစ်က "အချိန်နှင့် အခွင့်အရေး" (Time and Chance )အမည်ရှိ စာအုပ်တွင် "သူမ အရာရာကို စွန့်လွှတ်ဖို့ ၊ သူမရဲ့ဘဝ အဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေ ခန ဒါတွေအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြင်ဆင်ပြီး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ကို လက်ထပ်နိုင်ခဲ့မှာပါ။ ဒါပေမယ့် ကျွန်တော် သိပါတယ် ။ ဒါတွေကို ထေမိနိုင်မယ့်၊ သူမဆုံးရှုံးသွားသမျှ ပေးလိုက် ရသမျှတွေကို ပြန်ကာမိနိုင်မယ့် ဘာအင်အားမျှ ကျွန်တော့်မှာ မရှိခဲ့ပါဘူး"ဟု အမှတ်တရရေးသားခဲ့သော ပီတာ တောင်ဆင်သည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၁၉ ရက် နေ့တွင် ကွယ်လွန်သည်။

## တန်နာ, လာနာ (၇၅ နှစ်)

အမေရိကန် ရုပ်ရှင်မင်းသမီးကြီး။ ဇူလိုင်လအတွင်းက လော့အိန်ဂျလိစ်မြို့၌ ကွယ်လွန်သည်။

## ဒေဆိုင်း, မိုရာဂျီ (၉၉ နှစ်)

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း – ဂျာနာတာပါတီကို စတင်တည်ထောင်ခဲ့သူ။ ၁၉၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ သမိုင်း၌ ကွန်ဂရက်ပါတီဝင်မဟုတ်ဘဲ ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာသူ။ မိမိစတာဝန်ယူစဉ် နှစ်နှစ်တာ ကာလအတွင်း အိမ်နီးချင်းတရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းခဲ့သူ။ ဧပြီလ ၁၁ ရက်နေ့ တွင် ဘုံဘေမြို့၌ ကွယ်လွန်သည်။

## နီးဒမ်း , ဂျိုးဆက် (၉၄ နှစ်)

ထင်ရှားသော ဗြိတိသျှလူမျိုး သိပ္ပံပညာရှင်၊ သမိုင်း ပညာရှင်၊ နိုင်ငံရေးပညာရှင်၊ ဇီဝဓာတုဗေဒနှင့် တရုတ်စာပေ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသောစာအုပ်များ ရေးခဲ့သူ။ သူပညာသင်ယူခဲ့ရာ ကိန်းဗရစ်တက္ကသိုလ်မှာပင် ၁၉၂၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဇီဝဓာတုဗေဒကို သင်ကြားပို့ချပေးခဲ့ရာမှ အသက် ၄၂ နှစ်အရွယ်တွင် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ခရီးထွက်စဉ် တရုတ်ရေးရာကို စိတ်ဝင်စား ခဲ့သည်။ သူကွယ်လွန်သည်အထိ တရုတ်နိုင်ငံ ၏သိပ္ပံ၊ သမိုင်းနှင့်ယဉ်ကျေးမှုအပေါ် နှစ်ပေါင်း ၅၀ တိုင်တိုင် သုတေသနပြု လေ့လာရေးသားခဲ့သည်။ တရုတ်နိုင်ငံ၏ သင်္ချာပညာ၊ သိပ္ပံပညာ၊ ဆေးဝါးနှင့်စက်မှုအတတ်ပညာတို့ ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စူးစူးနှစ်နှစ် ရေးသားဖော်ပြထားသော "Science and Civilization in China "ကျမ်းကြီးကို အတွဲပေါင်း ၁၆ တွဲအထိ ထုတ်ဝေနိုင်ခဲ့ပြီး ၁၂ တွဲကို ထုတ်ဝေရန် စီစဉ်ဆဲဖြစ်သည်။ သူ၏ ကြိုးပမ်းအားထုတ်မှု ကို "၂၀ ရာစု အကြီးမားဆုံး ဉာဏ စွမ်းဆောင်ချက်များအနက်တစ်ခု"အဖြစ် သတ်မှတ်ခံ ရသော ပညာရှင် ဂျိုးဆက်နီးဒမ်းသည် ဧပြီလအတွင်းက အင်္ဂလန်နိုင်ငံ၊ ကိန်းဗရစ်မြို့တွင် ကွယ်လွန်သည်။

## ပရက်စတန်, လူးဝစ် (၆၈ နှစ်)

၁၉၉၁ ခုနှစ်မှစ၍ ကွယ်လွန်ချိန်ထိ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ။ မေလကုန်တွင် ရာထူးမှ အနားယူရန် စီစဉ်ထားဆဲ မေလအတွင်း၌ ဝါရှင်တန်တွင် ကွယ်လွန်သည်။

## ပါရီ ,ဖရက်ဒ် (၈၅ နှစ်)

ကမ္ဘာကျော် ဗြိတိသျှတင်းနစ် ချန်ပီယံဟောင်း။ ၁၉၃၆ ခုနှစ် ဝင်ဘယ်လ်ဒန် တစ်ဦးချင်းတင်းနစ် ချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အခြားမည်သည့် ဗြိတိသျှတင်းနစ်သမားမျှ ထိုချန်ပီယံဘွဲ့ကို မရခဲ့တော့ချေ။ ပါရီသည် ကမ္ဘာ့တင်းနစ်လောကတွင် ကမ္ဘာ့ပွဲကြီးလေးပွဲ (ဂရင်းဆလင်ပွဲကြီး လေးပွဲ) လုံးကို အနိုင်ရခဲ့သော ပထမဆုံးတင်းနစ်ချန်ပီယံအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၀ ပြည့်လွန်နှစ်များနောက်ပိုင်း အနားယူခဲ့ပြီးနောက် နည်းပြဆရာ၊ ဘီဘီစီ အားကစားသတင်းဝေဖန်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

## ပီနေး , အန်တွိုင်နီ (၁၀၂ နှစ်)

ပြင်သစ်ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း။ ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံ၏ စီးပွားရေးနာလန်ထူရေးတွင် ဦးဆောင်လမ်းညွှန်ခဲ့သူ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

## ပဲ့လ်ထ် ဂျူနီယာ , ဂျိမ်းစ် ဗန် (၇၆ နှစ်)

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ကို အနုမြူဗုံးကြဲချခဲ့သော အမေရိကန် ဗုံးကြဲလေယာဉ်ဘီ – ၂၉ တွင် လေကြောင်းပြအရာရှိအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

## ဖူကူဒါ , တာကေအို (၉၀ နှစ်)

၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း ဂျပန်နိုင်ငံကို အာရှတိုက်တွင် သံတမန်ရေးရာ၌ တက်ကြွသော အခန်းကဏ္ဍ၌ ပါဝင်စေခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်း။ ဇူလိုင်လတွင် ကွယ်လွန်သည်။

## ဖူးလ်ဘရိုက်၊ ဂျေဝီလီယံ (၉၀ နှစ်)

ထင်ရှားထက်မြက်သော အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်ဟောင်း။ အမေရိကန်ပြည်ထောင်စု၏ ဗီယက်နမ်ဆိုင်ရာမူဝါဒတွင် ပြတ်ပြတ်သားသားဆန့်ကျင်ရပ်တည်ခဲ့သူ၊ ပြည်ပနိုင်ငံများနှင့် ပညာတော်သင်အပြန်အလှန်စေလွှတ်ရေးမူဝါဒကို ၁၉၄၆ ခုနှစ်တွင် သမ္မတဟာရီထရူးမင်းနှင့်အတူ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ပညာသင်ပေါင်း ၁၅၀,၀၀၀ ကျော် ပြင်ပပညာသင်ကြားခွင့်ရစေခဲ့သည်။ လက်ရှိသမ္မတ ဘီလ်ကလင်တန်သည် ကောလိပ်ကျောင်းသားဘဝက ဖူးလ်ဘရိုက်၏ ဆီးနိတ်ရုံးတော်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးရာ "ဒီပုဂ္ဂိုလ်ကြီးကြောင့်သာမဟုတ်ရင် ကျွန်တော်လည်း ဒီနေ့ဒီနေရာ ရောက်လာလိမ့်မယ်မထင်ပါဘူး" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတ ဘီလ်ကလင်တန်သည် အာကင်ဆတ်ပြည်နယ်သား ဖြစ်ခဲ့ပြီး ဖူးလ်ဘရိုက် စတင်အကောင်အထည်ဖော်ခဲ့သော ပညာတော်သင်ထောက်ပံ့ရေးဆု ရရှိခဲ့သူလည်း ဖြစ်သည်။ ဝီလီယံ ဖူးလ်ဘရိုက်သည် ၁၉၄၅ ခုနှစ်တွင် ဆီးနိတ်လွှတ်တော်သို့ ရောက်မလာခင် အာကင်ဆတ်တက္ကသိုလ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟာရီထရူးမင်း၊ ဂျွန်အက်ဖ်ကနေဒီနှင့် လင်ဒန်ဂျွန်ဆင်စသော သမ္မတများ အဆက်ဆက် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရှိစဉ်က သမ္မတ လင်ဒန်ဂျွန်ဆင်ကို နိုင်ငံခြားရေးမူဝါဒများ၌ များစွာအကူအညီပြုခဲ့သည်။ ထင်ရှားသော အမေရိကန်နိုင်ငံရေးသုခမိန် ဝီလီယံ ဖူးလ်ဘရိုက်သည် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်ခဲ့သည်။

## ဖန်ဂျီယို, ဟွမ်မင်ညူယယ် (၈၄ နှစ်)

အာဂျင်တီးနားနိုင်ငံသား နာမည်ကျော် ဖော်မြူလာဝမ်း ပြိုင်ကားချန်ပီယံဟောင်း။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့သည်။ ဖော်မြူလာဝမ်းချန်ပီယံ ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့သည့်အပြင် ယှဉ်ပြိုင်ခဲ့သမျှ ဂရင်းပရီပြိုင်ပွဲကြီးပေါင်း ၅၁ ခုအနက် ၂၄ ခုတွင် အနိုင်ရခဲ့သည်။ သူ၏အောင်မြင်မှု စံချိန်သည် ယနေ့ထက်တိုင် ထိပ်ဆုံးတွင်ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအတွင်းက ဗျူနိုအေရီးစ်မြို့တွင် ကွယ်လွန်သည်။

## ဗစ်တာ, ပေါလ် အယ်မလီ (၈၇ နှစ်)

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြောက်နှင့်တောင်ဝင်ရိုးစွန်းဒေသများသို့ အကြိမ်ကြိမ် ခရီးကြမ်းသွားရောက်

လေ့လာခဲ့သော ပြင်သစ်လူမျိုး စူးစမ်းရှာဖွေသူ စာရေးဆရာ။ သူ၏လေ့လာရေးခရီးကြမ်း ၃၇ ကြိမ်အနက် ပထမဆုံးခရီးစဉ်ကို ၁၉၃၄ ခုနှစ်က စတင်ခဲ့သည်။ အာတိတ်နှင့်အန္တာတိက ဒေသတို့၏ပထဝီဝင်၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ ရေခဲပြင်ဗေဒနှင့်အက်စကီးမိုးလူမျိုးတို့၏ ယဉ်ကျေးမှုတို့ကို စူးစမ်းလေ့လာ၍ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ်က အက်စကီးမိုးတို့နှင့်အတူလပေါင်းများစွာနေထိုင်၍ ဤမျှအေးမြသော တန်ဒရာရေခဲပြင်ဒေသတွင် မည်သို့နေထိုင်နိုင်စွမ်းရှိကြောင်း လေ့လာခဲ့မှုသည် သူ၏ ထင်ရှားသော လေ့လာစူးစမ်းချက်ဖြစ်ခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း ဘိုရာဘိုရာမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**မျူးတနန့်ဒ်, အဒေါ့ဖ် (၉၁ နှစ်)**

ဂျာမန်လူမျိုး ၁၉၃၉ ခုနှစ်တာတုဗေဒနိုဗဲဆုရှင်။ ယခင်က မသိခဲ့သော လိင်ဟော်မုန်းအတော်များများကို ခွဲခြားထုတ်ဖော်နိုင်ခဲ့ပြီး သူ၏ သုတေသနပြုချက်မှ ရရှိသော ဟော်မုန်းတည်ဆောက်ပုံ တွေ့ရှိချက်များအရ သန္ဓေထိန်းချုပ်မှုဆေးဝါးများကို ဆက်လက်ဖော်စပ်ထုတ်လုပ်နိုင်ခဲ့သည်။ နိုဗဲဆုရရှိခဲ့စဉ်က နာဇီဥပဒေအရ ဆုကို ငြင်းပယ်ရန် ပြဋ္ဌာန်းထားခဲ့သဖြင့် ၁၉၄၉ ခုနှစ်ကျမှ ဆုကို လက်ခံယူခဲ့ရသည်။ မြူးနစ်မြို့၌ ဇန်နဝါရီလတွင် ကွယ်လွန်သည်။

**ဘဇာဂန်, မေဒီ (၈၇နှစ်)**

ရှားဘုရင်ပြုတ်ကျသွားပြီးနောက် ၁၉၇၉ ခုနှစ်တွင် ဘာသာရေးခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ၏ ခန့်အပ်မှုဖြင့် အီရန်နိုင်ငံဝန်ကြီးချုပ် ကိုးလလုပ်ခဲ့သူ။ ဇန်နဝါရီလတွင် ဆွစ်ဇလန်နိုင်ငံ ဇူးရစ်မြို့၌ ကွယ်လွန်သည်။

**ဘာဂါ, ဝါရင်း အီး (၈၇နှစ်)**

အငြိမ်းစား အမေရိကန်တရားရုံးချုပ် တရားသူကြီးချုပ်။ ဇွန်လ ၂၅ ရက်နေ့ ကွယ်လွန်သည်။

**ဘား, မိုလ်ချုပ် မိုဟာမက် ဆီယတ် (၇၄ နှစ်)**

ဆိုမာလီနိုင်ငံကို ၁၉၆၉ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီး အာဏာရှင်စနစ်ဖြင့် ၁၈ နှစ်ကြာ အုပ်စိုးစဉ်ကာလအတွင်း အီသီယိုပီးယားနိုင်ငံနှင့် စစ်ပွဲဖြစ်ပွားခြင်း၊ စီးပွားရေးချွတ်ခြုံကျခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် အကြီးအကျယ် ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့ ကြုံတွေ့ပြီးနောက် ၁၉၉၁ ခုနှစ်တွင် အာဏာလက်လွှတ်ဆုံးရှုံး၍ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံခဲ့ရသော အာဏာရှင်ဟောင်း။ ပြည်နှင်ဒဏ်ခံနေစဉ် နိုင်ဂျီးရီးယားနိုင်ငံ၊ လေဂိုစ့်မြို့၌ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘားနေးစ်, အက်ဒဝပ် (၁၀၃ နှစ်)**

"ပြည်သူ့ဆက်ဆံရေးပညာရပ်၏ဖခင်ကြီး"ဟု အသိအမှတ်ပြုခံရသော ဆက်သွယ်ရေးနည်းပညာရပ် ကျွမ်းကျင်သူ ပညာရှင်ကြီး။ ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုကို လူထုဆက်သွယ်ရေးဝါဒ ဖြန့်ဝေမှု၌ ကူညီပေး ခဲ့သူ။ ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဒေါက်တာ ဆစ်ဂမန်ဖရွိုက်၏ တူတော်သူ။ အများပြည်သူ၏ ထင်မြင်ယူဆချက် (ပြည်သူ့အမြင်)ကို လွှမ်းမိုးစေသော နည်းစနစ်များစွာကို ရှေ့ဆောင်လမ်းပြရှာဖွေခဲ့သူ။ အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် မတ်လ ၉ ရက်နေ့က ကွယ်လွန်သည်။

**ဘော့ဗင်းနစ်, မိခေးလ် (၈၃ နှစ်)**

ကမ္ဘာ့စစ်တုရင်ချန်ပီယံ သုံးကြိမ်တိုင်တိုင်ဖြစ်ခဲ့သော ရုရှလူမျိုး ကမ္ဘာကျော်စစ်တုရင်ဆရာကြီး။ ဘော့ဗင်းနစ်သည် လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သိပ္ပံနည်း စနစ်တကျ လေ့ကျင့်မှုဖြင့် ကမ္ဘာ့စစ်တုရင်ချန်ပီယံအဖြစ် (၁၉၄၈ မှ ၁၉၅၇၊ ၁၉၅၈ မှ ၁၉၆၀၊ ၁၉၆၁ မှ ၁၉၆၃) သုံးကြိမ်တိုင်တိုင် ရပ်တည်ခဲ့သည်။ ထူးချွန်သော စစ်တုရင်သမားများ ထွက်ပေါ်အောင်မွေးထုတ်ပေးရာ၌လည်း ကျွမ်းကျင် ထင်ရှားသူဘော့ဗင်းနစ်သည် နောင်အနာဂတ်ချန်ပီယံလောင်းများကိုလည်း ပေါက်ဖွားစေခဲ့သည်။ ကမ္ဘာ့လက်ရှိချန်ပီယံ ဂယ်ရီကက်စပါရော့ဗ်သည် ငယ်စဉ်က ဘော့ဗင်းနစ် လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ကမ္ဘာ့စစ်တုရင် သုံးကြိမ်ချန်ပီယံ ဂရင်းမာစတာ ဘော့ဗင်းနစ်သည် မေလအတွင်းက မော်စကိုမြို့တွင် ကွယ်လွန်သည်။

**ဘော့လ်ထ်, ရောဘတ် (၇၀ နှစ်)**

အော်စကာဆု နှစ်ဆုရ နာမည်ကျော် ဗြိတိသျှ ဇာတ်ညွှန်းရေးဆရာကြီး။ သူ့ဇာတ်ညွှန်းရေးသားခဲ့သော ဇာတ်ကားများအနက်"Dr Zhivago" (၁၉၆၅) နှင့်"A Man for All Seasons" (၁၉၆၆)တို့သည် ဇာတ်ညွှန်းအော်စကာဆု ရရှိခဲ့ကြပြီး "Lawrence of Arabia" (၁၉၆၂)သည် အော်စကာဆုအတွက် ယှဉ်ပြိုင်အမည်စာရင်းတင်သွင်းခြင်း ခံခဲ့ရသည်။ ဖေဖော်ဝါရီလ ၂၀ရက်နေ့က ပီတာစဖီးလ်ဒ်မြို့တွင် ကွယ်လွန်သည်။

**မာရီးလ်, ဂျိမ်းစ် (၆၉ နှစ်)**

ပူလစ်ဇာဆု၊ ဘိုလင်ဘန်ဆုနှင့် အမျိုးသားစာအုပ်ဆု နှစ်ဆုရ ထင်ရှားသော ကဗျာဆရာကြီး။ ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

**မာရင်, ယန်း (၈၆ နှစ်)**

အေအက်ဖ်ပီသတင်းဌာနကို တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့ပြီး ၎င်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော နာမည်ကျော် ပြင်သစ်သတင်းစာဆရာကြီး။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၃ ရက်နေ့တွင် ကွယ်လွန်သည်။

**မန်ဇန်, ကာလို့စ် (၅၂ နှစ်)**

၁၉၇၀ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်အထိ ရှုံးပွဲမရှိခဲ့သော အာဂျင်တီးနားလူမျိုး ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံဟောင်း။ သူ့လက်ဝှေ့သက်တမ်းတစ်လျှောက် ဆုကြေးစား လက်ဝှေ့ပွဲပေါင်း ၁၀၀ ထိုးခဲ့ရာတွင် သုံးပွဲသာ ရှုံးဖူးသူ။ ယာဉ်တိုက်မှုဖြင့် ဇန်နဝါရီလအတွင်းက ကွယ်လွန်သည်။

**မိန်း, သောမတ်စ် (၉၃ နှစ်)**

မိုင်လိုကို တီထွင်ခဲ့သောဩစတြေးလျနိုင်ငံသား၊ ကုန်ထုတ်ဓာတုဗေဒပညာရှင်ကြီး။ ကမ္ဘာကျော် ဆွစ်ဇာလန် နက်စလေ စားသောက်ကုန်လုပ်ငန်းကြီးတွင် ဝင်ရောက်လုပ်ကိုင်ရင်း လေးနှစ်ကြာမျှစမ်းသပ်ပြီးနောက် ယနေ့ အာရှနှင့် ဩစတြေးလျအိမ်ရှင်မတို့ နှစ်သက်နေကြသော မိုင်လိုချော့ကလက်မှုန့်ကို ၁၉၃၄ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံ ၃၀ ကျော်တွင် ဒေါ်လာ သန်း ၄၂၀ ဖိုးမျှသော မိုင်လိုအမှုန့်တန်ချိန် ၉၀,၀၀၀ ကို နှစ်စဉ်တင်ပို့ရောင်းချလျက် ရှိသည်။ မိုင်လို၏ ဖခင်ကြီး သောမတ်စ် မိန်းသည် ဇန်နဝါရီလအတွင်းက ဩစတြေးလျနိုင်ငံ ၊ ဆစ်ဒနီမြို့တွင် ကွယ်လွန်သည်။

**ရာဘင်, ယစ်ဇတ် (၇၃ နှစ်)**

အစ္စရေးဝန်ကြီးချုပ်။ နိုဝင်ဘာ ၄ ရက်နေ့တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေးလူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားအပြီး ပြန်လည်ထွက်ခွါလာစဉ် လူသတ်သမား ဥပဒေကျောင်းသား အမိယာဆိုသူက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသဖြင့် ကွယ်လွန်သွားသည်။

**ရှူးဒေါ့ဖ်, မာ့က်စ် (၉၂ နှစ်)**

ဂျာမနီနိုင်ငံဖွား နာမည်ကျော် အမေရိကန် ဂီတပညာရှင်ကြီး။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖီလဒဲလ်ဖီးယား၌ ကွယ်လွန်သည်။

**ရောဂျားစ်, ဂျင်ဂျာ (၈၃ နှစ်)**

နာမည်ကျော်အကယ်ဒမီဆုရ အမေရိကန်ရုပ်ရှင်မင်းသမီးကြီး ။ ၁၉၃၀ ပြည့်လွန်စနှစ်များက"Girl Crazy" ဇာတ်ကားဖြင့် စတင်နာမည်ရခဲ့ပြီး နာမည်ကျော်အကမင်းသားကြီး ဖရက် အက်စတိုင်းယားနှင့် ဇာတ်ကားဆယ်ကားတွင် တွဲဖက် ရိုက်ကူးခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် "Kitty Foyle" ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆု ရခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

**ရောဘတ်စ်, အက်ဒဝပ် ဗီ (၅၆နှစ်)**

ကိုယ်ခန္ဓာ ထိခိုက်ချို့ယွင်းမှုအမျိုးမျိုး ခံစားခဲ့ရသော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့သဖြင့် ထင်ရှားပုဂ္ဂိုလ်တစ်ဦးအဖြစ် ရောက်ခဲ့သူ။ အသက် ၁၄ နှစ်သားအရွယ်တွင် ပိုလီယိုရောဂါကြောင့် လည်ပင်းမှစ၍ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွက်ချာပါဒလိုက်သွားခဲ့သည်။ ထို့ပြင် အဆုတ်အလုပ်မလုပ်တော့သဖြင့် သံမဏိအဆုတ်သို့မဟုတ် လေရှူစက်ကိရိယာ တပ်ဆင်ပေးထားရပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအားဖြင့် လက်ချောင်းလေးတစ်ချောင်းသာ လှုပ်ရှားနိုင်သည်။ သို့သော် ရောဘတ်စ်သည် ဘဝကို အရှုံးမပေးဘဲ ကြိုးစားလာခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဘာကလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်သို့ တက်ခွင့်ရခဲ့သည်။ အခြေအနေအဆိုးရွားဆုံး မစွမ်းမသန် ကျောင်းသားများထဲမှ ပထမဆုံး တက်ခွင့်ရခဲ့သူ ဖြစ်သည်။ ထိုတက္ကသိုလ်မှ သူသည် ဘွဲ့ဒီဂရီရအောင် ကြိုးစားရင်း မစွမ်းမသန်ကျောင်းသားများအတွက် နေစရာအိုးအိမ်နှင့် အကျိုးဆောင်မှု လုပ်ငန်းများကို စည်းရုံးလှုံ့ဆော်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မစွမ်းမသန်သူများ အမှီအခိုကင်းစွာ နေထိုင်ရေး ဗဟိုဌာနကို စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင်မူ မစွမ်းမသန်သူများအား ထိရောက်စွာ ကူညီနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် (World Institute on Disability) ကို ဦးဆောင်တည်ထောင်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့တွင် မတ်လအတွင်းက နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရှီယာ ယန်း (၉၄ နှစ်)**

တရုတ်နိုင်ငံ၏ ရုပ်ရှင်၊ ပြဇာတ်နှင့် စာပေလောကတွင် ထင်ရှားသော စာရေးဆရာကြီး။ ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ရှီးလား , ကားလ် (၈၃ နှစ်)**

ယခင် အနောက်ဂျာမနီ စီးပွားရေးဝန်ကြီးဟောင်း။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဟမ်းဘာ့ဂ်မြို့၌ ကွယ်လွန်သည်။

**ရှူးလ်မန်း, အာဗင် (၈၁ နှစ်)**

နာမည်ကျော် အမေရိကန် ဝတ္ထုနှင့် ဇာတ်ညွှန်းရေးဆရာကြီး။ မတ်လ ၂၃ ရက်နေ့တွင် လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဝီလ်ဆင်, ဟာရိုးလ်ဒ် (၇၉ နှစ်)**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း။မူလက စီးပွားရေးပညာ ရှင်ဖြစ်သော ဟာရိုးလ်ဒ်ဝီလ်ဆင်သည် ဒုတိယကမ္ဘာ စစ်ကြီးနောက်ပိုင်း လေဘာပါတီ၌ ထင်ရှားသူဖြစ်လာ သည်။ အတိုက်အခံ လေဘာပါတီ၌ ၁၃ နှစ်တာဆောင်ရွက်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် လေဘာပါတီကို နောက်ထပ်သုံးကြိမ်တိုင်တိုင် အောင်ပွဲဆင်အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့သည်။ ယင်းအောင်ပွဲများအနက် ၁၉၆၆ ခုနှစ် အောင်ပွဲသည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သူသည် ဝန်ကြီးချုပ်ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့သည်။

**ဝေါလ်တန်, အားနက်စ် တီ အက်စ် (၉၁ နှစ်)**

နိုဗဲဆုရ အိုင်းရစ်လူမျိုး ရူပဗေဒပညာရှင်ကြီး။ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ဂျွန်ဒီကော့ကရော့ဖ်တို့သည် ကိန်းဘရစ်တက္ကသိုလ် ကဗင်းဒစ်ရှ် စမ်းသပ်ခန်းတွင် ၁၉၃၀ ပြည့်လွန်ကာလနှစ်များအတွင်းက ပထမဆုံး အက်တမ်ဖြိုခွဲနိုင်သော စက်ကိရိယာကို တီထွင်ပြုလုပ်ခဲ့ကြသည်။ အိုင်ယာလန်နိုင်ငံ ၊ ဘဲလ်ဖတ်မြို့၌ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟော်ဒန်, ဆာ မိုက်ကယ် (၈၃ နှစ်)**

ဗြိတိသျှရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ပြဇာတ်လောကတွင် နှစ်ပေါင်း ၆၀ ခန့် သရုပ်ဆောင်ခဲ့သော ဝါရင့်မင်းသားကြီး။ အင်္ဂလန်နိုင်ငံ ၊ အော့စဖို့မြို့၌ မေလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အာဘန်, မတ် (၇၅ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းခဲ့သဖြင့် ဆုတံဆိပ်အများဆုံးရရှိခဲ့သော အမေရိကန်ဝါရင့်စစ်ပြန်ကြီးများအနက် ထင်ရှားသူတစ်ဦး၊ ပြင်းထန်သော ဒဏ်ရာများ ရထားပါလျက် စစ်မြေပြင်သို့သာ ထပ်တလဲလဲပြန်လာလွန်းသဖြင့် မိတ်ဆွေများက "တစ္ဆေကြီး" ဟု အမည်ပေးခြင်းခံရသူ၊ ဒုတိယဗိုလ်မှူးကြီးရာထူးမှ အငြိမ်းစားမယူမီအထိ နိုင်ငံငါးနိုင်ငံတွင် စစ်ဆင်ရေးခြောက်ခု၌ ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ၊ အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံး ဆုတံဆိပ် "The Medal of Honor" အပါအဝင်ဆု တံဆိပ်ပေါင်း ၂၉ ခု ချီးမြှင့်ခံခဲ့ရသူ။ မတ်လအတွင်းက အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၊ ဟော်လန်မြို့ တွင် ကွယ်လွန်သည်။

**အော့စ်ဘွန်း, ဂျွန် (၆၅ နှစ်)**

အော်စကာဆုရ ထင်ရှားသော ဗြိတိသျှ ပြဇာတ်ရေးဆရာ။ ၁၉၆၃ ခုနှစ်တွင် "Tom Jones" ဇာတ်ကား၌ ဇာတ်ညွှန်း အော်စကာဆု နှင့် ၁၉၆၄ ခုနှစ်တွင် "Luther" ပြဇာတ်ဖြင့် တိုနီဆုရရှိခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။

**အော့ဖ်မန်, ဟန်း နက်စ် (၈၆ နှစ်)**

ဆွီဒင်လူမျိုး ရူပဗေဒ နိုဗဲဆုရှင်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အချိန်ပိုင်းပါမောက္ခ။ သံလိုက်စက်ကွင်းအတွင်း ရွေ့လျားနေသော အရည်များ၏ လျှပ်ကူးသတ္တိကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၁၉၇၀ ပြည့်နှစ်က ရူပဗေဒနိုဗဲဆုကို ပူးတွဲရရှိခဲ့သည်။ သူတွေ့ရှိဖော်ထုတ်ခဲ့သော ပညာရပ်ကို မဂ္ဂနက်တိုဟိုက်ဒရိုဒိုင်းနမစ်ပညာရပ်အဖြစ် ထင်ရှားစေခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အိုဂျင်ဝူး (၇၈ နှစ်)**

အင်အား ၁ ဒသမ ၁ သန်းရှိသော မြောက်ကိုရီးယားတပ်မတော်၏ အကြီးအကဲကာကွယ်ရေးဝန်ကြီး၊ တိုင်းပြည်တွင် ကင်ဂျုံအီလ်ပြီးလျှင် ဒုတိယသြဇာတိက္ကမ အရှိဆုံး

ပုဂ္ဂိုလ်။ ပြင်ယမ်းမြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သည်။

**အိုရှီးယား, တက်ဆီ (၈၂ နှစ်)**

နာမည်ကျော် ဗြိတိသျှအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး။ ဧပြီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

**အက်ကာ့တ်, ဂျေပရက်စပါး (၇၆ နှစ်)**

ပထမဆုံး အီလက်ထရောနစ်အပြည့်သုံး ဒစ်ဂျစ်တယ် ကွန်ပျူတာကို ၁၉၄၃ ခုနှစ်က ဂျွန်ဒဗလျူ မော်ချီနှင့်အတူ ပင်ဆီဗေးနီးယားတက္ကသိုလ်တွင် တီထွင်ခဲ့သော အမေရိကန် လူမျိုးသိပ္ပံပညာရှင်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားသိပ္ပံဆုကို ချီးမြှင့်ခံခဲ့ရသူ။ ဇွန်လတွင် ကွယ်လွန်သည်။

**အက်စပင်, လက်စ် (၅၆ နှစ်)**

ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူပြီး တစ်နှစ်မျှ ပင်မကြာ မိုဂါဒစ်ရှူးတွင် အမေရိကန်စစ်သား ၁၈ ဦး သေဆုံးခဲ့ရသည့် အရေးကိစ္စဖြစ်ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သော အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟောင်း။ မေလတွင် ဝါရှင်တန်မြို့၌ လေဖြတ်၍ ကွယ်လွန် သည်။

**ဦးညာဏ်ဝင်း**

**ခင်စု၊ဒေါ်(ရေနံမြေ)(ခရစ်နှစ် ၁၉၁၉–၁၉၉၅)။** ၁၉၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရေနံချောင်းမြို့၌ အဖ ဦးတင်၊ အမိ ဒေါ်မြသန့် (ခေါ်) ဒေါ်ဇွန်းတို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် သမီးအလတ် ဖြစ်သည်။ အကြီးမှာအစ်မဖြစ်ပြီး အငယ်မှာ မောင်ဖြစ်သည်။ မြန်မာ–ဗုဒ္ဓဘာသာဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်စု၊ ကလောင်အမည် ရေနံမြေစု ဖြစ်သည်။

အမိဘက်မှ ရေနံတွင်းစားမျိုးရိုးနှင့် အဖဘက်မှ ကုန်သည်မျိုးရိုးဖြစ်သည်ဟု ဆိုရစေကာမူ အဖ ဦးတင်၏ ဖခင် ဦးသော်ဒါမှာ သီပေါမင်း၏ လူပျိုတော်သားဖြစ်ရာ အရှင်နစ်ပါးပါတော်မူသော အခါကျမှ ဇာတိနေရပ် မကွေးမြို့သို့ ပြန်လည်နေထိုင်ခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်က (၁၉၂၅–၁၉၂၇ အထိ) ဘုန်းကြီး ကျောင်း၊ မယ်သီလရှင်ကျောင်းများ၌ အခြေခံပညာကို သင်ကြားခဲ့ရသည်။ ရေနံချောင်းမြို့တွင် အင်္ဂလိပ်ကျောင်း ( King Edward School) နောင်အခါ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခွင့် မရခဲ့ပါ။ အဘိုးဖြစ်သူ ဇာတိမာန်ပြင်းထန်မှုကြောင့်ဖြစ်သည်။ နောင်အခါ အမျိုးသားအထက်တန်းကျောင်းဟူ၍ပြောင်းလဲ ထူထောင်လိုက်သည့်အခါကျမှ (၁၉၂၇–၁၉၃၈ အထိ) အင်္ဂလိပ်–မြန်မာနှစ်ဘာသာတက်ရောက် သင်ကြားခွင့်ရခဲ့သည်။ မြန်မာနိုင်ငံ၏အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ ငယ်စဉ်ကပင်ကျောင်းရှိကျောင်းသား သမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ရေနံချောင်းမြို့သို့ သခင် ခေါင်းဆောင်ကြီးများ သခင်အသင်းအတွက် စည်းရုံးရေး ဆင်းခဲ့စဉ် (ကျောင်းသူဘဝမှာပင်) ၁၉၃၇ ခုနှစ်တွင် သခင်မအဖြစ်ပါဝင်ခဲ့သည်။

ရေနံမြေ (ရေနံချောင်းမြို့) တွင်ပေါ်ပေါက်ခဲ့သော အလုပ်သမားများ၏သပိတ်တိုက်ပွဲ၊ နယ်ချဲ့ အရင်းရှင် တိုက်ပွဲများကို ဝံသာနုရက္ခိတအသင်းကြီး၏ ဥက္ကဋ္ဌကြီး ဖြစ်သူ ဦးစိုးသိမ်း၏စည်းရုံးလှုံ့ဆော်ချက်အရ ငယ်ရွယ်စဉ် မှာပင် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ် မတရားပြုမှုများကို ဆန့်ကျင်သပိတ်တားရာ၌ပါဝင်ခဲ့သည်။ သပိတ် တားသည့်အတွက် သခင်မကြီးများနှင့်အတူ နယ်ချဲ့ လက်ဝေခံ ဝန်ရှင်ကြီးများ၊ အလိုတော်ရိများ၏ ရေပက်ဖြူခွင်းခြင်း ခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၌ အထက်တန်းပညာ (H.S.F ) စာမေးပွဲကိုအောင်မြင်ခဲ့ပြီး ရန်ကုန်ဆရာအတတ်သင် ကောလိပ်တက်၍ ထိုကျောင်းကြီး၌ပင် ကျောင်းဆရာမ အဖြစ် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အိမ်ထောင်သည် သားတစ်ယောက်မိခင်ဘဝနှင့်ပင် မင်းဘူးခရိုင်အတွင်း၌ ခရိုင်ခေါင်းဆောင်ဗိုလ်လရောင်၊ သခင်မြမောင် (ခေါ်) သခင်ဖေသန်းတို့နှင့်အတူ နယ်ချဲ့တော်လှန်ရေးလုပ် ခဲ့သည်။

၁၉၄၂–၁၉၄၅ ခုနှစ်အတွင်း ခင်ပွန်းသည် သခင် ကိုကြီးတို့၏ဒေသ တွံတေးတောကြီးတန်းသို့ လိုက်ပါကာ မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။ ကျိုက်ကော်မြို့ကလေးရှိ အာရှတိုက် လူငယ်များ အစည်းအရုံးတွင် ဉာဏနှင့်ဝါဒမှူး အဖြစ် ဆောင်ရွက်ရင်း ၁၉၄၅ ခုနှစ် နှစ်ဦးတွင် ဂျပန် တော်လှန်ရေးကို သခင်ကိုကြီး၊ သခင်တင်လှိုင် (သခင် ခင်ညွန့်၏ညီ)၊ သခင်ထွန်းမြင့် စသူတို့နှင့် ပူးတွဲ တာဝန်ထမ်းခဲ့သည်။ ကျိုက်ကော်မြို့ရှိ ဖက်ဆစ် များအား ဆန့်ကျင်သုတ်သင်၍ တွံတေးတောကြီးတန်းရှိ တောတွင်း ရွာများတွင် တိမ်းရှောင်နေခဲ့ရသည်။



ဒေါ်ခင်စု (ရေနံမြေ)

၁၉၄၅ ခုနှစ် နှစ်လည်လောက်တွင် ရန်ကုန်မြို့ရှိ အာရှအသွင်ပြောင်း ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များ အစည်းအရုံး (ဗ.လ.စ) သို့ရောက်ရှိကာ အမျိုးသမီး ဗဟို စည်းရုံးရေးမှူးအဖြစ် တာဝန်ထမ်းခဲ့သည်။ ဗ.လ.စ ဗဟို တွင် တာဝန်ထမ်းဆောင်ရင်း စစ်အပြီး ယိုယွင်းပြိုကျ နေသော ပညာရေးကို ထူထောင်ရန် ကျောင်းများပြန်လည် ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၄၈ ခုနှစ်အထိ ဖြစ်သည်။

၁၉၄၈ - ၁၉၅၂ အထိ ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီး ဦးတင် (မြန်မာ့အလင်း) ၏ အတွင်းရေး အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကုန်မှ ၁၉၆၂ ခုနှစ်အထိ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှင့်စွယ်စုံအချိန်ပိုင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းခဲ့သည်။ ထို့နောက် ပြည်ထဲရေးဌာနမှ ထုတ်ဝေသော မှုခင်းမဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် ရန်ကုန်သတင်းစာတိုက်အချိန်ပိုင်းအယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဥပစာဝိဇ္ဇာအောင်ပြီး၊ ၁၉၇၀ ပြည့်နှစ်တွင် စာမတတ်သူပပျောက်ရေး "အသုံးလုံး" ဗဟို ကော်မတီဝင်ဖြစ်ခဲ့ပြီး မြင်းခြံခရိုင်တွင် တာဝန်ကျခဲ့ သည်။

၁၉၈၀ ပြည့်နှစ်၌ မရမ်းကုန်းစာပေလုပ်သားအဖွဲ့ဝင် အနေနှင့် မြို့နယ်သမိုင်းပြုစုရာတွင် ပါဝင်ဆောင်ရွက် ခဲ့သည်။

ယုဝတီနှစ်ပတ်လည် မဂ္ဂဇင်းတွင် "ယု"ဟူသော တော်လှန်ရေးဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက် ခဲ့သည်။ သုတပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ ရွှေသွေး၊ သိပ္ပံ မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းစုံ မဂ္ဂဇင်း၊ သောင်းပြောင်း ထွေလာ၊ သွေးသောက်၊ ယုဝတီဂျာနယ်၊ ရွှေတူ ဂျာနယ်၊ ရှေ့ဆောင်လူငယ်စသည့် လစဉ်ထုတ် မဂ္ဂဇင်းကြီး များ တွင် ဘာသာပြန်ဝတ္ထုဆောင်းပါးများ၊ ပင်ကိုယ်ရေး ဝတ္ထုဆောင်းပါးများ များစွာရေးဖွဲ့ပြုစုခဲ့သည်။ ပုံနှိပ် ထုတ်ဝေပြီး ဝတ္ထုဆောင်းပါး ပေါင်း (၂၀၀) ကျော်ရှိသည်။

အတွေးအခေါ်အားကောင်းသော အသိအမြင်အမှန် ကိုပေးသော စာမူများကို ကြိုးပမ်းရေးဖွဲ့တင်ပြနေရင်းက ချော်လဲ၍ တင်ပဆုံရိုးကျိုးသည့်ဝေဒနာဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့ ချမ်းအေး သာဇံမြို့နယ်၊ ယာဉ်ပျံရွာတွင် ကွယ်လွန်ခဲ့သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၅)**။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာ တော် တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာ ဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင် ခဲ့ကြသော တပ်မတော်သားများ၊ နိုင်ငံတော်၏ လယ်ယာ ကဏ္ဍနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက် ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့ ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ၊ တပ်မတော်ရွှေရတုနှစ် တံဆိပ်များ၊ စစ်မှုထမ်း ကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲ ဝင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့် အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ တော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ဘွဲ့အမည်များ ၊ ဂုဏ်ထူး ဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ၊ တပ်မတော်ရွှေရတုနှစ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေ စိုးမိုးရေးတံဆိပ်၊ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့် အပ်နှင်း ခံရသော ပုဂ္ဂိုလ်များ၏စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် မတ်လ ၂၇ ရက် ရွှေရတုတပ်မတော်နေ့များတွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်( ၁/၉၅) အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှအပါး ၂၀ နှင့် မလေးရှားနိုင်ငံမှ တစ်ပါး စုစုပေါင်း၂၁ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးအပါး ၂၀ နှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း၂၁ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီး၂၈ ပါးနှင့်သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၃၂ ပါး၊ ဒုတိယဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသောဆရာတော်ကြီးကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ ဒုတိယကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါး၊ အမေရိကန်ပြည်ထောင်စုမှတစ်ပါးနှင့် အိန္ဒိယနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၉ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်း ခံရသော ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ခုနစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦးနှင့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၃၉ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၅)အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၂၉ ဦး၊ လယ်ယာစိုက်ပျိုးရေး... 

စီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ စိမ်ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ စိမ်ထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ရှစ်ဦး၊ စိမ်ထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၄၈ ဦး၊ ရဲသူရတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခြောက်ဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၁၅၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၃/၉၅ ) အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၅၈၃ ဦး၊ စုစုပေါင်း ၂,၆၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၄/၉၅) အရပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၃၃၃ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၁၂,၉၀၆ ဦး စုစုပေါင်း ၁၄,၂၃၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ( ၅/၉၅ ) အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစား ၁၁ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၁၉၆ ဦး စုစုပေါင်း ၂၀၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၆/၉၅ )အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များမှာ တာဝန်ထမ်းဆောင်ဆဲ ၄၀၆ ဦး ဖြစ်ကြသည်။

အမိန့်ကြော်ငြာစာအမှတ်( ၇/၉၅) အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၆၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၇,၈၉၂ ဦး စုစုပေါင်း ၃၉,၇၅၈ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၅၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅၅,၅၂၄ ဦး စုစုပေါင်း ၅၇,၃၇၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၈/၉၅) အရ ပြည်သူ့ရဲပူးတွဲ တိုက်ပွဲဝင်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် တာဝန်ထမ်းဆောင်ဆဲ ၁,၁၃၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၂၁/၉၅ )အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ ချီးမြှင့်ခံရသောပုဂ္ဂိုလ် တစ်ဦး၊ သူရဘွဲ့ ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၃ ဦးနှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၁၄၉ ဦး စုစုပေါင်း ၁၆၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂၂/၉၅)အရ တပ်မတော်ဧရာနှစ်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် စစ်မှုထမ်းဆောင်ဆဲ အရာရှိ ၁,၂၀၅ ဦးနှင့် အခြားအဆင့် ၁၄,၃၅၇ ဦး စုစုပေါင်း ၁၅,၅၆၂ ဦး ပါဝင်သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၆၂ ဦး အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များ ချီးမြှင့်သည်။

ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်ထမ်းဆောင်ခဲ့ကြသော မရီးလ်မရော်ဒါတပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း ၂၃ ဦးအား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်းကောင်း၊ အမေရိကန် တပ်မတော် (OSS-101) တပ်ဖွဲ့ဝင် စစ်မှုထမ်း ဟောင်း ၁၅ ဦးအား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လည်းကောင်း မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ**။ ။၁၉၉၄ခုနှစ်၊ ဇွန်လက ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သော မစ္စတာတိုမီအိချိမူရာယာမသည် အသက် ခုနစ်ဆယ်ရှိပြီဖြစ်သည်။ သူ၏ရိုးသားသော အနေအထိုင် ဝတ်စားဆင်ယင်မှုကို ပြည်သူတို့က သဘောကျကြသည်။

မူရာယာမသည် နိုင်ငံ၏စီးပွားရေးကို ပို၍ လေးစားသူ ဖြစ်သည်။ သူ၏ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် ပါတီနှင့် နှစ်ပေါင်းများစွာအာဏာရယူခဲ့သော လစ်ဘရယ်ဒီမိုကရက် ပါတီမှခွဲထွက်သူများအပြင် ဆာကီဂါကီပါတီနှင့် အခြားသောပါတီငယ်များက စုပေါင်းကာ မူရာယာမကို ထောက်ခံကြသည်။ ထောက်ခံသူအမှတ် ၂၆၁၊ ကန့်ကွက်သူအမှတ် ၂၁၄ ဖြင့် မူရာယာမသည် ဝန်ကြီးချုပ် ဖြစ်လာကာ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကျူရှူကျွန်း အိုအိတမြို့နေရေလုပ်သားတံငါသည် တစ်ဦး၏သားဖြစ်သူ မူရာယာမသည် ဆင်းဆင်းရဲရဲနေခဲ့ရသည်။ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

၁၉၉၃ခုနှစ်၊ နိုဝင်ဘာလတွင် ဝန်ကြီးချုပ်မှုဆိုဟီရိုဟိုဆိုကာဝါ လက်ထက်က ပြဋ္ဌာန်းခဲ့သော ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်များအရ ဝန်ကြီးများသည် မိမိတို့ပိုင်ပစ္စည်းစာရင်းကို တင်ပြကြရသည်။ ဝန်ကြီးချုပ်ဟောင်း ဟာတာမှာသိန်းသုံးလေးဆယ် ပိုင်ကြောင်းတင်ပြသည်။ မစ္စတာမူရာယာမကမူ သူပိုင်ပစ္စည်းသည် ဒေါ်လာသုံးသန်းခွဲသာရှိသည်ဟု ဆိုသည်။ ထိုသုံးသန်းခွဲမှာလည်း သူ၏ဇနီးစုဆောင်းရရှိငွေဖြစ်သည်။ ဤမျှလောက်ရိုးသားသူကို လစ်ဘရယ်ဒီမိုကရက်ပါတီက ထောက်ခံခြင်းဖြစ်သည်။

မစ္စတာမူရာယာမသည် အလုပ်သမားရေးရာကို ကိုင်တွယ်ခဲ့သူဖြစ်၍ ပါတီစိတ်ပြင်းထန်သူ မဟုတ်ပေ။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပသော အထက်လွှတ်တော်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီသည် အမတ်နေရာ ၄၆ နေရာမှ ၆၈ နေရာသို့ တိုးတက်ရရှိသည်။ ဝန်ကြီးချုပ်မူရာယာမ၏ပါတီက ယခင်အမတ်နေရာတို့ကို ဆုံးရှုံးခဲ့သည်။ ယင်းရှုံးနိမ့်မှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ ထွက်စရာမလိုဟု ပါတီစုံက ဆုံးဖြတ်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး မာဆာရိုရှိတာကာမူရာက ရာထူးမှထွက်ရန် စာတင်သည်ကိုအမတ်များက လက်မခံပေ။


ယင်းရွေးကောက်ပွဲကို မကျင်းပမီက ဂျပန်အစိုးရသည် မိမိ၏ပေါ်လစီမူဝါဒကို ဖော်ပြသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့က လစ်ဘရယ်ဒီမိုကရက်ပါတီ၊ ဆိုရှယ်လစ်ပါတီနှင့် ဆာကီဂါကီပါတီ ပါဝင်သော ညွန့်ပေါင်းအစိုးရက ထုတ်ပြန်သော အဆိုပါ ကြေညာစာတမ်း၌ ကုန်သွယ်ဘက်နိုင်ငံများ ကျေနပ်နှစ်သိမ့်စေရန် ဈေးကွက်မူစနစ်ကို ပြုပြင်ပြောင်းလဲသွားမည်ဟု ထည့်သွင်းကတိပေးသည်။

ဤသို့စည်းမျဉ်းတကျ အလုပ်လုပ်လျက်ရှိသော မူရာယာမ အစိုးရကို အယုံအကြည်မရှိဟုအဆိုသွင်းကြသည်။ ယင်းအဆိုမှာ မဲ ၅၁၀ အနက် ၂၉၀ ဖြင့် အစိုးရဘက်က အနိုင်ရရှိသည်။

**စစ်လျော်ကြေးများ** – ဝန်ကြီးချုပ်မူရာယာမသည် အခြားသောခေါင်းဆောင်များကဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အပြုအမူအတွက် တောင်းပန်စကားပြောကြားခဲ့သည်။ ယင်းကျူးကျော်မှု၏ဒဏ်ကို ယခုတိုင်ခံရဆဲဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဟောင်ကောင်ရှိ စစ်သုံ့ပန်းဟောင်းများက ဝန်ကြီးချုပ်မူရာယာမသို့ လျော်ကြေးတောင်းသည့် စာတစ်စောင်ပေးပို့သည်။ ဂျပန်တပ်မတော်က အကျဉ်းချခဲ့ရသော စစ်သုံ့ပန်းတစ်ဦးလျှင်ဒေါ်လာ ၂၂,၀၀၀ စီလျော်ကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

ဩစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုမှ စစ်သုံ့ပန်းပေါင်း ၃၀,၀၀၀ ရှိရာစုစုပေါင်းလျော်ကြေးငွေသန်း ၆၆၀ ရှိမည်ဖြစ်သည်။ ယင်း တောင်းဆိုချက်ကို ဟောင်ကောင်နယ်သား ၁၀,၀၀၀ လက်မှတ်ထိုးထားသည်။



ဂျပန်ဝန်ကြီးချုပ် မူရာယာမ

ဝန်ကြီးချုပ်ထံ လျော်ကြေးတောင်းဆိုသော စာကို အသက် ၇၃ နှစ်အရွယ်ရှိ အင်္ဂလိပ်လူမျိုးအာသာတီသရင်တံက သုံ့ပန်း ၅၀ နှင့်အတူ ဟောင်ကောင်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးသို့ ချီတက်ကာပေးအပ်ခြင်းဖြစ်သည်။ ယင်းစာကို ဂျပန်ဝန်ကြီးချုပ်က လက်မခံပေ။

ထို့နောက်တစ်နည်းတစ်ဖုံပေါ်လာသော ပြဿနာမှာ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်စစ်သားနှင့်တိုင်းရင်းအမျိုးသမီးတို့ပေါင်းဖက်ရာမှ ရရှိခဲ့သော ဂျပန်ကပြားသားသမီးများကိစ္စဖြစ်သည်။ ၁၉၄၁–၁၉၄၅ ခုနှစ်အတွင်း ဂျပန်စစ်တပ်က ဖိလစ်ပိုင်၌ အုပ်ချုပ်နေစဉ် ဖိလစ်ပိုင်အမျိုးသမီး များနှင့် ဂျပန်စစ်သားတို့ ပေါင်းဖက်မိကြရာ သားသမီးများ ကျန်ရစ်ခဲ့သည်။ ထိုသားသမီးတို့၏ဖခင် တပ်မတော်သားမှာ ယခုတိုင်အသက်ရှင်လျက်ရှိ မရှိ မသိရပေ။ ထိုဖတဆိုးကပြားတို့ကို ဂျပန်တိုင်းရင်းသားအဖြစ် လက်ခံရန် ဂျပန်အစိုးရသို့ မစ်ရှင်တစ်ရပ် စေလွှတ်တောင်းခံခဲ့သည်။ ဂျပန်အစိုးရက ဂျပန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုမည်ဟု ဆိုသည်။

**လျှောင်သဘာဝကပ် –၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်** အရုဏ်ဦးအချိန်တွင် ဂျပန်ကျွန်းမကြီးရှိ ကိုဘီမြို့တွင်ရစ်ချ် စတာစကေး ၇.၂ ရှိသော ငလျှင်ကြီးလှုပ်ရာ ၂၀ စက္ကန့် အတွင်း တိုက်တာအိမ်ခြေ ၁,၅၅,၀၀၀ ပြိုကျကာ လူ ၅,၅၀၀ သေကျေပျက်စီးပြီး လူ ၂၇,၀၀၀ ထိခိုက်ဒဏ်ရာရရှိ သည်။ ထိုမြို့ပျက်ကို ပြန်လည်ပြင်ဆင်ရမည်ဆိုလျှင် ဒေါ်လာသန်း ၄,၀၀၀ကုန်မည်ဟု ဆိုသည်။ ပြိုပျက်သော အဆောက်အအုံ များအောက်ရှိ ဒဏ်ရာရသူများအား ကယ်ဆယ်ရန် တပ်မတော်သားများက ကူညီရာတွင် ရဟတ်ယာဉ်များ၊ အနံ့ခံခွေးလိမ္မာများကိုပါ အသုံးချသည်။ ငလျှင်လှုပ်ရာတွင် အစိုးရက ကူညီပံ့ပိုးခြင်း နည်းပါးသည်ကို အတိုက်အခံ လွှတ်တော်အမတ်အချို့ကဝေဖန်ပြစ် တင်ကြ သည်။ (သဘာ ဝ ဘေးဒဏ်–ရှု။)

**ကပ်ကျော်ဘာသာရေးဂိုဏ်း–၁၉၉၅** ခုနှစ် နှစ်ဆန်းတွင် ဘာသာရေးဂိုဏ်းတစ်ခုမှ ထိတ်လန့်ဖွယ် သတိပေးသော ရွှေပေလွှာတစ်ခုကို ဂျပန်ပြည်သူတို့တအံ့တသြကြား လိုက်ကြရသည်။ ၄င်းမှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ကမ္ဘာကြီးပျက်လိမ့်မည်ဆိုသော ရွှေပေလွှာ ဟောစာတမ်းသည် သတင်းစာအသီးသီး၌ ပေါ်ထွက် လာသည်။ ဗျာဒိတ်ပေး ဟောပြောသော ဂိုဏ်းမှာ အောင်းရှင်ရိက္ကျိုဖြစ်သည်။ အောင်းမဟာသစ္စာဂိုဏ်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

ပရိသတ်က သူ၏ဟောကိန်းမှန်မမှန်ကို စောင့်ကြည့် နေကြစဉ်မတ်လ ၂၀ ရက်နေ့ နံနက်တွင် တိုကျိုမြို့ မြေအောက်ရထားလမ်းတွင်ဗုံးပေါက်ကွဲသဖြင့် ထိုဗုံးမှ ဓာတ်ငွေ့များထွက်ကာ ဓာတ်ငွေ့ဒဏ်ကြောင့် ခရီး သည် ၁၂ ဦးသေဆုံးပြီး အခြားလူ ၂,၅၀၀ ခန့်မူးမေ့ မေ့မျောပြီး နလုံးတုန်ရင်ခုန်ရောဂါဒဏ်များ ရရှိသည်။

ဤတွင်မှ ဂျပန်ရဲအဖွဲ့နှင့် ထောက်လှမ်းရေးတပ်က ဤမှုအတင့်ရဲပြီး ရက်စက်သည့် အကြမ်းဖက်သူများနှင့် ၄င်းတို့၏ အပေါင်းအသင်းများကို ဒလကြမ်းရှာဖွေသော အခါ ရှိုကိုအဆာဟာရာ ခေါင်းဆောင်သော အောင်းရှင်ရိက္ကျို ၏ လက်ရာဖြစ်သည်ကို တွေ့ကြရသည်။

ဖောက်ခွဲသောဗုံးတွင် ဆာရင် (Sarin) ခေါ် အာရုံကြော၊ သွေးကြော၊ လေကြောထိခိုက်သော ဓာတ်ငွေ့ များပါရှိ၍ လူ အစုလိုက် အပြုံလိုက် သေစေသော ဓာတ်ငွေ့ ဖြစ်သည်ကို တွေ့ရှိရသည်။

ထိုဂိုဏ်းဝင်များသည် အဆာဟာရာကိုပုဂ္ဂိုလ်အရ ကိုးကွယ်ယုံကြည်သော ဘာသာရေးဂိုဏ်းဖြစ်သည်။ အဆာဟာရာသည် ကျူရှူကျွန်း၊ ချိဗ္ဗာမက်ဆူမိုတိုတွင် ၁၉၅၅ ခုနှစ်က ဖွားမြင်သည်။ စက္ခုအလင်းမရသလောက်ဖြစ်၍ သူ့အား ဆွံ့အ နားထိုင်း မျက်မမြင် ကလေးသူငယ်များ ကျောင်းတွင် အပ်နှံ သင်ကြားသည်။

ပညာဉာဏ်ထက်မြက်သူဖြစ်၍ အကြား အမြင် ပေါက်သည်ဟု ယူဆရသည်။ သူသည် ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်ရာ အိန္ဒိယပြည်သို့ ရောက်ရှိပြီး ဘာသာရေး၊ သာသနာရေးများကို လေ့လာသည်သာမက တိဗက် မဟာယန ဗုဒ္ဓဘာသာကိုလည်း တီးခေါက် ခဲ့သူဖြစ်သည်။ ယင်းဘာသာရေး အယူအဆများအရ သူ့ကိုယ်သူ အဂ္ဂ သာဝကဟူ၍ လည်းကောင်း၊ ဘုရားအလောင်းဟူ၍ လည်းကောင်း ထင်မြင်ယူဆသူဖြစ်သည်။ ထို့ကြောင့် သူ၏ဂိုဏ်းအမည်ကိုအောင်း(ဥုံ) မန္တန်ဖြင့်စခဲ့သည်။ အပ်စိုက်ကုသခြင်းဖြင့်ရောဂါသည်များကိုအစွမ်းထက်စွာ ကုသခဲ့သည်။ ဗေဒင်အဟောကောင်းသည်။

ယခုနှစ်တွင် သိရသောစာရင်းအရ မှတ်ပုံတင်ထားသော အသင်းသားအုပ်စုမှာ ၁၈၃,၅၈၁ ဖြစ်သည်။ ရုရှားနိုင်ငံတွင် သူ၏ဂိုဏ်းသား ၁,၀၀၀ ခန့်ရှိသည်။

ဂျပန်ရဲအဖွဲ့ဝင် ၂,၅၀၀ သည် အောင်းရှင်ရိက္ကျို ဆေးခန်းပေါင်း ၂၀ ကျော်ကို ဝင်ရောက်ရှာဖွေကာ ခေါင်းဆောင် အဆာဟာရာနှင့် သူ၏ဇနီးအပြင် ဓာတုဗေဒ ကျွမ်းကျင်သူ အသင်းသားတစ်ဒါဇင်ကျော်ကို ဖမ်းဆီးလိုက် သည်။ အဆာဟာရာအား လူသတ်မှုဖြင့် စွဲချက်တင်ထား သည်။

ဘာသာရေးကိုဘန်းပြထားသော ဂိုဏ်းကိုမတရားသင်း ကြေညာရန် ဆိုင်ရာက တရားရုံးတော်သို့ လျှောက်ထားခဲ့ သည်။ ခွင့်ပြုမှုရသည်နှင့် တစ်ပြိုင်နက် ဖူဂျီတောင်ခြေရှိ နေအိမ်ပါ စခန်းအားလုံးကို ရှာဖွေသောအခါ ဓာတုဗေဒ ဆေးဝါးအမြောက်အမြားကို တွေ့ရှိရပေသည်။ အဆာဟာရာ ကို စစ်ဆေးသောအခါ မိမိတို့သည်လူသတ်ဖို့မဟုတ်ဘဲ ဆေးဝါးကုသဖို့သာ ဤဓာတုဗေဒဆေးဝါးများ၊ ဆာရင် ဓာတ်ငွေ့များ စုဆောင်းသိမ်းဆည်းခြင်း ဖြစ်သည်ဟု ချေပပြောကြားသည်။

ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ ဒုံးကျည်များအတွက် အသုံးပြုနိုင်သော ပစ္စည်းကိရိယာများကို ဇူလိုင်လ ၃၀ ရက် နေ့က ရှာဖွေတွေ့ရှိသည်။ ရှင်ရိက္ကျိုဌာနချုပ် မြေအောက်



ဂျပန်ရဲအဖွဲ့ဝင်များက အောင်းရှင်ရိကျိုဂိုဏ်း၏ ဓာတုဗေဒ ဆေးဝါး ပစ္စည်းများကို ရှာဖွေသိမ်းဆည်းနေစဉ်

ပေ ၂၀ ခန့်တွင် ထိုလက်နက်ပစ္စည်းကိရိယာ အသုံးအဆောင် အမျိုး ၇၀ ကို တွေ့ရှိရသည်။ ထိုမှတစ်ပါး ဆိုဗီယက်ပုံစံ "အေကေ–၄၇" ရိုင်ဖယ်နှစ်လက်နှင့်အတူ သေနတ် ၁,၀၀၀ တပ် ဆင်ပြုလုပ်နိုင်မည့် ပစ္စည်းအစိတ်အပိုင်း ၁,၀၀၀ ကျော်ကိုလည်း ဖမ်းဆီးရမိသည်။

ရှင်ရိကျိုဂိုဏ်းသား ၂၀၀ ကျော်ကို ဖမ်းဆီးစစ်မေးကာ ၁၃၁ ဦးကို စွဲချက်တင်လိုက်ပြီး ၇၃ ဦးကို လွှတ်ပစ်လိုက်သည်။ လူသတ်မှုတစ်မှု၊ လူသတ်ရန်ကြံစည်မှု ၁၃ မှု တို့ဖြင့် ရှိုကိုအဆဟာရာ အပါအဝင် ၁၂ ဦးကို တရားစွဲထားသည်။

ဂျပန်နှင့် အမေရိကန် ကုန်သွယ်မှု ပြဿနာ–ဂျပန် အစိုးရသည် နိုင်ငံ၏အဓိက မဟာမိတ်ဖြစ်သော အမေရိကန် အစိုးရနှင့် ကုန်သည်စစ်ပွဲ သို့မဟုတ် စီးပွားရေး စစ်ပွဲကို ဆင်နွှဲရသည်။ ပထမ မော်တော်ကားကိစ္စ၊ ဒုတိယ လေယာဉ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စ၊ ထို့နောက် ဓာတ်ပုံကင်မရာဖလင်ကိစ္စများကို အကြိတ်အနယ် နေ့ရက်ရှည်ကြာစွာ ဆွေးနွေးရသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေးတွင် ဂျပန်က အများအပြား အနိုင် ရနေသည်။ ဂျပန်သည် အမေရိကန်အစိုးရ၏ အရောင်းအဝယ် အခွင့်ထူးရနိုင်ငံ( Most Favoured Nation) အဖြစ်သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန်လုပ် မော်တော်ကားနှင့် ယာဉ်ပစ္စည်းများကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်း၊ တယ်လီဖုန်းပစ္စည်း များကိုလည်းကောင်း ဂျပန်ပြည်အတွင်းသို့ တင်သွင်းရောင်းချ လိုသည်။ ယင်းတင်သွင်းရောင်းချမှုကို ဂျပန်က ကန့်သတ်ပိတ်ပင်ထားသည်ဟု ဆိုသည်။ ယင်းပိတ်ပင်မှုကို ပယ်ဖျက်ပြီး ဈေးကွက်ဖွင့်ပေးရန် အမေရိကန်က တောင်းဆိုသည်။ အကယ်၍သာ ယင်းတောင်းဆိုချက်ကို မလိုက် လျောလျှင်" အမ်အက်ဖ်အင်" ကုန်သွယ်မှုအခွင့်အရေးကို ပယ်ဖျက်ပစ်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်သည်။

ကုန်သွယ်အခွင့်အရေး စွန့်လွှတ်ရမည်ဆိုလျှင် ဒေါ်လာသန်းခြောက်ထောင်ဖိုး မော်တော်ကားရောင်းချမှုကို ဂျပန်က လက်လွှတ်ရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ကလင်တန်နှင့် ဂျပန်ဝန်ကြီးချုပ်မူရာယာမတို့သည် ဟာလီဖက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန်အရာရှိကင်တန်နှင့် ဂျပန်အရာရှိတို့သည် ဂျီနီဗာမြို့တွင် ဇွန်လ ၂၂၊ ၂၃ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် ဆက်တိုက်ဆွေးနွေးကြသည်။ ကုန်သွယ်ရေးမညီမျှမှုနှင့် ပတ်သက်၍ ဂျပန်–အမေရိကန် ဆွေးနွေးပြောကြားရသည်မှာ သမ္မတ မစ္စတာဘွတ်ရှ် လက်ထက်မှ စခဲ့သည်။ ယခု ၁၉၉၅ ခုနှစ်၊ ဇွန်လ၂၉ ရက်နေ့တွင် မော်တော်ကားပြဿနာ ဖြေရှင်း နိုင်ခဲ့သည်။

သဘောတူညီချက်မှာ (၁) အမေရိကန်လုပ်ယာဉ်ပစ္စည်း များကိုဂျပန်က ဝယ်ယူမည်။ ထိုပစ္စည်းများကို ဂျပန်ပြည်ရှိစက်ရုံများတွင်လည်းကောင်း၊ အမေရိကန်တွင် ဖွင့်ထားသောဂျပန်စက်ရုံအလုပ်ရုံများတွင်လည်းကောင်း အသုံးပြု တပ်ဆင်မည်။ (၂) ဂျပန် မော်တော်ကား အလုပ်ရုံများကို အမေရိကန်၌ တည်ခွင့်ပြုမည်ဖြစ်ရာ နှစ်ဖက်စလုံးက ကိုယ့်ဘက်က မြတ်သည်ဟု ယူဆကြသည်။

ဂျပန်ပြည်တွင် အကြီးဆုံးကုမ္ပဏီငါးခုဖြစ်သော တိုယိုတာ၊ နစ်ဆန်၊ ဟွန်ဒါ၊ မစ်ဆူဘီရှီနှင့် မာဇဒါ ကုမ္ပဏီတို့က ဒေါ်လာ၁၉ ဘီလီယံတန်အမေရိကန်ယာဉ်ပစ္စည်းများကို ၁၉၈၅ ခုနှစ်၊ မတ်လအတွင်းဝယ်ယူခဲ့သည်ဟု ဇူလိုင် ၁၃ ရက်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

အာရှနိုင်ငံများထံမှ အမေရိကန် ကုန်တင်လေယာဉ်တို့ဖြင့် အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဂျပန်တို့က အနှောင့်အယှက်ပြုမှုနှင့်ပတ်သက်၍ ဂျပန်လေယာဉ်တို့ကုန်တင်မှုကို တားမြစ်ကန့်သတ်မည်ဟု အမေရိကန်အစိုးရက ဇွန်လ ၁၈ ရက်နေ့က ခြိမ်းခြောက်သည်။

ယင်းသို့ ခြိမ်းခြောက်သည်ကို ဂျပန်အစိုးရက တုံ့ပြန်ခဲ့သည်။ အမေရိကန်က ကန့်သတ်ပိတ်ပင်လျှင် အမေရိကန်အနောက်မြောက်လေယာဉ်လိုင်းနှင့် ဖက်ဒရယ်အိတ်စပရက်စ်တို့၏ ဂျပန်ခရီးစဉ်ကို တန်ပြန်အရေးယူမည်ဟု ပြန်ကြားသည်။

အမေရိကန်၏ အကျပ်ကိုင်ခြင်းခံရသော ဂျပန်လေကြောင်းကုမ္ပဏီများမှာ ဂျေအေအယ်လ်ခေါ် ဂျပန်လေကြောင်းလိုင်းနှင့် နစ်ပွန်ကုန်တင်လေကြောင်းလိုင်းတို့ဖြစ်သည်။ အမေရိကန်ကုန်တင်လေယာဉ်များကို ဂျပန်နိုင်ငံတွင် ပိုမိုရပ်နားခွင့်ပေးလိုက်ခြင်းဖြင့် လေယာဉ်ဆင်းခွင့်၊ နားခွင့်၊ ကုန်တင်ခွင့်ပြဿနာမှာ ကား ပြဿနာကဲ့သို့ ပြေလည်သွားသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေး ပြိုင်ဆိုင်မှုတွင် အမေရိကန်အိစ်မင်ကိုဒတ်နှင့် ဂျပန်ဖူဂျီဖိုတိုကုမ္ပဏီတို့ ပါဝင်လာကြသည်။ ဖူဂျီကုမ္ပဏီက မသင့်လျော်သော ကုန်သွယ်ရေးလုပ်ဆောင်မှုကြောင့် မိမိတို့ကိုဒတ်ကုမ္ပဏီမှာ နှစ်ပေါင်း ၂၀ အတွင်း ဒေါ်လာ ၅ ဒသမ၆ဘီလီယံဆုံးရှုံး နစ်နာခဲ့ရသည်ဟု စွပ်စွဲပြောကြားသည်။ ယင်းကိစ္စကိုမူ နှစ်ဖက် လေ့လာဆွေးနွေးကြမည်ဟု သဘောတူကြသည်။

**စီးပွားရေး**–ဂျပန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်၌ အအေးပို၍ စိုစွတ်မှုကြောင့် စပါးအထွက်ပမာဏသည်ယမန်နှစ်ကထက် လျော့နည်းလိမ့်မည်ဟု ခန့်မှန်းရသည်။ပစိဖိတ်သမုဒ္ဒရာကမ်းခြေ ဘက်တွင် ရာသီဥတုအခြေအနေအရ စပါးစိုက်ရက်သည် ၁၀ ရက် နောက်ကျသည်။

ရောင်းကုန်ဝယ်ကုန်ကုန်သွယ်ရေးရှင်းတမ်းတွင်မူ ယမန်နှစ်ကထက် ပိုလျှံငွေလျော့နည်းသွားသည့် အတွက် အမြတ် နည်းသွားသည်။ ယမန်နှစ် ပထမခြောက်လတွင် ကုန်သွယ် ရေး ရှင်းတမ်းမှာ ဒေါ်လာ ၅၇ ဒသမ ၇၇ ဘီလီယံဖြစ်ပြီး ယခု နှစ်တွင် ၅၇ ဒသမ ၄၂ ဘီလီယံဖြစ်သည် ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်နေ့

တွင် ထုတ်ပြန် ကြေညာသည်။ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေမှာ ယမန်နှစ် ကထက် ပိုသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများကိုလက်ခံ အသုံးပြု လျက်ရှိသည်။ ယခုနှစ်တွင်ဖိလစ်ပိုင်အမျိုးသမီး အလုပ်သမားများကို အကန့်အသတ်ဖြင့်သာ ဂျပန်အစိုးရက လက်ခံ မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနကလည်း အလားတူကန့်သတ်ရန် စီစဉ်နေသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဇူလိုင် ၂၀ ရက်နေ့တွင်ပြောကြားသည်။

အမျိုးသမီးအချို့မှာ ဂျပန်လူဆိုးဂိုဏ်းလက်ဝယ်သို့ ရောက် ရှိကာ ပြည့်တန်ဆာလုပ်ငန်း၌ အသုံးချခြင်းခံနေရသည်ဟု သိရှိရသည်။ ယင်းပြဿနာကိုဝန်ကြီးချုပ် မူရာယာမနှင့် ဖိလစ်ပိုင်သမ္မတ ရာမို့စ်တို့ သိရှိပြီးဖြစ်သည်ဟု ဆိုသည်။

**ဂျာမနီ သမ္မတနိုင်ငံ။** ။ ရုရှားသမ္မတ ယဲ့လ်ဆင်အစိုးရသည်ချီချင်ညာ ခွဲထွက်ပြည်နယ်အား အင်အားသုံး၍ ချင်းနင်းတိုက်ခိုက်နေလင့်ကစား ဂျာမနီသည် သမ္မတယဲ့လ်ဆင်အား ထောက်ခံလျက်ပင်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောစ်ကင်ကယ်လ်က ၁၉၉၅ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ပြောကြားခဲ့သည်။ ချီချင်ညာ ပြည်နယ်ခွဲထွက်ရေးကိစ္စသည် ရုရှားအစိုးရ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း ဂျာမနီအစိုးရက ယင်း၏သဘောထားကို ဖော်ပြခဲ့သည်။ သို့သော် မော်စကိုအစိုးရသည် ချီချင်ညာလူထု၏ လူ့အခွင့်အရေးကို အာမခံချက်ပေးလိမ့် မည်ဟု မျှော်လင့်ကြောင်း ဂျာမနီက ပြောကြားခဲ့သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နှင့် ရုရှား ပိုမိုရင်းနှီးရေး ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအဖြစ် စိန့်ပီတာဘတ်မြို့အနီးတွင် ၁၉၉၅ နွေရာသီ ဂျာမနီနှင့် ရုရှား စစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို ရုရှားအစိုးရက ရွှေ့ဆိုင်းလိုက်သည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး ဗောလကာရူက ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီးက မည်သည့်အတွက်ကြောင့် ရွှေ့ဆိုင်းကြောင်းမပြောသော်လည်း ရုရှားက ထိုသို့ဆုံးဖြတ်ခြင်းမှာ ချီချင်ညာခွဲထွက်ပြည်နယ်တွင် ရုရှားတပ်များ တိုက်ခိုက်နေရသောကြောင့် ဖြစ်ပုံရသည်ဟုဆိုသည်။ ရုရှားနှင့် အနောက်အုပ်စုအကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောကြားသွား ခဲ့သည်။

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့ပြင်ရှိ စက်ရုံတစ်ရုံတွင် ရုရှားနျူကလီးယား ထိပ်ဖူးများမှ ပလူတိုနီယမ်ကို နျူကလီးယား လောင်စာအဖြစ် သန့်စင်ရေး အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်သင့်မသင့် ဂျာမနီအစိုးရက စဉ်းစားခဲ့သည်။ ထိုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ထောက်ခံသည်။ ဂျာမနီအစိုးရက ရုရှားပလူတိုနီယမ်ကို သန့်စင်ခြင်း ပြု မပြု အလားအလာနှင့် စပ်လျဉ်း၍ အမေရိကန်က တီးခေါက်ကြည့်ကြောင်း ဘွန်းမြို့ရှိ အမေရိကန်သံရုံးက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ အမေရိကန်အရာရှိများသည် မစ်အောက်ဆိုက် လောင်စာချောင်းများ ထုတ်လုပ်ရေးအတွက် ဆီးမင်းကုမ္ပဏီ၏ ဟာနောစက်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။

ဟာနောစက်ရုံတွင် ရုရှားပလူတိုနီယမ်များ သန့်စင်ရေး အစိုးရ၏ အစီအစဉ်ကို ဂျာမနီပြည်သူများက ဆန့်ကျင်ကန့်ကွက်ကြလိမ့်မည်မှာ သေချာသည်ဟုဆိုကြသည်။ သို့ရာတွင် ထိုစက်ရုံလည်ပတ်ပါက ဂျာမနီပြည်သူများ အလုပ်အကိုင်များ ရရှိစေမည့်အပြင် နိုင်ငံတကာလက်နက် လျှော့ပါးရေးအတွက်ပါ အကျိုးသက်ရောက်မည်ဖြစ်ပေရာ အတိုက်အခံဆိုရှယ်ဒီမိုကရက်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ၎င်းတို့၏ ကန့်ကွက်မှုများကို ရုပ်သိမ်းနိုင်သဖြင့် ဂျာမနီအစိုးရက စွန့်စားရန် လက္ခဏာ ရှိသည်ဟု ဆိုကြသည်။

## နိုင်ငံရေး

ရုရှားသမ္မတ ယဲ့လ်ဆင်က ချီချင်ညာပြည်နယ်ကို ဝင်ရောက် တိုက်ခိုက်၍ ထိုဒေသရှိ ပြည်နယ်သားများ၏ လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသော စိုးရိမ်သောက ဖြစ်မိသော်လည်း မိမိသည် သမ္မတ ယဲ့လ်ဆင်အား ဆက်လက်ထောက်ခံကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ဇန်နဝါရီလထဲ၌ ပြောကြားခဲ့သည်။

ချီချင်ညာသည် ရုရှား၏ ဒေသတစ်ခုဖြစ်ကြောင်း ချီချင်ညာပြည်နယ် ရုရှားမှခွဲထွက်ခြင်းဖြင့် ရုရှားနိုင်ငံသည် တည်ငြိမ်မှု ပျက်ပြားသွားနိုင်ကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ရုရှားသမ္မတ ယဲ့လ်ဆင်အား ယင်း ကဲ့သို့ ထောက်ခံမှုပြုခဲ့ခြင်းကို အတိုက်အခံပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် (အက်စ်ပီဒီ) ပါတီက ဆန့်ကျင် ကန့်ကွက်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး ကွန်မြူနစ်ဝါဒီများ က ၎င်းတို့၏ ပါတီဖြစ်သော ဒီမိုကရက်တစ်ဆိုရှယ်လစ်

ဇင် (ပီဒီအက်စ်) ပါတီအတွက် Lothar Bisky ကို ပါတီဥက္ကဋ္ဌအဖြစ် ဇန်နဝါရီလ ၂၉ ရက်နေ့၌ ပြန်လည်ရွေးချယ်ခဲ့သည်။ Lothar Bisky က စတာလင်ဝါဒကို စွန့်ပယ်လိုက်ပြီး နောက် ယင်းသို့ ပြန်လည်အရွေးခံရခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန် ဒီမိုကရက်ပါတီသည် ပြည်နယ်ရွေးကောက်ပွဲတစ်ခုတွင် အရေးနိမ့်ခဲ့သည်။ အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်သည့် Hesse ပြည်နယ်၏ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီး ဖြစ်သူ ခရစ်ယာန်ဒီမိုကရက်ပါတီမှ Manfred Kanther သည် ဆိုရှယ်ဒီမိုကရက်ပါတီမှ Hans Eichel ကို ရှုံးနိမ့်သွားခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဂျမနီပြည်ထဲရေးဝန်ကြီးဌာနက လွတ်လပ်သော လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ ( The farright free German Worker's Party - FAP)အား တရားဝင် ပါတီအဖြစ်မှပိတ်ပင်တားဆီးလိုက်သည်။ ထိုပါတီမှာ ဂျာမနီနိုင်ငံတွင် နာဇီလက်သစ်သမားများ အများဆုံး ပါဝင်သော ပါတီဖြစ်သည်။ ကျွန်ုပ်တို့သည် လက်ယာ အစွန်းရောက်မှု၊ လက်ဝဲအစွန်းရောက်မှုများကို တိုက်ဖျက်သွားရမည် ဖြစ်ကြောင်း ဂျာမန်ပြည်ထဲရေး ဝန်ကြီးက ပြောကြားသည်။ လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ(အက်ဖ်အေပီ) သည် သဘောသဘာဝအရ နာဇီပါတီဖြစ်ကြောင်း၊ ၎င်းပါတီဝင်များသည် နာဇီခေါင်းဆောင်များကို အလေးအမြတ်ပြုကြကြောင်း၊ လူ့အခွင့်ရေးကိုလည်း မထေမဲ့မြင်ပြုကြကြောင်း၊ ဒီမိုကရေစီ စိတ်ဓာတ်ကိုလည်း သေးသိမ်မှေးမှိန်အောင် ပြုလုပ်နေကြကြောင်း ပြည်ထဲရေးဝန်ကြီးက တစ်ဆက်တည်း ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်အတွင်းက နာဇီလက်သစ်တို့၏ အကြမ်းဖက်မှုများပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမန်အစိုးရသည် လက်ယာအစွန်းရောက် ပါတီလေးခုကို ပိတ်ပင်ခဲ့ပြီး ဖြစ်သည်။


ဂျာမနီနိုင်ငံ၏ အကြီးဆုံး အလုပ်သမားအဖွဲ့ အစည်းဖြစ်သော The IG Metal Trade Union က ဦးဆောင်၍ ဂျာမနီနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၂ ခုမှ အင်ဂျင်နီယာ ကဏ္ဍတွင် လုပ်ကိုင်ကြသော အလုပ်သမားများသည် လုပ်ခတိုးပေးရေး တောင်းဆိုချက် ကိုင်စွဲလျက် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်နေ့ က သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်ရာတွင် အလုပ်သမားပေါင်း ၁၁,၀၀၀ ခန့် ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။

လွတ်လပ်သောဒီမိုကရက်ပါတီ Free Democrats ပါတီခေါင်းဆောင် ကလောစ်ကင်ကယ်လ်သည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ကြောင်း ၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ကြေညာ ပြောကြားသည်။ သို့သော် ၎င်းက ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ညွန့်ပေါင်းအစိုးရတွင် လက်ရှိထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျာမနီနိုင်ငံ ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်သည့် ကလောစ်ကင်ကယ်လ်၏ လွတ်လပ်သော ဒီမိုကရက်ပါတီသည် မေလ ၁၅ ရက်နေ့က ပြုလုပ်သော ပြည်နယ်ရွေးကောက်ပွဲနှစ်ခုတွင် ရှုံးနိမ့်ခဲ့သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန်ဒီမိုကရက်ယူနီယမ် ပါတီခေါင်းဆောင်များက ဟဲလ်မွတ်ခိုးအား ၁၉၉၈ ခုနှစ်၌ ပြုလုပ်မည့် ဂျာမနီနိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင်ထပ်မံယှဉ်ပြိုင်အရွေးခံရန်တိုက်တွန်းခဲ့ကြသည်။ခရစ်ယာန်ဒီမိုကရက်ပါတီသည် ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးပြန်လည်အရွေးမခံလျှင် ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ဖွယ်မရှိဟု ပါတီခေါင်းဆောင်များက တွက်ဆခဲ့ကြသဖြင့်နိုင်ငံရေးသြဇာတိက္ကမ ရှိသောဟဲလ်မွတ်ခိုးကို ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ထပ်မံ အရွေးခံရန် တိုက်တွန်းခြင်း ဖြစ်သည်ဟုဆိုသည်။ ခိုးသည်ဂျာမနီနိုင်ငံ အထွေထွေရွေးကောက်ပွဲများတွင် လေးကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်ခဲ့သူ ဟဲလ်မွတ်ခိုးက မိမိသည် နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ထိုစဉ်ကပြောကြားခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် ဟဲလ်မွတ်ခိုး ဝင်ရောက်ယှဉ်ပြိုင်ဖွယ် မရှိသဖြင့် ခရစ်ယာန် ဒီမိုကရက်ယူနီယမ်ပါတီ ခေါင်းဆောင်များက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

## ပြည်တွင်းရေး

၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့က ကာဒ်ခွဲထွက်ရေးသမားများက ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့ရှိ ဘဏ်နှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်လူမျိုးတို့က




လုပ်ခတိုးပေးရေးအတွက် ဂျာမန်အလုပ်သမားများ ဆန္ဒပြနေပုံ

၄င်းတို့၏နှစ်သစ်ကူးပွဲကို ယင်းသို့ ဖုံးခွဲတိုက်ခိုက်ခြင်းဖြင့် စတင်ကျင်းပလိုက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ကာဒ် ခွဲထွက်ရေး သမားတို့၏ ဖုံးခွဲတိုက်ခိုက်မှုများသည် ကိုလုံးမြို့မှာသာမက ဘာလင်မြို့ရှိ တူရကီခရီးသွားလာရေး လုပ်ငန်း အေဂျင်စီ အဆောက်အအုံတွင်လည်းကောင်း၊ ဘာဗာရိန်းမြို့ရှိ တူရကီယဉ်ကျေးမှု စင်ကာတွင် လည်းကောင်း ဖြစ်ပွားခဲ့သည်။

ဂျာမနီနိုင်ငံအစိုးရအရာရှိများက ယင်းသို့ဖုံးခွဲ တိုက်ခိုက်မှုတွင်ကာဒ်အလုပ်သမားပါတီ (Kurdistan Worker's Party-PKK ) ၏ ပယောဂပါရှိကြောင်း ပြောကြားသည်။ ကာဒ်အလုပ်သမားပါတီသည် တူရကီ နိုင်ငံတောင်ပိုင်းကာဒ်တို့နေထိုင်ရာဒေသကို တူရကီနိုင်ငံမှ ခွဲထွက်ကာသီးခြားနိုင်ငံထူထောင်ရေးအတွက် ၁၉၈၄ ခုနှစ်ကတည်းက တူရကီအစိုးရအား ဆန့်ကျင်တိုက်ခိုက် နေသော အဖွဲ့အစည်းဖြစ်သည်။

ယင်းသို့ဖုံးပေါက်ကွဲမှုများဖြစ်ပွားနေချိန်၌ အီရန် နိုင်ငံတောင်ပိုင်း၌ ကာဒ်ခွဲထွက်ရေးသမားများကို တူရကီစစ်တပ်က နှိမ်နင်းတိုက်ခိုက်မှုကိုအကြောင်းပြု၍ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ကာဒ်လူမျိုး ၃၀၀ ခန့်ကလည်း

ဆန္ဒပြပွဲများပြုလုပ်ကြသည်။ အလားတူပင် ဘွန်းမြို့ရှိ ကာဒ်လူမျိုး ၁၃၀ ခန့်ကလည်းဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

မြူးနစ်ရဲအဖွဲ့က အသက် ၂၉ နှစ်ရှိ ကာဒ်အလုပ်သမားပါတီခေါင်းဆောင်နှင့်၄င်း၏မိန်းမအပြင် ကာဒ်လူမျိုး ခုနစ်ယောက်ကို ဝါဒဖြန့် ဆူပူလှုံ့ဆော်ရေး စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးလိုက်သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်အလုပ်သမားပါတီကို တရားမဝင်ကြေညာထားရာ ပါတီဝင်များသည် လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်ဟု ဆိုသည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ထောက်လှမ်းရေးအကြီးအကဲ Bernd Schmidbauer က ကာဒ်တို့၏ လှုပ်ရှားမှုတွင် ဂျာမန်လက်ယာအုပ်စုသည်လည်း အတူတကွ ပါဝင်လှုပ်ရှား ပတ်သက်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောက်စ်ကင်ကယ်လ်က ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများရောင်းချနေခြင်းကို ဆိုင်းငံ့ထားလိုက်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ တူရကီက အီရန်မြောက်ပိုင်းရှိ ကာဒ်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို ကန့်ကွက်သည့် အနေဖြင့် ယင်းသို့ လက်နက်နှင့် စစ်ပစ္စည်းရောင်းချမှုကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများ တင်ပို့ရောင်းချသော နိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချသော နိုင်ငံ ဖြစ်သည်။ တူရကီသမ္မတ စူလေမန်ဒီမီရယ်က သတင်းစာတစ်စောင်နှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အီရန်နိုင်ငံမြောက်ပိုင်းရှိ ကာဒ်ခွဲထွက်ရေးသမားများကို ဝင်ရောက်တိုက်ခိုက်ရာ၌ တစ်နှစ်ခန့်ကြာနိုင်ကြောင်း ပြောကြားခဲ့သည်ကို မိမိတုန်လှုပ်သွားကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တစ်ဖန် ၁၉၉၅ ခုနှစ် ဧပြီလ ၂၄ ရက်နေ့၌ ထိပ်တန်းကွန်ဆာဗေးတစ် နိုင်ငံရေးသမားတစ်ဦး၏ အိမ်ကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြန်သည်။ ခရစ်ယာန် ဒီမိုကရက်ယူနီယံ ( စီဒီယူ ) ပါတီဝင် ပါလီမန်အမတ် ဂျူးဇက်သီရိဒါဘလန့်၏ နေအိမ်ဝင်းအတွင်းတွင် ဗုံးပေါက်ကွဲခဲ့သည်။ အိမ်သားများ ထိခိုက်သေဆုံးမှု မရှိခဲ့သော်လည်း နေအိမ်အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုဗုံးခွဲတိုက်ခိုက်မှုသည် မိမိတို့၏လက်ချက်ဖြစ်သည်ဟု ဂျာမနီနိုင်ငံရှိ လက်ဝဲအစွန်း ရောက်အုပ်စုက ကြေညာသည်။ ထိုအုပ်စုသည် ကာဒ်များ ကို ထောက်ခံအားပေးသော အုပ်စုဖြစ်သည်။ထိုအုပ်စုကို လက်ဝဲစွန်းတပ်နီအုပ်စု (Extreme - leftist red army faction )ဟု ခေါ်သည်။ အဆိုပါ အုပ်စုသည် နေတိုး၊ ဂျာမန်အစိုးရ၏ နိုင်ငံရေးနှင့် စက်မှုဆိုင်ရာ အဆောက်အအုံ၊ ဝါဒသဘောထား ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်နေသော အဖွဲ့ အစည်း ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌လည်းဂျာမနီနိုင်ငံ လူးဘတ်မြို့ မြို့တော်ခန်းမထဲ၌စာအိတ်ထဲတွင် ပေါက်ကွဲစေသောပစ္စည်းထည့်၍ ပေးပို့သော စာအိတ်ဗုံး (Letter bomb) ပေါက်ကွဲခဲ့ပြန်သည်။ အဆိုပါစာအိတ်ဗုံးပေါက်ကွဲသဖြင့် နိုင်ငံရေးသမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ စာအိတ်ဗုံး ဖောက်ခွဲမှုမှာ လက်ယာအစွန်းရောက် ဝါဒီများ၏ လုပ်ရပ် ဖြစ်နိုင်သည်ဟု ဂျာမန်ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဇွန်လ ၉ ရက်နေ့က ယင်းကဲ့သို့ စာအိတ်တွင် ဗုံးထည့်၍ ဗုံးဖောက်ခွဲမှုတစ်ရပ်မြူးနစ်မြို့ ရုပ်မြင်သံကြားဌာနတစ်ခု၌ ဖြစ်ပွားခဲ့သေးရာ လူးဘတ်မြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုနှင့် ဆက်နွှယ်နိုင်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ လူးဘတ်မြို့ မြို့တော်ခန်းမ အဆောက်အအုံရှိ ဆိုရှယ်ဒီမိုကရက်တစ် ပါတီရုံးသို့ စာပို့သယောင် ဗုံးထည့်ထားသောစာအိတ်ကို ပို့လိုက်သဖြင့် ယင်းသို့ ဗုံးပေါက်ကွဲကာ ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမား သောမတ်စ်ရိုတာ ဒဏ်ရာရရှိသွားခဲ့သည်။

### စီးပွားရေး

တောင်ကိုရီးယားသမ္မတ ကင်ယုံဆမ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ ရောက်ရှိကာ ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးနှင့် နှစ်နိုင်ငံစီးပွားရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဥရောပရှိနိုင်ငံများအနက် ဂျာမနီနိုင်ငံသည်တောင်ကိုရီးယား၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားတွင် ဂျာမနီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၅ သန်းဖိုးရှိသည်။ တောင်ကိုရီးယားနှင့် ဂျာမနီနှစ်နိုင်ငံ၏ ကုန်သွယ်မှု ငွေကြေးပမာဏမှာ ၁၉၉၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံဖိုး ရှိသည်။

ဥရောပတွင်အကြီးဆုံးသော ကားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီသည် ယခင် ယခင် အချိန်များက အရှုံးပြခဲ့သော်လည်း ၁၉၉၄ ခုနှစ်၌ အကျိုးအမြတ်ပြန်လည် ရရှိလာခဲ့သည်။ ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီ၏

ကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးက ပြောကြားရာတွင် ၁၉၉၃ ခုနှစ်ကအရှုံးပေါ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်ထဲတွင် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘာတွင် အကြီးဆုံး စက်မှုကုန်စည်ပြပွဲ တစ်ခုဟု ဆိုသည့် ဟင်နိုဗာစက်မှုကုန်စည်ပြပွဲကို ဂျာမနီနိုင်ငံ ဟင်နိုဗာမြို့တွင် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က ဖွင့်လှစ်ပြသခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြပွဲကိုဖွင့်လှစ်ပေးလိုက်ပြီး ဂျာမန်စက်မှုကုန်သည်ကြီးများကို စီးပွားရေး တိုးတက်လာသော အာရှတစ်လွှားတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ဤရာစုနှစ်အကုန်တွင် အာရှနိုင်ငံများထဲမှ ခုနစ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း စီးပွားဖွံ့ဖြိုးနိုင်ငံ ၁၀ နိုင်ငံထဲတွင် စာရင်းဝင်လာလိမ့်မည်ဟု ဟဲလ်မွတ်ခိုးက ထည့်သွင်းပြောကြားသွားသည်။ ထို့ကြောင့် ဂျာမန်စက်မှု ကုန်သည်ကြီးများသည် အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းခြင်း ဖြစ်ကြောင်း ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။

ဂျာမန် စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်စီးပွားရေးလုပ်ငန်းကြီး ရှစ်ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး ဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း ဂျာမနီနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံရေး သဘောတူ ချက်လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှုတွင် ဂျာမနီနိုင်ငံ မာစီဒီးကား ထုတ်လုပ်ရေး ကုမ္ပဏီနှင့်တရုတ်နိုင်ငံတို့အကျိုးတူပူးပေါင်းကာ မီနီဗင် မော်တော်ကားနှင့် ကားအင်ဂျင် များထုတ်လုပ်ရေး လုပ်ငန်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဖြစ်သည်။

### ပြည်ပဆက်ဆံရေး

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ ပိုလန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ ဝန်ကြီးချုပ်ခိုးက ပိုလန်နိုင်ငံအား ဥရောပယူနီယံ(European Union )သို့ ဝင်ရောက်ရေးကို ကူညီမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ပိုလန်ဝန်ကြီးချုပ် ဂျိုးဇက်အိုလက်ဆီ အပါအဝင် ပိုလန်ခေါင်းဆောင်များနှင့် ပိုလန်နိုင်ငံ နေတိုးနှင့် ဆက်သွယ်နိုင်ရေးကိစ္စ၊ နယ်စပ် အဝင်အထွက် ကိစ္စ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ပေသည်။

(ဦးစိန်ငွေ)

**စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနား။** ။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနားကို နတ်တော်လဆန်း ၂ ရက်( ၂၃–၁၁–၉၅ )နေ့က ရန်ကုန်မြို့၊ မြို့တော်ခန်းမ တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့သည် နတ်တော်လဆန်း ၁ ရက်နေ့ဖြစ်သော်လည်း ယင်းနေ့တွင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကျင်းပသောကြောင့် ဤအခမ်းအနားကို နတ်တော်လဆန်း ၂ ရက်နေ့တွင် ကျင်းပရခြင်း ဖြစ်သည်။

စာဆိုတော်နေ့နှင့် ပတ်သက်၍ သမိုင်းကြောင်းကို ဖော်ပြရသော် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်များနှင့် စာပေပညာရှင်ကြီးများသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့က စာဆိုတော်နေ့ သတ်မှတ်ရေး အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးက နှစ်စဉ် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၁၅ – ၁၁– ၁၉၄၄ နေ့တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့တွင် ရှေးစာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ ဟောပြောခြင်း၊ မျက်မှောက်ခေတ်သက်ကြီးစာရေးဆရာကြီးများအား သက်ငယ်စာရေးဆရာများက ပူဇော်ကန်တော့ခြင်း စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့်အညီ ကျင်းပကြသည်။

စာပေဗိမာန်က ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် စာဆိုတော်နေ့ အကြောင်းရပ်ကို ဖော်ပြထားသည်။ ယင်းအကြောင်းရပ်နှင့်တွဲ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဦးလင်း စသော သက်ကြီးစာရေးဆရာကြီး များအား သက်ငယ်စာရေးဆရာများက



အကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ဂါရဝပြုစဉ်

စာဆိုတော်နေ့တွင် ပူဇော်ကန်တော့နေကြသော ဓာတ်ပုံကို ဖော်ပြထားသည်။

ယခု မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ကျရောက်သော စာဆိုတော်နေ့သည် ၅၁ နှစ်မြောက် စာဆိုတော်နေ့ ဖြစ်သည်။

ယခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား ကျင်းပရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) သည် ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကို ရယူကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က ဆောင်ရွက်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဗဟိုအမှုဆောင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး) က ဆောင်ရွက်သည်။ ဆပ်ကော်မတီအသီးသီးကို ဗဟိုအမှုဆောင် တစ်ဦးစီက ဦးဆောင်ပြီး မြို့နယ်များမှ အမှုဆောင်များက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ကာ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရန် ရက်ပေါင်း ၂၀ မျှသာ အချိန်ရသော်လည်း လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့၏ သွက်လက်ထက်မြက်စွာ ဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အချိန်မီ ပြီးစီးခဲ့သည်။ အလှူရှင် ၇၀ ကျော်ကလည်း ငွေကျပ် ကိုးသိန်းကျော်နှင့် ပစ္စည်းမျိုးစုံ လာရောက် လှူဒါန်းကြသည်။

အခမ်းအနား ကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စာပေနှင့် စာနယ်ဇင်း အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများသည် နိုးကြားတက်ကြွသော စာပေအသိစိတ်ဓာတ် ကိုယ်စီဖြင့် နံနက် ၇ နာရီခန့်ကပင်လျှင် မြို့တော်ခန်းမ၌ စုဝေးရောက်ရှိနေကြသည်။

အပူဇော်အကန်တော့ခံမည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများသည်လည်း နံနက် ၈ နာရီခန့်မှ စတင်၍ ရောက်ရှိလာကြသည်။ ကန်တော့ခံ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ အသက်မှာ ၈၀ အနည်းဆုံးဖြစ်ရာ ဇရာဒုဗ္ဗလအရွယ် ကျနေပြီဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ

အား ကြိုဆိုရေး ဆပ်ကော်မတီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များက ဖေးမကူတွဲကာ ခေါ်ဆောင်ကြရသည်။

အပူဇော်အကန်တော့ခံကြမည့် စာရေးဆရာကြီး စာရေးဆရာမကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော) ၉၆နှစ်၊
၂။ ဆရာကြီး ဦးသိန်းမောင် (ရတနာပုံသိန်းသိန်း) ၉၄နှစ်၊
၃။ ဆရာကြီး ဦးခင်မောင်ကြီး (ပုဂံ ခင်မောင်ကြီး) ၉၃နှစ်၊
၄။ ဆရာကြီး ဦးစံထွား ၉၃နှစ်၊
၅။ ဆရာမကြီးဒေါ်ခင်မလေး(ဒဂုန်ခင်လေး ဆွေ) ၉၂ နှစ်၊
၆။ ဆရာမကြီးဒေါ်စောရင် ၉၀ နှစ်၊
၇။ ဆရာကြီး ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ) ၈၉ နှစ်၊
၈။ ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်၊သိပ္ပံဗဟုသုတ) ၈၇ နှစ်၊
၉။ ဆရာကြီး ဦးဝန် (မင်းသုဝဏ်) ၈၇ နှစ်၊
၁၀။ ဆရာကြီးဦးခင်သန်း(တိုင်း ပညာဝန် ဦးခင်သန်း) ၈၇ နှစ်၊
၁၁။ ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) ၈၇ နှစ်၊
၁၂။ ဆရာကြီး ဦးတင်မြင့် (သခ္ခါ) ၈၇ နှစ်၊
၁၃။ ဆရာကြီးဦးသိန်းမောင် (သုခ) ၈၆ နှစ်၊
၁၄။ ဆရာကြီး ဦးထွန်းလှ (လောကစံ ဦးထွန်းလှ) ၈၆ နှစ်၊
၁၅။ ဆရာကြီး ဦးလွန်းမောင် (မေမြို့မောင်) ၈၅ နှစ်၊
၁၆။ ဆရာကြီး ဦးထွန်းရင် (သခင်ထွန်းရင်) ၈၅ နှစ်၊
၁၇။ ဆရာကြီး ဦးဇော်ဝိတ် (ကာယဗလ) ၈၅ နှစ်၊
၁၈။ ဆရာကြီး ဦးဘထွန်း (ဘထွန်း–ဘီအေ) ၈၅နှစ်၊
၁၉။ ဆရာကြီး ဦးအောင်သိမ်း (ဓမ္မာစရိယ) ၈၄နှစ်၊
၂၀။ ဆရာကြီး ဦးဖေခင် (မဟာသရေစည်သူဦးဖေခင်) ၈၄နှစ်၊
၂၁။ ဆရာကြီး ဦးဘသောင်း(မောင်လိုင်ဝင်း) ၈၃နှစ်၊
၂၂။ ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ၈၃ နှစ်၊
၂၃။ ဆရာကြီး ဦးဆန်နီ (စုံထောက်ဦးဆန်နီ) ၈၂နှစ်၊
၂၄။ ဆရာကြီး ဆရာချယ် ၈၂ နှစ်၊
၂၅။ ဆရာကြီး ဦးအုန်းဖေ (တက်တိုး) ၈၂ နှစ်၊
၂၆။ ဆရာကြီး ဦးအေးမောင် (ဦးအေးမောင်စာပေဗိမာန်) ၈၂ နှစ်၊
၂၇။ ဆရာကြီး သခင်ဗဟုန်(လေနီ) ၈၂ နှစ်၊
၂၈။ ဆရာကြီး ဦးဘသန်း(ရွှေဝယ်သန်း) ၈၂ နှစ်၊
၂၉။ ဆရာကြီး ဦးမောင် (ပန်းတောင်း မောင်) ၈၂ နှစ်၊
၃၀။ ဆရာမကြီးဒေါ်သိန်းဆိုင် (မမြတ်လေး) ၈၂နှစ်၊
၃၁။ ဆရာကြီး သခင်လွင် ၈၂ နှစ်၊
၃၂။ ဆရာကြီး ဗိုလ်မှူးကြီး လှအောင် (ငြိမ်း) ၈၁ နှစ်၊
၃၃။ ဆရာမကြီးဒေါ်ရီကြိန် ၈၁ နှစ်၊
၃၄။ ဆရာမကြီး ဒေါ်မြမြ(မြစန္ဒာ) ၈၁ နှစ်၊
၃၅။ ဆရာမကြီးဒေါ်ခင်မျိုးချစ် ၈၁ နှစ်၊
၃၆။ ဆရာကြီး ဦးအောင်မြင့် (မောင်သုစိတ္တ) ၈၁ နှစ်၊
၃၇။ ဆရာကြီး ဦးခင်မောင်လတ် ၈၁ နှစ်၊
၃၈။ ဆရာကြီး ဦးစိန်လှိုင် (ဥသြ) ၈၀နှစ်၊
၃၉။ ဆရာကြီး ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ) ၈၀ နှစ်၊
၄၀။ ဆရာကြီး ဦးသိန်းမောင် (မင်းအောင်) ၈၀ နှစ်၊
၄၁။ ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) ၈၀ နှစ်၊
၄၂။ ဆရာမကြီးဒေါ်နုယဉ် (နုယဉ်) ၈၀ နှစ်၊
၄၃။ ဆရာကြီး ဦးထွန်းတင် (မန်းတင်) ၈၀ နှစ်၊

အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ကြွရောက်ချီးမြှင့်ကြသည်။

ထိုအခမ်းအနားတွင် သက်ကြီးစာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေဝါသနာရှင်များနှင့် အလှူရှင်များစုစုပေါင်း ၅၀၀ ခန့်တို့က ဆရာကြီး၊ ဆရာမကြီးတို့၏ စာပေဂုဏ်ကျေးဇူးကို အထူးအောက်မေ့ကာ ဂါရဝနိဝါတ တရားရှေ့ထား၍ ရိုသေစွာကန်တော့ကြသည်။ ပရိသတ်၏ကိုယ်စား အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များက အကန်တော့ခံစာပေ ပညာရှင်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နာမကျန်းသော စာပေပညာရှင်များအား ကူညီရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့ကကြီးမှူး၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များအား ကန်တော့ ပွဲအခမ်းအနားကို ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီ ဖြစ်သည်။

ဂါရဝတရားရှေ့ထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပသော စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား သည် စာပေမြတ်နိုးသူတိုင်းအဖို့ ကြည်နူးပီတိဂွမ်းဆီထိ ရသည့် အခမ်းအနား တစ်ရပ်ပင် ဖြစ်သည်။

**မုံရွာ ဝင်းဖေ**

**စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်။** ။မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ နတ်တော်လ၊ စာဆိုတော်ရာသီတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်ကို နတ်တော်လဆန်း ၁ ရက်နေ့၊ စာဆိုတော်နေ့ကို မင်္ဂလာပြု၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မအားကစားကွင်းတွင် ကျင်းပခဲ့သည်။

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို အောက်ဖော်ပြပါ ဦးတည်ချက် လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

(၁) အမျိုးသား ယဉ်ကျေးမှုထိန်းသိမ်းရေး

(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(၃) မြန်မာစာပေထွန်းကားရေး

(၄) နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်ရေး

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီက မြို့မအားကစားကွင်းအတွင်းရှိ စာပေပြခန်းမှခဦးတွင် ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အဖွင့်အမှာစကားပြောကြားရာတွင် "ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် အဖြစ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ကျင်းပခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ကြောင်း....."

"မြန်မာစာပေမှာ ပုဂံခေတ်ကစပြီး ပေါ်ထွန်းခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် ကျောက်စာအရေးအသားများထွန်းကားခဲ့ကြောင်း၊ ပုဂံခေတ်ပြီးနောက် ပင်းယခေတ်တွင် ရတုအရေးအဖွဲ့ကို အစပျိုးခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အင်းဝခေတ်တွင် ပျို့နှင့် မော်ကွန်းအရေးအသားများ ပိုမိုထွန်းကားလာပြီဖြစ်ကြောင်း၊ ညောင်ရမ်းခေတ်တွင် စကားပြေအရေးအသားကို တိုးတက်အသုံးပြုလာသည်ကို တွေ့ရကြောင်း၊ တောင်ငူခေတ်တွင် ရတုအရေးအသားများ ကြွယ်ဝခဲ့ပြီဖြစ်ကြောင်း၊" ကုန်းဘောင်ခေတ်တွင် ပုဂံ၊ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူခေတ်တွေထက် ပိုပြီး စာပေအရေးအသား အဖွဲ့အနွဲ့မျိုးစုံ ထွန်းကားခဲ့ကြောင်း၊ စာပေအဆင့်ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ ကိုယ့်ထီးကိုယ်နန်းကိုယ်ကြငှန်း နှင့် နေထိုင်လာခဲ့သည့်ဘဝမှ နယ်ချဲ့သမားတို့၏ ကိုလိုနီဘဝသို့ ကျရောက်သွားခဲ့ရသည့်အခါတွင်လည်း စာပေပညာရှင်ကြီးများက စာပေတာဝန်ကို အားသွန်ထမ်းပြီး မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် မြန်မာပြည်သူလူထုကို အသိဉာဏ်ပေး ရေးသားခဲ့ကြကြောင်း၊

" ... နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်သည် ၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားစာပေဆု



စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲကို အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် လာရောက်ကြည့်ရှုအားပေးစဉ်

ကို ရွေးချယ်ချီးမြှင့်လာခဲ့ကြောင်း၊ အမျိုးသားစာပေဆုမှာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးစာပေဆုဖြစ်ကြောင်း၊ အလားတူ စာပေဗိမာန်သည် စာပေဗိမာန်စာမူဆုများကိုလည်း နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အစည်း မဟုတ်သည့် ပြင်ပက ပခုက္ကူ ဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကလည်း ဘာသာရပ်အလိုက် ရွေးချယ်ပြီး စာပေဆုများ ချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စာပေဗိမာန်အဖွဲ့သည် စာပေနှီးနှောဖလှယ်ပွဲများကိုလည်း အကြိမ်ပေါင်း (၂၀) ကျော် ကျင်းပပေးခဲ့ကြောင်း...”

“... စာအုပ်ပြပွဲများ အနေဖြင့်လည်း ၁၉၇၂ ခုနှစ်တွင် နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ်အဖြစ် ‘စာအုပ် စာပေ လူ့မိတ်ဆွေ’ ဟူသည့် ဆောင်ပုဒ်ဖြင့် စာအုပ် ပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း၊ ၁၉၇၅ ခုနှစ် တွင် ‘စာနယ်ဇင်းတိုင်း၊ ခေတ်သမိုင်း’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ‘စာနယ်ဇင်းစုံ၊ ခေတ်ကြေးမုံ’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း ကျင်းပခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံတွင် သက်ကြီးဝါကြီးစာပေပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး၊ သက်ကြီးဝါကြီးစာပေပညာရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံတော်အကြီးအကဲက စာရေးဆရာ စာပေပညာရှင်ကြီးများအပေါ် အလေးအမြတ်ထားကြောင်း ပေါ်လွင်ထင်ရှားသည့် အချက်ပင်ဖြစ်ကြောင်း...”

“ယနေ့ မှစတင်၍ ခင်းကျင်းပြသသွားမည့် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်တွင် စာပေဝါသနာရှင် စာပေမြတ်နိုး ကြသူများ အနေဖြင့် စာပေ ဘဏ္ဍာတိုက်ကြီးကို

တူးဖော် ပြီး စာပေ၏ အမြိုက်အရသာကို ခံစားနိုင်ကြပါစေ၊ စာပေမျိုး စုံ ပွင့်ဖူးဝေဆာနေသည့် စာပေ ပန်းဥယျာဉ်ကြီးထဲမှာ စာပေ ဝတ်ရည်ကို ဆွတ်ခူးစားသုံးနိုင်ကြပါစေ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်ကို မမှိတ်မသုန်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲ နှင့် စာအုပ် ဈေးပွဲတော်ကျင်းပရေးအတွက် ဦးတည်ချက်လေးရပ်ဖြစ် သည့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ မျိုးချစ်စိတ် ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာစာပေ ထွန်းကားရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်ရေးဟူသည့် အချက်များကိုလည်း ပေါက်မြောက် အောင်မြင်နိုင်ရေး အတွက် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ” ဟု တိုက်တွန်း မှာကြားသွားသည်။

စာပေပြပွဲတွင် နိုင်ငံတော်အကြီးအကဲက စာပေပညာရှင်ကြီးများနှင့်တွေ့ဆုံသော ဓာတ်ပုံမှတ်တမ်းများပြကွက်၊ စာဆိုတော်နေ့ အကန်တော့ခံစာပေပညာရှင်ကြီးများ ပြကွက်၊ ယခုနှစ်စာပေဆုရသူများ ပြကွက်၊ ထင်ရှားသော ကွယ်လွန်သူ စာရေးဆရာကြီးများ၏ လက်ရေးနမူနာများ ပြကွက်၊ ၁၉၄၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စာပေဆုရသူများ စာရင်းပြကွက်၊ ခေတ်အဆက်ဆက်မှ သတင်းစာများ ပြကွက်၊ ခေတ်အဆက်ဆက်မှ ဂျာနယ်မဂ္ဂဇင်းများ ပြကွက် ဟူ၍ ပြကွက် (၇) ခုကို ပြသထားသည်။

ပြပွဲတွင် ထင်ရှားသော ခေတ်ဟောင်းစာနယ်ဇင်းများ၏ မျက်နှာဖုံးကို ဓာတ်ပုံရိုက်ကူး၍ ပြသထားရာ ရတနာပုံ နေပြည်တော်သတင်းစာ (၁၈၇၄)၊ မန္တလေးတိုင်းသတင်းစာ (၁၈၉၄)၊ ဓမ္မဒေသနာ တရားသတင်းစာ (၁၉၀၇) မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ပညာသတင်းစာ (၁၉၀၈)၊ သူရိယသတင်းစာ (၁၉၁၁)၊ ပညာ့အလင်းသတင်းစာ (၁၉၁၈)၊ မြန်မာ့အလင်းသတင်းစာ(၁၉၁၉)၊ ဟုမ္မရူး သတင်းစာ (၁၉၂၁)၊ မြန်မာ့ဝန်ထမ်းသတင်းစာ (၁၉၂၂)၊ ဝံသာနု မြန်မာသတင်းစာ (၁၉၂၂)၊ မျိုးချစ်သတင်းစာ (၁၉၂၄)၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၀)၊ နှစ်ပါးကြည်ဂျာနယ် (၁၉၂၁)၊ အောင်ဇေယျ ဂျာနယ် (၁၉၂၃)၊ ဇေယျဂျာနယ် (၁၉၂၅)၊ ရွှေဝံဂျာနယ် (၁၉၂၈) ၊ အလင်းရောင်ဂျာနယ် (၁၉၂၉) စသည်တို့ ပါဝင်သည်။

စာအုပ်ဈေးပွဲတော်တွင် သုတစွယ်စုံ စာအုပ်ဆိုင်၊ ဗြိတိသျှကောင်စီစာအုပ်ပြခန်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန စာအုပ်နှင့်စာရေးကိရိယာအရောင်းဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သာသနာရေးဝန်ကြီးဌာန အရောင်းဆိုင်၊ သစ္စာမဏ္ဍိုင် စာပေ၊ တင်ထွေးယဉ်စာပေ၊ အားမာန်သစ်စာပေ၊ To Day စာပေ၊ တက်လမ်းစာပေ၊ ပါရမီစာပေ၊ နေဝန်းစာပေ၊ ဝါမိုးအောင် စာပေ၊ စာပေလောကစာအုပ်တိုက်၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ မြဝတီ စာပေတိုက်၊ စာပေဗိမာန်၊ ကုလသမဂ္ဂ ပြန်ကြားရေးဌာန၊ Business Pocket Guide စာအုပ် ဆိုင်၊ စာပေဟင်းလေးအိုးကြီး၊ သတင်းကောင်း စာပေ၊ သာလွန် စာပေ၊ ဟင်္သာတ စာပေ၊ အရုဏ်သစ် စာပေ၊ ရန်ကုန် တက္ကသိုလ် ဂျီအီးစီ၊ ရွှေကံ့ကော် ဘာသာစုံ အထူး အရောင်းဆိုင်၊ ပညာရေး သုတေသန ဂျီအီးစီ စသော စာအုပ်ဆိုင်များ ခင်းကျင်းပြသ ဖွင့်လှစ်ရောင်းချကြရာ အားရဖွယ်ရာကောင်းလှသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့၊ မြို့မအားကစားကွင်း တွင် ခင်းကျင်းပြသထားသော စာပေပြပွဲနှင့် စာအုပ်ဈေး ပွဲတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပဒုက္ကာ ဦးအုံးဖေ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးဝင်းဖေ (မုံရွာဝင်းဖေ) နှင့် တွဲဖက်အတွင်းရေးမှူး များ ဖြစ်ကြသော ဒေါ်မြမြသန်း (မနှင်းဖွေး) နှင့် ဒေါက်တာ တင်ထွန်းဦးတို့က ကြိုဆိုကြပြီး အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လေ့လာကြည့်ရှု အားပေး ချီးမြှင့်သွားခဲ့ပေသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ၂၁–၁၁–၉၅ နေ့မှ ၂၇–၁၁–၉၅ နေ့ အထိ ကျင်းပခဲ့ရာ အထူးစည်ကားလှပြီး ဤပွဲသည်စာဖတ်ပရိသတ်များ၏ စာပေချစ်မြတ်နိုးစိတ်ကို ဖော်ထုတ်ပြသလိုက်သော စာပေအောင်ပွဲကြီးပင် ဖြစ်ပေသည်။

မုံရွာ ဝင်းဖေ

**စန္ဒဝံသ၊ဆရာတော် ဘဒ္ဒန္တ (သက္ကအလံတရာ မဟာနာယက ဆရာတော်) (မြန်မာ ၁၂၇၅-၁၃၅၆)**။ ။သက္ကအလံတရာဆရာတော်ဟု ထင်ရှားတော်မူသော သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌သီတင်းသုံးတော်မူသည်။ သက္ကအလံတရာ မဟာနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသကို ခမည်းတော် ဦးမောင်တော၊ မယ်တော် ဒေါ်မယ်ခင်တို့က ၁၂၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် အင်္ဂါနေ့တွင် သထုံမြို့နယ်သိမ်ဆိပ်မြို့ တောင်ဘက်အနီး ထီးပုံးစုကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၂၈၆ ခုနှစ် အသက် ၁၁ နှစ်တွင် ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၂၉၉ ခုနှစ် အသက် ၂၄ နှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း ရောက်ရှိသည်။ ၁၃၀၀ ပြည့်နှစ်အသက်၂၅ နှစ်တွင် ထီးပုံးစုကျေးရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ကာ ထီးပုံးစုကျေးရွာကျောင်း ခဏ္ဍသိမ်၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်စန္ဒဝံသဖြစ်သည်။

ဆရာတော်သည်ထီးပုံးစုကျေးရွာကျောင်းဆရာတော်ထံ၌ အခြေခံလောကုတ္တရာစာပေများနှင့် ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပြီး ဘီးလင်းမြို့နယ် ရွှေရောင်ပြတောရကျောင်းဆရာတော် ဘဒ္ဒန္တအာလောကထံ၌ ပဋိပတ်ကျင့်စဉ်များ၊ အရညဝါသီတောရဆောက်တည်နည်းနှင့် အခြားဓုတင်အကျင့် ကျင့်ဆောင်နည်းများကို ခံယူကျင့်သုံးဆောက်တည်ခဲ့သည်။ သထုံမြို့နယ် ကျောက်စက်တောရနှင့် မိုးမခတောရတွင် သီတင်းသုံးနေထိုင်ပြီး ဘီးလင်း၊ သထုံ၊ ပေါင်၊ ဘားအံမြို့နယ်များရှိ သမိုင်းဝင်စေတီများနှင့် တောတောင်သုသာန်များသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းဘာဝနာတရားများကို ပွားများကျင့်ကြံအားထုတ်ခဲ့သည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ ဘာသာရေး၊ သာသနာရေးစိတ်ဓာတ်များ နိုးကြားရှင်သန်လာစေရန်နှင့် ဗုဒ္ဓမြတ်စွာ၏သုံးဖြာသော သဒ္ဓမ္မ၊ သုံးဝသောအကျင့်သိက္ခာတရားတော်များ ရှင်သန်ပြန့်ပွားစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအရှေ့ မိုးမခတောင်ခြေအနောက်ဘက်ကုန်းမြင့်တွင် အလံတရာမဟာသောဏ္ဍာရ ကမ္ဘာအေးစေတီတော်ကြီးကို ၁၃၁၄ ခုနှစ်မှစတင်တည်ခဲ့ရာ ၁၃၃၅ ခုနှစ်တွင် ထီးတော်တင်ပြီးစီး အောင်မြင်တော်မူသည်။ အလံတရာစေတီတော်ကြီး တည်ဆောက်ချိန် အတွင်း ပတ်ဝန်းကျင်ကျေးရွာများတွင် စေတီတော်ပေါင်း ၁၈ ဆူကိုလည်း တည်ဆောက်ပြီးစီးခဲ့သည်။

ဆရာတော်သည် အလံတရာကုန်းမြေတွင် ရဟန်းတော်များသီတင်းသုံးနေထိုင်ရန် ကျောင်းသင်္ခမ်းများ ဆောက်လုပ်ခြင်း၊ စာသင်တိုက်ဖွင့်လှစ်၍ ပရိယတ္တိဝန်ဆောင် ရဟန်းတော်များအား လောကုတ္တရာ စာပေများ သင်ကြားပို့ချပေးခြင်း၊ အလံတရာစေတီတော်ကြီး တည်ဆောက်ရေးတွင် ရဟန်းသာမဏေများအား အချိန်ပိုင်း ပါဝင်လုပ်အားပေးလှူစေခြင်း၊ အချိန်ပြည့် လုပ်အားပေးလှူကြသည့်ရသေ့များ၊ ယောဂီများစနစ်တကျနေထိုင်နိုင်ရန် ဗုဒ္ဓဂါမရွာကို တည်ထောင်ပေးခြင်း၊ ရသေ့များနှင့်ယောဂီများအား လောကုတ္တရာစာပေများသင်ကြားပို့ချပေးခြင်း၊ ရဟန်းရှင်လူအပေါင်းတို့အား တရားဟောကြား ဆိုဆုံးမခြင်း၊ ပဋိပတ်ကျင့်ကြံအားထုတ်နည်းများ သင်ကြားပြသခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သက်သတ်လွတ်ဘေးမဲ့ အာဟာရကို ရာသက်ပန်သုံးဆောင်တော်မူပြီး တပည့် ဒါယကာဒါယိကာမများအား သက်သတ်လွတ် ဘေးမဲ့အာဟာရ စားသုံးရန် ဟောကြားညွှန်ပြလေ့ရှိသည်။ သက်သတ်လွတ်စားသုံးခြင်းဖြင့် မိမိ၌ တောင့်တမှု ကြောင့်ကြမှုကင်းပြီး ရှာဖွေရာတွင် ရလွယ်ခြင်း၊ အစားအစာအာဟာရပေါ်တွင် ရသတဏှာ တပ်မက်နှစ်သက်မှု ခေါင်းပါးစေခြင်း၊ ကောင်းသောကိုယ်ကျင့်တရားနှင့် လျော်ကန်သင့်မြတ်ခြင်း၊ ရှာဖွေစားသောက်သူအား ပါဏာတိပါတကံ မထိုက်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ညွှန်ပြ ခဲ့သည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ ကောင်းမြတ်သောအကျင့်သိက္ခာနှင့် ပြည့်စုံတော်မူခြင်း၊ ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုရိုသေလေးစားမှုကို ခံယူရရှိတော်မူခြင်းတို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် ရရှိတော်မူသည်။

အလဲတရာကုန်းမြေ မိုးမခတောင်ကျောင်း၌ သီတင်းသုံးတော်မူသော သက္ကအလဲတရာမဟာ နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒနဝံသသည် ၁၃၅၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်္လာနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် မိုးမခတောင်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**။ ။၁၉၉၅ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်စတင်ကျင်းပသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက်တွင်ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်အား တပ်မတော်စစ်ရေးစစ်ရာကော်မရှင်တွင်ဆက်လက် တင်မြှောက်သည်။ ပါတီဥက္ကဋ္ဌအဖြစ်ကျန်ဇီမင်း၊ ဝန်ကြီးချုပ်အဖြစ် လီဖုန်တို့အား တင်မြှောက်ကြသည်။

တရုတ်ပြည် တော်လှန်ရေးအစဖြစ်သော ခရီးရှည်ချီတက်ပွဲမှ စတင်၍ ဥက္ကဋ္ဌကြီးမော်နှင့် လက်တွဲကာ ချီတက်ပါဝင်ခဲ့သော တိန့်ရှောင်ဖိန်သည် ဆိုဗီယက်ရုရှား၏ နောက်လိုက်ဘဝမှလွတ်အောင် ဆောင်ရွက်နိုင်ခဲ့သူဖြစ်သည်။

တော်လှန်ရေးအောင်မြင်ပြီးနောက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် ၁၉၆၅–၁၉၆၉ နှစ်များက ဆင်နွှဲကြသော ယဉ်ကျေးမှုတော်လှန်ရေးမှစ၍ သူ့အား မော်လိုလားသူများက ဝိုင်းပယ်ခဲ့သည်။ ထိုယဉ်ကျေးမှုတော်လှန်ရေးတွင် သူ၏သားမှာ ဒဏ်ရာရပြီး ဒုက္ခိတဖြစ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌကြီးမော် ကွယ်လွန်ပြီး သီတင်းလေးပတ်ကြာမှ သူ၏သိက္ခာ ပြန်တက်လာခဲ့သည်။ ထိုနှစ်မှစ၍ နိုင်ငံကိုပဲ့ကိုင်လာခဲ့ရာ ယနေ့အထိဖြစ်သည်။ အရာရာ ခေတ်မီရေးလမ်းစဉ်ချမှတ်ခဲ့ပြီး ဆိုရှယ်လစ်လမ်းစဉ်မှသွေဖီခြင်းမရှိသော "တံခါးဖွင့်စီးပွားရေးလမ်းစဉ်" ( Open Market Policy )ကို ချမှတ်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သူ၏အသက် ၉၀ ရှိပြီဖြစ်သော်လည်း ကျန်းမာဆဲဖြစ်သည်။

ပါတီကွန်ဂရက်ကပေးအပ်သော တာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်သူ့အစိုးရအဖွဲ့သည် တရုတ်ပြည်တောင်ပိုင်း မကာအိုမြို့မှ မိုင် ၅၀ အကွာတွင် လေဆိပ်သစ်တစ်ခု တည်ဆောက်ခဲ့သည်။ ယင်းလေဆိပ်သစ်ဖွင့်ပွဲသို့ ဝန်ကြီးချုပ်လီဖုန်တက်ရောက်ကာ မေလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ပေးသည်။ တရုတ်ပြည်တောင်ပိုင်း စီးပွားဥစ္စာကြွယ်ဝသော ပုလဲမြစ်ဝကျွန်းပေါ်တွင်ရှိသည့် လေဆိပ်လေးခုအနက် ယခုကျူဟိုင်းလေဆိပ်သည် စတုရန်းကိုက်တစ်သိန်းတစ်သောင်းကျယ်ပြန့်၍ တစ်နှစ်လျှင် ခရီးသည် ၁၄ သန်း သွားလာပျံသန်းနိုင်သော လေဆိပ်ဖြစ်သည်။

တရုတ်ပြည်တွင် လေကြောင်းခရီးသွားလုပ်ငန်းသည် ၁၉၈၀ ပြည့်နှစ်မှ လွန်ခဲ့သော ၁၉၉၄ ခုနှစ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ကမ္ဘာ့ပျမ်းမျှတိုးတက်နှုန်းသည် ၃ ဒသမ ၅ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည်သူ သန်းပေါင်း ၄၀ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ကြသည်။

မော်တော်ကားထုတ်လုပ်မှု အပြိုင်အဆိုင်လုပ်ဆောင်ရန်အတွက် မော်တော်ကားလုပ်ငန်းရှစ်ခုသို့ ဒေါ်လာသန်းပေါင်း ၁၂,၀၀၀ သုံးစွဲသွားရန် အစိုးရကစီစဉ်သည်။

နိုင်ငံတော်ကထောက်ပံ့ကူညီမည့် ကားလုပ်ငန်းများတွင် ရှန်ဟဲဘောက်စ်ဝက်ဂွန်၊ ဖာ့စ်အော်တိုမက်တပေါ်စ်ဘောက်စ်ဝက်ဂွန်လုပ်ငန်းတို့ ပါဝင်သည်။ တည်ဆောက်ထုတ်လုပ်မည့် မော်တော်ယာဉ်များ အနက် ၂၅၀,၀၀၀ သည် ဇိမ်ခံကားများဖြစ်သည်။ ငါးနှစ်စီမံချက်ဖြစ်သည်။

ဇိမ်ခံကားများအပြင် ဘတ်စ်ကားနှင့် ထရပ်ကား ၇၃၈,၀၀၀ ကို ၁၉၉၅ ခုနှစ် ပထမခြောက်လအတွင်း ထုတ်လုပ်နိုင်သောကြောင့် ယခင်နှစ်ပထမခြောက်လထက် လေးရာခိုင်နှုန်းတိုးသည်။ ခေတ်မီကားများထုတ်လုပ်ရေးတွင် ဒေါ်လာသန်း ၃၀၀၀ တန် ဖက်စပ်လုပ်ငန်းထူထောင်ရန် ဂျာမနီဝန်ကြီးချုပ် ခိုးလ်နှင့် တရုတ်ဝန်ကြီးချုပ် လီဖုန်တို့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးသည်ဟု သိရှိရသည်။

ယာဉ်ယူနစ်ပေါင်း ၇၁၉၂၄၀ ရောင်းရသဖြင့် ၇ဒသမ ၄ ရာခိုင်နှုန်းတိုးသည်။ အသေးစားဘတ်စ်ကား(မီနီဘတ်စ်) ရောင်းရမှုမှာ ယခင်နှစ်ကထက် ၁၉ ဒသမ ၂ ရာခိုင်နှုန်းတိုးသည်။

**လူနေမှုအဆင့်**။ ။တရုတ်ပြည်ရှိ ပြည်သူတို့၏လူနေမှုအဆင့်သည် မော်စီတုန်းကွယ်လွန်သော ၁၉၇၆ ခုနှစ်ကနှင့် မတူတမူထူးခြားခဲ့သည်။ များများလုပ်၊ များများစား ပျော်ပါးစရာအချိန်ရကြခြင်းဖြင့်လူနေမှုအဆင့်မြင့်မားလာသည်ဟု ပြည်ပလေ့လာသူများက တွက်ချက် ရေးသားကြသည်။



**တရုတ် ပြည်သူ့ကွန်ဂရက် အစည်းအဝေး ကျင်းပနေစဉ်**

ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်၏ စီမံအုပ်ချုပ်မှုအရ ဤသို့တိုးတက်ဖွံ့ဖြိုးခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအဆင့်အတန်းမြင့်မားလာသည်ကိုဆင်ဟွာသတင်းဌာနက မေလ ၂၄ ရက်နေ့တွင်ဖော်ပြသည်။

ကျေးလက်နေပြည်သူတို့မှာ ၁၉၉၃ ခုနှစ်တွင် ၎င်းတို့ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို အစားအစာဝယ်ယူသုံးစွဲသည်။ ၁၉၇၀ ပြည့်နှစ်ကထက် ၉ ဒသမ ၇ရာခိုင်နှုန်း လျော့နည်းသည်။ တရုတ်မြို့ကြီးသူမြို့ကြီးသားများမှာ ၁၉၈၁ ခုနှစ်တွင်ဝင်ငွေ၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၉၃ ခုနှစ်တွင်၅၀ ဒသမ ၁ ရာခိုင်နှုန်းသို့လျော့နည်းသုံးစွဲကြသည်။

ပီကင်းမြို့တော်သူမြို့တော်သားများမှာဝင်ငွေ၏ ၄၉ ရာခိုင်နှုန်းသာအစားအစာအတွက်သုံးစွဲသောကြောင့် ငွေပိုငွေလျှံများပြီး လူနေမှုအဆင့်မြင့်လာသည်။

**ပြည်တွင်းရေး။** ။ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက် အချို့သောသဘောကွဲသူများကိုဖမ်းဆီးအရေးယူရသည်။ မစ္စတာဝူး ဆိုသူတရုတ်လူမျိုး၊ အမေရိကန်နိုင်ငံသားအဖြစ်

ခံယူထားသူကို လျှို့ဝှက်သတင်းရယူဆောင်ရွက်မှုဖြင့် ဇူလိုင်လ တွင် ဖမ်းဆီးအရေးယူထားသည်။ မစ္စတာဝူးကို လွှတ်ပေးရန် အမေရိကန်အစိုးရကတောင်းဆိုထားသည်။

မူးယစ်ဆေးဝါးဥပဒေဖောက်ဖျက်သူပေါင်း တစ်သိန်းတစ်သောင်းကို ယမန်နှစ်ကဖမ်းဆီးအရေးယူကာ အပြစ်ဒဏ်အသီးသီးပေးခဲ့ရသည်ဟုမေလ ၁၁ ရက်နေ့က သတင်းရရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ ၄၆၆ ဦးကို သေဒဏ်ပေးခဲ့ရသည်။ တရုတ်ပြည်မကချင်ပြည်နယ်ကိုဖြတ်၍ အိန္ဒိယသို့တင်ပို့ရောင်းချသော မူးယစ်ဆေးဝါးများကိုဟန့်တားရန်အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မည်ဟု ဆိုသည်။

ထိုအတောအတွင်း နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ခြေလက်၊ မျက်လုံးစသည့်အင်္ဂါအစိတ်အပိုင်းများကို ထောင်သားများ၊ သေသူများထံမှဖြတ်ခွဲထုတ်ယူကာ ရောင်းချသည်ဟုအစိုးရအား ဝေဖန်စွပ်စွဲမှုများ ပေါ်ထွက်လာသည်ကို မဟုတ်မှန်ကြောင်း သက်ဆိုင်ရာဌာနတို့က ငြင်းဆိုချေပရသည်။

ထို့အပြင် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးပစ္စည်းအလွဲသုံးစားမှုများကို အရေးယူနှိမ်နင်းပြီးနောက်၊ ပညာပေးလုပ်ငန်းတို့ဖြင့် ဆုံးမပြုပြင်ကြရသည်။ထင်ရှားသောမှုခင်းတစ်ခုမှာ ပီးကင်းမြို့၊ ဒုမြို့တော်ဝန်ချန်ချီတုန်းနှင့် အပေါင်းအသင်းတို့ကို ဖမ်းဆီးအရေးယူအပြစ်ပေးရသည့် အမှုဖြစ်သည်။

**စပရက်တလေကျွန်းများအရေး။** ။တရုတ်ပြည်အရှေ့တောင်ဘက်ရှိ တောင်တရုတ်ပင်လယ်တွင်အနောက်နိုင်ငံသားတို့အခေါ်အရ စပရက်တလေ(**Spratley**)ကျွန်းစုများရှိသည်။ တရုတ်ပြည်၊ ထိုင်ဝမ်ကျွန်းမှအင်ဒိုနီးရှား၊ ဖိလစ်ပိုင်အထိ ကျယ်ပြန့်သော ဤပင်လယ်တွင် ကျွန်းငယ်အမြောက်အမြားပြန့်ကျဲတည်ရှိနေသည်။ ထိုကျွန်းစုများကို တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှားနှင့်ဘရူနိုင်းတို့က မိမိတို့ အသီးသီး ပိုင်ဆိုင်ကြသည်ဟု ကြေညာကာ အငြင်းပွားလျက် ရှိသည်။

ဤကိစ္စနှင့်စပ်လျဉ်းပြီး ဗီယက်နမ်နှင့်တရုတ်ရေတပ်ချင်းရင်ဆိုင်လုဘနန်းဖြစ်ခဲ့သည်။ ၁၉၉၃ ခုနှစ် ကမူရေနံတွင်းတူးရန် အမေရိကန်–တရုတ်ဖက်စပ်ကုမ္ပဏီတစ်ခုက စီစဉ်သည်ကိုဗီယက်နမ်ကနစ်ကြိမ်တိုင်ကန့်ကွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လဆန်းတွင်ဖိလစ်ပိုင်နှင့်မိုင်အနည်းငယ်မျှသာကွာသော မစ္စချိ(ပ်)ရိ(ဖ်)သန္တာကျွန်းပေါ်သို့ တရုတ်ရေတပ်စစ်သင်္ဘောတို့က စစ်အဆောက်အဦးတည်ဆောက်ခဲ့သည်။ ဤတွင်ဖိလစ်ပိုင်ရေတပ်ကမတ်လ ၂၃ ရက်နေ့တွင်ထိုကျွန်းပေါ်သို့တက်ကာ အဆောက်အဦးများကိုဖြိုဖျက်လိုက်ပြီးနောက် ဖိလစ်ပိုင်အလံကိုလွှင့်ထူခဲ့သည်။

ယင်းကိစ္စဖြစ်ပွားနေစဉ်ထိုင်ဝမ်ရေတပ်မှ စစ်သင်္ဘောသုံးစင်းကချီတက်လာကာ မိမိနိုင်ငံ၏ကာကွယ်ရေးအတွက် အသင့်ပြင်ထားသည်။

မေလ ၁၇ ရက်နေ့တွင်နှစ်နိုင်ငံရေတပ်များ ရင်ဆိုင်မိကြသည်။ သတင်းစာဆရာ ၃၈ ဦးနှင့်ဖိလစ်ပိုင်ဗိုလ်ချုပ်ကြီးတစ်ဦးကိုတင်ဆောင်လာသည့် ဖိလစ်ပိုင်ရေတပ်သင်္ဘောတစ်စင်းကို တရုတ်ရေယာဉ်နှစ်စင်းက အငြင်းပွားနေသည့် မစ္စချိ(ပ်)ရိ(ဖ်)ကျွန်းအနီးတွင် ဟန့်တားသည်။

ထိုအတွင်းဖိလစ်ပိုင်လေတပ်မှရဟတ်ယာဉ်အချို့ပျံဝဲလာကြသည်။ တရုတ်သင်္ဘောများကကျွန်းပေါ်ရှိ အဆောက်အဦးများမှာတဲငါသည်များတည်းခိုရန်ဆောက်လုပ်ထားသောတဲများသာဖြစ်သည်ဟုပြောသည်။ ဖိလစ်ပိုင်ဘက်ကလည်း ဤကျွန်းသည်ဖိလစ်ပိုင်ကျွန်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မိနစ် ၇၀ ကြာအောင်ရင်ဆိုင်ကြပြီးနောက် နှစ်ဖက်ဆုတ်ခွာခဲ့ကြသည်ဟုသိရှိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ဩဂုတ်လ ၁၀ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဒိုမင်ဂိုဆီယာဇွန်က ပြောသည်မှာ မိမိတို့သည် ကျွန်းပိုင်ဆိုင်မှုအရေးကိုစစ်ရေးအရ မဆုံးဖြတ်ဘဲစေ့စပ်ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရန် ဖြစ်သည်ဟု ဆိုသည်။ တရုတ်တို့ဘက်ကလည်း ဆွေးနွေး ဖြေရှင်းမည်ဟု ဩဂုတ် ၉ ရက်နေ့က ဖိလစ်ပိုင်အစိုးရသို့ ပြောကြားထားသည်။

**အမေရိကန်နှင့်ဆက်ဆံရေး။** ။၁၉၉၅ ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင်ထိုင်ဝမ်သမ္မတလီတိန်ဟွီးသည်နယူးယောက်မြို့သို့ရောက်ရှိသည်။ သမ္မတလီသည်အမေရိကန်နိုင်ငံကော်နဲတက္ကသိုလ်ကျောင်းသားဟောင်းဖြစ်သည့်အလျောက် ထိုတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရန် ရောက်ရှိ ခြင်းဖြစ်သည်။

ထိုင်ဝမ်သမ္မတအား အမေရိကန်ကလက်ခံခြင်းကို တရုတ် က အပြင်းအထန်ကန့်ကွက်ခဲ့သည်။ မိမိတို့သည်

နိုင်ငံရေး မဟုတ်သောသာမန်ကိစ္စ အတွက် လာရောက်သူများကို ခွင့်ပြုခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတကလင်တန်က ချေပ ပြောကြားသည်။

**တိဗက်ဒေသအရေး။** ။တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားက သတ်မှတ်ခဲ့သောလားမား အလောင်းအလျာလူငယ်တစ်ဦးကို တရုတ်အစိုးရကအသိအမှတ်မပြုချေ။

တိဗက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်မှုများကိုခွင့်ပြုလိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့က ကြေညာ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လယ်ယာစိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ရှာဖွေရေး၊ ရေနံရှာဖွေရေးတို့တွင် ငွေပင် ငွေရင်းမြှုပ်နှံခြင်းပြုနိုင်သည်ဟုဆိုသည်။ ထို့ပြင်သာမက ဘဏ်ဖွင့်ခြင်း၊ ငွေကြေးချေးငှားခြင်း ပြုနိုင်သည့်အပြင် နယ်နိမိတ်ဖြတ်၍ ကူးသန်းနိုင်ခွင့်ပြုသည်ဟု ဥပဒေစည်းမျဉ်း၌ ဖော်ပြထားသည်။

**လူမှုရေး။** ။တရုတ်ပြည်သူတို့၏ဝလေ့ထုံးစံတို့သည် နှစ်ငါးဆယ်၊ ခြောက်ဆယ်အတွင်းသိသိသာသာကြီး ပြောင်းလဲ ခဲ့ပြီးဖြစ်သည်။ ခြေဖျားခြေချောင်းနနကလေးများကို ရိုက်ချိုးကာ အမျိုးသမီးတို့ ခြေစီးရသည့် ဓလေ့ထုံးစံမှာ မရှိသလောက်ဖြစ်ချေသည်။ ဆံပင်ကိုကျစ်ဆံမြီးထားရသော ဆင်ယင်ထုံးဖွဲ့မှုသည်လည်း လျော့ပါး၍သွားချေပြီ။ ယခုလည်းခေတ်နှင့်အညီတိုးတက်အောင်လုပ်ဆောင်လျက်ရှိသည်။

သားသမီးမွေးကင်းစများကိုမိခင်၏နို့ဖြင့်တိုက်ကျွေးမွေးမြူခြင်းသည်အကောင်းဆုံးဖြစ်သည်ဟု ယူဆယုံကြည်သည့် အလျောက် နို့အစားထိုးပစ္စည်းများဖြစ်သောနို့မှုန့်၊ နို့ရည် တို့နှင့်ပတ်သက်၍ အလွန်အကျွံကြော်ငြာမှုများ ကို ပိတ်ပင်လိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့တွင် ဆင်ဟွာ သတင်းဌာနကထုတ်ပြန်သည်။

ကာမဂုဏ်လှုံ့ဆော်အားပေးသောရုပ်ပုံများ၊ စာအုပ်စာတမ်းများ၊ ရုပ်ရှင်များ၊ ဗီဒီယိုတိပ်ခွေများကို အလေးအနက် ဟန့်တားပိတ်ပင်မည့်အပြင်၊ ပြည့်တန်ဆာအိမ်များကိုလည်းအရေးယူနှိပ်ကွပ်မည်ဟု တရုတ်ကက်ဘိနက်အဖွဲ့၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ်ကျူဂန်က ဇူလိုင်လ ၂၂ ရက်နေ့ကပြောကြားသည်။

ဓိမ်လောကကိုဖန်တီးသောရေနွေးပြည့်ရေချိုးခန်းများ၊ ဟိုတယ်များ၊ ပွတ်သဘင်များ၊ ကာရာအိုကေ ကဇာတ်စင်များကို ပိတ်ပစ်မည်ဟု ဆက်လက်ပြောကြားသည်။

ယင်းတို့သည်လူငယ်တို့၏ စာရိတ္တကို ပျက်ပြားစေသည်သာမက ဒုစရိုက်မှုခင်းများ တိုးစေသောကြောင့် ကွန်မြူနစ်ပါတီနှင့် အစိုးရသည်ပူးပေါင်းဖြိုခွင်းမည် ဖြစ်သည်။

ယမန်နှစ်ကပြည့်တန်ဆာ ၂၈၈,၀၀၀ ကိုဖမ်းဆီးအရေးယူခဲ့ရသည်။ ပြည့်တန်ဆာအိမ် ၄၉၁၇ အိမ်ကိုပိတ်ပစ်ခဲ့သည်။ ပြည့်တန်ဆာများကိုလည်း ပညာပေးစခန်းနှင့်ဆေးခန်းများသို့ပို့ ဆောင်ခဲ့သည်ဟု ပြောကြားသည်။

## ဦးဘသောင်း

**တေဇောဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်းပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် (၁၉၈၀–၉၃ထိ)(မြန်မာ၁၂၈၄–၁၃၅၆)။** ။ပေါင်းတည်ရွှေကျောင်းကြီး ဆရာတော်ဟု ထင်ရှားတော်မူသော ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တတေဇောဘာသာဘိဝံသကို ခမည်းတော် ဦးစာဖြူ၊ မယ်တော်ဒေါ်ပန်းမြတို့က ၁၂၈၄ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် စနေနေ့နံနက် (၁) နာရီတွင် ပေါင်းတည်မြို့နယ် နတ်တောင်ကုန်းကျေးရွာ၌ ဖွားမြင်သည်။ တစ်ဦးတည်းသောသားကြီးရတနာဖြစ်ပြီး ၁၅ နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ အင်းကြီးကျေးရွာတောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ "ရှင်တေဇောဘာသ" ဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည်ပေါင်းတည်မြို့၊ အရှေ့လမ်း၊ စိန်ရွှေရတနာကုန်သည် (ရွှေ) ဦးသိမ်း ဒေါ်ဒေါ်ကြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၀၄ ခုနှစ်၊ နောင်းတန်ခူးလဆန်း ၅ ရက်၊ သောကြာနေ့နံနက် ၈ – နာရီ ၁၉ မိနစ် အချိန်တွင်ပေါင်းတည်မြို့ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း သုဝဏ္ဏဂူဏ်းချုပ်ဆရာတော်

ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ "ဘဒ္ဒန္တပုညာဘိဝဇ"ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် တောင်ကုန်းရွာဆရာတော်၏ကျောင်းတွင် စတုတ္ထတန်းအောင်မြင်သည်အထိ သင်ကြားတော်မူပြီးနောက် ပေါင်းတည်မြို့ ၊ မှတ်တိုင်လမ်း ဆရာကြီး ဦးမောင်ရင်ကျောင်းတွင် သတ္တမတန်းအောင်သည် အထိ သင်ကြားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ အင်းကြီး တောင်ကျောင်းဆရာတော်၊ ရွှေကျောင်းကြီးတိုက် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပုညာဘိဝဇ၊ စာချဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တ ရေဝတ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ပဓာန နာယက ( နိုင်ငံတော်ပါဠိ တက္ကသိုလ် ဗဟိုအဖွဲ့ ပထမဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ တေဇနိယ စာချဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၊ မန္တလေးမြို့ တောင်ပြင် ဒက္ခိနာရာမဘုရားကြီးတိုက် သာသနဇောတိ ကာရုံအုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ စသောဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ကြားတော် မူခဲ့သည်။

ဆရာတော်သည် ၁၃၂၂ ခုနှစ်မှစ၍ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ စာသင်သံဃာတော်အပါး (၄၀) ကျော်အပါး (၅၀) တို့အားနေ့ဝါ၊ ညဝါများ မအားလပ်အောင်သင်ကြားပို့ချတော်မူခဲ့ပြီး ထိုစာသင်သားများ ဝိသဘာဂအာရုံများမှကင်းဝေးစေရန်နှင့် ပရိယတ္တိစာပေများကိုအချိန်ပြည့် အားထုတ်နိုင်စေရန် ရည်သန်လျက် (ဆွမ်းခံမကြွစေဘဲ) နံနက်အရုဏ်ဆွမ်း ၊ မွန်းတည့်ဆွမ်းများကို အမြဲဆက်ကပ်တော်မူသည်။ ၁၃၂၂ မှ ၁၃၄၁ ထိ ပေါင်းတည်စာဖြေဌာနပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်၊ မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကြီး၌ ပြည်ခရိုင်သံဃာ့ကိုယ်စားလှယ်၊ ပေါင်းတည်မြို့နယ်လုံးဆိုင်ရာ နတ္တလင်းမြို့နယ် အပါအဝင် သုဓမ္မာဂိုဏ်း ကြီး၏ အကျိုးတော်ဆောင်ချုပ်၊ ၁၃၄၂ ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့တွင် အဖွဲ့ဝင်၊ ၁၃၄၂ ခုနှစ်ပြာသိုလ ပြည့်ကျော် ၁၃ ရက် တနင်္လာနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိဂိုဏ်းကြီး ကိုးဂိုဏ်းမှ ဝိနည်းဓိုရ် ဆရာတော် (၁၁၀) ပါးတို့အား ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှုသင်တန်း၊ သင်တန်းပြဆရာတော်၊ ပထမ အကြိမ်၊ ဒုတိယ အကြိမ်၊ တတိယအကြိမ်၊ နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၅၅ ခုနှစ် တပေါင်းလမှစ၍ နိုင်ငံတော်ဩဝါဒါစရိယ စသည့် နိုင်ငံတော်သံဃာ့တာဝန်များအပြင် ပေါင်းတည်မြို့ သကျမုနိ မိုယ်းကောင်းဘုရားကြီး ဂေါပကအဖွဲ့နှင့် မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့များ၏ ဩဝါဒါ စရိယဆရာတော် စသည်ဖြင့် သာသနာ့အကျိုးကို ကြီးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၀၅ ခုနှစ်တွင် ဝိနယအငယ်တန်း၊ ၁၃၀၆ခုနှစ်တွင် ဝိနယအကြီးတန်း၊ ၁၃၀၈ ခုနှစ်တွင် အစိုးရပထမငယ်တန်း၊ ၁၃၀၉ ခုနှစ်တွင် အစိုးရပထမ လတ်တန်း၊ ၁၃၁၀ ခုနှစ်တွင် အစိုးရပထမကြီးတန်း၊ ၁၃၁၃ ခုနှစ်စေတီယင်္ဂဏပရိယတ္တိစာချတန်း၊ ၁၃၁၄ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့"၊ ၁၃၁၈ ခုနှစ်တွင်စေတီ ယင်္ဂဏပရိယတ္တိ အသင်းကြီး၏ "အဘိသိရိပဝရသာသနာလင်္ကာရ၊ ဒီဃနိကာယ ဓရဘွဲ့"၊ (၉) ကြိမ်မြောက်နှင့် (၁၁) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးများ၌ " ဗုဒ္ဓသာသန ဝိသိဋ္ဌဒီဃ ဘာဏက" ၊"ဗုဒ္ဓသာသန ဒီဃနိကာယ ကောဝိဒဘွဲ့" တံဆိပ်တော်များ ရရှိတော်မူခဲ့သည်။

ဆရာတော်သည်ပေါင်းတည်မြို့မြတ်စွယ်တော် အဋ္ဌုပ္ပတ္တိသမိုင်း (အသစ်) ၊ ဓမ္မစကြာပါဠိတော်နိဿယ၊ ပရာဘဝသုတ်ပါဠိတော်နိဿယ ကစ္စာယနနိယံ၊ မာတိကာ တတုကထာနိယံ၊ ကထိနဒါနာဒိ ပဉ္စာဗျာကရဏ စာစောင် အစရှိသော ကျမ်းစာများကို ရေးသားပြုစုတော်မူ ခဲ့သည်။ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော် မူသည်သာမက ပိဋကတ္တယဆောက၊ ဂန္ထဂုရုဝဟ၊ မဟာ ထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လဒ္ဓိပေသလ၊ သိက္ခာကာမ စသည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်း သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ် တော်ကို ၁၃၅၀ ပြည့်နှစ် တွင် ရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ ပေါင်းတည်မြို့ ရွှေကျောင်း ကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒနိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော် ဆောင် ၂ (၁၉၈၀–၁၉၉၃) ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသသည် ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၃ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ ၅ မိနစ်အချိန်တွင် ပေါင်းတည် ရွှေကျောင်းကြီးတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တင့်ဆန်း (ခရစ် ၁၉၁၇–၁၉၉၅)။** ။စာရေးဆရာ တင့်ဆန်းကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး ကျေးရွာတွင် အဖ ဦးဖိုးအောင်၊ အမိ ဒေါ်အေးနတို့က ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းမောင်နှမ နှစ်ယောက်အနက် အငယ်ဖြစ်သည်။ အမည်ရင်းမှာ ဦးဆန်းဖြစ်သည်။



နိုင်ငံကျော် စာရေးဆရာ
တင့်ဆန်း

ငယ်စဉ်အခါက ရွာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားဆည်းပူးခဲ့သည်။ လောကဓာတ္တရာ စာပေနှင့် အစိုးရပြဋ္ဌာန်းသော စတုတ္ထတန်းအဆင့် ပညာ ကို သင်ကြားခဲ့ပြီး ခေတ်ပညာတတ် ဘုန်းတော်ကြီးတစ်ပါး ထံမှ အင်္ဂလိပ်စာအရေးအဖတ်ကို အနည်းငယ်သင်ကြား တတ်မြောက်ခဲ့သည်။

စာရေးဆရာ တင့်ဆန်းသည် ၁၉၄၆ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်တွင် တင့်ဆန်း(လှည်းကူး) ကလောင် အမည်ဖြင့် 'ရီပြာပြာ'ကဗျာကို ရေးသားကာ စာပေနယ် သို့ စတင်ဝင်ရောက်ခဲ့ပြီး ရှုမဝမဂ္ဂဇင်းပါ လယ်ကူလီဝတ္ထု မှစ၍ တင့်ဆန်းကလောင်အမည်ကို တစ်သမတ်တည်း ခံယူခဲ့ သည်။ "ပုလဲငွေရည်ဦး" မှာ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ် သည်။ စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက် ခဲ့သည်။ စာရေးဆရာတင့်ဆန်း ရေးသားခဲ့သော လုံးချင်း ဝတ္ထု ၁၀၀ ကျော်အနက်မှ "တပေါင်း" (၁၉၆၉ –မတ်လ) နှင့် "ခရာ" (၁၉၆၉– ဇူလိုင်) ဝတ္ထုတို့သည် နယ်ချဲ့ ဆန့်ကျင် ရေး၊ တိုင်းပြည်နှင့်လူမျိုး အတွက် သွေးစည်းရေးကို ဦးတည် သည်။ "ဆောင်းနှင့်နွေမိုး" ကဲ့သို့ ရာဇဝင်နောက်ခံဝတ္ထု၊ "ဒီသောင်မြေ"ကဲ့သို့ တောင်သူလယ်သမားဘဝ ပြုပြင်ရေးကိုဦးတည်သော လယ်ကူလီအလုပ် သမားဘဝ သရုပ်ဖော်ဝတ္ထု၊ ဆရာစံ တောင်သူလယ်သမား တော်လှန်ရေးကြီးကို နောက်ကြောင်းခံသော "အငတ်မခံ" ကဲ့သို့ တောင်သူ လယ်သမား တော်လှန်ရေးဝတ္ထုများအပြင် ကပ္ပိယ စုံထောက် ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ မသိ နားမလည်သောသူများအား လိမ်ညာစားသောက်နေကြ သော လူလိမ်များအကြောင်း၊ ၎င်းလူလိမ်များကို ကပ္ပိယ စုံထောက် ဦးဖြူသီးက အမှန်ရောက်အောင် ဖော်ထုတ်ပုံကို စုံထောက်ဝတ္ထုများအဖြစ် ရေးသားခဲ့သည်။ စာရေးဆရာ တင့်ဆန်းသည် မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာနှင့် သုခုမအနုပညာလောက၊ သဘင်လောက၊ ဆေးလောကအကြောင်း ဆောင်းပါးများ၊ ကိုယ်လက်လှုပ်ရှားမှုကျန်းမာရေးနှင့် အတွေးအမြင် ဆောင်းပါးများကိုလည်း အဆက်မပြတ်ရေးသားခဲ့သည်။ "ရေပြင်မှသည် တောင်တန်းဆီသို့" ကဲ့သို့ ခရီးသွား ဆောင်းပါး လုံးချင်းဝတ္ထုကိုလည်း ရေးသားခဲ့သည်။ ဦးဆန်းမောင်ကလောင်အမည်ဖြင့်လည်း ဘာသာရေး ကျမ်းများကို ရေးသားခဲ့သည်။ ပြုစုခဲ့သော ဘာသာရေး ကျမ်းများမှာ–ဗုဒ္ဓ၏ပညတ်တော်သာဓကများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြု၊ မဟောသဓဖြတ်ထုံးများ၊ စစ်သူကြီး မဟောသဓ၊ ဇွဲလုံ့လရှင် မဟာဇနက၊ ဗုဒ္ဓ အလိုတော်ကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်၊ ခေတ်မြင် ပဋ္ဌာန်း ဝိပဿနာဝမ္မစကြာ စသည်တို့ဖြစ်သည်။

စာရေးဆရာတင့်ဆန်း၏"တပေါင်း" ဝတ္ထုကို မြဖလင်မှ ဒါရိုက်တာပန်းသာတင်ရွှေက ရုပ်ရှင်ရိုက်ကူးခဲ့ သည်။ "အငတ်မခံ"ဝတ္ထုနှင့် ဝတ္ထုတိုပေါင်းချုပ် (ရွှက်ခြောက် နှစ်ခု၊ ဝမ်းတစ်ထွာ တိုက်ပွဲ၊ ငေါင်းဆူလူ မသိ) ကို ရုရှားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ စာရေး ဆရာ တင့်ဆန်း၏ ဝတ္ထုတိုအချို့ကို ဘဝကြေးမုံ ဇာတ်လမ်းစုံအဖြစ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။

စာရေးဆရာတင့်ဆန်း၏ ကျော်ကြားခဲ့သော "ငမိုးရိပ်မှ မိုးရိပ်သို့"နှင့် "စာရေးဆရာတစ်ယောက်" လုံးချင်းဝတ္ထုတို့မှာ ၎င်း၏ ဘဝဖြစ်စဉ်များကို တင်ပြ ရေးသား ထားခြင်းဖြစ်သည်။ စာရေးဆရာတင့်ဆန်းသည် ၁၉၉၅ ခုနှစ်၊ မတ်လထုတ် နွယ်နီမဂ္ဂဇင်းတွင် "ဦးဆန်းမောင် ကလောင်ရပ်နားခြင်း" ဟူသော ဆောင်းပါးကို နောက်ဆုံး ရေးသားခဲ့ပြီး ၁၉၉၅ ခု၊ မတ်လ ၂ ရက် တောင်သူလယ်သမား နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏ စာပေမျိုးဆက်များဖြစ်သည့် စာရေးဆရာနတ်နွယ် (သားသမက်)နှင့် စာရေးဆရာ မောင်သိန်းဆိုင် (သား) ၊ စာရေးဆရာမ နွဲ့လေးမူ / မြတ်ပန်းဝင့် (သမီး)တို့ အပါအဝင် သားသမီး ခုနစ်ယောက် ကျန်ရစ်သည်။

**ထင်းအစား အခြားလောင်စာ အသုံးချနိုင်ရေး လှုပ်ရှား ဆောင်ရွက်မှုများ(မြန်မာနိုင်ငံ)။** ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် ထင်းနှင့်မီးသွေးကို လောင်စာအဖြစ် အများဆုံးအသုံးပြုကြသည်။ ထင်းနှင့်မီးသွေးအသုံးပြုမှုသည် တစ်နှစ်လျှင် မြို့နေမိသားစုတစ်စုအတွက် ၁ ဒသမ ၄ ကုဗတန်နှုန်းနှင့် ကျေးလက်ဒေသနေ မိသားစုတစ်စု အတွက် ၂ ဒသမ ၅ ကုဗတန်နှုန်းရှိသည်။ သစ်ပင်သစ်တော များကို ခုတ်ပြီး ထင်းနှင့်မီးသွေးအဖြစ် အသုံးပြုခြင်းကြောင့် တောပြောင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတု ပြင်းထန်ခြင်း၊ မြေဆီလွှာဆုံးရှုံးပျက်စီးခြင်း၊ သောက်သုံးရေ ရှားပါးခြင်းနှင့် စားကျက်များပျက်စီးခြင်းတို့ကို ကြုံတွေ့နိုင် သည်။ ထို့အပြင် အဖိုးတန်သစ်များရရှိနိုင်မှု၊ ရေသယံဇာတ ပေါများမှု၊ စိမ့်စမ်းရေတံခွန်များထွက်ရှိမှု၊ သဘာဝ ပတ်ဝန်းကျင် သာယာလှပမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု စသည့် အကျိုးတရားများ ဆုတ်ယုတ်လျော့ပါးသွားမည် ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ရေမြေတောတောင်နှင့် ရာသီ ဥတုသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတဖြစ် ကြောင်း၊ သစ်ပင်သစ်တောများသည် အဓိကအရေးပါသော သယံဇာတများဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ၊ တိုးချဲ့စိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အလေးပေးဆောင်ရွက်ဖို့လိုကြောင်း၊ အပူပိုင်းအထူးဒေသ ကိုးခရိုင်အပါအဝင် တစ်ပြည်လုံးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးကို အထူးအလေးပေး ဆောင်ရွက်သွားကြဖို့ဖြစ်ကြောင်း" ၄/၉၃ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားသည်။

မိုးခေါင်ရေရှားဒေသတွင် ထင်းအစားအခြားလောင်စာ အစားထိုးအသုံးပြုရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ၌ ၁၉၉၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးက "မိုးခေါင်ရေရှားဒေသများတွင် ထင်းကို လောင်စာအဖြစ် အသုံးပြု၍ သစ်ပင်များ ခုတ်လှဲနေမှုကြောင့် သစ်ပင်သစ်တောများ လျော့နည်းလာခဲ့သည်ကို တွေ့ရ ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ထင်းခုတ်မှု၊ တောခုတ်မှုလျော့နည်းသွားရန် ထင်းအစားအခြားလောင်စာ အသုံးပြုနိုင်ရေး နည်းလမ်း ရှာကြံ သုတေသနလုပ်၍ အကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း" ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ အမှတ် ၂ စက်မှုဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ထင်းအစား အခြားလောင်စာ အသုံးချ ရေး တီထွင်ဖြန့်ဖြူးရေး ကော်မတီကို ဖွဲ့စည်းသည်။ တီထွင်ဖြန့်ဖြူးရေးကော်မတီ သည် လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက် ရာတွင် ထိထိ ရောက်ရောက် ရှိရေးနှင့် ထင်းအစား အခြားလောင်စာများ ကို ပြည်သူလူထု နီးကြားတက်ကြွစွာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရန် ရည်ရွယ်၍ ထင်းအစားအခြား လောင်စာ အသုံးချရေး တီထွင် ဖြန့်ဖြူးရေး လုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။ လုပ်ငန်း ဆပ်ကော်မတီသည် ထင်းအစားအခြား လောင်စာ များ ရှာဖွေ တီထွင်ရေး၊ အသုံးချနိုင်ရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အစိုးရ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် ပူးပေါင်းကာ ကုန်ကြမ်းပိုင်း၊ စက်ကိရိယာ ပိုင်း၊ သုံးစွဲမှုပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်း ခွဲခြားပြီး လေ့လာမှု၊ တီထွင်မှုနှင့် ဖော်ထုတ်မှုများကို အဆက်မပြတ် ဆောင်ရွက် လျက် ရှိသည်။ နိုင်ငံတော်ကလည်း ထင်းအစားအခြား လောင်စာ အသုံးချနိုင်ရေး လုပ်ငန်းများကို အမျိုးသားရေး အသွင်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် နိုင်စေ ရန် ရည်ရွယ်ပြီး ၁၉၉၅ ခုနှစ်ကို ထင်းအစား အခြား လောင်စာ တီထွင်အသုံးချရေးနှစ် အဖြစ် သတ်မှတ် ထား သည်။

ထင်းကို အသုံးမပြုဘဲ အပူစွမ်းအင်ရရှိနိုင်သော လောင်စာများကို ထင်းအစား အခြားလောင်စာများဟု ခေါ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ အဏုမြူ စွမ်းအင်၊ ရေနံသဘာဝဓာတ်ငွေ့၊ ဒီဇယ်နှင့် မီးထိုးဆီ၊ လေ စွမ်းအင်၊ နေစွမ်းအင်၊ လယ်ယာကိုင်းကျွန်း အလေ အလွင့်မှ ရရှိသော စွမ်းအင်နှင့် ကျောက်မီးသွေးတို့သည် ထင်းအစား အခြားလောင်စာများဖြစ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ရေနံသဘာဝ ဓာတ်ငွေ့ဒီဇယ်နှင့် မီးထိုး ဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်တို့သည် ကုန်ကျစရိတ်နှင့် နည်းပညာအဆင့်မြင့်မားခြင်းကြောင့် မြန်မာနိုင်ငံတွင် ထင်းအစားအခြားလောင်စာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့် အခြေအနေမရှိကြောင်း တွေ့ရသည်။ ရေစွမ်း အင်နှင့် ရေနံသဘာဝဓာတ်ငွေ့မှ စွမ်းအင် ထုတ်ယူ သုံးစွဲ နိုင်ရန် ဘက်စုံကြိုးစားကြံဆ စီစဉ်ဆောင်ရွက် လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး လေစွမ်းအင်နှင့်

နေစွမ်းအင်အသုံးပြုမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းခွင်မှ ရရှိသောစပါးခွံ၊ မြေပဲခွံ၊ နှမ်းရိုး၊ကျူရိုး၊ ပြောင်းဖူးရိုး၊ ပဲစင်းငုံရိုး၊ ကြံကြိတ်ဖတ်၊ ထန်းလက်၊ အုန်းခွံ စသည်တို့ကိုထင်းအစား အခြားလောင်စာအဖြစ် အလွယ်တကူအသုံးပြု နိုင်သည်။ ထို့အပြင် ကလေးဝနှင့် နမ္မားဒေသရှိ သက်န ကျောက်မီးသွေးများကိုလည်း ထင်းအစား အခြား လောင်စာအဖြစ် အမြန်ဆုံးဖြည့်ဆည်းသုံးစွဲ နိုင်ရန် လေ့လာ လျက် ရှိသည်။

ထင်းအစား အခြားလောင်စာ သရုပ်ပြပွဲများကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန သရုပ်ပြကွင်းတွင် အကြိမ်ကြိမ်ပြသခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်တိုင်းနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများစိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။ သရုပ်ပြပွဲများတွင် မြန်မာ့အကြီးစားစက်မှုလုပ်ငန်းက တစ်ရက်လျှင် ကျောက်မီးသွေးအခြောက်တောင့် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သော မြင်းကောင်ရေ ၁၀ ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်ကိုလည်းကောင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနက တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့်ကီလိုဂရမ် ၆၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေ နှစ်ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ကီလိုဂရမ် ၅၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေသုံးကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ၁၂ ကီလိုဂရမ် ထုတ်လုပ်နိုင်သော လက်လှည့်ကျောက်မီးသွေးတောင့် ထုတ်စက်၊ ကျောက်မီးသွေးတောင့်ထုတ်လုပ် ရာတွင် အသုံးပြုရသော ကော်အမျိုးမျိုး၊ ဝါးမီးသွေး၊ ဂုန်လျှော်ရိုးတံမီးသွေး၊ ပြောင်းဖူးအူတံမီးသွေး၊ ထန်းလက် မီးသွေး၊ ကျူရိုးမီးသွေး၊ အုန်းအသားခွံနှင့် အုန်းအမာခွံ မီးသွေးများ၊ နေအိမ်တွင် တိုင်ကီဖြင့် မီးသွေးဖုတ်ပြီး သစ်ပေါင်း ခံရည် (ဗနီကာ) ထုတ်ယူပုံ၊ နေရောင်ခြည်စွမ်းအင်သုံး ကီရိယာသုံးမျိုး၊ ပါရာဗိုလာပုံနေမီးဖို၊ သေတ္တာပုံနေမီးဖိုနှင့် လေစွမ်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံတို့ကိုလည်းကောင်း၊ အမှတ် ၃ သတ္တုတွင်းလုပ်ငန်း အမှတ် ၁ သံနှင့်သံမဏိစက်ရုံက အိမ်သုံးလုပ်ငန်းသုံး ကျောက်မီးသွေးတောင့် ထုတ်စက်နှင့် ကျောက်မီးသွေးတောင့်သုံး မီးဖိုများကို လည်းကောင်း၊ သစ်တောဦးစီးဌာန ရေဆင်းသစ်တော သုတေသနဌာနက ချက်ပြုတ်ရာတွင် လျင်မြန်ပြီး ကုန်ကျစရိတ်ရာခိုင်နှုန်း ၄၀ သက်သာသော အေဝမ်းမီးဖိုပုံစံများကို လည်းကောင်း၊ မြန်မာ့မီးရထား စက်ခေါင်းပြင်စက်ရုံ (ပုဇွန်တောင်)က သံကူကွန်ကရစ်ဖဲရိုဆီးမင့် မီးဖိုအမျိုးမျိုး၊ ကျောက်မီးသွေး အခဲပြားဖြင့် တွဲသုံးရသော မီးဖိုများကို လည်းကောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အလေ အလွင့်မီးသွေးမှုန့်များဖြင့် မီးသွေးပြား၊ မီးသွေးတောင့် ထုတ်လုပ်နည်း၊ အုန်းအမာခွံဖြင့် မီးသွေးပြားထုတ်လုပ်နည်းနှင့် စပါးခွံဖြင့် မီးသွေးထုတ်လုပ်နည်းတို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ရွှံ့မီးဖို၊ စပါးခွံမီးဖိုနှင့် နေရောင်ခြည်စွမ်းအင်သုံး သေတ္တာပုံ မီးဖို များကိုလည်းကောင်း၊ ဟိန်းထက်အောင်ကုမ္ပဏီလီမိတက်က တစ်နာရီလျှင် လောင်စာတောင့် ကီလိုဂရမ် ၆၀ မှ ၇၅ ကီလိုဂရမ်အထိ ထုတ်လုပ်နိုင်သော စပါးခွံလောင်စာတောင့် ထုတ်စက်ကိုလည်းကောင်း၊ စန်းစန်းစက်မှုလက်မှုသမဝါယမအသင်းလီမိတက်က ကျောက်မီးသွေးအခြေခံ မြင်းကောင်ရေသုံးကောင်အားရှိ လောင်စာတောင့်ထုတ်စက်၊ စပါးခွံလောင်စာတောင့်ထုတ်စက်၊ ကျောက်မီးသွေးတောင့်သုံး မီးဖိုတစ်မျိုးနှင့် စန်းစန်းစပါးခွံမီးဖိုသုံးမျိုးကိုလည်းကောင်း၊ စက်မှုစိုက်ပျိုးရေး သမဝါယမအသင်းလီမိတက်က တစ်ချပ်လျှင် လျှပ်စစ်ဓာတ်အား ၂၂ ဝပ်ထွက်ရှိသော နေရောင်ခြည်ပြား ကိုးပြားအသုံးပြုကာ သဘာဝနေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူပုံကိုလည်းကောင်း အသီးသီး တီထွင်ပြသခဲ့ကြသည်။

ပြည်သူများအတွင်း သစ်ပင်သစ်တောများ၏ အရေးပါပုံနှင့် သစ်ပင်သစ်တောများသည် ရေမြေရာသီဥတု ပတ်ဝန်းကျင်အတွက် အရေးကြီးသော သဘာဝသယံဇာတတစ်ခုဖြစ်ကြောင်း သိရှိလာစေရန်၊ သစ်ပင် သစ်တောအများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် ထင်းအစား အခြား လောင်စာများကို တွေ့မြင်သိရှိပြီး လက်တွေ့ အသုံးချတတ် လာစေမည့် နည်းပညာများအား သိရှိလာစေရန်၊ ထင်းအစားအခြားလောင်စာများကို အသုံးပြုရာတွင် ဆောင်ရွက်လုပ်ကိုင်သူများအား စီးပွားရေးအရ အကျိုး ဖြစ်ထွန်းလာစေနိုင်မည့် နည်းလမ်းစနစ်တစ်ခု အနေဖြင့်ပါ ပြသစည်းရုံးသွားရန်နှင့် ထင်းအစားအခြား လောင်စာအသုံးပြုရေးလုပ်ငန်းများကို အမျိုးသားရေး အမြင်ဖြင့် ခံယူလုပ်ဆောင်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ထင်းအစားအခြားလောင်စာများ အသုံးချရေး

ဟောပြောပွဲ နှင့် သရုပ်ပြပွဲများကို ရန်ကုန်မြို့ တွင်သာမက မကွေးတိုင်းအတွင်းရှိ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရေဦးမြို့နယ်၊ မန္တလေးတိုင်း အတွင်းရှိ မန္တလေးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တပ်ကုန်းမြို့နယ် စုစုပေါင်း မြို့နယ် ၁၂ မြို့နယ်တွင် ၁၉၉၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ မတ်လ ၁၆ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူလူထုနှစ်သောင်းခန့် တက်ရောက်လေ့လာသည်။ မြို့နယ် ၁၂ မြို့နယ်တွင် ခရိုင်အဆင့်မြို့နယ်အချို့ပါဝင်သဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များကိုပါ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သဖြင့် မြို့နယ်ပေါင်း ၅၁ မြို့နယ်အထိရှိသည်။ ထင်းအစားအခြား လောင်စာ အသုံးချရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲများကို ရေဝတီတိုင်း၊ ပုသိမ်မြို့တွင် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်သည်။

**ထိုင်းနိုင်ငံ။** ။ ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ဂျပန်ဘုရင်မိဖုရားတို့နှင့်အတူ ဘုရင့်နန်းတော်၌ နေ့လယ်စာ သုံးဆောင်ရင်း ဆွေးနွေးခဲ့ကြပြီးနောက် ဂျပန်နိုင်ငံခရီးစဉ်ကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုကို အထူးအာရုံစိုက်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ချွမ်လီပိုင်အား ယခုဘဏ္ဍာရေးနှစ်အတွင်း ထိုင်းနိုင်ငံအတွက် ဂျပန်ယန်းငွေ ၈၂၀ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၈၂၃ သန်း) ချေးငှားရန် ဂျပန်ဝန်ကြီးချုပ် မူရာယာမာက ကတိပြုခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် သီတင်းတစ်ပတ်ကြာ နေထိုင်လည်ပတ်ရန် စက်တင်ဘာလ ၂၉ ရက်နေ့က ကနေဒါနိုင်ငံသို့ ထွက်ခွာသွား၍ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို အဓိကထားပြီး ဆွေးနွေးခဲ့သည်။

ပစိဖိတ်အနားသတ်နိုင်ငံများနှင့် ခိုင်မာသော စီးပွားရေး ဆက်ဆံမှုများ ပြုလုပ်သင့်ကြောင်း ကနေဒါ နိုင်ငံ၊ တိုရွန်တိုမြို့တွင် အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က ကနေဒါစီးပွားရေးဆက်ဆံသူများအား အောက်တိုဘာလ ၅ ရက်နေ့က ပြောကြားခဲ့သည်။ ကနေဒါခရီးစဉ်အတွင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းနိုင်ငံသို့ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် မျှော်လင့်လျက် ဝန်ကြီးချုပ် ဂျင်ချရက်တီယင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အချို့မှ စီးပွားရေး စီမံဆောင်ရွက်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ချရက်တီယင်နှင့် ချွမ်လီပိုင်တို့သည် ငါးနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏနှစ်ဆတိုးရန် သဘောတူခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၃ ခုနှစ်အတွင်းက တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ နှစ်ဘီလီယံရှိခဲ့သော်လည်း ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ရှစ်သန်းသာရှိသည်ဟု ချွမ်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားမှု အပါအဝင် အစိုးရအဖွဲ့အပြောင်းအလဲကို ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက် (ဂျ်) က အောက်တိုဘာလ ၂၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဆီနာဝါထရာ ကွန်ပျူတာနှင့် ဆက်သွယ်ရေးအုပ်စုကြီးကိုထူထောင်သူ သက်ဆင်ဆီနာဝါထရာအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ရာ သူ၏ ဖလမ်ဓမ္မပါတီမှအဖွဲ့ဝင်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အကြောင်းမှာ သူ၏စီးပွားရေးနယ်ပယ်က အစိုးရကန်ထရိုက်လုပ်ငန်း အများအပြားကို ရရှိထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်က အစိုးရအဖွဲ့အပြောင်းအလဲ ပြုလုပ်ရန်ဖလမ်ဓမ္မပါတီ အကြီးအကဲ ချမ်ကွန်ဆရီမူအင်က ကြေညာချိန်တွင် သက်ဆင်သည်သူ၏ကုမ္ပဏီအား ဇနီးသို့လွှဲပြောင်းပေးခဲ့သည်။အခြားအစိုးရအဖွဲ့ဝင် ၁၃ ဦးကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရာ အစိုးရအဖွဲ့ဝင် ၁၄ နေရာပြောင်းလဲရာ၌ ၁၁ ဦးမှာ ဖလမ်ဓမ္မပါတီမှဖြစ်ပြီး ကျန်သုံးဦးမှာ စိတ်တတ်သစ်ပါတီမှ ဖြစ်ကြသည်။

လေးနှစ်တာကာလအတွင်းစစ်ဘက်မှအာဏာသိမ်းခြင်းကို ၁၂ ကြိမ်ကျော်ခံခဲ့ရသော ထိုင်းနိုင်ငံတွင်ယခုအချိန်အထိ တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်သော အောင်မြင်မှုသည် အောင်မြင်မှုများအနက် အကြီးမားဆုံးဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အောက်တိုဘာလ ၂၇ ရက် နေ့တွင် ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ချွမ်လီပိုင် အစိုးရသည် ၁၉၉၂ ခုနှစ်ကဒီမိုကရေစီလိုလားသော တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားပြီးနောက် အာဏာရရှိလာ ခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ အစိုးရသက်တမ်းကြာလိမ့်မည် မဟုတ်ဟုမျှော်လင့်ခဲ့ကြသည်။ ထို့ပြင် ချွမ်လီပိုင်အစိုးရ သည်စစ်ဘက်မှအာဏာ သိမ်းလိမ့်မည်ဟူသော ခြိမ်း ခြောက် မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။



**ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖြစ်လာသည့် ဘန်ဟန်ဆီးလ်ပါအာချာအား ရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများ တွင် တွေ့ရစဉ်**

ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် ပါလီမန်တွင် ပွတ်ကာသီကာအသာဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း မိမိ၏ အစိုးရအဖွဲ့ ဆောင်ရွက်ချက်များအနက် ဂုဏ်အယူထိုက်ဆုံး လုပ်ငန်းများ မှာ နိုင်ငံတည်ငြိမ်မှုကို အာမခံချက် ပေးနိုင် ရန် စွမ်းဆောင် ခဲ့ခြင်းနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက် မှုများ ဆက်လက် ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်း ပင်ဖြစ်သည်ဟုချွမ်ကဝန်ကြီးချုပ်ရာထူး သက်တမ်း ကာလ ထက်ဝက်တွင် ရှားရှားပါးပါးပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြား ခဲ့သည်။ မိမိ၏အစိုးရအဖွဲ့သည် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာရေး ရည်မှန်းချက်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေနှင့်ချေးငွေများ ပိုမို ထုတ်ချေးခဲ့ကြောင်း လယ်သမား များ၏ ကြွေးမြီများကို လည်း ပယ်ဖျက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်နှစ် တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်း မှာ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်ထက်မနည်း ရရှိအောင် အထောက်အကူပြု မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက် (ဂျ်) ၏ ၆၇ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့က သွေးလှူဒါန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် လမ်းမများတွင် သန့်ရှင်းရေး



**ဖလမ်ဝမ္မပါတီခေါင်းဆောင် သက်ဆင်ဆိနာဝါထရာ**

များ ပြုလုပ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုခဲ့ကြသည်၊ ထိုင်းဘုရင်မင်းမြတ်၏ မွေးနေ့ကို လေးစားဂုဏ်ပြုသောအားဖြင့် ပက်ပွန်ပြည့်တန်ဆာရပ်ကွက်ကို ထိုနေ့က ပိတ်ထားခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် စည်းမျည်းခံဘုရင်ဖြစ်သော်လည်း သူ့အပေါ် လေးစားကြည်ညိုမှုကို ရှေးအစဉ်အလာကထက် ပိုမိုရရှိခဲ့သည်။ ဘုရင်မင်းမြတ်သည် နှစ်ပေါင်း သုံးလေးဆယ်မျှ ကျေးလက်ဒေသများသို့ လှည့်လည်ကာ ဆင်းရဲသားများကို ကူညီရန် စီမံကိန်းပေါင်း ထောင်နှင့်ချီ၍ ဦးစီးအကောင်အထည်ဖော်ခဲ့သည်။ သီတင်းပတ်အကုန်ပိုင်းက ထိုင်းဘုရင်နှင့် မိဖုရားသီရိခေတ်တို့ စစ်ဘက်တပ်ဖွဲ့များကို စစ်ဆေးစဉ် ထိုင်းလူထုထောင်ပေါင်းများစွာတို့က ဂါရဝပြုခဲ့ကြသည်။ ဘုရင်ဘူမိဘောသည် ဒီဇင်ဘာလ ၄ ရက်နေ့က ပြည်သူလူထု တစ်ရပ်လုံးသို့ မိန့်ခွန်းပြောကြားရာတွင် လုံးဝထိန်းသိမ်း၍ မရတော့သည့် အခြေအနေသို့ ရောက်ရှိရန် နီးကပ်လာနေသော ယာဉ်ပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းခြင်းမရှိပါက ထိုင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးကျဆင်းသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ထိုင်းဘုရင်မင်းမြတ်က ပြည်သူလူထုသွေးစည်းညီညွတ်ရေးကို တိုက်တွန်းပြောကြားရာတွင် ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း နိုင်ငံရေးကတောက်ကဆဖြစ်မှုများကို

ရည်ညွှန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် မိုင် ၉၀ အကွာရှိ ရာယွန်မြို့ကလေးတွင်လည်း ထိုင်းဘုရင်မွေးနေ့အထိမ်းအမှတ်ပြုလုပ်ရာတွင် သန့်ရှင်းရေးများပြုလုပ်ကြပြီး ဘုန်းတော်ကြီးများအား ဆွမ်းဆက်ကပ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သွေးလှူခြင်း၊ ငှက်များကို ဘေးမဲ့လွှတ်ခြင်း စသောကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး သက်ဆင်ဆိနာဝါထရာသည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ မိမိ၏နုတ်ထွက်လွှာကို ဝန်ကြီးချုပ်ထံ တင်သွင်းမည်ဖြစ်ကြောင်း၊ လုပ်ငန်းအများအပြားကို ရှင်းလင်းဆောင်ရွက်ရန်ရှိသောကြောင့် ယင်းနုတ်ထွက်လွှာသည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သတင်းထောက်များအား သက်ဆင်က ပြောကြားသည်။ သက်ဆင်သည် ရှိဝါနာဝါ ကူရာ ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဟောင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်သောအခါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေမှုကြောင့် အငြင်းပွားခဲ့ရသည်။ မိမိရာထူးမှ နုတ်ထွက်ရခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းမှန်သမျှကို မဆောင်ရွက်လိုသောကြောင့် ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

ယင်းသို့ရှိနေခဲ့ရာမှ ထိုင်းနိုင်ငံကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းပိုင်ရှင်ကြီး သက်ဆင်ဆိနာဝါထရာ အား ဖလမ်ဓမ္မ ပါတီ (ပီဒီပီ) ခေါင်းဆောင်အဖြစ် မေလ ၂၉ ရက်နေ့က ရွေးချယ်တင်မြှောက်လိုက်ရာ ဇူလိုင်လ တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီခေါင်းဆောင်အဖြစ် လှုပ်ရှားသွား မည်ဖြစ်သည်။ အသက် ၄၇ နှစ်အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဆိနာဝါထရာ အုပ်စုကြီး၏ ပိုင်ရှင်ဖြစ်သူ သက်ဆင်သည် ဒုတိယဝန်ကြီးချုပ် ဟောင်း ချမ်မလောင်း သီရိမွန် နေရာတွင် အစားထိုး တာဝန်ယူမည်ဖြစ်သည်။ ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမပြုမီ နာရီပိုင်းအလို မေလ ၁၉ ရက်နေ့က အာဏာရပါတီ ညွန့်ပေါင်းအုပ်စု အတွင်း (ပီဒီပီ)ရုတ်တရက်နုတ်ထွက်ခဲ့မှု ကြောင့် ဝန်ကြီးချုပ် ချွမ်လီပိုင် ရွေးကောက်ပွဲကို အလျင်စလိုကျင်းပရန် ခေါ်ယူခဲ့ရသည်။ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့ကြီးထွားနေသော ငွေပေး၍ မဲဝယ်ယူခြင်းနှင့် ကိုယ်စားလှယ်လောင်းများအား ငွေပေးဝယ်ခြင်းတို့အား ဝေဖန်တိုက်ခိုက်ခြင်းဖြင့် သက်ဆင်သည် ဇူလိုင်လ ၂ ရက် နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပီဒီပီ ပါတီ၏ လှုပ်ရှားမှုကို စတင်ခဲ့သည်။ ယင်းလုပ်ရပ်သည် ထိုင်းနိုင်ငံအတွက် ဒီမိုကရေစီစနစ်အတွက် အလွန်ဆိုးရွားလှသည်ဟုဆိုသည်။ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာကောင်းသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အကျိုးပြုမှုများရရှိရန် လိုအပ်ခဲ့သည်။ သက်ဆင်သည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော ပီဒီပီပါတီဝင်တစ်ဦးအနေဖြင့် ၁၉၉၅ ခုနှစ်ဆန်းပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့ရာတွင် သူ၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံရေးနယ်ပယ်အကြား ပဋိပက္ခဖြစ်လာနိုင်၍ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများကို ငွေပေးဝယ်ယူနေမှုကြောင့် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်မှာ ဘေးအန္တရာယ်နှင့် ကြုံနေရကြောင်း ချက်ပတ်တနာပါတီ ဒုတိယခေါင်းဆောင် ဆူဇစ်လစ်တာပယ်လော့ကလည်း ဝေဖန်တိုက်ခိုက်ခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်ကမူ ငွေပေး၍မဲဝယ်ယူခြင်းကို တိုက်ဖျက်သွားမည်ဟု ပြောကြားထားသည်။

နိုင်ငံရေးသမားအဖြစ် ပြောင်းလဲလာသော ထိုင်းနိုင်ငံ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကို ပိုင်ဆိုင်သည့် သူဌေးကြီးသက်ဆင်ဆိနာဝါထရာသည် ဝန်ကြီးချုပ်ရာထူး အတွက် ယှဉ်ပြိုင်ကြမည့်သူများအနက် ဗန်ကောက် မြို့တော် မဲဆန္ဒရှင်များအကြား၌ လူကြိုက်အများဆုံးပုဂ္ဂိုလ် ဖြစ်နေသည်။ ဗန်ကောက်မြို့တွင် နေထိုင်သော မဲဆန္ဒရှင် ၂၁,၀၀၀ ၏ ဆန္ဒသဘောထားကို ကောက်ယူရာ၌ ထိုင်း ဝန်ကြီးချုပ်ရာထူးအတွက် မဲဆန္ဒပေးရာတွင် သက်ဆင် သည် ထောက်ခံမဲ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး လူကြိုက် အများဆုံးဖြစ်ခဲ့သည်။ ဆန္ဒသဘောထားကောက်ယူရာ တွင် မဲဆန္ဒရှင်များက ထိုင်းနိုင်ငံ၏ပါလီမန်အမတ်နေရာ ၃၉၁ နေရာရှိသည့်အနက် ၃၇ နေရာကိုသာ အလေးထား ဆန္ဒပေးကြသည်။ ယင်းဆန္ဒကောက်ယူရာ၌ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထောက်ခံမဲ ၂၂ ဒသမ ၆ ရာခိုင်နှုန်း ရရှိ ခဲ့သည်။ ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟန်ဆီးလ်ပါ အာချာသည် ဆန္ဒကောက်ယူရာ၌ ထောက်ခံမဲ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပမည့် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲများပြုလုပ်

နေစဉ် မဲဆွယ်ရန်ထွက်ခွာလာသောယာဉ်တန်းတစ်ခုမှ မော်တော်ယာဉ် သုံးလေးစီးပေါ်တွင် ရဲတပ်ဖွဲ့က လက်နက်များကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းတစ်ဦးအား ဇွန်လ ၂၃ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ အတိုက်အခံ ချတ်ထိုင်းပါတီမှ အမတ်လောင်း နီယွမ်ဝါရာဖာရနာနှင့် သူ၏လက်ထောက်ဖြစ်သူ နာရွန်အာသာဒေါ့တို့အား လက်နက်မှုဖြင့် တရားစွဲဆိုထားသည်။ နိုင်ငံရေးသမားများ၊ ပါတီအလုပ်သမားများနှင့် ယင်းပါတီကိုထောက်ခံကြသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းမှ မော်တော်ယာဉ်အချို့ကို စစ်ဆေးရှာဖွေရာတွင် ပြောင်းတိုသေနတ် လေးလက်နှင့် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက် ဖမ်းဆီးရမိခဲ့သည်။ ချတ်ထိုင်းပါတီအမတ်လောင်း နီယွမ်အား လက်နက်များ တရားမဝင်ကိုင်ဆောင်မှု၊ သူ၏ လက်ထောက် နာရွန်အား စစ်သုံးလက်နက်တစ်လက်ကို လက်ဝယ်ထားရှိမှုတို့ဖြင့် တရားစွဲဆိုထားပြီး အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇူလိုင်လ ၂ ရက်နေ့၌ ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ဘန်ဟန်ဆီးလ်ပါအာချာ ဦးဆောင်သောချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီအောင်ပွဲခံလိုက်ရာ မကြာမီ ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ရှိနေသည်။ ရွေးကောက်ပွဲ၌ ချတ်ထိုင်းပါတီက အမတ်နေရာ ၉၂ နေရာ ရရှိပြီး ဒီမိုကရက်တို့က ၈၆ နေရာဖြင့် ဒုတိယရရှိခဲ့သည်။အမတ်နေရာ ၃၉၁ နေရာရှိသော အောက်လွှတ်တော်တွင် ချတ်ထိုင်းပါတီက မဲအများစုရရှိနေစေကာမူ အခြားငါးပါတီနှင့်မဟာမိတ်ဖွဲ့ပြီး ခြောက်ပါတီ ညွန့်ပေါင်းအစိုးရ ဖွဲ့ရမည်ဖြစ်သည်။ မိမိသည် မြန်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် အစိုးရသစ်ဖွဲ့စည်းသွားလို ကြောင်း ဗန်ကောက်မြို့ရှိ သူ၏နေအိမ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဘန်ဟန်က ပြောကြားသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ချတ်ထိုင်းပါတီ၊ နယူးအက်စပိုင်ရေးရှင်းပါတီ၊ ဖလမ်ဓမ္မ (စာရိတ္တဗလ) ပါတီ၊ ဆိုရှယ်အက်ရှင်းပါတီ၊ ပရာချကွန်ထိုင်း (ထိုင်းနိုင်ငံကြီးသား) နှင့် မွအွန်ချွန် (လူထု) ပါတီတို့ ပါဝင်ကြသည်။ ယင်းပါတီခြောက်ခုရရှိသော အမတ်နေရာမှာ ၂၁၅ နေရာဖြစ်သည်။ ဘန်ဟန်သည် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးမည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လီပိုင်၏ နေရာတွင် ဝင်ရောက်တာဝန်ယူရမည်ဖြစ်သည်။ ချွမ်လီပိုင်သည် ထိုင်းနိုင်ငံတွင် ကာလအကြာဆုံးဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်သွားသော မဲဆန္ဒဖြင့် တက်လာသူ ဝန်ကြီးချုပ်ဖြစ်သည်။ ဘန်ဟန်ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့် ဝန်ကြီးသစ်များအပေါ် တည်မှီလျက် ထိုင်းအစိုးရအဖွဲ့သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးနွေးထွေးမှု လျော့ပါးလာဖွယ်ရှိကြောင်း သံတမန်များက သုံးသပ်လျက်ရှိသည်။

ဝန်ကြီးအဖွဲ့ဝင်ရာထူး ခွဲဝေရေးသဘောတူညီချက်နှင့် ပတ်သက်၍ မကြာမီကဖွဲ့စည်းလိုက်သောညွန့်ပေါင်းအစိုးရအဖွဲ့ဝင်ပါတီ ခုနစ်ပါတီတို့ ဇူလိုင်လ ၅ ရက်နေ့တွင် သဘောတူညီမှု ရရှိခဲ့ကြသည်။ ဘဏ်လုပ်ငန်းရှင်တစ်ဦး ခေါင်းဆောင်သော 'နမ်ထိုင်း' ပါတီငယ်ကလေးသည် ဇူလိုင်လ ၄ ရက်နေ့တွင် ညွန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်ခွင့်ရရှိခဲ့ရာ ခုနစ်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် အမတ်ဦးရေ ၃၉၁ နေရာရှိသော ပါလီမန်တွင် အမတ်နေရာ ၂၃၃ နေရာရရှိခဲ့သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် ဘန်ဟန် သည် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သူ၏ ချတ်ထိုင်းပါတီအတွင်း အချင်းချင်းသဘောထားကွဲပြားနေမှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့အတွင်း တန်ခိုးအာဏာကြီးမားသော ပြည်ထဲရေးဝန်ကြီးရာထူးနေရာကို ဝန်ကြီးချုပ်ကိုယ်တိုင် ယာယီယူထားမည်ဖြစ်ကြောင်း သတင်းစာများ၌ ရေးသားဖော်ပြခဲ့သည်။ ချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီခေါင်းဆောင် ဘန်ဟန်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်း၍ ဝန်ကြီးစာရင်းကို ထိုင်းဘုရင်ထံတင်ပြ၍ ဘုရင်မင်းမြတ်၏ အတည်ပြုချက်ရမှ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဝန်ကြီးအဖွဲ့ ရာထူးနေရာများ ခွဲဝေယူရာ၌ ညွန့်ပေါင်းအဖွဲ့ဝင် အားလုံးက သဘောတူညီကြသော်လည်း ပြည်ထဲရေးဝန်ကြီး ရာထူးနေရာကို မည်သူရယူသင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ချတ်ထိုင်းပါတီ၏ အုပ်စုခွဲခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲပြားမှုကြောင့် ပါတီအတွင်း အကွဲအပြဲဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော ဝန်ကြီးချုပ် ဘန်ဟန်ဆီးလ်ပါအာချာ၏ ထိုင်းအစိုးရအဖွဲ့သစ်က ပထမဦးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်သည် ထိုင်းအစိုးရအဖွဲ့သစ်အနေဖြင့် အဂတိလိုက်စားခြင်းမရှိကြောင်းနှင့် ဒီမိုကရေစီကျကြောင်းကို လက်ခံလာစေရန် နိုင်ငံခြားမဟာမိတ်များနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးသိမ်းသွင်းရေးပင်ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ

၏ စည်းမျဉ်းခံဘုရင် ဘူမိဘောအဒူလျာဒက် (ဂျ်) သည် ရွေးကောက်ပွဲကျင်းပပြီးနောက် သီတင်းနှစ်ပတ်အကြာ တွင် ထိုင်းအစိုးရဖွဲ့စည်းခြင်းကို အတည်ပြုပေးလိုက်သည်။ အစိုးရဖွဲ့စည်းစဉ်အခါကလည်း မူးယစ်ဆေးဝါး မှောင်ခို လုပ်ငန်းနှင့် ဆက်စပ်နေသည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသော ထိုင်းနိုင်ငံရေးသမားနှစ်ဦးအား ဝန်ကြီး ရာထူးနေရာ ပေးရေး မပေးရေး နှင့် ပတ်သက်၍ အာဏာရ ခုနစ်ပါတီညွန့်ပေါင်းအဖွဲ့တွင် အချင်းများခဲ့ကြသည်။

ယခုဖွဲ့စည်းလိုက်သော ထိုင်းအစိုးရအဖွဲ့သည် ယခင် ကထက် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း၊ ရှေးရိုးဆန် နှင့် အနောက်အုပ်စုလိုလားသော မူဝါဒကို အခြေခံထား ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ဘန်ဟန် က ပြောကြားသည်။ အစိုးရဖွဲ့စည်းခြင်းကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ဘုရင်မင်းမြတ်က အတည်ပြုပေးရာ၌ ဗန်ကောက်မြို့ လမ်းမများတွင် ယာဉ်အသွားအလာ ပိတ်ဆို့မှုပြဿနာ လျော့ကျသွားရေးနှင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သောရေ ရရှိရေး တို့ကို အလေးပေးဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ထိုင်း အစိုးရအဖွဲ့သစ်တွင် ဘဏ္ဍာရေးဝန်ကြီး ရာထူးရရှိသော ပါမောက္ခ ဆုရကီအတ်ဆတ်သီရာသီ (၃၇) နှစ်သည် ဘဏ်လုပ်ငန်းအတွေ့အကြုံမရှိဟု ဆိုသည်။ နိုင်ငံခြားရေး ဝန်ကြီးဖြစ်လာသူ ကာအန်အက်ဗိက ဆစ်ဆရိမှာမူ နိုင်ငံခြားရေးလုပ်ငန်းများတွင် နှစ်ပေါင်း ၃၀ အတွေ့အကြုံ ရှိသူဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ဒုတိယ ဝန်ကြီးချုပ် အမ်နော်ဗိရာဝမ်သည် ထိပ်တန်းဘဏ် လုပ်ငန်းရှင်ဟောင်း တစ်ဦးဖြစ်ပြီး အစိုးရအထက်တန်း ရာထူး အများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့၍ အတွေ့ အကြုံရှိသူဖြစ်သည်။ သို့ရာတွင် အစိုးရအဖွဲ့၌ နေရာ အများစု ရရှိထားသော ဘန်ဟန်၏ပါတီသည် နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ အပေး အယူ ရှိနေကြသည်ဟု လူသိများနေခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက အစိုးရအဖွဲ့အတွင်း အဂတိ လိုက်စားမှု ရှိနိုင်သည်ဟူသော စိုးရိမ်မကင်းမှုများ ဖြစ်ပေါ်နေသည်။ မိမိ၏ကတိအတိုင်း အများပြည်သူနှင့် သက်ဆိုင်သော စီမံကိန်းကြီးများကို ဆောင်ရွက်သွားမည် ဆိုပါက ငွေဖောင်းပွမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။

**စီးပွားရေး** – ထိုင်းနိုင်ငံတွင် မူလကိုယ်ခံအားကျဆင်းသော ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ကူးစက်မှု လျင်မြန်စွာ ကြီးထွား လာနေခြင်းကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ယို ယွင်း ပျက်စီးလိမ့်မည်ဖြစ်ကြောင်း၊ သက္ကရာဇ် ၂၀၀၀ တွင် ထိုင်းနိုင်ငံ၌ အေအိုင်ဒီအက်စ် ဝေဒနာရှင်ဦးရေ လေးသန်း အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ထင်ရှားသော ကျန်းမာရေး လုပ်သားတစ်ဦး က ပြောကြားသည်။ အေအိုင်ဒီအက်စ် ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်မှု နှေးကွေးသွားအောင် ၁၉၉၅ ခုနှစ် သို့မဟုတ် နှစ်နှစ် အတွင်း မိမိတို့ဆောင်ရွက် နိုင်စွမ်းမရှိလျှင် ထိုင်း နိုင်ငံ၏ စီးပွားရေးမှာ အေအိုင်ဒီအက်စ် ကြောင့် သိသိသာသာ ထိခိုက်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီး ဟောင်းတစ်ဦးဖြစ်သူ လူဦးရေနှင့် မိသား စုများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းခေါင်းဆောင် မိချိုင်းဗိရာ ဗာအိဒယာက မနီလာမြို့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မိချိုင်းဗိရာ ဗာအိဒယာသည် ပြည်သူ့အကျိုးဝန်ဆောင်မှု အတွက် ရာမွန်မက်ဆေးဆေးဆုချီးမြှင့်ခံရပြီးနောက် အထက် ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအခန်းကဏ္ဍတွင် ပိုမိုခိုင်မြဲစွာ ပါဝင် လှုပ်ရှားနိုင်စေရေးအတွက် လွတ်လပ်သောကုန်သွယ်ရေး ဒေသ အလျင်အမြန်ထူထောင်ပါရန် ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အရှေ့တောင်အာရှနိုင်ငံများကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ကမ္ဘာ့စီးပွားရေး အနေ အထားတွင် ဖြစ်ပေါ်ပြောင်းလဲနေ၍ အဆိုပါ ကုန်သွယ်ရေး ဒေသဖွဲ့စည်းရေးသည် အရေးတကြီးလိုအပ်နေသည် စသည် ဖြင့် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ၂၆ ကြိမ်မြောက် အစည်းအဝေး တွင် ဝန်ကြီးချုပ် ချွမ်လီပိုင်က ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ရာ အာရှတိုက်တွင် စတုတ္ထ မြောက် စီးပွားရေးအလျင်အမြန်ဆုံး တိုးတက်သောနိုင်ငံ ဖြစ်လိမ့်မည်ဟု ထိုင်းဗဟိုဘဏ်က ကြေညာသည်။ ယင်း ကဲ့သို့ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုသည် ကမ္ဘာ့ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေး စနစ်သစ်၏ ပိုမိုလွတ်လပ်သော ကုန်သွယ်ရေးတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင်မူ ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဟု ထိုင်းဗဟို ဘဏ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ၁၉၉၄ ခုနှစ် အတွင်း

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၉၉၅ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဖွဲ့စည်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုတို့သည် ထိုင်း စီးပွားရေး တိုးတက်စေရန် အလားအလာကောင်းများ ဖြစ်လိမ့်မည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် အသစ်ပြဋ္ဌာန်းမည့် ဥပဒေအရ ထိုင်းဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားပြီး အကောက်ခွန် နှင့် လျှော်ဝင်မှုကြီးကြပ်ရေးကဏ္ဍတို့၌ ရှိနေသေးသော ကြိုးနီစနစ်၏ စည်းမျဉ်းအချို့ကိုလည်း လျှော့ချပစ်မည်ဟု ကတိပြုလိုက်သည်။ ပြန်လည်ပြင်ဆင်ထားသော နိုင်ငံခြားစီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေသည် ထိုင်းနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့် ကိုက်ညီ စေရန် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု နိုင်ငံခြားကုန်သည်ကြီးများ အစည်းအဝေးပွဲတွင် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဝန်ကြီးချုပ်ချွမ်က ပြောကြား ခဲ့သည်။

စီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို အာဏာပိုင်များက ပြန်လည်သုံးသပ်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ရိုးစင်းသော စည်းကမ်းများရှိရန်လိုလားကြောင်း၊ နိုင်ငံခြားကုန်သည်ကြီးများအသင်း၏ နေ့လယ်စာ စားပွဲသို့ တက်ရောက်လာကြသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ အမေရိကန်မဟုတ်သော ကုန်သည်ကြီးများသည်လည်း ထိုင်း–အမေရိကန် သဘောတူစာချုပ်အရ အမေရိကန် ကုမ္ပဏီများ ရရှိနေသော အထူးအခွင့်အရေးများ ဖျက်သိမ်းရေးကို လိုလားကြောင်း ဥရောပစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ ၁၉၉၅ ခုနှစ် ပထမသုံးလပတ်အတွင်းက လာရောက်လည်ပတ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ၁၉၉၄ ခုနှစ် အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းတိုးလာကြောင်း ထိုင်းကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ ယခုနှစ် ပထမသုံးလအတွင်း လာရောက်ကြသော နိုင်ငံခြားသားခရီးသည် ၁၈,၃၇,၄၄၈ ဦးအနက် အများစုသည် အရှေ့အာရှဒေသမှ ခရီးသည်များဖြစ်သည်။ ယခုနှစ် ပထမသုံးလအတွင်း အရှေ့အာရှဒေသမှ လာရောက်သောခရီးသည် ဦးရေသည် ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းတိုးလာရာ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်၏ ၅၄ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၁၉၉၅ ခုနှစ်အတွင်း ပြည်ပသို့တင်ပို့ရောင်းချမည့် ပို့ကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၅၂ ဘီလီယံ) အထိ တိုးမြှင့်သွားရန် ရည်မှန်းထားသော်လည်း သွင်းကုန်ပမာဏက ပို့ကုန် ထက်ပိုမိုနေဦးမည်ဖြစ်၍ ကုန်သွယ်ရေးလိုငွေပြနေဦးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ်အတွက် ပြည်ပသို့တင်ပို့ရန်လျာထားသော ပို့ကုန်ပမာဏသည် ၁၉၉၄ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်း ပိုမိုလာသည်။ ၁၉၉၄ ခုနှစ်က ပြည်ပသို့တင်ပို့သော ပို့ကုန်တန်ဖိုးသည် ဘတ်ငွေ ၁ ဒသမ ၁၃ ထရီလီယံ (ဒေါ်လာ ၄၅ ဘီလီယံ) ဖိုးရှိသည်။ ၁၉၉၄ ခုနှစ်သည် ထိုင်းနိုင်ငံအတွက် ပြည်ပပို့ကုန်တန်ဖိုးကို ဘတ်ငွေ တစ် ထရီလီယံဖိုးထက် ကျော်လွန်အောင် တင်ပို့နိုင်သော ပထမဦးဆုံးနှစ်လည်း ဖြစ်သည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်အတွက် ပြည်ပမှတင်သွင်းမည့် သွင်းကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၅၄ ထရီလီယံ (ဒေါ်လာ ၆၁ ဘီလီယံ) လျာထားသဖြင့် ထိုင်းနိုင်ငံအဖို့ ၁၉၉၅ ခုနှစ် ပြည်ပကုန်သွယ်မှု၌ ကုန်သွယ်မှုလိုငွေ ဘတ် ၂၄၁ ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ) ဖြစ်ပေါ်စရာရှိနေသည်။ ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အများစုသည်ကုန်ချောပစ္စည်းများဖြစ်သော်လည်း နိုင်ငံလူဦးရေ ၅၉ သန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

သင့်ဘဝ – ဦးရဲလွင်

**နိုဟောက်ဖုန်ဆဗန် (ခရစ် ၁၉၁၄ – )**။ ။မစ္စတာ နိုဟောက်ဖုန်ဆဗန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မော့ဒ်ဒါဟန်ပြည်နယ်၊ မော့ဒ်ဒါဟန်ခရိုင်၊ ဘန်ဖာလောခါရှိ လယ်သမားမိသားစုမှ ၁၉၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။



မစ္စတာနိုဟောက်ဖုန်ဆဗန်

၁၉၄၆ ခုနှစ်တွင် မစ္စတာ နိုဟောက်ဖုန်ဆဗန်သည် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး နောက် ၁၉၅၀ ပြည့်နှစ်၌ အင်ဒိုချိုင်းနားကွန်မြူနစ် ပါတီ၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၄င်းနောက် ၁၉၅၅ ခုနှစ် တွင် လာအိုပြည်သူ့ပါတီသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၆ – ၄၉ ခုနှစ်အတွင်း အရှေ့ပိုင်းဒေသ လာအိုခုခံရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် လာအိုခုခံရေးအစိုးရ၏ စီးပွားရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဗီယန်ရှင်းအစိုးရနှင့် စေ့စပ်ဆွေးနွေးရာတွင် ပသက်လာအိုဘက်မှ ကိုယ်စားပြုခဲ့သည်။

လာအိုပြည်သူ့ပါတီကို ၁၉၅၅ ခုနှစ်တွင် စတင်တည်ထောင်ရာတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ တစ်ဖန် ၁၉၅၈ ခုနှစ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အစိုးရအဖွဲ့အတွင်းမှ ဘုရင်လိုလားသော အုပ်စု၏ ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ခြင်းကို အခြားခေါင်းဆောင်များနှင့်အတူ ခံရသည်။

၁၉၆၀–၆၂ ခုနှစ်အတွင်း ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် စေ့စပ်ညှိနှိုင်းမှုများတွင် လာအိုမျိုးချစ်အင်အားစု ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပါတီဖွဲ့စည်းပုံ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စများကို ကွပ်ကဲကြီးကြပ်ရသော ပါတီဗဟိုကော်မတီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်ဖြစ်လာသည်။ ၄င်းနောက် ၁၉၇၂ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ ဒုတိယအကြိမ်ညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်လာသည်။

ဤသို့ဖြင့် မစ္စတာနိုဟောက်ဖုန်ဆဗန်သည် ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တတိယအကြိမ်မှ ပဉ္စမအကြိမ်အထိ ပါတီညီလာခံ များတွင် ပါတီဗဟိုကော်မတီနှင့်ပေါ်လစ်ဗျူရို အဖွဲ့ဝင် အဖြစ် ဆက်လက်ပါဝင်ခဲ့သည်။

၁၉၈၂–၈၉ ခုနှစ်တွင် ပထမ–ဒုတိယ ဥက္ကဋ္ဌနှင့် ဝန်ကြီးများကောင်စီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ထားခြင်းခံရသည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံ၏ အမြင့်ဆုံး (ဒုတိယအကြိမ်မြောက် ဥပဒေပြု)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်းခံရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီကိုလည်း ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံ၏ အမြင့်ဆုံး ပြည်သူ့လွှတ်တော်၏ အထူးညီလာခံတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ သမ္မတကြီး အဖြစ် တင်မြှောက်ခြင်းခံရသည်။ တစ်ဖန် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပထမအကြိမ် အမျိုးသားလွှတ်တော်၏ ပထမအကြိမ်ညီလာခံတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီးအဖြစ် ပြန်လည်တင်မြှောက်ခြင်းခံရသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်မှုများ (၁၉၉၅)။** ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် ခံယူပြီး ၁၉၈၉ ခုနှစ်မှ

နယ်စပ်ဒေသ ပင်မစီမံကိန်းကို အဓိကလုပ်ငန်း ကဏ္ဍကြီး သုံးရပ်ခွဲခြားရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပထမလုပ်ငန်းကဏ္ဍဖြစ်သည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှု ကဏ္ဍတွင် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်း၊ ဒုတိယလုပ်ငန်းကဏ္ဍဖြစ်သည့် လူမှုရေးနှင့်စီးပွားရေးကဏ္ဍတွင် ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် အစားထိုးဝင်ငွေရရှိရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်း၊ တတိယ လုပ်ငန်းကဏ္ဍတွင် သီးခြားလုပ်ငန်းများဖြစ်သည့် အိမ်တွင်းအသက်မွေးမှုသင်တန်းကျောင်းများ၊ နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေး ကျောင်းများ၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်း စသည်တို့ ပါဝင်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှုများ**

၁၉၉၄–၉၅ဘဏ္ဍာနှစ်အတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုကဏ္ဍ လျာထားချက်များအနက် လမ်း တံတား တည် ဆောက်ရေးလုပ်ငန်းတွင် ၈၉ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် ၉၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ၈၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် စွမ်းအင်လုပ်ငန်းတွင် ၅၅ ဒသမ ၇၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယကဏ္ဍတွင် ပါဝင်သည့် လူမှုရေးလုပ်ငန်းများအနက် ထပ်မံဖွင့်လှစ်မည့် ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများအတွက် လိုအပ်မည့် ဝန်ထမ်းများ အပြည့်အစုံ ခန့်ထားနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ပင်မစီမံကိန်း၏ ရာခိုင်နှုန်း ၁၆၀ အကောင်အထည်ဖော်ရန် လျာထားသည့် အနက် ၁၁၂ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုလျာထားချက်များအနက် လယ်ယာလုပ်ငန်းတွင် ၁၁၆ ဒသမ ၆၆ ရာခိုင်နှုန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းတွင် ရာခိုင်နှုန်း ၁၆၀ နှင့် မွေးမြူရေးလုပ်ငန်းတွင် ၈၆ ဒသမ ၁၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ လျာထားချက်မရှိသော်လည်း သတ္တုရိုင်းများ တည်ရှိရာ နေရာများ

စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနများ ညှိနှိုင်း ပေါင်းစပ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

**နယ်စပ်ဒေသ ပင်မ စီမံကိန်း**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ပေးနိုင်ရန် နယ်စပ်ဒေသ ပင်မစီမံကိန်းကို ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးက အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသ ပင်မ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များနှင့် အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့ကို ထိန်းသိမ်းရန်

တို့ဖြစ်သည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို ၁၉၉၃–၉၄ ဘဏ္ဍာနှစ်မှ ၁၉၉၅–၉၆ ဘဏ္ဍာနှစ်အထိ ပထမနှစ်တို သုံးနှစ်၊ ၁၉၉၆–၉၇ ဘဏ္ဍာ နှစ်မှ ၁၉၉၉–၂၀၀၀ ဘဏ္ဍာနှစ်အထိ ပထမနှစ်လတ် လေးနှစ်၊ ၂၀၀၀–၂၀၀၁ ဘဏ္ဍာ နှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် အထိ ဒုတိယလေးနှစ် စုစုပေါင်း စီမံကိန်းကာလ ၁၁ နှစ် သတ်မှတ်ထားသည်။

ဖြစ်သည့် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ရှမ်းဒေသများတွင် စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အနေအထားများ စူးစမ်းရှာဖွေလျက် ရှိသည်။

## နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ခင်းဖွံ့ဖြိုးရေးအတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အမေရိကန် ဒေါ်လာ ၁၄,၀၀၀ ထောက်ပံ့ခဲ့သည်။ ထို့ပြင် အပြည်ပြည် ဆိုင်ရာ တောင်တန်းဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အထောက်အပံ့ဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ပျိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေးနှင့် သစ်တောထိန်း သိမ်းရေး စီမံကိန်းဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းစီစဉ်လျက်ရှိသည်။

နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှုစီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စီမံကိန်းကာလ ကုန်ဆုံး ခဲ့သော်လည်း နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စေတနာအမှန်နှင့် ဆောင်ရွက်ပေးခဲ့ ခြင်းကြောင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်က အမေရိကန် ဒေါ်လာ ၂၆၀,၀၀၀ ထပ်မံထည့်ဝင်ပေးပြီး နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှု စီမံကိန်းကို နောက်ထပ်ခြောက်လတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ လူထု ဖွံ့ဖြိုးမှု စီမံကိန်းသည် ကိုးကန့်ဒေသ လောက်ကိုင်နှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၀ ရွာတွင် ရေရရှိရေး လုပ်ငန်းများ၊ သက်မွေး ပညာရပ်များဖြစ်သည့် အပ်ချုပ်သင်တန်း၊ ပရိ ဘောဂ နှင့် လက်သမားသင်တန်း၊ စက်မှုနှင့် စက်ပြင် သင်တန်း များ ဖွင့်လှစ်ခြင်း၊ ကာမိုင်းကျေးရွာရေအားလျှပ်စစ်တပ် ဆင်ရေး လုပ်ငန်းတို့ကို ဆောင်ရွက် ရန် စီမံထားပြီး ဖြစ်သည်။

"ဝ" ဒေသတောင်ပိုင်း ဟိုတောင်းရှေ့ပြေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၃၄၈,၀၈၅ နှင့် နိုင်ငံတော်က ငွေကျပ် ၉၃,၅၀၀ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သတ်မှတ်စီမံကိန်းကာလ တစ်နှစ် ကုန်ဆုံးမည် ဖြစ်သည်။ ထို့ပြင် "ဝ"ဒေသတောင်ပိုင်း ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းကြီး ရေးဆွဲနိုင်ရန် လူမှုစီးပွားရေး စစ်တမ်း ကောက်ယူရေး လုပ်ငန်းကိုလည်း ဆောင်ရွက် လျက် ရှိသည်။

တာချီလိတ်မြို့နယ် အဒီးနှင့် ဆန်လူး ဒေသများတွင် ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၂,၂၉၂,၄၃၈ နှင့်နိုင်ငံတော်က ငွေကျပ် ၅၈ သိန်း၊ မိုင်းယန်းမြို့နယ် ဆီလူးဒေသ ကျေးလက် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်း စီမံကိန်းကို ကုလသမဂ္ဂ မူးယစ် ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၄,၀၆၆,၆၅၅ နှင့် နိုင်ငံတော်က ငွေကျပ် ၁၁၅ သိန်းနှင့် မိုင်းယန်း–ဆီလူး–နန့်လန်လမ်းအတွက် ငွေကျပ် ၂၆ သန်းထည့်ဝင်ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်း ကာလ သုံးနှစ်ဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက် ခြင်းကြောင့် ၁၉၉၆ ခုနှစ်တွင် စီမံကိန်း ပြီးဆုံးမည် ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ စားနပ်ရိက္ခာ တိုးတက်ထုတ် လုပ်ရေးအတွက်( 2 KR Second Kennedy Round ) အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ယန်းသန်း ၁,၀၀၀ ထောက်ပံ့သည့် စာချုပ်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းထောက်ပံ့ ငွေဖြင့် ဓာတ်မြေဩဇာ၊ လယ်ထွန်စက်နှင့် စိုက်ပျိုးရေး အတွက်လိုအပ်မည့် သွင်းအားစု ပစ္စည်းများ ဝယ်ယူနိုင်ရေး ကို စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကိုးကန့်နှင့် "ဝ" ဒေသတွင် စီမံချက်ချမှတ်ဆောင်ရွက်နေသည့် ဘိန်း စိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်သည်။

## လုပ်ငန်းဆပ်ကော်မတီများတိုးချဲ့ဖွဲ့စည်းခြင်း

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ၃/၉၄ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးတည်ပြီး လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုမှ လုပ်ငန်း အမျိုးအစားအလိုက် လမ်းတံတား လုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆပ် ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေး

လုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး လုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေး ဆိုင်ရာ လုပ်ငန်း ဆပ် ကော် မတီနှင့် လူမှုဝန်ထမ်းနှင့်သမ ဝါယမလုပ်ငန်း ဆပ်ကော်မတီ ဟူ၍ လုပ်ငန်း ဆပ် ကော်မတီ ၁၈ ခုအထိတိုးချဲ့ဖွဲ့စည်း ဆောင်ရွက် လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက် အောက်အပြန်အလှန်တင်ပြရသည့် အဆင့်များ နည်းနိုင် သမျှ နည်းစေရန်၊ လုပ်ငန်းကို အချိန် ကြန့်ကြာမှု မရှိစေဘဲ မြန်မြန်ဆန်ဆန် သွက်သွက် လက်လက် ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး လုပ်ငန်း ဆပ်ကော်မတီ ၁၄ ခု၏ ဥက္ကဋ္ဌများကို ဒုတိယဝန်ကြီး များအား ပြင်ဆင်ဖွဲ့စည်း ခန့်ထားတာဝန်ပေး ပြီးဖြစ်သည်။

### ကျပ်သန်း ၂,၅၀၀ ကျော် သုံးစွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဝန်ကြီးဌာနရန်ပုံငွေများ အပါအဝင် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် လုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများ အတွက်ကျပ် ၂၈ ဒသမ ၁၂ သန်း၊ စိုက်ပျိုးရေးနှင့်သစ်တော လုပ်ငန်းတွင်ကျပ် ၁၄၇ ဒသမ ၆၆ သန်း၊ မွေးမြူရေး လုပ်ငန်းတွင် ကျပ် ၁၀၁ ဒသမ ၀၂ သန်း၊ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျပ် ၇၆၀ ဒသမ ၆၇ သန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ကျပ် ၂၂၅ ဒသမ ၅၈ သန်း၊ ကုန်သွယ်ရေးနှင့်သမဝါယမလုပ်ငန်းတွင် ကျပ် ၆၆ ဒသမ ၇၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ကျပ် ၁၃၀ ဒသမ ၉၈ သန်း၊ စွမ်းအင်လုပ်ငန်းတွင် ကျပ် ၁၄၈ ဒသမ ၀၃ သန်း၊ ကျန်းမာရေးလုပ်ငန်းတွင် ကျပ် ၁၄၁ ဒသမ ၅၄ သန်း၊ ပညာရေးလုပ်ငန်းတွင် ကျပ် ၁၇၈ ဒသမ ၀၂ သန်း၊ ပြည်သူဆက်ဆံရေး လုပ်ငန်းတွင် ကျပ်၁၉၆ ဒသမ ၂၃ သန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတွင် ကျပ် ၃၈ ဒသမ ၁၁သန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းတွင် ကျပ် ၂၂ ဒသမ ၀၆ သန်း၊ နယ်စပ်ဒေသ လူထုဖွံ့ဖြိုးရေးစီမံကိန်းတွင် ကျပ် ၀ ဒသမ ၇၇ သန်း၊ အထွေထွေလုပ်ငန်းများတွင် ကျပ် ၄၆ ဒသမ ၄၂ သန်း၊ ထောက်ပံ့ငွေအသုံးစရိတ်သုံးစွဲမှုတွင် ကျပ် ၃၆၀ ဒသမ၇၂ သန်း၊ စုစုပေါင်းငွေကျပ် ၂,၅၉၂ ဒသမ ၆၇ သန်း ဖြစ်သည်။

**ဦးစိုးအောင်**

**ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ။** ။ပါကစ္စတန်နိုင်ငံတွင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလအတွင်း ပါကစ္စတန် မြောက်ပိုင်းဒေသများ ဖြစ်ကြသည့် မာလာကန်နှင့် ဆွတ်တို့တွင် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရန် အတင်းအကျပ် လုပ်ဆောင်သည့် လူမျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများကြောင့် ခန့်မှန်းခြေလူပေါင်း ၂၀၀ သေဆုံးခဲ့ရသည်။ ယင်းသေဆုံးမှုတွင် လက်ရှိအာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကိုယ်စားပြုသည့် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်း ပါဝင်ပေသည်။

၁၉၉၄ ခုနှစ် မေလတွင် အလားတူဖြစ်ရပ်မျိုးကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ရပြီး နောက်ပိုင်းတွင် ယင်းဒေသ၌ မျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများ ဆိုးဝါးစွာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့်အတွက် မော်လနာစူဖိမိုဟမ္မက် ဦးဆောင်သည့် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေး လှုပ်ရှားမှုအဖွဲ့ကို အစိုးရက အပြစ်တင်ခဲ့သည်။ နိုင်ငံရေး လေ့လာဆန်းစစ်သူများက ရာစုနှစ်တစ်နှစ်ထက် ကျော်လွန်စွာ အဆိုပါဒေသ၌ ပြဋ္ဌာန်းခဲ့သော ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို ဖျက်သိမ်းရန် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုတရားရုံးက ဆုံးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေရေးရာဆိုင်ရာ ကြားဟနေမှုက အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေးကို ဆောင်ရွက်ရန် တောင်းဆိုနေမှုကို အားပေးအားမြှောက်ပြုသလို ဖြစ်နေပေသည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့က မြောက်ပိုင်းဆွတ် ဒိစတြိတ် ဒေသတွင် လူမျိုးနွယ်စုခန့်မှန်းခြေ ၂,၅၀၀ ခန့်တို့က အထက်တန်းတရားသူကြီး နှစ်ဦးအပါအဝင် လူအမြောက်အမြားအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး မာလာကန်သို့ သွားရာလမ်းများအားလုံးကို ပိတ်ဆို့ခဲ့သည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်ဝန်ကြီး အက်ဖ်တက်အာမက်ခန်ရှာပါအိုက အစ္စလာမ္မစ်ဥပဒေကို ပြည်နယ်အုပ်ချုပ်ရေးနှင့် စပ်ဆိုင်သည့် မာလာကန်နှင့် ကိုဟစ်စတန် လူမျိုးနွယ်စုဒေသ



**ကရာချိမြို့တွင် မငြိမ်မသက်မှုများအနက် ကားမှုံးဖောက်ခွဲခံရသည့် အကြမ်းဖက် တိုက်ခိုက်မှု တစ်ခု**

တစ်လျှောက်တွင် ပြဋ္ဌာန်းမည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ရုံးထိုင်စစ်ဆေးကြားနာခြင်းများနှင့် အောက်ရုံးတရားသူကြီး များ နေရာတွင် အစ္စလာမ့်စ်ဥပဒေရေးရာ ကျွမ်းကျင်သူများ ဖြင့် အစားထိုးရန် အမိန့်တစ်ရပ်ဖြင့် အသေးစိတ်ဖော်ပြကြေညာခဲ့သည်။ သို့ဖြစ်လင့်ကစား အဆိုပါ ကြေညာချက် မှာ အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ အကြောင်း မှာ ယခင်က အလားတူ ဆောင်ရွက်ပေးမည်ဟု ပြောကြားထားသည့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်မဆောင် ရွက်ခဲ့ခြင်း ကြောင့် ဖြစ်သည်။

၁၉၉၄ ခု နှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင် ဒုံးကျည်လက်နက်များ၊ လက်ပစ်ဗုံးများ အသုံးပြုကာ စစ်ရဲတပ်ဖွဲ့များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီးနောက် လူမျိုးနွယ်စုများက ဒိစတြိတ်မြို့တော် ဆိုင်ဒူရှရစ်နှင့် လေဆိပ်ကို သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း လူ ၂၀ ဦး သေဆုံးရာ ပါကစ္စတန်ပြည်သူ့ပါတီမှ အနောက်မြောက် နယ်ခြား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဘာဒီအူဇာမန် ပါဝင်ခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် စစ်ရဲတပ်ဖွဲ့များက လေဆိပ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းကာလ အတွင်း လူမျိုးနွယ်စုများ၏ ပုန်ကန်ထကြွမှုသည် အနီးအနား ဒေသများဖြစ်သည့် ဒါ၊ ချီထရယ်၊ ဟာဇာရာ၊ ကိုဟီစတန်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေး လူမျိုးနွယ်စု ဒေသဖြစ်သည့် အာဖဂနိစတန်နိုင်ငံနှင့် နယ်စပ်ခြင်း ထိစပ်နေသည့် ဘာဂျာအာအထိ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

နိုဝင်ဘာ ၈ ရက်နေ့တွင် ရှုဖိမိုဟာမွက်က အပစ်အခတ်ရပ်စဲရေး ကြေညာပြီးနောက် ဓားစာခံ ၅၀ ဦးအား လွှတ်ရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် လူမျိုးနွယ်စုအများအပြားက အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် ငြင်းဆိုခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဘာဂျာအာတွင် စစ်ရဲတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည်။ သူပုန်များက တရုတ်နိုင်ငံသို့သွားရာ မဟာဗျူဟာအရ အရေးပါသည့် ကာရာကိုရမ် အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ဆို့ခဲ့သည်။

အခြားတစ်ဖက်တွင် ကရာချိမြို့၌ နိုင်ငံရေးမငြိမ်မသက် ဖြစ်မှုများနှင့် အကြမ်းဖက်မှုများ အရှိန်မြင့်တက်ဖြစ်ပွားခဲ့ရာ သက်သာလျော့ပါးသွားမည့် အရိပ်လက္ခဏာ မတွေ့မြင်ရပေ။ မိုဟာဂျာကွာအူမိ လှုပ်ရှားမှု (အမ်ကျူအမ်) ၏ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်နေ့တွင် မိုဟာဂျာကွာအူမိ လှုပ်ရှားမှု (အမ်ကျူအမ်) အဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦး အသတ်ခံရပြီးနောက် ဆက်လက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့သည်။ နိုဝင်ဘာ ၁၉ နှင့် ၂၀ ရက်နေ့များတွင်လည်း မငြိမ်မသက်မှုများ

ဆက်လက်ဖြစ်ပွားပြီး လူ ၁၃ ဦး သေဆုံးကာ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။

ယင်းသို့ ရှိနေသည့်အထဲတွင် ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇီဘူတိုနှင့် အတိုက်အခံပါတီခေါင်းဆောင် နာဝပ်ဇ် ရှရစ်ဖ်တို့အကြား ပုဂ္ဂိုလ်ရေးရာ အပြန်အလှန်ထိုးနှက် တိုက်ခိုက်မှုများကလည်း ရှိနေသေးသည်။ နိုဝင်ဘာ ၁၃ ရက်နေ့တွင် အတိုက်အခံခေါင်းဆောင်နှင့် ယခင်ဝန်ကြီး ချုပ်ဟောင်း နာဝပ်ဇ်ရှရစ်ဖ်၏ ဖခင်ဖြစ်သူ မီယင် မိုဟမ္မက်ရှရစ်ဖ်အား လိမ်လည်မှုစွဲချက်များဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့ရာ အတိုက်အခံပါတီများ၏ အမျက်သိုမှု ကို ဝန်ကြီးချုပ် ဘီနဇီဘူတို ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ဖမ်းဆီးထားသော မိုဟမ္မက်ရှရစ်ဖ် ကို ပြန်လည်လွှတ်ပေးခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး ပူးတွဲ ကျင်းပခဲ့ရာ သမ္မတ ဖာအူးလက်ဟာရီ မိန့်ခွန်းပြောကြား နေစဉ် အတိုက်အခံအမတ်များက အစိုးရအား ဆဲရေး ကျိန်ဆို တိုက်ခိုက်ခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ဘီနဇီဘူတိုက အတိုက်အခံများနှင့် ငြိမ်းချမ်း ရေး ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ကရာချိမြို့၌ ဖြစ်ပွားလျက်ရှိသည့် လူမျိုးစုရေးနှင့် ဂိုဏ်းဂဏရေး အကြမ်းဖက်မှုများသည် ပိုမိုအရှိန်မြင့်တက်လာခဲ့သည်။ အတည်ပြုချက် မရရှိသေးသော သတင်းများအရ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းမှစပြီး လူပေါင်း ၆၅၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြင့်တက်လာရခြင်းမှာ ဆင်းပြည်နယ်တွင် ၁၉၉၂ ခုနှစ် ဇွန်လကတည်းက တပ်စွဲ ချထားခဲ့သည့် စစ်တပ်ကို ရုပ်သိမ်းကြောင်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်နှင့် တိုက်ဆိုင်နေပေ သည်။ အရပ်သားများအပေါ် အလွန်အကျွံပြုမူခဲ့သည့် စွပ်စွဲချက်များအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်မှုများ ရှိခဲ့လင့်ကစား ဆင်းပြည်နယ်တွင် ချထား သော စစ်တပ်အနေဖြင့် ပြိုင်ဘက်နိုင်ငံရေးနှင့် ဂိုဏ်းဂဏ အုပ်စုများ နှစ်ဖက်တပ်ခင်း၍ သဲသဲမဲမဲတိုက်ခိုက်ခြင်းကို ထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟု ယေဘုယျအားဖြင့် အသိ အမှတ်ပြုသည်။

**လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့မှ သံချပ်ကာ ကားများက ကင်းလှည့် စောင့်ကြပ်နေစဉ်**



ယခု လောလောဆယ် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများမှာ အူရဒူဘာသာစကား ပြောဆိုခြင်းကို ထောက်ခံသည့် လူမျိုးစုအဖွဲ့၊ မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) တို့၏ ဆန့်ကျင်ဘက် အုပ်စုများကြောင့်လည်းကောင်း၊ စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီအုပ်စုများကြား ဂိုဏ်းဂဏရေး ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လည်းကောင်း ဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ဆိုကြသည်။

ဤသို့ဖြင့် အချင်းဖြစ်ပွားလျက်ရှိသော မငြိမ်မသက်မှုများ၏ အကြောင်းရင်းကို စုံစမ်းရန် နိုင်ငံရေးပါတီပေါင်းစုံပါဝင်သည့် ပါလီမန်ကော်မတီတစ်ရပ် ဖွဲ့စည်းထူထောင်ရန် အမျိုးသားလွှတ်တော်က ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှု များကို အားပေးအားမြှောက်ပြုနေသည်ဟု စွပ်စွဲပြီးနောက် ကရာချိမြို့တော်ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အိန္ဒိယကောင်စစ်ဝန်ရုံး အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ ထွက်ခွာခဲ့သည်။ သို့ဖြစ်ရာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၏ လုပ်ရပ်ကို တုံ့ပြန်သောအားဖြင့် အိန္ဒိယနိုင်ငံကလည်း နယူးဒေလီမြို့ရှိ ပါကစ္စတန် အဆင့်မြင့် ကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး ရုပ်သိမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်နေ့တွင် အမိန့်ထုတ်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံက အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယစစ်တပ်မှ စစ်သည်အရေအတွက် သိသိသာသာ လျှော့ချရေး ပါဝင်သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ပါကစ္စတန်နိုင်ငံဘက်က ကြိုတင်စည်းမျဉ်း သတ်မှတ်ချက်ကိုလည်း ပယ်ချခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နေ့တွင် အလည်အပတ်ရောက်ရှိလာသော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလတ်စ်ဟာဒ်က ကက်ရှ်မီးယားဒေသ အငြင်းပွားမှုပြဿနာ ဖြေရှင်းရေးသည် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းထက် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးခြင်း အပေါ်တွင်သာ တည်မှီနေကြောင်း ပြောကြားခဲ့ရာ ကက်ရှ်မီးယားပြဿနာ အငြင်းပွားမှုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ ခဲ့သည်။ ဒေါက်ကလတ်စ်ဟာဒ်၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ကက်ရှ်မီးယားဒေသတွင် ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်မည့် အများဆန္ဒဖြင့် မဲပေးဆုံးဖြတ်ခြင်းကို တိုက်တွန်းထားသော ၁၉၄၉ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးရန် ဆက်လက် ဖိအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလီယမ်ပယ်ရီ လာရောက်ခဲ့စဉ်အတွင်း အမေရိကန်–ပါကစ္စတန် နှစ်နိုင်ငံ စစ်ကော်မရှင် ပြန်လည်လှုပ်ရှား ဆောင်ရွက်ရေးကို ကြေညာခဲ့သည်။ ယင်းကြေညာချက်နှင့်အတူ အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကို တရားဝင်ပြန်လည်ထူထောင်ခဲ့သည်။

အဆိုပါ ပူးတွဲစစ်ကော်မရှင်ကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် အာဖဂနစ္စတန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲအရှိန် အမြင့်မားဆုံး အချိန်ဖြစ်သည့် ၁၉၈၄ ခုနှစ်က ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ ပေးရန်ရှိသည့် စီးပွားရေးနှင့် စစ်ရေး အကူအညီများကို ရပ်ဆိုင်းရန် ပရက်စ်လာ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းခဲ့ပြီးနောက် အထက်ပါ ပူးတွဲစစ်ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်မှုများကို ရပ်ထားခဲ့သည်။ ယခု အသစ်ပြန်လည်ထူထောင်လိုက်သည့် ပူးတွဲစစ်ကော်မရှင်အနေဖြင့် စစ်ရေးဆိုင်ရာ လေ့ကျင့်မှုများ၊ သင်ကြားမှုများ၊ အတွေ့အကြုံဖလှယ်မှုများနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများကိုသာ အလေးပေးလုပ်ဆောင်သွားမည်ဟု ဆိုသည်။ သို့ရာတွင် ဤသို့ ပူးတွဲစစ်ကော်မရှင် ပြန်လည်ထူထောင်ခြင်းသည် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် အစပျိုးခြင်း ဖြစ်သည်ဆိုသည့် တွက်ဆမှုများကိုမူ အမေရိကန်အရာရှိများက ခိုင်ခိုင်မာမာ ငြင်းဆိုခဲ့သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ အဆိုပါ စစ်ကော်မရှင်အနေဖြင့် အမေရိကန် အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ မပေးပို့သည့်ကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုကို ဖြေရှင်းရန် ထိပ်တန်းဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်ဟုဆိုသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား ပိတ်ဆို့အရေးယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စစ်

လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးကတည်းက ဤကိစ္စမှာ နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုများ၏ အဓိကကျသည့် ပြဿနာ တစ်ရပ် ဖြစ်လာခဲ့သည်။ ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်၊ သို့မဟုတ်ပါကလည်း အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ် ၃၂ စင်းအတွက် ပါကစ္စတန်နိုင်ငံက ပေးချေပြီးဖြစ်သည့် အမေရိကန်ဒေါ်လာသန်း ၆၅၀ ကို ပြန်အမ်းရန် တိုက်တွန်းပြောကြားခဲ့သည်။

ကရာချိမြို့၌ မတ်လအတွင်း ဆက်လက်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် လူ ၁၂၀ ကျော် သေဆုံးခဲ့ရပြန်သည်။ အကြမ်းဖက်မှု ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) အတွင်း အကွဲအပြဲ ဖြစ်ခြင်းနှင့် စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီမူဆလင်အုပ်စုများအကြား အငြင်းပွားမှုများကြောင့် ဖြစ်သည်။

မတ်လ ၈ ရက်နေ့တွင် အမည်မသိ သေနတ်သမားနှစ်ဦးက အမေရိကန်အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ သည်။ ဤဖြစ်ရပ်မှာ အကြမ်းဖက်မှုများအတွင်း ပထမဆုံး အသတ်ခံရသည့် အနောက်နိုင်ငံသားများ ဖြစ်ကြသည်။ အသတ်ခံရသူများမှာ အမေရိကန် ကောင်စစ်ဝန်ရုံးတွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်ဟု သိရှိရသည်။ အခြားအမေရိကန် အမျိုးသားတစ်ဦးမှာမူ ဒဏ်ရာရရှိခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ၁၉၉၃ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံကို ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး အဓိကပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် စွပ်စွဲခြင်းခံရသည့် အစ္စလာမ္မစ်စစ်သွေးကြွပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရမ်ဇီအာမက်ယိုဆက်ဖ်အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းအတွက် လက်တုံ့ပြန်မှုတစ်ရပ် ဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ထံသို့ စာတစ်စောင်ရေးသားပြီး ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ရာ အထက်ပါတိုက်ခိုက်မှုမှာ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် ကရာချိမြို့တော်တွင် ကြောက်ရွံ့မှုနှင့် အနှောက်အယှက် အဟန့်အတားဖြစ်စေရန် အစီအစဉ်တကျ လုပ်ဆောင်သည့် အကြမ်းဖက်မှုတစ်ရပ် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သမ္မတ ကလင်တန်က ပါကစ္စတန်အစိုးရအား အပြစ်မတင်သော်လည်း ယင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် အမေရိကန် အစိုးရက အဆိုပါ တိုက်ခိုက်မှုကို စုံစမ်းရန် အက်ဖ်ဘီအိုင် အဖွဲ့ဝင် ၅၀ ဦး ပါဝင်သော အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ကို ပါကစ္စတန်နိုင်ငံသို့ ပို့လွှတ်ခဲ့သည်။ ထို့ပြင် လူသတ်တရားခံများနှင့် စပ်လျဉ်းပြီး သတင်းပေးနိုင်မည်ဆိုပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ကိုလည်း ကမ်းလှမ်းခဲ့သည်။

မတ်လ ၂၁ ရက်နေ့တွင် ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့တွင်းနှင့် မြို့ဝန်းကျင်တွင် ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များနှင့် အက်ဖ်ဘီအိုင်အဖွဲ့တို့ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်စစ်ဆေးခဲ့ရာ လူပေါင်း ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ဆက်လက်ပြီး မတ်လအတွင်းတွင် အာမက်ယိုဆက်ဖ်၏ အပေါင်းအပါ ၃၀ ဦးကို ဆက်လက်ဖမ်းဆီးခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုကလည်း ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပြုခဲ့သည်။ ရဲတပ်ဖွဲ့ကလည်း အစွန်းရောက် လုပ်ရပ်များတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူ လူပေါင်း ၃၅၀ ကျော်ကို ဖမ်းဆီးပြီး လက်နက်အများအပြားကို သိမ်းဆည်းခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများလည်း ရှိခဲ့ပြန်သည်။ ဤသို့ ဖြစ်ပေါ်လျက် ရှိသည့် အကြမ်းဖက်မှုများက ဝန်ကြီးချုပ် ဘီနဇာဘူတို၏ ဆောင်ရွက်နေမှုကို မယုံကြည်သည့် စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စီးပွားရေးကြော်ငြာများ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကရာချိစတော့ရှယ်ယာ အရောင်းအဝယ် ဈေးကွက်တွင်လည်း စတော့ရှယ်ယာဈေးနှုန်းများ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် စက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အစိုးရက ပျက်ကွက်သည်ကို ကန့်ကွက်ဆန္ဒပြရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

မတ်လ ၃၀ ရက်နေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားရာတွင် ဝန်ကြီးချုပ် ဘီနဇာဘူတိုက ရာဇဝတ်မှု

များအား သက်ညှာမည်မဟုတ်ဟု သူမ၏ကတိပြုချက်ကို ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် ကရာချိမြို့ လမ်းမများပေါ်တွင် စစ်တပ်ကို ချထားမည်မဟုတ်ဟု ကတိပြုခဲ့သည်။ သူမ၏ ဝေဖန်ပြောဆိုချက်များသည် မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) ကို ဦးတည်ပုံရှိသော်လည်း အကြမ်းဖက်မှုများမှာ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ကြသူများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းသို့ ရှိနေစဉ် ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် စိတ်ဝမ်းကွဲပြားလျက်ရှိသော မောင်ဖြစ်သူ မာတာဇာဘူတိုက ပါကစ္စတန် ပြည်သူ့ပါတီမှ ခွဲထွက်ပြီး ပါတီခွဲဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။ ကရာချိမြို့တွင် ကျင်းပသော လူထုစည်းဝေးပွဲတစ်ခု၌ မာတာဇာဘူတိုက ယခုလောလောဆယ်တွင် ဘီနဇာဘူတို ဦးဆောင်လျက်ရှိသည့် မိမိဖခင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကယ်တင်လိုကြောင်း၊ ထို့ပြင် ပါကစ္စတန်နိုင်ငံအား ခိုးဆိုးလုယက်စားပြတိုက်သည့် အန္တရာယ်များမှ ကယ်တင်လိုကြောင်း ပြောကြားပြီး လုံခြုံရေးရှိစေရန် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အစိုးရအဖွဲ့ နုတ်ထွက်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ် ဧပြီလအတွင်းတွင် ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်မှာ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ စစ်ရေးနှင့် စီးပွားရေး အကူအညီများပေးခြင်းကို အမေရိကန်က ရပ်ဆိုင်းထားခဲ့ပြီး နောက်ပိုင်း ပါကစ္စတန်ခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးသွားရောက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အမေရိကန်အစိုးရ ထိပ်တန်းအရာရှိများ၊ ကွန်ဂရက်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြရာ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့အရေးယူခဲ့သည့် ပြဿနာမှာ အဓိကဖြစ်နေခဲ့သည်။ အထက်ပါ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်ရှိသည့် အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ်များ ပေးပို့ခြင်းကို ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါ ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရေးကို ဘီနဇာဘူတိုက အကြိမ်ကြိမ် တိုက်တွန်းပြောကြားခဲ့ပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် စာချုပ်ပါ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်ရန်၊ သို့မဟုတ်ပါက ဂျက်လေယာဉ်များအတွက် ပေးချေပြီး ဖြစ်သည့်ငွေကို အမေရိကန်နိုင်ငံက ပြန်အမ်းရန်ကို ပြောကြားခဲ့ပြီး ဖြစ်သည်။ ဘီနဇာဘူတို၏ ကြိုးပမ်းမှုမှာ မအောင်မြင်သော်လည်း ယင်းကိစ္စအရေးနှင့် စပ်လျဉ်းပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် မတရားသဖြင့် ပြုမူခြင်းခံရသည်ဟု အမေရိကန်ဘက်မှ လူသိရှင်ကြား ဖွင့်ဟဝန်ခံချက်ကို ဖြစ်စေခဲ့သည်။ သမ္မတအိမ်ဖြူတော်၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်က ပါကစ္စတန်နိုင်ငံအပေါ် ပြုမူဆောင်ရွက်ချက်မှာ တရားမျှတမှု မရှိကြောင်း၊ ဂျက်လေယာဉ်များ ဝယ်ယူရေးတွင် ပေးချေပြီးဖြစ်သည့် ငွေများကို မိမိတို့ ထိန်းသိမ်းထားသည်မှာ သင့်မြတ်လျော်ကန်သည်ဟု မိမိမယူဆကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဥပဒေအရ ဂျက်လေယာဉ်များ ရောင်းချရေးကို ခွင့်ပြုမိန့် မပေးနိုင်သော်လည်း ပရက်စ်လာပြင်ချက်အား ပြန်လည်သုံးသပ်လေ့လာ စဉ်းစားရေးအတွက် ရီပတ်ပလီကန် အမတ်များ လွှမ်းမိုးသည့် ကွန်ဂရက်နှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတကလင်တန်က ကတိပြုပြောကြားခဲ့သည်။

အမေရိကန် အထက်လွှတ်တော်တွင် ရီပတ်ပလီကန် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရောဘတ်ဒိုးကလည်း ဘီနဇာဘူတိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၄င်းအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် ဘီနဇာဘူတို၏ ပန်ကြားချက်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခြားတစ်ဖက်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် မူးယစ်ဆေးဝါး စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုတွင် အလိုရှိလျက်ရှိသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် သံသယရှိသူနှစ်ဦးအား ပါကစ္စတန်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

ဦးမြလင်း

**ပဏ္ဍိတ သိရိ၊ ဆရာတော် ဘ ဒ္ဒန္တ (ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး) (မြန်မာ ၁၂၅၅ – ၁၃၅၇)** ။ ။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်တွင် သီတင်းသုံး နေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီကို ခမည်းတော် ဦးကျောက်စိမ်း၊ မယ်တော် ဒေါ်ရွှေသော့ တို့က ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ ည ၉ နာရီမိနစ် ၃၀ တွင် လေးမျက်နှာမြို့ အလယ် ရပ်၌ ဖွားမြင်သည်။ ငယ်နာမည် မှာ မောင်သန်း ဖြစ်ပြီးမွေးချင်းများအနက်ပဉ္စမမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်စဉ်က ရန်ကုန်မြို့အေတီအမ်၊ ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး လေးမျက်နှာမြို့ ၊ ဆရာဆင့် ကျောင်းမှ စတုတ္ထတန်းအောင်မြင်သည်။ သင်္ချာဘာသာတွင် ထူးချွန်သည်။ လေးမျက်နှာမြို့ မိကျောင်းရဲကျောင်း ဆရာတော်ကြီးထံတွင် ဗေဒင်ပညာကို သင်ယူခဲ့သည်။ ၁၂၆၉ ခုနှစ်၊ အသက် ၁၄ နှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ်၊ ၁၂၇၁ ခုနှစ်၊ အသက် ၁၆ နှစ်တွင် ဘကြီး ၊ ဒေါ်ကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ် လေးမျက်နှာမြို့ ၊ မိကျောင်းရဲဆရာတော် အရှင်အာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၇၅ ခုနှစ်တွင် ရန်ကုန်မြို့ ၊ ဗဟန်းကျောင်းတော်ရာ ရွှေကျင်တိုက်၊ သာသနာလင်္ကာရ သဒ္ဓမ္မဘိဝံသ ကဝိဓဇ မဟာရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လေးမျက်နှာမြို့ ၊ ပရိက္ခရာကုန်သည် ဦးလူကြီး၊ ဒေါ်ငွေမှုန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ညောင်တုန်းမြို့ ၊ ရွှေဟင်္သာ တောရကျောင်းတိုက် ၊ သီလဝိသောဓနီ ခဏ္ဍသိမ်တော်ကြီး၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတသိရီ ဖြစ်သည်။

ဆရာတော်ကြီးသည် ရန်ကုန်၊ လေးမျက်နှာ၊ ညောင်တုန်း၊ မော်လမြိုင်၊ မန္တလေး၊ ဝမ်းတွင်း၊ အမရပူရ စသည့်မြို့များရှိ ဆရာတော်ကြီးများထံတွင် ပိဋကကျမ်းစာနှင့် သက္ကတစာပေတို့ကို သင်ယူလေ့လာ တတ်မြောက်သည်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်တွင် စာသင်သား၊ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအဖြစ် ၁၀ နှစ်ကျော်ခန့် နေထိုင်သီတင်းသုံးသည်။

ဆရာတော်ကြီးသည် ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းဝံတောင်ရိုးအရှေ့ဘက် ရက္ခမူချောင်၏ အနောက်ဘက် မြေကွက်လပ်ကလေးတွင် ကျောင်းကလေးတစ်ဆောင် ဆောက်လုပ်ပြီး ရွှေ့ပြောင်းသီတင်းသုံးသည်။ သီတင်းသုံး ရာရက္ခမူ ချောင် ကို ရွှေဟင်္သာချောင်ဟု မှည့်ခေါ်သည်။ ၁၂၉၈ ခုနှစ်တွင် ရွှေဟင်္သာတိုက်သစ်ကို တည်ဆောက်ပြီး ၁၃၀၁ ခုနှစ်တွင်စတင်သီတင်း သုံးသည်။

ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ တွင် စတင်ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် သင်္ဂီတိကာရကမထေရ် ၂,၅၀၀ တက်ရောက်ခဲ့ရာ၌ ပထမ သန္နိပါတ သင်္ဂီတိကာရကသံဃာများတွင် တစ်ပါးအပါ အဝင် ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်ရာ၌လည်း ပါဝင်ဆောင်ရွက် သည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကတည်းက စာပေဝါသနာထုံသူ ဖြစ်သည်။ ရဟန်းငယ်ဘဝတွင် သူရိယသတင်းစာ ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့ဗျူဟာဂျာနယ်များ၌ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ရဟန်းဘဝ လေးဝါရချိန်မှစ၍ ကျမ်းစာများကို ရေးသားပြုစုခဲ့ရာ ကျမ်းပေါင်း ၃၀ ကျော် ရေးသားပြုစုခဲ့ပြီး ဖြစ်သည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းများအနက် မြန်မာအလင်္ကာကျမ်းသည် ထင်ရှားသည်။ ကျမ်းစာများ ရေးသားပြုစုသကဲ့သို့ တစ်ဖက်တွင်လည်း စာသင်သားများအား စာပေကျမ်းဂန်များကို သက်တော် ၈၅ နှစ် တိုင်အောင် သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း၊ ရွှေဟင်္သာဝံသသံဃမဟာနာယကာဓိပတိအဖြစ် လည်းကောင်း၊ ၁၃၄၇ ခုနှစ်တွင် ဒွါဒသမမြောက် ရွှေကျင် နိကာယ ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း တင်မြှောက်ခြင်းခံရပြီး သာသနာတော်အကျိုးကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီးသည် သည်းခံခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ အများအကျိုးကို လိုလားသော စိတ်နှလုံးရှိခြင်း၊ ဂါရဝ နိဝါတ တရားနှင့် ပြည့်စုံခြင်း၊ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ သာသနာတော်အတွက် ဖွဲ့၊ လုံ့လ၊ ဝီရိယဓာတ်ကြီးမားခြင်း၊ သိက္ခာ ကာမ၊ ဝိနယဂရုက၊ သံသာရ၊ ဘီရုက စသောဂုဏ်၊ သက်တော်ရှည်ခြင်း၊ ရတ္တညု မဟာနာယကဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုလေးစားမှုကို ခံယူရရှိပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၂၃ ခုနှစ်တွင်လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို

၁၃၄၀ ပြည့်နှစ်တွင် လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၄ ခုနှစ်တွင် လည်းကောင်း ရရှိတော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ဖြင့် ရာခိုင်နှုန်းပြည့် ပြည့်စုံတော်မူသော နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရိသည် သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## ပျက်ကျပြီး သန္ဓေသားဖြင့် ခန္ဓာကိုယ် အစားထိုးကုသ ခြင်း။

။ ယနေ့ကမ္ဘာတွင် သိပ္ပံပညာတိုးတက်မှုမှာ အလွန် လျှင်မြန်လျက်ရှိသည်။ လူသားတို့သည် လှည်းဘီး (Wheel) ကို တီထွင်နိုင်ရန်အတွက် နှစ်ပေါင်းနှစ်သန်းခန့် စောင့်ခဲ့ရသည်။ အဆိုပါဘီးများပေါ်သို့ ရေနွေးငွေ့ အင်ဂျင် ရောက်ရှိဖို့က နောက်ထပ်နှစ်ပေါင်း ၅၀၀၀ စောင့်ရပြန်သည်။ ပထမဆုံးကွန်ပျူတာစက်သည် လူသားတို့၏ရုံးခန်း အပြည့် နေရာယူခဲ့ကြသည်။ သို့သော် နောက် ၃၅ နှစ်အတွင်း အဆိုပါစက်ကြီးများသည် စားပွဲတင်အရွယ် ဖြစ်လာသည်။ နောက် ၁၀ နှစ်ကြာသည့်အခါ အဆိုပါ ကွန်ပျူတာစက်သည် လက်ဆွဲအိတ်များနှင့်မခြား လူသားတို့၏ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းအဖြစ် နေရာဝင်ယူခဲ့သည်။ နောင်လာမည့်ခေတ်ကာလတွင် လူသားတို့၏ မျှော်မှန်းနိုင်သည့် လူ့အကျိုးပြုသိပ္ပံပညာ ၁၀ခုတွင် ဆေးပညာနှင့်နီးနွှယ်နေသော ပညာရပ်နှစ်ခုမှာ–

(၁) မျိုးရိုးဗီဇ အင်ဂျင်နီယာပညာကို အသုံးပြုပြီး လူသားတို့အတွက် အလိုရှိသောအသုံးအဆောင် ပစ္စည်းများကို ထုတ်လုပ်သောနည်းပညာ (Genetic Engineering)

(၂) ယခုဖော်ပြမည့် ပျက်ကျမည့်သန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးနည်းပညာတို့ ဖြစ်လာလိမ့်မည်ဟု မှန်းဆရပါသည်။

### ခန္ဓာကိုယ်အစားထိုး နည်းပညာ

သိပ္ပံပညာတွင် စက်ရုပ်လူသားကိုသာတီထွင်၍ ရနိုင်သော်လည်း တကယ့်လူသားအတုကိုမူ တီထွင်ရဖို့ လွယ်ဦးမည် မဟုတ်ပေ။ ကွန်ပျူတာသိပ္ပံပညာရှင်များကမူ စက်ဦးနှောက်တီထွင်နိုင်ဖို့ မခက်ခဲတော့ပါဟု ဆိုနေကြပြီ။ အစစ်နှင့်မခြားသော ခြေလက်အတုများကို တီထွင်နိုင်ခဲ့ကြပြီဖြစ်သည်။ လူသားတို့၏ အာရုံကြောများနှင့် ဆက်သွယ်ပေးနိုင်သော ခြေလက်အတုများကိုပင် တီထွင်ပေးလျက်ရှိသည်။ Sablich Prosthetic and Research Centre – မှ ထုတ်လုပ်ရောင်းချသော လက်မောင်းအတုဆိုလျှင် ယင်းလက်ဖြင့်ကိုင်တွယ်ထားသော ပစ္စည်းကိုရိယာ၏ အပူအအေးနှင့် အမာအပျော့ကစ ပြောပြနိုင်သည့်အထိ ဖြစ်သည်။ ဤသို့ ဆေးပညာဘက်တွင် အရှိန်အဟုန်ဖြင့် တိုးတက်နေသော ခေတ်ကာလ၌ အထူးတိုးတက်လာသော ပညာတစ်ရပ်က ခန္ဓာကိုယ်မှ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ခွဲစိတ်အစားထိုး ထည့်သွင်း သည့်နည်းပညာပင် ဖြစ်တော့သည်။

### ခန္ဓာကိုယ် အစားထိုးကုသနည်းများ

လူတစ်ဦးမှ တစ်ဦးသို့ သွေးသွင်းအစားထိုးကုသခြင်းမှာ ယခုခေတ်တွင် မဆန်းကျယ်တော့ပါ။ ယနေ့မြန်မာနိုင်ငံတွင်ပင် လူတစ်ဦးမှ နောက်လူတစ်ဦးသို့ မျက်စိအကြည်လွှာ အစားထိုးကုသခြင်းအပြင် ကျောက်ကပ်ကိုပါ အစားထိုးကုသပေးနိုင်သောခေတ်သို့ပင် ရောက်ရှိနေပါပြီ။ ဤပညာကို အမေရိကန်နိုင်ငံက ဦးဆောင်လျက် ရှိပြီး သူတို့နိုင်ငံ၌ နှစ်စဉ်ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုကို အစားထိုးကုသခြင်းဖြင့် လူနှစ်သောင်းနီးပါးကို ခွဲစိတ်ပြုပြင်ပေးလျက်ရှိသည်။

ပထမဦးဆုံးလုပ်ဆောင်ချက်အဖြစ် ၁၉၆၇ ခုနှစ်တွင် ရုတ်တရက်ကွယ်လွန်သွားသော လူသားတစ်ယောက်၏ နှလုံးဖြင့် လူသားတစ်ယောက်ကို အစားထိုးကုသပေးခဲ့ရာ သက်တမ်းအားဖြင့် (၁၈) ရက်ခံခဲ့သည်။ ယခုအချိန်၌ နှလုံးအစားထိုး ကုသခံယူသူများတွင် (၁၀) ဦးအနက် (၈) ဦးမှာ တစ်နှစ်မကအသက်ရှင်လျက်ရှိသည်။ နှလုံးအစားထိုးပြီး သက်တမ်း (၁၀) နှစ်မက အသက်ရှင်နေသူများ မနည်းတော့ပါ။ ယင်းသို့ ခန္ဓာကိုယ်အင်္ဂါအစားထိုးသည့် ကိုယ်အင်္ဂါများအနက် အောင်မြင်မှုအရှိဆုံးက ကျောက်ကပ် အစားထိုးခွဲစိတ်ပေးခြင်း ဖြစ်သည်။ ဤသို့ အောင်မြင်မှုများ ရှိလာသည်နှင့်အမျှ ဤခွဲစိတ်ကုသနည်းပညာသည် တစ်ရှိန် ထိုး တိုးတက်ခဲ့သည်။

ဆီးချိုရောဂါသည်များအတွက် ပန်ကရိအသစ် အစားထိုးပေးခြင်း၊ အဆုတ်မကောင်းသူအတွက် အဆုတ်အသစ် အစားထိုးခြင်း၊ အသည်းဝေဒနာရှင်များအတွက် အသည်း

ပျက်ကျပြီး သန္ဓေသား




**အသက်ရက်သတ္တပတ်ရှစ်ပတ်မှ ကိုးပတ်အတွင်းရှိ သန္ဓေသားမှရရှိသော ကလာပ်စည်းများဖြင့် ကုသပေးနိုင်မည့် ရောဂါအချို့**

အသစ် အစားထိုးကုသခြင်း၊ တင်ပါးဆုံအဆစ်ရိုးကို အစားထိုးကုသခြင်း စသည့်မရေမတွက်နိုင်အောင် များပြားသော ခန္ဓာကိုယ်အစားထိုးကုသသည့် နည်းပညာများ ပို၍ပို၍ တိုးတက်လာရာက ခွဲစိတ်ကုသခံယူသူများကလည်း တရိပ်ရိပ်နှင့် တိုးတက်လျက်ရှိသည်။

## တွေ့ကြုံခဲ့ရသော အခက်အခဲအချို့

ခန္ဓာကိုယ်အစားထိုးကုသနည်းများအတွက် ရွှေခေတ်ဟု ခေါ်လောက်သည့် ယခုခေတ်တွင် တွေ့ကြုံ ရသော အဓိက အခက်အခဲမှာ လူသားတို့၏ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံစနစ်က ပြင်ပမှ အသစ်ဝင် တပ်ဆင်ပေးလိုက်သော ကိုယ်အင်္ဂါအသစ်ကို လက်မခံလိုခြင်း ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် သိပ္ပံပညာရှင် များက Cyclosporine (ဆိုင်ကလိုစပိုရင်း)အမည်ရှိ ဆေးသစ်ကို ၁၉၈၀ ပြည့်နှစ်က တီထွင်ထုတ်လုပ်နိုင် ခဲ့သည်။ ဤဆေးက တီဆဲ(လ်)ကိုယ်ခံ ကလာပ်စည်း များကို ငြိမ်သက်နေအောင် ထိန်းပေးသည်။ ထို့ကြောင့် ဤဆေးအကူအညီယူထားသော ကျောက်ကပ် အစားထိုးဝေဒနာရှင်များ၌ ကျောက်ကပ်အသစ်ကို လက်မခံနိုင်မှု နှုန်းမှာ ၅၀% အထိရှိခဲ့ရာက ယခုအခါ ကျောက်ကပ်ကို လက်ခံနိုင်သည့်နှုန်း ၈၀% အထိ တိုးတက် လာခဲ့သည်။ တစ်နည်းအားဖြင့် လူတစ်ယောက်မှ နောက်တစ်ဦးသို့ သွေးအစားထိုးကုသရာတွင် အမျိုးတူသော သွေးအမျိုးအစားကို မရမက ရှာဖွေနေစရာမလိုတော့ဘဲ ဤဆေးအကူအညီဖြင့် သွေးကိုမရရအောင် လက်ခံစေနိုင်ခဲ့သည်။ သို့သော် ဤဆေးက ကင်ဆာရောဂါကို ဖြစ်ပေါ်စေတတ်ပြီး ကျောက်ကပ်ကိုပါ ဖျက်ဆီး တတ်သည်။ ထို့ကြောင့် အခြားဆေးသစ်များကို ကြိုးစားရှာဖွေနေရသည်။ FK- 506 နှင့် Rapamycin အမည်ရှိဆေးများသည် မကြာတော့သော အချိန်တွင် Cyclosporine ဆေးအပေါ် အစားထိုး နိုင်ကြလိမ့်မည်ဟု ယူဆကြရသည်။ ထို့ကြောင့် ခန္ဓာကိုယ် အစားထိုး ခွဲစိတ်ကုသရာတွင် အဓိက တွေ့ကြုံရသော အခက်အခဲတစ်ခုမှာ ယင်းကိုယ်အင်္ဂါ အသစ်များကို လက်ခံယူမည့် လူသားက မငြင်းပယ်ဖို့ကိစ္စ ဖြစ်နေသေးသည်။ အကယ်၍သာ လူသားအားလုံးသည် အစစ အရာရာ တူညီသော အမွှာများအဖြစ် မွေးထုတ်လာကြပြီး အမွှာ၏ ခန္ဓာ ကိုယ်မှ အတွင်းအစိတ်အပိုင်းကို လိုအပ်သူသို့ အစားထည့်ပေး နိုင်မည်ဆိုပါက ယင်းပြဿနာ ပြေလည်သွားစရာ ရှိသည်။

ဤကုသနည်းပညာအတွက် ဒုတိယကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ ခန္ဓာကိုယ်အလှူရှင် အလုံအလောက် မရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အလှူရှင် ဆိုသည်ကလည်း အသက်သေဆုံးပြီး အချိန်အတော်ကြာမှဆေးရုံသို့ လာပို့သည့် အလောင်းမဟုတ်ရ။ မတော်တဆ အန္တရာယ်တွေ့ဆုံရပြီး အသက်သေဆုံးသူများနှင့် အကောင်းပကတိမှနလုံးသွေးကြော ပိတ်ပြီး ရုတ်တရက် အသက်သေဆုံးသူမျိုးကိုသာ ဆိုလို သည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် အသက်သေဆုံး လျက်ရှိသူ ၂ သန်းလောက်ရှိသည့်အနက် ခန္ဓာကိုယ် အစားထိုးရန် သင့်တော်သောအလောင်းက ၂၅,၀၀၀ ခန့်သာ ရှိသည်။ ယင်းတို့အားလုံးကလည်း အလောင်းကို လှူဒါန်းခဲ့ပါဦးမှ ဖြစ်မည်။ကပ္ပလီလူမျိုး များနှင့် အာရှတိုက် မှလူအများသည် မိမိတို့၏ ခန္ဓာ ကိုယ်ကို လှူဒါန်းဖို့ စိတ်မဝင်စားကြပါ။ ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ခန္ဓာကိုယ်အစားထိုးကုသမှုခံယူရန် ဆေးရုံဆေးခန်းများ အသင့်ရှိသော်လည်း အလောင်းမရသဖြင့် ခွဲစိတ်မှုခံယူရန် စောင့်နေရသောလူပေါင်းမှာ ၂၃,၀၀၀ ကျော်ရှိနေ၍ ကိုယ်အင်္ဂါအစားမရသဖြင့် အချိန်စောင့်ရင်းစောင့်ရင်း အသက်သေဆုံးနေရသူ ၂၀၀၀ လောက် ရှိနေသည်ဟု သိရပါသည်။

အထက်ပါ အခက်အခဲများကို ကျော်လွှားနိုင်ရန် ယခုဖော်ပြမည့် ပျက်ကျပြီးသန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးကုသနည်းပညာက နေရာယူလာတော့မည် ဖြစ်သည်။

## ပျက်ကျပြီးသောသန္ဓေသားမှ အသက်ရှည်ဆေးများ

အမျိုးသမီးတစ်ယောက် လင်သားနှင့်ကွဲသွားပြီးဖြစ်၍ ကျန်ရှိသောကိုယ်ဝန်ကို ဖျက်ချင်သည်၊ ဆေးရုံပေါ်တက် သွားသည်။ ဆရာဝန်က သံမဏိပြွန်လေစုပ်တံကလေးဖြင့် သားအိမ်အဝမှ လေစုပ်သလိုစုပ်ပေးသည်။ ၇ မိနစ်သာ ကြာသည်။ တစ်လခွဲအရွယ်ရှိ သန္ဓေသားမှာ အချင်းပါ ကျလာသည်။

ကျလာသောသန္ဓေသားကို သိပ္ပံပညာရှင်များကမျိုးရိုး လိုက်ပြီး ဒုက္ခပေးတတ်သောရောဂါဖြစ်စေမည့်ဗီဇပါနေခြင်း ရှိမရှိကို စစ်ဆေးကြသည်။ အေအိုင်ဒီအက်စ်ရောဂါပိုး ကင်းစင်ခြင်းရှိမရှိကို စစ်ဆေးကြသည်။ (၆) နာရီအတွင်း ရောဂါပိုးမွှားကင်းစင်ပါသည်ဆိုသည့် အဖြေကိုရသည်။ ဤတွင် သန္ဓေသားမှ ဦးနှောက်ကလာပ်စည်းအချို့ကို ဆေးထိုးပြွန်ဖြင့်စုပ်ယူပြီး ခြေလက်အငြိမ်မနေရအောင် တလှုပ်လှုပ်ဖြစ်နေသည့်အသက်၇၀ အရွယ်ပါကင်ဆိုနစ်ဆင် ရောဂါသည်၏ ဦးခေါင်းထဲကို ထိုးသွင်းပေးလိုက် သည်။ စုစုပေါင်း အချိန် ၇ နာရီအတွင်း လူအိုတစ်ယောက် ခံစားနေရသောဝေဒနာကို ကုသပေးလိုက်သည်။ ဤသို့ ကုသရာတွင် ထည့်သွင်းလိုက်သော ကလာပ်စည်းကို လက်ခံယူမည့်ဝေဒနာရှင်က ငြင်းပယ်ပထုတ်လိမ့်မည် မဟုတ်။ သန္ဓေသား၏ ကလာပ်စည်းများ၏ ကိုယ်ခံစွမ်းပကား တွေက မရင့်ကျက်သေးသောကြောင့်ဖြစ်၏။ ဤအချက်က အလွန်ထူးခြား၏။ ထို့ကြောင့်လည်း သိပ္ပံပညာရှင်များ သန္ဓေသားကလာပ်စည်းများဖြင့် အစားထိုးသုတေသန အပေါ် အရူးအမူးလိုက်နေကြခြင်း ဖြစ်ပါသည်။

ဤလိုခေတ်မျိုးကို ရောက်လာရန် အချိန်အတော်လေး နီးကပ်နေပြီ ဖြစ်ပါသည်။

## သုတေသန ဓာတ်လမ်းအစ

လွန်ခဲ့သော (၇) နှစ်ကာလက အမေရိကန်နိုင်ငံ ကိုလိုရာဒိုတက္ကသိုလ်မှ ဒေါက်တာဖရီးက ရုတ်တရက် သားလျှောကျဆင်းသွားသောသန္ဓေသားမှ ကလာပ်စည်း အချို့ကိုယူပြီး ခြေလက်တုန်ခါနေသည့် ပါကင်ဆိုနစ်ဆင် ရောဂါသည် တစ်ဦး၏ ဦးခေါင်းထဲသို့ ထည့်သွင်းကုသပေး ခဲ့ရာက ဤကုထုံးစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ အဆိုပါလူနာမှာ ကျန်းမာသန်စွမ်းနေဆဲဖြစ်သည်။ သူ၏ခြေလက်များ တုန်ခါနေသောဝေဒနာက များစွာ သက်သာနေပြီဟု သိရသည်။

အထက်ပါကုထုံးအတိုင်း အဆိုပါဆရာဝန်ကြီးက နောက်လူမမာခြောက်ဦးကို ကုသပေးခဲ့ရာ ရောဂါမှာ လုံးဝပျောက်ကင်းခြင်းအဆင့်ကို မရောက်ခဲ့သော်လည်း အားလုံးလိုလို ဝေဒနာများစွာသက်သာခဲ့ကြသည်ဟု သိရသည်။

ဤကုထုံးကို နမူနာယူပြီး ယေးလ်တက္ကသိုလ် ဆေး ကျောင်းမှ ဒေါက်တာယူဂျီးက အခြားလူအိုရောဂါသည် ၁၃ ဦးအပေါ် ကုသပေးပြန်ရာ ဝေဒနာရှင် လေးဦးမှာ များစွာသက်သာခဲ့သည်ဟု သိရပါသည်။

ဆွီဒင်နိုင်ငံမှ ပညာရှင်များအဖွဲ့ကလည်း လူသားတို့၏ ဦးနှောက်အပေါ် သန္ဓေသားမှကလာပ်စည်းများနှင့် တွဲဖက်မွေးမြူခဲ့ရာ လူသားတို့၏ ဦးနှောက်ကို ၅ နှစ် သို့မဟုတ် ၇ နှစ်အထိ ပြန်လည်နုပျိုသွားအောင် ထိန်းထား ပေးနိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။

## ကလေးအရွယ်တွင်ဖြစ်တတ်သော ဆီးချိုရောဂါ

ဆီးချိုရောဂါသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးက ကလေးအရွယ်တွင် စတင်ဖြစ်ပွားသော ကလေးအမျိုးအစား ဖြစ်ပြီး ဒုတိယအမျိုးက အသက်လေးဆယ်ကျော်မှ စတင် ဖြစ်ပွားသော လူကြီးအမျိုးအစားဖြစ်သည်။ ယင်းသို့ နှစ်မျိုးရှိသည့်အနက် သန္ဓေသား၏ ကလာပ်စည်းများကို

ကလေးဆီးချိုရောဂါသည်များ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းပေးနိုင်ပါက ရောဂါကိုထိန်းပေးနိုင်စွမ်းရှိလိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကော်လယ်တဒိုး တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ကလေးဆီးချိုရောဂါသည် ၁၆ ဦးအပေါ် ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ဝေဒနာရှင်အများစုမှာ အင်စူလင်နေ့စဉ် အထိုးခံရသည့်ဒုက္ခမှ ကင်းဝေးခြင်း မရှိကြသော်လည်း အင်စူလင်လိုအပ်မှုမှာများစွာ လျော့နည်းသွားသည်ဟုသိရပါသည်။ ဤကုထုံးကို အမေရိကန်ပြည်ထောင်စုမှ ဝေဒနာရှင် ၃၈ ဦး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ရောဂါသည်ပေါင်း ၆၀၀ အပေါ် ကုသပေးခဲ့ပြီးပြီဟု သိရသည်။

### ဟန်တင်တန်ရောဂါ (Huntington's disease)

အထက်ဖော်ပြပါ လူကြီးများတွင် ဖြစ်ပွားသော ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ဦးနှောက်၏တစ်စိတ်တစ်ဒေသကို ဖျက်ဆီးခံထားရသော ရောဂါဖြစ်သည်။ ခြေထောက် သို့မဟုတ် လက်တစ်ဖက် အငြိမ်မနေနိုင်ဘဲ တုန်ခါနေစေသည့် ရောဂါဖြစ်သည်။ ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါနေခြင်းမျိုးတော့ မဟုတ်ပါ။ ဤရောဂါအပါအဝင် Alzheimer's disease အယ်ဇိုင်းမားရောဂါ (လူအိုများတွင် သတိမေ့ပြီး ငယ်မူပြန်လာသောရောဂါ) စသည့်နာတာရှည်ရောဂါအများကို ကုသပေးနိုင်တော့မည်ဟု အထောက်အထားများအရ သိရပါသည်။

### ခါးရိုးကျိုးခြင်း

မော်တော်ယာဉ်တိုက်မှုကြောင့်သော်လည်းကောင်း၊ အမြင့်မှ လိမ့်ကျ၍သော်လည်းကောင်း၊ ခါးရိုးကျိုးပြီး အတွင်းမှအာရုံကြောများ ပျက်စီးနေသည့် ဝေဒနာရှင်များကိုလည်း ဤကုထုံးဖြင့် ကုသပေးနိုင်လိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကြွက်များကို ခါးရိုးချိုးပြီး ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ကြွက်အားလုံးမှာ ပြန်လည်ပြေးလွှားနိုင်ခဲ့သည်ဟု သိရပါသည်။

### ဟာလာရောဂါစု (Hurler's Syndrome)

တွေ့ကြုံရခဲသော မွေးရာပါအင်ဇိုင်း ချို့တဲ့သည့်ရောဂါဖြစ်သည်။ ဤရောဂါ မျိုးရိုးပါလာသောကလေးများတွင် ခန္ဓာကိုယ်အတွင်းအင်္ဂါများဖြစ်သည့် အသည်း၊ ကျောက်ကပ်၊ နှလုံးတို့မှာ အလွန်ကြီးထွားနေပြီး မျက်စိမမြင်ဖြစ်တတ်သည်။ ဤရောဂါမှာ အင်ဇိုင်းတစ်မျိုးချို့တဲ့နေခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။ ဤရောဂါကို ဆရာဝန်များ အသေးစိတ် လေ့လာထားရှိပြီး ဖြစ်သည်။ သို့သော်တွေ့ကြုံရခဲသော ရောဂါတစ်ခုဖြစ်သဖြင့် လူအများက စိတ်မဝင်စားခဲ့ကြချေ။ ၁၉၉၀ ပြည့်နှစ် မေလအတွင်းက အမေရိကန်နိုင်ငံမှ မစ္စတာကယ်ရီတို့၏ ကိုယ်ဝန်ဆောင်ထားဆဲကလေးတွင် ဤရောဂါပါလာသည်ကို ဆရာဝန်များ စမ်းသပ်တွေ့ရှိသည်။ သို့အတွက် ကလေးကိုဖျက်ချရန် စီစဉ်ကြသည်။ သို့သော် ကလေးမိဘများ ဖျက်ချရန် သဘောမတူကြချေ။ နောက်ဆုံး ယခုဖော်ပြပါ သန္ဓေသား၏ ကလာပ်စည်းများ ထိုးသွင်းပေးသည့်ကုထုံးဖြင့် ကုသပေးခဲ့ရာ မွေးလာသောကလေးမှာ ယခုအသက် သုံးနှစ်အရွယ်ရှိလာပြီး အင်ဇိုင်းချို့တဲ့ခြင်းလည်း မရှိတော့ချေ။

အထက်ဖော်ပြပါ ရောဂါများအပြင် အခြားမျိုးရိုးလိုက်ရောဂါများ ဖြစ်ကြသော သွေးမခဲသည့်ရောဂါအမျိုးမျိုး၊ သွေးထွက်လွယ်သည့်ရောဂါအမျိုးမျိုး၊ သွေးနီဥများ ကွဲလွယ်သည့်ရောဂါ စသည့်မျိုးရိုးလိုက်ပြီး ဖြစ်တတ်သည့် ရောဂါ (၁၅၅) မျိုးရှိသည့်အနက် ဤကုထုံး က အထက်ပါ ရောဂါအားလုံးကို ကုသပေးနိုင်မည်ဟု မျှော်မှန်း၍ ရပါသည်။

### အမျိုးသမီးများ သားသမီးမထွန်းကားသည့်ကိစ္စ

အချို့အမျိုးသမီးများတွင် မွေးရာပါ အိုဗာရီ Ovary သားဥတွဲ ပါမလာဘဲ မွေးဖွားလာတတ်သည်။ ဤအမျိုးသမီးများတွင် ဤတစ်သက်တာ၌ သားသမီးရလာစရာ ကိန်းလုံးဝမရှိပါ။ သန္ဓေသားတွင် ပါရှိသောအိုဗာရီ Ovary သားဥတွဲ၌ သားဥပေါင်း (၁၀၀၀၀) ခန့် ထုတ်လုပ်နိုင်သည့် စွမ်းပကားပါရှိသည်။ ဤသန္ဓေသားကို ထိုးသွင်းပေးနိုင်ပါက ကလေးရနိုင်မည်ဟု မှန်းဆရပါသည်။

အကယ်၍သာ အမေရိကန်သမ္မတကြီး ရီဂင်လက်ထက်က ကလေးဖျက်ချခြင်းအပေါ် မတားမြစ်ခဲ့ပါက ဤသုတေသနလုပ်ငန်းမှာ များစွာတိုးတက်နေပြီ ဖြစ်ပါလိမ့်မည်။ ဤသုတေသနလုပ်ငန်းကို အမေရိကန်ပြည်ထောင်စု တစ်ခုထဲမှာပင် ဌာနပေါင်း ၆၀ ၌ ကြွက်၊ ယုန်၊ ပူး စသည် တို့ဖြင့် စမ်းသပ်လျက်ရှိကြသည်ဟု သိရသည်။ ကလေးမဖျက်ချရေး အမြင်ရှိသောလူများဘက်ကသာ တစ်ထစ် လျှော့ပေးမည်ဆိုပါက ဤဆေးကုထုံးဖြင့် အမျိုးသမီးများ သားသမီးထွန်းကားရအောင် အကူအညီပေးသည်မှာ သေချာနေပါသည်။

### AIDS ရောဂါ

ကြွက်၏ ခန္ဓာကိုယ်အတွင်းရှိ သိုင်းမက်စ်ဂလင်းနှင့် အသည်း၊ လင့်အကျိတ်များ ထုတ်ပယ်လိုက်ပါက ကြွက်များသည် AIDS ရောဂါရှင်များနှင့်မခြား ကိုယ်ခံစွမ်းပကား

ကျဆင်းသွားလေ့ရှိပါသည်။ ဤသို့သောကြွက်မျိုးကို သန္ဓေသားမှရသောကလာပ်စည်းဖြင့် အစားထိုးကုသပေးနိုင်သည်ကိုလည်း တွေ့ရှိထားကြပါသည်။ ထို့ကြောင့် ဤကုထုံးက AIDS ရောဂါသည်များအတွက်လည်း မျှော်လင့်စရာ ရှိပါသည်။

**လေဖြတ်ခံထားရသော ဝေဒနာရှင်များ**

လေဖြတ်ခံထားရသောဝေဒနာရှင်များ၏ ဦးနှောက်တွင်းမှ အာရုံကြောနှင့်သက်ဆိုင်သည့် ကလာပ်စည်းများသည် တစ်ကြိမ်ဖျက်ဆီးခြင်း ခံထားရပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်စွမ်းမရှိကြချေ။ ထို့ကြောင့် တစ်ကြိမ်လေဖြတ်ပြီးပါက ဝေဒနာရှင်မှာ ရောဂါကို ရာသက်ပန်ခံစားကြရသည်။ ယခု ဤကုထုံးအရဆိုလျှင် လေဖြတ်ဝေဒနာရှင်များအတွက်လည်း အကျိုးပြုမှာသေချာသည်။

**လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲအချို့**

သိပ္ပံပညာက တစ်ရှိန်ထိုးတိုးတက်နေသည်မှာ မှန်ပါ၏။ သို့သော် သိပ္ပံပညာရှင်ဟူသည် တစ်ဖက်စွန်းရောက်သော ပုဂ္ဂိုလ်များဖြစ်နေတတ်သည်။ သူတို့၏ သုတေသနလုပ်ငန်းများသည် အထိန်းအကွပ်ရှိဖို့လိုသည်။ အထိန်းအကွပ်ရှိသည့် တိုးတက်ပြီးနိုင်ငံများမှာပင်–

* ၁၉၈၃ ခုနှစ်က ဖင်လန်နိုင်ငံနှင့် အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များကပျက်ကျပြီး သန္ဓေသားများ၏ ဦးခေါင်းကိုဖြတ်ထားပြီး အချိန်အတော် ကြာအောင် မသေမရှင်ထားရှိသည့်ကိစ္စ။
* အမေရိကန်အမျိုးသားကျန်းမာရေးဌာနၵ္ခဲ့ ဖျက်ချလိုက်သော သန္ဓေသားကို ပြင်ပဌာရက်ပေါင်း အတော်လေးကြာအောင် မွေးမြူထားသည့်ကိစ္စများရှိခဲ့သည်။

ဤသတင်းကို အများပြည်သူထံ ပေါက်ကြားသွားသောအခါ သန္ဓေသားသည်လည်း သက်ရှိလူသားတစ်ယောက်ဖြစ်သည်။ ဤကဲ့သို့ သန္ဓေသားကို တိရစ္ဆာန်တစ်ကောင်နှင့်မခြား မိမိသဘောရှိ မိမိလိုဘတစ်ခုတည်းအတွက် သုတေသနပြုရန်မသင့်ဟု ကန့်ကွက်သူတွေ အများအပြား ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့်လည်း သန္ဓေသားနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို အမေရိကန်သမ္မတ ရီဂင်လက်ထက်က အထောက်အပံ့ ရပ်ဆိုင်းပစ်ခဲ့သည်။ လက်ရှိသမ္မတ ကလင်တန်လက်ထက်ကျမှ သုတေသန ထောက်ပံ့ကြေးကို ပြန်ပေးသည်၊ အားပေးလာခဲ့သည်။

သုတေသနလုပ်ငန်းများအပေါ် တင်းကျပ်သော လူ့ကျင့်ဝတ်ဆိုင်ရာ ကော်မတီများ ( Ethical Committee) များကထိန်းချုပ် ထားပြီး လုပ်ဆောင်သင့်သည့်ကိစ္စများကို ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်၍ ဤဘက်ကဆေးပညာသည်အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာမှာ သေချာနေပေသည်။


**ရှေ့အလားအလာ**

ဤကုထုံး၏ အဓိကရင်ဆိုင်နေရသောပြဿနာကား ဖျက်ချ၍ရသော သန္ဓေသားကိုလတ်လတ်ဆတ်ဆတ် အသုံးပြုခွင့်ရရန်လိုအပ်နေခြင်းဖြစ်သည်။ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းသော ကလေးကိုဖျက်ချရန် ကိစ္စမျိုးကို နိုင်ငံအများစုက ခွင့်မပြုနိုင်ကြချေ။ ဤကိစ္စ အပေါ် ကျော်လွှားနိုင်ရန်အဓိကပြဿနာဖြစ်နေပါသည်။

သို့သော်စိတ်အားငယ်စရာမလိုပါ။ Eaxol အက်ဆောအမည်ရှိဆေးသည် သားအိမ်ကင်ဆာရောဂါအတွက် အလွန်ကောင်းသောဆေးတစ်လက်ဖြစ်၏။ ဤဆေးကို ဤကမ္ဘာပေါ်၌ ပျောက်ကွယ်လုလုဖြစ်နေ သော ( Pasific Yew Tree) ခေါ် အပင်မှ ထုတ်လုပ်ရရှိသည်။ ယင်းအပင်များကို ပြန်လည်စိုက်ပျိုးနိုင်ရန်ကိစ္စမှာ မလွယ်ကူသဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရချိန် အဆိုပါဆေးကို ဓာတ်ခွဲခန်းမှ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အထက်ပါကုထုံးကို လူသားတို့၏ သန္ဓေမှရရှိသော ကလာပ်စည်းများအစား အခြားတိရစ္ဆာန်များမှရသော သန္ဓေသားဖြင့်အစားမထိုးနိုင်ဟု မည်သူမှမပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေ မကြာတော့သောအချိန်တွင် တစ်ဖက်က ဖျက်ချခံထားရသောသန္ဓေသားများက အခြားတစ်ဖက် မှ မသန်မစွမ်းဘဝကို ရောက်နေသောလူအိုလူနာများကို အကူအညီပေးနိုင်တော့မည်မှာ သေချာနေပေသည်။

ဆရာဝန် တင်ရွှေ

**ပြင်သစ် သမ္မတနိုင်ငံ**။ ။ ၁၉၉၅ ခုနှစ်၊ မေလ ၇ ရက်နေ့၌ ကျင်းပသော ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ပဲရစ်မြို့တော်ဝန် ဂျက်ရှီရက် သည် ပြည်သူများ၏ ထောက်ခံမဲ ၁၅၇၆၃၀၂၇ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၅၂ ဒသမ ၆၄ ရာခိုင်နှုန်း ရရှိကာ ပြင်သစ်နိုင်ငံသမ္မတသစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိ ခဲ့သည်။ ရှီရက်နှင့် ယှဉ်ပြိုင်အရွေးခံသူ ဆိုရှယ်လစ်ပါတီ မှ လီယိုနဲဂျိုးစပင်သည် မဲ



ပြင်သစ် သမ္မတဂျက်ရှီရက်

အရေအတွက် ၁၄၁၈၀၆၄၄ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၅၇ ဒသမ ၃၆ သာရရှိခဲ့သော ကြောင့် အရေးနိမ့်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် လက်ရှိ သမ္မတ ဖရန်ဆွာမီထရောင်း၏ ဆိုရှယ်လစ်ပါတီအုပ်ချုပ်မှု သက်တမ်း ၁၄ နှစ်ကို ရှီရက်အနိုင်ရရှိခြင်းဖြင့် အဆုံးသတ် လိုက်သည်။

အသက် ၆၂ နှစ်ရှိပြီဖြစ်သော သမ္မတသစ်ရှီရက်သည် ပြင်သစ်နိုင်ငံ အခြေခံဥပဒေအရ သမ္မတသက်တမ်း ခုနစ်နှစ် ထမ်းဆောင်ရမည်ဖြစ်ရာ သက္ကရာဇ် ၂၀၀၀ ကို ကျော်လွန်ပြီး ၂၁ ရာစုနှစ်ဦးအထိ သမ္မတတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ဂျက်ရှီရက်သည် သမ္မတ မီးထရောင်း လက်ထက်ကကဲ့သို့ သမ္မတက ဆိုရှယ်လစ်၊ အစိုးရအဖွဲ့က ကွန်ဆာဗေးတစ်၊ ပါလီမန်က ကွန်ဆာဗေးတစ်များ လွှမ်းမိုးသော ပါလီမန်အခြေအနေမျိုးဖြင့် သမ္မတတာဝန် ထမ်းဆောင်ရတော့မည်မဟုတ်ဘဲ ကွန်ဆာဗေးတစ်သမ္မတ၊ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့၊ ကွန်ဆာဗေးတစ်လွှမ်းမိုးသော ပါလီမန်အနေအထားဖြင့် ထမ်းဆောင်ရမည့်သမ္မတဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ပိုမိုရရှိမည့် အင်အားကြီးမားသော သမ္မတသစ်တစ်ဦး ဖြစ်မည်ဟု ဆိုကြသည်။

ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ဂေါလစ်ပါတီ R.P.R ခေါင်းဆောင် ဂျက်ရှီရက်သည် ပြင်သစ်နိုင်ငံ၏ သမ္မတသစ်အဖြစ် မေလ ၁၃ ရက်နေ့၌ တရားဝင် ကြေညာခဲ့ပြီး အနားယူသွားသော သမ္မတမီးထရောင်းထံမှ သမ္မတရာထူးကို မေလ ၁၇ ရက်နေ့ ဗုဒ္ဓဟူးနေ့၌ ပြောင်းလွှဲလက်ခံသည်။ သမ္မတရာထူးကို ပြောင်းလွှဲလက်ခံယူသော အဆိုပါနေ့မှာပင် သမ္မတသစ်ဂျက်ရှီရက်က လက်ရှိနိုင်ငံခြားရေးဝန်ကြီး Alain Juppe ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ဝန်ကြီးချုပ် Juppe က ၎င်း၏ အစိုးရအဖွဲ့သစ် အမည်စာရင်းကို ကြေညာခဲ့သည်။ အစိုးရအဖွဲ့၏ အဓိကဝန်ကြီးနေရာများကို ပြင်သစ်ဒီမိုကရေစီ ယူနီယံပါတီ Union for French Democracy (U.D.F) မှ ပုဂ္ဂိုလ်များအား ခန့်အပ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးနေရာ ၂၇ နေရာရှိသည်။ အဖွဲ့ဝင် ၄၇ ဦး ပါရှိသော ဝန်ကြီးများကောင်စီ ( Council of Ministers)တွင် ဝန်ကြီးချုပ် Juppe အပါအဝင် ၁၀ ဦးသည် ယခင်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်ရှိ ဝန်ကြီးနှင့် ဝန်ကြီးအဆင့်နှင့် ညီမျှသော ရာထူးနေရာများတွင် အမျိုးသမီး ၁၂ ဦးကို ခန့်ထားလိုက်သည်။

မေလ ၂၃ ရက်နေ့၌ အစိုးရအဖွဲ့သစ်က ၎င်း၏ ဝါဒသဘောထားကို အောက်လွှတ်တော်တွင်ထုတ်ပြန် ကြေညာသည်။ အလုပ်လက်မဲ့ပပျောက်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့ရေး၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ပြောင်းလဲရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝါဒသဘောထား ထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ စီးပွားရေးဆိုင်ရာ ရေလုပ်ငန်းစဉ်များကိုထုတ်ပြန်ရာတွင် စီးပွားရေး လုပ်ငန်းကုမ္ပဏီများကို အမတော်ငွေများ နှစ်နှစ်တာချေးမည့်အပြင် နှစ်နှစ်အခွန်အခ လွတ်ငြိမ်းခွင့် ပေးသွားမည်။ ကုမ္ပဏီများကအလုပ်အကိုင်သစ်များ ဖန်တီး၍ အလုပ်လက်မဲ့များကို တစ်နှစ်ကျော်ကာလအထိ အလုပ်ခန့်ထားသွားစေမည်။ ဇူလိုင် ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလုပ်ခများကို တိုးပေးမည်။ နှစ်စဉ်လူနေ အိမ်ခန်းပေါင်း ၁၀,၀၀၀ မှ ၃၀,၀၀၀ ထိတည်ဆောက် သွားမည်။ ပုဂ္ဂလိကပိုင် ပြုရေးအစီအစဉ်ကို ရှေ့ဆက် အကောင်အထည်ဖော်သွားမည်ဟူသော စီးပွားရေးဆိုင်ရာ ရေလုပ်ငန်းစဉ်များ ပါဝင် သည်။

## ပြည်တွင်းရေး

သမ္မတဂျက်ရှီရက်က မေလ ၂၀ ရက်နေ့၌ ကျင်းပသည့် ပထမဆုံးအကြိမ်ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးများ၏ခရီးသွားလာမှု အထူးအခွင့်အရေးများကို

လှော့ချလိုက်ကြောင်း ပြောကြားသည်။ ထို့ပြင် ၎င်းလိုက်ပါသော သမ္မတ မော်တော်ယာဉ်တန်းသည်လည်း လမ်းတွင် မီးနီ ပြထားသည်နှင့်ကြုံပါက ရပ်စောင့်မည် ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရအဖွဲ့ဝန်ကြီးများသည် မဟုတ်တာလုပ်ပါက ရာထူးမှနုတ်ထွက်ရမည်ဟု ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင်သမ္မတဂျက်ရှိရက်ကအမိန့်ထုတ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်ဆွာဘာရိုရင်းက ပြောသည်။

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင်မြို့တော်စည်ပင်ပိုင်မက်မောဖွယ်ရာတိုက်ခန်းများကိုသာမန်လူအများစုကရရှိရေးအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရသည့် အခြေအနေ၌ နိုင်ငံရေးအာဏာရှိသူ များနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ အရာရှိကြီးများက ဈေးနှုန်းသက်သက်သာသာနှင့် ရယူငှားရမ်းနေထိုင်ခွင့်ရနေကြသည်။

ပြင်သစ်နိုင်ငံတွင်ငွေကြေးမတတ်နိုင်သူ သာမန်လူများက ပဲရစ်မြို့တော် မြို့တော်စည်ပင်ပိုင် တိုက်ခန်းများတွင် ငှားရမ်းနေခွင့်ရရှိရေးအတွက် နှစ်ကာလကြာမြင့်စွာစောင့်ဆိုင်းနေရချိန်၌အခွင့်အာဏာရှိသူများနှင့် ရင်းနှီးကျွမ်းဝင်သောအရာရှိကြီးများ၊ နိုင်ငံရေးသမားကြီးများသည် စည်ပင်သာယာပိုင်ကောင်းမွန်သော တိုက်ခန်းများကို ငှားရမ်းရယူနေထိုင်ခွင့်ရရှိနေကြသည့် ထိုသို့သောအခြေအနေတွင် ဝန်ကြီးချုပ် Alain Juppe၊ ၎င်း၏သားနှင့်သမီး၊ ၎င်း၏ယခင်မိန်းမနှင့် ၎င်း၏ညီ ဝမ်းကွဲတို့သည် ပြည်သူ့အခွန်ငွေဖြင့် ကောင်းမွန်စွာ မွမ်းမံ ပြင်ဆင်ထားသောစည်ပင်သာယာပိုင်အခန်းများကို အမှန်တကယ်ပေးရမည့်အိမ်လခအောက်လျှော့၍ပေးကာ ငှားရမ်းနေထိုင်ခွင့်ရရှိနေကြကြောင်း Daily Le Figaro သတင်းစာက ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ဖော်ထုတ်ရေးသားခဲ့သည်။ဝန်ကြီးချုပ် Juppe က အထောက်အထားစာရွက် စာတမ်းများကို ရုပ်မြင်သံကြားမှတစ်ဆင့်ဖော်ပြလျက် အဆိုပါ စွပ်စွဲရေးသားချက်ကို ဇူလိုင်လ ၆ ရက်နေ့၌ ငြင်းပယ်ခဲ့သည်။ ထို့ပြင် ၎င်းက အခန်းခြောက်ခန်းပါ ၎င်း၏တိုက်ခန်းသည် ၎င်း ငှားရမ်းနေထိုင်ချိန်၌ တိုက်ခန်းခ ယခင် ထက် သုံးဆမြင့်တက်သွားကြောင်း ပြောကြားသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည်ဟု သင်္ကာမကင်းသော အယ်ဂျီးရီးယား စစ်သွေးကြွ ၆၇ ဦးကို ပဲရစ်မြို့တွင် ဖမ်းဆီး၍ စစ်ဆေးမေးမြန်းရန် ရုံးတင် လိုက်သည်။ ၎င်းတို့သည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ်အိုင်တီ) ကို သော်လည်းကောင်း ၊ အယ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စု (ဂျီအိုင်အေ) ကို သော် လည်းကောင်း ထောက်ခံပြီး အကြမ်းဖက်လုပ်ရပ်များကို ပြင်သစ်မြေပေါ်တွင် လုပ်ဆောင်နေကြသူများဖြစ်ဖွယ်ရှိကြောင်း တရားရုံးအရာရှိများက ပြောကြားသည်။ ပြင်သစ် အစိုးရသည် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ကြသော အယ်ဂျီးရီးယားလူမျိုးများအနက် အယ်ဂျီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြောက်ကျားအုပ်စုများနှင့် အဆက်အသွယ်ရှိပုံရသည့် အယ်ဂျီးရီးယားများကို လွန်ခဲ့နှစ် နှစ်မှစ၍ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ရုံးတင်စစ်ဆေးရန် တရားရုံးသို့ ဖမ်းဆီး ပို့ဆောင်ခဲ့သော အဆိုပါ အယ်ဂျီးရီးယား အစွန်းရောက်သမား ၆၇ ဦးအနက် ၅၂ ဦးသည် အလ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စုနှင့် ပတ်သက်ဖွယ်ရှိ၍ ကျန် ၁၅ ဦးသည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ် အိုင်တီ) နှင့် ပတ်သက်ဖွယ်ရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

## စစ်ရေး

ပြင်သစ်နိုင်ငံသည် ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ဒုံးကျည်တင် ကင်းလှည့်ရေယာဉ် ရှစ်စင်းကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကူဝိတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ယင်းမှာ ပင်လယ်ကွေ့စစ်ပွဲ ပြီးသည့်နောက်ပိုင်း အကြီးမား ဆုံး လက်နက်ရောင်းဝယ်ခြင်းဖြစ်သည်။ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖရန်ဇွာလက်တာက မိမိနှင့် ကူဝိတ် ကာကွယ်ရေးဝန်ကြီး ရှိတ်အာမက်မွတ် အယ်ဆာဘာတို့ လက်မှတ်ထိုးသည့် စာချုပ်အရ ပြင်သစ်က ဒေါ်လာ ၅၄ သန်းခန့်တန် စစ်ဘက်ရေဒါ တစ်ခုကိုလည်း ကူဝိတ်သို့ ပေးရမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုသည်။

၁၉၉၁ ခုနှစ်က ကူဝိတ်နိုင်ငံအား အီရတ်က ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ် သွားစေသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များတွင် ပြင်သစ်ပါဝင်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြန်ပြောင်းသတိရ ပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ စစ်ပွဲအပြီး၌ အမေရိကန်၊ ဗြိတိန်တို့နှင့် ကာကွယ်ရေးစာချုပ်များ ချုပ်ဆိုသကဲ့သို့ ၁၉၉၂ ခုနှစ်၌ ပြင်သစ်နိုင်ငံနှင့်လည်း စာချုပ် ချုပ်ဆိုခဲ့သည်။

ပြင်သစ် ချူကလီးယားရေငုပ်သင်္ဘောတစ်စင်းက ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အသစ်ထုတ်လုပ်ခဲ့သော ချူကလီးယားထိပ်ဖူးတပ် အမ် ၄၅ အဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ ပြင်သစ်ရေငုပ်သင်္ဘောများတွင် အဆိုပါ အမ် ၄၅ ဒုံးကျည်ကို ယခင်တပ်ဆင်ထားသည့် အမ် ၄ ဒုံးကျည်အစား ပြောင်းလဲတပ်ဆင်ခြင်းဖြစ်သည်။ ချူကလီးယားထိပ်ဖူးတပ် အမ် ၄၅ ဒုံးကျည်သစ်ကို မိုင် ၂၅၀၀ အထိ ပစ်လွှတ်နိုင်သည်ဟု ဆိုသည်။

သမ္မတ ဂျက်ရှီရက်က ပြင်သစ်နိုင်ငံသည် ၎င်း၏ ချူကလီးယား ဖောက်ခွဲစမ်းသပ်မှုကို စက်တင်ဘာလအတွင်း တောင်ပစိဖိတ်သမုဒ္ဒရာထဲတွင် ပြန်လည်ပြုလုပ်မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ ပြောကြားသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ပြင်သစ်နိုင်ငံ၏ သတ်မှတ်ထားသော ချူကလီးယား စမ်းသပ်မှု အစီအစဉ်ကို ပြီးဆုံးသည်အထိ ပြုလုပ်ခြင်းမျှသာဖြစ်ပြီး ၁၉၉၆ ခုနှစ်ကျရောက်သောအခါ ချူကလီးယားစမ်းသပ်မှု မပြုရေးပိတ်ပင်ထားချက်ကို လက်မှတ်ထိုး လိုက်နာမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ယင်းသို့ ချူကလီးယားစမ်းသပ်ဖောက်ခွဲမှု ပြန်လည်စတင်မည့် အစီအစဉ်ကို ပြင်သစ်ပြည်သူ ၁၀၀၀၀ ခန့်က ပဲရစ်မြို့တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ပြင်သစ် ပြည်သူလူထုသည် Bastille မှ ပဲရစ်မြို့တော် အရှေ့ဘက်အစွန်းရှိ Place de la Nation အထိ ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

## ပြည်ပဆက်ဆံရေး

ဩစတေးလျ အစိုးရက ပြင်သစ်နိုင်ငံ၏ ချူကလီးယား ပြန်လည်စမ်းသပ်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ပဲရစ်မြို့ရှိ ၎င်း၏သံအမတ် အလ်လန်ဘရောင်းကို ဇွန်လ ၂၃ ရက်နေ့၌ ဩစတေးလျနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မူရူရိုအာကျွန်း ရေအောက်တွင် ပြင်သစ်က ချူကလီးယား စမ်းသပ်မည့်ကိစ္စကို စွန့်လွှတ်ရန် ပြင်သစ်သမ္မတသစ် ဂျက်ရှီရက်အား တောင်းဆိုနေမှုများ ကြီးထွားလာချိန်၌ ယင်းကဲ့သို့ ဩစတေးလျနိုင်ငံက ၎င်း၏သံအမတ်ကို ပြင်သစ်နိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ပြင်သစ်သမ္မတသစ် ရှီရက်အား ၎င်း၏ ချူကလီးယား စမ်းသပ်မှု ပြန်လည်ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ကြောင့် ဥရောပယူနီယံအဖွဲ့ဝင် ခုနစ်နိုင်ငံမှ ခေါင်းဆောင်များက ဇွန်လ ၂၅ ရက်နေ့၌ ပြစ်တင်ရှုတ်ချခဲ့သည်။

ပြင်သစ်သမ္မတသစ် ဂျက်ရှီရက်သည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မော်ရိုကိုနိုင်ငံသို့ ဇူလိုင်လ ၁၉ ရက်နေ့၌ တရားဝင်အလည်အပတ်သွားရောက်ခဲ့သည်။

## စီးပွားရေး

ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွား ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့က ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် ၁၉၉၅ ခုနှစ်၊ မတ်လတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ ချူကလီးယား ပြန်လည် စမ်းသပ်မည့် အစီအစဉ်ကို ပြည်တွင်းပြည်ပ ကန့်ကွက်ဆန္ဒပြမှု ဂယက် ကြောင့် ပြင်သစ်ကုန်ပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အရောင်း ကျဆင်းသွားခဲ့သည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**။ ။ဗီယက်နမ်နိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ ဦးဆောင်မှုအခန်းကဏ္ဍနှင့်အခြားမတ်စ်၏ ဝါဒ လမ်းညွှန်မှုများကိုလည်း ဦးစားပေးလုပ်ရှားသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၀ ရက်နေ့က ဟနွိုင်မြို့၌ စတင်ဖွင့်လှစ်သော ဗီယက်နမ်ပါလီမန်အစည်းအဝေးတွင် ဗီယက်နမ်ခေါင်းဆောင်တို့က ကတိကဝတ်ထပ်မံပြုလုပ်ကြသည်။ လွန်ခဲ့သည့် ရှစ်နှစ် အတွင်း နိုင်ငံခေတ်မီတိုးတက်ရေးအား ထုတ်မှုများကို ပါလီမန်သို့တင်သွင်းသော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ထို့ပြင် အာဏာရ ကွန်မြူနစ်ပါတီက အရင်းရှင်ပုံစံ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ ကိုတင်ပြထား သော်လည်း ရှုပုံစံအတိုင်း ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ အဖြစ် အားလုံးအသွင်ပြောင်းရေးကိုမူ လက်မခံဘဲငြင်းဆန်ထားသည်။ ပါလီမန် အစည်းအဝေး ဖွင့်ပွဲတွင် ဝန်ကြီးချုပ်ဗိုဗန်ကိယက်က စီးပွားရေး အခန်းကဏ္ဍကို အဓိကထားသော နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြား တင်ပြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပြန်လည်ပြုပြင်မွမ်းမံမှု" အစီအစဉ်ကို တွန်းအားပေးရန်လိုအပ်သည်။ "ပြန်လည်ပြုပြင်မွမ်းမံမှု" ဟူသော ဗီယက်နမ်၏အသုံးအနှုန်းမှာ ၁၉၈၆ ခုနှစ်တွင်စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆိုလိုသည်။ ဗီယက်နမ်နိုင်ငံသည်နိုင်ငံ ပိုင်အခန်း ကဏ္ဍ၏ ပင်မ ရေစီးကြောင်းမရှိပါက ၁၉၉၄ ခုနှစ်တွင်မှန်းဆထားသည့် စီးပွားရေးတိုးတက်မှုနှုန်း(၈) ဒသမ (၅) ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ၄၀ ရာခိုင်နှုန်းကျော်ရှိသော နိုင်ငံပိုင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လိုသည်။ ယင်းကုမ္ပဏီများ အနက် သုံးပုံတစ်ပုံမှာ ငွေကြေးအရ နစ်နာ အရှုံးပြလျက်ရှိသည် စသည်ဖြင့် ပါလီမန်ကိုယ်စားလှယ် ၄၀၀ ကျော်အား ဗိုဗန်ကိယက်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အဂတိလိုက်စားမှုနှင့် မှောင်ခိုရောင်းဝယ်မှုတို့မှာ ဓလေ့ထုံးစံတစ်ရပ်သဖွယ် တည်ရှိနေကြောင်း အမျိုးသားလွှတ်တော်သို့ တင်သွင်းသော အစိုးရအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ၁၉၉၄ ခုနှစ် ပထမ ရှစ်လအတွင်း အဂတိလိုက်စားမှုနှင့် မှောင်ခိုမှု ၉၅၉ မှု ဖြစ်ပွားခဲ့သဖြင့် ဒေါင်ငွေ ၄၂၉ ဘီလီယံ (ဒေါ်လာ ၃၉ သန်း) နိုင်ငံတော်ကဆုံးရှုံးနစ်နာခဲ့ရသည်။ ယင်းအမှုများအတွက် အစိုးရက တာဝန်ရှိသူ ၁,၆၀၀ ကျော်ကို စီမံခန့်ခွဲမှုနည်းလမ်းအရ အပြစ်ပေးမှုပြုလုပ်ခဲ့ရသည့်ပြင် အဂတိလိုက်စားမှုဖြင့် လူ ၄၃၀ ကို တရားစွဲဆိုခဲ့ရသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သော လူသိရှင်ကြားအဂတိလိုက်စားမှုတစ်ခုတွင် ဝန်ကြီးချုပ် ဗိုဗန်ကိယက်က ဘာရိယာဗန်တူပြည်နယ်ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရာထူးမှ ဖယ်ရှားခဲ့ရသည်။

ဗီယက်နမ်နိုင်ငံသည် လပေါင်းအတော်ကြာ မျှော်လင့်စောင့်စားခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ပထမဆုံးကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် တရားဝင် လျှောက်ထားလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်က အဖွဲ့ဝင်အဖြစ်လျှောက်လွှာကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုခီးယားသို့ အောက်တိုဘာလဆန်းပိုင်းက နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဖွင့်လှစ်စဉ်ပေးအပ်ခဲ့သည်။ မင်းသားဘိုခီးယားသည် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည်။ အာဆီယံအဖွဲ့ဝင်ဖြစ်လာရန် ဗီယက်နမ်က အဓိက စိတ်ဝင်စားခြင်းမှာ အလျင်အမြန်ဖွံ့ဖြိုးလာသော အာဆီယံ စီးပွားရေးများနှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု ဆက်ဆံခြင်းဖြင့် အားပေးရန်ဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဗိုဗန်ကိယက်သည် တိုင်ဝမ်ကုမ္ပဏီတစ်ခု၏ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားဖြင့် ဟိုချီမင်းမြို့တွင် မြို့သစ်ကြီးတစ်မြို့ထူထောင်ရေးစီမံကိန်းကို အတည်ပြုပေးခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ တိုင်ဝမ်အာဏာရ အမျိုးသားရေးပါတီက တစ်စိတ်တစ်ဒေသပိုင်ဆိုင်သော တိုင်ဝမ်ဗဟိုကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီသည် ဒေသခံအာဏာပိုင်အဖွဲ့ ဟိုချီမင်းမြို့ပြည်သူ့ကော်မတီနှင့် ပူးပေါင်းတည်ဆောက်သည့် ဆိုင်ဂုံတောင်ပိုင်းစီမံကိန်းတွင် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။ ယင်းစီမံကိန်းသည် ကုန်ကျစရိတ်ဒေါ်လာသန်း ၆၀၀ ကျော်ပြီး ရာစုနှစ်အတွင်း ဟိုချီမင်းမြို့အတွက် ဗဟိုအချက်အခြာဖြစ်လာမည်ဟု မျှော်လင့်ရသည်။ ယင်းမြို့သစ်၌ လူဦးရေသုံးသိန်းခန့် နေထိုင်ကြမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်း ထုတ်လုပ်ရေးနယ်မြေ တစ်ခုလည်း ပါဝင်သည်။ လူနေရပ်ကွက်ကြီး၊ စီးပွားရေး နယ်မြေများနှင့် ကြယ်ငါးပွင့်ဟိုတယ်ကြီးတစ်ခုလည်း ပါဝင်သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သောနှစ် ၅၀ မြောက် ပြပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြသခဲ့သည်။ ပြင်သစ် ကိုလိုနီနယ်ချဲ့တပ်ဖွဲ့များကို တွန်းလှန်မောင်းထုတ်ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်ခြင်းဟူသော ပြောက်ကျားစစ်ပွဲကြီး နှစ်ရပ်အတွင်း ရန်သူတပ်ဖွဲ့များအား သိမ့်သိမ့်တုန်စေခဲ့သည့် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုအဖြစ် ဗီယက်နမ်ပြည်သူ့တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ဗီယက်နမ်ပြည်သူ့တပ်မတော်သည် ယခုအခါ တပ်ဖွဲ့ဝင်အင်အား ၅၀၀,၀၀၀ ရှိမည်ဟု လန်ဒန်မြို့ရှိ နိုင်ငံတကာမဟာ ဗျူဟာ လေ့လာရေးသိပ္ပံက ခန့်မှန်းသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွက်လာခဲ့ရာ ဗီယက်နမ်စစ်တပ်သည် အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့သည်။ ၄င်းအပြင် ကုမ္ပဏီ ၃၀၀ ကျော်နှင့် ဘဏ်တိုက်တစ်တိုက်ကိုလည်း စစ်တပ်က ပိုင်ဆိုင်ခဲ့သည်။ စစ်တပ်၏ ပြည်ပပို့ကုန်ပမာဏမှာ ဒေါ်လာသန်း ၁၀၀ ဖိုးရှိသည့်အပြင် ဆက်သွယ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး

လုပ်ငန်းနှင့် အိမ်ရာခြံမြေဆိုင်ရာ လုပ်ငန်းများတွင်လည်း စစ်တပ်က ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဟန္နိုင်းမြို့ရှိစစ်တပ်ဟိုတယ်သည်ယခုအခါ အနောက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ကြိုက်တွေ့သော ဟိုတယ်ဖြစ်နေသည်။

အာဏာရ ကွန်မြူနစ်ပါတီဝင်မဟုတ်သော ပညာတတ် စွမ်းရည်ထက်မြက်သော ပုဂ္ဂိုလ်များအား စုစည်းသိမ်းသွင်းကာ အစိုးရ ရာထူးများ၌ ခန့်အပ်သင့်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က တိုက်တွန်းခဲ့သည်။ ငြိမ်းချမ်းရေးအစီအစဉ်အရ ယခုနှစ်တွင် အစိုးရရုံးများ အသစ်တည်ဆောက်ခြင်း၊ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်း၊ ရုံးအဆောက်အအုံ အတွင်း အလှအပ ပြင်ဆင်ခြင်းများ ပိတ်ပင်သောကြေညာချက်ကို အစိုးရက ထုတ်ပြန် ကြေညာထားသည်။ မိမိတို့သည် ပညာတတ် လူငယ်များကို ရဲရဲဝံ့ဝံ့ စုစည်းသိမ်းသွင်းသင့်ကြောင်း၊ ပါတီဝင်များကိုသာ ထိပ်တန်းရာထူးများ၌ ခန့်အပ်ခြင်းသည် မလိုလားအပ်ကြောင်း ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြား သည်ဟု ဆိုင်ဂုံ နယူးရီးဒါးသတင်းစာ၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက် နေ့တွင် ဖော်ပြခဲ့သည်။ ဗီယက်နမ်တွင် ထိပ်တန်းအာဏာပိုင် အဖွဲ့အစည်းများရှိ ရာထူးအားလုံးကို ကွန်မြူနစ်ပါတီဝင်များ ကိုသာ ခန့်ထားသော အစဉ်အလာရှိခဲ့သည်။ သို့ရာတွင် စီးပွားရေး ခေတ်မီမှု အစီအစဉ် အကောင်ထည်ဖော်ရာ၌ ငယ်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှု စိတ်ဓာတ် ပိုမိုရှိသောလူငယ် များကို ကီယက်က လိုလား လျက်ရှိသည်။

ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်လိုက်ကြသည်။ နှစ်နိုင်ငံအစိုးရ အထက်တန်းအရာရှိများသည် ဗီယက်နမ်စစ်အတွင်းက သိမ်းပိုက်ခဲ့ကြသော သံတမန်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ ပစ္စည်းများကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းချက်ဆိုင်ရာ သဘောတူညီချက်များကို ဟန္နိုင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ပထမဦးဆုံး သံတမန်ဆက်ဆံရေး ထူထောင်မှုအဖြစ် ဟန္နိုင်းမြို့နှင့် ဝါရှင်တန်မြို့တော်များတွင် နှစ်နိုင်ငံဆက်သွယ်ရေးရုံးများ ကို တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနား ပြုလုပ်ခြင်းမရှိဘဲ စတင်ဖွင့်လှစ်ခဲ့ကြသည်။ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံသံရုံးများကဲ့သို့ လုပ်ငန်းများဆောင်ရွက်ကြမည့် ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်ရန် ၁၉၉၄ ခုနှစ်က သဘောတူခဲ့ကြသည်။ သို့ရာတွင် သံတမန် အဆင့် ဆက်ဆံရေးထူထောင်မှု မပြုမချင်း သံရုံးများကိုမူ အပြည့်အဝဖွင့်လှစ်နိုင်ကြဦးမည် မဟုတ်ပေ။ အမေရိကန်အရာရှိများကမူ ယခုဖွင့်လှစ်လိုက်သော ဆက်သွယ်ရေးရုံး၏ လုပ်ငန်းများကို ဗီယက်နမ် နစ်သစ်ကူးပွဲတော် အားလပ်ရက်ကုန်လွန်ပြီးနောက် ဟန္နိုင်းမြို့ရှိ အထပ်ကိုးထပ်ပါရှိသော ခေတ်မီရုံးအဆောက်အအုံ၌ လုပ်ငန်းစတင်ရန် မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ဆက်သွယ်ရေးရုံးကို ဝါရှင်တန်မြို့တော်၌ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ ရုံးဖွင့်လှစ်နိုင်ခြင်းသည် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ အရေးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ နီးပါးအတွင်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေမည့် အရေးပါသော ခြေလှမ်းအဖြစ် ရှုမြင်ကြသည်။ အမေရိကန်ကလည်း ၎င်း၏ ဆက်သွယ်ရေးရုံးကို ဟန္နိုင်းမြို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ၎င်း၏ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ဗီယက်နမ်အား ဝင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း တရားဝင် ဗီယက်နမ်သတင်းဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဂျကာတာမြို့တွင် ကျင်းပသော အာဆီယံ အမြဲတမ်းကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အာဆီယံအဖွဲ့တွင် ယခုအခါပါဝင်နေသောအဖွဲ့များမှာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံ တို့ဖြစ် ကြသည်။ ဗီယက်နမ်သည် ယခုလောလောဆယ် တွင် လောနိုင်ငံနှင့် အတူ အာဆီယံ၏ လေ့လာသူအဆင့် ရရှိ ထားသည်။

ဂျပန်အစိုးရသည် ဗီယက်နမ်နိုင်ငံသို့ ယန်းငွေ ၅၀ ဘီလီယံ (ဒေါ်လာ ၆၈၂ သန်း) ချေးရန် ဧပြီလ ၁၈ ရက်နေ့က သဘောတူညီခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထောက်ခံသည့်အနေဖြင့် ယန်းငွေ သုံးဘီလီယံ (ဒေါ်လာ ၃၅ သန်း) ထပ်ဆောင်း ချေးရန်ကိုလည်း ဝန်ကြီးချုပ် အိုမိချိမူရာယာမာက ကတိပြုခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒိုမွိုင်နှင့် တွေ့ဆုံရာတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အလေးထားကြောင်း မူရာယာမာက ထုတ်ဖော်ပြောဆိုသည်။ ဒိုမွိုင်သည်တောင်ကိုရီးယားနိုင်ငံသို့ ရက်သတ္တ တစ်ပတ် ကြာ

သွားရောက်လည်ပတ်ခဲ့ပြီးနောက် ငါးရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် ဧပြီလ ၁၇ ရက်နေ့က တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဒိုမွိုင်သည် ဂျပန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသော ပထမဆုံးကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးပြီးနောက် ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့် လည်ပတ်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ် နောက်ပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး လာခဲ့သည်။ အစိုးရသည် မကြာမီနှစ်များအတွင်းက အဂတိ လိုက်စားမှုနှင့် ကြိုးနီစနစ်များကို ပယ်ဖျက်ခဲ့ပြီး စီမံခန့်ခွဲမှု လုပ်ငန်းများကို စည်းကမ်းတင်းကျပ်ခဲ့သည်။ အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ သွင်းကုန် ပို့ကုန်လုပ်ငန်း၊ ပြည်ဝင်ခွင့် ဗီဇာလုပ်ငန်း၊ မြို့ပြစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အကောင်အထည် ဖော်ရာတွင် နှောင့်နှေးကြန့်ကြာစေသော အဆင့်ဆင့်တင်ပြ ရသည့်စနစ် ဖျက်သိမ်းသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံး လုပ်နည်း ပြောင်းလဲမှုတွင် အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ၁၉၉၅ ခုနှစ် ပထမနှစ်ဝက်၌ စီးပွားရေးတိုးတက်မှု အလားအလာကောင်းမွန်ကြောင်း၊ သို့ရာတွင် ဘတ်ဂျက်လိုငွေပြမှု လျော့နည်းစေရေးအတွက် ဒုတိယနှစ်ဝက်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရဝန်ကြီး ဌာနများအနေဖြင့် တင်းတင်းကျပ်ကျပ် ကိုင်တွယ် ဆောင်ရွက်သင့်ကြောင်း ဗီယက်နမ်အစိုးရက ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ဖော်ကြေညာသည်။ ဘတ်ဂျက်ဝင်ငွေ ရရှိမှုသည် ၁၉၉၄ ခုနှစ် ပထမနှစ်ဝက်ကထက် ၂၇ ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း သတ်မှတ်ပမာဏအောက် လျော့နည်းနေသေးသည်ဟုဆိုသည်။ ယခုနှစ် ပထမ နှစ်ဝက်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ၁၉၉၅ ခုနှစ် ကုန်တွင် လစဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် သုညဒသမ ၅ ရာခိုင်နှုန်း ရှိစေရန် ရည်ရွယ်ထားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်သည် ဗီယက်နမ် စစ်ပွဲအပြီး လွန်ခဲ့သော အနှစ် ၂၀ အတွင်း ဗီယက်နမ်မှ ထွက်ပြေးသွားခဲ့သူ ဗီယက်နမ်လူမျိုး နှစ်သန်းခန့်အား ဇူလိုင် လ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခဲ့သည်။ နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားမှထုတ်လွှင့်သော မိန့်ခွန်းတွင် ကီယက်က အမျိုးသား ပြန်လည်သင့်မြတ်ပေါင်းစည်းရန် သင့်ပြီဟု တိုက်တွန်းလိုက်ပြီး ပင်လယ်ရပ်ခြား ဗီယက်နမ် လူမျိုးများအနေဖြင့် ဗီယက်နမ်နှင့် ပြည်ပရောက် ဗီယက်နမ်များအကြား နှစ်ပေါင်းအတန်ကြာ တည်ရှိနေ သော သဘောထား ကွဲလွဲမှုများကို ကုစားရေးအတွက် အကူအညီပေးကြ ရန် ပန်ကြားခဲ့သည်။ နှစ်ပေါင်း အတန် ကြာ ရန်လိုမှုကို ခဝါချအဆုံးသတ်ကာ ဗီယက်နမ်နှင့်သံ တမန်ပြန်လည် ဆက်ဆံရန် အမေရိကန်သမ္မတ ကလင်တန် ၏ ဆုံးဖြတ်ချက်ကို ဝါရှင်တန်တွင် ထုတ်ပြန်ကြေညာ ပြီးနောက် နာရီပိုင်း အကြာတွင် ကီယက်၏မိန့်ခွန်း ထွက်ပေါ်လာခဲ့သည်။ ကလင်တန်၏ ဆုံးဖြတ်ချက်သည် ဗီယက်နမ်စစ်ပွဲအတိတ် ဖြစ်ရပ်များကို ပြည်ဖုံးကားချကာ ဗီယက်နမ်နှင့်ရင်းရင်းနှီးနှီးပုံမှန်ဆက်ဆံလိုသော အမေရိကန်အလွှာစုံ ပြည်သူတို့၏ သဘောထားနှင့် လိုက် လျော ညီထွေရှိသော အရေးပါ သည့် ဆုံးဖြတ်ချက်အဖြစ် ကီယက်က ကြိုဆိုလိုက်သည်။ ၁၉၇၅ ခုနှစ်၊ ဧပြီလအတွင်း ဗီယက်နမ်စစ်ပွဲ ပြီးဆုံးကာနီးတွင် ဗီယက်နမ်လူမျိုး နှစ်သန်းခန့် ဗီယက်နမ်မှ ထွက်ပြေးခဲ့ ကြရာ ၁၉၈၀ ပြည့်လွန် နှောင်းပိုင်းတွင် ပိုမိုများပြားလာခဲ့ သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံအား အာဆီယံ အဖွဲ့၏ ပထမဦးဆုံးသော ကွန်မြူနစ်အဖွဲ့ဝင် နိုင်ငံအဖြစ် ကြိုဆိုလက်ခံခဲ့သည်။ ဗီယက်နမ်နိုင်ငံအား အာဆီယံ၏ သတ္တမမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆို သည့် သာမန် အခမ်းအနားတွင် အာဆီယံနှစ်ပတ်လည် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဘရူနိုင်းနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး မိုဟာမက်ဘိုစီးယားက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ယင်းအခမ်း အနားတွင် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင် မန်ကမ် က အာဆီယံအဖွဲ့သို့ ဗီယက်နမ်နိုင်ငံ တရားဝင် ဝင်ရောက် သည့် အထိမ်းအမှတ် အဖြစ် အာဆီယံကြေညာစာတမ်းကို လက်မှတ်ရေးထိုးနေ စဉ် အခြားအာဆီယံအဖွဲ့ဝင် ခြောက် နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက စောင့်ကြည့် နေကြသည်။ ဗီယက်နမ်သည် အာဆီယံအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ အခြေခံမှု များနှင့် စည်းမျဉ်းများအားလုံးကို အပြည့်အဝလိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိလာပြီဖြစ်သည်ဟု နိုင်ငံခြားရေး ဝန်ကြီး ကမ်က ပြောကြားသည်။ ဗီယက်နမ်အား အာဆီယံ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အင်ဒို

နီးရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ တို့မှ နိုင်ငံခြားရေးဝန်ကြီးများက မိန့်ခွန်းပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအား ချီးကျူးစကား ပြောကြားကြသည်။

ဗီယက်နမ်နိုင်ငံတွင် ကောက်ပဲသီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၌ စပါးစိုက်လယ်ယာမြေဧရိယာ တိုးချဲ့ရန် ဝန်ကြီးချုပ် ဗိုဗန်ကိယက် ညွှန်ကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံ၏ ကိုယ်ပိုင်ဆန်ဖူလုံမှုအနေအထား လက်လွတ်ဆုံးရှုံးသွားဖွယ်ရှိသော အရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် တိုးပွားများပြားလာနေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်ကြရာတွင် ဆန်စပါးထုတ်လုပ်နေသော လယ်ယာမြေများကို စက်ရုံအလုပ်ရုံနေရာများအဖြစ်သို့ ပြောင်းလဲပစ်နေကြသည်။ သို့ရာတွင် ဝန်ကြီးချုပ် ဗိုဗန်ကိယက်အပါအဝင် ဗီယက်နမ် ခေါင်းဆောင်များက ကမ္ဘာတွင် ပြည်ပဆန်တင်ပို့မှု၌ ဒုတိယအများဆုံး တင်ပို့နေသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းကြောင့် မိမိနိုင်ငံစားသုံးမှု ဖူလုံရေးအတွက် လိုအပ်သောဆန်စပါးကို ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်သောစွမ်းရည် ဆုံးရှုံးသွားမည့်အရေးကို စိုးရိမ်မကင်းဖြစ်လျက် ရှိကြသည်။

ဝန်ကြီးချုပ် ကိယက်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသသို့ ရောက်ရှိစဉ် ဒေသဆိုင်ရာ အာဏာပိုင်များအား မဲခေါင်ဒေသရှိ စပါးစိုက်ပျိုးသည့် လယ်ယာမြေဧက ၁၀ ဒသမ ၆ သန်း လျော့ကျမသွားရေးအတွက် ထိန်းသိမ်းရန်နှင့် လာမည့် ၁၅ နှစ်၌ ပြည်တွင်းစားသုံးရန် ဆန်ဖူလုံရေး အထွက်တိုးအောင် စိုက်ပျိုးကြရေးကို ညွှန်ကြားခဲ့ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု စာစောင်က ဖော်ပြသည်။

ဝန်ကြီးချုပ်၏ လမ်းညွှန်လျာထားချက်ကို ဖြည့်ဆည်းနိုင် ရေးအတွက် လယ်ယာဦးကြီးများသည် ဗီယက်နမ်၏ လူဦးရေ တိုးနှုန်းဖြစ်သော တစ်နှစ် နှစ်ရာခိုင်နှုန်း တိုးပွားမှုနှင့် အညီ စပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အထွက်တိုးလာအောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ပြင် ဝန်ကြီးချုပ် ကိယက်က မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူဦးကြီးများ အနေဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်သမားများအား ဘဏ်များက အတိုးနှုန်းချိုသာသော ချေးငွေများပိုမိုထုတ်ချေးကြပါရန် တိုက်တွန်းလိုက်သည်။ လယ်ယာမြေဧရာများခနင့် စိုက်ပျိုးရေးအတွက် သုံးစွဲရသော ရေဖိုးရေခများကိုလည်း လျှော့ချကောက်ခံကြရန် ဒေသဆိုင်ရာ အစိုးရအရာရှိများကို ကိယက် က ညွှန်ကြားခဲ့သည်။

## စီးပွားရေး

ဗီယက်နမ်နိုင်ငံတွင် ပုဂ္ဂလိကပိုင် လူထုဆက်သွယ်ရေးယန္တရား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အစိုးရရည်မှန်းချက် အောင်မြင်စေရန် အကူအညီပေးကြစေလိုသည်ဟု ဟိုချီမင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က လူထုဆက်သွယ်ရေးခေါင်းဆောင်များအား ဝန်ကြီးချုပ် ဗိုဗန်ကိယက်က ပြောကြားခဲ့သည်။ လူထုဆက်သွယ်ရေးယန္တရားများ၌ နိုင်ငံခြားကုန်စည်များနှင့် ပတ်သက်၍ အလွန်အကျွံကြော်ငြာနေခြင်းထက် မိမိတို့၏ကုန်ပစ္စည်းများ ပိုမိုယှဉ်ပြိုင်နိုင်စေရေးအတွက် ပြည်တွင်းကုန်ပစ္စည်းများကို ပိုမိုအားရုံစိုက်ကြရန် ဗိုဗန်ကိယက်က တိုက်တွန်းလိုက်သည်။ ဗီယက်နမ်နိုင်ငံတွင် သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနများက ပြည်တွင်းကုမ္ပဏီများထက် နိုင်ငံခြားကုမ္ပဏီများအတွက် ကြော်ငြာခနှုန်း ပိုမိုယူကာ နေရာဆိုပေးနေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့ရေး၊ ကြိုးနီစနစ်လျော့ချရေးနှင့် စတော့ရှယ်ယာ ဈေးကွက်တစ်ခု တည်ထောင်နိုင်ရေးအတွက် စည်းမျဉ်း မူဘောင်တို့ ချမှတ်သွားရေး စသည်တို့ကို ဗီယက်နမ်အစိုးရက ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဟိုတေးက ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။ ယခုရာစုနှစ်ကုန်ထက် နောက်မကျဘဲ တစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၄၀၀ ကို နှစ်ဆတိုးမြှင့်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်သွားနိုင်ရေးနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု အစိုးရက မျှော်လင့်ထားကြောင်း ဆေးရုံဂီအိဖွန် သတင်းစာအား ဟိုတေးက ပြောကြားခဲ့သည်။

ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံပါမည်ဟု ၁၉၉၄ ခုနှစ်အတွင်း ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ပမာဏသည် ၁၉၉၃ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်း ၄,၀၄၀ အထိရှိကြောင်း ဗီယက်နမ်စီးပွားရေးသတင်းစာက ဇန်နဝါရီလ ၁၂ ရက်နေ့က ဖော်ပြရေးသားခဲ့သည်။ ၁၉၉၃ ခုနှစ်က ဗီယက်နမ်တွင် ရင်းနှီး

မြှုပ်နှံမည်ဟု ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီး မြှုပ်နှံငွေ ပမာဏသည် ဒေါ်လာသန်း ၂,၆၉၀ ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကတိပြုခဲ့သောပမာဏကိုပါ ထည့်သွင်းပါက ၁၉၈၈ ခုနှစ်မှ စ၍ ၁၉၉၄ ခုနှစ်ကုန်အထိ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံငွေ ပမာဏစုစုပေါင်းသည် ဒေါ်လာသန်း ၁၁,၀၀၀ ကျော်သွားပြီ ဖြစ်သည်။ ဟောင်ကောင် ၊ စင်ကာပူနှင့် ထိုင်ဝမ်တို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြရာ ၁၉၉၅ ခုနှစ်ဆန်းပိုင်းအထိ အတည်ပြုပြီး ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံအနက် ၄၀ ရာခိုင်နှုန်းရှိ ကြောင်း ဗီယက်နမ်အစိုးရက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှာ ဗီယက်နမ်နိုင်ငံ၌ ၁၃ နိုင်ငံမြောက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ် လာခဲ့သည်။ လိုင်စင်များ ရုပ်သိမ်းခံရသော ဒေါ်လာသန်း ၈၄၀ ဖိုးရှိ စီမံကိန်းများ မပါဝင်သည့် အဆိုပါစာရင်းများအရ အသားတင်ရင်းနှီး မြှုပ်နှံမှု ပမာဏသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလကထက် ၁ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းခဲ့သော ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စတင် လမ်းဖွင့် ပေးခဲ့သည်။ ဗီယက်နမ်၌ ထိုင်ဝမ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ် နှံမှု စီမံကိန်းများမှာ ဒေါ်လာသန်း ၂,၀၀၀ ဖိုး အထိရှိသည်။ ဟောင်ကောင်က ဒေါ်လာသန်း ၁,၈၀၀ နှင့် စင်ကာပူက ဒေါ်လာသန်း ၁,၀၀၀ ဖိုးအသီးသီး ရင်းနှီးမြှုပ်နှံလျက် ရှိသည်။ အမေရိကန်ကုမ္ပဏီများကလည်း ဒေါ်လာသန်း ၂၇၀ ဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ဗီယက်နမ်တွင် ကြိုးနီစနစ် နှင့် စီမံကိန်းလိုင်စင်ခွင့်ပြုချက်ရရှိရေးတွင် နှောင့်နှေးကြန့်ကြာနေရခြင်းတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပျက်နေကြသည်။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် ထေရဝါဒ ဆရာတော်သံဃာတော်များအနက်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရန် သင့်လျော်သော ဆရာတော် သံဃာတော်များကို အဆင့်ဆင့်ရွေးချယ်စိစစ်ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ထုတ်ပြန်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ–

| | |
|---|---|
| (၁) အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂ ပါး |
| (၂) အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၁ ပါး |
| (၃) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂၁ ပါး |
| (၄) သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၃၁ ပါး |
| (၅) ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၂ ပါး |
| (၆) ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၂ ပါး |
| (၇) စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၅၆ ပါး |
| (၈) စာချဘွဲ့တံဆိပ်တော်ရ သီလရှင် | ၅ ပါး |
| (၉) သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် | ၁ ပါး |
| (၁၀)သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၁)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၂)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး | ၂ ဦး |

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် (၁၃၉) ဦး ဖြစ်သည်။

သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သား သံဃာပရိသတ် လေးပါးတို့အား အရာဌာနအားလျော်စွာ သင့်လျော်ရာ ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှောက်တော် မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ထိုချီးမြှောက်မှု အစဉ်အလာကို ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်များက အမွေဆက်ခံခဲ့ကြပြီး ရာဇဓိရာဇဂုရု စသော ဘွဲ့တံဆိပ်တော်များ ချီးမြှင့်လှူဒါန်းခဲ့ကြသဖြင့် ယခုတိုင်အောင် ထိုကောင်းမြတ်သော အစဉ်အလာမှာ တည်တံ့ခိုင်မြဲနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင်

၁၉၉၁ ခုနှစ်မှစ၍ ရှေးအစဉ်အလာက ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်များအပြင် သာသနာပြုဘွဲ့၊ စာချဘွဲ့၊ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာနုဂ္ဂဟဘွဲ့ စသည့် ဘွဲ့တံဆိပ်တော်အသစ်များကို တိုးချဲ့တီထွင် ပြဋ္ဌာန်း၍ အမျိုးဘာသာ သာသနာဂုဏ်ရောင် ထွန်းပြောင်တောက်ပစေရန်အတွက် ဆက်ကပ်လှူဒါန်းလာခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းရာ၌ ဆရာတော်အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ပြည့်စုံသည့်ဂုဏ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအမြတ်ထား၍ ဆောင်ရွက်ခြင်း၊ သာသနာ့ဟိတဝရဂုဏ်၊ မယဉ်ကျေးသေးသူများ လိမ္မာယဉ်ကျေးလာအောင်၊ ယဉ်ကျေးပြီးသူများ ပို၍လိမ္မာယဉ်ကျေးပြီး လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ခံစားနိုင်အောင် အဆုံးအမဩဝါဒပေးချီးမြှောက်ခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာတော်အား စွမ်းအားရှိသမျှ အဘက်ဘက်မှ ကျေးဇူးပြုခြင်း၊ သာသနာ့ဗဟုပကာရဂုဏ်၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမများ၏ ဗုဒ္ဓမြတ်စွာသာသနာတော်အပေါ်၌ စေတနာသုံးတန် ထက်သန်စွာ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်းခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို ကြည်ညိုသဒ္ဓါပွားလျက် ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခြင်း ဖြစ်သည်။

ထိုထို ကျေးဇူးဂုဏ်များသည် ဗုဒ္ဓသာသနာတော်ကို အမှီပြု၍ ရရှိသည့် အကျိုးတရားများဖြစ်၍ လောကလူသားအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်သောကြောင့် လောကဟိတဝရဂုဏ်များလည်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်များသည် လောကသံသရာ နှစ်ဖြာသောအကျိုးကို ပွားတိုးစေနိုင်ပြီး ချမ်းသာသုခအဝဝကို ရရှိခံစားစေနိုင်သောကြောင့် အရှင်မြတ်တို့အား လှူဒါန်းပူဇော်ကြသော နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့မှာလည်း လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကောင်းကျိုးမင်္ဂလာအဖြာဖြာကို အမှန်ပင် ရရှိကြလိမ့်မည်ဟု ယုံကြည်လျက် ၁၉၉၅ ခုနှစ်၊ ဘွဲ့တံဆိပ်တော်အသီးသီး ဆက်ကပ်လှူဒါန်း ခံကြရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတချို့၏ ထေရုပ္ပတ္တိများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

### ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ဝိဇယ

(သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ)

#### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဝိဇယကို ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျုံတကင်းကျေးရွာတွင် ခမည်းတော် ဦးဘိုးလေး၊ မယ်တော် ဒေါ်ညိုမတို့က သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီအချိန်၌ မီးရှူးသန့်စင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာ ဖြစ်သည်။

#### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အနီး ရင်းတိုက်လေးပင်ကျောင်း ပထမဆရာတော် ဦးဇာဂရမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ဘွဲ့တော်မှာ "ရှင်ဝိဇယ" ဖြစ်သည်။

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄) ရက်၊ ကြာသပတေးနေ့၌ ရင်းတိုက်လေးပင်ကျောင်း ခဏ္ဍသိမ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥက္ကံမြို့၊ ရွှေဘိုကျောင်း ဆရာတော် ဦးခေမိန္ဒမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

#### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ကိုးနှစ်သားအရွယ်မှစ၍ ဇကာကြီးနယ်၊ ပြေင်းချောင်းရွာ၊ မဲဇလီကျောင်း ဆရာတော် အရှင်ဝါသဝမထေရ်ထံတွင် သုငယ်တန်းနှင့် သုဝဏ္ဏသာမဇာတ်တော်ကုန်အောင် (ကျောင်းသားဘဝက) သင်ယူခဲ့သည်။

၁၃ နှစ်သားအရွယ်၌ ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဇါယမထံ၌ ပိဋကအခြေပြု သဒ္ဒါ၊ သင်္ဂဟ၊ ဝိနယ စသည်တို့ကို သင်ယူခဲ့သည်။

၁၆နှစ်သားအရွယ်မှစ၍ အရှင်ဝိစိတ္တာဘိဝံသ (သကျသီဟ ဓမ္မာစရိယ) ထံ၌ သဒ္ဒါကြီး၊ နျာသကျမ်း၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဂန္ထာဘရဏ စသည်တို့ကို သင်ယူခဲ့သည်။

ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ အဘိဓမ္မာညဝါများနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာများကို သင်ယူခဲ့ပြန်သည်။

ဆရာတော် လောင်းလျာသည် ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့၊ ညောင်ကန်တိုက်၊ တိုက်အုပ်ဆရာတော် ဦးဣန္ဒ၊ ရွှေရေးဆောင်ဆရာတော် ဦးကြည် (ဦးအာဒိစ္စရံသီ)၊ ဘုရားကြီးတိုက်ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိမလတို့ထံ၌ ကင်္ခါအဋ္ဌကထာ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဋ္ဌသာလိနီနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးခဲ့သည်။

ထို့နောက် ဆရာတော် လောင်းလျာသည် မန္တလေးမြို့မှ မိုးဦးတောင်ရွာ(ယခု မအူတောင်ရွာ) စာသင်တိုက်ရှိ ဆရာတော်ဦးနာရဒထံ၌ နိကာယ်ငါးရပ်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် သက္ကတကျမ်းများကို သင်ယူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရဟန်းငါးဝါရသောအခါ မန္တလေးမြို့မှ နေရပ်ဖြစ်သော ရင်းတိုက်လေးပင်ကျောင်းသို့ ပြန်ကြွလာ၍ ကျေးဇူးရှင်ဆရာတော်က စာပို့ချရန် တာဝန်ပေးသဖြင့် ထိုတာဝန်ကိုယူပြီး ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

ခုနစ်ဝါရပြီးသောအခါ ဘုရားကြီးတိုက် ဆရာတော်ကြီးနှင့် ကျေးဇူးရှင်ဘုန်းတော်ကြီး ဦးဝါယမတို့၏ စေခိုင်းတိုက်တွန်းချက်ကို ခံယူလျက် ၁၂၈၆ ခုနှစ်မှ စတင်ကာ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၌ စာသင်တိုက်ဖွင့်လှစ်၍ စာသင်သား သံဃာတော်များကို အုပ်ချုပ်တော်မူ၍ ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်၊ တိုက်ကြီးမြို့နယ်၊ ရွှေကျင်ဂိုဏ်းကြီး၏ နာယက၊ ဝိနယာဓိက ပရိယတ္တိစာပြန်ပွဲကြီး၏ နာယက၊ လောကမှန်ကူကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ လောကမာရ်အောင်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ ရွှေတောင် ဆံတော်ရှင် ပါဒ စေတီတော်ကြီး ဂေါပကအဖွဲ့တို့၏ နာယက သြဝါဒါစရိယ ဖြစ်တော်မူသည်။

ဝါတွင်းဝါပ ဥပုသ်နေ့များ၌ တရားဟောကြားခြင်း၊ ရောက်ရှိလာသော ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေးတိုက်ကျွေးခြင်းစသော သာသနာ့တာဝန်များကို မေတ္တာရှေ့ထားပြီး အမြဲဆောင်ရွက်တော်မူသည်။

တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းမြို့၊ ဝေဠုဝန်စာသင်တိုက်တို့ကိုတည်ထောင်၍ ပရိယတ္တိ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူလျက် ရှိပေသည်။

ထို့ပြင် သာသနာတော်၌ ထင်ရှားသော ဥက္ကံမြို့၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု)၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းတိုက်၊ ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ သြစတြေးလျနိုင်ငံ၊ ဒေါက်တာ ဘဒ္ဒန္တ ဇာဂရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊ ဟင်္သာတမြို့၊ ရတနာဗိမာန်ကျောင်းတိုက်၊ ဘဒ္ဒန္တ လာဘသာမိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇလွန်မြို့နယ်၊ ငါးအိမ်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ (ဓမ္မာစရိယ) စသော ရဟန်း တပည့်ကြီးများကို ပေါ်ထွန်းစေခဲ့သည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာ့အကျိုး လောကအကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေကာ၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၏ အဓိပတိဖြစ်သော ဆရာတော် ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဘိဝံသ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

### မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်

### ညောင်ရမ်း ပါဠိတက္ကသိုလ် ဝါတန်းစာချကျောင်း

## ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ

(သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသကို မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာတွင် ခမည်းတော် ဦးဘိုးထွန်း၊ မယ်တော် ဒေါ်ဒေါ်ကောက်တို့က သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ညဉ့် (၁) နာရီ အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၈ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်၊တပို့တွဲလဆန်း ၈ ရက်နေ့၌ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်း၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်က "ရှင်ဉာဏ" ဟု ဘွဲ့ အမည်တော် ချီးမြှင့် ပေးအပ် တော်မူ ခဲ့ရာ ယနေ့တိုင် ထိုအမည်ဖြင့် ထင်ရှားတော်မူလျက်ရှိသည်။

သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီအချိန်တွင် ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်း စာသင်တိုက်၊ ခဏ္ဍသိမ်တော်၌ မင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် ဖြူးမြို့၊ လမ်းကောက်ရပ်၊ သိမ်ကျောင်း အမကြီး ဒေါ်ဗုံကို အမျှူးပြု၍ ဗန္ဓုလဆေးလိပ်ခုံ ပိုင်ရှင်များ ဖြစ်ကြသော သား ဦးအုံး၊ သမီး ဒေါ်ဖွားရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာ၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇ၊ ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုသလ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တ ရေဝတ (အဘိဝံသ မဟာရဋ္ဌဂုရု )၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဝံသမဟာရဋ္ဌဂုရု )။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးကြယ် (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) စသော ပိဋကတ် အကျော်အမော် ဆရာတော်များထံ၌ တပည့်ခံကာ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ နေ့ဝါ ညဝါ ကျမ်းစာအမျိုးမျိုး တို့ကို ၁၅ နှစ်သားရှင်သာမဏေဘဝမှစ၍ ရဟန်းဘဝ ၁၅ ဝါ ရသည်အထိ ကောင်းစွာ သင်ကြားဆည်းပူးတော် မူခဲ့သည်။

### စာမေးပွဲများ အောင်မြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စာပေပရိယတ္တိများ သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအသီးသီး ရရှိတော်မူခဲ့သည်။ အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမငယ်၊ လတ်၊ ကြီးတန်းများကိုလည်းကောင်း၊ အစိုးရပထမပြန်စာမေးပွဲ၌ ပထမငယ် ၊ လတ်၊ ကြီး တန်း များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲကို ဓမ္မာစရိယကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးငါးကျမ်းဖြင့် လည်းကောင်း၊ ရန်ကုန်စေတိယင်္ဂဏစာမေးပွဲတွင် စာသင်တန်းနှင့် ဂဏဝါစက ဓမ္မာစရိယဘွဲ့ရ စာချတန်း ကိုလည်းကောင်း၊ မန္တလေး ပရိယတ္တိ (သကျသီဟ) စာမေးပွဲတွင် စာသင်တန်းနှင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ရ စာချတန်းကိုလည်းကောင်း၊ အောင်မြင် တော် မူရုံမျှမက တိပိဋကဓရစာမေးပွဲတွင် ဝိသိဋ္ဌဒီဃ ဘာဏကဘွဲ့ ဒီဃနိကာယ်သုတ်သုံးကျမ်း အာဂုံဂုဏ်ထူး ၊ ဒီဃနိကာယကောဝိဒဘွဲ့ ဒီဃနိကာယ်သုတ် သုံးကျမ်း သဘောရေးဖြေတို့ကိုအောင်မြင်တော်မူသောကြောင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော် အောင် လက်မှတ်နှင့် အရိုးဝါ ကန္တက်ဒက် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူ ရရှိတော်မူသည်။ ထို့ပြင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရက လှူဒါန်းသော လစဉ်ဆွမ်းဆန်တော်နဝကမ္မ ဝတ္ထုငွေနှင့် ကုန်း၊ ရေ အခမဲ့ အထက်တန်း ခရီးသွား လက်မှတ်များကိုပါ ခံယူရရှိတော်မူသည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ပိဋကတ်ကျမ်းစာများကို ပါရဂူ ရောက် တတ်မြောက်လိမ္မာအောင်သင်ယူ၍ စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ပြီးနောက် မန္တလေးမြို့တွင် စာသင်သံဃာ ၅၀၀ ကျော်ရှိသော မိုးကောင်း ကျောင်းတိုက် ကြီး၌ ပဓာနစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ညောင်ရမ်း ပါဠိတက္ကသိုလ်၏ ကထိကစာချအဖြစ်လည်းကောင်း၊ ၁၀၀ မှ ၃၀၀ ကျော်မျှသော စာလိုက်သံဃာတော်တို့အား ပါဠိတော်အဋ္ဌကထာဋီကာ နေ့ဝါညဝါကျမ်းအမျိုးမျိုးတို့ကို နှစ်ပေါင်း ၃၀ ကျော် အမြဲမပြတ် ပို့ချသင်ကြားပေးတော် မူခဲ့သည်။

ဆရာတော်ပို့ချသင်ကြားပေးသော စာဝါများကို အမှီပြု၍ ငယ်၊ လတ်၊ ကြီး စာမေးပွဲနှင့် ဓမ္မာစရိယတန်း စာမေးပွဲ အောင်မြင်ခဲ့သူတို့မှာ ရာပေါင်းများစွာရှိခဲ့သည်။ မြန်မာနိုင်ငံတော်အတွင်း အမြို့မြို့အနယ်နယ်ရှိ စာသင်တိုက် များ၌ စာချနေကြသော စာချဆရာတော်များ၊ တရား ဟောနေကြသော ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာန်း တရားပြနေကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သည် အများအားဖြင့် ဆရာတော်ထံ စာလိုက်ခဲ့ဖူးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

## စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် တပည့်သံဃာတော်များအား စာပေ ပို့ချပေးတော်မူရင်း သာသနာတော်အတွက် ကျေးဇူးများ သော ဖော်ပြလတ္တံ့ပါ စာပေကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။ ဓမ္မာစရိယလမ်းညွှန်ကျမ်း (နှစ်ကြိမ် ပုံနှိပ်ပြီး)၊ ဝိနည်းဓိုရ် လမ်းညွှန်ကျမ်း (ပုံနှိပ်ပြီး)၊ သမထ ဝိပဿနာ လမ်းညွှန်ကျမ်း(ကော်ပီမူ)၊ ယဉ်ကျေးမှု လမ်းညွှန်ကျမ်း(ပုံနှိပ်ပြီး) တို့မှာ ဆရာတော် ရေးသားပြုစု သော ကျမ်းများဖြစ်သည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဖော်ပြပါကျောင်း၊ ကျောင်းတိုက် များ၏ ဦးစီးပဓာန နာယကအဖြစ် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင် လျက်ရှိသည်–

(၁) ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ပရိ ယတ္တိ စာသင်ကျောင်းတိုက်

(၂) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျောင်း

(၃) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ညောင်ပင်လှတိုက်ကျောင်း

(၄) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု၊ ကန်ညီနောင် တောရကျောင်း

(၅) မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဝါးတန်း စာချကျောင်း

ဆရာတော်သည် စာပေကျမ်းဂန်များကိုပို့ချ သင်ကြား ရေးသားပြုစုတော်မူရင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အကျိုးသက်ရောက် စေနိုင်သော သာသနာရေးတာဝန်မှန်သမျှကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီး၌ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်များ၏ တာဝန် ပေးချက်အရ မူလပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩဿာနသောဓေယျ၊ ဆဋ္ဌသင်္ဂီတိကာရက တာဝန်များကို ကျေပွန်စွာထမ်းဆောင်တော်မူခဲ့သည့်အပြင် မန္တလေး အနောက် တောင်မြို့နယ် (ယခု ချမ်းအေးသာဇံမြို့နယ်) ဝိနိစ္ဆယဋ္ဌာန ဝိနည်းဓိုရ်နှင့် နည်းလမ်းလေးသွယ်တွင် စတုတ္ထနည်း လမ်းအရ ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် သာသနာရေး တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက် တော်မူခဲ့သည်။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ (၆၆) ပါး ကိုယ်စားလှယ်အဖွဲ့ဝင် မူလသံဃာ့ဝန်ဆောင်၊ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တော်မူသည့် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှစ၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့် ထမ်းဆောင်တော်မူလျက်ရှိသည်။

**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း**

ဤသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဝါးတန်းစာချကျောင်း၏ အဓိပတိဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**

**တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ရွှေဘုန်းပွင့်ကျောင်းတိုက်**

## ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ

(သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

**ဖွားမြင်တော်မူခြင်း**

ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒကို တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့တွင် ခမည်းတော် ဦးအောင်သာ၊ မယ်တော် ဒေါ်ငွေမှုံတို့က ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ မွေးချင်း ခြောက်ဦးရှိသည့်အနက် ဒုတိယ မြောက် သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ချစ်လှိုင် ဖြစ်သည်။

**ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ် အရွယ် ၁၂၈၈ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်းဆရာတော် ဦးဝါသဝထံ၌ ရှင်သာမဏေပြုတော်မူသည်။ ၁၂၉၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့ နံနက် ၉ နာရီအချိန်တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ခဏ္ဍသိမ်၌ မော်ရှည်ကုန်း ကျောင်းကြီးဆရာတော် ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

**စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း**

ဆရာတော် လောင်းလျာသည် သရက်ချောင်းမြို့၊ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘိုးတီထံတွင် သတ္တမတန်းအောင်မြင်သည်အထိ သင်ကြားခဲ့သည်။ သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ဆရာတော်ဦးဝါသဝ၊ ရန်ကုန်မြို့၊ဇေယျဝတီ ကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသ၊ ညောင်တုန်းမြို့၊ မဟာဝိသုတာ ရာမတိုက်သစ် ဆရာတော် ဦးရေဝတ၊ ပခုက္ကူမြို့၊ သာသန ဝိပုလာရာမ (မန္တလေးတိုက်) ဆရာတော် ဦးပခန်း (ခ) ဦးဝိစာရ၊ ဦးသဒ္ဓမ္မာလင်္ကာရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ကဗျာနန်ဆရာတော် ဦးနန္ဒဝံသ၊ တောင်မြို့ တူးမောင်တိုက် ဆရာတော်တို့ထံ၌ အခြေခံ စာပေမှစ၍ ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုး ကုန်အောင် ဆရာနည်းကျ သင်ယူဆည်းပူးတော်မူခဲ့ သည်။

**စာပေကျမ်းဂန် ပို့ချတော်မူခြင်း**

ဆရာတော်သည် ၁၃၀၉ ခုနှစ်မှစ၍ ပခုက္ကူမြို့ သာသန ဝိလာရာမ ကျောင်းတိုက်၌ စာချဆရာတော် အဖြစ်ဖြင့် နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း စာဝါများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို ပို့ချ ပေး ခဲ့သည်။ ထို့ပြင် သီတင်းသုံးရာ ထားဝယ်မြို့၊ ရွှေဘုန်းပွင့် ကျောင်းတိုက်၌ ယနေ့ထိ စာပေများ ပို့ချပေးလျက် ရှိသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မော်ဘိမြို့၊ ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၌ တနင်္သာရီတိုင်း သံဃာ့ ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်သည်မှ ယနေ့တိုင် အောင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ် အဖြစ်လည်းကောင်း သာသနာရေး တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဒ္ဓိပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒသည် ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ ပြည်မြို့

### ပွင့်လှသိမ်ကုန်းကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ

(သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသကို ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာတွင် ခမည်းတော် ဦးဒေါင်းဦး၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီ အချိန်တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် ပထမဦးဆုံး သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဘဒ္ဒန္တတိက္ခ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်း တော် မယ်တော်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညိန္ဒ ဖြစ်သည်။

၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာ ဆရာဘုန်းတော်ကြီးထံ၌ ပရိတ်ကြီးအတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရစသည့် အခြေခံစာများကိုလည်းကောင်း၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ဘဒ္ဒန္တတိက္ခဆရာတော် ဘုရားကြီး၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ မန္တလေးကျောင်းတိုက်ဆရာတော် ဦးပခန်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဦးပဒုမ စသော ဆရာတော်ကြီး များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော် လောင်းလျာသည် အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူပြီးနောက် ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို အပြီးသတ်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချပေးတော်မူခြင်း

ဆရာတော်သည် သဒ္ဒါ၊ သင်္ဂြိုဟ် စသောအခြေခံကျမ်းစာများနှင့် ဝိနည်းငယ် လေးစောင်၊ ကင်္ခါအဋ္ဌကထာ ဝိနည်း ငါးကျမ်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ကြားပို့ချလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ပါဠိ ဘာဏက၊ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရ စာပြန်ပွဲများ၌ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း၊ ပြည်မြို့နယ်၊ မြို့နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်း ဓိုရ် အဖြစ်လည်းကောင်း၊ ပြည်မြို့၊ ရွှေဆံတော်ဘုရား၊ ဆယ်ထပ်ကြီးဘုရားနှင့် ပရိယတ္တိဓမ္မာ နုဂ္ဂဟ အသင်းကြီးတို့၏ ဩဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဂုဏ်တော်စာမေးပွဲ၌ ဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ ချင်းရဲ

ကျွန်းရွာ ကျောင်းနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မာလင်္ကာရ ကျောင်းတိုက်တို့ကို တည်ထောင်၍ လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသသည် ၁၂၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ဉာဏိက

(သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဉာဏိကကို ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်တွင် ခမည်းတော် ဦးဘိုးချမ်း၊ မယ်တော် ဒေါ်ရွှေသွယ်တို့က သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုန်လဆန်း (၃) ရက် အင်္ဂါနေ့၌ ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တွင် တတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့် ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် (၈) နှစ်သားအရွယ်တွင် အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး အရှင်သူရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ဉာဏိက ဖြစ်သည်။

၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ စံကျောင်းဆရာတော်ဘုရားကြီး ဦးမေဓာကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့၊ မြေပိုင်ရှင် စက်သူဌေးကြီး ဦးရွှေဖေ၊ ဒေါ်စိန်တင်၊ သားပါလီမန်အတွင်းဝန်ဟောင်း ဦးမောင်မောင်၊ ဒေါ်ကြည်ယုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် အသက် ခုနစ် နှစ်အရွယ် ကျောင်းသားဘဝတွင် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး စသော အခြေခံစာပေများကိုလည်းကောင်း၊ သာမဏေဘဝတွင် သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပရိယတ်အခြေခံများကိုလည်းကောင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဘုန်းတော်ကြီး၊ စာချဘုန်းတော်ကြီး ဦးကာရုဉတို့ထံတွင် သင်ယူခဲ့သည်။

ရဟန်းဘဝတွင် တောင်မြို့၊ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ဦးဝိမလ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မင်္ဂလာတိုက်သစ်ဆရာတော် ဦးဓမ္မသာမိနှင့် ဦးဥက္ကံသတို့ထံတွင် လည်းကောင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ပထမကျော် ဆရာတော် ဦးဝါယမ၊ သပြေပင်တောရ ဆရာတော် ဦးကေဝလတို့ထံတွင် လည်းကောင်း၊ ပခုက္ကူမြို့၊ ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ) စသော စာချဆရာတော်တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ အဘာယရာမ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အရှင်ဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ) ရွှေရေးဆောင် ဆရာတော်ဦးပဏ္ဍဝ၊ ဦးအာစာရ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ညောင်ကန်ဆရာတော် ဦးဣန္ဒတို့ထံတွင်လည်းကောင်း ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ကြားဆည်းပူးခဲ့သည်။

### အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ဆရာတော်သည် ရှင်သာမဏေဘဝဖြင့်ပင် အစိုးရ ပထမငယ်၊ ပထမလတ်တို့ကို အောင်မြင်တော်မူခဲ့ပြီး ရဟန်း

(၁)ဝါအရတွင် အစိုးရပထမကြီးတန်းကို မြန်မာ တစ်နိုင်ငံလုံး (၁) နံပါတ်ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းဝါ(၁၀)ဝါအရမှစ၍ ယနေ့ထိအောင် အုတ်တွင်းမြို့၊ကန်ကလေး တောရကျောင်းတိုက်တွင် ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာဝါများကို သင်ကြားပို့ချပေးလျက် ရှိသည်။

### သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ ၁၃၁၈ ခု၊ ပဲခူးမြို့ နဝမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယဗဟိုဌာနဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ်၊ စစ်ကိုင်းမြို့၊ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကြီး၌ ရတ္တညူမဟာနာယကအဖြစ်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့၊ မိုးကောင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုးသော သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူလျက် ရှိသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏိကသည် ၁၃၅၆(၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

## မကွေးတိုင်း၊ မင်းလှမြို့၊ ရတနာကံကျောင်း

# ဆရာတော် ဘဒ္ဒန္တ သုဇာတ

(သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၁ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ သုဇာတကို မကွေးတိုင်း၊ မင်းလှမြို့နယ်၊ ရွာတော်ရွာ၌ ခမည်းတော် ဦးထွန်းအေး၊ မယ်တော် ဒေါ်လှရင်တို့က ၁၂၇၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊ သောကြာနေ့နံနက် ၆ နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်း ကိုးယောက်အနက် ဒုတိယမြောက်သားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်သာထွန်း ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့နံနက် ၉ နာရီတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုဇာတ ဖြစ်သည်။

၁၂၉၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့တွင် မင်းလှမြို့၊ အမှတ် (၂) ရပ်ကွက် ဒေါ်သစ်၊ ဒေါ်အေးရှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မင်းလှမြို့၊ ရွှေယင်းမာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့၊ ရွှေဘုန်းသာခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ကျောင်းသားဘဝတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်ကို သင်ယူပြီး ရှင်သာမဏေဘဝတွင် မင်းလှမြို့၊ ရတနာကံကျောင်း ဆရာတော် ဦးဂန္ဓမာနှင့် မင်္ဂလာရန်အောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမတို့ ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်စသော ပိဋကတ်အခြေခံပညာများကို သင်ယူခဲ့သည်။

ရဟန်းဘဝတွင် မင်းလှမြို့ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနှင့် မန္တလေးမြို့၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ သူရိယ (အဘိဓဇ မဟာရဋ္ဌဂုရု)စ သော ထင်ရှားကျော်ကြားသည့် ဆရာတော်များထံတွင် သုတ် သုံးကျမ်း၊ ဝိနည်းငါးကျမ်း စသော ပိဋကတ်ကျမ်းစာ များကို သင်ရိုးပေါက်မြောက်အောင် သင်ယူခဲ့သည်။

## စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ရတနာကံကျောင်း ပရိယတ္တိစာသင်တိုက်ကို ၁၃၄၄ ခုနှစ်တွင် စတင်တည်ထောင်ပြီး စာသင်သားသံဃာတော်များလက်ခံ၍ သဒ္ဒါ၊သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်ကျမ်းကြီးများကို နေ့ဝါ၊ ညဝါ အမျိုးမျိုး စုံလင်စွာ သင်ကြားပို့ချတော်မူခဲ့သည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ဝိနယာဓိက စာမေးပွဲကျင်းပရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သာသနာပြု တရားဟော ဓမ္မကထိကအဖြစ် လည်းကောင်း၊ နှစ်စဉ် ဝါတွင်း (၃) လပတ်လုံး ဥပုသ်သီတင်းပတ်များတွင် အဘိဓမ္မာတရားပွဲများ ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ သရက်အခြေခံဒေသ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယက အဖွဲ့ ဖွဲ့စည်းရွေးချယ်ရာတွင် နာယကဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဝုရာဝဟ၊ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တ သုဇာတ"သည် ၁၃၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

(ဦးအုန်းလွင်)



**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၅)။** ။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု အကျင့်ဆိုးသည် ကမ္ဘာအနှံ့ ပြန့်ပွားလျက်ရှိရာ မျက်မှောက်ကာလတွင် နိုင်ငံအသီးသီးက စိုးရိမ်ပူပန်ရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်း စိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေး" ဟူသော အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာနှစ်ရပ် ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက် လျက် ရှိသည်။ ၁၉၉၅ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အောင်မြင်စွာ ကြီးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။

## လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း ၄၊ ပုဒ်မ ၇ နှင့် ၈ အရ ဖွဲ့စည်းထားသော တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့၊ တားဆီးနှိမ်နင်းရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေး အဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့၊ နိုင်ငံတကာ ဆက်ဆံရေးအဖွဲ့၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့များနှင့် ဒေသ ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းကို မတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်သည်။



မီးရှို့ဖျက်ဆီးရမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို နိုင်ငံခြားသံရုံးများမှ သံတမန်များ စစ်ဆေးကြည့်ရှုစဉ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၉၅ ဖြင့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ယင်းနည်းဥပဒေတွင် အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၆၅ ခု ပါရှိသည်။

## ကုလသမဂ္ဂ – မြန်မာ ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းခွဲနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မြန်မာ – တရုတ် နယ်စပ် ဒေသ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးစီမံကိန်းခွဲနှင့် "ဝ"ဒေသ ဝမ်ဟိုတောင်း ကျေးရွာအုပ်စု လူမှု– စီးပွား ဘက်စုံ ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်းခွဲတို့ကို ၁၉၉၅ ခုနှစ်အတွင်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု အမြန်စိစစ်အကဲဖြတ်ရေး စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၉၅ ခုနှစ်၊ မတ်လအထိ ဆောင်ရွက်ခဲ့ရာ ကုလသမဂ္ဂနိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၃၁,၆၄၀ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ လစာထည့်ဝင်သည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ဒုတိယအကြိမ်မြောက် ဓာတုဗေဒဆေးဝါးထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျွမ်းကျင်သူများ၊ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ Ms. Sue Bromley ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံး ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်သုံးဦး ပါဝင်သော မြန်မာ – အမေရိကန် ပူးပေါင်းဘိန်းထွက်နှုန်း တိုင်းတာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်ကျေးရွာနှင့် မိုင်းတီကျေးရွာ အနီးသို့လည်းကောင်း၊ ၂၁ ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအနီးသို့လည်းကောင်း၊ ၂၂ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းအင်နယ်မြေသို့လည်းကောင်း၊ ၂၃ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မန်ခိုပြင်းကျေးရွာနှင့် မန်ထန်ကျေးရွာအနီးသို့လည်းကောင်း၊ ၂၄ ရက်နေ့တွင် ဟိုပန်မြို့နယ်၊ပန်လုံဒေသနှင့် ကွန်လုံမြို့နယ်၊ တာရွှေထန်ကျေးရွာအနီးရှိ ပေ ၇,၀၀၀ ကျော်မြင့်သော လွယ်ပင်းရဲတောင်ထိပ်သို့လည်းကောင်း သွားရောက်ပြီး ရှမ်းပြည်နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဒုတိယအကြိမ် ဘိန်းထွက်နှုန်း တိုင်းတာရေး စီမံကိန်းအတွက် ဘိန်းပင်နမူနာ ရယူခြင်း၊ ဘိန်းခင်းများတိုင်းတာခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ မြေဆီလွှာနမူနာများ ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်မန်ကမ်းတို့သည် မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို မတ်လ ၁၁ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးသည်။

ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးလှုံ့ဆော်တားဆီးနှိမ်နင်းရေး အစည်းအဝေးကို မတ်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အရာရှိ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ၊ အေပီတီဗွီ၊ တိုင်းမ် မဂ္ဂဇင်း၊ အင်န်အိပ်ချ်ကေ သတင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ် အနောက်ခြမ်းသို့ သွားရောက်ပြီး တပ်မတော်က သိမ်းပိုက် ရရှိခဲ့သော ဘိန်းဓားပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်စခန်း နှင့် အခိုင်အမာအခြေပြုရာစခန်းများ၊ လက်နက်ခဲယမ်း ပစ္စည်းများကို လေ့လာသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ နှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် များသို့ သွားရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းခွဲ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ ပူးတွဲလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဆဋ္ဌမအကြိမ်အစည်းအဝေးကို မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့

တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မေလ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းမြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကချင်ဒေသအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကချင်အထူးဒေသ ၂ မှ တိုင်းရင်းသား ခေါင်းဆောင် များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်မဟာ ဗျူဟာလေ့လာရေးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးနှင့် ဂျပန် နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ကိစ္စများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးဌာန၊ နိုင်ငံခြား ရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက် ရောက်သည်။

၁၈ ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်း အဝေးကို ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်း နိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်သည်။

ရှမ်းပြည်နယ် "ဝ"ဒေသ တောင်ပိုင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ် စီမံကိန်းမူကြမ်း ရေးဆွဲထားရှိမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရုံး၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများ နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

အကြိမ် ၂၀ မြောက် အာရှနှင့်ပစိဖိတ်ဒေသရှိနိုင်ငံများ မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် များ အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ခြောက်ကြိမ်မြောက် မြန်မာ– ထိုင်း – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေးကို စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သောအဖွဲ့၊ မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်

ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့၊ ဧပြီလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ယူဂိုဆလားဗီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ဌာနေကိုယ်စားလှယ်ခေါင်းဆောင်သောအဖွဲ့တို့အား အသီးသီးတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးသည်လည်း မတ်လ ၂၈ ရက်နေ့ တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်လက်ထောက်အုပ်ချုပ်ရေးမှူး နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူးတို့အား တွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကိစ္စများ ဆွေးနွေးသည်။ ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော အဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်မှ ပုဂ္ဂိုလ်များစသည့် မူးယစ် ဆေးဝါးတားဆီးကာကွယ်ရေးတွင် တာဝန်ရှိသော ပြည်ပ ပုဂ္ဂိုလ်များနှင့်အသီးသီး လက်ခံတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

### ဘိန်းခင်းများ ဖျက်ဆီးခြင်း

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများဖြစ်လာမည့် တရားမဝင်စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ရှာဖွေဖျက်ဆီးခြင်းဖြင့် ဘိန်းထွက်ရှိမှုကို တားဆီးနိုင်ခဲ့သည်။

၁၉၉၄ – ၉၅ ခုနစ် ဘိန်းစိုက်ရာသီအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်တွင် ဘိန်းခင်း တစ်ဧက၊ တနိုင်းမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၆၀ ဧက၊ ဝိုင်းမော်မြို့နယ်တွင် ဘိန်းခင်း ၀ ဒသမ ၅၀ ဧက၊ ချင်းပြည်နယ်တွင် ဘိန်းခင်း ၉ ဒသမ ၉၈ ဧက၊ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်တွင် ဘိန်းခင်း ၃,၉၆၀ ဒသမ ၆၇ ဧက၊ ဖယ်ခုံမြို့နယ်တွင် ဘိန်းခင်း ၂,၃၅၄ ဒသမ ၈၀ ဧက၊ မိုင်းကိုင်မြို့နယ်တွင် ဘိန်းခင်း ၅၅၂ ဧက၊ လဲချားမြို့နယ်တွင် ဘိန်းခင်း ၅၄၅ ဧက၊ ကွန်ဟိန်းမြို့နယ်တွင် ဘိန်းခင်း ၃၁၃ ဒသမ ၅၀ ဧက၊ ကွတ်ခိုင်မြို့နယ်တွင် ဘိန်းခင်း ၃၁၂ ဒသမ ၅၀ ဧက၊ မိုင်းပန်မြို့နယ်တွင် ဘိန်းခင်း ၂၇ ဧက၊ နမ့်ခမ်းမြို့နယ်တွင် ဘိန်းခင်း ၂၇ ဒသမ ၂၅ ဧက၊ ကျိုင်းတုံမြို့နယ်တွင် ဘိန်းခင်း ၂၁ ဧက၊ သီပေါမြို့နယ်တွင် ဘိန်းခင်း ၁၀ ဒသမ ၇၀ ဧက၊ ဆီဆိုင်မြို့နယ်တွင် ဘိန်းခင်း ခုနစ်ဧက၊ မိုင်းရယ်မြို့နယ်တွင် ဘိန်းခင်း ၂ ဒသမ ၅၀ ဧက၊ လားရှိုးမြို့နယ်တွင် ဘိန်းခင်း ၁၈ ဒသမ ၅၀ ဧက၊ သိန္နီမြို့နယ်တွင် ဘိန်းခင်း ၁၁ ဧက စုစုပေါင်း ဘိန်းခင်း ၈,၁၇၉ ဒသမ ၅၀ ဧက ဖျက်ဆီးခဲ့ခြင်းကြောင့် ဘိန်းထွက်ရှိမှုတန်ချိန် ၃၅ ဒသမ ၉ တန် တားဆီးနိုင် ခဲ့သည်။

### တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှု လုပ်ငန်းများကို အရေးကြီးသောကဏ္ဍမှ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူသားများ၏အန္တရာယ် ဘိန်းဖြူများကို ရောင်းဝယ်သယ်ယူပို့ဆောင်နေသော ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်က အသက် သွေး ချွေး စတေး၍ နှိမ်နင်းတိုက်ဖျက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်အနောက်ခြမ်းရှိ နောင်ကန်၊ ကျဖိ၊ လွယ်ဟန်ကောင်းမူ၊ ဟုတ်ပူ၊ ဘာကျန်၊ မိုင်းထလန်၊ မိုင်းတွယ်၊ ဖတ္တျူမိန်း ဒေသအတွင်း ဘိန်း တား ပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်လုပ်ရာစခန်းနှင့် အခိုင် အမာအခြေပြုရာစခန်းများကို မတ်လ ၁၁ ရက်နေ့မှ မေလ ၅ ရက်နေ့အထိ တပ်မတော်က စစ်ဆင်ရေးပြုလုပ်ခဲ့ရာ တိုက်ပွဲကြီး– ငယ် ၆၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဘိန်းတားပြ ခွန်ဆာ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင် အလောင်း ၂၃၇ လောင်း၊

လက်နက်ကြီး၊ ငယ် မျိုးစုံ ၂၈ လက်၊ ဘိန်းဖြူချက်လုပ်ရာ စခန်း သုံးခုအပါအဝင် စခန်းကြီး၊ ငယ် ၄၅ ခုကို သိမ်းပိုက်ရရှိသည်။ ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းတိုက်ဖျက်ရေးအတွက် တပ်မတော်မှ အရာရှိ တစ်ဦး အပါအဝင် စစ်သည် ၇၆ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ ခုနစ်ဦး အပါအဝင် စစ်သည် ၁၇၈ ဦး ဒဏ်ရာရရှိသည်။ တပ်မတော်က ဘိန်းဘားပြ ခွန်ဆာအဖွဲ့ကို နှိမ်နင်းတိုက်ဖျက်မှုကြောင့် ကမ္ဘာ့လူသားများ၏ အန္တရာယ် ဘိန်းဖြူ သုံးပုံနှစ်ပုံခန့် လျော့နည်းသွားသည်။

## မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့က ကြီးမှူးပြုလုပ်သော ချင်းပြည်နယ်အတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပထမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို တီးတိန်မြို့ ခွာဒိုခန်းမ၌ မတ်လ ၁၅ ရက် နေ့တွင် ကျင်းပခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဘိန်းဖြူ ဝ ဒသမ ဝဝ၂၉ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလို၊ ၁၂၅ မီလီ လစ်တာဝင် ဖင်ဆီဒိုင်းဆေးရည် ၅,၅၁၈ ပုလင်း၊ ဆေးရည်ပမာဏ ၆၀၉ ဒသမ ၇၅ လစ်တာတို့ကို ဖျက်ဆီးခဲ့သည်။


မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့်အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲရိပ်သာ၌ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆီဒိုင်း ဆေးရည်နှင့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ကိုဒင်းအာနိသင် ပါသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်း အကြီးအသေး စုစုပေါင်း ၂၉,၂၄၄ ပုလင်း၊ ဆေးရည်ပမာဏ ၃,၈၁၉ ဒသမ ၄၁၄ လစ်တာကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ဖျက်ဆီးသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၁ ကို လည်းကောင်း၊ အီတလီနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၂ ကိုလည်းကောင်း၊ မလေးရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၃ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၄ ကို လည်းကောင်း အသီးသီးနှိပ်၍ ဘိန်းဖြူ ၁၄၃ ဒသမ ၉၄၄ ကီလို၊ ဘိန်း ၁,၄၅၅ ဒသမ ဝ၂၁ ကီလို၊ ဘိန်းဆီ ၁ဒသမ ၆၆၃ ကီလို၊ ဘိန်းရည် ဝ ဒသမ ၈၅၉ ကီလို၊ ဆေးခြောက် ၃၁၂ ဒသမ ၂၂၈ ကီလိုတို့ကို မီးရှို့ ဖျက်ဆီး ခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ကိုးကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၄၅၄ ဒသမ ၅၈၆ ကီလို၊ ဘိန်း ၉,၉၇၅ ဒသမ ၃၇၅ ကီလို၊ ဘိန်းဆီ ၆၉ ဒသမ ၉၀၀ ကီလို၊ ဘိန်းရည် ၁၁၇ ဒသမ ဝ၁ဝ ကီလို၊ ဘိန်းညို ၆၃ ဒသမ ၄၃၅ ကီလို၊ ဆေးခြောက် ၃,၈၈၄ ဒသမ ၆၄၃ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၂၃,၂၅၂ ဒသမ ၃၄၇ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ အခြားမူးယစ်ဆေးဝါးနှင့် ဆေးရည်များကို ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

(ဦးစိုးအောင်)

**မောင်မောင်ခ၊ ဦး (ခရစ် ၁၉၂၀ – ၁၉၉၅)။** ။ အငြိမ်းစားဗိုလ်မှူးကြီးနှင့် အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခကို အဖ ဦးချစ်ဖေ၊ အမိ ဒေါ်ခင်တင့်တို့က ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ မွေးချင်းညီအစ်ကိုနှစ်ဦးအနက် အငယ် ဖြစ်သည်။

ငယ်စဉ်တစ်နှစ်သားတွင် ဖခင်ကွယ်လွန်သွားပြီး မိခင်မှာလည်း နောက်အိမ်ထောင်ပြုသွား၍ အဒေါ် အပျိုကြီးများနှင့်အတူ ကြီးပြင်းသည်အထိ နေထိုင်ရသည်။ ၁၉၂၉ ခုနှစ် အသက်ကိုးနှစ်ရောက်မှ မူလတန်းပညာကို စတင်သင်ယူသည်။ ကျောင်းတွင် ပညာထူးချွန်သောကြောင့် ဆရာ ဆရာမများက အတန်းကျော်၍တင်ပေးခြင်း ခံရသည်။ ၁၉၃၆ ခုနှစ် အသက် ၁၆ နှစ်တွင် ၁၀ တန်း စာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်



ဦးမောင်မောင်ခ

သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်၍ ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသား အသင်းနှင့် စက်မှုသိပ္ပံကျောင်းသား အသင်းများတွင် အသင်းဝင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဘီအက်စ်စီ (အင်ဂျင်နီယာ)နောက်ဆုံးနှစ်တွင် ဘွဲ့မယူဘဲ တက္ကသိုလ်မှ နုတ်ထွက်ပြီး တော်လှန်ရေးတွင် ပါဝင် ဆင်နွှဲသည်။

ဦးမောင်မောင်ခသည် ၁၉၄၄ ခုနှစ်တွင် မြန်မာ့တပ်မတော်သို့ဝင်ရောက်အမှုထမ်းပြီး မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်း တက်ရောက် သည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်သင်တန်းဆင်းပြီး လေယာဉ်ပစ်အမြောက်ကြီးတပ် တွင် တပ်စုမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်း (၁) တပ်ရင်း (၁၀၆) ၌ တပ်စုမှူးအဖြစ် တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် တော်လှန်ရေးပြီးဆုံးပြီးသည့်အခါ စစ်ပြန်ဘဝဖြင့် ရာအလုပ်များလုပ်ကိုင်ကာ ဘဝကို ရုန်းကန်သည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နေ့တွင် တပ်မတော်သို့ တစ်ဖန်ပြန်လည်ဝင်ရောက် သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဗိုလ်သင်တန်းပြန်လည်တက်ရောက်သည်။ ဗိုလ်သင်တန်းဆင်းပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်လျှပ်စစ်နှင့် စက်မှုတပ်ဖွဲ့၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့များတွင် ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိလည်းကောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီး အဆင့်အထိလည်းကောင်း တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် ၁၉၆၂ ခုနှစ်မှစ၍ စက်မှုဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်၊ အတွင်းဝန်နှင့် ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်သည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အလုပ်သမားရေးရာဌာနကြီးတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် အလုပ်အမှုဆောင် ကော်မတီဝင်နှင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်း ခံရသည်။ ပထမအကြိမ်ပါတီညီလာခံတွင် အရန်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်ရွေးချယ်ခြင်းခံရပြီး စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ်ပါတီညီလာခံတွင်အရန်ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင်အဖြစ် ထပ်မံရွေးချယ်ခြင်းခံ ရသည်။ ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင်လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ တတိယအကြိမ် ပါတီ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်လည်းကောင်း၊ ပထမအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံတွင် ဗဟိုအလုပ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခြင်း ခံရသည်။ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် စတင် ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးမောင်မောင်ခသည် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် နေ့အထိ မန်ချက်စတာစက်မှုတက္ကသိုလ်တွင် ပညာ သင်ယူ သည်။ နိုင်ငံတော်တာဝန် ထမ်းဆောင်နေစဉ် အတွင်း ၁၉၅၇ ခုနှစ်တွင် ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများသို့လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အရှေ့ဥရောပနှင့် အနောက်ဥရောပနိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် တရုတ်

ပြည်သူ့သမ္မတ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယား၊ ဂျာမနီ၊ အီတလီနှင့်ပြင်သစ်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံများသို့ လည်း ကောင်း၊ ၁၉၆၄ ခုနှစ်တွင် ရူမေးနီးယား၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ရူမေနီးယား၊ ချက်ကိုစလိုဗားကီးယားနှင့် ဩစတြီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် အနောက်ဂျာမနီနှင့် အင်္ဂလန်နိုင်ငံများသို့ လည်း ကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်၊ ပြင်သစ်နှင့် အိန္ဒိယ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အနောက် ဂျာမနီ၊ အီတလီ၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်း၊ ပြင်သစ်နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံ များသို့ လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် စင်ကာပူ၊ အင်္ဂလန်နှင့် ဘူဂေးရီးယား နိုင်ငံများသို့ လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

ဦးမောင်မောင်ခသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)ကိုလည်းကောင်း၊ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် ဇေယျကျော်ထင် စစ်မှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)ကို လည်းကောင်း ရရှိသည်။

ဦးမောင်မောင်ခသည် ဦးရွှေ၊ ဒေါ်မြတင်တို့၏သမီး ဒေါ်ခင်ခင်လေးနှင့်လက်ထပ်ခဲ့ရာ သားတစ်ဦးနှင့် သမီးတစ်ဦးထွန်းကားသည်။ သားဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ် တစ်အားပါဝင်ခဲ့ပြီး နိုင်ငံတာဝန်များကိုကြိုးပမ်း ဆောင် ရွက်ခဲ့သော အငြိမ်းစား ဗိုလ်မှူးကြီးနှင့် အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ် လွန် သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်လေး၊ သမီးတစ်ဦး၊ မွေးစားသမီးတစ်ဦးနှင့် မြေးနှစ်ဦး ကျန်ရစ်သည်။

**မြန်မာနိုင်ငံ စာပေဆုများ။** ။ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေ စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ အမှုဆောင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ စာပေပညာရှင်ကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား ဆုများပေးအပ်ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန် စာမူဆုရ ပုဂ္ဂိုလ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးမူ ကိုးချက်၊ အမျိုးသားစာပေဆုစည်းကမ်းချက်များနှင့်အညီ ၁၉၉၄ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၈၉၈ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၄ မျိုးအလိုက် အမျိုးသားစာပေဆုချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊

သုတပဒေသာ (အသုံးချသိပ္ပံ ) စုစုပေါင်း ဘာသာရပ် ၁၀ မျိုးအတွက် အမျိုးသားစာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ လူငယ်စာပေ ၊ ဘာသာပြန် (သုတ)၊ နိုင်ငံရေးစာပေ စုစုပေါင်း ဘာသာရပ် လေးမျိုးအတွက် အမျိုးသားစာပေဆုများ ရွေးချယ်ခြင်းမခံရပေ။ အမျိုးသားစာပေဆုရရှိသောပုဂ္ဂိုလ်များအား ဆုတစ်ဆုလျှင် ငွေကျပ် ၅၀,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးမူ ကိုးချက်၊ စာမူဆုစည်းကမ်းများနှင့်အညီ ၁၉၉၄ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၁၁ စောင်ကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသောဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ ကဗျာပေါင်းချုပ် စုစုပေါင်းဘာသာရပ် ၁၀ မျိုးအတွက် ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ၅စ်ဆု၊ တတိယဆု ငါးဆု စုစုပေါင်း ဆု ၂၀ အရွေးချယ်ခံရသည်။ နိုင်ငံရေးစာပေ ဘာသာရပ်အတွက် ပြိုင်ပွဲဝင်စာမူမရှိဘဲ ပြဇာတ်စာပေ ဘာသာရပ်တွင် ပြိုင်ပွဲဝင်စာမူတင်သွင်းသော်လည်း စာမူဆု ရွေးချယ်ခြင်းမခံရပေ။ စာပေဗိမာန်စာမူဆု ရရှိသော ပုဂ္ဂိုလ်များအား ပထမဆု ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ် ၂၀,၀၀၀ ၊ တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

နိုင်ငံတော်က စာပေဆု၊ စာမူဆုများ ချီးမြှင့်ရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအစစ် လူ့အနှစ်ဖြစ်သည့် စာပေအမွေအနှစ်ကောင်းများကို လေ့လာပွားများစေရေး၊ အပြုသဘောဆောင်သော လူ့ကောင်းကျိုးပြုသိပ္ပံနှင့် နည်းပညာရပ်များ၏ ဗဟုသုတ အဖြာဖြာကို ပြည်သူအများ ဖတ်ရှုခွင့်ရရှိရေး စသည့် မှန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များ ထားရှိပြီး ချီးမြှင့်ခြင်းဖြစ်သည်။ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ရာတွင် စာကောင်းပေမွန်များ ဖန်တီးပြုစုနိုင်သည့် အရည်အသွေးများရှိသော်လည်း ပုံနှိပ်စာဖြစ်ရန် ခဲယဉ်းသူများ၏ စာမူများကို စာမူဆုချီးမြှင့်ပြီး စာအုပ်အဖြစ်ပုံနှိပ်ပေးရန် ချီးမြှင့်ခြင်း ဖြစ်သည်။

## အမျိုးသား စာပေဆုများ (၁၉၉၄)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | ဘဝအိပ်မက် ပန်းအိပ်မက် | မစန္ဒာ |
| ဝတ္ထုတိုပေါင်းချုပ် | ဘာကိုရွေးမလဲ ရှာကလေးရယ် နှင့် အခြားဝတ္ထုတိုများ | ဆောင်းဝင်းလတ် |
| ကဗျာပေါင်းချုပ် | တေးမြခွန်းဆက် ကဗျာများ | ဇော်မင်းမင်းဦး |
| စာပဒေသာ | မဟာဂီတ | စစ်ကိုင်း လှရွှေ |
| မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာ ဆိုင်ရာစာပေ | ပန်တျာဂီတ လမ်းညွှန် | သန့်လျှင် မြဦး |
| ကလေးစာပေ | မြန်မာ့ကလေး သိပ္ပံဝတ္ထု | တက္ကသိုလ် မောင်အောင်ဆွေ |
| ဘာသာပြန် (ရသ) | ဘောဂျန် | ရဲမြလွင် |
| သုတပဒေသာ (ဝိဇ္ဇာ) | ဆင်ဝန်ထမ်း လက်စွဲ | စိုင်းစံအိုက် |
| သုတပဒေသာ (ရိုးရိုး သိပ္ပံ) | အားလုံးကျန်းမာ ပြည်သာယာ | ဒေါက်တာ တင်ထွန်းဦး |
| သုတပဒေသာ (အသုံးချသိပ္ပံ) | အခြေခံ စိုက်ပျိုးမွေးမြူရေး ခြံလုပ်ငန်း စီမံခန့်ခွဲမှု ပညာ | အောင်ကျော်ဖြိုး |

## စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ပထမဆု) | ဗေဒါပန်းရဲ့ ရေဆန်လမ်း | စိုးညွန့် (တောင်ကြီး ) |
| ဝတ္ထုရှည် (တတိယဆု ) | စစ်ပွဲကို မုန်းတယ် | သာရဝေါ စိုးကြည် |
| ဝတ္ထုတိုပေါင်းချုပ်(ဒုတိယဆု) | တောလား ဝတ္ထုတိုများ | ကန့်ဘလူ ခင်မောင်ဆွေ |

**စာပေဗိမာန် စာမူဆုများ (၁၉၉၄)**

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | ရွာအပြန် ဝတ္ထုတိုများ | မောင်မြေနီ (တမာတော) |
| စာပဒေသာ (ပထမဆု) | ဇော်ဒိုကာ | ဒေါက်တာကျော်စိန် |
| စာပဒေသာ (ဒုတိယဆု) | အညာတရိုးက ဆရာဖိုး၏ဘဝ ဆရာဖိုး၏စာ | တင်မြင့် |
| ဘာသာပြန် (ပထမဆု) | ပွဲတွေ့မှတ်ဉာဏ် ထက်မြက်နည်းများ | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ပထမဆု) | ပန်းလိုမွှေး ပန်းလိုပန် | သန်းအောင် (အညာမြေ) |
| ကလေးစာပေ (ဒုတိယဆု) | မွန်မြတ်သော နှလုံးသား | မောင်သာမွှေး |
| လူငယ်စာပေ (ဒုတိယဆု) | သီဟနန္ဒ မျိုးဆက်သစ် | မော်ဝန်း ကြည်မြတ် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ(ဒုတိယဆု) | ကျပင်းဆရာဖီး၏ ဇာတ်ချင်း စာပေအထွေထွေ | ပန်တျာ အေးလွင် (ဆင်ဖြူကျွန်း) |
| သုတပဒေသာ (ဝိဇ္ဇာ)(ပထမဆု) | သံကြိုးတမန်ကြီး သံခင်းတမန်ခင်း | ဦးအောင်သန့် |
| သုတပဒေသာ (ဝိဇ္ဇာ)(ဒုတိယဆု) | မြန်မာ့ကျွဲ မြန်မာ့နွား | အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်) |
| သုတပဒေသာ (ဝိဇ္ဇာ)(တတိယဆု) | တောင်သား (သို့မဟုတ်) ရေမြေကို အောင်နိုင်သူ | စောကြူမောင် (ယောမြေ) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) (ပထမဆု) | မြန်မာ့ရိုးရာဂဏန်းသင်္ချာ ရှာဖွေဖော်ထုတ်ခြင်း | ရွှေခြံသက်ပိုင် |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)(ဒုတိယဆု) | ကမ္ဘာ့စပါးစိုက်ပျိုးမှုအစ မြန်မာမှသည် ယနေ့ဆီသို့ | ဒေါက်တာမောင်သင်း |
| သုတပဒေသာ သိပ္ပံနှင့်အသုံးချသိပ္ပံ)(တတိယဆု) | ရောဂါမျိုးသယ်ဆောင်သည့် ပိုးမွှားကာကွယ်နှိမ်နင်းရေး လုပ်ငန်း | မောင်မောင်ထွန်း (ဘီအက်စ်၊ ဒီအမ်အေ၊ ဒီအက်စ်) |
| ကဗျာပေါင်းချုပ် (ပထမဆု) | ဒြပ်ရှိအိပ်မက်နှင့် အခြားကဗျာများ | ကံထွန်းသစ် |
| ကဗျာပေါင်းချုပ် (ဒုတိယဆု) | ဤရာတနာ ဤကဗျာ | တင်မောင်အေး (ပခုက္ကူ) |
| ကဗျာပေါင်းချုပ် (တတိယဆု) | မိုးစက်ပွင့်နှင်းဝတ်မှုံနှင့် ရွှေအိုရောင်ရွက်ဝါနှင့်အခြား ကဗျာများ | အေးကြည်စိန် |

**မြန်မာနိုင်ငံတော်ပြည်ထောင်စု။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းမှ စက်တင်ဘာလအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

## ဥပဒေများ ပြဋ္ဌာန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မတ်လ ၂၀ ရက်နေ့တွင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၁/၉၅ )၊ မတ်လ ၂၄ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၅ )၊ မတ်လ ၂၉ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/ ၉၅ ) ၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်း

ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၉၅ )၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/ ၉၅ )၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/ ၉၅ )နှင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/ ၉၅ )တို့ကို ပြဋ္ဌာန်းခဲ့သည်။

**နိုင်ငံခြား ဆက်ဆံရေး**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ ဖိတ်ကြားချက်အရ မတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတို၏ ဖိတ်ကြားချက်အရ ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက် ဖုန်ဆဗန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မေလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်သို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ရှရီဖူတင်ပါဟာရရာ၊ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့၊ မတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဂနမ်ဂျာ၊ ကာတာစမီတာနှင့်အဖွဲ့၊ မေလ ၈ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျူကျမ်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချိဟိုရှန်နှင့်အဖွဲ့တို့အား အသီးသီး လက်ခံတွေ့ဆုံခဲ့သည်။

**လမ်း–တံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ**

ဌမြို့နယ်သံတွဲ–ဌ လမ်းပေါ်ရှိ ကျိန္တလီမြစ်ကူးတံတား ဖွင့်ပွဲကို တံတားသစ်အနီး ယာယီမဏ္ဍပ်၌ ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကျိန္တလီမြစ်ကူးတံတားသည် သံတွဲမြို့မှ ၄၇ မိုင်၊ ဌမြို့မှ ၃၆ မိုင်ကွာဝေးသည့် ကျိန္တလီ မြစ်ကို ဖြတ်ကာ တည်ဆောက်ထားသော တံတားကြီး ဖြစ်သည်။ တံတားအမျိုးအစားသည် သံကူအားဖြည့် ကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသည့် ခေတ်မီကွန်ကရစ်ရက်မ အမျိုးအစားဖြစ်ပြီး ပေ ၁၀၀ စီရှည်သော အခန်း ၇ ခန်းပါ ပေ ၇၀၀ ရှည်တံတားကြီးဖြစ်သည်။ ယာဉ်သွားလမ်းသည် အကျယ် ၂၄ ပေရှိပြီး တစ်ဘက်တစ်ချက်တွင် သုံးပေ သုံးလက်မစီ ကျယ်ဝန်းသည့် လူသွားလမ်းများပါရှိသဖြင့် စုစုပေါင်းတံတားအကျယ်ပေ ၃၀ နှင့်ခြောက်လက်မရှိ သည်။ တံတားကြီးသည် ၃၆ တန်ဝန်တင်ခံနိုင်စွမ်းအားရှိပြီး မျက်နှာချင်းဆိုင်မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်တည်းဖြတ် သန်းနိုင်စွမ်းရှိသော တံတားကြီးဖြစ်သည်။ ရခိုင်ပြည်နယ် အတွင်း တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် အကြီးဆုံး၊ အရှည်ဆုံးနှင့် ခေတ်မီဆောက်လုပ်ရေးနည်း ပညာများကို အသုံးပြု တည်ဆောက်ထားသော တံတားကြီး တစ်ခုဖြစ်သည်။ တံတားကြီးတည် ဆောက်ရေး လုပ်ငန်း များကို တစ်နှစ်နှင့် တစ်လအတွင်း အပြီးလုပ်ကိုင် ခဲ့ခြင်း ဖြစ်ပြီး တံတားကြီး တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၅၈ ဒသမ ၇ သန်း ကုန်ကျခဲ့သည်။

ဝေဇယန္တာခြောက်လမ်းသွားလမ်းမကြီးဖွင့်ပွဲကို သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းနှင့်ဝေဇယန္တာ

လမ်းဆုံ၌ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဝေဇယန္တာလမ်းမကြီးသည် လေးထောင့်ကန်လမ်းမှ တောင်ဥက္ကလာပမြို့နယ်၊ပါရမီလမ်းအထိဆက်သွယ်ထားသော ၁၂,၇၅၀ ပေရှည်သည့်လမ်းဖြစ်သည်။ ဝဲယာ ယာဉ်ကြော သုံးခုစီပါဝင်သည့် ၆၆ ပေကျယ်လမ်းမကြီးဖြစ်ပြီး အကျယ်ခြောက်ပေရှိ ကွန်ကရစ်လူသွားစင်္ကြံနှင့် အကျယ် သုံးပေရှိ အုတ်ရေမြောင်းတို့လည်း ပါဝင်သည်။ ၁၈ ပေ ကျယ် လမ်းလယ်ကျွန်းတည်ဆောက်ထားပြီး ကျွန်းပေါ်တွင် ရေတမာပင်နှင့် မြက်ခင်းများ စိုက်ပျိုးထားသည်။ လမ်းဘေး ဝဲယာတွင် ခေတ်မီ မီးသီးများ တပ်ဆင်ထားသည့် မီးတိုင်များ စိုက်ထူပေးထားသည်။

လောက်ကိုင်မြို့နှင့် မြန်မာနိုင်ငံနယ်စပ် ရန်လုံးကြိုင်ကျေးရွာကို ဆက်သွယ်ထားသော လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်ဖွင့်ပွဲနှင့် ရန်လုံးကြိုင် ကျေးရွာရှိကိုးကျင်းနယ်စပ် တံတားဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ လောက်ကိုင်–ရန်လုံးကြိုင် လမ်းသစ်သည် ကျောက်ချောလမ်းဖြစ်ပြီး လမ်းအရှည် ခြောက်မိုင်ခွဲခန့်နှင့် လမ်းအကျယ် ၁၈ ပေရှိသည်။ ကိုးကျင်းနယ်စပ်တံတားသည် ရန်လုံးကြိုင်ကျေးရွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ နန်ဆန်မြို့ကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး အလျား ၇၀ ဒသမ ၈ မီတာ၊ အကျယ် ၁၂ မီတာရှိသော ကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ရခိုင်ပြည်နယ် အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ–ဖားဒူ လမ်းဖွင့်ပွဲကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်မှုအတွက် ငွေကျပ် ၁၉၅ ဒသမ ၆၅ သိန်း ကုန်ကျခဲ့သည်။ လမ်းတွင် တံတား ၁၄၇ ခုရှိပြီး တံတားကြီးခုနစ်ခုကို ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၄ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားငယ်ခုရေ ၁၄၀ ကိုကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည်။

ရန်ကုန်–မန္တလေး ခြောက်လမ်းသွား တိုးချဲ့ခြင်းလုပ်ငန်း ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းဖွင့်ပွဲ၊ ရန်ကုန်–ပဲခူး ခြောက်လမ်းသွား ပဲခူးအပိုင်းလမ်းဖွင့်ပွဲ၊ လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းကူးတံတားဖွင့်ပွဲ၊ ဒရယ်ဘိုချောင်းကူးတံတားဖွင့်ပွဲ၊ ဝါးနက်ကုန်းချောင်းကူးတံတားဖွင့်ပွဲနှင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘေဒတ်တံတားဖွင့်ပွဲတို့ကို မတ်လ ၂၅ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းမကြီးသည် ၁၆ မိုင်နှင့် လေးဖာလုံရှည်လျားပြီး ပဲခူးအပိုင်းလမ်းမကြီးသည် ၁၅ မိုင်နှင့် နှစ်ဖာလုံရှည်လျားသည်။ စုစုပေါင်း ၃၁ မိုင်ခြောက်ဖာလုံရှည်လျားသည့်ခြောက်လမ်းသွားလမ်းမကြီးတွင် ပေ ၁၀၀ အထက်တံတားကြီး ငါးခု၊ ပေ ၁၀၀ အောက် တံတားလတ်နှင့် တံတားငယ် ၈၁ ခု စုစုပေါင်း တံတား၈၆ ခုကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားကြီးများသည်သံကူကွန်ကရစ်တံတားကြီးများဖြစ်ပြီး ၃၆ တန်အထိ ဝန်ခံနိုင်အားရှိသည်။ နိုင်ငံတော်က ခြောက်လမ်းသွား လမ်းမကြီးအတွက် ငွေကျပ် ၁,၅၅၅ သန်း၊ တံတားများအတွက် ငွေကျပ် ၂၇၄ ဒသမ ၄၅ သန်း စုစုပေါင်း ငွေကျပ် ၁,၈၂၉ ဒသမ ၄၅ သန်း အကုန်အကျခံတည် ဆောက် ခဲ့ခြင်းဖြစ်သည်။

တိုက်ကြီးမြို့နယ် ဥတို–ချောင်းသုံးခွ ကားလမ်း ပေါ်ရှိ လှိုင်မြစ်ကူးတံတားဖွင့်ပွဲကို တံတားတည်ရှိရာ ရန်လုံးနိုင်ကျေးရွာယာယီမဏ္ဍပ်၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ လှိုင်မြစ်ကူးတံတားသည်အရှည်ပေ ၇၈၀၊ ဝန်ခံနိုင်အား ၁၃ တန်နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေကိုးလက်မရှိသည်။ တံတားအပေါ်ထည်ကို အမြဲတမ်းကွန်ကရစ်တံတားအမျိုးအစားအဖြစ် ပြောင်းလဲတည်ဆောက်ရာတွင်လွယ်ကူစေရန် သံကူကွန်ကရစ်တိုင်များဖြင့် အခိုင်အမာပုံထုတ်တည်ဆောက်ထားခြင်း ဖြစ်သည်။ လှိုင်မြစ်ကူးတံတားကို ၁၉၉၃ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း စတင်တည်ဆောက်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ (နှစ် ၅၀ ပြည့်ရွှေရတု တပ်မတော်နေ့)တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတားတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဒသမ ၅၉၃ သန်းကုန်ကျခဲ့သည်။

မန္တလေးတောင်ဆင်းလမ်းသစ်ကို ဧပြီလဆန်းရက်တွင် ဖွင့်လှစ်ခဲ့သည်။ မန္တလေးတောင်ဆင်းလမ်းသစ်သည် အရှည် ၈,၄၃၃ ပေ၊ အကျယ် ၁၂ ပေနှင့်လမ်းပခုံး တစ်ဘက် ခြောက်ပေစီအပါအဝင် စုစုပေါင်း ၂၄ ပေ၊ ကတ္တရာအထူ ကိုးလက်မရှိသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ စ၍ လမ်းသစ်ကို ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းသစ်ဖောက်လုပ် မှုအတွက် ငွေကျပ် ၄၅ သိန်းခန့် ကုန်ကျခဲ့သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ဂန့်ဂေါမြို့နယ် မြစ်သာမြစ်ကူးတံတားဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်ကျွန်းခုံသာ

ကျေးရွာရှိ တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ မြစ်သာ မြစ်ကူးတံတားသည် အထူးစီမံကိန်းဝင် တံတားကြီး ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဂန့်ဂေါမြို့၏ မြောက်ဘက် ၂၃ မိုင်အကွာ ကျွန်းခုံသာကျေးရွာနှင့် ရေရှင်မ ကျေးရွာအကြား မြစ်သာမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားသည် မြစ်သာမြစ်၏အနိမ့်ဆုံးရေမျက်နှာပြင်အထက် ၄၂ ပေ နှင့်ခြောက်လက်မခန့် အမြင့်၌ရှိပြီး အရှည်ပေ ၆၈၀ ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ခွင့်ပြုဝန်ချိန်ရထားအတွက် ၁၂ တန်(ဝင်ရိုး) နှင့်ကားအတွက် ၃၆ တန်ရှိသည်။ အကျယ် ၈၅ ပေ၊ ခန်းဖွင့်ရှစ်ခန်း၊ ရေလယ်တိုင် ခြောက်တိုင်၊ ကုန်းပေါ်တိုင်တစ်တိုင်စုစုပေါင်းသံကူကွန်ကရစ်တံတား တိုင်ပေါင်းခုနစ်တိုင်နှင့် ခွန်းခံနှစ်ခုအပေါ်တွင် ကြိုတင် အားဖြည့်ကွန်ကရစ်ရက်မ ၅၆ ချောင်းဖြင့် တံတားကို တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ မေလမှ ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း တံတားကို အပြီးတည်ဆောက် ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၆၀ ခန့် ကုန်ကျခဲ့သည်။

ရေး–ထားဝယ်ရထားလမ်း၊ ထားဝယ်–ရေဖြူ ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ထားဝယ်ဘူတာ၌ မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထားဝယ်–ရေဖြူရထားလမ်း ပိုင်းသစ်သည် အရှည် ၁၀ ဒသမ ၇၂ မိုင်ရှိပြီး ရေး–ထားဝယ် ရထားလမ်းစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထား လမ်းပိုင်းသစ်ဖြစ်သည့်အပြင် တနင်္သာရီတိုင်း၏ ပထမဆုံး ရထားလမ်းလည်း ဖြစ်သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ကလေးမြို့နယ် မဏိပူရမြစ်ကူးတံတား (ကမ္ဘာ့နီတံတား) ဖွင့်ပွဲကို တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့နီတံတားသည် မဏိပူရ(ခေါ်)နန့်ကသည်းမြစ်ကိုဖြတ်သန်းတည်ဆောက် ထားသည့် တံတားဖြစ်ပြီး မော်တော်ကားနှင့် မီးရထား နှစ်မျိုးသုံးနိုင်သော ခေတ်မီတံတားတစ်ခုဖြစ်သည်။ တံတားအရှည် ၅၉၅ ပေ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ၈၅ ပေကျယ် ခန်းဖွင့်ခုနစ်ခန်းနှင့် ရေလယ်တိုင် ခြောက်တိုင်ရှိသည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ၊ သံကူ ကွန်ကရစ်၊ ကျောက်ဖြည့်လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ မှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ တံတားတည်ဆောက် ချိန် ကာလကိုးလခန့် ကြာမြင့်ခဲ့သည်။

လှိုင်ကော်–ယာဒို–လိပ်သို–တောင်ငူ ပြည်ထောင်စု လမ်းမကြီးဖွင့်ပွဲကို ဒီမောဆိုမြို့ ပြည်ထောင်စုလမ်းမကြီး၌ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စု လမ်းမကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က လှိုင်ကော်– မိတ္ထီလာ–ရန်ကုန် ၅၁၄ မိုင်သွားခဲ့ရရာမှ ယခု ၃၀၆ မိုင်သာ သွားရသည့်အတွက် ခရီးမိုင် ၂၀၈ မိုင် သက်သာပြီ ဖြစ်သည်။

### ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

သာစည်မြို့နယ် သက်တော်ရေလှောင်တမံဖွင့်ပွဲကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ သက်တော် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံနှစ်ခုရှိသည့်အနက် တမံ(၁)သည် အလျားပေ ၂,၄၀၀၊ အမြင့် ၃၅ ပေနှင့် တမံ (၂)သည် အလျား ၄,၄၆၀ ပေနှင့် အမြင့်ပေ ၆၀ ရှိသည်။ ရေလျှံမြောင်းအကျယ် ပေ ၁၀၀ နှင့် ရေထုတ်ပြွန် အရွယ်အစား ၆ × ၄ ပေဖြစ်သည်။ ရေလှောင် ကန်အတွင်း စီးဆင်းသည့် ရေဆင်းဧရိယာ ၂၅ စတုရန်း မိုင်နှင့် သိုလှောင်နိုင်မည့် ရေပမာဏ ဧက ပေ ၁၀,၀၀၀ ဖြစ်သည်။ သက်တော် ရေလှောင်တမံသည် ဆည်ရေ သောက် ဧရိယာဧက ၂,၅၀၀နှင့် သီးနှံစိုက်ဧရိယာ ဧက ၃,၀၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ်၄၄ သန်း ကုန်ကျခဲ့သည်။ သက်တော်ရေလှောင်တမံသည် အလယ်ပိုင်းကိုးခရိုင် အထူး စီမံကိန်းဒေသတွင် ပါဝင်သည့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုစေမည့်လုပ်ငန်း တစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ပထမဆုံးဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်သည်။

နတ်မောက်မြို့နယ် နတ်မောက်ရေလှောင်တမံစီမံကိန်း ရေလွှဲဆည်ဖွင့်ပွဲကို နတ်မောက်မြို့နယ်ဘုန်းတော်ပြည့် ကျေးရွာအနီးရှိ ရေလွှဲဆည်ထိပ်၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ နတ်မောက်ရေလှောင်တမံ စီမံကိန်းပင်မရေလှောင်တမံသည် နတ်မောက်မြို့နယ်၊ ဖုန်းကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့် တွင် တည်ရှိပြီး ရေလွှဲဆည်သည် ရေလှောင်တမံ အောက်ဘက် ၁၃ မိုင် ခန့်အကွာ ဘုန်းတော်ပြည့်ကျေးရွာအနီးတွင် တည်ရှိသည်။ ရေလွှဲဆည်သည် သံကူကွန်ကရစ် ရေလွှဲဆည်အမျိုးအစား ဖြစ်ပြီး အလျားပေ ၆၀၀၊ အမြင့် ခုနစ်ပေနှင့် သံထုတ် ရေတံခါး ခုနစ်ပေါက်ရှိသည်။ ရေပေးဝေမည့် လက်ဝဲတူး မြောင်းမကြီးသည် ၂၀ ဒသမ ၁ မိုင်နှင့် လက်ယာတူး မြောင်းမကြီးသည် ၁၁ ဒသမ ၂ မိုင်ရှိပြီး လက်တံ မြောင်း

များသည် ၄၇ ဒသမ ၆ မိုင် ရှည်လျားသည်။ ရေလွှဲဆည်ကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့တွင် လုပ်ငန်း များ ပြီးစီးခဲ့သည်။ ရေလွှဲဆည်တည်ဆောက်ပြီးစီးမှုကြောင့် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၆,၀၀၀ ပေါ်တွင် သီးနှံဧရိယာဧက ၄၃,၂၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ နတ်မောက်ရေလွှဲဆည်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် မကွေးတိုင်းအတွင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဆည်မြောင်းစီမံကိန်းလုပ်ငန်းများအနက် ၁၁ ခုမြောက် စီမံကိန်းလုပ်ငန်းဖြစ်သည်။

လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဖွင့်ပွဲကို လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံ၌မတ်လ ၂၆ ရက်နေ့တွင်ကျင်းပခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံသည် ဖောင်ကြီးကျေးရွာအထက်နှစ်မိုင်ခန့်အကွာ ငမိုးရိပ်ချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁၅,၅၀၀၊ အမြင့် ၇၅ ပေ၊ သိုလှောင်နိုင်မည့် ရေပမာဏဧကပေ ၁၈၀,၀၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ရာတွင် မြေကြီးကျင်း စုစုပေါင်း ၈၇၀,၀၀၀ ခန့်နှင့် ကျောက်ကျင်း ၁၄,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ သီးနှံများအတွက် ရေပေးဝေမည့် တူးမြောင်းအလျားသည် ၂၄၂ မိုင်ရှည်ပြီး မြေကြီးကျင်း စုစုပေါင်း တစ်သန်းနှစ်သိန်း တူးဖော် ဆောင်ရွက် ခဲ့သည်။ ထို့ပြင် တူးမြောင်း အဆောက်အအုံ ၃၀၄ ခုကို ပါ တည်ဆောက်ခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းတစ်ခုလုံး အတွက် ဘိလပ်မြေတန်ချိန် ၁၁,၃၀၀၊ သံချောင်းတန်ချိန် ၂,၄၀၀ နှင့် စက်ယန္တရား ၁၄၂ စီးတို့ကို သုံးစွဲခဲ့သည်။ ငမိုးရိပ် ရေလှောင် တမံတည်ဆောက် ပြီးစီးသွားသဖြင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်မြေဧက ၇၀,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၂၆,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည့်အပြင် ဧရိယာဧက ၃,၀၀၀ ကိုလည်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။ ငမိုးရိပ်ရေလှောင်တမံမှ နေ့စဉ်ရေဂါလန်သန်း ၉၀ ကို ရန်ကုန်မြို့တော် သောက်သုံးရေအတွက် ပေးဝေသွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းစီမံကိန်းများတွင် ငမိုးရိပ်ရေလှောင်တမံသည် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ၁၉၉၂-၉၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်ခဲ့ရာ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေနှင့် နိုင်ငံခြားပညာရှင် လုံးဝမပါရှိဘဲ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၁,၀၅၀ သန်း ကုန်ကျခဲ့သည်။

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံမုခ်ဦးမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်နဝင်းရေလှောင်တမံသည် ပေါက်ခေါင်းမြို့နယ် အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတမံအလျား ၁၆,၆၇၄ ပေ၊ အမြင့် ၁၄၁ ပေ၊ ရေဆင်းဧရိယာ ၂၄၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ ရေဝင်ပမာဏ ဧကပေ ၂၀၁,၀၀၀၊ ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၇,၀၀၀၊ ရေပေး တူးမြောင်းစုစုပေါင်း ၃၃၄ မိုင်၊ ရေပေးအဆောက်အအုံ ပေါင်း ၉၈၀၊ လယ်ကြားမြောင်း ၁,၁၇၈ မိုင်နှင့် လယ်ကြားအဆောက်အအုံပေါင်း ၆,၄၆၀ ရှိသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၃၀၊ အကျယ်ပေ ၂၅၀ နှင့် ရေထုတ်ပြွန်သည် အလျားပေ ၆၉၀၊ အချင်း ၅ ဒသမ ၉ ပေရှိသည်။ ရေလှောင်တမံကို ၁၉၈၅-၈၆ ခု ဘဏ္ဍာရေးနှစ်မှစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ရာတွင် မြေကြီးကျင်းပေါင်း ၂၉ သိန်း၊ ကွန်ကရစ်ကျင်း ၁၂,၀၀၀ နှင့် ကျောက်ကျင်း ၇၄,၀၀၀ သုံးစွဲခဲ့သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၆၂,၅၀၀၀ နှင့်သီးနှံ ဧရိယာဧက ၉၈,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံခြားငွေကျပ် ၄၃၈ ဒသမ ၅၃ သန်း၊ ပြည်တွင်းသုံးစွဲငွေကျပ် ၁,၀၃၄ ဒသမ ၁၂ သန်း စုစုပေါင်းငွေကျပ် ၁,၄၇၂ ဒသမ ၆၅ သန်း ကုန် ကျခဲ့သည်။

မိုးမောက်မြို့နယ် တာလီရေလွှဲဆည်ဖွင့်ပွဲကို မေလ ၁၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ တာလီရေလွှဲဆည်သည် အရှည်ပေ ၆,၅၀၀၊ အကျယ် ၁၀ ပေ၊ အနက်ခြောက်ပေရှိပြီး လယ်မြေဧရိယာ ၂,၆၈၀ ဧကကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလွှဲဆည် တည်ဆောက်မှုအတွက် ငွေကျပ် ၆၁ သိန်း ကုန်ကျခဲ့သည်။

တိုက်ကြီးမြို့နယ် တဘူးလှ(ဥက္ကံ)ရေလှောင်တမံဖွင့်ပွဲကို မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တဘူးလှ (ဥက္ကံ) ရေလှောင်တမံသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက်

၂၂ မိုင်အကွာတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျား ၁,၃၀၅ ပေ၊ အမြင့် ၉၅ ပေ၊ ကန်းကြောတမံများအလျားပေ ၁,၃၀၀ ခန့်၊ ရေထုတ်မြောင်းအလျား ပေ ဖ၀၀၊ ခြောက်ပေလေးပေ ရေတံခါးသုံးခု၊ ရေပိုလွှဲအလျား ၃၁၃ ပေနှင့် အကျယ်ပေ ၂၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်မြေ ဧရိယာဧက ၅၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၀၄,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၈၈၅ သန်းကုန်ကျခဲ့ပြီး ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ် မုန်းချောင်းရေထိန်းတမံဖွင့်ပွဲကိုရေထိန်းတမံ ယာယီမဏ္ဍပ်၌ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မုန်းချောင်းရေထိန်းတမံသည် တပ်ကုန်းမြို့နယ်၊ ကန်ကြီးကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁,၅၃၀၊ အမြင့်ပေ ၄၀၊ ကန်ရေပြည့်ရေလှောင်နိုင်သည့်ပမာဏဧကပေ ၅၀၀ ရှိသည်။ ရေထိန်းတမံ တည်ဆောက်ပြီးစီးသွားသဖြင့် ဆည်ရေသောက်ဧရိယာ ၄,၈၅၀ ဧကနှင့် သီးနှံဧရိယာဧက ၅,၈၀၀ ကို အကျိုးပြုမည် ဖြစ်သည်။ ရေထိန်းတမံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၅၀ ကုန်ကျခဲ့သည်။

မုံရွာမြို့နယ်သာစည်ရေလှောင်တမံဖွင့်ပွဲကိုဩဂုတ်လ ၂၂ရက်နေ့တွင်ကျင်းပခဲ့သည်။ သာစည်ရေလှောင်တမံသည် မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃,၂၅၀၊ အမြင့် ၇၃ ပေရှိသည်။ ရေပိုလွှဲသည်အလျားပေ ၅၇၀ ၊ အကျယ်ပေ ၅၀ ရှိပြီး သံကူကွန်ကရစ်အမျိုး အစားဖြစ် သည်။ ရေထုတ်မြောင်းအရွယ်အစားသည် ၆ပေ×၄ ပေဖြစ်ပြီး အလျား ၁၈၂ ပေရှိသည်။ ရေလှောင်ကန်အတွင်း ရေဆင်း ဧရိယာသည် ၂၆ ဒသမ ၆ စတုရန်းမိုင် ရှိပြီး သိုလှောင် နိုင် သည့် ရေပမာဏသည် ဧကပေ ၆,၆၀၀ ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသဖြင့် လယ်မြေဧရိယာဧက ၁,၅၀၀ နှင့် သီးနှံဧရိယာဧက ၂,၂၅၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ သာစည်ရေလှောင်တမံသည် အလယ်ပိုင်း ကိုးခရိုင်အထူးစီမံကိန်းဒေသတွင် ပါဝင်သည့်မုံရွာခရိုင်အတွင်း မုံရွာမြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

## လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း

ရန်ကုန်မြို့ အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ တည်ဆောက်ခဲ့သော သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သော စက်နှစ်လုံးတပ်ဆင် ထားသည်။ စက်နှစ်လုံး၏ စက်တပ်ဆင်အင်အားသည် ၆၆ မဂ္ဂါဝပ်ရှိသည်။

ရပ်စောက်မြို့နယ် ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်း၏ လျှပ်စစ်ဓာတ်အားပေးစက် သုံးလုံးအနက် ပထမ စက်တစ်လုံး စတင်လည်ပတ်ဖွင့်ပွဲကို ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရပ်စောက်မြို့ မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ဇော်ဂျီချောင်း တပ်မောက်ရေတံခွန်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ စက်တစ်လုံးလျှင် ခြောက် မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် စက်သုံးလုံးတပ်ဆင်ထားပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၈ မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၉၅သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်းကို ၁၉၉၃ ခုနှစ်၊ မတ်လမှစတင်တည်ဆောက်ခဲ့ပြီးစီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်သည် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၉ဒသမ ၉၇၅ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၅၅ ဒသမ ၁၂ သန်း ဖြစ်သည်။ စက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၁၈ မဂ္ဂါဝပ်ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၄၇ မိုင်ဖြင့် တောင်ကြီးမြို့အောင်သပြေဓာတ်အားခွဲရုံသို့ ပို့လွှတ်၍ တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်မြို့များသို့လည်းကောင်း၊ ကလော၊ ပင်းတယ၊ အောင်ပန်းနှင့် ပင်လောင်းမြို့များသို့လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများဖွင့်လှစ်ခြင်း

သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု ရုပ်မြင် သံကြားထပ်ဆင့်လွှင့်စက်ရုံကို မေလ ၇ ရက်နေ့တွင် လည်းကောင်း၊ ချီဖွေမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၂၄ ရက်နေ့နှင့် ဘော်လခဲမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၉ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့သည်။

**ဘဏ်များ ဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ ပြင်သစ်နိုင်ငံ Banque Francaise Du Commerce Exterieur ဘဏ်အား ဇန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ The Bank of Tokyo Ltd ၊ ဗြိတိန်နိုင်ငံ Standard Chartered Bank နှင့် နယ်သာလန်နိုင်ငံ ABN AMRO BANK NV ဘဏ်များအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ Societe Generale အား မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ Bank Dagang National Indonesia အား ဇွန်လ ၁၄ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လိုင်စင် ထုတ်ပေးခဲ့သည်။ ထိုင်းနိုင်ငံမှ ခြောက်ဘဏ်၊ စင်ကာပူနိုင်ငံမှ ငါးဘဏ်၊ ပြင်သစ်နိုင်ငံမှ လေးဘဏ်၊ မလေးရှားနိုင်ငံမှ သုံးဘဏ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန် နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တစ်ဘဏ်စီ စုစုပေါင်း နိုင်ငံခြားဘဏ် ၂၆ ဘဏ်တို့အား ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင် အသီးသီးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနား ဟိုတယ်၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးသည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံတွင် တည်ရှိသည်။ စင်ကာပူ ကက်ပဲလ်ဘဏ် လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး စေတီလမ်း ၊ အမှတ် (၁၁/က)၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ မေဘဏ် ကိုယ်စား လှယရုံး ဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၂၆ရှိ အဆောက်အအုံ၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဗြိတိန်နိုင်ငံ စတင်းဒတ်ချာတာဘဏ် ကိုယ်စား လှယ်ရုံး ဖွင့်ပွဲကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အက်ဖ် အမ်အိုင် စင်တာ၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဂလိုဘယ်ကော်မာရှယ် ဘဏ် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် ၃ (ဘီ) ၌ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ခရွမ်ဂ်ထိုင်းဘဏ် ပတ်ဘလစ် ကုမ္ပဏီလီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၄၆ ရှိ ကိုယ်စားလှယ်ရုံး၌ သြဂုတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

**ကုန်စည်ပြပွဲများ**

အိန္ဒိယကုန်စည်ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့၏ ပူးပေါင်းအစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လုပ်ငန်းရှင်များအားလည်းကောင်း၊ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်သူလူထုအားလည်းကောင်း ဖွင့်လှစ်ပြသခဲ့သည်။ အိန္ဒိယကုန်စည်ပြပွဲတွင် မော်တော်ကားနှင့် ကားပစ္စည်းများ၊ စက်ဘီးနှင့်အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ အင်ဂျင်နီယာ လုပ်ငန်းသုံး ပစ္စည်းများနှင့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ကိရိယာ၊ စက်ပစ္စည်းနှင့် ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်တွင်းသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းများ ဆေးကုသမှုနှင့် ဆေးရုံသုံး ပစ္စည်းများ၊ သွားဘက်ဆိုင်ရာ ပစ္စည်း များ၊ ရေစုပ်စက်နှင့် မော်တာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ၊ ဆိုးဆေးနှင့် သုတ်ဆေးများ၊ ပလတ်စတစ်၊ ရော်ဘာနှင့် သားရေပစ္စည်းများ၊ ပြင်ဆင်ပြီး အစားအစာများနှင့် အဖျော်ယမကာများ၊ အထည်နှင့် စားသောက် ကုန်ပစ္စည်းများ၊ အလှပြင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် မြန်မာလူထုအတွက် အထူး ကိုက်ညီသော ပစ္စည်းများကို ခင်းကျင်း ပြသခဲ့သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့၊ ရွှေတိဂုံ ဘုရားလမ်းရှိ မြန်မာ့ကုန်ဟိုက်ရေ့မျက်နှာစာ၌ ဖေဖော် ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို မတ်လ ၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့ရာ အစိုးရအဖွဲ့ အစည်း ၁၂ ခု က အရောင်းပြခန်း ၁၆ ခန်း၊ ပြည်တွင်း ပြည်ပဖက်စပ် ၁၃ ခု က အရောင်းပြခန်း ၂၃ ခန်း၊ သမဝါ ယမအသင်း ၁၉ သင်းက အရောင်းပြခန်း ၂၇ ခန်း၊ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ ၇၆ ခုက အရောင်းပြခန်း ၁၀၅ ခန်းနှင့် ပြည်ပ ကုမ္ပဏီ ၁၀၀ က အရောင်းပြခန်း ၁၃၄ ခန်း ဖြင့် ပစ္စည်းမျိုးစုံ ခင်းကျင်းပြသရောင်းချခဲ့သည်။

ဒုတိယအကြိမ် မြန်မာအင်တာနေရှင်နယ်ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌

ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုအရ စင်ကာပူသမ္မတနိုင်ငံ Applied Investments (Asia) Pte, Ltd တို့ အကျိုးတူပူးပေါင်း၍ စီစဉ်ပြသခြင်းဖြစ်ပြီး ဇွန်လ ၂၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲတွင် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ ချည်မျှင်နှင့် အထည်စက်ပစ္စည်းများ၊ အခြားအိမ်သုံးပစ္စည်းများ၊ ကွန်ပျူတာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

## ဈေးပွဲတော်များ

သမဝါယမဈေးပွဲတော် (ရန်ကုန်) ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သမဝါယမအသင်းများက ဒေသထွက်ကုန်များ၊ ထုတ်ကုန်ပစ္စည်းများ၊ ၁၉၉၅ ထွက်ကုန်သစ်များနှင့် မြန်မာ့ခရီးသွားနှစ်အထိမ်းအမှတ်အမှတ်တရပစ္စည်းများကို လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ပြည်တွင်းထွက်ကုန်ပစ္စည်း များနှင့် သွင်းကုန်ပစ္စည်းများကိုလည်းကောင်း ခင်းကျင်းပြသရောင်းချခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)တွင် လက်ငင်းရောင်းရငွေ ကျပ် ၁၃၇ ဒသမ ၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်းဖြစ်ပြီး စာချုပ်ရောင်းရငွေ ကျပ် ၂၈၉ ဒသမ ၇၂ သန်း အပါအဝင် စုစုပေါင်းရောင်းရငွေ ကျပ် ၄၂၇ ဒသမ ၂၂ သန်းရှိသည်။

တပို့တွဲပွဲတော် ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာ လမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တပို့တွဲပွဲတော်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ သမဝါယမအသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အရောင်းဆိုင်များနှင့် အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချခဲ့သည်။

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ် ရွှေရတုသဘင် ဈေးပွဲတော်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွှေရတုသဘင်ဈေးပွဲတော်ကို ဧပြီလ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ ဝန်ကြီးဌာနများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော် (ရေ)နှင့် တပ်မတော် (လေ) သက်သာချောင်ချိရေး အရောင်း ဆိုင်များ၊ ဂျီအီးစီနှင့် ဂျီအီးစီ (ပညာရေး) အရောင်းဆိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရောင်း ဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့သည်။

## ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေး

မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေးဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ၊ ကမ္ဘာအေးစေတီလမ်း ၊ အမှတ် ၆၆ ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အဆောက်အအုံသစ်ကြီး၌ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြန်မာ့ကျောက်မျက် ရတနာပြတိုက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ထားပြီး တတိယထပ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများ၊ သတ္တုနှင့် သယံဇာတပစ္စည်းများကို ပြသထားသည်။ ကျောက်မျက် ရတနာဈေးရှိ ရတနာဆိုင်များတွင် ကျောက်မျက်ရတနာ မျိုးစုံ ဖြင့် စီခြယ်ထားသော ရွှေ၊ ငွေ လက်ဝတ်ရတနာ ပစ္စည်းများ၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများနှင့် ရတနာပစ္စည်းမျိုးစုံရောင်းချသည်။ ကျောက်မျက်ရတနာဈေးတွင် တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ မည်သူမဆို လွတ်လပ်စွာဝယ်ယူခွင့်ရှိပြီး ရတနာပစ္စည်းများအား အမေရိကန်ဒေါ်လာ၊ နိုင်ငံတော်က တရားဝင်သတ်မှတ်ခွင့်ပြုထားသည့် အခြားနိုင်ငံခြားသုံးငွေ၊ နိုင်ငံခြားငွေလက်မှတ် (FEC) နှင့် မြန်မာ ကျပ်ငွေတို့ဖြင့် ဝယ်ယူနိုင်သည်။ နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်ပသို့ တရားဝင် ထုတ်ယူခွင့်ရှိပြီး မြန်မာကျပ်ငွေဖြင့်ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူ နိုင်သည်။

## ဟိုတယ်များ ဖွင့်လှစ်ခြင်း

ရဝေဟိုတယ်ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ခနစ်မိုင်ပြည်လမ်း၊ အမှတ် ၁၉ ၌ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရဝေဟိုတယ်တွင် နှစ်ယောက်အိပ်ခန်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လေအေးပေးစက်၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဂြိုဟ်တုမှ တိုက်ရိုက်ဖမ်းယူနိုင်သော ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးထားသည်။

အယ်လ်ဖာဟိုတယ်ဖွင့်ပွဲကို ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၄၁ ၌ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

အယ်လ်ဖာဟိုတယ်တွင် အထပ် ၁၀ ထပ်၊ အခန်းပေါင်း ၉၀ ဖွဲ့စည်းထားပြီး အခန်းတိုင်းတွင် နိုင်ငံတကာအဆင့်မီ Satellite T.V. Mini Bar ရေပူရေအေး၊ လေအေးစက်များ တပ်ဆင်ပေးထားသည်။ တည်းခိုခကို အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေတို့ဖြင့် သတ်မှတ်ထားသည်။

ဆမ်းမစ်ပတ်ဗျူးဟိုတယ် ဖွင့်ပွဲကို ရန်ကုန်မြို့ အလုံလမ်း၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆမ်းမစ် ပတ်ဗျူးဟိုတယ်တွင် အခန်းပေါင်း ၂၅၀ ပါရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်သည်။

ရေပေါ်ဟိုတယ် Central Floating Hotel ပဏာမဖွင့်ပွဲကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း တံတားအမှတ် ၁၊ ၂တွင် ဆိုက်ကပ်ထားသည့် ရေပေါ်ဟိုတယ်၌ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေပေါ်ဟိုတယ်သည် နိုင်ငံတကာ ကြယ်လေးပွင့်အဆင့်အတန်းရှိပြီး အခန်းပေါင်း ၁၃၂ ခန်း ပါဝင်သည်။ ရေပေါ်ဟိုတယ်ကို နိုင်ငံတကာ အဆင့်မီ စီမံထားပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်၊ အပူပေးစက်နှင့်လေအေးပေးစက်များ၊ ခေတ်မီ ရေကြောင်းလမ်းပြ မီးထွန်းစနစ်နှင့် အဆင့်မြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ တပ်ဆင်ထားသည်။ ရေပေါ်ဟိုတယ်အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ဖြစ်သည်။

ဟိုတယ်ချယ်ရီဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွမ်းခြံလမ်း၊ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဟိုတယ်ချယ်ရီတွင် အထပ် သုံးထပ်ရှိပြီး တစ်ယောက်ခန်း ၁၀ ခန်း၊ နှစ်ယောက်ခန်း ၂၂ ခန်း ပါရှိသည်။

ဦးစိုးအောင်


**မြန်မာ့ပို့ဆောင်ရေးလုပ်ငန်းများ။** ။ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုအတွက် အဓိကအရေးပါသော လုပ်ငန်းကြီး တစ်ရပ်အဖြစ် တည်ရှိသည်။ ထိုမျှသာမက ကမ္ဘာ့နိုင်ငံသားအချင်းချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး များကို ချောမောစွာ ဆက်သွယ် ဆောင်ရွက် ပေးလျက်ရှိရာ ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာတွင် အရေးကြီးသော ရှေ့တန်း လုပ်ငန်း ကဏ္ဍမှလည်း ပါဝင်လျက် ရှိသည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်း ဟူ၍ရှိရာ ကုန်းကြောင်းလမ်းတွင် ရထားလမ်းနှင့် ကားလမ်း ကြောင်းများ ပါဝင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအပေါ် အားထား ဆောင်ရွက်လျက် ရှိကြသည်။

မြန်မာနိုင်ငံတော်တွင် ယခင်က နိုင်ငံတော် ပို့ဆောင်ရေးကဏ္ဍကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဟူ၍ ဆက်သွယ်ရေးလုပ်ငန်းကိုပါ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရတက်ရောက်လာသည့် နောက်ပိုင်းတွင် ဆက်သွယ်ရေးကဏ္ဍကိုသီးခြားဝန်ကြီးဌာန တစ်ခုအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှစ်ခုကို ပူးပေါင်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း သီးခြားဖွဲ့စည်းခဲ့သည်။ ထို့ကြောင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဟူ၍ဝန်ကြီးဌာနအလိုက်လုပ်ငန်း များချမှတ်ပြီး သီးခြားကဏ္ဍခွဲကာ ယခင်ကထက် ပိုမို ကျယ်ပြန့်သည့် လုပ်ငန်းရပ်များကို တိုးချဲ့ပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ကပို့ဆောင်ရေးဝန်ကြီးဌာနသည်ဦးစီးဌာန ခုနစ်ခု၊ စီးပွားရေးအဖွဲ့အစည်း ရှစ်ခုနှင့် သင်တန်းကျောင်း နှစ်ခု စုစုပေါင်းအဖွဲ့အစည်း ၁၇ ခု ဖြင့် လုပ်ငန်း ဆောင်ရွက် ခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ် သီးခြား ကဏ္ဍခွဲ၍ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အချိန်၌ ဦးစီးဌာနလေးခု၊ စီးပွားရေးအဖွဲ့အစည်းငါးခုနှင့် သင်တန်း ကျောင်းအဖြစ် ရေကြောင်းပညာသိပ္ပံ ကျောင်းတစ်ခု တို့ကို ပြန်လည်ဖွဲ့စည်း၍ အရှိန်အဟုန် တိုးမြှင့်ပြီး သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ ကျောင်းနှင့်စီးပွားရေးအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံအင်အား၊ ခွင့်ပြုအင်အား၊ ခန့်ထားအင်အားအရ အရာထမ်း ၈၅၃ ဦးနှင့် အမှုထမ်း ၂၁၀၁၁ ဦး စုစုပေါင်း ၂၁၈၆၄ ဦး၏ ဉာဏအား၊ ကာယအားများဖြင့် ၁၉၉၂ ခုနှစ်မှစပြီး ပို့ဆောင်ရေးဝန်ကြီးဌာန စီမံကိန်းလုပ်ငန်းကြီးများ



မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ကုန်သေတ္တာတင်သင်္ဘော

အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီးပွားရေး အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် ရေကြောင်းပညာသိပ္ပံကျောင်းတို့၏ လုပ်ငန်းတာဝန်ပိုင်းနှင့် အဓိကလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မြန်မာ့လေကြောင်း

မြန်မာ့လေကြောင်း၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ လေယာဉ်ခရီးစဉ်များ ပျံသန်း ပို့ဆောင်မှု လုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ချက်များအနေနှင့် ပျံသန်းမှု ရပ်ဆိုင်းထားသည့် လေယာဉ်များအား လုပ်ထုံး လုပ်နည်း သတ်မှတ်ချက်နှင့်အညီ ပြန်လည်စစ်ဆေးပြုပြင်မွမ်းမံ ပြင်ဆင်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပုံမှန်အနေအထားသို့ ရောက်ရှိစေရန် တစ်စတစ်စ တိုးချဲ့ပျံသန်းနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခနှုန်းများကို ကျခံနေရသည့် ကုန်ကျစရိတ်နှင့် အချိုးညီစွာ တိုးမြှင့်ပြင်ဆင်သတ်မှတ်ရေး၊ လေယာဉ်စီးခရီးသည်များအား ရန်ကုန်မြို့တွင်းရုံးမှ မင်္ဂလာဒုံလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ကြို/ပို့ရေးများအပြင် ခရီးစဉ်လေယာဉ်တိုင်း၌ ခရီးစဉ်အကွာအဝေးနှင့်အညီ အစားအသောက်များ စီစဉ်ကျွေးမွေးရေး စသည်တို့ ဖြစ်သည်။

ပုံမှန်ပျံသန်းပေးနေသော ခရီးစဉ်များအပြင် အထူးပျံသန်းပို့ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ လေယာဉ်စီးလုံ့ငှားရမ်းရေး ကိစ္စတွင် အစိုးရဌာနဆိုင်ရာကိစ္စများနှင့်အတူ ပုဂ္ဂလိကပစ္စည်းများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

မြန်မာ့လေကြောင်းအတွက်ဝယ်ယူခဲ့သည့် ဖော်ကာ အက်ဖ်-၂၇/ လေယာဉ်လေးစင်းကို (၁၉၉၄-၉၅) ခုနှစ်အတွင်း ဝယ်ယူနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ လေယာဉ် ခရီးစဉ်များ တိုးချဲ့ပျံသန်းကာ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် စင်ကာပူနိုင်ငံ လေကြောင်း ဖက်စပ်ပျံသန်းနိုင်ရေးအတွက် စင်ကာပူနိုင်ငံရှိ AIR MANDALAY HOLDING PRIVATE LTD နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ( ATR 72 ) လေယာဉ် တစ်စင်းဖြင့် ရန်ကုန်/မန္တလေး/ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ ပျံသန်းခဲ့သည်။ (၂၈-၁၂-၉၄) နေ့တွင် ( ATR 72 ) တစ်စင်း ထပ်မံရောက်ရှိသည်။ ခရီးစဉ်နှင့် ခေါက်ရေတိုးချဲ့ ပျံသန်း နိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် SOUTH ASIA AIR TRANSPORT LTD. HONG KONG တို့သည် (၁၆-၁-၉၅)နေ့တွင် JOINT VENTURE လေကြောင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် LETTER OF INTENT လက်မှတ် ရေးထိုးခဲ့သည်။ မြန်မာ့လေကြောင်း သည် ပြည်တွင်းခရီးစဉ်၌ သွားလာမှုခက်ခဲ၍ လေကြောင်း ကိုသာ အားထားနေကြရသော ကော့သောင်း၊ တာချီလိတ် နှင့် ပူတာအိုမြို့များသို့ ခေါက်ရေတိုးချဲ့ပျံသန်းပေးခဲ့သည်။

မြန်မာ့လေကြောင်းနှင့်အပြည်ပြည်ဆိုင်ရာမြန်မာ့ လေကြောင်း(MAI)တို့ဖက်စပ်လုပ်ကိုင်သည့်လေကြောင်း ခရီးစဉ်အဖြစ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက် နေ့တွင် ဂျာကာတာလေယာဉ်ခရီးစဉ်ကို စတင်ပျံသန်း ပေးခဲ့သည်။

## မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက တာဝန်မှာ ပြည်ပပို့ကုန်နှင့်သွင်းကုန်များအား ပင်လယ် ရေကြောင်း ဖြင့် အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေး ရခြင်း ဖြစ်သည်။ ယင်းသို့ ပို့ဆောင်ပေးရာတွင် ကြယ်ငါးပွင့်ပိုင် သင်္ဘောများနှင့်အတူ အငှားသင်္ဘောများ၊ အခြားသင်္ဘော လိုင်းများနှင့် ဆက်စပ်၍ လိုသောနိုင်ငံသို့ လိုအပ် သော အချိန်တွင် လိုအပ်သောကုန်တန်ချိန်ကို ပို့ပေးရန် ဖြစ်သ ည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးအခြေအနေနှင့် ဈေး ကွက်များကို လေ့လာသုံးသပ်၍ သင်္ဘောလုပ်ငန်းအကျိုး အများဆုံးရှိရန် စီမံဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ ကမ်းရိုး တန်း ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်ပစ္စည်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို အချိန်မှီ သယ်ပို့ပေးရန် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက တာဝန်ယူသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်၊ ပြည်တွင်းသွင်းကုန်လုပ်ငန်းနှင့် မြန်မာ့ကမ်းရိုးတန်းသွား ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံခြားကုန်သွယ်မှုတွင် ပင်လယ်ကူး ကုန်တင်သင်္ဘော ၁၄ စင်း၊ ဆီအမျိုးမျိုးတင် သင်္ဘော တစ်စင်း၊ ပေါင်း ၁၅ စင်းကိုလည်းကောင်း၊ မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်အတွက် ကုန်တင်သင်္ဘောသုံးစင်း၊ ခရီးသည်/ကုန်တင်သင်္ဘောလေးစင်း၊ ပေါင်းခုနစ်စင်းကို လည်းကောင်း စုစုပေါင်း နိုင်ငံခြားခရီးစဉ်နှင့် မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်တွင် သင်္ဘော ၂၂ စင်းကိုအသုံးပြု ပြေးဆွဲကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိရာ ပြည်ပ ဥရောပလိုင်း၊ အရှေ့ဖျားလိုင်း၊ အခြားလိုင်းများ အပြင် အထူးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးချက်ရှိသည်။ ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်၌ ရခိုင်ခရီးစဉ်၊ မွန်၊ တနင်္သာရီ ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည့်အပြင် မြန်မာ့ရေလုပ်ငန်းပိုင် အအေးခန်းသင်္ဘော 'ရွှေပုလဲ'၊ 'ငွေပုလဲ' သင်္ဘောနှစ်စင်းနှင့် မြန်မာ့ကြွေထည် မြေထည် လုပ်ငန်းပိုင် 'ကြည်သာ-၁' သင်္ဘောတစ်စင်းတို့ကိုလည်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ စီမံကွပ်ကဲ အုပ်ချုပ် မှုဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း တိုးချဲ့ ဆောင်ရွက်မှုပိုင်း အနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရှိ (YUNNAN MACHINERY IMPORT & EXPORT CORPORATION (Y.M.C) )နှင့်(CHINA SHIPBUILDING TRADING CO. LTD, KUMING BRANCH (CSTC) )အဖွဲ့အစည်းနှစ်ရပ်တို့ သင်္ဘောများ ဝယ်ယူတည်ဆောက်ရန် နှစ်ဖက်အကျိုးတူ နားလည်မှု စာချွန်လွှာ ( MOU ) လက်မှတ် ရေးထိုးပြီး ဆောင်ရွက်ရန် စီစဉ်လုပ်ကိုင်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုအရ SHERATON II အမည်ရှိသင်္ဘောကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ (၇-၁၁-၉၄)ရက်နေ့တွင် လွှဲပြောင်း လက်ခံရယူခဲ့ပြီး 'ရွှေလီ'ဟု အမည်ပေး၍ ပထမဆုံး ခရီးစဉ်အဖြစ် ရန်ကုန်/ကော့သောင်း/ရန်ကုန်ခရီးစဉ်ကို

(၁၁-၁-၉၅)ရက်နေ့မှ စ၍ ပြေးဆွဲခဲ့သည်။ အဆိုပါ သင်္ဘောကို တနင်္သာရီ ကမ်းရိုးတန်းနှင့် ရခိုင်ကမ်းရိုးတန်း ခရီးစဉ်များတွင် ပုံမှန်ပြေးဆွဲလျက် ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆန်တန်ချိန် တစ်သန်းကို ၁၉၉၄-၉၅ ခုနှစ်အတွင်း တင်ပို့ရန်လျာထား သတ်မှတ်ခဲ့ရာ ကိုယ်ပိုင်သင်္ဘောနှင့်အငှားသင်္ဘောများဖြင့် ခရီးစဉ်(၃၆)ခုတွင် ဆန်တန်ချိန်(၂,၄၄,၈၀၀)ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက သယ်ဆောင် ပေးခဲ့သည်။

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အမေရိကန် ပြည်ထောင်စု CUNARD SHIPS HOTEL RESORTS CO တို့ ညှိနှိုင်းစီစဉ်ချက်အရ ကမ္ဘာလှည့်ခရီးသည်၃၇၄ ဦး တင်ဆောင်သော အပျော်စီးသင်္ဘောကြီးသည် ရန်ကုန် ဆိပ်ကမ်းအတွင်း ဝင်ရောက်နိုင်ခြင်းမရှိ၍ ပင်လယ်ဝတွင် ကျောက်ချရပ်နားပြီး ကမ္ဘာလှည့်ခရီးသည် ၃၂၁ ဦးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဟားခါးသင်္ဘော ခရီးစဉ် (၅၂၈)ဖြင့် ကမ္ဘာလှည့်ခရီးသည် များအား သီလဝါဆိပ်ကမ်းသို့ အသွား/ အပြန် သယ်ယူပို့ဆောင် ပေးခဲ့ရာ ဟားခါးသင်္ဘောငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၀,၀၀၀) ရရှိခဲ့သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် နိုင်ငံခြား ပို့ဆောင်မှုနှင့်မြန်မာ့ကမ်းရိုးတန်း ပို့ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခေါက်ရေ၊ကုန်တန်ချိန်၊ ခရီးသည်နှင့်ဝင်ငွေပိုင်း၊ အသုံးစရိတ်/ အရှုံးအမြတ်/ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို ဝန်ကြီးဌာနလျာထားချက် ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အဓိက တာဝန် ပိုင်းသည် ပြည်တွင်းသွဲ့ရေယာဉ်များဖြင့် ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေး၊ ရေယာဉ်သစ်များ တည်ဆောက် ခြင်းနှင့် ရေယာဉ်ဟောင်းများပြုပြင်ခြင်း လုပ်ငန်းတာဝန် ပင် ဖြစ်သည်။ ၎င်းပြင် ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ စေရေးဟူသော ရည်မှန်းချက်များကို နိုင်ငံတော်က အကောင်အထည် ဖော်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက် ပေးသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် လုပ်ငန်းတိုးချဲ့မှုအပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ (YUNNAN MACHINERY IMPORT AND EXPORT CORPORATION) နှင့်ရေယာဉ်များဝယ်ယူရန် သဘောတူ စာချုပ်တစ်ရပ်ကို ၄-၆-၉၃ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ သည်။ အဆိုပါ စာချုပ်အရ အမေရိကန်ဒေါ်လာသန်း ၃၀ ဖိုး ဆိုင်းငံ့ ငွေချေစနစ်ဖြင့် စက်ရှိရေယာဉ် ၁၄ စီး၊ စက်မဲ့ ကုန်တင်တွဲ ၂၈ စီး၊ စုစုပေါင်း ၄၂ စီး ဝယ်ယူတည် ဆောက်ရန်ဆောင်ရွက်ခဲ့သည်။ စက်မဲ့ကုန်တင်တွဲ ၂၈ စီး ကို ပြည်တွင်းသင်္ဘောကျင်းများတွင် တည်ဆောက်မည် ဖြစ်ရာ ထိုကုန်တွဲတည်ဆောက်ရေး ပစ္စည်းများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလလယ်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ အရောက်ပေးပို့ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တာဝန်ရှိသူများက ထိုပစ္စည်းများကို အသေးစိတ် စစ်ဆေး အပ်နှံလက်ခံမှုများ ဆောင်ရွက်ပြီးစီး ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တန် ၁၀၀ ကုန်တွဲ ကိုးစီးအား အလုံသင်္ဘောကျင်းတွင်လည်းကောင်း၊ တန် ၂၅၀ ကုန်တွဲ ၁၀ စီးအား ဒလသင်္ဘောကျင်းတွင် လည်းကောင်း၊ တန် ၈၀၀ ကုန်တွဲ ကိုးစီးအား မြန်မာ့ သင်္ဘောကျင်းတွင်လည်းကောင်း အားလုံးတည်ဆောက်ပြီး ဖြစ်၍ ယင်းစက်မဲ့ကုန်တွဲ ၂၈ စီးကို ကုန်စည်ပို့ဆောင်ရေး ဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ပေးရန် ရှိသည့်စက်ရှိရေယာဉ် ၁၄ စီးအနက် ပထမအသုတ် စက်ရှိ ရေယာဉ်ငါးစီး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၂၄-၁-၉၅ ရက်နေ့တွင်(YMC )မှ ဤဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ အဆိုပါစက်ရှိရေယာဉ်များအနက်ရေတိမ်သွား 'ပြည် သာယာ' သုံးထပ်ခရီးသည်တင် ရေယာဉ်ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ဘားအံ - မော်လမြိုင် ခရီးစဉ်တွင်လည်းကောင်း၊ 'ပြည်မြန်မာ - ၁ နှင့် ပြည်ကြီး မွန် ရေယာဉ်' တို့အား ၃-၃-၉၅ နေ့မှစ၍ ရေဝတီ ဌာန ခွဲ တွင်လည်းကောင်း လူစီးကုန်တင်ရေယာဉ်များအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုအတူ တွန်းရေယာဉ် 'ဆင်ကလေး ၁ 'နှင့် 'ဆင်ကလေး-၂ ' ရေယာဉ်တို့အား ၁၉-၂-၉၅ ရက်နေ့မှစ၍ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံး ပြုလျက် ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလ သင်္ဘော ကျင်းတွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် လူစီး ကုန်တင်'မေခ' ရေယာဉ်အသစ်အား ၁၈.၃.၉၅ နေ့တွင်

ရေချခဲ့ပြီး ၂၄-၃-၉၅ ရက်နေ့တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

ကမ္ဘာ့လှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် (J.V CONTROL Ltd OF THAILAND)တို့၏ (MEMORANDUM OF UNDERSTANDING) နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) တွင် ၃-၈-၉၄ နေ့၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် (YUNNAN MACHINERY IMPORT AND EXPORT COPORATION)တို့ ဒုတိယအကြိမ် ရေယာဉ်များဝယ်ယူရေးအတွက်အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးနှင့် သင်္ဘောကျင်းများစွမ်းအားမြှင့်တင်ရေးတို့ အတွက် အမေရိကန်ဒေါ်လာ ငါးသန်းဖိုး၊ အတိုးမဲ့နှစ်ဆိုင်း ငွေချေးစနစ်ဖြင့် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ(M OU) ကို ၁၈-၁၁-၉၄ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ဖိုးရှိ ရေယာဉ်များ ဝယ်ယူရေးအတွက် သင်္ဘောတူ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ၂၆-၁၁-၉၄ ရက်နေ့တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရုံးချုပ်) ၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် စင်ကာပူနိုင်ငံ (WONG YIP CHONG PTE Ltd) တို့ 'မြတ်ရတနာ' ရေယာဉ် အား ငှားရမ်းရေးနှင့် ပတ်သက်၍ ၁၃- ၃- ၉၅ နေ့တွင် နားလည်မှု စာချွန်လွှာ( M OU ) လက်မှတ်ရေးထိုးခဲ့သည်။

## မြန်မာ့ဆိပ်ကမ်း အာဏာပိုင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အဓိကတာဝန်မှာ ပြည်ပပို့ကုန်နှင့် သွင်းကုန်များကို ဆိပ်ကမ်း၌ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအသီးသီးကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ ဆိပ်ကမ်းတွင်းသို့ သင်္ဘောများဝင်/ထွက်ရန် အတွက်ရေကြောင်းပြများထားရှိခြင်းနှင့် သင်္ဘော ကိုယ်စားလှယ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်သည်။

အဓိကဆောင်ရွက်ချက်အနေနှင့်ဆိပ်ကမ်းသို့ရောက်ရှိလာသည့်သင်္ဘောများ လျင်မြန်စွာပြန်လည်ထွက်ခွာနိုင်ရန် ပြည်ပပို့ကုန်များကို လက်ခံပြီး ပင်လယ်ကူး သင်္ဘောများပေါ်သို့ တင်ပေးခြင်း၊ နိုင်ငံတော်အတွက် တင်သွင်းလာသည့် သွင်းကုန်များကို ပင်လယ်ကူးသင်္ဘောများပေါ်မှ ချကာ ခေတ္တကုန်လှောင် ရုံ များတွင် သိမ်းဆည်းကာ ကုန်ပိုင်ရှင်များ လာရောက်ထုတ်ယူသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပေးခြင်း၊ ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံဖောတံတားများ လုံ လောက်စွာထားရှိပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်း များ ကို ဆောင်ရွက်ကာ တိုင်းပြည်အတွက်ပြည်တွင်း/ပြည်ပ ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းရှာဖွေပေးလျက် ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းတိုးချဲ့မှု၊ တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေမှာ ကုန်သေတ္တာတံတားအသစ်တစ်ခုတည်ဆောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(CHINA SHIP BUILDING TRANDING Co., Ltd. )မှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးယူရန် ၃၀-၉-၉၄ နေ့တွင် (MOU) လက်မှတ်ရေးထိုးခဲ့သည်။

သီဟရေယာဉ်နစ်မြုပ်ခဲ့စဉ်က အတူပါရှိသွားသောကျောက်စွဲပစ္စည်းများကို ဆင်ပြောင်ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၅-၂-၉၅ ရက်နေ့တွင် ကိုကိုးကျွန်းသို့ထွက်ခွာသွားခဲ့သည့် ဆင်ပြောင်ရေယာဉ်သည် သယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၃ လက်မ× ၉ လက်မ ကျောက်ကြိုးကိုးချောင်း၊ ဆုံလည်ဆက်ကွင်းနှစ်ကွင်းနှင့် ဆက်ကွင်းကြီး တစ်ကွင်းတို့ကို ပြန်လည်ဆယ်ယူနိုင်ခဲ့သည်။ ၂၂-၃-၉၅ ရက်နေ့တွင် (SPIT CHANNEL ) သစ်အား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရန်ကုန်မြစ်အတွင်း ကုန်တင်ကုန်ချမှု မြန်ဆန်ရေးအတွက် အထောက်အကူပြုနိုင်ရန် မြစ်လယ်တွင် ဖော်ယာလေးလုံးဖြင့် အသေချည်ပြီး တင်ချနိုင်သော ဖော်ယာ စနစ်ကို ၁၉၉၄ ခုနှစ်၊ ဩဂုတ်လအတွင်း ချထားပေးခဲ့ကာ ဆောင် ရွက် ခဲ့သည်။

ဝါးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားမည့် ရေပေါ်ဟိုတယ်အတွက် ၁၂၀ ပေ×၂၀ ပေသံမဏိ ဆိပ်ခံဖောသုံးလုံး၊ ပေ ၄၀×၂၀ ပေ သံမဏိ တံတားခံ ဖောနှစ်လုံးကို တည်ဆောက်ပေးသည်။ ပေ ၈၀ ပေါင်းကူးတံတားသုံးလက်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ကုန်ကိုင်တွယ်မှု ပမာဏတိုးတက်လာမှုကြောင့် ကုန်ပစ္စည်းများ ထားနိုင်ရန် ဆူးလေအမှတ်(၂)၊ အမှတ်(၃)နှင့် (၄)၊ အမှတ်(၇) တို့တွင် အမာခံလွင်ပြင်များ တည်ဆောက်ပေးခဲ့သည်။ ထားဝယ် ဆင်ဖြူပြင် ရေလမ်းကြောင်း သစ်တွင် လှေသင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ သွားလာခုတ်မောင်းနိုင်ရေးအတွက် တိုင်းတာရေးမှတ်တိုင်ခြောက်ခု၊

ရေကြောင်းလမ်းညွှန်မှတ်တိုင် ရှစ်ခုနှင့် ရေကြောင်းလမ်းပြ ဖော်ယာခြောက်လုံး တို့ကိုတည်ဆောက်ချထားပေးခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြည်တွင်း သစ်တင်စခန်းများဖြစ်ကြသည့် တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် သစ်တင်ပို့သည့်စခန်းများမှ နိုင်ငံခြားသင်္ဘောများပေါ်သို့ သစ်လုံးတန်ပေါင်း ၁၄၃၀၀ ကိုတင်ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သည့်ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများမှ ရရှိသည့် ခန့်မှန်းခြေ သင်္ဘောဝင်ရောက်မှု စရိတ် အမေရိကန်ဒေါ်လာ ၃၀၂,၇၇၅ ဖြစ်သည်။

## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ အဓိကတာဝန်သည် ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်ဟောင်းများ ပြန်လည်ပြုပြင် မွမ်းမံ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများပင် ဖြစ်သည်။

အဓိကဆောင်ရွက်မှုအနေနှင့် အထက်ပါ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အပြင် အထွေထွေထုတ်လုပ်မှုလုပ်ငန်းနှင့် အက်ဆစ်တလင်း ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ပြီး လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပိုမိုတိုးတက် မြင့်မားလာစေရန် တိုးချဲ့ဆောင်ရွက်ရာ၌ ဆင်မလိုက် သင်္ဘောကျင်း တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအား လက်ရှိ အနေ အထားထက် ပိုမို၍ စွမ်းဆောင်မှုတိုးတက်စေမည့် (SINMALIKE DOCKYARDS UP GRADING PROJECT)အတွက် ရေယာဉ် တည်ဆောက်မှုလုပ်ငန်းဆိုင်ရာ အဆင့်မြင့် စက်ကိရိယာများ တိုးချဲ့တပ်ဆင်ရန်၊ သံမဏိနှင့် သံထည် တပ်ဆင်မှု လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် လွှန်းလမ်း၊ လွှန်းကျင်းများ တိုးချဲ့တည်ဆောက် ရန်အတွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ချေးငွေရရှိရေးပဏာမ နားလည်မှု သဘောတူညီချက်စာချွန်လွှာကို ၂၁-၉-၉၄ နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်းအားအကောင်အထည်ဖော်ပြီးပါက မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဆင်မလိုက်သင်္ဘောကျင်းသည် လက်ရှိတန်ချိန် ၂၅၀၀ D W T ရှိသော သင်္ဘောများ တည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ D W T ရှိသော သင်္ဘောများတည်ဆောက်ခြင်း၊ လွှန်းတင်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် တံတား၊ ဆိပ်ခံဇော စသည့် သံထည်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

သီလဝါ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေး စီမံကိန်းအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၊ လုပ်ငန်းစီမံကိန်း ချေးငွေမှ ဂျပန်ယန်းသန်းပေါင်း ၄၇၃ ဒသမ ၉၄၆ သန်းကို ၂၁-၅-၈၅ နေ့တွင် ချေးယူရရှိခဲ့၍ အကြိုအင်ဂျင်နီယာ လုပ်ငန်းများဖြစ်သော သင်္ဘောကျင်းတည်ဆောက်ရေး လုပ်ငန်းအရပ်ရပ်အတွက် အသေးစိတ်ပုံစံဒီဇိုင်းများ၊ မြေအနေအထား အခြေအနေ စူးစမ်းလေ့လာမှု၊ ဝယ်ယူ တပ်ဆင်မည့် စက်ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်း ပြုစုခြင်း၊ ဝယ်ယူရေးတင်ဒါခေါ်ယူရန် စာရင်းပြုစုခြင်းများကို ၁၉၈၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အကြိုအင်ဂျင်နီယာလုပ်ငန်းများ ပြီးစီးပြီးနောက် သင်္ဘောကျင်းကြီးတည်ဆောက်ရန် ချေးငွေဆက်လက် ရယူရေး အစီအစဉ်မှာ လောလောဆယ် ဆိုင်းငံ့လျက် ရှိသည်။ ရေလုံသင်္ဘောကျင်းတည်ဆောက်ရန် လိုအပ်သော ချေးငွေ ယန်းသန်းပေါင်း ၁၄၆၀၅ ရရှိရေးအတွက် စောင့်ဆိုင်းလျက်ရှိသည်။ အကြိုအင်ဂျင်နီယာ လုပ်ငန်း အတွက် ချေးယူခဲ့သော ငွေများအပေါ် ကျသင့်သည့် အတိုးငွေများကို စတင်ပေးဆပ်လျက်ရှိပြီး အရင်းငွေကို ၁၉၉၅ ခုနှစ်မှစ၍ အရစ် ၄၀ ပေးဆပ်ရန်ရှိသည်။

သီလဝါဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွင် သီလဝါ သင်္ဘောကျင်းတည်ဆောက်ရေးအတွက် မြေဧရိယာစုစုပေါင်း ၃၉၇ ဒသမ ၂၇ ဧက ရရှိထားပြီး တပ်မတော် (ရေ) သို့ ၇၇ ဒသမ ၅၈ ဧက လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။ လောလောဆယ်တွင် ရရှိထားသောမြေအား ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)အတွက် ၇၅ မီတာ ကော်ဗက်အမြန် ရေယာဉ်တစ်စီး တည်ဆောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ၁၁-၄-၉၄ နေ့တွင် ရေယာဉ်တည်ဆောက်ရေးအတွက် နှစ်ဦးနှစ်ဖက် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ အဆိုပါရေယာဉ်

တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် စက်ကိရိယာများ ဝယ်ယူရန်အတွက် KEPPEL INTERGRATED ENGINEERING အဖွဲ့က SEA SCAN INTERNATIONAL Pte. Ltd. နှင့် ဝယ်ယူရေးစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဖွန်လ တွင်ချုပ် ဆိုခဲ့သည်။

ကိုယ်ထည်ပုံစံငယ် စမ်းသပ်ထုတ်လုပ်ရေးနှင့် ပတ်သက်၍မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (ရေယာဉ်ဗိသုကာ) တစ်ဦးနှင့် ကွန်ပျူတာပညာရှင်တစ်ဦးတို့သည် အီတလီနိုင်ငံ FINCANTIERI NAVAL SHIP BUILDING DIVISION သို့ သွားရောက်ခဲ့ပြီး တပ်မတော် (ရေ)၏ ရည်မှန်းချက်များနှင့်အညီ ပုံစံထုတ်လုပ်မှု လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကိုယ်ထည်ပုံစံကို လှိုင်းလေဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှုနှင့် မျှော်မှန်းထားသည့် ရေမိုင်နှုန်း ရရှိနိုင်ရေးအတွက် MODEL TANK TEST စသည့် သုတေသနလုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။ သုတေသနဆောင်ရွက်ချက်မှာ မြန်မာ့ သင်္ဘော ကျင်းလုပ်ငန်းမှ ထုတ်လုပ်ရေးဆွဲခဲ့သည့် ရေယာဉ် ကိုယ်ထည်ပုံစံကို မျှော်မှန်းထားခဲ့သည့်အတိုင်း လှိုင်းလေ ဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှု စသည့်တွက်ချက်မှုများနှင့် ကိုက်ညီ ကြောင်း ရလဒ်များ ရရှိခဲ့သည်။ ကိုယ်ထည် တည်ဆောက်ရေး အတွက် သံထည်ပစ္စည်းများသည် ၄-၈-၉၄ နေ့တွင် ရောက်ရှိ ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ဦးပိုင်းဆက်သည့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ယူနန်ပြည်နယ်စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက လုပ်ငန်းအပ်နှံခဲ့သည့်တန် ၈၀၀ အမိုးပါကုန်တင်တွဲကိုးစီးတည်ဆောက်ရန်အတွက် ၂၀-၇-၉၃ နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မတ်လတွင် ရေယာဉ်တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိ ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရေယာဉ်များကို စတင်တည်ဆောက်ခဲ့သည်။ ပထမသုံးစီးကို ၃-၈-၉၄ နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဒုတိယသုံးစီးကို ၄-၁၁-၉၄ နေ့တွင် လွှဲပြောင်း ပေးခဲ့သည်။ တတိယသုံးစီးကို ၃၀-၁၂-၉၄ နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနှင့် အာရှရေယာဉ်တည်ဆောက်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများ ဈေးကွက် တွင် ဝင်ရောက်နိုင်ရေး ဦးတည်ချက်ဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဆင်မလိုက်သင်္ဘောကျင်းကို လက်ရှိတန်ချိန် ၂၅၀၀ ( DWT ) ရှိသော သင်္ဘောများတည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ (DWT) ရှိသောသင်္ဘောကြီးများ တည်ဆောက်လွန်းတင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် ဆင်မလိုက်သင်္ဘောကျင်း တိုးချဲ့ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။ ယင်းသို့တိုးချဲ့ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၁-၉-၉၄ နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရေးအတွက် နားလည်မှု စာချွန် လွှာ (MOU)ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

(မေမြန်မာ)

**မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများ (၁၉၉၅)။ ။** ပြည် ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများကို အောက်ပါ အတိုင်းဖော်ပြပါသည်။

**မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ**

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကိုဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိမန္တလေးမြို့၊ ဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည်။ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ-၃၀၁ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆင်ဖြူကန် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြိုင်ပွဲဖြစ်မြောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌနှင့် ဗဟို ကော်မတီဝင်များ၊ အထောက် အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် လူထုပရိသတ်များ တက်ရောက်သည်။

ပြိုင်ပွဲတွင် နှားလှည်းဒုန်း အကြီးတန်းပြိုင်ပွဲ၊ နွားလှည်းဒုန်း အငယ်တန်းပြိုင်ပွဲ၊ နွားတစ်ကောင်တပ်ဒုန်းလှည်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအကြီးတန်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအငယ်တန်းပြိုင်ပွဲ၊ နွားကျောစီးပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အကြီးတန်းပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အငယ်တန်းပြိုင်ပွဲ၊ နွားသိုးအလှပြိုင်ပွဲ၊ နွားမအလှပြိုင်ပွဲ၊ ခိုင်းနွားရှဉ်းစုံအလှပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း အသင်း၊ ပဲခူးတိုင်းအသင်း၊ မကွေးတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ အမှတ် ၃၃ ခြေမြန်တပ်မဟာနချုပ်အသင်း၊ အမှတ် ၉၉ ခြေမြန်တပ်မဟာနချုပ်အသင်းနှင့် အမှတ် ၁၀၁ ခြေမြန်တပ်မဟာနချုပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကွင်းပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဆင်ဖြူကန်အားကစားကွင်း၌ ကျင်းပရာ မန္တလေး တိုင်းအသင်းက အမှတ်ပေါင်း ၁၈၇ မှတ်ဖြင့် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသည်။ မန္တလေးတိုင်းအသင်းသည် လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ တွင် ချီးမြှင့်သောဆုများတန်ဖိုးမှာ စုစုပေါင်းကျပ် ၂၆ သိန်းခွဲကျော်ဖိုးရှိသည်။

## မြဝတီအငြိမ့်ပြိုင်ပွဲ

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲကို စက်တင်ဘာလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။ မြဝတီအငြိမ့်ပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်



တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နေသူတစ်ဦး

အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စစ်မှန်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအငြိမ့်သဘင်ကို မြဝတီရုပ်မြင် သံကြားမှ တစ်ဆင့် ပြည်သူများရှုမြင်နားဆင်အပန်းဖြေနိုင်ရေး ဟူသော ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဇာတ်ရုံအဝင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂)ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေး ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အငြိမ့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောင်လံတော်အငြိမ့်အဖွဲ့၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သီရိဇေယျာအငြိမ့်အဖွဲ့၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရွှေနေကြာအငြိမ့်အဖွဲ့၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မောကိန္နရီအငြိမ့်အဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဟင်္သာရွှေအငြိမ့်အဖွဲ့၊ မာန်အငြိမ့်အဖွဲ့နှင့် ရွှေခေတ္တရာအငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ရွှေဟင်္သာအငြိမ့်အဖွဲ့နှင့် တိုင်းရွှေဝယ်အငြိမ့်အဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီအငြိမ့်အဖွဲ့၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့နှင့် မြရတနာအငြိမ့်အဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လမင်းတစ်ရာအငြိမ့်အဖွဲ့၊ ရေနံ့သာအငြိမ့်အဖွဲ့၊ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့နှင့် သစ်လွင်အငြိမ့်အဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့၊ ရွှေဝါဖူး အငြိမ့်အဖွဲ့နှင့် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့ စုစုပေါင်း တိုင်း ၁၀ တိုင်းမှ အငြိမ့်အဖွဲ့ ၁၉ ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး( ၂ ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အငြိမ့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်သည်။

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့က ပထမဆု (ငွေကျပ်သုံးသိန်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့က ဒုတိယဆု (ငွေကျပ်နှစ်သိန်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့က တတိယဆု (ငွေကျပ်တစ်သိန်း)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြည့်သူ့မေတ္တာရွှေရတနာအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယုဝတီက အကောင်းဆုံး ခေါင်းဆောင်မင်းသမီးဆု (ငွေကျပ်သုံးသောင်း)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ ရွှေထွက်မင်းသမီး နီနီမြင့်က အကောင်းဆုံးရွှေထွက် မင်းသမီးဆု (ငွေကျပ်နှစ်သောင်း)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် မြနန်းရောအငြိမ့်အဖွဲ့မှ မိုးဒီ၊ မော့စ်၊ တိမ်ညွှန့် နှင့် ပိစိတို့ပါဝင်သော လူရွှင်တော်အဖွဲ့က အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု (ငွေကျပ် လေးသောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လမင်းတစ်ရာအငြိမ့်အဖွဲ့မှ ဆိုင်းအဖွဲ့က အကောင်းဆုံး ဆိုင်းအဖွဲ့ဆု(ငွေကျပ် ငါးသောင်း)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီ အငြိမ့်အဖွဲ့က အကောင်းဆုံးတေးသီးချင်းဆု (ငွေကျပ် နှစ်သောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သစ်လွင် အငြိမ့်အဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေဝါဖူး အငြိမ့် အဖွဲ့တို့က ဂုဏ်ပြုဆု (ငွေကျပ်ငါးသောင်း)၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မာန်အငြိမ့်အဖွဲ့မှ ခေါင်းဆောင် မင်းသမီး

ကေတုကြည်က လက်ဆင့်ကမ်းအမွေဆု (ငွေကျပ်တစ်သောင်း)၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေနံ့သာ အငြိမ့်အဖွဲ့မှခေါင်းဆောင်မင်းသမီး မိုင်စမ်းညိမ်းက မျိုးဆက်သစ် လူငယ်ဆု(ငွေကျပ် တစ်သောင်း)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းရွှေဝယ် အငြိမ့်အဖွဲ့မှ စွပ်ပဂုား၊ မန်းဝင်း၊ အောင်ဖန်းနှင့် ပြာလောင်တို့ ပါဝင်သောလူရွှင်တော်အဖွဲ့က မျိုးဆက်သစ် လူရွှင်တော်အဖွဲ့ဆု (ငွေကျပ်နှစ်သောင်း)နှင့် အငြိမ့်အဖွဲ့ ၁၄ ဖွဲ့တို့က ခွဲဆု (ကျပ်သုံးသောင်းစီ) အသီးသီး ဆွတ်ခူး ရရှိသည်။

**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

တတိယအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် လေ့ကျင့်ရေးဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ-၂၅၈ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန် အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အနုပညာရှင် ကြီးများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ ကြိုးကြပ်သူများ နှင့် ဖိတ်ကြား ထားသူများ တက်ရောက်သည်။



မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်နှင့်အောက်) ဟူ၍ အဆင့်ငါးဆင့်ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၁,၇၀၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေး ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ပေး အပ်သည်။

**မြန်မာ့အကောင်းဆုံး အားကစားသမားဆု(၁၉၉၄)။**

။၁၉၉၄ ခုနှစ် အတွက်မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊ အမျိုးသမီး) ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေဂုံရိုင်ဂါးဒင်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် တက်ရောက် အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနားသည် မြန်မာ့အားကစားလောက သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊




၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသား) ဆုရ သန်းတိုးအောင်နှင့် (အမျိုးသမီး) ဆုရ ဝင်းဝင်းမော်

အမျိုးသမီး)ဆု ရွေးချယ်ပြီး ဆုကြေးငွေများနှင့် ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် တီထွင်ချီးမြှင့်သည့် ဂုဏ်ပြုပွဲဖြစ်ခြင်းကြောင့် မြန်မာ့အားကစားလောကအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်ကြောင်း၊ ဆုကို နှစ်စဉ်ချီးမြှင့်သွားမှာဖြစ်ပြီး ဆုအရေအတွက်များကိုလည်း တိုးမြှင့် သတ်မှတ်ပေးသွားမှာဖြစ်ကြောင်း၊ အားကစားမောင်မယ်များအနေနှင့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အားကစားဘက်မှာ ထူးချွန်လာလျှင် နိုင်ငံ့ဂုဏ်ဆောင်သားကောင်းသမီးကောင်း များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာဂုဏ်ပြုသလို ထင်ပေါ်လျှင် စင်တော်ကကောက်မည်ဆိုသည့် စကားအတိုင်း မိမိအတွက်လည်း အကျိုးရှိ၍ အပြိုင်အဆိုင်ကြိုးစားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမား (အမျိုးသား) ဆုရ ဘောလုံးအားကစားသမား သန်းတိုးအောင်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံးအား;ကစားသမားရုပ်တုကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမား (အမျိုးသမီး)ဆုရ အလေးမအားကစားသမား ဝင်းဝင်းမော်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံး အားကစားသမားရုပ်တုကို လည်းကောင်း ချီးမြှင့်ခဲ့ပေသည်။

## ရဲဘော်နေအောင် (ခရစ် ၁၉၁၈ – ၁၉၉၅) ။

။စာပေ လောကတွင် ထင်ရှားခဲ့သော စာရေးဆရာ ရဲဘော်နေအောင်ကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ အဖ ဦးညွန့်၊ အမိကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဆင့်တို့က ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ သစ်နဖားရွာတွင် မွေးဖွားသည်။ အမည်ရင်း ဦးတင်မြင့် ဖြစ်၍ ဘီအိုင်အေ ဗိုလ်သင်တန်းတက်ခဲ့သဖြင့် ဗိုလ်တင်မြင့် အမည်တွင်သည်။

ရဲဘော်နေအောင်သည် ရှေး ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၄၂ – ၄၅ ခုနှစ်၌ ဗမာ့တပ်မတော်၊ စစ်တက္ကသိုလ် (မင်္ဂလာဒုံ) တတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင် အလုပ်သင်

ဗိုလ်အဆင့်ဖြင့် စက်မှု (၂) တပ်ရင်းရုံး၌ တာဝန်ထမ်းဆောင်သည်။ တစ်ဖန် တိုင်းစစ်ဌာနချုပ် နတ်တလင်းသို့ ရောက်ရှိပြီး ပဲခူးရိုးမသို့ ချီတက်တိုက်ခိုက်ရေး တာဝန်ယူခဲ့သည်။ ထို့နောက် ဓိးကုန်းမြို့တွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရဲဘော်နေအောင်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေး(စီအေအက်စ်ဘီ)က ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက လူသတ်မှု ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ကာ တရားရုံးက သေဒဏ်ကြိုးမိန့်



စာရေးဆရာ
ရဲဘော်နေအောင်

ချမှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင်များအပါအဝင် လူထုအုံကြွမှုဖြင့် အရေးဆိုခဲ့သောကြောင့် သေဒဏ်မှလွတ်ကာ တစ်သက်တစ်ကျွန်းသို့ ပြောင်းရွှေ့အမိန့်ချမှတ်ခံရသည်။ သရက်ထောင်တွင် အကျဉ်း ချခံနေရစဉ် ဗိုလ်ချုပ်အောင်ဆန်း သရက်မြို့သို့ ရောက်ရှိ လာသောအခါ အကျဉ်းထောင်စစ်ဆေးရာတွင် ရဲဘော် နေအောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခွင့် ရခဲ့ သည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ရဲဘော်နေအောင်သည် အပြစ်ဒဏ်မှလုံးဝ လွတ်ကင်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဲဘော်နေအောင်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ ဘဝများတွင် ကျင်လည်ခဲ့သည်။ မန္တလေးမြို့၊ ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာများတွင် အယ်ဒီတာ လုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ပင်းယစာပေတိုက်ပိုင်ရှင် ဦးသိန်းရွှေ၏ ပင်းယစာပေတိုက် အပေါ်ထပ်တွင် ခေတ္တနေထိုင်ခဲ့ သည်။ သည့်နောက် ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ရုံးချုပ်တွင် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခွင့်ရကာ ရုံးချုပ်ဝင်းအတွင်း တိုက်ခန်းတွင် နေထိုင်လျက် စာပေများရေးသားပြုစုခဲ့သည်။

မန္တလေးရုပ်ရှင်က ရိုက်ကူးသော"သည်သောင်ယံ က မခွာရက်နိုင်တယ်" ရုပ်ရှင်ဇာတ်ကားသည် ရဲဘော်နေအောင်၏ ဝတ္ထုဇာတ်လမ်းဖြစ်သည်။ ရဲဘော်နေအောင်၏"နယ်ချဲ့၏အကျဉ်းသား"ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်မှာ စာရေးသူ၏ အကျဉ်းသားဘဝကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးသားနိုင်သဖြင့် စာပေလောကတွင် ထင်ရှားခဲ့သည်။ ထို့အပြင် ရဲဘော်နေအောင်သည် မိမိအရက်ကျေးကျွန်ဖြစ်ခဲ့ရပုံကို သူ၏ "သေရည်"စာအုပ်တွင် ပွင့်ပွင့်လင်းလင်း ရေးသားခဲ့သည်။

ရဲဘော်နေအောင်သည် သူ၏ အရက်ကျေးကျွန်ဖြစ်ခဲ့ရသော ဘဝကို မရှက် မကြောက်၊ ရိုးရိုးစင်းစင်း၊ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရေးသားခဲ့သောကြောင့် သူ၏ "သေရည်" စာအုပ်သည် ရသမြောက်ပြီး စာပေမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့၊ ဒဂုံမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး အသစ်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သယ်န်းကျွန်းမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ရဲဘော်နေအောင်သည်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ချီးမြှင့်သော ထောက်ပံ့ကြေးငွေ ကျပ် ၁၀,၀၀၀ ကို ရရှိခံစားခဲ့ရသည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည့်ပြင် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ကိုလည်း ရရှိခဲ့သည်။

စာရေးဆရာ ရဲဘော်နေအောင်သည် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နေအိမ်တွင် ကွယ်လွန်သည်။ ၎င်း၏ ဇနီး ဒေါ်စိန်စိန်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်းကွယ်လွန်ချိန်၌ သမီးနှစ်ယောက်နှင့် မြေးများ ကျန်ရစ်သည်။

**ရိုမေးနီးယားနိုင်ငံ။** ။ ဧရိယာ အကျယ်အဝန်းအားဖြင့် ၉၁,၆၉၉ စတုရန်းမိုင် (၂,၂၉,၀၂၇ စတုရန်း ကီလိုမီတာ) နှင့် လူဦးရေ ၂၃,၂၀၀,၀၀၀ (၁၉၉၂ ခန့်မှန်းခြေ) ရှိသော ရိုမေးနီးယားနိုင်ငံသည် ချက်ကိုစလိုဗေးကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား စသော အခြားအိမ်နီးချင်း အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ၁၉၄၇ မှ ၁၉၈၉ အထိ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ဒုတိယ ကမ္ဘာစစ်တွင် ဝန်ကြီးချုပ် မာရှယ်ယွန်အင်တိုနက်စကူး ဦးဆောင်သော ရိုမေးနီးယားသည်ဆိုဗီယက်ပြည်ထောင်စု ကို ဆန့်ကျင်ကာ ဂျာမနီအား ထောက်ခံအားပေးခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် မိုက်ကယ်ဘုရင်သည် အင်တိုနက်စကူး အား ဖြုတ်ချပြီး မဟာမိတ်များနှင့် တွဲဖက်ခဲ့ရာ၊ ဆိုဗီယက် တပ်များက သိမ်းပိုက်ခြင်းခံရသောအခါ အမျိုးသား ဒီမိုကရက်တစ်တပ်ဦးက ရိုးမေးနီးယားနိုင်ငံအား ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်သူ့သမ္မတ နိုင်ငံအဖြစ် ကြေညာပြီး မိုက်ကယ်ဘုရင်အား နန်းစွန့်သွား စေခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်က ရိုမေးနီးယားအား "ပြည်သူ့သမ္မတနိုင်ငံ"အဖြစ်မှ "ဆိုရှယ်လစ်သမ္မတ နိုင်ငံ"အဖြစ်သို့ ပြောင်းလဲ ပေးခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တီမိဆိုရာမြို့မှ စတင် ခဲ့သော လူထုတော်လှန်ဆန္ဒပြမှုများသည် ဘူကာရက်စ် မြို့တော်အထိ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး "အမျိုးသားတည်တံ့ ခိုင်မြဲရေးကောင်စီ"(Council of National Salvation )က အစိုးရအား တွန်းလှန်ဖြုတ်ချ လိုက်ပြီဖြစ်ကြောင်း ကြေညာ ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတကြီး ချောင်စက်စကူး နှင့် သမ္မတကြီး၏ ဇနီး တို့အား ဖမ်းဆီး၍ လူမျိုးတုံး လုပ်ဆောင်မှု(genocide) ဖြင့် တရားစစ်ဆေး စီရင်ရာ ပြစ်မှုထင်ရှားတွေ့ရှိရကြောင်း စီရင်ချက်ချပြီး လျှင် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကွပ်မျက်ခဲ့ကြသည်။

ထိုနောက် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး(အင်အက်စ်အက်ဖ်) ပါတီမှ ပီတာရိုမင်ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မေလ ၂၀ ရက်နေ့တွင် ပါတီစုံ ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရာ အမျိုးသားတည်တံ့ခိုင်မြဲ ရေး တပ်ဦးက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ (ထိုအချိန်တွင် ရိုမေးနီးယားနိုင်ငံ၌ အာဏာရ အင်အက်စ် အက်ဖ် ပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၄ ခုခန့်ရှိခဲ့သည်။) တစ်ချိန်တည်းမှာပင် သမ္မတရွေးကောက်ပွဲများကို သီးခြားကျင်းပခဲ့ကြရာ ယွန်အိလီယက်စကူးက သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထိုအချိန်(၁၉၉၀– မေလ) မှစ၍ ရိုမေးနီးယားနိုင်ငံ တွင် ဥပဒေပြုပါလီမန်အဖွဲ့အစည်းနှစ်ခုရှိလာခဲ့သည်။ တစ်ခုမှာ အမတ်နေရာ ၃၉၆ နေရာရှိသည့် အမျိုးသား လွှတ်တော်ဖြစ်၍ အခြားတစ်ခုမှာ အမတ်နေရာ ၁၁၉ နေရာရှိသည့် ဆီးနိတ်လွှတ်တော်ဖြစ်သည်။ ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်း ခဲ့ရာယင်းဥပဒေက ရိုမေးနီးယားနိုင်ငံအား "ဒီမို ကရက်တစ် ဆိုရှယ်နိုင်ငံ" အဖြစ် ဖော်ပြပြီး ပါတီစုံစနစ်နှင့်ဈေးကွက် စီးပွားရေးစနစ်များ ကျင့်သုံး၍ လူ့အခွင့်အရေး များပေးရန် ပြဋ္ဌာန်းခဲ့သည်။ ထိုအပြင် အစိုးရအာဏာ အမြောက်အမြား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ရသော သမ္မတ စနစ်တစ်ရပ်ကို အတည်ပြုခဲ့ သည်။

၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ပီတာရိုမင်က ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်လာခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသော ပြောင်းလဲမှုများပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်ရိုမင်က အင်အက်စ်အက်ဖ် ပါတီဝင်မဟုတ်သူ အတော်များများကို အစိုးရအဖွဲ့အတွင်း ဝန်ကြီးများအဖြစ် သွင်းယူခန့်ထားခဲ့သည်။ ထိုနောက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် သီယိုဒိုစတိုလိုယန်က ပီတာရိုမင်၏နေရာတွင် ဝင်ရောက်ကာ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စတိုလိုယန်၏ အစိုးရ အဖွဲ့တွင် အင်အက်စ်အက်ဖ်ပါတီ၊ အမျိုးသား လစ်ဘရယ် ပါတီ၊ ရိုမေးနီးယား ဇီဝသဘာဝ ဖွံ့ဖြိုးရေးအဖွဲ့ (Romanian Ecological Movement)နှင့် လယ်ယာ စိုက်ပျိုးရေး ဒီမိုကရက်တစ် ပါတီတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

**ယခင် နန်းစွန့်ဘုရင် ပြန်လာခြင်း** – ဤအတောအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကွန်မြူနစ်ဝါဒအား တော်လှန် ဖျက်သိမ်းပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ ၂၅ ရက် နေ့တွင် ယခင်က နန်းစွန့်သွားခဲ့ရသော ဘုရင် မိုက်ကယ် (အသက် ၆၉) သည် သူ၏ဇနီးနှင့်သမီးတို့ လိုက်ပါ၍ ရိုမေးနီးယားသို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိ လာခဲ့သည်။ သို့သော် ရိုမေးနီးယားခေါင်းဆောင်သစ်များက သူတို့အား လက်မခံဘဲ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံမှ ထုတ်ပယ်ပစ်ခဲ့ကြသည်။

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းမှု ကာလတစ်ရပ်ကို ဖြတ်သန်းနေရစဉ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတိုက်အခံနိုင်ငံရေးပါတီ ခြောက်ခုကို အညီအညွတ်စုစည်းကာ ဒီမိုကရေစီ ပြန်လည်ကျင့်သုံးရေး အမျိုးသားအဖွဲ့ကို ဘူကာရက်စ်မြို့တော်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါလီမန် ပြင်ပအတိုက် အခံ အမျိုးသားအဖွဲ့ကို ဆက်လက်ဖွဲ့စည်း တည်ထောင် ခဲ့ကြသည်။

**အာဏာရပါတီ နှစ်ခြမ်းကွဲခြင်း** – ၁၉၉၂ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ စီးပွားရေးပြဿနာများ၊ အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရေးတင်းမာမှုများ၊ ပြုပြင်ပြောင်းလဲ ရေးအတွက် နိုင်ငံခြားအကူအညီများရရှိရန် အားထုတ်မှုများဖြင့် အခြေအနေရှုပ်ထွေးနေစဉ်အတွင်း နိုင်ငံရေး ပါတီ ပြင်ဆင်ဖွဲ့စည်းမှုများလည်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ဖေဖော်ဝါရီလနှင့် မတ်လများ၌ ကျင်းပ ခဲ့သော ဒေသန္တရရွေးကောက်ပွဲများ၌ အာဏာရအင်အက်စ် အက်ဖ် ပါတီအနေဖြင့် ပြည်သူများ၏ အားပေးထောက်ခံမှု ကျဆင်းလာပြီး အတိုက်အခံပါတီ ၁၄ ခုပေါင်းစုထားသော ရိုမေးနီးယားဒီမိုကရက်တစ် ကွန်ဗင်းရှင်းအဖွဲ့က သိသိသာသာ အောင်မြင်လာသော လက္ခဏာများ ပေါ်ထွက်လာခဲ့သည်။ ဤတွင် သမ္မတ ယွန်အီလီယက်စကူးသည် အင်အက်စ်အက်ဖ်ခေါင်းဆောင် ပီတာရိုမင်နှင့် ပုဂ္ဂိုလ် ချင်း မသင့်မမြတ်ဖြစ်ပြီးလျှင် အင်အက်စ်အက်ဖ် ပါတီမှ ခွဲထွက်ကာ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဒီမိုကရက်တစ် အမျိုးသား တည်တံ့ခိုင်မြဲရေး တပ်ဦး (ဒီအင်အက်စ်အက်ဖ် ပါတီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထို့နောက် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတနှင့် ပါတီရွေးကောက်ပွဲများ ကျင်းပရာ ဒီအင်အက်စ်အက်ဖ်ပါတီက ဆန္ဒမဲစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်း ရရှိပြီး ညွန့်ပေါင်းအစိုးရတွင် အဓိကအစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ဒီစီအာရ်ပါတီနှင့် အင်အက်စ် အက်ဖ်တို့က ဒုတိယနှင့် တတိယနေရာများ အသီးသီးရရှိခဲ့ကြသည်။ အောက်တိုဘာလတွင် အီလီယက်စကူးသည် ဒီအင်အက်စ်အက်ဖ်ပါတီ၏ သမ္မတလောင်းအဖြစ် ဒီစီအာရ်ပါတီ၏ သမ္မတလောင်း အီမီလ်ကွန်စတင်တီနက်စ်ကူးနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် ဒီအင်အက်စ်အက်ဖ်ပါတီသည် တစ်ဦးတည်း လွှတ်လွှတ်ကျွတ်ကျွတ် လွှတ်တော်အမတ်နေရာ အများစု မရရှိသဖြင့် နိုင်ငံရေးပါတီမရှိသူ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အရာထားကာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်း၍ စခန်းသွားခဲ့ရသည်။ ဗာကာရီယိုအစိုးရသည် ၁၄ လကြာ အုပ်ချုပ်သွားသော သီယိုဒို စတိုလိုယန်၏ အိမ်စောင့်အစိုးရက ပြုလုပ်သွားသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်ပြုလုပ်သွားရန် ချက်ချင်း ထုတ်ဖော် ကတိပြုခဲ့သည်။ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အဖြစ် သမ္မတ ဘီလီယက်စကူးက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ခန့်ထားခဲ့သည်။ သူသည် ထိုအချိန်က အသက် ၄၉ နှစ်ရှိ ဘောဂဗေဒပညာရှင် တစ်ဦးဖြစ်ပြီး သီယိုဒိုစတိုလိုယန် ဦးဆောင်သော အစိုးရ အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အငယ်တန်းဝန်ကြီး တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံ၏ စီးပွားရေး ပြဿနာများကို နှံ့စပ်ပိုင်နိုင်စွာ သိနားလည်သူအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

**မဟာရိုမေးနီးယားပါတီ၏ အသံ** – အစွန်းရောက် အမျိုးသားဝါဒကျင့်သုံးသည့် မဟာရိုမေးနီးယားပါတီက ၄င်း၏ ပထမဆုံးပါတီညီလာခံကို ၁၉၉၃ ခုနှစ်၊ မတ်လ ၆ ရက် နှင့် ၇ ရက်နေ့များတွင် ကျင်းပပြီး ကော်နီလျူဗာဒင် တျူဒါ အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက် ခဲ့ရာ ညီလာခံသို့ မိန့်ခွန်းပြောရာ၌ တျူဒါက ရိုမေးနီးယား နိုင်ငံ၏ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂသည် ရိုမေးနီးယားနိုင်ငံအား ယူဂိုစလဗ်ပုံစံမျိုးဖြင့် ပိုင်းခြား စိတ်ဖြာရန် ကြံစည်နေကြောင်း စွပ်စွဲကာ ယင်းသမဂ္ဂ၏ လှုပ်ရှားမှု များကိုနှိမ်နင်းချေမှုန်းပစ်သင့်ကြောင်း တိုက်တွန်း ပြော ကြားခဲ့သည်။(ရိုမေးနီးယားနိုင်ငံ၏လူဦးရေတွင် ဟန်ဂေရီလူမျိုးများမှာ ၁၁ ရာခိုင်နှုန်းခန့် ပါဝင်သည်)။

**ယခင် ရိုမေးနီးယားဘုရင် လာရောက်လည်ပတ်မှု** – ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အရှေ့ပိုင်းခရစ်ယာန်ဘာသာရေး ဂိုဏ်း (Orthodox Church) က အီစတာပွဲတော် အခမ်းအနား များ တက်ရောက်ရန် ဖိတ်ကြားချက်အရ ယခင် ရိုမေးနီးယား ဘုရင် မိုက်ကယ်သည် ဧပြီလ ၂၅ မှ ၂၇ ရက်အထိ ရိုမေးနီးယား နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့သည်။ ဤသည်မှာ သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် လာရောက်ခြင်း ဖြစ်သည်။ အတိုက်အခံပါတီများက ဘုရင်ဟောင်း လာရောက်ခြင်းကို ဝမ်းသာအားရကြိုဆိုကြပြီး

ရိုမေးနီးယားနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ် ပြန်လည် တည်ထောင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရန် အရေးဆိုခဲ့ကြသည်။ ဘုရင်မိုက်ကယ်က ခပ်မဆိတ်နေသွားခဲ့သည်။

ထိုနောက် တစ်ဖန် ၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ယခင်ဘုရင်မိုက်ကယ်က ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ရိုမေးနီးယားအမျိုးသားနေ့တွင် ကျင်းပမည့် ရိုမေးနီးယားနှင့် ထရန်ဆယ်ဗေးနီးယား(Transylvania) တို့ ပေါင်းစည်းသည့် ၇၅နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လိုကြောင်း ကြေညာပြောဆိုခဲ့သည်။ သူ၏ အဆိုပြုချက်ကြောင့် အစိုးရနှင့် အတိုက်အခံပါတီများစပ်ကြား နိုင်ငံရေး သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ဘုရင်ဟောင်း လာရောက်ရေးကို အတိုက်အခံပါတီကြီးများက ထောက်ခံသော်လည်း အာဏာရရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီက ကန့်ကွက်ခဲ့ရာ ဘုရင်ဟောင်းမိုက်ကယ် လာရောက်ခွင့်မရသဖြင့် အယ်လ်ဘာဂျူလီယာမြို့၌ ကျင်းပခဲ့သော အထက်ပါ အခမ်းအနားများကို အတိုက်အခံပါတီများက သပိတ်မှောက်ခဲ့ကြသည်။(အထက်ဖော်ပြပါ ရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီ(အက်စ်ဒီပီအာရ်)မှာ ယခင်က ရှိခဲ့သော ဒီမိုကရက်တစ်အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး (ဒီအင်အက်စ်အက်ဖ်)ကို အမည် ပြောင်းလဲထားခြင်း ဖြစ်သည်။)

**အာဏာရပါတီ ပြိုလဲမည့်အခြေ** – ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ရသော အက်စ်ဒီပီအာရ်ပါတီမှာ ပြိုလဲကျဆင်းမည့်အန္တရာယ်ကို တိုးတက်ရင်ဆိုင်လာသဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ဦးပိုင်းတွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များနှင့် ပေါင်းစည်းကာ တရားဝင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေသို့ ပိုမိုနီးကပ်လာခဲ့သည်။ ဤကိစ္စတွင် အထွေထွေရွေးကောက်ပွဲကြီးကို အချိန်မတိုင်မီ စောစီးစွာ ကျင်းပရမည့်အရေးကို ရှောင်တိမ်းနိုင်ရန် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးပွဲများ အများအပြား ဆက်တိုက်ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များက ၎င်းတို့အား ဝန်ကြီးရာထူး နေရာများ မပေးလျှင် ဝန်ကြီးချုပ် နီကိုလိုင် ဗာကာရီယိုအား ဆက်လက်ထောက်ခံခြင်း ပြုမည်မဟုတ်ကြောင်း ခြိမ်းခြောက်ဖိအားပေးခဲ့ကြသည်။ အစိုးရအနေဖြင့် ဖော်ပြပါဝါဒီများနှင့် ပေါင်းဖက် ဆက်စပ်မည့် အရေးမှာ ရိုမေးနီးယားနိုင်ငံအား အနောက်နိုင်ငံအစိုးရများနှင့် မြို့ရှင် များ၏ အမြင်တွင် သိက္ခာကျစေသည်ဟုဆိုကာ ယခင် ဝန်ကြီးချုပ် ပီတာရိုမင်၏ ဒီပီအင်အက်စ်အက်ဖ် အတိုက်အခံပါတီနှင့် ဒီစီအာရ်ဗဟိုလက်ယာ အတိုက်အခံပါတီတို့က ပြစ်တင်ဝေဖန် ပြောဆိုခဲ့ကြသည်။

**ဟန်ဂေရီနွယ်ဖွားများအတွက် "အထူးအဆင့်အတန်း" တောင်းဆိုချက်** – ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီလူမျိုးများအား ဦးဆောင်မှုပေးနေသည့်ရိုမေးနီးယားနိုင်ငံ ဆိုင်ရာ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂ(အိပ်ချ်ဒီယူအာရ်) ၏ ခေါင်းဆောင် ဘီလာမာကိုက ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းစာဆရာတစ်ဦးအား တွေ့ဆုံပြောကြားရာ၌ ထိုအချိန်က ရိုမေးနီးယားနှင့်ဟန်ဂေရီ နှစ်နိုင်ငံစပ်ကြားအခြေခံစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးစေ့စပ်နေကြရာတွင် ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီမျိုးနွယ်များအတွက်"အထူးအဆင့်အတန်း"တစ်ရပ်ပေးရန် တောင်းဆိုခဲ့သည်။ ဤသို့တောင်းဆိုခြင်းမပြုမီ လွန်ခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဟန်ဂေရီဝန်ကြီးချုပ် ဂျူလာဟွန်းက ဟန်ဂေရီနှင့် ရိုမေးနီးယားနှစ်နိုင်ငံတို့ "သမိုင်းဝင် ပြန်လည်သင့်မြတ်စည်းလုံးရေး"အတွက် အဆိုပြုတိုက်တွန်း ပြောကြားခဲ့သည်။ရိုမေးနီးယားနိုင်ငံ၌ ဟန်ဂေရီမျိုးနွယ်များအဖို့ ၎င်းတို့၏ အခွင့်အရေးများအတွက် အာမခံချက်များ ရရှိမည်ဆိုလျှင် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယားနိုင်ငံတွင် ရှိသော နယ်မြေတောင်းခံနိုင်ခွင့်ကို စွန့်လွှတ်မည် ဖြစ်ကြောင်း ဂျူလာဟွန်းက ကမ်းလှမ်းခဲ့သည်။ ဘီလာမာကို၏ တောင်းဆိုချက် ထွက်ပေါ်လာပြီးနောက် ဩဂုတ်လ ၁၆ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံခြားရေး ဝန်ကြီး တီယိုဒိုမီလက်စ်တာနူးက မာကိုအား တွေ့ဆုံ၍ နောက်နောင်တွင် ရိုမေးနီးယား–ဟန်ဂေရီနိုင်ငံစပ်ကြား အခြေခံစာချုပ်အတွက် ဆွေးနွေးစေ့စပ်မှုများနှင့် ပတ်သက်၍ အိပ်ချ်ဒီယူအာရ်အား တိုင်ပင်နှီးနှောသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုနောက် များမကြာမီ ရိုမေးနီးယားနိုင်ငံခြားရေး ဝန်ကြီး မီလက်စ်ကာနူးသည် ဟန်ဂေရီနိုင်ငံသို့ စက်တင်ဘာ ၅ မှ ၆ ရက်နေ့အထိ သွားရောက်လည်ပတ်ရာတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယား – ဟန်ဂေရီ နှစ်နိုင်ငံ နယ်ခြားအား ထိုအချိန်က ရှိသည့် အတိုင်း တည်တံ့ခိုင်မြဲသွားရေးကို အသိအမှတ်ပြုသွားမည့် အရေးကြီးသော ပြောင်းလဲမှု တစ်ရပ် ဖြစ်ပေါ်လာနေခြင်းကို ကြိုဆိုကြောင်း ထုတ်ဖော် ပြောကြားခဲ့ပေသည်။



စာရေးဆရာ ဦးရန်အောင်

**ရန်အောင်၊ ဦး (စာရေးဆရာ) (ခရစ် ၁၉၀၄–၁၉၉၅)။** ။စာရေးဆရာကြီး ဦးရန်အောင်ကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဆင်ပေါင်ဝဲမြို့၌ အဖ လက်သမားဆရာကြီး ဦးကျား၊ အမိ ဒေါ်မိလေးတို့မှ ဖွားမြင်ခဲ့သည်။ ငယ်မည် ရန်ကြီးအောင် ဖြစ်သည်။ အထက်တန်းဆရာဖြစ် အောင်မြင်ခဲ့၍ အမျိုးသား ကောလိပ် တွင် ဥပစာတန်း အောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။

အသက် ၁၅ နှစ်သားအရွယ်မှစ၍ စာပေများရေးသားခဲ့သည်။ ကျောင်းဆရာဘဝ၊ ဈေးသည်ဘဝ၊ စာအုပ်သည်ဘဝ၊ ရေနေ၊ စာအုပ်ထုတ်ဝေသူ၊ စာပြင်ဆရာ၊ အယ်ဒီတာ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီးနောက် ထိုသို့သော ဘဝမျိုးစုံမှ အတွေ့အကြုံများကို လေ့လာမှတ်သားစုဆောင်းပြီးလျှင် စာပေဖြင့် တိုင်းပြည်သို့ တင်ပြခဲ့သည်။

လုံးချင်းဝတ္ထု ၅၀ ခန့်၊ အိမ်ထောင်ရေးကျမ်း ၁၀ အုပ်ခန့်၊ ကြီးပွားတိုးတက်ရေးကျမ်း ၅ အုပ်ခန့် ရေးခဲ့ပြီး စာနယ်ဇင်းများတွင်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သည်။ ဆရာကြီး၏ ဝတ္ထုအချို့သည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ဂျပန်နှင့် တေလဂူဘာသာများသို့ပင် ပြန်ဆိုခြင်း ခံရသည်။ ဆရာကြီး၏ ကလောင်အမည်ခွဲများမှာ ရန်ကြီးအောင်၊ ဒဂုန် ရန်အောင်၊ မြေထဲနွယ်နှင့် ပီဟေးမင်း တို့ဖြစ်ကြသည်။ သူသည် ၁၉၂၄ ခုနှစ်တွင် ဗုဒ္ဓဂါယာ၌ တစ်နှစ်ခန့် နေထိုင်ခဲ့သည်။

သူ၏ လက်ရာများအနက် "စာဆိုနှင့် လက်ရာမွန်" စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာဆိုင်ရာစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ် စတုတ္ထဆုကိုလည်းကောင်း၊ "မြတ်ပန်းဥယျာဉ်" ဖြင့် ၁၉၆၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ကြုံလေဘုံဘွေ အထွေထွေ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ရန်အောင်စာ ရန်အောင်ဘဝ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာ စကုတ္တဆုကိုလည်းကောင်း အသီးသီးဆွတ်ခူး ရရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေပြန့်ပွားရေး အသင်းကြီးကို ဦးဆောင်တည်ထောင်ခဲ့သည်။ ဆရာ၏ ထင်ရှားသောလက်ရာများမှာ အညာသားလေး၊ ဆင်းရဲသား၊ တောသား စသောဝတ္ထုများဖြစ်သည်။ 'အညာသား လေး'၊ 'အမေ' နှင့် 'အဖေ' ဝတ္ထုများမှာ ရုပ်ရှင်နှင့်ဗွီဒီယို ရိုက်ကူးခဲ့ရသည်။

စာပေဗိမာန် စာပေအတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေအကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့သည်။

ဆရာကြီး ဦးရန်အောင်သည် မကွယ်လွန်မီ တိုက် ၄၄၃၊ အခန်း ၁၈၊ အနောက်ရန်ကင်းတွင် နေထိုင်ခဲ့ပြီး (၉–၁–၉၅) နေ့နံနက်တွင် ကွယ်လွန်သည်။ ကွယ်လွန် ပြီး (၇) ရက်မြောက်သောနေ့တွင် ၁၉၉၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာပေဆု တစ်သက်သာ စာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရာ သားဖြစ်သူ ဦးတင်အောင်က ကိုယ်စားလက်ခံ ရယူခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသမီး ငါးဦး ကျန်ရစ် သည်။

**ရွှေအောင်၊ ဦး (ခရစ် ၁၉၂၈–၁၉၉၅)။** ။ဆရာကြီး ဦးရွှေအောင်ကို ၁၉၂၈ ခု၊ ဇွန်လ ၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးရွာ၌ ဦးစု၊ ဒေါ်အုန်းရှင်တို့က ဖွားမြင်သည်။ မွေးချင်း ငါးယောက်တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်းငါးယောက်တွင် ယောကျ်ားနှစ်ယောက်နှင့် မိန်းမသုံးယောက်ပါဝင်သည်။ မိဘများမှာ လယ်သမားများဖြစ်ကြပြီး ဦးရွှေအောင် ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုးအဘွားများနှင့် အတူနေရသည်။

ခုနစ် နှစ်သားအရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင်သင်ယူသည်။ ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋကတ် စာပေများကို ဆက်လက်သင်ယူသည်။ ၁၈ နှစ်အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူသည်။ အသက် ၂၀ ရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်းဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့၊ မင်းမနိုင်ကွက်သစ်၊



ဦးရွှေအောင်

သိပ္ပမဉ္ဇူကျောင်း၊ အလုံ–အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း – ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့– တောင်ပြင်ဘုရားကြီးတိုက်၊ ဆရာတော် ဦးကြယ်ကျောင်းတို့၌ ပညာဆက်လက်သင်ယူသည်။ ၁၉၅၃ ခုနှစ်တွင် စေတီယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ (ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) ဘွဲ့တို့ကို ရရှိသည်။

သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးနောက် မြန်မာနိုင်ငံတွင် သာသနာတော်ဆိုင်ရာ ပရိယတ္တိစာပြန်ပွဲများ ရပ်စဲသွားခဲ့သည်။ သို့ဖြစ်ရာ မန္တလေးမြို့ရှိ ရာဇဂုရုဆရာတော်ကြီးများနှင့် သာသနာပြုဒါယကာကြီးများက ပရိယတ္တိသာသနာတော်ကြီး တည်တံ့စေရန် အလို့ငှာ၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်၍ အဆင့်အတန်းမြင့်သော စာမေးပွဲကြီးများကို ကျင်းပပေးခဲ့သည်။

ထိုစာမေးပွဲတွင် စာသင်တန်းနှင့် ဓမ္မာစရိယ စာချတန်းဟု နှစ်တန်းခွဲထားသည်။ စာသင်တန်းတွင် ပရိယတ္တိအခြေခံကျမ်းများကို အာဂုံပြန်ဆိုမှုနှင့် သဘောရေးဖြေ နှစ်မျိုးလုံး ပါဝင်သဖြင့် ရဟန်းငယ်များပင်သော်မှ ခက်ခဲပင်ပန်းစွာ ပြန်ဆိုရ၍ ကျန်းမာရေးကို လွန်စွာထိခိုက်နိုင်သဖြင့် အသက် ၂၇ နှစ်အတွင်းသာ စာသင်တန်းကို ဖြေဆိုခွင့်ပြုသည်။ ဦးရွှေအောင်သည် ယင်းစာသင်တန်းကို တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်း အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားဘဲ တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ဤသို့ ဖြေဆိုအောင်မြင်ခဲ့သူ ပုဂ္ဂိုလ်ပေါင်းမှာ ၁၃၁၄ ခုနှစ်အထိ တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တာအပါအဝင် လေးပါးသာ ပေါ်ပေါက်ခဲ့ဖူးသည်။

ယင်းသို့ ထူးကဲစွာအောင်မြင်ခဲ့သောကြောင့် အထွတ်အမြတ်အဖြစ် ချီးကျူးဂုဏ်ပြုသောအားဖြင့် မကိုဋ်သရဖူ၏ အထွတ်၌ ပန်ဆင်ရသော ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရသည့် ဝင့်သကာဂုဏ်ထူးဆောင်ဘွဲ့နှင့်အတူ အဋ္ဌကထာပြန်အကျော် ရွှေတံဆိပ်ကို ရရှိခဲ့သည်။

ထိုနှစ် နယုန်လတွင် ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲတွင် အဋ္ဌကထာကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်း၊ ပေါင်း ကိုးကျမ်းလုံးကို တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးထိပ်ထွတ်တွင် ပန်ဆင်ရသော ပတ္တမြားရတနာဟု အဓိပ္ပာယ်ရသည့် “ သိရောမဏိ ”ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဆရာတော်ဦးကြယ်ကျောင်း၌ စာပေများကို ပို့ချသည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့၊ အိမ်တော်ရာ ဓမ္မရံသီကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်းကို အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာဘုန်းကြီးပျံလွန်တော်မူသဖြင့် ဖလေးရွာလယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့၊ မဟာဝိသုတာရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀ ပြည့်နှစ်တွင် ရဟန်းဘဝမှလူထွက်၍ အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ် သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲဖြေဆိုရာ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲမှာ ရိုးရိုးသင်္ချာ အသုံးချ သင်္ချာ နှင့် မြန်မာဝေါဟာရနှင့် စာပေ တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက် (၂) လမ်းနေ ဦးမောင်ဝင်း–ဒေါ်နိုင်တို့၏သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သားနှစ်ယောက် ထွန်းကားသည်။

၁၉၆၈ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ ပြောင်း၍ အမှုထမ်းသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အိန္ဒိယပြည်၊ ဘုံဘေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရာ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) M.A. (Sanskrit) ဘွဲ့ကို ရရှိခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနတွင် ဆက်လက်အမှုထမ်းသည်။ ရန်ကုန်

တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် ပါဝင်၍ ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်နှင့် ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် ကျမ်းစာများကို ပါဝင်ရေးသားပြုစုခဲ့သည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့သည်။ ဆရာကြီးဦးရွှေအောင် ရေးသားခဲ့သော ကျမ်းများမှာ–

၁။ ရသစာပေ၏ရသ

၂။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

၃။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (ပ)

၄။ ဓမ္မပဒ (ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်)

၅။ ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့် ဗုဒ္ဓဝင်)

၆။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (တ)

၇။ ဓမ္မပဒ(အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ်)

၈။ ဘဝအမြင်သစ်

၉။ ထေရဝါဒအုတ်မြစ်(သီးသန့်)

၁၀။ အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ

၁၁။ ဗုဒ္ဓ (သို့မဟုတ်)အနှိုင်းမဲ့

၁၂။ သောရေယျဝတ္ထုနှင့် စိတ္တဝဂ် ဝတ္ထုများ

၁၃။ စာဖတ်သူများသို့ (စာအုပ်မဖြစ်သေး)

၁၄။ ချမ်းသာကို ရှာဖွေခြင်း (စာအုပ်မဖြစ်သေး)

၁၅။ ဘဝအတွေ့ ဘဝအတွေး (စာအုပ်မဖြစ်သေး)နှင့်

၁၆။ အထွေထွေဆောင်းပါးများ ဖြစ်ကြသည်။

ကမ္ဘာ့သဒ္ဒါကျမ်းတို့၏ ဘခင်ဟုတွင်သည့် ပါဏိနိသက္ကတသဒ္ဒါကျမ်းကြီးသည် စနစ်ကျ၍ ပြည့်စုံသဖြင့် ဘီစီ ၄ ရာစုကပင် ကျော်ကြားခဲ့သည်။ ထိုကျမ်းကြီးကို တစ်နည်းမဟုတ်တစ်နည်း အမှီပြု၍ ကမ္ဘာ့သဒ္ဒါကျမ်းအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ရသည်။

ဦးရွှေအောင်သည် မြန်မာပြည်မှ ထိပ်တန်း ပါဠိပိဋကတ်ပညာရှင်ဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ၊ ဘုံဘေတက္ကသိုလ်မှ သက္ကတဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့ပြီးသောအခါ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် မည်သည့် ပညာရှင်မျှ မပြန်ဆိုခဲ့ဖူးသော ပါဏိနိ သိဒ္ဓန္တကောမုဒီသက္ကတ သဒ္ဒါကျမ်းကြီးကို မြန်မာအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များဖြင့် နိဿယ မြန်မာပြန်ဆိုခဲ့ သည်။

ယင်းသဒ္ဒါကျမ်းကြီးကို ၃ တွဲပြု၍ ပထမတွဲကို သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးရွှေအောင် နိဿယ မြန်မာပြန်ဆိုထားခဲ့သော တတိယတွဲစာမူကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူထားသဖြင့် သာသနာရေးဦးစီးဌာနသို့ ပေးအပ်ခဲ့သည်။ ရိုက်နှိပ်ရန် စီစဉ်နေဆဲဖြစ်သည်။

ဆရာကြီး ဦးရွှေအောင်၏ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရာဇာတိ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ကျိုက်မတ်ကော် ဘုရားကြီးရင်ပြင်တော်တွင် ဆရာကြီးပြုစုခဲ့သော ကျမ်းစာများနှင့် ဆရာကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ကျောက်စာမော်ကွန်းစိုက်ထူ၍ ဂုဏ်ပြုထားသည်။

ဆရာကြီး ဦးရွှေအောင်သည် ဗုဒ္ဓဘာသာ တရားတော် အထက်တန်းအဆင့် ကျမ်းစာရေးသား ပုံနှိပ်ထုတ်ဝေပြီးလျှင်ပြီးချင်း ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့သည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။အိုင်ယာလန်မြောက်ပိုင်းတွင် ဗြိတိသျှတို့အုပ်စိုးမှုကို အကြမ်းဖက်တိုက်ခိုက်နေသော ဆင်ဖိန်းအဖွဲ့၏ အိုင်းရစ်ရီပတ်ပလီကန်စစ်တပ် (အိုင်အာရ်အေ)က အပစ်အခတ်ရပ်စဲပြီး စစ်ရေးတိုက်ခိုက်မှုအားလုံးစွန့်လွှတ်ကြောင်း ကြေညာခဲ့ရာမှ ငြိမ်းချမ်းရေး အလားအလာများ ပေါ်ထွန်းလာခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ်ဂျွန်မေဂျာက အိုင်အာရ်အေ၏ အပစ်အခတ်ရပ်ခဲ့မှုသည် ရာသက်ပန်တည်မြဲရန် လိုအပ်သည်ဟု ဖြေကြားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်တွင် ၁၉၆၉ ခုနှစ်မှစ၍ ပရိုတက်စတင့်နှင့် ကက်သလစ်တို့ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအစိုးရက စစ်တပ်စေလွှတ်ပြီး ငြိမ်သက်အောင် ထိန်းသိမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဗြိတိသျှစစ်တပ်က လန်ဒန်ဒါရီမြို့တွင် ဆန္ဒပြနေသော ကက်သလစ်တို့ကို ပစ်ခတ်

နိမ်နင်းရာ ဆန္ဒပြသူ ၁၃ ဦးသေဆုံးခဲ့သဖြင့် အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုစဉ်က ဝန်ကြီးချုပ် အက်ဒဝပ်ဟိသ်က ဗြိတိန်နိုင်ငံမှ မြောက်အိုင်ယာလန်ကို တိုက်ရိုက်အုပ်ချုပ်ကြောင်း ကြေညာခဲ့သည်။

မြောက်အိုင်ယာလန်တွင် နိုင်ငံရေးအကြမ်းဖက်မှုများကြောင့် လူပေါင်း ၃,၀၆၈ ဦး အသတ်ခံရပြီး ၃၆,၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက မြောက်အိုင်ယာလန်၏ အနာဂတ်အရေးနှင့် ပတ်သက်၍ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် အဆိုပြုတင်ပြထားသည်။ ယင်းအဆိုပြုချက်ကို အိုင်ယာလန်ဝန်ကြီးချုပ် အဲလ်ဘတ်ရေးနိုးလ်က ထောက်ခံကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှအစိုးရသည် ပထမအဆင့်အနေဖြင့် မြောက်အိုင်ယာလန်မှ စစ်သားများ ပြန်လည်ရုပ်သိမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ရေးနိုးလ်က ပြောကြားခဲ့သည်။ ယခုအခါ မြောက်အိုင်ယာလန်၌ ဗြိတိသျှစစ်သား ၁၇,၅၀၀ ရှိနေရာ အင်အားကို အမြန်ဆုံး စတင်ရုပ်သိမ်းပေးရန် ဆင်ဖိန်းအဖွဲ့က တောင်းဆိုထားသည်။ ထိုအတောအတွင်း ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်၏ အမေရိကန်နိုင်ငံပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းကို အမေရိကန်အစိုးရက စဉ်းစားနေသည်ဟု နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်အား သမ္မတ ကလင်တန်က ပြည်ဝင်ခွင့်ထုတ်ပေးခဲ့ရာ ဗြိတိသျှအစိုးရပိုင်းက မကျေမလည် ဖြစ်ခဲ့သည်။ ထိုစဉ်က ဂျယ်ရီအဒမ်သည် အမေရိကန်နိုင်ငံ၌ တွေ့ဆုံမေးမြန်းခန်း အမြောက်အမြားပြုလုပ်ခဲ့ပြီး အကြမ်းဖက်လှုပ်ရှားမှုကို စွန့်လွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ဗြိတိန်က အမိန့်အာဏာပေးပိုင်ခွင့်မရှိကြောင်း အိုင်အာရ်အေ နိုင်ငံရေးအုပ်စု ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်က ဗြိတိန် အစိုးရ၏ နိုင်ငံရေးသမားတစ်ဦးနှင့် ရုပ်မြင်သံကြားစကားစစ်ထိုးပွဲတွင် ပြောကြားခဲ့သည်။ အိုင်ယာလန် ပြည်သူများအနေဖြင့် မိမိတို့၏အနာဂတ်ကို မိမိတို့ဘာသာ ဆုံးဖြတ်ကြရန်လည်း အဒမ်က တိုက်တွန်းခဲ့သည်။

အိုင်းရစ်ရီပတ်ပလီကင်စစ်တပ်– အိုင်အာရ်အေ၏ နိုင်ငံရေးအုပ်စုဖြစ်သော ဆင်ဖိန်းအဖွဲ့နှင့် ဗြိတိသျှအစိုးရအဖွဲ့တို့ မကြာမီ ဆွေးနွေးပွဲကျင်းပဖွယ်ရှိသည်။ ဆွေးနွေးပွဲကျင်းပရေးကို ရှောင်လွှဲ၍မရနိုင်ဟု မိမိထင်မြင်ကြောင်း ဆင်ဖိန်းအဖွဲ့၏ ဒုတိယအကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ဗြိတိန်နိုင်ငံရှိ ဖွီအမ်တီဗွီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ဩဂုတ်လကုန်က အိုင်အာရ်အေအဖွဲ့၏ အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေငြာချက်သည် အမြဲတမ်း အပစ်အခတ်ရပ်စဲမှု ဖြစ်သည်ဟု မိမိလက်ခံကြောင်း၊ မြောက်ပိုင်းအိုင်ယာလန်၏ အနာဂတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မိမိတို့ ကတိကဝတ်နှင့်အညီ ဆင်ဖိန်းအဖွဲ့နှင့်အတူ ဆွေးနွေးပွဲဝင်မည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ပြောကြားခဲ့သည်။

ကတိပြုထားသည့်အတိုင်း ခရစ္စမတ်မတိုင်မီ ဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်ကို အလျင်အမြန် ဆောင်ရွက်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာအား တိုက်တွန်းထားသောပေးစာတစ်စောင်ကို မိမိပေးပို့ထားကြောင်း အိုင်းရစ်ရီပတ်ပလီကန် ခေါင်းဆောင် ဂျယ်ရီအဒမ်က နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမိုင်းတွင်ရစ်မည့် အိုင်အာရ်အေ ကြေညာချက် ထွက်ပေါ်လာပြီးနောက် သုံးလနီးပါးကြာပြီဖြစ်သော်လည်း ဗြိတိန်အစိုးရဘက်က တုံ့ဆိုင်းဆိုင်းလုပ်နေဆဲဖြစ်ကြောင်း အဒမ်က ပြောကြားသည်။ ဗြိတိန်အစိုးရနှင့် ဆင်ဖိန်းအဖွဲ့တို့၏ တရားဝင်ဆွေးနွေးပွဲကို စတင်ပါက လက်နက်များ သိုလှောင်ထားရှိမှုကိစ္စကို အလျင်အမြန်ကိုင်တွယ် ဖြေရှင်းကြဖွယ်ရှိသည်။ ဆင်ဖိန်းအဖွဲ့က လက်နက်များ ပြန်လည်လွှဲပြောင်း မပေးအပ်မီ အိုင်အာရ်အေ၏ အပစ်အခတ်ရပ်စဲမှုအတွက် ဗြိတိန်ဘက်မှ ပိုမိုလိုက်လျောမှုများပေးရန် လိုလားလျက်ရှိသည်။

ဆင်ဖိန်းနှင့် ဗြိတိန်နိုင်ငံတို့သည် နှစ်ပေါင်း ၇၀ ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တရားဝင်ပြုလုပ်၍ နောက်ထပ် ၁၀ ရက်အတွင်း ဒုတိယအကြိမ်ထပ်မံ ဆွေးနွေးကြရန် သဘော တူညီလိုက်ကြသည်။ မြောက်ပိုင်းအိုင်ယာလန်၌ အိုင်အာရ်အေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး နောက် ရက်ပေါင်း ၁၀၀ အကြာတွင် ဆွေးနွေးပွဲ ကျင်းပခြင်း ဖြစ်သည်။ သမိုင်းတွင်ရစ်မည့် အခွင့်အလမ်းကို ဆွေးနွေးပွဲက ပေးခဲ့ကြောင်း၊ ယခုအချိန်အခါသည် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့ ကင်းရှင်းသွားစေရန် အချိန်ကြရောက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရကိုယ်စားလှယ်အား မိမိတို့ကပြောကြားခဲ့သည်ဟု သုံးနာရီကြာ ဆွေးနွေးပွဲအပြီးတွင် ဆင်ဖိန်း

ကိုယ်စားလှယ် အဖွဲ့ အကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ စတော်မွန် ရဲတိုက်ကြီးတွင် ဆွေးနွေးပွဲထပ်မံကျင်းပရန် ဆင်ဖိန်း ကိုယ်စားလှယ်အဖွဲ့က သဘောတူညီခဲ့သည်။ မြောက်ပိုင်း အိုင်ယာလန် ပဋိပက္ခအမြင့်ဆုံးဖြစ်နေချိန် ၁၉၇၀ ပြည့်လွန် နှစ်များအတွင်း အိုင်ယာလန်တွင် ထောင်ကျခဲ့ရသော မက်ဂျင်းနက်စ်သည် ဆွေးနွေးပွဲအပြီးတွင် ပြုံးပြုံးရွှင်ရွှင်ဖြစ် နေသည်။ လူပေါင်း ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော ၂၅ နှစ်ကြာ ပဋိပက္ခငြိမ်းချမ်းသွားရေးကို ယင်းဆွေးနွေးပွဲက လမ်းဖွင့်စေနိုင်လိမ့်မည်ဟု ယူဆထားကြသည်။

ဤသို့ရှိနေစဉ် ဗြိတိသျှပါလီမန်အောက်လွှတ်တော် ပြင်ပတွင် ဥပဒေကြမ်းတစ်ရပ်ကို ကန့်ကွက်နေကြသော ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲများရုန်းရင်း ဆန်ခတ်မှု ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်ပွား ခဲ့သည်။ ယင်းသို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွား နေချိန် တွင် ဥပဒေပြုအမတ်များက လွှတ်တော်အတွင်း၌ ဥပဒေကြမ်းကိုဆွေးနွေးညှိနှိုင်းနေကြသည်။ ရုန်းရင်း ဆန်ခတ်ဖြစ်မှုကြောင့် ဆန္ဒပြသူ ခြောက်ဦးနှင့်ရဲအရာရှိ ခြောက်ဦးဒဏ်ရာရရှိကြပြီး ဆန္ဒပြသူ ၃၅ ဦးဖမ်းဆီး ခံခဲ့ရသည်။ ကန့်ကွက်ဆန္ဒပြသူ ၂,၀၀၀ နှင့်မြင်းစီးရဲ တပ်ဖွဲ့ဝင်အများအပြားပါဝင်သော အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်ကို ထိပ်တိုက် ရင်ဆိုင်ခဲ့ရာမှ ယခုကဲ့သို့ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ ရခြင်းဖြစ်သည်။

ယခုကဲ့သို့ရာဇဝတ်မှုဆိုင်ရာစီရင်ထုံးဥပဒေကြမ်း အား လန်ဒန်မြို့၌ ကန့်ကွက်ဆန္ဒပြခြင်းမှာ ၁၀ ရက်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အောက်တိုဘာလ ၉ ရက်နေ့ ကလည်း အလားတူဆန္ဒပြကန့်ကွက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ ဝင် ၁၉ ဦးအပါအဝင် လူပေါင်း ၃၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြသူ ၃၉ ဦးကို ဖမ်းဆီးမိခဲ့သည်။ ဟိုက်ပတ်တွင် ဖြစ်ပွားသော ယင်းဆန္ဒပြပွဲသို့ကန့်ကွက်ဆန္ဒပြသူ ၂၅,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းသည် ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ကွန်ဆာဗေးတစ်အစိုးရက ရေးဆွဲသော ဥပဒေကြမ်းဖြစ်ပြီး ဥပဒေနှင့်စည်းမျဉ်းများ ရှုပ်ထွေးနေသော ဥပဒေကြမ်းတစ်ရပ်ဖြစ်သည်၊ ရှုပ်ထွေးမှုများ အနက် တရားခွင်၌ တရားခံက ရှေ့နေတ်ပိတ် နေခွင့်ဆိုင်ရာ အစဉ်အလာအခွင့်အရေးကိုလည်း ပယ်ဖျက်ထားသည်။

ပါလီမန်တွင် မေးခွန်းများ မေးမြန်းစေရန် ငွေကြေး ရယူခဲ့ကြောင်း စွပ်စွဲခံရပြီးနောက် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦး ရာထူးမှနုတ်ထွက်သွားကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့က အေပီသတင်းတွင် ပါရှိသည်။ ယခုကဲ့သို့ အဂတိလိုက်စားမှုအရှုပ်တော်ပုံ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် ဗြိတိသျှကွန်ဆာ ဗေးတစ်အစိုးရမှာ အထိနာသွားခဲ့ရသည်။ အီဂျစ်နိုင်ငံ ဇာတိဖွား ဟာရော့ဒ်ကုန်တိုက်ပိုင်ရှင် မိုဟာမက် အယ်ဖာယက်ဆိုသူက ပါလီမန်တွင် မေးခွန်းတစ်ခု တင်ပြ ပေးရန် ပေါင် ၂,၀၀၀ (ဒေါ်လာ ၃,၂၂၀) ပေးခဲ့ရကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး နေးလ်ဟာမီးလ်တန် နှင့်အတူ စွပ်စွဲခံရပြီးနောက် မြောက်ပိုင်း အိုင်ယာလန် ဆိုင်ရာဝန်ကြီး တင်စမစ် ရာထူးမှ ထွက်ခဲ့ရသည်။ အထက်ပါအခြင်းပွားစရာပြဿနာကြောင့်လွန်ခဲ့သော ၁၉၉၃ ခုနှစ်က ရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ပြီး အရှုပ်တော် ပုံ များ ဆက်တိုက် ဖြစ်ပေါ်နေသော ဝန်ကြီးချုပ် ဂျွန်မေဂျာ အစိုးရအဖွဲ့ကို ထပ်မံထိခိုက်စေခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ လက်ယာယိမ်းပုန်ကန်သူ အုပ်စုကို ဆန့်ကျင်နေသော မိမိ၏နိုင်ငံရေးဘဝကို စိတ်မရှည်တော့ သဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာ သည် ကွန်ဆာဗေးတစ် ပါတီ ခေါင်းဆောင် ရာထူးမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် နုတ်ထွက် ခဲ့သည်။ ပါတီတွင်း သဘောထား ကွဲမှုများ ရှိနေ စေကာမူ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦး ပါရှိသောအစိုးရအဖွဲ့က ဂျွန်မေဂျာကိုသာ အားထားနေကြသည်။ ပါတီခေါင်းဆောင် နေရာရွေးပွဲတွင် ဂျွန်မေဂျာ ပြန်လည်အနိုင်ရမည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းသို့ပြန်လည်အရွေးခံခြင်း ကြောင့် ဂျွန်မေဂျာ၏အရှိန်အဝါ များ တောင့်တင်းခိုင်မာ လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်း မာဂရက် သက်ချာက ပြောကြားသည်။ ဂျွန်မေဂျာ ၅၂ နှစ်သည် အတိုက်အခံပါတီများ၏ ဆန့်ကျင်မှုနှင့် တိုးမြှင့် ရင်ဆိုင် နေရစဉ် ဥရောပသမဂ္ဂ ၁၅ နိုင်ငံနှင့် ဗြိတိန်နိုင်ငံ နီးနီး ကပ်ကပ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆန့်ကျင် ကြသော ကွန်ဆာဗေးတစ်ပါတီတွင်းမှ လက်ယာယိမ်း အုပ်စုများ၏ စော်ကားမော်ကားပြုမှုနှင့်ရင်ဆိုင်လာရသဖြင့် ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ကြောင်း ရုတ်တရက် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ပါတီတွင်း တင်းမာ မှုအခြေအနေဆိုးရွားလာခဲ့ခြင်းကြောင့်လည်း ၁၆ နှစ် ကြာ အာဏာရခဲ့သော ကွန်ဆာဗေးတစ်ပါတီအပေါ် လူကြိုက် နည်းလာရသော အခြေအနေသည် စံတင်ရလောက်အောင် ကျဆင်းလာခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ကျင်းပမည့်

ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားကြသည်။

ဇူလိုင်လ ၄ ရက်နေ့တွင်ကျင်းပခဲ့သော အာဏာရ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးချယ် တင်မြှောက်ပွဲတွင် ဝန်ကြီးချုပ်ဂျွန်မေဂျာ ပြန်လည် အရွေးခံရသဖြင့် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။ အရွေးမခံရပါက ဝန်ကြီးချုပ် ရာထူးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဂျွန်မေဂျာသည် ကွန်ဆာဗေးတစ်ပါတီ၏အမတ် ၃၂၉ ဦးအနက် သုံးပုံနှစ်ပုံ၏ လျှို့ဝှက်ထောက်ခံမဲဖြင့် စိန်ခေါ်သူ လက်ယာဂိုဏ်းဝင် ဂျွန်ရက်ဝုဒ်အား အနိုင်ယူကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် မေဂျာနှင့်ယှဉ်ပြိုင် အရွေးခံရန် မကြာမီက ၂၂ ဦးပါရှိသော အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သော ဂျွန်ရက်ဝုဒ်သည် ၈၉ မဲသာရရှိသည်။ မေဂျာသင့်လျော်မှန်စွာ အနိုင်ရရှိ၍ မိမိရှုံးကြောင်း ရက်ဝုဒ်က ဝန်ခံစကား ပြောကြားသည်။

အောက်လွှတ်တော်အနီး၌ အနိုင်အရှုံးစာရင်းကို ကြေညာပြီးနောက် မကြာမီ ဒေါင်းနင်းလမ်း နေအိမ်အပြင်ဘက်ထွက်လျက် ပါတီကွဲမည့်အချိန် ကျော်လွန်သွားပြီဟု ဂျွန်မေဂျာက ကြေညာလိုက်သည်။ ထောက်ခံမဲ ၂၁၈ မဲရရှိသဖြင့် ရက်ဝုဒ်ကိုမေဂျာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျွန်မေဂျာ အနိုင်ရရှိသဖြင့် ထောက်ခံသူများက ဟစ်အော်ကြွေးကြော် ကြသည်။ ရှုံးခဲ့ပါက ဝန်ကြီးချုပ်ရာထူးမှ ဂျွန်မေဂျာ နုတ်ထွက် ပေးရမည်သို့မဟုတ် မဲအနည်းငယ်ဖြင့်အနိုင်ရရှိလျှင် ဒုတိယအကြိမ် ပြန်ရွေးရမည်။ ယင်းကဲ့သို့ အနိုင်ရရှိခြင်းမှာ အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် မေဂျာအား အခွင့်အရေး ပေးရာရောက်သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို မေဂျာ ခေါင်းဆောင်ရတော့မည် ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရခဲ့သူ ဝန်ကြီးချုပ် ဂျွန်မေ ဂျာသည် ဝန်ကြီးအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခန့်အပ်ခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်က အစိုးရ၏ လမ်းစဉ်တွင်သိသာ ထင်ရှားသော အပြောင်းအလဲမရှိဟု ဆိုသည်။ ရာထူးမှ အနားယူမည့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလပ်ဟာဒ်ကို ဆက်ခံရန် ကာကွယ်ရေးဝန်ကြီး မဲလ်ကွမ်ရိဖကိုင်အား ခန့်အပ် ခဲ့သည်။ ကင်းနက်ကလတ်အား ဘဏ္ဍာရေး ဝန်ကြီး အဖြစ် တာဝန်ပေးသည်။ ခေါင်းဆောင် ပြိုင်ပွဲကို ဒုတိယ အကြိမ် ကျင်းပလျှင် မေဂျာကိုအန်တုစိန်ခေါ်ရန်ရှိသော မိုက်ကယ်ပေါ်တီလိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထား လိုက် သည်။ ပေါ်တီလိုသည် ဥရောပသမဂ္ဂ အာဏာ တိုးတက် လာခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေသော ပါတီ၏ လက်ယာအုပ်စု ခေါင်းဆောင် ဖြစ်သည်။

ဂျွန်မေဂျာအရေးနိမ့်ပါက ခေါင်းဆောင်အဖွဲ့ တင်မြှောက်ရန် ဌာနချုပ်တွင်မိတ်ဆွေများက စည်းရုံးသော်လည်း ခေါင်းဆောင်ရွေးပွဲတွင် ပေါ်တီလိုက မေဂျာကို ထောက်ခံခဲ့သည်။ ကာကွယ်ရေးဌာန၌ ပေါ်တီလိုသည်အစိုးရ၏ ဥရောပသမဂ္ဂရေးရာဝါဒကို ဝေဖန်အကြံပြုရန် အခွင့်အရေးအနည်းငယ်သာ ရရှိတော့မည်ဖြစ်သည်။ ဂျွန်မေဂျာ ရှုံးလျှင်ခေါင်းဆောင်ပြိုင်ပွဲဝင်ရန် မျှော်လင့်ထားသော ကုန်သွယ်ရေးဝန်ကြီး ဟေဆယ်တိုင်းသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ဟေဆယ်တိုင်း၏ တာဝန်များကို ချက်ခြင်းမသိရသေးသော်လည်း သူသည်အစိုးရနှင့် ကွန်ဆာဗေးတစ် ပါတီအတွက် ပြောရေးဆိုခွင့်ရှိသူ အနေဖြင့် ကြီးမားသော တာဝန်ကို ယူရမည်ဖြစ်သည်။ ပါတီဥက္ကဋ္ဌ ဂျယ်ရီမိုင်ဟင်လေအား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနသို့ ပို့လိုက်သည်။ ဘဏ္ဍာရေးဌာန ဒုတိယ ဝန်ကြီး ဂျိုနာသန် အိုက်ကင် ရာထူးမှ နုတ်ထွက်သွားသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာအတွက် ပြန်လည်ရွေးကောက်ပွဲတွင် ဂျွန်မေဂျာ ပြန်လည်အရွေးခံရစေကာမူ ပါတီအတွင်းသဘောထားကွဲလွဲမှုများကို ဆက်လက်ဖြေရှင်းနိုင်မည်မဟုတ်ဟု ဝေဖန်သူများက သုံးသပ်ကြသည်။ ကွန်ဆာဗေးတစ်ပါတီအတွင်း တင်းမာမှု အခြေအနေပြင်းထန်လာခြင်းကြောင့် ၁၆ နှစ်ကြာ အာဏာရ ပါတီကို လူကြိုက်နည်းလာကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့် လိမ့်မည်ဟု ဝေဖန်သူများက တွက်ဆထားကြသည်။ ဗြိတိန်နှင့်မြောက်အိုင်ယာလန်တို့၏ ပဋိပက္ခမှာ ၂၅ နှစ်ပြည့်သည့်တိုင်အောင် ချုပ်ငြိမ်းခြင်းမရှိသေးရာ ဗြိတိသျှ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အစိုးရအဖွဲ့အတွင်း အကွဲအပြဲများ ဖြစ်ပွားလာသောအခါ မြောက်အိုင်ယာလန်၌ အကြမ်းဖက် အဓိကရုဏ်းများ ပိုမိုပေါ်ပေါက်လာသည့်ပြင် ဗြိတိသျှတို့၏ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် ပိုမိုတောင်းဆိုလာခဲ့ကြသည်။

မြောက်အိုင်ယာလန်၌ အဓိကရုဏ်းများ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာလေလေ လက်ရှိအာဏာရ ဂျွန်မေဂျာအစိုးရကို ပိုမိုမကျေနပ်လေ ဖြစ်နေကြသည်။ အကြောင်းမှာ မြောက်အိုင်ယာလန်၌ ဗြိတိသျှလုပ်ငန်းရှင်ကြီးများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကိုမြှုပ်နှံထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပြိုင်ဘက် လေဘာပါတီအတွက် ပါတီပုံရိပ် တက်လာသည်ဟု လေဘာပါတီခေါင်းဆောင် တိုနီဘလဲယားက ထုတ်ဖော် ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မည်သည့်ပါတီအနိုင်ရမည်ကို မဲဆန္ဒရှင်များက ဆုံးဖြတ်မည် ဖြစ်သည်။

## လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။

လာအို နိုင်ငံတောင်ပိုင်းရှိ ဆင်းရဲနွမ်းပါးသူများ နေထိုင်ရာ ဆီခေါင်ပြည်နယ်တွင် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားခဲ့သဖြင့် လူ ၃၀ သေဆုံးရကြောင်း၊ ဗီယန်ကျင်းမြို့တော် ဗဟိုအာဏာပိုင်များထံ ပြည်နယ်ဒေသဆိုင်ရာ အစိုးရ အရာရှိများက သတင်းပေးပို့ကြသည်။ နိုင်ငံ၏ ဘစွန်အဖျား ခရိုင်လေးခုအနက် ခရိုင်နှစ်ခုတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့သည်။ ဆေးဝါးအလုံအလောက်မရှိသဖြင့်ကယ်ဆယ်ရေးလုပ်ငန်း များ အခက်အခဲဖြစ်ပေါ်ရသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက သတင်းပေးပို့ကြသည်။ ကာလဝမ်းရောဂါဖြစ်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် အကူအညီပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာအဖွဲ့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဗီယန်ကျင်းမြို့မှ အဆိုပါဒေသများသို့ ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းဘုရင်နှင့် မိဖုရားတို့၏ ဧည့်သည်တော်အဖြစ် ဗန်ကောက်မြို့သို့ ခြောက်ရက်ကြာ အလည်အပတ် ရောက်ရှိလာသော လာအိုနိုင်ငံ သမ္မတကြီး နိုဟက်ဒွန်ဆာဗန် (၈၃) နှစ်အား ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ လာသမ္မတကြီးသည် ဗန်ကောက်စစ်ဘက်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရောက်ရှိလာရာ ထိုင်းဘုရင် ဘူမိဘော အဒူရာဒက်နှင့် သမီးတော်မင်းသမီး မာဟာချာကရီဆီရင်ဟွန်းတို့က အမြောက် ၂၁ ချက် ပစ်ဖောက်၍ အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။ လာသမ္မတကြီးနှင့် ဇနီး ဘွန်မာတို့သည် ဘုရင်၏လုပ်ပိုင်ခွင့်အောက်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

လူဦးရေ ၄ ဒသမ ၅ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၅၀ ရှိသည့် လာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ချစ်ချည်တစ်ခါ၊ မုန်းချည်တစ်လှည့် ဆက်ဆံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် လူဦးရေ ၅၈ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၁,၈၄၀ ရှိသည်။ လာလူမျိုးများသည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေထိုင်သောလူများနှင့် လူမျိုးစုအားဖြင့် တူညီသော်လည်း တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံက လာနိုင်ငံအား လွှမ်းမိုးရန် ကြိုးစားနေသည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ညီအစ်ကိုတမျှ ချစ်ကြည်ရေး ပျက်ပြားခဲ့ကြရသည်။

အဆိုပါ အစဉ်အလာအရ သံသယဖြစ်မှုများသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း လာနိုင်ငံရှိ လက်ယာဂိုဏ်းဝင် နိုင်ငံရေးအုပ်စုများအား ထောက်ခံရန် အမေရိကန်ပြည်ထောင်စုက ထိုင်း ကြေးစားစစ်သားများအား ဖြန့်ကြက်ထားစဉ်က ပို၍မြင့်မားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ် ပသက်လာတို့ လာပြည်တွင်းစစ်၌ အနိုင်ရ ရှိပြီးနောက် ယင်းနှစ်နိုင်ငံသည် ဆယ်စုနှစ်တစ်ခုအကြာ စစ်အေးတိုက်ပွဲခေတ်သို့ ဝင်ရောက်ခဲ့ကြသည်။ လာနိုင်ငံသည် မကြာမီနှစ်များအတွင်းက ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့ရာ ထိုင်း နိုင်ငံသည် ကွန်မြူနစ်ဆန့်ကျင်ရေး သူပုန်များအား ထောက်ခံမှုကို အဆုံးသတ် သွားစေခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ) သည် အင်ဒိုချိုင်းနားစစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ ကြာသည့်တိုင်အောင် လာနိုင်ငံတွင် ပြည်သူတို့အသက်ဆုံးရှုံးစေရသည့် မပေါက်ကွဲသေးသောဗုံးများကို ရှင်းလင်းဖယ်ရှားရေးအတွက် ငွေကြေး ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ကမ္ဘာ့နိုင်ငံများစွာအား တိုက်တွန်းခဲ့သည်။ လာနိုင်ငံတွင် မပေါက်ကွဲသေးသော ဗုံးများ၏အန္တရာယ်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဇီယက်နမ် နယ်စပ် တစ်လျှောက် အရှေ့မြောက်ပိုင်း ဆီအင်ခိုအွန်ပြည်နယ်ရှိ ဒေသတစ်ခု သို့ မတ်လ ၂၂ ရက်နေ့တွင် သွားရောက်လည်ပတ်စဉ် လာနိုင်ငံဆိုင်ရာ ယူအင်ဒီပီကိုယ်စားလှယ် ဂျင်မက်ဆင်က ယင်းကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။ ယူအင်ဒီပီကိုယ်စားလှယ် ဂျင်မက်ဆင်နှင့်အတူ ဝါရင့်သံတမန်များလည်း လိုက်ပါသွားခဲ့ကြသည်။ ယင်းအဖွဲ့သည် ၁၅ နှစ်

သားအရွယ်ရှိ သာအိုမီး အပါအဝင် ဗုံး၏ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရသူများကိုလည်း သွားရောက်ကြည့်ရှုခဲ့ ကြသည်။ သာအိုသည် မကြာမီက မိသားစု လယ်ယာမြေထဲတွင် ငါးကန်တူးစဉ် မပေါက်ကွဲသေးသော ဗုံးတစ်လုံး ပေါက်ကွဲထိမှန်ခံရ၍ ပြည်နယ်ဆေးရုံတစ်ခုတွင် ဆေးကုသမှုကို ခံယူရင်း ဘဝကို ရင်ဆိုင်နေရသူ ဖြစ်သည်။

သာအိုသည် ဗုံး၏ဒဏ်ကြောင့် ဆိုးရွားသော မီးလောင်ဒဏ်ရာများနှင့်အတူ မျက်စိကွယ်ခဲ့ရသည်။ ထို့အပြင် ရင်ဘတ်တွင်လည်း ဗုံးစဗုံးနများ မှာရာကြဲနေပြီး လက်ဝဲခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ သာအိုသည် ဗုံးဒဏ်ကြောင့် ဆေးရုံတက်ပြီး ဆေးကုသမှု ခံနေရသူ ၄၀ ကျော်တွင်တစ်ဦးအပါအဝင် ဖြစ်သည်။ ယူအင်ဒီပီသည် ငွေကြေးရန်ပုံငွေအတွက် ကနဦးအကူအညီအချို့ကို ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဗန်ကောက်မြို့တွင် ထုတ် ပြန်သောကြေညာချက်၌ မက်ဆင်က ပြောကြားသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့သည် လောနိုင်ငံ၌ မပေါက်ကွဲသေး သောဗုံးများ ရှင်းလင်းဖယ်ရှားရေးအတွက် ကမ္ဘာတစ်ဝန်းမှ ငွေကြေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများကို စုဆောင်းရှာဖွေမည် ဖြစ်သည်။ အမေရိကန်သည် အင်ဒိုချိုင်းနားရှိ ကွန်မြူနစ်များအား မအောင်မြင်သော စစ်ပွဲဆင်နွှဲရာတွင် ၁၉၆၀ ပြည့်လွန်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗုံးအမြောက်အမြား ကြဲချခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ လောနိုင်ငံ၏ လူဦးရေသည် ၄ ဒသမ ၆ သန်းနီးပါး ရှိသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း နှစ်စဉ်လူဦးရေတိုးနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ဤနှုန်းအတိုင်း ဆက်လက်တိုးနေမည်ဆိုပါက သက္ကရာဇ် ၂၀၀၀ ၌ လောနိုင်ငံ၏ လူဦးရေသည် ၅ ဒသမ ၂ သန်းရှိလာမည်ဟု လောအစိုးရ သတင်းဌာနက ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် တံတားများ တည်ဆောက်ရာတွင် အထောက်အကူပေးခြင်းအပါအဝင် လိုအပ်သော အကူအညီများကို ဂျပန်နိုင်ငံက ပိုမိုပေးကမ်းကူညီပါရန် လောနိုင်ငံက မေတ္တာရပ်ခံလိုက်သည်။ ဂျပန်နိုင်ငံသည် နည်းပညာနှင့် စီးပွားရေးစွမ်းရည် ထက်မြက်သော နိုင်ငံဖြစ်ကြောင်း လောနိုင်ငံဝန်ကြီးချုပ် ကမ်တေးဆီဖန်ဒုံက သူ၏ငါးရက်ကြာ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် သတင်းထောက်များအား တိုကျိုမြို့၌ ပြောကြားခဲ့သည်။ လောနိုင်ငံသည် မြစ်ချောင်းများ ပေါများပြီး ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲရေးသည် လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း လောဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် လောနိုင်ငံရှိ တံတားများပြုပြင်ရေးနှင့် ဗီယန်ကျင်းမြို့ရှိ လေဆိပ်ခေတ်မီတိုးတက်ရေးအတွက် အကူအညီယန်းငွေ ၃ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၄၄ ဒသမ ၇ သန်း) ထုတ်ပေးရန် သဘောတူထားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗီယန်ကျင်းမြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့် အကွာရှိ နယ်လွှတ်ဒေသတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး ဖြစ်နိုင်ခြေ အလားအလာ များကို လေ့လာလျက်ရှိပြီး လောနှင့်ထိုင်းနိုင်ငံအား ဆက်သွယ်ပေးမည့် ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိုလည်း ကွင်းဆင်းလေ့လာလျက် ရှိသည်။

နယ်လွှတ်ဒေသတွင် တည်ဆောက်ရန်ရှိသော တတ်အားပေးစက်ရုံ ကုန်ကျစရိတ်မှာ ယန်းငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၁၁၇ သန်း) ကုန်ကျမည်ဟု ခန့်မှန်း ထားရာ ဂျပန်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ယန်းငွေ လေးဘီလီယံ (ဒေါ်လာ ၄၇ သန်း) စီ ထည့်ဝင်ရန်ရှိပြီး ကျန်လိုအပ်ငွေများကို လောနိုင်ငံက ထည့်ဝင်သွားမည် ဖြစ်သည်။ ယင်းစီမံကိန်း နှစ်ရပ်အတွက် ကွင်းဆင်းလေ့လာမှုများ မပြီးပြတ်သေးသော်လည်း ဂျပန်နိုင်ငံက ယင်းစီမံကိန်းနှစ်ခုလုံးကို အကူအညီပေးရန် လိုလားနေသည်။

ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ဖြစ်ပါက ယင်းတံတားမှာ လောနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ဆက်သွယ်နိုင်ကြမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံက အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန် အထူးစိတ်ဝင်စားလျက် ရှိသည်ဟု ဂျပန်နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ လောနိုင်ငံသည် ချစ်ကြည်ရေးတံတားဟု အမည်ပေးထားသော ပထမဦးဆုံး မဲခေါင်မြစ်ဖြတ်တံတားကို ၁၉၉၄ ခုနှစ်၊ ဧပြီလက ဆောက်လုပ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

လောနိုင်ငံအစိုးရသည် အရှေ့တောင်အာရှနိုင်ငံအားလုံးနှင့် ဆက်သွယ်ရာ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးတက်မှုရရှိရေးကို အထောက်အကူပြု တွန်းအားပေးနိုင်ရန် လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန် စဉ်းစားနေကြောင်း အရာရှိတစ်ဦးက ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။ လောနိုင်ငံသည် မိမိ၏ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင် ကြသော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့် ပိုမိုနီးစပ် လာစေရန် ပြုပြင်ပြောင်းလဲဖွယ်ရှိသည်ဟု ဆိုသည်။ လော၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် နိုင်ငံတို့ ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မဲခေါင်မြစ်ဝန်းကျင်အတွင်းရှိ နိုင်ငံများ စီးပွားရေးအရ အကျိုးဖြစ်ထွန်းရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ထားသည်။

လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ မည်သည့်အချိန်အခါ၌ အမှန်တကယ် ပြုပြင်ပြောင်းလဲမည်ကို မပြောနိုင်သေးသော်လည်း လော၊ ထိုင်း၊ မြန်မာနှင့် တရုတ်ပြည်တောင်ပိုင်း ယူနန်ပြည်နယ်များကို ဆက်စပ်ဖောက်လုပ်မည့် မဲခေါင်ဒေသ ပတ်လမ်းကြီး ကဲ့သို့သော စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်။ ထို့အပြင် ဗန်ကောက် – ဖနွမ်းပင်၊ ဟိုချီမင်းနှင့် ဗွန်တေမြို့ကြီးများကို ဆက်သွယ်မည့် လမ်းတစ်လမ်းကိုလည်း ဖောက်လုပ်ရန် စီစဉ်ထားသည် စသည်ဖြင့် ဗန်ကောက်မြို့ရှိ လောနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ အရာရှိ ဗီရာဆောင်ဒါရာက ပြောကြားသည်။ လောနိုင်ငံသည် မဲခေါင်ဒေသခွဲတွင် မဟာဗျူဟာ ကျသော နေရာ၌ တည်ရှိနေပြီး ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေသည်။ ဒေသတွင်း၌ အခွန်အကောက်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တူညီသော လုပ်ထုံးလုပ်နည်း များ ချမှတ်ထားရှိခြင်းဖြင့် အထက်ဖော်ပြပါ အဆိုပြုထား သော မဲခေါင်ဒေသတွင် အဝေးပြေးလမ်းမကြီး တစ်လျှောက် ၌ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျင်မြန်လာမည် ဖြစ်သည်။ လောနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသော ချစ်ကြည်ရေးတံတား၌ တူညီသော လုပ်ထုံးလုပ်နည်းများ မရှိ၍ ပြဿနာအချို့ ရှိခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော လောနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်နိုင်ငံဖြစ်လာချိန်မှစ၍ လောနိုင်ငံအား အကူအညီအထောက်အပံ့ မပေးတော့ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ရာ ယခုအခါ လောနိုင်ငံအပေါ် ချမှတ်ထားသော အကူအညီအထောက်အပံ့ပေးမှု ပိတ်ပင်ရေးအမိန့်ကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဗီယန်ကျင်းမြို့ရှိ အမေရိကန်သံရုံးက ပြောကြားသည်။ အချိန်ကာလ အကန့်အသတ်မရှိ အထောက်အပံ့ပေးမှု ပိတ်ပင်ခံခဲ့ရသော လောနိုင်ငံအား “နိုင်ငံခြားအကူအညီ အထောက်အပံ့ပေးမှု အက်ဥပဒေ” ပါ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်ပြီဟု လောနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ကြေညာလိုက်ကြောင်း ဗန်ကောက်၌ ထုတ်ပြန်သော အမေရိကန် ကြေညာချက်တွင် မေလ ၁၉ ရက်နေ့က ဖော်ပြသည်။

အမေရိကန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အကူအညီပေးရေးကို ဟန့်တားနေသောတရားဥပဒေဆိုင်ရာ ပိတ်ပင်ချက်ကို ဖယ်ရှားပေးနိုင်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လာမည့်နှစ်အတွက် အမေရိကန်အစိုးရ နိုင်ငံခြားအကူအညီပေးရေး ဘတ်ဂျက်ကို ဖြတ်တောက် လျှော့ချရန် ကွန်ဂရက်လွှတ်တော်က အဆိုပြုထားသဖြင့် လောနိုင်ငံသို့ ထောက်ပံ့မှုအသစ်များပေးရန် အာမခံ နိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကွန်ဂရက် လွှတ်တော်သို့ အသိပေးကာ ပြန်တမ်းတွင် ထုတ်ပြန်ပြီးသည့်အခါ အကူအညီပေးမှု ပိတ်ပင်ရေးအမိန့် ရုပ်သိမ်းမှု အတည်ဖြစ်လာမည်ဖြစ် သည်။

ထိုင်းနှင့် လောနိုင်ငံတို့အကြား နယ်ခြား ကုန်သွယ်ရေး တန်ဖိုးမှာ ဇန်နဝါရီလမှ ဇွန်လအထိ ဒေါ်လာ ၁၉၂ သန်းဖိုးအထိ ရောက်ရှိခဲ့ရာ ယခင်နှစ် ၁၉၉၄ ခုနှစ် အလားတူ အချိန်ကထက် ၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဩဂုတ်လ ၁၅ ရက်နေ့တွင်ထိုင်းရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ ထိုင်းနိုင်ငံက ကုန်သွယ်ရေး အမြတ်ငွေ ဒေါ်လာသန်း ၁၂၀ ခန့် ရရှိခဲ့သည်။ ကွန်မြူနစ်အုပ်စိုးသော လောနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

**သဘာဝဘေးဒဏ်။** ။ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ် များသည် နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ တွင် ဂျပန်နိုင်ငံသမိုင်း၌ နှစ်ပေါင်း ၇၀ အတွင်း အဆိုးဆုံး ကိုဘေမြို့ငလျင်ကြီး၊ တောင်ကိုရီးယားနိုင်ငံ၌ နှစ်ငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု၊ အိန္ဒိယ နိုင်ငံတွင် လူ ၅၅၈ ဦးထက်မနည်း သေဆုံးစေခဲ့သော အပူလှိုင်းဖြတ်သန်းမှုများ ပါဝင်ခဲ့သည်။ ယခုမှတ်တမ်းတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လကုန်အထိအတွင်း ကမ္ဘာအရပ်ရပ်၌ ပေါ်ပေါက်ခဲ့သော သဘာဝဘေးအန္တရာယ် များအနက် လက်လှမ်းမီသမျှထဲမှ မှတ်တမ်းတင်သင့်သမျှကို ဖော်ပြထားခြင်း ဖြစ်သည်။

**ငလျင်လှုပ်ခြင်း** – ၁၉၉၅ ခုနှစ်အတွင်း ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော ငလျင်များတွင် ဂျပန်နိုင်ငံ ကိုဘေမြို့၌ လှုပ်သွားခဲ့သော ငလျင်ကြီးမှာ အပြင်းထန်ဆုံးနှင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်။

ဇန်နဝါရီလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၆ မိနစ်တွင် ဂျပန်နိုင်ငံအလယ်၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိသော ငလျင်ကြီးလှုပ်သွားခဲ့သည်။ ငလျင်သည် ဟွန်ရှူးကျွန်းအလယ်ပိုင်းကို ဖြတ်၍ ပစိဖိတ်သမုဒ္ဒရာမှ ဂျပန်ပင်လယ်ပြင်ဆီသို့ လှုပ်ရှားသွားခဲ့ခြင်းဖြစ်ရာ အထိနာဆုံးသော မြို့များမှာ ကိုဘေမြို့နှင့် အဝါဂျီရှိမာမြို့တို့ဖြစ်သည်။

သတင်းစတင်ထွက်ပေါ်စဉ်က အသေအပျောက်စာရင်းကို အတိအကျမသိကြသေးဘဲ လူလေးဦးထက်မနည်း သေဆုံးကြောင်းနှင့် ရထားဆယ်စီးလမ်းချော်ခဲ့ကြောင်းမျှသာ သိခဲ့ကြသည်။ အပျက်အစီးပုံများအောက်မှ လူသေအလောင်းများ ထပ်မံတွေ့ရှိခဲ့ပြီး စာရင်းချုပ်လိုက်သည့်အခါ သေဆုံးသူ ၅,၀၀၀ ကျော်ရှိခဲ့သည်။

သတင်းထုတ်ပြန်သော ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပင် နာရီမိနစ်မပြတ် သတင်းထုတ်ပြန်ခဲ့ရာ ထိုနေ့ကုန်ချိန်တွင် လူ ၂၀၄ ဦးသေဆုံး၍ ၁၃,၀၈၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီး ၂၄ နာရီတိတိအကြာတွင် ရာဖွေတွေ့ရှိချက်အရ သေဆုံးသူ ၁,၇၁၂ ဦးဖြစ်လာခဲ့သည်။ ရာပေါင်းများစွာသော ကယ်ဆယ်ရေးလုပ်သားများက အသက်ရှင် ကျန်ရစ်မည့် သူများကို ဆက်လက်ကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြရာ အခြားနိုင်ငံများမှပါ အကူအညီပေးခဲ့ကြသည်။ ရုရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် စသောနိုင်ငံများမှ ပညာရှင်အကူအညီ၊ ငွေကြေး၊ အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး ငလျင်ကြီးကြောင့် လူ ၅,၃၀၀ သေဆုံး၊ ၂၆,၀၀၀ ကျော် ထိခိုက်ဒဏ်ရာရ၊ လူ ၃၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်၊ အဆောက်အအုံ ၅၆,၀၀၀ ကျော်ပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၁၀၀ ဘီလီယံ (သန်းပေါင်းတစ်သိန်း) မျှထိရှိခဲ့သည်။ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရေးသည်ပင်လျှင် ဒေါ်လာသန်း ၆၀၀ မျှကုန်ကျမည်ဖြစ်သည်။

ငလျင်ကျွမ်းကျင်ပညာရှင်များ၏အဆိုအရ ငလျင်အများစုသည် အလျားလိုက် သို့မဟုတ် ဒေါင်လိုက် ဖြစ်ပွေ့လှုပ်ရှားကြသော်လည်း ကိုဘေငလျင်ကြီးမှာ အထက်အောက်ထောင်လိုက် လှုပ်ရှားခဲ့သဖြင့် ပျက်စီးမှု ထိုမျှအထိ ကြီးမားခဲ့ကြောင်း သိရသည်။

ကိုဘေမြို့ ကမ်းလွန်တွင် လူလုပ်ဖန်တီးထားသော ကျွန်းတုနှစ်ကျွန်းသည်လည်း ငလျင်ဒဏ်ကြောင့် သုံးမီတာ (၁၀ ပေခန့်) မြုပ်ဝင်သွားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရော့ကိုကျွန်းနှင့် ၁၉၇၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ကျွန်းနှစ်ကျွန်းမှာ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်းအဆောက်အအုံများဖြင့် ကိုဘေမြို့အတိုင်း ခေတ်မီအဆင့်မြင့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ရော့ကိုကျွန်းမှ အဆောက်အအုံများ၏ ပျက်စီးမှုကြီးမားသဖြင့် လုပ်ငန်းအားလုံး ပြောင်းရွှေ့လိုက်ရသည်။

ငလျင်ဒဏ်ခံခဲ့ရသော ကိုဘေမြို့ကို ပြန်လည်တည်ဆောက်ရာတွင် ငလျင်ကြောင့်မဟုတ်ဘဲ ဆောက်လုပ်ရေးလုပ်ငန်းများ၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆောက်လုပ်ရေးလုပ်သားများ ထပ်မံသေဆုံးခဲ့ရသည်။ ဇူလိုင်လတွင် တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းအရ လူ ၂၃ ဦးသေဆုံး၍ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးဒဏ်ရာရသူအများစုမှာ မြင့်မားသောအဆောက်အအုံပေါ်မှ ပြုတ်ကျ၍ သေဆုံးထိခိုက်ခဲ့ကြရခြင်းဖြစ်သည်။

ထူးခြားသောဖြစ်ရပ်တစ်ခုမှာ ငလျင်လှုပ်သောနေ့တွင်ပင် ရုတ်ရုတ်သဲသဲကြားမှ မွေးဖွားခဲ့သော ကလေးငယ်တစ်ဦးဖြစ်သည်။ ငလျင်လှုပ်ပြီး မိနစ် ၉၀ ခန့်အကြာ နံနက်

၇ နာရီ ၃၀ မိနစ်တွင် အသက် ၄၀ အရွယ် မိခင်တစ်ဦးသည် ကိုဘေမြို့တော် အထွေထွေဆေးရုံကြီးတွင် သမီးမိန်းကလေး တစ်ဦးကို ဖွားမြင်ခဲ့သည်။ မီးဖွားပေးခဲ့သော အသက် ဖ၃ နှစ် အရွယ်ရှိ ဆရာဝန်ကြီး ဒေါက်တာ ဟီဒေအို တာကာရှီမာ သည် လျှောင်လှုပ်စဉ် ကြမ်းပြင်ပေါ်သို့ လဲကျ၍ သူ၏ ဘယ်ဘက်လက်ကောက်ဝတ် ကျိုးသွားခဲ့သော်လည်း ကြိုးစားရုန်းကန်ထ၍ ကလေးကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့ သည်။ ကလေးငယ်၏အမည်မှာ အိုနီရှိဟုသိရသော်လည်း မိခင်ကမူ ၎င်း၏အမည်ကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆို ခဲ့သည်။

ကိုဘေလျှောင်ကြီး၏နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်၌ လျှောင်လှုပ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဂျပန် လျှောင်ကြီးလှုပ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကိုလံဘီယာနိုင်ငံ အရှေ့ပိုင်း၌ ရစ်ချ်စတာ စကေး ၆ ဒသမ ၅ ရှိသော လျှောင်တစ်ခုလှုပ်သွားခဲ့သည်။ ထိုနေ့တစ်နေ့တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလောရက်စ်ကျွန်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၃ ရှိသော လျှောင်တစ်ခု လှုပ်ခဲ့သည်။ တစ်ဖန် ဇန်နဝါရီလ ၂၁ ရက် နေ့တွင် ရုရှနှင့်ဂျပန်နှစ်နိုင်ငံ ပိုင်ဆိုင်ခွင့်အငြင်းပွားလျက် ရှိသော ရုရှအရှေ့ဖျားရှိ ကူရိုင်းကျွန်းစုတွင် ရစ်ချ်တာစကေး ၇ ဒသမ ဝ ရှိသော လျှောင်တစ်ခု လှုပ်ခါသွားခဲ့ပြန်သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ကိုလံဘီယာနိုင်ငံ အနောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိသော လျှောင်ကြီး တစ်ခုထပ်မံလှုပ်ခဲ့ရာအနည်းဆုံးလူ ၄၄ ဦး သေဆုံး၍ ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနိုင်ငံတောင်ပိုင်းတွင် မတ်လပထမပတ်အတွင်းက နောက်ထပ်လျှောင်ကြီးတစ်ခု ထပ်မံ လှုပ်ခဲ့ပြန်ရာ အနည်းဆုံးလူငါးဦး သေဆုံးခဲ့ပြန်သည်။

မေလ ၂၈ ရက်နေ့နံနက် ၁:၀၃ နာရီတွင် ရုရှားနိုင်ငံ အရှေ့ဖျား ဆခါလင်ကျွန်း၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော လျှောင်ကြီးလှုပ်ခဲ့ရာ အနည်းဆုံးလူ ၂,၁၆၄ ဦး သေဆုံးခဲ့သည်။ ထိုလျှောင်ကြီးစတင်ရာ ကျောက်လွှာသည် ဂျပန်နိုင်ငံ ကိုဘေမြို့လျှောင်ကြီး၏ မြေကြောနှင့် တစ်ဆက်တည်းဖြစ်နေကြောင်း ဘူမိဗေဒ တိုင်းတာချက်များအရ သိရသည်။ လျှောင်လှုပ်မည်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပါလျက် ထိုဒေသရှိ တိုင်းတာရေး စခန်းများစွာသည် ငွေကြေးချို့တဲ့မှုကြောင့် ပိတ်ထား ခဲ့ရသည့်အတွက် ဤမျှ သေကျေပျက်စီးဆုံးရှုံးမှု များခဲ့ ရသည်။ ထိုဒေသသည် ပြည်မနှင့် ဝေးကွာလှမ်းသော ဒေသဖြစ်၍ ကျွန်းပေါ်ရှိ နက်ဖတီဂေါ်စ်မြို့၌ နေထိုင်သူ ဦးရေ ၃,၀၀၀ကျော်မျှသာရှိရာ သေဆုံးသူဦးရေသည် အသက်ရှင်ကျန်သူဦးရေထက် များခဲ့သည်။ အိပ်မောကျနေချိန် လျှောင်လှုပ်ခဲ့သဖြင့်နေထိုင်သူ အားလုံးနီးပါးမျှ အဆောက်အအုံများအောက်၌ ပိတ်မိခဲ့ရာ ကယ်ဆယ်ရေး သမားများ၏ မနေမနားကြိုးပမ်းမှုကြောင့်သာ ထိုမျှ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် ရုရှနိုင်ငံတစ်ဝန်း၌ အလံတိုင်ဝက်လွှင့်ထူ၍ ရုပ်မြင်သံကြား ပွဲမှန်အစီအစဉ်များကိုလည်း ဖျက်သိမ်းခဲ့သည်။

**တောမီးလောင်ခြင်း** – အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ စပရင်းမြို့ မြောက်ဘက်တွင် ဩဂုတ်လ ပထမပတ်အတွင်းက တောမီးလောင်ခဲ့ရာ ဒေသ၏သစ်တောဧက ၂၁,၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့သည်။

**နှင်းကျခြင်း** – အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ကက်ရှ်မီးယား (ကသ္မီရ)ပြည်နယ်တွင် ဇန်နဝါရီလအတွင်းက နှင်းများ ထူထပ်စွာကျပြီး ရေခဲတောင်များပြိုကျခဲ့သဖြင့် အဝေးပြေး လမ်းမကြီးများ ပိတ်ဆို့သွားခဲ့ရာ ပြည်နယ်မြို့တော် ရှရီနဂါး (သီရိနဂရ) မြို့တွင်စားနပ်ရိက္ခာများ ပြတ်လပ်သွားခဲ့သည်။

ထို့အတူဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု၊ အော်ရီဂွန်ပြည်နယ်တွင်ရေ့ကီးတောင်တန်း၌ နှင်းများငါးပေ မျှအထိ ထူထပ်စွာကျရောက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ သဖြင့် ယာဉ်တိုက်မှုပေါင်းရာနှင့်ချီ၍ ဖြစ်ပွားခဲ့သည်။ ကော်လိုရာဒိုပြည်နယ်နှင့်ယူတား ပြည်နယ်တို့တွင် လည်း စကီးစီးသမားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံတော် မိုးလေဝသ ဌာန၏ သတင်းထုတ်ပြန်ချက်အရ ကော်လိုရာ ဒိုပြည်နယ် တစ်ခုတည်းတွင်ပင်နှင်းများထူထပ်စွာ ကျပြီး ၄၈ နာရီ အတွင်း မြေပြိုမှုပေါင်း ၆၀ ကျော် ဖြစ်ပေါ်ခဲ့သည်။

**မီးတောင် ပေါက်ကွဲခြင်း** – ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကာရစ်ဘီယံကျွန်း၏ အမြင့်ဆုံး တောင် ဖြစ်သော ပေ ၃,၀၀၀ အမြင့်ရှိ ချုန့်ဆက်စ်မီးတောင် ပေါက်ကွဲခဲ့သည်။ မီးတောင်မပေါက်ကွဲမီ ကြိုတင်တိုင်းတာ သိရှိခဲ့သောကြောင့် ကျွန်းသူကျွန်းသား ထောင်ပေါင်း များစွာကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထား နိုင်ခဲ့သည်။ မီးတောင်ပြာများသည် မှိုပွင့်ပုံ တိမ်တိုက်ကြီး သဖွယ် ကောင်းကင်အမြင့်ပေ ၂,၀၀၀ ခန့်အထိသို့ ထိုးတက် သွားခဲ့သည်။ ၃၉ စတုရန်းမိုင် ကျယ်ဝန်းသော

ထိုကျွန်းသည် ရှေးဟောင်းမီးတောင်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ကျွန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကျော် ပင်နာတူဘိုမီးတောင်သည်လည်း ဇူလိုင်လစတုတ္ထပတ်အတွင်းက ပွက်ပွက်ဆူနေသော ရွှံ့ရည်ပူများ ပေါက်ကွဲယိုစီးခဲ့သဖြင့် မနီလာမြို့မြောက်ဘက် ပန်ပန်ဂါပြည်နယ်တွင် အနည်းဆုံးအိမ်ခြေ ၂၂၆ လုံး နစ်မြုပ်ပျက်စီးခဲ့သည်။ အချို့နေရာများတွင် ရွှံ့ရည်ပူများသည် ၁၅ ပေမျှအထိ ထူထပ်စွာ စီးဆင်းခဲ့သည်။ လူဦးရေ ၇,၈၀၀ မျှရှိသော မိသားစု ၁,၃၀၀ ကျော်သည် ဘေးလွတ်ရာနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ပင်နာတူဘိုမီးတောင်သည် ၁၉၉၁ ခုနှစ်က ပြင်းထန်စွာပေါက်ကွဲခဲ့စဉ် လူ ၈၀၀ ခန့် သေဆုံးခဲ့ကြရသည်။

ဇူလိုင်လအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဆီမာရူးမီးတောင် ပေါက်ကွဲခဲ့သဖြင့် စိုက်ပျိုးမြေဧက တစ်ထောင်ကျော် ပျက်စီးပြီး လူရာပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။ ပေ ၁၂,၀၆၀ မြင့်သော ဆီမာရူးမီးတောင်မှ ထွက်လာသောပြာပူ၊ ချော်ရည်ပူနှင့် ကျောက်စိုင်အစအနများသည် ကုဗပေ ၄၅၅ သန်းမျှ ရှိမည်ဟု ခန့်မှန်းကြသည်။

**မိုးခေါင်ခြင်း** – နှစ်ငါးဆယ်ကျော်အတွင်း အဆိုးဝါးဆုံး မိုးခေါင်မှုဒဏ်ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ခံစားခဲ့ရသည်။ ဒဏ်အခံရဆုံးဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများဖြစ်သည်။ နှစ်စဉ် ရွာသွန်းနေကျ မိုးရေချိန်၏ တစ်ဝက်မျှပင် မရရှိသဖြင့် မြေများအက်ကွဲကာ ရေလှောင်တမံများလည်း ခန်းလုနီးပါးဖြစ်ခဲ့သည်။ မိုးခေါင်မှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စက်မှုထွက်ကုန်ထုတ်လုပ်ရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။

**မုန်တိုင်း** – ၁၉၉၅ ခုနှစ်၏ ပထမဆုံးမုန်တိုင်းမှာ ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်းစုတွင် ဇန်နဝါရီလ ၂ ရက်နေ့က တစ်နာရီ ကီလိုမီတာ ၂၀၀ ( ၁၂၅ မိုင် ) နှုန်း တိုက်ခတ်ခဲ့သော ဝီလီယံအမည်ရှိ ဆိုင်ကလုံးမုန်တိုင်းဖြစ်သည်။ မုန်တိုင်းကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး အိမ်ခြေ ၁၅၀ ကျော် ပျက်စီးခဲ့သည်။ တဟီတီကျွန်းမှအမျိုးသမီးတစ်ဦးမှာမုန်တိုင်းတိုက်သွားပြီးနောက် အိမ်အမိုးကိုပြင်ရန် ကြိုးစားနေစဉ် ပြုတ်ကျ၍ သေဆုံးခဲ့သည်။

မတ်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းများ ကျရောက်ခဲ့ပြီး မိုးကြီးရေလွှမ်းခဲ့သဖြင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံးပြီး ဒေါ်လာသန်း ၂,၀၀၀ ဖိုး ခန့် ပျက်စီးဆုံးရှုံး ခဲ့သည်။ ပြည်နယ်၏ တစ်ဝက်ကျော်ကို ဘေးဒုက္ခ(ကပ်သင့်) ဒေသအဖြစ် ကြေညာခဲ့သည်။

ဧပြီလ ဒုတိယပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း၌ ပေါ်ပေါက်ခဲ့သော မုန်တိုင်းကြောင့် အနည်းဆုံး လူ ၄၀ သေဆုံး၍ လူ ၅၀၀ ကျော် ဒဏ်ရာရခဲ့ပြီး အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့သည်။

ဧပြီလ စတုတ္ထပတ်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဖူချိုမြို့တွင် မိုးသီးမုန်တိုင်းကျရောက်၍ လူ ၆၀၀ ခန့် ဒဏ်ရာရပြီး အဆောက်အအုံ ၁၃,၀၀၀ ပျက်စီးခဲ့ရာ မိုးသီးများမှာ အချင်းခြောက်လက်မခန့်အထိရှိပြီး ၁ ဒသမ ၅ ပေါင်ခန့်အထိ လေးသဖြင့် ထိခိုက်ပျက်စီးမှုများခြင်း ဖြစ်သည်။

ဧပြီလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း၌လည်း မိုးသက်မုန်တိုင်းများ အဆက်မပြတ်ကျရောက်ခဲ့သဖြင့် လူ ၂၀ ကျော် သေဆုံးပြီး ၁၀၀ ခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

မေလအတွင်းက အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ် တောင်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မိုးသက်မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၃,၀၀၀ ဖိုးမျှ ရှိခဲ့သည်။ တင်နက်စီပြည်နယ်တွင် တိုက်ခတ်ခဲ့သော တော်နေးဒိုးမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး၍ ၄၀ ကျော် ဒဏ်ရာရခဲ့သည်။

မေလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုန်တိုင်းနှင့် ဒီရေလှိုင်းဒဏ်ကြောင့် လူ ၁၅၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်း ၂၅၀ မျှ ရှိခဲ့သည်။ မုန်တိုင်းနှင့်နောက်ဆက်တွဲ ဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၃၄ ဦးတွင် ရေမသန့်ရှင်း၍ဖြစ်ရသော ဝမ်းရောဂါကြောင့် သေဆုံးရသူ ၃၄ ဦး ပါဝင်ခဲ့သည်။ အဆိုးဆုံးဒေသများမှာ စစ်တကောင်း၊ ကော့စ်ဘဇား၊ ကူတပ်ဒီယာ၊ မဟေရှခါလီ၊ ဆန်ဒွစ်နှင့် ချော့ကိုရီးယားနယ်များဖြစ်သည်။ ထိုဒေသများမှ လူ ၃၀၀,၀၀၀ ကျော်သည် ဝမ်းလျှောရောဂါများ ခံစားခဲ့ကြရသည်။

မေလကုန်ကာနီးတွင် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် တော်နေဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့ရာ လူသုံးဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းတစ်ခုရှေ့တွင် ရပ်ထားသော မော်တော်ကားတစ်စီးသည် လေထဲသို့မြောက်တက်သွားပြီး

ပေ ၆၀၀ ခန့်အကွာ တောအုပ်ထဲသို့ ကျသွားခဲ့ရာ ကားပေါ်ပါသူ ကျောင်းသားနှစ်ဦးနှင့် ကျောင်းဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့သည်။

ဇူလိုင်လ ပထမပတ်အတွင်းက တရုတ်နိုင်ငံ အရှေ့ဘက် ရှန်တုန်ပြည်နယ်တွင် မိုးသက်လေပြင်းကျခဲ့ရာ လူအသေအပျောက် မရှိခဲ့သော်လည်း ဖျိုင်းအကောင် ၃၀၀ ကျော်နှင့် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှိခဲ့သော ဆိုက်ပရပ်ပင်ကြီးများ ပျက်စီးခဲ့သည်။ ထိုသစ်ပင်ကြီးများမှာ ကျူးဖူးမြို့ရှိ ကွန်ဖြူးရှပ်ကျောင်းတော်ဝင်းအတွင်း ရှေးနှစ်ပေါင်း တစ်ထောင်ကျော်က စိုက်ပျိုးထားခဲ့သော သမိုင်းဝင်သစ်ပင်ကြီးများ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လ တတိယပတ် အကုန်၌ နောက်ထပ်တော်နေးဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ အိမ်ခြေ ၂,၅၀၀ ခန့် ပျက်စီး၍ လူနှစ်ဦးသေဆုံးခဲ့သည်။ ဇူလိုင်လအတွင်း မုန်တိုင်းနှင့် မုတ်သုန်မိုးတို့ကြောင့် သေဆုံးခဲ့သူဦးရေမှာ ၁၈၀ ရှိခဲ့သည်။

ဇူလိုင်လ စတုတ္ထပတ်၌ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းတွင် ပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၃ ဦး သေဆုံး၍ ၂၀ ကျော် ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ပေ ၂၀ မြင့်သော လှိုင်းလုံးကြီးများသည် တောင်ပိုင်းမြို့ ယေဆူး၏ ကမ်းနားလမ်းပေါ်မှ ဘတ်စကားတစ်စီးကို ရိုက်ခတ်သွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်။ တစ်နာရီ ၉၄ မိုင်နှုန်းခန့် တိုက်ခတ်သွားသော ဖေယီ အမည်ရှိ ထိုတိုင်ဖွန်းမုန်တိုင်းကြောင့် အချို့နေရာများတွင် လှိုင်းလုံးအမြင့် ၂၆ ပေမှ ၃၃ ပေအထိ မြင့်တက်ခဲ့ပြီး မိုးရေချိန် ၁၄ လက်မအထိ ရွာသွန်းစေခဲ့သည်။

**မြေပြိုခြင်း** – အိုက်စလန်နိုင်ငံ အနောက်မြောက်ပိုင်း တံငါရွာ တစ်ရွာပေါ်သို့ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်စောစောပိုင်းတွင် နှင်းတောင်ပြိုကျခဲ့ရာ ကလေး ၁၁ ယောက်အပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့သည်။

ဇန်နဝါရီတတိယပတ်အတွင်း၌ပင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကက်ရှမီးယားပြည်နယ်တွင် နှင်းဖုံးနေသော တောင်ပြိုကျ၍ လူ ၁၄ ဦး သေဆုံးခဲ့သည်။ ကက်ရှမီးယားပြည်နယ်၏ အမြှာမြို့တော်နှစ်ခုဖြစ်သော ဂျမ္မူးနှင့် ကက်ရှမီးယားမြို့နှစ်မြို့ကို ဆက်သွယ်ထားသော ဟိမဝန္တာ တောင်ပေါ်လမ်းသည် နှင်းများထူထပ်စွာ ကျရောက်ခြင်း၊ တောင်ပြိုခြင်းများကြောင့် အဆက်အသွယ်များ ပြတ်တောက်ခဲ့သည်။ ရှရီနဂါး (သီရိနဂရ) မြို့နှင့် ဂျမ္မူးမြို့ကိုဆက်သွယ်သော အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ဇန်နဝါရီလအတွင်း နှင်းတောင်ပြိုကျခြင်းကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ရာသီဥတု ဆိုးဝါးသောဒေသမှ လူ ၅,၀၀၀ ကျော်ကို ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရသည်။ ခရီးသည်အချို့မှာ တောင်ကိုဖောက်ထားသော ၁ ဒသမ ၇ မိုင်ရှည်သည့် ဥမင်လိုဏ်ခေါင်းထဲတွင် ပိတ်မိခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့က အာဖဂနိစတန်နိုင်ငံ၊ ဘဒက်ခ်ရှန်ပြည်နယ်တွင် မိုးသည်းထန်၍ မြေပြိုခဲ့ရာ လူ ၃၅၄ ဦး သေဆုံးခဲ့ပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါမီယာတောင်တန်းမှ ကျေးရွာတစ်ရွာတွင် ဖြစ်ခဲ့သော မြေပြိုမှုကြောင့် အခြားကျေးရွာများမှ ရွာသူရွာသားများလည်း မြေပြိုမှုထပ်မံဖြစ်ပွားမည်ကို စိုးရိမ်၍ အိုးအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

ဇူလိုင်လအတွင်းကလည်း ဘိုဂိုတာမြို့တော် မြောက်ဘက် မိုင် ၁၄၀ အကွာရှိ ဖရက်ဒိုနီယာမြို့တွင် မြေပြိုမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးခဲ့သည်။

**ရေကြီးခြင်းနှင့် မိုးသည်းထန်ခြင်း** – ၁၉၉၅ ခုနှစ်ဦးအစ ဇန်နဝါရီလအတွင်းက ဂျာမနီနိုင်ငံ ရိုင်းမြစ်ရေလျှံမှုကြောင့် ရှေးဟောင်းမြို့တော် ကိုလုံးဒေသတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုများသည် ရိုင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကော့ဘလက်ဇ်၊ ဒွဇယ်ဒေါ့ဖ်၊ ဒစ်စဘာ့ဂ်နှင့် ဘွန်းမြို့များတွင်ပါ ပေါ်ပေါက်ခဲ့သည်။ မြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်၍ ၃၄ ဒသမ ၅ ပေအထိ ရောက်ရှိခဲ့သဖြင့် မတ်ငွေသန်း ၁၀၀ (ဒေါ်လာ ၆၆ သန်း) မျှ ဆုံးရှုံးခဲ့ရသည့် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ရေကြီးမှုထက်ပင် ပိုမိုမြင့်တက်ခဲ့သည်။ ထိုစဉ်က ရေကြီးခဲ့မှုသည် ရာစုနှစ်အတွင်း ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံး စံချိန်တင်ခဲ့သည်။

ဇန်နဝါရီလအတွင်း၌ပင် ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်းတို့ကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ အခြားဥရောပနိုင်ငံများ၌လည်း ရေကြီးမှု၊ မိုးသည်းထန်မှုများ ပေါ်ပေါက်ခဲ့ရာ ဗဲလဂျီယမ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံများတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း၌ပင်သေဆုံးသူ ၃၀ ကျော်ရှိခဲ့ပြီး လူ ၁၅,၀၀၀ ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရသည်။ ပြင်သစ်တစ်နိုင်ငံတည်း၌ပင် လူ၆,၀၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရပြီး အိမ်ခြေ ၄,၀၀၀ ခန့် ပျက်စီးခဲ့သည်။

နယ်သာလန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ပေါ်ပေါက်ခဲ့သော ရေကြီးမှုသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့ရာ လူ ၂၅၀,၀၀၀ ခန့်နေအိမ်များမှ စွန့်ခွာခဲ့ကြရသည်။ ဖေဖော်ဝါရီလအတွင်း၌ပင် အင်ဒိုနီးရှား နိုင်ငံ၊ ဂျဗားနှင့် ဆူမာတြာကျွန်းများတွင် ရေကြီးမှုများ ပေါ်ပေါက်ခဲ့သောကြောင့် စပါးစိုက်ပျိုးထားသော မြေဧက ၅၆,၀၀၀ ကျော် ရေလွှမ်းခံခဲ့ရပြီး လူ ၁၄ ဦး သေဆုံးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြာကျွန်းမြောက်ပိုင်း၌ပင် မေလ ပထမပတ်အတွင်းမိုးသည်းထန်စွာရွာပြီး မြေပြိုခဲ့ရာ လူ ၅၅ ဦးသေဆုံး၍ ၅၈ ဦးပျောက်ဆုံးခဲ့သည်။ လူ ၁၇,၅၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဒေါ်လာ သန်း ၆၀၀ ကျော်မျှ ပျက်စီးဆုံးရှုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မူ ငါးလတာမျှ မိုးခေါင်နေမှုကို အဆုံးသတ်စေသော မေလလယ်မိုးကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၀၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာ ခဲ့ကြရသည်။ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာပေါင်းများစွာကို ဒီရေလှိုင်းများက ရိုက်ပုတ်သွားခဲ့ရာ အိမ် ၄၀၀ ကျော်နှင့် ပုစွန်မွေးမြူရေး၊ ဆားချက်ကွင်းများ ပျက်စီးခဲ့သည်။

မေလလယ်အတွင်း၌ပင် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်ပြည်နယ်၏ တောင်ပိုင်းတွင် မိုးသည်းထန်ပြီး မြေပြိုခဲ့ရာ အနည်းဆုံး လူ ၂၅ ဦး အရှင်လတ်လတ်မြေမြှုပ်ခံ သေဆုံးခဲ့ကြပြီး အိမ်ခြေ ၄၀၀ ခန့် ပျက်စီးခဲ့သည်။

မေလကုန်နှင့် ဇွန်လပထမပတ်အတွင်းက အီရန်နိုင်ငံအနှံ့ သည်းထန်စွာ ရွာသွန်းခဲ့သော မိုးကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်တွင် ဇွန်လ ၃ ရက်နေ့ တစ်နေ့တည်း ၁၂ နာရီကြာ သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ခဲ့ပြီး အနည်းဆုံးလူ ၅၃ ဦး သေဆုံးကာ ပျက်စီးမှုဒေါ်လာ ၁၇၃ သန်းမျှရှိခဲ့သည်။ စိုက်ပျိုးမြေဧက ၃၉၅,၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရသည်။

ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်ပြီး မြစ်ရေလျှံခြင်းကြောင့် လူ ၅၀ ကျော်သေဆုံးခဲ့ရပြန်သည်။ ဇွန်လကုန်ခါနီးတွင်မူ တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်၌ ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် အနည်းဆုံးလူ ၉၀ သေဆုံးခဲ့ပြီး ဒေါ်လာသန်း ၂၄၀ တန်ဖိုးခန့် ပျက်စီး ဆုံးရှုံးခဲ့သည်။ အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတစ်ဝန်းတွင် ၁၉၉၅ ခုနှစ်၊ ဇွန်လကုန်အထိ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် သေကြေပျက်စီးခဲ့ရသူ ၆၀၀ ကျော် ရှိခဲ့သည်။ ဇူလိုင်လကုန်တွင်မူ သေဆုံးသူဦးရေ ၁,၅၀၀ ခန့်အထိ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူ ၅၀,၀၀၀ ရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ဇူလိုင်လ ၁၅ ရက်နေ့အထိ ၇ ဒသမ ၉၂ ဘီလီယံဒေါ်လာ (သန်းပေါင်း ၇,၉၂၀) ဖြစ်ခဲ့သည်။ စိုက်ပျိုးမြေဧက ၆၅ ဒသမ ၉ သန်း၊ ဒုက္ခသည်ပေါင်း သန်း ၁၅၀၊ ပျက်စီးခဲ့သော အိုးအိမ် ပေါင်း ၁ ဒသမ ၃၄ သန်း ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆိုးဆုံးရေကြီးမှု ဇွန်လနှင့် ဇူလိုင်လတွင် ထပ်မံဖြစ်ပေါ်ခဲ့ရာ လူဦးရေ ၁ ဒသမ၅ သန်းဘေးဒုက္ခရောက်ခဲ့ပြီး လူ ၁၆၀ ကျော်သေဆုံးခဲ့သည်။ ဇူလိုင်လစတုတ္ထပတ်အတွင်း၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေကြီးခဲ့ရာ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အနည်းဆုံး လူ ၁၁၀ သေဆုံးပြီး ရာပေါင်းများစွာပျောက်ဆုံးခဲ့သည်။ လူ ၅၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇူလိုင်လအတွင်း၌ပင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ ၆၂ ဦး ထပ်မံ သေဆုံးခဲ့ပြန်သည်။

ထိုင်းနိုင်ငံ ကျေးလက်ဒေသတွင် ဩဂုတ်လမှ စက်တင်ဘာလဆန်းပိုင်းအထိ နိုင်ငံအနှံ့အကြီးအကျယ် ရေလွှမ်းမိုးခဲ့သည်။ ပြည်နယ် ၇၆ ခုအနက် ၅၄ ပြည်နယ်တွင်ရေလွှမ်းမိုးခံခဲ့ရာ လူ ၂၉ ဦး သေဆုံး၍ မိသားစုပေါင်း ၃၇၀,၀၀၀ တို့ရေဘေးကြုံရပြီး လူနေအိမ် ၂၀,၀၀၀ ကျော် ပျက်စီးခဲ့သည်။ လယ်မြေဧက တစ်သန်းကျော်၊ လမ်းပေါင်း ၆,၇၀၀၊ တံတား ၆၀၄ ခု၊ ဆည်နှင့် ရေလှောင်တမံ ၆၁၉ ခုတို့ ပျက်စီးခဲ့ရပြီး ကျွဲနွားနှင့် အိမ်မွေးတိရစ္ဆာန် စုစုပေါင်း ၆၀၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ဒေါ်လာ ၅၄ဒသမ ၈ သန်း ရှိခဲ့သည်။

ဩဂုတ်လလယ်ပိုင်းတွင် မော်ရိုကိုနိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးရေကြီးမှု မာရာကက်ရှ်မြို့ အနီးတွင် ဖြစ်ပေါ်ခဲ့ရာလူ ၁၅၆ ဦး သေဆုံးခဲ့သည်။ ထိုနိုင်ငံတွင်ပင် စက်တင်ဘာလ ပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုထပ်ဖြစ်ခဲ့ပြန်ရာ လူ ၃၁ ဦး ထပ်မံသေဆုံး ခဲ့သည်။

**အပူလှိုင်း** – မေလပထမပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းကို ဖြတ်သန်းသွားသော အပူလှိုင်းကြောင့် လူခုနစ်ဦး သေဆုံးပြီး ရာပေါင်းများစွာ ဖျားနာခဲ့ကြသည်။

အပူလှိုင်းသည် အိန္ဒိယနိုင်ငံတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇွန်လအတွင်းက ပြင်းထန်သောအပူလှိုင်းဖြစ်ပေါ်ခဲ့ရာ လူ ၃၀၀ နီးပါးမျှ သေဆုံးခဲ့သည်။ အဆိုးဝါးဆုံးဒေသများမှာ အန္ဒြပြဒေ့ရှ်၊ ဥတ္တရပရာဒေ့ရှ်၊ ပန်ဂျပ်၊ ရာဂျာစသန် ပြည်နယ်များဖြစ်သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန် ၁၁၃ ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး ထိုပြည်နယ်တစ်ခုတည်းမှ ဇွန်လ ၁၅ ရက်အတွင်း သေဆုံးသူ ၁၁၅ ဦး ရှိခဲ့သည်။ သဲကန္တာရဒေသဖြစ်သော ရာဂျာစသန်ပြည်နယ်တွင်မူ အပူချိန် ၁၂၂ ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်ခဲ့သည်။ အပူလှိုင်းသည် ဇွန်လအတွင်း အားပျော့မသွားဘဲ သုံးပတ်ဆက်တိုက် ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူလူဦးရေသည် ၅၅၈ ယောက်အထိ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သော ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ ဘာသာရေးမြို့တော် ဗာရာဏသီမြို့တစ်မြို့၌ သေဆုံးသူဦးရေ ပင်လျှင် ၂၀၀ ရှိခဲ့သည်။ ဂင်္ဂါမြစ်ကမ်းတစ်လျှောက်ရှိ မြို့တော်၏အကြီးဆုံး သုသာန်နှစ်ခု၌ တစ်ပတ်အတွင်း မြှုပ်နှံခဲ့သော အလောင်းမှာ ၁,၂၁၈ ဦး ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ဦးမြလင်း

**သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၅)။** ။၁၉၉၅ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓာပွားများနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော်ပေါင်း ၁,၆၂,၀၉၈ ပါး၊ သာမဏေပေါင်း ၂,၃၃,၈၄၀ ပါး၊ စုစုပေါင်း ၃၉၅,၉၃၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၃,၀၂၂ ပါး သီတင်းသုံး နေထိုင်လျက် ရှိကြသည်။

### ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကဆရာတော်များ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လှူဒါန်း ထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ဖြင့် ဆရာတော်ကြီးနှစ်ပါးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှဆရာတော်ကြီး အပါး ၂၀ နှင့် ပြည်ပမှဆရာတော်ကြီးတစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော် အပါး ၂၀ နှင့် သီလရှင်ဆရာကြီးတစ်ပါးအား အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း စာချဆရာတော် ၂၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါးတို့အား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ စာချဆရာတော်ရှစ်ပါးတို့အား စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးကိုးပါးတို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးနှစ်ပါးတို့အား မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ဆရာတော်တစ်ပါးအား စူဠကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးနှစ်ပါးအား ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူသော ဆရာတော်ကြီးတစ်ပါးအား အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၇ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး နှစ်ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းထောက်ပံ့ခဲ့သည့်အပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသော လူပုဂ္ဂိုလ်အမျိုးသားသုံးဦးတို့အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်နှင့် အမျိုးသမီးနှစ်ဦးအား သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်တို့ကို ချီးမြှောက်ထောက်ပံ့ခဲ့သည်။

## စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပခြင်း

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့ထိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ စုစုပေါင်း ၁၃၅၄ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်ခင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပထမ အစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက် (၁၉၉၅ ခုနှစ်၊ မတ်လ ၁၂ ရက်)တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော် အတွင်း ကျင်းပသည်။

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၁၈)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို ရွေးချယ်တင်မြှောက်ရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတအား ရွေးချယ်တော်မူကြပြီး သဘာပတိဆရာတော်က အစည်းအဝေးကြီး၏အတည်ပြုချက်ကို ရယူကာ အတည်ပြု ပေးတော်မူသည်။

ဆက်လက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၂၂)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဒုတိယဥက္ကဋ္ဌဆရာတော်များအဖြစ် မကွေးတိုင်း၊ စလင်းမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရေဝတီတိုင်း၊ ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ခမာဝုဓ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ စိန်မမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မန္တလေးတိုင်း၊ ချမ်းအေးသာဇံ မြို့နယ်၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏ ဘိဝံသ၊ ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မဟာဝတ္ထုကံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလသာမိတို့အား လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ဓမ္မာစရိယ ပထမကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၊ ပြင်ဦးလွင်မြို့ ရတနာမာရ်အောင်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိဟ၊ ရေဝတီတိုင်း၊ ဟင်္သာတမြို့ ရတနာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာဘသာမိ၊ ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သြသတာဘိဝံသ၊ မကွေးတိုင်း၊ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓာရုံတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညတို့အား တင်သွင်းရာ သဘာပတိ ဆရာတော်က အစည်းအဝေးကြီး အတည်ပြုချက် ရယူကာ အတည်ပြုပေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း အခန်း(၅)၊ အပိုဒ်(၂၇)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော် ၃၃ ပါးတို့၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြား တင်သွင်းရာ သဘာပတိဆရာတော်က အတည်ပြုချက်ကို ရယူ၍ အတည်ပြုပေးတော်မူပြီး စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကိုပြန်လည်ကျင်းပရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက

သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော် မူသည်။

အစည်းအဝေးသဘာပတိ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသောဘိတက ဩဝါဒကထာ မြွက်ကြားတော်မူပြီး စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က တင်သွင်းလျှောက်ထား၍ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူပြီး စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ညနေလေးနာရီတွင် ရုပ်သိမ်းလိုက်သည်။

## ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော်အယူခံဝင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးသုံးသပ်ဆုံးဖြတ်စေခဲ့ရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံမှုခင်း ၃၇ မှုနှင့် နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးမှု နှစ်မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းလျာထားမှု ခြောက်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ငါးမှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးပြတ်မှု ရှစ်မှု၊ (၄၇) ပါးစုံညီ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူမှု (၂၂) မှု၊ အထူးအစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူမှု သုံးမှု၊ အထွေထွေဝိနိစ္ဆယဆောင်ရွက်မှု ၁၂၁ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## စာမေးပွဲများ ကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၇) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မကောဝိဒအောင် တစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် နှစ်ပါး၊ ဝိနယ ကောဝိဒအောင် သုံးပါး၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းရေးဖြေအောင် တစ်ပါး၊ ဝိနည်း ပထမပိုင်းနှင့် ကျမ်းရေးဖြေအောင် ကိုးပါး၊ ဒီဃဘာဏကအောင် တစ်ပါး၊ ဝိနယဓရအောင် ၁၆ ပါး၊ ဝိနည်းပထမပိုင်းနှင့် ကျမ်းအာဂုံအောင် ၁၆ ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် ၄၉ ပါး ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီး၌ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋကကျောင်းတိုက်မှ အရှင်ဝါယာမိန္ဒသည် သင်ရိုးပိဋကသုံးပုံကို အာဂုံရေးဖြေနှစ်ရပ်လုံး ပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပြီး ဆဋ္ဌမမြောက် တိပိဋကဆရာတော် တစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာနပေါင်း ၂၅ ဌာနတို့၌ ကျင်းပရာ ၄၄၇၈ ပါး ဝင်ရောက်ဖြေဆိုတော်မူကြ၍ ကျမ်းရင်းသုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ (၉၄) ပါး၊ ကျမ်းရင်း နှစ်ကျမ်းအောင် ၈၇ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် ၁၃၁ ပါးနှင့် မြန်မာ ဂုဏ်ထူး သုံးပါး စုစုပေါင်း ၃၁၅ ပါး အောင်မြင်သည်။

ပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ရာ ပထမကြီးတန်းတွင် ၆၄၁၆ ပါး ဝင်ရောက်ဖြေဆို၍ ၂၈၃၆ ပါး အောင်မြင်ခဲ့သည်။ ပထမလတ်တန်းတွင် ၁၀၆၂၅ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၆၇ ပါး အောင်မြင်ခဲ့သည်။ ပထမငယ်တန်း၌ ၁၆၃၇၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၇၁၀၇ ပါး အောင်မြင်ခဲ့သည်။ အခြေပြုမူလတန်း၌ ၁၃၈၀၁ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၉၃ ပါး အောင်မြင်သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၁၀၂ ဌာနတို့၌ ကျင်းပခဲ့ရာ ၉၆၇၄ ဦး ဝင်ရောက်ဖြေဆို၍ ၄၂၇၈ ဦး အောင်မြင်ခဲ့သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကို စာဖြေဌာန ၅၈ ဌာန၌ ကျင်းပခဲ့ရာ ၁၁၂၀၂ ပါး စာရင်းသွင်း၍ ဖြေဆိုသူ ၆၈၂၆ ပါး ရှိသည်။

## စာမူများ စိစစ်ခြင်း

၁၉၉၅ ခုနှစ်အတွက် ဗုဒ္ဓဘာသာစာမူပေါင်း ၄၈၁ မှု အနက် ထုတ်ဝေခွင့်ပြုသောစာမူပေါင်း ၂၂၈ မှုရှိ၍

ထုတ်ဝေခွင့်မပြုသော စာမူ ခြောက်မှုရှိသည်။ စာမူ ၄၇ မှုကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၂ မှုကို ဖြုတ်ပယ်ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူနှစ်မှုကို ပြင်ဆင်၍ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သည်။

## လမ်းညွှန်ချက် ရှင်းလင်းပွဲ ကျင်းပခြင်း

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ၂၅–၈–၉၅ နှင့် ၂၆–၈–၉၅ နေ့များတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ ပြည်နယ်/တိုင်း သီလရှင်အမှုဆောင် ဆရာကြီးများ ကြွရောက်ကြသည့်အပြင်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဦးစီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ရှင်းလင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ ဩဝါဒကထာကို နာယူကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရကလည်းကောင်း၊ သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ပြန်လည်ရှင်းလင်းတင်ပြပြီး လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

**သီရိလင်္ကာနိုင်ငံ။** ။၁၉၉၄ ခုနှစ်၊ ဩဂုတ်လက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သော ကုမာရတွန်းဂါးသည် ၁၂ နှစ်ကြာဖြစ်ပွားခဲ့သော တမီးလ်နယ်ခွဲထွက်ရေးသူပုန်တို့နှင့် တိုက်ခိုက်မှုများပြီးငြိမ်းရပ်စဲသွားစေရန် ပဓာနထား ကာ ဦးစားပေးဆောင်ရွက်လျက်ရှိနေခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၅- စာ၊ ၃၃၆- ရှု။) ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပရာဘာဟာကာရန် ဦးဆောင်သည့် တမီးလ်ပြောက်ကျားအဖွဲ့တို့နှင့် ကိုလံဘိုမြို့တွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲမှာ အောင်မြင်မှု မရရှိခဲ့ချေ။ တမီးလ်တို့အထဲမှ သဘောထားညွတ်ပျောင်းသူများကို အမျိုးသားလွှတ်တော်၌ ပါဝင်စေကာ တာဝန်ပေးအပ်မည်ဟု မစ္စစ်ကုမာရတွန်းဂါးက ပြောကြားသည်။ တမီးလ်ပြောက်ကျားအဖွဲ့က လက်မခံသဖြင့် ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။

အစိုးရက လိုက်လျောသည့်အနေဖြင့် ဂျက်ဖနာကျွန်းနယ်မြေဘက်သို့ သွားလမ်း လာလမ်းများကို ဖွင့်ပေးခဲ့ သည်။ မေဒေး အလုပ်သမားနေ့တွင် ယခင်နှစ်များကဲ့သို့ အခမ်းအနား မကျင်းပနိုင်ခဲ့ချေ။ ၁၉၉၃ ခုနှစ် ၊ မေလက မေဒေးအလုပ်သမားနေ့ ကျင်းပရန် ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သမ္မတ ပရီမာဒါဆာကွယ်လွန်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄– စာ၊ ၃၀၇–ရှု။)



တမီးလ်ပြောက်ကျား ခေါင်းဆောင် ပရာဘာဟာကာရန် (အလယ်) ကို တောတွင်းတစ်နေရာတွင် တွေ့ရစဉ်

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်သည့်အတွက် ကုမာရတွန်းဂါးအစိုးရနှင့် တမီးလ်ပြောက်ကျားတပ်ဖွဲ့များ အင်အားဖြည့်တင်းခဲ့သည်။ သီရိလင်္ကာအစိုးရအား ဗြိတိန်၊ အစ္စရေးနှင့် ပါကစ္စတန်နိုင်ငံတို့က တတ်စွမ်းသမျှ ကူညီခဲ့သည်။ ရုရှားနိုင်ငံကမူ ဒေါ်လာသန်း ၁,၀၀၀ တန်ဖိုးရှိသည့် ရိုင်ဖယ်လက်နက်များနှင့် တင့်ကားအစီး ၂၀ တို့ကို ကူညီရန် သဘောတူခဲ့သည်။ သို့ရာတွင် ထိုအကူအညီကို လက်မခံဖြစ်ခဲ့ပေ။

အိန္ဒိယနိုင်ငံအနေဖြင့် လွန်ခဲ့သောနှစ်များကပင် တပ်အင်အား ၃,၀၀၀ ဖြင့် ၃၂ လကြာ သီရိလင်္ကာအစိုးရဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သည်။ သို့ရာတွင် ထိုတပ်က တမီးလ်ပြောက်ကျားများကို မနှိမ်နင်းနိုင်ခဲ့ပေ။ သီရိလင်္ကာအစိုးရတပ်အင်အားမှာ ၃၇,၀၀၀ ရှိသည်။ တမီးလ်တပ်အင်အားမှာ ၁၀,၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။ တမီးလ်တို့လက်တွင် ဒုံးကျည်များ၊ လေယာဉ်ပစ်အမြောက်များ ရှိနေသည်။

အစိုးရတပ်ဘက်တွင် လေတပ်၊ ရေတပ်အားသာသကဲ့သို့ တမီးလ်ပြောက်ကျားတို့လက်တွင်ကား ဗုံးများအစွမ်းထက်လှသည်။ စစ်ကာလအတွင်း အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံသူ ၁၂,၅၀၀ ရှိသည်။ ၎င်းတို့အတွက် အိန္ဒိယအစိုးရက နှစ်စဉ်ဒေါ်လာ ၃၁၆ သန်း သုံးစွဲနေရသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် သီရိလင်္ကာအစိုးရက ထိုးစစ်ကြီးစတင်ခဲ့သည်။ မစ္စစ်ကုမာရတွန်းဂါးက အသေအချာကြေညာပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ပွဲတွင် စစ်အင်အား ၁၀,၀၀၀ ပါရှိ၍ လေတပ်၊ ရေတပ်များ ပါဝင်သည်။ ပစ်မှတ်ပစ်ကွက်မှာ ဂျက်ဖနာကျွန်းတစ်ဝိုက်ဖြစ်သည်။

ထိုးစစ်ကြီး ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ဂျက်ဖနာကျွန်းရှိ ပြောက်ကျားတပ်စခန်းများနှင့် ပြောက်ကျားတို့ ခိုလှုံမည်ထင်ရသော နေရာများကို ဗုံးကြဲတိုက်ခိုက်ရာတွင် စိန်ပီတာဘုရားကျောင်းနှင့် စိန်ပေါ်ဘုရားကျောင်းများ ပါသွားသည်ဟု ဆိုသည်။ ဘုရားကျောင်းများ၌ ခိုလှုံနေကြသော အရပ်သူအရပ်သား ၁၂၀ သေဆုံးသည်။ ထို့ပြင် အစိုးရ ကွန်မန်ဒိုတပ်များက သူပုန်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းရာ သူပုန် ၁၀ ဦးထက်မနည်း သေဆုံးသည်။

အခြားတိုက်ပွဲတစ်ခုတွင် သူပုန်တို့က အစိုးရတပ်စခန်း လေးခုအား ရေကြောင်း၊ ကုန်းကြောင်းမှ လာရောက်

ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက် ကိုလံဘိုမြို့တွင် ဆန္ဒပြတောင်းဆိုနေသူများ



တိုက်ခိုက်ကြရာတွင် သူပုန် ၉၂ ဦး သေဆုံးသည်။ ဆုတ်ခွာသွားသော သူပုန်တပ်နောက်သို့ အစိုးရတပ်က လိုက်လံတိုက်ခိုက်သောအခါ သူပုန် ၂၃ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ချုပ်ကြီး ဂါရီဒီဆီဗာက ပြောကြားသည်။

တမီးလ်တို့၏ ကျောထောက်နောက်ခံနယ်မြေမှာ အိန္ဒိယနိုင်ငံ တမီနာဒူးခေါ် မဒရတ်ပြည်နယ် ဖြစ်သည်။ လူမျိုးရေးနှင့် ဘာသာစကားတူညီမှုရှိသော တမီးလ် အချင်းချင်း ကူညီရိုင်းပင်းစောင့်ရှောက်လိုကြသော်လည်း အိန္ဒိယအစိုးရ၏ စီမံအုပ်ချုပ်မှုကြောင့် ကူညီခြင်းမပြုနိုင်ခဲ့ပေ။ ဤအတောအတွင်း မဒရတ်ပြည်နယ်အစိုးရက ဖမ်းဆီးထားသော တမီးလ် ၄၃ ယောက်သည် ဥမင်လိုဏ်ခေါင်းဖောက်၍ ထွက်ပြေးကြရာ မဒရတ်ရဲက ၁၁ ဦးကို ပြန်လည်ဖမ်းမိခဲ့သည်။ သုံးဦးမှာ အဆိပ်သောက်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်ဟု ဩဂုတ်လ ၁၅ ရက်နေ့တွင် သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ သမ္မတ ကုမာရတွန်းဂါးသည် ငြိမ်းချမ်းရေး စီမံချက်တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုကြေညာချက်တွင် (၁) သီရိလင်္ကာနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ရှစ်နယ်ခွဲရေး၊ (၂) ထိုနယ်အသီးသီး၌ အုပ်ချုပ်ရေးအဖွဲ့သည် နယ်မြေ၏ စီးပွားရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသည်တို့ကို လွတ်လပ်စွာ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ ပါဝင်သည်။

ထိုပြည်နယ်များတွင် တမီးလ်လူမျိုးတို့အတွက် နယ်တစ်နယ် ပါဝင်သည်။ ယင်းအဆိုကို တမီးလ်တို့က ပယ်ချလိုက်ပြီး အစိုးရ၏စီမံချက်သည် တိုက်ပွဲသို့သာ ဦးတည်နေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ထိုအတောအတွင်း တမီးလ်ပြည်သူ့စစ်ခေါင်းဆောင် ဒေါက်ဂလပ်စ်ဒေဝနန္ဒာက အဆိုပြုချက်တစ်ရပ်ကို ဩဂုတ်လ ၈ ရက်နေ့တွင် တင်ပြသည်။ အင်အား ၁,၀၀,၀၀၀ ရှိသော သီရိလင်္ကာတပ်မတော်တွင် တမီးလ်ဘာသာစကားပြော တပ်ရင်းတစ်ရင်း ထူထောင်ရန် ဖြစ်သည်။ ထိုတပ်ရင်း၌ မွတ်ဆလင်များပါ ပါဝင်နိုင်သည်ဟု တင်ပြထားသည်။ ဒေဝနန္ဒာသည် လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်သည်။

**သေဒဏ်ပြန်လည် သတ်မှတ်ခြင်း** – ကြီးလေးသော ရာဇဝတ်ပြစ်မှုများအတွက် ယခင်က သေဒဏ်ပေးခဲ့သည်။ နောက်ပိတ်ဆုံး သေဒဏ်ကို ၁၉၇၆ ခုနှစ်က ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ ဂျူနီယတ်စ်ဇေယျဝဒ္ဒနီ လက်ထက်၌ သေဒဏ်များကို တစ်သက်တစ်ကျွန်းဒဏ်သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်သို့ ပြောင်းလဲစီရင်ရန် အမိန့်ထုတ်ခဲ့သည်။

ယခုကာလတွင် ရာဇဝတ်မှု နှိမ်နင်းရေးအတွက် သေဒဏ် ပြန်လည်ပေးရန် လိုအပ်သည်ဟု ယူဆသည့် အလျောက် အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက် တင်သွင်း ဆုံးဖြတ်ခြင်းဖြစ်သည်ဟု တရားရေးဌာနဝန်ကြီး လက်ရှ်မင်ပေးရစ်က ဇွန်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည့်အလျောက် ကွပ်မျက်မှုကို ရှောင်ခဲ့သော်လည်း မလွှဲမရှောင်သာ သေဒဏ်စီရင်ချက် ချမှတ်ရတော့မည် ဖြစ်သည်။ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု စသည်တို့သည် သေဒဏ်စီရင်သင့်သော အမှုများဖြစ်သည်။ သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်သော အာဏာကို သမ္မတလက်ဝယ် ထားရှိသည်။

**သော်တာဆွေ (ခရစ်၁၉၁၉–၁၉၉၅)။** ။နိုင်ငံကျော် စာရေးဆရာ သော်တာဆွေကို ၁၉၁၉ ခု၊ မေလ ၁၉ ရက် တနင်္လာနေ့တွင် ပေါင်းတည်မြို့နယ်၊ ကြို့ပင်ရွာနေ အဖ လယ်သမားကြီး ဦးဖိုးဆယ် အမိ ဒေါ်လှရင် တို့က ဖွားမြင် သည်။ ငယ်နာမည် မောင်ချစ်လှိုင်ဖြစ်၍ ကြီးပြင်းလာသောအခါ မောင်ကြင်ဆွေဟု အမည်တွင် သည်။

မြန်မာ ၁၀ တန်းအောင်မြင်ပြီး အထက်တန်းဆရာဖြစ် အောင်လက်မှတ်ရရှိခဲ့သည်။ အင်္ဂလိပ်စာကို အလွတ်ပညာသင်ကျောင်းတက်၍ သင်ယူခဲ့သည်။ ဂျပန်ခေတ်တွင် မြင်းလှည်းသမားဘဝ၊ ၁၉၄၅ ခုနှစ် အင်္ဂလိပ်များ ပြန်အဝင်တွင် ဆန်ကုန်သည်ဘဝ စသည်ဖြင့် ကျင်လည်ခဲ့သည်။ ငယ်စဉ်ကပင် ကဗျာ၊ ဝတ္ထု စသည်များကို ဖတ်တတ်၊ မှတ်တတ်၍ ကဗျာရေးခြင်းကို ကျောင်းသားဘဝကပင် ကျွမ်းကျင်ခဲ့သည်။

စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ပြီး သော်တာဆွေ ဟူသော ကလောင်နာမည်ဖြင့် စာရေးခဲ့ရာ လူသိများကျော်ကြားလာသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ရှုမဝမဂ္ဂဇင်း၌ ဘရန်ဒီတစ်ပုလင်းအမည်ရှိ ဟာသဝတ္ထုဖြင့် စာပေလောကသို့ ဝင်ခဲ့သည်။

မူလက စုံထောက်ဝတ္ထုရေးရန် အားသန်ခဲ့သော် လည်း ရန်အောင်ရတနာ လုံးချင်း စုံထောက်ဝတ္ထုတစ်အုပ်သာ



အမျိုးသားစာပေဆုရ နိုင်ငံကျော်
စာရေးဆရာ သော်တာဆွေ

ရေးသားနိုင်ခဲ့သည်။ ခြောက်နှစ်တိုင်တိုင် ဟာသ ဝတ္ထုများ ရေးခြင်းဖြင့်သာ နာမည်ရလာပြီးနောက် ၁၉၅၃ ခုနှစ်မှစ၍ ဘဝသရုပ်ဖော်စာပေဘက်သို့ တစ်စတစ်စ ကူးပြောင်း ရေးသားခဲ့သည်။

ဟာသဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို စာရေးဆရာဖြစ်စမှ ကွယ်လွန် ခါနီး လေးလအထိ လစဉ်မပြတ် ရေးသားရင်း စာရေးခြင်း အလုပ် တစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ် လုပ်ခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုပေါင်း ၄၀၀ ခန့်၊ ဝတ္ထုရှည် ၂၀ကျော် ရေးသား ခဲ့သည်။

ယင်းတို့အနက် သတ္တဝါတို့သံသရာ စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို လည်းကောင်း၊ ဤလောကမြေမဟီဝယ် စာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ စာပေလေ့လာရေး ခရီးအဖြစ် ဆိုဗီယက်ယူနီယံနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်ခဲ့သည်။

နိုင်ငံကျော် စာရေးဆရာ သော်တာဆွေသည် ၁၉၉၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌ အမှတ် (၂) တပ်မတော် ဆေးရုံတွင် ကွယ်လွန် သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီး ၃ ယောက် ကျန်ရစ်ခဲ့သည်။

**ဟန်ဂေရီသမ္မတနိုင်ငံ။** ။ဟန်ဂေရီနိုင်ငံသည် ၁၉၄၉ ခုနှစ်မှစ၍ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံ ဟူသော အမည်ဖြင့် ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှုအောက်တွင် နှစ်ပေါင်း ၄၀ တိုင်တိုင် တည်ခဲ့ ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့ တွင် ကွန်မြူနစ်ဝါဒကို စွန့်ပယ်၍ "ဟန်ဂေရီ သမ္မတနိုင်ငံ" ဟု ခေါ်ဝေါ်သမုတ်ကာ ပါတီစုံဒီမို ကရေစီ စနစ်ကို ကျင့်သုံး ပြီးလျှင် ၁၉၉၀ ပြည့်နှစ်၊ မတ်–ဧပြီလများ တွင် အမတ် နေရာ ၃၈၆ နေရာထားရှိသည့် အမျိုးသား လွှတ်တော် အတွက် ပထမဆုံးသော ပါတီစုံ ရွေးကောက် ပွဲများကို ကျင်းပခဲ့သည်။

ထိုအချိန်က ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်း ကီလိုမီတာ ၉၃,၀၃၃ အတွင်း လူပေါင်း ၁၀,၆၀၀,၀၀၀ ခန့် (၁၉၉၀ ခန့်မှန်းခြေ )နေထိုင်လျက်ရှိရာ ဟန်ဂေရီနိုင်ငံတွင် အာဏာရပါတီကြီးသုံးခုနှင့် အခြား နိုင်ငံရေးပါတီ ငါးခုတို့ ရှိခဲ့ကြသည်။ ပါတီကြီးသုံးခုမှာ –

(က) မဂ္ဂယာဒီမိုကရာတာဖိုရမ် (အမ်ဒီအက်ဖ်) သို့မဟုတ် ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အိပ်ချ်ဒီအက်ဖ်)၊

(ခ) လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီ (အက်ဖ်ကေဂျီပီ)

(ဂ) ခရစ်ယာန်ဒီမိုကရက်တစ်ပြည်သူ့ပါတီ (ကေဒီအင်ပီ) တို့ဖြစ်ကြ၍ အခြားပါတီ ငါးခုတို့မှာ–

(က) လွတ်လပ်သော ဒီမိုကရက်များ မဟာ မိတ်အဖွဲ့၊

(ခ) လူငယ်ဒီမိုကရက်များဖယ်ဒရေးရှင်း၊

(ဂ) ဟန်ဂေရီပြည်သူ့ပါတီ၊

(ဃ) ဟန်ဂေရီဆိုရှယ်လစ်ပါတီ၊

(င) ဟန်ဂေရီဆိုရှယ်လစ်အလုပ်သမားများ ပါတီတို့ ဖြစ်ကြသည်။

ပါတီစုံရွေးကောက်ပွဲကြီးကျင်းပပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့တွင် ဗဟိုလက်ယာဝါဒီ အမ်ဒီအက်ဖ် ပါတီမှ ဂျိုးဇက်အင်တောလ်က ဝန်ကြီးချုပ် အဖြစ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဩဂုတ်လ ၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေပြု လွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်ကြီးက အာပက်တ်ဂွန့်ဇ်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက် ခဲ့ပေသည်။

**ပြည်တွင်းနိုင်ငံရေး အခက်အခဲများ–** ၁၉၉၁ခုနှစ်၊ ဧပြီလ နှင့် မေလများတွင် နိုင်ငံရေးပါတီ (၆) ခုတို့က ပါလီမန်ပြင်ပ တွင် နိုင်ငံတော်၏ အဓိက နိုင်ငံရေး ပြဿနာများကို ဆွေးနွေးရန် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြ သည်။ ဟန်ဂေရီနိုင်ငံသည် တစ်နှစ်တာကာလကြာမျှ ပြည်တွင်း နိုင်ငံရေး အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း ၄င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ပိုမိုတည်တံ့ခိုင်မြဲမှုရှိသည့် အသွင်သဏ္ဌာန်ဆောင်ခဲ့သည်။ အဓိက နိုင်ငံရေးပါတီများ အတွင်း၌ လည်းကောင်း၊ စပ်ကြား၌လည်းကောင်း အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိခဲ့သဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှု ဖူလုံရေးနှင့် ပတ်သက်သည့် အဓိကဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း မရှိခဲ့ချေ။ ပါလီမန်က ဘဏ္ဍာရေးဥပဒေနှင့် ဘတ်ဂျက် ရသုံးငွေစာရင်းကို ချမှတ်နိုင်ခြင်းမရှိရာ ရန်ပုံငွေ မရှိသဖြင့် ကျန်းမာရေးနှင့်ပညာရေးပြုပြင်ပြောင်းလဲရေး စီမံချက်များကို ရွှေ့ဆိုင်းထားခဲ့ရသည်။ မည်သို့မဆို ၁၉၉၂ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသားနှင့်မျိုးနွယ်လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေကြမ်းတစ်ရပ်ကိုကား အတည်ပြုခဲ့ကြသည်။

၁၉၉၂ ခုနှစ်အတွင်း၌ လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီအတွင်း မြေယာများကို မူလပိုင်ရှင်များသို့ ပြန်ပေးရေးကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း ပါတီဝင်အများစုက ပါတီခေါင်းဆောင်များကို ထောက်ခံခြင်းမပြုကြဘဲ အာဏာရညွန့်ပေါင်းအစိုးရနှင့်သာ ဆက်လက်လက်တွဲခဲ့ကြရာ ယင်းပါတီဝင်များအား ပါတီမှထုတ်ပယ်ပစ်သောအခါ ၄င်းတို့က သမိုင်းစင်မြင့် (Historical Platform ) ဟူသောအမည်ဖြင့် ပါတီအဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

**အာဏာရပါတီတွင်း တင်းမာမှုများ** – ထိုနှစ် ၁၉၉၂ ဩဂုတ်လတွင်မူ ဟန်ဂေရီဒီမိုကရက်တစ် ဖိုရမ် (အမ်ဒီအက်ဖ်)ပါတီကြီးအတွင်း၌ပင် ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ အစ္စဗန်ဇူကာရေးသားသည့် ဆောင်းပါးတစ်စောင်ကြောင့် တင်းမာမှုများ ပေါက်ကွဲပေါ်ထွက်လာခဲ့သည်။ ဇူကာက ဟန်ဂေရီနိုင်ငံသည် ဂျူး– ဘောလ်ရှီဗစ်–လစ်ဘရယ်တို့ တွဲဖက်၍ အစိုးရကို ဖျက်ဆီး ပစ်ပြီး ဟန်ဂေရီနိုင်ငံ၏ နာလန်ထူရေးကို တားဆီးပိတ်ပင်မည့် ပူးပေါင်းလုပ်ကြံမှုတစ်ရပ်ကို ခံနေရကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ ဤဆောင်းပါးမှာ ဟီဗရူးနှင့် အာရပ်များပါဝင်သော ဆီးမိုက်( Semite ) လူမျိုးအုပ်စုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ရေးသားခြင်း ဖြစ်သည်။ ထိုဆောင်းပါးကို နောက်ဆုံး၌ နိုဝင်ဘာလတွင် အမ်ဒီအက်ဖ်ပါတီဥက္ကဋ္ဌ အင်တောလ်က ရှုတ်ချပြောဆိုခဲ့လေသည်။ ဤတွင် ဇူကာသည် ဟန်ဂေရီလမ်းစဉ်ဟူ၍ ခေါ်တွင်သည့် လူထုလှုပ်ရှားမှုတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လုပ်ဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဇူကာသည် ဝန်ကြီးချုပ်ဂျေအင်တောလ်ကို စိန်ခေါ်ဆန့်ကျင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် သူသည် ပါတီသဘာပတိအဖွဲ့တွင် ဆက်လက်ပါဝင်မြဲ ပါဝင်နေခဲ့သည်။ ထိုနောက် ဇူကာသည် မေလတွင် ယူကရိန်းနိုင်ငံနှင့် သမဝါယမစာချုပ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ဇွန် ၁ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါလီမန်အဖွဲ့စုက ဇူကာအပါအဝင် ပါလီမန်အမတ်ခြောက်ဦးကိုထုတ်ပယ်ပစ်ခဲ့သည်။ ဤတွင် ဇွန် ၂၁ ရက်နေ့တွင် ဇူကာသည် ဟန်ဂေရီ တရားမျှတရေးပါတီ (Hungarian Justice Party )ကို အခြား လွှတ်တော်အမတ် (၄)ဦးနှင့်အတူ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူ၏ပါတီသို့ နောက်ထပ်လွှတ်တော်အမတ် (၆) ဦး ဝင်ရောက်လာခဲ့ကြသည်။ ဇွန် ၂၂ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါတီက ဇူကာနှင့် အခြားအမတ်တစ်ဦးအား ပါတီမှ တရားဝင်ထုတ်ပယ်လိုက်သည်။

**ဝန်ကြီးချုပ် အင်တောလ် ကွယ်လွန်ခြင်း** – ၁၉၈၉ခု၊ အောက်တိုဘာလမှစ၍ ဟန်ဂေရီဒီမိုကရက်တစ်ပါတီ ( အိပ်ချ်ဒီအက်ဖ် သို့မဟုတ် အမ်ဒီအက်ဖ်ပါတီ ) ၏ ခေါင်းဆောင်နှင့် ၁၉၉၀ ပြည့်နှစ်၊ မေလမှစ၍ ဟန်ဂေရီ ညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သူ ဂျိုးဇက်အင်တောလ်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အသက် ၆၁ နှစ်အရွယ်၌ ကွယ်လွန် သွားခဲ့သည်။ သူသည် ဟန်ဂေရီသမိုင်းပညာရှင်တစ်ဦးနှင့် ယခင်က ပြတိုက်ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ခဲ့၍ ဟန်ဂေရီနိုင်ငံအား ပြည်သူ့ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းမှုကို ဦးဆောင်မှုပေးခဲ့ပြီး ဟန်ဂေရီနိုင်ငံရေးအား တည်ငြိမ်စေရန် ထိန်းကျောင်း ပေးနိုင်ခဲ့သူ ဖြစ်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော အင်တောလ်၏ ဈာပနသို့ အခြားပုဂ္ဂိုလ်များနှင့်အတူ အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုး၊ ရုရှားပထမ ဒုတိယဝန်ကြီးချုပ် ယေဂေါ်ဂေဒါနှင့်အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ သို့သော် တစ်ဘက် အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံမှ တက်ရောက်ခြင်း မရှိသည်ကို မှတ်သားဖွယ်တွေ့ရှိခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ယခင်က ပြည်ထဲရေး ဝန်ကြီးနှင့် ဝန်ကြီးချုပ် အင်တောလ် မရှိသည့် အချိန်ကာလများတွင် ခေတ္တဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ခဲ့သူ ပီတာဗိုရော့စ် (အသက် ၆၅) အား ဝန်ကြီးချုပ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ သူသည် ၁၉၉၀ ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံခဲ့သူမဟုတ်။ အင်တောလ်၏ အစိုးရအဖွဲ့အတွင်းသို့ ပါတီဝင်မဟုတ်သော စက်မှုအတတ်ပညာရှင်တစ်ဦးအဖြစ် ထည့်သွင်းခြင်းခံယူခဲ့ပြီး နောက်ပိုင်း၌ အမ်ဒီအက်ဖ်ပါတီသို့ ဝင်ရောက်ကာ ပါတီဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသူဖြစ်သည်။ ဗိုရော့စ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ရှုကာ၏တရားမျှတရေး ပါတီမှ လွှတ်တော်အမတ်ရှစ်ဦးအပြင် ဟန်ဂေရီ ဆိုရှယ်လစ်ပါတီ၊ လူငယ် ဒီမိုကရက်များ ဖယ်ဒရေးရှင်းနှင့် လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့စသည့် အတိုက်အခံပါတီ သုံးပါတီတို့က ကန့်ကွက်ခဲ့ကြသည်။

အာဏာရ ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အမ်ဒီအက်ဖ်)၏ အမျိုးသားကွန်ဂရက် အစည်းအဝေးကို ၁၉၉၄ ခု၊ ဖေဖော်ဝါရီ ၁၈–၂၀ ရက်နေ့များအတွင်း ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး လာဂျို့စ်ဖော အား ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

**ဟော်သီ၏ ထပ်ဆင့်ရှာပန** – ဟန်ဂေရီနိုင်ငံသည် ပထမကမ္ဘာစစ်ပြီးဆုံးသည့်နောက် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ထို့နောက် ဘောလ်ရှီဗစ်တော်လှန်ရေးဖြစ်ပွားခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ဘုရင်စနစ်ကို ပြန်လည်ကျင့်သုံးခဲ့ရာ ၁၉၂၀ မှ ၁၉၄၄ ခုနှစ်အထိ ရေတပ်ဗိုလ်ချုပ်ကြီးနိကောလပ်စ်ဟော်သီက ရင်ခွင်ပိုက်အုပ်ချုပ်သူ(Regent) အဖြစ် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ ကွန်မြူနစ်ဝါဒ ကျင့်သုံးသောအခါ ဟော်သီသည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကွယ်လွန်သွားခဲ့သည်။ ဟန်ဂေရီအစိုးရသည် ဟော်သီ၏ အရိုးပြာများကို ဟန်ဂေရီနိုင်ငံသို့ ပြန်လည်ယူဆောင်လာပြီး ၁၉၉၃ ခု၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဟန်ဂေရီအရှေ့ပိုင်းရှိ ကင်ဒါရီမြို့၌ ၄င်း၏မိသားစုအုတ်ဂူအတွင်း ထည့်သွင်းမြှုပ်နှံ သင်္ဂြိုဟ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အင်တောလ်က ဗိုလ်ချုပ်ကြီးဟော်သီအား တိုင်းပြုပြည်ပြု ဟန်ဂေရီမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ အိမ်နီးချင်းနိုင်ငံများက ဤကိစ္စကို နှစ်လိုကြည်ဖြူခြင်း မရှိခဲ့ကြပေ။ ပြည်တွင်း၌လည်း ဂျူးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့အစည်းအချို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

**၁၉၉၄ အထွေထွေရွေးကောက်ပွဲ** – ဟန်ဂေရီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ၁၉၉၄ မေလ ၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို နှစ်ကျော့ပြန်ကျင်းပခဲ့ရာ ဆန္ဒမဲပေးခွင့်ရှိသူ ၇,၈၀၀,၀၀၀ အနက် ပထမအကျော့တွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒုတိယအကျော့တွင် ၅၅ ဒသမ ၁ ရာခိုင်နှုန်း မဲဆန္ဒပေးခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ဂျူလာဟွန်း ဦးဆောင်သည့် ဟန်ဂေရီဆိုရှယ်လစ်ပါတီ (ယခင်က ကွန်မြူနစ်ဝါဒီ)က ဥပဒေပြုလွှတ်တော်အမတ်နေရာ ၂၀၉ နေရာ ရရှိပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လစ်ဘရယ်ဝါဒီ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီ (အမတ်နေရာ ၇၀) နှင့် ယခင်က အာဏာရဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ်(အမ်ဒီအက်ဖ်)(အမတ်နေရာ ၃၇)တို့က ဒုတိယနှင့် တတိယနေရာများကို အသီးသီးရရှိခဲ့ကြသည်။

သို့ဖြစ်စေကာမူ ၁၉၉၄ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် ဖော်ပြပါ ဆိုရှယ်လစ်ပါတီနှင့် ဒီမိုကရက်များ မဟာမိတ်ပါတီတို့ တွဲဖက်၍ ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ကြရာ ဇူလိုင် ၁၅ ရက်နေ့တွင် ပါလီမန်က ဟန်ဂေရီဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဂျူလာဟွန်းအား ဝန်ကြီးချုပ်အဖြစ် အတည်ပြုခဲ့သည်။ ဟွန်းဦးဆောင်သည့် အစိုးရအဖွဲ့တွင် ဝန်ကြီးရာထူး ၁၄ နေရာအနက် ဆိုရှယ်လစ်ပါတီက ၁၁ နေရာယူ၍ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီအား ၃ နေရာ ပေးခဲ့ပြီး ယင်းပါတီ၏ခေါင်းဆောင် ဂါဘော်ကွန့်(ဇ်)အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။

အထက်ဖော်ပြပါ ပါတီနှစ်ရပ်၏ အမတ်နေရာ စုစုပေါင်းသည် ပါလီမန်ရှိ စုစုပေါင်း အမတ်နေရာ ၃၈၆ ၏ သုံးပုံ–နှစ်ပုံထက် ပိုလွန် သေးရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သောအခြေအနေကို ရရှိစေသည်။

**သမ္မတဂွန့်ဇ် နောက်ထပ်ငါးနှစ်တွက် ရွေးချယ်ခံရခြင်း** – ထိုအကောအတွင်း ၁၉၉၄ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် ပါလီမန်က အာပက်တ်ဂွန့်ဇ်အား ဒုတိယငါးနှစ်

သက်တမ်းအတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

## နိုင်ငံခြား ဆက်ဆံရေး

**ဝါဆောစာချုပ် ဖျက်သိမ်းခြင်း –** ဟန်ဂေရီနိုင်ငံသည် ၁၉၅၅ မေလ ၁၄ ရက်နေ့မှစ၍ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်ကာ တည်ထောင်ခဲ့သော အပြန်အလှန်ကာကွယ်ရေး စစ်မဟာမိတ် ဝါဆောစာချုပ်တွင် အခြားအရှေ့ဥရောပ အုပ်စုဝင် နိုင်ငံများဖြစ်သော ဘူလ်ဂေးရီယား၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ရိုမေးနီးယားနိုင်ငံတို့နှင့်အတူ ပါဝင်ခဲ့သည်။ ဝါဆောစာချုပ်အဖွဲ့သည် အနောက်ဥရောပနိုင်ငံများ၏ နေတိုးစစ်မဟာမိတ် စာချုပ်အဖွဲ့နှင့် အပြိုင်ဖြစ်ခဲ့သည်။ ထို့မှတစ်ပါး ဟန်ဂေရီနိုင်ငံသည် ဖော်ပြပါ အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော စီးမီးယား ( CMEA - Council for Mutual Economic Assistance ) ဟူ၍ ခေါ်တွင်သော စီးပွားရေးအဖွဲ့၌လည်း ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ နိုင်ငံရေး အုံကြွမှုကြီးများ ဖြစ်ပွားပေါ်ပေါက်လာပြီးနောက် အထက်ပါ ဝါဆောစာချုပ်အဖွဲ့နှင့် စီးမီးယားအဖွဲ့တို့အား ပြုပြင် ပြောင်းလဲ သို့မဟုတ် ဖျက်သိမ်းရန် လက္ခဏာများထွက်ပေါ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လတွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်က နေတိုးနှင့် ဝါဆောအဖွဲ့ များကို စစ်မဟာမိတ်အဖွဲ့များ အဖြစ်မှ နိုင်ငံရေးအဖွဲ့များ အဖြစ်သို့ ပြောင်းလဲကြရန် အဆိုပြုခဲ့ပြီး ဧပြီလတွင် တစ်ဖန် ယင်းအဖွဲ့နှစ်ဖွဲ့အား တဖြည်းဖြည်းဖျက်သိမ်းရန် အကြံပြု ခဲ့သည်။

ဝါဆောစာချုပ်ကို ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဟန်ဂေရီနှင့် ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အခြားဥရောပအဖွဲ့ဝင်နိုင်ငံများမှ စစ်ဘက်ခေါင်းဆောင်များ နောက်ဆုံးအကြိမ် တွေ့ဆုံပြီး တရားဝင်ဖျက်သိမ်းခဲ့ကြသည်။ သို့သော် ဝါဆောစာချုပ်၏ နိုင်ငံရေးအဖွဲ့အစည်းများ ကျန်ရှိနေသေးပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်မှ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ချက်ကိုစလိုဗက်နိုင်ငံ၊ပရာဟာမြို့တော်၌ တွေ့ဆုံဆွေးနွေးကြပြီး ယင်းစာချုပ်အဖွဲ့ကို နောက်ဆုံးအပြီးသတ်ဖျက်သိမ်း လိုက်ကြသည်။ ဤအတောအတွင်း ၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုက၎င်း၏ တပ်ဖွဲ့များကို ချက်ကိုစလိုဗက်နိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများမှ ရုရှားနိုင်ငံသို့ ပြန်လည်ရုပ်သိမ်းခဲ့ရာ ဟန်ဂေရီနိုင်ငံတွင် နောက်ဆုံးကျန်ရှိသော ဆိုဗီယက်တပ်ဖွဲ့များသည် ဇွန်လ ၁၉ ရက်နေ့တွင် ထွက်ခွာသွားခဲ့ကြသည်။

ဝါဆောစာချုပ်အဖွဲ့ကို ဦးစွာပထမ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဖျက်သိမ်းပြီးနောက်ဒေသတွင်းဖြစ်ပေါ်လာသော လုံခြုံရေးဟာကွက်ကို ဖြည့်တင်းရေးအတွက် ဆိုဗီယက်ပြည်ထောင်စုက ယင်းစာချုပ်အဖွဲ့တွင် ပါဝင်ခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း စာချုပ်များချုပ်ဆိုရန် ကြိုးစားအားထုတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ အဆိုပြုချက်ကို ၁၉၉၁ ခုနှစ်၊ ဧပြီလနှင့်မေလများတွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ဘူဂေးရီးယား နိုင်ငံတို့က ပယ်ချခဲ့ကြသည်။ ရိုမေးနီးယားတစ်နိုင်ငံတည်းကသာ လက်ခံ၍ စာချုပ်ချုပ်ခဲ့သည်။

**ဟန်ဂေရီ–ရုရှား ဆက်ဆံရေး—** ရုရှားနိုင်ငံသမ္မတကြီး ဘောရစ်ယဲ့လ်ဆင်သည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀–၁၁ ရက်နေ့များတွင် ဟန်ဂေရီနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်။ ဤသို့လာရောက်စဉ် ဟန်ဂေရီအစိုးရက ၁၉၅၆ မှ ၁၉၉၁ ခုနှစ်အတွင်း ဆိုဗီယက်တပ်များ ဟန်ဂေရီနိုင်ငံတွင်း တပ်စွဲထားစဉ် ပြုလုပ်ခဲ့သော ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် လျော်ကြေးရလိုမှုကို ရုပ်သိမ်း ခဲ့ပြီး ရုရှားနိုင်ငံဘက်မှလည်း ဟန်ဂေရီနိုင်ငံတွင်း စစ်အခြေခံစခန်းများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော ကုန်ကျစရိတ်များကိုတောင်းခံခြင်းမပြုရန် သဘောတူခဲ့သည်။ ရုရှားက ဟန်ဂေရီသို့ ပေးရန်ရှိသည့် ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ ခန့်နှင့်ပတ်သက်၍မူ သဘောတူချက် မရရှိခဲ့ကြပေ။ သို့ရာတွင် အချို့အဝက် ပေးချေမှုအနေဖြင့် ဟန်ဂေရီက ရုရှားနိုင်ငံမှ စစ်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဒေါ်လာသန်း ၈၀၀ ဖိုး ဝယ်ယူရန် ဟန်ဂေရီက သဘောတူခဲ့သည်။ ဤခရီးစဉ်အတွင်း ရုရှားသမ္မတကြီးက ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဟန်ဂေရီနိုင်ငံအား ချင်းနင်းဝင်ရောက်တိုက်ခဲ့ခြင်းကို ရှုတ်ချကြောင်း ဟန်ဂေရီ အမျိုးသားလွှတ်တော်သို့ ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတကြီး အာပက်ဂွန့်ဇ်သည် ရုရှားနိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်အတွင်း ဟန်ဂေရီနိုင်ငံက ရုရှားနိုင်ငံမှ မစ်–၂၉ ဂျက်တိုက်လေယာဉ် ၂၈ စင်း ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင်မူ ဟန်ဂေရီ ဝန်ကြီးချုပ် ပီတာဗိုရော့စ်နှင့် ရုရှားဝန်ကြီးချုပ်ဗစ်တာချာနိမြာဒင်တို့ ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့တော်၌ သဘောတူ စာချုပ် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြရာ ယင်းစာချုပ်မှာ ဟန်ဂေရီက ကြွေးမြီဒေါ်လာသန်း ၈၀၀ ကို ဖျက်သိမ်းခြင်း အတွက် ရုရှားနိုင်ငံက စစ်လက်နက်နှင့် အရန်ပစ္စည်းများ ပေးပို့ရန်ဖြစ်သည်။ ရုရှားနိုင်ငံသည် ဟန်ဂေရီ၏ ဒုတိယ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက် တည် ရှိနေသည်။

**ဟန်ဂေရီ–ယူကရိန်း ဆက်ဆံရေး**–ယူကရိန်းနိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံက ဦးဆောင်ဖွဲ့စည်းခဲ့သော လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်)တွင် ပါဝင်ခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ထိုနှစ် (၁၉၉၁) အတွင်း၌ပင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို ယူကရိန်းနိုင်ငံနှင့် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်ကို ဟန်ဂေရီပါလီမန် လွှတ်တော်က ၁၉၉၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၂၂၃၊ ကန့်ကွက်မဲ ၃၉ မဲ၊ ကြားနေ ၁၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဤကိစ္စတွင် အတိုက်အခံဘက်မှ စာချုပ်၏ အပိုဒ် ၂ ကို အထူး ထောက်ပြခဲ့သည်။ ယင်းအပိုဒ်တွင် စာချုပ်ဝင်နှစ်နိုင်ငံတို့က ၄င်းတို့အချင်းချင်းအနေဖြင့် တစ်ဦးထံမှ တစ်ဦး နယ်မြေတောင်းခံရန် ရေးရာများမရှိကြောင်း ဖော်ပြထား ရာ ဤသည်မှာ ဟန်ဂေရီနိုင်ငံက မဂ္ဂယာအမျိုးသား ၁၈၀,၀၀၀ ခန့်နေထိုင်လျက်ရှိရာ ဆဗ်ကာပေးသီးယား နယ်မြေအား တောင်းခံနိုင်ခွင့်ကို တရားဝင်စွန့်လွှတ် လိုက်ခြင်းပင် ဖြစ်ပေသည်။

**ဟန်ဂေရီနှင့် ဥရောပအဖွဲ့**–၁၉၉၁ ခုနှစ်၊ ဧပြီလတွင် ဟန်ဂေရီနိုင်ငံသည် ဥရောပအဖွဲ့(အီးစီ)တွင် သဟာယ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဥရောပအဖွဲ့နှင့် စတုတ္ထဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ထိုနောက် ထိုနှစ် ဇွန်လ တွင် ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့ နှင့် အတူ ဟန်ဂေရီနိုင်ငံသည် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ) ၏ "ယာယီအပေါင်းပါ အဖွဲ့ဝင်" ဖြစ်လာခဲ့သည်။

**သုံးနိုင်ငံ ထိပ်သီးမဟာမိတ်**– ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့၏ ခေါင်းဆောင်များသည် ဟန်ဂေရီနိုင်ငံ၏ ဘူဒါပက်စ်မြို့တော်အနီးရှိ ဗီဆီဂတ်တွင် တွေ့ဆုံကြ ပြီးလျှင် ယင်းသုံးနိုင်ငံတို့အနေဖြင့် ဥရောပနိုင်ငံရေး၊ စီးပွားရေးနှင့် တရားဥပဒေရေးရာအဖွဲ့သို့ အလုံးစုံ ပူးပေါင်း ပါဝင်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။ ထို့အပြင် ဝါဆောစာချုပ် ဖျက်သိမ်းရေးအတွက် တူညီသော ရပ်တည်ချက်တစ်ရပ် ချမှတ်ဆောက်ရွက်ကြရန်လည်း ကြေညာချက်၌ ဖော်ပြခဲ့ကြသည်။ ထို့မှတစ်ပါး ၄င်းသုံး နိုင်ငံတို့က ဒီမိုကရေစီနစ်ကျအဖွဲ့အစည်းများ တည်ထောင်ကြရန် အတွက်လည်းကောင်း၊ လူနည်းစုများအတွက် အခွင့်အရေးများကို အပြည့်အဝမပျက်မကွက်ပေးကြရေး အတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေး အခြေခံစီးပွား ရေးပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လုံခြုံရေးကိစ္စများတွင် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ကြရန် အတွက်လည်းကောင်း ကတိကဝတ် ပြုခဲ့ကြသည်။

အထက်ပါ သုံးနိုင်ငံတို့ကို ဗီဆီဂတ် သုံးနိုင်ငံဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းသုံးနိုင်ငံတို့က စီးပွားရေးဆက်ဆံမှုများ ပိုမို နီးကပ်စွာ ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပြီးလျှင် ဒီဇင်ဘာလ အတွင်း၌ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ချက်ကိုစလို ဗေးကီးယားနိုင်ငံကို ဖျက်သိမ်းပြီး ချက်နှင့်စလို ဗေးကီးယား ဟူ၍ သီးခြားနှစ်နိုင်ငံအဖြစ် တည်ထောင်လိုက်သောအခါ ဟန်ဂေရီအစိုးရက စလိုဗေးကီးယားနိုင်ငံအတွင်းရှိ ဟန်ဂေရီအမျိုးသားများ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ စိုးရိမ် ကြောင့်ကြခြင်း ဖြစ်ခဲ့သည်။

**ဟန်ဂေရီ–ချက်ကိုစလိုဗေးကီးယား ဆက်ဆံရေး**– ၁၉၉၂ ခုနှစ်တွင် ဟန်ဂေရီနှင့် ချက်ကိုစလိုဗေးကီးယား နှစ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ဒန်ျူမြစ်ပေါ်၌ နာဂီမာရော့စ်–ဂါဗစီကိုဗိုရေကာတာတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ မပြေ မလည်ဖြစ်လာခဲ့သည်။ ဤအငြင်းပွားမှုကို ဟန်ဂေရီ နိုင်ငံ က ထိုနှစ်အောက်တိုဘာ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်ကြီးသို့ တင်ပြခဲ့သည်။ နောက်လတွင် စလိုဗေးကီးယားနိုင်ငံက ဒန်ျူမြစ် အတွင်းမှ ရေကြောင်းပြောင်း လွှဲ ခြင်းကို ရပ်ဆိုင်းလိုက်ပြီးလျှင် အခြေအနေကို ဥရောပ အဖွဲ့မှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့က စစ်ဆေးခြင်းကို ခံယူရန် သဘောတူ ခဲ့သည်။

**ဟန်ဂေရီ–ရိုမေးနီးယား ဆက်ဆံရေး**– ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ဟန်ဂေရီနိုင်ငံတွင်းသို့ စစ်ပြေးဒုက္ခသည်များ လှိမ့်ဝင်လာခဲ့ရာ နယ်ခြားစောင့်ကြပ်မှုများကို ပိုမိုတင်းကျပ်စွာ ပြုလုပ်ခဲ့ရသည်။ စစ်ပြေးဒုက္ခသည်များမှာ

အထူးသဖြင့် အရှေ့ဘက်ရှိ ရိုမေးနီးယားနိုင်ငံ၊ တောင်ဘက်ရှိ ယူဂိုစလားဗီးယားနိုင်ငံနှင့် မြောက်ဘက်ရှိ ပိုလန် နိုင်ငံတို့မှ ဖြစ်သည်။ ဒီဇင်ဘာလအထိ ဒုက္ခသည် ၂၀၀,၀၀၀ နီးပါးကို ဝင်ခွင့်မပေးဘဲ တားမြစ်ခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီး ဂျီဂျက်ဇင်စကီသည် ဟန်ဂေရီနိုင်ငံသို့ ၁၅ ရက်မှ ၁၉ ရက်နေ့အထိ လာရောက်လည်ပတ်ပြီးလျှင် ဘူကာရက်စ်မြို့တော်၌ ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး တီဗိုမီလက်စ်ကာနှ၊ ဝန်ကြီးချုပ်နီကိုလေဗီကာရှိနှင့်သမ္မတယွန်အီလီယက်စ်ကူးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးသဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ။

ဦးထွန်းတင်

**ဟွန်နက်ကာ, အဲရစ် (ခရစ် ၁၉၁၂ – ၁၉၉၄)။ ။** ယခင် အရှေ့ဂျာမနီနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် အဲရစ်ဟွန်နက်ကာကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဆားလန့်ဒေသတွင် မွေးဖွားခဲ့သည်။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ဦး၏ သားဖြစ်သူ ဟွန်နက်ကာမှာ ကျောင်းပညာမသင်ကြားမီ ငယ်စဉ်ကာလ ကလေးဘဝအရွယ်ကပင် ဖခင်ဖြစ်သူက ကွန်မြူနစ်စနစ်အကြောင်းကို သင်ကြားပို့ချခဲ့သည်။ အသက် ၁၀ နှစ်အရွယ်တွင် ဆိုရှယ်လစ်လူငယ် စပါးတကပ်စ် သမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပါတီလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

၁၉၂၉ –၄၆ ခုနှစ်တွင် ဂျာမန် ကွန်မြူနစ်ပါတီအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဟစ်တလာ၏ ဂက်စတာပို လျှို့ဝှက်ပုလိပ်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရပြီး ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကျူးလွန်ခဲ့မှုဖြင့် ထောင် ၁၀ နှစ် ကျခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက်ပိုင်းတွင် ဟွန်နက်ကာ၏ ကံဇာတာမှာ တက်လာပြီး အရှေ့ဂျာမနီနိုင်ငံ၏ ပထမဦးဆုံး ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဝေါလတာအူလ်ဘရစ်ချ်နှင့် အကြောင်းသင့်ကာ မြောက်စားခြင်းကို ခံရသည်။ ရာထူးအဆင့်အတန်းများလည်း မြန်မြန်ဆန်ဆန် တိုးတက်မြင့်မားလာခဲ့သည်။ ပေါ်လစ်ဗျူရိုအတွင်း စစ်ဘက်နှင့် နိုင်ငံတော်လုံခြုံရေးတာဝန်ကြီးများကိုပင် တိုးမြှင့်ပေးအပ်ခြင်း ခံရသည်။

ဤသို့ဖြင့် ဟွန်နက်ကာသည် ၁၉၄၅ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လူငယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဂျာမနီဆိုရှယ်လစ်ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) အုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေး ပါတီ (အက်စ်အီးဒီ) ဗဟိုကော်မတီ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

၁၉၄၉ ခုနှစ်မှစပြီး ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာရ်) ပြည်သူ့လွှတ်တော်အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၅၀ – ၅၈ ခုနှစ်အတွင်း ပေါ်လစ်ဗျူရို အဖွဲ့ဝင်လောင်း ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ပေါ်လစ်ဗျူရို အဖွဲ့ဝင် ဖြစ်လာသည်။

တစ်ဖန် ၁၉၅၈ – ၇၁ ခုနှစ်တွင် ဗဟိုကော်မတီ အတွင်း ရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၁ – ၇၆ ခုနှစ်တွင် ပထမ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှစပြီး နောက်ပိုင်းတွင် အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၆၀ – ၇၁ ခုနှစ်တွင် အမျိုးသားကာကွယ်ရေး ကောင်စီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှစပြီး နောက်ပိုင်းတွင် ယင်းကောင်စီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့ပြင် ၁၉၇၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ဖြစ်လာပြီး ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလမှစပြီး နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်အကြီးအကဲ) ဖြစ်လာခဲ့သည်။

အဲရစ်ဟွန်နက်ကာသည် ကြီးမားသည့်ရာထူးကြီးများကို တာဝန်ယူဆောင်ရွက်နေစဉ်မှာပင် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ရန် အူလ်ဘရစ်ချ်၏ အမိန့်များကို အကောင်အထည်ဖော်ခဲ့သည်။ စင်စစ် ဘာလင်တံတိုင်း တည်ဆောက်ခြင်းမှာ အရှေ့ဂျာမနီပြည်သားများကို တမြေတည်းနေ တရေတည်းသောက်ဖြစ်သည့် အနောက်ဂျာမနီသို့ သွားလာကူးလူးနိုင်စေခြင်း မရှိအောင် အကျဉ်းချထားလိုက်ခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို ခိုင်မာစေရန်အတွက် အနောက်ဂျာမနီသို့ ထွက်ပြေးရန် ကြိုးပမ်းသူများအား ပစ်သတ်ရန်အမိန့်ကို ဟွန်နက်ကာက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

ဟွန်နက်ကာ၏ အကြီးမားဆုံးသော အားနည်းချက်မှာ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းအပေါ် လုံးဝမှီခိုအားထားခြင်းပင်ဖြစ်သည်။ ဂျိုးဇက်စတာလင် သေဆုံးသောအခါ မိမိငိုကြွေးခဲ့ကြောင်း ဟွန်နက်ကာက ဝန်ခံပြောကြားခဲ့ဖူးသည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည်

ကျွန်ုပ်တို့အတွက် ကွန်မြူနစ်စနစ်ကို အဆုံးအဖြတ်ပြုသည့် ကိုက်တံ ပေတံ စံနှုန်းပင်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဟွန်နက်ကာမှာ အရှေ့ဥရောပအတွင်း ဆိုဗီယက်၏ ယုံကြည်စိတ်ချ အားအထားရဆုံး လက်ပါးစေဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဆိုဗီယက်က ကျူးကျော်သောအခါ ထောက်ခံကူညီသည့် အနေဖြင့် အရှေ့ဂျာမန် စစ်သားများကို ဟွန်နက်ကာက ပို့လွှတ်ခဲ့သည်။ တစ်ဖန် ၁၉၈၈ ခုနှစ်တွင် ပိုလန် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေချိန်တွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့သေးရာ အရာမထင်ခဲ့ချေ။

ဟွန်နက်ကာသည် မော်စကိုမှ သတိပေးနေသည့်ကြားမှပင် ဘွန်းမြို့ရှိ နိုင်ငံရေးသမားများနှင့် နောက်ကွယ်တွင် ဆက်သွယ်ကာ အဓိကချေးငွေများကို ရယူခဲ့သည်။ ယင်းလုပ်ရပ်ကြောင့်ပင် သူ၏နိုင်ငံအား မွဲပြာကျစေခဲ့သည်။ ယင်းမူဝါဒ၏အကျိုးသက်ရောက်မှုကို ဆွေးနွေးရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ဘွန်းမြို့သို့ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်လာရောက်လည်ပတ်ပြီး ခိုးလ်က ဟွန်နက်ကာအား လက်ခံတွေ့ဆုံခဲ့သည်။

ယင်းအချိန်တွင် စားသောက်ကုန်ပစ္စည်းများ ရရှိစေရေးနှင့် အိုးအိမ်ဆောက်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်လင့်ကစား ယင်းကြိုးပမ်းလုပ်ဆောင်မှုများက ပြည်တွင်းနိုင်ငံရေးယိမ်းယိုင်ပြိုလဲနေမှုကို မကယ်တင်နိုင်တော့ချေ။ ဤသို့အကျပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် ဂေါ်ဘာချော့နှင့် ယဲ့လ်ဆင်နစ်ဦးစလုံးတို့က ဆိုဗီယက်၏ ရဲဘော်ရဲဘက်တစ်ဦးဖြစ်သည့် ဟွန်နက်ကာအား ကျောခိုင်းခဲ့ကြသည်။

မီးနှင့်ရေ ပေါင်းစပ်၍ မရသကဲ့သို့ပင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်နှစ်ခုကို ပေါင်းစည်းခြင်းငှာ မဖြစ်နိုင် သည့်အတွက် အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံပေါင်းစည်း၍ မရနိုင်ပါဟု ၁၉၈၇ ခုနှစ်တွင် ဟွန်နက်ကာက ဝေဖန်ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အရှေ့နှင့်အနောက်ဂျာမနီနှစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို ဖြိုချဖွင့်လှစ်ပေးလိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အရှေ့ဂျာမနီကွန်မြူနစ်ခေါင်းဆောင် အဲဂွန်ခရင့်ဇ်နှင့် ၎င်း၏ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင်အားလုံးနှင့်အတူ နုတ်ထွက်လိုက်ကြသည်။ အဲရစ်ဟွန်နက်ကာလည်း ရာထူးမှ ပြုတ်ကျသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၂၀ – ၅)

အဲရစ်ဟွန်နက်ကာကို မော်စကိုရှိ ချီလီသံရုံးတွင် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ထို့နောက် ဟွန်နက်ကာက မိမိ၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြကာ ချီလီနိုင်ငံရှိ ဆွေမျိုးများထံ သွားရောက်ခွင့်ပြုရန် တောင်းဆိုနေခဲ့သည်။

နောက်ဆုံးတွင် ဂျာမနီအစိုးရသည် ချီလီနှင့် ရုရှားအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ ဟွန်နက်ကာ ပြန်လည်ရောက်ရှိခဲ့သည်။ ဟွန်နက်ကာအား ဘာလင်တံတိုင်းကြီးနှင့် မဝေးလှသော မိုအာဘစ်အကျဉ်းထောင်ကြီး အတွင်း၌ ထိန်းသိမ်းထားခဲ့သည်။ ဟွန်နက်ကာအနေဖြင့် ယခင်အရှေ့ဂျာမနီမှ ထွက်ပြေးရန် ကြိုးစားခဲ့သူများအား ပစ်သတ်မိန့်ပေးခဲ့မှု အပါအဝင် အခြားငွေအလွဲသုံးမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုရန် ဂျာမနီအစိုးရက စီစဉ်ခဲ့သည်။

ဟွန်နက်ကာ၏ ကျန်းမာရေးစစ်ဆေးချက်အရ ကုသ၍မရနိုင်သော အသည်းကင်ဆာရောဂါခံစားနေရကြောင်း သိရှိလာရသည်။ သူ၏ အသက်ရှင်နိုင်မှုကာလမှာ သူ့အားတရားစွဲဆိုစစ်ဆေးမည့် ကာလကိုပင် မကျော်လွန်နိုင်ကြောင်း သိလာရသည်။ ယင်းအချက်ကို အခြေခံ၍ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဟွန်နက်ကာအတွက် ထောက်ထားညာတာသောအားဖြင့် စစ်ဆေးမှုများကို ရပ်နားပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။

ဤသို့ဖြင့် အဲရစ်ဟွန်နက်ကာအား ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် အကျဉ်းထောင်မှလွှတ်ပေးခဲ့ပြီး ချီလီနိုင်ငံရှိ ဇနီးဖြစ်သူထံ သွားရောက်ခွင့်ပြုခဲ့သည်။ ယင်းသို့ လွှတ်ပေးခြင်းသည် ကျန်းမာရေးအခြေအနေအရ ခေတ္တခွင့်ပြုခြင်းသာဖြစ်ပြီး ၎င်း၏ မျက်ကွယ်ရာ၌ ဆက်လက် စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ကြေညာခဲ့သည်။

ဟွန်နက်ကာမှာ ချီလီနိုင်ငံတွင် ခိုလှုံနေစဉ်ကာလအတွင်း ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားခဲ့ရပြီး လေးလကြာ အိမ်အပြင်သို့ မထွက်နိုင်ခဲ့ချေ။ ဟွန်နက်ကာသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ဇနီးသည်မားဂေါ့နှင့် သမီးဖြစ်သူ ဆွန်ဂျာတို့နှင့်အတူ ချီလီနိုင်ငံတွင် ခိုလှုံနေထိုင်ခဲ့သည်။ ချီလီနိုင်ငံသို့ ရောက်သည်မှစ၍ ကျန်းမာရေးယိုယွင်းခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ခွဲစိတ်ကုသမှုခံခဲ့သည်။

ယင်းသို့ဖြင့် ဘာလင်တံတိုင်း တည်ဆောက်မှုလုပ်ငန်းတွင် ကြီးကြပ်ခဲ့သူနှင့် ကွန်မြူနစ်အရှေ့ဂျာမနီနိုင်ငံကို ၁၈ နှစ်ကြာ သံမဏိစည်းမျဉ်းဖြင့် အုပ်စိုးခဲ့သူ အဲရစ်ဟွန်နက်ကာ (၈၁ နှစ်) သည် ၎င်း၏နောက်ဆုံးနေ့ရက်များကို တောင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံတွင် ကုန်လွန်စေရင်း ၁၉၉၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဟွန်နက်ကာ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် နှစ်ပေါင်းများစွာ မကျန်းမမာဖြစ်ပြီးနောက် ကွယ်လွန်သွားသည့်အဲရစ်ဟွန်နက်ကာ၏ သတင်းမှာ အံ့သြစရာမဟုတ်ကြောင်း၊ ဟွန်နက်ကာအနေဖြင့် သူ၏ နိုင်ငံရေးရည်မှန်းချက်များကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သူ၏ မူဝါဒများကြောင့် ဂျာမနီနိုင်ငံရှိ မရေမတွက်နိုင်လောက်သည့် ပြည်သူအများအပြား ခံစားခဲ့ရကြောင်း၊ သေဆုံးသွားသော ဟွန်နက်ကာအတွက် လေးစားသမှုပြုသည့်သဘောဖြင့် စစ်ပြီးကာလ ဂျာမနီနိုင်ငံသမိုင်းတွင် သူ၏လုပ်ကိုင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍအကြောင်းကို အနည်းငယ်ပြောကြားခြင်းသာ သင့်တင့် လျောက်ပတ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပေသည်။

ဟွန်နက်ကာ သေဆုံးချိန်တွင် ချီလီနိုင်ငံတွင် နေထိုင်လျက် ရှိကြသည့် လက်တစ်ဆုပ်စာမျှသာရှိသော တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဟောင်းများက ဟွန်နက်ကာ၏ ဈာပနကို လိုက်လံပို့ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ဩဂတ်စ်တိုပီနိုရှေး၏ စစ်ဘက်အာဏာရှင်စနစ်မှ အကြွင်းအကျန်များဖြစ်သည့် ယခင်လက်ဝဲဂိုဏ်းအဖွဲ့ဝင်ဟောင်းများက ဟွန်နက်ကာ၏ ဈာပနအခမ်းအနားတွင် "အင်တာနယ်ရှင်နယ်" သီချင်းကို သီဆိုခဲ့ကြပြီး ကြက်သွေးရောင်ဖော်မွှားပန်းများကို ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းပေါ်သို့ ပစ်ပေါက်ဖြန့်ကြခဲ့ကြသည်။ သေဆုံးချိန်တွင် "နောက်ဆုံး ဂျာမန် ကွန်မြူနစ်" ဟု ရေးသားဖော်ပြခြင်းခံရသည့် ဟွန်နက်ကာ၏ ဘဝနောက်ဆုံးခရီး သွားရာလမ်းတွင် ဝမ်းနည်းတသပူဆွေးသတိရမှု များများစားစား မရှိခဲ့ချေ။ ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းသေတ္တာပေါ်တွင် ယခုအခါ မရှိတော့ပြီဖြစ်သည့် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုသည့် တူနှင့်တံစဉ် အမှတ်အသားပါသော အလံတော်ကို လွှမ်းခြုံထားသည်။

ဟွန်နက်ကာအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ် အများအပြားရရှိခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ သူရဲကောင်းဘွဲ့တံဆိပ်၊ လီနင်နှင့် ကားလ်–မတ်စ်ဘွဲ့ တံဆိပ်တို့ ပါဝင်ပေသည်။ ကိုယ်ပိုင်စာပေအရေးအသားအဖြစ် ၁၉၈၁ ခုနှစ်တွင် "ကျွန်ုပ်၏ဘဝမှ" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးရဲလွင်

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ။** ။အရှေ့တောင်အာရှ အား ကစား ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ အမည်ဖြင့် စတင်ကျင်းပခဲ့ရာမှ နမဝအကြိမ်မြောက်ပြိုင်ပွဲမှစ၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်သို့ ပြောင်းလဲကျင်းပသည်။ ပထမ အကြိမ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လည်းကောင်း၊ ဒုတိယ အကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လည်းကောင်း၊ တတိယအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် လည်းကောင်း၊ ပဥ္စမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့ အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ သတ္တမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် လည်းကောင်း၊ နဝမအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၀ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တွင် လည်းကောင်း၊ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် လည်းကောင်း၊ ၁၂ ကြိမ်မြောက် ပြိုင်ပွဲကို

၁၉၈၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ၁၃ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ ၁၄ ကြိမ်မြောက်ပြိုင်ပွဲ ကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တွင် လည်းကောင်း၊ ၁၅ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၆ ကြိမ် မြောက် ပြိုင်ပွဲကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့ အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တွင်လည်းကောင်း၊ ၁၇ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှ ဒေသတွင်းရှိ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသားမဟာဗာဂျီရာ လောင်ကွန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယခုအကြိမ် ပြိုင်ပွဲတွင် မွေထိုင်း ( Muay Thai ) ခေါ် ထိုင်းရိုးရာ လက်ဝှေ့သရုပ်ပြအားကစားနည်း အပါအဝင် အားကစားအမျိုးအစားပေါင်း ၂၉ မျိုး ထည့်သွင်း ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံမှ နိုင်ငံလက်ရွေးစင် အားကစားသမားပေါင်း ၃,၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြ သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၅၇ ခု၊ ငွေတံဆိပ် ၉၈ ခု၊ ကြေးတံဆိပ် ၉၁ ခု စုစုပေါင်းဆုတံဆိပ် ၃၄၆ ခုရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသား မဟာဗာဂျီရာ လောင်ကွန် တက်ရောက်ပြီး ပြိုင်ပွဲကို ပိတ်ပေးသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသား အားကစားသမား ၂၀၂ ဦး၊ အမျိုးသမီးအားကစားသမား ၁၄၅ ဦး စုစုပေါင်း အားကစားသမား ၃၄၇ ဦးတို့က မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ တိုင်ထောင် ဘောလုံး လိမ့် (Bowling)၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ သိုင်း၊ ရေကူး၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမနှင့် ဗွက်လုစသည့် အားကစား အမျိုးအစားပေါင်း ၂၁ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ သည်။ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအမျိုး အစားများအနက် အားကစားအမျိုးအစား ၁၁ မျိုးမှ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၃၇ ခုစုစုပေါင်း ဆုတံဆိပ် ၆၃ ခု ဆွတ်ခူးရရှိသည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု
အခြေအနေ

| စဉ် | နိုင်ငံ | ရရှိသောဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | |
| ၁။ | ထိုင်း | ၁၅၇ | ၉၈ | ၉၁ | ၃၄၆ |
| ၂။ | အင်ဒိုနီးရှား | ၇၇ | ၆၇ | ၇၇ | ၂၂၁ |
| ၃။ | ဖိလစ်ပိုင် | ၃၃ | ၄၈ | ၆၂ | ၁၄၃ |
| ၄။ | မလေးရှား | ၃၁ | ၄၉ | ၆၉ | ၁၄၉ |
| ၅။ | စင်ကာပူ | ၂၆ | ၂၇ | ၄၂ | ၉၅ |
| ၆။ | ဗီယက်နမ် | ၁၀ | ၁၈ | ၂၄ | ၅၂ |
| ၇။ | မြန်မာ | ၄ | ၂၂ | ၃၇ | ၆၃ |
| ၈။ | ဘရူနိုင်း | ၀ | ၂ | ၆ | ၈ |
| ၉။ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |

**အောင်သော်၊ ဦး (ခရစ် ၁၉၂၂ – ၁၉၉၅)။ ။** ဦးအောင်သော်ကို ၁၀–၁၂–၁၉၂၂ ခုနေ့တွင်ကျိုက်ထိုမြို့၌ မွေးဖွားသည်။ မိဘများမှာ ဦးကျော်ဇော၊ ဒေါ်တင်မြတို့ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အစိုးရ အင်္ဂလိပ်– မြန်မာ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။



ရှေးဟောင်းသုတေသန ပညာရှင်
ဦးအောင်သော်

၁၉၄၀– ၄၁ ခုနှစ်အတွင်း မန္တလေးမြို့ ကျောက်စာဌာန ပြတိုက်တွင် ယာယီပြတိုက်မှူးအဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအတွင်း၌ ကျောက်စာဝန်နှင့် အတူ ပုဂံမြို့တွင် သုံးနှစ်မျှနေထိုင်၍ ရှေးဟောင်း အဆောက်အအုံနှင့် ကျောက်စာများကို လက်တွေ့ လေ့လာသည်။ ၁၉၄၅ မှ ၁၉၄၆ ခုနှစ်အထိ အထက် မြန်မာနိုင်ငံ ပြန်ကြားရေးဌာနခွဲတွင် လက်ထောက် ပြန်ကြားရေးမှူး အဖြစ် ဆောင်ရွက်သည်။

၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် လက်ထောက်အရာရှိအဖြစ် အမှုထမ်းပြီး ၁၉၅၄ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဌာနကို ပြန်လည်ဖွဲ့စည်းသည့်အခါ ရှေးဟောင်းသုတေ သန ဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီမံကိန်းအရ မြန်မာပြည်အတွင်းရှိ ရှေးဟောင်း ပေပုရပိုက်များ ရှာဖွေစုဆောင်းရန် ယူနက်စကို အကူအညီဖြင့် စီစဉ်သည့်အလျောက် ယူနက်စကို ကျွမ်းကျင်မှုအရာရှိအဖြစ် ၁၉၅၇ ခု၊ မေလမှ စ၍ ၆ လတာ မျှ ဆောင်ရွက်ခဲ့သည်။ ပေ ပုရပိုက်များ ရှာဖွေမှတ်တမ်း တင်သည့်လုပ်ငန်းကို ဦးမင်းနိုင်နှင့် တွဲဖက်ဆောင်ရွက်၍ အစီရင်ခံစာတစ်စောင် ပြုစုခဲ့သည်။

၁၉၅၇ ခု၊ နိုဝင်ဘာလတွင် ကိုလံဘိုစီမံကိန်း ပညာသင်အဖြစ် အိန္ဒိယပြည် ရှေးဟောင်းသုတေသန ဌာနတွင် တစ်နှစ်တာမျှ လက်တွေ့ဆည်းပူးခဲ့သည်။ ၁၉၅၉ ခု၊ ဇွန်လမှစ၍ သိပ္ပံနည်းဖြင့် တူးဖော်ရှူးစမ်းမှု လုပ်ငန်းကို ဗိဿနိုးတွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော် ရှူးစမ်းမှု လုပ်ငန်းဖြစ်ပြီး ပျူခေတ်ယဉ်ကျေးမှု ကွင်းဆက် များကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် အမှုဆောင် အဖြစ် ပါဝင်ပြီး ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ရွှေရတုသဘင် အစည်းအဝေးတွင် ပါဝင်ဟောပြောခဲ့သည်။ ၁၉၆၀ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယ ပြည်၊ ရှေးဟောင်းသုတေသနဌာန၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ခဲ့သည်။ အိန္ဒိယ– မြန်မာ ယဉ်ကျေးမှုဆက်သွယ်ရေးစာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ယဉ်ကျေးမှု ဆွေးနွေးပွဲသို့ တက်ရောက်၍ ကြေးခေတ်သုတေသန စာတမ်းကို ဖတ်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်များအတွင်း အိန္ဒိယ၊ ဆိုဗီယက်၊ အနောက်ဂျာမနီ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ပြီး ရှေးဟောင်း ယဉ်ကျေးမှုကိစ္စရပ်များကို လေ့လာခဲ့သည်။ ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အငြိမ်းစားယူပြီးနောက် ၁၉၈၅ ခု၊ ဇွန်လမှစ၍ နိုင်ငံသမိုင်းအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင် အဖြစ် ထမ်းဆောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလမှစ၍ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ယဉ်ကျေးမှုစာစောင်တွင် ဘီလူးပန်းဆွဲ၊ ပျူဒင်္ဂါး၊ သီရိဝစ္ဆ၊ ဥဒ္ဒေနီ၊ ကလသာအိုး၊ ပုဂံခေတ် ဗိသုကာနှင့် အနုပညာ၊ ကျောက်ခေတ်၊ အညာသား ယဉ်ကျေးမှု၊ ရှေးဟောင်းပစ္စည်း ခေတ်ပိုင်းနည်း၊ ဗိဿနိုး မြို့ဟောင်း ပြဿနာများအကြောင်း ရေးသားခဲ့ပြီး လုံးချင်းအနေဖြင့်

1. Historical Sites of Burma.

2. Excavation at Beikthano တို့ကို ရေးသားခဲ့သည်။

ဗိဿနိုးမြို့ဟောင်းနှင့် Archaeology in Burma တို့ကို ပြုစုဆဲ ၉–၉–၉၅ နေ့တွင် ကွယ်လွန်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၆)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ် များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့် အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲ ဖော်ပြထားပါသည်။


က

ကလင်တန် , ဘီလ် ၁၃၊ ၂၃၊ ၂၀၀၊ ၂၃၃။
ကလင်တန် ,ဟစ်လာရီ ၁၃၄။
ကုမာရတွန်းဂါး, ချန်ဒရိကာ ၄၊၁၄၊၃၀၆။
ကုလသမဂ္ဂ ၁၆၊၂၆၊၁၄၄– ၁၆၇။
ကိုဘေးလျှင် ၃၊၇၀၊၂၉၈။
ကိုရီးယားသမ္မတနိုင်ငံ ၁၆၇ – ၁၇၃။
ကင်မ်ယောင်ဆမ် ၅၊၁၇၂၊၂၀၄။
ကမ္ဘောဒီးယားနိုင်ငံ ၂၀၊၆၇၊၁၇၃– ၁၇၈။
ကျန်ဇီမင်း ၁၃၃၊၁၆၃၊၂၀၅၊ ၂၁၂။
ကွယ်လွန်သူထင်ရှား သောပုဂ္ဂိုလ်များ (၁၉၉၅) ၁၇၉–၁၉၃။

ခ

ခရစ္စတိုဖာ,ဝါရင်း ၈၊၁၉၊၂၀၊၁၆၁၊ ၁၇၄။
ခါလီဒါဇီယာ,ဘီဂမ် ၁၃၄။
ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၁ – ၆၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊၂၄– ၂၆၊ ၂၈–၃၂၊ ၅၃၊ ၆၄၊ ၆၅၊၈၃၊၁၀၁၊ ၁၀၂၊၁၁၀–၁၁၂။
ခင်စု၊ ဒေါ် (ရေနံမြေ) ၁၉၃၊၁၉၄။
ခိုးလ်,ဟဲလ်မွတ် ၂၀၁၊၂၀၂၊၂၀၄၊ ၂၀၅၊ ၂၁၂။
ချောင်စက်စကူး , နီကိုလိုင် ၂၈၆။
ချွန်လီပိုင် ၅၊ ၁၄၊ ၁၇၄။

ဂ

ဂရပ် ,စတက်ဖီ ၁၇။
ဂါလီ ,ဘူထရို့စ် ၁၂၆၊ ၁၃၃၊ ၁၄၆၊ ၁၆၂၊ ၁၆၅၊၁၆၆။
ဂုဏ်ထူးဆောင်ဘွဲ့များ ၁၊ ၂၈၊ ၁၉၄ –
ဂုဏ်ထူးဆောင်တံဆိပ်များ ၁၉၆။
ဂျပန်နိုင်ငံ ၉၊ ၇၀၊ ၁၉၆ – ၂၀၁။
ဂျာမနီသမ္မတနိုင်ငံ ၁၃၇၊၂၀၁–၂၀၅။
ဂွန့်ဇ်, အာပက်က် ၃၀၉၊၃၁၁၊ ၃၁၂။

စ

စကုတ္တအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ၄၊၁၉၊၂၃၊၁၂၅– ၁၃၅။
စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာ ရှင်ကြီးများအား ကန် တော့ပွဲ အခမ်းအနား ၂၀၅– ၂၀၈။
စာပေပြပွဲနှင့် စာအုပ် ဈေးပွဲတော် ၂၉၊ ၂၀၈– ၂၁၀။
စန္ဒနဝံသ၊ ဆရာတော် ဘဒ္ဒန္တ(သက္ကအလ င်္ကာရ မဟာနာယက ဆရာတော်) ၂၁၁၊ ၂၁၂။

ဆ

ဆမ်ပရပ်စ်,ပီ ၁၈။
ဆမ်းမစ်ပက်ဗျူး ဟိုတယ် ၁၄။
ဆီလ်ပါအာချာ, ဘန်ဟန်း ၃၁။

တ

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ၁၆၊၆၉၊၈၄၊၁၂၅၊ ၁၃၅၊ ၂၁၂ – ၂၁၅။
တေဇောဘာသာဘိဝံ သ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၅၊ ၂၁၆။
တင်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၂၊၆၊၁၀ – ၁၂၊ ၂၁၊၂၄၊၃၀၊၃၇။
တင့်ဆန်း ၂၁၇။
တိန့်ရှောင်ဖိန် ၂၁၂၊ ၂၁၃။

ထ

ထင်းအစား အခြား လောင်စာ အသုံးချနိုင် ရေးလုပ်ငန်းဆောင်ရွက် မှုများ (မြန်မာနိုင်ငံ) ၂၁၈ – ၂၂၀။
ထိုင်းနိုင်ငံ ၂၅၊ ၈၄၊ ၂၂၀– ၂၂၅။

ဓ

ဓာတ်မှန်ပညာ၏ နှစ် တစ်ရာခရီး ၁၃၇–၁၄၂။

န

နာဝပ်ဇ်ရှရစ်ဖ် ၂၃၁။
နိုရိုဒွန်ရာနာရစ်ဒ် ၂၀၊၁၇၄ – ၁၇၅၊ ၁၇၈။
နိုဟောက်ဖုန်ဆဗန် ၁၂၊ ၂၂၅၊ ၂၂၆။
နယ်စပ်ဒေသနှင့် ကိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်း ၁၀၊၂၂၆–၂၂၉။

### ပ

ပစ္စက္ကူ ဦးအုန်းဖေ စာပေ ဆုနှင်းသဘင် ၃။
ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ ၂၂၉ – ၂၃၄။
ပဲရက်, ရှိမွန် ၁၄၊ ၂၉၊ ၃၂။
ပဏ္ဍိတ သိရီ၊ ဆရာတော် ဘဒ္ဒန္တ ၂၅၊၂၃၄–၂၃၆။
ပျက်ကျပြီး သန္ဓေသားဖြင့် ခန္ဓာကိုယ် အစားထိုး ကုသခြင်း ၂၃၆–၂၄၀။
ပြင်သစ်သမ္မတနိုင်ငံ ၂၄၀ – ၂၄၃။
ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ၆၊ ၃၀၊ ၄၃–၅၁။

### ဗ

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ၆၇၊၂၄၃–၂၄၈။
ဗိုဗန်ကီယက် ၇၊ ၂၄၃ – ၂၄၅။

### ဘ

ဘူတို,ဘီနဇာ ၈၊ ၁၃၃၊ ၂၃၁၊ ၂၃၃။
ဘင်္ဂလားဒေ့ရှ် နိုင်ငံ ၂၊ ၂၅၊ ၃၀၊ ၆၉၊ ၈၄၊ ၃၀၀။
ဘွဲ့ကၢဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ ၂၄၈ – ၂၅၇။

### မ

မီးထရောင်း,ဖရန်ဆွာ ၁၂။
မူရာယာမ,တိုမီအိချိ ၁၂၊၁၄၊ ၂၄၊၁၉၆၊
မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး(မြန်မာနိုင်ငံ) (၁၉၉၅) ၂၅၇ – ၂၆၂။
မေဂျာ, ဂျွန် ၁၅၊ ၂၉၁ – ၂၉၄။
မေရှင်၊ဒေါ် ၂၁၊၁၀၄။
မောင်မောင်ခ၊ ဦး ၂၆၂ – ၂၆၄။
မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၃၊၂၇၊၂၉။
မောင်အေး၊ ဗိုလ်ချုပ်ကြီး ၃–၆၊ ၉ –၁၀၊၁၃၊ ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀၊ ၇၉၊ ၁၆၄။
မျိုးညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၃၀၊ ၃၈၊ ၃၀၄။
မြန်မာနိုင်ငံ စာပေဆုများ ၂၉၊ ၂၆၄ – ၂၆၆။
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ၂၆၆ – ၂၇၄။
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ၇၉ – ၉၁။
မြန်မာ့ ပို့ဆောင်ရေး လုပ်ငန်းများ ၂၇၄–၂၈၀။
မြန်မာ့ရိုးရာယဉ်ကျေးမှု ပြိုင်ပွဲများ ၂၄၊ ၂၅၊ ၂၈၀ – ၂၈၃။
မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ၂၀၊၂၁၊၂၆၊၁၀၁– ၁၁၃။
မြန်မာ့အကောင်းဆုံး အားကစားသမားဆု (၁၉၉၄) ၂၈၃ – ၂၈၄။

### ယ

ယူနိုက်တက်ကင်းဒမ် ၂၉၁–၂၉၅။
ယိုဗိုယိုကိုတာ (ပါမောက္ခ) ၂၆။
ယဲ့လ်ဆင်,ဘောရစ် ၈၊ ၂၂၊ ၂၀၁၊ ၃၁၂။

### ရ

ရာဘင်,ယစ်ဇက် ၂၇၊ ၂၉၊ ၁၄၆၊ ၁၉၁။
ရဲဘော်နေအောင် ၂၈၄၊၂၈၅။
ရိုမေးနီးယားနိုင်ငံ ၂၈၆ – ၂၈၈။
ရန်ကုန်တက္ကသိုလ် ၇၅နှစ်မြောက် စိန်ရတုသဘင် ၃၀၊ ၅၃ – ၆၅။
ရန်အောင်၊ ဦး ၂၈၉။
ရွှန့်ဂျင် ၁၃၇၊၁၃၈။
ရှီရက်,ဂျက် ၁၄။
ရှေးဟောင်း မြို့တော်များ ပြန်လည်တူးဖော်ခြင်း ၉၃–၉၉။
ရွှေရကုတပ်မတော်နေ့ ၃၅ – ၄၁။
ရွှေအောင်၊ ဦး ၂၈၉ – ၂၉၁။

### လ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ၈၄၊၂၉၅–၂၉၇။
လီဖုန် ၆၊ ၂၁၂။
လန်ဒန်အတ်ဦးအုံးမောင် ၁၀၁။

### သ

သဘာဝဘေးဒဏ် ၁၉၈၊ ၂၉၈ – ၃၀၃။
သဘာဝ ၆၇–၇၇။
ဘေးအန္တရာယ်နှင့်ဆေးပညာ အကူအညီ
သာသနာတော် ၃၀၃ – ၃၀၆။
သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ(၁၉၉၅)
သီရိလင်္ကာနိုင်ငံ ၄၊၆၊၃၀၆–၃၀၈။
သော်တာဆွေ ၃၀၈၊ ၃၀၉။
သန်းရွှေ၊ ဗိုလ်ချုပ်မှူးကြီး ၁–၃၊၅–၇၊၉၊၁၀၊ ၁၂–၁၆၊၁၈–၂၀၊ ၂၂ – ၃၁၊ ၃၈၊ ၁၆၅၊၂၀၉၊၂၁၈။

### ဟ

ဟန်ဂေရီသမ္မတနိုင်ငံ ၃၀၉ – ၃၁၄။
ဟွန်ဆန် ၁၇၄၊၁၇၈။
ဟွန်နက်ကာ,အဲရစ် ၃၁၄ – ၃၁၆။
ဟွန်း,ဂျူလာ ၃၁၁။

### အ

အဆာဟာရာ ၁၉၈။
အပူပိုင်းဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်များ ၁၁၅–၁၂၃။
အမေရိကန် ပြည်ထောင်စု ၁၂၆၊ ၁၉၉ – ၂၀၁။
အမျိုးသား ညီလာခံ ၉၊ ၃၀။
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၃၀၊ ၃၁၆၊ ၃၁၇။
အာရာဖတ် ၁၄။
အိုအက်စ်အက်စ်–၁၀၁၅၊ ၁၉၆။
အင်တောလ်,ဂျိုးဇက် ၃၀၉၊ ၃၁၀။
အောင်သော်၊ ဦး ၃၁၇၊ ၃၁၈။
အောင်းရှင်ရိကျို ၁၉၈။
အမ်းစထရောင်း,နီးလ် ၁၈။

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၆ ခုနှစ် အုပ်ရေ ၈၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ – ယာယီ) ဖြင့် ဗိုတိုလစ်သို ပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

# ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့် ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင် သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲ ရွေ့လျားနေလေသည်။ ၁၉၉၄ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၉၅ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၉၄ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရှေးရှုလာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပြီးစ အချိန်မှစ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည်ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန်ပိတ်ဆို့ တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့်ဖြစ်ရပ်များ ရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တံခါးဖွင့် မူဝါဒကျင့်သုံးလာကြသည့်ဖြစ်ရပ်များလည်း ရှိသည်။ စီးပွားရေး နှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၉၅ ခုနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများပေါ် ထွန်းလျက် ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကား လိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အပြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင် သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှား လာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ

ကျမ်းဦးစကား
ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ........................................ ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ........................................ ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် .................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် .................... ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ .................... ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ........................................ ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း .................... ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် .................... ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ .............. ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ .................. ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ........................................ ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ........................................ ၁၄၄

အက္ခရာစဉ်အညွှန်း ........................................ ၃၁၉

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်း တစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၅ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြားပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၉၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၆၇ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၉၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ် သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ် အထူးဆောင်းပါး စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်း များ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် ( ဥပမာ– စွယ်စုံနှစ်ချုပ် ၁၉၉၅) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

# မာတိကာ


ကျမ်းဦးစကား

ဤကျမ်းကိုမရှုစားမီ

**အပိုင်း ၁**

၁၉၉၅ ခုနှစ် ဖြစ်ရပ်များ ...................... ၁

**အပိုင်း ၂**

ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

- နှစ် ၅၀ ပြည့် ရွှေရတု တပ်မတော်နေ့ ...................... ၃၄
- ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ...................... ၄၂
- ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် ...................... ၅၂
- သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ ...................... ၆၆
- မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ...................... ၇၈
- ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း ...................... ၉၂
- ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ...................... ၁၀၀
- အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ ...................... ၁၁၄
- စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ...................... ၁၂၄
- ဓာတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး ...................... ၁၃၆

**အပိုင်း ၃**

၁၉၉၅ ခုနှစ် အကြောင်းရပ်များ ...................... ၁၄၄

အက္ခရာစဉ်အညွှန်း ...................... ၃၁၉

## မြန်မာ့ ရည်ညွှန်းကျမ်း စိစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စိစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

| | | |
|---|---|---|
| (က) | ဦးသော်ကောင်း<br>စာကြည့်တိုက်မှူး<br>တက္ကသိုလ်များဗဟိုစာကြည့်တိုက် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ကြန်<br>အငြိမ်းစားအထက်တန်းသုတေသနမှူး<br>နိုင်ငံသမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာတင်ဦး<br>အငြိမ်းစားညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမောင်မောင်ညို<br>ပါမောက္ခ<br>ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁) | အဖွဲ့ဝင် |
| (င) | ဦးထွန်းတင့်<br>ညွှန်ကြားရေးမှူး<br>မြန်မာစာအဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်)<br>အငြိမ်းစားငွေစာရင်းအရာရှိချုပ်<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဆ) | ဦးသီဟ<br>အငြိမ်းစားပါမောက္ခ<br>အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းနိုင်<br>အငြိမ်းစားညွှန်ကြားရေးမှူး<br>ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးသန့် (မောင်ဆုရှင်)<br>အကြံပေးအရာရှိ<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ဦးဝင်းဖေ (မုံရွာဝင်းဖေ)<br>စာတည်းမှူးချုပ်<br>စာပေဗိမာန်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အတွင်းရေးမှူး |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)
## စာတည်းအဖွဲ့


| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| စာတည်းများ | ဦးအုန်းလွင်၊ ဦးခင်မောင်လေး |
| စာပြု | ဒေါ်မျိုးမျိုးကြည် |

# အပိုင်း – ၁

## ၁၉၉၅ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။






(၉၂)

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၆)


## မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



(၂၀၂)



(၂၀၁)



(၂၉၇)



# ၁၉၉၅ ခုနှစ်၊ ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက် မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ လျက် ရခိုင်ပြည်နယ်၊ ဂွမြို့နယ် သံတွဲ-ဂွလမ်းပေါ်ရှိ ကျိန္တလီ မြစ်ကူး တံတား ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးတွင်နှစ်သစ်ကူးပွဲတော်၌မီးရှူးမီးပန်းများပစ်ဖောက်ရာ လူ ၁၁ ဦးသေဆုံးကာ ရာပေါင်း များစွာ ထိခိုက် ဒဏ်ရာရကြကြောင်း ဖိလစ်ပိုင် အစိုးရ အရာရှိများက ပြောကြားသည်။ ပွဲကော်ရက် အတွင်း ၆၆ ဦး မီးလောင်ခံရ၍ ၂၃၄ ဦး ယမ်းဘီလူးပေါက်ကွဲမှု ဒဏ်ရာ ရကာ၊ ၆၈၁ ဦး ဓားထိုးခံရပြီး ၂၉၀၀ ခန့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရကြသည် ဆိုသည်။

၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီးရုံး သို့ သွားရောက်၍ ပို့ဆောင်ရေး ကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန် မှာကြား သည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၉၅)၊ ဂုဏ်ထူးဆောင်တံဆိပ် များ အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာ စာအမှတ် (၂/၉၅)၊ စစ်မှုထမ်းကောင်းကံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာ အမှတ်(၃/၉၅)၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၄/၉၅)၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၅/၉၅)၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ် (၆/၉၅)၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့်

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဆုရသူများအား တွေ့ရစဉ်



ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ် အပ်နှင်းချီးမြှင့်သည့် အမိန့် ကြော်ငြာစာအမှတ် (၇/ ၉၅)၊ ပြည့်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ် အပ်နှင်းချီးမြှင့် သည့် အမိန့်ကြော်ငြာစာ အမှတ် (၈/ ၉၅) တို့ကို ထုတ်ပြန် ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် (၄၇) နှစ် မြောက် လွတ်လပ်ရေး နေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ လွှတ်တော် အဆောက် အအုံ၌ ကျင်းပ ပြုလုပ်သည်။

(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ၊ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်း အနားကိုပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ(၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆုများချီးမြှင့်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် မန္တလေးတိုင်း သာစည်မြို့နယ်ရှိ သက်တော်ရေလှောင် တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ အတွင်းရေးမှူး (၂)နှင့် အတူ ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကြသည်။

ဂျော်ဒန်ဝန်ကြီးချုပ်အဗ္ဗဒူ ဆလမ် မာဂျာလီ ၏ အစိုးရအဖွဲ့ နုတ်ထွက်သည်။ ၎င်း နုတ်ထွက်သော အချိန်သည် ဂျော်ဒန်နှင့်အစ္စရေး ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီး ၁၉ လအကြာတွင် ဖြစ်သည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း၊ အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်တို့ လိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားပြိုင်ပွဲရုံအနီး ကွင်းပြင်တွင် ကျင်းပသည့် သမဝါယမဈေးပွဲကော်သို့ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ ယဉ်ကျေးမှုတက္ကသိုလ် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ဒဂုံမြို့သစ် တောင်ပိုင်း ယဉ်ကျေးမှုတက္ကသိုလ် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မကီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဝန်ကြီးများတက်ရောက်၍ အုတ်မြစ်ချ ပေးကြသည်။

၉ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏၁ /၉၅ ညှိနှိုင်း အစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေး အဖွဲ့သည်အမိန့်ကြော်ငြာစာအမှတ် ၁၀ /၉၅ ဖြင့်အတွင်းရေးမှူး (၁)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြုသောအဖွဲ့ဝင် ၂၀ ဦးပါဝင်သည့်ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကိုဖွဲ့စည်းပေးသည်။

၁၀ ဝန်ကြီးချုပ်ရှရစ်ဖိဒ်ဘင်ရှိတ်ကာ အမှူးပြု၍ဝန်ကြီး ၃၁ ဦး ပါဝင်သော ဂျော်ဒန်အစိုးရအဖွဲ့ သစ်ကို ဖွဲ့စည်းလိုက်သည်။ ဝန်ကြီး ၃၁ ဦးအနက် ၂၁ ဦးသည် ယခင်အစိုးရအဖွဲ့တွင် ပါဝင်တာဝန်ထမ်းရွက် ခဲ့သော သူ များ ဖြစ်သည်။ ဘင်ရှိတ်ကာ သည် ယခင် အစိုးရအဖွဲ့များအတိုင်း ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။

လောဒီမိုကရက်တစ်သမ္မတနိုင်ငံ တွင် ၁၉၇၅ မှ ၁၉၈၆ ခုနှစ်အထိသမ္မတ အဖြစ်ဆောင်ရွက်ခဲ့သောဆူဖာနိဗောင် (၈၆)နှစ်သည်နှလုံးရောဂါဖြင့်ကွယ်လွန်သည်။

၁၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ် /တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ များ ၏ ၁၉၉၄ ခုနှစ်၊ တတိယ လေးလ ပတ် ညှိနှိုင်း အစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ် ရုံး (ကြည်း) အစည်း အဝေး ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး သန်းရွှေတက်ရောက်၍ အမှာ စကားပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုး ရေးနှင့် မွေးမြူရေး ဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ရှရီဖူ တင်ပါဟာရဂျာ အား ကာကွယ်ရေး ဝန်ကြီး ဌာန ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၃ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၊ ဒိနာပူခရိုင်၊ ဟီလ်မြို့ အနီးတွင် ခရီးသည် အပြည့် တင်ဆောင်လာသော ရထားနှစ်စီး ခေါင်းချင်းဆိုင် တိုက်မိရာ လူ ၁၀၀ ကျော် သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

၁၄ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူး ကြီး သန်းရွှေ သည် မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသော ၁၉၉၄-၉၅ ခုနှစ်၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ လာရောက် ကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင် ယှဉ်ပြိုင်ကစားသည်။

၁၅ ရန်ကုန်မြို့တွင်ကည်ထားကိုးကွယ် မည့် စွယ်တော်မြတ်စေတီ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်း အနားကို မရမ်းကုန်းမြို့နယ်ဓမ္မပါလ ကုန်းတော်၌ထေရဝါဒဗုဒ္ဓသာသနာတော်



လျှောင်ဒဏ် အပြင်းအထန်ခံစားခဲ့ရသည့် ကိုဘေးမြို့မှ မြင်ကွင်းတစ်ရပ်

ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာဆင်ယင်ကျင်းပသည်။

၁၉၉၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများကိုဆုများချီးမြှင့်သည်။

ဂျပန်နှင့်ဂျာမန်နှစ်နိုင်ငံအာကာသပူးတွဲလေ့လာရေးအစီအစဉ်အရဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်းမှလွှတ်တင်ခဲ့သည်။ ဂျပန်နှင့်ဂျာမန်သိပ္ပံပညာရှင်များ ပူးပေါင်း၍ယခုကဲ့သို့ အာကာသလေ့လာရေး ဂြိုဟ်တုလွှတ်တင်ခြင်းသည် ပထမအကြိမ် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည်ဒါယာဘေးလျှပ်စစ်ဓာတ်အားစက်ရုံတိုးချဲ့ရေးစီမံကိန်းအရ ဒေါ်လာ သန်းပေါင်း ၂၈၃၀ တန်ဖိုးရှိ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို တရုတ်နိုင်ငံသို့ပေးအပ်ရန် လက်မှတ်ရေးထိုးသည်။

၁၇ ဂျပန်နိုင်ငံအလယ်ပိုင်းတွင်ရစ်(ချ)တာ စကေး ၇ ဒသမ ၂ ပြင်းအားရှိသည့် လျှောင်ကြီးလှုပ်ခဲ့ရာသေဆုံးသူ ဦးရေ ၅၀၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၂၆၀၀၀ ကျော်ရှိခဲ့သည်။ သေဆုံးသူအားလုံး နီးပါးနှင့်ဒဏ်ရာရရှိသူထက်ဝက်ခန့်မှာ ကိုဘေးဆိပ်ကမ်းမြို့မှဖြစ်သည်။ ကိုဘေးမြို့ကိုဗဟိုပြု၍ ပတ်ပတ်လည် မိုင် ၆၀ အတွင်း လျှောင်တုန်ခါသွားသဖြင့် အိုဆာကာမြို့နှင့် ကျိုတိုမြို့တို့သည်လည်း လျှောင်ဒဏ်သင့်ခဲ့ရသည်။

၁၉ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိ နေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၂၀ ပြင်သစ်ဝန်ကြီးချုပ်အက်ဒွပ်ဘာလာဒူးသည် ကမ္ဘာပေါ်တွင်အရှည်လျားဆုံး သံမဏိကြိုးတံတားတစ်ခုကို ဖွင့်လှစ်ပေးသည်။ နော်မန်ဒီဟုအမည်ပေးထားသောအဆိုပါကြိုးတံတားသည် အင်္ဂလိပ်ရေလက်ကြားအနီးလာဟာဗရဆိပ်ကမ်းမြို့တွင် သိန်းမြစ်ဝကိုကျော်ဖြတ်ထားပြီး အလျားပေ ၂၈၀၈ ရှိသည်။ တည်ဆောက်ချိန်ခုနစ်နှစ်ကြာမြင့်၍ ဒေါ်လာ သန်း ၄၇၀ ကုန်ကျသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်နှင့်အင်္ဂလန်နိုင်ငံ ဆီးကွန်တိန်နာနှင့် အီးအင်အိုအိပ်(စ) ပရက်(စ) တို့စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆိပ်ကမ်းသာ လမ်းရှိ ကမ်းနားဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ထွန်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

## ဖေဖော်ဝါရီလ

၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မရိုးလ်မကျော်ဒါ တပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း၂၃ ဦးတို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံပြီး မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေး တံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် အကြိမ် (၅၀) မြောက်နှစ်ပတ်လည် အထိမ်းအမှတ်ပွဲ ကျင်းပသည့်အခါ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက နာဇီတို့၏ညှဉ်းပန်းနှိပ်စက်မှုတွင် ကိုယ်တိုင်ပါဝင် ခဲ့သည်ဟု စွပ်စွဲခံရသူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးဟိုင်းအား ဖိတ်ကြားခြင်း ပြုမည်မဟုတ်ကြောင်းပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ထုတ်ဖော် ပြောဆိုသည်။

၃ ကေအင်(န်)ယူသောင်းကျန်းသူ ဗဟိုဌာနချုပ် မာနယ်ပလော စခန်းအား ကေအင်(န်)ယူမှခွဲထွက်လာသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်

အမျိုးသားများအစည်းအရုံး (DKBO) က သိမ်းပိုက်ခဲ့သည့် အခြေအနေနှင့် ပတ်သက်သောသတင်းစာရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီးဌာနက ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အီဂျစ်နိုင်ငံရှိ မဟာအလက်ဇန္ဒား ဘုရင်ကြီး၏ ဂူသင်္ချိုင်းကို ရှာဖွေနေသည့် ရှေးဟောင်းသုတေသန ပညာရှင်များသည် မဟာ အလက်ဇန္ဒားနောက်ဆုံး အပြီးသတ် အနားယူသွားသည့် ဂူသို့ ဦးတည်သည့် မြေအောက်လမ်းကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ လူ ၃၄၀၀၀ သေဆုံးခဲ့ရသောသီရိ လင်္ကာနိုင်ငံ၏ လူမျိုးရေးစစ်ပွဲကို ငြိမ်းချမ်းသောဖြေရှင်းချက်တစ်ရပ်ရစေရန် အတွက် ဆက်လက်ရှာဖွေသွားမည်ဟု သမ္မတ ချန်ဒရိကာကုမာရဏတွန်ဂါက ထပ်မံကတိ ပေးလိုက်သည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းခန်းမတွင် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီးများဆိုင်ရာ ညီလာခံအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

၇ ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်း အန်ကောဘုရားကျောင်းများ ပျက်စီးမှုမရှိအောင် ပိုမိုကာကွယ်သွားရန် နှင့် စီမံအုပ်ချုပ်ရန်အတွက် အန်ကော အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတ ဗာဝင်းဇား၏ ဖိအားပေးမှုကို အလျှော့ပေးလိုက်သည့် ပိုလန်ဝန်ကြီးချုပ် ဝေါဒေမာပေါလက်က ရာထူးမှ နုတ်ထွက်ရန်နှင့် ၄င်း၏ညွန့်ပေါင်းအစိုးရတွင်ပါဝင်သည့် ဒီမိုကရက်တစ် လက်ဝဲမဟာမိတ်ပါတီအား ဝန်ကြီးချုပ်ရာထူးလွှဲအပ်ရန် ကမ်းလှမ်းလိုက်သည်။

၈-၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးတိုင်း၊ တံတားဦး မြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ပင်းယ ဂူကြီးသုံးလုံးဘုရား၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး လုပ်ငန်း၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်မည့်လုပ်ငန်း၊ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး ပြန်လည်တည်ဆောက် ခြင်းလုပ်ငန်း၊ ရှေးဟောင်းပေပုရပိုက် စိစစ် ခွဲခြားခြင်းလုပ်ငန်း စသည့် မန္တလေးတိုင်း အတွင်းရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆန်စက်နှင့်အပိုပစ္စည်းများ၊
လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးနေစဉ်



တောင်ပစိဖိတ် သမုဒ္ဒရာတွင်းရှိ
၉ ဖိဂျီနိုင်ငံသို့ ဟောင်ကောင်မှ တရုတ်နွယ်ဖွား စီးပွားရေးသမား ၂၈၀၀ လာရောက်အခြေချ ခွင့်ပြုရန် စီစဉ်ခြင်းကြောင့် ဝန်ကြီးချုပ် ဝိတီဗိနိရာဘူကာ အစိုးရအဖွဲ့အားပါလီမန်တွင်အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်းမည် ဖြစ်ကြောင်း အတိုက်အခံများက ပြော ကြား သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၁ ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် တကွ တာဝန်ရှိသူများလိုက်ပါလျက် တိုက်ကြီးမြို့နယ် သစ်သီးဝလံစိုက်ပျိုးရေး ဇဟိုခြံ၊ အဖျောက်သဘာဝဓာတ်ငွေ့ တူးဖော်အောင်မြင်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၂ ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က (၄၈) နှစ်မြောက် ပြည်ထောင်စုနေ့ညစ်ခံပွဲနှင့် ညစာစားပွဲကို သမ္မတ အိမ်တော်၌ ကျင်းပသည်။

မလေးရှားနိုင်ငံတွင် လွန်ခဲ့သော တစ်နှစ်ခန့်ကပါလီမန်အမတ်တစ်ဦးအသတ်ခံရမှုနှင့်ပတ်သက်၍ မော်ဆရာဇနီးမောင်နှံနှင့်ကူညီသူအဖော်တစ်ဦးတို့အား သေဒဏ်အသီးသီးအပြစ်ပေးစီရင်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၄ ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒေါပုံ ကော်ဇောပစ္စည်း စက်ရုံနှင့်ဆန်စက်နှင့်အပိုပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်သမ္မတကလင်တန်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံမှန်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် အမေရိကန်က နှစ်ဆကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စွယ်တော်မြတ်စေတီတော်
၁၅ အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ ရတနာရွှေကြုတ်တော်၊ရတနာကြေးပြားတော်နှင့် ရတနာရွှေအုတ်တော်တို့ကို စီထားလှူဒါန်းသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၁၆ – ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေး
၂၁ ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်သို့ ခရီးထွက်ခွာပြီးသံတွဲလေယာဉ်ကွင်း တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်း၊ ဂွမြို့နယ် ကန်သာယာ အပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်း၊ ကျောက်ဖြူ–တောင်ကုတ်–အမ်းကားလမ်းဖောက်လုပ်နေမှုများ၊ ရခိုင်ပြည်နယ်ဗုဒ္ဓပြတိုက်၊ ယဉ်ကျေးမှု ပြတိုက်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့တော်ခန်းမနှင့်စစ်တွေဟိုတယ် ဆောက်လုပ်ရေးလုပ်ငန်းစသည့် ရခိုင်ပြည်နယ် ၁၂ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အဖွဲ့ဝင်များနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းညွှန်ဖြည့်ဆည်းပေးသည်။

တောင်အမေရိကတိုက်ရှိ အီကွေဒိုး
၁၇ နှင့် ပီရူးနှစ်နိုင်ငံတို့သည် ရက်သတ္တပတ် သုံးပတ်ကြာ နယ်စပ်စစ်ပွဲကို အဆုံးသတ်နိုင်ရန်အတွက် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီချက်တစ်ရပ်ကို ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းမည့်
၁၈ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေသစ်သည် ထိုင်းဈေးကွက်သို့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ပိုမိုဝင်ရောက်ခွင့်ပေးမည့် ဥပဒေသစ်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားသည်။

ရဟန်းမစားရသောဆွမ်းတစ်နပ်
၁၉ (သိလဝိသုဒ္ဓိ) ရုပ်မြင်သံကြားဇာတ်လမ်းတွင် စီစဉ်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန စတူဒီယို "အေ"ခန်းမတွင်ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံခြားပစ္စည်းများ ခိုးယူထုတ်လုပ်ဖြန့်ဖြူးသည့် ပီကင်းမြို့တော်ရှိ ရပ်ကွက်တစ်ခုကို တရုတ်အာဏာပိုင်တို့က ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တုပပြုလုပ်ထားသည့် နိုင်ငံခြားကွန်ပျူတာ အစီအစဉ်ပေါင်း ၃၀၀၀၀ ဖမ်းဆီးရရှိခဲ့သည်ဟု တရုတ်သတင်းဌာန ဆင်ဟွာ၏သတင်းကို ကိုးကားလျက် ရိုက်တာကဖော်ပြသည်။

အီဂျစ်သမ္မတဆက်ဒန်ဟူစိန်သည်
၂၀ အဖျက်စွမ်းအားကြီးမားသော လက်နက်များအားလုံးကိုရှင်းလင်းဖယ်ရှားပြီး ဖြစ်ကြောင်း ကုလသမဂ္ဂကို အာမခံထားလင့်ကစား ဒုံးကျည်များနှင့်ဇီဝဗုံးများကို သိုလှောင်ထားကြောင်း "ဆန်းဒေးတိုင်းမ်" သတင်းစာက ရေးသားလိုက်သည်။

တောင်ကိုရီးယားသမ္မတ ကင်မ်ယုံဆမ်က မြောက်ကိုရီးယားနှင့်ပတ်သက်၍ အစဉ်နိုးနိုးကြားကြားရှိနေရန် တောင်ကိုရီးယားစစ်ဘက်ကို အမိန့်ထုတ်ပြန်လိုက်သည်။ မြောက်ကိုရီးယားသည် ထိုစစ်လက်နက်များဆက်လက်တိုးမြှင့်တည်ဆောက်နေသည်ဟု ကင်မ်ယုံဆမ်က ပြောဆိုလိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
၂၁ ရေးအဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်တာဝန် ထမ်းဆောင်ခဲ့ကြသော အမေရိကန်တပ်မတော် (OSS 101) စစ်မှုထမ်းဟောင်းအဖွဲ့မှ သံအမတ်ကြီးဟောင်း မစ္စတာဂျူလီယန်နင်း(မ်)ချက်

ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံပြီး လွတ်မြောက်ရေးတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာကျော်ပန်းချီပညာရှင် ဗင်းဆင့်ဗင်ဂိုးနှင့် တွေ့ဆုံခဲ့ဖူးပြီး ပထမဆုံးရုပ်ရှင်ကို ကြည့်ရှုခဲ့ဖူးသူ ကမ္ဘာပေါ်၌ အသက်အရှည်ဆုံး ပြင်သစ်အမျိုးသမီး ဂျင်းကားမင့်သည် အသက် ၁၂၀ ပြည့်သည်။

၂၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုတက္ကသိုလ်၊ သင်တန်းအမှတ်စဉ် (၂၆)နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမတွင် တွေ့ဆုံဂါရဝပြုကြသည်။ ဂါရဝပြုအခမ်းအနားတွင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သင်တန်းသားသင်တန်းသူများအား ဩဝါဒအမှာစကား ပြောကြားသည်။

၂၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိလျက်ရှိသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "မြန်မာ့ကုန်စည်ပြပွဲ ၉၅" အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် နိုင်ငံတကာအဆင့်မီ "မြန်မာ့ကုန်စည်ပြပွဲ ၉၅" ဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်တိုက် ရွှေမျက်နှာစာတွင် ကျင်းပရာ မြန်မာ့ကုန်စည်ပြပွဲ ၉၅ ကျင်းပရေးဗဟိုကော်မတီနာယက ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

၂၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး ခေါင်းဆောင်သည့် အဆင့်မြင့် တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ကြိုဆိုနှုတ်ဆက်သည်။

## မတ်လ

၂ သီရိလင်္ကာနိုင်ငံသမ္မတ ချန်ဒရိကာ ဘန္ဒရာနိုက်ကေးကုမာရတွန်ဂါက မိမိအစိုးရသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်ကို ယခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးနိုင်ငံပိုင်လုပ်ငန်းအချို့ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းလုပ်ကိုင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ယခုနှစ်ရောင်းချခြင်းဖြင့် ရူပီးငွေ ၄ ဘီလီယံ (ဒေါ်လာ သန်း ၈၀)ခန့် ရမည်ဟု အစိုးရကမျှော်လင့်ထားသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းဘုရင့် (ကြည်း) တပ်မတော်မှ လက်ထောက်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ချက်တားသန်နာဂျာရီနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ နဝမအကြိမ်ဖျက်ဆီးသည့် အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲရိပ်သာ၌ကျင်းပသည်။

၄ နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် နာယကအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

၅ တပ်မတော်ဆေးတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်ပြုပြင်ရေး ဆေးရုံကြီး (ခုတင် ၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၅ - ၁၀ တရုတ်ဝန်ကြီးချုပ်လီဖုန်က တရုတ်ပြည်သည် အဂတိလိုက်စားမှုများကို အဆုံးသတ်ပစ်ရမည် ဖြစ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချပစ်ရမည်ဖြစ်ကြောင်းဖြင့် ပီကင်းမြို့တော် ပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပသော တရုတ်ပြည်လုံးဆိုင်ရာကွန်ဂရက် အစည်းအဝေးဖွင့်ပွဲ၌ နှစ်ပတ်လည်အစီရင်ခံစာ တင်သွင်းရာတွင်ထုတ်ဖော်ပြောဆိုသွားသည်။

၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်းမြို့နယ်စိုက်ပျိုးရေး ပြတိုက်အနီး မြေ ပဒေသာ ကျွန်းတွင်ပြုလုပ်မည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဌာန ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံပန်းမန် ပြပွဲ၏ အကြိုခင်းကျင်းစီစဉ်ပြသထားမှုများကို တစ်နာရီကျော်ကြာ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို လမ်းညွှန်မှာကြားသည်။



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗိုဗန်ကီယက်နှင့် ဇနီးတို့က အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်**

၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး ကျင်းပသော (၃၂) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲအကြိုခင်းကျင်း ပြသမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

မြန်မာ့ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များကို ပြည်သူများပိုမိုစိတ်ဝင်စားလာကြစေရန်အတွက်ခင်းကျင်းပြသသည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားကိုဗဟန်းမြို့နယ် စိုက်ပျိုးရေးပြတိုက်အနီးမြေပဒေသာ ဥယျာဉ်၌ကျင်းပသည်။

၉ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ဖိတ်ကြားချက်အရမတ်လ ၉ ရက် နေ့တွင်ရန်ကုန်မြို့မှ အထူး လေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ သွား သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူဇနီး ဒေါ်ကြိုင်ကြိုင်လည်း လိုက်ပါသွားသည်။ ဗီယက်နမ်သို့စတင် ရောက်ရှိသည့် မတ်လ ၉ ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်ဗိုဗန်ကီယက်နှင့် သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာလီဒတ်အန်အားသမ္မတနန်းတော်သို့သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး ညနေပိုင်းတွင်ဟိုချီမင်း မြို့တော် သို့ သွားရောက် ခဲ့သည်။ မတ်လ ၁၂ ရက်နေ့တွင် ဟိုချီမင်း မြို့တော်အနောက် မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာရှိ လွတ်မြောက်ရေးသမိုင်းဝင် ကူချီခရိုင်သို့ သွားရောက်လေ့လာသည်။ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက် ရှိသည်။

၁၁ - ၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကိုသီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။

၁၂ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ယာဆူရှိအကာရှိ လိုက်ပါလာသည့်လေယာဉ် သေနတ်ထိမှန်ခံရသော်လည်း မည်သူမျှ ထိခိုက်ဒဏ်ရာမရရှိဟု ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၎င်းသည် ဆာရာယေဗိုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန် စတင်နိုင်ရန် ကြိုးပမ်းရေးအတွက် ရောက်ရှိနေခြင်းဖြစ်သည်။





**ဂျပန်နိုင်ငံ တိုကျိုမြို့ မြို့တွင်းသွား မြေအောက်ရထားပေါ်တွင် အဆိပ်ဓာတ်ငွေ့သင့်ဖြင့် မူးမေ့အော့အန်နေသည့် ခရီးသည်များ**

၁၄ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာသည် အစ္စရေးဝန်ကြီးချုပ်နှင့်လည်းကောင်း၊ ဆီးရီးယားသမ္မတနှင့်လည်းကောင်း လွန်းပြန်ခရီးဆွေးနွေးပွဲများ ပြုလုပ်သည်။

၁၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၄-၁-၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/ ၉၅)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စည်ကားသိုက်မြိုက် ခမ်းနားစွာ ကျင်းပသည်။

ပါကစ္စတန်တွင် ဝန်ကြီးချုပ် ဘနာဇာဘူတို၏အစ်ကိုတော်သူ မာတာဇာဘူတိုက ပြိုင်ဘက်နိုင်ငံရေးပါတီတစ်ခု စတင်တည်ထောင်လိုက်ပြီး ညီမ ဘနာဇာဘူတိုကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

၁၆ ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်နှင့် အာမေးနီးယားသမ္မတ တာပီထရိုဆက်ဆီယန်တို့သည် အာမေးနီးယား၌ ရုရှားစစ်အခြေစိုက်စခန်းများ ၂၅ နှစ်တာ ဆက်လက်ချထားခွင့်ပြုရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

၁၈ မန္တလေးနန်းမြို့ ကျုံးတော်ကြီးနှင့် ကျုံးပတ်လမ်း ပြန်လည်တည်ဆောက်မှု အောင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျုံးတော်ကြီးလေးပြင် လေးရပ်၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်အားပေးသည်။

စင်ကာပူနိုင်ငံတွင်ကြိုးပေးကွပ်မျက်ခြင်းခံ ရသည့်ဖိလစ်ပိုင်အိမ်ဖော်အမျိုးသမီး ဖလော်ကွန် တမ်ပလာစီယွန်၏ ရုပ်အလောင်းကိုဖိလစ်ပိုင်သို့ လေယာဉ် ဖြင့်ပြန်ပို့ပေးလိုက်သည်။ ၎င်းသည် ၁၉၉၁ ခုနှစ်၊ မေလကအခြား ဖိလစ်ပိုင် အိမ်ဖော်တစ်ဦးနှင့်လေးနှစ်သား အရွယ် ကလေးငယ်တစ်ဦးတို့အားသတ်ဖြတ်ခဲ့ သဖြင့် ကြိုးပေးကွပ်မျက်လိုက်ခြင်းဖြစ်သည်။

၁၉ အာဖဂန်နစ္စတန်သမ္မတ၏တပ်များသည် အရှေ့မတက်မီ တွင် ကဘူးမြို့ တောင်ဘက်ရှိပြိုင်ဘက် တာလီဘန် ပြည်သူ့စစ်များကို ၎င်းတို့၏အဓိကအခြေစိုက်စခန်းမှတိုက်ထုတ်ပစ် လိုက်သည်။ ယခုအခါ သမ္မတ ရက်ဘာနီ ၏ တပ်များသည်ကဘူး မြို့တော်တစ်ခုလုံး နှင့် ဝန်းကျင်ရှိ့ဆင်ခြေဖုံး အရပ်များကို ထိန်းချုပ်ထားသည်။

ဂျပန်နိုင်ငံတိုကျိုမြို့တွင် မြို့တွင်း
၂၀ အလုပ်သွားအလုပ်ပြန်သူများ
ထူထပ်များပြားသည့်မြေအောက်လျှပ်စစ်
ရထားပေါ်တွင်အဆိပ်ဓာတ်ငွေ့များလွှတ်ထား
သဖြင့်လူထောင်ပေါင်းများစွာရှူရှိုက်မိကာ
အောအန်ပြီးအနည်းဆုံးလူငါးဦးသေဆုံးသည်ဟု
ဆိုသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
၂၁ မှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်
ပြီး တရားဥပဒေဘောင်အတွင်းသို့
ဝင်ရောက်ခြင်းနှင့် ဒေသ ဖွံ့ဖြိုး ရေး
လုပ်ငန်းများကိုနိုင်ငံတော် အစိုးရနှင့်
ပူပေါင်းဆောက်ရွက်ခြင်းအခမ်းအနားကို
လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၂ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့
ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်
သမိုင်းပြတိုက်သို့သွား ရောက်ကာ ၁၉၉၅
ခုနှစ်၊နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်
နေ့ပြပွဲမှပြခန်းများကို လှည့်လည်
ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည် များ
ကို တာဝန်ရှိသူများအား လမ်းညွှန်
မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး
၂၄ ရေး အသင်းနာယကနိုင်ငံတော်
ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့
ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မှော်ဘီမြို့ ဗဟို
ပြည်သူ့ဆက်ဆံရေး တပ်လေ့ကျင့်
ရေးဌာနရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပ
သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များစီမံခန့်ခွဲ
ရေး သင်တန်းအမှတ်စဉ်(၅) သင်တန်း
ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍
သင်တန်းဖွင့်သြဝါဒစကားမြွက်ကြားသည်။

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်
၂၅ နေ့ကိုဂုဏ်ပြုကျင်းပသည့်ရွှေရတု
သဘင် ဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို
သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း၊
သုဝဏ္ဏအားကစား ပြိုင်ပွဲရုံ(၁) အနီးရှိ
ကွင်းပြင်(သုဝဏ္ဏအားကစားဝင်း) ၌
ကျင်းပသည်။

၁၉၉၅ ခုနှစ်၊ နှစ်(၅၀)ပြည့် ရွှေရတု
တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့်
ရန်ကုန်–မန္တလေး(၆) လမ်းသွားတိုးချဲ့ခြင်း
လုပ်ငန်း(ထောက်ကြံ့–ဝမ်းဘောဒတ်
အပိုင်း)လမ်းဖွင့်ပွဲအခမ်းအနားနှင့် ရန်ကုန်–
ပဲခူး (၆) လမ်းသွား (ပဲခူးအပိုင်း) လမ်းဖွင့်ပွဲ
အခမ်းအနားများကို ရန်ကုန်တိုင်း မင်္ဂလာဒုံ
မြို့နယ် ထောက်ကြံ့လမ်းဆုံ ရန်ကုန်–
မန္တလေးလမ်းအဝင် ထိပ်မှခ်ဦးနှင့် ရန်ကုန်
တိုင်းနှင့်ပဲခူးတိုင်း နယ်စပ်ဝမ်းဘောဒတ်
တံတားထိပ်မှခ်ဦး တို့၌ကျင်းပသည်။

လူမည်းအမျိုးသမီးတစ်ဦးအားမတော်
မတရားပြုကျင့်မှုဖြင့်ထောင်သုံးနှစ်ကျခဲ့သော
ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း
မိုက်တိုင်စန်သည် အကျဉ်းထောင်မှ
ပြန် လည် လွတ်မြောက်လာသည်ဖြစ်ရာ
ဒေါ်လာ သန်းပေါင်းများစွာ ဝင်ငွေရရှိ
နိုင်သော လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်သည့်
လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ရရှိ
သွားပြီ ဖြစ်သည်။

ငမိုးရိပ်ရေလှောင်တမံကို ၁၉၉၅
၂၆ ခုနှစ်၊နှစ် (၅၀) ပြည့် ရွှေရတု
တပ်မတော်နေ့အား ဂုဏ်ပြု၍ ဖွင့်လှစ်သည့်
အခမ်းအနားနှင့် နှစ် (၅၀) ပြည့် ရွှေရတု
တပ်မတော်နေ့ကို ဂုဏ်ပြု၍ ရန်ကုန်
မြို့တော်စည်ပင်သာယာရေး ကော်မတီ က
တာဝန်ယူတည်ဆောက်ခဲ့သော ရန်ကုန်
မြို့တော် ရေပေးဝေရေး ရေယူ အဆောက်
အအုံဖွင့်လှစ်သည့်အခမ်းအနား တို့ကို
ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ဖောင်ကြီး
ကျေးရွာအနီးရှိ အဆိုပါငမိုးရိပ် ရေလှောင်
ကမ်၌ ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး
သန်းရွှေတက်ရောက်ချီးမြှင့်သည်။

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့
၂၇ စစ်ရေးပြအခမ်းအနားကိုရန်ကုန်မြို့
ဦးဝိစာရလမ်းရှိကော်လှန်ရေးပန်းခြံ၌ကျင်းပရာ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်
ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်
ရောက်၍ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်
မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က
နှစ်(၅၀) ပြည့်ရွှေရတုတပ်မတော်နေ့
အထိမ်းအမှတ်အဖြစ် ညစ်ခံပွဲနှင့်ညစာ
စားပွဲကိုရန်ကုန်တိုင်းစစ်ဌာနချုပ်ကုန်းမြင့်သာ
ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပသည်။

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်
နေ့ကိုဂုဏ်ပြုသည့်အနေဖြင့်မြဝတီရုပ်မြင်
သံကြားအဆောက်အအုံနှင့်မြဝတီရုပ်မြင်
သံကြားစတင်ထုတ်လွှင့်မှုဖွင့်ပွဲအခမ်းအနား
ကို မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်
သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်
သံကြားထုတ်လွှင့်ရုံ၌ကျင်းပရာ ဒုတိယ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)
ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်၍
ဖဲကြိုးဖြတ်၊ ခလုပ်နှိပ်ပြီးဖွင့်လှစ် ပေးလိုက်
သည်။

အမျိုးသားညီလာခံစုံညီအစည်း
၃၀ အဝေး ကိုရန်ကုန်မြို့အလုံလမ်း
သမ္မတအိမ်ကော်ဝင်းအတွင်းရှိဗဟိုအစည်း
အဝေးခန်းမ၌ကျင်းပသည်။ အစီအစဉ်အရ
နိုင်ငံတော် ဖွဲ့ စည်း ပုံ အခြေခံဥပဒေ
ရေးဆွဲရာတွင်ပါဝင်မည့်နိုင်ငံတော်ဖွဲ့စည်း
တည်ဆောက်ပုံ အခန်းမှ ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးနှင့်
စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်
မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်
အစုအဖွဲ့များမှကိုယ်စားလှယ်များကအကြံ
ပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ
ကြသည်။

## ဧပြီလ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်
မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က
လှူဒါန်းပြီး မြန်မာ–သီရိလင်္ကာရာမ
ကျောင်းတိုက်တွင်ထားရှိပူဇော်မည့် ဗုဒ္ဓ
ရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက
အနေကဇာတင် ပူဇော်ပွဲကို တာမွေမြို့နယ်

မြန်မာ–သီရိလင်္ကာ ရာမကျောင်းတိုက် ဝမ္မာရုံ၌ကျင်းပသည်။

၄-၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ် ကြီး မောင်မောင်ခင်၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) နှင့်ကချင် ပြည်နယ် အတွင်းရှိ မြို့နယ်ပေါင်း (၂၃) မြို့နယ် သို့သွားရောက်ကာ ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေး စီမံ လမ်းညွှန်ပေးခဲ့သည်။

၉ ထိုင်းလေကြောင်းခရီးစဉ်အမှတ် (တီဂျီ.၃၀၅) ဖြင့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသော ထိုင်းလူမျိုးခရီးသည် များဖြစ်ကြသည့် ထိုင်းနိုင်ငံကူးလက်မှတ် (I-267155) ကိုင်ဆောင်သူ မစ္စတာဆူရာဖွန် တောင်ဘာရွန်၊ ထိုင်းနိုင်ငံကူးလက်မှတ် (X-219996) ကိုင်ဆောင်သူ မစ္စတာ ထာဝီပက် တောင်ကမ်နှင့် ထိုင်းနိုင်ငံ ကူးလက်မှတ် (X-291284)ကိုင်ဆောင် သူ မစ္စတာခေါင်န်ကဲစင်ကာတို့ထံမှ မြန်မာငွေကျပ်၅၀၀ တန်အတု သိန်း ၁၀၀၀ ကျော်ဖိုး ကို လေဆိပ်လုံခြုံရေး တာဝန်ထမ်း ဆောင် လျက် ရှိကြသည့် တပ်မတော်ထောက် လှမ်းရေး တပ်ဖွဲ့ ဝင်များနှင့် အကောက်ခွန် ဦးစီး ဝန်ထမ်း များကရှာဖွေဖော်ထုတ် ဖမ်းဆီး ရရှိသည်။

၁၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ် ကြီး တင်ထွန်းအား ရန်ကုန်မြို့တွင်ရောက်ရှိ နေသည့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (ESCAP)ဒုတိယအမှုဆောင် အတွင်းရေးမှူး မိစ်ဆီကိုတာကာဟာရှိနှင့် အဖွဲ့သည် ဝန်ကြီးများရုံးရှိ ဒုတိယ ဝန်ကြီးချုပ်၏ ညှိခန်းမသို့ လာရောက် တွေ့ဆုံသည်။

လွန်ခဲ့သောနှစ် ၂၀ ကာလ၊ ဗီယက် နမ်စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အမေရိကန် နှင့် ဗီယက်နမ်မြို့ကြီးများ ဖြစ်သော ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်း မြို့တော် တို့သည် ပထမဆုံးအကြိမ် မိတ်ဆွေ ဖြစ် သဘောတူ စာချုပ်တစ်ရပ်ကို ချုပ်ဆို သည်။အဆိုပါစာချုပ်ကို ဆန်ဖရန်စစ္စကိုနှင့် ဟိုချီမင်းမြို့တော်ဝန်များက လက်မှတ် ရေးထိုးကြသည်။

၁၂ မြန်မာ – အိန္ဒိယနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးဖွင့်ပွဲ အခမ်းအနားကို မြန်မာနှင့် အိန္ဒိယနိုင်ငံ၊ နယ်စပ်မြို့များ ဖြစ်သော အိန္ဒိယပိုင် မိုရေးမြို့တွင် ညနေ ၃ နာရီ၌လည်းကောင်း၊ မြန်မာနိုင်ငံ ပိုင် တမူးမြို့ တွင် ညနေ ၄ နာရီ၌ လည်းကောင်း အသီးသီးပြုလုပ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်၊ အိန္ဒိယ နိုင်ငံဘက်မှ အိန္ဒိယနိုင်ငံကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပီ၊ ချိဒမ်ဘရမ်နှင့် မဏိပူရပြည်နယ် ဝန်ကြီးချုပ် မစ္စတာ မန်နီပါတို့က အမှာစကားများပြော ကြားကြသည်။

၁၈ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ မြို့နယ် ဘော်ကြိုဘုရား (မှဲ့ရှော စေတီတော်)၌ ကိန်းဝပ်စံပယ်လျက်ရှိ သည့် ရှေးဟောင်းသမိုင်းဝင်၊ ရတနာ မာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်၊ ရတနာစျာန်အောင် ဗုဒ္ဓရုပ်ပွားတော်များ မြန်မာနိုင်ငံတစ်ခွင် ဒေသ စာရီလှည့်လည်ကြွချီရန် အတွက် ရောင်တော်ဖွင့်၍ ရတနာပန်းရထား ယာဉ်များပေါ်သို့ စတင်ပင့်ဆောင်သည့် အခမ်းအနားကို ဘော်ကြိုဘုရားပရဝုဏ်၌ ကျင်းပပြုလုပ်သည်။

၁၉-၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး သည် ကရင် ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်းရှိမြို့နယ် များသို့ သွားရောက်၍ နယ်မြေအေးချမ်း သာယာ ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြား သည်။

၁၉ အမေရိကန်ပြည်ထောင်စုအိုကလာ ဟိုးမားမြို့လယ်ရှိပြည်ထောင်စုရုံး အဆောက်အအုံသည် ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရာ အထပ်ကိုးထပ်ပါဝင်သော ယင်း အဆောက်အအုံ၏မျက်နှာစာတစ်ခြမ်းလုံး ပြိုကျ ပျက်စီးပြီးလူ ၁၃၀ ထက်မနည်း သေဆုံးကာ လူ ၄၀၀ ကျော်ဒဏ်ရာရရှိ ခဲ့သည်။

၂၁ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေးဗဟိုကော်မတီ အစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။


၂၄ မဲခေါင်ဒေသအတွင်းကမ္ဘောဒီးယား နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာဩ ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ဗီယက်နမ်နိုင်ငံနှင့်ပြည်ထောင်စု မြန်မာနိုင်ငံခြောက်နိုင်ငံတို့အကြားပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးအစီအစဉ်အရ ဒေသတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆွေးနွေးပွဲ၏ အကြိုတန်း အရာရှိ အစည်း အဝေးကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

" ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ ၁၉၉၅"ဖွင့်ပွဲအခမ်းအနားကိုလသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း မြည်လာခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်နိုင်ငံတော် အကြီးအကဲများတက်ရောက်အားပေးသည်။

၂၅ ကူဝိတ်ပါလီမန်ကမူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်သူများအား သေဒဏ်စီရင်ချမှတ်ရန် ဥပဒေတစ်ရပ်ကို ဖြည့်စွက်ပြင်ဆင်သည်။ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ဒေသအာရပ်နိုင်ငံများအနက် ဆော်ဒီအာရေဗျနိုင်ငံနှင့်အာရပ်စော်ဘွား များပြည်ထောင်စု(ယူအေအီး)ပြီးနောက် သေဒဏ်ပေးသည့်တတိယမြောက်နိုင်ငံ ဖြစ်သည်။


၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည့်သူ့ရဲတပ်ဖွဲ့စည်းကမ်း ထိန်း သိမ်းရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၄/၉၅) ကို ပြဋ္ဌာန်း သည်။

၂၈ ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ် ရပ်သစ်ရွာအနီးရှိတောင်နဝင်းချောင်း ပေါ်တည် ဆောက်ထား သော တောင်နဝင်းရေလှောင် တမံ ဖွင့်ပွဲ အခမ်းအနားကို ရေလှောင်တမံ မှခ်ဦး မဏ္ဍပ်၌ကျင်းပရာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်ပြီးအမှာစကားပြောကြားသည်။



မုံးခွဲတိုက်ခိုက်ခြင်းခံရသည့် အမေရိကန် ပြည်ထောင်စု အိုကလာဟိုးမားမြို့လယ်ရှိ ပြည်ထောင်စုရုံးအဆောက်အအုံကို တွေ့ရစဉ် ( ညာပုံ )

ဗိုလ်ချုပ်ကြီးမောင်အေး ကရင်ပြည်နယ် မွန်ပြည်နယ် မြို့နယ်များသို့ သွားရောက်စဉ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဤသို့ရွှေသင်္ကန်းကပ်လှူခဲ့သည် ( အောက်ပုံ )



## မေလ

၁ အမရပူရမြို့ မဟာဝေယံဘုံသာ ဗားကရာကျောင်း ဗုဒ္ဓဆင်းတုတော်နှင့် ပိဋကတ်တော်ပြတိုက် ရေစက်ချ အခမ်းအနားကို အဆိုပါပြတိုက်သစ်ကြီး အနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၃ ဂျပန်ဝန်ကြီးချုပ် တိုမီအိချိမူရာယာမသည် ၁၉၃၇ ခုနှစ်က ဂျပန်တပ်များနှင့်တရုတ်တို့ စစ်ပွဲစတင်ဖြစ်ပွားသည့် မာကိုပိုလိုတံတားသို့ သွားရောက်လေ့လာပြီး မိမိတို့နှစ်နိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းစေရမည်ဟု အခိုင်အမာကတိပြု ပြောကြားလိုက်သည်။

၆ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ် အဆောက်အအုံ တည်ဆောက်ရန် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မြေကွက်လပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး အမှူးပြုကာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖိလစ်ပိုင်သမ္မတ ဖီဒယ်ရာမို့စ်က လွန်ခဲ့သည့် မတ်လအတွင်း စင်ကာပူ၌ ဖိလစ်ပိုင်အိမ်ဖော်တစ်ဦး ကြိုးပေးကွပ်မျက်ခံရမှုနှင့်ပတ်သက်၍ရာထူးမှ နုတ်ထွက်ခွင့်ပြုရန်တင်ပြထားသည့် အလုပ်သမား ဝန်ကြီးနီဗက်စ်ကွန်ဖက်ဆာ၏ နုတ်ထွက်မှုကို လက်ခံလိုက်သည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် သမားရိုးကျ အယူအဆရှိသူ ပါရီမြို့တော်ဝန် ဂျက်ရှီရက်က ဆိုရှယ်လစ်ဝါဒီ လီယွန်နယ်ဂျိုစ်ပင်ကို အောင်ပွဲခံလိုက်သဖြင့် ၁၄ နှစ်ကြာ ဆိုရှယ်လစ်အုပ်စိုးမှုသည် ပြင်သစ်နိုင်ငံတွင် နိဂုံးချုပ်သွားသည်။ လက်ရှိ သမ္မတ ဖရန်ဆွာမီးထရောင်းမှာ သမ္မတသက်တမ်း ၁၄ နှစ်ပြည့်ပြီဖြစ်သည်။ တစ်ပတ်အတွင်း ရာထူးမှ နုတ်ထွက်ဖွယ်ရှိသည်။

၈ - ၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဤလ ၈ ရက်နေ့၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ သမ္မတကြီး မစ္စတာ နိုဟောက်ဖုန်ဆဗန်နှင့်အဖွဲ့သည် ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်မြို့များ သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပစဉ်



ရန်ကုန်မြို့တွင် မြန်မာ့ ကျောက်မျက် ရတနာ အရောင်းပြခန်း၊ တပ်မတော် စစ်သမိုင်း ပြတိုက်၊ သန်လျင်တံတားများကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

၁၀ အီရန်နိုင်ငံက နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ကမကထပြုလုပ်နေခြင်း၊ လူအများအပြားကို သေစေသောလက်နက်များ ရအောင် ကြိုးပမ်းနေခြင်းများကြောင့် အမေရိကန်သမ္မတ ကလင်တန်က အီရန်နိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လုံးဝပိတ်ပင်တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

၁၂ – ၁၃ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန်ရှိသူများ လိုက်ပါ လျက် ရှမ်းပြည်နယ်နမ့်စန်မြို့သို့ ရောက်ရှိပြီး နမ့်စန်–မိုးနဲရထားပြေးဆွဲမှုနှင့် နမ့်စန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီး၊ ဟဲဟိုး၊ ပင်းတယမြို့များသို့ ရောက်ရှိသည်။ ဗိုလ်ချုပ်ကြီးမောင်အေးသည်အဖွဲ့ဝင်များ လိုက်ပါလျက်ပင်းတယမြို့နယ် ကုံလုံကျောင်း တိုက်တွင်အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး အမှူးပြု၍ တည်ထား ကိုးကွယ်မည့် ပြည်တော်အေးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်း အနားသို့ တက်ရောက်ပြီး ထီးတော်နှင့် စိန်ဖူးတော် တင်သည်။

၁၅ – ၁၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် ပြည်နယ်/ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခုနှစ်၊ ပထမလေးလပတ်ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ငါးရက်တိုင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ အဖွင့်အမှာစကား နှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဂျက်ရှီရက်အောင်ပွဲခံလိုက်သဖြင့် ၄င်းအား ထောက်ခံသူများ ဝမ်းသာပျော်ရွှင်နေပုံ

၁၇ ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးချယ်တင်မြှောက်ပွဲတွင် အောင်ပွဲခံခဲ့သူ ဂျက်ရှီးရက်သည် သမ္မတရာထူးကို တရားဝင်လွှဲပြောင်း လက်ခံသည်။

၁၉ ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်သည် မိမိအရေးနိမ့်ရန်သေချာနေသည့် အတိုက်အခံတို့ တင်သွင်းထားသောအယုံအကြည်မရှိအဆိုကို ရင်ဆိုင်ခြင်းမပြုတော့ဘဲပါလီမန်အောက်လွှတ်တော်ကိုဖျက်သိမ်း လိုက်သည်။

၂၁ ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိရောင်တော်ဖွင့် တန်ဆောင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြီးရွာမှ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

၂၂ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့အကြီးအကဲ အာရာဖတ်နှင့် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရှိမွန်ပီရက်တို့သည် အာရပ်နယ်မြေများကို အစ္စရေးက သိမ်းယူမည့်အစီအစဉ်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုးချဲ့ရေးကိစ္စတို့ နှင့် ပတ်သက်၍ အငြင်းပွားနေမှုများကို ကြိုးပမ်းဖြေရှင်းရန် တွေ့ဆုံ ကြသည်။

၂၄ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာအထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

သီရိလင်္ကာသမ္မတ ချန်ဒရိကာ ဘန္ဒရာနိုက်ကေး ကုမာရတွန်ဂါသည် တမီးလ်ကျားသူပုန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်စဲလိုက်သည်။

၂၇ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဆောက်အအုံ ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက် ရောက်၍ရတနာအုတ်မြစ်စီပေးသည်။

၂၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဆင်မလိုက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်၍သင်္ဘော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားသည်။

## ဇွန်လ

၃ ရန်ကုန်မြို့အလုံလမ်းမြေနေရာတွင် စင်ကာပူနိုင်ငံစစ္စတန်ဗစ်လ်မြန်မာလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့်ရင်းနှီး မြှုပ်နှံတည်ဆောက်ပြီးစီးခဲ့သော နိုင်ငံတကာ အဆင့်မီအခန်း ၂၅၀ ပါဆမ်းမစ်ပတ်ဗျူး ဟိုတယ်သစ် ဖွင့်လှစ် ခြင်းအခမ်းအနားကို အဆိုပါဟိုတယ်သစ်၌ ကျင်းပသည်။

ရန်ကုန်–ကူမင်း–ရန်ကုန်လေကြောင်းခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ခရီးစဉ်သစ် စတင်ပျံသန်းခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။


၅ - ၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဇနီးဒေါ်ကြိုင်ကြိုင်လိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဇွန် ၅ မှ ဇွန် ၈ အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန် ၈ မှ ဇွန်၁၁ အထိစင်ကာပူသမ္မတနိုင်ငံ သို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။ ဇွန် ၁၁ ရက်နေ့နံနက် ၁၀နာရီခွဲတွင်အထူးလေယာဉ်ဖြင့်စင်ကာပူသမ္မတနိုင်ငံမှရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိသည်။

၈ ဇွန်လ ၂ ရက်နေ့ကဘော့စနီးယားကောင်းကင်ယံတွင်ပစ်ချခံခဲ့ရသည့် အမေရိကန်အက်ဖ်–၁၆ အမျိုးအစား ဂျက်တိုက်လေယာဉ်မှလေသူရဲ အိုဂရက်ဒီကို အမေရိကန်မရိန်းတပ်သားများက ဘော့စနီးယားအနောက်မြောက်ဘက်ဘီဟက်မြို့ အရှေ့တောင်ဘက်မိုင် ၂၀ အကွာအဝေးရှိ တောတွင်းတစ်နေရာမှ ရဟတ်ယာဉ်နှစ်စီး ဖြင့်ဆင်းသက်ကယ်တင် ခဲ့ကြသည်။

၁၃ နီပေါဘုရင် ဘီရင်ဒရာက နီပေါပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး နိုဝင်ဘာ ၂၃ ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် တိုက်တွန်းလိုက်ကြောင်း နီပေါဘုရင့်နန်းတော်က ကြေညာသည်။

ဂျပန်ဝန်ကြီးချုပ် တိုမီအိချိမူရာယာမသည် အစိုက အတိုက်အခံပါတီဖြစ်သော နယူးဖရန့်တီယာပါတီက ပါလီမန်၌ တင်သွင်းသည့် အစိုးရအပေါ် အယုံအကြည် မရှိအဆိုကို ၂၉၀ မဲ၊ ၁၀၉ မဲဖြင့် အနိုင်ရရှိသည်။

၁၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၉၅ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Immigration and Population) ကို တိုးချဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၂/၉၅ ဖြင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်းကို လည်းကောင်း၊ ကြေညာချက်အမှတ် ၃/၉၅ ဖြင့်



**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတိုနှင့် တွေ့ဆုံနှုတ်ဆက်စဉ်**

ဗိုလ်မှူးချုပ် မျိုးသန့်အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဦးသန်းရွှေအား ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဦးခင်မောင်ရင်အား ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး၊ ဗိုလ်မှူးချုပ် သောင်းမြင့်အား ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်ခြင်းကို လည်း ကောင်း၊ ကြေညာချက်အမှတ် ၄/၉၅ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်လှအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စိုးမြင့်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ် ကျော်သန်းအား အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်အေးကျော်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်ချုပ်စောထွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ခြင်းကို လည်းကောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

၁၅ - ၁၇ ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီးအစည်းအဝေးကို ကနေဒါနိုင်ငံ ဟာလီဖက်၌ ကျင်းပသည်။ အစည်းအဝေးသို့ ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီ နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည်။

၂၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု လုပ်ငန်းများကိုကြည့်ရှု စစ်ဆေးသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက် ရတနာပြတိုက်သစ်ကြီးနှင့် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် (၆၆) ရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ကျင်းပသည်။

ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာသည် ပါတီတွင်းမှပုန်ကန်သူလက်ယာ ဂိုဏ်းသားများနှင့်နိုင်ငံရေးတိုက်ပွဲဝင်ရေး ပြင်ဆင်မှုအဖြစ် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက် သွားသည်။

၂၄ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြ ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်( ကြည်း)



**ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ ( ဂျီ – ၇ ) ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ**

ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ စတင်ထူထောင်သည့် ၁၉၄၅ ခုနှစ် မှစ၍ အကြိမ် ၁၀၀၀ ပြည့် ဆုံးဖြတ်ချက်ကို ယနေ့ချမှတ်ခဲ့သည်။ ဆုံးဖြတ်ချက်အမှတ် ၁၀၀၀ (၁၉၉၅) မှာ ဆိုက်ပရပ်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သား ၁၁၇၅ ဦးကိုကို သက်တမ်းတိုးပြီး ဆိုက်ပရပ်တွင် ဆက်လက်ထားရှိရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးချမှတ်သည့် ဆုံးဖြတ်ချက် အမှတ် (၁) မှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျူကျုမ်း အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မွန်ပြည်သစ်ပါတီမှ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားကို အရှေ့တောင် တိုင်း စစ်ဌာနချုပ် အောင်ဆန်း ခန်းမ၌ ကျင်းပသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဈေးဝယ်လာသူများဖြင့် စည်ကားနေသော အထပ်ငါးထပ်ရှိ ဆက်ပွန်းကုန်တိုက် ပြိုကျခဲ့ရာ လူ အမြောက်အမြားမှာ အပျက်အစီးများ ကြားတွင် ပိတ်မိခဲ့သည်။ လူ ၂၇ ဦး ထက်မနည်းသေဆုံးပြီး လူ ၇၀၀ ကျော် ဒဏ်ရာရရှိသည်ဟုရဲအဖွဲ့က ပြောသည်။

## ဇူလိုင်လ

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်၊ ဇနီးနှင့်အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

၆ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် ကြီး ချီဟိုရှန်နှင့်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန၊ ဇေယျာသီရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး ( ၁ ) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်ပတ်သက် သည့် ရှင်းလင်းပွဲကို ကာကွယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။



**အာကာသယာဉ်နှစ်စီး ချိတ်ဆက်ပြီးနောက် အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးတို့ နှုတ်ဆက်နေကြစဉ်(အပေါ်)နှင့် မော်စကိုမြို့ရှိ မြေပြင်စခန်းမှ ကြည့်ရှုနေပုံ(အောက်)**

အမေရိကန်လွန်းပျံအာကာသယာဉ် အတ္တလန္တစ်သည် အာကာသအတွင်း ၁၀ ရက်ကြာလှည့်ပတ်ခဲ့ပြီးနောက် ဖလိုရီဒါ အာကာသစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ အာကာသအတွင်း ရှိနေစဉ် အတ္တလန္တစ်လွန်းပျံယာဉ်သည် ရုရှား အာကာသစခန်းယာဉ်မီယာနှင့် အောင်မြင်စွာ ချိတ်ဆက်ကာ ကမ္ဘာပတ်လမ်းကြောင်းတွင် အတူတကွ လှည့်ပတ်ပျံသန်းခဲ့သည်။ အတ္တလန္တစ်၏ အပြန်ခရီးတွင် မီယာ အာကာသစခန်းယာဉ်တွင် ၁၁၅ ရက်ကြာ နေထိုင်ခဲ့သည့် အမေရိကန်တစ်ဦး၊ ရုရှားနှစ်ဦးတို့အပါအဝင်ဖြစ်သည့် အာကာသယာဉ်မှူးသုံးဦးနှင့် လွန်းပျံယာဉ်မှူး ငါးဦးတို့ ပြန်လည်လိုက်ပါခဲ့သည်။

၈ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံမှ စတက်ဖီဂရပ်ကစပိန်နိုင်ငံမှ အရန်ဇာ ဆက်ချက်(စ) ဗစ်ကာရီယိုကို အနိုင်ရဗိုလ်စွဲကာ ဆုကြေးငွေ ဒေါ်လာ ၅၂၅,၀၀၀ ဆွတ်ခူးရရှိသည်။ ဗစ်ကာရီယိုက ဆုကြေးငွေ ဒေါ်လာ ၂၆၂,၀၀၀ ရရှိသည်။



၉ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် အမေရိကန်နိုင်ငံမှ ဆမ်ပရပ်(စ)က ဂျာမနီနိုင်ငံမှ ဘောရစ္စဘက်ကာကို အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ အနိုင်ရရှိသော ဆမ်ပရပ်(စ)သည် ဝင်ဘယ်ဒန်ချန်ပီယံ ဘွဲ့ကို သုံးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။ ဝင်ဘယ်ဒန်ချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့ဖူးသူ ဘက်ကာသည် စတုတ္ထအကြိမ် သရဖူ ရရေးကို ကြိုးပမ်းရင်း အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းသည်။

၁၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထဲရေး ဝန်ကြီးဌာန စုစည်းခန်းမ၌ ၁၉၉၅ ခုနှစ် ပထမခြောက်လပတ် ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်နေကြသော ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မိန့်ကြားသည်။

၂၀ အာကာသအတွင်း ရှစ်ရက်ကြာ ဝန်းပတ်ပျံသန်းလျက်ရှိနေသော အမေရိကန် ဒစ္စကာဗာရီ အာကာသ လွန်းပျံယာဉ်မှ ယာဉ်မှူးများသည် လကမ္ဘာသို့ ပထမဆုံးအကြိမ် လူသားများခြေချခဲ့မှု ၂၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပသည်။ ဤနေ့သည် "အပိုလို-၁၁" အာကာသယာဉ်ဖြင့် အမေရိကန် အာကာသယာဉ်မှူးများ ဖြစ်ကြသည့် နီး(လ)အမ်းစထရောင်းနှင့် ဘူဇ်အယ်ဒရိန်းတို့နှစ်ဦး လကမ္ဘာပေါ် ခြေချနိုင်ခဲ့သည့် ၂၆ နှစ်မြောက်နေ့ ဖြစ်သည်။

၂၁ - ၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်၊ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ် တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါကာ တိုက်ကြီးမြို့နယ်ရှိ တဘူးလှ(ဥက္ကံ) ရေလှောင်တမံ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညို ရေလှောင် တမံ၊ ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင် တမံ၊ ပြည်မြို့ရှိ ဧရာဝတီ တံတား တည်ဆောက်ရေးလုပ်ငန်း၊ ရွှေတောင်မြို့ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း၊ ရွှေတောင်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်း မြို့နယ်ရှိ မက်သနော စက်ရုံ(ဆိပ်သာ)၊ ပုသိမ်မြို့ရှိ ပုသိမ်မှန်စက်ရုံ၊ မြန်မာ ဆီး(လ) လီမိတက် အထပ်သားစက်ရုံ၊ မြောင်းမြ မြို့ရှိ မြောင်းမြ တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၂) သင်တန်းဆင်းတပ်ဖွဲ့အား ဗိုလ်ချုပ်ကြီးမောင်အေး စစ်ဆေးစဉ်



မအူပင်မြို့ရှိ မအူပင် တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ ဖျာပုံမြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်း တံတား၊ ခုံညှင်းတန်း တံတား ဆောက်လုပ်မည့်နေရာစသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့၊ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကချင်ပြည်နယ် အထူးဒေသ( ၂ )မှ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်မိုင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလမုန်တူးဂျိုင်၊ ဦးဆိုင်ဖုန်း၊ ဒေါက်တာတူးဂျာ၊ ဒေါက်တာ လကျာနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသော ဦးဇဘွဲ့ဂျမ်၊ ဦးလဝမ်၊ ဦးခွန်မြတ်တို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

၂၇ - ၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကာ တောင်ကြီး မြို့တွင် တောင်ကြီး ခရိုင်အတွင်းရှိ ပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံသြဝါဒစကား ပြောကြားခြင်း၊ ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်ခြင်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်ခဲ့သော ဇော်ဂျီရေအားလျှပ်စစ်စီမံကိန်းမှ စက်တစ်လုံးလည်ပတ်မှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ရပ်စောက်မြို့အနီးရှိ ဇော်ဂျီရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးခြင်း၊ ကျိုင်းတုံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးကိစ္စများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## သြဂုတ်လ

၃ - ၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ လှည့်လည်သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်း များ၊ ရေနံမြေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို လမ်းညွှန်မှာကြားဖြည့်ဆည်းသည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘရူးနိုင်းဒါရုဆလမ်နိုင်ငံတို့ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန လေကြောင်းပညာသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်းအမှူးပြုသောဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

၄ ဟီရိုရှီးမားမြို့ အဏုမြူဗုံး ကြဲချခံရခြင်း နှစ် ၅၀ မပြည့်မီ နှစ်ရက်အလိုတွင်ပစိဖိတ်သမုဒ္ဒရာ၌ ပြင်သစ်၏ နျူကလီးယား စမ်းသပ်မည့် အစီအစဉ်များကို ရှုတ်ချရန် ဂျပန် ပါလီမန်ကမဲခွဲဆုံးဖြတ်ကြပြီး တရုတ် နျူကလီး ယား စမ်းသပ်မှုများကိုလည်း ရှုတ်ချလိုက် သည်။

၅ စတုတ္ထ အကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများ ဆိုင်ရာ ညီလာခံကိုကြိုဆိုသည့်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ အမျိုး သမီးများ၏ စွမ်းဆောင်မှုကဏ္ဍ ဟောပြောပွဲကို သူနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြော ကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ္စတိုဖာနှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကန်တို့သည် သံတမန် အသိအမှတ်ပြုလွှာများကို လက်မှတ်ထိုးကာငြိမ်းချမ်းရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ကြသည်။

၆ အဏုမြူလက်နက်များသည်အလွန်တရာအန္တရာယ်ကြီးမားလှသည်မှန်သော်လည်း ငြိမ်းချမ်းမှုရရှိရေးကို အထောက်အကူဖြစ်စေခဲ့သည်ဟု ကမ္ဘာ့ပထမဆုံး အဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့ပြီး နောက်အနှစ် ၅၀ အကြာတွင် ဟိုက်ဒရိုဂျင်ဗုံးကိုတီထွင်ထုတ်လုပ်ခဲ့သူ အက်ဒွပ်တဲလား က ပြောသည်။

ကာလီမူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင် ထံမှ ဒေါ်လာ၆ ဒသမ ၁ သန်းကို ကိုလံဘီယာသမ္မတက မဲဆွယ်ရေးအတွက်ရယူထားကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက် ကမ္ဘာ့ အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်ဟု ကျော်ကြားနေသော မီဂျယ်ရိုဒရီဂက်ဇ် အိုရီဂျူလာအား နေအိမ်ခန်းအတွင်းသို့ အတင်းဝင်ရောက် ဖမ်းဆီးလိုက်သည်။

၇ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ (၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား မြရိပ်ညို ရှိုင်ရယ်ဟိုတယ်တွင် လက်ခံတွေ့ဆုံပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၉ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့( MBA ) ကိုအထောက်အကူပြုမည့် ( Resource Centre ) ဖွင့်ပွဲ



**ကမ္ဘာ့အကြီးမားဆုံး မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင် မီဂျယ်ရိုဒရိဂက်ဇ် အဖမ်းခံပြီးနောက် တွေ့ရစဉ်**

အခမ်းအနားကို စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေပတ္တမြားခန်းမတွင်ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

၁၁ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ်နိုရိုဒွန်ရာနာရစ်သ်က ကမ္ဘောဒီးယားတွင် အနောက်နိုင်ငံပုံစံ ဒီမိုကရေစီထူထောင်ရေး ကို လက်မခံကြောင်း ပြောကြား လိုက် သည်။ ကမ္ဘောဒီးယားသို့ မကြာမီက ရောက်ရှိလာသည့် အမေရိကန်နိုင်ငံခြား ရေး ဝန်ကြီး ဝါရင်းခရစ္စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းပြီး ရက်ပိုင်း အတွင်း ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

၁၂ ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရတွင်ပါဝင်သော ဗုဒ္ဓဘာသာလစ်ဘရယ်ဒီမိုကရက်တစ် ပါတီဝင် လွှတ်တော်အမတ် မိယစ်ချန်လစ် (၅၅ နှစ်) သည် ပါတီကို သစ္စာစောင့် စည်း ကြောင်း ပြသသည့် သဘောဖြင့် ဦးခေါင်းကို သေနတ်ဖြင့် ပစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားသည်။ ၄င်းကဇနီးထံ စာတစ်စောင် ရေးသားထားခဲ့ရာ ပါတီခေါင်းဆောင်များသည် ဦးဆောင်မှုစွမ်းရည်မရှိကြဘဲ ပါတီဖြိုခွဲရေးကိုသာ လုပ်ဆောင်နေကြကြောင်း ဖော်ပြထားသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မှော်ဘီတပ်မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ လေကျင့်ရေးဌာန ပြည်ထောင်စု ခန်းမတွင်ကျင်းပ သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း ဩဝါဒစကား မြွက်ကြားသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် လက်ထောက် အတွင်းရေးမှူးချုပ် မစ္စတာ အယ်ဗားရိုးဒီဆိုတိုအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံ တွေ့ဆုံသည်။

၁၈ (၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်ကိုဂုဏ်ပြုကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းရှိဝင်းလိုက်ရုပ်ရှင်ရုံတွင် ကျင်းပသည်။ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆)**
**သင်တန်းဆင်းပွဲ အခမ်းအနားအပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သင်တန်းသားများနှင့် တွေ့ဆုံစဉ်**

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်သရုပ်ဆောင်များ တက်ရောက်ကြသည်။ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီးဖြစ်သော အသက် ၇၉ နှစ်အရွယ် ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
၂၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော် ဘတ်ဂျက်ခွဲဝေချထားရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဘော့လစ်ဗင်းစတန်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဗေယျာသိဒ္ဓိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၄ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ သံအမတ်ကြီးများသည် မုံရွာမြို့နယ်၊ သာစည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ယင်းမာပင်မြို့နယ် ရေလျှံတွင်းများကို ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၆ – တည်ဆောက်ရေးအဖွဲ့ ဒုတိယ
၂၈ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့သည် တာဝန်ရှိသူများလိုက်ပါလျက်ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များသို့လှည့်လည်သွားရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်အတွင်း ဗိုလ်ချုပ်ကြီး မောင်အေးသည် တပ်မတော်သားများနှင့် မိသားစု များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို ရှင်းလင်းမှာကြားသည်။ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာန ဆိုင်ရာ လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်
၂၉ ကျင်းပရေးသုတေသနလုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင် စာတမ်းငယ် ဖတ်ပွဲကို ရန်ကုန်မြို့ ပဒုမ္မာဇာတ်ရုံတွင်ကျင်းပသည်။ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီ နာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ နာယက အေဝမ်းဦးတင်မောင်နှင့် နာယက အဖွဲ့

ဝင်များအမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရုရှားပါလီမန် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ သမ္မတ ယဲ့လ်ဆင်၏ အဓိကရန်ဘက် အဖွဲ့အစည်း နှစ်ရပ်တို့၏ ညီလာခံများကို ကျင်းပ သည်။ နှစ်ပါတီစလုံးက ရွေးကောက် ပွဲလမ်းစဉ်နှင့် ကြွေးကြော်သံ များ ကို ချမှတ်ကြပြီး သမ္မတယဲ့လ်ဆင်ကို ဖြုတ်ချ မည်ဟု အဓိဋ္ဌာန်ပြုကြသည်။

၂၇ မြန်မာ့လေကြောင်းနှင့်ဖက်စပ် လုပ်ကိုင်လျက်ရှိသည့် အဲယား မန္တလေး လေကြောင်းကုမ္ပဏီ၏ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ရန်ကုန်–ချိန်းမိုင်လေကြောင်းခရီးစဉ် သစ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး လိုက်သည်။

၃၀ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အမျိုးသားပြတိုက်တွင် ရေးဟောင်း ယဉ်ကျေးမှုပစ္စည်းများ ခင်းကျင်းမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

## စက်တင်ဘာလ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင် ချိုင်ယုဒ်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာနဧယျာသီရိဗိမာန် တပ်မတော် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂ – ၁၁ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြား ရေးမှူး ရုံးက ဦးစီး ကျင်းပသည့် ၁၉၉၅ ခုနှစ် မြဝတီ အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ အဝင်ခန်းမ၌ ကျင်းပသည်။ မြဝတီအငြိမ့်



**တရုတ်အကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံ နောက်ဆုံးနေ့ မြင်ကွင်း**



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဤသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်**

ပြိုင်ပွဲကို စက်တင်ဘာလ ၁၁ ရက် နေ့အထိ ကျင်းပသည်။

၂ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နှစ် ၅၀ ပြည့်အခမ်းအနားတစ်ရပ်ကို ဟိုနိုလူလူတွင်ကျင်းပရာ အမေရိကန်သမ္မတ ကလင်တန် တက်ရောက်မိန့်ခွန်းပြောကြားသည်။ အခမ်းအနားကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ဂျပန်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ရာ၌ ပထမဆုံးပစ်မှတ်တစ်ခုဖြစ်ခဲ့သည့် ဝိုးလား ကြည်းတပ်လေယာဉ်ကွင်း၌ ကျင်းပခဲ့ရာ ဒုတိယကမ္ဘာစစ်ပြန် အမေရိကန်စစ်မှုထမ်းဟောင်း ၇၀၀ အပါအဝင် ပရိသတ် ၅,၀၀၀ တက်ရောက်ကြသည်။

ကျော်ဂျီယာပါလီမန်ကရွေးကောက်ပွဲဥပဒေတစ်ရပ်ကိုမဲအပြတ်အသတ်ဖြင့် ထောက်ခံအတည်ပြုလိုက်ရာ ကျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေ အတွက် ကာလကြာမြင့်စွာ မျှော်လင့် ခဲ့သော အုပ်ချုပ်မှုအာဏာအပြည့်အဝ ရှိသည့် သမ္မတစနစ် ထူထောင်ရေးဆီသို့ ပိုမို နီး ကပ်သွားပြီဖြစ်သည်။ အသစ် တီထွင်လိုက် သည့် သမ္မတ ရာထူးအတွက် ရွေးကောက် ပွဲ များ ကျင်းပရေးဆိုင်ရာ ဥပဒေ ကြမ်းကို ပါလီမန်အမတ်များက ၁၅၈မဲ၊နှစ်မဲဖြင့် ထောက်ခံအတည်ပြုခဲ့သည်။

၄-၁၅ စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ ညီလာခံကို တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၊ ပီကင်းမြို့တွင် ကျင်းပသည်။ ညီလာခံသို့ ၁၈၉ နိုင်ငံမှ ကိုယ်စားလှယ် ၅,၀၀၀ တက်ရောက်သည်။ ညီလာခံ ပြီးဆုံးသည့်နေ့တွင် စာမျက်နှာ ၁၅၀ ပါရှိသော ညီလာခံလုပ်ငန်းစဉ်ကြေညာချက်တစ်ရပ်ကို တညီတညွတ်တည်း ထုတ်ပြန်သည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရန်ကုန်မြို့ အင်းယားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မွန်တိုင်းရင်းသားခေါင်းဆောင် နိုင်ရွှေကျင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ထင်၊ နိုင် ကင်အောင်၊ နိုင်အောင်နိုင်၊ နိုင်စိုးမြင့်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် လူကြီးများ ဖြစ်ကြသည့် နိုင်ခင်မောင်နှင့် နိုင်ဖေတင် တို့က ဂါရဝပြုတွေ့ဆုံ နှုတ်ဆက် ကြသည်။

၈ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လာရောက်ပြီး နယ်စပ် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာ ကြားသည်။

အနောက်ဘက်ကမ်း ဒေသ၏
၁၀ စည်ပင်သာယာရေးကိစ္စများနှင့်
အခြား ကိစ္စများကို ပါလက်စတိုင်း
လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) သို့
အစ္စရေးက လွှဲပြောင်း ပေးလိုက်သည်။

ဝန်ကြီးချုပ် တိုမီ အီချိ မူရာယာမ
၁၂ ၏ ဂျပန် အစိုးရအဖွဲ့တွင်
နိုင်ငံခြား ရေး ဝန်ကြီး ယိုဟိုင်း ကိုနို သည်
အချမ်းသာဆုံး ဝန်ကြီးဖြစ်သည်ဟု
လူသိရှင်ကြား ထုတ် ပြန်သည့် အစိုးရ အဖွဲ့
ဝင်တို့၏ ပိုင်ဆိုင် သည့် ဥစ္စာပစ္စည်း
စာရင်းအရ သိရှိရသည်။ ကိုနို(၅၈ နှစ်)
နှင့်ဇနီးတို့သည် စုစုပေါင်း ဒေါ်လာ ၁၅
သန်းဖိုးရှိ ငွေကြေး နှင့် ဥစ္စာပစ္စည်းများ
ပိုင်ဆိုင်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ
၁၄ ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲ အခမ်း
အနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပ
သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
၁၅ - ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်
၁၇ သင်းလုံးကျွတ် အစည်းအဝေး
(၁၉၉၅) ကို ရန်ကုန်တိုင်း၊ မှော်ဘီ တပ်
မြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်လေ့
ကျင့်ရေးဌာန ပြည်ထောင်စုခန်းမ၌
ကျင်းပသည်။ အစည်းအဝေးစတင်
ကျင်းပသည့် စက်တင်ဘာလ ၁၅ ရက်နေ့
တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး
ရေးအသင်းနာယက နိုင်ငံတော်ငြိမ်ဝပ်
ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍
အမှာစကား မြွက်ကြားသည်။

အဝမ္ပပြုကျင့်ရန် ကြံစည်ကြိုးပမ်း
၁၆ သော အိမ်ရှင်ကို သတ်ဖြတ်ခဲ့သည့်
အသက်၁၆ နှစ်ရှိ ဖိလစ်ပိုင်အိမ်ဖော်
ဆာရာဘာလာဘာဂန်ကို ဒုတိယအကြိမ်
စစ်ဆေး အပြီးတွင် တရားသူကြီး သုံးဦး
ပါရှိသော အာရပ်စော်ဘွားများနိုင်ငံ
အစ္စလာမ် တရားရုံးက သေဒဏ်အပြစ်
ပေးလိုက်သည်။ ယင်းအမှုနှင့် စပ်လျဉ်း၍
ထောင်ခုနစ်နှစ် ကျခံစေရန် အမိန့်
ချခဲ့သည်ကို ဖိလစ်ပိုင် လူမျိုး များက
မကျေနပ်သဖြင့် အာရပ် စော်ဘွားများ
နိုင်ငံအစိုးရကစီရင်ချက်ကို ဖျက်သိမ်းကာ
အမှုကို ပြန်စစ်ဆေးစေခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၈ - တည်ဆောက်ရေး အဖွဲ့နှင့်
၁၉ ပြည်နယ်၊ တိုင်းငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့များ၏ ၁၉၉၅ ခု နှစ်
ဒုတိယလေးလပတ် ညှိနှိုင်း အစည်း
အဝေးကို ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)
အစည်း အဝေး ခန်းမ၌ ကျင်းပသည်။

ယခုနှစ်အတွင်း ကားရောင်းဝယ်
၂၂ ရေး ဆွေးနွေးပွဲများတွင် အမေရိ
ကန်ပြည်ထောင်စု၏ တောင်းဆို ချက်
များကို ခေါင်းမာစွာဆန့်ကျင်ခဲ့သဖြင့်
လူသိများလာသော ကုန်သွယ်ရေးဝန်ကြီး
ရူတာရိုဟာရှိမိုတိုအား ဂျပန်နိုင်ငံ၏
အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့်
လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏
ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး
ဒေါ်ကြိုင်ကြိုင် ၊ အတွင်းရေးမှူး(၁)
ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့
ဝင်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာ
အေးကုန်းမြေရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင်
သို့ သွားရောက်ကာ မြန်မာနိုင်ငံတွင်
ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတ
နိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ် အဖွဲ့မှ
ဘုန်းတော်ကြီး ဦးပညာဝရ (Ven.
Bhikkhu Panna Varo) အား
ပူဇော်ကန်တော့ကြပြီးနောက် ပိဋကတ်
သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့်
လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်း
ကြသည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂၉ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗဟန်း
မြို့နယ်၊ ပုလဲလမ်းရှိ မြရိပ်ညိုရှိုင်ရယ်
ဟိုတယ်၌ ဖွင့်လှစ်ထားသော မြန်မာ့ရိုးရာ
ယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်း
အရောင်းဆိုင်များအား သွားရောက်
စစ်ဆေးကြည့်ရှုသည်။

# အောက်တိုဘာလ

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၁ တည်ဆောက်ရေးအဖွဲ့ ဒုတိယ
ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည်
အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး
တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော်
အရာရှိကြီးများ လိုက်ပါလျက်၊မန္တလေး မြို့မှ
မိုးကုတ်မြို့သို့သွားရောက်၍၊ မိုးကုတ်ရှိ
တပ်ရင်းတပ်ဖွဲ့များနှင့် တွေ့ဆုံကာ၊
မိုးကုတ်မြို့နယ်အတွင်းရှိ ရတနာ ကုမ္ပဏီ
ကုမ္ပဏီခန်းထွက် ကျောက်မျက်များကို
ကြည့်ရှုစစ်ဆေးသည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
များကိုစတင်ကျင်းပရာ နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၊
အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး
ခင်ညွန့်နှင့် ဝန်ကြီးများ၊ တပ်မတော်
အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲ
များက ပြိုင်ပွဲများကျင်းပရာ ပြည်လမ်းရှိ
အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ
အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီ
လမ်းရှိယဉ်ကျေးမှုတက္ကသိုလ်ဂီတဆောင်၊
စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံ
များသို့သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၂ တည်ဆောက်ရေးအဖွဲ့ ဒုတိယ
ဥက္ကဋ္ဌ ၊ဗိုလ်ချုပ်ကြီး မောင်အေး သည်
မိုးကုတ်မြို့ ပဒန်သျှိုအနီးရှိ မြန်မာ့
ကျောက်မျက်ရတနာ ရောင်းဝယ်ရေး
လုပ်ငန်း၏ ဗဟိုဖြန့်ဆေး အလုပ်ရုံကို
ကြည့်ရှုပြီး မဘိမ်း၊ ဝန်းသို၊ ကသာ၊
ဗန်းမော်မြို့များသို့ဆက်လက်ထွက်ခွာကာ
ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှု
စစ်ဆေးသည်။

ဗိုလ်ချုပ်ကြီး မောင်အေး သည်
၃ ဗန်းမော်ခန်းမ၌ စစ်ဗျူဟာ အဖွဲ့
နှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်
သားများနှင့် တွေ့ဆုံကာ ဒေသအတွင်း
ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍
မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့
ပြန်လည်ရောက်ရှိသည်။



**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦး အား အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဤသို့ ဆုချီးမြှင့်ခဲ့သည်**

၆ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ ၃/၉၅ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၈ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လွှတ်တော်ဒုတိယ ခေါင်းဆောင် ပါမောက္ခ အေ၊ကျူ၊အမ်ဘဒရူဒိုဇာချောင်ဒူရီအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၉ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ်တွင် သီတင်းသုံးနေထိုင်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေကျင်နိကာယသာသနာပိုင်ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတသိရိ၊ သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါသည် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း ကူဘရစ်ပရာမို့(၈၄)နှစ်သည် နှလုံးရောဂါ၊ သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များက အိမ်နီးချင်း၊ အင်ဒိုချိုင်းနားနိုင်ငံများတွင် ကွန်မြူနစ်တို့ အောင်ပွဲခံစဉ် ကူဘရစ်သည် ဒိမိုကရေစီကျင့်သုံးသည့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဆုကြေးစားစစ်တုရင်အဖွဲ့ချုပ်၏ စစ်တုရင်ဗိုလ်လုပွဲ၏ ပွဲစဉ် ၁၇ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံကတ်စပါရော့ဗ်ကအနိုင်ရပြီး ချန်ပီယံသရဖူကို ဆက်လက်ထိန်းသိမ်းခွင့်ရရှိသည်။ ကတ်စပါရော့ဗ်သည် ငါးကြိမ်မြောက် ဆက်တိုက်ဗိုလ်စွဲခြင်းဖြစ်သည်။

၁၀ အငြင်းပွားလျက်ရှိသည့်စပရက်လီကျွန်းစုအရေး ဆဋ္ဌမမြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် စတင်ကျင်းပသည်။

မိုးရာသီရေလွှမ်းသဖြင့် ထိုင်းနိုင်ငံ ၇၆ ပြည်နယ်အနက် ၆၆ ပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုများရှိပြီး လူ ၁၇၁ ဦးသေဆုံးကာ မိသားစုတစ်သန်းကျော် ရေဘေးကြုံတွေ့ရပြီး လယ်ယာကေ သုံးသန်းခန့်နစ်မြုပ်ပျက်စီးသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ဘတ်ငွေသန်း ၂၉၅၀ (ဒေါ်လာ ၁၁၈ သန်း)ခန့် ရှိကြောင်း ထိုင်းအစိုးရက ကြေညာသည်။

၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်သည် ကမ္ဘာအေးဘုရားလမ်းရှိမြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

၁၄ တတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု
၁၅ တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁၆ တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ ကိုယ်စားလှယ် ပါမောက္ခ ယိုဇိုယိုကိုတာ အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

(၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်
၁၇ စိန်ရတုသဘင်ပြပွဲ၊ ဖွင့်ပွဲ အခမ်းအနားနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မအားကစားကွင်း တို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု သဘင်ကျင်းပရေး ဗဟိုကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အခမ်းအနားတွင် အမှာစကားပြောကြားသည်။

ကုလသမဂ္ဂနှစ်(၅၀)ပြည့် အထိမ်း
၁၈ အမှတ်ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ကုလသမဂ္ဂနှစ်(၅၀)ပြည့်အထိမ်းအမှတ်နေ့ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ကျင်းပရာ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာ
၂၂ လမ်းရှိ တောင်ကြီး ပရိယတ္တိ စာသင်တိုက်၏ ၃၂ ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ စာသင်တိုက် သောတုဇနကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့်
၂၄ နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် ဇနီးတို့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ညစာစားပွဲကို ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၆ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး မန်တာဖြူထန်ငိုနှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံ ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
၂၇ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်မြန်မာနိုင်ငံတွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ချောင်မာလီဆာယာဆောင်နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဧယျာသိရိ ဗိမာန်၊ တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများလိုက်ပါလျက် ပုဂံ-ညောင်ဦးသို့ သွားရောက်ကာ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၂၉ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်း၊ နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင် တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၃၀ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညောင်ဦးမြို့တွင် မြင်းခြံ-ညောင်ဦး ရထားလမ်း ဖောက်လုပ်ရေး၊ ပုဂံယဉ်ကျေးမှုပြတိုက် တည်ဆောက်မှု လုပ်ငန်းများကို စစ်ဆေးပြီး စွန်ကန်ရေကာတာ၊ ရွှေတောင်ဝါ စံပြ စိုက်ပျိုးရေးခြံ၊ မြစ်ရေတင်စိုက်ပျိုးမှုနှင့် ဝါစိုက်ခင်းများ ကြည့်ရှုကာ လိုအပ်သည် များကို ညွှန်ကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၃၁ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် မိတ္ထီလာမြို့မှတစ်ဆင့် တပ်ကုန်းမြို့နယ်သို့ သွားရောက်ကာ ဆင်သေရေလှောင် တမံနှင့် ဇော်ဂျီရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

## နိုဝင်ဘာလ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
၁ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကောင်ပေါ်ညည်ရိပ်သာ ( Mount Pleasant Guest House )ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တောင်ကြီးမြို့ မြို့တည် သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အဖြစ် တည်ထားလျက်ရှိသည့် ရှုဌာမဏိလောကချမ်းသာစေတီတော်သို့ သွားရောက်ကြည်ညိုဖူးမြော်ပြီး လိုအပ်သည်များ မှာကြားသည်။ တစ်ဖန် ဗထူးမြို့သို့ သွားရောက်ကြပြီး တပ်မတော် ( ကြည်း ) တိုက်ခိုက်ရေး ကျောင်း ကျောင်းအုပ်ကြီး၊ ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ အမှတ်(၁)တပ်ကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး များ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များ အပေါ် ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့မှတစ်ဆင့် ပင်းတယမြို့နယ် ဂဠုန်တောင်ရှိ ကုံလုံကျောင်းတိုက်သို့ သွားရောက်ပြီး ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဟဲဟိုးမြို့သို့ထွက်ခွာကြပြီး ဟဲဟိုး လေဆိပ် တည်ဆောက်ရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်း တင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ ပြန်လည်မှာကြားသည်။

၄ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကာကွယ်ရေး ဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပသော (၄၂)ကြိမ်မြောက် ကာကွယ်ရေး ဝန်ကြီးဌာနမိသားစုဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်များဆက်ကပ်ကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အစ္စရေးဝန်ကြီးချုပ် ယစ်ဇစ်ရာဘင်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေး လူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်း ပြောကြားအပြီး ပြန်လည်ထွက်ခွာလာစဉ် လူသတ်သမား ဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်သဖြင့် ဆေးရုံတွင် ခွဲစိတ်ကုသပြီး တစ်နာရီအကြာတွင် ကွယ်လွန်သွားသည်။

၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယူးရောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ဖွဲ့စည်း တည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အထွေထွေညီလာခံ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည် ရောက်ရှိလာသည့် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၆ တပ်မတော်ထောက်လှမ်းရေး မိသားစု ဆဋ္ဌမအကြိမ် မဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော် ဓမ္မာရုံတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍

**အစ္စရေးဝန်ကြီးချုပ် ရာဘင် မိန့်ခွန်းပြောကြားနေစဉ် ( အပေါ် ) လူသတ်သမားက လုပ်ကြံပစ်ခတ်ပြီးနောက် ရုတ်ရုတ်သဲသဲဖြစ်နေစဉ် (အလယ်) ရာဘင်အား ဆေးရုံသို့ပို့ရန် ရဲများက အပူတပြင်းလုပ်ဆောင်နေစဉ် (အောက်)**



**တံခွန်ဘွဲ့ရရှိသော ဗိုလ်ချုပ်ကြီးမောင်အေးအား ဘွဲ့တံဆိပ် တပ်ဆင်ပေးနေစဉ်**

ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

၈ ရန်ကုန်စစ်တွေမော်တော်ကားလမ်းသုံးနှစ်စီမံကိန်းဖြင့် ဖောက်လုပ်ရေး၊ ပုဂံဒေသရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်း များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမတွင်ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်လမ်းညွှန်မှာ ကြားသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်သူ့ လွှတ်တော် သဘင်ဆောင်တွင် ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူး ဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ် ရရှိသူများ အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့် အပ်နှင်းပြီး စွမ်းဆောင်မှု ဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် များကို သက်ဆိုင် သူများ အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌကိုယ်စား ချီးမြှင့်အပ်နှင်းနိုင်ရန် ပြည်နယ်နှင့်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ၁၃ ဦးတို့အား တာဝန်များပေးအပ်သည်။

၁၁ (၇၅) နှစ်မြောက်အမျိုးသားနေ့ စိန်ရတုအထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ၊ မြို့မ အားကစားကွင်းတွင် ကျင်းပသည်။ (၇၅) နှစ်မြောက်အမျိုးသားနေ့စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် တက်ရောက်ပြီး(၇၅) နှစ်မြောက် အမျိုးသားနေ့စိန်ရတုအထိမ်းအမှတ် ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။

၁၂ မြို့မကျောင်း(၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားဖွင့်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မကျောင်း) တွင်ကျင်းပသည်။ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဖွင့်လှစ်ပေးလိုက်သည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိသော ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာကဆမ် အက်စ် ကဆမ်ဆီရီခေါင်းဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် မှော်ဘီမြို့ ဗဟိုပြည်သူ့ ဆက်ဆံရေး တပ်လေ့ကျင့်ရေးဌာနရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး · သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် သြဝါဒစကားမြွက်ကြားသည်။

၁၅ - ၁၆ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကနှင့် ဗွီအိုအေအသံလွှင့်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးလိုက်ပါလျက် ကျိုင်းတုံအရှေ့ခြမ်း မိုင်းလားမြို့ရှိ ဟိုတယ်၊ တံတားနှင့် လမ်းဖွင့်ပွဲများသို့ တက်ရောက်အားပေးကြည့်ရှုပြီးကျိုင်းတုံမြို့ရှိပြည်သူ့ဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ကျိုင်းတုံဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကိုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၁၆ တောင်ကိုရီးယားနိုင်ငံတွင် ငွေကြေးအရှုပ်တော်ပုံတစ်ရပ် ဖြစ်ပွားမှု၌ သမ္မတဟောင်းနိုတေဝူးပါဝင် ပတ်သက်၍ ၎င်းအား လာဘ်စားမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အေပီသတင်း ဌာနက ဖော်ပြသည်။

၁၇ အမေရိကန်စစ်သားများက ဂျပန်ကျောင်းသူလေးတစ်ဦးအား မုဒိမ်းကျင့်သည်ဟူသောစွဲဆိုချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်မှတ်ချက်တစ်ခုချပြီးနောက် ပစိဖိတ်အမေရိကန်တပ်များ၏ တပ်မှူးသည် ရာထူးမှ နုတ်ထွက်သွားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလျံပယ်ရီက ကြေညာလိုက်သည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၏လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်မှုနှင့်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ထိုင်း နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ချာဗာလစ်ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင်ချစ်ကြည်ရေးခရီး လှည့်ပတ်ခဲ့ပြီး ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်သည်။

၁၉ အိန္ဒိယသမုဒ္ဒရာနှင့်ဆက်စပ်နေသည့် နိုင်ငံများအားအနှောင်အဖွဲ့ကင်းသည့်ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိုဦးစားပေးဆောင်ရွက်ကြရန် အိန္ဒိယဝန်ကြီးချုပ် ပီဗွီနာရာဆင်ဟာ ရောင်းက တိုက်တွန်းလိုက်သည်။

၂၁ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့မ အားကစားကွင်းတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်၍ အဖွင့်အမှာ စကား ပြောကြားပြီး စာအုပ်ဈေးပွဲတော်ကိုဖွင့်လှစ် ပေးလိုက် သည်။

၂၂ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုနှင်းသဘင် အခမ်းအနားကို မရမ်းကုန်းမြို့နယ်နဝဒေး ရုပ်ရှင်ရုံ၌ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အေးကျော် နှင့်ဒုတိယဝန်ကြီး ဦးသိန်းစိန်တို့က စာပေဆုရှင်များအား ဆုများအသီးသီး ချီးမြှင့်ကြသည်။

အစ္စရေး နိုင်ငံ၏ယာယီ ဝန်ကြီးချုပ် ရှိမွန်ပီရက်စ်သည် ၎င်း၏ အစိုးရသစ် အဖွဲ့ဝင်များအမည်စာရင်းကို သတ်မှတ်ရာတွင် ၎င်းကိုယ်တိုင် ကာကွယ်ရေး ဝန်ကြီး ရာထူးကို ထပ်ဆင့်ယူလိုက်သည်။ ဤလ (၄)ရက်က ဝန်ကြီးချုပ်ရာဘင် လုပ်ကြံခံရပြီးနောက် ညင်သာသော အသွင်ကူးပြောင်းမှု ဖြစ်စေရန်မြန်မြန် ထက်ထက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပီရက်စ်က ပြောလိုက်သည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန် မြို့သို့ရောက်ရှိလာသော အင်ဒိုနီးရှား သမ္မတနိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေး ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး အယ်ဒီဆူဒရာဂျတ်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင် များအားပူဇော်ကန်တော့အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ သက်ကြီးစာပေ ပညာရှင် များအား ပူဇော်ကန်တော့သည်။

၂၃ - ၂၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရခိုင်ပြည်နယ် မင်းပြား၊ အမ်း၊ မောင်တောမြို့များသို့ သွားရောက်ကြပြီး ဒေသဆိုင်ရာလမ်းတံတား ဖောက်လုပ်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီးဒေသခံတပ်မတော်သားမိသားစုများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ လမ်းညွှန် မှာကြားသည်။

၂၄ အတိုက်အခံများနှင့် ရေမတိုးနောက်မဆုတ်သာ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှု အဆုံးသတ်စေရေးအတွက် ပါလီမန် ဖျက်သိမ်းပေးရန် ဝန်ကြီးချုပ် ခါလီဒါဇီယာ ကမေတ္တာရပ်ခံပြီးနောက်သမ္မတအဗ္ဗဒူရာမန် ဘစ္စဝါစ်က ဘင်္ဂလားဒေ့ရှ်ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

၂၅ အထွေထွေရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပရန်ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အဆိုပြုချက်ကို အတိုက်အခံ နိုင်ငံရေးပါတီများက ငြင်းပယ်လိုက်ကြပြီး ရွေးကောက်ပွဲကို ကြားနေအိမ်စောင့်အစိုးရက ကျင်းပပေးရမည်ဖြစ်ကြောင်း တောင်းဆိုလိုက်ကြသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြေပဒေသာ ကျွန်း၌ ကျင်းပသည့် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဌာန ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ အမျိုးသားညီလာခံ စုညီအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်း အဝေးခန်းမတွင် ကျင်းပရာ သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီး မောင်သင့်၊ ဗိုလ်မှူးချုပ် မျိုးသန့်နှင့် ကော်မရှင်အဖွဲ့ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌ ဦးသာထွန်းနှင့် လုပ်ငန်းကော်မတီ ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဗိုလ်မှူးချုပ် တင်အေးနှင့်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများ တက်ရောက်ကြသည်။

## ဒီဇင်ဘာလ

၁ ရန်ကုန် တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန် တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ကမ္ဗည်းမော်ကွန်းတင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

၃ ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပသည်။

၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီး ဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် စီစဉ်ပြသမည့် မြန်မာ့ စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 )ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၅ အမှတ် (၁) စက်မှု ဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာန တို့၏ ဦးစီး ကူညီပံ့ပိုးမှုဖြင့် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စီစဉ်ပြသသည့် မြန်မာ့စက်မှုပြပွဲ – ၉၅ ( Myanmar Machinery Expo 95 ) ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပသည်။

၆ ၁၉၉၅ ခုနှစ် ဆဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသားအားကစား ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တရဝတီအားကစား ရင်ပြင်၌ ကျင်းပရာ ကျောင်းသားအားကစား ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ လီရွေဟွမ်ခေါင်းဆောင်သည့် အဖွဲ့သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဧယျာသီရိဗိမာန် တပ်မတော် ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက် သည်။

၉ ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ချင်းမိုင်မြို့ အနှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ဗဟို အားကစားကွင်း၌ ကျင်းပရာ ထိုင်းဘုရင် ကိုယ်စား မင်းသား မဟာဗာဂျီရာလောင်ကွန် က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား




၁၉၉၅ ခု ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲမြင်ကွင်း

လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အထူးမှူလတန်းဆရာ အတတ်သင် သင်တန်းအမှတ်စဉ်(၅)နှင့် (၆) တို့မှ သင်တန်းသားသင်တန်းသူများက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌမစ္စတာလီလွေဟွမ်းနှင့် အဖွဲ့ဝင်များအားပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ တာဝန်ရှိသူများအား ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို လမ်းညွှန်မှာကြားသည်။

၁၄ - ၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘန်ဟန်းဆီလ်ပါအာချာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရ အကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ အစိုးရအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင် ဘာလ ၁၄ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာ သွားကြသည်။ ယင်းနေ့ ညပိုင်းတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်နန်းတော်၌ ကျင်းပသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်က အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ အစိုးရအကြီးအကဲများအား လက်ခံတွေ့ဆုံနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲများနှင့် ကမ္ဘောဒီးယား၊ လာအိုမြန်မာနိုင်ငံအစိုးရအကြီးအကဲများ အစည်းအဝေးကို ( The Oriental Hotel Embassy Room ) ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ညနေ ၅ နာရီတွင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲနှင့် ငါးကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားကို ရွှိုင်ရယ်အောကစ်ရှယ်ရီတန်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး




ဒီဇင်ဘာ ၁၅ ရက်က ဗန်ကောက်မြို့ အိုရီရင်တယ်လ် ဟိုတယ်၌အာဆီယံ အသင်းနိုင်ငံများ၏ အစိုးရအကြီးအကဲ များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နိုင်ငံအစိုးရအကြီးအကဲများ အစည်း အဝေးကျင်းပနေသည်ကို တွေ့ရစဉ်

ခင်ညွန့်နှင့် ဝန်ကြီးများ တက်ရောက်ကြ သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ရန်ကုန် မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁၅ ချူကလီးယားလက်နက်များ ပိုင်ဆိုင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရယူခြင်းတို့ကို တားမြစ်သည့် ချူကလီးယား သဘောတူ စာချုပ်တစ်ရပ်ကို အာဆီယံ ခုနစ် နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့အပြင် ၄င်းတို့၏ အိမ်နီးချင်း နိုင်ငံများဖြစ်ကြသည့်မြန်မာ၊ ကမ္ဘောဒီးယား နှင့် လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များက ထိုင်းနိုင်ငံဗန်ကောက်မြို့တွင်ကျင်းပသည့် အာဆီယံအသင်းနိုင်ငံများ၏ အစိုးရအကြီး အကဲများနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံအစိုးရ အကြီးအကဲများ အစည်း အဝေးတွင် လက်မှတ်ရေးထိုး ကြသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၅ ခုနှစ်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင် ကြသည့် ဂေါက်သီးရိုက် အားကစားသမား များအား တွေ့ဆုံနှုတ်ဆက်ပြီး ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ရုရှားအောက်လွှတ်တော်ရွေးကောက်ပွဲ များကို ရုရှားတစ်နိုင်ငံလုံးတွင် ကျင်းပသည်။ ရုရှား အောက်လွှတ်တော် ရွေးကောက်ပွဲ အတွက် မဲဆန္ဒပေးနိုင်သူပေါင်း ၁၀၅ သန်းနီးပါးရှိသည်။ ယခုရွေးကောက်ပွဲမှာ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ပါတီစုံ ရွေးကောက်ပွဲဖြစ် သည်။

၂၄ ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကို စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပ သည်။

၂၅ ၁၉၉၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်မိန့်ခွန်းမြွက်ကြားကာ ဆုများပေးအပ်ချီးမြှင့်သည်။

ဆီးရီးယားနှင့်ငြိမ်းချမ်းရေးရရှိရေး အတွက် ဂိုလန်ကုန်းမြင့်အား ပြန်ပေးခြင်းကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အစ္စရေးပါလီမန်၌ အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုနစ်ရပ်ကို တင်သွင်း ရာဝန်ကြီးချုပ် ရှိမွန်ပီရက်စ်၏ ညွန့်ပေါင်း အစိုးရက ယင်းအဆိုနစ်ရပ်ကို ထိုးနှက် အနိုင်ရရှိလိုက်သည်။

၃၁ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် အရပ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ကချင်နှစ်ချင်းခရစ်ယာန်ပြည်လုံးကျွတ် အစည်းအဝေးနှင့် ကချင်တိုင်းရင်းသား စာပေ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ကချင်စာပေရာပြည့်မနောပွဲပါဝင်ဆင် နွှဲသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့
စစ်ရေးပြအခမ်းအနားတွင်
မိန့်ခွန်းပြောကြားစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စစ်ရေးပြအခမ်းအနားတွင် ချီတက်အလေးပြုနေကြစဉ်



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲကို မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖွင့်လှစ်ပေးအပြီး



မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲမဖွင့်လှစ်မီ ဖဲကြိုးများ ကိုင်ဆောင် စောင့်ဆိုင်းနေကြသော ရုပ်ရှင်သရုပ်ဆောင်များ



ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးမျက်နှာစာရှိ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးနေသော
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်



ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲမှ ပြကွက်တစ်ခု



စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်ချုပ်အေးကျော် မိန့်ခွန်းပြောကြားစဉ်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ကြားနေကြသော
တိုင်းရင်းသားရင်သွေးငယ်များ


အပိုင်း – ၂

## ဆေးပညာ၊ ယဉ်ကျေးမှု၊ ရွှေရတု၊ စိန်ရတုနေ့များနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ ................ တင်သန်းဦး .................. ၃၄
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ................ ဝန်ထမ်းတစ်ဦး................၄၂
ဖွံ့ဖြိုးရေးတက္ကသိုလ်
ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက်.................. ဦးသော်ကောင်း၊.............. ၅၂
စိန်ရတုသဘင် ဦးဝင်းမွန်
သဘာဝဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ... ဒေါက်တာမောင်မောင်ညို.....၆၆
မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ........................ မောင်ဆုရှင် .................... ၇၈
ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း....... ဦးမင်းနိုင်...................... ၉၂
ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်....... မောင်နေမျိုး................ ၁၀၀
အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး......... ဆွေသန်းကို.................. ၁၁၄
ဆောင်ရွက်ချက်များ
စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ....... မောင်ငွေမြှေး................. ၁၂၄
ကမ္ဘာ့ညီလာခံ ( လူမှုဝန်ထမ်း )
တတ်မှန်ပညာ၏ နှစ် ၁၀၀ ခရီး....................... ဒေါက်တာကျော်မြင့်........ ၁၃၆
( တတ်မှန် )











# နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

## သမိုင်းကြောင်း

၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် တပ်မတော်၏ သက်တမ်း နှစ် (၅၀) ပြည့်သွားသောနေ့ပင် ဖြစ်သည်။ တပ်မတော်၏သက်တမ်းမှာ ထိုနေ့တွင် နှစ် (၅၀) တင်းတင်း ပြည့်ခဲ့လေပြီ။ နှစ် (၅၀) မျှသောကာလအတွင်း တပ်မတော်သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ကပြပြီး ထိုက်သင့်သောအတွေ့အကြုံ အမျိုးမျိုးကိုလည်း ရရှိခဲ့ပြီးပေပြီ။

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာ နိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်သို့ ကျရောက် ခဲ့ရကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားများသည် ရရာလက်နက်များကို စွဲကိုင်၍ နယ်ချဲ့တို့အားဆန့်ကျင် တော်လှန်တိုက်ခိုက်ခဲ့ကြသေးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ နယ်ချဲ့တို့သည်လည်း မြန်မာနိုင်ငံကို ကျွန်သက်ရှည်ကြာစေရန် ရည်ရွယ်၍ သွေးခွဲအုပ်ချုပ်ခြင်း အပါအဝင် နည်းစနစ်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြလေသည်။

မြန်မာတို့သည်သူ့ကျွန်ဘဝတွင်ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးကိုခံခဲ့ကြရသည်။ ၁၉၀၆ ခုနှစ်တွင် စစ်တွေမြို့မှ ဆရာတော်ဦးဥတ္တမသည် နယ်ချဲ့ဆန့်ကျင်ရေးတရားများ စတင်ဟောကြားခဲ့သော်လည်း မြန်မာတို့၏အမျိုးသားရေး လှုပ်ရှားမှုများမှာ ၁၉၂၀ ပြည့်နှစ်မှသာ စတင်ပေါ်ပေါက် လာခဲ့သည်။ မြန်မာတို့သည် နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းကာ မိမိတို့၏အမျိုးသားတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးတောင်းဆိုမှုကိုမူ ၁၉၂၃ ခုနှစ်မှ စတင်နိုင်ခဲ့သည်။


မြန်မာတို့သည် အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးယန္တရား အောက်တွင် လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲအမျိုး မျိုး ဆင်နွှဲသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပေါ်ပေါက်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံသည် အပြင်းထန်ဆုံးနိုင်ငံရေးတိုက်ပွဲကြီး ဖြစ်သော်လည်း လွတ်လပ်ရေးနှင့်မှု အလှမ်းဝေးမြဲဝေးခဲ့ ရသည်။

မြန်မာ့နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံရေး တိုက်ပွဲသက်သက်ဆင်နွှဲရုံနှင့် မည်သို့မျှလွတ်လပ်ရေး မရ နိုင်ကြောင်း စဉ်းစားမိလာကြသည်။ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနိုင်မှသာ နယ်ချဲ့တို့ကိုမောင်းထုတ် နိုင်မည်ဖြစ်ကြောင်းလည်း နားလည်လာကြသည်။သို့နှင့် တပ်မတော်တစ်ရပ် ဖွဲ့စည်းရန် လျှို့ဝှက်၍ စီမံစိုင်းပြင်း ကြတော့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်များနှင့်ဆက်သွယ်ကာ စစ်ပညာသင်ကြားရေးအတွက် တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ကျွန်းသို့ အသုတ်လိုက် လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။ ထို့နောက် ခက်ခဲပင်ပန်းစွာဖြင့် စစ်ပညာများကို လျှို့ဝှက်သင်ယူ ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းသို့ ဂျပန်နိုင်ငံပါဝင် လာပြီးနောက် ရဲဘော်သုံးကျိပ်သည်လည်း ဂျပန်တပ် နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အဖွဲ့လိုက်ခွဲ၍ ရောက်ရှိလာကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အတွင်း ဘီအိုင်အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဂျပန်များ၏အကူအညီဖြင့် ဖွဲ့စည်းထူထောင်သည်။ ဘီအိုင်အေသည် လူ (၂၀၀) ကျော်ဖြင့် စတင်ဖွဲ့ခဲ့ပြီး ဂျပန်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ကာ နယ်ချဲ့တပ်များအား တိုက်ထုတ်ခဲ့သည်။

ဘီအိုင်အေသည်ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် အင်အား ၂၃၀၀၀ မှ ၅၀၀၀၀ အထိ တိုးပွားလာခဲ့သည်။ ဂျပန်များသည်လည်း ဘီအိုင်အေ အင်အားကြီးထွားမှုကို မလိုလားသဖြင့် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်းပြီး ဘီဒီအေ (ခေါ်) ဗမာ့ ကာကွယ်ရေးတပ်မတော်ကို အင်အား (၃၀၀၀) ခန့်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ ဘီဒီအေသည် ဂျပန်တို့၏ လက်အောက်ခံ တပ်သဖွယ်သာဖြစ်သော်လည်း စနစ်တကျ ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများကြောင့် ပိုမို၍ ကျစ်လျစ် သိပ်သည်းလာသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ် ၅၀ ပြည့်ရွှေရတုတပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က မြန်မာပြည်အား အတုအယောင်လွတ်လပ်ရေးပေးကာ ဘီဒီအေကိုလည်း ဗမာ့တပ်မတော် (ဘားမားအာမီ) ဟု အမည်ပြောင်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် ပြည်သူလူထုနှင့် လက်တွဲကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ထိုအချိန်မှစ၍ တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေတို့ကဲ့သို့ ဂျပန်တို့၏လက်အောက်ခံ မဟုတ်တော့ပေ။ ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်လာပြီး နိုင်ငံနှင့် လူမျိုးကို ကိုယ်စားပြုသော အမျိုးသားအသွင် သဏ္ဌာန်များလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် တော်လှန်ရေးကာလတွင် တပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (ဘီအင်န်အေ) ဟု အမည်ပြောင်းခဲ့သည်။ ထိုနေ့ကိုလည်း တပ်မတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့တို့သည် တပ်မတော်ကို မြန်မာနိုင်ငံနှင့်နိုင်ငံသားများအား ကိုယ်စားပြုသည့် အမျိုးသားတပ်မတော်အဖြစ် အသိအမှတ်မပြုလိုကြပေ။ နယ်ချဲ့တို့က ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) ဟု အသိအမှတ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာပြောက်ကျားတပ်သာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ နယ်ချဲ့များသည် တိုင်းရင်းသားများ ပါဝင်သော ဘားမားအာမီကို အိန္ဒိယနိုင်ငံတွင် ကြိုတင်ဖွဲ့စည်းခဲ့ပြီး အမြဲတမ်းတပ်အဖြစ် သတ်မှတ်ထားခဲ့ကြသည်။

မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ကြသော နယ်ချဲ့တို့သည် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး ဘားမားအာမီဖြင့် အစားထိုးရန်ကြံစည်ခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကလက်မခံခဲ့ပေ။ သို့နှင့် နယ်ချဲ့တို့လည်းမျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးတစ်ဦးချင်းတစ်ယောက်ချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ ဘားမားအာမီတွင်လက်ခံ၍ အမှုထမ်းစေရန်အစီအစဉ်ကို လက်လျှော့လိုက်ကြရသည်။ သို့နှင့် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ချုပ်ဆိုသော ကန္ဒီစာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အခြားအဆင့် ၅၂၀၀၊ အရာရှိ ၂၀၀၊ အရန်အရာရှိ၂၀၀ ကိုအလုံးအရင်းမပျက် ဘားမား အာမီနှင့် ပူးပေါင်းခွင့်ပြုခဲ့ရသည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲ

ခဲ့ရသည်သာမကဘဲ နယ်ချဲ့ဆန့်ကျင်ရေးကဏ္ဍတွင်လည်း အမာခံအင်အားအဖြစ် ပြည်သူလူထုနှင့်လက်တွဲ၍ ရပ်တည်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ရသည်။ ၁၉၄၈–၄၉ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းမှု အဆိုးရွားဆုံး ကာလတွင်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ စတင် ပေါ်ပေါက်လာသော ပြည်ပကျူးကျော်မှု အန္တရာယ်ကို ကာကွယ်ရေးကဏ္ဍတွင်လည်းကောင်း၊ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင်လည်းကောင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်များကိုသာမကဘဲ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါ ပါဝင်ထမ်းဆောင် ခဲ့ရသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရာမှ ပေါ်ပေါက်လာသော ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကိုထိခိုက်မည့်အန္တရာယ်များ ကြုံတွေ့လာရသောကြောင့် တပ်မတော်သည်နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်း ခဲ့ရသည်။ ၁၉၈၈ခုနှစ်တွင်ကား နိုင်ငံတော်သည် မင်းမဲ့ စရိုက်နှင့် အကြမ်းဖက်မှုတို့ပြွမ်းတီးနေသော အရေးအခင်း ကြီးနှင့်ကြုံတွေ့ခဲ့ရပြန်သဖြင့် တပ်မတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနှင့် နိုင်ငံတော်၏ အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်လေသည်။

သက်တမ်းနှစ် (၅၀) ပြည့်သည့်အချိန်တွင် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အဖြစ် နိုင်ငံတော်၏ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နေစဉ်ဖြစ်သည်။ တပ်မတော်ကအမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၅) ဖွဲ့အထိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးချိန်ဖြစ်သည်။ ထို့ကြောင့်နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့သည် အောင်မြင်မှုများ သရဖူ ဆောင်းသည့် တပ်မတော်အတွက် ထူးခြားလေးနက်သော ဝိသေသများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်နေ လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

တပ်မတော်သည် နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်နေ့ကို အောင်မြင်စွာကျင်းပနိုင်ရန် အချိန်ယူ၍ ပြင်ဆင်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၂) စစ်ဦးစီးအရာရှိ ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဦးစီးသော နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ ကျင်းပရေးဦးစီး

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို နာယူလျက်ရှိသော တပ်မတော်စစ်ကြောင်းများ**





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်ကလည်း ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးစွပ်ကြိုဆိုလျက်

ကော်မတီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပထမအကြိမ်အစည်းအဝေးထိုင်ကာ တပ်မတော်နေ့အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စတင် စိုင်းပြင်းခဲ့သည်။ တပ်မတော်နေ့မကျရောက်မီ ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့သည်။

နှစ်(၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အဖွဲ့ငယ်များ အသီးသီးဖွဲ့စည်းကာ တာဝန်ရှိသူများက နှစ် (၅၀) ပြည့်ရွှေရတုတပ်မတော်နေ့အခမ်းအနားကြီးအတွက်ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က တာဝန်ယူဆောင်ရွက်သည်။ စာပေ၊ ကဗျာ၊ အနုပညာပြိုင်ပွဲများကျင်းပရေး၊ စစ်တီးဝိုင်းပြိုင်ပွဲများကျင်းပရေး၊ ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ရုပ်မြင်သံကြား ပဟေဠိပြိုင်ပွဲကျင်းပရေး၊ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများ ကျင်းပရေးစသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပင် ပြင်ဆင်ခဲ့ကြသည်။

## စစ်ရေးပြအခမ်းအနား

၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ရောက်ရှိလာသောအခါ ကြိုတင်အချိန်ယူ၍ လေ့ကျင့်ထားသော တပ်မတော်စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံသို့ စစ်ချီသီချင်းများဟစ်ကြွေးကာချီတက်လာကြသည်။ ပြည်သူလူထုကလည်း ဦးဝိစာရလမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြကြိုဆိုကာ ပန်းကုံးများစွပ်၍ဩဘာပေးကြသည်။ စစ်ကြောင်းကြီးများသည် တော်လှန်ရေးပန်းခြံအတွင်းနေရာယူပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စောင့်ဆိုင်းနေကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၇ နာရီခွဲတွင်ရောက်ရှိလာပြီး စစ်ကြောင်းကြီးများ၏ အလေးပြုခြင်းကိုခံယူသည်။ ထို့နောက် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ မိန့်ခွန်းကို ပြောကြားလေသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုသာမကဘဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ခေါင်းဆောင်ဖြစ်လေသည်။ ထို့ကြောင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မိန့်ခွန်းကို မြွက်ကြားခဲ့လေသည်။

## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့

ဗိုလ်ချုပ်မှူးကြီးသည် နိုင်ငံတော်၏ မျက်မှောက်ခေတ် သမိုင်းနှင့်ဒွန်တွဲလျက်ရှိသော တပ်မတော်၏ သမိုင်းကြောင်းကို ရှင်းပြပြီး တပ်မတော်သားတို့အတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဦးတည်ချက်များကို ရှင်းပြခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်–

### နိုင်ငံရေးကဏ္ဍ

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး၊

၂။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

၃။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊

၄။ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးကဏ္ဍ

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

၃။ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

၄။ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးကဏ္ဍ

၁။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

၂။ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

၄။ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးသည် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့လေသည်။ စစ်ကြောင်းကြီးများ



**ဗိုလ်ချုပ်ကြီးမောင်အေးက တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်သည့် အစီအစဉ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**





ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးကြသော ဧည့်သည်တော်များ



## နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့



**နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့ အထိမ်း အမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသားဇာတ်ရုံ**

တော်လှန်ရေးပန်းခြံမှ အသီးသီးထွက်ခွာသွား ကြပြီးနောက် လာရောက်ကြည့်ရှုသူ လူထုပရိသတ်ကြီးသည်လည်း လူစုခွဲသွားကြသည်။

### မြဝတီရုပ်မြင်သံကြားနှင့် ဆုပေးပွဲ

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးသည် တပ်မတော်အရာရှိကြီးများနှင့်အတူ မှော်ဘီသို့ ဆက်လက်ထွက်ခွာလာကြပြီး နံနက် ၁၁ နာရီအချိန်တွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်ကို စတင်ဖွင့်လှစ်ပေးလိုက်သည်။ ထိုနေ့မှစ၍ မြဝတီရုပ်မြင်သံကြား အစီအစဉ်သည် ပြည်သူလူထုအတွက် ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ပညာပေးရေး အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့် ပေးသွားလေသည်။

ထိုအချိန်မှာပင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည်လည်း စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ကြောင်းများ၊ စစ်တီးဝိုင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ နေ့လယ်တွင် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုရသူများကို အမျိုးသားကဇာတ်ရုံ၌ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပြန်သည်။


နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီးမှာ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်သည်။ ထိုအခမ်းအနားကြီးကျင်းပပုံအပြည့်အစုံအား ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ၍ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်သည်။ နှစ် (၅၀) ပြည့် ရွှေရတု တပ်မတော်မဂ္ဂဇင်းစာအုပ်ကြီးကိုလည်း အောင်မြင်စွာပင် ထုတ်ဝေနိုင်ခဲ့သည်။

### နိဂုံး

နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ အခမ်းအနားကြီး ပြီးဆုံးသွားသော်လည်း တပ်မတော်၏ တာဝန်များမှာ မပြီးဆုံးသေးပေ။ တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကချမှတ်ထားသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအား ပြည်သူလူထုနှင့် အတူအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတာဝန်တို့ကို ဆောင်ရွက်သွားမည်မှာ သေချာနေကြောင်း တင်ပြရပေသည်။

**တင်သန်းဦး**








# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

## သမိုင်းကြောင်း


"ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်" သည် ယခင်ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ ကို ၁၉၉၁ ခုနှစ်မှအစပြု၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ထားသည့် တက္ကသိုလ် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးနွယ် စုပေါင်း (၁၃၅)မျိုးခန့်မှီတင်း နေထိုင်လျက် ရှိသော ပြည်ထောင်စုတိုင်းပြည်တစ်ပြည်ဖြစ်သော်လည်း လွတ်လပ်ရေး ရရှိပြီး ၁၆ နှစ်တိုင် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးမှုအတွက် အလေးအနက် အစီအစဉ်များ မပြုလုပ်ခဲ့ကြပေ။ နိုင်ငံတော်ကိုတော်လှန်ရေးကောင်စီက တာဝန်ယူပြီး နောက်တစ်နှစ်အတွင်း ၁၉၆၃ ခုနှစ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်ကျင်းပသည့် (၁၆) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ၁၉၆၄ ခုနှစ်မန္တလေးမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် ပြည်ထောင်စုနေ့အ ခမ်းအနားများတွင် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးရေးနှင့်ညီညွတ်ရေးကို အစွမ်းကုန် ကြိုးပမ်း သွား ကြရန် မိန့်ကြားခဲ့ပြီ :" တိုင်းရင်းသား လူမျိုးများ၏အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ ၏ အမြင်နှင့်ခံယူချက်" ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမြင်နှင့် ခံယူချက်ကို အကောင်အထည်ဖော်သည့် အနေနှင့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့်တော်လှန်ရေးကောင်စီ၏ (၆၅) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလတွင် " ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ" ကိုဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသိပ္ပံကို ဦးစွာပထမ စစ်ကိုင်းမြို့ ကြေးဘုရားကြီး



ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အထူးမူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ် (၅) နှင့် (၆)မှ သင်တန်းသား သင်တန်းသူများက ဂါရဝပြုနေစဉ်

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်



**ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် မုခ်ဦး**

လမ်း ရှိ စစ်ကိုင်းတိုင်း ပညာဝန်နေအိမ် အဆောက်အအုံ၌ ဖွင့်လှစ် ခဲ့သည်။ ထို့နောက်စစ်ကိုင်းမြို့မှ (၂၃) မိုင်ခန့် ကွာဝေးပြီး ရေဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသော ရှေးအခါက ဓမ္မဝတီမြို့ဟု သမိုင်းတွင်သည့် ရွာသစ်ကြီး ကျေးရွာ အနီးတွင် နေရာရွေးချယ်ခဲ့သည်။ မြေဧက ၂၂၉.၁၃ ခန့် ကျယ်သည့် လက်ရှိနေရာတွင် အဆောက်အအုံသစ်များ ဆောက်လုပ်ပြီး " ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ "ကို ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းအမှတ်စဉ် (၁) ကို ၂၀-၁၀-၆၄ နေ့တွင် စတင် ဖွင့်လှစ်ပြီး နှစ်တို (တစ်နှစ်) သင်တန်းသားများသည် ၁၃-၁၁-၆၅ တွင် သင်တန်းဆင်းကြပြီး နှစ်ရှည် (နှစ်နှစ်ခွဲ) သင်တန်းသားများသည် ၃၁-၅-၆၇ တွင်သင်တန်း ဆင်းသည်။ သင်တန်း အမှတ်စဉ် (၂) ကို ၂-၁၁-၆၇ တွင် စတင်၍ သုံးနှစ် ကျော်မျှ သင်တန်းတက်ရောက်ပြီး ၁၉-၃-၇၁ တွင် သင်တန်း ဆင်းကြသည်။ သင်တန်းအမှတ်စဉ် (၃) မှအစပြု၍ပုံမှန် (၄) နှစ် သင်တန်းဖြစ်သွားကာနှစ်စဉ်ဇွန်လ (၁) ရက်နေ့တွင် ကျောင်းဖွင့်ပြီး ဧပြီ၊ မေလများမှာ နွေရာသီကျောင်းပိတ်ရက် အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ချိန်မှ ၁၉၇၅ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမှ တာဝန်ယူ ဦးဆောင်လမ်းညွှန်မှုပေးခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော် မတီဌာနချုပ်နှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများက ကြီးကြပ်လမ်းညွှန်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကြီးကြပ် ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်း ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် အနီးကပ် ကြီးကြပ်မှု ကော်မတီကို လမ်းစဉ်ပါတီ၊ ဒေသပါတီ ကော်မတီဥက္ကဋ္ဌ (စစ်ကိုင်း)အား ဥက္ကဋ္ဌအဖြစ် ထားရှိကာ ပြန်လည်ဖွဲ့စည်း ပေးခဲ့သည်။ နောင်အခါတွင် အနီးကပ်ကြီးကြပ်မှုကော် မတီကို ဗဟိုစီမံခန့်ခွဲရေးကော်မတီဟု အမည်ပြောင်း ခေါ်ခဲ့ပါသည်။ စီမံခန့်ခွဲရေးကိစ္စရပ်များကို ပညာရေးဝန် ကြီးဌာန၊အခြေခံပညာဦးစီးဌာနမှတာဝန်ယူ ဆောင်ရွက် သွားသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်လာပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၄

ရက်နေ့ တွင်ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး ၈/၈၈ ဆုံးဖြတ်ချက် (၆) (၈) အရ ၁၉၈၈ ခုနှစ်၊နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး ရေးသိပ္ပံ ကွပ်ကဲမှုတာဝန် ဝတ္တရားများကိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ လွှဲပြောင်း ပေးခဲ့ပါသည်။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၏ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် (၁၀)ဦးပါဝင်သောလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွံ့ဖြိုးရေး သိပ္ပံ၏ လေ့ကျင့်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ စနစ်တကျ အကောင်အထည် ဖော်နိုင်ရန်နှင့် လိုအပ်သောအကြံဉာဏ်များကူညီပံ့ပိုးမှုများ၊ လမ်းညွှန်မှုများ အလျင်အမြန်ရရှိနိုင်စေရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဥက္ကဋ္ဌ ပါဝင်သောပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ အနီးကပ် ကြီးကြပ်မှု အဖွဲ့ကို ဖွဲ့စည်း တာဝန် ပေးအပ် ခဲ့ပါသည်။

အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၈နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်၌ ထိုစဉ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေက နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းအပေါ်ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအားတက္ကသိုလ်အဆင့်သို့ တိုးမြှင့်၍ မူလတန်းပြအဆင့်၊ အလယ်တန်းပြအဆင့်နှင့် အထက်တန်းပြအဆင့် ဆရာ–ဆရာမများ လေ့ကျင့် သင်ကြားပေးရန် နှင့် ယင်းလုပ်ငန်းစဉ်ကို ၁၉၉၁–၉၂ ပညာ သင် နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည်။


၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂)ဦးဆောင်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာအဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ရုံး၊အစိုးရအဖွဲ့ရုံး၊ ပညာရေးဌာနအသီးသီးရှိရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာအရာရှိကြီးများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပ၍ (က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အက်ဥပဒေမူကြမ်း ရေးဆွဲရန်၊ (ခ)တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ် စီမံခန့်ခွဲရေး အဖွဲ့နှင့်ပညာရေးအဖွဲ့တို့ကို ညှိနှိုင်း ဆွေးနွေးချက်များအရ ပြင်ဆင်ဖွဲ့စည်းရန်၊ (ဂ)တက္ကသိုလ် ဖွဲ့စည်းပုံ မူကြမ်းအသစ်ရေးဆွဲရန်တို့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား တာဝန် ပေးခဲ့ပါသည်။

အထက်ပါ တာဝန်ပေးချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့်အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်း၍ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် အက်ဥပဒေ(မူကြမ်း)၊ ဖွဲ့စည်းပုံမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ မူကြမ်းများကို ဥပဒေနှင့် ညီညွတ်မှု ရှိ–မရှိ နိုင်ငံတော်ရှေ့နေချုပ်နှင့် ညှိနှိုင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက် ရရှိခဲ့ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဥပဒေအမှတ် ၉/၉၁ ဖြင့်"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေ "ကို ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဆက်လက်ပြီးအောက်ပါအဖွဲ့ဝင်များ ပါဝင်သော တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ကောင်စီကို ဖွဲ့စည်းပေးသည်။

**တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကောင်စီ**

| | | |
|---|---|---|
| ၁။ | တိုင်းမှူး<br>(အနောက်မြောက်တိုင်းစစ်ဌာနချုပ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သိန်း<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | ဒု–ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးဆွေ<br>(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်<br>လေ့ကျင့်ရေးအဖွဲ့) | အဖွဲ့ဝင် |



စာသင်ခန်းအတွင်း ဤသို့ စိတ်ဝင်တစား သင်ကြားရုံမျှမက

အနုပညာဘက်တွင်လည်း မလစ်ဟင်းရပေ



၄။ ဒုတိယ ဥက္ကဋ္ဌ ။
( စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ )

၅။ ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်
စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

၆။ ညွှန်ကြားရေးမှူး ။
ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ
ညွှန်ကြားရေးမှူးရုံး

၇။ ညွှန်ကြားရေးမှူးချုပ် ။
အဆင့်မြင့်ပညာဦးစီးဌာန

၈။ ညွှန်ကြားရေးမှူးချုပ် ။
အခြေခံပညာဦးစီးဌာန

၉။ ညွှန်ကြားရေးမှူးချုပ် ။
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး

၁၀။ ညွှန်ကြားရေးမှူးချုပ် ။
ဝန်ထမ်းရေးရာဦးစီးဌာန

၁၁။ ညွှန်ကြားရေးမှူးချုပ် ။
ကျန်းမာရေးလုပ်သားဦးစီးဌာန

၁၂။ ညွှန်ကြားရေးမှူးချုပ် ။
စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာ
ဦးစီးဌာန

၁၃။ ပါမောက္ခချုပ် ။
ရန်ကုန်တက္ကသိုလ်

၁၄။ ပါမောက္ခချုပ် ။
မန္တလေးတက္ကသိုလ်

၁၅။ ပါမောက္ခချုပ် ။
ပညာရေးတက္ကသိုလ် (ရန်ကုန်)

၁၆။ ပါမောက္ခချုပ် ။
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်

၁၇။ တိုင်းမှူးကရွေးချယ်ပေးသော ပညာရေး ။
နှင့် ဆက်နွယ်သည့်နိုင်ငံသားများ–
(အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ)

၁၈။ ဒု–ပါမောက္ခချုပ် အတွင်းရေးမှူး
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်

၁၉။ ဌာနမှူး (စီမံ) တွဲဖက်
ပြည်ထောင်စုတိုင်းရင်းသား အတွင်းရေးမှူး
လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ထိုအဖွဲ့ဝင်များအပြင် နောက်ထပ်ဆက်လက်၍ ပါမောက္ခချုပ်(အဝေးသင်တက္ကသိုလ်)ကို ဖြည့်စွက်ထည့်သွင်းပေးထားသည်။

## ရည်မှန်းချက်များ

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၏ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက်ပညာ ရှာမှီး ကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှု ရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်း ရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေးအဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ် ရှင်သန် ပွားများစေရန်။

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

### သင်တန်းများ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြ သင်တန်းများ ပို့ချသင်ကြားလျက် ရှိပါသည်။

(၁) မဟာပညာရေးဘွဲ့
(၂) မဟာဒဿန(ပညာရေး)ဘွဲ့
(၃) ပညာရေးဘွဲ့
(၄) အလယ်တန်းဆရာအတတ်သင်တစ်နှစ် သင်တန်း
(၅) မူလတန်းဆရာအတတ်သင်ပုံမှန်(၄)နှစ်သင်တန်း
(၆) အထူးမူလတန်းဆရာအတတ်သင် သင်တန်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့်အညီဘွဲ့၊ ဘွဲ့လွန်သင်တန်းများထားရှိသော်လည်း ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၏ ရည်မှန်းချက်(၇) ချက်နှင့် အညီ အောင်မြင်အောင် ဆောင်ရွက်ရာတွင် မူလတန်းဆရာ အတတ်သင်ပုံမှန် (၄) နှစ်သင်တန်းသည်အဓိက သင်တန်းဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို အစွန့်ရှည်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန် မှာ ပြည်ထောင်စု စိတ်ဓာတ်ထာဝစဉ် ရှင်သန် ထက်မြက်နေဖို့ လိုအပ်လှပါသည်။ ထိုကဲ့သို့ ကာကွယ်ထိန်းသိမ်းနိုင်ရန် အတွက်ပုံမှန်(၄) နှစ်သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် များ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးအရောင် အသွေးကင်းစင်သော ပညာရေးဝန်ထမ်းကောင်းများသာမက ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဖြစ်ကိုပါ လေ့ကျင့်ပြုစုပျိုးထောင်ပေးပါသည်။ ထိုသို့ ပြုစုပျိုးထောင် ပေး ရာတွင် အခြေခံပညာအထက်တန်း စာပေဘာသာရပ်များအပြင် ပညာရေးဘာသာရပ်များ၊ ဖွံ့ဖြိုးမှုဘာသာရပ်နှင့် အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးသည်။

ပုံမှန် (၄) နှစ်သင်တန်းဆင်းများ၏ အရည်အချင်းကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည် –

(၁) အခြေခံပညာအထက်တန်းအောင်မြင်ပြီးဟု သတ်မှတ်ခြင်း၊
(၂) မူလတန်းဆရာဖြစ် လက်မှတ်ရပြီးဟု သတ်မှတ်ခြင်း၊
(၃) ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်အဆင့် အောင်မြင်သည်ဟု သတ်မှတ်ခြင်း။

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ မူလတန်းဆရာအတတ်သင် ပုံမှန် (၄) နှစ်သင်တန်းကို ပြည်နယ်နှင့်တိုင်းများ၏ လိုအပ်ချက်အရ သင်တန်းသား၊ သင်တန်းသူအရေအတွက် သတ်မှတ်ထားရှိပြီး ရွေးချယ်ရေးအဖွဲ့ အဆင့် ၃ ဆင့်ဖြင့် ရွေးချယ်ပါသည်။ မြို့နယ် သင်တန်းသားရွေးချယ်ရေးကော်မတီ၊ ပြည်နယ်/တိုင်း သင်တန်းသားရွေးချယ်ရေးကော်မတီနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေး ကော်မတီတို့ဖြစ်ပါသည်။ သင်တန်းသားအရည်အချင်း မှာဒေသခံတိုင်းရင်းသားဖြစ်ပြီး အသက်(၁၄)နှစ်မှ(၂၀)နှစ် အတွင်းရှိ အ၄မတန်းအောင်မြင်သူများဖြစ်၍ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် ပုံမှန်(၄)နှစ် သင်တန်းသား၊ သင်တန်းသူများသည် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူရင်း အောက်ပါအဓိဋ္ဌာန်(၅)ချက်ကို နေ့စဉ်နံနက် ( ၅:၃၀ ) နာရီ အလံတင်ချိန်တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကြရပါသည် –

(၁) ကျွန်ုပ်တို့သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၂) ကျွန်ုပ်တို့သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၃) ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။
(၄) ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူ ပီပီ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိပါမည်။
(၅) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟုအဓိဋ္ဌာန်ပြုပါ၏။



အားကစားပြိုင်ပွဲများတွင် ဤသို့ ပါဝင်လှုပ်ရှားကြပြီး

အလယ်တန်းဆရာအတတ်သင်သင်တန်း၊ ပညာရေးဘွဲ့သင်တန်းတို့မှာ ယခင်ပုံမှန်(၄)နှစ်သင်တန်း အောင်မြင်ပြီးသည့် ဖွံ့ဖြိုးရေးသိပ္ပံနှင့် တက္ကသိုလ်ဆင်း မူလတန်း ဆရာ၊ ဆရာမများ အရည်အချင်း တိုးမြှင့်ရေးအတွက် ဖွင့်လှစ်ပေးသော သင်တန်းများ ဖြစ်ပါသည်။

မဟာဒဿန(ပညာရေး)ဘွဲ့သင်တန်းနှင့် မဟာပညာရေးဘွဲ့သင်တန်းတို့မှာ ဤတက္ကသိုလ်မှ နည်းပြအဆင့်ရှိ ဆရာ၊ ဆရာမများနှင့်အခြားသင့်တော်သူများ အရည်အချင်းမြှင့်တင်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများ ဖြစ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းတက်ရောက် သင်ကြားပြီးသော ပညာရေးဘွဲ့ ဆင်မြန်းမည့် သင်တန်းသား၊ သင်တန်းသူများသည် ဘွဲ့မယူမီ အောက်ပါကတိ သစ္စာကို ပြုကြရပါသည်–

**သစ္စာအဓိဋ္ဌာန်**

(၁) အကျွန်ုပ်သည် ပြည်ထောင်စု မပြိုကွဲရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

(၂) အကျွန်ုပ်သည် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၃) အကျွန်ုပ်သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါမည်။

(၄) အကျွန်ုပ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိအောင်မြဲမြဲစွာ ထိန်းသိမ်းလျက်ဆရာတို့၏ ဂုဏ်သိက္ခာကို အစွမ်းကုန်မြှင့်တင်ပါမည်။

(၅) အကျွန်ုပ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပါမည်။

(၆) အကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၇) ယခုကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား။



စုပေါင်းစိုက်ပျိုးခင်းတွင်လည်း တပျော်တပါး ပါဝင်လုပ်ဆောင်ကြသည်

## သင်တန်းအလိုက် ပို့ချသည့် ဘာသာရပ်များ

**ပုံမှန် ( ၄ ) နှစ် သင်တန်း**

(က) **ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်သင်တန်းများတွင် ပို့ချသည့်ဘာသာရပ်များ–**

( ၁ ) ပင်ရင်းမြန်မာစာ
( ၂ ) စိတ်ကြိုက်မြန်မာစာ
( ၃ ) ပထဝီဝင်
( ၄ ) သမိုင်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တ ပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်း မှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက

( ခ ) ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် အထက်ပါ ဘာသာရပ်များအပြင် တိုင်းရင်း ဘာသာကို ပို့ချပါသည်။

( ဂ ) ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် ရိုးရာဓလေ့ထုံးစံနှင့် ကျန်းမာရေးဘာသာရပ်များ ကိုလည်း ပို့ချပေးပါသည်။

(ဃ) စတုတ္ထနှစ်သင်တန်းတွင် အောက်ပါဘာသာရပ်များကို ပို့ချသည် –

( ၁ ) မြန်မာစာသင်ပြနည်း
( ၂ ) သင်္ချာသင်ပြနည်း
( ၃ ) ပထဝီဝင်သင်ကြားနည်း
( ၄ ) သမိုင်းသင်ပြနည်း
( ၅ ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ
( ၆ ) ကာယပညာ
( ၇ ) အခြေခံစစ်ရေးပြ
( ၈ ) စိုက်ပျိုး / မွေးမြူရေး
( ၉ ) ပန်းချီအနုပညာ
(၁၀) ဂီတအနုပညာ
(၁၁) စက်မှုလက်မှုပညာ
(၁၂) အိမ်တွင်းမှုသိပ္ပံ
(၁၃) ယဉ်ကျေးမှုအက
(၁၄) ပညာရေးစီမံခန့်ခွဲမှု
(၁၅) ပညာရေးသဘောတရား

**မှတ်ချက်။** စတုတ္ထနှစ်သင်တန်းတွင်သင်ပြရမည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် အချက်များသာမက သင်ပြနည်း၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသဘောတရား ဘာသာရပ်များကိုပါ သင်ကြားပို့ချပေးပါသည်။

**အထူးမူလတန်း ဆရာအတတ်သင် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) မြန်မာစာ
( ခ ) မြန်မာစာသင်ကြားနည်း
( ဂ ) သင်္ချာ
(ဃ) ပထဝီဝင်
( င ) သမိုင်း
( စ ) ပညာရေးသဘောတရား၊ ပညာရေးစီမံခန့်ခွဲမှု
(ဆ) ကာယပညာ
( ဇ ) စိုက်ပျိုးရေး
( ဈ ) ပန်းချီအနုပညာ
( ည) ဂီတအနုပညာ
( ဋ ) စက်မှုလက်မှု
( ဌ ) အိမ်တွင်းမှုသိပ္ပံ

**အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း တွင် ပို့ချသည့်ဘာသာရပ်များ –**

(က) မြန်မာစာ
( ခ ) သင်္ချာ
( ဂ ) ပထဝီဝင်
(ဃ) သမိုင်း
( င ) အထွေထွေသိပ္ပံသင်ပြနည်း
( စ ) ပညာရေးစီမံခန့်ခွဲမှု
(ဆ) ပညာရေးသဘောတရား

**ပညာရေးဘွဲ့သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များ–**

(က) ပညာရေးစိတ်ပညာ
( ခ ) ပညာရေးစီမံခန့်ခွဲမှု

(ဂ) ပညာရေးသဘောတရား
(ဃ) မြန်မာစာ
(င) မြန်မာစာသင်ပြနည်း
(စ) ပထဝီဝင်
(ဆ) ပထဝီဝင်သင်ပြနည်း
(ဇ) သမိုင်းနှင့် သမိုင်းသင်ပြနည်း
(ဈ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ

## ပညာသင်ကြားခဲ့သော တိုင်းရင်းသား လူမျိုးနွယ်စုများ

သင်ကြားခဲ့သော လူမျိုးနွယ်စုပေါင်း (၇၂)မျိုး ရှိခဲ့ပါသည်။ ထိုမျိုးနွယ်စုများမှာ ဂျိန်းဖော၊ လီဆူ/လီရှော၊ လော်ဂေါ်/မရူ၊ လာချစ်/လရှီ၊ ဇိုင်ဝါး/အဇီး၊ ရဝမ်၊ ကယား၊ ပရဲ/တယော၊ ပဒေါင်/တယန်း၊ ယင်းဘော်/ကငန်၊ ယင်းတလဲ၊ မနုမနော၊ ဂေခို၊ ဂေဘား၊ စကော ကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ဘန်းကရင်၊ ပကူးကရင်၊ ချင်း၊ တီးတိန်ချင်း၊ မတူချင်း၊ ခေါင်ဆိုင်/ကူကီး/ထဒို၊ ခမီးချင်း၊ အရှိုချင်း၊ ယင်ဒူး(ဒိုင်)၊ အူးပူးချင်း၊ မွင်းချင်း၊ ဇိုထုန်ချင်း၊ ချင်းပုံ၊ ဆီယင်၊ လူရှေ(ကလင်ကော့)၊ လောက်တူ၊ မကန်းချင်း၊ မွန်၊ ဗမာ၊ တောင်သား၊ ဂဒူး၊ ကဏန်း၊ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊ ရှမ်း၊ မောရှမ်း၊ ဂုံရှမ်း၊ ပလောင်၊ ရှမ်းတရုတ်၊ ခန္တီးရှမ်း၊ လီရှမ်း၊ လီရှော၊ လားဟူ၊ ကော်/အာခါ၊ ဝ/လွယ်လ၊ ပအိုဝ်း၊ ခနု၊ အင်းသား၊ တောင်ရိုး၊ ကိုးကန့်၊ နာဂ၊ ပါရာနာဂ၊ ဟိုင်းမြေနာဂ၊ ပင့်ကူးနာဂ၊ တန်ဂွန်နာဂ၊ ဆွမ်မရာနာဂ၊ ပုံညိုနာဂ၊ ဆာရာနာဂ၊ မကူရီနာဂ၊ နောက်အွန်နာဂ၊ မခွာလယ်နာဂ၊ ပသျှူး၊ ဆလုံ မျိုးနွယ်စုတို့ ဖြစ်ကြပါသည်။

## နိဂုံး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ဆောင်ပုဒ်မှာ "စည်းလုံးခြင်းသည်အင်အား" ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် –

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူပြု သင်ကြားလေ့ကျင့်ပေးနေသော နိုင်ငံတော်၏ တစ်ခုတည်းသော တိုင်းရင်းသားလူမျိုးများ တက္ကသိုလ်ဖြစ်သည်။

(၂) ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့် ပါတီ နိုင်ငံရေးကင်းစင်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်း ကောင်းများ မွေးထုတ်ပေးသည့် တက္ကသိုလ် လည်း ဖြစ်ပါသည်။

(၃) နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက် နိုင်မည့် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့်တက္ကသိုလ် လည်း ဖြစ်ပါသည်။


(၄) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတန်းပြ ဆရာအတတ်သင် သင်တန်း၊ အလယ်တန်းပြ ဆရာအတတ်သင် သင်တန်းနှင့် ပညာရေးဘွဲ့ သင်တန်းများကို တက္ကသိုလ်တစ်ခုတည်းမှ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့် မွေးထုတ် ပေးနေသည့် ပညာရေးတက္ကသိုလ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ချိန်မှ ၁၉၉၄–၉၅ ပညာသင်နှစ်အထိ မူလတန်းဆရာ အတတ်သင် ပုံမှန် (၄)နှစ်သင်တန်း ဆင်းပြီးသူ မူလတန်းပြဆရာ (၄,၅၆၉) ဦး ရှိပြီး ၄င်းတို့အနက်မှ အလယ်တန်းဆရာ အတတ်သင် သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူ (၂၀၀) ဦး ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လိုအပ်ချက်အရ အထူးမူလတန်းဆရာ အတတ်သင် သင်တန်းမှ သင်တန်းဆင်းပြီးသူ (၃၀၁) ဦး ရှိပါသည်။ ပညာရေးဘွဲ့ရပြီးသူ (၁၁၆) ဦးရှိပါသည်။ တက္ကသိုလ်ဆရာ၊ ဆရာမများထဲမှ (၆) ဦးကို ဤတက္ကသိုလ်မှ မဟာဒဿန (ပညာရေး) ဘွဲ့ အပ်နှင်းပြီးဖြစ်သည်။

**ဝန်ထမ်းတစ်ဦး**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**




1920









# ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်

၁၉၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်၍ စိန်ရတုသဘင် အခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ အမှုထမ်းအရာထမ်းများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများပါ ဂုဏ်ယူဝမ်းမြောက်လျက် ရှိနေကြသည်။

ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ၁၉၉၅ ခုနှစ် ၊ မတ်လ ၂၉ ရက်နေ့တွင် အဆင့်မြင့် ပညာဦးစီးဌာန၊ တက္ကသိုလ်များဗဟိုကောင်စီခန်းမ၌ ပြုလုပ် ကျင်းပပါသည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဤသို့မိန့်ခွန်းပြောကြားရာတွင် "ရန်ကုန်တက္ကသိုလ်မှာ အိမ်နီးချင်းနိုင်ငံများ၏ တက္ကသိုလ်များထက် ခေတ်ရှေ့ပြေးပြီး သမိုင်းကြောင်းအရ ပေါ်ထွန်းလာသော တက္ကသိုလ်ကြီး ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် (၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များနှင့် ဆီလျော်ကိုက်ညီပြီး ထည်ဝါခမ်းနားစွာ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုကြောင်း" စသည်ဖြင့် မိန့်ကြားပြီး ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင်အတွက် ချမှတ်ထားသော ဦးတည်ချက်များ ၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများကို အတည်ပြုပေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက် စိန်ရတုသဘင်၏ ဦးတည်ချက်များ

(၁) တက္ကသိုလ်၏ဂုဏ်သိက္ခာ ဆက်လက်မြင့်တင်ထိန်းသိမ်းရေး၊

(၂) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ထိန်းသိမ်းဖော်ညွန်းသည့် ပညာရေးစနစ်တိုးတက် ဖော်ဆောင်ရေး၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပညာရေးစနစ် ဖော်ဆောင်ဖြစ်ထွန်းရေး၊

(၄) နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ဆက်လက်ဖော်ဆောင် မြှင့်တင်ရေး၊

(၅) ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် ထက်မြက်ထူးချွန်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေး၊

## လုပ်ငန်းကော်မတီများ

ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃)ခုရှိပြီး လုပ်ငန်းကော်မတီများက ဆပ်ကော်မတီ(၃၆)ခုကို ထပ်မံဖွဲ့စည်းပါသည်။ ဖွဲ့စည်းလိုက်သော လုပ်ငန်းကော်မတီ (၁၃) ခုမှာ –

၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီ၊

၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ၊

၃။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊

၅။ ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၆။ ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊

၇။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊

၈။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊




ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ဥပဒေကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ မိတ်ဆုံညစာ စားပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားတွင် အတွင်းရေးမှူး( ၁ ) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ခွန်းပြောကြားစဉ်

၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ၊

၁၀။ အားကစားပြိုင်ပွဲများကျင်းပရေး လုပ်ငန်းကော်မတီ၊

၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ၊

၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ၊

၁၃။ ကျန်းမာရေးလုပ်ငန်းကော်မတီတို့ ဖြစ်ကြပါသည်။

## ၁။ ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ် စာစောင်များ ပြုစုထုတ်ဝေရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ တက္ကသိုလ်များ သမိုင်းသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်နီနီမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဦးသော်ကောင်း ဖြစ်သည်။

ဤလုပ်ငန်း ကော်မတီက ဆပ်ကော်မတီ (၅) ခုကို ဖွဲ့စည်းပါသည်။ ထိုဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် သမိုင်းပြုစုရေးအဖွဲ့၊

၂။ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် စာစောင် ပြုစုထုတ်ဝေရေးအဖွဲ့၊

၃။ စာမူစိစစ် တည်းဖြတ်ရေးအဖွဲ့၊

၄။ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့၊

၅။ အထောက်အထား စုဆောင်းရေးအဖွဲ့

တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များ ပြုစုထုတ်ဝေရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများသည် မိမိတို့လုပ်ငန်းတာဝန်များကို ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ တက်ကြွစွာဆောင်ရွက်ခဲ့ရာ၊ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စာအုပ်များရေးသားပြုစု ပုံနှိပ် ပြီးစီးပြီး၊ စိန်ရတုသဘင်အခမ်းအနားတွင်–

၁။ ရန်ကုန်တက္ကသိုလ်သမိုင်း ၊ (၁၉၂၀–၁၉၉၅)၊

၂။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ် စာစောင်၊ အပိုင်း(၁)၊

၃။ တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)

တို့ကို ထုတ်ဝေရောင်းချနိုင်ခဲ့ပါသည်။ "ရန်ကုန်တက္ကသိုလ် သမိုင်း (၁၉၂၀– ၁၉၉၅) စာအုပ်"တွင် အခန်းပေါင်း (၈)

ခန်း ပါဝင်ပြီး၊ အမိရန်ကုန်တက္ကသိုလ်၏ သင်ကြားရေး၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၏ အမျိုးသား လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှု၊ တက္ကသိုလ်အသင်း အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှု၊ တက္ကသိုလ်ပညာရေး စနစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်ခဲ့ပုံတို့ကို တက္ကသိုလ် စတင်ပေါ်ပေါက်ခဲ့ချိန်မှ စိန်ရတုသဘင် ကျင်းပသည့် ၁၉၉၅ခုနှစ် ၊ဒီဇင်ဘာလအထိ ရေးသားပြုစုတင်ပြထားသည်။

"ရန်ကုန်တက္ကသိုလ် စိန်ရတု အထိမ်းအမှတ်စာစောင်၊ အပိုင်း (၁)" မှာ ရန်ကုန်တက္ကသိုလ်ဆရာကြီး ဆရာမကြီး များ၊ ကဗျာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ ရေးသားဖွဲ့ဆိုထားကြသောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပေါင်း (၆၃) ပုဒ် ပါဝင်သည်။ မြန်မာ စာမူမှာ (၅၇) ပုဒ်ဖြစ်ပြီး အင်္ဂလိပ်စာမူမှာ (၆) ပုဒ်ဖြစ်သည်။ စာမူများမှာ တက္ကသိုလ်ပညာရေး၊ တက္ကသိုလ်ဘဝ၊ တက္ကသိုလ်ဝန်းကျင်၌ တွေ့မြင်ခံစားရသော လွမ်းဆွတ် တသဖွယ်၊ လေးစားဂုဏ်ယူမှတ်သားဖွယ် အဖြစ်အပျက် အကြောင်းအရာများကို ရေးဖွဲ့ထားသော သုတရသစာများ ဖြစ်ကြသည်။

"တက္ကသိုလ်များသမိုင်း သုတေသနစာစောင် အမှတ် (၁)" မှာ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ကို ကြိုဆိုဂုဏ်ပြု သည့် အထိမ်းအမှတ်စာစောင်အဖြစ် တက္ကသိုလ်များ သမိုင်း သုတေသနဌာနက ထုတ်ဝေခြင်းဖြစ်သည်။

## ၂။ တက္ကသိုလ်ပညာရေးဆိုင်ရာ တိုးတက်မှုနှင့် စပ်လျဉ်း၍ ဘာသာရပ်အလိုက် စာတမ်းများ ပြုစုထုတ်ဝေရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းမောင်ဖြစ်ပြီး အတွင်းရေးမှူး မှာ ရန်ကုန်တက္ကသိုလ် (သင်တန်းရေးရာ) ဌာနမှူး ဦးမင်းဦးဖြစ်သည်။


ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံ ဖွဲ့စည်းပြီး၊ ၁၉၉၅ ခုနှစ်၊ ဧပြီလမှစတင်၍ လှုပ်ရှား ဆောင်ရွက်ပါသည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများ မှာ –

၁။ သိပ္ပံ ၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

၂။ နည်းပညာဘာသာရပ်ဆိုင်ရာစာတမ်းများ ပြုစု ရေး ဆပ်ကော်မတီ၊

၃။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးဆိုင်ရာပညာပေး စာတမ်းများ ပြုစုရေး ဆပ်ကော်မတီ၊

**ဥပဒေမိတ်ဆုံစားပွဲသို့ လာရောက်သော အတွင်းရေးမှူး( ၁ )အား ပါမောက္ခနှင့် ဆရာ ဆရာမများက ကြိုဆိုနေကြစဉ်**





သီရိဆောင် မယ်သစ်လွင်ကြီဆိုပွဲတွင် သီရိအလှဘုရင်မရသူအား ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆုများချီးမြှင့်ခဲ့

၄။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ ပညာပေး စာတမ်းများ ပြုစုရေးဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ်ဌာန (၁၉) ခုက ဘာသာရပ်တိုးတက်မှုစာတမ်း (၁၉) စောင်ကို ရေးသားပြုစုပြီး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက တိုးတက်မှုမှတ်တမ်း (၁၉) စောင်ကို ရေးသားပြုစုကြသည်။

"ရန်ကုန်တက္ကသိုလ် ဘာသာရပ်တိုးတက်မှု စာတမ်း" နှင့် "တက္ကသိုလ် ကောလိပ်တိုးတက်မှုမှတ်တမ်း" နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ သည်။

## ၃။ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန် ပညာရေး တက္ကသိုလ်ပါမောက္ခချုပ် ဦးဟန်တင်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေး စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာ သိန်းလွင် ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဖွန်လမှစ၍ စာတမ်းများ ဖတ်ကြားခြင်းနှင့် ဟောပြောပွဲများကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ –

၁။ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင် ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲနှင့်ဟောပြောပွဲ ကျင်းပရေး လုပ်ငန်း ဆပ်ကော်မတီ၊

၂။ သုတေသနစာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲအစီအစဉ်များနှင့်သုတေသနစာတမ်းများ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ညှိနှိုင်းရေးဆပ်ကော်မတီ၊

၃။ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ရေး လုပ်ငန်းဆပ်ကော်မတီ၊

၄။ သတင်းထုတ်ပြန်ရေးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြော ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ဆောင်ချက် မှတ်တမ်းများထုတ်လွှင့်ရေးလုပ်ငန်း ဆပ်ကော်မတီ၊

၅။ မှတ်တမ်း အထောက်အထားများ ရှာဖွေစုဆောင်းပြုစုရေး လုပ်ငန်းဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ (၃) ရက်၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ (၃) ရက် ပေါင်း (၆) ရက်တိတိ သုတေသန စာတမ်းဖတ်ပွဲ များကို ပြုလုပ်ကျင်းပခဲ့သည်။

အထူးပုဂ္ဂိုလ်ကြီးများ၏ ဟောပြောပွဲများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းဆောင် အထူးအစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသောပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့ လာရောက်၍ ဟောပြောကြပါသည်။ ထိုပုဂ္ဂိုလ်ကြီး (၂၁) ဦးတို့၏ ဟောပြောပွဲ၌ သဘာပတိများအဖြစ် ပါမောက္ခချုပ်များက ဆောင်ရွက်ပေးကြသည်။

## ၄။ သက်ကြီးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာန ပါမောက္ခဒေါက်တာသိန်းလှိုင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ ၅ ခုကို ဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လုပ်ငန်းတာဝန် များကို စတင်ဆောင်ရွက်ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားတွင် ပူဇော်မည့်သက်ကြီးပုဂ္ဂိုလ်များကို စာရင်းပြုစုကြသည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အသက် ၇၅ နှစ်ပြည့်ပြီးသူများကို ဆက်သွယ်၍ စာရင်းပြုစုရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## ၅။ ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်စက်မှုတက္ကသိုလ်ဌာနမှူး (စီမံ) ဦးစိန်ငွေး ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပါသည်။ ထို ဆပ်ကော်မတီများမှာ –

၁။ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆပ်ကော်မတီ၊

၂။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲ ဆပ်ကော်မတီ၊

၃။ ဗဟိုပြပွဲ ဆပ်ကော်မတီ

တို့ ဖြစ်ကြသည်။

စာပေပြိုင်ပွဲ ဆပ်ကော်မတီသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နှင့် ၁၆ ရက်နေ့များတွင် ကဗျာတို၊ ကဗျာရှည် စာစီစာကုံးနှင့် ဝတ္ထုတိုပြိုင်ပွဲကို တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် စာမေးပွဲစည်းကမ်းနှင့်အညီ ကြီးကြပ်ပြီး တစ်ပြိုင်တည်းကျင်းပခဲ့သည်။ ယှဉ်ပြိုင်သူ ဦးရေမှာ ကဗျာတို ၅၂၅ ဦး၊ ကဗျာရှည် ၂၁၃ ဦး၊ စာစီစာကုံး ၆၁၇ ဦး၊ ဝတ္ထုတို ၄၀၈ ဦး ဖြစ်ရာ ပြိုင်ပွဲဝင် ဦးရေ ၁၇၆၃ ဦး ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အဆင့်ဆင့် စိစစ်ရွေးချယ်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု နှင့် နှစ်သိမ့်ဆု ၂ ဆုကို ပြိုင်ပွဲ ၄ မျိုးအတွက် ဆု (၂၀) ရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဆုရစာမူရှင်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စာပေနှင့်တေးသီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ပြုလုပ် ကျင်းပသည်။

ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ပြပွဲဆပ်ကော်မတီတွင် ခေတ် (၄) ခေတ် ပိုင်းခြား၍ ပြကွက်ပေါင်း (၁၆) ခုဖြင့် တင်ဆက်ရန် စီမံဆောင်ရွက်သည်။ ခေတ် (၄) ခေတ်မှာ–

၁။ ၁၉၂၀–၄၅ စစ်ကြိုခေတ်၊

၂။ ၁၉၄၆–၆၄ စစ်ပြီးခေတ်၊

၃။ ၁၉၆၄– ၈၈ စနစ်သစ်ပညာရေးခေတ်၊

၄။ ၁၉၈၈– ၉၅ မျက်မှောက်ခေတ်

တို့ ဖြစ်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသားကျောင်းသူပေါင်း (၆၄) ဦး ပါဝင်ကြသည်။ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၇၊ ၁၀၊ ၁၂၊ ၁၃ ရက်များတွင် ရန်ကုန်အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ မိဘပြည်သူများ တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ဗဟိုပြပွဲ ဆပ်ကော်မတီသည် ဗဟိုပြခန်းနှင့် တက္ကသိုလ် ပြခန်းများကို ခေတ် (၄) ခေတ် ပိုင်းခြား၍ ပြကွက်များကို ခင်းကျင်းပြသခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတို့က စိတ်ဝင်စားစရာ၊ လေ့လာမှတ်သားစရာ အကြောင်းအရာ အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ဝန်ကြီးဌာန ပြခန်းများအပြင် ပုဂ္ဂလိကနှင့် အစိုးရဌာနအရောင်းဆိုင်များ၊ တက္ကသိုလ်အလိုက် ပျော်ပွဲရွှင်ပွဲဈေးဆိုင်များကို ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော် ကာလဖြစ်သည့် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇)ရက်နေ့အထိ နံနက် (၉:၀၀) နာရီမှ ည (၁၀:၀၀) နာရီအထိ ခင်းကျင်းပြသ ခဲ့သည်။

## ၆။ ပျော်ပွဲရွှင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကောင်းညွန့်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဒဂုံ



တောင်ငူဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များတွေ့ဆုံပွဲတွင် အမှတ်တရသစ်ပင်စိုက်ပျိုးပွဲလည်း တစ်ခုအပါအဝင်

တက္ကသိုလ်၊ ဒဿနိကဗေဒဌာန ကထိက ဦးခင်မောင်ချို ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၄) ခုကို ထပ်မံဖွဲ့စည်းသည်။ ထို ဆပ်ကော်မတီများမှာ–

၁။ ရုပ်ရှင်ပြသရေးဆပ်ကော်မတီ၊

၂။ ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၃။ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ၊

၄။ ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

ရုပ်ရှင်ပြသရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတုအထိမ်းအမှတ် "ရုပ်ရှင်ရက်သတ္တပတ်" ပြသရေးအတွက် ဆောင်ရွက်ခဲ့သည်။

ရုပ်ရှင်ပြသရေး အစီအစဉ်ကို အထောက်အကူပြုဖြစ်စေရန် ပျော်ပွဲရွှင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကောင်းညွန့်အား မြန်မာ့ ရုပ်မြင်သံကြားနှင့် "တွေ့ဆုံမေးမြန်းခန်း" ကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် "ရုပ်ရှင်ရက်သတ္တပတ်ပြပွဲ" ကို နိုဝင်ဘာလ (၁၀) ရက်နေ့မှ (၁၆) ရက်နေ့အထိ နဝဒေးရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ ပြသခဲ့သောကားများမှာ –

၁။ ဒါရိုက်တာ ဦးသုခ၏ "ဘယ်သူပြိုင်လို့ လုပ်ပါတော့နိုင်"၊

၂။ ဒါရိုက်တာ မောင်ဝဏ္ဏ၏ "ပန်းတွေနဲ့ဝေ"၊

၃။ ဒါရိုက်တာ ကြီးမြင့်၏ "ပန်းပန်လျက်ပါ"၊

၄။ ဒါရိုက်တာ မောင်နှင်းမိုး၏ "မယ်သီတာလိုမိန်းကလေး"၊

၅။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "မျက်ဝန်းထဲမှာ မိုးရွာပြီညို"၊

၆။ ဒါရိုက်တာ မီးပွား၏ "မြစ်တို့၏မာယာ"၊

၇။ ဒါရိုက်တာ စင်ရော်မောင်မောင်၏ "နှလုံးသားရာဇဝင်မှာ စာတင်တဲ့အလွမ်း"

တို့ဖြစ်ကြသည်။

ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ပွဲတော်ရက်၌ ဈေးပွဲတော်ပြုလုပ်ပေးရေးအတွက် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိုက်နှစ်သက်မည့် အထိမ်းအမှတ်ပစ္စည်းများ၊ အထွေထွေပစ္စည်းနှင့် အဝတ်အထည်များ၊ အစားအသောက်များ ရောင်းချခြင်း၊ ပျော်ရွှင်ကစားပွဲများဖွင့်လှစ်ခြင်း၊ ကံစမ်းမဲများဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်ရန်ဆိုင်ခန်းများ ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၇) ရက်နေ့အထိ နံနက် (၁၀) နာရီမှ ည (၁၀) နာရီအထိ ဖွင့်လှစ်ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်တွင် ကျောင်းသူကျောင်းသားများနှင့် အများပြည်သူတို့ ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုအားပေးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီသည် ပြိုင်ပွဲဝင်တေးသီချင်းခွေများကို အကြိမ်ကြိမ်စိစစ်ပြီး ဆုများရွေးချယ် ချီးမြှင့်ခဲ့သည်။

ပဒေသာကပွဲ ကျင်းပရေးဆပ်ကော်မတီသည် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီက တည်ဆောက်ပေးသော ဇာတ်စင်ပေါ်တွင် အခမ်းအနားပြင်ဆင်ရေး၊ လျှပ်စစ်အလင်းနှင့် အသံချဲ့စက် ပစ္စည်းကိရိယာများ တပ်ဆင်ရေး လုပ်ငန်းအစီအစဉ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သည်။ ထို့ပြင် တက္ကသိုလ်ကောလိပ် အနုပညာအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီ (တက္ကသိုလ်များ ရန်ကုန်) တို့ကို ပဒေသာကပွဲ တွင် ပါဝင်တင်ဆက်ရေးအတွက် စည်းရုံးဆောင်ရွက် ခဲ့သည်။

ပဒေသာကပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲကို ရန်ကုန်တက္ကသိုလ် ( ကြည်မြင်တိုင်နယ်မြေ ) စကားဖြူခန်းမ၌ ၁၉၉၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်နှင့် (၂၉) ရက်တို့တွင် ပြုလုပ်ကျင်းပပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ပဒေသာကပွဲကြီး၌ ကပြတင်ဆက်ခဲ့သည်။

### ၇။ ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြတ်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညွှန့်ညွှန့်ဝင်း ဖြစ်သည်။

**ရန်ကုန်တက္ကသိုလ်စိန်ရတုအကြို အနုပညာအသင်း၏ လှုပ်ရှားမှုတစ်ခုဖြစ်သော ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြကွက်**





နေကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ မိတ်ဆုံညစာစားပွဲတစ်ခု

ထိုလုပ်ငန်းကော်မတီက ဆပ်ကော်မတီသုံးခုကို ထပ်မံဖွဲ့စည်းပြီး ဘဏ္ဍာငွေရှာဖွေရေးကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီသုံးခုမှာ–

၁။ အလှူငွေကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီ၊
၂။ အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး လုပ်ငန်း ဆပ်ကော်မတီ၊
၃။ စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်ဝေရေး လုပ်ငန်း ဆပ်ကော်မတီ

တို့ဖြစ်ကြသည်။

အလှူကောက်ခံရေးလုပ်ငန်း ဆပ်ကော်မတီက အလှူငွေများ ကောက်ခံရှာဖွေပေးကြသည်။

အထိမ်းအမှတ်ပစ္စည်းများ ထုတ်ဝေရောင်းချရေး ဆပ်ကော်မတီကလည်း ရန်ကုန်တက္ကသိုလ်စိန်ရတုပြက္ခဒိန်၊ ဈေးဝယ်အိတ်၊ ရင်ထိုး၊ သော့ချိတ်၊ ကားချပ်ပိုစတာ၊ လွယ်အိတ်၊ ဦးထုပ်၊ သစ်ထွင်းပန်းချီ၊ ယွန်းထည် စသော အထိမ်းအမှတ်ပစ္စည်း (၂၃) မျိုးကို ထုတ်ဝေရောင်းချပြီး ဘဏ္ဍာငွေများ ရှာဖွေပေးခဲ့သည်။

စင်တင်တေးဂီတနှင့် ဇာတ်လမ်းထုတ်လုပ်ရေး ဆပ်ကော်မတီကလည်း ကျရာလုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြသည်။

## ၈။ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီဥက္ကဋ္ဌမှာ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဦးမင်းသန်းသောင်း ဖြစ်ပြီး အတွင်းရေးမှူးမှာ အဝေးသင်တက္ကသိုလ် ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးသိန်းဌေး ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၃) ခုကို ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်သည်။ ထပ်မံဖွဲ့စည်းသော ဆပ်ကော်မတီများမှာ–

၁။ ဘဏ္ဍာရေး ဆပ်ကော်မတီ၊
၂။ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၊
၃။ ကြိုဆိုဧည့်ခံရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ တာဝန်ပေးချက်အရ စိန်ရတုအထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်တက္ကသိုလ်စိန်ရတု အထိမ်းအမှတ် ၅၀ ပြားနှင့် နှစ်ကျပ်တန်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး၊ စာပို့တံဆိပ်ခေါင်းပါ အထိမ်းအမှတ် စာအိတ်တစ်မျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်ဝေ ရောင်းချခဲ့သည်။

## ၉။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရုံး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးတင်ဖြစ်ပါသည်။ အတွင်းရေးမှူး (၁) မှာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒု ရဲမှူးကြီး စိန်ထွန်းအောင်ဖြစ်ပြီး အတွင်းရေးမှူး (၂) မှာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးကိုလေး ဖြစ်ပါသည်။ ဤလုပ်ငန်းကော်မတီသည် လုံခြုံရေးနှင့်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်များကို ရေးဆွဲဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲတော်ရက် အတွင်း လုံခြုံရေးဇုန်များ သတ်မှတ်ကာ ဆရာဆရာမ များနှင့် တက္ကသိုလ်အမှုထမ်းများကို တာဝန်ချပေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနား ကြီးမှာ အနှောင့်အယှက်ကင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ၁၀။အားကစားပြိုင်ပွဲများ ကျင်းပရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်သိန်းဖြစ်ပြီး အတွင်းရေးမှူးမှာ အဆင့်မြင့်ပညာဦးစီးဌာန အားကစား အရာရှိ ဦးမောင်မောင်ဖြစ်သည်။

ဤလုပ်ငန်းကော်မတီက ဆပ်ကော်မတီ (၁၂) ခုကို ထပ်မံဖွဲ့စည်းပြီး ဂျူဒို၊ စစ်တုရင်၊ ရေကူး၊ ဂေါက်သီး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ လေှလှော် ပြိုင်ပွဲများကို ၁၉၉၅ ခုနှစ် ၊ ဇူလိုင်လမှ စတင်၍ ပြုလုပ် ကျင်းပပေးခဲ့သည်။

ထို့ပြင် ကာယဗလနှင့် အလှမယ်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်ကျင်းပရာ တက္ကသိုလ် ဒီဂရီ ကောလိပ်၊ ကောလိပ်များမှ လက်ရွေးစင်မောင် (၃၉) ဦးနှင့် လက်ရွေးစင်မယ် (၃၉) ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မောင် တက္ကသိုလ် ( ၉ ) ဦးနှင့် မယ်တက္ကသိုလ် (၁၀) ဦးကို ရွေးချယ်ခဲ့သည်။

## ၁၁။ အခမ်းအနားပြင်ဆင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးကြင်စိုးဖြစ်ပြီး အတွင်းရေးမှူးမှာ ရန်ကုန်တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင် နီယာမှူးကြီး ဦးသန်းငွေ ဖြစ်သည်။ ဤလုပ်ငန်း ကော်မတီ သည် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်အတွက် ပြခန်းများ၊ အရောင်းဆိုင်ခန်းများ၊ ဇာတ်စင်မုခ်ဦးများတို့ကို ပုံစံငယ်များ ဆောက်လုပ်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးဂိတ် (၂) ခု၊ ဆက်သွယ်ရေးနှင့် ကြက်ခြေနီစခန်း စသည်တို့ကို လည်း ဆောက်လုပ်ပေးခဲ့သည်။

## ၁၂။ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်ဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကိုကိုထွေးဖြစ်သည်။ ဤလုပ်ငန်းကော်မတီသည် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဝတ္ထု ကဗျာများကို စာနယ်ဇင်းများတွင် ထည့်သွင်းပေးခြင်း၊ မြန်မာ့ရုပ်မြင် သံကြားမှ ဆွေးနွေးခန်းများ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မော်ကွန်းမှတ်တမ်းများ၊ တေးသီချင်းများကို ထုတ်လွှင့်ပေး ခြင်းဖြင့် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား စည်ကားသိုက်မြိုက် အောင်မြင်အောင် ဆောင်ရွက်ပံ့ပိုး ပေးခဲ့သည်။

## ၁၃။ကျန်းမာရေး လုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှာ ကျန်းမာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမြင့်ဖြစ်ပြီး အတွင်း ရေးမှူးမှာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးထွန်း ဖြစ်သည်။ ဤလုပ်ငန်းကော်မတီက ကျန်းမာရေးစောင့်ရှောက်မှု၊ ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး၊ ရေနှင့် အစားအစာ သန့်ရှင်းမှု စစ်ဆေးရေးအတွက် ဆပ်ကော်မတီများဖွဲ့ကာ ဆောင်ရွက်ခဲ့သည်။

## ၁၄။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနား အထောက်အကူပြု စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကော်မတီ

ဤလုပ်ငန်းကော်မတီမှာ ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အသစ်ထပ်မံဖွဲ့စည်းသော လုပ်ငန်း ကော်မတီဖြစ်သည်။ ဥက္ကဋ္ဌမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အတွင်းရေးမှူး ဦးကျော်ဝင်းဖြစ်ပြီး အတွင်းရေးမှူးမှာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ ဖြစ်သည်။

ထိုလုပ်ငန်းကော်မတီသည် ဆပ်ကော်မတီ (၃) ခုကို ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ထိုဆပ်ကော်မတီများမှာ–

၁။ ပန်းဥယျာဉ်တည်ဆောက်ရေး ဆပ်ကော်မတီ၊

၂။ ပန်းဥယျာဉ်စိုက်ပျိုးရေး ဆပ်ကော်မတီ၊

၃။ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ

တို့ ဖြစ်ကြပါသည်။ ထိုဆပ်ကော်မတီများသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါသည်။ မြေပြုပြင်ခြင်း၊ မြက်ခင်းများဖြည့်စွက်စိုက်ပျိုးခြင်း၊ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ရေမြောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကို ခမ်းနားထည်ဝါသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များကို ချမှတ်ပြီး ဆောင်ရွက်အားထုတ်နေချိန်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို ကြိုဆိုသောအားဖြင့် လက်ရှိကျောင်းသားဆောင်များဖြစ်သည့် အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ သထုံ၊ ရွှေဘို၊ ဒဂုံဆောင်များ၊ လက်ရှိကျောင်းသူဆောင်များဖြစ်သည့် အင်းလျား၊ ရတနာ၊ မာလာ၊ သီရိဆောင်များတွင် နေထိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများတို့၏ တွေ့ဆုံပွဲများ၊ ယခုစာသင်ဆောင် များ၊ ဌာနများဖြစ်ပြီး ယခင်ကကျောင်းသားဆောင်များ ဖြစ်ခဲ့သည့် မန္တလေး၊ တောင်ငူ၊ အမရ၊ ရာမညဆောင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများတို့၏ တွေ့ဆုံပွဲများကို ၁၉၉၅ ခုနှစ်၊ ဇွန်လမှစတင်၍ ပြုလုပ်ခဲ့သည်။

ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ တွေ့ဆုံပွဲ၏ ရလဒ်များအဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြို အထိမ်းအမှတ် သစ်ပင်များစိုက်ပွဲ၊ အတွေ့အကြုံမျှဝေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲ၊ မိတ်ဆုံညစာစားပွဲ၊ အလှူငွေပေးအပ်ပွဲ၊ ဓာတ်ပုံပြပွဲများ ပေါ်ထွန်းလာသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ၏ ပညာရေး၊ သက်သာချောင်ချိရေး ကိစ္စအဝဝတွင် အစဉ်အဆက် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ငွေပဒေသာပင် စိုက်ထူပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြသည်။

## နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပညာရပ်ပေါင်းစုံတို့မှ မြန်မာပညာရှင်ဆရာ၊ ဆရာမများက သုတေသနစာတမ်းများ ရေးသားဖတ်ကြားသည့်အပြင် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်မှ (၁၇) ရက်ထိ နိုင်ငံခြားမှဖိတ်ကြားထားသော သုတေသီများနှင့် မြန်မာပညာရှင်အချို့ပူးပေါင်းပြီး စာတမ်းဖတ်ပွဲတစ်ရပ်ကိုလည်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် တည်ထောင်ချိန်မှစ၍ ပညာရပ်အသီးသီးတွင် ဆရာ၊ ဆရာမများ ကျောင်းသူကျောင်းသားများက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို စာတမ်းရေးသားတင်ပြဆွေးနွေးကြသည်မှာ တက္ကသိုလ်အစဉ်အလာ ကောင်းတစ်ရပ်ဖြစ်ပါသည်။ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် မြန်မာ အင်္ဂလိပ်နှစ်ဘာသာဖြင့် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေခဲ့ရာ နိုင်ငံတကာတွင် ပညာရှင်များအသုံးပြု ကိုးကားရသော ပညာရပ်ဂျာနယ်တစ်စောင် ဖြစ်ခဲ့သည်။

ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်သော နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ရန်ကုန်တက္ကသိုလ်တွင် မကျင်းပနိုင်သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး ယခုစိန်ရတုအထိမ်းအမှတ်အချိန်တွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်၍ နိုင်ငံခြားမှ ပညာရှင်အတော်များများက လာရောက်ပြီး သုတေသနစာတမ်းများ တင်ပြဖတ်ပြခြင်း၊ ပညာရှင်အချို့က ဆွေးနွေးပွဲတွင် မြန်မာသုတေသီများနှင့်အတူ စိတ်ဝင်စားစွာ ပညာဖလှယ် ဆွေးနွေးကြခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

စာတမ်းဖတ်ပွဲကို (၃) ရက် ကျင်းပခဲ့ရာ စုစုပေါင်း သုတေသနစာတမ်း (၂၁) စောင် တင်ပြဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံခြားမှ လာရောက်သည့်ပညာရှင်များမှာ ယူကေနိုင်ငံမှ (၃) ဦး၊ အမေရိကန်ပြည်ထောင်စုမှ (၂) ဦး၊ ပြင်သစ်မှ (၄) ဦး၊ ဂျာမနီမှ (၂) ဦး၊ ဩစတြေးလျှမှ (၉) ဦး၊ အိန္ဒိယမှ

(၁) ဦး၊ ထိုင်းနိုင်ငံမှ (၁၆) ဦး၊ ဂျပန်မှ (၄) ဦး နှင့် စင်္ကာပူမှ (၂) ဦး စုစုပေါင်း (၄၃) ဦး ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်းမှ ဖိတ်ကြားထားသော ဝါရင့်တက္ကသိုလ် ဆရာဆရာမကြီးများ၊ သုတေသီများ စုစုပေါင်း (၃၆) ဦးလည်း တက်ရောက်ကြ၍ စာတမ်းဖတ်ပွဲတွင် ပြည်တွင်းပြည်ပ ပညာရှင်စုစုပေါင်း (၇၉) ဦး ပါဝင်ခဲ့သည်။

တင်ပြဖတ်ကြားသော စာတမ်းများတွင် တန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ်ရှိသော မြန်မာသမိုင်း၊ စာပေ၊ ဘာသာစကားနှင့် ဗုဒ္ဓသာသနာဆိုင်ရာစာတမ်းများ ပါဝင်သည်။ ဖတ်ကြားသောစာတမ်းများကို သုတေသီများအသုံးပြုနိုင်စေရေးအတွက် သုတေသနဂျာနယ်တွင် စုပေါင်းပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်း၊ သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် ရှေးဟောင်းစာပေများ ကာကွယ်ထိန်းသိမ်းရန် ဆွေးနွေးပွဲကျင်းပခြင်းတို့သည် ရန်ကုန်တက္ကသိုလ်အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။

**တက္ကသိုလ်စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော စာအုပ်များ**

## အဆောက်အအုံများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အကြိုလုပ်ငန်းတစ်ရပ်အဖြစ် ရန်ကုန်တက္ကသိုလ်ပင်မနယ်မြေမှ ဘွဲ့နှင်းသဘင်ခန်းမကြီး၊ စာသင်ခန်းများ၊ ယောကျ်ားလေး၊ မိန်းကလေးဆောင်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံအားလုံးကို တက္ကသိုလ်ကျောင်းပိတ်ချိန် ဖြစ်သည့် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အကြီးစား မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ဟောင်းနွမ်းယိုယွင်း ပျက်စီးနေသည့် ယောကျ်ားလေး၊ မိန်းကလေးဆောင် ၁၅ ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ကြီး ( ၈ ) ဖွဲ့ကို အထူးတာဝန်ပေးကာ ရေလုံလောက်စွာ ရရှိရေး၊ ရေချိုးခန်း အိမ်သာများ အသစ်ကဲ့သို့ဖြစ်အောင် ပြန်လည်မွမ်းမံပြင်ဆင်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ကြိုးအသစ်များ လဲလှယ်ပြီး မီးသီး၊ မီးချောင်းသစ်များတပ်ဆင်ခြင်း၊ ကျောက်ပြားသစ်များ ခင်းပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ကျပ်ငွေပေါင်း သန်း(၂၃၆) သန်းကုန်ကျခဲ့သည်။ ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေမှ အဆောက်အအုံများကို စစ်ပြီးစက တစ်ကြိမ်





ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်လာ ဧည့်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်

မွမ်းမံပြင်ဆင်ခဲ့သည်။ ယခုပြင်ဆင်ရာတွင် ၃ လအတွင်း အလုပ်သမား (၃၀၀၀) ကို အင်ဂျင်နီယာ (၂၂၀) က ကြီးကြပ်ပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မတိုင်မီ ဘွဲ့နှင်းသဘင်ခန်းမကြီးမှစ၍ အဆောင်များ၊ စာသင်ခန်းများနှင့် ပင်မနယ်မြေရှိ အဆောက်အအုံအားလုံးကို လုပတောက်ပြောင်နေအောင် ဆေးအသစ်ပြန်လည်သုတ်ပေးထားသဖြင့် ရန်ကုန်တက္ကသိုလ်ကြီးသည် ကမာရွတ်နယ်မြေတွင် စစ်ကြိုခေတ်က စတင်ဖွင့်လှစ်ချိန်ကဲ့သို့ပင် သစ်လွင်ထည်ဝါခဲ့ညားစွာ ဖြစ်ခဲ့ရသည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးတည်ဆောက် ခြင်း

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကို အမြဲတမ်း မှတ်မှတ်ရရဖြစ်စေရန်နှင့် ကျောင်းသူကျောင်းသား ဆရာဆရာမများ အသုံးပြုနိုင် စေရန် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ အဆောက်အအုံကြီးကိုလည်း ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အုတ်မြစ်ချပေးခဲ့သည်။

ဤခေတ်မီခမ်းနားသော အဆောက်အအုံသစ်ကြီးသည် အလျားပေ ၁၈၀၊ အနံ ၁၅၆ပေ ကျယ်ဝန်းသော လေးထပ်အဆောက်အအုံကြီး ဖြစ်သည်။

စိန်ရတုသဘင်ခန်းမကြီး၏ မျက်နှာစာကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အပြီး တည်ဆောက်ခဲ့သည်။ ထိုနေ့၌ပင် အထိမ်းအမှတ်ကမ္ပည်း မော်ကွန်းကျောက်စာကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမကြီးကို ကျပ်သန်းပေါင်း (၂၅၀) ကုန်ကျခံပြီး တစ်နှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်မည်ဟု သိရှိရသည်။ ကမာရွတ်မြို့နယ် ပြည်လမ်းမကြီးပေါ်တွင် ခံ့ခံ့ညားညား ထွက်ပေါ်လာသော စိန်ရတုခန်းမ အဆောက်အအုံကြီး၏ ဘေးပတ်ဝန်းကျင်တွင် စိန်ရတုဥယျာဉ်ပန်းခြံကြီးကိုလည်း ကျောင်းသားကျောင်းသူ ဆရာ ဆရာမများ အနားယူအပန်းဖြေနိုင်စေရန် စတင်တည်ဆောက်ထားပြီး ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပြုလုပ်ကျင်းပ

သည်။ ထိုဆွမ်းကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသောဘိတ အမှူးပြုသည့် ဆရာတော် သံဃာတော် (၇၅) ပါးတို့ ကြွရောက်တော်မူပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တခေမာဝုဓ ငါးပါးသီလချီးမြှင့်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဥက္ကဋ္ဌ ၊ ဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော် (၇၅) ပါးက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဆရာတော်နှင့်ဆရာ တော် သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း ပင်မဝင်ပေါက်ထိပ်၌ ရန်ကုန်တက္ကသိုလ်မုခ်ဦး ဆိုင်းဘုတ်သစ်ဖွင့်ပွဲကျင်းပရာ ထိုအခမ်းအနားသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ်ပင်မမုခ်ဦး ဆိုင်းဘုတ်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲ

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းတင်အခမ်းအနားကို နံနက် ၉ နာရီတွင် ပြုလုပ်ကျင်းပရာ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီးနောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားဖွင့်ပွဲကို ပြုလုပ်ကျင်းပခဲ့သည်။ အတွင်းရေးမှူး(၁)က မိန့်ခွန်းပြောကြားပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က " ရန်ကုန်တက္ကသိုလ် နှစ်ဆယ့်ငါးနှစ်ခရီး အစီရင်ခံစာ" ကို တင်သွင်းသည်။

## အောင်မြင်ခမ်းနားသောရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(ပင်မ) နယ်မြေ၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ ပရဝုဏ်၌ကျင်းပသော ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားတက္ကသိုလ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန် တက္ကသိုလ်စိန်ရတုသဘင်ကျင်းပရေးဦးစီးကော်မတီ နာယက၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ပြခန်းများကို ဖွင့်လှစ်ပေးသည်။


ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ကျင်းပပြီး ပဒေသာကပွဲကျင်းပရေးဆပ်ကော်မတီက တင်ဆက်သော ပဒေသာကပွဲကြီးကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ နေ့စဉ်ည (၆:၃၀) နာရီမှ (၁၀:၀၀) နာရီအထိ တင်ဆက်ကပြသည်။


ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ်အဖြစ် နေ့ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များ၏ "မြကျွန်းသာမဂ္ဂဇင်း"၊ ကျောင်းဆောင်ကျောင်းသားဟောင်းများနှင့်မျိုးဆက်သစ်များတို့၏ "တောင်ငူဆောင် မဂ္ဂဇင်း "၊ "ပဲခူးဆောင်မဂ္ဂဇင်း"၊ "မန္တလေးဆောင် မဂ္ဂဇင်း"၊ "အင်းလျားဆောင်(ရွှေစင်)မဂ္ဂဇင်း " များ ထုတ်ဝေခဲ့ကြသည်။ ဆက်လက်ထုတ်မည့် မဂ္ဂဇင်းများလည်း ရှိကြောင်း သိရသည်။


ဤသို့ဖြင့် အေးချမ်းသာယာသော ဂုဏ်သိက္ခာ ထည်ဝါမြင့်မားသောရန်ကုန်တက္ကသိုလ်(၇၅)နှစ်မြောက်စိန်ရတုသဘင်အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အမိရန်ကုန်တက္ကသိုလ်ကြီးသည် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ ထိထိရောက်ရောက်အထောက်အကူပြုနိုင်သည့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များ၊ ပညာရှင်များပေါ်ထွန်းရေးကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး ဆက်လက်ပျိုးထောင်သွားမည် သာဖြစ်ပါသတည်း။ ။


ဦးသော်ကောင်း၊ ဦးဝင်းမွန်











# သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာအကူအညီ

သဘာဝဘေးအန္တရာယ် (ဝါ) ဘေးအန္တရာယ်ဆိုး (Natural Disaster) ဆိုသည်မှာ လူ၏ပယောဂကြောင့် မဟုတ်ဘဲ လူ၏သဘာဝပတ်ဝန်းကျင်ဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင်၊ ပင်လယ်နှင့်မိုးတို့ ရုတ်တရက်ဖြစ်စေ၊ တဖြည်းဖြည်းဖြစ်စေအကြီးအကျယ် ပြောင်းလဲပျက်စီး သွားသဖြင့် လူအများ ဒုက္ခရောက်ရ၊ သေကြေကြ၍ အသက်အိုးအိမ် စည်းစိမ် ပျက်စီးရခြင်းကို ခေါ်သည်။ ဥပမာ– ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ တောင်ပြိုခြင်း၊ တောမီး လောင်ခြင်း၊ ဒီရေ တက်ခြင်း၊ မိုးသည်းထန်၍ရေလျှံခြင်းနှင့် မီးတောင် ပေါက်ကွဲခြင်း စသည်တို့ဖြစ်သည်။

အချို့သော ဘေးအန္တရာယ်ဆိုးများမှာမူ လူ၏ ပယောဂကြောင့် ဖြစ်ရသဖြင့် လူကြောင့်ဖြစ်သောဘေးအန္တရာယ်ဆိုးများ(Man-made Disasters)ဟုခေါ်၏။ ဥပမာ– စစ်မက်ဖြစ်ပွားခြင်း၊ လူနေရပ်ကွက်များပေါ် ဗုံးကြဲခြင်း၊ မြို့ရွာအိုးအိမ်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း စသည်တို့ဖြစ်သည်။ အဏုမြူဗုံးချခြင်းမှာမူ လူကြောင့် ဖြစ်သော ဘေးအန္တရာယ်ဆိုးများတွင်အဆိုးဆုံးဖြစ်၏။ လက်ရှိလူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးသည်သာမက သားစဉ်မြေးဆက် အဏုမြူရောင်ခြည်ဒဏ် ခံရ၍ဖြစ်၏။ ဥပမာ – ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့်နဂါးစကီးမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခြင်း၊ ယခင်ဆိုဗီယက်ရုရှားနိုင်ငံမှ ချာနိုဘယ်အဏုမြူစက်ရုံ (Chernobyl Nuclear Reactor ) ပေါက်ကွဲခြင်းမှာမူ လူကြောင့်ဖြစ်သည်ဟု ပြော၍ သဘာဝဘေးအန္တရာယ်ဆိုးဟူ၍လည်း ပြော၍ရ၏။ အကြောင်းမူ အဏုမြူရောင်ခြည်မှာ စက်ရုံမှ သူ့အလိုလိုစိမ့်ထွက်၍ ဥရောပတိုက်တစ်ခုလုံးသို့ လေ၊ ရေ၊ မြေတို့မှ တဖြည်းဖြည်း ပျံ့နှံ့သွားသောကြောင့် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်ပွားပြီဆိုလျှင် ယင်းဒေသ သို့မဟုတ် ယင်းနိုင်ငံရှိလူအများမှာ အတိဒုက္ခရောက်ကြရ၏။ အသက်ဆုံးရှုံးမှုများရှိသလို အသက်မသေသူများမှာလည်း ထိခိုက်ဒဏ်ရာရသူရ၊ ရောဂါဖြစ်သူဖြစ်၊ အစာရေစာငတ်မွတ်သူငတ်မွတ်နှင့် ဒုက္ခမျိုးစုံရောက်ကြရ၏။ နှစ်ရှည်လများဖြစ်ပွားပါက လူများမှာ အာဟာရချို့တဲ့၊ ကိုယ်ကာယမဖွံ့ဖြိုး၊ လူမျိုးဦးရေကျဆင်းလျော့ပါးကာလူမျိုးပင်တုံးနိုင်ပေသည်။ ဥပမာ– အမေရိကမှ အသားနီတိုင်းရင်းသားများ (Red Indians)၊ ဩစတေးလျတိုက်မှ မူလတိုင်းရင်းသားများ ( Aborigines) နှင့် မြန်မာနိုင်ငံမှ ပျူလူမျိုး၊ တရုန် (Tarong )လူမျိုး စသည်တို့ဖြစ်သည်။

သို့ဖြစ်၍ စတင်ဖြစ်သည်မှ ပြီးဆုံးသည်အထိ ကြာရှည်သောအချိန်ကိုလိုက်၍ သဘာဝဘေးအန္တရာယ်ဆိုးများကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားထား၏။

(၁) အချိန်တိုအတွင်းဖြစ်သော ဘေးအန္တရာယ်ဆိုး–

အချိန်ကာလ ၆–လလောက်သာ ကြာသော ဘေးဒုက္ခဖြစ်၏။ ဥပမာ– ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း။


(၂) မတိုမရှည်အချိန်ကာလ အတွင်း ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ အချိန်ကာလ ၆ လနှင့် တစ်နှစ်ကြား ကြာရှည်သော ဘေးဒုက္ခဆိုးများ ဖြစ်၏။ ဥပမာ–မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြို့ရွာအိုးအိမ်များ ရွှေ့ပြောင်းရခြင်း။

(၃) ရေရှည်ဖြစ်သော ဘေးအန္တရာယ်ဆိုး–

ဤသည်မှာ စဖြစ်သည်မှ ပြီးဆုံးသည်အထိ တစ်နှစ်အထက်နှစ်ရှည်လများဘေးဒုက္ခဆိုးခံစားရခြင်းဖြစ်၏။ ဥပမာ–စစ်မက်ဖြစ်ပွားခြင်း၊ နိုင်ငံပျက်စီးခြင်း၊

ဤအတွက်ဒုတိယကမ္ဘာစစ်ကြောင့်ဥရောပနိုင်ငံများနှင့်အရှေ့တောင်အာရှနိုင်ငံများဘေးဒုက္ခဆိုးများကို ကြုံတွေ့ရသလို ဗီယက်နမ်စစ်ကြောင့် ဗီယက်နမ်နိုင်ငံမှာ ပြာပုံအတိ ဖြစ်ခဲ့ခြင်းတို့မှာသမိုင်းတွင်ရစ်၏။ ယခုကမ္ဘာ ဒီးယားနိုင်ငံနှင့် ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံစစ်မှာလည်း သိသာထင်ရှားသော ရေရှည်ဘေးအန္တရာယ်ဆိုးများဖြစ်၏။



၁၉၇၅ ခုနှစ်က မြေငလျင်ဒဏ်ခံခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအလှအပများရှိရာ ပုဂံမြေ

## မြန်မာနိုင်ငံနှင့်သဘာဝဘေးအန္တရာယ်ဆိုးများ

မြန်မာနိုင်ငံသည်ပထဝီဝင်အနေအထားအရအိန္ဒိယ တိုက်ငယ်နှင့်တရုတ်နိုင်ငံကြီးနှစ်ခုကြား၊ဘင်္ဂလားပင်လယ် အော်ထဲထိုးထွက်နေသောအင်ဒိုချိုင်းနားကျွန်းစွယ်၏အစိတ် အပိုင်းတစ်ခုဖြစ်ရာ ယင်းနိုင်ငံကြီးများတွင် ဖြစ်ပွား သော သဘာဝဘေးအန္တရာယ်ဆိုးများ၏ဒဏ်ကိုလည်း ခံရပြီး ဘင်္ဂလားပင်လယ်အော်ထဲကလာသောမုန်တိုင်းနှင့်ဒီရေတို့၏ ဒဏ်ကိုလည်းခံရပါသည်။ ဥပမာ–၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလက တိုက်ခတ်သော ဆိုက်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံတွင်လူငါးသိန်းသေဆုံး၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူသုံးသိန်းသေဆုံးခဲ့ရာမြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်နယ်တို့၌လည်း ယင်းမုန်တိုင်းဒဏ်ကိုခံကြရ၍ အသက်အိုး အိမ်များစွာပျက်စီးခဲ့ပါသည်။ ထိုအတူ ၁၉၇၀ ပြည့်၊ ဇန်န ဝါရီလက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၌ ငလျင် အကြီးအကျယ် လှုပ်ရာလူတစ်သောင်း ကျော် သေဆုံး ခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ရွာများမှာ ထိုငလျင် ဒဏ်ကို အဆစ်ခံခဲ့ကြ ရလေသည်။ ၁၉၇၅ခုနှစ်၊ ဇူလိုင်လ ၈ ရက်ကမူ ပုဂံငလျင်ကြောင့် ပုဂံရှိမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဘုရားပုထိုးအများ မြေခခဲ့ရလေ သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ရေိယာအားဖြင့် ငယ်ပင်ငယ်သော်လည်း သဘာဝဘေးအန္တရာယ်ဆိုး များ နှင့်ကား မကင်းဟု ဆိုလိုရင်းဖြစ်ပေ၏။

မှန်ပါသည်။ ၁၉၇၉ ခုနှစ်တွင်ထုတ်ဝေသော ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာစာစောင်တစ်ခု၌ ဖော်ပြထားသည်မှာ လွန်ခဲ့သော ၁၅ နှစ်အတွင်း မြန်မာနိုင်ငံ၌သဘာဝဘေးအန္တရာယ်ပေါင်း ၅၈၇၈ ခု ကြုံတွေ့ခဲ့ရ၍ ၇၅ ရာခိုင်နှုန်းမှာမီးဘေးဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းမှာလေဘေးနှင့်ရေဘေးဖြစ် ၍ ကျန် ၅ ရာခိုင် နှုန်းမှာငလျင်ဒဏ်စသည်တို့ဖြစ်ကြောင်းဖတ်ရှုရပါသည်။ မီးဘေးမှာမြန်မာနိုင်ငံကိုနှစ်စဉ်ဒုက္ခပေးနေသောအန္တရာယ် ဆိုးကြီးဖြစ်၏။ မီးကြောင့်ဆုံးရှုံးမှုမှာတစ်နှစ်လျှင်သိန်း ၅၀၀ အထက်ရှိသည်ဟု ခန့်မှန်းကြပါသည်။ မုံရွာမီး၊ မန္တလေးမီး၊ မိတ္ထီလာမီးနှင့်ပဲခူးမီးတို့မှာမြို့လုံး ကျွတ်လို လောင်သောမီးကြီး များဖြစ်၍ သမိုင်းဝင်မီးများဖြစ်ပါသည်။

ရေဘေးမှာလည်းကြီးလှ၏။ ၁၉၃၉ ခုနှစ်ကမုံရွာ တစ်မြို့လုံးလိုရေလွှမ်းခံခဲ့ရပါသည်။ အင်္ဂလိပ် အစိုးရက မြို့ပတ်တာကာမပြီးမချင်း ဟသ်ာတမြို့မှာ နှစ်တိုင်း ရေလျှံခံခဲ့ရ၏။ ယခုတိုင်တာရိုးမရှိသေးသောရောဝတီမြစ်၊ ချင်းတွင်းနှင့်စစ်တောင်းမြစ်ကမ်းဘေးရှိ မြို့ရွာများမှာ မိုးရာသီ၌ အမြဲမြစ်ရေလျှံမှုဒဏ်ကို ခံကြရပါသည်။ ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်ရောဝတီမြစ်ရေလျှံရာ အမရပူရမြို့ရေလွှမ်းခံရသည်ဟု ဖတ်ရဖူး၏။ ထိုမြစ်ရေ တက်ခြင်းကို ကျစေရန်ဘိုးတော်ဘုရားက စားပြသော်လည်း ရေမကျ၍ အမတ်ကြီးဦးပေါ်ဦးမှာ ရေတက်သည်မှာ စားဒဏ်ကြောင့်ရောင်ရမ်းခြင်းဖြစ်ပါသည်ဟု လျှောက်ထား ကြောင်းသိရပါသည်။ သိပ္ပံနည်းမကျ၊ ရှေးဦးစဉ်လာ ရယ်စရာဝလေ့ဖြစ်ပါ၏။ ရေလျှံ ခြင်း ကြောင့် မြို့ရွာများ ပျက်စီးလျှင်ဆုံးရှုံးမှုမှာအလွန် များပါသည်။ ဥပမာ–၁၉၇၄ ခုနှစ်က မြစ်ရေလျှံခြင်းကြောင့် ရခိုင်ပြည်နယ်၊ မကွေး တိုင်း နှင့် မြို့နယ် ၁၃၃ ခုတွင်လူ ၁၃ သိန်းကျော် ထိခိုက်၍ ၁၀၄ ဦးသေဆုံးခဲ့ကြောင်း၊ ကျွဲနွားကောင်ရေ ၄၀၇၃ ကောင်ပျက်စီးကြောင်း၊ စပါးသီးနှံ စိုက်ကေ ဧ၃၄၃၃၆ ကေ ပျက်စီးကြောင်းသိရပါသည်။

မြန်မာနိုင်ငံမှာ မုန်တိုင်းဒဏ်ကိုအိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လောက်မခံရသော်လည်းတစ်ခါ တစ်ခါခံရပါက အလွန်ပင်အထိနာပါသည်။ ၁၉၇၅ ခုနှစ်က ရောဝတီတိုင်း မုန်တိုင်းဒဏ်ကြောင့် ၂၆ မြို့နယ်ရှိ ကျေးရွာ ပေါင်း ၇၈၉၀ ၊ အိမ်ထောင်စုပေါင်း ၁၃၂၉၂၇ ထိခိုက်၍ လူပေါင်း ၃၀၃ ဦးသေဆုံးခဲ့ရ၏။ ငွေကြေးပမာဏအားဖြင့် ၁၉ ကုဋေဖိုး ပျက်စီးခဲ့ပါသည်။

အထက်ပါအချက်များကိုကြည့်လျှင်မြန်မာနိုင်ငံ၌ ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ်ဆိုးများမှာ–

(၁) မီးဘေး
(၂) ရေဘေး
(၃) လေဘေး
(၄) မြေငလျင်ဘေး
(၅) မိုးခေါင်ရေရှား၍တော်မွတ်သည့်ဘေး
(၆) မြို့ရွာရွှေ့ပြောင်းပျက်စီးရခြင်းဘေး
(၇) စစ်မက်ဘေးနှင့်
(၈) အခြားသော ဘေးများဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများ၏ ကြောက်မက်ဖွယ်ကောင်းပုံ

သဘာဝဘေးအန္တရာယ်များမှာ မကြုံဖူးသူများ အဖို့ ကြောက်မက်ဖွယ်မရှိ၊ ကြုံဖူးသူများအဖို့မူ အလွန်ပင် ကြောက်ဖွယ်ကောင်းလှပါသည်။ ဤသို့ ကြောက်မက် ဖွယ်ကောင်းပုံကို အခြားရှည်ရှည်ဝေးဝေးကြည့်ရန် မလိုပါ။

ယခု ၁၉၉၅ ခုနှစ်အတွင်းလှုပ်ခဲ့သော ငလျင်ကြောင့် ဂျပန်နိုင်ငံ ကိုဘေးမြို့ကြီးမှာ မည်မျှပျက်စီး၍သေကျေဆုံးရှုံးမှု ရှိပါသနည်း။ လူ ၄၈၀၀ ကျော်သေဆုံး၍ အမေရိကန် ဒေါ်လာ သန်းပေါင်းသုံးသောင်းကျော်ဖိုးမျှပျက်စီးခဲ့သည်ဟု သိရပါသည်။ ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၂၅ နှစ်အတွင်း လှုပ်ခဲ့သောငလျင်ကြီးများနှင့် လူသေကျေမှု၊ ပျက်စီးဆုံးရှုံးမှု မှာ အောက်ပါအတိုင်းဖြစ်၏။

| အမှတ်စဉ် | ခုနှစ် | ငလျင်လှုပ်ရာဒေသ | ငလျင်အား | လူသေမှု | ပျက်စီးမှု ဒေါ်လာ သန်း |
|---|---|---|---|---|---|
| ၁။ | ၁၉၉၅ | ကိုဘေး၊ ဂျပန် | ၇.၂ | ၄၈၀၀+ | ၃၀၀၀၀+ |
| ၂။ | ၁၉၉၄ | ကာလီဖိုးနီးယား၊ အမေရိကန် | ၆.၈ | ၆၁ | ၂၀၀၀၀ |
| ၃။ | ၁၉၉၃ | မဟာရဋ္ဌရ၊ အိန္ဒိယ | ၆.၄ | ၃၀၀၀၀ | ၂၈၀ |
| ၄။ | ၁၉၉၀ | လူဇုံ၊ ဖိလစ်ပိုင် | ၇.၇ | ၁၆၂၁ | ၂၀၀၀ |
| ၅။ | ၁၉၉၀ | အနောက်မြောက် အီရန် | ၇.၇ | ၄၀၀၀၀ | ၇၀၀၀ |
| ၆။ | ၁၉၈၉ | ဆန်ဖရန်စစ္စကို၊ အမေရိကန် | ၆.၉ | ၆၂ | ၆၀၀၀ |
| ၇။ | ၁၉၈၈ | အနောက်မြောက် အာမေနီးယား | ၆.၈ | ၅၅၀၀၀ | ၁၄၀၀၀ |
| ၈။ | ၁၉၈၅ | မက်စီကိုမြို့တော် | ၈.၁ | ၄၂၀၀ | ၄၀၀၀ |
| ၉။ | ၁၉၇၆ | တန်ရှန်၊တရုတ်နိုင်ငံ | ၈.၂ | ၂၄၂၀၀၀ | ၅၆၀၀ |
| ၁၀။ | ၁၉၇၀ | ပီရူးမြောက်ပိုင်း | ၇.၇ | ၆၆၇၉၄ | ၅၀၀ |

မြန်မာနိုင်ငံ၌ သက်ရှိမီးတောင်မရှိသော်လည်း ပုပ္ပားတောင်မှာ တစ်ခါက မီးတောင်တစ်ခုဖြစ်ခဲ့ဖူးကြောင်း သိရသည်။ သို့ဖြစ်၍ ဤသေနေသောမီးတောင်မှာ ပြန်ရှင်လာပါက ကြောက်စရာကောင်း၏။ အကြောင်းမူ ၁၉၉၁ ခုနှစ် အတွင်းက ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ သေနေသော မီးတောင်များ ပြန်လည်အသက်ဝင်၍ ချော်ရည်များ မှုတ်ထုတ်ရာ မြို့ရွာများပျက်စီးပြီး လူအသေအကျေရှိခဲ့သောကြောင့် ဖြစ်၏။ ရှေးခေါမခေတ်က ထရွိုင်းမြို့သည် မီးတောင်ပေါက်ကွဲမှုကြောင့် မြေအောက် ရောက်ခဲ့ရသည် မဟုတ်ပါလော။

စစ်ဘေးဒဏ်ကြောင့် မြို့ရွာများပျက်စီး၊ နိုင်ငံများ ကြေမွ၊ လူများသေဆုံးရသည်ကိုမူအထူး ပြောစရာ မလိုတော့ပေ။ မြန်မာနိုင်ငံမှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ဒဏ်ကိုအကြီးအကျယ်ခံရ၍ပြာပုံဘဝရောက်ခဲ့ရ၏။ ၁၉၄၈ ခုနှစ်မှယနေ့အထိပြည်တွင်းစစ်ဒဏ် ခံရသဖြင့်လည်းမြို့ရွာတွေပျက်၊ လူတွေသေ၊ စီးပွားရေး တိုးတက်မှု နှေးကွေးဖြစ်နေရလေသည်။ ဒုတိယကမ္ဘာစစ် ဒဏ်ကြောင့် မြန်မာနိုင်ငံသည်လူပေါင်း သုံးသန်းသေ၍ ကျေးရွာပေါင်းသုံးသောင်းကျော် ပျက်စီးပြီး တန်ဖိုးအားဖြင့် ကျပ် ကုဋေပေါင်းငါးထောင်ကျော်ဖိုး ပျက်စီးခဲ့ရသည်ဟု ၁၉၅၅ ခုနှစ်လောက်က ထုတ်ပြန်သော စာတမ်းတစ်စောင်ကို ဖတ်ရဖူးပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုးများကို မည်သို့ရင်ဆိုင်မည်နည်း

မည်သည့်သဘာဝဘေးအန္တရာယ်ဖြစ်စေ၊မဖြစ်မီက ကြိုတင်ကာကွယ်နိုင်လျှင်အကောင်းဆုံးဖြစ်၏။ ကြိုတင် မကာကွယ်နိုင်ပါက ဖြစ်ပွားလျှင်အသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုနည်းပါးနိုင်သမျှနည်းပါး အောင် ပြုလုပ်ရန်နှင့် ဖြစ်ပြီးပါက မြို့ရွာနှင့်လူသူ ကျွဲနွားတိရစ္ဆာန်နှင့် စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကိုပြန်လည်ထူ ထောင်ပေးရန် အရေးကြီး၏။

မှန်၏။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ယေဘုယျပြော၍ ရမည် ထင်ပါသည်။

(၁) မီးဘေးကာကွယ်ရေးများ–


မီးမလောင်သောပစ္စည်းများဖြင့်တိုက်တာအိုးအိမ် များကိုစနစ်တကျတည်ဆောက်သင့်သလို မီးသတ်နှင့် ပြည်သူလူထုပူးပေါင်း၍ မီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၂) ရေဘေးကာကွယ်ရေး–

မြစ်ချောင်းအင်းအိုင်ဘေးများရှိ မြို့ရွာများကိုမြေမြင့် ရာတွင်တည်ထောင်၍ ရေတားသည့်တမံ၊ ကတုတ်နှင့် ရေလွှဲများဆောက်တည်ခြင်း၊ ရေကြီးသည့်အခါ ရေကင်းများလှည့်ခြင်း၊ မြို့ရွာထဲရေမဝင်အောင် ဆောင်ရွက်မှုအားလုံးကို ပြည်သူလူထုနှင့်အတူ တပ်မတော်အပါအဝင် မြို့ရွာစီမံရေး၊ အုပ်ချုပ်ရေးပိုင်း မှ ပူးပေါင်းဆောင်ရွက်ရန်။

(၃) လေဘေးကာကွယ်ရေး

မုန်တိုင်းကျတတ်သောရပ်ရွာများ၌ မုန်တိုင်း ဒဏ်ခံကွန်ကရီ၊ သံတို့ဖြင့် အဆောက်အအုံများကို



ရေရှည်သဘာဝအန္တရာယ်(စစ်ဒဏ်)ကြောင့် လူများ သေကျေပျက်စီးခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံ မြင်ကွင်း

ဆောက်လုပ်ခြင်းနှင့် ဒီရေတက်ရာအရပ်များ၌ ဒီရေမှ ဝေးရာနှင့် တက်ရေထက်မြင့်သည့်အရပ်များတွင် အိမ်နှင့်ကျွဲနွားတိရစ္ဆာန်များထားနိုင်အောင်စီစဉ်ခြင်း၊ မုန်တိုင်းဒဏ်ကို မိုးလေဝသဌာနနှင့်အခြားပြည်သူ့ဝန်ထမ်း ဌာနများမှကြိုတင်သတိပေးခြင်း၊ လိုအပ်ပါက ရွှေ့ပြောင်း ပေးခြင်းများ ဆောင်ရွက်ရန်။

(၄) မြေငလျင်ဘေးကာကွယ်ရေး–

ငလျင် လှုပ်မလှုပ်ကို ကြိုတင်ခန့်မှန်းသတိပေးနိုင် အောင်ဆောင်ရွက်ရန်နှင့် ငလျင်လှုပ်လျှင် ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံများ ဆောက်လုပ်နေထိုင်ရန်၊ ငလျင်လှုပ်လျှင် လူများဘာလုပ် ရမည်၊ ဘယ်လိုနေရမည်ဆိုသည်ကို ကြိုတင်ပညာ ပေးထားရန်။

(၅) မြေပြိုသည့်ဘေးကာကွယ်ရေး–

လူနေမြို့ရွာများကို မြေပြိုတတ်သောနေရာများ၌ မတည်ထောင်ရန်နှင့် မြေပြိုခြင်းကိုကြိုတင်သိနိုင် အောင် ဆောင်ရွက်၍ သတိပေးရန်။

(၆) မီးတောင်ပေါက်ကွဲမှုဘေးဒဏ်ကာကွယ်ရေး–

လောလောဆယ်မြန်မာနိုင်ငံအတွက်မလိုပါ။ သို့သော် ပုပ္ပားတောင်ပြန်လည်အသက်ဝင်နိုင်၊ မဝင်နိုင် သိပ္ပံနည်းကျစူးစမ်းရန်။

(၇) စစ်မက်ဘေးဒဏ်ကာကွယ်ရေး–

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုပြီးဆုံး အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ပြည်ပမည်သည့် နိုင်ငံနှင့်မျှစစ်မဖြစ်ရန်ဆောင်ရွက်ရပါမည်။ကမ္ဘာ့ ငြိမ်းချမ်းရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ရပါမည်။ ပြည်သူလူထုအတွင်း စစ်သွေးစစ်မာန်မထကြွအောင် ပညာပေးဆောင်ရွက်ရန် လိုအပ်သလို အာဏာရှင်စနစ်နှင့်ဖက်ဆစ်စနစ်များ ပြန်လည် ခေါင်းမထောင်လာရန်လည်း ဆောင်ရွက်ရန်လို အပ်သည် ။

## သဘာဝဘေးအန္တရာယ်နှင့်ဆေးပညာ၏ကဏ္ဍ

ဆေးပညာရှင်ဆရာဝန်များနှင့်အခြားကျန်းမာရေး ဝန်ထမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုခု၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ကုသရေးများကို ဆောင်ရွက်ရန်လိုအပ်သလိုသဘာဝဘေးအန္တရာယ်များကိုတတ်နိုင်သလောက်ကြိုတင်ကာကွယ် ပညာပေးရန်လည်း အရေးကြီး၏။ သဘာဝဘေးအန္တရာယ်ကြောင့် အိုနာကျိုးကန်းမသန်မစွမ်းဖြစ်ရသူများကိုလည်း လူကောင်း လိုဖြစ်အောင်ပြန်လည်ပြုစုကုသ ပေးရန် လည်း တာဝန်ရှိပေသည်။ သို့ဖြစ်၍သဘာဝဘေးအန္တရာယ်များ နှင့် ပတ်သက် ၍ ဆေးပညာရှင်နှင့် ကျန်းမာရေး ဝန်ထမ်းများ၏ကဏ္ဍကို အောက်ပါအတိုင်းခွဲခြား၍ပြောနိုင်ပါသည်။

(၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

(၂) ဖြစ်ပွားချိန်တွင်ကယ်ဆယ်ကုသခြင်း

(၃) ဖြစ်ပွားပြီးနောက်ပြန်လည်ထူထောင်ခြင်း

### (၁) မဖြစ်ပွားမီကြိုတင်ကာကွယ်ခြင်း

မီးဘေး၊ လေဘေး၊ ရေဘေးကာကွယ်ရန်အတွက် လိုအပ်သလို မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်ရောဂါကင်း၍ သန့်ရှင်းသောသုံးရေ ၊ သောက်ရေဖူလုံရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေး ကိုပညာပေး၍တစ်ဖုံ၊ လက်တွေ့ကွင်းဆင်းဆောင် ရွက်၍တစ်နည်းပြုလုပ်ကြရပါမည်။ ကာလဝမ်းရောဂါ နှင့် အခြားကူးစက် ရောဂါများ ကာကွယ်ရေး အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ပတ်ဝန်းကျင် သန့်ရှင်းရေး တို့ကို ဆောင်ရွက်ရမည်ဖြစ်သလို လိုအပ်ပါက ကာကွယ်ဆေးများ ထိုးနှံပေးရမည်။ သဘာဝ အန္တရာယ်တကယ်ဖြစ်လာပါက အကူအညီကို အချိန်မီနှင့် အလုံအလောက်ရရန် အခြားအသင်း အပင်းများ ( ဥပမာ – ပြည်တွင်းကြက်ခြေနီ၊ နိုင်ငံတကာ ကြက်ခြေနီနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့) စသည်တို့နှင့် ဆက်သွယ်ထားရပါမည်။ ၎င်း အဖွဲ့အစည်းများထံမှ အကြံဉာဏ်လည်း ကြိုယူရန် လိုက ယူရပါမည်။

### (၂) ဖြစ်ပွားချိန်တွင် ကယ်ဆယ်ကုသခြင်း

သဘာဝဘေးအန္တရာယ် ကျရောက်ချိန်၌ ထိခိုက် ဒဏ်ရာရသူများကို မကုသမီ အလိုအပ်ဆုံးအရာမှာ ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိအောင် အားပေးခြင်း၊ နှစ်သိမ့်ခြင်းဖြစ်၏။ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း များ ကပျာနေ၊ ထိတ်လန့်နေလျှင် လူနာများနှင့် ရိုးရိုး လူ များမှာ ဆိုစရာမရှိတော့ပေ။ သို့ဖြစ်၍ ဖြစ်ပွား ချိန်တွင် ကယ်ဆယ်ကုသမှု၌ အောက်ပါတို့ အတိုင်း ဆောင်ရွက် အပ်သည်။



ပြင်သစ်နိုင်ငံ ပါရီမြို့ ရေလွှမ်းမိုးမှုခံရစဉ်

(က) ထိခိုက်ဒဏ်ရာရသူများကို အားပေးခြင်း၊
(ခ) တိုက်တာအပျက်အစီးများကြား၌ ပိနေ၊ သူများကိုရှာဖွေထုတ်ယူကယ်ဆယ်ခြင်း
(ဂ) လူနာများကိုယ်တိုင်အသက်ရှင်နေထိုင်နိုင်အောင် မိမိဘာသာ ဆောင်ရွက်စေခြင်း၊
(ဃ) လူနာများကို ရှေးဦးစွာ ပြုစုကုသခြင်း၊
(င) ဆေးရုံတင်ရန် လိုအပ်သူများကို ဆေးရုံသို့ ပို့ဆောင်ခြင်း၊
(စ) ဆေးရုံ၌ လူနာများကို ဦးစားပေးအဆင့်ခွဲ၍ ခွဲစိတ်ကုသခြင်း၊

အထက်ပါအတိုင်း ဆောင်ရွက်ရန်အတွက် အရေးပေါ် ကျန်းမာရေးစီမံချက်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင် ဖွဲ့စည်းဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်တိုင်းအတွက် တာဝန်အတိအကျခွဲဝေသတ်မှတ်ခြင်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ရှင်းလင်းမှန်ကန်တိကျခြင်း ရှိရန်လည်း ဆောင်ရွက်ထားရပေမည်။

## (၃) ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်း

သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းချည်း ဆောင်ရွက်၍ မရပေ။ အစိုးရနှင့် အုပ်ချုပ်ရေး တာဝန်ခံများ၊ စီးပွားရေးပညာရှင်နှင့် မြို့ရွာစည်ပင် ရေးဌာနဝန်ထမ်းများပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ပုံစံအားဖြင့် မြို့တစ်မြို့တွင် လျှင်လှုပ်၍ တိုက်တာအိုးအိမ်များပြိုကျ၊ ဈေးများလုပ်ငန်းများပျက်၊ လယ်များပျက်စီးလျှင် ပထမလိုအပ်သည်မှာ အပျက်အစီးများကို အမြန်ရှင်းလင်းပစ်ရန် ဖြစ်၏။ ပြီးလျှင် လူများနေထိုင်ရန် အဆောက်အအုံများကို ပြန်လည်ဆောက်ပေးရမည်။ တိရစ္ဆာန်များထားရန်အတွက် နေရာနှင့် စားကျက်များလည်း တီထွင်ပေးရမည်ဖြစ်၏။ လယ်များကို ပြန်လည်ပြုပြင် ပေးရန် လိုသလို စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရန်လည်းလို၏။ ဤအတွက် ငွေကြေးအကူအညီ

လိုရာ အစိုးရဘက်နှင့် ကမ္ဘာ့ဘက်စသည်တို့က ငွေချေးပေးရန် (သို့မဟုတ်) ကူညီရန် အပ် လိုပေသည်။

ပြီးမှ ထိခိုက်ဒဏ်ရာရသူများအတွက် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကို ဆောင်ရွက်ပေးရမည်ဖြစ်၏။ မျက်မှန်နှင့် ခြေတု၊ လက်တုတပ်ပေးရန်၊ ကူးစက်ရောဂါမရရန် ကာကွယ်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရန် တို့ကိုလည်း ဆောင်ရွက် ပေးရန်လို အပ်ပေသည်။ ဤအတွက် ရေတို၊ ရေရှည်ကျန်းမာရေး စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်ပေးရမည်ဖြစ်၏။

လုပ်ဆောင်အပ်သော ကျန်းမာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

### (က) ကူးစက်ရောဂါ ကာကွယ်ရေး

မသန့်ရှင်းသောရေ သောက်သုံးမှုကြောင့် ကာလဝမ်း နှင့် ဝမ်းဖောဝမ်းရောင်ရောဂါမျိုးစုံ ဖြစ်ပွားနိုင်သည်။ ခြင်ကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားနိုင်သည်။ လူဦးရေထူထပ်မှုနှင့် အစာအာဟာရချို့တဲ့မှုကြောင့် တီဘီရောဂါများ ပြန့်ပွားနိုင်သည်။ ယင်းတို့ကို လိုအပ်သလို ကာကွယ်ပေး၊ ကုသပေးရမည်။ ပညာပေးခြင်းကိုလည်း ပြုလုပ်ရမည်။ ဝဲရောဂါ၊ နှင်းခူရောဂါနှင့် အနာစက်စသော အရေပြားရောဂါများ ကာကွယ်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး ရရှိအောင်ဆောင်ရွက်အပ်သလို ကုသမှုကိုလည်း တစ်ပြိုင်နက်ပြုလုပ်ပေးရပေမည်။ ကလေးများအတွက် လိုအပ်သော ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ သူငယ်နာ အကြောသေ၊ ဗိုင်းရပ်(စ) အသည်းရောင်ရောဂါ စသည့် ကာကွယ်ဆေးများ ထိုးပေးရပါမည်။

ရေကြီးသောအရပ်များ၌ မြွေအန္တရာယ်ရှိရာ မြွေကာကွယ်ရေးနှင့် ကုသရေးကို ဆောင်ရွက်ပေးရမည် ဖြစ်၏။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နှစ်စဉ်ရေကြီးတတ်ပြီး မြွေများသည် အိမ်ခေါင်မိုးပေါ်ထိတက်လာကာလူများကို ကိုက်လေ့ရှိ၏။ သို့ဖြင့် လူအများ မြွေကိုက်၍ သေဆုံးကြရ၏။ ဤအချက်ကို ကယ်ဆယ်ရေးလုပ်သားနှင့် ကျန်းမာရေးဝန်ထမ်းများ သတိချပ်ကြရပါမည်။


### (ခ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေး

မုန်တိုင်းကျလျှင်ဖြစ်စေ၊ ရေကြီးလျှင်ဖြစ်စေ ရေတွင်းနှင့်ရေကန်ရှိ ရေများမှာ မသန့်ရှင်းတော့။ သို့ဖြစ်၍ သန့်ရှင်းသောသောက်သုံးရေ ကောင်းကောင်းရရန်လို၏။ ဤအတွက်အဝေးမှ ရေသယ်ပေးနိုင်သလို အနီးတွင်ရှိသောရေကို ပိုးသတ်ဆေးထည့်၍ ပေးရန်လို၏။ အလွယ်ဆုံးနည်းမှာ အရောင်ချွတ်ဆေး(Bleaching Powder)ကို ရေထဲတွင် အပုံ ၁ သန်းတွင် ၁ ပုံ ( One Part Per Million, 1 PPM ) ပါအောင်ထည့်ပေးရန် ဖြစ်၏။ ရေဂါလန် ၁၀၀၀ တွင် အရောင်ချွတ် ဆေးမှုန့် ၁ အောင်စထည့်ပါကရပါသည်။ သောက်ရေအတွက်မူ သီးခြားလျှောင်ရေ (Stock Solution ) ဖျော်၍ ရ၏။ လျှောင်ရေ အဖြစ် ရေတစ်ပိုင့်တွင် ဆေးမှုန့်ဇွန်းကြီး ၂½ ဇွန်း (၃၀–၇ဂရမ်) ထည့်ဖျော် ပြီးဤအရည်ကို ရေနှင့်စပ်၍ သောက် ရ၏။ ရေ ၁၀ ဂါလန်ကို လျှောင်ရေဆေးရည် လက်ဖက်ရည် ဇွန်း ၁ ဇွန်း သာ ရောသောက်ရပါသည်။

အရောင်ချွတ်ဆေးမရှိသော အရပ်များ၌ ရေကို ကျိုချက်၍ သောက်စေရပါမည်။ အချို့သော နေရာများ၌ ပိုတက်စီယံပါမက်ဂနိတ် ( Potassium Permanganate ) ဆေးပြားများကို ရေမှာထည့်၍သုံးပါက ရပါသည်။ အခြားပိုးသတ်ဆေးများလည်း ရှိပါသည်။

### (ဂ) ပတ်ဝန်းကျင် သန့်ရှင်းရေး

သဘာဝဘေးအန္တရာယ်ခံရသော အရပ်များ၌ လူသေ၊ ခွေးသေစသော အသေ ကောင်များကိုကောင်းစွာမြှုပ်နှံ သို့မဟုတ် မီးရှို့ ပစ်ရန်လိုအပ်သကဲ့သို့ အညစ်အကြေး စွန့်ရန်အတွက် ယင်လုံအိမ်သာများလည်း လိုအပ်၏။ အစားအစာများကို ယင်မအုံရန်နှင့် စားကြွင်းစားကျန်များကို ယင်နှင့်ကြွက်များမစား စေရန်လည်း ဆောင်ရွက်ပေးရမည်။ လူဦးရေ



မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်နှင့် ပြာပူထဲ၌ သေဆုံးသွားသော သတ္တဝါများ၏ အရိုးစုများကို သိပ္ပံပညာရှင်များ လေ့လာနေပုံ

သိပ်များပါက ကျွင်းအိမ်သာ များကို ယာယီ အသုံးပြုနိုင်ရန် ပြုလုပ်ပေးနိုင် ပါ၏။

**(ဃ) အာဟာရပြည့်ဝသော အစာရရှိရေး**

သဘာဝဘေးအန္တရာယ် ခံစားရသော လူများကို အသက်ရှင်စေရန်နှင့် ရောဂါ မဖြစ်စေရန်အတွက် အာဟာရပြည့်ဝသော၊ သန့်ရှင်းသော အာဟာရများရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်၏။ တစ်ဦးချင်းတစ်ရက်အတွက်လိုအပ်ချက်မှာအောက်ပါ အတိုင်းဖြစ်၏။

**(၁) အပူချိန်ကယ်လိုရီ**

၁ မှ ၁၅ နှစ် ------၁၅၀၀ ကယ်လိုရီ<br>
၁၅ မှ ၄၀ နှစ်------၃၀၀၀ ကယ်လိုရီ<br>
အသက် ၄၀ အထက်–၁၅၀၀ ကယ်လိုရီ<br>
အထက်ပါကယ်လိုရီကို အဆီမှ ၄ ပုံ ၁ ပုံ၊ အသားမှ ၆ ပုံ ၁ ပုံနှင့် ကစီ (ဝါ) ကာဗိုဟိုက်ဒရိတ်မှ ကျန်ကယ်လိုရီများ ရရမည်ဖြစ်၏။

**(၂) အသားဓာတ်**

ဘေးအန္တရာယ်ခံရသူများမှာအသားဓာတ် အထူးလိုအပ်၏။ နွားနို့၊ ဟင်းသီးဟင်းရွက်နှင့်ကြက်ဥတို့မှရနိုင်သလို အခြား အမဲသား၊ ငါးများမှ ရအောင်လည်းဆောင်ရွက်ပေးရမည်။ အနည်းဆုံးလူတစ်ယောက်သည်တစ်နေ့လျှင် အသားဓာတ် ၃ ကျပ်သား ခန့် စားနိုင်ရမည်။ ဖြစ်နိုင်ပါက ၆ ကျပ်သားစားရမည်။

**(၃) ဗိုက်တာမင် လိုအပ်သူ**

ဘေးအန္တရာယ် ထိခိုက်သူများသည် အခြားသူများလိုပင် ဗိုက်တာမင် အလုံအလောက်ရရန် လိုအပ်၏။ အထူးသဖြင့်ဗိုက်တာ မင်ဘီကွန် ပလက်နှင့် ဗိုက်တာမင်စီများ လိုအပ်၏။ ဤသည်ကိုဗိုက်တာမင် ဆေးပြားများအဖြစ်ဖြစ်စေ၊ သစ်သီး ဝလံများမှဖြစ်စေ ပေးနိုင်၏။ ကလေးများမှာ ဗိုက်တာမင် အေ နှင့်ဒီ ပိုလိုအပ် ၏။ ဆေးပြားအဖြစ် လည်းကောင်း၊ ငါးကြီးဆီအဖြစ်လည်းကောင်း ပေးနိုင်ပေသည်။

(၄) ထင်းနှင့် လောင်စာဆီ လိုအပ်မှု

အစားအစာများကို ချက်ပြုတ်စားရန်အတွက် ထင်းနှင့်လောင်စာဆီများ လိုအပ်၏။ အိမ်ထောင်စုတစ်စုသည် တစ်ပတ်လျှင် ထင်း ၃၅ ကီလိုဂရမ် သို့မဟုတ် မီးသွေး ၂၃ ကီလိုဂရမ် သို့မဟုတ် ရေနံဆီ ၅ လီတာ (၆ ဂါလန်ခွဲ) လိုအပ်၏။

(၅) အခြား လိုအပ်ချက်များ

နွေးထွေးစွာ နေနိုင်ရန် အဝတ်အစားနှင့်ခြေအိတ်၊ လက်အိတ်၊ ဖိနပ်များ လိုအပ်သလို စောင်၊ ခြင်ထောင်စသည်တို့လည်း လိုအပ်၏။

## နိုင်ငံတကာအကူအညီနှင့် မိမိဘာသာအားကိုးမှု

(၁) တရုတ်ပြည်၊ ရှန်ဇီပြည်နယ် (Shanxi) ရှိ ရန်ပေခရိုင်နယ် (Yanbei Prefecture) သည် ၁၉၈၉ ခု၊ အောက်တိုဘာလ ၁၈ ရက်က ၅.၇ ရစ်ချ်တာစကေးရှိသော ငလျင်လှုပ်ခဲ့ရ၍ အဆောက်အအုံ ၃၀၀၀၀ ပြိုကျ၍ အိုးအိမ်ပေါင်း ၁၇၀၀၀၀ ကျော် ပျက်စီးခဲ့၏။ လူ ၁၇ ယောက်သေပြီး ကျွဲနွား ၁၁၀၀၀ ပျက်စီးခဲ့၏။ လူ ၁၄၅ ယောက် ဒဏ်ရာရကာ လူဦးရေ ၁၂၀၀၀၀ အိုးအိမ်မဲ့ ဖြစ်ခဲ့၏။ နောက်တစ်နှစ်ကျော်အကြာ ၁၉၉၁ ခု၌ မိသားစုတိုင်း အိမ်သို့မဟုတ် အိမ်ခန်းပိုင် ဖြစ်လာ၏။ စက်ရုံ ၂၀ နှင့် အုတ်ဖုတ်စက် ၁၇ ခု အသစ်တည်ဆောက်ပေး၍ လူတိုင်း အလုပ်ရကြ၏။ အများပြည်သူ အသုံးပြုရန် အိမ်ပေါင်း ၃၉၀၀၀ လုံး ပြင်ဆင်တည်ဆောက်ပေးပြီး ပြည်သူပိုင် အဆောက်အအုံ ၂၂၀၀ ကိုလည်း ဆောက်လုပ် ပေးခဲ့၏။ ကျောင်း၊ တံတားနှင့်လမ်း များကိုလည်း အသစ်ဆောက်ပေးခဲ့၏။ ဤသို့ပြုလုပ်ပေးနိုင်သည်မှာ အခြားကြောင့်မဟုတ်။ တရုတ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့၏ ကူညီပံ့ပိုးမှုကြောင့် ဖြစ်ပေ၏။

(၂) ၁၉၉၂ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်၍ ရေကြီးရာ လခြမ်းနီအသင်း (Red Crescent) က ဌာနေလူ ၃၀၀၀၀ ကို စည်းရုံး၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့၏။ ယခင်တစ်ခါက ထိုသို့ ဆိုင်ကလုံးမုန်တိုင်းမိ၍ ရေကြီးရာ လူ ၁၃၁၀၀၀ သေဆုံးခဲ့ရသည်။

(၃) ၁၉၉၃ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အပိုင် မဟာရဋ္ဌပြည်နယ်၌ ငလျင်လှုပ်ရာ လူများ (၂၈၀၀) ကျော် သေဆုံးခဲ့၏။ ဤအတွက် ကမ္ဘာ့ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အကူအညီပေးရန် ကမ်းလှမ်းခဲ့၏။ သို့သော် အိန္ဒိယအစိုးရသည် မိမိကိုယ်ကို မိမိအားကိုးကာ အိန္ဒိယတပ်မတော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ရန်တာဝန်ပေးခဲ့၏။ ဤတွင် တပ်မတော်သား ၈၀၀၀ သည် ရွက်ထည်တဲ ၁၂၀၀ကိုဆောက်၊ ရွှေ့လျားဆေးရုံ သုံးရုံကို တည်ထောင်ပေးပြီး၊ အလောင်း ၉၀၀၀ ကို ရှင်းပေးခဲ့၏။ ဒုက္ခခံရသူလူတစ်သိန်းကျော်ကို ကာလဝမ်းနှင့် တိုက်ဖွိုက်ရောဂါ ဖြစ်ပွားမှု ဘေးဒဏ်မှလည်း ကာကွယ်ပေးခဲ့သည်။

(၄) ယခု ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဂျပန်နိုင်ငံ၊ ကိုဘေးမြို့တွင် ဖြစ်ပွားသော ငလျင်လှုပ်မှုကြီး၌ တစ်မြို့လုံး ပျက်စီး၍ လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရာ ကမ္ဘာ့နိုင်ငံအများက ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့် အကူအညီပေးရန် ကမ်းလှမ်းစာများ ဂျပန်ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့၏။ သို့သော် ဂျပန်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာကိုသာ လက်ခံပြီး ငွေကြေးပစ္စည်း အကူအညီကို လက်မခံခဲ့ပေ။ ဂျပန်နိုင်ငံသည် မည်သည့်သဘာဝ ဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်တွန်းလှန်နိုင်သည်ဟု ပြောကြားလေသည်။ ချီးကျူးထိုက်သော ဇာတိမာန်စကားပေတည်း။

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒေါက်တာဝမ်ဝင်ဗို (Dr . Weng Wenbo) သည် ၁၉၈၂ ခုမှ ၁၉၉၂ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် ဖြစ်နိုင်သော သဘာဝဘေးအန္တရာယ် များကို ကြိုတင်ဟောကိန်းထုတ်ခဲ့ရာ သူ့ဟောကိန်း ၂၅၂ ခုအနက် ၂၁၁ ခု (၈၇.၇၃ ရာခိုင်နှုန်း) မှာ မှန်ခဲ့၏။ သူ၏ မှန်ကန်သော ဟောကိန်းများအနက် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် လှုပ်ခဲ့သော ကာလီဖိုးနီးယား ငလျင်၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဖြစ်ခဲ့သော ဂျပန်နိုင်ငံရှိ ဟိုကိုင်ဒိုငလျင် နှင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဖြစ်ပွားသော ဂျပန်နိုင်ငံ၊ ကိုဘေး ငလျင်တို့ ပါဝင်၏။ သူသည် ငလျင်အပြင်

ရေလျှံခြင်း၊ လူဦးရေတိုးခြင်း၊ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေခြင်း၊ အစာရေစာအထွက်နှုန်းနှင့် ကုန်စည်ရောင်းဝယ်မှုများ၊ ဆေးရုံတက်လူနာဦးရေ စသည်တို့ကိုပါ မှန်အောင်ဟောနိုင်ခဲ့၏။ ဗေဒင်နှင့် အခြားဂမ္ဘီရပညာများသုံး၍ ရမ်းတုတ်ခြင်းမဟုတ်၊ သဘာဝသိပ္ပံပညာရပ်များနှင့် လူမှုရေးသိပ္ပံပညာရပ်များကို စနစ်တကျလေ့လာသုံးသပ်၍ ပြောဟောခြင်းဖြစ်သည်။ သူကိုယ်တိုင်က လန်ဒန်တက္ကသိုလ်မှ ရူပဗေဒပါရဂူဘွဲ့(Ph. D. in Physics)ကို ၁၉၃၉ ခုနှစ်က ရရှိခဲ့သူဖြစ်၏။ ဝန်ကြီးချုပ် ချောင်အင်လိုင်း ရှိစဉ်ကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ရှေ့ဖြစ် အကြံပေးသိပ္ပံပညာရှင်(Adviser in Futurology)ဖြစ်ပေသည်။ သူသည် သူ့လို သိပ္ပံပညာရှင်ပေါင်းများစွာကို ပြည်တွင်းပြည်ပ၌ မွေးထုတ်ပေးခဲ့၏။ သို့သော် သူကား ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် ကွယ်လွန်ခဲ့၏။(The Fundamentals of Forecasting )စာအုပ်ကို ရေးသားထုတ်ဝေသွား၏။

## နိဂုံး

၁။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက လူအများအတွက် လိုအပ်သည်မှာ လုံခြုံစိတ်ချရသောအိပ်ရာနေရာရဖို့၊ အာဟာရပြည့်ဝသော အစာစားရဖို့နှင့် သောက်သုံးရေသန့်သန့်ရဖို့သည် အဓိကဖြစ်၏။ ဤအတွက် သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရပေမည်။ ကျန်းမာရေးဝန်ထမ်းများအနေနှင့်ကား အထက်ပါကိစ္စများတွင် ကူညီဆောင်ရွက်ရမည်ဖြစ်သလို ကူးစက်ရောဂါကာကွယ်ရေးကိုလည်း ဆောင်ရွက်ရမည်။ ဤအတွက် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးကို တစ်ပြိုင်နက် လုပ်ဆောင်ပေးရမည် ဖြစ်၏။

၂။ အစိုးရ သို့မဟုတ် နယ်မြေဒေသအုပ်ချုပ်သူများ သည် သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်သော အရပ်များ၌ ယင်းဘေးဒဏ်များ ကာကွယ် ရေးကို ပညာပေးဆောင်ရွက်ရန် လိုသလို ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာ ၆ လစာမျှ အပိုဆောင်း သိုလှောင်ထားသင့်သည်။ သို့မှသာ အရေး ပေါ်လာပါက လူအများအစာငတ်မွတ်ခြင်းကို ကာကွယ်နိုင်ပေမည်။ ဤသို့ မပြုလုပ်သဖြင့် အီသီယိုပီးယားနှင့် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင်ငတ်မွတ်ခေါင်းပါးမှုဒဏ်ခံနေရသည်ကိုကြည့်ပါ။

၃။ အာဟာရချို့တဲ့ခြင်း စသော ရေရှည်ဘေး ဒဏ်ကြောင့် လူမျိုးတစ်မျိုးလုံး ကြုံလို့၍ အရပ်ပုလာခြင်းကို ပြန်လည်ကောင်းမွန်စေရန် လူတိုင်းကိုအာဟာရကောင်းကောင်းကျွေးနိုင်ရန် တာဝန်ရှိသူတို့ ကြိုးစားဆောင်ရွက်ပေးကြရမည်။ ဤအချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ကို အတိအကျ လိုက်နာဆောင်ရွက်ကြရပါမည်။


၄။ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများ ပြုလုပ်ရန် အကူအညီရနိုင်သောဌာနနှင့် အဖွဲ့အစည်းများမှ အကူအညီများကို ရနိုင်သရွေ့ယူရပါမည်။ နိုင်ငံနှင့် လူမျိုးအား အထည်ကြီးပျက်ဖြစ်အောင်၊ သူတောင်းစားဖြစ်အောင်ကား ပြုလုပ်ရန် မဟုတ်ပါ။

၅။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုညှိနှိုင်းမှု အဖွဲ့အစည်း(Central Co-ordinating Body) သို့မဟုတ် လမ်းကြောင်း(Lines of Co-ordinating) ပြုလုပ်ထားရပါမည်။ လိုအပ်သလို ပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ သင်တန်းပေးခြင်း၊ လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

၆။ သဘာဝဘေးအန္တရာယ်ဖြစ်လျှင် လူအများ အထိတ်တလန့် မဖြစ်စေရန်၊ ရင်ဆိုင်တတ်ရန် ပညာပေး၊ လေ့ကျင့်ပေးရပါမည်။ ဆရာဝန်များက မိမိဘာသာကုသကာကွယ်နည်းနှင့် ရှေးဦးသူနာပြုနည်းများကို သင်ကြားပေးသလို စိတ်ပညာရှင်များက စိတ်ဓာတ်ကြံ့ခိုင်ရေး၊ တစ်ကိုယ်ကောင်း မဆန်ရေး၊ လူလူချင်း ညှာတာသနား၍ ပူးပေါင်းဆောင်ရွက်တတ်ရေးတို့ကို သင်ပေးရပါမည်။ တာဝန်ရှိသူများက စံနမူနာ ဖြစ်ရပါမည်။

၇။ လူတိုင်းငြိမ်းချမ်းရေးကို မြတ်နိုး၍ စစ်မက်ဖြစ်ပွားမှုကို ဆန့်ကျင်လာအောင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကျင့်စဉ်များတွင် လူတိုင်းပါဝင်ယှဉ်ပါးနှစ်ခြိုက်လာအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရပါမည်။ ။

ဒေါက်တာ မောင်မောင်ညို



# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

ဒုတိယကမ္ဘာစစ်ကြီးပြီးစက နိုင်ငံအားလုံး၏ ငြိမ်းချမ်းစည်ပင်ရေးနှင့် ဆိုင်သော အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းခဲ့ ကြသည်။ ထိုအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သောကြောင့် ၁၉၉၅ ခုနှစ်တွင် သက်တမ်း နှစ်(၅၀)ရှိပြီဖြစ်သည်။ စတင်ဖွဲ့စည်းခဲ့သော မွေးနေ့မှာ အောက်တိုဘာလ ၂၄ ရက်နေ့ ဖြစ်သည်။ ထိုနေ့ကို ကမ္ဘာ့ ကုလသမဂ္ဂနေ့အဖြစ် အဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ်ကျင်းပခဲ့ ကြသည်။

ယခုအခါ ထိုအဖွဲ့ကြီးတွင် အဖွဲ့ဝင်( ၁၈၅)နိုင်ငံရှိပြီဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုင်းပြည် နိုင်ငံ အားလုံးလိုလိုပင် ပါဝင် သည်။

## မြန်မာနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ခြင်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် သုံးလခန့်အကြာတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ ကုလသမဂ္ဂအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ခွဲသာ ရှိသေးသည်။ အဖွဲ့ဝင်နိုင်ငံများမှာ (၅၇) နိုင်ငံမျှသာ ရှိသည်။ မြန်မာ နိုင်ငံ၏ ကုလသမဂ္ဂသို့ ဝင်ရောက်ခွင့်လျှောက်ထားချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က တညီတညွတ်တည်း ထောက်ခံချက်အရ ၁၉-၄-၄၈ ရက်နေ့တွင် (၅၈) နိုင်ငံမြောက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များနှင့် မူကြီးများကို ယုံကြည်သက်ဝင်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ကာကွယ်မြှင့်တင်ရန်၊ ကမ္ဘာ့လူသားထု၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်း စာနာထောက်ထားရေးနှင့် လူ့အခွင့်ရေးများဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်ခံစားရရှိရေးအတွက် ကမ္ဘာ့နိုင်ငံ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

## ကုလသမဂ္ဂ အထွေထွေညီလာခံများသို့ တက်ရောက်ခြင်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီး များကို လိုက်နာကျင့်သုံးသည်ဖြစ်ရာ ကုလသမဂ္ဂ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အထွေထွေညီလာခံနှင့် အခြားအစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ(၄၆) ကြိမ်၊ (၄၇) ကြိမ်၊ (၄၈)ကြိမ်နှင့် (၄၉) ကြိမ်မြောက် အထွေထွေညီလာခံများ၌ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းများတွင် နိုင်ငံတကာအရေးအခင်းများအပေါ် မြန်မာနိုင်ငံ၏ သဘောထားရပ်တည်မှုများကို ဖော်ပြခဲ့သည်သာမက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ မူဝါဒများ၊ လုပ်ငန်း အစီအစဉ်များကိုလည်း ကမ္ဘာက သိစေရန် ပြောကြားနိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး ခေါင်းဆောင်၍ ကုလသမဂ္ဂ အခြေခံမူများအပေါ် ထပ်လောင်းအတည်ပြုရေး အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## ကုလသမဂ္ဂတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း

(က) **ကိုလိုနီစနစ် ပပျောက်ရေးကိစ္စ**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာချိန်မှစ၍ ကိုလိုနီလက်အောက်ခံများအဖြစ်

ဆက်လက်တည်ရှိနေသော နိုင်ငံများ လွတ်လပ်ရေး ရရှိစေရေးအတွက် ကိုလိုနီစနစ် ပပျောက်ရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် ဒုတိယအမြဲတမ်းကိုယ်စားလှယ် တို့သည် အောက်ပါကော်မတီများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) အီရီထရီးယားနိုင်ငံဆိုင်ရာ ကော်မရှင် (၁၉၅၀)၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသော နယ်မြေများမှ သတင်းအချက်အလက်များ ကော်မတီ(၁၉၅၄-၅၅)၊

(၃) ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေများကောင်စီ (၁၉၅၆-၅၈ နှင့် ၁၉၅၉-၆၁)၊

(၄) ကွန်ဂိုစေ့စပ်ညှိနှိုင်းရေးကော်မရှင် (၁၉၆၁)၊

(၅) အနောက်တောင်အာဖရိကကော်မတီ (၁၉၆၁)၊

## (ခ) ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်ကိစ္စများ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့်အားလျော်စွာ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးထိန်းသိမ်းသည့် ကိစ္စများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အောက်ပါ ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် အပစ်အခတ်ရပ်စဲမှု ကြီးကြပ်သည့်အဖွဲ့များသို့ မြန်မာနိုင်ငံမှ လေ့လာသူများ၊ တပ်ဖွဲ့ဝင်များ စေလွှတ် ခဲ့ပါသည်-

(၁) ဒုတိယ ဗိုလ်မှူးကြီး လှမြင့် ဦးဆောင်သော အဖွဲ့ဝင်(၄)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် လက်ဘနွန်နိုင်ငံတွင် ချထားသော ကုလသမဂ္ဂ အရေးပေါ်တပ်ဖွဲ့၌ ၁၉၅၈ ခုနှစ်တွင် ပါဝင်ခဲ့ပါသည်။

(၂) ဒုတိယ ဗိုလ်မှူးကြီးရဲခေါင် ဦးဆောင်သော အဖွဲ့ဝင် (၆) ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကွန်ဂိုနိုင်ငံတွင် ချထားသော ကွန်ဂိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂတပ်ဖွဲ့၌ ၁၉၆၀ ပြည့်နှစ်တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၃) ဒုတိယ ဗိုလ်မှူးကြီး အောင်ကြူး ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးပါ စစ်လေ့လာရေးအဖွဲ့သည် ကက်ရှ်မီးယားတွင်ချထားသော ကုလသမဂ္ဂ၏ အိန္ဒိယ- ပါကစ္စတန် စစ်လေ့လာရေးတပ်ဖွဲ့တွင် ၁၉၆၅ ခုနှစ်၌ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၄)ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်၊ ဒုတိယဗိုလ်မှူးကြီး စိန်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး အေးကျော်တို့အသီးသီးဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးစီ ပါဝင်သော တပ်ဖွဲ့များသည် အရှေ့အလယ်ပိုင်းဒေသတွင် ချထားသော ကုလသမဂ္ဂအပစ်အခတ်ရပ်စဲရေးကြီးကြပ်မှုအဖွဲ့တွင် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အစဉ်လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များတွင် ပါဝင်ခြင်း မပြုသေးသော်လည်း ကုလသမဂ္ဂငြိမ်း ချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့များအတွက် ထည့်ဝင်ရသည့် အချိုးကျငွေ များကို အပြည့်အဝမပျက်မကွက် ထည့်ဝင်လျက်ရှိသည့်အပြင် ကုလသမဂ္ဂက မကြာမီက ဖွဲ့စည်းရန်စီစဉ်လျက်ရှိသည့် ကုလသမဂ္ဂအသင့်တပ်ဖွဲ့များတွင် လေ့လာရေးအဖွဲ့များ စေလွှတ်ပါဝင်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

## (ဂ) လက်နက် ဖျက်သိမ်းရေး ကိစ္စရပ်များ

မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ်ကတည်းက တက်ကြွစွာ ပါဝင်ခဲ့သည်။ လက်နက်ဖျက်သိမ်းရေး ကိစ္စရပ်များ၌ ထိရောက်မှန်ကန်ပြီး ခွဲခြားမှုမရှိသည့် မျှတစစ်မှန်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အစဉ်တစိုက်ထောက်ခံသည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်ပါဝင်တက်ရောက်ခဲ့သည်။ ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ ၁၉၉၃ ခုနှစ်၊ နှစ်စဉ်ညီလာခံတွင် နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော နျူးကလီးယား လက်နက်မပြန့်ပွားရေး စာချုပ်အား ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ပါဝင်ချုပ်ဆိုခဲ့ရာ ယင်းစာချုပ်၏ (၁၅၄)နိုင်ငံမြောက် စာချုပ်ဝင် နိုင်ငံဖြစ်လာခဲ့သည်။ လက်နက်




ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရောင်စုံမီးများ ထွန်းညှိထားသော ကုလသမဂ္ဂ ဌာနချုပ်အဆောက်အအုံနှင့် နယူးယောက်မြို့၏ ညရှုခင်း

ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ်ဖြစ်သော ဓာတုလက်နက် တားဆီးပိတ်ပင်ရေး စာချုပ်ကို ကနဦး လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးက ၁၄–၁–၉၃ နေ့တွင် ပါရီမြို့၌ တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်းသော (၁၈)နိုင်ငံ လက်နက်ဖျက်သိမ်းရေးကော်မတီမှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခု (၃၉)နိုင်ငံ လက်နက်ဖျက်သိမ်းရေးညီလာခံအထိ ဆက်လက်ပါဝင်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## (ဃ) အခြားပါဝင် ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါ ကိစ္စရပ်များတွင် သာမက အောက်ဖော်ပြပါကိစ္စများဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(၁) စုပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ ၁/ (၁၉၅၀)၊

(၂) အချက်အလက်များဆိုင်ရာ ကော်မတီ ၂/(၁၉၅၂ – ၁၉၅၃)၊

(၃) အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင် ၃/(၁၉၅၂ – ၅၄)၊

(၄) ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မရှင် ၄/(၁၉၅၅)၊

(၅) ကုလသမဂ္ဂ မတည်ငြိမ်နိုင်ငံ ဖွံ့ဖြိုးရေးရန်ပုံငွေ တည်ထောင်ရေး ကော်မတီ ၅/(၁၉၆၀)၊

(၆) နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ နိုင်ငံတကာဥပဒေ၏မူများဆိုင်ရာ ကော်မတီ ၆/(၁၉၆၄–၆၇)၊

**ကုလသမဂ္ဂ ကုန်ကျစရိတ် အချိုးကျ ထည့်ဝင်ခြင်း**

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကျေပွန်ရမည့် တာဝန်ဝတ္တရားများအနက် အဓိကကျသော တာဝန်တစ်ခုဖြစ်သည့် ကုလသမဂ္ဂကုန်ကျစရိတ်အတွက် အချိုးကျထည့်ဝင်ရမည့်ငွေကို နှစ်စဉ်မပျက်မကွက် မှန်မှန် ထည့်ဝင်လျက် ရှိပါသည်။ ၁၉၉၅ ခုနှစ်အတွက် ထည့်ဝင်ပြီး ဖြစ်သည့် အချိုးကျထည့်ဝင်ရမည့်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀၉,၂၇၀ ဖြစ်ပါသည်။

**၁၉၄၉ ခုနှစ်၊ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် ပါဝင် ချုပ်ဆိုခြင်း**

မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ်သင့်သူများအား ပြုစု စောင့်ရှောက်ရေးဆိုင်ရာ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်း (၄)ခုတွင် ပါဝင်ချုပ်ဆိုခြင်းနှင့် နိုင်ငံတကာ လူလူချင်းစာနာ ထောက်ထားသည့် မူများကို လိုက်နာဆောင်ရွက်လျက် ရှိကြောင်း အတိအလင်းကြေညာသည့် အခမ်းအနားကို ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဂျီနီဗာကွန်ဗင်းရှင်း(၄)ခုတွင် မြန်မာနိုင်ငံက နောက်မှ ပါဝင်ချုပ်ဆိုကြောင်း စာချွန်လွှာကို ဆွစ်ဇာလန် နိုင်ငံ၊ ဘန်းမြို့ရှိ ဆွစ်ဖယ်ဒရယ်ကောင်စီသို့ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပေးပို့ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် စတင်အကျိုးသက်ရောက်သည်။

**ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်**

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စာချုပ်တွင် မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက် နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

**မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးကြိုးပမ်း ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတကာ၏ အဓိကအကျဆုံး ဖြစ်သော လူမှုရေးတာဝန်ကြီးတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိ သည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အပိုင်းတွင် လည်း ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အထူးအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များနှင့်အညီ နှစ်နိုင်ငံချင်း ပူးပေါင်း ဆောင်ရွက်ရေး၊ ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက် ရှိသည်။

၁၉၆၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော စာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် အတည်ပြု ချုပ်ဆို ခဲ့ သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ် ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်အဖြစ် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂ၏ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ စာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့တွင်လည်းကောင်း ပါဝင်အတည်ပြု ချုပ်ဆိုခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်း နယူးယောက်မြို့ (၁၇) ကြိမ် မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂအထူးအထွေထွေ ညီလာခံနှင့် လန်ဒန်မြို့ ကမ္ဘာ့ဝန်ကြီးအဆင့် ညီလာခံ ဆုံးဖြတ်ချက်များအတိုင်း နိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ် လျက်ရှိသော နိုင်ငံများနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ် ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ နယ်စပ်မှဖြတ်ကျော် ဝင်ရောက်မှု တားဆီးနှိမ်နင်းရေး၊ နယ်နိမိတ်ဆက်စပ်လျက် ရှိသော ဒေသများတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေး ရည်ရွယ်ချက်များဖြင့် မြန်မာ–ထိုင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် မြန်မာ– တရုတ် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး



**တလူလူလွင့်နေသော ကုလသမဂ္ဂအလံတော်**

သဘောတူစာချုပ်များကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ–ထိုင်း–လော သုံးနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ဗန်ကောက်မြို့တွင် ၁၉၉၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ယင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ထိုင်း–လော သုံးနိုင်ငံ ဝန်ကြီးအဆင့်ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးတွင် ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဓိကအားဖြင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးတိုက်ဖျက်ရေးအတွက် ခိုင်မာသော သန္နိဋ္ဌာန်များနှင့် တည်ကြည်သော အာမခံချက်တို့ကို အတည်ပြုခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများထုတ်လုပ် ဖြန့်ဖြူး ဝယ်ယူသုံးစွဲမှုများ လျော့ပါးရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသ ဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း သဘောတူညီခြင်းတို့ ပါဝင်သည်။

အရှေ့တောင်အာရှဒေသခွဲအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးစားပြုမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး

အစီအစဉ်ရုံးတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှု လျှော့ချရေး၊ ကူးသန်းရောင်းဝယ်မှု တားမြစ်ရေးနှင့် ယင်းတို့နှင့်ဆက်နွှယ်နေသောကိစ္စရပ်များဆိုင်ရာ မြန်မာ–အိန္ဒိယအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၃ ခုနှစ်၊ မတ်လ (၁၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားမြစ်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့(ရှ်) နှစ်နိုင်ငံ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ထို့အပြင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင် လက်မှတ်ရေးထိုးခဲ့သည့်အလျောက် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လျော်ညီစေရန် ရည်ရွယ်လျက် " ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ "ကို ဖျက်သိမ်း လိုက်ပြီး "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ" သစ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ရှေးရှုတည်ဆောက်လျက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။


မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်၏ လွတ်လပ်သော ကျွမ်းကျင်သူများ၊ အထူးအစီရင်ခံစာ တင်သွင်းသူများ၊ ကုလသမဂ္ဂ လူ့သားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ အကြီးအကဲ၊ ယင်း၏ ကိုယ်စားလှယ်ဖြစ်သူနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အများတို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းကို လက်ခံခဲ့သည်။

မြန်မာနိုင်ငံသည် ဩစတြီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၃ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတွင် အခြေခံ လူ့အခွင့်အရေးများ တိုးတက်ခံစား ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပြန်လည်စည်းလုံးသင့်မြတ်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာ ပါရှိချက်တွင် ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးမှု အစီအစဉ်၊ တစ်ဘက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ များအားလက်ခံရာတွင် ကူညီဆောင်ရွက်ရေး၊ အထူးသဖြင့် ရေသန့်ရရှိရေး၊ ပညာရေး၊ ဆယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပါဝင်ကူညီဆောင်ရွက်ရေး ကိစ္စရပ်များ ပါဝင်သည်။ ယင်းကိစ္စရပ်များအားကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဆက်သွယ်ရေးရုံးကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့် ပြုခဲ့သည်။

## မြန်မာနိုင်ငံက အထူးပြုအေဂျင်စီ များတွင် ပါဝင်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ အထူးပြုအေဂျင်စီများ အစီအစဉ်များတွင် ပါဝင်ကာ




ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ စာသားအချို့ပါရှိသည့် ပိုစတာ

သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက် ရှိပါသည်–

(က) **အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO)။** ။အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့ချုပ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမား ပြည်သူများအတွက် လူမှုရေးတရားမျှတမှုကို ကာကွယ်မြှင့်တင်ရန် ဆောင်ရွက် ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၈–၄–၄၈ တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လေ့ကျင့်ပညာပေးရေး စသည်တို့ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) **စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)။** ။စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေး အဖွဲ့သည်ကမ္ဘာ့နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ကိစ္စများနှင့် ပတ်သက်၍ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ ထိုအဖွဲ့ကမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး မျိုးစေ့သုတေသန၊ ငါးမွေးမြူရေးလုပ်ငန်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားဥယျာဉ်များ တည်ဆောက်ခြင်း၊ သီးနှံဖွံ့ဖြိုးရေး စသည့်ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)။** ။ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက် ကြခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်မှု ပိုမိုတိုးမြင့်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို


အထောက်အကူဖြစ်စေရန် ဤအဖွဲ့က ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ယင်းအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ဆောင်ရွက်စေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော အမျိုးသားကော်မရှင်ကို ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေး၊ မော်ကွန်းထိန်းလုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာပစ္စည်းများ ပြုပြင်ထိန်းသိမ်းကာကွယ်ခြင်း စသည့် ကိစ္စများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( W H O )**။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးစနစ်များ တိုးတက်ကောင်းမွန်စေရန်၊ ကပ်ရောဂါများ၊ ကူးစက်ရောဂါများ ကုသတိုက်ဖျက်ရေး၊ ကျန်းမာရေး အသိပညာပေးရေး စသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁-၇-၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။ ယင်းအဖွဲ့သည် မြန်မာ နိုင်ငံ တွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်သူလူထုကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ကူးစက်ရောဂါနှင့် ကပ်ရောဂါများ ကုသတိုက်ဖျက်ရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စသည်တို့တွင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(င) **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)**။ ။အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံတကာ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နိုင်ငံတကာ ကုန်သွယ်မှု ချဲ့ထွင်ရေးနှင့် မျှတစွာတိုးတက်ကြီးထွားရေးစသည်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၁၉၅၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ အဖွဲ့က နည်းပညာ အကူအညီများ ပေးပါသည်။ ထို့အပြင် ယင်းအဖွဲ့မှ ဖွင့်လှစ်ထားသော သင်တန်း ကျောင်းသို့ မြန်မာနိုင်ငံမှ သင်တန်းသားများကို ရွေးချယ် ခေါ်ယူလေ့ကျင့်ပေးပါသည်။ ယင်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ၏ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။

(စ) **ကမ္ဘာ့ဘဏ် ( WORLD BANK)**။ ။ကမ္ဘာ့ဘဏ်သည် အဖွဲ့ဝင်နိုင်ငံများတွင် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးခြင်း၊ အကြံဉာဏ် ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကမ္ဘာ့ဘဏ် အုပ်စုတွင် ပြန်လည်တည်ဆောက် ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာ ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာ စီမံကိန်းအချို့အတွက် အတိုးမဲ့ နှစ်ရှည်ချေးငွေအချို့ကို ထုတ်ချေးကာ သက်ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဘဏ်၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးသို့မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းမှမူ မြန်မာနိုင်ငံအနေဖြင့် အကူအညီရယူခြင်း မရှိသေးပါ။

(ဆ) **အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ (ICAO)**။ ။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေး၌လည်းကောင်း အန္တရာယ်ကင်းရှင်းစေရန်နှင့် ထိရောက်ထက်မြက်စေရန် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၈-၇-၄၈ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်း



ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ခုတွင်

အဖွဲ့သည် မြန်မာနိုင်ငံတွင် မိုးပြုလေကြောင်း ဆက်သွယ်ရေးနှင့် ကြိုးမဲ့အချက်ပြဆက်သွယ်မှု ဖွံ့ဖြိုးရေး၊ မိုးပြုလေကြောင်းထိန်းသိမ်းရေးကိရိယာ များခေတ်မီရေးနှင့်အားကောင်းရေး၊ လေ့ကျင့် သင်ကြားရေး၊ ဇလဆိပ်မွမ်းမံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(၈) **ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)။** ။ကမ္ဘာ့စာပို့တိုက် သမဂ္ဂသည် ကမ္ဘာ့စာပို့လုပ်ငန်းတွင်နှုန်းထားများ သတ်မှတ်ခြင်းနှင့် စာပို့လုပ်ငန်း ခေတ်မီတိုးတက် စေရန်နှင့် သွက်လက်မြန်ဆန်စေရန် နည်းလမ်းများ တီထွင်ခြင်း၊ စည်းကမ်းများ သတ်မှတ် ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းသမဂ္ဂ သို့ ၁၄-၄-၄၉ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး မြန်မာ နိုင်ငံ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း အတွက် ကျွမ်းကျင်သူများ လေ့ကျင့်သင်တန်း ပေးခြင်းနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(၉) **အပြည်ပြည်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး သမဂ္ဂ (ITU)။** ။ဤအဖွဲ့အစည်းသည် ရေဒီယိုလှိုင်း များ ခွဲဝေပေးခြင်း၊ အသံလွှင့်ဌာနများ တစ်ခုနှင့် တစ်ခု အနှောင့်အယှက်မဖြစ်စေရန် ညှိနှိုင်းပေးခြင်း၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက် စေရန်ကူညီခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း စေရန် နည်းလမ်းများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည်ယင်းအဖွဲ့အစည်းသို့ ၁၉၃၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိလာသော အခါ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပါဝင်ခဲ့ ပါသည်။ယင်းအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ကြေးနန်းဆက်သွယ်ရေးကျွမ်းကျင်သူများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကြေးနန်းဆက်သွယ်



ကုလသမဂ္ဂ နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြသော ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများ (စတုတ္ထတန်း လက်ဝဲအစွန်မှ ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီးမောင်အေးဖြစ်သည်)

ရေးစနစ်များ ခေတ်မီရေးကိစ္စများတွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

(ည) **ကမ္ဘာ့မိုးလေဝသအဖွဲ့ ( W M O )။** ။ကမ္ဘာ့မိုးလေဝသအဖွဲ့သည် ကမ္ဘာ့တစ်ဝန်းတွင် မိုးလေဝသ စောင့်ကြည့် အကဲခတ်ရေး စခန်းများ ဖွင့်လှစ်ထားရှိကာ မိုးလေဝသအခြေအနေ လေ့လာခန့်မှန်းခြင်း၊ ခန့်မှန်းတွေ့ရှိချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် မိုးလေဝသလေ့လာခန့်မှန်းခြင်းလုပ်ငန်း၊ မြစ်ရေကြီးခြင်း ကြိုတင်သတိပေးမှုလုပ်ငန်း၊မုန်တိုင်း အန္တရာယ်ကြိုတင်သတိပေးခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျွမ်းကျင်သူများက လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

(ဋ) **အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေး အဖွဲ့ (IMO)။** ။ဤအဖွဲ့အစည်းသည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေရန်နှင့် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းဝေးရေး၊ ရေကြောင်းလမ်းပြမှု ပိုမိုကျွမ်းကျင်ထိရောက်မှု ရှိရေး၊ ရေထု ညစ်ညမ်းမှု တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအဖွဲ့သို့ ၆-၇-၅၁ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ယင်းအဖွဲ့မှ လက်စွဲစာအုပ်များ၊ ထုတ်ပြန်သောစည်းကမ်း၊ စည်းမျဉ်းများနှင့် သုတေသနစာတမ်းများကို မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိရာ မြန်မာနိုင်ငံတွင် သင့်တော်သလို အသုံးပြုလျက် ရှိပါသည်။

(ဌ) **လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ရန်ပုံငွေအဖွဲ့ (IFAD)။** ။ဤရန်ပုံငွေအဖွဲ့



သည် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ရေး၊ လယ်သမားများ ဝင်ငွေတိုးမြှင့်ရေး၊ စားနပ်ရိက္ခာဖြန့်ဝေသည့်စနစ် ပိုမိုကောင်းမွန်ရေး စသည့် ကိစ္စများအတွက် ငွေချေး ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းရန်ပုံငွေအဖွဲ့သို့ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ တွင် ဝင်ရောက်ခဲ့ပါသည်။

(၃) **အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)**။ ။အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စများအတွက် အသုံးပြုစေရန်၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ပါသည်။မြန်မာနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရေဒီယိုအိုင်စိုတုပ်များဖြင့် ဆေးဝါးကုသရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေရရှိရေးနှင့် စက်မှုလုပ်ငန်း များတွင် အသုံးချရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကျွမ်းကျင်သူများလည်း လေ့ကျင့်သင်ကြားပေး လျက် ရှိပါသည်။ ၂-၁၂-၉၂ ရက်နေ့တွင် နျူကလီးယား မပြန့်ပွားရေး စာချုပ်တွင် မြန်မာ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ရာ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် သဘော တူညီချက်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင် အေဂျင်စီနှင့် ၂၀-၄-၉၅ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ပါသည်။

(ပ) **အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် ( GATT )**။ ။အကောက် ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘော တူညီချက်သည်၁-၁-၄၈ ရက်နေ့ကစတင် အာဏာ သက်ဝင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကိစ္စ များ ကို ထိန်းချုပ်သော သဘောတူညီချက်ဝင် နိုင်ငံ အားလုံးက လိုက်နာရသည့် တစ်ခုတည်းသော စည်းကမ်း စည်းမျဉ်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ သဘောတူညီချက်သို့ ၂၉-၇-၄၈ ရက် နေ့က ပါဝင်ချုပ်ဆိုခဲ့ပါသည်။ ဤသဘောတူညီချက် အရ ပြုလုပ်သော ဥရုဂွေးအကြို ဆွေးနွေးပွဲများမှ သဘောတူညီချက်အရ "ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ အ စည်း" မှာ ပေါ်ပေါက်လာပြီဖြစ်ပြီး ၄င်းမှာ ၁-၁-၉၅ ရက်နေ့တွင် စတင်သက်ဝင်ပြီ ဖြစ်ပါသည်။

(ဏ) **ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ ( UNIDO)**။ ။ဤ အဖွဲ့ အစည်းသည် အဖွဲ့ဝင်နိုင်ငံများသို့ စက်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အကူအညီများပေးခြင်းကို ဆောင်ရွက်ပါသည်။ ယင်းသည်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင် ရွက်အကောင်အထည်ဖော်နေသော စက်မှုလုပ်ငန်း များ၌ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ အဖွဲ့သို့ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

## ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် အောက်ဖော်ပြပါ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။


(က) **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF )** ။ ။ဤအဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးများ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စများ အတွက် အကူအညီပေးသည့် ကိစ္စများကို ဆောင်ရွက် ပါသည်။ ယင်းရန်ပုံငွေ အဖွဲ့သည် မြန်မာနိုင်ငံတွင် ဌာနေ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားရှိပြီး ကလေး သူငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ မိခင်နို့ တိုက်ကျွေး ခြင်း၊ ခြောက်သွေ့ ဒေသ များတွင် ရေရရှိရေး စီမံကိန်းစသည်တို့တွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက် လျက် ရှိပါသည်။

(ခ) **ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ ( UNCTAD )**။ ။ဤညီလာခံသည် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ကျင့်သုံးသည့် လုပ်နည်းများနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာ ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေမည့် လေ့လာသုံးသပ်ချက်နှင့် နိုင်ငံ တကာ သဘောတူညီချက်များကို ပြုလုပ်ပါသည်။ မြန်မာနိုင်ငံသည် ယင်းညီလာခံ၏ အစည်းအဝေး များသို့ တက်ရောက်ကာ ဖြစ်ပေါ် တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာပြီး မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် လုပ်ထုံး လုပ်နည်း၊ မူဝါဒနှင့် သဘော တူညီချက်များကို လေ့လာသုံးသပ်လျက် ရှိပါသည်။

(ဂ) **ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)**။ ။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် သဘာဝအရင်းအမြစ်များကို ထိရောက် အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ထုတ်လုပ်မှုစွမ်းရည် တိုးမြင့်စေရန်နှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် အကူအညီများ ပေးပါသည်။ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး ကဏ္ဍအများအပြား၌ အကောင် အထည် ဖော်လျက် ရှိသော စီမံကိန်းများ အတွက် ငွေကြေးနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ပေးပြီး မြန်မာနိုင်ငံသား ကျွမ်းကျင်သူများကို လေ့ကျင့်ပေးလျက် ရှိပါသည်။

(ဃ) **ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (UNEP)**။ ။ ဤအစီအစဉ်သည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုတတ်ကျွမ်းမှု ပိုမို မြင့်မားစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာ ပြဿနာများကို နိုင်ငံအစိုးရများ သတိပြုမိ စေရန်တို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် ယင်းအစီအစဉ်၏ အစည်းအဝေးများသို့ ပါဝင် တက်ရောက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါ သည်။ ထို့အပြင် ယင်းအစီအစဉ် အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် တို့နှင့် ပူးတွဲကာ မြန်မာနိုင်ငံတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လေ့လာမှုများ၊ ဆွေးနွေးပွဲများ၊ ပြုလုပ် လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်း ကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်ကို ၁၄-၂-၉၀ ရက်နေ့က ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ မျိုးကွဲ ကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်းတို့ကိုလည်း ပါဝင်ခဲ့ပါသည်။

**နှစ်(၅၀)ပြည့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုတီးခတ်သော သံစုံတီးဝိုင်း**



(င) **ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် (UNDCP)** ။ ။ဤအစီအစဉ်သည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် အားလုံးကို ညှိနှိုင်းပေးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာ စုပေါင်းဆောင်ရွက်မှု ရရှိစေရန် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်း၌သာမက အိမ်နီးချင်း နိုင်ငံများနှင့် နှစ်နိုင်ငံချင်း သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တွင် ပါဝင်ကာ အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ပြုလုပ်ထားရှိ၍လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၅ ခုနှစ်က ဖွဲ့စည်းထားသော မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ထိန်းချုပ်ရေး ဗဟိုကော်မတီကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် တွင် ပြန်လည်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်သည် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်အဖွဲ့ရုံး ဖွင့်လှစ်ထားရှိပြီး၊ ဒေသခွဲဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

## ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဤကော်မရှင်သည် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများအတွက် စီးပွားရေးနှင့် လူမှုရေးပြဿနာများကို သုတေသနလုပ်ကာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း စီးပွားရေးနှင့် လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြစေရန် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ယင်းကော်မရှင်သည် မူလက အာရှနှင့်အရှေ့ဖျား ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် အမည်တွင်ခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် လက်ရှိအမည်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သည် ၁၉၄၇ ခုနှစ်ကပင် အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သို့ပါဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် ကော်မရှင် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။


## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် အရှေ့ဖျားဆိုင်ရာ စီးပွားရေးကော်မရှင် တို့တွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခံရခြင်း

နယူးယောက်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသော သံအမတ်ကြီး ဦးသန့်အား ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ဦးသန့်သည် ၁၉၇၁ ခုနှစ်အထိ ငါးနှစ်သက်တမ်း နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။

အလားတူပင် အာရှနှင့်အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင်တွင် ဒုတိယအမှုဆောင် အတွင်းဝန်အဖြစ်ဆောင်ရွက်နေသော မြန်မာကိုယ်စားလှယ် ဦးညွန့်သည် ၁၉၅၉ ခုနှစ်တွင် အမှုဆောင်အတွင်းဝန်အဖြစ် တင်မြှောက်ခန့်အပ်ခြင်းခံရပြီး ယင်းရာထူးတွင် ၁၉၇၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို ယုံကြည်လက်ခံလျက် ကုလသမဂ္ဂ တည်ထောင်ခြင်း အနှစ် ၅၀ မြောက် ရွှေရတုသဘင်ပွဲကျရောက်သော ၁၉၉၅ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်၌ ဟောပြောပွဲများ၊ ကုလသမဂ္ဂနေ့ ပြပွဲများ၊ စာပေနှင့်စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပလျက် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတစ်ခုအနေဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးစုပေါင်းဖန်တီးရေးအတွက် တာဝန်ကျေပွန်စွာပါဝင် ဆောင်ရွက်လျက် ရှိပေသည်။

မောင်ဆုရှင်


IN.
4 0 4 INS.

# ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း

ရှေးဟောင်းမြို့တော်များကိုပြန်လည်တူးဖော်ခြင်းသည် ရှေးဟောင်းယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်သည်။ " ယဉ်ကျေးမှုဟူသည်အတိတ်ကအမွေအနှစ်" ဟူသောစကားအရ အတိတ်ကအမွေအနှစ်များကိုပြန်လည် ဖော်ထုတ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

ရှည်လျားသောမြန်မာ့သမိုင်းကြောင်းတွင်အတိတ်ကာလကကြွင်းကျန်ရစ်သည့်ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းအမြောက်အမြားရှိပေသည်။ ရှေးဟောင်းအဆောက်အအုံ၊ အိုးအင်ခွက်ယောက်၊ ဆင်းတု၊ ရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးငွေခွက်၊ ကျောက်စာ၊ ပုတီးစေ့၊ ဓား၊ လှံ၊ လက်နက်၊ မြေဆေးတံ၊ ရွှေပေချပ်၊ ငွေပေချပ်၊ လက်ဝတ်ရတနာနှင့်လူ့အသုံးအဆောင်ပစ္စည်းများပါဝင်ပေသည်။ ပဋ္ဌလောဟာဖြင့်ပြုလုပ်ထားသည့် ဖားစည်ကြီးငယ်များသည်လည်းရှေးဟောင်းပစ္စည်းများတွင်အကျုံးဝင်ပေသည်။

ရှေးဟောင်းအဆောက်အအုံများကိုပြန်လည်တူးဖော်ခြင်းသည်ပြတ်လပ်နေသည့်သမိုင်းကွင်းဆက်အတွက်လိုအပ်သည့် အထောက်အထားကောင်းများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ရှာဖွေခြင်းဖြစ်ပေသည်။ သမိုင်းနှင့်ပတ်သက် ၍ "သမိုင်းမတင်မီခေတ်"၊ "သမိုင်းအကြိုခေတ်"၊ " သမိုင်းတင်ခေတ်" ဟူ၍ ခေတ် ၃ မျိုးကို ပညာရှင်များက ပိုင်းခြားထားပါသည်။


နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည်လူနေမှုစနစ်နှင့်ပြည်သူတို့၏ကြိုးပမ်းဆောင်ရွက်ချက်တို့ကိုအခြေခံကြောင်း၊ ယင်းတို့ကိုပြည့်ဝစုံလင်စွာဖော်ပြရန်လိုအပ်ကြောင်း သိရှိရပေသည်။ ပြည့်ဝစုံလင်သော မြန်မာနိုင်ငံ၏သမိုင်းကိုဖော်ထုတ်နိုင်ရန်အတွက်သမိုင်းမတင်မီခေတ်၊ သမိုင်းအကြိုခေတ်နှင့် သမိုင်းတင်ခေတ်တို့၏ယဉ်ကျေးမှုထွန်းကားပုံကို လေ့လာရန် လိုအပ်ပေသည်။

ပုဂံခေတ်မှမျက်မှောက်ခေတ်အထိသည် သမိုင်းတင်ခေတ်ဖြစ်ပြီးရာဇဝင်အထောက်အထားများလည်း အတော်အတင့်ရှိပြီးဖြစ်၍ ထိုခေတ်နှင့်ပတ်သက်၍ လေ့လာတူးဖော်ရန် မလိုအပ်သေးဟု သုတေသီများက ယူဆထားကြပေသည်။ သမိုင်းမတင်မီခေတ်မှာလည်း အလုမ်းဝေးပြီး ကွင်းဆက်များ ပြတ်နေသေးသဖြင့် လေ့လာတူးဖော်ရန် လောလောဆယ် အခြေအနေတွင် မလိုအပ်သေးဟု ယူဆထားကြပေသည်။ ထို့ကြောင့် လိုအပ်နေသည့် ကွင်းဆက်များရရှိနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုကို ဦးစားပေးလေ့လာဖော်ထုတ်ရန် သက်ဆိုင်ရာများက စီစဉ်ဆောင်ရွက်ကြကြောင်း သိရပေသည်။

ထိုသို့ဖော်ထုတ်ရာ၌ (က) အစဉ်အလာသမိုင်းစကား (ခ) ကျောက်စာပေစာ မော်ကွန်းမှတ်တမ်းများနှင့် (ဂ) ရှေးဟောင်း ဝတ္ထုပစ္စည်းများကို မှီငြမ်းပြုကြရပေသည်။ ရှေးဟောင်းပစ္စည်းများစွာတို့သည် မြေပေါ်တွင်ကျန်ရှိနေသလို မြေအောက်တွင်လည်း ဖုံးလွှမ်းနေတတ်ပေသည်။

ရှေးဟောင်းမြို့ပြနိုင်ငံများ ရှေးဟောင်းပစ္စည်းများ ပျောက်ကွယ်တိမ်မြုပ်ပျက်စီးရခြင်းမှာ မီးဘေး၊ ရေဘေး၊ မြေငလျင်ဘေးတို့ကြောင့်လည်း ဖြစ်သည်။ မီးတောင်များ ပေါက်ကွဲ၍ ချော်ရည်၊ ချော်မှုန့်တို့ ဖုံးလွှမ်းခြင်းကြောင့်လည်းဖြစ်သည်။ စစ်မက်ဖြစ်ပွား၍ ဖျက်ဆီးခံရခြင်း၊ မီးရှို့ခံရခြင်းကြောင့်လည်းဖြစ်သည်။ ထို့အတူ ကပ်ဆိုက်ပြီး အစာရေစာရှားပါးမှုကြောင့် လူအများစွန့်လွှတ်ထွက်ခွာသွားကြခြင်းကြောင့်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ရှိစေ အဆောက်အအုံတို့သည် မြေကြီးအောက်သို့ လုံးဝနစ်မြုပ်ပျောက်ကွယ်သွားခြင်း မဟုတ်ပေ။ နှစ်ကာလကြာညောင်းသည့်အခါ အုတ်ကျိုးအုတ်ပဲ့နှင့် သဲ၊ ခဲများဖုံးပြီး တောင်ပို့ကဲ့သို့ ဖြစ်နေတတ်ပေသည်။ အချို့အဆောက်အအုံနှင့်ကုန်းများပေါ်၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေတတ်ပေသည်။

ထိုကဲ့သို့သော မြေအနေအထားမျိုးသည် မြန်မာနိုင်ငံအတွင်း၌ ရှိသင့်သလောက်ရှိသည်။ ထိုရေမြေအနေအထား ရာဇဝင်သမိုင်းအဆိုအမိန့်များနှင့်မြေပေါ်မှတွေ့ရှိရသည့်


ဘုရားမော
နတ်ပေါက်
တွင်းပြဲပေါက်
နဂါးတွန့်ပေါက်
ဘုရားကြီးဘုရား
ရွှေတံခါးပေါက်
ပြည်သို့
မုတ်ရှည်ပေါက်
မှော်ဇာဘူတာရုံ
စက်တိုင်ဘုရား
ဘုရားထောင်
နန်းတော်ရာ
အရှေ့ဈေးဂူ
အနောက်ဈေးဂူ
ရန်ကုန်သို့
မုဋ္ဌောပေါက်
ရဟန္တာပေါက်
ဘီလူးမပေါက်
ဂါယာဝတီပေါက်
လက်သည်းရေကန်
ရဟန္တာဂူဘုရား
ရဟန္တာကန်
ဗိဿနိုးမိဖုရားသင်္ချိုင်း
လေးမျက်နှာဘုရား
ဘဲဘဲဘုရား
ဘောဘောကြီးဘုရား
ဗိဿနိုးမြို့
မြောက်
ပျူတိုက်
ပျူတိုက်
ပျူတိုက်
စကေးကိုက်မဟုတ်

သရေခေတ္တရာမြို့ဟောင်းပုံ

ဝတ္တုပစ္စည်းတို့ကိုထောက်ချင့်၍ ရှေးဟောင်းပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ အရပ်ဒေသများအဖြစ် ရှေးဟောင်းသုတေသနပညာရှင်များက ယူဆကြသည်။ ထိုယူဆချက်အရ ဗိဿနိုးတူးဖော်မှုလုပ်ငန်းကို ၁၉၅၈ – ၅၉ ခုနှစ်မှ ၁၉၆၂ – ၆၃ ခုနှစ်အထိ ၆ ကြိမ်တူးဖော်ခဲ့သည်။

## ဗိဿနိုးမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုးကို ၁၉၀၅ ခုနှစ်လောက်ကတစ်ကြိမ် စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဌာနကြီး၏ လက်အောက်ခံဌာနခွဲ အဆင့်မျှသာရှိပြီး ဝန်ထမ်း၊ ပစ္စည်းကိရိယာနှင့် ဘဏ္ဍာငွေများလည်း လုံလုံလောက်လောက်မရှိသေးပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်အခါ ကမ္ဘည်းကျောက်စာဌာနသည် မြန်မာနိုင်ငံအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဌာနကြီးတစ်ရပ်အနေဖြင့် "ရှေးဟောင်းသုတေသနဦးစီးဌာန"ဟူ၍ ပြောင်းလဲလာခဲ့သည်။

ဗိဿနိုးတူးဖော်မှုသည် လွတ်လပ်ရေးခေတ်၌ ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော်စမ်းသပ်မှုမျိုးဟု ဆိုနိုင်ပေသည်။ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၀ မိုင်ကွာရှိ ကုက္ကိုခွရွာ၏မြောက်ဘက်၌တည်ရှိသည်။ ပဏာမကွင်းဆင်းလေ့လာမှုပြုလုပ်စဉ်က အရိုးအိုးအစအနများ၊ ပျူဒင်္ဂါးများ၊ အစင်းအခြစ်များပါသည့် အုတ်ချပ်ကြီးများ၊ မြေနှင့်ရောင်စုံကျောက်ပုတီးစေ့များကို တွေ့ရသဖြင့် ပျူယဉ်ကျေးမှုကို လေ့လာရန်အလားအလာ ကောင်းသည်ဟု ယူဆထားကြသည်။

သရေခေတ္တရာယဉ်ကျေးမှုနှင့် မည်သို့ဆက်စပ်သည်ကို လေ့လာနိုင်ရန်အတွက် အရိုးအိုး မြှုပ်နှံလေ့ရှိသော သင်္ချိုင်းကုန်းများ မြို့အရံအတား ဝင်ပေါက်နှင့် မြို့တွင်း မြို့ပြင်အဆောက်အအုံပုံစံများကို ၂၅ နေရာ၊ ၆ ကြိမ်ခွဲ၍ တူးဖော်ကြသည်။ တူးဖော်ရာ၌ အကွက်ရိုက်၍ တူးခြင်းနှင့် ကျင်းရှည်တူးခြင်း၂ မျိုးကို အလျဉ်းသင့်သလို အသုံးပြုကြသည်။ ထို့အပြင် မြေလွှာဆန်းစစ်မှုစနစ်ကိုလည်း လိုအပ်သလို အသုံးပြုကြသည်။ ခေတ်ကာလပိုင်းခြားရာ၌ မြေလွှာဆန်းစစ်မှုလုပ်ငန်းမှာ အဓိကနေရာမှ ပါဝင်နေပေသည်။

ထိုသို့ စနစ်တကျတူးဖော်သည့်အတွက် စေတီပုံ အုတ်မြို့ရိုး၊ နန်းတော်ကုန်း၊ မြို့ဝင်ပေါက်များ၊ လူနေအဆောက်အအုံများနှင့် ဘာသာရေးသို့မဟုတ် ထုံးတမ်းဆိုင်ရာအဆောက်အအုံများကို စိတ်ဝင်စားဖွယ်တွေ့ရသည်။ အချို့အဆောက်အအုံ အပျက်အစီးများ အတွင်းမှ မြေအိုး၊ မြေခွက်၊ ပုတီးနှင့်မြေမီးဖုတ်ကိန္နရီ ရုပ်များ တွေ့ရသလို အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ ကြေးလက်ကောက်၊ ကြေးချူ၊ တံဆိပ်ထိုးထားသည့်ရွှံ့တုံး၊ ချွန်းစောင်းနှင့် စကြာပုံပါသည့် ကျောက်ပြားငယ်တို့ကိုလည်း တွေ့ရသည်။ မြေထည်နှင့်ကျောက်ပစ္စည်းများအပြင် သတ္တုပစ္စည်းများ၊ အင်္ဂတေပစ္စည်းများ၊ လူရိုးနှင့်တိရစ္ဆာန်ရိုးများကိုလည်း တွေ့ရပေသည်။

ယင်းတို့ကို ထောက်ချင့်၍ သုတေသီများက ဗိဿနိုးတွင် ပျူယဉ်ကျေးမှုသည် အေဒီ ၁ ရာစုခန့်တွင် စတင်ထွန်းကားပြီး ၄ ရာစုနှင့် ၅ ရာစုခန့်တွင် ဗိဿနိုးမြို့ ပျက်စီးခဲ့သည်ဟု ယူဆကြသည်။ ဗိဿနိုးတွင် စာပေ မထွန်းကားသေး။ ဗြဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာ အငွေ့အသက်မျှသာ ရှိသေးသည့်အတွက် ဗုဒ္ဓသာသနာ မဖွံ့ဖြိုးသေး။ ထို့ကြောင့် ဆင်းတု၊ ရုပ်တုပူဇော်ခြင်းမရှိ။ ရွှေပေ၊ ငွေပေများလည်းရေးထိုးခြင်းမရှိဟု ယူဆကြသည်။

လက်မှုအနုပညာရပ်များနှင့်ပတ်သက်၍ပစ္စည်းအချို့တွေ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ။ ထူးခြားသည့် ဓလေ့တစ်ခုမှာ အရိုးအိုး မြှုပ်နှံခြင်းပင် ဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပေးကြသည်။

## ဟန်လင်းကြီးမြို့ဟောင်း တူးဖော်ခြင်း

ပျူယဉ်ကျေးမှု၏ အပြန့်သဘောကို သိမြင်နိုင်ရန်အတွက် ဗိဿနိုးပြီးလျှင် ဟန်လင်းကြီးကိုဦးစားပေးတူးဖော်ရန် သုတေသီများက စီစဉ်ကြသည်။ ဟန်လင်းမြို့ဟောင်းကို (၁၉၀၅) ခုနှစ်က တစ်ကြိမ် ပဏာမကွင်းဆင်းလေ့လာ၍ စမ်းသပ်တူးဖော်ခဲ့ဖူးသည်။ ပျူဒင်္ဂါး ရှေးဟောင်းအုတ်ချပ်များနှင့် ပျူကျောက်စာတစ်ချပ်ရရှိခဲ့သည့်အတွက် ဟန်လင်းကြီးမြို့ဟောင်းတူးဖော်မှုကို ရှေးဟောင်းသုတေသန ဌာနက ၁၉၆၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နောက်ဆက်လက်၍ ၁၉၆၃ မှ ၁၉၆၆ ခုနှစ်အထိ တစ်ကြိမ်၊ ၁၉၆၆ မှ ၁၉၆၇ ခုနှစ်အထိ တစ်ကြိမ်၊ ပေါင်း ၃ ကြိမ်မျှ တူးဖော်ခဲ့ကြသည်။

ဟန်လင်းကြီး၏မြို့ရိုးသည် စတုဂံပုံဖြစ်ပြီး တောင်မြောက်အလျားပေ ( ၉၆၀၀ )နှင့် အရှေ့အနောက်အနံပေ

(၅၈၀၀ ) ခန့်ရှိသည်။ မြို့လယ်တွင် နန်းတော်ရာဟုခေါ်သည့် စတုဂံအတွင်း အုတ်မြို့ရိုးတစ်ခုရှိသည်။ မြို့ရိုးမှာ အုတ်ကျိုးအုတ်ပဲ့များသာ ကျန်တော့သဖြင့် ထင်ထင်ရှားရှား မရှိပေ။ တူးဖော်ရာမှ မြေအိုးမြေခွက်အမျိုးမျိုး၊ အခြယ်အလှယ်ပါသည့်အိုးခြမ်းပဲ့အမျိုးမျိုး၊ ပုတီးနှင့် ရွှေဆွဲပြားအမျိုးမျိုး၊ အရိုးအိုးနှင့်သံလက်နက်၊ ကျောက်လက်နက်အမျိုးမျိုး၊ ဒင်္ဂါးအမျိုးမျိုးနှင့် ကြေးမုံပြင်အမျိုးမျိုးတို့ကို တွေ့ရသည်။

ဟန်လင်းတွင် ပျူတို့သည် ၃ ရာစုလောက်မှ စတင်နေထိုင်ကြပြီး ၄ ရာစုနှင့် ၉ ရာစုအကြားတွင် စည်ပင်ဖွံ့ဖြိုးခဲ့သည်ဟု ယူဆကြသည်။ ဗိသုကာပညာကို တတ်ကျွမ်းကြပြီး အဆောက်အအုံအမျိုးမျိုးဆောက်လုပ်နိုင်ကြကြောင်း၊ လယ်ယာထွန်ယက်၍ လက်မှုအနုပညာရပ်များ တတ်ကျွမ်းကြကြောင်း၊ ကာကွယ်ရေးတပ်များဖွဲ့၍ ဓား၊ လှံ၊ လေး၊ မြား လက်နက်များကိုလည်း လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။ အရိုးအိုးများမှအပ ဆင်းတု၊ ရုပ်တု တူးဖော်ရရှိခြင်း မရှိပေ။


## သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း


သုတေသီများကပျူယဉ်ကျေးမှုကို ဆက်လက်ခြေရာခံကြရာ သရေခေတ္တရာတွင် ပျူယဉ်ကျေးမှုအထောက်အထားအချို့ကိုတွေ့ကြရသည်။ သရေခေတ္တရာမြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ပြီး ၁၉၆၃–၆၄ ခုနှစ်တွင် သိပ္ပံနည်းကျသုတေသနစနစ်ကို အခြေပြု၍ ဆက်လက်တူးဖော်ကြသည်။

မြို့ကွက်သည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်း မကျသော အကွက်မျိုးဖြစ်သည်။ အကျယ်အဝန်းစတုရန်း ၅ မိုင်ခွဲခန့်ရှိသဖြင့် ဟန်လင်းနှင့်ဗိဿနိုးတို့ထက် ကျယ်ပြန့်သည်။ မြို့ရိုးသည် ကြီးကျယ်ခိုင်ခံ့ပြီး ပတ်ဝန်းကျင်တွင် ကုန်းဟောင်းများရှိသည်။

တူးဖော်ကြရာ အောက်ပါဝတ္ထုပစ္စည်းများကို တွေ့ရသဖြင့် သရေခေတ္တရာခေတ် ယဉ်ကျေးမှုရုပ်လုံး ပေါ်ထွက်လာသည်။ ဘောဗောကြီးစေတီအောက်ခြေမှ ကမ္ပည်းကျောက်စာ၊ ခင်ဘကုန်းငွေဗောဓိပလ္လင်ကြုတ်မှကမ္ပည်းစာ၊ ပျူကျောက်အရိုးအိုးပတ်လည်မှ ကမ္ပည်းစာ၊ ပျူပါဠိစာပါသည့် အုတ်ခွက်ဆင်းတု၊ ဗုဒ္ဓဆင်းတုတော်ပါကျောက်ချပ်၊ ဗိဿနိုးနတ်ရုပ်ပါကျောက်ချပ်၊ ဗိဿနိုးမိဖုရားသချိုင်းရှိ

ဟန်လင်းကြီးမြို့ဟောင်းတွင်တွေ့ရသော အရိုးအိုးများပုံ





သရေခေတ္တရာမြို့ဟောင်းတူးဖော်ရာတွင် တွေ့ရသော ပျူဒင်္ဂါးလေးမျိုး

ကျောက်အိုး၊ ကျောက်ပလ္လင်၊ ဒင်္ဂါး၊ ဇောခိသတ္တုကြေးရုပ်၊ ငွေကြာပန်း၊ ပန်တျာကြေးရုပ်များနှင့် ကခုန်နေဟန် လူရုပ်ပါကြေးပြားများ ဖြစ်ကြသည်။

တွေ့ရှိသည့်ပစ္စည်းများကို ထောက်ချင့်၍ သရေခေတ္တရာတွင် ပျူတို့သည် အေဒီ ၅ ရာစုခန့်တွင် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ၁၀ ရာစု နောက်ပိုင်းမှစ၍ တဖြည်းဖြည်းမှေးမှိန်လာခဲ့ကြောင်း၊ ကိုယ်ပိုင်စာပေများရှိပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း မှတ်ချက်ချကြသည်။


ထို့အပြင် အနုပညာဗီဇအခံရှိ၍ ဆင်ယင်ထုံးဖွဲ့ပုံတွင် အဆင့်အတန်းမြင့်ကြောင်း ကျောက်ဆစ်၊ ရွှေပန်းထိမ်၊ ဗိသုကာ၊ ပန်းရန်နှင့် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွထုလုပ်သည့် အတတ်ပညာများ ကျွမ်းကျင်ကြောင်း၊ အိန္ဒိယ၊ ရခိုင် တို့နှင့်လည်း ကူးလူးဆက်ဆံပုံရှိကြောင်း သိရသည်။

## တကောင်းမြို့ဟောင်း တူးဖော်ခြင်း

ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကိုတူးဖော် ပြီးသည့်အခါ သုတေသီတို့သည် တကောင်းမြို့ ဟောင်းကို ဆက်လက်တူးဖော်ရန် အစီအစဉ်များ ချမှတ်ကြသည်။ "မြန်မာအစ တကောင်းက" ဟူသော ဆိုရိုး စကားရှိသည်။ သမိုင်းပုံပြင်နှင့် မိရိုးဖလာယုံကြည်ချက်များ အရလည်း တကောင်းသည် ရှေးခေတ်မြန်မာနိုင်ငံတွင် ထင်ရှားသည့် မြို့တစ်မြို့ ဖြစ်ခဲ့သည်။

တကောင်းမြို့ဟောင်းသည် မန္တလေးခရိုင်၏ မြောက်ဘက်အစွန်း ရေလမ်း (၁၂၇) မိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းအနီးတွင် တည်ရှိသည်။ ကျုံး၊ မြို့ရိုးဟောင်းနှင့် ကြွင်းကျန်သည့်စေတီပုထိုးများက ရှေးဟောင်းမြို့တစ်မြို့ဖြစ်ကြောင်းကို သက်သေထူနေသည်။ ၁၉၀၄၊ ၁၉၁၆၊ ၁၉၂၃ နှင့် ၁၉၃၀ ခုနှစ်နှင့် ၁၉၆၆ ခုနှစ် များတွင် ပဏာမကွင်းဆင်းလေ့လာမှုများ ပြုလုပ် ခဲ့ကြသည်။

တွေ့ရှိချက်များကို အခြေပြု၍ (၁၉၆၇-၆၈)နှင့် (၁၉၆၈-၆၉)ခုနှစ်များတွင် ကျင်း (၁၂) ကျင်းကို တူးဖော်ခဲ့ကြရာ ကျောက်ချပ်၊ ရုပ်ကြွ၊ အုတ်ခွက်ဘုရား၊ ကြာစမွခံပါဆင်းတု၊ ကြေးဆင်းတု၊ စဉ့်ချပ်ရုပ်ကြွ၊ စာပါအုတ်ကြွပ်ပြား၊ အင်္ဂတေပန်း၊ မြေတံဆိပ်ဝိုင်း၊ ကျောက်ဆုံလည်ခွက်၊ အိုးခွက်နှင့်မြေထည်ပစ္စည်းများကို




မိဿနိုးမြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး၊ ကြေးလက်ကောက်၊ ကြေးချူ စသည့်ရှေးဟောင်း အမွေအနှစ် ပုံစံများ

တွေ့ရသည်။ ထို့အပြင် မြေဆေးတံ၊ မြေပုတီးစေ့၊ ကျောက်မိုးကြိုးသွားနှင့် သံပြားသွားစသည့် သံထည်ပစ္စည်းများကိုလည်း တွေ့ရသေးသည်။

ထူးခြားသည်မှာ ဗိသနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ ပျူမြို့များကဲ့သို့ တကောင်းတွင် အရိုးအိုးမြှုပ်နှံသည့် အလေ့အထမရှိပေ။ ပျူလူမျိုးများအသုံးပြုလေ့ရှိသည့် ဒင်္ဂါးများ ၊ သီရိဝစ္ဆ၊ ငါးကြင်းရှစ်ကောင်၊ ကာလသာအိုး၊ လူရုပ်ကနေဟန် အစရှိသည့် အခြယ်အလှယ်ပါသော အိုးကွဲများကိုလည်း မတွေ့ရပေ။ မြေစိုက်စေတီများကိုသာ တွေ့ရပြီး ဂူဘုရားများကို မတွေ့ရသလောက်ပင် ဖြစ်သည်။ တွေ့ရသမျှ အင်္ဂတေပန်းများနှင့် အခြယ်အလှယ်ပါသည့် အိုးခြမ်းကွဲများမှာလည်း ပျူခေတ်လက်ရာထက် ပုဂံခေတ်လက်ရာများနှင့် နီးစပ်ကြောင်း တွေ့ရသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဆင်းတု၊ ရုပ်တုများကို တူးဖော်ရရှိသည့်အတွက် ဗုဒ္ဓသာသနာ ထွန်းကားကြောင်း သိရသည်။ အုတ်ခွက်ဘုရား၊ ကျောက်ဆစ်ရုပ်ကြွ၊ သဲကျောက်ဆင်းတုနှင့် ကြာပလ္လင်စမ္မခံတို့သည် အေဒီ ၁၂ ရာစု ပုဂံခေတ်လက်ရာများနှင့် တူညီကြောင်းနှင့် အဖိုးတန်ရတနာပစ္စည်းများ မတွေ့ရှိရကြောင်းကို သုတေသီများက မှတ်ချက်ချကြသည်။

ဝင်းခ၊ ဝေသာလီ၊ ပုဂံမြို့ဟောင်းနှင့် ပဲခူး ကမ္ဘောဇသာဒီ အစရှိသည့် နေရာများတွင်လည်း ရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ တူးဖော်ဆဲဖြစ်သည်။ အထောက်အထားနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလည်း တွေ့တန်သလောက် တွေ့ရသည်။

## နိဂုံး

နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှည်ကြာခဲ့သော မြန်မာ့ယဉ်ကျေးမှု သမိုင်းကြောင်းတွင် ပျူခေတ်ယဉ်ကျေးမှုသည် အဓိကကျသည့်အခန်းမှ ပါဝင်ခဲ့ပြီး မြန်မာတို့သည် ပျူတို့ထံမှ ဗိသုကာ၊ ကျောက်ဆစ်၊ ပန်းတော့စသည့် လက်မှုအနုပညာတို့ကို ဆက်ခံရယူခဲ့ကြသည်။ တဖြည်းဖြည်း မြန်မာမှုပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရုပ်လုံး ပီပြင်လာသည်။

ပြည့်ဝစုံလင်သော မြန်မာနိုင်ငံသမိုင်းအတွက် လိုအပ်သောကွင်းဆက်များရနိုင်ရန် သမိုင်းတင်ခေတ်ဦးဖြစ်သည့် ပျူယဉ်ကျေးမှုခေတ်ကို ဦးစားပေးပြီး လေ့လာဖော်ထုတ်ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရှေးအကျဆုံးဖြစ်သည့်မြို့တော်များ၊ မြို့ဟောင်းများကို ဦးစားပေး၍ တူးဖော်ခြင်းဟုလည်း ဆိုနိုင်သည်။

အကဲဖြတ်ရာ၌ နည်းနှစ်နည်းကို အသုံးပြုကြသည်။ ကမ္ပည်းစာများနှင့် ကျောက်စာများကို ကြည့်၍ အကဲဖြတ်သည့်အခါ ဖြတ်ပြီး စာပေအထောက်အထားမခိုင်လုံသည့် ပစ္စည်းများကို ခေတ်မီဓာတ်ခွဲစမ်းသပ်နည်းဖြင့် စစ်ဆေးစမ်းသပ်ပြီး နှစ်ကာလကိုတွက်ချက်ကြသည်။ ဤနည်းသည် "ရေဒီယိုကာဗွန်ဓာတ် စမ်းသပ်တွက်ချက်နည်း" ဖြစ်သည်။

ထိုသို့တူးဖော်လေ့လာစမ်းသပ်စစ်ဆေးခြင်းဖြင့် နှစ်ပေါင်း (၂၀၀၀) ကျော်က မြန်မာ့သမိုင်းကြောင်းကို သိလာရသည်။ ခေတ်အဆက်ဆက် မြန်မာတို့ကြီးပမ်းမှု အဝဝနှင့် တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များအကြောင်းကိုလည်း သိတန်သလောက်သိလာရသည်။ အတိတ်က ယဉ်ကျေးမှုအမွေအနှစ်တို့ကိုမြန်မာတို့ထိန်းသိမ်းလာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် "အတိတ်က အမွေအနှစ်"ဖြစ်သလို "ပစ္စုပ္ပန်၏ အထိန်းအကွပ်" လည်းဖြစ်သည်။ ထို့အတူ "အနာဂတ်အတွက် အင်အားတစ်ရပ်" ဟုလည်း ဆိုနိုင်သည်။

အားမာန် အမျိုးမျိုးရှိရာတွင် "ယဉ်ကျေးမှု အားမာန်" သည် အမျိုးသားစိတ်ဓာတ် တစ်နည်း မျိုးချစ်စိတ်ဓာတ်ကို ဖွံ့ဖြိုးစေသည်။ ထိုအားထိုမာန်နှင့် စည်းလုံးမှုတို့ကို အခြေပြုပြီး နိုင်ငံကို ခိုင်ခံ့အောင် တည်ဆောက်ကြရပေမည်။

ဦးမင်းနိုင်











# "ခြိမ့်သဲဆင်ယင်၊ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်"

## နိဒါန်း

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် ၁၉၉၅ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုကာလ ပြည့်မြောက်ပြီ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်ကို စတင်တီထွင်သူ (သို့မဟုတ်) မြန်မာ့ရုပ်ရှင်အဖြစ် တီထွင်သူပုဂ္ဂိုလ်များအနေဖြင့် ခဲရာခဲဆစ် အပတ်တကုတ် ကြိုးပမ်းခဲ့ရလေသည်။ အကြောင်းမူ ထိုကာလသည် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်ခြယ်လှယ်နေသော ကာလဖြစ်သည်။ နယ်ချဲ့ခေတ်တွင် မြန်မာ့ရုပ်ရှင်ကို စတင် ဖန်တီးရသူတို့အဖို့ ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းကြ ရလေသည်။

မြန်မာ့ရုပ်ရှင်စတင်သော ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသော ကာလဖြစ်သည်။ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန် ကြိုးပမ်းကြသည်။ ဘီလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (ဖေ-ပု-ရှိန်) အဖွဲ့မှ ဦးထွန်းရှိန်သည် အမျိုးသားရေး လှုပ်ရှားမှု များ ကြိုးပမ်းရင်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

အမျိုးသားခေါင်းဆောင် ဦးထွန်းရှိန်ကွယ်လွန်သည့်အတွက် မြန်မာ့ရုပ်ရှင်ကား "မေတ္တာနှင့် သူရာ" ကို ရိုက်ကူး ကြိုးပမ်းနေသော လန်ဒန်အတတ် ဦးအုံးမောင်နှင့် ဓာတ်ပုံဆရာကြီး ဦးမောင်မောင်တို့သည် ရိုက်လက်စ ရုပ်ရှင် "မေတ္တာနှင့်သူရာ" ရုပ်ရှင်ကားကို ခေတ္တရပ်တန့်ထားပြီး ဦးထွန်းရှိန်ဈာပနကို သတင်းကားအဖြစ် ရိုက်ကူးရုံတင်ခဲ့လေသည်။ မြန်မာလူမျိုးများ ရိုက်ကူးသော မြန်မာ့မျိုးချစ်အာဇာနည်တစ်ဦး၏ သတင်းကားကို မြန်မာပြည်သူတို့ တအံ့တသြ ကြည့်ရှုအားပေးကြရာ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ ပေါ်ထွန်းလာခဲ့ လေသည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သည် အမျိုးသားရေး စိတ်ဓာတ်များ တဖွားဖွားထွန်းကားနေသော ၁၉၂၀ ပြည့်နှစ်တွင် စတင်ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည် "အမျိုးသားရေးကို အခြေခံပေါ်ထွန်းလာသော မြန်မာ့ရုပ်ရှင် " ဖြစ်သည်ဟု ယနေ့ကာလတွင် အများက သုံးသပ်ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်း ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ယနေ့ကာလတွင် ၇၅ နှစ်မြောက် ရုပ်ရှင်စိန်ရတုသို့ ရောက်လာခဲ့ပြန်၍ ရုပ်ရှင်လုပ်သားထုတစ်ရပ်လုံးကလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လောကကို ဦးဆောင်ဦးရွက်ပြုနေသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်းကောင်း၊ အမျိုးသားရေးဆန်သော မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်တစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ခဲ့လေသည်။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်ကြီး၌ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က စိတ်ဝင်တစား ရှိလှသည်။ နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၅ ခုနှစ် ကြံတောင့်ကြံခဲ မြန်မာ့ရုပ်ရှင်စိန်ရတုပွဲ ဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက စီမံချက်ရေးတင်ပြရန် ညွှန်ကြားခဲ့သည်။

ထိုညွှန်ကြားချက်အရ ၂၁- ၁- ၉၅ နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် ရုပ်ရှင်အစည်းအရုံးအမှုဆောင်များ တွေ့ဆုံပွဲတွင် စီမံချက်ကိုတင်ပြ၍ အတည်ပြုချက်ရသည်နှင့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက် ခြောက်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ရည်ရွယ်ချက်

(က) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့ရုပ်ရှင်၏ အခန်းကဏ္ဍများကို ထင်ရှားပေါ်လွင်စေရန်။



မြို့မအားကစားကွင်းထိပ် မှစ်ဦး၌ ရုပ်ရှင်ပွဲတော်ကို မင်းသားကြီး ဦးအေးကြူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

( ခ ) မြန်မာ့ရုပ်ရှင်လောက၏ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေးကြိုးပမ်းမှု အစဉ်အလာကောင်းများကို ထင်ရှားပေါ်လွင်စေရန်။

( ဂ ) နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များကို အထောက်အကူဖြစ်စေမည့် အတွေးအခေါ်၊ အယူအဆများအား အနုပညာရသပြည့်ဝစွာဖြင့် အားထုတ်ကြိုးပမ်းမှုများ ရရှိစေရန်။

## မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၏ ဦးတည်ချက် ခြောက်ရပ်

၁။ ရုပ်ရှင်အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်၊

၂။ ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုရန်၊

၃။ နိုင်ငံတော်ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်စည်းရုံး လှုံ့ဆော်ရန်၊

၄။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊

၅။ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော ရုပ်ရှင်ပညာရပ်ကို မျိုးဆက်သစ်အနုပညာရှင်များသို့ လက်ဆင့်ကမ်းပေးရန်၊

၆။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ ၊ အတတ်ပညာရှင်များအားလုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုကြိုးပမ်းရန်။

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

"၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ" တစ်ရပ်ကို အဆိုပါ( ၂၁-၁-၉၅ ) နေ့တွင်ပင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် -

နာယကအဖွဲ့ဝင်များ အဖြစ်

၁။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

၂။ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊

၃။ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊

၄။ ဗိုလ်ချုပ်အေးကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊
၅။ ဗိုလ်မှူးချုပ်မျိုးသန့်၊ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ဝန်ကြီး၊
၆။ ဗိုလ်မှူးချုပ်ဝင်းတင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊
၇။ ဦးကိုလေး၊ မြို့တော်ဝန်၊
၈။ ဦးသုခ၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၉။ ဦးတင်မောင်၊ ဝါရင့် ရုပ်ရှင်ဒါရိုက်တာ၊
၁၀။ ဦးအေးကြူ၊ ဝါရင့် ရုပ်ရှင်သရုပ်ဆောင် တို့ ပါဝင်ပြီး

ကျင်းပရေး ဗဟိုကော်မတီကို

၁။ ဦးသိန်းစိန်၊ ဥက္ကဋ္ဌ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး ဌာန)
၂။ ဦးစိန်တင်၊ ဒုတိယ ဥက္ကဋ္ဌ (ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး)
၃။ ဦးတင်ဖေ၊ အတွင်းရေးမှူး (ဦးဆောင်ညွှန်ကြားရေးမှူး ရုပ်ရှင်လုပ်ငန်း)
၄။ ဦးစင်ရော်မောင်မောင်၊ တွဲဖက်အတွင်းရေးမှူး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)

နှင့် ဗဟိုကော်မတီ(၄၀) တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် လုပ်ငန်း ဆပ်ကော်မတီအသီးသီးကို စီမံချက်အတိုင်း ဖွဲ့စည်းပြီး စီမံချက်တွင် မပါဝင်သော ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ သုတေသနလုပ်ငန်းကော်မတီနှင့် ကျန်းမာရေး လုပ်ငန်း ကော်မတီတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့နောက် ရုပ်ရှင်ဈေးပွဲတော်ကြီးတစ်ရပ်ကို ကျင်းပနိုင်ရန် မြို့မအားကစားကွင်းတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ တစ်ရပ်ကိုပါ ထပ်မံဖွဲ့စည်းခဲ့လေသည်။

ထိုသို့ ဖွဲ့စည်းပြီးစီးခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အသီး သီးတို့က ဆပ်ကော်မတီများ ဖွဲ့စည်းကြသည်။ ဖွဲ့စည်း ပြီးနောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကြီးကို ပြည်သူ လူထု စိတ်ဝင်စားစေရန်အတွက် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ပွဲတော်ကာလကို နှစ်ပိုင်းခွဲခြားသတ်မှတ် လိုက်သည်။

(က) ပထမပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် အကြိုကာလ၊

(ခ) ဒုတိယပိုင်းအနေဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပသည့် ပွဲတော်ကာလဟူ၍ ဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတု အကြိုကာလ

အကြိုကာလတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပွဲတော်ကို ပြည်သူများ တက်ကြွစွာ ပါဝင်ရေး၊ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်အပေါင်းတို့ စည်းရုံးစွာ ပါဝင်ရေးတို့ အတွက် စည်းရုံးလှုံ့ဆော်သည့် တီဗွီဇာတ်လမ်း တိုများ၊ ကြော်ငြာတိုများ ရိုက်ကူးပြသရေး၊ ရုပ်မြင်သံကြား တွင် တွေ့ဆုံခန်းများ ရိုက်ကူးတင်ဆက်ရေး၊ ငွေခေတ် ( ၁၉၂၀ မှ ၁၉၄၅ ) မြန်မာ့ရုပ်ရှင်ကားဟောင်းများ၊ ရွှေ ခေတ် ( ၁၉၄၆ မှ ၁၉၇၀ ) မြန်မာကားများ၊ စိန်ခေတ် (၁၉၇၁ မှ ၁၉၉၅) မြန်မာ့ရုပ်ရှင်ကားများကို မြန်မာ့ ရုပ်မြင် သံကြားတွင် ပြသရေးစသည်တို့ကို အကြိုကာလအဖြစ် စီစဉ်ရန် ဆုံးဖြတ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာတမ်းငယ် ဖတ်ပွဲဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်



မြန်မာ့ရုပ်ရှင်လောကတွင် အဓိကအရေးကြီးဆုံး ပြဿနာများမှာ မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်သော အထောက်အထားများ၊ ရှားပါးပစ္စည်းများ၊ သမိုင်းဝင် ပစ္စည်းများ သိမ်းဆည်းထားခြင်းမရှိသည့် ပြဿနာပင် ဖြစ်သည်။ ထို့ကြောင့် ပထမဦးစွာ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အတွက် ရုပ်ရှင်နှင့်ပတ်သက်သော ရှားပါးစာရွက်စာတမ်း ပစ္စည်းများကို လက်ဝယ်ရှိသူများ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ပေးပို့လှူဒါန်းကြရန် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ နှိုးဆော်ခဲ့ရလေသည်။

ရုပ်မြင်သံကြား လှုံ့ဆော်ကြော်ငြာတိုများကို မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စည်းရုံးလှုံ့ဆော်ရေးကော်မတီမှ တာဝန်ခံ၍ ရိုက်ကူးခဲ့ရာ သီဟတင်စိုး ၊ဇင်မာဦး တစ်တွဲ။ ရဲအောင်၊ မို့မို့မြင့်အောင် တစ်တွဲ။ ကျော်သူ၊ ထက်ထက်မိုးဦး တစ်တွဲ။ ရန်အောင်၊ မေသန်းနု တစ်တွဲ။ ရန်ကျော်၊ နေသူရဦး၊ ပန်းဖြူ တစ်တွဲ ပါဝင်လှုံ့ဆော်ခဲ့သည်။ ထိုသို့ လှုံ့ဆော်ခဲ့ခြင်းအတွက် အနယ်နယ်အရပ်ရပ်မှ ပေးပို့သော မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အတွက် ရှားပါးဓာတ်ပုံ၊ စာရွက်၊ သတင်းနှင့် ပစ္စည်းများ လိုသည်ထက်ပို၍ ရရှိခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားမှ ငွေရတုခေတ် ၁၉၂၀ မှ ၁၉၄၅ ခုနှစ်ကာလ၊ မြန်မာ့ရုပ်ရှင် သမိုင်းကြောင်း ဆွေးနွေးပွဲကို စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ တက္ကသိုလ်နေဝင်း၊ ဒါရိုက်တာ ဦးခင်ဇော် (ကေသီပန်) နှင့် ဂီတလုလင် ဦးကိုကိုတို့ကလည်းကောင်း၊ ရွှေရတုခေတ် ၁၉၄၁ မှ ၁၉၇၀ ခုနှစ် ကာလ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို အကယ်ဒမီ ဒါရိုက်တာများဖြစ်ကြသည့် ဒါရိုက်တာ ဦးကြီးမြင့်၊ ဒါရိုက်တာ မောင်နန္ဒနှင့် ဒါရိုက်တာ ကြည်စိုးထွန်း တို့က လည်းကောင်း၊ စိန်ရတုကာလ ၁၉၇၁ မှ ၁၉၉၅ ခုနှစ်ထိ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ စာရေး ဆရာ ဒါရိုက်တာ ပြည့်စုံနှင့် အေဝမ်းမောင်လှမျိုးတို့က လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ် လွှင့်ခဲ့သည်။

မြဝတီရုပ်မြင်သံကြားမှလည်း မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်များကို ရုပ်ရှင်ကားဟောင်းများ ပြသခြင်းနှင့် တက္ကသိုလ်နေဝင်းနှင့် ဦးခင်ဇော်တို့၏ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကိုလည်းကောင်း၊ ဇာတ်ညွှန်း ဒါရိုက်တာ ဦးပြည့်စုံနှင့် ဇာတ်ညွှန်း ဒါရိုက်တာ မောင်နေမျိုးတို့က မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ဇာတ်ညွှန်းသမိုင်းကြောင်းများကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။

အခါအားလျော်စွာ မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်သည့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးခဲ့ရာ ဝင်းဦး၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်မေရှင်၊ ဒေါ်မေလွင်၊ ဦးခင်မောင်ရင်၊ ဦးညီပု၊ ဦးတင်မောင်၊ ဦးသုခတို့၏ တွေ့ဆုံခန်းများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ခဲ့သည်။

စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်ဖြင့် အထက်မြန်မာနိုင်ငံတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြိုပွဲတော်ကို စီစဉ်ခဲ့ကြသည်။ မန္တလေးတွင်ရှိ ရုပ်ရှင်အစည်းအရုံးဝင်များ၏ ကြိုးပမ်းချက်ဖြင့် စီစဉ်နိုင်ခြင်းဖြစ်သည်။

## မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)

၇၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ၊ ချမ်းအေးသာဇံမြို့နယ် ၊ ၈၄ လမ်းရှိ ဝင်းလိုက်အအေးခန်း ရုပ်ရှင်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး၊ ဦးစင်ရော်မောင်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဝင်းလိုက် အအေးခန်းရုပ်ရှင်ရုံရှေ့တွင် မန္တလေးနန်းမြို့ရိုး ဝင်ပေါက် မုခ်ဦးသဏ္ဍာန် တည်ဆောက်ထားသည့် ရုပ်ရှင်ပွဲတော် (မန္တလေး ) မုခ်ဦး၌ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ် ချိုးမြှင့်သည့် ဆုငွေကျပ် နှစ်ထောင်ပါဝင်သည့် မိုးပျံပူဖောင်းကို ရုပ်ရှင်သရုပ်ဆောင် မို့မို့မြင့်အောင်က ကိုင်ဆောင်၍ မေသန်းနုနှင့် စိုးမြတ်သူဇာတို့က ဖဲကြိုးကို ကိုင်ဆောင်ကြသည်။ ထက်ထက်မိုးဦး၊ မျိုးသန္တာထွန်းနှင့် မြတ်ကေသီအောင်တို့ခြံရံလျက် မန္တလေးသူ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး အသက် (၇၉)နှစ် အရွယ်ရှိ ဝဏ္ဏကျော်ထင် ဒေါ်မေရှင်က မေသဥ္စာဦး ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးဖြင့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။ မြန်မာနိုင်ငံ ဂီတ

အစည်းအရုံး (မန္တလေး) တေးဂီတအဖွဲ့က အောင်စေ ပိုင်စေ သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ဝင်းလိုက်ရုပ်ရှင်ရုံ၌ အခမ်းအနား ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

မန္တလေးမြို့ ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံ၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော်ပြခန်း ဖွင့်လှစ်ပြသထားသည်။ ပြခန်းတွင် မန္တလေး ရုပ်ရှင်ကဏ္ဍ၊ အကယ်ဒမီကဏ္ဍ၊ ခေတ်ဟောင်း ရုပ်ရှင်ပိုစတာနှင့် ဓာတ်ပုံများ၊ မဂ္ဂဇင်းများကပြောသော ရုပ်ရှင်ကာတွန်းများ၊ ခေတ်ဟောင်းရုပ်ရှင်သီချင်း စာစောင်များ၊ ခေတ်ဟောင်း ရုပ်ရှင် ကင်မရာနှင့် စက်မှုပစ္စည်းများ၊ ခေတ်အဆက်ဆက် ချီးမြှင့်ခဲ့သော ရွှေစင်ရုပ်တုများ၊ မြန်မာ့ရုပ်ရှင် ရွှေရတုသဘင် အထိမ်းအမှတ် ပစ္စည်းများ ခင်းကျင်းပြသထားရာ လေ့လာကြည့်ရှုသူများ ကြိတ်ကြိတ်တိုး စည်ကားလှသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရုပ်ရှင်ပွဲတော် (မန္တလေး) ကျင်းပသည့် ဝင်းလိုက်အအေးခန်းရုပ်ရှင်ရုံတွင် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ မြန်မာ့ရုပ်ရှင်ကားသစ်များ တစ်နေ့တစ်ကား နေ့စဉ်ငါးပွဲပြသသွားမည်ဖြစ်ရာ ဩဂုတ် ၁၈ ရက်တွင် "ဖေဖော်ဂျီနှင့် သူယောင်မယ်"၊ ၁၉ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၂၀ ရက်တွင် "အချစ်နှင့် အကောင်းအတိုင်း ဖြစ်စေမည်"၊ ၂၁ ရက်တွင် "မင်းအာဏာ"၊ ၂၂ ရက်တွင် "ကြာတော့သည်လည်း မောင့်စကား"၊ ၂၃ ရက်တွင် "အောင်မြင်သောနေ့"၊ ၂၄ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ နှင့် ၂၅ ရက်တွင် "တိုက်ပွဲခေါ်သံ" ရုပ်ရှင်ကားများ ပြသသည်။ စည်းရုံးလှုံ့ဆော်မှုအပိုင်းမှ အင်နှင့် အားနှင့် စည်းရုံးလှုံ့ဆော်သည်နှင့်အမျှ ရုပ်ရှင်စိန်ရတုသဘင်အပေါ် ပြည်သူလူထု စိတ်ဝင်စားမှုမှာ ပိုမိုလာသည်။

**အမျိုးသားကဇာတ်ရုံတွင် ကျင်းပသော ရုပ်ရှင်ပြဇာတ်ပဒေသာ ကပွဲကို ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့**






**အကယ်ဒမီ ရွှေစင်ရုပ်ဆုအကြောင်း ဆွေးနွေးပြောဆိုနေကြသော ရုပ်ရှင်သရုပ်ဆောင်များ**

## မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုခြင်း

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် သမိုင်းပြုစုရေးကော်မတီကို ဖွဲ့စည်းပြီး ရုပ်ရှင်သမိုင်း ငွေခေတ်၊ ရွှေခေတ်၊ စိန်ခေတ်ဟူ၍ အပိုင်း (၃) ပိုင်း ခွဲကာ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးဆရာတို့က ပြုစုကြသည်။

၁။ ငွေရတုခေတ် (၁၉၂၀– ၁၉၄၅) ခုနှစ်ထိ။

၂။ ရွှေရတုခေတ် (၁၉၄၆– ၁၉၇၀) ခုနှစ်ထိ။

၃။ စိန်ရတုခေတ် (၁၉၇၁– ၁၉၉၅) ခုနှစ်ထိ။

၁၉၉၅ ခုနှစ် မေလ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံသစ် အုတ်မြစ်ချပွဲထိ ပါဝင်သည်။ နောက်ဆက်တွဲများအဖြစ် စက်မှုအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံအကျဉ်း၊ ရုပ်ရှင်လှည့်စားမှု အဆင့်ဆင့်နည်းပညာများ တိုးတက်လာပုံ အကျဉ်း၊ ကာတွန်းရုပ်ရှင်၊ မိတ်ကပ်အဆင့်ဆင့် တိုးတက် လာပုံ၊ အဦးအစမှ ယနေ့အထိ ရုပ်ရှင်နှင့်ပတ်သက်သည့် စာနယ်ဇင်းများ၊ ယနေ့အထိ ရုပ်ရှင်ရုံများ သမိုင်း၊ စက်မှုပစ္စည်းနှင့် စတူဒီယို များ၊ ရုပ်ရှင်ပြဇာတ်အစည်း အရုံးမှ ရုပ်ရှင်အစည်းအရုံးထိ သမိုင်း၊ ဇာတ်လမ်း ရုပ်ရှင်သမိုင်း၊ ဗဟိုရုပ်ရှင်၊ ဇာတ်ညွှန်းပိုင်းများ၊ ရုပ်ရှင်နှင့် ဆက်နွယ်သည့် ဂီတသမိုင်း၊ ယမ်းဖောက်ခွဲမှုအကြောင်း များ၊ ဆက်တင်၊ ပိုစတာ၊ ပန်းချီ၊ လက်ကမ်းကြော်ငြာနှင့် ပထမရုပ်ရှင်ပညာရှင်များဖြစ်သော အောက်ပါပုဂ္ဂိုလ်ကြီး များအကြောင်းကို ရေးသားစုဆောင်းခဲ့သည်။

၁။ ဦးအုံးမောင်
၂။ ဦးမောင်မောင်
၃။ ဦးညီပု
၄။ ပီမိုးနင်း
၅။ မအေးကြည် (မင်းသမီး)
၆။ ဦးပါကြီး (ဖခင်နေရာ)
၇။ ဦးမောင်မောင်ချစ် (အပြိုင်မင်းသား)
၈။ ဦးမောင်မောင်ကလေး (မင်းသားသူငယ်ချင်း)
၉။ ဦးမောင်မောင်စိုး (အောင်သွယ်စာပို့လုလင်)
၁၀။ ဦးပုကြီး (ဦးတုပ်ကြီး လူကြမ်း)

## စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနား ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်

လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနား တစ်ရပ်ကို စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီ တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေနှင့် ကျင်းပရေး ဗဟိုကော်မတီဝင်များ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဖေ၊ တွဲဖက်အတွင်းရေးမှူး များဖြစ်ကြသော ဦးတိုးညွန့်နှင့် ဦးလင်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များ၊ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အခမ်းအနားကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကော်မတီဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ နဝဒေးရုပ်ရှင်ရုံ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင် ဦးဆောင်သော ရုပ်ရှင်အနုပညာရှင်များသည် မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်၌ သဲသယ်ခြင်းဖြင့် လုပ်အားဒါန၊ ငွေသားဒါနများ ပေးလှူကြသည်။

အနုပညာရှင်များသည် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး လုပ်ငန်းတွင် လုပ်အားဒါနပေးလှူလျက်ရှိကြသည့် တပ်မတော်သားများနှင့် ပြည်သူများအား လိုက်လံအားပေးကြသည်။

## ဖြေဖျော်ရေးလုပ်ငန်းများ

စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီနည်းတူ မြန်မာ့ရုပ်ရှင်ဖြေဖျော်ရေး လုပ်ငန်းကော်မတီအနေဖြင့် မန္တလေးမြို့တွင် ရန်ပုံငွေရုပ်ရှင်ကားများပြသ၍ ရန်ပုံငွေရှာဖွေသည့်နည်းတူ ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံနှင့် သမ္မတရုပ်ရှင်ရုံ နှစ်ရုံတွင် နှစ်ပတ်ခွဲ၍ မြန်မာရုပ်ရှင် ကားသစ်၊ ကားဟောင်းများကို ရုံတင်ပြသ၍ ရန်ပုံငွေရှာဖွေ ခဲ့သည်။

ရုပ်ရှင်ရိုက်ကွင်း၏ သရုပ်ပြကွက်တစ်ခု



(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ၁၉၉၅ ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် နဝဒေးရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင် စိန်ရတု နာယကအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီး အေဝမ်းဦးတင်မောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အကြို ရန်ပုံငွေရုပ်ရှင်ပြပွဲအဖြစ် ၁၆– ၉– ၉၅ ရက်တွင် "ကိုကိုလေယာဉ်မှူး"၊ ၁၇–၉– ၉၅ ရက်တွင် "ပြုံးသူမှာ မျက်ရည်စတွေနဲ့"၊ ၁၈– ၉ – ၉၅ ရက်တွင် "အောင်မြင်သောနေ့"၊ ၁၉– ၉– ၉၅ ရက်တွင် "မင်းအာဏာ"၊ ၂၀– ၉– ၉၅ ရက်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၁– ၉– ၉၅ ရက်တွင် "အချစ်နဲ့ အကောင်းအတိုင်းဖြစ်စေမည်" ရုပ်ရှင်ကားများကို ပြသခဲ့သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အကြို ရန်ပုံငွေ ရုပ်ရှင်ပွဲများ ပြသသည့် နဝဒေးရုပ်ရှင်ရုံတွင် (၇၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် အထိမ်းအမှတ်ပစ္စည်းများဖြစ်သည့် ရှင်ထိုး၊ သော့ချိတ်၊ ကားစတေကာ၊ ဦးထုပ်၊ ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ တီရှပ် အင်္ကျီ၊ ဘောလ်ပင်၊ ဖိုင်တွဲနှင့် မိန်းမကိုင် လက်ကိုင်အိတ်များကို ရောင်းချပေးကြလေသည်။ ဆက်လက်၍ သမ္မတရုံတွင်လည်း ရုပ်ရှင်ကားများပြသခဲ့သည်။

## သုတေသန လုပ်ငန်းကော်မတီ၏ လှုပ်ရှားမှု

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီကကြီးမှူး၍ မြန်မာ့ရုပ်ရှင်စာတမ်းဖတ်ပွဲကို ၁၉၉၅ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် သုတေသနလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြဝတီပုံနှိပ်တိုက် အယ်ဒီတာချုပ် ဦးမြင့်ကြွယ်က ရုပ်ရှင်သုတေသနလုပ်ငန်းများနှင့် စာတမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထိုနောက် စာတမ်းဖတ်ပွဲ သဘာပတိ ဦးနေမျိုးက အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။ စာတမ်းဖတ်ပွဲ ပထမနေ့တွင် "မြန်မာ့ရုပ်ရှင် စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့်တိုးတက်လာမှုများ စာတမ်း" ကို ရုပ်ရှင် လုပ်ငန်းမှ ဌာနစိတ်မှူး ဦးစိုးဝင်း (စိုးဝင်းထွန်း)နှင့် မော်ကွန်း ရုပ်ရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေ ( မြင့်သိန်းဖေ – မိတ္ထီလာ )တို့ ရေးသားပြုစုကြပြီး ဦးစိုးဝင်း (စိုးဝင်းထွန်း) က ဖတ်ကြားသည်။

"ရသမြောက်သော အချစ်ရုပ်ရှင်ဇာတ်ကားများ စာတမ်း" ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေလက်ထောက် (၁) ဦးစောထွန်း– မောင်စောထွန်း (ကျောက်ကုန်း) က ပြုစုရေးသားပြီး ဖတ်ကြားသည်။

"ရသမြောက်သော ဟာသရုပ်ရှင်ကားများ စာတမ်း" ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူး ဦးဝင်းတင် (သိဟအောင်) က ရေးသားပြုစုဖတ်ကြားသည်။

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး သုတေသန လုပ်ငန်းကော်မတီက ကြီးမှူး၍ဒုတိယနေ့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်း ဖတ်ကြားပွဲ အခမ်းအနားကို ၁၉၉၅ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ ပဒုမ္မာဇာတ်ရုံ၌ပင် ကျင်းပသည်။

ဒုတိယနေ့တွင်–

"ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော မြန်မာ့ရုပ်ရှင်ကားများစာတမ်း" ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ စာတည်းတာဝန်ခံ ဦးစိုးမြင့် (စိုးလွင်မြင့်) က ရေး သားပြုစု ဖတ်ကြားသည်။

"ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများစာတမ်း" ကို မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုရေးအဖွဲ့က ရေးသားပြုစုပြီး ဦးပြည့်စုံနှင့် သုတေသန လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ဖြည့်စွက်ရေးသား၍ ရုပ်ရှင် သရုပ်ဆောင် ချစ်ချစ်ဇော်က ဖတ်ကြားသည်။

"မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများ စာတမ်း" ကို မြဝတီပုံနှိပ်တိုက်မှ တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်စန်းက ရေးသားပြုစုဖတ်ကြားသည်။

"မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်း" ကို စာရေးဆရာမကြီး စောမုံညင်းက ရေးသားပြုစုပြီး ဖတ်ကြားတင်ပြသည်။



ရုပ်ရှင်ပွဲတော်သို့ ကြိတ်ကြိတ်တိုး လာရောက်အားပေးကြသော ရုပ်ရှင်ချစ်သူများ

ဒေါ်စောမုံညင်းဖတ်ကြားတင်သွင်းသော မြန်မာ့ရုပ်ရှင် သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ စာတမ်းတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် အလှမယ်ကလေးများက စာတမ်းကို ပိုမိုအသက်ဝင်အောင် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်၍ သရုပ်ဆောင်ပြသကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ

မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက ကြီးမှူး၍ မြန်မာရုပ်ရှင်စိန်ရတုသဘင် ဂုဏ်ပြုအစီအစဉ်အဖြစ် ၇၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ရပ်ကို စက်တင်ဘာလ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် မြန်မာ့ရုပ်မြင်သံကြား စတူဒီယို(အေ) ခန်းမတွင် ကျင်းပသည်။ စက်တင်ဘာ ၂၇ ရက်နေ့သည် အစမ်းလေ့ကျင့်ပွဲဖြစ်ပြီး စက်တင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် ပြိုင်ပွဲများကျင်းပပြီး ရုပ်မြင်သံကြား ရိုက်ကူးခဲ့သည်။ ပြိုင်ပွဲဝင်များကို ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ လက်ရွေးစင်တစ်ဦးကျစီ (၁၄) ဦးကို ဗဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်စေသည်။ ပထမအဆင့်အဖြစ် အုပ်စု (၂) စုခွဲ၍ ပထမအုပ်စုတွင် (၇) ဦးကို စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအုပ်စုမှ (၇) ဦးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင်လည်းကောင်း ယှဉ်ပြိုင်စေပြီး ပထမနေ့၊ ပထမအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူ (၃) ဦးနှင့် ဒုတိယနေ့၊ ဒုတိယအုပ်စုမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူ (၃) ဦး ပေါင်း (၆) ဦးကို နောက်ဆုံးအဆင့်ပြိုင်ပွဲ တစ်ပွဲအဖြစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆက်လက်ယှဉ်ပြိုင်စေပြီး ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ပြည်နယ်တိုင်းအသီးသီးမှ ရုပ်ရှင်ဝါသနာရှင်များအား ရုပ်ရှင်သရုပ်ဆောင် လွင်မိုး၊ သီဟတင်စိုး၊ နေဆန်း၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ ဇင်မာဦး၊ စိုးမြတ်သူဇာတို့က ဆုများချီးမြှင့်ကြသည်။

ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို မေးခွန်းထုတ်သူများအဖြစ် ၂၈-၉-၉၅ နေ့တွင် မောင်မေတ္တာနှင့် ဒေါ်ခင်လေးဆွေတို့အတွဲ၊ ၂၉ - ၉ - ၉၅ နေ့တွင်



**တပ်မတော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ရုပ်ရှင်ဇာတ်ကားဟောင်းများဆိုင်ရာ ပြကွက်တစ်ခု**

သန်းဖေလေး၊ ခင်ယုမေအတွဲနှင့် ၃၀–၉–၉၅ နေ့ နောက်ဆုံးနေ့တွင် ညွန့်ဝင်း၊ ချိုပြုံးတို့အတွဲက မေးမြန်းကြပြီး အမှတ်ပေး အကဲဖြတ်ပုဂ္ဂိုလ်များအဖြစ် ဒါရိုက်တာဦးခင်ဇော်၊ ဦးနေမျိုး၊ ဂီတလုလင် ဦးကိုကို နှင့် ဒေါ်တင်တင်မြတို့က တာဝန်ယူဆောင်ရွက်သည်။ ထိုပွဲအတွက် ချီးမြှင့်ငွေ ၃၈၀၀၀/– ကျော်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူခဲ့သည်။

## ပြပွဲဖွင့်ပွဲနှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ

(၇၅) နှစ်မြောက်မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲဖွင့်ပွဲ အခမ်းအနား နှင့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားများကို ၁၉၉၅ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမနှင့် မြို့မ အားကစားကွင်းတို့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ မြန်မာ့ရုပ်ရှင် အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ဝါရင့်ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်အနု

ပညာကို ချစ်မြတ်နိုးသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမရှေ့ ဥပစာ၌ကျင်းပရာ မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ အကယ်ဒမီ ဒေါ်ခင်သန်းနု၊ ကျော်သူနှင့် စိုးသူ တို့ ကိုင်ဆောင်ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ဇင်မာဦး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ရန်အောင်နှင့် ဒွေးတို့က တိုင်းရင်းသား တိုင်းရင်းသူ (၁၆) ဦးတို့ ခြံရံ၍ ကိုင်ဆောင်ထားသည့် မိုးပျံပူဖောင်းများ တပ်ဆင်ထားသော ဖဲကြိုးကိုဖြတ်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ပြပွဲကို နံနက် ၈ နာရီအချိန်တွင် ဖွင့်လှစ်ပေးလိုက်သည်။ ဂီတစာဆို စန္ဒရားလှထွတ်ရေးစပ်သီကုံးသည့် "ပြည်သူ့အတွက် ရုပ်ရှင်" ဂုဏ်ပြုတေးသီချင်းကို မြန်မာနိုင်ငံ ရှင်ရှင်အစည်းအရုံးဝင်များက သံပြိုင်ဟစ်ကြွေးသီဆိုကြသည်။

ထိုနောက် အခမ်းအနားကိုတပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မအားကစားကွင်းထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို ရုပ်ရှင်ဒါရိုက်တာ အောဝမ်းဦးလှမျိုးနှင့် စင်ရော်မောင်မောင်တို့က ကိုင်ဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတု သဘင် ကျင်းပရေး ဗဟိုကော်မတီနာယကအဖွဲ့ဝင် ရုပ်ရှင် အနုပညာရှင် မင်းသားကြီး ဦးအေးကြူက ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်ခင်ယုမေ ကိုင်ဆောင်

ရုပ်ရှင်စိန်ရတုသဘင် ပြခန်းမုခ်ဦး



ထားသည့် ငွေလင်ပန်းမှ ကတ်ကြေးကို ယူဆောင်ပြီး နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များက ၄င်းတို့ ကိုင်ဆောင်ထားသော မိုးပျံပူဖောင်းများကို လွှတ်တင်လိုက်ကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တက်ရောက်လာကြသော ဧည့်သည်များသည် မြို့မအားကစားကွင်းအတွင်း ခင်းကျင်းပြသရောင်းချမည့် အထူးအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပဒေသာကပွဲ ဖွင့်ပွဲ

(၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေး၊ ဖျော်ဖြေရေးဆပ်ကော်မတီက စီစဉ်တင်ဆက်မည့် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်၊ ရုပ်ရှင်ပြဇာတ် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၇-၁၀-၉၅ နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်ပြဇာတ်ပဒေသာကပွဲကို မြန်မာ့ရုပ်ရှင်စိန်ရတု သဘင်ကျင်းပရေး ဗဟိုကော်မတီနာယက အဖွဲ့ဝင် ရုပ်ရှင်ဒါရိုက်တာ ဦးသုခက ရုပ်ရှင်အနုပညာရှင်များခြံရံ၍ ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးလိုက်ရာ ရုပ်ရှင်အနုပညာရှင်များက "ရတနာပုံ" သီချင်းကို သံပြိုင်သီဆိုကြသည်။

ထိုနောက် ဒါရိုက်တာ စိန်သံမဏိ၊ ဇာတ်ညွှန်း လှိုင်ဦး၏ "အမေ ကျွန်တော် မင်းသားဖြစ်ပြီ"၊ ဒါရိုက်တာ ကြည်စိုးထွန်း၊ တွဲဖက်ကောင်းမြတ်တို့၏ "ရုပ်ရှင်ခရီးသည်"၊ ဒါရိုက်တာ အောင်မြင့်မြတ်နှင့် မောင်နီလွင် (သပြူ) တို့၏ "ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ"၊ ဒါရိုက်တာ သီဟတင်စိုး၏ "စိတ်ကို ငြိမ်ငြိမ်ထား" ရုပ်ရှင်ပြဇာတ်များဖြင့် ဖြေဖျော်ပြီး ဒုတိယပတ်တွင် ဒါရိုက်တာ အောင်လွင်၏ "တစ်ရံရောအခါ"၊ ဒါရိုက်တာ မိုက်တီး၏ "အကြားအမြင်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "မျက်မမြင် ပုဏ္ဏားခြောက်ယောက်နှင့်ကျွန်တော်" ပြဇာတ်တို့ကို တင်ဆက်သည်။

## စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ

မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ၁၈-၁၀-၉၅ နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ အဆိုပါဆုပေးပွဲ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (စာပေဗိမာန်) မှ စာတည်း (တာဝန်ခံ) ဒေါ်မြမြသန်း (မနှင်းဖွေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ်ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ဆုစိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားသည်။

ထိုနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုအထိမ်းအမှတ်တံဆိပ် (လိုဂို) ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးလှထွဋ်ဦး (ပြန်/ဆက်)အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကာတွန်းခရေ (ဦးတင်မြင့်)၊ ဒုတိယဆုရရှိသော ကာတွန်းဥက္ကာ (ဦးတင်ဝင်း)၊ တတိယဆုရရှိ သော ကာတွန်းမောင်မောင်လေး၊ (ဦးမောင်မောင်လေး) နှစ်သိမ့်ဆုများ ရရှိကြသောကာတွန်းဗချီ-(ဦးဗချီ)၊ ဦးမျိုးမင်းဇော် (သီးသန့် ရှေပန်းချီ) နှင့် မနှင်းနှင်းဝင်းတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်အထိမ်းအမှတ် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

ဦးကြည်လွင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုကိုဦး (ဦးမြလှိုင်)၊ ဒုတိယဆုရရှိသော ထန်လှိုင် (ဦးကြည်ထွဏ်း)၊ တတိယဆုရရှိသော မိမိကျော် (မိမိဝင်း)၊ နှစ်သိမ့်ဆုများ ရရှိကြသော ဦးကျော်ညွန့်၊ မောင်မဟာ (ဦးလှမြင့်) နှင့် ဝင်းနွယ် (သစ်တော) (ဦးမျိုးငွေ) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းမောင်က မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဂီတာဖေဝင်း၊ ဒုတိယဆုရရှိသော သထုံသန်းဝင်း၊ တတိယဆုရရှိသော မုံရွာဦးအေးမောင်၊ နှစ်သိမ့်ဆုများ ရရှိကြသော သန်းမြတ်စိုးနှင့် မျိုးနွယ်ဆွေတို့အားလည်းကောင်း၊ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ဖေက မြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဗီဒီယိုဇာတ်လမ်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသော ဦးလှမြင့်အေး၊ မဒီပါနှင့် မခင်အေးဟန် (မြဝတီ) တို့အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အထိမ်းအမှတ် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဗိုလ်မှူးကြီး တင်ခကမြန်မာ့ရုပ်ရှင်စိန်ရတုဂုဏ်ပြု ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးစိုးလွင်ငြိမ်း၊ ဒုတိယဆုရရှိသော ဦးအေးကြူ၊ တတိယဆုရရှိသော ဦးစိုးမင်း၊ နှစ်သိမ့်ဆုများ ရရှိသော မရီရီချို၊ မမြတ်မိုးလှိုင်၊ မဖြူဖြူစိုးနှင့် ဒေါက်တာမြင့်ဦးတို့အား လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုနေ့က ဆုချီးမြှင့်လိုက်သည့် ဆုငွေများမှာ အထိမ်းအမှတ်တံဆိပ်၊ ကာတွန်းဆောင်းပါးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများအတွက် ပထမဆုငွေ ကျပ်တစ်သောင်း၊ ဒုတိယဆုငွေ ကျပ် ရှစ်ထောင်၊ တတိယဆုငွေ ကျပ်ငါးထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် နှစ်ထောင်စီဖြစ်ပြီး တေးသီချင်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ် တစ်သောင်းနှစ်ထောင်၊ ဒုတိယဆုငွေ ကျပ်ကိုးထောင်၊ တတိယဆုငွေကျပ် ခုနစ်ထောင်နှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီဖြစ်သည်။

ဗီဒီယိုဇာတ်လမ်း ပြိုင်ပွဲတွင် ပထမဆုငွေ ကျပ်သုံးသောင်း၊ ဒုတိယဆုငွေ ကျပ်နှစ်သောင်း၊ တတိယဆုငွေ ကျပ် တစ်သောင်းနှင့် နှစ်သိမ့်ဆုများအတွက် ငွေကျပ် ငါးထောင်စီ အသီးသီးဖြစ်သည်။

## အထိမ်းအမှတ် အလံ

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်ပြပွဲတွင် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာတွင် မိုးပျံပူဖောင်းနှင့်အတူ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံကို ထည့်၍လွှင့်တင်ခဲ့သည်။ ယင်းအထိမ်းအမှတ်အလံကို ရရှိသူအား ဆုငွေကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်စာတမ်းကို တစ်ပါတည်း ထည့်သွင်းရာ တွံတေးမြို့နယ်၊ ပဒိုင်ရေကျော်ကျေးရွာနေ မောင်ဇော်အောင်က အောက်တိုဘာ ၁၇ ရက်တွင် လယ်ကွင်းအတွင်း ကောက်ယူရရှိသဖြင့် မောင်ဇော်အောင်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင် မင်းသားကြီးဦးအေးကြူက ဆုငွေ ကျပ်တစ်သောင်းကို ချီးမြှင့်ခဲ့သည်။

အလားတူပင် ရုပ်ရှင်ပွဲတော် (မြို့မကွင်း)မှ ဖွင့်ပွဲနေ့တွင် လွှတ်တင်လိုက်သော မိုးပျံပူဖောင်းမှ ရုပ်ရှင်စိန်ရတုအထိမ်းအမှတ်အလံ ရရှိသူတွံတေးမြို့နယ်မှ မောင်မောင်လွင်သည်လည်း ဆုငွေတစ်သောင်း ရရှိသွားသည်။

## နိဂုံး

ဤသို့ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ရာ ရုပ်ရှင်ချစ်သော ပြည်သူလူထုအများစုတို့သည် တပ်မတော်ခန်းမရှိ ရုပ်ရှင်ပြခန်းများကိုလည်းကောင်း၊ မြို့မအားကစားကွင်းတွင်ရှိ ရုပ်ရှင် ပွဲတော်ကြီးကိုလည်းကောင်း၊ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည့် ရုပ်ရှင်ပဒေသာကပွဲများကိုလည်းကောင်း ကြိတ်ကြိတ်တိုး ရုံပြည့် ရုံလျှံအားပေးခဲ့ကြသဖြင့် မူလသတ်မှတ်ထားသော အောက်တိုဘာ (၃) ရက်နေ့အစား နိုဝင်ဘာ (၅) ရက်အထိ ရက်တိုးပြသ ကပြဖျော်ဖြေခဲ့ရသည်။ ပွဲသိမ်းသည့်အခါ ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေးဗဟိုကော်မတီမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရန်ပုံငွေ ၁၈၇ သိန်းကျော် လှူဒါန်းနိုင်ခဲ့ပေရာ (၇၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားသည် နိုင်ငံတော်နှင့် ရုပ်ရှင်ချစ်သော ပြည်သူများ အားပေးမှု၊ ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်နှင့် နီးနွယ်သူများ၊ ရုပ်ရှင်ချစ်သူများ၏ အားပေးမှုဖြင့် "ခြိမ့်သဲဆင်ယင် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်" ဟူ၍သာ ကမ္ပည်းတင်လိုက်ရပေသည်။

**မောင်နေမျိုး**





# အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် အဓိက သယံဇာတများဖြစ်သော ရေ၊ မြေ၊ တော၊ တောင်နှင့် ရာသီဥတုမျှတကောင်းမွန်မှုကို အခြေခံ၍ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အခြေခံကျသော ရေမြေတောတောင်များ ပျက်စီးပါက ရာသီဥတုလည်း ဖောက်ပြန်လာမည်ဖြစ်ပြီး သစ်ပင် သစ်တောများနှင့် တောတောင်ရေမြေများ အစဉ်သဖြင့် စိမ်းလန်းစိုပြည်နေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးရေနည်းဒေသဖြစ်၍ သစ်ပင်သစ်တောပေါက်ရောက်မှု နည်းပါး ပြီး ပူပြင်း ခြောက်သွေ့ခြင်း၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုနည်းခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်တို့အတွက် သောက်ရေသုံးရေ လုံလောက်စွာ မရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုအဆင့်အတန်း နိမ့်ကျခြင်း တည်းဟူသော ဆိုးကျိုးများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ထိုဒေသများသည် မိုးခေါင်ရေရှားဖြစ်ခဲ့ရသဖြင့် သဲကန္တာရနီးပါးဖြစ်ရကာ လောင်စာထင်းအတွက် ရှာဖွေနေရသည်ကပင် အချိန်ကုန်လူပန်းဖြစ်ကြရပြီး စီးပွားရေးဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် ဒေသခံ ပြည်သူများသည် မိမိတို့ဒေသကိုပင်စွန့်ခွာ၍ ရေကြည်ရာ မြက်နုရာ သို့ရွှေ့ပြောင်းကြရတော့မည့် အခြေသို့ ရောက်ခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးရေနည်းဒေသကို ပူပြင်းခြောက်သွေ့သော အခြေအနေမှ စိမ်းလန်းစိုပြည်၍ သီးနှံအထွက်တိုးသော ဒေသအဖြစ် ပြောင်းလဲရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာသည်။

ထို့ကြောင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အခြေအနေမှန်ဖြစ်သော သစ်ပင်သစ်တောပေါက်ရောက်မှုနည်းပါးခြင်း၊ ရေအလွန်ရှားပါးခြင်း၊ ရေတိုက်စားမှုများပြားလွန်း၍ မြေဆီလွှာခြောက်သွေ့ဆုတ်ယုတ်ခြင်း၊ ရာသီဥတုမမှန်ကန်သဖြင့်သီးနှံအထွက် ဆုတ်ယုတ်ခြင်းစသည်တို့ကို သိရှိသဘောပေါက်သည့်အားလျော်စွာ သစ်ပင် သစ်တောတို့ကို အမြန်ဆုံးထိန်းသိမ်းရေး၊ သစ်ပင်သစ်တောလုံးဝမရှိသည့်ဒေသများတွင် သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ရေးတို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ ကွပ်ကဲကြပ်မတ်မှုဖြင့် သစ်တောဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့ကြောင့် စိမ်းလန်းစိုပြည်ရေးကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေသော ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မုံရွာနှင့် စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့ကို အထူးဒေသများအဖြစ် ရွေးချယ်သတ်မှတ်ပြီး မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး သုံးနှစ်စီမံချက် ချမှတ်ကာ ထိုအထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ၁၉၉၄–၉၅ ခုနှစ်မှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

## ဆောင်ရွက်ချက်များ

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးဒေသစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရှိပြီးသစ်တောသစ်ပင်များအား စည်းကမ်းမဲ့ခုတ်လှဲအသုံးပြုမှုကိုကာကွယ်ခြင်း၊ တောင်ကတုံးများတွင်သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာများအနီးတွင် ရေကန်ငယ်များ တူးဖော်၍ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့ကို အဆိုပါ အထူးဒေသကိုးခရိုင်တွင် ဆောင်ရွက်ခဲ့သည်။ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများတွင် နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုး

## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



တန် ကျွန်း၊ ပျဉ်းကတိုးစသော သစ်ပင်များကိုလည်း စိုက်ပျိုးစေခဲ့သည်။

ခြောက်သွေ့လွန်းသော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးရှောင်ဒေသပတ်ဝန်းကျင်ကို အမြန်ဆုံးပြန်လည်စိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထု၏အဓိက လိုအပ်သော လောင်စာစွမ်းအင်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန်၊ ရေမြေရာသီဥတု တိုးတက်ကောင်းမွန်လာစေပြီး စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ အများပြည်သူနှင့်ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိစေရန်၊ ငုပ်လျှိုးနေသော စိမ့်စမ်းရေများပြန်လည်ပေါ်ထွက်လာပြီး မြေဆီသြဇာများ ပိုမိုကောင်းမွန်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက သစ်ပင်သစ်တောများ၏ တန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်ကြပြီး သစ်တောများကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာပြည်အလယ်ပိုင်းအထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ထားရှိပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အထူးဒေသ ကိုးခရိုင်သည် သုံးနှစ်တာကာလအတွင်း မယုံကြည်နိုင်လောက်အောင် စိမ်းလန်းစိုပြည်လာသည်။

### ချောက်မြို့နယ် ဂွေးချိုတောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံတို့ တွန်းအားပေး ဆောင်ရွက်လျက်

မြန်မာပြည် အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ကို သုံးနှစ်တာကာလဖြင့် အကောင်အထည်ဖော်ရန်၊ နှစ်စဉ်သစ်တောစိုက်ခင်းဧက ၈၀,၀၀၀ တည်ထောင်သွားရန်၊ ထူးခြားသည့် ဒေသနှင့် သစ်တောပြုန်းတီးနေသည့် တောင်ကတုံးများ စိမ်းလန်းစိုပြည်ရေးနှင့် အဓိကလမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်ရေးကို အထူးအစီအမံဖြင့် ဆောင်ရွက်ရန်၊ အပူပိုင်း ရေရှားသည့်ဒေသများတွင် စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်းအမြစ်ရရှိရေးတို့အတွက် ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရေး အပြင် လူနှင့်တိရစ္ဆာန်များ သောက်သုံးရန် ရေကန်ငယ်များ တိုးချဲ့တူးဖော်၍ ရွာတစ်ရွာတွင် ရေကန်တစ်ကန်နှင့် တစ်ကန်အနီးသစ်တောပျိုးဥယျာဉ်တည်ဆောက်လျက် ရွာဝန်းကျင်တွင် တောအုပ်ကလေးများတည်ထောင်ကာ တစ်ရွာလျှင် တစ်ကန် တစ်တောဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် နည်းလမ်း များဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာနများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းဦးစီး

ဌာနများ၊ စက်မှုလယ်ယာဦးစီးဌာနများ၊ တပ်မတော် တပ်ရင်း တပ်ဖွဲ့နှင့် အခြားဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသဖြင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများသည် အချိန်တိုကာလ အတွင်း အောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်သည်။

အစားထိုးသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍ သစ်ပင်စိုက်ပျိုးခြင်း၊ တောင်ကတုံး များတွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ သဖြင့် မြန်မာပြည်အလယ်ပိုင်း အထူးဒေသကိုးခရိုင်သည် ယခင်က လွင်တီးခေါင် တောကတုံး တောင်ကတုံး မြေကတုံး ဖြစ်ပြီး သဲကန္တာရပမာရှိနေခဲ့ရာမှ ယခုအခါ ဥယျာဉ် ကြီးပမာ စိမ်းလန်းစိုပြည်သာယာနေပြီဖြစ်သည်။ နေရာတကာတွင် သစ်ပင်သစ်တောများဖြင့် လွှမ်းခြုံထား နိုင်ပြီဖြစ်သည်။ ကျေးငှက်သာရကာတို့လည်း မြူးတူး ပျံသန်းနေပြီ ဖြစ်သည်။ ရေတွင်းရေကန်များ၊ ဆည်ကြီး ဆည်ငယ်များလည်း အနှံ့အပြားတွင်ရှိနေပြီဖြစ်၍ အိုအေစစ်ဒေသကြီးပမာ ဖြစ်နေသည်။ ထို့အပြင် ရေရရှိရေး နည်းလမ်းငါးသွယ်ဖြင့် ရေကိုရအောင်ယူပြီး သီးနှံများ စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့်လည်း စီးပွားတိုးတက်၍ ရွှင်လန်းပျော်မြူးနိုင်ကြပြီဖြစ်သည်။

သစ်ပင်သစ်တောပြန်လည်စိုက်ပျိုးတည်ထောင်ရန် လျာထားသည့်ကာလမှာ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိဖြစ်ရာ ထိုကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေကိုကြည့်လျှင် ၁၉၉၄–၉၅ ခုနှစ်တွင် သစ်တော စိုက်ခင်းဧက ၁၅,၈၅၀ စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ၁၉၉၅–၉၆ ခုနှစ်တွင် ဧက ၁၇,၁၅၀ စိုက်ပျိုးတည်ထောင် ထားသည်။

## သစ်ပင် စိုက်ပျိုးမှုများ

စိုက်ပျိုးသည့်သစ်ပင်အမျိုးအစားများမှာ အကြီးမြန်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အပင်များဖြစ်သည်။ အထူးသဖြင့် ယူကလစ်ပင်များကို နေရာအနှံ့အပြားတွင် စိုက်ပျိုးခဲ့သည်။ ထို့အပြင် အပင်ကြီးထွားနှုန်းမြန်သော အော်ရီရှားပင်များနှင့် မဲဇလီပင်များကိုလည်း အများအပြားစိုက်ပျိုးထားသည်။ ထို့ပြင် စိန်ပန်း၊ ငုစပ်၊ ငုဝါ၊ ဘောစကိုင်း၊ မြန်မာရှား၊

စစ်ကိုင်းခရိုင်၊ နွယ်ခွေသစ်တောစိုက်ခင်း



မြန်မာကုက္ကို၊ ကုလားကုက္ကို၊ ဆီနီဂေါ်ရား၊ ပိုလိုစီနေဖီးယား၊ တမာနှင့် အခြားကြီးမြန် သစ်ပင်များကိုလည်း စိုက်ပျိုးခဲ့သည်။ ထို့အပြင် ကျွန်း၊ ပျဉ်းကတိုး စသော နိုင်ငံတော်အတွက် ဝင်ငွေတိုးစေမည့် အဖိုးတန် သစ်ပင်များလည်း စိုက်ပျိုးထားသည်။ ဒေသပေါက်ပင်များဖြစ်သော မန်ကျည်း၊ တမာ၊ ဖျောက်ဆိတ်စသည့်အပင်များနှင့် ဆူးဖြူ၊ ဆီးဖြူ၊ ထနောင်းတို့ကိုလည်း ကြားညှပ်၍စိုက်ပျိုးခဲ့ကြသည်။

အစားထိုး သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သကဲ့သို့ ရှိပြီးသဘာဝတောများကိုလည်း ထိန်းသိမ်းကာကွယ်လျက် ရှိသည်။ သစ်တောကြိုးဝိုင်းများနှင့် ကာကွယ်တော များ ကို လည်း တိုးချဲ့သတ်မှတ်ခဲ့သည်။ အလားတူ ရေကန်ငယ်၊ ဆည်ငယ်များ တူးဖော်၍လည်း စိမ်းလန်းစိုပြည်ရေး နှင့်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးပြီးစီးခဲ့သောစိုက်ခင်းများ ရှင်သန် ကြီးထွားမှုရှိပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် အပင်သေများနေရာတွင် ဖာထေး စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေတောင် မြှောက်ခါးဆွခြင်း၊ မိုးပြတ်ရက်များတွင် ရေလောင်းခြင်း၊ စိုက်ခင်းများကို မီးမလောင်နိုင်အောင် မီးဘေးကာကွယ်ခြင်း၊ လူနှင့်ကျွဲနွားတိရစ္ဆာန်အန္တရာယ်မှကာကွယ်စောင့်ရှောက်ခြင်း စသည်တို့ကိုလည်း စနစ်တကျဆောင်ရွက် လျက် ရှိသည်။

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် စီမံကိန်း ညွှန်ကြားရေးမှူး တစ်ဦးကို တာဝန်ပေးထားပြီး တပ်မတော်အရာရှိကြီး သုံးဦးတို့ ကို ဇုန်အလိုက် တာဝန်ယူဆောင်ရွက်စေသည်။

မြန်မာပြည် အလယ်ပိုင်း၊ အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၉၄–၉၅ ခုနှစ် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေကို လေ့လာကြည့်လျှင် စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၌ မင်းဝံတောင်၊ ပဲကတိုး၊ ညောင်ပင်ဝန်း၊ ခြေရာတော် စိုက်ခင်းများတွင် ဧက ၅၀၀ ၌ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ဗမာရှား၊ ဆူးဖြူ၊ ဘောစကိုင်း၊ တမာတို့ကို စိုက်ပျိုးခဲ့သည်။ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ ညောင်ပင် ဝန်း၌ ထီးဆောင်းစိုက်ခင်းများတွင် ဧက ၁၀၀ ၌ အထက် ဖော်ပြပါ သစ်ပင်များကို စိုက်ပျိုးခဲ့သည်။

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက်ပျဉ်တောင်၊ ဘန်ဆိ စိုက်ခင်းများတွင် ဧက ၄၀၀ ၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ နွယ်ခွေနှင့် နတ်ရေကန်စိုက်ခင်းများတွင် ဧက ဖ၀၀၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဝန်ဘို၊ သာဖန်းနှင့် တွင်းတောင် စိုက်ခင်းများတွင် ဧက ၅၀၀ ၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆားလင်း ဆားခါးစိုက်ခင်း၌ ဧက ၂၀၀ စိုက်ပျိုးခဲ့သည်။ မုံရွာခရိုင်၌ စိုက်ပျိုးခဲ့သည့် အပင်အမျိုးအစားများမှာ ယူကလစ်၊ ဘောစကိုင်း၊ အော်ရီရှား၊ ဗမာရှား၊ မဲဇလီ၊ ဆီနီဂေါ်ရှား၊ ကုလားကုက္ကို၊ ဗမာကုက္ကို၊ တမာနှင့် ဟိုလိုရှားတို့ ဖြစ်သည်။

မိတ္ထီလာခရိုင်တွင် မိတ္ထီလာမြို့နယ်၊ လိန်တောနှင့် အင်ပင်ဝစိုက်ခင်းများ၌ ဧက ၅၀၀ ၊ သာစည်မြို့နယ် မင်းဘုရားကန်စိုက်ခင်း၌ ဧက ၃၀၀ ၊ ဝမ်းတွင်းမြို့နယ် ရွှေဆံတော်နှင့် တောင်ကိုးလုံးတို့၌ ဧက ၃၀၀ ၊ မလှိုင်မြို့နယ် မယ်ညိုတောင်စိုက်ခင်း၌ ဧက ၄၀၀ စိုက်ပျိုးထားပြီး စိုက်ပျိုးသောအပင်များမှာ ယူကလစ်၊ ဆီနီဂေါ်ရှား၊အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ဗမာရှားနှင့် ဗမာကုက္ကိုတို့ ဖြစ်သည်။

ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၊ မယ်အောင်ကန် ၊ ပျဉ်းမတောနှင့် နတ်တံခါးစိုက်ခင်းများ၌ ဧက ၃၀၀၊ ပျော်ဘွယ်မြို့နယ် ရေထွက်ရိုး၊ ညောင်နွယ်တောင်၊ ညောင်နွယ်မြောက်၊ ခမရ (၄၁၈) နှင့် မင်းဝေတောင် စိုက်ခင်းများ၌ ဧက ၃၀၀၊ တပ်ကုန်းမြို့နယ် ခေတ်အေးနှင့် အုန်းပင်စိုက်ခင်း၌ ဧက ၁၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် သစ်ပင်များမှာ ယူကလစ် ၊ အော်ရီရှား၊ မဲဇလီ၊ ဘောစကိုင်းတို့ ဖြစ်သည်။

မြင်းခြံခရိုင်တွင်လည်း ယူကလစ်၊ ဆီနီဂေါ်ရှား၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီနှင့် မြန်မာရှားတို့ကို ဧက ၃,၇၀၀ ၌ စိုက်ပျိုးထားသည်။ မြင်းခြံခရိုင်အတွင်း စိုက်ပျိုးသည့် ဒေသများမှာ မြင်းခြံမြို့နယ်၊ တဲရွာ၊ ဆားခါး၊ ကုက္ကဲမြောက်၊ ယုံကိုးနှင့် ကန်နီစိုက်ခင်းများ၌ ဧက ၉၀၀၊ နွားထိုးကြီးမြို့နယ် ဆေးခင်းကြီးစိုက်ခင်း၌ ဧက ၃၀၀၊ တောင်သာမြို့နယ် တောင်သာတောင်၊ ပန်းပေါင်း၊ မြင့်ဘဲ၊ ကျောက်တစ်လုံးနှင့် ဝဲမောင်စိုက်ခင်းများ၌ ဧက ၇၀၀ ၊ ကျောက်ပန်းတောင်းမြို့နယ် ငရှဉ့်တောင်၊ ကျောက်ပုံ၊ ရွှေကျောင်နှင့် ခါးပတ်စိုက်ခင်းများ၌ ဧက ၉၀၀၊ ပုဂံ၊ ညောင်ဦးမြို့နယ် ဟတ်စီး၊ တက်မ၊ မြေသင်းထွင်နှင့် ကျောက်ကူးစိုက်ခင်းများ၌ ဧက ၉၀၀ တို့ ဖြစ်သည်။

**အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ**



**မုံရွာခရိုင်၊ ရွှေမြင်းတင်စိုက်ခင်းမှာလည်း စိမ်းလန်းအုပ်ဆိုင်းနေချေပြီ**

ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးထားသည့် အခြေအနေမှာ ပေါက်မြို့နယ် ရေတိမ်ရွာ၊ တက်မတောင်နှင့် လယ်လမ်းရွာ စိုက်ခင်းများ၌ ဧက ၂၀၀၊ မြိုင်မြို့နယ် လင်းကတော၊ မင်းကန်နှင့် မြိုင်တောင်စိုက်ခင်းများ၌ ဧက ၂၀၀၊ ရေစကြိုမြို့နယ် ကျောက်လှေခါး၊ မအူနှင့် ဆင်ချောင်းတမံ စိုက်ခင်းများ၌ ဧက ၂၀၀၊ ပခုက္ကူမြို့နယ် စံပြစိုက်ခင်းနှင့် တက်မတောင်စိုက်ခင်းများ၌ ဧက ၁၀၀၊ ဆိပ်ဖြူမြို့နယ် ကိုးတောင်စိုက်ခင်း၌ ဧက ၂၅၀ စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးသည့် အပင်အမျိုးအစားများမှာ ယူကလစ်နှင့် အော်ရီရှားအများဆုံး ဖြစ်သည်။

မကွေးခရိုင်တွင် ချောက်မြို့နယ်ရှိ ဆင်က ကာကွယ်တောစိုက်ခင်း၌ ဧက ၅၀၀၊ ရေနံချောင်းမြို့နယ်ရှိ ယင်းမချောင်းစိုက်ခင်း၌ ဧက ၈၀၀၊ နတ်မောက်မြို့နယ်ရှိ ယင်းကာကွယ်တောစိုက်ခင်း၌ ဧက ၆၀၀၊ မြို့သစ်မြို့နယ်ရှိ ညောင်တုန်း၊ စတုံကြီးဝိုင်းနှင့် မြို့သစ်ကြီးဝိုင်း စိုက်ခင်း များ ၌ ဧက ၃၅၀၊ တောင်တွင်းကြီးမြို့နယ်ရှိ ကုက္ကိုခွ စိုက်ခင်း ၌ ဧက ၅၀၀၊ မကွေးမြို့နယ်ရှိ ကားလမ်းမ ဝဲယာ (မိုင်တိုင် ၃၀၁ မှ ၃၄၂ အထိ) စိုက်ခင်း၌ ဧက ၇၀၀ စိုက်ပျိုးထားသည်။ စိုက်ပျိုးသည့် အပင်များမှာ ယူကလစ်၊ အော်ရီရှား၊ ဘောစကိုင်း၊ မဲဇလီ၊ ရှား စသည့်အပင်များ ဖြစ်သည်။

အထူးဒေသ ကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မင်းဘူးခရိုင်တွင်လည်း စိမ်းလန်းစိုပြည်ရေးသစ်ပင်များ အနှံ့အပြားစိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် ဧရိယာမှာ စလင်းမြို့နယ်ရှိ စလင်းကြီးပြင်စိုက်ခင်း၌ ဧက ၃၅၀၊ ပွင့်ဖြူမြို့နယ်ရှိ ကျောင်းကုန်းကြီးနှင့် ကျွဲဒိကွင်း စိုက်ခင်းများ၌ ဧက ၃၅၀၊ မင်းဘူးမြို့နယ်ရှိ မင်းဘူးတောင်တန်းနှင့် ဓိုးအိုင်စိုက်ခင်းများ၌ ဧက ၃၅၀၊ ငဖဲမြို့နယ်ရှိ ပုဂံကြီးပြင်စိုက်ခင်း၌ ဧက ၂၀၀ အသီးသီးစိုက်ပျိုးထားသည်။ စိုက်ပျိုးခဲ့သည့်အပင်များမှာ ယူကလစ်၊ ဘောစကိုင်းနှင့် ရှားပင်များဖြစ်သည်။

အလားတူ သရက်ခရိုင်တွင် မင်းလှမြို့နယ်၊ တောင်ဦးစိုက်ခင်း၌ ဧက ၂၀၀၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်နှင့် ကိုးပင်စိုက်ခင်း၌ ဧက ၅၀၀၊ အောင်လံမြို့နယ်ကျွဲသေကြီးဝိုင်း၊ ပြလို့ကြီးဝိုင်း၊ ဗွက်ကြီးကြီးဝိုင်း၊ ဆင်ချည်တိုင်နှင့် ကန်နှစ်ဆင့်စိုက်ခင်းများ၌ ဧက ၇၅၀၊ မင်းတုန်းမြို့နယ်၊ မင်းတုန်း – ကံမလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ ကံမမြို့နယ်၊ ပုသိမ် – မုံရွာလမ်း စိုက်ခင်း၌ ဧက ၁၀၀၊ သရက်မြို့နယ်၊



ပူပြင်းခြောက်သွေ့လှသော စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ညောင်ပင်အိုင် တောရစိုက်ခင်းမှာ စိမ်းလန်း၍သာယာလာ

သရက် – မင်းတုန်းလမ်း၌ ကေ ၃၅၀ အသီးသီး စိုက်ပျိုးထားသည်။ စိုက်ပျိုးထားသည့် အပင်များမှာ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ ကျွန်း စသည့်အပင်များ ဖြစ်သည်။

ဖော်ပြခဲ့ပြီးသည့် စိုက်ကေနှင့် စိုက်ပျိုးပင်များမှာ စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၁၉၉၄–၉၅ ခုနှစ်အတွင်း စိုက်ကေနှင့် စိုက်ပျိုးပင်များ ဖြစ်သည်။

## ရေကန်နှင့် ဆည်များ

အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း ၁၉၉၄–၉၅ ခုနှစ် အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေကန်နှင့် ဆည်များမှာ မုံရွာခရိုင်၊ မုံရွာမြို့နယ်၌ သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရောင်တော်ထုံး၊ သာယာစု၊ ခတ္တာကန်မြောက်၊ ရွှေမြင်တင်ကန်များတည် ဆောက်ပြီးစီးခဲ့သည်။ ထို့အပြင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် ကျောက်ရိုးမြောင်တစ်ဖက်ဆည်၊ တောင်မန်ကျည်းတစ်ဖက်ရပ်ဆည်၊ ကျေးအုပ်ကန်၊နိဗ္ဗာန်ဝကန်တို့ကို တည်ဆောက်ခဲ့သည်။ တစ်ဖန် မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၌ ကျောက်စစ်ကုန်းကန်၊ ရွာသစ်ကန်၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၌ ညောင်ပင်သာကန်၊ သာမုံးကုန်းကန်၊ ညောင်ပင်ကန်၊ မုံရွာခရိုင်၊ ယင်းမာပင် မြို့နယ်၌ ပုံ့ကြီးကန်၊ ညောင်ပင်အိုကန်၊ ဆားလင်းကြီးမြောက်ကန်၊မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၌ လက်ပန်မြောက်ကန်၊ သဖန်းကန်တို့ကို တည်ဆောက်ခဲ့သည်။ ချောင်းဦး၊ အရာတော်၊ ယင်းမာပင်မြို့နယ်များရှိ ကန်များနှင့် ဘုတလင်မြို့နယ်ရှိလက်ပန်မြောက်ကန်ကို သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တူးဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘုတလင်မြို့နယ် သဖန်းကန်ကို ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တူးဖော် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် သစ်တောရေးရာ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးတိုင်း၊ မြင်းခြံခရိုင်တွင်လည်း ရေကန်များ ဆည်များ တည်ဆောက်ခဲ့သည်။ တည်ဆောက်ခဲ့သည့် ရေကန်နှင့် ဆည်များမှာ ပုဂံညောင်ဦးမြို့နယ်ရှိ ထနောင်းဝန်း၊ မြင်ချောင်းကန်၊ နတ်ကြီးအိုင်၊ မြေနီနှင့် မြောင်းကန်များ၊ ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကန်၊ စက္ကိန်းအရှေ့ တောင်ကန်၊ စက္ကိန်းအရှေ့ကန်၊ ကန်ဖြူ တောင်ကန်၊ ရွာလူကန်၊ စီပေါက်ကန်နှင့် အနောက်ဖို

စုကန်များ၊ နွားထိုးကြီးမြို့နယ်ရှိ ထနောင်းပင်ဝဲကန်၊ တက်စီကန်၊ သရက်ကန်၊ ပြင်စည်ကန်၊ တပါယ်ကန်နှင့် သဲတောကန်များ၊ တောင်သာမြို့နယ်ရှိ တပ်ကြီးကန်၊ တောင်သာကန်၊ ကျောချောကန်နှင့် ပန်းပေါင်းကန်များ ဖြစ်သည်။


အလားတူ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ဆားတောင်ကန်၊ နတ်ခရိုင်ကန်၊ အုန်းတောကန်၊ ရွာသစ်ကန်၊ ဆည်လေးတောကန်နှင့် ခြေရာတော်ကန် (ခြေရာတော်ကန်ငါးခု) များ၊ စစ်ကိုင်းခရိုင် ငါန်းဇွန်မြို့နယ်ရှိ သရက်ချိုကန်နှင့် မိုးတောင်းကန်များ၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ်ရှိ ကျားအိုကန်နှင့် မြင်းမူမြို့နယ် ထိန်တန်ကန်တို့ကိုလည်း တူးဖော်တည်ဆောက်ထားသည်။ စစ်ကိုင်းမြို့နယ်ရှိ ခြေရာ တော်ကန် ငါးကန်မှာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ကျန်ရေကန်များမှာ သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မကွေးတိုင်း ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ စိုတွင်းကန်၊ ကန်ရပ်ကြီးကန်၊ ဖုံးကန် (အရှေ့) ကန်၊ မြိုင်မြို့နယ်ရှိ မင်းကန်၊ မုံ့ညှင်းလေးကန်၊ သင်းပေါက်ကန်၊ ပေါင်းကွဲကန်၊ ရေစကြိုမြို့နယ်ရှိ ကုက္ကိုခွကန်၊ တောင်အိုကန်၊ မြေဖြူကျင်းကန်၊ ဆိပ်ဖြူမြို့နယ်ရှိ တပေါင်းကန်၊ တဲကြီးကန်နှင့် ကျောက်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ အဟတ်ကန်၊ သစ်ရာကောက်ကန်၊ ညောင်ကန်၊ မကျီးကန်၊ ချောက်မြို့နယ်ရှိ ရေတွင်းကန်၊ ညောင်ပင်သာကန်၊ အေးရွာကန်၊ ငွေးပင်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး ငွေးချို (သုံးရေကန်)၊ ထနောင်းသုံးခွကန်၊ အုတ်တွင်းကန်၊ ဆင်ကစခန်းကန်၊ ငွေးချိုသောက်ရေကန်နှင့် ညောင်ပင်သာ သုံးရေကန်တို့ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကူရွာ၊ ကန်ရွာ၊ ခင်မကန်နှင့် ဆီမီးခုံကန်များကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရေချိုသရက်ခြံကန်၊ သာစည် မြို့နယ် ယင်းမာပင်ကန်နှင့် ရွာကြီးကန်တို့ကို သစ်တောရေးရာ

ဆင်ပေါင်ဝဲမြို့နယ် စိမ်းစိုရေးသစ်တောမျိုးခင်းဖြင့် မျိုးထောင်ပေးလျက်



## အပူပိုင်းဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ



ချောက်မြို့နယ် ငွေးချိုတောင်တန်း စိုပြည်စိမ်းလန်းနေလေပြီ

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး သာစည်မြို့နယ်ရှိ ဘီလူးမကန်နှင့် မင်းဘုရားကန်တို့ကို ကိုး ခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက် ခဲ့သည်။ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အုတ်ကျင်းကန်၊ ရေနီအနောက်ကန်၊ လယ်တကောင်းကန် နှင့် သပွတ်ထုံးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ထားသည်။ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နန်းလုံကန်၊ ဆည်တိုကန်၊ ကန်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏အစီအစဉ်ဖြင့် တည်ဆောက်နိုင်ခဲ့ပြီး မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ ခေတ်အေးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးတိုင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ငွေးကုန်း၊ ရုံးကုန်း၊ ရွှေဘုတ်ကန်နှင့် ညောင်စောက်ချောင်းကန်နှင့် တောင်တွင်းကြီးမြို့နယ်ရှိ ပရပ်ကြယ်ကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကန် သုံးကန်ကို ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။ တစ်ဖန် မကွေးခရိုင်အတွင်း နတ်မောက်မြို့နယ်တွင် တံခွန်တိုင်၊ ပိတောက်ငုတ်၊ ရေဘို၊ တက်ဝန်း၊ တလုပ်နှင့် မြို့သစ်မြို့နယ်တွင် မြေကြား၊ ချောက်ကြားနှင့် ဆူးတပ်ကြီးကန်တို့ကို သစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မကွေးခရိုင်၊ မင်းလှမြို့နယ်တွင် တလုပ်ကျင်းနှင့် ညောင်ပင်ကျပ်ကန်တို့ကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စိုစွတ်ကန်ကို လည်းကောင်း၊ အောင်လံမြို့နယ်တွင် စောင်းလျှားကျင်းနှင့် ရေပေါကန်တို့ကိုလည်းကောင်း သစ်တောရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည်။

မြန်မာပြည်အလယ်ပိုင်း အထူးဒေသ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ၁၉၉၅ – ၉၆ ခုနှစ်အတွင်း တည်

ထောင်ခဲ့သည့် စိုက်ခင်းများမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရှိ ကျောက္ကာတောင်၊ ချောင်းဦးမြို့နယ်ရှိ နွယ်ခွေ ကာကွယ်တော၊ ရေပိုးစာကန်ပတ်ဝန်းကျင်၊ ဘုတလင် မြို့နယ်ရှိ အုတ်ဖိုတောင်တစ်လုံး၊ အဆိုပြုကြိုးဝိုင်း၊ ယင်းမာပင် မြို့နယ်ရှိဆားလင်း၊ ဆားခါးကာကွယ်တောတို့၌ ကေပေါင်း ၂၀၀၀ တွင်လည်းကောင်း၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ ခြေရာတော် ကာကွယ်တော၊ မင်းဝံ တောင်၊ အုန်းတောကားလမ်းမ၊ ငါန်းဇွန်မြို့နယ်ရှိ ကျောက်တစ်လုံး ကားလမ်းမ၊ မြင်းမူမြို့နယ်ရှိ မြင်းမူ – ချောင်းဦး ကားလမ်းမနှင့် ထိးဆောင်ဒေသတို့၌ ကေပေါင်း ၇၅၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်ရှိ ကုက္ကကာကွယ်တော (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ပုဂံ – ညောင်ဦးမြို့နယ်ရှိ မြေသင်းကွင်း ကာကွယ်တောနှင့် အရာ တော် ကာကွယ်တော၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကိုးကွေ့ကြိုးဝိုင်း၊ သျှန်တောင်ကာကွယ်တောနှင့် ကိုင်း ကာကွယ်တော၊ နွားထိုးကြီးမြို့နယ်ရှိ ဆေးခင်းကြီး ကာကွယ် တော၊ တောင်သာမြို့နယ်ရှိ တောင်သာကြိုးဝိုင်းတို့၌ ကေ ပေါင်း ၃,၉၀၀ တွင်လည်းကောင်း၊ မိတ္ထီလာခရိုင် ၊ မိတ္ထီလာ မြို့နယ်ရှိ အင်ပင်ဝကြိုးဝိုင်း၊ သာစည်မြို့နယ်ရှိ ရွှေနတ်တောင် ကာကွယ်တော၊ ဝမ်းတွင်းမြို့နယ်ရှိ ရွှေဆံတော် ကာကွယ်တော နှင့် တောင်ကိုးလုံး ကာကွယ်တော၊ မလှိုင်မြို့နယ်ရှိ မယ်ညို တောင်ကြိုးဝိုင်းတို့၌ ကေပေါင်း ၁,၅၀၀ တွင် လည်းကောင်း၊ မန္တလေးတိုင်း ၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ်ရှိ နတ်တံခါး ကာကွယ်တောနှင့် ပျဉ်းမ တောရွာ၊ ပျော်ဘွယ် မြို့နယ်ရှိ ချောင်းကောက် ကာကွယ် တော၊ မင်းဝံတောင် ကာကွယ်တော၊ တပ်ကုန်းမြို့နယ်ရှိ အုန်းပင်ဒဟတ်တော ကာကွယ်တောတို့၌ ကေ ၇၀၀ တွင်လည်းကောင်း၊ စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

အလားတူ မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ ကန်လှအပတောနှင့် တက်မတောင်၊ မြိုင်မြို့နယ်ရှိ မင်းကန် အပတောနှင့် မြိုင်တောင် အပတော၊ ပေါက်မြို့နယ်ရှိ ရေတိမ် ရွာ အပတောနှင့် တက်မတောင်၊ ရေစကြိုမြို့နယ်ရှိ မအူကြိုးပြင်၊ တောင်ညိုအပတောနှင့် ကျောက်လှေခါး၊ ဆိပ်ဖြူမြို့နယ်ရှိ ကိုးတောင်အပတောတို့၌ ကေ ၁,၄၅၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ မင်းဘူးခရိုင် ၊ မင်းဘူးမြို့ နယ်ရှိ ပုဂံကန်ကြိုးဝိုင်းနှင့် မင်းဘူးတောင်တန်းဒေသ၊ စေတုတ္တရာ မြို့နယ်ရှိ စလင်း – စေတုတ္တရာ ကားလမ်းမ၊ စလင်းမြို့နယ်ရှိ စလင်းကြိုးပြင်တော၊ ပွင့်ဖြူမြို့နယ်ရှိ ကျွဲဒီကွင်းနှင့် ရေပုတ်ကြီးကွင်း၊ ငဖဲမြို့နယ်ရှိ ပုသိမ် – မုံရွာ ကားလမ်းမ တို့၌ ကေ ၁,၂၅၀ တွင်လည်းကောင်း၊မကွေးတိုင်း မကွေးခရိုင် ၊ မကွေးမြို့နယ် မကွေး – ရန်ကုန် ကားလမ်း၊ ချောင်မြို့နယ် ဆင်က ကာကွယ်တော၊ ရေနံချောင်းမြို့နယ် ယင်းမချောင်း ကာကွယ်တော၊ တောင်တွင်းကြီးမြို့နယ် သက်ကယ်ကျင်း ကာကွယ်တော၊နတ်မောက်မြို့နယ် ယင်း(၁) ကာကွယ်တော တို့၌ ကေ ၃,၅၀၀ တွင်လည်းကောင်း၊ မကွေးတိုင်း ၊ သရက် ခရိုင် သရက်မြို့နယ် ရေမြက်ကြီးပြင်၊ မင်းလှမြို့နယ် တောင်ဦးကြိုးပြင်၊ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကြိုးပြင်နှင့် ကိုးပင်ကြိုးပြင်၊ အောင်လံမြို့နယ် ဖွက်ကြီးကြိုးပြင်၊ ကျွဲသေကြိုးပြင်နှင့် ပြလို့ကြိုးပြင်၊ မင်းတုန်းမြို့နယ် ကြိုးပြင်အကွက် (၃၆) နှင့် ကံမမြို့နယ် ရွာသာလှကြိုးပြင် တို့၌ ကေ ၂,၁၀၀ တွင်လည်းကောင်း စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခဲ့သည်။

## နိဂုံး

မြန်မာပြည် အလယ်ပိုင်း အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းကာလ သုံးနှစ် ပြည့်မြောက်သွားသည့် နောက်ပိုင်းတွင်လည်း စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်ချက်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ လုပ်ကိုင်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့သဖြင့် ပူပြင်းခြောက်သွေ့သောဒေသများ စိမ်းစို အေးချမ်းလာခြင်း၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်း၊ ရွှေကိုမလို ရေကိုလိုသည် ဆိုသည့် စကားအတိုင်း အပူပိုင်း ဒေသများတွင် သောက်ရေသုံးရေများ အလုံအလောက် ရရှိ ခြင်း၊ ဆည်မြောင်းကန်ချောင်းတို့၏ ရေဝေရေလဲထိန်းသိမ်း မှုကို ရရှိခြင်း၊ သစ်ပင်စိုက်ပျိုးမှုတွင် ပြည်သူများ စိတ်ဝင် စားလာခြင်း၊ သီးနှံစိုက်ပျိုးရေးကို ကြီးစွာအထောက်အကူ ပြုခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးနှင့် လူမှုရေးအဆင့် အတန်း မြင့်မားလာခြင်းတည်းဟူသော အကျိုးကျေးဇူးများ ကို ရရှိခံစားနေကြရ၍ မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင် ရေးသား ဖော်ပြလိုက်ရပါသတည်း။

ဆွေသန့်ကို







# စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ

"အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ( Fourth World Conference on Women ) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှ (၁၅) ရက်နေ့အထိ (၁၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံအနေဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို စိစဉ်ဆောင်ရွက်ခဲ့ပါသည်။

(က) လုပ်ငန်းစီမံချက်(Platform for Action) တစ်ရပ်ကို အတည်ပြု ချမှတ်ရန်၊

( ခ) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို လျာထားသတ်မှတ် ရန်၊

(ဂ) အခြေခံလူတန်းစားအဆင့်နှင့် မူဝါဒချမှတ်သူအဆင့်နှစ်ရပ်စလုံးတွင် အမျိုးသားရော၊ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

ညီလာခံသို့ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၏ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် လေ့လာသူများ အဆင့်ဖြင့် တက်ရောက်လာသည့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံများ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ကိုယ်စားလှယ်များ အများဆုံးတက်ရောက်နိုင်ခဲ့ကြသည့် ညီလာခံတစ်ခုပင် ဖြစ်သည်။ နိုင်ငံအသီးသီးမှကိုယ်စားလှယ်များက မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုရေးရာတို့ကို အခြေခံ၍ မိမိတို့၏ အတွေ့အကြုံ၊ သဘောထားအမြင်များအား တင်ပြဆွေးနွေး အမြင်ချင်းဖလှယ်ခွင့်ရရှိ ခဲ့ကြသည်။

## အမျိုးသမီးညီလာခံ၏ နောက်ခံအချက်အလက်များ

ကုလသမဂ္ဂ အနေဖြင့် ယခုညီလာခံအပါအဝင် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံလေးခုကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၇၅ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ဤ ၁၉၇၅ ခုနှစ်အတွင်းတွင် ပထမအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို "အခွင့်အရေးတန်းတူညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များဖြင့် မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့၌ စတင်ကျင်းပခဲ့သည်။ ဤနှစ်ကုလသမဂ္ဂ အထွေထွေညီလာခံမှ ထပ်မံ၍ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို " ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်" အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၇၉ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံအနေဖြင့်မှ "အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံးဖယ်ရှားရေးဆိုင်ရာ ကွန်ဗင်းရှင်း" ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ကွန်ဗင်းရှင်းသည် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပြုရာတွင် ပင်မကျလှသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်ပင် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၌ ဒုတိယအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံအနေဖြင့် အမျိုးသမီးများ ဆယ်စုနှစ်၏ ကျန်ရှိသည့်ဒုတိယနှစ်ဝက်အတွက် လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့ပါသည်။

အမျိုးသမီးများ ဆယ်စုနှစ်ကုန်ဆုံးသည့် ၁၉၈၅ ခုနှစ်တွင်တတိယအကြိမ်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့

ညီလာခံကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဤညီလာခံမှ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အထိ အမျိုးသမီးများ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် ရှေ့လုပ်ငန်းစဉ်မဟာဗျူဟာများကို ချမှတ်အတည်ပြုခဲ့သည်။ တတိယအကြိမ် ကျင်းပပြီး၍ ဆယ်စုနှစ်တစ်နှစ်အကြာဖြစ်သည့် ၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တွင် ယခုညီလာခံကို ကျင်းပခြင်းဖြစ်သည်။ နိုင်ရိုဘီတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်မဟာဗျူဟာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်မှုအခြေအနေများအား ယခုညီလာခံတွင် ဆန်းစစ် သုံးသပ်ကြမည်ဖြစ်သည်။ ညီလာခံအနေဖြင့် အနာဂတ်ကာလအတွက်လုပ်ငန်းအစီအစဉ်များကို အဓိကထားဆွေးနွေးမည် ဖြစ်သော်လည်း၊ နိုင်ရိုဘီ၏ ရှေ့လုပ်ငန်းစဉ် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် အောင်မြင်ချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်ဆန်းစစ်ကြမည် ဖြစ်ပေသည်။

ထို့အပြင် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ကုလသမဂ္ဂမှ ဦးဆောင်ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများကို ညီလာခံတစ်ခုနှင့် တစ်ခုအဆက်အစပ်မိစွာဖြင့် ကျင်းပပေးခဲ့ရာ ယခုစတုတ္ထအကြိမ် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဤညီလာခံ၏ရှေ့တွင် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းဝင် ညီလာခံများမှာ–

(က) ၁၉၉၀ပြည့်နှစ်၊ အမေရိကန်နိုင်ငံ၊ နယူးယောက်တွင် ကျင်းပသည့်"ကလေးများအတွက် ကမ္ဘာ့ထိပ်သီး ညီလာခံ"၊

(ခ) ၁၉၉၂ ခုနှစ်၊ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျာနေရိုးတွင် ကျင်းပသည့် "ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုကိစ္စများဆိုင်ရာ ကုလသမဂ္ဂညီလာခံ "၊

(ဂ) ၁၉၉၃ ခုနှစ်၊ ဩစတြေးလျနိုင်ငံ၊ ဗီယင်နာတွင် ကျင်းပသည့် "လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ညီလာခံ"၊

(ဃ) ၁၉၉၄ ခုနှစ်၊ အီဂျစ်နိုင်ငံကိုင်ရိုတွင်ကျင်းပသည့် "လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ"၊

(င) ၁၉၉၅ ခုနှစ်၊ မတ်လအတွင်းဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်တွင်ကျင်းပသည့် "လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကမ္ဘာ့ထိပ်သီးညီလာခံ"တို့ ဖြစ်ကြပေသည်။

## ညီလာခံအတွက် ကြိုတင်ပြင်ဆင် မှုများ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ကျင်းပနိုင်ရန်အတွက်၁၉၉၄ ခုနှစ်အတွင်းက ဒေသဆိုင်ရာအကြိုညီလာခံများကို အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဂျော်ဒန်နှင့် ဆီနီဂေါစသည့် နိုင်ငံ ( ၅ ) နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။

- အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာအတွက်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ၊ဂျာကာတာတွင် ဇွန်လ (၇)ရက်နေ့မှ (၁၄) ရက်နေ့အထိ၊
- လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသဆိုင်ရာအတွက် ညီလာခံကို အာဂျင်တီးနားနိုင်ငံ၊ မာဒဲပလာတတွင် စက်တင်ဘာလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိ၊
- ဥရောပဒေသဆိုင်ရာအတွက် ညီလာခံကို ဩစတြေးလျ နိုင်ငံ၊ ဗီယင်နာတွင်အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ၊
- အနောက်အာရှဒေသဆိုင်ရာအတွက် ညီလာခံကို ဂျော်ဒန်နိုင်ငံ၊ အမ္မာန်တွင် နိုဝင်ဘာလ(၆) ရက်နေ့မှ (၁၀)ရက်နေ့အထိ၊
- အာဖရိက ဒေသဆိုင်ရာအတွက် ညီလာခံကို ဆီနီဂေါနိုင်ငံ၊ ဒါကာတွင်နိုဝင်ဘာလ (၁၆) ရက်နေ့မှ(၂၃) ရက်နေ့အထိ စသည်ဖြင့် ဒေသဆိုင်ရာအသီးသီး၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ညီလာခံ၏ အထွေထွေအတွင်းရေးမှူးအဖြစ် မစ္စက်ဂါးထရုဒ်မွန်ဂဲလား ( Mrs Gertrude Mongella) ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို့စ်၊ ဘူထရို့စ်ဂါလီမှ ခန့်အပ် ခဲ့သည်။ မစ္စက်မွန်ဂဲလားမှာ တတိယအကြိမ်နိုင်ရိုဘီညီလာခံသို့ တန်ဇန်းနီးယားနိုင်ငံ၏ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်တက်ရောက်ခဲ့ရသူ ဖြစ်သည်။

ညီလာခံကြီးအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် အကြိုညှိနှိုင်းကော်မတီ၏ နောက်ဆုံးအကြိမ်အစည်းအဝေးတစ်ရပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ဧပြီလ ၅



ညီလာခံကျင်းပသည့် ပီကင်းအပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ

ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ဤအစည်းအဝေးသည် ကုလသမဂ္ဂအမျိုးသမီးများ အဆင့် အတန်းရေးရာကော်မရှင် (SW-Commission on the Status of Women ) ၏(၃၉) ကြိမ်မြောက် အစည်းအဝေး လည်းဖြစ်ပြီး ညီလာခံကြီးတွင် ဆွေးနွေးမည့် လုပ်ငန်းစီမံချက်မူကြမ်းအား ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစီမံချက်မူကြမ်း၌ အမျိုးသမီးရေးရာ ဆောင်ရွက်ချက်များအတွက် ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍ (၁၁) ရပ် ပါရှိခဲ့ရာ ယင်းကဏ္ဍ (၁၁) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အမျိုးသမီးများအပေါ် ဖိစီးနေသော ဆင်းရဲနွမ်းပါးမှုဝန်ထုပ်ဝန်ပိုးများ ရှိမြဲရှိနေသေးသည့်အပြင် ထပ်မံ တိုးပွားလာနေခြင်း၊

(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လုံလောက်မှု မရှိခြင်းနှင့် အမျိုးသမီး များအပေါ် သဘောထား အယူအဆများ ညီမျှမှုမရှိခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ လုံလောက်မှုမရှိခြင်း၊ ညီမျှမှု မရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်အတန်းများလည်း ညီမျှမှု မရှိခြင်း၊

(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း၊

(၅) လက်နက်ကိုင်တိုက်ပွဲများ (သို့မဟုတ်) အခြားသော ပဋိပက္ခများကြောင့် အမျိုးသမီးများ အပေါ် ဆိုးကျိုးသက်ရောက်စေခြင်း၊

(၆) စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများ၊ မူဝါဒများနှင့် ကုန်ထုတ်လုပ်မှုကိစ္စရပ်များတွင် အမျိုး သမီး များ၏ ပါဝင်မှု ညီမျှမှုမရှိခြင်း၊

(၇) အဆင့်အားလုံး၌ လုပ်ပိုင်ခွင့်အာဏာ၊ ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးနှင့် အမျိုးသားများ အကြား ညီမျှမှုမရှိခြင်း၊

(၈) အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးမှု မြင့်တင်ရေး

ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ အဆင့်အားလုံး၌ ယန္တရား များ မလုံလောက်ခြင်း၊

(၉) အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အသိအမှတ်ပြုထားသည့် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအပေါ် အာရုံစိုက်မှု နည်းပါး ခြင်း၊

(၁၀) အမျိုးသမီးများ၏ လူ့အဖွဲ့အစည်းအတွင်း အကျိုးပြု ဆောင်ရွက်ချက် များကို မြှင့်တင်ပေးရန် အတွက် သတင်းပြန်ကြား ဖြန့်ချိမှုများ လုံလောက် မှု မရှိခြင်း၊

(၁၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝ သယံဇာတ အရင်း အမြစ် များကို စီမံခန့်ခွဲရာ၌ အမျိုးသမီးများ၏ ပါဝင် လုပ်ဆောင်နိုင်မှုကို အသိ အမှတ်ပြုခြင်း၌ အားနည်းခြင်း၊

ဤကဏ္ဍ (၁၁) ရပ်ကို ရင်ဆိုင်ကျော်လွှားမည့် အကြံပြုချက်များကို စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် နိုင်ငံတကာမိသားစု စုစည်း အဖြေရှာမှုဖြင့်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးနောက်တွင် နိုင်ငံတကာ၏ သဘောတူညီမှုအဖြစ် ညီလာခံမှ အတည်ပြုချမှတ်မည့် "လုပ်ငန်းစီမံချက်" သည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်များအတွက် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ ဂျာကာတာ ညီလာခံ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက်ဒေသဆိုင်ရာအကြိုညီလာခံ ငါးခုပြုလုပ်ခဲ့သည့်အနက် အဦးဆုံးကျင်းပသော အကြိုညီလာခံသည် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ၏ အကြိုညီလာခံဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှ (၁၄) ရက်နေ့အထိ

ကမ္ဘာ့အမျိုးသမီးများဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့



ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံကို အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)မှ ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ဇွန်လ (၇) ရက်နေ့မှ(၁၁) ရက်နေ့အထိ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ဇွန်လ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ဝန်ကြီးအဆင့်ညီလာခံများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိအမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဝဝအား ဒေသအတွင်းရှိ အမျိုးသမီးများ၏စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်နည်းလမ်းအမျိုးမျိုးဆွေးနွေးညှိနှိုင်း ထုတ်ဖော်ဆောင်ရွက် ရေးအတွက် စာတမ်း ပြုစုပြီးဤစာတမ်းကိုစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းရန်တို့ ဖြစ်သည်။

အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာရှနှင့်ပစိဖိတ်ဒေသ (၅၄) နိုင်ငံမှ ကိုယ်စားလှယ် (၄၂၄) ဦးတက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး မဒမ်ဆူဂမ်ဒီ တက်ရောက်မိန့်ခွန်းပြောကြား ဖွင့်လှစ်ပေးခဲ့သည်။ အစည်းအဝေးမှအောက်ပါအဓိက ကဏ္ဍသုံးရပ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပေသည်။

(၁) အမျိုးသမီးများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍ၊
(၂) အမျိုးသမီးများနှင့် လူမှုရေးဖွံ့ဖြိုးမှုကဏ္ဍ၊
(၃) အမျိုးသမီးများနှင့် အခွင့်အာဏာပေးခြင်းကဏ္ဍ၊

ဖော်ပြပါ ကဏ္ဍအသီးသီးအား ကိုယ်စားလှယ်များမှအသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဤဆွေးနွေးချက်များအပေါ် မူတည်၍ ရေးသားပြုစုကြသည့် "ဂျာကာတာ ကြေညာချက်" နှင့် အမျိုးသမီးများနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို သဘောတူညီခဲ့ကြပါသည်။

ဝန်ကြီးအဆင့် ညီလာခံတွင် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးအဆင့် (၃၁)ဦး ပါဝင်တက်ရောက်ခဲ့ကြကာ ညီလာခံအားအိမ်ရှင်နိုင်ငံ သမ္မတကြီး ဆူဟာတိုကိုယ်တိုင် မိန့်ခွန်းမြွက်ကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ သဝဏ်လွှာပေးပို့ခဲ့သည်။

ဝန်ကြီးအဆင့် ညီလာခံအနေဖြင့် အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့်ဂျာကာတာကြေညာ ချက်နှင့် စတုတ္ထအကြိမ်မြောက်အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့်စီမံချက်များကို အတည်ပြု ခဲ့ကြပါသည်။

ဂျာကာတာအကြို့ညီလာခံတွင် ဆွေးနွေးခဲ့ကြသည့်အမျိုးသမီးများဆိုင်ရာ အဓိကအချက်များမှာ –

(က) အမျိုးသမီးထု ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး၊
(ခ) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းလာစေရေး၊
(ဂ) ဝန်းကျင်ထိန်းသိမ်းမှုနှင့် သယံဇာတပစ္စည်းများစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အမျိုးသမီးများ၏စွမ်းအားကို အသိအမှတ်ပြုရေး၊
(ဃ) အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်များကို ပေးနိုင်သည့် အဆင့်များတွင် အမျိုးသမီးများ ပါဝင်ရေး၊
(င) အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ကာကွယ်မြှင့်တင်ပေးရေး၊
(စ) အမျိုးသမီးများ ကျန်းမာရေးခံစားမှု အပြည့်အဝရရှိရေး၊
(ဆ) အမျိုးသမီးများ ပညာရေးတွင် အပြည့်အဝခံစားခွင့် ရရှိရေး၊
(ဇ) ပြန်ကြားရေးနှင့် သတင်း၊ စာနယ်ဇင်းများတွင် အမျိုးသမီးများအားအကောင်းဘက်မှမြင်နိုင်ရေးအတွက် စာစောင်၊ အာဘော်များရေးသားရေး၊
(ဈ) အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးယန္တရား များ စီမံထားရှိရေး၊
(ည) အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပိုမိုအသုံးပြုရေး တို့ဖြစ်ကြပြီး အဆိုပါအချက်များအလိုက် ဆောင်ရွက်မည့် မဟာဗျူဟာ၊ နည်းဗျူဟာ များကို ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ် သည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ပြင်ဆင်ဆောင်ရွက်မှု

ကျင်းပပြီးစီးခဲ့သော အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ သုံးခုသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် တက်ရောက်နိုင်ခြင်း မရှိခဲ့သော်လည်း၊ ယခုစတုတ္ထအကြိမ် ညီလာခံသို့ တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ဆောင် ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ အာရှနှင့် ပစိဖိတ်

ဒေသ ဆိုင်ရာ၏ အကြို ညီလာခံဖြစ်သည့် ဂျာကာတာ ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ညီလာခံတွင်အတည်ပြုခဲ့သည့် ဂျာကာတာ ကြေညာချက်နှင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် စိမ်ချက်များအား လည်း ထောက်ခံခဲ့ပါသည်။

၄င်းနောက် ၁၉၉၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ဧပြီလ (၅) ရက်နေ့အထိ နယူးယောက်အကြို ညှိနှိုင်း ကော်မတီ နောက်ဆုံးအကြိမ် အစည်းအဝေးဖြစ်သည့် ကုလသမဂ္ဂအမျိုးသမီးများ အဆင့်အတန်းရေးရာကော်မရှင်၏ (၃၉) ကြိမ်မြောက် အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ အမျိုးသမီးကိုယ်စား လှယ်နှစ်ဦး တက်ရောက် ပါဝင်ခဲ့သည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံလုံးဆိုင်ရာ ကော်မတီတစ်ရပ်ကို ၁၅–၈–၉၄ တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၄) ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့ပါသည်။

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၂) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၊

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန၊

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန၊

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန၊

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန၊

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန၊

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊

(၁၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊

(၁၂) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန၊

နိုင်ငံလုံးဆိုင်ရာ ကော်မတီအနေဖြင့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ တင်သွင်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားအဆင့် အစီရင်ခံစာကို ပြုစုရေးသားခဲ့ပါသည်။ အစီရင်ခံစာပြုစုရာတွင် ဂျာကာတာ ကြေညာချက်စာတမ်းနှင့် နယူးယောက်အကြိုညှိနှိုင်းဆွေးနွေးပွဲမှ အချက်များကို မှတည်၍ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ဤအစီရင်ခံစာကို နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရရှိသဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂသို့ ပေးပို့ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အနေဖြင့် အစီရင်ခံစာရေးသားပြုစုရေးနှင့် ပတ်သက်၍ ၆–၂–၉၅ နေ့တွင် နိုင်ငံလုံးဆိုင်ရာ ကော်မတီဝင်များအား တွေ့ဆုံ လမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ၂၉–၈–၉၅ ရက်နေ့တွင် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ ညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ် အဖွဲ့အား တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှု ကဏ္ဍ ဟောပြောပွဲကို ၅–၈–၉၅နေ့တွင် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြား

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ



ခဲ့ပြီး၊ ညီလာခံသို့ တက်ရောက်ကြမည့် မြန်မာကိုယ်စားလှယ် အဖွဲ့မှအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မေမေရီ၊ ဒေါက်တာဒေါ်ဝင်းမေနှင့် ပါမောက္ခဒေါ်ရီရီမြင့်တို့က အမျိုးသမီးများစွမ်းဆောင်မှုနှင့်ပတ်သက်သည့် စာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြပါသည်။

ပီကင်းမြို့တွင် ကျင်းပမည့် ညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ စာအမှတ်– ၃၁၁၆/၀၂/၉၄ (၁၃၈၈) ဖြင့်အောက်ဖော်ပြပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စေရန် သဘောတူညီခဲ့ပါသည်။

(က) ဗိုလ်ချုပ်စိုးမြင့် — ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊

(ခ) ဦးဆက် — အဖွဲ့ဝင်
သံအမတ်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

**ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စစ်ဂါထရုဒ်မွန်ဂဲလားက ကိုယ်စားလှယ်များနှင့် တရင်းတနှီး**

(ဂ) ဦးညီညီသန်း — အဖွဲ့ဝင်
သံအမတ်ကြီး
အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊

(ဃ) ဦးသန်းပို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန၊

(င) ဒေါက်တာဒေါ်ဝင်းမေ — အဖွဲ့ဝင်
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်၊

(စ) ဒေါက်တာဒေါ်မေမေရီ — အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန၊

(ဆ) ဒေါ်ရီရီမြင့် — အဖွဲ့ဝင်
ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန
စီးပွားရေးတက္ကသိုလ်၊

(ဇ) ဦးကျော်တင့်ဆွေ အဖွဲ့ဝင်
သံမှူးကြီး
ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ဈ) ဦးညွန့်မောင်ရှိန် အဖွဲ့ဝင်
သံမှူးကြီး
ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊

(ည) ဦးမျိုးမြင့် အဖွဲ့ဝင်
ကောင်စစ်ဝန်ချုပ်
မြန်မာနိုင်ငံဆိုင်ရာကောင်စစ်
ဝန်ချုပ်ရုံး၊ ဟောင်ကောင်၊

(ဋ) ဒေါက်တာဒေါ်တင်လင်းမြင့် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်း၊ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်း၊

(ဌ) ဒေါ်ခင်မျိုးမြင့် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး၊

(ဍ) ဒေါ်ယဉ်ယဉ်မြင့် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(ဎ) ဗိုလ်ကြီးထွန်းလင်း အဖွဲ့ဝင်
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန၊

(ဏ) ဦးမြတ်စိုး အဖွဲ့ဝင်
တရုတ်ဘာသာစကားပြန်
နိုင်ငံခြားရေးဝန်ကြီးဌာန၊

(တ) ဦးစိုးဝင်း အကြံပေးပုဂ္ဂိုလ်
သံမှူး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ထ) ဒေါ်ခင်သန္တာ အကြံပေးပုဂ္ဂိုလ်
တတိယအတွင်းဝန်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

(ဒ) ဦးအေးကိုကို အကြံပေးပုဂ္ဂိုလ်
သံအရာရှိ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ဆိုင်ရာ မြန်မာသံရုံး၊

ညီလာခံတွင် စိတ်ဝင်တစား ဆွေးနွေးနေကြစဉ်



## ကမ္ဘာ့မှတ်တမ်းဝင် ပီကင်းညီလာခံ

အမျိုးသမီးများဘဝတိုးတက်မြင့်မားရေးအတွက် အနာဂတ်ကာလ လုပ်ငန်းအစီအစဉ်များကို အဓိကထား ဆွေးနွေးကြရန်နှင့် ကုလသမဂ္ဂ၏အမျိုးသမီးရေးရာ ဆောင်ရွက်ခဲ့ချက်များတွင် အောင်မြင်မှု၊ အားနည်းမှုများကို ပြန်လည်ရှုမြင်သုံးသပ်ရန် ပီကင်းမြို့တော်သို့ ကမ္ဘာအရပ်ရပ်မှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တစ်စုတစ်ဝေး စုဝေးရောက်ရှိခဲ့ကြသည်။

ညီလာခံကို စက်တင်ဘာလ ( ၄ )ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ယင်းနေ့မတိုင်မီ စက်တင်ဘာလ( ၃ )ရက်နေ့က ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ အကြိုညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ညှိနှိုင်းဆွေးနွေး ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညီလာခံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တရုတ်ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မဒမ်ချန်းမူဟွာ(Chen Muhua)ကို အများဆန္ဒဖြင့် သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်သည်။ သဘာပတိနှင့် တွဲဖက် ဆောင်ရွက်နိုင်ရန် ဒုတိယသဘာပတိ ၂၇ ဦးအား ဒေသအလိုက် ကိုယ်စားလှယ် များထဲမှ ရွေးချယ်တင်မြှောက်ရန်အဆိုပြုခဲ့ကြသည်။ ယင်းသို့ဒေသအလိုက် ကိုယ်စားလှယ် များရွေးချယ် တင်မြှောက်ရာတွင် အောက်ပါအတိုင်း ခွဲခြားခဲ့ပါသည်။

- အာဖရိကနိုင်ငံများ၊
- အနောက်ဥရောပနိုင်ငံများ၊
  လက်တင် အမေရိကနှင့်
  ကာရစ်ဘီယန်နိုင်ငံများ၊
- အာရှနိုင်ငံများ၊
- အရှေ့ဥရောပနိုင်ငံများ၊

စက်တင်ဘာလ ၄ ရက်နေ့နံနက်ပိုင်းတွင် ပီကင်းမြို့ရှိ ပြည်သူ့မဟာခန်းမ၌ ညီလာခံ တက်ရောက်သည့် ကိုယ်စားလှယ်များအား ကြိုဆိုသည့် အခမ်းအနားကျင်းပရာ အိမ်ရှင်နိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက် မိန့်ခွန်းပြောကြား ခဲ့သည်။ ကျန်ဇီမင်းက" ယခုညီလာခံသည် အမျိုးသမီးများအတွက်သာမကဘဲ ကမ္ဘာတစ်ဝန်းရှိလူသားအားလုံးအတွက် အရေးပါလှသည့် လှုပ်ရှားဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ညီလာခံအနေဖြင့် အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူရည်တူရှိရေးအား အကောင်အထည်ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး ကိစ္စရပ်များအား မြှင့်တင်ဆောင်ရွက်မှုများ အတွက် အရေးပါမည်ဟု ယုံကြည်ထားကြောင်း၊ ညီလာခံ အောင်မြင်စွာ ပြီးမြောက်ပါစေရန် ဆုမွန်တောင်းလိုက်ပါကြောင်း " ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဘူထရို့စ်၊ ဘူထရို့စ်ဂါလီ ဖျားနာနေ၍ ညီလာခံသို့တက်ရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ယင်း၏ အထူးကိုယ်စားလှယ်ဖြစ်သူ လက်ထောက် အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာအစ်စ်မတ်ကီတာနီက ဘူထရို့စ် ဂါလီ၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ယင်းနောက်တွင် ညီလာခံ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စက်ဂါးထရုဒ်မွန်ဂဲလားက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ "အမျိုးသမီးများသည် ကမ္ဘာကြီး၏ ဧည့်သည်များမဟုတ်ကြပါ။ ကမ္ဘာကြီးကိုအမျိုးသမီးများလည်း ပိုင်ဆိုင်ကြသည်" ဟု မွန်ဂဲလားက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပီကင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ ညီလာခံကို စတင်ကျင်းပရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ် ၏ အထူးကိုယ်စားလှယ် မစ္စတာ ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးခဲ့ပြီး ဘူထရို့စ်ဂါလီ၏ ညီလာခံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာကိုဖတ်ကြားသည်။ သဝဏ်လွှာတွင် "တိုးတက်ဖွံ့ဖြိုးမှုများ တောင့်တင်းခိုင်မာစေရန်၊ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များကို တည်ဆောက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျွန်ုပ်တို့ ကိုယ်တိုင် ကတိပြုတာဝန်ယူကြရန် များဖြင့် လာမည့် ၂၁ ရာစုနှစ်နှင့် ယင်း၏နှစ်များဆီသို့ ရှေးရှုလျက် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရေး ကျွန်ုပ်တို့ဆွေးနွေးစည်းဝေးလျက်ရှိကြပြီ "ဟု ဖော်ပြပါရှိသည်။

ညီလာခံကိုယ်စားလှယ်များက တူညီဆန္ဒဖြင့် မဒမ်ချန်းမူဟွာကိုသဘာပတိတင်မြှောက်ကြပြီး သဘာပတိက မိန့်ခွန်းပြောကြားပါသည်။ ညီလာခံ အထွေထွေ အတွင်းရေးမှူးမစ္စက်မွန်ဂဲလားက ဆက်လက်၍ မိန့်ခွန်းပြောကြားပါသည်။ ထို့နောက် ညှိနှိုင်းအစည်း အဝေးတွင် အဆိုပြုထားသည့်ဒုတိယသဘာပတိ (၂၇)ဦး အား ရွေးချယ် တင်မြှောက်ကြောင်း အတည်ပြုကြေညာခဲ့ ပါသည်။

ညီလာခံပထမနေ့တွင် ညီလာခံသို့ တက်ရောက်လာကြသည့် အမျိုးသမီးနိုင်ငံခေါင်းဆောင်များဖြစ်သည့် ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီဘူတို၊ ဖင်လန်နိုင်ငံသမ္မတ ဗစ်ဂျဲဒစ်ဖင်းဘိုဂဒေါ့တီယာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ စသူတို့ကမိန့်ခွန်း ပြောကြားကြသည်။

ညီလာခံဒုတိယနေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ ကတော် ဟစ်လာရီကလင်တန်အပါအဝင်နိုင်ငံ (၄၀)ခန့်မှ ကိုယ်စားလှယ်များ ပြောကြားဆွေးနွေးကြပါသည်။ ညီလာခံကျင်းပရက်များအတွင်း နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များမှ အလှည့်ကျဆွေးနွေး ပြောကြားခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးမြင့် အနေဖြင့်ညီလာခံ၏ အဋ္ဌမနေ့ဖြစ်သည့် ၁၁–၉–၉၅ နေ့တွင်မိန့်ခွန်းပြောကြားခဲ့ရာ မိန့်ခွန်းတွင် နိုင်ငံသမိုင်းကြောင်းတစ်လျှောက် မြန်မာအမျိုးသမီးများ ရရှိခံစားပိုင်ခွင့်၊ ဂုဏ်သိက္ခာအဆင့်အတန်းများကို ကမ္ဘာသိအောင် ထုတ်ဖော်တင်ပြခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ညီလာခံကြီးမှ "လုပ်ငန်းစီမံချက်" ကို အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိကြောင်းများကို ထည့်သွင်း ပြောကြားခဲ့ပေသည်။

ညီလာခံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ၁၁ ချက် ကို ချမှတ်ရမည်ဖြစ်ပေရာ ချမှတ်မည့် လုပ်ငန်းစီမံချက် အတွက် အမျိုးသမီးရေးရာဆောင်ရွက်ချက်များ၌ ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ ကဏ္ဍများကို မည်သို့မည်ပုံရင်ဆိုင် ကျော်လွှားကြမည်ဆိုသည်ကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အကြိုညှိနှိုင်းကော်မတီဆွေးနွေးခဲ့စဉ်က အခက်အခဲများဆိုင်ရာကဏ္ဍ (၁၁) ရပ်အပြင် အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေးကဏ္ဍတစ်ခုထပ်မံပါဝင်လာခဲ့သဖြင့် လုပ်ငန်းစီမံချက်၌ အခက်အခဲများဆိုင်ရာကဏ္ဍ(၁၂)ရပ်ပါဝင်ခဲ့သည်။ ညီလာခံ၏နောက်ဆုံးနေ့တွင် ပီကင်းကြေညာချက်စာတမ်းနှင့် လုပ်ငန်းစီမံချက်များကို အတည်ပြုချမှတ်ခဲ့ရာ ယင်းသို့အတည်ပြုချမှတ်ခဲ့သည့် စာမျက်နှာ ၁၅၀ ပါ လုပ်ငန်းစီမံချက်တွင် ပါဝင်သော အခက်အခဲများဆိုင်ရာ ကဏ္ဍ(၁၂) ရပ်၏ ခေါင်းစဉ်များကို အကျဉ်းချုံးဖော်ပြရလျှင်–


(၁) ဆင်းရဲမွဲတေမှု၊
(၂) ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ညီမျှရေး၊
(၃) ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရေး၊
(၄) အမျိုးသမီးများအပေါ် အနိုင်အထက်ပြုကျင့်ခြင်း၊
(၅) လက်နက်ကိုင် ပဋိပက္ခများ၊
(၆) စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခန်းကဏ္ဍ၊
(၇) အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးရေး မြှင့်တင်ရန် ယန္တရားများအားဖြည့်ရေး၊
(၈) အမျိုးသမီးများအပေါ် ရပ်တည်ချက်၊အမြင်များ တိုးတက် ကောင်းမွန်စေရေး၊
(၉) ပြန်ကြားရေးကဏ္ဍ ဖြန့်ချိဆောင်ရွက်ပေးရေး၊
(၁၀) အမျိုးသမီးများ၏ရပိုင်ခွင့်အခွင့်အရေးများ၊
(၁၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၁၂) အမျိုးသမီးငယ်လေးများအား စောင့်ရှောက်ရေး

စသည်များ ပါဝင်ခဲ့သည်။

ညီလာခံ၏ သဘာပတိဖြစ်သူ မဒမ်ချန်းမူဟွာက "ပီကင်း ကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်တို့သည် အစိုးရများနှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများအကြား တန်းတူရည်တူအခွင့်အရေးရရှိစေရေးများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မူဝါဒ လမ်းညွှန် ချက်များ ဖြစ်လာလိမ့်မည်" ဟု ပြောဆိုခဲ့သည့်နည်းတူ ညီလာခံ၏ အထွေထွေအတွင်းရေးမှူး မစ္စက်မွန်ဂဲလားက "ကျွန်ုပ်တို့၏ စွမ်းဆောင် ဆောင်ရွက်ချက်များကြောင့် ကျွန်ုပ်တို့သည် သက်သာရာရမှု၊ နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုများကို ခံစား နိုင်ခဲ့ကြပြီ " ဟု ညီလာခံ အပြီးတွင် ထုတ်ဖော် ပြောဆိုခဲ့ ပါသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မစ္စတာကိုတာနီက ဘူထရို့စ်ဂါလီ၏ နိဂုံးချုပ် မိန့်ခွန်းကို ညီလာခံ၌ ဖတ်ကြားခဲ့ရာ မိန့်ခွန်းတွင် "ပီကင်းမှ အတည်ပြုချမှတ်ခဲ့သော လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။ ကမ္ဘာကြီးကိုကျွန်ုပ်တို့ပြောကြား ကြပါစို့။ ဂုဏ်ယူကျေနပ်မှုများနှင့်အတူ ပြောကြားကြပါစို့" ဟု ဘူထရို့စ်ဂါလီက တိုက်တွန်းထားခဲ့ပေသည်။

ညီလာခံသို့ နိုင်ငံ(၁၉၁) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ခဲ့ကြပြီး ညီလာခံ၏ ပြောရေးဆိုခွင့်ရှိသူ ဂက်စ်ကျူ့တ် (Gastaut)၏ တရားဝင် ထုတ်ဖော်ပြောဆိုချက်အရ ညီလာခံသို့ အစိုးရကိုယ်စားလှယ် (၅,၆၉၆) ဦး၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၄,၀၃၀)ဦး၊ သတင်းပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ် (၃,၂၄၅)ဦး၊ စုစုပေါင်း(၁၂,၉၇၁) ဦး တက်ရောက်ခဲ့ပါ



ညီလာခံခန်းမပြင်ပတွင် လုံခြုံရေးရဲအဖွဲ့များ စောင့်ကြပ်နေစဉ်

သည်။ ဤအရေအတွက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရေအတွက်များ မပါဝင်ခဲ့ပါပေ။ ညီလာခံကျင်းပခြင်း သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အများဆုံးတက်ရောက်သည့် ညီလာခံ တစ်ခု ဖြစ်ခဲ့သည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်း(အန်န်ဂျီအို) များ၏ နီးနှောပွဲ

ပီကင်းမြို့တွင် ကျင်းပလျက်ရှိသည့်ကုလသမဂ္ဂ စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာကမ္ဘာ့ညီလာခံနှင့် တစ်ချိန်တည်းအပြိုင် အမျိုးသမီးများဆိုင်ရာ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၏ နီးနှောပွဲ (၁၉၉၅) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟွေရိုမြို့၌ ဩဂုတ်လ (၃၀) ရက်နေ့မှ စက်တင်ဘာလ(၈) ရက်နေ့အထိ(၁၀) ရက်ကြာ ကျင်းပ ခဲ့သည်။

ဤနီးနှောပွဲသည် ယခုအချိန်အထိ အမျိုးသမီးများ ဆိုင်ရာ နီးနှောပွဲများအနက်အအောင်မြင်ဆုံးသောမကြုံစဖူး အောင် ထူးကဲများပြားလှသည့်ပမာဏရှိသော နီးနှောပွဲပင် ဖြစ်သည်။ နိုင်ငံ (၂၀၀) နီးပါးမှ အမျိုးသမီး ၃၁,၀၀၀ စု စည်းမိခဲ့ကြသည်။ အဓိကဆွေးနွေးရန် ရှိသည့် တစ် ကမ္ဘာလုံး ဆိုင်ရာ ပြဿနာများနှင့် အမျိုးသမီးများအား ထိ ခိုက်နစ်နာစေသည့် ပြဿနာများအပေါ် ၎င်းတို့၏အမြင်များ ကို ထုတ်ဖော်တင်ပြရန် စုစည်းရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ဟွေရိုဆွေးနွေးပွဲများ၌ "အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်များ ထားရှိကာ ယနေ့အမျိုးသမီးများ ရင်ဆိုင် နေရသော ပြဿနာများကို ဆွေးနွေးနီးနှောခဲ့ ကြသည်။

## ၂၁ ရာစုနှစ်ကို ကြိုဆိုသည့် ညီလာခံ


၁၉၉၅ ခုနှစ်သည် ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင် သည့် နှစ် (၅၀) ပြည့်မြောက်နှစ်အဖြစ်ဖြင့် ထူးခြားသည့် နှစ်တစ်ခုဖြစ်သည်။ ထို့ပြင်ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် အချိန်အခါ တစ်ခုလည်း ဖြစ်ပေသည်။


ကုလသမဂ္ဂ၏နှစ် (၅၀) သက်တမ်းတစ်လျှောက်လုံး တွင် ကမ္ဘာ့အမျိုးသမီးများ ဘဝဖွံ့ဖြိုး တိုးတက်ရာတိုးတက် ကြောင်းနှင့် ကောင်းရာကောင်းကြောင်းများကို ကုလ သမဂ္ဂအနေဖြင့် စတင်ဖွဲ့စည်းချိန် မှစ၍ စွမ်းဆောင် ဆောင်ရွက်ပေးခဲ့ရာ နှစ် ၅၀ ပြည့်နှစ်အထိတွင် နှစ်(၅၀) ပြည့် နှစ်၌ ကျင်းပသည့် ပီကင်းညီလာခံထိ ဖြစ်သည်။

ဤသို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတကာ သဘောတူညီမှုဖြင့် အတည်ပြုချမှတ်ခဲ့သည့် "ပီကင်း ကြေညာချက် စာတမ်းနှင့် လုပ်ငန်းစီမံချက်" တို့သည် ၁၉၉၅ ခုနှစ် ပီကင်းညီလာခံတွင်မွေးဖွားလာခဲ့ပြီဖြစ်သည်။ ရာစုနှစ်အသစ်တစ်ခုဆီသို့ ကူးပြောင်းရောက်ရှိတော့မည့် နှစ်များအတွင်း ကျင်းပသည့် ပီကင်းစတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံမှာ "အခွင့်အရေး တန်းတူ ညီမျှရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အတွက် မျှော်လင့်ခြင်း အသစ် များနှင့် အတူ ရာစုနှစ်အသစ်တစ်ခုကို ကြိုဆိုမှုတစ်ခုအဖြစ် တည်ရှိနေမည်သာ ဖြစ်ပါကြောင်း။ ။

မောင်ငွေဌေး (လူမှုဝန်ထမ်း)






CT-W500

# ဓာတ်မှန်ပညာ၏နှစ် ၁၀၀ ခရီး


ဓာတ်မှန်ရောင်ခြည်ကို ၁၈၉၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ရာ ၁၉၉၅ ခုနှစ်တွင် ဓာတ်မှန်၏ သက်တမ်းမှာ ရာစုတစ်ခု တင်းတင်းပြည့်မြောက်ပေပြီ။ မျက်မှောက်ခေတ်ဆေးပညာလောက၌ ဓာတ်မှန်သည် အဖိုးမဖြတ်နိုင်အောင် အရေးပါအရာ ရောက်သော လက်နက်ကိရိယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ ဆရာဝန်များသည် ဓာတ်မှန်ကို တစ်နေ့တခြားပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမကထ ပြုလုပ်သည့် လေ့လာရေးအုပ်စု၏ အစီရင်ခံစာတစ်ခု၌ ရေးသားဖော်ပြထားသည်။ မှန်ပေစွ။ သမားတော်၊ ခွဲစိတ်ကုဆရာဝန်၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု အစရှိသော ပါရဂူများသာမက အထွေထွေကုသသူ (GP) အပါအဝင် ဆရာဝန်အများစုသည် မိမိတို့လူနာများ၏ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန်အလို့ငှာ ဓာတ်မှန်ကို လက်ကသုံးတောင်ဝှေးပမာ အားကိုးအသုံးပြုလျက်ရှိကြ၏။ အပြင်ပန်းမှ မမြင်နိုင်သည့် အပြင် စမ်းသပ်တွေ့ရှိရန်ခက်ခဲလှသော ကိုယ်တွင်းအင်္ဂါများကို ဓာတ်မှန်၏စွမ်းပကားဖြင့် တွေ့နိုင်မြင်နိုင်သောကြောင့် ကုသသူဆရာဝန်များအတွက် အကျိုးထူးလှသည်။ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းကြောင့် ဆေးပညာသမိုင်းတစ်လျှောက်၌ တော်လှန်ရေးတစ်ရပ်သဖွယ် ကြီးမားသော တိုးတက်ပြောင်းလဲမှုများ ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

## ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိခြင်း

၁၈၉၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဝါဇ်ဘာဂ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ရွန့်ဂျင် **Wilhelm Conrad Rontgen** (၁၈၄၅–၁၉၂၉) က သူ၏ဓာတ်ခွဲခန်း၌ ဓာတ်မှန်ရောင်ခြည်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ပါမောက္ခရွန့်ဂျင်မတိုင်မီ ကပင် သိပ္ပံပညာရှင်အချို့သည် ၎င်းတို့၏ဓာတ်ခွဲခန်း များ၌ ဓာတ်မှန်ရောင်ခြည်ထွက်ရှိအောင် ပြုလုပ်နိုင်ခဲ့ဖွယ်ရာရှိသည်။ သို့သော်လည်း တစ်စုံတစ်ဦးကမျှ ထိုရောင်ခြည်ထွက်ရှိမှုနှင့်ဂုဏ်သတ္တိများကို သတိပြုမိခြင်း၊ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

ရွန့်ဂျင်သည် သမိုင်းတွင်ရစ်မည့် ထိုနေ့ကသူ၏ ဓာတ်ခွဲခန်းတွင် ဗလာနယ်၌ လျှပ်စစ်ကူးခြင်း၏ အကျိုးဆက်များကို တစ်ဦးတည်းလေ့လာနေခိုက် အနီးရှိ စားပွဲတစ်လုံးပေါ်မှ ဘေရီယမ်ပလက်တီနိုစိုင်ယာနိုက် သုတ်လိမ်းထားသော စက္ကူတစ်ချပ် ရောင်ပြောင်းတောက်နေ သည်ကို အမှတ်ထင်ထင် သတိပြုမိလိုက်သည်။ အပြင်မှ အလင်းရောင်မဝင်နိုင်ရန် စမ်းသပ်ခန်းကိုမှောင်ချထားခြင်းဖြစ်သည့်အပြင် စမ်းသပ်ဖန်ပြွန်ကိုလည်း အမည်းရောင်ကတ်ထူပြားများဖြင့် အုပ်ဆိုင်းထားခြင်းဖြစ်သောကြောင့် စက္ကူချပ်တွင် အလင်းတောက်နေ ခြင်းမှာ စမ်းသပ်ပြွန်မှ မျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်တစ်စုံတစ်ခုထွက်နေ၍သာ ဖြစ်လိမ့်မည်ဟု ရွန့်ဂျင်က

**ဓာတ်မှန်ရောင်ခြည်ကို ပထမဆုံး စတင်တွေ့ရှိခဲ့သည့် ပါမောက္ခ ရွန့်ဂျင် ( ၁၈၄၅ – ၁၉၂၃ )**



တွေးဆခဲ့မိသည်။ ထို့ကြောင့်ရွှန့်ဂျင်သည် ဖန်ပြွန်နှင့် အလင်းတောက်စက္ကူ၏ အကြားတွင် စာအုပ်၊ သစ်သားတုံး၊ ရော်ဘာပြား စသည်တို့ ကြားခံကြည့်ရာ ရောင်ခြည်သည် အရာဝတ္ထုများကို ဖောက်ထွင်းနိုင်စွမ်းရှိကြောင်း တအံ့တသြ သတိပြုမိပြန်သည်။ စူးစမ်းတတ်သည့် ရွှန့်ဂျင်သည် မှန်းဆရသောရောင်ခြည်လမ်းကြောင်း၌ သူ၏ လက်ကို ခံကြည့်သောအခါ ရောင်ပြောင်းတောက်နေသော စက္ကူ မျက်နှာပြင်တွင် သူ့လက်မှအရိုးများကို တွေ့မြင်ရသဖြင့် အတိုင်းမသိ စိတ်လှုပ်ရှားမိလေတော့သည်။

ရွှန့်ဂျင်သည် သူ၏တွေ့ရှိချက် ကို အကြိမ်ကြိမ် စမ်းသပ်လေ့လာပြီး ၁၈၉၅ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ရောက်မှ ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်းကြီးသို့ ဓာတ်မှန်ရောင်ခြည်တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ စာတမ်းပြုစုတင်သွင်းကာ လူသိရှင်ကြား ကြေညာခဲ့သည်။ ရွှန့်ဂျင်၏ စာတမ်းသည် ဥရောပနှင့် မြောက်အမေရိကတစ်လွှား သိပ္ပံပညာရှင်လောက၌ တစ်မဟုတ်ချင်း ပျံ့နှံ့၍ ဂယက်ရိုက်စေခဲ့သည်။

## ပထမဆုံးဓာတ်မှန်

ဝါဇ်ဘာဂ်တက္ကသိုလ်၊ ဆေးပညာဆိုင်ရာ ရူပဗေဒ အသင်း၏ ဟောပြောပွဲခန်းမကြီးတွင် ၁၈၉၆ ခု၊ ဇန်နဝါရီ လ ၂၃ ရက်နေ့က သိပ္ပံပညာရှင်များ ခန်းလုံးပြည့် လာရောက် စုဝေးခဲ့ကြသည်။ အကြောင်းမူကား ပါမောက္ခ ရွှန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်အကြောင်း ဟောပြောပွဲနှင့် သရုပ်ပြပွဲရှိသောကြောင့်ပင်။ ရွှန့်ဂျင်သည် ဟောပြောပွဲ ကျင်းပနေစဉ် ၄င်းတက္ကသိုလ်မှ သူ၏မိတ်ဆွေ ခန္ဓာဗေဒ ပညာရှင် ဗွန်ကောလစ်ကာ၏ လက်အား အများရှေ့ မှောက်၌ ဓာတ်မှန်ရိုက်ယူကာ ဓာတ်မှန်ဖန်ချပ်ကြီးကို ချက်ချင်းကူးဆေး၍ ပရိသတ်အား ပြသခဲ့သည်။ ရင်သပ် ရှုမော အံ့သြမဆုံးသည့် ပရိသတ်အပေါင်းက တစ်ခဲနက် သြဘာလက်ခုပ်ပေးခဲ့ကြကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

ရွှန့်ဂျင်သည် သူရှာဖွေတွေ့ရှိ သော ရောင်ခြည်၏ သဘောသဘာဝများကို သူကိုယ်တိုင်ပင်ပြည့်ပြည့်စုံစုံ နားမလည်သေးသည့်အလျောက် X-ray (Unknown Ray) ဟူ၍ ရိုးရှင်းစွာ အမည်ပေးခဲ့သည်။ ခန္ဓာဗေဒပညာရှင် ဗွန်ကောလစ်ကာ ကသာ စတင်တွေ့ရှိသူ ပါမောက္ခရွှန့်ဂျင် ကို ဂုဏ်ပြုသည့် အနေဖြင့် ၄င်းရောင်ခြည်အား ရွှန့်ဂျင် ရောင်ခြည်ဟု အမည်ပေးရန် အထက်ပါဟောပြောပွဲ၌ အဆိုတင်သွင်းခဲ့ ခြင်းဖြစ်သည်။ ဓာတ်မှန်ရောင်ခြည် တွေ့ရှိမှုကြောင့် ပါမောက္ခရွှန့်ဂျင်သည် ၁၉၀၁ ခုနှစ်၌ ပထမဆုံး ရူပဗေဒဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခြင်းခံခဲ့ ရပေသည်။

## ဓာတ်မှန်ရောင်ခြည်၏ ဂုဏ်သတ္တိများ

ရွှန့်ဂျင်သည် အောက်ဖော်ပြပါ ဓာတ်မှန် ရောင်ခြည်၏ ဂုဏ်သတ္တိများကို ထုတ်ဖော်ခဲ့ရာ အခြေခံဂုဏ်သတ္တိများနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်ပင် ထပ်မံဖြည့်စွက်ရန် မလိုသလောက် ပြည့်စုံလှကြောင်း ရူပဗေဒပညာရှင်များက မိန့်ဆိုကြသည်။

၁။ အချို့ပစ္စည်းများကို ရောင်ပြောင်း တောက် စေခြင်း၊

၂။ အလင်းပိတ်ပစ္စည်း တော်တော်များများကို ဖောက် ထွင်း နိုင်ခြင်း၊

၃။ မျဉ်းဖြောင့်အတိုင်းသွားခြင်း၊

၄။ အလင်းပြန်မှုနှင့် အလင်းယိုင်မှု မရှိခြင်း၊

၅။ သံလိုက်စက်ကွင်းများကြောင့် သွေဖည်တိမ်းစောင်းမှု မဖြစ်ခြင်း၊

၆။ ဓာတ်ပုံဖလင်ဆေးရည်များနှင့် ထိတွေ့လျှင် ပုံဖော် နိုင်သော အာနိသင်ရှိခြင်း။

## ဓာတ်မှန်ကို ဆေးပညာ၌ အသုံးပြုခြင်း

ရွှန့်ဂျင်၏ ဓာတ်မှန်ရောင်ခြည်တွေ့ရှိမှု သတင်းသည် သိပ္ပံပညာရှင် အသိုင်းအဝိုင်း၌သာမက သတင်းစာလောက အထိ အကျော်ဇေယျဖြစ်ခဲ့သည်။ ဓာတ်မှန်ရောင်ခြည် ကြောင့် ရောဂါရှာဖွေဖော်ထုတ်ရေးနယ်ပယ်တွင် သမိုင်း တစ်ခေတ်ဆန်းသစ်တော့မည်ဟု ပညာရှင်အပေါင်းက တညီတညွတ် ဟောကိန်းထုတ်ခဲ့ကြသည်။


ဓာတ်မှန်ရောင်ခြည်စတင်တွေ့ရှိပြီး လပိုင်းနှစ်ပိုင်း အတွင်း အခြေခံကျသော ဓာတ်မှန်ရိုက်ကိရိယာများ တီထွင်အသုံးပြု လာခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိ ရသည်။ စင်စစ်အားဖြင့် ထိုအချိန်က ဆေးရုံ၊ ဆေးခန်းများ၌ အရိုးကျိုးဒဏ်ရာများကို စစ်ဆေးရန်သာ ဓာတ်မှန်ကို အဓိက အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ပထမကမ္ဘာစစ် အတွင်း၌ အရိုးကျိုးဒဏ်ရာများကြည့်ရှုစစ်ဆေးရန်သာ မက ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားသော ကျည်ဆန်၊ ဗုံးဆန်များကို ရှာဖွေရန်နှင့် နေရာမှတ်သားရန်အတွက် ဓာတ်မှန်က ထိထိရောက်ရောက် အကူအညီ ပေးနိုင် ခဲ့သည်။

## ဓာတ်မှန်နည်းပညာများ အဆင့်ဆင့် တိုးတက်လာပုံ

ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအား ဓာတ်မှန်ရောင်ခြည်ဖြတ်သန်းသွားသောအခါ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါကြီးငယ်အသီးသီးမှာ ဒြပ်ဖွဲ့စည်းမှုနှင့် သိပ်သည်းခြင်းတို့ မတူမညီ ကွဲပြားခြားနားနေကြသည့်အလျောက် ဓာတ်မှန်ဖလင်ပေါ်၌ လိုက်လျောညီထွေမှုရှိသော ပုံရိပ်ကို ဖြစ်ပေါ်စေသည်။ အရိုးများမှာ ခန္ဓာကိုယ်တွင် သိပ်သည်းခြင်းအများဆုံးဖြစ်၍ ဓာတ်မှန်ရောင်ခြည်က ယင်းတို့ကို ဖောက်ထွင်းနိုင်စွမ်းနည်းသည်။ ထို့ကြောင့် ဓာတ်မှန်ပုံများတွင် ခန္ဓာကိုယ်ရှိ အရိုးများအား ပတ်ဝန်းကျင် အဆီ၊ အသား၊ အကြောများနှင့် မတူဘဲ ကွဲကွဲပြားပြား ထင်ရှားပြတ်သားစွာ တွေ့မြင်ရခြင်းဖြစ်သည်။

ဤတွင် သိပ္ပံပညာရှင်များက ဒြပ်ဖွဲ့စည်းမှု (သို့မဟုတ်) သိပ်သည်းခြင်း သိသိသာသာ ကွဲပြားခြားနားခြင်းမရှိသော အင်္ဂါအစိတ်အပိုင်းများကို ဓာတ်မှန်၌ ပုံဖော်ပြသနိုင်ရန် အဖြေရှာခဲ့ကြပြန်သည်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိခဲ့ပေသည်။

သွေးကြောများထဲသို့ ကက်သီတာ (Catheter) ခေါ် ပိုက်ပြွန် ထည့်သွင်း၍ ဆေးထိုးဓာတ်မှန်ရိုက်ရသော အင်ဂျီယိုဂရမ်(Angiogram) ကို ၁၉၂၀ ခုနှစ်က စတင်ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုသော်လည်း ကက်သီတာ




ပထမဆုံးရိုက်ခဲ့သည့် ဓာတ်မှန်ပုံ
( ၁၈၉၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် )

| စဉ် | ဓာတ်မှန်အမျိုးအစား | စတင်အသုံးပြုသောခုနှစ် |
|---|---|---|
| ၁။ | အစာအိမ်လမ်းကြောင်းဆေးဓာတ်မှန် (Barium Meal) | ၁၉၀၄ |
| ၂။ | အူမကြီးလမ်းကြောင်းဆေးဓာတ်မှန် (Barium Enema) | ၁၉၁၀ |
| ၃။ | ဆီးလမ်းကြောင်း ပုံဖော်သောဆေးဓာတ်မှန် (Intravenous Pyelogram or Urogram) | ၁၉၂၉ |
| ၄။ | သည်းခြေအိတ်ကိုပေါ်လွင်စေသော ဆေးဓာတ်မှန် (Oral Cholecystogram) | ၁၉၄၈ |
| ၅။ | သည်းခြေပြွန်ချောင်းများကို ပေါ်လွင်စေသော ဆေးဓာတ်မှန် (Intravenous Cholangiogram) | ၁၉၅၃ |

နည်းစနစ်များ တိုးတက်ကောင်းမွန်လာသည့် ၁၉၅၀ ပြည့်လွန်နှစ်များရောက်မှ ပိုမိုခေတ်စားလာခြင်းဖြစ်သည်။

တယ်လီဗီရှင်းဓာတ်မှန်ဟု အရပ်စကားဖြင့် ရေပန်းစားလျက်ရှိသော အာ(လ)ထရာဆောင်း(Ultrasound) ကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ရေမြုပ်မိုင်းဖုံးများ ရှာဖွေရန်အတွက် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၁၉၅၀–၁၉၆၀ နှစ်များတွင် နှလုံးရောဂါနှင့်ကိုယ်ဝန်များကို စမ်းသပ်ရာ၌ အသုံးပြုကြရာမှ ဆေးပညာ၌ နေရာရရှိလာခဲ့သည်။ ၁၉၇၀ နောက်ပိုင်းတွင် ပုံရိပ်များ အထူးကောင်းမွန် တိုးတက်လာပြီး ဆေးပညာ၌ပိုမိုကျယ်ပြန့်စွာအသုံးပြု လာကြခြင်းဖြစ်သည်။ ပုံရိပ်ဖော်နည်းပညာတစ်ခု ဖြစ်သည့် အားလျော်စွာ အာ(လ)ထရာဆောင်းကိုလည်း ဓာတ်မှန်ဆရာဝန်တို့ ကပင် အများဆုံးကိုင်တွယ် အသုံးပြု လျက်ရှိကြသည်။

ဓာတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီး၌ အကြီးမားဆုံး အောင်မြင်မှုဟူ၍ သတ်မှတ်ခြင်းခံရသော ကွန်ပျူတာ



အစာအိမ်လမ်းကြောင်းဆေးဓာတ်မှန်များ
ရိုက်ကူးပေးသော ခေတ်မီဓာတ်မှန်စက်

ဓာတ်မှန် (Computerized Tomography) စက်များမှာ ၁၉၇၁ ခုနှစ်၌ စတင်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာဓာတ်မှန်နည်းပညာကို စတင်ဖော်ထုတ်ခဲ့ကြသော ဒေါက်တာ ဟောင်းစဖီးနှင့် ပါမောက္ခကော်မက်တို့သည် ၁၉၇၉ ခုနှစ်၌ ဆေးပညာ ဆိုင်ရာ နိုဗဲဆုကို ပူးတွဲရရှိခဲ့ကြသည်။

အမ်အာအိုင် (MRI) ခေါ် Magnetic Resonance Imaging သည် ဓာတ်မှန်ပညာလောက၌ နောက်ဆုံးပေါ် နည်းပညာဖြစ်သည်။ ယင်း၏ သဘောတရား အခြေခံများကို ၁၉၄၆ ခု ခန့်ကပင် ဖော်ထုတ်ခဲ့ကြသော်လည်း လက်တွေ့ အသုံးပြုနိုင်သည့် (MRI) စက်များကို ၁၉၈၀ ပြည့်နှစ်ရောက်မှသာ တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

ဓာတ်မှန်ဌာနတွင် ဤကဲ့သို့ ဓာတ်ရောင်ခြည် ပါဝင်ခြင်းအလျဉ်းမရှိသော အာ(လ)ထရာဆောင်း စက်များ၊ (MRI) စက်များကိုလည်း အသုံးပြုလျက်ရှိကြသဖြင့် ဓာတ်မှန်ဌာနဟူသော အသုံးအနှုန်းမှာ ခေတ်နှင့် မလျော်ညီတော့ပေ။ တိုးတက်သောနိုင်ငံများတွင် ဓာတ်မှန်ဌာနကို Department of Medical Imaging (ဆေးပညာဆိုင်ရာ ပုံရိပ်ဖော်ဌာန) ဟု ပြောင်းလွဲခေါ်ဝေါ်သုံးနှုန်းလာကြသည်ကို တွေ့ရပါသည်။

## ဓာတ်မှန်နှင့်နီးနွယ်သော ဘာသာရပ်များ

ဓာတ်မှန်ပညာ ပင်စည်ကြီးတွင် အောက်ပါအဓိက အကိုင်းအခက်ကြီး (၃) ခုရှိသည်။

၁။ Diagnostic Radiology (ရောဂါဖော်ထုတ်ရေး ဓာတ်မှန်ပညာ)

၂။ Radiotherapy (ဓာတ်ရောင်ခြည် ကုထုံး ပညာ)

၃။ Radioisotope or Nuclear Medicine (အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေသည့် ပညာရပ်)

ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်ပြည်နယ် အချို့တွင် အဆိုပါဌာန (၃) ခုကို ပေါင်းစည်း၍ Radiology Department ဟု ခေါ်လေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး၏နောက်ပိုင်း၌ အင်္ဂလန်၊ စကင်ဒီနေဗီးယန်းနိုင်ငံများနှင့် အမေရိကန် ပြည်နယ်အများစုတွင် ၄င်းဌာနများမှာ တစ်သီးတခြား ရပ်တည်လုပ်ကိုင်ကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ဤဌာန (၃) ခုသည် အုပ်ချုပ်ရေးနှင့်လုပ်ငန်းပိုင်းအရ သီးခြားဖြစ်သော်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဓာတ်ရောင်ခြည် အဖွဲ့၌ ဌာန (၃) ရပ်ရှိ ဆရာဝန်များနှင့် ကျွမ်းကျင်သူများ စည်းစည်းရုံးရုံးလက်တွဲကာ လှုပ်ရှားလုပ်ကိုင်လျက်ရှိကြ ပေသည်။

## မြန်မာနိုင်ငံ ဓာတ်မှန်ပညာလောက

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဓာတ်မှန်ဌာနကို လက်ဦးမဆွ ထူထောင်ခဲ့ကြသော မြန်မာအမျိုးသား ဓာတ်မှန်ဆရာဝန်ကြီးများမှာ ဒေါက်တာ ဦးသာဒင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကျော်အောင် (အငြိမ်းစား) နှင့် ဒေါက်တာ ဦးအောင်ငြိမ်း (ကွယ်လွန်) တို့ဖြစ်ကြသည်။ ၄င်းနောက် ဒေါက်တာ ဒေါ်မာလာမော် (အငြိမ်းစား)၊ ဒေါက်တာ ဦးကိုကို (ကွယ်လွန်)၊ ပါမောက္ခ ဦးထွန်းရီ (အငြိမ်းစား)၊ ပါမောက္ခ ဒေါ်ဌေးမြင့် (အငြိမ်းစား)၊ ဒေါက်တာ ဒေါ်ခင်မြင့် (အငြိမ်းစား)၊ ဒေါက်တာ ဦးစိုးမောင် (ကွယ်လွန်)၊ ဒေါက်တာ ဦးကြည်လင် (အငြိမ်းစား) နှင့် လက်ရှိ ဓာတ်မှန်ပညာပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင် အစရှိသော ပုဂ္ဂိုလ်များက မြန်မာနိုင်ငံ ဓာတ်မှန်လောက၏ အရှေ့ဦးခေတ်ကို ပီပီပြင်ပြင်

တည်ဆောက်နိုင်ခဲ့ကြသည်။ ဒုဗိုလ်မှူးကြီး လှရွှေ (အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီး ကိုလေး (ကွယ်လွန်)၊ ဒုဗိုလ်မှူးကြီး မြဟန် (ကွယ်လွန်) နှင့် ဗိုလ်မှူးကြီး လှထူး တို့သည် တပ်မတော်ဆေးလောက၌ ဓာတ်မှန်ဌာနကို ပြုစုပျိုးထောင်ခဲ့ကြသူများဖြစ်သည်။ မြန်မာနိုင်ငံ ဓာတ်မှန်လောက၏ အရှေ့ဦးခေတ်၌ ပစ္စည်းပစ္စယ ပြည့်စုံခြင်း မရှိလင့်ကစား အင်ဂျီယိုဂရမ် အမျိုးမျိုး ပါဝင်သည့် ခက်ခဲသောလုပ်ငန်းအမြောက်အမြားကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဆိုပါ ဓာတ်မှန်ဆရာဝန်ကြီးများ၏ စွမ်းရည်မှာ မှတ်တမ်းတင် ထိုက်ပါပေသည်။

၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ၏ဓာတ်မှန် ဘွဲ့လွန် သင်တန်း ကျောင်းကို ရန်ကုန်ဆေးရုံကြီး ဓာတ်မှန် ဌာနတွင် စတင် ဖွင့်လှစ်ခဲ့သည်။ DMRD (Diploma in Medical Radio-diagnosis) ခေါ် ဓာတ်မှန်ပညာဒီပလိုမာ ဘွဲ့လွန် သင်တန်း မှာ ၂ နှစ်သင်တန်းဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ် အထိ DMRD သင်တန်း (၁၂) သုတ်ခေါ်ယူခဲ့ပြီး ဓာတ်မှန် ဆရာဝန်ပေါင်း ၅၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ ဒီအမ်အာဒီ သင်တန်းကို ဆေးပညာ မဟာသိပ္ပံ (ဓာတ်မှန်) သင်တန်း အဖြစ် အဆင့်မြှင့်ပေးခဲ့သည်။

ဓာတ်မှန်ဌာန၏ လုပ်ငန်းအဝဝမှာ ဓာတ်မှန် ဆရာဝန်တစ်ဦးတည်းဆောင်ရွက်၍ မရနိုင်။ လုပ်ရည် ကိုင်ရည်ရှိသောကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှု လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဓာတ်မှန် ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးသည့် ဆေးဘက် ပညာသည်ကျောင်းကို ၁၉၆၄ ခုနှစ်၌ စတင်ထူထောင် ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ DPMS ခေါ် Diploma in Paramedical Science(Radiography) သင်တန်း ၁၈ သုတ် သင်တန်းပေးခဲ့ ၍ ဓာတ်မှန်ကျွမ်း ကျင်သူပေါင်း ၁၂၅ ဦးမျှ မွေးထုတ် ပေးခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ လက်ထက်တွင် ဆေးဘက်ပညာသည် ကျောင်းကို ဆေးဘက်ပညာသည် တက္ကသိုလ်အဖြစ်အဆင့်မြှင့် ပေးခဲ့သည်။ သင်တန်းကာလ ၄ နှစ်ဖြစ်၍ သင်တန်း ဆင်းလျှင် BPMS ( Radiography ) ဘွဲ့ ရရှိကြမည် ဖြစ်ပါသည်။


## မြန်မာနိုင်ငံရှိ ခေတ်မီဓာတ်မှန်စက်ကိရိယာများ

နိုင်ငံတော်အစိုးရသည် ဓာတ်မှန်ပညာဖြင့် ရောဂါ ရှာဖွေရာ၌ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်ရန်အလို့ငှာ ခေတ်မီစက်ကိရိယာများကို အခါအားလျော်စွာ တပ်ဆင် ပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကွန်ပျူတာ ဓာတ်မှန်စက် (C.T.Scan) မှာ Head Scanner ဖြစ်၍ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော ဓာတ်မှန် ဌာန၌ ၁၉၈၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ဦးခေါင်းကိုသာမက ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကို အလွှာလိုက် ပုံဖော်ရိုက်ကူးနိုင်သော(Whole Body C.T Scanner) တစ်လုံးတပ်ဆင်ခဲ့သည်။

အလားတူ (Whole Body C.T. Scanner)သုံးလုံးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လက်ထက်၌ ရန်ကုန်ဆေးရုံကြီးတွင် တစ်လုံး၊ ရန်ကုန်မြို့ အမှတ်( ၂ )စစ်ဆေးရုံတွင် တစ်လုံး၊ ပြင်ဦးလွင်မြို့အခြေချ စစ်ဆေးရုံကြီးတွင် တစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သည်။

ရန်ကုန်ဆေးရုံကြီး အထွေထွေရောဂါကုဆေးရုံ သစ်နှင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးတို့တွင် အသုံးပြု လျက်ရှိသော အင်ဂျီယိုဂရမ်ရိုက်စက်များမှာ ခေတ်မီ၍ ကောင်းမွန်လှပါသည်။ အထူးသဖြင့်မင်္ဂလာဒုံ တပ်မတော်

ကွန် ပျူတာဓာတ်မှန်ထိန်းချုပ်ခုံ



ဆေးရုံကြီးရှိ အင်ဂျီယိုဂရမ်စက်မှာ နိုင်ငံတကာအဆင့်မီ ကိရိယာများ တပ်ဆင်ထားရှိကြောင်း သိရှိရပါသည်။

## တတ်ရောင်ခြည်အန္တရာယ်

တတ်ရောင်ခြည်ပမာဏ ၃၀၀၀ rads မှ ၄၀၀၀ rads မျှရောင်ခြည်သင့်ခြင်းခံရပါက ရက်ပိုင်း၊ နာရီပိုင်းအတွင်းပင် အသက်သေစေနိုင်ပါသည်။ လက်ရှိတတ်မှန်စက် များသည် ဤကဲ့သို့သော ရောင်ခြည်ပမာဏမျိုးလည်းမရနိုင်။ ဤကဲ့သို့ အာနိသင်မျိုးလည်း မဖြစ်စေနိုင်ပါ။ Chest X-Ray ခေါ် ရင်ဘတ်တတ်မှန်တစ်ပုံရိုက်လျှင် .4 -1 rad မျှသာရောင်ခြည်ထိပါသည်။ အစာအိမ်ဆေးတတ်မှန် ရိုက်လျှင် 1 rad မျှသာ ရောင်ခြည်သင့်ခံရပါသည်။ လိုအပ်၍ တတ်မှန်ရိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဥပဒ် အန္တရာယ်မှာ အကျိုးကျေးဇူးနှင့် နှိုင်းယှဉ်ပါက မပြောပ လောက်ပေ။

တတ်မှန်ရိုက်ခြင်းကြောင့် ရုတ်ခြည်းအန္တရာယ်များ မဖြစ်နိုင်သော်လည်း နောက်ပိုင်းအကျိုးဆက်များ မဖြစ်ပွားစေရန်ကိုမူ အထူးသတိချပ်ကြရမည်။ အဓိက နောက်ပိုင်းအကျိုးဆက် (၂) ခုမှာ ကင်ဆာဖြစ်စေနိုင်သော သတ္တိနှင့် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်သောသတ္တိများပင် ဖြစ်သည်။ ကင်ဆာဟုဆိုရာ၌ တတ်ရောင်ခြည်ထိသော နေရာများ၌ အရေပြားကင်ဆာ၊ အရိုးကင်ဆာများဖြစ် တတ်ပြီး လူကီးမီးယားခေါ် သွေးကင်ဆာလည်း ဖြစ်စေ နိုင်ပါသည်။

မျိုးရိုးဗီဇထိခိုက်ခြင်းနှင့် စပ်လျဉ်း၍မူ ရောင်ခြည် ပမာဏ အနည်းငယ်မျှဖြင့်ပင် ဖြစ်ပွားနိုင်သောကြောင့် တတ်မှန်ဝန်ထမ်းများအနေဖြင့် အထူးသတိပြုရန် လိုအပ် ပါသည်။ လူငယ်လူရွယ်များကို တတ်မှန်ရိုက်လျှင် မျိုးပွား အင်္ဂါများကို ရောင်ခြည်မသင့်စေရန် တတ်နိုင်သရွေ့ရှောင် ကွင်းရမည်။ သို့မဟုတ် ဖုံးအုပ်ကာကွယ်ပေးရမည်။ သန္ဓေ သားနုနုလေးများကို ရောင်ခြည်သင့်လျှင် ထိတ်လန့်ဖွယ် ကောင်းသော မွေးရာပါချွတ်ယွင်းချက်များ ဖြစ်စေ နိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နိုင်သော အသက် အရွယ်အတွင်း အမျိုးသမီးများကို တတ်မှန်ရိုက်သည့်အခါ တိုင်း ကိုယ်ဝန် ရှိ မရှိ စူးစမ်းရန်လိုသည်။

တတ်မှန်ဆရာဝန်နှင့် တတ်မှန်ကျွမ်းကျင်သူ များသည် တတ်ရောင်ခြည်ကာကွယ်ရေး နည်းစနစ်များကို သိရှိနားလည်၍ လိုက်နာကျင့်သုံးကြရန် အရေးကြီးလှ ပေသည်။ တတ်မှန်ဝန်ထမ်းများသည် ပြည်သူလူထုကိုလည်း တတ်ရောင်ခြည်အန္တရာယ်နှင့် စပ်လျဉ်း၍ ကျန်းမာရေး ဗဟုသုတ ဖြန့်ဝေပေးသင့်ပါသည်။ နိုင်ငံတော်အစိုးရသည် လုပ်ငန်းခွင် ကျန်းမာရေးဌာနနှင့် တတ်ရောင်ခြည် ကာကွယ်ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများကို တတ်ရောင်ခြည်အန္တရာယ်များ မဖြစ်ပွားစေရန်အတွက် ဆေးရုံ ၊ ဆေးခန်းများရှိ တတ်မှန်ခန်းများအား စည်းကမ်း ညီညွတ်ခြင်းရှိမရှိ အခါအားလျော်စွာ စစ်ဆေးစေပါသည်။

## နိဂုံး

လူ၏ ခန္ဓာကိုယ်သည် မှော်သေတ္တာကြီးနှင့် အလား တူသည်ဟူသော ဆိုရိုးတစ်ရပ်ရှိပါသည်။ မှော်သေတ္တာကြီး ထဲတွင် မည်သည့်ပစ္စည်းများပါရှိသည်ကို မှန်းဆနိုင်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်း အသီးသီး၌ ဖြစ်ပွားသော ရောဂါဘယတို့၏ သဘော သဘာဝများကို ဖော်ထုတ်သိရှိနိုင်ရန်မှာလည်း အလွန်ပင် ခက်ခဲသည်။ တတ်မှန်ဆရာဝန်များသည် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်လျက်ရှိသော နည်းပညာ၊ အတတ်ပညာ၊ စက်ကိရိယာတို့ကို အသုံးပြုကာ မှော်သေတ္တာကြီး၏ အဖုံးကို ဖွင့်လှစ်ဘိသကဲ့သို့ ကိုယ်တွင်းရောဂါ အလုံးအခဲများ၏ ဇာစ်မြစ်နှင့် သဘာဝတို့ကို ကွက်ကွက်ကွင်းကွင်း ပြသ အဖြေထုတ်ပေးနိုင်ရန် အားထုတ်တတ်ကြသည်။

ထို့ပြင် ယခုခေတ်၌ တတ်မှန်ဆရာဝန်များသည် ရောဂါရှာဖွေရေးကဏ္ဍကိုပင် ကျော်လွှားပြီး (Interven - tional Radiology) ဟုခေါ်သော တတ်မှန်ကို ကျောထောက် နောက်ခံပြုသည့် နည်းဗျူဟာသစ်များ ကိုင်စွဲ၍ ကုသရေး ကဏ္ဍသို့ ထိုးဖောက်ပါဝင်လာကြ သည်ကိုလည်း တွေ့မြင် နေရပေသည်။

တတ်မှန်ရောင်ခြည်၏နှစ် ၁၀၀ ခရီးတစ်လျှောက် တိုးတက်အောင်မြင်မှုများမှာအံ့မခန်းဖွယ်ပင်။ စင်စစ် အားဖြင့် တတ်မှန်သည် မျက်မှောက်ခေတ် ဆေးပညာ လောက၌ ကြီးမားသော ကူညီ ထောက်ပံ့ မှုများ ပေးလျက် ရှိသည်ဆို ခြင်းမှာ အငြင်း မပွား နိုင်သည့် အချက်ပင် ဖြစ်ပါသတည်း။

ဒေါက်တာ ကျော်မြင့် (တတ်မှန်)

## အပိုင်း – ၃

# ၁၉၉၅ – ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

**ကုလသမဂ္ဂ**။ ။ ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာ ၂၀ ရက်နေ့တွင် အိုင်ဗော်ရီကို့စ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီအား ညီလာခံဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကာ စတင်ဖွင့်လှစ် ကျင်းပပြီးနောက် မကြာမီတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ ပြည်တွင်းပြည်ပရေးရာ ဆွေးနွေးမှုအစီအစဉ်ကို ၁၉၉၄ ခုနှစ်၊စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ ရက်သတ္တသုံးပတ်ကြာ ဆောင်ရွက်ခဲ့ရာ မိန့်ခွန်းစကားပါဝင်ပြောကြားသူ ၁၇၉ ဦး မျှ ရှိခဲ့သည်။ ဤသည်မှာ ယခင် ယခင်နှစ်များကထက် များပြား၍ စံချိန်သစ်တင်ရသော အရေအတွက်ဖြစ်သည်။ ဤပုဂ္ဂိုလ်များထဲတွင် ဘုရင်တစ်ပါး၊ သမ္မတ ၃၁ ဦး၊ အစိုးရ အဖွဲ့ခေါင်းဆောင် ၁၄ ဦး၊ အိမ်ရှေ့မင်းသားနှစ်ဦး၊ ဝန်ကြီး ၁၂၀ ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ၁၁ ဦး ပါဝင် ခဲ့သည်။

ဤအစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားစီးလုံးညီညွတ်မှု တိုးတက်ကျယ်ပြန့်ခိုင်မာလာပုံကို တင်ပြရာ၌ " မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့တဲ့ အချိန်ကစပြီး လက်နက်ကိုင်အဖွဲ့များရဲ့ ပုန်ကန်မှုကြောင့် ပြည်တွင်း မငြိမ်မသက်မှုများကို ရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၉၄ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့အတွက် ယခုဆိုရင်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအစဉ်မှာ ပါဝင်လာတဲ့ လက်နက်ကိုင်အဖွဲ့ အရေအတွက်ဟာ ၁၃ ဖွဲ့ ရှိသွားပြီဖြစ်ပါတယ်" ဟူ၍ တင်ပြခဲ့သည်။

ပါဝင်ဆွေးနွေးသူ အများအပြားတို့က ဘာသာရေးနှင့် လူမျိုးရေးတင်းမာမှုများကို နောက်ခံထား၍ ဒေသဆိုင်ရာ အရေးအခင်းနှင့် ပြည်တွင်းစစ်များ ဖြစ်ပွားနေခြင်းတို့ကို စိုးရိမ်ထိတ်လန့်၍ စိတ်ပျက်ခြင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောဆိုကြပြီး၊ ကြိုတင်တားဆီးကာကွယ်ရေး စေ့စပ်ဆွေးနွေးမှု များကို တိုးတက်ပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ "ဖွံ့ဖြိုးရေးအစီအစဉ်" ကိုဖော်ဆောင်ရေးအတွက် လက်တွေ့ကျသော စီမံချက် များပြုလုပ်ရန်လည်း တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂသည် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် စာနာထောက်ထားမှု အကူအညီပေးရေးတို့တွင် တာဝန်များ တိုးပွားလာနေသည့်အလျောက် ကုလသမဂ္ဂအနေဖြင့် ဘဏ္ဍာရေး အကျပ်ဆိုက်နေရသည့် အခြေအနေကိုလည်း အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

နိုင်ငံတကာ အထွေထွေဆွေးနွေးပွဲသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြီးဆုံးသည့်အခါ ညီလာခံဥက္ကဋ္ဌ အမာရာအက်ဆီက "၁၉၉၅ ခုနှစ်တွင် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပတော့မည့်အချိန်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့မျက်မှောက်အချိန်၌ ကမ္ဘာတွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

## ညီလာခံ၏ ဆောင်ရွက်မှုများ

ညီလာခံကြီးသည် ကုလသမဂ္ဂကနှစ်ရှည်လများ အားတိုက်အင်တိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရသော အားထုတ်မှုကြီး သုံးရပ်တို့ သမိုင်းဝင်အထွတ်အထိပ်သို့ ရောက်ခြင်းကို တွေ့မြင်ခဲ့ရသည်။ ယင်းတို့မှာ–

(က) အသားအရောင်ခွဲခြားမှုဝါဒကို အမြစ်ဖြတ်သုတ်သင်ခြင်း၊

(ခ) ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းရေးစနစ်ဆုံး ခန်းတိုင် ရောက်ရှိခြင်းနှင့်

(ဂ) ၁၉၈၂ ပင်လယ်ဥပဒေ ကွန်ဗင်းရှင်း အာဏာသက်ရောက်သက်ဝင်လာခြင်း တို့ဖြစ်သည်။

**ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ** – ၄၉ ကြိမ်မြောက် ညီလာခံကြီးသည် ဆုံးဖြတ်ချက်ပေါင်း ၂၉၅ ခု ချမှတ်ခဲ့ရာ လေးပုံ–သုံးပုံကျော်မှာ မဲမခွဲရဘဲ တူညီဆန္ဒဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤအချက်က နိုင်ငံများစပ်ကြား တကယ့်စိတ်ဝမ်းညီညွတ်မှု အမှန်တကယ်ပေါ်ပေါက်လာပုံကို သက်သေထူလိုက်သည်။

**အဖွဲ့ဝင် နိုင်ငံသစ်တစ်နိုင်ငံ တိုးခြင်း** – ၁၉၉၄ ခုနှစ်၊ ၄၉ ကြိမ် မြောက် အထွေထွေညီလာခံကြီး၌ ပစိဖိတ်သမုဒ္ဒရာအတွင်း အမေရိကန်ပြည်ထောင်စုက စီမံအုပ်ချုပ်ကာ ထိန်းသိမ်းမှုပေးခဲ့သော ပစိဖိတ်ကျွန်းစုများတွင် နောက်ဆုံးတစ်ခုအဖြစ် ကျန်ရှိသည့် ပါလောကျွန်းနိုင်ငံသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၄၉/၆၃ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၈၅ နိုင်ငံ မြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဤတွင် ၄၈

နှစ်မျှ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော ကုလသမဂ္ဂ၏ နယ်မြေထိန်းသိမ်းမှု လုပ်ငန်းတာဝန်သည် ဆုံးခန်းတိုင်ခဲ့လေသည်။

**နိုင်ငံတကာ အထိမ်းအမှတ်နေ့များ သတ်မှတ်ခြင်း** – ညီလာခံကြီးသည်ကိစ္စရပ်အများအပြားတွင် အထူးသဖြင့် ပတ်ဝန်းကျင်ရေးရာများတွင် လက်တွေ့တိုးတက်မှုများ ရှိခဲ့သည်။ ပတ်ဝန်းကျင်ရေးရာနှင့် ပတ်သက်၍ အသစ်ချုပ်ဆိုသော သဘောတူစာချုပ်များကို ညီလာခံကြီးက ကြိုဆိုပြီး ၎င်းတို့အသီးသီးအတွက် နိုင်ငံတကာ အထိမ်းအမှတ်နေ့များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည် –

(က) ရာသီဥတု ပြောင်းလဲမှုရေးရာ (အိုဇုန်းလွှာ ထိန်း သိမ်း ရေး – စက်တင်ဘာ ၁၆ ရက်နေ့ )

( ခ ) ဇီဝဗေဒဆိုင်ရာ ထွေပြားခြားနားမှုများ (Biological Diversity) (ဒီဇင်ဘာ ၂၉ ရက်)

( ဂ ) သဲကန္တာရ တိုးချဲ့ပြန့်ပွားလာမှု ဆန့်ကျင်ရေး ( ဇွန် ၁၇ ရက်နေ့ )

ညီလာခံကြီးက ရေသယံဇာတပေါကြွယ်ဝသည့်နေရာများတွင် နိုင်ငံပိုင်ဇုန်နယ်များအတွင်း တရားမဝင်ငါးဖမ်းခြင်းမှ သက်ရောက်သော အကျိုးတရားများကို အထူးစဉ်းစားဆွေးနွေးခဲ့သည်။ ထို့အပြင် (GLOBE) ဟူ၍ အတိုကောက်ခေါ်ဝေါ်သည့်ပတ်ဝန်းကျင် အကျိုးစီးပွားအတွက် ကမ္ဘာတစ်ဝန်း လေ့လာကြည့်ရှုမှတ်သားမှု အစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေး** – အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ခိုင်မာတောင့်တင်းမှု တိုးတက်ဖြစ်ထွန်းရေးအတွက် ၄၉ ကြိမ်မြောက် ညီလာခံကြီးက အောက်ပါစာချုပ်စာတမ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့သည် –

(က) အပိုဒ် ၂၉ပိုဒ်ပါဝင်သော ကုလသမဂ္ဂနှင့် အပေါင်းပါ ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ ကွန်ဗင်းရှင်း၊

( ခ ) နိုင်ငံတကာအကြမ်းဖက်ဝါဒရှင်းလင်းသုတ်သင်ရေး စီမံချက်များဆိုင်ရာ ကြေညာချက်နှင့်

( ဂ ) ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂနှင့်ဒေသဆိုင်ရာအစီအစဉ်သို့မဟုတ် အဖွဲ့များစပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်ရေးဆိုင်ရာ ကြေညာ ချက်။

**နိုင်ငံတကာ အစည်းအဝေးများ ကျင်းပရေး** – ညီလာခံကြီးက ၁၉၉၅ ခုနှစ်အတွင်း လူမှုဖွံ့ဖြိုးရေးထိပ်သီးညီလာခံ၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများအား စီမံဆောင်ရွက်ရေးဆိုင်ရာ ကိုးကြိမ်မြောက် ကုလသမဂ္ဂ ကွန်ဂရက်အစည်းအဝေးနှင့် အမျိုးသမီးများဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေးနှင့် ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ဆိုင်ရာ အထူးအစည်းအဝေးများ ကျင်းပရေးအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ၄၉ ကြိမ်မြောက် ညီလာခံကြီးက –

(က) လူသားများနေထိုင်ရန် နေအိမ်ဂေဟာ အဆောက်အအုံများ တည်ထောင်ရေးဆိုင်ရာကုလသမဂ္ဂ မျက်နှာစုံညီအစည်းအဝေး ( Habitat II ) ကို ၁၉၉၆ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၁၄ ရက်နေ့အထိ တူရကီနိုင်ငံ၌ ကျင်းပရန်၊

( ခ ) သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေး ဆယ်စုနှစ်ကို ၁၉၈၉ ခုနှစ်တွင် စတင်ဖန်တီးခဲ့ရာ ယင်းဆောင်ရွက်မှု၏ အောင်မြင်ချက်များကို သုံးသပ်ရေးအတွက် ဒုတိယကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးကို သက္ကရာဇ် ၂၀၀၀ မတိုင်မီ ကျင်းပရန်၊

( ဂ ) လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ စတုတ္ထအကြိမ်မြောက်ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေးကို (ဖြစ်နိုင်လျှင် ၁၉၉၇ ခုနှစ်တွင်) ကျင်းပရန်၊

(ဃ) မိုင်းဗုံးများရှင်းလင်းရေး နိုင်ငံတကာအစည်းအဝေးတစ်ရပ်ကို ( ဖြစ်နိုင်သမျှ အမြန်ဆုံး) ကျင်းပရန် (ညီလာခံကြီးက လူများအား သေကျေဒဏ်ရာရစေသော မြေမြှုပ်မိုင်းဗုံးများ တင်ပို့ခြင်းအား ပိတ်ပင်တားမြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ခဲ့သည် )။

( င ) အာကာသရှာဖွေလေ့လာရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးပြုရေးဆိုင်ရာ တတိယအကြိမ်မြောက် ကုလသမဂ္ဂမျက်နှာစုံညီအစည်းအဝေးတစ်ရပ်ကျင်းပရန်၊

( စ ) ဆင်းရဲမွဲတေမှု သုတ်သင်ပပျောက်ရေး နိုင်ငံတကာနှစ်ကို ၁၉၉၆ ခုနှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

**ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်** – ၄၉ ကြိမ်မြောက် ညီလာခံကြီးက ၁၉၉၈ ခုနှစ်ကို ပင်လယ်သမုဒ္ဒရာဆိုင်ရာ နိုင်ငံတကာနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

**၁၀ စုနှစ်များ စတင်ဖွင့်လှစ်ခြင်း** – ညီလာခံကြီးက –

(က) ကမ္ဘာ့တိုင်းရင်းသားများဆိုင်ရာ ၁၀ စုနှစ် (၁၉၉၄ – ၂၀၀၄) ကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

(ခ) ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးရေး ကုလသမဂ္ဂ ၁၀ စုနှစ်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ (ယင်း ၁၀ စုနှစ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သည်)။

(ဂ) လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားမှုများအား တိုက်ဖျက်ရေးဆိုင်ရာ တတိယ ၁၀ စုနှစ်အတွက် ပြုပြင်ထားသောလုပ်ငန်း အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

**၁၉၉၄ မျက်နှာစုံညီအစည်းအဝေးများ၏ ရလဒ်များကို အတည်ပြုခြင်း** – ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အောက်ပါမျက်နှာစုံညီ အစည်းအဝေးများ၏ ရလဒ်များကို ထောက်ခံ အတည်ပြုခဲ့သည် –

(က) စက်တင်ဘာလတွင် ကိုင်ရိုမြို့၌ ကျင်းပခဲ့သော လူဦးရေနှင့် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုခဲ့သည့်နှစ် ၂၀ လုပ်ငန်းအစီအစဉ်နှင့် ကြေညာချက်၊

(ခ) ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သော သဘာဝဘေးဒဏ်များ လျော့ပါးသက်သာရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီအစည်းအဝေး၏ လုပ်ငန်းအစီအစဉ်၊

(ဂ) မေလတွင် ဘာဘေးဒိုး (စ်) နိုင်ငံ၌ ကျင်းပခဲ့သော ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ အခွန့်ရှည်ကြာ ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မျက်နှာစုံညီ အစည်းအဝေးမှ အတည်ပြုခဲ့သည့် ကြေညာချက် စာတမ်းနှင့် လုပ်ငန်းအစီအစဉ်။

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း** – ညီလာခံကြီး၏ အခြားမှတ်သားဖွယ် ဆောင်ရွက်ချက်မှာ "ဖွံ့ဖြိုးရေးအတွက် အစီအစဉ်" သစ်အတွက်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး တစ်ရုံး တည်ထောင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂအတွက် ဆက်လက်တည်ရှိဆဲ ဘဏ္ဍာရေးအခက်အခဲများနှင့် ပတ်သက်၍လည်းကောင်း လုပ်ငန်းကော်မတီများ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

### အရှေ့အလယ်ပိုင်း အာရပ် – အစ္စရေးပြဿနာ

**ပါလက်စတိုင်းပြဿနာ** – ၁၉၉၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဂါဇာနှင့် ဂျေရီကိုဒေသတို့တွင် ပါလက်စတိုင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့တို့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာ၊ ယင်းစာချုပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီနှင့် ပါလက်စတိုင်းပြည်သူများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးဆောင်ရွက်ရေး ကော်မတီတို့က ကြိုဆိုခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူးချုပ်က သိမ်းပိုက်ထားသော နယ်မြေများနှင့်ပတ်သက်၍ ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့များအား ၁၉၉၄ ခုနှစ်၊ဇွန်လ ၂၉ ရက်နေ့တွင် အမှာစကား ပြောကြားရာ၌ အစ္စရေးတပ်မတော်နှင့် ပြည်သူ့အုပ်ချုပ်ရေးတို့ကို ဂါဇာနှင့်ဂျေရီကိုတို့မှ ရုပ်သိမ်းပြီးဖြစ်သည့်အလျောက် ထိုဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်သောဒေသများ ဖြစ်လာကြပြီဖြစ်ကြောင်း၊ ယင်းဒေသများတွင် အသွင်ကူးပြောင်းရေးကာလအတွင်း အုပ်ချုပ်ရေးအသစ်ကို ဖွဲ့စည်းကာ ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ရေးအတွက် ပါလက်စတိုင်းအာဏာပိုင်များအား အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

**အစ္စရေး – ဂျော်ဒန် ငြိမ်းချမ်းရေး** – ဂျော်ဒန်နှင့် အစ္စရေးနှစ်နိုင်ငံစပ်ကြား စစ်ဖြစ်ပွားနေသည့်အခြေအနေကို အဆုံးသတ်ကြောင်း ကြေညာချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ကျင်းပသော သမိုင်းဝင်အခမ်းအနား တစ်ရပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤအခမ်းအနားတွင် ဂျော်ဒန်ဘုရင်ဟူစိန်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ ပါဝင်ကြ၍ အမေရိကန်သမ္မတ ဝီလီယမ် ဂျေကလင်တန်လည်း တက်ရောက်ခဲ့သည်။ ဤကြေညာချက်အရ ဂျော်ဒန်နှင့်အစ္စရေးတို့က လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂ (၁၉၆၇)နှင့် အမှတ် ၃၃၈ (၁၉၇၃) တို့နှင့်အညီ ငြိမ်းချမ်းသည့်အခြေအနေသို့ ရောက်ရှိကြရေးအတွက် ဆက်လက်စေ့စပ်ဆွေးနွေးသွားကြရန် ကတိကဝတ်ပြုကြသည်။ ယင်းနှစ်နိုင်ငံတို့အနေဖြင့် "လုံခြုံ၍ အသိအမှတ်ပြုထားသော နယ်နိမိတ်များ

အတွင်း မိမိတို့အချင်းချင်းဖြစ်စေ၊ အခြားတစ်ပါးသော နိုင်ငံအားလုံးနှင့်ဖြစ်စေ ငြိမ်းချမ်းစွာနေထိုင်ကြရန် ၎င်းတို့အသီးသီး၌ အခွင့်အရေးနှင့် တာဝန်များရှိကြောင်း အသိအမှတ်ပြုကြသည်။"

ထို့နောက် ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၂၆ ရက်နေ့တွင် အစ္စရေး နှင့် ဂျော်ဒန်တို့သည် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံစစ်ဖြစ်နေမှု အခြေအနေကို အဆုံးသတ်လိုက်ကြသည်။

**ပါလက်စတိုင်း အခြေအနေ** – ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) နှင့် အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ တည်ထောင်ရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြခြင်းကို မနှစ်မြို့နိုင်သော ပါလက်စတိုင်းအစိတ်အပိုင်းများရှိရာ ပါလက်စတိုင်းနယ်မြေများအတွင်း အခြေအနေမှာ တည်ငြိမ်လှခြင်း မရှိပေ။ ၁၉၉၄ ခုနှစ်၊အောက်တိုဘာ ၁၉ ရက်နေ့တွင် တယ်အဗီးမြို့တွင်း၌ အစ္စရေးခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ဗုံးခွဲ တိုက်ခိုက်ရာ အရပ်သား ၂၀ သေဆုံး၍ လူပေါင်း ၁၂ ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့ကြရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၎င်းကို ရိုင်းစိုင်းသော အကြမ်းဖက်မှုအဖြစ် ဖော်ညွှန်းပြီး အပြင်းထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချခဲ့၏။

ထို့နောက် တယ်အဗီးမြို့အနီးတွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြန်ရာ ၁၉၉၅ ခုနှစ်၊ဇန်နဝါရီ ၂၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကိုတိုးတက်ဖြစ်ထွန်း ခိုင်မာသိပ်သည်းအောင် ဆက်လက်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

ပါလက်စတိုင်း အမျိုးသားများ၏ မွေးရာပါအခွင့်အရေးများ ကျင့်သုံးလုပ်ဆောင်ရေးကော်မတီကမူ အစ္စရေးတို့က သိမ်းပိုက်ထားသော အာရပ်နယ်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထူးအန္တရာယ်ပြုလျက်ရှိသဖြင့် ၎င်းလုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။ အစ္စရေးတို့ဘက်မှ ပြန်ကြားရာ၌ လက်ရှိအစိုးရတက်လာသည့် ၁၉၉၂ ခုနှစ်မှစ၍ အခြေချနေထိုင်မှုအသစ်များ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**အစ္စရေး – လက်ဗနွန်ပြဿနာ** – ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က အစ္စရေး–လက်ဗနွန်နယ်ခြားတစ်လျှောက် အခြေအနေတင်းမာမှု မြင့်မားလာခြင်းကို အထူးစိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ လက်ဗနွန်ရွာတစ်ရွာကို အစ္စရေးတို့က အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားပေါင်းများစွာ အသက်ဆုံးရှုံး ခဲ့ရသဖြင့် အတွင်းရေးမှူးချုပ်က အရပ်သားများအား အကြမ်းဖက်လုပ်ဆောင်ခြင်းအားလုံးကို ရှုတ်ချပြီးလျှင် နှစ်ဦးနှစ်ဖက်လုံးအား ထိန်းချုပ်လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

သို့သော် အခြေအနေမှာ ငြိမ်းအေးသွားခြင်းမရှိပေ။ လက်ဗနွန်တောင်ပိုင်းဒေသ၏ အခြေအနေမှာတင်းမာ၍ ဗရုတ်ဗရက်ဖြစ်နေကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင် တင်ပြခဲ့သည်။ ထို့နောက် မတ်လ ၃၁ ရက်နေ့တွင်မှ အစ္စရေး– လက်ဗနွန်နယ်ခြားတစ်လျှောက်၌ မကြာမီက တိုက်ခိုက်မှုများ တိုးတက်များပြားလာခြင်းကို လွန်စွာစိုးရိမ်ကြောင်း ဖော်ပြပြီး နှစ်ဖက်စလုံးမှ ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲကြရန်နှင့် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုကြရန် တိုက်တွန်းပြောကြားခဲ့၏။

**အစ္စရေး– ဆီးရီးယား ပြဿနာ** – ဤအတောအတွင်း ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက၊ ပါလက်စတိုင်းနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အဆိုမူကြမ်း ၂၀ ကျော်ကို အတည်ပြုချမှတ်၍ ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ရပ်များကို အားတိုက်အင်တိုက် အားပေးထောက်ခံကာ ရရှိထားပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ကြရန် တိုက်တွန်းခဲ့သည်။ ညီလာခံကြီးက ဆုံးဖြတ်ချက် အမှတ် ၄၉/၈၈ ကို ထောက်ခံမဲ ၁၄၉ မဲ၊ ကန့်ကွက်မဲ ၄ မဲ (အီရန်၊ လက်ဗနွန်၊ လစ်ဗျား၊ ဆီးရီးယား) နှင့် ကြားနေမဲ ၂ မဲဖြင့် ချမှတ်ကာ အာရပ်နှင့် အစ္စရေးတို့၏ ဆွေးနွေးစေ့စပ်မှုများတွင် အခြားသောလမ်းကြောင်းများ၌လည်း တိုးတက်မှုများ လျှင်မြန်စွာရရှိရေးကို အလေးအနက်ဖော်ပြခဲ့သည်။ ထို့ပြင် ဆုံးဖြတ်ချက်အမှတ် ၄၉/၈၇ (ဘီ) တွင် အထွေထွေညီလာခံကြီးက သိမ်းပိုက်ထားသော ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်မှ အစ္စရေးတို့ ရုပ်သိမ်းပေးရန် တောင်းဆိုကာ ဤသို့ အဖြစ်မှန်သဘောသိမ်းပိုက်ထားခြင်းသည် ငြိမ်းချမ်းရေးကို ပိတ်ဆို့ထားမှု တစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့၏။

## ဘော့စနီးယား– ဟာဇီဂိုဗီးနား ပြည်တွင်းစစ်

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ယခင်ယူဂိုဆလားဗီးယားနိုင်ငံ၏

အခြေအနေမှာ "ပို၍ ရှုပ်ထွေးလျက်ရှိကြောင်း" ဖော်ပြခဲ့သည်။ ကုလသမဂ္ဂသည် လွန်ခဲ့သည့်နှစ် (၁၉၉၃) တွင် သေကျေပျက်စီးမှုများ ထပ်တလဲလဲဖြစ်ပွားခြင်း၊ စစ်ခင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်ခြင်း၊ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများဖြင့် လက်ရှိအရေးအခင်းများ ပြီးပြတ်ဖြေရှင်းရေးအတွက် နည်းလမ်းရှာဖွေရာ၌ အောင်မြင်မှုရတစ်လှည့် မရတစ်လှည့် ဖြစ်ရခြင်း စသည့်အခြေအနေများတွင် လုပ်ငန်းတာဝန်အမျိုးမျိုးအဖုံဖုံကို ဆောင်ရွက်ခဲ့ကြောင်း အတွင်းရေးမှူးချုပ်က တင်ပြသည်။ ယူဂိုဆလပ်အရေးတွင် အဓိကဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား ပြဿနာနှင့် ပတ်သက်၍ ဘော့စနီးယားအုပ်စုများနှင့် ညှိနှိုင်း၍ ငြိမ်းချမ်းရေးအတွက် ဖြေရှင်းချက်များ တစ်ခုပြီးတစ်ခု ရေးဆွဲ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဘက်ဘက်က ပယ်ချခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားသည်။

၁၉၉၄ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ ဘော့စနီးယားနှင့် ခရိုအေးရှားတို့ ပူးပေါင်း၍ ဖယ်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် သဘောတူညီချက် ရရှိကြပြီးနောက် ယင်းဖယ်ဒရေးရှင်းနှင့် ဘော့စနီးယားဆာဘ်တို့စပ်ကြား နယ်မြေခွဲဝေရေးအတွက် မြေပုံတစ်ခုကို ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့တွင် တင်ပြခဲ့သည်။ ပြင်သစ်၊ ဂျာမနီ၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်၊ အမေရိကန်တို့ ပါဝင်သည့် ဆက်သွယ်ရေးအဖွဲ့က ရေးဆွဲသည့် ထိုမြေပုံအရဆိုလျှင် ဘော့စနီးယား- ခရိုအက် ဖယ်ဒရေးရှင်းက နယ်မြေ ၅၁ ရာခိုင်နှုန်းကို ရရှိပြီး ဘော့စနီးယား ဆာဘ်တို့က နယ်မြေ ၄၉ ရာခိုင်နှုန်းခန့် ရရှိ မည် ဖြစ်သည်။ ဇူလိုင်အကုန်တွင် ယင်းမြေပုံကို ဘော့စနီးယား- ခရိုအက်ဖယ်ဒရေးရှင်းက လက်ခံသော်လည်း ဘော့စနီးယား ဆာဘ်တို့က လက်မခံ ခဲ့ပေ။ ဤနယ်မြေ ခွဲဝေရေး အဆိုပြုချက်နှင့်ပတ်သက်၍ ဘော့စနီးယားဆာဘ် တို့က ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၇ နှင့် ၂၈ ရက်နေ့များတွင် ပြည်သူ့ဆန္ဒခံယူပွဲ တစ်ရပ် ကျင်းပခဲ့ရာ ၎င်းဆန္ဒခံယူပွဲကလည်း ပယ်ချခဲ့လေသည်။

ခရိုအေးရှားနိုင်ငံတွင် အခြေအနေမှာ အန်းပတ်စ်ခေါ် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက်ထားသော ဒေသများ၌ ခရိုအေးရှားအာဏာပိုင်များနှင့် ဒေသရှိဆာဘ်လူမျိုးများ စပ်ကြား ပုံမှန်ဆက်ဆံမှုများပြုလုပ်တည်ဆောက်ရေး ကိစ္စမှာ တိုးတက်မှုမရှိဘဲ စိုးရိမ်ဖွယ်ဖြစ်နေသည်။

**လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်/ကြေညာချက်များ –** ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း လုံခြုံရေးကောင်စီသည် ယူဂိုဆလပ်ပြဿနာနှင့် ပတ်သက်၍ တရားဝင် သို့မဟုတ် အလွတ်သဘော အစည်းအဝေး ခြောက်ကြိမ်ကျင်းပကာ ဆုံးဖြတ်ချက် ငါးရပ်ချမှတ်ပြီး ကြေညာချက် သုံးရပ်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၉၄၂ (၁၉၉၄) ကိုထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ ၁ မဲ (တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် နယ်မြေခွဲဝေရေးကိစ္စကို အဆိုပြုသည့်အတိုင်း လက်မခံသဖြင့် ဘော့စနီးယား ဆာဘ်တို့အား ပြင်းထန်စွာ ရှုတ်ချပြီးလျှင် နိုင်ငံများအား ဘော့စနီးယား ဆာဘ်တို့နှင့် နိုင်ငံရေးဆွေးနွေးမှုများ မပြုလုပ်ကြရန်နှင့် စီးပွားရေးပိတ်ဆို့ အရေးယူမှုများ တိုးတက်ပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။ စက်တင်ဘာ ၂၂ ရက်နေ့တွင် ဆာရာယေဗိုမြို့၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်သားများမှာ "တမင်တကာ တိုက်ခိုက်ခြင်းခံခဲ့ရ" ပေရာ လုံခြုံရေးကောင်စီက စက်တင်ဘာ ၃၀ရက်နေ့တွင် ရှုတ်ချခဲ့သည်။ ဘော့စနီးယား ဆာဘ်ခေါင်းဆောင်များက ၎င်းတို့အပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့မှုများ ပြုလုပ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခြင်းကို တန်ပြန်သည့်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ၏ လှုပ်ရှားမှုများကို ပစ်ခတ်တိုက်ခိုက်မည်ဟု ပြောဆိုသည်ဆိုသော သတင်းများကို လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။

လုံခြုံရေးကောင်စီက ချမှတ်ခဲ့သော အခြားဆုံးဖြတ်ချက်တစ်ရပ်မှာ အမှတ် ၉၄၁ (၁၉၉၄) ဖြစ်၍ စက်တင်ဘာ ၂၃ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ဖြင့် ကောင်စီက လူမျိုးသန့်စင်ရေး လုပ်ဆောင်ချက်များမှာ လက်ခံနိုင်ခြင်းမရှိ၍ ပြစ်တင်ရှုတ်ချ ကြောင်း ဖော်ပြပြီး ဤလုပ်ဆောင်မှုများကို ချက်ချင်းရပ်စဲ ရန်နှင့် ပြည်ပြည်ဆိုင်ရာ၊ အထူးသဖြင့် ၁၉၄၉ ဂျီနီဗာကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။ ဤသို့ လူမျိုးသန့်စင်ရေး ရာဇဝတ်မှုကျူးလွန်သူများ အားလုံးသည် တစ်ဦးချင်းအနေဖြင့် တာဝန်ရှိမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုက်သည်။

**စစ်ဘက်လေယာဉ် ကျူးကျော်ပျံသန်းမှုများ–** လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၈၁၆ (၁၉၉၃) အရ ဘော့စနီးယား- ဟာဇီဂိုဗီးနားနိုင်ငံအပေါ် စစ်ဘက်လေယာဉ်

ပျံသန်းမှုများကို ပိတ်ပင်ထားသော်လည်း ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်းကျူးကျော် ပျံသန်းမှုများ ၈၈၃ ကြိမ်ရှိခဲ့ကြောင်း၊ ၄င်းမှာ လွန်ခဲ့သည့် သုံးလကထက် ၆၆၆ ကြိမ် ပိုမိုများပြားကြောင်း သိရှိခဲ့ရ၏။ ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်အထိ အချိန်ကာလအတွင်း၌လည်း စစ်ဘက်လေယာဉ်ကျူးကျော်ပျံသန်းမှုများအကြိမ်ပေါင်း ၇၆၉ ကြိမ်ခန့် ရှိခဲ့သည်ဟု ဆိုသည်။

**ဘီဟက်စစ်ပွဲ** – ၁၉၉၄ ခုနှစ်အောက်တိုဘာလအကုန်တွင် ဘော့စနီးယားအစိုးရတပ်များက စစ်ဆင်တိုက်ခိုက်၍ စစ်ပွဲအတွင်း နယ်မြေအများဆုံးသိမ်းပိုက်ရယူနိုင်ခဲ့သည်၊ သို့သော်လည်း နိုဝင်ဘာလအလယ်တွင် ဘော့စနီးယားဆာဘ်တို့က ခရိုအေးရှားမှ ကရာဂျီးနားဆာဘ်တို့၏ အကူအညီဖြင့် တန်ပြန်တိုက်ခိုက်ကာ ထိုနယ်မြေများကို ပြန်လည်သိမ်းပိုက် ရယူခဲ့ကြသည့်အပြင် ထိုထက်လွန်၍ ချီတက်ကာ ဘီဟက်မြို့အနီးသို့ပင် ချဉ်းကပ်ရောက်ရှိသွားခဲ့ကြသည်။ ကရာဂျီး နားဆာ့ဘ်တပ်များက ဒုံးပျံတိုက်ခိုက်မှုများ၊ လေကြောင်း တိုက်ခိုက်မှုများဖြင့် အကြိမ်ကြိမ်ပါဝင်တိုက်ခိုက်ပေးခဲ့၏။

နိုဝင်ဘာ ၂၁ ရက်နေ့တွင် နေတိုးလေယာဉ်များက ဥဒ်ဘီးနား လေယာဉ်ကွင်းကို တိုက်ခိုက်ခဲ့ကြ၏။ သို့သော်လည်း ဘော့စနီးယားဆာ့ဘ်တို့က ၄င်းလုံခြုံရေးဒေသကို ချင်းနင်းဝင်ရောက်ခဲ့ကြသည့်အပြင် ကရာဂျီးနားဆာ့ဘ်တို့ကလည်း စစ်ရေးအရပါဝင်စွက်ဖက်မှုများကို မရပ်မဆိုင်းဆက်လက်ပြုလုပ်ခဲ့ကြသည်။

ဘီဟက်စစ်ပွဲမှာ ပိုမိုပြင်းထန်လာရာ လူပေါင်း ၁၅၀,၀၀၀ အတွက် စားရေရိက္ခာပြဿနာမှာ အလွန်တရာအရေးတကြီးဖြစ်လာခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားခဲ့၏။ ဘီဟက်ဒေသရှိ အရပ်သားများ ထူထပ်စွာ နေထိုင်သောနေရာများမှာ “မလိုမရှောင်ရစိတ်ဖြင့် တိုက်ခိုက်မှုများ” ခံခဲ့ရ၏။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကရာဂျီးနားဆာ့ဘ်တပ်ဖွဲ့များဟု ခေါ်ဆိုသည့် တပ်ဖွဲ့များ၏ လေယာဉ်များက ဘီဟက်မြို့အား တိုက်ခိုက်ခြင်းနှင့် ကုလသမဂ္ဂမှ ကာကွယ်စောင့်ရှောက် ထားသောဒေသများမှ အမြောက်များဖြင့် ပစ်ခတ်ခြင်းများ ကို အလွန်ပြင်းထန်သော စကားလုံးများသုံး၍ ပြစ်တင်ရှုတ်ချခဲ့လေသည်။

လုံခြုံရေးကောင်စီသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလများအတွင်း ယူဂိုဆလပ် အရေးနှင့်ပတ်သက်၍ တရားဝင်နှင့် အလွတ်သဘောအစည်းအဝေး ၁၂ ကြိမ် ကျင်းပခဲ့၏။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၉၅၈ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားရှိ ကုလသမဂ္ဂကာကွယ်ရေးတပ်များကို ကူညီထောက်ပံ့ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လေကြောင်းအင်အား ပိုမိုတိုးချဲ့အသုံးပြုရန် ခွင့်ပြုချက် ပေးလိုက်သည်။ ထိုမှတစ်ပါး ထိုနေ့မှာပင် ဆုံးဖြတ်ချက်အမှတ် ၉၅၉ (၁၉၉၄) ကို တညီတညွတ်တည်း ချမှတ်ကာ ခရိုအေးရှားနှင့် ဘော့စနီးယား–ဟာဇီဂိုဗီးနားနှစ်နိုင်ငံ စပ်ကြား အပြည်ပြည်နယ်နိမိတ်အား ကျူးကျော်ဖောက်ဖျက်ခြင်းများ၊ အထူးသဖြင့် ကရာဂျီးနားဆာ့ဘ်တို့က ကျူး ကျော်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ဘီဟက်ဒေသရှိ ပြိုင်ဘက်အုပ်စုအားလုံး ခြွင်းချက်မရှိ ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်နှင့် ဘော့စနီးယားနိုင်ငံ တစ်ဝန်းလုံးတွင် အပစ်အခတ်နှင့် တိုက်ခိုက်မှုများရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးကြရန် တောင်းဆိုလိုက်သည်။ ထို့နောက် ဒီဇင်ဘာ ၂၃ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်နေ့များတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဘော့စနီးယား– ဟာဇီဂိုဗီးနားနိုင်ငံတစ်ဝန်းလုံးတွင် တိုက်ခိုက်မှုများရပ်စဲရေးအတွက် သဘောတူညီချက်များကို ဘော့စနီးယား– ဟာဇီဂိုဗီးနား သမ္မတ အလီဂျာအစ်ဇက် ဘီဂိုဗစ် နှင့် ဘော့စနီးယားဆာ့ဘ်ခေါင်းဆောင် ရာဒိုဗန်ကာရာဒစ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ခုနှစ်ရက်ကြာ အပစ်အခတ်ရပ်စဲမှုမှာ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စတင်အတည်ဖြစ်ခဲ့ပြီး လေးလကြာတိုက်ခိုက်မှုများ ရပ်စဲမှုမှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်အတည်ဖြစ်ခဲ့သည်။ ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ဘော့စနီးယား ခရိုအက်တို့က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် သဘောတူခဲ့ကြသည်။

**အထွေထွေညီလာခံ ဆုံးဖြတ်ချက်** – ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် ၄၉ ကြိမ်မြောက် အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် ၄၉/၁၀ ကို ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေ ၆၁ မဲဖြင့် ချမှတ်ကာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် ဖြစ်ပွားနေသော ဆိုးရွားသည့် အခြေအနေကို စိုးရိမ်ကြောင်း ဖော်ပြပြီး ယင်းနိုင်ငံအား

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ယူဂိုဆလားဗီးယား အပေါ် ချမှတ်ခဲ့သည့် လက်နက်ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့်ပြုရေး အတွက် လုံခြုံရေးကောင်စီအား အားပေးတိုက်တွန်းကြောင်း ဖော်ပြခဲ့သည်။ ဤကိစ္စကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်နေ့ များတွင် လုံခြုံရေးကောင်စီ၌ စဉ်းစားဆွေးနွေးကြရာ၊ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှားဖယ်ဒရေးရှင်း နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း များစွာတို့က ဆန့်ကျင်ခဲ့ကြသည်။

**ကုလသမဂ္ဂတပ်ဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း** – ၁၉၉၅ ခုနှစ်၊ ဇန်ဝါရီမှမတ်လအတွင်း လုံခြုံရေးကောင်စီသည် ယခင်ယူဂိုဆလားဗီးယားနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ တရားဝင်နှင့် အလွတ်သဘောအစည်းအဝေးခြောက်ကြိမ်ကျင်းပ ဆွေးနွေးပြီး ဆုံးဖြတ်ချက် လေးရပ်ချမှတ်၍ ကြေညာချက် လေးရပ်ထုတ် ပြန်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် ခရိုအေးရှားနိုင်ငံက ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက် ကျော်လွန်သည့်အခါ ကုလသမဂ္ဂ ကာကွယ်ရေးတပ်ဖွဲ့(အန်ပရိုဖိုး)များ ထပ်မံထားရှိခြင်းကို လက်ခံမည်မဟုတ်ကြောင်း ဆုံးဖြတ်ကာ ကုလသမဂ္ဂအား အကြောင်းကြားခဲ့ရာ အတွင်းရေးမှူးချုပ်အနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြ ဖြစ်ပွားခဲ့ရသည်။ လက်နက်ပိတ်ဆို့မှု ပြုလုပ်ထားလင့်ကစား ယင်းဒေသများ၌ လက်နက်များ အမြောက်အမြား စုပုံရောက်ရှိနေရာ စစ်ကျင်းတိုက်ခိုက်မှုများကြောင့် သေကျေပျက်စီးမှုများမှာ ၁၉၉၁– ၉၂ ကထက် များစွာ ပိုမိုများပြားဆိုးဝါးမည်ဖြစ်သည်။

ထို့ကြောင့် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၈၁၊ ၉၈၂ နှင့် ၉၈၃ တို့ကို ချမှတ်ကာ ခရိုအေးရှား၊ ဘော့စနီးယား– ဟာဇီဂိုဗီးနားနှင့် ယခင်ယူဂိုဆလားဗီးယား သမ္မတ မက်ဆီဒိုးနီးယားနိုင်ငံတို့အတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း တည်ထောင်ကာ ချထားပေးခဲ့သည်။

**ပြည်တွင်းစစ် အခြေအနေ** – ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ပြောကြားချက်အရ ဘီဟက်ဒေသ၌တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်မှတစ်ပါး ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် သဘောတူခဲ့ကြသော အပစ်အခတ်ရပ်စဲမှုကို လေးစားစွာ လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ဒီဇင်ဘာ ၃၁ရက်သဘောတူညီချက်၏ ပြဋ္ဌာန်းချက်အချို့ကိုမူ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း မရှိခဲ့ကြပေ။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဘီဟက်မြို့တစ်ဝိုက်တိုက်ပွဲများ ဆက်လက်တိုက်ခိုက်နေကြသည့်အတွက် အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဘီဟက်ဒေသသို့ သွားမည့် ထောက်ပံ့ရေးယာဉ်တန်းများအား ခရိုအေးရှားဆာ့ဘ်နှင့် ဖိကရက်အဗ္ဗဒစ်ခေါင်းဆောင်သည့် မူစလင်ခွဲထွက်တပ်ဖွဲ့ များက တားမြစ်ပိတ်ပင်ခြင်းကိုလည်းကောင်း၊ ခရိုအေးရှား၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အား ဆက်လက်ကျူးကျော် နေကြခြင်းကိုလည်းကောင်း ကောင်စီက ပြစ်တင်ရှုတ်ချပြီး "ဘီဟက်ဒေသရှိ တပ်ဖွဲ့များအား ချက်ချင်းအပစ်အခတ် ရပ်စဲကြရန်" တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃ရက်မှ မတ်လ ၃၁ ရက်အတွင်း စစ်ဘက်လေယာဉ်များ တားမြစ်ပိတ်ပင်ထားခြင်းကို ချိုးဖောက်ပျံသန်းကြသည့် အကြိမ်ပေါင်း ၈၄၀ ရှိကြောင်း သိရှိခဲ့ရသည်။ စောင့်ကြပ်ကြည့်ရှုမှု စတင်ပြုလုပ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှ ဆိုလျှင် စုစုပေါင်း ၄၂၇၄ ကြိမ် ရှိသွားပြီဖြစ်သည်။

## အီရတ်၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေ

အီရတ်နိုင်ငံတွင် ပတ်ဝန်းကျင်ထောက်လှမ်း စောင့်ကြည့်ရေးစနစ်ကို ကောင်းစွာတည်ထားပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အဖွဲ့(အိုင်အေအီးအေ)က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းအဖွဲ့၏ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့စွဲပါ အစီရင်ခံစာအရ ထိုနှစ် ဇွန်လ ၁၇ ရက်အထိ အီရတ်နိုင်ငံတွင် ယခင်က နျူကလီးယားလုပ်ငန်းများနှင့် သက်ဆိုင်သည့် အရာဝတ္ထုများအား ရွှေ့ပြောင်းဖျက်ဆီးခြင်း၊ သို့မဟုတ် စွမ်းအင်သတ္တိကင်းမဲ့အောင် ပြုလုပ်ခြင်းကိစ္စများ ကို ၂၄ ကြိမ် ပြုလုပ်ခဲ့သည်။ အိုင်အေအီးအေ၏ ၂၅ ခု မြောက် စစ်ဆေးရေးအဖွဲ့သည် အီရတ်နိုင်ငံတွင်းရှိ စက်ရုံ အလုပ်ရုံနှင့် နေရာဌာန ၂၄ ခုကို ၁၉၉၄ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၁ ရက်အတွင်း လှည့်လည်စစ်ဆေးခဲ့ရာ ပစ္စည်း ကိရိယာ တန်ဆာပလာမှာ တားမြစ်ထားသော ကိစ္စများအတွက် အသုံးပြုနေခြင်းကို မတွေ့ရှိခဲ့ရပေ။ ယင်းအဖွဲ့သည် ယခင်က အီရတ်တို့၏ နျူကလီးယား အစီအစဉ်များနှင့် ဆက်စပ်သည့် တာမီယာ၊ အယ်လ်အာသီးယားနှင့် အယ်လ်ရာကတ်မြို့များကိုလည်း စစ်ဆေးခဲ့သည်။

အီရတ်နိုင်ငံသည် ထွေပြားလှသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လိုက်နာခြင်းရှိ မရှိ ကေန့်အမှန်သိရှိစေမည် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်တစ်ရပ်ကို တည်ထောင်ဖန်တီးရာ၌ "အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း" ကုလသမဂ္ဂ၏ အီရတ်လက်နက်ဖျက်သိမ်းရေး အထူးကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကူဝိတ်၏ တိုင်ကြားချက်– အီရတ်နိုင်ငံသည် ကူဝိတ်နိုင်ငံကိုသာလျှင်မဟုတ် အီရတ်နှင့် ကုလသမဂ္ဂတို့၏ ဆက်ဆံရေးများကို ပြတ်သားစွာ ခြိမ်းခြောက်သည့် အသံလွှင့်ချက်တစ်ရပ်ကို ထုတ်လွှင့်ခဲ့ကြောင်း ကူဝိတ်နိုင်ငံက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အကြောင်းကြားခဲ့သည်။ အီရတ်သည် ကူဝိတ်နိုင်ငံအား နောက်တစ်ကြိမ် ကျူးကျော်တိုက်ခိုက်ဖွယ်ရှိကြောင်း ကူဝိတ်က သတိပေးခဲ့သည်။ အောက်တိုဘာ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်တပ်သားအမြောက်အမြားကို ဖြန့်ချထားသည့်သတင်းများရရှိ၍ အထူးစိုးရိမ်မကင်း ဖြစ်ရကြောင်း ကြေညာပြောဆိုခဲ့သည်။ အောက်တိုဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်က အီရတ်အနေဖြင့် ကူဝိတ်အပေါ်သဘောထားပုံကို စိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြကာ အီရတ်အနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အားလုံးကို အပြည့်အဝလိုက်နာကျင့်သုံးရန် အလေးအနက်ပြောကြားပြီး အီရတ်– ကူဝိတ်နယ်ခြားကို အီရတ်က ခြွင်းချက်မရှိ ချက်ချင်းအသိအမှတ်ပြုရန်လည်း တောင်းဆိုလိုက်သည်။ အောက်တိုဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရတ်အား ၎င်း၏ တပ်များအားလုံးကို အီရတ်တောင်ပိုင်းမှ ချက်ချင်းပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ ထို့နောက် အောက်တိုဘာ ၁၇ ရက်နေ့တွင် အမေရိကန်ကိုယ်စားလှယ်က အီရတ်တပ်များအား ပြန်လည်ရုပ်သိမ်းလျက်ရှိသည့် လက္ခဏာများတွေ့ရကြောင်း လုံခြုံရေးကောင်စီအား ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် အီရတ်က ၎င်းအနေဖြင့် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် လွတ်လပ်ရေးကို အသိအမှတ်ပြုသည့်အပြင် ကူဝိတ်နိုင်ငံ ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကိုလည်း အသိအမှတ်ပြုကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အကြောင်းကြားခဲ့သည်။ ဤသို့ အသိအမှတ်ပြုခြင်းကို လုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၆ ရက်နေ့တွင် ကြိုဆိုခဲ့သည်။

လက်နက်ဖျက်သိမ်းရေး တိုးတက်မှု – အီရတ်နိုင်ငံအား လက်နက်ဖြုတ်သိမ်းရေး အထူးကော်မရှင်က ၎င်း၏လုပ်ငန်းတာဝန် များမှာ ၁၉၉၄ ခုနှစ်၊ နှစ်လမှ ဒီဇင်ဘာလအတွင်း "များစွာ တိုးတက်မှု" ရှိခဲ့ကြောင်း အစီရင်ခံစာ တင်ပြခဲ့သည်။ အီရတ် နိုင်ငံအနေဖြင့် ယခုမျက်မှောက်အချိန်၌ ဓာတုဗေဒ၊ သို့မဟုတ် ပိုးမွှားလက်နက်များကဲ့သို့ လူများအားအစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များ ထုတ်လုပ် ပစ်ခတ်နိုင်စွမ်း မရှိတော့ကြောင်း ဟူ၍ ကော်မရှင်ဥက္ကဋ္ဌ ရော့ဖ်အီးကီးရပ်စ်က အောက်တိုဘာ ၁၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကော်မရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အားထုတ်ရာ၌ အီရတ် သည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ စစ်ဆေးလိုသည့် နေရာအားလုံးကို ဝင်ရောက်ခွင့်ပေးခဲ့ ကြောင်း၊ သို့သော်လည်း ယခင်က ချုံကလီးယားအစီအစဉ် များနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များပေးရာ၌မှု တာဝန်ကျေပွန်မှု များစွာ ယုတ်လျော့ကြောင်း ဖော်ပြ ခဲ့သည်။

ရေနံရောင်းရန် ခွင့်ပြုချက်ပေးခြင်း – အီရတ်ပြည်သူများ၏ အာဟာရဓာတ်ပြည့်ဝသော အစားအစာများစားသုံးရမှု အခြေအနေနှင့် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ် ဆုတ်ယုတ် ကျဆင်းလာခြင်းအတွက် စိုးရိမ်မကင်း ဖြစ်ကြရသဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၉၈၆ (၁၉၉၅) ကိုတညီတညွတ်တည်း ချမှတ်ပြီးလျှင် နိုင်ငံများအား အီရတ် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ်ကျ ဒေါ်လာ ၁ ဘီလီယံဖိုးအထိ ဝယ်ယူတင်သွင်းရန် ခွင့်ပြုခဲ့သည်။

အထက်ပါ ဆုံးဖြတ်ချက်သည် အီရတ်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လုံးဝထိပါးခြင်း၊ ထိခိုက်ခြင်းမရှိကြောင်း လုံခြုံရေးကောင်စီက အခိုင်အမာပြောဆိုခဲ့သည်။ ရေနံရောင်းရငွေများကို သုံးစွဲခြင်းနှင့် ပတ်သက်၍ စည်းကမ်းချက်များသတ်မှတ်ရာ၌ ဆေးဝါးများ၊ ကျန်းမာရေးအထောက်အပံ့ပြုပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အရပ်သားများအတွက် အထူးလိုအပ်သည့် အသုံးအဆောင်ပစ္စည်းပစ္စယများကိုသာ ဝယ်ယူတင်သွင်းရန် ဖြစ်ကြောင်း ကောင်စီက ပြဋ္ဌာန်းဖော်ပြခဲ့သည်။

**ကူဝိတ်နိုင်ငံအား အသိအမှတ်ပြုခြင်း** – အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံ၏ အချုပ်အခြာအာဏာနယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့ကို အသိအမှတ်ပြုကြောင်း အတည်ပြုကာပေးပို့လာသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂရုံးဌာန၏ မော်ကွန်းတိုက်သို့ ထည့်သွင်းလိုက်ပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

## လစ်ဗျားနိုင်ငံအား လုံခြုံရေးကောင်စီမှ အရေးယူထားခြင်းကိစ္စ

ခရီးသည်တင်လေယာဉ်ကြီးနှစ်စင်း ဖုံးဖောက်ခွဲခံရခြင်းအတွက် တာဝန်ရှိသူများ ဖော်ထုတ်ရေးတွင် လစ်ဗျားနိုင်ငံက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြောင်း အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က မကျေမနပ် ပြောဆိုခဲ့ကြရာ ဤအငြင်းပွားမှုဖြေရှင်းရေးအတွက် မိမိအနေဖြင့် မခြွင်းမချန် အစွမ်းကုန်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားနိုင်ငံက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။ မိမိနိုင်ငံသည် မည်သည့်ပုံစံမျိုးဖြင့်မဆို အကြမ်းဖက်မှုမှန်သမျှ အားလုံးကို အလုံးစုံ ပစ်ပယ်စွန့်လွှတ်၍ အကြမ်းဖက်မှုအားလုံးကို ရှုတ်ချပြီးဖြစ်ကြောင်း လစ်ဗျားနိုင်ငံက ပြောကြားခဲ့သည်။ သို့ဖြစ်စေကာမူ လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဤအရေးကို ဆွေးနွေးပြီးနောက် လစ်ဗျားနိုင်ငံအား လေကြောင်းနှင့် လက်နက်ပိတ်ဆို့မှုများ ပြုလုပ်ထားခြင်းကို ဆက်လက်ထားရှိသုံးသပ်သွားရန် သြဂုတ်လ ၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၄ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်နေ့တွင် လစ်ဗျားနိုင်ငံမှ မိုဟာမက်အေအဇာဝီက အမေရိကန်နိုင်ငံသည် ချက်(ဒ်)နိုင်ငံ၊ အင်ဂျာမီနာမြို့မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် တင်ပို့သယ်ဆောင်သွားသော လစ်ဗျားအကျဉ်းသား ၂၀၀ တို့အား ထိန်းသိမ်းထားရှိပြီး လေ့ကျင့်မှုများပေးလျက် ရှိရာ ဤအပြုအမူသည် လစ်ဗျားနိုင်ငံအား ကျူးကျော် စော်ကားမှုများ ပြုလုပ်မည့် စီမံချက်ဝင်လုပ်ရပ်တစ်ခုဟု ယူဆရမည်သာဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ပြောကြားခဲ့သည်။

ဤအတောအတွင်း အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)နှင့် အစ္စလမ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ကွန်ဖရင့်တို့က လုံခြုံရေးကောင်စီအား ၎င်း၏ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်စဉ်းစားကာ လစ်ဗျားနိုင်ငံအပေါ် ချမှတ်ထားသော တားမြစ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တိုက်တွန်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တစ်ဖန် အိုအေယူနှင့် အာရပ်နိုင်ငံများအစည်းအရုံးတို့က လစ်ဗျားနိုင်ငံအပေါ် အရေးယူထားမှုများ ဖယ်ရှားပေးရန် ဆုံးဖြတ်တောင်းဆိုခဲ့ကြသေးသော်လည်း ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ယင်းကိစ္စကို ပြန်လည်သုံးသပ်ပြီး အရေးယူထားမှုများကို ပြင်ဆင်ရန် လိုအပ်သော အကြောင်းအချက် အခြေအနေများ မရှိသေးဟုယူဆကာ ပိတ်ဆို့ထားရှိမှုများကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့က လော့ကာဘီကောင်းကင်ယံ၌ ဖုံးဖောက်ခွဲသည်ဟု ထင်မြင်ယူဆထားသူနှစ်ဦးအား ဗြိတိန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရန် တောင်းဆိုပြီး ၎င်းတို့အား တရားမျှတစွာ စစ်ဆေးစီရင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဆိုမားလီးယား ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လအချိန်တွင် ဆိုမားလီးယားနိုင်ငံ၏ အခြေအနေမှာ ဒေသအများအပြား၌ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ လုံခြုံရေး အခြေအနေသာလျှင် အထူးသဖြင့် မိုဂါဒစ်ရှူးဒေသ၌ သိသိသာသာ ဆုတ်ယုတ် ကျဆင်းလျက် ရှိခဲ့သည်။ သြဂုတ် ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားနိုင်ငံ၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုများကို "အတန်ငယ်ကြာမျှ ဆက်လက်ထားရှိရန်" ထောက်ခံတင်ပြခဲ့သည်။

ဤသို့ထောက်ခံတင်ပြခြင်းမပြုမီ ဆိုမားလီးယားနိုင်ငံရေး ပါတီများ၏ နိုင်ငံရေးအစည်းအဝေးတစ်ရပ်ကို ဂျီဘူတီနိုင်ငံ၊ ဂျီဘူတီမြို့တော်၌ ၁၉၉၄ ခုနှစ်၊ သြဂုတ် ၁၃ မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလထက်နောက်မကျစေဘဲ ခေါ်ယူကျင်းပရန် ကြေညာခဲ့သည်။ ထို့နောက်တွင် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ်– ၂) ၏ သက်တမ်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်နေ့အထိ တစ်လတိုးရန် ထောက်ခံမဲ ၁၄ မဲနှင့် ကန့်ကွက်မဲ မရှိဖြင့် ချမှတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ကြားနေမဲပေးရာ၌ ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့်လေးလအတွင်း နိုင်ငံရေး ပြန်လည်စည်းလုံးမှုနှင့် ပတ်သက် ၍ တိုးတက်မှု လုံးဝမရှိကြောင်း ထောက်ပြခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၄ မှ ၂၉ ရက်အထိ လုံခြုံရေးကောင်စီမှ စေလွှတ်သော အဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဆိုမာလီနိုင်ငံသို့ သွား ရောက် လေ့လာပြီး နိုဝင်ဘာ ၃ ရက်နေ့တွင် အစီရင်ခံရာ၌ ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းဆောင်ရွက်မှုတပ်ဖွဲ့ (ယူနိုဆုမ် – ၂) အား ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထက် ကျော်လွန်၍ သက်တမ်းတိုးထားရှိရန် မည်သည့်ဆိုမာလီ အုပ်စုကမှ တောင်းဆိုခြင်း မပြုကြောင်း တင်ပြခဲ့သည်။ ဤတွင် လုံခြုံရေးကောင်စီက အောက်တိုဘာ ၃၁ ရက်နေ့တွင် ယူနိုဆုမ်– ၂ ၏ သက်တမ်းကို နိုဝင်ဘာ ၄ ရက်အထိ ကြားဖြတ်ကာလအဖြစ် တိုးမြှင့်ပြီး၊ ထိုနေ့သို့ ရောက်ရှိသည့်အခါ ဆုံးဖြတ်ချက်အမှတ် ၉၅၄ (၁၉၉၄) ကို ချမှတ်ကာ ယူနိုဆုမ် –၂ ၏ သက်တမ်းကို နောက်ဆုံးအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးချဲ့သတ်မှတ်လိုက်သည်။ ဤတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဆိုမားလီးယားတွင် ငြိမ်းချမ်းရေးကို နိုင်ငံခြားတိုင်းပြည်များက အတင်းချပေး၍မရနိုင်ကြောင်း၊ အားလုံးကလက်ခံ၍ အခွန့်ရှည်ကြာ တည်တံ့သော ငြိမ်းချမ်းရေးကို ဆိုမာလီတို့ထံမှသာလျှင် ရရှိနိုင်ကြောင်းပြောကြားကာ လုံခြုံရေးကောင်စီက ဆိုမာလီအုပ်စုများအား အပစ်အခတ်ရပ်စဲရေး နှင့် အသွင်ကူးပြောင်းရေး အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးကြရန် အဆိုပါဆုံးဖြတ်ချက်ဖြင့် တိုက်တွန်းလိုက်သည်။ တစ်ချိန်တည်းတွင် ဆိုမာလီနိုင်ငံသို့ လက်နက်နှင့် စစ်ပစ္စည်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားခြင်းနှင့် ပတ်သက်၍တင်းကျပ်စွာ စောင့်ကြည့်ရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဆိုမားလီးယားနိုင်ငံမှ ကုလသမဂ္ဂတပ်ဖွဲ့ (ယူနိုဆုမ် –၂) အား ရုပ်သိမ်းခြင်းကိစ္စမှာ အလုံးစုံပြီးဆုံးခဲ့သည်။ ထိုနေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂသည် ဆိုမားလီးယားအား ပစ်ထားမည်မဟုတ်ကြောင်း၊ သို့သော်လည်း အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနှင့် လူမှုရေးအကူအညီများ ရရှိရေးမှာ ဆိုမာလီခေါင်းဆောင်များက ကုလသမဂ္ဂနှင့် လူမှုရေးအေဂျင်စီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရနိုင်သည့် အကူအညီပမာဏနှင့် လုံခြုံရေးအခြေအနေတို့အပေါ်တွင် တည်ရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုမာလီတို့အနေဖြင့် နိုင်ငံရေး ပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးရရှိကြရန် တိုက်တွန်းခဲ့သည်။ ထို့နောက် ဧပြီလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်၏ ကြေညာချက်ကို ထောက်ခံပြီး ဆိုမာလီအုပ်စုများ ပြန်လည်စည်းလုံး ညီညွတ်ရေးကိစ္စတွင် ကူညီမှုပေးရန်အတွက် နိုင်ငံရေး မစ်ရှင်အဖွဲ့ ကလေးတစ်ခု ဆက်လက်ထားရှိရန် အတွင်းရေးမှူးချုပ်၏ ရည်ရွယ်ချက်ကို ကြိုဆိုလက်ခံလိုက်သည်။

## ရဝမ်ဒါ ပြည်တွင်းရေးအခြေအနေ

၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရဝမ်ဒါနှင့် ဘူရွန်ဒီ သမ္မတများ လေယာဉ်ပျက်ကျရာ၌ ကွယ်လွန်ခဲ့ကြပြီးနောက် သုံးလ ကြာ သွေးချောင်းစီးပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ရဝမ်ဒါ၏ မူလရှိရင်းလူဦးရေ ၇ ဒသမ ၉ သန်းမှာ ၅ သန်းသို့ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ ပြည်တွင်း၌ အသက်မသေ ကျန်နေသူ ၈ သိန်းမှ ၂ သန်းအထိမှာ သူတို့နေထိုင်ရာ နေရာများကို စွန့်ခွာ၍ အရပ်တစ်ပါးသို့ ရောက်ရှိနေကြပြီး အခြားလူပေါင်း ၂ သန်းမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

ဤနိုင်ငံ၌ "မျိုးသုဉ်း မျိုးပြုတ်သတ်ဖြတ်မှု" ခံရသူဦးရေမှာ တစ်သန်းခန့်အထိ ရှိနိုင်သည်ဟု အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက ခန့်မှန်းပြောဆိုခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ လူမှုရေးဥပဒေအား အကြီးအကျယ် ကျူးလွန်ချိုးဖောက်မှုများနှင့် မျိုးတုံးမျိုးသုဉ်းလုပ်ရပ်များကို စနစ်တကျ ပြုလုပ်မှုများနှင့် ပတ်သက်သည့်သာဓကများအပေါ် စစ်ဆေးဆုံးဖြတ်နိုင်ရန် "ဘက်မလိုက်သော ကျွမ်းကျင်သူများ ကော်မရှင်" အဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းထူထောင်ရန် တောင်းဆိုခဲ့သည်။

ထိုနေ့ (ဇူလိုင် ၁ ရက်) မှာပင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါ၌ တိုက်ပွဲများဆက်လက်တိုက်ခိုက်နေကြပြီး ရဝမ်ဒါမျိုးချစ်တပ်ဦး (အာရ်ပီအက်ဖ်) တပ်သားများ ရှေ့သို့ချီတက်နေခြင်းကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ပြောကြားပြီး အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။ ဇူလိုင် ၁၄ ရက်နေ့တွင် လူပေါင်း ၁၀၀,၀၀၀

ခန့် ရဝမ်ဒါနိုင်ငံမှ ဇိုင်ယာနိုင်ငံ ဂိုမာမြို့ဒေသသို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ကြသည်။ ထိုနောက် ဇူလိုင် ၁၈ ရက်နေ့တွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ အရေးအခင်းဖြစ်ပွားပြီးနောက် ဖွဲ့စည်းတည်ထောင်ခဲ့သော "ကြားဖြတ်အစိုးရ" အဖွဲ့သည် ရဝမ်ဒါနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းများက ဖော်ပြခဲ့ပြီး အာရ်ပီအက်ဖ်ပါတီက ရဝမ်ဒါနိုင်ငံ တစ်ဝန်းလုံး လိုလိုကို သိမ်းပိုက်ထိန်းချုပ်ကာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ရာ ပြည်တွင်းစစ်မှာ ထိထိရောက်ရောက် ပြီးဆုံး သွားခဲ့သည်။ ဇူလိုင် ၁၉ ရက်နေ့တွင် ဘက်စုံကျယ်ပြန့်သော အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ စက်တင်ဘာ ၂၈ ရက်နေ့တွင် ရဝမ်ဒါအစိုးရသစ်က ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိစေပြီး စစ်ပြေးဒုက္ခသည်များ ပြန်လာကြရန် အားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ထပ်လောင်းကတိပြု ပြောကြားလိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၅၅ (၁၉၉၄)ကို ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (ရဝမ်ဒါ) နှင့် ကြားနေ ၁ မဲ(တရုတ်ပြည်) ဖြင့် ချမှတ်ပြီးလျှင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ရဝမ်ဒါနိုင်ငံတွင်း၌ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၌လည်းကောင်း မျိုးတုံး မျိုးသုဉ်းသတ်ဖြတ်မှုနှင့် အပြည်ပြည်လူမှုဥပဒေများအား အကြီးအကျယ် ကျူးလွန်ဖောက်ဖျက်မှု ကျူးလွန်သူများ အား တရားစစ်ဆေးစီရင်ရန် နိုင်ငံတကာတရားရုံးတစ်ရုံးကို တည်ထောင်လိုက်သည်။

နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၆၅ (၁၉၉၄)ဖြင့် ကုလသမဂ္ဂ အကူ အညီပေးရေးမစ်ရှင် (ယူနာမီး)၏ သက်တမ်းကို ၁၉၉၅ ခုနှစ်၊ ဇွန်လအထိ တိုးမြှင့်ပြီး ဒုက္ခသည်များအား ကာကွယ် စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေး ပစ္စည်းဖြန့်ချိမှုများ အတွက် လုံခြုံမှုပေးရေးနှင့် အုပ်စုကွဲများအနေဖြင့် ၁၉၉၃ အရူရှာ ငြိမ်းချမ်းရေးသဘောတူညီချက်အရ ပြန်လည် စည်းလုံး ညီညွတ်မှု ရရှိရေးတို့အတွက် တာဝန်ပေးလိုက် သည်။ ထိုအချိန်တွင် ရဝမ်ဒါစစ်ပြေးဒုက္ခသည်များမှာ နှစ်သန်းခန့်ရှိပြီး ပြည်တွင်း၌ နေရင်းရပ်ရွာမှအရပ် တစ်ပါးသို့ ရောက်ရှိနေကြသူများမှာ လူပေါင်း တစ်သန်းခွဲမှ နှစ်သန်းခန့်အထိ ရှိနေသည်။

ဤအတောအတွင်း စစ်ပြေးဒုက္ခသည်စခန်းများတွင် လုံခြုံရေးအခြေအနေများ တိုးတက်ဆိုးဝါးလာသည်။ ယခင် ရဝမ်ဒါအစိုးရတပ်ဖွဲ့များ (အာရ်ဂျီအက်ဖ်) များက လူ အင်အားစုဆောင်း၍ လေ့ကျင့်မှုပေးခြင်းလုပ်ငန်းနှင့် အစိုးရ သစ်အား ဆန့်ကျင်သောဝါဒဖြန့်မှုများ တက်ကြွစွာ ပြုလုပ်လာကြသည့် သာဓကများ တွေ့မြင်လာရသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီ က ယခင် ရဝမ်ဒါခေါင်းဆောင်များ၊ အစိုးရတပ်ဖွဲ့များနှင့် ရပ်ရွာကာကွယ်ရေးတပ်များအနေဖြင့် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မှုများအား တားဆီးခြင်း၊ အချို့ကိစ္စများ၌ အင်အားသုံးပိတ်ပင်ခြင်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးကမ်းရာ၌ နှောင့်ယှက်ခြင်းများကို ပြစ်တင်ရှုတ်ချလိုက် သည်။ ဒုက္ခသည်များအား လက်စားချေခြင်း မပြုလုပ်ကြ ရန်နှင့် သူတို့၏ ပစ္စည်းပိုင်ခွင့်များကိုလည်း ထိပါး နှောင့်ယှက်ခြင်း မပြုကြရန်လည်း သတိပေးနှိုးဆော် လိုက်သည်။

ဤအတောအတွင်း ကျွမ်းကျင်သူများ ကော်မရှင်အဖွဲ့ က ဟူတူမျိုးနွယ်များအနေဖြင့် တွတ်ဆီမျိုးနွယ်များအား မျိုးတုံးမျိုးသုဉ်းပြုလုပ်ခြင်းအတွက် သက်သေသာဓက အမြောက်အမြားရှိကြောင်း ၊ အပြည်ပြည်ဆိုင်ရာလူမှုရေး ဥပဒေကို နှစ်ဦးနှစ်ဖက်စလုံးမှ ကျူးလွန်ဖောက်ဖျက်ကြ သော်လည်း တွတ်ဆီတို့အနေဖြင့် ဟူတူတို့အား မျိုးဖြုတ် လိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုဆိုနိုင်သော သက်သေအထောက်အထားများမရှိကြောင်း ကောက်ချက် ချ ဆုံးဖြတ်ခဲ့ပေသည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ရဝမ်ဒါစစ်ပြေးဒုက္ခသည်များ၏ ပြဿနာမှာ စံမတူအောင် ရှုပ်ထွေးကြီးမားလှကြောင်း သတိ ပေး ပြောကြားပြီး တန်ဇားနီးယားနှင့် ဇိုင်ယာနိုင်ငံများတွင် လူပေါင်းနှစ်သန်းခန့်ရှိကြောင်း ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ရဝမ်ဒါဒုက္ခသည် စခန်းများ၊ အထူးသဖြင့် ဇိုင်ယာနိုင်ငံရှိ စခန်းများ၌ ဆက်လက်ပြုလုပ်နေသော ခြိမ်းခြောက်မှုများနှင့် လုံခြုံရေး ပြဿနာများကို အထူးစိုးရိမ်ခြင်းဖြစ်ရကြောင်း ကြေညာ ပြောကြားခဲ့လေသည်။ ဤအတောအတွင်း တရုတ်၊ ချက်၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ရဝမ်ဒါနိုင်ငံသို့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုတိုးတက်ဖြစ်ပေါ်ရေးအတွက် ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်နေ့များတွင် သွားရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ပြေးဒုက္ခသည်များ

ပြန်မလာဝံ့ကြသည်မှာ ကြောက်ရွံ့ကြခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြပြီး၊ ရဝမ်ဒါအစိုးရ၊ စစ်ပြေးဒုက္ခသည် ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင်ဆွေးနွေး ပြောဆိုသင့်ကြောင်း မစ်ရှင်အဖွဲ့က ထောက်ခံတင်ပြခဲ့ ပေသည်။

## အင်ဂိုလာငြိမ်းချမ်းရေး ပြဿနာ

အနှစ် ၂၀ ကြာခဲ့ပြီဖြစ်သော အင်ဂိုလာပြည်တွင်းစစ် အခြေအနေမှာ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ပြည်နယ် ၁၈ ပြည်နယ် အနက် ၁၁ ပြည်နယ်တွင် တိုက်ပွဲများတိုးတက် ပြင်းထန်လျက် ရှိသည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် - ၉၃၂ (၁၉၉၄)ဖြင့် လူဆာကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ တင်ပြခဲ့သော ငြိမ်းချမ်းရေး အဆိုပြုချက်များကို တရားဝင်လက်ခံရန် ယူနီတာအုပ်စုအား တိုက်တွန်းပြီး လက်မခံလျှင် ယင်းအဖွဲ့အပေါ် ရေနံနှင့် လက်နက်ပိတ်ဆို့မှုများ ပြုမည်ဖြစ်ကြောင်း ပြောကြား လိုက်သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယလဝက်ပိုင်းတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အဆိုပြု ချက်များ အားလုံးနှင့် ပတ်သက်၍ သဘောတူညီချက်များ ရရှိခဲ့သည်။ သို့သော် ၎င်းတို့အား အကောင်အထည်ဖော်ရန် နည်းလမ်းများနှင့် ပတ်သက်၍ကား ပြေလည်မှု မရခဲ့ ကြပေ။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့တွင်မှ လုံခြုံရေး ကောင်စီက ယူနီတာအုပ်စုအနေဖြင့် အထက်ဖော်ပြပါ အဆိုပြုချက်များအားလုံးကို တရားဝင်လက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ယူနီတာပါတီ အပေါ် နောက်ထပ်တားမြစ်ပိတ်ဆို့မှုများ ချမှတ်မည်မဟုတ်ကြောင်း ကောင်စီက စက်တင်ဘာ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် - ၉၄၅(၁၉၉၄)ကို တညီတညွတ်တည်း ချမှတ် ခဲ့သည်။ သို့သော်လည်း အင်ဂိုလာတစ်နိုင်ငံလုံးတွင် စစ်ဆင်တိုက်ခိုက်မှုများ တိုးတက်ပြုလုပ်နေကြခြင်းကို ရှုတ်ချကြောင်း ဖော်ပြပြီး စစ်ဆင်မှုများကို ပြိုင်ဘက်အုပ်စု နှစ်စုလုံးက ရပ်ဆိုင်းကြရန် ထပ်လောင်းတောင်းဆို လိုက်သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အင်ဂိုလာ အစိုးရနှင့် ယူနီတာပါတီတို့သည် လူဆာကာမြို့၌ အင်ဂိုလာ ငြိမ်းချမ်းရေးအတွက် အခြေပြစာချုပ်တစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြရာ လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့ တွင် ကြိုဆိုခဲ့သည်။ အခြေပြစာချုပ်တွင် ရွေးကောက်ပွဲ ကျင်းပရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှု ပြဿနာပြီးစီးရေးအတွက် ပြဋ္ဌာန်းချက်များ ပါရှိသည်။

အခြေပြစာချုပ် ချုပ်ဆိုပြီးနောက် နှစ်ရက်ကြာသော အခါ အပစ်အခတ်ရပ်စဲမှု စတင်သက်ဝင် အတည်ဖြစ်ခဲ့ သည်။ တိုက်ခိုက်မှုများကျဆင်းသွားခဲ့သည်။ သို့သော်လည်း နိုဝင်ဘာ ၂၄ ရက်နေ့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွား လာ၍ ပိုမိုပြင်းထန်လာကြောင်း သတင်းများထွက်ပေါ်လာခဲ့ ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် - ၉၇၆ (၁၉၉၅) ကို ချမှတ်ပြီး၊ အင်ဂိုလာနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး အတွက် အင်ဂိုလာ စိစစ်ရေးမစ်ရှင်အဖွဲ့ ( ယူနာဗမ် - ၃) ဟူသော အမည်ဖြင့် အဖွဲ့သစ်တစ်ဖွဲ့ကို ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးတို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်တစ်လခန့်အကြာ မတ်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အင်ဂိုလာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှု များနှင့် ပတ်သက်သည့် တိုင်ကြားချက်များရရှိ၍ အထူးစိုးရိမ် မကင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

**မိုဇမ်ဘစ်ပြဿနာ ဖြေရှင်းပြီးပြတ်ခြင်း** - မိုဇမ်ဘစ် ပြည်တွင်းစစ်ပြဿနာနှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့ကပင် အထွေထွေငြိမ်းချမ်းရေး သဘောတူညီချက် တစ်ရပ်ကို မိုဇမ်ဘစ်အစိုးရ (ဖရီးလီမို ပါတီ) နှင့် မိုဇမ်ဘစ် အမျိုးသား တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ (ရီနာမို ) တို့က ရောမမြို့၌ ချုပ်ဆိုခဲ့ကြသည်။ ထိုနှစ် ဒီဇင်ဘာလမှာပင် ကုလသမဂ္ဂအဖွဲ့ကြီးက မိုဇမ်ဘစ် နိုင်ငံအတွင်း ကုလသမဂ္ဂ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (အိုနူမော့ဇ်) ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

အထက်ပါ စာချုပ်တွင် မိုဇမ်ဘစ်ကာကွယ်ရေးတပ်ဖွဲ့ အသစ် တစ်ဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်တစ်ရပ်လည်း ပါရှိသည်။ သို့သော်လည်း ၁၉၉၄ ခုနှစ် နှစ်လယ်ပိုင်းအထိ ဤကိစ္စမှာ အကောင်အထည်မပေါ်သေးရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အစိုးရတပ်များအား စုစည်း၍ တပ်ဖြုတ် ခြင်းကို အလျင်အမြန် ပြုလုပ်ရန် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၇

ရက်နေ့တွင် တိုက်တွန်း ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မိုဇမ်ဘစ်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၇ မှ ၁၂ ရက် နေ့အထိ စေလွှတ်၍ အခက်အခဲရှိနေသော ကိစ္စများကို ညှိနှိုင်းဆောင်ရွက်စေခဲ့သည်။ ဩဂုတ် ၂၆ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က မိုဇမ်ဘစ်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အားတက်ဖွယ် အရေးကြီးသော တိုးတက်မှုများရှိ ကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

ထိုမှ နောက်နှစ်လခန့်အကြာတွင် မိုဇမ်ဘစ်နိုင်ငံ၌ ပထမဆုံး ပါတီစုံ ရွေးကောက်ပွဲကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၂၇ မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ မှတ်ပုံတင်ထားသော ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းအနက် ၈၇ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်မဲဆန္ဒပေးသည့် သမ္မတ ရွေးကောက်ပွဲတွင် ထိုစဉ်က သမ္မတအဖြစ်ဆောင်ရွက်နေသူ သမ္မတ ဂျိုယာကင်ချစ်ဆာနိုက အနိုင်ရရှိ၍ ရီနာမိုပါတီ ဥက္ကဋ္ဌ အဖွန်ဆိုဒါလိုကာယက ဒုတိယရှိခဲ့သည်။ ဥပဒေပြုရွေးကောက်ပွဲတွင်လည်း ဖရီးလီမိုပါတီက အမတ်နေရာ ၁၂၉ ဖြင့် အနိုင်ရရှိခဲ့ပြီး ရီနာမိုပါတီနှင့် ယူဒီပါတီတို့က ၁၀၉ နေရာနှင့် ၁၂ နေရာ အသီးသီးရရှိခဲ့ကြသည်။

ရွေးကောက်ပွဲများမှာ လွတ်လပ်၍တရားမျှတကြောင်း လုံခြုံရေးကောင်စီက နိုဝင်ဘာ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၆၀ (၁၉၉၄) ဖြင့် အတည်ပြုခဲ့သည်။ ထို့အပြင် မိုဇမ်ဘစ်ပါတီများအား ရွေးကောက်ပွဲရလဒ်များကို အလုံးစုံ လက်ခံကျင့်သုံးပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

မိုဇမ်ဘစ်နိုင်ငံ၏ ပါလီမန်အသစ်ကို မာပူတိုမြို့တော်၌ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့တွင် ဖွင့်လှစ်ပြီး နောက်တစ်နေ့တွင် သမ္မတချစ်ဆာနိုအား ရာထူးပေးအပ်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂ၏ မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု တပ်ဖွဲ့ (အိုနူမော့ဇ်)၏ တာဝန်ခန်းသည် တရားဝင်ပြီးဆုံး ခြင်းသို့ ရောက်ရှိခဲ့လေသည်။

## လိုင်ဘေးရီးယား ပြည်တွင်းစစ်ပြဿနာ

အာဖရိကအနောက်ဘက် အလယ်ပိုင်း ပင်လယ်ကမ်းခြေရှိ လိုင်ဘေးရီးယားနိုင်ငံ၌ နိုင်ငံရေးအုပ်စု သုံးစုတို့ စပ်ကြား သုံးနှစ်ခွဲကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် ကိုတိုနိုငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့သော် အုပ်စုများက အချိန်ဆွဲမှုနှင့် အခက်အခဲများ ဖန်တီးခဲ့ကြသဖြင့် နောက်ထပ်သဘောတူညီချက်များ ဆက်လက် ပြုလုပ်ခဲ့ကြရသည်။

၁၉၉၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် လိုင်ဘေးရီးယား အမျိုးသားအသွင်ကူးပြောင်းရေး အစိုးရကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသော်လည်း နောက်ထပ်ခြောက်လကြာသည့်တိုင်အောင် အစိုးရအဖွဲ့ကို မတည်ထောင်နိုင်သေးဘဲ ရှိခဲ့ကြသည်။

အစပထမ၌ ကိုနိုထိုစာချုပ်အရ တိုးတက်မှုများရှိခဲ့သော်လည်း ၁၉၉၄ ခုနှစ်၊ ဧပြီလနောက်ပိုင်းတွင် လိုင်ဘေးရီးယားပြည်တွင်းအခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲကာ အုပ်စုများအချင်းချင်း တိုက်ခိုက်မှုများ တိုးတက်ပြင်းထန်လာပြီး ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့သည်။ ဤတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၁၆ မှ ၂၆ ရက်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ် မစ္စတာ လက္ခဒါဖြာမီဏီသည် လိုင်ဘေးရီးယားသို့ သွားရောက်ပြီး သက်ဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြိုင်ဘက်အုပ်စုပေါင်းစုံပါဝင်သော အစည်းအဝေးတစ်ရပ်ကို ဂါနာနိုင်ငံ ၊ အာကိုဆွမ်ဘိုမြို့၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေး လုပ်ငန်း ဖော်ဆောင်ရာ၌ နှောင့်နှေးခြင်းဖြစ်နေမှုများကို ဆွေးနွေးကြပြီး စက်တင်ဘာ ၁၂ ရက်နေ့တွင် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်ဖက်တွင် အာကိုဆွမ်ဘို သဘောတူစာချုပ်ကို ချုပ်ဆိုနေကြစဉ် တစ်ဖက်၌ ပြည်တွင်းတိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာပြီး စက်တင်ဘာ ၉ ရက်နေ့တွင် ကုလသမဂ္ဂစစ်ဘက် အကဲခတ်ပုဂ္ဂိုလ် ၄၃ ဦးနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခြောက်ဦးတို့ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ကြရပြီး စက်တင်ဘာ ၁၈ ရက်နေ့တွင်မှ လွတ်မြောက်လာခဲ့ကြသည်။ ဤတွင် ကုလသမဂ္ဂမှ အကဲခတ်မစ်ရှင်အဖွဲ့ (ယူနိုမီလ်)၏ အင်အားကို ၃၆၈ မှ ၉၀ ခန့်သို့ လျှော့ချခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအလယ်တွင် အတွင်းရေးမှူး ချုပ်က လိုင်ဘေးရီးယားဒေသသို့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ ဒေသခေါင်းဆောင်များနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် အက္ကရာမြို့၌ သဘောတူညီချက်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြသည်။

အထက်ပါစာချုပ်အရ အုပ်စုများစပ်ကြား အပစ်အခတ် ရပ်စဲမှုသည် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပြန်လည်အတည်ဖြစ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလဦးပိုင်းတွင် ပြန်လည်ပျက်ပြားသွားခဲ့ပြန်သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၇၂ (၁၉၉၅)ကို တညီတညွတ်တည်း ချမှတ်ပြီး လိုင်ဘေးရီးယားအုပ်စုများအနေဖြင့် အက္ကရာ သဘောတူစာချုပ်ရ နိုင်ငံတော်ကောင်စီသစ်တစ်ရပ် ဖွဲ့စည်းရေးတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့်ပတ်သက်၍ သဘောတူညီမှုမရကြခြင်းကို အထူးစိုးရိမ်မကောင်း ဖြစ်ရကြောင်း ဖော်ပြခဲ့သည်။

အမှန်စင်စစ် ပြည်တွင်းစစ်အဆုံးမသတ်နိုင်ဖြစ်နေခြင်းမှာ ပြိုင်ဘက်အုပ်စုများအချင်းချင်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌခန့်ထားရေးကိစ္စတွင် ဈေးဆစ်အငြင်းပွားနေကြခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုများ ရပ်တန့်နေလျှင် ကုလသမဂ္ဂအကဲခတ်မစ်ရှင်အဖွဲ့ ရုပ်သိမ်းရေးအပါအဝင် နည်းအမျိုးမျိုးဖြင့်အရေးယူဆောင်ရွက်ရန် စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး ချုပ် အက်စ်ဂျီကူယာတေခေါင်းဆောင်သော ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ကလည်း လိုင်ဘေးရီးယားအုပ်စုများစပ်ကြား နိုင်ငံရေးညှိနှိုင်း လိုက်လျောသဘောတူညီမှုမရရှိလျှင် နိုင်ငံတကာထောက်ပံ့ကူညီမှုများလည်း ရပ်ဆိုင်းသွားမည် ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် လုံခြုံရေးကောင်စီကဆုံးဖြတ်ချက် ၁၀၀၁ (၁၉၉၅) ကို ချမှတ်ပြီး ငြိမ်းချမ်းရေးအတွက် တိုးတက်မှုမရှိလျှင် ကုလသမဂ္ဂအကဲခတ်အဖွဲ့၏ သက်တမ်းကို စက်တင်ဘာ ၁၅ ရက်နောက်ပိုင်းတွင် တိုးချဲ့မည်မဟုတ်ကြောင်း ကြေညာပြောဆိုခဲ့သည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့တွင် လိုင်ဘေးရီးယား အုပ်စုခေါင်းဆောင်များက တိုက်ခိုက်မှုများရပ်စဲပြီး တစ်နှစ်အတွင်း ရွေးကောက်ပွဲများကျင်းပကြရန် သဘောတူခဲ့ကြသည်။ အပစ်အခတ်ရပ်စဲမှုသည် ၁၉၉၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်နေ့တွင် အတည်ဖြစ်လာခဲ့သည်။ တစ်ဆက်တည်း အားဖြင့် စက်တင်ဘာ ၁ ရက်နေ့တွင် လိုင်ဘေးရီးယားနိုင်ငံ၏ နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းတည်ထောင်ပြီး အဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

## ဆိုက်ပရပ်ပြဿနာ ဖြေရှင်းရေး

၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ၉၃၉ (၁၉၉၄) ကို ချမှတ်၍ ဆိုက်ပရပ်နိုင်ငံ တွင် အခြေအနေတိုးတက်မှု မရှိခြင်းမှာ လက်ခံနိုင်ဖွယ်မရှိ ကြောင်း ပြောကြားပြီး ယင်းနိုင်ငံအား တစ်ခုတည်းသော အချုပ်အခြာအာဏာ၊ တစ်မျိုးတစ်စားတည်းသော နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးအားဖြင့် တန်းတူညီမျှသော လူမျိုးစုနှစ်စုနှင့် နယ်မြေနှစ်ပိုင်း နှစ်ဒေသပါဝင်သော ပြည်ထောင်စု ဖယ်ဒရေးရှင်းနိုင်ငံ တစ်နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး နယ်မြေပိုင်းခြားခွဲထွက်၍ မည်သည့်နိုင်ငံနှင့်မျှ ပေါင်းစပ်ခြင်း မပြုရန်မှုကို ထပ်လောင်းအတည်ပြု ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂျိုကလပ်သည် ဆိုက်ပရပ်သို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် သွားရောက်၍ နှစ်ဖက်ခေါင်းဆောင်များနှင့် ဆွေးနွေး ညှိနှိုင်းခဲ့သော်လည်း သဘောထားကွဲလွဲမှုများ ရှိနေကြ၍ ပြဿနာဖြေရှင်းရေးမှာ တစ်ဆို့နေသောသဘောရှိကြောင်း ပြန်လည်တင်ပြခဲ့သည်။

ထို့နောက်တွင် အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဂရိနှင့်တူရကီဆိုက်ပရပ်ခေါင်းဆောင်များသည် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၃၁ ရက်နေ့အထိ ငါးကြိမ်တွေ့ဆုံကြပြီး ပြည်ထောင်စုဖယ်ဒရေးရှင်းနိုင်ငံ အမြန်ဆုံးတည်ထောင်ရေး နည်းလမ်းများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ယုံကြည်မှုတိုးပွားရေး စီမံချက်များဖော်ဆောင်ရေးကိစ္စများ အပါအဝင် ပြဿနာနှင့်သက်ဆိုင်ရာရေးရာ အထွေထွေကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အတွင်းရေးမှူးချုပ်သည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ များတွင် ဆိုက်ပရပ်ခေါင်းဆောင်များနှင့် တစ်ဦးချင်းစီ သီးခြားတွေ့ဆုံပြီး သူ၏ အထူးကိုယ်စားလှယ် မစ္စတာကလပ် အား ၁၉၉၅ ခုနှစ်၊ မတ်နှင့် မေလများတွင် ဆိုက်ပရပ်ဒေသသို့ စေလွှတ်ခဲ့သည်။ သို့သော် စေ့စပ်ဆွေးနွေးမှုများမှာ ခရီးမပေါက်ဘဲ တစ်ဆို့နေသည်ကိုပင် ထပ်မံတွေ့ရပြန်သည်။

လွန်ခဲ့သည့်နှစ်အတွင်း နှစ်ဦးနှစ်ဖက်တို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းနေကြသော်လည်း ဆိုက်ပရပ်နိုင်ငံတွင် နိုင်ငံခြားတပ်များ အဆမတန်များပြားစွာတည်ရှိနေခြင်းနှင့် ၄င်းတပ်များအား အလျင်အမြန် အားဖြည့်ပေးနေကြခြင်းကို စိုးရိမ်လျက်ရှိရကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီက နိုင်ငံခြားတပ်များ၏

အရေးအတွက်နှင့် ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချကြရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။

## အာဖဂန်နစ္စတန် ပြည်တွင်းအခြေအနေ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၈/၂၀၈ အရ ဖွဲ့စည်းခဲ့သောအထူးမစ်ရှင်၏ ဆောင်ရွက်ချက်အရ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ရုံးကို ဂျာလာလာဘတ်မြို့တွင် ယာယီအားဖြင့် ဖွင့်လှစ်ထားရှိခဲ့ပြီးနောက် အတွင်းရေးမှူးချုပ်သည် ပါကစ္စတန်နိုင်ငံသို့ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်မှ ၈ ရက်နေ့အထိ သွားရောက်ကာ အာဖဂန်ခေါင်းဆောင်များနှင့် အခြား အရပ်သားအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက်တွင် ကုလသမဂ္ဂအထူးမစ်ရှင်အဖွဲ့ခေါင်းဆောင် မစ္စတာ မာမွတ်မက်စတီရီ၏ ကြိုးပမ်းမှုကြောင့် အာဖဂန်နိုင်ငံ၏ ပြည်တွင်းပြည်ပမှ လွတ်လပ်ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ၁၉ ရက်ကြာ အစည်းအဝေးတစ်ရပ်ကို ကွက်တာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့မှ စတင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ကိုယ်စားလှယ် ပေါင်းစုံပါဝင်သော အာဏာပိုင်ကောင်စီအဖွဲ့တစ်ဖွဲ့သို့ ဆောလျင်စွာ အာဏာလွှဲပြောင်းရေး၊ နိုင်ငံတစ်ဝန်းလုံးတွင် အပစ်အခတ်ရပ်စဲရေး၊ လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးနှင့် နောက်ပိုင်းတွင် အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် ထောက်ခံချက်များကို တင်ပြခဲ့ရာ ယင်း ထောက်ခံချက်များကို လုံခြုံရေးကောင်စီက နိုဝင်ဘာလတွင်လည်းကောင်း၊ အထွေထွေညီလာခံကြီးက ဒီဇင်ဘာ လတွင်လည်းကောင်း အတည်ပြုခဲ့သည်။

အထက်ပါတိုးတက်မှုများ ဖြစ်ပေါ်နေစဉ် သမ္မတဘာဟာနုဒင်ရာဘာနီက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ခြွင်းချက်ထား၍ အာဏာလွှဲပြောင်းပေးရန် ကမ်းလှမ်းခဲ့သည်။ ကုလသမဂ္ဂ အထူးမစ်ရှင်ခေါင်းဆောင် မစ္စတာ မက်စတီရီသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အာဖဂန်နစ္စတန်ဒေသသို့ ပြန်လာပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် အာဏာပိုင်ကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်များနှင့် ပတ်သက်၍ သမ္မတ ရာဘာနီအပါအဝင် အဓိကခေါင်းဆောင် များနှင့် စေ့စပ်ဆွေးနွေးခဲ့ရာ သမ္မတ ရာဘာနီက ယင်း ကောင်စီဖွဲ့စည်းမည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် အာဏာစွန့်လွှတ်မည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထိုစဉ်မှာပင် အသစ်ဖွဲ့စည်းတည်ထောင်သော တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့များက စစ်ဆင်တိုက်ခိုက်ခဲ့ကြရာ အောင်မြင်မှုများ ရရှိကြသဖြင့် ကဘူးမြို့တော်၌ အာဏာပိုင်ကောင်စီဖွဲ့စည်းရေးမှာ နှောင့်နှေးသွားခဲ့ရသည်။ ယင်းတပ်ဖွဲ့အား ကောင်စီတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့ကြသော်လည်း ၎င်းကဆောင်ရွက်မှုများတွင် တိုက်ရိုက်ပါဝင်ရန် ငြင်းပယ်ခဲ့ရာ အာဏာပိုင်ကောင်စီဖွဲ့စည်းမည့်နေ့ကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း ယင်းနေ့ရက်နှင့် နီးကပ်လာသည့်အချိန်တွင် နိုင်ငံရေး နှင့် စစ်ရေးအခြေအနေပြောင်းလဲမှုများ တိုးတက်ဖြစ်ပွား လာခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် ကဘူးမြို့နှင့် ပတ်ဝန်းကျင် ဒေသများတွင် အုပ်စုကွဲများကြား တိုက်ခိုက်မှုများ အပြင်းအထန်အုံကြွဖြစ်ပွားလာခဲ့ပေသည်။ ဤတွင် ငြိမ်းချမ်းရေးအတွက် အားထုတ်ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့ပေရာ အတွင်းရေးမှူးချုပ်က မတ်လ ၈ ရက်နေ့တွင် ဖြစ်ပွားလာသော အခြေအနေကို အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြပြီး အပစ်အခတ်ရပ်စဲကြရန် ပြင်းပြစွာ မေတ္တာရပ်ခံ ပန်ကြားခဲ့သည်။

ဤအတောအတွင်း ယူနီဆက်အဖွဲ့ကလည်း ပြည်တွင်းစစ်ကြောင့် အရပ်သူအရပ်သားအမြောက်အမြား ဆင်းရဲဒုက္ခရောက်ကြရပုံကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာက ပြည်တွင်းစစ်ကြောင့် ၁၉၇၉ ခုနှစ်မှစ၍ လူပေါင်းတစ်သန်းကျော် သေဆုံးခဲ့ခြင်း၊ လူပေါင်းနှစ်သန်းခွဲကျော် ဒဏ်ရာအနာတရဖြစ်ရခြင်း၊ သို့မဟုတ် မစွမ်းမသန်ဖြစ်ခဲ့ရခြင်း၊ လူပေါင်း ၆ သန်းခန့် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း၊ လူပေါင်း ၂ သန်းခန့် ပြည်တွင်း၌ အိုးပစ်အိမ်ပစ် အခြေမျက်အနေမျက်ဖြစ်ရခြင်းနှင့် ကဘူးမြို့ကြီးမှာ အများအားဖြင့် ပျက်စီးခဲ့ရခြင်း စသည်များကို ဖော်ပြထားပေသည်။

## အနောက်ဆာဟာရဒေသ ကိုယ်ပိုင် ပြဋ္ဌာန်းရေးကိစ္စ

အနောက်ဆာဟာရဒေသ ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျင်းပရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် က အချိန်ဇယားတစ်ရပ်အဆိုပြုခဲ့သော်လည်း ဖြစ်မြောက်နိုင်ခြင်း မရှိခဲ့ပေ။ ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ ပြောကြားချက်အရ ဆန္ဒမဲပေးခွင့်ရှိသူများအား စစ်ဆေးရေး လုပ်ငန်းအတွက်

အခြေခံပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သော်လည်း မိုရိုကို နိုင်ငံက အာဖရိကညီညွတ်ရေးအဖွဲ့ကြီး (အိုအေယူ)၏ သမာသမတ်ရှိမှုကို မေးခွန်းထုတ်လာသဖြင့် စစ်ဆေးရေး လုပ်ငန်းမှာ နှောင့်နှေးသွားခဲ့ရပြန်သည်။ မိုရိုကိုနိုင်ငံက အိုအေယူအနေဖြင့် ဆာရာဝီအာရပ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံဟု ခေါ်ဆိုသောနိုင်ငံအား အသိအမှတ်ပြုခြင်းကို ကန့်ကွက် တင်ပြခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လကုန်တွင် ကုလသမဂ္ဂ၏ အနောက်ဆာဟာရ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေးမစ်ရှင် အဖွဲ့ (မီနာဆို) က ဆန္ဒပေးရေးလျှောက်လွှာ ၇၅,၀၀၀ ကျော်ကို စိစစ်လျက်ရှိသည်။ ထိုနှစ် နိုဝင်ဘာလ အနှောင်း ပိုင်းတွင် အတွင်းရေးမှူးချုပ်သည် အနောက်ဆာဟာရ ဒေသသို့ သွားရောက်ခဲ့ပြီး ဆန္ဒမဲပေးနိုင်သူများအား စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လအလယ်ပိုင်းတွင် အပြီးဆောင်ရွက်ပြီး ဆန္ဒ ခံယူပွဲကို ထိုနှစ်အောက်တိုဘာလတွင် ကျင်းပရန် အကြံပြု ပြောကြားခဲ့သည်။

စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၉၉၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက လုပ်ငန်းပိုမိုလျင်မြန် စေရန် ဖိအားပေးခဲ့သည်။ လုပ်ငန်းလျင်မြန်စေရန် အတွက် လည်း ကောင်စီက ၁၉၉၅ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ချက် ၉၇၃ (၁၉၉၅) ဖြင့် မီနာဆိုမစ်ရှင်အဖွဲ့၏ အင်အားကို တိုးချဲ့ ပေးခဲ့သည်။ သို့သော်လည်း ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအား စိစစ်ရေးလုပ်ငန်း၌ မျိုးနွယ်စု ခေါင်းဆောင်များကို အချိန်မီ မရရှိနိုင်သဖြင့် အခက်အခဲ များ ကြုံတွေ့ခဲ့ရပြန်သည်။ ထို့ကြောင့် အတွင်းရေးမှူးချုပ် အနေဖြင့် မူလအကြံပြုချက်ကို ပြင်ဆင်၍ အသွင် ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ပြီး ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပနိုင်ရာသည်ဟု ၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ တွင် မျှော်မှန်းပြောဆိုခဲ့သည်။

ဤအတောအတွင်း ၁၉၉၅ ခုနှစ်၊ မေ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ သက်ဆိုင်ရာ ပါတီများအား ကုလသမဂ္ဂနှင့် အပြည့်အဝ ပူးပေါင်းဆောင် ရွက်ကြရန် တောင်းဆိုခဲ့သည်။ သို့တစေ လည်း မိုရိုကိုနိုင်ငံ၏ အရေးယူဆောင်ရွက်ချက် တစ်ရပ်ကြောင့် ပေါ်လီဆာရီယိုအုပ်စုက ဆန္ဒမဲပေးခွင့်ရှိ သူများ စိစစ်ရေးလုပ်ငန်း ကို သပိတ်မှောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်နေ့တွင်မှ ယင်းလုပ်ငန်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။ ဤတွင် စိစစ်ရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ရာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ အလယ်ပိုင်းတွင် လူပေါင်း ၅၀,၀၀၀ ခန့်ကို စစ်ဆေး ပြီးစီးခဲ့သည်။ နောက်ဆုံးဖြစ်ပေါ်တည်ရှိသောအခြေအနေ များအရ လုံခြုံရေးကောင်စီက အနောက်ဆာဟာရဒေသ၌ အသွင်ကူးပြောင်းရေးကာလကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် စတင်စေပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၉၆ ခုနှစ် စောစောပိုင်းတွင် ကျင်းပရေးအတွက် အတည်ပြု သတ်မှတ်ရန် မျှော်လင့်ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပေသည်။

## အယ်ဆာဗေဒိုနိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်း စခန်းသိမ်းမှု

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြ သော ငြိမ်းချမ်းရေးစာချုပ်အရ ပဋိပက္ခဖြစ်နေကြသော အုပ်စုများစပ်ကြား နှစ်ပေါင်းများစွာဖြစ်ပွားနေခဲ့သော ပြည်တွင်း စစ်သည် ရပ်စဲသွားခဲ့ပြီး အယ်ဆာဗေဒိုနိုင်ငံတွင် ကုလ သမဂ္ဂအကူအညီဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ စနစ်တို့ ထွန်းကားတိုးတက်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးစာချုပ်ပါ ပြဌာန်းချက်များကို အပြည့်အဝ ဖော်ဆောင်ရေးမှာ အလုံးစုံချောမွေ့ခြင်းမရှိဘဲ ပြဿနာ အခက်အခဲများနှင့် ကြုံနေရဆဲပင်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်ပါ ပြဌာန်းချက်များ အပြည့်အဝ ဖော်ဆောင်ရေးတွင် ကျန်ရှိနေသောကိစ္စများမှာ အမျိုးသား ပြည်သူ့ရဲတပ်ဖွဲ့ကို အလုံးစုံဖြစ်ပွဲချရေး၊ အမျိုးသားရဲတပ်ဖွဲ့ အား ဖျက်သိမ်းရေးကိစ္စကို ပြီးပြည့်စုံအောင်ဆောင်ရွက် ရေး၊ တရားစီရင်ရေးနှင့် ရွေးကောက်ပွဲစနစ်များကို ပြုပြင် ပြောင်းလဲရေး၊ ယခင်တပ်ဖွဲ့ဝင်များအား မြေယာလွှဲပြောင်း ပေးရေးနှင့် ၄င်းတပ်ဖွဲ့ဝင်များအား လူ့ဘောင်အဖွဲ့အစည်း အတွင်းသို့ ပြန်လည်သွင်းယူရန်အစီအစဉ်များ အပြီးသတ် ပြုလုပ်ပြဌာန်းရေး စသည်တို့ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့တွင် ၁၉၉၂ ငြိမ်းချမ်းရေးစာချုပ် အရ လုပ်ဆောင်ရန်ကျန်နေသောကိစ္စများကို လုပ်ဆောင် ရေးအတွက် အယ်ဆာဗေဒိုသမ္မတ အာမန်ဒိုကယ်လ်ဒီရွန် ဆိုးလ်၏ အရေးယူဆောင်ရွက်ချက်များကို လုံခြုံရေး ကောင်စီက ကြိုဆိုလိုက်သည်။ ထို့နောက် ၁၉၉၄ ခုနှစ်၊

အောက်တိုဘာ ၄ ရက်နေ့တွင် အယ်ဆာဗေဒိုအစိုးရနှင့် အတိုက်အခံပါတီ အက်ဖ်အမ်အယ်လ်အန်တို့က ငြိမ်းချမ်းရေး စာချုပ်ပါ ပြဌာန်း ချက်များကို မဆိုင်းမတွချက်ချင်း အကောင်အထည်ဖော်ရေးအတွက် ပူးတွဲကြေညာချက် တစ်ရပ်ကို လက်မှတ် ရေး ထိုးခဲ့ကြသည်။

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဧပြီ ၂၇ ရက်နေ့တွင် ချာပူတ်ပက် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ပါတီများက ယင်းစာချုပ်အရ လုပ်ဆောင်ရန်ကျန်နေသော လုပ်ငန်းများကို အပြီးအစီးပြုလုပ်ရေးအတွက် အစီအစဉ် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၉၉၁ (၁၉၉၅) ကို ချမှတ်ကာ အယ်ဆာဗေဒိုနိုင်ငံရှိ ကုလသမဂ္ဂ အကဲခတ် မစ်ရှင်အဖွဲ့ (အိုနူဆာ)၏ သက်တမ်းကို အဆုံးသတ်လိုက်သည်။

ယင်းမစ်ရှင်အဖွဲ့၏ နေရာတွင် အတွင်းရေးမှူးချုပ်၏ ထောက်ခံချက်အရ လုံခြုံရေးကောင်စီက အင်အားအနည်းငယ်ဖြင့် အယ်ဆာဗေဒိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ (မီနူဆာ) ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းအဖွဲ့သည် ၁၉၉၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပေသည်။

## လက်နက်ဖျက်သိမ်းရေး

**၄၉ ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆောင်ရွက်ချက်များ** – အထွေထွေညီလာခံကြီး၏ ပထမကော်မတီက စစ်အေးလွန်ကာလလက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် ပြဌာန်းချက် ၄၄ ခုနှင့် ဆုံးဖြတ်ချက်နှစ်ရပ်ကို အတည်ပြုခဲ့သည်။ ပြဌာန်းချက် ၄၄ ခုအနက် ၂၃ ခုမှာ မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အထွေထွေညီလာခံကြီးက ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက် ၄၉/ ၇၅ (ကေ) ကို ချမှတ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာ တရားရုံးအား "နျူကလီးယားလက်နက်များအား မည်သည့်အခြေအနေ၌မဆို အသုံးပြုရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အသုံးပြုခြင်း" ကို အပြည်ပြည်ဆိုင်ရာ ဥပဒေက ခွင့်ပြုခြင်း ရှိ– မရှိ အကြံဉာဏ်ပေးရန် တောင်းခံခဲ့သည်။

အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်၄၉/၇၀ ကို ချမှတ်ပြီးလျှင် လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်တွင် ပါဝင်တက်ရောက်နေကြသော နိုင်ငံများအားလုံး အထူးသဖြင့် နျူကလီးယားလက်နက်နိုင်ငံများအား အဘက်ဘက်ပြည့်စုံ၍ နိုင်ငံအားလုံးပါဝင်ပြီး၊ နိုင်ငံများအနေဖြင့် ထိရောက်စွာ စစ်ဆေးအတည်ပြုနိုင်သော နျူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေး၊ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးကို ဦးစားပေး၍ အပြင်းအထန် စေ့စပ်ဆွေးနွေးကြရန် တိုက်တွန်းလိုက်သည်။ ထို့ပြင် နျူကလီးယားလက်နက်များအား နောက်ဆုံးတွင် လုံးဝဖျက်သိမ်းရေး (၄၉/ ၇၅ အိပ်ချ် ) နှင့် နျူကလီးယားလက်နက်များ အသုံးပြုခြင်းကိုတားမြစ်ပိတ်ပင်ရေး ကွန်ဗင်းရှင်း ချုပ်ဆိုရေး (၄၉/၇၆ အီး ) ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။

**သမားရိုးကျ လက်နက်များကိစ္စ**– ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် အထွေထွေညီလာခံက လူများအားထိခိုက်သေကျေဒဏ်ရာ အနာတရဖြစ်စေသော မြေမြှုပ်ဗုံးများ ပြည်ပသို့ တင်ပို့ခြင်းကို ပိတ်ပင်မှု မပြုလုပ်ရသေးသော နိုင်ငံများအား အမြန်ဆုံး ကြေညာပိတ်ပင်ကြရန် တိုက်တွန်းလိုက်သည် (ဆုံးဖြတ်ချက် – ၄၉/ ၇၅ ဒီ )။

**အန္တာတိတ်ဒေသအား အသုံးပြုမှု သတ်မှတ်ချက်** – အထွေထွေ ညီလာခံကြီးက ဆုံးဖြတ်ချက်– ၄၉/၈၀ ကို ချမှတ်ပြီးလျှင် အန္တာတိတ်သမုဒ္ဒရာဒေသကို အခါခပ်သိမ်းငြိမ်းချမ်းရေး ကိစ္စတစ်ခုတည်းအတွက်သာ အသုံးပြုကြရန်နှင့် ယင်းဒေသအား အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားရာ ဒေသတစ်ခု ဖြစ်မလာစေသင့်ကြောင်း အတည်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်မှာ ဆယ်နှစ်ထက်မက ပိုမိုကြာမြင့်ခဲ့သော အချိန်ကာလအတွင်း ပထမဆုံးအကြိမ်ချမှတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

## ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် (၁၉၉၅)

အဖွဲ့ဝင် ၃၈ ဦးပါဝင်သည့် ဤကွန်ဖရင့်၏ ၁၉၉၅ ခုနှစ်အတွက် ပထမပိုင်းအစည်းအဝေးကို ဂျီနီဗာမြို့၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ မှ ဧပြီ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေး စတင်ဖွင့်လှစ်သည့်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက အစည်းအဝေးသို့ အမှာစကားပြောကြားရာ၌ "ဒေသဆိုင်ရာ အရေးအခင်းများနှင့် ဒေသစိတ်ဆိုင်ရာ အရေးအခင်းများ တိုးတက်ဖြစ်ပွားလာနေသည့် အခြေအနေတွင်လက်နက်များ စီးဆင်းနေမှုနှင့် လူများအား အစုအပြုံလိုက် သေကျေပျက်စီး စေနိုင်

သော လက်နက်များ ပြန့်ပွားမှုကို ရပ်စဲစေရန် ကျွန်ုပ်တို့၏ စုပေါင်းဆောင်ရွက်အားထုတ်မှုများသည် ပို၍ပင် အရေးကြီးလာပြီဖြစ်ကြောင်း" ဟူ၍ တင်ပြခဲ့ပေသည်။

အစည်းအဝေးကျင်းပနေချိန်အတွင်း နျူကလီးယား စမ်းသပ်မှု ပိတ်ပင်ရေး လုပ်ငန်းကော်မတီက အနာဂတ်တွင် ချုပ်ဆိုမည့် စာချုပ်အတွက် ပြဋ္ဌာန်းချက်များကို အချောကိုင်ပေးပြီး ပြန်လည်ပြုပြင်ထားသော စာကြမ်း တစ်စောင်ကို နောက်ဆုံးတွင် အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်း ဤအရေးတွင် အဓိကကျသော ပြဿနာ အချို့မှာ ဖြေရှင်းမရ ကျန်နေပေသေးသည်။

**ထူးခြားသည့် ကတိပြုချက်** – ဤအစည်းအဝေး၏ အဆုံးသတ်တွင် ထူးခြားသည့်မှတ်သားဖွယ်ဖြစ်ပေါ်မှုမှာ ကျူးကျော်ဝင်ရောက်မှုပြုခြင်းခံရသည့်ကိစ္စ သို့မဟုတ် အခြားနည်း တိုက်ခိုက်ခြင်းခံရသည့်ကိစ္စတွင်မှတစ်ပါး ၁၉၇၀ ပြည့်နှစ် နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) တွင် ပါဝင်သည့် နျူကလီးယားလက်နက်မဲ့ နိုင်ငံများ အပေါ် နျူကလီးယားလက်နက်များ အသုံးမပြုရန် ကတိပြုချက် တစ်ရပ်ကို ပေးခဲ့ကြခြင်းပင်ဖြစ်ပေသည်။

ထိုမှတစ်ပါး ၁၉၉၅ ခုနှစ်၊ ဧပြီ ၆ ရက်နေ့တွင် ပြင်သစ်၊ ရုရှားဖယ်ဒရေးရှင်း၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံတို့က ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ကြပြီးလျှင် နျူကလီးယား လက်နက်များ မပြန့်ပွားရေးစာချုပ်ကို ခြွင်းချက်မရှိ၊ အချိန်အကန့်အသတ်မရှိ၊ ဆက်လက်တည်ရှိနေစေရန် တိုက်တွန်းတောင်းဆိုလိုက်ကြသည်။ တရုတ်ပြည်က ယင်းစာချုပ်ကို "ချောမောပြေပြစ်စွာ သက်တမ်းတိုးချဲ့ရေး "ကို ထောက်ခံ ခဲ့သည်။ဤတွင် တရုတ်ပြည်သည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို နျူကလီးယား လက်နက်များကို ပထမဆုံးသုံးမည်မဟုတ်ကြောင်း၊ ထိုအပြင် ၎င်းလက်နက်များကို နျူကလီးယား လက်နက်မဲ့နိုင်ငံများ သို့မဟုတ် နျူကလီးယား လက်နက်ကင်းရှင်းသော ဒေသများအပေါ် အသုံးပြုမည်မဟုတ်၊ သို့မဟုတ် အသုံးပြုရန်ခြိမ်းခြောက်မည် မဟုတ်ကြောင်း ကတိပြု ပြောကြားခဲ့ပေသည်။

## အန်ပီတီစာချုပ် ပြန်လည်သုံးသပ် သက်တမ်းတိုးရေး ကွန်ဖရင့်

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် (အန်ပီတီ) ကို ၁၉၆၈ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ယင်းစာချုပ်သည် ၁၉၇၀ ပြည့်နှစ်၊ မတ်လတွင် အာဏာသက်ဝင် အတည်ဖြစ်လာခဲ့သည်။ ထိုစဉ်က ယင်းစာချုပ်ကို ၉၇ နိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးပြီး ၄၇ နိုင်ငံတို့ကအတည်ပြုခဲ့ကြသည်။ ယခုအခါ၌ အဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၇၈ နိုင်ငံ ရှိနေပြီဖြစ်သည်။

အထက်ပါစာချုပ်၏ သက်တမ်းကို ၂၅ နှစ်ထား၍ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ရာ ယင်းစာချုပ်အား သက်တမ်းအပိုင်းအခြားမရှိ တိုးချဲ့မည်လော၊ သို့တည်းမဟုတ် ကန့်သတ်ထားသော အချိန်ကာလပိုင်းတစ်ခုခုအတွက် ဖြစ်စေ၊ အချိန်ကာလပိုင်းများအတွက်ဖြစ်စေ တိုးချဲ့မည်လော ဟူသော အချက်ကို ဆုံးဖြတ်ရန်အတွက် ဆွေးနွေးသုံးသပ်ရေး မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၅ ခုနှစ် ၊ ဧပြီ ၁၇ ရက်မှ မေ ၁၂ ရက်နေ့အထိ စီစဉ်ကျင်းပခဲ့သည်။ ဤအစည်းအဝေးကြီးမှ ဆွေးနွေးစဉ်းစားရန်အတွက် အကြောင်းအရာ ၂၁ ခု ပါဝင်သော အစီအစဉ် မူကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးကော်မတီက တင်ပြခဲ့သည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ် သုံးသပ်သက်တမ်းတိုးရေး မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်တွင် စတင်ဖွင့်လှစ်ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီ၊ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး ဝါရင်ခရစ္စတိုဖာနှင့် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ ဟန်း(စ်) ဘလစ်တို့က မိန့်ခွန်းစကားများ ပြောကြားခဲ့ကြသည်။ အတွင်းရေးမှူးချုပ်က ပြောကြားရာ၌ နျူကလီးယား လက်နက်မဲ့ နိုင်ငံများသည် နျူကလီးယား လက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရသော နိုင်ငံများ ဖြစ်မည်မဟုတ်ဟူ၍ နျူကလီးယားအင်အားကြီးနိုင်ငံများက နျူကလီးယား လက်နက်မဲ့နိုင်ငံများအား ပေးထားသော အာမခံချက်ကို ပိုမိုခိုင်မာအောင် ပြုလုပ်ကြရန် တိုက်တွန်းလိုက်သည်။

အန်ပီတီစာချုပ်ရေးရာများကို ၂၄ ရက်တိုင်တိုင် အချေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် ယင်းစာချုပ်အား အချိန်ကာလအပိုင်းအခြား အကန့်အသတ်မထားဘဲ သက်တမ်းတိုးချဲ့ရန် အစည်းအဝေးတက်ရောက်ကြသော နိုင်ငံများက မဲဆန္ဒမခွဲဘဲ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်လိုက်ကြသည်။

ယင်းဆုံးဖြတ်ချက်၌ နျူကလီးယားလက်နက်မဲ့ နိုင်ငံများအနေဖြင့် ကျေနပ်မှုရှိစေရန်အလို့ငှာ လက်နက်ဖျက်

သိမ်းရေး အစီအစဉ်များကို တွဲဖက်ထည့်သွင်းထားသည်။ ယင်းတို့မှာ နောက်နှစ်တွင် ချုကလီးယားလက်နက် စမ်းသပ်မှုများ တားဆီးရေးစာချုပ်ကို ချုပ်ဆိုကြရန်နှင့် လက်နက်ဖျက်သိမ်းရေးအစီအစဉ် တိုးတက်မှုကို တစ်ကြိမ်နှစ်ကြိမ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။

## လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ

ကုလသမဂ္ဂအဖွဲ့ကြီးမှ စီစဉ်ပြုလုပ်သော လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တော်၌ ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပပြီးလျှင် ဆင်းရဲမွဲတေမှုကို ကမ္ဘာနှင့်အဝန်းအရေး တကြီး တိုက်ဖျက်ရေး၊ထုတ်လုပ်မှုကောင်းမွန်သော အလုပ်သမားများ တိုးချဲ့ရေး၊ အလုပ်လက်မဲ့ဖြစ်ရမှု လျော့ချရေးနှင့် လူမှုသိမ်းသွင်းပေါင်းစပ်မှုများ တိုးတက်ရေးကိစ္စများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ဤညီလာခံသည် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များ အများဆုံးတက်ရောက်ခဲ့သော ထိပ်သီးအစည်းအဝေးကြီးဖြစ်သည်။ နိုင်ငံစုစုပေါင်း ၁၈၇ နိုင်ငံ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြရာ ၁၁၇ နိုင်ငံကို နိုင်ငံ သို့မဟုတ် အစိုးရအကြီးအကဲများက ကိုယ်စားပြုခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဤနိုင်ငံ ခေါင်းဆောင်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း ၈၁၁ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၂၃၁၅ ဦးလည်း ပါဝင်ခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်မှ စာနယ်ဇင်း ရေဒီယို ရုပ်မြင်သံကြား လူထုဆက်သွယ်ရေး အဖွဲ့များမှ ကိုယ်စားလှယ်ပေါင်း ၂၅၀၀ ကျော်တို့ လာရောက်ပြီးသတင်းများ ဖြန့်ချီခဲ့ကြသည်။

ထိပ်သီးညီလာခံ အဖွင့်မိန့်ခွန်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက "ယနေ့ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာပေါ်၌ လူမှုရေးတရားမျှတမှု မရှိခြင်းများ၊ ဝိုင်းပယ်မှုများနှင့် ဆင်းရဲမွဲတေမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက်ရှိကြကြောင်း၊ ကမ္ဘာတစ်လွှားရှိနိုင်ငံများနှင့် လူမျိုးများ၊ အမျိုးသားနှင့်အမျိုးသမီးများအတွက် မျှော်လင့်အားတက်ဖွယ်ဖြစ်စေရန် ကမ္ဘာ့အဆင့်တွင် လူမှုဆက်ဆံရေး ပဋိညာဉ်သစ်တစ်ရပ် လိုအပ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး နောက်ဆုံးနေ့တွင် ထိပ်သီးညီလာခံကြီးက လူမှုဖွံ့ဖြိုးရေးနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ ကိုပင်ဟေဂင်ကြေညာချက်ကို အတည်ပြုချမှတ်ခဲ့သည်။ ဤကြေညာ ချက်၌ ကုလသမဂ္ဂအဆင့်၌လည်းကောင်း၊ အမျိုးသားနှင့် နိုင်ငံတကာ အဆင့်များ၌လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံများစပ်ကြား၌လည်းကောင်း မညီမျှမှုများအား အမြစ်ဖြတ်သုတ်သင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို မြေတောင်မြှောက်ပေးရေးအတွက် စီမံချက်များကို ထောက်ခံဖော်ပြထားသည်။

ဤထိပ်သီးညီလာခံက ဆင်းရဲမွဲတေမှု အမြစ်ဖြတ်သုတ်သင်ရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်တစ်ခု သတ်မှတ်ကြေညာရန် ကုလသမဂ္ဂအထွေထွေညီလာခံ အားတောင်းဆိုသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကောင်စီအားကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးတွဲအစည်းအဝေးများ ကျင်းပရန် အကြံပြုထောက်ခံခဲ့ပေသည်။

## စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးကွန်ဖရင့်များကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့တော်၌ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ကိုပင်ဟေဂင်မြို့တော်၌ ဒုတိယအကြိမ်၊ ၁၉၈၅ ခုနှစ်တွင် နိုင်ရိုဘီမြို့တော်၌ တတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုစတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံကို ကုလသမဂ္ဂ၏ အမျိုးသမီးများ၏ အဆင့်အတန်းဆိုင်ရာ ကော်မရှင်က တာဝန်ယူဦးဆောင်၍ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၄ မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တော်၌ ကျင်းပခဲ့သည်။ ညီလာခံ၏ ရည်ရွယ်ချက်များမှာ အမျိုးသမီးများ၏ တိုးတက်ရေးအတွက် စဉ်းစားကြံစည်မှုများကို စုစည်းပေါင်းစပ်ရာ၌ ကမ္ဘာတစ်လွှား အမျိုးသမီးများ၏ တိုးတက်မှုကို ဟန့်တားပိတ်ပင်ထားသော အဓိကရေးရာများကို အဓိကဖော်ညွှန်းသော လုပ်ငန်းစဉ်အခြေခံ (**Platform for Action**)တစ်ရပ်ကို အတည်ပြုချမှတ်ရေး၊ သက္ကရာဇ် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်များအတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အမျိုးသမီးများ တိုးတက်ရေးအတွက် ဦးစားပေးရမည့် လုပ်ငန်းစီမံချက်များကို ဆုံးဖြတ်သတ်မှတ်ရေးနှင့် ယင်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မူဝါဒ

ချမှတ်နိုင်သောအပိုင်းနှင့် သာမန်လူထု လူတန်းစားအပိုင်းများတွင် ရှိကြသော အမျိုးသမီး အမျိုးသားများအားစည်းရုံးပေါင်းစည်းရေးတို့ပင် ဖြစ်သည်။

အထက်ပါ ညီလာခံကြီးသို့ နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ စက်တင်ဘာ ၄ ရက်နေ့ နံနက်တွင် ကျင်းပသည့် ညီလာခံအကြို အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာအစ္စမတ်ကီတာနီက ညီလာခံကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် ညီလာခံက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်၏ ဒုတိယဥက္ကဋ္ဌ မဒမ်ချင်မူဟွာအား ညီလာခံသဘာပတိအဖြစ် တင်မြှောက်ခဲ့ကြသည်။

ကမ္ဘာ့အမျိုးသမီးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာခေါင်းဆောင်များက ကမ္ဘာ့အမျိုးသမီးများအတွက် တန်းတူရည်တူရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဟူသည့် အရေးကြီးသည့် အချက်သုံးချက်ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဤညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်လူမှုဝင်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ နိုင်ငံတကာဆွေးနွေးမှုအစီအစဉ်၌ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် မြန်မာအဖွဲ့ခေါင်းဆောင်က မိန့်ခွန်းစကားပြောကြားရာ၌ ယနေ့ကမ္ဘာတစ်လွှားရှိအမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲများနှင့် မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးများ၏ လူမှုရေးအဆင့်အတန်းနှင့် လူမှုဆက်ဆံရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာအမျိုးသမီးများ၏ လူမှုအခြေအဆင့်ကို တင်ပြရာ၌ ဝန်ကြီးဗိုလ်ချုပ်စိုးမြင့်က ၁၉၉၄–၉၅ သန်းခေါင်စာရင်းအရ ယနေ့မြန်မာနိုင်ငံ၏ လူဦးရေ ၄၄ ဒသမ ၇၄ သန်းအနက် ၂၂ ဒသမ ၅၂ သန်းရှိသော မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူရှိမှုကို မွေးရာပါအခွင့်အရေးတစ်ရပ်အဖြစ် ရရှိထားကြောင်း၊ မြန်မာအမျိုးသမီးများအဖို့ အလုပ်လုပ်ကိုင်ရာ၌ လူမှုရေးနှင့်ဝလေ့ထုံးစံ အတားအဆီးအကန့်အသတ်မရှိကြောင်း တင်ပြခဲ့သည်။ တစ်ချိန်တည်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ယခုအမျိုးသမီးညီလာခံကြီး၌ ကမ္ဘာ့အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲများအား ရင်ဆိုင်ကျော်လွှားရေးအတွက် အကြံပြုချက်များပါဝင်မည့် လုပ်ငန်းလမ်းစဉ်အခြေခံ (**Platform for Action** )ကို အောင်မြင်စွာအတည်ပြုချမှတ်နိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းကြရာ၌ နိုင်ငံတကာမိသားစုနှင့်အတူ စည်းလုံးညီညွတ် တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤညီလာခံကြီးက ကဏ္ဍ ၁၂ ရပ်ပါရှိသည့် "ပီကင်းကြေညာချက်နှင့် လုပ်ငန်းလမ်းစဉ် အခြေခံ" ကို အတည်ပြုချမှတ်ခဲ့ပေသည်။

## အကြိမ် ၅၀ မြောက် ကုလသမဂ္ဂညီလာခံ

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အကြိမ် ၅၀ မြောက် အစည်းအဝေးကြီးကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

ညီလာခံကို ၄၉ ကြိမ်မြောက် အထွေထွေညီလာခံသဘာပတိ အိုင်ဗော်ရီကို့စ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမာရာအက်ဆီက ဖွင့်လှစ်ပေးပြီးနောက် အကြိမ် ၅၀ မြောက် ညီလာခံသဘာပတိအဖြစ် ပေါ်တူဂီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ပါမောက္ခ ဒိုင်အိုဂိုဖရိတ်တပ်ဒိုအန်မာရယ်အား အထွေထွေညီလာခံကြီးက တင်မြှောက်ခဲ့သည်။

အကြိမ် ၅၀ မြောက် ညီလာခံကြီး၏ ယာယီအစည်းအဝေး အစီအစဉ်တွင် ညီလာခံကြီးက ဆွေးနွေးဆောင်ရွက်ဆုံးဖြတ်ရန် အကြောင်းအရာ ၁၆၄ ခု ပါဝင်သည်။

အကြိမ် ၅၀ မြောက် ကုလသမဂ္ဂ ညီလာခံသို့ ပြည်ထောင်စု မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ ညီလာခံတက်ရောက်ကြသည့် ၁၈၅ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မျက်မှောက် ကမ္ဘာ့ရေးရာအဖြာဖြာကို သုံးသပ်ဆွေးနွေးကြသည်. အထွေထွေဆွေးနွေးမှု အစီအစဉ်၌ ဝန်ကြီးဦးအုံးကျော်က ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ဤမိန့်ခွန်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအထိ သက်တမ်းနှစ် ၅၀ အတွင်း ကမ္ဘာ့သူကမ္ဘာ့သားများအကျိုးအတွက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဖွဲ့ကြီးကိုလည်း ခေတ်အခါကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာသည်ကို မြန်မာနိုင်ငံက အားရကျေနပ်ကြိုဆိုကြောင်း ဖော်ပြကာ မြန်မာနိုင်ငံ၌ မကြုံစဖူးငြိမ်းချမ်း တည်ငြိမ်လျက်ရှိပြီး အပြုသဘောဆောင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပုံကို ကိန်းဂဏန်း စာရင်းဇယား အပြည့်အစုံဖြင့် ပိပြင်စွာ တင်ပြခဲ့ပေသည်။

## ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့မည့်အချိန် ၁၉၄၄ ခုနှစ်၊ သြဂုတ်–စက်တင်ဘာလများအတွင်း ဝါရှင်တန်မြို့ ဒန်ဘာတန် အုတ်ဂေဟာ၌ ဆွေးနွေးကြ၍ ဆန်ဖရန်စစ္စကိုမြို့၌ ဧပြီ ၂၅ မှ ဇွန် ၂၆ အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတည်ထောင်ရေး ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေးတွင် ရေးသားပြုစုကာ အစည်းအဝေးနောက်ဆုံးနေ့ (ဇွန် ၂၆ ရက်) တွင် ပါဝင်တက်ရောက်ကြသော ၅၁ နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလ သမဂ္ဂ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ အစိုးရများ က ၁၉၄၅ ခုနှစ်၊အောက်တိုဘာ ၂၄ ရက်နေ့တွင် လက်ခံ အတည်ပြုသည့်အခါ တရားဝင်ဖြစ်တည် ပေါ်ပေါက်လာသော ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် သက်တမ်း (၅၀) ပြည့်မြောက်လာခဲ့ရာ ဤအခါ သမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ကို ၎င်း၏ဌာနချုပ်၌ ကျင်းပမည် ဖြစ်သည့်အပြင် ယနေ့တည်ရှိသော အဖွဲ့ဝင် ၁၈၅ နိုင်ငံတို့၌ လည်း ဆင်ယင် ကျင်းပကြရန် စည်းရုံးလှုံ့ဆော်ခဲ့ ပေသည်။

**နှစ် ( ၅၀) မြောက် အထိမ်းအမှတ် ကြေညာချက် –** ကုလ သမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီးလျှင် ထိုစစ်ကြီးအတွင်း အသက်ဆုံးရှုံးခဲ့ရသော ပြည်သူသန်းပေါင်းများစွာတို့အား အလေးပြု၍ စစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့သူများအား ကျေးဇူးတင်သတိရကြောင်း ဖော်ပြပြီး အနာဂတ်တွင် လူသားများအတွက် စစ်အနိဋ္ဌာရုံ များ မကြုံတွေ့ရစေရန် ထပ်မံအဓိဋ္ဌာန်ပြုကြောင်း ကြေညာ လိုက်သည်။

## ကုလသမဂ္ဂ နှစ် (၅၀ ) ပြည့် အထိမ်းအမှတ် အထူး အစည်းအဝေး

ဤအထူးအစည်းအဝေးအတွက် အချိန်ကာလကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ သုံးရက်ကြာ သတ်မှတ်၍ နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ် တွင် ကျင်းပခဲ့ရာ နိုင်ငံ ၁၅၀ ကျော်မှ ဘုရင်မင်းမြတ်များ၊ သမ္မတများ၊ နိုင်ငံအကြီးအကဲများ၊ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ဤနိုင်ငံနှင့် အစိုးရအကြီးအကဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ကုလသမဂ္ဂအဖွဲ့ကြီး၏ အတိတ်ကာလမှ သင်ခန်းစာများ၊ အောင်မြင်မှုများ နှင့် အနာဂတ်အတွက် မျှော်မှန်းချက်များကို သုံးသပ် ဆွေးနွေးခဲ့ကြသည်။

အထက်ပါကုလသမဂ္ဂ နှစ် (၅၀ ) ပြည့်အထိမ်းအမှတ် အထူးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးတက်ရောက်ပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် မိန့်ခွန်းစကားပြောကြားရာ၌ "မြန်မာနိုင်ငံ အနေဖြင့် ပဋိညာဉ်စာတမ်းကြီး၏ မူများနှင့် ဦးတည်ချက်များကို လုံးလုံးလျားလျားထောက်ခံကြောင်း၊ ကုလ သမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာဆက်ဆံရေးအတွက် အချက်အချာကျသော ကိရိယာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေရမည်ဟု သဘောရရှိကြောင်း၊ လက်ရှိအနေအထား၌ ပြီးပြည့်စုံခြင်း မရှိစေကာမူ ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားများ၏ အနာဂတ်အတွက် မျှော်လင့်အားထား စရာ နိုင်ငံတကာအဖွဲ့ကြီးပင်ဖြစ်ကြောင်း:" ဟူ၍ လည်းကောင်း၊ "ကျွန်တော်တို့ ကြုံတွေ့နေရသော နိုင်ငံတကာ အခြေအနေသစ်များကြောင့် ကုလ သမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ပြဿနာအဖုံဖုံ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ရန် အင်အားခိုင်မာမှု အလျှင်အမြန်လိုအပ်နေပြီ ဆိုသော အချက်များ ပေါ်လွင်နေကြောင်း:" ဟူ၍လည်းကောင်း အကြံပြုတင်ပြခဲ့သည်။ ထို့နောက်

နိုင်ငံတကာငြိမ်းချမ်းရေး နှင့် လုံခြုံရေးကို ရည်ညွှန်းသုံးသပ်ရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မောင်အေးက "လုံခြုံရေးဆိုသည်မှာ ပြည်တွင်းရေးကိစ္စရပ်၌ ပြင်ပက ဝင်ရောက်စွက်ဖက်မှု၊ ဖိအားပေးမှုများ ကင်းရှင်းရခြင်းကို ဆိုလိုကြောင်း ပဋိညာဉ်စာတမ်း၌ ဖော်ကျူးထားသော အခြေခံမူကြီးများကို တိတိကျကျလိုက်နာ ဆောင်ရွက်မှသာ နိုင်ငံ များအတွက် လုံခြုံမှုကို အာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပေသည်။

**မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ် ကျင်းပခြင်း** – ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကို ကုလသမဂ္ဂဌာနချုပ်တွင်သာမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌လည်း ထူးခြားကျယ်ပြန့်စွာ ကျင်းပကြရန် အဖွဲ့ဝင်နိုင်ငံများသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံခဲ့သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀) ပြည့် အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီကို ၁၉၉၅ နှစ်ဦးပိုင်းကပင် ဖွဲ့စည်းကာ ယင်းအထိမ်းအမှတ်ကို "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျွန်ုပ်တို့ပြည်သူများ ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအတွက် စည်းလုံးခဲ့ကြပြီ "ဟူသော ဆောင်ပုဒ်နှင့်အညီ "ကုလသမဂ္ဂ ရက်သတ္တပတ်ကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁၈ မှ ၂၄ ရက်အထိ ကျင်းပရန်" စီစဉ်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပုံမှန်ကျင်းပခြင်းမျိုး မဟုတ်ဘဲ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူတိုင်းကုလသမဂ္ဂ၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လာအောင် စီစဉ်ဆောင်ရွက်ကြရန် ကုလသမဂ္ဂ နှစ် (၅၀) ပြည့်အထိမ်းအမှတ်ကျင်းပရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ၁၉၉၅ ခုနှစ်၊ ဧပြီ ၁၀ ရက် နှင့် အောက်တိုဘာ ၁၈ ရက်နေ့များတွင် လမ်းညွှန်ပြော ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြပွဲများ၊ ဟောပြောပွဲများ၊ ပန်းချီတတ်ပုံပြိုင်ပွဲများ၊ စာစီစာကုံး ပြိုင်ပွဲများ၊ ကျောင်းတွင်းကျောင်းပြင် ကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပန်းချီနှင့် အကပြိုင်ပွဲများကျင်းပခဲ့သည့် အပြင် ရုပ်ရှင်ကားများရိုက်ကူးပြသခြင်း၊ အထူးစာပို့ တံဆိပ်ခေါင်းထုတ်ဝေခြင်း စသည့်အစီအစဉ်များ ပြုလုပ်ကျင်းပခဲ့ကြသည်။

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ညစာစားပွဲကို ၁၉၉၅ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နေ့ ညနေတွင်ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၅၀)ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးတို့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ကြသည်။ ဤအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နှစ်(၅၀) ပြည့် ကုလသမဂ္ဂအထိမ်းအမှတ်နေ့သဝဏ်လွှာကို အထက်ပါအမျိုးသားကော်မတီ ဥက္ကဋ္ဌက ဖတ်ကြားသည်။ ယင်းသဝဏ်လွှာ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးက "ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကျွန်ုပ်တို့၏ ယုံကြည်အားထားမှုကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ ရည်မှန်းချက်ကြီးများနှင့် အခြေခံမူကြီးများအပေါ် ထားရှိသော ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုကို လည်းကောင်း ထပ်လောင်းအတည်ပြုပါကြောင်း" ဖော်ပြခဲ့ပေသည်။

ထို့နောက် ဆက်လက်၍ အောက်တိုဘာ ၂၄ ရက်နေ့တွင် ကျရောက်သည့်နှစ် (၅၀) ပြည့်ကုလသမဂ္ဂနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရိုစ်ဂါလီထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ခေတ္တဆက်သွယ်ညှိနှိုင်းရေးမှူးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် ဒေါက်တာကလော့စ်ဝဂ္ဂနာက ဖတ်ကြားခဲ့ပေသည်။

**ကုလသမဂ္ဂသို့ မြန်မာနိုင်ငံမှ အထိမ်းအမှတ် ငွေဖလားလက်ဆောင်** – ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ် ကျင်းပရေး အမျိုးသားကော်မတီက သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ပညာရှင်များအား ထုတ်လုပ်စေခဲ့သော ငွေ ဖလားကြီးတစ်လုံးကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သည်။ ငွေဖလား

ကြီးမှာ ငွေစင်အလေးချိန် ၄၄၄၇ ဒသမ၄၀ ဂရမ်ရှိ၍ အတိုင်းအတာအားဖြင့် အကျယ်၄၅ ဒသမ ၇၂ စင်တီမီတာနှင့် အမြင့် ၂၄ ဒသမ ၇၇ စင်တီမီတာဖြစ်သည်။ ငွေဖလားကြီးတွင် ကုလသမဂ္ဂ နှစ်(၅၀) ပြည့် အထိမ်းအမှတ်ဆောင်ပုဒ်ကို ရေးထိုးထားပြီး ကျောက်စိမ်းလုံးချော ငါးလုံးစီခြယ်တပ်ဆင်၍ ခြင်္သေ့နှစ်ကောင်ပုံကို ပုဂံခေတ်(အေဒီ-၁၁ ရာစု) ရိုးရာပန်းချီဒီဇိုင်းများ ဝိုင်းရံထုလုပ်ထားသည်။ ထိုငွေဖလားကြီးကို အကြိမ် (၅၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးအုံးကျော် ၁၉၉၅ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့သို့ ယူဆောင်သွားပြီး ကုလသမဂ္ဂဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပေသည်။

ထို့မှတစ်ပါး မြန်မာနိုင်ငံမှ ရွှေချည်ထိုးပန်းချီကားချပ်ကြီး တစ်ခုကိုလည်း ကုလသမဂ္ဂဌာနချုပ်သို့ မေတ္တာလက်ဆောင် အဖြစ်ပေးပို့အပ်နှင်းခဲ့ပေသည်။

## လုံခြုံရေးကောင်စီအမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်ထားခြင်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ၅ နိုင်ငံကို ၂ နှစ်သက်တမ်းအတွက် နှစ်စဉ်ရွေးချယ်ခန့်ထားသည့် လုပ်ထုံးလုပ်နည်းအရ အကြိမ် ၅၀ မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့တွင်ချီလီ၊ အီဂျစ်၊ ဂီနီဘီဆော၊ ပိုလန်နှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) တို့အား ၁၉၉၆ခုနှစ်၊ ၊ ဇန်နဝါရီ ၁ ရက်နေ့မှ စ၍ အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် နိုင်ငံများအဖြစ် စတင်တာဝန်ထမ်းဆောင်ရန်ရွေးချယ်လိုက်သည်။ ဤနိုင်ငံ များသည် ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင်၂ နှစ်သက်တမ်းကုန်ဆုံးမည့် အာဂျင်တီးနား၊ အိုမန်၊ ရဝမ်ဒါနှင့် ချက်သမ္မတနိုင်ငံတို့၏ နေရာများကို ဆက်ခံကြရမည်ဖြစ်သည်။

အဖွဲ့ဝင်အဖြစ် ၂ နှစ်သက်တမ်းမကုန်ဆုံးသေး၍ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် အမြဲတမ်း မဟုတ်သောအဖွဲ့ဝင် ငါးနိုင်ငံမှာ ဘော့ဆွာနာ၊ ဂျာမနီ၊ ဟွန်ဒူးရပ်၊ အင်ဒိုနီးရှားနှင့် အီတလီနိုင်ငံတို့ ဖြစ်ကြသည်။

## ကုလသမဂ္ဂ ဘဏ္ဍာရေးအကျပ်အတည်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအချိန်၌ အလွန်ဆိုးဝါးသောငွေရေးကြေးရေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အတွင်းရေးမှူးချုပ်ဘူထရို့စ်ဂါလီက အကြိမ် (၅၀) မြောက်ကုလသမဂ္ဂအထွေထွေ ညီလာခံသို့တင်သွင်းသော၁၉၉၅ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ ထုတ်ဖော်တင်ပြခဲ့ပေသည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့ကအထွေထွေညီလာခံသို့ တင်ပြခဲ့စဉ်ကလည်း ဤကိစ္စမှာ အရေးတကြီးနိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်းအတွင်းရေးမှူးချုပ်ကပြောကြားခဲ့သည်။

ဤတွင်အထွေထွေညီလာခံက အဆင့်မြင့်လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထို့နောက်တစ်ဖန် ၁၉၉၅ခုနှစ်၊ ဇွန်လတွင် ပြဿနာအကျပ်အတည်း ဆိုက်လာ၍ နောက်ထပ်ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြန်သည်။

လက်ရှိပြဿနာ၏ကြီးမားပုံကို ဖော်ညွှန်းပြသရမည်ဆိုလျှင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၉၅ခုနှစ်၊ ဇန်နဝါရီလတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် စစ်သည်တပ်သားနှင့် ပစ္စည်းကိရိယာများ ပေးပို့ခဲ့ကြသော အစိုးရများအား ဒေါ်လာသန်း ၈၅၀ ခန့်ပေးရန်ရှိကြောင်း အတွင်းရေးမှူးချုပ်ကတင်ပြခဲ့သည်။ အခြားတစ်ချက်မှာ လွန်ခဲ့သည့် ၂ နှစ်အတွင်းပေးရန်ထည့်ဝင်ကြေးများထက် ပို ၍ ကြွေးကျန်များရှိနေသဖြင့် ကုလသမဂ္ဂအထွေထွေ ပဋိညာဉ်စာချုပ်အပိုဒ် ၁၉ အရအထွေထွေ ညီလာခံတွင် မဲဆန္ဒပေးနိုင်ခြင်းမရှိသောနိုင်ငံများ၏ အရေအတွက်ပင် ဖြစ်သည်။ ၁၉၉၅ခုနှစ်၊ ဩဂုတ်လအလယ်တွင် ထိုနိုင်ငံများ၏အရေအတွက်မှာ ၁၇ နိုင်ငံဖြစ်၍ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှရှိ၏။ အခြားနိုင်ငံအချို့ကလည်း မကြာမီတွင် စာချုပ်အပိုဒ် ၁၉ အရ တာဝန်ကျေ နိုင်တော့မည်မဟုတ်ကြောင်းအသိပေးထားကြ၏။

ကုလသမဂ္ဂအနှစ် (၅၀)ပြည့် အထိမ်းအမှတ် ဆင်ယင်ကျင်းပချိန်တွင်အဖွဲ့ကြီးသည်ငွေကြေးဗလာနတ္ထိဖြစ်နေ၏။ အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂသို့ ဒေါ်လာသန်း ၃၀၀၀ ပေးရန် ကျန်ရှိရာ အများဆုံးပေးဆပ်ရန် ကျန်သူမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဒေါ်လာသန်း ၁၃၀၀ မျှ ကြွေးတင်နေ၏။ ဗြိတိန်နိုင်ငံက ၁၉၉၅ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း၌ ကုလသမဂ္ဂငြိမ်းချမ်းမှု

ထိန်းသိမ်းရေး ရန်ပုံငွေသို့ပေးရန် ကျန်ငွေ ဒေါ်လာ ၈၅ သန်းကို ပေးသွင်းခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက အခြားအဖွဲ့ဝင်နိုင်ငံ များကိုလည်းပေးဆပ်ရန် ကြွေးကျန်များကို အမြန်ဆုံးနှင့် အပြည့်အဝပေးဆပ်ကြရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ၄င်း၏ ၄၉ ကြိမ်မြောက်အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ၁၉၉၆–၉၇ နှစ်များအတွက်အဆိုပြု ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစီရင်ခံစာကို စဉ်းစားပြီးနောက် အတွင်းရေးမှူးချုပ်အား ၁၉၉၆–၉၇ အတွက်အဆိုပြု ဘတ်ဂျက်ကို စုစုပေါင်းကြိုတင်ခန့်မှန်းခြေ ဒေါ်လာ ၂,၅၄၈,၄၀၀,၀၀၀ ကိုအခြေခံထား၍ရေးဆွဲပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပေသည်။ ။

တက္ကသိုလ် မောင်ခက်ပန်

**ကိုရီးယား သမ္မတနိုင်ငံ။** ။တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်သည် ၄င်း၏ အစိုးရအဖွဲ့အတွင်းရှိ စီးပွားရေးဆိုင်ရာဝန်ကြီး သုံးဦးအား ပြောင်းလဲခန့်အပ်တာဝန်ပေးကြောင်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသူများမှာ ဘဏ္ဍာရေးဆိုင်ရာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများ သက်သာခွင့်ရှိစေရေးတို့ကို ထောက်ခံသူများဖြစ်သည်ဟု အများက ရှုမြင်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး ဟွန်ဂျေယောင်းအား ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးစီမံကိန်းဝန်ကြီးအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့သည်။ ဟွန်ဂျေယောင်းသည် ၁၀ လကြာ တာဝန်ထမ်းဆောင်ပြီးနောက် မကျန်းမာသဖြင့် ရာထူးမှ နုတ်ထွက်သွားသော ချန်ဂျိုင်ဆွတ်နေရာကို ဆက်ခံခြင်းဖြစ်သည်။ ဟွန်ဂျေယောင်း၏ နေရာတွင် စီးပွားရေးရာဆိုင်ရာ သမ္မတ၏ ထိပ်တန်းအတွင်းရေးမှူးဖြစ်သူ ပတ်ဂျေယွန်အား ခန့်အပ်ခဲ့သည်။

သမ္မတ ကင်မ်ယောင်ဆမ်က အစိုးရအဖွဲ့အတွင်း ဤသို့ အပြောင်းအလဲများပြုလုပ်ရခြင်းမှာ ချန်ဂျိုင်ဆွတ်၏ ကျန်းမာရေးမကောင်းမှုကြောင့် လိုအပ်ချက် ဖြစ်လာသောကြောင့် လည်းကောင်း၊ ရာထူးတိုးမြှင့်ရေး စဉ်ဆက်မပြတ်ဖြစ်စေရေးကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့်လည်းကောင်းဟု သမ္မတကင်မ်က အလေးအနက်ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားလင့်ကစား နိုင်ငံ၏ စီးပွားရေးကို



အပြည့်ပြည့်ဆိုင်ရာနှင့် လိုက်လျောညီထွေဖြစ်စေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို ဦးစီးနိုင်သည့် စွမ်းရည်ကြောင့် ဟွန်ဂျေယောင်းအားအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒဆုံးဖြတ်သူအကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ခဲ့သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီကီတက်သည် ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်သွားခဲ့သည်။ ဤသို့ နုတ်ထွက်လိုက်ခြင်းဖြင့် ၄င်း၏ ရက်သတ္တပတ် သုံးပတ်ကြာ အတိုက်အခံပြု လှုပ်ရှားဆောင်ရွက်မှုမှာ အဆုံးသတ်သွားသည်။ ၁၉၇၉ ခုနှစ် စစ်ဘက်က အာဏာသိမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခင် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်းနှစ်ဦးအား တရားစွဲဆိုခြင်းမပြုရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် လီကီတက်သည် ဥပဒေပြုရေးကိစ္စရပ်များတွင် ဟန့်တားပိတ်ဆို့ခဲ့သည်။

အဆိုပါ အာဏာသိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးမှုကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ စစ်ဆေးမှုများအရ ၁၉၇၉ ခုနှစ် ကာလက တပ်မတော်တွင် ဗိုလ်ချုပ်ကြီးများ ဖြစ်ခဲ့ကြသည့် ချန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် ကြိုတင်ကြံစည်သည့် စစ်ဘက်ဆိုင်ရာ ပုန်ကန်မှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၄င်းတို့အား သစ္စာဖောက်များဟု စွပ်စွဲခြင်းမပြုနိုင်ခဲ့ပေ။ အကြောင်းမှာ၄င်းတို့အနေဖြင့် သမ္မတအား ဖြုတ်ချရန်ကြံစည်ခြင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်ဆီးခြင်းတို့ကို မပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်ဟုဆိုသည်။ ၄င်းမှာဥပဒေကြောင်းအရ မှန်ကန်သည်ဟုဆိုနိုင်ပေသည်။ အကြောင်းမှာ သမ္မတပတ်ချုံဟီးလုပ်ကြံသတ်ဖြတ်ခံရပြီးနောက်မှသာ အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုလည်း၁၉၈၀ ပြည့်နှစ်တိုင်အောင် ပြဋ္ဌာန်းခြင်းမပြုခဲ့ပေ။ အာဏာသိမ်းလိုက်ခြင်းဖြင့် ချန်ဒူးဝမ် သမ္မတအဖြစ် အာဏာရရှိပြီး ၄င်း၏နေရာ၌ နိုတေဝူးက ၁၉၈၈ ခုနှစ်တွင် သမ္မတအဖြစ်ဆက်ခံခဲ့သည်။

စင်စစ်အားဖြင့် သမ္မတကင်မ်ယောင်ဆမ်မှာ သမ္မတဟောင်း နိုတေဝူး၏ အရိုက်အရာကို ဆက်ခံသူ မဟုတ်သည့် အပြင်စစ်ဘက်ကကျောထောက်နောက်ခံ ပြုမှုကို ရယူခြင်းမရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတဟု ခေါ်ဆိုရမည်ဖြစ်သည်။ သမ္မတ ကင်မ်ယောင်ဆမ် အစိုးရ



တောင်ကိုရီးယားသမ္မတ ကင်မ်ယောင်ဆမ်

အဖွဲ့က သမ္မတဟောင်း ချွန်ဒူးဝမ်နှင့် နိုတေဝူးတို့သည် နိုင်ငံအတွက်အပြုသဘောဆောင်သည့်လုပ်ရပ်များပြုလုပ်ခဲ့ကြသူများဖြစ်ရာ ၄င်းတို့အား တရားရုံးတွင် ရုံးတင်စစ်ဆေးမည် ဆိုပါက ဒဏ်ရာဟောင်းများကို ပြန်လည် ထုတ်ဖော်ရာရောက်ပြီး စိတ်ဝမ်းကွဲပြားမှုများသာဖြစ်စေနိုင်သောကြောင့် ဆက်လက်စုံစမ်းအရေးယူမှုများ မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

အစိုးရ၏ဆုံးဖြတ်ချက်ကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီကီတက်က ဆန့်ကျင်လှုပ်ရှားခဲ့သည်။ လီကီတက်၏ လှုပ်ရှားမှုမှာ ဒီမိုကရက်တစ်ပါတီအတွင်း ၄င်း၏အနေအထားကို အထောက်အကူပြုရန်ကြိုးပမ်းမှု တစ်ရပ် ဖြစ်သည်ဟုအများကရှုမြင်သုံးသပ်ကြသည်။ ၄င်း၏ပါတီအတွင်းရှိ ပါတီအဖွဲ့ဝင်အများအပြားကလည်း လီကီတက်၏ လုပ်ဆောင်ချက်မှာအစွန်းရောက်လွန်းသည်ဟုဝေဖန်ကြသည်။ သြဇာအာဏာကြီးမားသော ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်ဟောင်း ကင်ဒေးယုံ ကလည်းလီကီတက်အနေဖြင့် ဥပဒေပြုလွှတ်တော်မှ နှုတ်ထွက်ခြင်းကို ရုပ်သိမ်းရန် အကြံပြုခဲ့သည်။

ဤသို့ အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက် ရှိနေရာမှ သမ္မတကင်မ်ယောင်ဆမ်သည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းပုံ အစီအစဉ်ကို ကြေညာပြီး ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့အတွင်း ကြီးမားသည့်အပြောင်းအလဲကို လုပ်ဆောင်ခဲ့သည်။ ဤသို့ အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ခြင်း မတိုင်မီ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားပေါင်းစည်းရေးဝန်ကြီး လီဟောင်ကူအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခဲ့သည်။

လီဟောင်ကူသည် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားခဲ့သည့် နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး သမ္မတ နိုတေဝူးလက်ထက် ၁၉၈၈ – ၉၀ ခုနှစ်တွင် အမျိုးသားပေါင်းစည်းရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နိုတေဝူး၏ နိုင်ငံရေးကိစ္စရပ်များဆိုင်ရာ အထူးလက်ထောက်ဖြစ်လာပြီး ၁၉၉၁ – ၉၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၉၄ ခုနှစ် ဧပြီလတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ရန် သမ္မတ ကင်မ်ယောင်ဆမ်၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ကင်မ်၏အစိုးရ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆိုးလ်မြို့၌ကျင်းပသည့် ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) ၏ ပါတီညီလာခံတွင် သမ္မတ ကင်မ်ယောင်ဆမ်အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင် မြှောက်ခဲ့သည်။

ဤအတောအတွင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်လစ်ဘရယ်ပါတီ (ဒီအယ်ပီ) နှင့် အတိုက်အခံ ဒီမိုကရက်တစ်ပါတီတို့အကြား ဒေသဆိုင်ရာရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ခဲ့ရသည်။ ယင်းပြဿနာမှာ မတ်လ ၁၄ ရက်နေ့တွင် အစမ်းသဘော သဘောတူညီမှုဖြင့် အဆုံးသတ်ခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို အတင်းအကျပ် ပြဋ္ဌာန်းရန် ပါလီမန်ရှိ အမတ်အများစုအင်အားကို အသုံးချရန် အဆိုပြုခဲ့သည်။ အဆိုပါဥပဒေအရ ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမဟုတ်သည့် အခြားရာထူးနေရာများအတွက် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လိုသူများအား နိုင်ငံရေးပါတီတစ်ခုခုနှင့် တွဲဖက်ပါဝင်နေခြင်းကို ကြေညာခြင်းမှ တားမြစ်ထားသည်။

ဤလုပ်ဆောင်ချက်မှာ ရွေးကောက်ပွဲများတွင် အကြီးအကျယ် ရှုံးနိမ့်မည့်အရေးကို ကြောက်ရွံ့သည့် ဒီမိုကရက်တစ် လစ်ဘရယ်ပါတီ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု အတိုက်အခံပါတီက ဝေဖန်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်ရာ ဒေသဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရေးတွင် ထောက်ခံအတည်ပြုချက် ရရှိမည်ကို ဟန့်တားကာကွယ်သောအားဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ၎င်း၏ လက်ထောက်တို့အား သူတို့၏နေအိမ်များမှ အိမ်ပြင်သို့ မထွက်နိုင်အောင် ပါလီမန်ရှိ အတိုက်အခံအမတ်များက မတ်လ ၆ ရက်နေ့မှ စတင်ကာ တားဆီးပိတ်ဆို့ခဲ့သည်။ နောက်ဆုံးတွင် အဓိကရုဏ်းနှိမ်နင်းရေးရဲများက ဖြိုခွဲလိုက်ရာ အတိုက်အခံများက မတ်လ ၁၃ ရက်နေ့တွင် ပါလီမန်ကို သိမ်းပိုက်ရန်ကြိုးပမ်းခဲ့သည်။ နောက်ပိုင်းတွင် စေ့စပ်ညှိနှိုင်း သဘောတူညီချက်အရ ဒေသဆိုင်ရာ အဖွဲ့အစည်း ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်များအနေဖြင့် တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်ရန်နှင့် ဒေသဆိုင်ရာ အစိုးရ ရာထူးနေရာများအတွက်မူ နိုင်ငံရေးပါတီအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်ကို သဘောတူညီခဲ့ကြသည်။

၁၉၉၅ ခုနှစ်၊ မတ်လအတွင်းတွင် သမ္မတကင်မ်ယောင်ဆမ် သည် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ ချက်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဗဲလ်ဂျီယမ်နိုင်ငံများသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ သမ္မတကင်မ်၏ ဥရောပသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။ မတ်လ ၁၁ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ ကိုပေဟေဂင်မြို့၌ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံသို့ သမ္မတကင်မ် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးမည့် ကိုရီးယားနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများကို ကိုရီးယားနိုင်ငံ၏ စီးပွားရေးအင်အား အတိုင်းအတာအရ ပေးစွမ်းနိုင်သလောက် အများဆုံးပေးရန် ကတိကဝတ် ပြုခဲ့သည်။

**နျူကလီးယား သဘောတူစာချုပ်အခြေအနေ**– အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲများကို ဂျီနီဗာမြို့၌ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင်စတင်ခဲ့ရာ ယင်းနှစ်အောက်တိုဘာ ၂၁ ရက်နေ့တွင် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်တွင် ပါဝင်သော အချက်အလက်များမှာ ဩဂုတ်လအတွင်း ဆွေးနွေးညှိနှိုင်းချက်များအရ အကြမ်းဖျင်းလျာထားသဘောတူညီချက်များနှင့်အညီဖြစ်သည်။ သဘောတူညီချက်အရ မြောက်ကိုးရီးယား နိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ပြီး အပြည်ပြည်ဆိုင်ရာမှ နျူကလီးယားစစ်ဆေးမှုကို ခွင့်ပြုသည့်အတွက် မြောက်ကိုးရီးယား နိုင်ငံ၏ လက်ရှိနျူကလီးယားနည်းပညာကို အစားထိုးလုပ်ဆောင်ပေးရာတွင် အကူအညီရရှိမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ သံတမန်ရေးရာ အသိအမှတ်ပြုမှုကိုလည်း ရရှိမည်ဖြစ်သည်။ အမေရိကန်–မြောက်ကိုရီးယားနျူကလီးယား သဘောတူစာချုပ်ကို အမေရိကန်ဘက်မှ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ် အယ်ဂယ်လူစီနှင့် မြောက်ကိုရီးယားဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ဆုတ်ဂျူတို့ကလက်မှတ်ရေးထိုးခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည်တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်မဲ့ဇုန်ဒေသကိုဖြတ်ကာ ပျံသန်းခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံပိုင်နက်အတွင်း ငါးကီလိုမီတာအကွာတွင် ပစ်ချခံခဲ့ရသည်။ ပစ်ချခံရမှုကြောင့် ရဟတ်ယာဉ်မှူးတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ အဆိုပါရဟတ်ယာဉ်မှာ ထောက်လှမ်းမှုအတွက် လေ့ကျင့်ပျံသန်းခဲ့သည်ဟု ဆိုသည့်မြောက်ကိုရီးယား၏ပြောဆိုချက်ကို အမေရိကန်အစိုးရက မဟုတ်မမှန်ကြောင်းငြင်းဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အဆိုပါ ဖြစ်ရပ်အတွက် အမေရိကန်ပြည်ထောင်စုမှ တရားဝင်တောင်းပန်ရန်နှင့် နှစ်နိုင်ငံတိုက်ရိုက်စစ်ဘက်ဆိုင်ရာဆွေးနွေးမှုများကို စတင်ရေးကိုကတိကဝတ်ပြုရန်ကိုတောင်းဆိုခဲ့သည်။ သို့ဖြစ်ရာအရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမတ်စ်ဟတ်ဘဒ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီးဖမ်းဆီးခံထားရသည့်ရဟတ်ယာဉ်မှူး လွတ်မြောက်ရေးကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဤသို့ဖြင့်ဖမ်းဆီးထားသောအမေရိကန်ရဟတ်ယာဉ်မှူးကို မြောက်ကိုရီးယားက ဒီဇင်ဘာ ၃၀ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မြောက်ကိုရီးယားက အမေရိကန်ရဟတ်ယာဉ်မှူးကို လွှတ်ပေးလိုက်ခြင်းကြောင့်

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် တိုးတက်လာခဲ့သည်။ နှစ်ဦးနှစ်ဖက်စလုံးက ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလက ဂျီနီဗာ နျူကလီးယားသဘောတူညီချက်အရ ကတိကဝတ်ပေးထားသည့် ဆောင်ရွက်ရန်ကိစ္စကို ဆက်လက်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ဆောင်ရွက်ရန်ကိစ္စများတွင် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေး၊ မြောက်ကိုရီးယားသို့ အမေရိကန်ပြည်ထောင်စုက ရေနံများအခမဲ့ထောက်ပံ့ရေး၊ ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို မြောက်ကိုရီးယားနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာက ထောက်ပံ့ရေး၊ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းထားရေးတို့ပါဝင်သည်။

မြောက်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့ ပုံမှန်ဆက်ဆံရေးအနေဖြင့် မြောက်ကိုရီးယားအစိုးရက အမေရိကန်ထုတ်ကုန်များတင်သွင်းမှုနှင့် အမေရိကန် ကုန်သည်သင်္ဘောများ မြောက်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းများသို့ ဝင်ရောက်ခြင်းတို့အား ကန့်သတ်တားမြစ်ခြင်းကို ရုပ်သိမ်းကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု တစ်ပိုင်းတစ်စကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီများကိုလည်း မြောက်ကိုရီးယားနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့် ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများကလည်း အမေရိကန်နိုင်ငံသို့ မဂ္ဂနက်ဆိုက် တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် နှစ်ဦးနှစ်ဖက်စလုံးက ရက်ပေါင်း ၉၀ (သုံးလ) အတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုက ရေနံအခမဲ့ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ ရီပတ်ပလီကင် အမတ်များ လွှမ်းမိုးထားသည့် အမေရိကန်ကွန်ဂရက်က မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ ရေနံတင်ပို့မှုကို ဟန့်တားရန် ခြိမ်းခြောက်ထားလင့်ကစား ဇန်နဝါရီ ၁၇ နှင့် ၁၉ ရက်နေ့များတွင် ပထမအသုတ်အဖြစ် နှစ်ကြိမ်တင်ပို့ခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပထမအသုတ်အဖြစ် နှစ်ကြိမ်တင်ပို့မှုတွင် ရေနံတန်ချိန်ပေါင်း ၅၀,၀၀၀ တန်ရှိသည်။ စုစုပေါင်း တင်ပို့မည့် တန်ချိန်ပေါင်းမှာ ၅၀၀,၀၀၀ ဖြစ်သည်။ ဤသို့ ရေနံများ တင်ပို့ခြင်းမှာ မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရခြင်းကြောင့် စွမ်းအင် မလုံမလောက်ဖြစ်မှုကို ထေမိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အထက်တွင်ဖော်ပြထားသည့်အတိုင်း အမေရိကန်ဒေါ်လာ ငါးသန်းဖိုးရှိသည့် ရေနံများကို ပထမအသုတ်အဖြစ် အမေရိကန်ပြည်ထောင်စု စစ်ဘက်နှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုထားသည့်ကုမ္ပဏီတစ်ခုက တောင်ကိုရီးယားနိုင်ငံမှတစ်ဆင့် တင်ပို့ခဲ့ခြင်း ဖြစ်သည်။

**မြောက်ကိုရီးယား ပိုင်နက်အတွင်း ပစ်ချခံရသည့် အမေရိကန် ရဟတ်ယာဉ်မှူး**



ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖို နှစ်လုံးကို မြောက်ကိုရီးယားနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ရေး ကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းအဆင့်ဆွေးနွေးပွဲများကို အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံ တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန် ဒီစီတွင် ဇန်နဝါရီ ၉ ရက်နေ့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) ဖြစ်ပေါ်ရေးဆိုင်ရာ သဘောတူညီချက် ရရှိရန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို) အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိဂရပ်ဖိုက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို အစားထိုးမည့် ဓာတ်ပေါင်းဖိုအသစ်နှစ်ခု တည်ဆောက်ရေးကို ကြီးကြပ် ကွပ်ကဲရန် ဖြစ်သည်။ ဆွေးနွေးပွဲတွင် ကေအီးဒီအိုအဖွဲ့ ဌာနချုပ်ကို နယူးယောက်မြို့တွင် ထားရှိရန်၊ ယင်းအဖွဲ့ကို အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ပြီး ဂျပန်နှင့် တောင်ကို ရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များက ကူညီပံ့ပိုးရန် ဖြစ်သည်။ ထို့ပြင် တရုတ်၊ ရုရှားနှင့် စက်မှု ခုနစ်နိုင်ငံ (ဂျီ - ၇) များမှ အရာရှိများဖြင့် အကြံပေး ရေး ကော်မတီတစ်ရပ်ကိုလည်း ထားရှိရန်ဖြစ်သည်။

မြောက်ကိုရီးယား နျူကလီးယားအစီအစဉ် ရပ်ဆိုင်း ထားခြင်း ကိစ္စတွင်မူ ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် မြောက်ကိုရီးယားအစိုးရက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သော် လည်း အသုံးပြုပြီးလောင်စာချောင်း ၈၀၀၀ ၏ အနာဂတ် ရေး ပြဿနာက ရှိနေသေးသည်။ ယင်းလောင်စာချောင်း များကို ၁၉၉၄ ခုနှစ် မေလတွင် ဖယ်ရှားခဲ့ခြင်းဖြစ်ပြီး ယင်းတို့တွင် နျူကလီးယားလက်နက်များ အမြောက် အမြား ထုတ်လုပ်နိုင်သည့် ပလူတိုနီယမ်များ အလုံ အလောက် ပါသည်ဟုဆိုသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြောက်ကိုရီးယား - အမေရိကန် ကျွမ်းကျင်သူများ ဒုတိယအကြိမ်ဆွေးနွေးပွဲ ကို ဇန်နဝါရီ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၄ ရက်နေ့တွင် သဘောတူညီမှုတစ်ရပ်ဖြင့် ပြီးဆုံးခဲ့သည်။ ရရှိခဲ့သော သဘောတူညီမှုမှာ နျူကလီးယားလောင်စာ ချောင်းများကို မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား ဓာတ်ပေါင်းဖိုအဟောင်းများ နေရာတွင် အစားထိုး တည်ဆောက်သည့် ဓာတ်ပေါင်းဖိုအသစ်တစ်လုံး ပြီးစီးသည့်တိုင်အောင်အထိနှင့် နျူကလီးယားလောင်စာ ချောင်းများအား တတိယနိုင်ငံတစ်နိုင်ငံသို့ လွှဲပြောင်းပေး အပ် နိုင်သည်အထိ ၎င်းတို့ကို ခြောက်သွေ့သည့်နေရာ၌ သိုလှောင် သိမ်းဆည်းထားရန်ဖြစ်သည်။

တစ်ဖက်တွင် တောင်ကိုရီးယားသမ္မတ ကင်မ်ယောင် ဆမ် က မြောက်ကိုရီးယားနှင့် နိုင်ငံရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ၎င်း၏ အစိုးရအဖွဲ့ တိုက်တွန်းချက်မှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှု ရရှိလိမ့်မည်ဟု ထင်မြင်ကြောင်း ဇန်နဝါရီ ၆ ရက်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။ သို့ရာတွင် ဇန်နဝါရီ ၂၇ ရက်နေ့၌ မြောက်ကိုရီးယားအစိုးရအဖွဲ့က တွေ့ဆုံဆွေးနွေးရေးကို ပယ်ချခဲ့သည်။ ယင်းသို့ ဆွေးနွေးရေးကို မြောက်ကိုရီးယား က ပယ်ချခဲ့သည့်အတွက် အမေရိကန်ဒုတိယ နိုင်ငံခြားရေး ဝန်ကြီး စထရော့တဲလ်ဘော့က တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးရေးမှာ ဂျီနီဗာ သဘောတူညီချက် တစ်ခုလုံးအား လွှမ်းခြုံသည့်အစိတ်အပိုင်း တစ်ခုပင်ဖြစ် ကြောင်း အလေးအနက်ထား ပြောဆိုခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီ လအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံအတွက် ကူညီ ထောက်ပံ့ဆောက်လုပ်ပေးမည့် ဓာတ်ပေါင်းဖိုကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှု ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ရာ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အကြား ရရှိခဲ့သည့် ၁၉၉၄ ခုနှစ် အောက်တိုဘာနျူ ကလီးယား သဘောတူညီမှုမှာ ခြိမ်းခြောက်ခံခဲ့ရသည်။

ဖြစ်ပေါ်ခဲ့ရသည့် အငြင်းပွားမှုမှာ မြောက်ကိုရီးယား နိုင်ငံအတွက် ကူညီထောက်ပံ့ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများအတွက် လက်ရှိဖွဲ့စည်း နေဆဲဖြစ်သည့် ကိုရီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကေအီးဒီအို)က ဘဏ္ဍာငွေကြေးထောက်ပံ့ရန်ဖြစ်သည်။ အဆိုပါ ကေအီးဒီအိုအဖွဲ့ကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး တောင်ကိုရီးယားက ဘဏ္ဍာငွေကြေး အများ အပြား ထောက်ပံ့မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ အတွက် ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖို နှစ်ခုကို တောင်ကိုရီးယားနိုင်ငံကသာ တာဝန်ယူ ဆောက်လုပ်ရန် အမေရိကန်က အတင်းအကျပ်ပြောဆို နေခဲ့သည်။ တောင်ကိုရီးယား အာဏာပိုင်များကလည်း တစ်နေ့တွင် ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်း မိပြီး အုပ်ချုပ်ရေး အာဏာတစ်ခုတည်းဖြင့် စီမံအုပ်ချုပ် သွားမည့်အရေးကို ရပ်တည်အခြေခံလျက် အမေရိကန်၏ ပြောကြားချက်ကို ခိုင်ခိုင်မာမာ ထောက်ခံခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့်မူ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကနဦးကပင်တောင်းဆိုထားခဲ့ပြီးဖြစ်သည်။ ထို့ပြင်မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံမှလွဲပြီး အခြား မည်သည့်နိုင်ငံမှမဆို ဆောက်လုပ်ပေးမည့် နျူကလီးယား ဓာတ်ပေါင်းဖိုများကိုသာအလိုရှိကြောင်း ကိုလည်း ထုတ်ဖော် ပြောကြားခဲ့ပြီးဖြစ်သည်။ နျူ ကလီးယား ဓာတ်ပေါင်းဖိုများ ထိန်းသိမ်း ရေးအတွက် တောင် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူများ အပေါ် မှီခို နေရ မည့် အရေးကို လက်မခံနိုင်ကြောင်း မြောက်ကိုရီးယား အစိုးရက ရှုတ်ချခဲ့သည်။

၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ဆောက်လုပ်ရေးအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ထိုးရန် နောက်ဆုံးရက်မှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဖြစ်သည်။ ယင်းအရေးနှင့် စပ်လျဉ်းပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့ဘာလင်မြို့တွင် ငါးရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ နှစ်ဖက်စလုံးကလိုပ်ခဲတည်းလည်းဖြစ်နေသည့် ပြဿနာပြေလည်စေရေးအတွက် အပေးအယူလုပ်၍ အလျှော့ပေးရန်ငြင်းဆိုခဲ့ကြသည်။

အမေရိကန်အစိုးရက ၁၉၉၄ ခုနှစ်၊အောက်တိုဘာလ နျူကလီးယားသဘောတူညီမှုတွင် မြောက်ကိုရီးယား၌ ဆောက်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖိုများ၏ အရင်းအမြစ်မှာ မည်သည့်နိုင်ငံမှဖြစ်ရမည်ကို သီးသန့်ဖော်ပြမထားသော်လည်း ယင်းဓာတ်ပေါင်းဖိုများသည် တောင်ကိုရီးယားနိုင်ငံမှသာဖြစ်ရမည်ဆိုသည့်အချက်ကို နှစ်ဦးနှစ်ဖက်စလုံးကနားလည်သဘောပေါက်ထားကြပြီး ဖြစ်သည်ဟုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းပြဿနာရပ်အပေါ်တင်းခံနေမည်ဆိုပါက သဘောတူညီချက်တစ်ရပ်လုံးကို ခြိမ်းခြောက်ရာရောက်ပြီး ထိခိုက်စေနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ ယင်းသို့ပြောကြားချက်ကို တုံ့ပြန်ရာတွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ယင်းထုတ်ပြန်ကြေညာချက်တွင် အကျိုးတရားတစ်စုံတစ်ရာထွက်ပေါ်လာခြင်းမရှိသည့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်လက်အချိန်ဖြုန်းမည့်အစား သဘောတူညီချက်ကို ရုပ်သိမ်းလိုက်လျှင် ပို၍ကောင်းလိမ့်မည်ဟု အကြံပြုဖော်ပြထားသည်။

ဤခြေအနေတွင် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်လော့ဒ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီး ဖြစ်ပေါ်နေသည့် ပြဿနာနှင့် စပ်လျဉ်း၍ တူညီသည့်သဘောထားချမှတ်နိုင်ရေးအတွက်ဆွေးနွေးခဲ့သည်။

တစ်ဖက်တွင်မြောက်ကိုရီးယားနိုင်ငံကလည်း ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယားသဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့ရသည့် တောင်–မြောက်ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများပြန်လည်စတင်ရန်ရှိလင့်ကစား ၁၉၉၄ ခုနှစ်၊ ဇူလိုင်လကမြောက်ကိုရီးယား သမ္မတကင်အီဆွန်းကွယ်လွန်ခဲ့ခြင်းအတွက် တောင်ကိုရီးယားနိုင်ငံက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားရန်ပျက်ကွက်ခဲ့ခြင်းအပေါ် တောင်ကိုရီးယား သမ္မတ ကင်မ်ယောင်ဆမ်က တောင်းပန်ရန်ကို ဆက်လက်တောင်းဆိုနေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅–စ၊ ၁၆၂၊ ၁၆၃–ရှ။)

တောင်ကိုရီးယားနိုင်ငံဘက်ကလည်း ပစိဖိတ်ဒေသစစ်ပွဲပြီးဆုံးသည့် နှစ် ၅၀ မြောက်အထိမ်း အမှတ်ကျင်းပရန် ပူးတွဲကွန်ဖရင့်တစ်ရပ်အတွက် မြောက်ကိုရီးယား၏အဆိုပြုချက်ကို ပယ်ချခဲ့ပြီးနောက် အဆိုပြုချက် အသစ်တစ်ရပ်တင်ပြခဲ့သည်။ ယင်းအဆိုပြုချက်တွင် ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာနေသည့် မိသားစုများအား မြောက်ကိုရီးယားနိုင်ငံမြို့တော်ပြုံယမ်းသို့ သွားလာခွင့်ပြုရန်၊ ဧပြီလတွင် မြောက်ကိုရီးယားက ကမကထပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာပွဲတော်သို့ တက်ရောက်ခွင့်ပြုရန်၊နှစ်နိုင်ငံမှ စာနယ်ဇင်းသမားများ ဖလှယ်ရေးနှင့်မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လိုသော တောင်ကိုရီးယားလုပ်ငန်းရှင်များအပေါ် ကန့်သတ်ထားချက်များအား သက်သာခွင့် ပြုရေးတို့ကို အကြံပြုဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းအဆိုပြုချက်များသည် ဆွေးနွေးပွဲများ ပြန်လည်ဖြစ်မြောက်ရေးအတွက် မြောက်ကိုရီးယား၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ဖြည့်ဆည်းပေးခြင်းမရှိဘဲ တောင်နှင့်မြောက်နှစ်နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ရန် ကြံစည်ကြီးပမ်းမှု တစ်ရပ် ဖြစ်သည်ဟု ဆိုကာပယ်ချခဲ့သည်။

ဤသို့အခြေအနေများ တိုးတက်ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြားရရှိခဲ့သည့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီးယား သဘောတူညီချက်ကို အကောင်ထည်ဖော် ဆောင်ရွက်ခြင်း

နှင့် စပ်လျဉ်းပြီး အသေးစိတ်လုပ်ငန်းစဉ်များ အပြီးသတ်ဆောင်ရွက်ရေး နောက်ဆုံးသတ်မှတ်ရက် ဖြစ်သည့် မေ ၂၁ ရက်နေ့မှာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ကျော်လွန်သွားခဲ့သည်။ သို့ဖြစ်လင့်ကစား ပြေလကုန်တွင် အမေရိကန်နှင့် မြောက်ကိုရီယားတို့က ဆွေးနွေးပွဲများပြန်လည်ကျင်းပရန် သဘောတူညီခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ နျူကလီယား သဘောတူညီမှုကို ကျောခိုင်းစွန့်ခွာရန် ခြိမ်းခြောက်ပြီးရပ်ဆိုင်းထားသည့် ၎င်း၏ နျူကလီယား အစီအစဉ်ကို ပြန်လည် လုပ်ဆောင်လိမ့်မည်ဟူသော စိုးရိမ်ပူပန်မှုမှာ သက်သာရာရရှိသွားခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံဘက်က ရေသွက်သုံး နျူကလီးယားဓာတ်ပေါင်းဖိုများကို တောင်ကိုရီးယားနိုင်ငံမှ ပုံစံမျိုးမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုမှ နျူကလီးယားဓာတ်ပေါင်းဖိုများသာ အစားထိုးရယူလိုကြောင်းကို အကြောက်အကန် ဆက်လက်ပြောကြားနေခဲ့သည်။ ယင်းအရေးကိစ္စနှင့် စပ်လျဉ်းပြီး ဘာလင်မြို့တွင် အခြေစိုက်လျက်ဆက်လက်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှာလည်း တိုးတက်မှုမရရှိဘဲရှိနေခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်အစိုးရက မေ ၂၁ ရက်သည် နောက်ဆုံးရက်အဖြစ် သတ်မှတ်ခြင်းမျိုးထက် ရည်မှန်းလျာထားသည့် ရက်တစ်ရက်သာဖြစ်သည်ဟု အကြံပြုခဲ့သည်။ ထို့ပြင် မြောက်ကိုရီးဘက်က ၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းနေသမျှ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားနိုင်မည်ဟု အမေရိကန်ဘက်က ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယား အစိုးရကမူ နောက်ဆုံးသတ်မှတ်ရက် မေ ၂၁ ရက်နေ့တွင် သဘောတူညီမှုကိုအပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ရာ မြောက်ကိုရီးယားအနေဖြင့် နျူကလီယား သဘောတူညီချက်အရ ရပ်ဆိုင်းထားခဲ့သည့် ယောင်ဗြုံးတွင်ရှိ နျူကလီယားဓာတ်ပေါင်းဖိုကို လောင်စာပြန်လည်ဖြည့်ရန် စဉ်းစားရလိမ့်မည်ဟု ပြင်းပြင်းထန်ထန် ဖော်ပြခဲ့သည်။

အထက်ပါကိစ္စရပ်ဆိုင်ရာ အပြီးသတ်ဆွေးနွေးပွဲများကို မေ ၁၈ ရက်နေ့တွင်စတင်ခဲ့ရာ သဘောတူညီမှုမရရှိဘဲ မေ ၂၀ ရက်နေ့တွင်ပြီးဆုံးသွားခဲ့သည်။ မေ ၂၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ၎င်းအဖွဲ့မှ စစ်ဆေးသူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ပြန်လည်လုပ်ဆောင်သည့် အထောက်အထားမတွေ့ရှိရကြောင်းကြေညာခဲ့သည်။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာနျူကလီယား သဘောတူညီမှုအကောင်အထည်ဖော်ရေးဆိုင်ရာ မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံကြား ဆွေးနွေးပွဲကို မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် ပြန်လည်ကျင်းပခဲ့ရာ ယခင်အကြိမ်များကဲ့သို့ပင် တိုးတက်မှုမရရှိဘဲ ရှိနေခဲ့သည်။ မြောက်ကိုရီယားနိုင်ငံဘက်ကလည်း အမေရိကန်ဒေါ်လာ လေးဘီလီယံ တန်ဖိုးရှိ တောင်ကိုရီးယားနိုင်ငံမှ ရေသွက်သုံး နျူကလီယားဓာတ်ပေါင်းဖိုများ ကို လက်ခံရန်ငြင်းဆန်မြဲငြင်းဆန်နေခဲ့သည်။

ဦးခင်မောင်လေး

**ကမ္ဘောဒီးယားနိုင်ငံ။** ။ကမ္ဘောဒီးယားနိုင်ငံ၏ ၁၉၉၅ ခုနှစ် အတွင်း နိုင်ငံရေး၊ ပြည်တွင်းရေး၊ စစ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။

**နိုင်ငံရေးအခြေအနေ**

ကမ္ဘောဒီးယားညွန့်ပေါင်းအစိုးရ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဆမ်ရိန်ဆီအား ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်းက ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ အဓိက ပါတီကြီးတစ်ခုဖြစ်သော ဖန်ဆီပက်ပါတီ၏ ပါတီဝင်အဖြစ်မှလည်း ထုတ်ပယ်လိုက်သည်။ ဖန်ဆီပက်ပါတီ ပြောရေးဆိုခွင့်ရှိသူက ဆမ်ရိန်ဆီသည် ပါတီတွင်းတွင် ဆိုးရွားသော လုပ်ရပ်များကို ပြုမူ လုပ်ကိုင်ခဲ့ကြောင်း၊ အကြိမ် ကြိမ်သတိပေးသော်လည်း အလေးမမူခဲ့ကြောင်း ဆမ်ရိန်ဆီအား ပါတီမှ ထုတ်ပယ်သည့် နေ့၌ ပြောကြားခဲ့သည်။ ဆမ်ရိန်ဆီ ဝန်ကြီးရာထူးမှ ထုတ်ပယ်ခံရခြင်းမှာ နိုင်ငံအတွင်းရှိ ထိပ်ပိုင်းတွင် တာဝန် ထမ်းဆောင်နေကြသောပုဂ္ဂိုလ်များ၏ ခြစားမှုကို ဝေဖန်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်များက ထင်ကြေးပေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို၁၉၉၈ ခုနှစ်တွင်ပြန်လည်ပြုလုပ်ရမည်ဖြစ်သည်။ ဝန်ကြီးရာထူးမှ လွန်ခဲ့သည့်နှစ်က ထုတ်ပယ်ခံရပြီးနောက် ဖန်ဆီပက်ပါတီမှထုတ်ပယ်မခံရမီ ၁၉၉၅ ခုနှစ်၊ မေလဆန်းက ထင်ရှားသောနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆမ်ရိန်ဆီက

၁၉၉၈ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲသစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မိမိနိုင်ငံရေးပါတီသစ်တစ်ခုကို တည်ထောင်ရန် ကြံရွယ်ထားကြောင်း ကြေညာခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဩဂုတ်လအတွင်းက ကမ္ဘောဒီးယား နိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝါရင်းခရစ်စတိုဖာ ရောက်ရှိခဲ့သည်။ ဝါရင်းခရစ်စတိုဖာက ကမ္ဘောဒီးယားအား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ရှိနေစေရန် တိုက်တွန်းခဲ့သည်။ ယင်းသို့တိုက်တွန်းပြီးမကြာမီ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရေးကိုလက်မခံကြောင်း၊ အနှစ် ၂၀ ကျော်ကြာ ပြည်တွင်းစစ်နှင့် ခမာနီတို့၏ မျိုးဖြုတ်သတ်ဖြတ်မှု ခံရပြီးနောက် နိုင်ငံတော်ပြန်လည်ထူထောင်နေစဉ်၌ ကမ္ဘောဒီးယားတွင် အနောက်တိုင်းဒီမိုကရေစီ ထူထောင်ရန် အကြောင်းမရှိကြောင်း၊ ယင်းသို့သော အခြေအနေ၌ကမ္ဘော ဒီးယားနိုင်ငံတွင်စည်းကမ်းရော ဒီမိုကရေစီပါနှစ်ရပ်လုံး လိုအပ်သည်မှန်သော်လည်း မိမိတို့လူဘောင်တွင် ဒီမိုကရေစီထက် စည်းကမ်းရှိရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ချွန်လိပိုင်နှင့် နှစ်နိုင်ငံနယ်စပ်ပြဿနာကိုဆွေးနွေးခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မတ်လ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ကမ္ဘောဒီးယားအစိုးရတပ်များက ခမာနီပြောက်ကျားများကို လိုက်လံတိုက်ခိုက်ရာတွင် ထိုင်းနိုင်ငံ၏အရှေ့ပိုင်းဒေသ စီစာခက် ( Sisaket )ရှိနယ်မြေများသို့နယ်ကျွံလာသဖြင့် ကမ္ဘောဒီးယားအစိုးရတပ်သားများကို ထိုင်းတပ်သားများက ဟန့်တားရာမှကမ္ဘောဒီးယားတပ်သား ၁၂ ဦးသေဆုံးခဲ့ရကြောင်း ထိုင်းကြည်းတပ်က မတ်လ ၅ ရက်နေ့၌ ကြေညာချက်ထုတ်သည်။

## ပြည်တွင်းရေး

ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ သွားရောက် လည်ပတ်လျက်ရှိရာ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ကမ္ဘာ့လှည့်ခရီးသည် ဇနီးမောင်နှံနှစ်ဦးအား အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်ခံကြရသူ ကမ္ဘာလှည့်ခရီးသည် မောင်နှံမှာ အမေရိကန် ပြည်ထောင်စုမှ ဂျိမ်းဟောဒင်နှင့် စူဆန် ဂျင်စဘတ်ဟောဒင်အမည်ရှိ ဇနီးမောင်နှံနှစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၁၂ ရာစုက တည်ဆောက်ခဲ့သော အန်ကာဝပ်ကျောင်းတော်ကြီး အနောက် ၂၅ မိုင်အကွာရှိ ရှေးဟောင်း ( Banteay Srey ) ဘုရား ကျောင်းသို့ ကားဖြင့်အသွား သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန် ပြည်ထောင်စု တက္ကဆက် ပြည်နယ် တက္ကသိုလ်ပါမောက္ခဖြစ်သူ စူဆန်ဟောဒင်နှင့် ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသည်လမ်းပြတို့ သေဆုံးခဲ့ကြရသည်။ မစ္စတာဟောဒင်မှာ ဒဏ်ရာအပြင်းအထန် ရရှိသည်။

အဆိုပါတိုက်ခိုက်မှုသည် လုယက်တိုက်ခိုက်မှုမျိုး မဟုတ်ဘဲနိုင်ငံရေးနှင့် ဆက်နွယ်သည့် လုပ်ရပ်ဖြစ်ပြီး ခမာနီပြောက်ကျားတို့၏ ပယောဂဖြစ်ကြောင်း ကမ္ဘောဒီးယား အစိုးရက ပြောကြားသည်။ ၁၉၉၁ ခုနှစ်တွင် အန်ကာဝပ်ကျောင်းတော်နယ်မြေတစ်ဝိုက်ကိုကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် ဖွင့်ပေးပြီးနောက် ယခုအကြိမ်သည် ကမ္ဘာလှည့်ခရီးသည်များကို ပထမဆုံးအကြိမ်သတ်ဖြတ်တိုက်ခိုက်မှု ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Veng Sereyvudh က Banteay Srey ဘုရား ကျောင်းသို့ ကမ္ဘာလှည့် ခရီးသည်များသွားလာ မှုကို ပိတ်ထားလိုက်သည်။ အန်ကာဝပ်ကျောင်းတော်သို့ သွားလာမှုကိုမူ ခွင့်ပြုပြီးလုံခြုံမှုကို တာဝန်ယူကြောင်း ဗန်ဆရေးဗတ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်မနှစ်က ကမ္ဘာလှည့်ခရီးသည်များအားပြန်ပေးဆွဲခြင်း၊ လုယက်တိုက်ခိုက်ခြင်းများဖြစ်ပွားခဲ့ရာ နိုင်ငံခြားသားခြောက်ဦး သေဆုံးခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ တစ်ဖန် အမေရိကန် ကမ္ဘာလှည့် ဇနီးမောင်နှံကို လုယက်တိုက်ခိုက်ခဲ့ရာ ဇနီးဖြစ်သူ စူဆန်ဂျင်စဘတ်ဟောဒင်နှင့် ကမ္ဘောဒီးယားခရီးသည် လမ်းပြတို့ သေဆုံးခဲ့ပြီး ခင်ပွန်းသည် ဂျိမ်းဟောဒင်မှာ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းသို့ ကမ္ဘာလှည့်ခရီးသည်များအား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့လင့်ကစား ကမ္ဘောဒီးယား ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် အနှစ် ၂၀ အတွင်း တိုးတက်ခဲ့ကြောင်း၊ ပြင်ပရင်းနှီးမြှုပ်နှံသူ များကိုလည်း ဆွဲဆောင်နိုင်ခဲ့ကြောင်း ကမ္ဘာလှည့် ခရီး သွားလာရေးဝန်ကြီးဌာန၏ ၁၉၉၅ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၁၉၉၄ ခုနှစ်က ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့် ခရီးသည်ပေါင်း ၁၇၈,၀၀၀ လာရောက်ခဲ့ရာ ၁၉၉၃

ခုနှစ်ကထက် ၄၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၁၉၉၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၂၀,၀၀၀ လာရောက်ခဲ့သည်။ ထိုကမ္ဘာလှည့်ခရီးသည်များအနက် ခရီးသည် ၄၅,၀၀၀ သည် ဆိုင်ရမ်ရိ ပြည်နယ်ရှိ အန်ကောဝပ်ကျောင်းတော်ကြီးသို့ သွားရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားလေတပ် ဒုတိယတပ်မှူး ဗိုလ်ချုပ် တက်ခ်ချန်သန်းသည် အပေါ့စားလေယာဉ် တစ်စင်းကို မတ်လ ၅ ရက်နေ့က ကိုယ်တိုင်မောင်းနှင် ပျံသန်းစဉ် ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်း တစ်နေရာတွင် သစ်ပင်နှင့် တိုက်မိပြီး လေယာဉ်ပျက်ကျသေဆုံးခဲ့သည်။ ကွမ်ပေါင်သွမ် ပြည်နယ်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ခုသို့ ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် မင်းသားနိုရိုဒွန် ရာနာရစ်ဒ် တက်ရောက်ရန်အသွား ဝန်ကြီးချုပ်၏ လုံခြုံရေးအတွက် လေယာဉ် ဖြင့် ပျံသန်းစဉ် ယင်းသို့ လေယာဉ်ပျက်ကျကာ သေဆုံးခဲ့ ရခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားပထမဝန်ကြီးချုပ် မင်းသား နိုရိုဒွန် ရာနာရစ်ဒ်က အရေးပါသော ကတိကဝတ်သုံးလေးခုကို မိမိအကောင်အထည်ဖော် ဖြည့်စွမ်းပေးနိုင်ခြင်းမရှိကြောင်း ဧပြီလ ၁၈ ရက်နေ့၌ ဝန်ခံပြောကြားလိုက်သည်။ အဂတိလိုက်စားမှုအဆုံးသတ်စေရမည်။ ကျယ်ပြန့်သော လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ပေးမည်။ ခမာနီတို့နှင့် ပြောက်ကျားစစ်အဆုံးသတ်ရန် မှန်မှန် ကန်ကန် ရပ်တည်ဆောင်ရွက်ပေးမည်ဟူသော မိမိ၏ ရွေးကောက်ပွဲ ကတိကဝတ်များကို အကောင်အထည် မဖော်နိုင် သေးသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ မျက်မှောက်အခြေအနေမှာ များစွာတိုးတက်လျက်ရှိသည်ဟုပြောကြားခဲ့ သည်။ အစိုးရတပ်နှင့်ခမာနီတို့၏ တိုက်ပွဲမှာ အရှိန်လျော့နည်းသွားပြီ ဖြစ်ကြောင်း ပထမဝန်ကြီးချုပ် ရာနာရစ်ဒ်က ပြောခဲ့သည်။

## အစိုးရနှင့် ခမာနီ ပြောက်ကျားတို့၏ စစ်ရေးအခြေ အနေ

ကမ္ဘောဒီးယားလက်ရှိ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသောခမာနီပြောက်ကျားတပ်မှတပ်ဖွဲ့ဝင်များစွာသည် ကမ္ဘောဒီးယားအနောက်မြောက်ဘက်ရှိ ဆိုင်ရမ်ရိပြည်နယ်တွင် အစိုးရဘက်သို့ဝင်ရောက်လာကြသည်။ ယင်းသို့ ဝင်ရောက်လာကြခြင်းသည် အစိုးရ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးဝါဒအကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်က ဇန်နဝါရီလ အတွင်းက ပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၁၉၉၄ ခုနှစ်က ခမာနီပြောက်ကျား ၅၀၃၅ ယောက်အစိုးရဘက်သို့ ဝင်ရောက်လာကြသည်၊ ထိုဝင်ရောက်လာသော ပြောက်ကျား များနှင့်အတူ လက်နက်မျိုးစုံ ၂၂၈၄ လက် ပါလာခဲ့သည်။ ခမာနီတို့အား လွတ်ငြိမ်းချမ်းသာခွင့်အချိန်ကာလ ခြောက်လပေးထားရာ ယင်းကာလသည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကုန်ဆုံးသည်။ ခမာနီများသည် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိကမ္ဘောဒီးယားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ပြီး ၄င်းတို့ စိုးမိုးအုပ်ချုပ်စဉ်ကာလအတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းသည်ကွပ်မျက်ခံရခြင်း၊ ရောဂါဘယ ကပ်ရောက် ခြင်း၊ အစာရေစာတော်မွတ်ခြင်း များကြောင့် သေဆုံးခဲ့ကြ ရသည်။

ကမ္ဘောဒီးယားအစိုးရဘက်သို့ ကူးပြောင်းသွားသော ခမာနီပြောက်ကျားများစွာ၏ အထောက်အကူဖြင့် ထိုးစစ်ဆင်လာသည့် ကမ္ဘောဒီးယားအစိုးရတပ်များနှင့် ခမာနီတို့ တိုက်ပွဲတွင် ခမာနီများရှုံးနိမ့်ပြီး ကမ္ဘောဒီးယား အနောက်မြောက်ဘက်ရှိ ဖနွမ်ကူလင်အခိုင်အမာစခန်းကို ခမာနီပြောက်ကျားများစွန့်လွှတ်လိုက်ရသည်ဟု ဆိုင်ရမ်ရိ ပြည်နယ်အုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၄ ရက်နေ့၌ ပြောကြားသည်။ ဖနွမ်ကူလင်သည် ဆိုင်ရမ်ရိ ပြည်နယ် မြောက်ဘက်မိုင် ၄၀ တွင်ရှိပြီး ၁၂ ရာစု အန်ကောဘုရားကျောင်းများ တည်ဆောက်ရာ၌ အသုံးပြုသော သဲကျောက်များ ထွက်ရှိရာ ဒေသဖြစ်သည်။

ကမ္ဘောဒီးယားအနောက်မြောက်ဒေသ ဘက်တမ်ဘန်း ပြည်နယ်မှ ဖနွမ်ပင်သို့ ခုတ်မောင်းလာသည့်မီးရထား တစ်စင်းကိုဇန်နဝါရီလ ၂ ရက်နေ့ကခမာနီပြောက်ကျား ၂၀ ခန့်က မိုင်း၊ လက်ပစ်ဗုံး၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့်ခရီးသည်ရှစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာအပြင်းအထန် ရရှိသည်။ ဤသို့ခရီးသည်တင် မီးရထား ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် ၁၉၉၅ ခုနှစ်၌ ပထမဆုံး တိုက်ခိုက်မှုဖြစ်သည်။ ခမာနီပြောက်ကျားများ သည် မီးရထားစီးခရီးသည်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ ယမန်နှစ်က မီးရထား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ခရီးသည် ၃၈ ဦးသေဆုံးခဲ့ပြီး ၉၈ ဦး ဒဏ်ရာရခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် ခမာနီ ပြောက်ကျားတို့သည် ရုံးတင်တရားစွဲဆိုပြီး ထောင်ဒဏ်အပစ်ပေးခံရလိမ့်မည်ဟု ကမ္ဘောဒီးယားအစိုးရက ဇန်နဝါရီ

လ ၁၁ ရက်နေ့တွင် သတိပေးသည်။ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် ရာနာရစ်ဒ်က ဇန်နဝါရီလ ၁၅ ရက်နေ့ တွင် လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးမည့်အကြောင်း နှစ်ကြိမ်တိုင် ပြောဆိုခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသွားပြီးနောက် ခမာနီအားလုံးသည် ဥပဒေအရ ရုံးတင်တရားစွဲဆိုခံရမည်ဖြစ်ပြီး ထောင်ဒဏ်အပြစ်ပေးမှုကို ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် အန်တီးရောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လက ကမ္ဘောဒီးယားပါလီမန်က ခမာနီတို့ကို မတရားအသင်းကြေညာသည့် ဥပဒေပြဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေက အချို့သောခမာနီ ခေါင်းဆောင်များမှအပ အခြားနောက်လိုက်အားလုံး အစိုးရဘက် ကူးပြောင်း အလင်းဝင်နိုင်ရန် ခြောက်လသက်တမ်းရှိ လွတ်ငြိမ်းချမ်းသာခွင့်ကာလ ခွင့်ပြုထားခဲ့သည်။

ခမာနီများသည် ဖနွမ်ပင်မှ မိုင် ၂၀၀ ဝေးသည့် အန်လောင်ဗန်း နယ်တစ်ဝိုက်ရှိ ကမ္ဘောဒီးယားပြည်သူ ၂၀၀၀ ခန့်ကို လွှန်ခဲ့သည့်နှစ်အတွင်းက သတ်ဖြတ်ခဲ့ကြောင်း အစိုးရဘက်သို့ ကူးပြောင်းလာသူ ခမာနီတပ်မ ၉၈၀ တပ်မမှူး အစ်ဆမ်က ပြောကြားသည်။ ၎င်းသည် ခမာနီပြောက်ကျား ၂၃၆ ဦးကို ဦးဆောင်၍ အစိုးရဘက်သို့ ကူးပြောင်းလာသူဖြစ်သည်။

၁၉၉၅ ခုနှစ် မတ်လ ၈ ရက်နေ့၌ ကမ္ဘောဒီးယား အစိုးရသည် ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံးမြို့တော် ဘန်တန်ဘမ်ကို ခမာနီတို့လက်ထဲ မကျရောက်စေရန် မိမိ၏တပ်များကို အသစ်စက်စက်ရထားသော တင့်ကားများ နှင့် အင်အားဖြည့်တင်းခဲ့သည်။ ချက်ကို စလိုဗက်ကီးယား နှင့် ပိုလန်နိုင်ငံတို့မှ ရရှိသည့် တင့်ကားခြောက်စီးနှင့် တပ်သားအများအပြားကို ခမာနီတို့ တိုက်ခိုက်နေသော ဘန်တမ်ဘမ်သို့ ပို့ပေးခဲ့ကြောင်း ဘက်တန်ဘမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဆီးရေးကိုဆယ်က ပြောသည်။ ဖနွမ်ပင်မြို့တော်၏ အနောက်မြောက် ၁၅၅ မိုင်အကွာရှိ ပြည်နယ်မြို့တော် ဘန်တန်ဘမ်ကို သိမ်းပိုက်နိုင်ရန် ခမာနီ ပြောက်ကျား ၁၀၀၀ ခန့်သည် တောင်ပိုင်းဒေသမှ ရက်သတ္တပတ်စောစောပိုင်းက ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။ ကမ္ဘောဒီးယားအစိုးရက သဘာဝအရင်းအမြစ်ကြွယ်ဝသော ဘန်တန်ဘမ်ကို ခမာနီပြောက်ကျားများ တိုက်ခိုက်နေခြင်းမှ ဟန့်တားရန် အစိုးရတပ်သား ၃၀,၀၀၀ ခန့်နှင့် ရဲတပ်သားများကို ယင်းဒေသသို့ စေလွှတ်ခဲ့သည်။

ထိုနောက် မတ်လ ၂၀ ရက်နေ့တွင် ကမ္ဘောဒီးယား အစိုးရ တပ်များသည် ထိုင်းနယ်စပ်ရှိ ခမာနီစခန်းများကို အရဏ်မတက်မီ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ခမာနီစခန်းများကို သိမ်းပိုက်ရန် ချီတက်ခဲ့ကြသည်။ ထိုင်း ကမ္ဘောဒီးယားနယ်စပ်ရှိ ကလာငှအတ် ခမာနီပြောက်ကျား အခြေစိုက်စခန်း သည် ခမာနီတို့၏ ဌာနချုပ်စခန်း ဖြစ်သော ဖနွမ်မာလေ စခန်း နှင့် ကိုးမိုင်သာဝေးသည်။ ဖနွမ်မာလေစခန်းသည် ပိုပေါ် ပြီးလျှင် ခမာနီဒုတိယခေါင်းဆောင်ဖြစ်သော အီအန်ဆရီ အခြေချနေထိုင်သောစခန်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရတပ်များသည် ခမာနီ ပြောက်ကျား များကို ထောက်ခံသူရာပေါင်းများစွာ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးရန်ပြင်ဆင်နေခိုက်ပြောက်ကျားတို့၏စခန်းတစ်ခု ကိုဆက်လက်တိုက်ခိုက်ကြသည်ဟု ထိုင်းစစ်တပ်နှင့် ပြောက်ကျားသတင်းရပ်ကွက်များကမတ်လ ၂၁ ရက်နေ့က ပြောကြားသည်။ ကမ္ဘောဒီးယားအစိုးရတပ်များသည် ကမ္ဘောဒီးယားနယ်စပ်မြို့ ပွိုင်ပက်တောင်ဘက် ကိုးမိုင် အကွာရှိ ခမာနီအခြေစိုက်စခန်းကလာငှအတ်ကို အမြောက် ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ကြောင်း ထိုင်းစစ်တပ် အရာရှိတစ်ဦးကပြောကြားသည်။ ကလာငှအတ်ကို တိုက်ခိုက်နေသောအစိုးရတပ်သား ၁၅၀၀ ကို ရင်ဆိုင် ရန် အားဖြည့်ပြောက်ကျားစစ်သား ၁၀၀၀ ကျော်သည် အဆိုပါ ဒေသသို့ချီတက်သွားကြောင်း ခမာနီအရာရှိ တစ်ဦးကပြောကြားသည်။ ခမာနီ ပြောက်ကျားများ၏ မိသားစုများဖြစ်မည်ဟု ယုံကြည်ရသော အရပ်သား ရာပေါင်းများစွာသည် ထိုင်းနိုင်ငံ အရန်ယာပရာတက်မြို့ တောင်ဘက် ထိုင်းနယ်မြေထဲသို့ ဒုက္ခသည်များအဖြစ် ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုင်းအာဏာပိုင် များက ၎င်းတို့အား လောလောဆယ်အချိန်၌ ထိုင်းနယ်မြေ ထဲ ဝင်ခွင့်မပြုကြောင်း ပြောဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံက ၎င်း၏ လက်နက်ကိုင်တပ်များ ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးပါက ကမ္ဘောဒီးယားနိုင်ငံ အား စစ်ရေးအထောက်အကူပေးရန်ကိစ္စကို အမေရိကန် ပြည်ထောင်စုက စဉ်းစားမည်ဟု အဆင့်မြင့် အမေရိကန် အရာရှိတစ်ဦးက ပြောသည်။ ကမ္ဘောဒီးယား နိုင်ငံ၏ တပ်ဖွဲ့များကို အသေးစိတ်ပြန်လည်ဖွဲ့စည်းပြီး နောက်ပိုင်း၌ ကမ္ဘောဒီးယားစစ်တပ်ကို လက်နက်ခဲယမ်း မီးကျောက် ပေးရေး စဉ်းစားရန်အကြောင်း လုံလောက် ပြီဖြစ်သည်ဟု အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး စထရိုဘီတောလ်

ဘွတ်က ပြောကြားခဲ့ပြန်သည်။ ၎င်းသည် ဇန်နဝါရီလ အတွင်းက ကမ္ဘောဒီးယား သို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။

ကမ္ဘောဒီးယားစစ်တပ်တွင် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ၌ စစ်တပ်ကိုပထမအကြိမ်ပြန်လည်မဖွဲ့မီ ဗိုလ်ချုပ် ကြီးနှင့် ဗိုလ်မှူးကြီး ထောင်ပေါင်းများစွာ ရှိနေခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘောဒီးယား စစ်တပ်ကို ပြန်လည်ဖွဲ့စည်းသည့်အခါ ဗိုလ်ချုပ်ကြီး အရေအတွက်ကို ၁၀၀ ခန့်အထိ လျှော့ချလိုက်သည်။ အမည် မဖော်လိုသော စစ်ဘက်အရာရှိကြီးတစ်ဦးက ၁၉၉၅ ခုနှစ် ၏ ပထမ သုံးလအတွင်း ကမ္ဘောဒီးယားစစ်တပ်ကို နောက် တစ်ကြိမ်ဖွဲ့စည်းဖွယ်ရှိပြီး ဗိုလ်ချုပ်ကြီးအရေအတွက်ကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချ ဖွယ်ရှိသည်ဟု ပြောဆိုသည်။

ကမ္ဘောဒီးယားစစ်တပ်တွင် တပ်သားအင်အား ၁၉၉၅ ခုနှစ်အထိ အမျိုးသား၊ အမျိုးသမီးအပါအဝင် ၁,၃၀,၀၀၀ ရှိသည်ဟု ဆိုသည်။ သို့သော် စစ်ဘက်ဆိုင်ရာ ဆန်းစစ်လေ့လာသူများကမူ ၇၀,၀၀၀ မှ ၈၀,၀၀၀ အကြားရှိကြောင်း ပြောကြသည်။

## ပြည်ပဆက်ဆံရေး

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆင်ရှင်နာဝါထရာသည်ဗန်ကောက်ရှိ သံအမတ်များနှင့်သံတမန် ၄၀ တို့ကို ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်ဒေသများသို့ ခေါ်ဆောင်သွားပြီး ခမာနီတို့နှင့် အဆက် ဖြတ်ရေး လုပ်ငန်းတွင်တာဝန်ရှိသည့် နှစ်နိုင်ငံ အရာရှိကြီးများနှင့် တွေ့ဆုံ ပေးခဲ့သည်။ ခမာနီတို့အား ထိုင်းနိုင်ငံက ထောက်ခံ အားပေးနေခြင်းရှိ မရှိနှင့် ပတ်သက်သော သံတမန်တို့တွင် ရှိနေသည့် သံသယများ ပျောက်ကွယ်သွားရေးအတွက် ကိုယ်တွေ့မျက်မြင်လေ့လာနိုင်စေရန် ယင်းသို့တွေ့ဆုံပေးခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တန်ကျိဟွမ်သည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ခဲ့သည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ဘုရင်သီဟာနုနှင့်လည်းကောင်း၊ ကမ္ဘောဒီးယား ပထမ ဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်နှင့်ဒုတိယ ဝန်ကြီးချုပ် ဟွန်ဆန်တို့နှင့် လည်းကောင်းတွေ့ဆုံခဲ့သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး အန့်ဟွတ်နှင့် တွေ့ဆုံ ဆွေးနွေး အပြီးတရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး က တရုတ်နှင့် ကမ္ဘောဒီးယားတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်ကြောင်း၊ ကမ္ဘောဒီးယား၏ နိုင်ငံရေး အခြေနေမှာ တည်ငြိမ် ပြီး စီးပွားရေးတိုးတက် ကောင်းမွန်လာကြောင်း ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်သမ္မတ လီဒတ်အန်သည် နှစ်ရက်ကြာခရီးလှည့်လည်ရန် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ရောက်ရှိခဲ့သည်။ ဗီယက်နမ်သမ္မတ လာရောက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး ကောင်းများ ထူထောင်ရေးဟူသောကမ္ဘောဒီးယား နိုင်ငံခြားရေးမူဝါဒ၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။ ၁၉၇၉ –၉၁ ခုနှစ် ပြည်တွင်းစစ်ကာလအတွင်း ကျဆုံးသွားကြသော ပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုထားသည့် ဗီယက်နမ်–ကမ္ဘောဒီးယားမိတ်ဆွေဖြစ် ကျောက်တိုင်တွင် ဗီယက်နမ်သမ္မတ လီဒတ်အန်က လွမ်းသူ့ပန်းခွေချခဲ့သည်။

၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘောဒီးယားသို့ ဗီယက်နမ်ဝင်ရောက်ခြင်းဖြင့် ခမာနီတို့ လက်အတွင်း ကျရောက်နေသော မိမိနှင့်မိမိပြည်သူများ၏အသက်ကို ကယ်တင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ကမ္ဘောဒီးယားနိုင်ငံက ကျေးဇူးဆပ်ရန်ရှိနေကြောင်း ကမ္ဘောဒီးယားဘုရင်သီဟာနုက ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့၌ ပြောကြားသည်။

၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်ကုလသမဂ္ဂက ကြီးကြပ်ကျင်းပသည့် ရွေးကောက်ပွဲကာလအထိ ကမ္ဘောဒီးယားကို အုပ်ချုပ်ခဲ့သောဖနွမ်းပင်အစိုးရကိုလည်း သီဟာနုက အပြစ်မှကင်းလွတ်စေလိုက်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ဖနွမ်ပင်အစိုးရမှာဗီယက်နမ်က တင်မြှောက်လိုက်သည့်အစိုးရဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ကမ္ဘောဒီးယားသို့ ဗီယက်နမ်တို့ဝင်ရောက်ခြင်းမှာ တရားမဝင်သော်လည်း နောက်တစ်လအကြာတွင် ဗီယက်နမ်တို့က သွေးစွန်းသည့်ပိုပေါ့အစိုးရကို ဖယ်ရှားပေးလိုက်ကြောင်းဘုရင်သီဟာနုကပြောခဲ့သည်။ ပိုပေါ့ကိုသာ ၎င်းတို့က ဖယ်ရှားမပစ်လျှင် မိမိသာမဟုတ် ကမ္ဘောဒီးယားပြည်သူတိုင်း အသတ်ခံရမည်ဟု သီဟာနုက ပြောသည်။ ဘုရင်သီဟာနုသည် ၁၉၇၅ မှ ၁၉၇၉ အထိ ကမ္ဘောဒီးယားကိုအုပ်စိုးခဲ့သည့် ပိုပေါ့အစိုးရလက်ထက်၌ နန်းတော်တွင်း အကျယ်ချုပ် ဖမ်းဆီးခံခဲ့ရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၁၉၉၅ ခုနှစ်အတွင်း အဆင့်မြင့် နိုင်ငံခြားကိုယ်စားလှယ် သုံးဖွဲ့ရောက်ရှိခဲ့သည်။

### စီးပွားရေး

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားစီးပွားရေး ကုမ္ပဏီများက စီးပွားရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကုမ္ပဏီပေါင်း ၅၅၂ ခုအထိရှိလာခဲ့သည်။ ထိုကုမ္ပဏီများအနက် ကုမ္ပဏီ ၁၀၄ ခုသည် ထိုင်းနိုင်ငံမှဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လက လွတ်လပ်ပျော့ပျောင်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေ(Liberal investment law) ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ ပြဋ္ဌာန်းပြီးနောက် ကမ္ဘောဒီးယားတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ငွေပမာဏတိုးတက်လာခဲ့ရာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရှိခဲ့သည်။ ယင်းသို့ရှိလာခဲ့သောကြောင့် အလုပ်အကိုင် ၃၂,၀၀၀ ပေါ်ပေါက်လာပြီး အလုပ် လက်မဲ့များအလုပ်ရရှိခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Tang Jiaxuan သည် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက် ရှိခဲ့စဉ် ကမ္ဘောဒီးယား အခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း၊ စီးပွားရေးအခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိ ကြောင်း၊ ကမ္ဘောဒီးယားပြည်သူများ၏ လူနေမှုဘဝ မှာလည်း တိုးတက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့၌စင်ကာပူနိုင်ငံသို့ တရားဝင်မဟုတ်သော အလွတ်သဘောသုံးရက်ကြာ သွားရောက်ခဲ့သည်။ စင်ကာပူနိုင်ငံမှလုပ်ငန်းရှင်များ ကမ္ဘောဒီးယားတွင် ပိုမိုရင်းနှီးမြှုပ်နှံလာရေး ရည်ရွယ်ချက်ဖြင့် စင်ကာပူသို့ ဟွန်ဆန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားဗဟိုဘဏ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ရီယယ်ငွေစက္ကူသစ်များကို ထုတ်ဝေသည်။ ယင်းသို့ ရီယယ်ငွေစက္ကူသစ်များနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ဈေးကွက်များတွင် တွင်တွင်ကျယ်ကျယ်လည်ပတ်သုံးစွဲနေသော ဒေါ်လာငွေပမာဏ လျော့သွားလိမ့်မည်ဟု ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး Thor Peng Leath ကပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အသေးအဖွဲပစ္စည်းများ ရောင်းဝယ်ရာ တွင်ရီယယ်ငွေကိုအသုံးများသည်။ တန်ဖိုးကြီးမားသော နေအိမ် သို့မဟုတ် ယာဉ်များ ဝယ်ယူရာတွင် ရွှေများဖြင့် ပေးချေကာ အရောင်းအဝယ် ပြုခြင်းလည်း ရှိသည်။

လတ်တလော နိုင်ငံတွင်းလည်ပတ်သုံးစွဲနေသည့် ရီယယ်ငွေ၏ အမြင့်ဆုံးတန်ဖိုးသည် ၅၀၀ ထိသာရှိသဖြင့် ပုံမှန်ဝယ်ယူသုံးစွဲရသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု လုပ်ငန်းများအတွက်ငွေပေးချေရာတွင် ရီယယ်ငွေစက္ကူကိုင်တွယ် အသုံးပြုရမှုပမာဏ ကြီးမားသောကြောင့် လက်တွေ့တွင် ရီယယ်ငွေစက္ကူသည် တွင်ကျယ်မှုမရှိဖြစ်နေသည် ဆိုသည်။ ထို့ကြောင့် မတ်လ ၂၅ ရက်နေ့၌ စတင်သုံးစွဲသည့် ရီယယ်ငွေစက္ကူ၏ တန်ဖိုးကို ၁,၀၀၀ ရီယယ်မှ ၁,၀၀,၀၀၀ ရီယယ်အထိ ရိုက်နှိပ်ထားသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် အမျိုးသားစီးပွားရေးအခြေခိုင်မာမှုရှိရေး ကြိုးပမ်းရန်အတွက် ပထမဆုံးအကြိမ် ကုန်စည်ပြပွဲဖြစ်သည့် ကမ္ဘောဒီးယား ကုန်သွယ်ရေးပြပွဲ(စီတီအက်ဖ် ၉၅) ကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြပွဲမှာ ကမ္ဘောဒီးယား ဘုရင်အစိုးရအဖွဲ့ကို ထူထောင် ပြီးချိန်မှစပြီး ပထမဆုံး ဖွင့်လှစ်သော ကုန်သွယ်ဆိုင်ရာ ပြပွဲဖြစ်ကြောင်း ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ချမ်ပရာဆစ်က ပြောကြားသည်။ အဆိုပါ ကုန်သွယ်ရေး ပြပွဲကို ဧပြီလ ၂၃ ရက်နေ့အထိပြသခဲ့ပြီး ပြပွဲတွင် ကုမ္ပဏီ ၆၀ ကျော် ပါဝင်ပြသရာ အများစုမှာ နိုင်ငံခြားကုမ္ပဏီများ ဖြစ်သည်။

### ပြန်လည်ထူထောင်ရေး

လူ့အခွင့်အရေး၊ လာဘ်ပေးလာဘ်ယူမှုတို့နှင့် စပ်လျဉ်း၍ မကြာသေးမီက ဝေဖန်မှုများရှိလင့်ကစား အရှေ့တောင် အာရှနိုင်ငံဖြစ်သော ကမ္ဘောဒီးယားအား ထောက်ပံ့ကူညီမှု လျော့ချလိမ့်မည်မဟုတ်ဟု မိမိယူဆကြောင်း ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်က ၁၉၉၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့၌ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏အဓိကအလှူရှင်နိုင်ငံများက ကမ္ဘောဒီးယားနိုင်ငံအား ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် အတွက် ဒေါ်လာသန်း ၁,၃၅၀ ထောက်ပံ့မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ကတိပြု ပြောကြား လိုက်သည်။ သို့သော် ကမ္ဘောဒီးယား စီးပွားရေးဝန်ကြီး ကိချွန်က ပါရီတွင်ပြုလုပ်သော အလှူရှင်နိုင်ငံများ အစည်းအဝေးပွဲ အပြီးတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အလှူရှင် နိုင်ငံအများစုက လူသိရှင်ကြားပြောဆိုခြင်း မရှိသေးကြောင်း ပြောဆိုသည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကမ္ဘောဒီးယား နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ ပြန်လည်တည်ဆောက်ရေး ဆိုင်ရာ ချေးငွေဒေါ်လာသန်း ၂၀ ထုတ်ယူပြီး နိုင်ငံခြား တိုင်းပြည်များက အာမခံထားသည့် ပေးအပ်မည့် အကူ အညီငွေကို ကျော်ထောက်နောက်ခံပြုကာ စတင် အသုံးချ ခဲ့သည်။ စစ်ကြောင့်ပျက်စီးနေသည့် ကမ္ဘောဒီးယား နိုင်ငံ၏ အခြေခံအဆောက်အအုံပြန်လည်ထူထောင်နိုင်ရေး အတွက် ဒေါ်လာသန်း ၉၀၀ ပေးမည်ဟု အလှူရှင်နိုင်ငံ များက ပါရီတွင်ပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ အာမခံခဲ့သည်။

ကမ္ဘာ့ဘဏ်ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့်အတူ အနှစ် ၄၀ အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပါချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်း များတွင်စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ဆေးရုံ၊ တံတား၊ လမ်းများ၊ ရေကာတာများတည်ဆောက်ခြင်း တို့ပါဝင်ပေသည်။

(ဦးစိန်ငွေး)

## ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (၁၉၉၅)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်းကောင်း၊ နိုင်ငံတကာ၌ လည်းကောင်း သာသနာတော်အကျိုးသယ်ပိုးထမ်းရွက် တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များ နှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံ နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွား ကြသည့် လူပုဂ္ဂိုလ်များ ရှိကြသည်။

### မြန်မာရဟန်းတော်များ

**ကုမာရ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ၊

မဟာဂန္ထဝါစက ပဏ္ဍိတ၊ သိရီပဝရ ဓမ္မာစရိယ၊ ကျိုက္ကစ် ဆံတော်ရှင် စေတီတော် ဩဝါဒါစရိယ၊ ရန်ကင်းမြို့နယ် နိမ္မိ တာရုံ ပရိယတ္တိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ကောသလ္လ၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မ ဘဏ္ဍာ ဂါရိက၊ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ ဗိမာန် ကျောင်းတိုက် ဦးစီးပဓာန နာယက၊

(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၌ ပျံလွန် တော်မူသည်။)

**ကောသလ္လာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ပဋိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ စမ်းချောင်းမြို့နယ် မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဦးစီး ပဓာန နာယက၊

(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၌ ပျံလွန်တော်မူ သည်။)

**ကိတ္တိ၊ ဘဒ္ဒန္တ**

သက်တော် (၈၄ ) နှစ်၊ သိက္ခာတော် ၆၄ ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စလင်းမြို့ မဟာဝိသုတာ ရာမကျောင်းတိုက်၊ (၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**စန္ဒနဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ သထုံမြို့ မိုးမခတောင် သက္ကအလံတရာ မဟာနာယက ဆရာတော်၊

(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော် မူသည်။)

**ဇာနေယျ၊ ဘဒ္ဒန္တ**

သက်တော် ( ၇၄ ) နှစ်၊ သိက္ခာတော် (၅၄) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊

(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၌ ပျံလွန်တော် မူသည်။)

**ဉာဏဓဇ ၊ ဘဒ္ဒန္တ**

သက်တော် (၈၈) နှစ် ၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဓမ္မယုတ္တိက နိကာယ မဟာရင်ဂိုဏ်း၏ အဌမမြောက် ဂိုဏ်းချုပ်၊

မော်လမြိုင်မြို့ မဟာရင်သုခကာရိ ပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၌ ပျံလွန်တော်မူသည်။)

**ဉာဏရံသီဘိဝံသ ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊မဟာဒွာရ နိကာယသြဝါဒါစရိယ၊ ကော့မှူးမြို့နယ် ကသစ်ကုန်းကျေးရွာ အရိမဒ္ဒနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**တေဇ၊ ဘဒ္ဒန္တ**

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မရမ်းကုန်းမြို့နယ် ပိတောက်ရွှေဝါကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဓမ္မပါလ၊ ဘဒ္ဒန္တ**

သက်တော် (၇၀) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယက ဥက္ကဋ္ဌ (သုဓမ္မာ)၊ ပုသိမ်မြို့ မန္တလေးကျောင်းတိုက်၏ ဦးစီးနာယက၊
(၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**နာယက၊ ဘဒ္ဒန္တ**

သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

ဝေဠုဝန်နိကာယ သတ္တမမြောက် ဂဏာဓိပတိ၊ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၌ ပျံလွန်တော်မူသည်။)

**နန္ဒမဠသာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်းတောင်ရိုးနန္ဒမူချောင် ချမ်းသာကြီးတိုက်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

**နာရဒ၊ ဘဒ္ဒန္တ**

သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မိုးကုတ်မြို့ မစိုးရိမ်ကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ သိရီ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊
(၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**

သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ၊

နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဟောင်း၊ ပဲခူးမြို့ သုဓမ္မာဂိုဏ်းကြီး၏ ဦးစီးနာယက၊ ပဲခူးမြို့ ကျောက်ပန်းတောင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

**လာဘဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၁) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ သီပေါ်အုန်းဘောင်လေးမြို့ ဂိုဏ်းချုပ်၊ သီပေါမြို့၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် သက်တော်ရှည် ရာကျော် ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိစိတ္တသာရ၊ ဘဒ္ဒန္တ**

သက်တော် (၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ၊

မဟာကမ္မဋ္ဌာနာစရိယ၊ မြောင်းမြမြို့ စက္ကုန်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ၊

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ရဋ္ဌညှ မဟာနာယက၊ ပြည်မြို့ မဟာဝမ္မိကာရာမတောရကျောင်းတိုက် ဦးစီးပဓာန နာယက၊ (၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ၊

ဒုတိယအကြိမ်နှင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘီးလင်းမြို့နယ် ကျောက်တလုံးကျောင်းကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဝိရိယ၊ ဘဒ္ဒန္တ**

သက်တော်(၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဂဏဝိမုတ် စာချွန်တော်ရ ကူးတို့ဂိုဏ်းချုပ်၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ပဓာန နာယက၊
(၁၃၅၇ ခုနှစ် ကဆုန်လဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

**ဝါသေဋ္ဌာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော်(၈၅ ) နှစ်၊ သိက္ခာတော် (၆၅) ဝါ၊

အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွံဖက်သာသနာပိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သပြေကန် ဆရာတော်ကြီး၊
(၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သဉ္ဇောဘာသ၊ ဘဒ္ဒန္တ**

သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိ ဘာဏက၊ သာသနဓဇ ဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူ၊ ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာ သာသန နယူးပဒေသကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၌ ပျံလွန်တော်မူသည်။)

**သဟမ္ပတိ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဗဟန်းမြို့နယ် မြဟ္မနိမ္မိတာရုံ စာသင်တိုက်ကြီး၏ ပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သာဓိန၊ ဘဒ္ဒန္တ**

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် တိုက်အုပ်ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သိရီဓေယျ၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ် ပဋ္ဌနာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သိရီကုဏ္ဍလ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ မဇ္ဈိမ ဘာဏက၊ မဇ္ဈိမနိကာယ ကောဝိဒ၊ အရာတော်မြို့နယ် ဥမင်တောရ ရိပ်သာကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

**သီလဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၃) ဝါ၊

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘားအံမြို့ လေသာကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (၁၉၉၅)

**သုဒဿန၊ ဘဒ္ဒန္တ**

သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသံဂါယနာ မူလဝိသောဓက၊ ပါဠိပဋိဝိသောဓက၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် ဒုတိယတိုက်အုပ် နာယက၊
(၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

**သုမန၊ ဘဒ္ဒန္တ**

သက်တော်(၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ဟောင်း၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်စာချ ဆရာတော်၊
(၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**သုမနာဘိဝံသ၊ ဘဒ္ဒန္တ**

သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋက ဩဝါဒါစရိယ၊ ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**သောမန၊ ဘဒ္ဒန္တ**

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက်၊
(၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမ၊ ဘဒ္ဒန္တ**

သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ၊

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မြင်းခြံမြို့ သုဓမ္မာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊
(၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

**ဥတ္တမသာရ၊ ဘဒ္ဒန္တ**

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ၊

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး၊
(၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

### လူပုဂ္ဂိုလ်များ

**ကန်တီကျူးမား၊ ဦး**

အသက် (၅၁) နှစ်၊
ဂုဏ်ထူးစာပေတိုက်၊ M.Sc (Physics)၊
(၂၉ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။ )

**ကျော်ခင်၊ ဦး**

အသက် (၇၇) နှစ်၊
စာပေဗိမာန်အဖွဲ့ အငြိမ်းစားတွဲဖက်ညွှန်ကြားရေးမှူး၊
(၄ –၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ကြင်ဆွေ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ သော်တာဆွေ၊ ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆု၊ ၁၉၆၄ ခုနှစ် အနုပညာစာပေဆုနှင့် ၁၉၇၀ ပြည့်နှစ် အမျိုးသား စာပေဆုရှင်၊ ဟာသဝတ္ထုနှင့် ဘဝသရုပ်ဖော် ဝတ္ထုများ ရေးသားရာတွင် နာမည်ကျော်ကြားသူ၊
(၄–၃–၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်ခင်၊ ဒေါ် (ပြည်)**

အသက် (၈၇) နှစ်၊
စာရေးဆရာမကြီး မယ်ခကြွေ၊ B.A, B.Ed စိန်မေရီ ဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဟောင်း၊အငြိမ်းစား သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊
(၂ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဘို၊ ဦး**

အသက် (၇၉) နှစ်၊ မြန်မာ့ရေတပ်မတော် အငြိမ်းစား ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး၊
(၂၁ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်လွင်၊ ဦး (ဝဏ္ဏကျော်ထင် သီရိပျံ့ချီ)**

အသက် (၉၁) နှစ်၊
ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာန အငြိမ်းစားအတွင်းဝန်၊
(၁၈ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ခင်မောင်ဝင်း၊ ဦး**

အသက် (၄၆) နှစ်၊
တေးသံရှင် မိုးမင်းဝင်း၊
(၁၆ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ချစ်မောင်၊ ဦး (ဝဏ္ဏကျော်ထင်)**

အသက် (၆၉) နှစ်၊
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ အငြိမ်းစား သံအမတ်ကြီး၊ M.A (Oxon) B.L.၊
(၂၀ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဂင်ဇာရင်ရင်၊ ဒေါ်**

အသက် (၇၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ခေတ်ဟောင်းအဆိုတော်၊
(၁၀ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စံတင်၊ ဦး**

အသက် (၇၄) နှစ်၊
သမဝါယမဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ B.A (Hons)., M.Ed .(Syr), ၊ B. E. S ၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စဝ်အုန်းညွှာ ၊ ဦး**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁ – ၅ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စိမ်းအောင် ၊ ဦး**

အသက် (၄၉) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ မောင်စိမ်းအောင်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အမျိုးသား ဇာတ်ပို့ဆု) ရှင်၊
(၁၆ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ညွှန့် ၊ ဒေါ် (သုဝဏ္ဏသိင်္ဂီ)**

အသက် (၈၂) နှစ်၊
ထားဝယ်မြို့ တိုင်းရင်းသူဆေးလိပ်ခုံပိုင်ရှင်၊
(၂၇ – ၈ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်နွယ်စိန် ၊ ဦး**

အသက် (၄၇) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ တင်နွယ်စိန်၊
(၁၇ – ၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဖေ ၊ ဦး (စည်သူ)**

အသက် (၈၂) နှစ်၊
တော်လှန်ရေး တပ်သားကောင်း၊ တော်လှန်ရေးကောင်စီဝင်နှင့် တော်လှန်ရေးအစိုးရအဖွဲ့ဝင်ဟောင်း၊ အငြိမ်းစား ဗိုလ်မှူးချုပ်၊
(၁၉ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်မြင့် ၊ သခင် (ဦးနေအောင်)**

အသက် (၇၈) နှစ်၊
စာရေးဆရာ ရဲဘော်နေအောင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊
(၁၆ – ၆ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်လှ၊ ဦး**

အသက် (၆၇) နှစ်၊
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီတွဲဖက်အတွင်းရေးမှူး (၂) ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
(၂၉ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင်ဧ ၊ ဦး (ရှမ်းပြည်)**

အသက် (၇၉) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်၊
တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အငြိမ်းစား စာတည်းမှူး၊
အငြိမ်းစား မြန်မာစာပါမောက္ခ၊ အငြိမ်းစား မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
(၁၆ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တင့်ဆန်း၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ တင့်ဆန်း၊
(၂ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**တောင်စာနိုင်၊ ဦး**

အသက် (၆၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အတွင်းရေးမှူး ၊ အငြိမ်းစား ဗိုလ်ချုပ်၊
(၁၁ – ၁၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နီလာ၊ မ (မနှင်းသီတာချစ်)**

အသက် (၂၆) နှစ်၊
သရုပ်ဆောင် လွန်းပိုးအိမ် ၊ B.Sc. ၊
(၂၃ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**နု ၊ ဦး (သခင်နု)**

အသက် (၈၈) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ၊ စာရေးဆရာ၊
(၁၄ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်လေး၊ ဒေါက်တာ**

အသက် (၆၃) နှစ်၊
အငြိမ်းစား ဒုတိယဝန်ကြီး ၊
(၂ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဗိုလ်သိန်းတန်**

အသက် (၇၃) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်း အပတ်စဉ် (၁) ဆင်း၊ အငြိမ်းစားပါတီ သုတေသနဌာနကြီးမှူး၊
(၂၈ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဘငြိမ်း ၊ ဦး**

အသက် (၇၉) နှစ်၊
အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ အငြိမ်းစား ဗဟိုအလုပ်သမား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊
(၁၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ကြီး ၊ ဦး**

အသက် (၅၂) နှစ်၊
စာရေးဆရာ ငြိမ်းကျော်၊ ၁၉၇၃ ခုနှစ် အမျိုးသားစာပေဆုရှင်၊ ရေးဟောင်းသုတေသန ပညာရှင်၊ ရုပ်ရှင် ဒါရိုက်တာ၊
(၁၇ – ၁၀ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မောင်မောင်ခ ၊ ဦး (ဓေယျ ကျော်ထင်)**

အသက် (၇၅) နှစ်၊
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် ၊ အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ်၊ အငြိမ်းစား ဗိုလ်မှူးကြီး ၊
(၁၀ – ၄ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မန်းလှဖေ ၊ ဦး**

အသက် (၈၀) နှစ်၊
ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ၊
(၂၁ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မျိုးမင်း ၊ ဦး**

အသက် (၈၆) နှစ်၊
စာရေးဆရာနွယ်စိုး ၊ အငြိမ်းစား အင်္ဂလိပ်စာ ပါမောက္ခ၊
(၂၁ – ၉ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြဦး ၊ ဦး**

အသက် (၇၈) နှစ်၊
စာရေးဆရာ သန့်လျှင်မြဦး၊ အငြိမ်းစား ပန်းတျာကျောင်းအုပ်ကြီး၊ အနုပညာဦးစီးဌာန ဂီတအကြံပေးပုဂ္ဂိုလ် ၊ မြန်မာ့ရုပ်မြင် သံကြားနှင့် အသံလွှင့်ဦးစီးဌာန တေးဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆုနှင့် ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုရှင်၊
(၁၃ – ၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**မြတ်တင်အေး ၊ ဦး**

အသက် (၅၈) နှစ်၊
ရုပ်ရှင်ဒါရိုက်တာ မြတ်တင်အေး ၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး အမှုဆောင် ၊ စိန့်ဂျွန်းကျောင်းသားဟောင်းများ အသင်း အတွင်းရေးမှူး ၊
(၁၄ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ရန်အောင် ၊ ဦး**

အသက် (၉၁) နှစ်၊
စာရေးဆရာ ရန်အောင်၊မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကကြီး ၊စာပေဗိမာန်အဖွဲ့ စာပေအတိုင်ပင်ခံ၊ ၁၉၉၄ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရှင်၊
(၉ – ၁ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**လှရွှေ ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာနှင့် စန္ဒရားဆရာ စစ်ကိုင်း လှရွှေ၊မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ၊မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့် ဦးစီးဌာန မဟာဂီတစိစစ်ရေးအဖွဲ့ဝင်နှင့် ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင် ၊ ၁၉၉၄ ခုနှစ်၊ အမျိုးသား စာပေဆုရှင်၊
(၈ – ၁၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန့်တင် ၊ ဦး (သီရိပျံချီ)**

အသက် (၈၅) နှစ်၊
စာရေးဆရာကြီး ဒဂုန်ရွှေပြည်စိုး ၊ B.A., B.Ed ၊ အငြိမ်းစား ပါလီမန်အတွင်းဝန် ၊
(၃ – ၃ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သန်းဇော ၊ ဦး**

အသက် (၇၆) နှစ်၊
စာရေးဆရာ အောင်မိုး ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် ၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့် ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အငြိမ်းစားညွှန်ကြားရေးမှူး (စီမံ) ၊
(၁၀ –၁၁ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**ဦး ၊ နဂါး ဒေါ် (အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ)**

အသက် (၈၆) နှစ်၊
မန္တလေးမြို့ နဂါး ဒေါ်ဦး ဆေးလိပ်ခုံပိုင်ရှင် ၊
(၁၁ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အေးသိန်း ၊ ဦး**

အသက် (၅၂) နှစ်၊
ရုပ်ရှင်တတ်ပုံဆရာ အကယ်ဒမီ ချစ်မင်းလူ ၊မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (ရုပ်ရှင်တတ်ပုံဆု ) သုံးကြိမ် ဆွတ်ခူးရရှိသူ၊
(၉ – ၂ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်ကြီး ၊ ဦး**

အသက် (၆၀) နှစ်၊
စန္ဒရား အောင်ကြီး ၊ အငြိမ်းစား မြန်မာ့အသံ ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင် ၊
(၁၈ – ၇ – ၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

**အောင်သော် ၊ ဦး**

အသက် (၇၄) နှစ်၊
မြန်မာစာအဖွဲ့ အဖွဲ့ဝင် ၊ ရှေးဟောင်းသုတေသန ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊
(၉ – ၉ –၉၅ ရက်နေ့၌ ကွယ်လွန်သည်။)

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စသည့် နယ်ပယ် အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။ ကွယ်လွန်သည့်ခုနှစ် မဖော်ပြလျှင် ၁၉၉၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ခြင်းဟုယူ၍ ခုနှစ်သီးခြားဖော်ပြလျှင် ထိုနှစ်၌ ကွယ်လွန်ခြင်းဟုယူရန် ဖြစ်ပါသည်။

**ကဆာတယ်လီ, ဖေဘီယို (၂၄နှစ်)**

အီတလီလူမျိုး ပြိုင်စက်ဘီးချန်ပီယံ၊ ၁၉၉၂ ခုနှစ် အိုလင်းပစ် ရွှေတံဆိပ်ဆုရှင်။ ပြင်သစ်နိုင်ငံတွင် ပြိုင်ပွဲဝင်နေစဉ် နေပူသောကြောင့် အကာအကွယ်ဦးထုပ်ဆောင်း မထားခဲ့သဖြင့် မတ်စောက်သော အဆင်းလမ်းကွေ့တစ်ခုတွင် တစ်နာရီ ကီလိုမီတာ ၉၀ နှုန်း စီးလာသော အရှိန်ကို မထိန်းနိုင်ဘဲ လဲကျ၍ ဦးခေါင်းဒဏ်ရာဖြင့် ဇူလိုင်လ ၁၈ ရက်နေ့၌ ကွယ်လွန်သည်။

**ကနေဒီ, ရို့စ် ဖစ်ဂျာရဲလ်ဒ် (၁၀၄ နှစ်)**

သမ္မတ ဂျွန်အက်ဖ်ကနေဒီအပါအဝင် အမေရိကန်နိုင်ငံရေးသမိုင်း တွင် သမဏီရှည်ကြာ သမ္မာအရင့်ဆုံး နိုင်ငံရေးမိသားစုကြီး၏ မိခင်။ ဘော်စတွန်မြို့တော်ဝန် ဂျွန်အက်ဖ်ဖစ်ဂျာရဲလ်ဒ်၏ သမီးအကြီးဆုံးဖြစ်ပြီး ဘော်စတွန်မြို့နှင့် ဥရောပနိုင်ငံများ၌ ပညာသင်ကြားခဲ့သည်။ အသက် ၂၄ နှစ်အရွယ်တွင် ဂျိုးဆက်ပီကနေဒီနှင့်

လက်ထပ်ခဲ့ပြီး ၁၈ နှစ်အတွင်း သားသမီးကိုးယောက် ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူက စီးပွားရေးလုပ်ငန်းကြီး အမျိုးမျိုးဖြင့် သူဌေးဖြစ်ကြွယ်နေချိန်၊ မိန်းမလိုက်စားသူအဖြစ် နာမည်ထွက်ချိန်တွင် ရို့စ်သည် သူမ၏ရင်သွေးများကို သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် စည်းကမ်းတကျ သွန်သင်ထိန်းကျောင်းလာခဲ့ရသည်။ သူမ၏ သားသမီးများကလည်း မိခင်အတွက် ဂုဏ်ယူလောက်သော ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာအောင် ကြိုးစားခဲ့ကြသကဲ့သို့ ဆိုးရွားလှသော ကံကြမ္မာတို့ကြောင့် သောကဝေဒနာပါ သူမခံစားခဲ့ရသည်။ သမီးအကြီးဆုံး ရို့စ်မာရီသည် ဉာဏ်ရည်ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် လူမှုဝန်ထမ်းဂေဟာသို့ ပို့ခဲ့ရသည်။ သားဖြစ်သူ ဂျိုးဂျူနီယာသည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သမီးဖြစ်သူ ကက်သလင်းန်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ လေယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့သည်။ ထို့နောက် တစ်ဖန် ၁၉၆၃ ခုနှစ်တွင် ပြည်သူချစ်သော သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံလိုက်ရသော အခါ သူမနှင့်အတူ တစ်ကမ္ဘာလုံးက ကြေကွဲဝမ်းနည်းခဲ့ကြသည်။ တစ်ဖန် ၁၉၆၈ ခုနှစ်တွင် ထက်မြက်သော သားတစ်ဦးဖြစ်သည့် ရောဘတ်ကနေဒီ အသတ်ခံခဲ့ရပြန်သည်။ နောက်နှစ်တွင် သူမ၏ ခင်ပွန်း ကွယ်လွန်ခဲ့သည်။ လောကဓံကို မတုန်မလှုပ် ရင်ဆိုင်ခဲ့သော ရို့စ်ဖစ်ဂျာရဲလ်ဒ် ကနေဒီ သည် အသက် ၁၀၄ နှစ်အရွယ်တွင် မက်ဆာချူးဆက် ပြည်နယ်၌ ကွယ်လွန်သည်။

## ကိုလာ, ကျောဂျက်စ် (၄၈ နှစ်)

ဂျာမန်လူမျိုး ၁၉၈၄ ခုနှစ် ဆေးပညာနိုဗဲဆုရ ပုဂ္ဂိုလ်။ အဆုတ်အအေးမိရောဂါဖြင့် ဂျာမနီနိုင်ငံ ဖရေးဘာ့ဂ်မြို့တွင် မတ်လအတွင်းက ကွယ်လွန်သည်။

## ကင်းစလေး , ဆစ်ဒနီ (၅၈ နှစ်)

ပူလစ်ဇာဆုရ ထင်ရှားသော အမေရိကန် ပြဇာတ်ရေးဆရာကြီး။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော "Men in White" ပြဇာတ်မှာ ပူလစ်ဇာဆု ရရှိခဲ့ပြီး "Dead End" (၁၉၃၆) ပြဇာတ်သည်လည်း လွန်စွာပင် ထင်ရှားပြောင်မြောက် ခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

## ချန်ယွန်း (၈၉နှစ်)

တရုတ် ကွန်မြူနစ်ပါတီ ဝါရင့်ခေါင်းဆောင်ဟောင်း – ပါတီဗဟိုကော်မတီတွင် ၁၉၃၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိနှင့် ပေါ်လစ်ဗျူရိုတွင် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဝါရင့်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်နှင့် ၁၉၈၅ ခုနှစ်အထိ အနီးကပ်မဟာမိတ်ဖြစ်ခဲ့သူ၊ နောက်ပိုင်းတွင် တိန့်ရှောင်ဖိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအပေါ် အပြင်းအထန် ဝေဖန်ခဲ့သူ၊ ဧပြီလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

## ဂါး , မော်ဒေချိုင် မော်တာ (၆၅ နှစ်)

အစ္စရေး ဒုတိယ ကာကွယ်ရေးဝန်ကြီး၊ ၁၉၆၇ ခုနှစ်တွင် ဂျရုဆလမ်ဟောင်းမြို့တော်ကို လေထီးတပ်များဖြင့် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သော စစ်သူရဲကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အစ္စရေးတပ်မတော် အကြီးအကဲအဖြစ်ရှိစဉ် ၁၉၇၆ ခုနှစ်က ဓားစာခံ ၁၀၄ ဦးကို လေယာဉ်ပြန်ပေးသမားများလက်မှ ကယ်တင်ခဲ့သော နာမည်ကျော်အင်တက်ဘီလေဆိပ် ကယ်ဆယ်မှု စစ်ဆင်ရေးတွင် ကွန်မန်ဒိုအဖွဲ့ကို ကြီးကြပ်ညွှန်ကြားပေးခဲ့သူ၊ ကင်ဆာရောဂါဝေဒနာကို မခံစားလိုတော့၍ ဇူလိုင်လအတွင်းက မိမိကိုယ်ကို ပစ်သတ်၍ အဆုံးစီရင်ခဲ့သည်။

## ဂေါ်ဘာချော့ , မာရီယာ ပန်တီလီယက်ဗနာ (၈၄နှစ်)

ယခင် ဆိုဗီယက်ပြည်ထောင်စု သမ္မတဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်၏မိခင် – သားဖြစ်သူ ဂေါ်ဘာချော့ဗ် အထွတ်အထိပ်ရောက် နေစဉ်ကာလ၌အဆင့်မြင့်မြင့်၊ ဇိမ်ကျကျ နေခွင့်ရခဲ့သည့်တိုင် သူမသည် ရုရှားနိုင်ငံ တောင်ပိုင်း ပရီဗိုလ်နိုယေအမည်ရှိ ရွာကလေး၌ပင် ရိုးရိုးလေး နေသွားခဲ့သည်။ ထိုရွာလေး၌ ဂေါ်ဘာချော့ဗ်ကို မွေးဖွားခဲ့ပြီး ထိုရွာလေး၌ပင် ဂေါ်ဘာချော့ဗ်၏ ဖခင်သည်လည်း ကွယ်လွန်ချိန် ၁၉၇၆ ခုနှစ်ထိ နေသွားခဲ့သည်။ သူမသည် ဧပြီလတွင် ကွယ်လွန်သည်။

## ဂျာဘရာ, ဂျဘရာ အီဗရာဟင် (၇၅နှစ်)

အီရတ်နိုင်ငံသား စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာ။ ရှိတ်စပီးယား၏စာပေလက်ရာများကို အာရေဗျဘာသာသို့ ပြန်ဆိုပေးခဲ့၍ အာရပ်နိုင်ငံ တက္ကသိုလ်များတွင် ဖတ်ရှုလေ့လာရန် ပြဋ္ဌာန်းခြင်းခံရသည်။ ဘဂ္ဂဒက်မြို့တွင် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

## ဂျီလက်စ်, ကားလ် (၇၈နှစ်)

လန်ဒန်မြို့ထုတ် ဒေးလီးအိပ်စ်ပရက်စ်သတင်းစာကြီးနှင့် ဆန်းဒေးအိပ်စ်ပရက်စ်တို့တွင်နှစ် ၅၀ ကျော်မျှ ကာတွန်း

ရုပ်ပြောင်များ ရေးဆွဲလာခဲ့သူ နာမည်ကျော် ကာတွန်းဆရာကြီး။ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်။

**စပင်ဒါ, စတီဖင် (၈၆နှစ်)**

ဗြိတိသျှလူမျိုး ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ၊ စာပေဝေဖန်ရေးသမား၊ နိုင်ငံရေးစာပေရေးသားသူ၊ "ဟရိုင် ဇင်" (မိုးကုတ်စက်ဝိုင်း) အမည်ရှိ စာပေမဂ္ဂဇင်းကို စတင် တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့သူနှင့် တည်းဖြတ်ခဲ့သူ၊ နောင်တွင် သြဇာတိက္ကမကြီးမားသော "အန်ကောင်တာ" (ဆုံတွေ့ခြင်း) ဂျာနယ်ကိုတည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သူ၊ ၁၉၆၂ ခုနှစ် တွင် "နိုက်"ဘွဲ့ဖြင့် သူကောင်းပြုခံရသူ။ နှလုံးရောဂါဖြင့် ဇူလိုင်လ ၁၆ ရက်နေ့က လန်ဒန်မြို့တွင် ကွယ်လွန်သည်။

**စမစ်, မာဂရက် ချေ့စ် (၉၇နှစ်)**

အမေရိကန်ပြည်ထောင်စုအောက်လွှတ်တော်နှင့်အထက်လွှတ်တော်နှစ်ရပ်စလုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပထမဆုံးအမျိုးသမီးနိုင်ငံရေးသမား၊ လွှတ်တော်နှစ်ရပ်လုံးတွင် ၃၂ နှစ်ကျော်ဆောင်ရွက်ခဲ့သူ၊ မေလ ၂၉ ရက်နေ့တွင် မိန်းပြည်နယ်၊ စကောင်ဟေဂင်မြို့တွင် ကွယ်လွန်သည်။

**စီယာနီ, အက်ဒါမူ ဆိုလီနီ (၈၄နှစ်)**

အီတလီဖက်ဆစ်အာဏာရှင်ခေါင်းဆောင်မူဆိုလီနီ၏ အကြီးဆုံးသမီး။ သူမ၏ခင်ပွန်းနိုင်ငံခြားရေးဝန်ကြီး ဂလက်ဇိုစီယာနိသည် မူဆိုလီနီကို ယာယီပြုတ်ကျသွားစေနိုင်သည့် ၁၉၄၃ ခုနှစ် ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့မှု အတွက် ၁၉၄၄ ခုနှစ်တွင် သေဒဏ်စီရင်ခံခဲ့ရသည်။ ဖခင်ဖြစ်သူအား အမျိုးမျိုး ကန့်ကွက်ခဲ့သော်လည်း မရဘဲ လက်မရွံ့အာဏာပါးကွက်သားတပ်ဖွဲ့၏ ပစ်သတ်စီရင်ခြင်းကို ခံခဲ့ရသည်။ သူမ၏ဖခင်ထံ ရေးသော စာတစ်စောင်တွင် " သွေးစွန်းခဲ့ရသော ခင်ပွန်းသည်၏ အမည်ကို ဂုဏ်ယူစွာဖြင့်ထိန်းသိမ်းသွား ပါမည်"ဟု ပါရှိခဲ့သည်။ အီတလီနိုင်ငံ၊ ရောမမြို့တွင် ဧပြီလအတွင်းက ကွယ်လွန်သည်။

**ဆလိုမို, ဂျိုး (၆၈နှစ်)**

အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေးလှုပ်ရှားမှု၊ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးတို့တွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ခဲ့သော တောင်အာဖရိက အိုးအိမ်ဝန်ကြီးဌာနဝန်ကြီး။ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့တွင် ကွယ်လွန်သည်။

**ဆာဆာကာဝါ၊ ရိုင်ယိုအိချိ (၉၆ နှစ်)**

ဂျပန်လူမျိုးအစွန်းရောက် အမျိုးသားရေးဝါဒီ၊ ၁၉၃၁ ခုနှစ်တွင် မျိုးချစ်လူထုပါတီကို တည်ထောင်ခဲ့သူ၊ အလောင်းအစား အလွန်ဝါသနာကြီး၍ အလှူအတန်းရက်ရောသော သူဌေးကြီး။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲ လေယာဉ်အစင်း ၂၀ ပါဝင်သော ကိုယ်ပိုင်လေတပ်တစ်ခုဖွဲ့စည်း၍ သူ့နိုင်ငံကို ကူညီခဲ့သူ။ အီတလီသို့ လေယာဉ်ဖြင့်သွား၍ အာဏာရှင် မူဆိုလီနီနှင့်ဓာတ်ပုံတွဲရိုက်ခဲ့သည်။ စစ်အပြီးတွင် အမေရိကန်တပ်များက သူ့အား စစ်ရာဇဝတ်ပြစ်မှုဖြင့် ထောင်ဒဏ်လေးနှစ်ချခဲ့သည်။ နောင်တွင်သူသည် ဒေါ်လာသန်းထောင်ပေါင်းများစွာတန်သော တရားဝင် လောင်းကစားမှုလုပ်ငန်းကြီးများကိုတည်ထောင်ခဲ့ပြီး ဒေါ်လာသန်းတစ်ထောင်ကျော်မျှမက လှူဒါန်းခဲ့သည်။ တိုကျိုမြို့တွင် ဇူလိုင် ၁၈ ရက်နေ့က ကွယ်လွန်ခဲ့သည်။

**ဆာတန်, မေ (၈၃နှစ်)**

ထင်ရှားသော အမေရိကန်လူမျိုး စာရေးဆရာနှင့် ကဗျာဆရာမကြီး ။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဆူဗာနီဖောင်၊ မင်းသားကြီး (၈၆ နှစ်)**

လောနိုင်ငံသမ္မတဟောင်းနှင့်ပသက်လောတော်လှန်ရေးလှုပ်ရှားမှုခေါင်းဆောင်။ ပြင်သစ်နိုင်ငံတွင်ပညာသင်ကြားခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် လောနိုင်ငံ ပြန်ရောက်ချိန်မှစ၍ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူ။ ၁၉၅၄ ခုနှစ်တွင် လွတ်လပ်ရေးရကာစ လောနိုင်ငံ၏ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။ သို့သော် သူ၏အစ်ကိုတော် မင်းသားကြီးသုဝဏ္ဏဖူးမား ခေါင်းဆောင်သည့် လက်ယာဝါဒီအဖွဲ့က ၁၉၅၈ ခုနှစ်တွင် အာဏာသိမ်းယူသွားသောအခါ ပသက်လောပြောက်ကျားတပ်ဖွဲ့ကို ခေါင်းဆောင်ခဲ့ပြီး နောက်ဆုံးတွင် လက်ဝဲကွန်မြူနစ် အာဏာရလာခဲ့သည်။ ဆူဗာနီဖောင်သည် ၁၉၇၅ ခုနှစ် မှ ၁၉၈၆ ခုနှစ် ရာထူးမှ အနားယူချိန်အထိ သမ္မတတာဝန်ကို ထမ်း ဆောင်ခဲ့သည်။ ဇန်နဝါရီလအတွင်းက ကွယ်လွန် သည်။

**ဆိုင်ယိုရန်, အီမီးလ် မိဟိုင်း (၈၄ နှစ်)**

လောကကြီးနှင့်ကင်းကင်းကွာကွာနေလေ့ရှိသော ရိုမေးနီးယားနိုင်ငံဖွား စာရေးဆရာနှင့်တွေးခေါ်ပညာရှင်ကြီး။ လူသားတစ်ဦးမွေးဖွားလာရခြင်း အသက်ရှင်ရပ်တည်နေရခြင်း၌ ဒုက္ခသာပြွမ်းတီးနေသည်ဟု အမြင်ရှိသော ဆိုင်ယိုရန်၏လက်ရာများအနက် "The Trouble with Being Born" (ဇာတိဒုက္ခ)(၁၉၇၃)သည် ထင်ရှားသည်။ "ကျွန်ုပ်သည် အသုဘအခမ်းအနားများကို ပိတ်ပင် တားမြစ်ချင်သည်။ လူသည်မွေးဖွား လာသည့်အတွက် ငိုကြွေးသင့်သည်။ သေဆုံး၍ ငိုကြွေးခြင်းသည် မသင့်" ဟု မှတ်ချက်ချခဲ့ဖူးသော တွေးခေါ်ပညာရှင်ကြီး ဆိုင်ယိုရန်သည် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့ တွင် ဇွန်လအတွင်းက ကွယ်လွန် ခဲ့သည်။

**တောင်ဆင်, ပီတာ (၈၀ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ဗြိတိသျှတိုက်လေယာဉ်မှူးဟောင်း။ လေကြောင်းတိုက်ပွဲများ တွင် အစွမ်းပြခဲ့၍ လူသိများခြင်းထက် ဆဌမမြောက်ဂျော့ဘုရင်၏ သမီးအငယ်ဆုံး မာဂရက်မင်းသမီးနှင့် မေတ္တာမျှခဲ့ပြီးကာမှ ဘဝအခြေမပေး၍ ဝေးခဲ့ရသောအဖြစ်ကြောင့် ပိုမိုလူသိများခဲ့သည်။ မင်းသမီးထက် အသက် ၁၆ နှစ်ကြီး သော လေယာဉ်မှူး ပီတာတောင်ဆင်သည် အသက် ၂၀ စွန်းကာစ အရွယ် ရှိ မာဂရက်မင်းသမီး၏ မေတ္တာကို ရရှိခဲ့ပြီး သူတို့၏ စေ့စပ်ကြောင်းလမ်းပွဲကို မင်းသမီး၏ ၂၅ နှစ်မြောက် မွေးနေ့တွင် ကြေညာရန် မျှော်လင့်ထားခဲ့ကြသည်။ သို့သော် တောင်ဆင် သည် အိမ်ထောင်ရှိခဲ့ဖူးသော တစ်ခုလပ် တစ်ယောက် ဖြစ်သည်ဟူသောအချက်ဖြင့် ဆွေတော်မျိုးတော်များက ဝိုင်းဝန်းကန့်ကွက်မှုကို မင်းသမီးမှာ မငြင်းဆန်နိုင်ခဲ့ချေ။ မာဂရက်မင်းသမီးသည် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြပြီးဖြစ်ကြောင်း တရားဝင်ကြေညာချက်ကို ၁၉၅၅ ခုနှစ်တွင် မလွှဲမရှောင်သာ ထုတ်ပြန်ကြေညာခဲ့ သည်။ ယင်းနောက်ပိုင်း တွင် ပီတာတောင်ဆင်သည် အလိုက်သိစွာဖြင့် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ထွက်ခွာလာခဲ့သည်။ ဝိုင်အရက် အရောင်းအဝယ်လုပ်ငန်း၊ ကုလသမဂ္ဂ အကြံပေး ပုဂ္ဂိုလ်၊ စာရေးဆရာ စသည့်ဘဝများဖြင့် ဆက်လက် ကျင်လည်ခဲ့သည်။ ၁၉၇၈ ခုနှစ်က "အချိန်နှင့် အခွင့်အရေး" (Time and Chance )အမည်ရှိ စာအုပ်တွင် "သူမ အရာရာကို စွန့်လွှတ်ဖို့ ၊ သူမရဲ့ဘဝ အဆင့်အတန်း၊ ဂုဏ်သိက္ခာ၊ ငွေ ဓန ဒါတွေအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြင်ဆင်ပြီး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ကို လက်ထပ်နိုင်ခဲ့မှာပါ။ ဒါပေမယ့် ကျွန်တော် သိပါတယ် ။ ဒါတွေကို ထေမိနိုင်မယ့်၊ သူမဆုံးရှုံးသွားသမျှ ပေးလိုက် ရသမျှတွေကို ပြန်ကာမိနိုင်မယ့် ဘာအင်အားမျှ ကျွန်တော့်မှာ မရှိခဲ့ပါဘူး"ဟု အမှတ်တရရေးသားခဲ့သော ပီတာ တောင်ဆင်သည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၁၉ ရက် နေ့တွင် ကွယ်လွန်သည်။

**တန်နာ, လာနာ (၇၅ နှစ်)**

အမေရိကန် ရုပ်ရှင်မင်းသမီးကြီး။ ဇူလိုင်လအတွင်းက လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဒေဆိုင်း, မိုရာဂျီ (၉၉ နှစ်)**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း – ဂျာနာတာပါတီကို စတင်တည်ထောင်ခဲ့သူ။ ၁၉၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ သမိုင်း၌ ကွန်ဂရက်ပါတီဝင်မဟုတ်ဘဲ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသူ။ မိမိစတာဝန်ယူစဉ် နှစ်နှစ်တာ ကာလအတွင်း အိမ်နီးချင်းတရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းရွက်ခဲ့သူ။ ဧပြီလ ၁၁ ရက်နေ့တွင် ဘုံဘေမြို့၌ ကွယ်လွန်သည်။

**နီးဒမ်း , ဂျိုးဆက် (၉၄ နှစ်)**

ထင်ရှားသော ဗြိတိသျှလူမျိုး သိပ္ပံပညာရှင်၊ သမိုင်းပညာရှင်၊ နိုင်ငံရေးပညာရှင်၊ ဇီဝဓာတုဗေဒနှင့် တရုတ် စာပေ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသောစာအုပ်များ ရေးခဲ့သူ။ သူပညာသင်ယူခဲ့ရာ ကိန်းဗရစ်တက္ကသိုလ်မှာပင် ၁၉၂၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဇီဝဓာတုဗေဒကို သင်ကြားပို့ချပေးခဲ့ရာမှ အသက် ၄၂ နှစ်အရွယ်တွင် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ခရီးထွက်စဉ် တရုတ်ရေးရာကို စိတ်ဝင်စား ခဲ့သည်။ သူကွယ်လွန်သည်အထိ တရုတ်နိုင်ငံ ၏သိပ္ပံ၊ သမိုင်းနှင့်ယဉ်ကျေးမှုအပေါ် နှစ်ပေါင်း ၅၀ တိုင်တိုင် သုတေသနပြု လေ့လာရေးသားခဲ့သည်။ တရုတ်နိုင်ငံ၏ သင်္ချာပညာ၊ သိပ္ပံပညာ၊ ဆေးဝါးနှင့်စက်မှုအတတ်ပညာတို့ ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စုံစုံ နှစ်နှစ် ရေးသားဖော်ပြထားသော "Science and Civilization in China "ကျမ်းကြီးကို အတွဲပေါင်း ၁၆ တွဲအထိ ထုတ်ဝေနိုင်ခဲ့ပြီး ၁၂ တွဲကို ထုတ်ဝေရန် စီစဉ်ဆဲဖြစ်သည်။ သူ၏ ကြိုးပမ်းအားထုတ်မှု ကို "၂၀ ရာစု အကြီးမားဆုံး ဉာဏ စွမ်းဆောင်ချက်များအနက် တစ်ခု"အဖြစ် သတ်မှတ်ခံ ရသော ပညာရှင် ဂျိုးဆက်နီးဒမ်းသည် ဧပြီလအတွင်းက အင်္ဂလန်နိုင်ငံ၊ ကိန်းဗရစ်မြို့တွင် ကွယ်လွန်သည်။

**ပရက်စတန်, လူးဝစ် (၆၈ နှစ်)**

၁၉၉၁ ခုနှစ်မှစ၍ ကွယ်လွန်ချိန်ထိ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သူ။ မေလကုန်တွင် ရာထူးမှ အနားယူရန် စီစဉ်ထားဆဲ မေလအတွင်း၌ ဝါရှင်တန်တွင် ကွယ်လွန်သည်။

**ပါရီ ,ဖရက်ဒ် (၈၅ နှစ်)**

ကမ္ဘာကျော် ဗြိတိသျှတင်းနစ် ချန်ပီယံဟောင်း။ ၁၉၃၆ ခုနှစ် ဝင်ဘယ်လ်ဒန် တစ်ဦးချင်းတင်းနစ် ချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အခြားမည်သည့် ဗြိတိသျှတင်းနစ်သမားမျှ ထိုချန်ပီယံဘွဲ့ကို မရခဲ့တော့ချေ။ ပါရီသည် ကမ္ဘာ့တင်းနစ်လောကတွင် ကမ္ဘာ့ပွဲကြီးလေးပွဲ (ဂရင်းဆလင်ပွဲကြီး လေးပွဲ) လုံးကို အနိုင်ရခဲ့သော ပထမဆုံးတင်းနစ် ချန်ပီယံအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၀ ပြည့်လွန်နှစ်များနောက်ပိုင်း အနားယူခဲ့ပြီးနောက် နည်းပြဆရာ၊ ဘီဘီစီ အားကစားသတင်းဝေဖန်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ပီနေး , အန်တွိုင်နီ (၁၀၂ နှစ်)**

ပြင်သစ်ဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း။ ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံ၏ စီးပွားရေးနာလန်ထူရေးတွင် ဦးဆောင်လမ်းညွှန်ခဲ့သူ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

**ပဲလ်ထ် ဂျူနီယာ , ဂျိမ်းစ် ဗန် (၇၆ နှစ်)**

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ကို အနုမြူဗုံးကြဲချခဲ့သော အမေရိကန် ဗုံးကြဲလေယာဉ်ဘီ - ၂၉ တွင် လေကြောင်းပြအရာရှိအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကွယ်လွန်သည်။

**ဖူကူဒါ , တာကေအို (၉၀ နှစ်)**

၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း ဂျပန်နိုင်ငံကို အာရှတိုက်တွင် သံတမန်ရေးရာ၌ တက်ကြွသော အခန်းကဏ္ဍ၌ ပါဝင်စေခဲ့သော ဂျပန်ဝန်ကြီးချုပ်ဟောင်း။ ဇူလိုင်လတွင် ကွယ်လွန်သည်။

**ဖူးလ်ဘရိုက်၊ ဂျေဝီလီယံ (၉၀ နှစ်)**

ထင်ရှားထက်မြက်သော အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်ဟောင်း။ အမေရိကန်ပြည်ထောင်စု၏ ဗီယက်နမ်ဆိုင်ရာမူဝါဒတွင် ပြတ်ပြတ်သားသားဆန့်ကျင်ရပ်တည်ခဲ့သူ၊ ပြည်ပနိုင်ငံများနှင့် ပညာတော်သင်အပြန်အလှန်စေလွှတ်ရေးမူဝါဒကို ၁၉၄၆ ခုနှစ်တွင် သမ္မတ ဟာရီထရူးမင်းနှင့်အတူ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ပညာသင်ပေါင်း ၁၅၀,၀၀၀ ကျော် ပြင်ပပညာသင်ကြားခွင့်ရစေခဲ့သည်။ လက်ရှိသမ္မတ ဘီလ်ကလင်တန်သည် ကောလိပ်ကျောင်းသားဘဝက ဖူးလ်ဘရိုက်၏ ဆီးနိတ်ရုံးတော်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးရာ "ဒီပုဂ္ဂိုလ်ကြီးကြောင့်သာမဟုတ်ရင် ကျွန်တော်လည်း ဒီနေ့ဒီနေရာ ရောက်လာလိမ့်မယ်မထင်ပါဘူး" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သမ္မတ ဘီလ်ကလင်တန်သည် အာကင်ဆတ်ပြည်နယ်သား ဖြစ်ခဲ့ပြီး ဖူးလ်ဘရိုက် စတင်အကောင်အထည်ဖော်ခဲ့သော ပညာတော်သင်ထောက်ပံ့ရေးဆု ရရှိခဲ့သူလည်း ဖြစ်သည်။ ဝီလီယံ ဖူးလ်ဘရိုက်သည် ၁၉၄၅ ခုနှစ်တွင် ဆီးနိတ်လွှတ်တော်သို့ ရောက်မလာခင် အာကင်ဆတ်တက္ကသိုလ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟာရီထရူးမင်း၊ ဂျွန်အက်ဖ်ကနေဒီနှင့် လင်ဒန်ဂျွန်ဆင် စသော သမ္မတများ အဆက်ဆက် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရှိစဉ်က သမ္မတ လင်ဒန်ဂျွန်ဆင်ကို နိုင်ငံခြားရေးမူဝါဒများ၌ များစွာအကူအညီပြုခဲ့သည်။ ထင်ရှားသော အမေရိကန်နိုင်ငံရေးသုခမိန် ဝီလီယံ ဖူးလ်ဘရိုက်သည် ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်ခဲ့သည်။

**ဖန်ဂျီယို, ဟွမ်မင်ညူယယ် (၈၄ နှစ်)**

အာဂျင်တီးနားနိုင်ငံသား နာမည်ကျော် ဖော်မြူလာဝမ်း ပြိုင်ကားချန်ပီယံဟောင်း။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့သည်။ ဖော်မြူလာဝမ်းချန်ပီယံ ငါးကြိမ်တိုင်တိုင် ဖြစ်ခဲ့သည့်အပြင် ယှဉ်ပြိုင်ခဲ့သမျှ ဂရင်းပရီပြိုင်ပွဲကြီးပေါင်း ၅၁ ခုအနက် ၂၄ ခုတွင် အနိုင်ရခဲ့သည်။ သူ၏ အောင်မြင်မှု စံချိန်သည် ယနေ့ထက်တိုင် ထိပ်ဆုံးတွင် ရှိနေဆဲဖြစ်သည်။ ဇူလိုင်လအတွင်းက ဗျူနိုအေရီးစ်မြို့တွင် ကွယ်လွန်သည်။

**ဗစ်တာ, ပေါလ် အယ်မလီ (၈၇ နှစ်)**

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြောက်နှင့်တောင်ဝင်ရိုးစွန်းဒေသများသို့ အကြိမ်ကြိမ် ခရီးကြမ်းသွားရောက်

လေ့လာခဲ့သော ပြင်သစ်လူမျိုး စူးစမ်းရှာဖွေသူ စာရေးဆရာ။ သူ၏လေ့လာရေးခရီးကြိမ်ပေါင်း ၃၇ ကြိမ်အနက် ပထမဆုံးခရီးစဉ်ကို ၁၉၃၄ ခုနှစ်က စတင်ခဲ့သည်။ အာတိတ်နှင့်အန္တာတိက ဒေသတို့၏ပထဝီဝင်၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ ရေခဲပြင်ဗေဒနှင့်အက်စကီးမိုးလူမျိုးတို့၏ ယဉ်ကျေးမှုတို့ကို စူးစမ်းလေ့လာ၍ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ်က အက်စကီးမိုးတို့နှင့်အတူလပေါင်းများစွာနေထိုင်၍ ဤမျှအေးမြသော တန်ဒရာရေခဲပြင်ဒေသတွင် မည်သို့နေထိုင်နိုင်စွမ်းရှိကြောင်း လေ့လာခဲ့မှုသည် သူ၏ ထင်ရှားသော လေ့လာစူးစမ်းချက်ဖြစ်ခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်း ဘိုရာဘိုရာမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**မျူးတနန်ဒ်, အဒေါ့ဖ် (၉၁ နှစ်)**

ဂျာမန်လူမျိုး ၁၉၃၉ ခုနှစ်ဓာတုဗေဒနိုဗဲဆုရှင်။ ယခင်က မသိခဲ့သော လိင်ဟော်မုန်းအတော်များများကို ခွဲခြားထုတ်ဖော်နိုင်ခဲ့ပြီး သူ၏ သုတေသနပြုချက်မှ ရရှိသော ဟော်မုန်းတည်ဆောက်ပုံ တွေ့ရှိချက်များအရ သန္ဓေထိန်းချုပ်မှုဆေးဝါးများကို ဆက်လက်ဖော်စပ်ထုတ်လုပ်နိုင်ခဲ့သည်။ နိုဗဲဆုရရှိခဲ့စဉ်က နာဇီဥပဒေအရ ဆုကို ငြင်းပယ်ရန် ပြဋ္ဌာန်းထားခဲ့သဖြင့် ၁၉၄၉ ခုနှစ်ကျမှ ဆုကို လက်ခံယူခဲ့ရသည်။ မြူးနစ်မြို့၌ ဇန်နဝါရီလတွင် ကွယ်လွန်သည်။

**ဘဇာဂန်, မေဒီ (၈၇နှစ်)**

ရှားဘုရင်ပြုတ်ကျသွားပြီးနောက် ၁၉၇၉ ခုနှစ်တွင် ဘာသာရေးခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ၏ ခန့်အပ်မှုဖြင့် အီရန်နိုင်ငံဝန်ကြီးချုပ် ကိုးလလုပ်ခဲ့သူ။ ဇန်နဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျူးရစ်မြို့၌ ကွယ်လွန်သည်။

**ဘာဂါ, ဝါရင်း အီး (၈၇နှစ်)**

အငြိမ်းစား အမေရိကန်တရားရုံးချုပ် တရားသူကြီးချုပ်။ ဇွန်လ ၂၅ ရက်နေ့ ကွယ်လွန်သည်။

**ဘား, မိုလ်ချုပ် မိုဟာမက် ဆီယတ် (၇၄ နှစ်)**

ဆိုမာလီနိုင်ငံကို ၁၉၆၉ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီး အာဏာရှင်စနစ်ဖြင့် ၁၈ နှစ်ကြာ အုပ်စိုးစဉ်ကာလအတွင်း အီသီယိုပီးယားနိုင်ငံနှင့် စစ်ပွဲဖြစ်ပွားခြင်း၊ စီးပွားရေးချွတ်ခြုံကျခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် အကြီးအကျယ် တော်လှန်ခြင်းပါခြင်းဘေးတို့ ကြုံတွေ့ပြီးနောက် ၁၉၉၁ ခုနှစ်တွင် အာဏာလက်လွှတ်ဆုံးရှုံး၍ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံခဲ့ရသော အာဏာရှင်ဟောင်း။ ပြည်နှင်ဒဏ်ခံနေစဉ် နိုင်ဂျီးရီးယားနိုင်ငံ၊ လေဂို့စ်မြို့၌ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**ဘားနေးစ်, အက်ဒဝပ် (၁၀၃ နှစ်)**

"ပြည်သူ့ဆက်ဆံရေးပညာရပ်၏ဖခင်ကြီး"ဟု အသိအမှတ်ပြုခံရသော ဆက်သွယ်ရေးနည်းပညာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီး။ ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ပြည်ထောင်စုကို လူထုဆက်သွယ်ရေးဝါဒဖြန့်ဝေမှု၌ ကူညီပေးခဲ့သူ။ ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဒေါက်တာ ဆစ်ဂမန်ဖရွိုက်၏ တူတော်သူ။ အများပြည်သူ၏ ထင်မြင်ယူဆချက် (ပြည်သူ့အမြင်)ကို လွှမ်းမိုးစေသော နည်းစနစ်များစွာကို ရှေ့ဆောင်လမ်းပြရှာဖွေခဲ့သူ။ အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် မတ်လ ၉ ရက်နေ့က ကွယ်လွန်သည်။

**ဘော့ဗင်းနစ်, မီခေးလ် (၈၃ နှစ်)**

ကမ္ဘာ့စစ်တုရင်ချန်ပီယံ သုံးကြိမ်တိုင်တိုင်ဖြစ်ခဲ့သော ရုရှလူမျိုး ကမ္ဘာကျော်စစ်တုရင်ဆရာကြီး။ ဘော့ဗင်းနစ်သည် လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သိပ္ပံနည်း စနစ်တကျ လေ့ကျင့်မှုဖြင့် ကမ္ဘာ့စစ်တုရင်ချန်ပီယံအဖြစ် (၁၉၄၈ မှ ၁၉၅၇၊ ၁၉၅၈ မှ ၁၉၆၀၊ ၁၉၆၁ မှ ၁၉၆၃) သုံးကြိမ်တိုင်တိုင် ရပ်တည်ခဲ့သည်။ ထူးချွန်သော စစ်တုရင်သမားများ ထွက်ပေါ်အောင်မွေးထုတ်ပေးရာ၌လည်း ကျွမ်းကျင် ထင်ရှားသူဘော့ဗင်းနစ်သည် နောင်အနာဂတ်ချန်ပီယံလောင်းများကိုလည်း ပေါက်ဖွားစေခဲ့သည်။ ကမ္ဘာ့လက်ရှိချန်ပီယံ ဂယ်ရီကက်စပါရော့ဗ်သည် ငယ်စဉ်က ဘော့ဗင်းနစ် လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ကမ္ဘာ့စစ်တုရင် သုံးကြိမ်ချန်ပီယံ ဂရင်းမာစတာ ဘော့ဗင်းနစ်သည် မေလအတွင်းက မော်စကိုမြို့တွင် ကွယ်လွန်သည်။

**ဘော့လ်ထ်, ရောဘတ် (၇၀ နှစ်)**

အော်စကာဆု နှစ်ဆုရ နာမည်ကျော် ဗြိတိသျှဇာတ်ညွှန်းရေးဆရာကြီး။ သူ့ဇာတ်ညွှန်းရေးသားခဲ့သော ဇာတ်ကားများအနက် "Dr Zhivago" (၁၉၆၅) နှင့် "A Man for All Seasons" (၁၉၆၆)တို့သည် ဇာတ်ညွှန်းအော်စကာဆု ရရှိခဲ့ကြပြီး "Lawrence of Arabia" (၁၉၆၂)သည် အော်စကာဆုအတွက် ယှဉ်ပြိုင်အမည်စာရင်းတင်သွင်းခြင်း ခံခဲ့ရသည်။ ဖေဖော်ဝါရီလ ၂၀ရက်နေ့က ပီတာစဖီးလ်ဒ်မြို့တွင် ကွယ်လွန်သည်။

**မာရိုးလ်, ဂျိမ်းစ် (၆၉ နှစ်)**

ပူလစ်ဇာဆု၊ ဘိုလင်ဘန်ဆုနှင့် အမျိုးသားစာအုပ်ဆုနှစ်ဆုရ ထင်ရှားသော ကဗျာဆရာကြီး။ ဖေဖော်ဝါရီလတွင် ကွယ်လွန်သည်။

**မာရင်, ယန်း (၈၆ နှစ်)**

အေအက်ဖ်ပီသတင်းဌာနကို တည်ထောင်ရာတွင် ပါဝင်ကူညီခဲ့ပြီး ၄င်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော နာမည်ကျော် ပြင်သစ်သတင်းစာဆရာကြီး။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဇွန်လ ၃ ရက်နေ့တွင် ကွယ်လွန်သည်။

**မန်ဇန်, ကာလိုစ် (၅၂နှစ်)**

၁၉၇၀ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်အထိ ရှုံးပွဲမရှိခဲ့သော အာဂျင်တီးနားလူမျိုး ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံဟောင်း။ သူ့လက်ဝှေ့သက်တမ်းတစ်လျှောက်ဆုကြေးစား လက်ဝှေ့ပွဲပေါင်း ၁၀၀ ထိုးခဲ့ရာတွင် သုံးပွဲသာ ရှုံးဖူးသူ။ ယာဉ်တိုက်မှုဖြင့် ဇန်နဝါရီလအတွင်းက ကွယ်လွန်သည်။

**မိန်း, သောမတ်စ် (၉၃ နှစ်)**

မိုင်လိုကို တီထွင်ခဲ့သောဩစတြေးလျနိုင်ငံသား၊ ကုန်ထုတ်ဓာတုဗေဒပညာရှင်ကြီး။ ကမ္ဘာကျော် ဆွစ်ဇာလန်နက်စလေ စားသောက်ကုန်လုပ်ငန်းကြီးတွင် ဝင်ရောက်လုပ်ကိုင်ရင်း လေးနှစ်ကြာမျှစမ်းသပ်ပြီးနောက် ယနေ့အာရှနှင့် ဩစတြေးလျအိမ်ရှင်မတို့ နှစ်သက်နေကြသော မိုင်လိုချော့ကလက်မှုန့်ကို ၁၉၃၄ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံ ၃၀ ကျော်တွင် ဒေါ်လာသန်း ၄၂၀ ဖိုးမျှသော မိုင်လိုအမှုန့်တန်ချိန် ၉၀,၀၀၀ ကိုနှစ်စဉ်တင်ပို့ရောင်းချလျက် ရှိသည်။ မိုင်လို၏ ဖခင်ကြီးသောမတ်စ် မိန်းသည် ဇန်နဝါရီလအတွင်းက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကွယ်လွန်သည်။

**ရာဘင်, ယစ်ဇတ် (၇၃နှစ်)**

အစ္စရေးဝန်ကြီးချုပ်။ နိုဝင်ဘာ ၄ ရက်နေ့တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘုရင့်ရင်ပြင်တွင် ကျင်းပသော ငြိမ်းချမ်းရေးလူထုအစည်းအဝေး၌ ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြားအပြီး ပြန်လည်ထွက်ခွါလာစဉ် လူသတ်သမားဥပဒေကျောင်းသား အမီယာဆိုသူက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသဖြင့် ကွယ်လွန်သွားသည်။

**ရူးဒေါ့ဖ်, မာ့က်စ် (၉၂ နှစ်)**

ဂျာမနီနိုင်ငံဖွား နာမည်ကျော် အမေရိကန် ဂီတပညာရှင်ကြီး။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖီလဒဲလ်ဖီးယား၌ ကွယ်လွန်သည်။

**ရောဂျားစ်, ဂျင်ဂျာ (၈၃ နှစ်)**

နာမည်ကျော်အကယ်ဒမီဆုရ အမေရိကန်ရုပ်ရှင်မင်းသမီးကြီး ။ ၁၉၃၀ ပြည့်လွန်စနှစ်များက "Girl Crazy" ဇာတ်ကားဖြင့် စတင်နာမည်ရခဲ့ပြီး နာမည်ကျော်အကမင်းသားကြီး ဖရက် အက်စတိုင်းယားနှင့် ဇာတ်ကားဆယ်ကားတွင် တွဲဖက် ရိုက်ကူးခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် "Kitty Foyle" ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ထူးချွန်ဆုရခဲ့သည်။ မေလတွင် ကွယ်လွန်သည်။

**ရောဘတ်စ်, အက်ဒဝပ် ဗီ (၅၆နှစ်)**

ကိုယ်ခန္ဓာ ထိခိုက်ချို့ယွင်းမှုအမျိုးမျိုး ခံစားခဲ့ရသော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့သဖြင့် ထင်ရှားပုဂ္ဂိုလ်တစ်ဦးအဖြစ် ရောက်ခဲ့သူ။ အသက် ၁၄ နှစ်သားအရွယ်တွင် ပိုလီယိုရောဂါကြောင့် လည်ပင်းမှစ၍ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သွက်ချာပါဒလိုက်သွားခဲ့သည်။ ထို့ပြင် အဆုတ်အလုပ်မလုပ်တော့သဖြင့် သံမဏိအဆုတ်သို့မဟုတ် လေရှူစက်ကိရိယာ တပ်ဆင်ပေးထားရပြီး ကိုယ်ခန္ဓာလှုပ်ရှားမှုအားဖြင့် လက်ချောင်းလေးတစ်ချောင်းသာ လှုပ်ရှားနိုင်သည်။ သို့သော် ရောဘတ်စ်သည် ဘဝကို အရှုံးမပေးဘဲ ကြိုးစားလာခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဘာကလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်သို့ တက်ခွင့်ရခဲ့သည်။ အခြေအနေအဆိုးရွားဆုံး မစွမ်းမသန် ကျောင်းသားများထဲမှ ပထမဆုံး တက်ခွင့်ရခဲ့သူ ဖြစ်သည်။ ထိုတက္ကသိုလ်မှ သူသည် ဘွဲ့ဒီဂရီရအောင် ကြိုးစားရင်း မစွမ်းမသန်ကျောင်းသားများအတွက် နေစရာအိုးအိမ်နှင့် အကျိုးဆောင်မှု လုပ်ငန်းများကို စည်းရုံးလှုံ့ဆော်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မစွမ်းမသန်သူများ အမှီအခိုကင်းစွာ နေထိုင်ရေး ဗဟိုဌာနကို စတင်တည်ထောင်ရာ၌ပါဝင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင်မူ မစွမ်းမသန်သူများအားထိရောက်စွာ ကူညီနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် (World Institute on Disability) ကို ဦးဆောင်တည်ထောင်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့တွင် မတ်လအတွင်းက နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**ရှိယာ ယန်း (၉၄ နှစ်)**

တရုတ်နိုင်ငံ၏ ရုပ်ရှင်၊ ပြဇာတ်နှင့် စာပေလောကတွင် ထင်ရှားသော စာရေးဆရာကြီး။ ဖေဖော်ဝါရီလအတွင်းက ကွယ်လွန်သည်။

**ရှီးလား , ကားလ် (၈၃ နှစ်)**

ယခင် အနောက်ဂျာမနီ စီးပွားရေးဝန်ကြီးဟောင်း။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဟမ်းဘာ့ဂ်မြို့၌ ကွယ်လွန်သည်။

**ရှူးလ်မန်း, အာဗင် (၈၁ နှစ်)**

နာမည်ကျော် အမေရိကန် ဝတ္ထုနှင့် ဇာတ်ညွှန်းရေးဆရာကြီး။ မတ်လ ၂၃ ရက်နေ့တွင် လော့အိန်းဂျလိစ်မြို့၌ ကွယ်လွန်သည်။

**ဝီလ်ဆင်, ဟာရိုးလ်ဒ် (၇၉ နှစ်)**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း။မူလက စီးပွားရေးပညာ ရှင်ဖြစ်သော ဟာရိုးလ်ဒ်ဝီလ်ဆင်သည် ဒုတိယကမ္ဘာ စစ်ကြီးနောက်ပိုင်း လေဘာပါတီ၌ ထင်ရှားသူဖြစ်လာ သည်။ အတိုက်အခံ လေဘာပါတီ၌ ၁၃ နှစ်တာဆောင်ရွက်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် လေဘာပါတီကို နောက်ထပ်သုံးကြိမ်တိုင်တိုင် အောင်ပွဲဆင်အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့သည်။ ယင်းအောင်ပွဲများအနက် ၁၉၆၆ ခုနှစ် အောင်ပွဲသည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သူသည် ဝန်ကြီးချုပ်ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့သည်။

**ဝေါလ်တန်, အားနက်စ် တီ အက်စ် (၉၁ နှစ်)**

နိုဗဲဆုရ အိုင်းရစ်လူမျိုး ရူပဗေဒပညာရှင်ကြီး။ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ဂျွန်ဒီကော့ကရော့ဖ်တို့သည် ကိန်းဘရစ်တက္ကသိုလ် ကဗင်းဒစ်ရှ် စမ်းသပ်ခန်းတွင် ၁၉၃၀ ပြည့်လွန်ကာလနှစ်များအတွင်းက ပထမဆုံး အက်တမ်ဖြိုခွဲနိုင်သော စက်ကိရိယာကို တီထွင်ပြုလုပ်ခဲ့ကြသည်။ အိုင်ယာလန်နိုင်ငံ ၊ ဘဲလ်ဖတ်မြို့၌ ဇွန်လ ၂၃ ရက်နေ့တွင် ကွယ်လွန်သည်။

**ဟော်ဒန်, ဆာ မိုက်ကယ် (၈၃ နှစ်)**

ဗြိတိသျှရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ပြဇာတ်လောကတွင် နှစ်ပေါင်း ၆၀ ခန့် သရုပ်ဆောင်ခဲ့သော ဝါရင့်မင်းသားကြီး။ အင်္ဂလန်နိုင်ငံ ၊ အော့စဖို့မြို့၌ မေလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အာဘန်, မတ် (၇၅ နှစ်)**

ဒုတိယကမ္ဘာစစ်အတွင်း ထူးချွန်ပြောင်မြောက်စွာ အမှုထမ်းခဲ့သဖြင့် ဆုတံဆိပ်အများဆုံးရရှိခဲ့သော အမေရိကန်ဝါရင့်စစ်ပြန်ကြီးများအနက် ထင်ရှားသူတစ်ဦး၊ ပြင်းထန်သော ဒဏ်ရာများ ရထားပါလျက် စစ်မြေပြင်သို့သာ ထပ်တလဲလဲပြန်လာလွန်းသဖြင့် မိတ်ဆွေများက "တစ္ဆေကြီး" ဟု အမည်ပေးခြင်းခံရသူ၊ ဒုတိယဗိုလ်မှူးကြီးရာထူးမှ အငြိမ်းစားမယူမီအထိ နိုင်ငံငါးနိုင်ငံတွင် စစ်ဆင်ရေးခြောက်ခု၌ ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ၊ အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံး ဆုတံဆိပ် "The Medal of Honor" အပါအဝင်ဆု တံဆိပ်ပေါင်း ၂၉ ခု ချီးမြှင့်ခံခဲ့ရသူ။ မတ်လအတွင်းက အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၊ ဟော်လန်မြို့ တွင် ကွယ်လွန်သည်။

**အော့စ်ဘွန်း, ဂျွန် (၆၅ နှစ်)**

အော်စကာဆုရ ထင်ရှားသော ဗြိတိသျှ ပြဇာတ်ရေးဆရာ။ ၁၉၆၃ ခုနှစ်တွင် "Tom Jones" ဇာတ်ကား၌ ဇာတ်ညွှန်း အော်စကာဆု နှင့် ၁၉၆၄ ခုနှစ်တွင် "Luther" ပြဇာတ်ဖြင့် တိုနီဆုရရှိခဲ့သူ။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကွယ်လွန်သည်။

**အော့ဖ်မန်, ဟန်း နက်စ် (၈၆ နှစ်)**

ဆွိဒင်လူမျိုး ရူပဗေဒ နိုဗဲဆုရှင်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အချိန်ပိုင်းပါမောက္ခ။ သံလိုက်စက်ကွင်းအတွင်း ရွေ့လျားနေသော အရည်များ၏ လျှပ်ကူးသတ္တိကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၁၉၇၀ ပြည့်နှစ်က ရူပဗေဒနိုဗဲဆုကို ပူးတွဲရရှိခဲ့သည်။ သူတွေ့ရှိဖော်ထုတ်ခဲ့သော ပညာရပ်ကို မဂ္ဂနက်တိုဟိုက်ဒရိုဒိုင်းနမစ်ပညာရပ်အဖြစ် ထင်ရှားစေခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သည်။

**အိုဂျင်ဂွ (၇၈ နှစ်)**

အင်အား ၁ ဒသမ ၁ သန်းရှိသော မြောက်ကိုရီးယားတပ်မတော်၏ အကြီးအကဲကာကွယ်ရေးဝန်ကြီး၊ တိုင်းပြည်တွင် ကင်ဂျုံအီလ်ပြီးလျှင် ဒုတိယသြဇာတိက္ကမ အရှိဆုံး

ပုဂ္ဂိုလ်။ ပြင်ဦးလွင်မြို့တွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သည်။

**အိုရှီးယား, တက်ဆီ (၈၂ နှစ်)**

နာမည်ကျော် ဗြိတိသျှအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး။ ဧပြီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

**အက်ကာ့တ်, ဂျေပရက်စပါး (၇၆ နှစ်)**

ပထမဆုံး အီလက်ထရောနစ်အပြည့်သုံး ဒစ်ဂျစ်တယ်ကွန်ပျူတာကို ၁၉၄၃ ခုနှစ်က ဂျွန်ဒဗလျူ မော်ချီနှင့်အတူ ပင်ဆီဗေးနီးယားတက္ကသိုလ်တွင် တီထွင်ခဲ့သော အမေရိကန်လူမျိုးသိပ္ပံပညာရှင်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားသိပ္ပံဆုကို ချီးမြှင့်ခံခဲ့ရသူ။ ဇွန်လတွင် ကွယ်လွန်သည်။

**အက်စပင်, လက်စ် (၅၆ နှစ်)**

ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူပြီး တစ်နှစ်မျှ ပင်မကြာ မိုဂါဒစ်ရှူးတွင် အမေရိကန်စစ်သား ၁၈ ဦး သေဆုံးခဲ့ရသည့် အရေးကိစ္စဖြစ်ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့သော အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း။ မေလတွင် ဝါရှင်တန်မြို့၌ လေဖြတ်၍ ကွယ်လွန်သည်။

ဦးညဏ်ဝင်း

**ခင်စု၊ဒေါ်(ရေနံမြေ)(ခရစ်နှစ် ၁၉၁၉–၁၉၉၅)။**
၁၉၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရေနံချောင်းမြို့၌ အဖ ဦးတင်၊ အမိ ဒေါ်မြသန့် (ခေါ်) ဒေါ်ဇွန်းတို့မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် သမီးအလတ် ဖြစ်သည်။ အကြီးမှာအစ်မဖြစ်ပြီး အငယ်မှာ မောင်ဖြစ်သည်။ မြန်မာ–ဗုဒ္ဓဘာသာဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်စု၊ ကလောင်အမည် ရေနံမြေစု ဖြစ်သည်။

အမိဘက်မှ ရေနံတွင်းစားမျိုးရိုးနှင့် အဖဘက်မှ ကုန်သည်မျိုးရိုးဖြစ်သည်ဟု ဆိုရစေကာမူ အဖ ဦးတင်၏ ဖခင် ဦးသော်ဒါမှာ သီပေါမင်း၏ လူပျိုတော်သားဖြစ်ရာ အရှင်နှစ်ပါးပါတော်မူသောအခါကျမှ ဇာတိနေရပ် မကွေးမြို့သို့ ပြန်လည်နေထိုင်ခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်က (၁၉၂၅–၁၉၂၇ အထိ) ဘုန်းကြီး ကျောင်း၊ မယ်သီလရှင်ကျောင်းများ၌ အခြေခံပညာကို သင်ကြားခဲ့ရသည်။ ရေနံချောင်းမြို့တွင် အင်္ဂလိပ်ကျောင်း ( King Edward School) နောင်အခါ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခွင့် မရခဲ့ပါ။ အဘိုးဖြစ်သူ ဇာတိမာန်ပြင်းထန်မှုကြောင့်ဖြစ်သည်။ နောင်အခါ အမျိုးသားအထက်တန်းကျောင်းဟူ၍ပြောင်းလဲ ထူထောင်လိုက်သည့်အခါကျမှ (၁၉၂၇–၁၉၃၈ အထိ) အင်္ဂလိပ်–မြန်မာနှစ်ဘာသာတက်ရောက် သင်ကြားခွင့်ရခဲ့သည်။ မြန်မာနိုင်ငံ၏အမျိုးသား ခေါင်းဆောင်ကြီးဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ ငယ်စဉ်ကပင်ကျောင်းရှိကျောင်းသား သမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ရေနံချောင်းမြို့သို့ သခင်ခေါင်းဆောင်ကြီးများ သခင်အသင်းအတွက် စည်းရုံးရေးဆင်းခဲ့စဉ် (ကျောင်းသူဘဝမှာပင်) ၁၉၃၇ ခုနှစ်တွင် သခင်မအဖြစ်ပါဝင်ခဲ့သည်။

ရေနံမြေ (ရေနံချောင်းမြို့) တွင်ပေါ်ပေါက်ခဲ့သော အလုပ်သမားများ၏သပိတ်တိုက်ပွဲ၊ နယ်ချဲ့ အရင်းရှင်တိုက်ပွဲများကို ဝံသာနုရက္ခိတအသင်းကြီး၏ ဥက္ကဋ္ဌကြီးဖြစ်သူ ဦးစိုးသိမ်း၏စည်းရုံးလှုံ့ဆော်ချက်အရ ငယ်ရွယ်စဉ်မှာပင် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ် မတရားပြုမှုများကို ဆန့်ကျင်သပိတ်တားရာ၌ပါဝင်ခဲ့သည်။ သပိတ် တားသည့်အတွက် သခင်မကြီးများနှင့်အတူ နယ်ချဲ့ လက်ဝေခံ ဝနရှင်ကြီးများ၊ အလိုတော်ရိများ၏ ရေပက်ဖြိုခွင်းခြင်း ခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၌ အထက်တန်းပညာ (H.S.F ) စာမေးပွဲကိုအောင်မြင်ခဲ့ပြီး ရန်ကုန်ဆရာအတတ်သင် ကောလိပ်တက်၍ ထိုကျောင်းကြီး၌ပင် ကျောင်းဆရာမအဖြစ် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အိမ်ထောင်သည် သားတစ်ယောက်မိခင်ဘဝနှင့်ပင် မင်းဘူးခရိုင်အတွင်း၌ ခရိုင်ခေါင်းဆောင်ဗိုလ်လရောင်၊ သခင်မြမောင် (ခေါ်) သခင်ဖေသန်းတို့နှင့်အတူ နယ်ချဲ့ တော်လှန်ရေးလုပ် ခဲ့သည်။

၁၉၄၂–၁၉၄၅ ခုနှစ်အတွင်း ခင်ပွန်းသည် သခင်ကိုကြီးတို့၏ဒေသ တွံတေးတောကြီးတန်းသို့ လိုက်ပါကာ မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေးလုပ်ငန်း များဆောင်ရွက်ခဲ့သည်။ ကျိုက်ကော်မြို့ကလေးရှိ အာရှတိုက်လူငယ်များ အစည်းအရုံးတွင် ဉာဏနှင့်ဝါဒမှူး အဖြစ် ဆောင်ရွက်ရင်း ၁၉၄၅ ခုနှစ် နှစ်ဦးတွင် ဂျပန်တော်လှန်ရေးကို သခင်ကိုကြီး၊ သခင်တင်လှိုင် (သခင်ခင်ညွန့်၏ညီ)၊ သခင်ထွန်းမြင့် စသူတို့နှင့် ပူးတွဲတာဝန်ထမ်းခဲ့သည်။ ကျိုက်ကော်မြို့ရှိ ဖက်ဆစ် များအား ဆန့်ကျင်သုတ်သင်၍ တွံတေးတောကြီးတန်းရှိ တောတွင်းရွာများတွင် တိမ်းရှောင်နေခဲ့ရသည်။



ဒေါ်ခင်စု (ရေနံမြေ)

၁၉၄၅ ခုနှစ် နှစ်လည်လောက်တွင် ရန်ကုန်မြို့ရှိ အာရှအသွင်ပြောင်း ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များ အစည်းအရုံး (ဗ.လ.စ) သို့ရောက်ရှိကာ အမျိုးသမီး ဗဟို စည်းရုံးရေးမှူးအဖြစ် တာဝန်ထမ်းခဲ့သည်။ ဗ.လ.စ ဗဟိုတွင် တာဝန်ထမ်းဆောင်ရင်း စစ်အပြီး ယိုယွင်းပြိုကျနေသော ပညာရေးကို ထူထောင်ရန် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့သဖြင့် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၄၈ ခုနှစ်အထိ ဖြစ်သည်။

၁၉၄၈ – ၁၉၅၂ အထိ ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီး ဦးတင် (မြန်မာ့အလင်း) ၏ အတွင်းရေးအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကုန်မှ ၁၉၆၂ ခုနှစ်အထိ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှင့်စွယ်စုံအချိန်ပိုင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းခဲ့သည်။ ထို့နောက် ပြည်ထဲရေးဌာနမှ ထုတ်ဝေသော မှုခင်းမဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် ရန်ကုန်သတင်းစာတိုက်အချိန်ပိုင်းအယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဥပစာဝိဇ္ဇာအောင်ပြီး၊ ၁၉၇၀ ပြည့်နှစ်တွင် စာမတတ်သူပပျောက်ရေး "အသုံးလုံး" ဗဟို ကော်မတီဝင်ဖြစ်ခဲ့ပြီး မြင်းခြံခရိုင်တွင် တာဝန်ကျခဲ့ သည်။

၁၉၈၀ ပြည့်နှစ်၌ မရမ်းကုန်းစာပေလုပ်သားအဖွဲ့ဝင် အနေနှင့် မြို့နယ်သမိုင်းပြုစုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ယုဝတီနှစ်ပတ်လည် မဂ္ဂဇင်းတွင် "ယု"ဟူသော တော်လှန်ရေးဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ သုတပဒေသာ၊ မြဝတီ၊ ငွေတာရီ၊ ရွှေသွေး၊ သိပ္ပံမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းစုံ မဂ္ဂဇင်း၊ သောင်းပြောင်းထွေလာ၊ သွေးသောက်၊ ယုဝတီဂျာနယ်၊ ရွှေတူ ဂျာနယ်၊ ရှေ့ဆောင်လူငယ်စသည့် လစဉ်ထုတ် မဂ္ဂဇင်းကြီး များတွင် ဘာသာပြန်ဝတ္ထုဆောင်းပါးများ၊ ပင်ကိုယ်ရေးဝတ္ထုဆောင်းပါးများ များစွာရေးဖွဲ့ပြုစုခဲ့သည်။ ပုံနှိပ်ထုတ်ဝေပြီး ဝတ္ထုဆောင်းပါး ပေါင်း (၂၀၀) ကျော်ရှိသည်။

အတွေးအခေါ်အားကောင်းသော အသိအမြင်အမှန်ကိုပေးသော စာမူများကို ကြိုးပမ်းရေးဖွဲ့တင်ပြနေရင်းက ချော်လဲ၍ တင်ပဆုံရိုးကျိုးသည့်ဝေဒနာဖြင့် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ဗုဒ္ဓဟူးနေ့တွင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ ယာဉ်ပျံရွာတွင် ကွယ်လွန်ခဲ့သည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၅)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗုဒ္ဓသာသနာတော် တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ တပ်မတော်ရွှေရတုနှစ် တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ၊ ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း ပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသောဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ တော်အားပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ဘွဲ့အမည်များ ၊ ဂုဏ်ထူး ဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့် အပ်နှင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ၊ တပ်မတော်ရွှေရတုနှစ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရား ဥပဒေ စိုးမိုးရေးတံဆိပ်၊ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့် အပ်နှင်း ခံရသောပုဂ္ဂိုလ်များ၏စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့နှင့် မတ်လ ၂၇ ရက် ရွှေရတုတပ်မတော်နေ့များတွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်( ၁/၉၅) အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှအပါး ၂၀ နှင့် မလေးရှားနိုင်ငံမှတစ်ပါး စုစုပေါင်း၂၁ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးအပါး ၂၀ နှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း၂၁ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီး၂၈ ပါးနှင့်သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၃၂ ပါး၊ ရှုဋ္ဌဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးရှစ်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးနှစ်ပါး၊ ရှုဋ္ဌကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါး၊ အမေရိကန်ပြည်ထောင်စုမှတစ်ပါးနှင့် အိန္ဒိယနိုင်ငံမှတစ်ပါး စုစုပေါင်း ၁၉ ပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ခုနစ်ပါး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦးနှင့် သီရိသုဓမ္မ သိင်္ဂီ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၃၉ ပါး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၉၅)အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၂၉ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် နှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ကိုးဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၄၈ ဦး၊ ရဲသူရတံဆိပ်ချီးမြှင့်ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲသူရိန်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်သုံးဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်ခြောက်ဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၁၅၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၃/၉၅ ) အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၅၈၃ ဦး၊ စုစုပေါင်း ၂,၆၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၄/၉၅) အရပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၃၃၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၂,၉၀၆ ဦး စုစုပေါင်း ၁၄,၂၃၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ( ၅/၉၅ ) အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစား ၁၁ ဦးနှင့်တာဝန်ထမ်းဆောင်ဆဲ ၁၉၆ ဦး စုစုပေါင်း ၂၀၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၆/၉၅ )အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များမှာ တာဝန်ထမ်းဆောင်ဆဲ ၄၀၆ ဦး ဖြစ်ကြသည်။

အမိန့်ကြော်ငြာစာအမှတ်( ၇/၉၅) အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၆၆ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၇,၈၉၂ ဦး စုစုပေါင်း ၃၉,၇၅၈ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁,၈၅၃ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၅၅,၅၂၄ ဦး စုစုပေါင်း ၅၇,၃၇၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၈/၉၅) အရ ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့်ခံရသော ပုဂ္ဂိုလ် တာဝန်ထမ်းဆောင်ဆဲ ၁,၁၃၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်( ၂၁/၉၅ )အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များတွင် သီဟသူရဘွဲ့ ချီးမြှင့်ခံရသောပုဂ္ဂိုလ် တစ်ဦး၊ သူရဘွဲ့ ချီးမြှင့်ခံရသော ပုဂ္ဂိုလ် ၁၃ ဦးနှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ် ၁၄၉ ဦး စုစုပေါင်း ၁၆၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၂၂/၉၅)အရ တပ်မတော်ရှေ့ရှုတနစ်တံဆိပ် ချီးမြှင့်ခံရသောပုဂ္ဂိုလ်များတွင် စစ်မှုထမ်းဆောင်ဆဲ အရာရှိ ၁,၂၀၅ ဦးနှင့် အခြားအဆင့် ၁၄,၃၅၇ ဦး စုစုပေါင်း ၁၅,၅၆၂ ဦး ပါဝင်သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၂ ဦး အားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၆၂ ဦး အားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များ ချီးမြှင့်သည်။


ထို့ပြင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပါဝင်ထမ်းဆောင်ခဲ့ကြသော မရီးလ်မရော့ဒါတပ်ဖွဲ့ဝင် အမေရိကန် စစ်မှုထမ်းဟောင်း ၂၃ ဦးအား ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်းကောင်း၊ အမေရိကန် တပ်မတော် (OSS-101) တပ်ဖွဲ့ဝင် စစ်မှုထမ်း ဟောင်း ၁၅ ဦးအား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လည်းကောင်း မြန်မာ့တပ်မတော်၏ လွတ်မြောက်ရေးတံဆိပ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

**ဂျပန်နိုင်ငံ**။ ။၁၉၉၄ခုနှစ်၊ ဇွန်လက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သော မစ္စတာတိုမီအိချိမူရာယာမသည် အသက် ခုနစ်ဆယ်ရှိပြီဖြစ်သည်။ သူ၏ရိုးသားသော အနေအထိုင် ဝတ်စားဆင်ယင်မှုကို ပြည်သူတို့က သဘောကျကြသည်။

မူရာယာမသည် နိုင်ငံ၏စီးပွားရေးကို ပို၍ လေးစားသူဖြစ်သည်။ သူ၏ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် ပါတီနှင့် နှစ်ပေါင်းများစွာအာဏာရယူခဲ့သော လစ်ဘရယ်ဒီမိုကရက်ပါတီမှခွဲထွက်သူများအပြင် ဆာကီဂါကီပါတီနှင့် အခြားသောပါတီငယ်များက စုပေါင်းကာ မူရာယာမကို ထောက်ခံကြသည်။ ထောက်ခံသူအမတ် ၂၆၁၊ ကန့်ကွက်သူအမတ် ၂၁၄ ဖြင့် မူရာယာမသည် ဝန်ကြီးချုပ်ဖြစ်လာကာ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကျူရှူကျွန်း အိုအိတမြို့နေရေလုပ်သားတံငါသည်တစ်ဦး၏သားဖြစ်သူ မူရာယာမသည် ဆင်းဆင်းရဲရဲနေခဲ့ရသည်။ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

၁၉၉၃ခုနှစ်၊ နိုဝင်ဘာလတွင် ဝန်ကြီးချုပ်မှုဆိုဟီရိုဟိုဆိုကာဝါ လက်ထက်က ပြဋ္ဌာန်းခဲ့သော ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်များအရ ဝန်ကြီးများသည် မိမိတို့ပိုင်ပစ္စည်းစာရင်းကို တင်ပြကြရသည်။ ဝန်ကြီးချုပ်ဟောင်းဟာတာမှာသိန်းသုံးလေးဆယ် ပိုင်ကြောင်းတင်ပြသည်။ မစ္စတာမူရာယာမကမူ သူပိုင်ပစ္စည်းသည် ဒေါ်လာသုံးသန်းခွဲသာရှိသည်ဟု ဆိုသည်။ ထိုသုံးသန်းခွဲမှာလည်း သူ၏ဇနီးစုဆောင်းရရှိငွေဖြစ်သည်။ ဤမျှလောက်ရိုးသားသူကို လစ်ဘရယ်ဒီမိုကရက်ပါတီက ထောက်ခံခြင်းဖြစ်သည်။



ဂျပန်ဝန်ကြီးချုပ် မူရာယာမ

မစ္စတာမူရာယာမသည် အလုပ်သမားရေးရာကို ကိုင်တွယ်ခဲ့သူဖြစ်၍ ပါတီစိတ်ပြင်းထန်သူ မဟုတ်ပေ။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပသော အထက်လွှတ်တော်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီသည် အမတ်နေရာ ၄၆ နေရာမှ ၆၈ နေရာသို့ တိုးတက်ရရှိသည်။ ဝန်ကြီးချုပ်မူရာယာမ၏ပါတီက ယခင်အမတ်နေရာတို့ကို ဆုံးရှုံးခဲ့သည်။ ယင်းရှုံးနိမ့်မှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ ထွက်စရာမလိုဟု ပါတီစုံက ဆုံးဖြတ်ကြသည်။ ဘဏ္ဍာရေးဝန်ကြီး မာဆာရိုရှိတာကာမူရာက ရာထူးမှထွက်ရန် စာတင်သည်ကိုအမတ်များက လက်မခံပေ။

ယင်းရွေးကောက်ပွဲကို မကျင်းပမီက ဂျပန်အစိုးရသည် မိမိ၏ပေါ်လစီမူဝါဒကို ဖော်ပြသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဇူလိုင်လ ၁ ရက်နေ့က လစ်ဘရယ်ဒီမိုကရက်ပါတီ၊ ဆိုရှယ်လစ်ပါတီနှင့် ဆာကီဂါကီပါတီပါဝင်သော ညွန့်ပေါင်းအစိုးရက ထုတ်ပြန်သော အဆိုပါကြေညာစာတမ်း၌ ကုန်သွယ်ဘက်နိုင်ငံများ ကျေနပ်နှစ်သိမ့်စေရန် ဈေးကွက်မူစနစ်ကို ပြုပြင်ပြောင်းလဲသွားမည်ဟု ထည့်သွင်းကတိပေးသည်။

ဤသို့စည်းမျဉ်းတကျ အလုပ်လုပ်လျက်ရှိသော မူရာယာမ အစိုးရကို အယုံအကြည်မရှိဟုအဆိုသွင်းကြသည်။ ယင်းအဆိုမှာ မဲ ၅၁၀ အနက် ၂၉၀ ဖြင့် အစိုးရဘက်က အနိုင်ရရှိသည်။

**စစ်လျော်ကြေးများ** - ဝန်ကြီးချုပ်မူရာယာမသည် အခြားသောခေါင်းဆောင်များကဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အပြုအမူအတွက် တောင်းပန်စကားပြောကြားခဲ့သည်။ ယင်းကျူးကျော်မှု၏ဒဏ်ကို ယခုတိုင်ခံရဆဲဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဟောင်ကောင်ရှိ စစ်သုံ့ပန်းဟောင်းများက ဝန်ကြီးချုပ်မူရာယာမသို့ လျော်ကြေးတောင်းသည့် စာတစ်စောင်ပေးပို့သည်။ ဂျပန်တပ်မတော်က အကျဉ်းချခံခဲ့ရသော စစ်သုံ့ပန်းတစ်ဦးလျှင်ဒေါ်လာ ၂၂,၀၀၀ စီလျော်ကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

ဩစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုမှ စစ်သုံ့ပန်းပေါင်း ၃၀,၀၀၀ ရှိရာစုစုပေါင်းလျော်ကြေးငွေသန်း ၆၆၀ ရှိမည်ဖြစ်သည်။ ယင်း တောင်းဆိုချက်ကို ဟောင်ကောင်နယ်သား ၁၀,၀၀၀ လက်မှတ်ထိုးထားသည်။

ဝန်ကြီးချုပ်ထံ လျော်ကြေးတောင်းဆိုသော စာကို အသက် ၇၃ နှစ်အရွယ်ရှိ အင်္ဂလိပ်လူမျိုးအာသာတီသရင်တံက သုံ့ပန်း ၅၀ နှင့်အတူ ဟောင်ကောင်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးသို့ချီတက်ကာပေးအပ်ခြင်းဖြစ်သည်။ ယင်းစာကို ဂျပန်ဝန်ကြီးချုပ်က လက်မခံပေ။

ထို့နောက် တစ်နည်းတစ်ဖုံပေါ်လာသော ပြဿနာမှာ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်စစ်သားနှင့်တိုင်းရင်းအမျိုးသမီးတို့ပေါင်းဖက်ရာမှ ရရှိခဲ့သော ဂျပန်ကပြားသားသမီးများကိစ္စဖြစ်သည်။ ၁၉၄၁–၁၉၄၅ ခုနှစ်အတွင်း ဂျပန်စစ်တပ်က ဖိလစ်ပိုင်၌ အုပ်ချုပ်နေစဉ် ဖိလစ်ပိုင်အမျိုးသမီး များနှင့် ဂျပန်စစ်သားတို့ ပေါင်းဖက်မိကြရာ သားသမီးများ ကျန်ရစ်ခဲ့သည်။ ထိုသားသမီးတို့၏ဖခင် တပ်မတော်သားမှာ ယခုတိုင်အသက်ရှင်လျက်ရှိ မရှိ မသိရပေ။ ထိုဖတဆိုးကပြားတို့ကို ဂျပန်တိုင်းရင်းသားအဖြစ် လက်ခံရန် ဂျပန်အစိုးရသို့ မစ်ရှင်တစ်ရပ် စေလွှတ်တောင်းခံခဲ့သည်။ ဂျပန်အစိုးရက ဂျပန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုမည်ဟု ဆိုသည်။

**လျှောင်သဘာဝကပ် –၁၉၉၅** ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် အရုဏ်ဦးအချိန်တွင် ဂျပန်ကျွန်းမကြီးရှိ ကိုဘီမြို့တွင်ရစ်ချ် စတာစကေး ၇.၂ ရှိသော ငလျင်ကြီးလှုပ်ရာ ၂၀ စက္ကန့် အတွင်း တိုက်တာအိမ်ခြေ ၁,၅၅,၀၀၀ ပြိုကျကာ လူ ၅,၅၀၀ သေကျေပျက်စီးပြီး လူ ၂၇,၀၀၀ ထိခိုက်ဒဏ်ရာရရှိ သည်။ ထိုမြို့ပျက်ကို ပြန်လည်ပြင်ဆင်ရမည်ဆိုလျှင် ဒေါ်လာသန်း ၄,၀၀၀ကုန်မည်ဟု ဆိုသည်။ ပြိုပျက်သော အဆောက်အအုံ များအောက်ရှိ ဒဏ်ရာရသူများအား ကယ်ဆယ်ရန် တပ်မတော်သားများက ကူညီရာတွင် ရဟတ်ယာဉ်များ၊ အနံ့ခံခွေးလိမ္မာများကိုပါ အသုံးချသည်။ ငလျင်လှုပ်ရာတွင် အစိုးရက ကူညီပံ့ပိုးခြင်း နည်းပါးသည်ကို အတိုက်အခံ လွှတ်တော်အမတ်အချို့ကဝေဖန်ပြစ် တင်ကြ သည်။ (သဘာ ဝ ဘေးဒဏ်–ရှု။)

**ကပ်ကျော်ဘာသာရေးဂိုဏ်း–၁၉၉၅** ခုနှစ် နှစ်ဆန်းတွင် ဘာသာရေးဂိုဏ်းတစ်ခုမှ ထိတ်လန့်ဖွယ် သတိပေးသော ဗျွှေပေလွှာတစ်ခုကို ဂျပန်ပြည်သူတို့တအံ့တသြကြား လိုက်ကြရသည်။ ၎င်းမှာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ကမ္ဘာကြီးပျက်လိမ့်မည်ဆိုသော ဗျွှေပေလွှာ ဟောစာတမ်းသည် သတင်းစာအသီးသီး၌ ပေါ်ထွက် လာသည်။ ဗျာဒိတ်ပေး ဟောပြောသော ဂိုဏ်းမှာ အောင်းရှင်ရိကျိုဖြစ်သည်။ အောင်းမဟာသစ္စာဂိုဏ်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

ပရိသတ်က သူ၏ဟောကိန်းမှန်မမှန်ကို စောင့်ကြည့် နေကြစဉ်မတ်လ ၂၀ ရက်နေ့ နံနက်တွင် တိုကျိုမြို့ မြေအောက်ရထားလမ်းတွင်ဗုံးပေါက်ကွဲသဖြင့် ထိုဗုံးမှ ဓာတ်ငွေ့များထွက်ကာ ဓာတ်ငွေ့ဒဏ်ကြောင့် ခရီး သည် ၁၂ ဦးသေဆုံးပြီး အခြားလူ ၂,၅၀၀ ခန့်မူးမော် မေ့မျောပြီး နလုံးတုန်ရင်ခုန်ရောဂါဒဏ်များ ရရှိသည်။

ဤတွင်မှ ဂျပန်ရဲအဖွဲ့နှင့် ထောက်လှမ်းရေးတပ်က ဤမှုအတင့်ရဲပြီး ရက်စက်သည့် အကြမ်းဖက်သူများနှင့် ၎င်းတို့၏ အပေါင်းအသင်းများကို ဒလကြမ်းရှာဖွေသော အခါ ရှိကိုအဆာဟာရာ ခေါင်းဆောင်သော အောင်းရှင်ရိကျို ၏ လက်ရာဖြစ်သည်ကို တွေ့ကြရသည်။

ဖောက်ခွဲသောဗုံးတွင် ဆာရင် (Sarin) ခေါ် အာရုံကြော၊ သွေးကြော၊ လေကြောထိခိုက်သော ဓာတ်ငွေ့ များပါရှိ၍ လူ အစုလိုက် အပြုံလိုက် သေစေသော ဓာတ်ငွေ့ ဖြစ်သည်ကို တွေ့ရှိရသည်။

ထိုဂိုဏ်းဝင်များသည် အဆဟာရာကိုပုဂ္ဂိုလ်အရ ကိုးကွယ်ယုံကြည်သော ဘာသာရေးဂိုဏ်းဖြစ်သည်။ အဆဟာရာသည်ကျူရှူကျွန်း၊ ချီဇွာမက်ဆူမိုတိုတွင် ၁၉၅၅ ခုနှစ်က ဖွားမြင်သည်။ စက္ခုအလင်းမရသလောက်ဖြစ်၍ သူ့အား ဆွံ့အ နားထိုင်း မျက်မမြင် ကလေးသူငယ်များ ကျောင်းတွင် အပ်နှံ သင်ကြားသည်။

ပညာဉာဏ်ထက်မြက်သူဖြစ်၍ အကြား အမြင် ပေါက်သည်ဟု ယူဆရသည်။ သူသည် ဗုဒ္ဓမြတ်စွာ ဖြစ်ပွင့်ရာ အိန္ဒိယပြည်သို့ ရောက်ရှိပြီး ဘာသာရေး၊ သာသနာရေးများကို လေ့လာသည်သာမက တိဗက် မဟာယန ဗုဒ္ဓဘာသာကိုလည်း တီးခေါက် ခဲ့သူဖြစ်သည်။ ယင်းဘာသာရေး အယူအဆများအရ သူ့ကိုယ်သူ အဂ္ဂ သာဝကဟူ၍ လည်းကောင်း၊ ဘုရားအလောင်းဟူ၍ လည်းကောင်း ထင်မြင်ယူဆသူဖြစ်သည်။ ထို့ကြောင့် သူ၏ဂိုဏ်းအမည်ကိုအောင်း(ဉုံ) မန္တန်ဖြင့်စခဲ့သည်။ အပ်စိုက်ကုသခြင်းဖြင့်ရောဂါသည်များကိုအစွမ်းထက်စွာ ကုသခဲ့သည်။ ဗေဒင်အဟောကောင်းသည်။

ယခုနှစ်တွင် သိရသောစာရင်းအရ မှတ်ပုံတင်ထားသော အသင်းသားအုပ်စုမှာ ၁၈၃,၅၈၁ ဖြစ်သည်။ ရုရှားနိုင်ငံတွင် သူ၏ဂိုဏ်းသား ၁,၀၀၀ ခန့်ရှိသည်။

ဂျပန်ရဲအဖွဲ့ဝင် ၂,၅၀၀ သည် အောင်းရှင်ရိကျို ဆေးခန်းပေါင်း ၂၀ ကျော်ကို ဝင်ရောက်ရှာဖွေကာ ခေါင်းဆောင် အဆဟာရာနှင့် သူ၏ဇနီးအပြင် ဓာတုဗေဒ ကျွမ်းကျင်သူ အသင်းသားတစ်ဒါဇင်ကျော်ကို ဖမ်းဆီးလိုက် သည်။ အဆဟာရာအား လူသတ်မှုဖြင့် စွဲချက်တင်ထား သည်။

ဘာသာရေးကိုဘန်းပြထားသော ဂိုဏ်းကိုမတရားသင်း ကြေညာရန် ဆိုင်ရာက တရားရုံးတော်သို့ လျှောက်ထားခဲ့ သည်။ ခွင့်ပြုမှုရသည်နှင့် တစ်ပြိုင်နက် ဖူဂျီတောင်ခြေရှိ နေအိမ်ပါ စခန်းအားလုံးကို ရှာဖွေသောအခါ ဓာတုဗေဒ ဆေးဝါးအမြောက်အမြားကို တွေ့ရှိရပေသည်။ အဆဟာရာ ကို စစ်ဆေးသောအခါ မိမိတို့သည်လူသတ်ဖို့မဟုတ်ဘဲ ဆေးဝါးကုသဖို့သာ ဤဓာတုဗေဒဆေးဝါးများ၊ ဆာရင် ဓာတ်ငွေ့များ စုဆောင်းသိမ်းဆည်းခြင်း ဖြစ်သည်ဟု ချေပပြောကြားသည်။

ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ ဒုံးကျည်များအတွက် အသုံးပြုနိုင်သော ပစ္စည်းကိရိယာများကို ဇူလိုင်လ ၃၀ ရက် နေ့က ရှာဖွေတွေ့ရှိသည်။ ရှင်ရိကျိုဌာနချုပ် မြေအောက်



ဂျပန်ရဲအဖွဲ့ဝင်များက အောင်းရှင်ရိကျိုဂိုဏ်း၏ ဓာတုဗေဒ ဆေးဝါးပစ္စည်းများကို ရှာဖွေသိမ်းဆည်းနေစဉ်

ပေ ၂၀ ခန့်တွင် ထိုလက်နက်ပစ္စည်းကိရိယာ အသုံးအဆောင် အမျိုး ၇၀ ကို တွေ့ရှိရသည်။ ထိုမှတစ်ပါး ဆိုဗီယက်ပုံစံ "အေကေ–၄၇" ရိုင်ဖယ်နှစ်လက်နှင့်အတူ သေနတ် ၁,၀၀၀ တပ် ဆင်ပြုလုပ်နိုင်မည့် ပစ္စည်းအစိတ်အပိုင်း ၁,၀၀၀ ကျော်ကိုလည်း ဖမ်းဆီးရမိသည်။

ရှင်ရိကျိုဂိုဏ်းသား ၂၀၀ ကျော်ကို ဖမ်းဆီးစစ်မေးကာ ၁၃၁ ဦးကို စွဲချက်တင်လိုက်ပြီး ၇၃ ဦးကို လွှတ်ပစ်လိုက်သည်။ လူသတ်မှုတစ်မှု၊ လူသတ်ရန်ကြံစည်မှု ၁၃ မှု တို့ဖြင့် ရှိုကိုအဆဟာရာ အပါအဝင် ၁၂ ဦးကို တရားစွဲထားသည်။

ဂျပန်နှင့် အမေရိကန် ကုန်သွယ်မှု ပြဿနာ–ဂျပန်အစိုးရသည် နိုင်ငံ၏အဓိက မဟာမိတ်ဖြစ်သော အမေရိကန် အစိုးရနှင့် ကုန်သည်စစ်ပွဲ သို့မဟုတ် စီးပွားရေးစစ်ပွဲကို ဆင်နွှဲရသည်။ ပထမ မော်တော်ကားကိစ္စ၊ ဒုတိယ လေယာဉ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကိစ္စ၊ ထို့နောက် ဓာတ်ပုံကင်မရာဖလင်ကိစ္စများကို အကြိတ်အနယ် နေ့ရက်ရှည်ကြာစွာ ဆွေးနွေးရသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေးတွင် ဂျပန်က အများအပြား အနိုင် ရနေသည်။ ဂျပန်သည် အမေရိကန်အစိုးရ၏ အရောင်းအဝယ် အခွင့်ထူးရနိုင်ငံ( Most Favoured Nation) အဖြစ်သတ်မှတ်ခြင်းခံရသော နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန်လုပ် မော်တော်ကားနှင့် ယာဉ်ပစ္စည်းများကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်း၊ တယ်လီဖုန်းပစ္စည်း များကိုလည်းကောင်း ဂျပန်ပြည်အတွင်းသို့ တင်သွင်းရောင်းချ လိုသည်။ ယင်းတင်သွင်းရောင်းချမှုကို ဂျပန်က ကန့်သတ်ပိတ်ပင်ထားသည်ဟု ဆိုသည်။ ယင်းပိတ်ပင်မှုကို ပယ်ဖျက်ပြီး ဈေးကွက်ဖွင့်ပေးရန် အမေရိကန်က တောင်းဆိုသည်။ အကယ်၍သာ ယင်းတောင်းဆိုချက်ကို မလိုက် လျှောလျှင်“ အမ်အက်ဖ်အင်” ကုန်သွယ်မှုအခွင့်အရေးကို ပယ်ဖျက်ပစ်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်သည်။

ကုန်သွယ်အခွင့်အရေး စွန့်လွှတ်ရမည်ဆိုလျှင် ဒေါ်လာသန်းခြောက်ထောင်ဖိုး မော်တော်ကားရောင်းချမှုကို ဂျပန်က လက်လွှတ်ရမည်ဖြစ်သည်။ အမေရိကန်သမ္မတ ကလင်တန်နှင့် ဂျပန်ဝန်ကြီးချုပ်မူရာယာမတို့သည် ဟလီဖက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန် အရာရှိကင်တန်နှင့် ဂျပန်အရာရှိတို့သည် ဂျီနီဗာမြို့တွင် ဇွန်လ ၂၂၊ ၂၃ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် ဆက်တိုက်ဆွေးနွေးကြသည်။ ကုန်သွယ်ရေး မညီမျှမှုနှင့် ပတ်သက်၍ ဂျပန်–အမေရိကန် ဆွေးနွေးပြောကြားရသည်မှာ သမ္မတ မစ္စတာဘွတ်ရှ် လက်ထက်မှ စခဲ့သည်။ ယခု ၁၉၉၅ ခုနှစ်၊ ဇွန်လ၂၉ ရက်နေ့တွင် မော်တော်ကားပြဿနာ ဖြေရှင်း နိုင်ခဲ့သည်။

သဘောတူညီချက်မှာ (၁) အမေရိကန်လုပ်ယာဉ်ပစ္စည်း များကိုဂျပန်က ဝယ်ယူမည်။ ထိုပစ္စည်းများကို ဂျပန်ပြည်ရှိစက်ရုံများတွင်လည်းကောင်း၊ အမေရိကန်တွင် ဖွင့်ထားသောဂျပန်စက်ရုံအလုပ်ရုံများတွင်လည်းကောင်း အသုံးပြု တပ်ဆင်မည်။ (၂) ဂျပန် မော်တော်ကား အလုပ်ရုံများကို အမေရိကန်၌ တည်ခွင့်ပြုမည်ဖြစ်ရာ နှစ်ဖက်စလုံးက ကိုယ့်ဘက်က မြတ်သည်ဟု ယူဆကြသည်။

ဂျပန်ပြည်တွင် အကြီးဆုံးကုမ္ပဏီငါးခုဖြစ်သော တိုယိုတာ၊ နစ်ဆန်၊ ဟွန်ဒါ၊ မစ်ဆူဘီရှီနှင့် မာဇဒါ ကုမ္ပဏီတို့က ဒေါ်လာ၁၉ ဘီလီယံတန်အမေရိကန်ယာဉ်ပစ္စည်းများကို ၁၉၈၅ ခုနှစ်၊ မတ်လအတွင်းဝယ်ယူခဲ့သည်ဟု ဇူလိုင် ၁၃ ရက်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

အာရှနိုင်ငံများထံမှ အမေရိကန် ကုန်တင်လေယာဉ်တို့ဖြင့် အမေရိကန်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဂျပန်တို့က အနှောင့်အယှက်ပြုမှုနှင့်ပတ်သက်၍ ဂျပန်လေယာဉ်တို့ ကုန်တင်မှုကို တားမြစ်ကန့်သတ်မည်ဟု အမေရိကန်အစိုးရက ဇွန်လ ၁၈ ရက်နေ့က ခြိမ်းခြောက်သည်။

ယင်းသို့ ခြိမ်းခြောက်သည်ကို ဂျပန်အစိုးရက တုံ့ပြန်ခဲ့သည်။ အမေရိကန်က ကန့်သတ်ပိတ်ပင်လျှင် အမေရိကန် အနောက်မြောက်လေယာဉ်လိုင်းနှင့် ဖက်ဒရယ်အိတ်စပရက်စ်တို့၏ ဂျပန်ခရီးစဉ်ကို တန်ပြန်အရေးယူမည်ဟု ပြန်ကြားသည်။

အမေရိကန်၏ အကျပ်ကိုင်ခြင်းခံရသော ဂျပန်လေကြောင်းကုမ္ပဏီများမှာ ဂျေအေအယ်လ်ခေါ်ဂျပန်လေကြောင်းလိုင်းနှင့် နစ်ပွန်ကုန်တင်လေကြောင်းလိုင်းတို့ဖြစ်သည်။ အမေရိကန်ကုန်တင်လေယာဉ်များကို ဂျပန်နိုင်ငံတွင် ပိုမိုရပ်နားခွင့်ပေးလိုက်ခြင်းဖြင့် လေယာဉ်ဆင်းခွင့်၊ နားခွင့်၊ ကုန်တင်ခွင့်ပြဿနာမှာ ကား ပြဿနာကဲ့သို့ ပြေလည်သွားသည်။

ဂျပန်–အမေရိကန် ကုန်သွယ်ရေး ပြိုင်ဆိုင်မှုတွင် အမေရိကန်အိစ်မင်ကိုဒတ်နှင့် ဂျပန်ဖူဂျီဖိုတိုကုမ္ပဏီတို့ ပါဝင်လာကြသည်။ ဖူဂျီကုမ္ပဏီက မသင့်လျော်သော ကုန်သွယ်ရေးလုပ်ဆောင်မှုကြောင့် မိမိတို့ကိုဒတ်ကုမ္ပဏီမှာ နှစ်ပေါင်း ၂၀ အတွင်း ဒေါ်လာ ၅ ဒသမ၆ဘီလီယံဆုံးရှုံးနစ်နာခဲ့ရသည်ဟု စွပ်စွဲပြောကြားသည်။ ယင်းကိစ္စကိုမူ နှစ်ဖက် လေ့လာဆွေးနွေးကြမည်ဟု သဘောတူကြသည်။

**စီးပွားရေး**–ဂျပန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်၌ အအေးပို၍စိုစွတ်မှုကြောင့် စပါးအထွက်ပမာဏသည်ယမန်နှစ်ကထက် လျော့နည်းလိမ့်မည်ဟု ခန့်မှန်းရသည်။ပစိဖိတ်သမုဒ္ဒရာကမ်းခြေ ဘက်တွင် ရာသီဥတုအခြေအနေအရ စပါးစိုက်ရက်သည် ၁၀ ရက် နောက်ကျသည်။

ရောင်းကုန်ဝယ်ကုန်ကုန်သွယ်ရေးရှင်းတမ်းတွင်မူ ယမန်နှစ်ကထက် ပိုလျှံငွေလျော့နည်းသွားသည့် အတွက် အမြတ် နည်းသွားသည်။ ယမန်နှစ် ပထမခြောက်လတွင် ကုန်သွယ် ရေး ရှင်းတမ်းမှာ ဒေါ်လာ ၅၇ ဒသမ ၇၇ ဘီလီယံဖြစ်ပြီး ယခု နှစ်တွင် ၅၇ ဒသမ ၄၂ ဘီလီယံဖြစ်သည် ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်နေ့

တွင် ထုတ်ပြန်ကြေညာသည်။ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေမှာ ယမန်နှစ် ကထက် ပိုသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများကိုလက်ခံ အသုံးပြု လျက်ရှိသည်။ ယခုနှစ်တွင်ဖိလစ်ပိုင်အမျိုးသမီး အလုပ်သမားများကို အကန့်အသတ်ဖြင့်သာ ဂျပန်အစိုးရက လက်ခံ မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနကလည်း အလားတူကန့်သတ်ရန် စီစဉ်နေသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဇူလိုင် ၂၀ ရက်နေ့တွင်ပြောကြားသည်။

အမျိုးသမီးအချို့မှာ ဂျပန်လူဆိုးဂိုဏ်းလက်ဝယ်သို့ ရောက် ရှိကာ ပြည့်တန်ဆာလုပ်ငန်း၌ အသုံးချခြင်းခံနေရ သည်ဟု သိရှိရသည်။ ယင်းပြဿနာကို ဝန်ကြီးချုပ် မူရာယာမနှင့် ဖိလစ်ပိုင်သမ္မတ ရာမို့စ်တို့ သိရှိပြီးဖြစ်သည်ဟု ဆိုသည်။

**ဂျာမနီ သမ္မတနိုင်ငံ။** ။ ရုရှားသမ္မတ ယဲ့လ်ဆင်အစိုးရ သည်ချီချင်ညာ ခွဲထွက်ပြည်နယ်အား အင်အားသုံး၍ ချင်းနင်းတိုက်ခိုက်နေလင့်ကစား ဂျာမနီသည် သမ္မတယဲ့လ်ဆင်အား ထောက်ခံလျက်ပင်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေး ဝန်ကြီး ကလောစ်ကင်ကယ်လ်က ၁၉၉၅ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ပြောကြားခဲ့သည်။ ချီချင်ညာ ပြည်နယ် ခွဲထွက်ရေးကိစ္စသည် ရုရှားအစိုးရ၏ ပြည်တွင်းရေးကိစ္စ သာဖြစ်ကြောင်း ဂျာမနီအစိုးရက ယင်း၏သဘောထားကို ဖော်ပြခဲ့သည်။ သို့သော် မော်စကိုအစိုးရသည် ချီချင်ညာ လူထု၏ လူ့အခွင့်အရေးကို အာမခံချက်ပေးလိမ့် မည်ဟု မျှော်လင့်ကြောင်း ဂျာမနီက ပြောကြားခဲ့သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) နှင့် ရုရှား ပိုမိုရင်းနှီးရေး ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအဖြစ် စိန့်ပီစတာဘတ်မြို့အနီးတွင် ၁၉၉၅ နွေရာသီ ဂျာမနီနှင့် ရုရှား စစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကို ရုရှားအစိုးရက ရွှေ့ဆိုင်းလိုက်သည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး ဗောလကာရှက ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြောကြားခဲ့ သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီးက မည်သည့်အတွက် ကြောင့် ရွှေ့ဆိုင်းကြောင်းမပြောသော်လည်း ရုရှားက ထိုသို့ ဆုံးဖြတ်ခြင်းမှာ ချီချင်ညာခွဲထွက်ပြည်နယ်တွင် ရုရှားတပ် များ တိုက်ခိုက်နေရသောကြောင့် ဖြစ်ပုံရသည်ဟု ဆိုသည်။ ရုရှားနှင့် အနောက်အုပ်စုအကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ရမည် ဖြစ် ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောကြားသွား ခဲ့သည်။

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့ပြင်ရှိ စက်ရုံတစ်ရုံတွင် ရုရှားနျူကလီးယား ထိပ်ဖူးများမှ ပလူတိုနီယမ်ကို နျူကလီး ယား လောင်စာအဖြစ် သန့်စင်ရေး အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်သင့်မသင့် ဂျာမနီအစိုးရက စဉ်းစားခဲ့သည်။ ထိုအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ထောက်ခံ သည်။ ဂျာမနီအစိုးရက ရုရှားပလူတိုနီယမ်ကို သန့်စင်ခြင်း ပြု မပြု အလားအလာနှင့် စပ်လျဉ်း၍ အမေရိကန်က တီးခေါက်ကြည့်ကြောင်း ဘွန်းမြို့ရှိ အမေရိကန်သံရုံးက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ အမေရိကန်အရာရှိများသည် မစ်အောက်ဆိုက် လောင်စာ ချောင်းများ ထုတ်လုပ်ရေးအတွက် ဆီးမင်းကုမ္ပဏီ၏ ဟာနောစက်ရုံသို့ သွားရောက် လေ့လာခဲ့ကြသည်။

ဟာနောစက်ရုံတွင် ရုရှားပလူတိုနီယမ်များ သန့်စင်ရေး အစိုးရ၏ အစီအစဉ်ကို ဂျာမနီပြည်သူများက ဆန့်ကျင် ကန့်ကွက်ကြလိမ့်မည်မှာ သေချာသည်ဟုဆိုကြသည်။ သို့ရာတွင် ထိုစက်ရုံလည်ပတ်ပါက ဂျာမနီပြည်သူများ အလုပ်အကိုင်များ ရရှိစေမည့်အပြင် နိုင်ငံတကာလက်နက် လျှော့ပါးရေးအတွက်ပါ အကျိုးသက်ရောက်မည်ဖြစ်ပေရာ အတိုက်အခံဆိုရှယ်ဒီမိုကရက်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ၎င်းတို့၏ ကန့်ကွက်မှုများကို ရုပ်သိမ်းနိုင်သဖြင့် ဂျာမနီအစိုးရက စွန့်စားရန် လက္ခဏာ ရှိသည်ဟု ဆိုကြသည်။

## နိုင်ငံရေး

ရုရှားသမ္မတ ယဲ့လ်ဆင်က ချီချင်ညာပြည်နယ်ကို ဝင်ရောက် တိုက်ခိုက်၍ ထိုဒေသရှိ ပြည်နယ်သားများ၏ လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသော စိုးရိမ်သောက ဖြစ်မိသော်လည်း မိမိသည် သမ္မတ ယဲ့လ်ဆင်အား ဆက်လက်ထောက်ခံကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ဇန်နဝါရီလထဲ၌ ပြောကြားခဲ့သည်။

ချီချင်ညာသည် ရုရှား၏ ဒေသတစ်ခုဖြစ်ကြောင်း ချီချင်ညာပြည်နယ် ရုရှားမှခွဲထွက်ခြင်းဖြင့် ရုရှားနိုင်ငံသည် တည်ငြိမ်မှု ပျက်ပြားသွားနိုင်ကြောင်း ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ရုရှားသမ္မတ ယဲ့လ်ဆင်အား ယင်း ကဲ့သို့ ထောက်ခံမှုပြုခဲ့ ခြင်းကို အတိုက်အခံပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက် (အက်စ်ပီဒီ) ပါတီက ဆန့်ကျင် ကန့်ကွက်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး ကွန်မြူနစ်ဝါဒီများ က ၎င်းတို့၏ ပါတီဖြစ်သော ဒီမိုကရက်တစ်ဆိုရှယ်လစ်

ဇင် (ပီဒီအက်စ်) ပါတီအတွက် Lothar Bisky ကို ပါတီဥက္ကဋ္ဌအဖြစ် ဇန်နဝါရီလ ၂၉ ရက်နေ့၌ ပြန်လည်ရွေးချယ်ခဲ့သည်။ Lothar Bisky က စတာလင်ဝါဒကို စွန့်ပယ်လိုက်ပြီး နောက် ယင်းသို့ ပြန်လည်အရွေးခံရခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန် ဒီမိုကရက်ပါတီသည် ပြည်နယ်ရွေးကောက်ပွဲတစ်ခုတွင် အရေးနိမ့်ခဲ့သည်။ အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်သည့် Hesse ပြည်နယ်၏ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီး ဖြစ်သူ ခရစ်ယာန်ဒီမိုကရက်ပါတီမှ Manfred Kanther သည် ဆိုရှယ်ဒီမိုကရက်ပါတီမှ Hans Eichel ကို ရှုံးနိမ့်သွားခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဂျမနီပြည်ထဲရေးဝန်ကြီးဌာနက လွတ်လပ်သော လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ ( The farright free German Worker's Party - FAP)အား တရားဝင် ပါတီအဖြစ်မှပိတ်ပင်တားဆီးလိုက်သည်။ ထိုပါတီမှာ ဂျာမနီနိုင်ငံတွင် နာဇီလက်သစ်သမားများ အများဆုံး ပါဝင်သော ပါတီဖြစ်သည်။ ကျွန်ုပ်တို့သည် လက်ယာ အစွန်းရောက်မှု၊ လက်ဝဲအစွန်းရောက်မှုများကို တိုက်ဖျက်သွားရမည် ဖြစ်ကြောင်း ဂျာမန်ပြည်ထဲရေး ဝန်ကြီးက ပြောကြားသည်။ လက်ယာအစွန်းရောက် ဂျာမန်အလုပ်သမားပါတီ(အက်ဖ်အေပီ) သည် သဘောသဘာဝအရ နာဇီပါတီဖြစ်ကြောင်း၊ ၎င်းပါတီဝင်များသည် နာဇီခေါင်းဆောင်များကို အလေးအမြတ်ပြုကြကြောင်း၊ လူ့အခွင့်အရေးကိုလည်း မထေမဲ့မြင်ပြုကြကြောင်း၊ ဒီမိုကရေစီ စိတ်ဓာတ်ကိုလည်း သေးသိမ်မှေးမှိန်အောင် ပြုလုပ်နေကြကြောင်း ပြည်ထဲရေးဝန်ကြီးက တစ်ဆက်တည်း ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်အတွင်းက နာဇီလက်သစ်တို့၏ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမန်အစိုးရသည် လက်ယာအစွန်းရောက် ပါတီလေးခုကို ပိတ်ပင်ခဲ့ပြီး ဖြစ်သည်။


ဂျာမနီနိုင်ငံ၏ အကြီးဆုံး အလုပ်သမားအဖွဲ့ အစည်းဖြစ်သော The IG Metal Trade Union က ဦးဆောင်၍ ဂျာမနီနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၂ ခုမှ အင်ဂျင်နီယာ ကဏ္ဍတွင် လုပ်ကိုင်ကြသော အလုပ်သမားများသည် လုပ်ခတိုးပေးရေး တောင်းဆိုချက် ကိုင်စွဲလျက် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ က သပိတ်မှောက်ခဲ့ကြသည်။ သပိတ်မှောက်ရာတွင် အလုပ်သမားပေါင်း ၁၁,၀၀၀ ခန့် ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။

လွတ်လပ်သောဒီမိုကရက်ပါတီ Free Democrats ပါတီခေါင်းဆောင် ကလော့စ်ကင်ကယ်လ်သည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ကြောင်း ၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ကြေညာ ပြောကြားသည်။ သို့သော် ၎င်းက ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ညွန့်ပေါင်းအစိုးရတွင် လက်ရှိထမ်းဆောင်လျက်ရှိသော နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျာမနီနိုင်ငံ ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်သည့် ကလောစ်ကင်ကယ်လ်၏ လွတ်လပ်သော ဒီမိုကရက်ပါတီသည် မေလ ၁၅ ရက်နေ့က ပြုလုပ်သော ပြည်နယ်ရွေးကောက်ပွဲနှစ်ခုတွင် ရှုံးနိမ့်ခဲ့သည်။

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ခရစ်ယာန်ဒီမိုကရက်ယူနီယမ် ပါတီခေါင်းဆောင်များက ဟဲလ်မွတ်ခိုးအား ၁၉၉၈ ခုနှစ်၌ ပြုလုပ်မည့် ဂျာမနီနိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင်ထပ်မံယှဉ်ပြိုင်အရွေးခံရန်တိုက်တွန်းခဲ့ကြသည်။ခရစ်ယာန်ဒီမိုကရက်ပါတီသည် ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးပြန်လည်အရွေးမခံလျှင် ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ဖွယ်မရှိဟု ပါတီခေါင်းဆောင်များက တွက်ဆခဲ့ကြသဖြင့်နိုင်ငံရေးသြဇာတိက္ကမ ရှိသောဟဲလ်မွတ်ခိုးကို ၁၉၉၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ထပ်မံ အရွေးခံရန် တိုက်တွန်းခြင်း ဖြစ်သည်ဟုဆိုသည်။ ခိုးသည်ဂျာမနီနိုင်ငံ အထွေထွေရွေးကောက်ပွဲများတွင် လေးကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဖြစ်လာခဲ့သူ ဖြစ်သည်။ ၁၉၉၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်ခဲ့သူ ဟဲလ်မွတ်ခိုးက မိမိသည် နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ထိုစဉ်ကပြောကြားခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် ဟဲလ်မွတ်ခိုး ဝင်ရောက်ယှဉ်ပြိုင်ဖွယ် မရှိသဖြင့် ခရစ်ယာန် ဒီမိုကရက်ယူနီယမ်ပါတီ ခေါင်းဆောင်များက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

## ပြည်တွင်းရေး

၁၉၉၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့က ကာဒ်ခွဲထွက်ရေးသမားများက ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့ရှိ ဘဏ်နှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်လူမျိုးတို့က




လုပ်ခတိုးပေးရေးအတွက် ဂျာမန်အလုပ်သမားများ ဆန္ဒပြနေပုံ

၄င်းတို့၏နှစ်သစ်ကူးပွဲကို ယင်းသို့ ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် စတင်ကျင်းပလိုက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ကာဒ် ခွဲထွက်ရေး သမားတို့၏ ဗုံးခွဲတိုက်ခိုက်မှုများသည် ကိုလုံးမြို့မှာသာမက ဘာလင်မြို့ရှိ တူရကီခရီးသွားလာရေး လုပ်ငန်း အေဂျင်စီ အဆောက်အအုံတွင်လည်းကောင်း၊ ဘာဗာရိန်းမြို့ရှိ တူရကီယဉ်ကျေးမှု စင်ကာတွင် လည်းကောင်း ဖြစ်ပွားခဲ့သည်။

ဂျာမနီနိုင်ငံအစိုးရအရာရှိများက ယင်းသို့ဗုံးခွဲ တိုက်ခိုက်မှုတွင်ကာဒ်အလုပ်သမားပါတီ (Kurdistan Worker's Party-PKK ) ၏ ပယောဂပါရှိကြောင်း ပြောကြားသည်။ ကာဒ်အလုပ်သမားပါတီသည် တူရကီ နိုင်ငံတောင်ပိုင်းကာဒ်တို့နေထိုင်ရာဒေသကို တူရကီနိုင်ငံမှ ခွဲထွက်ကာသီးခြားနိုင်ငံထူထောင်ရေးအတွက် ၁၉၈၄ ခုနှစ်ကတည်းက တူရကီအစိုးရအား ဆန့်ကျင်တိုက်ခိုက် နေသော အဖွဲ့အစည်းဖြစ်သည်။

ယင်းသို့ဗုံးပေါက်ကွဲမှုများဖြစ်ပွားနေချိန်၌ အိမ်နီးနိုင်ငံတောင်ပိုင်း၌ ကာဒ်ခွဲထွက်ရေးသမားများကို တူရကီစစ်တပ်က နှိမ်နင်းတိုက်ခိုက်မှုကိုအကြောင်းပြု၍ ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ကာဒ်လူမျိုး ၃၀၀ ခန့်ကလည်း

ဆန္ဒပြပွဲများပြုလုပ်ကြသည်။ အလားတူပင် ဘွန်းမြို့ရှိ ကာဒ်လူမျိုး ၁၃၀ ခန့်ကလည်းဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

မြူးနစ်ရဲအဖွဲ့က အသက် ၂၉ နှစ်ရှိ ကာဒ်အလုပ်သမားပါတီခေါင်းဆောင်နှင့် ၄င်း၏မိန်းမအပြင် ကာဒ်လူမျိုး ခုနစ်ယောက်ကို ဝါဒဖြန့် ဆူပူလှုံ့ဆော်ရေး စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးလိုက်သည်။ ဂျာမနီနိုင်ငံတွင် ကာဒ်အလုပ်သမားပါတီကို တရားမဝင်ကြေညာထားရာ ပါတီဝင်များသည် လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်ဟု ဆိုသည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုး၏ ထောက်လှမ်းရေးအကြီးအကဲ Bernd Schmidbauer က ကာဒ်တို့၏ လှုပ်ရှားမှုတွင် ဂျာမန်လက်ယာအုပ်စုသည်လည်း အတူတကွ ပါဝင်လှုပ်ရှား ပတ်သက်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ကလောက်စ်ကင်ကယ်လ်က ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများရောင်းချနေခြင်းကို ဆိုင်းငံ့ထားလိုက်ကြောင်း ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ တူရကီက အီရန်မြောက်ပိုင်းရှိ ကာဒ်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို ကန့်ကွက်သည့် အနေဖြင့် ယင်းသို့ လက်နက်နှင့် စစ်ပစ္စည်းရောင်းချမှုကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျာမနီနိုင်ငံသည် တူရကီနိုင်ငံသို့ စစ်ပစ္စည်းများ တင်ပို့ရောင်းချသော နိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချသော နိုင်ငံ ဖြစ်သည်။ တူရကီသမ္မတ စူလေမန်ဒီမီရယ်က သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အီရန်နိုင်ငံမြောက်ပိုင်းရှိ ကာဒ်ခွဲထွက်ရေးသမားများကို ဝင်ရောက်တိုက်ခိုက်ရာ၌ တစ်နှစ်ခန့်ကြာနိုင်ကြောင်း ပြောကြားခဲ့သည်ကို မိမိ တုန်လှုပ်သွားကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တစ်ဖန် ၁၉၉၅ ခုနှစ် ဧပြီလ ၂၄ ရက်နေ့၌ ထိပ်တန်းကွန်ဆာဗေးတစ် နိုင်ငံရေးသမားတစ်ဦး၏ အိမ်ကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြန်သည်။ ခရစ်ယာန် ဒီမိုကရက်ယူနီယံ ( စီဒီယူ ) ပါတီဝင် ပါလီမန်အမတ် ဂျူးဇက်သီရီဒါဘလန့်၏ နေအိမ်ဝင်းအတွင်းတွင် ဗုံးပေါက်ကွဲခဲ့သည်။ အိမ်သားများ ထိခိုက်သေဆုံးမှု မရှိခဲ့သော်လည်း နေအိမ်အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုဗုံးခွဲတိုက်ခိုက်မှုသည် မိမိတို့၏လက်ချက်ဖြစ်သည်ဟု ဂျာမနီနိုင်ငံရှိ လက်ဝဲအစွန်း ရောက်အုပ်စုက ကြေညာသည်။ ထိုအုပ်စုသည် ကာဒ်များ ကို ထောက်ခံအားပေးသော အုပ်စုဖြစ်သည်။ ထိုအုပ်စုကို လက်ဝဲစွန်းတပ်နီအုပ်စု (Extreme - leftist red army faction )ဟု ခေါ်သည်။ အဆိုပါ အုပ်စုသည် နေတိုး၊ ဂျာမန်အစိုးရ၏ နိုင်ငံရေးနှင့် စက်မှုဆိုင်ရာ အဆောက်အအုံ၊ ဝါဒသဘောထား ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်နေသော အဖွဲ့ အစည်း ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌လည်းဂျာမနီနိုင်ငံ လူးဘတ်မြို့ မြို့တော်ခန်းမထဲ၌စာအိတ်ထဲတွင် ပေါက်ကွဲစေသောပစ္စည်းထည့်၍ ပေးပို့သော စာအိတ်ဗုံး (Letter bomb) ပေါက်ကွဲခဲ့ပြန်သည်။ အဆိုပါစာအိတ်ဗုံးပေါက်ကွဲသဖြင့် နိုင်ငံရေးသမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ စာအိတ်ဗုံး ဖောက်ခွဲမှုမှာ လက်ယာအစွန်းရောက် ဝါဒီများ၏ လုပ်ရပ် ဖြစ်နိုင်သည်ဟု ဂျာမန်ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဇွန်လ ၉ ရက်နေ့က ယင်းကဲ့သို့ စာအိတ်တွင် ဗုံးထည့်၍ ဗုံးဖောက်ခွဲမှုတစ်ရပ်မြူးနစ်မြို့ ရုပ်မြင်သံကြားဌာနတစ်ခု၌ ဖြစ်ပွားခဲ့သေးရာ လူးဘတ်မြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုနှင့် ဆက်နွယ်နိုင်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ လူးဘတ်မြို့ မြို့တော်ခန်းမ အဆောက်အအုံရှိ ဆိုရှယ်ဒီမိုကရက်တစ် ပါတီရုံးသို့ စာပို့သယောင် ဗုံးထည့်ထားသောစာအိတ်ကို ပို့လိုက်သဖြင့် ယင်းသို့ ဗုံးပေါက်ကွဲကာ ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးသမား သောမတ်စ်ရိုတာ ဒဏ်ရာရရှိသွားခဲ့သည်။

### စီးပွားရေး

တောင်ကိုရီးယားသမ္မတ ကင်ယုံဆမ်သည် ၁၉၉၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ ရောက်ရှိကာ ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးနှင့် နှစ်နိုင်ငံ စီးပွားရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဥရောပရှိနိုင်ငံများအနက် ဂျာမနီနိုင်ငံသည်တောင်ကိုရီးယား၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားတွင် ဂျာမနီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေး ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၅ သန်းဖိုးရှိသည်။ တောင်ကိုရီးယားနှင့် ဂျာမနီနှစ်နိုင်ငံ၏ ကုန်သွယ်မှု ငွေကြေး ပမာဏမှာ ၁၉၉၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံဖိုး ရှိသည်။

ဥရောပတွင်အကြီးဆုံးသော ကားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီသည် ယခင် ယခင် အချိန်များက အရှုံးပြခဲ့သော်လည်း ၁၉၉၄ ခုနှစ်၌ အကျိုးအမြတ်ပြန်လည် ရရှိလာခဲ့သည်။ ဖောက်စ်ဝက်ဂွန်းကားထုတ်လုပ်ရေး ကုမ္ပဏီ၏

ကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးက ပြောကြားရာတွင် ၁၉၉၃ ခုနှစ်ကအရှုံးပေါ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်ထဲတွင် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

ကမ္ဘာတွင် အကြီးဆုံး စက်မှုကုန်စည်ပြပွဲ တစ်ခုဟု ဆိုသည့် ဟင်နိုဗာစက်မှုကုန်စည်ပြပွဲကို ဂျာမနီနိုင်ငံ ဟင်နိုဗာမြို့တွင် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က ဖွင့်လှစ်ပြသခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးက ပြပွဲကိုဖွင့်လှစ်ပေးလိုက်ပြီး ဂျာမန်စက်မှုကုန်သည်ကြီးများကို စီးပွားရေး တိုးတက်လာသော အာရှတစ်လွှားတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ဤရာစုနှစ်အကုန်တွင် အာရှနိုင်ငံများထဲမှ ခုနစ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း စီးပွားဖွံ့ဖြိုးနိုင်ငံ ၁၀ နိုင်ငံထဲတွင် စာရင်းဝင်လာလိမ့်မည်ဟု ဟဲလ်မွတ်ခိုးက ထည့်သွင်းပြောကြားသွားသည်။ ထို့ကြောင့် ဂျာမန်စက်မှု ကုန်သည်ကြီးများသည် အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းခြင်း ဖြစ်ကြောင်း ဟဲလ်မွတ်ခိုးက ပြောခဲ့သည်။

ဂျာမန် စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်စီးပွားရေးလုပ်ငန်းကြီး ရှစ်ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး ဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်း ဂျာမနီနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံရေး သဘောတူ ချက်လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုတွင် ဂျာမနီနိုင်ငံ မာစီဒီးကား ထုတ်လုပ်ရေးကုမ္ပဏီနှင့်တရုတ်နိုင်ငံတို့အကျိုးတူပူးပေါင်းကာ မီနီဗင်မော်တော်ကားနှင့် ကားအင်ဂျင် များထုတ်လုပ်ရေး လုပ်ငန်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဖြစ်သည်။

## ပြည်ပဆက်ဆံရေး

ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ ပိုလန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ ဝန်ကြီးချုပ်ခိုးက ပိုလန်နိုင်ငံအား ဥရောပယူနီယံ(European Union )သို့ ဝင်ရောက်ရေးကို ကူညီမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးသည် ပိုလန်ဝန်ကြီးချုပ် ဂျိုးဇက်အိုလက်ဆီ အပါအဝင် ပိုလန်ခေါင်းဆောင်များနှင့် ပိုလန်နိုင်ငံ နေတိုးနှင့် ဆက်သွယ်နိုင်ရေးကိစ္စ၊ နယ်စပ် အဝင်အထွက် ကိစ္စ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ပေသည်။

(ဦးစိန်ဌေး)



**စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနား။** ။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲ အခမ်းအနားကို နတ်တော်လဆန်း ၂ ရက် ( ၂၃–၁၁–၉၅ ) နေ့က ရန်ကုန်မြို့၊ မြို့တော်ခန်းမ တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့သည် နတ်တော်လဆန်း ၁ ရက်နေ့ဖြစ်သော်လည်း ယင်းနေ့တွင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကျင်းပသောကြောင့် ဤအခမ်းအနားကို နတ်တော်လဆန်း ၂ ရက်နေ့တွင် ကျင်းပရခြင်း ဖြစ်သည်။

စာဆိုတော်နေ့နှင့် ပတ်သက်၍ သမိုင်းကြောင်းကို ဖော်ပြရသော် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်များနှင့် စာပေပညာရှင်ကြီးများသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့က စာဆိုတော်နေ့ သတ်မှတ်ရေး အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးက နှစ်စဉ် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၁၅–၁၁–၁၉၄၄ နေ့တွင် ကျင်းပခဲ့သည်။ စာဆိုတော်နေ့တွင် ရှေးစာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ ဟောပြောခြင်း၊ မျက်မှောက်ခေတ် သက်ကြီးစာရေးဆရာကြီးများအား သက်ငယ်စာရေးဆရာများက ပူဇော်ကန်တော့ခြင်း စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့်အညီ ကျင်းပကြသည်။

စာပေဗိမာန်က ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် စာဆိုတော်နေ့ အကြောင်းရပ်ကို ဖော်ပြထားသည်။ ယင်းအကြောင်းရပ်နှင့်တွဲ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဦးလင်း စသော သက်ကြီးစာရေးဆရာကြီး များအား သက်ငယ်စာရေးဆရာများက



အကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ဂါရဝပြုစဉ်

စာဆိုတော်နေ့တွင် ပူဇော်ကန်တော့နေကြသော ဓာတ်ပုံကို ဖော်ပြထားသည်။

ယခု မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ကျရောက်သော စာဆိုတော်နေ့သည် ၅၁ နှစ်မြောက် စာဆိုတော်နေ့ ဖြစ်သည်။

ယခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား ကျင်းပရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို ) သည် ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကို ရယူကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ( ကိုဆောင်း ) က ဆောင်ရွက်ပြီး ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဗဟိုအမှုဆောင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြမြသန်း (မနှင်းဖွေး )က ဆောင်ရွက်သည်။ ဆပ်ကော်မတီအသီးသီးကို ဗဟိုအမှုဆောင် တစ်ဦးစီက ဦးဆောင်ပြီး မြို့နယ်များမှ အမှုဆောင်များက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ကာ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရန် ရက်ပေါင်း ၂၀ မျှသာ အချိန်ရသော်လည်း လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ သွက်လက်ထက်မြက်စွာ ဆောင်ရွက်မှုကြောင့် လုပ်ငန်းများ အချိန်မီ ပြီးစီးခဲ့သည်။ အလှူရှင် ၇၀ ကျော်ကလည်း ငွေကျပ် ကိုးသိန်းကျော်နှင့် ပစ္စည်းမျိုးစုံ လာရောက် လှူဒါန်းကြသည်။

အခမ်းအနား ကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စာပေနှင့် စာနယ်ဇင်း အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာများသည် နိုးကြားတက်ကြွသော စာပေအသိစိတ်ဓာတ် ကိုယ်စီဖြင့် နံနက် ၇ နာရီခန့်ကပင်လျှင် မြို့တော်ခန်းမ၌ စုဝေးရောက်ရှိနေကြသည်။

အပူဇော်အကန်တော့ခံမည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများသည်လည်း နံနက် ၈ နာရီခန့်မှ စတင်၍ ရောက်ရှိလာကြသည်။ ကန်တော့ခံ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ အသက်မှာ ၈၀ အနည်းဆုံးဖြစ်ရာ ဇရာဒုဗ္ဗလအရွယ် ကျနေပြီဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ

အား ကြိုဆိုရေး ဆပ်ကော်မတီဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များက ဖေးမကူတွဲကာ ခေါ်ဆောင်ကြရသည်။

အပူဇော်အကန်တော့ခံကြမည့် စာရေးဆရာကြီး စာရေးဆရာမကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဆရာကြီး ဦးလေးခင် (မျိုးမြင့်စော) ၉၆နှစ်၊
၂။ ဆရာကြီး ဦးသိန်းမောင် (ရတနာပုံသိန်းသိန်း) ၉၄နှစ်၊
၃။ ဆရာကြီး ဦးခင်မောင်ကြီး (ပုဂံ ခင်မောင်ကြီး) ၉၃နှစ်၊
၄။ ဆရာကြီး ဦးစံထွား ၉၃နှစ်၊
၅။ ဆရာမကြီးဒေါ်ခင်မလေး(ဒဂုန်ခင်လေး ဆွေ) ၉၂ နှစ်၊
၆။ ဆရာမကြီးဒေါ်စောရင် ၉၀ နှစ်၊
၇။ ဆရာကြီး ဦးသန်းဖေ (ကာယဗလ ဦးသန်းဖေ) ၈၉ နှစ်၊
၈။ ဆရာကြီးဦးသော်ဇင် (ဦးသော်ဇင်၊သိဟဗလ) ၈၇ နှစ်၊
၉။ ဆရာကြီး ဦးဝန် (မင်းသုဝဏ်) ၈၇ နှစ်၊
၁၀။ ဆရာကြီးဦးခင်သန်း(တိုင်း ပညာဝန် ဦးခင်သန်း) ၈၇ နှစ်၊
၁၁။ ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) ၈၇ နှစ်၊
၁၂။ ဆရာကြီး ဦးတင်မြင့် (သခ်ီ) ၈၇ နှစ်၊
၁၃။ ဆရာကြီးဦးသိန်းမောင် (သုခ) ၈၆ နှစ်၊
၁၄။ ဆရာကြီး ဦးထွန်းလှ (လောကစံ ဦးထွန်းလှ) ၈၆ နှစ်၊
၁၅။ ဆရာကြီး ဦးလွန်းမောင် (မေမြို့မောင်) ၈၅ နှစ်၊
၁၆။ ဆရာကြီး ဦးထွန်းရင် (သခင်ထွန်းရင်) ၈၅ နှစ်၊
၁၇။ ဆရာကြီး ဦးဇော်ဝိတ် (ကာယဗလ) ၈၅ နှစ်၊
၁၈။ ဆရာကြီး ဦးဘထွန်း (ဘထွန်း–ဘီအေ) ၈၅နှစ်၊
၁၉။ ဆရာကြီး ဦးအောင်သိမ်း (ဓမ္မာစရိယ) ၈၄နှစ်၊
၂၀။ ဆရာကြီး ဦးဖေခင် (မဟာသရေစည်သူဦးဖေခင်) ၈၄နှစ်၊
၂၁။ ဆရာကြီး ဦးဘသောင်း (မောင်လိုင်ဝင်း) ၈၃နှစ်၊
၂၂။ ဆရာကြီး ဦးကိုလေး (ဇေယျာမောင်) ၈၃ နှစ်၊
၂၃။ ဆရာကြီး ဦးဆန်နီ (စုံထောက်ဦးဆန်နီ) ၈၂နှစ်၊
၂၄။ ဆရာကြီး ဆရာချယ် ၈၂ နှစ်၊
၂၅။ ဆရာကြီး ဦးအုန်းဖေ (တက်တိုး) ၈၂ နှစ်၊
၂၆။ ဆရာကြီး ဦးအေးမောင် (ဦးအေးမောင်စာပေဗိမာန်) ၈၂ နှစ်၊
၂၇။ ဆရာကြီး သခင်ဗဟုန်(လေနီ) ၈၂ နှစ်၊
၂၈။ ဆရာကြီး ဦးဘသန်း(ရွှေဝယ်သန်း) ၈၂ နှစ်၊
၂၉။ ဆရာကြီး ဦးမောင် (ပန်းတောင်း မောင်) ၈၂ နှစ်၊
၃၀။ ဆရာမကြီးဒေါ်သိန်းဆိုင် (မမြတ်လေး) ၈၂နှစ်၊
၃၁။ ဆရာကြီး သခင်လွင် ၈၂ နှစ်၊
၃၂။ ဆရာကြီး ဗိုလ်မှူးကြီး လှအောင် (ငြိမ်း) ၈၁ နှစ်၊
၃၃။ ဆရာမကြီးဒေါ်ရီကြိန် ၈၁ နှစ်၊
၃၄။ ဆရာမကြီး ဒေါ်မြမြ(မြစန္ဒာ) ၈၁ နှစ်၊
၃၅။ ဆရာမကြီးဒေါ်ခင်မျိုးချစ် ၈၁ နှစ်၊
၃၆။ ဆရာကြီး ဦးအောင်မြင့် (မောင်သုစိတ္တ) ၈၁ နှစ်၊
၃၇။ ဆရာကြီး ဦးခင်မောင်လတ် ၈၁ နှစ်၊
၃၈။ ဆရာကြီး ဦးစိန်လှိုင် (ဥသြ) ၈၀နှစ်၊
၃၉။ ဆရာကြီး ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ) ၈၀ နှစ်၊
၄၀။ ဆရာကြီး ဦးသိန်းမောင် (မင်းအောင်) ၈၀ နှစ်၊
၄၁။ ဆရာကြီး ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) ၈၀ နှစ်၊
၄၂။ ဆရာမကြီးဒေါ်နုယဉ် (နုယဉ်) ၈၀ နှစ်၊
၄၃။ ဆရာကြီး ဦးထွန်းတင် (မန်းတင်) ၈၀ နှစ်၊

အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ကြွရောက် ချီးမြှင့်ကြသည်။

ထိုအခမ်းအနားတွင် သက်ကြီးစာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေဝါသနာရှင်များနှင့် အလှူရှင်များစုစုပေါင်း ၅၀၀ ခန့်တို့က ဆရာကြီး၊ ဆရာမကြီးတို့၏ စာပေဂုဏ်ကျေးဇူးကို အထူးအောက်မေ့ကာ ဂါရဝနိဝါတ တရားရှေ့ထား၍ ရိုသေစွာကန်တော့ကြသည်။ ပရိသတ်၏ကိုယ်စား အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များက အကန်တော့ခံစာပေပညာရှင်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နာမကျန်းသော စာပေပညာရှင်များအား ကူညီရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့ကကြီးမှူး၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များအား ကန်တော့ ပွဲအခမ်းအနားကို ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီ ဖြစ်သည်။

ဂါရဝတရားရှေ့ထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပသော စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနား သည် စာပေမြတ်နိုးသူတိုင်းအဖို့ ကြည်နူးပီတိ ဂွမ်းဆီထိ ရသည့် အခမ်းအနား တစ်ရပ်ပင် ဖြစ်သည်။

မုံရွာ ဝင်းဖေ

**စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်။** ။မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ နတ်တော်လ၊ စာဆိုတော်ရာသီတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့်စာအုပ်ဈေးပွဲတော်ကို နတ်တော်လဆန်း ၁ ရက်နေ့၊ စာဆိုတော်နေ့ကို မဏ္ဍိုင်ပြု၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မအားကစားကွင်းတွင် ကျင်းပခဲ့သည်။

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို အောက်ဖော်ပြပါ ဦးတည်ချက် လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

(၁) အမျိုးသား ယဉ်ကျေးမှုထိန်းသိမ်းရေး
(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(၃) မြန်မာစာပေထွန်းကားရေး
(၄) နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်ရေး

စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီက မြို့မအားကစားကွင်းအတွင်းရှိ စာပေပြခန်းမှခ်ဦးတွင် ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်အေးကျော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အဖွင့်အမှာစကားပြောကြားရာတွင် "ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် အဖြစ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ကျင်းပခြင်းမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ လက်ထက်တွင် ပထမဦးဆုံးအကြိမ်ပင် ဖြစ်ကြောင်း....."

"မြန်မာစာပေမှာ ပုဂံခေတ်ကစပြီး ပေါ်ထွန်းခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် ကျောက်စာအရေးအသားများထွန်းကားခဲ့ကြောင်း၊ ပုဂံခေတ်ပြီးနောက် ပင်းယခေတ်တွင် ရတုအရေးအဖွဲ့ကို အစပျိုးခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အင်းဝခေတ်တွင် ပျို့နှင့် မော်ကွန်းအရေးအသားများ ပိုမိုထွန်းကားလာပြီဖြစ်ကြောင်း၊ညောင်ရမ်းခေတ်တွင် စကားပြေအရေးအသားကို တိုးတက်အသုံးပြုလာသည်ကို တွေ့ရကြောင်း၊ တောင်ငူခေတ်တွင် ရတုအရေးအသားများ ကြွယ်ဝခဲ့ပြီဖြစ်ကြောင်း၊" ကုန်းဘောင်ခေတ်တွင် ပုဂံ၊ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူခေတ်တွေထက် ပိုပြီး စာပေအရေးအသား အဖွဲ့အနွဲ့မျိုးစုံ ထွန်းကားခဲ့ကြောင်း၊ စာပေအဆင့်ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ ကိုယ့်ထီးကိုယ်နန်းကိုယ်ကြငှန်း နှင့် နေထိုင်လာခဲ့သည့်ဘဝမှ နယ်ချဲ့သမားတို့၏ ကိုလိုနီဘဝသို့ ကျရောက်သွားခဲ့ရသည့်အခါတွင်လည်း စာပေပညာရှင်ကြီးများက စာပေတာဝန်ကို အားသွန်ထမ်းပြီး မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် မြန်မာပြည်သူလူထုကို အသိဉာဏ်ပေး ရေးသားခဲ့ကြကြောင်း၊

" ... နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်သည် ၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားစာပေဆု



**စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲကို အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် လာရောက်ကြည့်ရှုအားပေးစဉ်**

ကို ရွေးချယ်ချီးမြှင့်လာခဲ့ကြောင်း၊ အမျိုးသားစာပေဆုမှာ မြန်မာနိုင်ငံတွင် အမြင့်ဆုံးစာပေဆုဖြစ်ကြောင်း၊ အလားတူ စာပေဗိမာန်သည် စာပေဗိမာန်စာမူဆုများကိုလည်း နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အစည်း မဟုတ်သည့် ပြင်ပက ပခုက္ကူ ဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကလည်း ဘာသာရပ်အလိုက် ရွေးချယ်ပြီး စာပေဆုများ ချီးမြှင့်လျက်ရှိကြောင်း၊ ထို့ပြင် စာပေဗိမာန်အဖွဲ့သည် စာပေနှီးနှောဖလှယ်ပွဲများကိုလည်း အကြိမ်ပေါင်း (၂၀) ကျော် ကျင်းပပေးခဲ့ကြောင်း...”

“... စာအုပ်ပြပွဲများ အနေဖြင့်လည်း ၁၉၇၂ ခုနှစ်တွင် နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ်အဖြစ် ‘စာအုပ် စာပေ လူ့မိတ်ဆွေ’ ဟူသည့် ဆောင်ပုဒ်ဖြင့် စာအုပ် ပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း၊ ၁၉၇၅ ခုနှစ် တွင် ‘စာနယ်ဇင်းတိုင်း၊ ခေတ်သမိုင်း’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ‘စာနယ်ဇင်းစုံ၊ ခေတ်ကြေးမုံ’ ဟူသော ဆောင်ပုဒ်ဖြင့် စာနယ်ဇင်းပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လည်းကောင်း ကျင်းပခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံတွင် သက်ကြီးဝါကြီးစာပေပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး၊ သက်ကြီးဝါကြီးစာပေပညာရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံတော်အကြီးအကဲက စာရေးဆရာ စာပေပညာရှင်ကြီးများ အပေါ် အလေးအမြတ်ထားကြောင်း ပေါ်လွင်ထင်ရှားသည့် အချက်ပင်ဖြစ်ကြောင်း...”

“ယနေ့ မှစတင်၍ ခင်းကျင်းပြသသွားမည့် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်တွင် စာပေဝါသနာရှင် စာပေမြတ်နိုး ကြသူများ အနေဖြင့် စာပေ ဘဏ္ဍာတိုက်ကြီးကို

တူးဖော် ပြီး စာပေ၏ အမြိုက်အရသာကို ခံစားနိုင်ကြပါစေ၊ စာပေမျိုး စုံ ပွင့်ဖူးဝေဆာနေသည့် စာပေ ပန်းဥယျာဉ် ကြီးထဲမှာ စာပေ ဝတ်ရည်ကို ဆွတ်ခူးစားသုံးနိုင်ကြပါစေ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်ကို မမိုတ်မသုန်အကောင်အထည်ဖော်ဆောင်ရွက် နေချိန်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြပွဲ နှင့် စာအုပ် ဈေးပွဲတော်ကျင်းပရေးအတွက် ဦးတည်ချက် လေးရပ်ဖြစ် သည့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ မျိုးချစ်စိတ် ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာစာပေ ထွန်းကားရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင် ရေးဟူသည့် အချက်များကိုလည်း ပေါက်မြောက် အောင်မြင်နိုင်ရေး အတွက် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ” ဟု တိုက်တွန်း မှာကြားသွားသည်။

စာပေပြပွဲတွင် နိုင်ငံတော်အကြီးအကဲက စာပေပညာ ရှင်ကြီးများနှင့်တွေ့ဆုံသော ဓာတ်ပုံမှတ်တမ်းများပြကွက်၊ စာဆိုတော်နေ့ အကန်တော့ခံစာပေပညာရှင်ကြီးများ ပြကွက်၊ ယခုနှစ်စာပေဆုရသူများ ပြကွက်၊ ထင်ရှားသော ကွယ်လွန်သူ စာရေးဆရာကြီးများ၏ လက်ရေးနမူနာများ ပြကွက်၊၁၉၄၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စာပေဆုရသူများ စာရင်းပြကွက်၊ ခေတ်အဆက်ဆက်မှ သတင်းစာများ ပြကွက်၊ ခေတ်အဆက်ဆက်မှ ဂျာနယ်မဂ္ဂဇင်းများ ပြကွက် ဟူ၍ ပြကွက် (၇) ခုကို ပြသထားသည်။

ပြပွဲတွင် ထင်ရှားသော ခေတ်ဟောင်းစာနယ်ဇင်းများ ၏ မျက်နှာဖုံးကို ဓာတ်ပုံရိုက်ကူး၍ ပြသထားရာ ရတနာပုံ နေပြည်တော်သတင်းစာ (၁၈၇၄)၊ မန္တလေးတိုင်းသတင်း စာ (၁၈၉၄)၊ ဓမ္မဒေသနာ တရားသတင်းစာ (၁၉၀၇) မြန်မာ နိုင်ငံ ကူးသန်းရောင်းဝယ်ရေး ပညာသတင်းစာ (၁၉၀၈)၊ သူရိယသတင်းစာ (၁၉၁၁)၊ ပညာ့အလင်းသတင်းစာ (၁၉၁၈)၊ မြန်မာ့အလင်းသတင်းစာ(၁၉၁၉)၊ ဟုမ္မရူး သတင်းစာ (၁၉၂၁)၊ မြန်မာ့ဝန်ထမ်းသတင်းစာ (၁၉၂၂)၊ ဝံသာနု မြန်မာသတင်းစာ (၁၉၂၂)၊ မျိုးချစ်သတင်းစာ (၁၉၂၄)၊ ဒဂုန်မဂ္ဂဇင်း (၁၉၂၀)၊ နှစ်ပါးကြည်ဂျာနယ် (၁၉၂၁)၊ အောင်ဇေယျ ဂျာနယ် (၁၉၂၃)၊ ဇေယျဂျာနယ် (၁၉၂၅)၊ ရွှေဝံဂျာနယ် (၁၉၂၈) ၊ အလင်းရောင်ဂျာနယ် (၁၉၂၉) စသည်တို့ ပါဝင်သည်။

စာအုပ်ဈေးပွဲတော်တွင် သုတစွယ်စုံ စာအုပ်ဆိုင်၊ ဗြိတိသျှကောင်စီစာအုပ်ပြခန်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန စာအုပ်နှင့်စာရေးကိရိယာအရောင်းဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သာသနာရေးဝန်ကြီးဌာန အရောင်းဆိုင်၊ သစ္စာမဏ္ဍိုင် စာပေ၊ တင်ထွေးယဉ်စာပေ၊ အားမာန်သစ်စာပေ၊ To Day စာပေ၊ တက်လမ်းစာပေ၊ ပါရမီစာပေ၊ နေဝန်းစာပေ၊ ဝါမိုးအောင် စာပေ၊ စာပေလောကစာအုပ်တိုက်၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ မြဝတီ စာပေတိုက်၊ စာပေဗိမာန်၊ ကုလသမဂ္ဂ ပြန်ကြားရေးဌာန၊ Business Pocket Guide စာအုပ် ဆိုင်၊ စာပေဟောင်းလေးအိုးကြီး၊ သတင်းကောင်း စာပေ၊ သာလွန် စာပေ၊ ဟသ်ာတ စာပေ၊ အရုဏ်သစ် စာပေ၊ ရန်ကုန် တက္ကသိုလ် ဂျီအီးစီ၊ ရွှေကဲ့ကော် ဘာသာစုံ အထူး အရောင်းဆိုင်၊ ပညာရေး သုတေသန ဂျီအီးစီ စသော စာအုပ်ဆိုင်များ ခင်းကျင်းပြသ ဖွင့်လှစ်ရောင်းချကြရာ အားရဖွယ်ရာကောင်းလှသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့၊ မြို့မအားကစား ကွင်း တွင် ခင်းကျင်းပြသထားသော စာပေပြပွဲနှင့် စာအုပ်ဈေး ပွဲတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပခုက္ကူ ဦးအုံးဖေ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးဝင်းဖေ (မုံရွာဝင်းဖေ) နှင့် တွဲဖက်အတွင်းရေးမှူး များ ဖြစ်ကြသော ဒေါ်မြမြသန်း (မနင်းဖွေး) နှင့် ဒေါက်တာ တင်ထွန်းဦးတို့က ကြိုဆိုကြပြီး အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို လေ့လာကြည့်ရှု အားပေး ချီးမြှင့်သွားခဲ့ပေသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ် ဈေးပွဲတော်ကို ၂၁–၁၁–၉၅ နေ့မှ ၂၇–၁၁–၉၅ နေ့ အထိ ကျင်းပခဲ့ရာ အထူးစည်ကားလှပြီး ဤပွဲသည်စာဖတ် ပရိသတ်များ၏ စာပေချစ်မြတ်နိုးစိတ်ကို ဖော်ထုတ်ပြသ လိုက်သော စာပေအောင်ပွဲကြီးပင် ဖြစ်ပေသည်။

မုံရွာ ဝင်းဖေ

**စန္ဒနဝံသ၊ဆရာတော် ဘဒ္ဒန္တ (သက္ကအလံတရာ မဟာနာယက ဆရာတော်) (မြန်မာ ၁၂၇၅-၁၃၅၆)။** ။သက္ကအလံတရာဆရာတော်ဟု ထင်ရှားတော်မူသော သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌သီတင်းသုံးတော်မူသည်။ သက္ကအလံတရာ မဟာနာယကဆရာတော် ဘဒ္ဒန္တစန္ဒနဝံသကို ခမည်းတော် ဦးမောင်တော၊ မယ်တော် ဒေါ်မယ်ခင်တို့က ၁၂၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် အင်္ဂါနေ့တွင် သထုံမြို့နယ်သိမ်ဆိပ်မြို့ တောင်ဘက်အနီး ထီးပုံးစုကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၂၈၆ ခုနှစ် အသက် ၁၁ နှစ်တွင် ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၂၉၉ ခုနှစ် အသက် ၂၄ နှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့လည်းကောင်း ရောက်ရှိသည်။ ၁၃၀၀ ပြည့်နှစ်အသက်၂၅ နှစ်တွင် ထီးပုံးစုကျေးရွာ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ကာ ထီးပုံးစုကျေးရွာကျောင်း ခဏ္ဍသိမ်၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်စန္ဒနဝံသဖြစ်သည်။

ဆရာတော်သည်ထီးပုံးစုကျေးရွာကျောင်းဆရာတော်ထံ၌ အခြေခံလောကုတ္တရာစာပေများနှင့် ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပြီး ဘီးလင်းမြို့နယ် ရွှေရောင်ပြတောရကျောင်းဆရာတော် ဘဒ္ဒန္တအာလောကထံ၌ ပဋိပတ်ကျင့်စဉ်များ၊ အရညဝါသီတောရဆောက်တည်နည်းနှင့် အခြားဓုတင်အကျင့် ကျင့်ဆောင်နည်းများကို ခံယူကျင့်သုံးဆောက်တည်ခဲ့သည်။ သထုံမြို့နယ် ကျောက်စက်တောရနှင့် မိုးမခတောရတွင် သီတင်းသုံးနေထိုင်ပြီး ဘီးလင်း၊ သထုံ၊ ပေါင်၊ ဘားအံမြို့နယ်များရှိ သမိုင်းဝင်စေတီများနှင့် တောတောင်သုသာန်များသို့ လှည့်လည်၍ ကမ္မဋ္ဌာန်းဘာဝနာတရားများကို ပွားများကျင့်ကြံအားထုတ်ခဲ့သည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ ဘာသာရေး၊ သာသနာရေးစိတ်ဓာတ်များ နိုးကြားရှင်သန်လာစေရန်နှင့် ဗုဒ္ဓမြတ်စွာ၏သုံးဖြာသော သဒ္ဓမ္မ၊ သုံးဝသောအကျင့်သိက္ခာတရားတော်များ ရှင်သန်ပြန့်ပွားစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအရှေ့ မိုးမခတောင်ခြေအနောက်ဘက်ကုန်းမြင့်တွင် အလံတရာမဟာသောဏ္ဏာရ ကမ္ဘာအေးစေတီတော်ကြီးကို ၁၃၁၄ ခုနှစ်မှ စတင်တည်ခဲ့ရာ ၁၃၃၅ ခုနှစ်တွင် ထီးတော်တင်ပြီးစီး အောင်မြင်တော် မူသည်။ အလံတရာစေတီတော်ကြီး တည်ဆောက်ချိန် အတွင်း ပတ်ဝန်းကျင်ကျေးရွာများတွင် စေတီတော်ပေါင်း ၁၈ ဆူကိုလည်း တည်ဆောက်ပြီးစီးခဲ့သည်။

ဆရာတော်သည် အလံတရာကုန်းမြေတွင် ရဟန်းတော်များသီတင်းသုံးနေထိုင်ရန် ကျောင်းသင်္ခမ်းများ ဆောက်လုပ်ခြင်း၊ စာသင်တိုက်ဖွင့်လှစ်၍ ပရိယတ္တိဝန်ဆောင် ရဟန်းတော်များအား လောကုတ္တရာ စာပေများသင်ကြားပို့ချပေးခြင်း၊ အလံတရာစေတီတော်ကြီးတည်ဆောက်ရေးတွင် ရဟန်းသာမဏေများအား အချိန်ပိုင်းပါဝင်လုပ်အားပေးလှူစေခြင်း၊ အချိန်ပြည့် လုပ်အားပေးလှူကြသည့်ရသေ့များ၊ ယောဂီများစနစ်တကျနေထိုင်နိုင်ရန် ဗုဒ္ဓဂါမရွာကို တည်ထောင်ပေးခြင်း၊ ရသေ့များနှင့်ယောဂီများအား လောကုတ္တရာစာပေများသင်ကြားပို့ချပေးခြင်း၊ ရဟန်းရှင်လူအပေါင်းတို့အား တရားဟောကြား ဆိုဆုံးမခြင်း၊ ပဋိပတ်ကျင့်ကြံအားထုတ်နည်းများ သင်ကြားပြသခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သက်သတ်လွတ်ဘေးမဲ့ အာဟာရကို ရာသက်ပန်သုံးဆောင်တော်မူပြီး တပည့် ဒါယကာဒါယိကာမများအား သက်သတ်လွတ် ဘေးမဲ့အာဟာရစားသုံးရန် ဟောကြားညွှန်ပြလေ့ရှိသည်။ သက်သတ်လွတ်စားသုံးခြင်းဖြင့် မိမိ၌ တောင့်တမှု ကြောင့်ကြမှုကင်းပြီး ရှာဖွေရာတွင် ရလွယ်ခြင်း၊ အစားအစာအာဟာရပေါ်တွင် ရသတဏှာ တပ်မက်နှစ်သက်မှု ခေါင်းပါးစေခြင်း၊ ကောင်းသောကိုယ်ကျင့်တရားနှင့် လျော်ကန်သင့်မြတ်ခြင်း၊ ရှာဖွေစားသောက်သူအား ပါဏာတိပါတကံ မထိုက်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ညွှန်ပြ ခဲ့သည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ ကောင်းမြတ်သောအကျင့်သိက္ခာနှင့် ပြည့်စုံတော်မူခြင်း၊ ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုရိုသေလေးစားမှုကို ခံယူရရှိတော်မူခြင်းတို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် ရရှိတော်မူသည်။

အလံတရာကုန်းမြေ မိုးမခတောင်ကျောင်း၌ သီတင်းသုံးတော်မူသော သက္ကအလံတရာမဟာ နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒနဝံသသည် ၁၃၅၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်္လာနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် မိုးမခတောင် ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**။ ။၁၉၉၅ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်စတင်ကျင်းပသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက်တွင်ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်အား တပ်မတော်စစ်ရေးစစ်ရာကော်မရှင်တွင်ဆက်လက် တင် မြှောက်သည်။ ပါတီဥက္ကဋ္ဌအဖြစ်ကျန်ဇီမင်း၊ ဝန်ကြီးချုပ် အဖြစ် လီဖုန်တို့အား တင်မြှောက်ကြသည်။

တရုတ်ပြည် တော်လှန်ရေးအစဖြစ်သော ခရီးရှည် ချီတက်ပွဲမှ စတင်၍ ဥက္ကဋ္ဌကြီးမော်နှင့် လက်တွဲကာ ချီတက်ပါဝင်ခဲ့သော တိန့်ရှောင်ဖိန်သည် ဆိုဗီယက်ရုရှား၏ နောက်လိုက်ဘဝမှလွတ်အောင် ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။

တော်လှန်ရေးအောင်မြင်ပြီးနောက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် ၁၉၆၅–၁၉၆၉ နှစ်များက ဆင်နွှဲ ကြသော ယဉ်ကျေးမှုတော်လှန်ရေးမှစ၍ သူ့အား မော်လိုလားသူများက ဝိုင်းပယ်ခဲ့သည်။ ထိုယဉ်ကျေးမှု တော်လှန်ရေးတွင် သူ၏သားမှာ ဒဏ်ရာရပြီး ဒုက္ခိတ ဖြစ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌကြီးမော် ကွယ်လွန်ပြီး သီတင်းလေးပတ်ကြာမှ သူ၏သိက္ခာ ပြန်တက်လာခဲ့သည်။ ထိုနှစ်မှစ၍ နိုင်ငံကိုပဲ့ကိုင်လာခဲ့ရာ ယနေ့အထိဖြစ်သည်။ အရာရာ ခေတ်မီရေးလမ်းစဉ်ချမှတ်ခဲ့ပြီး ဆိုရှယ်လစ် လမ်းစဉ်မှသွေဖီခြင်းမရှိသော "တံခါးဖွင့်စီးပွားရေးလမ်းစဉ်" ( Open Market Policy )ကို ချမှတ်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် တွင် သူ၏အသက် ၉၀ ရှိပြီဖြစ်သော်လည်း ကျန်းမာဆဲ ဖြစ်သည်။

ပါတီကွန်ဂရက်ကပေးအပ်သော တာဝန်ကို ထမ်းဆောင် လျက်ရှိသော ပြည်သူ့အစိုးရအဖွဲ့သည် တရုတ်ပြည် တောင်ပိုင်း မကာအိုမြို့မှ မိုင် ၅၀ အကွာတွင် လေဆိပ်သစ် တစ်ခု တည်ဆောက်ခဲ့သည်။ ယင်းလေဆိပ်သစ်ဖွင့်ပွဲသို့ ဝန်ကြီးချုပ်လီဖုန်တက်ရောက်ကာ မေလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ပေးသည်။ တရုတ်ပြည်တောင်ပိုင်း စီးပွားဥစ္စာ ကြွယ်ဝသော ပုလဲမြစ်ဝကျွန်းပေါ်တွင်ရှိသည့် လေဆိပ် လေးခုအနက် ယခုကျူဟိုင်းလေဆိပ်သည် စတုရန်းကိုက် တစ်သိန်းတစ်သောင်းကျယ်ပြန့်၍ တစ်နှစ်လျှင် ခရီးသည် ၁၄ သန်း သွားလာပျံသန်းနိုင်သော လေဆိပ်ဖြစ်သည်။

တရုတ်ပြည်တွင် လေကြောင်းခရီးသွားလုပ်ငန်းသည် ၁၉၈၀ ပြည့်နှစ်မှ လွန်ခဲ့သော ၁၉၉၄ ခုနှစ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ကမ္ဘာ့ ပျမ်းမျှတိုးတက်နှုန်းသည် ၃ ဒသမ ၅ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်ပြည်သူ သန်းပေါင်း ၄၀ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ကြသည်။

မော်တော်ကားထုတ်လုပ်မှု အပြိုင်အဆိုင်လုပ်ဆောင်ရန် အတွက် မော်တော်ကားလုပ်ငန်းရှစ်ခုသို့ ဒေါ်လာသန်းပေါင်း ၁၂,၀၀၀ သုံးစွဲသွားရန် အစိုးရကစီစဉ်သည်။

နိုင်ငံတော်ကထောက်ပံ့ကူညီမည့် ကားလုပ်ငန်း များတွင် ရှန်ဟဲဘောက်စ်ဝက်ဂွန်၊ ဖာ့စ်အော်တိုမက်တပေါ့စ် ဘောက်စ်ဝက်ဂွန်လုပ်ငန်းတို့ ပါဝင်သည်။ တည်ဆောက် ထုတ်လုပ်မည့် မော်တော်ယာဉ်များ အနက် ၂၅၀,၀၀၀ သည် ဇိမ်ခံကားများဖြစ်သည်။ ငါးနှစ်စီမံချက်ဖြစ်သည်။

ဇိမ်ခံကားများအပြင် ဘတ်စ်ကားနှင့် ထရပ်ကား ၇၃၈,၀၀၀ ကို ၁၉၉၅ ခုနှစ် ပထမခြောက်လအတွင်း ထုတ်လုပ်နိုင်သောကြောင့် ယခင်နှစ်ပထမခြောက်လထက် လေးရာခိုင်နှုန်းတိုးသည်။ ခေတ်မီကားများထုတ်လုပ်ရေး တွင် ဒေါ်လာသန်း ၃၀၀၀ တန် ဖက်စပ်လုပ်ငန်းထူထောင် ရန် ဂျာမနီဝန်ကြီးချုပ် ခိုးလ်နှင့် တရုတ်ဝန်ကြီးချုပ် လီဖုန်တို့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးသည်ဟု သိရှိရသည်။

ယာဉ်ယူနစ်ပေါင်း ၇၁၉၂၄၀ ရောင်းရသဖြင့် ၇ဒသမ ၄ ရာခိုင်နှုန်းတိုးသည်။ အသေးစားဘတ်စ်ကား(မီနီဘတ်စ်) ရောင်းရမှုမှာ ယခင်နှစ်ကထက် ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးသည်။

**လူနေမှုအဆင့်**။ ။တရုတ်ပြည်ရှိ ပြည်သူတို့၏လူနေမှု အဆင့်သည် မော်စီတုန်းကွယ်လွန်သော ၁၉၇၆ ခုနှစ်ကနှင့် မတူတမူထူးခြားခဲ့သည်။ များများလုပ်၊ များများစား ပျော်ပါးစရာအချိန်ရကြခြင်းဖြင့်လူနေမှုအဆင့်မြင့်မား လာသည်ဟု ပြည်ပလေ့လာသူများက တွက်ချက် ရေးသား ကြသည်။



တရုတ် ပြည်သူ့ကွန်ဂရက် အစည်းအဝေး ကျင်းပနေစဉ်

ခေါင်းဆောင်ကြီးတိန့်ရှောင်ဖိန်၏ စီမံအုပ်ချုပ်မှုအရ ဤသို့တိုးတက်ဖွံ့ဖြိုးခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအဆင့်အတန်းမြင့်မားလာသည်ကိုဆင်ဟွာသတင်းဌာနက မေလ ၂၄ ရက်နေ့တွင်ဖော်ပြသည်။

ကျေးလက်နေပြည်သူတို့မှာ ၁၉၉၃ ခုနှစ်တွင် ၄င်းတို့ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို အစားအစာဝယ်ယူသုံးစွဲသည်။ ၁၉၇၀ ပြည့်နှစ်ကထက် ၉ ဒသမ ၇ရာခိုင်နှုန်း လျော့နည်းသည်။ တရုတ်မြို့ကြီးသူမြို့ကြီးသားများမှာ ၁၉၈၁ ခုနှစ်တွင် ဝင်ငွေ၏ ၅၆ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၉၃ ခုနှစ်တွင်၅၀ ဒသမ ၁ ရာခိုင်နှုန်းသို့လျော့နည်းသုံးစွဲကြသည်။

ပီကင်းမြို့တော်သူမြို့တော်သားများမှာဝင်ငွေ၏ ၄၉ ရာခိုင်နှုန်းသာအစားအစာအတွက်သုံးစွဲသောကြောင့် ငွေပိုငွေလျှံများပြီး လူနေမှုအဆင့်မြင့်လာသည်။

ပြည်တွင်းရေး။ ။ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက် အချို့သောသဘောကွဲသူများကို ဖမ်းဆီးအရေးယူရသည်။ မစ္စတာဝူ ဆိုသူတရုတ်လူမျိုး၊ အမေရိကန်နိုင်ငံသားအဖြစ်

ခံယူထားသူကို လျှို့ဝှက်သတင်းရယူဆောင်ရွက်မှုဖြင့် ဇူလိုင်လ တွင် ဖမ်းဆီးအရေးယူထားသည်။ မစ္စတာဝူးကို လွှတ်ပေးရန် အမေရိကန်အစိုးရကတောင်းဆိုထားသည်။

မူးယစ်ဆေးဝါးဥပဒေဖောက်ဖျက်သူပေါင်း တစ်သိန်း တစ်သောင်းကို ယမန်နှစ်ကဖမ်းဆီးအရေးယူကာ အပြစ်ဒဏ်အသီးသီးပေးခဲ့ရသည်ဟုမေလ ၁၁ ရက်နေ့က သတင်းရရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူ ၄၆၆ ဦးကို သေဒဏ်ပေးခဲ့ရသည်။ တရုတ်ပြည်မကချင်ပြည် နယ်ကိုဖြတ်၍ အိန္ဒိယသို့တင်ပို့ရောင်းချသော မူးယစ်ဆေးဝါး များကိုဟန့်တားရန်အိန္ဒိယအစိုးရနှင့် ညှိနှိုင်းဆောင်ရွက် မည်ဟု ဆိုသည်။

ထိုအတောအတွင်း နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ခြေလက်၊ မျက်လုံးစသည့်အင်္ဂါအစိတ်အပိုင်းများကို ထောင်သားများ၊ သေသူများထံမှဖြတ်ခွဲထုတ်ယူကာ ရောင်းချသည်ဟုအစိုးရအား ဝေဖန်စွပ်စွဲမှုများ ပေါ်ထွက် လာသည်ကို မဟုတ်မှန်ကြောင်း သက်ဆိုင်ရာဌာနတို့က ငြင်းဆိုချေပရသည်။

ထို့အပြင် လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးပစ္စည်းအလွဲ သုံးစားမှုများကို အရေးယူနှိမ်နင်းပြီးနောက်၊ ပညာပေး လှုပ်ငန်းတို့ဖြင့် ဆုံးမပြုပြင်ကြရသည်။ထင်ရှားသောမှုခင်း တစ်ခုမှာ ပီးကင်းမြို့၊ ဒုမြို့တော်ဝန်ချန်ချီတုန်းနှင့် အပေါင်း အသင်းတို့ကို ဖမ်းဆီးအရေးယူအပြစ်ပေးရသည့် အမှု ဖြစ်သည်။

**စပရက်တလေကျွန်းများအရေး။** ။တရုတ်ပြည်အရှေ့ တောင်ဘက်ရှိ တောင်တရုတ်ပင်လယ်တွင်အနောက်နိုင်ငံ သားတို့အခေါ်အရ စပရက်တလေ(Spratley)ကျွန်းစုများ ရှိသည်။ တရုတ်ပြည်၊ ထိုင်ဝမ်ကျွန်းမှအင်ဒိုနီးရှား၊ ဖိလစ်ပိုင်အထိ ကျယ်ပြန့်သော ဤပင်လယ်တွင် ကျွန်းငယ် အမြောက်အမြားပြန့်ကျဲတည်ရှိနေသည်။ ထိုကျွန်းစုများကို တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား နှင့်ဘရူနိုင်းတို့က မိမိတို့ အသီးသီး ပိုင်ဆိုင်ကြသည်ဟု ကြေညာကာ အငြင်းပွားလျက် ရှိသည်။

ဤကိစ္စနှင့်စပ်လျဉ်းပြီး ဗီယက်နမ်နှင့်တရုတ်ရေတပ်ချင်း ရင်ဆိုင်လုဘနန်းဖြစ်ခဲ့သည်။ ၁၉၉၃ ခုနှစ် ကမူရေနံတွင်း တူးရန် အမေရိကန်–တရုတ်ဖက်စပ်ကုမ္ပဏီတစ်ခုက စီစဉ်သည်ကိုဗီယက်နမ်ကနစ်ကြိမ်တိုင်ကန့်ကွက်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လဆန်းတွင်ဖိလစ်ပိုင်နှင့်မိုင် အနည်းငယ်မျှသာကွာသော မစ္စချိ(ပ်)ရိ(ဖ်)သန္တာကျွန်းပေါ် သို့ တရုတ်ရေတပ်စစ်သင်္ဘောတို့က စစ်အဆောက်အဦး တည်ဆောက်ခဲ့သည်။ ဤတွင်ဖိလစ်ပိုင်ရေတပ်ကမတ်လ ၂၃ ရက်နေ့တွင်ထိုကျွန်းပေါ်သို့တက်ကာ အဆောက်အဦး များကိုဖြိုဖျက်လိုက်ပြီးနောက် ဖိလစ်ပိုင်အလံကိုလွှင့်ထူ ခဲ့သည်။

ယင်းကိစ္စဖြစ်ပွားနေစဉ်ထိုင်ဝမ်ရေတပ်မှ စစ်သင်္ဘော သုံးစင်းကချီတက်လာကာ မိမိနိုင်ငံ၏ကာကွယ်ရေးအတွက် အသင့်ပြင်ထားသည်။

မေလ ၁၇ ရက်နေ့တွင်နှစ်နိုင်ငံရေတပ်များ ရင်ဆိုင်မိကြသည်။ သတင်းစာဆရာ ၃၈ ဦးနှင့်ဖိလစ်ပိုင် ဗိုလ်ချုပ်ကြီးတစ်ဦးကိုတင်ဆောင်လာသည့် ဖိလစ်ပိုင် ရေတပ်သင်္ဘောတစ်စင်းကို တရုတ်ရေယာဉ်နှစ်စင်းက အငြင်း ပွားနေသည့် မစ္စချိ(ပ်)ရိ(ဖ်)ကျွန်းအနီးတွင် ဟန့် တားသည်။

ထိုအတွင်းဖိလစ်ပိုင်လေတပ်မှရဟတ်ယာဉ်အချို့ပျံဝဲ လာကြသည်။ တရုတ်သင်္ဘောများကကျွန်းပေါ်ရှိ အဆောက်အဦးများမှာတံငါသည်များတည်းခိုရန်ဆောက်လုပ် ထားသောတဲများသာဖြစ်သည်ဟုပြောသည်။ ဖိလစ်ပိုင် ဘက်ကလည်း ဤကျွန်းသည်ဖိလစ်ပိုင်ကျွန်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မိနစ် ၇၀ ကြာအောင်ရင်ဆိုင်ကြပြီးနောက် နှစ်ဖက် ဆုတ်ခွာခဲ့ကြသည်ဟုသိရှိရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ဩဂုတ်လ ၁၀ ရက်နေ့က ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး ဒိုမင်ဂိုဆီယာဇွန်က ပြောသည်မှာ မိမိတို့သည် ကျွန်းပိုင်ဆိုင်မှုအရေးကိုစစ်ရေးအရ မဆုံး ဖြတ်ဘဲစေ့စပ် ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရန် ဖြစ်သည် ဟု ဆိုသည်။ တရုတ်တို့ဘက်ကလည်း ဆွေးနွေး ဖြေရှင်း မည်ဟု ဩဂုတ် ၉ ရက်နေ့က ဖိလစ်ပိုင်အစိုးရသို့ ပြော ကြားထားသည်။

**အမေရိကန်နှင့် ဆက်ဆံရေး။** ။၁၉၉၅ ခုနှစ်၊ ဇွန်လ ၅ရက် နေ့တွင်ထိုင်ဝမ်သမ္မတလီတိန်ဟွီးသည်နယူးယောက်မြို့သို့ ရောက်ရှိသည်။ သမ္မတလီသည်အမေရိကန်နိုင်ငံကော်နဲ တက္ကသိုလ်ကျောင်းသားဟောင်းဖြစ်သည့်အလျောက် ထိုတက္ကသိုလ်၌ မိန့်ခွန်းပြောကြားရန် ရောက်ရှိ ခြင်းဖြစ် သည်။

ထိုင်ဝမ်သမ္မတအား အမေရိကန်ကလက်ခံခြင်းကို တရုတ် က အပြင်းအထန်ကန့်ကွက်ခဲ့သည်။ မိမိတို့သည်

နိုင်ငံရေး မဟုတ်သောသာမန်ကိစ္စ အတွက် လာရောက်သူများကို ခွင့်ပြုခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတ ကလင်တန်က ချေပ ပြောကြားသည်။

**တိဗက်ဒေသအရေး။** ။တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားက သတ်မှတ်ခဲ့သောလားမား အလောင်းအလျာလူငယ်တစ်ဦးကို တရုတ်အစိုးရကအသိအမှတ် မပြုချေ။

တိဗက်ဒေသဖွံ့ဖြိုးရေးအတွက်ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်မှုများကိုခွင့်ပြုလိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့က ကြေညာ သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လယ်ယာစိုက်ပျိုးရေး၊ တတ်သတ္တုတူးဖော်ရှာဖွေရေး၊ ရေနံရှာဖွေရေးတို့တွင် ငွေပင် ငွေရင်းမြှုပ်နှံခြင်းပြုနိုင်သည်ဟုဆိုသည်။ ထိုမျှသာမက ဘဏ်ဖွင့်ခြင်း၊ ငွေကြေးချေးငှားခြင်းပြုနိုင်သည့်အပြင် နယ်နိမိတ်ဖြတ်၍ ကူးသန်းနိုင်ခွင့်ပြုသည်ဟု ဥပဒေစည်းမျဉ်း၌ ဖော်ပြထားသည်။

**လူမှုရေး။** ။တရုတ်ပြည်သူတို့၏ဝလေ့ထုံးစံတို့သည် နှစ်ငါးဆယ်၊ ခြောက်ဆယ်အတွင်းသိသိသာသာကြီး ပြောင်းလဲ ခဲ့ပြီးဖြစ်သည်။ ခြေဖျားခြေချောင်းနနကလေးများကို ရိုက်ချိုးကာ အမျိုးသမီးတို့ ခြေစီးရသည့် ဝလေ့ထုံးစံမှာ မရှိသလောက်ဖြစ်ချေသည်။ ဆံပင်ကိုကျစ်ဆံမြီးထားရသော ဆင်ယင်ထုံးဖွဲ့မှုသည်လည်း လျော့ပါး၍သွားချေပြီ။ ယခုလည်းခေတ်နှင့်အညီတိုးတက်အောင်လုပ်ဆောင်လျက် ရှိသည်။

သားသမီးမွေးကင်းစများကိုမိခင်၏နို့ဖြင့်တိုက်ကျွေးမွေးမြူခြင်းသည်အကောင်းဆုံးဖြစ်သည်ဟု ယူဆယုံကြည်သည့် အလျောက် နို့အစားထိုးပစ္စည်းများဖြစ်သောနို့မှုန့်၊ နို့ရည် တို့နှင့်ပတ်သက်၍ အလွန်အကျွံကြော်ငြာမှုများ ကို ပိတ်ပင်လိုက်သည်ဟု ဇူလိုင်လ ၄ ရက်နေ့တွင် ဆင်ဟွာ သတင်းဌာနကထုတ်ပြန်သည်။

ကာမဂုဏ်လှုံ့ဆော်အားပေးသောရုပ်ပုံများ၊ စာအုပ်စာတမ်းများ၊ ရုပ်ရှင်များ၊ ဗီဒီယိုတိပ်ခွေများကို အလေးအနက် ဟန့်တားပိတ်ပင်မည့်အပြင်၊ ပြည့်တန်ဆာအိမ်များကိုလည်းအရေးယူနှိပ်ကွပ်မည်ဟု တရုတ်ကက်ဘိနက်အဖွဲ့၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ်ကျူဂန်က ဇူလိုင်လ ၂၂ ရက်နေ့ကပြောကြားသည်။



ဇိမ်လောကကိုဖန်တီးသောရေနွေးပြည့်ရေချိုးခန်းများ၊ ဟိုတယ်များ၊ ပွတ်သဘင်များ၊ ကာရာအိုကေ ကဇာတ်စင်များကို ပိတ်ပစ်မည်ဟု ဆက်လက်ပြောကြားသည်။

ယင်းတို့သည်လူငယ်တို့၏ စာရိတ္တကို ပျက်ပြားစေသည်သာမက ဒုစရိုက်မှုခင်းများ တိုးစေသောကြောင့် ကွန်မြူနစ်ပါတီနှင့် အစိုးရသည်ပူးပေါင်းဖြိုခွင်းမည် ဖြစ်သည်။

ယမန်နှစ်ကပြည့်တန်ဆာ ၂၈၈,၀၀၀ ကိုဖမ်းဆီးအရေးယူခဲ့ရသည်။ ပြည့်တန်ဆာအိမ် ၄၉၁၇ အိမ်ကိုပိတ်ပစ်ခဲ့သည်။ ပြည့်တန်ဆာများကိုလည်း ပညာပေးစခန်းနှင့်ဆေးခန်းများသို့ပို့ ဆောင်ခဲ့သည်ဟု ပြောကြားသည်။

ဦးဘသောင်း

**တေဇောဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်းပတနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် (၁၉၈၀–၉၃ထိ)(မြန်မာ၁၂၈၄–၁၃၅၆)။** ။ပေါင်းတည်ရွှေကျောင်းကြီး ဆရာတော်ဟု ထင်ရှားတော်မူသော ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပတနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသကို ခမည်းတော် ဦးစာဖြူ၊ မယ်တော်ဒေါ်ပန်းမြတို့က ၁၂၈၄ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် စနေနေ့နံနက် (၁) နာရီတွင် ပေါင်းတည်မြို့နယ် နတ်တောင်ကုန်းကျေးရွာ၌ ဖွားမြင်သည်။ တစ်ဦးတည်းသော သားကြီးရတနာဖြစ်ပြီး ၁၅ နှစ်သား အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ အင်းကြီးကျေးရွာ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ "ရှင်တေဇောဘာသ" ဟူသောဘွဲ့ဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည်ပေါင်းတည်မြို့၊ အရှေ့လမ်း၊ စိန်ရွှေရတနာကုန်သည် (ရွှေ) ဦးသိမ်း ဒေါ်ဒေါ်ကြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၀၄ ခုနှစ်၊ နယုန်တန်ခူး လဆန်း ၅ ရက်၊ သောကြာနေ့နံနက် ၈ – နာရီ ၁၉ မိနစ် အချိန်တွင်ပေါင်းတည်မြို့ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း သုဝဏ္ဏဂုဏ်းချုပ်ဆရာတော်

ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ "ဘဒ္ဒန္တပုညာဘိဝံ"ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် တောင်ကုန်းရွာဆရာတော်၏ကျောင်းတွင် စတုတ္ထတန်းအောင်မြင်သည်အထိ သင်ကြားတော်မူပြီးနောက် ပေါင်းတည်မြို့ ၊ မှတ်တိုင်လမ်း ဆရာကြီးဦးမောင်ရင်ကျောင်းတွင် သတ္တမတန်းအောင်သည် အထိ သင်ကြားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ အင်းကြီး တောင်ကျောင်းဆရာတော်၊ ရွှေကျောင်းကြီးတိုက် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပုညာဘိဝံ၊ စာချဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ပဓာန နာယက ( နိုင်ငံတော်ပါဠိ တက္ကသိုလ် ဗဟိုအဖွဲ့ ပထမဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တတေဇနိယ စာချဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ၊ မန္တလေးမြို့ တောင်ပြင် ဒက္ခိနာရာမဘုရားကြီးတိုက် သာသနဇောတိကာရုံအုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ စသောဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ကြားတော် မူခဲ့သည်။

ဆရာတော်သည် ၁၃၂၂ ခုနှစ်မှစ၍ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ စာသင်သံဃာတော်အပါး (၄၀) ကျော်အပါး (၅၀) တို့အားနေ့ဝါ၊ ညဝါများ မအားလပ်အောင်သင်ကြားပို့ချတော်မူခဲ့ပြီးထိုစာသင်သားများ ဝိသဘာဂအာရုံများမှကင်းဝေးစေရန်နှင့် ပရိယတ္တိစာပေများကိုအချိန်ပြည့်အားထုတ်နိုင်စေရန် ရည်သန်လျက် (ဆွမ်းခံမကြွစေဘဲ) နံနက်အရုဏ်ဆွမ်း ၊ မွန်းတည့်ဆွမ်းများကို အမြဲဆက်ကပ်တော်မူသည်။ ၁၃၂၂ မှ ၁၃၄၁ ထိ ပေါင်းတည်စာပြေဌာနပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်၊ မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကြီး၌ ပြည်ခရိုင်သံဃာ့ကိုယ်စားလှယ်၊ ပေါင်းတည်မြို့နယ်လုံးဆိုင်ရာ နတ္တလင်းမြို့နယ် အပါအဝင် သုဓမ္မာဂိုဏ်း ကြီး၏ အကျိုးတော်ဆောင်ချုပ်၊ ၁၃၄၂ ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့တွင် အဖွဲ့ဝင်၊ ၁၃၄၂ ခုနှစ်ပြာသိုလ ပြည့်ကျော် ၁၃ ရက် တနင်္လာနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိဂိုဏ်းကြီး ကိုးဂိုဏ်းမှ ဝိနည်းဓိုရ် ဆရာတော် (၁၁၀) ပါးတို့အား ဝိနည်းကျွမ်းဂန် ကျွမ်းကျင်မှုသင်တန်း၊ သင်တန်းပြဆရာတော်၊ ပထမအကြိမ်၊ ဒုတိယ အကြိမ်၊ တတိယအကြိမ်၊ နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ၁၃၅၅ ခုနှစ် တပေါင်းလမှစ၍ နိုင်ငံတော်ဩဝါဒါစရိယ စသည့် နိုင်ငံတော်သံဃာ့တာဝန်များအပြင် ပေါင်းတည်မြို့ သကျမုနိ မိုယ်းကောင်းဘုရားကြီး ဂေါပကအဖွဲ့နှင့် မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့များ၏ ဩဝါဒါစရိယဆရာတော် စသည်ဖြင့် သာသနာ့အကျိုးကို ကြီးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၀၅ ခုနှစ်တွင် ဝိနယအငယ်တန်း၊ ၁၃၀၆ခုနှစ်တွင် ဝိနယအကြီးတန်း၊ ၁၃၀၈ ခုနှစ်တွင် အစိုးရပထမငယ်တန်း၊ ၁၃၀၉ ခုနှစ်တွင် အစိုးရပထမလတ်တန်း၊ ၁၃၁၀ ခုနှစ်တွင် အစိုးရပထမကြီးတန်း၊ ၁၃၁၃ ခုနှစ်စေတီယင်္ဂဏပရိယတ္တိစာချတန်း၊ ၁၃၁၄ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သောကြောင့် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့"၊ ၁၃၁၈ ခုနှစ်တွင်စေတီ ယင်္ဂဏပရိယတ္တိ အသင်းကြီး၏ "အဘိသိရိပဝရသာသနာလင်္ကာရ ဒီဃနိကာယ ဓရဘွဲ့"၊ (၉) ကြိမ်မြောက်နှင့် (၁၁) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးများ၌ "ဗုဒ္ဓသာသန ဝိသိဋ္ဌဒီဃ ဘာဏက" ၊"ဗုဒ္ဓသာသန ဒီဃနိကာယ ကောဝိဒဘွဲ့" တံဆိပ်တော်များ ရရှိတော်မူခဲ့သည်။

ဆရာတော်သည်ပေါင်းတည်မြို့မြတ်စွယ်တော် အတ္ထုပ္ပတ္တိသမိုင်း (အသစ်) ၊ ဓမ္မစကြာပါဠိတော်နိဿယ၊ ပရာဘဝသုတ်ပါဠိတော်နိဿယ ကစ္စာယနနိယံ၊ မာတိကာ တတုကထာနိယံ၊ ကထိနဒါနာဒိ ပဉ္စာဗျာကရဏ စာစောင် အစရှိသော ကျမ်းစာများကို ရေးသားပြုစုတော်မူ ခဲ့သည်။ သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော် မူသည်သာမက ပိဋကတ္တယဆောက၊ ဂန္ထဂုရာဝဟ၊ မဟာ ထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ စသည့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ် တော်ကို ၁၃၅၀ ပြည့်နှစ်တွင် ရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒနိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော် ဆောင် ၂ (၁၉၈၀–၁၉၉၃) ဆရာတော် ဘဒ္ဒန္တတေဇောဘာသာဘိဝံသသည် ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့် ကျော် ၃ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ ၅ မိနစ်အချိန်တွင် ပေါင်းတည် ရွှေကျောင်းကြီးတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

**တင့်ဆန်း (ခရစ် ၁၉၁၇–၁၉၉၅)**။ ။စာရေးဆရာ တင့်ဆန်းကို ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး ကျေးရွာတွင် အဖ ဦးဖိုးအောင်၊ အမိ ဒေါ်အေးနတို့က ၁၉၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းမောင်နှမ နှစ်ယောက်အနက် အငယ်ဖြစ်သည်။ အမည်ရင်းမှာ ဦးဆန်းဖြစ်သည်။



နိုင်ငံကျော် စာရေးဆရာ
တင့်ဆန်း

ငယ်စဉ်အခါက ရွာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားဆည်းပူးခဲ့သည်။ လောကုတ္တရာ စာပေနှင့် အစိုးရပြဋ္ဌာန်းသော စတုတ္ထတန်းအဆင့် ပညာ ကို သင်ကြားခဲ့ပြီး ခေတ်ပညာတတ် ဘုန်းတော်ကြီးတစ်ပါး ထံမှ အင်္ဂလိပ်စာအရေးအဖတ်ကို အနည်းငယ်သင်ကြား တတ်မြောက်ခဲ့သည်။

စာရေးဆရာ တင့်ဆန်းသည် ၁၉၄၆ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်တွင် တင့်ဆန်း(လှည်းကူး) ကလောင် အမည်ဖြင့် ‘ရီပြာပြာ’ကဗျာကို ရေးသားကာ စာပေနယ် သို့ စတင်ဝင်ရောက်ခဲ့ပြီး ရှုမဝမဂ္ဂဇင်းပါ လယ်ကူလီဝတ္ထု မှစ၍ တင့်ဆန်းကလောင်အမည်ကို တစ်သမတ်တည်း ခံယူခဲ့ သည်။ “ပုလဲငွေရည်ဦး” မှာ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ် သည်။ စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက် ခဲ့သည်။ စာရေးဆရာတင့်ဆန်း ရေးသားခဲ့သော လုံးချင်း ဝတ္ထု ၁၀၀ ကျော်အနက်မှ “တပေါင်း” (၁၉၆၉ –မတ်လ) နှင့် “ခရာ” (၁၉၆၉– ဇူလိုင်) ဝတ္ထုတို့သည် နယ်ချဲ့ ဆန့်ကျင် ရေး၊ တိုင်းပြည်နှင့်လူမျိုး အတွက် သွေးစည်းရေးကို ဦးတည် သည်။ “ဆောင်းနှင့်နွေမိုး” ကဲ့သို့ ရာဇဝင်နောက်ခံဝတ္ထု၊ “ဒီသောင်မြေ”ကဲ့သို့ တောင်သူလယ်သမားဘဝ ပြုပြင်ရေးကိုဦးတည်သော လယ်ကူလီအလုပ် သမားဘဝ သရုပ်ဖော်ဝတ္ထု၊ ဆရာစံ တောင်သူလယ်သမား တော်လှန်ရေးကြီးကို နောက်ကြောင်းခံသော “အတော်မခံ” ကဲ့သို့ တောင်သူ လယ်သမား တော်လှန်ရေးဝတ္ထုများအပြင် ကပ္ပိယ စုံထောက် ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ မသိ နားမလည်သောသူများအား လိမ်ညာစားသောက်နေကြ သော လူလိမ်များအကြောင်း၊ ၎င်းလူလိမ်များကို ကပ္ပိယ စုံထောက် ဦးဖြူသီးက အမှန်ရောက်အောင် ဖော်ထုတ်ပုံကို စုံထောက်ဝတ္ထုများအဖြစ် ရေးသားခဲ့သည်။ စာရေးဆရာ တင့်ဆန်းသည် မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာနှင့် သုခုမအနုပညာလောက၊ သဘင်လောက၊ ဆေးလောကအကြောင်း ဆောင်းပါးများ၊ ကိုယ်လက်လှုပ်ရှားမှုကျန်းမာရေးနှင့် အတွေးအမြင် ဆောင်းပါးများကိုလည်း အဆက်မပြတ်ရေးသားခဲ့သည်။ “ရေပြင်မှသည် တောင်တန်းဆီသို့” ကဲ့သို့ ခရီးသွား ဆောင်းပါး လုံးချင်းဝတ္ထုကိုလည်း ရေးသားခဲ့သည်။ ဦးဆန်းမောင်ကလောင်အမည်ဖြင့်လည်း ဘာသာရေး ကျမ်းများကို ရေးသားခဲ့သည်။ ပြုစုခဲ့သော ဘာသာရေး ကျမ်းများမှာ–ဗုဒ္ဓ၏ပညတ်တော် သာဓကများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြု၊ မဟောသဓဖြတ်ထုံးများ၊ စစ်သူကြီး မဟောသဓ၊ ဇွဲလုံ့လရှင် မဟာဇနက၊ ဗုဒ္ဓ အလိုတော်ကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်၊ ခေတ်မြင် ပဋ္ဌာန်း ဝိပဿနာဓမ္မစကြာ စသည်တို့ဖြစ်သည်။

စာရေးဆရာတင့်ဆန်း၏“တပေါင်း” ဝတ္ထုကို မြဖလင်မှ ဒါရိုက်တာပန်းသာတင်ရွှေက ရုပ်ရှင်ရိုက်ကူးခဲ့ သည်။ “အတော်မခံ”ဝတ္ထုနှင့် ဝတ္ထုတိုပေါင်းချုပ် (ရွက်ကြောက် နှစ်ခု၊ ဝမ်းတစ်ထွာ တိုက်ပွဲ၊ ငေါင်းဆူလူ မသိ) ကို ရုရှားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ စာရေး ဆရာ တင့်ဆန်း၏ ဝတ္ထုတိုအချို့ကို ဘဝကြေးမုံ ဇာတ်လမ်းစုံအဖြစ် မြန်မာ့အသံမှ အသံလွှင့်ခဲ့သည်။

စာရေးဆရာတင့်ဆန်း၏ ကျော်ကြားခဲ့သော “ငမိုးရိပ်မှ မိုးရိပ်သို့”နှင့် “စာရေးဆရာတစ်ယောက်” လုံးချင်းဝတ္ထုတို့မှာ ၎င်း၏ ဘဝဖြစ်စဉ်များကို တင်ပြ ရေးသား ထားခြင်းဖြစ်သည်။ စာရေးဆရာတင့်ဆန်းသည် ၁၉၉၅ ခုနှစ်၊ မတ်လထုတ် နွယ်နီမဂ္ဂဇင်းတွင် “ဦးဆန်းမောင် ကလောင်ရပ်နားခြင်း” ဟူသော ဆောင်းပါးကို နောက်ဆုံး ရေးသားခဲ့ပြီး ၁၉၉၅ ခု၊ မတ်လ ၂ ရက် တောင်သူလယ်သမား နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏ စာပေမျိုးဆက်များဖြစ်သည့် စာရေးဆရာနတ်နွယ် (သားသမက်)နှင့် စာရေးဆရာ မောင်သိန်းဆိုင် (သား) ၊ စာရေးဆရာမ နွဲ့လေးမူ / မြတ်ပန်းဝင့် (သမီး)တို့ အပါအဝင် သားသမီး ခုနစ်ယောက် ကျန်ရစ်သည်။

**ထင်းအစား အခြားလောင်စာ အသုံးချနိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ(မြန်မာနိုင်ငံ)။** ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထင်းနှင့်မီးသွေးကို လောင်စာအဖြစ်အများဆုံးအသုံးပြုကြသည်။ ထင်းနှင့်မီးသွေးအသုံးပြုမှုသည် တစ်နှစ်လျှင် မြို့နေမိသားစုတစ်စုအတွက် ၁ ဒသမ ၄ ကုဗတန်နှုန်းနှင့် ကျေးလက်ဒေသနေ မိသားစုတစ်စု အတွက် ၂ ဒသမ ၅ ကုဗတန်နှုန်းရှိသည်။ သစ်ပင်သစ်တောများကို ခုတ်ပြီး ထင်းနှင့်မီးသွေးအဖြစ် အသုံးပြုခြင်းကြောင့် တောပြောင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတု ပြင်းထန်ခြင်း၊ မြေဆီလွှာဆုံးရှုံးပျက်စီးခြင်း၊ သောက်သုံးရေရှားပါးခြင်းနှင့် စားကျက်များပျက်စီးခြင်းတို့ကို ကြုံတွေ့နိုင်သည်။ ထို့အပြင် အဖိုးတန်သစ်များရရှိနိုင်မှု၊ ရေသယံဇာတပေါ်များမှု၊ စိမ့်စမ်းရေတံခွန်များထွက်ရှိမှု၊ သဘာဝပတ်ဝန်းကျင် သာယာလှပမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုစသည့် အကျိုးတရားများ ဆုတ်ယုတ်လျော့ပါးသွားမည်ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ရေမြေတောတောင်နှင့် ရာသီဥတုသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတဖြစ်ကြောင်း၊ သစ်ပင်သစ်တောများသည် အဓိကအရေးပါသောသယံဇာတများဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ၊ တိုးချဲ့စိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အလေးပေးဆောင်ရွက်ဖို့လိုကြောင်း၊ အပူပိုင်းအထူးဒေသကိုးခရိုင်အပါအဝင် တစ်ပြည်လုံးစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးကို အထူးအလေးပေးဆောင်ရွက်သွားကြဖို့ဖြစ်ကြောင်း" ၄/၉၃ ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားသည်။

မိုးခေါင်ရေရှားဒေသတွင် ထင်းအစားအခြားလောင်စာအစားထိုးအသုံးပြုရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ ၌ ၁၉၉၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက "မိုးခေါင်ရေရှားဒေသများတွင် ထင်းကိုလောင်စာအဖြစ် အသုံးပြု၍ သစ်ပင်များ ခုတ်လှဲနေမှုကြောင့် သစ်ပင်သစ်တောများ လျော့နည်းလာခဲ့သည်ကို တွေ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထင်းခုတ်မှု၊ တောခုတ်မှုလျော့နည်းသွားရန် ထင်းအစားအခြားလောင်စာ အသုံးပြုနိုင်ရေး နည်းလမ်းရှာကြံ သုတေသနလုပ်၍ အကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း" ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ အမှတ် ၂ စက်မှုဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ထင်းအစား အခြားလောင်စာ အသုံးချရေး တီထွင်ဖြန့်ဖြူးရေး ကော်မတီကို ဖွဲ့စည်းသည်။ တီထွင်ဖြန့်ဖြူးရေးကော်မတီ သည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ထိထိ ရောက်ရောက်ရှိရေးနှင့် ထင်းအစား အခြားလောင်စာများ ကို ပြည်သူလူထု နီးကြားတက်ကြွစွာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရန် ရည်ရွယ်၍ ထင်းအစားအခြား လောင်စာ အသုံးချရေး တီထွင် ဖြန့်ဖြူးရေး လုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။ လုပ်ငန်း ဆပ်ကော်မတီသည် ထင်းအစားအခြား လောင်စာ များ ရှာဖွေ တီထွင်ရေး၊ အသုံးချနိုင်ရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းကာ ကုန်ကြမ်းပိုင်း၊ စက်ကိရိယာပိုင်း၊ သုံးစွဲမှုပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်း ခွဲခြားပြီး လေ့လာမှု၊ တီထွင်မှုနှင့် ဖော်ထုတ်မှုများကို အဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်ကလည်း ထင်းအစားအခြားလောင်စာ အသုံးချနိုင်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် နိုင်စေရန် ရည်ရွယ်ပြီး ၁၉၉၅ ခုနှစ်ကို ထင်းအစား အခြားလောင်စာ တီထွင်အသုံးချရေးနှစ် အဖြစ် သတ်မှတ် ထားသည်။

ထင်းကိုအသုံးမပြုဘဲ အပူစွမ်းအင်ရရှိနိုင်သော လောင်စာများကို ထင်းအစား အခြားလောင်စာများဟု ခေါ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ အဏုမြူစွမ်းအင်၊ ရေနံသဘာဝဓာတ်ငွေ့၊ ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်၊ လယ်ယာကိုင်းကျွန်း အလေအလွင့်မှ ရရှိသော စွမ်းအင်နှင့် ကျောက်မီးသွေးတို့သည် ထင်းအစား အခြားလောင်စာများဖြစ်သည်။ ရေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ရေနံသဘာဝ ဓာတ်ငွေ့ဒီဇယ်နှင့် မီးထိုးဆီ၊ လေစွမ်းအင်၊ နေစွမ်းအင်တို့သည် ကုန်ကျစရိတ်နှင့် နည်းပညာအဆင့်မြင့်မားခြင်းကြောင့် မြန်မာနိုင်ငံတွင် ထင်းအစားအခြားလောင်စာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည့် အခြေအနေမရှိကြောင်း တွေ့ရသည်။ ရေစွမ်း အင်နှင့် ရေနံသဘာဝဓာတ်ငွေ့မှ စွမ်းအင် ထုတ်ယူသုံးစွဲ နိုင်ရန် ဘက်စုံကြိုးစားကြံဆ စီစဉ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး လေစွမ်းအင်နှင့်

နေစွမ်းအင်အသုံးပြုမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းခွင်မှ ရရှိသောစပါးခွံ၊ မြေပဲခွံ၊ နှမ်းရိုး၊ကျုံရိုး၊ ပြောင်းဖူးရိုး၊ ပဲစင်းငုံရိုး၊ ကြံကြိတ်ဖတ်၊ ထန်းလက်၊ အုန်းခွံ စသည်တို့ကိုထင်းအစား အခြားလောင်စာအဖြစ် အလွယ် တကူအသုံးပြု နိုင်သည်။ ထို့အပြင် ကလေးဝနှင့် နမ္မား ဒေသရှိ သက်န ကျောက်မီးသွေးများကိုလည်း ထင်းအစား အခြား လောင်စာအဖြစ် အမြန်ဆုံးဖြည့်ဆည်းသုံးစွဲ နိုင်ရန် လေ့လာ လျက် ရှိသည်။

ထင်းအစား အခြားလောင်စာ သရုပ်ပြပွဲများကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန သရုပ်ပြကွင်းတွင် အကြိမ်ကြိမ်ပြသခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ် တိုင်းနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူများစိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။ သရုပ်ပြပွဲများတွင် မြန်မာ့အကြီးစားစက်မှုလုပ်ငန်းက တစ်ရက်လျှင် ကျောက်မီးသွေးအခြောက်တောင့် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သော မြင်းကောင်ရေ ၁၀ ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်ကိုလည်းကောင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနက တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့်ကီလိုဂရမ် ၆၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေ နှစ်ကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ကီလိုဂရမ် ၅၀ ထုတ်လုပ်နိုင်သော မြင်းကောင်ရေသုံးကောင်အားရှိ ကျောက်မီးသွေးတောင့်ထုတ်စက်၊ တစ်နာရီလျှင် ကျောက်မီးသွေးအခြောက်တောင့် ၁၂ ကီလိုဂရမ် ထုတ်လုပ် နိုင်သော လက်လှည့်ကျောက်မီးသွေးတောင့် ထုတ်စက်၊ ကျောက်မီးသွေးတောင့်ထုတ်လုပ် ရာတွင် အသုံးပြုရသော ကော် အမျိုးမျိုး၊ ဝါးမီးသွေး၊ ဂုန်လျှော်ရိုးတံမီးသွေး၊ ပြောင်းဖူးအူတံမီးသွေး၊ ထန်းလက် မီးသွေး၊ ကျုံရိုးမီးသွေး၊ အုန်းအသားခွံနှင့် အုန်းအမာခွံ မီးသွေးများ၊ နေအိမ်တွင် တိုင်ကီဖြင့် မီးသွေးဖုတ်ပြီး သစ်ပေါင်း ခဲရည် (ဗနီကာ) ထုတ်ယူပုံ၊ နေရောင်ခြည်စွမ်းအင်သုံး ကီရိယာသုံးမျိုး၊ ပါရာဗိုလာပုံနေမီးဖို၊ သေတ္တာပုံနေမီးဖိုနှင့် လေစွမ်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံတို့ကို လည်းကောင်း၊ အမှတ် ၃ သတ္တုတွင်းလုပ်ငန်း အမှတ် ၁ သံနှင့်သံမဏိစက်ရုံက အိမ်သုံးလုပ်ငန်းသုံး ကျောက်မီးသွေးတောင့် ထုတ်စက်နှင့် ကျောက်မီးသွေးတောင့်သုံး မီးဖိုများကို လည်းကောင်း၊ သစ်တောဦးစီးဌာန ရေဆင်းသစ်တော သုတေသနဌာနက ချက်ပြုတ်ရာတွင် လျင်မြန်ပြီး ကုန်ကျ စရိတ်ရာခိုင်နှုန်း ၄၀ သက်သာသော အောဝမ်းမီးဖိုပုံစံများကို လည်းကောင်း၊ မြန်မာ့မီးရထား စက်ခေါင်းပြင်စက်ရုံ (ပုဇွန်တောင်)က သံကူကွန်ကရစ်ဖဲရိုဆီးမင့် မီးဖိုအမျိုးမျိုး၊ ကျောက်မီးသွေး အခဲပြားဖြင့် တွဲသုံးရသော မီးဖိုများကို လည်းကောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အလေ အလွင့် မီးသွေးမှုန့်များဖြင့် မီးသွေးပြား၊ မီးသွေးတောင့် ထုတ်လုပ် နည်း၊ အုန်းအမာခွံဖြင့် မီးသွေးပြားထုတ်လုပ်နည်းနှင့် စပါးခွံဖြင့် မီးသွေးထုတ်လုပ်နည်းတို့ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ရွှံ့မီးဖို၊ စပါးခွံမီးဖိုနှင့် နေရောင်ခြည်စွမ်းအင်သုံး သေတ္တာပုံ မီးဖို များကို လည်းကောင်း၊ ဟိန်းထက်အောင်ကုမ္ပဏီလီမိတက်က တစ်နာရီလျှင် လောင်စာတောင့် ကီလိုဂရမ် ၆၀ မှ ၇၅ ကီလိုဂရမ်အထိ ထုတ်လုပ်နိုင်သော စပါးခွံလောင်စာ တောင့် ထုတ်စက်ကိုလည်းကောင်း၊ စန်းစန်းစက်မှုလက်မှု သမဝါယမအသင်းလီမိတက်က ကျောက်မီးသွေးအခြေခံ မြင်းကောင်ရေသုံးကောင်အားရှိ လောင်စာတောင့် ထုတ်စက်၊ စပါးခွံလောင်စာတောင့်ထုတ်စက်၊ ကျောက် မီးသွေးတောင့်သုံး မီးဖိုတစ်မျိုးနှင့် စန်းစန်းစပါးခွံမီးဖို သုံးမျိုးကိုလည်းကောင်း၊ စက်မှုစိုက်ပျိုးရေး သမဝါယမ အသင်းလီမိတက်က တစ်ချပ်လျှင် လျှပ်စစ်ဓာတ်အား ၂၂ ဝပ်ထွက်ရှိသော နေရောင်ခြည်ပြား ကိုးပြားအသုံးပြုကာ သဘာဝနေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူပုံကို လည်းကောင်း အသီးသီး တီထွင်ပြသခဲ့ကြသည်။

ပြည်သူများအတွင်း သစ်ပင်သစ်တောများ၏ အရေး ပါပုံနှင့် သစ်ပင်သစ်တောများသည် ရေမြေရာသီဥတု ပတ်ဝန်းကျင်အတွက် အရေးကြီးသော သဘာဝသယံဇာတ တစ်ခုဖြစ်ကြောင်း သိရှိလာစေရန်၊ သစ်ပင် သစ်တော အများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် ထင်းအစား အခြား လောင်စာများကို တွေ့မြင်သိရှိပြီး လက်တွေ့ အသုံးချတတ် လာစေမည့် နည်းပညာများအား သိရှိလာစေရန်၊ ထင်းအစားအခြားလောင်စာများကို အသုံး ပြုရာတွင် ဆောင်ရွက်လုပ်ကိုင်သူများအား စီးပွားရေးအရ အကျိုး ဖြစ်ထွန်းလာစေနိုင်မည့် နည်းလမ်းစနစ်တစ်ခု အနေဖြင့်ပါ ပြသစည်းရုံးသွားရန်နှင့် ထင်းအစားအခြား လောင်စာအသုံးပြုရေးလုပ်ငန်းများကို အမျိုးသားရေး အမြင်ဖြင့် ခံယူလုပ်ဆောင်လာစေရန်ဟူသော ရည်ရွယ် ချက်များဖြင့် ထင်းအစားအခြားလောင်စာများ အသုံးချရေး

ဟောပြောပွဲ နှင့် သရုပ်ပြပွဲများကို ရန်ကုန်မြို့ တွင်သာမက မကွေးတိုင်းအတွင်းရှိ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရေဦးမြို့နယ်၊ မန္တလေးတိုင်း အတွင်းရှိ မန္တလေးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တပ်ကုန်းမြို့နယ် စုစုပေါင်း မြို့နယ် ၁၂ မြို့နယ်တွင် ၁၉၉၅ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ မတ်လ ၁၆ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူလူထုနှစ်သောင်းခန့် တက်ရောက်လေ့လာသည်။ မြို့နယ် ၁၂ မြို့နယ်တွင် ခရိုင်အဆင့်မြို့နယ်အချို့ပါဝင်သဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များကိုပါ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သဖြင့် မြို့နယ်ပေါင်း ၅၁ မြို့နယ်အထိရှိသည်။ ထင်းအစားအခြား လောင်စာ အသုံးချရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲများကို ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပပြုလုပ်သည်။

**ထိုင်းနိုင်ငံ။** ။ ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ဂျပန်ဘုရင်မိဖုရားတို့နှင့်အတူ ဘုရင့်နန်းတော်၌ နေ့လယ်စာ သုံးဆောင်ရင်း ဆွေးနွေးခဲ့ကြပြီးနောက် ဂျပန်နိုင်ငံခရီးစဉ်ကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုကို အထူးအာရုံစိုက်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ချွမ်လီပိုင်အား ယခုဘဏ္ဍာရေးနှစ်အတွင်း ထိုင်းနိုင်ငံအတွက် ဂျပန်ယန်းငွေ ၈၂၀ ဒသမ ၃ ဘီလီယံ (ဒေါ်လာ ၈၂၃ သန်း) ချေးငှားရန် ဂျပန်ဝန်ကြီးချုပ် မူရာယာမာက ကတိပြုခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် သီတင်းတစ်ပတ်ကြာ နေထိုင်လည်ပတ်ရန် စက်တင်ဘာလ ၂၉ ရက်နေ့က ကနေဒါနိုင်ငံသို့ ထွက်ခွာသွား၍ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို အဓိကထားပြီး ဆွေးနွေးခဲ့သည်။

ပစိဖိတ်အနားသတ်နိုင်ငံများနှင့် ခိုင်မာသော စီးပွားရေး ဆက်ဆံမှုများပြုလုပ်သင့်ကြောင်း ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့တွင် အလည်အပတ်ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က ကနေဒါစီးပွားရေးဆက်ဆံသူများအား အောက်တိုဘာလ ၅ ရက်နေ့က ပြောကြားခဲ့သည်။ ကနေဒါခရီးစဉ်အတွင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းနိုင်ငံသို့ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် မျှော်လင့်လျက် ဝန်ကြီးချုပ် ဂျင်ချရက်တီယင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အချို့မှ စီးပွားရေး စီမံဆောင်ရွက်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ချရက်တီယင်နှင့် ချွမ်လီပိုင်တို့သည် ငါးနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏနှစ်ဆတိုးရန် သဘောတူခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၃ ခုနှစ်အတွင်းက တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ နှစ်ဘီလီယံရှိခဲ့သော်လည်း ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ရှစ်သန်းသာရှိသည်ဟု ချွမ်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားမှု အပါအဝင် အစိုးရအဖွဲ့အပြောင်းအလဲကို ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက် (ဂျ) က အောက်တိုဘာလ ၂၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဆီနာဝါထရာ ကွန်ပျူတာနှင့် ဆက်သွယ်ရေးအုပ်စုကြီးကိုထူထောင်သူ သက်ဆင်ဆီနာဝါထရာအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ရာ သူ၏ ဖလမ်ဓမ္မပါတီမှအဖွဲ့ဝင်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အကြောင်းမှာ သူ၏စီးပွားရေးနယ်ပယ်က အစိုးရကန်ထရိုက်လုပ်ငန်း အများအပြားကို ရရှိထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်က အစိုးရအဖွဲ့အပြောင်းအလဲ ပြုလုပ်ရန်ဖလမ်ဓမ္မပါတီ အကြီးအကဲ ချမ်ကွန်ဆရီမွှအင်က ကြေညာချိန်တွင် သက်ဆင်သည်သူ၏ကုမ္ပဏီအား ဇနီးသို့လွှဲပြောင်းပေးခဲ့သည်။ အခြားအစိုးရအဖွဲ့ဝင် ၁၃ ဦးကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရာ အစိုးရအဖွဲ့ဝင် ၁၄ နေရာ ပြောင်းလဲရာ၌ ၁၁ ဦးမှာ ဖလမ်ဓမ္မပါတီမှဖြစ်ပြီး ကျန်သုံးဦးမှာ စိတ်တတ်သစ်ပါတီမှ ဖြစ်ကြသည်။

လေးနှစ်တာကာလအတွင်းစစ်ဘက်မှအာဏာသိမ်းခြင်းကို ၁၂ ကြိမ်ကျော်ခံခဲ့ရသော ထိုင်းနိုင်ငံတွင်ယခုအချိန်အထိ တည်ငြိမ်မှုကိုထိန်းသိမ်းထားနိုင်သော အောင်မြင်မှုသည် အောင်မြင်မှုများအနက် အကြီးမားဆုံးဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အောက်တိုဘာလ ၂၇ ရက် နေ့တွင် ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင် အစိုးရသည် ၁၉၉၂ ခုနှစ်ကဒီမိုကရေစီလိုလားသော တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားပြီးနောက် အာဏာရရှိလာ ခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ အစိုးရသက်တမ်းကြာလိမ့်မည် မဟုတ်ဟုမျှော်လင့်ခဲ့ကြသည်။ ထို့ပြင် ချွမ်လီပိုင်အစိုးရ သည်စစ်ဘက်မှအာဏာ သိမ်းလိမ့်မည်ဟူသော ခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။



ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖြစ်လာသည့် ဘန်ဟန်ဆီးလ်ပါအာချာအား ရွေးကောက်ပွဲအကြို မဲဆွယ်ပွဲများ တွင် တွေ့ရစဉ်



ဖလမ်ဝမ္မပါတီခေါင်းဆောင် သက်ဆင်ဆီနာဝါထရာ

ချွမ်လီပိုင်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် ပါလီမန်တွင် ပွတ်ကာသီကာအသာဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း မိမိ၏ အစိုးရအဖွဲ့ ဆောင်ရွက်ချက်များအနက် ဂုဏ်အယူထိုက်ဆုံး လုပ်ငန်းများ မှာ နိုင်ငံတည်ငြိမ်မှုကို အာမခံချက် ပေးနိုင် ရန် စွမ်းဆောင် ခဲ့ခြင်းနှင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက် မှုများ ဆက်လက် ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ခြင်း ပင်ဖြစ်သည်ဟုချွမ်ကဝန်ကြီးချုပ်ရာထူး သက်တမ်း ကာလ ထက်ဝက်တွင် ရှားရှားပါးပါးပြုလုပ်သော တွေ့ဆုံမေးမြန်းခန်း၌ ပြောကြား ခဲ့သည်။ မိမိ၏အစိုးရအဖွဲ့သည် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာရေး ရည်မှန်းချက်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေနှင့်ချေးငွေများ ပိုမိုထုတ်ချေးခဲ့ကြောင်း လယ်သမား များ၏ ကြွေးမြီများကို လည်း ပယ်ဖျက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်နှစ် တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်နှုန်းမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်ထက်မနည်း ရရှိအောင် အထောက်အကူပြု မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက် (ဂျ) ၏ ၆၇ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံသားများသည် ဒီဇင်ဘာလ ၅ ရက်နေ့က သွေးလှူဒါန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် လမ်းမများတွင် သန့်ရှင်းရေးများ ပြုလုပ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုခဲ့ကြသည်၊ ထိုင်းဘုရင်မင်းမြတ်၏ မွေးနေ့ကို လေးစားဂုဏ်ပြုသောအားဖြင့် ပက်ပွန်ပြည့်တန်ဆာရပ်ကွက်ကို ထိုနေ့က ပိတ်ထားခဲ့သည်။ ထိုင်းဘုရင်မင်းမြတ်သည် စည်းမျဉ်းခံဘုရင်ဖြစ်သော်လည်း သူ့အပေါ် လေးစားကြည်ညိုမှုကို ရှေးအစဉ်အလာကထက် ပိုမိုရရှိခဲ့သည်။ ဘုရင်မင်းမြတ်သည် နှစ်ပေါင်း သုံးလေးဆယ်မျှ ကျေးလက်ဒေသများသို့ လှည့်လည်ကာ ဆင်းရဲသားများကို ကူညီရန် စီမံကိန်းပေါင်းထောင်နှင့်ချီ၍ ဦးစီးအကောင်အထည်ဖော်ခဲ့သည်။ သီတင်းပတ်အကုန်ပိုင်းက ထိုင်းဘုရင်နှင့် မိဖုရားသီရိခေတ်တို့ စစ်ဘက်တပ်ဖွဲ့များကို စစ်ဆေးစဉ် ထိုင်းလူထုထောင်ပေါင်းများစွာတို့က ဂါရဝပြုခဲ့ကြသည်။ ဘုရင်ဘူမိဘောသည် ဒီဇင်ဘာလ ၄ ရက်နေ့က ပြည်သူလူထုတစ်ရပ်လုံးသို့ မိန့်ခွန်းပြောကြားရာတွင် လုံးဝထိန်းသိမ်း၍ မရတော့သည့် အခြေအနေသို့ ရောက်ရှိရန် နီးကပ်လာနေသော ယာဉ်ပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းခြင်းမရှိပါက ထိုင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးကျဆင်းသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ထိုင်းဘုရင်မင်းမြတ်က ပြည်သူလူထုသွေးစည်းညီညွတ်ရေးကို တိုက်တွန်းပြောကြားရာတွင် ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း နိုင်ငံရေးကတောက်ကဆဖြစ်မှုများကို

ရည်ညွှန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ဘက် မိုင် ၉၀ အကွာရှိ ရာယွန်မြို့ကလေးတွင်လည်း ထိုင်းဘုရင်မွေးနေ့အထိမ်းအမှတ်ပြုလုပ်ရာတွင် သန့်ရှင်းရေးများပြုလုပ်ကြပြီး ဘုန်းတော်ကြီးများအား ဆွမ်းဆက်ကပ်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သွေးလှူခြင်း၊ ငှက်များကို ဘေးမဲ့လွှတ်ခြင်း စသောကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး သက်ဆင်ဆိနာဝါထရာသည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ မိမိ၏နုတ်ထွက်လွှာ ကို ဝန်ကြီးချုပ်ထံ တင်သွင်းမည်ဖြစ်ကြောင်း၊ လုပ်ငန်းအများအပြားကို ရှင်းလင်းဆောင်ရွက်ရန်ရှိသောကြောင့် ယင်းနုတ်ထွက်လွှာသည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သတင်းထောက်များအား သက်ဆင်က ပြောကြားသည်။ သက်ဆင်သည် ရှိဝါနာဝါကူရာ ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဟောင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ခန့်အပ်သောအခါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေမှုကြောင့် အငြင်းပွားခဲ့ရသည်။ မိမိရာထူးမှ နုတ်ထွက်ရခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းမှန်သမျှကို မဆောင်ရွက်လိုသောကြောင့် ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

ယင်းသို့ရှိနေခဲ့ရာမှ ထိုင်းနိုင်ငံကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းပိုင်ရှင်ကြီး သက်ဆင်ဆိနာဝါထရာ အား ဖလမ်ဓမ္မ ပါတီ (ပီဒီပီ) ခေါင်းဆောင်အဖြစ် မေလ ၂၉ ရက်နေ့က ရွေးချယ်တင်မြှောက်လိုက်ရာ ဇူလိုင်လ တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီခေါင်းဆောင်အဖြစ် လှုပ်ရှားသွား မည်ဖြစ်သည်။ အသက် ၄၇ နှစ်အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဆိနာဝါထရာ အုပ်စုကြီး ၏ ပိုင်ရှင်ဖြစ်သူ သက်ဆင်သည် ဒုတိယဝန်ကြီးချုပ် ဟောင်း ချမ်မလောင်း သိရိမွှန် နေရာတွင် အစားထိုး တာဝန်ယူမည်ဖြစ်သည်။ ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမပြုမီ နာရီပိုင်းအလို မေလ ၁၉ ရက်နေ့က အာဏာရပါတီ ညွန့်ပေါင်းအုပ်စု အတွင်း (ပီဒီပီ)ရုတ်တရက်နုတ်ထွက်ခဲ့မှု ကြောင့် ဝန်ကြီးချုပ် ချွမ်လီပိုင် ရွေးကောက်ပွဲကို အလျင်စလိုကျင်းပရန် ခေါ်ယူခဲ့ရသည်။ ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့ကြီးထွားနေသော ငွေပေး၍ မဲဝယ်ယူခြင်းနှင့် ကိုယ်စားလှယ်လောင်းများအား ငွေပေးဝယ်ခြင်းတို့အား ဝေဖန်တိုက်ခိုက်ခြင်းဖြင့် သက်ဆင်သည် ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ပီဒီပီ ပါတီ၏ လှုပ်ရှားမှုကို စတင်ခဲ့သည်။ ယင်းလုပ်ရပ်သည် ထိုင်းနိုင်ငံအတွက် ဒီမိုကရေစီစနစ်အတွက် အလွန်ဆိုးရွားလှသည်ဟုဆိုသည်။ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ရင်းစေတနာကောင်းသော စီးပွားရေးလုပ်ငန်းရှင်များထံမှ အကျိုးပြုမှုများရရှိရန် လိုအပ်ခဲ့သည်။ သက်ဆင်သည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော ပီဒီပီပါတီဝင်တစ်ဦးအနေဖြင့် ၁၉၉၅ ခုနှစ်ဆန်းပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့ရာတွင် သူ၏ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံရေးနယ်ပယ်အကြား ပဋိပက္ခဖြစ်လာနိုင်၍ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများကို ငွေပေးဝယ်ယူနေမှုကြောင့် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်မှာ ဘေးအန္တရာယ်နှင့် ကြုံနေရကြောင်း ချက်ပတ်တနာပါတီ ဒုတိယခေါင်းဆောင် ဆူဗစ်လစ်တာပယ်လော့ကလည်း ဝေဖန်တိုက်ခိုက်ခဲ့သည်။ ဝန်ကြီးချုပ် ချွမ်လီပိုင်ကမူ ငွေပေး၍မဲဝယ်ယူခြင်းကို တိုက်ဖျက်သွားမည်ဟု ပြောကြားထားသည်။

နိုင်ငံရေးသမားအဖြစ် ပြောင်းလဲလာသော ထိုင်းနိုင်ငံ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကို ပိုင်ဆိုင်သည့် သူဌေးကြီးသက်ဆင်ဆိနာဝါထရာသည် ဝန်ကြီးချုပ်ရာထူးအတွက် ယှဉ်ပြိုင်ကြမည့်သူများအနက် ဗန်ကောက်မြို့တော် မဲဆန္ဒရှင်များအကြား၌ လူကြိုက်အများဆုံးပုဂ္ဂိုလ်ဖြစ်နေသည်။ ဗန်ကောက်မြို့တွင် နေထိုင်သော မဲဆန္ဒရှင် ၂၁,၀၀၀ ၏ ဆန္ဒသဘောထားကို ကောက်ယူရာ၌ ထိုင်းဝန်ကြီးချုပ်ရာထူးအတွက် မဲဆန္ဒပေးရာတွင် သက်ဆင်သည် ထောက်ခံမဲ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး လူကြိုက်အများဆုံးဖြစ်ခဲ့သည်။ ဆန္ဒသဘောထားကောက်ယူရာ တွင် မဲဆန္ဒရှင်များက ထိုင်းနိုင်ငံ၏ပါလီမန်အမတ်နေရာ ၃၉၁ နေရာရှိသည့်အနက် ၃၇ နေရာကိုသာ အလေးထား ဆန္ဒပေးကြသည်။ ယင်းဆန္ဒကောက်ယူရာ၌ ဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထောက်ခံမဲ ၂၂ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့သည်။ ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟန်ဆီးလ်ပါအာချာသည် ဆန္ဒကောက်ယူရာ၌ ထောက်ခံမဲ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပမည့် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲများပြုလုပ်

နေစဉ် မဲဆွယ်ရန်ထွက်ခွာလာသောယာဉ်တန်းတစ်ခုမှ မော်တော်ယာဉ် သုံးလေးစီးပေါ်တွင် ရဲတပ်ဖွဲ့က လက်နက်များကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းတစ်ဦးအား ဇွန်လ ၂၃ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ အတိုက်အခံ ချတ်ထိုင်းပါတီ မှ အမတ်လောင်း နီယွမ်ဝါရာဖာရနာနှင့် သူ၏လက်ထောက်ဖြစ်သူ နာရွန်အာသာဒေါ့တို့အား လက်နက်မှုဖြင့် တရားစွဲဆိုထားသည်။ နိုင်ငံရေးသမားများ၊ ပါတီအလုပ်သမားများနှင့် ယင်းပါတီကိုထောက်ခံကြသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းမှ မော်တော်ယာဉ်အချို့ကို စစ်ဆေးရှာဖွေရာတွင် ပြောင်းတိုသေနတ် လေးလက်နှင့် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက် ဖမ်းဆီးရမိခဲ့သည်။ ချတ်ထိုင်းပါတီအမတ်လောင်း နီယွမ်အား လက်နက်များ တရားမဝင်ကိုင်ဆောင်မှု၊ သူ၏ လက်ထောက် နာရွန်အား စစ်သုံးလက်နက်တစ်လက်ကို လက်ဝယ်ထားရှိမှုတို့ဖြင့် တရားစွဲဆိုထားပြီး အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇူလိုင်လ ၂ ရက်နေ့၌ ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ ဘန်ဟန်ဆီးလ်ပါအာချာ ဦးဆောင်သောချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီအောင်ပွဲခံလိုက်ရာ မကြာမီ ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ရှိနေသည်။ ရွေးကောက်ပွဲ၌ ချတ်ထိုင်းပါတီက အမတ်နေရာ ၉၂ နေရာ ရရှိပြီး ဒီမိုကရက်တို့က ၈၆ နေရာဖြင့် ဒုတိယရရှိခဲ့သည်။အမတ်နေရာ ၃၉၁ နေရာရှိသော အောက်လွှတ်တော်တွင် ချတ်ထိုင်းပါတီက မဲအများစုရရှိနေစေကာမူ အခြားငါးပါတီနှင့်မဟာမိတ်ဖွဲ့ပြီး ခြောက်ပါတီ ညွန့်ပေါင်းအစိုးရ ဖွဲ့ရမည်ဖြစ်သည်။ မိမိသည် မြန်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် အစိုးရသစ်ဖွဲ့စည်းသွားလို ကြောင်း ဗန်ကောက်မြို့ရှိ သူ၏နေအိမ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဘန်ဟန်က ပြောကြားသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ချတ်ထိုင်းပါတီ၊ နယူးအက်စပိုင်ရေးရှင်းပါတီ၊ ဖလမ်ဓမ္မ (ဓာရိတ္တဗလ) ပါတီ၊ ဆိုရှယ်အက်ရှင်းပါတီ၊ ပရာချကွန်ထိုင်း (ထိုင်းနိုင်ငံကြီးသား) နှင့် မူအွန်ချွန် (လူထု) ပါတီတို့ ပါဝင်ကြသည်။ ယင်းပါတီခြောက်ခုရရှိသော အမတ်နေရာမှာ ၂၁၅ နေရာဖြစ်သည်။ ဘန်ဟန်သည် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးမည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လီပိုင်၏ နေရာတွင် ဝင်ရောက်တာဝန်ယူရမည်ဖြစ်သည်။ ချွမ်လီပိုင်သည် ထိုင်းနိုင်ငံတွင် ကာလအကြာဆုံးဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်သွားသော မဲဆန္ဒဖြင့် တက်လာသူ ဝန်ကြီးချုပ်ဖြစ်သည်။ ဘန်ဟန်ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့် ဝန်ကြီးသစ်များအပေါ် တည်မှီလျက် ထိုင်းအစိုးရအဖွဲ့သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးနွေးထွေးမှု လျော့ပါးလာဖွယ်ရှိကြောင်း သံတမန်များက သုံးသပ်လျက်ရှိသည်။

ဝန်ကြီးအဖွဲ့ဝင်ရာထူး ခွဲဝေရေးသဘောတူညီချက်နှင့် ပတ်သက်၍ မကြာမီကဖွဲ့စည်းလိုက်သောညွန့်ပေါင်းအစိုးရအဖွဲ့ဝင်ပါတီ ခုနစ်ပါတီတို့ ဇူလိုင်လ ၅ ရက်နေ့တွင် သဘောတူညီမှု ရရှိခဲ့ကြသည်။ ဘဏ်လုပ်ငန်းရှင်တစ်ဦး ခေါင်းဆောင်သော 'နမ်ထိုင်း' ပါတီငယ်ကလေးသည် ဇူလိုင်လ ၄ ရက်နေ့တွင် ညွန့်ပေါင်းအစိုးရအဖွဲ့၌ ပါဝင်ခွင့်ရရှိခဲ့ရာ ခုနစ်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် အမတ်ဦးရေ ၃၉၁ နေရာရှိသော ပါလီမန်တွင် အမတ်နေရာ ၂၃၃ နေရာရရှိခဲ့သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် ဘန်ဟန် သည် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သူ၏ ချတ်ထိုင်းပါတီအတွင်း အချင်းချင်းသဘောထားကွဲပြားနေမှုကို ထိန်းချုပ်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့အတွင်း တန်ခိုးအာဏာကြီးမားသော ပြည်ထဲရေးဝန်ကြီးရာထူးနေရာကို ဝန်ကြီးချုပ်ကိုယ်တိုင် ယာယီယူထားမည်ဖြစ်ကြောင်း သတင်းစာများ၌ ရေးသားဖော်ပြခဲ့သည်။ ချတ်ထိုင်း (ထိုင်းအမျိုးသား) ပါတီခေါင်းဆောင် ဘန်ဟန်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်း၍ ဝန်ကြီးစာရင်းကို ထိုင်းဘုရင်ထံတင်ပြ၍ ဘုရင်မင်းမြတ်၏ အတည်ပြုချက်ရမှ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဝန်ကြီးအဖွဲ့ ရာထူးနေရာများ ခွဲဝေယူရာ၌ ညွန့်ပေါင်းအဖွဲ့ဝင် အားလုံးက သဘောတူညီကြသော်လည်း ပြည်ထဲရေးဝန်ကြီး ရာထူးနေရာကို မည်သူရယူသင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ချတ်ထိုင်းပါတီ၏ အုပ်စုခွဲခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲပြားမှုကြောင့် ပါတီအတွင်း အကွဲအပြဲဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်သော ဝန်ကြီးချုပ် ဘန်ဟန်ဆီးလ်ပါအာချာ၏ ထိုင်းအစိုးရအဖွဲ့သစ်က ပထမဦးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်သည် ထိုင်းအစိုးရအဖွဲ့သစ်အနေဖြင့် အဂတိလိုက်စားခြင်းမရှိကြောင်းနှင့် ဒီမိုကရေစီကျကြောင်းကို လက်ခံလာစေရန် နိုင်ငံခြားမဟာမိတ်များနှင့် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးသိမ်းသွင်းရေးပင်ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ

၏ စည်းမျဉ်းခံဘုရင် ဘူမိဘောအဒူလျာဒက် (၇) သည် ရွေးကောက်ပွဲကျင်းပပြီးနောက် သီတင်းနှစ်ပတ်အကြာ တွင် ထိုင်းအစိုးရဖွဲ့စည်းခြင်းကို အတည်ပြုပေးလိုက်သည်။ အစိုးရဖွဲ့စည်းစဉ်အခါကလည်း မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းနှင့် ဆက်စပ်နေသည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသော ထိုင်းနိုင်ငံရေးသမားနှစ်ဦးအား ဝန်ကြီးရာထူးနေရာ ပေးရေး မပေးရေး နှင့် ပတ်သက်၍ အာဏာရ ခုနစ်ပါတီညွန့်ပေါင်းအဖွဲ့တွင် အချင်းများခဲ့ကြသည်။

ယခုဖွဲ့စည်းလိုက်သော ထိုင်းအစိုးရအဖွဲ့သည် ယခင်ကထက် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း၊ ရေးရိုးဆန်နှင့် အနောက်အုပ်စုလိုလားသော မူဝါဒကို အခြေခံထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။ အစိုးရဖွဲ့စည်းခြင်းကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ဘုရင်မင်းမြတ်က အတည်ပြုပေးရာ၌ ဗန်ကောက်မြို့ လမ်းမများတွင် ယာဉ်အသွားအလာ ပိတ်ဆို့မှုပြဿနာ လျော့ကျသွားရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သောရေ ရရှိရေးတို့ကို အလေးပေးဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ထိုင်းအစိုးရအဖွဲ့သစ်တွင် ဘဏ္ဍာရေးဝန်ကြီး ရာထူးရရှိသော ပါမောက္ခ ဆူရကီအတ်ဆတ်သီရာသီ (၃၇) နှစ်သည် ဘဏ်လုပ်ငန်းအတွေ့အကြုံမရှိဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကာအန်အက်ဗီက ဆစ်ဆရိမှာမူ နိုင်ငံခြားရေးလုပ်ငန်းများတွင် နှစ်ပေါင်း ၃၀ အတွေ့အကြုံရှိသူဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ် အမ်နော်ဗီရာဝမ်သည် ထိပ်တန်းဘဏ်လုပ်ငန်းရှင်ဟောင်း တစ်ဦးဖြစ်ပြီး အစိုးရအထက်တန်းရာထူး အများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့၍ အတွေ့အကြုံရှိသူဖြစ်သည်။ သို့ရာတွင် အစိုးရအဖွဲ့၌ နေရာအများစု ရရှိထားသော ဘန်ဟန်၏ ပါတီသည် နိုင်ငံရေး နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ အပေး အယူရှိနေကြသည်ဟု လူသိများနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှု ရှိနိုင်သည်ဟူသော စိုးရိမ်မကင်းမှုများဖြစ်ပေါ်နေသည်။ မိမိ၏ကတိအတိုင်း အများပြည်သူနှင့်သက်ဆိုင်သော စီမံကိန်းကြီးများကို ဆောင်ရွက်သွားမည်ဆိုပါက ငွေဖောင်းပွမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘန်ဟန်က ပြောကြားသည်။

**စီးပွားရေး** – ထိုင်းနိုင်ငံတွင် မူလကိုယ်ခံအားကျဆင်းသော ကူးစက်ရောဂါ (အေအိုင်ဒီအက်စ်) ကူးစက်မှု လျင်မြန်စွာကြီးထွား လာနေခြင်းကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ယိုယွင်း ပျက်စီးလိမ့်မည်ဖြစ်ကြောင်း သက္ကရာဇ် ၂၀၀၀ တွင် ထိုင်းနိုင်ငံ၌ အေအိုင်ဒီအက်စ် ဝေဒနာရှင်ဦးရေ လေးသန်းအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ထင်ရှားသော ကျန်းမာရေးလုပ်သားတစ်ဦး က ပြောကြားသည်။ အေအိုင်ဒီအက်စ် ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်မှုနှေးကွေးသွားအောင် ၁၉၉၅ ခုနှစ် သို့မဟုတ် နှစ်နှစ်အတွင်း မိမိတို့ဆောင်ရွက် နိုင်စွမ်းမရှိလျှင် ထိုင်း နိုင်ငံ၏ စီးပွားရေးမှာ အေအိုင်ဒီအက်စ် ကြောင့် သိသိသာသာ ထိခိုက်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ လူဦးရေနှင့် မိသားစုများဖွံ့ဖြိုးတိုးတက်ရေးအသင်းခေါင်းဆောင် မီချိုင်းဗီရာဗာအိဒယာက မနီလာမြို့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မီချိုင်းဗီရာ ဗာအိဒယာသည် ပြည်သူ့အကျိုးဝန်ဆောင်မှုအတွက် ရာမွန်မက်ဆေးဆေးဆုချီးမြှင့်ခံရပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအခန်းကဏ္ဍတွင် ပိုမိုနိုင်မြဲစွာ ပါဝင်လှုပ်ရှားနိုင်စေရေးအတွက် လွတ်လပ်သောကုန်သွယ်ရေးဒေသ အလျှင်အမြန်ထူထောင်ပါရန် ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က အရှေ့တောင်အာရှနိုင်ငံများကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ ကမ္ဘာ့စီးပွားရေး အနေအထားတွင် ဖြစ်ပေါ်ပြောင်းလဲနေ၍ အဆိုပါ ကုန်သွယ်ရေးဒေသဖွဲ့စည်းရေးသည် အရေးတကြီးလိုအပ်နေသည် စသည် ဖြင့် ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ၂၆ ကြိမ်မြောက် အစည်းအဝေး တွင် ဝန်ကြီးချုပ် ချွမ်လီပိုင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏စီးပွားရေးသည် လာမည့်နှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ရာ အာရှတိုက်တွင် စတုတ္ထမြောက် စီးပွားရေးအလျှင်အမြန်ဆုံး တိုးတက်သောနိုင်ငံဖြစ်လိမ့်မည်ဟု ထိုင်းဗဟိုဘဏ်က ကြေညာသည်။ ယင်းကဲ့သို့ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုသည် ကမ္ဘာ့စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်သစ်၏ ပိုမိုလွတ်လပ်သော ကုန်သွယ်ရေးတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုင်းနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင်မူ ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဟု ထိုင်းဗဟို ဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ၁၉၉၄ ခုနှစ် အတွင်း

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၉၉၅ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဖွဲ့စည်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုတို့သည် ထိုင်း စီးပွားရေး တိုးတက်စေရန် အလားအလာကောင်းများ ဖြစ်လိမ့်မည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် အသစ်ပြဋ္ဌာန်းမည့် ဥပဒေအရ ထိုင်းဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်က နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအား ပြောကြားပြီး အကောက်ခွန် နှင့် လူဝင်မှုကြီးကြပ်ရေးကဏ္ဍတို့၌ ရှိနေသေးသော ကြိုးနီစနစ်၏ စည်းမျဉ်းအချို့ကိုလည်း လျှော့ချပစ်မည်ဟု ကတိပြုလိုက်သည်။ ပြန်လည်ပြင်ဆင်ထားသော နိုင်ငံခြားစီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေသည် ထိုင်းနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့် ကိုက်ညီ စေရန် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုနိုင်ငံခြား ကုန်သည်ကြီးများ အစည်းအဝေးပွဲတွင် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဝန်ကြီးချုပ်ချွမ်က ပြောကြား ခဲ့သည်။

စီးပွားရေး လုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို အာဏာပိုင်များက ပြန်လည်သုံးသပ်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံ တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ရိုးစင်းသော စည်းကမ်းများရှိရန်လိုလားကြောင်း၊ နိုင်ငံခြားကုန်သည်ကြီးများအသင်း၏ နေ့လယ်စာ စားပွဲသို့ တက်ရောက်လာကြသော နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ အမေရိကန်မဟုတ်သော ကုန်သည်ကြီးများသည်လည်း ထိုင်း–အမေရိကန် သဘောတူစာချုပ်အရ အမေရိကန်ကုမ္ပဏီများ ရရှိနေသော အထူးအခွင့်အရေးများ ဖျက်သိမ်းရေးကို လိုလားကြောင်း ဥရောပစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံသို့ ၁၉၉၅ ခုနှစ် ပထမသုံးလပတ်အတွင်းက လာရောက်လည်ပတ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ၁၉၉၄ ခုနှစ် အလားတူကာလကထက် ၁၄ ရာခိုင်နှုန်းတိုးလာကြောင်း ထိုင်းကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ ယခုနှစ် ပထမသုံးလအတွင်း လာရောက်ကြသော နိုင်ငံခြားသားခရီးသည် ၁၈,၃၇,၄၄၈ ဦးအနက် အများစုသည် အရှေ့အာရှဒေသမှ ခရီးသည်များဖြစ်သည်။ ယခုနှစ် ပထမသုံးလအတွင်း အရှေ့အာရှဒေသမှ လာရောက်သောခရီးသည် ဦးရေသည် ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းတိုးလာရာ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်၏ ၅၄ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၁၉၉၅ ခုနှစ်အတွင်း ပြည်ပသို့တင်ပို့ရောင်းချမည့် ပို့ကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၅၂ ဘီလီယံ) အထိ တိုးမြှင့်သွားရန် ရည်မှန်းထားသော်လည်း သွင်းကုန်ပမာဏက ပို့ကုန် ထက် ပိုမိုနေဦးမည်ဖြစ်၍ ကုန်သွယ်ရေးလိုငွေပြနေဦးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ်အတွက် ပြည်ပသို့တင်ပို့ရန်လျာထားသော ပို့ကုန်ပမာဏသည် ၁၉၉၄ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်း ပိုမိုလာသည်။ ၁၉၉၄ ခုနှစ်က ပြည်ပသို့တင်ပို့သော ပို့ကုန်တန်ဖိုးသည် ဘတ်ငွေ ၁ ဒသမ ၁၃ ထရီလီယံ (ဒေါ်လာ ၄၅ ဘီလီယံ) ဖိုးရှိသည်။ ၁၉၉၄ ခုနှစ်သည် ထိုင်းနိုင်ငံအတွက် ပြည်ပပို့ကုန်တန်ဖိုးကို ဘတ်ငွေ တစ် ထရီလီယံဖိုးထက် ကျော်လွန်အောင် တင်ပို့နိုင်သော ပထမဦးဆုံးနှစ်လည်း ဖြစ်သည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်အတွက် ပြည်ပမှတင်သွင်းမည့် သွင်းကုန်တန်ဖိုးကို ဘတ်ငွေ ၁ ဒသမ ၅၄ ထရီလီယံ (ဒေါ်လာ ၆၁ ဘီလီယံ) လျာထားသဖြင့် ထိုင်းနိုင်ငံအဖို့ ၁၉၉၅ ခုနှစ် ပြည်ပကုန်သွယ်မှု၌ ကုန်သွယ်မှုလိုငွေ ဘတ် ၂၄၁ ဘီလီယံ (ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ) ဖြစ်ပေါ်စရာရှိနေသည်။ ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အများစုသည်ကုန်ချောပစ္စည်းများဖြစ်သော်လည်း နိုင်ငံလူဦးရေ ၅၉ သန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာစိုက်ပျိုး ရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။

သင့်ဘ၀ – ဦးရဲလွင်

**နိုဟောက်ဖုန်ဆဗန် (ခရစ် ၁၉၁၄ – )။** ။မစ္စတာ နိုဟောက်ဖုန်ဆဗန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မော့ဒ်ဒါဟန်ပြည်နယ်၊ မော့ဒ်ဒါဟန်ခရိုင်၊ ဘန်ဖာလောခါရှိ လယ်သမားမိသားစုမှ ၁၉၁၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။



မစ္စတာနိုဟောက်ဖုန်ဆဗန်

၁၉၄၆ ခုနှစ်တွင် မစ္စတာ နိုဟောက်ဖုန်ဆဗန်သည် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး နောက် ၁၉၅၀ ပြည့်နှစ်၌ အင်ဒိုချိုင်းနားကွန်မြူနစ် ပါတီ၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၎င်းနောက် ၁၉၅၅ ခုနှစ် တွင် လာအိုပြည်သူ့ပါတီသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၆ – ၄၉ ခုနှစ်အတွင်း အရှေ့ပိုင်းဒေသ လာအို ခုခံရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် လာအိုခုခံရေးအစိုးရ၏ စီးပွားရေး ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဗီယန်ဂျင်းအစိုးရနှင့် စေ့စပ်ဆွေးနွေးရာတွင် ပသက် လာအိုဘက်မှ ကိုယ်စားပြုခဲ့သည်။

လာအိုပြည်သူ့ပါတီကို ၁၉၅၅ ခုနှစ်တွင် စတင် တည်ထောင်ရာတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေး ချယ်ခြင်းခံရသည်။ တစ်ဖန် ၁၉၅၈ ခုနှစ်တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အစိုးရအဖွဲ့အတွင်းမှ ဘုရင်လိုလားသော အုပ်စု၏ ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ခြင်းကို အခြားခေါင်း ဆောင်များနှင့်အတူ ခံရသည်။

၁၉၆၀–၆၂ ခုနှစ်အတွင်း ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် စေ့စပ်ညှိနှိုင်းမှုများတွင် လာအိုမျိုးချစ်အင်အား စု ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပါတီဖွဲ့စည်းပုံ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စများ ကို ကွပ်ကဲကြီးကြပ်ရသော ပါတီဗဟိုကော်မတီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်ဖြစ်လာသည်။ ၎င်းနောက် ၁၉၇၂ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ ဒုတိယအကြိမ်ညီလာခံတွင် ပါတီဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်လာသည်။

ဤသို့ဖြင့် မစ္စတာနိုဟောက်ဖုန်ဆဗန်သည် ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ တတိယအကြိမ်မှ ပဉ္စမအကြိမ်အထိ ပါတီညီလာခံ များတွင် ပါတီဗဟိုကော်မတီနှင့်ပေါ်လစ်ဗျူရို အဖွဲ့ဝင် အဖြစ် ဆက်လက်ပါဝင်ခဲ့သည်။

၁၉၈၂–၈၉ ခုနှစ်တွင် ပထမ–ဒုတိယ ဥက္ကဋ္ဌနှင့် ဝန်ကြီးများကောင်စီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ထားခြင်းခံရသည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံ၏ အမြင့်ဆုံး (ဒုတိယအကြိမ်မြောက် ဥပဒေပြု)ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်းခံရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရေး ကော်မတီကိုလည်း ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံ၏ အမြင့်ဆုံး ပြည်သူ့လွှတ်တော်၏ အထူးညီလာခံတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ သမ္မတကြီး အဖြစ် တင်မြှောက်ခြင်းခံရသည်။ တစ်ဖန် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပထမအကြိမ် အမျိုးသား လွှတ်တော်၏ ပထမအကြိမ်ညီလာခံတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီးအဖြစ် ပြန်လည် တင်မြှောက်ခြင်းခံရသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်မှုများ (၁၉၉၅)။** ။နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ် ခံယူပြီး ၁၉၈၉ ခုနှစ်မှ

စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် လုပ်ငန်း ကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနများ ညှိနှိုင်း ပေါင်းစပ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

**နယ်စပ်ဒေသ ပင်မ စီမံကိန်း**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ပေးနိုင်ရန် နယ်စပ်ဒေသ ပင်မ စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပ ခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးက အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

နယ်စပ်ဒေသ ပင်မ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည် ချက်များနှင့် အညီ နယ်စပ်ဒေသရှိ တိုင်းရင်း သား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့ကို ထိန်းသိမ်းရန်

တို့ဖြစ်သည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို ၁၉၉၃-၉၄ ဘဏ္ဍာ နှစ်မှ ၁၉၉၅-၉၆ ဘဏ္ဍာနှစ်အထိ ပထမနှစ်တို သုံးနှစ်၊ ၁၉၉၆-၉၇ ဘဏ္ဍာ နှစ်မှ ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်အထိ ပထမနှစ်လတ် လေးနှစ်၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာ နှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် အထိ ဒုတိယလေးနှစ် စုစုပေါင်း စီမံကိန်းကာလ ၁၁ နှစ် သတ်မှတ်ထားသည်။

နယ်စပ်ဒေသ ပင်မစီမံကိန်းကို အဓိကလုပ်ငန်း ကဏ္ဍကြီး သုံးရပ်ခွဲခြားရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပထမလုပ်ငန်း ကဏ္ဍဖြစ်သည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ များ တည်ဆောက်မှု ကဏ္ဍတွင် လမ်းပန်းနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်း၊ ဒုတိယ လုပ်ငန်းကဏ္ဍဖြစ်သည့် လူမှုရေးနှင့်စီးပွားရေးကဏ္ဍတွင် ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဝင်ငွေရရှိရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမ လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် သတ္တုရှာဖွေတူးဖော်ရေး လုပ်ငန်း၊ တတိယ လုပ်ငန်းကဏ္ဍတွင် သီးခြားလုပ်ငန်းများ ဖြစ်သည့် အိမ်တွင်းအသက်မွေးမှုသင်တန်းကျောင်းများ၊ နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေး ကျောင်းများ၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်း စသည်တို့ ပါဝင်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှုများ**

၁၉၉၄-၉၅ဘဏ္ဍာနှစ်အတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုကဏ္ဍ လျာထားချက်များအနက် လမ်း၊ တံတား တည် ဆောက်ရေး လုပ်ငန်းတွင် ၈၉ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး လုပ်ငန်းတွင် ၉၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး လုပ်ငန်းတွင် ၈၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် စွမ်းအင်လုပ်ငန်း တွင် ၅၅ ဒသမ ၇၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယကဏ္ဍတွင် ပါဝင်သည့် လူမှုရေးလုပ်ငန်းများအနက် ထပ်မံဖွင့်လှစ်မည့် ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ အတွက် လိုအပ်မည့် ဝန်ထမ်းများ အပြည့်အစုံ ခန့်ထား နိုင် ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ပင်မစီမံ ကိန်း၏ ရာခိုင်နှုန်း ၁၆၀ အကောင်အထည်ဖော်ရန် လျာထားသည့် အနက် ၁၁၂ ရာခိုင်နှုန်း အကောင်အထည် ဖော် နိုင်ခဲ့ပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုလျာထားချက် များအနက် လယ်ယာလုပ်ငန်းတွင် ၁၁၆ ဒသမ ၆၆ ရာခိုင် နှုန်း၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းတွင် ရာခိုင်နှုန်း ၁၆၀ နှင့် မွေးမြူရေးလုပ်ငန်းတွင် ၈၆ ဒသမ ၁၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေ လျာထားချက် မရှိသော်လည်း သတ္တုရိုင်းများ တည်ရှိရာ နေရာများ

ဖြစ်သည့် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ရှမ်းဒေသများတွင် စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အနေအထားများ စူးစမ်းရှာဖွေလျက် ရှိသည်။

**နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ခင်းဖွံ့ဖြိုးရေးအတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အမေရိကန် ဒေါ်လာ ၁၄,၀၀၀ ထောက်ပံ့ခဲ့သည်။ ထို့ပြင် အပြည်ပြည် ဆိုင်ရာ တောင်တန်းဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အထောက်အပံ့ဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် တောင်စောင်းစိုက်ပျိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပနိုင် ရေးနှင့် သစ်တောထိန်း သိမ်းရေး စီမံကိန်းဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းစိစဉ်လျက် ရှိသည်။

နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှုစီမံကိန်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စီမံကိန်းကာလ ကုန်ဆုံး ခဲ့သော်လည်း နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စေတနာအမှန်နှင့် ဆောင်ရွက်ပေးခဲ့ ခြင်းကြောင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်က အမေရိကန် ဒေါ်လာ ၂၆၀,၀၀၀ ထပ်မံထည့်ဝင်ပေးပြီး နယ်စပ်ဒေသ လူထုဖွံ့ဖြိုးမှု စီမံကိန်းကို နောက်ထပ်ခြောက်လတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ လူထု ဖွံ့ဖြိုးမှု စီမံကိန်းသည် ကိုးကန့်ဒေသ လောက်ကိုင်နှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၀ ရွာတွင် ရေရရှိရေး လုပ်ငန်းများ၊ သက်မွေးပညာရပ်များဖြစ်သည့် အပ်ချုပ်သင်တန်း၊ ပရိ ဘောဂ နှင့် လက်သမားသင်တန်း၊ စက်မှုနှင့် စက်ပြင် သင်တန်း များ ဖွင့်လှစ်ခြင်း၊ ကာမိုင်းကျေးရွာရေအားလျှပ်စစ်တပ် ဆင်ရေး လုပ်ငန်းတို့ကို ဆောင်ရွက် ရန် စီမံထားပြီး ဖြစ်သည်။

"ဝ" ဒေသတောင်ပိုင်း ဟိုတောင်းရှေ့ပြေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၃၄၈,၀၈၅ နှင့် နိုင်ငံတော်က ငွေကျပ် ၉၃,၅၀၀ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သတ်မှတ်စီမံကိန်းကာလ တစ်နှစ် ကုန်ဆုံးမည် ဖြစ်သည်။ ထို့ပြင် "ဝ"ဒေသတောင်ပိုင်း ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းကြီး ရေးဆွဲနိုင်ရန် လူမှုစီးပွားရေး စစ်တမ်း ကောက်ယူရေး လုပ်ငန်းကိုလည်း ဆောင်ရွက်လျက် ရှိသည်။

တာချီလိတ်မြို့နယ် အဒီးနှင့် ဆန်လူး ဒေသများတွင် ကျေးလက်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်က အမေရိကန်ဒေါ်လာ ၂,၂၉၂,၄၃၈ နှင့်နိုင်ငံတော်က ငွေကျပ် ၅၈ သိန်း၊ မိုင်းယန်းမြို့နယ် ဆီလူးဒေသ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်း စီမံကိန်းကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၄,၀၆၆,၆၅၅ နှင့် နိုင်ငံတော်က ငွေကျပ် ၁၁၅ သိန်းနှင့် မိုင်းယန်း–ဆီလူး–နန့်လန်လမ်းအတွက် ငွေကျပ် ၂၆ သန်းထည့်ဝင်ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်း ကာလ သုံးနှစ်ဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခြင်းကြောင့် ၁၉၉၆ ခုနှစ်တွင် စီမံကိန်း ပြီးဆုံးမည် ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရေးအတွက်( 2 KR Second Kennedy Round ) အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ယန်းသန်း ၁,၀၀၀ ထောက်ပံ့သည့် စာချုပ်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းထောက်ပံ့ငွေဖြင့် ဓာတ်မြေဩဇာ၊ လယ်ထွန်စက်နှင့် စိုက်ပျိုးရေး အတွက်လိုအပ်မည့် သွင်းအားစု ပစ္စည်းများ ဝယ်ယူ နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကိုးကန့်နှင့် "ဝ" ဒေသတွင် စီမံချက်ချမှတ်ဆောင်ရွက်နေသည့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်သည်။

**လုပ်ငန်းဆပ်ကော်မတီများတိုးချဲ့ဖွဲ့စည်းခြင်း**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ၃/၉၄ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးတည်ပြီး လုပ်ငန်းဆပ်ကော်မတီ ၁၃ ခုမှ လုပ်ငန်း အမျိုးအစားအလိုက် လမ်းတံတား လုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေး

လုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေး လုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး လုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေး ဆိုင်ရာ လုပ်ငန်း ဆပ် ကော် မတီနှင့် လူမှုဝန်ထမ်းနှင့်သမ ဝါယမလုပ်ငန်း ဆပ်ကော်မတီ ဟူ၍ လုပ်ငန်း ဆပ် ကော်မတီ ၁၈ ခုအထိတိုးချဲ့ဖွဲ့စည်း ဆောင်ရွက် လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက် အောက်အပြန်အလှန်တင်ပြရသည့် အဆင့်များ နည်းနိုင် သမျှ နည်းစေရန်၊ လုပ်ငန်းကို အချိန် ကြန့်ကြာမှု မရှိစေဘဲ မြန်မြန်ဆန်ဆန် သွက်သွက် လက်လက် ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး လုပ်ငန်း ဆပ်ကော်မတီ ၁၄ ခု၏ ဥက္ကဋ္ဌများကို ဒုတိယဝန်ကြီးများအား ပြင်ဆင်ဖွဲ့စည်း ခန့်ထားတာဝန်ပေး ပြီးဖြစ်သည်။

## ကျပ်သန်း ၂,၅၀၀ ကျော် သုံးစွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဝန်ကြီးဌာနရန်ပုံငွေများ အပါအဝင် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏသည် လုပ်ငန်းကော်မတီရုံးနှင့် ရုံးခွဲများအတွက်ကျပ် ၂၈ ဒသမ ၁၂ သန်း၊ စိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်းတွင်ကျပ် ၁၄၇ ဒသမ ၆၆ သန်း၊ မွေးမြူရေးလုပ်ငန်းတွင် ကျပ် ၁၀၁ ဒသမ ၀၂ သန်း၊ လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျပ် ၇၆၀ ဒသမ ၆၇ သန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် ကျပ် ၂၂၅ ဒသမ ၅၈ သန်း၊ ကုန်သွယ်ရေးနှင့်သမဝါယမလုပ်ငန်းတွင် ကျပ် ၆၆ ဒသမ ၇၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ကျပ် ၁၃၀ ဒသမ ၉၈ သန်း၊ စွမ်းအင်လုပ်ငန်းတွင် ကျပ် ၁၄၈ ဒသမ ၀၃ သန်း၊ ကျန်းမာရေးလုပ်ငန်းတွင် ကျပ် ၁၄၁ ဒသမ ၅၄ သန်း၊ ပညာရေးလုပ်ငန်းတွင် ကျပ် ၁၇၈ ဒသမ ၀၂ သန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းတွင် ကျပ်၁၉၆ ဒသမ ၂၃ သန်း၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတွင် ကျပ် ၃၈ ဒသမ ၁၁သန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းတွင် ကျပ် ၂၂ ဒသမ ၀၆ သန်း၊ နယ်စပ်ဒေသ လူထုဖွံ့ဖြိုးရေးစီမံကိန်းတွင် ကျပ် ၀ ဒသမ ၇၇ သန်း၊ အထွေထွေလုပ်ငန်းများတွင် ကျပ် ၄၆ ဒသမ ၄၂ သန်း၊ ထောက်ပံ့ငွေအသုံးစရိတ်သုံးစွဲမှုတွင် ကျပ် ၃၆၀ ဒသမ၇၂ သန်း၊ စုစုပေါင်းငွေကျပ် ၂,၅၉၂ ဒသမ ၆၇ သန်း ဖြစ်သည်။

**ဦးစိုးအောင်**



**ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ။** ။ပါကစ္စတန် နိုင်ငံတွင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလအတွင်း ပါကစ္စတန် မြောက်ပိုင်းဒေသများ ဖြစ်ကြသည့် မာလာကဲန့်နှင့် ဆွတ်တို့တွင် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရန် အတင်းအကျပ် လုပ်ဆောင်သည့် လူမျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများကြောင့် ခန့်မှန်းခြေလူပေါင်း ၂၀၀ သေဆုံးခဲ့ရသည်။ ယင်းသေဆုံးမှုတွင် လက်ရှိအာဏာရ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကိုယ်စားပြုသည့် အနောက်မြောက် နယ်ခြားဒေသ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်း ပါဝင်ပေသည်။

၁၉၉၄ ခုနှစ် မေလတွင် အလားတူဖြစ်ရပ်မျိုးကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ရပြီး နောက်ပိုင်းတွင် ယင်းဒေသ၌ မျိုးနွယ်စုရေးရာ မငြိမ်မသက်မှုများ ဆိုးဝါးစွာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့်အတွက် မော်လနာစူဖိမိုဟမ္မက် ဦးဆောင်သည့် အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေး လှုပ်ရှားမှုအဖွဲ့ကို အစိုးရက အပြစ်တင်ခဲ့သည်။ နိုင်ငံရေး လေ့လာဆန်းစစ်သူများက ရာစုနှစ်တစ်နှစ်ထက် ကျော်လွန်စွာ အဆိုပါဒေသ၌ ပြဋ္ဌာန်းခဲ့သော ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများကို ဖျက်သိမ်းရန် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုတရားရုံးက ဆုံးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေရေးရာဆိုင်ရာ ကြားဟာနေမှုက အစ္စလာမ္မစ် ဥပဒေပြဋ္ဌာန်းရေးကို ဆောင်ရွက်ရန် တောင်းဆိုနေမှုကို အားပေးအားမြှောက်ပြုသလို ဖြစ်နေပေသည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့က မြောက်ပိုင်း ဆွတ်ဒိစတြိတ် ဒေသတွင် လူမျိုးနွယ်စုခန့်မှန်းခြေ ၂,၅၀၀ ခန့်တို့က အထက်တန်းတရားသူကြီး နှစ်ဦးအပါအဝင် လူအမြောက်အမြားအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး မာလာကဲန့်သို့ သွားရာလမ်းများအားလုံးကို ပိတ်ဆို့ခဲ့သည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်ဝန်ကြီး အက်ဖ်တက်အာမက်ခန်ရှာပါအိုက အစ္စလာမ္မစ်ဥပဒေကို ပြည်နယ်အုပ်ချုပ်ရေးနှင့် စပ်ဆိုင်သည့် မာလာကဲန့်နှင့် ကိုဟစ်စတန် လူမျိုးနွယ်စုဒေသ



**ကရာချိမြို့တွင် မငြိမ်မသက်မှုများအနက် ကားဗုံးဖောက်ခွဲခံရသည့် အကြမ်းဖက် တိုက်ခိုက်မှု တစ်ခု**

တစ်လျှောက်တွင် ပြဌာန်းမည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ရုံးထိုင်စစ်ဆေးကြားနာခြင်းများနှင့် အောက်ရုံးတရားသူကြီး များ နေရာတွင် အစ္စလာမ့်စ်ဥပဒေရေးရာ ကျွမ်းကျင်သူများ ဖြင့် အစားထိုးရန် အမိန့်တစ်ရပ်ဖြင့် အသေးစိတ် ဖော်ပြကြေညာခဲ့သည်။ သို့ဖြစ်လင့်ကစား အဆိုပါ ကြေညာချက် မှာ အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ အကြောင်း မှာ ယခင်က အလားတူ ဆောင်ရွက်ပေးမည်ဟု ပြောကြားထားသည့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်မဆောင် ရွက်ခဲ့ခြင်း ကြောင့် ဖြစ်သည်။

၁၉၉၄ ခု နှစ်၊ နိုဝင်ဘာ ၄ ရက်နေ့တွင် ဒုံးကျည် လက်နက်များ၊ လက်ပစ်ဗုံးများ အသုံးပြုကာ စစ်ရဲတပ်ဖွဲ့များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီးနောက် လူမျိုးနွယ်စုများက ဒိစတြိတ်မြို့တော် ဆိုင်ဒူရှရစ်နှင့် လေဆိပ်ကို သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း လူ ၂၀ ဦး သေဆုံးရာ ပါကစ္စတန်ပြည်သူ့ပါတီမှ အနောက်မြောက် နယ်ခြား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဘာဒီအူဇာမန် ပါဝင်ခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် စစ်ရဲတပ်ဖွဲ့များက လေဆိပ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းကာလ အတွင်း လူမျိုးနွယ်စုများ၏ ပုန်ကန်ထကြွမှုသည် အနီးအနား ဒေသများဖြစ်သည့် ဒါ၊ ချီထရယ်၊ ဟာဇာရာ၊ ကိုဟီစတန်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေး လူမျိုးနွယ်စု ဒေသဖြစ်သည့် အာဖဂနိစတန်နိုင်ငံနှင့် နယ်စပ်ခြင်း ထိစပ်နေသည့် ဘာဂျာအာအထိ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

နိုဝင်ဘာ ၈ ရက်နေ့တွင် စူဖိမိုဟာမွက်က အပစ်အခတ် ရပ်စဲရေး ကြေညာပြီးနောက် ဓားစာခံ ၅၀ ဦးအား လွှတ်ရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် လူမျိုးနွယ်စုအများ အပြားက အပစ်အခတ်ရပ်စဲရေးကို လက်ခံရန် ငြင်းဆိုခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဘာဂျာအာတွင် စစ်ရဲတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည်။ သူပုန်များက တရုတ်နိုင်ငံသို့သွားရာ မဟာဗျူဟာအရ အရေးပါသည့် ကာရာကိုရမ် အဝေးပြေး လမ်းမကြီးကို ယာယီပိတ်ဆို့ခဲ့သည်။

အခြားတစ်ဖက်တွင် ကရာချိမြို့၌ နိုင်ငံရေးမငြိမ်မသက် ဖြစ်မှုများနှင့် အကြမ်းဖက်မှုများ အရှိန်မြင့်တက်ဖြစ်ပွားခဲ့ရာ သက်သာလျော့ပါးသွားမည့် အရိပ်လက္ခဏာ မတွေ့မြင်ရပေ။ မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) ၏ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်နေ့တွင် မိုဟာဂျာကွာအူမီ လှုပ်ရှားမှု (အမ်ကျူအမ်) အဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦး အသတ်ခံရပြီးနောက် ဆက်လက်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့သည်။ နိုဝင်ဘာ ၁၉ နှင့် ၂၀ ရက်နေ့များတွင်လည်း မငြိမ်မသက်မှုများ

ဆက်လက်ဖြစ်ပွားပြီး လူ ၁၃ ဦး သေဆုံးကာ နိုဝင်ဘာ ၂၆ ရက်နေ့တွင် လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။

ယင်းသို့ ရှိနေသည့်အထဲတွင် ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အတိုက်အခံပါတီခေါင်းဆောင် နာဝပ်ဇ် ရှရစ်ဖ်တို့အကြား ပုဂ္ဂိုလ်ရေးရာ အပြန်အလှန်ထိုးနှက် တိုက်ခိုက်မှုများကလည်း ရှိနေသေးသည်။ နိုဝင်ဘာ ၁၃ ရက်နေ့တွင် အတိုက်အခံခေါင်းဆောင်နှင့် ယခင်ဝန်ကြီးချုပ်ဟောင်း နာဝပ်ဇ်ရှရစ်ဖ်၏ ဖခင်ဖြစ်သူ မီယင် မိုဟမ္မက်ရှရစ်ဖ်အား လိမ်လည်မှုစွဲချက်များဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့ရာ အတိုက်အခံပါတီများ၏ အမျက်သို့မှု ကို ဝန်ကြီးချုပ် ဘီနဇာဘူတို ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်နေ့တွင် ဖမ်းဆီးထားသော မိုဟမ္မက်ရှရစ်ဖ် ကို ပြန်လည်လွှတ်ပေးခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး ပူးတွဲ ကျင်းပခဲ့ရာ သမ္မတ ဖာအူးလက်ဟာရီ မိန့်ခွန်းပြောကြား နေစဉ် အတိုက်အခံအမတ်များက အစိုးရအား ဆဲရေး ကျိန်ဆို တိုက်ခိုက်ခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ဘီနဇာဘူတိုက အတိုက်အခံများနှင့် ငြိမ်းချမ်းရေး ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ကရာချိမြို့၌ ဖြစ်ပွားလျက်ရှိသည့် လူမျိုးစုရေးနှင့် ဂိုဏ်းဂဏရေး အကြမ်းဖက်မှုများသည် ပိုမိုအရှိန်မြင့်တက်လာခဲ့သည်။ အတည်ပြုချက် မရရှိသေးသော သတင်းများအရ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ၁၉၉၄ ခုနှစ် နှစ်ဦးပိုင်းမှစပြီး လူပေါင်း ၆၅၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြင့်တက်လာရခြင်းမှာ ဆင်းပြည်နယ်တွင် ၁၉၉၂ ခုနှစ် ဇွန်လကတည်းက တပ်စွဲ ချထားခဲ့သည့် စစ်တပ်ကို ရုပ်သိမ်းကြောင်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်နှင့် တိုက်ဆိုင်နေပေ သည်။ အရပ်သားများအပေါ် အလွန်အကျွံပြုမူခဲ့သည့် စွပ်စွဲချက်များအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်မှုများ ရှိခဲ့လင့်ကစား ဆင်းပြည်နယ်တွင် ချထား သော စစ်တပ်အနေဖြင့် ပြိုင်ဘက်နိုင်ငံရေးနှင့် ဂိုဏ်းဂဏ အုပ်စုများ နှစ်ဖက်တပ်ခင်း၍ သဲသဲမဲမဲတိုက်ခိုက်ခြင်းကို ထိန်းချုပ်ဆောင်ရွက်ခဲ့သည်ဟု ယေဘုယျအားဖြင့် အသိ အမှတ်ပြုသည်။

**လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့မှ သံချပ်ကာ ကားများက ကင်းလှည့် စောင့်ကြပ်နေစဉ်**



ယခု လောလောဆယ် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများမှာ အူရဒူဘာသာစကား ပြောဆိုခြင်းကို ထောက်ခံသည့် လူမျိုးစုအဖွဲ့၊ မိုဟာဂျာကွာအူမိ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) တို့၏ ဆန့်ကျင်ဘက် အုပ်စုများကြောင့်လည်းကောင်း၊ စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီအုပ်စုများကြား ဂိုဏ်းဂဏရေး ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လည်းကောင်း ဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ဆိုကြသည်။

ဤသို့ဖြင့် အချင်းဖြစ်ပွားလျက်ရှိသော မငြိမ်မသက်မှုများ၏ အကြောင်းရင်းကို စုံစမ်းရန် နိုင်ငံရေးပါတီပေါင်းစုံပါဝင်သည့် ပါလီမန်ကော်မတီတစ်ရပ် ဖွဲ့စည်းထူထောင်ရန် အမျိုးသားလွှတ်တော်က ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ပါကစ္စတန်အစိုးရသည် အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှု များကို အားပေးအားမြှောက်ပြုနေသည်ဟု စွပ်စွဲပြီးနောက် ကရာချိမြို့တော်ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အိန္ဒိယကောင်စစ်ဝန်ရုံး အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ ထွက်ခွာခဲ့သည်။ သို့ဖြစ်ရာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ၏ လုပ်ရပ်ကို တုံ့ပြန်သောအားဖြင့် အိန္ဒိယနိုင်ငံကလည်း နယူးဒေလီမြို့ရှိ ပါကစ္စတန် အဆင့်မြင့် ကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး ရုပ်သိမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်နေ့တွင် အမိန့်ထုတ်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံက အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယစစ်တပ်မှ စစ်သည်အရေအတွက် သိသိသာသာ လျှော့ချရေး ပါဝင်သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ပါကစ္စတန်နိုင်ငံဘက်က ကြိုတင်စည်းမျဉ်း သတ်မှတ်ချက်ကိုလည်း ပယ်ချခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နေ့တွင် အလည်အပတ်ရောက်ရှိလာသောဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလတ်စ်ဟာဒ်က ကက်ရှ်မီးယားဒေသ အငြင်းပွားမှုပြဿနာ ဖြေရှင်းရေးသည် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းထက် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးခြင်း အပေါ်တွင်သာ တည်မှီနေကြောင်း ပြောကြားခဲ့ရာ ကက်ရှ်မီးယားပြဿနာ အငြင်းပွားမှုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာ ခဲ့သည်။ ဒေါက်ကလတ်စ်ဟာဒ်၏ ပြောကြားချက်ကို တုံ့ပြန်ရာတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ကက်ရှ်မီးယားဒေသတွင် ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်မည့် အများဆန္ဒဖြင့် မဲပေးဆုံးဖြတ်ခြင်းကို တိုက်တွန်းထားသော ၁၉၄၉ ခုနှစ် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးရန် ဆက်လက် ဖိအားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဝီလီယမ်ပယ်ရီ လာရောက်ခဲ့စဉ်အတွင်း အမေရိကန်–ပါကစ္စတန် နှစ်နိုင်ငံ စစ်ကော်မရှင် ပြန်လည်လှုပ်ရှား ဆောင်ရွက်ရေးကို ကြေညာခဲ့သည်။ ယင်းကြေညာချက်နှင့်အတူ အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကို တရားဝင် ပြန်လည်ထူထောင်ခဲ့သည်။

အဆိုပါ ပူးတွဲစစ်ကော်မရှင်ကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် အာဖဂနိစတန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲအရှိန် အမြင့်မားဆုံး အချိန်ဖြစ်သည့် ၁၉၈၄ ခုနှစ်က ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ ပေးရန်ရှိသည့် စီးပွားရေးနှင့် စစ်ရေး အကူအညီများကို ရပ်ဆိုင်းရန် ပရက်စ်လာ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းခဲ့ပြီးနောက် အထက်ပါ ပူးတွဲစစ်ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်မှုများကို ရပ်ထားခဲ့သည်။ ယခု အသစ်ပြန်လည်ထူထောင်လိုက်သည့် ပူးတွဲစစ်ကော်မရှင်အနေဖြင့် စစ်ရေးဆိုင်ရာ လေ့ကျင့်မှုများ၊ သင်ကြားမှုများ၊ အတွေ့အကြုံဖလှယ်မှုများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများကိုသာ အလေးပေးလုပ်ဆောင်သွားမည်ဟု ဆိုသည်။ သို့ရာတွင် ဤသို့ ပူးတွဲစစ်ကော်မရှင် ပြန်လည်ထူထောင်ခြင်းသည် အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် အစပျိုးခြင်း ဖြစ်သည်ဆိုသည့် တွက်ဆမှုများကိုမူ အမေရိကန်အရာရှိများက ခိုင်ခိုင်မာမာ ငြင်းဆိုခဲ့သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ အဆိုပါ စစ်ကော်မရှင်အနေဖြင့် အမေရိကန် အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ မပေးပို့သည့်ကိစ္စနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုကို ဖြေရှင်းရန် ထိပ်တန်းဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်ဟုဆိုသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား ပိတ်ဆို့အရေးယူမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စစ်

လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ယင်းသို့ ဖြစ်ပွားပြီးကတည်းက ဤကိစ္စမှာ နှစ်နိုင်ငံ ဆက်ဆံရေး စေ့စပ်ညှိနှိုင်းမှုများ၏ အဓိကကျသည့် ပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။ ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇီရ ဘူတိုကလည်း အက်ဖ် – ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်၊ သို့မဟုတ်ပါကလည်း အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ် ၃၂ စင်းအတွက် ပါကစ္စတန်နိုင်ငံက ပေးချေပြီးဖြစ်သည့် အမေရိကန် ဒေါ်လာသန်း ၆၅၀ ကို ပြန်အမ်းရန် တိုက်တွန်းပြောကြားခဲ့သည်။

ကရာချိမြို့၌ မတ်လအတွင်း ဆက်လက်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် လူ ၁၂၀ ကျော် သေဆုံးခဲ့ရပြန်သည်။ အကြမ်းဖက်မှု ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မိုဟာဂျာကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) အတွင်း အကွဲအပြဲ ဖြစ်ခြင်းနှင့် စစ်သွေးကြွ ရှီယိုက်နှင့် ဆွန်နီမူဆလင် အုပ်စုများအကြား အငြင်းပွားမှုများကြောင့် ဖြစ်သည်။

မတ်လ ၈ ရက်နေ့တွင် အမည်မသိ သေနတ်သမားနှစ်ဦးက အမေရိကန်အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ သည်။ ဤဖြစ်ရပ်မှာ အကြမ်းဖက်မှုများအတွင်း ပထမဆုံး အသတ်ခံရသည့် အနောက်နိုင်ငံသားများ ဖြစ်ကြသည်။ အသတ်ခံရသူများမှာ အမေရိကန် ကောင်စစ်ဝန်ရုံးတွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်သည်ဟု သိရှိရသည်။ အခြား အမေရိကန် အမျိုးသားတစ်ဦးမှာမူ ဒဏ်ရာရရှိခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ၁၉၉၃ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန အဆောက်အအုံကို ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး အဓိကပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် စွပ်စွဲခြင်းခံရသည့် အစ္စလာမ္မစ်စစ်သွေးကြွပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ရမ်ဇီအာမက်ယိုဆက်ဖ်အား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်း အတွက် လက်တုံ့ပြန်မှုတစ်ရပ် ဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ဘီနဇီရဘူတိုကလည်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ထံသို့ စာတစ်စောင် ရေးသားပြီး ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ရာ အထက်ပါ တိုက်ခိုက်မှုမှာ ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသည့် ကရာချိမြို့တော်တွင် ကြောက်ရွံ့မှုနှင့် အနှောက်အယှက် အဟန့်အတားဖြစ်စေရန် အစီအစဉ်တကျ လုပ်ဆောင်သည့် အကြမ်းဖက်မှုတစ်ရပ် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သမ္မတ ကလင်တန်က ပါကစ္စတန်အစိုးရအား အပြစ်မတင်သော်လည်း ယင်းတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် အမေရိကန် အစိုးရက အဆိုပါ တိုက်ခိုက်မှုကို စုံစမ်းရန် အက်ဖ်ဘီအိုင် အဖွဲ့ဝင် ၅၀ ဦး ပါဝင်သော အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ကို ပါကစ္စတန်နိုင်ငံသို့ ပို့လွှတ်ခဲ့သည်။ ထို့ပြင် လူသတ်တရားခံများနှင့် စပ်လျဉ်းပြီး သတင်းပေးနိုင်မည်ဆိုပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ကိုလည်း ကမ်းလှမ်းခဲ့သည်။

မတ်လ ၂၁ ရက်နေ့တွင် ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့တွင်းနှင့် မြို့ဝန်းကျင်တွင် ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များနှင့် အက်ဖ်ဘီအိုင်အဖွဲ့တို့ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်စစ်ဆေးခဲ့ရာ လူပေါင်း ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ဆက်လက်ပြီး မတ်လအတွင်းတွင် အာမက်ယိုဆက်ဖ်၏ အပေါင်းအပါ ၃၀ ဦးကို ဆက်လက် ဖမ်းဆီးခဲ့သည်။

ဝန်ကြီးချုပ် ဘီနဇီရဘူတိုကလည်း ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပြုခဲ့သည်။ ရဲတပ်ဖွဲ့ကလည်း အစွန်းရောက် လုပ်ရပ်များတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူ လူပေါင်း ၃၅၀ ကျော်ကို ဖမ်းဆီးပြီး လက်နက်အများအပြားကို သိမ်းဆည်းခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများလည်း ရှိခဲ့ပြန်သည်။ ဤသို့ ဖြစ်ပေါ်လျက် ရှိသည့် အကြမ်းဖက်မှုများက ဝန်ကြီးချုပ် ဘီနဇီရဘူတို၏ ဆောင်ရွက်နေမှုကို မယုံကြည်သည့် စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စီးပွားရေးကြော်ငြာများ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ကရာချီစတော့ရှယ်ယာ အရောင်းအဝယ် ဈေးကွက်တွင်လည်း စတော့ရှယ်ယာဈေးနှုန်းများ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ မတ်လ ၂၅ ရက်နေ့တွင် စက်မှုလုပ်ငန်းနှင့် ကုန်သည်ကြီးများအဖွဲ့ ဖက်ဒရေးရှင်းက အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အစိုးရက ပျက်ကွက်သည်ကို ကန့်ကွက်ဆန္ဒပြရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

မတ်လ ၃၀ ရက်နေ့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားရာတွင် ဝန်ကြီးချုပ် ဘီနဇီရဘူတိုက ရာဇဝတ်မှု

များအား သက်ညှာမည်မဟုတ်ဟု သူမ၏ကတိပြုချက်ကို ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင် ကရာချိမြို့ လမ်းမများပေါ်တွင် စစ်တပ်ကို ချထားမည်မဟုတ်ဟု ကတိပြုခဲ့သည်။ သူမ၏ ဝေဖန်ပြောဆိုချက်များသည် မိုဟာဂျာကွာအူမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်) ကို ဦးတည်ပုံရှိသော်လည်း အကြမ်းဖက်မှုများမှာ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ကြသူများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းသို့ ရှိနေစဉ် ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် စိတ်ဝမ်းကွဲပြားလျက်ရှိသော မောင်ဖြစ်သူ မာတာဇာဘူတိုက ပါကစ္စတန် ပြည်သူ့ပါတီမှ ခွဲထွက်ပြီး ပါတီခွဲဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။ ကရာချိမြို့တွင် ကျင်းပသော လူထုစည်းဝေးပွဲတစ်ခု၌ မာတာဇာဘူတိုက ယခုလောလောဆယ်တွင် ဘီနဇာဘူတို ဦးဆောင်လျက်ရှိသည့် မိမိဖခင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ကို ကယ်တင်လိုကြောင်း၊ ထို့ပြင် ပါကစ္စတန်နိုင်ငံအား ခိုးဆိုးလုယက်စားပြတိုက်သည့် အန္တရာယ်များမှ ကယ်တင်လိုကြောင်း ပြောကြားပြီး လုံခြုံရေးရှိစေရန် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အစိုးရအဖွဲ့ နှုတ်ထွက်ပေးရန်ကိုလည်း တောင်းဆိုခဲ့သည်။

၁၉၉၅ ခုနှစ် ဧပြီလအတွင်းတွင် ပါကစ္စတန် ဝန်ကြီးချုပ် ဘီနဇာဘူတိုသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်မှာ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံသို့ စစ်ရေးနှင့် စီးပွားရေး အကူအညီများပေးခြင်းကို အမေရိကန်က ရပ်ဆိုင်းထားခဲ့ပြီး နောက်ပိုင်း ပါကစ္စတန်ခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးသွားရောက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ဘီနဇာဘူတိုနှင့် အမေရိကန်အစိုးရ ထိပ်တန်းအရာရှိများ၊ ကွန်ဂရက်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြရာ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့အရေးယူခဲ့သည့် ပြဿနာမှာ အဓိကဖြစ်နေခဲ့သည်။ အထက်ပါ ပရက်စ်လာ ပြင်ဆင်ချက်အရ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရန်ရှိသည့် အက်ဖ် – ၁၆ ဂျက် တိုက်လေယာဉ်များ ပေးပို့ခြင်းကို ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါ ဂျက်လေယာဉ်များ ပါကစ္စတန်နိုင်ငံသို့ ပေးပို့ရေးကို ဘီနဇာဘူတိုက အကြိမ်ကြိမ် တိုက်တွန်းပြောကြားခဲ့ပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် စာချုပ်ပါ စည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်ရန်၊ သို့မဟုတ်ပါက ဂျက်လေယာဉ်များအတွက် ပေးချေပြီး ဖြစ်သည့်ငွေကို အမေရိကန်နိုင်ငံက ပြန်အမ်းရန်ကို ပြောကြားခဲ့ပြီး ဖြစ်သည်။ ဘီနဇာဘူတို၏ ကြိုးပမ်းမှုမှာ မအောင်မြင်သော်လည်း ယင်းကိစ္စအရေးနှင့် စပ်လျဉ်းပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် မတရားသဖြင့် ပြုမူခြင်းခံရသည်ဟု အမေရိကန်ဘက်မှ လူသိရှင်ကြား ဖွင့်ဟဝန်ခံချက်ကို ဖြစ်စေခဲ့သည်။ သမ္မတအိမ်ဖြူတော်၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် အမေရိကန် သမ္မတ ဘီလ်ကလင်တန်က ပါကစ္စတန်နိုင်ငံအပေါ် ပြုမူဆောင်ရွက်ချက်မှာ တရားမျှတမှု မရှိကြောင်း၊ ဂျက်လေယာဉ်များ ဝယ်ယူရေးတွင် ပေးချေပြီးဖြစ်သည့် ငွေများကို မိမိတို့ ထိန်းသိမ်းထားသည်မှာ သင့်မြတ်လျော်ကန်သည်ဟု မိမိမယူဆကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဥပဒေအရ ဂျက်လေယာဉ်များ ရောင်းချရေးကို ခွင့်ပြုမိန့် မပေးနိုင်သော်လည်း ပရက်စ်လာပြင်ချက်အား ပြန်လည်သုံးသပ်လေ့လာ စဉ်းစားရေးအတွက် ရီပတ်ပလီကန် အမတ်များ လွှမ်းမိုးသည့် ကွန်ဂရက်နှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ကလင်တန်က ကတိပြုပြောကြားခဲ့သည်။

အမေရိကန် အထက်လွှတ်တော်တွင် ရီပတ်ပလီကန် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရောဘတ်ဒိုးကလည်း ဘီနဇာဘူတိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၄င်းအနေဖြင့် ပါကစ္စတန်နိုင်ငံသို့ အကူအညီများ ပြန်လည်ပေးရန် ဘီနဇာဘူတို၏ ပန်ကြားချက်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခြားတစ်ဖက်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် မူးယစ်ဆေးဝါး စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုတွင် အလိုရှိလျက်ရှိသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် သံသယရှိသူနှစ်ဦးအား ပါကစ္စတန်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

ဦးမြလင်း

**ပဏ္ဍိတ သိရီ၊ ဆရာတော် ဘ ဒ္ဒန္တ (ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟသ်ာဆရာတော်ကြီး) (မြန်မာ ၁၂၅၅ – ၁၃၅၇)** ။ ။ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ တိုက်သစ်တွင် သီတင်းသုံး နေထိုင်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟသ်ာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတ သိရီကို ခမည်းတော် ဦးကျောက်စိမ်း၊ မယ်တော် ဒေါ်ရွှေ သော့ တို့က ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့ ည ၉ နာရီမိနစ် ၃၀ တွင် လေးမျက်နှာမြို့ အလယ် ရပ်၌ ဖွားမြင်သည်။ ငယ်နာမည် မှာ မောင်သန်း ဖြစ်ပြီးမွေးချင်းများအနက်ပဥ္စမမြောက် သားရတနာ ဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်စဉ်က ရန်ကုန်မြို့အေတီအမ်၊ ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး လေးမျက်နှာမြို့ ၊ ဆရာ ဆင့် ကျောင်းမှ စတုတ္ထတန်းအောင်မြင်သည်။ သင်္ချာ ဘာသာတွင် ထူးချွန်သည်။ လေးမျက်နှာမြို့ မိကျောင်းရဲ ကျောင်း ဆရာတော်ကြီးထံတွင် ဗေဒင်ပညာကို သင်ယူ ခဲ့သည်။ ၁၂၆၉ ခုနှစ်၊ အသက် ၁၄ နှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တစ်ကြိမ်၊ ၁၂၇၁ ခုနှစ်၊ အသက် ၁၆ နှစ်တွင် ဘကြီး ၊ ဒေါ်ကြီးတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် တစ်ကြိမ် လေးမျက်နှာမြို့ ၊ မိကျောင်းရဲဆရာတော် အရှင်အာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၇၅ ခုနှစ်တွင် ရန်ကုန်မြို့ ၊ ဗဟန်း ကျောင်းတော်ရာ ရွှေကျင်တိုက်၊ သာသနာလင်္ကာရ သဒ္ဓမ္မ ဘိဝံသ ကဝိဓဇ မဟာရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ လေးမျက်နှာမြို့ ၊ ပရိက္ခရာကုန်သည် ဦးလူကြီး၊ ဒေါ်ငွေမှုန် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ညောင်တုန်းမြို့ ၊ ရွှေဟသ်ာ တောရကျောင်းတိုက် ၊ သီလဝိသောဓနီ ခဏ္ဍသိမ်တော်ကြီး၌ ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတ သိရီ ဖြစ်သည်။

ဆရာတော်ကြီးသည် ရန်ကုန်၊ လေးမျက်နှာ၊ ညောင်တုန်း၊ မော်လမြိုင်၊ မန္တလေး၊ ဝမ်းတွင်း၊ အမရပူရ စသည့်မြို့များရှိ ဆရာတော်ကြီးများထံတွင် ပိဋကကျမ်းစာ နှင့် သက္ကတစာပေတို့ကို သင်ယူလေ့လာ တတ်မြောက် သည်။ ညောင်တုန်းမြို့၊ ရွှေဟသ်ာတောရကျောင်းတိုက် တွင် စာသင်သား၊ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအဖြစ် ၁၀ နှစ်ကျော်ခန့် နေထိုင်သီတင်းသုံးသည်။

ဆရာတော်ကြီးသည် ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းဝံတောင်ရိုးအရှေ့ဘက် ရက္ခမူချောင်၏ အနောက် ဘက် မြေကွက်လပ်ကလေးတွင် ကျောင်းကလေး တစ်ဆောင် ဆောက်လုပ်ပြီး ရွှေ့ပြောင်းသီတင်းသုံးသည်။ သီတင်းသုံး ရာရက္ခမူ ချောင် ကို ရွှေဟသ်ာချောင်ဟု မှည့်ခေါ်သည်။ ၁၂၉၈ ခုနှစ်တွင် ရွှေဟသ်ာတိုက်သစ်ကို တည်ဆောက်ပြီး ၁၃၀၁ ခုနှစ်တွင်စတင်သီတင်း သုံးသည်။

ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ်၊ ကဆုန် လပြည့်နေ့ တွင် စတင်ကျင်းပသော ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးတွင် သင်္ဂီတိကာရကမထေရ် ၂,၅၀၀ တက်ရောက်ခဲ့ရာ၌ ပဌမ သန္နိပါတ သင်္ဂီတိကာရက သံဃာများတွင် တစ်ပါးအပါ အဝင် ဖြစ်သည်။ ဆဋ္ဌသင်္ဂါ ယနာတင်ပွဲ၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ် ရာ၌လည်း ပါဝင်ဆောင်ရွက် သည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကတည်းက စာပေ ဝါသနာထုံသူ ဖြစ်သည်။ ရဟန်းငယ်ဘဝတွင် သူရိယ သတင်းစာ ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့ဗျူဟာ ဂျာနယ်များ၌ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုများ ရေးသား ခဲ့သည်။ ရဟန်းဘဝ လေးဝါရချိန်မှစ၍ ကျမ်းစာများကို ရေးသားပြုစုခဲ့ရာ ကျမ်းပေါင်း ၃၀ ကျော် ရေးသားပြုစုခဲ့ပြီး ဖြစ်သည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းများ အနက် မြန်မာအလင်္ကာကျမ်းသည် ထင်ရှားသည်။ ကျမ်းစာများ ရေးသားပြုစုသကဲ့သို့ တစ်ဖက်တွင်လည်း စာသင်သားများအား စာပေကျမ်းဂန်များကို သက်တော် ၈၅ နှစ် တိုင်အောင် သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်တွင် ရွှေကျင်ဂိုဏ်း ကြီး၏ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း၊ ရွှေ ဟသ်ာဝံသသံဃမဟာနာယကာဓိပတိအဖြစ် လည်းကောင်း၊ ၁၃၄၇ ခုနှစ်တွင် ဒွါဒသမမြောက် ရွှေကျင် နိကာယ ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း တင်မြှောက် ခြင်းခံ ရပြီး သာသနာတော်အကျိုးကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီးသည် သည်းခံခြင်း၊ စိတ်ထားဖြူစင် ခြင်း၊ အများအကျိုးကို လိုလားသော စိတ်နှလုံးရှိခြင်း၊ ဂါရဝ နိဝါတ တရားနှင့် ပြည့်စုံခြင်း၊ နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ သာသနာတော်အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယဓာတ်ကြီးမားခြင်း၊ သိက္ခာ ကာမ၊ ဝိနယ ဂရုက၊ သံသာရ၊ ဘီရုက စသောဂုဏ်၊ သက်တော် ရှည်ခြင်း၊ ရတ္တညု မဟာနာယကဂုဏ်တို့နှင့် ပြည့်စုံခြင်း ကြောင့် ရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညိုလေးစား မှုကို ခံယူရရှိပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၂၃ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို

၁၃၄၀ ပြည့်နှစ်တွင် လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၄ ခုနှစ်တွင် လည်းကောင်း ရရှိ တော်မူသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့ဖြင့် ရာခိုင်နှုန်းပြည့် ပြည့်စုံတော်မူသော နိုင်ငံတော်သြဝါဒ စရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေကျင်နိကာယ သာသနာပိုင် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတသိရီသည် သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ပျက်ကျပြီး သန္ဓေသားဖြင့် ခန္ဓာကိုယ် အစားထိုးကုသ ခြင်း။** ။ ယနေ့ကမ္ဘာတွင် သိပ္ပံပညာတိုးတက်မှုမှာ အလွန် လျင်မြန်လျက်ရှိသည်။ လူသားတို့သည် လှည်းဘီး (Wheel) ကို တီထွင်နိုင်ရန်အတွက် နှစ်ပေါင်းနှစ်သန်းခန့် စောင့်ခဲ့ရသည်။ အဆိုပါဘီးများပေါ်သို့ ရေနွေးငွေ့ အင်ဂျင် ရောက်ရှိဖို့က နောက်ထပ်နှစ်ပေါင်း ၅၀၀၀ စောင့်ရပြန်သည်။ ပထမဆုံးကွန်ပျူတာစက်သည် လူသားတို့၏ရုံးခန်း အပြည့် နေရာယူခဲ့ကြသည်။ သို့သော် နောက် ၃၅ နှစ်အတွင်း အဆိုပါစက်ကြီးများသည် စားပွဲတင်အရွယ် ဖြစ်လာသည်။ နောက် ၁၀ နှစ်ကြာသည့်အခါ အဆိုပါ ကွန်ပျူတာစက်သည် လက်ဆွဲအိတ်များနှင့်မခြား လူသားတို့၏ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းအဖြစ် နေရာဝင်ယူခဲ့သည်။ နောင်လာမည့်ခေတ်ကာလတွင် လူသားတို့၏ မျှော်မှန်းနိုင်သည့် လူ့အကျိုးပြုသိပ္ပံပညာ ၁၀ခုတွင် ဆေးပညာနှင့်နီးနွယ်နေသော ပညာရပ်နှစ်ခုမှာ–

(၁) မျိုးရိုးဗီဇ အင်ဂျင်နီယာပညာကို အသုံးပြုပြီး လူသားတို့အတွက် အလိုရှိသောအသုံးအဆောင် ပစ္စည်း များကို ထုတ်လုပ်သောနည်းပညာ (Genetic Engineering)

(၂) ယခုဖော်ပြမည့် ပျက်ကျမည့်သန္ဓေသားမှ ခန္ဓာကိုယ် အစားထိုးနည်းပညာတို့ ဖြစ်လာလိမ့်မည်ဟု မှန်းဆ ရပါသည်။

### ခန္ဓာကိုယ်အစားထိုး နည်းပညာ

သိပ္ပံပညာတွင် စက်ရုပ်လူသားကိုသာတီထွင်၍ ရနိုင်သော်လည်း တကယ့်လူသားအတုကိုမူ တီထွင်ရဖို့ လွယ်ဦးမည် မဟုတ်ပေ။ ကွန်ပျူတာသိပ္ပံပညာရှင်များကမူ စက်ဦးနှောက်တီထွင်နိုင်ဖို့ မခက်ခဲတော့ပါဟု ဆိုနေကြပြီ။ အစစ်နှင့်မခြားသော ခြေလက်အတုများကို တီထွင်နိုင်ခဲ့ကြပြီဖြစ်သည်။ လူသားတို့၏ အာရုံကြောများနှင့် ဆက်သွယ်ပေးနိုင်သော ခြေလက်အတုများကိုပင် တီထွင်ပေးလျက်ရှိသည်။ Sablich Prosthetic and Research Centre – မှ ထုတ်လုပ်ရောင်းချသော လက်မောင်းအတုဆိုလျှင် ယင်းလက်ဖြင့်ကိုင်တွယ်ထားသော ပစ္စည်းကိုရိယာ၏ အပူအအေးနှင့် အမာအပျော့ကစ ပြောပြနိုင်သည့်အထိ ဖြစ်သည်။ ဤသို့ ဆေးပညာဘက်တွင် အရှိန်အဟုန်ဖြင့် တိုးတက်နေသော ခေတ်ကာလ၌ အထူးတိုးတက်လာသော ပညာတစ်ရပ်က ခန္ဓာကိုယ်မှ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ခွဲစိတ်အစားထိုး ထည့်သွင်း သည့် နည်းပညာပင် ဖြစ်တော့သည်။

### ခန္ဓာကိုယ် အစားထိုးကုသနည်းများ

လူတစ်ဦးမှ တစ်ဦးသို့ သွေးသွင်းအစားထိုးကုသခြင်းမှာ ယခုခေတ်တွင် မဆန်းကျယ်တော့ပါ။ ယနေ့မြန်မာနိုင်ငံတွင်ပင် လူတစ်ဦးမှ နောက်လူတစ်ဦးသို့ မျက်စိအကြည်လွှာ အစားထိုးကုသခြင်းအပြင် ကျောက်ကပ်ကိုပါ အစားထိုးကုသပေးနိုင်သောခေတ်သို့ပင် ရောက်ရှိနေပါပြီ။ ဤပညာကို အမေရိကန်နိုင်ငံက ဦးဆောင်လျက် ရှိပြီး သူတို့နိုင်ငံ၌ နှစ်စဉ်ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုကို အစားထိုးကုသခြင်းဖြင့် လူနှစ်သောင်းနီးပါးကို ခွဲစိတ်ပြုပြင်ပေးလျက်ရှိသည်။

ပထမဦးဆုံးလုပ်ဆောင်ချက်အဖြစ် ၁၉၆၇ ခုနှစ်တွင် ရုတ်တရက်ကွယ်လွန်သွားသော လူသားတစ်ယောက်၏ နှလုံးဖြင့် လူသားတစ်ယောက်ကို အစားထိုးကုသပေးခဲ့ရာ သက်တမ်းအားဖြင့် (၁၈) ရက်ခံခဲ့သည်။ ယခုအချိန်၌ နှလုံးအစားထိုး ကုသခံယူသူများတွင် (၁၀) ဦးအနက် (၈) ဦးမှာ တစ်နှစ်မက အသက်ရှင်လျက်ရှိသည်။ နှလုံးအစားထိုးပြီး သက်တမ်း (၁၀) နှစ်မက အသက်ရှင်နေသူများ မနည်းတော့ပါ။ ယင်းသို့ ခန္ဓာကိုယ်အင်္ဂါအစားထိုးသည့် ကိုယ်အင်္ဂါများအနက် အောင်မြင်မှုအရှိဆုံးက ကျောက်ကပ် အစားထိုးခွဲစိတ်ပေးခြင်း ဖြစ်သည်။ ဤသို့ အောင်မြင်မှုများ ရှိလာသည်နှင့်အမျှ ဤခွဲစိတ်ကုသနည်းပညာသည် တစ်ရှိန် ထိုး တိုးတက်ခဲ့သည်။

ဆီးချိုရောဂါသည်များအတွက် ပန်ကရိအသစ် အစားထိုးပေးခြင်း၊ အဆုတ်မကောင်းသူအတွက် အဆုတ်အသစ် အစားထိုးခြင်း၊ အသည်းဝေဒနာရှင်များအတွက် အသည်း

ပျက်ကျပြီး သန္ဓေသား




**အသက်ရက်သတ္တပတ်ရှစ်ပတ်မှ ကိုးပတ်အတွင်းရှိ သန္ဓေသားမှရရှိသော ကလာပ်စည်းများဖြင့် ကုသပေးနိုင်မည့် ရောဂါအချို့**

အသစ် အစားထိုးကုသခြင်း၊ တင်ပါးဆုံအဆစ်ရိုးကို အစားထိုးကုသခြင်း စသည့်မရေမတွက်နိုင်အောင် များပြားသော ခန္ဓာကိုယ်အစားထိုးကုသသည့် နည်းပညာများ ပို၍ပို၍ တိုးတက်လာရာက ခွဲစိတ်ကုသခံယူသူများကလည်း တရိပ်ရိပ်နှင့် တိုးတက်လျက်ရှိသည်။

**တွေ့ကြုံခဲ့ရသော အခက်အခဲအချို့**

ခန္ဓာကိုယ်အစားထိုးကုသနည်းများအတွက် ရွှေခေတ်ဟု ခေါ်လောက်သည့် ယခုခေတ်တွင် တွေ့ကြုံရသော အဓိက အခက်အခဲမှာ လူသားတို့၏ခန္ဓာကိုယ်တွင်းရှိ ကိုယ်ခံစနစ်က ပြင်ပမှ အသစ်ဝင် တပ်ဆင်ပေးလိုက်သော ကိုယ်အင်္ဂါအသစ်ကို လက်မခံလိုခြင်း ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် သိပ္ပံပညာရှင် များက Cyclosporine (ဆိုင်ကလိုစပိုရင်း)အမည်ရှိ ဆေးသစ်ကို ၁၉၈၀ ပြည့်နှစ်က တီထွင်ထုတ်လုပ်နိုင် ခဲ့သည်။ ဤဆေးက တီဆဲ(လ်)ကိုယ်ခံ ကလာပ်စည်း များကိုငြိမ်သက်နေအောင် ထိန်းပေးသည်။ ထို့ကြောင့် ဤဆေးအကူအညီယူထားသော ကျောက်ကပ် အစားထိုးဝေဒနာရှင်များ၌ ကျောက်ကပ်အသစ်ကို လက်မခံနိုင်မှု နှုန်းမှာ ၅၀% အထိရှိခဲ့ရာက ယခုအခါ ကျောက်ကပ်ကို လက်ခံနိုင်သည့်နှုန်း ၈၀% အထိ တိုးတက် လာခဲ့သည်။ တစ်နည်းအားဖြင့် လူတစ်ယောက်မှ နောက်တစ်ဦးသို့ သွေးအစားထိုးကုသရာတွင် အမျိုးတူသော သွေးအမျိုးအစားကို မရမက ရှာဖွေနေစရာမလိုတော့ဘဲ ဤဆေးအကူအညီဖြင့် သွေးကိုမရရအောင် လက်ခံစေနိုင်ခဲ့သည်။ သို့သော် ဤဆေးက ကင်ဆာရောဂါကို ဖြစ်ပေါ်စေတတ်ပြီး ကျောက်ကပ်ကိုပါ ဖျက်ဆီး တတ်သည်။ ထို့ကြောင့် အခြားဆေးသစ်များကို ကြိုးစားရှာဖွေနေရသည်။ FK- 506 နှင့် Rapamycin အမည်ရှိဆေးများသည် မကြာတော့သော အချိန်တွင် Cyclosporine ဆေးအပေါ် အစားထိုး နိုင်ကြလိမ့်မည်ဟု ယူဆကြရသည်။ ထို့ကြောင့် ခန္ဓာကိုယ် အစားထိုး ခွဲစိတ်ကုသရာတွင် အဓိက တွေ့ကြုံရသော အခက်အခဲတစ်ခုမှာ ယင်းကိုယ်အင်္ဂါ အသစ်များကို လက်ခံယူမည့် လူသားက မငြင်းပယ်ဖို့ကိစ္စ ဖြစ်နေသေးသည်။ အကယ်၍သာ လူသားအားလုံးသည် အစစ အရာရာ တူညီသော အမွှာများအဖြစ် မွေးထုတ်လာကြပြီး အမွှာ၏ ခန္ဓာ ကိုယ်မှ အတွင်းအစိတ်အပိုင်းကို လိုအပ်သူသို့ အစားထည့် ပေး နိုင်မည်ဆိုပါက ယင်းပြဿနာ ပြေလည်သွားစရာ ရှိသည်။

ဤကုသနည်းပညာအတွက် ဒုတိယကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ ခန္ဓာကိုယ်အလှူရှင် အလုံအလောက် မရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အလှူရှင် ဆိုသည်ကလည်း အသက်သေဆုံးပြီး အချိန်အတော်ကြာမှဆေးရုံသို့ လာပို့သည့် အလောင်းမဟုတ်ရ။ မတော်တဆ အန္တရာယ်တွေ့ဆုံရပြီး အသက်သေဆုံးသူများနှင့် အကောင်းပကတိမှနလုံးသွေးကြော ပိတ်ပြီး ရုတ်တရက် အသက်သေဆုံးသူမျိုးကိုသာ ဆိုလိုသည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် အသက်သေဆုံးလျက်ရှိသူ ၂ သန်းလောက်ရှိသည့်အနက် ခန္ဓာကိုယ်အစားထိုးရန် သင့်တော်သောအလောင်းက ၂၅,၀၀၀ ခန့်သာ ရှိသည်။ ယင်းတို့အားလုံးကလည်း အလောင်းကို လှူဒါန်းခဲ့ပါဦးမှ ဖြစ်မည်။ကပ္ပလီလူမျိုး များနှင့် အာရှတိုက်မှလူအများသည် မိမိတို့၏ ခန္ဓာ ကိုယ်ကို လှူဒါန်းဖို့ စိတ်မဝင်စားကြပါ။ ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ခန္ဓာကိုယ်အစားထိုးကုသမှုခံယူရန် ဆေးရုံဆေးခန်းများ အသင့်ရှိသော်လည်း အလောင်းမရသဖြင့် ခွဲစိတ်မှုခံယူရန် စောင့်နေရသောလူပေါင်းမှာ ၂၃,၀၀၀ ကျော်ရှိနေ၍ ကိုယ်အင်္ဂါအစားမရသဖြင့် အချိန်စောင့်ရင်းစောင့်ရင်း အသက်သေဆုံးနေရသူ ၂၀၀၀ လောက် ရှိနေသည်ဟု သိရပါသည်။

အထက်ပါ အခက်အခဲများကို ကျော်လွှားနိုင်ရန် ယခုဖော်ပြမည့် ပျက်ကျပြီးသန္ဓေသားမှ ခန္ဓာကိုယ်အစားထိုးကုသနည်းပညာက နေရာယူလာတော့မည် ဖြစ်သည်။

## ပျက်ကျပြီးသောသန္ဓေသားမှ အသက်ရှည်ဆေးများ

အမျိုးသမီးတစ်ယောက် လင်သားနှင့်ကွဲသွားပြီးဖြစ်၍ ကျန်ရှိသောကိုယ်ဝန်ကို ဖျက်ချင်သည်၊ ဆေးရုံပေါ်တက်သွားသည်။ ဆရာဝန်က သံမဏိပြွန်လေစုပ်တံကလေးဖြင့် သားအိမ်အဝမှ လေစုပ်သလိုစုပ်ပေးသည်။ ၇ မိနစ်သာ ကြာသည်။ တစ်လခွဲအရွယ်ရှိ သန္ဓေသားမှာ အချင်းပါ ကျလာသည်။

ကျလာသောသန္ဓေသားကို သိပ္ပံပညာရှင်များကမျိုးရိုးလိုက်ပြီး ဒုက္ခပေးတတ်သောရောဂါဖြစ်စေမည့်ဗီဇပါနေခြင်း ရှိမရှိကို စစ်ဆေးကြသည်။ အေအိုင်ဒီအက်စ်ရောဂါပိုးကင်းစင်ခြင်းရှိမရှိကို စစ်ဆေးကြသည်။ (၆) နာရီအတွင်း ရောဂါပိုးမွှားကင်းစင်ပါသည်ဆိုသည့် အဖြေကိုရသည်။ ဤတွင် သန္ဓေသားမှ ဦးနှောက်ကလာပ်စည်းအချို့ကို ဆေးထိုးပြွန်ဖြင့်စုပ်ယူပြီး ခြေလက်အငြိမ်မနေရအောင် တလှုပ်လှုပ်ဖြစ်နေသည့်အသက်၇၀ အရွယ်ပါကင်ဆိုနစ်ဆင်ရောဂါသည်၏ ဦးခေါင်းထဲကို ထိုးသွင်းပေးလိုက် သည်။ စုစုပေါင်း အချိန် ၇ နာရီအတွင်း လူအိုတစ်ယောက် ခံစားနေရသောဝေဒနာကို ကုသပေးလိုက်သည်။ ဤသို့ ကုသရာတွင် ထည့်သွင်းလိုက်သော ကလာပ်စည်းကို လက်ခံယူမည့်ဝေဒနာရှင်က ငြင်းပယ်ပထုတ်လိမ့်မည် မဟုတ်။ သန္ဓေသား၏ ကလာပ်စည်းများ၏ ကိုယ်ခံစွမ်းပကားတွေက မရင့်ကျက်သေးသောကြောင့်ဖြစ်၏။ ဤအချက်က အလွန်ထူးခြား၏။ ထို့ကြောင့်လည်း သိပ္ပံပညာရှင်များ သန္ဓေသားကလာပ်စည်းများဖြင့် အစားထိုးသုတေသန အပေါ် အရူးအမူးလိုက်နေကြခြင်း ဖြစ်ပါသည်။

ဤလိုခေတ်မျိုးကို ရောက်လာရန် အချိန်အတော်လေးနီးကပ်နေပြီ ဖြစ်ပါသည်။

## သုတေသန ဓာတ်လမ်းအစ

လွန်ခဲ့သော (၇) နှစ်ကာလက အမေရိကန်နိုင်ငံ ကိုလိုရာဒိုတက္ကသိုလ်မှ ဒေါက်တာဖရီးက ရုတ်တရက် သားလျှောကျဆင်းသွားသောသန္ဓေသားမှ ကလာပ်စည်းအချို့ကိုယူပြီး ခြေလက်တုန်ခါနေသည့် ပါကင်ဆိုနစ်ဆင်ရောဂါသည် တစ်ဦး၏ ဦးခေါင်းထဲသို့ ထည့်သွင်းကုသပေးခဲ့ရာက ဤကုထုံးစတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ အဆိုပါလူနာမှာ ကျန်းမာသန်စွမ်းနေဆဲဖြစ်သည်။ သူ၏ခြေလက်များ တုန်ခါနေသောဝေဒနာက များစွာ သက်သာနေပြီဟု သိရသည်။

အထက်ပါကုထုံးအတိုင်း အဆိုပါဆရာဝန်ကြီးက နောက်လူမမာခြောက်ဦးကို ကုသပေးခဲ့ရာ ရောဂါမှာ လုံးဝပျောက်ကင်းခြင်းအဆင့်ကို မရောက်ခဲ့သော်လည်း အားလုံးလိုလို ဝေဒနာများစွာသက်သာခဲ့ကြသည်ဟု သိရသည်။

ဤကုထုံးကို နမူနာယူပြီး ယေးလ်တက္ကသိုလ် ဆေးကျောင်းမှ ဒေါက်တာယူဂျီးက အခြားလူအိုရောဂါသည် ၁၃ ဦးအပေါ် ကုသပေးပြန်ရာ ဝေဒနာရှင် လေးဦးမှာ များစွာသက်သာခဲ့သည်ဟု သိရပါသည်။

ဆွီဒင်နိုင်ငံမှ ပညာရှင်များအဖွဲ့ကလည်း လူသားတို့၏ ဦးနှောက်အပေါ် သန္ဓေသားမှကလာပ်စည်းများနှင့် တွဲဖက်မွေးမြူခဲ့ရာ လူသားတို့၏ ဦးနှောက်ကို ၅ နှစ်သို့မဟုတ် ၇ နှစ်အထိ ပြန်လည်နုပျိုသွားအောင် ထိန်းထားပေးနိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။

## ကလေးအရွယ်တွင်ဖြစ်တတ်သော ဆီးချိုရောဂါ

ဆီးချိုရောဂါသည် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးက ကလေးအရွယ်တွင် စတင်ဖြစ်ပွားသော ကလေးအမျိုးအစားဖြစ်ပြီး ဒုတိယအမျိုးက အသက်လေးဆယ်ကျော်မှ စတင်ဖြစ်ပွားသော လူကြီးအမျိုးအစားဖြစ်သည်။ ယင်းသို့ နှစ်မျိုးရှိသည့်အနက် သန္ဓေသား၏ ကလာပ်စည်းများကို

ကလေးဆီးချိုရောဂါသည်များ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းပေးနိုင်ပါက ရောဂါကိုထိန်းပေးနိုင်စွမ်းရှိလိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကော်လယ်တဒိုး တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ကလေးဆီးချိုရောဂါသည် ၁၆ ဦးအပေါ် ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ဝေဒနာရှင်အများစုမှာ အင်စူလင်နေ့စဉ် အထိုးခံရသည့်ဒုက္ခမှ ကင်းဝေးခြင်း မရှိကြသော်လည်း အင်စူလင်လိုအပ်မှုမှာများစွာ လျော့နည်းသွားသည်ဟု သိရပါသည်။ ဤကုထုံးကို အမေရိကန်ပြည်ထောင်စုမှ ဝေဒနာရှင် ၃၈ ဦး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ရောဂါသည်ပေါင်း ၆၀၀ အပေါ် ကုသပေးခဲ့ပြီးပြီဟု သိရသည်။

**ဟန်တင်တန်ရောဂါ (Huntington's disease)**

အထက်ဖော်ပြပါ လူကြီးများတွင် ဖြစ်ပွားသော ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ဦးနှောက်၏တစ်စိတ်တစ်ဒေသကို ဖျက်ဆီးခံထားရသော ရောဂါဖြစ်သည်။ ခြေထောက် သို့မဟုတ် လက်တစ်ဖက် အငြိမ်မနေနိုင်ဘဲ တုန်ခါနေစေသည့် ရောဂါဖြစ်သည်။ ပါကင်ဆိုနစ်ဆင်ရောဂါကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါနေခြင်းမျိုးတော့ မဟုတ်ပါ။ ဤရောဂါအပါအဝင် Alzheimer's disease အယ်ဇိုင်းမားရောဂါ (လူအိုများတွင် သတိမေ့ပြီး ငယ်မူပြန်လာသောရောဂါ) စသည့်နာတာရှည်ရောဂါအများကို ကုသပေးနိုင်တော့မည်ဟု အထောက်အထားများအရ သိရပါသည်။

**ခါးရိုးကျိုးခြင်း**

မော်တော်ယာဉ်တိုက်မှုကြောင့်သော်လည်းကောင်း၊ အမြင့်မှ လိမ့်ကျ၍သော်လည်းကောင်း၊ ခါးရိုးကျိုးပြီး အတွင်းမှအာရုံကြောများ ပျက်စီးနေသည့် ဝေဒနာရှင်များကိုလည်း ဤကုထုံးဖြင့် ကုသပေးနိုင်လိမ့်မည်ဟု မျှော်မှန်း၍ရပါသည်။ ကြွက်များကိုခါးရိုးချိုးပြီး ဤကုထုံးဖြင့် ကုသပေးခဲ့ရာ ကြွက်အားလုံးမှာ ပြန်လည်ပြေးလွှားနိုင်ခဲ့သည်ဟု သိရပါသည်။

**ဟာလာရောဂါစု (Hurler's Syndrome)**

တွေ့ကြုံရခဲသော မွေးရာပါအင်ဇိုင်း ချို့တဲ့သည့်ရောဂါဖြစ်သည်။ ဤရောဂါ မျိုးရိုးပါလာသောကလေးများတွင် ခန္ဓာကိုယ်အတွင်းအင်္ဂါများဖြစ်သည့် အသည်း၊ ကျောက်ကပ်၊ နှလုံးတို့မှာ အလွန်ကြီးထွားနေပြီး မျက်စိမမြင်ဖြစ်တတ်သည်။ ဤရောဂါမှာ အင်ဇိုင်းတစ်မျိုးချို့တဲ့နေခြင်းကြောင့် ဖြစ်ကြောင်း သိရပါသည်။ ဤရောဂါကို ဆရာဝန်များ အသေးစိတ်လေ့လာထားရှိပြီး ဖြစ်သည်။ သို့သော်တွေ့ကြုံရခဲသော ရောဂါတစ်ခုဖြစ်သဖြင့် လူအများက စိတ်မဝင်စားခဲ့ကြချေ။ ၁၉၉၀ ပြည့်နှစ် မေလအတွင်းက အမေရိကန်နိုင်ငံမှ မစ္စတာကယ်ရီတို့၏ ကိုယ်ဝန်ဆောင်ထားဆဲကလေးတွင် ဤရောဂါပါလာသည်ကို ဆရာဝန်များ စမ်းသပ်တွေ့ရှိသည်။ သို့အတွက် ကလေးကိုဖျက်ချရန် စီစဉ်ကြသည်။ သို့သော် ကလေးမိဘများ ဖျက်ချရန် သဘောမတူကြချေ။ နောက်ဆုံး ယခုဖော်ပြပါ သန္ဓေသား၏ ကလာပ်စည်းများ ထိုးသွင်းပေးသည့်ကုထုံးဖြင့် ကုသပေးခဲ့ရာ မွေးလာသောကလေးမှာ ယခုအသက် သုံးနှစ်အရွယ်ရှိလာပြီး အင်ဇိုင်းချို့တဲ့ခြင်းလည်း မရှိတော့ချေ။

အထက်ဖော်ပြပါ ရောဂါများအပြင် အခြားမျိုးရိုးလိုက်ရောဂါများ ဖြစ်ကြသော သွေးမခဲသည့်ရောဂါအမျိုးမျိုး၊ သွေးထွက်လွယ်သည့်ရောဂါအမျိုးမျိုး၊ သွေးနီဥများ ကွဲလွယ်သည့်ရောဂါ စသည့်မျိုးရိုးလိုက်ပြီး ဖြစ်တတ်သည့် ရောဂါ (၁၅၅) မျိုးရှိသည့်အနက် ဤကုထုံး က အထက်ပါ ရောဂါအားလုံးကို ကုသပေးနိုင်မည်ဟု မျှော်မှန်း၍ ရပါသည်။

**အမျိုးသမီးများ သားသမီးမထွန်းကားသည့်ကိစ္စ**

အချို့အမျိုးသမီးများတွင် မွေးရာပါ အိုဗာရီ Ovary သားဥတွဲ ပါမလာဘဲ မွေးဖွားလာတတ်သည်။ ဤအမျိုးသမီးများတွင် ဤတစ်သက်တာ၌ သားသမီးရလာစရာ ကိန်းလုံးဝမရှိပါ။ သန္ဓေသားတွင် ပါရှိသောအိုဗာရီ Ovary သားဥတွဲ၌ သားဥပေါင်း (၁၀၀၀၀) ခန့် ထုတ်လုပ်နိုင်သည့် စွမ်းပကားပါရှိသည်။ ဤသန္ဓေသားကို ထိုးသွင်းပေးနိုင်ပါက ကလေးရနိုင်မည်ဟု မှန်းဆရပါသည်။

အကယ်၍သာ အမေရိကန်သမ္မတကြီး ရီဂင် လက်ထက်က ကလေးဖျက်ချခြင်းအပေါ် မတားမြစ်ခဲ့ပါက ဤသုတေသနလုပ်ငန်းမှာ များစွာတိုးတက်နေပြီ ဖြစ်ပါလိမ့်မည်။ ဤသုတေသနလုပ်ငန်းကို အမေရိကန်ပြည်ထောင်စု တစ်ခုထဲမှာပင် ဌာနပေါင်း ၆၀ ၌ ကြွက်၊ ယုန်၊ ပူး စသည်တို့ဖြင့် စမ်းသပ်လျက်ရှိကြသည်ဟု သိရသည်။ ကလေးမဖျက်ချရေး အမြင်ရှိသောလူများဘက်ကသာ တစ်ထစ် လျှော့ပေးမည်ဆိုပါက ဤဆေးကုထုံးဖြင့် အမျိုးသမီးများ သားသမီးထွန်းကားရအောင် အကူအညီပေးသည်မှာ သေချာနေပါသည်။

**AIDS ရောဂါ**

ကြွက်၏ ခန္ဓာကိုယ်အတွင်းရှိ သိုင်းမက်စ်ဂလင်းနှင့် အသည်း၊ လင့်အကျိတ်များ ထုတ်ပယ်လိုက်ပါက ကြွက်များသည် AIDS ရောဂါရှင်များနှင့်မခြား ကိုယ်ခံစွမ်းပကား

ကျဆင်းသွားလေ့ရှိပါသည်။ ဤသို့သောကြွက်မျိုးကို သန္ဓေသားမှရသောကလာပ်စည်းဖြင့် အစားထိုးကုသပေးနိုင်သည်ကိုလည်း တွေ့ရှိထားကြပါသည်။ ထို့ကြောင့် ဤကုထုံးက AIDS ရောဂါသည်များအတွက်လည်း မျှော်လင့်စရာ ရှိပါသည်။

### လေဖြတ်ခံထားရသော ဝေဒနာရှင်များ

လေဖြတ်ခံထားရသောဝေဒနာရှင်များ၏ ဦးနှောက်တွင်းမှ အာရုံကြောနှင့်သက်ဆိုင်သည့် ကလာပ်စည်းများသည် တစ်ကြိမ်ဖျက်ဆီးခြင်း ခံထားရပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်စွမ်းမရှိကြချေ။ ထို့ကြောင့် တစ်ကြိမ်လေဖြတ်ပြီးပါက ဝေဒနာရှင်မှာ ရောဂါကို ရာသက်ပန်ခံစားကြရသည်။ ယခု ဤကုထုံးအရဆိုလျှင် လေဖြတ်ဝေဒနာရှင်များအတွက်လည်း အကျိုးပြုမှာသေချာသည်။

### လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲအချို့

သိပ္ပံပညာက တစ်ရှိန်ထိုးတိုးတက်နေသည်မှာ မှန်ပါ၏။ သို့သော် သိပ္ပံပညာရှင်ဟူသည် တစ်ဖက်စွန်းရောက်သောပုဂ္ဂိုလ်များဖြစ်နေတတ်သည်။ သူတို့၏ သုတေသနလုပ်ငန်းများသည် အထိန်းအကွပ်ရှိဖို့လိုသည်။ အထိန်းအကွပ်ရှိသည့် တိုးတက်ပြီးနိုင်ငံများမှာပင်–

* ၁၉၉၃ ခုနှစ်က ဖင်လန်နိုင်ငံနှင့် အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များကပျက်ကျပြီး သန္ဓေသားများ၏ ဦးခေါင်းကိုဖြတ်ထားပြီး အချိန်အတော်ကြာအောင် မသေမရှင်ထားရှိသည့်ကိစ္စ။
* အမေရိကန်အမျိုးသားကျန်းမာရေးဌာနၓဲ့ ဖျက်ချလိုက်သော သန္ဓေသားကို ပြင်ပၓဲ့ရက်ပေါင်းအတော်လေးကြာအောင် မွေးမြူထားသည့်ကိစ္စများရှိခဲ့သည်။

ဤသတင်းကို အများပြည်သူထံ ပေါက်ကြားသွားသောအခါ သန္ဓေသားသည်လည်း သက်ရှိလူသားတစ်ယောက်ဖြစ်သည်။ ဤကဲ့သို့ သန္ဓေသားကို တိရစ္ဆာန်တစ်ကောင်နှင့် မခြားမိမိသဘောရှိ မိမိလိုဘတစ်ခုတည်းအတွက် သုတေသနပြုရန်မသင့်ဟု ကန့်ကွက်သူတွေ အများအပြား ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့်လည်း သန္ဓေသားနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို အမေရိကန်သမ္မတ ရီဂင်လက်ထက်က အထောက်အပံ့ ရပ်ဆိုင်းပစ်ခဲ့သည်။ လက်ရှိသမ္မတ ကလင်တန်လက်ထက်ကျမှ သုတေသန ထောက်ပံ့ကြေးကို ပြန်ပေးသည်၊ အားပေးလာခဲ့သည်။



သုတေသနလုပ်ငန်းများအပေါ် တင်းကျပ်သော လူ့ကျင့်ဝတ်ဆိုင်ရာ ကော်မတီများ ( Ethical Committee) များကထိန်းချုပ် ထားပြီး လုပ်ဆောင်သင့်သည့်ကိစ္စများကို ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်၍ ဤဘက်ကဆေးပညာသည်အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာမှာ သေချာနေပေသည်။


### ရှေ့အလားအလာ

ဤကုထုံး၏ အဓိကရင်ဆိုင်နေရသောပြဿနာကား ဖျက်ချ၍ရသော သန္ဓေသားကိုလတ်လတ်ဆတ်ဆတ် အသုံးပြုခွင့်ရရန်လိုအပ်နေခြင်းဖြစ်သည်။ ရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်းသော ကလေးကိုဖျက်ချရန် ကိစ္စမျိုးကို နိုင်ငံအများစုက ခွင့်မပြုနိုင်ကြချေ။ ဤကိစ္စ အပေါ် ကျော်လွှားနိုင်ရန်အဓိကပြဿနာဖြစ်နေပါသည်။

သို့သော်စိတ်အားငယ်စရာမလိုပါ။ Eaxol အက်ဆောအမည်ရှိဆေးသည် သားအိမ်ကင်ဆာရောဂါအတွက် အလွန်ကောင်းသောဆေးတစ်လက်ဖြစ်၏။ ဤဆေးကို ဤကမ္ဘာပေါ်၌ ပျောက်ကွယ်လုလုဖြစ်နေ သော ( Pasific Yew Tree) ခေါ် အပင်မှ ထုတ်လုပ်ရရှိသည်။ ယင်းအပင်များကို ပြန်လည်စိုက်ပျိုးနိုင်ရန်ကိစ္စမှာ မလွယ်ကူသဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရချိန် အဆိုပါဆေးကို ဓာတ်ခွဲခန်းမှ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အထက်ပါကုထုံးကို လူသားတို့၏ သန္ဓေမှရရှိသော ကလာပ်စည်းများအစား အခြားတိရစ္ဆာန်များမှရသော သန္ဓေသားဖြင့်အစားမထိုးနိုင်ဟု မည်သူမှမပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေ မကြာတော့သောအချိန်တွင် တစ်ဖက်က ဖျက်ချခံထားရသောသန္ဓေသားများက အခြားတစ်ဖက် မှ မသန်မစွမ်းဘဝကို ရောက်နေသောလူအိုလူနာများကို အကူအညီပေးနိုင်တော့မည်မှာ သေချာနေပေသည်။

ဆရာဝန် တင်ရွှေ

**ပြင်သစ် သမ္မတနိုင်ငံ**။ ။ ၁၉၉၅ ခုနှစ်၊ မေလ ၇ ရက်နေ့၌ ကျင်းပသော ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ပဲရစ်မြို့တော်ဝန် ဂျက်ရှီရက် သည် ပြည်သူများ၏ ထောက်ခံမဲ ၁၅၇၆၃၀၂၇ မဲ ရရှိသည်။ ရာခိုင်နှုန်းအရ ၅၂ ဒသမ ၆၄ ရာခိုင်နှုန်း ရရှိကာ ပြင်သစ်နိုင်ငံသမ္မတသစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိ ခဲ့သည်။ ရှီရက်နှင့် ယှဉ်ပြိုင်အရွေးခံသူ ဆိုရှယ်လစ်ပါတီ မှ လီယိုနဲဂျိုးစပင်သည် မဲ



**ပြင်သစ် သမ္မတဂျက်ရှီရက်**

အရေအတွက် ၁၄၁၈၀၆၄၄ မဲ ရရှိ သည်။ ရာခိုင်နှုန်းအရ ၄၇ ဒသမ ၃၆ သာရရှိခဲ့သော ကြောင့် အရေးနိမ့်ခဲ့သည်။ ပြင်သစ်နိုင်ငံသည် လက်ရှိ သမ္မတ ဖရန်ဆွာမီထရောင်း၏ ဆိုရှယ်လစ်ပါတီအုပ်ချုပ်မှု သက်တမ်း ၁၄ နှစ်ကို ရှီရက်အနိုင်ရရှိခြင်းဖြင့် အဆုံးသတ် လိုက်သည်။

အသက် ၆၂ နှစ်ရှိပြီဖြစ်သော သမ္မတသစ်ရှီရက်သည် ပြင်သစ်နိုင်ငံ အခြေခံဥပဒေအရ သမ္မတသက်တမ်း ခုနစ်နှစ် ထမ်းဆောင်ရမည်ဖြစ်ရာ သက္ကရာဇ် ၂၀၀၀ ကို ကျော်လွန်ပြီး ၂၁ ရာစုနှစ်ဦးအထိ သမ္မတတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ဂျက်ရှီရက်သည် သမ္မတ မီးထရောင်း လက်ထက်ကကဲ့သို့ သမ္မတက ဆိုရှယ်လစ်၊ အစိုးရအဖွဲ့က ကွန်ဆာဗေးတစ်၊ ပါလီမန်က ကွန်ဆာဗေးတစ်များ လွှမ်းမိုးသော ပါလီမန်အခြေအနေမျိုးဖြင့် သမ္မတတာဝန် ထမ်းဆောင်ရတော့မည်မဟုတ်ဘဲ ကွန်ဆာဗေးတစ်သမ္မတ၊ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့၊ ကွန်ဆာဗေးတစ်လွှမ်းမိုးသော ပါလီမန်အနေအထားဖြင့် ထမ်းဆောင်ရမည့်သမ္မတ ဖြစ်သည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ပိုမိုရရှိမည့် အင်အားကြီးမားသော သမ္မတသစ်တစ်ဦး ဖြစ်မည်ဟု ဆိုကြသည်။

ကွန်ဆာဗေးတစ် တစ်ဦးဖြစ်သူ ဂေါလစ်ပါတီ R.P.R ခေါင်းဆောင် ဂျက်ရှီရက်သည် ပြင်သစ်နိုင်ငံ၏ သမ္မတသစ်အဖြစ် မေလ ၁၃ ရက်နေ့၌ တရားဝင် ကြေညာခဲ့ပြီး အနားယူသွားသော သမ္မတမီးထရောင်းထံမှ သမ္မတရာထူးကို မေလ ၁၇ ရက်နေ့ ဗုဒ္ဓဟူးနေ့၌ ပြောင်းလွှဲလက်ခံသည်။ သမ္မတရာထူးကို ပြောင်းလွှဲလက်ခံယူသော အဆိုပါနေ့မှာပင် သမ္မတသစ်ဂျက်ရှီရက်က လက်ရှိနိုင်ငံခြားရေးဝန်ကြီး Alain Juppe ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

၁၉၉၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့၌ ဝန်ကြီးချုပ် Juppe က ၎င်း၏ အစိုးရအဖွဲ့သစ် အမည်စာရင်းကို ကြေညာခဲ့သည်။ အစိုးရအဖွဲ့၏ အဓိကဝန်ကြီးနေရာများကို ပြင်သစ်ဒီမိုကရေစီ ယူနီယံပါတီ Union for French Democracy (U.D.F) မှ ပုဂ္ဂိုလ်များအား ခန့်အပ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးနေရာ ၂၇ နေရာရှိသည်။ အဖွဲ့ဝင် ၄၇ ဦး ပါရှိသော ဝန်ကြီးများကောင်စီ ( Council of Ministers)တွင် ဝန်ကြီးချုပ် Juppe အပါအဝင် ၁၀ ဦးသည် ယခင်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သည်။ ပြင်သစ်အစိုးရအဖွဲ့သစ်ရှိ ဝန်ကြီးနှင့် ဝန်ကြီးအဆင့်နှင့် ညီမျှသော ရာထူးနေရာများတွင် အမျိုးသမီး ၁၂ ဦးကို ခန့်ထားလိုက်သည်။

မေလ ၂၃ ရက်နေ့၌ အစိုးရအဖွဲ့သစ်က ၎င်း၏ ဝါဒသဘောထားကို အောက်လွှတ်တော်တွင်ထုတ်ပြန် ကြေညာသည်။ အလုပ်လက်မဲ့ပပျောက်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့ရေး၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ပြောင်းလဲရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝါဒသဘောထား ထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ စီးပွားရေးဆိုင်ရာရေးလုပ်ငန်းစဉ်များကိုထုတ်ပြန်ရာတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို အမတော်ငွေများ နှစ်နှစ်တာချေးမည့်အပြင် နှစ်နှစ်အခွန်အခ လွတ်ငြိမ်းခွင့် ပေးသွားမည်။ ကုမ္ပဏီများကအလုပ်အကိုင်သစ်များ ဖန်တီး၍ အလုပ်လက်မဲ့များကို တစ်နှစ်ကျော်ကာလအထိ အလုပ်ခန့်ထားသွားစေမည်။ ဇူလိုင် ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလုပ်ခများကို တိုးပေးမည်။ နှစ်စဉ်လူနေ အိမ်ခန်းပေါင်း ၁၀,၀၀၀ မှ ၃၀,၀၀၀ ထိတည်ဆောက် သွားမည်။ ပုဂ္ဂလိကပိုင် ပြုရေးအစီအစဉ်ကို ရှေ့ဆက် အကောင်အထည်ဖော်သွားမည်ဟူသော စီးပွားရေးဆိုင်ရာ ရေးလုပ်ငန်းစဉ်များ ပါဝင် သည်။

## ပြည်တွင်းရေး

သမ္မတဂျက်ရှီရက်က မေလ ၂၀ ရက်နေ့၌ ကျင်းပသည့် ပထမဆုံးအကြိမ်ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးများ၏ခရီးသွားလာမှု အထူးအခွင့်အရေးများကို

လျှော့ချလိုက်ကြောင်း ပြောကြားသည်။ ထို့ပြင် ၎င်းလိုက်ပါသော သမ္မတ မော်တော်ယာဉ်တန်းသည်လည်း လမ်းတွင် မီးနီ ပြထားသည်နှင့်ကြုံပါက ရပ်စောင့်မည် ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရအဖွဲ့ဝန်ကြီးများသည် မဟုတ်တာလုပ်ပါက ရာထူးမှနုတ်ထွက်ရမည်ဟု ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင်သမ္မတဂျက်ရှီရက်ကအမိန့်ထုတ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရန်ဆွာဘာရိုရင်းက ပြောသည်။

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်တွင်မြို့တော်စည်ပင်ပိုင်မက်မောဖွယ်ရာတိုက်ခန်းများကိုသာမန်လူအများစုကရရှိရေးအတွက် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရသည့် အခြေအနေ၌ နိုင်ငံရေးအာဏာရှိသူ များနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ အရာရှိကြီးများက ဈေးနှုန်းသက်သက်သာသာနှင့် ရယူငှားရမ်းနေထိုင်ခွင့်ရနေကြသည်။

ပြင်သစ်နိုင်ငံတွင်ငွေကြေးမတတ်နိုင်သူ သာမန်လူများက ပဲရစ်မြို့တော် မြို့တော်စည်ပင်ပိုင် တိုက်ခန်းများတွင် ငှားရမ်းနေခွင့်ရရှိရေးအတွက် နှစ်ကာလကြာမြင့်စွာစောင့်ဆိုင်းနေရချိန်၌အခွင့်အာဏာရှိသူများနှင့် ရင်းနှီးကျွမ်းဝင်သောအရာရှိကြီးများ၊ နိုင်ငံရေးသမားကြီးများသည် စည်ပင်သာယာပိုင်ကောင်းမွန်သော တိုက်ခန်းများကို ငှားရမ်းရယူနေထိုင်ခွင့်ရရှိနေကြသည့် ထိုသို့သောအခြေအနေတွင် ဝန်ကြီးချုပ် Alain Juppe၊ ၎င်း၏သားနှင့်သမီး၊ ၎င်း၏ယခင်မိန်းမနှင့် ၎င်း၏ညီ ဝမ်းကွဲတို့သည်ပြည်သူ့အခွန်ငွေဖြင့် ကောင်းမွန်စွာ မွမ်းမံ ပြင်ဆင်ထားသောစည်ပင်သာယာပိုင်အခန်းများကို အမှန်တကယ်ပေးရမည့်အိမ်လခအောက်လျှော့၍ပေးကာ ငှားရမ်းနေထိုင်ခွင့်ရရှိနေကြကြောင်း Daily Le Figaro သတင်းစာက ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ဖော်ထုတ်ရေးသားခဲ့သည်။ဝန်ကြီးချုပ် Juppe က အထောက်အထားစာရွက် စာတမ်းများကို ရုပ်မြင်သံကြားမှတစ်ဆင့်ဖော်ပြလျက် အဆိုပါ စွပ်စွဲရေးသားချက်ကို ဇူလိုင်လ ၆ ရက်နေ့၌ ငြင်းပယ်ခဲ့သည်။ ထို့ပြင် ၎င်းက အခန်းခြောက်ခန်းပါ ၎င်း၏တိုက်ခန်းသည် ၎င်း ငှားရမ်းနေထိုင်ချိန်၌ တိုက်ခန်းခ ယခင် ထက် သုံးဆမြင့်တက်သွားကြောင်း ပြောကြားသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည်ဟု သင်္ကာမကင်းသော အယ်ဂျီးရီးယား စစ်သွေးကြွ ၆၇ ဦးကို ပဲရစ်မြို့တွင် ဖမ်းဆီး၍ စစ်ဆေးမေးမြန်းရန် ရုံးတင် လိုက်သည်။ ၎င်းတို့သည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ်အိုင်တီ) ကို သော်လည်းကောင်း ၊ အယ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စု (ဂျီအိုင်အေ) ကို သော် လည်းကောင်း ထောက်ခံပြီး အကြမ်းဖက်လုပ်ရပ်များကို ပြင်သစ်မြေပေါ်တွင် လုပ်ဆောင်နေကြသူများဖြစ်ဖွယ်ရှိကြောင်း တရားရုံးအရာရှိများက ပြောကြားသည်။ ပြင်သစ် အစိုးရသည် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ကြသော အယ်ဂျီးရီးယားလူမျိုးများအနက် အယ်ဂျီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြောက်ကျားအုပ်စုများနှင့် အဆက်အသွယ်ရှိပုံရသည့် အယ်ဂျီးရီးယားများကို လွန်ခဲ့နှစ် နှစ်မှစ၍ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ရုံးတင်စစ်ဆေးရန် တရားရုံးသို့ ဖမ်းဆီး ပို့ဆောင်ခဲ့သော အဆိုပါ အယ်ဂျီးရီးယား အစွန်းရောက်သမား ၆၇ ဦးအနက် ၅၂ ဦးသည် အယ်ဂျီးရီးယား အစ္စလမ်မစ် လက်နက်ကိုင်အုပ်စုနှင့် ပတ်သက်ဖွယ်ရှိ၍ ကျန် ၁၅ ဦးသည် တူနီးရှား အစ္စလမ်မစ်တပ်ဦး (အက်ဖ် အိုင်တီ) နှင့် ပတ်သက်ဖွယ်ရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

## စစ်ရေး

ပြင်သစ်နိုင်ငံသည် ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ဒုံးကျည်တင် ကင်းလှည့်ရေယာဉ် ရစ်စင်းကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကူဝိတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ယင်းမှာ ပင်လယ်ကွေ့စစ်ပွဲ ပြီးသည့်နောက်ပိုင်း အကြီးမား ဆုံး လက်နက်ရောင်းဝယ်ခြင်းဖြစ်သည်။ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖရန်ဇွာလက်တာက မိမိနှင့် ကူဝိတ် ကာကွယ်ရေးဝန်ကြီး ရှိတ်အာမက်မွတ် အယ်ဆာဘာတို့ လက်မှတ်ထိုးသည့် စာချုပ်အရ ပြင်သစ်က ဒေါ်လာ ၅၄ သန်းခန့်တန် စစ်ဘက်ရေဒါ တစ်ခုကိုလည်း ကူဝိတ်သို့ ပေးရမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုသည်။

၁၉၉၁ ခုနှစ်က ကူဝိတ်နိုင်ငံအား အီရတ်က ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ် သွားစေသည့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များတွင် ပြင်သစ်ပါဝင်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြန်ပြောင်းသတိရ ပြောကြားခဲ့သည်။ ကူဝိတ်နိုင်ငံသည် ပင်လယ်ကွေ့ စစ်ပွဲအပြီး၌ အမေရိကန်၊ ဗြိတိန်တို့နှင့် ကာကွယ်ရေးစာချုပ်များ ချုပ်ဆိုသကဲ့သို့ ၁၉၉၂ ခုနှစ်၌ ပြင်သစ်နိုင်ငံနှင့်လည်း စာချုပ် ချုပ်ဆိုခဲ့သည်။

ပြင်သစ် နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းက ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အသစ်ထုတ်လုပ်ခဲ့သော နျူကလီးယားထိပ်ဖူးတပ် အမ် ၄၅ အဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ ပြင်သစ်ရေငုပ်သင်္ဘောများတွင် အဆိုပါ အမ် ၄၅ ဒုံးကျည်ကိုယခင်တပ်ဆင်ထားသည့် အမ် ၄ ဒုံးကျည်အစား ပြောင်းလဲတပ်ဆင်ခြင်းဖြစ်သည်။ နျူကလီးယားထိပ်ဖူးတပ် အမ် ၄၅ ဒုံးကျည်သစ်ကို မိုင် ၂၅၀၀ အထိ ပစ်လွှတ်နိုင်သည်ဟုဆိုသည်။

သမ္မတ ဂျက်ရှိရက်က ပြင်သစ်နိုင်ငံသည် ၎င်း၏နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုကို စက်တင်ဘာလအတွင်း တောင်ပစိဖိတ်သမုဒ္ဒရာထဲတွင် ပြန်လည်ပြုလုပ်မည် ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့၌ပြောကြားသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ပြင်သစ်နိုင်ငံ၏သတ်မှတ်ထားသော နျူကလီးယား စမ်းသပ်မှု အစီအစဉ်ကို ပြီးဆုံးသည်အထိ ပြုလုပ်ခြင်းမျှသာဖြစ်ပြီး ၁၉၉၆ ခုနှစ်ကျရောက်သောအခါ နျူကလီးယားစမ်းသပ်မှု မပြုရေးပိတ်ပင်ထားချက်ကို လက်မှတ်ထိုး လိုက်နာမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ယင်းသို့ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှု ပြန်လည်စတင်မည့် အစီအစဉ်ကိုပြင်သစ်ပြည်သူ ၁၀၀၀၀ ခန့်က ပဲရစ်မြို့တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ ပြင်သစ် ပြည်သူလူထုသည် Bastille မှ ပဲရစ်မြို့တော် အရှေ့ဘက်အစွန်းရှိ Place de la Nation အထိ ချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

## ပြည်ပဆက်ဆံရေး

ဩစတေးလျ အစိုးရက ပြင်သစ်နိုင်ငံ၏ နျူကလီးယား ပြန်လည်စမ်းသပ်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ပဲရစ်မြို့ရှိ ၎င်း၏သံအမတ် အလ်လန်ဘရောင်းကို ဇွန်လ ၂၃ ရက်နေ့၌ ဩစတေးလျနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မူရူရိုအာကျွန်း ရေအောက်တွင် ပြင်သစ်က နျူကလီးယားစမ်းသပ်မည့်ကိစ္စကို စွန့်လွှတ်ရန် ပြင်သစ်သမ္မတသစ်ဂျက်ရှိရက်အား တောင်းဆိုနေမှုများ ကြီးထွားလာချိန်၌ယင်းကဲ့သို့ ဩစတေးလျနိုင်ငံက ၎င်း၏သံအမတ်ကိုပြင်သစ်နိုင်ငံမှ ပြန်လည်ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ပြင်သစ်သမ္မတသစ် ရှိရက်အား ၎င်း၏နျူကလီးယားစမ်းသပ်မှု ပြန်လည်ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ကြောင့်



ဥရောပယူနီယံအဖွဲ့ဝင် ခုနစ်နိုင်ငံမှ ခေါင်းဆောင်များက ဇွန်လ ၂၅ ရက်နေ့၌ ပြစ်တင်ရှုတ်ချခဲ့သည်။

ပြင်သစ်သမ္မတသစ် ဂျက်ရှီရက်သည် ၎င်း၏ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မော်ရိုကိုနိုင်ငံသို့ ဇူလိုင်လ ၁၉ ရက်နေ့၌ တရားဝင်အလည်အပတ်သွားရောက်ခဲ့သည်။

## စီးပွားရေး

ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွား ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့က ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေသည် ၁၉၉၅ ခုနှစ်၊ မတ်လတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပြင်သစ်အလုပ်သမားဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ နျူကလီးယား ပြန်လည် စမ်းသပ်မည့် အစီအစဉ်ကို ပြည်တွင်းပြည်ပ ကန့်ကွက်ဆန္ဒပြမှုဂယက် ကြောင့် ပြင်သစ်ကုန်ပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အရောင်း ကျဆင်းသွားခဲ့သည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။** ။ဗီယက်နမ်နိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ဦးဆောင်မှုအခန်းကဏ္ဍနှင့်အခြားမတ်စ်၏ဝါဒ လမ်းညွှန်မှုများကိုလည်း ဦးစားပေးလုပ်ရှားသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၀ ရက်နေ့က ဟနွိုင်မြို့၌ စတင်ဖွင့်လှစ်သော ဗီယက်နမ်ပါလီမန်အစည်းအဝေးတွင် ဗီယက်နမ်ခေါင်းဆောင်တို့က ကတိကဝတ်ထပ်မံပြုလုပ်ကြသည်။ လွန်ခဲ့သည့် ရှစ်နှစ် အတွင်း နိုင်ငံခေတ်မီတိုးတက်ရေးအားထုတ်မှုများကို ပါလီမန်သို့တင်သွင်းသော အစီရင်ခံစာ၌ ဖော်ပြထားသည်။ ထို့ပြင် အာဏာရ ကွန်မြူနစ်ပါတီက အရင်းရှင်ပုံစံ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ ကိုတင်ပြထားသော်လည်း ရှုပုံစံအတိုင်း ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ အဖြစ်အားလုံးအသွင်ပြောင်းရေးကိုမူ လက်မခံဘဲငြင်းဆန်ထားသည်။ ပါလီမန် အစည်းအဝေးဖွင့်ပွဲတွင် ဝန်ကြီးချုပ်ဗိုဗန်ကီယက်က စီးပွားရေး အခန်းကဏ္ဍကို အဓိကထားသော နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြား တင်ပြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပြန်လည်ပြုပြင်မွမ်းမံမှု" အစီအစဉ်ကို တွန်းအားပေးရန်လိုအပ်သည်။ "ပြန်လည်ပြုပြင်မွမ်းမံမှု" ဟူသော ဗီယက်နမ်၏အသုံးအနှုန်းမှာ ၁၉၈၆ ခုနှစ်တွင်စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆိုလိုသည်။ ဗီယက်နမ်နိုင်ငံသည်နိုင်ငံ ပိုင်အခန်း ကဏ္ဍ၏ ပင်မ ရေစီးကြောင်းမရှိပါက ၁၉၉၄ ခုနှစ်တွင်မှန်းဆထားသည့် စီးပွားရေးတိုးတက်မှုနှုန်း(၈) ဒသမ (၅) ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ၄၀ ရာခိုင်နှုန်းကျော် ရှိသော နိုင်ငံပိုင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လိုသည်။ ယင်းကုမ္ပဏီများ အနက် သုံးပုံတစ်ပုံမှာ ငွေကြေးအရ နစ်နာ အရှုံးပြလျက်ရှိသည် စသည်ဖြင့် ပါလီမန်ကိုယ်စားလှယ် ၄၀၀ ကျော်အား ဗိုဗန်ကိယက်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အဂတိလိုက်စားမှုနှင့် မှောင်ခိုရောင်းဝယ်မှုတို့မှာ ဓလေ့ထုံးစံတစ်ရပ်သဖွယ် တည်ရှိ နေကြောင်း အမျိုးသားလွှတ်တော်သို့ တင်သွင်းသော အစိုးရအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ ၁၉၉၄ ခုနှစ် ပထမ ရှစ်လအတွင်း အဂတိလိုက်စားမှုနှင့် မှောင်ခိုမှု ၉၅၉ မှ ဖြစ်ပွားခဲ့သဖြင့် ဒေါင်ငွေ ၄၂၉ ဘီလီယံ (ဒေါ်လာ ၃၉ သန်း) နိုင်ငံတော်ကဆုံးရှုံးနစ်နာခဲ့ရသည်။ ယင်းအမှုများအတွက် အစိုးရက တာဝန်ရှိသူ ၁,၆၀၀ ကျော်ကို စီမံခန့်ခွဲမှုနည်းလမ်းအရ အပြစ်ပေးမှုပြုလုပ်ခဲ့ရသည့်ပြင် အဂတိလိုက်စားမှုဖြင့် လူ ၄၃၀ ကို တရားစွဲဆိုခဲ့ရသည်။ မကြာမီက ဖြစ်ပေါ်ခဲ့သော လူသိရှင်ကြားအဂတိလိုက်စားမှုတစ်ခုတွင် ဝန်ကြီးချုပ် ဗိုဗန်ကိယက်က ဘာရိယာဗန်တူပြည်နယ်ပြည်သူ့ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရာထူးမှ ဖယ်ရှားခဲ့ရသည်။

ဗီယက်နမ်နိုင်ငံသည် လပေါင်းအတော်ကြာ မျှော်လင့်စောင့်စားခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တွင် ပထမဆုံးကွန်မြူနစ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် တရားဝင် လျှောက်ထားလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ငုယင်မန်ကမ်က အဖွဲ့ဝင်အဖြစ်လျှောက်လွှာကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး မင်းသား မိုဟာမက်ဘိုခီးယားသို့ အောက်တိုဘာလဆန်းပိုင်းက နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဖွင့်လှစ်စဉ်ပေးအပ်ခဲ့သည်။ မင်းသားဘိုခီးယားသည် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည်။ အာဆီယံအဖွဲ့ဝင်ဖြစ်လာရန် ဗီယက်နမ်က အဓိကစိတ်ဝင်စားခြင်းမှာ အလျင်အမြန်ဖွံ့ဖြိုးလာသော အာဆီယံ စီးပွားရေးများနှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု ဆက်ဆံခြင်းဖြင့် အားပေးရန်ဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဗိုဗန်ကိယက်သည် တိုင်ဝမ်ကုမ္ပဏီတစ်ခု၏ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားဖြင့် ဟိုချီမင်းမြို့တွင် မြို့သစ်ကြီးတစ်မြို့ထူထောင်ရေးစီမံကိန်းကို အတည်ပြုပေးခဲ့ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ တိုင်ဝမ်အာဏာရ အမျိုးသားရေးပါတီက တစ်စိတ်တစ်ဒေသပိုင်ဆိုင်သော တိုင်ဝမ်ဗဟိုကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီသည် ဒေသခံအာဏာပိုင်အဖွဲ့ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီနှင့် ပူးပေါင်းတည်ဆောက်သည့် ဆိုင်ဂုံတောင်ပိုင်းစီမံကိန်းတွင် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။ ယင်းစီမံကိန်းသည် ကုန်ကျစရိတ်ဒေါ်လာသန်း ၆၀၀ ကျော်ပြီး ရာစုနှစ်အတွင်း ဟိုချီမင်းမြို့အတွက် ဗဟိုအချက်အခြာဖြစ်လာမည်ဟု မျှော်လင့်ရသည်။ ယင်းမြို့သစ်၌ လူဦးရေသုံးသိန်းခန့် နေထိုင်ကြမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်း ထုတ်လုပ်ရေးနယ်မြေ တစ်ခုလည်းပါဝင်သည်။ လူနေရပ်ကွက်ကြီး၊ စီးပွားရေး နယ်မြေများနှင့် ကြယ်ငါးပွင့်ဟိုတယ်ကြီးတစ်ခုလည်း ပါဝင်သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သောနှစ် ၅၀ မြောက် ပြပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြသခဲ့သည်။ ပြင်သစ် ကိုလိုနီနယ်ချဲ့တပ်ဖွဲ့များကို တွန်းလှန်မောင်းထုတ်ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်ခြင်းဟူသော ပြောက်ကျားစစ်ပွဲကြီး နှစ်ရပ်အတွင်း ရန်သူတပ်ဖွဲ့များအား သိမ့်သိမ့်တုန်စေခဲ့သည့် တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုအဖြစ် ဗီယက်နမ်ပြည်သူ့တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ဗီယက်နမ်ပြည်သူ့တပ်မတော်သည် ယခုအခါ တပ်ဖွဲ့ဝင်အင်အား ၅၀၀,၀၀၀ ရှိမည်ဟု လန်ဒန်မြို့ရှိ နိုင်ငံတကာမဟာ ဗျူဟာ လေ့လာရေးသိပ္ပံက ခန့်မှန်းသည်။ ယခုအခါ ဗီယက်နမ်နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွက်လာခဲ့ရာ ဗီယက်နမ်စစ်တပ်သည် အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့သည်။ ၄င်းအပြင် ကုမ္ပဏီ ၃၀၀ ကျော်နှင့် ဘဏ်တိုက်တစ်တိုက်ကိုလည်း စစ်တပ်က ပိုင်ဆိုင်ခဲ့သည်။ စစ်တပ်၏ ပြည်ပပို့ကုန်ပမာဏမှာ ဒေါ်လာသန်း ၁၀၀ ဖိုးရှိသည့်အပြင် ဆက်သွယ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး

လုပ်ငန်းနှင့် အိမ်ရာခြံမြေဆိုင်ရာ လုပ်ငန်းများတွင်လည်း စစ်တပ်က ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဟန္နွိုင်းမြို့ရှိစစ်တပ်ဟိုတယ်သည် ယခုအခါ အနောက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ကြိုက်တွေ့သော ဟိုတယ်ဖြစ်နေသည်။

အာဏာရ ကွန်မြူနစ်ပါတီဝင်မဟုတ်သော ပညာတတ် စွမ်းရည်ထက်မြက်သော ပုဂ္ဂိုလ်များအား စုစည်းသိမ်းသွင်းကာ အစိုးရ ရာထူးများ၌ ခန့်အပ်သင့်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ဗိုဗန်ကီယက်က တိုက်တွန်းခဲ့သည်။ ဖြီးခြစ္စောတာရေးအစီအစဉ်အရ ယခုနှစ်တွင် အစိုးရရုံးများ အသစ်တည်ဆောက်ခြင်း၊ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းခြင်း၊ ရုံးအဆောက်အအုံ အတွင်း အလှအပ ပြင်ဆင်ခြင်းများ ပိတ်ပင်သောကြေညာချက်ကို အစိုးရက ထုတ်ပြန် ကြေညာထားသည်။ မိမိတို့သည် ပညာတတ် လူငယ်များကို ရဲရဲဝံ့ဝံ့ စုစည်းသိမ်းသွင်းသင့်ကြောင်း၊ ပါတီဝင်များကိုသာ ထိပ်တန်းရာထူးများ၌ ခန့်အပ်ခြင်းသည် မလိုလားအပ်ကြောင်း ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြား သည်ဟု ဆိုင်ဂုံ နယူးရီးဒါးသတင်းစာ၌ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက် နေ့တွင် ဖော်ပြခဲ့သည်။ ဗီယက်နမ်တွင် ထိပ်တန်းအာဏာပိုင် အဖွဲ့အစည်းများရှိ ရာထူးအားလုံးကို ကွန်မြူနစ်ပါတီဝင်များ ကိုသာ ခန့်ထားသော အစဉ်အလာရှိခဲ့သည်။ သို့ရာတွင် စီးပွားရေး ခေတ်မီမှု အစီအစဉ် အကောင်ထည်ဖော်ရာ၌ ငယ်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှု စိတ်ဓာတ် ပိုမိုရှိသောလူငယ် များကို ကီယက်က လိုလား လျက်ရှိသည်။

ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ အကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်လိုက်ကြသည်။ နှစ်နိုင်ငံအစိုးရ အထက်တန်းအရာရှိများသည် ဗီယက်နမ်စစ်အတွင်းက သိမ်းပိုက်ခဲ့ကြသော သံတမန်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ ပစ္စည်းများကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းချက်ဆိုင်ရာ သဘောတူညီချက်များကို ဟန္နွိုင်းမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ပထမဦးဆုံး သံတမန်ဆက်ဆံရေး ထူထောင်မှုအဖြစ် ဟန္နွိုင်းမြို့နှင့် ဝါရှင်တန်မြို့တော်များတွင် နှစ်နိုင်ငံဆက်သွယ်ရေးရုံးများ ကို တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနား ပြုလုပ်ခြင်းမရှိဘဲ စတင်ဖွင့်လှစ်ခဲ့ကြသည်။ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံသံရုံးများကဲ့သို့ လုပ်ငန်းများဆောင်ရွက်ကြမည့် ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်ရန် ၁၉၉၄ ခုနှစ်က သဘောတူခဲ့ကြသည်။ သို့ရာတွင် သံတမန်အဆင့် ဆက်ဆံရေးထူထောင်မှု မပြုမချင်း သံရုံးများကိုမူ အပြည့်အဝဖွင့်လှစ်နိုင်ကြဦးမည် မဟုတ်ပေ။ အမေရိကန်အရာရှိများကမူ ယခုဖွင့်လှစ်လိုက်သော ဆက်သွယ်ရေးရုံး၏ လုပ်ငန်းများကို ဗီယက်နမ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကုန်လွန်ပြီးနောက် ဟန္နွိုင်းမြို့ရှိ အထပ်ကိုးထပ်ပါရှိသော ခေတ်မီရုံးအဆောက်အအုံ၌ လုပ်ငန်းစတင်ရန် မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ဆက်သွယ်ရေးရုံးကို ဝါရှင်တန်မြို့တော်၌ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ ရုံးဖွင့်လှစ်နိုင်ခြင်းသည် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ အရေးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၀ နီးပါးအတွင်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေမည့် အရေးပါသော ခြေလှမ်းအဖြစ် ရှုမြင်ကြသည်။ အမေရိကန်ကလည်း ၎င်း၏ ဆက်သွယ်ရေးရုံးကို ဟန္နွိုင်းမြို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ၎င်း၏ ခုနစ်နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ဗီယက်နမ်အား ဝင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း တရားဝင် ဗီယက်နမ်သတင်းဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဂျကာတာမြို့တွင် ကျင်းပသော အာဆီယံ အမြဲတမ်းကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဒေသဆိုင်ရာ အာဆီယံအဖွဲ့တွင် ယခုအခါပါဝင်နေသောအဖွဲ့များမှာ ဘရူနိုင်း၊ အင်ဒို နီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံ တို့ဖြစ် ကြသည်။ ဗီယက်နမ်သည် ယခုလောလောဆယ် တွင် လောနိုင်ငံနှင့်အတူ အာဆီယံ၏ လေ့လာသူအဆင့် ရရှိ ထားသည်။

ဂျပန်အစိုးရသည် ဗီယက်နမ်နိုင်ငံသို့ ယန်းငွေ ၅၀ ဘီလီယံ (ဒေါ်လာ ၆၈၂ သန်း) ချေးရန် ဧပြီလ ၁၈ ရက်နေ့က သဘောတူညီခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ထောက်ခံသည့်အနေဖြင့် ယန်းငွေ သုံးဘီလီယံ (ဒေါ်လာ ၃၅ သန်း) ထပ်ဆောင်းချေးရန်ကိုလည်း ဝန်ကြီးချုပ် အိုမိချိမူရာယာမာက ကတိပြုခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒိုမွိုင်နှင့် တွေ့ဆုံရာတွင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အလေးထားကြောင်း မူရာယာမာက ထုတ်ဖော်ပြောဆိုသည်။ ဒိုမွိုင်သည်တောင်ကိုရီးယားနိုင်ငံသို့ ရက်သတ္တ တစ်ပတ် ကြာ

သွားရောက်လည်ပတ်ခဲ့ပြီးနောက် ငါးရက်ကြာ အလည် အပတ် ခရီးစဉ်အဖြစ် ပြေလ ၁၇ ရက်နေ့က တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဒိုမွိုင်သည် ဂျပန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသော ပထမဆုံးကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးပြီးနောက် ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့် လည်ပတ်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ် နောက်ပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး လာခဲ့သည်။ အစိုးရသည် မကြာမီနှစ်များအတွင်းက အဂတိ လိုက်စားမှုနှင့် ကြိုးနီစနစ်များကို ပယ်ဖျက်ခဲ့ပြီး စီမံခန့်ခွဲမှု လုပ်ငန်းများကို စည်းကမ်းတင်းကျပ်ခဲ့သည်။ အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး၊ သွင်းကုန် ပို့ကုန်လုပ်ငန်း၊ ပြည်ဝင်ခွင့် ဗီဇာလုပ်ငန်း၊ မြို့ပြစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အကောင်အထည် ဖော်ရာတွင် နှောင့်နှေးကြန့်ကြာစေသော အဆင့်ဆင့်တင်ပြ ရသည့်စနစ် ဖျက်သိမ်းသော စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံး လုပ်နည်း ပြောင်းလဲမှုတွင် အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ၁၉၉၅ ခုနှစ် ပထမနှစ်ဝက်၌ စီးပွားရေးတိုးတက်မှု အလားအလာကောင်းမွန်ကြောင်း၊ သို့ရာတွင် ဘတ်ဂျက်လိုငွေပြမှု လျော့နည်းစေရေးအတွက် ဒုတိယနှစ်ဝက်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရဝန်ကြီး ဌာနများအနေဖြင့် တင်းတင်းကျပ်ကျပ် ကိုင်တွယ် ဆောင်ရွက်သင့်ကြောင်း ဗီယက်နမ်အစိုးရက ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ဖော်ကြေညာသည်။ ဘတ်ဂျက်ဝင်ငွေ ရရှိမှုသည် ၁၉၉၄ ခုနှစ် ပထမနှစ်ဝက်ကထက် ၂၇ ရာခိုင်နှုန်း ပိုမိုခဲ့သော်လည်း သတ်မှတ်ပမာဏအောက် လျော့နည်းနေသေးသည်ဟုဆိုသည်။ ယခုနှစ် ပထမ နှစ်ဝက်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ၁၉၉၅ ခုနှစ် ကုန်တွင် လစဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် သုညဒသမ ၅ ရာခိုင်နှုန်း ရှိစေရန် ရည်ရွယ်ထားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကိယက်သည် ဗီယက်နမ် စစ်ပွဲအပြီး လွန်ခဲ့သော အနှစ် ၂၀ အတွင်း ဗီယက်နမ်မှ ထွက်ပြေးသွားခဲ့သူ ဗီယက်နမ်လူမျိုး နှစ်သန်းခန့်အား ဇူလိုင် လ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခဲ့သည်။ နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားမှထုတ်လွှင့်သော မိန့်ခွန်းတွင် ကိယက်က အမျိုးသား ပြန်လည်သင့်မြတ်ပေါင်းစည်းရန် သင့်ပြီဟု တိုက်တွန်းလိုက်ပြီး ပင်လယ်ရပ်ခြား ဗီယက်နမ် လူမျိုးများအနေဖြင့် ဗီယက်နမ်နှင့် ပြည်ပရောက် ဗီယက်နမ်များအကြား နှစ်ပေါင်းအတန်ကြာ တည်ရှိနေ သော သဘော ထား ကွဲလွဲမှုများကို ကုစားရေးအတွက် အကူအညီပေးကြ ရန် ပန်ကြားခဲ့သည်။ နှစ်ပေါင်း အတန် ကြာ ရန်လိုမှုကို ခဝါချအဆုံးသတ်ကာ ဗီယက်နမ်နှင့်သံ တမန်ပြန်လည် ဆက်ဆံရန် အမေရိကန်သမ္မတ ကလင်တန် ၏ ဆုံးဖြတ်ချက်ကို ဝါရှင်တန်တွင် ထုတ်ပြန်ကြေညာ ပြီးနောက် နာရီပိုင်း အကြာတွင် ကိယက်၏မိန့်ခွန်း ထွက်ပေါ်လာခဲ့သည်။ ကလင်တန်၏ ဆုံးဖြတ်ချက်သည် ဗီယက်နမ်စစ်ပွဲအတိတ် ဖြစ်ရပ်များကို ပြည်ဖုံးကားချကာ ဗီယက်နမ်နှင့်ရင်းရင်းနှီးနှီးပုံမှန်ဆက်ဆံလိုသော အမေရိကန်အလွှာစုံ ပြည်သူတို့၏ သဘောထားနှင့် လိုက် လျော ညီထွေရှိသော အရေးပါ သည့် ဆုံးဖြတ်ချက်အဖြစ် ကိယက်က ကြိုဆိုလိုက်သည်။ ၁၉၇၅ ခုနှစ်၊ ပြေလအတွင်း ဗီယက်နမ်စစ်ပွဲ ပြီးဆုံးကာနီးတွင် ဗီယက်နမ်လူမျိုး နှစ်သန်းခန့် ဗီယက်နမ်မှ ထွက်ပြေးခဲ့ ကြရာ ၁၉၈၀ ပြည့်လွန် နှောင်းပိုင်းတွင် ပိုမိုများပြားလာခဲ့ သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံအား အာဆီယံ အဖွဲ့၏ ပထမဦးဆုံးသော ကွန်မြူနစ်အဖွဲ့ဝင် နိုင်ငံအဖြစ် ကြိုဆိုလက်ခံခဲ့သည်။ ဗီယက်နမ်နိုင်ငံအား အာဆီယံ၏ သတ္တမမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ကြိုဆို သည့် သာမန် အခမ်းအနားတွင် အာဆီယံနှစ်ပတ်လည် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဘရူနိုင်းနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး မိုဟာမက်ဘိုစီးယားက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ယင်းအခမ်း အနားတွင် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ငုယင် မန်ကမ် က အာဆီယံအဖွဲ့သို့ ဗီယက်နမ်နိုင်ငံ တရားဝင် ဝင်ရောက် သည့် အထိမ်းအမှတ် အဖြစ် အာဆီယံကြေညာစာတမ်းကို လက်မှတ်ရေးထိုးနေ စဉ် အခြားအာဆီယံအဖွဲ့ဝင် ခြောက် နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက စောင့်ကြည့် နေကြသည်။ ဗီယက်နမ်သည် အာဆီယံအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ အခြေခံမှု များနှင့် စည်းမျဉ်းများအားလုံးကို အပြည့်အဝလိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိလာပြီဖြစ်သည်ဟု နိုင်ငံခြားရေး ဝန်ကြီးကမ်က ပြောကြားသည်။ ဗီယက်နမ်အား အာဆီယံ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အင်ဒို

နီးရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ တို့မှ နိုင်ငံခြားရေးဝန်ကြီးများက မိန့်ခွန်းပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအား ချီးကျူးစကား ပြောကြားကြသည်။

ဗီယက်နမ်နိုင်ငံတွင် ကောက်ပဲသီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၌ စပါးစိုက်လယ်ယာမြေဧရိယာ တိုးချဲ့ရန် ဝန်ကြီးချုပ် ဗိုဗန်ကီယက် ညွှန်ကြားခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံ၏ ကိုယ်ပိုင်ဆန်ဖူလုံမှုအနေအထား လက်လွတ်ဆုံးရှုံးသွားဖွယ်ရှိသောအရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် တိုးပွားများပြားလာနေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သောစက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်ကြရာတွင် ဆန်စပါးထုတ်လုပ်နေသော လယ်ယာမြေများကို စက်ရုံအလုပ်ရုံနေရာများအဖြစ်သို့ ပြောင်းလဲပစ်နေကြသည်။ သို့ရာတွင် ဝန်ကြီးချုပ် ဗိုဗန်ကီယက်အပါအဝင် ဗီယက်နမ် ခေါင်းဆောင်များက ကမ္ဘာတွင် ပြည်ပဆန်တင်ပို့မှု၌ တတိယအများဆုံး တင်ပို့နေသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းကြောင့် မိမိနိုင်ငံစားသုံးမှု ဖူလုံရေးအတွက် လိုအပ်သောဆန်စပါးကို ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်သောစွမ်းရည် ဆုံးရှုံးသွားမည့်အရေးကို စိုးရိမ်မကင်းဖြစ်လျက် ရှိကြသည်။

ဝန်ကြီးချုပ် ကီယက်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိစဉ် ဒေသဆိုင်ရာ အာဏာပိုင်များအား မဲခေါင်ဒေသရှိ စပါးစိုက်ပျိုးသည့် လယ်ယာမြေဧက ၁၀ ဒသမ ၆ သန်း လျော့ကျမသွားရေးအတွက် ထိန်းသိမ်းရန်နှင့် လာမည့် ၁၅ နှစ်၌ ပြည်တွင်းစားသုံးရန် ဆန်ဖူလုံရေး အထွက်တိုးအောင် စိုက်ပျိုးကြရေးကို ညွှန်ကြားခဲ့ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု စာစောင်က ဖော်ပြသည်။

ဝန်ကြီးချုပ်၏ လမ်းညွှန်လျာထားချက်ကို ပြည့်ဆည်းနိုင် ရေးအတွက် လယ်ယာဦးကြီးများသည် ဗီယက်နမ်၏ လူဦးရေ တိုးနှုန်းဖြစ်သော တစ်နှစ် နှစ်ရာခိုင်နှုန်း တိုးပွားမှုနှင့် အညီ စပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အထွက်တိုးလာအောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ပြင် ဝန်ကြီးချုပ် ကီယက်က မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူဦးကြီးများ အနေဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်သမားများအား ဘဏ်များက အတိုးနှုန်းချိုသာသော ချေးငွေများပိုမိုထုတ်ချေးကြပါရန် တိုက်တွန်းလိုက်သည်။ လယ်ယာမြေဗုံးရှမ်းခနှင့် စိုက်ပျိုးရေးအတွက် သုံးစွဲရသော ရေဖိုးရေခများကိုလည်း လျှော့ချကောက်ခံကြရန် ဒေသဆိုင်ရာ အစိုးရအရာရှိများကို ကီယက် က ညွှန်ကြားခဲ့သည်။

## စီးပွားရေး

ဗီယက်နမ်နိုင်ငံတွင် ပုဂ္ဂလိကပိုင် လူထုဆက်သွယ်ရေးယန္တရား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အစိုးရရည်မှန်းချက် အောင်မြင်စေရန် အကူအညီပေးကြစေလိုသည်ဟု ဟိုချီမင်းမြို့တွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့က လူထုဆက်သွယ်ရေးခေါင်းဆောင်များအား ဝန်ကြီးချုပ် ဗိုဗန်ကီယက်က ပြောကြားခဲ့သည်။ လူထုဆက်သွယ်ရေးယန္တရားများ၌ နိုင်ငံခြားကုန်စည်များနှင့် ပတ်သက်၍ အလွန်အကျွံကြော်ငြာနေခြင်းထက် မိမိတို့၏ကုန်ပစ္စည်းများ ပိုမိုယှဉ်ပြိုင်နိုင်စေရေးအတွက် ပြည်တွင်းကုန်ပစ္စည်းများကို ပိုမိုအားရုံစိုက်ကြရန် ဗိုဗန်ကီယက်က တိုက်တွန်းလိုက်သည်။ ဗီယက်နမ်နိုင်ငံတွင် သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနများက ပြည်တွင်းကုမ္ပဏီများထက် နိုင်ငံခြားကုမ္ပဏီများအတွက် ကြော်ငြာခနှုန်း ပိုမိုယူကာ နေရာဆိုပေးနေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့ရေး၊ ကြိုးနီစနစ်လျော့ချရေးနှင့် စတော့ရှယ်ယာ ဈေးကွက်တစ်ခု တည်ထောင်နိုင်ရေးအတွက် စည်းမျဉ်း မူဘောင်တို့ ချမှတ်သွားရေး စသည်တို့ကို ဗီယက်နမ်အစိုးရက ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဟိုတေးက ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။ ယခုရာစုနှစ်ကုန်ထက် နောက်မကျဘဲ တစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဒေါ်လာ ၄၈၀ ကို နှစ်ဆတိုးမြှင့်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်သွားနိုင်ရေးနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု အစိုးရက မျှော်လင့်ထားကြောင်း ဆေးရုံဂီအိဖွန် သတင်းစာအား ဟိုတေးက ပြောကြားခဲ့ သည်။

ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံပါမည်ဟု ၁၉၉၄ ခုနှစ်အတွင်း ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ပမာဏသည် ၁၉၉၃ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်း ၄,၀၄၀ အထိရှိကြောင်း ဗီယက်နမ်စီးပွားရေးသတင်းစာက ဇန်နဝါရီလ ၁၂ ရက်နေ့က ဖော်ပြရေးသားခဲ့သည်။ ၁၉၉၃ ခုနှစ်က ဗီယက်နမ်တွင် ရင်းနှီး

မြှုပ်နှံမည်ဟု ကတိပြုခဲ့သော နိုင်ငံခြားရင်းနှီး မြှုပ်နှံငွေ ပမာဏသည် ဒေါ်လာသန်း ၂,၆၉၀ ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကတိပြုခဲ့သောပမာဏကိုပါ ထည့်သွင်းပါက ၁၉၈၈ ခုနှစ်မှ စ၍ ၁၉၉၄ ခုနှစ်ကုန်အထိ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံငွေ ပမာဏစုစုပေါင်းသည် ဒေါ်လာသန်း ၁၁,၀၀၀ ကျော်သွားပြီ ဖြစ်သည်။ ဟောင်ကောင် ၊ စင်ကာပူနှင့် တိုင်ဝမ်တို့သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြရာ ၁၉၉၅ ခုနှစ်ဆန်းပိုင်းအထိ အတည်ပြုပြီး ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံအနက် ၄၀ ရာခိုင်နှုန်းရှိ ကြောင်း ဗီယက်နမ်အစိုးရက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှာ ဗီယက်နမ်နိုင်ငံ၌ ၁၃ နိုင်ငံမြောက် အကြီးမားဆုံး ရင်းနှီး မြှုပ်နှံသူဖြစ် လာခဲ့သည်။ လိုင်စင်များ ရုပ်သိမ်းခံရသော ဒေါ်လာသန်း ၈၄၀ ဖိုးရှိ စီမံကိန်းများ မပါဝင်သည့် အဆိုပါစာရင်းများအရ အသားတင်ရင်းနှီး မြှုပ်နှံမှု ပမာဏသည် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလကထက် ၁ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းခဲ့သော ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စတင် လမ်းဖွင့် ပေးခဲ့သည်။ ဗီယက်နမ်၌ တိုင်ဝမ်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ် နှံမှု စီမံကိန်းများမှာ ဒေါ်လာသန်း ၂,၀၀၀ ဖိုး အထိရှိသည်။ ဟောင်ကောင်က ဒေါ်လာသန်း ၁,၈၀၀ နှင့် စင်ကာပူက ဒေါ်လာသန်း ၁,၀၀၀ ဖိုးအသီးသီး ရင်းနှီးမြှုပ်နှံလျက် ရှိသည်။ အမေရိကန်ကုမ္ပဏီများကလည်း ဒေါ်လာ သန်း ၂၇၀ ဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ဗီယက်နမ်တွင် ကြိုးနီစနစ် နှင့် စီမံကိန်းလိုင်စင်ခွင့်ပြုချက်ရရှိရေးတွင် နှောင့်နှေး ကြန့်ကြာနေရခြင်းတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပျက်နေကြသည်။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် ထေရ ဝါဒ ဆရာတော် သံဃာတော်များအနက်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရန် သင့်လျော်သော ဆရာတော် သံဃာတော်များကို အဆင့်ဆင့်ရွေးချယ်စိစစ်ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ထုတ်ပြန်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ–

| | |
|---|---|
| (၁) အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂ ပါး |
| (၂) အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၁ ပါး |
| (၃) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၂၁ ပါး |
| (၄) သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး | ၃၁ ပါး |
| (၅) ဝမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၂ ပါး |
| (၆) ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၂ ပါး |
| (၇) စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၅၆ ပါး |
| (၈) စာချဘွဲ့တံဆိပ်တော်ရ သီလရှင် | ၅ ပါး |
| (၉) သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် | ၁ ပါး |
| (၁၀)သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၁)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား | ၃ ဦး |
| (၁၂)သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး | ၂ ဦး |

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် (၁၃၉) ဦး ဖြစ်သည်။

သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သား သံဃာပရိသတ် လေးပါးတို့အား အရာဌာနအားလျော်စွာ သင့်လျော်ရာ ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှောက်တော် မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ထိုချီးမြှောက်မှု အစဉ်အလာကို ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်များက အမွေဆက်ခံခဲ့ကြပြီး ရာဇာဓိရာဇဂုရု စသော ဘွဲ့တံဆိပ်တော်များ ချီးမြှင့်လှူဒါန်းခဲ့ကြသဖြင့် ယခုတိုင်အောင် ထိုကောင်းမြတ်သော အစဉ်အလာမှာ တည်တံ့ခိုင်မြဲနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင်

၁၉၉၁ ခုနှစ်မှစ၍ ရှေးအစဉ်အလာက ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ်တော်များအပြင် သာသနာပြုဘွဲ့၊ စာချဘွဲ့၊ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာနုဂ္ဂဟဘွဲ့ စသည့် ဘွဲ့တံဆိပ်တော်အသစ်များကို တိုးချဲ့တီထွင် ပြဋ္ဌာန်း၍ အမျိုးဘာသာ သာသနာဂုဏ်ရောင် ထွန်းပြောင်တောက်ပစေရန်အတွက် ဆက်ကပ်လှူဒါန်းလာခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းရာ၌ ဆရာတော်အရှင်မြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်နှင့် ပြည့်စုံသည့်ဂုဏ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအမြတ်ထား၍ ဆောင်ရွက်ခြင်း၊ သာသနာ့ဟိတဓရဂုဏ်၊ မယဉ်ကျေးသေးသူများ လိမ္မာယဉ်ကျေးလာအောင်၊ ယဉ်ကျေးပြီးသူများ ပို၍လိမ္မာယဉ်ကျေးပြီး လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ခံစားနိုင်အောင် အဆုံးအမဩဝါဒပေးချီးမြှောက်ခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာတော်အား စွမ်းအားရှိသမျှ အဘက်ဘက်မှ ကျေးဇူးပြုခြင်း၊ သာသနာ့ဗဟုပကာရဂုဏ်၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမများ၏ ဗုဒ္ဓမြတ်စွာသာသနာတော် အပေါ်၌ စေတနာသုံးတန် ထက်သန်စွာ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်းခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို ကြည်ညိုသဒ္ဓါပွားလျက် ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခြင်း ဖြစ်သည်။

ထိုထို ကျေးဇူးဂုဏ်များသည် ဗုဒ္ဓသာသနာတော်ကို အမှီပြု၍ ရရှိသည့် အကျိုးတရားများဖြစ်၍ လောကလူသားအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်သောကြောင့် လောကဟိတဓရဂုဏ်များလည်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်များသည် လောကသံသရာ နစ်ဖြာသောအကျိုးကို ပွားတိုးစေနိုင်ပြီး ချမ်းသာသုခအဝဝကို ရရှိခံစားစေနိုင်သောကြောင့် အရှင်မြတ်တို့အား လှူဒါန်းပူဇော်ကြသော နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့မှာလည်း လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကောင်းကျိုးမင်္ဂလာအဖြာဖြာကို အမှန်ပင် ရရှိကြလိမ့်မည်ဟု ယုံကြည်လျက် ၁၉၉၅ ခုနှစ်၊ ဘွဲ့တံဆိပ်တော်အသီးသီး ဆက်ကပ်လှူဒါန်း ခံကြရတော်မူသော ဆရာတော်ကြီးများအနက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတချို့၏ ထေရုပ္ပတ္တိများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**

**ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်**

## ဆရာတော် ဘဒ္ဒန္တ ဝိဇယ

(သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဝိဇယကို ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျုံတကင်းကျေးရွာတွင် ခမည်းတော် ဦးဘိုးလေး၊ မယ်တော် ဒေါ်ညီမတို့က သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီအချိန်၌ မီးရှူးသန့်စင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာ ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အနီးရှင်းတိုက်လေးပင်ကျောင်း ပထမဆရာတော် ဦးဇာဂရ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ဘွဲ့တော်မှာ "ရှင်ဝိဇယ" ဖြစ်သည်။

သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄) ရက်၊ ကြာသပတေးနေ့၌ ရှင်းတိုက်လေးပင်ကျောင်း ခဏ္ဍသိမ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥက္ကံမြို့၊ ရွှေဘိုကျောင်း ဆရာတော် ဦးခေမိန္ဒမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ကိုးနှစ်သားအရွယ်မှစ၍ ဇကာကြီးနယ်၊ ငပြင်းချောင်းရွာ၊ မဲဇလီကျောင်း ဆရာတော် အရှင်ဝါသဝမထေရ်ထံတွင် သူငယ်တန်းနှင့် သုဝဏ္ဏသာမဇာတ်တော်ကုန်အောင် (ကျောင်းသားဘဝက) သင်ယူခဲ့သည်။

၁၃ နှစ်သားအရွယ်၌ ရှင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ ပိဋကအခြေပြု သဒ္ဒါ၊ သင်္ဂဟ၊ ဝိနယ စသည်တို့ကို သင်ယူခဲ့သည်။

၁၆နှစ်သားအရွယ်မှစ၍ အရှင်ဝိစိတ္တာဘိဝံသ (သကျသီဟ ဓမ္မာစရိယ) ထံ၌ သဒ္ဒါကြီး၊ နျာသကျမ်း၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဂန္ထာဘရဏ စသည်တို့ကို သင်ယူခဲ့သည်။

ရင်းတိုက်လေးပင်ကျောင်း ဆရာတော် ဦးဝါယမထံ၌ အဘိဓမ္မာညဝါများနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာများကို သင်ယူခဲ့ပြန်သည်။

ဆရာတော် လောင်းလျာသည် ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့၊ ညောင်ကန်တိုက်၊ တိုက်အုပ်ဆရာတော် ဦးဣန္ဒ၊ ရွှေရေးဆောင်ဆရာတော် ဦးကြည် (ဦးအာဒိစ္စရံသီ)၊ ဘုရားကြီးတိုက်ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးဇာဂရကြီး၊ ဆရာတော် ဦးဝိမလတို့ထံ၌ ကင်္ခါအဋ္ဌကထာ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဋ္ဌသာလိနီနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးခဲ့သည်။

ထို့နောက် ဆရာတော် လောင်းလျာသည် မန္တလေးမြို့မှ မိုးဦးတောင်ရွာ(ယခု မအူတောင်ရွာ) စာသင်တိုက်ရှိ ဆရာတော်ဦးနာရဒထံ၌ နိကာယ်ငါးရပ်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် သက္ကတကျမ်းများကို သင်ယူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရဟန်းငါးဝါရသော အခါ မန္တလေးမြို့မှ နေရပ်ဖြစ်သော ရင်းတိုက်လေးပင်ကျောင်းသို့ ပြန်ကြွလာ၍ ကျေးဇူးရှင်ဆရာတော်က စာပို့ချရန် တာဝန်ပေးသဖြင့် ထိုတာဝန်ကိုယူပြီး ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

ခုနစ်ဝါရပြီးသောအခါ ဘုရားကြီးတိုက် ဆရာတော်ကြီးနှင့် ကျေးဇူးရှင်ဘုန်းတော်ကြီး ဦးဝါယမတို့၏ စေခိုင်းတိုက်တွန်းချက်ကို ခံယူလျက် ၁၂၈၆ ခုနှစ်မှ စတင်ကာ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၌ စာသင်တိုက်ဖွင့်လှစ်၍ စာသင်သား သံဃာတော်များကို အုပ်ချုပ်တော်မူ၍ ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်၊ တိုက်ကြီးမြို့နယ်၊ ရွှေကျင်ဂိုဏ်းကြီး၏ နာယက၊ ဝိနယာဓိက ပရိယတ္တိစာပြန်ပွဲကြီး၏ နာယက၊ လောကမှန်ကူ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ လောကမာရ်အောင် ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့၊ ရွှေတောင် ဆံတော်ရှင် ပါဒ စေတီတော်ကြီး ဂေါပကအဖွဲ့တို့၏ နာယက ဩဝါဒါစရိယ ဖြစ်တော်မူသည်။

ဝါတွင်းဝါပ ဥပုသ်နေ့များ၌ တရားဟောကြားခြင်း၊ ရောက်ရှိလာသော ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေးတိုက်ကျွေးခြင်းစသော သာသနာ့တာဝန်များကို မေတ္တာရှေ့ထားပြီး အမြဲဆောင်ရွက်တော်မူသည်။

တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းမြို့၊ ဝေဠုဝန်စာသင်တိုက်တို့ကိုတည်ထောင်၍ ပရိယတ္တိ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူလျက် ရှိပေသည်။

ထို့ပြင် သာသနာတော်၌ ထင်ရှားသော ဥက္ကံမြို့၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု)၊ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းတိုက်၊ ဘဒ္ဒန္တ ဝိမလာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဩစတြေးလျနိုင်ငံ၊ ဒေါက်တာ ဘဒ္ဒန္တ ဇာဂရ၊ (အဂ္ဂမဟာပဏ္ဍိတ)၊ ဟင်္သာတမြို့၊ ရတနာဗိမာန် ကျောင်းတိုက်၊ ဘဒ္ဒန္တ လာဘသာမိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇလွန်မြို့နယ်၊ ငါးအိမ်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ (ဓမ္မာစရိယ) စသော ရဟန်း တပည့်ကြီးများကို ပေါ်ထွန်းစေခဲ့သည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာ့အကျိုး လောကအကျိုးများကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၏ အဓိပတိဖြစ်သော ဆရာတော် ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

### အဘိဝံသ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

### မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်

### ညောင်ရမ်း ပါဠိတက္ကသိုလ် ဝါးတန်းစာချကျောင်း

## ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ

(သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသကို မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာတွင် ခမည်းတော် ဦးဘိုးထွန်း၊ မယ်တော် ဒေါ်ဒေါ်ကောက်တို့က သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ညဉ့် (၁) နာရီ အချိန်တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူသည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၈ နှစ်သားအရွယ် ၁၂၈၈ ခုနှစ်၊တပို့တွဲလဆန်း ၈ ရက်နေ့၌ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်း၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်က "ရှင်ဉာဏ" ဟု ဘွဲ့ အမည်တော် ချီးမြှင့် ပေးအပ် တော်မူ ခဲ့ရာ ယနေ့တိုင် ထိုအမည်ဖြင့် ထင်ရှားတော်မူလျက်ရှိသည်။

သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီအချိန်တွင် ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်း စာသင်တိုက်၊ ခဏ္ဍသိမ်တော်၌ မင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ကုသလ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် ဖြူးမြို့၊ လမ်းကောက်ရပ်၊ သိမ်ကျောင်း အမကြီး ဒေါ်ဗုံကို အမှူးပြု၍ ဗန္ဓုလဆေးလိပ်ခုံ ပိုင်ရှင်များ ဖြစ်ကြသော သား ဦးအုံး၊ သမီး ဒေါ်ဖွားရှင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

### စာပေ ပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းရွာ၊ ညောင်ပင်လှ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇ၊ ပဲခူးတိုင်း၊ ဖြူးမြို့၊ မင်းကျောင်းစာသင်တိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုသလ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မိုးကောင်း ကျောင်းတိုက် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တ ရေဝတ (အဘိဓဇ မဟာရဋ္ဌဂုရု )၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာ တော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု )။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးကြယ် (အဂ္ဂ မဟာပဏ္ဍိတ)၊ ဆရာတော် ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) စသော ပိဋကတ် အကျော်အမော် ဆရာတော်များထံ၌ တပည့်ခံကာ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ နေ့ဝါ ညဝါ ကျမ်းစာအမျိုးမျိုး တို့ကို ၁၅ နှစ်သား ရှင်သာမဏေဘဝမှစ၍ ရဟန်းဘဝ ၁၅ ဝါ ရသည်အထိ ကောင်းစွာ သင်ကြားဆည်းပူးတော် မူခဲ့သည်။

### စာမေးပွဲများ အောင်မြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စာပေပရိယတ္တိများ သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာ ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအသီးသီး ရရှိတော်မူခဲ့သည်။ အမျိုးသားပရိယတ္တိစာမေးပွဲတွင် ပထမငယ်၊ လတ်၊ ကြီးတန်းများကိုလည်းကောင်း၊ အစိုးရပထမပြန်စာမေးပွဲ၌ ပထမငယ် ၊ လတ်၊ ကြီး တန်း များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ စာမေးပွဲကို ဓမ္မာစရိယကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးငါးကျမ်းဖြင့် လည်းကောင်း၊ ရန်ကုန်စေတိယင်္ဂဏစာမေးပွဲတွင် စာသင်တန်းနှင့် ဂဏဝါစက ဓမ္မာစရိယဘွဲ့ရ စာချတန်း ကိုလည်းကောင်း၊ မန္တလေး ပရိယတ္တိ (သက္ယသီဟ) စာမေးပွဲတွင် စာသင်တန်းနှင့် ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့ရ စာချတန်းကိုလည်းကောင်း၊ အောင်မြင် တော် မူရုံမျှမက တိပိဋကဓရစာမေးပွဲတွင် ဝိသိဋ္ဌဒီဃ ဘာဏကဘွဲ့ ဒီဃနိကာယ်သုတ်သုံးကျမ်း အာဂုံဂုဏ်ထူး ၊ ဒီဃနိကာယကောဝိဒဘွဲ့ ဒီဃနိကာယ်သုတ် သုံးကျမ်း သဘောရေးဖြေတို့ကိုအောင်မြင်တော်မူသောကြောင့် "ဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော် အောင် လက်မှတ်နှင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူ ရရှိတော်မူသည်။ ထို့ပြင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရက လှူဒါန်းသော လစဉ်ဆွမ်းဆန်တော်နဝကမ္မဝတ္ထုငွေနှင့် ကုန်း၊ ရေ အခမဲ့ အထက်တန်း ခရီးသွားလက်မှတ်များကိုပါ ခံယူရရှိတော်မူသည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ပိဋကတ်ကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင်သင်ယူ၍ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ပြီးနောက် မန္တလေးမြို့တွင် စာသင်သံဃာ ၅၀၀ ကျော်ရှိသော မိုးကောင်း ကျောင်းတိုက်ကြီး၌ ပဓာနစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ညောင်းရမ်းပါဠိတက္ကသိုလ်၏ ကထိကစာချအဖြစ်လည်းကောင်း၊ ၁၀၀ မှ ၂၀၀ ကျော်မျှသော စာလိုက်သံဃာတော်တို့အား ပါဠိတော်အဋ္ဌကထာဋီကာ နေ့ဝါညဝါကျမ်းအမျိုးမျိုးတို့ကို နှစ်ပေါင်း ၃၀ ကျော် အမြဲမပြတ် ပို့ချသင်ကြားပေးတော်မူခဲ့သည်။

ဆရာတော်ပို့ချသင်ကြားပေးသော စာဝါများကို အမှီပြု၍ ငယ်၊ လတ်၊ ကြီး စာမေးပွဲနှင့် ဓမ္မာစရိယတန်း စာမေးပွဲ အောင်မြင်ခဲ့သူတို့မှာ ရာပေါင်းများစွာရှိခဲ့သည်။ မြန်မာနိုင်ငံတော်အတွင်း အမြို့မြို့အနယ်နယ်ရှိ စာသင်တိုက်များ၌ စာချနေကြသော စာချဆရာတော်များ၊ တရားဟောနေကြသော ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာန်းတရားပြနေကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သည် အများအားဖြင့် ဆရာတော်ထံ စာလိုက်ခဲ့ဖူးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

### စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် တပည့်သံဃာတော်များအား စာပေပို့ချပေးတော်မူရင်း သာသနာတော်အတွက် ကျေးဇူးများသော ဖော်ပြလတ္တံ့ပါ စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။ ဓမ္မာစရိယလမ်းညွှန်ကျမ်း (နှစ်ကြိမ်ပုံနှိပ်ပြီး)၊ ဝိနည်းဓိုရ် လမ်းညွှန်ကျမ်း (ပုံနှိပ်ပြီး)၊ သမထဝိပဿနာ လမ်းညွှန်ကျမ်း(ကော်ပီမူ)၊ ယဉ်ကျေးမှုလမ်းညွှန်ကျမ်း(ပုံနှိပ်ပြီး) တို့မှာ ဆရာတော် ရေးသားပြုစုသော ကျမ်းများဖြစ်သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဖော်ပြပါကျောင်း၊ ကျောင်းတိုက်များ၏ ဦးစီးပဓာန နာယကအဖြစ် ပရိယတ်၊ ပဋိပတ်သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည်-

(၁) ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် ပရိယတ္တိ စာသင်ကျောင်းတိုက်

(၂) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ဒိုင်ကောင်းကုန်းကျောင်း

(၃) ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာ၊ ညောင်ပင်လှတိုက်ကျောင်း

(၄) ဝမ်းတွင်းမြို့နယ်၊ ဒိုင် ကောင်းကုန်းကျေးရွာအုပ်စု၊ ကန်ညီနောင် တောရကျောင်း

(၅) မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၊ ဝါးတန်းစာချကျောင်း

ဆရာတော်သည် စာပေကျမ်းဂန်များကိုပို့ချ သင်ကြားရေးသားပြုစုတော်မူရင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အကျိုးသက်ရောက် စေနိုင်သော သာသနာရေးတာဝန်မှန်သမျှကို အားသွန် ကြိုးပမ်းထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီး၌ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်များ၏ တာဝန်ပေးချက်အရ မူလပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩဿာနသောဓေယျ၊ ဆဋ္ဌသင်္ဂီတိကာရက တာဝန်များကို ကျေပွန် စွာထမ်းဆောင်တော်မူခဲ့သည့်အပြင် မန္တလေးအနောက် တောင်မြို့နယ် (ယခု ချမ်းအေးသာဇံမြို့နယ်) ဝိနိစ္ဆယဋ္ဌာန ဝိနည်းဓိုရ်နှင့် နည်းလမ်းလေးသွယ်တွင် စတုတ္ထနည်း လမ်းအရ ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် သာသနာရေး တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့သည်။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ (၆၆) ပါး ကိုယ်စားလှယ်အဖွဲ့ဝင် မူလသံဃာ့ဝန်ဆောင်၊ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တော်မူသည့် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှစ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့် ထမ်းဆောင်တော်မူလျက် ရှိသည်။

### အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခြင်း

ဤသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဝုရာဝဟ၊ မဟာထေရ၊ လဒ္ဓိပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်၊ ဝါးတန်းစာချကျောင်း၏ အဓိပတိဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏာဘိဝံသ မဟာထေရ်မြတ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ရွှေဘုန်းပွင့်ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ

(သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒကို တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့တွင် ခမည်းတော် ဦးအောင်သာ၊ မယ်တော် ဒေါ်ငွေမှုံတို့က ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ မွေးချင်း ခြောက်ဦးရှိသည့်အနက် ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ချစ်လှိုင် ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ်အရွယ် ၁၂၈၈ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်းဆရာတော် ဦးဝါသဝထံ၌ ရှင်သာမဏေပြုတော်မူသည်။ ၁၂၉၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့ နံနက် ၉ နာရီအချိန်တွင် သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ခဏ္ဍသိမ်၌ မော်ရှည်ကုန်း ကျောင်းကြီးဆရာတော် ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် သရက်ချောင်းမြို့၊ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘိုးတီထံတွင် သတ္တမတန်းအောင်မြင်သည်အထိ သင်ကြားခဲ့သည်။ သရက်ချောင်းမြို့၊ တပ်ရာကုန်းကျောင်း ဆရာတော်ဦးဝါသဝ၊ ရန်ကုန်မြို့၊ဇေယျဝတီ ကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသ၊ ညောင်တုန်းမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဦးရေဝတ၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ (မန္တလေးတိုက်) ဆရာတော် ဦးပဓန်း (ခ) ဦးဝိစာရ၊ ဦးသဒ္ဓမ္မာလင်္ကာရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ကဗျာနန်ဆရာတော် ဦးနန္ဒဝံသ၊ တောင်မြို့ တူးမောင်တိုက် ဆရာတော်တို့ထံ၌ အခြေခံစာပေမှစ၍ ပိဋကတ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုးကုန်အောင် ဆရာနည်းကျ သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် ၁၃၀၉ ခုနှစ်မှစ၍ ပခုက္ကူမြို့ သာသနဝိလာရာမ ကျောင်းတိုက်၌ စာချဆရာတော် အဖြစ်ဖြင့် နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း စာဝါများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို ပို့ချ ပေး ခဲ့သည်။ ထို့ပြင် သီတင်းသုံးရာ ထားဝယ်မြို့၊ ရွှေဘုန်းပွင့် ကျောင်းတိုက်၌ ယနေ့ထိ စာပေများ ပို့ချပေးလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မော်ဘီမြို့၊ ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၌ တနင်္သာရီတိုင်း သံဃာ့ ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်သည်မှ ယနေ့တိုင်အောင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့် လည်းကောင်း၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ် အဖြစ်လည်းကောင်း သာသနာရေး တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသည့် လဒ္ဓိပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒသည် ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်း အပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

### ပဲခူးတိုင်း၊ ပြည်မြို့

### ပွင့်လှသိမ်ကုန်းကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ

(သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသကို ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာတွင် ခမည်းတော် ဦးဒေါင်းဦး၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီ အချိန်တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် ပထမဦးဆုံး သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်း တော် မယ်တော်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညိန္ဒ ဖြစ်သည်။

၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တ တိက္ခ ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်၊ ပတ္တမြားကျွန်းရွာ ဆရာဘုန်းတော်ကြီးထံ၌ ပရိတ်ကြီးအတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရစသည့် အခြေခံစာများကိုလည်းကောင်း၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ဘဒ္ဒန္တတိက္ခဆရာတော် ဘုရားကြီး၊ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ မန္တလေး ကျောင်းတိုက်ဆရာတော် ဦးပခန်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဦးပဒုမ စသော ဆရာတော်ကြီး များထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို လည်းကောင်း သင်ယူဆည်းပူးတော်မူခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော် လောင်းလျာသည် အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူပြီးနောက် ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို အပြီးသတ်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချပေးတော်မူခြင်း

ဆရာတော်သည် သဒ္ဒါ၊ သင်္ဂြိုဟ် စသောအခြေခံကျမ်းစာများနှင့် ဝိနည်းငယ် လေးစောင်၊ ကင်္ခါအဋ္ဌကထာ ဝိနည်း ငါးကျမ်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ကြားပို့ချလျက် ရှိသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ပါဠိ ဘာဏက၊ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရ စာပြန်ပွဲများ၌ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း၊ ပြည်မြို့နယ်၊ မြို့နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်း ဓိုရ် အဖြစ်လည်းကောင်း၊ ပြည်မြို့၊ ရွှေဆံတော်ဘုရား၊ ဆယ်ထပ်ကြီးဘုရားနှင့် ပရိယတ္တိဓမ္မာ နုဂ္ဂဟ အသင်းကြီးတို့၏ ဩဝါဒါစရိယ အဖြစ်ဖြင့်လည်းကောင်း၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဂုဏ်တော်စာမေးပွဲ၌ ဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ ချင်းရဲ

ကျွန်းရွာ ကျောင်းနှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မာလင်္ကာရ ကျောင်းတိုက်တို့ကို တည်ထောင်၍ လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသသည် ၁၂၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

## ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ကျောင်းတိုက်

# ဆရာတော် ဘဒ္ဒန္တ ဉာဏိက

(သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)

## ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဉာဏိကကို ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်တွင် ခမည်းတော် ဦးဘိုးချမ်း၊ မယ်တော် ဒေါ်ရွှေသွယ်တို့က သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုန်လဆန်း (၃) ရက် အင်္ဂါနေ့၌ ဖွားမြင်တော်မူသည်။ မွေးချင်းသုံးယောက်တွင် တတိယမြောက်သားရတနာဖြစ်၍ ငယ်မည်မှာ မောင်မြင့် ဖြစ်သည်။

## ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော် လောင်းလျာသည် (၈) နှစ်သားအရွယ်တွင် အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး အရှင်သုရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ဉာဏိက ဖြစ်သည်။

၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ စံကျောင်းဆရာတော်ဘုရားကြီး ဦးမေဓာကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့၊ မြေပိုင်ရှင် စက်သူဌေးကြီး ဦးရွှေဖော့၊ ဒေါ်စိန်တင့်၊ သားပါလီမန်အတွင်းဝန်ဟောင်း ဦးမောင်မောင်၊ ဒေါ်ကြည်ယုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် အသက် ခုနစ် နှစ်အရွယ် ကျောင်းသားဘဝတွင် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး စသော အခြေခံစာပေများကိုလည်းကောင်း၊ သာမဏေဘဝတွင် သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပရိယတ်အခြေခံများကိုလည်းကောင်း၊ အုတ်တွင်းမြို့၊ ကန်ကလေးတောရ ပထမဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဘုန်းတော်ကြီး၊ စာချဘုန်းတော်ကြီး ဦးကာရုဏတို့ထံတွင် သင်ယူခဲ့သည်။

ရဟန်းဘဝတွင် တောင်ငူမြို့၊ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ဦးဝိမလ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မင်္ဂလာတိုက်သစ်ဆရာတော် ဦးဓမ္မသာမိနှင့် ဦးဥက္ကံသတို့ထံတွင် လည်းကောင်း၊ မုံရွာမြို့၊ အရှေ့လယ်တီတိုက် ပထမကျော်ဆရာတော် ဦးဝါယမ၊ သပြေပင်တောရ ဆရာတော် ဦးကေဝလတို့ထံတွင် လည်းကောင်း၊ ပခုက္ကူမြို့၊ ဆရာတော် ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ) စသော စာချဆရာတော်တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ အဘာယရာမ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် အရှင်ဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ) ရွှေရေးဆောင် ဆရာတော်ဦးပဏ္ဍဝ၊ ဦးအာစာရ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ညောင်ကန်ဆရာတော် ဦးဣန္ဒတို့ထံတွင်လည်းကောင်း ပိဋကတ် သုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ကြားဆည်းပူးခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ဆရာတော်သည် ရှင်သာမဏေဘဝဖြင့်ပင် အစိုးရ ပထမငယ်၊ ပထမလတ်တို့ကို အောင်မြင်တော်မူခဲ့ပြီး ရဟန်း

(၁)ဝါအရတွင် အစိုးရပထမကြီးတန်းကို မြန်မာ တစ်နိုင်ငံလုံး (၁) နံပါတ်ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့သည်။

### စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းဝါ(၁၀)ဝါအရမှစ၍ ယနေ့ထိအောင် အုတ်တွင်းမြို့၊ ကန်ကလေးတောရကျောင်းတိုက်တွင် ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာဝါများကို သင်ကြားပို့ချပေးလျက် ရှိသည်။

### သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိဝိသောဓကအဖြစ်ဖြင့်လည်းကောင်း၊ ၁၃၁၈ ခု၊ ပဲခူးမြို့ နဝမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယဗဟိုဌာနဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ်လည်းကောင်း၊ မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၅၃ ခုနှစ်၊ စစ်ကိုင်းမြို့၊ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကြီး၌ ရတ္တညူမဟာနာယကအဖြစ်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့၊ မိုးကောင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ အဖြစ်ဖြင့် လည်းကောင်း အမျိုးမျိုးသော သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူလျက် ရှိသည်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဉာဏိကသည် ၁၃၅၆(၁၉၉၅)ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

## မကွေးတိုင်း၊ မင်းလှမြို့၊ ရတနာကက်ကျောင်း

# ဆရာတော် ဘဒ္ဒန္တ သုဇာတ

(သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၁ ဝါ)

### ဖွားမြင်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ သုဇာတကို မကွေးတိုင်း၊ မင်းလှမြို့နယ်၊ ရွာတော်ရွာ၌ ခမည်းတော် ဦးထွန်းအေး၊ မယ်တော် ဒေါ်လှရင်တို့က ၁၂၇၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊ သောကြာနေ့နံနက် ၆ နာရီအချိန်တွင် ဖွားမြင်သည်။ မွေးချင်း ကိုးယောက်အနက် ဒုတိယမြောက်သားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်သာထွန်း ဖြစ်သည်။

### ရှင် ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့နံနက် ၉ နာရီတွင် မင်းလှမြို့၊ ရတနာကက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်သုဇာတ ဖြစ်သည်။

၁၂၉၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့တွင် မင်းလှမြို့၊ အမှတ် (၂) ရပ်ကွက် ဒေါ်သစ်၊ ဒေါ်အေးရှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မင်းလှမြို့၊ ရွှေယင်းမာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒကို ဥပဇ္ဈာယ်ပြု၍ မင်းလှမြို့၊ ရွှေဘုန်းသာခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

### စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ကျောင်းသားဘဝတွင် မင်းလှမြို့၊ ရတနာကက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်ကို သင်ယူပြီး ရှင်သာမဏေဘဝတွင် မင်းလှမြို့၊ ရတနာကက်ကျောင်း ဆရာတော် ဦးဂန္ဓမာနှင့် မင်္ဂလာရန်အောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမတို့ ထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်စသော ပိဋကတ်အခြေခံပညာများကို သင်ယူခဲ့သည်။

ရဟန်းဘဝတွင် မင်းလှမြို့ ရတနာကံကျောင်း ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနှင့် မန္တလေးမြို့၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တ သူရိယ (အဘိဓဇ မဟာရဋ္ဌဂုရု)စ သော ထင်ရှားကျော်ကြားသည့် ဆရာတော်များထံတွင် သုတ် သုံးကျမ်း၊ ဝိနည်းငါးကျမ်း စသော ပိဋကတ်ကျမ်းစာ များကို သင်ရိုးပေါက်မြောက်အောင် သင်ယူခဲ့သည်။

## စာပေကျမ်းဂန် ပို့ချတော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ရတနာကံကျောင်း ပရိယတ္တိစာသင်တိုက်ကို ၁၃၄၄ ခုနှစ်တွင် စတင်တည်ထောင်ပြီး စာသင်သားသံဃာတော်များလက်ခံ၍ သဒ္ဒါ၊သင်္ဂြိုဟ် စသော အခြေခံကျမ်းစာများနှင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်ကျမ်းကြီးများကို နေ့ဝါ၊ ညဝါ အမျိုးမျိုး စုံလင်စွာ သင်ကြားပို့ချတော်မူခဲ့သည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မင်းလှမြို့၊ ဝိနယာဓိက စာမေးပွဲကျင်းပရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သာသနာပြု တရားဟော ဓမ္မကထိကအဖြစ် လည်းကောင်း၊ နှစ်စဉ် ဝါတွင်း (၃) လပတ်လုံး ဥပုသ်သီတင်းပတ်များတွင် အဘိဓမ္မာတရားပွဲများ ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ သရက်အခြေခံဒေသ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယက အဖွဲ့ ဖွဲ့စည်းရွေးချယ်ရာတွင် နာယကဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် "ဘဒ္ဒန္တ သုဇာတ"သည် ၁၃၅၆ (၁၉၉၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

(ဦးအုန်းလွင်)



**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၅)။** ။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှု အကျင့်ဆိုးသည် ကမ္ဘာအနှံ့ ပြန့်ပွားလျက်ရှိရာ မျက်မှောက်ကာလတွင် နိုင်ငံအသီးသီးက စိုးရိမ်ပူပန်ရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်း စိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေး" ဟူသော အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာနှစ်ရပ် ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက် လျက် ရှိသည်။ ၁၉၉၅ ခုနှစ်တွင်လည်း နိုင်ငံတစ်ဝန်းလုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက် နိုင်ခဲ့သည်။

## လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း ၄၊ ပုဒ်မ ၇ နှင့် ၈ အရ ဖွဲ့စည်းထားသော တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့၊ တားဆီးနှိမ်နင်းရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေး အဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့၊ နိုင်ငံတကာ ဆက်ဆံရေးအဖွဲ့၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့များနှင့် ဒေသ ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းကို မတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်သည်။



မီးရှို့ဖျက်ဆီးရမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို နိုင်ငံခြား သံရုံးများမှ သံတမန်များ စစ်ဆေးကြည့်ရှုစဉ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၉၅ ဖြင့် ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ ယင်းနည်းဥပဒေတွင် အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၆၅ ခု ပါရှိသည်။

## ကုလသမဂ္ဂ – မြန်မာ ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ – ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းခွဲနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မြန်မာ – တရုတ် နယ်စပ် ဒေသ မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေး ပင်မစီမံကိန်း၊ လူမှု – စီးပွား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းခွဲ၊ မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးစီမံကိန်းခွဲနှင့် “ဝ”ဒေသ ဝမ်ဟိုတောင်း ကျေးရွာအုပ်စု လူမှု– စီးပွား ဘက်စုံ ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်းခွဲတို့ကို ၁၉၉၅ ခုနှစ်အတွင်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂနိုင်ငံ တကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု အမြန်စိစစ် အကဲဖြတ်ရေး စီမံကိန်းကို ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ မှ ၁၉၉၅ ခုနှစ်၊ မတ်လအထိ ဆောင်ရွက်ခဲ့ရာ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်က အမေရိကန်ဒေါ်လာ ၃၁,၆၄၀ ထည့်ဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်း၊ လစာထည့်ဝင်သည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ဒုတိယအကြိမ်မြောက် ဓာတုဗေဒဆေးဝါးထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျွမ်းကျင်သူများ၊ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ Ms. Sue Bromley ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံး ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်သုံးဦး ပါဝင်သော မြန်မာ – အမေရိကန် ပူးပေါင်းဘိန်းထွက်နှုန်းတိုင်းတာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်ကျေးရွာနှင့် မိုင်းတိုကျေးရွာအနီးသို့လည်းကောင်း၊ ၂၁ ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအနီးသို့လည်းကောင်း၊ ၂၂ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းအင်နယ်မြေသို့လည်းကောင်း၊ ၂၃ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မန်ခိုပြင်းကျေးရွာနှင့် မန်ထန်ကျေးရွာအနီးသို့လည်းကောင်း၊ ၂၄ ရက်နေ့တွင် ဟိုပန်မြို့နယ်၊ပန်လုံဒေသနှင့် ကွန်လုံမြို့နယ်၊ တာရှေထန်ကျေးရွာအနီးရှိ ပေ ၇,၀၀၀ ကျော်မြင့်သော လွယ်ပင်းရဲတောင်ထိပ်သို့လည်းကောင်း သွားရောက်ပြီး ရှမ်းပြည်နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများမှ ဒုတိယအကြိမ် ဘိန်းထွက်နှုန်း တိုင်းတာရေး စီမံကိန်းအတွက် ဘိန်းပင်နမူနာ ရယူခြင်း၊ ဘိန်းခင်းများတိုင်းတာခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း၊ မြေဆီလွှာနမူနာများ ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအုံးကျော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်မန်ကမ်းတို့သည် မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှု ထိန်းချုပ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို မတ်လ ၁၁ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လက်မှတ်ရေးထိုးသည်။

ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးလှုံ့ဆော်မှုနှင့်တွေ့တားဆီးနှိမ်နင်းရေး အစည်းအဝေးကို မတ်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ အရာရှိ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ၊ အေပီတီဗွီ၊ တိုင်းမ် မဂ္ဂဇင်း၊ အင်နီအိပ်ချ်ကေ သတင်းအဖွဲ့တို့မှ ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့သည် မေလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ် အနောက်ခြမ်းသို့ သွားရောက်ပြီး တပ်မတော်က သိမ်းပိုက် ရရှိခဲ့သော ဘိန်းစားပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်စခန်း နှင့် အခိုင်အမာအခြေပြုရာစခန်းများ၊ လက်နက်ခဲယမ်း ပစ္စည်းများကို လေ့လာသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးခေါင်းဆောင်သော ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ နှင့် မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့သည် မေလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် များသို့ သွားရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းခွဲ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးနားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် မြန်မာ – တရုတ် – ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်တို့၏ ပူးတွဲလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဆဋ္ဌမအကြိမ်အစည်းအဝေးကို မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့

တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှု စာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးကို မေလ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းမြို့၌ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကချင်ဒေသအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကချင်အထူးဒေသ ၂ မှ တိုင်းရင်းသား ခေါင်းဆောင် များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်မဟာ ဗျူဟာလေ့လာရေးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးနှင့် ဂျပန် နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ကိစ္စများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ မူးယစ်ဗဟိုအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးဌာန၊ နိုင်ငံခြား ရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ တက် ရောက်သည်။

၁၈ ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်း အဝေးကို ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်း နိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်သည်။

ရှမ်းပြည်နယ် "ဝ"ဒေသ တောင်ပိုင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ် စီမံကိန်းမူကြမ်း ရေးဆွဲထားရှိမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရုံး၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများ နှင့် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်သည်။

အကြိမ် ၂၀ မြောက် အာရှနှင့်ပစိဖိတ်ဒေသရှိနိုင်ငံများ မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် များ အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ခြောက်ကြိမ်မြောက် မြန်မာ– ထိုင်း – ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေးကို စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သောအဖွဲ့၊ မတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်

ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့၊ ဧပြီလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ယူဂိုဆလားဗီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ဌာနေကိုယ်စားလှယ်ခေါင်းဆောင်သော အဖွဲ့တို့အား အသီးသီးတွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးသည်လည်း မတ်လ ၂၈ ရက်နေ့ တွင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်လက်ထောက်အုပ်ချုပ်ရေးမှူး နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို ညွှန်ကြားရေးမှူး တို့အား တွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကိစ္စများ ဆွေးနွေးသည်။ ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော အဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ မူးယစ်ဗဟိုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့သည်လည်းကောင်း၊ နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်မှ ပုဂ္ဂိုလ်များစသည့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွင် တာဝန်ရှိသော ပြည်ပ ပုဂ္ဂိုလ်များနှင့်အသီးသီး လက်ခံတွေ့ဆုံ၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

### ဘိန်းခင်းများ ဖျက်ဆီးခြင်း

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် တရားမဝင်စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ရှာဖွေဖျက်ဆီးခြင်းဖြင့် ဘိန်းထွက်ရှိမှုကို တားဆီးနိုင်ခဲ့သည်။

၁၉၉၄ – ၉၅ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်တွင် ဘိန်းခင်း တစ်ကေ၊ တနိုင်းမြို့နယ်တွင် ဘိန်းခင်း ၄ ဒသမ ၆၀ ကေ၊ ဝိုင်းမော်မြို့နယ်တွင် ဘိန်းခင်း ဝ ဒသမ ၅၀ ကေ၊ ချင်းပြည်နယ်တွင် ဘိန်းခင်း ၉ ဒသမ ၉၈ ကေ၊ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်တွင် ဘိန်းခင်း ၃,၉၆၀ ဒသမ ၆၇ ကေ၊ ဖယ်ခုံမြို့နယ်တွင် ဘိန်းခင်း ၂,၃၅၄ ဒသမ ၈၀ ကေ၊ မိုင်းကိုင်မြို့နယ်တွင် ဘိန်းခင်း ၅၅၂ ကေ၊ လဲချားမြို့နယ်တွင် ဘိန်းခင်း ၅၄၅ ကေ၊ ကွန်ဟိန်းမြို့နယ်တွင် ဘိန်းခင်း ၃၁၃ ဒသမ ၅၀ ကေ၊ ကွတ်ခိုင်မြို့နယ်တွင် ဘိန်းခင်း ၃၁၂ ဒသမ ၅၀ ကေ၊ မိုင်းပန်မြို့နယ်တွင် ဘိန်းခင်း ၂၇ ကေ၊ နမ့်ခမ်းမြို့နယ်တွင် ဘိန်းခင်း ၂၇ ဒသမ ၂၅ ကေ၊ ကျိုင်းတုံမြို့နယ်တွင် ဘိန်းခင်း ၂၁ ကေ၊ သီပေါမြို့နယ်တွင် ဘိန်းခင်း ၁၀ ဒသမ ၇၀ ကေ၊ ဆီဆိုင်မြို့နယ်တွင် ဘိန်းခင်း ခုနစ်ကေ၊ မိုင်းရယ်မြို့နယ်တွင် ဘိန်းခင်း ၂ ဒသမ ၅၀ ကေ၊ လားရှိုးမြို့နယ်တွင် ဘိန်းခင်း ၁၈ ဒသမ ၅၀ ကေ၊ သိန္နီမြို့နယ်တွင် ဘိန်းခင်း ၁၁ ကေ စုစုပေါင်း ဘိန်းခင်း ၈,၁၇၉ ဒသမ ၅၀ ကေ ဖျက်ဆီးခဲ့ခြင်းကြောင့် ဘိန်းထွက်ရှိမှုတန်ချိန် ၃၅ ဒသမ ၉ တန် တားဆီးနိုင် ခဲ့သည်။

### တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တားဆီးနှိမ်နင်းမှုနှင့် ဖော်ထုတ်အရေးယူမှု လုပ်ငန်းများကို အရေးကြီးသောကဏ္ဍမှ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူသားများ၏အန္တရာယ် ဘိန်းဖြူများကို ရောင်းဝယ်သယ်ယူပို့ဆောင်နေသော ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်က အသက် သွေး ချွေး စတေး၍ နှိမ်နင်းတိုက်ဖျက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်အနောက်ခြမ်းရှိ နောင်ကန်၊ ကျဖီး၊ လွယ်ဟန်ကောင်းမူ၊ ဟုတ်ပူ၊ ဘာကျန်၊ မိုင်းထလန်၊ မိုင်းတွယ်၊ ဖတ္တျာမိန်း ဒေသအတွင်း ဘိန်း တား ပြ ခွန်ဆာအဖွဲ့၏ ဘိန်းဖြူချက်လုပ်ရာစခန်းနှင့် အခိုင် အမာ အခြေပြုရာစခန်းများကို မတ်လ ၁၁ ရက်နေ့မှ မေလ ၅ ရက်နေ့အထိ တပ်မတော်က စစ်ဆင်ရေးပြုလုပ်ခဲ့ရာ တိုက်ပွဲကြီး– ငယ် ၆၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဘိန်းတားပြ ခွန်ဆာ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင် အလောင်း ၂၃၇ လောင်း၊

လက်နက်ကြီး၊ ငယ် မျိုးစုံ ၂၈ လက်၊ ဘိန်းဖြူချက်လုပ်ရာ စခန်း သုံးခုအပါအဝင် စခန်းကြီး၊ ငယ် ၄၅ ခုကို သိမ်းပိုက်ရရှိသည်။ ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းတိုက်ဖျက်ရေးအတွက် တပ်မတော်မှ အရာရှိ တစ်ဦး အပါအဝင် စစ်သည် ၇၆ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ ခုနစ်ဦး အပါအဝင် စစ်သည် ၁၇၈ ဦး ဒဏ်ရာရရှိသည်။ တပ်မတော်က ဘိန်းစားပြ ခွန်ဆာအဖွဲ့ကို နှိမ်နင်းတိုက်ဖျက်မှုကြောင့် ကမ္ဘာ့လူသားများ၏ အန္တရာယ် ဘိန်းဖြူ သုံးပုံနှစ်ပုံခန့် လျော့နည်းသွားသည်။

**မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း**

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးပြုလုပ်သော ချင်းပြည်နယ်အတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပထမအကြိမ် ဖျက်ဆီးသည့် အခမ်းအနားကို တီးတိန်မြို့ ခွာဒိုခန်းမ၌ မတ်လ ၁၅ ရက် နေ့တွင် ကျင်းပခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဘိန်းဖြူ ၀ ဒသမ ၀၀၂၉ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလို၊ ၁၂၅ မီလီ လစ်တာဝင် ဖင်ဆီဒိုင်းဆေးရည် ၅,၅၁၈ ပုလင်း၊ ဆေးရည်ပမာဏ ၆၀၉ ဒသမ ၇၅ လစ်တာတို့ကို ဖျက်ဆီးခဲ့သည်။


မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ နဝမအကြိမ် ဖျက်ဆီးသည့်အခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲရိပ်သာ၌ မတ်လ ၃ ရက်နေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ ဖင်ဆီဒိုင်း ဆေးရည်နှင့် အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ကိုဒင်းအာနိသင် ပါသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်း အကြီးအသေး စုစုပေါင်း ၂၉,၂၄၄ ပုလင်း၊ ဆေးရည်ပမာဏ ၃,၈၁၉ ဒသမ ၄၁၄ လစ်တာကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ဖျက်ဆီးသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒနည်းဖြင့် စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၁ ကို လည်းကောင်း၊ အီတလီနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၂ ကိုလည်းကောင်း၊ မလေးရှားနိုင်ငံ သံအမတ်ကြီးက စက်ခလုတ်အမှတ် ၃ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက စက်ခလုတ် အမှတ် ၄ ကို လည်းကောင်း အသီးသီးနှိပ်၍ ဘိန်းဖြူ ၁၄၃ ဒသမ ၉၄၄ ကီလို၊ ဘိန်း ၁,၄၅၅ ဒသမ ၀၂၁ ကီလို၊ ဘိန်းဆီ ၁ဒသမ ၆၆၃ ကီလို၊ ဘိန်းရည် ၀ ဒသမ ၈၅၉ ကီလို၊ ဆေးခြောက် ၃၁၂ ဒသမ ၂၂၈ ကီလိုတို့ကို မီးရှို့ ဖျက်ဆီး ခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ကိုးကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၄၅၄ ဒသမ ၅၈၆ ကီလို၊ ဘိန်း ၉,၉၇၅ ဒသမ ၃၇၅ ကီလို၊ ဘိန်းဆီ ၆၉ ဒသမ ၉၀၀ ကီလို၊ ဘိန်းရည် ၁၁၇ ဒသမ ၀၁၀ ကီလို၊ ဘိန်းညို ၆၃ ဒသမ ၄၃၅ ကီလို၊ ဆေးခြောက် ၃,၈၈၄ ဒသမ ၆၄၃ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၂၃,၂၅၂ ဒသမ ၃၄၇ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ အခြားမူးယစ်ဆေးဝါးနှင့် ဆေးရည်များကို ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

(ဦးစိုးအောင်)

**မောင်မောင်ခ၊ ဦး (ခရစ် ၁၉၂၀ – ၁၉၉၅)။** ။ အငြိမ်းစားဗိုလ်မှူးကြီးနှင့် အငြိမ်းစားနိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခကို အဖ ဦးချစ်ဖေ၊ အမိ ဒေါ်ခင်တင့်တို့က ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ မွေးချင်းညီအစ်ကိုနှစ်ဦးအနက် အငယ်ဖြစ်သည်။

ငယ်စဉ်တစ်နှစ်သားတွင် ဖခင်ကွယ်လွန်သွားပြီး မိခင်မှာလည်း နောက်အိမ်ထောင်ပြုသွား၍ အဒေါ် အဖိုးကြီးများနှင့်အတူ ကြီးပြင်းသည်အထိ နေထိုင်ရသည်။ ၁၉၂၉ ခုနှစ် အသက်ကိုးနှစ်ရောက်မှ မူလတန်းပညာကို စတင်သင်ယူသည်။ ကျောင်းတွင် ပညာထူးချွန်သောကြောင့် ဆရာ ဆရာမများက အတန်းကျော်၍တင်ပေးခြင်း ခံရသည်။ ၁၉၃၆ ခုနှစ် အသက် ၁၆ နှစ်တွင် ၁၀ တန်း စာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်



ဦးမောင်မောင်ခ

သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်၍ ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသား အသင်းနှင့် စက်မှုသိပ္ပံကျောင်းသား အသင်းများတွင် အသင်းဝင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဘီအက်စ်စီ (အင်ဂျင်နီယာ)နောက်ဆုံးနှစ်တွင် ဘွဲ့မယူဘဲ တက္ကသိုလ်မှ နုတ်ထွက်ပြီး တော်လှန်ရေးတွင် ပါဝင် ဆင်နွှဲသည်။

ဦးမောင်မောင်ခသည် ၁၉၄၄ ခုနှစ်တွင် မြန်မာ့တပ်မတော်သို့ဝင်ရောက်အမှုထမ်းပြီး မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်း တက်ရောက် သည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်သင်တန်းဆင်းပြီး လေယာဉ်ပစ်အမြောက်ကြီးတပ် တွင် တပ်စုမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်း (၁) တပ်ရင်း (၁၀၆) ၌ တပ်စုမှူးအဖြစ် တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် တော်လှန်ရေးပြီးဆုံးပြီးသည့်အခါ စစ်ပြန်ဘဝဖြင့် ရရာအလုပ်များလုပ်ကိုင်ကာ ဘဝကို ရုန်းကန်သည်။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နေ့တွင် တပ်မတော်သို့ တစ်ဖန်ပြန်လည်ဝင်ရောက် သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ ဗိုလ်သင်တန်းပြန်လည်တက်ရောက်သည်။ ဗိုလ်သင်တန်းဆင်းပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်လျှပ်စစ်နှင့် စက်မှုတပ်ဖွဲ့၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့များတွင် ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိလည်းကောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီး အဆင့်အထိ လည်းကောင်း တာဝန်ထမ်းဆောင်သည်။

ဦးမောင်မောင်ခသည် ၁၉၆၂ ခုနှစ်မှစ၍ စက်မှုဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်၊ အတွင်းဝန်နှင့် ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်သည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အလုပ်သမားရေးရာဌာနကြီးတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ဗဟိုပြည်သူ့အလုပ်သမားကောင်စီတွင် အလုပ်အမှုဆောင် ကော်မတီဝင်နှင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်း ခံရသည်။ ပထမအကြိမ်ပါတီညီလာခံတွင် အရန်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်ရွေးချယ်ခြင်းခံရပြီး စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၃ ခုနှစ် ဒုတိယအကြိမ်ပါတီညီလာခံတွင်အရန်ဗဟိုအလုပ်အမှု ဆောင် ကော်မတီဝင်အဖြစ် ထပ်မံရွေးချယ်ခြင်းခံ ရသည်။ ၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင်လှိုင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ တတိယအကြိမ် ပါတီ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်လည်းကောင်း၊ ပထမအကြိမ် အလုပ်သမားအစည်းအရုံး ညီလာခံတွင် ဗဟိုအလုပ်သမား အစည်းအရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခြင်း ခံရသည်။ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် စတင် ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ်မှ အငြိမ်းစားယူသည်။

ဦးမောင်မောင်ခသည် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် နေ့အထိ မန်ချက်စတာစက်မှုတက္ကသိုလ်တွင် ပညာ သင်ယူ သည်။ နိုင်ငံတော်တာဝန် ထမ်းဆောင်နေစဉ် အတွင်း ၁၉၅၇ ခုနှစ်တွင် ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများသို့ လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အရှေ့ဥရောပနှင့် အနောက်ဥရောပနိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် တရုတ်

ပြည်သူ့သမ္မတ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယား၊ ဂျာမနီ၊ အီတလီနှင့်ပြင်သစ်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံများသို့ လည်း ကောင်း၊ ၁၉၆၄ ခုနှစ်တွင် ရုမေးနီးယား၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ရုမေနီးယား၊ ချက်ကိုစလိုဗားကီးယားနှင့် ဩစတြီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် အနောက်ဂျာမနီနှင့် အင်္ဂလန်နိုင်ငံများသို့ လည်း ကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်၊ ပြင်သစ်နှင့် အိန္ဒိယ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အနောက် ဂျာမနီ၊ အီတလီ၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့ လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူ နိုင်ငံများသို့ လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်း၊ ပြင်သစ်နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံ များသို့ လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် စင်ကာပူ၊ အင်္ဂလန်နှင့် ဘူဂေးရီးယား နိုင်ငံများသို့ လည်းကောင်း တာဝန်ဖြင့် သွားရောက်သည်။

ဦးမောင်မောင်ခသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)ကိုလည်းကောင်း၊ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် ဇေယျကျော်ထင် စစ်မှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ကို လည်းကောင်း ရရှိသည်။

ဦးမောင်မောင်ခသည် ဦးရွှေ၊ ဒေါ်မြတင်တို့၏သမီး ဒေါ်ခင်ခင်လေးနှင့်လက်ထပ်ခဲ့ရာ သားတစ်ဦးနှင့် သမီးတစ်ဦးထွန်းကားသည်။ သားဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ် တစ်အားပါဝင်ခဲ့ပြီး နိုင်ငံတာဝန်များကိုကြိုးပမ်း ဆောင် ရွက်ခဲ့သော အငြိမ်းစား ဗိုလ်မှူးကြီးနှင့် အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ် လွန် သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်လေး၊ သမီးတစ်ဦး၊ မွေးစားသမီးတစ်ဦးနှင့် မြေးနှစ်ဦး ကျန်ရစ်သည်။

**မြန်မာနိုင်ငံ စာပေဆုများ။** ။ ၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ အမှုဆောင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ စာပေပညာရှင်ကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား ဆုများပေးအပ်ချီးမြှင့်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က စာပေဗိမာန် စာမူဆုရ ပုဂ္ဂိုလ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးမှ ကိုးချက်၊ အမျိုးသားစာပေဆုစည်းကမ်းချက်များနှင့်အညီ ၁၉၉၄ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၈၉၈ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၄ မျိုး အလိုက် အမျိုးသားစာပေဆုချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊

သုတပဒေသာ (အသုံးချသိပ္ပံ ) စုစုပေါင်း ဘာသာရပ် ၁၀ မျိုးအတွက် အမျိုးသားစာပေဆု အရွေးချယ်ခံရသည်။ ပြဇာတ်စာပေ၊ လူငယ်စာပေ ၊ ဘာသာပြန် (သုတ) ၊ နိုင်ငံရေးစာပေ စုစုပေါင်း ဘာသာရပ် လေးမျိုးအတွက် အမျိုးသားစာပေဆုများ ရွေးချယ်ခြင်းမခံရပေ။ အမျိုးသားစာပေဆုရရှိသောပုဂ္ဂိုလ်များအား ဆုတစ်ဆုလျှင် ငွေကျပ် ၅၀,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးမူ ကိုးချက်၊ စာမူဆုစည်းကမ်းများနှင့်အညီ ၁၉၉၄ ခုနှစ်အတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၁၁ စောင်ကို စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် စိစစ်ရွေးချယ်ခဲ့သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ထားသောဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ) ၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ )၊ ကဗျာပေါင်းချုပ် စုစုပေါင်းဘာသာရပ် ၁၀ မျိုးအတွက် ပထမဆု ခုနစ်ဆု၊ ဒုတိယဆု ရှစ်ဆု၊ တတိယဆု ငါးဆု စုစုပေါင်း ဆု ၂၀ အရွေးချယ်ခံရသည်။ နိုင်ငံရေးစာပေ ဘာသာရပ်အတွက် ပြိုင်ပွဲဝင်စာမူမရှိဘဲ ပြဇာတ်စာပေ ဘာသာရပ်တွင် ပြိုင်ပွဲဝင်စာမူတင်သွင်းသော်လည်း စာမူဆု ရွေးချယ်ခြင်းမခံရပေ။ စာပေဗိမာန်စာမူဆု ရရှိသော ပုဂ္ဂိုလ်များအား ပထမဆု ငွေကျပ် ၂၅,၀၀၀၊ ဒုတိယဆုငွေ ကျပ် ၂၀,၀၀၀ ၊ တတိယဆုငွေ ကျပ် ၁၅,၀၀၀ စီ ဂုဏ်ပြုချီးမြှင့်သည်။

နိုင်ငံတော်က စာပေဆု၊ စာမူဆုများ ချီးမြှင့်ရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအစစ် လူ့အနှစ်ဖြစ်သည့် စာပေအမွေအနှစ်ကောင်းများကို လေ့လာပွားများစေရေး၊ အပြုသဘောဆောင်သော လူ့ကောင်းကျိုးပြုသိပ္ပံနှင့် နည်းပညာရပ်များ၏ ဗဟုသုတ အဖြာဖြာကို ပြည်သူအများ ဖတ်ရှုခွင့်ရရှိရေး စသည့် မှန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များ ထားရှိပြီး ချီးမြှင့်ခြင်းဖြစ်သည်။ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ရာတွင် စာကောင်းပေမွန်များ ဖန်တီးပြုစုနိုင်သည့် အရည်အသွေးများရှိသော်လည်း ပုံနှိပ်စာဖြစ်ရန် ခဲယဉ်းသူများ၏ စာမူများကို စာမူဆုချီးမြှင့်ပြီး စာအုပ်အဖြစ်ပုံနှိပ်ပေးရန် ချီးမြှင့်ခြင်း ဖြစ်သည်။

## အမျိုးသား စာပေဆုများ (၁၉၉၄)

| ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် | ဘဝအိပ်မက် ပန်းအိပ်မက် | မစန္ဒာ |
| ဝတ္ထုတိုပေါင်းချုပ် | ဘာကိုရွေးမလဲ မှာကလေးရယ် နှင့် အခြားဝတ္ထုတိုများ | ဆောင်းဝင်းလတ် |
| ကဗျာပေါင်းချုပ် | တေးမြခွန်းဆက် ကဗျာများ | ဇော်မင်းမင်းဦး |
| စာပဒေသာ | မဟာဂီတ | စစ်ကိုင်း လှရွှေ |
| မြန်မာ့ယဉ် ကျေးမှု နှင့် အနုပညာ ဆိုင်ရာစာပေ | ပန်တျာဂီတ လမ်းညွှန် | သန်လျင် မြဦး |
| ကလေးစာပေ | မြန်မာ့ကလေး သိပ္ပံဝတ္ထု | တက္ကသိုလ် မောင် အောင်ဆွေ |
| ဘာသာပြန် (ရသ ) | ဘောကျွန် | ရဲမြလွင် |
| သုတပဒေသာ (ဝိဇ္ဇာ) | ဆင်ဝန်ထမ်း လက်စွဲ | စိုင်းစံအိုက် |
| သုတပဒေသာ (ရိုးရိုး သိပ္ပံ) | အားလုံးကျန်းမာ ပြည်သာယာ | ဒေါက်တာ တင်ထွန်းဦး |
| သုတပဒေသာ (အသုံးချသိပ္ပံ) | အခြေခံ စိုက်ပျိုးမွေးမြူရေး ခြံလုပ်ငန်း စီမံခန့်ခွဲ မှု ပညာ | အောင်ကျော်ဖြိုး |

## စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုရှည် (ပထမဆု) | ဗေဒါပန်းရဲ့ ရေဆန်လမ်း | စိုးညွန့် (တောင်ကြီး ) |
| ဝတ္ထုရှည် (တတိယဆု ) | စစ်ပွဲကို မုန်းတယ် | သာရဝေါ စိုးကြည် |
| ဝတ္ထုတိုပေါင်း ချုပ်(ဒုတိယဆု) | တောလား ဝတ္ထု တိုများ | ကန့်ဘလူ ခင်မောင်ဆွေ |

### စာပေဗိမာန် စာမူဆုများ (၁၉၉၄)

| ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|
| ဝတ္ထုတိုပေါင်းချုပ် (တတိယဆု) | ရွာအပြန် ဝတ္ထုတိုများ | မောင်မြေနီ (တမာတော) |
| စာပဒေသာ (ပထမဆု) | ဇော်ဒိုကာ | ဒေါက်တာကျော်စိန် |
| စာပဒေသာ (ဒုတိယဆု) | အညာတရိုးက ဆရာဖိုး၏ဘဝ ဆရာဖိုး၏စာ | တင်မြင့် |
| ဘာသာပြန် (ပထမဆု) | ပွဲတွေ့မှတ်ဉာဏ် ထက်မြက်နည်းများ | ကိုကြည် (ပြင်ဦးလွင်) |
| ကလေးစာပေ (ပထမဆု) | ပန်းလိုမွှေး ပန်းလိုပန် | သန်းအောင် (အညာမြေ ) |
| ကလေးစာပေ (ဒုတိယဆု) | မွန်မြတ်သော နှလုံးသား | မောင်သာမွှေး |
| လူငယ်စာပေ (ဒုတိယဆု) | သီဟနန္ဒ မျိုးဆက်သစ် | မျော်ဝန်းကြည်မြတ် |
| မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေ(ဒုတိယဆု) | ကျုပင်းဆရာဖီး၏ ဇာတ်ချင်း စာပေအထွေထွေ | ပန်တျာအေးလွင် (ဆင်ဖြူကျွန်း) |
| သုတပဒေသာ (ဝိဇ္ဇာ)(ပထမဆု) | သံကြိုးတမန်ကြီး သံခင်းတမန်ခင်း | ဦးအောင်သန့် |
| သုတပဒေသာ (ဝိဇ္ဇာ)(ဒုတိယဆု) | မြန်မာ့ကျွဲ မြန်မာ့နွား | အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်) |
| သုတပဒေသာ (ဝိဇ္ဇာ)(တတိယဆု) | တောင်သား (သို့မဟုတ်) ရေမြေကို အောင်နိုင်သူ | စောကြူမောင် ( ယောမြေ ) |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) (ပထမဆု) | မြန်မာ့ရိုးရာဂဏန်းသင်္ချာ ရှာဖွေဖော်ထုတ်ခြင်း | ရွှေခြံသက်ပိုင် |
| သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)(ဒုတိယဆု) | ကမ္ဘာ့စပါးစိုက်ပျိုးမှုအစ မြန်မာမှသည် ယနေ့ဆီသို့ | ဒေါက်တာမောင်သင်း |
| သုတပဒေသာ သိပ္ပံနှင့်အသုံးချသိပ္ပံ)(တတိယဆု) | ရောဂါမျိုးသယ်ဆောင်သည့် ပိုးမွှားကာကွယ်နှိမ်နင်းရေး လုပ်ငန်း | မောင်မောင်ထွန်း (ဘီအက်စီ၊ ဒီအမ်အေ၊ ဒီအက်စ်) |
| ကဗျာပေါင်းချုပ် (ပထမဆု) | ဒြပ်ရှိအိပ်မက်နှင့် အခြားကဗျာများ | ကံထွန်းသစ် |
| ကဗျာပေါင်းချုပ် (ဒုတိယဆု) | ဤရတနာ ဤကဗျာ | တင်မောင်အေး (ပခုက္ကူ) |
| ကဗျာပေါင်းချုပ် (တတိယဆု) | မိုးစက်ပွင့်နှင်းဝတ်မှုံနှင့် ရွှေအိုရောင်ရွက်ဝါနှင့်အခြား ကဗျာများ | အေးကြည်စိန် |

**မြန်မာနိုင်ငံတော်ပြည်ထောင်စု။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းမှ စက်တင်ဘာလအထိ တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့်အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

### ဥပဒေများ ပြဋ္ဌာန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မတ်လ ၂၀ ရက်နေ့တွင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁/၉၅ )၊ မတ်လ ၂၄ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၅ )၊ မတ်လ ၂၉ ရက်နေ့တွင် ၁၉၉၅ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၅ )၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်း

ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/ ၉၅ )၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/ ၉၅ )၊ မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၆/ ၉၅ )နှင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/ ၉၅ )တို့ကို ပြဋ္ဌာန်းခဲ့သည်။

**နိုင်ငံခြား ဆက်ဆံရေး**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဗန်ကီယက်၏ ဖိတ်ကြားချက်အရ မတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဆူဟာတို၏ ဖိတ်ကြားချက်အရ ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၏ ဖိတ်ကြားချက်အရ ဇွန်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မေလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်သို့ ရောက်ရှိလာသော နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်အသီးသီးအား လက်ခံတွေ့ဆုံခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ရှရီဖူတင်ပါဟာရျာ၊ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒွမ်ကွေးနှင့် အဖွဲ့၊ မတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဂနမ်ဂျာ၊ ကာတာစမိတာနှင့်အဖွဲ့၊ မေလ ၈ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနိုဟောက်ဖုန်ဆဗန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလျူကျမ်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချီဟိုရှန်နှင့်အဖွဲ့တို့အား အသီးသီး လက်ခံတွေ့ဆုံခဲ့သည်။

**လမ်း–တံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ**

ဂွမြို့နယ်သံတွဲ–ဂွ လမ်းပေါ်ရှိ ကျိန္တလီမြစ်ကူးတံတား ဖွင့်ပွဲကို တံတားသစ်အနီး ယာယီမဏ္ဍပ်၌ ဇန်နဝါရီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ ကျိန္တလီမြစ်ကူးတံတားသည် သံတွဲမြို့မှ ၄၇ မိုင်၊ ဂွမြို့မှ ၃၆ မိုင်ကွာဝေးသည့် ကျိန္တလီ မြစ်ကို ဖြတ်ကာ တည်ဆောက်ထားသော တံတားကြီး ဖြစ်သည်။ တံတားအမျိုးအစားသည် သံကူအားဖြည့် ကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသည့် ခေတ်မီကွန်ကရစ်ရက်မ အမျိုးအစားဖြစ်ပြီး ပေ ၁၀၀ စီရှည်သော အခန်း ၇ ခန်းပါ ပေ ၇၀၀ ရှည်တံတားကြီးဖြစ်သည်။ ယာဉ်သွားလမ်းသည် အကျယ် ၂၄ ပေရှိပြီး တစ်ဘက်တစ်ချက်တွင် သုံးပေ သုံးလက်မစီ ကျယ်ဝန်းသည့် လူသွားလမ်းများပါရှိသဖြင့် စုစုပေါင်းတံတားအကျယ်ပေ ၃၀ နှင့်ခြောက်လက်မရှိ သည်။ တံတားကြီးသည် ၃၆ တန်ဝန်တင်ခံနိုင်စွမ်းအားရှိပြီး မျက်နှာချင်းဆိုင်မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်တည်းဖြတ် သန်းနိုင်စွမ်းရှိသော တံတားကြီးဖြစ်သည်။ ရခိုင်ပြည်နယ် အတွင်း တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် အကြီးဆုံး၊ အရှည်ဆုံးနှင့် ခေတ်မီဆောက်လုပ်ရေးနည်း ပညာများကို အသုံးပြု တည်ဆောက်ထားသော တံတားကြီး တစ်ခုဖြစ်သည်။ တံတားကြီးတည် ဆောက်ရေး လုပ်ငန်း များကို တစ်နှစ်နှင့် တစ်လအတွင်း အပြီးလုပ်ကိုင် ခဲ့ခြင်း ဖြစ်ပြီး တံတားကြီး တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၅၈ ဒသမ ၇ သန်း ကုန်ကျခဲ့သည်။

ဝေဇယန္တာခြောက်လမ်းသွားလမ်းမကြီးဖွင့်ပွဲကို သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းနှင့်ဝေဇယန္တာ

လမ်းဆုံ၌ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ ဝေဇယန္တာလမ်းမကြီးသည် လေးထောင့်ကန်လမ်းမှ တောင်ဥက္ကလာပမြို့နယ်၊ပါရမီလမ်းအထိဆက်သွယ်ထားသော ၁၂,၇၅၀ ပေရှည်သည့်လမ်းဖြစ်သည်။ ဝဲယာ ယာဉ်ကြော သုံးခုစီပါဝင်သည့် ၆၆ ပေကျယ်လမ်းမကြီးဖြစ်ပြီး အကျယ်ခြောက်ပေရှိ ကွန်ကရစ်လူသွားစင်္ကြံနှင့် အကျယ် သုံးပေရှိ အုတ်ရေမြောင်းတို့လည်း ပါဝင်သည်။ ၁၈ ပေ ကျယ် လမ်းလယ်ကျွန်းတည်ဆောက်ထားပြီး ကျွန်းပေါ်တွင် ရေတမာပင်နှင့် မြက်ခင်းများ စိုက်ပျိုးထားသည်။ လမ်းဘေး ဝဲယာတွင် ခေတ်မီ မီးသီးများ တပ်ဆင်ထားသည့် မီးတိုင်များ စိုက်ထူပေးထားသည်။

လောက်ကိုင်မြို့နှင့် မြန်မာနိုင်ငံနယ်စပ် ရန်လုံးကြိုင်း ကျေးရွာကို ဆက်သွယ်ထားသော လောက်ကိုင်–ရန်လုံးကြိုင်း လမ်းသစ်ဖွင့်ပွဲနှင့် ရန်လုံးကြိုင်း ကျေးရွာရှိကိုးကျင်းနယ်စပ် တံတားဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသီးသီးကျင်းပခဲ့သည်။ လောက်ကိုင်–ရန်လုံးကြိုင်း လမ်းသစ်သည် ကျောက်ချောလမ်းဖြစ်ပြီး လမ်းအရှည် ခြောက်မိုင်ခွဲခန့်နှင့် လမ်းအကျယ် ၁၈ ပေရှိသည်။ ကိုးကျင်းနယ်စပ်တံတားသည် ရန်လုံးကြိုင်းကျေးရွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ နန်ဆန်မြို့ကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး အလျား ၇၀ ဒသမ ၈ မီတာ၊ အကျယ် ၁၂ မီတာရှိသော ကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ရခိုင်ပြည်နယ် အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ–ဖားဒူ လမ်းဖွင့်ပွဲကို ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်မှုအတွက် ငွေ ကျပ် ၁၉၅ ဒသမ ၆၅ သိန်း ကုန်ကျခဲ့သည်။ လမ်းတွင် တံတား ၁၄၇ ခုရှိပြီး တံတားကြီးခုနစ်ခုကို ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံ ငွေ ကျပ် ၁၂ ဒသမ ၄ သိန်း အကုန်အကျခံ တည် ဆောက် ခဲ့ခြင်းဖြစ်သည်။ တံတားငယ်ခုရေ ၁၄၀ ကိုကိုယ့်အား ကိုယ်ကိုး တည်ဆောက်ခဲ့သည်။

ရန်ကုန်–မန္တလေး ခြောက်လမ်းသွား တိုးချဲ့ခြင်း လုပ်ငန်း ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းဖွင့်ပွဲ၊ ရန်ကုန်–ပဲခူး ခြောက်လမ်းသွား ပဲခူးအပိုင်းလမ်းဖွင့်ပွဲ၊ လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းကူးတံတားဖွင့်ပွဲ၊ ဒရယ်ဘို ချောင်းကူးတံတားဖွင့်ပွဲ၊ ဝါးနက်ကုန်းချောင်းကူး တံတားဖွင့်ပွဲနှင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် ဝမ်းဘေဒတ်တံတားဖွင့်ပွဲတို့ကို မတ်လ ၂၅ ရက်နေ့တွင် အသီးသီး ကျင်းပခဲ့သည်။ ထောက်ကြံ့–ဝမ်းဘေဒတ်အပိုင်း လမ်းမကြီးသည် ၁၆ မိုင်နှင့် လေးဖာလုံရှည်လျားပြီး ပဲခူးအပိုင်းလမ်းမကြီးသည် ၁၅ မိုင်နှင့် နှစ်ဖာလုံ ရှည်လျားသည်။ စုစုပေါင်း ၃၁ မိုင်ခြောက်ဖာလုံရှည်လျား သည့်ခြောက်လမ်းသွားလမ်းမကြီးတွင် ပေ ၁၀၀ အထက် တံတားကြီး ငါးခု၊ ပေ ၁၀၀ အောက် တံတားလတ်နှင့် တံတားငယ် ၈၁ ခု စုစုပေါင်း တံတား ၈၆ ခုကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားကြီးများသည်သံကူ ကွန်ကရစ်တံတားကြီးများဖြစ်ပြီး ၃၆ တန်အထိ ဝန်ခံ နိုင်အားရှိသည်။ နိုင်ငံတော်က ခြောက်လမ်းသွား လမ်းမကြီး အတွက် ငွေကျပ် ၁,၅၅၅ သန်း၊ တံတားများအတွက် ငွေကျပ် ၂၇၄ ဒသမ ၄၅ သန်း စုစုပေါင်း ငွေကျပ် ၁,၈၂၉ ဒသမ ၄၅ သန်း အကုန်အကျခံတည် ဆောက် ခဲ့ခြင်း ဖြစ်သည်။

တိုက်ကြီးမြို့နယ် ဥတို–ချောင်းသုံးခွ ကားလမ်း ပေါ်ရှိ လှိုင်မြစ်ကူးတံတားဖွင့်ပွဲကို တံတားတည်ရှိရာ ရန်လုံးနိုင် ကျေးရွာယာယီမဏ္ဍပ်၌ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့ သည်။ လှိုင်မြစ်ကူးတံတားသည်အရှည်ပေ ၇၈၀၊ ဝန်ခံနိုင်အား ၁၃ တန်နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ကိုးလက်မရှိသည်။ တံတားအပေါ်ထည်ကို အမြဲတမ်း ကွန်ကရစ်တံတားအမျိုးအစားအဖြစ် ပြောင်းလဲတည် ဆောက်ရာတွင်လွယ်ကူစေရန် သံကူကွန်ကရစ်တိုင် များဖြင့် အခိုင်အမာပုံထုတ်တည်ဆောက်ထားခြင်း ဖြစ်သည်။ လှိုင်မြစ်ကူးတံတားကို ၁၉၉၃ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း စတင်တည်ဆောက်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ (နှစ် ၅၀ ပြည့်ရွှေရတု တပ်မတော်နေ့)တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတား တည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဒသမ ၅၉၃ သန်းကုန်ကျခဲ့သည်။

မန္တလေးတောင်ဆင်းလမ်းသစ်ကို ဧပြီလဆန်းရက် တွင် ဖွင့်လှစ်ခဲ့သည်။ မန္တလေးတောင်ဆင်းလမ်းသစ်သည် အရှည် ၈,၄၃၃ ပေ၊ အကျယ် ၁၂ ပေနှင့်လမ်းပခုံး တစ်ဘက် ခြောက်ပေစီအပါအဝင် စုစုပေါင်း ၂၄ ပေ၊ ကတ္တရာအထူ ကိုးလက်မရှိသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ စ၍ လမ်းသစ်ကို ဖောက်လုပ်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့သည်။ လမ်းသစ်ဖောက်လုပ် မှုအတွက် ငွေကျပ် ၄၅ သိန်းခန့် ကုန်ကျခဲ့သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ဂန့်ဂေါမြို့နယ် မြစ်သာမြစ်ကူးတံတားဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်ကျွန်းခုံသာ

ကျေးရွာရှိ တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရုံးမဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင်ကျင်းပခဲ့သည်။ မြစ်သာမြစ်ကူးတံတားသည် အထူးစီမံကိန်းဝင် တံတားကြီးခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဂန့်ဂေါမြို့၏ မြောက်ဘက် ၂၃ မိုင်အကွာ ကျွန်းခုံသာကျေးရွာနှင့် ရေရှင်မ ကျေးရွာအကြား မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားသည် မြစ်သာမြစ်၏အနိမ့်ဆုံးရေမျက်နှာပြင်အထက် ၄၂ ပေနှင့်ခြောက်လက်မခန့် အမြင့်၌ရှိပြီး အရှည်ပေ ၆၈၀ ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ခွင့်ပြုဝန်ချိန်ရထားအတွက် ၁၂ တန်(ဝင်ရိုး) နှင့်ကားအတွက် ၃၆ တန်ရှိသည်။ အကျယ် ၈၅ ပေ၊ ခန်းဖွင့်ရှစ်ခန်း၊ ရေလယ်တိုင်ခြောက်တိုင်၊ ကုန်းပေါ်တိုင်တစ်တိုင်စုစုပေါင်းသံကူကွန်ကရစ်တံတားတိုင်ပေါင်းခုနစ်တိုင်နှင့် စွန်းခံနှစ်ခုအပေါ်တွင် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ ၅၆ ချောင်းဖြင့် တံတားကို တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ မေလမှ ၁၉၉၅ ခုနှစ်၊ ဧပြီလအတွင်း တံတားကို အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၆၀ ခန့် ကုန်ကျခဲ့သည်။

ရေး–ထားဝယ်ရထားလမ်း၊ ထားဝယ်–ရေဖြူရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ထားဝယ်ဘူတာ၌ မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထားဝယ်–ရေဖြူရထားလမ်းပိုင်းသစ်သည် အရှည် ၁၀ ဒသမ ၇၂ မိုင်ရှိပြီး ရေး–ထားဝယ်ရထားလမ်းစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းသစ်ဖြစ်သည့်အပြင် တနင်္သာရီတိုင်း၏ ပထမဆုံး ရထားလမ်းလည်း ဖြစ်သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း၊ ကလေးမြို့နယ် မဏိပူရမြစ်ကူးတံတား (ကမ္ဘာ့နီတံတား) ဖွင့်ပွဲကို တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံး မဏ္ဍပ်၌ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘာ့နီတံတားသည် မဏိပူရ(ခေါ်)နန့်ကသည်းမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် တံတားဖြစ်ပြီး မော်တော်ကားနှင့် မီးရထားနှစ်မျိုးသုံးနိုင်သော ခေတ်မီတံတားတစ်ခုဖြစ်သည်။ တံတားအရှည် ၅၉၅ ပေ၊ အကျယ် ၁၄ ပေ ခုနစ်လက်မ၊ ၈၅ ပေကျယ် ခန်းဖွင့်ခုနစ်ခန်းနှင့် ရေလယ်တိုင်ခြောက်တိုင်ရှိသည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ၊ သံကူ ကွန်ကရစ်၊ ကျောက်ဖြည့်လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ တံတားတည်ဆောက်ချိန် ကာလ ကိုးလခန့် ကြာမြင့်ခဲ့သည်။

လှိုင်ကော်–ယာဒို–လိပ်သို–တောင်ငူ ပြည်ထောင်စုလမ်းမကြီးဖွင့်ပွဲကို ဒီမောဆိုမြို့ ပြည်ထောင်စုလမ်းမကြီး၌ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုလမ်းမကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က လှိုင်ကော်–မိတ္ထီလာ–ရန်ကုန် ၅၁၄ မိုင်သွားခဲ့ရရာမှ ယခု ၃၀၆ မိုင်သာ သွားရသည့်အတွက် ခရီးမိုင် ၂၀၈ မိုင် သက်သာပြီ ဖြစ်သည်။

## ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

သာစည်မြို့နယ် သက်တော်ရေလှောင်တမံဖွင့်ပွဲကို ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ သက်တော်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံနှစ်ခုရှိသည့်အနက် တမံ (၁)သည် အလျားပေ ၂,၄၀၀၊ အမြင့် ၃၅ ပေနှင့် တမံ (၂)သည် အလျား ၄,၄၆၀ ပေနှင့် အမြင့်ပေ ၆၀ ရှိသည်။ ရေလျှံမြောင်းအကျယ် ပေ ၁၀၀ နှင့် ရေထုတ်ပြွန် အရွယ်အစား ၆ × ၄ ပေဖြစ်သည်။ ရေလှောင်ကန်အတွင်း စီးဆင်းသည့် ရေဆင်းဧရိယာ ၂၅ စတုရန်းမိုင်နှင့် သိုလှောင်နိုင်မည့် ရေပမာဏ ဧက ပေ ၁၀,၀၀၀ ဖြစ်သည်။ သက်တော် ရေလှောင်တမံသည် ဆည်ရေသောက် ဧရိယာဧက ၂,၅၀၀နှင့် သီးနှံစိုက်ဧရိယာ ဧက ၃,၀၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၄၄ သန်း ကုန်ကျခဲ့သည်။ သက်တော်ရေလှောင်တမံသည် အလယ်ပိုင်းကိုးခရိုင် အထူးစီမံကိန်းဒေသတွင် ပါဝင်သည့် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုစေမည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ပထမဆုံးဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်သည်။

နတ်မောက်မြို့နယ်နတ်မောက်ရေလှောင်တမံစီမံကိန်း ရေလွှဲဆည်ဖွင့်ပွဲကို နတ်မောက်မြို့နယ်ဘုန်းတော်ပြည်ကျေးရွာအနီးရှိရေလွှဲဆည်ထိပ်၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ နတ်မောက်ရေလှောင်တမံစီမံကိန်းပင်မရေလှောင်တမံသည် နတ်မောက်မြို့နယ်၊ ဖုန်းကုန်းကျေးရွာအထက် တစ်မိုင်ခွဲခန့် တွင် တည်ရှိပြီး ရေလွှဲဆည်သည် ရေလှောင်တမံ အောက်ဘက် ၁၃ မိုင်ခန့်အကွာ ဘုန်းတော်ပြည်ကျေးရွာအနီးတွင် တည်ရှိသည်။ ရေလွှဲဆည်သည် သံကူကွန်ကရစ် ရေလွှဲဆည်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၀၀၊ အမြင့် ခုနစ်ပေနှင့် သံထုတ်ရေတံခါး ခုနစ်ပေါက်ရှိသည်။ ရေပေးဝေမည့် လက်ဝဲတူးမြောင်းမကြီးသည် ၂၀ ဒသမ ၁ မိုင်နှင့် လက်ယာတူးမြောင်းမကြီးသည် ၁၁ ဒသမ ၂ မိုင်ရှိပြီး လက်တံ မြောင်း

များသည် ၄၇ ဒသမ ၆ မိုင် ရှည်လျားသည်။ ရေလွှဲဆည်ကို ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့တွင် လုပ်ငန်း များပြီးစီးခဲ့သည်။ ရေလွှဲဆည်တည်ဆောက်ပြီးစီးမှုကြောင့် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၆,၀၀၀ ပေါ်တွင် သီးနှံဧရိယာဧက ၄၃,၂၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ နတ်မောက်ရေလွှဲဆည်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လက်ထက်တွင် မကွေးတိုင်းအတွင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဆည်မြောင်းစီမံကိန်းလုပ်ငန်းများအနက် ၁၁ ခုမြောက် စီမံကိန်းလုပ်ငန်းဖြစ်သည်။

လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဖွင့်ပွဲကို လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံ၌မတ်လ ၂၆ ရက်နေ့တွင်ကျင်းပခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံသည် ဖောင်ကြီးကျေးရွာအထက်နှစ်မိုင်ခန့်အကွာ ငမိုးရိပ်ချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁၅,၅၀၀၊ အမြင့် ၇၅ ပေ၊ သိုလှောင်နိုင်မည့် ရေပမာဏကေပေ ၁၈၀,၀၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ရာတွင် မြေကြီးကျင်း စုစုပေါင်း ၈၇၀,၀၀၀ ခန့်နှင့် ကျောက်ကျင်း ၁၄,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ သီးနှံများအတွက် ရေပေးဝေမည့် တူးမြောင်းအလျားသည် ၂၄၂ မိုင်ရှည်ပြီး မြေကြီးကျင်း စုစုပေါင်း တစ်သန်းနှစ်သိန်း တူးဖော် ဆောင်ရွက် ခဲ့သည်။ ထို့ပြင် တူးမြောင်း အဆောက်အအုံ ၃၀၄ ခုကိုပါ တည်ဆောက်ခဲ့သည်။ ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းတစ်ခုလုံး အတွက် ဘိလပ်မြေတန်ချိန် ၁၁,၃၀၀၊ သံချောင်းတန်ချိန် ၂,၄၀၀ နှင့် စက်ယန္တရား ၁၄၂ စီးတို့ကို သုံးစွဲခဲ့သည်။ ငမိုးရိပ် ရေလှောင် တမံတည်ဆောက် ပြီးစီးသွားသဖြင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်မြေဧက ၇၀,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၂၆,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည့်အပြင် ဧရိယာဧက ၃,၀၀၀ ကိုလည်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။ ငမိုးရိပ်ရေလှောင်တမံမှ နေ့စဉ်ရေဂါလန်သန်း ၉၀ ကို ရန်ကုန်မြို့တော် သောက်သုံးရေအတွက် ပေးဝေသွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းစီမံကိန်းများတွင် ငမိုးရိပ်ရေလှောင်တမံသည် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ၁၉၉၂–၉၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ တည်ဆောက်ခဲ့ရာ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေနှင့် နိုင်ငံခြားပညာရှင် လုံးဝမပါရှိဘဲ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံတော်က ငွေကျပ် ၁,၀၅၀ သန်း ကုန်ကျခဲ့သည်။

ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံမုခ်ဦးမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်နဝင်းရေလှောင်တမံသည် ပေါက်ခေါင်းမြို့နယ် အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတမံအလျား ၁၆,၆၇၄ ပေ၊ အမြင့် ၁၄၁ ပေ၊ ရေဆင်းဧရိယာ ၂၄၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ ရေဝင်ပမာဏ ကေပေ ၂၀၁,၀၀၀၊ ရေပြည့်ရေလှောင်ပမာဏ ကေပေ ၂၈၇,၀၀၀၊ ရေပေး တူးမြောင်း စုစုပေါင်း ၃၃၄ မိုင်၊ ရေပေးအဆောက်အအုံ ပေါင်း ၉၈၀၊ လယ်ကြားမြောင်း ၁,၁၇၈ မိုင်နှင့် လယ်ကြားအဆောက်အအုံပေါင်း ၆,၄၆၀ ရှိသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၃၀၊ အကျယ်ပေ ၂၅၃ နှင့် ရေထုတ်ပြွန်သည် အလျားပေ ၆၉၀၊ အချင်း ၅ ဒသမ ၉ ပေရှိသည်။ ရေလှောင်တမံကို ၁၉၈၅–၈၆ ခုဘဏ္ဍာရေးနှစ်မှစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ရာတွင် မြေကြီးကျင်းပေါင်း ၂၉ သိန်း၊ ကွန်ကရစ်ကျင်း ၁၂,၀၀၀ နှင့် ကျောက်ကျင်း ၇၄,၀၀၀ သုံးစွဲခဲ့သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် ပြည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၆၂,၅၀၀၀ နှင့်သီးနှံဧရိယာဧက ၉၈,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် နိုင်ငံခြားငွေကျပ် ၄၃၈ ဒသမ ၅၃ သန်း၊ ပြည်တွင်းသုံးစွဲငွေကျပ် ၁,၀၃၄ ဒသမ ၁၂ သန်း စုစုပေါင်းငွေကျပ် ၁,၄၇၂ ဒသမ ၆၅ သန်း ကုန် ကျခဲ့သည်။

မိုးမောက်မြို့နယ် တာလီရေလွှဲဆည်ဖွင့်ပွဲကို မေလ ၁၃ ရက်နေ့တွင်ကျင်းပခဲ့သည်။ တာလီရေလွှဲဆည်သည် အရှည်ပေ ၆,၅၀၀၊ အကျယ် ၁၀ ပေ၊ အနက်ခြောက်ပေရှိပြီး လယ်မြေဧရိယာ ၂,၆၈၀ ဧကကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလွှဲဆည် တည်ဆောက်မှုအတွက် ငွေကျပ် ၆၁ သိန်း ကုန်ကျခဲ့သည်။

တိုက်ကြီးမြို့နယ် တဘူးလှ(ဥက္ကံ)ရေလှောင်တမံဖွင့်ပွဲကို မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တဘူးလှ (ဥက္ကံ) ရေလှောင်တမံသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက်

၂၂ မိုင်အကွာတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစား ဖြစ်ပြီး ပင်မတမံအလျား ၁,၃၀၅ ပေ၊ အမြင့် ၉၅ ပေ၊ ကန်းကြောတမံများအလျားပေ ၁,၃၀၀ ခန့်၊ ရေထုတ်မြွန်အလျား ပေ ၆၀၀၊ ခြောက်ပေလေးပေ ရေတံခါးသုံးခု၊ ရေပိုလွှဲအလျား ၃၁၃ ပေနှင့် အကျယ်ပေ ၂၀၀ ရှိသည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးသွားသဖြင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်မြေဧရိယာဧက ၅၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၁၀၄,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၈၈၅ သန်းကုန်ကျခဲ့ပြီး ၁၉၉၃ ခုနှစ်၊ နယ်ဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ် မုန်းချောင်းရေထိန်းတမံဖွင့်ပွဲကိုရေထိန်းတမံ ယာယီမဏ္ဍပ်၌ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မုန်းချောင်းရေထိန်းတမံသည် တပ်ကုန်းမြို့နယ်၊ ကန်ကြီးကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁,၅၃၀၊ အမြင့်ပေ ၄၀၊ ကန်ရေပြည့်ရေလှောင်နိုင်သည့်ပမာဏဧကပေ ၅၀၀ ရှိသည်။ ရေထိန်းတမံ တည်ဆောက်ပြီးစီးသွားသဖြင့် ဆည်ရေသောက်ဧရိယာ ၄,၈၅၀ ဧကနှင့် သီးနှံဧရိယာဧက ၅,၈၀၀ ကို အကျိုးပြုမည် ဖြစ်သည်။ ရေထိန်းတမံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၅၀ ကုန်ကျခဲ့သည်။

မုံရွာမြို့နယ်သာစည်ရေလှောင်တမံဖွင့်ပွဲကို ဩဂုတ်လ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သည်။ သာစည်ရေလှောင်တမံသည် မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃,၂၅၀၊ အမြင့် ၇၃ ပေရှိသည်။ ရေပိုလွှဲသည်အလျားပေ ၅၇၀ ၊ အကျယ်ပေ ၅၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ် သည်။ ရေထုတ်မြွန်အရွယ်အစားသည် ၆ပေ×၄ ပေ ဖြစ်ပြီး အလျား ၁၈၂ ပေရှိသည်။ ရေလှောင်ကန်အတွင်း ရေဆင်း ဧရိယာသည် ၂၆ ဒသမ ၆ စတုရန်းမိုင် ရှိပြီး သိုလှောင် နိုင် သည့် ရေပမာဏသည် ဧကပေ ၆,၆၀၀ ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသဖြင့် လယ်မြေဧရိယာဧက ၁,၅၀၀ နှင့် သီးနှံဧရိယာဧက ၂,၂၅၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ သာစည်ရေလှောင်တမံသည် အလယ်ပိုင်း ကိုးခရိုင်အထူးစီမံကိန်းဒေသတွင် ပါဝင်သည့်မုံရွာခရိုင်အတွင်း မုံရွာမြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုမည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း**

ရန်ကုန်မြို့ အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ တည်ဆောက်ခဲ့သော သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သော စက်နှစ်လုံး တပ်ဆင် ထားသည်။ စက်နှစ်လုံး၏ စက်တပ်ဆင်အင်အားသည် ၆၆ မဂ္ဂါဝပ်ရှိသည်။

ရပ်စောက်မြို့နယ် ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်း၏ လျှပ်စစ်ဓာတ်အားပေးစက် သုံးလုံးအနက် ပထမ စက်တစ်လုံး စတင်လည်ပတ်ဖွင့်ပွဲကို ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရပ်စောက်မြို့ မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ဇော်ဂျီချောင်း တပ်မောက်ရေတံခွန်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ စက်တစ်လုံးလျှင် ခြောက် မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် စက်သုံးလုံးတပ်ဆင်ထားပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၈ မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၉၅သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဇော်ဂျီရေအား လျှပ်စစ်စီမံကိန်းကို ၁၉၉၃ ခုနှစ်၊ မတ်လမှစတင်တည်ဆောက်ခဲ့ပြီးစီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်သည် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၉ဒသမ ၉၇၅ သန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၅၅ ဒသမ ၁၂ သန်း ဖြစ်သည်။ စက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၁၈ မဂ္ဂါဝပ်ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၄၇ မိုင်ဖြင့် တောင်ကြီးမြို့အောင်သပြေဓာတ်အားခွဲရုံသို့ ပို့လွှတ်၍ တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်မြို့များသို့လည်းကောင်း၊ ကလော၊ ပင်းတယ၊ အောင်ပန်းနှင့် ပင်လောင်းမြို့များသို့လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

**ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများဖွင့်လှစ်ခြင်း**

သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု ရုပ်မြင် သံကြားထပ်ဆင့်လွှင့်စက်ရုံကို မေလ ၇ ရက်နေ့တွင် လည်းကောင်း၊ ချီဖွေမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၂၄ ရက်နေ့နှင့် ဘော်လခဲမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၉ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့သည်။

**ဘဏ်များ ဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ ပြင်သစ်နိုင်ငံ Banque Francaise Du Commerce Exterieur ဘဏ်အား ဇန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ The Bank of Tokyo Ltd ၊ ဗြိတိန်နိုင်ငံ Standard Chartered Bank နှင့် နယ်သာလန်နိုင်ငံ ABN AMRO BANK NV ဘဏ်များအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ Societe Generale အား မေလ ၉ ရက်နေ့တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ Bank Dagang National Indonesia အား ဇွန်လ ၁၄ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လိုင်စင် ထုတ်ပေးခဲ့သည်။ ထိုင်းနိုင်ငံမှ ခြောက်ဘဏ်၊ စင်ကာပူနိုင်ငံမှ ငါးဘဏ်၊ ပြင်သစ်နိုင်ငံမှ လေးဘဏ်၊ မလေးရှားနိုင်ငံမှ သုံးဘဏ်၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန် နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တစ်ဘဏ်စီ စုစုပေါင်း နိုင်ငံခြားဘဏ် ၂၆ ဘဏ်တို့အား ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင် အသီးသီးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်ရုံးသည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံတွင် တည်ရှိသည်။ စင်ကာပူ ကက်ပဲလ်ဘဏ် လီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် (၁၁/က)၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ မေဘဏ် ကိုယ်စား လှယရုံး ဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၂၆ရှိ အဆောက်အအုံ၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဗြိတိန်နိုင်ငံ စတင်းဒတ်ချာတာဘဏ် ကိုယ်စား လှယ်ရုံး ဖွင့်ပွဲကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အက်ဖ်အမ်အိုင် စင်တာ၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဂလိုဘယ်ကော်မာရှယ် ဘဏ် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေး စေတီလမ်း၊ အမှတ် ၃ (ဘီ) ၌ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ခရွမ်ဂ်ထိုင်းဘဏ် ပတ်ဘလစ် ကုမ္ပဏီလီမိတက် ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၄၆ ရှိ ကိုယ်စားလှယ်ရုံး၌ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

**ကုန်စည်ပြပွဲများ**

အိန္ဒိယကုန်စည်ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့၏ ပူးပေါင်းအစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လုပ်ငန်းရှင်များအားလည်းကောင်း၊ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်သူလူထုအားလည်းကောင်း ဖွင့်လှစ်ပြသခဲ့သည်။ အိန္ဒိယကုန်စည်ပြပွဲတွင် မော်တော်ကားနှင့် ကားပစ္စည်းများ၊ စက်ဘီးနှင့်အပိုပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ အင်ဂျင်နီယာ လုပ်ငန်းသုံး ပစ္စည်းများနှင့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ကိရိယာ၊ စက်ပစ္စည်းနှင့် ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်တွင်းသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းများ ဆေးကုသမှုနှင့် ဆေးရုံသုံး ပစ္စည်းများ၊ သွားဘက်ဆိုင်ရာ ပစ္စည်း များ၊ ရေစုပ်စက်နှင့် မော်တာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ဆေးဝါးနှင့်ဓာတုပစ္စည်းများ၊ ဆိုးဆေးနှင့် သုတ်ဆေးများ၊ ပလတ်စတစ်၊ ရော်ဘာနှင့် သားရေပစ္စည်းများ၊ ပြင်ဆင်ပြီး အစားအစာများနှင့် အဖျော်ယမကာများ၊ အထည်နှင့် စားသောက် ကုန်ပစ္စည်းများ၊ အလှပြင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် မြန်မာလူထုအတွက် အထူးကိုက်ညီသော ပစ္စည်းများကို ခင်းကျင်း ပြသခဲ့သည်။

မြန်မာ့ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့ကုန်ဟိုက်ရေ့မျက်နှာစာ၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို မတ်လ ၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့ရာ အစိုးရအဖွဲ့ အစည်း ၁၂ ခု က အရောင်းပြခန်း ၁၆ ခန်း၊ ပြည်တွင်း ပြည်ပဖက်စပ် ၁၃ ခု က အရောင်းပြခန်း ၂၃ ခန်း၊ သမဝါ ယမအသင်း ၁၉ သင်းက အရောင်းပြခန်း ၂၇ ခန်း၊ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ ၇၆ ခုက အရောင်းပြခန်း ၁၀၅ ခန်းနှင့် ပြည်ပ ကုမ္ပဏီ ၁၀၀ က အရောင်းပြခန်း ၁၃၄ ခန်း ဖြင့် ပစ္စည်းမျိုးစုံ ခင်းကျင်းပြသရောင်းချခဲ့သည်။

ဒုတိယအကြိမ် မြန်မာအင်တာနေရှင်နယ်ကုန်စည်ပြပွဲ ၉၅ ဖွင့်ပွဲကို ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌

ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြပွဲကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာ့ စီးပွားရေး ဦးပိုင်လီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုအရ စင်ကာပူသမ္မတနိုင်ငံ Applied Investments (Asia) Pte, Ltd တို့ အကျိုးတူပူးပေါင်း၍ စီစဉ်ပြသခြင်းဖြစ်ပြီး ဇွန်လ ၂၃ ရက်နေ့အထိ ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲတွင် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်း ဆိုင်ရာ စက်ပစ္စည်းများ၊ ချည်မျှင်နှင့် အထည်စက်ပစ္စည်း များ၊ အခြားအိမ်သုံးပစ္စည်းများ၊ ကွန်ပျူတာများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ် ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

## ဈေးပွဲတော်များ

သမဝါယမဈေးပွဲတော် (ရန်ကုန်) ဖွင့်ပွဲကို သဃ်န်းကျွန်း မြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဇန်န ဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ သမဝါယမဈေး ပွဲတော် (ရန်ကုန်)ကို ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပ ခဲ့ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သမဝါယမအသင်းများ က ဒေသထွက်ကုန်များ၊ ထုတ်ကုန်ပစ္စည်းများ၊ ၁၉၉၅ ထွက်ကုန်သစ်များနှင့် မြန်မာ့ခရီးသွားနှစ်အထိမ်းအမှတ် အမှတ်တရပစ္စည်းများကို လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် ကုမ္ပဏီများက ပြည်တွင်းထွက်ကုန်ပစ္စည်း များ နှင့် သွင်းကုန်ပစ္စည်းများကိုလည်းကောင်း ခင်းကျင်းပြသ ရောင်းချခဲ့သည်။ သမဝါယမဈေးပွဲတော် (ရန်ကုန်)တွင် လက်ငင်းရောင်းရငွေ ကျပ် ၁၃၇ ဒသမ ၅ သန်းနှင့် အမေ ရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်းဖြစ်ပြီး စာချုပ်ရောင်းရငွေ ကျပ် ၂၈၉ ဒသမ ၇၂ သန်း အပါအဝင် စုစုပေါင်းရောင်းရငွေ ကျပ် ၄၂၇ ဒသမ ၂၂ သန်းရှိသည်။

တပို့တွဲပွဲတော် ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇ ယန္တာ လမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ တပို့တွဲပွဲတော်ကို ဖေဖော် ဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ သမဝါယမအသင်း များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အရောင်း ဆိုင်များနှင့် အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချခဲ့သည်။

နှစ် ၅၀ ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ် ရွှေရတုသဘင် ဈေးပွဲတော်ဖွင့်ပွဲကို သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားဝင်း၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွှေရတုသဘင်ဈေးပွဲတော်ကို ဧပြီလ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ ဝန်ကြီးဌာနများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော် (ရေ)နှင့် တပ်မတော် (လေ) သက်သာချောင်ချိရေး အရောင်း ဆိုင်များ၊ ဂျီအီးစီနှင့် ဂျီအီးစီ (ပညာရေး) အရောင်းဆိုင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရောင်း ဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့သည်။

## ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေး

မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက် ရတနာဈေးဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ၊ ကမ္ဘာအေးစေတီ လမ်း ၊ အမှတ် ၆၆ ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံသစ်ကြီး၌ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပ ခဲ့သည်။ မြန်မာ့ကျောက်မျက် ရတနာပြတိုက် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကျောက်မျက်ရတနာ ဈေး ဖွင့်လှစ်ထားပြီး တတိယထပ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိ သော ကျောက်မျက်ရတနာများ၊ သတ္တုနှင့် သယံဇာတ ပစ္စည်းများကို ပြသထားသည်။ ကျောက်မျက် ရတနာဈေးရှိ ရတနာဆိုင်များတွင် ကျောက်မျက်ရတနာ မျိုးစုံဖြင့် စီခြယ်ထားသော ရွှေ၊ ငွေ လက်ဝတ်ရတနာ ပစ္စည်းများ၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ရွှေထည်၊ ငွေထည်ပစ္စည်း များနှင့် ရတနာပစ္စည်းမျိုးစုံရောင်းချသည်။ ကျောက်မျက် ရတနာဈေးတွင် တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ မည်သူမဆို လွတ်လပ်စွာဝယ်ယူခွင့်ရှိပြီး ရတနာပစ္စည်း များအား အမေရိကန်ဒေါ်လာ၊ နိုင်ငံတော်က တရားဝင် သတ်မှတ်ခွင့်ပြုထားသည့် အခြားနိုင်ငံခြားသုံးငွေ၊ နိုင်ငံခြား ငွေလက်မှတ် (FEC) နှင့် မြန်မာ ကျပ်ငွေတို့ဖြင့် ဝယ်ယူ နိုင်သည်။ နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူသည့် ရတနာ ပစ္စည်းများကို ပြည်ပသို့ တရားဝင် ထုတ်ယူခွင့်ရှိပြီး မြန်မာ ကျပ်ငွေဖြင့်ဝယ်ယူသည့် ရတနာပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူ နိုင်သည်။

## ဟိုတယ်များ ဖွင့်လှစ်ခြင်း

ရဝေဟိုတယ်ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင် ပြည်လမ်း၊ အမှတ် ၁၉ ၌ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ သည်။ ရဝေဟိုတယ်တွင် နှစ်ယောက်အိပ်ခန်းရှစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လေအေးပေးစက်၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဂြိုဟ်တုမှ တိုက်ရိုက်ဖမ်းယူနိုင်သော ရုပ်မြင် သံကြားစက်များ တပ်ဆင်ပေးထားသည်။

အယ်လ်ဖာဟိုတယ်ဖွင့်ပွဲကို ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၄၁ ၌ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

အယ်လ်ဖာဟိုတယ်တွင် အထပ် ၁၀ ထပ်၊ အခန်းပေါင်း ၉၀ ဖွဲ့စည်းထားပြီး အခန်းတိုင်းတွင် နိုင်ငံတကာအဆင့်မီ Satellite T.V. Mini Bar ရေပူရေအေး၊ လေအေးစက်များ တပ်ဆင်ပေးထားသည်။ တည်းခိုခကို အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေတို့ဖြင့် သတ်မှတ်ထားသည်။

ဆမ်းမစ်ပတ်ဗျူးဟိုတယ် ဖွင့်ပွဲကို ရန်ကုန်မြို့၊ အလုံလမ်း၌ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆမ်းမစ် ပတ်ဗျူးဟိုတယ်တွင် အခန်းပေါင်း ၂၅၀ ပါရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်သည်။

ရေပေါ်ဟိုတယ် Central Floating Hotel ပဏာမဖွင့်ပွဲကို ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း တံတားအမှတ် ၁၊ ၂တွင် ဆိုက်ကပ်ထားသည့် ရေပေါ်ဟိုတယ်၌ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရေပေါ်ဟိုတယ်သည် နိုင်ငံတကာ ကြယ်လေးပွင့် အဆင့်အတန်းရှိပြီး အခန်းပေါင်း ၁၃၂ ခန်း ပါဝင်သည်။ ရေပေါ်ဟိုတယ်ကို နိုင်ငံတကာ အဆင့်မီ စီမံထားပြီး အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်၊ အပူပေးစက်နှင့်လေအေးပေးစက်များ၊ ခေတ်မီ ရေကြောင်းလမ်းပြ မီးထွန်းစနစ်နှင့် အဆင့်မြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ တပ်ဆင်ထားသည်။ ရေပေါ်ဟိုတယ်အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ဖြစ်သည်။

ဟိုတယ်ချယ်ရီဖွင့်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွမ်းခြံလမ်း၊ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဟိုတယ်ချယ်ရီတွင် အထပ်သုံးထပ်ရှိပြီး တစ်ယောက်ခန်း ၁၀ ခန်း၊ နှစ်ယောက်ခန်း ၂၂ ခန်း ပါရှိသည်။

ဦးစိုးအောင်


**မြန်မာ့ပို့ဆောင်ရေးလုပ်ငန်းများ။** ။ ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုအတွက် အဓိကအရေးပါသော လုပ်ငန်း ကြီး တစ်ရပ်အဖြစ် တည်ရှိ သည်။ ထို့မျှသာမက ကမ္ဘာ့နိုင်ငံသားအချင်းချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို ချောမောစွာ ဆက်သွယ် ဆောင်ရွက် ပေးလျက်ရှိရာ ပို့ဆောင်ရေးလုပ်ငန်းသည် ကမ္ဘာတွင် အရေးကြီးသော ရှေ့တန်း လုပ်ငန်း ကဏ္ဍမှလည်း ပါဝင်လျက် ရှိသည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်း ဟူ၍ရှိရာ ကုန်းကြောင်းလမ်းတွင် ရထားလမ်းနှင့် ကားလမ်း ကြောင်းများ ပါဝင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအပေါ် အားထား ဆောင်ရွက်လျက် ရှိကြသည်။

မြန်မာနိုင်ငံတော်တွင် ယခင်က နိုင်ငံတော် ပို့ဆောင်ရေးကဏ္ဍကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဌာန ဟူ၍ ဆက်သွယ်ရေးလုပ်ငန်းကိုပါ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတက်ရောက်လာသည့် နောက်ပိုင်းတွင် ဆက်သွယ်ရေးကဏ္ဍကိုသီးခြားဝန်ကြီးဌာန တစ်ခုအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍနှစ်ခုကို ပူးပေါင်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း သီးခြားဖွဲ့စည်းခဲ့သည်။ ထို့ကြောင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများချမှတ်ပြီး သီးခြားကဏ္ဍခွဲကာ ယခင်ကထက် ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းရပ်များကို တိုးချဲ့ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ကပို့ဆောင်ရေးဝန်ကြီးဌာနသည်ဦးစီးဌာန ခုနစ်ခု၊ စီးပွားရေးအဖွဲ့အစည်း ရှစ်ခုနှင့် သင်တန်းကျောင်းနှစ်ခု စုစုပေါင်းအဖွဲ့အစည်း ၁၇ ခု ဖြင့် လုပ်ငန်း ဆောင်ရွက် ခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအဖြစ် သီးခြားကဏ္ဍခွဲ၍ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အချိန်၌ ဦးစီးဌာနလေးခု၊ စီးပွားရေးအဖွဲ့အစည်းငါးခုနှင့် သင်တန်းကျောင်းအဖြစ် ရေကြောင်းပညာသိပ္ပံ ကျောင်းတစ်ခု တို့ကို ပြန်လည်ဖွဲ့စည်း၍ အရှိန်အဟုန် တိုးမြှင့်ပြီး သယ်ယူပို့ ဆောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ ကျောင်းနှင့်စီးပွားရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအင်အား၊ ခွင့်ပြုအင်အား၊ ခန့်ထားအင်အားအရ အရာထမ်း ၈၅၃ ဦးနှင့် အမှုထမ်း ၂၁၀၁၁ ဦး စုစုပေါင်း ၂၁၈၆၄ ဦး၏ ဉာဏအား၊ ကာယအားများဖြင့် ၁၉၉၂ ခုနှစ်မှစပြီး ပို့ဆောင်ရေးဝန်ကြီးဌာန စီမံကိန်းလုပ်ငန်းကြီးများ



မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ကုန်သေတ္တာတင်သင်္ဘော

အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီးပွားရေး အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် ရေကြောင်းပညာသိပ္ပံကျောင်းတို့၏ လုပ်ငန်းတာဝန်ပိုင်းနှင့် အဓိကလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## မြန်မာ့လေကြောင်း

မြန်မာ့လေကြောင်း၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ လေယာဉ်ခရီးစဉ်များ ပျံသန်း ပို့ဆောင်မှု လုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ချက်များအနေနှင့် ပျံသန်းမှုရပ်ဆိုင်းထားသည့် လေယာဉ်များအား လုပ်ထုံး လုပ်နည်းသတ်မှတ်ချက်နှင့်အညီ ပြန်လည်စစ်ဆေးပြုပြင်မွမ်းမံပြင်ဆင်ခြင်း၊ လေယာဉ်ခရီးစဉ်များ ပုံမှန်အနေအထားသို့ ရောက်ရှိစေရန် တစ်စတစ်စ တိုးချဲ့ပျံသန်းနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခနှုန်းများကို ကျခံနေရသည့် ကုန်ကျစရိတ်နှင့် အချိုးညီစွာ တိုးမြင့်ပြင်ဆင်သတ်မှတ်ရေး၊ လေယာဉ်စီးခရီးသည်များအား ရန်ကုန်မြို့တွင်းရုံးမှ မင်္ဂလာဒုံလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ကြို/ပို့ရေးများအပြင် ခရီးစဉ်လေယာဉ်တိုင်း၌ ခရီးစဉ်အကွာအဝေးနှင့်အညီ အစားအသောက်များ စီစဉ်ကျွေးမွေးရေး စသည်တို့ ဖြစ်သည်။

ပုံမှန်ပျံသန်းပေးနေသော ခရီးစဉ်များအပြင် အထူးပျံသန်းပို့ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိရာ လေယာဉ်စီးလုံးငှားရမ်းရေး ကိစ္စတွင် အစိုးရဌာနဆိုင်ရာကိစ္စများနှင့်အတူ ပုဂ္ဂလိကပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လျက် ရှိသည်။

မြန်မာ့လေကြောင်းအတွက်ဝယ်ယူခဲ့သည့် ဖော်ကာ အက်ဖ်-၂၇/ လေယာဉ်လေးစင်းကို (၁၉၉၄-၉၅) ခုနှစ်အတွင်း ဝယ်ယူနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းကာ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် စင်ကာပူနိုင်ငံ လေကြောင်း ဖက်စပ်ပျံသန်းနိုင်ရေးအတွက် စင်ကာပူနိုင်ငံရှိ AIR MANDALAY HOLDING PRIVATE LTD နှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး ( ATR 72 ) လေယာဉ် တစ်စင်းဖြင့် ရန်ကုန်/မန္တလေး/ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ ပျံသန်းခဲ့သည်။ (၂၈-၁၂-၉၄) နေ့တွင် ( ATR 72 ) တစ်စင်း ထပ်မံရောက်ရှိသည်။ ခရီးစဉ်နှင့် ခေါက်ရေတိုးချဲ့ ပျံသန်း နိုင်ခဲ့သည်။

မြန်မာ့လေကြောင်းနှင့် SOUTH ASIA AIR TRANSPORT LTD. HONG KONG တို့သည် (၁၆-၁-၉၅)နေ့တွင် JOINT VENTURE လေကြောင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် LETTER OF INTENT လက်မှတ် ရေးထိုးခဲ့သည်။ မြန်မာ့လေကြောင်း သည် ပြည်တွင်းခရီးစဉ်၌ သွားလာမှုခက်ခဲ၍ လေကြောင်း ကိုသာ အားထားနေကြရသော ကော့သောင်း၊ တာချီလိတ် နှင့် ပူတာအိုမြို့များသို့ ခေါက်ရေတိုးချဲ့ပျံသန်းပေးခဲ့သည်။

မြန်မာ့လေကြောင်းနှင့်အပြည်ပြည်ဆိုင်ရာမြန်မာ့ လေကြောင်း(MAI)တို့ဖက်စပ်လုပ်ကိုင်သည့်လေကြောင်း ခရီးစဉ်အဖြစ် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက် နေ့တွင် ဂျာကာတာလေယာဉ်ခရီးစဉ်ကို စတင်ပျံသန်း ပေးခဲ့သည်။

## မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက တာဝန်မှာ ပြည်ပပို့ကုန်နှင့်သွင်းကုန်များအား ပင်လယ် ရေကြောင်းဖြင့် အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေး ရခြင်း ဖြစ်သည်။ ယင်းသို့ ပို့ဆောင်ပေးရာတွင် ကြယ်ငါးပွင့်ပိုင် သင်္ဘောများနှင့်အတူ အငှားသင်္ဘောများ၊ အခြားသင်္ဘော လိုင်းများနှင့် ဆက်စပ်၍ လိုသောနိုင်ငံသို့ လိုအပ် သော အချိန်တွင် လိုအပ်သောကုန်တန်ချိန်ကို ပို့ပေးရန် ဖြစ်သ ည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးအခြေအနေနှင့် ဈေး ကွက်များကို လေ့လာသုံးသပ်၍ သင်္ဘောလုပ်ငန်းအကျိုး အများဆုံးရရှိရန် စီမံဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ ကမ်းရိုး တန်း ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်ပစ္စည်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို အချိန်မီ သယ်ပို့ပေးရန် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက တာဝန်ယူသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ အဓိက ဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်၊ ပြည်တွင်းသွင်းကုန်လုပ်ငန်းနှင့် မြန်မာ့ကမ်းရိုးတန်းသွား ဆိပ်ကမ်းမြို့များသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံခြားကုန်သွယ်မှုတွင် ပင်လယ်ကူး ကုန်တင်သင်္ဘော ၁၄ စင်း၊ ဆီအမျိုးမျိုးတင် သင်္ဘော တစ်စင်း၊ ပေါင်း ၁၅ စင်းကိုလည်းကောင်း၊ မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်အတွက် ကုန်တင်သင်္ဘောသုံးစင်း၊ ခရီးသည်/ကုန်တင်သင်္ဘောလေးစင်း၊ ပေါင်းခုနစ်စင်းကို လည်းကောင်း စုစုပေါင်း နိုင်ငံခြားခရီးစဉ်နှင့် မြန်မာ့ ကမ်းရိုးတန်းခရီးစဉ်တွင် သင်္ဘော ၂၂ စင်းကိုအသုံးပြု ပြေးဆွဲကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲလျက်ရှိရာ ပြည်ပ ဥရောပလိုင်း၊ အရှေ့ဖျားလိုင်း၊ အခြားလိုင်းများ အပြင် အထူးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးချက်ရှိသည်။ ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်၌ ရခိုင်ခရီးစဉ်၊ မွန်၊ တနင်္သာရီ ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည့်အပြင် မြန်မာ့ရေလုပ်ငန်းပိုင် အအေးခန်းသင်္ဘော 'ရွှေပုလဲ'၊ 'ငွေပုလဲ' သင်္ဘောနှစ်စင်းနှင့် မြန်မာ့ကြွေထည် မြေထည် လုပ်ငန်းပိုင် 'ကြည်သာ-၁' သင်္ဘောတစ်စင်းတို့ကိုလည်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ စီမံကွပ်ကဲ အုပ်ချုပ် မှုဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း တိုးချဲ့ ဆောင်ရွက်မှုပိုင်း အနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရှိ (YUNNAN MACHINERY IMPORT & EXPORT CORPORATION (Y.M.C) )နှင့်(CHINA SHIPBUILDING TRADING CO. LTD, KUMING BRANCH (CSTC) )အဖွဲ့အစည်းနှစ်ရပ်တို့ သင်္ဘောများ ဝယ်ယူတည်ဆောက်ရန် နှစ်ဖက်အကျိုးတူ နားလည်မှု စာချွန်လွှာ ( MOU ) လက်မှတ် ရေးထိုးပြီး ဆောင်ရွက်ရန် စီစဉ်လုပ်ကိုင်လျက် ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုအရ SHERATON II အမည်ရှိသင်္ဘောကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ (၇-၁၁-၉၄)ရက်နေ့တွင် လွှဲပြောင်း လက်ခံရယူခဲ့ပြီး 'ရွှေလီ'ဟု အမည်ပေး၍ ပထမဆုံး ခရီးစဉ်အဖြစ် ရန်ကုန်/ကော့သောင်း/ရန်ကုန်ခရီးစဉ်ကို

(၁၁-၁-၉၅)ရက်နေ့မှ စ၍ ပြေးဆွဲခဲ့သည်။ အဆိုပါ သင်္ဘောကို တနင်္သာရီ ကမ်းရိုးတန်းနှင့် ရခိုင်ကမ်းရိုးတန်း ခရီးစဉ်များတွင် ပုံမှန်ပြေးဆွဲလျက် ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆန်တန်ချိန် တစ်သန်းကို ၁၉၉၄-၉၅ ခုနှစ်အတွင်း တင်ပို့ရန်လျာထား သတ်မှတ်ခဲ့ရာ ကိုယ်ပိုင်သင်္ဘောနှင့်အငှားသင်္ဘောများဖြင့် ခရီးစဉ်(၃၆)ခုတွင် ဆန်တန်ချိန်(၂,၄၄,၈၀၀)ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက သယ်ဆောင် ပေးခဲ့သည်။

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အမေရိကန် ပြည်ထောင်စု CUNARD SHIPS HOTEL RESORTS CO တို့ ညှိနှိုင်းစီစဉ်ချက်အရ ကမ္ဘာလှည့်ခရီးသည်၃၇၄ ဦး တင်ဆောင်သော အပျော်စီးသင်္ဘောကြီးသည် ရန်ကုန် ဆိပ်ကမ်းအတွင်း ဝင်ရောက်နိုင်ခြင်းမရှိ၍ ပင်လယ်ဝတွင် ကျောက်ချရပ်နားပြီး ကမ္ဘာလှည့်ခရီးသည် ၃၂၁ ဦးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဟားခါးသင်္ဘော ခရီးစဉ် (၅၂၈)ဖြင့် ကမ္ဘာလှည့်ခရီးသည် များအား သီလဝါဆိပ်ကမ်းသို့ အသွား/ အပြန် သယ်ယူပို့ဆောင် ပေးခဲ့ရာ ဟားခါးသင်္ဘောငှားရမ်းခ အမေရိကန် ဒေါ်လာ (၁၀,၀၀၀) ရရှိခဲ့သည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် နိုင်ငံခြား ပို့ဆောင်မှုနှင့်မြန်မာ့ကမ်းရိုးတန်း ပို့ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခေါက်ရေ၊ ကုန်တန်ချိန်၊ ခရီးသည်နှင့်ဝင်ငွေပိုင်း၊ အသုံးစရိတ်/ အရှုံးအမြတ်/ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို ဝန်ကြီးဌာနလျာထားချက် ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အဓိက တာဝန် ပိုင်းသည် ပြည်တွင်း၌ရေယာဉ်များဖြင့် ကုန်စည်နှင့် ခရီးသည် ပို့ဆောင်ရေး၊ ရေယာဉ်သစ်များ တည်ဆောက် ခြင်းနှင့် ရေယာဉ်ဟောင်းများပြုပြင်ခြင်း လုပ်ငန်းတာဝန် ပင် ဖြစ်သည်။ ၎င်းပြင် ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ စေရေးဟူသော ရည်မှန်းချက်များကို နိုင်ငံတော်က အကောင်အထည် ဖော်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက် ပေးသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် လုပ်ငန်းတိုးချဲ့မှုအပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ (YUNNAN MACHINERY IMPORT AND EXPORT CORPORATION) နှင့်ရေယာဉ်များဝယ်ယူရန် သဘောတူ စာချုပ်တစ်ရပ်ကို ၄-၆-၉၃ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ သည်။ အဆိုပါ စာချုပ်အရ အမေရိကန်ဒေါ်လာသန်း ၃၀ ဖိုး ဆိုင်းငံ့ ငွေချေစနစ်ဖြင့် စက်ရှိရေယာဉ် ၁၄ စီး၊ စက်မဲ့ ကုန်တင်တွဲ ၂၈ စီး၊ စုစုပေါင်း ၄၂ စီး ဝယ်ယူတည် ဆောက်ရန်ဆောင်ရွက်ခဲ့သည်။ စက်မဲ့ကုန်တင်တွဲ ၂၈ စီး ကို ပြည်တွင်းသင်္ဘောကျင်းများတွင် တည်ဆောက်မည် ဖြစ်ရာ ထိုကုန်တွဲတည်ဆောက်ရေး ပစ္စည်းများကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလလယ်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ အရောက်ပေးပို့ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် တာဝန်ရှိသူများက ထိုပစ္စည်းများကို အသေးစိတ် စစ်ဆေး အပ်နှံလက်ခံမှုများ ဆောင်ရွက်ပြီးစီး ခဲ့သည်။

၁၉၉၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တန် ၁၀၀ ကုန်တွဲ ကိုးစီးအား အလုံသင်္ဘောကျင်းတွင်လည်းကောင်း၊ တန်၂၅၀ ကုန်တွဲ ၁၀ စီးအား ဒလသင်္ဘောကျင်းတွင် လည်းကောင်း၊ တန် ၈၀၀ ကုန်တွဲ ကိုးစီးအား မြန်မာ့ သင်္ဘောကျင်းတွင်လည်းကောင်း အားလုံးတည်ဆောက်ပြီး ဖြစ်၍ ယင်းစက်မဲ့ကုန်တွဲ ၂၈ စီးကို ကုန်စည်ပို့ဆောင်ရေး ဌာနခွဲတွင် အသုံးပြုလျက် ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ပေးရန် ရှိသည့်စက်ရှိရေယာဉ် ၁၄ စီးအနက် ပထမအသုတ် စက်ရှိ ရေယာဉ်ငါးစီး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၂၄-၁-၉၅ ရက်နေ့တွင်(YMC )မှ ဤဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ အဆိုပါစက်ရှိရေယာဉ်များအနက်ရေတိမ်သွား 'ပြည် သာယာ' သုံးထပ်ခရီးသည်တင် ရေယာဉ်ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ဘားအံ - မော်လမြိုင် ခရီးစဉ်တွင်လည်းကောင်း၊ 'ပြည်မြန်မာ - ၁ နှင့် ပြည်ကြီး မွန် ရေယာဉ်' တို့အား ၃-၃-၉၅ နေ့မှစ၍ ရေဝတီ ဌာန ခွဲ တွင်လည်းကောင်း လူစီးကုန်တင်ရေယာဉ်များအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုအတူ တွန်းရေယာဉ် 'ဆင်ကလေး ၁ 'နှင့် 'ဆင်ကလေး-၂ ' ရေယာဉ်တို့အား ၁၉-၂-၉၅ ရက်နေ့မှစ၍ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတွင် အသုံး ပြုလျက် ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလ သင်္ဘော ကျင်းတွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် လူစီး ကုန်တင်'မေခ' ရေယာဉ်အသစ်အား ၁၈.၃.၉၅ နေ့တွင်

ရေချခဲ့ပြီး ၂၄-၃-၉၅ ရက်နေ့တွင် မြစ်ဝကျွန်းပေါ်ဒေသနခွဲတွင် အသုံးပြုလျက် ရှိသည်။

ကမ္ဘာ့လှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် (J.V CONTROL Ltd OF THAILAND)တို့၏ (MEMORANDUM OF UNDERSTANDING) နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) တွင် ၃-၈-၉၄ နေ့၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် (YUNNAN MACHINERY IMPORT AND EXPORT COPORATION)တို့ ဒုတိယအကြိမ် ရေယာဉ်များဝယ်ယူရေးအတွက်အမေရိကန်ဒေါ်လာ သန်း ၄၀ ဖိုးနှင့် သင်္ဘောကျင်းများစွမ်းအားမြှင့်တင်ရေးတို့ အတွက် အမေရိကန်ဒေါ်လာ ငါးသန်းဖိုး၊ အတိုးမဲ့နှစ်ဆိုင်း ငွေချေးစနစ်ဖြင့် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ(M OU) ကို ၁၈-၁၁-၉၄ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ဖိုးရှိ ရေယာဉ်များ ဝယ်ယူရေးအတွက် သဘောတူ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို ၂၆-၁၁-၉၄ ရက်နေ့တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရုံးချုပ်) ၌ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် စင်ကာပူနိုင်ငံ (WONG YIP CHONG PTE Ltd) တို့ 'မြတ်ရတနာ' ရေယာဉ် အား ငှားရမ်းရေးနှင့် ပတ်သက်၍ ၁၃- ၃- ၉၅ နေ့တွင် နားလည်မှု စာချွန်လွှာ( M OU ) လက်မှတ်ရေးထိုးခဲ့သည်။

## မြန်မာ့ဆိပ်ကမ်း အာဏာပိုင်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အဓိကတာဝန်မှာ ပြည်ပပို့ကုန်နှင့် သွင်းကုန်များကို ဆိပ်ကမ်း၌ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအသီးသီးကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ ဆိပ်ကမ်းတွင်းသို့ သင်္ဘောများဝင်/ထွက်ရန် အတွက်ရေကြောင်းပြမှုများထားရှိခြင်းနှင့် သင်္ဘော ကိုယ်စားလှယ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်သည်။

အဓိကဆောင်ရွက်ချက်အနေနှင့်ဆိပ်ကမ်းသို့ရောက်ရှိလာသည့်သင်္ဘောများ လျင်မြန်စွာပြန်လည်ထွက်ခွာနိုင်ရန် ပြည်ပပို့ကုန်များကို လက်ခံပြီး ပင်လယ်ကူး သင်္ဘောများပေါ်သို့ တင်ပေးခြင်း၊ နိုင်ငံတော်အတွက် တင်သွင်းလာသည့် သွင်းကုန်များကို ပင်လယ်ကူးသင်္ဘောများပေါ်မှ ချကာ ခေတ္တကုန်လှောင် ရုံ များတွင် သိမ်းဆည်းကာ ကုန်ပိုင်ရှင်များ လာရောက်ထုတ်ယူသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပေးခြင်း၊ ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံဖောတံတားများ လုံ လောက်စွာထားရှိပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်း များ ကို ဆောင်ရွက်ကာ တိုင်းပြည်အတွက် ပြည်တွင်း/ပြည်ပ ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းရှာဖွေပေးလျက် ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းတိုးချဲ့မှု၊ တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေမှာ ကုန်သေတ္တာတံတားအသစ်တစ်ခုတည်ဆောက်ရန် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(CHINA SHIP BUILDING TRANDING Co., Ltd.)မှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးယူရန် ၃၀-၉-၉၄ နေ့တွင် (MOU) လက်မှတ်ရေးထိုးခဲ့သည်။

သီဟရေယာဉ်နစ်မြုပ်ခဲ့စဉ်က အတူပါရှိသွားသော ကျောက်စွဲပစ္စည်းများကို ဆင်ပြောင်ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁၅-၂-၉၅ ရက်နေ့တွင် ကိုကိုးကျွန်းသို့ထွက်ခွာသွားခဲ့သည့် ဆင်ပြောင်ရေယာဉ်သည် သယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၃ လက်မ× ၉ လက်မ ကျောက်ကြိုးကိုးချောင်း၊ ဆုံလည်ဆက်ကွင်းနှစ်ကွင်းနှင့် ဆက်ကွင်းကြီး တစ်ကွင်း တို့ကို ပြန်လည်ဆယ်ယူနိုင်ခဲ့သည်။ ၂၂-၃-၉၅ ရက်နေ့တွင် (SPIT CHANNEL) သစ်အား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရန်ကုန်မြစ်အတွင်း ကုန်တင်ကုန်ချမှု မြန်ဆန်ရေးအတွက် အထောက်အကူပြုနိုင်ရန် မြစ်လယ်တွင် ဖော်ယာလေးလုံးဖြင့် အသေချည်ပြီး တင်ချနိုင်သော ဖော်ယာ စနစ်ကို ၁၉၉၄ ခုနှစ်၊ ဩဂုတ်လအတွင်း ချထားပေးခဲ့ကာ ဆောင် ရွက် ခဲ့သည်။

ဝါးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားမည့် ရေပေါ်ဟိုတယ်အတွက် ၁၂၀ ပေ×၂၀ ပေသံမဏိ ဆိပ်ခံဖောသုံးလုံး၊ ပေ ၄၀×၂၀ ပေ သံမဏိ တံတားခံ ဖောနှစ်လုံးကို တည်ဆောက်ပေးသည်။ ပေ ၈၀ ပေါင်းကူးတံတား သုံးလက်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ကုန်ကိုင်တွယ်မှု ပမာဏတိုးတက်လာမှုကြောင့် ကုန်ပစ္စည်းများ ထားနိုင်ရန် ဆူးလေအမှတ်(၂)၊ အမှတ်(၃)နှင့် (၄)၊ အမှတ်(၇) တို့တွင် အမာခံလွင်ပြင်များ တည်ဆောက်ပေးခဲ့သည်။ ထားဝယ် ဆင်ဖြူပြင် ရေလမ်းကြောင်း သစ်တွင် လှေသင်္ဘောများ အန္တရာယ်ကင်းရှင်းစွာ သွားလာ ခုတ်မောင်းနိုင်ရေးအတွက် တိုင်းတာရေးမှတ်တိုင်ခြောက်ခု၊

ရေကြောင်းလမ်းညွှန်မှတ်တိုင် ရှစ်ခုနှင့် ရေကြောင်းလမ်းပြ ဖော်ယာခြောက်လုံး တို့ကိုတည်ဆောက်ချထားပေးခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြည်တွင်း သစ်တင် စခန်းများဖြစ်ကြသည့် တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် သစ်တင်ပို့သည့်စခန်းများမှ နိုင်ငံခြားသင်္ဘောများပေါ်သို့ သစ်လုံးတန်ပေါင်း ၁၄၃၀၀ ကိုတင်ဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သည့်ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများမှ ရရှိသည့် ခန့်မှန်းခြေ သင်္ဘောဝင်ရောက်မှု စရိတ် အမေရိကန်ဒေါ်လာ ၃၀၂,၇၇၅ ဖြစ်သည်။

## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ အဓိကတာဝန်သည် ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်ဟောင်းများ ပြန်လည်ပြုပြင် မွမ်းမံ ပြင်ဆင်ခြင်းနှင့် စက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများပင် ဖြစ်သည်။

အဓိကဆောင်ရွက်မှုအနေနှင့် အထက်ပါ တာဝန် များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အပြင် အထွေထွေထုတ်လုပ်မှုလုပ်ငန်းနှင့် အက်ဆစ်တလင်း ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ပြီး လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပိုမိုတိုးတက် မြင့်မား လာစေရန် တိုးချဲ့ဆောင်ရွက်ရာ၌ ဆင်မလိုက် သင်္ဘောကျင်း တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအား လက်ရှိ အနေ အထားထက် ပိုမို၍ စွမ်းဆောင်မှုတိုးတက်စေမည့် (SINMALIKE DOCKYARDS UP GRADING PROJECT)အတွက် ရေယာဉ် တည်ဆောက်မှုလုပ်ငန်းဆိုင်ရာ အဆင့်မြင့် စက် ကိရိယာများ တိုးချဲ့တပ်ဆင်ရန်၊ သံမဏိနှင့် သံထည် တပ်ဆင်မှု လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် လွှန်းလမ်း၊ လွှန်းကျင်းများ တိုးချဲ့တည်ဆောက် ရန်အတွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ချေးငွေရရှိရေးပဏာမ နားလည်မှု သဘောတူညီချက်စာချွန်လွှာကို ၂၁-၉-၉၄ နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်းအားအကောင်အထည်ဖော်ပြီးပါက မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဆင်မလိုက်သင်္ဘောကျင်းသည် လက်ရှိတန်ချိန် ၂၅၀၀ D W T ရှိသော သင်္ဘောများ တည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ D W T ရှိသော သင်္ဘောများတည်ဆောက်ခြင်း၊ လွှန်းတင်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် တံတား၊ ဆိပ်ခံဇော စသည့် သံထည်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

သီလဝါ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေး စီမံကိန်းအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၊ လုပ်ငန်းစီမံကိန်း ချေးငွေမှ ဂျပန်ယန်းသန်းပေါင်း ၄၇၃ ဒသမ ၉၄၆ သန်းကို ၂၁-၅-၈၅ နေ့တွင် ချေးယူရရှိခဲ့၍ အကြိုအင်ဂျင်နီယာ လုပ်ငန်းများဖြစ်သော သင်္ဘောကျင်းတည်ဆောက်ရေး လုပ်ငန်းအရပ်ရပ်အတွက် အသေးစိတ်ပုံစံဒီဇိုင်းများ၊ မြေအနေအထား အခြေအနေ စူးစမ်းလေ့လာမှု၊ ဝယ်ယူ တပ်ဆင်မည့် စက်ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်း ပြုစုခြင်း၊ ဝယ်ယူရေးတင်ဒါခေါ်ယူရန် စာရင်းပြုစုခြင်းများကို ၁၉၈၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အကြိုအင်ဂျင်နီယာလုပ်ငန်းများ ပြီးစီးပြီးနောက် သင်္ဘောကျင်းကြီးတည်ဆောက်ရန် ချေးငွေဆက်လက် ရယူရေး အစီအစဉ်မှာ လောလောဆယ် ဆိုင်းငံ့လျက် ရှိသည်။ ရေလုံသင်္ဘောကျင်းတည်ဆောက်ရန် လိုအပ်သော ချေးငွေ ယန်းသန်းပေါင်း ၁၄၆၀၅ ရရှိရေးအတွက် စောင့်ဆိုင်းလျက်ရှိသည်။ အကြိုအင်ဂျင်နီယာ လုပ်ငန်း အတွက် ချေးယူခဲ့သော ငွေများအပေါ် ကျသင့်သည့် အတိုးငွေများကို စတင်ပေးဆပ်လျက်ရှိပြီး အရင်းငွေကို ၁၉၉၅ ခုနှစ်မှစ၍ အရစ် ၄၀ ပေးဆပ်ရန်ရှိသည်။

သီလဝါဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးတွင် သီလဝါ သင်္ဘောကျင်းတည်ဆောက်ရေးအတွက် မြေဧရိယာစုစုပေါင်း ၃၉၇ ဒသမ ၂၇ ဧက ရရှိထားပြီး တပ်မတော် (ရေ) သို့ ၇၇ ဒသမ ၅၈ ဧက လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။ လောလောဆယ်တွင် ရရှိထားသောမြေအား ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်(ရေ)အတွက် ၇၅ မီတာ ကော်ဗက်အမြန် ရေယာဉ်တစ်စီး တည်ဆောက်ရန်အတွက် ကာကွယ်ရေးဦး စီးချုပ်ရုံး(ရေ) နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ၁၁-၄-၉၄ နေ့တွင် ရေယာဉ်တည်ဆောက်ရေးအတွက် နှစ်ဦးနှစ်ဖက် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ အဆိုပါရေယာဉ်

တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် စက်ကိရိယာများ ဝယ်ယူရန်အတွက် KEPPEL INTERGRATED ENGINEERING အဖွဲ့က SEA SCAN INTERNATIONAL Pte. Ltd. နှင့် ဝယ်ယူရေးစာချုပ်ကို ၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ချုပ် ဆို ခဲ့သည်။

ကိုယ်ထည်ပုံစံငယ် စမ်းသပ်ထုတ်လုပ်ရေးနှင့် ပတ်သက်၍မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (ရေယာဉ်ဗိသုကာ) တစ်ဦးနှင့် ကွန်ပျူတာပညာရှင်တစ်ဦးတို့သည် အီတလီနိုင်ငံ FINCANTIERI NAVAL SHIP BUILDING DIVISION သို့ သွားရောက်ခဲ့ပြီး တပ်မတော်(ရေ)၏ ရည်မှန်းချက်များနှင့်အညီ ပုံစံထုတ်လုပ်မှု လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကိုယ်ထည်ပုံစံကို လှိုင်းလေဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှုနှင့် မျှော်မှန်းထားသည့် ရေမိုင်နှုန်း ရရှိနိုင်ရေးအတွက် MODEL TANK TEST စသည့် သုတေသနလုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။ သုတေသနဆောင်ရွက်ချက်မှာ မြန်မာ့ သင်္ဘော ကျင်းလုပ်ငန်းမှ ထုတ်လုပ်ရေးဆွဲခဲ့သည့် ရေယာဉ် ကိုယ်ထည်ပုံစံကို မျှော်မှန်းထားခဲ့သည့်အတိုင်း လှိုင်းလေ ဒဏ်ခံနိုင်မှု၊ တည်ငြိမ်မှု စသည့်တွက်ချက်မှုများနှင့် ကိုက်ညီ ကြောင်း ရလဒ်များ ရရှိခဲ့သည်။ ကိုယ်ထည်တည်ဆောက်ရေး အတွက် သံထည်ပစ္စည်းများသည် ၄-၈-၉၄ နေ့တွင် ရောက်ရှိ ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ဦးပိုင်းဆက်သည့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ယူနန်ပြည်နယ်စက်မှုသွင်းကုန် ထုတ်ကုန် ကော်ပိုရေးရှင်းက လုပ်ငန်းအပ်နှံခဲ့သည့်တန် ၈၀၀ အမိုးပါ ကုန်တင်တွဲကိုးစီးတည်ဆောက်ရန်အတွက် ၂၀-၇-၉၃ နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၄ ခုနှစ်၊ မတ်လတွင် ရေယာဉ်တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိ ခဲ့ပြီး ၁၉၉၄ ခုနှစ်၊ ဧပြီလတွင် ရေယာဉ်များကို စတင်တည်ဆောက်ခဲ့သည်။ ပထမသုံးစီးကို ၃-၈-၉၄ နေ့တွင် လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဒုတိယသုံးစီးကို ၄-၁၁-၉၄ နေ့တွင် လွှဲပြောင်း ပေးခဲ့သည်။ တတိယသုံးစီးကို ၃၀-၁၂-၉၄ နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

အရှေ့တောင်အာရှနှင့် အာရှရေယာဉ်တည်ဆောက်



ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများ ဈေးကွက် တွင် ဝင်ရောက်နိုင်ရေး ဦးတည်ချက်ဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဆင်မလိုက်သင်္ဘောကျင်းကို လက်ရှိတန်ချိန် ၂၅၀၀ ( DWT ) ရှိသော သင်္ဘောများတည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀ (DWT) ရှိသောသင်္ဘောကြီးများ တည်ဆောက်လွန်းတင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန် ဆင်မလိုက်သင်္ဘောကျင်း တိုးချဲ့ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။ ယင်းသို့တိုးချဲ့ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၁-၉-၉၄ နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် စက်မှုသွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းက အတိုးမဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရေးအတွက် နားလည်မှု စာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

(မေမြန်မာ)

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများ (၁၉၉၅)။ ။

ပြည် ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၅ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပြိုင်ပွဲများကို အောက်ပါ အတိုင်းဖော်ပြပါသည်။

### မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲကိုဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိမန္တလေးမြို့၊ ဆင်ဖြူကန် အားကစားကွင်းတွင် ကျင်းပသည်။ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅၊ စာ-၃၀၁ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆင်ဖြူကန် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြိုင်ပွဲဖြစ်မြောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌနှင့် ဗဟို ကော်မတီဝင်များ၊ အထောက် အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် လူထုပရိသတ်များ တက်ရောက်သည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှုပြိုင်ပွဲများ

ပြိုင်ပွဲတွင် နွားလှည်းဒုန်း အကြီးတန်းပြိုင်ပွဲ၊ နွားလှည်းဒုန်း အငယ်တန်းပြိုင်ပွဲ၊ နွားတစ်ကောင်တပ်ဒုန်းလှည်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအကြီးတန်းပြိုင်ပွဲ၊ နွားခြေအလှအကြော့မောင်းအငယ်တန်းပြိုင်ပွဲ၊ နွားကျောစီးပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အကြီးတန်းပြိုင်ပွဲ၊ နွားတစ်ကောင်အကြော့မောင်း အငယ် တန်းပြိုင်ပွဲ၊ နွားသိုးအလှပြိုင်ပွဲ၊ နွားမအလှပြိုင်ပွဲ၊ ခိုင်းနွားရှဉ်းစုံ အလှပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း အသင်း၊ ပဲခူးတိုင်းအသင်း၊ မကွေးတိုင်းအသင်း၊ မန္တလေးတိုင်း အသင်း၊ အမှတ် ၃၃ ခြေမြန်တပ်မဟာနချုပ်အသင်း၊ အမှတ် ၉၉ ခြေမြန်တပ်မဟာနချုပ်အသင်းနှင့် အမှတ် ၁၀၁ ခြေမြန် တပ်မဟာနချုပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကွင်းပိတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဆင်ဖြူကန် အားကစားကွင်း၌ ကျင်းပရာ မန္တလေး တိုင်း အသင်းက အမှတ်ပေါင်း ၁၈၇ မှတ်ဖြင့် တံခွန်စိုက် ဆုဖလားကြီး ဆွတ်ခူးရရှိသည်။ မန္တလေးတိုင်းအသင်းသည် လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ တွင် ချီးမြှင့်သော ဆုများတန်ဖိုးမှာ စုစုပေါင်းကျပ် ၂၆ သိန်းခွဲကျော်ဖိုးရှိသည်။

### မြဝတီအငြိမ့်ပြိုင်ပွဲ

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲကို စက်တင်ဘာလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။ မြဝတီအငြိမ့်ပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်



တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နေသူတစ်ဦး

အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စစ်မှန်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအငြိမ့်သဘင်ကို မြဝတီရုပ်မြင် သံကြားမှ တစ်ဆင့် ပြည်သူများရှုမြင်နားဆင်အပန်းဖြေနိုင်ရေး ဟူသော ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားဇာတ်ရုံအဝင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေး ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အငြိမ့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၂) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောင်လံတော်အငြိမ့်အဖွဲ့၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ သီရိဧယျာအငြိမ့်အဖွဲ့၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ရွှေနေကြာအငြိမ့်အဖွဲ့၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ မောကိန္နရီအငြိမ့်အဖွဲ့၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဟင်္သာရွှေအငြိမ့်အဖွဲ့၊ မာန်အငြိမ့်အဖွဲ့နှင့် ရွှေခေတ္တရာအငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ရွှေဟင်္သာအငြိမ့်အဖွဲ့နှင့် တိုင်းရွှေဝယ်အငြိမ့်အဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီအငြိမ့်အဖွဲ့၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့ နှင့် မြရတနာအငြိမ့်အဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လမင်းတစ်ရာအငြိမ့်အဖွဲ့၊ ရေနံ့သာအငြိမ့်အဖွဲ့၊ ပြည်သူ့ မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့နှင့် သစ်လွင်အငြိမ့်အဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့၊ ရွှေဝါဖူး အငြိမ့်အဖွဲ့နှင့် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့ စုစုပေါင်း တိုင်း ၁၀ တိုင်းမှ အငြိမ့်အဖွဲ့ ၁၉ ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။

၁၉၉၅ ခုနှစ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး( ၂ ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ နာယကများနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အငြိမ့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်သည်။

၁၉၉၅ ခုနှစ်မြဝတီအငြိမ့်ပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ မြနန်းရောအငြိမ့်အဖွဲ့က ပထမဆု (ငွေကျပ် သုံးသိန်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြည်သူ့မေတ္တာ ရွှေရတနာအငြိမ့်အဖွဲ့က ဒုတိယဆု (ငွေကျပ်နှစ်သိန်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေလမင်းအငြိမ့်အဖွဲ့က တတိယဆု (ငွေကျပ်တစ်သိန်း)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြည်သူ့မေတ္တာရွှေရတနာအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယုဝတီက အကောင်းဆုံး ခေါင်းဆောင်မင်းသမီးဆု (ငွေကျပ်သုံးသောင်း)၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ ရှေ့ထွက် မင်းသမီး နီနီမြင့်က အကောင်းဆုံးရှေ့ထွက် မင်းသမီးဆု (ငွေကျပ် နှစ်သောင်း)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် မြနန်းရောအငြိမ့်အဖွဲ့မှ မိုးဒီ၊ မော့စ်၊ တိမ်ညွန့် နှင့် ပီစီတို့ပါဝင်သော လူရွှင်တော်အဖွဲ့က အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု (ငွေကျပ် လေးသောင်း)၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်လမင်းတစ်ရာအငြိမ့်အဖွဲ့မှ ဆိုင်းအဖွဲ့က အကောင်းဆုံး ဆိုင်းအဖွဲ့ဆု(ငွေကျပ် ငါးသောင်း)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လေးဝတီ အငြိမ့်အဖွဲ့က အကောင်းဆုံးတေးသီးချင်းဆု (ငွေကျပ် နှစ်သောင်း)၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သစ်လွင် အငြိမ့်အဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေဝါဖူး အငြိမ့် အဖွဲ့တို့က ဂုဏ်ပြုဆု (ငွေကျပ်ငါးသောင်း)၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မာန်အငြိမ့်အဖွဲ့မှ ခေါင်းဆောင် မင်းသမီး

ကေတုကြည်က လက်ဆင့်ကမ်းအမွေဆု (ငွေကျပ် တစ်သောင်း)၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေနံ့သာ အငြိမ့်အဖွဲ့မှခေါင်းဆောင်မင်းသမီး မိုင်စမ်းညိမ်းက မျိုးဆက်သစ် လူငယ်ဆု(ငွေကျပ် တစ်သောင်း)၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းရွှေဝယ် အငြိမ့်အဖွဲ့မှ စွပ်ပရား၊ မန်းဝင်း၊ အောင်ဖန်းနှင့် ပြာလောင်တို့ ပါဝင်သောလူရွှင်တော်အဖွဲ့က မျိုးဆက်သစ် လူရွှင်တော်အဖွဲ့ဆု (ငွေကျပ်နှစ်သောင်း)နှင့် အငြိမ့်အဖွဲ့ ၁၄ ဖွဲ့တို့က ဖွဲ့ဆု (ကျပ်သုံးသောင်းစီ) အသီးသီး ဆွတ်ခူး ရရှိသည်။

## မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တတိယအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် လေ့ကျင့်ရေးဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ-၂၅၉ ရှု)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန် အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အနုပညာရှင် ကြီးများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ ကြိုးကြပ်သူများ နှင့် ဖိတ်ကြား ထားသူများ တက်ရောက်သည်။



မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၂ နှစ်အထက်) နှင့် အခြေခံပညာအဆင့် (အသက် ၁၂ နှစ်နှင့် အောက်) ဟူ၍ အဆင့်ငါးဆင့်ခွဲပြီး ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၁,၇၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သည်။

တတိယအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲအဆင့်ဆင့်တွင် ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အဖွဲ့ဝင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေး ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ပေး အပ်သည်။

## မြန်မာ့အကောင်းဆုံး အားကစားသမားဆု(၁၉၉၄)။

။၁၉၉၄ ခုနှစ် အတွက်မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊ အမျိုးသမီး) ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေ့ဂုံရယ်ဂါးဒင်း၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် တက်ရောက် အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနားသည် မြန်မာ့အားကစားလောကသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမား (အမျိုးသား၊




၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသား) ဆုရ သန်းတိုးအောင်နှင့် (အမျိုးသမီး) ဆုရ ဝင်းဝင်းမော်

အမျိုးသမီး)ဆု ရွေးချယ်ပြီး ဆုကြေးငွေများနှင့် ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် တီထွင်ချီးမြှင့်သည့် ဂုဏ်ပြုပွဲဖြစ်ခြင်းကြောင့် မြန်မာ့အားကစားလောကအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်ကြောင်း၊ ဆုကို နှစ်စဉ်ချီးမြှင့်သွားမှာဖြစ်ပြီး ဆုအရေအတွက်များကိုလည်း တိုးမြှင့် သတ်မှတ်ပေးသွားမှာဖြစ်ကြောင်း၊ အားကစားမောင်မယ်များ အနေနှင့် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အားကစားဘက်မှာ ထူးချွန်လာလျှင် နိုင်ငံ့ဂုဏ်ဆောင်သားကောင်းသမီးကောင်း များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာဂုဏ်ပြုသလို ထင်ပေါ်လျှင် စင်တော်က ကောက်မည်ဆိုသည့် စကားအတိုင်း မိမိအတွက်လည်း အကျိုးရှိ၍ အပြိုင်အဆိုင်ကြိုးစားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမား (အမျိုးသား) ဆုရ ဘောလုံးအားကစားသမား သန်းတိုးအောင်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံးအားကစားသမားရုပ်တုကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား (အမျိုးသမီး)ဆုရ အလေးမအားကစားသမား ဝင်းဝင်းမော်အား ငွေသားဆု ငွေကျပ် ၂၅၀,၀၀၀ နှင့် အကောင်းဆုံး အားကစားသမားရုပ်တုကို လည်းကောင်း ချီးမြှင့်ခဲ့ပေသည်။

## ရဲဘော်နေအောင် (ခရစ် ၁၉၁၈ – ၁၉၉၅) ။

။စာပေ လောကတွင် ထင်ရှားခဲ့သော စာရေးဆရာ ရဲဘော် နေအောင်ကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ အဖ ဦးညွန့်၊ အမိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဆင့်တို့က ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ သစ်နဖားရွာတွင် မွေးဖွားသည်။ အမည်ရင်း ဦးတင်မြင့် ဖြစ်၍ ဘီအိုင်အေ ဗိုလ်သင်တန်းတက်ခဲ့သဖြင့် ဗိုလ်တင်မြင့် အမည်တွင်သည်။

ရဲဘော်နေအောင်သည် ရှေး ၁၀ တန်းအောင်မြင်ခဲ့ပြီး ၁၉၄၂ – ၄၅ ခုနှစ်၌ ဗမာ့တပ်မတော်၊ စစ်တက္ကသိုလ် (မင်္ဂလာဒုံ) တတိယပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင် အလုပ်သင်

ဗိုလ်အဆင့်ဖြင့် စက်မှု (၂) တပ်ရင်းရုံး၌ တာဝန်ထမ်းဆောင်သည်။ တစ်ဖန် တိုင်းစစ်ဌာနချုပ် နတ်တလင်းသို့ ရောက်ရှိပြီး ပဲခူးရိုးမသို့ ချီတက်တိုက်ခိုက်ရေး တာဝန်ယူခဲ့သည်။ ထို့နောက် ဇီးကုန်းမြို့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရဲဘော်နေအောင်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေး(စီအေအက်စ်ဘီ)က ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက လူသတ်မှု ကျူးလွန်ခဲ့သည်ဟု စွဲချက်တင်ကာ တရားရုံးက သေဒဏ်ကြိုးမိန့်



စာရေးဆရာ
ရဲဘော်နေအောင်

ချမှတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင်များအပါအဝင် လူထုအုံကြွမှုဖြင့် အရေးဆိုခဲ့သောကြောင့် သေဒဏ်မှလွတ်ကာ တစ်သက်တစ်ကျွန်းသို့ ပြောင်းရွှေ့အမိန့်ချမှတ်ခံရသည်။ သရက်ထောင်တွင် အကျဉ်း ချခံနေရစဉ် ဗိုလ်ချုပ်အောင်ဆန်း သရက်မြို့သို့ ရောက်ရှိ လာသောအခါ အကျဉ်းထောင်စစ်ဆေးရာတွင် ရဲဘော် နေအောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခွင့် ရခဲ့ သည်။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ရဲဘော်နေအောင်သည် အပြစ်ဒဏ်မှလုံးဝ လွတ်ကင်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဲဘော်နေအောင်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ ဘဝများတွင် ကျင်လည်ခဲ့သည်။ မန္တလေးမြို့၊ ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာများတွင် အယ်ဒီတာ လုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ပင်းယစာပေတိုက်ပိုင်ရှင် ဦးသိန်းရွှေ၏ ပင်းယစာပေတိုက် အပေါ်ထပ်တွင် ခေတ္တနေထိုင်ခဲ့ သည်။ သည့်နောက် ဆောက်လုပ်ရေး ကော်ပိုရေးရှင်း ရုံးချုပ်တွင် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခွင့်ရကာ ရုံးချုပ်ဝင်းအတွင်း တိုက်ခန်းတွင် နေထိုင်လျက် စာပေများ ရေးသားပြုစုခဲ့သည်။

မန္တလေးရုပ်ရှင်က ရိုက်ကူးသော"သည်သောင်ယံ က မခွာရက်နိုင်တယ်" ရုပ်ရှင်ဇာတ်ကားသည် ရဲဘော် နေအောင်၏ ဝတ္ထုဇာတ်လမ်းဖြစ်သည်။ ရဲဘော် နေအောင်၏"နယ်ချဲ့၏အကျဉ်းသား"ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်မှာ စာရေးသူ၏ အကျဉ်းသားဘဝကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရေးသားနိုင်သဖြင့် စာပေလောကတွင် ထင်ရှားခဲ့သည်။ ထို့အပြင် ရဲဘော်နေအောင်သည် မိမိအရက်ကျေးကျွန်ဖြစ်ခဲ့ရပုံကို သူ၏ "သေရည်"စာအုပ်တွင် ပွင့်ပွင့်လင်းလင်း ရေးသားခဲ့သည်။

ရဲဘော်နေအောင်သည် သူ၏ အရက်ကျေးကျွန်ဖြစ်ခဲ့ရသော ဘဝကို မရှက် မကြောက်၊ ရိုးရိုးစင်းစင်း၊ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရေးသားခဲ့သောကြောင့် သူ၏ "သေရည်" စာအုပ်သည် ရသမြောက်ပြီး စာပေမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့သည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့၊ ဒဂုံမြို့နယ်၏အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး အသစ်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ ရဲဘော်နေအောင်သည်စာပေနှင့် စာနယ်ဇင်း အဖွဲ့က ချီးမြှင့်သော ထောက်ပံ့ကြေးငွေ ကျပ် ၁၀,၀၀၀ ကို ရရှိခံစားခဲ့ရသည်။

ရဲဘော်နေအောင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သဖြင့် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည့်ပြင် ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ကိုလည်း ရရှိခဲ့သည်။

စာရေးဆရာ ရဲဘော်နေအောင်သည် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နေအိမ်တွင် ကွယ်လွန်သည်။ ၎င်း၏ ဇနီး ဒေါ်စိန်စိန်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်းကွယ်လွန်ချိန်၌ သမီးနှစ်ယောက်နှင့် မြေးများ ကျန်ရစ်သည်။

**ရိုမေးနီးယားနိုင်ငံ။** ။ ဧရိယာ အကျယ်အဝန်းအားဖြင့် ၉၁,၆၉၉ စတုရန်းမိုင် (၂,၂၉,၀၂၇ စတုရန်း ကီလိုမီတာ) နှင့် လူဦးရေ ၂၃,၂၀၀,၀၀၀ (၁၉၉၂ ခန်းမှန်းခြေ) ရှိသော ရိုမေးနီးယားနိုင်ငံသည် ချက်ကိုစလိုဗေးကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား စသော အခြားအိမ်နီးချင်း အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ၁၉၄၇ မှ ၁၉၈၉ အထိ ဝါဆောစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ဒုတိယ ကမ္ဘာစစ်တွင် ဝန်ကြီးချုပ် မာရှယ်ယွန်အင်တိုနက်စကူး ဦးဆောင်သော ရိုမေးနီးယားသည်ဆိုဗီယက်ပြည်ထောင်စု ကို ဆန့်ကျင်ကာ ဂျာမနီအား ထောက်ခံအားပေးခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် မိုက်ကယ်ဘုရင်သည် အင်တိုနက်စကူး အား ဖြုတ်ချပြီး မဟာမိတ်များနှင့် တွဲဖက်ခဲ့ရာ၊ ဆိုဗီယက် တပ်များက သိမ်းပိုက်ခြင်းခံရသောအခါ အမျိုးသား ဒီမိုကရက်တစ်တပ်ဦးက ရိုမေးနီးယားနိုင်ငံအား ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်သူ့သမ္မတ နိုင်ငံအဖြစ် ကြေညာပြီး မိုက်ကယ်ဘုရင်အား နန်းစွန့်သွား စေခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်က ရိုမေးနီးယားအား "ပြည်သူ့သမ္မတနိုင်ငံ"အဖြစ်မှ "ဆိုရှယ်လစ်သမ္မတ နိုင်ငံ"အဖြစ်သို့ ပြောင်းလဲ ပေးခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တီမီဆိုရာမြို့မှ စတင် ခဲ့သော လူထုတော်လှန်ဆန္ဒပြမှုများသည် ဘူကာရက်စ် မြို့တော်အထိ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး "အမျိုးသားတည်တံ့ ခိုင်မြဲရေးကောင်စီ"(Council of National Salvation )က အစိုးရအား တွန်းလှန်ဖြုတ်ချ လိုက်ပြီဖြစ်ကြောင်း ကြေညာ ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် သမ္မတကြီး ချောင်စက်စကူး နှင့် သမ္မတကြီး၏ ဇနီး တို့အား ဖမ်းဆီး၍ လူမျိုးတုံး လုပ်ဆောင်မှု(genocide) ဖြင့် တရားစစ်ဆေး စီရင်ရာ ပြစ်မှုထင်ရှား တွေ့ရှိရကြောင်း စီရင်ချက်ချပြီး လျှင် ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကွပ်မျက်ခဲ့ကြသည်။

ထိုနောက် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး(အင်အက်စ်အက်ဖ်) ပါတီမှ ပီတာရိုမင်ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မေလ ၂၀ ရက်နေ့တွင် ပါတီစုံ ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရာ အမျိုးသားတည်တံ့ခိုင်မြဲ ရေး တပ်ဦးက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ (ထိုအချိန်တွင် ရိုမေးနီးယားနိုင်ငံ၌ အာဏာရ အင်အက်စ် အက်ဖ် ပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၄ ခုခန့်ရှိခဲ့သည်။) တစ်ချိန်တည်းမှာပင် သမ္မတရွေးကောက်ပွဲများကို သီးခြားကျင်းပခဲ့ကြရာ ယွန်အီလီယက်စကူးက သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ထိုအချိန်(၁၉၉၀– မေလ) မှစ၍ ရိုမေးနီးယားနိုင်ငံ တွင် ဥပဒေပြုပါလီမန်အဖွဲ့အစည်းနှစ်ခုရှိလာခဲ့သည်။ တစ်ခုမှာ အမတ်နေရာ ၃၉၆ နေရာရှိသည့် အမျိုးသား လွှတ်တော်ဖြစ်၍ အခြားတစ်ခုမှာ အမတ်နေရာ ၁၁၉ နေရာရှိသည့် ဆီးနိတ်လွှတ်တော်ဖြစ်သည်။ ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်း ခဲ့ရာယင်းဥပဒေက ရိုမေးနီးယားနိုင်ငံအား "ဒီမို ကရက်တစ် ဆိုရှယ်နိုင်ငံ" အဖြစ် ဖော်ပြပြီး ပါတီစုံစနစ်နှင့်ဈေးကွက် စီးပွားရေးစနစ်များ ကျင့်သုံး၍ လူ့အခွင့်အရေး များပေးရန် ပြဋ္ဌာန်းခဲ့သည်။ ထိုအပြင် အစိုးရအာဏာ အမြောက်အမြား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ရသော သမ္မတ စနစ်တစ်ရပ်ကို အတည်ပြုခဲ့ သည်။

၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲများ ကျင်းပပြီး နောက် ပီတာရိုမင်က ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်လာခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် အစိုးရအဖွဲ့ အတွင်း ကြီးမားသော ပြောင်းလဲမှုများပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်ရိုမင်က အင်အက်စ်အက်ဖ် ပါတီဝင်မဟုတ်သူ အတော်များများကို အစိုးရအဖွဲ့အတွင်း ဝန်ကြီးများအဖြစ် သွင်းယူခန့်ထားခဲ့သည်။ ထိုနောက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် သီယိုဒိုစတိုလိုယန်က ပီတာရိုမင်၏နေရာတွင် ဝင်ရောက်ကာ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စတိုလိုယန်၏ အစိုးရ အဖွဲ့တွင် အင်အက်စ်အက်ဖ်ပါတီ၊ အမျိုးသား လစ်ဘရယ် ပါတီ၊ ရိုမေးနီးယား ဇီဝသဘာဝ ဖွံ့ဖြိုးရေးအဖွဲ့ (Romanian Ecological Movement)နှင့် လယ်ယာ စိုက်ပျိုးရေး ဒီမိုကရက်တစ် ပါတီတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

**ယခင် နန်းစွန့်ဘုရင် ပြန်လာခြင်း** – ဤအတောအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကွန်မြူနစ်ဝါဒအား တော်လှန် ဖျက်သိမ်းပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ လ ၂၅ ရက် နေ့တွင် ယခင်က နန်းစွန့်သွားခဲ့ရသော ဘုရင် မိုက်ကယ် (အသက် ၆၉) သည် သူ၏ဇနီးနှင့်သမီးတို့ လိုက်ပါ၍ ရိုမေးနီးယားသို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိ လာခဲ့သည်။ သို့သော် ရိုမေးနီးယားခေါင်းဆောင်သစ်များ က သူတို့အား လက်မခံဘဲ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံမှ ထုတ်ပယ်ပစ်ခဲ့ကြသည်။

ရိုမေးနီးယားနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတစ်ရပ်ကို ဖြတ်သန်းနေရစဉ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတိုက်အခံနိုင်ငံရေးပါတီ ခြောက်ခုကို အညီအညွတ်စုစည်းကာ ဒီမိုကရေစီပြန်လည်ကျင့်သုံးရေး အမျိုးသားအဖွဲ့ကို ဘူကာရက်စ်မြို့တော်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါလီမန် ပြင်ပအတိုက်အခံ အမျိုးသားအဖွဲ့ကို ဆက်လက်ဖွဲ့စည်း တည်ထောင် ခဲ့ကြသည်။

**အာဏာရပါတီ နှစ်ခြမ်းကွဲခြင်း** – ၁၉၉၂ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ စီးပွားရေးပြဿနာများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာမှုများ၊ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံခြားအကူအညီများရရှိရန် အားထုတ်မှုများဖြင့် အခြေအနေရှုပ်ထွေးနေစဉ်အတွင်း နိုင်ငံရေး ပါတီပြင်ဆင်ဖွဲ့စည်းမှုများလည်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ဖေဖော်ဝါရီလနှင့် မတ်လများ၌ကျင်းပခဲ့သော ဒေသန္တရရွေးကောက်ပွဲများ၌ အာဏာရအင်အက်စ် အက်ဖ် ပါတီအနေဖြင့် ပြည်သူများ၏ အားပေးထောက်ခံမှု ကျဆင်းလာပြီး အတိုက်အခံပါတီ ၁၄ ခုပေါင်းစုထားသော ရိုမေးနီးယားဒီမိုကရက်တစ် ကွန်ဗင်းရှင်းအဖွဲ့က သိသိသာသာ အောင်မြင်လာသော လက္ခဏာများ ပေါ်ထွက်လာခဲ့သည်။ ဤတွင် သမ္မတ ယွန်အီလီယက်စကူးသည် အင်အက်စ်အက်ဖ်ခေါင်းဆောင် ပီတာရိုမင်နှင့် ပုဂ္ဂိုလ် ချင်းမသင့်မမြတ်ဖြစ်ပြီးလျှင် အင်အက်စ်အက်ဖ် ပါတီမှ ခွဲထွက်ကာ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဒီမိုကရက်တစ် အမျိုးသား တည်တံ့ခိုင်မြဲရေး တပ်ဦး (ဒီအင်အက်စ်အက်ဖ်ပါတီ) ကိုဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

ထို့နောက် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတနှင့် ပါတီရွေးကောက်ပွဲများ ကျင်းပရာ ဒီအင်အက်စ်အက်ဖ်ပါတီက ဆန္ဒမဲစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်း ရရှိပြီး ညွန့်ပေါင်းအစိုးရတွင် အဓိကအစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ဒီစီအာရ်ပါတီနှင့် အင်အက်စ်အက်ဖ်တို့က ဒုတိယနှင့် တတိယနေရာများ အသီးသီးရရှိခဲ့ကြသည်။ အောက်တိုဘာလတွင် အီလီယက်စကူးသည် ဒီအင်အက်စ်အက်ဖ်ပါတီ၏ သမ္မတလောင်းအဖြစ် ဒီစီအာရ်ပါတီ၏ သမ္မတလောင်း အီမီလ်ကွန်စတင်တီနက်စ်ကူးနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် ဒီအင်အက်စ်အက်ဖ်ပါတီသည် တစ်ဦးတည်း လွှတ်လွှတ်ကျွတ်ကျွတ် လွှတ်တော်အမတ်နေရာ အများစု မရရှိသဖြင့် နိုင်ငံရေးပါတီမရှိသူ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အရာထားကာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်း၍ စခန်းသွားခဲ့ရသည်။ ဗာကာရီယိုအစိုးရသည် ၁၄ လကြာ အုပ်ချုပ်သွားသော သီယိုဒို စတိုလိုယန်၏ အိမ်စောင့်အစိုးရက ပြုလုပ်သွားသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်ပြုလုပ်သွားရန် ချက်ချင်း ထုတ်ဖော် ကတိပြုခဲ့သည်။ နီကိုလိုင်ဗာကာရီယိုအား ဝန်ကြီးချုပ်အဖြစ် သမ္မတ ဘီလီယက်စကူးက ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ခန့်ထားခဲ့သည်။ သူသည် ထိုအချိန်က အသက် ၄၉ နှစ်ရှိ ဘောဂဗေဒပညာရှင် တစ်ဦးဖြစ်ပြီး သီယိုဒိုစတိုလိုယန် ဦးဆောင်သော အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အငယ်တန်းဝန်ကြီး တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံ၏ စီးပွားရေး ပြဿနာများကို နှံ့စပ်ပိုင်နိုင်စွာ သိနားလည်သူအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

**မဟာရိုမေးနီးယားပါတီ၏ အသံ** – အစွန်းရောက် အမျိုးသားဝါဒကျင့်သုံးသည့် မဟာရိုမေးနီးယားပါတီက ၎င်း၏ ပထမဆုံးပါတီညီလာခံကို ၁၉၉၃ ခုနှစ်၊ မတ်လ ၆ ရက် နှင့် ၇ ရက်နေ့များတွင် ကျင်းပပြီး ကော်နီလျူဗာဒင်တျူဒါ အား ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက် ခဲ့ရာ ညီလာခံသို့ မိန့်ခွန်းပြောရာ၌ တျူဒါက ရိုမေးနီးယား နိုင်ငံ၏ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂသည် ရိုမေးနီးယားနိုင်ငံအား ယူဂိုစလဗ်ပုံစံမျိုးဖြင့် ပိုင်းခြားစိတ်ဖြာရန် ကြံစည်နေကြောင်း စွပ်စွဲကာ ယင်းသမဂ္ဂ၏ လှုပ်ရှားမှုများကိုနှိမ်နင်းချေမှုန်းပစ်သင့်ကြောင်း တိုက်တွန်းပြော ကြားခဲ့သည်။(ရိုမေးနီးယားနိုင်ငံ၏လူဦးရေတွင် ဟန်ဂေရီလူမျိုးများမှာ ၁၁ ရာခိုင်နှုန်းခန့် ပါဝင်သည်)။

**ယခင် ရိုမေးနီးယားဘုရင် လာရောက်လည်ပတ်မှု** – ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အရှေ့ပိုင်းခရစ်ယာန်ဘာသာရေး ဂိုဏ်း (Orthodox Church) က အီစတာပွဲတော် အခမ်းအနား များ တက်ရောက်ရန် ဖိတ်ကြားချက်အရ ယခင် ရိုမေးနီးယား ဘုရင် မိုက်ကယ်သည် ဧပြီလ ၂၅ မှ ၂၇ ရက်အထိ ရိုမေးနီးယား နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့သည်။ ဤသည်မှာ သာမန်နိုင်ငံသားတစ်ဦးအနေဖြင့် လာရောက်ခြင်း ဖြစ်သည်။ အတိုက်အခံပါတီများက ဘုရင်ဟောင်း လာရောက်ခြင်းကို ဝမ်းသာအားရကြိုဆိုကြပြီး

ရိုမေးနီးယားနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ် ပြန်လည်တည်ထောင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် အရေးဆိုခဲ့ကြသည်။ ဘုရင်မိုက်ကယ်က ခပ်မဆိတ်နေသွားခဲ့သည်။

ထိုနောက် တစ်ဖန် ၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ယခင်ဘုရင်မိုက်ကယ်က ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ရိုမေးနီးယားအမျိုးသားနေ့တွင် ကျင်းပမည့် ရိုမေးနီးယားနှင့် ထရန်ဆယ်ဗေးနီးယား(Transylvania) တို့ ပေါင်းစည်းသည့် ၇၅နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လိုကြောင်း ကြေညာပြောဆိုခဲ့သည်။ သူ၏ အဆိုပြုချက်ကြောင့် အစိုးရနှင့် အတိုက်အခံပါတီများစပ်ကြား နိုင်ငံရေးသဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ဘုရင်ဟောင်း လာရောက်ရေးကို အတိုက်အခံပါတီကြီးများက ထောက်ခံသော်လည်း အာဏာရရိုမေးနီးယား ဆိုရှယ်ဒီမိုကရေစီပါတီက ကန့်ကွက်ခဲ့ရာ ဘုရင်ဟောင်းမိုက်ကယ် လာရောက်ခွင့်မရသဖြင့် အယ်လ်ဘာဂျူလီယာမြို့၌ ကျင်းပခဲ့သော အထက်ပါ အခမ်းအနားများကို အတိုက်အခံပါတီများက သပိတ်မှောက်ခဲ့ကြသည်။(အထက်ဖော်ပြပါ ရိုမေးနီးယားဆိုရှယ်ဒီမိုကရေစီပါတီ(အက်စ်ဒီပီအာရ်)မှာ ယခင်က ရှိခဲ့သော ဒီမိုကရက်တစ်အမျိုးသား တည်တံ့ခိုင်မြဲရေးတပ်ဦး (ဒီအင်အက်စ်အက်ဖ်)ကို အမည် ပြောင်းလဲထားခြင်း ဖြစ်သည်။)

**အာဏာရပါတီ ပြိုလဲမည့်အခြေ** – ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ရသော အက်စ်ဒီပီအာရ်ပါတီမှာ ပြိုလဲကျဆင်းမည့်အန္တရာယ်ကို တိုးတက်ရင်ဆိုင်လာသဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ဦးပိုင်းတွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များနှင့် ပေါင်းစည်းကာ တရားဝင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရမည့်အခြေသို့ ပိုမိုနီးကပ်လာခဲ့သည်။ ဤကိစ္စတွင် အထွေထွေရွေးကောက်ပွဲကြီးကို အချိန်မတိုင်မီ စောစီးစွာ ကျင်းပရမည့်အရေးကို ရှောင်တိမ်းနိုင်ရန် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးပွဲများ အများအပြား ဆက်တိုက်ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် အစွန်းရောက်အမျိုးသားရေးဝါဒီများနှင့် ယခင်ကွန်မြူနစ်များက ၎င်းတို့အား ဝန်ကြီးရာထူး နေရာများ မပေးလျှင် ဝန်ကြီးချုပ် နီကိုလိုင် ဗာကာရီယိုအား ဆက်လက်ထောက်ခံခြင်း ပြုမည်မဟုတ်ကြောင်း ခြိမ်းခြောက်ဖိအားပေးခဲ့ကြသည်။ အစိုးရအနေဖြင့် ဖော်ပြပါဝါဒီများနှင့် ပေါင်းဖက် ဆက်စပ်မည့် အရေးမှာ ရိုမေးနီးယားနိုင်ငံအား အနောက်နိုင်ငံအစိုးရများနှင့် မြို့ရှင် များ၏ အမြင်တွင် သိက္ခာကျစေသည်ဟုဆိုကာ ယခင် ဝန်ကြီးချုပ် ပီတာရိုမင်၏ ဒီပီအင်အက်စ်အက်ဖ် အတိုက်အခံပါတီနှင့် ဒီစီအာရ်ဗဟိုလက်ယာအတိုက်အခံပါတီတို့က ပြစ်တင်ဝေဖန် ပြောဆိုခဲ့ကြသည်။

**ဟန်ဂေရီနွယ်ဖွားများအတွက် "အထူးအဆင့်အတန်း" တောင်းဆိုချက်** – ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီလူမျိုးများအား ဦးဆောင်မှုပေးနေသည့် ရိုမေးနီးယားနိုင်ငံ ဆိုင်ရာ ဟန်ဂေရီဒီမိုကရက်တစ်သမဂ္ဂ(အိပ်ချ်ဒီယူအာရ်) ၏ ခေါင်းဆောင် ဘီလာမာကိုက ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းစာဆရာတစ်ဦးအား တွေ့ဆုံပြောကြားရာ၌ ထိုအချိန်က ရိုမေးနီးယားနှင့်ဟန်ဂေရီ နှစ်နိုင်ငံစပ်ကြားအခြေခံစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးစေ့စပ်နေကြရာတွင် ရိုမေးနီးယားနိုင်ငံရှိ ဟန်ဂေရီမျိုးနွယ်များအတွက်"အထူးအဆင့်အတန်း"တစ်ရပ်ပေးရန် တောင်းဆိုခဲ့သည်။ ဤသို့တောင်းဆိုခြင်းမပြုမီ လွန်ခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဟန်ဂေရီဝန်ကြီးချုပ် ဂျူလာဟွန်းက ဟန်ဂေရီနှင့် ရိုမေးနီးယားနှစ်နိုင်ငံတို့ "သမိုင်းဝင်ပြန်လည်သင့်မြတ်စည်းလုံးရေး"အတွက် အဆိုပြုတိုက်တွန်းပြောကြားခဲ့သည်။ရိုမေးနီးယားနိုင်ငံ၌ ဟန်ဂေရီမျိုးနွယ်များအဖို့ ၎င်းတို့၏ အခွင့်အရေးများအတွက် အာမခံချက်များ ရရှိမည်ဆိုလျှင် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယားနိုင်ငံတွင် ရှိသော နယ်မြေတောင်းခံနိုင်ခွင့်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း ဂျူလာဟွန်းက ကမ်းလှမ်းခဲ့သည်။ ဘီလာမာကို၏ တောင်းဆိုချက် ထွက်ပေါ်လာပြီးနောက် ဩဂုတ်လ ၁၆ ရက်နေ့တွင် ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီး တီယိုဒိုမီလက်စ်တာနူးက မာကိုအား တွေ့ဆုံ၍ နောက်နောင်တွင် ရိုမေးနီးယား–ဟန်ဂေရီနိုင်ငံစပ်ကြားအခြေခံစာချုပ်အတွက် ဆွေးနွေးစေ့စပ်မှုများနှင့် ပတ်သက်၍ အိပ်ချ်ဒီယူအာရ်အား တိုင်ပင်နှီးနှောသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုနောက် မျှားမကြာမီ ရိုမေးနီးယားနိုင်ငံခြားရေးဝန်ကြီး မီလက်စ်ကာနူးသည် ဟန်ဂေရီနိုင်ငံသို့ စက်တင်ဘာ ၅ မှ ၆ ရက်နေ့အထိ သွားရောက်လည်ပတ်ရာတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဟန်ဂေရီနိုင်ငံက ရိုမေးနီးယား – ဟန်ဂေရီ နှစ်နိုင်ငံ နယ်ခြားအား ထိုအချိန်က ရှိသည့် အတိုင်း တည်တံ့ခိုင်မြဲသွားရေးကို အသိအမှတ်ပြုသွားမည့် အရေးကြီးသော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာနေခြင်းကို ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေသည်။



စာရေးဆရာ ဦးရန်အောင်

**ရန်အောင်၊ ဦး (စာရေးဆရာ) (ခရစ် ၁၉၀၄–၁၉၉၅)။** ။စာရေးဆရာကြီး ဦးရန်အောင်ကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဆင်ပေါင်ဝဲမြို့၌ အဖ လက်သမားဆရာကြီး ဦးကျား၊ အမိ ဒေါ်မိလေးတို့မှ ဖွားမြင်ခဲ့သည်။ ငယ်မည် ရန်ကြီးအောင် ဖြစ်သည်။ အထက်တန်းဆရာဖြစ် အောင်မြင်ခဲ့၍ အမျိုးသား ကောလိပ် တွင် ဥပစာတန်း အောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။

အသက် ၁၅ နှစ်သားအရွယ်မှစ၍ စာပေများရေးသားခဲ့သည်။ ကျောင်းဆရာဘဝ၊ ဈေးသည်ဘဝ၊ စာအုပ်သည်ဘဝ၊ ရေနေ၊ စာအုပ်ထုတ်ဝေသူ၊ စာပြင်ဆရာ၊ အယ်ဒီတာ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီးနောက် ထိုသို့သော ဘဝမျိုးစုံမှ အတွေ့အကြုံများကို လေ့လာမှတ်သားစုဆောင်းပြီးလျှင် စာပေဖြင့် တိုင်းပြည်သို့ တင်ပြခဲ့သည်။

လုံးချင်းဝတ္ထု ၅၀ ခန့်၊ အိမ်ထောင်ရေးကျမ်း ၁၀ အုပ်ခန့်၊ ကြီးပွားတိုးတက်ရေးကျမ်း ၅ အုပ်ခန့် ရေးခဲ့ပြီး စာနယ်ဇင်းများတွင်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သည်။ ဆရာကြီး၏ ဝတ္ထုအချို့သည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ဂျပန်နှင့် တေလဂူဘာသာများသို့ ပင် ပြန်ဆိုခြင်း ခံရသည်။ ဆရာကြီး၏ ကလောင်အမည်ခွဲများမှာ ရန်ကြီးအောင်၊ ဒဂုန် ရန်အောင်၊ မြေထဲနွယ်နှင့် ပီဟေးမင်း တို့ဖြစ်ကြသည်။ သူသည် ၁၉၂၄ ခုနှစ်တွင် ဗုဒ္ဓဂါယာ၌ တစ်နှစ်ခန့် နေထိုင်ခဲ့သည်။

သူ၏ လက်ရာများအနက် "စာဆိုနှင့် လက်ရာမွန်" စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာဆိုင်ရာစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ် စတုတ္ထဆုကိုလည်းကောင်း၊ "မြတ်ပန်းဥယျာဉ်" ဖြင့် ၁၉၆၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ကြုံလေဘုံဘွေ အထွေထွေ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း၊ "ရန်အောင်စာ ရန်အောင်ဘဝ" ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာ စကုတ္ထဆုကိုလည်းကောင်း အသီးသီးဆွတ်ခူး ရရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေပြန့်ပွားရေးအသင်းကြီးကို ဦးဆောင်တည်ထောင်ခဲ့သည်။ ဆရာ၏ ထင်ရှားသောလက်ရာများမှာ အညာသားလေး၊ ဆင်းရဲသား၊ တောသား စသောဝတ္ထုများဖြစ်သည်။ 'အညာသား လေး'၊ 'အမေ' နှင့် 'အဖေ' ဝတ္ထုများမှာ ရုပ်ရှင်နှင့်ဗွီဒီယို ရိုက်ကူးခဲ့ရသည်။

စာပေဗိမာန် စာပေအတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေအကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့သည်။

ဆရာကြီး ဦးရန်အောင်သည် မကွယ်လွန်မီ တိုက် ၃၄၃၊ အခန်း ၁၈၊ အနောက်ရန်ကင်းတွင် နေထိုင်ခဲ့ပြီး (၉–၁–၉၅) နေ့ နံနက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ပြီး (၇) ရက်မြောက်သောနေ့တွင် ၁၉၉၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု တစ်သက်သာ စာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရာ သားဖြစ်သူ ဦးတင်အောင်က ကိုယ်စားလက်ခံ ရယူခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသမီး ငါးဦး ကျန်ရစ် သည်။

**ရွှေအောင်၊ ဦး (ခရစ် ၁၉၂၈–၁၉၉၅)။** ။ဆရာကြီးဦးရွှေအောင်ကို ၁၉၂၈ ခု၊ ဇွန်လ ၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးရွာ၌ ဦးစု၊ ဒေါ်အုန်းရှင်တို့က ဖွားမြင်သည်။ မွေးချင်း ငါးယောက်တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်းငါးယောက်တွင် ယောကျာ်းနှစ်ယောက်နှင့် မိန်းမသုံးယောက်ပါဝင်သည်။ မိဘများမှာ လယ်သမားများဖြစ်ကြပြီး ဦးရွှေအောင် ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုးအဘွားများနှင့် အတူနေရသည်။

ခုနစ် နှစ်သားအရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင်သင်ယူသည်။ ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋကတ် စာပေများကို ဆက်လက်သင်ယူသည်။ ၁၈ နှစ်အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူသည်။ အသက် ၂၀ ရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်းဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့၊ မင်းမနိုင်ကွက်သစ်၊



ဦးရွှေအောင်

သိပ္ပမဥ္ဇူကျောင်း၊ အလုံ–အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း – ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့– တောင်ပြင် ဘုရားကြီးတိုက်၊ ဆရာတော် ဦးကြယ်ကျောင်းတို့၌ ပညာဆက်လက်သင်ယူသည်။ ၁၉၅၃ ခုနှစ်တွင် စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ (ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ) ဘွဲ့တို့ကို ရရှိသည်။

သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးနောက် မြန်မာနိုင်ငံတွင် သာသနာတော်ဆိုင်ရာ ပရိယတ္တိစာပြန်ပွဲများ ရပ်စဲသွားခဲ့သည်။ သို့ဖြစ်ရာ မန္တလေးမြို့ရှိ ရာဇဂုရု ဆရာတော်ကြီးများနှင့် သာသနာပြုဒါယကာကြီးများက ပရိယတ္တိသာသနာတော်ကြီး တည်တံ့စေရန် အလို့ငှာ၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်၍ အဆင့်အတန်းမြင့်သော စာမေးပွဲကြီးများကို ကျင်းပပေးခဲ့သည်။

ထိုစာမေးပွဲတွင် စာသင်တန်းနှင့် ဓမ္မာစရိယ စာချ တန်းဟု နှစ်တန်းခွဲထားသည်။ စာသင်တန်းတွင် ပရိယတ္တိ အခြေခံကျမ်းများကို အာဂုံပြန်ဆိုမှုနှင့် သဘောရေးဖြေ နစ်မျိုးလုံး ပါဝင်သဖြင့် ရဟန်းငယ်များပင်သော်မှ ခက်ခဲပင်ပန်းစွာ ပြန်ဆိုရ၍ ကျန်းမာရေးကို လွန်စွာထိခိုက်နိုင်သဖြင့် အသက် ၂၇ နှစ်အတွင်းသာ စာသင်တန်းကို ဖြေဆိုခွင့်ပြုသည်။ ဦးရွှေအောင်သည် ယင်းစာသင်တန်းကို တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်း အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားဘဲ တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ဤသို့ ဖြေဆိုအောင်မြင်ခဲ့သူ ပုဂ္ဂိုလ်ပေါင်းမှာ ၁၃၁၄ ခုနှစ် အထိ တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တာအပါအဝင် လေးပါးသာ ပေါ်ပေါက်ခဲ့ဖူးသည်။

ယင်းသို့ ထူးကဲစွာအောင်မြင်ခဲ့သောကြောင့် အထွတ်အမြတ်အဖြစ် ချီးကျူးဂုဏ်ပြုသောအားဖြင့် မကိုဋ်သရဖူ၏ အထွတ်၌ ပန်ဆင်ရသော ဦးဆောက်ပန်းဟု အဓိပ္ပာယ်ရသည့် ဝင့်သကာဂုဏ်ထူးဆောင်ဘွဲ့နှင့်အတူ အဋ္ဌကထာပြန်အကျော် ရွှေတံဆိပ်ကို ရရှိခဲ့သည်။

ထိုနှစ် နယုန်လတွင် ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲတွင် အဋ္ဌကထာကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်း၊ ပေါင်း ကိုးကျမ်းလုံးကို တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးထိပ်ထွတ်တွင် ပန်ဆင်ရသော ပတ္တမြားရတနာဟု အဓိပ္ပာယ်ရသည့် “ သိရောမဏိ ”ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဆရာတော်ဦးကြယ်ကျောင်း၌ စာပေများကို ပို့ချသည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့၊ အိမ်တော်ရာ ဓမ္မရုံသိကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်းကို အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာဘုန်းကြီးပျံလွန်တော်မူသဖြင့် ဖလေးရွာလယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့၊ မဟာဝိသုတာရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀ ပြည့်နှစ်တွင် ရဟန်းဘဝမှလူထွက်၍ အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ် သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲဖြေဆိုရာ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲမှာ ရိုးရိုးသချ်ာ အသုံးချ သချ်ာ နှင့် မြန်မာဝေါဟာရနှင့် စာပေ တို့ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက် (၂) လမ်းနေ ဦးမောင်ဝင်း–ဒေါ်နိုင်တို့၏သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သားနှစ်ယောက် ထွန်းကားသည်။

၁၉၆၈ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ ပြောင်း၍ အမှုထမ်းသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အိန္ဒိယပြည်၊ ဘုံဘေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရာ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) M.A. (Sanskrit) ဘွဲ့ကို ရရှိခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနတွင် ဆက်လက်အမှုထမ်းသည်။ ရန်ကုန်

တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် ပါဝင်၍ ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်နှင့် ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့် ကျမ်းစာများကို ပါဝင်ရေးသားပြုစုခဲ့သည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့သည်။ ဆရာကြီးဦးရွှေအောင် ရေးသားခဲ့သော ကျမ်းများမှာ-

၁။ ရသစာပေ၏ရသ

၂။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

၃။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (ပ)

၄။ ဓမ္မပဒ (ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်)

၅။ ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့် ဗုဒ္ဓဝင်)

၆။ ပါဏိနိ သိဒ္ဓန္တကောမုဒီ (တ)

၇။ ဓမ္မပဒ(အပ္ပမာဒဝဂ်၊ ပုပ္ဖဝဂ်)

၈။ ဘဝအမြင်သစ်

၉။ ထေရဝါဒအုတ်မြစ်(သီးသန့်)

၁၀။ အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ

၁၁။ ဗုဒ္ဓ (သို့မဟုတ်)အနှိုင်းမဲ့

၁၂။ သောရေယျဝတ္ထုနှင့် စိတ္တဝဂ် ဝတ္ထုများ

၁၃။ စာဖတ်သူများသို့ (စာအုပ်မဖြစ်သေး)

၁၄။ ချမ်းသာကို ရှာဖွေခြင်း (စာအုပ်မဖြစ်သေး)

၁၅။ ဘဝအတွေ့ ဘဝအတွေး (စာအုပ်မဖြစ်သေး)နှင့်

၁၆။ အထွေထွေဆောင်းပါးများ ဖြစ်ကြသည်။

ကမ္ဘာ့သဒ္ဒါကျမ်းတို့၏ ဘခင်ဟုတွင်သည့် ပါဏိနိသက္ကတသဒ္ဒါကျမ်းကြီးသည် စနစ်ကျ၍ ပြည့်စုံသဖြင့် ဘီစီ ၄ ရာစုကပင် ကျော်ကြားခဲ့သည်။ ထိုကျမ်းကြီးကို တစ်နည်းမဟုတ်တစ်နည်း အမှီပြု၍ ကမ္ဘာ့သဒ္ဒါကျမ်းအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ရသည်။

ဦးရွှေအောင်သည် မြန်မာပြည်မှ ထိပ်တန်း ပါဠိပိဋကတ်ပညာရှင်ဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ၊ ဘုံဘေတက္ကသိုလ်မှ သက္ကတဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့ပြီးသောအခါ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် မည်သည့် ပညာရှင်မျှ မပြန်ဆိုခဲ့ဖူးသော ပါဏိနိ သိဒ္ဓန္တကောမုဒီသက္ကတ သဒ္ဒါကျမ်းကြီးကို မြန်မာအဓိပ္ပာယ် ဖွင့်ဆိုရှင်းလင်းချက်များဖြင့် နိဿယ မြန်မာပြန်ဆိုခဲ့ သည်။

ယင်းသဒ္ဒါကျမ်းကြီးကို ၃ တွဲပြု၍ ပထမတွဲကို သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးရွှေအောင် နိဿယ မြန်မာပြန်ဆိုထားခဲ့သော တတိယတွဲစာမူကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူထားသဖြင့် သာသနာရေးဦးစီးဌာနသို့ ပေးအပ်ခဲ့သည်။ ရိုက်နှိပ်ရန် စီစဉ်နေဆဲဖြစ်သည်။

ဆရာကြီး ဦးရွှေအောင်၏ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရပ်ဇာတိ ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ကျိုက်မတ်ကော် ဘုရားကြီးရင်ပြင်တော်တွင် ဆရာကြီးပြုစုခဲ့သော ကျမ်းစာများနှင့် ဆရာကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ကျောက်စာမော်ကွန်းစိုက်ထူ၍ ဂုဏ်ပြုထားသည်။

ဆရာကြီး ဦးရွှေအောင်သည် ဗုဒ္ဓဘာသာ တရားတော် အထက်တန်းအဆင့် ကျမ်းစာရေးသား ပုံနှိပ်ထုတ်ဝေပြီးလျှင်ပြီးချင်း ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့သည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။အိုင်ယာလန်မြောက်ပိုင်းတွင် ဗြိတိသျှတို့အုပ်စိုးမှုကို အကြမ်းဖက်တိုက်ခိုက်နေသော ဆင်ဖိန်းအဖွဲ့၏ အိုင်းရစ်ရီပတ်ပလီကန်စစ်တပ် (အိုင်အာရ်အေ)က အပစ်အခတ်ရပ်စဲပြီး စစ်ရေးတိုက်ခိုက်မှုအားလုံးစွန့်လွှတ်ကြောင်း ကြေညာခဲ့ရာမှ ငြိမ်းချမ်းရေး အလားအလာများ ပေါ်ထွန်းလာခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ်ဂျွန်မေဂျာက အိုင်အာရ်အေ၏ အပစ်အခတ်ရပ်ခဲ့မှုသည် ရာသက်ပန်တည်မြဲရန် လိုအပ်သည်ဟု ဖြေကြားခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်တွင် ၁၉၆၉ ခုနှစ်မှစ၍ ပရိုတက်စတင့်နှင့် ကက်သလစ်တို့ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှအစိုးရက စစ်တပ်စေလွှတ်ပြီး ငြိမ်သက်အောင် ထိန်းသိမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဗြိတိသျှစစ်တပ်က လန်ဒန်ဒါရီမြို့တွင် ဆန္ဒပြနေသော ကက်သလစ်တို့ကို ပစ်ခတ်

နှိမ်နင်းရာ ဆန္ဒပြသူ ၁၃ ဦးသေဆုံးခဲ့သဖြင့် အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုစဉ်က ဝန်ကြီးချုပ် အက်ဒဝပ်ဟိသ်က ဗြိတိန်နိုင်ငံမှ မြောက်အိုင်ယာလန်ကို တိုက်ရိုက်အုပ်ချုပ် ကြောင်း ကြေညာခဲ့သည်။

မြောက်အိုင်ယာလန်တွင် နိုင်ငံရေးအကြမ်းဖက်မှုများကြောင့် လူပေါင်း ၃,၀၆၈ ဦး အသတ်ခံရပြီး ၃၆,၀၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက မြောက်အိုင်ယာလန်၏ အနာဂတ်အရေးနှင့် ပတ်သက် ၍ လူထုဆန္ဒခံယူပွဲပြုလုပ်ရန် အဆိုပြုတင်ပြထားသည်။ ယင်းအဆိုပြုချက်ကို အိုင်ယာလန်ဝန်ကြီးချုပ် အဲလ်ဘတ်ရေးနိုးလ်က ထောက်ခံကြောင်း ကြေညာခဲ့သည်။ ဗြိတိသျှအစိုးရသည် ပထမအဆင့်အနေဖြင့် မြောက်အိုင်ယာလန်မှ စစ်သားများ ပြန်လည်ရုပ်သိမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ရေးနိုးလ်က ပြောကြားခဲ့သည်။ ယခုအခါ မြောက်အိုင်ယာလန်၌ ဗြိတိသျှစစ်သား ၁၇,၅၀၀ ရှိနေရာ အင်အားကို အမြန်ဆုံး စတင်ရုပ်သိမ်းပေးရန် ဆင်ဖိန်းအဖွဲ့က တောင်းဆိုထားသည်။ ထိုအတောအတွင်း ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်၏ အမေရိကန်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်းကို အမေရိကန်အစိုးရက စဉ်းစားနေသည်ဟု နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်အား သမ္မတ ကလင်တန်က ပြည်ဝင်ခွင့်ထုတ်ပေးခဲ့ရာ ဗြိတိသျှအစိုးရပိုင်းက မကျေမလည် ဖြစ်ခဲ့သည်။ ထိုစဉ်က ဂျယ်ရီအဒမ်သည် အမေရိကန်နိုင်ငံ၌ တွေ့ဆုံမေးမြန်းခန်း အမြောက်အမြားပြုလုပ်ခဲ့ပြီး အကြမ်းဖက်လှုပ်ရှားမှုကို စွန့်လွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ဆိုခြင်းနှင့် ပတ်သက်၍ ဗြိတိန်က အမိန့်အာဏာပေးပိုင်ခွင့်မရှိကြောင်း အိုင်အာရ်အေ နိုင်ငံရေးအုပ်စု ဆင်ဖိန်းခေါင်းဆောင် ဂျယ်ရီအဒမ်က ဗြိတိန် အစိုးရ နိုင်ငံရေးသမားတစ်ဦးနှင့် ရုပ်မြင်သံကြားစကားစစ်ထိုးပွဲတွင် ပြောကြားခဲ့သည်။ အိုင်ယာလန် ပြည်သူများအနေဖြင့် မိမိတို့၏အနာဂတ်ကို မိမိတို့ဘာသာ ဆုံးဖြတ်ကြရန်လည်း အဒမ်က တိုက်တွန်းခဲ့သည်။

အိုင်းရစ်ရီပတ်ပလီကင်စစ်တပ်– အိုင်အာရ်အေ၏ နိုင်ငံရေးအုပ်စုဖြစ်သော ဆင်ဖိန်းအဖွဲ့နှင့် ဗြိတိသျှအစိုးရအဖွဲ့တို့ မကြာမီ ဆွေးနွေးပွဲကျင်းပဖွယ်ရှိသည်။ ဆွေးနွေးပွဲကျင်းပရေးကို ရှောင်လွှဲ၍မရနိုင်ဟု မိမိထင်မြင်ကြောင်း ဆင်ဖိန်းအဖွဲ့၏ ဒုတိယအကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ဗြိတိန်နိုင်ငံရှိ ဖွီအမ်တီဗွီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ဩဂုတ်လကုန်က အိုင်အာရ်အေအဖွဲ့၏ အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေငြာချက်သည် အမြဲတမ်း အပစ်အခတ်ရပ်စဲမှု ဖြစ်သည်ဟု မိမိလက်ခံကြောင်း၊ မြောက်ပိုင်းအိုင်ယာလန်၏ အနာဂတ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မိမိတို့ ကတိကဝတ်နှင့်အညီ ဆင်ဖိန်းအဖွဲ့နှင့်အတူ ဆွေးနွေးပွဲဝင်မည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဂျွန်မေဂျာက ပြောကြားခဲ့သည်။

ကတိပြုထားသည့်အတိုင်း ခရစ္စမတ်မတိုင်မီ ဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်ကို အလျင်အမြန် ဆောင်ရွက်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာအား တိုက်တွန်းထားသော ပေးစာတစ်စောင်ကို မိမိပေးပို့ထားကြောင်း အိုင်းရစ်ရီပတ်ပလီကန် ခေါင်းဆောင် ဂျယ်ရီအဒမ်က နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ သမိုင်းတွင်ရစ်မည့် အိုင်အာရ်အေ ကြေညာချက် ထွက်ပေါ်လာပြီးနောက် သုံးလနီးပါးကြာပြီဖြစ်သော်လည်း ဗြိတိန်အစိုးရဘက်က တုံ့ဆိုင်းဆိုင်းလုပ်နေဆဲဖြစ်ကြောင်း အဒမ်က ပြောကြားသည်။ ဗြိတိန်အစိုးရနှင့် ဆင်ဖိန်းအဖွဲ့တို့၏ တရားဝင်ဆွေးနွေးပွဲကို စတင်ပါက လက်နက်များ သိုလှောင်ထားရှိမှုကိစ္စကို အလျင်အမြန်ကိုင်တွယ် ဖြေရှင်းကြဖွယ်ရှိသည်။ ဆင်ဖိန်းအဖွဲ့က လက်နက်များ ပြန်လည်လွှဲပြောင်း မပေးအပ်မီ အိုင်အာရ်အေ၏ အပစ်အခတ်ရပ်စဲမှုအတွက် ဗြိတိန်ဘက်မှ ပိုမိုလိုက်လျောမှုများပေးရန် လိုလားလျက်ရှိသည်။

ဆင်ဖိန်းနှင့် ဗြိတိန်နိုင်ငံတို့သည် နှစ်ပေါင်း ၇၀ ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့က တရားဝင်ပြုလုပ်၍ နောက်ထပ် ၁၀ ရက်အတွင်း ဒုတိယအကြိမ်ထပ်မံ ဆွေးနွေးကြရန် သဘော တူညီလိုက်ကြသည်။ မြောက်ပိုင်းအိုင်ယာလန်၌ အိုင်အာရ်အေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးနောက် ရက်ပေါင်း ၁၀၀ အကြာတွင် ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ သမိုင်းတွင်ရစ်မည့် အခွင့်အလမ်းကို ဆွေးနွေးပွဲက ပေးခဲ့ကြောင်း ယခုအချိန်အခါသည် ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့ ကင်းရှင်းသွားစေရန် အချိန်ကြရောက်ပြီဖြစ်ကြောင်း ဗြိတိန်အစိုးရကိုယ်စားလှယ်အား မိမိတို့ကပြောကြားခဲ့သည်ဟု သုံးနာရီကြာ ဆွေးနွေးပွဲအပြီးတွင် ဆင်ဖိန်း

ကိုယ်စားလှယ် အဖွဲ့ အကြီးအကဲ မာတင်မက်ဂျင်းနက်စ်က ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ စတော်မွန် ရဲတိုက်ကြီးတွင် ဆွေးနွေးပွဲထပ်မံကျင်းပရန် ဆင်ဖိန်း ကိုယ်စားလှယ်အဖွဲ့က သဘောတူညီခဲ့သည်။ မြောက်ပိုင်း အိုင်ယာလန် ပဋိပက္ခအမြင့်ဆုံးဖြစ်နေချိန် ၁၉၇၀ ပြည့်လွန် နှစ်များအတွင်း အိုင်ယာလန်တွင် ထောင်ကျခံခဲ့ရသော မက်ဂျင်းနက်စ်သည် ဆွေးနွေးပွဲအပြီးတွင် ပြုံးပြုံးရွှင်ရွှင်ဖြစ် နေသည်။ လူပေါင်း ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော ၂၅ နှစ်ကြာ ပဋိပက္ခငြိမ်းချမ်းသွားရေးကို ယင်းဆွေးနွေးပွဲက လမ်းဖွင့်စေနိုင်လိမ့်မည်ဟု ယူဆထားကြသည်။

ဤသို့ရှိနေစဉ် ဗြိတိသျှပါလီမန်အောက်လွှတ်တော် ပြင်ပတွင် ဥပဒေကြမ်းတစ်ရပ်ကို ကန့်ကွက်နေကြသော ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲများရုန်းရင်း ဆန်ခတ်မှု ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်ပွား ခဲ့သည်။ ယင်းသို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွား နေချိန် တွင် ဥပဒေပြုအမတ်များက လွှတ်တော်အတွင်း၌ ဥပဒေကြမ်းကိုဆွေးနွေးညှိနှိုင်းနေကြသည်။ ရုန်းရင်း ဆန်ခတ်ဖြစ်မှုကြောင့် ဆန္ဒပြသူ ခြောက်ဦးနှင့်ရဲအရာရှိ ခြောက်ဦးဒဏ်ရာရရှိကြပြီး ဆန္ဒပြသူ ၃၅ ဦးဖမ်းဆီး ခံခဲ့ရသည်။ ကန့်ကွက်ဆန္ဒပြသူ ၂,၀၀၀ နှင့်မြင်းစီးရဲ တပ်ဖွဲ့ဝင်အများအပြားပါဝင်သော အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်ကို ထိပ်တိုက် ရင်ဆိုင်ခဲ့ရာမှ ယခုကဲ့သို့ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ ရခြင်းဖြစ်သည်။

ယခုကဲ့သို့ရာဇဝတ်မှုဆိုင်ရာစီရင်ထုံးဥပဒေကြမ်း အား လန်ဒန်မြို့၌ ကန့်ကွက်ဆန္ဒပြခြင်းမှာ ၁၀ ရက်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အောက်တိုဘာလ ၉ ရက်နေ့ ကလည်း အလားတူဆန္ဒပြကန့်ကွက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ ဝင် ၁၉ ဦးအပါအဝင် လူပေါင်း ၃၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြသူ ၃၉ ဦးကို ဖမ်းဆီးမိခဲ့သည်။ ဟိုက်ပတ်တွင် ဖြစ်ပွားသော ယင်းဆန္ဒပြပွဲသို့ကန့်ကွက်ဆန္ဒပြသူ ၂၅,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းသည် ဝန်ကြီးချုပ် ဂျွန်မေဂျာ၏ ကွန်ဆာဗေးတစ်အစိုးရက ရေးဆွဲသော ဥပဒေကြမ်းဖြစ်ပြီး ဥပဒေနှင့်စည်းမျဉ်းများ ရှုပ်ထွေးနေသော ဥပဒေကြမ်းတစ်ရပ်ဖြစ်သည်။ ရှုပ်ထွေးမှုများ အနက် တရားခွင်၌ တရားခံက ရေငုံနှုတ်ပိတ် နေခွင့်ဆိုင်ရာ အစဉ်အလာအခွင့်အရေးကိုလည်း ပယ်ဖျက်ထားသည်။

ပါလီမန်တွင် မေးခွန်းများ မေးမြန်းစေရန် ငွေကြေး ရယူခဲ့ကြောင်း စွပ်စွဲခံရပြီးနောက် ဗြိတိသျှအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦး ရာထူးမှနုတ်ထွက်သွားကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့က အေပီသတင်းတွင် ပါရှိသည်။ ယခုကဲ့သို့ အဂတိလိုက်စားမှုအရှုပ်တော်ပုံ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် ဗြိတိသျှကွန်ဆာ ဗေးတစ်အစိုးရမှာ အထိနာသွားခဲ့ရသည်။ အီဂျစ်နိုင်ငံ ဇာတိဖွား ဟာရော့ဒ်ကုန်တိုက်ပိုင်ရှင် မိုဟာမက် အယ်ဖာယက်ဆိုသူက ပါလီမန်တွင် မေးခွန်းတစ်ခု တင်ပြ ပေးရန် ပေါင် ၂,၀၀၀ (ဒေါ်လာ ၃,၂၂၀) ပေးခဲ့ရကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး နေးလ်ဟာမီးလ်တန် နှင့်အတူ စွပ်စွဲခံရပြီးနောက် မြောက်ပိုင်း အိုင်ယာလန် ဆိုင်ရာဝန်ကြီး တင်စမစ် ရာထူးမှ ထွက်ခဲ့ရသည်။ အထက်ပါအငြင်းပွားစရာပြဿနာကြောင့်လွန်ခဲ့သော ၁၉၉၃ ခုနှစ်က ရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ပြီး အရှုပ်တော် ပုံ များ ဆက်တိုက် ဖြစ်ပေါ်နေသော ဝန်ကြီးချုပ် ဂျွန်မေဂျာ အစိုးရအဖွဲ့ကို ထပ်မံထိခိုက်စေခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ လက်ယာယိမ်းပုန်ကန်သူ အုပ်စုကို ဆန့်ကျင်နေသော မိမိ၏နိုင်ငံရေးဘဝကို စိတ်မရှည်တော့ သဖြင့် ဝန်ကြီးချုပ် ဂျွန်မေဂျာ သည် ကွန်ဆာဗေးတစ် ပါတီ ခေါင်းဆောင် ရာထူးမှ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် နုတ်ထွက် ခဲ့သည်။ ပါတီတွင်း သဘောထား ကွဲမှုများ ရှိနေ စေကာမူ ဝန်ကြီးအဖွဲ့ဝင် ၂၂ ဦး ပါရှိသောအစိုးရအဖွဲ့က ဂျွန်မေဂျာကိုသာ အားထားနေကြသည်။ ပါတီခေါင်းဆောင် နေရာရွေးပွဲတွင် ဂျွန်မေဂျာ ပြန်လည်အနိုင်ရမည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းသို့ပြန်လည်အရွေးခံခြင်း ကြောင့် ဂျွန်မေဂျာ၏အရှိန်အဝါ များ တောင့်တင်းခိုင်မာ လာမည်ဖြစ်ကြောင်းဝန်ကြီးချုပ်ဟောင်း မာဂရက် သက်ချာက ပြောကြားသည်။ ဂျွန်မေဂျာ ၅၂ နှစ်သည် အတိုက်အခံပါတီများ၏ ဆန့်ကျင်မှုနှင့် တိုးမြှင့် ရင်ဆိုင် နေရစဉ် ဥရောပသမဂ္ဂ ၁၅ နိုင်ငံနှင့် ဗြိတိန်နိုင်ငံ နီးနီး ကပ်ကပ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆန့်ကျင် ကြသော ကွန်ဆာဗေးတစ်ပါတီတွင်းမှ လက်ယာယိမ်း အုပ်စုများ၏ စော်ကားမော်ကားပြုမှုနှင့်ရင်ဆိုင်လာရသဖြင့် ပါတီ ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ကြောင်း ရုတ်တရက် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ပါတီတွင်း တင်းမာ မှုအခြေအနေဆိုးရွားလာခဲ့ခြင်းကြောင့်လည်း ၁၆ နှစ် ကြာ အာဏာရခဲ့သော ကွန်ဆာဗေးတစ်ပါတီအပေါ် လူကြိုက် နည်းလာရသော အခြေအနေသည် စတင်ရလောက်အောင် ကျဆင်းလာခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ကျင်းပမည့်

ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားကြသည်။

ဇူလိုင်လ ၄ ရက်နေ့တွင်ကျင်းပခဲ့သော အာဏာရ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ရွေးချယ် တင်မြှောက်ပွဲတွင် ဝန်ကြီးချုပ်ဂျွန်မေဂျာ ပြန်လည် အရွေးခံရသဖြင့် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။ အရွေးမခံရပါက ဝန်ကြီးချုပ် ရာထူးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဂျွန်မေဂျာသည် ကွန်ဆာဗေးတစ်ပါတီ၏အမတ် ၃၂၉ ဦးအနက် သုံးပုံနှစ်ပုံ၏ လျှို့ဝှက်ထောက်ခံမဲဖြင့် စိန်ခေါ်သူ လက်ယာဂိုဏ်းဝင် ဂျွန်ရက်ဝုဒ်အား အနိုင်ယူကာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် မေဂျာနှင့်ယှဉ်ပြိုင် အရွေးခံရန် မကြာမီက ၂၂ ဦးပါရှိသော အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သော ဂျွန်ရက်ဝုဒ်သည် ၈၉ မဲသာရရှိသည်။ မေဂျာသင့်လျော်မှန်စွာ အနိုင်ရရှိ၍ မိမိရှုံးကြောင်း ရက်ဝုဒ်က ဝန်ခံစကားပြောကြားသည်။

အောက်လွှတ်တော်အနီး၌ အနိုင်အရှုံးစာရင်းကို ကြေညာပြီးနောက် မကြာမီ ဒေါင်းနင်းလမ်း နေအိမ်အပြင်ဘက်ထွက်လျက် ပါတီကွဲမည့်အချိန် ကျော်လွန်သွားပြီဟု ဂျွန်မေဂျာက ကြေညာလိုက်သည်။ ထောက်ခံမဲ ၂၁၈ မဲရရှိသဖြင့် ရက်ဝုဒ်ကိုမေဂျာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျွန်မေဂျာ အနိုင်ရရှိသဖြင့် ထောက်ခံသူများက ဟစ်အော်ကြွေးကြော် ကြသည်။ ရှုံးခဲ့ပါက ဝန်ကြီးချုပ်ရာထူးမှ ဂျွန်မေဂျာ နုတ်ထွက် ပေးရမည်သို့မဟုတ် မဲအနည်းငယ်ဖြင့်အနိုင်ရရှိလျှင် ဒုတိယအကြိမ် ပြန်ရွေးရမည်။ ယင်းကဲ့သို့ အနိုင်ရရှိခြင်းမှာ အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် မေဂျာအား အခွင့်အရေး ပေးရာရောက်သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို မေဂျာ ခေါင်းဆောင်ရတော့မည် ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရခဲ့သူ ဝန်ကြီးချုပ် ဂျွန်မေ ဂျာသည် ဝန်ကြီးအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခန့်အပ်ခဲ့သည်။ ဝန်ကြီးအဖွဲ့သစ်က အစိုးရ၏ လမ်းစဉ်တွင်သိသာထင်ရှားသော အပြောင်းအလဲမရှိဟု ဆိုသည်။ ရာထူးမှ အနားယူမည့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်ကလပ်ဟာ်ဒ်ကို ဆက်ခံရန် ကာကွယ်ရေးဝန်ကြီး မဲလ်ကွမ်ရိဖကိုင်ဖ်အား ခန့်အပ် ခဲ့သည်။ ကင်းနက်ကလတ်အား ဘဏ္ဍာရေး ဝန်ကြီးအဖြစ် တာဝန်ပေးသည်။ ခေါင်းဆောင် ပြိုင်ပွဲကို ဒုတိယအကြိမ် ကျင်းပလျှင် မေဂျာကိုအန်တုစိန်ခေါ်ရန်ရှိသော မိုက်ကယ်ပေါ်တီလိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထား လိုက် သည်။ ပေါ်တီလိုသည် ဥရောပသမဂ္ဂ အာဏာ တိုးတက်လာခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေသော ပါတီ၏ လက်ယာအုပ်စု ခေါင်းဆောင် ဖြစ်သည်။

ဂျွန်မေဂျာအရေးနိမ့်ပါက ခေါင်းဆောင်အဖွဲ့ တင်မြှောက်ရန် ဌာနချုပ်တွင်မိတ်ဆွေများက စည်းရုံးသော်လည်း ခေါင်းဆောင်ရွေးပွဲတွင် ပေါ်တီလိုက မေဂျာကို ထောက်ခံခဲ့သည်။ ကာကွယ်ရေးဌာန၌ ပေါ်တီလိုသည် အစိုးရ၏ ဥရောပသမဂ္ဂရေးရာဝါဒကို ဝေဖန်အကြံပြုရန် အခွင့်အရေးအနည်းငယ်သာ ရရှိတော့မည်ဖြစ်သည်။ ဂျွန်မေဂျာ ရှုံးလျှင်ခေါင်းဆောင်ပြိုင်ပွဲဝင်ရန် မျှော်လင့်ထားသော ကုန်သွယ်ရေးဝန်ကြီး ဟေဆယ်တိုင်းသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ဟေဆယ်တိုင်း၏ တာဝန်များကို ချက်ခြင်းမသိရသေးသော်လည်း သူသည်အစိုးရနှင့် ကွန်ဆာဗေးတစ် ပါတီအတွက် ပြောရေးဆိုခွင့်ရှိသူ အနေဖြင့် ကြီးမားသော တာဝန်ကို ယူရမည်ဖြစ်သည်။ ပါတီဥက္ကဋ္ဌ ဂျယ်ရီမိုင်ဟင်လေအား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပို့လိုက်သည်။ ဘဏ္ဍာရေးဌာန ဒုတိယ ဝန်ကြီး ဂျိုနာသန် အိုက်ကင် ရာထူးမှ နုတ်ထွက်သွားသည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နေရာအတွက် ပြန်လည်ရွေးကောက်ပွဲတွင် ဂျွန်မေဂျာ ပြန်လည်အရွေးခံရစေကာမူ ပါတီအတွင်းသဘောထားကွဲလွဲမှုများကို ဆက်လက်ဖြေရှင်းနိုင်မည်မဟုတ်ဟု ဝေဖန်သူများက သုံးသပ်ကြသည်။ ကွန်ဆာဗေးတစ်ပါတီအတွင်း တင်းမာမှုအခြေအနေပြင်းထန်လာခြင်းကြောင့် ၁၆ နှစ်ကြာ အာဏာရ ပါတီကို လူကြိုက်နည်းလာကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့် လိမ့်မည်ဟု ဝေဖန်သူများက တွက်ဆထားကြသည်။ ဗြိတိန်နှင့်မြောက်အိုင်ယာလန်တို့၏ ပဋိပက္ခမှာ ၂၅ နှစ်ပြည့်သည့်တိုင်အောင် ချုပ်ငြိမ်းခြင်းမရှိသေးရာ ဗြိတိသျှအာဏာရ ကွန်ဆာဗေးတစ်ပါတီ အစိုးရအဖွဲ့အတွင်း အကွဲအပြဲများဖြစ်ပွားလာသောအခါ မြောက်အိုင်ယာလန်၌ အကြမ်းဖက် အဓိကရုဏ်းများ ပိုမိုပေါ်ပေါက်လာသည့်ပြင် ဗြိတိသျှတို့၏ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် ပိုမိုတောင်းဆိုလာခဲ့ကြသည်။

မြောက်အိုင်ယာလန်၌ အဓိကရုဏ်းများ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာလေလေ လက်ရှိအာဏာရ ဂျွန်မေဂျာ အစိုးရကို ပိုမိုမကျေနပ်လေ ဖြစ်နေကြသည်။ အကြောင်းမှာ မြောက်အိုင်ယာလန်၌ ဗြိတိသျှလုပ်ငန်းရှင်ကြီးများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာကိုမြှုပ်နှံထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပြိုင်ဘက် လေဘာပါတီအတွက် ပါတီပုံရိပ် တက်လာသည်ဟု လေဘာပါတီခေါင်းဆောင် တိုနီဘလဲယားက ထုတ်ဖော် ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မည်သည့်ပါတီအနိုင်ရမည်ကို မဲဆန္ဒရှင်များက ဆုံးဖြတ်မည် ဖြစ်သည်။

## လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။

လာအို နိုင်ငံတောင်ပိုင်းရှိ ဆင်းရဲနွမ်းပါးသူများ နေထိုင်ရာ ဆီခေါင်ပြည်နယ်တွင် ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားခဲ့သဖြင့် လူ ၃၀ သေဆုံးရကြောင်း၊ ဗီယန်ကျင်းမြို့တော် ဗဟိုအာဏာပိုင်များထံ ပြည်နယ်ဒေသဆိုင်ရာ အစိုးရ အရာရှိများက သတင်းပေးပို့ကြသည်။ နိုင်ငံ၏ ဘစ္စန် အဖျား ခရိုင်လေးခုအနက် ခရိုင်နှစ်ခုတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့သည်။ ဆေးဝါးအလုံအလောက်မရှိသဖြင့်ကယ်ဆယ်ရေးလုပ်ငန်း များ အခက်အခဲဖြစ်ပေါ်ရသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက သတင်းပေးပို့ကြသည်။ ကာလဝမ်းရောဂါဖြစ်မှု တိုက်ဖျက်ရေး လုပ်ငန်းတွင် အကူအညီပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာအဖွဲ့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဗီယန်ကျင်းမြို့မှ အဆိုပါဒေသများသို့ ထွက်ခွာသွားခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ် ချွမ်လီပိုင်သည် ထိုင်းဘုရင်နှင့် မိဖုရားတို့၏ ညွှန်ကြားချက်တော်အဖြစ် ဗန်ကောက်မြို့သို့ ခြောက်ရက်ကြာ အလည်အပတ် ရောက်ရှိလာသော လာနိုင်ငံ သမ္မတကြီး နိုဟက်ဒွန်ဆာဗန် (၈၃) နှစ်အား ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ လာသမ္မတကြီးသည် ဗန်ကောက်စစ်ဘက်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရောက်ရှိလာရာ ထိုင်းဘုရင် ဘူမိဘော အဒူရာဒက်နှင့် သမီးတော်မင်းသမီး မာဟာချာကရီဆီရင်ဟွန်းတို့က အမြောက် ၂၁ ချက် ပစ်ဖောက်၍ အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။ လာသမ္မတကြီးနှင့် ဇနီး ဘွန်မာတို့သည် ဘုရင်၏လုပ်ပိုင်ခွင့်အောက်ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

လူဦးရေ ၄ ဒသမ ၅ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၅၀ ရှိသည့် လာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ချစ်ချည်တစ်ခါ၊ မုန်းချည်တစ်လှည့် ဆက်ဆံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် လူဦးရေ ၅၈ သန်းရှိပြီး တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၁,၈၄၀ ရှိသည်။ လာလူမျိုးများသည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေထိုင်သောလူများနှင့် လူမျိုးစုအားဖြင့် တူညီသော်လည်း တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံက လာနိုင်ငံအား လွှမ်းမိုးရန် ကြိုးစားနေသည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ညီအစ်ကိုတမျှ ချစ်ကြည်ရေး ပျက်ပြားခဲ့ကြရသည်။

အဆိုပါ အစဉ်အလာအရ သံသယဖြစ်မှုများသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း လာနိုင်ငံရှိ လက်ယာဂိုဏ်းဝင် နိုင်ငံရေးအုပ်စုများအား ထောက်ခံရန် အမေရိကန်ပြည်ထောင်စုက ထိုင်း ကြေးစားစစ်သားများအား ဖြန့်ကြက်ထားစဉ်က ပို၍မြင့်မားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ် ပသက်လာတို့ လာပြည်တွင်းစစ်၌ အနိုင်ရ ရှိပြီးနောက် ယင်းနှစ်နိုင်ငံသည် ဆယ်စုနှစ်တစ်ခုအကြာ စစ်အေးတိုက်ပွဲခေတ်သို့ ဝင်ရောက်ခဲ့ကြသည်။ လာနိုင်ငံသည် မကြာမီနှစ်များအတွင်းက ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့ရာ ထိုင်း နိုင်ငံသည် ကွန်မြူနစ်ဆန့်ကျင်ရေး သူပုန်များအား ထောက်ခံမှုကို အဆုံးသတ် သွားစေခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ) သည် အင်ဒိုချိုင်းနားစစ်ပွဲပြီးဆုံးပြီးနောက် နှစ်ပေါင်း ၂၀ ကြာသည့်တိုင်အောင် လာနိုင်ငံတွင် ပြည်သူတို့အသက်ဆုံးရှုံးစေရသည့် မပေါက်ကွဲသေးသောဗုံးများကို ရှင်းလင်းဖယ်ရှားရေးအတွက် ငွေကြေး ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ကမ္ဘာ့နိုင်ငံများစွာအား တိုက်တွန်းခဲ့သည်။ လာနိုင်ငံတွင် မပေါက်ကွဲသေးသော ဗုံးများ၏အန္တရာယ်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဗီယက်နမ် နယ်စပ် တစ်လျှောက် အရှေ့မြောက်ပိုင်း ဆီအင်ခိုအွန်ပြည်နယ်ရှိ ဒေသတစ်ခု သို့ မတ်လ ၂၂ ရက်နေ့တွင် သွားရောက်လည်ပတ်စဉ် လာနိုင်ငံဆိုင်ရာ ယူအင်ဒီပီကိုယ်စားလှယ် ဂျင်မက်ဆင်က ယင်းကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။ ယူအင်ဒီပီ ကိုယ်စားလှယ် ဂျင်မက်ဆင်နှင့်အတူ ဝါရင့်သံတမန်များလည်း လိုက်ပါသွားခဲ့ကြသည်။ ယင်းအဖွဲ့သည် ၁၅ နှစ်

သားအရွယ်ရှိ သာအိုမီး အပါအဝင် ဗုံးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရသူများကိုလည်း သွားရောက်ကြည့်ရှုခဲ့ ကြသည်။ သာအိုသည် မကြာမီက မိသားစု လယ်ယာမြေထဲတွင် ငါးကန်တူးစဉ် မပေါက်ကွဲသေးသော ဗုံးတစ်လုံး ပေါက်ကွဲ ထိမှန်ခဲ့ရ၍ ပြည်နယ်ဆေးရုံတစ်ခုတွင် ဆေးကုသမှုကို ခံယူရင်း ဘဝကို ရင်ဆိုင်နေရသူ ဖြစ်သည်။

သာအိုသည် ဗုံးဒဏ်ကြောင့် ဆိုးရွားသော မီးလောင်ဒဏ်ရာများနှင့်အတူ မျက်စိကွယ်ခဲ့ရသည်။ ထို့အပြင် ရင်ဘတ်တွင်လည်း ဗုံးစဗုံးနများ မွာရာကြဲနေပြီး လက်ဝဲခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ သာအိုသည် ဗုံးဒဏ်ကြောင့် ဆေးရုံတက်ပြီး ဆေးကုသမှု ခံနေရသူ ၄၀ ကျော်တွင်တစ်ဦးအပါအဝင် ဖြစ်သည်။ ယူအင်ဒီပီသည် ငွေကြေးရန်ပုံငွေအတွက် ကနဦးအကူအညီအချို့ကို ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဗန်ကောက်မြို့တွင် ထုတ် ပြန်သော ကြေညာချက်၌ မက်ဆင်က ပြောကြားသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့သည် လောနိုင်ငံ၌ မပေါက်ကွဲသေး သော ဗုံးများ ရှင်းလင်းဖယ်ရှားရေးအတွက် ကမ္ဘာတစ်ဝန်းမှ ငွေကြေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများကို စုဆောင်းရှာဖွေမည် ဖြစ်သည်။ အမေရိကန်သည် အင်ဒိုချိုင်းနားရှိ ကွန်မြူနစ်များအား မအောင်မြင်သော စစ်ပွဲဆင်နွှဲရာတွင် ၁၉၆၀ ပြည့်လွန်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဗုံးအမြောက်အမြား ကြဲချခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ လောနိုင်ငံ၏ လူဦးရေသည် ၄ ဒသမ ၆ သန်းနီးပါး ရှိသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း နှစ်စဉ် လူဦးရေတိုးနှုန်းသည် ၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။ ဤနှုန်းအတိုင်း ဆက်လက်တိုးနေမည်ဆိုပါက သက္ကရာဇ် ၂၀၀၀ ၌ လောနိုင်ငံ၏ လူဦးရေသည် ၅ ဒသမ ၂ သန်း ရှိလာမည်ဟု လောအစိုးရ သတင်းဌာနက ဩဂုတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်စက်ရုံများနှင့် တံတားများ တည်ဆောက်ရာတွင် အထောက်အကူပေးခြင်းအပါအဝင် လိုအပ်သော အကူအညီများကို ဂျပန်နိုင်ငံက ပိုမိုပေးကမ်းကူညီပါရန် လောနိုင်ငံက မေတ္တာရပ်ခံလိုက်သည်။ ဂျပန်နိုင်ငံသည် နည်းပညာနှင့် စီးပွားရေးစွမ်းရည် ထက်မြက်သော နိုင်ငံဖြစ်ကြောင်း လောနိုင်ငံဝန်ကြီးချုပ် ကမ်တေးဆီဖန်ဒွံက သူ၏ငါးရက်ကြာ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် သတင်းထောက်များအား တိုကျိုမြို့၌ ပြောကြားခဲ့သည်။ လောနိုင်ငံသည် မြစ်ချောင်းများ ပေါများပြီး ရေအားလျှပ်စစ် ထုတ်လုပ်သုံးစွဲရေးသည် လောနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း လောဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံသည် လောနိုင်ငံရှိ တံတားများပြုပြင်ရေးနှင့် ဗီယန်ကျင်းမြို့ရှိ လေဆိပ်ခေတ်မီတိုးတက်ရေးအတွက် အကူအညီယန်းငွေ ၃ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၄၄ ဒသမ ၇ သန်း) ထုတ်ပေးရန် သဘောတူထားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗီယန်ကျင်းမြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့် အကွာရှိ နယ်လွတ်ဒေသတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး ဖြစ်နိုင်ခြေ အလားအလာ များကို လေ့လာလျက်ရှိပြီး လောနှင့်ထိုင်းနိုင်ငံအား ဆက်သွယ်ပေးမည့် ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိုလည်း ကွင်းဆင်းလေ့လာလျက် ရှိသည်။

နယ်လွတ်ဒေသတွင် တည်ဆောက်ရန်ရှိသော တတ်အားပေးစက်ရုံ ကုန်ကျစရိတ်မှာ ယန်းငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၁၁၇ သန်း) ကုန်ကျမည်ဟု ခန့်မှန်း ထားရာ ဂျပန်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ယန်းငွေ လေးဘီလီယံ (ဒေါ်လာ ၄၇ သန်း) စီ ထည့်ဝင်ရန်ရှိပြီး ကျန်လိုအပ်ငွေများကို လောနိုင်ငံက ထည့်ဝင်သွားမည် ဖြစ်သည်။ ယင်းစီမံကိန်း နှစ်ရပ်အတွက် ကွင်းဆင်းလေ့လာမှုများ မပြီးပြတ်သေးသော်လည်း ဂျပန်နိုင်ငံက ယင်းစီမံကိန်းနှစ်ခုလုံးကို အကူအညီပေးရန် လိုလားနေသည်။

ဒုတိယမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်ဖြစ်ပါက ယင်းတံတားမှာ လောနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ဆက်သွယ်နိုင်ကြမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံက အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန် အထူးစိတ်ဝင်စားလျက် ရှိသည်ဟု ဂျပန်နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ လောနိုင်ငံသည် ချစ်ကြည်ရေးတံတားဟု အမည်ပေးထားသော ပထမဦးဆုံး မဲခေါင်မြစ်ဖြတ်တံတားကို ၁၉၉၄ ခုနှစ်၊ ဧပြီလက ဆောက်လုပ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

လောနိုင်ငံအစိုးရသည် အရှေ့တောင်အာရှနိုင်ငံအားလုံးနှင့် ဆက်သွယ်ရာ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ တိုးတက်မှုရရှိရေးကို အထောက်အကူပြု တွန်းအားပေးနိုင်ရန် လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန် စဉ်းစားနေကြောင်း အရာရှိတစ်ဦးက ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။ လောနိုင်ငံသည် မိမိ၏ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင် ကြသော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့် ပိုမိုနီးစပ် လာစေရန် ပြုပြင်ပြောင်းလဲဖွယ်ရှိသည်ဟု ဆိုသည်။ လော၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် နိုင်ငံတို့ ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မဲခေါင်မြစ်ဝန်းကျင်အတွင်းရှိ နိုင်ငံများ စီးပွားရေးအရ အကျိုးဖြစ်ထွန်းရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ထားသည်။

လောနိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ မည်သည့်အချိန်အခါ၌ အမှန်တကယ် ပြုပြင်ပြောင်းလဲမည်ကို မပြောနိုင်သေးသော်လည်း လော၊ ထိုင်း၊ မြန်မာနှင့် တရုတ်ပြည်တောင်ပိုင်း ယူနန်ပြည်နယ်များကို ဆက်စပ်ဖောက်လုပ်မည့် မဲခေါင်ဒေသ ပတ်လမ်းကြီး ကဲ့သို့သော စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်။ ထို့အပြင် ဗန်ကောက် – ဖနွမ်းပင်၊ ဟိုချီမင်းနှင့် ဗွန်တေမြို့ကြီးများကို ဆက်သွယ်မည့် လမ်းတစ်လမ်းကိုလည်း ဖောက်လုပ်ရန် စီစဉ်ထားသည် စသည်ဖြင့် ဗန်ကောက်မြို့ရှိ လောနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ အရာရှိ ဗီရောဆောင်ဒါရာက ပြောကြား သည်။ လောနိုင်ငံသည် မဲခေါင်ဒေသခွဲတွင် မဟာဗျူဟာ ကျသော နေရာ၌ တည်ရှိနေပြီး ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေသည်။ ဒေသတွင်း၌ အခွန်အကောက်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တူညီသော လုပ်ထုံးလုပ်နည်း များ ချမှတ်ထားရှိခြင်းဖြင့် အထက်ဖော်ပြပါ အဆိုပြုထား သော မဲခေါင်ဒေသတွင် အဝေးပြေးလမ်းမကြီး တစ်လျှောက် ၌ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျင်မြန်လာမည် ဖြစ်သည်။ လောနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသော ချစ်ကြည်ရေးတံတား၌ တူညီသော လုပ်ထုံးလုပ်နည်းများ မရှိ၍ ပြဿနာအချို့ ရှိခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော လောနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်နိုင်ငံဖြစ်လာချိန်မှစ၍ လောနိုင်ငံအား အကူအညီအထောက်အပံ့ မပေးတော့ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ရာ ယခုအခါ လောနိုင်ငံအပေါ် ချမှတ်ထားသော အကူအညီအထောက်အပံ့ပေးမှု ပိတ်ပင်ရေးအမိန့်ကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဗီယန်ကျင်းမြို့ရှိ အမေရိကန်သံရုံးက ပြောကြားသည်။ အချိန်ကာလ အကန့်အသတ်မရှိ အထောက်အပံ့ပေးမှု ပိတ်ပင်ခံခဲ့ရသော လောနိုင်ငံအား “နိုင်ငံခြားအကူအညီ အထောက်အပံ့ပေးမှု အက်ဥပဒေ” ပါ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်ပြီဟု လောနိုင်ငံသို့အလည်အပတ် ရောက်ရှိနေသော အမေရိကန် အစိုးရ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ကြေညာလိုက်ကြောင်း ဗန်ကောက်၌ ထုတ်ပြန်သော အမေရိကန် ကြေညာချက်တွင် မေလ ၁၉ ရက်နေ့က ဖော်ပြသည်။

အမေရိကန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အကူအညီပေးရေးကို ဟန့်တားနေသောတရားဥပဒေဆိုင်ရာ ပိတ်ပင်ချက်ကို ဖယ်ရှားပေးနိုင်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လာမည့်နှစ်အတွက် အမေရိကန်အစိုးရ နိုင်ငံခြားအကူအညီပေးရေး ဘတ်ဂျက်ကို ဖြတ်တောက် လျှော့ချရန် ကွန်ဂရက်လွှတ်တော်က အဆိုပြုထားသဖြင့် လောနိုင်ငံသို့ ထောက်ပံ့မှုအသစ်များပေးရန် အာမခံ နိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကွန်ဂရက် လွှတ်တော်သို့ အသိပေးကာ ပြန်တမ်းတွင် ထုတ်ပြန်ပြီးသည့်အခါ အကူအညီပေးမှု ပိတ်ပင်ရေးအမိန့် ရုပ်သိမ်းမှု အတည်ဖြစ်လာမည်ဖြစ် သည်။

ထိုင်းနှင့် လောနိုင်ငံတို့အကြား နယ်ခြား ကုန်သွယ်ရေး တန်ဖိုးမှာ ဇန်နဝါရီလမှ ဇွန်လအထိ ဒေါ်လာ ၁၉၂ သန်းဖိုးအထိ ရောက်ရှိခဲ့ရာ ယခင်နှစ် ၁၉၉၄ ခုနှစ် အလားတူအချိန်ကထက် ၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဩဂုတ်လ ၁၅ ရက်နေ့တွင်ထိုင်းရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ ထိုင်းနိုင်ငံက ကုန်သွယ်ရေး အမြတ်ငွေ ဒေါ်လာသန်း ၁၂၀ ခန့် ရရှိခဲ့သည်။ ကွန်မြူနစ်အုပ်စိုးသော လောနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံး နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။

**သဘာဝဘေးဒဏ်။** ။ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ် များသည် နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ တွင် ဂျပန်နိုင်ငံသမိုင်း၌ နှစ်ပေါင်း ၇၀ အတွင်း အဆိုးဆုံး ကိုဘေမြို့ငလျင်ကြီး၊ တောင်ကိုရီးယားနိုင်ငံ၌ နှစ်ငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု၊ အိန္ဒိယ နိုင်ငံတွင် လူ ၅၅၈ ဦးထက်မနည်း သေဆုံးစေခဲ့သော အပူလှိုင်းဖြတ်သန်းမှုများ ပါဝင်ခဲ့သည်။ ယခုမှတ်တမ်းတွင် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လကုန် အထိအတွင်း ကမ္ဘာအရပ်ရပ်၌ ပေါ်ပေါက်ခဲ့သော သဘာဝဘေးအန္တရာယ် များအနက် လက်လှမ်းမီသမျှထဲမှ မှတ်တမ်းတင်သင့်သမျှကို ဖော်ပြထားခြင်း ဖြစ်သည်။

**ငလျင်လှုပ်ခြင်း** – ၁၉၉၅ ခုနှစ်အတွင်း ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော ငလျင်များတွင် ဂျပန်နိုင်ငံ ကိုဘေမြို့၌ လှုပ်သွားခဲ့သော ငလျင်ကြီးမှာ အပြင်းထန်ဆုံးနှင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့သည်။

ဇန်နဝါရီလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၆ မိနစ်တွင် ဂျပန်နိုင်ငံအလယ်၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိသော ငလျင်ကြီးလှုပ်သွားခဲ့သည်။ ငလျင်သည် ဟွန်ရှူးကျွန်းအလယ်ပိုင်းကို ဖြတ်၍ ပစိဖိတ်သမုဒ္ဒရာမှ ဂျပန်ပင်လယ်ပြင်ဆီသို့ လှုပ်ရှားသွားခဲ့ခြင်းဖြစ်ရာ အထိနာဆုံးသော မြို့များမှာ ကိုဘေမြို့နှင့် အဝါဂျီရှီမာမြို့တို့ဖြစ်သည်။

သတင်းစတင်ထွက်ပေါ်စဉ်က အသေအပျောက်စာရင်းကို အတိအကျမသိကြသေးဘဲ လူလေးဦးထက်မနည်း သေဆုံးကြောင်းနှင့် ရထားဆယ်စီးလမ်းချော်ခဲ့ကြောင်းမျှသာ သိခဲ့ကြသည်။ အပျက်အစီးပုံများအောက်မှ လူသေအလောင်းများ ထပ်မံတွေ့ရှိခဲ့ပြီး စာရင်းချုပ်လိုက်သည့်အခါ သေဆုံးသူ ၅,၀၀၀ ကျော်ရှိခဲ့သည်။

သတင်းထုတ်ပြန်သော ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပင် နာရီမိနစ်မပြတ် သတင်းထုတ်ပြန်ခဲ့ရာ ထိုနေ့ကုန်ချိန်တွင် လူ ၂၀၄ ဦးသေဆုံး၍ ၁၃,၀၈၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီး ၂၄ နာရီတိတိအကြာတွင် ရှာဖွေတွေ့ရှိချက်အရ သေဆုံးသူ ၁,၇၁၂ ဦးဖြစ်လာခဲ့သည်။ ရာပေါင်းများစွာသော ကယ်ဆယ်ရေးလုပ်သားများက အသက်ရှင် ကျန်ရစ်မည့် သူများကိုဆက်လက်ကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြရာ အခြားနိုင်ငံများမှပါ အကူအညီပေးခဲ့ကြသည်။ ရုရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် စသောနိုင်ငံများမှ ပညာရှင်အကူအညီ၊ ငွေကြေး၊ အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး ငလျင်ကြီးကြောင့် လူ ၅,၃၀၀ သေဆုံး၊ ၂၆,၈၀၀ ကျော် ထိခိုက်ဒဏ်ရာရ၊ လူ ၃၀၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်၊ အဆောက်အအုံ ၅၆,၀၀၀ ကျော်ပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၁၀၀ ဘီလီယံ (သန်းပေါင်းတစ်သိန်း) မျှထိ ရှိခဲ့သည်။ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရေး သည်ပင်လျှင် ဒေါ်လာသန်း ၆၀၀ မျှကုန်ကျမည်ဖြစ်သည်။

ငလျင်ကျွမ်းကျင်ပညာရှင်များ၏အဆိုအရ ငလျင် အများစုသည် အလျားလိုက် သို့မဟုတ် ဘေးတိုက် ဖြတ်ရွေ့လှုပ်ရှားကြသော်လည်း ကိုဘေငလျင်ကြီးမှာ အထက်အောက် ထောင်လိုက် လှုပ်ရှားခဲ့သဖြင့် ပျက်စီးမှု ထိုမျှအထိ ကြီးမားခဲ့ကြောင်း သိရသည်။

ကိုဘေမြို့ ကမ်းလွန်တွင် လူလုပ်ဖန်တီးထားသော ကျွန်းတုနှစ်ကျွန်းသည်လည်း ငလျင်ဒဏ်ကြောင့် သုံးမီတာ (၁၀ ပေခန့်) မြုပ်ဝင်သွားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရော့ကိုကျွန်းနှင့် ၁၉၇၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ကျွန်းနှစ်ကျွန်းမှာ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်း အဆောက်အအုံများဖြင့် ကိုဘေမြို့အတိုင်း ခေတ်မီ အဆင့်မြင့် ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ရော့ကို ကျွန်းမှ အဆောက်အအုံများ၏ ပျက်စီးမှုကြီးမားသဖြင့် လုပ်ငန်းအားလုံး ပြောင်းရွှေ့လိုက်ရသည်။

ငလျင်ဒဏ်ခံခဲ့ရသော ကိုဘေမြို့ကို ပြန်လည် တည်ဆောက်ရာတွင် ငလျင်ကြောင့်မဟုတ်ဘဲ ဆောက်လုပ်ရေး လုပ်ငန်းများ၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆောက်လုပ်ရေး လုပ်သားများ ထပ်မံသေဆုံးခဲ့ရသည်။ ဇူလိုင်လတွင် တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းအရ လူ ၂၃ ဦးသေဆုံး၍ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သေဆုံးဒဏ်ရာရသူ အများစုမှာ မြင့်မားသောအဆောက်အအုံပေါ်မှ ပြုတ်ကျ၍ သေဆုံးထိခိုက်ခဲ့ကြရခြင်းဖြစ်သည်။

ထူးခြားသောဖြစ်ရပ်တစ်ခုမှာ ငလျင်လှုပ်သောနေ့ တွင်ပင် ရုတ်ရုတ်သဲသဲကြားမှ မွေးဖွားခဲ့သော ကလေးငယ် တစ်ဦးဖြစ်သည်။ ငလျင်လှုပ်ပြီး မိနစ် ၉၀ ခန့်အကြာ နံနက်

၇ နာရီ ၃၀ မိနစ်တွင် အသက် ၄၀ အရွယ် မိခင်တစ်ဦးသည် ကိုဘေမြို့တော် အထွေထွေဆေးရုံကြီးတွင် သမီးမိန်းကလေး တစ်ဦးကို ဖွားမြင်ခဲ့သည်။ မီးဖွားပေးခဲ့သော အသက် ၆၃ နှစ် အရွယ်ရှိ ဆရာဝန်ကြီး ဒေါက်တာ ဟီဒေအို တာကာရှိမာ သည် ငလျင်လှုပ်စဉ် ကြမ်းပြင်ပေါ်သို့ လဲကျ၍ သူ၏ ဘယ်ဘက်လက်ကောက်ဝတ် ကျိုးသွားခဲ့သော်လည်း ကြိုးစားရုန်းကန်ထ၍ ကလေးကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့ သည်။ ကလေးငယ်၏အမည်မှာ အိုနီရှိဟုသိရသော်လည်း မိခင်ကမူ ၎င်း၏အမည်ကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆို ခဲ့သည်။

ကိုဘေငလျင်ကြီး၏နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်၌ ငလျင်လှုပ်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဂျပန် ငလျင်ကြီးလှုပ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကိုလံဘီယာနိုင်ငံ အရှေ့ပိုင်း၌ ရစ်ချ်စတာ စကေး ၆ ဒသမ ၅ ရှိသော ငလျင်တစ်ခုလှုပ်သွားခဲ့သည်။ ထိုနေ့တစ်နေ့တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလောရက်စ်ကျွန်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၃ ရှိသော ငလျင်တစ်ခု လှုပ်ခဲ့သည်။ တစ်ဖန် ဇန်နဝါရီလ ၂၁ ရက် နေ့တွင် ရုရှနှင့်ဂျပန်နှစ်နိုင်ငံ ပိုင်ဆိုင်ခွင့်အငြင်းပွားလျက် ရှိသော ရုရှအရှေ့ဖျားရှိ ကူရိုင်းကျွန်းစုတွင် ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသော ငလျင်တစ်ခု လှုပ်ခါသွားခဲ့ပြန်သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ကိုလံဘီယာနိုင်ငံ အနောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိသော ငလျင်ကြီး တစ်ခုထပ်မံလှုပ်ခဲ့ရာအနည်းဆုံးလူ ၄၄ ဦး သေဆုံး၍ ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနိုင်ငံတောင်ပိုင်းတွင် မတ်လပထမပတ်အတွင်းက နောက်ထပ်ငလျင်ကြီးတစ်ခု ထပ်မံ လှုပ်ခဲ့ပြန်ရာ အနည်းဆုံးလူငါးဦး သေဆုံးခဲ့ပြန်သည်။

မေလ ၂၈ ရက်နေ့နံနက် ၁း၀၃ နာရီတွင် ရုရှားနိုင်ငံ အရှေ့ဖျား ဆခါလင်ကျွန်း၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော ငလျင်ကြီးလှုပ်ခဲ့ရာ အနည်းဆုံးလူ ၂,၁၆၄ ဦး သေဆုံးခဲ့သည်။ ထိုငလျင်ကြီးစတင်ရာ ကျောက်လွှာသည် ဂျပန်နိုင်ငံ ကိုဘေမြို့ငလျင်ကြီး၏ မြေကြောနှင့် တစ်ဆက်တည်းဖြစ်နေကြောင်း ဘူမိဗေဒ တိုင်းတာချက်များအရ သိရသည်။ ငလျင်လှုပ်မည်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပါလျက် ထိုဒေသရှိ တိုင်းတာရေး စခန်းများစွာသည် ငွေကြေးချို့တဲ့မှုကြောင့် ပိတ်ထား ခဲ့ရသည့်အတွက် ဤမျှ သေကျေပျက်စီးဆုံးရှုံးမှု များခဲ့ ရသည်။ ထိုဒေသသည် ပြည်မနှင့် ဝေးကွာလှမ်းသော ဒေသဖြစ်၍ ကျွန်းပေါ်ရှိ နက်ဖတီဂေါ့စ်မြို့၌ နေထိုင်သူ ဦးရေ ၃,၀၀၀ကျော်မျှသာရှိရာ သေဆုံးသူဦးရေသည် အသက်ရှင်ကျန်သူဦးရေထက် များခဲ့သည်။ အိပ်မော ကျနေချိန် ငလျင်လှုပ်ခဲ့သဖြင့်နေထိုင်သူ အားလုံးနီးပါးမျှ အဆောက်အအုံများအောက်၌ ပိတ်မိခဲ့ရာ ကယ်ဆယ်ရေး သမားများ၏ မနေမနားကြိုးပမ်းမှုကြောင့်သာ ထိုမျှ ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့တွင် ရုရှနိုင်ငံတစ်ဝန်း၌ အလံတိုင်ဝက်လွှင့်ထူ၍ ရုပ်မြင်သံကြား ပွဲမှန်အစီအစဉ်များကိုလည်း ဖျက်သိမ်းခဲ့သည်။

**တောမီးလောင်ခြင်း** – အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ စပရင်းမြို့ မြောက်ဘက်တွင် ဩဂုတ်လ ပထမပတ်အတွင်းက တောမီးလောင်ခဲ့ရာ ဒေသ၏သစ်တောဧက ၂၁,၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့သည်။

**နှင်းကျခြင်း** – အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ကက်ရှ်မီးယား (ကသ္မီရ)ပြည်နယ်တွင် ဇန်နဝါရီလအတွင်းက နှင်းများ ထူထပ်စွာကျပြီး ရေခဲတောင်များပြိုကျခဲ့သဖြင့် အဝေးပြေး လမ်းမကြီးများ ပိတ်ဆို့သွားခဲ့ရာ ပြည်နယ်မြို့တော် ရှရီနဂါး (သီရိနဂရ) မြို့တွင်စားနပ်ရိက္ခာများ ပြတ်လပ်သွားခဲ့သည်။

ထို့အတူဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု၊ အော်ရီဂွန်ပြည်နယ်တွင်ရော့ကီးတောင်တန်း၌ နှင်းများငါးပေ မျှအထိ ထူထပ်စွာကျရောက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပေါ် ခဲ့ သဖြင့် ယာဉ်တိုက်မှုပေါင်းရာနှင့်ချီ၍ ဖြစ်ပွားခဲ့သည်။ ကော်လိုရာဒိုပြည်နယ်နှင့်ယူတား ပြည်နယ်တို့ တွင် လည်း စကီးစီးသမားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံတော် မိုးလေဝသ ဌာန၏ သတင်းထုတ်ပြန်ချက်အရ ကော်လိုရာ ဒိုပြည်နယ် တစ်ခုတည်းတွင်ပင်နှင်းများထူထပ်စွာ ကျပြီး ၄၈ နာရီ အတွင်း မြေပြိုမှုပေါင်း ၆၀ ကျော် ဖြစ်ပေါ်ခဲ့သည်။

**မီးတောင် ပေါက်ကွဲခြင်း** – ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကာရစ်ဘီယံကျွန်း၏ အမြင့်ဆုံး တောင် ဖြစ်သော ပေ ၃,၀၀၀ အမြင့်ရှိ ချွန်ဆက်စ်မီးတောင် ပေါက်ကွဲခဲ့သည်။ မီးတောင်မပေါက်ကွဲမီ ကြိုတင်တိုင်းတာ သိရှိခဲ့သောကြောင့် ကျွန်းသူကျွန်းသား ထောင်ပေါင်း များစွာကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထား နိုင်ခဲ့သည်။ မီးတောင်ပြာများသည် မှိုပွင့်ပုံ တိမ်တိုက်ကြီး သဖွယ် ကောင်းကင်အမြင့်ပေ ၂,၀၀၀ ခန့်အထိသို့ ထိုးတက် သွားခဲ့သည်။ ၃၉ စတုရန်းမိုင် ကျယ်ဝန်းသော

ထိုကျွန်းသည် ရှေးဟောင်းမီးတောင်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ကျွန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကျော် ပင်နာတူဘိုမီးတောင်သည်လည်း ဇူလိုင်လစတုတ္ထပတ်အတွင်းက ပွက်ပွက်ဆူနေသော ရွံ့ရည်ပူများ ပေါက်ကွဲယိုစီးခဲ့သဖြင့် မနီလာမြို့မြောက်ဘက် ပန်ပန်ဂါပြည်နယ်တွင် အနည်းဆုံးအိမ်ခြေ ၂၂၆ လုံး နစ်မြုပ်ပျက်စီးခဲ့သည်။ အချို့နေရာများတွင် ရွံ့ရည်ပူများသည် ၁၅ ပေမျှအထိ ထူထပ်စွာ စီးဆင်းခဲ့သည်။ လူဦးရေ ၇,၀၀၀ မျှရှိသော မိသားစု ၁,၃၀၀ ကျော်သည် ဘေးလွတ်ရာနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ပင်နာတူဘိုမီးတောင်သည် ၁၉၉၁ ခုနှစ်က ပြင်းထန်စွာပေါက်ကွဲခဲ့စဉ် လူ ၈၀၀ ခန့် သေဆုံးခဲ့ကြရသည်။

ဇူလိုင်လအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဆီမာရူးမီးတောင် ပေါက်ကွဲခဲ့သဖြင့် စိုက်ပျိုးမြေဧက တစ်ထောင်ကျော် ပျက်စီးပြီး လူရာပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။ ပေ ၁၂,၀၆၀ မြင့်သော ဆီမာရူးမီးတောင်မှ ထွက်လာသောပြာပူ၊ ချော်ရည်ပူနှင့် ကျောက်စိုင်အစအနများသည် ကုဗပေ ၄၅၅ သန်းမျှ ရှိမည်ဟု ခန့်မှန်းကြသည်။

**မိုးခေါင်ခြင်း** – နှစ်ငါးဆယ်ကျော်အတွင်း အဆိုးဝါးဆုံး မိုးခေါင်မှုဒဏ်ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ခံစားခဲ့ရသည်။ ဒဏ်အခံရဆုံး ဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများဖြစ်သည်။ နှစ်စဉ် ရွာသွန်းနေကျ မိုးရေချိန်၏ တစ်ဝက်မျှပင် မရရှိသဖြင့် မြေများအက်ကွဲကာ ရေလှောင်တမံများလည်း ခန်းလုနီးပါးဖြစ်ခဲ့သည်။ မိုးခေါင်မှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် စက်မှုထွက်ကုန်ထုတ်လုပ်ရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။

**မုန်တိုင်း** – ၁၉၉၅ ခုနှစ်၏ ပထမဆုံးမုန်တိုင်းမှာ ပြင်သစ်ပိုင် ပိုလီနီးရှားကျွန်းစုတွင် ဇန်နဝါရီလ ၂ ရက်နေ့က တစ်နာရီ ကီလိုမီတာ ၂၀၀ ( ၁၂၅ မိုင် ) နှုန်း တိုက်ခတ်ခဲ့သော ဝီလီယံအမည်ရှိ ဆိုင်ကလုံးမုန်တိုင်းဖြစ်သည်။ မုန်တိုင်းကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး အိမ်ခြေ ၁၅၀ ကျော် ပျက်စီးခဲ့သည်။ တဟီတီကျွန်းမှအမျိုးသမီးတစ်ဦးမှာမုန်တိုင်းတိုက်သွားပြီးနောက် အိမ်အမိုးကိုပြင်ရန် ကြိုးစားနေစဉ် ပြုတ်ကျ၍ သေဆုံးခဲ့သည်။

မတ်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းများ ကျရောက်ခဲ့ပြီး မိုးကြီးရေလွှမ်းခဲ့သဖြင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံးပြီး ဒေါ်လာသန်း ၂,၀၀၀ ဖိုး ခန့် ပျက်စီးဆုံးရှုံး ခဲ့သည်။ ပြည်နယ်၏ တစ်ဝက်ကျော်ကို ဘေးဒုက္ခ(ကပ်သင့်) ဒေသအဖြစ် ကြေညာခဲ့သည်။

ဧပြီလ ဒုတိယပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်း၌ ပေါ်ပေါက်ခဲ့သော မုန်တိုင်းကြောင့် အနည်းဆုံး လူ ၄၀ သေဆုံး၍ လူ ၅၀၀ ကျော် ဒဏ်ရာရခဲ့ပြီး အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့သည်။

ဧပြီလ စတုတ္ထပတ်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဖူကျိုမြို့တွင် မိုးသီးမုန်တိုင်းကျရောက်၍ လူ ၆၀၀ ခန့် ဒဏ်ရာရပြီး အဆောက်အအုံ ၁၃,၀၀၀ ပျက်စီးခဲ့ရာ မိုးသီးများမှာ အချင်းခြောက်လက်မခန့်အထိရှိပြီး ၁ ဒသမ ၅ ပေါင်ခန့်အထိ လေးသဖြင့် ထိခိုက်ပျက်စီးမှုများခြင်း ဖြစ်သည်။

ဧပြီလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း၌လည်း မိုးသက်မုန်တိုင်းများ အဆက်မပြတ်ကျရောက်ခဲ့သဖြင့် လူ ၂၀ ကျော် သေဆုံးပြီး ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေလအတွင်းက အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ် တောင်ပိုင်း၌ ပေါ်ပေါက်ခဲ့သော မိုးသက်မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၃,၀၀၀ ဖိုးမျှ ရှိခဲ့သည်။ တင်နက်စီပြည်နယ်တွင် တိုက်ခတ်ခဲ့သော တော်နေးဒိုးမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး၍ ၄၀ ကျော် ဒဏ်ရာရခဲ့သည်။

မေလအတွင်း၌ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုန်တိုင်းနှင့် ဒီရေလှိုင်းဒဏ်ကြောင့် လူ ၁၅၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာသန်း ၂၅၀ မျှ ရှိခဲ့သည်။ မုန်တိုင်းနှင့်နောက်ဆက်တွဲ ဘေးအန္တရာယ်များကြောင့် သေဆုံးသူ ၁၃၄ ဦးတွင် ရေမသန့်ရှင်း၍ဖြစ်ရသော ဝမ်းရောဂါကြောင့် သေဆုံးရသူ ၃၄ ဦး ပါဝင်ခဲ့သည်။ အဆိုးဆုံးဒေသများမှာ စစ်တကောင်း၊ ကော့စ်ဘဇား၊ ကူတပ်ဒီယာ၊ မဟေရှခါလီ၊ ဆန်ဒွစ်နှင့် ချော့ကိုရီးယားနယ်များဖြစ်သည်။ ထိုဒေသများမှ လူ ၃၀၀,၀၀၀ ကျော်သည် ဝမ်းလျှောရောဂါများ ခံစားခဲ့ကြရသည်။

မေလကုန်ကာနီးတွင် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်တွင် တော်နေဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်သွားခဲ့ရာ လူသုံးဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းတစ်ခုရှေ့တွင် ရပ်ထားသော မော်တော်ကားတစ်စီးသည် လေထဲသို့မြောက်တက်သွားပြီး

ပေ ၆၀၀ ခန့်အကွာ တောအုပ်ထဲသို့ ကျသွားခဲ့ရာ ကားပေါ်ပါသူ ကျောင်းသားနှစ်ဦးနှင့် ကျောင်းဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့သည်။

ဇူလိုင်လ ပထမပတ်အတွင်းက တရုတ်နိုင်ငံ အရှေ့ဘက် ရှန်တုန်ပြည်နယ်တွင် မိုးသက်လေပြင်းကျခဲ့ရာ လူအသေအပျောက် မရှိခဲ့သော်လည်း ဖျိုင်းအကောင် ၃၀၀ ကျော်နှင့် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှိခဲ့သော ဆိုက်ပရပ်ပင်ကြီးများ ပျက်စီးခဲ့သည်။ ထိုသစ်ပင်ကြီးများမှာ ကျူးဖူးမြို့ရှိ ကွန်ဖြူးရှပ်ကျောင်းတော်ဝင်းအတွင်း ရှေးနှစ်ပေါင်းတစ်ထောင်ကျော်က စိုက်ပျိုးထားခဲ့သော သမိုင်းဝင်သစ်ပင်ကြီးများ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လတတိယပတ် အကုန်၌ နောက်ထပ်တော်နေးဒိုးမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ အိမ်ခြေ ၂,၅၀၀ ခန့် ပျက်စီး၍ လူနှစ်ဦးသေဆုံးခဲ့သည်။ ဇူလိုင်လအတွင်း မုန်တိုင်းနှင့် မုတ်သုန်မိုးတို့ကြောင့် သေဆုံးခဲ့သူဦးရေမှာ ၁၈၀ ရှိခဲ့သည်။

ဇူလိုင်လ စတုတ္ထပတ်၌ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းတွင် ပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၃ ဦး သေဆုံး၍ ၂၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ပေ ၂၀ မျှမြင့်သော လှိုင်းလုံးကြီးများသည် တောင်ပိုင်းမြို့ ယေဆူး၏ ကမ်းနားလမ်းပေါ်မှ ဘတ်စကားတစ်စီးကို ရိုက်ခတ်သွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်။ တစ်နာရီ ၉၄ မိုင်နှုန်းခန့် တိုက်ခတ်သွားသော ဖေယီအမည်ရှိ ထိုတိုင်ဖွန်းမုန်တိုင်းကြောင့် အချို့နေရာများတွင် လှိုင်းလုံးအမြင့် ၂၆ ပေမှ ၃၃ ပေအထိ မြင့်တက်ခဲ့ပြီး မိုးရေချိန် ၁၄ လက်မအထိ ရွာသွန်းစေခဲ့သည်။

**မြေပြိုခြင်း** – အိုက်စလန်နိုင်ငံ အနောက်မြောက်ပိုင်း တဲငါရွာ တစ်ရွာပေါ်သို့ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်စောစောပိုင်းတွင် နှင်းတောင်ပြိုကျခဲ့ရာ ကလေး ၁၁ ယောက်အပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့သည်။

ဇန်နဝါရီတတိယပတ်အတွင်း၌ပင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကက်ရှမီးယားပြည်နယ်တွင် နှင်းဖုံးနေသော တောင်ပြိုကျ၍ လူ ၁၄ ဦး သေဆုံးခဲ့သည်။ ကက်ရှမီးယားပြည်နယ်၏ အမြှာမြို့တော်နှစ်ခုဖြစ်သော ဂျမူးနှင့် ကက်ရှမီးယားမြို့နှစ်မြို့ကို ဆက်သွယ်ထားသော ဟိမဝန္တာတောင်ပေါ်လမ်းသည် နှင်းများထူထပ်စွာ ကျရောက်ခြင်း၊ တောင်ပြိုခြင်းများကြောင့် အဆက်အသွယ်များ ပြတ်တောက်ခဲ့သည်။ ရှရီနဂါး (သီရိနဂရ) မြို့နှင့် ဂျမူးမြို့ကိုဆက်သွယ်သော အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ဇန်နဝါရီလအတွင်း နှင်းတောင်ပြိုကျခြင်းကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ရာသီဥတု ဆိုးဝါးသောဒေသမှ လူ ၅,၀၀၀ ကျော်ကို ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရသည်။ ခရီးသည်အချို့မှာ တောင်ကိုဖောက်ထားသော ၁ဒသမ ၇ မိုင်ရှည်သည့်ဥမင်လိုဏ်ခေါင်းထဲတွင် ပိတ်မိခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့က အာဖဂနိစတန်နိုင်ငံ၊ ဘဒက်ခ်ရှန်ပြည်နယ်တွင် မိုးသည်းထန်၍ မြေပြိုခဲ့ရာ လူ ၃၅၄ ဦး သေဆုံးခဲ့ပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါမီယာတောင်တန်းမှ ကျေးရွာတစ်ရွာတွင် ဖြစ်ခဲ့သော မြေပြိုမှုကြောင့် အခြားကျေးရွာများမှ ရွာသူရွာသားများလည်း မြေပြိုမှုထပ်မံဖြစ်ပွားမည်ကို စိုးရိမ်၍ အိုးအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

ဇူလိုင်လအတွင်းကလည်း ဘိုဂိုတာမြို့တော် မြောက်ဘက် မိုင် ၁၄၀ အကွာရှိ ဖရက်ဒိုနီယာမြို့တွင် မြေပြိုမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးခဲ့သည်။

**ရေကြီးခြင်းနှင့် မိုးသည်းထန်ခြင်း** – ၁၉၉၅ ခုနှစ်ဦးအစ ဇန်နဝါရီလအတွင်းက ဂျာမနီနိုင်ငံ ရိုင်းမြစ်ရေလျှံမှုကြောင့် ရှေးဟောင်းမြို့တော် ကိုလုံးဒေသတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုများသည် ရိုင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကော့ဘလန့်ဇ်၊ ဒွဇယ်ဒေါ့ဖ်၊ ဒစ်စဘာ့ဂ်နှင့် ဘွန်းမြို့များတွင်ပါ ပေါ်ပေါက်ခဲ့သည်။ မြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်၍ ၃၄ ဒသမ ၅ ပေအထိ ရောက်ရှိခဲ့သဖြင့် မတ်ငွေသန်း ၁၀၀ (ဒေါ်လာ ၆၆ သန်း) မျှ ဆုံးရှုံးခဲ့ရသည့် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလက ရေကြီးမှုထက်ပင် ပိုမိုမြင့်တက်ခဲ့သည်။ ထိုစဉ်က ရေကြီးခဲ့မှုသည် ရာစုနှစ်အတွင်း ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံး စံချိန်တင်ခဲ့သည်။

ဇန်နဝါရီလအတွင်း၌ပင် ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်းတို့ကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ အခြားဥရောပနိုင်ငံများ၌လည်း ရေကြီးမှု၊ မိုးသည်းထန်မှုများ ပေါ်ပေါက်ခဲ့ရာ ဗဲလဂျီယမ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံများတွင် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း၌ပင်သေဆုံးသူ ၃၀ ကျော်ရှိခဲ့ပြီး လူ ၁၅,၀၀၀ ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရသည်။ ပြင်သစ်တစ်နိုင်ငံတည်း၌ပင် လူ၆,၀၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရပြီး အိမ်ခြေ ၄,၀၀၀ ခန့် ပျက်စီးခဲ့သည်။

နယ်သာလန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ပေါ်ပေါက်ခဲ့သော ရေကြီးမှုသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့ရာ လူ ၂၅၀,၀၀၀ ခန့်နေအိမ်များမှ စွန့်ခွာခဲ့ကြရသည်။ ဖေဖော်ဝါရီလအတွင်း၌ပင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျဗားနှင့် ဆူမာတြာကျွန်းများတွင်ရေကြီးမှုများ ပေါ်ပေါက်ခဲ့သောကြောင့် စပါးစိုက်ပျိုးထားသော မြေဧက ၅၆,၀၀၀ ကျော် ရေလွှမ်းခံခဲ့ရပြီး လူ ၁၄ ဦး သေဆုံးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြာကျွန်းမြောက်ပိုင်း၌ပင် မေလ ပထမပတ်အတွင်းမိုးသည်းထန်စွာရွာပြီး မြေပြိုခဲ့ရာ လူ ၅၅ ဦးသေဆုံး၍ ၅၈ ဦးပျောက်ဆုံးခဲ့သည်။ လူ ၁၇,၅၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဒေါ်လာ သန်း ၆၀၀ ကျော်မျှ ပျက်စီးဆုံးရှုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မှု ငါးလတာမျှ မိုးခေါင်နေမှုကို အဆုံးသတ်စေသော မေလလယ်မိုးကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၀၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာ ခဲ့ကြရသည်။ တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာပေါင်းများစွာကို ဒီရေလှိုင်းများက ရိုက်ပုတ်သွားခဲ့ရာ အိမ် ၄၀၀ ကျော်နှင့် ပုစွန်မွေးမြူရေး၊ ဆားချက်ကွင်းများ ပျက်စီးခဲ့သည် ။

မေလလယ်အတွင်း၌ပင် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်ပြည်နယ်၏ တောင်ပိုင်းတွင် မိုးသည်းထန်ပြီး မြေပြိုခဲ့ရာ အနည်းဆုံး လူ ၂၅ ဦး အရှင်လတ်လတ်မြေမြှုပ်ခံ သေဆုံးခဲ့ကြပြီး အိမ်ခြေ ၄၀၀ ခန့် ပျက်စီးခဲ့သည်။

မေလကုန်နှင့်ဇွန်လပထမပတ်အတွင်းက အီရန်နိုင်ငံအနှံ့ သည်းထန်စွာ ရွာသွန်းခဲ့သော မိုးကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်တွင် ဇွန်လ ၃ ရက်နေ့ တစ်နေ့တည်း ၁၂ နာရီကြာ သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ခဲ့ပြီး အနည်းဆုံးလူ ၅၃ ဦး သေဆုံးကာ ပျက်စီးမှုဒေါ်လာ ၁၇၃ သန်းမျှရှိခဲ့သည်။ စိုက်ပျိုးမြေဧက ၃၈၅,၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရသည်။

ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်ပြီး မြစ်ရေလျှံခြင်းကြောင့် လူ ၅၀ ကျော်သေဆုံးခဲ့ရပြန်သည်။ ဇွန်လကုန်ခါနီးတွင်မှု တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်၌ ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် အနည်းဆုံးလူ ၉၀ သေဆုံးခဲ့ပြီး ဒေါ်လာသန်း ၂၄၀ တန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတစ်ဝန်းတွင် ၁၉၉၅ ခုနှစ်၊ ဇွန်လကုန်အထိ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် သေကြေပျက်စီးခဲ့ရသူ ၆၀၀ ကျော် ရှိခဲ့သည်။ ဇူလိုင်လကုန်တွင်မှု သေဆုံးသူဦးရေ ၁,၅၀၀ ခန့်အထိ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူ ၅၀,၀၀၀ ရှိခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ဇူလိုင်လ ၁၅ ရက်နေ့အထိ ၇ ဒသမ ၉၂ ဘီလီယံဒေါ်လာ (သန်းပေါင်း ၇,၉၂၀) ဖြစ်ခဲ့သည်။ စိုက်ပျိုးမြေဧက ၆၅ ဒသမ ၉ သန်း၊ ဒုက္ခသည်ပေါင်း သန်း ၁၅၀၊ ပျက်စီးခဲ့သော အိုးအိမ် ပေါင်း ၁ ဒသမ ၃၄ သန်း ရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆိုးဆုံးရေကြီးမှု ဇွန်လနှင့် ဇူလိုင်လတွင် ထပ်မံဖြစ်ပေါ်ခဲ့ရာ လူဦးရေ ၁ ဒသမ၅ သန်းဘေးဒုက္ခရောက်ခဲ့ပြီး လူ ၁၆၀ ကျော်သေဆုံးခဲ့သည်။ ဇူလိုင်လစတုတ္ထပတ်အတွင်း၌ပင် ပါကစ္စတန်နိုင်ငံ၌ ရေကြီးခဲ့ရာ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အနည်းဆုံး လူ ၁၁၀ သေဆုံးပြီး ရာပေါင်းများစွာပျောက်ဆုံးခဲ့သည်။ လူ ၅၀,၀၀၀ ကျော် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇူလိုင်လအတွင်း၌ပင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ ၆၂ ဦး ထပ်မံ သေဆုံးခဲ့ပြန်သည်။

ထိုင်းနိုင်ငံ ကျေးလက်ဒေသတွင် ဩဂုတ်လမှ စက်တင်ဘာလဆန်းပိုင်းအထိ နိုင်ငံအနှံ့အကြီးအကျယ် ရေလွှမ်းမိုးခဲ့သည်။ ပြည်နယ် ၇၆ ခုအနက် ၅၄ ပြည်နယ်တွင်ရေလွှမ်းမိုးခံခဲ့ရာ လူ ၂၉ ဦး သေဆုံး၍ မိသားစုပေါင်း ၃၇၀,၀၀၀ တို့ရေဘေးကြုံရပြီး လူနေအိမ် ၂၀,၀၀၀ ကျော် ပျက်စီးခဲ့သည်။ လယ်မြေဧက တစ်သန်းကျော်၊ လမ်းပေါင်း ၆,၇၀၀၊ တံတား ၆၀၄ ခု၊ ဆည်နှင့်ရေလှောင်တမံ ၆၁၉ ခုတို့ ပျက်စီးခဲ့ရပြီး ကျွဲနွားနှင့် အိမ်မွေးတိရစ္ဆာန် စုစုပေါင်း ၆၀၀,၀၀၀ ကျော် သေဆုံးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု ဒေါ်လာ ၅၄ဒသမ ၈ သန်း ရှိခဲ့သည်။

ဩဂုတ်လလယ်ပိုင်းတွင် မော်ရိုကိုနိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးရေကြီးမှု မာရာကက်ရှ်မြို့ အနီးတွင် ဖြစ်ပေါ်ခဲ့ရာလူ ၁၅၆ ဦး သေဆုံးခဲ့သည်။ ထိုနိုင်ငံတွင်ပင် စက်တင်ဘာလ ပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုထပ်ဖြစ်ခဲ့ပြန်ရာ လူ ၃၁ ဦး ထပ်မံသေဆုံး ခဲ့သည်။

**အပူလှိုင်း** – မေလပထမပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းကို ဖြတ်သန်းသွားသော အပူလှိုင်းကြောင့် လူခုနစ်ဦး သေဆုံးပြီး ရာပေါင်းများစွာ ဖျားနာခဲ့ကြသည်။

အပူလှိုင်းသည် အိန္ဒိယနိုင်ငံတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇွန်လအတွင်းက ပြင်းထန်သောအပူလှိုင်းဖြစ်ပေါ်ခဲ့ရာ လူ ၃၀၀ နီးပါးမျှ သေဆုံးခဲ့သည်။ အဆိုးဝါးဆုံးဒေသများမှာ အန္ဒြာပရာဒေ့ရှ်၊ ဥတ္တရပရာဒေ့ရှ်၊ ပန်ဂျပ်၊ ရာဂျာစသန်ပြည်နယ်များဖြစ်သည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန် ၁၁၃ ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး ထိုပြည်နယ်တစ်ခုတည်းမှ ဇွန်လ ၁၅ ရက်အတွင်း သေဆုံးသူ ၁၁၅ ဦး ရှိခဲ့သည်။ သဲကန္တာရဒေသဖြစ်သော ရာဂျာစသန်ပြည်နယ်တွင်မူ အပူချိန် ၁၂၂ ဒီဂရီဖာရင်ဟိုက် အထိ မြင့်တက်ခဲ့သည်။ အပူလှိုင်းသည် ဇွန်လအတွင်း အားပျော့မသွားဘဲ သုံးပတ်ဆက်တိုက် ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူလူဦးရေသည် ၅၅၈ ယောက်အထိ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သော ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏ ဘာသာရေးမြို့တော် ဗာရာဏသီမြို့တစ်မြို့၌ သေဆုံးသူဦးရေ ပင်လျှင် ၂၀၀ ရှိခဲ့သည်။ ဂင်္ဂါမြစ်ကမ်းတစ်လျှောက်ရှိ မြို့တော်၏အကြီးဆုံး သုသာန်နှစ်ခု၌ တစ်ပတ်အတွင်း မြှုပ်နှံခဲ့သော အလောင်းမှာ ၁,၂၁၈ ဦး ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ဦးမြလင်း

## သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၅)။

။၁၉၉၅ ခုနှစ်အတွင်း ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓာပွားများနိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော်ပေါင်း ၁,၆၂,၀၉၈ ပါး၊ သာမဏေပေါင်း ၂,၃၃,၈၄၀ ပါး၊ စုစုပေါင်း ၃၉၅,၉၃၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၃,၀၂၂ ပါး သီတင်းသုံး နေထိုင်လျက် ရှိကြသည်။

### ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာ့တာဝန်ကို အားသွန်ခွန်စိုက်ထမ်းဆောင်တော်မူကြသော ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကဆရာတော်များ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များနှင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြင့် ဆက်ကပ်လှူဒါန်း ထောက်ပံ့ချီးမြှင့်ခဲ့ရာ ၁၉၉၅ ခုနှစ်၊ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၉၅) ဖြင့် ဆရာတော်ကြီးနှစ်ပါးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှဆရာတော်ကြီး အပါး ၂၀ နှင့် ပြည်ပမှဆရာတော်ကြီးတစ်ပါးတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချဆရာတော် အပါး ၂၀ နှင့် သီလရှင်ဆရာကြီးတစ်ပါးအား အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း စာချဆရာတော် ၂၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါး တို့အား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ စာချဆရာတော်ရှစ်ပါးတို့အား စူဠဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်ကြီးကိုးပါးတို့အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးနှစ်ပါး တို့အား မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ဆရာတော်တစ်ပါးအား စူဠကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ နယ်လှည့် ဓမ္မကထိကဆရာတော်ကြီးနှစ်ပါးအား ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သာသနာ့တာဝန်ကို အားသွန်ခွန်စိုက်ထမ်းဆောင်တော်မူသော ဆရာတော်ကြီးတစ်ပါးအား အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပြည်တွင်းမှ ဆရာတော်ကြီး ၁၇ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီးနှစ်ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးရှစ်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးအား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆရာတော်ကြီးလေးပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းထောက်ပံ့ခဲ့သည့်အပြင် သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းကြသော လူပုဂ္ဂိုလ်အမျိုးသားသုံးဦးတို့အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်နှင့် အမျိုးသမီးနှစ်ဦးအား သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တို့ကို ချီးမြှောက်ထောက်ပံ့ခဲ့သည်။

## စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပခြင်း

ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၉၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့ထိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ စုစုပေါင်း ၁၃၅၄ ပါး ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးအောင်ခင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပထမ အစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၅၆ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက် (၁၉၉၅ ခုနှစ်၊ မတ်လ ၁၂ ရက်)တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော် အတွင်း ကျင်းပသည်။

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၁၈)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို ရွေးချယ်တင်မြှောက်ရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဖြစ် မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတအား ရွေးချယ်တော်မူကြပြီး သဘာပတိ ဆရာတော်က အစည်းအဝေးကြီး၏အတည်ပြုချက်ကို ရယူကာ အတည်ပြု ပေးတော်မူသည်။

ဆက်လက်၍ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ်(၂၂)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဒုတိယ ဥက္ကဋ္ဌဆရာတော်များအဖြစ် မကွေးတိုင်း၊ စလင်းမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရေဝတီတိုင်း၊ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ခေမာစာရ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စိန်မမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မန္တလေးတိုင်း၊ ချမ်းအေး သာဇံ မြို့နယ်၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏ ဘိဝံသ၊ ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မဟာဝတ္တုကံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလ သာမိတို့အား လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် မန္တလေးတိုင်း၊ မိတ္ထီလာမြို့၊ ဓမ္မာစရိယ ပထမကျော် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၊ ပြင်ဦးလွင်မြို့၊ ရတနာ မာရ်အောင်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိဟ၊ ရေဝတီတိုင်း၊ ဟင်္သာတမြို့ ရတနာ ဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာဘ သာမိ၊ ညောင်တုန်းမြို့၊ပုဏ္ဏာရာမ ဈေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသဘိဝံသ၊ မကွေးတိုင်း၊ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ၊ ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ မဟာဝိသုဒ္ဓာရုံတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညတို့အား တင်သွင်းရာ သဘာပတိ ဆရာတော်က အစည်းအဝေးကြီး အတည်ပြု ချက် ရယူကာ အတည်ပြုပေးတော်မူသည်။

ယင်းနောက် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း အခန်း(၅)၊ အပိုဒ်(၂၇)နှင့်အညီ စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က စတုတ္ထအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော် ၄၇ ပါးတို့၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြား တင်သွင်းရာ သဘာပတိဆရာတော်က အတည်ပြုချက်ကို ရယူ၍ အတည်ပြုပေးတော်မူပြီး စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကိုပြန်လည်ကျင်းပရာ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက

သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော် မူသည်။

အစည်းအဝေးသဘာပတိ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသောဘိတက ဩဝါဒကထာ မြွက်ကြားတော်မူပြီး စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က တင်သွင်းလျှောက်ထား၍ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူပြီး စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ညနေလေးနာရီတွင် ရုပ်သိမ်းလိုက်သည်။

## ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော် အယူခံဝင် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးသုံးသပ်ဆုံးဖြတ်စေခဲ့ရာ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံမှုခင်း ၃၇ မှုနှင့် နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးမှု နှစ်မှုတို့ကို စစ်ဆေးသုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းလျာထားမှု ခြောက်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော ဝိဝါဒါဓိကရဏ်းမှု ငါးမှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးပြတ်မှု ရှစ်မှု၊ (၄၇) ပါးစုံညီ အစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူမှု (၂၂) မှု၊ အထူးအစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူမှု သုံးမှု၊ အထွေထွေဝိနိစ္ဆယဆောင်ရွက်မှု ၁၂၁ မှုတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## စာမေးပွဲများ ကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မကောဝိဒအောင် တစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် နှစ်ပါး၊ ဝိနယ ကောဝိဒ အောင် သုံးပါး၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းရေးဖြေအောင် တစ်ပါး၊ ဝိနည်း ပထမပိုင်းနှင့် ကျမ်းရေးဖြေအောင် ကိုးပါး၊ ဒီဃဘာဏကအောင် တစ်ပါး၊ ဝိနယဓရအောင် ၁၆ ပါး၊ ဝိနည်းပထမပိုင်းနှင့် ကျမ်းအာဂုံအောင် ၁၆ ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် ၄၉ ပါး ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် (၄၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး၌ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋက ကျောင်းတိုက်မှ အရှင်ဝါယာမိန္ဒသည် သင်ရိုးပိဋကသုံးပုံကို အာဂုံရေးဖြေနှစ်ရပ်လုံး ပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပြီး ဆဋ္ဌမမြောက် တိပိဋကဆရာတော် တစ်ပါး ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာနပေါင်း ၂၅ ဌာနတို့၌ ကျင်းပရာ ၄၄၇၈ ပါး ဝင်ရောက်ဖြေဆိုတော်မူကြ၍ ကျမ်းရင်းသုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ (၉၄) ပါး၊ ကျမ်းရင်း နှစ်ကျမ်းအောင် ၈၇ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် ၁၃၁ ပါးနှင့် မြန်မာ ဂုဏ်ထူး သုံးပါး စုစုပေါင်း ၃၁၅ ပါး အောင်မြင်သည်။

ပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်းအသီးသီးရှိ စာဖြေဌာနများ၌ ကျင်းပခဲ့ရာ ပထမကြီးတန်းတွင် ၆၄၁၆ ပါး ဝင်ရောက်ဖြေဆို၍ ၂၈၃၆ ပါး အောင်မြင်ခဲ့သည်။ ပထမလတ်တန်းတွင် ၁၀၆၂၅ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၆၇ ပါး အောင်မြင်ခဲ့သည်။ ပထမငယ်တန်း၌ ၁၆၃၇၈ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၇၁၀၇ ပါး အောင်မြင်ခဲ့သည်။ အခြေပြုမူလတန်း၌ ၁၃၈၀၁ ပါး ဝင်ရောက်ဖြေဆို၍ ၆၃၉၃ ပါး အောင်မြင်သည်။

လူနှင့် သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ပြည်နယ်/တိုင်း အသီးသီးရှိ စာဖြေဌာန ၁၀၂ ဌာနတို့၌ ကျင်းပခဲ့ရာ ၉၆၇၄ ဦး ဝင်ရောက်ဖြေဆို၍ ၄၂၇၈ ဦး အောင်မြင်ခဲ့သည်။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကို စာဖြေဌာန ၅၈ ဌာန၌ ကျင်းပခဲ့ရာ ၁၁၂၀၂ ပါး စာရင်းသွင်း၍ ဖြေဆိုသူ ၆၈၂၆ ပါး ရှိသည်။

## စာမူများ စိစစ်ခြင်း

၁၉၉၅ ခုနှစ်အတွက် ဗုဒ္ဓဘာသာစာမူပေါင်း ၄၈၁ မူ အနက် ထုတ်ဝေခွင့်ပြုသောစာမူပေါင်း ၂၂၈ မူရှိ၍

ထုတ်ဝေခွင့်မပြုသော စာမူ ခြောက်မူရှိသည်။ စာမူ ၄၇ မူကို ပြင်ဆင်စေ၍လည်းကောင်း၊ စာမူ ၁၁၂ မူကို ဖြတ်ပယ်ပြင်ဆင်စေ၍လည်းကောင်း ထုတ်ဝေခွင့်ပြုခဲ့ပြီး စာမူနှစ်မူကို ပြင်ဆင်၍ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သည်။

## လမ်းညွှန်ချက် ရှင်းလင်းပွဲ ကျင်းပခြင်း

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ၂၅–၈–၉၅ နှင့် ၂၆–၈–၉၅ နေ့များတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ ပြည်နယ်/တိုင်း သီလရှင်အမှူးဆောင် ဆရာကြီးများ ကြွရောက်ကြသည့်အပြင်သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဦးစီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ရှင်းလင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ ဩဝါဒကထာကို နာယူကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရကလည်းကောင်း၊ သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟကလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဗုဒ္ဓဘာသာသီလရှင်ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ပြန်လည်ရှင်းလင်းတင်ပြပြီး လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

**သီရိလင်္ကာနိုင်ငံ။** ။၁၉၉၄ ခုနှစ်၊ ဩဂုတ်လက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သော ကုမာရတွန်းဂါးသည် ၁၂ နှစ်ကြာဖြစ်ပွားခဲ့သော တမီးလ်နယ်ခွဲထွက်ရေးသူပုန်တို့နှင့် တိုက်ခိုက်မှုများပြီးငြိမ်းရပ်စဲသွားစေရန် ပဓာနထား ကာ ဦးစားပေးဆောင်ရွက်လျက်ရှိနေခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၉၅– စာ၊ ၃၃၆– ရှု။) ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပရာဘဟာကာရန် ဦးဆောင်သည့် တမီးလ်ပြောက်ကျားအဖွဲ့တို့နှင့် ကိုလံဘိုမြို့တွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲမှာ အောင်မြင်မှု မရရှိခဲ့ချေ။ တမီးလ်တို့အထဲမှ သဘောထားညွတ်ပျောင်းသူများကို အမျိုးသားလွှတ်တော်၌ ပါဝင်စေကာ တာဝန်ပေးအပ်မည်ဟု မစ္စစ်ကုမာရတွန်းဂါးက ပြောကြားသည်။ တမီးလ်ပြောက်ကျားအဖွဲ့က လက်မခံသဖြင့် ဆွေးနွေးပွဲမှာ ပျက်ပြားသွားခဲ့ရသည်။

အစိုးရက လိုက်လျောသည့်အနေဖြင့် ဂျက်ဖနာကျွန်းနယ်မြေဘက်သို့ သွားလမ်း လာလမ်းများကို ဖွင့်ပေးခဲ့ သည်။ မေဒေး အလုပ်သမားနေ့တွင် ယခင်နှစ်များကဲ့သို့ အခမ်းအနား မကျင်းပနိုင်ခဲ့ချေ။ ၁၉၉၃ ခုနှစ် ၊ မေလက မေဒေးအလုပ်သမားနေ့ ကျင်းပရန် ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သမ္မတ ပရီမာဒါဆာကွယ်လွန်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄– စာ၊ ၃၀၇–ရှု။)



**တမီးလ်ပြောက်ကျား ခေါင်းဆောင် ပရာဘာကာရန် (အလယ်) ကို တောတွင်းတစ်နေရာတွင် တွေ့ရစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်သည့်အတွက် ကုမာရတွန်းဂါးအစိုးရနှင့် တမီးလ်ပြောက်ကျားတပ်ဖွဲ့များ အင်အားဖြည့်တင်းခဲ့သည်။ သီရိလင်္ကာအစိုးရအား ဗြိတိန်၊ အစ္စရေးနှင့် ပါကစ္စတန်နိုင်ငံတို့က တတ်စွမ်းသမျှ ကူညီခဲ့သည်။ ရုရှားနိုင်ငံကမူ ဒေါ်လာသန်း ၁,၀၀၀ တန်ဖိုးရှိသည့် ရိုင်ဖယ်လက်နက်များနှင့် တင့်ကားအစီး ၂၀ တို့ကို ကူညီရန် သဘောတူခဲ့သည်။ သို့ရာတွင် ထိုအကူအညီကို လက်မခံဖြစ်ခဲ့ပေ။

အိန္ဒိယနိုင်ငံအနေဖြင့် လွန်ခဲ့သောနှစ်များကပင် တပ်အင်အား ၃,၀၀၀ ဖြင့် ၃၂ လကြာ သီရိလင်္ကာအစိုးရဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သည်။ သို့ရာတွင် ထိုတပ်က တမီးလ်ပြောက်ကျားများကို မနှိမ်နင်းနိုင်ခဲ့ပေ။ သီရိလင်္ကာအစိုးရတပ်အင်အားမှာ ၃၇,၀၀၀ ရှိသည်။ တမီးလ်တပ်အင်အားမှာ ၁၀,၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။ တမီးလ်တို့လက်တွင် ဒုံးကျည်များ၊ လေယာဉ်ပစ်အမြောက်များ ရှိနေသည်။

အစိုးရတပ်ဘက်တွင် လေတပ်၊ ရေတပ်အားသာသကဲ့သို့ တမီးလ်ပြောက်ကျားတို့လက်တွင်ကား ဗုံးများ အစွမ်းထက်လှသည်။ စစ်ကာလအတွင်း အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံသူ ၁၂,၅၀၀ ရှိသည်။ ၎င်းတို့အတွက် အိန္ဒိယအစိုးရက နှစ်စဉ်ဒေါ်လာ ၃၁၆ သန်း သုံးစွဲနေရသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် သီရိလင်္ကာအစိုးရက ထိုးစစ်ကြီးစတင်ခဲ့သည်။ မစ္စစ်ကုမာရတွန်းဂါးက အသေအချာကြေညာပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ပွဲတွင် စစ်အင်အား ၁၀,၀၀၀ ပါရှိ၍ လေတပ်၊ ရေတပ်များ ပါဝင်သည်။ ပစ်မှတ်ပစ်ကွက်မှာ ဂျက်ဖနာကျွန်းတစ်ဝိုက်ဖြစ်သည်။

ထိုးစစ်ကြီး ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ဂျက်ဖနာကျွန်းရှိ ပြောက်ကျားတပ်စခန်းများနှင့် ပြောက်ကျားတို့ ခိုလှုံမည်ထင်ရသော နေရာများကို ဗုံးကြဲတိုက်ခိုက်ရာတွင် စိန်ပီတာဘုရားကျောင်းနှင့် စိန်ပေါဘုရားကျောင်းများ ပါသွားသည်ဟု ဆိုသည်။ ဘုရားကျောင်းများ၌ ခိုလှုံနေကြသော အရပ်သူအရပ်သား ၁၂၀ သေဆုံးသည်။ ထို့ပြင် အစိုးရ ကွန်မန်ဒိုတပ်များက သူပုန်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းရာ သူပုန် ၁၀ ဦးထက်မနည်း သေဆုံးသည်။

အခြားတိုက်ပွဲတစ်ခုတွင် သူပုန်တို့က အစိုးရတပ်စခန်း လေးခုအား ရေကြောင်း၊ ကုန်းကြောင်းမှ လာရောက်

**ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက် ကိုလံဘိုမြို့တွင် ဆန္ဒပြတောင်းဆိုနေသူများ**



တိုက်ခိုက်ကြရာတွင် သူပုန် ၉၂ ဦး သေဆုံးသည်။ ဆုတ်ခွာသွားသော သူပုန်တပ်နောက်သို့ အစိုးရတပ်က လိုက်လံတိုက်ခိုက်သောအခါ သူပုန် ၂၃ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ချုပ်ကြီး ဂါရိဒိဆီဗာက ပြောကြားသည်။

တမီးလ်တို့၏ ကျောထောက်နောက်ခံနယ်မြေမှာ အိန္ဒိယနိုင်ငံ တမီနာဒူးခေါ် မဒရတ်ပြည်နယ် ဖြစ်သည်။ လူမျိုးရေးနှင့် ဘာသာစကားတူညီမှုရှိသော တမီးလ်အချင်းချင်း ကူညီရိုင်းပင်းစောင့်ရှောက်လိုကြသော်လည်း အိန္ဒိယအစိုးရ၏ စီမံအုပ်ချုပ်မှုကြောင့် ကူညီခြင်းမပြုနိုင်ခဲ့ပေ။ ဤအတောအတွင်း မဒရတ်ပြည်နယ်အစိုးရက ဖမ်းဆီးထားသော တမီးလ် ၄၃ ယောက်သည် ဥမင်လိုဏ်ခေါင်းဖောက်၍ ထွက်ပြေးကြရာ မဒရတ်ရဲက ၁၁ ဦးကို ပြန်လည်ဖမ်းမိခဲ့သည်။ သုံးဦးမှာ အဆိပ်သောက်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်ဟု ဩဂုတ်လ ၁၅ ရက်နေ့တွင် သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ သမ္မတ ကုမာရတွန်းဂါးသည် ငြိမ်းချမ်းရေး စီမံချက်တစ်ရပ်ကို ကြေညာခဲ့သည်။ ထိုကြေညာချက်တွင် (၁) သီရိလင်္ကာနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ရှစ်နယ်ခွဲရေး၊ (၂) ထိုနယ်အသီးသီး၌ အုပ်ချုပ်ရေးအဖွဲ့သည် နယ်မြေ၏ စီးပွားရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး စသည်တို့ကို လွတ်လပ်စွာ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ ပါဝင်သည်။

ထိုပြည်နယ်များတွင် တမီးလ်လူမျိုးတို့အတွက် နယ်တစ်နယ် ပါဝင်သည်။ ယင်းအဆိုကို တမီးလ်တို့က ပယ်ချလိုက်ပြီး အစိုးရ၏စီမံချက်သည် တိုက်ပွဲသို့သာ ဦးတည်နေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ထိုအတောအတွင်း တမီးလ်ပြည်သူ့စစ်ခေါင်းဆောင် ဒေါက်ဂလပ်စ်ဒေဝနန္ဒာက အဆိုပြုချက်တစ်ရပ်ကို ဩဂုတ်လ ၈ ရက်နေ့တွင် တင်ပြသည်။ အင်အား ၁,၀၀,၀၀၀ ရှိသော သီရိလင်္ကာတပ်မတော်တွင် တမီးလ်ဘာသာစကားပြော တပ်ရင်းတစ်ရင်း ထူထောင်ရန် ဖြစ်သည်။ ထိုတပ်ရင်း၌ မွဆလင်များပါ ပါဝင်နိုင်သည်ဟု တင်ပြထားသည်။ ဒေဝနန္ဒာသည် လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်သည်။

**သေဒဏ်ပြန်လည် သတ်မှတ်ခြင်း** – ကြီးလေးသော ရာဇဝတ်ပြစ်မှုများအတွက် ယခင်က သေဒဏ်ပေးခဲ့သည်။ နောက်ပိတ်ဆုံး သေဒဏ်ကို ၁၉၇၆ ခုနှစ်က ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ ဂျူနီယတ်စ်ဇေယျဝါဒိနီ လက်ထက်၌ သေဒဏ်များကို တစ်သက်တစ်ကျွန်းဒဏ်သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်သို့ ပြောင်းလွှဲစီရင်ရန် အမိန့်ထုတ်ခဲ့သည်။

ယခုကာလတွင် ရာဇဝတ်မှု နှိမ်နင်းရေးအတွက် သေဒဏ် ပြန်လည်ပေးရန် လိုအပ်သည်ဟု ယူဆသည့် အလျောက် အမျိုးသားလွှတ်တော်သို့ ပြင်ဆင်ချက် တင်သွင်း ဆုံးဖြတ်ခြင်းဖြစ်သည်ဟု တရားရေးဌာနဝန်ကြီး လက်ရှ်မင်ပေးရစ်က ဇွန်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည့်အလျောက် ကွပ်မျက်မှုကို ရှောင်ခဲ့သော်လည်း မလွှဲမရှောင်သာ သေဒဏ်စီရင်ချက် ချမှတ်ရတော့မည် ဖြစ်သည်။ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု စသည်တို့သည် သေဒဏ်စီရင်သင့်သော အမှုများဖြစ်သည်။ သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးနိုင်သော အာဏာကို သမ္မတလက်ဝယ် ထားရှိသည်။

**သော်တာဆွေ (ခရစ်၁၉၁၉–၁၉၉၅)။** ။နိုင်ငံကျော် စာရေးဆရာ သော်တာဆွေကို ၁၉၁၉ ခု၊ မေလ ၁၉ ရက် တနင်္လာနေ့တွင် ပေါင်းတည်မြို့နယ်၊ ကြို့ပင်ရွာနေ အဖ လယ်သမားကြီး ဦးဖိုးဆယ် အမိ ဒေါ်လှရင် တို့က ဖွားမြင် သည်။ ငယ်နာမည် မောင်ချစ်လှိုင်ဖြစ်၍ ကြီးပြင်းလာသောအခါ မောင်ကြင်ဆွေဟု အမည်တွင် သည်။

မြန်မာ ၁၀ တန်းအောင်မြင်ပြီး အထက်တန်းဆရာဖြစ် အောင်လက်မှတ်ရရှိခဲ့သည်။ အင်္ဂလိပ်စာကို အလွတ်ပညာသင်ကျောင်းတက်၍ သင်ယူခဲ့သည်။ ဂျပန်ခေတ်တွင် မြင်းလှည်းသမားဘဝ၊ ၁၉၄၅ ခုနှစ် အင်္ဂလိပ်များ ပြန်အဝင်တွင် ဆန်ကုန်သည်ဘဝ စသည်ဖြင့် ကျင်လည်ခဲ့သည်။ ငယ်စဉ်ကပင် ကဗျာ၊ ဝတ္ထု စသည်များကို ဖတ်တတ်၊ မှတ်တတ်၍ ကဗျာရေးခြင်းကို ကျောင်းသားဘဝကပင် ကျွမ်းကျင်ခဲ့သည်။

စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် တွေ့ပြီး သော်တာဆွေဟူသော ကလောင်နာမည်ဖြင့် စာရေးခဲ့ရာ လူသိများကျော်ကြားလာသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ရှုမဝမဂ္ဂဇင်း၌ ဘရန်ဒီတစ်ပုလင်းအမည်ရှိ ဟာသဝတ္ထုဖြင့် စာပေလောကသို့ ဝင်ခဲ့သည်။

မူလက စုံထောက်ဝတ္ထုရေးရန် အားသန်ခဲ့သော် လည်း ရန်အောင်ရတနာ လုံးချင်း စုံထောက်ဝတ္ထုတစ်အုပ်သာ



အမျိုးသားစာပေဆုရ နိုင်ငံကျော်
စာရေးဆရာ သော်တာဆွေ

ရေးသားနိုင်ခဲ့သည်။ ခြောက်နှစ်တိုင်တိုင် ဟာသ ဝတ္ထုများ ရေးခြင်းဖြင့်သာ နာမည်ရလာပြီးနောက် ၁၉၅၃ ခုနှစ်မှစ၍ ဘဝသရုပ်ဖော်စာပေဘက်သို့ တစ်စတစ်စ ကူးပြောင်း ရေးသားခဲ့သည်။

ဟာသဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို စာရေးဆရာဖြစ်စမှ ကွယ်လွန် ခါနီး လေးလအထိ လစဉ်မပြတ် ရေးသားရင်း စာရေးခြင်း အလုပ်တစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ် လုပ်ခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုပေါင်း ၄၀၀ ခန့်၊ ဝတ္ထုရှည် ၂၀ကျော် ရေးသားခဲ့သည်။

ယင်းတို့အနက် သတ္တဝါတို့သံသရာ စာအုပ်ဖြင့် ၁၉၆၄ ခုနှစ် အနုပညာစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို လည်းကောင်း၊ ဤလောကမြေမဟီဝယ် စာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ စာပေလေ့လာရေး ခရီးအဖြစ် ဆိုဗီယက်ယူနီယံနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်ခဲ့သည်။

နိုင်ငံကျော် စာရေးဆရာ သော်တာဆွေသည် ၁၉၉၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့၌ အမှတ် (၂) တပ်မတော် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီး ၃ ယောက် ကျန်ရစ်ခဲ့သည်။

**ဟန်ဂေရီသမ္မတနိုင်ငံ။** ။ဟန်ဂေရီနိုင်ငံသည် ၁၉၄၉ ခုနှစ်မှစ၍ ဟန်ဂေရီပြည်သူ့သမ္မတနိုင်ငံ ဟူသော အမည်ဖြင့် ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှုအောက်တွင် နှစ်ပေါင်း ၄၀ တိုင်တိုင် တည်ခဲ့ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့ တွင် ကွန်မြူနစ်ဝါဒကို စွန့်ပယ်၍ "ဟန်ဂေရီသမ္မတနိုင်ငံ" ဟု ခေါ်ဝေါ်သမုတ်ကာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီးလျှင် ၁၉၉၀ ပြည့်နှစ်၊ မတ်–ဧပြီလများတွင် အမတ် နေရာ ၃၈၆ နေရာထားရှိသည့် အမျိုးသားလွှတ်တော် အတွက် ပထမဆုံးသော ပါတီစုံ ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။

ထိုအချိန်က ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၉၃,၀၃၃ အတွင်း လူပေါင်း ၁၀,၆၀၀,၀၀၀ ခန့် (၁၉၉၀ ခန့်မှန်းခြေ)နေထိုင်လျက်ရှိရာ ဟန်ဂေရီနိုင်ငံတွင် အာဏာရပါတီကြီးသုံးခုနှင့် အခြား နိုင်ငံရေးပါတီ ငါးခုတို့ ရှိခဲ့ကြသည်။ ပါတီကြီးသုံးခုမှာ –

(က) မဂ္ဂယာဒီမိုကရက်တာဖိုရမ် (အမ်ဒီအက်ဖ်) သို့မဟုတ် ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အိပ်ချ်ဒီအက်ဖ်)၊

(ခ) လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီ (အက်ဖ်ကေဂျီပီ)

(ဂ) ခရစ်ယာန် ဒီမိုကရက်တစ်ပြည်သူ့ပါတီ (ကေဒီအင်ပီ) တို့ဖြစ်ကြ၍ အခြားပါတီ ငါးခုတို့မှာ–

(က) လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့၊

(ခ) လူငယ်ဒီမိုကရက်များဖယ်ဒရေးရှင်း၊

(ဂ) ဟန်ဂေရီပြည်သူ့ပါတီ၊

(ဃ) ဟန်ဂေရီဆိုရှယ်လစ်ပါတီ၊

(င) ဟန်ဂေရီဆိုရှယ်လစ်အလုပ်သမားများ ပါတီတို့ ဖြစ်ကြသည်။

ပါတီစုံရွေးကောက်ပွဲကြီးကျင်းပပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့တွင် ဗဟိုလက်ယာဝါဒီ အမ်ဒီအက်ဖ် ပါတီမှ ဂျိုးဇက်အင်တောလ်က ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဩဂုတ်လ ၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတနိုင်ငံ၏ တစ်ခုတည်းသော ဥပဒေပြုလွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်ကြီးက အာပက်တ်ဂွန့်ဇ်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခဲ့ပေသည်။

ပြည်တွင်းနိုင်ငံရေး အခက်အခဲများ– ၁၉၉၁ခုနှစ်၊ ဧပြီလနှင့် မေလများတွင် နိုင်ငံရေးပါတီ (၆) ခုတို့က ပါလီမန်ပြင်ပတွင် နိုင်ငံတော်၏ အဓိက နိုင်ငံရေး ပြဿနာများကို ဆွေးနွေးရန် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ဟန်ဂေရီနိုင်ငံသည် တစ်နှစ်တာကာလကြာမျှ ပြည်တွင်းနိုင်ငံရေး အခက်အခဲများကို ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း ၄င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ပိုမိုတည်တံ့ခိုင်မြဲမှုရှိသည့် အသွင်သဏ္ဍာန်ဆောင်ခဲ့သည်။ အဓိက နိုင်ငံရေးပါတီများ အတွင်း၌ လည်းကောင်း၊ စပ်ကြား၌လည်းကောင်း အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိခဲ့သဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှု ဖူလုံရေးနှင့် ပတ်သက်သည့် အဓိကဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း မရှိခဲ့ချေ။ ပါလီမန်က ဘဏ္ဍာရေးဥပဒေနှင့် ဘတ်ဂျက် ရသုံးငွေစာရင်းကို ချမှတ်နိုင်ခြင်းမရှိရာ ရန်ပုံငွေ မရှိသဖြင့် ကျန်းမာရေးနှင့်ပညာရေးပြုပြင်ပြောင်းလဲရေး စီမံချက်များကို ရွှေ့ဆိုင်းထားခဲ့ရသည်။ မည်သို့မဆို ၁၉၉၂ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသားနှင့်မျိုးနွယ်လူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေကြမ်းတစ်ရပ်ကိုကား အတည်ပြုခဲ့ကြသည်။

၁၉၉၂ ခုနှစ်အတွင်း၌ လွတ်လပ်သောမြေပိုင်ရှင်ကလေးများပါတီအတွင်း မြေယာများကို မူလပိုင်ရှင်များသို့ ပြန်ပေးရေးကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း ပါတီဝင်အများစုက ပါတီခေါင်းဆောင်များကို ထောက်ခံခြင်းမပြုကြဘဲ အာဏာရညွန့်ပေါင်းအစိုးရနှင့်သာ ဆက်လက်လက်တွဲခဲ့ကြရာ ယင်းပါတီဝင်များအား ပါတီမှထုတ်ပယ်ပစ်သောအခါ ၄င်းတို့က သမိုင်းစင်မြင့် (Historical Platform) ဟူသောအမည်ဖြင့် ပါတီအဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

**အာဏာရပါတီတွင်း တင်းမာမှုများ –** ထိုနှစ် ၁၉၉၂ ဩဂုတ်လတွင်မူ ဟန်ဂေရီဒီမိုကရက်တစ် ဖိုရမ် (အမ်ဒီအက်ဖ်)ပါတီကြီးအတွင်း၌ပင် ယင်းပါတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ အစ္စဗန်ဇူကာရေးသားသည့် ဆောင်းပါးတစ်စောင်ကြောင့် တင်းမာမှုများ ပေါက်ကွဲပေါ်ထွက်လာခဲ့သည်။ ဇူကာက ဟန်ဂေရီနိုင်ငံသည် ဂျူး– ဘောလ်ရှီဗစ်–လစ်ဘရယ်တို့ တွဲဖက်၍ အစိုးရကို ဖျက်ဆီး ပစ်ပြီး ဟန်ဂေရီနိုင်ငံ၏ နာလန်ထူရေးကို တားဆီးပိတ်ပင်မည့် ပူးပေါင်းလုပ်ကြံမှုတစ်ရပ်ကို ခံနေရကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ ဤဆောင်းပါးမှာ ဟီဗရူးနှင့် အာရပ်များပါဝင်သော ဆီးမိုက်( Semite )လူမျိုးအုပ်စုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ရေးသားခြင်း ဖြစ်သည်။ ထိုဆောင်းပါးကို နောက်ဆုံး၌ နိုဝင်ဘာလတွင် အမ်ဒီအက်ဖ်ပါတီဥက္ကဋ္ဌ အင်တောလ်က ရှုတ်ချပြောဆိုခဲ့လေသည်။ ဤတွင် ဇူကာသည် ဟန်ဂေရီလမ်းစဉ်ဟူ၍ ခေါ်တွင်သည့် လူထုလှုပ်ရှားမှုတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လုပ်ဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဇူကာသည် ဝန်ကြီးချုပ်ဂျေအင်တောလ်ကို စိန်ခေါ်ဆန့်ကျင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် သူသည် ပါတီသဘာပတိအဖွဲ့တွင် ဆက်လက်ပါဝင်မြဲ ပါဝင်နေခဲ့သည်။ ထိုနောက် ဇူကာသည် မေလတွင် ယူကရိန်းနိုင်ငံနှင့် သမဝါယမစာချုပ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ဇွန် ၁ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါလီမန်အဖွဲ့စုက ဇူကာအပါအဝင် ပါလီမန်အမတ်ခြောက်ဦးကိုထုတ်ပယ်ပစ်ခဲ့သည်။ ဤတွင် ဇွန် ၂၀ ရက်နေ့တွင် ဇူကာသည် ဟန်ဂေရီ တရားမျှတရေးပါတီ (Hungarian Justice Party )ကို အခြား လွှတ်တော်အမတ် (၄)ဦးနှင့်အတူ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူ၏ပါတီသို့ နောက်ထပ်လွှတ်တော်အမတ် (၆) ဦး ဝင်ရောက်လာခဲ့ကြသည်။ ဇွန် ၂၂ ရက်နေ့တွင် အမ်ဒီအက်ဖ်ပါတီက ဇူကာနှင့် အခြားအမတ်တစ်ဦးအား ပါတီမှ တရားဝင်ထုတ်ပယ်လိုက်သည်။

**ဝန်ကြီးချုပ် အင်တောလ် ကွယ်လွန်ခြင်း –** ၁၉၈၉ခု၊ အောက်တိုဘာလမှစ၍ ဟန်ဂေရီဒီမိုကရက်တစ်ပါတီ ( အိပ်ချ်ဒီအက်ဖ် သို့မဟုတ် အမ်ဒီအက်ဖ်ပါတီ ) ၏ ခေါင်းဆောင်နှင့် ၁၉၉၀ ပြည့်နှစ်၊ မေလမှစ၍ ဟန်ဂေရီညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သူ ဂျိုးဇက်အင်တောလ်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အသက် ၆၁ နှစ်အရွယ်၌ ကွယ်လွန် သွားခဲ့သည်။ သူသည် ဟန်ဂေရီသမိုင်းပညာရှင်တစ်ဦးနှင့် ယခင်က ပြတိုက်ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ခဲ့၍ ဟန်ဂေရီနိုင်ငံအား ပြည်သူ့ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းမှုကို ဦးဆောင်မှုပေးခဲ့ပြီး ဟန်ဂေရီနိုင်ငံရေးအား တည်ငြိမ်စေရန် ထိန်းကျောင်း ပေးနိုင်ခဲ့သူ ဖြစ်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော အင်တောလ်၏ ဈာပနသို့ အခြားပုဂ္ဂိုလ်များနှင့်အတူ အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂိုး၊ ရုရှားပထမ ဒုတိယဝန်ကြီးချုပ် ယေဂေါဂေဒါနှင့်အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ သို့သော် တစ်ဘက် အိမ်နီးချင်း ရိုမေးနီးယားနိုင်ငံမှ တက်ရောက်ခြင်း မရှိသည်ကို မှတ်သားဖွယ်တွေ့ရှိခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ယခင်က ပြည်ထဲရေး ဝန်ကြီးနှင့် ဝန်ကြီးချုပ် အင်တောလ် မရှိသည့် အချိန်ကာလများတွင် ခေတ္တဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်ခဲ့သူ ပီတာဗိုရော့စ် (အသက် ၆၅) အား ဝန်ကြီးချုပ်အဖြစ် ပါလီမန်က ရွေးချယ်တင်မြှောက်ခဲ့သည်။ သူသည် ၁၉၉၀ ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံခဲ့သူမဟုတ်။ အင်တောလ်၏ အစိုးရအဖွဲ့အတွင်းသို့ ပါတီဝင်မဟုတ်သော စက်မှုအတတ်ပညာရှင်တစ်ဦးအဖြစ် ထည့်သွင်းခြင်းခံယူခဲ့ပြီး နောက်ပိုင်း၌ အမ်ဒီအက်ဖ်ပါတီသို့ ဝင်ရောက်ကာ ပါတီဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသူဖြစ်သည်။ ဗိုရော့စ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ဖူကာ၏တရားမျှတရေး ပါတီမှ လွှတ်တော်အမတ်ရှစ်ဦးအပြင် ဟန်ဂေရီ ဆိုရှယ်လစ်ပါတီ၊ လူငယ် ဒီမိုကရက်များ ဖယ်ဒရေးရှင်းနှင့် လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်အဖွဲ့စသည့် အတိုက်အခံပါတီ သုံးပါတီတို့က ကန့်ကွက်ခဲ့ကြသည်။

အာဏာရ ဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ် (အမ်ဒီအက်ဖ်)၏ အမျိုးသားကွန်ဂရက် အစည်းအဝေးကို ၁၉၉၄ ခု၊ ဖေဖော်ဝါရီ ၁၈–၂၀ ရက်နေ့များအတွင်း ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီး လာဂျို့စ်ဖေအား ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

**ဟော်သီ၏ ထပ်ဆင့်ဈာပန** – ဟန်ဂေရီနိုင်ငံသည် ပထမကမ္ဘာစစ်ပြီးဆုံးသည့်နောက် သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ထို့နောက် ဘောလ်ရှီဗစ်တော်လှန်ရေးဖြစ်ပွားခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ဘုရင်စနစ်ကို ပြန်လည်ကျင့်သုံးခဲ့ရာ ၁၉၂၀ မှ ၁၉၄၄ ခုနှစ်အထိ ရေတပ်ဗိုလ်ချုပ်ကြီးနိကောလပ်စ်ဟော်သီက ရင်ခွင်ပိုက်အုပ်ချုပ်သူ(Regent) အဖြစ် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ ကွန်မြူနစ်ဝါဒ ကျင့်သုံးသောအခါ ဟော်သီသည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကွယ်လွန်သွားခဲ့သည်။ ဟန်ဂေရီအစိုးရသည် ဟော်သီ၏ အရိုးပြာများကို ဟန်ဂေရီနိုင်ငံသို့ ပြန်လည်ယူဆောင်လာပြီး ၁၉၉၃ ခု၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဟန်ဂေရီအရှေ့ပိုင်းရှိ ကင်ဒါရီမြို့၌ ၎င်း၏မိသားစုအုတ်ဂူအတွင်း ထည့်သွင်းမြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြသည်။ ဝန်ကြီးချုပ်အင်တောလ်က ဗိုလ်ချုပ်ကြီးဟော်သီအား တိုင်းပြုပြည်ပြု ဟန်ဂေရီမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ အိမ်နီးချင်းနိုင်ငံများက ဤကိစ္စကို နှစ်လိုကြည်ဖြူခြင်း မရှိခဲ့ကြပေ။ ပြည်တွင်း၌လည်း ဂျူးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့အစည်းအချို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

**၁၉၉၄ အထွေထွေရွေးကောက်ပွဲ** – ဟန်ဂေရီနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပပြီးနောက် ၁၉၉၄ မေလ ၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ဥပဒေပြုလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို နှစ်ကျော့ပြန်ကျင်းပခဲ့ရာ ဆန္ဒမဲပေးခွင့်ရှိသူ ၇,၈၀၀,၀၀၀ အနက် ပထမအကျော့တွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒုတိယအကျော့တွင် ၅၅ ဒသမ ၁ ရာခိုင်နှုန်း မဲဆန္ဒပေးခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ဂျူလာဟွန်း ဦးဆောင်သည့် ဟန်ဂေရီဆိုရှယ်လစ်ပါတီ (ယခင်က ကွန်မြူနစ်ဝါဒီ)က ဥပဒေပြုလွှတ်တော်အမတ်နေရာ ၂၀၉ နေရာ ရရှိပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ လစ်ဘရယ်ဝါဒီ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီ (အမတ်နေရာ ၇၀) နှင့် ယခင်က အာဏာရဟန်ဂေရီဒီမိုကရက်တစ်ဖိုရမ်(အမ်ဒီအက်ဖ်)(အမတ်နေရာ ၃၇)တို့က ဒုတိယနှင့် တတိယနေရာများကို အသီးသီးရရှိခဲ့ကြသည်။

သို့ဖြစ်စေကာမူ ၁၉၉၄ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် ဖော်ပြပါ ဆိုရှယ်လစ်ပါတီနှင့် ဒီမိုကရက်များ မဟာမိတ်ပါတီတို့ တွဲဖက်၍ ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ကြရာ ဇူလိုင် ၁၅ ရက်နေ့တွင် ပါလီမန်က ဟန်ဂေရီဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဂျူလာဟွန်းအား ဝန်ကြီးချုပ်အဖြစ် အတည်ပြုခဲ့သည်။ ဟွန်းဦးဆောင်သည့် အစိုးရအဖွဲ့တွင် ဝန်ကြီးရာထူး ၁၄ နေရာအနက် ဆိုရှယ်လစ်ပါတီက ၁၁ နေရာယူ၍ လွတ်လပ်သော ဒီမိုကရက်များ မဟာမိတ်ပါတီအား ၃ နေရာ ပေးခဲ့ပြီး ယင်းပါတီ၏ခေါင်းဆောင် ဂါဘော်ကွန့်(ဇ်)အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။

အထက်ဖော်ပြပါ ပါတီနှစ်ရပ်၏ အမတ်နေရာ စုစုပေါင်းသည် ပါလီမန်ရှိ စုစုပေါင်း အမတ်နေရာ ၃၈၆ ၏ သုံးပုံ–နှစ်ပုံထက် ပိုလွန် သေးရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သောအခြေအနေကို ရရှိစေသည်။

**သမ္မတဂွန့်ဇ် နောက်ထပ်ငါးနှစ်တွက် ရွေးချယ်ခံရခြင်း** – ထိုအကောအတွင်း ၁၉၉၄ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် ပါလီမန်က အာပက်တ်ဂွန့်ဇ်အား ဒုတိယငါးနှစ်

သက်တမ်းအတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

## နိုင်ငံခြား ဆက်ဆံရေး

**ဝါဆောစာချုပ် ဖျက်သိမ်းခြင်း** – ဟန်ဂေရီနိုင်ငံသည် ၁၉၅၅ မေလ ၁၄ ရက်နေ့မှစ၍ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်က တည်ထောင်ခဲ့သော အပြန်အလှန်ကာကွယ်ရေး စစ်မဟာမိတ် ဝါဆောစာချုပ်တွင် အခြားအရှေ့ဥရောပ အုပ်စုဝင် နိုင်ငံများဖြစ်သော ဘူလ်ဂေးရီယား၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ရိုမေးနီးယားနိုင်ငံတို့နှင့်အတူ ပါဝင်ခဲ့သည်။ ဝါဆောစာချုပ်အဖွဲ့သည် အနောက်ဥရောပနိုင်ငံများ၏ နေတိုးစစ်မဟာမိတ် စာချုပ်အဖွဲ့နှင့် အပြိုင်ဖြစ်ခဲ့သည်။ ထို့မှတစ်ပါး ဟန်ဂေရီနိုင်ငံသည် ဖော်ပြပါ အရှေ့ဥရောပ နိုင်ငံများနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော စီးမီးယား ( CMEA - Council for Mutual Economic Assistance ) ဟူ၍ ခေါ်တွင်သော စီးပွားရေးအဖွဲ့၌လည်း ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အရှေ့ဥရောပ၌ နိုင်ငံရေး အုံကြွမှုကြီးများ ဖြစ်ပွားပေါ်ပေါက်လာပြီးနောက် အထက်ပါ ဝါဆောစာချုပ်အဖွဲ့နှင့် စီးမီးယားအဖွဲ့တို့အား ပြုပြင် ပြောင်းလဲ သို့မဟုတ် ဖျက်သိမ်းရန် လက္ခဏာများထွက်ပေါ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လတွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့က နေတိုးနှင့် ဝါဆောအဖွဲ့ များကို စစ်မဟာမိတ်အဖွဲ့များ အဖြစ်မှ နိုင်ငံရေးအဖွဲ့များ အဖြစ်သို့ ပြောင်းလဲကြရန် အဆိုပြုခဲ့ပြီး ဧပြီလတွင် တစ်ဖန် ယင်းအဖွဲ့နှစ်ဖွဲ့အား တဖြည်းဖြည်းဖျက်သိမ်းရန် အကြံပြု ခဲ့သည်။

ဝါဆောစာချုပ်ကို ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဟန်ဂေရီနှင့် ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အခြားဥရောပအဖွဲ့ဝင်နိုင်ငံများမှ စစ်ဘက်ခေါင်းဆောင်များ နောက်ဆုံးအကြိမ် တွေ့ဆုံပြီး တရားဝင်ဖျက်သိမ်းခဲ့ကြသည်။ သို့သော် ဝါဆောစာချုပ်၏ နိုင်ငံရေးအဖွဲ့အစည်းများ ကျန်ရှိနေသေးပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့တွင်မှ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ချက်ကိုစလိုဗက်နိုင်ငံ၊ ပရာဟာမြို့တော်၌ တွေ့ဆုံဆွေးနွေးကြပြီး ယင်းစာချုပ်အဖွဲ့ကို နောက်ဆုံးအပြီးသတ် ဖျက်သိမ်း လိုက်ကြသည်။ ဤအတောအတွင်း ၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုကင်း၏ တပ်ဖွဲ့များကို ချက်ကိုစလိုဗက်နိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများမှ ရုရှားနိုင်ငံသို့ ပြန်လည်ရုပ်သိမ်းခဲ့ရာ ဟန်ဂေရီနိုင်ငံတွင် နောက်ဆုံးကျန်ရှိသော ဆိုဗီယက်တပ်ဖွဲ့များသည် ဇွန်လ ၁၉ ရက်နေ့တွင် ထွက်ခွာသွားခဲ့ကြသည်။

ဝါဆောစာချုပ်အဖွဲ့ကို ဦးစွာပထမ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဖျက်သိမ်းပြီးနောက်ဒေသတွင်းဖြစ်ပေါ်လာသော လုံခြုံရေးဟာကွက်ကို ဖြည့်တင်းရေးအတွက် ဆိုဗီယက်ပြည်ထောင်စုက ယင်းစာချုပ်အဖွဲ့တွင် ပါဝင်ခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း စာချုပ်များချုပ်ဆိုရန် ကြိုးစားအားထုတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ အဆိုပြုချက်ကို ၁၉၉၁ ခုနှစ်၊ ဧပြီလနှင့်မေလများတွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ဘူဂေးရီးယား နိုင်ငံတို့က ပယ်ချခဲ့ကြသည်။ ရိုမေးနီးယားတစ်နိုင်ငံတည်းကသာ လက်ခံ၍ စာချုပ်ချုပ်ခဲ့သည်။

**ဟန်ဂေရီ–ရုရှား ဆက်ဆံရေး** – ရုရှားနိုင်ငံသမ္မတကြီး ဘောရစ်ယဲ့လ်ဆင်သည် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀–၁၁ ရက်နေ့များတွင် ဟန်ဂေရီနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သည်။ ဤသို့လာရောက်စဉ် ဟန်ဂေရီအစိုးရက ၁၉၅၆ မှ ၁၉၉၁ ခုနှစ်အတွင်း ဆိုဗီယက်တပ်များ ဟန်ဂေရီနိုင်ငံတွင်း တပ်စွဲထားစဉ် ပြုလုပ်ခဲ့သော ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် လျော်ကြေးရလိုမှုကို ရုပ်သိမ်း ခဲ့ပြီး ရုရှားနိုင်ငံဘက်မှလည်း ဟန်ဂေရီနိုင်ငံတွင်း စစ်အခြေခံစခန်းများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော ကုန်ကျစရိတ်များကိုတောင်းခံခြင်းမပြုရန် သဘောတူခဲ့သည်။ ရုရှားက ဟန်ဂေရီသို့ ပေးရန်ရှိသည့် ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ ခန့်နှင့်ပတ်သက်၍မူ သဘောတူချက် မရရှိခဲ့ကြပေ။ သို့ရာတွင် အချို့အဝက် ပေးချေမှုအနေဖြင့် ဟန်ဂေရီက ရုရှားနိုင်ငံမှ စစ်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဒေါ်လာသန်း ၈၀၀ ဖိုး ဝယ်ယူရန် ဟန်ဂေရီက သဘောတူခဲ့သည်။ ဤခရီးစဉ်အတွင်း ရုရှားသမ္မတကြီးက ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဟန်ဂေရီနိုင်ငံအား ချင်းနင်းဝင်ရောက်တိုက်ခဲ့ခြင်းကို ရှုတ်ချကြောင်း ဟန်ဂေရီ အမျိုးသားလွှတ်တော်သို့ ပြောကြားခဲ့သည်။

ထို့နောက် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဟန်ဂေရီသမ္မတကြီး အာပက်ဂွန့်ဇ်သည် ရုရှားနိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်အတွင်း ဟန်ဂေရီနိုင်ငံက ရုရှားနိုင်ငံမှ မစ်–၂၉ ဂျက်တိုက်လေယာဉ် ၂၈ စင်း ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

၁၉၉၄ ခုနှစ်၊ မေ ၁ ရက်နေ့တွင်မှ ဟန်ဂေရီ ဝန်ကြီးချုပ် ပီတာဗိုရော့စ်နှင့် ရုရှားဝန်ကြီးချုပ်ဗစ်တာချာနိမြာဒင်တို့ ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့တော်၌ သဘောတူစာချုပ် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြရာ ယင်းစာချုပ်မှာ ဟန်ဂေရီက ကြွေးမြီဒေါ်လာသန်း ၈၀၀ ကို ဖျက်သိမ်းခြင်းအတွက် ရုရှားနိုင်ငံက စစ်လက်နက်နှင့် အရန်ပစ္စည်းများ ပေးပို့ရန်ဖြစ်သည်။ ရုရှားနိုင်ငံသည် ဟန်ဂေရီ၏ ဒုတိယ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက် တည် ရှိနေသည်။

**ဟန်ဂေရီ–ယူကရိန်း ဆက်ဆံရေး**–ယူကရိန်းနိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံက ဦးဆောင်ဖွဲ့စည်းခဲ့သော လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်)တွင် ပါဝင်ခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ထိုနှစ် (၁၉၉၁) အတွင်း၌ပင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို ယူကရိန်းနိုင်ငံနှင့် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်ကို ဟန်ဂေရီပါလီမန် လွှတ်တော်က ၁၉၉၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ထောက်ခံမဲ ၂၂၃၊ ကန့်ကွက်မဲ ၃၉ မဲ၊ ကြားနေ ၁၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဤကိစ္စတွင် အတိုက်အခံဘက်မှ စာချုပ်၏ အပိုဒ် ၂ ကို အထူး ထောက်ပြခဲ့သည်။ ယင်းအပိုဒ်တွင် စာချုပ်ဝင်နှစ်နိုင်ငံတို့က ၄င်းတို့အချင်းချင်းအနေဖြင့် တစ်ဦးထံမှ တစ်ဦး နယ်မြေတောင်းခံရန် ရေးရာများမရှိကြောင်း ဖော်ပြထား ရာ ဤသည်မှာ ဟန်ဂေရီနိုင်ငံက မဂ္ဂယာအမျိုးသား ၁၈၀,၀၀၀ ခန့်နေထိုင်လျက်ရှိရာ ဆဗ်ကာပေးသီးယား နယ်မြေအား တောင်းခံနိုင်ခွင့်ကို တရားဝင်စွန့်လွှတ် လိုက်ခြင်းပင် ဖြစ်ပေသည်။

**ဟန်ဂေရီနှင့် ဥရောပအဖွဲ့**.–၁၉၉၁ ခုနှစ်၊ ဧပြီလတွင် ဟန်ဂေရီနိုင်ငံသည် ဥရောပအဖွဲ့(အီးစီ)တွင်သဟာယ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဥရောပအဖွဲ့နှင့် စတုတ္ထဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ထိုနောက် ထိုနှစ် ဇွန်လ တွင် ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့ နှင့် အတူ ဟန်ဂေရီနိုင်ငံသည် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ) ၏ "ယာယီအပေါင်းပါ အဖွဲ့ဝင်" ဖြစ်လာခဲ့သည်။

**သုံးနိုင်ငံ ထိပ်သီးမဟာမိတ်**– ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဟန်ဂေရီ၊ ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန်နိုင်ငံတို့၏ ခေါင်းဆောင်များသည် ဟန်ဂေရီနိုင်ငံ၏ ဘူဒါပက်စ်မြို့တော်အနီးရှိ ဗီဆီဂတ်တွင် တွေ့ဆုံကြ ပြီးလျှင် ယင်းသုံးနိုင်ငံတို့အနေဖြင့် ဥရောပနိုင်ငံရေး၊ စီးပွားရေးနှင့် တရားဥပဒေရေးရာအဖွဲ့သို့ အလုံးစုံ ပူးပေါင်း ပါဝင်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။ ထို့အပြင် ဝါဆောစာချုပ် ဖျက်သိမ်းရေးအတွက် တူညီသော ရပ်တည်ချက်တစ်ရပ် ချမှတ်ဆောက်ရွက်ကြရန်လည်း ကြေညာချက်၌ ဖော်ပြခဲ့ကြသည်။ ထိုမှတစ်ပါး ၄င်းသုံး နိုင်ငံတို့က ဒီမိုကရေစီစနစ်ကျအဖွဲ့အစည်းများ တည်ထောင်ကြရန် အတွက်လည်းကောင်း၊ လူနည်းစုများအတွက် အခွင့်အရေးများကို အပြည့်အဝမပျက်မကွက်ပေးကြရေး အတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေး အခြေခံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လုံခြုံရေးကိစ္စများတွင် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ကြရန် အတွက်လည်းကောင်း ကတိကဝတ် ပြုခဲ့ကြသည်။

အထက်ပါ သုံးနိုင်ငံတို့ကို ဗီဆီဂတ် သုံးနိုင်ငံဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းသုံးနိုင်ငံတို့က စီးပွားရေးဆက်ဆံမှုများ ပိုမို နီးကပ်စွာ ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပြီးလျှင် ဒီဇင်ဘာလ အတွင်း၌ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ချက်ကိုစလိုဗေးကီးယားနိုင်ငံကို ဖျက်သိမ်းပြီး ချက်နှင့်စလိုဗေးကီးယားဟူ၍ သီးခြားနှစ်နိုင်ငံအဖြစ် တည်ထောင်လိုက်သောအခါ ဟန်ဂေရီအစိုးရက စလိုဗေးကီးယားနိုင်ငံအတွင်းရှိ ဟန်ဂေရီအမျိုးသားများ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ စိုးရိမ် ကြောင့်ကြခြင်း ဖြစ်ခဲ့သည်။

**ဟန်ဂေရီ–ချက်ကိုစလိုဗေးကီးယား ဆက်ဆံရေး**– ၁၉၉၂ ခုနှစ်တွင် ဟန်ဂေရီနှင့် ချက်ကိုစလိုဗေးကီးယား နှစ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ဒန်ျူမြစ်ပေါ်၌ နာဂီမာရော့စ်–ဂါဗစီကိုဗိုရေကာတာတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ မပြေ မလည်ဖြစ်လာခဲ့သည်။ ဤအငြင်းပွားမှုကို ဟန်ဂေရီနိုင်ငံ က ထိုနှစ်အောက်တိုဘာ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးတော်ကြီးသို့ တင်ပြခဲ့သည်။ နောက်လတွင် စလိုဗေးကီးယားနိုင်ငံက ဒန်ျူမြစ် အတွင်းမှ ရေကြောင်းပြောင်း လွှဲ ခြင်းကို ရပ်ဆိုင်းလိုက်ပြီးလျှင် အခြေအနေကို ဥရောပ အဖွဲ့မှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့က စစ်ဆေးခြင်းကို ခံယူရန် သဘောတူ ခဲ့သည်။

**ဟန်ဂေရီ–ရိုမေးနီးယား ဆက်ဆံရေး**– ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလတွင် ဟန်ဂေရီနိုင်ငံတွင်းသို့ စစ်ပြေးဒုက္ခသည်များ လိမ့်ဝင်လာခဲ့ရာ နယ်ခြားစောင့်ကြပ်မှုများကို ပိုမို တင်းကျပ်စွာ ပြုလုပ်ခဲ့ရသည်။ စစ်ပြေးဒုက္ခသည်များမှာ

အထူးသဖြင့် အရှေ့ဘက်ရှိ ရိုမေးနီးယားနိုင်ငံ၊ တောင်ဘက်ရှိ ယူဂိုစလားဗီးယားနိုင်ငံနှင့် မြောက်ဘက်ရှိ ပိုလန် နိုင်ငံတို့မှ ဖြစ်သည်။ ဒီဇင်ဘာလအထိ ဒုက္ခသည် ၂၀၀,၀၀၀ နီးပါးကို ဝင်ခွင့်မပေးဘဲ တားမြစ်ခဲ့ရသည်။

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီး ဂျီဂျက်ဇင်စကီသည် ဟန်ဂေရီနိုင်ငံသို့ ၁၅ ရက်မှ ၁၉ ရက်နေ့အထိ လာရောက်လည်ပတ်ပြီးလျှင် ဘူကာရက်စ်မြို့တော်၌ ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး တီဗွိမီလက်စ်ကာနူ၊ ဝန်ကြီးချုပ်နီကိုလေဗီကာရှိနှင့်သမ္မတ ယွန်အီလီယက်စ်ကူးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေး သဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ။

ဦးထွန်းတင်

**ဟွန်နက်ကာ, အဲရစ် (ခရစ် ၁၉၁၂ – ၁၉၉၄)။ ။** ယခင် အရှေ့ဂျာမနီနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သည့် အဲရစ်ဟွန်နက်ကာကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဆားလဲန့်ဒေသတွင် မွေးဖွားခဲ့သည်။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ဦး၏ သားဖြစ်သူ ဟွန်နက်ကာမှာ ကျောင်းပညာမသင်ကြားမီ ငယ်စဉ်ကာလ ကလေးဘဝအရွယ်ကပင် ဖခင်ဖြစ်သူက ကွန်မြူနစ်စနစ်အကြောင်းကို သင်ကြားပို့ချခဲ့သည်။ အသက် ၁၀ နှစ်အရွယ်တွင် ဆိုရှယ်လစ်လူငယ် စပါးတကပ်စ် သမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပါတီလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

၁၉၂၉ –၄၆ ခုနှစ်တွင် ဂျာမန် ကွန်မြူနစ်ပါတီအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဟစ်တလာ၏ ဂက်စတာပို လျှို့ဝှက်ပုလိပ်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရပြီး ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ကျူးလွန်ခဲ့မှုဖြင့် ထောင် ၁၀ နှစ် ကျခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက်ပိုင်းတွင် ဟွန်နက်ကာ၏ကံဇာတာမှာ တက်လာပြီး အရှေ့ဂျာမနီနိုင်ငံ၏ ပထမဦးဆုံး ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဝေါလတာအူလ်ဘရစ်ချ်နှင့် အကြောင်းသင့်ကာ မြောက်စားခြင်းကို ခံရသည်။ ရာထူးအဆင့်အတန်းများလည်း မြန်မြန်ဆန်ဆန် တိုးတက်မြင့်မားလာခဲ့သည်။ ပေါ်လစ်ဗြူရိုအတွင်း စစ်ဘက်နှင့် နိုင်ငံတော်လုံခြုံရေးတာဝန်ကြီးများကိုပင် တိုးမြှင့်ပေးအပ်ခြင်း ခံရသည်။

ဤသို့ဖြင့် ဟွန်နက်ကာသည် ၁၉၄၅ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လူငယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ဂျာမန်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) အုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ဂျာမနီဆိုရှယ်လစ် ညီညွတ်ရေး ပါတီ (အက်စ်အီးဒီ) ဗဟိုကော်မတီ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

၁၉၄၉ ခုနှစ်မှစပြီး ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာရ်) ပြည်သူ့လွှတ်တော်အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၅၀ – ၅၈ ခုနှစ်အတွင်း ပေါ်လစ်ဗြူရို အဖွဲ့ဝင်လောင်း ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ပေါ်လစ်ဗြူရို အဖွဲ့ဝင် ဖြစ်လာသည်။

တစ်ဖန် ၁၉၅၈ – ၇၁ ခုနှစ်တွင် ဗဟိုကော်မတီ အတွင်း ရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၁ – ၇၆ ခုနှစ်တွင် ပထမ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှစပြီး နောက်ပိုင်းတွင် အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၆၀ – ၇၁ ခုနှစ်တွင် အမျိုးသားကာကွယ်ရေး ကောင်စီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှစပြီး နောက်ပိုင်းတွင် ယင်းကောင်စီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့ပြင် ၁၉၇၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ဖြစ်လာပြီး ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလမှစပြီး နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်အကြီးအကဲ) ဖြစ်လာခဲ့သည်။

အဲရစ်ဟွန်နက်ကာသည် ကြီးမားသည့်ရာထူးကြီးများကို တာဝန်ယူဆောင်ရွက်နေစဉ်မှာပင် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ရန် အူလ်ဘရစ်ချ်၏ အမိန့်များကို အကောင်အထည်ဖော်ခဲ့သည်။ စင်စစ် ဘာလင်တံတိုင်း တည်ဆောက်ခြင်းမှာ အရှေ့ဂျာမနီပြည်သားများကို တမြေတည်းနေ တရေတည်းသောက်ဖြစ်သည့် အနောက်ဂျာမနီသို့ သွားလာကူးလူးနိုင်စေခြင်း မရှိအောင် အကျဉ်းချထားလိုက်ခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို ခိုင်မာစေရန်အတွက် အနောက်ဂျာမနီသို့ ထွက်ပြေးရန် ကြိုးပမ်းသူများအား ပစ်သတ်ရန်အမိန့်ကို ဟွန်နက်ကာက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

ဟွန်နက်ကာ၏ အကြီးမားဆုံးသော အားနည်းချက်မှာ ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်းအပေါ် လုံးဝမှီခိုအားထားခြင်းပင်ဖြစ်သည်။ ဂျိုးဇက်စတာလင် သေဆုံးသောအခါ မိမိငိုကြွေးခဲ့ကြောင်း ဟွန်နက်ကာက ဝန်ခံပြောကြားခဲ့ဖူးသည်။ ထို့ပြင် ဆိုဗီယက်ပြည်ထောင်စုသည်

ကျွန်ုပ်တို့အတွက် ကွန်မြူနစ်စနစ်ကို အဆုံးအဖြတ်ပြုသည့် ကိုက်တံ ပေတံ စံနှုန်းပင်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဟွန်နက်ကာမှာ အရှေ့ဥရောပအတွင်း ဆိုဗီယက်၏ ယုံကြည်စိတ်ချ အားအထားရဆုံး လက်ပါးစေဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဆိုဗီယက်က ကျူးကျော်သောအခါ ထောက်ခံကူညီသည့် အနေဖြင့် အရှေ့ဂျာမန် စစ်သားများကို ဟွန်နက်ကာက ပို့လွှတ်ခဲ့သည်။ တစ်ဖန် ၁၉၈၈ ခုနှစ်တွင် ပိုလန် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေချိန်တွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့သေးရာ အရာမထင်ခဲ့ချေ။

ဟွန်နက်ကာသည် မော်စကိုမှ သတိပေးနေသည့်ကြားမှပင် ဘွန်းမြို့ရှိ နိုင်ငံရေးသမားများနှင့် နောက်ကွယ်တွင် ဆက်သွယ်ကာ အဓိကချေးငွေများကို ရယူခဲ့သည်။ ယင်းလုပ်ရပ်ကြောင့်ပင် သူ၏နိုင်ငံအား မွဲပြာကျစေခဲ့သည်။ ယင်းမူဝါဒ၏အကျိုးသက်ရောက်မှုကို ဆွေးနွေးရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ဘွန်းမြို့သို့ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်လာရောက်လည်ပတ်ပြီး ခိုးလ်က ဟွန်နက်ကာအား လက်ခံတွေ့ဆုံခဲ့သည်။

ယင်းအချိန်တွင် စားသောက်ကုန်ပစ္စည်းများ ရရှိစေရေးနှင့် အိုးအိမ်ဆောက်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်လင့်ကစား ယင်းကြိုးပမ်းလုပ်ဆောင်မှုများက ပြည်တွင်းနိုင်ငံရေးယိမ်းယိုင်ပြိုလဲနေမှုကို မကယ်တင်နိုင်တော့ချေ။ ဤသို့အကျပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် ဂေါ်ဘာချော့နှင့် ယဲ့လ်ဆင်နစ်ဦးစလုံးတို့က ဆိုဗီယက်၏ ရဲဘော်ရဲဘက်တစ်ဦးဖြစ်သည့် ဟွန်နက်ကာအား ကျောခိုင်းခဲ့ကြသည်။

မီးနှင့်ရေ ပေါင်းစပ်၍ မရသကဲ့သို့ပင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်နှစ်ခုကို ပေါင်းစည်းခြင်းငှာ မဖြစ်နိုင် သည့်အတွက် အရှေ့နှင့်အနောက် ဂျာမနီနှစ်နိုင်ငံပေါင်းစည်း၍ မရနိုင်ပါဟု ၁၉၈၇ ခုနှစ်တွင် ဟွန်နက်ကာက ဝေဖန်ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အရှေ့နှင့်အနောက်ဂျာမနီနှစ်နိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီးကို ဖြိုချဖွင့်လှစ်ပေးလိုက်သည်။ ယင်းနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အရှေ့ဂျာမနီကွန်မြူနစ်ခေါင်းဆောင် အဲဂွန်ခရင့်ဇ်နှင့် ၎င်း၏ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင်အားလုံးနှင့်အတူ နုတ်ထွက်လိုက်ကြသည်။ အဲရစ်ဟွန်နက်ကာလည်း ရာထူးမှ ပြုတ်ကျသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁ – စာ၊ ၂၂၀ – ၅)

အဲရစ်ဟွန်နက်ကာကို မော်စကိုရှိ ချီလီသံရုံးတွင် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ ထို့နောက် ဟွန်နက်ကာက မိမိ၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြကာ ချီလီနိုင်ငံရှိ ဆွေမျိုးများထံ သွားရောက်ခွင့်ပြုရန် တောင်းဆိုနေခဲ့သည်။

နောက်ဆုံးတွင် ဂျာမနီအစိုးရသည် ချီလီနှင့် ရုရှားအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံသို့ ဟွန်နက်ကာ ပြန်လည်ရောက်ရှိခဲ့သည်။ ဟွန်နက်ကာအား ဘာလင် တံတိုင်းကြီးနှင့် မဝေးလှသော မိုအာဘစ်အကျဉ်းထောင်ကြီး အတွင်း၌ ထိန်းသိမ်းထားခဲ့သည်။ ဟွန်နက်ကာအနေဖြင့် ယခင်အရှေ့ဂျာမနီမှ ထွက်ပြေးရန် ကြိုးစားခဲ့သူများအား ပစ်သတ်မိန့်ပေးခဲ့မှု အပါအဝင် အခြားငွေအလွဲသုံးမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုရန် ဂျာမနီအစိုးရက စီစဉ်ခဲ့သည်။

ဟွန်နက်ကာ၏ ကျန်းမာရေးစစ်ဆေးချက်အရ ကုသ၍မရနိုင်သော အသည်းကင်ဆာရောဂါခံစားနေရကြောင်း သိရှိလာရသည်။ သူ၏ အသက်ရှင်နိုင်မှုကာလမှာ သူ့အားတရားစွဲဆိုစစ်ဆေးမည့် ကာလကိုပင် မကျော်လွန်နိုင်ကြောင်း သိလာရသည်။ ယင်းအချက်ကို အခြေခံ၍ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဟွန်နက်ကာအတွက် ထောက်ထားညှာတာသောအားဖြင့် စစ်ဆေးမှုများကို ရပ်နားပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။

ဤသို့ဖြင့် အဲရစ်ဟွန်နက်ကာအား ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် အကျဉ်းထောင်မှလွှတ်ပေးခဲ့ပြီး ချီလီနိုင်ငံရှိ ဇနီးဖြစ်သူထံ သွားရောက်ခွင့်ပြုခဲ့သည်။ ယင်းသို့ လွှတ်ပေးခြင်းသည် ကျန်းမာရေးအခြေအနေအရ ခေတ္တခွင့်ပြုခြင်းသာဖြစ်ပြီး ၎င်း၏ မျက်ကွယ်ရာ၌ ဆက်လက် စီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ကြေညာခဲ့သည်။

ဟွန်နက်ကာမှာ ချီလီနိုင်ငံတွင် ခိုလှုံနေစဉ်ကာလအတွင်း ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားခဲ့ရပြီး လေးလကြာ အိမ်အပြင်သို့ မထွက်နိုင်ခဲ့ချေ။ ဟွန်နက်ကာသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ဇနီးသည်မားဂေါ့နှင့် သမီးဖြစ်သူ ဆွန်ဂျာတို့နှင့်အတူ ချီလီနိုင်ငံတွင် ခိုလှုံနေထိုင်ခဲ့သည်။ ချီလီနိုင်ငံသို့ ရောက်သည်မှစ၍ ကျန်းမာရေးယိုယွင်းခဲ့ပြီး ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ခွဲစိတ်ကုသမှုခံခဲ့သည်။

ယင်းသို့ဖြင့် ဘာလင်တံတိုင်း တည်ဆောက်မှုလုပ်ငန်းတွင် ကြီးကြပ်ခဲ့သူနှင့် ကွန်မြူနစ်အရှေ့ဂျာမနီနိုင်ငံကို ၁၈ နှစ်ကြာ သံမဏိစည်းမျဉ်းဖြင့် အုပ်စိုးခဲ့သူ အဲရစ်ဟွန်နက်ကာ (၈၁ နှစ်) သည် ၄င်း၏နောက်ဆုံးနေ့ရက်များကို တောင်အမေရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံတွင် ကုန်လွန်စေရင်း ၁၉၉၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဟွန်နက်ကာ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် နှစ်ပေါင်းများစွာ မကျန်းမမာဖြစ်ပြီးနောက် ကွယ်လွန်သွားသည့်အဲရစ် ဟွန်နက်ကာ၏ သတင်းမှာ အံ့သြစရာမဟုတ်ကြောင်း၊ ဟွန်နက်ကာအနေဖြင့် သူ၏ နိုင်ငံရေးရည်မှန်းချက်များကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သူ၏ မူဝါဒများကြောင့် ဂျာမနီနိုင်ငံရှိ မရေမတွက်နိုင်လောက်သည့် ပြည်သူအများအပြား ခံစားခဲ့ရကြောင်း၊ သေဆုံးသွားသော ဟွန်နက်ကာအတွက် လေးစားသမှုပြုသည့်သဘောဖြင့် စစ်ပြီးကာလ ဂျာမနီနိုင်ငံသမိုင်းတွင် သူ၏လုပ်ကိုင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍအကြောင်းကို အနည်းငယ်ပြောကြားခြင်းသာ သင့်တင့် လျောက်ပတ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပေသည်။

ဟွန်နက်ကာ သေဆုံးချိန်တွင် ချီလီနိုင်ငံတွင် နေထိုင်လျက် ရှိကြသည့် လက်တစ်ဆုပ်စာမျှသာရှိသော တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဟောင်းများက ဟွန်နက်ကာ၏ ဈာပနကို လိုက်လံပို့ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ဩဂတ်စ်တိုပီနိုရှေး၏ စစ်ဘက်အာဏာရှင်စနစ်မှ အကြွင်းအကျန်များဖြစ်သည့် ယခင်လက်ဝဲဂိုဏ်းအဖွဲ့ဝင်ဟောင်းများက ဟွန်နက်ကာ၏ ဈာပနအခမ်းအနားတွင် "အင်တာနယ်ရှင်နယ်" သီချင်းကို သီဆိုခဲ့ကြပြီး ကြက်သွေးရောင်ဖော့ပွားပန်းများကို ဟွန်နက်ကာအလောင်းထည့်ထားသည့် ခေါင်းပေါ်သို့ ပစ်ပေါက်ဖြန့်ကြခဲ့ကြသည်။ သေဆုံးချိန်တွင် "နောက်ဆုံး ဂျာမန် ကွန်မြူနစ်" ဟု ရေးသားဖော်ပြခြင်းခံရသည့် ဟွန်နက်ကာ၏ ဘဝနောက်ဆုံးခရီး သွားရာလမ်းတွင် ဝမ်းနည်းတသပူဆွေးသတိရမှု များများစားစား မရှိခဲ့ချေ။ ဟွန်နက်ကာ အလောင်းထည့်ထားသည့် ခေါင်းသေတ္တာပေါ်တွင် ယခုအခါ မရှိတော့ပြီဖြစ်သည့် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုသည့် တူနှင့်တံစဉ် အမှတ်အသားပါသော အလံတော်ကို လွှမ်းခြုံထားသည်။

ဟွန်နက်ကာအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ် အများအပြားရရှိခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ သူရဲကောင်းဘွဲ့တံဆိပ်၊ လီနင်နှင့် ကားလ်မတ်စ်ဘွဲ့ တံဆိပ်တို့ ပါဝင်ပေသည်။ ကိုယ်ပိုင်စာပေအရေးအသားအဖြစ် ၁၉၈၁ ခုနှစ်တွင် "ကျွန်ုပ်၏ဘဝမှ" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးရဲလွင်

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ။** ။အရှေ့တောင်အာရှ အား ကစား ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ အမည်ဖြင့် စတင်ကျင်းပခဲ့ရာမှ နမဝအကြိမ်မြောက်ပြိုင်ပွဲမှစ၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမည်သို့ ပြောင်းလဲကျင်းပသည်။ ပထမ အကြိမ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ ဒုတိယ အကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လည်းကောင်း၊ တတိယအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၁ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့ အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ သတ္တမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် လည်းကောင်း၊ နဝမအကြိမ်မြောက်ပြိုင်ပွဲကို ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၆ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၀ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တွင် လည်းကောင်း၊ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် လည်းကောင်း၊ ၁၂ ကြိမ်မြောက် ပြိုင်ပွဲကို

၁၉၈၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ၁၃ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း၊ ၁၄ ကြိမ်မြောက်ပြိုင်ပွဲ ကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ မြို့တွင် လည်းကောင်း၊ ၁၅ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့တွင် လည်းကောင်း၊ ၁၆ ကြိမ် မြောက် ပြိုင်ပွဲကို ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့ အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တွင်လည်းကောင်း၊ ၁၇ ကြိမ်မြောက် ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၈ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှ ဒေသတွင်းရှိ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသားမဟာဗာဂျီရာ လောင်ကွန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယခုအကြိမ် ပြိုင်ပွဲတွင် မွေထိုင်း ( Muay Thai ) ခေါ် ထိုင်းရိုးရာ လက်ဝှေ့သရုပ်ပြအားကစားနည်း အပါအဝင် အားကစားအမျိုးအစားပေါင်း ၂၉ မျိုး ထည့်သွင်း ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံမှ နိုင်ငံလက်ရွေးစင် အားကစားသမားပေါင်း ၃,၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြ သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၅၇ ခု၊ ငွေတံဆိပ် ၉၈ ခု၊ ကြေးတံဆိပ် ၉၁ ခု စုစုပေါင်းဆုတံဆိပ် ၃၄၆ ခုရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချင်းမိုင်မြို့ အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ် ဗဟိုအားကစားကွင်း၌ ကျင်းပခဲ့ရာ ထိုင်းဘုရင်ကိုယ်စား မင်းသား မဟာဗာဂျီရာ လောင်ကွန် တက်ရောက်ပြီး ပြိုင်ပွဲကို ပိတ်ပေးသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသား အားကစားသမား ၂၀၂ ဦး၊ အမျိုးသမီးအားကစားသမား ၁၄၅ ဦး စုစုပေါင်း အားကစားသမား ၃၄၇ ဦးတို့က မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ တိုင်ထောင် ဘောလုံး လိမ့် (Bowling)၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ သိုင်း၊ ရေကူး၊ စားပွဲတင် တင်းနစ်၊တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမနှင့် ဗွက်လုစသည့် အားကစား အမျိုးအစားပေါင်း ၂၁ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ သည်။ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအမျိုး အစားများအနက် အားကစားအမျိုးအစား ၁၁ မျိုးမှ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၆၃ ခု ဆွတ်ခူးရရှိသည်။

**နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ**

| စဉ် | နိုင်ငံ | ရရှိသောဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | |
| ၁။ | ထိုင်း | ၁၅၇ | ၉၈ | ၉၁ | ၃၄၆ |
| ၂။ | အင်ဒိုနီးရှား | ၇၇ | ၆၇ | ၇၇ | ၂၂၁ |
| ၃။ | ဖိလစ်ပိုင် | ၃၃ | ၄၈ | ၆၂ | ၁၄၃ |
| ၄။ | မလေးရှား | ၃၁ | ၄၉ | ၆၉ | ၁၄၉ |
| ၅။ | စင်ကာပူ | ၂၆ | ၂၇ | ၄၂ | ၉၅ |
| ၆။ | ဗီယက်နမ် | ၁၀ | ၁၈ | ၂၄ | ၅၂ |
| ၇။ | မြန်မာ | ၄ | ၂၂ | ၃၇ | ၆၃ |
| ၈။ | ဘရူနိုင်း | ၀ | ၂ | ၆ | ၈ |
| ၉။ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |

**အောင်သော်၊ ဦး (ခရစ် ၁၉၂၂ – ၁၉၉၅)။** ။ ဦးအောင်သော်ကို ၁၀–၁၂–၁၉၂၂ ခုနေ့တွင်ကျိုက်ထိုမြို့ ၌ မွေးဖွားသည်။ မိဘများမှာ ဦးကျော်ဇော၊ ဒေါ်တင်မြတို့ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အစိုးရ အင်္ဂလိပ်– မြန်မာ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။



ရှေးဟောင်းသုတေသန ပညာရှင်
ဦးအောင်သော်

၁၉၄၀– ၄၁ ခုနှစ်အတွင်း မန္တလေးမြို့ ကျောက်စာဌာန ပြတိုက်တွင် ယာယီပြတိုက်မှူးအဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအတွင်း၌ ကျောက်စာဝန်နှင့် အတူ ပုဂံမြို့တွင် သုံးနှစ်မျှနေထိုင်၍ ရှေးဟောင်း အဆောက်အအုံနှင့် ကျောက်စာများကို လက်တွေ့ လေ့လာသည်။ ၁၉၄၅ မှ ၁၉၄၆ ခုနှစ်အထိ အထက် မြန်မာနိုင်ငံ ပြန်ကြားရေးဌာနခွဲတွင် လက်ထောက် ပြန်ကြားရေးမှူး အဖြစ် ဆောင်ရွက်သည်။

၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် လက်ထောက်အရာရှိအဖြစ် အမှုထမ်းပြီး ၁၉၅၄ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဌာနကို ပြန်လည်ဖွဲ့စည်းသည့်အခါ ရှေးဟောင်းသုတေ သန ဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီမံကိန်းအရ မြန်မာပြည်အတွင်းရှိ ရှေးဟောင်း ပေပုရပိုက်များ ရှာဖွေစုဆောင်းရန် ယူနက်စကို အကူအညီဖြင့် စီစဉ်သည့်အလျောက် ယူနက်စကို ကျွမ်းကျင်မှုအရာရှိအဖြစ် ၁၉၅၇ ခု၊ မေလမှ စ၍ ၆ လတာ မျှ ဆောင်ရွက်ခဲ့သည်။ ပေ ပုရပိုက်များ ရှာဖွေမှတ်တမ်း တင်သည့်လုပ်ငန်းကို ဦးမင်းနိုင်နှင့် တွဲဖက်ဆောင်ရွက်၍ အစီရင်ခံစာတစ်စောင် ပြုစုခဲ့သည်။

၁၉၅၇ ခု၊ နိုဝင်ဘာလတွင် ကိုလံဘိုစီမံကိန်း ပညာသင်အဖြစ် အိန္ဒိယပြည် ရှေးဟောင်းသုတေသန ဌာနတွင် တစ်နှစ်တာမျှ လက်တွေ့ဆည်းပူးခဲ့သည်။ ၁၉၅၉ ခု၊ ဇွန်လမှစ၍ သိပ္ပံနည်းဖြင့် တူးဖော်စူးစမ်းမှု လုပ်ငန်းကို ဗိဿနိုးတွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် သိပ္ပံနည်းကျ တူးဖော် စူးစမ်းမှု လုပ်ငန်းဖြစ်ပြီး ပျူခေတ်ယဉ်ကျေးမှု ကွင်းဆက် များကို ထုတ်ဖော်တင်ပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် အမှုဆောင် အဖြစ် ပါဝင်ပြီး ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ရွှေရတုသဘင် အစည်းအဝေးတွင် ပါဝင်ဟောပြောခဲ့သည်။ ၁၉၆၀ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယ ပြည်၊ ရှေးဟောင်းသုတေသနဌာန၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ခဲ့သည်။ အိန္ဒိယ– မြန်မာ ယဉ်ကျေးမှုဆက်သွယ်ရေးစာတမ်းကို ဖတ်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ယဉ်ကျေးမှု ဆွေးနွေးပွဲသို့ တက်ရောက်၍ ကြေးခေတ်သုတေသန စာတမ်းကို ဖတ်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်များအတွင်း အိန္ဒိယ၊ ဆိုဗီယက်၊ အနောက်ဂျာမနီ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ပြီး ရှေးဟောင်း ယဉ်ကျေးမှုကိစ္စရပ်များကို လေ့လာခဲ့သည်။ ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အငြိမ်းစားယူပြီးနောက် ၁၉၈၅ ခု၊ ဇွန်လမှစ၍ နိုင်ငံသမိုင်းအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင် အဖြစ် ထမ်းဆောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလမှစ၍ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ ထမ်းဆောင်ခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ယဉ်ကျေးမှုစာစောင်တွင် ဘီလူးပန်းဆွဲ၊ ပျူဒင်္ဂါး၊ သီရိဝဍ္ဎ၊ ဥဒ္ဒေနီ၊ ကလသာအိုး၊ ပုဂံခေတ် ဗိသုကာနှင့် အနုပညာ၊ ကျောက်ခေတ်၊ အညာသား ယဉ်ကျေးမှု၊ ရှေးဟောင်းပစ္စည်း ခေတ်ပိုင်းနည်း၊ ဗိဿနိုး မြို့ဟောင်း ပြဿနာများအကြောင်း ရေးသားခဲ့ပြီး လုံးချင်းအနေဖြင့်

1. Historical Sites of Burma.

2. Excavation at Beikthano တို့ကို ရေးသားခဲ့သည်။

ဗိဿနိုးမြို့ဟောင်းနှင့် Archaeology in Burma တို့ကို ပြုစုဆဲ ၉–၉–၉၅ နေ့တွင် ကွယ်လွန်သည်။

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၆)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ် များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့် အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျှင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ် အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာ အမှတ်နှင့် ယှဉ်တွဲ ဖော်ပြထားပါသည်။


က

- ကလင်တန် , ဘီလ် ၁၃၊ ၂၃၊ ၂၀၀၊ ၂၃၃။
- ကလင်တန် ,ဟစ်လာရီ ၁၃၄။
- ကုမာရတွန်းဂါး, ချန်ဒရိကာ ၄၊၁၄၊၃၀၆။
- ကုလသမဂ္ဂ ၁၆၊၂၆၊၁၄၄–၁၆၇။
- ကိုဘေးလျှင် ၃၊၇၀၊၂၉၈။
- ကိုရီးယားသမ္မတနိုင်ငံ ၁၆၇ – ၁၇၃။
- ကင်မ်ယောင်ဆမ် ၅၊၁၇၂၊၂၀၄။
- ကမ္ဘောဒီးယားနိုင်ငံ ၂၀၊၆၇၊၁၇၃–၁၇၈။
- ကျန်ဇီမင်း ၁၃၃၊၁၆၃၊၂၀၅၊ ၂၁၂။
- ကွယ်လွန်သူထင်ရှား သောပုဂ္ဂိုလ်များ (၁၉၉၅) ၁၇၉–၁၉၃။

ခ

- ခရစ္စတိုဖာ,ဝါရင်း ၈၊၁၉၊၂၀၊၁၆၁၊ ၁၇၄။
- ခါလီဒါဇီယာ,ဘီဂမ် ၁၃၄။
- ခင်စု၊ ဒေါ် (ရေနံမြေ) ၁၉၃၊၁၉၄။
- ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၁ – ၆၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊၂၄–၂၆၊ ၂၈–၃၂၊ ၅၃၊ ၆၄၊ ၆၅၊၈၃၊၁၀၁၊ ၁၀၂၊၁၁၀–၁၁၂။
- ခိုးလ်,ဟဲလ်မွတ် ၂၀၁၊၂၀၂၊၂၀၄၊ ၂၀၅၊ ၂၁၂။
- ချောင်စက်စကူး , နီကိုလိုင် ၂၈၆။
- ချွန်လီပိုင် ၅၊ ၁၄၊ ၁၇၄။

ဂ

- ဂရပ် ,စတက်ဖီ ၁၇။
- ဂါလီ ,ဘူထရို့စ် ၁၂၆၊ ၁၃၃၊ ၁၄၆၊ ၁၆၂၊ ၁၆၅၊၁၆၆။
- ဂုဏ်ထူးဆောင်ဘွဲ့များ ၁၊ ၂၈၊ ၁၉၄ –
- ဂုဏ်ထူးဆောင်တံဆိပ် များ ၁၉၆။
- ဂျပန်နိုင်ငံ ၉၊ ၇၀၊ ၁၉၆ – ၂၀၁။
- ဂျာမနီသမ္မတနိုင်ငံ ၁၃၇၊၂၀၁–၂၀၅။
- ဂွန့်ဇ်, အာပက်က် ၃၀၉၊၃၁၁၊ ၃၁၂။

စ

- စကုတ္တအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ၄၊၁၉၊၂၃၊၁၂၅–၁၃၅။
- စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာ ရှင်ကြီးများအား ကန် တော့ပွဲ အခမ်းအနား ၂၀၅– ၂၀၈။
- စာပေပြပွဲနှင့် စာအုပ် ဈေးပွဲကော်· ၂၉၊ ၂၀၈– ၂၁၀။
- စန္ဒနဝံသ၊ ဆရာတော် ဘဒ္ဒန္တ(သက္ကအလ င်္ကာရ မဟာနာယက ဆရာတော်) ၂၁၁၊ ၂၁၂။

ဆ

- ဆမ်ပရပ်စ်,ပိ ၁၈။
- ဆမ်းမစ်ပက်ဗျူး ဟိုတယ် ၁၄။
- ဆီလ်ပါအာချာ, ဘန်ဟန်း ၃၁။

တ

- တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ၁၆၊၆၉၊၈၄၊၁၂၅၊ ၁၃၅၊ ၂၁၂ – ၂၁၅။
- တေဇောဘာသာဘိဝံ သ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၅၊ ၂၁၆။
- တင်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၂၊၆၊၁၀ – ၁၂၊ ၂၁၊၂၄၊၃၀၊၃၇။
- တင့်ဆန်း ၂၁၇။
- တိန့်ရှောင်ဖိန် ၂၁၂၊ ၂၁၃။

ထ

- ထင်းအစား အခြား လောင်စာ အသုံးချနိုင် ရေးလုပ်ငန်းဆောင်ရွက် မှုများ (မြန်မာနိုင်ငံ) ၂၁၈ – ၂၂၀။
- ထိုင်းနိုင်ငံ ၂၅၊ ၈၄၊ ၂၂၀– ၂၂၅။

ဓ

- ဓာတ်မှန်ပညာ၏ နှစ် တစ်ရာခရီး ၁၃၇–၁၄၂။

န

- နာဝပ်ဇ်ရှရစ်ဖ် ၂၃၀။
- နိုရိုဒွန်ရာနာရစ်ဒ် ၂၀၊၁၇၄ – ၁၇၅၊ ၁၇၈။
- နီဟောက်ဖုန်ဆဗန် ၁၂၊ ၂၂၅၊ ၂၂၆။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်း ၁၀၊၂၂၆–၂၂၉။

ပ

ပခုက္ကူ ဦးအုန်းဖေ ၃။
စာပေ ဆုနင်းသဘင်
ပါကစ္စတန် အစ္စလာ ၂၂၉ – ၂၃၄။
မ်စ် သမ္မတနိုင်ငံ
ပဲရက်, ရှီမွန် ၁၄၊ ၂၉၊ ၃၂။
ပဏ္ဍိတ သိရီ၊ ဆရာ ၂၅၊၂၃၄–၂၃၆။
တော် ဘဒ္ဒန္တ
ဖျက်ကျပြီး သန္ဓေသား ၂၃၆–၂၄၀။
ဖြင့် ခန္ဓာကိုယ် အစား
ထိုး ကုသခြင်း
ပြင်သစ်သမ္မတနိုင်ငံ ၂၄၀ – ၂၄၃။
ပြည်ထောင်စု ၆၊ ၃၀၊ ၄၃–၅၁။
တိုင်းရင်းသားလူမျိုး
များ ဖွံ့ဖြိုးရေး
တက္ကသိုလ်

ဗ

ဗီယက်နမ် ဆိုရှယ်လစ် ၆၇၊၂၄၃–၂၄၈။
သမ္မတနိုင်ငံ
ဗိုဗန်ကီယက် ၇၊ ၂၄၃ – ၂၄၅။

ဘ

ဘူတို,ဘီနဇာ ၈၊ ၁၃၃၊ ၂၃၁၊ ၂၃၃။
ဘင်္ဂလားဒေ့ရှ် နိုင်ငံ ၂၊ ၂၅၊ ၃၀၊ ၆၉၊ ၈၄၊ ၂၀၀။
ဘွဲ့ကဲဆိပ်တော်ရ ၂၄၈ – ၂၅၇။
ဆရာတော်အရှင်မြတ်
များ

မ

မီးထရောင်း,ဖရန်ဆွာ ၁၂။
မူရာယာမ,တိုမီအီချိ ၁၂၊၁၄၊ ၂၄၊၁၉၆၊
မူးယစ်ဆေးဝါးနှင့် ၂၅၇ – ၂၆၂။
စိတ်ကို ပြောင်းလဲ
စေသော ဆေးဝါးများ
အန္တရာယ် တားဆီး
ကာကွယ်ရေး(မြန်မာ
နိုင်ငံ) (၁၉၉၅)
မေဂျာ, ဂျွန် ၁၅၊ ၂၉၁ – ၂၉၄။
မေရှင်၊ဒေါ် ၂၊၁၀၄။
မောင်မောင်ခ၊ ဦး ၂၆၂ – ၂၆၄။
မောင်မောင်ခင်၊ ၃၊၂၇၊၂၉။
ဒုတိယ ဗိုလ်ချုပ်ကြီး
မောင်အေး၊ ၃–၆၊ ၉ –၁၀၊၁၃၊
ဗိုလ်ချုပ်ကြီး ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀၊ ၇၉၊ ၁၆၄။
မျိုးညွန့်၊ ဒုတိယ ၃၀၊ ၃၈၊ ၃၀၄။
ဗိုလ်ချုပ်ကြီး
မြန်မာနိုင်ငံ စာပေ ၂၉၊ ၂၆၄ – ၂၆၆။
ဆုများ
မြန်မာနိုင်ငံတော်၊ ၂၆၆ – ၂၇၄။
ပြည်ထောင်စု
မြန်မာနိုင်ငံနှင့် ကုလ ၇၉ – ၉၁။
သမဂ္ဂ
မြန်မာ့ ပို့ဆောင်ရေး ၂၇၄–၂၈၀။
လုပ်ငန်းများ
မြန်မာ့ရိုးရာယဉ်ကျေးမှု ၂၄၊ ၂၅၊ ၂၈၀ –
ပြိုင်ပွဲများ ၂၈၃။
မြန်မာ့ရုပ်ရှင် စိန်ရတု ၂၀၊၂၁၊၂၆၊၁၀၁–
သဘင် ၁၁၃။
မြန်မာ့အကောင်းဆုံး ၂၈၃ – ၂၈၄။
အားကစားသမားဆု
(၁၉၉၄)

ယ

ယူနိုက်တက်ကင်းဒမ် ၂၉၁–၂၉၅။
ယိုဇိုယိုကိုတာ ၂၆။
(ပါမောက္ခ)
ယဲ့လ်ဆင်,ဘောရစ် ၈၊ ၂၂၊ ၂၀၁၊ ၃၁၂။

ရ

ရာဘင်,ယစ်ဇတ် ၂၇၊ ၂၉၊ ၁၄၆၊ ၁၉၁။
ရဲဘော်နေအောင် ၂၈၄၊၂၈၅။
ရိုမေးနီးယားနိုင်ငံ ၂၈၆ – ၂၈၈။
ရန်ကုန်တက္ကသိုလ် ၃၀၊ ၅၃ – ၆၅။
၇၅နှစ်မြောက် စိန်ရတု
သဘင်
ရန်အောင်၊ ဦး ၂၈၉။
ရွှန့်ဂျင် ၁၃၇၊၁၃၈။
ရှီရက်,ဂျက် ၁၄။
ရှေးဟောင်း မြို့တော် ၉၃–၉၉။
များ ပြန်လည်တူးဖော်
ခြင်း
ရွှေရတုတပ်မတော်နေ့ ၃၅ – ၄၁။
ရွှေအောင်၊ ဦး ၂၈၉ – ၂၉၁။

လ

လာအိုပြည်သူ့ဒီမို ၇၄၊၂၉၅–၂၉၇။
ကရက်တစ် သမ္မတ
နိုင်ငံ
လီဖုန် ၆၊ ၂၁၂။
လန်ဒန်အတ် ၁၀၁။
ဦးအုံးမောင်

သ

သဘာဝဘေးဒဏ် ၁၉၈၊ ၂၉၈ –
၃၀၃။
သဘာဝ ၆၇–၇၇။
ဘေးအန္တရာယ်နှင့်
ဆေးပညာ အကူအညီ
သာသနာတော် ၃၀၃ – ၃၀၆။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ(၁၉၉၅)
သီရိလင်္ကာနိုင်ငံ ၄၆၊၃၀၆–၃၀၈။
သော်တာဆွေ ၃၀၈၊ ၃၀၉။
သန်းရွှေ၊ ၁–၃၊၅–၇၊၉၊၁၀၊
ဗိုလ်ချုပ်မှူးကြီး ၁၂–၁၆၊၁၈–၂၀၊
၂၂ – ၃၁၊ ၃၈၊
၁၆၅၊၂၀၉၊၂၁၈။

ဟ

ဟန်ဂေရီသမ္မတနိုင်ငံ ၃၀၉ – ၃၁၄။
ဟွန်ဆန် ၁၇၄၊၁၇၈။
ဟွန်နက်ကာ,အဲရစ် ၃၁၄ – ၃၁၆။
ဟွန်း,ဂျူလာ ၃၁၁။

အ

အဆာဟာရာ ၁၉၈။
အပူပိုင်းဒေသ ၁၁၅–၁၂၃။
ကိုးခရိုင် စိမ်းလန်း
စိုပြည်ရေးဆောင်ရွက်
ချက်များ
အမေရိကန် ၁၂၆၊ ၁၉၉ –
ပြည်ထောင်စု ၂၀၁။
အမျိုးသား ညီလာခံ ၉၊ ၃၀။
အရှေ့တောင်အာရှ ၃၀၊ ၃၁၆၊ ၃၁၇။
အားကစားပြိုင်ပွဲ
အာရာဖတ် ၁၄။
အိုအက်စ်အက်စ်–၁၀၁၅၊ ၁၉၆။
အင်တောလ်,ဂျိုးဇက် ၃၀၉၊ ၃၁၀။
အောင်သော်၊ ဦး ၃၁၇၊ ၃၁၈။
အောင်းရှင်ရိုကျို ၁၉၈။
အမ်းစထရောင်း,နီးလ် ၁၈။

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၁၉၉၆

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်

၁၉၉၆